

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်
ဟစ်မွန်းဗေးမြို့
ဓမ္မာနန္ဒ ဝိဟာရ ကျောင်းတိုက်
ဆရာတော် ဦးဇောတလင်္ကာရ
ရေးသားပို့ချအပ်သော



# ပရိတ်သင်တန်း မှတ်စုယ်ကျမ်း

THERAVĀDA BUDDHIST SOCIETY OF AMERICA
17450, SOUTH CABRILLO HWY
HALF MOON BAY, CA 94019-2518, U.S.A.

TEL (650) 726-7604 FAX (650) 726-7604
e-mail: petalankara@gmail.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၀၈၃၀၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၂၆၄၀၅၁၀

| | | |
|---|---|---|
| မျက်နှာဖုံး | - | kyaw phyu san |
| ထုတ်ဝေသူ | - | ဦးစန်းဦး၊ စိတ်ကူးချို့ချို့စာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်။ |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ၊ စိတ်ကူးချို့ချို့ပုံနှိပ်တိုက် ရန်ကင်း၊ ရန်ကုန်။ |


ပထမအကြိမ်
စောင်ရေ - ၂၀၀၀
၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ
တန်ဖိုး ကျပ်


---


၃၄၅.၃

ဇောတာလင်္ကာရ၊ ဦး ဆရာတော်
ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း/ ဆရာတော် ဦးဇောတာလင်္ကာရ။
- ရန်ကုန်။
စိတ်ကူးချို့ချို့စာပေ၊ ၂၀၁၀။
စာမျက်နှာ ၉၀၀ မျက်နှာ၊ ၁၉ စင်တီ × ၂၆.၅ စင်တီ
(၁) ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း



ဆရာတော် ဦးစေတလင်္ကာရ



ဆရာတော် ဦးဇောတာလင်္ကာရ
ဓမ္မာနန္ဒ ဝိဟာရ၊ ဟင်္ဂမွန်းဗေးမြို့
အမေရိကန်နိုင်ငံ



# ကျမ်းပြုသူ၏ ထေရုပ္ပတိ

## ဘဝဇာတ်ခုံ၊ ကိုယ့်ဖြစ်ပုံ၊ ပိုဒ်ခုံရတုပါ

**ဇောတလက်ာ ...** ဘွဲ့သညာဖြင့်၊ ထွန်းရှာဖို့ရေး၊ မြှော်ရည်တွေးက၊ ဥာဏ်သွေးကြည်လင်၊ ကောင်းမှုရှင်တို့၊ ပျော်ရွှင်စရာ၊ စခမ်းသာသည့်၊ ရွှေတာမြို့ကျေး၊ နယ်ကလေးတွင်၊ ခေါ်ရေးဖြာဆွတ်၊ ရွာလပွတ်ဝယ်၊ သာညွတ်ပြုရိုး၊ လယ်ယာမျိုး၌၊ ဦးဖြိုးမည်ကျော်၊ ခမည်းတော်နှင့်၊ မယ်တော်ပညတ်၊ သမုတ်အပ်သည့်၊ ဗျုပ္ပတ်အသွင်၊ ဒေါ်အေးတင်မှ၊ ခေါ်တွင်ကောဇာ၊ ထောင့်သုံးရာတည့်၊ ပြည့်ခါမှန်လှ၊ နံကာလဟု၊ မာသတင့်ဆောင်၊ လဝါခေါင်၏၊ ပြည့်နှောင်ကျော်လျက်၊ ဆုတ်ခြောက်ရက်တွင်၊ နေတက်ချိန်ခါ၊ နေ့အဂီါ၌၊ ဖွားရှာသားလှ၊ ရှုမဝခဲ့... ယုဝနွယ်ဝင်၊ သားရွှေစင်ကို၊ စာသင်ရွယ်ချင့်၊ ချိန်မလင့်အောင်၊ တတ်သင့်ရာရာ၊ တတ်စေငှါဟု၊ ဆရာဝရိး၊ ဘုန်းတော်ကြီး၏၊ ထံမှိးကာလေ၊ စာသင်စေ၏...တထွေကိုးနှစ်၊ မောင်ရင်ဖြစ်၍၊ လူ့ခေတ်တခါ၊ လည်ပြန်ရှာခဲ့...ဖန်ခါတက်ကြွ၊ ဇွဲလုံ့လဖြင့်၊ ထွန်းပရောင်ရှိန်၊ နှောင်မမှိန်ဖို့၊ အောင်ချိန်နာဂတ်၊ ခါအမှတ်ကား၊ သာဓာတ်ဖြာဖြာ၊ မြို့ရွှေတာ၏၊ နယ်ပါဖြန့်မှီး၊ ဒြဗ်ကြီးသည့်၊ မြတ်ထိးအမော်၊ အောက်ကျောင်းတော်၌၊ စံပျော်နေရှာ၊

ထေရ်မဟာ၏၊ ထံမှာဝပ်စင်း၊ အပ်ကာနှင်း၍၊ မည်သင်းမှန်လစ်၊ ဆယ့်သုံးနှစ်တွင်၊ ရှင်ချစ်သာသနာ၊ ခိုဝင်ကာဖြင့်၊ သဒ္ဒါကြိုးငယ်၊ နည်းစုံချယ်၍၊ မိုးလွယ်သင်္ဘာ၊ ဋီကာလှနှင့်၊ ပဒရူပသိဒ်၊ ထပ်ထပ်ကြိတ်လျက်၊ မျိုသိပ်အလင်္ကာ၊ ဆန်းကျမ်းဖြာ၍၊ နာနာနယ၊ ကြံနည်းရပြီ... ဒီဃနိကာယ်၊ ပါဠိချယ်သား၊ များကျယ်ဝိနယ၊ ပါဠိစ၍၊ အဋ္ဌကထာ၊ ဘိဓမ္မာ၌၊ မာတိကာဓာတု၊ ကထာစုကို၊ တစ်ခုမကျန်၊ ထပ်ထပ်လှန်လျက်၊ နက်ဖန်ခက်လှ၊ အချက်ပြသည့်၊ အဋ္ဌသာလိနီ၊ ကျမ်းအဆီကို၊ နှစ်လိုကြိမ်သော၊ ဉာဏ်ရည်ပြောခဲ့၊ သမ္မောကထံ (သမ္မောဋ္ဌကထံ)၊ အံကြိုးအံ၍၊ ညသံယမိုက်၊ ကြံကာလိုက်လျက်၊ စူးစိုက်ခါခါ၊ ကြိုးပမ်းရှာသည်၊... လင်္ကာဇောတ ထွန်းဖို့ကိုဝ်။



**ပြောပြချင်တာ...** ဖွဲ့ကဗျာဖြင့်၊ သာယာသာတောင်း၊ ကျိုးအကြောင်းကို၊ ဆိုးကောင်းတွေးကြွယ်၊ ကိုယ်သွေးနယ်မို့၊ ရေးသွယ်သမျှ၊ ကယ်မလှလို့၊ ခြယ်သစရာ၊ သာသနာ၌၊ နှစ်ဖြာဓရ၊ မြတ်ဓမ္မတွင်၊ ဂန္ထဓုရံ၊ စွမ်းအားသန်၍၊ မြဲမြံလုံ့လ၊ နေသည်ကလျှင်၊ ရှည်ဆတွက်စစ်၊ ဆယ့်ကိုးနှစ်ဝယ်၊ ထွန်းသစ်မချို၊ သရေပျို့သည့်၊ ရွှေကြို့မည်ကျော်၊ လမ်းမတော်၌၊ လှမ်းမျော်ဟိုရှေ့၊ သူတော်လေ့ဖြင့်၊ ပျော်မွေ့နေရာ၊ စေတနာနှင့်၊ သဒ္ဓါရွှေမိုး၊ ရွာသွန်းဖြိုးလျက်၊ မည်ဦးနာမံ၊ ဦးမောင်စံနှင့်၊ ဆောင်ကံမျော်ရှု၊ ကြင်ဖော်ပြုသည့်၊ ဒေါ်ပုမည်သာ၊ ထိုနှစ်ဖြာပြင်၊ သဒ္ဓါလျှင်ဖုံး၊ ဦးညိုအုန်းနှင့်၊ ဖွဲ့ထုံးသွယ်လျ၊ ဂဏန်းချ၍၊ မှန်းဆခြင်းငှါ၊ မတတ်သာတည့်၊ လွန်စွာကြီးမား၊ ကျေးဇူးများလျက်၊ တစ်ပါးမယ်တော်၊ ချင့်ကာမျော်လျှင်၊ သင့်လျော်ဓမ္မ၊ ပွါးရှုရ၍၊ အေးမြချမ်းငြိမ်း၊ ဒေါ်ဒေါ်သိန်းတို့၊ ကျော်ဟိန်းသာသနာ၊ ထွန်းလင်းသာဘို့၊ လေးဖြာပစ္စယ၊ ထောက်ပံ့ကြလျက်၊ ဥပသမ္ပဒါ၊ မြတ်အရာ၌၊ ဒါယကာအဖြစ်၊ ခံယူလစ်၍၊ ရှင်ချစ်သာသနာ၊ ထွန်းကားပါလှ၊ သာစွမ်းမို့မို့၊ ရွှေပြည်မြို့မှ၊ ရှေ့သို့လှမ်းမျော်၊ လွန်ထင်ပေါ်သည့်၊ မည်ကျော်တောရ၊ နိဗ္ဗိန္ဒ၏၊ ဗဒ္ဓသိမ်၊ ရဟန်းခံသား၊ မူလံရှိပြီး၊ ထေရ်မြတ်ကြီး၏၊ ထုံးနည်းဖြာစွ၊



ဆုံးအမကို၊ နားဝခံယူ၊ စာအကူမို့၊ ရပ်မူထင်လင်း၊ တစ်ဝါချဉ်းခဲ့...ခေတ်တွင်းသဘာ၊ မလွန်သာ၍၊ ဖြာဖြာစာမေးပွဲ၊ ဝင်ကာန္တဲ့ကို့၊ နေမြွေတာ၊ မြို့နယ်ရွာမှ၊ မိုင်တာထောက်ဆ၊ သုံးရာမျှဉ်၊ ဌာနမချို့၊ သာစွမ့်သည့်၊ ရွေကြို့မြို့တွင်၊ တောင်ရပ်ခွင်ဝယ်၊ များဖြင်အတိ၊ သရေပြည့်လျက်၊ မြို့၏တံခွန်၊ သာသနာ့ဝန်ကို၊ အားသွန်တင့်လွှမ်း၊ ဆင့်ဆင့်ထမ်း၍၊ မြင့်လျှမ်းသာပေါင်း၊ လွန်ခညောင်းသား၊ တိုက်ကျောင်းဝိဟာ၊ ရိပ်ဆာယာသို့၊ သုံးရာမှန်လစ်၊ နှစ်ဆယ့်တစ်ဟု၊ ခုနှစ်ကောဇာ၊ ကဆုန်ခါ၏၊ ကြို့ရာလပြေ(ပြည့်)၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့သာယာ၊ ရောက်ရပါသည်၊... ချင်တာပြောပြွန်းလို့ချိုင်။

**သောတဆင်ပါ...** ပုံပမာကား၊ ဝေဖြာစုံမြှိုင်၊ တောဂနိုင်၌၊ ကြိုင်လှိုင်ပွင့်ဆန်း၊ မျိုးစုံပန်း၏၊ တင့်လျှမ်းသင်းကြည်၊ ပန်းဝတ်ရည်ကို၊ နားမှီခိစား၊ ပိတုံးလားသို့၊ ပုံကားသွယ်သွယ်၊ သောတုယ်တို့၊ ခိုတွယ်မိုးရာ၊ တိုက်မဟာ၌၊ မာလာဝတ်ရည်၊ ဓမ္မဆိ၏၊ သိမှိတည်လတ်၊ ပရိယတ်ကို၊ ကျက်မှတ်စာစာ၊ ရွတ်အံ့ခါဖြင့်၊ ဖြာဖြာဝင်နဲ့၊ စာမေးပွဲ၌၊ ထူးကဲခြင်းရာ၊



အောင်ပန်းလွှာကား၊ မြန်မာစိုးရ၊

တန်ဖိုးပြသည့်၊ ကျိုးဆမြော်မြင်၊ စာသဘင်ဝယ်၊ ငယ်တွင်ရိုးစ၊ **ကျော်လတ်ရ၍**၊ **ကြီးကအကျော်**၊ စာအမော်၌၊ ခါလျော်**စာ၍**၊ **ဝုတ်းထူးရရှင့်**၊ ကျင်းပမမှိန်၊ ဆယ့်ရှစ်ကြိမ်ဟု၊ ဖြစ်ချိန်သမယ၊ တိပိဋကာ၊ ဓရရွေးချယ်၊ ပွဲကြီးလယ်၌၊ နိကာယ်**ဒီဃ**၊ **ဘာဏက**ဟု၊ ချီးပဘွဲ့ထူး၊ ခံရဘူး၏၊ ရင့်ကျူးသီဟန်၊ ဘွဲ့တတန်မှာ၊ မင်္ဂလာဂတိ၊ ဝိသုဒ္ဓိသင်း၊ တည်ခင်းခိုလှုံ၊ ရွှေတိဂုံ၏၊ ခြေစုံတော်ရင်း၊ ယင်ပြင်တွင်းမှ၊ ပျံသင်း**ဒီဃ**၊ **ဘာဏက**နှင့်၊ **ဥာဏက**မျိုး၊ ဘွဲ့ထူးချီခဲ့...တလိမှန်လစ်၊ နှစ်ဆယ့်တစ်ဟု၊ ကြိမ်ဖြစ်သောခါ၊ ရွေးချယ်ရာတွင်၊ သုံးဖြာ**ဒီဃ**၊ **နိကာယ**၌၊ **ကောဝိဒ**ဘွဲ့ခံ၊ စိုးရထံမှ၊ နှစ်တန်ထူးဖြစ်၊ ကုန်းရေခေတ်၌၊ ရွှန်းသစ်ထက်တန်း၊ လက်မှတ်ကမ်း၍၊ ရွှင်လန်းကြည်သာ၊ နေရပါလည်း၊ ကိုယ်သာတယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ သူငါအကျိုး၊ ဆောင်သည်ပိုးဖို့၊ အားကိုးရာမှီ၊ မန်းမြို့ဆီသို့၊ ကြွချီပြန်လျှင်၊ အနောက်ပြင်၌၊ လွန်ပင်ထင်ရှား၊ ထေရ်မြတ်များတို့၊ ခိုနားခဲ့ရာ၊ **အဘယာ**မည်သီး၊ တိုက်တော်ကြီးဝယ်၊ မည်ဟီးထင်ပေါ်၊ မထေရ်ကျော်၏၊

ထံတော်ပါးတွင်၊ နားခိုဝင်၍၊ သင်ယူခဲ့ရ၊ သက္ကတဆိုင်ရာ၊ ကျမ်းများစွာနှင့်၊ သဒ္ဒါရူပသိဒ္ဓိ၊ အင်္ဂလိပ်ပြင်၊ ဂုဏ်ဟိတ်ကြီးလတ်၊ ပိဋကပါဠိ၊ များဘိအဋ္ဌကထာ၊ ဋီကာဖြင်ပည်း၊ စာကြည့်နည်းကို၊ သိပ်



သည်းနာယူ၊ ထိုနောက်မူကား၊ ကံကုတကွေ့၊ ကြောင်းတစေ့ကြောင့်၊ ပြောင်းရွှေ့ရန်ကုန်၊ ဒကွိဏာရုံ တိုက်၊ သိမ်းပိုက်ဆရာ၊ ဖြစ်ရပါခဲ့။... ကံမှာလွှင့်ဆော်၊ လေးဆယ်ကျော်၍၊ တစ်သော်စွန်းလစ်၊ ခရစ် တစ်ကိုး၊ ခုနှစ်ကိုးတွင်၊ ဖွံ့ဖြိုးသိပ်ပံ၊ ပြည်ကျပန်သို့၊ တဖန်ဒူတာ၊ သာသနာ့၏၊ မြတ်လှအကျိုး၊ ရွက်သည် ပိုးဖို့၊ အားကိုးသည့်တွက်၊ ပင့်ဆောင်ချက်ကြောင့်၊ ကြွလျက်ထိုခါ၊ မြို့မှာကျူးရှူး၊ တောင်ထိပ်ဦးဝယ်၊ နေဖူးခဲ့ပါ၊ ခြောက်နှစ်ကြာ၏၊... ကမ္ဘာလှည့်ပတ်၊ ဆုံးမမြတ်ကို၊ ဖြန့်အပ်ပေရာ၊ ထေရ်မဟာကား၊ နေရာအမေရိက၊ ပြည်တော်လှသို့၊ ကယ်မဆင့်ခေါ်၊ ချီးမြှင့်တော်မူ၊ ခံယူကြွလစ်၊ ခရစ်တစ်ကိုး၊ နောက်တိုးရှစ်ငါး၊ လကားစက်တင်ဘာ၊ ချိန်အခါမှ၊ စကာဂျ်ပြည်၊ မြို့မည် **လော့စ်အိန်ဂျယ်**၊ တစ်သွယ်**ဒေလီ**၊ တစ်မည်**ဟစ်မွန်းဃေး**။ နေရေးခုတိုင်၊ ကြုံကြုံခိုင်လျက်၊ နေထိုင်သည်မှာ၊ ရှည်မြင့် ကြာခဲ့၊ ...ဘာသာအင်္ဂလိပ်၊ ခဲကြိတ်ကျပန်၊ ထပ်ထပ်အံ၍၊ ဘွဲ့မှန်ဘီအေ၊ ရဖူးလေ၏၊... တွက်ရေမရ၊ များပြားလှသည့်၊ ဆရာ့ကျေးဇူး၊ တင်ပေးဖူးကို၊ အထူးပြန်လည်၊ ပေးဆပ်မည်ဟု၊ ကြံစည်စိတ်ထား၊ တတတ်အားဖြင့်၊ မြတ်ဖျားသာသနာ၊ ထွန်းလင်းဖြာဖို့၊ ရွယ်ကာထောက်ဆ၊ ကျန်သက်မျှ၌၊ ကာယ စွမ်းအင်၊ ကုန်ဆုံးခွင်ထိ၊ ငါလျှင်ကြိုးစား၊ စာရေးသားလျက်၊ များလှသင်တန်း၊ ပို့ချမှန်း၍၊ ကျမ်းဂန် ထွေလာ၊ ရေးစီပါသည်၊... ဆင်ပါသောတ ညွှန်းသို့ဆိုဝ်။




# စာအုပ်ဖြစ်ပေါ်လာ ကြောင်းခြင်းရာ

**"ပရိတ်သင်တန်း မှတ်စုယ်ကျမ်း"** ဖြစ်ပေါ်လာခြင်း၏ နောက်ခံသမိုင်းကြောင်းကိုကြည့်ရင် လွန်ခဲ့တဲ့ ၁၀-နှစ်ကျော် ၁၉၉၉-ခုနှစ်ထဲမှာ ဓမ္မာနန္ဒ ဝိဟာရကျောင်းတော်၌ ဝတ်ရွတ်သင်းသူ/သင်းသားတို့အတွက် အစိအစဉ်တကျ ရွတ်ဖတ်နိုင်ကြရန် **"ဓမ္မာနန္ဒ ဝတ်ရွတ်စဉ်"** စာအုပ်ကို ပြုစုထုတ်ဝေခဲ့ပါတယ်။ ထိုစာအုပ်မှာ ပြည်တွင်းပြည်ပ နှစ်ဌာနလုံး၌ လွန်စွာအသုံးတည့်၍ ကျေးဇူး များစွာတွေ့ရလို့ စာပြုစုသူအနေနဲ့ ကြည်နူးဝမ်းသာ ဖြစ်ရပါတယ်။

၁၀-နှစ်ကျော်လာသော ယခုအခါမှာ ဒေလီစိတီးမြို့၌ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားရန် ရည်သန်လျက် တည်ထောင်ထားသော **ထေရဝါဒ ဓမ္မအသင်း**မှ သြဝါဒါစရိယ ဆရာတော်များအား ဗုဒ္ဓဘာသာ အခြေခံသင်တန်းမှသည် အထက်တန်းများအထိ အလှည့်ကျ ပို့ချ

ပေးတော်မူကြပါရန် လျှောက်ထားချက်အရ စာရေးသူလည်း ဩဝါဒါစရိယတစ်ပါး ဖြစ်နေတာမို့ **"ဝိသုဒ္ဓိမဂ်"** ပို့ချပေးမည်–ဟု တာဝန်ယူခဲ့ပါတယ်။

ထို့ပြင် ပရိတ်စာအုပ်များ ရှိနေကြသော်လည်း ပါဠိကို ကောင်းစွာမဖတ်တတ်ကြပါ။ အချို့ ဖတ်တတ်ကြသော်လည်း ပရိတ်ပါဠိများ၏ အနက်အဓိပ္ပါယ်ကို မသိကြပါ။ သို့ဖြစ်ပါ၍ ပရိတ်ပါဠိ, အနက်အဓိပ္ပါယ်များကို ကောင်းစွာ ဖတ်နိုင်, နားလည်နိုင်ရန် ပရိတ်သင်တန်းကိုလည်း ပို့ချပေးပါရန် လျှောက်ထားကြပြန်သောကြောင့် စာရေးသူပင် တာဝန်ယူလျက် တစ်ပတ်ခြားစီ စနေနေ့၌ **"ဝိသုဒ္ဓိမဂ်သင်တန်း"** ကိုလည်းကောင်း, တနင်္ဂနွေနေ့၌ **"ပရိတ်သင်တန်း"**ကိုလည်းကောင်း သင်ကြားပို့ချပေးဖို့ စီစဉ်ရပါတယ်။

ထိုစဉ်က စာရေးသူကိုယ်တိုင်ပင် ပရိတ်နှင့်စပ်သွယ် သိမှတ်ဖွယ်ကို များများစားစား မသိသေး–ဟု ဝန်ခံရပါမည်။ ပရိတ်သင်တန်းပေးမည်–ဟု တာဝန်ယူလိုက်ရတော့မှ ထိုထို့ကြို့ကြို့ စာအုပ်စာတမ်းများကို ပဌမဦးစွာ ရှာဖွေရပါတယ်။ ရှေးဆရာတော်များ ရေးသားတော်မူခဲ့ကြသော---

ပရိတ်ကြီးနိဿယသစ် (သပြေကန်),
ပရိတ္တသင်္ဂဟခေါ် ပရိတ်တော်ကြီး ပါဠိနိဿယ (အရှင်အာဒိစ္စဝံသ),
တွံတေး ပရိတ်ကြီးနိဿယ,
မဟာပရိတ်တော်ကြီး နိဿသစ် (မြင်းခြံ–၉–ဆောင်မူ),
စလင်းဆရာတော် ပရိတ်ကြီးနိဿယ,
ပရိတ်ပါဠိ ပရိတ်ကြီးနိဿယနှင့် ပရိတ်တရားတော်များ (အရှင်ဇနကာဘိဝံသ),
ကိုယ်ကျင့်မင်္ဂလာ စတဲ့စာအုပ်များ--
ခုဒ္ဒကပါဌ ပါဠိတော်+အဋ္ဌကထာ,
သုတ္တနိပါတ်ပါဠိတော်+အဋ္ဌကထာ,
စူဠဝဂ္ဂပါဠိတော်+အဋ္ဌကထာ,
သုတ်မဟာဝါ ပါဠိတော်, အဋ္ဌကထာ,
သုတ်ပါထေယျ ပါဠိတော်, အဋ္ဌကထာ, ဋီကာ,
မဇ္ဈိမနိကာယ်ပါဠိတော်+အဋ္ဌကထာများ,
သံယုတ္တနိကာယ်ပါဠိတော်+အဋ္ဌကထာများ,

အဂိုတ္တရနိကာယ်ပါဠိတော်+အဋ္ဌကထာစတဲ့ကျမ်းများစွာကိုကြည့်ရှုလေ့လာရပါတော့တယ်။

စာရေးသူ သင်တန်းများကို ၂၀၀၇-ခုနှစ် အောက်တိုဘာလဆန်းမှာ စတင်သင်ကြားပို့ချပေးနေခဲ့သော်လည်း ၂၀၀၈-ခုနှစ် ကုန်ဆုံးခါနီးအထိ သင်တန်း ၂-ခုလုံး လိုအပ်သလောက် ခရီးမပေါက်ပဲ ရှိနေခဲ့ပါတယ်။ ဒါ့ကြောင့် ကျယ်ဝန်းလှတဲ့ ဝိသုဒ္ဓိမဂ်သင်တန်းကို ခေတ္တရပ်နားကာ ပရိတ် သင်တန်းကိုချည်း တလ လေးကြိမ် ပို့ချသင်ကြားခဲ့ရာ ၂၀၀၉-ခုနှစ် သြဂုတ်လကုန်တွင် ပရိတ် ၁၁-သုတ်လုံး သင်ကြားမှု ပြီးဆုံး၍ **ပရိတ်သင်တန်း**ကား အပြီးတိုင်ခဲ့ပါတယ်။

စာရေးသူမှာ "မိမိသင်တန်းပို့ချမှုလည်း ပြီးဆုံး, စာမူတစ်ခုလည်းရ" ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် သင်ကြားပို့ချလာခဲ့တာမို့ သင်တန်းပြီးစီး၍ သင်ခန်းစာအားလုံးကို စုစည်းလိုက်တဲ့အခါ စာမျက်နှာ ၈၀၀-နီးပါး စာမူကြီးတစ်ခုကို ရရှိပါတော့တယ်။ စာရေးသူအနေနဲ့ **"ဘုရားတစ်ဆူ တည်လိုက်ရသလို"** ခံစားမိပါတယ်။

ဒီစာမူကြီးတစ်ခုဖြစ်အောင် ဇွဲလုံ့လအပြည့်နဲ့ သင်ကြားနာယူကြတဲ့ သင်တန်းသူ သင်တန်းသား အားလုံးကိုလည်း ချီးကျူးမိပါတယ်။ မိမိရဲ့ ပညာပါရမီကို ကူညီဖြည့်ပေးကြသူများလို့လည်း ခံယူမိပါတယ်။

သင်းတန်းသူ သင်းတန်းသားတွေဟာ သက်လတ်ပိုင်းနဲ့ သက်ကြီးပိုင်းများဖြစ်လို့ သက်တော် (၆၀)ကျော်မှ စာပေသင်ကြားရသော်လည်း ထင်ပေါ်ကျော်ကြား ဆရာတော်တစ်ပါးဖြစ်သွားတဲ့ **"ဆရာတော် ဦးကျည်ပွေ့ ကြောင်းတစ်စေ့"**ဖြင့် နှစ်သိမ့်အားပေးလျက် သင်ကြားခဲ့ပါတယ်။

စာရေးသူအနေနဲ့ ရှေးကဆရာတော်များ ရေးသားတော်မူခဲ့တဲ့ ပရိတ်ကြီးနိဿယများ, မဟာဗုဒ္ဓဝင် ကျမ်းများ, ဘာသာဋီကာကျမ်းများ, မဃဒေဝလင်္ကာသစ်စတဲ့ကဗျာလင်္ကာကျမ်းများနှင့် ပါဠို အဋ္ဌကထာ ဋီကာကျမ်းဂန်များကို မှီငြမ်း၍ ပို့ချပြုစုအပ်သော ဤ**"ပရိတ်သင်တန်း မှတ်စွယ်ကျမ်း"**သည် ပရိတ်နှင့်ပတ်သက်၍ အတော်အတန်ပြည့်စုံသော စာအုပ်ကောင်းတစ်အုပ် ဖြစ်လိမ့်မည်ဟု ဆိုနိုင်အံ့ထင်ပါတယ်။

ဒီစာမူကြီးကို အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် စာမူဖတ်ပေးကြသော ဘုန်းကြီးဦးဩသဓ, ဦးခမာဝုဓ, သီလရှင် မသုခကာမီ, ပရိတ်သင်တန်းသူ သင်တန်းသားများ, ပဲခူးမြို့ စွယ်တော်သျှောင်ပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်နန္ဒာစရိယ၊ သာသနဓဇ ဓမ္မာစရိယ၊

ဥာဘတောဝိဘင်ဓရ, ဦးကောင်းရင် နှင့် ဒေါ်အေးမြင့် တို့ကိုလည်းကောင်း, လှပကောင်းမွန်သော စာအုပ်အဖြစ် အသင့်ရိုက်နှိပ်နိုင်ရန်အထိ အားကြိုးမာန်တက် ဆောင်ရွက်ပေးကြသော မောင်သီဟဉာဏ (ကွန်ပြူတာပညာရှင်)နှင့် မောင်ရဲဝင်းဖြိုး (ဓာတ်ပုံပညာရှင်)တို့ကိုလည်းကောင်း, ပုံနှိပ်ထုတ်ဝေနိုင် ရန် လှူဒါန်းထောက်ပံ့ကြသော "ဦးမြင့်သိန်း+ဒေါ်ခင်ခင်စိန် မိသားစု (San Bruno), Mr. Chor Chai & Mrs. Marie Tan Family (Glendale, CA) စသော အလှူရှင်များကို လည်းကောင်း, သပ်သပ်ရပ်ရပ် လှလှပပ, ကောင်းကောင်းမွန်မွန် ပုံနှိပ်ပေးသော စိတ်ကူးချို့ချို့ စာအုပ်တိုက်ပိုင်ရှင် ဦးစန်းဦး (မြန်မာပြည် ရန်ကုန်မြို့) အမှူးပြုသော အဖွဲ့သားများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးဇောတာလင်္ကာရ**

ဓမ္မာနန္ဒ ဝိဟာရ ကျောင်းတိုက်

ဟဖ်မွန်းဗေးမြို့

ကယ်လီဖိုးနီးယားပြည်နယ်

အမေရိကန် ပြည်ထောင်စု

၁၃၇၁-ခု တန်ဆောင်မုန်းလဆန်း ၅-ရက်

(၂၀၀၉-ခု အောက်တိုဘာလ ၂၂-ရက်) ကြာသပတေးနေ့။



# နိဒါန်းသွယ်ဝှာ မိတ်ဆက်လွှာ

လူနတ်တို့နှင့်တကွ သတ္တဝါအားလုံးတို့၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော အတုမရှိ သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်များသည် ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံသူ ဝေနေယျသတ္တဝါအပေါင်းတို့၏ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို ပေးစွမ်းနိုင်ခြင်း၊ မကောင်းသော ဘေးဥပါဒ် အန္တရာယ် ရန်အသွယ်သွယ် မှန်သမျှတို့မှ ကာကွယ်တားဆီးနိုင်ခြင်းဟူသော စွမ်းအင်များနှင့် ပြည့်စုံတော်မူပေသည်။ ထို့ကြောင့် ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်သော ဘေးအန္တရာယ်များမှ ကာကွယ်လိုလျှင် ဘုရားရှင်ဟောကြားအပ်သော တရားတော်များကို အမြဲမပြတ် ရွတ်ဖတ်ကြပေသည်။ ထိုသို့ ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်တားဆီးနိုင်စွမ်းရှိသော သုတ်တော်များကို "ပရိတ်"ဟု ခေါ်ပေသည်။ ထိုအရံအတားသုတ်တော်များကို လေ့လာသင်ယူကြဖို့ရန်လည်း မြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန်းတို့အား ပါထိကဝဂ်ပါဠိတော်၊ အာဋာနာဋိယသုတ်(ပါထိကဝဂ် ပါဠိတော် မြန်မာပြန်၊ ၁၉၄။)၌ တိုက်တွန်းတော်မူခဲ့ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာနိုင်ငံများ၌ ဗုဒ္ဓခေတ်မှ ယနေ့တိုင်အောင်ပင် ပရိတ်တော်များကို အစဉ်အလာအားဖြင့် လေ့လာခဲ့ကြပေသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် ရှင်ရော လူပါ လေ့လာသင်ယူ ရွတ်ဖတ်ကြပေသည်။ ဤကဲ့သို့သော အလေ့အထများမှာ အရိုးစွဲကာ နေကြသောကြောင့် မြန်မာလူမျိုးများအနေဖြင့် နိုင်ငံရပ်ခြား တိုင်းတပါးတွင် အခြေအနေ အရပ်ရပ်ကြောင့် ရောက်နေကြရသော်လည်း ပရိတ်တော်များကို လေ့လာသင်ယူလိုကြသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဒေးလီးစီးတီးမြို့၌ရှိသော ထေရဝါဒဓမ္မအသင်းသူ အသင်းသားများက ပရိတ်တရားတော်များ ရွတ်ဖတ်နည်းနှင့်တကွ အနက်အဓိပ္ပါယ်များပါ ပြည့်ပြည့်ဝဝ လေ့လာလိုပါကြောင်း ကျမ်းပြုဆရာတော်ကို လျှောက်ထားခဲ့ကြသဖြင့် ကျမ်းပြုဆရာတော်က ပရိတ်သင်တန်းပေးရင်း ဤကျမ်းစာကြီးတစ်စောင် ဖြစ်ပေါ်လာခဲ့ရပေသည်။

ကျမ်းပြုဆရာတော်သည် လွန်ခဲ့သော ၂၀၀၂-ခုနှစ်ကလည်း **"ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သီကောင်းစရာ"**ဟူသော ခန့်ငြားထယ်ဝါလှသည့် စာမျက်နှာ ၈၇၇-မျက်နှာပါ ကျမ်းစာအုပ်ကြီးကိုလည်း ထုတ်ခဲ့ပေသည်။ ဤစာအုပ်ထဲ၌ ပိဋကတော်အတွင်း၌ ကွဲလွဲချက်များ၊ ထိုထိုဆရာတို့၏ မှတ်သားဖွယ်ရာ အယူအဆများကို စုစည်းတင်ပြထားပေသည်။ ထိုနည်းလည်းကောင်းပင် ယခု**"ပရိတ်သင်တန်း မှတ်စုယ်ကျမ်း"**စာအုပ်မှာလည်း စာမျက်နှာပေါင်း ၈၉၀-ကျော်ရှိပြီး ရှေးရှေးသော ဆရာမြတ်တို့ ရေးသားခဲ့သော အချက်အလက်များ၊ ကွဲလွဲချက်များ၊ မှတ်သားဖွယ်ရာများ၊ လက်ဝဲများ၊ ကဗျာများဖြင့် စုံလင်ဝေဆာစွာ စုစည်းတင်ပြထားသည့် **"ဓမ္မပဒေသာပေါင်းချုပ် စာအုပ်ကြီး"**ဟုပင် ခေါ်ရပေမည်။

**ဖြတ်တောက်ပုံများ ညွှန်ပြထား။** ။ ပရိတ်ဟူသည် ရွတ်ဖတ်ရသောအရာဖြစ်သည်။ အဖြတ် အတောက်မှန်စွာ ရွတ်ဖတ်မှသာ နာယူသူက နားထောင်ကောင်း၏။ အာရုံစိုက်နိုင်၏။ တစ်ယောက်တစ်ပေါက်ရွတ်နေလျှင် နားထောင်လို့လဲမကောင်း၊ အာရုံမရ၍ ကုသိုလ်လဲ ကောင်းကောင်းမဖြစ်နိုင်။ အသံမှန်မှန်နှင့် အဖြတ်အတောက် ညီညီညာညာ ရွတ်ခြင်းသည် နာယူသူကိုလည်း ကုသိုလ်ပွားစေ၏။ မိမိကိုယ်တိုင်လည်း မပင်ပန်းဘဲ အနက်အဓိပ္ပါယ်ပါ ဆင်ခြင်မိ၍ ကုသိုလ်ပွား၏။ ထို့ကြောင့် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်ဝဂ်၊ အရဏဝိဘင်္ဂသုတ်၌ စကားပြောဆို(ရွတ်ဖတ်)မှုဆိုင်ရာတို့၌ ဤသို့ ညွှန်ကြားခဲ့၏။

> "ရဟန်းတို့—လျင်လျင်မြန်မြန် ပြောဆိုသောသူ၏ ကိုယ်သည်လည်းပင်ပန်း၏၊
> စိတ်သည်လည်း ဆင်းရဲ၏၊ အသံလည်း ပျက်စီး၏၊ လည်ချောင်းသည်လည်း နာ၏၊

မသန့်ရှင်း မပြတ်သားသည်လည်း ဖြစ်၏၊ လျင်လျင်မြန်မြန် ပြောဆိုသောသူ၏ စကားသည် မသိလွယ်။

ရဟန်းတို့—ဖြေးဖြေးသာသာ ပြောဆိုသောသူ၏ ကိုယ်သည်လည်း မပင်ပန်း၊ စိတ်သည်လည်း မဆင်းရဲ၊ အသံသည်လည်း မပျက်စီး၊ လည်ချောင်းသည်လည်း မနာ၊ သန့်ရှင်းပြတ်သားသည် လည်း ဖြစ်၏၊ ဖြေးဖြေးသာသာပြောဆိုသောသူ၏ စကားသည် သိလွယ်၏"။ (ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ၂၈၁။)

ထို့ကြောင့် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်ကလည်း ညီညီညာညာဖြစ်စေရန် **"မလျင်မဆော၊ တရားဟော၊ ပြောသိမ်မွေ့စွ"** ဆိုသည့်အတိုင်း **ဖြေးဖြေးမှန်မှန် ရွတ်တော်မူကြပါဘုရား**–ဟု ပရိတ်မရွတ်ခင် သံဃာတော်များကို မကြာမကြာ သတိပေးခဲ့ပေသည်။ ထိုကဲ့သို့ အသံမှန်မှန်နှင့် အဖြတ်အတောက် ညီညီညာညာ ရွတ်နိုင်စေရန် ဤကျမ်းဌ အသံထွက်နှင့်တကွ အဖြတ်များကိုပါ ပြထားပေသည်။

**ပရိတ်ချည်နှင့် ပရိတ်ရေ ဘယ်ကစ။** ။ မြန်မာပြည်တွင်သာမက အခြားထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများဌလည်း ပရိတ်ချည်၊ ပရိတ်ရေ စသည့်ပစ္စည်းများ ပရိတ်ရွတ်ရာတွင် အသုံးပြုသည်ကို လူအများ တွေ့ဖူးကြပေမည်။ ယနေ့တွင် ထို့ထက်တိုးဌလည်း ပရိတ်သဲ၊ ပရိတ်ပန်းစသည်တို့လည်း အသုံးပြု နေကြ၏။ မိမိတို့ အစဉ်အလာအရ မြင်နေကြဖြစ်၍ ဤပစ္စည်းများမှာ အထူးအဆန်း တော့မဟုတ်။ သို့သော် ထိုအစဉ်အလာ "ဘယ်ခေတ်က စ,ခဲ့သနည်း"ဟု တစ်ယောက်ယောက်က မေးခဲ့လျှင် ကျမ်းဂန်နှင့်တကွ တိတိကျကျဖြေနိုင်ဖို့ခဲယဉ်းပေလိမ့်မည်။ ဤပစ္စည်းများ စတင်အသုံးပြုခဲ့သည့် ခေတ်ကာလကို စာမျက်နှာ (၇၇–၈၁)တို့တွင် ကျမ်းဂန်အထောက်အထားများဖြင့် ရှင်းပြထားသည်မှာ မှတ်သားစရာပင်။

**ဘယ်အစမ်းအနားမျိုးမှာ ဘယ်ပရိတ်ရွတ်။** ။သာရေနာရေး မည်သည့်ကိစ္စရှိရှိ၊ ရဟန်းတော်များကိုပင်၍ ပရိတ်နာယူသည့် ထုံးတမ်းစဉ်လာရှိပေသည်။ လူဒကာများအနေဖြင့် မိမိတို့က အကျိုးအကြောင်း ကောင်းကောင်းမသိသည့်တိုင်အောင် အခမ်းအနားတွင် ပရိတ်ကလေးတော့ နာလိုက်ချင်သည်။ နာလိုက်ရမှကုသိုလ်၏ အစောင့်အရှောက်ရကာ အန္တရာယ်ကင်းသည်ဟု ယုံကြည်ထားကြသည်။ ဤနေရာ၌ လူများဘက်က နာယူရုံသက်သက်ဖြစ်၍ သိပ်ပြောစရာမရှိသော်လည်း ရွတ်မည့်ရဟန်းများဘက်က ဘယ်အခမ်းအနားမျိုးဆိုလျှင် ဘယ်ပရိတ်ရွတ်ရမည်ဟု အများရွတ်သည့်နည်းကို သိကြရမည်။ ဤကျမ်းဆရာက ဘယ်အခမ်းအနားမျိုးတွင် ဘုန်းကြီးများ ဘယ်ပရိတ်

ရွတ်ကြသည်- ဆိုသည်ကို ခေတ်နှင့်တကွ စတင်ထွင်ခဲ့သည့် ဆရာတော်ပါ စာမျက်နှာ (၈၂)တွင် တင်ပြထားပေသည်။

**ပရိတ်နာသူ အဂိါရပ်များ။** ။ကျမ်းဆရာက မိလိန္ဒပဉှာကျမ်းတွင်လာသော ပရိတ်နာယူသူများတွင် ပြည့်စုံရမည့် အင်္ဂါ ၃-ပါးကို ပထမ ပြဆိုခဲ့ပေသည်။ ထို့နောက် "**ဂိုဂိုသေသေနာယူရခြင်း သတ္ထုစွ**"ကို ဆရာစဉ်ဆက်တို့၏ ဝါဒအနေဖြင့် တစ်ပါးထည့်၍ ၄-ပါးဟု စာမျက်နှာ(၉၀-၉၂)တို့တွင် ဖေါ်ပြခဲ့ပေသည်။ ဤအချက်သည် ပရိတ်နာရာတွင် အခြားအင်္ဂါရပ်များနည်းတူပင် အရေးကြီးကြောင်း ရတနာသုတ်၊ စာမျက်နှာ (၃၆၉)၊ "**အထောပိ သတ္ထုစွ သုဏန္တု ဘာသိတံ**"ဟူသော အဖွင့်တွင် ကျမ်းဆရာက ထပ်မံပြထားပေသည်။ သို့ပါ၍ ပရိတ်ကို "**ဂိုဂိုသေသေ နာယူရမည်**"ဟူသော စည်းကမ်းကို ဘုရားရှင်ကိုယ်တော်တိုင် ချမှတ်တော်မူခဲ့သည်ဟုပင် ဆိုနိုင်ပါသည်။ တဖန် ထင်ရှားအောင်ဆိုရလျှင် ရဟန်းတော်များကိုဟောသော သုတ္တန်ပေါင်း များစွာတို့၌လည်း "**ဓမ္မံ ဓေါ ဘိက္ခဝေ ဒေသေဿာမိ၊ သာဓုကံ သုဏောထ မနသိကရောထ = ချစ်သားတို့—ငါဘုရား သင်တို့အား တရားဟောမယ်၊ ကောင်းမွန်စွာ နာယူကာ နှလုံးသွင်းကြ**"ဟု တရားမဟောမီ အမြဲတမ်းတိုက်တွန်းခဲ့ပေသည်။

ထို့ကြောင့်ပင် ကျေးဇူးတော်ရှင်ဆရာတော်ဦးသီလာနန္ဒာဘိဝံသရှိတော်မူစဉ်က "**ဘုန်းကြီးတွေ ပရိတ်ရွတ်နေရင် ဂိုဂိုသေသေနှင့် အာရုံယူပြီး နာရတယ်။ ဟိုထသွား။ ဒီထသွားမလုပ်ရဘူး။ ပရိတ်ရွတ်တယ်, နာတယ်ဆိုတာ အဖေးနဲ့အယူဘဲ။ ရွတ်တဲ့သူက ကောင်းကောင်းရွတ်ပေမဲ့ နာယူသူတွေက ကောင်းကောင်းမနာရင် ပရိတ်ရဲ့ အကျိုး အာနိသင် ပြည့်ပြည့်ဝဝမရတတ်ဘူး**"ဟု မကြာခဏ သတိပေးဆုံးမလေ့ရှိပေသည်။ ထိုနည်းတူပင် ဆရာတော်ကြီးတစ်ပါးကလည်း "**ဂိုဂိုသေလေးစား။ နာယူကြား။ ဖားတောင်နတ်သားဖြစ်ခဲ့သည်**"ဟု ဂိုဂိုသေသေ တရားနာလျှင် ဖားပင် နတ်သားဖြစ်နိုင်သေးကြောင်း အကျိုးတရားပြလျက် သတိပေးဆုံးမခဲ့ပေ၏။



**ရောဂါ၊ ကံကြမ္မာ၊ ဘေး။** ။ဘုရားကန်တော့တိုင်း မိမိတို့မလိုချင်သည့် "**အနာမျိုး ၉၆–ပါး၊ ၃၂–ပါးသော ကံကြမ္မာ၊ ၁၆–ပါးသော ဥပဒ္ဒဝေါတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍**"ဟု အမြဲတမ်း ဆုတောင်းခဲ့ကြပေသည်။ သို့သော် မိမိတို့ မလိုချင်သော ဤအရာများအားလုံးကို "တစ်ပါးစီ စေ့စေ့ငင ပြောပြစမ်းပါ"ဟု ဆိုလျှင် သိချင်မှသိပေမည်။ ထိုအရာများကို စာမျက်နှာ (၁၃၁–၁၄၁) တို့တွင် ဗဟုသုတဖြစ်စေရန် ကျမ်းဆရာက ရှာဖွေစုစည်း တင်ပြထားပေသည်။

**ကျမ်း၏အနှစ် အညွှန်းဖြစ်။** ။အကြောင်းအရာ တစ်ခုခု တင်ပြတိုင်း ကျမ်းဆရာသည် မိမိ ဘယ်ကျမ်းမှ ထုတ်ယူထားသည်ဆိုသည်ကို စာဖတ်သူများ တိတိကျကျ အဖြေရနိုင်ရန် ကျမ်းစာ၊ ကျမ်းဆရာ၊ သုတ္တန် နာမည်၊ စာမျက်နှာနံပါတ်များကိုပါ တိတိကျကျ ညွှန်ပြထားပေသည်။ ဤအချက်မှာ အလွန်အရေးကြီးပေသည်။ ဤစာအုပ်၏ အနှစ်ဟုပင်ဆိုရပေမည်။ အချို့သော စာရေးဆရာများ၊ ဓမ္မကထိကများသည် မိမိတို့ရေးသားဟောပြောသော တရားတော်များကို ကျမ်းညွှန်းမပြခဲ့သဖြင့် စာဖတ်သူများတွင် အခက်ကြုံကြရသည်။ ဤနေရာ၌ စာရေးသူ့မိတ်ဆွေရဟန်း၏ ငယ်စဉ်က အတွေ့အကြုံလေးတစ်ခုကို ဥပမာပြလိုပေသည်။ တောရွာမင်္ဂလာဆောင် ဆွမ်းစားတစ်ခုတွင် တရားဟောမည့်သူမရှိသဖြင့် စာမသင်ဖူးသော ဦးဇင်းကြီးက တရားဟော၏။ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်များကို လင်္ကာများဆို၍ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဟောသည်ဆို၏။ မိတ်ဆွေရဟန်းလည်း နားထောင်နေရင်း အတော်လေးသဘောကျသွားသည်ဟု ဆို၏။ သို့သော် တရားဆုံးသောအခါ "**အဲဒါ မင်းတို့ သေသေချာချာ မှတ်ထားကြဗျား၊ ကျောင်းသုံး ဗလာစာအုပ် နောက်ကျောဖုံးမှာ ပါတယ်**"ဟု ဆိုလိုက်သတတ်။ ထိုသို့ လိုအပ်ချက်လေးများကို ဤကျမ်းဆရာက တိတိကျကျ သိရှိနိုင်ရန် ဖြည့်ဆည်းထားပေသည်။

**အဖွင့်ကျမ်းနှင့် နိဿယ တွဲကာပြ။** ။ထို့ပြင် မူရင်းပါဠိတော်ကို အဖွင့်အဌကထာရော နိဿယပါ တွဲပြထားသဖြင့် အနက်ဉာဏ်အားနည်းသူများအဖို့ လွန်စွာအဆင်ပြေလှပေသည်။ ဥပမာပြရလျှင် စာမျက်နှာ (၄၆၆–၇)တို့၌ "**ပဒီပေါ နိဗ္ဗုတော ယထာ**"ဟူသော အဖွင့်ကိုကြည့်လျှင် သိနိုင်ပေသည်။ များသောအားဖြင့် ကျမ်းဆရာများသည် အလွန်ဆုံး ကျမ်းညွှန်းပါဠိ၊ အဌကထာလောက်သာ ပြကြသည်။ ဤကျမ်းဆရာကား နိဿယပါ ထည့်ပေးထား၏။ သို့အတွက် စာရှုသူများအနေဖြင့်လည်း အလွယ်တကူ အကျယ်ဖွင့်ဆိုချက်ပါ တခါတည်းသိရ၏။ အဌကထာနှင့် နိဿယစာအုပ်များ ရှာရ သည့်ဒုက္ခလည်း ငြိမ်းသွားတော့၏။

**ပါဠိသုတေသီများ ရည်ကာထား။** ။ဤကျမ်းသည် သင်တန်းပြစဉ်က လူများအတွက်သာ ရည်ရွယ်ခဲ့သော်လည်း စာအုပ်ဖြစ်လာသောအခါ ပါဠိပညာရှင်များပါ လေ့လာနိုင်ရန် လိုအပ်သည့်နေရာများတွင် သဒ္ဒါနည်း ကွဲလွဲချက်လေးများပါ ထည့်ပေးထား၏။ နမူနာအားဖြင့် စာမျက်နှာ (၄၇၇)၊ မေတ္တာသုတ်အဖွင့် **"ယမိ–ယဠိ"** အဆုံးအဖြတ်ခံလည်းကောင်း၊ စာမျက်နှာ (၇၉၄)၊ အင်္ဂုလိမာလသုတ်၊ **"ဥဒကမ္မိ"** ၌ "ပိ"သဒ္ဒါ၏ အနက်ကို ဝေဖန်ရာခံလည်းကောင်း ပါဠိပညာရှင်များအတွက် အားရကျေနပ်ဖွယ်ရာ ဖတ်ရှုနိုင်ပေသည်။

**မူရင်းသုတ္တ ထုတ်ကာပြ။** ။၄င်းပြင် လက်ရှိပရိတ်ကြီး ၁၁–သုတ်၌ရှိသော သုတ်အားလုံးသည် မူရင်းများ မဟုတ်ကြပေ။ ရှေးဆရာတော်ကြီးများက ရွတ်ဖတ်၍လွယ်ကူစေရန် ဖြုတ်တန်ဖြုတ်၊ လျော့တန်လျော့၊ ပြောင်းတန်ပြောင်း၍ ပြုပြင်ထားသော သုတ်များလည်း ပါပေသည်။ ၄င်းတို့မှာ ဝဋ္ဋသုတ်၊ အာဋာနာဋိယသုတ်၊ ဗောဇ္ဈင်သုတ်၊ ပုဗ္ဗဏှသုတ်တို့ဖြစ်သည်။ သို့ပါ၍ စာရှုသူများ ဗဟုသုတအလို့ငှာလည်းကောင်း၊ မူရင်းသုတ်တော်များကိုပါ လေ့လာဖတ်ရှုနိုင်ရန် အလို့ငှာလည်းကောင်း ထည့်သွင်း ပြထားပေသည်။

**ကျမ်းလာရှိသမျှ အကုန်ပြ။** ။ ဤကျမ်းဆရာသည် နမူနာအဖြစ် အကြောင်းအရာ တစ်ခုခုကို ပိဋကတော်မှ ဆွဲထုတ်ပြလျှင် ထိုထုတ်ပြသော အကိုးစာသား ဇာတ်လမ်းများကို မိမိတွေ့သော တစ်နေရာတည်းသာမကဘဲ ပိဋကတော်၌ပါရှိသော နေရာအားလုံးကိုထုတ်၍ အောက်ခြေမှတ်စုတွင် ညွှန်ပြထားပေသည်။ နမူနာပြရလျှင် စာမျက်နှာ (၄၀၃)၊ **"ဥပကတဏ္ဍတွန်းကြီးနှင့် ဘုရားတွေ့ဆုံခန်း"**ကိုပြဆိုရာ၌ မူရင်းရှင်းလင်းချက်၌ တိုတိုပင်ဖြစ်သော်လည်း ပိဋကတော်၌ ဤအကြောင်းအရာပါသော နေရာများအားလုံးကို အောက်ခြေ မှတ်စုတွင် အကုန်ပြထားပေသည်။

**ဘုရားခုနစ်ဆူ ဘယ်လိုယူ။** ။ သူသူငါငါ နမော်နမဲ့ သွားတတ်သောနေရာများတွင်လည်း ဤကျမ်းဆရာက မျက်စိရှရှဖြင့် မြင်တတ်လှပေသည်။ ခန္ဓသုတ်ဆုံးခါနီးတွင် **"နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ"** ဟူသော ပါဠိအရ "ဘုရားခုနစ်ဆူ"ဟုဆိုလျှင် ဝိပဿီအစရှိသော ဘုရားခုနစ်ဆူတို့ကိုသာ အဋ္ဌကထာတို့၌ ဖွင့်ပြတတ်၍ ဤခုနစ်ဆူသာ ပုံမှန်အားဖြင့်ယူတတ်ကြ၏။ သို့သော် ဤနေရာ၌ လက်ရှိဖြစ်နေသော ဇာတ်လမ်းအရ ဤခုနစ်ဆူကိုယူလျှင် မကိုက်နိုင်ပေ။ ဤသည်ကို ကျမ်းဆရာက အဋ္ဌကထာ၊ ဋီကာ၊ ပရိတ္တဋီကာတို့၌ ဖွင့်ဆိုချက်များမှာ မည်သို့ယူမှ သင့်တော်မည်ဆိုသည်ကို စာမျက်နှာ (၅၄၈)၌ ထောက်ပြထားပေသည်။

**ဘုရားနှင့်ရဟန္တာ ဘယ်ဟာကို "ဇနာ" ညွှန်း။** ။အာဠာနာဠိယသုတ်၌ စာမျက်နှာ(၇၅၁-၃)တို့တွင် "**တေ ဇနာ အပိသုဏာ'ထ**" ဟူသော ဂါထာဝယ် "**ဇနာ**"အရ ဘုရားနှင့်ရဟန္တာ ၂-မျိုးတွင် အင္ဂကထာများ အဖွင့်မတူကြသဖြင့် နိဿယဆရာတော်များလည်း တပါးနှင့်တပါး ယူထားသည့် အရကောက် မတူကြပေ။ ဤဖွင့်ဆို ချက်နှစ်မျိုးလုံးကိုလိုက်၍ ကျမ်းဆရာက အနက်နှစ်မျိုးလုံး ပေးပြထားပေသည်။ မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးက ဘယ်မူကို ပိုကြိုက်သည် ဆိုသည် ကိုလည်း ထည့်ပြသွားပေသည်။

**မြန်မာနိုင်ငံဟာ ဘူမိနက်သန် မှန်သော်လည်း။** ။"နေရာမှန်လျှင် တံငါပင် အရိယာဖြစ်"ဟု ဆိုကြရာ မြန်မာနိုင်ငံသည် ဘာသာ,သာသနာအရလည်းကောင်း၊ ရေမြေဒေသအားဖြင့် လည်းကောင်း ဘူမိနက်သန် မှန်ကန်နေပါလျက် ဒီနေ့ဘာကြောင့် မကြီးပွားမတိုးတက်ရသနည်း။ နေရာမှန်ပါလျက် အခြားတိုင်းပြည်များလို မကြီးပွားလျင် ဘာ့ကြောင့်နည်း။ ဘာများနေသနည်း၊ ဘာလို နေသနည်း၊ အဖြေရှာရပေတော့မည်။ ကျမ်းဆရာက တိုင်းပြည်အတွက်လိုအပ်နေသည့်အရာကို စာမျက်နှာ (၁၈၂-၃)တို့တွင် စိစစ်ပြထားပေသည်။

**ဒီလို ယူပါ။** ။ စကားပုံများကို မြန်မာများသုံးနေကြသော်လည်း တခါတရံ အဓိပ္ပါယ်လွဲနေတတ်သည်။ တခါတရံ အဓိပ္ပါယ်မပြည့်စုံတတ်ပေ။ တခါတရံ ရှိသည့်စာသွားနှင့် ပြောင်းပြန် အဓိပ္ပါယ် ယူရသည်လည်းရှိ၏။ တချို့စာရေးဆရာများက စာကို တွေးရိုးတွေးစဉ် လမ်းကခွာပြီး တမျိုးလေးဆန်းဆန်း တွေးတတ်ကြပြန်သည်။ ဤသို့ ခပ်ဆန်းဆန်း တွေးပုံလေးကို စာရေးဆရာ ရဝေထွန်းက "လင်နဲ့မယားလျှာနဲ့သွား" ဟူသော လေးကြိုးဖြင့် တင်ပြခဲ့၏။ ဤသည်ကို ကျမ်းဆရာက စာမျက်နှာ (၂၂၀)တွင် စုစည်းတင်ပြထားပေသည်။ မှတ်သားစရာပ။



**မလွတ်တဲ့လမ်း ရက်လည်ဆွမ်း။။** ။ သေခြင်းတရားသည် လူတို့၏ ကြိုက်,မကြိုက်ကို ဂရုမစိုက်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တနေ့သေရမည်မှာ သေချာ၏။ ထိုသို့သေလျှင် မိမိတို့ ကိုးကွယ်သည့်ဘာသာအလျောက် ကွယ်လွန်သူအတွက် ကောင်းမှုတစ်ခုခု လုပ်ပေးကြရပေမည်။ ဤအချက်သည် အရေးကြီးလှ၏။ လုပ်နည်းမှန်ဖို့လို၏။ သေသေချာချာ ဂဃနဏာ သိထားသင့်၏။ လုပ်နည်းမှားလျှင်

ကွယ်လွန်သူမှာ "ပေးကားပေး၏၊ မရ" ဖြစ်နေတတ်၏။ နှလုံးသွင်းဖြောင့်၍ လုပ်နည်းမှန်စေရန် ကျမ်းဆရာက နောက်ခံဝတ္ထုကြောင်းများနှင့်တကွ စာမျက်နှာ(၇၃၀–၂)တို့တွင် တင်ပြထားသည်မှာ ကျော်ဖတ်၍ မဖြစ်လောက်အောင်ပင် အရေးကြီးလှပေသည်။

**မေတ္တာသုတ် ၂–သုတ်။** ။"ပရိတ်ကြီးတွင် မေတ္တာသုတ်ဘယ်နှစ်သုတ်ပါသနည်း?"ဟု မေးလျှင် အများစုက ၁–သုတ်ဟုပင် ဖြေကြပေလိမ့်မည်။ အမှန်မှာ ခန္ဓသုတ်လည်း မေတ္တာပို့ရသော မေတ္တာသုတ်ပင် ဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံမှ ဆရာတော်ကြီးတစ်ပါးသည် မေတ္တာသုတ်ရွတ်တိုင်း ခန္ဓသုတ်ကိုပါ အမြဲထည့်ရွတ်သည်ဟု ကြားဖူး၏။ မေတ္တာသုတ်တွင် ဘီလူးသရဲများဘေးမှ ကင်းဝေးစေရန် ရည်ရွယ်ဟောခဲ့ပြီး၊ မိမိမှတပါး အခြားသတ္တဝါများ၏ ချမ်းသာသုခကို လိုလားတောင့်တသော အာသီသမေတ္တာမျိုးဖြစ်၏။ ခန္ဓသုတ်တွင်ကား မိမိကိုယ်ကို အဆိပ်ရှိသောသတ္တဝါများ၊ တောရိုင်း တိရစ္ဆာန်များဘေးမှ လွတ်စေရန်၊ မိမိကို မည်ွင်းဆဲစေရန်အတွက် ၄င်းသတ္တဝါတို့အား တောင်းပန်မေတ္တာမျိုးကို ပို့သရပေသည်။ ဤသည်ကို **"မာ မံ အပါဒေကော ဟောသိ"**စသော ဂါထာအဖွင့် စာမျက်နှာ (၅၄၁–၃)တို့တွင် ဗဟုသုတဖြစ်စရာ တင်ပြထားပေသည်။

**နိဝုံးအာသီသ။** ။အချုပ်အားဖြင့်ဆိုရသော် ဤ**"ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း"**စာအုပ်သည် ပရိတ်နှင့်ပတ်သက်လာလျှင် မှီငြမ်းစရာ ကျမ်းစာအုပ်ကြီးပင် ဖြစ်လာပေလိမ့်မည်။ ယခင်ကထွက်ပေါ်ခဲ့ပြီးသော ပရိတ်ကြီးနိဿယစာအုပ်များရှိပါသော်လည်း ဤကျမ်းစာအုပ်တွင် ယခင်ပါခဲ့ပြီးသော အချက်အလက်များ၊ တူညီချက် ကွဲပြားချက်များ၊ သက်ဆိုင်ရာ ဝတ္ထုစာတ်ကြောင်းများ၊ မှတ်သားလွယ်ကူရန် လင်္ကာ၊ ကဗျာ၊ သံပေါက်၊ လေးဆစ်၊ လေးကြိုး၊ တေးထပ် စသည်များဖြင့် တစ်ပုံကြီးစုစည်းကာ ဝေဝေဖြာဖြာတင်ပြထားခြင်း တို့ကြောင့် ပရိတ်အကြောင်း လေ့လာလိုက်စားလိုသူတိုင်း မရှိမဖြစ် လက်ဝယ်ဆောင်ထားသင့်သော ကျမ်းစာအုပ်ကြီး ဖြစ်ပါသည်။

အရသာပေါင်းစုံထည့်စွက်၍ ပူပူနွေးနွေးချက်ကာ ပြင်ဆင်ထားသော ထမင်းစားပွဲကြီးသည် ဆာလောင်မွတ်သိပ်နေသူများအဖို့ လက်ဆေးကာ အဆင့်သင့်ကလေး မြိန်မြိန်ရှက်ရှက် ထိုင်စားလိုက်ရုံသာ ရှိတော့သကဲ့သို့၊ ဤကျမ်းစာသည်လည်း ပရိတ်ကိုလေ့လာလိုသူများအတွက် ရွတ်ဖတ်နည်း၊ ပုဒ်ဖြတ်နည်း၊ အနက်၊ မြန်မာပြန်၊ သက်ဆိုင်ရာအဖွင့်၊ ဝတ္ထုစာတ်ကြောင်း၊ လင်္ကာကဗျာစသည်တို့ဖြင့် သုံးလို့မကုန်အောင် မျိုးစုံစွာ အဆင်သင့်ပြင်ဆင်ထားပါသဖြင့် တခါသာမက အခါခါဖတ်ကာ အစဉ်ထာရဝ လေ့လာသင့်သော ကျမ်းစာကြီးဖြစ်ပေသည်။

ဤပရိတ်တော်များကို ယုံယုံကြည်ကြည် အမြဲမပြတ် ရွတ်ဖတ်ခြင်းအားဖြင့် ကျရောက်ဆဲ ကျရောက် လတ္တံ့ဖြစ်သော ဘေးအန္တရာယ်များမှ ကင်းရှင်းခြင်းအကျိုးများကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြပါစေ။ ထို့ထက် သာလွန်၍ အိုနာသေရေး သံသရာ့ ဘေးဆိုးကြီးများမှ အပြီးအပိုင် လွတ်မြောက်နိုင်ရာ ဝိမုတ္တိရသတိုင်အောင် ပြည့်ပြည့်ဝဝ ခံစားနိုင်ကြပါစေကြောင်း အာသီသပတ္ထနာ ပြုအပ်ပါသတည်း။

**အရှင်ဩသဓ**

မဟာနန္ဒဝိဟာရကျောင်း

ဟင်္သာဝတီမြို့

၁၃၇၁-ခုနှစ်၊ နတ်တော်လပြည့်နေ့။ (၁၂-၁-၀၉)။

# ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း
## လမ်းညွှန်သွယ်ဖြာ မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စာအုပ်ဖြစ်ပေါ်လာ ကြောင်းခြင်းရာ | (စ) |
| နိဒါန်းသွယ်ဖြာ မိတ်ဆက်လွှာ | (ည) |
| **သင်တန်းအစီအစဉ် စုံအလင်** | ၁ |
| ပရိတ်သင်တန်း ဖွင့်နိဒါန်း | ၃ |
| ရတနတ္တယ ပဏာမ | ၄ |
| ပညာအဆင့်ဆင့် နိဗ္ဗာန်ချင့် | ၆ |
| တိုက်တွန်းစကား၊ သင်တို့နား၊ နာကြားနိုင်ကြစေ | ၇ |
| ဆရာတော် ဦးကျည်ပွေ့ ကြောင်းတစ်စေ့ | ၇ |
| တောင်တွင်းဆရာတော် ခင်ကြီးပျော် | ၉ |
| မိုဂြမ်းစရာ ကျမ်းထွေလာ | ၁၃ |
| ခေတ်သုံးမျိုးမှာ မှတ်စရာ | ၁၅ |
| ငလျင်လှုပ်ခြင်း ကြောင်းရင်းရှစ် (၈) | ၁၈ |
| ပရိတ်အမည်ပါရာ ကျမ်းတွေမှာ | ၂၁ |
| ပေါင်းကာစုစည်း ပရိတ်ကြီး | ၂၃ |
| ပရိတ်ဓိပ္ပါယ် မှတ်သားဖွယ်- | ၂၃ |

## ပရိတ်ကြီးပါဠိတော်


| | |
|---|---|
| ပရိတ်ကြီးနိဒါန်းပါဠိ | ၂၄ |
| ၁-မင်္ဂလသုတ် | ၂၅ |
| ၂-ရတနသုတ် | ၂၇ |
| ၃-မေတ္တသုတ် | ၃၂ |
| ၄-ခန္ဓသုတ် | ၃၄ |
| ၅-မောရသုတ် | ၃၅ |
| ၆-ဝဋ္ဋသုတ် | ၃၇ |
| ဝဋ္ဋပေါတကစရိယခေါ် မူရင်း ဝဋ္ဋသုတ် | ၃၇ |
| ၇-ဓဇဂ္ဂသုတ် | ၃၉ |
| ၈-အာဋာနာဋိယသုတ် | ၄၃ |
| မူရင်း အာဋာနာဋိယသုတ် | ၄၅ |
| ၉-အင်္ဂုလိမာလသုတ် | ၆၃ |
| ၁၀-ဗောဇ္ဈင်္ဂသုတ် | ၆၄ |
| ပဌမဂိလာနသုတ် (မဟာကဿပ ဗောဇ္ဈင်) | ၆၅ |
| ဒုတိယဂိလာနသုတ် (မဟာမောဂ္ဂလ္လာန ဗောဇ္ဈင်) | ၆၆ |
| တတိယဂိလာနသုတ် (ဗုဒ္ဓ ဗောဇ္ဈင်) | ၆၇ |
| ၁၁-ပုဗ္ဗဏှသုတ် | ၆၈ |
| မူရင်း ပုဗ္ဗဏှသုတ် | ၇၁ |
| ပရိတ်ကြီး ပရိတ်ငယ် နှစ်မျိုးသွယ် | ၇၂ |
| ကြီးငယ်မဝင်ရာ ပရိတ်လတ်ခေါ်ပါ | ၇၂ |
| မှတ်ဖွယ်ရှေးခါ ရွတ်ထုံးမှာ | ၇၂ |
| နှောင်းခေတ် ပရိတ်ရွတ်မှုစဉ်လာ ထွန်းကားလာ | ၇၄ |
| သာသနာနှစ်တွက်ပုံ နည်းနှစ်ဖုံ | ၇၄ |
| ပိဋကသင်္ချာ ကောက်ယူပုံမှာ | ၇၆ |
| မြန်မာနှစ်, ခရစ်နှစ် တွက်ရာ မှတ်ဖို့ပါ | ၇၇ |

| | |
|---|---|
| သာသနာနှစ်, ခရစ်နှစ်တွက် မှတ်ဖို့အချက် | ၇၇ |
| ပရိတ်ချည် ပရိတ်ရေ သုံးပြီလေ | ၇၇ |
| ရှေးထုံးစဉ်လာ ရွတ်ထုံးမှာ | ၈၂ |
| အင်္ဂီလေးထွေ ရွတ်သူတွေ | ၈၅ |
| နာလေသူများ အင်လေးပါး | ၉၀ |
| **ပိဋကသုံးသွယ် ငါးနိကာယ် မှတ်ဖွယ်ကျမ်းမည်ပါ** | **၉၃** |
| ပိဋကသုံးသွယ် အုပ်လေးဆယ် | ၉၃ |
| ငါးရပ်နိကာယ် အုပ်လေးဆယ် | ၉၅ |
| **အဋ္ဌကထာ ဖွင့်ပြရာ ကျမ်းမှာ ငါးဆယ့်ငါး** | **၉၈** |
| ရှေးဟောင်း အဋ္ဌကထာကြီး ၅-ကျမ်း | ၉၈ |
| အရှင်မဟာဗုဒ္ဓဃောသစတဲ့ အရှင်မြတ်တို့ပြုစုသော အဋ္ဌကထာကျမ်း ငါးဆယ် | ၉၉ |
| ပိဋကဆိုင်ရာ ကျမ်းဋီကာ လေးဆယ် | ၁၀၃ |
| **ဖတ်ငြားရွတ်နည်း နိသယည်း** | **၁၀၇** |
| မည်မည်ဟာ ပြည်မြန်မာ | ၁၀၇ |
| သာယာငြိမ့်ညောင်း နားထောင်ကောင်း | ၁၀၈ |
| အသံဆွဲငင် ပြစ်ငါးအင် | ၁၀၈ |
| ဖတ်ရွတ်နည်းက ဤသို့ပြ | ၁၀၉ |
| **ပရိတ်အချီးခေါ် ပရိတ်နိဒါန်း** | **၁၁၅** |
| နတ်ဖိတ် | ၁၁၅ |
| အလွန်ရှေးကျသော ဘုရားရှိခိုး | ၁၁၇ |
| ပဉ်ဖိတ်မှုတစ်မျိုး | ၁၂၂ |
| လောက, သာသနာ စောင့်ရှောက်ကြပါ | ၁၂၃ |
| ဘေး, ဥပဒ် အန္တရာယ်တွေ ကင်းကြပါစေ | ၁၂၅ |
| ၂၅-ပါးသောဘေး | ၁၂၉ |

| | |
|---|---|
| ဘေးဟူသည်မှာ | ၁၃၁ |
| ၉၆-ပါးသော အနာရောဂါ | ၁၃၁ |
| ၁၆-ပါးသော ဥပဒ္ဒဝေါ | ၁၃၅ |
| ၃၂-ပါးသော ကံကြမ္မာ | ၁၃၈ |
| ပရိတ်အချီး ရွတ်ဖတ်နည်း | ၁၄၁ |
| **မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၁၄၃** |
| ၁။ မင်္ဂလသုတ် ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? | ၁၄၃ |
| ၂။ မင်္ဂလသုတ်ကို ဟောကြားရန် အဘယ်သူ လျှောက်ထားခဲ့ပါသလဲ? | ၁၄၃ |
| ၃။ မင်္ဂလသုတ်ကို အဘယ်နေရာဌာန, အဘယ်အချိန်မှာ ဟောတော်မူခဲ့ပါသလဲ? | ၁၄၃ |
| ၄။ မင်္ဂလသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? | ၁၄၃ |
| ၅။ မင်္ဂလသုတ်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါရှိပါသလဲ? | ၁၄၃ |
| မင်္ဂလာနှင့်စပ်ရာ အချုပ်မှာ | ၁၄၃ |
| **သိပ်သည်းလှစွာ ဇာတ်ကြောင်းမှာ** | **၁၄၄** |
| မင်္ဂလာပြဿနာ ပေါ်ပေါက်လာ ပြောရာ ကောလာဟလ | ၁၄၄ |
| ကောလာဟလ ၅-မျိုးပြ | ၁၄၅ |
| မင်္ဂလာတရား ဟောကြားပါရန် လျှောက်တောင်းပန် | ၁၄၇ |
| သေချာကျန ဓိပ္ပါယ်ပြ | ၁၅၀ |
| မင်္ဂလ အဓိပ္ပါယ် မှတ်သားဖွယ် | ၁၅၁ |
| ဇာတ်လမ်း အကျယ်ပြ | ၁၅၅ |
| **မင်္ဂလာတရား ၃၈-ပါး** | **၁၆၃** |
| (၁) **ဇာလာနံ အသေဝနာ** | ၁၆၃ |
| လူမိုက်လက္ခဏာ သုံးရပ်မှာ | ၁၆၄ |
| (၂) **ပဏ္ဍိတာနံ သေဝနာ** | ၁၆၆ |
| ပညာရှိ (လူလိမ္မာ)လက္ခဏာ သုံးရပ်မှာ | ၁၆၆ |

| | |
|---|---|
| သတ္တိဂုမ္ဗဇာတ် | ၁၆၈ |
| အကိတ္တိဇာတ် | ၁၇၀ |
| ပဏ္ဍာကမ္မလာ ကျောက်ဖျာပူကြောင်း ၄-မျိုး | ၁၇၁ |
| **(၃) ပူဇနေယျာနံ ပူဇာ** | ၁၇၄ |
| ပူဇော်ခြင်း ၂-မျိုး | ၁၇၄ |
| သုမနပန်းသည် | ၁၇၅ |
| ရွှေဝါရောင် နတ်သမီး | ၁၇၆ |
| လူတွေအတွက် ပူဇော်ထိုက်သူများ | ၁၇၇ |
| **(၄) ပတိရူပဒေသဝါသော** | ၁၇၈ |
| သင့်တော်လျောက်ပတ်တဲ့အရပ်ဆိုတာ | ၁၇၉ |
| နီတိအဆို | ၁၇၉ |
| သင့်တော်တဲ့အရပ်မှာ နေရင် တံငါသော်မှ မဂ်ဖိုလ်ရ | ၁၈၀ |
| **(၅) ပုဗ္ဗေ ကတပုညတာ** | ၁၈၁ |
| သိရီ (ကျက်သရေ) | ၁၈၂ |
| မြန်မာနိုင်ငံဟာ ပတိရူပဒေသ ဖြစ်သော်လည်း | ၁၈၂ |
| ကံရှိနေပေမဲ့ ဥဏ်ဝိရိယအကူအညီလို | ၁၈၃ |
| **(၆) အတ္တသမ္မာပဏိဓိ** | ၁၈၃ |
| ကောင်းစွာထားပုံ | ၁၈၄ |
| စက်လေးပါး | ၁၈၄ |
| **(၇) ဗာဟုသစ္စံ, ဗာဟုသစ္စံ** | ၁၈၇ |
| စာပေကျမ်းဂန် ၂-မျိုး | ၁၈၇ |
| မျက်ကန်း, မျက်မြင် ခွဲခြားလျှင် | ၁၈၈ |
| အကန်း, တစ်ဖက်မြင်, နှစ်ဖက်မြင် ပုဂ္ဂိုလ် ၃-အင် | ၁၈၈ |
| နားလည်ရုံနဲ့.မပြီး ကျင့်လည်းကျင့်မှ | ၁၈၉ |
| **(၈) သိပ္ပံ** | ၁၉၀ |
| စိတ်ကောင်းရှိမှ သိပ္ပံပညာ မဂ်လာ | ၁၉၁ |

| | |
|---|---|
| **(၉) ဝိနယော သုသိက္ခိတော** | ၁၉၁ |
| ဝိနယ–ဆိုတာ | ၁၉၁ |
| ရဟန်းဝိနည်း, လူ့ဝိနည်း | ၁၉၁ |
| **(၁၀) သုဘာသိတာ ဝါစာ** | ၁၉၄ |
| စကားအရာ အင်္ဂါ ၄–တန် | ၁၉၄ |
| ပါးစပ်ထဲမှ၊ လျှာဓားမ၊ ဖြတ်ထ ကိုယ့်ကိုပါ | ၁၉၅ |
| သုဇာတဇာတ်ဝယ် မှတ်သားဖွယ် | ၁၉၅ |
| ဘာသာ, လူတန်းစား မခွဲခြား | ၁၉၆ |
| စကား ၆–ခွန်း လူ၌ထွန်း | ၁၉၇ |
| **(၁၁, ၁၂) မာတာပိတု ဥပဋ္ဌာန်** | ၁၉၉ |
| မိဘနှစ်သွယ် ဗြဟ္မာနယ် တူတယ် စိတ်နေက | ၂၀၀ |
| မိဘနှစ်တန် ပူဇော်ခံ မည်ပြန်လေသည်ပ | ၂၀၃ |
| မိဘဝတ် ၅–ပါး | ၂၀၃ |
| သားသမီး ဝတ် ၅–ပါး | ၂၀၄ |
| **(၁၃) ပုတ္တဒါရဿ သင်္ဂဟော** | ၂၀၆ |
| မဟာဓနသူဌေးသား ဇနီးမောင်နှံ | ၂၀၇ |
| အနာထပိဏ်သူဌေးသား မောင်ကာလ | ၂၀၈ |
| သာလိကေဒါရဇာတ် | ၂၀၉ |
| ကြွေးဟောင်းဆပ်ပေး, ကြွေးသစ်ချလေ, ရွှေအိုးမြုပ်နှံ | ၂၀၉ |
| သားသမီးသုံးမျိုး ကျမ်းဂန်ကိုး ဆိုရိုး ကွက်ဝုတ် | ၂၁၁ |
| သား ၃–သား | ၂၁၁ |
| တောဖျားမြို့ဝယ် သစ်ပင်နှယ်တည့် | ၂၁၂ |
| ဒါရဿ သင်္ဂဟော | ၂၁၃ |
| လင်ဝတ် ၅–ပါး | ၂၁၃ |
| မယားဝတ် ၅–ပါး | ၂၁၄ |
| လင်နှင့်မယား တွဲလေးပါး သင်ကား ဘယ်တွဲပါသနည်း? | ၂၁၅ |
| မယား ၇–မျိုး ကောင်းအဆိုး ဥာဏ်ကိုး ပြုပြင်ပါ | ၂၁၆ |

| | |
|---|---|
| သင်္ဂဟတရား ဤ၄–ပါး | ၂၁၈ |
| လင်နှင့်မယား လျာနှင့်သွား | ၂၂၀ |
| လင်နှင်မယား လျာနှင့်သွားဘွဲ့လေးချီး | ၂၂၀ |
| **(၁၄) အနာကုလာ ကမ္မန္တာ** | ၂၂၀ |
| အာကုလ ကမ္မန္တ (ရွှပ်ထွေးအောင်ဖြစ်သော အလုပ်များ) | ၂၂၁ |
| အနာကုလ ကမ္မန္တ (ရွှပ်ထွေးခြင်းမရှိသော အလုပ်များ) | ၂၂၁ |
| သမ္မဒါတရား ဤ ၈–ပါး | ၂၂၄ |
| မျက်မှောက်လောကကြီးပွါးရေး သမ္မဒါတရား ၄–ပါး | ၂၂၄ |
| တမလွန်လောကကြီးပွါးရေး သမ္မဒါတရား ၄–ပါး | ၂၂၅ |
| ဥစ္စာယိုထွက်ကြောင်း အပေါက် ၆–ပါး | ၂၂၆ |
| **(၁၅) ဒါန (ဒါန ၂–မျိုး)** | ၂၂၈ |
| မတွယ်တာခြင်း အကြောင်းရင်း | ၂၃၀ |
| အလှူရက်ရော၊ သူ့မနော၊ ကျိုးပြော ဒီဌဓမ္မ | ၂၃၀ |
| ဒါနပြုရာ၊ မျက်မှောက်မှာ၊ ငါးဖြာအကျိုးရ | ၂၃၂ |
| ဒါနက သံသရာရှည်စေသလော? | ၂၃၃ |
| ဒါနပြုရန် မကြောက်ထိုက် | ၂၃၄ |
| ဒါနပြုရာ၊ ကြောင်း ရှစ်ဖြာ၊ ကောင်းစွာမှတ်ပါလေ | ၂၃၄ |
| ဒါန ၂–မျိုး | ၂၃၅ |
| ဒါနရှင် ၃–မျိုး သို့မဟုတ် ဒါန ၃–မျိုး | ၂၃၅ |
| စရိယာပိဋကလာ ဒါန ၃–မျိုး | ၂၃၇ |
| **(၁၆) မေတ္တစရိယာ** | ၂၃၇ |
| သုစရိုက်တရား ၁၀–ပါး | ၂၃၇ |
| မေတ္တပါလလူငယ် | ၂၃၉ |
| **(၁၇) ဉာတကာနံ သင်္ဂဟော (ဉာတိသင်္ဂဟ)** | ၂၄၁ |
| အလောင်းတော်များ၊ ဆွေဉာအား၊ ကျင့်ဌာန ထောက်ပံ့ပါ | ၂၄၁ |
| ဆွေမျိုးအကျိုး၊ ဆောင်သည်ပိုး၊ အားကိုးစရာ ကျီးမင်းပါ | ၂၄၂ |
| မင်းဆိုတာ မစုးစမ်း မဆင်ခြင်ဘဲ အမှုကိစ္စကို မပြုလုပ် မဆောင်ရွက်သင့်? | ၂၄၃ |

| | |
|---|---|
| မျိုးသားအားလုံး၊ သိမ်းယူကျုံး၊ စွဲသုံး ဥာတိဟူ | ၂၄၃ |
| အစမထင် သံသရာတစ်ခွင်မှာ | ၂၄၄ |
| **(ဝဂ) အနဝဇ္ဇာနိ ကမ္မာနိ** | ၂၄၅ |
| အလုပ် ၂-မျိုး | ၂၄၅ |
| မဃလုလင် နမူနာတင် | ၂၄၆ |
| **(ဝဍ) ပါပါ အာရတီ ဝိရတီ** | ၂၅၀ |
| အာရတီ, ဝိရတီ ထူးခြားသည် | ၂၅၀ |
| စိတ်နဲ့ ရှောင်ကြဉ်ခြင်း | ၂၅၀ |
| ကိုယ်နှုတ်နဲ့ ရှောင်ကြဉ်ခြင်း | ၂၅၁ |
| ဝိရတီကား၊ သုံးမျိုးပြား၊ ခွဲခြား မှတ်စေချင် | ၂၅၁ |
| ပုံစံပြစရာ စက္ကနဉ်ပါသကာ (သမ္မတ္တဝိရတီ) | ၂၅၁ |
| ပုံပြစရာ နွားပျောက်ရှာသူပမာ (သမာဒါနဝိရတီ) | ၂၅၁ |
| ကုက္ကုဋ္ဌမုဆိုးမယား၊ စံယူထား၊ မှတ်သားကြလေပါ (သမုစ္ဆေဒဝိရတီ) | ၂၅၃ |
| ကျက်သရေမင်္ဂလာ၊ ဆိုက်ရောက်လာ၊ ပယ်တာ မပြုသင့် | ၂၅၃ |
| အနာမရှိ ဆိပ်မထိ | ၂၅၅ |
| ဒုစရိုက်ဖြစ်စရာ ကြောင်း ၄-ဖြာ | ၂၅၆ |
| **(၂၀) မဇ္ဈပါနာ သံယမော** | ၂၅၈ |
| အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းအပြစ် ၆-ပါး | ၂၅၈ |
| ဘုရင်အရက်သမား မိမိသား သတ်စား | ၂၆၂ |
| တန်ခိုးအရှင်၊ အရက်ဝင်၊ ဘိညာဉ်ပျက်ရ ထုံးရှိပ | ၂၆၃ |
| ယစ်မျိုးဆယ်ပါး | ၂၆၅ |
| **(၂၁) မမ္မေသု အပွမာဒေါ** | ၂၆၆ |
| အပွမာဒ, ပမာဒ ခွဲခြားပြ | ၂၆၆ |
| မမ္မေသူမှာ မသေ-ရှင်နေသူဖြစ်၍ မေ့သူမှာ ရှင်လျက် သေသူနှင့်မခြား | ၂၆၇ |
| သတိဟူသည် ပိုလွန်သည် မရှိ | ၂၆၈ |
| သတိတရား၊ လက်ကိုင်ထား၊ မြင့်မား အကျိုးတွေ | ၂၆၈ |
| သတိမသေးတဲ့ ရက်ကန်းသည်မလေး | ၂၆၉ |

| | |
|---|---|
| **(၂၂) ဂါရဝဝါ (ဂါရဝ)** | ၂၇၂ |
| ဂါရဝဏ်အကျိုးနှင့် အဂါရဝဏ်အပြစ် | ၂၇၃ |
| မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည် | ၂၇၃ |
| ရိုသေခြင်းကား ဗြဟ္မစိုရ်းတိုးပွါး | ၂၇၄ |
| တရားသိလေ၊ ရိုသေလေ၊ မာန်လေ ကင်းတော့သည် | ၂၇၅ |
| ဆယ်ပါး ဂါရဝ အကျဉ်းပြ | ၂၇၅ |
| **(၂၃) နိဝါတာ** | ၂၇၇ |
| **နိဝါတနိမ္မာန**–စိတ်ကိုနှိမ့်ချခြင်း, မာနမရှိခြင်း | ၂၇၇ |
| ဂါရဝနိဝါတ | ၂၇၈ |
| နိဝါတပြည့်ပါ ရှင်သာရိပုတ္တရာ | ၂၇၈ |
| နိဝါတပြည့်ရှာ ရှင်ရာဟုလာ | ၂၇၉ |
| သိက္ခာလိုလား၊ သူ့စွမ်းအား၊ ထင်ရှား အမြတ်ဆုံး | ၂၈၀ |
| **(၂၄) သန္ထုဒ္ဒိ** | ၂၈၂ |
| လောဘကြီးက ဆင်းရဲရ | ၂၈၂ |
| ရောင့်ရဲတတ်မှ ချမ်းသာရ | ၂၈၃ |
| တင်းတိမ်ရောင့်ရဲ အမြတ်ဆုံးဥစ္စာပဲ | ၂၈၄ |
| မတင်းတိမ် မရောင့်ရဲသင့်သော အရာများ | ၂၈၄ |
| သုဝဏ္ဏဟံသဇာတ် | ၂၈၅ |
| **(၂၅) ကတညုတာ** | ၂၈၆ |
| ကျေးဇူးရှင်ကို ကျေးစွပ်သူ | ၂၈၇ |
| ကျေးဇူးပြုသူ၊ ကျေးဆပ်သူ၊ ထိုသူနှစ်ဖြာ ရခဲစွာ | ၂၉၀ |
| တစ်လုတ်စားဖူး၊ သူ့ကျေးဇူး၊ အထူးသိအပ်စွာ | ၂၉၀ |
| **(၂၆) ကာလေန ဓမ္မသဝနံ** | ၂၉၂ |
| ဝိတက် ၃–မျိုး | ၂၉၂ |
| တရားနာခြင်း၏အကျိုးအာနိသင် ၄–ပါး | ၂၉၃ |
| သင့်တော်တဲ့အခါ တရားနာရခြင်း၏အကျိုး ၅–ပါး | ၂၉၄ |
| တရားနာရခြင်းအကျိုး ၅–ပါး | ၂၉၅ |

| | |
|---|---|
| သောကပျောက်ကင်း၊ မုဏ္ဍမင်း၊ ကြောင်းရင်းရှာက တရားနာမှ | ၂၉၅ |
| **(၂၇) ခန္တီ** | ၂၉၈ |
| ခန္တီဝါဒီဇာတ်လာ မှတ်တမ်းလွှာ | ၂၉၉ |
| ခဲယဉ်းသောအကျင့် (သိက္ခာသုံးလီ၊ ခြေခံသည်၊ ခန္တီ တရားသာ) | ၃၀၃ |
| သိကြားမင်း၏ ခန္တီတရား | ၃၀၄ |
| သည်းမခံခြင်းအပြစ် ၅-ပါးနှင့် သည်းခံခြင်းအကျိုး ၅-ပါး | ၃၀၅ |
| အတိုက်ခံရ၊ သည်းခံမှ၊ မှန်လှ ဤခန္တီ | ၃၀၆ |
| ဝေဒေဟိကာ အိမ်ရှင်မ (တကယ် သည်းခံမှု ရှိ မရှိ စမ်းသပ်နည်း) | ၃၀၆ |
| **(၂၈) သောဝစဿတာ** | ၃၀၉ |
| သုဝစ စစ်မစစ် ဆန်းစစ်ပါ (ဆိုလွယ်, မလွယ် စိစစ်ဖွယ်) | ၃၀၉ |
| သုဝစနဲ့ သောဝစဿတာ | ၃၁၀ |
| ဆရာ့စကား နားထောင်တဲ့ ဂါမဏိမင်းသား | ၃၁၁ |
| ဒုဗ္ဗစနဲ့ ဒေါဝစဿတာ | ၃၁၁ |
| အဘစကား နားမထောင်တဲ့ သားမိုက် | ၃၁၂ |
| ဒုဗ္ဗစ(အဆိုခက်သူ)အား မဆုံးမသင့် | ၃၁၂ |
| သင့်တော်သူကိုသာ ဩဝါဒပေးသင့် | ၃၁၃ |
| **(၂၉) သမဏာနံ ဒဿနံ** | ၃၁၆ |
| သမဏ-ဆိုတာ | ၃၁၆ |
| အမြင် ၂-မျိုး-- | ၃၁၇ |
| **(၃၀) ကာလေန ဓမ္မသာကစ္ဆာ** | ၃၁၈ |
| ဆွေးနွေးသင့်ရာ ချိန်အခါ | ၃၁၉ |
| ဆွေးနွေးရမယ့် ဓမ္မအထွေထွေ | ၃၁၉ |
| တရားဆွေးနွေးရခြင်းအကျိုး ၅-ပါး | ၃၂၀ |
| တရားဆွေးနွေးခြင်း ပညာကြီးခြင်းအကြောင်း | ၃၂၀ |
| **(၃၁) တပေါ** | ၃၂၂ |
| သက်ရှိမှာပင်၊ ရိုးစုထင်၊ ဥာဏ်ဝင် မဟာတိဿထေရ် | ၃၂၃ |
| ဣန္ဒြေခြောက်ပါး၊ သတိထား၊ စောင့်ငြား 'တပ'ဆို | ၃၂၅ |

| | |
|---|---|
| ဝီရနဲ့ ဝီရိယ | ၃၂၅ |
| သမ္မပ္ပဓာန်လုံ့လဝီရိယ | ၃၂၆ |
| မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရေး | ၃၂၆ |
| ဖြစ်ပြီးအကုသိုလ်ကိုပယ်ရေး | ၃၂၇ |
| မဖြစ်သေးတဲ့ကုသိုလ်ဖြစ်ရေး | ၃၂၈ |
| ဖြစ်ပြီးတဲ့ကုသိုလ် တိုးပွါးစည်ပင်ပြည့်စုံရေး | ၃၂၉ |
| **(၃၂) ဇြတ္ထစရိယံ** | ၃၃၁ |
| ဇြတ္ထစရိယ ၄-မျိုး | ၃၃၁ |
| **(၃၃) အရိယသစ္စာန ဒဿနံ** | ၃၃၂ |
| အရိယာ ၄-မျိုး | ၃၃၂ |
| အရိယသစ္စာ | ၃၃၂ |
| အသိ ၂-မျိုး | ၃၃၃ |
| **(၃၄) နိဗ္ဗာနသစ္ဆိကိရိယာ** | ၃၃၄ |
| သစ္ဆိကိရိယာ ၂-မျိုး | ၃၃၅ |
| **(၃၅) စိတ္တံ နကမ္မတိ** | ၃၃၆ |
| လောကဓံတရား ၈-ပါး | ၃၃၆ |
| ဘုရားသော်မှ မလွတ်ကင်းနိုင် | ၃၃၇ |
| ရဟန္တာရဲ့ စိတ် | ၃၃၇ |
| အခြားပုဂ္ဂိုလ်များရဲ့ စိတ် | ၃၃၈ |
| လောကဓံကြီး၊ နည်းမျိုးစုံ၊ ဖြေပုံ အစားစား | ၃၃၉ |
| ချီးမွမ်း ကဲ့ရဲ့ ၇-ရက်ပျံ | ၃၃၉ |
| အတုလဒါယကာ၊ ကြံဖန်ကာ၊ ပြစ်ရှာတင်တတ်သည် | ၃၄၀ |
| ခံနိုင်ရည်ရှိတဲ့ ရဟန်း | ၃၄၁ |
| **(၃၆) အသောကံ** | ၃၄၁ |
| သောကထိန်းနိုင်တဲ့ မလ္လိကာ | ၃၄၂ |
| မြေကိုက်သေလတ် ဥရဂဇာတ် | ၃၄၃ |
| သောကဖျောက်တတ် သူတို့စိတ်ဓာတ် | ၃၄၃ |

**(၃၇) ဝိရဇ်** ၃၄၄

ရဇ ၂–မျိုး (ပကတိမြေ၊ ကိလေမြေ၊ နှစ်မြေ ညစ်အကြေး) ၃၄၄

**(၃၈) ဧရမံ** ၃၄၄

မင်္ဂလသုတ် အဆုပ်ဂါထာ မှတ်ဖွယ်ရာ ၃၄၆

မာရ် ၅–ပါး ၃၄၇

ဗုဒ္ဓဟောကြား မင်္ဂလာတရား ၃၈–ပါး, သို့မဟုတ် ၃၉–ပါး, ၃၇–ပါး ၃၄၈

မင်္ဂလာနှင့်စပ်ရာ နိဂုံးကဏ္ဍ ၃၅၀

## ရတနသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၃၅၃

**ရတနသုတ်အချီး နိဒါန်းစကား** ၃၅၃

ပါရမီနက်ခြယ် သိမှတ်ဖွယ် ၃၅၆

ပါရမီ ၁၀–ပါး အပြား ၃၀ (သမတ္တိံသ ပါရမိယော) ၃၅၆

စွန့်ခြင်းကြီး ၅–ပါး (ပဉ္စ မဟာပရိစ္စာဂေ) ၃၅၇

စရိယာ ၃–ပါး (တိဿော စရိယာယော) ၃၅၉

ပဋိသန္ဓေနေတော်မူခြင်း (ကဿပေါက္ကန်တိ) ၃၆၀

ဖွားမြင်တော်မူခြင်း (ဇာတိ) ၃၆၀

ဖွားလျှင်ဖွားချင်း စကားပြောတဲ့ သုံးဘဝ ၃၆၁

တောထွက်တော်မူခြင်း (အဘိနိက္ခမန်) ၃၆၂

ဒုက္ကရစရိယာကျင့်တော်မူခြင်း (ပဓာနစရိယံ) ၃၆၂

ဗောဓိပလ္လင်မှာ မာရ်အောင်ခြင်း (ဗောဓိပလ္လင်္ကေ မာရဝိဇယံ) ၃၆၃

သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိတော်မူခြင်း (သဗ္ဗညုတညာဏပဋိဝေဓံ) ၃၆၄

ဓမ္မစက်ခြာတရားတော် (ဓမ္မစက္ကပ္ပဝတ္တနံ) ၃၆၄

လောကုတ္တရာတရား ၉–ပါး (နဝ လောကုတ္တရဓမ္မေ) ၃၆၅

ခပ်သိမ်းညဿံ ဗုဒ္ဓဂုဏ် (သတ္ထေပိမေ ဗုဒ္ဓဂုဏော) ၃၆၅

အရှင်အာနန္ဒာထေရ်လို (အာယသ္မာ အာနန္ဒတ္ထေရော ဝိယ) ၃၆၅

ကရဏာစိတ်ထားလျက် (ကာရညစိတ္တံ ဥပဋ္ဌပေတွာ) ၃၆၆

၁။ ရတနသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? ၃၆၆

| | |
|---|---|
| ၂။ ရတနာသုတ်ကို အဘယ်အခါမှာ ဟောတော်မူခဲ့ခဲ့ပါသလဲ? | ၃၆ |
| ၃။ ရတနာသုတ်ကို အဘယ်နေရာဌာနမှာ ဟောတော်မူခဲ့ပါသလဲ? | ၃၆ |
| ၄။ ရတနာသုတ်ကို အဘယ်အတွက် ဟောတော်မူခဲ့ပါသလဲ? | ၃၆ |
| ၅။ ရတနာသုတ်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? | ၃၇ |
| ဘုရားရှင်ကို ပင့်ဖိတ်တော်မူခြင်း | ၃၇ |
| ရတနာသုတ်အစ "ယာနိဓ ဘူတာနိ"က | ၃၉ |
| ဘူတာနိ-အရ အမနုဿ (နတ်ပြဟ္မာများ) | ၄၀ |
| ဘုမ္မာနိ ဘူတာနိ-အရ မြေမှာနေတဲ့နတ်များ | ၄၀ |
| အန္တလိက္ခေ ဘူတာနိ-အရ ကောင်းကင်မှာဖြစ်ကြတဲ့ နတ်ပြဟ္မာများ | ၄၀ |
| ဆက်စပ်ရာလေ သမ္ဗတ္တိအထွေထွေ | ၄၁ |
| နားစိုက်ထောင်ရမည့်တရား | ၄၂ |
| ကျေးဇူးဖော်ပြ မေတ္တာရ | ၄၃ |
| ဗလိ ၅-မျိုး | ၄၃ |
| နတ်များအား ပူဇော်ထိုက်သလော? | ၄၄ |
| နတ်ကိုယုံပြီး မပုံလွန်းစေရ | ၄၆ |
| ရတနာဆိုတာ | ၄၇ |
| ဘုရားအသံတော် ဤရှစ်ဖော် | ၄၈ |
| ရတနာအနက် ၅-မျိုးထွက် | ၄၉ |
| သစ္စာစကား၊ စွမ်းအင်များ၊ ထင်ရှားရှိလေပါ | ၅၂ |
| ဝစီသစ္စာ၊ စွမ်းအင်မှာ၊ လျင်စွာ မြားဆိပ်ပြယ် | ၅၃ |
| သစ္စာဆိုမှ၊ မြွေဆိပ်ကျ၊ မှတ်ပ ဝစီသစ္စာ | ၅၃ |
| အကောင်းဆုံးတရားမြတ် နိဗ္ဗာနဓာတ် | ၅၆ |
| နိဗ္ဗာန်နှင့်စပ်သွယ် သိမှတ်ဖွယ်များ | ၅၆ |
| ဥပါဒေါ သခီဓာ, အနုပါဒေါ နိဗ္ဗာနံ | ၅၈ |
| အဇာတ-မဖြစ်သဘောနိဗ္ဗာန် | ၅၈ |
| ယ'ဒဏ္ဍကိ-နိဗ္ဗာန်ရပြီ | ၅၉ |

| | |
|---|---|
| သက္ကမုနိ သမာဟိတော | ၃၉၀ |
| မောနေယျ ၃–မျိုး | ၃၉၁ |
| မုနိ ၆–မျိုး | ၃၉၁ |
| အတုမဲ့ တရား | ၃၉၂ |
| နိဗ္ဗာန်ရရေး ကြိုးစားပေးသင့် | ၃၉၂ |
| ဗုဒ္ဓသေဋ္ဌော – ဘုရားမြတ် | ၃၉၃ |
| ဗုဒ္ဓမျိုးစား ၄–ပါး | ၃၉၄ |
| အတုမဲ့ သမာဓိ | ၃၉၇ |
| နိဗ္ဗာန်ဆိုက်ရေး ယာဉ်ရထားအလား မဂ်တရား | ၃၉၇ |
| သံဃဉ္စုဏ်တော် သစ္စာဖော် | ၄၀၀ |
| ကိလေသာပယ်လစ် အရိယာဖြစ် | ၄၀၀ |
| အရိယာ–ဆိုတာ | ၄၀၀ |
| ဆက်လက်မှတ်သား အခြားအရိယာများ | ၄၀၁ |
| သူတော်ကောင်းများ၊ ချီးမွမ်းငြား၊ ရှစ်ပါးအရိယာ ပုဂ္ဂလာ | ၄၀၃ |
| ဥပကအမြင် ဘုရားရှင် | ၄၀၃ |
| ဥပတိဿအထင် အဿဇိထေရ်ရှင် | ၄၀၃ |
| ကောလိတအထင် ဥပတိဿဖြစ်အင် | ၄၀၃ |
| တဆင့်ကြားဘိ မှန်းဆသိ | ၄၀၄ |
| သတိမရှိ ချိုမသိ | ၄၀၅ |
| ရဟန္တာမှန်းမသိ၊ ကဲ့ရဲ့ဘိ၊ ငယ်သည့် ရဟန်းတစ်ပါး | ၄၀၅ |
| ဆရာ တပည့်၊ တူနေဘိလည်း | ၄၀၆ |
| တစ်နည်းဖွင့်ပြ အရိယာ ၁၀၈–ယောက်ပြ | ၄၀၆ |
| သူတော်ကောင်းချီးမွမ်းခံရ ကြောင်းရင်းက | ၄၀၈ |
| အမြတ်အလှူ၊ ခံထိုက်သူ၊ မှတ်ယူ ဒက္ခိဏေယျ | ၄၀၈ |
| သုဂတသဿ သာဝကာ (ဆရာကောင်းတပည့်) | ၄၀၈ |
| သာဝကနှင့်စပ် ပုဂ္ဂိုလ် ၄–ရပ် | ၄၀၉ |
| မဟပ္ဖလ ကျိုးကြီးလှ | ၄၀၉ |

| | |
|---|---|
| ဒက္ခိဏဝိသုဒ္ဓိ ၄-ပါးရှိ | ၄၁၀ |
| သံဃိကဒါန စိစစ်နည်းပြ | ၄၁၀ |
| မဂ်ပုဂ္ဂိုလ်ဒါန လူနည်းပြ | ၄၁၂ |
| ဖလသမာပတ်ချမ်းသာ အရိယာစည်းစိမ်ပါ | ၄၁၄ |
| အခါကောင်းဟာ ဗုဒ္ဓသာသနာ | ၄၁၅ |
| အရဟတ္တဖိုလ်ကိုသာ ယူရမှာ | ၄၁၆ |
| နိဗ္ဗာန်သို့ရောက်ပုံ မှတ်ဖွယ်စုံ | ၄၁၇ |
| မုဓာညွှန်ပြ ပစ္စည်းမကုန်ရ | ၄၁၈ |
| ဤမှာတွေ့လတ်၊ နိဗ္ဗုတိပါဠ်၊ ဟောအပ် ဖလသမာပတ် | ၄၁၉ |
| မဂ်ဉာဏ်သက်ဝင် သစ္စာမြင် | ၄၂၁ |
| သောတာပန်ဟူ တံခါးတိုင်နှင့်တူ | ၄၂၁ |
| ဖျားယောင်းမရ၊ ခိုင်မြဲလှ၊ မှတ်ပ သောတာပန် | ၄၂၂ |
| သူတော်ဥစ္စာ ခုနစ်ဖြာ | ၄၂၃ |
| စာရိတ္တသီလ, ဝါရိတ္တသီလ (အောက်ခြေ) | ၄၂၃ |
| မာရ်နတ်လှည့်စား ပယ်ရှားသူရမ္ဗဋ္ဌ | ၄၂၄ |
| ချောက်၍မရ ဓနဥာနီပုဏ္ဏေးမ | ၄၂၆ |
| သောတာပတ္တိယင်္ဂ လေးပါးပြ | ၄၂၇ |
| 'ဝဒါမိ'ဝယ် သိမှတ်ဖွယ် | ၄၂၈ |
| သတ္တက္ခတ္တု ဂုဏ်ပြုအမှန် သစ္စာဆိုဟန် | ၄၃၀ |
| ကိလေမှောင်ခွင်း၊ ဉာဏ်ရောင်လင်း၊ သိခြင်းသစ္စာပင် | ၄၃၀ |
| နည်းစုံအောင် ဟောနိုင်ခြင်းမှာ သဗ္ဗညုတဉာဏ်တော်အရာ | ၄၃၁ |
| သတ္တက္ခတ္တု ဖြစ်မှု ခုနစ်ဘဝသာ | ၄၃၁ |
| သောတာပန်သုံးမျိုး၊ ဣန္ဒြေကိုး၊ ထက်ရိုး မရိုးမှာ ကွဲပြားပါ | ၄၃၂ |
| ဘယ်သူက သောတာပန်သုံးမျိုး၏အမည်ကို ပေးခဲ့ပါသလဲ? | ၄၃၄ |
| ဥပနိဿယ၊ ပြည့်စုံမှ၊ ရကြမဂ်ဖိုလ်ပါ | ၄၃၅ |
| သောတာပန္ဒ၊ မျိုးသုံးဝမှာ၊ ဝါဒတွေကွဲ၊ ဘယ်လိုလဲ၊ ခိုင်မြဲဝါဒ ယူသင့်စွ | ၄၃၆ |
| ရတာနှင့်ပင် ကျေနပ်လျှင် | ၄၃၇ |

| | |
|---|---|
| သောတာပန်မှာ၊ ရတနာ၊ ဖြစ်ရွာထိုက်ပေသည် | ၄၃၈ |
| သောတာပန်ဂုဏ်၊ တစ်မျိုးယုံ၊ ဆိုပုံ သစ္စာမှန် | ၄၄၀ |
| “ဒဿန”အရ သောတာပတ္တိမဂ်ကိုပြ | ၄၄၁ |
| သက္ကာယဒိဋ္ဌိ စွဲဘိ ငါးခန္ဓာ | ၄၄၁ |
| အတ္တကြုံပုံ နည်းမျိုးစုံ | ၄၄၁ |
| တဒင်္ဂနယ် ဝိပဿနာဉာဏ်က အတ္တပယ် | ၄၄၂ |
| သက္ကာယဒိဋ္ဌိနှစ်ဆယ် သိမှတ်ဖွယ် | ၄၄၂ |
| ဝိစိကိစ္ဆာ သိမှတ်စရာ | ၄၄၃ |
| ဝိစိကိစ္ဆာနှင့် ပတ်သက်၍ ယုံမှားခြင်း ၈–မျိုး | ၄၄၃ |
| သီလဗ္ဗတ နွားခွေးတို့အကျင့်ပြ | ၄၄၄ |
| ယဒတ္ထိ ကိဉ္စိ၊ အချို့ကို၊ ပယ်ဘိ သောတာပန် | ၄၄၅ |
| စတူဟပါယေဟိ ဝိပွမုတ္တော | ၄၄၅ |
| အဘိဌာန၊ ပြစ်ခြောက်ဝ၊ ပြုက မထိုက်ပြီ | ၄၄၆ |
| ပုထုဇဉ်ကို၊ ကဲ့ရဲ့ဆို၊ မိန့်လို အဘိဌာန | ၄၄၇ |
| မေ့လျော့သမှု၊ ပြုမိလေငြား၊ အပြစ်များကို၊ ဖုံးထားမရှိ၊ ဖော်ထုတ်သိ၊ | |
| ထူးဘိ သောတာပန်ဂုဏ် | ၄၄၈ |
| ပြုမိတဲ့မကောင်းမှုဟူသည် | ၄၄၈ |
| ဝဇ္ဇ (အပြစ်)၂–မျိုး | ၄၄၉ |
| သောတာပန်ဟာ မဖုံးကွယ်ပါ | ၄၅၀ |
| သောတာပန်ဆင်ခြင် ပစ္စဝေက္ခဏာ | ၄၅၀ |
| ဗုဒ္ဓဂုဏ်တော်၊ ဉာဏ်စွမ်းမော်၊ ပြဖော် ပရိယတ် | ၄၅၂ |
| တောအုပ်ဥပမာ မြတ်ဒေသနာ | ၄၅၃ |
| ဥပမာတင်စား၊ ဟောညွှန်ကြား၊ ဆွဲအား ပီတိဖြစ် | ၄၅၃ |
| ဗုဒ္ဓရည်သန်၊ ဒေသနံ၊ နိဗ္ဗာန်အတွက်သာ | ၄၅၄ |
| ဗုဒ္ဓမြတ်စွာ၊ ရတနာ၊ မှန်စွာ စစ်ပါသည် | ၄၅၄ |
| ဗုဒ္ဓဂုဏ်တော်၊ ညွှန်ကာဖော်၊ ပြုသော် သစ္စာစကား | ၄၅၆ |
| ‘ဝရ’လေးမျိုး၊ နက်ဆိုရိုး၊ ကျမ်းကိုး ဖွင့်ပြပါ | ၄၅၆ |

| | |
|---|---|
| လမ်းမှန်လမ်းပြကောင်းသော်လည်း | ၄၆၁ |
| ဂုဏ်တွေထပ်ဆင့်၊ လွန်စွာတင့်၊ အမြင့် မြတ်ဂုဒ္ဓါ | ၄၆၂ |
| နိဗ္ဗာန်စံဝင် ရဟန္တာဂုဏ်ပင် | ၄၆၄ |
| ပုရာဏ် ခီဏ်–ကံဟောင်းက ကုန် | ၄၆၄ |
| နဝ နတ္ထိသမ္ဘဝံ ကံသစ်လဲ မဖြစ်ပြီ | ၄၆၅ |
| အာယတိကေ ဘဝသို့ ဝိရတ္တာစိတ္တာ ဘဝသစ်လဲ မတွယ်တာ | ၄၆၅ |
| တေ ခီဏာဒီဇာ ပဋိသန္ဓေမျိုးစေ့ မရှိပါ | ၄၆၅ |
| အဝိရုဠှိဆန္ဒာ–ဘဝအထု၊ စည်ကားမှု၊ ထူးပြု မလိုပါ | ၄၆၆ |
| ပဒီပေါ နိဗ္ဗုတော ယထာ–ဆီမီးငြိမ်းသလိုပါ | ၄၆၆ |
| "ယာနီ'ဓ"သုံးဂါထာ သိကြားမင်းရွတ်ဆိုပါ | ၄၇၀ |
| တထာဂတ အနက်အမျိုးမျိုးပြ | ၄၇၂ |
| တထာဂတ ဓမ္မမည်ပုံ | ၄၇၂ |
| တထာဂတ သဲဃယူပုံ | ၄၇၄ |
| ရတနာသုံးပါးနှင့်စပ်လျက် တိုက်တွန်းချက် | ၄၇၄ |
| ရတနသုတ် နိဂုံးချုပ် အာသီသလက်ာ | ၄၇၅ |
| **မေတ္တာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၄၇၇** |
| မေတ္တာသုတ္တ နိဒါန်းက | ၄၇၇ |
| ယမိ, ယဉ္စိ ပြဿနာရှိ (အောက်ခြေ) | ၄၇၇ |
| ချီးမွမ်းဂုဏ်ပြု ယဿာနုဘာဝ | ၄၇၉ |
| မေတ္တာအကျိုး ၁၁–မျိုး | ၄၇၉ |
| မေတ္တာသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? | ၄၈၁ |
| မေတ္တာသုတ်ကို အဘယ်အခါမှာ ဟောတော်မူခဲ့ပါသလဲ? | ၄၈၁ |
| မေတ္တာသုတ်ကို အဘယ်နေရာမှာ ဟောတော်မူခဲ့ပါသလဲ? | ၄၈၁ |
| မေတ္တာသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? | ၄၈၁ |
| မေတ္တာသုတ်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါရှိပါသလဲ? | ၄၈၁ |

| | |
|---|---|
| မေတ္တာသုတ်မြတ် အတ္ထုပ္ပတ် | ၄၈၁ |
| စရိုက်နှင့် ကမ္မဋ္ဌာန်း | ၄၈၂ |
| မေတ္တာဖြစ်ကြောင်း အကျင့်ကောင်းများ | ၄၈၆ |
| ကရဏီယစလာ ဓိပ္ပါယ်အဖြာဖြာ | ၄၈၆ |
| မေတ္တာရွေ့တွင် ကျင့်လမ်းစဉ် | ၄၈၇ |
| သတ္ထောခေါ်ယူ စွမ်းနိုင်သူ | ၄၈၈ |
| တရားအားထုတ်သူဖြစ်ကြောင်း အင်္ဂါ ၅-ပါး | ၄၈၉ |
| ဥဇုဖြောင့်မတ်၊ လွန်ဖြောင့်မတ်၊ မှတ်အပ် သုဟုဇူ | ၄၈၉ |
| ဆုံးမလွယ်သူ မှတ်ယူသုဝစ | ၄၉၀ |
| ဆုံးမခက်သူနှင့် ဆုံးမလွယ်သူတို့ ခြားနားချက် | ၄၉၀ |
| နူးညံ့မျော့ပျောင်း စိတ်ထားကောင်း (မုဒု) | ၄၉၁ |
| မာနထောင်လွှား၊ မရှိငြား၊ မှတ်သား အနတိမာနီ | ၄၉၁ |
| သန္တုဿကော၊ ကျမ်းဂန်ပြော၊ သဘော ရောင့်ရဲသူ | ၄၉၁ |
| သုဘရော့မူ မွေးမြူလွယ်သူ | ၄၉၂ |
| ကိစ္စနည်းပါး၊ ထိုသူကား၊ ပွါးများ မေတ္တာပိုင် (အပ္ပကိစ္စော) | ၄၉၃ |
| သလ္လဟုကဝုတ္တိ၊ ပေါ့ပါးဘိ၊ မှတ်သိ သက်မွေးသူ | ၄၉၄ |
| ငြိမ်သက်တွန်ခြေ၊ တည်တည်နေ၊ မှတ်လေ သန္တိန္ဒြိယ | ၄၉၄ |
| နိပကောမူ ရင့်ကျက်ပညာရှိသူ | ၄၉၄ |
| ကြမ်းတမ်းရိုင်းပြ၊ မရှိက၊ အပ္ပဂဗ္ဘခေါ် | ၄၉၅ |
| ပါဂဗ္ဘိယ ၃-မျိုး | ၄၉၅ |
| ကုလေသွနာနုဂိဒ္ဓေါ-လူဒကာတို့၌ မတွယ်တာသူ | ၄၉၆ |
| အကရဏီယနှင့် မေတ္တာ | ၄၉၈ |
| “ခုဒ္ဒ”နက်ခြယ် များလှတယ် | ၄၉၈ |
| မေတ္တာပွါးရာ သိမှတ်ဖွယ်ပါ | ၄၉၉ |
| မေတ္တာပွါးပုံ၊ နည်းကျယ်စုံ၊ မှတ်တုံ စိတ်ဝယ်ရှု | ၅၀၂ |
| ယေ ကေစိနှင့် အနဝဿဝသာ တူတူပါ | ၅၀၂ |
| ပါဏ ဘူတာ ထူး, မထူးပါ | ၅၀၂ |

| | |
|---|---|
| ဝေါကာရ ၃–မျိုး–– | ၅၀၃ |
| တသ, ထာဝရ စသော သတ္တဝါများ | ၅၀၃ |
| ဘူတာနှင့် သမ္ဘဝေသီ ခြားနားသည် | ၅၀၄ |
| ဒုက်ကလေးစုံ၊ တိက်သုံးစုံ၊ ပွါးပုံ ခုနစ်မျိုး | ၅၀၅ |
| ပါဠို မြန်မာ၊ နှစ်ဘာသာ၊ မေတ္တာပွါးပုံများ | ၅၀၆ |
| သဗ္ဗသဂ်ိဟကမေတ္တာဘာဝနာပွါးနည်း | ၅၀၇ |
| ဒုကမေတ္တာဘာဝနာပွါးနည်း ၄–မျိုး | ၅၀၇ |
| တိကမေတ္တာဘာဝနာပွါးနည်း ၃–မျိုး | ၅၀၈ |
| အဟိတဒုက္ခာနာဂမပတ္ထနာမေတ္တာပွါးနည်း ၃–မျိုး | ၅၀၈ |
| မေတ္တာတစ်မျိုး၊ ပွါးပုံတိုး၊ ပယ်ချိုး ဒုက္ခရည် | ၅၀၉ |
| တောင့်တရခြင်း၊ အကြောင်းရင်း၊ တင်ခင်းမေတ္တာ ပြုရပါ | ၅၀၉ |
| ဒေါသဖြစ်လာ၊ ကိုယ်,သူပါ၊ နှစ်ဖြာမုချ ဆင်းရဲရ | ၅၁၀ |
| မိခင်ပမာ၊ ထားမေတ္တာ၊ ပွါးရာ ညွှန်းဖော်ပြ | ၅၁၀ |
| ဂါထာနှင့်စပ်ရာ သိမှတ်ဖွယ်ရာ | ၅၁၁ |
| အပရိမာဏာ၊ တိုင်းအဆ၊ ဘယ်မျှ မရှိပြီ | ၅၁၁ |
| တိုင်းရှည်ကန့်သတ်၊ မရှိအပ်၊ နှံ့စပ်မေတ္တာ ပွါးပါလေ | ၅၁၃ |
| သီမာသမ္ဘေဒ၊ ပိုင်းခြားက၊ ဟုက်ရနည်းလမ်းကို | ၅၁၄ |
| ဝိသုဒ္ဓိမဂ်လာ၊ ပွါးမေတ္တာ၊ ချုံးကာ ပြမည်ဆို | ၅၁၄ |
| ရှေးဦးစွာ မေတ္တာမပွါးအပ်သူ ၄–ဦး | ၅၁၄ |
| အစဉ်အတိုင်း မေတ္တာပွါးအပ်သူ ၄–ဦး | ၅၁၄ |
| လုံးဝ မေတ္တာမပွါးသင့်သူ ၂–ဦး | ၅၁၅ |
| သီမာသမ္ဘေဒ၊ မေတ္တာက၊ လောကဥပမာ ပုံစံမှာ | ၅၁၆ |
| ယာပိုထ်လေးဖြာ၊ ပွါးနိုင်ပါ၊ ဤဟူသနေသလို | ၅၁၈ |
| မအိပ်ချင်သရွေ့ မေတ္တာမွေ့ | ၅၁၉ |
| ဝိဟာရလေးမျိုး၊ ကျမ်းဂန်ကိုး၊ နေရိုး ခွဲကာပြ | ၅၁၉ |
| မေတ္တာဈာန်မှ၊ ခြေခံပြ၊ တက်ရ မဂ်ဖိုလ်ထိ | ၅၂၀ |
| ဒီဋ္ဌသာမန်၊ ဆိုသောဟာန်၊ ယူရန် အတ္တဒီဋ္ဌ | ၅၂၀ |

| | |
|---|---|
| ဝိပဿနာပြ၊ ခြေခံက၊ ဈာနဆိုင်ရာ နာမ်ရုပ်ပါ | ၅၂၁ |
| ဒဿနေန သမ္ပန္ဒော သောတာပန်ကိုပြော၊ | |
| ကာမေသု ဝိနေယျ ဂေဓံ အလယ်ပုဂ္ဂိုလ်နှစ်တန် | ၅၂၂ |
| အဌကထာအဆို သိဖို့လို (နဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ) | ၅၂၂ |
| ၅၂၈-သွယ် မေတ္တာ ပွါးပုံမှာ | ၅၂၄ |
| မေတ္တာပွါးပုံ ၄-မျိုးမှာ | ၅၂၄ |
| အနောဓိသမေတ္တာပွါးပုံမှာ | ၅၂၄ |
| ဩဓိသမေတ္တာပွါးပုံမှာ | ၅၂၅ |
| ဒိသာဖရဏာမေတ္တာပွါးပုံမှာ | ၅၂၅ |
| မေတ္တာပို့သမှုဆိုင်ရာ ဆောင်ပုဒ်များ | ၅၂၈ |
| **ခန္ဓသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၅၃၀** |
| ခန္ဓသုတ္တ နိဒါန်းက | ၅၃၀ |
| ပရိတ်ပျိုးထ အမွမ်းပ | ၅၃၂ |
| နတ်မန္တန်ဆေးဝါး ပမာသုတ်တော်ထား | ၅၃၃ |
| ခန္ဓသုတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါရှိပါသလဲ? | ၅၃၄ |
| ခန္ဓသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? | ၅၃၄ |
| ခန္ဓသုတ်ကို ဘယ်အခါမှာ ဟောတော်မူခဲ့ပါသလဲ? | ၅၃၄ |
| ခန္ဓသုတ်ကို ဘယ်နေရာအရပ်မှာ ဘယ်သူကို အကြောင်းပြု၍ ဟောတော်မူခဲ့ ပါသလဲ? | ၅၃၄ |
| ခန္ဓပရိတ်တော်မြတ် အတ္ထုပ္ပတ် | ၅၃၄ |
| အဘယ့်ကြောင့် ဒီသုတ်ကို "ခန္ဓပရိတ်"လို့ ခေါ်ပါသလဲ? | ၅၃၆ |
| ခန္ဓသုတ်ကို ဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? | ၅၃၆ |
| မြွေမျိုးလေးပါး မေတ္တာပွါးပုံ | ၅၃၈ |
| မြွေအမျိုးမျိုး အဆိုးအထွေထွေ | ၅၃၈ |
| ဥပသေနမထေရ် မြွေထိလို့သေ | ၅၃၉ |

| | |
|---|---|
| သတ္တဝါလုံးစုံ၊ မေတ္တာပုံ၊ အကုန်ပွါးရန်သာ | ၅၄၀ |
| မေတ္တာကိုစွက်၊ တောင်းပန်လျက်၊ ဖော်မြွက်ပွါးပုံမှာ | ၅၄၁ |
| ဩဒိဿက, နောဒိဿ နှစ်ဝမေတ္တာပေ | ၅၄၃ |
| ရတနသုံးဝ၊ ဂုဏ်တော်က၊ တိုင်းဆမရှိပါ | ၅၄၅ |
| ပမာဏပြုတတ် ကိလေသာဓာတ် | ၅၄၆ |
| မြဲရာသံပတ်၊ ပိုခိုင်လတ်၊ ထပ်ထပ်ဆိုထုံးပါ | ၅၄၈ |
| သတ္တန္ဒံ သမ္မာသမ္ဗုဒ္ဓါနံ–ဝယ်၊ အထူးကွယ်၊ မှတ်ဖွယ် စဉ်းစားစရာ | ၅၄၈ |
| စုဏ္ဏိယလော? ဂါထာလော? ဘယ်လော ယူမည်နည်း? | ၅၄၈ |
| **မောရသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၅၅၁** |
| မောရသုတ္တ နိဒါန်းစ | ၅၅၁ |
| မောရသုတ်အစွမ်း ချီးမွမ်းခန်း | ၅၅၃ |
| ဗောဓိသမ္ဘာရေ–၌ 'ဗောဓိ'အရ | ၅၅၃ |
| ဗောဓိ၏အဆောက်အဦ–ဆိုသည်မှာ | ၅၅၄ |
| လောင်းတော်လျာ ဥဒေါင်းမျိုးမှာ ဖြစ်ရရှာ | ၅၅၄ |
| လူ့ဘဝဆိုတာ ရခဲပါ | ၅၅၄ |
| မဟာသတ္တ နှစ်မျိုးပြ | ၅၅၄ |
| တန်းတူမတွေးသင့် | ၅၅၅ |
| မောရသုတ်ပရိတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? | ၅၅၆ |
| မောရသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? | ၅၅၆ |
| မောရသုတ်ကို အဘယ်နေရာဌာန, အဘယ်အခါမှာ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? | ၅၅၆ |
| မောရပရိတ်ဇာတ် အတ္ထုပ္ပတ် | ၅၅၆ |
| နေကိုရှိခိုး အားကိုးရွယ်ချူ | ၅၆၁ |
| စက္ခုမာ သဒ္ဒါအရ ရှင်းလင်းပြ | ၅၆၂ |
| နေရှိခိုးမူ မိစ္ဆာအယူ ဖြစ်သလော? | ၅၆၃ |

| | |
|---|---|
| ဘုရား, တရား၊ လွန်အားထား၊ ဝပ်တွား ရှိခိုးပုံ | ၅၆၄ |
| ဗြာဟ္မဏသဒ္ဓါအရ ရှင်းလင်းပြ | ၅၆၄ |
| ဝိမုတ္တိဒါးပါး သီဖွယ်ကား | ၅၆၅ |
| ဘုရားရှင်ဟော ဣာမံ သော | ၅၆၆ |
| မောရသုတ်ပရိတ်နိဂုံးချုပ် အာသီသလင်္ကာ | ၅၆၈ |
| **ဝဋ္ဋသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၅၇၀** |
| ဝဋ္ဋသုတ္တ နိဒါန်းက | ၅၇၀ |
| ဝဋ္ဋအမွှမ်း ဂုဏ်တင်လွှမ်း | ၅၇၂ |
| ဝဋ္ဋသုတ်ပရိတ်တော်သည် အဘယ်ပဋိက, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? | ၅၇၂ |
| ဝဋ္ဋသုတ်ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ်သည် အဘယ်ကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါသလဲ? | ၅၇၂ |
| ဝဋ္ဋပရိတ်မြတ် အတ္ထုပ္ပတ် | ၅၇၂ |
| ကမ္မာတည်သည့်အရာ ၄-မျိုး | ၅၇၈ |
| စရိယာပဋိကလာ ဖော်ညွှန်းရာ | ၅၇၉ |
| ဝဋ္ဋပေါတကစရိယခေါ် မူရင်း ဝဋ္ဋသုတ် | ၅၈၀ |
| သစ္စာပြုဖို့ရာ အကြံပေါ်လာ | ၅၈၃ |
| သစ္စာစွမ်းအင်၊ တောမီးပင်၊ ငြိမ်းလျှင် မှန်သည်သာ | ၅၈၅ |
| ငုံးနှင့်ဘုရား၊ ကွဲသော်ငြားဏ် မပြားဆိုထုံးပါ | ၅၈၅ |
| လောင်းလျာတစ်ဆူ၊ ငုံးငယ်မူ၊ မတူ သူတကာ | ၅၈၆ |
| လောကမှမ်ဏ် သစ္စာဂုဏ်များ | ၅၈၆ |
| ဝဋ္ဋသုတ် နိဂုံးချုပ် အာသီသလင်္ကာ | ၅၈၇ |
| **ဓဇဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၅၈၉** |
| သုတ်ဓဇဂ္ဂ နိဒါန်းပြ | ၅၈၉ |
| ဓဇဂ္ဂသုတ်အမွှမ်း အစွမ်းရွှတ်ချင် | ၅၉၀ |

| | |
|---|---|
| ဓဇဂ္ဂသုတ်စွမ်းရိုး အကျိုးထင်ထင် | ၅၉၀ |
| ဓဇဂ္ဂသုတ်ပရိတ်တော်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? | ၅၉၁ |
| ဓဇဂ္ဂသုတ်ကို အဘယ်ပုဂ္ဂိုလ်သည် အဘယ်နေရာမှာ အဘယ်သူတွေအား အဘယ်ကိုအကြောင်းပြု၍ ဟောတော်မူခဲ့ပါသလဲ? | ၅၉၁ |
| အရှင်အာနန္ဒာထေရ်က အရှင်မဟာကဿပမထေရ်အား လျှောက်ထားချက် | ၅၉၅ |
| တာဝတီသာနှင့် အသုရာ စတင်စစ်ခင်းရာ ကြောင်းရင်းမှာ | ၅၉၆ |
| ဥလ္လောကေယျာထ မော်ကြည့်ကြ | ၅၉၉ |
| အလံတော်ကြည့်က၊ မကြောက်ကြ၊ စိတ်က တက်ကြွပြီ | ၅၉၉ |
| အဆင့်ဆင့်အလံတော် မော်ကြည့်ကြလော့ | ၆၀၂ |
| အခြားနတ်မင်းများ သိကြားမင်းနှင့်တူ | ၆၀၂ |
| ဘုရားဂုဏ်တော် ၁၀–ပါး | ၆၀၈ |
| ဘုရားဂုဏ်တော် ၉–ပါး | ၆၀၉ |
| **၁–အရဟံဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၆၀၉** |
| အရဟံဂုဏ် ၅–မျိုး | ၆၁၁ |
| ရဟန္တာ ဝါသနာမပယ်နိုင်ပါ (အရှင်ပိလိန္ဒမထေရ်) | ၆၁၂ |
| ကွာခြားပုံအမျိုးမျိုး သိပုံအထွေထွေ | ၆၁၄ |
| **၂–သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၆၂၁** |
| ဥေယျဓမ်တရား ၅–ပါး | ၆၂၁ |
| မျက်မြင်တွေ့မှ မှန်းဆသိနိုင်သည် | ၆၂၃ |
| အလွန်ခဲယဉ်းသောအမှု ဘုရားသာပြုနိုင် | ၆၂၄ |
| သုတ္တန်ဟောပုံ၊ ပမာခြုံ၊ နည်းစုံဟောလေသည် | ၆၂၅ |
| အဘိညေယျေ ဓမ္မေ | ၆၂၆ |
| အဘိညေယျတော ဗုဒ္ဓေါ | ၆၂၆ |
| အရှင်သာရိပုတ္တရာ မှန်းဆချက် | ၆၂၇ |

| | |
|---|---|
| အာဘယမင်းသားအမေး, ဘုရားရှင်အဖြေ | ၆၂၈ |
| ကောသလမင်းကြီးလျှောက်ထားချက် | ၆၂၈ |
| **၃–ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်နှင့်စပ်လျဉ် သိမှတ်စရာ** | **၆၂၉** |
| ဝိဇ္ဇာဆိုတာ၊ ဉာဏ်ပညာ၊ ပမာ အလင်းရောင် | ၆၂၉ |
| ဝိဇ္ဇာ ၈–ပါး | ၆၃၀ |
| စရဏကြောင့် ဝိဇ္ဇာရ | ၆၃၀ |
| စရဏ ၁၅–ပါး | ၆၃၁ |
| တပပုဂ္ဂိုလ် ၄–မျိုး | ၆၃၄ |
| ဆရာကောင်းမှ တပည့်ကောင်းသည် | ၆၃၆ |
| **၄–သုဂတဂုဏ်တော်နှင့်စပ်လျဉ် သိမှတ်စရာ** | **၆၃၆** |
| သုဂတအနက် ဖော်ညွှန်းချက် | ၆၃၇ |
| အာဘယမင်းသားအမေးပဟေဠိဆန်, ဘုရားရှင်အဖြေသိပြန် | ၆၃၉ |
| စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတယ် | ၆၃၉ |
| စကားခြောက်ခွန်း ရှင်လင်းတော်မူချက် | ၆၄၀ |
| ဉာဏ်တော်နှစ်ရပ်၊ ကြည်ညိုအပ်၊ ကောင်းမြတ် သုဂတဂုဏ် | ၆၄၁ |
| **၅–လောကဝိဒူဂုဏ်နှင့်စပ်လျဉ် သိမှတ်စရာ** | **၆၄၂** |
| လောက ၃–ပါး | ၆၄၂ |
| သတ္တလောက သိတော်မူပုံ | ၆၄၂ |
| သူမတူသောအသိ | ၆၄၃ |
| အာသယာနုသယဉာဏ်မှာ ဘုရားအရာ | ၆၄၄ |
| သြကာသလောက သိတော်မူပုံ | ၆၄၄ |
| သင်္ခါရလောကသိတော်မူပုံ | ၆၄၆ |
| **၆–အနုတ္တရဂုဏ်တော်နှင့်စပ်လျဉ် သိမှတ်စရာ** | **၆၄၈** |
| အံ့သြကြရပုံ အဖုံဖုံ | ၆၄၉ |

| | |
|---|---|
| **၇–ပုရိသဒမ္မသာရထိဂုဏ်တော်** | |
| **သို့မဟုတ်** | |
| **အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၆၅၀** |
| လောကဝိဒူဂုဏ်တော်က အကြောင်း | |
| အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်က အကျိုး | ၆၅၁ |
| ပုထုဇဉ်မှန်သမျှ အရူးချည်း | ၆၅၂ |
| ဆုံးမပုံမှာ နည်းစုံပါ | ၆၅၂ |
| အားကျဖွယ် ပရိသတ် | ၆၅၃ |
| ကန္ဒရကနှင့် ပေဿ အံ့သြကြ | ၆၅၄ |
| ကောသလမင်းလျှောက်ထားချက် (အနုတ္တရော ပုရိသဒမ္မသာရထိ) | ၆၅၅ |
| ပရိသတ်ကို အားရကျေနပ်တော်မူပုံ | ၆၅၅ |
| **၈–သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၆၅၆** |
| သတ္ထဝါဟော်, ယာဉ်မူးကျော်လျှင် | ၆၅၇ |
| ကန္တာရမှ, ခေမမြေဋ္ဌ | ၆၅၇ |
| မဏ္ဍူက ဒေဝပုတ္တ | ၆၅၈ |
| ပရိတ်ကြီးနိဿယသစ် (၄၆၈–၄၇၀)ဆိုမိန့်မှာ | ၆၅၉ |
| လေးနက်သော ဆရာအဖြစ် | ၆၆၀ |
| သတ္ထာ၏ အနက်တစ်မျိုး | ၆၆၁ |
| **၉–ဗုဒ္ဓဂုဏ်တော်နှင့်လာ သိမှတ်စရာ** | **၆၆၂** |
| သစ္စာ ၄–ဖြာ ရတနာ့ဂုဏ်ရည် ဗုဒ္ဓဂုဏ်တော်ဖွင့်မှာ | ၆၆၂ |
| အလွန်ချမ်းသာသည် | ၆၆၃ |
| လောဘမသတ်နိုင်သော မန္ဓာတုစကြာမင်း ဝတ္ထု | ၆၆၃ |
| မဂ္ဂင် ၈–ပါး | ၆၆၅ |
| ဆရာတော်မိန့်မြွက် တိုက်တွန်းချက် | ၆၆၆ |

| | |
|---|---|
| အိမ်သုံးမဂ္ဂင် ၈-ပါး | ၆၆၆ |
| ဗုဒ္ဓါနုဿတိ မဂ္ဂင် ၈-ပါး | ၆၆၈ |
| ဗုဿဒေဝဝတ္ထု | ၆၆၉ |
| ဗုဒ္ဓါနုဿတိနှင့်စပ်လျက် တိုက်တွန်းချက် | ၆၇၀ |
| **၁၀-ဘဂဝါဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | ၆၇၀ |
| နာမည် ၄-မျိုး | ၆၇၂ |
| ဘဂဝါဂုဏ်ပုဒ် သဒ္ဒါရုပ်အတွေ့တွေ | ၆၇၂ |
| ဘုန်းတော် ၆-ပါး | ၆၇၅ |
| ဣသရိယခေါ် ဘုန်းရှစ်ဖော် | ၆၇၅ |
| ကိုယ်တော်ကွယ်ပျောက်သောဝတ္ထု (အဏိမာ) | ၆၇၆ |
| ကြီးမားအောင် ဖန်ဆင်းတော်မူပုံ (မဟိမာ) | ၆၇၈ |
| ဘုန်းတော်ရှစ်ပါး ဘုရားရှိခိုး | ၆၇၉ |
| ဣသရိယဘုန်းတော် | ၆၈၀ |
| ဓမ္မဘုန်းတော် | ၆၈၀ |
| ယသဘုန်းတော် | ၆၈၀ |
| သိရီဘုန်းတော် | ၆၈၁ |
| သေလသုတ်မှ ကောက်နုတ်ချက် | ၆၈၂ |
| ကာမဘုန်းတော် | ၆၈၂ |
| ဃယတ္တာဘုန်းတော် | ၆၈၂ |
| **တရားဂုဏ်တော် ၆-ပါး** | ၆၈၆ |
| **၈-သွာက္ခာတဂုဏ်တော်နှင့်စပ်လာ သိမှတ်ဖွယ်ရာ** | ၆၈၆ |
| မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သောတရား | ၆၈၆ |
| ကြားနာရုံပင်, အပူစင်၍ | ၆၈၇ |
| ကိလေသာဆယ်ပါး မီးပူများ | ၆၈၇ |
| လောဘမီးလောင်ပုံ ဝတ္ထု | ၆၈၈ |

| | |
|---|---|
| ဒေါသမီးလောင်ပုံ ဝတ္ထု | ၆၈ |
| အမှာအထား ကြွင်းမီးများ | ၆၈ |
| ကျင့်လျှင်ချမ်းသာ | ၆၉ |
| ဥဒယဘဒ္ဒဇာတ်တော် | ၆၉ |
| ကျင့်ပြီးခါလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နန်းနှင့်, စခန်းသင့်အောင် | ၆၉ |
| **၂–သန္ဓိဋ္ဌကဝတ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၆၉** |
| ဗကဗြဟ္မာ သူထင်ရာ | ၆၂ |
| ဟိန္နူတရား၊ စျာန်ဘိညာဉ်များ၊ ရငြားနိုင်သော်လည်း | ၆၂ |
| တရားမတွေ့ရခြင်း အပြစ် | ၆၄ |
| ကောသလမင်း လျှောက်ထားချက် (သန္ဓိဋ္ဌက) | ၆၄ |
| **၃–အကာလိကဝတ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၆၅** |
| အကာလိကဂုဏ်မှာ မဂ်နှင့်ဆိုင်ပါ | ၆၆ |
| **၄–ဟိပဿိကဝတ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၆၈** |
| ဘုရားရှင်ဖိတ်ခေါ်ပုံ | ၆၈ |
| နောက်ဖိတ်ခေါ်ပုံတစ်မျိုး | ၆၉ |
| **၅–ဩပနေယျိကဝတ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၀** |
| ဩပနေယျိက မဂ်ဖိုလ်နိဗ္ဗာန်ရ | ၇၀ |
| သက္ကာယဒိဋ္ဌိရှိနေသမျှ ခံရမည့်သံသရာဒုက္ခ | ၇၀ |
| အရေးတကြီးဆောင်ရွက်ပုံ (တိဿမထေရ်) | ၇၀ |
| **၆–ပစ္စတ္တံ ဝေဒိတဗ္ဗဝတ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၀** |
| ‘ဝိညူ–ပညာရှိ’ ၂–မျိုး | ၇၀ |
| စာတတ်ပေတတ် ဗဟုသုတကြွယ်ဝသူ ပညာရှိ | ၇၀ |
| သစ္စာသိသူ ပညာရှိ | ၇၀ |
| ဝိညူ–အရ ယူရမည့် ပညာရှိပုဂ္ဂိုလ် ၃–မျိုး | ၇၀ |

| | |
|---|---|
| ကိုယ်ပိုင်တရားအစစ် | ၇၀၅ |
| အကျိုးချင်းမှာ ကွာခြားပါ | ၇၀၅ |
| တိတ္ထိတို့ဘောင် ဟန်ဆောင်တရား | ၇၀၆ |
| မျောက်ကလေး ပင်းမင်းပေးသည့်ပုံ | ၇၀၇ |
| မားမားစွင့်စွင့်, ဂုဏ်ရည်တင့်၍, ကြီးမြင့်ထင်ရှားပေထသော | ၇၀၇ |
| ကြိမ်ကြိမ်လေးမြတ်, မှီဝဲပူဇော်အပ်ထသော | ၇၀၈ |
| **သံဃာ့ဂုဏ်တော် ၉-ပါး** | ၇၁၂ |
| **၁-သုပွဋိပန္နဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | ၇၁၂ |
| သုပွဋိပန္နမှန်က ကိလေသာပယ်ရန် ကျင့်နိုင်မှ | ၇၁၃ |
| အရိယာဟု, သချိုင်္ဂစ်ဖော်, သံဃာတော်အပေါင်း | ၇၁၄ |
| မဂ္ဂင် (မဂ်၌တည်သူ) ၄-မျိုး | ၇၁၄ |
| ဖလင် (ဖိုလ်၌တည်သူ) ၄-မျိုး | ၇၁၄ |
| သာဝကဟူ နာခံတတ်သူ | ၇၁၄ |
| တရားသဖြင့် ဆုံးမသင့်ရာ | ၇၁၅ |
| အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု | ၇၁၅ |
| **၂-ဥုဇုပွဋိပန္နဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | ၇၁၆ |
| ဥဇုပွဋိပန္န-ဆိုတာ မဖျိမပဋိပဒါကျင့်သူသာ | ၇၁၇ |
| အကောက် ၃-ပါး | ၇၁၇ |
| မာယာနှင့် သာဌေယျ | ၇၁၈ |
| အိုးစရည်းကြီးရဟန္တာ | ၇၁၈ |
| သစ်မြစ်ပျဉ်းရဟန္တာ | ၇၁၉ |
| တောင်မြို့ဆရာတော်ဘုရားကြီး၏တိုက်တွန်းချက်မှာ | ၇၂၀ |
| ကြောင်သူတော်သတိထား | ၇၂၀ |
| **၃-ဉာယပွဋိပန္နဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | ၇၂၀ |
| <u>တောမီးလောင်သော်လည်း နွယ်ကြိုးမဖြတ် ကျင့်ကြံလတ် ဆုံးမှတ် ရဟန္တာ</u> | ၇၂၁ |

| | |
|---|---|
| **၄–သာမီစိပွဋိပန္ဒဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၂၂** |
| ဆွမ်းရိုသေမှု | ၇၂၃ |
| စတ္တာရိ ပုရိသယုဂါနိ | ၇၂၃ |
| အရိယပုဂ္ဂလာ စုံလေးဖြာ | ၇၂၃ |
| **၅–အာဟုနေယျဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၂၄** |
| နတ်သမီးတို့ဆွမ်းအလှူ ပယ်တော်မူ (လက်ဖျစ်တီး) | ၇၂၄ |
| သုဇာ သိကြား ဉာဏ်နီဉာဏ်နက်များ | ၇၂၅ |
| လူ့ဘဝဆိုတာ ဘဝပဒေသာပင်ကြီးပါ | ၇၂၆ |
| **၆–ပါဟုနေယျဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၂၇** |
| တွေ့ကြုံရခဲသော ကမ္ဘာ့ဧည့်သည်တော်ကြီးများ | ၇၂၇ |
| **၇–ဒက္ခိဏေယျဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၅၈** |
| ဒက္ခိဏာ ၂–မျိုး | ၇၂၉ |
| ရက်လည်ဆွမ်း | ၇၃၀ |
| နည်းလမ်းမဟုတ် | ၇၃၀ |
| ပြိတ္တာ ရှစ်သောင်းလေးထောင် | ၇၃၀ |
| အမျှဝေမှုနှင့်စပ်သွယ် သတိထားဖွယ် | ၇၃၂ |
| အဂီါသုံးဝ၊ ပြည့်စုံမှ၊ ကျိုးရ ဖုတ်ပြိတ္တာ | ၇၃၂ |
| ရဟန်းတစ်ပါးပင် ဖြစ်သော်လည်း | ၇၃၂ |
| **၈–အဥ္ဇလိကရဏီယဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၃၃** |
| သီလမရှိပြန်၊ ရှိခိုးခံ၊ လှံတံစူးသည်နှယ် | ၇၃၃ |
| **၉–အနုတ္တရ ပုညက္ခေတ္တဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ** | **၇၃၄** |
| အရိယာသံဃာဟူ လယ်ယာမြေကောင်းနှင့်တူ | ၇၃၅ |
| လာဇာနတ်သမီး (ပေါက်ပေါက်နတ်သမီးလေး) | ၇၃၅ |

| | |
|---|---|
| ဘုရား တရား သံဃာ့ဂုဏ်တော်များကို အောက်မေ့လျှင် | ၇၄၀ |
| ဖောဂ္ဂသုတ် နိဂုံးချုပ် အာသီသလက်ံာ | ၇၄၁ |
| **အာဠာနာဋိယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၇၄၃** |
| အာဠာနာဋိယ နိဒါန်းပြ | ၇၄၃ |
| ပရိသတ်လေးပါး (အောက်ခြေ) | ၇၄၃ |
| အာဠာနာဋိယသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောခဲ့ပါသလဲ? | ၇၄၄ |
| အာဠာနာဋိယသုတ်ကို အဘယ်နေရာ, အဘယ်အချိန်မှာ လျှောက်ထားခဲ့ပါသလဲ? | ၇၄၄ |
| အာဠာနာဋိယသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? | ၇၄၄ |
| အာဠာနာဋိယသုတ်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? | ၇၄၅ |
| ပရိတ်ကြီးလာ အာဠာနာဋိယသုတ်ကား အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါရှိပါသလဲ? | ၇၄၅ |
| အဘယ့်ကြောင့် "အာဠာနာဋိယပရိတ်"လို့ ခေါ်ပါသလဲ? | ၇၄၅ |
| အာဠာနာဋိယသုတ် အတ္ထုပ္ပတ် | ၇၄၅ |
| အဘယ်ကြောင့် ဝေဿဝဏ်နတ်မင်းကြီးကသာ လျှောက်ထားရပါသလဲ? | ၇၄၆ |
| ကုဝေရနတ်မင်းကြီး | ၇၄၆ |
| ဘုရား ခုနစ်ဆူ ဘုရားရှိခိုး | ၇၄၇ |
| စက္ခုငါးပါး မှတ်ဖွယ်ကား | ၇၄၈ |
| ဘယ်ကြောင်းခြင်းရာ၊ ခွန်အားသာ၊ သူငါ ရှိခိုးကြသနည်း? | ၇၅၁ |
| ဇနာ, အပိသုဏာ၊ ထိုနှစ်ဖြာ၊ ကျမ်းလာ ရှင်းပြချက် | ၇၅၂ |
| မဟာအဋ္ဌကထာအနက် | ၇၅၃ |
| ဒသဗလခေါ် အားတော်ဆယ်ပါး ဉာဏ်တော်များ | ၇၅၅ |
| ဆင်ဆယ်မျိုး | ၇၅၆ |
| ဘုရားအားတော် သီလိုသော် | ၇၅၇ |
| ဝေသာရဇ္ဇဉာဏ် လေးပါး | ၇၅၇ |
| ဝေသာရဇ္ဇဉာဏ်၊ သိဖို့ရန်၊ ကျမ်းဂန်ပြဆိုပါ | ၇၅၈ |

| | |
|---|---|
| ဗုဒ္ဓမြေခေါ် အာဝေဏိကဂုဏ်တော် (၁၈)ပါး | ၇၆၁ |
| ဗာတွတ်သလက္ခဏာ=၃၂-ပါးသော လက္ခဏာတော်ကြီးများ | ၇၆၃ |
| လက္ခဏာတော်ငယ် ရှစ်ဆယ် | ၇၆၆ |
| ရသွေဝေမတ္တာ၊ ခြားနားကြ၊ ဗုဒ္ဓရှင်တော်တွေ | ၇၇၂ |
| မဟေသာသာ၊ မူကွဲမှာ၊ သုံးဖြာ ဖွေရှာတွေ့ | ၇၇၅ |
| အရပ်လေးမျက်နှာ၊ နတ်ဒေဝါ၊ မြဲစွဲ စောင့်ပါစေ | ၇၈၀ |
| ရှိခိုးထိုက်သူ၊ ရှိခိုးမူ၊ ရယူ ကျိုးလေးထွေ | ၇၈၅ |
| တရားပိတိ၊ ဂွမ်းဆီထိ၊ ကင်းဘိရောဂါ သက်ရှည်ပါ | ၇၈၇ |
| အကျိုးရပုံ အဖုံဖုံ | ၇၈၇ |
| ပရိတ်စွမ်းက၊ သက်ရှည်ရ၊ မည်လှခေါ်ငြား မောင်သက်ပါး | ၇၈၈ |
| ဝုဳမှာပစာယနနှင့်စပ်သွယ် သိမှတ်ဖွယ် | ၇၈၈ |
| ဝုဳ(အကြီး)သုံးမျိုး | ၇၈၉ |
| အာဠာနာဋိယသုတ်နှင့်စပ်သွယ် မှတ်သားဖွယ် | ၇၈၉ |
| အာဠာနာဋိယသုတ် နိဂုံးချုပ် အာသီသလက်ာ | ၇၉၂ |
| **အဂိုလိမာလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၇၉၃** |
| နိဒါန်းကိုပြ အမွမ်းက (အင်္ဂုလိမာလသုတ်) | ၇၉၃ |
| သဒ္ဒါကျမ်းလာ၊ ဆိုမိန့်မှာ၊ ဓိပ္ပါဖွင့်လျက် ရှင်းလင်းချက် | ၇၉၄ |
| အင်္ဂုလိမာလသုတ်ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ်က အဘယ်ပုဂ္ဂိုလ်အား အဘယ်သူကို အကြောင်းပြု၍ ဟောခဲ့ပါသလဲ? | ၇၉၅ |
| အင်္ဂုလိမာလသုတ်ပရိတ်တော်ကို အဘယ်အရပ်မှာ ဟောတော်မူခဲ့ပါသလဲ? | ၇၉၅ |
| အင်္ဂုလိမာလသုတ်ပရိတ်တော်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? | ၇၉၅ |
| အင်္ဂုလိမာလသုတ်ပရိတ်တော်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? | ၇၉၅ |
| အဘယ့်ကြောင့် "အင်္ဂုလိမာလသုတ်"ဟု ခေါ်ပါသလဲ? | ၇၉၆ |
| အင်္ဂုလိမာလသုတ်မြတ် အတ္ထုပ္ပတ် | ၇၉၆ |
| သစ္စာပြုနေရာ ကမ္ဘာတည်မှာ | ၇၉၈ |

| | |
|---|---|
| အရိယာဇာတ်၊ စကားရပ်၊ သုံးလတ် ဓိပ္ပါယ်ပြ | ၈၀၀ |
| သစ္စာပြုခြင်းသည် ဆေးကုခြင်းပင် မဟုတ်လော? | ၈၀၀ |
| အဂိုလိမာလသုတ် နိဂုံးချုပ် အာသီသလင်္ကာ | ၈၀၁ |
| **ဗောဇ္ဈင်္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၈၀၃** |
| ဗောဇ္ဈင်္ဂသုတ်အစ နိဒါန်းက | ၈၀၃ |
| ဗောဇ္ဈင်္ဂသုတ် ပရိတ်တော်ကို အဘယ်ဒေသမှာ အဘယ်ဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါသလဲ? | ၈၀၄ |
| ဗောဇ္ဈင်္ဂသုတ်ပရိတ်တော်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်မှာ ပါရှိပါသလဲ? | ၈၀၄ |
| အဘယ်ကြောင့် ဗောဇ္ဈင်္ဂသုတ် ပရိတ်မည်ပါသလဲ? | ၈၀၅ |
| ဗောဇ္ဈင်္ဂသုတ်မြတ် အတ္ထုပ္ပတ် | ၈၀၆ |
| မဂ္ဂါဟတာ ဆုံးဖြတ်မှာ | ၈၁၁ |
| ဗောဇ္ဈင်္ဂသုတ် နိဂုံးချုပ် အာသီသလင်္ကာ | ၈၁၂ |
| **ပုဗ္ဗဏှသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်** | **၈၁၅** |
| ပုဗ္ဗသုတ်၌ စိစစ်ချက် | ၈၁၅ |
| ပုဗ္ဗဏှသုတ်ခေါ်ခြင်းအကြောင်း | ၈၁၅ |
| ဆင်းရဲသူသို့ ကရုဏာပို့ | ၈၁၇ |
| လုံးစုံများစွာ၊ နတ်ဒေဝါ၊ ဝမ်းသာနမော် သာဓုခေါ်နိုင်ကြပါစေ | ၈၁၈ |
| နတ်တို့ပြည်သို့ ပြန်လည်ပို့ | ၈၁၉ |
| သဗ္ဗေ ဗုဒ္ဓါ--နက်ပေးရာ၊ ခြားကာ ပြုကြသည် | ၈၂၁ |
| ရတနာသုံးပါး၊ အမြတ်ထား၊ ဆိုငြား သစ္စာရည် | ၈၂၂ |
| တထာဂတ၊ နက်သုံးဝ၊ ခွဲထ ဖော်ညွှန်းသည် | ၈၂၅ |
| မင်္ဂလာအပေါင်း ခညောင်းပါစေ | ၈၂၇ |
| ဘုရားသခင်၊ မာရ်ငါးအင်၊ အောင်မြင်တော်မူသကဲ့သို့ | ၈၂၈ |
| ပုထုဝိ ပုကွလေ မှတ်ဖွယ်တွေ | ၈၁၀ |

| | |
|---|---|
| သုစရိုက်သုံးဝ၊ ကျင့်ကြံက၊ ကောင်းလှ နက္ခတ်တွေ | ၈၃၁ |
| မူရင်း ပုဗ္ဗဏှသုတ် | ၈၃၂ |
| နက္ခတ်ကောင်းစောင့်မှ ဇနီးလောင်းဆုံးရှုံးရ | ၈၃၃ |
| ခဏ, လယ စသည်မှတ်ဖွယ် | ၈၃၄ |
| ဆွေမျိုးဥာတကာ၊ အားလုံးပါ၊ ချမ်းသာကြပါစေ | ၈၃၄ |
| ဟောထ, ဟောန္တု ဆုံးဖြတ်မှု | ၈၃၆ |
| **ပရိတ်ရွတ်ရကျိုး အမျိုးမျိုး** | **၈၃၇** |
| ပရိတ်တော်၏စွမ်းအင်များ | ၈၄၁ |
| ကျိုးမရငြား ချို့သူကား | ၈၄၂ |
| ပရိတ္တဆယ့်တစ်မျိုး ရွတ်ကျိုးဖော်ရာ ကဗျာတွေပါ | ၈၄၃ |
| ထွေထွေကောင်းမှု ဆုတောင်းပြု အထုပညာကြီးပါစေ | ၈၄၄ |
| သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ | ၈၄၄ |
| **ပရိတ်သင်တန်း–မှတ်ဖွယ်ကျမ်း ဆုံးခန်းပတ္တနာ နိုဝုံးကဗျာ** | ၈၄၅ |
| **မှ်ငြမ်းခဲ့ရာ ကျမ်းများစွာ** | ၈၄၇ |
| **ရှာဖွေလွယ်စွာ၊ ထောက်ကူပါ၊ စဉ်လာ အကွရာကြည့်** | ၈၅၁ |

# ပရိတ်
# သင်တန်းအစီအစဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပရိတ်သင်တန်း ဖွင့်နိဒါန်း
၂။ မိုဂြမ်းစရာ ကျမ်းထွေလာ
၃။ ပေါင်းကာစုစည်း ပရိတ်ကြီး
၄။ ပရိတ်ကြီး ပရိတ်ငယ် နှစ်မျိုးသွယ်
၅။ မှတ်ဖွယ်ရွေးခါ ရွတ်ထုံးမှာ
၆။ အဂီၤလေးထွေ ရွတ်သူတွေ
၇။ နာလေသူများ အင်လေးပါး
၈။ ဖတ်ပြောရွတ်နည်း နိသယသည်း
၉။ သိပ်သည်းလှစွာ ဇာတ်ကြောင်းမှာ
၁၀။ သေချာကျန် ဓိပ္ပါယ်ပြ
၁၁။ ရွတ်ရအကျိုး အမျိုးမျိုး
၁၂။ ကျိုးမရပြား ချိုသူကား
၁၃။ မှတ်သားကြစေ နှောင်းလူတွေ
၁၄။ ထွေထွေကောင်းမှု ဆုတောင်းပြု အထုပညာ ကြီးပါစေ

သင်တန်းအစီအစဉ် စုံအလင်

# ပရိတ်သင်တန်း ပွင့်နိဒါန်း

အညွှန်းကဗျာ မြည်းဝမ်းပါ

ပရိတ်နှင့်စပ်- သိမှတ်ဖို့ ကြောင်းအရာ၊
ကျမ်းထွေလာ ဖွေကာရှု-သင်ပြုမည်သာ။
နာသူတို့ သင်တန်းမှာ- ရှင်လန်းစရာပေါ့ ကိုယ်စီတွေး၊
စံနမူ မှန်ယူငြားနိုင်ဖို့၊ ကံအတူ ဉာဏ်ကူပွါးပါလို့၊
မှီးစရာ့အဖုံဖုံ နည်းဖြာဖြာအစုံသားကာပ၊ (အိုကွယ်) သင်ကြားစို့လေး။



ပရိတ်သင်တန်း မှတ်ဇွယ်ကျမ်း

# ရတနတ္တယပဏာမ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ

## နမော ရတနတ္တယဿ

**ရတနတ္တယဿ**–ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ဟုဆိုအပ်သော ရတနာမြတ်သုံးပါး အပေါင်းအား။ **နမော**–ရှိသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။

**အန္တရာယ်ကင်း။ ကျမ်းပြီးခြင်း။ ဝပ်စင်း အကျိုးပါ**

**အန္တရာယ်ကင်း။ သင်ပြီးခြင်း။ ဝပ်စင်း အကျိုးပါ**

ရတနာသုံးပါးအား ရှိခိုးခြင်းသည် ရှိခိုးခြင်းအမူအရာကို ဖြစ်ပေါ်စေတတ်သော ကုသိုလ်စေတနာဖြစ်၏။ ထိုကုသိုလ်စေတနာသည် ရှိခိုးထိုက်သော ရတနာသုံးပါးတို့၏ "အရဟတာ" အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်း, ရှိခိုးတတ်သော ကျမ်းပြုဆရာ (သင်တန်းဆရာ+သင်တန်းသူ/သားများ)၏ (ရှိခိုးပူဇော်လိုသော)ဆန္ဒ, ကြည်ညှိခြင်းဟူသော အဇ္ဈာသယတို့နှင့် ပြည့်စုံခြင်းကြောင့် **ဥပပီဋ္ဌကက်** (တပါးသောက်ကို အကျိုးပေးခွင့် မရအောင်, အခွင့်ရပြန်လျှင် အကျိုးပေးမထက်သန်အောင်, ရပြီးသော အကျိုးကိုလည်း မဖွင့်ဖြိုးလေအောင်, ကပ်၍ နှိပ်စက်တတ်သောက်)[၁], **ဥပစ္ဆေဒက်** (ဥပပီဋ္ဌကက်ကဲ့သို့ နှိပ်စက်ရုံတွင်မကဘဲ, တပါးသောက်ကို လုံးဝ အကျိုးမပေးနိုင်အောင်, ပေးပြီးသော အကျိုးများကိုလည်း ပြတ်သွားအောင်, သတ်ဖြတ်တတ်သောက်)[၂] တို့ကို တားမြစ်၍ ကျမ်းပြီးခြင်း (စာပေပို့ချ, သင်ကြားမှု ပြီးဆုံးခြင်း) အကျိုးကို နှောင့်ယှက်တတ်သော ရောဂါအစရှိသော အန္တရာယ်တို့ မဖြစ်ရအောင် အကျိုးပေးပါသည်။

ရတနတ္တယပဏာမော ဟိ အတ္ထတော ပဏာမကိရိယာဘိနိပ္ဖာဒိကာ ကုသလစေတနာ၊ သာစ ဝန္ဒနေယျဝန္ဒကာနံ ခေတ္တဇ္ဈာသယသမ္ပဒါဟိ ဒိဋ္ဌမ္မေဝေဒန်ယဘူတာ ယထာလဒ္ဓသမ္ပတ္တိ နိမိတ္တကဿ ကမ္မဿ အနုဗလပ္ပဒါနဝသေန တန္နိဗ္ဗတ္တိတဝိပါကသန္တတိယာ အန္တရာယကရာနိ ဥပပီဋ္ဌက ဥပစ္ဆေဒကကမ္မာနိ ပဋိဗာဟိတွာ တန္နိဒါနာနံ ယထာဓိပ္ပေတသိဒ္ဓိဝိဗန္ဓကာနံ

---

[၁] အကျိုးပေးခွင့်, မရလင့်အောင်, ရသင့်လေပြန်, ကျိုးမသန်အောင်, ရပြန်အကျိုး, မဖွင့်ဖြိုးဘို့, အမျိုးမျိုးက, နှိပ်စက်လှ, "ဥပပီဋ္ဌက"ကံ။

[၂] နှိပ်စက်ရုံတွင်, မကချင်ဘဲ, ယခင်ထက်တိုး, ကံအကျိုးကို, ပယ်ချိုးနှိပ်ချ, သတ်ဖြတ်က, "ဥပစ္ဆေဒက်"။ (အခြေပြုသပြိုဟ် နှင့် သပြိုဟ်ဘာသာဋီကာ)

## သင်တန်းအစီအစဉ် စုံအလင်

ရောဂါဒိအန္တရာယာနမပ္ပဝတ္တိ သာဓေတိ။ တသ္မာ ပကရဏာရမ္ဘေ
ရတနတ္တယပဏာမကရဏံ ယထာရဒ္ဓ-ပကရဏဿ အနန္တရာယေန ပရိသမာပနတ္ထဥ္ဆေဝ
သောတူနဥ္ဆ ဝန္ဒနာပုဗ္ဗင်္ဂမာယ ပဋိပတ္တိယာ အနန္တရာယေန ဥဂ္ဂဟဏဓာရဏာဒိသံသိဇ္ဈနတ္ထဥ္ဆ။
(အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၊ ဂန္ထာရမ္ဘ-ကထာဝဏ္ဏနာ၊ ၇၀။)

ဟိ-ချဲ့ဦးအံ့၊ (တနည်း) ဟိ ယသ္မာ-အကြင့်ကြောင့်၊ ရတနတ္တယပဏာမော-ရတနာသုံးပါး အပေါင်းကို ရှိခိုးခြင်းသည်၊ အတ္ထတော-တရားကိုယ် အနက်အားဖြင့်၊ ပဏာမကြိယာဘိနိပ္ပါဒိကာ-ရှိခိုးခြင်းအမူအရာကို ပြီးစေတတ်သော၊ ကုသလစေတနာ-ကုသိုလ်စေတနာတည်း။ သာ စ- ထို ကုသိုလ်စေတနာသည်လည်း၊ ဝန္ဒနေယျ ဝန္ဒကာနံ-ရှိခိုးအပ်သော ရတနာသုံးပါး, ရှိခိုးတတ်သော ကျမ်းပြုဆရာတို့၏၊ ခေတ္တဇ္ဈာသယသမ္ပဒါဟိ-ခေတ်၏ပြည့်စုံခြင်း, အဇ္ဈာသယ၏ပြည့်စုံခြင်းတို့ကြောင့်၊ ဒိဋ္ဌဓမ္မဝေဒနီယဘူတာ-ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်၍ဖြစ်သည်၊ (ဟုတ္ဆာ-ဖြစ်၍၊) ယထာလဒ္ဓသမ္ပတ္တိနိမိတ္တ ကဿ-အကြင်အကြင် ရအပ်ပြီးသော ဘဝသမ္ပတ္တိ၏အကြောင်းဖြစ်သော၊ ကမ္မဿ-ဇနကကံအား၊ အနဗလပ္ပဒါနဝသေန-လျော်သောအားကို ပေးခြင်း၏အစွမ်းဖြင့်၊ ဝါ-ထောက်ပံ့ကူညီခြင်း၏အစွမ်းဖြင့်၊ တန္ဒိဗ္ဗတ္တိတဝိပါကသန္တတိယာ-ထိုဇနကကံသည်ဖြစ်စေအပ်သော ဝိပါက်အစဉ်၏၊ အန္တရာယကရာနိ-အန္တရာယ်ကို ပြုတတ်ကုန်သော၊ ဥပပီဋ္ဌက ဥပစ္ဆေဒက ကမ္မာနိ-ဥပပီဋ္ဌကကံ, ဥပစ္ဆေဒကံတို့ကို၊ ပဋိဗာဟိတ္ဆာ-တားဖြစ်၍၊ တန္ဒိဒါနာနံ-ထို ဥပပီဋ္ဌက, ဥပစ္ဆေဒကံဟူသော အကြောင်းရှိကုန်သော၊ ယထာ ဓိပ္ပေတသိဒ္ဓိဝိဗန္ဓကာနံ-အကြင်အကြင် အလိုရှိအပ်သော ကျမ်းပြီးစီးခြင်းကို တားမြစ်တတ်ကုန်သော၊ ရောဂါဒိအန္တရာယာနံ-ရောဂါအစရှိသော အန္တရာယ်တို့၏၊ အပ္ပဝတ္တိ-မဖြစ်ခြင်းကို၊ သာဓေတိ-ပြီးစေ နိုင်၏၊ တသ္မာ-ထို့ကြောင့်၊ (ထိုသို့ ပဏာမစေတနာ၏ ဒိဋ္ဌဓမ္မ ဝေဒနီယကံဖြစ်၍ ရောဂါအစရှိသော အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေနိုင်သည်အဖြစ်ကြောင့်၊) ပကရဏာရမ္ဘေ-ကျမ်းကို အားထုတ်စ ကာလ၌၊ ဝါ-ကျမ်း၏အစ၌၊ ရတနတ္တယပဏာမကရဏံ-ရတနတ္တယပဏာမကို ပြုခြင်းသည်၊ ယထာ ရဒ္ဓပကရဏဿ-အကြင်အကြင် အားထုတ်အပ်သောကျမ်း၏၊ အနန္တရာယေန-အန္တရာယ်မရှိသဖြင့်၊ ပရိသမာပနတ္ထဥ္ဆ-ပြီးစီးခြင်း အကျိုးရှိသည်လည်းကောင်း၊ သောတူနဥ္ဆ-စာသင်သားတို့၏လည်း၊ ဝန္ဒနာပုဗ္ဗင်္ဂမာ-ရှိခိုးခြင်းရှေ့သွားရှိသော၊ ပဋိပတ္တိယာ-အကျင့်ကြောင့်၊ (စာသင် ခြင်းကိုပင် "ပဋိပတ်" ဟုဆိုသည်၊) အနန္တရာယေန-အန္တရာယ်မရှိသဖြင့်၊ ဥဂ္ဂဟဏဓာရဏာဒိသံသိဇ္ဈနတ္ထဥ္ဆ-သင်ယူခြင်း, ဆောင်ရွက်မှတ်သားခြင်း အစရှိသော ကိစ္စ၏ ပြီးစီးခြင်း အကျိုးရှိသည်လည်းကောင်း၊ (ဟောတိ-၏။)
(ဋီကာကျော်နိဿယ၊ ၁၉-၂၀။)

ပညာအဆင့်ဆင့် နိဒ္ဒာန်ချင့်–

သုဿူသာ သုတသမ္ပန္နော၊ သုတံ ပညာယ ဝစုတီ။

ပညာယ အတ္ထံ ဇာနာတိ၊ ဉာတော အတ္ထော သုခါဝဟော။

(လောကနီတိ၊ ဂါထာ ၂၁။)

**သုဿူသာ**–ဆရာထံပါး, ခဝပ်တွားဂျ်, သင်ကြားနာယူခြင်းကြောင့်၊ **သုတသမ္ပန္နော**–အကြား အမြင် ပညာနှင့်ပြည့်စုံ၏။ ။ **သုတံ**–အကြားအမြင်သည်၊ **ဂါ**–အကြားအမြင်ပညာသည်၊ **ပညာယ**–ထိုးထွင်းဂျ် သိနိုင်သော **"စိန္တာမယ"**ဉာဏ်ပညာကို၊ **ဝစုတီ**–ပိုင်းခြားသိသာ, ကောင်းစွာတိုးပွါး စေ၏။ ။ **ပညာယ**–သုတစိန္တာ, ဉာဏ်ပညာဖြင့်၊ **အတ္ထံ**–လိုရင်းဆက်သွယ်, အနက်အဓိပ္ပါယ်ကို၊ **ဇာနာတိ**–ပိုင်းခြားတိတိ, ကောင်းစွာသိ၏။ ။ **ဉာတော**–သိမြင်အပ်ပြီးသော၊ **အတ္ထော**–လိုရင်းဆက်သွယ်, အနက်အဓိပ္ပါယ်သည်၊ **သုခါဝဟော**–လူနတ်နိဗ္ဗာန်, ချမ်းသာရန်ကို, စီမံဆောင်ရွက်နိုင်၏။

ဤဂါထာသည် ထေရဂါထာပါဠိတော် မဟာစုန္ဒတ္ထေရဂါထာ (ခု၊ ၂၊ ၂၅၀)ကို မှီငြမ်း၍ လောကနီတိဆရာ စီကုံးရေးသားပုံရ၏။

သုဿူသာ သုတဝန္တီ၊ သုတံ ပညာယ ဝဒုနံ။

ပညာယ အတ္ထံ ဇာနာတိ၊ ဉာတော အတ္ထော သုခါဝဟော။

ဤလောကဌ် လူသားတိုင်းသည် ချမ်းသာသုခကို လိုချင်တောင့်တကြ၏၊ ထိုချမ်းသာသုခကို ရဖို့ရန်အကြောင်းမှာ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော အကျိုးစီးပွါးကို သိရှိမှသာ ရနိုင်ရာ၏၊ ထို အကျိုးနှစ်ပါးကို သိရှိဖို့ရာမှာလည်း အသိအလိမ်မာ ဉာဏ်ပညာနှင့်ပြည့်စုံမှသာ သိနိုင်ရာ၏။ ထို အသိအလိမ်မာ ဉာဏ်ပညာသည်လည်း မိမိတို့ပကတိသဘောအားဖြင့် ဖြစ်ပေါ်ဖို့ရန် လွန်စွာခဲယဉ်း လှ၏။ ဓားတို့သည် ကျောက်နှင့်သွေးမှ ထက်သကဲ့သို့ ထို့အတူ အကြားအမြင် ဗဟုသုတတို့ကို အမှီပြုရမှသာ ဖြစ်ပေါ်၍လာကုန်၏၊ ထိုအကြားအမြင် ဗဟုသုတတို့သည်လည်း အကြောင်းမဲ့ သက်သက် အလိုအလျောက် ပေါ်ထွက်၍လာကြသည် မဟုတ်ပါ၊ သင်ကြားမှတ်သား နာယူခြင်း, လေ့လာခြင်း အားဖြင့်သာ ဖြစ်ပေါ်၍ လာကုန်၏။

ထို့ကြောင့် အကြားအမြင် ဗဟုသုတကို အလိုရှိသောသူသည် မိမိမျက်စိဖြင့် မြင်တွေ့သော အရာ, နားဖြင့် ကြားသောအရာတို့ကို သင့်တင့်စွာ နှလုံးသွင်း၍ မှတ်သားမှသာလျှင် အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံ၍ **"သုတမယ"**ဉာဏ်ဖြစ်ပေါ်လာနိုင်မည်။ ထိုဉာဏ်ဖြင့် အဖန်ဖန် ကြံစည် စဉ်းစားသောအခါမှ **"စိန္တာမယ"**ဉာဏ် ဖြစ်ပေါ်လာနိုင်မည်။ ထိုဉာဏ်ဖြင့် ပစ္စုပ္ပန်, တမလွန် နှစ်တန်

သောအကျိုးတို့ကို ထိုးထွင်း၍ သိရှိနိုင်မည်၊ ထိုသို့ သိရှိမှသာ လူနတ်နဗ္ဗာန် ချမ်းသာသုခကို ရကြပေလိမ့်မည်။ (လောကနီတိဖွင့်အကျယ်လက်စွဲ၊ ပဏ္ဍိတကဏ္ဍ၊ ၅၄-၅၅။)

**တိုက်တွန်းစကား။ သင်တို့နှာ။ နာကြားနိုင်ကြစေ။** ။ ပရိတ်သင်တန်းတက်ရောက်သူတို့ အားတက်ဖွယ် နမူနာယူဖွယ်စကား ပြောကြားလိုတာက **"ငါတို့ အသက်ကြီးနေပြီ၊ ပါဠိတွေက ခက်တယ်၊ မဇတ်တတ်ဖူး၊ တတ်မှာလဲ မဟုတ်ပါဘူး"** ဆိုပြီး အားမငယ်ကြပါနဲ့၊ ပညာရှာရှာ, ဥစ္စာရှာရှာ၊ ဇွဲကောင်းဖို့တော့ လိုအပ်ပါတယ်။ ဇွဲမရှိရင်တော့ ဘယ်ကိစ္စမျိုးမှ အောင်မြင်မှာ မဟုတ်ပါဘူး၊ ဇွဲရှိရင် ပညာဘဲသင်သင်, စီးပွါးဘဲရှာရှာ တနေ့နေ့တော့ မိမိလိုချင်တဲ့ပန်းတိုင်ကို ရောက်ပါတယ်။ သေရမည့် အခြေအနေမျိုး ဆိုက်ရောက်နေတဲ့ ဇနကမင်းသားတောင် ဇွဲလုံ့လနဲ့ ပင်လယ်ပြင်မှာ လက်ပစ်ကူးလေတော့ မေခလာနတ်သမီး ကယ်တင်လို့ ဘုရင်ပင် ဖြစ်သွားခဲ့ရပါတယ်။

**ပညာဥစ္စာ၊ ရှာသောခါ၌၊ ငါဟဲ့ယောကျ်ား။ ဇွဲစိတ်ထားလျက်၊ ကြိုးစားမူသေ၊**
**သင်ပြုလေလော့၊--ဇွဲကိုမပျါး။ သင်ပစ်ထားက၊ ရငြားစာပင်၊ မေ့ပျောက်စဉ်လိမ့်၊ ရှေ့လျှင်မတို့။**
**နောက်သို့လျှိုးလျက်၊ ဖြစ်ရိုးစဉ်လာ၊ ရှိကြမှာပေါ့။**
**ဇနကမင်း။ ပင်လယ်တွင်းဝယ်၊ ဆင်းရဲမတွေ့၊ ချမ်းသာမွေ့လျက်၊--ယောကျ်ားပီပီ၊**
**ဇွဲစိတ်ချီလျက်၊ ဇာနီရဲသွေး။ အောင်သံပေးခြင်း၊ အောင်ရေးပန်းတိုင်၊ သင်လှမ်းနိုင်လိမ့်၊**
**လှမ်းကိုင်ဖို့ရေး။ ဇွဲစိတ်မွေးလော့။**

ဇွဲလုံ့လနဲ့ စိတ်ဓာတ်ခိုင်မာ အဆင်အခြင်ရှိသူတွေဟာ မြင်းမိုရ်ထိပ်ဖျားတက်ရဖို့ ကြိုးလာရင်တောင် သူတို့အဖို့ ခက်ခဲတယ်, မဖြစ်နိုင်ဘူး-ဆိုတာ မရှိဘူး-တဲ့။

**လုံ့လနှင့်ဇွဲ၊ ဒို့စုံတွဲလျက်၊ ခိုင်မြဲစိတ်ဓာတ်၊ တည်ကိန်းဝပ်၍၊ ဖြတ်လတ်ဉာဏ်မြင်၊**
**အဆင်ခြင်လည်း၊ စုံလင်မချို့၊ လူ့အဖို့ကား၊ မြင့်မို့ထိပ်ဖျား၊ တက်ရငြားလည်း၊ မဖြစ်စကား၊**
**သူမကြားတည်း။**

သက်တော် ၆၀-ကျော်မှ ပိဋကစာပေ လေ့လာသင်ကြားရသော ဆရာတော် ဦးကျည်ပွေ့ရဲ့ စိတ်ဓာတ်ပြုပြင်လျက် ကြိုးစားခဲ့ပုံကိုလဲ နည်းယူသင့်ကြတယ်။

**ဆရာတော် ဦးကျည်ပွေ့-ကြောင်းတစ်စေ့။** ။ ၆၁၇-ခုတွင် နရသီဟပတေ့မင်းလက်ထက်တွင် အသက် ၆၀-ကျော်မှ စာသင်၍ အံ့သြဖွယ်ကောင်းလောက်အောင် တတ်သည်။ "မိမိနေ့စဉ် တန်ပူပစ်ချရာတွင်း၌ တန်ပူများပြည့်နေသည်ကို မြင်လေသော် 'ဤတန်ပူတွင်း၌ တန်ပူတို့သည် တနေ့တချောင်းကျရောက်ရာမှ တွင်းပြည့်သည်၊ ငါသည်လည်း တနေ့လျှင်စာတကြောင်းမျှ သင်အံလေ့

ကျက်သော် ကျမ်းတတ် ပုဂ္ဂိုလ်ဖြစ်ရာ၏'ဟု ဆင်ခြင်မိ၍ ဘုရင့်ထံဝင်၍ ကန့်ကွဲဆံအလှူခံရာ ဘုရင်က "ကျည်ပွေ့ အတက်ပေါက်မှ စာတတ်တော့မည်ပ"ဟု လျှောက်ထားလိုက်သည်။

စာတတ်သောအခါ ကျည်ပွေ့ကိုသစ်ခက်ညှန့်စည်း၍ ဘုရင့်ထံဝင်လေရာ ဘုရင်က ကျမ်းတတ် ဆရာတော်မှတစ်ဆင့် မေးမြန်းစစ်ဆေးစေရာတွင် အမှန်စာတတ်ကြောင်းသိရသဖြင့် ဒီသာပါမောက္ခဘွဲ့ ဆက်ကပ်၏။



(၁) သင်ပုံးကြီးငိုကာပါ၌၊

(၂) သဒ္ဒါကျမ်း နာမ်ပါ၌– တို့ကို ရေးခဲ့သည်။ (မြန်မာ့စွဲစုံကျမ်း၊ ၄၊ ၁၁၄–၁၁၅။)

**ပညာကို နေ့မပျက်၊ လေ့ကျက်မှတောက်မည်၊ ရွေးအထက် ပုဂံဆီဝယ်၊ အရဟံထေရ်ဆိုစို့။ ။**

**ဦးကျည်ဖွေ့ ခင်ကြီးပျော်လို၊ သင်နည်းနော် ပမာပုံသို့။ ။ သက်ခြောက်ဆယ်အစေတော်မှာ၊**

**ပညာနော် သင်လို့။ ။ မွှာနော် အစဉ်တို့မှာဖြင့်၊ သင်္ဂေတို့ ဦးချီ။ ။ ခုထက်တိုင် ထုံးတန္တပါလို့၊**

**နွန်းစပ်ပြု ပြောရလေသည်။ ။ ဤနည်းကို စိတ်ကမိုလျှင်၊ သိပ္ပံမည် မှန်သမျှ၊ ဘယ်ဟာမျှ မခက်ပါ။**

**တတ်လိမ့်ခါခါ။ ။ မောင်မယ်တို့ ပညာကို၊ ချိန်မှန်စွာ သင်စမ်းကွဲ့လေး။ ။**

**တောင်တွင်းဆရာတော် ခင်ကြီးပျော်**[၃]။ ။ ငယ်ရွယ်စဉ်ကစ၍ ပုံလွန်တော်မူသည့်အထိ ထူးခြားခဲ့သော ဆရာတော်မှာ အင်းဝခေတ်တွင် ပေလေးပင် ရှင်လေးပါး ပေါ်ထွန်းခဲ့ရာ တောင်တွင်းကြီး မြို့နယ်မှပင် ဖြစ်သည်၊ ဆရာတော်လောင်း ဖွားမြင်သောအချိန်မှာ အင်းဝရွှေနန်းတွင် တနင်္္ဂနွေမင်း စိုးစံစဉ် ဖြစ်သည်။

**ပေနှစ်ပင် ရှင်နှစ်ပါး။** ။ ဆရာတော်လောင်း မွေးဖွားစဉ်အခါက တောင်တွင်းမြို့၌ ပေပင်ကြီးနှစ်ပင် ပေါက်လေသည်၊ ဆရာတော်၏ငယ်မည်မှာ **"မောင်ပျော်"** ဖြစ်သည်၊ မောင်ပျော် မွေးဖွားစဉ် မောင်ပြောင် (နောင်အခါ ခင်ကြီးပြောင်ဖြစ်လာမည့် ပုဂ္ဂိုလ်လည်း) တစ်ချိန်တည်း မွေးဖွားခဲ့သည်။ ဒါ့ကြောင့် ရွာလူကြီး သူမတို့က **"ပေနှစ်ပင် ရှင်နှစ်ပါး"** ဟု ဆိုစကားပြုလေသည်။

**စာပေတော်လှ ရှင်ဉာဏ။** ။ မောင်ပျော် ၁၀–နှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်လာပြီး ဘွဲ့တော်မှာ **"ရှင်ဉာဏ"** ဖြစ်သည်၊ ကိုရင်ဉာဏသည် ကန်ဦးကျောင်းဆရာတော်ထံတွင် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်မှအစ သဒ္ဒါ သဂြိုဟ်ကျမ်းများကို အားကြိုးမာန်တက် သင်ယူရာမှာ တစ်နေ့လျှင် စာပေတစ်ကိုက်ရသည်ဖြစ်၍ တောင်တွင်းမြို့နယ်တွင်သာမက ပိဋကကျမ်းဂန်ကို မွေနှောက်နိုင့်မည့် ပုဂ္ဂိုလ်ထူးအဖြစ် အင်းဝနေပြည်တော်သို့တိုင် ထင်ရှားကျော်ကြားခဲ့လေသည်။

**နေပြည်တော်မှာ ပညာရှာ။** ။ ကိုရင်ဉာဏသည် အင်းဝနေပြည်တော်သို့ ကြွ၍ ပထမကျော်အောင် စံထား ဆရာတော်ဘုရားကြီးထံ၌ ပိဋကကျမ်းဂန်ဆိုင်ရာ ခဲရာခဲဆစ် နက်နက်နဲနဲ ပညာများကို ဆက်လက်သင်ကြားလျက် သက်တော် ၂၀–အရွယ်တွင် ကျော်အောင်စံထားဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့လေသည်၊ ဘွဲ့တော်မှာလည်း **"ရှင်ဉာဏဝရ"** ဖြစ်၏။

---

[၃] တောင်တွင်းဆရာတော် ခင်ကြီးပျော် လောကီ–လောကုတ္တရာ အမေးအဖြေကျမ်း (ရွှေမင်းဝန် ဦးဘုန်းမြင့်)

**သဒ္ဒါတတ်ကျွမ်း တစ်ဖက်ကမ်း။** ။ ရှင်ဉာဏဝရသည် ပေါက္ကံ့ရွှေကျောင်းဆရာတော်ထံတွင် သဒ္ဒါဆိုင်ရာ ကျမ်းများစွာ ခဲရာခဲဆစ်တွေကို နှိုက်နှိုက်ချွတ်ချွတ် သင်ကြားလေသည်၊ ဉာဏ်ပဋိဘာန် ထက်သန်သော ပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ သဒ္ဒါကျမ်းကို အပြီးတိုင်တတ်ရုံသာမက သဒ္ဒါအရာ ယုံမှားကင်းလောက်အောင် ကျွမ်းကျင်တော်မူသည်။

**နောင်တော်ကြီးမင်း ကိုးကွယ်ခြင်း။** ။ ဦးပဉ္စင်း ရှင်ဉာဏဝရ၏ စာပေကျမ်းဂန် ကျပွန်ကြောင်း ပိဋကကျမ်းဂန်များကို မွေနှောက်ချောက်ချားနိုင်ရုံသာမက အဂ္ဂိရတ် လုပ်ရပ်ကျမ်း, ဆေးကျမ်း, ဓာတ်ကျမ်း, ဗေဒင်ကျမ်း အမျိုးမျိုးကိုလည်း သူမတူအောင် ကျွမ်းကျင်နိုင်နင်းတော်မူလှကြောင်း သတင်းအဖုံဖုံကို အိမ်ရှေ့စံ နောင်တော်ကြီး ကြားသိတော်မူလေသည်၊ နောင်တော်ကြီးမင်းသားသည် ရှင်ဉာဏဝရကို ရတနာသိန်သို့ ပင့်ဆောင်လျက် ရတနာရွှေဘုံတုလွတ်ကျောင်းတော်ကြီးကို တင်လှူ ကိုးကွယ်ခဲ့လေသည်။

**ခင်ကြီးဟော်အဖြစ် ထင်ရှားခြင်း။** ။ ရှင်ဉာဏဝရမှာ အိမ်ရှေ့စံကိုယ်တော် နောင်တော်ကြီး ကိုးကွယ်တော်မူသည့်အချိန်ကစ၍ ငယ်မည် မောင်ဟော်ကို အစွဲပြု၍ **"ခင်ကြီးဟော်"**[၄]ဟု နေပြည်တော်တွင် ထင်ရှားကျော်ကြားတော်မူလေသည်။ ဆရာတော်မှာ ဗဟုသုတအဖြာဖြာ၌ နှံ့စပ်ကျွမ်းကျင်လှသဖြင့် မည်သည့်အရာဌာန၌မဆို **"မသိပြီ၊ မတတ်ပြီ"**ဟူ၍ မရှိ၊ လောကီရေးရာ, စာပေကျမ်းဂန်အရာတို့တွင် **"မ, တစ်လုံးကျေ၊ မကာရလောပ အတုလဆရာတော် ခင်ကြီးဟော်"**ဟု ရဟန်းရှင်လူတို့က ချီးမွမ်း အံ့ဩ ထောပနာပြုကြရလေသည်။ ဇာတိချက်ကြွေ တောင်တွင်းကြီးမြို့ကို အစွဲပြု၍လည်း **"တောင်တွင်း ဆရာတော် ခင်ကြီးဟော်"**ဟု ခေါ်ဝေါ်ခြင်း ပြုကြလေသည်။

**သာသနာပိုင်ဖြစ်ခြင်း။** ။ နောင်တော်ကြီးမင်းသား ဘုရင်ဖြစ်လာသောအခါ ဆရာတော်ကို ရတနာသိန် နေပြည်တော်သို့ပင့်၍ မဟာဘုံသာ ရွှေကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး **"ဉာဏာလင်္ကာရ သဒ္ဓမ္မသေနာပတိ မဟာမွေရာဇာဓိရာဇဂုရု"**ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းလေသည်၊ ထို့နောက် သာသနာပိုင်ဆရာတော်အဖြစ် တင်မြှောက် ကိုးကွယ်ခဲ့လေသည်။

**အများနှင့်မတူတန် သူ့စွမ်းဉာဏ်။** ။ တစ်ခါမှာ ဆရာတော်က ဆိုင်းသမားအား တီးလုံးတီးကွက်များကိုသင်ပေးပြီး တီးခတ်စေရာမကြားဘူး မကြုံဘူးလောက်အောင် အသံသာလွန်းသဖြင့် ဆိုင်းသမားများသည် ပါးစပ်အဟောင်းနဲ့ တအံ့တသြဖြစ်ကြရသည်။ တစ်နေ့မှာ တံငါသည်တစ်ယောက် အကြိမ်ကြိမ် ပိုက်ကွန်ပစ်သော်လည်း ငါးမရခဲ့ပါ။ ဆရာတော် ညွှန်ကြားသည့်အတိုင်း ဒကာ

---

[၄] ခင်ကြီး– ဘုန်းကြီး။ ရဟန်း။

တစ်ဦးကို ပစ်စေရာတွင် ပိုက်ကွန်၌ ငါးများစွာမိပါလာ၏၊ ထိုငါးများကို ပြန်လွှတ်စေ၏။ အခါတစ်ပါး ဖုန်းမောင်နှံတို့ အိပ်ငိုက်နေစဉ် လူသူတော်တစ်ယောက်က **"အသုခ"**ဟူသော စကားသုံးခွန်းကို ပြောလျက် ပျောက်ကွယ်သွား၏၊ သူတို့နှစ်ဦး စကားအဓိပ္ပါယ်ကို အနည်းနည်းအဖုံဖုံ ကြံဆကြသော်လည်း လုံးဝ သဘောမပေါက်နိုင်ခဲ့ကြ၊ "အသုခ" စကားလုံး၏အဓိပ္ပါယ်ကို တိုက်ရိုက်ယူလျှင် **"နှ+သုခ=အသုခ–ချမ်းသာခြင်းမရှိ, မချမ်းသာ"** ဖြစ်၏၊ ဒီအဓိပ္ပါယ်တော့ မဟုတ်နိုင်၊ နောက်ဆုံး ခင်ကြီးပျော် ဆရာတော်ထံသွားရောက်၍ လျှောက်ထားကြရာ ဒကာတို့အိပ်မက်ပါ အက္ခရာ **"အသုခ"**ရဲ့ အဓိပ္ပါယ်က ဒီလိုဆိုသကွယ်၊ **"အ"**အက္ခရာက **"အမ္မမူလေ–သရက် ပင်ရင်း၌"**, **"သု"**အက္ခရာရဲ့ အဓိပ္ပါယ်က **"သုဝဏ္ဏကုမ္ဘံ–ရွှေအိုးကို"**, **"ခ"**အက္ခရာရဲ့ အဓိပ္ပါယ်က **"ခန–တူးလော့၊** ဒါ့ကြောင့် **"အသုခ"**ရဲ့ အဓိပ္ပါယ်က **သရက်ပင်ရင်းမှာ ရွှေအိုးကို တူးယူပေတော့–**လို့ ဆိုလိုတယ်၊ ဒကာတို့ ကုသိုလ်ကံပဲ၊ သတိပြုရှာဖွေကြည့်ပေတော့–လို့ အမိန့်ရှိတဲ့အတိုင်းရှာဖွေရာ သရက်ပင်ပေါက်အောက် တူးဆွ၍ ရွှေအိုးတစ်လုံးရရှိလေ၏။



**“သီ ဘော သုဉ်း ဆယ်”**။ ။ သက်တော် ၃၈-နှစ်အဝင် ဝါတော် ၁၈-ဝါသို့ အရောက်တွင် ဆရာတော်၌ လေနာရောဂါ ဖိစီးနှိပ်စက်လေရာ နောင်တော်ကြီးမင်း၏အမိန့်အရ နန်းတွင်းသမားတော် အကျော်အမော်သည် အစွမ်းထက်လှသော ဆေးများဖြင့် ဆရာတော်အား ကုသကြရန် စီမံကြလေသည်။ ဆရာတော်သည် ငယ်ရွယ်စဉ်က ဆရာဖြစ်သော ပထမကျော်အောင်စံထားဆရာတော် ဘုရားကြီး၏ စကားတော်ကို ဝေဒနာခံစားရာမှ သတိရသောကြောင့် “ဆေးသမားတို့... ဆိုင်းငံ့ကြဦးလော့၊ ငါ၏ ဆရာတော်ဘုရားကြီးက ‘ငါသည် အသက် ၄၀ ကျော်အောင် နေရမည်မဟုတ်’ဟု မိန့်တော်မူခဲ့ဖူးသည်၊ ဒါ့ကြောင့် ဟုတ်, မဟုတ်၊ မှန်, မမှန် သိရအောင် စနည်းနာ[1] ချေဦး”ဟု မိန့်တော်မူလေသည်။

ဆရာတော်၏ တပည့် ရဟန်းတော် တစ်ပါးသည် ချက်ချင်းပင် အင်းဝမြို့တွင်းသို့ သွားကာ စနည်းနာလေသည်၊ ထိုအခါ မြို့စွန်၌ အကြော်သည် မိန်းမတစ်ယောက်သည် **“သီဘောသုဉ်းဆယ်”** ဟူ၍ ဆိုမြည်သည်ကို ကြားရသဖြင့် မှတ်သား၍ ပြန်ခဲ့လေသည်၊ ကျောင်းသို့ ရောက်သောအခါ ဆရာတော်အား ထိုစနည်းနာ၍ ရသောစကားကို ပြန်လည် လျှောက်ထားလေသည်။

ဆရာတော်က **“သီဘောသုဉ်းဆယ်”**ဟူသောစကားကို ကြားလျှင် ဤသို့ မိန့်တော်မူ၏--

“အချင်းဆေးသမားတို့...ငါ့ကို ဆေးမတိုက်ကြနဲ့တော့၊ ငါကား အမှန်ပင် ပျံလွန်တော်မူပေမယ်၊ သီဘောသုဉ်းဆယ် ဟူသော စနည်းစကားအရ **“ဘော-အိုအချင်းတို့၊ သီ-သီလရှိသော၊ ဆယ်-အဂိသားသည်၊ သုဉ်း-သေလတ္တံ့”**ဟု အဓိပ္ပါယ်ရတယ်၊ ဒါ့ကြောင့် ဆေးတိုက်လို့ အကျိုးမသက်ရောက်ပြီ”။

ဆရာတော်သည် အထက်ပါအတိုင်း မိန့်တော်မူပြီးနောက် မြန်မာသက္ကရာဇ် ၁၁၂၄-ခုနှစ်, သက်တော် ၃၈-နှစ်အဝင်တွင် ပျံလွန်တော်မူလေသည်။

**ဆရာတော်ရေးသားခဲ့သောကျမ်းများ-----**

(၁) သဒ္ဒဗျူဟာကျမ်း

(၂) ဂဏိပဗ္ဗသမ္ဗန္ဓဆက္ကဝဏ္ဏနာကျမ်း

(၃) ပုဒ်ဆစ် သဒ္ဒါဆစ်၊ သံဝဏ္ဏနာ နည်းလေးဆယ်ကျမ်း

(၄) သုတ္တမာလာ ဝုတ္တမာလာကျမ်း

---

[1] စနည်းနာ-ကြိယာ/စနဲနာ/သိလိုချိ သတင်းကို ရှာဖွေစုံစမ်းသည်၊ ထောက်လှမ်းသည်။ (မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၁၊ ၁၈၅၈)

## သင်တန်းအစီအစဉ် စုံအလင်

(၅) သဒ္ဒါငယ် ကစ္စာယနသာရအရကောက်
(၆) ဥာသ်ကောက်
(၇) နေတ္တိဟာရအရကောက်
(၈) ဝီထိလက်ရိုး
(၉) အဘိဓမ္မဂမ္ဘီရတ္ထဒေသနာကောက်
(၁၀) မြန်မာသဒ္ဒါဟောမှတ်စု
(၁၁) ဓမ္မကံမှတ်စု
(၁၂) သုတဝန္ဒနာ ဘုရားရှိခိုး
(၁၃) အာဒိကပ္ပဒ္ဓါဒသိမ်ကျမ်းနှင့် ကျုံယှနက္ခတ်ကျမ်း
(၁၄) သြဋ္ဌာရိက သုခုမဓာတ်ကျမ်း
(၁၅) ကဝေသာရကျမ်း
(၁၆) အင်္ဂဝိဇ္ဇာဋီကာကြီး (ပ, ဒု, တ)
(၁၇) ကပ္ပါလင်္ကာရကျမ်း (ပေမူ)။
(၁၈) ကပ္ပဝဏ္ဏနာကျမ်း
(၁၉) လက်ရိုးဗေဒင်ဋီကာ။

ဒါ့ကြောင့် ယခုလို သင်ရခဲတဲ့ ဘာသာရေးပညာရပ်တစ်ခုကို ရှေးကပုဂ္ဂိုလ်များကို နမူနာယူကြလျက် ခိုင်မာတဲ့ ဇွဲလုံ့လနဲ့ သင်ကြားနိုင်ကြပါစေ–လို့ အားပေးစကားပြောကြားပါတယ်။

## မှိုငြမ်းစရာ ကျမ်းထွေလာ

မိလိန္ဒပဉ္ဍာပါဋိတော်, မေဏ္ဍကပဉ္ဍာအခန်း, မစ္စုပါသမုတ္တိပဉ္ဍာ (နှာ–၁၅၂)၌ **ရတနသုတ်, မေတ္တသုတ်, ခန္ဓပရိတ်, မောရပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်, အင်္ဂုလိမာလပရိတ်။**

ပုန ဘဂဝတာ ပရိတ္တာ စ ဥဒ္ဒိဋ္ဌာ။ သေယျထိဒံ? ရတနသုတ္တံ မေတ္တသုတ္တံ ခန္ဓပရိတ္တံ မောရပရိတ္တံ ဓဇဂ္ဂပရိတ္တံ အာဋာနာဋိယပရိတ္တံ အင်္ဂုလိမာလပရိတ္တံ။

ပါရာဇိကဏ် အဋ္ဌကထာ(ပ၊ ၁၂၉), ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒု၊ ၄၄)တို့၌ **ရတနပရိတ်, ခန္ဓပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်, မောရပရိတ်။**

ဗုဒ္ဓကွေတ္တံ နာမ တိဝိဓံ ဟောတိ ဇာတိကွေတ္တံ အာဏာကွေတ္တံ ဝိသယကွေတ္တဉ္စ။ တတ္ထ ဇာတိကွေတ္တံ ဒဿသဟဿစက္ကဝါဠပရိယန္တံ ဟောတိ၊ ယံ တထာဂတဿ ပဋိသန္ဓိအာဒီသု ကမ္ပတိ။ အာဏာကွေတ္တံ ကောဋိသတသဟဿစက္ကဝါဠပရိယန္တံ ဟောတိ၊ ယတ္ထ ရတနပရိတ္တံ ခန္ဓပရိတ္တံ ဓဇဂ္ဂပရိတ္တံ အာဋာနာဋိယပရိတ္တံ မောရပရိတ္တန္တိ ဣမေသံ ပရိတ္တာနံ အာနုဘာဝေါ ပဝတ္တတိ။ ဝိသယကွေတ္တံ ပန အနန္တံ အပရိမာဏံ၊ ယံ ယာဝတာ ဝါ ပန အာကင်္ခေယျာတိ ဝုတ္တံ၊ ယတ္ထ ယံ ယံ အာကင်္ခတိ၊ တံ တံ အနုဿရတိ။ (ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဝေရဉ္ဇကဏ္ဍ အဖွင့်၊ ၁၂၈–၁၂၉။)

ဗုဒ္ဓကွေတ္တံ နာမ-ဗုဒ္ဓခေတ်မည်သည်၊ ဇာတိကွေတ္တံ-ဇာတိခေတ်လည်းကောင်း၊ အာဏာကွေတ္တံ-အာဏာခေတ်လည်းကောင်း၊ ဝိသယကွေတ္တံ-ဝိသယခေတ်လည်းကောင်း၊ (ဣတိ) တိဝိဓံ ဟောတိ-သုံးမျိုးပြား၏၊ တတ္ထ-ထိုသုံးပါးတို့တွင်၊ ဇာတိကွေတ္တံ-ဇာတိခေတ်သည်၊ ဒဿသဟဿစက္ကဝါဠပရိယန္တံ-တသောင်းသော စကြဝဠာအဆုံးအပိုင်းအခြားရှိသည်၊ ဟောတိ-၏၊ ယံ (ယသ္မိံ ဇာတိခေတ္တေ)-ယင်းဇာတိခေတ်၌၊ တထာဂတဿ-မြတ်စွာဘုရား၏၊ ပဋိသန္ဓိအာဒီသု-ပဋိသန္ဓေယူရာ အစရှိသည်တို့၌၊ ပထဝီ-မြေကြီးသည်၊ ကမ္ပတိ-တုန်လှုပ်ရ၏၊ (တံ ဇာတိကွေတ္တံ။) အာဏာကွေတ္တံ-အာဏာခေတ်သည်၊ ကောဋိသတသဟဿစက္ကဝါဠပရိယန္တံ-ကုဋေတသိန်း စကြဝဠာ အဆုံးအပိုင်းအခြားရှိသည်၊ ဟောတိ-၏၊ ယတ္ထ-အကြင်အာဏာခေတ်၌၊ ရတနပရိတ္တံ-ရတနပရိတ်တော်လည်းကောင်း၊ ခန္ဓပရိတ္တံ-ခန္ဓပရိတ်တော်လည်းကောင်း၊ ဓဇဂ္ဂပရိတ္တံ-ဓဇဂ်ပရိတ်တော်လည်းကောင်း၊ အာဋာနာဋိယပရိတ္တံ-အာဋာနာဋိယပရိတ်တော်လည်းကောင်း၊ မောရပရိတ္တံ-မောရပရိတ်တော်လည်းကောင်း၊ ဣတိ-သို့၊ ဣမေသံ ပရိတ္တာနံ-ဤပရိတ်တော်တို့၏၊ အာနုဘာဝေါ-အာနုဘော်သည်၊ ပဝတ္တတိ-ဖြစ်၏။ ပန-ထိုမှတပါး၊ ဝိသယကွေတ္တံ-သည်၊ အနန္တံ-အဆုံးအပိုင်းအခြားမရှိ၊ အပရိမာဏံ-အတိုင်းအရှည်မရှိ၊ ယံ-ယင်းဝိသယခေတ်ကို၊ (သန္ဓာယ-ရည်ရွယ်တော်မူ၍၊ ဋီကာ၊) ယာဝတာ ဝါ ပန အာကင်္ခေယျာတိ-ယျဟူသော စကားကို၊ (ဘဂဝတာ) ဝုတ္တံ-မိန့်တော်မူအပ်ပြီ၊ ယတ္ထ-ယင်း ဝိသယခေတ်၌၊ ယံ ယံ-အကြင် အကြင်အာရုံကို၊ (အနုဿရိတုံ-အဖန်ဖန် အောက်မေ့ခြင်းငှါ၊) အာကင်္ခတိ-အလိုတော်ရှိ၏၊ တံ တံ-ထိုထိုအာရုံကို၊ အနုဿရတိ-၏။

## ဓေတ်သုံးမျိုးမှာ မှတ်စရာ

**ဇာတိဓေတ်**– ဘုရားရှင်၏ ပဋိသန္ဓေ ဉာဏ်၏အာနုဘော်ဖြစ်သော ကောင်းမှုအကျိုးသည် ကောင်းစွာ ထက်သန်စေအပ်သည်ဖြစ်၍ မိမိသဘောဖြင့် တင့်တယ်စံပယ်၏၊ ထိုဌာနအားလုံး စကြဝဠာတသောင်းသည် "ဘုရားအလောင်း ဖြစ်ပေါ်ခြင်း၏ နယ်နိမိတ်" ဖြစ်၏၊

**အာဏာဓေတ်**– စကြဝဠာ ကုဋေတသိန်းသည် "ပရိတ်အာဏာတော်၏နယ်နိမိတ်" ဖြစ်၏၊ ယင်းအာဏာဓေတ်တွင်းရှိ သတ္တဝါအားလုံးအတွက် ရတနာသုတ် စသောပရိတ်ကို ရွတ်အပ်သော် ထိုဓေတ်တွင်းရှိ နတ် ဗြဟ္မာတို့က ပရိတ်အာနုဘော်ကို လက်ခံအပ်သည်၏အဖြစ်ကြောင့် "အာနုဘာဝေါ ပဝတ္တတိ" ဟု မိန့်သည်။

**ဝိသယဓေတ်**– ဘုရားရှင်ဉာဏ်တော်၏အာရုံပြုရာ နယ်နိမိတ်၊ ထိုဝိသယဓေတ် နယ်နိမိတ်သည် အဆုံးအပိုင်းအခြားမရှိ၊ စကြဝဠာအနန္တရှိသလို ဝိသယဓေတ်လည်း အနန္တပင်တည်း။

**ဗုဒ္ဓဓေတ္တံ** နာမ တိဝိဓံ ဟောတိ ဇာတိဓေတ္တံ, အာဏာဓေတ္တံ, ဝိသယဓေတ္တဉ္စ။ တတ္ထ **ဇာတိဓေတ္တံ** ဒသသဟဿစက္ကဝါဠပရိယန္တံ ဟောတိ။ ယံ တထာဂတဿ ပဋိသန္ဓိဂဟဏာဒီသု ကမ္ပတိ။ **အာဏာဓေတ္တံ** ကောဋိသတသဟဿစက္ကဝါဠပရိယန္တံ၊ ယတ္ထ ရတနသုတ္တံ[6] ခန္ဓပရိတ္တံ[7] ဓဇဂ္ဂပရိတ္တံ[8] အာဋာနာဋိယပရိတ္တံ[9] မောရပရိတ္တန္တိ[10] ဣမေသံ ပရိတ္တာနံ အာနုဘာဝေါ ဝတ္တတိ။ **ဝိသယဓေတ္တံ** အနန္တမပရိမာဏံ။ ယံ "ယာဝတာ ဝါ ပန အာကင်္ခေယျာ"တိ[11] ဝုတ္တံ၊ ယတ္ထ ယံ ယံ တထာဂတော အာကင်္ခတိ၊ တံ တံ ဇာနာတိ။ (ဝိသုဒ္ဓိမဂ္ဂ၊ အဘိညာနိဒ္ဒေသ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏကထာ၊ ၄၄)

---

[6] ရတနပရိတ္တံ (သျှာ)၊ ခု၊ ဘ၊ ၄။

[7] ဝိ၊ ၄၊ ၂၄၅။ အံ၊ ဘ၊ ၃၈၄။

[8] သံ၊ ဘ၊ ၂၂၀–၂၂၂။

[9] ဒီ၊ ဒု၊ ၁၅၀–၁၇၄။

[10] ဇာ၊ ဘ၊ ၃၈။

[11] အံ၊ ဘ၊ ၂၂၉။

ဒီဃနိကာယ် ပါထိကဝဂ္ဂ အဋ္ဌကထာ (၈၁), ဥပရိပဏ္ဏာသ အဋ္ဌကထာ (၇၉), အင်္ဂုတ္တရအဋ္ဌကထာ (၂၊ ၃၅၈), သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၁၁–၄၁၂)တို့၌ကား **အာဠာနာဠိယပရိတ်, မောရပရိတ်, ဓဇဂ္ဂပရိတ်, ရတနပရိတ်**တို့ကိုသာ ပြ၍ အာဒိသဒ္ဒါကိုပါ ထည့်သွင်းလျက် မိန့်ဆိုထားသောကြောင့် အခြားသုတ်များလည်း ပါဝင်သည်–ဟု ယူဆနိုင်သည်။

တီဏိ ဟိ ခေတ္တာနိ ဇာတိခေတ္တံ အာဏာခေတ္တံ ဝိသယခေတ္တံ။ တတ္ထ **ဇာတိခေတ္တံ** နာမ ဒဿဟသီ လောကဓာတု။ သာ ဟိ တထာဂတဿ မာတုကုစ္ဆိံ ဩက္ကမနကာလေ နိက္ခမနကာလေ သမ္ဗောဓိကာလေ ဓမ္မစက္ကပ္ပဝတ္တနေ အာယုသင်္ခါရောဇ္ဇနေ ပရိနိဗ္ဗာနေ စ ကမ္ပတိ။ ကောဋိသတသဟဿစက္ကဝါဠံ ပန **အာဏာခေတ္တံ** နာမ။ အာဠာနာဠိယ မောရပရိတ္တ ဓဇဂ္ဂပရိတ္တ ရတနပရိတ္တာဒီနဉ္စိ ဏ္ဌေ အာဏာ ဝတ္တတိ။ **ဝိသယခေတ္တံသဿ** ပန ပရိမာဏံ နတ္ထိ၊ ဗုဒ္ဓါနဉ္စိ "ယာဝတကံ ဉာဏံ၊ တာဝတကံ ဥယျံ။ ယာဝတကံ ဥယျံ၊ တာဝတကံ ဉာဏံ၊ ဉာဏပရိယန္တိကံ ဥယျံ၊ ဥယျပရိယန္တိကံ ဉာဏ"န္တိ[၁၂] ဝစနတော အဝိသယော နာမ နတ္ထိ။

**ဇာတိခေတ္တံ** နာမ–မည်သည်၊ ဒဿသဟဿီ လောကဓာတု–တသောင်းသော လောကဓာတ်တည်း။ ဟိ–ချဲ့ဦးအံ့၊ သာ–ထိုလောကဓာတ်သည်၊ တထာဂတဿ–၏၊ မာတုကုစ္ဆိံ ဩက္ကမနကာလေ–မယ်တော်ဝမ်းသို့ သက်သောအခါ၌လည်းကောင်း၊ နိက္ခမနကာလေ–ဖွားမြင်တော်မူသောအခါ၌လည်းကောင်း၊ သမ္ဗောဓိကာလေ–သစ္စာလေးပါးကို သိသောအခါ၌လည်းကောင်း၊ (ဘုရားဖြစ်တော်မူသော အခါ၌လည်းကောင်း၊) ဓမ္မစက္ကပ္ပဝတ္တနေ–ဓမ္မစကြာတရား ဟောတော်မူသောအခါ၌လည်းကောင်း၊ အာယုသင်္ခါရောဇ္ဇနေ–အာယုသင်္ခါရလွှတ်တော်မူသောအခါ၌လည်းကောင်း၊ ပရိနိဗ္ဗာနေ စ–ပရိနိဗ္ဗာန် စံတော်မူသောအခါ၌လည်းကောင်း၊ ကမ္ပတိ–ငလျင်လှုပ်၏။ ပန–ပါး၊ ကောဋိ–သတသဟဿစက္ကဝါဠံ–ကုဋေတသိန်းသော စကြဝဠာသည်၊ **အာဏာခေတ္တံ** နာမ–အာဏာခေတ်မည်၏၊ ဟိ–မှန်၏၊ ဏ္ဍေ–ယင်း၌၊ အာဠာနာဠိယ မောရပရိတ္တ ဓဇဂ္ဂပရိတ္တ ရတနပရိတ္တာဒီနံ–အာဠာနာဠိယပရိတ်, မောရပရိတ်, ဓဇဂ္ဂပရိတ်, ရတနပရိတ် အစရှိသည်တို့၏၊ အာဏာ ဝတ္တတိ–အာဏာ ပြန့်၏။ **ဝိသယခေတ္တံသဿ** နာမ–ဝိသယခေတ်၏ ကား။ ပရိမာဏံ–အတိုင်းအရှည်သည်၊ နတ္ထိ–မရှိ၊ ဟိ–၏၊ ဗုဒ္ဓါနံ–တို့၏၊ ယာဝတကံ–အကြင်မျှလောက်သော၊ ဉာဏံ–ဉာဏ်တော်သည်၊ (အတ္ထိ)၊ တာဝတကံ–ထိုမျှလောက်သော၊ ဥယျံ–သိအပ်သောတရားသည်၊ (အတ္ထိ)၊ ယာဝတကံ–

---

[၁၂] ခု ၊ ၇ (မဟာနိဒ္ဒေသ)၊ ၁၃၉။ ခု၊ ၉ (ပဋိသမ္ဘိဒါမဂ္ဂ)၊ ၃၇၆။

သော၊ ညေယျံ (အတ္ထိ)–၏၊ တာဝတက် ဉာဏံ၊ ညေယျံ–သည်၊ ဉာဏပရိယန္တိကံ–ဉာဏ်တော်လျှင် အဆုံးအပိုင်းအခြားရှိ၏၊ ဉာဏံ–သည်၊ ညေယျပရိယန္တိကံ–သိအပ်သောတရားလျှင် အဆုံးအပိုင်း အခြားရှိ၏။ ဣတိ ဝစနတော–ဤသို့ ဆိုခြင်းကြောင့်၊ အဝိသယော နာမ–ဉာဏ်တော်၏ အာရုံ မပြုနိုင်သော အရာမည်သည်၊ နတ္ထိ–မရှိချေ။

**လျော်လွှဲခြင်း ရှစ်ကြောင်းရင်း**

(၁) ဓာတ်ဖောက်ပြန်ခြင်းကြောင့် လျော်လွှဲခြင်း၊ (အပူဓာတ် အအေးဓာတ် လွန်ကဲပြင်းထန်ခြင်းကြောင့် လွှဲပ်ခြင်းမျိုး)။

(၂) တန်ခိုးရှိသူ၏ တန်ခိုးကြောင့် လျော်လွှဲခြင်း။

(၃) ဘုရားအလောင်း ပဋိသန္ဓေနေသောအခါ လျော်လွှဲခြင်း။

(၄) ဘုရားအလောင်း ဖွားမြင်တော်မူသောအခါ လျော်လွှဲခြင်း။

(၅) ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ လျော်လွှဲခြင်း။

(၆) ဓမ္မစကြာတရားကို ဟောတော်မူသောအခါ လျော်လွှဲခြင်း။

(၇) အာယုသင်္ခါရလွှတ်တော်မူသောအခါ လျော်လွှဲခြင်း။

(၈) ပရိနိဗ္ဗာန်ပြုတော်မူသောအခါ လျော်လွှဲခြင်း။

(အံ ၊ ၃၊ အဋ္ဌကနိပါတ်၊ ဘူမိစာလသုတ်၊ ၁၃၂–၁၃၃။)

[အာယုသင်္ခါရလွှတ်သည်–ဟူသောစကားသည် (ဤမာရ်နတ်ကို မိန့်တော်မူပြီးသည်မှ) သုံးလမျှပတ်လုံးသာ ဖလသမာပတ်ဝင်စား၍, ထို့နောက် သမာပတ်မဝင်စားတော့ပြီ–ဟု စိတ်တော်ဖြစ်ခြင်းကို–ဆိုလိုသည်။]

**သဇော သမ္မာနော အာယုသင်္ခါရံ** ဩဿဇ္ဇိတိ သတိ သူပဋ္ဌိတံ ကတ္ဝာ ဉာဏေန ပရိစ္ဆိန္နိတ္ဝာ အာယုသင်္ခါရံ ဝိဿဇ္ဇိ ပဇဟိ။ တတ္ထ နဘဂါ ဟတ္ထေန လေဠုံ ဝိယ အာယုသင်္ခါရံ ဩဿဇ္ဇိ၊ တေမာသမတ္တာမေဝ ပန ဖလသမာပတ္တိံ သမာပဇ္ဇိတ္ဝာ တတော ပရံ နသမာပဇ္ဇိဿာမီတိ စိတ္တံ ဥပ္ပါဒေသိ။ တံ သန္ဓာယ ဝုတ္တံ "ဩဿဇ္ဇိ"တိ။ (ဒီ၊ ဋ္ဌ၊ ၂၊ မဟာပရိနိဗ္ဗာနသုတ်, အာယုသင်္ခါရဩဿဇ္ဇနအဖွင့်၊ ၁၄၆–၁၄၇။ အံ၊ ဋ္ဌ၊ ၃၊ ဘူမိစာလသုတ်အဖွင့်၊ ၂၄၉။)

ကုမေသု အင်္ဂသု ပထဝီကမ္မေသု ပဌမော ဓာတုကောပေန၊ ဒုတိယော ကုဋ္ဌဒါနဘာဝေန၊ တတိယ စတုတ္ထော ပုညတေဇေန၊ ပဉ္စမော ဉာဏတေဇေန၊ ဆဋ္ဌော သာဓုကာရဒါနဝသေန၊ သတ္တမော ကာရညဘာဝေန၊ အင်္ဂမော အာရောဒနေန။ မာတုကုစ္ဆိ သြက္ကမန္တေ စ တတော နိက္ခမန္တေ စ မဟာသတ္တော တသ ပုညတေဇေန ပထဝီ အကမ္ပိတ္ထ၊ အဘိသမ္ဗောဓိယံ ဉာဏတေဇောဘိဟတာ ဟုတ္ဝာ အကမ္ပိတ္ထ၊ ဓမ္မစက္ကပ္ပဝတ္တနေ သာဓုကာရဘာဝသဏ္ဌိတာ သာဓုကာရံ ဒဒမာနာ အကမ္ပိတ္ထ၊ အာယုသင်္ခါရဩဿဇ္ဇနေ ကာရညသဘာဝသဏ္ဌိတာ စိတ္တသင်္ခါဘံ အသဟမာနာ အကမ္ပိတ္ထ၊ ပရိနိဗ္ဗာနေ အာရောဒနဝေဂတုန္နာ ဟုတ္ဝာ အကမ္ပိတ္ထ။ အယံ ပနတ္ထော ပထဝီဒေဝတာယ ဝသေန ဝေဒိတဗ္ဗော။ မဟာဘူတပထဝီယာ ပနေတံ နတ္ထိ အစေတနတ္တာ။ (ဒီ၊ ဋ္ဌ၊ ၂။ မဟာပရိနိဗ္ဗာနသုတ်, မဟာဘူမိစာလအဖွင့်၊ ၁၄၉-၁၅၀။ အံ၊ ဋ္ဌ၊ ၃၊ ဘူမိစာလသုတ်အဖွင့်၊ ၂၅၁။)

**သတော သမ္ပဇာနော အာယုသင်္ခါရံ ဩဿဇ္ဇတိ**-ကား၊ သတိ-သတိကို၊ သူပဋ္ဌိတံ-ကောင်းစွာကပ်၍တည်သည်ကို၊ ကတ္ဝာ-ပြု၍၊ ဉာဏေန-ဉာဏ်တော်ဖြင့်၊ ပရိစ္ဆိန္ဒိတ္ဝာ-ပိုင်းဖြတ်တော်မူ၍၊ အာယုသင်္ခါရံ-ဇီဝိတိန္ဒြေကို ပြုစီမံတတ်သော ဖလသမာပတ်ကို၊ ဝိဿဇ္ဇိ-လွှတ်တော်မူပြီ၊ ပဇဟိ-စွန့်တော်မူပြီ၊ တတ္ထ-ထို သတော သမ္ပဇာနော အစရှိသော ပါဠိုရပ်၌၊ ဘဂဝါ-သည်၊ ဟတ္ထေန-လက်တော်ဖြင့်၊ လေဠုံ-ခဲကို၊ ဩဿဇိ ဝိယ-ပစ်လွှတ်သကဲ့သို့၊ (တထာ-တူ၊) အာယုသင်္ခါရံ-ကို၊ နဩဿဇိ-လွှတ်တော်မူသည်မဟုတ်၊ ပန-အဟုတ်ကား၊ တေမာသမတ္တမေဝ-သုံးလမျှကိုသာ၊ ဖလသမာပတ္တိ-ဖလသမာပတ်ကို၊ သမာပဇ္ဇိတ္ဝာ-ဝင်စားတော်မူ၍၊ တတော-ထိုသုံးလမှ၊ ပရံ-နောက်၌၊ နသမာပဇ္ဇိဿာမိ-ဝင်စားတော် မမူအံ့၊ ဣတိ-သို့၊ စိတ္တံ-စိတ်ကို၊ ဥပ္ပါဒေသိ-ဖြစ်စေတော်မူပြီ၊ တံ-ထိုသို့ စိတ်ဖြစ်တော်မူခြင်းကို၊ သန္ဓာယ-ရည်၍၊ သြဿဇိတိ-ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေန-အရှင်အာနန္ဒာထေရ်သည်၊) ဝုတ္တံ-ဆိုအပ်ပြီ။

ကုမေသု အင်္ဂသု ပထဝီကမ္မေသု-ဤ ၈-ပါးသော မြေလှုပ်ခြင်းတို့တွင်၊ ပဌမော-ပဌမမြေလှုပ်ခြင်းသည်၊ ဓာတုကောပေန-ဝါယောဓာတ်၏ဖောက်ပြန်ခြင်းကြောင့်၊ (အကမ္ပိတ္ထ-လှုပ်ပြီ၊) ဒုတိယော-ဒုတိယမြေလှုပ်ခြင်းသည်၊ ကုဋ္ဌဒါနဘာဝေန-တန်ခိုးအာနုဘော်ကြောင့်၊ (အကမ္ပိတ္ထ-လှုပ်ပြီ၊) တတိယ စတုတ္ထော-တတိယမြေလှုပ်ခြင်း, စတုတ္ထမြေလှုပ်ခြင်းတို့သည်၊ ပုညတေဇေန-ဘုရားအလောင်း၏ ကောင်းမှု၏တန်ခိုးကြောင့်၊ (အကမ္ပိသု-လှုပ်ကုန်ပြီ၊) ပဉ္စမော-ပဉ္စမမြေလှုပ်ခြင်းသည်၊ ဉာဏတေဇေန-ဉာဏ်တော်၏ တန်ခိုးကြောင့်၊ (အကမ္ပိတ္ထ-လှုပ်ပြီ၊) ဆဋ္ဌော-ဆဋ္ဌမြေလှုပ်ခြင်းသည်၊

သာဓုကာရဒါနဝသေန–ကောင်းခြီးပေးခြင်း၏အစွမ်းကြောင့်၊ (အကမ္ပိတ္ထ–လှုပ်ပြီ၊) သတ္တမော–သတ္တမမြေလှုပ်ခြင်းသည်၊ **ကာရုညဘာဝေန**–သနားခြင်းရှိသည်၏အစွမ်းကြောင့်၊ (**အကမ္ပိတ္ထ**–လှုပ်ပြီ၊) **အဋ္ဌမော**–အဋ္ဌမမြေလှုပ်ခြင်းသည်၊ **အာရောဒနေန**–ငိုကြွေးခြင်းကြောင့်၊ (**အကမ္ပိတ္ထ**–လှုပ်ပြီ၊)။

**မဟာသတ္တေ**–ဘုရားအလောင်းသည်၊ **မာတုကုစ္ဆိ**–မယ်တော်ဝမ်းသို့၊ **သြတ္တမန္တေ စ**–သက်ရောက်တော်မူသော်လည်းကောင်း၊ **တတော**–ထိုမယ်တော်ဝမ်းမှ၊ **နိက္ခမန္တေ စ**–ထွက်တော်မူသော်လည်းကောင်း၊ **တဿ**–ထိုဘုရားအလောင်း၏၊ **ပုညတေဇေန**–ကောင်းမှု၏တန်ခိုးကြောင့်၊ **ပထဝီ**–မြေကြီးသည်၊ (**အကမ္ပိတ္ထ**–လှုပ်ပြီ၊) **အဘိသမ္ဗောဓိယံ**–သစ္စာလေးပါးကို သိတော်မူရာအခါ၌၊ (ဘုရားဖြစ်တော်မူရာအခါ၌၊) **ဉာဏတေဇာဘိဟတာ**–ဉာဏ်တော်၏တန်ခိုးသည် ရှေးရှုရိုက်ခတ်အပ်သည်၊ **ဟုတ္ဝာ**–ဖြစ်၍၊ **အကမ္ပိတ္ထ**–ပြီ၊ **ဓမ္မစက္ကပ္ပဝတ္တနေ**–ဓမ္မစကြာကို လည်စေတော်မူရာအခါ၌၊ (ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူရာအခါ၌၊) **သာဓုကာရဘာဝသဏ္ဌိတာ**–သာဓု သာဓု–ဟု ပြုတတ်သူ၏အဖြစ်၌ ကောင်းစွာတည်သည်၊ (**ဟုတ္ဝာ**–၍၊) **သာဓုကာရံ**–ကောင်းလေစွ ကောင်းလေစွဟု အားရနှစ်လိုမြွက်ဆိုအပ်သောအသံကို၊ ဝါ–ကောင်းချီးကို၊ **ဒဒမာနာ**–ပေးလျက်၊ ဝါ–ပေးသက့်သို့ဖြစ်၍၊ **အကမ္ပိတ္ထ**–လှုပ်ပြီ၊ **အာယုသခါရသြဿဇ္ဇနေ**–အာယုသခါရကို လွှတ်တော်မူရာအခါ၌၊ **ကာရုညသဘာဝသဏ္ဌိတာ**–သနားခြင်းသဘော၌ ကောင်းစွာတည်သည်၊ (**ဟုတ္ဝာ**၊) **စိတ္တသခေါဘံ**–စိတ်၏ချောက်ချားခြင်းကို၊ **အသဟမာနာ**–သည်းမခံနိုင်သည်၊ (**ဟုတ္ဝာ**၊) **အကမ္ပိတ္ထ**–လှုပ်ပြီ၊ **ပရိနိဗ္ဗာနေ**–ပရိနိဗ္ဗာန်စံတော်မူရာအခါ၌၊ **အာရောဒနဝေဂတုန္ဒာ**–ငိုကြွေးခြင်း အဟုန်သည် ထိုးဆွအပ်သည်၊ (**ဟုတ္ဝာ**၊) **အကမ္ပိတ္ထ**–လှုပ်ပြီ၊ **ပန**–ဆက်ဦးအံ့၊ **အယံ အတ္ထော**– သာဓုကာရဒနဝသေန–အစရှိသော ဤအနက်အဓိပ္ပါယ်ကို၊ **ပထဝီဒေဝတာယ**–မြေစောင့်နတ်နှင့်၊ **ဝသေန**–စပ်သဖြင့်၊ **ဝေဒိတဗ္ဗော**–သိအပ်၏၊ **ပန**–ဆက်ဦးအံ့၊ **မဟာဘူတပထဝိယာ**– မဟာဘုတ်ဖြစ်သော မြေ၏၊ **ဧတံ**–ဤကောင်းချီးပေးမှုအစရှိသော အမူအရာသည်၊ **နတ္ထိ**–မရှိ၊ (**ကသ္မာ**–အဘယ့်ကြောင့်နည်း?) **အစေတနတ္တာ**–စိတ်စေတနာ မရှိသည်၏အဖြစ်ကြောင့်တည်း၊ **ဣတိ**–ဤသို့သိထိုက်၏။

**ပထဝီဒေဝတာယ ဝသေနာ**တိ ဧတ္ထ သမုဒ္ဒဒေဝတာ ဝိယ မဟာပထဝိယာ အဓိဒေဝတာ ကိရ နာမ အတ္ထိ။ တာဒိသေ ကာရဏေ သတိ တဿာ စိတ္တဝသေန အယံ မဟာပထဝီ သင်္ကမ္ပတိ သမ္ပကမ္ပတိ သမ္ပဝေဓတိ၊ ယထာ ဝါတဝလာဟကဒေဝတာနံ စိတ္တဝသေန ဝါတာ ဝါယန္တိ၊ သီတုဏှအဗ္ဘဝဿဝလာဟက ဒေဝတာနံ စိတ္တဝသေန သီတာဒယော ဘဝန္တိ။ တထာ ဟိ ဝိသာခပုဏ္ဏမာယံ အဘိသမ္ဗောဓိအတ္ထံ ဗောဓိရုက္ခမူလေ နိသိန္ဒဿ

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

လောကနာထသ အန္တရာယကရဏတ္ထံ ဥပဋ္ဌိတံ မာရဗလံ ဝိဓမိတုံ–

"အစေတနာယံ ပထဝီ၊ အဝိညာယ သုခံ ဒုခံ။

သာပိ ဒါနဗလာ မယှံ၊ သတ္တက္ခတ္တုံ ပကမ္ပထာ"တိ[၁၃]–

ဝစနသမနန္တရံ မဟာပထဝီ ဘိဇ္ဇိတ္ဂာ သပရိသံ မာရံ ပရိဝတ္တေသိ။ **ဧတေန္တိ** သာဓုကာရ–ဒါနာဒိ။ ယဒိပိ နတ္ထိ အစေတနတ္တာ၊ ဓမ္မတာဝသေန ပန ဝုတ္တနယေန သိယာတိ သက္ကာ ဝတ္တုံ။ ဓမ္မတာ ပန အတ္ထတော ဓမ္မသဘာဝေါ၊ သော ပုညဓမ္မသ ဝါ ဥာဏဓမ္မသ ဝါ အာနုဘာဝသဘာဝေါတိ။ တယိဒံ သဗ္ဗံ ဝိစာရိတမေဝ။ ဧဝဉ္စ ကတ္ဂာ–

"ဣမေ ဓမ္မေ သမ္မသတော၊ သဘာဝသရသလက္ခဏေ။

ဓမ္မတေဇေန ဝသုဓာ၊ ဒသသဟဿီ ပကမ္ပထာ"တိ[၁၄] အာဒိဝစနဉ္စ သမတ္ထိတံ ဟောတိ။ (ဒီ၊ ဋီ၊ ၂ မဟာဝဂ္ဂဋီကာ၊ ၁၅၇–၁၅၈။)

**ပထဝီဒေဝတာယ ဝသေနာ**တိ ဧတ္ထ–ဟူသော ဤပါဠိ၌၊ သမုဒ္ဒဒေဝတာ ဝိယ–သမုဒ္ဒရာ စောင့်နတ်ကဲ့သို့၊ မဟာပထဝိယာ–မြေကြီးကို၊ အဓိဒေဝတာ နာမ–စိုးအုပ်သောနတ်မည်သည်၊ အတ္ထိ ကိရ–ရှိတတ်။ တာဒိသေ–ထိုသို့သဘောရှိသော၊ ကာရဏေ–အကြောင်းသည်၊ သတိ–ရှိလတ်သော်၊ တဿာ–ထို မြေစောင့်နတ်၏၊ စိတ္တဝသေန–စိတ်၏အစွမ်းဖြင့်၊ အယံ မဟာပထဝီ–ဤမြေကြီးသည်၊ သင်္ကမ္ပတိ– ထက်ဝန်းကျင်မှ တုန်လှုပ်၏၊ ဝါ–ပြင်းစွာလှုပ်၏၊ သမ္ပကမ္ပိ–ထက်ဝန်းကျင်မှ အပြားအားဖြင့် လှုပ်၏၊ ဝါ–ပြင်းစွာ အပြားအားဖြင့် လှုပ်၏၊ သမ္ပဝေဓတိ–ထိုမှဤမှ လှုပ်၏၊ ဝါတဝလာဟကဒေဝတာနံ–လေနတ်, မိုး နတ် တို့၏၊ စိတ္တဝသေန–ဖြင့်၊ ဝါတာ–လေတို့သည်၊ ဝါယန္တိ ယထာ–တိုက်ကုန်သကဲ့သို့ လည်းကောင်း၊ သီတုဏှအဗ္ဘဝဿဝလာဟကဒေဝတာနံ–သီတနတ်, ဥဏှနတ်, တိမ်တိုက်နတ်, မိုးနတ်တို့၏၊ စိတ္တဝသေန–ဖြင့်၊ သီတာဒယော–အအေးအစရှိသည်တို့သည်၊ ဘဝန္တိ ယထာ–ဖြစ်ကုန်သကဲ့သို့ လည်းကောင်း၊ တထာ–ထို့အတူ၊ ဟိ–မှန်၏၊ ဝိသာခပုဏ္ဏမာယံ– ကဆုန်လပြည့်နေ့၌၊ အဘိသမ္ဗောဓိအတ္ထံ–သဗ္ဗညုဘုရား ဖြစ်ရန်၊ ဗောဓိရုက္ခမူလေ–ဗောဓိပင်ရင်း၌၊ နိသိန္ဒဿ–ထိုင်နေသော၊ လောကနာထဿ–ဘုရားအလောင်းကို၊ အန္တရာယကရဏတ္ထံ–အန္တရာယ်ပြုရန်အလို့ငှါ၊ ဥပဋ္ဌိတံ–ချဉ်းကပ်တည်နေသော၊ မာရဗလံ–မာရ်နတ်၏ ဗိုလ်ပါကို၊ ဝိဓမိတုံ–ဖျက်ဆီးခြင်းငှါ––

---

[၁၃] ခု၊ ၄၊ စရိယာပိဋက၊ ၃၉၆

[၁၄] ဃု၊ ၄၊ ဗုဒ္ဓဝံသ၊ ၃၁၉

အမှတ် .... .... ....
ရက်စွဲ .... .... .... ....

အယံ ပထဝီ-ဤမြေကြီးသည်၊ သုခံ ဒုခံ-ချမ်းသာ ဆင်းရဲကို၊ အဝိညာယ-မသိပဲ၊ အစေတနာ- စိတ်စေတနာမရှိ၊ သာပိ-ထိုမြေကြီးသည်လည်း၊ မယှံ-ငါ၏၊ ဒါနဗလာ-ဒါနစွမ်းအားကြောင့်၊ သတ္တက္ခတ္တုံ-ခုနစ်ကြိမ်၊ ပကမ္ပထာတိ-တုန်လှုပ်ခဲ့လေပြီဟု။

ဝစနသမနန္တရံ-သက်သေမြွက်ကြား စကား၏အခြားမဲ့၌၊ မဟာပထဝီ-မြေကြီးသည်၊ ဘိဇ္ဇိတွာ-ပေါက်ကွဲ၍၊ သပရိသံ-ပရိသတ်နှင့်တကွသော၊ မာရံ-မာရ်နတ်ကို၊ ပရိဝတ္တေသိ-လူးလှိမ့်စေပြီ၊ ဝါ-လည်စေပြီ။ **ဧတန္တိ**-ကား၊ သာဓုကာရဒါနာဒိ-ကောင်းချီးပေးခြင်း အစရှိသည်တည်း။ အစေတနတ္တာ-(မြေကြီးမှာ) စိတ်စေတနာမရှိသည်၏အဖြစ်ကြောင့်၊ ယဒိပိ-အကယ်၍လည်း၊ နတ္ထိ-ကောင်းချီးပေးခြင်း မရှိစေကာမူ၊ ဓမ္မတာဝသေန ပန-ဓမ္မတာ၏အစွမ်းဖြင့်ကား၊ ဝုတ္တနယေန-ဆိုခဲ့ပြီးသောနည်းဖြင့်၊ သိယာတိ-ဖြစ်ရာ၏ဟူ၍၊ ဝတ္တုံ-ဆိုခြင်းငှါ၊ သက္ကာ-တတ်ကောင်း၏။ ဓမ္မတာ ပန-ဓမ္မတာဟူသည်ကား၊ အတ္ထတော-အနက်သဘောအားဖြင့်၊ ဓမ္မသဘာဝေါ-ဓမ္မသဘာဝတည်း၊ ဝါ-တရားသဘောတည်း၊ သော-ထိုဓမ္မသဘာဝဟူသည်၊ ပုညဓမ္မဿ ဝါ-ကောင်းမှုဓမ္မ၏သော်လည်းကောင်း၊ ဉာဏဓမ္မဿ ဝါ-ဉာဏဓမ္မ၏ သော်လည်းကောင်း၊ အာနုဘာဝသဘာဝေါ-အစွမ်းအာနုဘော်သဘောတည်း၊ ဣတိ-ဤသို့ ဆိုနိုင်၏။ တယိဒံ သဗ္ဗံ-ထိုအလုံးစုံကို၊ ဝိစာရိတမေဝ-စူးစမ်းဆင်ခြင်သင့်သည်သာတည်း။ ဝေဉ္ဇ ကတွာ-ဤသို့ပြု၍ လည်း--

သဘာဝသရသလက္ခဏေ-သဘာဝ မိမိကိစ္စ လက္ခဏာရှိကုန်သော၊ ဣမေ ဓမ္မေ-ဤတရားတို့ကို၊ သမ္မသတော-ဆင်ခြင်သုံးသပ်သူ၏၊ ဓမ္မတေဇေန-တရားစွမ်းရည်ကြောင့်၊ ဒသသဟဿီ ဝသုဓာ-တစ်သောင်းလောကဓာတ် ကျယ်ဝန်းလတ်သော မြေအပြင်သည်၊ ပကမ္ပထ-တုန်လှုပ်ခဲ့လေပြီ၊ ဣတိ အာဒိဝစနံ-ဤသို့အစရှိသောဆိုဖွယ်ကို၊ သမတ္ထိတံ ဟောတိ-ဆုံးဖြတ်အပ်ပေ၏။

## ပရိတ်အမည်ပါရာ ကျမ်းတွေမှာ

အင်္ဂုတ္တရ အဋ္ဌကထာ တိကနိပါတ် စူဋ္ဌနိကာသုတ်အဖွင့် (၂၊ ၂၁၀) နှင့် မဟာနိဒ္ဒေသ အဋ္ဌကထာ အဋ္ဌကဝဂ် တုဝဋကသုတ်နိဒ္ဒေသအဖွင့် (၃၃၆) တို့၌မူ **အာဋာနာဋိယပရိတ်, ဣသိဂိလိပရိတ်, ဇေဂ္ဂပရိတ်, ဗောဇ္ဈင်္ဂပရိတ်, ခန္ဓပရိတ်, မောရပရိတ်, မေတ္တပရိတ်, ရတနပရိတ်။**

ဒသကောဋိသတသဟဿစက္ကဝါဋပရိမာဏံ ပန ဌာနံ တိသဟဿိမဟာ
သဟဿိလောကဓာတု နာမာတိ။ ဧတ္တာဝတာ ဟိ ဘဂဝတာ အာဏာကွေတ္တံ နာမ

ဒဿိတံ။ တေသ္မိဉ္ဍိ အန္တရေ အာဋာနာဋိယပရိတ္တ[၁၅] ဂ္ဂသိဂိလိပရိတ္တ[၁၆] ဓဇဂ္ဂပရိတ္တ[၁၇] ဗောဇ္ဈင်ပရိတ္တ[၁၈] ခန္ဓပရိတ္တ[၁၉] မောရပရိတ္တ[၂၀] မေတ္တပရိတ္တ[၂၁] ရတနပရိတ္တာနံ[၂၂] အာဏာ ဖရတိ။ **ယာဝတာ ပန အာကခေ်ယျာ**တိ ယတ္တကံ ဌာနံ ဂ္ဂစ္ဆေယျ၊ ဂ္ဂမိနာ ဝိသယကျွေတ္တံ ဒဿေတိ။ ဗုဒ္ဓါနဉ္ဍိ ဝိသယကျွေတ္တဿ ပမာဏပရိစ္ဆေဒေါ နာမ နတ္ထိ၊ နတ္ထိကဘာဝေ စဿ ဂ္ဂမံ ဩပမ္မံ အာဟရန္တိ– ကောဋိသတသဟဿစက္ကဝါဋမှိ ယာဝ ဗြဟ္မ လောကာ သာသပေဟိ ပူရေတွာ သစေ ကောစိ ပုရတ္ထိမာယ ဒိသာယ ဧကစက္ကဝါဋေ ဧကံ သာသပံ ပကျိပန္တော အာဂစ္ဆေယျ၊ သဗ္ဗေပိ တေ သာသပါ ပရိကျယံ ဂစ္ဆေယျုံ၊ နတွေဝ ပုရတ္ထိမာယ ဒိသာယ စက္ကဝါဋာနိ။ ဒကျိဏာဒီသုပိ ဧသေဝ နယော။ တတ္ထ ဗုဒ္ဓါနံ အဝိသယော နာမ နတ္ထိ။

မိလိန္ဒပဉ္ဍာပါဋိတော်နှင့် များစွာသော အဋ္ဌကထာတို့၌ ပရိတ်အဖြစ်ဖြင့် ဖော်ပြသော သုတ်တို့မှာ **ရတနသုတ်, မေတ္တသုတ်, ခန္ဓသုတ်, မောရသုတ်, ဓဇဂ္ဂသုတ်, အာဋာနာဋိယသုတ်, အဝိုလိမာလသုတ်, ဗောဇ္ဈင်သုတ်, ဂ္ဂသိဂိလိသုတ်**တို့ ဖြစ်သည်။

---

[၁၅] ဒီ၊ ၃၊ ၁၅၈–၁၇၄။

[၁၆] မ၊ ၃၊ ၁၁၂–၁၁၄။

[၁၇] သံ၊ ၁၊ ၂၂၀–၂၂၂။

[၁၈] သံ၊ ၃ (ဗောဇ္ဈင်သံယုတ် ပ ဒု တ ဂိလာနသုံးသုတ်)၊ ၇၁–၇၃။

[၁၉] ဝိ၊ ၄၊ ၂၄၅။ အံ၊ ၁၊ ၃၈၄။

[၂၀] ခု၊ ၅ (ဇာ၊ ၁)၊ ၃၈–၃၉။

[၂၁] ခု၊ ၁ (ခုဒ္ဒကပါဋ္ဌ)၊ ၁၀–၁၁။ ခု၊ ၁ (သုတ္တနိပါတ)၊ ၃၀၀–၃၀၂။

[၂၂] ခု၊ ၁ (ခုဒ္ဒကပါဋ္ဌ) ၄–၈။ ခု၊ ၁ (သုတ္တနိပါတ)၊ ၃၁၂–၃၁၅။

## ပေါင်းကာစုစည်း ပရိတ်ကြီး

ရှေးဆရာတော်ကြီးများက ကျသိရိလိသုတ်မှတပါး အခြားသုတ်အားလုံးကိုယူ၍ **မင်္ဂလသုတ်, ဝဋ္ဋသုတ်နှင့် ပဗ္ဗသုတ်တို့.ကိုပါ** ထည့်သွင်းလျက် ပရိတ်ကြီးကို စီစဉ်ထားခဲ့ကြသည်။ **စီစဉ်ပုံမှာ ဤသို့.ပါ။** ။ ရွတ်လိုသော ပရိတ်မှန်သမျှ၏ ရှေ့ဦးရွတ်ဆိုအပ်သော ပုဗ္ဗကိစ္စအဖြစ် **'သမ္မန္နာ'** မှစ၍ **'အာရက္ခံ ဂဏှန္တု'**တိုင်အောင်သော စကားရပ်ကိုလည်းကောင်း, အာဠာနာဋိယသုတ် မူရင်းသည် အာဏာပြင်းသောသုတ်ဖြစ်၍ ဘီလူးစသည် ဖမ်းစားပူးကပ်သောအခါမှသာ ရွတ်သင့်သောသုတ် ဖြစ်သောကြောင့် နေ့စဉ်ရွတ်ဆိုမှုနှင့် သင့်လျော်အောင် ယင်းသုတ်မှ ဂါထာအချို့ကို သာ ယူလျက် ဘုရားဂုဏ်တော်များကို ထည့်သွင်း၍လည်းကောင်း, ဗောဇ္ဈင်္ဂသုတ်မူရင်းမှာလည်း စကားပြေ (**စုဏ္ဏိယ**) ဖြစ်နေ၍ ရွတ်ဖတ်လွယ်ကူစေရန် ဂါထာသီကုံး၍လည်းကောင်း, ပုဗ္ဗဏှသုတ်ကိုလည်း အဂ်ုတ္တရနိကာယ်မှ ဘုရားဟောဂါထာများကို ပါဝင်စေ၍ စီစဉ်တော်မူခဲ့ကြသည်။

ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ပရိတ်တို့.မှာ ပိဋကသုံးပုံ, နိကာယ်ငါးရပ်တို့.၌ တကွဲတပြားစီ ဖြစ်လျက်ရှိကြရာ အရှည်ကို မြော်မြင်တော်မူကြသော ရှေးခေတ်ဆရာတော်ကြီးများသည် တပေါင်းတည်း စုပေါင်း၍ ကျမ်းတစောင်တဖွဲ့အဖြစ် စီစဉ်ထားခဲ့သော ပရိတ်ကျမ်းသည် ယခုအခါ မြန်မာနိုင်ငံ၌ **"ပရိတ်ကြီး"**အမည်ဖြင့် ထင်ရှားလေသည်။

**<u>ပရိတ်မိပွါယ် မှတ်သားဖွယ်</u>။** ။ လူ, ရှင်, ရဟန်းတို့.၏ ဘေးဘျမ်း အန္တရာယ် ကင်းဝေးချမ်းသာရေးအတွက် အရံအတားအဖြစ် ဟောကြားအပ်သော တရားတော်များ၊ ထိုတရားတော်များကိုပင် ပါဠိလို "ပရိတ္တ" မြန်မာလို "ပရိတ်"ဟု ခေါ်သည်။

# ပရိတ်ကြီးပါဠိတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပရိတ်ကြီး နိဒါန်းပါဠိ

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာ'ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,
ဇွေ လောကန္တရေ ဝါ၊
ဘုမ္မာ'ဘုမ္မာ စ ဒေဝါ, ဂဏာ ဂဏာ ဂဟဏ–
ဗျာဝဋာ သဗ္ဗကာလံ။
တေ အာယန္တု ဒေဝါ, ဝရ ကနက မယေ,
မေရုရာဇေ ဝသန္တော၊
သန္တော သန္တောသဟေတုံ, မုနိ ဝရ ဝစနံ,
သောတုမဂ္ဂံ သမဂ္ဂါ[၂၃]။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတ္ဝာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု။ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

---

[၂၃] သမဂ္ဂံ (ပရိတ်ကြီးနိဿယသစ်)

## ပရိတ်ကြီးပါဠိတော်

၈။ သဒ္ဓိ ဟောန္တု သုခီ သတ္တေ၊ ပရိတ္တရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု။ သဟ သတ္တေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဋကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္နိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စက္ကာ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ
အဟိ ဝိစ္ဆိက မကသိသပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ (သီဟ ဗျဂ္ဃ) ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂကော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

❖ ❖ ❖ ❖ ❖

## ၁–မင်္ဂလသုတ်

(က) ယံ မင်္ဂလံ ဒ္ဝါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

(ခ) ဒေသိတံ ဒေဝဒေဝေန၊ သတ္ထုပါပဝိနာသနံ။
သတ္ထုလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၁။ ဧဝံ မေ သုတံ–
ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကသ အာရာမေ။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

အထ ခေါ် အညတရာ ဒေဝတာ
အာဘိက္ကန္တာယ ရတ္တိယာ အာဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဧတဝနံ ဩဘာသေတ္ဝာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ
ဘဂဝန္တံ အာဘိဝါဒေတ္ဝာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ် သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၂။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ'မုတ္တမံ။

၃။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ[၂၄]၊ ဧတံ မင်္ဂလ'မုတ္တမံ။

၄။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ[၂၁] စ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၅။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၆။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၇။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၈။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ'မုတ္တမံ။

၉။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မသဝနံ[၂၆]၊ ဧတံ မင်္ဂလ'မုတ္တမံ။

---

[၂၄] ပူဇနီယာနံ (သီ၊ သျာ၊ ကံ၊ ဂြ)

[၂၁] အတ္တသမ္မာပဏီဓိ (က)

## ပရိတ်ကြီးပါဋ္ဌိတော်

၁၀။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ တေံ မင်္ဂလ'မုတ္တမံ။
၁၁။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ တေံ မင်္ဂလ'မုတ္တမံ။
၁၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ တေံ မင်္ဂလ'မုတ္တမံ။
၁၃။ တောဒိသာနိ ကတ္ဂာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ'မုတ္တမံ။

**မင်္ဂလသုတ္တံ နိဋ္ဌိတံ။**

(ဤမင်္ဂလသုတ်ပါဋ္ဌိတော်ကို ခုဒ္ဒကပါဌ ပါဋ္ဌိတော် ၃-၄, သုတ္တနိပါတ်ပါဋ္ဌိတော် ၃၁၈-၃၁၉-တို့၌ ကြည့်နိုင်သည်။)

❖ ❖ ❖ ❖ ❖

## ၂-ရတနသုတ်

(က) ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ, ဉာတတ္ထစရိယံ, ဗုဒ္ဓတ္ထစရိယန္တိ
တိသော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိ
ဇာတိ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နင လောကုတ္တရဓမ္မေတိ

---

[၂] ဓမ္မဿဝဏံ (အချို့ သီ=အချို့ သီဟိုင်္ဂမူ)

သဗ္ဗေပိ'မေ ဗုဒ္ဓဂုဏော အာဝဇ္ဇေတ္ဝာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတ္ဝာ--

(၁) ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာ'ဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

(၂) ရောဂါ'မနုဿ ဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ'မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၃။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယ'ဒဇ္ဈဂါ သက္ယမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊

ဇတေန သစ္စေန သုဝတ္ထိ ဟောတု။

၅။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိ၊
သမာဓိ'မာနန္တရိကည'မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဇတေန သစ္စေန သုဝတ္ထိ ဟောတု။

၆။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ တောနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဇတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဇတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ယထိန္ဒခီလော ပထဝိသိတော[၂၅] သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမွကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဇတေန သစ္စေန သုဝတ္ထိ ဟောတု။

---

[၂၄] နိဗ္ဗုတိ (က)

[၂၅] ပဌဝိသိတော (အဖျို့ သီ)၊ ပထဝီသိတော (အဖျို့ သီ၊ သျာ၊ ကံ၊ ဣ)

၉။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
နတေ ဘဝံ အဋ္ဌမ'မာဒိယန္တိ။
ဣဒမိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၀။ သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
၁၁။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆ စာဘိဌာနာနိ[၂၉] အဘဗ္ဗ[၃၀] ကာတုံ။
ဣဒမိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၂။ ကိဉ္စာပိ သော ကမ္မ[၃၁] ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ[၃၂] သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၃။ ဝနပ္ပဂုမ္ဗေ ယထ[၃၃] ဖုဿိတဂ္ဂေ၊

---

[၂၉] ဆစ္စာဘိဌာနာနိ (က)

[၃၀] အဘဗ္ဗော (သီ)

[၃၁] ကမ္မံ(သီ၊ သျာ၊ ကံ၊ ဣ)

[၃၂] အဘဗ္ဗော (သီ)

[၃၃] ယထာ (သီ၊ သျာ)

ဂိမှာနမာသေ ပဌမသ္မိ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိ် ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅။ ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊
ဝိရတ္တာစိတ္တာ ’ယတိကေ ဘဝသ္မိ်။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ် ဓီရာ ယထာယံ[၃၄] ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောဟု။

၁၆။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၁၇။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၁၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊

---

[၃၄] ယထယံ (က)

ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

**ရတနသုတ္တံ နိဋ္ဌိတံ။**

(ဤရတနသုတ်တော်ကို ခုဒ္ဒကပါဌပါဠိတော် ၄–၇၊ သုတ္တနိပါတ်ပါဠိတော် ၃၁၂–၃၁၅ တို့၌ ကြည့်နိုင်သည်။)

❖ ❖ ❖ ❖ ❖

## ၃–မေတ္တာသုတ်

(က) ယသာ'နုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမ္ပိဿ စေဝါ'နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝံ'မတန္ဒိတော။
(ခ) သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝ'မာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၁။ ကရဏီယ'မတ္ထကုသလေန၊
ယန္တံ သန္တံ ပဒံ အာဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။
၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂပ္ဘော ကုလေသွ'နနုဂိဒ္ဓေါ။
၃။ န စ ခုဒ္ဒ'မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။

---

[3] ယဿိ (က)

သုခိနော ဝ ခေမိနော ဟောန္တု။
သဗ္ဗသတ္တာ[၃၆] ဘဝန္တု သုခိတတ္တာ။

၄။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ'နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ[၃၇] ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ[၃၈] သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ[၃၉]။
ဗျာရောသနာ ပဋိဃသညေ–
နာညမညဿ ဒုက္ခ'မိစ္ဆေယျ။

၇။ မာတာ ယထာ နိယံ ပုတ္တ' မာယုသာ ဧကပုတ္တ'မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ'မသပတ္တံ။

၉။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ'သ ဝိတမိဒ္ဓေါ[၄၀]။

---

[၃၆] သဗ္ဗေ သတ္တာ (သီ၊ သျာ)

[၃၇] စ (သီ၊ သျာ၊ ကံ၊ ဂ္ဂ)

[၃၈] ဝါ (သီ၊ သျာ၊ ကံ၊ ဂ္ဂ)

[၃၉] နံ ကဉ္စီ (သီ၊ ဂ္ဂ)၊ နံ ကိဉ္စီ (သျာ)

[၄၀] ဝိဂတမိဒ္ဓေါ (အဖျား)

တေံ သတိ် အဓိဋ္ဌေယျ၊
ဗြဟ္မ'မေတံ ဝိဟာရ'မိဓ မာဟု။
၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ[၄၁] ဂေဓံ၊
န ဟိ ဇာတု'ဂ္ဗ္ဘသေယျ ပုန ရေတိ။

**မေတ္တာသုတ် နိဒ္ဒိတ်။**

(ဤမေတ္တာသုတ်တော်ကို ခုဒ္ဒကပါဌပါဠိတော် ၁၀-၁၁, သုတ္တနိပါတ်ပါဠိတော် ၃၀၀-၃၀၁ တို့၌ ကြည့်နိုင်သည်။)

❖ ❖ ❖ ❖ ❖

## ၄-ဓန္ဓသုတ်

(က) သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။
(ခ) အာဏာကွေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၁။ ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ရောပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။
၂။ အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒ္ဝိပါဒကေဟိ[၄၂] မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။
၃။ မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒ္ဝိပါဒကော[၄၃]။

---

[၄၀] ဝိနယ (က)

[၄၂] ဒ္ဝိပါဒကေဟိ (သီ၊ သျာ၊ ကံ၊ ပေ)

[၄၃] ဒ္ဝိပါဒကော (သီ၊ သျာ၊ ကံ၊ ပေ)

## ပရိတ်ကြီးပါဠိတော်

မာ မံ စတုပ္ပဒေါ ဟိ’သိ၊ မာ မံ ဟိ’သိ ဇဟုပ္ပဒေါ။
၄။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု။ မာ ကဉ္စိ[၄၄] ပါပ’မာဂမာ။
၅။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ[၄၅]။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဋူ မူသိကာ။
၆။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ[၄၆]၊ ပဋိက္ကမန္တု ဘူတာနိ။
သော’ဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

### ဓနုသုတ္တံ နိဋ္ဌိတံ

(ဤဓနုသုတ်တော်ကို ဝိနည်း စူဠဝဂ္ဂပါဠိတော်၊ ၂၄၅။ ဇာတ်ပါဠိတော်, ပဌမအုပ်၊ ၅၄–၅၅။ အင်္ဂုတ္တရနိကာယ် ပဌမအုပ်၊ ၃၈၄ တို့၌ ကြည့်နိုင်သည်။)

❖ ❖ ❖ ❖ ❖

## ၅–မောရသုတ်

(က) ပူရေန္တေ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ့ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။
(ခ) စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိ’သု ဂဏှိတုံ။
“ဗြဟ္မမန္တ”န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

---

[၄၄] ကိဉ္စိ (သျှာ၊ ကံ၊ က)

[၄၅] သိရိ’သပါနိ (သီ၊ သျှာ၊ ကံ၊ ဏ္ဍ)

[၄၆] ကတာ မေ ပရိတ္တာ (အများ)

၁။ ဥဒေတ'ယံ စက္ခုမာ ကေရာဇာ၊
ဟရိသဝဏ္ဏော ပထဝိပ္ပဘာသော[၄၇]။
တံ တံ နမသာမိ ဟရိသဝဏ္ဏံ ပထဝိပ္ပဘာသံ[၄၈]၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၂။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတ္ဝာ၊ မောရော စရတိ သေနာ။

၃။ အပေတ'ယံ စက္ခုမာ ကေရာဇာ၊
ဟရိသဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမသာမိ ဟရိသဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိ။

၄။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတ္ဝာ၊ မောရော ဝါသ'မကပ္ပယိ။

**မောရသုတ္တံ နိဋ္ဌိတံ။**

(ဤမောရသုတ်ပါဠိတော်ကို ဇာတ်ပါဠိတော်, ပဌမအုပ်, မောရဇာတက၊ ၃၈–၃၉ တို့၌ ကြည့်နိုင်သည်။)

❖ ❖ ❖ ❖ ❖

---

[၄၇] ပဌဝိပ္ပဘာသော (သီ၊ သျာ၊ ဂ္ဂ)

[၄၈] ပဌဝိပ္ပဘာသံ (သီ၊ သျာ၊ ဂ္ဂ)

## ၆–ဝဋ္ဋသုတ်

(က) ပူရေန်တဲ့ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

(ခ) ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁။ အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျ'နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ'မုတ္တမံ[၄၉]။

၂။ အာဝဇ္ဇေတ္ဝာ ဓမ္မဗလံ၊ သရိတ္ဝာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ'မဝဿာယ၊ သစ္စကိရိယ'မကာသ'ဟံ[၅၀]။

၃။ သန္တိ ပက္ခီ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၄။ သဟ သစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသကရိသာနိ၊ ဥဒကံ ပတ္တာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊ ဧသော မေ သစ္စပါရမီ။

ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

(ဤဝဋ္ဋသုတ်တော်ကို စရိယာပိဋကပါဠိတော် ဝဋ္ဋပေါတကစရိယ(ခု၊ ၄၊ ၄၁၄–၄၁၅)၌ ကြည့်နိုင်သည်။

## စရိယာပိဋကလာ
## ဝဋ္ဋပေါတကစရိယခေါ် မူရင်း ဝဋ္ဋသုတ်

၁။ ပုနာပရံ် ယဒါ ဟောမိ၊ မဂဓေ ဝဋ္ဋပေါတကော။
အဇာတပက္ခော တရုဏော၊ မံသပေသိ ကုလာဝကေ။

---

[၄၉] သစ္စကိရိယ မနုတ္တရံ် (က)၊ သစ္စကြိယ မနုတ္တရံ် (ပရိတ္တ သင်္ဂဟ)

[၅၀] သစ္စကြိယ မကာသဟံ် (ပရိတ္တ သင်္ဂဟ)

၂။ မုခတုဏ္ဍကေနာဟရိတ္ထာ၊ မာတာ ပေါသယတီ မမံ။
တဿာ ဖဿေန ဇီဝါမိ၊ နတ္ထိ မေ ကာယိကံ ဗလံ။

၃။ သံဝစ္ဆရေ ဂိမှသမယေ၊ ဒဝဂ္ဂါဟော ပဒိပ္ပတိ။
ဥပဂစ္ဆတိ အမှာကံ၊ ပါဝကော ကဏှဝတ္တနီ။

၄။ ဓမဓမာယ္ကတိ ဇေံ၊ သဒ္ဒါယန္တော မဟာသိခီ။
အနုပုဗ္ဗေန စျာပေန္တော၊ အဂ္ဂိ မမမုပါဂမိ။

၅။ အဂ္ဂိဝေဂဘယာတိတာ၊ တသိတာ မာတာပိတာ မမ။
ကုလာဝကေ မံ ဆဍ္ဍေတ္ဝာ၊ အတ္တာနံ ပရိမောစယုံ။

၆။ ပါဒေ ပက္ခေ ပဇဟာမိ၊ နတ္ထိ မေ ကာယိကံ ဗလံ။
သောဟံ အဂတိကော တတ္ထ၊ ဇေံ စိန္တေသဟံ တဒါ။

၇။ ယေသာဟံ ဥပဓာဝေယျံ၊ ဘီတော တသိတဝေဓိတော။
တေ မံ ဩဟာယ ပက္ကန္တာ၊ ကထံ မေ အဇ္ဇ ကာတဝေ။

၈။ အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျနုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယမုတ္တမံ။

၉။ အာဝေဇ္ဈေတ္ဝာ ဓမ္မဗလံ၊ သရိတ္ဝာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလမဝဿာယ၊ သစ္စကိရိယမကာသဟံ။

၁၀။ သန္တိ ပက္ခီ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၁၁။ သဟသစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဈေသိ သောဋ္ဌသကရီသာနိ၊ ဥဒကံ ပတ္တာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊ သော မေ သစ္စပါရမီတိ။

❖ ❖ ❖ ❖ ❖

## ပရိတ်ကြီးပါဠိတော်

## ၇–ဓဇဂ္ဂသုတ် (ဓဇဂ်သုတ်)

(က) ယသာ'နုသရဏောနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ'မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

(ခ) သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ နစ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁။ ဝေံ မေ သုတံ–
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကသ အာရာမေ။

၂။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။
"ဘဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စသောသုံ။
ဘဂဝါ တေ'ဒဝေါစ–
ဘူတပုဗ္ဗံ ဘိက္ခဝေ ဒေဝါသုရသင်္ဂါမော သမုပဗျူဠ္ဠော အဟောသိ။
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါန'မိန္ဒော ဒေဝေ တာဝတိံသေ
အာမန္တေသိ–
"သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၃။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၄။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘရိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၅။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဥသဘနဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဥသဘနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘရိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ”တိ။

၆။ တံ ဓေါ ပန ဘိက္ခဝေ
သက္ကဿ ဝါ ဒေဝါန'မိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ,
ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ,
ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ,
ဥသဘနဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘရိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယေထာပိ နောပိ ပဟီယေထ။

၇။ တံ ကိဿ ဟေတု?
သက္ကော ဟိ ဘိက္ခဝေ ဒေဝါန'မိန္ဒော
အဓိတရာဂေါ အဓိတဒေါသော အဓိတမောဟော
ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

၈။ အဟဉ္စ ဓေါ ဘိက္ခဝေ ဧဝံ ဝဒါမိ၊
သစေ တုမှာကံ ဘိက္ခဝေ
အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ
ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
မမေဝ တသ္မိံ သမယေ အနုဿရေယျာထ–

၉။ “ကုတိပိ သော ဘဂဝါ
အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော,
သုဂတော, လောကဝိဒူ,
အနုတ္တရော, ပုရိသဒမ္မသာရထိ,
သတ္ထာ ဒေဝမနုဿာနံ,
ဗုဒ္ဓေါ, ဘဂဝါ”တိ။

၁၀။ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၁၁။ နော စေ မံ အနုဿရေယ္ယာထ၊
အထ ဓမ္မံ အနုဿရေယ္ယာထ——

၁၂။ “သွာက္ခာတော ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ”တိ။

၁၃။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၁၄။ နော စေ ဓမ္မံ အနုဿရေယ္ယာထ၊
အထ သံဃံ အနုဿရေယ္ယာထ——

၁၅။ “သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊

သေ ဘဂဝတော သာဝကသံဃော
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဥ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

၁၆။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၁၇။ တံ ကိဿ ဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော
အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၁၈။ ဣဒ'မဝေါစ ဘဂဝါ၊ ဣဒံ ဝတ္ဝာန သုဂတော
အထာ'ပရံ ဧတ'ဒဝေါစ သတ္ထာ–

၁၉။ အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ[၅] သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။

၂၀။ နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

၂၁။ နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။

၂၂။ ဝေံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဥ္ဇ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော နဟေဿတိ။

**ဇေဂ္ဂသုတ္တံ နိဋ္ဌိတံ။**

(ဤဇေဂ္ဂသုတ်တော်ကို သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ၂၂၀–၂၂၂ တို့၌ ကြည့်နိုင်သည်။)

❖ ❖ ❖ ❖ ❖

---

[၅] အနုဿရေယျာထ (က)

# ပရိတ်ကြီးပါဠိတော်

## ၈–အာဋာနာဋိယသုတ်

(က) အပွသန္တေဟိ နာထသ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိတ္တိသကာရိဘိ။
(ခ) ပရိသာနံ စတသန္နံ၊ အဟိ သာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ တေ။
၁။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရိမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။
၂။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။
၃။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသိမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
၄။ အင်္ဂီရသဿ နမတ္ထု၊ သက္ယပုတ္တဿ သိရိမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ[31]၊ သဗ္ဗဒုက္ခာပနူဒနံ။
၅။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ'ထ[32]၊ မဟန္တာ ဝီတသာရဒါ။
၆။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။
၇။ ဇေတေ စညေ စ သမ္ဘဒ္ဒေ၊ အနေကသတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊ သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။
၈။ သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟု'ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာန'မုတ္တမံ။
၉။ သီဟနာဒံ နဒန္တေ'တေ၊ ပရိသာသု ဝိသာရဒါ။

---

[31] ဓမ္မ'မဒေသေသိ (သီ၊ သျာ၊ ဂျ)

[32] အပိသုဏာ (သီ၊ သျာ၊ ဂျ)

## ပရိတ်သင်တန်း မှတ်ဇွယ်ကျမ်း

ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။
၁၀။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဌာရသဟိ နာယကာ။
ဗာတ္တိံသလက္ခဏူပေတာ' သိတာနုဗျဉ္ဇနာဓရာ။
၁၁။ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဇေတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။
၁၂။ မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။
၁၃။ ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟေဿာသာ[၁၄]၊ သရဏာ စ ဟိတေသိနော။
၁၄။ သဒေဝကဿ လောကဿ၊ သဗ္ဗေ ဇေတေ ပရာယဏာ။
တေသာ'ဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ။
၁၅။ ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ'တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။
၁၆။ သဒါ သုခေန ရက္ခန္တု ၊ ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော ၊ မုတ္တော သဗ္ဗဘယေဟိ စ။
၁၇။ သဗ္ဗရောဂါ ဝိနီမုတ္တော၊ သဗ္ဗသန္တာပဝဇ္ဇိတော။
သဗ္ဗဝေရ'မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။
၁၈။ တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာဗလေန စ။
တေပိ အမှေ'နုရက္ခန္တု ၊ အရောဂေန သုခေန စ။
၁၉။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊ အရောဂေန သုခေန စ။
၂၀။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊ အရောဂေန သုခေန စ။
၂၁။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။

---

[၁၄] မဟဿာသာ (ပရိတ်ကြီးနိဿယသစ်)

တေပိ အမှေ' နုရက္ခန္တု။ အရောဂေန သုခေန စ။

၂၂။ ဥတ္တရသ္မိ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။

တေပိ အမှေ' နုရက္ခန္တု။ အရောဂေန သုခေန စ။

၂၃။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠ္ဟကော။

ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၂၄။ စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော။

တေပိ အမှေ' နုရက္ခန္တု။ အရောဂေန သုခေန စ။

၂၅။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။

တေပိ အမှေ' နုရက္ခန္တု။ အရောဂေန သုခေန စ။

၂၆။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣမ သာသနေ။

တေပိ အမှေ' နုရက္ခန္တု။ အရောဂေန သုခေန စ။

၂၇။ သဒ္ဓိတိယော ဝိဝဇ္ဇန္တု။ သောကော ရောဂေါ ဝိနဿတု။

မာ တေ ဘဝန္တ်' န္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

၂၈။ အာဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

**အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။**

ဤသုတ်ပါ ဂါထာနံပါတ် ၁-မှ ၆-အထိ ဂါထာတို့ကို ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိတော် အာဋာနာဋိယသုတ် (ဒီ၊ ၃၊ ၁၅၉)၌ တွေ့နိုင်၍ နံပါတ် ၂၈-ဂါထာကို ဓမ္မပဒပါဠိတော် ၁၀၉-ဂါထာ (ခု၊ ၁၊ ၂၉)၌ တွေ့နိုင်သည်။

## ပါထိကဝဂ္ဂပါဠိတော် (ဒီ၊ ၃၊ ၁၅၈-၁၇၄)လာ
## မူရင်း အာဋာနာဋိယသုတ်

၆၀ မေ သုတံ—ကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ အထ ခေါ စတ္တာရော မဟာရာဇာ[၁]မဟာတိယာ စ ယက္ခသေနာယ မဟာတိယာ စ ဂန္ဓဗ္ဗသေနာယ မဟာတိယာ စ

---

[၁] မဟာရာဇာနော (က)

ကုမ္ပဏ္ဍသေနာယ မဟတိယာ စ နာဂသေနာယ စတုဒ္ဒိသံ ရက္ခံ ဌပေတွာ စတုဒ္ဒိသံ ဂုမ္ဗံ ဌပေတွာ စတုဒ္ဒိသံ ဩဝရဏံ ဌပေတွာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဂိဇ္ဈကူဋ္ဌံ ပဗ္ဗတံ ဩဘာသေတွာ[၅၆]ယေန ဘဂဝါ တေနုပသင်္ကမိသု၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိသု။ တေပိ ခေါ ယက္ခာ အပ္ပေကစ္စေ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိသု၊ အပ္ပေကစ္စေ ဘဂဝတာ သဒ္ဓိံ သမ္မောဒိသု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိသု၊ အပ္ပေကစ္စေ ယေန ဘဂဝါ တေနဥ္ဇလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိသု၊ အပ္ပေကစ္စေ နာမဂေါတ္တံ သာဝေတွာ ဧကမန္တံ နိသီဒိသု၊ အပ္ပေကစ္စေ တုဏ္ဍီဘူတာ ဧကမန္တံ နိသီဒိသု။

ဧကမန္တံ နိသန္နော ခေါ ဝေဿဝဏော မဟာရာဇာ ဘဂဝန္တံ တေဒဝေါစ "သန္တိ ဟိ ဘန္တေ ဥဋ္ဌာရာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ ဥဋ္ဌာရာ ယက္ခာ ဘဂဝတော ပသန္နာ၊ သန္တိ ဟိ ဘန္တေ မဇ္ဈိမာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ မဇ္ဈိမာ ယက္ခာ ဘဂဝတော ပသန္နာ၊ သန္တိ ဟိ ဘန္တေ နီစာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ နီစာ ယက္ခာ ဘဂဝတော ပသန္နာ။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပသန္နာယေဝ ဘဂဝတော။ တံ ကိဿ ဟေတု? ဘဂဝါ ဟိ ဘန္တေ ပါဏာတိပါတာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ အဒိန္နာဒါနာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ ကာမေသု-မိစ္ဆာစာရာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ မုသာဝါဒါ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ သုရာမေရယမဇ္ဇ ပ္ပမာဒဋ္ဌာနာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပဋိဝိရတာယေဝ ပါဏာတိပါတာ၊ အပ္ပဋိဝိရတာ အဒိန္နာဒါနာ၊ အပ္ပဋိဝိရတာ ကာမေသုမိစ္ဆာစာရာ၊ အပ္ပဋိဝိရတာ မုသာဝါဒါ၊ အပ္ပဋိဝိရတာ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ။ တေသံ တံ ဟောတိ အပ္ပိယံ အမနာပံ။ သန္တိ ဟိ ဘန္တေ ဘဂဝတော သာဝကာ အရညဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝန္တိ အပ္ပသဒ္ဒါနိ အပ္ပနိဂ္ဃေါသာနိ ဝိဇနဝါတာနိ မနုဿရာဟသေယျကာနိ[၅၇]ပဋိသလ္လာနသာရုပ္ပါနိ၊ တတ္ထ သန္တိ ဥဋ္ဌာရာ ယက္ခာ နိဝါသိနော၊ ယေ ဣမသ္မိံ ဘဂဝတော ပါဝစနေ အပ္ပသန္နာ၊ တေသံ ပသာဒါယ ဥဂ္ဂဏ္ဍာတု ဘန္တေ ဘဂဝါ အာဋာနာဋိယံ ရက္ခံ ဘိက္ခူနံ ဘိက္ခုနိနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိသာယ ဖာသုဝိဟာရာယာ"တိ။ အဓိဝါသေသိ ဘဂဝါ တုဏ္ဍီဘာဝေန။

---

[၅၆] ဂိဇ္ဈကူဋ္ဌံ ဩဘာသေတွာ (သီ၊ သျာ၊ ဣ)

[၅၇] မနုဿရာဟသေယျကာနိ (သီ၊ သျာ၊ ဣ)

အထ ခေါ် ဝေဿဝဏ္ဏော မဟာရာဇာ ဘဂဝတော အဓိဝါသနံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ အာဠာနာဠိယံ ရက္ခံ အဘာသိ--

၁။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၂။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု၊ ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၃။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၄။ အင်္ဂီရသဿ နမတ္ထု၊ သက္ယပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ[၅]၊ သဗ္ဗဒုက္ခာပနူဒနံ။

၅။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ'ထ[၃]၊ မဟန္တာ ဝီတသာရဒါ။

၆။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၇။ ယတော ဥဋ္ဌေတိ သူရိယော[၆]၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စုဋ္ဌေမာနဿ၊ သံဝရီပိ နိရုဇ္ဈတိ။
ယဿ စုဋ္ဌေ သူရိယေ၊ ဒိဝံသောတိ ပဝုစ္စတိ။

၈။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၉။ ဣတော သာ ပုရိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယဿသီ သော။

---

[၅] ဓမ္မ'မဒေသေသိ (သီ၊ သျာ၊ ဣ)

[၃] အပိသုဏာ (သီ၊ သျာ၊ ဣ)

[၆] သုရိယော (သီ၊ သျာ၊ ဣ)

၁၀။ ဂန္ဓဗ္ဗာနံ အဓိပတိ[၆၀]၊ ဓတရဋ္ဌောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ဂန္ဓဗ္ဗေဟိ ပုရက္ခတော။

၁၁။ ပုတ္တာပိ တဿ ဗဟဝေါ၊ ကေနာမာတိ မေ သုတံ။
အသီတိ ဒသ ကေါ စ၊ ဣန္ဒနာမာ မဟာဗလာ။

၁၂။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒ္ဝေရတော၀ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၁၃။ နမော တေ ပုရိသာဇညာ၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အာဘိက္ခသော၊ တသ္မာ ဇဝံ ဝဒေ၀သော။

၁၄။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၁၅။ ယေန ပေတာ ပ၀ုစ္ဆန္တိ၊ ပိသုဏာ ပိဋ္ဌိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ[၆၁]၊ စောရာ နေကတိကာ ဇနာ။

၁၆။ ဣတော သာ ဒက္ခိဏာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အာဘိပါလေတိ၊ မဟာရာဇာ ယသသိ သော။

၁၇။ ကုမ္ဘဏ္ဍာနံ အဓိပတိ[၆၂]၊ ဝိရူဠ္ဟောဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

၁၈။ ပုတ္တာပိ တဿ ဗဟဝေါ၊ ကေနာမာတိ မေ သုတံ။
အသီတိ ဒသ ကေါ စ၊ ဣန္ဒနာမာ မဟာဗလာ။

၁၉။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒ္ဝေရတော၀ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

---

[၆၀] အာဓိပတိ (သီ၊ သျာ၊ ဣ) ဧ၀မုပရိပိ၊

[၆၁] လုဒ္ဓါ (ဣ၊ က)

[၆၂] အာဓိပတိ (သီ၊ သျာ၊ ဣ) ဧ၀မုပရိပိ၊

## ပရိတ်ကြီးပါဠိတော်

၂၀။ နမော တေ ပုရိသာဇညေ၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အာဘိဏှသော၊ တသ္မာ ဧဝံ ဝဒေဝသော။

၂၁။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၂၂။ ယတ္ထ စောဂ္ဂန္ထတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စောဂ္ဂန္ထမာနဿ၊ ဒိဝသောပိ နိရုဇ္ဈတိ။
ယဿ စောဂ္ဂတေ သူရိယေ၊ သံဝရီတိ ပဝုစ္စတိ။

၂၃။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၂၄။ ဣတော သာ ပစ္ဆိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿီ သော။

၂၅။ နာဂါနဉ္စ အဓိပတိ[၆၄]၊ ဝိရူပက္ခောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ နာဂေဟော ပုရက္ခတော။

၂၆။ ပုတ္တာပိ တဿ ဗဟဝေါ၊ ကေနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၂၇။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၂၈။ နမော တေ ပုရိသာဇညေ၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အာဘိဏှသော၊ တသ္မာ ဧဝံ ဝဒေဝဿသော။

၂၉။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

---

[၆၄] အာဓိပတိ (သီ၊ သျာ၊ ဂ္ဂ) ဧဝမုပရိပိ၊

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

၃၀။ ယေန ဥတ္တရကုရုဂ္ဂေါ[၆၅]၊ မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။

၃၁။ န တေ ဗီဇံ ပဝပန္တိ၊ အပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလီ၊ ပရိဘုဥ္ဇန္တိ မာနုသာ။

၃၂။ အကဏံ အထုသံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ပလံ။
တုဏ္ဍိကီရေ ပစိတွာန၊ တတော ဘုဥ္ဇန္တိ ဘောဇနံ။

၃၃။ ဂါဝိံ ဧကခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပသုံ ဧကခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

၃၄။ ဣတ္ထိံ ဝါ ဝါဟနံ[၆၆] ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

၃၅။ ကုမာရိံ ဝါဟနံ[၆၇] ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

၃၆။ တေ ယာနေ အဘိရုဟိတွာ၊
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ[၆၈]။
ပစာရာ တဿ ရာဇိနော။

၃၇။ ဟတ္ထိယာနံ အဿယာနံ၊ ဒိဗ္ဗံ ယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာ စေဝ၊ မဟာရာဇဿ ယသဿိနော။

၃၈။ တဿ စ နဂရာ အဟု၊
အန္တလိက္ခေ သုမာပိတာ။
အာဋနာဋာ ကုသိနာဋာ ပရကုသိနာဋာ၊
နာဋသုရိယာ[၆၉] ပရကုသိဋနာဋာ။

---

[၆၅] ဥတ္တရကုရု ရမ္မာ (သီ၊ သျာ၊ ဣ)

[၆၆] ဣတ္ထီ-ဝါဟနံ (သီ၊ ဣ)၊ ဣတ္ထိံ ဝါဟနံ (သျာ)

[၆၇] ဣတ္ထီ-ဝါဟနံ (သီ၊ ဣ)၊ ဣတ္ထိံ ဝါဟနံ (သျာ)

[၆၈] အနုပရိယန္တိ (သျာ)

၃၉။ ဥတ္တရေန ကသိဝန္တော[၇]၊
ဇနောဃမပရေန စ။
နဝနဝုတိယော အမ္ဗရအမ္ဗရဝတိယော၊
အာဠကမန္ဒာ နာမ ရာဇဓာနီ။

၄၀။ ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ ဝိသာဏာ နာမ ရာဇဓာနီ၊
တသ္မာ ကုဝေရော မဟာရာဇာ၊ ဝေဿဝဏ္ဏောတိ ပဝုစ္စတိ။

၄၁။ ပစ္ဆိသန္တော ပကာသေန္တိ၊ တတောလာ တတ္တလာ တတောတလာ။
သြဇသိ တေဇသိ တတောဇသီ၊ သူရော ရာဇာ အရိဋ္ဌော နေမိ။

၄၂။ ရဟဒေါပိ တတ္ထ ဓရဏီ နာမ၊ ယတော မေဃာ ပဝဿန္တိ။
ဝဿာ ယတော ပတာယန္တိ၊ သဘာပိ တတ္ထ သာလဝတီ[၇] နာမ။

၄၃။ ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊ တတ္ထ နိစ္စဖလာ ရုက္ခာ။
နာနာ ဒိဇဂဏာ ယုတာ၊ မယူရကောဉ္စာဘိရုဒါ။
ကောကိလာဒိဟိ ဝဂ္ဂုဟိ။

၄၄။ ဇီဝဉ္ဇီဝကသဒ္ဒေတ္ထ၊ အထော သြဋ္ဌဝစိတ္တကာ။
ကုက္ကုဋ္ဌကာ[၈]ကုဋိရကာ၊ ဝနေ ပေါက္ခရသာတကာ။

၄၅။ သုကသာဠိကသဒ္ဒေတ္ထ၊ ဒဏ္ဍမာဏဝကာနိ စ။
သောဘတိ သဗ္ဗကာလံ သာ၊ ကုဝေရနဂရီနိ သဒါ။

၄၆။ ဣတော သာ ဥတ္တရာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသသိ သော။

၄၇။ ယက္ခာနဉ္စ အဓိပတိ၊ ကုဝေရော ဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ယက္ခေဟော ပုရက္ခတော။

---

[၆] နာဠပုရိယာ (သီ၊ ဣ)၊ နာဠပရိယာ (သျာ)

[၇] ကပိဝန္တော (သီ၊ သျာ၊ ဣ)

[၇] ဘဂလဝတီ (သီ၊ သျာ၊ ဣ)

[၈] ကုကုဋ္ဌကာ (သီ၊ ဣ)

၄၈။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၄၉။ တေ စာပိ ဗုဒ္ဓံ ဒိသ္ဒာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၅၀။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏ္ဍသော၊ တသ္မာ ဝေံ ဝဒေဝသေ။

၅၁။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။

အယံ ခေါ သာ မာရိသ အာဋာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနိနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိ သာယ ဖာသုဝိဟာရာယ။

၅၂။ ယဿ ကဿစိ မာရိသ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အယံ အာဋာနာဋိယာ ရက္ခာ သုဂ္ဂဟိတာ ဘဝိဿတိ သမတ္တာ ပရိယာပုတာ[၇၃]။ တံ စေ အမနုဿော ယက္ခော ဝါ ယက္ခိနီ ဝါ ယက္ခပေါတကော ဝါ ယက္ခပေါတိကာ ဝါ ယက္ခမဟာမတ္တော ဝါ ယက္ခပါရိသဇ္ဇော ဝါ ယက္ခပစာရော ဝါ၊ ဂန္ဓဗ္ဗော ဝါ ဂန္ဓဗ္ဗီ ဝါ ဂန္ဓဗ္ဗပေါတကော ဝါ ဂန္ဓဗ္ဗပေါတိကာ ဝါ ဂန္ဓဗ္ဗမဟာမတ္တော ဝါ ဂန္ဓဗ္ဗပါရိသဇ္ဇော ဝါ ဂန္ဓဗ္ဗပစာရော ဝါ၊ ကုမ္ဘဏ္ဍော ဝါ ကုမ္ဘဏ္ဍီ ဝါ ကုမ္ဘဏ္ဍပေါတကော ဝါ ကုမ္ဘဏ္ဍပေါတိကာ ဝါ ကုမ္ဘဏ္ဍမဟာမတ္တော ဝါ ကုမ္ဘဏ္ဍပါရိသဇ္ဇော ဝါ ကုမ္ဘဏ္ဍပစာရော ဝါ၊ နာဂေါ ဝါ နာဂီ ဝါ နာဂပေါတကော ဝါ နာဂပေါတိကာ ဝါ နာဂမဟာမတ္တော ဝါ နာဂပါရိသဇ္ဇော ဝါ နာဂပစာရော ဝါ ပဒုဋ္ဌစိတ္တော ဘိက္ခုံ ဝါ ဘိက္ခုနိ ဝါ ဥပါသကံ ဝါ ဥပါသိကံ ဝါ ဂစ္ဆန္တံ ဝါ အနုဂစ္ဆေယျ၊ ဌိတံ ဝါ ဥပတိဋ္ဌေယျ၊ နိသိန္နံ ဝါ ဥပနိသီဒေယျ၊ နိပန္နံ ဝါ ဥပနိပဇ္ဇေယျ။ နမေ သော မာရိသ အမနုဿော လဘေယျ ဂါမေသု ဝါ နိဂမေသု ဝါ သက္ကာရံ ဝါ ဂရုကာရံ ဝါ၊ နမေ သော မာရိသ အမနုဿော လဘေယျ အာဋကမန္ဒာယ နာမ ရာဇဓာနိယာ ဝတ္ထုံ ဝါ ဝါသံ ဝါ။ နမေ သော မာရိသ အမနုဿော လဘေယျ ယက္ခာနံ သမိတိ ဂန္တုံ ။ အပိဿု နံ မာရိသ အမနုဿော အနာဝယုံပိ နံ ကရေယျုံ အဝိဝယုံ။ အပိဿု နံ မာရိသ အမနုဿာ အတ္တာဟိပိ ပရိပုဏ္ဏာဟိ

---

[၇၃] ပရိယာပုဋာ (က)

ပရိဘာသာဟိ ပရိဘာသေယျုံ။ အပိသု နံ မာရိသ အမနုဿာ ရိတ္တံပိသ ပတ္တံ သိသေ နိက္ကုဇ္ဇေယျုံ။ အပိသု နံ မာရိသ အမနုဿာ သတ္တာဓပိသ မုဒ္ဓံ ဖာလေယျုံ။

သန္တိ ဟိ မာရိသ အမနုဿာ စက္ခွာ ရုဒ္ဓါ[၇၄] ရဘာသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ[၇၅] အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။ သေယျထာပိ မာရိသ ရညော မာဂဓဿ ဝိဇိတေ မဟာစောရာ။ တေ နေဝ ရညော မာဂဓဿ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ မဟာစောရာ ရညော မာဂဓဿ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။ ဧဝမေဝ ခေါ မာရိသ သန္တိ အမနုဿာ စက္ခွာ ရုဒ္ဓါ[၇၆] ရဘာသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။ ယော ဟိ ကောစိ မာရိသ ယက္ခော ဝါ ယက္ခိနီ ဝါ ယက္ခပေါတကော ဝါ ယက္ခပေါတိကာ ဝါ ယက္ခမဟာမတ္တော ဝါ ယက္ခပါရိသဇ္ဇော ဝါ ယက္ခပစာရော ဝါ၊ ဂန္ဓဗ္ဗော ဝါ ဂန္ဓဗ္ဗီ ဝါ ဂန္ဓဗ္ဗပေါတကော ဝါ ဂန္ဓဗ္ဗပေါတိကာ ဝါ ဂန္ဓဗ္ဗမဟာမတ္တော ဝါ ဂန္ဓဗ္ဗပါရိသဇ္ဇော ဝါ ဂန္ဓဗ္ဗပစာရော ဝါ၊ ကုမ္ဘဏ္ဍော ဝါ ကုမ္ဘဏ္ဍီ ဝါ ကုမ္ဘဏ္ဍပေါတကော ဝါ ကုမ္ဘဏ္ဍပေါတိကာ ဝါ ကုမ္ဘဏ္ဍမဟာမတ္တော ဝါ ကုမ္ဘဏ္ဍပါရိသဇ္ဇော ဝါ ကုမ္ဘဏ္ဍပစာရော ဝါ၊ နာဂေါ ဝါ နာဂီ ဝါ နာဂပေါတကော ဝါ နာဂပေါတိကာ ဝါ နာဂမဟာမတ္တော ဝါ နာဂပါရိသဇ္ဇော ဝါ နာဂပစာရော ဝါ ပဒုဋ္ဌစိတ္တော ဘိက္ခုံ ဝါ ဘိက္ခုနိံ ဝါ ဥပါသကံ ဝါ ဥပါသိကံ ဝါ ဂစ္ဆန္တံ ဝါ အနုဂစ္ဆေယျ၊ ဌိတံ ဝါ ဥပတိဋ္ဌေယျ၊ နိသိန္နံ ဝါ ဥပနိသီဒေယျ၊ နိပန္နံ ဝါ ဥပနိပဇ္ဇေယျ။ ဣမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ “အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဌေတိ၊ အယံ ယက္ခော ဝိဟေဌေတိ၊ အယံ ယက္ခော ဟိံသတိ၊ အယံ ယက္ခော ဝိဟိံသတိ၊ အယံ ယက္ခော နု မဉ္ဇတီ”တိ။

၅၃။ ကတမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ?

---

[၇၄] ရုဒ္ဓါ (သီ၊ ပဋ)

[၇၅] **မဟာရာဇာနံ ပုရိသကာနန္တိ** အဋ္ဌဝိသတိယက္ခသေနာပတီနံ။ **ပုရိသကာနန္တိ** ယက္ခသေနာပတီနံ ယေ အမနုဿာ (သီ) မနုဿာ (က) တေသံ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၁၅၀။)

[၇၆] ရုဒ္ဓါ (သီ၊ ပဋ)

ကုန္ဒော သောမော ဝရဏော စ၊ ဘာရဒ္ဒါဇော ပဇာပတိ။
စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္နုဃဏ္ဍု၊ နိဃဏ္ဍု စ။
ပနာဒေါ ဩပမညော စ၊ ဒေဝသုတော စ မာတလိ။
စိတ္တသေနော စ ဂန္ဓဗ္ဗော၊ နဠော ရာဇာ ဇနေသဘော[ဂ]။
သာတာဂိရော ဟေမဝတော၊ ပုဏ္ဏကော ကရတိယော ဂုဠော။
သိဝကော မုစလိန္ဒော စ၊ ဝေဿာမိတ္တော ယုဂန္ဓရော။
ဂေါပါလော သုပ္ပဂေါဓော စ[ဃ]၊ ဟိရိ နေတ္တိ[င]စ မန္ဒိယော။
ပဉ္စာလစန္ဒော အာဠဝကော၊ ပဇ္ဇုန္နော သုမနော သုမုခေါ။
ဒဓိမုခေါ မဏိ မာဏိဝရော[စ]ဒီဃော၊ အထော သေသီသကော သဟ။

ကုမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ "အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဋ္ဌေတိ၊ အယံ ယက္ခော ဝိဟေဋ္ဌေတိ၊ အယံ ယက္ခော ဟိံသတိ၊ အယံ ယက္ခော ဝိဟိံသတိ၊ အယံ ယက္ခော နမုဋ္ဌတီ"တိ။

အယံ ခေါ သာ မာရိသ အာဠာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနိံနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယ။ ဟန္ဒ စ ဒါနိ မယံ မာရိသ ဂစ္ဆာမ ဗဟုကိစ္စာ မယံ ဗဟုကရဏီယာတိ။ ယဿ ဒါနိ တုမ္ဟေ မဟာရာဇာနော ကာလံ မညထာတိ။

၅၄။ အထ ခေါ စတ္တာရော မဟာရာဇာ ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ပဒက္ခိဏံ ကတ္ဝာ တတ္ထေဝ'န္တရဓာယိံသု။ တေပိ ခေါ ယက္ခာ ဥဋ္ဌာယာသနာ အပ္ပေကစ္စေ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ပဒက္ခိဏံ ကတ္ဝာ တတ္ထေဝ'န္တရဓာယိံသု။ အပ္ပေကစ္စေ ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတ္ဝာ တတ္ထေဝ'န္တရဓာယိံသု။ အပ္ပေကစ္စေ ယေန ဘဂဝါ တေနဉ္ဇလိံ

---

[ဂ] ဇနောသဘော (သျာ)

[ဃ] သုပ္ပဂေဓော စ (သီ၊ သျာ၊ ဂ္ဂ)

[င] ဟိရီ နေတ္တိ (သီ၊ ဂ္ဂ)

[စ] မဏိ မာနိစရော (သျာ၊ ဂ္ဂ)

## ပရိတ်ကြီးပါဋိတော်

ပဏာမေတွာ တတ္ထေဝ'နွှရဓာယိ်သု။ အပ္ပေကစ္စေ နာမဂေါတ္တံ သာဝေတွာ တတ္ထေဝ'နွှရဓာယိ်သု။ အပ္ပေကစ္စေ တုဏ္ဍီဘူတာ တတ္ထေဝ'နွှရဓာယိ်သူတိ။

ပဌမဘာဏဝါရော နိဋ္ဌိတော။

---

## ဒုတိယဘာဏဝါရ

၅၅။ အထ ခေါ ဘဂဝါ တဿာ ရတ္တိယာ အစ္စယေန ဘိက္ခူ အာမန္တေသိ၊-- "ဣမံ ဘိက္ခဝေ ရတ္တိ် စတ္တာရော မဟာရာဇာ[၈၁] မဟတိယာ စ ယက္ခသေနာယ မဟတိယာ စ ဂန္ဓဗ္ဗသေနာယ မဟတိယာ စ ကုမ္ဘဏ္ဍသေနာယ မဟတိယာ စ နာဂသေနာယ စတုဒ္ဒိသံ ရက္ခံ ဌပေတွာ စတုဒ္ဒိသံ ဂုမ္ဗံ ဌပေတွာ စတုဒ္ဒိသံ ဩဝရဏံ ဌပေတွာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဂိဇ္ဈကူဋံ ပဗ္ဗတံ ဩဘာသေတွာ ယေနာ'ဟံ တေနုပသင်္ကမိ်သု၊ ဥပသင်္ကမိတွာ မံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ်သု။ တေပိ ခေါ ယက္ခာ အပ္ပေကစ္စေ မံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ်သု၊ အပ္ပေကစ္စေ မယာ သဒ္ဓိ် သမ္မောဒိ်သု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိ်သု၊ အပ္ပေကစ္စေ ယေနာ'ဟံ တေနဥ္ဇလိ် ပဏာမေတွာ ဧကမန္တံ နိသီဒိ်သု၊ အပ္ပေကစ္စေ နာမဂေါတ္တံ သာဝေတွာ ဧကမန္တံ နိသီဒိ်သု၊ အပ္ပေကစ္စေ တုဏ္ဍီဘူတာ ဧကမန္တံ နိသီဒိ်သု။

ဧကမန္တံ နိသန္နော ခေါ ဘိက္ခဝေ ဝေဿဝဏော မဟာရာဇာ မံ တေဒဝေါစ "သန္တိ ဟိ ဘန္တေ ဥဋ္ဌာရာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ ဥဋ္ဌာရာ ယက္ခာ ဘဂဝတော ပသန္နာ၊ သန္တိ ဟိ ဘန္တေ မဇ္ဈိမာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ မဇ္ဈိမာ ယက္ခာ ဘဂဝတော ပသန္နာ၊ သန္တိ ဟိ ဘန္တေ နီစာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ နီစာ ယက္ခာ ဘဂဝတော ပသန္နာ။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပသန္နာယေဝ ဘဂဝတော။ တံ ကိဿ ဟေတု? ဘဂဝါ ဟိ ဘန္တေ ပါဏာတိပါတာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ အဒိန္နာဒါနာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ ကာမေသု-မိစ္ဆာစာရာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ မုသာဝါဒါ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပဋိဝိရတာယေဝ ပါဏာတိပါတာ၊ အပ္ပဋိဝိရတာ အဒိန္နာဒါနာ၊

---

[၈၁] မဟာရာဇာနော (က)

အပ္ပဋိဝရတာ ကာမေသုမိစ္ဆာစာရာ၊ အပ္ပဋိဝရတာ မုသာဝါဒါ၊ အပ္ပဋိဝရတာ
သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ။ တေသံ တံ ဟောတိ အပ္ပိယံ အမနာပံ။ သန္တိ ဟိ ဘန္တေ ဘဂဝတော
သာဝကာ အရညဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝန္တိ အပ္ပသဒ္ဒါနိ အပ္ပနိဂ္ဃောသာနိ
ဝိဇနဝါတာနိ မနုဿရာဟဿေယျကာနိ ပဋိသလ္လာနသာရုပ္ပါနိ၊ တတ္ထ သန္တိ ဥဋ္ဌာရာ ယက္ခာ
နိဝါသိနော၊ ယေ ဣမသ္မိံ ဘဂဝတော ပါဝစနေ အပ္ပသန္နာ၊ တေသံ ပသာဒါယ ဥဂ္ဂဏှာတု ဘန္တေ
ဘဂဝါ အာဠာနာဋိယံ ရက္ခံ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ
အဝိဟိံသာယ ဖာသုဝိဟာရာယာတိ။ အဓိဝါသေသိ ခေါ အဟံ ဘိက္ခဝေ တုဏှီဘာဝေန။

အထ ခေါ ဘိက္ခဝေ ဝေဿဝဏော မဟာရာဇာ မေ အဓိဝါသနံ ဝိဒိတွာ တာယံ ဝေလာယံ
ဣမံ အာဠာနာဋိယံ ရက္ခံ အဘာသိ--

၅၆။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၅၇။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၅၈။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၅၉။ အင်္ဂီရသဿ နမတ္ထု၊ သက္ယပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ[၅၂]၊ သဗ္ဗဒုက္ခာပနူဒနံ။

၆၀။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ'ထ[၃၃]၊ မဟန္တာ ဝီတသာရဒါ။

၆၁။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၆၂။ ယတော ဥဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စုဂ္ဂစ္ဆမာနဿ၊ သံဝရီပိ နိရုဇ္ဈတိ။
ယဿ စုဂ္ဂတေ သူရိယေ၊ ဒိဝသောတိ ပဝုစ္စတိ။

---

[၅၂] ဓမ္မ'မဒေသေသိ (သီ၊ သျာ၊ ကဏ္ဍ)

[၅၃] အပိသုဏာ (သီ၊ သျာ၊ ကဏ္ဍ)

၆၃။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၆၄။ ဣတော သာ ပုရိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသသီ သော။

၆၅။ ဂန္ဓဗ္ဗာနံ အဓိပတိ၊ ဓတရဋ္ဌောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ဂန္ဓဗ္ဗေဟိ ပုရက္ခတော။

၆၆။ ပုတ္တာပိ တဿ ဗဟဝေါ၊ ကေနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၆၇။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝိတသာရဒံ။

၆၈။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အာဘိဏှသော၊ တသ္မာ ဧဝံ ဝဒေဝသေ။

၆၉။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၇၀။ ယေန ပေတာ ပဝုစ္စန္တိ၊ ပိသုဏာ ပိဋ္ဌိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ၊ စောရာ နေကတိကာ ဇနာ။

၇၁။ ဣတော သာ ဒက္ခိဏာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသသီ သော။

၇၂။ ကုမ္ဘဏ္ဍာနံ အဓိပတိ၊ ဝိရူဠှောဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

၇၃။ ပုတ္တာပိ တဿ ဗဟဝေါ၊ ကေနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၇၄။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝိတသာရဒံ။

၇၅။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။

ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အာဘိဏှသော၊ တသ္မာ ဇဝံ ဝဒေဝသော။

၇၆။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၇၇။ ယတ္ထ စောဂ္ဂန္ထတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စောဂ္ဂန္ထမာနဿ၊ ဒိဝသောပိ နိဂ္ဂစ္ဆတိ။
ယဿ စောဂ္ဂတော သူရိယော၊ သံဝရီတိ ပဝုစ္စတိ။

၇၈။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဇဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၇၉။ ဣတော သာ ပစ္ဆိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အာဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၈၀။ နာဂါနဉ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော။
ရမတီ နစ္စဂီတေဟိ၊ နာဂေဟေဝ ပုရက္ခတော။

၈၁။ ပုတ္တာပိ တဿ ဇဟတော၊ ကေနာမာတိ မေ သုတံ။
အသီတိ ဒဿ ကေသာ စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၈၂။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒ္ဝေရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၈၃။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အာဘိဏှသော၊ တသ္မာ ဇဝံ ဝဒေဝသော။

၈၄။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၈၅။ ယေန ဥတ္တရကုရုတ္ထေါ၊ မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။

၈၆။ နာ တေ ဝိဇံ ပဝပန္တိ၊ အပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလီ၊ ပရိဘုဉ္ဇန္တိ မာနုသာ။

၈၇။ အကဏ် အထုသ် သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ပလံ။
တုဏ္ဍိကိရေ ပစိတ္ဌာန၊ တတော ဘုဥ္ဇန္တိ ဘောဇနံ။

၈၈။ ဂါဝိ ဧကခုရံ ကတ္ဌာ၊ အနုယန္တိ ဒိသောဒိသံ။
ပသုံ ဧကခုရံ ကတ္ဌာ၊ အနုယန္တိ ဒိသောဒိသံ။

၈၉။ ဣတ္ထိ ဝါ ဝါဟနံ ကတ္ဌာ၊ အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတ္ဌာ၊ အနုယန္တိ ဒိသောဒိသံ။

၉၀။ ကုမာရိ ဝါဟနံ ကတ္ဌာ၊ အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတ္ဌာ၊ အနုယန္တိ ဒိသောဒိသံ။

၉၁။ တေ ယာနေ အဘိရုဟိတ္ဌာ၊
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ။
ပစာရာ တဿ ရာဇိနော။

၉၂။ ဟတ္ထိယာနံ အဿယာနံ၊ ဒိဗ္ဗံ ယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာ စေဝ၊ မဟာရာဇဿ ယသဿိနော။

၉၃။ တဿ စ နဂရာ အဟု၊
အန္တလိက္ခေ သုမာပိတာ။
အာဋနာဋာ ကုသိနာဋာ ပရကုသိနာဋာ၊
နာဋသုရိယာ ပရကုသိဋနာဋာ။

၉၄။ ဥတ္တရေန ကသိဝန္တော၊
ဇနောဃမပရေန စ။
နဝနဝုတိယော အမ္ဗရအမ္ဗရဝတိယော၊
အာဋကမန္ဒာ နာမ ရာဇဓာနီ။

၉၅။ ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ ဝိသာဏာ နာမ ရာဇဓာနီ၊
တသ္မာ ကုဝေရော မဟာရာဇာ၊ ဝေဿဝဏ္ဏောတိ ပဝုစ္စတိ။

၉၆။ ပစ္စေသန္တော ပကာသေန္တိ၊ တတောလာ တတ္တလာ တတောတလာ။
ဩဇသိ တေဇသိ တတောဇသီ၊ သူရော ရာဇာ အရိဋ္ဌော နေမိ။

၉၇။ ရဟဒေါပိ တတ္ထ ဓရဏီ နာမ၊ ယတော မေဃာ ပဝဿန္တိ။

ဝဿာ ယတော ပတာယန္တိ၊ သဘာပိ တတ္ထ သာလဝတီ နာမ။

၉၈။ ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊ တတ္ထ နိစ္စဖလာ ရုက္ခာ။

နာနာ ဒိဇဂဏာ ယုတာ၊ မယူရကောဉ္စာဘိရုဒါ။

ကောကိလာဒီဟိ ဝဂ္ဂုဟိ။

၉၉။ ဇိဝ္ဍိဝကသဒ္ဒေတ္ထ၊ အထော သြဋ္ဌဝစိတ္တကာ။

ကုက္ကုဋ္ဌကာ ကုဋိရကာ၊ ဝနေ ပေါက္ခရသာတကာ။

၁၀၀။ သုကသာဠိကသဒ္ဒေတ္ထ၊ ဒက္ခာမာဏဝကာနိ စ။

သောဘတိ သဗ္ဗကာလံ သာ၊ ကုဝေရနဒ္ဒိနီ သဒါ။

၁၀၁။ ကုတော သာ ဥတ္တရာ ဒိသာ၊ ကုတိ နံ အာစိက္ခတိ ဇနော။

ယံ ဒိသံ အာဘိပါလေတိ၊ မဟာရာဇာ ယသသီ သော။

၁၀၂။ ယက္ခာနဉ္စ အဓိပတိ၊ ကုဝေရော ကုတိ နာမသော။

ရမတီ နစ္စဂီတေဟိ၊ ယက္ခေဟေဝ ပုရက္ခတော။

၁၀၃။ ပုတ္တာပိ တဿ ဗဟဝေါ၊ ကေနာမာတိ မေ သုတံ။

အသီတိ ဒသ ကော စ၊ ကုန္ဓနာမာ မဟာဗလာ။

၁၀၄။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။

ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၁၀၅။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။

ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။

သုတံ နေတံ အဘိက္ခဏော၊ တသ္မာ ဇေံ ဝဒေဝသေ။

၁၀၆။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။

ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။

၁၀၇။ အယံ ခေါ သာ မာရိသ အာဠာနာဠိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနိန်ံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယ။ ယဿ ကဿစိ မာရိသ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အယံ အာဠာနာဠိယာ ရက္ခာ သုဂ္ဂဟိတာ ဘဝိဿတိ သမတ္တာ ပရိယာပုတာ။ တံ စေ အမနုဿော ယက္ခော ဝါ ယက္ခိနီ ဝါ ယက္ခပေါတကော ဝါ ယက္ခပေါတိကာ ဝါ ယက္ခမဟာမတ္တော ဝါ ယက္ခပါရိသဇ္ဇော ဝါ ယက္ခပစာရော

ပါ၊ ဂန္ဓဗ္ဗော ပါ ဂန္ဓဗ္ဗီ ပါ ဂန္ဓဗ္ဗပေါတကော ပါ ဂန္ဓဗ္ဗပေါတိကာ ပါ ဂန္ဓဗ္ဗမဟာမတ္တော ပါ ဂန္ဓဗ္ဗပါရိသဇ္ဇော ပါ ဂန္ဓဗ္ဗပစာရော ပါ၊ ကုမ္ဘဏ္ဍော ပါ ကုမ္ဘဏ္ဍီ ပါ ကုမ္ဘဏ္ဍပေါတကော ပါ ကုမ္ဘဏ္ဍပေါတိကာ ပါ ကုမ္ဘဏ္ဍမဟာမတ္တော ပါ ကုမ္ဘဏ္ဍပါရိသဇ္ဇော ပါ ကုမ္ဘဏ္ဍပစာရော ပါ၊ နာဂေါ ပါ နာဂီ ပါ နာဂပေါတကော ပါ နာဂပေါတိကာ ပါ နာဂမဟာမတ္တော ပါ နာဂပါရိသဇ္ဇော ပါ နာဂပစာရော ပါ ပဒုဋ္ဌစိတ္တော ဘိက္ခု ပါ ဘိက္ခုနီ ပါ ဥပါသကံ ပါ ဥပါသိကံ ပါ ဂစ္ဆန္တံ ပါ အနုဂစ္ဆေယျ၊ ဌိတံ ပါ ဥပတိဋ္ဌေယျ၊ နိသိန္နံ ပါ ဥပနိသီဒေယျ၊ နိပန္နံ ပါ ဥပနိပဇ္ဇေယျ။ န မေ သော မာရိသ အမနုဿော လဘေယျ ဂါမေသု ပါ နိဂမေသု ပါ သက္ကာရံ ပါ ဂရုကာရံ ပါ ။ န မေ သော မာရိသ အမနုဿော လဘေယျ အာဠကမန္ဒာယ နာမ ရာဇဓာနိယာ ဝတ္ထုံ ပါ ဝါသံ ပါ။ န မေ သော မာရိသ အမနုဿော လဘေယျ ယက္ခာနံ သမိတိ ဂန္ဓံ ။ အပိသု နံ မာရိသ အမနုဿော အနာဝယံပိ နံ ကရေယျုံ အဝိဝယံ။ အပိသု နံ မာရိသ အမနုဿာ အတ္တာဟိပိ ပရိပုဏ္ဏာဟိ ပရိဘာသာဟိ ပရိဘာသေယျုံ။ အပိသု နံ မာရိသ အမနုဿာ ရိတ္တံပိဿ ပတ္တံ သီသေ နိက္ကုဇ္ဇေယျုံ။ အပိသု နံ မာရိသ အမနုဿာ သတ္တာပိဿ မုဒ္ဓံ ဖာလေယျုံ။

သန္တိ ဟိ မာရိသ အမနုဿာ စက္ခွာ ရုဒ္ဓါ ရဘာသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။ သေယျထာပိ မာရိသ ရညော မာဂဓဿ ဝိဇိတေ မဟာစောရာ။ တေ နေဝ ရညော မာဂဓဿ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ မဟာစောရာ ရညော မာဂဓဿ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။ ဝေမေဝ ခေါ မာရိသ သန္တိ အမနုဿာ စက္ခွာ ရုဒ္ဓါ ရဘာသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။ ယော ဟိ ကောစိ မာရိသ ယက္ခော ပါ ယက္ခိနိ ပါ ယက္ခပေါတကော ပါ ယက္ခပေါတိကာ ပါ ယက္ခမဟာမတ္တော ပါ ယက္ခပါရိသဇ္ဇော ပါ ယက္ခပစာရော ပါ၊ ဂန္ဓဗ္ဗော ပါ ဂန္ဓဗ္ဗီ ပါ ဂန္ဓဗ္ဗပေါတကော ပါ ဂန္ဓဗ္ဗပေါတိကာ ပါ ဂန္ဓဗ္ဗမဟာမတ္တော ပါ ဂန္ဓဗ္ဗပါရိသဇ္ဇော ပါ ဂန္ဓဗ္ဗပစာရော ပါ၊ ကုမ္ဘဏ္ဍော ပါ ကုမ္ဘဏ္ဍီ ပါ ကုမ္ဘဏ္ဍပေါတကော ပါ ကုမ္ဘဏ္ဍပေါတိကာ ပါ ကုမ္ဘဏ္ဍမဟာမတ္တော ပါ ကုမ္ဘဏ္ဍပါရိသဇ္ဇော ပါ ကုမ္ဘဏ္ဍပစာရော ပါ၊ နာဂေါ ပါ နာဂီ ပါ နာဂပေါတကော ပါ နာဂပေါတိကာ ပါ နာဂမဟာမတ္တော ပါ နာဂပါရိသဇ္ဇော ပါ နာဂပစာရော ပါ ပဒုဋ္ဌစိတ္တော ဘိက္ခု ပါ ဘိက္ခုနီ ပါ ဥပါသကံ ပါ ဥပါသိကံ ပါ ဂစ္ဆန္တံ ပါ အနုဂစ္ဆေယျ၊ ဌိတံ ပါ ဥပတိဋ္ဌေယျ၊

နိသိန္နံ ဝါ ဥပနိသီဒေယျ၊ နိပန္နံ ဝါ ဥပနိပဇ္ဇေယျ။ ဣမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ "အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဋ္ဌေတိ၊ အယံ ယက္ခော ဝိဟေဋ္ဌေတိ၊ အယံ ယက္ခော ဟိ ံသတိ၊ အယံ ယက္ခော ဝိဟိ ံသတိ၊ အယံ ယက္ခော န မုဉ္စတီ" တိ။

၁၀၈။ ကတမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ?

ဣန္ဒနော သောမော ဝရုဏော စ၊ ဘာရဒ္ဒါဇော ပဇာပတိ။

စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္နုဃဏ္ဍု နိဃဏ္ဍု စ။

ပနာဒေါ သြိပမညော စ၊ ဒေဝသုတော စ မာတလိ။

စိတ္တသေနော စ ဂန္ဓဗ္ဗော၊ နဠော ရာဇာ ဇနေသဘော။

သာတာဂိရော ဟေမဝတော၊ ပုဏ္ဏကော ကရတိယော ဂုဠော။

သိဝကော မုစလိန္ဒော စ၊ ဝေဿာမိတ္တော ယုဂန္ဓရော။

ဂေါပါလော သုပ္ပဂေါဓော စ၊ ဟိရိ နေတ္တိ စ မန္ဒိယော။

ပဉ္စာလစန္ဒော အာဠဝကော၊ ပဇ္ဇုန္နော သုမနော သုမုခေါ။

ဒဓိမုခေါ မဏိ မာဏိဝရော ဒီဃော၊ အထော သေသိသကော သဟ။

ဣမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ "အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဋ္ဌေတိ၊ အယံ ယက္ခော ဝိဟေဋ္ဌေတိ၊ အယံ ယက္ခော ဟိ ံသတိ၊ အယံ ယက္ခော ဝိဟိ ံသတိ၊ အယံ ယက္ခော န မုဉ္စတီ" တိ။

အယံ ခေါ သာ မာရိသ အာဠာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိ ံသာယ ဖာသုဝိဟာရာယ။ ဟန္ဒ စ ဒါနိ မယံ မာရိသ ဂစ္ဆာမ ဗဟုကိစ္စာ မယံ ဗဟုကရဏီယာတိ။ ယဿ ဒါနိ တုမှေ မဟာရာဇာနော ကာလံ မညထာတိ။

၁၀၉။ အထ ခေါ ဘိက္ခဝေ စတ္တာရော မဟာရာဇာ ဥဋ္ဌာယာသနာ မံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ တတ္ထေဝ'နွရဓာယိ ်သု။ တေပိ ခေါ ဘိက္ခဝေ ယက္ခာ ဥဋ္ဌာယာသနာ အပ္ပေကစ္စေ မံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ တတ္ထေဝ'နွရဓာယိ ်သု။ အပ္ပေကစ္စေ မယာ သဒ္ဓိ ် သမ္မောဒိ ်သု၊ သမ္မောဒနိယံ ကထံ သာရဏီယံ ဝီတိသာရေတွာ တတ္ထေဝ'နွရဓာယိ ်သု။ အပ္ပေကစ္စေ ယေနာ'ဟံ

တေနဉ္စလိ ပဏာမေတွာ တတ္ထေဝ'န္တရဓာယိ'သု။ အပ္ပေကစ္စေ နာမဂါတ္တံ သာဝေတွာ တတ္ထေဝ'န္တရဓာယိ'သု။ အပ္ပေကစ္စေ တုဏှီဘူတာ တတ္ထေဝ'န္တရဓာယိ'သူတိ။

၁၁၀။ ဥဂ္ဂဏှာထ ဘိက္ခဝေ အာဠာနာဠိယံ ရက္ခ၊ ပရိယာပုဏာထ ဘိက္ခဝေ အာဠာနာဠိယံ ရက္ခ၊ ဓာရေထ ဘိက္ခဝေ အာဠာနာဠိယံ ရက္ခ၊ အတ္ထသံဟိတာ ဘိက္ခဝေ အာဠာနာဠိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိ'သာယ ဖာသုဝိဟာရာယာ"တိ။ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

အာဠာနာဠိယသုတ္တံ နိဋ္ဌိတံ။

❖ ❖ ❖ ❖ ❖

## ၉–အင်္ဂုလိမာလသုတ်

(က) ပရိတ္တံ ယံ ဘဏန္တိသ၊ နိသိန္နဋ္ဌာနမောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

(ခ) သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တခ်ဏေ။
ထေရဿ'င်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁။ ယတော'ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

အင်္ဂုလိမာလသုတ္တံ နိဋ္ဌိတံ။

ဤအင်္ဂုလိမာလသုတ်တော်ကို မဇ္ဈိမပဏ္ဏာသပါဠိတော် ရာဇဝဂ် အင်္ဂုလိမာလသုတ် (မ၊ ၂၊ ၃၀၆) မှ ရယူသည်၊ မူရင်းသုတ်ကိုမူ (မ၊ ၂၊ ၃၀၁–၃၀၈)၌ ကြည့်နိုင်သည်။

❖ ❖ ❖ ❖ ❖

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

# ၁၀–ဗောဇ္ဈင်သုတ်(ဗောဇ္ဈင်သုတ်)

(က) သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်၊ မာရသေနာပမဒ္ဒနေ။

(ခ) ဗုဇ္ဈိတ္ဒာ ယေ စိ'မေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ'မဇရာ'ဗျာဓိ၊ အမတံ နိဗ္ဘယံ ဂတာ။

(ဂ) ဝေမာဒိဂုနူပေတံ၊ အနေကဂုဏသင်္ဟံ။
ဩသဓ္ဆဲ ဂ္ဂုမံ မန္တံ၊ ဗောဇ္ဈင်္ဂဲ ဘဏာမ ဟေ။

၁။ ဗောဇ္ဈင်္ဂေါ သတိသခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝိရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာ'ပရေ။

၂။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေ'တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

၃။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၄။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္ဇ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသ္ဒာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၅။ တေ စ တံ အဘိနန္ဒိတ္ဒာ၊ ရောဂါ မုစ္စိံသု တခ်ဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၆။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာ'ဘိပီဋ္ဌိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတ္ဒာန သာဒရံ။

၇။ သမ္မောဒိတ္ဒာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၈။ ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္ဒမ္ပိ မဟေသိနံ။
မဂ္ဂါဟတာ ကိလေသာဝ၊ ပတ္တာ'နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

**ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။**

## ပရိတ်ကြီးပါဠိတော်

ဤသုတ်ပါ ဂါထာများ ပါဠိတော်၌ တိုက်ရိုက်မရှိ၊ စုဏ္ဏိယပါဠိတော်ကိုမူ မဟာဝဂ္ဂသံယုတ် ပါဠိတော် ပဌမဂိလာနသုတ်, ဒုတိယဂိလာနသုတ်, တတိယဂိလာနသုတ် (သံ၊ ၃၊ ၇၁၊ ၇၂၊ ၇၃)တို့၌ ကြည့်နိုင်သည်။

## ပဌမဂိလာနသုတ် (မဟာကဿပဇောဇျင်)

ကေ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။ တေန ခေါ ပန သမယေန အာယသ္မာ မဟာကဿပေါ ပိပ္ပလိဂုဟာယံ[၇၄] ဝိဟရတိ အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော။ အထ ခေါ ဘဂဝါ သာယဏှသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ မဟာကဿပေါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ ပညတ္တေ အာသနေ နိသီဒိ၊ နိသဇ္ဇ ခေါ ဘဂဝါ အာယသ္မန္တံ မဟာကဿပံ တေဒဂေါစ——

"ကစ္စိ တေ ကဿပ ခမနီယံ? ကစ္စိ ယာပနီယံ? ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နော အာဘိက္ကမန္တိ? ပဋိက္ကမောသာနံ ပညာယတိ နော အာဘိက္ကမော?"တိ။ "န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ၊ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အာဘိက္ကမန္တိ နော ပဋိက္ကမန္တိ၊ အာဘိက္ကမောသာနံ ပညာယတိ နော ပဋိက္ကမော"တိ။

"သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ? သတိသံဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဓမ္မဝိစယသံဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဝီရိယသံဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပီတိသံဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပဿဒ္ဓိသံဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ သမာဓိသံဗောဇ္ဈင်္ဂေါ ခေါ

---

[၇၄] ပိပ္ပလိဂုဟာယံ (သီ)

ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဥပေက္ခာသံဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ တ္ကမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တီ”တိ။ “တဋ္ဌ ဘဂဝါ ဗောဇ္ဈင်္ဂါ၊ တဋ္ဌ သုဂတ ဗောဇ္ဈင်္ဂါ”တိ။

တ္ကဒမဝေါစ ဘဂဝါ။ အတ္တမနော အာယသ္မာ မဟာကဿပေါ ဘဂဝတော ဘာသိတံ အဘိနန္ဒီ။ ဝုဋ္ဌဟိ စာယသ္မာ မဟာကဿပေါ တမှာ အာဗာဓာ၊ တထာပဟီနော စာယသ္မတော မဟာကဿပဿ သော အာဗာဓော အဟောသီတိ။

## ဒုတိယဂိလာနသုတ်(မဟာမောဂ္ဂလ္လာနဗောဇ္ဈင်)

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။ တေန ခေါ ပန သမယေန အာယသ္မာ မဟာမောဂ္ဂလ္လာနော ဂိလ္လကဋ္ဌေ ပဗ္ဗတေ ဝိဟရတိ အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော။ အထ ခေါ ဘဂဝါ သာယဏှသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ မဟာမောဂ္ဂလ္လာနော တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ ပညတ္တေ အာသနေ နိသီဒိ၊ နိသဇ္ဇ ခေါ ဘဂဝါ အာယသ္မန္တံ မဟာမောဂ္ဂလ္လာနံ တောဒေါစ--

“ကစ္စိ တေ မောဂ္ဂလ္လာန ခမနီယံ? ကစ္စိ ယာပနီယံ? ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နော အဘိက္ကမန္တိ? ပဋိက္ကမောသာနံ ပညာယတိ နော အဘိက္ကမော?”တိ။ “န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ၊ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ နော ပဋိက္ကမန္တိ၊ အဘိက္ကမောသာနံ ပညာယတိ နော ပဋိက္ကမော”တိ။

“သတ္တိမေ မောဂ္ဂလ္လာန ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ? သတိသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဓမ္မဝိစယသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဝိရိယသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မာဒက္ခာတာ ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပီတိသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ

သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပဿဒ္ဓိသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ သမာဓိသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဥပေက္ခာသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဣမေ ခေါ မောဂ္ဂလ္လာန သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တီ”တိ။ “တဋ္ဌ ဘဂဝါ ဗောဇ္ဈင်္ဂါ၊ တဋ္ဌ သုဂတ ဗောဇ္ဈင်္ဂါ”တိ။

ဣဒမဝေါစ ဘဂဝါ။ အတ္တမနော အာယသ္မာ မဟာမောဂ္ဂလ္လာနော ဘဂဝတော ဘာသိတံ အဘိနန္ဒိ။ ဝုဋ္ဌဟိ စာယသ္မာ မဟာမောဂ္ဂလ္လာနော တမှာ အာဗာဓာ၊ တထာပဟီနော စာယသ္မတော မဟာမောဂ္ဂလ္လာနဿ သော အာဗာဓော အဟောသီတိ။

## တတိယဂိလာနသုတ်(ဗုဒ္ဓဗောဇ္ဈင်)

ကေ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။ တေန ခေါ ပန သမယေန ဘဂဝါ အာဗာဓိကော ဟောတိ ဒုက္ခိတော ဗာဠှဂိလာနော။ အထ ခေါ အာယသ္မာ မဟာစုန္ဒော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ မဟာစုန္ဒံ ဘဂဝါ တောဒဝေါစ “ပဋိဘန္တု တံ စုန္ဒ ဗောဇ္ဈင်္ဂါ”တိ။

“သတ္တိမေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ? သတိသံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဓမ္မဝိစယသံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဝီရိယသံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပီတိသံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ

သံဝတ္တတိ၊ ပဿဒ္ဓိသံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ သမာဓိသံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဥပေက္ခာသံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဣမေ ခေါ ဘန္တေ သတ္တ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အာဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တီ”တိ။ “တဿ စုန္ဒ ဗောဇ္ဈင်္ဂါ၊ တဿ စုန္ဒ ဗောဇ္ဈင်္ဂါ”တိ။

ဣဒမဝေါစာယသ္မာ စုန္ဒော။ သမနုညော သတ္ထာ အဟောသိ။ ဝုဋ္ဌဟိ စ ဘဂဝါ တမှာ အာဗာဓာ၊ တထာပဟီနော စ ဘဂဝတော သော အာဗာဓော အဟောသီတိ။

ပဌမဂိလာနသုတ်ခေါ် ကဿပဗောဇ္ဈင်မှာ သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၃၊ ၇၁–၇၂), ဒုတိယဂိလာနသုတ်ခေါ် မောဂ္ဂလ္လာနဗောဇ္ဈင်မှာ (သံ၊ ၃၊ ၇၂–၇၃), တတိယဂိလာန သုတ်ခေါ် သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်မှာကား (သံ၊ ၃၊ ၇၃)တို့၌ ကြည့်နိုင်သည်။

❖ ❖ ❖ ❖ ❖

## ၁၁–ပုဗ္ဗကာသုတ်

၁။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလ္လံ၊
ယော စာ’မနာပေါ သကုဏသ္သ သဒ္ဒေါ။
ပါပဂ္ဃဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ’မေန္တု။

၂။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလ္လံ၊
ယော စာ’မနာပေါ သကုဏသ္သ သဒ္ဒေါ။
ပါပဂ္ဃဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ’မေန္တု။

၃။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏသဒ္ဒါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တိ၊
သံဃာနုဘာဝေန ဝိနာသ'မေန္တု။

၄။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

၅။ ဇွောဝတာ စ အမှေဟိ၊ သမ္ဟတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ'နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၆။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ'ဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ'ဂတာ။

၇။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္ဆေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၈။ ◆ ယံကိဉ္စိ ဝိတ္တံ္ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊

ဇတေန သစ္ဆေန သုဝတ္ထိ ဟောတု။

၁၁။ ဘဝတု သင္ဃမင်္ဂလံ၊ ရက္ခန္တု သင္ဃဒေဝတာ။
သင္ဃဋ္ဌါနဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၂။ ဘဝတု သင္ဃမင်္ဂလံ၊ ရက္ခန္တု သင္ဃဒေဝတာ။
သင္ဃမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၃။ ဘဝတု သင္ဃမင်္ဂလံ၊ ရက္ခန္တု သင္ဃဒေဝတာ။
သင္ဃသံ္ဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၄။ မဟာကာရုဏိကော နာထော၊ ဟိတာယ သင္ဃပါဏိနံ။
ပူရေတ္ဝာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ'မုတ္တမံ။
ဇတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သင္ဃဒါ။

၁၅။ ဇယန္တော ဗောဓိယာ မူလေ၊ သက္ယာနံ နန္ဒိဝဍ္ဎနော။
ဝေမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

၁၆။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပထဝိ–ပုက္ခလေ။
အဘိသေကေ သင္ဃဋ္ဌါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

၁၇။ ✡ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၈။ ✡ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိ တေ ပဒက္ခိဏေ။

၁၉။ ✡ ပဒက္ခိဏာနိ ကတ္ဝာန၊ လဘန္တ'တ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

**ပုဗ္ဗကုသုတ္တံ နိဋ္ဌိတံ။**

◆ ဂါထာ ရတနသုတ်၌ ပါ၏၊ ✡ ဤဂါထာများကား အဂုံတွင်ရနိကာယ် တိကနိပါတ် ပုဗ္ဗကုသုတ် (အံ၊ ၁၊ ၂၉၉)၌ ပါရှိသည်။

## မူရင်း ပုဗ္ဗဏှသုတ်(အံ၊ ၁၊ ၂၉၈–၂၉၉)

ယေ ဘိက္ခဝေ သတ္တာ ပုဗ္ဗဏှသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုပုဗ္ဗဏှော ဘိက္ခဝေ တေသံ သတ္တာနံ။

ယေ ဘိက္ခဝေ သတ္တာ မဇ္ဈန္ဟိကသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုမဇ္ဈန္ဟိကော ဘိက္ခဝေ တေသံ သတ္တာနံ။

ယေ ဘိက္ခဝေ သတ္တာ သာယန္ဟသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုသာယန္ဟော ဘိက္ခဝေ တေသံ သတ္တာနံ။

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ[၅၅]။

သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။

ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏေ။

ပဒက္ခိဏာနိ ကတ္ဝာန၊ လဘန္တ'တ္ထေ[၅၆] ပဒက္ခိဏေ[၅၇]။

တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှော ဗုဒ္ဓသာသနေ။

အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိတိ။

❖ ❖ ❖ ❖ ❖

---

[၅၅] သုဝုဋ္ဌိတံ (သီ၊ ဂ္ဂ)

[၅၆] လဘတတ္ထေ (သီ၊ ဂ္ဂ၊)

[၅၇] ပဏိဓိယော ပဒက္ခိဏာ (သီ၊ ဂ္ဂ)၊ ပဏိဓိ တေ ပဒက္ခိဏာ (သျာ၊ ကံ)

## ပရိတ်ကြီးပရိတ်ငယ် နှစ်မျိုးသွယ်

**"ပရိတ်ကြီး"**ဆိုသဖြင့် ပရိတ်ငယ်လည်း ရှိရဦးမည်ဟု အဓိပ္ပါယ်သက်ရောက်၏။ ဘိုးတော်ဘုရား လက်ထက်က **ပရိတ်ကြီး, ပရိတ်ငယ်**ဟု ခွဲခြားသတ်မှတ်မှု ရှိသည်ကို တွေ့ရ၏။ အမှန်းဂါထာတို့၌ **"ပရိတ္တံ တံ ဘဏာမ ဟေ"**ပါသော ရတနသုတ်, မေတ္တာသုတ်, ခန္ဓသုတ်, မောရသုတ်, ဝဋ္ဋသုတ်, ဓဇဂ္ဂသုတ်, အာဋာနာဋိယသုတ်, အင်္ဂုလိမာလသုတ်တို့ကို **"ပရိတ်ကြီး"**ဟု သတ်မှတ်၍ **"မဂီလံ တံ ဘဏာမ ဟေ, ဗောဇ္ဈင် တံ ဘဏာမ ဟေ"**ဟုသာ ပါ၍ "ပရိတ္တံ" မပါသော မင်္ဂလသုတ်နှင့် ဗောဇ္ဈင်သုတ်ကို **"ပရိတ်ငယ်"**ဟု သတ်မှတ်လေသည်။ (ဟံသာဝတီတိုက်ရိုက် စလင်းဆရာတော်ရေး ပရိတ်ကြီး နိဿယ၊ နာ ၂၅၂ ။)

**ကြီးငယ်မဝင်ရာ ပရိတ်လတ်ခေါ်မှာ။** ။ စလင်းဆရာတော်ရဲ့ ပရိတ်ကြီးနိဿယ၌ "ပရိတ်ကြီး ပရိတ်ငယ်" ၂-မျိုးခွဲပြထားသော်လည်း **'ပရိတ္တံ တံ ဘဏာမ ဟေ, မင်္ဂလံ တံ ဘဏာမ ဟေ, ဗောဇ္ဈင်္ဂ ဘဏာမ ဟေ'** လို့ မပါရှိတဲ့ **"ပဋ္ဌာနသုတ်"**ကို ပရိတ်ကြီး ပရိတ်ငယ် ၂-မျိုးတွင် မည်သည့် အမျိုးဝင် ထည့်သွင်းရမည်နည်း? ယင်း ၂-မျိုးဝင် မပါဝင်နိုင် သည့်တွက် **"ပရိတ်လတ်"**လို့ သီးခြား အမည်တမျိုး ခေါ်ရမည်လော့? စဉ်းစားဖွယ်။

## မှတ်ဖွယ်ရှေးခါ ရွတ်ထုံးမှာ

**ပရိတ်ရွတ်မှု အစဉ်အလာ။** ။ ဘုရားရှင်ကိုယ်တော်တိုင် ပရိတ်ကို ခွင့်ပြုတော်မူခဲ့ကြောင်း ဒီဃ နိကာယ် ပါထိကဝဂ် အာဋာနာဋိယသုတ်၌ ဘုရားရှင်က ရဟန်းတို့အား သာသနာတော်ကို မကြည် ညိုကုန်သော နတ်ဘီလူးတို့၏ဘေးရန်မှ ကာကွယ်နိုင်ရန် အာဋာနာဋိယ အရံအတားကို လေ့လာ ဆောင်ထားကြရန် တိုက်တွန်းတော်မူသည်ကို တွေ့ရသည်။

"ရဟန်းတို့, အာဋာနာဋိယမည်သော အရံအတားကို သင်ယူကြကုန်လော့၊ ရဟန်းတို့, အာဋာနာဋိယ မည်သော အရံအတားကို အဖန်ဖန် လေ့လာကြကုန်လော့၊ ရဟန်းတို့, အာဋာနာဋိယ မည်သော အရံအတားကို ဆောင်ကြကုန်လော့၊ ရဟန်းတို့, အာဋာနာဋိယမည်သော အရံအတား သည် အကျိုးစီးပွါးနှင့်စပ်၏၊ အာဋာနာဋိယမည်သော အရံအတားသည် ရဟန်းယောကျ်ား, ရဟန်း

မိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှါ ချမ်းသာစွာ နေရခြင်းငှါ ဖြစ်၏"။ (ပါထိကဝဂ်ပါဠိတော် မြန်မာပြန်၊ ၁၉၄)

ဝိနည်းပိဋကတ ပါစိတ်ပါဠိတော် ဘိက္ခုနီဝိဘင်း တိရစ္ဆာနကထာ သိက္ခာပုဒ် ၂-ခု၏ အနာပတ္တိဝါရ (၄၀၂-၄၀၃)တို့၌လည်း

"အနာပတ္တိ ဂုတ္တတ္ထာယ ပရိတ္တံ ပရိယာပုဏာတိ။ အနာပတ္တိ ဂုတ္တတ္ထာယ ပရိတ္တံ ဝါစေတိ" ဟု ဘေးရန်မှလုံခြုံရေးအတွက် သင်ယူပို့ချသော ရဟန်းမိန်းမအား အာပတ်မှ ကင်းလွတ်ခွင့်ပေးတော်မူသော ပညတ်ချက်ကိုတွေ့ရ၏။ ဤသိက္ခာပုဒ်၌ ခွင့်ပြုအပ်သော ပရိတ်ဟူသည် "**ပရိတ္တာနိ** ယက္ခပရိတ္တ-နာဂမဏ္ဍလာဒိဘေဒံ သဗ္ဗမ်ိဳ ဝဋ္ဋတိ[၀၀]" ဟူသော ပါစိတ္တျာဒိအဋ္ဌကထာ (၂၁၅)နှင့် အညီ တစ္ဆေ သူရဲနိုင်မန္တန်, မြွေနိုင်မန္တန် စသည်တို့ဖြစ်၏။ ဘုရားဟောမဟုတ်သော ဤမန္တန်မျိုးကိုပင် သင်ယူခွင့် ပို့ချခွင့် ပြုတော်မူလျှင် ဘုရားဟောဖြစ်သည့် ပရိတ်တို့ကိုမူ အထူးဆိုဖွယ် မရှိတော့ပြီ။ ရဟန်းမိန်းမတို့အား ခွင့်ပြုသည်ဆိုသဖြင့် ရဟန်းယောကျ်ားနှင့်တကွ လူဒကာ, ဒကာမတို့အားလည်း ခွင့်ပြုပြီးပင်ဖြစ်၏။



ခန္ဓသုတ်၏ဝတ္ထုကြောင်းပါသော ဝိနည်းစူဠဝါပါဠိတော် ခုဒ္ဒကဝတ္ထုက္ခန္ဓက (၂၄၅)နှင့် အဂုတ္တိရ်ပါဠိတော် ပဌမတွဲ စတုက္ကနိပါတ် ပတ္တကမ္မဝဂ် အဟိရာဇသုတ် (၃၈၄)တို့၌လည်း ဘုရားရှင်သည် ရဟန်းတို့အား မြွေမင်း ၄-မျိုးတို့ကို မေတ္တာပို့ခြင်းငှါ ခွင့်ပြုတော်မူ၍ ထိုသုတ်ကိုပင် မေတ္တာပို့နည်းအဖြစ်ဖြင့် ဟောတော်မူခဲ့လေသည်။

---

[၀၀] ဘီလူးတို့ကိုစောင့်ရှောက်ကာကွယ်ခြင်း, မြွေနဂါးတို့ကို မဝင်နိုင်အောင် စည်းဝိုင်းတားခြင်းအစရှိသော အတတ်များ။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

"ရဟန်းတို့, မိမိကိုယ်ကို လုံခြုံစေခြင်းငှါလည်းကောင်း, မိမိကိုယ်ကို စောင့်ရှောက်စေခြင်းငှါလည်းကောင်း, မိမိ၏အရံအတား (ပရိတ်)ကို ပြုခြင်းငှါလည်းကောင်း ဤမြွေမင်း ၄-မျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှါ ခွင့်ပြုတော်မူ၏"။ (စူဋ္ဌဝါပါဋ္ဌိတော် မြန်မာပြန်၊ နှာ-၂၄၃။ အင်္ဂုတ္တိုရ်ပါဋ္ဌိတော် မြန်မာပြန်၊ ပဌမတွဲ၊ နှာ-၃၉၈။)

အနုဇာနာမိ ဘိက္ခဝေ ဣမာနိ စတ္တာရိ အဟိရာဇကုလာနိ မေတ္တေန စိတ္တေန ဖရိတုံ အတ္တဂုတ္တိယာ အတ္တရက္ခာယ အတ္တပရိတ္တာယာ[၈၉]တိ။ (အင်္ဂုတ္တိုရ်ပါဋ္ဌိတော် ပဌမတွဲ စတုက္ကနိပါတ် ပတ္တကမ္မဝဂ် အဟိရာဇသုတ်၊ ၃၈၄။ စူဋ္ဌဝါ ပါဋ္ဌိတော် ခုဒ္ဒကဝတ္ထက္ခန္ဓက၊ ၂၄၅။)

**အတ္တပရိတ္တာယာ**တိ အတ္တနော ပရိတ္တာဏတ္ထာယ။ ပရိတ္တံ နာမ အနုဇာမီတိ အတ္ထော။ (အင်္ဂုတ္တိုရ် စတုက္ကနိပါတ်အဋ္ဌကထာ၊ အဟိရာဇသုတ်အဖွင့်၊ ၃၁၆။)

မွေးဖွားပြီး ၇-ရက်မျှသာ အသက်ရှင်နိုင်မည့် သတို့သားသည် ဘုရားရှင်၏ညွှန်ကြားတော်မူချက်အရ ၇-ရက်တို့ပတ်လုံး ရဟန်းတော်များ[၉၀] မပြတ် ပရိတ်ရွတ်ပေးသဖြင့်လည်းကောင်း, ဘုရားရှင်ကိုယ်တော်တိုင် တစ်ညဉ့်ပတ်လုံး ပရိတ်အရံအတားပြုပေးတော်မူသဖြင့်လည်းကောင်း သေဘေးမှလွတ်မြောက်ပြီး အသက် ၁၂၀-တိုင် နေသွားရပုံ "အာယုဝစုနဝတ္ထု"ကို ဓမ္မပဒအဋ္ဌကထာ, ပဌမအုပ် (၄၂၃-၄၂၄)၌ တွေ့ရှိရသည်။

**နောင်းခေတ် ပရိတ်ရွတ်မှုစဉ်လာ ထွန်းကားလာ။** ။ ဘုရားရှင် ပရိတ်နိဗွာန်စံလွန်တော်မူပြီး နောက်၌လည်း ပရိတ်ရွတ်မှုသည် အရေးကြီးသော ဘာသာရေးလုပ်ငန်းတရပ် ဖြစ်ခဲ့လေသည်။ သာသနာနှစ် ၅၀၀-ခန့်၌ ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးသည် ပရိတ်နှင့် ပတ်သက်သော ပြဿနာကို အရှင်နာဂသိန်အားလျှောက်ထား၍ အရှင်မြတ်ကလည်း မင်းကြီး သဘောကျ ကျေနပ်လောက်အောင် ဥပမာအမျိုးမျိုးဖြင့် ဖြေဆိုထားသည်ကို မိလိန္ဒပါဋ္ဌိတော် မေဏ္ဍကပဉ္ဍ မစ္စုပါသမုတ္တိပဉ္ဍ (၁၅၂-၁၅၅)၌ ပြဆိုထားလေရာ ထိုခေတ်၌လည်း ပရိတ်ရွတ်မှု အလေ့အထ ရှိခဲ့သည်ကို သိနိုင်ကြသည်။

**သာသနာနှစ်တွက် မှတ်ဖွယ်နှစ်မျိုးထွက်။** ။ မင်းဆက်နိဒါန်းလင်္ကာ၌ **"သတ္တရာဇ်ရှည်၊ တည်၍ ဒွေးအင်္ဌ၊ ဧက်ဧက် ဓတ်က၊ ရောက်မှတ်သာသနာ၊ သိရပါလိမ့်။"**

---

[၈၉] အတ္တပရိတ္တံ ကာတုံ (စူဋ္ဌဝါပါဋ္ဌိတော်၊ ၂၄၅။)

[၉၀] သစေ တွံ အတ္တနော ဂေဟဒ္ဒါရေ မဏ္ဍပံ ကာရေတွာ တဿ မဇ္ဈေ ပီဌကံ ကာရေတွာ တံ ပရိကိဋ္ဌပန္တော အဋ္ဌ ဝါ သောဋ္ဌသ ဝါ အာသနာနိ ပညာပေတွာ တေသု မမ သာဝကေ နိသီဒါပေတွာ သတ္တာဟံ နိရန္တရံ ပရိတ္တံ ကာတုံ သက္ကုဏေယျာသိ၊ ဝေမဿ အန္တရာယော နဿေယျာတိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၂၃-၄၂၄။)

ဝိုလ်လက်ာ၌ **"ရောက်ဆဲ ကောဇာ၊ တည်ပြီးကာမှ၊ ဒွေး အဌနှင့်၊ ဧက ဧကာ၊ နှောတုံပါက၊ သာသာနာနှစ်၊ အတိတ်ဖြစ်လိမ့်။"**

[ကောဇာသက္ကရာဇ်တည်၍ ၁၁၈၂–ပေါင်းလျှင် သာသနာနှစ်ဖြစ်၏။]

သက္ကရာဇ်ဖြိုကိန်းနှင့်ကြုံလျက် မဖြိုခဲ့သော် တိုင်းပြည် ဥပဒ်ရောက်တတ်၏၊ သက္ကရာဇ်ဖြိုလျှင်လည်း ဖြိုသောမင်းသည် ထိုနှစ်၌ပင် နတ်ရွာစံရ၏၊ သို့တစေ ပြည့်မိဘဖြစ်သော မင်းတို့သည် ကိုယ့်အသက် မင့်ကွက်ပဲ တိုင်းပြည်အကျိုးရှု၍ သက္ကရာဇ်ဖြိုကြသည်။

**ရာဇာဟူထ၊ ပြည့်မိဘတို့၊ ပြည်ရွာ့ကိစ္စ၊ ဆောင်ကြရ၏၊ မာဃစန္ဒီ၊ အာလမ္ဗီသ၊ ဒေါဒေါရနှင့်၊ ခဆပဥ္စာ၊ သချီာနှစ်စု၊ ဗသျှုဆိဒြ၊ မုနိစသား၊ သက္ကဖြိုလောက်၊ ကိန်းခန်းရောက်သော်၊ မဘောက် ဖြိုမြဲ၊ မဖြိုလွဲက၊ ပြည်ထဲ ဥပဒ်၊ များတတ်သောဟူ၊ ဖြိုမူမယွင်း၊ ထိုနှစ်တွင်းဝယ်၊ ထိုမင်းမလွဲ၊ စုတိ မြဲတည့်၊ သို့ဘဲတစိ၊ ဟူတုံဘိလည်း၊ ပြည့်မိပြည့်ဘ၊ ဖြစ်ကြသောအား၊ ထိုမင်းများတို့၊ တရားမပျက်၊ ကြောင်တသက်နှင့်၊ ကြွက်တမြို့တူ၊ မှတ်ယူဆက်ဆက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မပြု၊ ပြည်ကျိုးရှု၍၊ ပြည်သူ့ချမ်းသာ၊ ဆောင်ကြစွာ၏[၉၁]။**

ဘိုးတော် အဥ္ဇနမင်းကြီးသည် ဒေဝီလရသေ့နှင့် တိုင်ပင်၍ **"မာဃစန္ဒီ"**ဟူသော ပိဋကတ်သချီာကိန်းခန်းနှင့်အညီ သက္ကရာဇ် ၈၆၄၅–ခုနှစ်ကို ဖြိုခဲ့လေသည်။ ဘိုးတော်အဥ္ဇနမင်းကြီးလက်ထက်မှသည် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသည့်အထိ ရေတွက်အပ်သောနှစ်မှာ ၁၄၈–နှစ်ရှိသည်။

**အလမ္ဗိကကိန်း**––ဖြိုသော သက္ကရာဇ်တို့ကို စုပေါင်းပြသည့်သချီာ။

"အထက် ကိန်းမရောက်ဘဲ ဖြိုခဲ့သော ၁၄၈ သက္ကရာဇ်တရပ်၊ ၆၂၂ သက္ကရာဇ်တရပ်၊ ၅၆၀ သက္ကရာဇ်တရပ်၊ ဤသုံးရပ်ကိုစပ်၍ စီမံသော် **အလမ္ဗိကကိန်း**ကျ၍ အစွန်း ၂ ခုထားလျက် ၅၆၀ သော သက္ကရာဇ်ကို ခဆပဥ္စကိန်းပြု၍ ဖြိုသည်။" (**စွယ်**၊ ပ၊ ၅၁။)

**"အလမ္ဗိကကိန်း**မည်သည်ကား ကောဇာသက္ကရာဇ် ၁၃၃၀ တည်း။" (**ကဗျတ္တ**၊ ၂၆၅။)

[**မှတ်ချက်။ အလမ္ဗိက**–သည် ပါဠိဘာသာမဟုတ်၊ ၁၃၃၀–ကို ပိဋကသချီာဖြင့် ပြထားသော စကားသာဖြစ်သည်။ **အ**–၀၊ **လ**–၃၊ **ဗိ**–၃၊ **က**–၁။ ပဋိလောမ (အပြန်)အားဖြင့် ၁၃၃၀ ဖြစ်သည်။ (**ပါဠိသက် ဝေါဟာရ အဘိဓာန်**၊ ၄၁၀။)

---

[၉၁] မဃဒေဝလက်ာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၁၉၁၊ နှာ ၁၂၂။

## ပရိတ်သင်တန်း မှတ်စုယ်ကျမ်း

## ပိဋကသချိာ ကောက်ယူပုံမှာ

**ကာဒိ ဋာဒိ ယကာရာဒိ၊ နဝသချိာ ပကာသိတာ။**
**ပဋသချိာ ဟကာရာဒိ၊ သုညာ နာမ သရ ည နာ။**

**က**အစ **ဏ**အဆုံး ကိုးလုံးသောအက္ခရာ, **ဋ**အစ **ဓ**အဆုံး ကိုးလုံးသောအက္ခရာ, ယ၊ ရ၊ လ၊ ဝ၊ **ဂ(ရ)**၊ **မ(ရ)**၊ သ၊ ဟ၊ **ဠ**– ဟူသော ကိုးလုံးသောအက္ခရာတို့ကို အစဉ်အတိုင်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉–ဟု ကောက်ယူရသည်။ **ပ**၊ **ဖ**၊ **ဘ**၊ ဘ၊ မ–ဟူသော အက္ခရာ ငါးလုံးတို့ကို အစဉ်အတိုင်း ၁၊ ၂၊ ၃၊ ၄၊ ၅–ဟု ကောက်ယူရသည်။ **အ အာ ဣ ဤ ဥ ဦ ဧ ဩ**–သရရှစ်လုံး, **ည** အက္ခရာ, **နံ** အက္ခရာတို့ကို သုည (၀) ကောက်ရသည်။

## ပိဋက သချိာပြ ဇယား

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ဉ |
| ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | နံ |
| ပ | ဖ | ဗ | ဘ | မ | | | | | |
| ယ | ရ | လ | ဝ | | | သ | ဟ | ဠ | သရ |

**မာဃစန္ဒေ**=၅၄၆၈ ⟶ ၈၆၄၅

**အာလမ္ဗိက**=၀၃၃၁ ⟶ ၁၃၃၀

ပိဋကသချိာကို ပဋိလောမ(ပြောင်းပြန်)ယူရသည်။

(ပါဠိသက်ဝေါဟာရ အဘိဓာန်၊ ၁၆၉။)]

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်မှ စတင်ရေတွက်ခဲ့သော သာသနာနှစ် ၆၂၄–အာရောက်တွင် သရေခေတ္တရာပြည် သုမုန္နရီမင်းက ၂–ခုကြွင်းထား၍ **ဒေါဒေါရသ**ကိန်းဖြင့် (၆၂၂)ကို ဖြိုခဲ့၏။ ထို ၂–ခုမှ ရေတွက်ခဲ့သော သက္ကရာဇ် ၅၆၂–သို့ ရောက်ပြန်သော် ပုဂံပြည် ပုပ္ပါးစောရဟန်း

မင်းက ၂-ခုကြွင်းထား၍ **ဆဆပဉ္စကိန်း**ဖြင့် (၅၆၀)ကို ဖြိုခဲ့၏။ ထို ၂-ခါဖြိုခဲ့သော ၆၂၂-နှင့် ၅၆၀-ကို ပေါင်းလျှင် ၁၁၈၂ (ဒွေး အဋ္ဌ ကေ ကေ)ဖြစ်၏။

**မြန်မာနှစ်, ခရစ်နှစ် တွက်ရာ မှတ်ဖို့ပါ။** ။ မြန်မာသက္ကရာဇ်၌ ၆၃၈-ပေါင်းက ခရစ်နှစ်ဖြစ်၏။ ခရစ်နှစ်တွင် ၆၃၈-နှုတ်က မြန်မာနှစ်ဖြစ်၏။

**သာသနာနှစ်, ခရစ်နှစ်တွက် မှတ်ဖို့အရက်။** ။ ခရစ်နှစ်၌ ၅၄၄-ပေါင်းက သာသနာနှစ်ဖြစ်၍ သာသနာနှစ်တွင် ၅၄၄-နှုတ်က ခရစ်နှစ်ဖြစ်၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၅၄၄ (B.C. 544)-နှစ်ကြာမှ ခရစ်နှစ်ပေါ်ခဲ့၏။

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသထေရ် ပေါ်ထွန်းချိန်ဖြစ်သည့် သာသနာနှစ် ၉၀၀-ကျော် ၁၀၀၀-ခန့်၌လည်း ပရိတ်ရွတ်မှုကို လိုက်နာကျင့်သုံးခဲ့ကြကြောင်းကို သိရပေသည်။ ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယအုပ် တတိယပါရာဇိက ဝိနီတဝတ္ထုအဖွင့် (၆၇)၌လည်း လူတို့အတွက် ပရိတ်ရွတ်ပေးမှုနှင့်ပတ်သက်၍ ရဟန်းတော်တို့ လိုက်နာဖွယ်များကို ပြဆိုထားသည်။ ထိုအခါ၌ လူတို့သည် မိမိတို့ အရေးကိစ္စပေါ်သောအခါ ရဟန်းတော်တို့ကို ပင့်၍ ပရိတ်တရားနာယူလေ့ရှိပုံ အထောက်အထားများကို တွေ့ရ၏။

## ပရိတ်ချည်, ပရိတ်ရေ သုံးပြီလေ

ထိုကျမ်း၌ပင် ပရိတ်ရေ, ပရိတ်ချည် အကြောင်းများကိုပါ တပါးတည်း ပြဆိုထားပြန်ရာ ပရိတ်ရေ, ပရိတ်ချည်တို့ကို ဘေးရန်တာဆီးရန်အတွက် ယုံကြည်စွာ အသုံးပြုခြင်းသည် ထိုအခါက အသားကျလျက်ရှိသော ဘာသာရေးလုပ်ငန်းတခုဖြစ်ကြောင်း သိနိုင်ပြန်သည်။

> ပရိတ္တေ ပန "ဂိလာနဿ ပရိတ္တံ ကရောထ ဘန္တေ"တိ ဝုတ္တေ န ကာတဗ္ဗံ၊ "ဘဏထာ"တိ ဝုတ္တေ ပန ကာတဗ္ဗံ။ သစေ ပိဿ ဇဝံ ဟောတိ "မနုဿာ နာမ န ဇာနန္တိ အကယိရမာနေ ဝိပဋိသာရိနော ဘဝိဿန္တီ"တိ ကာတဗ္ဗံ၊ "ပရိတ္တောဒကံ ပရိတ္တသုတ္တံ် ကတ္ဝာ ဒေထာ"တိ ဝုတ္တေန ပန တေသံယေဝ ဥဒကံ ဟတ္ထေန စာလေတ္ဝာ သုတ္တံ် ပရိမဇ္ဇိတ္ဝာ ဒါတဗ္ဗံ။ သစေ ဝိဟာရတော ဥဒကံ အတ္ထနော သန္တကံ ဝါ သုတ္တံ် ဒေတိ၊ ဒုက္ကဋံ။ မနုဿာ ဥဒကဉ္စ သုတ္တဉ္စ ဂဟေတ္ဝာ နိသီဒိတ္ဝာ "ပရိတ္တံ် ဘဏထာ"တိ ဝဒန္တိ၊ ကာတဗ္ဗံ။ နော စေ ဇာနန္တိ၊ အာစိက္ခိတဗ္ဗံ။ ဘိက္ခူနံ် နိသိန္နာနံ် ပါဒေသု ဥဒကံ အာကိရိတ္ဝာ သုတ္တဉ္စ ဌပေတ္ဝာ ဂစ္ဆန္တိ "ပရိတ္တံ် ကရောထ ပရိတ္တံ် ဘဏထာ"တိ၊ န ပါဒါ အပနေတဗ္ဗာ။ မနုဿာ ဟိ ဝိပ္ပဋိသာရိနော ဟောန္တိ။

အန္တောဂါမေ ဂိလာနသဿာယ ဝိဟာရံ ပဲသေန္တိ "ပရိတ္တံ ဘဏာန္တူ"တိ၊ ဘဏိတဗ္ဗံ။ အန္တောဂါမေ ရာဇဂေဟာဒီသု ရောဂေ ဝါ ဥပဒ္ဒဝေ ဝါ ဥပ္ပန္နေ ပက္ကောသာပေတွာ ဘဏာပေန္တိ၊ **အာဠာနာဋိယ သုတ္တာဒီနိ** ဘဏိတဗ္ဗာနိ။ "အာဂန္တွာ ဂိလာနဿ သိက္ခာပဒါနိ ဒေန္တူ၊ ဓမ္မံ ကထေန္တူ" "ရာဇန္တေပုရေ ဝါ အမစ္စဂေဟေ ဝါ အာဂန္တွာ သိက္ခာပဒါနိ ဒေန္တူ၊ ဓမ္မံ ကထေန္တူ"တိ ပေသိတေပိ ဂန္တွာ သိက္ခာပဒါနိ ဒါတဗ္ဗာနိ၊ ဓမ္မော ကထေတဗ္ဗော။ မတာနံ ပရိဝါရတ္ထံ "အာဂစ္ဆန္တူ"တိ ပက္ကောသန္တိ၊ န ဂန္တဗ္ဗံ။ သီဝထိကဒဿနေ အသုဘဒဿနေ စ "မရဏာသတိ ပဋိလဘိဿာမီ"တိ ကမ္မဋ္ဌာနသီသေန ဂန္တုံ ဝဋ္ဋတိ။ ဇဝံ ပရိတ္တေ ပဋိပဇ္ဇိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၂၊ တတိယပါရာဇိက ဝိနီတဝတ္ထုအဖွင့်၊ ၆၇။)

ပန–ကား၊ ပရိတ္တေ–ပရိတ်၌၊ (ဇဝံ–ဤသို့၊ ပဋိပဇ္ဇိတဗ္ဗံ–ကျင့်ရာ၏။) ဘန္တေ–ရား၊ ဂိလာနဿ–သူနာအတွက်၊ ပရိတ္တံ–ပရိတ်ကို၊ ဝါ–အရံအတား၊ ကရောထ–ပြုပေးပါကုန်၊ တ္ကတိ–သို့၊ ဝုတ္တေ–ဆိုအပ်သော်၊ န ကာတဗ္ဗံ–မပြုအပ်၊ [ဆေးအကုခိုင်းသည့်သဘောပါနေသောကြောင့် ပြုလုပ်မပေးရ၊ ပန–အလျော်ကား၊ (ပရိတ္တံ–ပရိတ်ကို၊) ဘဏထ–ရွတ်တော်မူပါကုန်၊ တ္ကတိ–သို့၊ ဝုတ္တေ–သော် ကာတဗ္ဗံ–ပြုပေးအပ်၏၊ [ "ပရိတ္တံ ကရောထ"ဟု လျှောက်တုန်းက နှလုံးသွင်းပြုပြင်တတ်ပါက ရွတ် ကောင်းပုံကို ပြလို၍ "သစေပိဿ"စသည်မိန့်၊] အဿ–ထိုပရိတ်ရွတ်မည့် ရဟန်း၏၊ ဇဝံ–ဤ အကြိုသည်၊ သစေပိ ဟောတိ–အကယ်ကား ဖြစ်အံ့၊ "မနုဿာ နာမ–လူတို့မည်သည်၊ န ဇာနန္တိ–(အပ်သောအသုံးအနှုန်းကို) နားမလည်ကြကုန်၊ ဝါ–မလျှောက်တတ်ကြကုန်၊ အကယိရမာနေ–(ပရိတ် ရွတ်မှုကို) မပြုအပ်သော်၊ ဝိပ္ပဋိသာရိနော–နှလုံးမသာယာခြင်းရှိကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကုန်လတ့် တ္ကတိ–ဤသို့သောအကြိုသည်၊ သစေ ဟောတိ–အံ့၊ (ဇဝံ သတိ–ဤသို့ ဖြစ်လတ်သော်၊) ကာတဗ္ဗံ–ပရိတ်ရွတ်မှုကို ပြုလုပ်ပေးအပ်၏၊ ပန–ဆက်ဦးအံ့၊ "ပရိတ္တောဒကံ–ပရိတ်ရေကိုလည်းကောင်း၊ ပရိတ္တ သုတ္တံ–ပရိတ်ချည်ကိုလည်းကောင်း၊ ကတ္ဝာ–ပြုလုပ်၍၊ ဒေထ–ပေးတော်မူကြပါကုန်၊" တ္ကတိ–သို့ ဝုတ္တေန–အလျောက်ခံရသော ရဟန်းသည်၊ တေသံယေဝ–ထိုလူတို့၏သာလျှင်၊ ဥဒကံ–ရေကို ဟတ္ထေန–လက်ဖြင့်၊ စာလေတွာ–လှုပ်စေ၍၊ သုတ္တံ–ချည်ကို၊ ပရိမဇ္ဈိတွာ–ဆုပ်နယ်၍၊ ဒါတဗ္ဗံ–ပေးရာ၏။

**ပရိတ်ရွတ်စဉ် ပရိတ်ရေကို လက်ဖြင့်လှုပ်ပေးပါ၊ ချည်ကို ဆုပ်နယ်ပေးပါ။ ဤသို့ပြုပေးလျှင် ပရိတ်၏တန်ခိုးသည် ထိုရေအတွင်း၊ ချည်အတွင်းသို့ ဝင်သွားသည်–ဟု ဆိုလိုသည်။**
(ဝိမတိဝိနောဒနီဋီကာ၊ ၁၊ တတိယပါရာဇိက ဝိနီတဝတ္ထုအဖွင့်၊ ၂၃၆)

ဝိဟာရတော-ကျောင်းမှ၊ ဥဒက်-ရေကိုလည်းကောင်း၊ အတ္တနော-မိမိ၏၊ သန္တက်-ဥစ္စာဖြစ်သော၊ သုတ္တံ ဝါ-ချည်ကိုလည်းကောင်း၊ သစေ ဒေတိ-အကယ်၍ ပေးအံ့၊ (ဇဝံ သတိ-သော်၊) ဒုက္ကဋ်-ဒုက္ကဋ်အာပတ်သင့်၏၊ [ဆွေမျိုးမတော်သူတို့အား ပေးခြင်းကြောင့် ဒုက္ကဋ်သင့်၏။ "**ဒုက္ကဋန္တိ** ဣဒံ အညာတကဂဟဋ္ဌေ သန္ဓာယ ဝုတ္တန္တိ ဝဒန္တိ။ (ဝိမတိ၊ ၂၊ ၂၃၆၊)] မနုဿာ-လူတို့သည်၊ ဥဒကဥ္စ-ရေကိုလည်းကောင်း၊ သုတ္တဥ္စ-ချည်ကိုလည်းကောင်း၊ ဂဟေတွာ-ယူ၍၊ (ထပေတွာ-ရှေ့၌ချထား၍၊ တချို့စာအုပ်၌မပါ)၊ နိသီဒိတွာ-ထိုင်၍၊ "ပရိတ္တံ-ကို၊ ဘဏထ-ရွတ်ပေးပါကုန်၊" ဣတိ-သို့၊ ဝဒန္တိ-လျှောက်ကုန်အံ့၊ (ပရိတ္တံ-ကို၊) ကာတဗ္ဗံ-၏၊ နော စေ ဇာနန္တိ-လျှောက်နည်းကို မသိကုန်အံ့၊ အာစိက္ခိတဗ္ဗံ-ပြောကြားပေးရာ၏၊ နိသိန္ဒာနံ-ထိုင်နေကုန်သော၊ ဘိက္ခူနံ-တို့၏၊ ပါဒေသု-ခြေတို့၌၊ ဥဒက်-ကို၊ အာကိရိတွာ (အာကိရန္တာ)-လောင်းကုန်လျက်လည်းကောင်း၊ သုတ္တံ-ကို၊ ဌပေတွာ (ထပေန္တာ) စ-ထားကုန်လျက် လည်းကောင်း၊ "ပရိတ္တံ-ကို၊ ကရောထ-ပြုတော်မူကြပါကုန်၊ ဘဏထ-ရွတ်တော်မူကြပါကုန်၊" **ဣတိ-ဤသို့ လျှောက်ထား၍၊ ဂစ္ဆန္တိ-သွားတတ်ကြကုန်၏၊** ပါဒါ-ခြေတို့ကို၊ နအပနေတဗ္ဗာ-မဖယ်ထိုက်ကုန်၊ (ကသ္မာ-အဘယ့်ကြောင့်၊ နအပနေတဗ္ဗာ-ကုန်သနည်း?) ဟိ ယသ္မာ-အကြင့်ကြောင့်၊ မနုဿာ-တို့သည်၊ ဝိပ္ပဋိသာရိနော-နှလုံးမသာမယာခြင်း ရှိကုန်သည်၊ ဟောန္တိ-ဖြစ်တတ်ကုန်၏၊ (တသ္မာ-ထို့ကြောင့်၊ ပါဒါ-တို့ကို၊ နအပနေတဗ္ဗာ-ကုန်၊)

["ခြေကို ရေဖြင့်လောင်းစဉ် ဖယ်လိုက်လျှင် ထိုပရိတ်ရေသည် မင်္ဂလာမရှိတော့၊ ရောဂါမပျောက်စေနိုင်တော့"ဟု အယူရှိသူတို့မှာ စိတ်မချမ်းမသာ ဖြစ်တတ်ကြသည်-ဟူလို။]

အန္တောဂါမေ-မြို့တွင်း ရွာတွင်း၌၊ ဂိလာနဿ-၏၊ အတ္ထာယ-အလို့ငှါ၊ "ပရိတ္တံ-ကို၊ ဘဏန္တု-ရွတ်တော်မူလှည့်ပါကုန်၊" ဣတိ-ဤသို့လျှောက်၍၊ ဝိဟာရံ-ကျောင်းသို့၊ ပေသေန္တိ-အပင့်လွှတ်ကုန်အံ့၊ ဘဏိတဗ္ဗံ-သွား၍ ရွတ်ရာ၏။ အန္တောဂါမေ-၌၊ ရာဇဂေဟာဒီသု-မင်းနန်းတော်အစရှိသော အရပ်တို့၌၊ ရောဂေ ဝါ-ရောဂါသည်သော်လည်းကောင်း၊ ဥပဒ္ဒဝေ ဝါ-ဘီလူး သားရဲစသော ဘေးဥပါဒ်သည်သော်လည်းကောင်း၊ ဥပ္ပန္ဒေ-ဖြစ်လတ်သော်၊ ပဣောသာပေတွာ-ပင့်ခေါ်စေ၍၊ ဘဏာပေန္တိ-ရွတ်စေကုန်အံ့၊ **အာဋာနာဋိယသုတ္တာဒီနိ** – အာဋာနာဋိယသုတ်အစရှိသည်တို့ကို၊ ဘဏိတဗ္ဗာနိ-ရွတ်ကုန်ရာ၏၊ "အာဂန္ဒာ-ကြွလာ၍၊ ဂိလာနဿ-အား၊ သိက္ခာပဒါနိ-သိက္ခာပုဒ်တို့ကို၊ ဒေန္တု-ပေးတော်မူလှည့်ပါကုန်၊ ဓမ္မံ-ကို၊ ကထေန္တု-ဟောတော်မူလှည့်ပါကုန်၊" "ရာဇန္တေပုရေ ဝါ-မင်းနန်းတော်၌သော်လည်းကောင်း၊ အမစ္စဂေဟေ ဝါ-အမတ်ကြီးအိမ်၌သော်လည်းကောင်း၊ အာဂန္ဒာ သိက္ခာပဒါနိ ဒေန္တု, ဓမ္မံ ကထေန္တု" ဣတိ-ဤသို့လျှောက်၍၊ ပေသိတေပိ- စေလွှတ်အပ်သော်လည်း၊ ဂန္ဒာ-

ကြွသွား၍၊ သိက္ခာပဒါနိ ဒါတဗ္ဗာနိ–သိက္ခာပုဒ်တို့ကို ပေးအပ်ကုန်၏၊ (သီလပေးအပ်ကုန်၏)၊ ဓမ္မော ကထေတဗ္ဗော–တရားဟော အပ်၏၊ မတာနံ–သေသူတို့၏၊ ပရိဝါရတ္ထံ–အခြံအရံအလို့ငှါ၊ "အာဂစ္ဆန္တု–ကြွလာတော်မူပါကုန်၊" ဣတိ–သို့၊ ပဣောသန္တိ–ပင့်ခေါ်ကုန်အံ့၊ နဂန္တဗ္ဗံ–မသွားရာ၊ ["အလောင်း၏ အခြံအရံလုပ်၍ မလိုက်ရ"၊] သီဝထိကဒဿနေ (သိဝထိကဒဿနေ)–သချိုင်းကို မြင်ရခြင်း၌လည်းကောင်း၊ အသုဘဒဿနေ စ–အသုဘကို ရှုမြင်ခြင်း၌လည်းကောင်း၊ "မရဏဿတိ–သေခြင်း၌ အောက်မေ့သောသတိကို၊ ပဋိလဘိဿာမိ–ရလိမ့်အံ့၊" ဣတိ–ဤသို့နှလုံးသွင်း၍၊ ကမ္မဋ္ဌာန သီသေန–ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်၊ ဂန္တုံ ဝဋ္ဌတိ–သွားနိုင်၏၊ သွားသင့်၏။

**[ထို့ကြောင့် ယခုခေတ်၌ "အသုဘရှုကြွတော်မူပါ" ဟု အပ်သောနည်းဖြင့် ပင့်လျှောက်ကြသည်၊ ထိုသို့ပင်လျှင် အလောင်းနှင့်အတူလည်း လိုက်ကောင်းစရာ ရှိပြန်သည်၊ "ပရိဝါရတ္ထာယ အာဂစ္ဆန္တု"တိ ဝုတ္တေပိ ဧဝံ သလ္လက္ခေတွာ (ဤသို့ မရဏသတိ ရလိမ့်မည်ဟု မှတ်သား၍) ဂန္တုံ ဝဋ္ဌတိ၊]** ဧဝံ–လျှင်၊ ပရိတ္တေ–၌၊ ပဋိပဇ္ဇိတဗ္ဗံ–ကျင့်ရာ၏။

(ပါရာဇိကဏ်ဘာသာဋီကာ၊ တ၊ ၃၇၉–၃၈၀။)]

ယဒိ "ပရိတ္တံ ကရောထာ"တိ ဝုတ္တေ ကရောန္တိ၊ ဘေသဇ္ဇကရဏံ ဝိယ ဂိဟိကမ္မံ ဝိယ ဟောတီတိ "နကာတဗ္ဗ"န္တိ ဝုတ္တံ။ "ပရိတ္တံ ဘဏထာ"တိ ဝုတ္တေ ပန ဓမ္မဇ္ဈေသနတ္တာ အနဇ္ဈိဋ္ဌေနပိ ဘဏိတဗ္ဗော ဓမ္မော၊ ပဂေဝ အဇ္ဈိဋ္ဌေနာပီတိ "ကာတဗ္ဗ"န္တိ ဝုတ္တံ။

**စာလေတွာ သုတ္တံ ပရိမဇ္ဇိတွာ**တိ ဣဒံ "ပရိတ္တာဏံ ဧတ္ထ ပဝေသေမီ"တိ စိတ္တေန ဧဝံ ကတေ ပရိတ္တာဏာ တတ္ထ ပဝေသိတာ နာမ ဟောတီတိ ဝုတ္တံ။

**ဝိဟာရတော ။ ပ ။ ဒုတ္ထဋ္ဌန္တိ** ဣဒံ အညာတကဂဟဋ္ဌေ သန္ဓာယ ဝုတ္တန္တိ ဝဒန္တိ။

**ပါဒေသု ဥဒက် အာကိရိတွာ**တိ ဣဒံ တသ္မိံ ဒေသေ စာရိတ္တဝသေန ဝုတ္တံ။ ဝုတ္တဉ္ဂိ "တတ္ထ ပါဋ္ဌိယာ နိသိန္ဓာနံ ဘိက္ခူနံ ပါဒေသု ရောဂဂူပသမနာဒိအတ္ထာယ ဥဒက် သိဉ္ဇိတွာ ပရိတ္တံ ကာတုံ သုတ္တဥ္ဇ ဌပေတွာ 'ပရိတ္တံ ဘဏထာ'တိ ဝတွာ ဂစ္ဆန္တိ။ ဝေဉ္ဂိ ကရိယမာနေ ယဒိ ပါဒေ အပနေန္တိ၊ မနုဿာ တံ အဝမင်္ဂလန္တိ မညန္တိ၊ ရောဂေါ ဝါ နဂူပသမိဿတီ"တိ။ တေနာဟ "နပါဒါ အပနေတဗ္ဗာ"တိ။ မတသရီရဒဿနေ ဝိယ ကေဝလံ သုသာနဒဿနေပိ "ဣဒံ ဇာတာနံ ခယဂမနဋ္ဌာန"န္တိ မရဏသညာ ဥပ္ပဇ္ဇတီတိ အာဟ "သီဝထိကဒဿနေ ။ ပ ။ 'မရဏဿတိ ပဋိလဘိဿာမာ'တိ ကမ္မဋ္ဌာနသိသေန ဂန္တုံ ဝဋ္ဌတီ"တိ။ လေသကပ္ပံ

အကတွာ သမုပ္ပန္နသုဒ္ဓစိတ္တေန "ပရိဝါရတ္ထာယ အာဂစ္ဆန္တူ"တိ ဝုတ္တေပိ ဂန္တုံ ဝဋ္ဌတိ။ (ဝိမတိ၊ ၁၊ ၂၃၆–၂၃၇။)

"ပရိတ္တံ ကရောထာ"တိ–ဟူ၍၊ ဝုတ္တေ–ဆိုအပ်သည်ရှိသော်၊ ယဒိ ကရောန္တိ–အကယ်၍ ပရိတ်ရွတ်ကုန်အံ့၊ ဘေသဇ္ဇကရဏံ ဝိယ–ဆေးကုသကဲ့သို့လည်းကောင်း၊ ဂိဟိကမ္မံ ဝိယ စ–လူတို့ အမှုကို ပြုသကဲ့သို့လည်းကောင်း၊ ဟောတိ–၏၊ ဣတိ–ကြောင့်၊ "နကာတဗ္ဗ"နွှိ–ဟူ၍၊ ဝုတ္တံ–၏။ "ပရိတ္တံ ဘဏထာ"တိ–ဟူ၍၊ ဝုတ္တေ ပန–ဆိုအပ်သော်ကား၊ ဓမ္မဇ္ဈေသနတ္တာ–တရားကို တိုက်တွန်းသည်၏ အဖြစ်ကြောင့်၊ အနိဇ္ဈိဋ္ဌေနပိ–မတိုက်တွန်းပဲလည်း၊ ဓမ္မော–ပရိတ်တရားကို၊ ဘဏိတဗ္ဗော–ရွတ်အပ်ဟောအပ်၏၊ အဇ္ဈိဋ္ဌေန–တိုက်တွန်းအပ်သော ရဟန်းသည်၊ ပဂေဝ–အဘယ် ဆိုဖွယ်ရှိအံ့နည်း? ဣတိ–ကြောင့်၊ "ကာတဗ္ဗ"နွှိ–ဟူ၍၊ ဝုတ္တံ–၏။

**"စာလေတွာ သုတ္တံ ပရိမဇ္ဇိတွာ"**တိ ဣဒံ–ဟူသော ဤစကားကို၊ "ပရိတ္တာဏံ–ပရိတ်၏ အာဏာကို၊ ဘွေ–ဤပရိတ်ချည် ပရိတ်ရေသို့၊ ပဝေသေမီ"တိ–သွင်းအံ့ဟူ၍၊ စိတ္တေန–အကြံဖြင့်၊ ဝေံ–သို့၊ ကတေ–ပြုအပ်သော်၊ ပရိတ္တာဏာ–ပရိတ်၏အာဏာကို၊ တတ္ထ–ထိုရေ, ချည်သို့၊ ပဝေသိတာ နာမ–သွင်းသည်မည်သည်၊ ဟောတိ–၏၊ ဣတိ–ဤသို့သော အကြောင်းကြောင့်၊ ဝုတ္တံ–၏။

**"ဝိဟာရတော ။ ပ ။ ဒုက္ကဋ"**နွှိ ဣဒံ–ဟူသော ဤစကားကို၊ အညာတက ဂဟဋ္ဌေ–အမျိုးမတော်သော ဒကာတို့ကို၊ သန္ဓာယ–ရည်ရွယ်၍၊ ဝုတ္တံ–၏၊ ဣတိ–သို့၊ ဝဒနွှိ–ပြောဆိုကုန်၏။

**ပါဒေသု ဥဒကံ အာကိရိတွာ"**တိ ဣဒံ–ကို၊ တသ္မိံ ဒေသေ–ထိုအရပ်၌၊ စာရိတ္တဝသေန–အလေ့အကျင့်၏အစွမ်းဖြင့်၊ ဝုတ္တံ–၏၊ ဟိ–သင့်စွ၊ "တတ္ထ–ထိုအရပ်၌၊ ပါဋ္ဌိယာ–အစဉ်သဖြင့်၊ နိသိန္ဒာနံ–ထိုင်နေကြကုန်သော၊ ဘိက္ခူနံ–တို့၏၊ ပါဒေသု–ခြေတို့၌၊ ရောဂါဂူပသမနာဒိအတ္ထာယ–အနာရောဂါငြိမ်းခြင်း အစရှိသော အလို့ငှါ၊ ဥဒကံ–ရေကို၊ သိဉ္စိတွာ–လောင်း၍၊ ပရိတ္တံ–ပရိတ်ကို၊ ကာတုံ–ပြုခြင်းငှါ၊ သုတ္တဥ္ဇ–ချည်ကိုလည်း၊ ဌပေတွာ–ထား၍၊ ဂစ္ဆန္တိ–သွားကုန်၏၊ ဟိ–သင့်စွ၊ ဝေံ–သို့၊ ကရိယမာနေ–ပြုအပ်သည်ရှိသော်၊ ပါဒေ–ခြေတို့ကို၊ ယဒိ အပနေန္တိ–အကယ်၍ ဖယ်ကုန်အံ့၊ မနုဿာ–လူတို့သည်၊ တံ–ထိုခြေကိုဖယ်ခြင်းကို၊ အဝမင်္ဂလန္တိ–မင်္ဂလာမရှိဟူ၍၊ မညန္တိ–မှတ်ထင်ကုန်၏၊ ရောဂေါ–အနာရောဂါသည်၊ နဂူပသမိဿတိ–မငြိမ်းလတ္တံ့၊" ဣတိ ဝါ–ဤသို့မူလည်း၊ မညန္တိ–အောက်မေ့ကုန်၏၊ တေန–ကြောင့်၊ " နပါဒါ အပနေတဗ္ဗာ"တိ–ဟူ၍၊ အာဟ–၏။

မတသရီရဒဿနေ ဝိယ–သူသေကောင်ကို ရှုသကဲ့သို့၊ ကေဝလံ–သက်သက်၊ သုသာန ဒဿနေပိ–သုသာန်ကို ရှုခြင်း၌လည်း၊ "ဣဒံ–ဤသုသာန်သည်၊ ဇာတာနံ–ဖြစ်ကုန်သော၊ သတ္တာနံ–

သတ္တဝါတို့၏၊ ခယဂမနဋ္ဌာနံ-ကုန်ခြင်းသို့ရောက်ရာ အရပ်တည်း၊" ဣတိ-သို့၊ မရဏာသညာ-မရဏာသညာသည်၊ ဥပပဒတိ-ဖြစ်၏၊ ဣတိ-ကြောင့်၊ "သီဝထိကဒဿနေ ။ ပ ။ 'မရဏာသတိ' လဘိဿာမာ'တိ ကမ္မဋ္ဌာနသိသေန ဂန္တုံ ဝဋ္ဋတိ"တိ-ဟူ၍၊ အာဟ-၏။ လေသကပ်ံ- အမြွက်ထောင်ခြင်းအသွင်ကို၊ အကတွာ-မပြုပဲ၊ သမုပ္ပန္နသဒ္ဒစိတ္တေန-ကောင်းစွာဖြစ်သော သဒ္ဒစိတ်ဖြင့်၊ "ပရိဝါရတ္ထာယ အာဂန္တွာန္တိ"တိ-ဟူ၍၊ ဝုတ္တေပိ-ဆိုသော်လည်း၊ ဂန္တုံ-သွားခြင်းငှါ၊ ဝဋ္ဋတိ-၏။ (ဝိမတိဝိနောဒနီဋီကာနိဿယ၊ ပထမတွဲ၊ တတိယပါရာဇိက ဝိနိတဝဏ္ဏုဝဏ္ဏနာ၊ ၅၁၃-၅၁၄။)

ထို့ပြင် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဗြာဟ္မဏဝဂ် သုဘသုတ်အဖွင့် (၃၀၅)၌လည်း ရဟန်းတို့နှင့် လူဝတ်ကြောင်တို့၏ဘာသာရေး ကျင့်သုံးမှု ထူးခြားပုံကို ပြဆိုရာတွင် **"ဂဟဋ္ဌော ရတနသုတ္တံ မဂိလသုတ္တမတ္တမ္မိ ပေါတ္ထကေ လိခိတွာ ဌပေတိ၊ ပဗ္ဗဇိတာ နိစ္စံ သဇ္ဈာယန္တိ=** လူဒါယကာသည် ရတနသုတ်, မင်္ဂလသုတ်မျှကိုသော်လည်း (အလွတ်ရအောင် မကျက်ဘဲ) ပေ၌သာ ရေး၍ထားသည်၊ ရဟန်းတို့သည်ကား ယင်းသုတ်တို့ကို အမြဲ ရွတ်အံ့ သရဇ္ဈာယ်ကြသည်"ဟု ပြဆိုထားပါသည်။

သာသနာနှစ် ၉၁၂-ခုတွင် သီဟိုဠ်ကျွန်း၌ နန်းတက်သော ဒုတိယ ဥပတိဿမင်းလက်ထက်၌ ဘုရားရှင်လက်ထက်တော်က ဝေဿာလီပြည်၌ ဖြစ်သကဲ့သို့ ဒုဇ္ဘိက္ခဘေး, ရောဂါဘေးတို့ ဖြစ်ပေါ်လေရာ ရဟန်းတော်တို့ ညဉ့်သုံးယာမ်ပတ်လုံး ရတနသုတ် ပရိတ်တော်ကိုရွတ်သဖြင့် ထိုဘေးမှ ပယောက်ခဲ့ဘူးလေသည်။ (စူဠဝံသ၊ ၃၇ ပရိစ္ဆေဒ၊ ၁၁၉-၁၉၈ ဂါထာများ။)

သာလွန်မင်းလက်ထက် တောင်ဖိလာဆရာတော်ဘုရားကြီး၏ ရွေးအစဉ်အလာ ပရိတ်ရွတ်ထုံးမှာ-

## ရွေးထုံးစဉ်လာ ရွတ်ထုံးမှာ

(၁) **မင်္ဂလာပွဲနှင့် ပတ်သက်သော အခမ်းအနားမျိုး—**

မင်္ဂလသုတ်, မေတ္တာသုတ်, ပုဗ္ဗဏှသုတ်တို့ကို ရွတ်ပါ။

**မင်္ဂလာပွဲ---လောကိမင်္ဂလာ ၁၂-ပါး[၃]။**

---

[၃] (၁) ဝိဇာတမင်္ဂလာ-မွေးနေ့မင်္ဂလာ၊ (၂) မုခဒဿန မင်္ဂလာ-ဖွားပြီးနောက် ၃-ရက်မြောက်နေ့၌ ရတနာသုံးပါး ဘိုးဘွားတို့အား ရှိခိုးပူဇော်စေခြင်း မင်္ဂလာ၊ (၃) ကေသဋ္ဌေဒန မင်္ဂလာ-ဖွားပြီးသည်နောက် ၇-ရက်မြောက်နေ့၌ ဆံရိတ်ခြင်းမင်္ဂလာ၊ (၄) ဒေါလာရုဟန, ဒေါလာကရဏ မင်္ဂလာ-ကောင်းမြတ်သောနေ့ရက်၌ ပုခက်တင်ခြင်း မင်္ဂလာ၊ (၅) တမ္မုလ ပတ္တ မင်္ဂလာ-ဖွားပြီးနောက် ၇၅-ရက်မြောက်၌ ကွမ်းဥးခွန့်ခြင်း မင်္ဂလာ၊ (၆) ရဝိန္ဓ္ဒ ဒဿန မင်္ဂလာ-ဖွားပြီးနောက် ၃-လမြောက်နေ့၌ နေ, လတို့ကို ပြသခြင်း မင်္ဂလာ၊ (၇) နာမကရဏ မင်္ဂလာ-ဖွားပြီးနောက် ရက်ပေါင်း ၁၀၀-မြောက်၌ အမည်မှည့်ခြင်း မင်္ဂလာ၊ (၈) ပဌမဘတ္တ မင်္ဂလာ-ဖွားပြီးနောက် ၆-လမြောက်၌ ထမင်းဥးခွန့်ခြင်း မင်္ဂလာ၊ (၉) ကေသဝန္ဓန မင်္ဂလာ-သင့်တင့်လျောက်ပတ် ချိန်ရွယ်ရောက်လတ်သောအခါ ဆံထုံး

(၂) **အိမ်တက်မင်္ဂလာ ပြုသောအခါ၌–**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, မောရသုတ်,
ဝဋ္ဋသုတ်တို့.ကို ရွတ်ပါ။

(၃) **အိမ်သို့ ပင့်၍ သင်္ဃါဆွမ်းကျွေးသောအခါ၌–**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, အာဠာနာဋိယသုတ်,
ပုဗ္ဗဏှသုတ်, ရာဟုလသုတ်တို့.ကို ရွတ်ပါ။

(၄) **ရင်းသွား အရွေအပြောင်းနှင့် ပတ်သက်၍ ဆွမ်းကျွေးသောအခါ၌–**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, ဓဇဂ်သုတ်,
ပုဗ္ဗဏှသုတ်တို့.ကို ရွတ်ပါ။

(၅) **လယ်ယာထွန်ချခြင်း, ကောက်ဦးကောက်သစ်ပေါ်ခြင်း, မြို ဥယျာဉ်နေခြင်း,
တောင်ယာအတွင်း၌နေခြင်းတို့.နှင့် ပတ်သက်၍ ဆွမ်းကျွေးသောအခါတို့.၌–**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, ခန္ဓသုတ်,
အာဠာနာဋိယသုတ်, ရာဟုလသုတ်တို့.ကို ရွတ်ပါ။

**မှတ်ချက်။ ။ ကောက်ဦးပေါ်ရာအခါ၌ "ဝဋ္ဋသုတ်"ကိုလည်း ထည့်ရွတ်ပါ။**

(၆) **မကျန်းမမာ၍ ကျန်းမာရေးအတွက် ဆွမ်းကျွေးသောအခါ၌**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, အာဠာနာဋိယသုတ်,
ဇောဇ္ဈင်သုတ်, ပုဗ္ဗဏှသုတ်, ရာဟုလသုတ်တို့.ကို ရွတ်ပါ။

(၇) **ကိုယ်ဝန်ဆောင်နှင့်ပတ်သက်၍ ဆွမ်းကျွေးသောအခါ၌–**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, မောရသုတ်,
အင်္ဂုလိမာလသုတ်, အာဠာနာဋိယသုတ်တို့.ကို ရွတ်ပါ။

(၈) **မြို ရွာ ဘေးအန္တရာယ် ကင်းငြိမ်းရန် ဂေါဒေါလီအချိန် (နွားရိုင်းသွင်းချိန်)၌–**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, ရတနသုတ်,

---

ဥသျှောင်ထုံးဖွဲ့ခြင်း မင်္ဂလာ၊ (၁၀) ကဏ္ဏဆွဲဆင် မင်္ဂလာ-သင့်တင့်လျောက်ပတ် အချိန်အခွယ် ရောက်လတ်သောအခါ နားထွင်းခြင်း
မင်္ဂလာ၊ (၁၁) သာသနာနှင့်ဂဟ မင်္ဂလာ (ပဗ္ဗဇွ မင်္ဂလာ)-သင့်တင့်လျောက်ပတ် အချိန်အခွယ် ကျရောက်သောအခါ
သာသနာတော်တွင်းသို့ သွတ်သွင်းချိုးမြှင့်ခြင်း မင်္ဂလာ၊ (၁၂) အာဝါဟ ဝိဝါဟ မင်္ဂလာ- သင့်တင့်လျောက်ပတ် အချိန်အခွယ်
ကျရောက်သောအခါ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားရခြင်း မင်္ဂလာ။ (သုတေသနသရုပ်ပြ အဘိဓာန်၊ ၅၃၉-၅၄၀။)

အာဠာနာဠိယသုတ်တို့.ကို ရွတ်ပါ။

(၉) **ရှေးဆရာတော်ကြီးတို့ အလေးကရုပြုတော်မူကြပုံမှာ----**

(က) ရဟန်းတော်တို့ ဆွမ်းခံဝင်ခါနီးတွင် ဆွမ်းခံရွာကို အာရုံပြု၍ မေတ္တာသုတ်ကို ရွတ်တော်မူကြပြီးမှ ဆွမ်းခံဝင်ကြသည်။

(ခ) လူများ၏အိမ်ရာဝင်, အိပ်ရာထတို့.၌ မေတ္တာသုတ်ကို အမြဲရွတ်ကြရမည်။

(ဂ) ကဆုန်ညောင်ရေသွန်းပွဲ၌ မင်္ဂလသုတ်, မေတ္တာသုတ်, ပုဗ္ဗဏှသုတ်တို့.ကို ရွတ်ကြရမည်။

(ဃ) ဝါဆိုလပြည့်အခါ၌ သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, ဓမ္မစက္ကပ္ပဝတ္တနသုတ်, အနတ္တလက္ခဏသုတ်တို့.ကို ရွတ်ကြရမည်။

(၁၀) **မတကဘတ္တဒါန အသုဘဆွမ်းကျွေးလျှင်–**

သမန္တာ အစ, ရာဇတော ဝါ အဆုံးနှင့် မေတ္တာသုတ်, အဘိဏှသုတ်တို့.ကို ရွတ်ကြရမည်။

**မှတ်ချက်။** ။ ယိုးဒယား, ကမ္ဘောဒီးယား, လာအိုစသော နိုင်ငံများ၌ကား "တိရောကုဋ္ဌ သုတ်လာ အချို့ဂါထာများ"ကို ရွတ်လေ့ရှိကြသည်။

(၁၂) **မိုးခေါင်သောအခါ၌–**

ငါးရံ့မင်းပရိတ်ခေါ် မစ္ဆရာဇသုတ် (၃-ကြိမ်), မေတ္တာသုတ်, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်း, အာဠာနာဠိယသုတ်တို့.ကို ရွတ်တော်မူကြသည်။

ဤပရိတ်ရွတ်ထုံးအစီအစဉ်သည် **"သာလွန်မင်းလက်ထက် တောင်ဗီလာဆရာတော်ဘုရားကြီး၏ နိဿယည်း"** ဖြစ်ကြောင်းကို တောင်ငူမြို့ မြတ်စောညီနောင် ရန်ကုန်ကျောင်း 'ပရိဝါသ်ပွဲ ဝတ်ရွတ်စဉ် (၄၂-၄၅)'၌ ပါရှိသည်။

## မှတ်ဖွယ်ရှေးဓါ ရွတ်ထုံးမှာ

## အင်္ဂါလေးထွေ ရွတ်သူတွေ

ပရိတ်သည် အမျိုးမျိုးသော ဘေးအန္တရာယ်တို့.ကို ကာကွယ်တားဆီးနိုင်သည် ဆိုသော်လည်း ပရိတ်ရွတ်ဖတ်နာယူ နည်းမကျပါက အကျိုးရမည်မဟုတ်ချေ။ ဆေးဝါးဟူသည် ရောဂါကို ပယ်ဖျောက်ရန် စိမံထားသောပစ္စည်းဖြစ်၍ ဆိုင်ရာအနာရောဂါကို ပျောက်စေနိုင်သည် မှန်သော်လည်း အညွှန်းအတိုင်းမလိုက်နာဘဲ သုံးစွဲလျှင်ကား ဆေးအကျိုးကို ခံစားရမည်မဟုတ်ပေ။ ထို့အတူပင် ပရိတ်တော်တို့မှာ ရွတ်ဖတ်နာယူသူတို့.၏ ဘေးရန်ကင်းကွာရေးအတွက် ဟောထားသော တရားတော်များဖြစ်သော်လည်း ရွတ်ဖတ်နာယူရာ၌ ဆိုင်ရာညွှန်ကြားချက် နည်းလမ်းတို့.ကို မလိုက်နာလျှင်ကား လိုအပ်သော အကျိုးကို ရနိုင်လိမ့်မည် မဟုတ်ပေ။

ထိုညွှန်ကြားချက် နည်းလမ်းများကား ပရိတ်ရွတ်သူတို့. ပြည့်စုံရမည့် အင်္ဂါ ၄-ပါးနှင့် ပရိတ်နာသူတို့. ပြည့်စုံရမည့် အင်္ဂါ ၃ (၄)ပါးတို့.ပင် ဖြစ်လေသည်။

ဒီဃနိကာယ် ပါထိကဝဂ္ဂ အဋ္ဌကထာ အာဠာနာဋိယသုတ် ပရိတ္တပရိကမ္မကထာ၌လာသော **ပရိတ်ရွတ်သူ၏အင်္ဂါ ၄-ပါးမှာ–**

၁။ ပရိတ်ပါဠိတော်၏ပုဒ် ပါဠ် အက္ခရာတို့.ကို ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း။

၂။ ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို မှန်ကန်စွာ သိခြင်း။

၃။ လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်သော စိတ်မရှိခြင်း။

၄။ သံသရာမှ လွတ်မြောက်ကြောင်းအဖို.၌တည်၍ မေတ္တာတရား ရှေ့သွားပြုကာ ပရိတ်တော်များကို ရွတ်ဆိုရခြင်း။

**ဆောင်ပုဒ်။ ။ အက္ခရာပုဒ်ပါဠ်၊ မှန်ကန်လတ်၊ ရွတ်အပ် တစ်အင်္ဂါ။**
**အနက်ဓိပ္ပါယ်၊ တိကျကွယ်၊ သိတယ် တစ်အင်္ဂါ။**
**လာဘ်ပူဇော်တွက်၊ မငဲ့ကွက်၊ ထည့်စွက် တစ်အင်္ဂါ။**
**မေတ္တာတရား။ ရှေ့ပြုထား။ မှတ်သား၊ တစ်အင်္ဂါ။**
**အင်္ဂါလေးပါး၊ ပြည့်စုံငြား၊ ရွတ်ပါး သူ့ဝန်တာ။**

**သုဂ္ဂဟီတာ**တိ အတ္ထဉ္စ ဗျဉ္ဇနဉ္စ ပရိသောဓေတွာ သုဋ္ဌု ဥဂ္ဂဟိတာ။ **သမတ္တာ ပရိယာပုတာ**တိ ပဒဗျဉ္ဇနာနိ အဟာပေတွာ ပရိပုဏ္ဏံ ဥဂ္ဂဟိတာ။ အတ္ထမိဒံ ပါဠိမိဒံ

ဝိသံဝါဒေတွာ သဗ္ဗသော ဝါ ပန အပ္ပဂုဏ် ကတွာ ဘဏန္တသ ဟိ ပရိတ္တံ တေဇဝန္တံ န ဟောတိ၊ သဗ္ဗသော ပဂုဏ် ကတွာ ဘဏန္တသော တေဇဝန္တံ ဟောတိ။ လာဘဟေတု ဥဂ္ဂဟေတွာ ဘဏန္တသာပိ အတ္ထံ န သာဓေတိ၊ နိသရဏာပက္ခေ ဌတွာ မေတ္တံ ပုရေစာရိကံ ကတွာ ဘဏန္တသော အတ္ထာယ ဟောတိတိ ဒသော်တိ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၉–၁၅၀။)

အတ္ထံ ပိ ပါဠိံ ပိ ဝိသံဝါဒေတွာ, သဗ္ဗသော ဝါ ပန အပ္ပဂုဏ် ကတွာ ဘဏန္တသ ဟိ ပရိတ္တံ တေဇဝန္တံ န ဟောတိ၊ သဗ္ဗသော ပဂုဏ် ကတွာ ဘဏန္တသော တေဇဝန္တံ ဟောတိ၊ လာဘဟေတု ဥဂ္ဂဟေတွာ ဘဏန္တသာပိ အတ္ထံ န သာဓေတိ၊ နိသရဏာပက္ခေ ဌတွာ မေတ္တံ ပုရေစာရိကံ ကတွာ ဘဏန္တသော အတ္ထံ ဟောတိတိ အဋ္ဌကထာယံ[၉၃] အာဂတတ္တာ ပရိတ္တပါဠိံ အဝိသံဝါဒေတွာ ပဂုဏာကရဏံ, တ'ဒတ္ထဇာနနံ, မေတ္တာ'ဒိ–ပရိသုဒ္ဓ–စိတ္တဋ္ဌပနံ, လာဘာဒိ–နိရာပေက္ခ–ကရဏန္တိ ပရိတ္တဘာဏကသ စတ္တာရိ အင်္ဂါနိ ဝေဒိတဗ္ဗာနိ၊ ဇတ္ထ ဟိ 'အင်္ဂါနိ'တိ ပရိတ္တသ တေဇပ္ပတ္တိကာရဏာင်္ဂါနိတိ ဒဋ္ဌဗ္ဗံ။

တတ္ထ **ပါဠိံ အဝိသံဝါဒေတွာ**တိ ပရိတ္တပါဠိယာ အက္ခရ–ပဒ–ဝါကျာနံ အဝိပတ္တိကရဏံ, အက္ခရ–ပဒ–ဝါကျာနံ ပရိသောဓန'န္တျတ္ထော၊ တထာ ကတွာ ပရိတ္တ–ပါဠိမုခါဂူဠော ကာတဗ္ဗော၊ ဇဝဋ္ဋိ ကရောန္တသ ပရိတ္တံ တေဇဝန္တံ ဟောတိ။ **တ'ဒတ္ထ–ဇာနနံ**'နှိ ပရိတ္တ–ပါဠိယာ အတ္ထာဇာနနံ၊ အတ္ထဋ္ဌိ အဇာနန္တော အက္ခရ–ပဒ–ဝါကျာနိ ဟာပေတိ၊ တေန ပရိတ္တံ တေဇဝန္တံ န ဟောတိ။ **မေတ္တာဒီ**တိ ပရိတ္တကထာပေန္တာနံ မင်္ဂလာ'ဒျတ္ထသိဒ္ဓိ ပတ္ထေန္တာနံ ရောဂိကာနံ စ ဥပရိ မေတ္တာ–ကရုဏာယနံ၊ တံ စ သုပရိသုဒ္ဓံ ယေဝ စိတ္တံ ဌပနိယံ, န လာဘာဒျာပေက္ခဏံ၊ တထာ ဟိ ဝုတ္တံ '**န လာဘာဒိ–နိရာပေက္ခ ကရဏန္တိ**၊ လာဘာဒိနံ ဟိ အပေက္ခန္တသ ပရိတ္တံ ယထိစ္ဆိတတ္ထံ န သာဓေတိ၊ တေန လာဘာဒိဟေတု ဥဂ္ဂဟေတွာ ဘဏန္တသ ပိ အတ္ထံ န သာဓေတိတိ သိဒ္ဓံ၊ ဝေံ ပရိတ္တဘာဏကေန ယထာ– ဝုတ္တ–စတုရင်္ဂကေန ဟုတွာ ပရိတ္တံ ဘဏိတဗ္ဗံ။ (ပရိတ္တသင်္ဂဟ ခေါ် ပရိတ်တော်ကြီး ပါဠိ နိသယ၊ ဝိညာပနံ၊ စာမျက်နှာ ၎–၏)

---

[၉၃] ဒီ၊ ဋ္ဌ၊ ၃၊ ၁၅၀။

မေတ္တာစိတ္တ ပုရက္ခာရော၊ ဗျဉ္ဇန'ဏ္ဍဝိသောဓကော။
ပရိတ္တာပါဠိ ပါဂုညော၊ ပရိတ္တံ တျဂိကော ဘဏော။

**သုဂ္ဂဟီတာ**တိ-ကား။ အတ္ထဥ္စ-ပရိတ်ပါဠိတော်၏အနက်ကိုလည်းကောင်း၊ ဗျဉ္ဇနဥ္စ-ပဒ် ပါဠ် အက္ခရာကိုလည်းကောင်း၊ ပရိသောဓေတွာ-သုတ်သင်၍၊ သုဌု-ကောင်းစွာ၊ ဥဂ္ဂဟိတာ-သင်ယူအပ်၏။ **သမတ္တာ ပရိယာပုတာ**တိ-ကား၊ ပဒဗျဉ္ဇနာနိ-ပဒ် ပါဠ် အက္ခရာတို့ကို၊ အဟာပေတွာ-မယုတ်စေမူ၍၊ ပရိပုဏ္ဏံ-အပြည့်အစုံ၊ ဥဂ္ဂဟိတာ-၏၊ အတ္ထမိ-အနက်ကိုသော်လည်းကောင်း၊ ပါဠိမိ-ပါဠိကိုသော်လည်းကောင်း၊ ဝိသံဝါဒေတွာ-ချွတ်ယွင်းစေ၍ဖြစ်စေ၊ ဝါ ပန-သို့မဟုတ်၊ အပဂုဏံ ကတွာ-အလေ့အလာမပြု၍ဖြစ်စေ၊ ဘဏန္တသ-ရွတ်သောပုဂ္ဂိုလ်၏၊ ပရိတ္တံ-ပရိတ်သည်၊ ဟိ ယသ္မာ-ကြောင့်၊ တေဇဝန္တံ-တန်ခိုးရှိသည် န ဟောတိ-မဖြစ်၊ (တသ္မာ-ကြောင့်၊) သဇ္ဈသော-အချင်းခပ်သိမ်း၊ ပဂုဏံ ကတွာ-အလေ့ အလာ ပြု၍၊ ဘဏန္တသ္သေဝ-ရွတ်ဆိုသောပုဂ္ဂိုလ်၏သာလျှင်၊ (ပရိတ္တံ-သည်၊) တေဇဝန္တံ-သည်၊ ဟောတိ-၏။ လာဘဟေတု-လာဘ်ဟူသော အကြောင်းကြောင့်၊ ဥဂ္ဂဟေတွာ-ပရိတ်ကို သင်ယူ၍၊ ဘဏန္တသာပိ-ရွတ်ဆိုသောပုဂ္ဂိုလ်၏လည်း၊ (ပရိတ္တံ-သည်၊) အတ္ထံ-လိုအပ်သောအကျိုးကို၊ န သာဓေတိ-မပြီးစေနိုင်။ နိဿရဏပက္ခေ-သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာအဖို့၌၊ ဌတွာ-တည်၍၊ မေတ္တံ-မေတ္တာကို၊ ပုရေစာရိကံ ကတွာ-ရှေ့သွားပြု၍၊ ဘဏန္တသ္သေဝ-၏သာလျှင်၊ အတ္ထာယ-အကျိုးငှါ၊ ဟောတိ-၏၊ ဣတိ-သို့၊ ဒသ္သေတိ-ပြ၏။ (ပါထိကဝဂ္ဂအဋ္ဌကထာအနက်။)

ဣတိ-ဤသို့၊ အဋ္ဌကထာယံ-အဋ္ဌကထာ၌၊ အာဂတတ္တာ-လာသည်၏အဖြစ်ကြောင့်၊ ပရိတ္တပါဠိ-ပရိတ်ပါဠိကို၊ အဝိသံဝါဒေတွာ-မချွတ်ယွင်းစေမူ၍၊ ပဂုဏကရဏံ-အလေ့အလာပြုခြင်းလည်းကောင်း၊ တ'ဒတ္ထဇာနနံ-ထိုပရိတ်ပါဠိတော်၏အနက်ကို သိခြင်းလည်းကောင်း၊ မေတ္တာ'ဒိပရိသုဒ္ဓစိတ္တဋ္ဌပနံ-မေတ္တာ အစရှိသော ဖြူစင်သောစိတ်ထားခြင်းလည်းကောင်း၊ လာဘာ'ဒိ နိရာ-ပေက္ခကရဏံ- လာဘ်အစရှိသည်၌ ငဲ့ကွက်မှုမရှိခြင်းလည်းကောင်း၊ ဣတိ-သို့၊ ပရိတ္တဘဏကသ-ပရိတ်ရွတ်သောပုဂ္ဂိုလ်၏၊ စတ္တာရိ-လေးပါးကုန်သော၊ အင်္ဂါနိ-အင်္ဂါတို့ကို၊ ဝေဒိတဗ္ဗာနိ-သိအပ်ကုန်၏။ ဟိ-ချဲ့ဦးအံ့၊ ဏ္ဍေ-ဤအရာ၌၊ **အင်္ဂါနိ**တိ-ကား၊ ပရိတ္တသ-ပရိတ်၏၊ တေဇုပ္ပတ္တိကာ-ရဏာဂီနိ-စွမ်းရည်တန်ခိုးဖြစ်ကြောင်းအင်္ဂါတို့တည်း၊ ဣတိ-သို့၊ ဒဋ္ဌဗ္ဗံ-မှတ်ထိုက်၏။

တတ္ထ-ထိုဆိုခဲ့သော စကားရပ်၌၊ **ပါဠိ အဝိသံဝါဒေတွာ**တိ-ကား၊ ပရိတ္တပါဠိယာ-ပရိတ်ပါဠိ၏၊ အက္ခရ ပဒ ဝါကျာနံ-အက္ခရာ ပဒ် ဝါကျတို့၏၊ အဝိပတ္တိကရဏံ-မပျက်စီး မချွတ်ယွင်းခြင်းကိုပြုခြင်း၊

အကွရ ပဒ ဝါကျာနံ-တို့ကို၊ ပရိသောဓနံ-သုတ်သင်ခြင်း စင်ကြယ်စေခြင်းတည်း၊ ကွတိ-ဤကား၊ အတ္ထော-အနက်တည်း။ တထာ ကတွာ-ထိုသို့ သုတ်သင် စင်ကြယ်စေခြင်းကိုပြု၍၊ ပရိတ္တပါဠိ မုခါဂုဠာ-ပရိတ်ပါဠိကို နှုတ်တက်အောင်၊ ကာတဗ္ဗာ-ပြုရာ၏၊ ဟိ-မှန်၏၊ ဧဝံ ကရောန္တသ-ဤသို့ နှုတ်တက်အောင် ပြုသော ပဂ္ဂိုလ်၏၊ ပရိတ္တံ-သည်၊ တေဇဝန္တံ ဟောတိ-တန်ခိုးစွမ်းရည်ရှိ၏။ **တ'ဒဏ္ဍ ဇာနနတ္ထံ**-ကား၊ ပရိတ္တပါဠိယာ-၏၊ အတ္ထာဝဗောနနံ-အနက်ကို သိရခြင်းတည်း၊ ဟိ-ချဲ့ဦးအံ့၊ အတ္ထံ-အနက်ကို၊ အဇာနန္တော-မသိသောပုဂ္ဂိုလ်သည်၊ အကွရ ပဒ ဝါကျာနိ-အက္ခရာ ပဒ် ဝါကျတို့ကို၊ ဟာပေတိ-ယုတ်စေ၏၊ တေန-ထို့ကြောင့်၊ ပရိတ္တံ-သည်၊ တေဇဝန္တံ-သည်၊ န ဟောတိ-မဖြစ်။ **မေတ္တာဒီ**တိ-ကား၊ မဂ်လာဒျတ္ထသိဒ္ဓိ ပတ္ထေန္တောနံ-မင်္ဂလာစသောကောင်းကျိုးပြီးခြင်းကို တောင့်တကြကုန်သော၊ ပရိတ္တ ကထာပေန္တောနံ-ပရိတ်ရွတ်စေကုန်သောသူတို့၏လည်းကောင်း၊ ဝါ-ပရိတ်ရွတ်ရန် တောင်းပန်ကုန်သော သူတို့၏လည်းကောင်း၊ ရောဂိကာနံ စ-မကျန်းမမာသူတို့၏လည်းကောင်း၊ ဝါ-အနာရောဂါသည်တို့၏လည်းကောင်း၊ ဥပရိ-အပေါ်၌၊ မေတ္တာ ကရုဏာယနံ-မေတ္တာ ကရုဏာဖြစ်ခြင်းတည်း။ တံ စ-ကိုလည်း၊ သုပရိသုဒ္ဓံ ယေဝ-အလွန်စင်ကြယ်သည်သာဖြစ်သော၊ စိတ္တံ-ကို၊ ဌပနိယံ-ထားအပ်ထားရာ၏၊ လာဘာဒျပေက္ခဏံ-လာဘ်စသည်၌ ငဲ့ကွက်သောစိတ်မျိုးကို၊ နဌပနိယံ-မထားအပ် မထားသင့် မထားရာ၊ တထာ ဟိ တတော ဧဝ-ထို့ကြောင့်သာလျှင်၊ **နလာဘာဒိ နိရာပေက္ခကရဏာနံ**-ဟူ၍၊ ဝုတ္တံ-၏။ ဟိ-မှန်၏၊ လာဘာဒိနံ-လာဘ်အစရှိသည်တို့ကို၊ အပေက္ခန္တသ-ငဲ့ကွက်သောပုဂ္ဂိုလ်၏၊ ပရိတ္တံ-ရွတ်ဆိုသော ပရိတ်သည်၊ ယထိစ္ဆိတတ္ထံ-အလိုရှိအပ်သောအကျိုးကို၊ န သာဓေတိ-မပြီးစေနိုင်၊ တေန-ကြောင့်၊ လာဘာဒိဟေတု-လာဘ်အစရှိသော အကြောင်းကြောင့်၊ ဥဂ္ဂဟေတွာ-သင်ယူ၍၊ ဘဏန္တသပိ-ရွတ်ဆိုသောပုဂ္ဂိုလ်၏အဖို့မှာလည်း၊ အတ္ထံ န သာဓေတိ-အကျိုးမပြီးစေနိုင်၊ ကွတိ သိဒ္ဓံ-ဤသို့ လိုအပ်သော အနက်ပြီး၏။ ဧဝံ-ဤသို့၊ ပရိတ္တ ဘာဏကေန-ပရိတ်ရွတ်ဆိုသော ပုဂ္ဂိုလ်သည်၊ ယထာဝုတ္တ စတုရင်္ဂကေန-အကြင်ဆိုအပ်ပြီးသော လေးပါးသော အင်္ဂါရှိသူသည်၊ ဟုတွာ-၍၊ ပရိတ္တံ-ကို၊ ဘဏိတဗ္ဗံ-ရွတ်ဆိုအပ်၏၊ ရွတ်ဆိုရမည်၊ ရွတ်ဆိုပါလေ။

မေတ္တာစိတ္တ ပုရက္ခာရော-မဂ်လာအလို့ငှါစသည် နာကြားသူတို့ အပေါ်၌ မေတ္တာစိတ်ထား ရှေ့သွားပြုခြင်းရှိ၍လည်းကောင်း၊ ဗျဉ္ဇနတ္ထ ဝိသောဓကော-အက္ခရာ ပဒ်, ဗျည်းကိုလည်းကောင်း, ပရိတ်၏အနက် အဓိပ္ပါယ်ကိုလည်းကောင်း စင်ကြယ်စွာ သုတ်သင်ထားရှိ၍လည်းကောင်း၊ ပရိတ္တပါဠိ ပါဂုညော-ထိုထို ပရိတ် ပါဠိတော်ကို နှုတ်ရစိတ်ထား လေ့လာပြီးဖြစ်၍လည်းကောင်း၊ တျဂိကော-

ဤသို့သော အဂိၤ ၃-စုံ ရှိသောသူသည်၊ ပရိတ္တံ-ပရိတ်တော်ကို၊ ဘဏော-မနေးမလျင် နှုတ်ရွင်သာချို ရွတ်ဆိုရာ၏။

ပရိတ္တံ ကရောန္တေန ကာရဏိကစိတ္တေနေဝ ကာတဗ္ဗံ၊ န နိက္ကာရဏိကစိတ္တေနာတိ အာဟ **ကာရညစိတ္တန်** အာဒိ။ အထ ဝါ ကရဏာယ ပရဒ္ဒကွာပနယနလက္ခဏတ္တာ တာယ သမ္မယုတ္တစိတ္တံ ဒုက္ခုပါယံ ဘယံ ဝိနာသေတိတိ အဓိပ္ပါယေနာဟ **ကာရညစိတ္တန်** အာဒိ။ တတ္ထ **ကာရညစိတ္တန်** ကရဏာယ နိယုတ္တံ မာနသံ၊ **ဥပဋ္ဌပေတွာ**တိ ပဝတ္တေတွာ ဘဏာမ။

(ပရိတ္တဋ္ဌကာ ပါဠိ၊ ပရိတ္တဂုဏကထာဝဏ္ဏနာ၊ ၃၇။)

ပရိတ္တံ-ပရိတ်ကို၊ ကရောန္တေန-ပြုလိုသောသူသည်၊ ကာရညစိတ္တေနေဝ-သနားခြင်းနှင့်ယှဉ်သောစိတ်ဖြင့်သာလျှင်၊ ကာတဗ္ဗံ-ပြုအပ်၏၊ ပြုရမည်။ နိက္ကာရဏိကစိတ္တေန-သနားခြင်းကင်းသောစိတ်ဖြင့်၊ န ကာတဗ္ဗံ-မပြုအပ်၊ မပြုရ။ ဣတိ-ကြောင့်၊ **ကာရညစိတ္တန်**အာဒိ-ကို၊ အာဟ-၏။

အထ ဝါ-တစ်နည်းကား၊ ကရဏာယ-သနားခြင်း၏၊ ပရဒ္ဒကွာပနယနလက္ခဏတ္တာ-သူတပါး၏ ဆင်းရဲကို ပယ်သောလက္ခဏာရှိသည်၏အဖြစ်ကြောင့်၊ တာယ-ထိုကရဏာနှင့်၊ သမ္မယုတ္တစိတ္တံ-ယှဉ် သောစိတ်သည်၊ ဒုက္ခုပါယံ-ဆင်းရဲခြင်း၏အကြောင်းဖြစ်သော၊ ဘယံ-ဘေးကို၊ ဝိနာသေတိ-ဖျောက် တတ်၏၊ ဣတိ အဓိပ္ပါယေန-ဤသို့သော အလိုအားဖြင့်၊ **ကာရညစိတ္တန်**အာဒိ-ကာရညစိတ္တံ ဤ သို့အစရှိသည်ကို၊ အာဟ-၏။

တတ္ထ-ထိုပါဠိ၌၊ **ကာရညစိတ္တန်**-ဟူသည်ကား၊ ကရဏာယ-သနားခြင်းနှင့်၊ နိယုတ္တံ-ယှဉ်သော၊ မာနသံ-စိတ်ကို။ **ဥပဋ္ဌပေတွာ**တိ-ကား၊ ပဝတ္တေတွာ-ဖြစ်စေ၍၊ ဘဏာမ-ရွတ်ကုန်အံ့။

(ဋီကာအနက်၊ ၁၅၃။)

ပရိတ်နာသူတို့အပေါ်၌ မေတ္တာစိတ်ထားရမည်ဆိုရာ၌ မေတ္တာကရုဏာစိတ်ထားမှာ ပရိတ်ရွတ်သူ၏ ပြည့်စုံရမည့် အင်္ဂါတစ်ရပ် ဖြစ်သည်၊ ပရိတ်ရွတ်ဆိုရာ၌ အနက်သဒ္ဒါ ချွတ်ယွင်းလျှင်, ကောင်းစွာ လေ့လာမထား၍ ပုဒ် ပါဠိ အက္ခရာတွေ ယုတ်လျော့ကျန်နေလျှင် ပရိတ်တန်ခိုး မရှိ၊ ကောင်းစွာ လေ့လာကျက်မှတ် ထား၍ အလျော့အကျမရှိဘဲ အနက်သဒ္ဒါလည်း မှန်ကန်စွာ ရွတ်သူ၏ ပရိတ်သာလျှင် တန်ခိုးရှိ၏၊ လာဘ်ဟူသော အကြောင်းကြောင့် သင်ယူ ရွတ်ဆိုသူ၏ ပရိတ်လည်း အကျိုးမပြီးစေ၊ မေတ္တာရှေ့သွားပြု၍ ရွတ်ဆိုသူ၏ ပရိတ်သာအကျိုးပြီးစေ၏၊ ထို့ကြောင့် ပရိတ်ရွတ်သူ၌ အင်္ဂါသုံးပါး (သို့မဟုတ်) အင်္ဂါလေးပါး ပြည့်စုံရမည်။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ပရိတ်ကြိုး နိဿယသစ် (၂၀၇)၌ ပါထိကဝဂ္ဂအဋ္ဌကထာ အာဠာနာဋိယသုတ်အဖွင့် (၁၄၉-၁၅၀) အရ ဖော်ညွှန်းသော ပရိတ်ရွတ်သူ၏အင်္ဂါသုံးပါးကား-

(၁) အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာ သင်ယူထားခြင်း၊

(၂) ပုဒ်ဗျည်းတို့ကို မယုတ်စေရ, ပြည့်စုံအောင် လေ့လာ ကျက်မှတ်ထားခြင်း၊

(၃) လာဘ်လာဘကိုမငဲ့, မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်းတို့တည်း။

**သဒ္ဒါအနက်၊ မှန်လျက်ရှိစေ၊ ကျေအောင်လေ့လာ၊ မေတ္တာရှေ့ထား။ ရွတ်သူအား။ ကျိုးများ ပရိတ်မြတ်။**

ပရိတ္တသင်္ဂဟ ခေါ် ပရိတ်တော်ကြီး ပါဠိ နိဿယ, ပရိတ်ရွတ်ဖတ်သူတို့၏အင်္ဂါများကို ပြဆိုရာ (၈-၉) ၌ ဤသို့သော အဋ္ဌကထာရှင်တို့ ဖွင့်ဆိုချက်အရ တိုက်တွန်းအပ်သည့်အတိုင်း ပရိတ်ရွတ်ဖတ်သူသည်-

(၁) ပရိတ်နာသူတို့ အပေါ်၌ မေတ္တာ, ကရုဏာ ထင်စွာ ထားရှိခြင်း၊

(၂) အနက် အဓိပ္ပါယ်ကို မကွယ် မဝှက် သိခြင်း၊

(၃) သဒ္ဒါ, ပုဒ်, ဗျည်းကို သုတ်သင် သန့်ရှင်းစွာ နားလည် ထားရှိခြင်း၊

(၄) ပရိတ်ပါဠိတော်ကို အဖြတ် အရပ် ဝါကျသတ် ဂါထာ ရွတ်ဖြတ် ရပ်ထုံးနှင့်တကွ ကျနစွာ လေ့လာထားခြင်း - ဤသို့သော အင်္ဂါများနှင့် ပြည့်စုံစွာ ရွတ်ဖတ်ရာ၏။

## နာလေသူများ အင်္ဂလေးပါး

ပရိတ်ရွတ်တယ်, ပရိတ်နာတယ်-ဆိုတာ အပေးအယူသဘောဖြစ်တယ်၊ ပေးတဲ့သူကလဲ ကောင်းကောင်းပေးမှ၊ ယူတဲ့သူကလဲ ကောင်းကောင်းယူမှ၊ အပေးနဲ့အယူ ဟန်ချက်ညီမှ ပရိတ်ရဲ့အကျိုးကို ရလိမ့်မယ်၊ "ကောင်းကောင်းပေးမှ" ဆိုတာ ရွတ်သူနဲ့သက်ဆိုင်တဲ့ အင်္ဂါများနှင့် ပြည့်စုံရမယ်-လို့ဆိုတယ်၊ "ကောင်းကောင်းယူမှ" ဆိုတာက နာသူနဲ့သက်ဆိုင်တဲ့ အင်္ဂါများနှင့် ပြည့်စုံရမယ်-လို့ ဆိုလိုပါတယ်။

ပရိတ်နာသူ၏အင်္ဂါနှင့်ပတ်သက်၍ မိလိန္ဒပဉှပါဠိတော် မစ္ဆုပါသမုတ္တိပဉှာ၌ မိလိန္ဒမင်းကြီး၏ ပရိတ်နာယူမှုနှင့်ပတ်သက်၍ မေးရာတွင် အရှင်နာဂသိန်ထေရ်က-

(၁) ပဉ္စာန္တရိယကံဟူသော ကမ္မန္တရာယ်၏တားမြစ်ခြင်းကြောင့် ဖြစ်စေ,

(၂) နိယတမိစ္ဆာဒိဋ္ဌိခေါ် ကိလေသန္တရာယ်၏တားမြစ်ခြင်းကြောင့်ဖြစ်စေ,

(၃) ပရိတ်တရားတော်၌ မယုံကြည်ခြင်းကြောင့်ဖြစ်စေ ပရိတ်တော်သည်
နာယူသူတို့အား ဘေးအန္တရာယ်ကင်းရန် မကာကွယ် မစောင့်ရှောက်နိုင်ချေ-ဟု
ဖြေကြားတော်ချက်၏အပြန် အားဖြင့်-

၁။ အမိသတ်ခြင်းစသော ပဉ္စာနန္တရိယကံဟူသော ကမ္မန္တရာယ်မရှိခြင်း၊

၂။ ကံ, ကံ၏အကျိုးကို မယုံကြည်သော နိယတမိစ္ဆာဒိဋ္ဌိဟူသော
ကိလေသန္တရာယ်မရှိခြင်း၊

၃။ ပရိတ်ပါဠိတော်၏ဂုဏ်ကျေးဇူး၌ သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း-
ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံရန် နာယူသူတို့မှာ လိုအပ်သည်။
တိဟိ မဟာရာဇ ကာရဏေဟိ ပရိတ္တံ န ရက္ခတိ ကမ္မာဝရဏေန,
ကိလေသာဝရဏေန, အသဒ္ဒဟနတာယ။ (မိလိန္ဒပဉ္ဟပါဠိတော်၊ မစ္ဆုပါသမုတ္တိပဉ္ဟ၊ ၁၅၅။)
ပဉ္စာနန္တရိ၊ နိယတဒိဋ္ဌိ၊ ပရိတ်မယုံ၊ နာယူကြို၊ ကျိုးဂုဏ် မရတတ်။
(ပရိတ်ကြီးနိဿယသစ်၊ ရတနသုတ်နိဒါန်း၊ ၂၀၈။)



ဆရာတော်များက ဤအဂီသုံးပါးနှင့်အတူ–

၄။ ပရိတ်တော်ကို ရိုသေလေးစားစွာ နာယူခြင်း–ကိုပါ ထည့်သွင်း၍ ပရိတ်နာယူသူ၏ အဂီလေးပါး–လို့ မိန့်တော်မူလေ့ရှိကြတယ်။

ရိုသေလေးစားစွာ နာယူခြင်း– ဆိုသည်မှာ ရဟန်းတော်များ ပရိတ်ရွတ်နေစဉ်အတွင်း ဧည့်သည်ကြိုဆိုခြင်း, ဖုံးနားထောင်ခြင်း, ဟိုဟိုဒိုဒို ထသွားခြင်း, ဟိုဟိုဒိုဒို စိတ်ရောက်နေခြင်း မရှိဘဲ စူးစူးစိုက်စိုက် နာယူမှုကို ဆိုလိုပါတယ်။

**၁။ အနုန္တရိ၊ ကံပဋိ၊ မရှိ တစ်အင်္ဂါ။**

**၂။ နိယတဒိဋ္ဌိ၊ ကိလေသိ၊ မရှိ တစ်အင်္ဂါ။**

**၃။ သဒ္ဓါတရား၊ ပြည့်စုံခြား။ မှတ်သား တစ်အင်္ဂါ။**

**၄။ ရိုသေလေးစား၊ နာယူခြား။ မှတ်သား တစ်အင်္ဂါ၊**

**ဤသည်လေးပါး ပြည့်စုံခြား၊ နာကြား ဘေးကင်းကွာ။**

(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၃၁၂–၃၁၃။)

# ပိဋကသုံးသွယ် ငါးနိကာယ် မှတ်ဖွယ်ကျမ်းမည်ပါ

## ဝိဋကသုံးသွယ် အုပ်လေးဆယ်

**ဝိနည်းပိဋက (ဝိနည်း ငါးကျမ်း)။ စာမျက်နှာပေါင်း ၂၂၆၀**

(၁) ပါရာဇိကပါဠိတော် (ဝိ၊ ၁၊) စာမျက်နှာ ၃၈၁၊

(၂) ပါစိတ္တိယပါဠိတော် (ခ) ပါစိတ်ပါဠိတော် (ဝိ၊ ၂၊) စာမျက်နှာ ၄၇၀၊

(၃) မဟာဝဂ္ဂပါဠိတော် (ခ) ဝိနည်း မဟာဝါပါဠိတော် (ဝိ၊ ၃၊) စာမျက်နှာ ၅၁၁၊

(၄) စူဠဝဂ္ဂပါဠိတော် (ခ) စူဠဝါပါဠိတော် (ဝိ၊ ၄၊) စာမျက်နှာ ၅၀၈၊

(၅) ပရိဝါရပါဠိတော် (ခ) ပရိဝါပါဠိတော် (ဝိ၊ ၅၊) စာမျက်နှာ ၃၉၀။

**သုတ္တန္တ ပိဋက (သုတ္တန်ပိဋက) ၂၃-ကျမ်း**

(၁) သီလက္ခန္ဓဝဂ္ဂပါဠိတော် (ခ) သီလက္ခန်ပါဠိတော် [၆]၊ စာမျက်နှာ ၂၃၆၊

(၂) မဟာဝဂ္ဂပါဠိတော် (ခ) သုတ်မဟာဝါ ပါဠိတော် [၇]၊ စာမျက်နှာ ၂၈၃၊

(၃) ပါထိကဝဂ္ဂပါဠိတော် (ခ) သုတ်ပါထေယျပါဠိတော် [၈]၊ စာမျက်နှာ ၂၆၀၊

(၄) မူလပဏ္ဏာသပါဠိတော် [၉]၊ စာမျက်နှာ ၄၁၅၊

(၅) မဇ္ဈိမပဏ္ဏာသပါဠိတော် [၁၀]၊ စာမျက်နှာ ၄၃၉၊

(၆) ဥပရိပဏ္ဏာသပါဠိတော် [၁၁]၊ စာမျက်နှာ ၃၅၂၊

(၇) သဂါထာဝဂ္ဂ, နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် [၁၂]၊ စာမျက်နှာ ၄၇၂၊

(၈) ခန္ဓဝဂ္ဂ, သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် [၁၃]၊ စာမျက်နှာ ၅၆၇၊

(၉) မဟာဝဂ္ဂသံယုတ်ပါဠိတော် [၁၄] စာမျက်နှာ ၄၁၅၊

(၁၀) အင်္ဂုတ္တရ ဧကက, ဒုက, တိက, စတုက္က နိပါတပါဠိတော် [၁၅]၊ စာမျက်နှာ ၅၈၀၊

(၁၁) အင်္ဂုတ္တရ ပဉ္စက, ဆက္က, သတ္တကနိပါတပါဠိတော် [၁၆]၊ စာမျက်နှာ ၅၁၃၊

(၁၂) အင်္ဂုတ္တရ အဋ္ဌက, နဝက, ဒသက, ဧကာဒသကနိပါတပါဠိတော်[၁၇]၊ စာမျက်နှာ ၅၅၈၊

(၁၃) ခုဒ္ဒကပါဋ္ဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, သုတ္တနိပါတပါဠိတော် [၁၈၊ ၃၀] စာမျက်နှာ ၄၅၅၊

(၁၄) ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ, ထေရီဂါထာပါဠိတော် [၁၉၊ ၃၁]၊ စာမျက်နှာ ၄၃၅

(၁၅) အပဒါနပါဠိတော်၊ ပဌမအုပ် [၂၀၊ ၃၂]၊ စာမျက်နှာ ၄၄၅၊

(၁၆) အပဒါနပါဠိတော်(၃), အပဒါန, ဗုဒ္ဓဝံသ, စရိယာပိဋကပါဠိတော်[၂၁၊ ၃၃]၊ စာမျက်နှာ ၄၂၀၊

(၁၇) ဇာတကပါဠိတော်၊ ပဌမအုပ် [၂၂၊ ၃၄]၊ စာမျက်နှာ ၄၀၀၊

(၁၈) ဇာတကပါဠိတော်၊ ဒုတိယအုပ် [၂၃၊ ၃၅]၊ စာမျက်နှာ ၃၇၈၊

(၁၉) မဟာနိဒ္ဒေသပါဠိတော် [၂၄၊ ၃၆]၊ စာမျက်နှာ ၄၁၀၊

(၂၀) စူဠနိဒ္ဒေသပါဠိတော် [၂၅၊ ၃၇]၊ စာမျက်နှာ ၃၀၇၊

(၂၁) ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် [၂၆၊ ၃၈]၊ စာမျက်နှာ ၄၁၉၊

(၂၂) နေတ္တိ, ပေတကောပဒေသပါဠိတော် [၂၇၊ ၃၉]၊ ၃၄၁၊

(၂၃) မိလိန္ဒပဉ္ဉပါဠိတော် [၂၈၊ ၄၀]။ စာမျက်နှာ ၄၀၈။

**အာဘိဓမ္မပိဋကတ (အာဘိဓမ္မာ ၇–ကျမ်း) စာမျက်နှာပေါင်း ၄၉၄၁**

(၁) ဓမ္မသင်္ဂဏိပါဠိတော် (အာဘိ၊ ၁၊) [၂၉၊ ၁၈] စာမျက်နှာ ၂၉၈၊

(၂) ဝိဘင်္ဂပါဠိတော် (အာဘိ၊ ၂၊) [၃၀၊ ၁၉] စာမျက်နှာ ၄၅၃၊

(၃) ဓာတုကထာ, ပုဂ္ဂလပညတ္တိပါဠိတော် (အာဘိ၊ ၃၊ အာဘိ၊ ၄၊) [၃၁၊ ၂၀] စာမျက်နှာ ၁၈၅၊

(၄) ကထာဝတ္ထုပါဠိတော် (အာဘိ၊ ၅၊)[၃၂၊ ၂၁] စာမျက်နှာ ၄၅၄၊

(၅) ယမကပါဠိတော်၊ ပဌမအုပ်(အာဘိ၊ ၆–၁၊) [၃၃၊ ၂၂] စာမျက်နှာ ၂၆၅၊

(၆) ယမကပါဠိတော်၊ ဒုတိယအုပ် (အာဘိ၊ ၆–၂၊) [၃၄၊ ၂၃] စာမျက်နှာ ၃၈၆၊

(၇) ယမကပါဠိတော်၊ တတိယအုပ် (အာဘိ၊ ၆–၃၊) [၃၅၊ ၂၄] စာမျက်နှာ ၃၃၀၊

(၈) ပဋ္ဌာနပါဠိတော်၊ ပဌမအုပ် (အာဘိ၊ ၇–၁၊) [၃၆၊ ၂၅] စာမျက်နှာ ၄၆၄၊

(၉) ပဋ္ဌာနပါဠိတော်၊ ဒုတိယအုပ် (အာဘိ၊ ၇–၂၊) [၃၇၊ ၂၆] စာမျက်နှာ ၄၉၃၊

(၁၀) ပဋ္ဌာနပါဠိတော်၊ တတိယအုပ် (အဘိ၊ ၇-၃၊) [၃၈၊ ၂၇] နှာ ၆၀၅၊
(၁၁) ပဋ္ဌာနပါဠိတော်၊ စတုတ္ထအုပ် (အဘိ၊ ၇-၄၊) [၃၉၊ ၂၈] နှာ ၆၃၆၊
(၁၂) ပဋ္ဌာနပါဠိတော်၊ ပဉ္စမအုပ် (အဘိ၊ ၇-၅၊) [၄၀၊ ၂၉] နှာ ၄၄၂။

## ၅-ရပ် နိကာယ် သိမှတ်ဖွယ်

### ဒါးရပ်နိကာယ် အုပ်လေးဆယ်

**ဒီဃနိကာယ် အုပ်သုံးသွယ်။ သုတ်ပေါင်း ၃၄၊ စာမျက်နှာပေါင်း ၇၇၉**

(၁) သီလက္ခန္ဓဝဂ္ဂပါဠိတော် (ဒီ၊ ၁၊) [၁၊ ၆] နှာ ၂၃၆ ၊
(၂) မဟာဝဂ္ဂပါဠိတော် (ခ) သုတ်မဟာဝါ ပါဠိတော် (ဒီ၊ ၂၊)[၂၊ ၇] နှာ ၂၈၃၊
(၃) ပါထိကဝဂ္ဂပါဠိတော် (ခ) သုတ်ပါထေယျပါဠိတော် (ဒီ၊ ၃၊) [၃၊ ၈] နှာ ၂၆၀။

**မဇ္ဈိမနိကာယ် အုပ်သုံးသွယ်။ သုတ်ပေါင်း ၁၅၂ ၊ စာမျက်နှာပေါင်း ၁၂၀၆**

(၁) မူလပဏ္ဏာသပါဠိတော် (မ၊ ၁၊)[၄၊ ၉] နှာ ၄၁၅၊
(၂) မဇ္ဈိမပဏ္ဏာသပါဠိတော် (မ၊ ၂၊)[၅၊ ၁၀] နှာ ၄၃၉၊
(၃) ဥပရိပဏ္ဏာသပါဠိတော် (မ၊ ၃၊)[၆၊ ၁၁] နှာ ၃၅၂၊

**သံယုတ္တနိကာယ် အုပ်သုံးသွယ်။ သုတ်ပေါင်း ၇၇၆၂၊ စာမျက်နှာပေါင်း ၁၄၅၄**

(၁) သဂါထာဝဂ္ဂ, နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၁၊)[၇၊ ၁၂] နှာ ၄၇၂၊
(၂) ခန္ဓဝဂ္ဂ, သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၂၊)[၈၊ ၁၃] နှာ ၅၆၇၊
(၃) မဟာဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၃၊)[၉၊ ၁၄] နှာ ၄၁၅၊

**အင်္ဂုတ္တရနိကာယ် အုပ်သုံးသွယ် (၁၁-ကျမ်း)။ သုတ်ပေါင်း ၉၅၅၇၊ စာမျက်နှာပေါင်း ၁၆၅၁**

(၁) အင်္ဂုတ္တိုရ် ကေက, ဒုက, တိက, စတုက္ကနိပါတ်ပါဠိတော် (အံ၊ ၁၊)[၁၀၊ ၁၅] နှာ ၅၈၀၊
(၂) အင်္ဂုတ္တိုရ် ပဉ္စက, ဆက္က, သတ္တကနိပါတ်ပါဠိတော် (အံ၊ ၂၊)[၁၁၊ ၁၆] နှာ ၅၁၃၊
(၃) အင်္ဂုတ္တိုရ် အဋ္ဌက, နဝက, ဒသက, ကောဒသကနိပါတ်ပါဠိတော် (အံ၊ ၃၊)[၁၂၊ ၁၇] နှာ ၅၅၈၊

**ခုဒ္ဒကနိကာယ် နှစ်ရွစ်သွယ်**

(၁) ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, သုတ္တနိပါတ(ခု၊ ၁၊) [၁၃၊၃၀] နှာ ၄၅၅၊

(၂) ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ, ထေရီဂါထာ ပါဠိတော် (ခု၊ ၂၊) [၁၄၊ ၃၁] နှာ ၄၃၅၊

(၃) အပဒါန ပါဠိတော်၊ ပဌမအုပ် (ခု၊ ၃၊) [၁၅၊ ၃၂] နှာ ၄၄၅၊

(၄) အပဒါန, ဗုဒ္ဓဝံသ, စရိယာပိဋကတ်(ခ)အပဒါန်ပါဠိတော်၊ ဒုတိယအုပ်(ခု၊ ၄၊) [၁၆၊ ၃၃] နှာ ၄၂၀၊

(၅) ဇာတက ပါဠိတော် ၊ပဌမအုပ် (ခု၊ ၅၊)[1] [၁၇၊ ၃၄] နှာ ၄၀၀၊

(၆) ဇာတက (ဇာတ်)ပါဠိတော်၊ ဒုတိယအုပ် (ခု၊ ၆၊)[2] [၁၈၊ ၃၅] နှာ ၃၇၈၊

(၇) မဟာနိဒ္ဒေသပါဠိတော် (ခု၊ ၇၊)[၁၉၊ ၃၆] နှာ ၄၁၀၊

(၈) စူဠနိဒ္ဒေသပါဠိတော် (ခု၊ ၈၊) [၂၀၊ ၃၇] နှာ ၃၀၇၊

(၉) ပဋိသမ္ဘိဒါမဂ္ဂ (ပဋိသမ္ဘိဒါမဂ်) ပါဠိတော် (ခု၊ ၉၊) [၂၁၊ ၃၈] နှာ ၄၁၉၊

(၁၀) နေတ္တိ, ပေဋကောပဒေသပါဠိတော် (ခု၊ ၁၀၊) [၂၂၊ ၃၉] နှာ ၃၄၁၊

(၁၁) မိလိန္ဒပဉှ (မိလိန္ဒပဉှာ) ပါဠိတော် (ခု၊ ၁၁၊) [၂၃၊ ၄၀] နှာ ၄၀၈၊

(၁၂) ပါရာဇိကပါဠိတော် [၂၄၊ ၁]၊ နှာ ၃၈၁၊

(၁၃) ပါစိတ္တိယ (ပါစိတ်) ပါဠိတော် [၂၅၊ ၂]၊ နှာ ၄၇၀၊

(၁၄) ဝိနယ မဟာဝဂ္ဂ (ဝိနည်း မဟာဝါ ) ပါဠိတော် [၂၆၊ ၃]၊ နှာ ၅၁၁၊

(၁၅) စူဠဝဂ္ဂ (စူဠဝါ) ပါဠိတော် [၂၇၊ ၄]၊ နှာ ၅၀၈၊

(၁၆) ပရိဝါရ (ပရိဝါ) ပါဠိတော် [၂၈၊ ၅]၊ နှာ ၃၉၀၊

(၁၇) ဓမ္မသင်္ဂဏိပါဠိတော် [၂၉၊ ၁၈]၊ နှာ ၂၉၈၊

(၁၈) ဝိဘင်္ဂ (ဝိဘင်း) ပါဠိတော် [၃၀၊ ၁၉]၊ နှာ ၄၅၃၊

(၁၉) ဓာတုကထာ, ပုဂ္ဂလပညတ္တိ (ပုဂ္ဂလပညတ်) ပါဠိတော် [၃၁၊ ၂၀]၊ နှာ ၁၈၅၊

(၂၀) ကထာဝတ္ထု၊ ပါဠိတော် [၃၂၊ ၂၁]၊ နှာ ၄၅၄၊

(၂၁) ယမကပါဠိတော် (ပဌမအုပ်) ပါဠိတော် [၃၃၊ ၂၂]၊ နှာ ၂၆၅၊

(၂၂) ယမကပါဠိတော် (ဒုတိယအုပ်) [၃၄၊ ၂၃]၊ နှာ ၃၆၈၊

---

[1] ဇာတ်တော် ၁-မှ ၅၀-အထိ

[2] ဇာတ်တော် ၅၁-မှ ၅၄၇-အထိ

(၂၃)  ယမကပါဠိတော် (တတိယအုပ်) [၃၅၊ ၂၄]၊ နှာ ၃၃၀၊
(၂၄)  ပဋ္ဌာန (ပဋ္ဌာန်း) ပါဠိတော် (ပဌမအုပ်) [၃၆၊ ၂၅]၊ နှာ ၄၆၄၊
(၂၅)  ပဋ္ဌာန (ပဋ္ဌာန်း) ပါဠိတော် (ဒုတိယအုပ်) [၃၇၊ ၂၆]၊ နှာ ၄၉၃၊
(၂၆)  ပဋ္ဌာန (ပဋ္ဌာန်း) ပါဠိတော် (တတိယအုပ်) [၃၈၊ ၂၇]၊ နှာ ၆၀၅၊
(၂၇)  ပဋ္ဌာန (ပဋ္ဌာန်း) ပါဠိတော် (စတုတ္ထအုပ်) [၃၉၊ ၂၈]၊ နှာ ၆၃၆၊
(၂၈)  ပဋ္ဌာန (ပဋ္ဌာန်း) ပါဠိတော် (ပဉ္စမအုပ်) [၄၀၊ ၂၉]၊ နှာ ၄၄၂။

**မှတ်ချက်။** ။ ဝိနည်း ၅-ကျမ်းနှင့် အဘိဓမ္မာ ၇-ကျမ်း (၁၂)တို့ကို **ဓုဋ္ဌကနိကာယ်**ထဲ၌ ထည့်သွင်းယူရသည်။

ကတမော **ဒီဃနိကာယော?** (ဒီဃပွမာဏာနိ) တိဝဂ္ဂသင်္ဂဟာနိ ဩဟာလာဒိနိ စတုတ္တိ သုတ္တာနိ။

စတုတ္တိ သေဝ သုတ္တန္တာ၊ တိဝဂ္ဂေါ ယသ သင်္ဂဟော။
ဧသ ဒီဃနိကာယောတိ၊ ပဌမော အနုလောမိကော။
(ဝိ၊ ဋ္ဌ၊ ၁၊ ၂၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၃။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၅။)

ကတမော **မဇ္ဈိမနိကာယော?** မဇ္ဈိမပွမာဏာနိ ပဏ္ဏာသဝဂ္ဂသင်္ဂဟာနိ မူလပရိယာယသုတ္တာဒိနိ ဒိယဍ္ဎသတံ ဒ္ဝေ စ သုတ္တာနိ။

ဒိယဍ္ဎသတသုတ္တန္တာ၊ ဒ္ဝေ စ သုတ္တာနိ ယတ္ထ သော။
နိကာယော မဇ္ဈိမော ပဏ္ဏာ၊ ဒသဝဂ္ဂပရိဂ္ဂဟော။
(ဝိ၊ ဋ္ဌ၊ ၁၊ ၂၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၄။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၆။)

ကတမော **သံယုတ္တနိကာယော?** ဒေဝတာသံယုတ္တာဒိဝသေန ဋ္ဌိတာနိ သြဃတရဏာဒိနိ သတ္တ သုတ္တသဟဿာနိ သတ္တ စ သုတ္တသတာနိ ဒ္ဝါသဋ္ဌိ စ သုတ္တာနိ။

သတ္တ သုတ္တသဟဿာနိ၊ သတ္တ သုတ္တသတာနိ စ။
ဒ္ဝါသဋ္ဌိ စေဝ သုတ္တန္တာ၊ ဧသော သံယုတ္တသင်္ဂဟော။
(ဝိ၊ ဋ္ဌ၊ ၁၊ ၂၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၄။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၆။)

ကတမော **အဂုံတ္တရနိကာယော?** ဇကေကအဂါတိရေကဝသေန ဌိတာနိ စိတ္တပရိယာဒါနာဒီနိ နဝ သုတ္တသဟဿာနိ ပဋ္ဌ သုတ္တသတာနိ သတ္တပညာသဋ္ဌ သုတ္တာနိ။

နဝ သုတ္တသဟဿာနိ၊ ပဋ္ဌ သုတ္တသတာနိ စ။

သတ္တပညာသ သုတ္တာနိ၊ သဏ်္ဌာ အဂုံတ္တရေ အယံ။

(ဝိ၊ ဋ္ဌ၊ ဘ၊ ၂၂။ ဒီ၊ ဋ္ဌ၊ ဘ၊ ၂၄။ အဘိ၊ ဋ္ဌ၊ ဘ၊ ၂၆။)

ကတမော **ခုဒ္ဒကနိကာယော?** သကလံ ဝိနယပိဋကံ အဘိဓမ္မပိဋကံ ခုဒ္ဒကပါဌာဒယော စ ပုဗ္ဗေ နိဒဿိတာ ပန္နရသဘေဒါ[၉၆] ၊ ဌပေတ္ဝာ စတ္တာရော နိကာယေ အဝသေသံ ဗုဒ္ဓဝစနန္တိ။

ဌပေတ္ဝာ စတုရောပေတေ၊ နိကာယေ ဒီဃအာဒိကေ။

တဒညံ ဗုဒ္ဓဝစနံ၊ နိကာယော ခုဒ္ဒကော မတောတိ။

(ဝိ၊ ဋ္ဌ၊ ဘ၊ ၂၂။ ဒီ၊ ဋ္ဌ၊ ဘ၊ ၂၄။ အဘိ၊ ဋ္ဌ၊ ဘ၊ ၂၆။)

## အဋ္ဌကထာ၊ ဖွင့်ပြရာ၊ ကျမ်းမှာ ငါးဆယ့်ငါး

ဘုရားရှင် ကိုယ်တော်တိုင် ဟောတော်မူတဲ့ တရားတော်များနှင့် ဘုရားရှင်ထံမှနာယူခဲ့သော ရဟန္တာအရှင်မြတ်များနှင့် အရိယာလူသူတော်ကောင်းများ တဆင့်ဟောကြားတော်မူအပ်တဲ့ တရားတော်များကို **"ပါဠိတော်"**လို့ ခေါ်ပြီး, ထိုပါဠိတော်ကျမ်းကို ထပ်မံကာ အနက်အဓိပ္ပါယ် ဖွင့်ဆိုတဲ့ ကျမ်းများကို **"အဋ္ဌကထာ"**လို့ ခေါ်ဆိုတယ်၊ ထိုအဋ္ဌကထာကျမ်းများကို တဖန် ထပ်မံဖွင့်ဆိုတဲ့ ကျမ်းများကိုတော့ **"ဋီကာ"**လို့ ခေါ်ဆိုပါတယ်။

ထိုပါဠိတော်, အဋ္ဌကထာ, ဋီကာတို့တွင် အဋ္ဌကထာအမျိုးအစား များစွာရှိရာတွင်–

(၁) **မဟာပစ္စရီအဋ္ဌကထာ– 'မဟာ'**ဟူသော ပါဠိစကားက 'ကြီးကျယ်သော'အနက်ကို ဟောပြီး **'ပစ္စရီ'**ဟူသော ပါဠိစကားကတော့ 'ဖောင်'ကိုဟောတယ်၊ ဖောင်ကြီးပေါ်တွင် ရေးသားစီရင် ဖွင့်ဆိုအပ်သောကျမ်းကြီး–လို့ အဓိပ္ပါယ်ရတယ်။

---

[၉၆] ခုဒ္ဒကပါဌ ဓမ္မပဒ ဥဒါန ဣတိဝုတ္တက သုတ္တနိပါတ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ ထေရီဂါထာ ဇာတက နိဒ္ဒေသ ပဋိသမ္ဘိဒါ အပဒါန ဗုဒ္ဓဝံသ စရိယာပိဋကဝသေန ပန္နရသဗေဘေဒါ ခုဒ္ဒကနိကာယော။ (ဝိ၊ ဋ္ဌ၊ ဘ၊ ၁၄–၁၅။)

(၂) **စူဠပစ္စရီအဋ္ဌကထာ**– မဟာပစ္စရီအဋ္ဌကထာမှ ထုတ်နုတ်၍ အကျဉ်းအားဖြင့် စီရင်အပ်သောကျမ်း–လို့ ဆိုလိုတယ်။ ထိုအဋ္ဌကထာကိုပင် အကျဉ်းချုံး၍ စီရင်ရေးသားအပ်တဲ့ကျမ်းဖြစ်သည့်အတွက် **"သဓမ်ပအဋ္ဌကထာ"**လို့ ခေါ်တွင်ပုံရတယ်။

(၃) **ကုရုန္ဒီအဋ္ဌကထာ**–ကုရုန္ဒီဝလ္လိကျောင်း၌သိတင်းသုံးနေထိုင်သော အရှင်မြတ်တပါးကရေးသား ဖွင့်ဆိုအပ်တဲ့ကျမ်း–လို့ အဓိပ္ပါယ်ရတယ်။

(၄) **အန္ဓကအဋ္ဌကထာ**– အန္ဓကတိုင်းသား ထေရ်အရှင်တို့ ရေးသားဖွင့်ဆိုအပ်တဲ့ကျမ်း–လို့ အဓိပ္ပါယ်ရတယ်။

(၅) **မဟာအဋ္ဌကထာ**– သင်္ဂီယနာသုံးတန်တင်အပ်ပြီးသော ပိဋကသုံးပုံဖြစ်တဲ့ ဘုရားရှင်စကားတော်ရဲ့ အနက်အဓိပ္ပါယ်အဖွင့်ကျမ်းကြီး–လို့ ဆိုလိုတယ်။

**မဟာပစ္စရိယန္တိ**အာဒိသု **ပစ္စရီ**တိ ဥဋ္ဌမ္ပံ ဝုစ္စတိ, တသ္မိံ နိသိဒိတ္ဝာ ကတတ္တာ တမေဝ နာမံ ဇာတံ။ ကုရုန္ဒိဝလ္လိဝိဟာရော နာမ အတ္ထိ, တတ္ထ ကတတ္တာ **ကုရုန္ဒီ**တိ နာမံ ဇာတံ။ **မဟာအဋ္ဌကထာ** နာမ သင်္ဂီတိတ္တယမာရုဠှာ
တေပိဋကဿ ဗုဒ္ဓဝစနဿ အဋ္ဌကထာ။ ယာ မဟာမဟိန္ဒတ္ထေရေန တမ္ဗပဏ္ဏိဒီပံ အာဘတာ, တမ္ဗပဏ္ဏိယေဟိ ထေရေဟိ ပစ္ဆာ သီဟဠဘာသာယ အာဘိသဒ်တာ စ ဟောတိ။ (ဝိနယာလင်္ကာရဋီကာ၊ ပဌမတ္ထဲ၊ ၂၀။)

**မဟာပစ္စရိယန္တိ** ဇေတ္ထ **ပစ္စရီ**တိ ဥဋ္ဌမ္ပံ ဝုစ္စတိ, တသ္မိံ နိသိဒိတ္ဝာ ကတတ္တာ တမေဝ နာမံ ဇာတံ။ ကုရုန္ဒိဝလ္လိဝိဟာရော နာမ အတ္ထိ, တတ္ထ ကတတ္တာ **ကုရုန္ဒီ**တိ နာမ ဇာတန္တိ ဝဒန္တိ။ အာဒိသဒ္ဒေန အန္ဓကဋ္ဌကထံ သင်္ခေပဋ္ဌကထဉ္စ သင်္ဂဏှာတိ။
(သာရတ္ထဒီပနိဋီကာ၊ ပဌမတ္ထဲ၊ ၂၀။)

**အန္ဓကဋ္ဌကထာ** အန္ဓကရဋ္ဌေဟိ ထေရေဟိ ကတာ။ (ဝိသုဒ္ဓိမဂ္ဂ–နိဒါနကထာ၊ ၃၃။)

## အရှင်မဟာဗုဒ္ဓဃောသစတဲ့ မဟာထေရ်အရှင်မြတ်တို့ ပြုစုသော အဋ္ဌကထာကျမ်းများ

အရှင်မဟာဗုဒ္ဓဃောသစတဲ့ အရှင်မြတ်တို့က မဟာအဋ္ဌကထာစသော ရှေးအဋ္ဌကထာကြီးများကို မှီးငြမ်းလျက် အဋ္ဌကထာများကို ပြုစုတော်မူခဲ့ကြတယ်။

**"သမန္တပါသာဒိကာ" ဓေါ်တဲ့ ဝိနည်းအဋ္ဌကထာ ၄-အုပ်**

(၁) ✡ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပဌမအုပ်) [ဝိ၊ ဋ္ဌ၊ ၁၊] စာမျက်နှာ ၃၄၅၊

(၂) ✡ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ဒုတိယအုပ်) [ဝိ၊ ဋ္ဌ၊ ၂၊] စာမျက်နှာ ၃၁၂၊

(၃) ✡ ပါစိတ္တိယအဋ္ဌကထာ (ပါစိတ္တိယအဋ္ဌကထာ+မဟာဝဂ္ဂအဋ္ဌကထာ)[ဝိ၊ ဋ္ဌ၊ ၃၊] စာမျက်နှာ ၃၄၇၊

(၄) ✡ စူဠဝဂ္ဂါဒိအဋ္ဌကထာ (စူဠဝဂ္ဂအဋ္ဌကထာ+ပရိဝါရအဋ္ဌကထာ) [ဝိ၊ ဋ္ဌ၊ ၄၊] စာမျက်နှာ ၂၆၅။

**"သုမင်္ဂလဝိလာသိနီ" ဓေါ်တဲ့ ဒီဃနိကာယ် အဋ္ဌကထာ ၃-အုပ်**

(၅) ✡ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ [ဒီ၊ ဋ္ဌ၊ ၁၊ နှာ ၃၃၈]၊

(၆) ✡ မဟာဝဂ္ဂအဋ္ဌကထာ [ဒီ၊ ဋ္ဌ၊ ၂၊ နှာ ၄၀၃]၊

(၇) ✡ ပါထိကဝဂ္ဂအဋ္ဌကထာ [ဒီ၊ ဋ္ဌ၊ ၃၊ နှာ ၂၅၁]။

**"ပပဉ္စသူဒနီ"ဓေါ်တဲ့ မဇ္ဈိမနိကာယ် အဋ္ဌကထာ ၄-အုပ်**

(၈) ✡ မူလပဏ္ဏာသအဋ္ဌကထာ (ပဌမအုပ်) [မ၊ ဋ္ဌ၊ ၁၊ နှာ ၃၉၈]၊

(၉) ✡ မူလပဏ္ဏာသအဋ္ဌကထာ (ဒုတိယအုပ်) [မ၊ ဋ္ဌ၊ ၂၊ နှာ ၃၂၀]၊

(၁၀) ✡ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ [မ၊ ဋ္ဌ၊ ၃၊ နှာ ၃၀၉]၊

(၁၁) ✡ ဥပရိပဏ္ဏာသအဋ္ဌကထာ [မ၊ ဋ္ဌ၊ ၄၊ နှာ ၂၅၄]။

**"သာရတ္ထပ္ပကာသိနီ" ဓေါ်တဲ့ သံယုတ္တနိကာယ် အဋ္ဌကထာ ၃-အုပ်**

(၁၂) ✡ သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ [သံ၊ ဋ္ဌ၊ ၁၊ နှာ ၃၂၅]၊

(၁၃) ✡ နိဒါနဝဂ္ဂ ခန္ဓဝဂ္ဂသံယုတ္တအဋ္ဌကထာ [သံ၊ ဋ္ဌ၊ ၂၊ နှာ ၃၂၄]၊

(၁၄) ✡ သဠာယတန မဟာဝဂ္ဂသံယုတ္တအဋ္ဌကထာ [သံ၊ ဋ္ဌ၊ ၃၊ နှာ ၃၃၉]၊

**"မနောရထပူရဏီ" ဓေါ်တဲ့ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ ၃-အုပ်**

(၁၅) ✡ ကေကနိပါတ အင်္ဂုတ္တရအဋ္ဌကထာ [အံ၊ ဋ္ဌ၊ ၁၊ နှာ ၄၁၆]၊

(၁၆) ✡ ဒုကာဒိနိပါတ အင်္ဂုတ္တရအဋ္ဌကထာ [အံ၊ ဋ္ဌ၊ ၂၊ နှာ ၃၉၇]၊

(၁၇) ✡ ပဉ္စကာဒိနိပါတ အင်္ဂုတ္တရအဋ္ဌကထာ [အံ၊ ဋ္ဌ၊ ၃၊ နှာ ၃၅၇]၊

**"ပရမတ္ထကထာ"ဓေါ်တဲ့ အဘိဓမ္မာ အဋ္ဌကထာ ၃-အုပ်**

(၁၈) ✡အဋ္ဌသာလိနီအဋ္ဌကထာ [အဘိ၊ ဋ္ဌ၊ ၁၊ နှာ ၄၅၄]၊

(၁၉) ✡ သမ္မောဟဝိနောဒနီအဋ္ဌကထာ (ဝိဘင်းအဋ္ဌကထာ) [အဘိ၊ ဋ္ဌ၊ ၂၊ နှာ ၅၀၈]၊

(၂၀) ✡ ပဋ္ဌပကရဏအဋ္ဌကထာ (ဓာတုကထာအဋ္ဌကထာ, ပုဂ္ဂလပညတ္တိအဋ္ဌကထာ, ကထာဝတ္ထုအဋ္ဌကထာ, ယမကပ္ပကရဏအဋ္ဌကထာ, ပဋ္ဌာနပ္ပကရဏအဋ္ဌကထာ) [အဘိ၊ ဋ္ဌ၊ ၃၊ နာ ၄၉၉]။

**<u>"ခုဒ္ဒကနိကာယ်"ဆိုင်ရာ အဋ္ဌကထာများ</u>**

(၂၁) ✡ "ပရမတ္ထဇောတိကာ"ခေါ်တဲ့ ခုဒ္ဒကပါဌအဋ္ဌကထာ [ခု၊ ဋ္ဌ၊ နာ ၂၁၆]၊

(၂၂) ✡ ဓမ္မပဒအဋ္ဌကထာ (ပဌမအုပ်)[ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ နာ ၄၄၇]၊

(၂၃) ✡ ဓမ္မပဒအဋ္ဌကထာ (ဒုတိယအုပ်) [ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ နာ ၄၅၆]၊

(၂၄) ★"ပရမတ္ထဒီပနီ"ခေါ်တဲ့ ဥဒါနအဋ္ဌကထာ (ဥဒါန်းအဋ္ဌကထာ) [ဥဒါန၊ ဋ္ဌ၊ နာ ၃၉၃]၊

(၂၅) ★"ပရမတ္ထဒီပနီ"ခေါ်တဲ့ ဣတိဝုတ္တကအဋ္ဌကထာ (ဣတိဝုတ်အဋ္ဌကထာ)[ဣတိဝုတ်၊ ဋ္ဌ၊ နာ ၃၅၅]၊

(၂၆) ✡ "ပရမတ္ထဇောတိကာ"ခေါ်တဲ့ သုတ္တနိပါတအဋ္ဌကထာ၊ ပဌမအုပ်[သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ နာ ၃၁၄]၊

(၂၇) ✡ "ပရမတ္ထဇောတိကာ"ခေါ်တဲ့သုတ္တနိပါတအဋ္ဌကထာ၊ ဒုတိယအုပ် [သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ နာ ၃၂၄]၊

(၂၈) ★"ပရမတ္ထဒီပနီ"ခေါ်တဲ့ ဝိမာနဝတ္ထုအဋ္ဌကထာ [ဝိမာန၊ ဋ္ဌ၊ နာ ၃၃၅]၊

(၂၉) ★"ပရမတ္ထဒီပနီ"ခေါ်တဲ့ ပေတဝတ္ထုအဋ္ဌကထာ [ပေတဝတ္ထု၊ ဋ္ဌ၊ နာ ၂၇၀]၊

(၃၀) ★ထေရဂါထာအဋ္ဌကထာ၊ ပဌမအုပ် [ထေရဂါထာ၊ ဋ္ဌ၊ ၁၊ နာ ၄၈၅]၊

(၃၁) ★ထေရဂါထာအဋ္ဌကထာ၊ ဒုတိယအုပ် [ထေရဂါထာ၊ ဋ္ဌ၊ ၂၊ နာ ၅၄၆ ]၊

(၃၂) ★ထေရီဂါထာအဋ္ဌကထာ [ထေရီဂါထာ၊ ဋ္ဌ၊ နာ၊ ၃၀၅)၊

(၃၃) ■ "ဝိသုဒ္ဓဇနဝိလာသိနီ"အပဒါနအဋ္ဌကထာ၊ ပဌမအုပ် [အပဒါန၊ ဋ္ဌ၊ ၁၊ နာ ၃၅၂]၊

(၃၄) ■ "ဝိသုဒ္ဓဇနဝိလာသိနီ"အပဒါနအဋ္ဌကထာ၊ ဒုတိယအုပ် [အပဒါန၊ ဋ္ဌ၊ ၂၊ နာ ၃၀၃)၊

(၃၅) ❖ "မဓုရတ္ထဝိလာသိနီ"မည်သော ဗုဒ္ဓဝံသအဋ္ဌကထာ [ဗုဒ္ဓဝင်အဋ္ဌကထာ၊ ၃၅၄]၊

(၃၆) ★"ပရမတ္ထဒီပနီ"စရိယာပိဋကအဋ္ဌကထာ [နာ ၃၂၈]၊

(၃၇) ✡ ဇာတကအဋ္ဌကထာ(ပဌမတွဲ-ကေကနိပါတအဋ္ဌကထာ)[၎ဂ][နာ ၅၃၈]၊

(၃၈) ✡ ဇာတကအဋ္ဌကထာ (ဒုတိယတွဲ)[၎] [နာ ၄၀၈]၊

---

[၎ဂ] ဇာတ်တော် ၁-မှ ၁၅၀-အထိ

(၃၉) ✡ ဇာတကအဋ္ဌကထာ (တတိယတွဲ)[၉၉] [နှာ ၅၁၇]၊

(၄၀) ✡ ဇာတကအဋ္ဌကထာ (စတုတ္ထတွဲ)[၁၀၀] [ နှာ ၅၀၄]၊

(၄၁) ✡ ဇာတကအဋ္ဌကထာ (ပဉ္စမတွဲ)[၁၀၁] [နှာ ၅၅၃]၊

(၄၂) ✡ ဇာတကအဋ္ဌကထာ (ဆဋ္ဌတွဲ)[၁၀၂] [နှာ ၃၃၂]၊

(၄၃) ✡ ဇာတကအဋ္ဌကထာ (သတ္တမတွဲ)[၁၀၃] [နှာ ၃၈၇]၊

(၄၄) ☆ "သဒ္ဓမ္မပ္ပဇောတိကာ"မဟာနိဒ္ဒေသအဋ္ဌကထာ [နှာ ၄၁၉]၊

(၄၅) ☆"သဒ္ဓမ္မပ္ပဇောတိကာ"စူဠနိဒ္ဒေသအဋ္ဌကထာ [နှာ ၁၄၀], ★နေတ္တိအဋ္ဌကထာ [နှာ ၂၇၆]၊

(၄၆) ✠ "သဒ္ဓမ္မပ္ပကာသနီ" ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပဌမအုပ်) [နှာ ၃၄၅]၊

(၄၇) ✠ "သဒ္ဓမ္မပ္ပကာသနီ"ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ဒုတိယအုပ်) [နှာ ၃၂၃]၊

(၄၈) ✡ ကင်္ခါဝိတရဏီအဋ္ဌကထာ [နှာ ၃၅၆]၊

(၄၉) ✠ ဝိနယသင်္ဂဟအဋ္ဌကထာ [နှာ ၄၈၆]၊

(၅၀) ✡ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ [ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၁၊ နှာ ၃၇၀]၊

(၅၁) ✡ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ [ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၂၊ နှာ ၃၅၆]၊

(၅၂) 🍎 ခုဒ္ဒသိက္ခာ, မူလသိက္ခာဒ

(၅၃) ❖ ဝိနယဝိနိစ္ဆယ, ဥတ္တရဝိနိစ္ဆယ၊ [ဝိနယ၊ နှာ ၃၀၄၊ ဥတ္တရ၊ နှာ ၉၁= စာမျက်နှာ ၃၉၅]၊

(၅၄) ● "လက်သန်းအဋ္ဌကထာ"ခေါ် အဘိဓမ္မတ္ထသင်္ဂဟ (သုတ်ပြိုဟ်ကျမ်း၊ စာမျက်နှာ ၆၈)၊

(၅၅) ❖ အဘိဓမ္မာဝတာရဒီစတုဂ္ဂန္ထ၊ [❖အဘိဓမ္မာဝတာရ၊ နှာ ၁၈၆၊ ●နာမရူပပရိစ္ဆေဒ နှာ ၁၆၀၊ ★ပရမတ္ထဝိနိစ္ဆယ၊ နှာ ၁၀၀၊ ☆သခ်ေပ၊ နှာ ၃၄] ။

မှတ်ချက်။ ။

---

[၁] ဒုက, တိက နိပါတအဋ္ဌကထာ၊ ဇာတ်တော် ၁၅၁-မှ ၃၀၀-အထိ

[၂] စတုက္က, ပဉ္စက, ဆက္က, သတ္တက, အဋ္ဌက, နဝက နိပါတအဋ္ဌကထာ၊ ဇာတ်တော် ၃၀၁-မှ ၄၃၈-အထိ

ဒသက, ဧကာဒသက, ဒွါဒသက, တေရသက, ပကိဏ္ဏက, ဝိသတိနိပါတ အဋ္ဌကထာ၊ ဇာတ်တော် ၄၃၉-မှ ၅၁၀-အထိ

[၃] တိသ, စတ္တာလီသ, ပဏ္ဏာသ, သဋ္ဌိ, သတ္တတိ, အသီတိနိပါတ အဋ္ဌကထာ၊ ဇာတ်တော် ၅၁၁-မှ ၅၃၇-အထိ

မဟာနိပါတအဋ္ဌကထာ၊ ဇာတ်တော် ၅၃၈-မှ ၅၄၂-အထိ

[၄] မဟာနိပါတအဋ္ဌကထာ၊ ဇာတ်တော် ၅၄၃-မှ ၅၄၇-အထိ

## ဝိဋ္ဌကသုံးသွယ် ဒါးနိကာယ် မှတ်ဖွယ်ကျမ်းမည်ပါ

✡ အမှတ်အသားမှာ "အရှင်မဟာဗုဒ္ဓဃောသ"ပြုစုရေးသားသည့် အဋ္ဌကထာကျမ်းများ ၃၅-အုပ်။
★ အမှတ်အသားမှာ "အရှင်ဓမ္မပါလထေရ်" ပြုစုရေးသားသည့် အဋ္ဌကထာကျမ်းများ ၉-အုပ်။
❖ အမှတ်အသားမှာ "ဗုဒ္ဓဒတ္တထေရ်" ပြုစုရေးသားသည့် အဋ္ဌကထာကျမ်းများ ၂-အုပ်။
☆ အမှတ်အသားမှာ "ဥပသေနထေရ်" ပြုစုရေးသားသည့် အဋ္ဌကထာကျမ်းများ ၂-အုပ်။
✠ အမှတ်အသားမှာ "မဟာနာမထေရ်" ပြုစုရေးသားသည့် အဋ္ဌကထာကျမ်းများ ၂-အုပ်။
✠ အမှတ်အသားမှာ "သာရိပုတ္တထေရ်" ပြုစုရေးသားသည့် အဋ္ဌကထာကျမ်း ၁-အုပ်။
■ အမှတ်အသားမှာ "အမည်မသား ထေရ်တစ်ပါး" ပြုစုရေးသားသည့် အဋ္ဌကထာကျမ်း ၂-အုပ်။
● အမှတ်အသားမှာ "အရှင်အနုရုဒ္ဓထေရ်" ပြုစုရေးသားသည့်ကျမ်း ၂-အုပ်။
 အမှတ်အသားမှာ "အရှင်ဓမ္မသိရိထေရ်" ပြုစုရေးသားသည့် ခုဒ္ဒသိက္ခာကျမ်း။

## ပိဋ္ဌကဆိုင်ရာ ကျမ်းဋီကာ မည်သာဖော်ပြမည်

### ဝိနည်းဆိုင်ရာ ဋီကာများ ၆-အုပ်

(၁) ဝေဇိရဗုဒ္ဓိဋီကာ၊ စာမျက်နှာ ၅၈၅၊
(၂) သာရတ္ထဒီပနီဋီကာ၊ ပဌမအုပ် (သာရတ္ထ၊ ဋီ၊ ၁၊ စာမျက်နှာ ၄၆၀)၊
(၃) သာရတ္ထဒီပနီဋီကာ၊ ဒုတိယအုပ် (သာရတ္ထ၊ ဋီ၊ ၂၊ စာမျက်နှာ ၄၄၈)၊
(၄) သာရတ္ထဒီပနီဋီကာ၊ တတိယအုပ် (သာရတ္ထ၊ ဋီ၊ ၃၊ စာမျက်နှာ ၄၉၆)၊
(၅) ဝိမတိဝိနောဒနီဋီကာ၊ ပဌမအုပ် (ဝိမတိ၊ ဋီ၊ ၁၊ စာမျက်နှာ ၃၆၂)၊
(၆) ဝိမတိဝိနောဒနီဋီကာ၊ ဒုတိယအုပ် (ဝိမတိ၊ ဋီ၊ ၂၊ စာမျက်နှာ ၃၂၂)၊

### သုတ္တန်ဆိုင်ရာ ဋီကာများ ၁၄-အုပ်

(၁) သီလက္ခန္ဓဝဂ္ဂဋီကာ (ပုရာဏဋီကာ-ဋီကာဟောင်း၊ စာမျက်နှာ ၄၀၅)၊
(၂) သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (သီလက္ခန်ဋီကာသစ်၊ ၁၊ စာမျက်နှာ ၅၀၀)၊
(၃) သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (သီလက္ခန်ဋီကာသစ်၊ ၂၊ စာမျက်နှာ ၄၃၇)၊
(၄) မဟာဝဂ္ဂဋီကာ (သုတ်မဟာဝါဋီကာ၊ စာမျက်နှာ ၃၅၈)၊
(၅) ပါထိကဝဂ္ဂဋီကာ (သုတ်ပါထေယျဋီကာ၊ စာမျက်နှာ ၂၉၂)၊

(၆) မူလပဏ္ဏာသဒ္ဒိကာ (မ၊ ဒ္ဒိ၊ ၁၊ စာမျက်နှာ ၃၉၄)၊

(၇) မူလပဏ္ဏာသဒ္ဒိကာ (မ၊ ဒ္ဒိ၊ ၂၊ စာမျက်နှာ ၃၂၄)၊

(၈) မဇ္ဈိမပဏ္ဏာသဒ္ဒိကာ (နှာ ၂၀၉), ဥပရိပဏ္ဏာသဒ္ဒိကာ(နှာ ၂၃၃) (မ၊ ဒ္ဒိ၊ ၃၊ ၄၄၂)၊

(၉) သံယုတ္တဒ္ဒိကာ (သံယုတ်ဒ္ဒိကာ=သံ၊ ဒ္ဒိ၊ ၁၊ စာမျက်နှာ ၃၄၅)၊

(၁၀) သံယုတ္တဒ္ဒိကာ (သံယုတ်ဒ္ဒိကာ=သံ၊ ဒ္ဒိ၊ ၂၊ စာမျက်နှာ ၅၅၁)၊

(၁၁) အင်္ဂုတ္တရဒ္ဒိကာ (အင်္ဂုတ္တိုရ်ဒ္ဒိကာ= အံ၊ ဒ္ဒိ၊ ၁၊ စာမျက်နှာ ၂၈၈)၊

(၁၂) အင်္ဂုတ္တရဒ္ဒိကာ (အင်္ဂုတ္တိုရ်ဒ္ဒိကာ= အံ၊ ဒ္ဒိ၊ ၂၊ စာမျက်နှာ ၃၉၆)၊

(၁၃) အင်္ဂုတ္တရဒ္ဒိကာ (အင်္ဂုတ္တိုရ်ဒ္ဒိကာ= အံ၊ ဒ္ဒိ၊ ၃၊ စာမျက်နှာ ၃၇၁)၊

(၁၄) နေတ္တိဒ္ဒိကာ (နှာ ၁၅၁)–နေတ္တိဝိဘာဝနီ(နှာ -- (စာမျက်နှာ ၃၅၆)၊

**အာဘိဓမ္မာဆိုင်ရာ မူရင်း ဋီကာများ ၃–အုပ်**

(၁) ဓမ္မသင်္ဂဏိ မူလဋ္ဌကာ (နှာ ၂၀၃), အနုဋ္ဌကာ (နှာ ၂၂၀)၊

(၂) ဝိဘင်္ဂမူလဋ္ဌကာ (နှာ ၂၃၅), အနုဋ္ဌကာ (နှာ ၂၂၉)၊

(၃) ပဋ္ဌပကရဏ မူလဋ္ဌကာ(နှာ ၂၄၈), အနုဋ္ဌကာ (နှာ ၃၂၃)၊

**အခြား ဋီကာများ**

(၁) ဝိသုဒ္ဓိမဂ္ဂမဟာဋ္ဌကာ၊ ပဌမအုပ် (ဝိသုဒ္ဓိမဂ် မဟာဋ္ဌကာ၊ ၁၊ စာမျက်နှာ ၄၆၁)၊

(၂) ဝိသုဒ္ဓိမဂ္ဂမဟာဋ္ဌကာ၊ ဒုတိယအုပ် (ဝိသုဒ္ဓိမဂ် မဟာဋ္ဌကာ၊ ၂၊ စာမျက်နှာ ၅၃၄)၊

(၃) ကင်္ခါဝိတရဏီပုရာဏဋ္ဌကာ, အဘိနဝဋ္ဌကာ (ဋီကာဟောင်း၊ နှာ ၁၁၇၊ ဋီကာသစ်၊ နှာ ၃၇၁=၄၈၈)၊

(၄) ခုဒ္ဒသိက္ခာ ပုရာဏ–အဘိနဝဋ္ဌကာ (ခုဒ္ဒသိက္ခာ ဋီကာသစ် ဋီကာဟောင်း၊ ဝိနယ၊)၊

(၅) ဝိနယဝိနိစ္ဆယဋ္ဌကာ၊ ပဌမအုပ် (စာမျက်နှာ ၅၇၁)၊

(၆) ဝိနယဝိနိစ္ဆယဋ္ဌကာ, ဥတ္တရဝိနိစ္ဆယဋ္ဌကာ၊ ဒုတိယအုပ် (စာမျက်နှာ ၅၃၀)၊

(၇) ဝိနယာလင်္ကာရဋ္ဌကာ၊ ပဌမအုပ် (ဝိနယာလင်္ကာရ၊ ၁၊ စာမျက်နှာ ၄၂၄)၊

(၈) ဝိနယာလင်္ကာရဋ္ဌကာ၊ ဒုတိယအုပ် (ဝိနယာလင်္ကာရ၊ ၂၊ စာမျက်နှာ ၄၃၄)၊

(၉) အဘိဓမ္မတ္ထသင်္ဂဟဝိဘာဝနီဋ္ဌကာ (ဋီကာကျော်၊ အဘိဓမ္မာ၊ စာမျက်နှာ ၂၁၁)၊

(၁၀) အဘိဓမ္မာဝတာရဘိနဝဋ္ဌကာ၊ ပဌမအုပ် (အဘိဓမ္မာဝတာရဋ္ဌကာသစ်၊ ၁)၊

## ပိဋကသုံးသွယ် ဝါးနိကာယ် မှတ်ဖွယ်ကျမ်းမည်ပါ

(၁၁) အဘိမ္မောဝတာရာဘိနဝဋီကာ၊ ဒုတိယအုပ် (အဘိမ္မောဝတာရဋီကာသစ်၊ ၂ စာမျက်နှာ ၃၇၈)၊

(၁၂) မဏိသာရမဉ္ဇူသာ ဋီကာ (အဘိမ္မော)၊

(၁၃) ပရမတ္ထဒီပနီဋီကာ (အဘိမ္မော)၊

(၁၄) အက်ုရဋီကာ (အဘိမ္မော)၊

(၁၅) မဟာအတုလဋီကာ (အဘိမ္မော)။

(၁၆) သခေ်ပဝဏ္ဏနာဋီကာ (အဘိမ္မော)၊ သဒ္ဓမ္မဇောတိပါလထေရ်။

(၁၇) အဘိမ္မတ္ထသင်္ဂဟဋီကာ (အဘိမ္မော)။

(၁၈) အနုဒီပနီပါဠ်၊ စာမျက်နှာ ၃၂၄၊ (လယ်တီ)

(၁၉) ဇိနာလင်္ကာရဋီကာ၊ နှာ ၃၃၂။ (ဗုဒ္ဓရက္ခိတမဟာထေရ်)– စသည်တို့ဖြစ်၏။



# ဖတ်ငြားရွတ်နည်း နိဿယည်း

**မည်မိမည်ဟာ ပြည်မြန်မာ။** ။ မြန်မာရဟန်းတော်များ ပရိတ်ရွတ်ကြရာတွင် အသံနေ အသံထား မတူကြဘဲ အဖြတ်အတောက်များလဲ ကွဲပြားတတ်ကြတယ်၊ ဆင်ခြင်ဂါယနာမတင်မိ ပုံနှိပ်ထုတ်ဝေကြသည့် ရွေးအချို့ပရိတ်စာအုပ်များ, ဝတ်ရွတ်စဉ်စာအုပ်များ၌ အဖြတ်အတောက် မကောင်းခြင်း, မှားယွင်းခြင်း, ပဒ်ပါဠိအက္ခရာများ ချွတ်ယွင်းခြင်းတို့ရှိရာ ထိုစာအုပ်များပါအတိုင်း သင်ယူကျက်မှတ်ခြင်း, မြန်မာပြည်တွင် စနစ်တကျ ပရိတ်ရွတ်နည်းကို သင်ကြားရိုးမရှိခြင်းတို့ကြောင့် မူမတူကြတော့ဘဲ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေကြရသည်။ စနစ်တကျ သင်ယူနိုင်သူများကား သံနေသံထား အဖြတ်အတောက်, ပဒ်ပါဠိအက္ခရာ ချွတ်ယွင်းခြင်းမရှိကြဘဲ မှန်ကန်တိကျစွာ ရွတ်ဖတ်နိုင်ကြသည်။

**မြန်ပြည်တစ်လွှား။ သံဃာများ။ ရွတ်ငြား ပရိတ်တော်၊**
**တစ်ကျောင်းနှင့်ကား။ တစ်ကျောင်းကား။ ကွဲပြားကြသနော်၊**
**သံနေသံထား။ ဖြတ်တောက်များ။ မြားနား ရွတ်ပုံနော်၊**
**ရွေးစာအုပ်များ။ ဖြတ်တောက်ကား။ လွဲမှား အချော်ချော်၊**
**ထိုစာအုပ်များ။ အတိုင်းထား။ ရွတ်ပါးနေကြသော်၊**
**ပရိတ်ရွတ်နည်း။ နိဿယည်း။ ထုံးနည်းမရနော်၊**
**တစ်ကျောင်းတစ်ကျောင်း။ ရွတ်သံပေါင်း။ ငြိမ့်ညောင်း မရှိသော်။**
**ထုံးနည်းကျစွာ၊ သင်သူသာ၊ မှန်ရာ ရွတ်ပုံတော်။**



**သာယာငြိမ့်ညောင်း နားထောင်ကောင်း။** ။ ပရိတ်ရွတ်ဆိုရာတွင် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ ဖြစ်သော ထိုင်း(ယိုးဒယား), ကမ္ဘောဒီးယား, လာအိုနှင့် သီရိလင်္ကာနိုင်ငံ(သီဟိုဠ်)တို့မှ ရဟန်းတော်များ၏ ပရိတ်ရွတ်ဆိုသံမှာ ညီညာ၍ သာယာငြိမ့်ညောင်းလှ၏၊ နာသူတို့အဖို့ နားထောင်ကောင်းလှ၏၊ အသံအဆဲအငင် အနိမ့်အမြင့် အတိုင်အဖောက်ညီ၏၊ ရှေ့ဆောင်ပုဂ္ဂိုလ်နှင့် နောက်လိုက်ပုဂ္ဂိုလ်တွေ့ လိုက်လျောကြ၏၊ ဒါ့ကြောင့်လည်း သူတို့၏ပရိတ်သံတွေ့ကား **"သာယာငြိမ့်ညောင်း နားထောင်ကောင်းခြင်း"** ဖြစ်ပေ၏။

**အသံဆွဲငင် ပြစ်ပါးအင်။** ။

ဘုရားရှင်၏အလိုတော်ကျကတော့---

"ရဟန်းတို့...ဆွဲဆွဲငင်ငင် သီချင်းသံဖြင့်

တရားကိုရွတ်ဆိုသူမှာ အပြစ် ၅-မျိုးရှိ၏။

(၁) ကိုယ်တိုင်လည်း မိမိအသံ၌ လွန်စွာနှစ်သက် သာယာ၏၊

(၂) သူတပါးတို့ကလည်း ထိုဆွဲဆွဲငင်ငင် ဂီတသံဖြင့်ရွတ်ဆိုသော မိမိ၏အသံ၌ လွန်စွာနှစ်သက် သာယာကြ၏၊

(၃) အိမ်ရှင် ဒါယကာ ဒါယိကာမတို့ကလည်း (လူတို့ကလည်း) ကဲ့ရဲ့ကြ၏၊

(၄) အသံပြုပြင်မှုကို လိုလားသူအားလည်း သမာဓိ ပျက်စီး၏၊

(၅) နောက်နှောင်း ရဟန်းအပေါင်းကလည်း (တပည့်အပေါင်းကလည်း) အတုလိုက်၏၊

ဤ ၅-ပါးတို့တည်း" ဟု ဟောကြားမူပါတယ်။

ပဋိမေ ဘိက္ခဝေ အာဒီနဝါ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယန္တဿ။ အတ္တနာပိ တသ္မိံ သရေ သာရဇ္ဇတိ၊ ပရေပိ တသ္မိံ သရေ သာရဇ္ဇန္တိ၊ ဂဟပတိကာပိ ဥဇ္ဈာယန္တိ၊ သရကုတ္တိမ္ပိ နိကာမယမာနဿ သမာဓိဿ ဘင်္ဂေါ ဟောတိ၊ ပဋိမာ ဇနတာ ဒိဋ္ဌာနဂတံ အာပဇ္ဇတိ။ ဣမေ ခေါ

ဘိက္ခဝေ ပဗ္ဗ အာဒိနဝါ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယန္တွဿ။ န ဘိက္ခဝေ အာယတကေန ဂီတဿရေန ဓမ္မော ဂါယိတဗ္ဗော၊ ယော ဂါယေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (စူဠဝါပါဠိတော်၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ ၂၄၃။၆၊ ၄၆။)

ဘိက္ခဝေ-ရဟန်းတို့၊ အာယတကေန-ရှည်စွာသော (ဆွဲဆွဲငင်ငင်)၊ ဂီတဿရေန-သီချင်းသံဖြင့်၊ ဓမ္မံ-တရားကို၊ ဂါယန္တွဿ-သီဆိုသောရဟန်း၏ (သီဆိုသောရဟန်းမှာ)၊ အာဒိနဝါ-အပြစ်တို့သည်၊ ဣမေ ပဗ္ဗ-ဤငါးပါးတို့တည်း၊ အတ္ထနာပိ-ကိုယ်တိုင်လည်း၊ တသ္မိံ သရေ-ထိုအသံ၌၊ သာရဇ္ဇတိ-လွန်စွာနှစ်သက်၏၊ (သာယာ၏)၊ ပရေပိ-သူတပါးတို့ကိုလည်း၊ တသ္မိံ သရေ-ထို အသံ၌၊ သာရဇ္ဇန္တိ-သာယာကုန်၏၊ ဂဟပတိကာပိ-အိမ်ရှင်တို့သည်လည်း၊ ဥဇ္ဈာယန္တိ-ကဲ့ရဲ့ ကုန်၏၊ သရကုတ္တိ-အသံလုပ်ခြင်းကို၊ နိကာမယမာနဿပိ-(အသံပြုပြင်မှုကို) လိုလားသော ရဟန်း၏လည်း၊ သမာဓိဿ-သမာဓိ၏၊ ဘင်္ဂါ-ပျက်စီးခြင်းသည်၊ ဟောတိ- ဖြစ်၏၊ ပစ္ဆိမာ-နောက်၌ဖြစ်သော၊ ဇနတာ-ရဟန်းအပေါင်းသည်၊ (တပည့်အပေါင်းသည်) ဒိဋ္ဌာနုဂတိ-မြင်အပ် (ကြားအပ်)သော အရာသို့ အတုလိုက်ခြင်းသို့၊ အာပဇ္ဇတိ-ရောက်၏၊ ဘိက္ခဝေ-တို့၊ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယန္တွဿ အာဒိနဝါ ဣမေ ခေါ ပဗ္ဗ၊ ဘိက္ခဝေ-တို့၊ အာယတကေန ဂီတဿရေန-ဖြင့်၊ ဓမ္မော-တရားကို၊ န ဂါယိတဗ္ဗော-မသီဆိုအပ်၊ ယော-အကြင်ရဟန်းသည်၊ ဂါယေယျ-သီဆိုအံ့၊ (တဿ-ထိုရဟန်းအား၊) ဒုက္ကဋဿ အာပတ္တိ-ဒုက္ကဋ်အာပတ်သင့်။

## ရွတ်ဖတ်နည်းက သည်လိုပြ

**ဣ=က်က**-စက္ကဝါဠေသု= စက်ကဝဠေသု။

ဂဗ္ဘဝေါက္ကန္တိံ= ဂတ်ဘ ဝေါက်ကန်တိန့်။

အဘိက္ကန္တာယ= အဘိတ်ကန်တာယ။

သဗ္ဗဝေရမတိက္ကန္တော= သတ်ဗဝေရမတိတ်ကန်တော။

**ကု=က်ခ**- ပုညကွေတ္တံ= ပုံညက်ခစ်တံ်။

အာဏာကွေတ္တမှိ= အာဏာက်ခစ်တံ်မှိ။

သွာက္ခာတော= သွက်ခါတော။

ဒုတ္ထိက္ခ= ဒုတ်ဘိတ်ခ။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

**ကျ=က်ကျ**–သကျ=သက်ကျ။

**ဂ္ဂ=က်ဂ**– အဂ္ဂိတော=အက်ဂိတော။

ဒါဝဂ္ဂိ= ဒါဝက်ဂိ။

မောဂ္ဂလ္လာနဥ္ဇ=မောက်ဂန်လာနင်စ။

ဇာတုဂ္ဂဗ္ဘသေယျ=ဇာတုတ် ဂတ်ဘသေယ။

**စ္စ=စ်စ**–ပစ္စသောသုံ=ပစ်စတ်သောသုံ။

ပစ္စတ္တံ=ပစ်စတ်တံ။

ပစ္စေကာ=ပစ်စေကာ။

အဝေစ္စ=အဝစ်စ။

အဘိသမေစ္စ=အဘိသမစ်စ။

**စ္ဆ=စ်ဆ**–ဂစ္ဆန္တု=ဂစ်ဆန်တု။

ဝိစ္ဆိက=ဝိတ်ဆိက။

**ဇ္ဇ=စ်ဇ**–အနဝဇ္ဇာနိ=အနဝစ်ဇာနိ။

တယာဇ္ဇ=တယစ်ဇ။

ဝိဇ္ဇတိ=ဝိတ်ဇတိ။

**ဇ္ဈ=စ်ဈ**– အဇ္ဈဘာသိ=အစ်ဈဘာသိ။

ဗုဇ္ဈိတွာ=ဗုတ်ဈိတ်တွာ။

ဗောဇ္ဈင်္ဂေ=ဗောင်ဈင်ဂေ→ဗွတ်ဈင်ဂေ။

လောကဥ္ဇ=လောကင်စ။

ကိဥ္ဇိ=ကိန်စိ။

ဒိဋ္ဌိဥ္ဇ=ဒိတ်ဋ္ဌိန်စ။

**ဥ္ဇ=င်ဇ**– ဗျဥ္ဇနာဓရာ=ဗျင်ဇနာဓရာ။

ဘုဥ္ဇမာနာ=ဘုန်ဇမာနာ။

နယုဥ္ဇန္တော=နယုန်ဇန်တော။

**ည=င်ည**– အညတရာ=အင်ညတရာ။

သဗ္ဗညုတညာဏ=သတ်ဗင်ညုတင်ညာဏ။

ဂမ္ဘီရပညေန=ဂံဘီရ ပင်ညေန။

နာတိမညေထ=နာတိမင်ညေထ။

နာညမညဿ=နင်ညမင်ညတ်သ။

ဝိညူ=ဝိန်ညူ။

အဘိညာယ=အဘိန်ညာယ။

ပုညံ=ပုန်ညံ။

ကာရုညစိတ္တံ=ကာရုန်ညစိတ်တံ။

သုညာဂါရ=သုန်ညာဂါရ။

**ဥ=င်ညူ**– ယဥိ=ယင်ညိ။

**ဌ(ဌနှင့် ဌ ဆင့်ထားသော စာလုံးဆင့်)=တ်ထ**– အဌတ္တိံသဥ္ဇ=အတ်ထတ်တိန်သင်စ။

အဌာသိ=အတ်ထာသိ။

ဥပဌာနံ= ဥပတ်ထာနံ။

ပဌာယ=ပတ်ထာယ။

အဓိဌေယျ= အဓိတ်ထေယ။

ပတိဌ= ပတိတ်ထ။

သန္တုဋ္ဌိ= သန်တုတ်ထိ။

ဖုဌဿ= ဖုတ်ထတ်သ။

သေဌော= သစ်ထော။

လောကဇေဋ္ဌံ= လောကဇစ်ထံ။

**ဝ=တ်ဝ**– ဝဗျန္တိ= ဝတ်ဝန်တိ။

ဝုဗျာပစာယိနော= ဝုတ်ဝါပစာယိနော။

**ဏ္ဏ=နန်န**– တိဏ္ဏန္ဒမိ= တိန်နံနံပိ။

ဥဏ္ဏနာဘိ= အုန်နနာဘိ။

**ဏ္ဏ= နန်န**– ဂဏ္ဏန္တု= ဂန်နှန်တု။

ကဏ္ဏာ= ကန်နှာ။

**တ္တ= တ်တ**– ဗာတ္တိံသ= ဗတ်တိန်သ။

မေတ္တ= မစ်တ။

ဇ္ဇောဝတာ=အစ်တာဝတာ။

**တ္ထ=တ်ထ**– သဗ္ဗတ္ထ= သတ်ဗတ်ထ။

သောတ္ထာနံ= သွတ်ထာနံ။

သောတ္ထိံ= သွတ်ထိန်။

သောတ္ထိနာ=သွတ်ထိနာ။

သောတ္ထိ=သွတ်ထိ။

**တြ=တ်တရ**– အတြ= အတ်တရ။

ဥတြာသီ=အုတ်တရာသီ။

**တွာ=တ်တွာ**– ကတွာန= ကတ်တွာန။

အနုမောဒိတွာ=အနုမောဒိတ်တွာ။

သြဘာသေတွာ=အောဘာသစ်တွာ။

ပုရေတွာ= ပုရစ်တွာ။

**ဒြ=တ်ဒရ**– ဘဒြာနိ= ဘတ်ဒရာနိ။

**ဓြ=နှ်ဒရ**–သန္တိဓြိယော= သန်တိန်ဒရိယော။

**န္တ= နှ်တ**– ဝသန္တိ= ဝသန်တိ။

ဂစ္ဆန္တု= ဂစ်ဆန်တု။

ပူရေန္တံ= ပူရင်တံ။

ဒသေန္တိ= ဒတ်သင်တိ။

ဝိနာသ မေန္တု= ဝိနာသ မင်တု။

ဟောန္တု= ဟွန်တု။

**ဗ္ဗ=တ်ဗ**– ကိဗ္ဗိသ=ကိတ်ဗိသ။

သဗ္ဗိတိယော=သတ်ဗိတိယော။

**ဗ္ဘ= တ်ဘ**– ဂဗ္ဘ= ဂတ်ဘ။

စတုဗ္ဘိ= စတုတ်ဘိ။

**ဗြဟွ= ဗြန်မ**– ဗြဟွနော=ဗြန်မနော။

ဗြဟ္မမေတံ= ဗြန်မမေတံ။

**ဗြာဟ္မဏ=ဗြန်မဏ–** ဗြာဟ္မဏာ= ဗြန်မဏာ။

**မ္ပ=မ်မ–** သဒ္ဓမ္မံ= သတ်ဓမ်မံ။

အတ္တသမ္မာပဏိဓိ=အတ်တသမ်မာပဏိဓိ။

ဒမ္မသာရထိ= ဒမ်မသာရထိ။

**မှ=မ်မှ–** အမှေဟိ=အမ်မှေဟိ။

သာသနမှိ=သာသနမ်မှိ။

ဂိမှာန=ဂိမ်မှာန။

တုမှာကံ=တုမ်မှာကံ။

**ယျ=နိယ–** နိယျာနိကံ=နိန်ယာနိကံ။

ဒက္ခိဏေယျာ=ဒက်ခိဏေယာ။

ဥပဝဒေယျုံ= ဥပဝဒေယျုံ။

အဓိဋ္ဌေယျ, ဂဗ္ဘသေယျ, သောစေယျ, ဥလ္လောကေယျာထ, ဩပနေယျိကော,

အာဟုနေယျော, ပါဟုနေယျော, သရေယျာထ, ဥပ္ပဇ္ဇေယျ=အုတ်ပစ်ဇေယာထ တို့၌လည်း

နည်းတူမှတ်လေ။

**ယှ=ယ်ယှ–** ဝိဂယှ=ဝိဂယ်ယှ။

မယှံ= မယ်ယှံ။

**လ္လ= နိလ–**ပလ္လင်္ကံ= ပန်လင်က။

သလ္လဟုက=သန်လဟုက။

မောဂ္ဂလ္လာနဥ္ဆ=မောက်ဂန်လာနင်စ။

ဥလ္လောကေယျာထ= အုန်လောကေယျာထ။

**သ္မ=တ်သမ–** အာယသ္မာ= အာယတ်သမာ။

တသ္မာ=တတ်သမာ။

**သ္ဟာ=တ်သ္ဟာ– ဒိသ္ဟာ=ဒိတ်သ္ဟာ။**

**ဿ (သ ၂–လုံးဆင့်)= တ်သ–** ဓမ္မဿဝန=ဓမ်မတ်သဝန။

တိဿော= တိတ်သော။

မနုဿတော=မနုတ်သတော။

ဝေဿဘုဿ= ဝစ်သဘုတ်ဿ။

ဟေဿတိ= ဟစ်သတိ။

**ငွ=နှ်လှ**–ဒငွေန=ဒန်လှေန။

အဝိရုဠိဆန္ဒာ (ရှေးမူ)=အဝိရုန်လှိဆန္ဒာ။

အဝိရူဠိဆန္ဒာ (ဆဋ္ဌမူ)=အဝိရူလှိဆန္ဒာ။

သမုပဗျူငွော=သမုပဗျူလှော။

ဝိရူငွကော=ဝိရူလှကော။



# ပရိတ်ဘချီး ဒေါ် ပရိတ်ဓိဒါန်း

## ပရိတ်ကြီး နိဒါန်းပါဠိ

### နတ်ဖိတ်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာ'ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇသဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

သမန္တာ=သမန်တာ
စက္ကဝါဠေသု= စက်က ဝါဠေသု
အတြာ= အတ်တရာ
ဂစ္ဆန္တု= ကစ်ဆန်တု
အတြာ'ဂစ္ဆန္တု [အတြ+အာဂစ္ဆန္တု]၊
သဒ္ဓမ္မံ= သဒ် ဓမ်မံ⟶သတ် ဓမ်မံ
မုနိရာဇသဿ=မုနိ ရာဇသ်သ⟶မုနိ ရာဇတ်သ
သုဏန္တု= သုဏန်တု
သဂ္ဂမောက္ခဒံ= သဂ်ဂ မောက်ခဒံ⟶သဂ်ဂ မောက်ခ ဒံ [သဂ္ဂ+မောက္ခ+ဒံ]၌
သဂ္ဂ တပုဒ်, မောက္ခ တပုဒ်, ဒံ တပုဒ် ခွဲပြီး "သဂ်ဂ မောက်ခ ဒံ" လို့ ရှုတ်။

**သမန္တာ**–ရှေ့နောက်ဝဲယာ, ဒိသာရပ်ခွင်, ပတ်ဝန်းကျင်မှ၊ **စက္ကဝါဠေသု**–စကြဝဠာပေါင်း တိုက်တစ်သောင်းတို့၌၊ **ဒေဝတာ**–နတ်ဗြဟ္မာတို့သည်၊ **အတြ**–ဤပရိတ်တရား ဟောကြားထားရာဌာနသို့၊ **အာဂစ္ဆန္တု**–လာရောက်ကြကုန်လော့၊ **မုနိရာဇဿ**–မုနိထွတ်တင် ဘုရားရှင်၏၊ **သဂ္ဂမောက္ခဒံ**–နတ်ပြည်နိဗ္ဗာန် အကျိုးကိုပေးတတ်သော၊ **သဒ္ဓမ္မံ**–ပရိတ်တရားတော်ကို၊ **သုဏန္တု**–လေးစားကြည်ဖြူ နာယူကြကုန်လော့။

ပတ်ဝန်းကျင် စကြဝဠာတစ်သောင်းရှိ နတ်ဗြဟ္မာတို့သည် ဤပရိတ်တရား ဟောကြားရာဌာနသို့ လာရောက်ကြကုန်လော့၊ ဘုရားရှင်၏နတ်ပြည်နိဗ္ဗာန်အကျိုးကို ပေးတတ်သော ပရိတ်တရားတော်ကို နာယူလှည့်ကြပါကုန်လော့။

**၂။ မွေဿဝနကာလော အယံ ဘဒ္ဒန္တာ။**

**မွေဿဝနကာလော= မ်မသ် သဝနကာလော→မ်မတ် သဝနကာလော**–၌ **"မ်မတ် သဝနကာလော"**လို့ ရွတ်။

**ဘဒ္ဒန္တာ – ဘဒ်ဒန်တာ→ဘတ်ဒန်တာ**

**ဘဒ္ဒန္တာ, ဘဒန္တာ** နှစ်မျိုးလုံးသင့်။

**ဘဒ္ဒန္တာ**–အိုနတ်အများတို့၊ **အယံ**–ဤအချိန်ကား၊ **မွေဿဝနကာလော**–တရားနာရန် အချိန်အခါပေတည်း။

အိုနတ်အများတို့၊ ယခုအချိန်ကား တရားနာဖို့ရာ အချိန်အခါဖြစ်၏။

**ပင့်ဖိတ်ပြီးခါ နှိုးဆော်ရာ။** ။ **"သမန္တာ"**စသည်ဖြင့် နတ်များကို ပင့်ဖိတ်ပြီးနောက် **"မွေဿဝနကာလော"** စသည်ဖြင့် မရောက်သေးသောနတ်များအား ထပ်မံကြားသိရန်အတွက်လည်းကောင်း, ရောက်ပြီးသော နတ်များအား တရားမှာ သတိစိုက်စေရန်အတွက်လည်းကောင်း အခါကြား နှိုးဆော်ချက်ပင် ဖြစ်တယ်။

## ပရိုက်အချီး ခေါ် ပရိုက်နီဒါန်း

## အလွန်ရှေးကျသော ဘုရားရှိခိုး

**၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**တဿ=တသ်သ→တတ်သ**

**ဘဂဝတော–၌ ဘဂ ဝတော** (ဘဂနှင့် **ဝတော** အကြား၌ စဉ်းငယ် ဖြတ်၍ ဖတ်သည်လည်း ရှိ၏၊) **ဘဂဝ တော** (**ဘဂဝ**နှင့် **တော** အကြား စဉ်းငယ်ခြား၍ ဖတ်သည်လည်း ရှိ၏၊)

**အရဟတော–၌ "အရဟ-တော, အရ-ဟတော, အ-ရဟတော"** သုံးမျိုးဖတ်နိုင်၊

**သမ္မာသမ္ဗုဒ္ဓဿ= သမ်မာ သမ် ဗုဒ်ဓသ်သ→သမ်မာ သမ် ဗုတ်ဓတ်သ [သမ္မာ+သံ+ဗုဒ္ဓဿ]၊**

**အရဟတော–**လူနတ်ဗြဟ္မာ, သတ္တဝါခပင်း, အမင်းမင်းတို့၏, ဝပ်စင်းဦးခိုက်, ပူဇော်အထူးကို ခံတော်မူထိုက်ထသော (တွံတေး)၊ ဝါ–ဗြဟ္မာနတ်လူ, သုံးဘုံသူတို့၏, ပူဇော်အထူးကို ခံတော်မူထိုက်ထသော (မြင်းခြံ–၉–ဆောင်မူ)၊ ဝါ–ဗြဟ္မာလူနတ်, လေးမြတ်ကော်ရော်, အလှူတော်မှန်, အပူဇော်ခံတော်မူထိုက်သော(သပြေကန်)၊ ဝါ–ပူဇော်အထူးကို ခံတော်မူထိုက်သော (ပရိတ္တသင်္ဂဟ)၊ ဝါ–တစ်ထောင့်ငါးရာ, ကိလေသာတို့မှ ဝေးကွာတော်မူသော (မဟာဂန္ဓာရုံ)၊ **အရ ဟတော–**ကိလေသာရန်သူကိုပယ်ဖျက်တော်မူထသော (ကိလေသာမာရ်, အတွင်းရန်ကို, တွန်းလှန်ဖျက်ဆီးတော်မူထသော)၊ ဝါ–သံသရာစက်, ကန့်အကွက်ကို, ဖျက်ဆီးတော်မူထသော (ကိလေသာစက်, ကန့်အကွက်ကို, ပယ်ဖျက်တော်မူထသော)၊ **အ ရဟတော–**မကောင်းမှုကို ပြုလုပ်ရန် ထိုက်တော်မမူထသော၊ ဝါ–ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကိုပြုတော်မမူထသော၊ **သမ္မာသမ္ဗုဒ္ဓဿ–**မဖောက်မပြန်, သယမ္ဘူ ဉာဏ်ဖြင့်, ငါးတန်ဥေယျ, ဓမ္မလုံးစုံ, တရားပုံကို, အကုန်အစင်, သိမြင်တော်မူပြီးထသော (တွံတေး)၊ ဝါ–အမှန်တိုင်းသာ, ဆရာမရှိ, တရားစုံကို ကိုယ်တော်တိုင်သိတော်မူသော (သပြေကန်)ကြွင်းမဲ့ဥသုံ, အလုံးစုံကို၊ အကုန်အစင်, သိမြင်တော်မူသော (မဟာဂန္ဓာရုံ)၊ ဝါ–ကိုယ်တော်တိုင် သစ္စာလေးပါး တရားကို မှန်ကန်စွာသိတော်မူထသော (ပရိတ္တသင်္ဂဟ)၊ **တဿ ဘဂဝတော–**ထိုဘုန်းတော်ခြောက်စုံ, ဂုဏ်များသခင်, ရှင်တော်မြတ်ဘုရားအား (သပြေကန်)၊ ဝါ–ဣသရိယ စသည်အပြား, ဘုန်းခြောက်

ပါးသခင်, ထိုဘုရားရှင်အား (တွံတေး)၊ ဝါ–ထို သို့သော ပုဉ်း[၁၀၄]တော်သခင်, ကံတော် ဉာဏ်တော် အသျှင်, တန်ခိုးတော်ရှင် ဘုရားအား (ပရိတ္တသင်္ဂဟ)၊ ဝါ–ထိုမြတ်စွာဘုရားအား (စလင်း)၊ **နမော–** ပျပ်ဝပ်ရိုကျိုး, ရှိခိုးပါ၏ (ပရိတ္တသင်္ဂဟ)၊ ဝါ– ရှိသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ (မဟာဂန္ဓာရုံ)၊ ဝါ–ရှိသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးပါ၏ဘုရား (တွံတေး)၊ ဝါ–ရှိသေမြတ်နိုး, ရှိခိုးကန်တော့ခြင်းသည် (သပြေကန်)၊ (**အတ္ထု–**ဖြစ်ပါစေသတည်း။) ဝါ–**နမော–**ရှိခိုးခြင်း သည်၊ **အတ္ထု ဘဝတု–**ဖြစ်စေသတည်း (စလင်း)။

**နမော တဿ ဘဂဝတော–**ဘုန်းတော်သခင်, ထိုဘုရားရှင်ကို, ဝါလျှင်ရိုကျိုး, လက်စုံမိုး၍, ရှိခိုးပါ၏။

**နမော တဿ အရဟတော–**ကိလေသာကင်းစင်, ထိုဘုရားရှင်ကို, ဝါလျှင်ရိုကျိုး, လက်စုံမိုး၍, ရှိခိုးပါ၏။

**နမော တဿ သမ္မာသမ္ဗုဒ္ဓဿ–**လုံးစုံသိမြင်, ထိုဘုရားရှင်ကို, ဝါလျှင် ရိုကျိုး, လက်စုံမိုး၍, ရှိခိုးပါ၏။

ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်၍ (ဝါ) ကိလေသာတို့မှ ဝေးကွာတော်မူ၍(ဝါ) ကိလေသာရန်သူကို ပယ်ဖျက်တော်မူ၍ (ဝါ) သံသရာစက် အကန့်တို့ကို ဖျက်ဆီးတော်မူ၍ (ဝါ) ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို ပြုတော်မမူ၍ ဆရာမရှိ တရားအလုံးစုံကို အမှန်အတိုင်းသိတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်အား ရှိခိုးကန်တော့ပါ၏။

**ပဏာမစေတနာ ကျိုးကြီးပါ။** ။ ပရိတ်မရွတ်မီ ပဏာမပြုရန် **"နမော တဿ"**ကို ရွေးဆရာတို့ ထည့်သွင်းစီစဉ်ခဲ့ခြင်းမှာ ပရိတ်ရွတ်သူ, နာကြားသူများ အကျိုးရရှိရေးအတွက်ပင် ဖြစ်သည်၊ **"ပရိတ်"**ဟူသည် အန္တရာယ်ကင်းရေးနှင့် မင်္ဂလာဖြစ်ရေးအတွက် ရွတ်ဆိုနာကြားရိုးဖြစ်ရာ **ပဏာမစေတနာ**မှာ ထိုအကျိုး နှစ်မျိုးလုံးကိုပင် ရရှိစေနိုင်၏။

ပဏာမစေတနာဖြစ်ရာ ခေတ်မှာ အတုမရှိ ဂုဏ်ထူးရှင်ဘုရားရှင်ဖြစ်၍ အလွန်ထူးခြား ကောင်းမြတ်သောခေတ်တည်း၊ ထိုကဲ့သို့သောဘုရားရှင်တို့၌ဖြစ်သော ရှိခိုးသူ၏ ပဏာမ စေတနာ ယုံကြည်မှုသဒ္ဓါ စသော အတွင်းဓာတ်ခံမှာလည်း အလွန်ကောင်းမြတ်သော ဓာတ်ခံ အဇ္ဈာသယဖြစ်ရ၏၊ ထိုသို့ ပဏာမစေတနာဖြစ်ရာ ခေတ်၏ပြည့်စုံခြင်း, အတွင်းဓာတ်ခံစိတ်ထား အဇ္ဈာသယ၏ပြည့်စုံခြင်း နှစ်မျိုးတို့ကြောင့်ပင် ထိုပဏာမစေတနာက အန္တရာယ်ကိုကာကွယ်နိုင်ခြင်း, ကောင်းကျိုးမင်္ဂလာကို ဖြစ်စေနိုင်ခြင်း အကျိုးများ ရရှိခြင်းဖြစ်ကြောင်း ကျမ်းဂန်များ၌ ဖွင့်ဆိုကြသည်။

---

[၁၀၄] **ပုဉ်း** ကျမ်းပြုဆရာ၏ရေးထုံး၊ **ပုညေ–**မှ ပုဉ်း (ကောင်းမှု)။



**နမော တဿ ဥဒါန်းက။** ။ ဘာရဒ္ဒါဇ ပုဏ္ဏားကြီး၏ဇနီး ဓနဥ္ဇာနိအမည်ရှိသော သောတာပန် ပုဏ္ဏေးမ သည် ခင်ပွန်းအတွက် ထမင်းပေးလာစဉ် ချော်လဲ၍ ဘုရားရှင်ကို သတိရကာ **"နမော တဿ"**သုံးကြိမ် ဥဒါန်းကျူးကြောင်း သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ် အရဟန္တဝဂ် ဓနဥ္ဇာနိသုတ် (သံ၊ ၁၊ ၁၆၂)၌ လာ၏၊ ပသေနဒိ ကောသလမင်းကြီးသည် ဘုရားရှင်၏ "ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့်ဖြစ်ကုန်၏, ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏"ဟူသော တရားစကားကို မလ္လိကာမိဖုရားကြီးမှတဆင့် ကြားနာရသဖြင့် လွန်စွာ ကြည်ညိုလျက် ဘုရားရှင်ရှိရာသို့ လက်အုပ်ချီကာ **"နမော တဿ"**သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ကြောင်း မဇ္ဈိမ ပဏ္ဏာသ ရာဇဝဂ် ပိယ ဇာတိကသုတ် (မ၊ ၂၊ ၃၁၄)၌လည်းကောင်း, ဗြဟ္မာယုအမည်ရှိ ပါမောက္ခဆရာကြီးသည် တပည့် ဥတ္တရလုလင်ထံမှ ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်များကို ကြားသိရသောအခါ လွန်စွာ ကြည်ညိုလှ၍ ဘုရားရှင်ရှိရာသို့ လက်အုပ်ချီလျက် **"နမော တဿ"** ဖြင့်ပင် ဥဒါန်းကျူးခဲ့ကြောင်း မဇ္ဈိမပဏ္ဏာသ ဗြာဟ္မဏဝဂ် ဗြဟ္မာယုသုတ် (မ၊ ၂၊ ၃၄၁)၌လည်းကောင်း ပါရှိ၏။

ဒါ့ပြင် ဒီဃနိကာယ် မဟာဝဂ္ဂ သက္ကပဥ္ဇသုတ် (ဒီ၊ ၂၊ ၂၃၀)၌ သိကြားမင်း ဥဒါန်းကျူးခဲ့ကြောင်းကိုလည်းကောင်း, အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် သမစိတ္တဝဂ် (အံ၊ ၁၊ ၆၈)၌ အာရာမဒဏ္ဍပုဏ္ဏား ဥဒါန်းကျူးခဲ့ကြောင်းကိုလည်းကောင်း, အင်္ဂုတ္တရနိကာယ် ပဥ္ဇကနိပါတ် စတုတ္ထပဏ္ဏာသက

ဗြာဟ္ပဏဝဂ် ကာရဏပါလီသုတ် (အံ၊ ၂၊ ၂၀၈)၌ ပိဂ်ိယာနီပုဏ္ဏားထံမှ ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်တွေကို ကြားနာရသော ကာရဏပါလီပုဏ္ဏားသည် မြေ၌ဒူးထောက်လျက် ဘုရားရှင်ရှိရာသို့ လက်အုပ်ချီပြီးလျှင် **"နမော တဿ"**သုံးကြိမ်တိုင်တိုင် ရွတ်ဆိုဥဒါန်းကျူးခဲ့ကြောင်းကိုလည်းကောင်း တွေ့ရပြန်၏။

ဓမ္မပဒ အဋ္ဌကထာ ယမကဝဂ် သာရိပုတ္တတ္ထေရဝတ္ထု (ဓမ္မပဒ၊ ၄၊ ၁၊ ၆၅)၌ မဟိန္ဒမင်းကြီးသည် မိမိ၏သားတော်ကြီးဖြစ်တော်မူသော ဖုဿဘုရားနှင့် သားတော်ငယ်ဖြစ်သော ပဌမအဂ္ဂသာဝက, ပုရောဟိတ်သားဖြစ်သော ဒုတိယ အဂ္ဂသာဝက–ဤသုံးပါးတို့ကို ကြည့်ကာ အားရဝမ်းသာလှ၍ **"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ"**ဖြင့်ပင် ဥဒါန်းကျူးခဲ့ကြောင်း လာရှိ၏။

မိမိတို့ရွတ်လိုတဲ့ ပရိတ်သုတ်တော်မှန်သမျှရဲ့ အချီးနိဒါန်းအဖြစ် 'သမန္တာ'အစချီပြီး 'အာရက္ခံ ဂဏ္ဍန္တု'တိုင်အောင် စကားရပ်ကို ရှေးဆရာတော်များက စီရင်ထားခဲ့ကြပါတယ်။

**၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,**
**တ္ထေ လောကန္တရေ ဝါ၊**
**ဘုမ္မာဘုမ္မာ စ ဒေဝါ, ဝုဏ ဂဏ ဂဟဏ–**
**ဗျာဝဋာ, သဗ္ဗကာလံ။**
**ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ,**
**မေရုရာဇေ ဝသန္တော၊**
**သန္တော သန္တောသဟေတုံ, မုနီ ဝရ ဝစနံ,**
**သောတုမဂ္ဂံ သမဂ္ဂါ။**

**သန္တာ= သန်တာ**
**သန္တစိတ္တာ= သန်တ စိတ်တာ**
**တိသရဏသရဏာ [တိ+သရဏ+သရဏာ]၊**
**တ္ထေ= တော်ထ→အစ်ထ**
**လောကန္တရေ= လောကန် တရေ [လောက+အန္တရေ]၊**
**ဘုမ္မာ'ဘုမ္မာ= ဘုမ်မာ ဘုမ်မာ [ဘုမ္မာ+အဘုမ္မာ]၊**

## ပရိတ်အချီး ခေါ် ပရိတ်နိဒါန်း

**သဗ္ဗကာလံ=သဗ်ဗ ကာလံ→သပ်ဗ ကာလံ**

**အာယန္တု= အာယန်တု**

**ဝသန္တော= ဝသန်တော**

**သန္တောသ ဟေတုံ= သန်တောသ ဟေတုံ [သန္တောသ+ဟေတုံ]၊**

**သောတုမဂ္ဂံ= သောတု မဂ်ဂံ→သောတု မက်ဂံ**

**သမဂ္ဂါ=သမဂ်ဂါ→သမက်ဂါ**

**သမဂ္ဂါ, သမဂ္ဂံ** မူ ၂-မျိုး

**ဇွေ ဝါ**–ဤစကြဝဋ္ဌာ, ကမ္ဘာလောက၌လည်းကောင်း၊ **လောကန္တရေ ဝါ**–အခြားသော စကြဝဋ္ဌာ, ကမ္ဘာလောက၌လည်းကောင်း၊ **သန္တာ**–သူတော်ကောင်းဖြစ်ကုန်သော၊ **သန္တစိတ္တာ**–ငြိမ်သက်သော စိတ်နှလုံးရှိကုန်သော၊ **တိသရဏသရဏာ**–ရတနာသုံးပါးသာ ကိုးကွယ်ရာ ရှိကုန်သော၊ **သဗ္ဗကာလံ**–နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ **ဂုဏဂဏဂဟဏဗျာဝဋ္ဌာ**–ဂုဏ်အပေါင်းကို ရယူရေး၌ အားစိုက်ကြိုးပမ်းကြကုန်သော၊ **ဘုမ္ဗာ**–မြေ၌နေကြကုန်သော၊ **ယေ ဒေဂါ စ**–အကြင်နတ်တို့သည်လည်းကောင်း၊ **အဘုမ္ဗာ**–မြေနှင့်မစပ် ကောင်းကင်အရပ်၌ နေကြကုန်သော၊ **ယေ ဒေဝါ စ**–အကြင်နတ်ဗြဟ္ဟာတို့သည်လည်းကောင်း၊ **ဝရကနကမယေ**–ကောင်းမြတ်သော ရွှေစင်ဖြင့်ပြီးသော၊ **မေရုရာဇေ**–မြင်းမိုရ်တောင်မင်း၌၊ **ဝသန္တော**–နေသော၊ **သန္တော**–သူတော်ကောင်းဖြစ်သော (သပြေကန်)၊ ဝါ–အရိယာနွယ်ဝင် သူတော်စင်ဖြစ်သော(မဟာဂန္ဓာရုံ)၊ **ယော ဒေဝေါ စ**–အကြင် သိကြားနတ်မင်းသည်လည်းကောင်း၊ (**သန္တိ**–ရှိကုန်၏၊) **ဇတေ ဒေဝါ**–ထိုနတ်ဗြဟ္ဟာတို့သည်၊ **သန္တောသ ဟေတုံ**–လွန်စွာ နှစ်သက်ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော၊ **အဂ္ဂံ**–မြတ်လှစွာသော၊ **မုနိဝရဝစနံ**–ဘုရားရှင်၏ မြတ်သော စကားတော်ကို၊ **သောတုံ**–လေးမြတ်ကြည်ဖြူ နာယူခြင်းငှါ၊ **သမဂ္ဂါ**–ကိုယ်စိတ်နှစ်ဖြာ ညီညွတ်ကြပါကုန်သည်၊ (**ဟုတွာ**–ဖြစ်၍၊) **အာယန္တု**–လာကြပါကုန်လော့။

သူတော်ကောင်းဖြစ်၍ ငြိမ်သက်သော စိတ်နှလုံးရှိကြလျက် ရတနာသုံးပါးကို ကိုးကွယ်သူ, ဂုဏ်အပေါင်းကို ရယူရေး၌ အားစိုက်ကြိုးပမ်းသူဖြစ်ကြသော ဤစကြဝဋ္ဌာ ကမ္ဘာလောကနှင့် အခြားစကြဝဋ္ဌာ ကမ္ဘာလောကရှိ မြေ၌နေသော နတ်, ကောင်းကင်၌နေသော နတ်ဗြဟ္ဟာတို့သည်လည်းကောင်း, ကောင်းမြတ်သော ရွှေစင်ဖြင့်ပြီးသော မြင်းမိုရ်တောင်မင်း၌နေသော အရိယာသူတော်စင် သိကြားမင်းသည်လည်းကောင်း နှစ်သက်ဝမ်းမြောက်ခြင်း၏

အကြောင်း ကောင်းမြတ်သော ဘုရားရှင်၏တရားတော်ကို နာယူဖို့ရန် အညီအညွတ် လာရောက်ကြပါကုန်လော့။

**ဖိတ်မန်ပုံတစ်မျိုး** ။ ။ ပရိတ်ကြီးနိဿယသစ်ဆရာတော်က– **"ယေ သန္တာ"**စသည်ဖြင့် နတ်များကို ဖိတ်ခေါ်ပြန်သည်၊ ရှေးက **"သမန္တာ"**စသည်ဖြင့် နတ်များကို ဖိတ်ပြီးလျှင် **"ဓမ္မသဝနကာလော"**ဖြင့် တရားနာရန် အချိန်ကျပြီဖြစ်ကြောင်း နှိုးဆော်ပြီးနောက် ယခုတဖန် နတ်များကို ဖိတ်ပြန်သည်မှာ ထပ်နေသကဲ့သို့ဖြစ်၏၊ စာအနေအားဖြင့် ကောင်းနိုးရာရာပါအောင် ထည့်ထားခြင်းဖြစ်၍ ရွတ်သော အခါ သင့်သလို ပိုင်းဖြတ်ရွတ်ရန်ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏၊ ပရိတ်ကြီးဦးကာ၌ **သမန္တာ**–စသော ဂါထာကိုမဖွင့်၊ **ဓမ္မသဝနကာလော**–မှစ၍ဖွင့်သည်၊ ထို့ကြောင့် ပရိတ်ကြီးဦးကာဆရာများ လက်ထက်က မြန်မာပရိတ်ကြီးမူများ၌ **'သမန္တာ'**ဂါထာ မရှိသေး၊ နောက်မှထည့်ထားသည်–ဟု ဆိုရန်ရှိပြန်သည်။

**'မေရုရာဇေ ဝသန္တော၊ သန္တော'**တွင် **မေရုရာဇေ**–မြင်းမိုရ်တောင်မင်း၌၊ **ဝသန္တော**–နေကုန်သော၊ **သန္တော**–သူတော်ကောင်းဖြစ်ကုန်သော၊ **ယေ ဒေဝါ**–အကြင်တာဝတိ်သာနတ်တို့သည်–ဟု ဗဟုဝုစ်ဖြင့် လည်းကောင်း, **ဝသန္တော**–နေသော၊ **သန္တော**–သူတော်ကောင်းဖြစ်သော၊ **ယော ဒေဝါ စ**–အကြင် သိကြားမင်းသည်လည်းကောင်း–ဟု ကေဝုစ်ဖြင့်လည်းကောင်း အနက်နှစ်မျိုးပေးကြသည်၊ တာဝတိ်သာ နတ်များမှာ ဘုမ္မအရ နတ်များ၌ ပါဝင်နေပြီဖြစ်၍ အထူးဆိုဖွယ်မလိုတော့ပါ၊ သိကြားမင်းမှာမူ သာသနာတော်ကိုလည်းကောင်း, လောကကိုလည်းကောင်း တစ်ခါတစ်ရံ အကျိုးပြုခဲ့ စောင့်ရှောက်ခဲ့သည်များကို ကျမ်းဂန်များအရသိရသည်ဖြစ်၍ ထိုအချက်များကို အကြောင်းပြုလျက် သိကြားမင်းကို အထူးဖော်ထုတ်ဖိတ်ခေါ်ခြင်း ဖြစ်ဖွယ်ရှိသည်ဟု ယူဆ၍ ဤနေရာ၌ သိကြားမင်းအတွက် သီးခြားအနက်ပေးခဲ့သည်။

**'နမော တဿ'**မှ တပါး **'သမန္တာ စက္ကဝါဠေသု'**မှ **'သောတုမဂ္ဂံ သမဂ္ဂါ'**အထိ ဂါထာများကို အရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းရောက်စအခါ မဟိန္ဒတောင်ပေါ်မှနေ၍ သုမနသာမဏေအား နတ်များ တရားနာရန် ဖိတ်မန်စေသောဂါထာများဖြစ်၍ ပရိတ်နိဒါန်းလာ ကျန်ဂါထာ စုဏ္ဏိယများမှာ သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီ ရဟန္တာမထေရ်တို့ သိကုံးခဲ့သော ပါဠိများဖြစ်ကြောင်း ဆိုကြသေးသည်–ဟု မိန့်တော်မူ၏[၁၀၅]။

---

[၁၀၅] ပရိတ်ကြီးနိဿယသစ် (၄၆) အောက်ခြေမှတ်ချက်။

<u>လောက, သာသနာ စောင့်ရှောက်ကြပါ</u>

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတ္ဝာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒ ရဟိတာ ဟောန္တု။ အာရက္ခာသု ဝိသေသတော။

သဗ္ဗေသု= သစ်ဓေသု→သပ်ဓေသု
ယက္ခာ= ယက်ခါ
ဗြဟ္မနော= ဗရ ဟမနော
အမှေဟိ= အမ် ဓမှေဟိ→အမ် မဓေဟိ
ပုညံ=ပုဉ်ဉံ→ပုန်ဉန်
သဗ္ဗ သမ္ပတ္တိ သာဓကံ= သစ်ဓ သမ်ပတ်တိ သာဓကံ→သပ်ဓ သမ် ပတ်တိ သာဓကံ
အနုမောဒိတ္ဝာ= အနု မော ဒိတ်တွာ→အနု မော ဒိတ် တခါ
ဟောန္တု=ဟောန်တု→ဟွန်တု
အာရက္ခာသု=အာရက်ခါသု

**သဗ္ဗေသု**–အလုံးစုံကုန်သော၊ **စက္ကဝါဠေသု**–စကြဝဠာပေါင်း တိုက်တစ်သောင်းတို့၌၊ **သဗ္ဗေ**–ခပ်သိမ်းကုန်သော၊ **ယက္ခာ စ**–ဘီလူးတို့သည်လည်းကောင်း၊ **ဒေဝါ စ**–နတ်တို့သည်လည်းကောင်း၊ **ဗြဟ္မနော စ**–ဗြဟ္မာတို့သည်လည်းကောင်း၊ "**အမှေဟိ**–အကျွန်ုပ်တို့သည်၊ **သဗ္ဗသမ္ပတ္တိသာဓကံ**–အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို ပြီးစီးစေတတ်သော၊ **ယံ ပုညံ**–အကြင်ကောင်းမှုကို၊ **ကတံ**–ပြုအပ်ပါပြီ။

**တံ ပုညံ**–ထိုကောင်းမှုကို၊ **အနုမောဒိတ္ဝာ**–ဝမ်းမြောက်ကြကုန်၍၊ **သမဂ္ဂါ**–ညီညွတ်ကြကုန်လျက်၊ **စ**–ကိုယ်ရောစိတ်ပါ, ကြည်သာရွှင်ပျ, ညီညွတ်ကြကုန်လျက်၊ **သာသနေ**–ဘုရားအဆုံးအမတော်၌၊ **ရတာ**–မွေ့လျော်ပျော်ပိုက်, နှစ်ခြိုက်ကြကုန်သည်၊ **ပမာဒ ရဟိတာ ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **ဝိသေ**

**သတော**–အထူးအားဖြင့်၊ **အာရက္ခာသု**–လူသားတို့.ဝယ်, ကာကွယ်စောင့်ရှောက်မှုတို့.၌၊ **ပမာဒရဟိတာ**–မေ့လျော့ခြင်းမှ, ကင်းကြကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း”။

စကြဝဠာတိုက်တစ်သောင်းရှိ ဘီလူး နတ် ဗြဟ္မာ မှန်သမျှတို့.သည် “အကျွန်ုပ်တို့. ပြုသည့်ကောင်းမှုကို ဝမ်းမြောက်ကြပြီးလျှင် ညီညာဖြဖြ ဘုရားအဆုံးအမတော်၌ မွေ့.လျော်ပျော်ပိုက် နှစ်ခြိုက်ကြပါစေ၊ အထူးသဖြင့် လူသား‌တို့.အပေါ်မှာ ကာကွယ်စောင့်ရှောက်ရေး‌တို့.၌ မမေ့မလျော့ကြပါစေနှင့်။

၇။ သာသနဿ စ လောကဿ၊ ဝုဒ္ဓိ ဘဝတု သဗ္ဗဒါ။
သာသနဿိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿ=သာသနသ်သ → သာသနတ်သ
လောကဿ=လောကသ်သ → လောကတ်သ
ဝုဒ္ဓိ=ဝုဒ်ဓိ → ဝုတ်ဓိ [မူရင်း ‘ဝုဒ္ဓိ’မှ ဆန်းကြောင့် ‘ဝုဒ္ဓိ’ဟု ဒီဃ ဖြစ်ရ]၊
သဗ္ဗဒါ=သစ်ဗဒါ → သဝ်ဗဒါ
သာသနဿိ=သာသနသ်ဝိ
လောကဉ္စ=လောကဉ်စ → လောကင် စ
ရက္ခန္တု= ရက်ခန်တု

**သာသနဿ စ**–ဘုရားမြတ်စွာ, သာသနာတော်၏လည်းကောင်း၊ **လောကဿ စ**–လူအများ၏ လည်းကောင်း၊ ဝါ–တိုင်းသူပြည်သား, လူအများနှင့်, ကမ္ဘာသူ ကမ္ဘာသား, သတ္တဝါများ၏ လည်းကောင်း၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဝုဒ္ဓိ**–တိုးတက်ကြီးပွါးခြင်းသည်၊ **ဘဝတု**–ဖြစ်ပါစေသတည်း၊ **သာသနဿိ စ**–ဘုရားမြတ်စွာ သာသနာတော်ကိုလည်းကောင်း၊ **လောကဉ္စ**–လူအများကိုလည်းကောင်း၊ ဝါ–တိုင်းသူပြည်သား, လူအများနှင့်, ကမ္ဘာသူ ကမ္ဘာသား, သတ္တဝါများကိုလည်းကောင်း၊ **ဒေဝါ**–နတ်တို့.သည်၊ ဝါ–နတ်မြတ် နတ်ကောင်း, နတ်အပေါင်းတို့.သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ရက္ခန္တု**–စောင့်ရှောက်ကြပါစေကုန်သတည်း။

## ပရိတ်အချီး ဆေါ် ပရိတ်နိဒါန်း

သာသနာတော်သည်လည်းကောင်း, လောကသည်လည်းကောင်း အမြဲမပြတ် တိုးတက်ကြီးပွါးပါစေ၊ သာသနာနှင့် လောကကို နတ်အမျာ်း အစဉ် စောင့်ရှောက်ကြပါစေ။

၈။ သဒ္ဓိ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

သဒ္ဓိ=သဒ်ဓိ ⟶ သတ်မိန်
အတ္တနော=အတ်တနော
အနီဃာ [နှ+နီဃာ]၊

**သဗ္ဗေ**–လုံးစုံမျာ်းစွာ သတ္တဝါတို့သည်၊ **အတ္တနော**–မိမိ၏၊ **ပရိဝါရေဟိ**–အခြွေအရံတို့နှင့်၊ **သဒ္ဓိ**–အတူတကွ၊ **သုခီ**–ချမ်းသာခြင်းရှိကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သဗ္ဗေဟိ**–ကြွင်းမဲ့ဉသုံ အလုံးစုံကုန်သော၊ **ဉာတိဘိ**–အဆွေအမျိုးတို့နှင့်၊ **သဟ**–အတူတကွ၊ **အနီဃာ**–ဆင်းရဲမရှိကုန်သည်၊ **သုမနာ**–နှစ်သက်ရွှင်လန်း စိတ်ချမ်းသာကြကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။

သတ္တဝါအားလုံးတို့သည် မိမိတို့ အခြွေအရံမျာ်းနှင့်အတူတကွ ချမ်းသာကြပါစေ၊ အလုံးစုံသော ဆွေမျိုးတို့နှင့်အတူတကွ ဆင်းရဲကင်းကွာ စိတ်ချမ်းသာကြပါစေ။

**ဘေး, ဥပဒ် အန္တရာယ်တွေ့ ကင်းကြပါစေ**

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ဝိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဋကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္နိဒ္ဓိတော ဝါ အသပ္ပုရိသတော ဝါ

ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုတ္တုရ
အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိသ (သီဟ–ဗျဂ္ဃ)[၁၀၆] ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏ္ဍန္တု။

မနုဿတော= မနုသ်သ တော→မနုတ်သ တော
အမနုဿတော=အမနုသ်သ တော→အမနုတ်သ တော [နု+မနုဿတော]၊
အဂ္ဂိတော= အဂ်ဂိ တော→အက်ဂိ တော
ကဏ္ဍကတော= ကဏ်ဋက တော→ကန်တက တော
နက္ခတ္တတော= နက်ခတ်တ တော
အသဒ္ဓမ္မတော= အသဒ်ဓမ်မ တော→အ သတ် ဓမ်မ တော [နု+သဒ္ဓမ္မတော]၊
အသန္ဒိဋ္ဌိတော= အ သန်ဒိဋ်ဌိ တော→အ သန် ဒိတ်ဌိ တော [နု+သန္ဒိဋ္ဌိတော]၊
အသပ္ပုရိသတော= အ သပ် ပုရိသ တော [နု+သပ္ပုရိသတော]၊
စဏ္ဍ= စဏ်ဍ→စန်ဒ
ဟတ္ထိ= ဟတ်ထိ
အဿ=အသ်သ→အတ်သ
ကုတ္တုရ= ကုက်ကုရ→ကုတ်ကုရ
ဝိစ္ဆိက= ဝိစ် ဆိ က→ဝိတ် ဆိ က
မဏိသပ္ပ= မဏိ သပ်ပ
အစ္ဆ= အစ်ဆ
တရစ္ဆ= တရစ်ဆ
မဟိသ= မဟိန်သ
ယက္ခ= ယက်ခ

---

[၁] စလင်း ပရိတ်ကြီးပါဠိတော်နိဿယ (၁၂)

ရက္ခသာဒီဟိ= ရက်ခသာ ဒီဟိ [ရက္ခသ+အာဒီဟိ]၊

နာနာဥပဒ္ဓဝတော= နာနာ ဥပဒ်ဒဝ တော→နာနာ ဥပတ်ဒဝ တော

အာရက္ခံ= အာ ရက်ခံ

ဂဏာန္တု= ဂဏ် ကာန်တု→ဂန်ကာန်တု

**ရာဇတော ဝါ**–မင်းဘေးမှလည်းကောင်း၊ ဝါ–မင်းဆိုးတို့မှလည်းကောင်း၊ **စောရတော ဝါ**–ခိုး သူဘေးမှလည်းကောင်း၊ **မနုဿတော ဝါ**–လူဆိုးဘေးမှလည်းကောင်း၊ **အမနုဿတော ဝါ**–ဘိလူး နတ်ဆိုးဘေးမှလည်းကောင်း၊ **အဂ္ဂိတော ဝါ**–မီးဘေးမှလည်းကောင်း၊ **ဥဒကတော ဝါ**–ရေဘေးမှလည်း ကောင်း၊ **ပိသာစတော ဝါ**–မြေဘုတ်ဘိလူးဘေးမှလည်းကောင်း၊ **ခါဏုကတော ဝါ**–သစ်ငုတ်ခလုပ် ဘေးမှလည်းကောင်း၊ **ကဏ္ဋကတော ဝါ**–ဆူးငြောင့်ဘေးမှလည်းကောင်း၊ **နက္ခတ္တတော ဝါ**–မကောင်း သော နက္ခတ်မှလည်းကောင်း၊ **ဇနပဒရောဂတော ဝါ**–ဇနပုဒ်၌ဖြစ်သော ရောဂါဘေးမှလည်းကောင်း၊ **အသဒ္ဓမ္မတော ဝါ**–မသူတော်တို့၏ အကျင့်တရားမှလည်းကောင်း၊ **အသန္နိဒ္ဓိတော ဝါ** –မှားသောအယူ မှလည်းကောင်း၊ **အသပ္ပုရိသတော ဝါ**–သူတော်မဟုတ် သူယုတ်မာဘေးမှလည်းကောင်း၊ **စက္ကာ ဟတ္ထိ အသ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိသ (သီဟ-ဗျဂ္ဃ) ယက္ခ ရက္ခသာဒီဟိ**–ကြမ်းတမ်းသော ဆင်, မြင်း, သားရဲ, နွား, ခွေး, မြွေ, ကင်းမြီးကောက်, မြွေစိမ်း, ကျားသစ်, ဝက်ဝံ, အောင်း, ဝက်, ကျွဲ, (ခြင်္သေ့, ကျား) ဘိလူး, ရက္ခိုဟ် အစရှိသည် တို့မှ လည်းကောင်း၊ **နာနာဘယတော ဝါ**–ဘေးအမျိုးမျိုးတို့မှလည်းကောင်း၊ **နာနာရောဂတော ဝါ**–ရောဂါ အမျိုးမျိုးတို့မှလည်းကောင်း၊ **နာနာဥပဒ္ဒဝတော ဝါ**–အန္တရာယ်အမျိုးမျိုးတို့မှလည်းကောင်း၊ **အာရက္ခံ**– ကာကွယ် စောင့်ရောက်မှုကို၊ **ဂဏာန္တု**–ယူကြပါကုန်လော့။

'ဒီပရိတ်အချီးနိဒါန်းမှာ "နတ်များကို တရားနာလာဖို့ရန်ပင့်ဖိတ်ခြင်း, ဘုရားရှိခိုးခြင်း, ဘေး အန္တရာယ် အမျိုးမျိုးမှ ကာကွယ်ပေးကြပါရန် တိုက်တွန်းခြင်းတို့ ပါဝင်ပါတယ်။

ကျမ်းဂန်များအရ နတ်များမှာ ဘုရားတရားတော်ကို လွန်စွာလေးစားပြီး နာကြားရန်မျှော် လင့် လျက်ရှိကြောင်း သိရပါတယ်၊ အဲဒီနတ်များရဲ့ အကူအညီ အစောင့်အရှောက်ကို ရလိမ့်မယ်– လို့ ယုံကြည်ချက်ကြောင့်လဲ ဖိတ်ခြင်းဖြစ်ပါတယ်။ အချို့ ကပ်ရောဂါများ, အန္တရာယ်များဟာ နတ်ဆိုး များရဲ့ ပယောဂများကြောင့်ဖြစ်ရာ နတ်ကောင်းများလာရင် နတ်ဆိုးများ ပြေးရှောင်တတ်ကြတာမို့

အန္တရာယ်ကင်းခြင်းစတဲ့ အကျိုးရရှိရေးမှာ နတ်ကောင်းများ လာရောက်ရေးကို လိုလားအပ်သည့် အတွက် နတ်များကို အထူးတလည် ဖိတ်ကြားခြင်းအမှုဟာ အစဉ်အလာတစ်ခု ဖြစ်ရပါတယ်။



မင်းဘေးစသည်တို့မှ နတ်များ စောင့်ရှောက်ရန် တိုက်တွန်းစေတော့, မသူတော်တရား, မိစ္ဆာအယူများမှာ ကိုယ်တိုင်ရောင်မှဖြစ်၍ နတ်များက ဘယ်ပုံ စောင့်ရှောက်နိုင်ပါအံ့နည်း?ဟု မေးဖွယ်ရှိပါသည်။ ကဿပဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ရဟန်း ရှင် လူတို့ တရားပျက်နေကြသောအခါ သိကြားမင်းသည် မုဆိုးအသွင်ဖြင့် မာတလိနတ်သားကို ခွေးနက်ကြီးယောင်ဆောင်စေကာ လူ့ပြည် ဗာရာဏသီမြို့သို့ လာရောက်၍ လူအများကို ခြိမ်းချောက် ထိတ်လန့်စေပြီးလျှင် တရားဟောခဲ့သဖြင့် လူရှင်ရဟန်းတွေ အကျင့်ကောင်းလာကြပြန်သည်–ဟု ဒွါဒသကနိပါတ် မဟာကဏ္ဍဇာတ်[1]၌ လာရှိပါသည်။ ဤကဲ့သို့ နတ်များ ကာကွယ်ခဲ့ဘူးသော ထုံးဟောင်းကိုရည်ကာ မသူတော်တို့၏ ဤကျင့်တရားဘေးမှ ကာကွယ်ကြပါ–ဟု တိုက်တွန်းခြင်း ဖြစ်၏။

---

[1] ဇာတကဋ္ဌကထာ၊ ဒွါဒသကနိပါတ်၊ မဟာကဏ္ဍဇာတ်အဖွင့် (ဇာတက၊ ၆၊ ၄၊ ၁၈၂–၁၈၅)။

## ပရိတ်အချီး ဧော် ပရိတ်နိဒါန်း

နာရဒဇာတ်တော်၌ အင်္ဂတိမင်းကြီးတို့၏ မိစ္ဆာအယူကို နာရဒပြဟ္မာမင်း လာရောက်ဆုံးမ၍ ပယျောက်စေခဲ့၏။ သာဝတ္ထိမြို့ဝယ် အရှင်ပြဟ္မဒေဝ၏မယ်တော် ပုဏ္ဏားမကြီးသည် အရှင်ပြဟ္မဒေဝ အိမ်သို့ ဆွမ်းခံကြွရောက်လာစဉ် အရှင်မြတ်ကို အရေးမထားပဲ ပြဟ္မာအား‌သာ ပူဇော်ဖွယ်တို့ဖြင့် ပူဇော်နေသည်ကို သဟမွတိပြဟ္မာမင်း လာရောက်လျက် "ဤအစာမျိုးမှာ ပြဟ္မာ့အစာမဟုတ်၊ သင်ကား ပြဟ္မာဖြစ်ကြောင်း တရားမသိပဲ တော်စွာလျော်စွာ မြည်တမ်းနေရသလော?" ဟု အပြစ်တင်၍ အရှင်ပြဟ္မဒေဝ၏ ဂုဏ်တော်များကို ဖော်ပြကာ အရှင်မြတ်ကိုသာ ပူဇော်ရန် တိုက်တွန်းလျက် ပုဏ္ဏားမကြီး၏ မိစ္ဆာအစွဲကို ချွတ်ခဲ့ပါသည်[၁၀၈]။

ဗာဟိယ ဒါရုစီရိယသည် လူအများ အထင်ကြီးရန် အံ့ဖွယ်အဖြစ်ဆောင်လျက် ရဟန္တာဟု မိမိကိုယ်ကိုထင်နေသောအခါ ကဿပဘုရားရှင်လက်ထက်တော်က တရားအားထုတ်ဖက်ရဟန်းဖြစ်ခဲ့သော အနာဂါမ်ပြဟ္မာ့ဘုံကြီးက လာရောက်သတိပေး ထိတ်လန့်စေလျက် ဘုရားထံသွားရောက်ဖို့ ညွှန်ကြားခဲ့လေသည်[၁၀၉]။ ဤသို့သော အချက်များကို ရည်မျော်လျက် မိစ္ဆာအယူမှ စောင့်ရှောက်ကြပါ–ဟု ဆိုခဲ့ခြင်း ဖြစ်၏။

သပြေကန်ဆရာတော်ရဲ့ ပရိတ်ကြီးနိဿယသစ်မှာတော့ **"ဥပဒ္ဓဝေါ**တိ အန္တရာယော"လို့ ဖွင့်ဆိုတဲ့ တိကဂိုတ္တရဋ္ဌကာ (၇၅)အရ **"ဥပဒ္ဓဝေါ"**ကို "အန္တရာယ်"လို့ ပြန်ဆိုတယ်။ ဘယ်, ဥပဒ္ဒဝ, အန္တရာယတို့မှာ သဒ္ဒါကွဲပြားသော်လဲ သဘာဝမှာတော့ ကွဲပြားချက် မရှိကြပါ။ မြန်မာမှာလည်း ဘေးရန်အန္တရာယ်–လို့ တွဲသုံးလေ့ရှိကြောင်းမှာ ဆိုထားပါတယ်။

စလင်းဆရာတော်ရဲ့ပရိတ်ကြီးနိဿယ(၁၅–၃၄)တွင် "နာနာဘယတော"အရ ဘေး ၂၅–ပါး, "နာနာရောဂတော"အရ ရောဂါ ၉၆–ပါး, "နာနာဥပဒ္ဒဝတော"အရ ဥပဒ္ဒဝေါ ၁၆–ပါးတို့ကို ဖော်ပြထားပါတယ်။

### ၂၅–ပါးသောဘေး

**နာနာဘယတော**–ပုဒ်၌ ဘေးကြီး, ဘေးငယ်အားဖြင့် ရေတွက်လျှင် **ရာဇတော ဝါ**–ကစ၍ **ယက္ခရက္ခသာဒီဟိ**–တိုင်အောင် ဘေးအပေါင်း သုံးဆယ့်တစ်ပါး အပြားရှိ၏၊ ဘေးကြီးနှစ်ဆယ့်ငါးပါးကား---

---

သဂါထာဝဂ္ဂ ဗြဟ္မသံယုတ် ဗြဟ္မဒေဝသုတ် (သံ၊ ၁၊ ၁၄၂။)

ဥဒါန်း ဗာဟိယသုတ် (ခု၊ ၁၊ ၈၄။)

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

၁။ မင်းဘေး,

၂။ ခိုးသူဘေး,

၃။ လူဆိုးလူကြမ်းဘေး,

၄။ နတ်, ဖုတ်, ပြိတ္တာ, မြေဘုတ်, မြေဘီလူး, ရက္ခစိုးနတ်ဘေး,

၅။ မီးဘေး,

၆။ ရေဘေး,

၇။ လေး, မြား, ဓား, လုံ, ခက်ရင်း, ဆူးငြောင့်, သေနတ်, အမြောက်စသော လက်နက်ဘေး,

၈။ နိဂုမ်းဇနပုဒ်၌ဖြစ်သော အယည့်ရောဂါ (ယဉ်းနာရောဂါ) ကာလနာဘေး,

၉။ အကုသိလ်ဒုစ္စရိုက်ဆယ်ပါးဘေး,

၁၀။ အယူမှားသော မိစ္ဆာဒိဋ္ဌိဘေး,

၁၁။ သူတော်မဟုတ်သော သူယုတ်ဘေး,

၁၂။ ဆင်ဘေး,

၁၃။ မြင်းဘေး,

၁၄။ နွားရိုင်းဘေး,

၁၅။ ခွေးဘေး,

၁၆။ မြွေဘေး,

၁၇။ ကင်းဘေး,

၁၈။ ကျားသစ်ဘေး,

၁၉။ ဝက်ဝံဘေး,

၂၀။ ဝက်ဘေး,

၂၁။ ကျွဲရိုင်းဘေး,

၂၂။ ခြင်္သေ့ဘေး,

၂၃။ ကျားဘေး,

၂၄။ လူသားစား ဘီလူးဘေး,

၂၅။ ရေစောင့်ရက္ခိုဿဘီလူးဘေး။

**ဘေး**ဟူသည်မှာ---

(၁) ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ (၂) ရောဂါနှိပ်စက်ခြင်း၊ (၃) ဥစ္စာပျက်စီးခြင်း၊
(၄) သီလပျက်စီးခြင်း၊ (၅) အယူပျက်စီးခြင်း၊ (၆) မင်းဘေး၊ (၇) ခိုးသူဘေး၊
(၈) ရန်သူဘေး၊ (၉) တော်မွတ်သောဘေး၊ (၁၀) မီးဘေး၊ (၁၁) ရေဘေး၊
(၁၂) လှိုင်းတံပိုးဘေး၊ (၁၃) ရေဝဲဘေး၊ (၁၄) မိကျောင်းဘေး၊ (၁၅) မကရ်းခေါ် ငါးကြမ်းဘေး၊
(၁၆) မိမိကိုယ်ကို စွပ်စွဲ၍ နောင်တပူပန်ခြင်းဘေး၊ (၁၇) သူတပါးက စွပ်စွဲခြင်းဘေး၊
(၁၈) မင်းဒဏ်, ဝိနည်းဒဏ်သင့်သောဘေး၊ (၁၉) အပါယ်ဒုဂ္ဂတိဘေး၊
(၂၀) ပရိသတ်အလယ်၌ ရှက်ရွံ့သောဘေး၊ (၂၁) မိစ္ဆာဇီဝကြောင့် သင့်သောဘေး၊
(၂၂) ပဋိသန္ဓေနေရခြင်းဘေး၊ (၂၃) အိုခြင်းဘေး၊ (၂၄) နာခြင်းဘေး၊
(၂၅) သေခြင်းဘေး-ဟူသော ဤနှစ်ဆယ့်ငါးပါးသောဘေးကြီးတို့ပင် ဖြစ်သည်။
(မဟာနိဒ္ဒေသ ၂၈၉-နှင့် မိလိန္ဒပဉှာ ၁၉၄-တို့၌လာသည်၊ အတိအကျကား မဟုတ်ပေ။)[၁၁၀]

## ၉၆-ပါးသော အနာရောဂါ

**နာနာရောဂတော**-ပုဒ်၌ အဂုံတ္တရနိကာယ် ဒသကနိပါတ် ဂိရိမာနန္ဒသုတ် (အံ၊ ၃၊ ၃၄၃-၃၄၄)နှင့် မဟာနိဒ္ဒေသ အဋ္ဌကဝဂ် တုဝဋ္ဋကသုတ္တနိဒ္ဒေသ (၂၈၈)တို့အရ ကိုးဆယ့်ခြောက်ပါးသော အနာရောဂါ များကား--

၁။ **စက္ခုရောဂ**-မျက်စိ၌ ဖြစ်သော အနာ၊
၂။ **သောတရောဂ**-နားတွင်း၌ ဖြစ်သောအနာ၊
၃။ **ဃာနရောဂ**-နာခေါင်းတွင်း၌ ဖြစ်သောအနာ၊ ထိပ်ကပ် နာရည်ယိုအနာ၊
၄။ **ဇိဝှာရောဂ**-လျှာ၌ ဖြစ်သောအနာ၊
၅။ **ကာယရောဂ**-ကိုယ်၌ ဖြစ်သောအနာ၊ [လက်သေသောအနာ, ခြေသေသောအနာ, ကိုယ်တစ်ခြမ်းသေသောအနာ, ထုံနာ, ကျင်နာ, ဖက်သကပ်နာ (ဖက်သကတ်နာ, partial paralysis), ဘိမ်းပြဲကိုယ်ရောင်အနာ, အရေကွဲပတ်သောအနာ, ပါဒရက်ခြေပူနာ]၊
၆။ **သီသရောဂ**-ဦးခေါင်း၌ဖြစ်သောအနာ၊ ခေါင်းကိုက်နာ၊

---

[၁၁၀] ဝိသုဒ္ဓိမဂ်-မြန်မာပြန်၊ စတုတ္ထတွဲ၊ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ ပဌမမဂ်ဉာဏ်ကို ပြဆိုချက်၊ အောက်ခြေ၊ ၅၃၂-၅၃၃။

၇။ **ကဏ္ဍရောဂ**–နားရွက်၌ ဖြစ်သောအနာ၊ **ကဏ္ဍရောဂါ**တိ ဗဟိကဏ္ဍော ရောဂေါ (အံ၊ ၌၊ ၃၊ ၃၁၇)။

၈။ **မုခရောဂ**–ခံတွင်း၌ ဖြစ်သော အနာ၊

၉။ **ဒန္တရောဂ**–သွား၌ ဖြစ်သော အနာ၊

၁၀။ **ကာသ**–ချောင်းဆိုးနာ၊

၁၁။ **သာသ**–ပန်းနာ ရှူနာ၊ ကြိုးထိုးနာ၊

၁၂။ **ဖိနာသ**–နှာခေါင်းဖွတ်သိုအနာ၊ နှာခေါင်းပြင်၌ ဖြစ်သောအနာ၊ **ဖိနာသော**တိ ဗဟိနာသိကာယ ရောဂေါ (အံ၊ ၌၊ ၃၊ ၃၁၇)။

၁၃။ **ဆာဟ**–ကိုယ်တွင်း၌ ဖြစ်သောအပူနာ၊ ကိုယ်လုံးပူသောအနာ, ရင်ပူရင်ကြပ်အနာ, ရင်ပြည့် အနာ, အပူဝင်သောအနာ၊

၁၄။ **ဇရ**–အဖျားအနာ (ဖျားနာ)၊ ရက်ချိန်အဖျားအနာ၊

၁၅။ **ကုစ္ဆိရောဂ**–ဝမ်း၌ ဖြစ်သောအနာ၊ အသည်းကြီး, သရက်ရွက်ကြီး, အဆုတ်ကြီး, အသည်းလံ, သရက်ရွက်လံ, အဆုတ်လံ, ကာလနာ၊

၁၆။ **မုဆာ**–တမိုင်မိုင် တွေဝေမိန်းမောသောအနာ (တွေဝေမေ့မောစေတတ်သော အနာ)၊

၁၇။ **ဟဒ္ဒဋ္ဌိကာ**–ဝမ်းသွေးသွန်သောအနာ၊ ဝမ်းသွေးစစ်ပိတ်ကျအနာ၊ သွေးကို သွန်အန် စေတတ်သော ဝမ်းလေနာ၊

၁၈။ **သူလာ**–တံကျင်လျှိုသကဲ့သို့ ထိုးကျင်စေတတ်သော ဝမ်းလေနာ၊

၁၉။ **ဝိသူစိကာ**–အပ်ဖြင့်ထိုးဆွသကဲ့သို့ ကိုက်ခဲသောအနာ၊ ဝမ်းလျှာလွန်သော အနာ (ဝါ) ကာလနာ (ဝမ်းရောဂါ)၊

၂၀။ **ကုဋ္ဌ**–နူနာ၊

၂၁။ **ဂဏ္ဍ**–နွားနို့ကဲ့သို့ အထွတ်ထွတ်ပေါက်သောအနာ၊ အိုင်းနာ မြင်းဖုစသော အနာ၊

၂၂။ **ကိလာသ**–ပဒုမာရွက်ကဲ့သို့ အကွက်ကွက်အနာ, တင်းတိတ်အနာ, ညှင်းအနာ၊

၂၃။ **ဒသာသ**–အဆုတ်နာ, ပန်းနာ, ဆေးကုခက်သော ကုတ်ဟီးအနာ၊

၂၄။ **အပမာရ**–အရူးအနာ, ဝက်ရူးအနာ, ကြက်ရူးအနာ, နတ်ဘီလူးဖမ်းစားသော အနာ၊ စိတ်ပျံ့လွင့်သောအနာ၊

၂၅။ **ဒဒ္ဒု**–ပွေးကြီးအနာ၊

၂၆။ **ကဏ္ဍု**–ယားနာ၊ ဝဲငယ်, ဝဲခြောက်နာ၊

၂၇။ **ကစ္ဆု**–ဝဲကြီးနာ, ဝဲစိုနာ၊

၂၈။ **နခသာ**–လက်သည်း ခြေသည်း ခြစ်မိ၍ဖြစ်သောအနာ၊
လက်သည်းခြေသည်းပုပ်သောအနာ၊
[**ရခသာ**–ဟု မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသ (ခု၊ ၇၊ ၁၀။ ခု၊ ၈၊ ၂၈)တို့၌ ရှိ]၊ **နခသာ**တိ
နခေဟိ ဝိလေခိတဋ္ဌာနေ ရောဂေါ၊ (အံ၊ ၌၊ ၃၊ ၃၁ရ)၊

၂၉။ **ဝိတစ္ဆိကာ**–မီးလောင်မာကဲ့သို့ အဖူးဖူးပေါက်သောအနာ၊ အနာမီး အနာလျှံအနာ,
ခြေဖဝါး လက်ဖဝါးပြင်တို့၌ အမျှင်အမျှင် ကွဲအက်သောအနာ

၃၀။ **လောဟိတပိတ္တ**–သွေးသည်းခြေနာ, နိသောသည်းခြေနာ (ဝါ)
ရတ္တပိတ်=သွေးသွန်နာ၊
[၃၀။ **လောဟိတ**–နှာခေါင်းသွေးယိုသောအနာ၊ သွေးအန်သောအနာ၊
၃၁။ **ပိတ္တ**–သည်းခြေရူးအနာ၊ သည်းခြေဖျားအနာ၊ (စလင်း၊ ပရိတ်နိဒါန်း၊ ၁၇)]

၃၁။ **မဓုမေဟ**–တူလာသရောအနာ၊ ဒူလာ၊ ဆီးချိုနာ၊

၃၂။ **အံသာ**–အလုံးအလုံးပေါက်သော ကျောက်ဝက်သက်, ပဲသိတာအနာ၊ အရိယိုနာ
(ဝါ) ရိဖြူ ရိနိနာ၊

၃၃။ **ပိဋ္ဌကာ**–ဆတ်ဆံရှိသော ထွတ်မြင်းအနာ, ဖောရောင်နာ၊ ဝက်ခြံအနာ၊

၃၄။ **ဘဂန္ဒလာ**–မြင်းသရိုက်အနာ၊ ဂယင်ဂျိနာ, ဘင်နာ, ဘဂန္ဒိုလ်နာ၊

ဤအနာမျိုး ၃၄–ပါးတို့တွင် **နခသာ, အပမာရ**–အနာ ၂–မျိုးမှာ လေ, သည်းခြေ, သလိပ်တို့ကြောင့် ဖြစ်သည်မဟုတ်သည့်အတွက် ထို ၂–မျိုးကို ကြဉ်ထားပြီး ကျန် ၃၂–ပါးမှာ လေ, သည်း ခြေ, သလိပ်တို့ကြောင့် ဖြစ်ကြရကား---

| | |
|---|---|
| သည်းခြေနာ | ၃၂–ပါး |
| သလိပ်နာ | ၃၂–ပါး |
| လေနာ | ၃၂–ပါး |

ပေါင်းအနာမျိုး ၉၆–ပါး ဖြစ်၏။

**နခသာ, အပမာရ** ၂–ပါးထည့်၍ အနာမျိုး ၉၈–ပါး ဟူ၍လည်း သုံးနှုန်းကြသေး၏။

ရောဂါဖြစ်ကြောင်းများ[၁၁၁]---

**ဝိတ္တသမုဋ္ဌာနာ အာဗာဓာ**–သည်းခြေကြောင့်ဖြစ်သော အနာ ၃၂-မျိုး၊

**သေမှသမုဋ္ဌာနာ အာဗာဓာ**–သလိပ်ကြောင့်ဖြစ်သော အနာ ၃၂-မျိုး၊

**ပိတ္တသမုဋ္ဌာနာ အာဗာဓာ**–လေကြောင့်ဖြစ်သော အနာ ၃၂-မျိုး၊

**သန္နိပါတာ အာဗာဓာ**–သည်းခြေ လေ သလိပ်စုဝေး၍ဖြစ်သော သန္နိပါတ်အနာများ၊

**ဥတုဝိပရိဏာမဇာ အာဗာဓာ**–ဥတုဖောက်ပြန်၍ဖြစ်သော အနာများ၊

**ဝိသမပရိဟာရဇာ အာဗာဓာ**–ကိုယ်ခန္ဓာကို မညီမညွတ် ကျန်းမာရေးနှင့် ဆန့်ကျင်ဘက် ဆောင်ရွက်ခြင်းကြောင့် ဖြစ်သောအနာများ၊ (အလွန်ကြာမြင့်စွာ ရပ်ခြင်း, ထိုင်ခြင်း စသည်ဖြင့် မညီမညွတ်ဆောင်ခြင်းကြောင့် ဖြစ်သောအနာများ)၊ မညီညွတ်သော ဘောဇဉ်ဖောက်ပြန်၍ ဖြစ်သော အနာများ၊

**ဩပက္ကမိကာ အာဗာဓာ**–ထိုးခုတ်သတ်ဖြတ်ခြင်းစသော သူတပါးတို့၏လုံ့လကြောင့်ဖြစ်သော အနာများ၊

**ကမ္မဝိပါကဇာ အာဗာဓာ**–ကံကြောင့်ဖြစ်သော အနာများ၊ ဝါ-ဝဋ်နာများ၊

**သီတ**–ချမ်းအေးခြင်း၊ အချမ်းနှိပ်စက်သောအနာ၊

**ဥဏှ**–ပူလောင်ခြင်း၊ အပူနှိပ်စက်သောအနာ၊

**ဇိဂုစ္ဆာ**–ဆာလောင်ခြင်း၊ ထမင်းဆာသောအနာ၊ ထမင်းငတ်သောအနာ၊

**ပိပါသာ**–မွတ်သိပ်ခြင်း၊ ရေငတ်သောအနာ၊

**ဥစ္စာရ**– ကျင်ကြီးစွန့်လိုခြင်း၊ ကျင်ကြီးနှိပ်စက်သောအနာ၊ စမြင်းခံ၍ ကျင်ကြီးမသွားသောအနာ၊

**ပဿာဝ**–ကျင်ငယ်စွန့်လိုခြင်း၊ ကျင်ငယ်နှိပ်စက်သောအနာ၊ ကျင်ငယ်အောင့်သောအနာ။

---

**ဝိတ္တသမုဋ္ဌာနာ**တို့ ပိတ္တသမုဋ္ဌိတာ။ တေ ကိရ ဒွတ္တိံသ ဟောန္တိ။ **သေမှသမုဋ္ဌာနာ**ဒီသုပိ ဧသေဝ နယော။ **ဥတုပရိဏာမဇာ**တို့ ဥတုပရိဏာမေန အစ္ဆရိကာတိသီတေန ဥပ္ပဇ္ဇနကရောဂါ။ **ဝိသမပရိဟာရဇာ**တို့ အတိစိရဌာနနိသဇ္ဇာဒိနာ ဝိသမပရိဟာရေန ဇာတာ။ **ဩပက္ကမိကာ**တို့ ပဓဂန္ဓနာဒိနာ ဥပက္ကမေန ဇာတာ။ **ကမ္မဝိပါကာ**တို့ ဇလဝကမ္မဝိပါကသမ္ဘူတာ။ (အံ၊ ဋ၊ ၃၊ ၃၁၇။)

## ၁၆–ပါးသော ဥပဒ္ဓဝေါ

**နာနာဥပဒ္ဓဝတော**–ပုဒ်အရ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဓဝေါကား---

**ဥပဒ္ဓဝေါ ၁၆–ပါး**[၁၁]---

၁။ ပဋိသန္ဓေနေရခြင်း (**ဇာတိဘယ**)၊

၂။ အိုရခြင်း (**ဇရာဘယ**)၊

၃။ နာရခြင်း (**ဗျာဓိဘယ**)၊

၄။ သေရခြင်း (**မရဏဘယ**)၊

၅။ မင်းဘေး၊ (**ရာဇဘယ**)မင်းဆိုးတို့၏ ဘေးဆိုးထိခြင်း၊

၆။ ခိုးသူဘေးသင့်ခြင်း (**စောရဘယ**)၊

၇။ မီးဘေးသင့်ခြင်း (**အဂ္ဂိဘယ**)၊

၈။ ရေဘေးသင့်ခြင်း (**ဥဒကဘယ**)၊

၉။ လှိုင်းတံပိုးဘေးသင့်ခြင်း (**ဥမ္မိဘယ**)၊

၁၀။ မိကျောင်းဘေးသင့်ခြင်း (**ကုမ္ဘီလဘယ**)၊

၁၁။ ရေဝဲဘေးသင့်ခြင်း (**အာဝဋ္ဋဘယ**)၊

၁၂။ ငါးမန်း, ငါးရဲဘေးသင့်ခြင်း (**သုသုကာဘယ**၊ သုံသုကာဘယ၊ သျှာ)၊

၁၃။ မိမိကြောင့်ဖြစ်သော စွပ်စွဲကဲ့ရဲ့ခြင်း (**အတ္တာနုဝါဒဘယ**)၊

၁၄။ သူတပါးကြောင့်ဖြစ်သော စွပ်စွဲကဲ့ရဲ့ခြင်း (**ပရာနုဝါဒဘယ**)၊

၁၅။ ဒဏ်သင့်ခြင်း (**ဒဏ္ဍဘယ**)၊

၁၆။ အပါယ်သို့ ကျရောက်ခြင်း (**ဒုဂ္ဂတိဘယ**)။

ဇာတိ ပဋိစ္စ ဥပ္ပန္နံ ဘယံ **ဇာတိဘယံ**။--ရာဇတော ဥပ္ပန္နံ ဘယံ **ရာဇဘယံ**။--ဥမိတော ပဋိစ္စ ဥပ္ပန္နံ ဘယံ **ဥမိဘယံ** နာမ။ ကုမ္ဘီလတော ဥပ္ပန္နံ ဘယံ **ကုမ္ဘီလဘယံ**။ ဥဒကာဝဋ္ဋတော ဘယံ **အာဝဋ္ဋဘယံ**။ သုသုကာ ဝုစ္စတိ စဏ္ဍမစ္ဆော၊ တတော ဘယံ **သုသုကာဘယံ**။---

**အတ္တာနုဝါဒဘယန္တို့** ပါပကမ်ိုနော အတ္တာနံ အနုဝဒန္တသ ဥပ္ပဇ္ဇနကဘယံ။ **ပရာနုဝါဒဘယန္တို့** ပရဿ အနုဝါဒတော ဥပ္ပဇ္ဇနကဘယံ။ **ဒဏ္ဍာဘယန္တို့** အဂါရိကဿ ရညော ပဝတ္တိတဒဏ္ဍံ၊

---

[၁၁] မဟာနိဒ္ဒေသ၊ တုဝဋ္ဋကသုတ္တနိဒ္ဒေသ၊ ၂၈၉။ ဂုဋ္ဌနိဒ္ဒေသ၊ ခဂ္ဂဝိသာဏသုတ္တနိဒ္ဒေသ၊ ၂၄၀-၂၄၁။ ဝိဘင်္ဂပါဠိ၊ ခုဒ္ဒကဝတ္ထု။ စတုက္ကနိဒ္ဒေသ (အဘိ၊ ၂၊ ၃၉၀-၃၉၁)။

အနဂါရိကဿ ဝိနယဒက္ခံ့ ပဋိစ္စ ဥပ္ပဒ္ဒနကဘယံ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ (အာဘိ၊ ဋ္ဌ၊ ၂၊ ၄၈၄-၄၈၅)။

ဇာတိ-ဇာတိကို၊ ပဋိစ္စ-စွဲ၍၊ ဥပ္ပန္နံ-ဖြစ်သော၊ ဘယံ-ဘေးသည်၊ **ဇာတိဘယံ-** ဇာတိဘေးမည်၏။ ရာဇတော-မင်းမှ၊ ဥပ္ပန္နံ ဘယံ-ဖြစ်သောဘေးသည်၊ **ရာဇဘယံ-** မင်းဘေးမည်၏။ ဥမိတော ပဋိစ္စ ဥပ္ပန္နံ ဘယံ-လှိုင်းတံပိုးကိုစွဲ၍ဖြစ်သောဘေးသည်၊ **ဥမိဘယံ** နာမ-လှိုင်းတံပိုးမှ ဖြစ်သောဘေးမည်၏။ ဥဒကာဝဋ္ဋတော ဘယံ-ရေဝဲမှ ဖြစ်ပေါ်လာသောဘေးသည်၊ **အာဝဋ္ဋဘယံ**-ရေဝဲဘေးမည်၏။ စက္ကမစ္ဆော-ကြမ်းတမ်းရက်စက်သော ငါးရဲကို၊ သုသုကာ-သုသုကာဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ တတော-ထိုငါးရဲမှ၊ ဘယံ-ဘေးသည်၊ **သုသုကာဘယံ**-ငါးရဲ (ငါးမန်းစသည်)ဘေးမည်၏။ **အတ္တာနုဝါဒဘယန္တို**-ကား၊ ပါပကမ္မိနော-မကောင်းမှုရှိသောသူ၏၊ အတ္တာနံ-မိမိကိုယ်ကို၊ အနုဝဒန္တသ-စွပ်စွဲသောသူအား၊ ဥပ္ပဇ္ဇနကဘယံ-ဖြစ်သောဘေးတည်း။ **ပရာနုဝါဒဘယန္တို**-ကား၊ ပရသ-သူတပါး၏၊ အနုဝါဒတော-စွပ်စွဲခြင်းမှ၊ ဝါ-ကြောင့်၊ ဥပ္ပဇ္ဇနကဘယံ-ဖြစ်သောဘေးတည်း။ **ဒဏ္ဍဘယန္တို**-ကား၊ အဂါရကဿ-လူအဖို့မှာ၊ ရညာ-မင်းသည်၊ ပဝတ္တိတဒဏ္ဍံ-ဖြစ်စေအပ်သော ဒဏ်တည်း၊ အနာဂါရိကဿ-ရဟန်းအဖို့မှာ၊ ဝိနယဒက္ခံ့-ဝိနည်းနှင့်စပ်ရာ ပြစ်ဒဏ်ကို၊ ပဋိစ္စ-စွဲ၍၊ ဥပ္ပဇ္ဇနကဘယံ-ဖြစ်သောဘေးတည်း။

**သုတေသန သရုပ်ပြအဘိဓာန် (၉၀)**၌ မဟာနိဒ္ဒေသပါဠိတော်(၂၀၇)[၁၃၃]မှာ လာသော **ဥပဒ္ဒဝေါ ဘဖ-ပါး** တစ်နည်း ပြထားပြန်သည်---

၁။ ရေရွတ် ဆဲရေးခံရခြင်း၊

၂။ လက်ထိတ်ခြေထိတ် ထိတ်ပင်းတံခါးဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၃။ ကြိုးလက်ပြန်နှောင်ဖွဲ့အချည်ခံရခြင်း၊

၄။ သံခြေကျဉ်းဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၅။ ကြိမ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၆။ နွယ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၇။ တိုက်သွင်းလှောင်၍ နှောင်ဖွဲ့ခံရခြင်း၊

---

၁၃၃ ဝိဇ္ဇနိဒ္ဒေသ၊ ခဂ္ဂဝိသာဏသုတ္တနိဒ္ဒေသ၊ ၂၃၅-၂၃၆။

၈။ ဆူးသံကြိုး အရံအဆီးဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၉။ ရွာဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၁၀။ နိဂုံးဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၁၁။ မြို့ဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၁၂။ တိုင်းနိုင်ငံဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၁၃။ ဇနပုဒ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊

၁၄။ ဤအရပ်မှ မသွားမလာ မရွှေ့မပြောင်းရဟု အာဏာထားခံရခြင်း၊

၁၅။ ဥစ္စာကို သိမ်းဆောင် ယူငင်ခံရခြင်း

၁၆။ ရေရွတ် ဆဲရေးခြင်းစသော အကြောင်းတို့ကြောင့် ဆင်းရဲခြင်း, စိတ်နှလုံး
မသာယာခြင်းကို ခံစားရခြင်း။

**စလင်း ပရိတ်ကြီးပါဠိတော်နိဿယ ပရိတ်နိဒါန်း (၂၇)မှ---**

၁။ ဖြစ်ခြင်းဟူသော ဇာတိဥပဒ္ဒဝေါ,

၂။ အိုခြင်းဟူသော ဇရာဥပဒ္ဒဝေါ,

၃။ နာခြင်းဟူသော ဗျာဓိဥပဒ္ဒဝေါ၊

၄။ အဂ်ီကြီးငယ် စည်းစိမ်ဥစ္စာ အဆွေအမျိုး သိလသမာဓိပျက်စီးခြင်းဟူသော
ဝိပတ္တိဥပဒ္ဒဝေါ,

၅။ မင်းဘေးဟူသော ဥပဒ္ဒဝေါ၊

၆။ ခိုးသူဘေးဟူသော ဥပဒ္ဒဝေါ,

၇။ ရေဘေးဟူသော ဥပဒ္ဒဝေါ,

၈။ လေဘေးဟူသော ဥပဒ္ဒဝေါ,

၉။ မီးဘေးဟူသော ဥပဒ္ဒဝေါ,

၁၀။ ငါးရဲဘေးဟူသော ဥပဒ္ဒဝေါ,

၁၁။ လိပ်ကျောင်းဘေးဟူသော ဥပဒ္ဒဝေါ,

၁၂။ မိကျောင်းဘေးဟူသော ဥပဒ္ဒဝေါ,

၁၃။ မိမိကြောင့်ဖြစ်သော စွပ်စွဲကဲ့ရဲ့ခြင်းဟူသော ဥပဒ္ဒဝေါ,

၁၄။ သူတပါးကြောင့်ဖြစ်သော စွပ်စွဲကဲ့ရဲ့ခြင်းဟူသော ဥပဒ္ဒဝေါ,

၁၅။ အနာဟောင်းမြိုခြင်းဟူသော ဥပဒ္ဒဝေါ,

၁၆။ သေလျှင် အပါယ်လားရခြင်းဟူသော ဥပဒ္ဒဝေါ။

## ၃၂-ပါးသော ကံကြမ္မာ

**"ကမ္မကာရဏ"**ဟူသည် "မသူတော်တို့၏အကျင့်ကို ကျင့်သောသူတို့ကို မင်းမိန့်ခြင့် ဖမ်းကုန်၍ အာဏာထောင်သား လက်မရွံ့တို့ စိရင်အပ်သော ဖြတ်ခြင်း, သတ်ခြင်း, ညှင်းဆဲခြင်းအမှု" မည်၏၊ ထို'ကမ္မကာရဏ'ကို **"ကံကြမ္မာ"**ဟု မြန်မာနက် ပြန်ဆိုကြ၏၊ ၃၂-ပါးသော ကံကြမ္မာ၏ သရုပ်မှာကား---"တမေနံ ရာဇာနော ဂဟေတွာ ဝိဝိဓာ ကမ္မကာရဏာ ကာရေန္တိ၊ ကသာဟိပိ တာဠေန္တိ၊ ဝေတ္တေဟိပိ တာဠေန္တိ" အစရှိသည်ဖြင့် မူလပဏ္ဏာသပါဠိတော် သီဟနာဒဝဂ် မဟာဒုက္ခက္ခန္ဓသုတ် (မ၊ ၁၊ ၁၂၁), အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် ကမ္မကရဏဝဂ် ဝဇ္ဇသုတ် (အံ၊ ၁၊ ၄၉-၅၀), မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကဝဂ် တိဿမေတ္တေယျသုတ္တနိဒ္ဒေသ (၁၂၀, ၃၁၆)တို့၌ လာရှိ၏---

၁။ နှင်တံတို့ဖြင့် ရိုက်နှက်ခြင်း (တိ ပါ-မြန်)၊ ဆူးရှိသောကြိမ်ဖြင့် ရိုက်နှက်ခြင်း[၁၄၄](**ကသာဟိပိ တာဠေန္တိ**)၊

၂။ ကြိမ်လုံးတို့ဖြင့် ရိုက်နှက်ခြင်း (တိ-ပါ-မြန်)၊ ဆူးမရှိသောကြိမ်ဖြင့် ရိုက်နှက်ခြင်း (သရုပ်ပြ) (**ဝေတ္တေဟိပိ တာဠေန္တိ**)၊

၃။ တုတ်တို ဆောက်ပုတ် နံပါတ်တုတ်တို့ဖြင့် ရိုက်နှက်ခြင်း(သရုပ်ပြ)(**အဋ္ဌင်္ဂုလေကေဟိပိ တာဠေန္တိ**)၊

၄။ လက်ကို ဖြတ်ခြင်း (**ဟတ္ထံပိ ဆိန္ဒန္တိ**)၊

၅။ ခြေကို ဖြတ်ခြင်း (**ပါဒံပိ ဆိန္ဒန္တိ**)၊

၆။ လက်ခြေတို့ကို ဖြတ်ခြင်း (**ဟတ္ထပါဒံပိ ဆိန္ဒန္တိ**)၊

၇။ နားကို ဖြတ်ခြင်း (**ကဏ္ဏံပိ ဆိန္ဒန္တိ**)၊

၈။ နာခေါင်းကို ဖြတ်ခြင်း (**နာသံပိ ဆိန္ဒန္တိ**)၊

---

၁၄၄ သရုပ်ပြ အဋ္ဌကထာ၊ ၁၁၂။

၉။ နား နှာခေါင်းတို့ကို ဖြတ်ခြင်း (**ကဏ္ဏနာသံပိ ဆိန္နန္တိ**)။

၁၀။ ဦးခေါင်းခွံကို ခွါ၍ ရဲရဲတောက်သောသံတွေကို ဦးနှောက်ပေါ်၌ ချခြင်း[၁၅၅] (**ဝိလဂီထာလိကံပိ ကရောန္တိ**)။

၁၁။ နားပန်းအပိုင်းအခြားရှိ အရေနှင့်တကွသော ဆံပင်ကို နတ်၍ ကြမ်းတမ်းသော ကျောက်ဖြင့် ပွတ်တိုက်လျက် ခဂ္ဂသင်းသဖွယ်ဖြစ်အောင် ပြုခြင်း၊ [ဦးခေါင်း၌ အရေကိုခွါ၍ ဦးခေါင်းရိုးကို ခဂ္ဂသင်းကဲ့သို့ ဖြူအောင်ပြုခြင်း] (**သမံမုဏ္ဍိကံပိ ကရောန္တိ**)။

၁၂။ ခံတွင်းဟင်းလင်းပွင့်နေအောင် သံချွန်ဖြင့် ထောက်ပြီးလျှင် အာခေါင်တွင်း၌ မီးကိုထွန်းကာ ရာဟုခံတွင်းကဲ့သို့ ဖြစ်အောင် နှိပ်စက်ညှင်းပန်းခြင်း (**ရာဟုမုခံပိ ကရောန္တိ**)။

၁၃။ တစ်ကိုယ်လုံးကို ဆီစိမ်ပြီးသော အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် မီးရှို့လျက် ဆီမီးတိုင်ကဲ့သို့ ဖြစ်အောင် နှိပ်စက်ညှင်းပန်းခြင်း (**ဇောတိမာလိကံပိ ကရောန္တိ**)။

၁၄။ ထို့အတူ လက်၌မီးညှိ၍ ဆီမီးတိုင်သဖွယ် ပြုလုပ်ခြင်း၊ ဆီစိမ်သောအဝတ်ဖြင့် ရစ်ပတ်၍ မီးတောက်ခြင်း (**ဟတ္ထဇောတိကံပိ ကရောန္တိ**)။

၁၅။ တစ်ကိုယ်လုံး အရေကို ခွါခြင်း၊ ရေမျိုအောက်မှစ၍ ဖမျက်တိုင်အောင် အရေခွါပြီးမှ ကြိုးဖြင့် ဖွဲ့စည်းဆွဲငင်လျက် မိမိအရေကို နယ်ကန်စေသဖြင့် ပိတ်မြက်ဂွက်သဖွယ် အရေခွါခြင်းကို ပြုခြင်း (**ဧရကဝတ္တိကံပိ ကရောန္တိ**)။

၁၆။ အထက်က (လည်ပင်းမှ) အရေကို ခါးတိုင်အောင် ခွါခြင်း၊ ခါးကအရေကို ခြေမျက်စိတိုင်အောင် ခွါခြင်း (**စီရကဝါသိကံပိ ကရောန္တိ**)။

၁၇။ မြေ၌ပက်လက်အိပ်စေ၍ လက်နှစ်ဖက် ခြေနှစ်ဖက်တို့၌ သံမယ်နလေးချောင်းနှက်ခြင်း (**ဧဏေယျကံပိ ကရောန္တိ**)။

၁၈။ နှုတ်ခမ်းနှစ်ဖက်တို့၌ ငါးမျှားချိတ်ဖြင့် ချိတ်၍ ငင်ခြင်း (**ဗဠိသမံသိကံပိ ကရောန္တိ**)။

၁၉။ တစ်ကိုယ်လုံး၌ အသားတို့ကို ဓားဖြင့် ကျပ်ပြားသဖွယ် အတစ်အတစ် လိုး၍ ချခြင်း (**ကဟာပဏိကံပိ ကရောန္တိ**)။

---

[၁၅၅] ဦးခေါင်းခွံကို ခွါပြီးလျှင် ရဲရဲတောက်ပူသော သံတွေခဲကို ညှပ်ဖြင့်ယူ၍ ဦးခေါင်းထဲသို့ ထည့်သဖြင့် ပဒုန်းရည်ကဲ့သို့ ကျိုက်ကျိုက်ဆူ၍ လျှံကျအောင် နှိပ်စက်ညှင်းပန်းခြင်း၊ (တိ-ပါ-မြန်၊ တွဲ ၅၊ ၃၁၉)။

၂၀။ တစ်ကိုယ်လုံးကို ဓားလုံဖြင့် ထိုးခုတ်ပြီးလျှင် ဆားခံရေပက်ခြင်း (**ခါရာပတန္တိကံပိ ကရောန္တိ**)။

၂၁။ မြေ၌ တစောင်းအိပ်စေပြီးလျှင် နားပေါက်၌ သံမဲနှက်ခြင်း (**ပလိဃပရိဝတ္တိကံပိ ကရောန္တိ**)။

၂၂။ အပေါ် အရေအသားတို့ကို မစုတ်မပဲ့စေပဲ ကျောက်တုံးဖြင့် အရိုးကိုထုပြီးသော် ဆံဖြင့်ရစ်၍ ခွေလျက်ထားခြင်း၊ [အရေကိုမခွါမူ၍ အရိုးအားလုံးကိုကြေအောင် ကျောက်တုံးဖြင့် ထုခြင်း (**ပလာလပီဍကံပိ ကရောန္တိ**)၊

၂၃။ ကြိုက်ကြိုက်ဆူသောဆီပူဖြင့် လောင်းခြင်း (**တတ္တေနပိ တေလေန ဩသိဉ္စန္တိ**)၊

၂၄။ အစာမကျေးပဲ ထားသဖြင့် ဆာလောင်မွတ်သိပ်နေသော ခွေးတို့ကို ကိုက်စားစေခြင်း (**သုနဓေါိပိ ခါဒါပေန္တိ**)၊

၂၅။ အရှင်လတ်လတ် သံတံကျင်လျှိုကာ နှိပ်စက်ညှင်းပန်းခြင်း (**ဇီဝန္တံပိ သူလေ ဥတ္တာသေန္တိ**)၊

၂၆။ သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်လျက် နှိပ်စက်ညှင်းပန်းခြင်း (**အသိနာပိ သီသံ ဆိန္ဒန္တိ**)၊

၂၇။ မြေ၌ အိပ်စေလျက် လက်နှစ်ဖက်, ခြေနှစ်ဖက်, ရင်အလယ်တို့၌ လောလောပူသော သံစို့ကို ရိုက်နှက်ကာ နှိပ်စက်ညှင်းပန်းခြင်း၊ (**တတ္တံ အယောမိလံ ဟတ္ထေ ဂဓေန္တိ၊ တတ္တံ အယောမိလံ ဒုတိယေ ဟတ္ထေ ဂဓေန္တိ၊ တတ္တံ အယောမိလံ ပါဒေ ဂဓေန္တိ၊ တတ္တံ အယောမိလံ ဒုတိယေ ပါဒေ ဂဓေန္တိ၊ တတ္တံ အယောမိလံ မဿေ ဥရသ္မိံ ဂဓေန္တိ** )၊

၂၈။ မြေ၌ အိပ်စေလျက် ဓားမကြီးဖြင့် ခုတ်ရွေကာ နှိပ်စက်ညှင်းပန်းခြင်း၊(**သံဓေဓသတ္ထာ ကုဋ္ဌာရိဟိ တစ္ဆေန္တိ**)၊

၂၉။ စောက်ထိုးမိုးမျှော် ဆွဲကိုင်လျက် ပဲခွပ်တို့ဖြင့် ခုတ်ရွေကာ နှိပ်စက်ညှင်းပန်းခြင်း၊(**ဥဒ္ဓံပါဒံ အဓော သီရံ ဂဓေတ္ဝာ ဝါသိဟိ တစ္ဆေန္တိ**)၊

၃၀။ ရထားလှည်း၌ တပ်၍ ရဲရဲညီးကာ အလျှံတပြောင်ပြောင်လောင်သော မီးတောက်မီးလျှံရှိသည့် မြေအပြင်၌ အခေါက်ခေါက် အပြန်ပြန် မောင်းနှင်လျက် နှိပ်စက်ညှင်းပန်းခြင်း၊ (**ရဓေ ယောဇေတွာ အာဒိတ္တာယ ပထဝိယာ သမ္ပဇ္ဇလိတာယ သဓောတိဘူတာယ သာရေန္တိပိ ပစ္စာသာရေန္တိပိ**)။

## ပရိတ်အချီး ခေါ် ပရိတ်နိဒါန်း

၃၁။ ရဲရဲညီးကာ အလျှံတပြောင်ပြောင်လောင်သော မီးတောက်မီးလျှံရှိသည့် မီးတောင်ကြီးပေါ်သို့ တက်စေ, ဆင်းစေလျက် နှိပ်စက်ညှင်းပန်းခြင်း။(**မဟန္တံ အဂ်ါရပဗွတံ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ အာရောပေန္တိပိ ဩရောပေန္တိပိ**)။

၃၂။ စောက်ထိုးမိုးမျှော် ဆွဲကိုင်ပြီးလျှင် ရဲရဲညီးသည့် အလျှံတပြောင်ပြောင်လောင်သော မီးတောက် မီးလျှံရှိသည့် လောလောပူသော သံအိုးကြီး၌ ပစ်ချကုန်လျက် နှိပ်စက်ညှင်းပန်းခြင်း၊ (**ဥဒ္ဓံပါဒံ အဓောသိရံ ဂဟေတွာ တတ္တာယ လောကုမ္ဘိယာ ဖေဏုဒ္ဒေဟကံ ပစ္စတိ၊ သော တတ္ထ ဖေဏုဒ္ဒေဟကံ ပစ္စမာနော သကိမ္ပိ ဥဒ္ဓံ ဂစ္ဆတိ၊ သကိမ္ပိ အဓော ဂစ္ဆတိ၊ သကိမ္ပိ တိရိယံ ဂစ္ဆတိ**၊) ဟူ၍ ၃၂-ပါးတို့တည်း။ ထို၃၂-ပါးတို့တွင် ရှေ့ ၂၆-ပါးတို့ကို လူ့ပြည်၌ မင်းမှုထမ်းတို့က ရာဇဝတ်သားတို့ ကို နှိပ်စက်ညှင်းပန်းမှု (ကမ္ပကာရဏ)အဖြစ်ဖြင့်လည်းကောင်း, နောက်ဆုံး ၆-ပါးကို ငရဲပြည်၌ ငရဲထိန်းတို့က ငရဲသားတို့ကို နှိပ်စက်ညှင်းပန်းမှု (ကမ္ပကာရဏ)အဖြစ်ဖြင့် လည်းကောင်း ပါဠိတော်များ၌ တစ်နေရာစီ ဟောတော်မူသည်။ (မ၊ ၃၊ ဥပရိပဏ္ဏာသ၊ ဗာလ ပဏ္ဍိတသုတ် ၂၀၂-၂၀၅၊ ဒေဝဒူတသုတ် ၂၁၉-၂၂၁။ အံ၊ ၁၊ ဒုကနိပါတ်၊ ဝဇ္ဇသုတ်၊ ၄၉-၅၀၊ တိကနိပါတ်၊ ဒေဝဒူတသုတ်၊ ၁၃၉-၁၄၀။ မဟာနိဒ္ဒေသ၊ အတ္တဒဏ္ဍသုတ္တနိဒ္ဒေသ၊ ၃၁၆-၃၁၇။)[၁၁၆]

## ပရိတ်အချီး ရွတ်ဖတ်နည်း

**သဒ္ဓမ္မံ= သတ် ဓမ်မံ**

**ရာဇဿ**-၌ ရ-ကို "လျှာလိပ်သံ"နှင့် ရွတ်၊ ယသံနှင့် မရွတ်နဲ့၊ ရ-မှန်သမျှ လျှာလိပ်သံချည်း ရွတ်။

**တဿ= တတ်သ**

**ဘဂဝတော**-၌ "ဘဝ နှင့် ဝတော" အကြားတွင် စဉ်းငယ် ဖြတ် ဖတ်။

**အရဟတော**-၌ "အရဟ တော, အရ ဟတော, အ ရဟတော" လို့ ၃-မျိုး ဖတ်နိုင်တယ်။

**သန္တောသ-ဟေတုံ**-၌ "သန္တောသ တပုဒ်, ဟေတုံ တပုဒ် ခွဲပြီး ရွတ်။

---

[၁၁၆] တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ကဝဂ် အတွဲ ၅ ၊ ၃၁၉-၃၂၁။

သမဂ္ဂါ=သမက်ဂါ

**အနုမောဒိတ္တာ=အနုမောဒိတ်တ္တာ**

ရတာ-၌ "ရ-တာ-လို့ ခွဲပြီး မဖတ်နဲ့၊ "ရတာ"လို့ စပ်၍ ရွတ်။

ရဟိတာ-၌ "ရ-ဟိတာ"လို့ မဖတ်နဲ့၊ "ရဟိတာ"လို့ ဖတ်။

**အသပ္ပုရိသတော**-၌ "အ-သပ်-ပုရိသ-တော"လို့ ဖတ်။

**ရက္ခသာဒီဟိ**-၌ "ရက်ခသာ-ဒီဟိ"လို့ ဖတ်။

**ဥပဒ္ဓဝတော**-၌ "ဥပတ်ဒဝ-တော"ဖတ်။

**ဂဏ္ဌန္တု**-၌ "ဂန်ဏ္ဌန်တု"ဖတ်

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

# မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

၁။ **မင်္ဂလသုတ် ပရိတ်တော်ကို အဘယ်ဟုတ်ရိုလ် ဟောတော်မူခဲ့ပါသလဲ?**

ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

၂။ **မင်္ဂလသုတ်ပရိတ်တော်ကို ဟောကြားရန် အဘယ်သူ လျှောက်ထားခဲ့ပါသလဲ?**

မထင်ရှားသော နတ်သားတစ်ယောက်က လျှောက်ထားခဲ့ပါတယ်။

၃။ **မင်္ဂလသုတ်ပရိတ်တော်ကို အဘယ်နေရာဌာန, အဘယ်အချိန်မှာ ဟောတော်မူခဲ့ပါသလဲ?**

သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတိုက်၌ ညဉ့်သန်းခေါင်အချိန်မှာ ဟောတော်မူခဲ့ပါတယ်။

၄။ **မင်္ဂလသုတ်ပရိတ်တော်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ?**

သတ္တလောက၏အကျိုးစီးပွါးအလို့ငှါ ဟောတော်မူခဲ့ပါတယ်။

၅။ **မင်္ဂလသုတ်ပရိတ်တော်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါရှိပါသလဲ?**

သုတ္တန်ပိဋကတ်, ခုဒ္ဒကနိကာယ်, ခုဒ္ဒကပါဌပါဠိတော်နှင့် သုတ္တနိပါတပါဠိတော်များမှာ ပါရှိပါတယ်။

**မင်္ဂလာနှင့်စပ်ရာ အချုပ်မှာ**

၁။ **မင်္ဂလာပြဿနာ**–လူ နတ် ဗြဟ္မာများ မင်္ဂလာနှင့် ပတ်သက်၍ ၁၂-နှစ်တိုင်တိုင် အငြင်းပွါးကြခြင်း၊

၂။ **ဘုရားရှင် သီတင်းသုံးတော်မူရာဌာန**–ဘုရားရှင် သာဝတ္ထိမြို့တော်အနီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော်မူချိန်ဖြစ်ခြင်း၊

၃။ **မင်္ဂလာပြဿနာ ဓမ္မလျှောက်သူ**–အမည်မထင်ရှားတဲ့ နတ်သားတဦးက မင်္ဂလာပြဿနာကို မေးလျှောက်ထားခြင်း၊

၄။ **ဖြေကြားသောဟုတ်ရိုလ်**–ဘုရားရှင်က မင်္ဂလာတရား ၃၈-ပါးကို ဟောကြားတော်မူခြင်း။

ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

# သိပ်သည်းလှစွာ ဇာတ်ကြောင်းမှာ

## မင်္ဂလာပြဿနာ ပေါ်ပေါက်လာ ပြောရာကောလာဟလ[၁၁၇]

ဘုရားရှင် မင်္ဂလာတရားတော်ကို မဟောကြားခင် ၁၂-နှစ်လောက်ကပင် မင်္ဂလာနှင့် ပတ်သက်တဲ့ ပြဿနာများ စတင်ပေါ်ပေါက်နေခဲ့ပါတယ်။

အချို့က မျက်စိနဲ့မြင်ရတဲ့ နှစ်သက်စရာ အဆင်းအာရုံတွေကို **"မင်္ဂလာ"**လို့ ပြောဆိုနေကြပါတယ်၊ ဒါကို **"ဒိဋ္ဌမင်္ဂလာ"**လို့ ခေါ်ပါတယ်၊ ဒိအယူအဆကို အချို့က လက်ခံခဲ့ကြပေမဲ့ အချို့တော့ လက်မခံခဲ့ကြပါဘူး။

အချို့က နားနဲ့ကြားရတဲ့ နှစ်သက်စရာ အသံအာရုံတွေကို **"မင်္ဂလာ"**လို့ ဆိုကြပြန်တယ်၊ ဒါကို **"သုတမင်္ဂလာ"**လို့ ခေါ်ပါတယ်၊ ဒိအယူအဆကိုလဲ လက်ခံသူတွေ ရှိသလို လက်မခံသူတွေလဲ ရှိခဲ့ပြန် ပါတယ်။

အချို့က နှာခေါင်းနဲ့နမ်းရှူရတဲ့ နှစ်သက်စရာ အနံ့အာရုံတွေ, လျှာနဲ့လျက်ရတဲ့ နှစ်သက်စရာ အရသာအာရုံတွေ, ကိုယ်နဲ့ထိတွေ့ရတဲ့ နှစ်သက်စရာ အတွေ့အထိအာရုံတွေကို **"မင်္ဂလာ"** ကို ယူဆပြောဆိုနေကြပြန်တယ်၊ ဒါကိုတော့ **"မုတမင်္ဂလာ"**ခေါ်ပါတယ်၊ ဒိယူဆပြောဆိုမှုကိုလဲ အချို့ကသာ လက်ခံ၍ အချို့ကတော့ လက်မခံခဲ့ကြပါဘူး။

အဲဒိလို လူ့လောကမှာ အမြင်, အကြား, အတွေ့အာရုံတွေကို အစွဲပြုပြီး အုပ်စု ၃-ခု ကွဲပြားနေခဲ့ကြပါတယ်၊ နှစ်သက်သူအုပ်စုနဲ့ မနှစ်သက်သူ အုပ်စုဟာ ငြင်းခုံနေခဲ့ကြတယ်၊ အုပ်စုတစ်ခုခုက မိမိတို့ရဲ့ အယူအဆကို အခြားအုပ်စုတွေက လက်ခံလာကြအောင် မပြောဆိုနိုင်ခဲ့ကြဘူး၊ ဒိလိုနဲ့ပဲ အုပ်စုအချင်းချင်း တစ်အုပ်စုရဲ့အယူအဆကို အခြားအုပ်စုတွေက ဝေဖန်လာကြ, ပြစ်တင်လာခဲ့ကြတယ်၊ တဖြည်းဖြည်း ပြဿနာဟာ ရှုပ်ထွေးကြီးထွားလာပါတော့တယ်။

တစ်စတစ်စနဲ့ အဲဒီ မင်္ဂလာပြဿနာဟာ ဇမ္ဗူဒိပ်ကျွန်းလုံးတစ်ခွင် ပျံ့နှံ့သွားပါတော့တယ်၊ အုပ်စုလိုက် အုပ်စုလိုက် "မင်္ဂလာဆိုတာ ဘာလဲ?"လို့ မေးခွန်းထုတ်ပြီး မင်္ဂလာကိုပဲ ကြံစည်နေကြပါတယ်၊ လူတွေရဲ့ စကားကို ကြားရတဲ့ သူတို့ရဲ့ ကိုယ်စောင့်နတ်တွေကလဲ အလားတူပဲ မင်္ဂလာကို ကြံစည် ကြပြန်ပါတယ်၊ အဲဒီ နတ်တွေက အဆင့်ဆင့် ကူးစက်ပြီး နတ်ပြည်တွင်မရပ်နားတော့ပဲ

---

ခုဒ္ဒကပါဌ၊ ဌ၊ ၁၀၀-၁၀၁၊ သုတ္တနိပါတ၊ ဌ၊ ၂။ ၁-၃။

အကနိဋ္ဌဗြဟ္မာဘုံ တိုင်အောင် နတ်ဗြဟ္မာတွေဟာလဲ အုပ်စုလိုက် အုပ်စုလိုက် မင်္ဂလာကို ကြိုစည် နေကြပါတယ်။

အဲဒီလို စကြဝဠာတိုက်တစ်သောင်းအတွင်း နေရာတိုင်းမှာ လူနတ်ဗြဟ္မာတွေဟာ မင်္ဂလာကို ကြိုစည်ဆွေးနွေးနေခဲ့ကြတာ ၁၂-နှစ်သာ ပြည့်သွားတယ်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ **"မင်္ဂလာဆိုတာ ဒါပါပဲ"**လို့ အမှန်အကန် မဆုံးဖြတ်နိုင်ခဲ့ပါဘူး၊ လောကမှာ **"မင်္ဂလာကောလာဟလ** (မင်္ဂလာနဲ့ ပတ်သက်တဲ့ အုတ်အုတ်ကျက်ကျက်ကြွေးကြော်သံ)" ဖြစ်နေခဲ့ပါတယ်။

**<u>ကောလာဟလ ၅-မျိုးပြ</u>**

**"ကောလာဟလ** (အုတ်အုတ်ကျက်ကျက်ပြောဆိုသံ)"ဆိုတာ ဘာလဲ?

"ကပ္ပကောလာဟလ, စက္ကဝတ္တိကောလာဟလ, ဗုဒ္ဓကောလာဟလ, မင်္ဂလကောလာဟလ, မောနေယျကောလာဟလ"လို့ ၅-မျိုး ရှိပါတယ်။

(၁) **ကပ္ပကောလာဟလ-** "နောက်နှစ်ပေါင်း တစ်သိန်းကျော်လွန်တဲ့အခါ ဒီကမ္ဘာကြီး ပျက်စီးလိမ့်မယ်၊ မဟာသမုဒ္ဒရာ ခန်းခြောက်သွားလိမ့်မယ်၊ ဒီမြေကြီးနဲ့ မြင်းမိုရ် တောင်ဟာလဲ မီးလောင်ကျွမ်း ပျက်စီးသွားလိမ့်မယ်၊ ဗြဟ္မာ့ပြည်တိုင်အောင် လောကကြီးဟာ ပျက်စီးသွားလိမ့်မယ်၊ မေတ္တာကို ပွါးများကြပါ၊ ကရုဏာကို ပွါးများကြပါ၊ မုဒိတာကို ပွါးများကြပါ၊ ဥပေက္ခာကို ပွါးများကြပါ၊ အမေကို လုပ်ကျွေးကြပါ၊ အဖေကို လုပ်ကျွေးကြပါ၊ ကြီးသူတွေကို ရိုသေလေးစားကြပါ၊ ကုသိုလ်ကောင်းမှုတို့၌ နှီးနှီးကြားကြားရှိကြပါ၊ မမေ့မလျော့ မပျေါ်မဆကြပါနဲ့."-လို့ ကာမာဝစရနတ်တွေက လူအပေါင်းကို ကြိုတင် သတိပေး ကြွေးကြော်တာကို "ကပ္ပကောလာဟလ" လို့ ခေါ်ပါတယ်။

(၂) **စက္ကဝတ္တိကောလာဟလ-** "နောက်နှစ်ပေါင်းတစ်ရာ ကျော်လွန်တဲ့အခါ လောကမှာ စကြာမင်း ဖြစ်ပေါ်လာလိမ့်မယ်"- လို့ ကာမာဝစရနတ်တွေက လူတွေကို ကြိုတင် သတိပေး ကြွေးကြော်တာကိုတော့ "စက္ကဝတ္တိကောလာဟလ" လို့ ခေါ်ပါတယ်။

(၃) **ဗုဒ္ဓကောလာဟလ-** "နောက်နှစ်ပေါင်း တစ်ထောင်ကျော်လွန်သွားတဲ့အခါ လောကမှာ ဘုရားပွင့်တော်မူလိမ့်မယ်" လို့ သုဒ္ဓါဝါသဗြဟ္မာတွေက လူတွေအား ကြိုတင် သတိပေး ကြွေးကြော်တာကိုတော့ "ဗုဒ္ဓကောလာဟလ"-လို့ ခေါ်ပါတယ်။

(၄) **မင်္ဂလကောလာဟလ–** "နောက် ၁၂–နှစ်ကျော်လွန်တဲ့အခါ ဘုရားရှင်က မင်္ဂလာ တရားတော်ကို ဟောကြားတော်မူလိမ့်မယ်"–လို့ သုဒ္ဓါဝါသဗြဟ္မာတွေက လူတွေအား ကြိုတင်သတိပေး ကြွေးကြော်တာကိုတော့ "မင်္ဂလကောလာဟလ"–လို့ ခေါ်ပါတယ်။

(၅) **မောနေယျကောလာဟလ–** "နောက် ၇–နှစ်ကျော်လွန်တဲ့အခါမှာ ရဟန်းတစ်ပါးက ဘုရားရှင်အား မောနေယျအကျင့်ကို မေးလာလိမ့်မယ်"–လို့ သုဒ္ဓါဝါသဗြဟ္မာတွေက လူတွေအား ကြိုတင်သတိပေး ကြွေးကြော်တာကိုတော့ "မောနေယျကောလာဟလ"–လို့ ခေါ်ပါတယ်။

**ဆောင်ပုဒ်။ ။ စကြာမှာ နှစ်တစ်ရာ၊ ကမ္ဘာမှာ သိန်းထား၊ ဘုရားမှာ တစ်ထောင်နှစ်၊ မောနေယျ ခုနှစ်နှစ်၊ ဆယ့်နှစ်နှစ် မင်္ဂလာ၊ ကြိုတင်ကာ ကြွေးကြော်ငြား၊ ကောလာဟလ ငါးပါး။**

ဒီ ကောလာဟလ ၅–မျိုးတွင် လူ့လောက, နတ်လောကမှာ မင်္ဂလကောလာဟလ ဖြစ်ပေါ်နေခဲ့ပါတယ်။

**ကောလာဟလံ နာမ ပဉ္စဝိမံ** ကပ္ပကောလာဟလံ စက္ကဝတ္တိကောလာဟလံ ဗုဒ္ဓကောလာဟလံ မင်္ဂလကောလာဟလံ မောနေယျကောလာဟလန္တိ။ တတ္ထ ကာမာဝစရဒေဝါ မုတ္တသိရာ ဝိကိဏ္ဏကေသာ ရုဒမ္မုခါ အသူနိ ဟတ္ထေဟိ ပုဉ္ဆမာနာ ရတ္တဝတ္ထနိဝတ္ထာ အတိဝိယ ဝိရူပဝေသဓာရိနော ဟုတ္ဝာ "ဝဿသတသဟဿဿ အစ္စယေန ကပ္ပုဋ္ဌာနံ ဘဝိဿတိ၊ အယံ လောကော ဝိနဿိဿတိ၊ မဟာသမုဒ္ဓေါ သုဿိဿတိ၊ အယဉ္စ မဟာပထဝိ သိနေရု စ ပဗ္ဗတရာဇာ ဥစုယှိဿတိ, ဝိနဿိဿတိ၊ ယာဝ ဗြဟ္မလောကာ လောကဝိနာသော ဘဝိဿတိ၊ မေတ္တံ မာရိသာ ဘာဝေထ၊ ကရုဏံ, မုဒိတံ, ဥပေက္ခံ မာရိသာ ဘာဝေထ၊ မာတရံ ဥပဋ္ဌဟထ၊ ပိတရံ ဥပဋ္ဌဟထ၊ ကုလေ ဇေဋ္ဌာပစာယိနော ဟောထ၊ ဇာဂရထ, မာ ပမာဒတ္ထာ"တိ မနုဿပထေ ဝိစရိတ္ဝာ အာရောစေန္တိ။ ဣဒံ **ကပ္ပကောလာဟလံ** နာမ။

ကာမာဝစရဒေဝါယေဝ "ဝဿသတဿစ္စယေန စက္ကဝတ္တိရာဇာ လောကေ ဥပ္ပဇ္ဇိဿတိ"တိ မနုဿပထေ ဝိစရိတ္ဝာ အာရောစေန္တိ။ ဣဒံ **စက္ကဝတ္တိကောလာဟလံ** နာမ။

သုဒ္ဓါဝါသာ ပန ဒေဝါ ဗြဟ္မာဘာရဏောန အလင်္ကာရိတ္ဝာ ဗြဟ္မဝေဌနံ သိသေ ကတ္ဝာ ပိတိသောမနဿဇာတာ ဗုဒ္ဓဂုဏာဝါဒိနော "ဝဿသဟဿသ အစ္စယေန ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတိ"တိ မနုဿပထေ ဝိစရိတ္ဝာ အာရောစေန္တိ။ ဣဒံ **ဗုဒ္ဓမင်္ဂလာဟလံ** နာမ။

သုဒ္ဓါဝါသာ ဇေဝ ဒေဝါ မနုဿာနံ စိတ္တံ ဥတ္ဝာ "ဒွါဒသန္နံ ဝဿာနံ အစ္စယေန သမ္မာသမ္ဗုဒ္ဓေါ မင်္ဂလံ ကထေဿတိ"တိ မနုဿပထေ ဝိစရိတ္ဝာ အာရောစေန္တိ။ ဣဒံ **မင်္ဂလကောလာဟလံ** နာမ။

သုဒ္ဓါဝါသာ ဇေဝ ဒေဝါ "သတ္တာနံ ဝဿာနံ အစ္စယေန အညတရော ဘိက္ခု ဘဂဝတာ သဒ္ဓိံ သမာဂမ္မ မောနေယျပဋိပဒံ ပုစ္ဆိဿတိ"တိ မနုဿပထေ ဝိစရိတ္ဝာ အာရောစေန္တိ။ ဣဒံ **မောနေယျကောလာဟလံ** နာမ။ ဣမေသု ပဉ္စသု ကောလာဟလေသု ဒိဋ္ဌမင်္ဂလာဒိဝသေန တိဓာ ဘိန္နေသု ဒေဝမနုဿေသု ဣဒံ မင်္ဂလကောလာဟလံ လောကေ ဥပ္ပဇ္ဇိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၀၁-၁၀၂။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃-၄။)

## မင်္ဂလာတရား ဟောကြားပါရန် လျှောက်တောင်းပန်

၁၂-နှစ်တာ ကျော်လွန်လာတဲ့အခါ တာဝတိံသာနတ်တွေက ဒိမင်္ဂလာပြဿနာကို သိကြားမင်းထံ တင်ပြလာကြတယ်၊ အမှန်အကန် ဖြေဆိုပေးဖို့ကိုလဲ တောင်းပန်ကြတယ်၊ သိကြားမင်းက "ဒိမင်္ဂလာပြဿနာဟာ ဘယ်မှစတင်ဖြစ်ပေါ်လာသလဲ?" မေးတော့ အဲဒီနတ်တွေက "စာတုမဟာရာဇ်နတ်တွေထံမှ တဆင့်ကြားကြရပါတယ်၊ စာတုမဟာရာဇ်နတ်တွေကလဲ အာကာသစိုးနတ်တွေ (ကောင်းကင်မှာ တည်နေတဲ့နတ်များ)မှတဆင့် ကြားကြရပါတယ်၊ အာကာသစိုးနတ်တွေကလဲ ဘုမ္မဇိုးနတ်တွေ (မြေမှာတည်နေတဲ့နတ်များ)မှတဆင့် ကြားကြရပါတယ်၊ အဲဒီ ဘုမ္မဇိုးနတ်တွေကလဲ လူတို့ရဲ့ကိုယ်စောင့်နတ်တွေမှတဆင့် ကြားသိကြရပါတယ်၊ အဲဒီကိုယ်စောင့်နတ်တွေကလဲ လူတွေထံမှ ကြားသိကြရပါတယ်၊ လူ့လောကမှာ စတင်ဖြစ်ပွါးလာတဲ့ ပြဿနာဖြစ်ပါတယ်" လို့ ပြန်လည်ဖြေကြားကြပါတယ်။

သိကြားမင်းက အဲဒီပြဿနာကို ဘုရားရှင်အား မည်သူမှ မလျှောက်ထားဘူးလား? လို့ မေးတော့ နတ်တွေက "မည်သူကမှ မလျှောက်ထားပါ" လို့ ဖြေဆိုကြပါတယ်။ ဒါနဲ့ သိကြားမင်းက "သင်တို့ဟာ မီးကိုစွန့်ပစ်ပြီး ပိုးစုန်းကြူးကို မီးတောက်ရှာတာနဲ့တူနေတယ်၊ အကြွင်းအကျန်မရှိ မင်္ဂလာတရားတော်ကို ဟောတော်မူတတ်တဲ့ ဘုရားရှင်ကိုကျော်လွန်ကာ ဘုံကိုမေးလာကြပုံရတယ်"

လို့ ပြောဆိုကာ ဘုရားရှင်ကို လျှောက်ထားရန် နတ်သားတစ်ယောက်အား တာဝန်ပေးအပ်လိုက်ပါတယ်၊ သိကြားမင်းကိုယ်တိုင်လဲ မင်္ဂလာတရားနာကြားရန် လိုက်ပါသွားခဲ့ပါတယ်။

အဲဒီ အချိန်မှာ ဘုရားရှင်က သာဝတ္ထိမြို့တော်ရဲ့တောင်ဘက် အနာထပိဏ်သူဌေး လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတော်မှာ သိတင်းသုံးနေတော်မူပါတယ်၊ သိကြားမင်းရဲ့ တာဝန်ပေးခံရတဲ့ နတ်သားဟာ ညဉ့်သန်းခေါင်ယာမ်အချိန်မှာ ဘုရားရှင်ထံရောက်လာခဲ့ပါတယ်၊ ဘုရားရှင်ကို လက်အုပ်ချိမိုးရှိခိုးပြီး **သင့်တော်တဲ့နေရာမှာ**[၁၁၈] ရပ်ရင်းပဲ လျှောက်ထားပါတယ်။

> "ရှင်တော်မြတ်ဘုရား, ခုရောနောင်ပါ ချမ်းသာရေးကို လိုလားတောင့်တကြတဲ့ လူနတ်ဗြဟ္မာတို့က မင်္ဂလာတွေကို တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ကြံစည်တွေးတောပြောဆို နေခဲ့ကြပါတယ်၊ ဒါပေမဲ့ တိကျမှန်ကန်တဲ့အဖြေကို မရရှိခဲ့ကြပါ၊ ရှင်တော်မြတ်ဘုရားက ကောင်းမြတ်တဲ့ မင်္ဂလာတရားကို ဟောကြားတော်မူပါ ဘုရား"။

နတ်သားရဲ့ လျှောက်ထားတောင်းပန်ချက်ကို လက်ခံတော်မူတဲ့အနေနဲ့ ဘုရားရှင်က ၃၈-ဖြာ မင်္ဂလာတရားတော်ပါရှိတဲ့ မင်္ဂလသုတ်တော်ကို ဟောကြားတော်မူခဲ့ပါတယ်။

---

[၁၁၈] **သင့်တော်တဲ့နေရာ (ဇကမန္တ)**–အရ လောကမှာ အလေးအမြတ်ပြုထိုက်တဲ့သူများထံ ချဉ်းကပ်တဲ့အခါ "နေသင့်တဲ့နေရာ, မနေသင့်တဲ့ နေရာ"လို့ ရှိရာတွင် သိနားလည်သူတွေက နေသင့်တဲ့နေရာကို ရွေးချယ်ပြီး နေတတ်ပါတယ်။ မနေသင့်တဲနေရာများကာ "(၁) အလွန် နီးလွန်းတဲ့နေရာ, (၂) အလွန်ဝေးလွန်းတဲ့နေရာ, (၃) လေညာလေဆန်ကျတဲ့နေရာ, (၄) မြင့်တဲ့နေရာ, (၅) ရှေ့တည့်တည့်ကျလွန်းတဲ့ နေရာ, (၆) အလွန်နောက်ကျလွန်းတဲ့နေရာ"လို့ ခြောက်မျိုးရှိပါတယ်။

> န ပစ္ဆတော န ပုရတော၊ နာပိ အာသန္ဒဒူရတော။
>
> န ကစ္ဆေ နောပိ ပဋိဝါတေ၊ န စာပိ ဩဏတုဏ္ဏတေ။
>
> ဣမေ ဒေါသေ ဝိဝဇ္ဇေတွာ၊ ဇကမန္တံ ဌိတာ အဟူတိ။
>
> (ခုဒ္ဒကပါဌ၊ ၌၊ ၉၉။ သုတ္တနိပါတ၊ ၌၊ ၂၊ ၈။)
>
> **ဝေး, နီး လွန်းရာ၊ မြင့်, လေညာနှင့်၊ တည့်စွာ, နောက်ကျ၊ ဤခြောက်ဝ၊ ဌာနအပြစ်များ။** (ပရိတ်ကြီးနိဿယသစ်၊ ၆၉)
>
> ထိုနိဿယသစ်မှာပင်– ဤအပြစ်ခြောက်ပါးကား အခါခပ်သိမ်း မရှောင်မဖြစ်–ဟု တထစ်ချကား မယူရ၊ ပရိသတ်အများနှင့် တရားနာရာ စသည်၌ အလွန်ဝေးသော, လေဆန်သော, အလွန်နောက်ကျသော အရပ်များကို ရှောင်၍မဖြစ်၊ ထိုအခါ မရှောင်ခြင်းကြောင့် အပြစ်မဆိုထိုက်။ **ဇကမန္တ** ဆိုလျှင် အပြစ်ခြောက်ပါးကင်းရာ အရပ်သာ–ဟု တထစ်ချ မှတ်ရမည်ကားမဟုတ်, အခြားအရာ အလိုက် သင့်လျော်ရာ နေရာများလည်း **ဇကမန္တ**ပင်။ ကောသလ မဂဓတိုင်းသား ဗြာဟွဏတမန်များ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ သာလာ ဘုရားထံအလာ အရှင်နာဂိတက 'ဘုရားရှင်အား ဖူးမြင်ရန် အခါမဟုတ်သေးကြောင်း' အမိန့်ရှိ၍ သင့်လျော်သောနေရာ၌ ထိုင်ကြသည်–ဟု လာရာ ထို**ဇကမန္တ**ကို ထိုနေရာမှ ဇဲခွါ၍ ထိုထိုသစ်ပင်ရိပ်များ၌ နေကြောင်း-ဖွင့်ပြဆိုခဲ့လေသည်။ **ဇကမန္တံ**– သင့်တင့်လျောက်ပတ်စွာ၊ သင့်လျော်သောနေရာ၌–ဟုလည်း ပေးနိုင်၏။

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သုံးဆယ့်ရှစ်ဖြာ- မင်္ဂလာတရားကို၊
နှတ်လူအများ- ကြိုစည်ပေ။
ဘယ်သင်း ဘယ်ဟာ- မင်္ဂလာစစ်လို့၊
သေချာစစ်မြန်- မသိလေ။
တစ်ဆယ့်နှစ်နှစ်တိုင်- နှုတ်ပြိုင်ငြင်းလို့၊
မင်္ဂလာအခင်း- မပြီးပေ။
မင်္ဂလာတရား- ဝါဒများ။
ကွဲပြားနှုတ်လူတွေ။
အဲဒါကြောင့် ကြိုကြ, စည်ကြ၊
ကမ္ဘာ့မင်္ဂလာတွေ။

သာဝတ္ထိပြည်- ဇေတဝန်ကျောင်းဝယ်၊
ကိန်းအောင်ပျော်မွေ့- မြတ်စိန္တေ။
သန်းခေါင်ယာမ်ခါ- နှုတ်တပါးက၊
မြတ်ဘုရားသို့- ဆည်းကပ်လေ။
ဆည်းကပ်ပြီးသော်- မင်္ဂလာသဘောကို၊
ထင်စွာဟောဖို့- လျှောက်ပန်ရွေ့။
အသေဝနတရား- အစထား။
ဟောကြားမိန့်ခဲ့ပေ။
အဲဒါကြောင့် နာရ, ကြားရ၊
ကမ္ဘာ့မင်္ဂလာတွေ။

## သေချာကျက် စိပ္ပါယ်ပြ

(က) ဃံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယီသု သဒေဝကာ။
ပောတ္ထာန် နာဓိကစ္ဆန္နီ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

(ခ) ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

မင်္ဂလံ=မင်ဂလံ

စိန္တယီသု= စိန်တ ယိန်သု

သောတ္ထာန်=သောတ် ထာ နံ → သွတ်ထာန်

နာဓိကစ္ဆန္နီ= နာဓိ ကစ်ဆန်တိ [နံ+အဓိကစ္ဆန္နီ]၊

အဋ္ဌတ္တိံသဉ္စ= အင်္ဌတ် တိံသင်စ → အတ်ဌတ် တိန်သင်စ [အဋ္ဌ+တိံသဉ္စ]၊

သဗ္ဗပါပဝိနာသနံ=သစ်ဗ ပါပ ဝိနာသနံ → သဗ်ဗ ပါပ ဝိနာသနံ
[သဗ္ဗ+ပါပ+ဝိနာသနံ]၊

သဗ္ဗလောကဟိတတ္ထာယ= သစ်ဗ လောက ဟိတတ်ထာယ
[သဗ္ဗ+လောက+ဟိတ+ အတ္ထာယ]၊

**သဒေဝကာ**–နတ်နှင့်တကွသော လူတို့သည်၊ **ယံ မင်္ဂလံ**–အကြင်မင်္ဂလာတရားတော်ကို၊ **ဒွါဒသဟိ**–တစ်ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး၊ **စိန္တယီသု**–ကြံကြကုန်ပြီ၊ **သောတ္ထာန်**–ချမ်းသာခြင်းအကြောင်း ကောင်းမြတ်သော၊ (**တံ မင်္ဂလံ**–ထိုမင်္ဂလာတရားတော်ကို၊) **နာဓိကစ္ဆန္နီ**–မသိနိုင်ကြကုန်၊ **ဒေဝဒေဝေန**–နတ်တို့ထွတ်ထား မြတ်ဘုရားသည်၊ **သဗ္ဗပါပဝိနာသနံ**–အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်တတ်သော၊ **အဋ္ဌတ္တိံသဉ္စ**–သုံးဆယ့်ရှစ်ပါးလည်းဖြစ်သော၊ **ယံ မင်္ဂလံ**–အကြင်မင်္ဂလာတရားတော်ကို၊ **သဗ္ဗလောကဟိတတ္ထာယ**–အလုံးစုံသော သတ္တလောက၏အကျိုးစီးပွါးအလို့ငှါ၊ **ဒေသိတံ**–ဟောတော်မူအပ်ပြီ၊ **တံ မင်္ဂလံ**–ထိုသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို၊ **ဟေ**–အို သူတော်ကောင်းတို့၊ **မယံ**–အကျွန်ုပ်တို့သည်၊ ဝါ–ငါတို့သည်၊ **ဘဏာမ**–ဂွတ်ကြပါကုန်စို့။

နတ်လူတို့သည် အကြင်မင်္ဂလာတရားတော်ကို တစ်ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး ကြံစည်တွေးဆခဲ့ကြ၏၊ ချမ်းသာခြင်းအကြောင်း ကောင်းမြတ်သော ထိုမင်္ဂလာတရားတော်ကို

မသိနိုင်ပဲ ရှိကြကုန်၏၊ နတ်တို့ထွတ်ထား မြတ်ဘုရားသည် မကောင်းမှုမှန်သမျှ ပယ်ဖျောက်တတ်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို တစ်လောကလုံး၏ အကျိုးစီးပွါးအလို့ငှါ ဟောတော်မူခဲ့၏၊ ထိုသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို အကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

မင်္ဂလသုတ်ဝယ် "ယံ မင်္ဂလံ"စသည်က မင်္ဂလသုတ်မရွတ်မီ မင်္ဂလသုတ် ဖြစ်လာပုံနဲ့ မင်္ဂလသုတ်အကျိုး အာနိသင်များကို ဂုဏ်တင်ပြောဆိုတဲ့ အချီးအမွှမ်းဖြစ်တယ်၊ ဘုရားဟောတော့ မဟုတ်ပါ၊ မင်္ဂလသုတ်ကို သင်ချင်, ရွတ်ချင်, နာချင်လာအောင် ဆွဲဆောင်မှုအနေနဲ့ ရှေးဆရာ အရှင်မြတ်တို့ ရေးသားထားခဲ့တဲ့ ပရိတ်ပျိုး ပရိတ်ချီး ပရိတ်မွှမ်းပင် ဖြစ်ပါတယ်။

ဒီဌမင်္ဂလာ စတဲ့ မင်္ဂလာများက အသားမပါ, အကာအတိ, အစွဲအလမ်း အထင်အမြင်မျှသာ ဖြစ်ပါတယ်။ ဒီမင်္ဂလာတရားကတော့ ကောင်းတဲ့ အပြု, အပြော, အကြံများသာ ဖြစ်လို့ ကုသိုလ်ကောင်းမှုများသာပါပဲ၊ ဒီကောင်းမှုများက ဆန့်ကျင်ဖက် မကောင်းမှုများကို ဖျက်ဆီးတတ်တဲ့ သဘောရှိတာမို့ မင်္ဂလာတရားကို **"သဗ္ဗပါပဝိနာသန်-** မကောင်းမှုအကုသိုလ် မှန်သမျှကို ဖျက်ဆီးတတ်တယ်"လို့ ဂုဏ်ပြုအမွှမ်းတင်ခြင်းဖြစ်ပါတယ်။

မကောင်းမှု အကုသိုလ်များကား ဆင်းရဲကြောင်း ဆုတ်ယုတ်ကြောင်းသာ ဖြစ်ပြီး ကောင်းမှုကုသိုလ်များကတော့ တိုးတက်ကြီးပွါးကြောင်း, ချမ်းသာကြောင်းဖြစ်တယ်၊ မင်္ဂလာတရားတော်အတိုင်း ကျင့်ကြံ လိုက်နာသူမှာ တကယ်ချမ်းသာ ကြီးပွါးနိုင်၍ မင်္ဂလာတရားဟောတော်မူခဲ့တဲ့ ဘုရားရှင်ရဲ့ အဲဒီအများ ကြီးပွါးချမ်းသာရေး လိုလားတော်မူတဲ့ မဟာကရုဏာ မေတ္တာတော်များကို **"သဗ္ဗလောကဟိတတ္ထာယ"** ပုဒ်ဖြင့် ဖော်ညွှန်းတော်မူခဲ့ပါတယ်။

"ဧဝံ မေ သုတံ" အစချီတဲ့ မင်္ဂလသုတ်တော်ကို ခုဒ္ဒကပါဋ ပါဠိတော် စာမျက်နှာ (ခ၊ ၁၊ ၃-၄)၊ သုတ္တနိပါတ်ပါဠိတော် စာမျက်နှာ (ခ၊ ၁၊ ၃၈-၃၉)တို့၌ ကြည့်ရှုနိုင်ပါတယ်။

**<u>မင်္ဂလ အဓိပ္ပါယ် မှတ်သားဖွယ်</u>** ။ ။ မင်္ဂလာ-ဟူသည် တိုးတက်ကြီးပွါးကြောင်း, ကြီးပွါးချမ်းသာကြောင်း-အဓိပ္ပါယ်ထွက်ပါတယ်၊ လူမိုက်ကိုမပေါင်းသင်းခြင်းစတဲ့ အမှုများက သတ္တဝါတွေကို တိုးတက်ကြီးပွါးချမ်းသာ စေတတ်ပါတယ်၊ ဒါကြောင့် ထိုအမှုများကို တိုးတက်ကြီးပွါးကြောင်း ချမ်းသာကြောင်းဖြစ်လို့ **"မင်္ဂလာ"** ဆိုရပါတယ်။

မင်္ဂလန် မဟန် ကုမေဟိ သတ္တာတိ **မင်္ဂလာနိ၊** ကုဒ္ဒိ ဝုဒ္ဒိ စ ပါပုဏန်္တိ အတ္ထော။

**သောတ္ထာန**ံ သောတ္ထိဘာဝံ၊ သဗ္ဗေသံ ဒိဋ္ဌဓမ္မိကသမ္ပရာယိကာနံ သောဘနာနံ သုန္ဒရာနံ

ကလျာဏာနံ ဓမ္မာနမတ္ထိတန္တိ ဝုတ္တံ ဟောတိ။ **မင်္ဂလန္တိ** ကုဋ္ဌိကာရဏံ ဝုဋ္ဌိကာရဏံ သဗ္ဗသမ္ပတ္တိကာရဏံ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၀၃–၁၀၄။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၉။)

ကုမေဟိ–ဤတရားတို့ဖြင့်၊ သတ္တာ–သတ္တဝါတို့သည်၊ မင်္ဂလန္တိ မဟန္တိ–တိုးတက် ကြီးပွါးကြရကုန်၏၊ ကုတိ–ထိုသို့ တိုးတက်ကြီးပွါးကြောင်းဖြစ်သောကြောင့်၊ မင်္ဂလာနိ–မင်္ဂလာတို့ မည်ကုန်၏။ ကုဋ္ဌိ–တိုးတက်ပြီးမြောက်ခြင်းသို့လည်းကောင်း၊ ဝုဋ္ဌိ စ–ကြီးပွါးခြင်းသို့လည်းကောင်း၊ ပါပုဏန္တိ–ရောက်ကုန်၏၊ ကုတိ အတ္ထော–ဤကား အနက်တည်း။

**သောတ္ထာနန္တိ**–ကား၊ သောတ္ထိဘာဝံ–ကြီးပွါးချမ်းသာသည်၏အဖြစ်ကို။ သဗ္ဗေသံ–အလုံးစုံကုန်သော၊ ဒိဋ္ဌဓမ္မိကသမ္ပရာယိကာနံ–ယခုဘဝ နောင်ဘဝ၌ ဖြစ်ကုန်သော၊ သောဘနာနံ သုန္ဒရာနံ ကလျာဏာနံ–တင့်တယ်ကောင်းမြတ်ကုန်သော၊ ဓမ္မာနံ–သဘာဝတရားတို့၏၊ အတ္ထိတံ–ရှိသည်၏ အဖြစ်ကို၊ ဤတိ ဝုတ္တံ ဟောတိ–ဤသို့ ဆိုအပ်၏။

**မင်္ဂလန္တိ**–မင်္ဂလာဟူသည်၊ ကုဋ္ဌိကာရဏံ–တိုးတက်ပြီးမြောက်ခြင်း၏အကြောင်းတည်း၊ ဝုဋ္ဌိကာရဏံ–ကြီးပွါးခြင်း၏အကြောင်းတည်း၊ သဗ္ဗသမ္ပတ္တိကာရဏံ–အလုံးစုံသော စည်းစိမ်ချမ်းသာ၏အကြောင်းတည်း။

၁။ ဧဝံ မေ သုတံ–

ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟာရတိ
ဇေတဝနေ အနာထပိဏ္ဍိကသ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ကေမန္တံ အဋ္ဌာသိ။
ကေမန္တံ ဋ္ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

သာဝတ္ထိယံ=သာဝတ်ထိယံ

## မဂီလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

အနာထပိဏ္ဍိကဿ= အနာထ ပိဏ်ဍိကသ်သ→အနာထ ပိဏ်ဍိကတ်သ

အညတရာ=အင်ဥတရာ

အာဘိဏ္ဍာယ=အာဘိက်ကန်တာယ→အာဘိတ် ကန်တာယ

ရတ္တိယာ= ရတ်တိယာ

အာဘိဏ္ဍာဝဏ္ဏာ= အာဘိက်ကန်တ ဝဏ်ဏာ→အာဘိတ် ကန်တ ဝန်ဏာ

ကေဝလကပ္ပံ= ကေဝလ ကပ်ပံ

သြဘာသေတ္ဝာ= သြဘာသေတ်တဝါ→သြဘာသစ်တဝါ

တေနုပသင်္ကမိ=တေနုပ သင်ကမိ [တေန+ဥပသင်္ကမိ]၊

ဥပသင်္ကမိတ္ဝာ=ဥပ သင်က မိတ်တဝါ

ဘဂဝန္တံ= ဘဂဝန်တံ

အာဘိဝါဒေတ္ဝာ= အာဘိ ဝါဒေတ်တဝါ→အာဘိ ဝါဒစ် တဝါ

ဧကမန္တံ= ဧက မန်တံ

အဗ္ဘာဘာသိ= အဗ်ဘ္ဟ ဘာသိ→အစ်ဘ္ဟ ဘာသိ

(**ဘန္တေ ကဿပ**–အရှင်မဟာကဿပ၊) **မေ**–တပည့်တော်သည်၊ **ဓဝံ**–ဤသို့၊ **သုတံ**–နာခံမှတ်သားကြားခဲ့ရပါ၏၊ **ဧကံ သမယံ**–အခါတစ်ပါးဌ်၌၊ **ဘဂဝါ**–ဘုရားရှင်သည်၊ **သာဝတ္ထိယံ**–သာဝတ္ထိနေပြည်တော်၌၊ **အနာထပိဏ္ဍိကဿ**–အနာထပိဏ်သူဌေး၏၊ **ဇေတဝနေ အာရာမေ**–ဇေတဝန်မည်ခေါ်ကျောင်းတိုက်တော် ၌၊ **ဝိဟရတိ**–သိတင်းသုံးနေတော်မူ၏။

**အထ ခေါ**–ထိုသို့ သိတင်းသုံးစဉ်အခါ၌၊ **အညာတရာ**–အမျိုးအမည် မထင်ရှားသော၊ **ဒေဝတာ**–နတ်သားသည်၊ **အဘိက္ကန္တာယ**–ညဉ့်ဦးယာမ်ကုန်လွန်ပြီးသော၊ **ရတ္တိယာ**–သန်းခေါင်ယာမ်အချိန်၌၊ **အဘိက္ကန္တဝဏ္ဏာ**–အလွန်နှစ်သက်ဖွယ်အဆင်းရှိသည်ဖြစ်၍၊ **ကေဝလကပ္ပံ**–ပတ်ဝန်းကျင်အလုံးစုံသော၊ **ဇေတဝနံ**–ဇေတဝန်ကျောင်းတော်ကို၊ **သြဘာသေတ္ဝာ**–ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍၊ **ယေန**–အကြင်အရပ်၌၊ **ဘဂဝါ**–ဘုရားရှင်သည်၊ (**အတ္ထိ**–ရှိ၏၊) **တေန**–ထိုဘုရားရှင်ရှိရာအရပ်သို့၊ **ဥပသင်္ကမိ**–ချဉ်းကပ်ခဲ့ပါပြီ၊ **ဥပသင်္ကမိတ္ဝာ**–ချဉ်းကပ်ပြီး၍၊ **ဘဂဝန္တံ**–ဘုရားရှင်ကို၊ **အဘိဝါဒေတ္ဝာ**–အလွန်ရိုသေစွာ ရှိခိုးပြီး၍၊ **ဧကမန္တံ**–သင့်တင့်လျောက်ပတ်သောအရပ်၌၊ **အဋ္ဌာသိ**–ရပ်နေပါပြီ၊ **ဧကမန္တံ**–သင့်တင့်လျောက်ပတ်သောအရပ်၌၊ **ဌိတာ ခေါ**–ရပ်နေသော၊ **သာ**

**ဒေဝတာ**–ထိုနတ်သားသည်၊ **ဘဂဝန္တံ**– ဘုရားရှင်ကို၊ **ဂါထာယ**–ဂါထာဖြင့်၊ **အဇ္ဈဘာသိ**–လျှောက်ထားခဲ့ပါပြီ။



အရှင်မဟာကဿပ... တပည့်တော် ဤသို့ကြားခဲ့ဘူးပါသည်၊ အခါတပါးမှာ ဘုရားရှင်သည် သာဝတ္ထိနေပြည်တော်ဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့ပါသည်၊ ထိုအခါ အမျိုးအမည် မထင်ရှားသော နတ်သားတစ်ယောက်သည် ညဉ့်ဦးယာမ်လွန်ပြီးသောသန်းခေါင်ယာမ်အချိန်မှာ အလွန်နှစ်သက်ဖွယ်အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် ပတ်ဝန်းကျင်တစ်ခုလုံးကို ထိန်လင်းစေလျက် ဘုရားရှင် ရှိရာသို့ချဉ်းကပ်ကာ ရှိခိုးပြီးလျှင် သင့်လျော်သောနေရာ၌ ရပ်နေပါသည်၊ သင့်လျော်ရာအရပ်၌ရပ်နေသော ထို နတ်သားသည် ဘုရားရှင်ကိုဂါထာဖြင့် လျှောက်ထားခဲ့ပါသည် ဘုရား။

**ဝေး, နီး လွန်းရာ၊ မြင့်, လေညာ၊ ရှေ့သာ နောက်တူရှ[၁၁၉]၊**
**ခြောက်ဖြာ ဌာန၊ ဖယ်ကြဉ်မှ၊ ဧကမန္တဟူ။**

**ဧကမန္တ အကျယ်ပြ။** ။**"မင်္ဂလာတရား ဟောကြားပါရန် လျှောက်တောင်းပန်"**အကြောင်း ရေးသား ပို့ချစဉ်က အောက်ခြေမှတ်ချက်မှာ **ဧကမန္တ**နှင့် ပတ်သက်၍ သင်တော်တဲ့အရပ်အကြောင်း ခုဒ္ဒပါဌ အဌကထာနှင့် သုတ္တနိပါတ အဌကထာလာအတိုင်း ရှင်းပြခဲ့ပြီးပါပြီ၊ ယခုအခါ အဌကထာများစွာ တူညီတဲ့ ဖွင့်ပြချက်များကို အကျယ်သိစေလိုတဲ့အတွက် ထပ်မံ သင်ကြားပေးလိုခြင်းဖြစ်ပါတယ်။ **"ဧက+အန္တ" = ဧက**–တစ်ခုသော+**အန္တ**–(ကောဌာသ) အဖို့= တစ်ဖက်တစ်နေရာ–လို့ ဆိုလိုတယ်၊ တစ်ဖက်တစ်နေရာ–ဆိုတာ နေဖို့သင့်လျော်တဲ့ နေရာအရပ်ဖြစ်တယ်။ လောကမှာ အလေးအမြတ်ပြုအပ်သူများထံ ချဉ်းကပ်တဲ့အခါ နေသင့်သောနေရာ, မနေသင့်သောနေရာ–လို့ရှိရာ သိနားလည်သူတို့ကား နေသင့်သောနေရာကို ရွေးချယ် နေတတ်ကြ၏၊ မနေသင့်သော နေရာများမှာ (၁) အလွန်ဝေးလွန်းသောနေရာ, (၂) အလွန်နီးလွန်းသောနေရာ, (၃) လေညာကျသော နေရာ, (၄) မြင့်သော နေရာ, (၅) ရှေ့တည့်တည့်ကျလွန်းသောနေရာ, (၆) နောက်ဖက်ကျလွန်းသောနေရာ–ဟု ခြောက်မျိုးပြတယ်၊ ထိုခြောက်မျိုးမှလွတ်သော နေရာအရပ်ဟာ **"ဧကမန္တ–သင့်လျော်သော နေရာ"**မည်တယ်။

အလွန်ဝေးလွန်တဲ့အရပ်၌ တည်နေသူက အကယ်၍ စကားပြောလိုပါမူ အသံကျယ်ကျယ်ပြောရမယ်၊ အလွန်းနီးလွန်းတဲ့အရပ်၌တည်နေပါမူ ထိပါးထိခိုက်မယ်၊ လေတင်လေညာ၌ တည်နေပါမူ မကောင်းတဲ့ ကိုယ်နံ့ဖြင့်နှိပ်စက်မယ်၊ အမြင့်အရပ်၌နေပါမူ မရိုသေရာကျတယ်၊ ရှေ့တည့်တည့်ကျလွန်းသောနေရာ၌နေလျက် အကယ်၍ ကြည့်လိုမူ မျက်စိချင်းဆုံ ကြည့်ရမယ်၊ နောက်ဖက်ကျလွန်းသောနေရာ၌ရပ်လျက် အကယ်၍ ကြည့်လိုမူ လည်ပင်ဆန့်၍ ကြည့်ရမယ်။ ဒါ့ကြောင့် ဒီမသင့်တော်တဲ့ ရပ်ခြင်း, သို့မဟုတ် ထိုင်ခြင်း ၆–မျိုးကို ရှောင်လျက် ရပ်ရတယ် သို့မဟုတ် ထိုင်ရတယ်၊ အဲဒီလို ရပ်နေမှုကို သို့မဟုတ် ထိုင်နေမှုကို သင့်တော်တဲ့အရပ်၌ရပ်မှု သို့မဟုတ် ထိုင်မှု–လို့ ဆိုရတယ်။

ပဏ္ဍိတာ ဟိ ဒေဝမနုဿာ ဂရုဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ
ဧကမန္တံ တိဋ္ဌန္တိ၊ အယဉ္ဇ ဒေဝေါ တေသံ အညတရော၊ တသ္ပာ ဧကမန္တံ အဌာသိ။

ကထံ ဌိတော ပန ဧကမန္တံ ဌိတော ဟောတိတိ? ဆ ဌာနဒေါသေ ဝဇ္ဇေတွာ။ သေယျထိဒံ? အတိဒူရံ အစွာသန္ဒံ ဥပရိဝါတံ ဥန္ဒတပ္ပဒေသံ အတိသမ္ပုခံ အတိပစ္ဆာတိ။ အတိဒူရေ ဌိတော

---

[၁၁၉] **တူရှ**–ကြိဝိ/တူယူ/မျက်နှာမူရာ၊ တည့်တည့်။ (မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၂၊ ၉၂။)

ဟိ သစေ ကထေတုကာမော ဟောတိ၊ ဥစ္စာသဒ္ဒေန ကထေတဗ္ဗံ ဟောတိ။ အစ္စာသန္နေ ဌိတော သံဃဋ္ဋနံ ကရောတိ။ ဥပရိဝါတေ ဌိတော သရီရဂန္ဓေန ဗာဓတိ။ ဥန္နတပပ္ပဒေသေ ဌိတော အဂါရဝံ ပကာသေတိ။ အတိသမ္ဗာဓေ ဌိတော သစေ ဒဠ္ဌကာမော ဟောတိ၊ စက္ခုနာ စက္ခုံ အာဟစ္စ ဒဠ္ဌဗ္ဗံ ဟောတိ။ အတိပဿာ ဌိတော သစေ ဒဠ္ဌကာမော ဟောတိ၊ ဂိဝံ ပသာရေတွာ ဒဠ္ဌဗ္ဗံ ဟောတိ။ တသ္မာ အယမ္ပိ ဇတော ဆ ဌာနဒေါသေ ဝဇ္ဇေတွာ အဋ္ဌသိ။ တေန ဝုတ္တံ "ကေမန္တံ အဋ္ဌာသိ"တိ။ (သံ၊ ဋ္ဌ၊ ၁၊ သြဃတရဏသုတ်အဖွင့်၊ ၁၅။)

ပဏ္ဍိတာ ဟိ ဒေဝမနုဿာ ဂရုဋ္ဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ ကေမန္တံ နိသိဒန္တိ၊ အယဉ္စ ထေရော တေသံ အညတရော၊ တသ္မာ ကေမန္တံ နိသိဒိ။ ကထံ နိသိန္နော ပန ကေမန္တံ နိသိန္နော ဟောတီတိ? ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ။ သေယျထိဒံ? အတိဒူရံ အစ္စာသန္နံ ဥပရိဝါတံ ဥန္နတပပ္ပဒေသံ အတိသမ္ဗာဓံ ဒ:ဘိပဿာတိ။ အတိဒူရေ နိသိန္နော ဟိ သစေ ကထေတုကာမော ဟောတိ၊ ဥစ္စာသဒ္ဒေ ; ကထေတဗ္ဗံ ဟောတိ။ အစ္စာသန္နေ နိသိန္နော သံဃဋ္ဋနံ ကရောတိ။ ဥပရိဝါတေ နိ ,န္နော သရီရဂန္ဓေန ဗာဓတိ။ ဥန္နတပပ္ပဒေသေ နိသိန္နော အဂါရဝံ ပကာသေတိ။ အတိသ ;ဗာဓေ နိသိန္နော သစေ ဒဠ္ဌကာမော ဟောတိ၊ စက္ခုနာ စက္ခုံ အာဟစ္စ ဒဠ္ဌဗ္ဗံ ဟောတိ။ အတိပဿာ နိသိန္နော သစေ ဒဠ္ဌကာမော ဟောတိ၊ ဂိဝံ ပသာရေတွာ ဒဠ္ဌဗ္ဗံ ဟောတိ။ တသ္မာ အယမ္ပိ ဇတော ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ အဋ္ဌာသိ။ တေန ဝုတ္တံ "ကေမန္တံ နိသိဒိ"တိ။ (ပဋိသမ္ဘိဒါမဂ္ဂ၊ ဋ္ဌ၊ ၂၊ သုညကထာအဖွင့်၊ ၂၃၈။)

ပဏ္ဍိတာ ဟိ ဒေဝမနုဿာ ဂရုဋ္ဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ ကေမန္တံ နိသိဒန္တိ၊ အယဉ္စ ဂဟပတိ တေသံ အညတရော၊ တသ္မာ ကေမန္တံ နိသိဒိ။ ကထံ နိသိန္နော ပန ကေမန္တံ နိသိန္နော ဟောတီတိ? ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ။ သေယျထိဒံ? အတိဒူရံ အစ္စာသန္နံ ဥပရိဝါတံ ဥန္နတပပ္ပဒေသံ အတိသမ္ဗာဓံ အတိပဿာတိ။ အတိဒူရေ ။ ပ ။ ဟောတိ။ တသ္မာ အယမ္ပိ ဇတော ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ နိသိဒိ။ တေန ဝုတ္တံ "ကေမန္တံ နိသိဒိ"တိ။ (မဟာနိဒ္ဒေသ၊ ဋ္ဌ၊ မာဂဏ္ဌိယသုတ္တနိဒ္ဒေသအဖွင့်၊ ၂၆၈။)

ပဏ္ဍိတာ ဟိ ပုရိသာ ဂရုဋ္ဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ ကေမန္တံ နိသိဒန္တိ၊ အယဉ္စ တေသံ အညတရော၊ တသ္မာ ကေမန္တံ နိသိဒိ။

ကထံ နိသိန္ဒော ပန ကေမန္တံ နိသိန္ဒော ဟောတိတိ? ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ။ သေယျထိဒံ? အတိဒူရံ အစွာသန္ဒံ ဥပရိဝါတံ ဥန္ဒတပ္ပဒေသံ အတိသမ္ပုခံ အတိပစ္ဆာတိ။ အတိဒူရေ ။ ပ ။ ဟောတိ။ တသ္မာ အယမ္ပိ ဧတေ ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ နိသိဒိ။ တေန ဝုတ္တံ "ကေမန္တံ နိသိဒိ"တိ။ (ပါရာဇိကကဏ္ဍ၊ ၌၊ ၁၊ ဝေရဉ္ဇကဏ္ဍအဖွင့်၊ ၁၀၁။)

ပဏ္ဍိတာ ဟိ ပုရိသာ ဂရုဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ ကေမန္တံ နိသိဒန္တိ၊ အယဉ္ဇ နေသံ အညတရော၊ တသ္မာ ကေမန္တံ နိသိဒိ။

ကထံ နိသိန္ဒော ပန ကေမန္တံ နိသိန္ဒော ဟောတိတိ? ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ။ သေယျထိဒံ? အတိဒူရံ အစွာသန္ဒံ ဥပရိဝါတံ ဥန္ဒတပ္ပဒေသံ အတိသမ္ပုခံ အတိပစ္ဆာတိ။ အတိဒူရေ ။ ပ ။ ဟောတိ။ တသ္မာ အယမ္ပိ ဧတေ ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ နိသိဒိ။ တေန ဝုတ္တံ "ကေမန္တံ နိသိဒိ"တိ။ (မ၊ ၌၊ ၁၊ ဘယဘေရဝသုတ်အဖွင့်၊ ၁၁၄-၁၁၅။)

ပဏ္ဍိတာ ဟိ ပုရိသာ ဂရုဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ ကေမန္တံ နိသိဒန္တိ၊ အယဉ္ဇ နေသံ အညတရော၊ တသ္မာ ကေမန္တံ နိသိဒိ။

ကထံ နိသိန္ဒော ပန ကေမန္တံ နိသိန္ဒော ဟောတိတိ? ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ။ သေယျထိဒံ? အတိဒူရံ အစွာသန္ဒံ ဥပရိဝါတံ ဥန္ဒတပ္ပဒေသံ အတိသမ္ပုခံ အတိပစ္ဆာတိ။ အတိဒူရေ ။ ပ ။ ဟောတိ။ တသ္မာ အယမ္ပိ ဧတေ ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ နိသိဒိ။ တေန ဝုတ္တံ "ကေမန္တံ နိသိဒိ"တိ။ (အံ၊ ၌၊ ၂၊ အဓိကရဏဝဂ္ဂအဖွင့်၊ ၁၃-၁၄။)

ပဏ္ဍိတာ ဟိ ဂရုဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ ကေမန္တံ နိသိဒန္တိ၊ အယဉ္ဇ တေသံ အညတရော၊ တသ္မာ ကေမန္တံ နိသိဒိ။

ကထံ နိသိန္ဒော ပန ကေမန္တံ နိသိန္ဒော ဟောတိတိ? ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ။ သေယျထိဒံ? အတိဒူရံ အစွာသန္ဒံ ဥပရိဝါတံ ဥန္ဒတပ္ပဒေသံ အတိသမ္ပုခံ အတိပစ္ဆာတိ။ အတိဒူရေ ။ ပ ။ ဟောတိ။ တသ္မာ အယမ္ပိ တိက္ခတ္တုံ ဘဂဝန္တံ ပဒက္ခိဏံ ကတွာ သက္ကစ္စံ ဝန္ဒိတွာ ဧတေ ဆ နိသဇ္ဇဒေါသေ ဝဇ္ဇေတွာ ဒက္ခိဏဇာဏုမဏ္ဍလဿ အဘိမုခဌာနေ ဆဗ္ဗဏ္ဏာနံ ဗုဒ္ဓရသ္မိနံ အန္တော ပဝိသိတွာ ပသန္ဒလာခါရသံ ဝိဂါဟန္တော ဝိယ သုဝဏ္ဏပဋ္ဌံ ပါရုပန္တော ဝိယ ရတ္တုပ္ပလမာလာဝိတာနမဇ္ဈံ ပဝိသန္တော ဝိယ စ ဓမ္မဘဏ္ဍာဂါရိကော အာယသ္မာ အာနန္ဒော နိသိဒိ။ တေန ဝုတ္တံ "ကေမန္တံ နိသိဒိ"တိ။ (ဒီ၊ ၌၊ ၂၊ မဟာနိဒါသုတ် နိဒါန်းအဖွင့်၊ ၇၄-၇၅။)

ဟိ-ခဲ့ဦးအံ့၊ ပဏ္ဍိတာ-ပညာရှိကုန်သော၊ ဒေဝမနုဿာ-နတ်လူတို့သည်၊ ဂရုဠာနိယံ-အလေးပြုထိုက်သူ၏ တည်ရာအရပ်သို့၊ ဥပသက်မိတ္တာ-ချဉ်းကပ်ပြီး၍၊ ဝါ-သွားပြီး၍၊ အာသန္နကုသလတာယ-နေရာ၌ ကျွမ်းကျင်သည်၏အဖြစ်ကြောင့်၊ ဇကမန္တံ-သင့်တင့်လျောက်ပတ်စွာ၊ ဝါ-သင့်တင့်လျောက်ပတ်သောအရပ်၌၊ တိဋ္ဌန္တိ-ရပ်ကြကုန်၏၊ အယဉ္စ ဒေဝါ၊ ဤနတ်သည်လည်း၊ တေသံ-ထိုပညာရှိတို့တွင်၊ အညတရော-တစ်ယောက်အပါအဝင်တည်း၊ တသ္မာ-ထို့ကြောင့်၊ ဇကမန္တံ-စွာ၊ဝါ-၌၊ အဋ္ဌာသိ-ရပ်ပြီ။

ပန-ပရိဟာရပက္ခမ္မတပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကထံ-အဘယ်သို့၊ ဋ္ဌိတော-ရပ်သူသည်၊ ဇကမန္တံ-စွာ၊ ဋ္ဌိတော-ရပ်သူမည်သည်၊ ဟောတိ-ဖြစ်သနည်း? ဣတိ-ဤကား အမေးတည်း၊ ဆ-ခြောက်ပါးကုန်သော၊ ဌာနဒေါသေ-ရပ်ခြင်း၏အပြစ်တို့ကို၊ ဝဇ္ဇေတွာ-ရှောင်ကြဉ်၍၊ ဋ္ဌိတော-ရပ်သူသည်၊ ဇကမန္တံ-စွာ၊ ဋ္ဌိတော-ရပ်သူမည်သည်၊ ဟောတိ-ဖြစ်၏။ (ဣတိ-ဤကား အဖြေတည်း။) သေယျထိဒံ-ဤရပ်ခြင်း၌အပြစ် ခြောက်ပါးတို့ဟူသည် အဘယ်နည်း? အတိဒူရံ-အလွန်ဝေးသောအရပ်လည်းကောင်း၊ ဝါ-အလွန်ဝေးသောအရပ်၌ ရပ်နေခြင်းလည်းကောင်း၊ အစ္စာသန္နံ-အလွန်နီးသောအရပ်လည်းကောင်း၊ ဝါ- အလွန်နီးသောအရပ်၌ ရပ်နေခြင်းလည်းကောင်း၊ ဥပရိဝါတံ-လေညာ(လေတင်)အရပ်လည်းကောင်း၊ ဝါ-လေညာအရပ်၌ရပ်နေခြင်းလည်းကောင်း၊ ဥန္နတပပ္ပဒေသံ-မြင့်သောအရပ်လည်းကောင်း၊ ဝါ-မြင့်သော အရပ်၌ ရပ်နေခြင်းလည်းကောင်း၊ အတိသမ္မုခံ-ရှေ့တည့်တည့်အရပ်လည်းကောင်း၊ ရှေ့တည့်တည့်အရပ်၌ ရပ်နေခြင်းလည်းကောင်း၊ အတိပစ္ဆာ-အလွန်နောက်ကျသောအရပ်လည်းကောင်း၊ ဝါ-နောက်တည့်တည့် အရပ်လည်းကောင်း၊ ဝါ-နောက်တည့်တည့်အရပ်၌ ရပ်နေခြင်းလည်းကောင်း၊ ဣတိ-ဤခြောက်ပါးသော အရပ်တို့ကို၊ (ဝဇ္ဇေတွာ ဋ္ဌိတော ဇကမန္တံ ဋ္ဌိတော ဟောတိ၊)

ဟိ-ခဲ့ဦးအံ့၊ အတိဒူရေ-အလွန်ဝေးသောအရပ်၌၊ ဋ္ဌိတော-ရပ်သူသည်၊ ကထေတုကာမော-ပြောလိုသည်၊ သစေ ဟောတိ-အကယ်၍ ဖြစ်အံ့၊ --ဥစ္စာသဒ္ဒေန-ကျယ်သောအသံဖြင့်၊ ကထေတဗ္ဗံ-ပြောရသည်၊ ဟောတိ-၏၊ အစ္စာသန္နေ-အလွန်နီးသောအရပ်၌၊ ဋ္ဌိတော-သည်၊ သံဃဋ္ဋနံ-ထိခိုက်ခြင်းကို၊ ကရောတိ-ပြု၏၊ ဥပရိဝါတေ-လေညာအရပ်၌၊ ဋ္ဌိတော-သည်၊ သရီရဂန္ဓေန-ကိုယ်အနံ့ဖြင့်၊ (ချွေးနံ့စသော မကောင်းသော အနံ့ဖြင့်၊) ဗာဓတိ-နှိပ်စက်၏၊ ဥန္နတပပ္ပဒေသေ-မြင့်သောအရပ်၌၊ ဋ္ဌိတော-သည်၊ အဂါရဝံ-မရိုသေခြင်းကို၊ ပကာသေတိ-ထင်ရှားပြ၏၊ အတိသမ္မုခါ-အလွန်ရှေးရှုအရပ်၌၊ ဋ္ဌိတော-သည်၊ ဒဋ္ဌုကာမော- ကြည့်လိုသည်၊ သစေ ဟောတိ-အံ့၊ စက္ခုနာ-မိမိမျက်လုံးဖြင့်၊

စက္ခုံ-လေးစားထိုက်သူ၏ မျက်လုံးကို၊ ဝါ-စက္ခုနှာ စက္ခုံ-မျက်လုံးအချင်းချင်း၊ အာဟစ္စ-ထိခိုက်၍၊ ဒဋ္ဌဗ္ဗံ-ကြည့်ရှုရသည်၊ ဟောတိ-၏၊ အတိပစ္ဆာ-အလွန်နောက်ကျသောအရပ်၌၊ ဌိတော-သည်၊ ဒဋ္ဌကာမော-သည်၊ သစေ ဟောတိ-အံ့၊ ဂိဝံ-လည်ကို၊ ပသာရေတွာ-လှည့်လည် ဆန့်တန်း၍၊ ဒဋ္ဌဗ္ဗံ ဟောတိ-၏၊ တသ္မာ-ကြောင့်၊ အယမ္ပိ-ဤနတ်သည်လည်း၊ ဆ-ကုန်သော၊ ဇတေ ဌာနဒါသေ-ဤရပ်ခြင်း၏အပြစ်တို့ကို၊ ဝဇ္ဇေတွာ-၍၊ အဋ္ဌာသိ-ရပ်လေပြီ။ တေန-ကြောင့်၊ "ဇကမန္တံ အဋ္ဌာသိ" တိ-ဟူ၍၊ (သံဂိတိကာရကေဟိ-သံဂါယနာ တင်ဆဲရာတို့သည်၊) ဝုတ္တံ-ဆိုအပ်ပြီ။ (သံယုတ်အဋ္ဌကထာ အနက်)။

ဟိ-ချဲ့ဦးအံ့၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဂဂုဋ္ဌာနိယံ-အလေးပြု ထိုက်သူ၏ တည်ရာအရပ်သို့၊ ဥပသင်္ကမိတွာ-ချဉ်းကပ်ပြီး၍၊ ဝါ-သွားပြီး၍၊ အာသနကုသလတာယ-ထိုင်နေခြင်း၌ ကျွမ်းကျင်သည်၏ အဖြစ်ကြောင့်၊ ဇကမန္တံ-သင့်တင့်လျောက်ပတ် တစ်ခုသောအရပ်အဖို့၌၊ နိသိဒန္တိ-ထိုင်ကြကုန်၏၊ အယဉ္စ၊ ဤအရှင်အာနန္ဒာသည်လည်း၊ တေသံ-ထိုထိုင်ခြင်း၌ ကျွမ်းကျင်သော ပညာရှိတို့တွင်၊ အညတရော-တစ်ပါးအပါအဝင်တည်း၊ တသ္မာ-ထို့ကြောင့်၊ ဇကမန္တံ-၌၊ နိသိဒိ-ထိုင်ပြီ။

ပန-ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကထံ-အဘယ်သို့၊ နိသိန္နော-ထိုင်သောပုဂ္ဂိုလ်သည်၊ ဇကမန္တံ-၌၊ နိသိန္နော-ထိုင်နေသည်၊ ဟောတိ-ဖြစ်သနည်း? ဣတိ-ဤကား အမေးတည်း၊ ဆ-ခြောက်ပါးကုန်သော၊ နိသဇ္ဇဒါသေ-ထိုင်ခြင်း၏အပြစ်တို့ကို၊ ဝဇ္ဇေတွာ-ရှောင်ကြဉ်၍၊ နိသိန္နော-ထိုင်သောပုဂ္ဂိုလ်သည်၊ ဇကမန္တံ-၌၊ နိသိန္နော-ထိုင်နေသည်၊ ဟောတိ-ဖြစ်၏။ (ဣတိ-ဤကား အဖြေတည်း။) သေယျထိဒံ-ဤထိုင်ခြင်း၌အပြစ် ခြောက်ပါးတို့ဟူသည် အဘယ်နည်း? အတိဒူရံ-အလွန်ဝေးသောအရပ် လည်းကောင်း၊ ဝါ-အလွန်ဝေးသောအရပ်၌ ထိုင်နေခြင်းလည်းကောင်း၊ အစ္ဓာသန္နံ-အလွန်နီးသော အရပ်လည်းကောင်း၊ ဝါ- အလွန်နီးသောအရပ်၌ ထိုင်နေခြင်းလည်းကောင်း၊ ဥပရိဝါတံ-လေညာ (လေတင်) အရပ်လည်းကောင်း၊ ဝါ-လေညာအရပ်၌ ထိုင်နေခြင်းလည်းကောင်း၊ ဥန္နတပဒေသံ-မြင့်သောအရပ်လည်းကောင်း၊ ဝါ-မြင့်သောအရပ်၌ထိုင်နေခြင်း လည်းကောင်း၊ အတိသမ္ဗာဓံ-အလွန်ရှေးရှုအရပ် လည်းကောင်း၊ ဝါ-ရှေ့တည့်တည့်အရပ်လည်းကောင်း၊ ဝါ-ရှေ့တည့်တည့်အရပ်၌ ထိုင်နေခြင်းလည်းကောင်း၊ အတိပစ္ဆာ-အလွန်နောက်ကျသော အရပ်လည်းကောင်း၊ ဝါ-နောက်တည့်တည့် အရပ်လည်းကောင်း၊ ဝါ-နောက်တည့်တည့်အရပ်၌ ထိုင်နေခြင်းလည်းကောင်း၊ ဣတိ-ဤခြောက်ပါးသော အရပ်တို့ကို၊ (ဝဇ္ဇေတွာ နိသိန္နော ဇကမန္တံ နိသိန္နော ဟောတိ၊) [ဇကမန္တံ-ဝေး, နီး, လေညာ၊ မြင့်မောက်ရာနှင့်၊ မျက်နှာရှေ့ဘက်၊ နောက် ကြောဘက်ဟု၊ ဖ-

ချက်မလျော်၊ သင့်မတော်သဖြင့်၊ သင့်လျော်ကောင်းမြတ်၊ တစ်ခုသောအရပ်အဖို့၌။ သုတ်မဟာဝါ ဘာသာဋီကာ၊ ၁၊ ၂၆၉။]

ဟိ–ချဲ့ဦးအံ့၊ အတိဒူရေ–အလွန်ဝေးသောအရပ်၌၊ နိသိန္နော–ထိုင်သောပုဂ္ဂိုလ်သည်၊ ကထေတုကာမော–ပြောလိုသည်၊ သစေ ဟောတိ–အကယ်၍ ဖြစ်အံ့၊ --ဥစ္စာသဒ္ဒေန–ကျယ်သော အသံဖြင့်၊ ကထေတဗ္ဗံ–ပြောရသည်၊ ဟောတိ–၏၊ အစ္ဆာသန္နေ–အလွန်နီးသောအရပ်၌၊ နိသိန္နော–သည်၊ သံဃဋ္ဋနံ–ထိခိုက်ခြင်းကို၊ ကရောတိ–ပြု၏၊ ဥပရိဝါတေ–လေညာအရပ်၌၊ နိသိန္နော–သည်၊ သရီရ ဂန္ဓေန–ကိုယ်အနံ့ဖြင့်၊ (ချွေးနံ့စသော မကောင်းသော အနံ့ဖြင့်၊) ဗာဓေတိ–နှိပ်စက်၏၊ ဝါ–နှိပ်စက်ရာရောက်၏၊ ဥန္နတပပွဒေသေ–မြင့်သောအရပ်၌၊ နိသိန္နော–သည်၊ အဂါရဝံ–မရိုသေခြင်းကို၊ ပကာသေတိ– ထင်ရှားပြ၏၊ အတိသမ္မုခါ–အလွန်ရှေးရှုအရပ်၌၊ နိသိန္နော–သည်၊ ဒဋ္ဌကာမော– ကြည့်လိုသည်၊ သစေ ဟောတိ–အံ့၊ စက္ခုနာ–မိမိမျက်လုံးဖြင့်၊ စက္ခုံ–လေးစားထိုက်သူ၏ မျက်လုံးကို၊ ဝါ–စက္ခုနာ စက္ခုံ–မျက်လုံးအချင်းချင်း၊ အာဟစ္စ–ထိခိုက်၍၊ ဒဋ္ဌဗ္ဗံ–ကြည့်ရှုရသည်၊ ဟောတိ–၏၊ အတိပဿာ–အလွန်နောက်ကျသော အရပ်၌၊ နိသိန္နော–သည်၊ ဒဋ္ဌကာမော–သည်၊ သစေ ဟောတိ–အံ့၊ ဂိဝံ–လည်ကို၊ ပရိဝတ္တေတွာ–လည်စေ၍၊ ဒဋ္ဌဗ္ဗံ ဟောတိ–၏၊ တသ္မာ–ကြောင့်၊ အယမ္ပိ–ဤအရှင် အာနန္ဒာသည်လည်း၊ တိက္ခတ္တုံ–သုံးကြိမ်၊ ဘဂဝန္တံ–မြတ်စွာဘုရားကို၊ ပဒက္ခိဏံ–အရိုအသေကို၊ ကတွာ–ပြု၍၊ သက္ကစ္စံ–ကောင်းစွာပြု၍၊ ဝါ–လေးလေးစားစား၊ ဝန္ဒိတွာ–ရှိခိုးဝပ်ချ၍၊ ဆ–ကုန်သော၊ ဇတေ နိသဇ္ဇဒေသေ–ဤထိုင်ခြင်း၏အပြစ်တို့ကို၊ ဝဇ္ဇေတွာ–၍၊ ဒက္ခိဏဇာဏုမဏ္ဍလဿ–လက်ယာပုဆစ်ဒူးဝန်း၏၊ အဘိမုခဋ္ဌာနေ–ရှေးရှုဖြစ်သောအရပ်၌၊ ဆဗ္ဗဏ္ဏာနံ–ခြောက်ပါးသော အဆင်းရှိကုန်သော၊ ဗုဒ္ဓရဿိနံ–ဘုရားရောင်ခြည်တော်တို့၏၊ [အမြဲထွက်နေသော ဗျာမပ္ပဘာရောင်ခြည်တော်တို့ကို–ဆိုသည်။] အန္တော–အတွင်းသို့၊ ပဝိသိတွာ–ဝင်၍၊ ပဿန္နလာဓိရဿံ–ကြည်လင်သော ချိုပ်ရည်သို့၊ ) ဝိဂါဟန္တော ဝိယ–သက်ဝင် နစ်မြုပ်သူသည်ကဲ့သို့လည်းကောင်း၊ သုဝဏ္ဏပဋ်–ရွှေပုဆိုးကို၊ ပါရုပန္တော ဝိယ–ခြုံရသူသည်ကဲ့သို့လည်းကောင်း၊ ရတ္တုပ္ပလမာလာဝိတာနမဏ္ဍံ–ကြာနီပန်းတို့၏ ဗိတာန်မျက်နှာကျက်အလယ်သို့၊ ပဝိသန္တော ဝိယ စ–ဝင်သူသည်ကဲ့သို့လည်းကောင်း၊ ဓမ္မဘဏ္ဍာဂါရိကော–တရားရတနာ ဘဏ္ဍာတိုက်စိုး ဖြစ်တော်မူသော၊ အာယသ္မာ အာနန္ဒော–အရှင် အာနန္ဒာသည်၊ နိသိဒိ–ထိုင်လေပြီ။ တေန–ကြောင့်၊ “ကေမန္တံ နိသိဒီ”တိ–ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန–အရှင်အာနန္ဒာမထေရ်သည်) ဝုတ္တံ–လျှောက်အပ်ပြီ။ (သုတ်မဟာဝါအဋ္ဌကထာအနက်)။

**နိသဇ္ဇဒေါသ၊ ရှစ်မျိုးမှ၊ ကြဉ်က ဧကမန္တမည်။** ။ သုတေသနသရုပ်ပြ အဘိဓာန်ဆရာတော်က "မြတ်စွာဘုရားနှင့် သံဃာတော်များထံ ကပ်ရောက်ခစားသောအခါ မနေအပ်သော အရပ်နေရာမျိုး ရှစ်ပါး၊ မသင့်တင့်သော အပြစ်သင့်သည်ဟူ၏၊ သုတ္တနိပါတ် မင်္ဂလသုတ် အဋ္ဌကထာမှ သုတေသနပြုလုပ်သည်။

(၁) အတိဒူရ–ဝေးလွန်းသော နေရာ၊

(၂) အစ္စာသန္န–နီးလွန်းသော နေရာ၊

(၃) ဥပရိဝါတ (ပဋိဝါတ)–လေညာ လေတင်အရပ်၊

(၄) ဥန္နတပဒေသ–မြင့်လွန်းသော နေရာ၊

(၅) အတိသမ္ဗာဓ–မျက်နှာနှင့် တည့်တည့်အရပ်၊

(၆) အတိပစ္ဆာ–နောက်ကျောတည့်တည့်အရပ်၊

(၇) ဩဏတ–နိမ့်ကျလွန်းသော နေရာ

(၈) ပဿ (ကစ္ဆ)–ဘေးတိုက် တည့်တည့်နေရာ"ဟု ပြဆိုတော်မူ၏[၁၂၀]။

**လူတို့ပြည်လာ၊ နတ်ဒေဝါ၊ ကြောင်းရာ ဘယ်ကြောင့် မထိုင်ပါသနည်း?**---။ လူပြည်လာသော နတ်သည် အဘယ်ကြောင့်မထိုင်ပဲ ရပ်၍သာနေပါသနည်း? လျင်မြန်စွာ ပြန်လိုသောကြောင့် ဖြစ်ပါသည်။ မှန်ပါတယ်--သန့်ရှင်းစင်တဲ့သူက တစ်စုံတစ်ခုသော အကျိုးကိုကြည့်၍ မစင်စွန့်ရာအရပ်ကို လာသလို နတ်များဟာလဲ တစ်စုံတစ်ခု အကျိုးထူးကို မျှော်ကိုး၍ လူ့ပြည်သို့ လာကြပါတယ်၊ အမှန်တော့ ပကတိသဘောအားဖြင့် သူတို့အဖို့ ယူဇနာတစ်ရာအဝေးမှပင် လူ့လောကသည် မကောင်းတဲ့အနံ့ရှိသည်အတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်ပါတယ်၊ လူ့ပြည်မှာ မမွှေ့လျော်ကြပါဘူး၊ ဒါ့ကြောင့် ထို (မင်္ဂလာတရားလျှောက်ထားရန်လာသော)နတ်ဟာ လာရင်းကိစ္စပြီးလျင် မြန်မြန်ပြန်လိုသည့်အတွက် မထိုင်တာ ဖြစ်ပါတယ်။ နောက်အဖြေတစ်ခုက "ထိုင်ခြင်း–ဆိုတာ သွားခြင်းစတဲ့ ဣရိယာပုထ်တွေကြောင့် ပင်ပန်းမှုကို ပယ်ဖျောက်ရန် ထိုင်ကြခြင်းဖြစ်တယ်၊ ထိုပင်ပန်းမှုမျိုး နတ်တွေမှာမရှိပါ၊ ဒါ့ကြောင့်လဲ မထိုင်ပါ"တဲ့။ နောက်တစ်မျိုးက "မဟာသာဝကများသည် ဘုရားရှင်ကို ခြံရံကာ ရပ်နေကြ၏၊ ထိုမဟာသာဝကများကို မြတ်နိုး၏၊ ဒါ့ကြောင့်လဲ မထိုင်ပါ"တဲ့။ စင်စစ်ကတော့ "ဘုရားရှင်အပေါ်မှာရှိသေသည့်အတွက်ကြောင့်သာ မထိုင်တာပါ"တဲ့၊ မှန်၏--ထိုင်လိုတဲ့နတ်တို့အဖို့ နေရာလို၏၊ ထိုထိုင်

---

[၁၂၀] သုတေသန သရုပ်ပြ အဘိဓာန် (၃၅၈)

ဖို့နေရာကို အလိုမရှိတဲ့သည့်အတွက် ထိုင်ခြင်း၌ စိတ်မျှပင်မဖြစ်ပဲ သင့်တော်တဲ့နေရာမှာ ရပ်နေတယ်–လို့ ဆိုလိုတယ်[၁၂]။

**လူ့ပြည်လူ့ရွာ၊ နတ်ထိုင်တာ၊ ပြလာ အာဋာနာဋိယသုတ်။** ။ ဘုရားရှင်ထံတော်သို့လာကြတဲ့ နတ်တွေဟာ ဘုရားရှင်ရှေ့တော်မှာ ထိုင်နေမှု မများလှပါ၊ ဤအာဋာနာဋိယသုတ်မှာတော့ ပရိတ်၌ ရှိသေသည့်အတွက် ထိုင်ကြကြောင်း ဖွင့်ဆိုပါတယ်။

**ဧကမန္တံ နိသိဒိံသူ**တိ ဒေဝတာနံ ဒသဗလဿ သန္တိကေ နိသိန္နဋ္ဌာနံ နာမ နဗဟု၊ ဣမသ္မိံ ပနသုတ္တေ ပရိတ္တဂါရဝဝသေန နိသိဒိံသု။ (ဒီ၊ ၌၊ ၃၊ ၁၄၄။)

**၂။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ၊**
**အာကခ်မာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ'မုတ္တမံ။**

**မနုဿာ= မနုသ်သာ→မနုတ်သာ**

**အစိန္တယုံ= အစိန်တယုံ**

**အာကခ်မာနာ= အာကင်ခ မာနာ**

**ဗြူဟိ= ဗရူဟိ**

**မင်္ဂလ'မုတ္တမံ= မင်ဂလ မုတ်တမံ [မင်္ဂလံ+ဥတ္တမံ]၊**

(**ဘန္တေ**–ရှင်တော်မြတ်ဘုရား၊) **ဗဟူ**–များစွာကုန်သော၊ **ဒေဝါ စ**–နတ်ဗြဟ္မာတို့သည်လည်းကောင်း၊ **မနုဿာ စ**–လူတို့သည်လည်းကောင်း၊ **သောတ္ထာနံ**–ချမ်းသာခြင်းအကြောင်း ကောင်းမြတ်သောအရာကို၊ ဝါ–ခုဘဝ နောင်အခါ ချမ်းသာသည်၏အဖြစ်ကို၊ **အာကခ်မာနာ**–လိုလားတောင့်တကြကုန်သည်ဖြစ်၍၊ **မင်္ဂလာနိ**–ကြီးပွါးချမ်းသာကြောင်း မင်္ဂလာတို့ကို၊ **အစိန္တယုံ**–ကြံစည်တွေးဆ

---

[၁] ကသ္မာ ပနာယံ အဋ္ဌာသိ ဧဝ, နနိသိဒိတိ? လဟုံ နိဝတ္တိတုကာမတာယ ။ ဒေဝတာယော ဟိ ကဋ္ဌိဒေဝ အတ္ထဝသံ ပဋိစ္စ သုစိပုရိသော ဝိယ ဝစ္စဋ္ဌာနံ မနုဿလောကံ အာဂစ္ဆန္တိ။ ပကတိယာ ပန တာသံ ယောဇနသတတော ပဘုတိ မနုဿလောကော ဒုဂ္ဂန္ဓတာယ ပဋိကူလော ဟောတိ၊ နတ္ထေ အဘိရမန္တိ၊ တေန သာ အာဂတကိစ္စံ ကတ္ဝာ လဟုံ နိဝတ္တိတုကာမတာယ နနိသိဒိ။ ယဿ စ ဝမနာဒိတ္တရိယာပထပရိဿမဿ ဝိနောဒနတ္ထံ နိသိဒန္တိ၊ သော ဒေဝါနံ ပရိဿမော နတ္ထိ၊ တသ္မာပိ နနိသိဒိ။ ယေ စ မဟာသာဝကာ ဘဂဝန္တံ ပရိဝါရေတ္ဝာ ဌိတာ၊ တေ ပတိမာနေတိ၊ တသ္မာပိ နနိသိဒိ။ အပိ စ ဘဂဝတိ ဂါရဝေနေဝ နနိသိဒိ။ ဒေဝတာနံ ဟိ နိသိဒိတုကာမာနံ အာသနံ နိဗ္ဗတ္တတိ၊ တံ အနိစ္ဆမာနာ နိသဇ္ဇာယ စိတ္တမ္ပိ အကတ္ဝာ ဧကမန္တံ အဋ္ဌာသိ။ (ခုဒ္ဒကပါဌ၊ ၌၊ ၉၉။ သုတ္တနိပါက [illegible])

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

စဉ်းစာကြပါကုန်ပြီ၊ (**တို့**–ရှင်တော်မြတ်ဘုရားသည်၊) **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာတရားတော်ကို၊ **ဗြူဟိ**–ဟောကြားတော်မူပါဘုရား။

ရှင်တော်မြတ်ဘုရား...ခုရော နောင်ပါ ချမ်းသာရေးကို လိုလားတောင့်တနေကြသော လူနတ်ဗြဟ္မာ ပေါင်းများစွာတို့သည် ကြီးပွါးချမ်းသာကြောင်း မင်္ဂလာတို့ကို ကြံစည်တွေးဆ စဉ်းစားခဲ့ကြပါသည်၊ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဘုရား။

### ဗုဒ္ဓဟောကြား မင်္ဂလာတရား ၃၈–ပါး

၃။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
ပဏ္ဍိတာနဉ္စ= ပဏ်ဒိတာနင်္စ ⟶ ပန်ဒိတာနင်္စ

(**ဧဝမ္ပုတ္တ**–နတ်သား၊) **ဗာလာနံ**–လူမိုက်တို့ကို၊ (**ယာ**) **အသေဝနာ စ**–အကြင် မပေါင်းသင်းမမှီဝဲခြင်းသည်လည်းကောင်း၊ **ပဏ္ဍိတာနံ**–ပညာရှိ သူတော်ကောင်းတို့ကို၊ (**ယာ**) **သေဝနာ စ**–အကြင် ပေါင်းသင်းမှီဝဲခြင်းသည်လည်းကောင်း၊ **ပူဇနေယျာနံ**–ပူဇော်ထိုက်သောသူတို့ကို၊ (**ယာ**) **ပူဇာ စ**–အကြင်ပူဇော်ခြင်းသည်လည်းကောင်း၊ (**အတ္ထိ**–ရှိ၏၊) **ဧတံ**–ဤတရားသုံးပါးသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်၏။

### ကောင်းမြတ်တဲ့ မင်္ဂလာများ

(၁) **ဗာလာနံ အသေဝနာ**–လူမိုက်များကို မပေါင်သင်း မဆည်းကပ်ခြင်း၊

(၂) **ပဏ္ဍိတာနံ သေဝနာ**– လူလိမ္မာ ပညာရှိများကို ပေါင်းသင်း ဆည်းကပ်ခြင်း၊

(၃) **ပူဇနေယျာနံ ပူဇာ**– ပူဇော်ထိုက်သူများကို ပူဇော်ခြင်း။

ပဌမဂါထာအရ ဒီ ၃–ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ (ကြီးပွါးချမ်းသာရေး) ဖြစ်ပါတယ်။

(၁) **ဗာလာနံ အသေဝနာ။ "ဗာလ"**ဆိုတာ 'ဗလန္တီ အဿသန္တီတိ ဗာလာ၊ အဿသိတပဿသိတမတ္တေန ဇီဝန္တီ၊ န ပညာဇီဝိတေနာတိ အဓိပ္ပါယော (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၀၄။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊

၁၀) အဌကထာများဖွင့်ဆိုချက်အရ အသိအလိမ္မာ ဉာဏ်ပညာမဖက် ထွက်သက်ဝင်သက် ရှူရှိုက်ရုံမျှနဲ့ အသက်ရှင်နေတတ်တဲ့ လူမိုက်, လူနှ, လူယုတ်များကို ဆိုလိုပါတယ်။

**လူမိုက်လက္ခဏာ သုံးရပ်မှာ။** ။လူမိုက်လို့သိစရာ အမှတ်လက္ခဏာများမှာ---

(၁) မကောင်းတဲ့အကြံကို ကြံခြင်း၊ (၂) မကောင်းတဲ့စကားကို ပြောဆိုခြင်း၊ (၃) မကောင်းတဲ့ အလုပ်ကိုလုပ်ခြင်း-ဒီ ၃-ပါးဖြစ်ပါတယ်။

တိဏ်ိမာနိ ဘိက္ခဝေ ဗာလသ ဗာလလက္ခဏာနိ ဗာလနိမိတ္တာနိ ဗာလာပဒါနာနိ။ ကတမာနိ တိဏ်ိ? ဒုစ္စိန္တိတစိန္တိ စ ဟောတိ ဒုဗ္ဘာသိတဘာသိ စ ဒုက္ကဋကမ္မကာရိ စ။ (အံ၊ ၁၊ စန္တိသုတ်၊ ၁၀၀။)

အဌကထာဆရာအရှင်မြတ်က "ပုရာဏကသပ, ဒေဝဒတ်, ကောကာလိက စတဲ့ ပုဂ္ဂိုလ်တွေကိုလဲ သက်သေသာဓကအနေနဲ့ 'ဗာလ'အဖြစ် ထုတ်ဖော်ပြသထားပါတယ်။

သုတ္တန်ပါဠိတော်လာ စကားရပ်များနှင့် အဌကထာဆရာအရှင်မြတ်ရဲ့ အဆိုအမိန့်ကို လိုရင်းအချုပ်ကြည့်ရတော့ "မကောင်းတဲ့ ကာယကံ ၃-ပါး, ဝစီကံ ၄-ပါး, မနောကံ ၃-ပါး" စုစုပေါင်း ဒုစရိုက် ၁၀-ပါး အကုသလကမ္မပထတရားတွေကို ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ, မိမိ သူတပါး ဆင်းရဲဒုက္ခရောက်အောင် ပြုကျင့်နေတဲ့ပုဂ္ဂိုလ်မျိုးကို **"ဗာလ-လူမိုက်"**လို့ ခေါ်တယ်-ဆိုတဲ့သဘောဟာ ပေါ်လွင်ထင်ရှားပါတယ်။

လူမိုက်နဲ့ ပေါင်းသင်းသူများမှာ လူမိုက်ထံမှ မကောင်းတဲ့ အကြံအစည်များကို ရလာတတ်တယ်၊ အဲဒီ မကောင်းတဲ့အကြံအစည်တွေကြောင့် မကောင်းတဲ့ အပြောအဆိုတွေ, မကောင်းတဲ့ အပြုအမူတွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်။ ငါးပုပ်ကို ဖက်နဲ့ထုပ်ရင် ထုပ်တဲ့ဖက်ပါ ငါးပုပ်နံ့ နံသွားသလိုပါပဲ၊ လူမိုက်ရဲ့ အတွေးအခေါ်, အပြောအဆို, အပြုအမူတွေက မိမိကို ကူးစက်ကာ အခါခါမှာ အမှားမှား အယွင်းယွင်းတွေဖြစ်လာပြီး အပါယ်လားကြောင်း မကောင်းတဲ့ ဒုစရိုက် အကုသလကမ္မပထတရားတွေသာ တိုးပွါးလာပါတယ်။

လူမိုက်ကိုပင်၊ ကျွမ်းတဝင်၊ ပေါင်းလျှင်ကိုယ်ပါ မိုက်သည်သာ။
သားငါးအပုပ်၊ ဖက်နှင့်ထုပ်၊ ထုပ်သည့်ဖက်ပါ ပုပ်နံ့ဖြာ။
ထို့ကြောင့်လူမိုက်၊ မပေါင်းထိုက်၊ မှတ်ပိုက်ဝေးစွာ ဖဲကြဉ်ခွါ။

ပူတိမစ္ဆသဒိသော ဗာလော၊ ပူတိမစ္ဆဗန္ဓပတ္တပုဋသဒိသော ဟောတိ တဒုပသေဝိ၊ ဆဋ္ဌနိယတံ ဇဂုဆ္ဆနိယတဋ္ဌေ ပါပုဏာတိ ဝိညူနံ။ ဝုတ္တဉ္ဆေတံ -

ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယော နရော ဥပနယှတိ။
ကုသာပိ ပူတိ ဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ။
(ဇာတက၊ ၁၊ ၃၃၀။ ဇာတက၊ ၂၊ ၂၆၅။)[၁၂၂]
တရားမသိ၊ ဒိဋ္ဌအယူ၊ အမူယွင်းချို့၊ သူ့ဖို့ ကိုယ့်အား၊ စီးပွါးမရှာ၊ ခု ဝတ္တမာန်၊
ပစ္စုပ္ပန်နှင့်၊ နောင်ဖန်ကောင်းကျိုး၊ မြတ်နိုးမပြု၊ မကောင်းမှုကို၊ ပြုမည်သာပ၊
အားထုတ်ကြသည့်၊ ဗာလခေါ်ထိုက်၊ လူသူမိုက်ကို၊ ယဉ်ပိုက်ယှဉ်တွဲ၊ မမှီဝဲသင့်။

မုံရွေးဇေတဝန်ဆရာတော်ဘုရားက "ဗာလ အသေဝန မင်္ဂလာ"ရဲ့သဘောကို ကဗျာဖြင့် ဖော်ညွှန်းတော်မူခဲ့ပါတယ်။

ဆိုလိုတာက– အမှန်တရားကို မသိဘဲ မှားယွင်းတဲ့အယူရှိလျက် မိမိရဲ့ အကျိုးစီးပွါးနဲ့ သူတပါးရဲ့ အကျိုးစီးပွါးများကို မထောက်မထား မကြည့်ရှုတတ်တဲ့အပြင် လက်ရှိဘဝရဲ့ ကောင်းကျိုးနဲ့ နောင်ဘဝရဲ့ ကောင်းကျိုးကို မြတ်နိုးခြင်းလဲမရှိ, မကောင်းမှုကို ပြုလုပ်ရန်သာ အားထုတ်နေတဲ့ လူမိုက်ကို လိမ္မာပါးနပ်စွာ ယှဉ်တွဲ အကျွမ်းတဝင် မမှီဝဲ မပေါင်းသင်းခြင်းဟာ **"ဗာလာနံ အသေဝနာ မင်္ဂလာ"** မည်ပါတယ်။

သုတရတနာဆုံးမစာမှာလဲ--------

လူမိုက်ကိုပင်၊ ချစ်ကျွမ်းဝင်၊ ကိုယ်လျှင် မိုက်မည်သာ၊
အမဲသားပုပ်၊ ပုဝါထုပ်၊ ထုပ်သည့်ပုဝါ–ပုပ်လိမ့်ကန်ပါ၊ (ထုပ်သည့်ပုဝါ ပုပ်လိမ့်မှာ၊)
ထို့ကြောင့်မှတ်ပိုက်၊ လူအမိုက်၊ မကြိုက်ရှောင်ကြဉ်ခဲ့၊
ချိုရှိကျွဲနွား၊ စွယ်ရှိများ၊ ရှောင်ရှား တောင်တရာ၊
လူမိုက်ကိုလျှင်၊ မမြင်ရာက၊ ရှောင်ကြဉ်ကြ၊ ကျမ်းပြမိန့်ခဲ့မှာ၊
မိတ်ဆွေမကောင်း၊ ပေါင်းမိရှောင်း၊ ဖြားယောင်းလွှတ်အောင်ခွါရမည်၊
အမိဝမ်းခေါင်း၊ အတူအောင်းလည်း၊ မပေါင်းတန်သော် ဖဲရမည်၊
အမျိုးကွဲပြား၊ မတူငြားလည်း၊ တရားမှန်သော် တွဲရမည်၊
ငယ်ပေါင်းငယ်ဖော်၊ ဖြစ်တုံသော်လည်း၊ မတော်ကျင့်က ခွါရမည်၊
မကြာခဏ၊ ပေါင်းတွေ့ရလည်း၊ ဆုံးမတတ်သော် မြဲရမည်။

---

[၁၂] ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ၊ ၁၀၆။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၁၂။

(၂) **ပဏ္ဍိတာနံ သေဝနာ။** **"ပဏ္ဍိတ"**ဆိုတာ 'ပဏ္ဍန္တိတိ ပဏ္ဍိတာ၊ သန္ဒိဋ္ဌိကသမ္ပရာယိကေသု အတ္ထေသု ဉာဏဂတိယာ ဂစ္ဆန္တိတိ အဓိပ္ပါယော (ခုဒ္ဒကပါဌ၊ ၎၊ ၁၀၄။ သုတ္တနိပါတ၊ ၎၊ ၂၊ ၁၀။)' အဋ္ဌကထာများရဲ့အဆိုအရ လက်ရှိဘဝ အကျိုးစီးပွါး, နောင်တမလွန်ဘဝ အကျိုးစီးပွါး ၂-ဖက်လုံးမှာ ဉာဏ်-ဆိုတဲ့ အသိပါလာသည့် ပညာရှိ ပုဂ္ဂိုလ်မျိုးကို ခေါ်ပါတယ်။

ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓိရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

**ပညာရှိ(လူလိမ္မာ) လက္ခဏာ သုံးရပ်မှာ။** ။ လူလိမ္မာ ပညာရှိလို့ သိစရာအမှတ်လက္ခဏာများမှာ--
(၁) ကောင်းတဲ့အကြံကို ကြံခြင်း, (၂) ကောင်းတဲ့စကားကို ပြောဆိုခြင်း, (၃) ကောင်းတဲ့အလုပ်ကို လုပ်ခြင်း- ဒီ ၃-ပါး ဖြစ်ပါတယ်။

တိဏိမာနိ ဘိက္ခဝေ ပဏ္ဍိတဿ ပဏ္ဍိတလက္ခဏာနိ ပဏ္ဍိတနိမိတ္တာနိ ပဏ္ဍိတာပဒါနာနိ။
ကတမာနိ တိဏိ? ဣဓ ဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတစိန္တီ စ ဟောတိ သုဘာသိတဘာသီ စ သုကတကမ္မကာရီ စ။ (အံ၊ ၁၊ စိန္တီသုတ်၊ ၁၀၁။)

အဋ္ဌကထာများကလဲ "ဘုရား, ပစ္စေကဗုဒ္ဓါ, အသီတိမဟာသာဝက, ဘုရားရှင်ရဲ့ အခြားတပည့် သာဝကတွေ, သုနေတ္တ, မဟာဂေါဝိန္ဒ, ဝိဓုရ, သရဘင်္ဂ, မဟောသဓ, သုတသောမ, နိမိမင်း, အယောဃရ ကုမာရ, အကိတ္တိရှင်ရသေ့ စတဲ့ပုဂ္ဂိုလ်တွေကိုလဲ 'ပဏ္ဍိတ-ပညာရှိ'အဖြစ် ဖော်ညွှန်းခဲ့ပါတယ်။

ဘုရားရှင်ရဲ့စကားတော်နှင့် အဋ္ဌကထာဆရာများရဲ့အဆိုအမိန့်တွေကို လိုရင်းချုပ်ပြရရင်- ကောင်းတဲ့ ကာယကံ ၃-ပါး, ကောင်းတဲ့ ဝစီကံ ၄-ပါး, ကောင်းတဲ့ မနောကံ ၃-ပါး စုစုပေါင်း သုစရိုက် ၁၀-ပါး ကုသလကမ္မပထတရားများကို ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်မျိုး, မိမိသူတပါး ချမ်းသာသုခ ရရှိအောင် ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်မျိုးကို **"ပဏ္ဍိတ-လူလိမ္မာ ပညာရှိ"**လို့ ခေါ်ဆိုတဲ့သဘောဟာ ပေါ်လွင်ထင်ရှားပါတယ်။

**လူ့သဘောကား၊ နက်ကျောမွေးတောင်၊ ကျီးရာထောင်တွင်၊ တကောင်အဖြူ၊ ရှာမူရဘို့၊ ခဲ၏သို့ရှင်၊ လူတို့နိုက်မှာ၊ ပညာယိုဟူ၊ တော်ဖြောင့်သူကို၊ ရှာမူထို့ထက်၊ ခဲခက်မြို့၏**[၁၂၃]။

---

[၁] မဃဒေဝလက်ာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခဏ်း၊ စာပိုဒ် ၁၈၂၊ နှာ ၁၁၄။

လူလိမ္မာပညာရှိနဲ့ ပေါင်းသင်းသူများဟာ ပညာရှိထံမှ ကောင်းတဲ့အကြံအစည်ကို ရလာတတ်ပါတယ်၊ အဲဒီ ကောင်းတဲ့အကြံအစည်တွေကြောင့် ကောင်းတဲ့အပြောအဆိုတွေ, ကောင်းတဲ့အပြုအမူတွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်။ မွေးကြိုင်လှတဲ့တောင်ဇလပ်ပန်းကို ပေါက်ဖက်နဲ့ထုပ် သလိုပါပဲ၊ တောင်ဇလပ်ပန်းရဲ့သင်းပျံ့တဲ့မွှေးရနံ့ဟာ ထုပ်တဲ့ပေါက်ဖက်ကိုပါ ကူးစက်ကာ သင်းပျံ့မွှေးကြိုင်သွားသလိုပေါ့။ ပညာရှိပုဂ္ဂိုလ်က 'မွှေးနံ့သင်းနေတဲ့ တောင်ဇလပ်ပန်းနဲ့တူပါတယ်၊ ပညာရှိနဲ့ပေါင်းသင်း ဆည်းကပ်တဲ့သူကတော့ တောင်ဇလပ်ပန်းကို ထုပ်တဲ့ပေါက်ဖက်တဲ့တူပါတယ်'။

သူမြတ်ပဏ္ဍိ၊ ပေါင်းဖက်မိ၊ အသိပညာ ပြည့်စုံပါ။
ဇလပ်ပန်းခက်၊ ထုပ်ပေါက်ဖက်၊ နံ့သက်ကူးကာ မွှေးပျံ့စွာ။
ထို့ကြောင့်ပဏ္ဍိ၊ ပေါင်းထိုက်ဘိ၊ ကျိုးရှိခုခါ နောက်နှောင်းပါ။

တဂရမာလာဒိဂန္ဓသဒိသော ပဏ္ဍိတော၊ တဂရမာလာဒိဂန္ဓဗန္ဓပလိဝေဌနပတ္တသဒိသော ဟောတိ တဒုပသေဝိ၊ ဘသဝနိယတံ မနုညတဉ္စ အာပဇ္ဇတိ ဝိညူနံ။ ဝုတ္တမ္ပိ စေတံ

"တဂရဉ္စ ပလာသေန၊ ယော နရော ဥပနယှတိ။
ပတ္တာပိ သုရဘိ ဝါယန္တိ၊ ဧဝံ ဓိရူပသေဝနာ"တိ။
(ခု၊ ဘ၊ ၂၄၁။ ဃု၊ ၅၊ ၃၃၀။ ဃု၊ ၆၊ ၂၆၅။)

မုံရွေးဇေတဝန်ဆရာတော်ကလဲ **ပဏ္ဍိတာနံ ဒေသနမဂ်လာ**နဲ့ ပတ်သက်လို့ မိန့်ဆိုထားပါတယ်။

ငရဲရောင်ခွါ၊ ပြိတ္တာကင်းဖွယ်၊ အပါယ်ကင်းလွတ်၊ လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ရရာမှတ်သိ၊ မြတ်ဉာဏ်ရှိသား၊ ပဏ္ဍိတို့ကို၊ မှီဝဲခိုလေ့။

ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်–ဆိုတဲ့ အပါယ် ၄–ပါးမှ ကင်းလွတ်ပြီး လူနတ်နိဗ္ဗာန် ၃–တန် ချမ်းသာကိုရရန် သိမြင်တဲ့ မြတ်တဲ့ပညာရှိကိုသာ မှီဝဲဆည်းကပ်ဖို့ တိုက်တွန်းထားပါတယ်။

သုတရတနာဆုံးမစာမှာက–––––

ဖြောင့်မှန်ကောင်းမွန်၊ ပညဝန်၊ အလွန်မြတ်နိုးကြ၊
မြတ်နိုးအပ်စွာ၊ ပညဝါ၊ ရှာ၍ပေါင်းဖက်မှ၊
သူတော်ပဏ္ဍိ၊ ပေါင်းဖက်မိ၊ အသိဉာဏ်ပြည့်ဝ၊
အသိပညာ၊ ရှိသောခါ၊ သဒ္ဓါကြည်ဆွဆွ၊
ရှင်ကြည်သဒ္ဓါ၊ ရှိသူမှာ၊ ကင်းကွာ မစွေရ၊

မစ္ဆေရပျောက်၊ စိတ်မနောက်၊ ရောက်လွယ် အသစ်တ၊
သူမြတ်သူတော်၊ ပေါင်းမိသော်၊ အဟော်ဝတ ကောင်းလေစွ၊
ပန်းပေါင်းနံ့သာ၊ ထုပ်ပုဝါ၊ လိုင်စွာ မွှေးပျံလှ၊
ပုံပြုနည်းလောင်း၊ သူတော်ကောင်း၊ ပေါင်းမိပါယ်မကျ။
တရားမစောင်း၊ သူတော်ကောင်း၊ ပေါင်းဖော်မိဆည်းကပ်၊
သူတော်တရား၊ မတိမ်းပါးအောင်၊ အားထုတ်မြဲမြံရပ်၊
တရားလမ်းကြောင်း၊ မတိမ်းစောင်းအောင်၊ ကောင်းကောင်းကိုယ်ကိုကြပ်၊
ကိုယ်နှုတ်နှလုံး၊ ဆုံးမတတ်ရောင်း၊ သူတော်ကောင်း၊ ပေါင်းသင်းမိတ်ဆွေစပ်။
ပညာရှိမှာ၊ လက္ခဏာ၊ အင်္ဂါကြောင်းသုံးပါး၊
ကိုယ်နှုတ်နှလုံး၊ စောင့်စည်းသုံး၊ ကျင့်ထုံးမတိမ်းပါး။

**သတ္တိဝုမ္မော်တ်–** ရှေးအခါက ဥတ္တရပဉ္စာလမြို့ဝယ် ပဉ္စာလမည်တဲ့မင်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်စဉ် တောင်ဝှမ်းတစ်ခုရဲ့ လက်ပံတောမှာ အတောင်ပေါက်ခါစ ကျေးသားညီနောင် ရှိကြသတဲ့၊ တစ်နေ့မှာ လေပြင်းတိုက်ခတ်တဲ့အတွက်လွှင့်ပါပြီး တစ်ကောင်က ခိုးသား ၅၀၀–တို့နေရာ လက်နက်တွေကြားမှာ ကျပါတယ်၊ ခိုးသားတွေက ထိုကျေးသားကို **"သတ္တိဝုမ္မ"**လို့ အမည်ပေးကာ မွေးထားကြပါတယ်၊ ကျန်တစ်ကောင်ကတော့ ရသေ့ ၅၀၀–တို့နေရာ ကျောင်းသဲပြင်ရဲ့ ပန်းအလယ်မှာ ကျပါတယ်၊ ရသေ့တွေက အဲဒီကျေးသားကို **"ပုပ္ပကာ"** လို့ အမည်ပေးပြီး မွေးကြပါတယ်။

တစ်နေ့မှာ ပဉ္စာလမင်းဟာ သားကောင်လိုက်ရင်း ခရီးလွန်ပြီး ရထားမောင်းသမား တစ်ယောက်နဲ့အတူ ခိုးသူတို့နေရာ ရွာနားကို ရောက်သွားပါတယ်၊ မွေ့လျော်ဖွယ်ကောင်းလှတဲ့ တောင်ချောက်ကြားဝယ် ရေချိုးပြီး အရိပ်ကောင်းတဲ့ သစ်ပင်ရင်းမှာ အိပ်စက်အနားယူနေပါတယ်၊ ခိုးသူတွေက မင်းရဲ့အရိပ်အရောင်ကို တွေ့ရတဲ့အတွက် တောထဲကို ဝင်နေကြတယ်၊ သတ္တိဝုမ္မကျေးသားနဲ့ ထမင်းချက်တစ်ယောက်သာ ရွာထဲမှာ ကျန်ခဲ့ပါတယ်၊ သတ္တိဝုမ္မကျေးသားဟာ မင်းကိုတွေ့ရတယ်–ဆိုရင် "လာကြစမ်း၊ ဖမ်းကြစမ်း၊ မင်းကိုရော ရထားမောင်းသမားကိုပါ သတ်ပြီး ဝတ်ထားတဲ့ အဝတ်နဲ့ ပတ္တမြား နားဆောင်းကို ယူကြစို့" လို့ ထမင်းချက်ကို အော်ပြောပြီး ရွာပြင်သို့ ပျံသွားလိုက်, ရွာထဲသို့ ပျံလာလိုက်နဲ့ ဗျာများနေပါတယ်။

ပဉ္စာလမင်းဟာ နိုးပြီး လူ့စကားပြောတဲ့ ကျေးသားရဲ့စကားကြောင့် ဒီနေရာကား ဘေးရန်ရှိတဲ့အရပ်ဖြစ်ကြောင်း သိရတယ်–ဆိုရင် ရထားကို အမြန်မောင်းခိုင်းပြီး ထွက်လာခဲ့ပါတယ်၊ သတ္တိဝုမ္မ

ကျေးသားက "လေးတွေကို ယူလာကြစမ်း၊ လုံတွေကို ယူလာကြစမ်း၊ ခက်ရင်းတွေကို ယူလာကြစမ်း၊ ဒီမင်းကို ဖမ်းကြစမ်း"လို့ အော်ပြီး ဟိုပျံ့ ဒီပျံ့ လုပ်နေစဉ်မှာပင် ပဉ္စာလမင်းဟာ ရသေ့တို့ကျောင်းကို ရောက်လာခဲ့တယ်။

အဲဒီအချိန်မှာ ရသေ့တွေက သစ်သီးရှာ သွားနေကြပါတယ်၊ ကျောင်းမှာ ပုပ္ပကကျေးသား တစ်ကောင်တည်းသာ ရှိနေပါတယ်၊ ပုပ္ပကကျေးသားက ပဉ္စာလမင်းကို တွေ့ရတယ်–ဆိုရင်ပဲ "အရှင်မင်းကြီး, အရှင်မင်းကြီးရဲ့လာခြင်းဟာ ကောင်းမြတ်တဲ့လာခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ အရှင်မင်းကြီး လိုအပ်တာရှိရင် ပြောကြားတော်မူပါ၊ ချို့မြိန်ကောင်းမြတ်တဲ့ တည်သီး, လွန်သီး, သစ်မည်စည်သီး, သရက်ဖြူသီးတွေ ရှိပါတယ်၊ နှစ်သက်တော်မူရာကို သုံးဆောင်တော်မူပါ၊ တောင်ချောက်ကြားမှ သယ်ဆောင်အပ်တဲ့ အေးလှတဲ့ရေကိုလဲ အကယ်၍ လိုအပ်တော်မူရင် သောက်သုံးတော်မူပါ၊ ဒီသခ်ိမ်း ကျောင်းမှာ ရသေ့သူတော်စင်တွေ ရှိကြပါသော်လဲ သစ်သီးကြီးငယ်ရှာရန်အတွက် တောထဲသို့ ကွဲသွားနေကြပါတယ်၊ ကျွန်ုပ်ကိုယ်တိုင် အရှင်မင်းကြီးအား ဆက်ကပ်လိုပေမဲ့ ကျွန်ုပ်မှာ လက်မရှိသည့် အတွက် ကိုယ်တော်တိုင်ပင်ယူပြီး သုံးဆောင်တော်မူပါ" လို့ ပျူပျူငှာငှာ ချိုသာစွာ ပြောဆိုပြီး ဇည့်ခံနေပါတယ်။

ပုပ္ပကကျေးသားရဲ့ အမူအရာကိုတွေ့ရတော့ ပဉ္စာလမင်းက "ဟိုနေရာမှာ တွေ့ခဲ့ရတဲ့ ကျေးသားရဲ့ အမူအကျင့်နဲ့ ဘာကြောင့် ကျေးသားချင်းတူပါလျက် ကွဲပြားခြားနားရပါသလဲ?" လို့ မေးပါတယ်၊ ပုပ္ပကကျေးသားက "အမေတစ်ဦးတည်းက မွေးလာခဲ့ကြတဲ့ ညီအကိုအရင်း ဖြစ်ကြတယ်–လို့လဲ ပြောပြပါတယ်၊ တွေ့လာခဲ့တဲ့ ကျေးသားက လူဆိုးလူမိုက်တွေကို မှီခိုနေထိုင်ရတဲ့အတွက် ကြမ်းတမ်းပြီး ကျွန်ုပ်ကတော့ သူတော်သူမြတ်တွေ



ကို မှိခိုနေထိုင်ရတဲ့အတွက် သိမ်မွေ့ရတယ်"လို့လဲ ပြောပြပါတယ်။

ဒိဇာတ်တော်က ဘာကို ဖော်ညွှန်းပါသလဲ?လို့ စဉ်းစားကြည့်ရင် "သတ္တဝါတွေဟာ မိမိတို့ ဘဝကို မိမိတို့မှိခိုနေထိုင်ရတဲ့ ပုဂ္ဂိုလ်တွေအပေါ်တည်ပြီး အကောင်းအဆိုး ဖြစ်ပေါ်စေတတ်ကြပါတယ်၊ လူမိုက်ဆိုတာ ကိုယ်တိုင်လဲ မကောင်းမှုတွေကို ပြုလုပ်တတ်ကြပါတယ်၊ မိမိရဲ့အပေါင်းအသင်းတွေကိုလဲ မကောင်းမှုတွေကို ပြုလုပ်အောင် သွေးဆောင်, အားပေး, ကူညီတတ်ကြပါတယ်။ လူမိုက်နဲ့ပေါင်းသင်းသူဟာ မိမိပြုလုပ်ထားတဲ့ မကောင်းမှုတွေကြောင့် ဒိဘဝမှာလဲ အကျိုးမဲ့တွေကိုသာ ရရှိတတ်ပြီး တမလွန်မှာလဲ အပါယ်ဘုံသို့ ကျရောက်ပြီး ဆင်းရဲအမျိုးမျိုးကို ခံစားရတတ်ပါတယ်။

လူလိမ္ပာ ပညာရှိဆိုတာကတော့ မိမိကိုယ်ကလဲ မကောင်းမှုမှရှောင်ကြဉ်ပြီး ကောင်းမှုတွေကိုသာ ပြုလုပ်တယ်၊ မိမိအပေါ် မှိခိုတဲ့အပေါင်းအသင်းတွေကိုလဲ ကောင်းမှုတွေကို ပြုလုပ်ကြဖို့ တိုက်တွန်းတယ်, ပြုလုပ်ဖြစ်အောင် အားပေးတယ်။ ပညာရှိနဲ့ပေါင်းသင်းသူ, ပညာရှိကို ဆည်းကပ်သူတွေဟာ ဒိဘဝမှာလဲ အကျိုးများပြီး တမလွန်ဘဝမှာလဲ နတ်ပြည်သို့ ရောက်ကြရပါတယ်။

ဒါကြောင့် **"ငါးပုပ်ကိုထုပ်တဲ့ ဖက်ရွက်, ရနဲ့မွှေးပျံ့တဲ့ ပေါက်ဖက်"**ပုံပမာတွေကို စဉ်းစားပြီး ငရဲကျကြောင်း မကောင်းမှုတွေကို ပြုတတ်တဲ့ လူမိုက်တွေနှင့် မပေါင်းသင်းရန်နဲ့ ကောင်းရာသုဂတိသို့ ရောက်ကြောင်း ကောင်းမှုတွေကို ပြုကြတဲ့ ပညာရှိသူတော်ကောင်းတွေနဲ့သာ ပေါင်းသင်းကြရန်, ပညာရှိသူတော်ကောင်းတွေကိုသာ ဆည်းကပ်ကြရန်" သတ္တိဂုမ္ဗဇာတ်တော်က ညွှန်ပြတော်မူပါတယ်။

တသ္ပာ ပတ္တပုဋသေဝ၊ ဥတ္ဂာ သမ္ပာပ'မတ္တနော။
အသန္တေ နောပသေဝေယျ၊ သန္တေ သေဝေယျ ပဏ္ဍိတော။
အသန္တော နိရယံ နေန္တိ၊ သန္တော ပါပေန္တိ သုဂ္ဂတိန္တိ။
(ခု၊ ၅၊ ဇာတက၊ ၁၊ သတ္တိဂုမ္ဗဇာတက၊ ၃၃။)

**အကိတ္တိဇာတ်–** ရှေးအခါက ဗာရာဏသိမြို့တော်မှာ အကိတ္တိအမည်ရှိတဲ့ ကုဋေ ၈၀–ကြွယ်ဝတဲ့ ပုဏ္ဏားတစ်ယောက်ရှိခဲ့တယ်၊ အဲဒီပုဏ္ဏားဟာ "စုဆောင်းထားခဲ့တဲ့ဥစ္စာတွေသာကျန်ခဲ့ပြီး ဥစ္စာ စုဆောင်းခဲ့တဲ့ မိဘဘိုးဘွားမရှိကြတော့တာကို စဉ်းစားကာ ပစ္စည်းတွေကို စွန့်လှူပြီး တောထွက်ကာ ရသေ့ရဟန်းပြုခဲ့ပါတယ်၊ အကိတ္တိရှင်ရသေ့ဟာ ဈာန် အဘိညာဉ်တို့ကိုရပြီး ဥယျာဉ်တစ်ခုဝယ် နေစဉ်များပြားလှတဲ့ ပူဇော်သက္ကာရတွေ ဖြစ်လာပါတယ်၊ ရှင်ရသေ့ဟာ ပူဇော်သက္ကာရကို မလိုလား မနှစ်သက်သည့်အတွက် အဲဒီအရပ်ကို စွန့်ခွါပြီး ကောင်းကင်ခရီးဖြင့် နာဂဒီပကျွန်းရဲ့အနီး ကာရဒီပသို့ သွားကာ ကံပြင်းပင်ကြီး တစ်ပင်ကို အမှိပြုလျက်နေခဲ့ပါတယ်။

အကိတ္တိရှင်ရသေ့ဟာ အလိုနည်းသည့်အတွက် တခြားအရပ်သို့ မသွားတော့ပဲ အဲဒီ ကံပြင်းပင်သီးတဲ့အခါ အသီးကိုစားတယ်၊ အသီးမရှိတဲ့အခါ အရွက်ကို ပြုတ်ပြီး စားပါတယ်၊ ရှင်ရသေ့ရဲ့သိလတန်ခိုးကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာဟာ ပူလာခဲ့ပါတယ်။

သိမှတ်ဖွယ်ရာ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပူခြင်းအကြောင်း ၄-မျိုးရှိပါတယ်။

**ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပူကြောင်း ၄-မျိုး**

၁။ သိကြားမင်းရဲ့ အသက်ကုန်ခြင်းကြောင့်လဲ ကျောက်ဖျာပူတတ်တယ်၊

၂။ သိကြားမင်းရဲ့ ကောင်းမှုကုန်ခြင်းကြောင့်လဲ ကျောက်ဖျာပူတတ်တယ်၊

၃။ တန်ခိုးအာနုဘော်ရှိသူရဲ့ သိကြားအရာကို တောင့်တခြင်းကြောင့်လဲ ကျောက်ဖျာပူတတ်တယ်၊

၄။ တရားစောင့်တဲ့ တန်ခိုးရှင်ရသေ့ရဟန်းတွေရဲ့သိလတန်ခိုးကြောင့်လဲ ကျောက်ဖျာပူတတ်တယ်။

သိကြားမင်းဟာ "ဘယ်သူက ငါ့အား သိကြားနေရာမှ ရွှေ့လျှောစေလိုပါသလဲ?" လို့ ဆင်ခြင်တဲ့အခါ အကိတ္တိရှင်ရသေ့ကိုမြင်ပြီး "ဘယ်အတွက် ဒီရသေ့က သိလစောင့်သလဲ? သိကြားမင်းအဖြစ်ကို တောင့်တလေသလော? ဒီလိုမဟုတ်ရင် အခြားတစ်စုံတစ်ခုကိုပဲ တောင့်တသလော? ဒီရသေ့ကို စုံစမ်းအုံးမယ်" လို့ ကြံရွယ်ပြီး "ဒီရသေ့ဟာ ဆင်းရဲစွာ အသက်မွေးတယ်၊ ရေနဲ့ပြုတ်တဲ့ ကံပြင်းရွက်တွေကိုသာ စားတယ်၊ သိကြားအဖြစ်ကို အကယ်တောင့်တအုံ၊ သူ့ကံပြင်းရွက်ပြုတ်တွေကို ငါ့အား လှူလိမ့်မယ်၊ သိကြားအဖြစ်ကို အကယ်မတောင့်တအုံ၊ လှူလိမ့်မယ်မဟုတ်" လို ကြံတွေးပြီး ပဏ္ဍားယောင်ဆောင်လျက် အကိတ္တိရှင်ရသေ့ထံသို့ သွားပါတယ်၊ ရှင်ရသေ့ကလဲ ကံပြင်းရွက်ပြုတ်တွေကို မီးဖိုမှချပြီး အေးတဲ့ ကံပြင်းရွက်တွေကို စားတော့မယ်" ဆိုတဲ့ စိတ်ကူးနဲ့ ကျောင်းတံခါးနားမှာ ထိုင်နေပါတယ်။

ပဏ္ဍားက ဆွမ်းအတွက် ရှင်ရသေ့ရဲ့ရှေ့မှာ ရပ်လာပါတယ်၊ ရင်ရသေ့ဟာ ပဏ္ဍားကိုမြင်တဲ့အခါ ဝမ်းမြောက်ဝမ်းသာစွာနဲ့ "ငါ့အဖို့ရာ အရတော်ပေစွ၊ ဒီနေ့ ငါရဲ့အလိုကို အပြီးတိုင် ရောက်စေ၍ လှူတော့မယ်"-လို့ကြံပြီး ကံပြင်းရွက်ပြုတ်အိုးကို ယူလာကာ "ဒီငါရဲ့အလှူကား သဗ္ဗညုတ ဉာဏ်တော်ရဲ့ အကြောင်းအထောက်အပံ့ ဖြစ်ပါစေ" လို့ မိမိအတွက်ပင် ချန်မထားပဲ ကံပြင်းရွက်တွေကို ပဏ္ဍားရဲ့ခွက်မှာ ထည့်လှူလေတော့တယ်။ ပဏ္ဍားဟာ ကံပြင်းရွက်တွေကိုခံယူကာ အတန်ငယ် ဆက်လက်သွားပြီး ကွယ်ပျောက်ခဲ့ပါတယ်၊ ရှင်ရသေ့ကတော့ ပဏ္ဍားအားလှူပြီးနောက် ကံပြင်းရွက်တွေကို

ထပ်မံမပြုတ်တော့ပဲ ပိတိချမ်းသာနဲ့နေခဲ့ပါတယ်။ သုံးရက်တိုင်တိုင် ရှင်ရသေ့ဟာ မိမိစားမယ့် ကံပြင်းရွက်တွေကို ပုဏ္ဏားအားလှူပြီး ပိတိချမ်းသာနဲ့သာ နေခဲ့ပါတယ်၊ သုံးရက်ပတ်လုံး အစာမစားသည့်အတွက် အားနည်းနေသော်လဲ သုံးရက်မြောက်နေ့ မွန်းတည့်အချိန်မှာ ကျောင်းအပြင်ဘက်ထွက်ပြီး မိမိအလှူကို ဆင်ခြင်လျက် ကျောင်းတံခါးနားဝယ် ရပ်နေပါတယ်။

သိကြားမင်းကလဲ တွေးပါတယ် "ဒီရသေ့ဟာ သုံးရက်လုံးလုံး အစာမစားရသည့်အတွက် အားနည်းနေပေမဲ့ ဝမ်းသာစွာနဲ့ အလှူကိုလှူခဲ့တယ်၊ စိတ်ဖောက်ပြန်ခြင်းလဲ မရှိ၊ ဘာကို ရည်ရွယ်ပြီး လှူတာလဲ?မသိရ၊ ဒီရသေ့ရဲ့အလိုကို သိရအောင်မေးမည်"လို့ ကြံပြီး သိကြားမင်းဟာ အကိတ္တိရှင်ရသေ့ရဲ့ ရှေ့မှာလာရပ်ပြီး "ရှင်ရသေ့, ၊ အကာ့အရံမရှိတဲ့ ဒီကံပြင်းပင်အောက်မှာ ဘာအကျိုးကို မျှော်ကိုးပြီး ခြိုးခြံတဲ့အမှုကို ပြုပါသလဲ?" လို့ မေးပါတယ်။

အကိတ္တိရှင်ရသေ့က "အို သိကြားမင်း, တဖန်ဘဝမှာ ဖြစ်ရခြင်းဟာ ဆင်းရဲလှပါတယ်၊ ကိုယ်ခန္ဓာရဲ့ ပျက်စီးခြင်းဟာလဲ ဆင်းရဲလှပါတယ်၊ တွေတွေဝေဝေနဲ့ သေရခြင်းဟာလဲ ဆင်းရဲလှပါတယ်၊ ဒါကြောင့် နိဗ္ဗာန်ကို တောင့်တလျက် ငြိမ်သက်စွာ နေပါတယ်"လို့ ပြန်ဖြေပါတယ်။

ဒီစကားကို ကြားရတဲ့ သိကြားမင်းဟာ ကျေနပ် နှစ်သက်တဲ့ စိတ်ရှိသည့်အတွက် ရှင်ရသေ့အား ဆုပေးမယ်"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ -----

"ရှင်ရသေ့, သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့စကားကို ပြောဆိုတဲ့ ရှင်ရသေ့အား ကျွန်ုပ် ဆုပေးလိုပါတယ်၊ အလိုရှိတဲ့ဆုကို ယူပါလော့"လို့ ပြောဆိုပါတယ်။

အကိတ္တိရှင်ရသေ့က "အိုသိကြားမင်း, ငါ့အား အကယ်၍ ဆုပေးလိုပါမူ 'လောဘကြောင့် သားသမီး, ဇနီးမယား, ဥစ္စာ စပါး, အခြား ချစ်နှစ်သက်တဲ့ ပစ္စည်းဥစ္စာတွေကို ရသော်လဲ သတ္တဝါတွေဟာ မရောင့်ရဲနိုင်ကြပါ၊ ဒါကြောင့် အဲဒီ လောဘဟာ ငါမှာ မဖြစ်လို။

ဒေါသ ဖြစ်ရင်လဲ လယ်, ယာ, ရွှေ, နွားမြင်း, ကျွန်အစေခံများကို ဆုံးရှုံးကုန်တတ်ပါတယ်၊ ဒါကြောင့် အဲဒီ ဒေါသလဲ ငါ့မှာ မဖြစ်လိုပါ။

ဒီအပြင် သိကြားမင်းက အကိတ္တိရှင်ရသေ့ကို ကြည်ညိုလှတဲ့အတွက် ထပ်မံဆုပေးတဲ့အခါ အကိတ္တိရှင်ရသေ့က----

**"လူမိုက်ကို မမြင်ရပါလို၊ မကြားရပါလို၊ လူမိုက်နဲ့ မပေါင်းသင်းရပါလို၊ လူမိုက်နဲ့ စကား မပြောဆိုရပါလို၊ လူမိုက်ကို မနှစ်သက်ရပါလို။**

**လူမိုက်ဆိုလျှင်၊ မပေါင်းချင်၊ မမြင် မကြားရပါလို"။** အဲဒီလို ဆုတောင်းပါတယ်။

ဒီတော့ သိကြားမင်းက အကိတ္တိရှင်ရသေ့ကို မေးပါတယ်------

"လူမိုက်က အရှင်ရသေ့ကို ဘာလုပ်ပါသလဲ? ဘာ့ကြောင့် လူမိုက်ကို မတွေ့လိုပါသလဲ?

**"လူမိုက်ဆိုတာ နည်းမမှန် လမ်းမမှန်တဲ့ အကျင့်တွေကို နည်းမှန်လမ်းမှန်-**

**လို့ ယူဆတတ်ပါတယ်၊ ကျင့်လဲကျင့်တတ်ပါတယ်၊ မလုပ်သင့်တဲ့အလုပ်တွေကိုပဲ**

**တိုက်တွန်းတတ်ပါတယ်၊ မကောင်းတဲ့ နည်းလမ်းတွေဟာ လူမိုက်အတွက်**

**အကောင်းဖြစ်နေပါတယ်၊ အကျိုးသင့်, အကြောင်းသင့် ပြောလို့ရှိရင်လဲ**

**စိတ်ဆိုးတတ်ပါတယ်၊ ယဉ်ကျေးမှုကျင့်ဝတ်တွေကိုလဲ နားမလည်ပါ၊ ကျင့်လဲ မကျင့်ပါ၊**

**ဒါကြောင့် လူမိုက်ကို မတွေ့လို, မမြင်လိုပါ"။**

လို့ ဖြေဆိုပြီး အကိတ္တိရှင်ရသေ့က ဆုတောင်းပြန်တယ်။----

**"ပညာရှိကို မြင်ရပါလို, တွေ့ရပါလို, ကြားရပါလို၊ ပညာရှိနဲ့ ပေါင်းသင်းရပါလို၊ ပညာရှိနဲ့**

**စကားပြောရပါလို၊ ပညာရှိကို နှစ်သက်ရပါလို။**

**ပညာရှိဆိုလျှင်၊ ပေါင်းသင်းချင်၊ တွေ့မြင်ကြားရလို"။**

ဒီစကားကို ကြားရတဲ့ သိကြားမင်းက ရှင်ရသေ့ကို မေးပြန်တယ်။---"ပညာရှိက ရှင်ရသေ့

အား ဘာလုပ်ပါသလဲ? ဘာ့ကြောင့် ပညာရှိကို တွေ့လိုပါသလဲ?

ရှင်ရသေ့က "**ပညာရှိဆိုတာ နည်းမှန်းလမ်းမှန် အကျင့်ကို နည်းမှန်လမ်းမှန်လို့**

**ပဲ ယူဆတတ်ပါတယ်၊ မလုပ်သင့်တဲ့ အလုပ်တွေကိုလဲ မတိုက်တွန်းတတ်ပါ၊**

**ကောင်းတဲ့နည်းလမ်းတွေကသာ သူ့အတွက် အကောင်းဖြစ်ပါတယ်၊ အကျိုးသင့်**

**အကြောင်းသင့် ပြောရင် စိတ်မဆိုးတတ်ပါ၊ ယဉ်ကျေးမှုကျင့်ဝတ်တွေကိုလဲ**

**နားလည်ပါတယ်၊ကျင့်လဲကျင့်ပါတယ်၊ ဒါကြောင့် ပညာရှိနဲ့ ပေါင်းသင်းရတာဟာ**

**ကောင်းလှပါတယ်**" လို့ ဖြေကြားခဲ့ပါတယ်။

ဒီအကိတ္တိရှင်ရသေ့ရဲ့စကားတွေကလဲ လူမိုက်ရဲ့ သဘောနဲ့ လူမိုက်ကို ရှောင်ကြဉ်ရခြင်းရဲ့ အကြောင်း, ပညာရှိရဲ့ သဘောနဲ့ ပညာရှိကို ပေါင်းသင်းရခြင်းရဲ့ အကြောင်းတွေကို ဖော်ညွှန်းပြသ ပါတယ်။

ဒါကြောင့် ဒီကဗျာလေး တစ်ပိုင်းတစ်စကို လိုက်ဆိုကြည့်ကြစမ်းပါ----

**လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊**

**မမှီဝဲနှင့် ကင်းအောင်နေ။**

ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။

(၃) **ပူဇနေယျာနံ ပူဇာ**–ပူဇော်ထိုက်သူများကို ပူဇော်ခြင်း–လို့ ပြောဆိုရာတွင် **"ပူဇော်ထိုက်သူများမှာ** ရတနာသုံးပါး, မိဘ, ဆရာသမား, အစ်ကို, အစ်မ, ဦးကြီး, ဦးလေး, အဒေါ် စတဲ့ ဆွေမျိုးထဲက အသက်ကြီးသူများ, ယောကျ်မ, လင်ယောကျ်ား စတဲ့သူတွေ ဖြစ်ပါတယ်။

ရတနာသုံးပါးမှာ ကိလေသာကင်းဝေးစင်ကြယ်ခြင်းစတဲ့ ပူဇော်ထိုက်တဲ့ ဂုဏ်များရှိပါတယ်၊ မိဘဆရာစတဲ့သူတွေမှာတော့ ကျေးဇူးဂုဏ်, အသက်ကြီးရင့်တဲ့ဂုဏ်တွေ ရှိပါတယ်၊ မိဘရဲ့ကျေးဇူးက အထူးပြောဖွယ်မရှိပါဘူး၊ ကြီးမားလှပါတယ်။ အခြား အစ်ကို အစ်မစတဲ့သူတွေမှာလဲ မိမိကို ယုယစောင့်ရှောက်ကြ, ကျွေးမွေး ပေးကမ်းကြ, သင်ပြဆုံးမကြတဲ့ ကျေးဇူးတွေ ရှိကြပါတယ်။

ပူဇော်ထိုက်သူတွေကို ပူဇော်ခြင်းဟာ မျက်မှောက်ဘဝမှာလဲ အသက်ရှည်ခြင်းစတဲ့အကျိုး, တမလွန်မှာလဲ သုဂတိဘဝရောက်ရခြင်းအကျိုးများကို ရနိုင်တဲ့အကြောင်း ကုသိုလ်ကောင်းမှု ဖြစ်သည့်အတွက် **မင်္ဂလာ**–ပင် မည်ပါတယ်။

**ပူဇနေယျာ** နာမ သဗ္ဗဒေါသဝိရဟိတတ္တာ သဗ္ဗဂုဏသမန္နာဂတတ္တာ စ ဗုဒ္ဓါ ဘဂဝန္တော၊
တတော ပဘွာ ပစ္စေကဗုဒ္ဓါ အရိယသာဝကာ စ။ တေသဉ္ဉိ ပူဇာ အပ္ပကာပိ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ၊ သုမနမာလာကာရမလ္လိကာဒယော စေတ္ထ နိဒဿနံ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၀၈။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၁၄။)

ဂဟဋ္ဌာနံ ကနိဋ္ဌဿ ဇေဋ္ဌော ဘာတာပိ ဘဂိနိပိ ပူဇနေယျာ၊ ပဗ္ဗဇိဿ မာတာပိတရော၊
ကုလဝဂ္ဂနံ သာမိကဿသုသုရာတိ ဇဝမေတ္ထ ပူဇနေယျာ ဝေဒိတဗ္ဗာ။ ဇေတသမို့ ဟိ ပူဇာ ကုသလဓမ္မသခ်ါတတ္တာ အာယုအာဒိဝုဒ္ဓိဟေတုတ္တာ စ မင်္ဂလမေဝ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၁၀။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၁၅။)

အပြစ်ဒေါသအားလုံးတို့.မှကင်းစင်ပြီး ပူဇော်ထိုက်တဲ့ ဂုဏ်တော်အလုံးစုံနဲ့. ပြည့်စုံတဲ့ဘုရား ရှင်, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကများအား အနည်းငယ်မျှ ပူဇော်မှုကပင် ရှည်ကြာလှစွာသော နေ့. ညဉ့်တို့. ပတ်လုံး စီးပွါး ချမ်းသာ ဖြစ်နိုင်ပါတယ်။

**ပူဇော်ခြင်း ၂–မျိုး။** ။ **ပူဇာ**အရ (၁) **အာမိသပူဇာ**–ပစ္စည်းဝတ္ထုနဲ့. ပူဇော်ခြင်း၊
(၂) **ဓမ္မပူဇာ**–ကိုယ်ကျင့်တရားနဲ့. ပူဇော်ခြင်း–လို့. ၂–မျိုးရှိပါတယ်။

ပူဇော်–ဆိုသည်မှာ ကောင်းစွာပြုခြင်း, အလေးအမြတ်ပြုခြင်း, မြတ်နိုးခြင်း, ရိုခိုးခြင်း–လို့ အဋ္ဌကထာက အဓိပ္ပါယ်ဖွင့်ဆိုပါတယ်။

**ပူဇာ**တိ သက္ကာရဂရုကာရမာနနဝန္ဒနာ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၀၄။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၁၀။)

ဆွမ်း, ခဲဖွယ်, ပန်း, ရေချမ်း, ဆီမီးစတဲ့ အာမိသနဲ့ ပူဇော်ခြင်းဟာလဲ ကောင်းစွာပြုမှု, အလေးအမြတ်ပြုမှု, မြတ်နိုးမှုပင် ဖြစ်ပါတယ်။ အကျင့်ပဋိပတ်ကို ကျင့်ခြင်းဟာလဲ ဘုရားရှင်၌ ကောင်းစွာပြုမှု, အလေးအမြတ်ပြုမှု, မြတ်နိုးမှုများပင် ဖြစ်ပါတယ်။ ဆရာမိဘအဆုံးအမကို မလိုက်နာသူဟာ ဆရာမိဘကို မြတ်နိုးသူမဟုတ်၊ အဆုံးအမအတိုင်း လိုက်နာသူသာ ဆရာမိဘအပေါ် ကောင်းစွာပြုသူ, အလေးအမြတ်ပြုသူ, မြတ်နိုးသူဖြစ်ပါတယ်၊ အလားတူပင် ဘုရားအဆုံးအမကို လိုက်နာကျင့်ကြံသူသာ ဘုရားကို ကောင်းစွာပြုသူ, အလေးအမြတ်ပြုသူ, မြတ်နိုးသူဖြစ်ပြီး လိုက်နာကျင့်ကြံမှုက ပူဇော်ခြင်းဖြစ်ပါတယ်။

သက်တော်ထင်ရှားဘုရားရှင်ကို ပူဇော်ခြင်းနဲ့ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့ ဘုရားရှင်တို့ရဲ့ ဂုဏ်ကို ရည်မှန်းလျက် ရုပ်ပွါးဆင်းတုတော် စေတီတော်များကို ပူဇော်ခြင်း–ဆိုတဲ့ ပူဇော်ခြင်း ၂–မျိုးမှာ စိတ်စေတနာချင်း တူမျှပါက တူမျှတဲ့အကျိုးကို ရနိုင်ပါတယ်။

**သုမနပန်းသည်။** ။ တခုသော နံနက်ခင်းမှာ ဘုရားရှင်က ရဟန်းသံဃာတော် များစွာနဲ့အတူ ရာဇဂြိဟ်မြို့တွင်းသို့ ဆွမ်းခံကြွလာတော်မူပါတယ်၊ အဲဒီအချိန်မှာ သုမနပန်းသည်က ဗိမ္ဗိသာရမင်းကြီး အတွက် ပန်းတွေကို ယူဆောင်လာပါတယ်၊ ၃၂–ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော်ကြီး, ၈၀–သော လက္ခဏာတော်ငယ်တွေနဲ့ ကြည်ညိုဖွယ်ဆောင်နေတဲ့ ဘုရားရှင်ရဲ့အသရေတော်ဖြင့် ထွန်းလင်းတောက်ပလျက် မြို့တံခါးဝကို ရောက်တော်မူလာတဲ့ ဘုရားရှင်ကို ဖူးတွေ့ရတယ်–ဆိုရင်ပဲ "ဘုရင်က ပန်းတွေကို ယူပြီး တရာပဲဖြစ်ဖြစ်, တထောင်ပဲဖြစ်ဖြစ် ပေးတန်ကောင်းပါရဲ့၊ အဲဒီ တရာတထောင်သော ဥစ္စာကတော့ ဒီလောကချမ်းသာအတွက်သာ ဖြစ်တယ်၊ ဘုရားရှင်အား ပူဇော်တာကတော့ မနှိုင်းယှဉ်, မရေတွက်နိုင်လောက်အောင် အကျိုးရှိပါတယ်၊ ရှည်ကြာလှတဲ့ နေ့ညဉ့်တွေပတ်လုံး စိုးပွါးချမ်းသာကို ရွှက်ဆောင်နိုင်ပါတယ်၊ အခုပဲ ငါက ဒီပန်းတွေနဲ့ ဘုရားရှင်ကို ပူဇော်တော့မယ်" လို့ ကြည်ညိုတဲ့စိတ်နဲ့ ပန်းတဆုပ်ကိုယူပြီး ဘုရားရှင်ရဲ့ ရှေ့တည့်တည့်ကို ပစ်ပူဇော်လိုက်တယ်၊ ပန်းတွေဟာ ကောင်းကင်တက်သွားပြီး ဘုရားရှင်ရဲ့ဘေးပေါ်မှာ ပန်းမျက်နှာကျက်ဖြစ်ကာ တည်နေပါတယ်။

ပန်းသည်ဟာ အဲဒီအာနုဘော်ကို တွေ့ရတော့ ပိုလွန်ကြည်ညိုတဲ့စိတ်နဲ့ နောက်ထပ်ပန်းတဆုပ်ကို ပစ်ပူဇော်လိုက်ပြန်ပါတယ်၊ ပန်းတွေဟာ ပျံတက်သွားပြီး ပန်းသင်တိုင်းဖြစ်လျက် တည်

နေပြန်ပါတယ်၊ အဲဒီနည်းအတိုင်း ပန်း ၈-ဆုပ်လုံးကို ပစ်ပူဇော်လိုက်ပါတယ်၊ ပန်းတွေဟာ သွားပြီး အထွတ်တပ်ထားတဲ့ ပန်းကျောင်းဆောင်ပမာ တည်နေကြပါတယ်၊ ဘုရားရှင်ဟာ ပန်းကျောင်းဆောင် အတွင်းမှာလို ဖြစ်နေတော်မူပါတယ်။

ဘုရားရှင်က ပန်းသည်ကို ကြည့်ရင်း ပြုံးတော်မူပါတယ်၊ အရှင်အာနန္ဒာက ဘုရားရှင်အား ပြုံး တော်မူခြင်းရဲ့အကြောင်းကို လျှောက်ထားတဲ့အခါ ဘုရားရှင်က----------

"အာနန္ဒာ, ဒီပန်းသည်ဟာ ဒီပူဇော်ခြင်းရဲ့ အစွမ်းသတ္တိကြောင့် ကမ္ဘာတသိန်းပတ်လုံး လူ့ဘဝ, နတ်ဘဝတို့မှာ ကျင်လည်ပြီး အဆုံးမှာတော့ သုမနိဿရ-ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်"

မိန့်တော်မူပါတယ်။ အဲဒီလို ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်တို့အား အနည်းငယ်မျှသော ပူဇော်ခြင်း ကပင် ကာလရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး စီးပွါးချမ်းသာအလို့ငှါ ဖြစ်နိုင်ပါတယ်၊ ဒါက အာမိသပူဇာသာ ဖြစ်ပါတယ်။ အကျင့်တရားနဲ့ ပူဇော်ရင်တော့ ဒီထက်ပိုပြီး စီးပွါးချမ်းသာအလို့ငှါ ဖြစ်နိုင်ပါတယ်။

သရဏဂုံဆောက်တည်ထားခြင်း, သိက္ခာပုဒ်ခံယူထားခြင်း, ဥပုသ်ဆောက်တည်ထားခြင်း, စတုပါရိသုဒ္ဓိသီလဆောက်တည်ထားခြင်း အစရှိတဲ့ မိမိမှာရှိနေတဲ့ဂုဏ်တွေနဲ့ ဘုရားရှင်ကို ပူဇော်သူ တွေရဲ့ ပူဇော်ခြင်းအကျိုးကို ဘယ်ပုဂ္ဂိုလ်ကမှ ဆုံးခန်းတိုင်အောင် ချီးကျူးနိုင်ဖွယ် မရှိတော့ပါဘူး။

**ရွှေဝါရောင် နတ်သမီး**။ ။ ရာဇဂြိုဟ်မြို့သူ အမျိုးသမီးတယောက်ဟာ အဇာတသတ်မင်း တည်ထား ကိုးကွယ်တဲ့ စေတီတော်ကို ရည်မှန်းလျက် သပွတ်ခါးနွယ်ပန်း ၄-ပွင့်ကို လှူဒါန်းပူဇော်ရန်အသွား လမ်းခရီးအကြားမှာ နွားမတွေ့ခတ်ခံရပြီး သေဆုံးရလေသော် တာဝတိံသာနတ်ပြည်ဝယ် ရွှေဝါရောင် အဝတ်တန်ဆာ အဖြာဖြာနဲ့ ရွှေဝါရောင်ပြာသာဒ်ကြီးတွင် နတ်သမီးဖြစ်ခဲ့ရပါတယ်။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။
(ဝိမာန၀တ္ထု၊ ပိတဝိမာန၀တ္ထု၊ ၆၆။)

တိဋ္ဌန္တေ စာပိ-သက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဖူးမြင်ရငြား မြတ်ဘုရား၌လည်းကောင်း၊ နိဗ္ဗုတေ စာပိ-ရွေပြည်နိဗ္ဗုတ် စံတော်မူသည့် သုံးလူထွတ်ထား မြတ်ဘုရား၌လည်းကောင်း၊ တိ-ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး ဘုရားရှင်အသီးအသီး၏ ဓာတ်တော် မွေတော်၌လည်းကောင်း၊ စိတ္တေ-ဂုဏ်တော်အာရုံ၊ ကောင်းစွာထုံ၍ တလုံလဲလဲ မှိုဝဲစွဲသုံး စိတ်နှလုံးသည်၊ သမေ-သဒ္ဓါ ပညာ အရာရာဝယ်

မင်္ဂဘတန်းတူ ညီမျှပါမူကား၊ သမံ ဖလံ-အကျိုးပေးဟန် အတန်တန်လည်း ကောန်ညီမျှ တန်းတူရ လေတော့၏၊ ဟိ ယုတ္တံ-ထိုစကားလျှင် မမှားကောန် ယုတ္တိတန်လှပါပေ၏၊ သတ္တာ-ယုတ်မြတ်မမူ သူငါ ကစ သတ္တဘူသမျှတို့သည်၊ စေတောပဏိဓိဟေတုံ-စိတ်နေစိတ်ထား ကြီးမားဖြူစင် ကြည်လင်သန့် ရှင်း အကြောင်းရင်းကြောင့်၊ သုဂ္ဂတိ-လူ့ရွာနတ်ထံ ချမ်းသာစံလျက် နိဗ္ဗာန်အထိ အကောင်းဆုံးဂတိ သို့၊ ဂစ္ဆန္တိ-ပါရမီစွမ်းသလောက် စခန်းထောက်၍ လှမ်းရောက်နိုင်ကြပါစေကုန်သတည်း။ (ဘာသာရေး ပြဿနာများအဖြေနှင့် စစ်တပ်တရားတော်မှ)

သက်တော်ထင်ရှား၊ မထင်ရှား၊ ဘုရားဂုဏ်ကိုရည်၊
ကြည်ညိုစိတ်ထား၊ တူလျှင်ကား၊ ရငြား ကျိုးတူသည်၊
သေလွန်သောခါ၊ ထက်နတ်ရွာ၊ သေချာ ရောက်လိမ့်မည်။
(ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ၊ ၂၅၉)

**လူတွေအတွက် ပူဇော်ထိုက်သူများ။** ။ ညီနဲ့ညီမများအတွက် အကိုကြီးနဲ့ အမကြီးများဟာ ပူဇော်ခံထိုက်သူများ ဖြစ်ကြပါတယ်၊ သားသမီးများအတွက် မိဘများဟာ ပူဇော်ထိုက်သူများ ဖြစ်ကြပါတယ်၊ ခွေးမအတွက် လင်ယောကျ်ားနဲ့ ယောကျ်မများဟာ ပူဇော်ထိုက်သူများ ဖြစ်ကြပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကို ပစ္စည်းနဲ့ ထောက်ပံ့တာကို အာမိသပူဇာ-အာမိသနဲ့ပူဇော်ခြင်း-လို့ ခေါ်ပါတယ်၊ အဲဒီ မိဘစတဲ့သူတွေရဲ့အပေါ်မှာ လုပ်သင့်တဲ့ဝတ္တရားတွေကို ဆောင်ရွက်ပေးတာ, မျိုးရိုး စဉ်ဆက် ဆင်းသက်လာတဲ့ ကျင့်ဝတ်ကောင်းတွေကို လေးစားစွာ စောင့်ထိန်းတာ, ဆုံးမသြဝါဒကို ရိုသေစွာ လိုက်နာတာတွေကိုတော့ ဓမ္မပူဇာ-ကိုယ်ကျင့်တရားနဲ့ ပူဇော်ခြင်း-လို့ ခေါ်နိုင်ပါတယ်။

**အစ်ကို အစ်မ၊ မိန်ခင်ဗ၊ ယောကျ်မ လင်တစ်ဖြာ၊**
**လူတွေအမှန်၊ ပူဇော်ရန်၊ ဇကန်ထိုက်လှပါ။**
(အရှင်ကုမာရ၊ ကိုယ်ကျင့်မင်္ဂလာ၊ ၂၂၅။)

**လူမိုက်ဆိုလျှင်- ရှောင်သွေလွှဲလို့၊**
မမှီဝဲနှင့်- ကင်းအောင်နေ။
ပညာရှိကို- အရှည်တွဲလို့၊
မှီဝဲဆည်းကပ်- နည်းယူစေ။
သုံးပါးရတနာ- မိဘများနှင့်၊
ဆရာသမားကို- ပူဇော်လေ။

ချမ်းသာကိုပေး– ဆက်ဆံရေး။
မျော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မဂီလာတွေ။

၄။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပတိရူပဒေသဝါသော [ပတိရူပ+ဒေသ+ဝါသော]
ပုဗ္ဗေ= ပုဗ်ဓေ → ပုဗ်ဓေ
ကဟပုညတာ=ကတပုဉ်ညတာ → ကတပုန်ညတာ
အတ္တသမ္မာပဏိဓိ= အတ်တ သမ်မာ ပဏိဓိ

(**ဒေဝပုတ္တ**–နတ်သား၊) (**ယော**)**ပတိရူပဒေသဝါသော စ**–အကြင် သင့်လျော်လျောက်ပတ်သော အရပ်၌နေရခြင်းသည်လည်းကောင်း၊ **ပုဗ္ဗေ**–ရှေးရှေးဘဝ၌၊ (**ယော**) **ကတပုညတာ စ**–အကြင် ပြုခဲ့ဖူးသည် ကောင်းမှုရှိသောသူ၏အဖြစ်သည်လည်းကောင်း၊ (**ယော**) **အတ္တသမ္မာပဏိဓိ စ**–အကြင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်းသည်လည်းကောင်း၊ (**အတ္ထိ–ဇ၊**) **ဧတံ**– ဤသုံးပါးသော တရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်ပေ၏။

(၄) **ပတိရူပဒေသဝါသ**– သင့်တော်တဲ့ အရပ်မှာ နေရခြင်း၊
(၅) **ပုဗ္ဗေ ကတပုညတာ**– ရှေးက ပြုခဲ့ဖူးတဲ့ ကောင်းမှုရှိခြင်း၊
(၆) **အတ္တသမ္မာပဏိဓိ**– ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထားခြင်း၊
**ဧတံ ဥတ္တမံ မင်္ဂလံ**–အဲဒီ ၃–ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ (ကြီးပွါးချမ်းသာရေး)ဖြစ်ပါတယ်။
နတ်သား...သင့်လျော်သောအရပ်၌ နေရခြင်း, ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း, ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း–ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။

(၄) **ပတိရူပဒေသဝါသော** ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာနဲ့ သုတ္တနိပါတ်အဋ္ဌကထာတို့ဖွင့်ဆိုချက်များအရ '**ပတိရူပ**– သင့်တော်လျောက်ပတ်တဲ့+ **ဒေသ**–အရပ်မှာ+ **ဝါသ**–နေရခြင်း= သင့်တော်လျောက်ပတ်တဲ့အရပ်မှာနေရတာကိုပဲ မင်္ဂလာ–လို့ ခေါ်ပါတယ်။

**<u>သင့်တော်လျောက်ပတ်တဲ့အရပ်</u>**–ဆိုတာ မိမိအကျိုး ဆုတ်ယုတ်မည့်အရပ်, အကျိုးမဲ့ဖြစ်စေတတ်တဲ့ အရပ်များဟာ နေထိုင်အပ်တဲ့ သင့်တော်တဲ့အရပ်မဟုတ်, အကျိုးစီးပွါးဖြစ်ထွန်းမည့်အရပ်, တိုးတက်ကြီးပွါးနိုင်တဲ့အရပ်မျိုးကိုသာ ဆိုလိုပါတယ်။ ဘုရားသာသနာ ထွန်းကားဆဲအခါမှာ လူတိုင်းအဖို့ အကောင်းဆုံး အကျိုးစီးပွါး အစစ်အမှန်ကတော့ မဂ်ဖိုလ်နိဗ္ဗာန်သာ ဖြစ်ပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုမှ မရတတ်, မရနိုင်သေးရင်တောင် အဲဒီ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုများပင် ဖြစ်ပါတယ်၊ ဒါကြောင့် အကောင်းဆုံးအကျိုးဖြစ်ထွန်းနိုင်တဲ့ အရပ်ကိုသာ **'ပတိရူပဒေသ'**အဖြစ်နဲ့ အဋ္ဌကထာများ၌ သတ်မှတ်ပြကြပါတယ်။ အဲဒီအရပ်များကတော့ ပရိသတ်လေးပါး[၁၂၄] ထင်ရှားရှိရာ အရပ်, ပုည ကိရိယာဝတ္ထု ကုသိုလ်ကောင်းမှု ပြုလုပ်ရလွယ်ကူတဲ့အရပ်, သာသနာထွန်းကားရာ အရပ်နဲ့ မဇ္ဈိမဒေသ (ဘုရားပွင့်တော်မူရာ အရပ်) စတဲ့ အရပ်များ ဖြစ်ပါတယ်။

**လောကရေးအတွက်။** ။ အဋ္ဌကထာများအရ ပတိရူပဒေသမှာ ဓမ္မအရေးကို အလေးပေး ဖွင့်ဆိုခဲ့တာ ဖြစ်ပါတယ်။ လောကရေးအတွက်လဲ ပတိရူပဒေသဖြစ်, မဖြစ် စိစစ်ရွေးချယ်ရလိမ့်မယ်၊ စီးပွါးရေး, ပညာရေး, ကျန်းမာရေး, အေးချမ်းသာယာရေး စတဲ့အရေးတို့မှာ သင့်, မသင့် အရပ်များလဲ ရှိတာမို့ အရေးအရာလိုက်ပြီး နေထိုက်, မနေထိုက် အရပ်ဖြစ်ရပါတယ်။ မိမိအလုပ်အကိုင်နဲ့ မလျော်တဲ့အရပ် ဟာ စီးပွါးရေးအတွက် မသင့်တော်တဲ့ အရပ်ဖြစ်တယ်၊ ကျောင်းမရှိ ဆရာမရှိတဲ့ အရပ်ဆိုရင် ပညာရေးအတွက် မနေထိုက်တဲ့ အရပ်ဖြစ်တယ်၊ ရာသီဥတု ဆိုးဝါးတဲ့အရပ်, ဆေးဆရာမရှိတဲ့အရပ် စတဲ့ နေရာများဟာလဲ ကျန်းမာရေးအတွက် မနေထိုက်တဲ့အရပ်ပင် ဖြစ်ပါတယ်၊ လူဆိုး သူဆိုး ပေါများတဲ့ အရပ်ကတော့ အေးချမ်းသာယာမှုမရှိတဲ့အတွက် မနေထိုက်တဲ့အရပ်ဖြစ်ပါတယ်။ ဒါကြောင့် သာသနာထွန်းကားပြီး ပညာ, ဥစ္စာ ကျန်းမာရေးစသည် တိုးတက်ကြီးပွါး ထွန်းကားနိုင်တဲ့အရပ်ဟာ **'ပတိရူပဒေသ'** ဖြစ်ပါတယ်။[၁၂၅]

**နိတိအဆိုအရ ပတိရူပဒေသဝါသ။** ။ နိတိဆရာတွေက----

(၁) မြတ်နိုးသူလဲ မရှိ,

(၂) အသက်မွေးဝမ်းကျောင်းအလုပ်လဲ မရှိ,

(၃) ဆွေမျိုး မိတ်ဆွေလဲ မရှိ,

---

[၁၂၄] ပရိသတ်လေးပါး- ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ (ကျား), ဥပါသိကာ (မ)။

[၁၂၅] ပရိတ်ကြီးနိဿယသစ်၊ ၈၄-၈၅။

(၄) ပညာရခြင်းလဲ မရှိတဲ့ အရပ်ကို ရှောင်ရမယ်–တဲ့။

ဒါ့ပြင် "ဥစ္စာရှိသူ, ဝေဒကျမ်းတတ်ဆရာ, (တရားမျှတစွာ အုပ်ချုပ်တဲ့) မင်း အစိုးရ, မြစ်, ဆေးဆရာ မရှိဟဲ့အရပ်မှာ မနေရ"တဲ့။

နောက်တမျိုးက "အသက်မွေးဝမ်းကျောင်းမှု, ကြောက်တတ်ခြင်း, ရှက်တတ်ခြင်း, သိကြားလိမ္မာခြင်း, စွန့်ကြဲပေးကမ်းခြင်း– ဒီ ၅–ပါးမရှိတဲ့အရပ်မှာ မနေရ"တဲ့။

"ကြေးပေးသူ, ဆေးဆရာ, ဝေဒကျမ်းတတ်, ရေရှိတဲ့မြစ်–အဲဒီ ၄–ပါးမရှိတဲ့အရပ်မှာလဲ မနေအပ်"တဲ့။

ဒီအဆိုအားလုံးကို ခြုံကြည့်ရင် "စီးပွါးရေး, ပညာရေး, ကျန်းမာရေး, အေးချမ်းသာယာရေး မရှိတဲ့ အရပ်မှာ မနေရ"လို့ ဆိုခြင်းဖြစ်ပါတယ်။



**သင့်တော်တဲ့အရပ်မှာ နေရင် တံငါသော်မှ မင်္ဂိုလ်ရ**[၁၂၆]။ ။ ဘုရားရှင်က သာဝတ္ထိပြို့ရဲ့ မြောက်တံခါးရွာမှာ ဆွမ်းခံတော်မူပြီး ရဟန်း သံဃာများနဲ့အတူ ကြွလာတော်မူပါတယ်၊ အဲဒီအချိန်မှာ 'အရိယာ' အမည်ရှိ တံငါတယောက်က ငါးများနေရင်း ဘုရားအမှူးရှိတဲ့ သံဃာတော်များကို တွေ့ရတဲ့အတွက်

၁၂၆ [illegible]

ငါးမျှားတံကို ချထားခဲ့ပြီး ရပ်နေပါတယ်၊ ဘုရားရှင်ကလဲ တံငါရဲ့အနားမှာပဲ ရပ်တော်မူကာ ရဟန်းများရဲ့အမည်ကို မေးတော်မူပါတယ်၊ ရဟန်းများကလဲ မိမိတို့နာမည်ကို အသီးအသီး ဖြေဆိုကြပါတယ်။

အဲဒီတော့ တံငါသည်က "ဘုရားရှင်က သူတို့အားလုံးရဲ့အမည်တွေကို မေးနေတာပဲ၊ ငါ့အမည်ကိုလဲ မေးလိုဟန်တူတယ်"လို့ စဉ်းစားနေပါတယ်၊ တံငါသည်ရဲ့စဉ်းစားနေတာကို သိတော်မူတဲ့ဘုရားရှင်က "ဒကာ, သင့်နာမည်က ဘာတဲ့လဲ?"လို့ မေးတော်မူပါတယ်၊ "တပည့်တော်ရဲ့နာမည်က 'အရိယာ'လို့ ခေါ်ပါတယ်"လို့ ဖြေတဲ့အခါ "သင်လို သူ့အသက်ကို သတ်နေတဲ့သူက 'အရိယာ' မမည်ပါဘူး၊ 'အရိယာ'ဆိုတာဟာ သတ္တဝါတွေကို မညှင်းဆဲတတ်ပါဘူး"လို့ မိန့်တော်မူပြီး---

**နံ တေန အရိယော ဟောတိ၊ ယေန ပါဏာနိ ဟိံသတိ။**
**အဟိံသာ သဗ္ဗပါဏာနံ၊ 'အရိယော'တိ ပဝုစ္စတိ။**

သတ္တဝါတွေကို ညှင်းဆဲနှိပ်စက်သူဟာ အရိယာမမည်ပါ၊ သတ္တဝါအားလုံးကို မညှင်းဆဲ မနှိပ်စက်သူကသာ 'အရိယာ'မည်တယ်-လို့ တရားဆက်လက်ဟောတော်မူခဲ့ပါတယ်၊ တရားအဆုံး မှာ တံငါသည်ဟာ သောတာပန် ဖြစ်သွားပါတယ်။

တံငါသည်ရဲ့ သင့်တော်လျောက်ပတ်တဲ့ အရပ်မှာ နေရခြင်းဟာ ဘုရားရှင်ကို ဖူးမြင်ရခြင်း, တရားတော်ကို ကြားနာရခြင်း-ဆိုတဲ့ ကုသိုလ်ကောင်းမှုရဲ့ အကြောင်းအထောက်အပံ့ဖြစ်တဲ့အတွက် မင်္ဂလာ-မည်ပါတယ်။

**သင့်တော်ဒေသ၊ နေရက၊ များလှကျိုးမှာ ကြီးမားပါ၊**
**ဖူးရဘုရား။ နာတရား။ ကြီးပွါးချမ်းသာ မင်္ဂလာ။**

**(၅) ပုဗ္ဗေ ကတပုညတာ။** ။ **ပုဗ္ဗေ**-ရှေးဘဝက+ **ကတ**-ပြုလုပ်လာခဲ့တဲ့+ **ပုညတာ**-ကောင်းမှုရှိခြင်း= ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကောင်းမှုရှိနေတာကိုပဲ '**ပုဗ္ဗေ ကတပုညတာ**' လို့ ခေါ်ပါတယ်၊ အဲဒီ ရှေးကောင်းမှုရှိခြင်းဟာလဲ ကြီးပွါးချမ်းသာရေးအစစ် မင်္ဂလာ-ဖြစ်ပါတယ်။

ဒီဘဝမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း, ပညာတတ်ခြင်း, ရုပ်အဆင်းလှခြင်း (ဥစ္စာပေါ ရုပ်ချော ခြင်း), အခွေအရံပေါများခြင်း စတဲ့ သမ္ပတ္တိ (ပြည့်စုံမှု) မှန်သမျှဟာ ရှေးကောင်းမှုကြောင့် ဖြစ်ရတယ်၊ အဲဒီအချက်တွေအနက် တချက်ဖြစ်စေ, ဒီထက်အလွန်ဖြစ်စေ ပြည့်စုံနေသူဟာ ကောင်းမှုရှင်ပင်ပဲ ဖြစ်တယ်။ ဆင်းရဲမွဲတေခြင်း, ဉာဏ်ပညာမဲ့ခြင်း, အရုပ်ဆိုးခြင်း, သူ့အစေအပါး ဖြစ်ရခြင်း

စတဲ့ဖြစ်ရပ်တွေဟာ ရှေးကောင်းမှုမရှိ၍ ဖြစ်ရတဲ့ ကျက်သရေမဲ့မှုများပင် ဖြစ်တယ်၊ ဆိုခဲ့တဲ့ သမ္မတ္တိများမှာ တကယ့် ဂုဏ်ကျက်သရေများပင် ဖြစ်တာမို့ အဲဒီ သမ္မတ္တိပိုင်ရှင်များဟာ ကျက်သရေရှိသူများ ဖြစ်ကြရတယ်။

**သီရီ (ကျက်သရေ)** ကျက်သရေ-ဆိုတာ ပါဠိလို **'သီရီ'**ဖြစ်ရာ **"သီရီ**တိ ပညာပုညာနံ အဓိဝစနန္တိ ဝဒန္တိ=**သီရီ (ကျက်သရေ)**ရဲ့အဓိပ္ပါယ်ကို ပညာနဲ့ ကောင်းမှုတို့ရဲ့အမည်ဖြစ်ကြောင်း" ဆရာတို့က မူလဋ္ဌီကာမှာ ဖွင့်ဆိုထားပါတယ်။ **ကောင်းမှု**-ဆိုရာမှာ ရှေးကောင်းမှု, ယခုဘဝကောင်းမှု ၂-မျိုးလုံးကိုပင် ယူနိုင်ပါတယ်၊ ယခုဘဝမှာ မကောင်းတဲ့ အပြုအမူ, အပြောအဆို, အတွေးအကြံ စိတ်ထားရှိနေသူဟာ ကျက်သရေမဲ့သူသာ ဖြစ်ပါတယ်။ ကောင်းတဲ့ အပြုအမူ, အပြောအဆို, အတွေးအကြံရှိတဲ့ ကောင်းမှုရှင်ဟာ ကျက်သရေရှိသူသာ ဖြစ်တယ်။ ကျက်သရေမင်္ဂလာ-လို့ တွဲသုံးလေ့လဲရှိရာ ဒီမင်္ဂလသုတ်လာ မင်္ဂလာရှိသူများမှာ ကျက်သရေရှိသူများပင် ဖြစ်ပါတယ်။

**သီရီ (ကျက်သရေ)အနက်တမျိုး။** ။ မူလဋ္ဌီကာမှာပင် "အထ ဝါ ပုညနိဗ္ဗတ္တာ သရီရ သောဘဂ္ဂါဒိသမ္ပတ္တိ ကတပုညေ နိဿယတိ, ကတပုညေဟိ ဝါ နိဿိယတီတိ **သီရီ**တိ ဝုစ္စတိ"လို တမျိုးဖွင့်ပြပါတယ်၊ အဲဒီအဖွင့်အရ "ရှေးကောင်းမှုကြောင့်ဖြစ်ရတဲ့ ကိုယ်လှပတင့်တယ်ခြင်း, အစိုးရခြင်း, အခြွေအရံများခြင်း, ပစ္စည်းဥစ္စာပေါခြင်း, ပညာကြီးခြင်းစတဲ့ သမ္မတ္တိအမျိုးမျိုးကို **'သီရီ'**လို့ ဆိုရတယ်။

**မြန်မာနိုင်ငံဟာ ပတိရူပဒေသ ဖြစ်သော်လဲ။** ။ မြန်မာနိုင်ငံဟာ ထေရဝါဒသာသနာ ထွန်းကားရာ အရပ်ဖြစ်တဲ့အတွက် ဓမ္မရေးရာအရလဲ ပတိရူပဒေသအဂိါနဲ့ ညီညွတ်ပါတယ်၊ သစ်, ဝါး, ဆန်စပါး, ရေနံ, ကျောက်မျက်ရတနာအမျိုးမျိုး ထွက်ရှိတဲ့အပြင် ရာသီဥတု သဘာဝဘေးဒဏ်များလဲ နည်းပါးလှတဲ့ အတွက် လောကရေးအရလဲ ပတိရူပဒေသအဂိါနဲ့ ညီညွတ်လှပါတယ်။

ဒီလို လောကရေးအရရော ဓမ္မရေးအရပါ ပတိရူပဒေသအဂိါနဲ့ ညီညွတ်နေပါလျက် အခြားဖွံ့ဖြိုးပြီး နိုင်ငံကြီးသားတွေလို မြန်မာနိုင်ငံသားတွေ မကြီးပွါး မချမ်းသာခြင်း, မြန်မာနိုင်ငံရဲ့ မကြီးပွါးမတိုးတက်ခြင်းရဲ့ အကြောင်းကို ရှာသင့်ပါတယ်၊ ဒါ့အပြင် ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုရှိခြင်းကို ကြီးပွါးချမ်းသာရေးအစစ် မင်္ဂလာဖြစ်တယ်-လို့ ဆိုထားပြန်ရာ မြန်မာနိုင်ငံသားတွေဟာ ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှု မရှိသူတွေ ဖြစ်နေကြရော့သလား? ဆိုတာကိုလဲ စဉ်းသားသင့်ပါတယ်။

**<u>ကံရှိနေပေမဲ့ ဉာဏ်ဝိရိယအကူအညီလို</u>။** ။ လူတွေဆိုတာဟာ လူ့ပြည် နတ်ပြည်တွေမှာ ကျင်လည်ရင်း ဆည်းပူးပြုလုပ်လာခဲ့တဲ့ **အပရာပရိယဝေဒနီယကံ** (တတိယဘဝမှစ၍ နိဗ္ဗာန်ရတဲ့ ဘဝ တိုင်အောင် အကျိုးပေးခွင့်ရှိတဲ့ကံ) ကုသိုလ်ကောင်းမှုတွေ အများအပြား ရှိနေကြသူတွေ ဖြစ်ကြ ပါတယ်၊ ဒါပေမယ့် အားကြိုးတဲ့ကံမျိုး မဟုတ်ပါက ဉာဏ်ဝိရိယရဲ့အကူအညီကိုရမှသာ အကျိုးပေး နိုင်ကြပါတယ်၊ မြန်မာနိုင်ငံသားတွေဟာ အများအားဖြင့် စီးပွါးရေးအသိဉာဏ်နည်းပါးသူ, အလုပ်ကို ကြိုးကြိုးစားစား မလုပ်သူတွေ ဖြစ်နေကြပါတယ်၊ ဒါ့ကြောင့် ရေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိနေကြသူတွေ ဖြစ်နေကြပေမယ့် ကြီးပွါးချမ်းသာရေးမှာ နှေးကွေးနေတတ်ကြပါ တယ်။

ဖွံ့ဖြိုးပြီးနိုင်ငံခြားသားတွေကတော့ အများအားဖြင့် စီးပွါးရေးအသိဉာဏ် ကြွယ်ဝကြပါတယ်၊ အလုပ်ကိုလဲ ကြိုးကြိုးစားစား လုပ်ကိုင်ကြပါတယ်၊ ဒါ့ကြောင့် သူတို့ရဲ့ သန္တာန်မှာရှိနေတဲ့ ရှေးရှေးဘဝ အဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေက အကျိုးပေးခွင့်ကိုရကြတဲ့အတွက် သူတို့ တတွေက ကြီးပွါးချမ်းသာနေကြပါတယ်။ (ကိုယ်ကျင့်မင်္ဂလာ၊ ၂၅၆–၂၅၇။)

**သင့်တော်ဒေသ၊ နေကြရ၊ ကံက ရှိလို့သာ၊**
**ကံအားနည်းက၊ ကျိုးပြည့်ဝ၊ မရနိုင်လေပါ၊**
**ဉာဏ်ဝိရိယ၊ ဖေးကူမ၊ ပြည့်ဝ ကျိုးရမှာ။**

မုံရွေးဆရာတော်ကလဲ ပုဗ္ဗေ ကတပုညတာ မင်္ဂလာနဲ့ ပတ်သက်ပြီး----

**ရှေးဝယ်ကာလ၊ ရှေးဘဝက၊ ပုညဝတ္ထု၊ ပြုစုခဲ့ဘူး၊ အထူးရှိလစ်၊ ထိုအဖြစ်လည်း၊**
**စင်စစ်တသွယ်။**

ရှေးအခါ ရှေးဘဝက ပြုခဲ့ဘူးတဲ့ ဒါနစတဲ့ ကုသိုလ်ကောင်းမှု အထူးရှိခြင်းဟာ ပုဗ္ဗေ ကတပုညတာ မင်္ဂလာ မည်ပါတယ်–လို့ မိန့်ဆိုထားပါတယ်။

**(၆)အတ္တသမ္မာပဏိဓိ။** ။ **အတ္တ**–စိတ် (တကိုယ်လုံး)ကို+ **သမ္မာ**–ကောင်းစွာ+ **ပဏိဓိ**–ထားခြင်း=

စိတ်မကောင်းသူမှာ ကိုယ်လဲမကောင်း, နှုတ်လဲမကောင်းတတ်ပါ၊ စိတ်ကောင်းရှိနေရင် ကိုယ် အပြုအမူလဲ ကောင်းပြီး နှုတ်အပြောအဆိုလဲ ကောင်းပါတယ်, ချောမောပါတယ်။ စိတ်က ပဓာနဖြစ်၍ **"အတ္တာတိ ဝုစ္စတိ စိတ္တံ– စိတ်ကို အတ္တ"**လို့ အဋ္ဌကထာများ[၁၂၇]မှာ ဖွင့်ဆိုထားပါတယ်၊ အဲဒီအလို **'အတ္တသမ္မာပဏိဓိ'**–စိတ်ကို ကောင်းစွာ ထားခြင်း–လို့ ဆိုပါတယ်။ "သကလော ဝါ အတ္တဘာဝေါ–

[၁၂၇] ခုဒ္ဒကပါဋ၊ ဋ၊ ၁၁၁။ သုတ္တနိပါတ၊ ဋ၊ ၂၊ ၁၆။

**အတ္တ**သဒ္ဒါက အလုံးစုံသော အတ္တဘော (တကိုယ်လုံး)"လို့လဲ အနက်ဖွင့်ဆိုပြန်ပါတယ်၊ အလုံးစုံသော အတ္တဘောကို ကောင်းစွာ ထားခြင်း–ဆိုရင် စိတ်လဲ ပါသွားပါတယ်။ ဒါ့ကြောင့် အနက်နှစ်မျိုးလုံး ကိုယူပြီး "ကိုယ်စိတ်ကို ကောင်းစွာထားခြင်း"လို့ ဆိုပါတယ်။

**ကောင်းစွာထားပုံ။** ။ အဌကထာညွှန်ကြားချက်အရ [၁၂၅] သီလမရှိသေးရင် သီလရှိလာအောင်, သဒ္ဓါတရားမရှိရင် သဒ္ဓါတရားရှိအောင်, မပေးမကမ်း မလှူဒါန်းလိုတဲ့ မစ္ဆရိယဖြစ်နေရင် ပေးကမ်းလှူဒါန်းလိုတဲ့ စာဂဖြစ်အောင် ပြုခြင်းကို **"အတ္တသမ္မာပဏိဓိ"**လို့ ဆိုပါတယ်။ မကောင်းတဲ့ အပြုအမူ, အပြောအဆို, အကြံအစည်များ မဖြစ်အောင်, ဖြစ်လာရင်လဲ ပယ်ရှားကာ အပြုအမူ, အပြောအဆို, အကြံအစည်များကို ကောင်းအောင် ပြုမှုကို **"အတ္တသမ္မာပဏိဓိမင်္ဂလာ"**လို့ ဆိုရတယ်။

လောကရေးနဲ့ပြောရင် မကျန်းမမာ မဖြစ်ရအောင် ကျန်းမာရေး လုံလောက်အောင် အစားအသောက်အနေအထိုင် ဆင်ခြင်ခြင်း, စီးပွါးရေး ပညာရေး စသည်မှာလဲ ပျင်းရိခြင်း ဆုတ်နစ်ခြင်း မဖြစ်စေပဲ ကြိုးစားအားထုတ်ခြင်း စသည်ဖြင့် မိမိကိုယ်စိတ်ကို ကောင်းစွာ ပြုပြင်ပေးခြင်း အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဒီ**အတ္တသမ္မာပဏိဓိမင်္ဂလာ**ဟာ အလွန်အရေးပါလှပါတယ်၊ ဒီမင်္ဂလာပြည့်စုံရင် အခြား မင်္ဂလာ အတော်များများ ပြည့်စုံပြီး ဖြစ်ပါတော့တယ်။ ရှေးဘဝက ကုသိုလ်မရှိသူ ဖြစ်စေကာမူ ဒီဘဝမှာ အတ္တသမ္မာပဏိဓိရှိရင် တိုးတက်ချမ်းသာနိုင်ပြီး နောင်ဘဝမှာလဲ ကောင်းသွားတတ်ပါတယ်။ ရှေးဘဝကလဲ ကုသိုလ်ပါ, ခုဘဝမှာလဲ ဒီမင်္ဂလာရှိရင် ပြောစရာပင် မရှိတော့ပါ၊ လယ်တိဆရာတော်ဘုရားကြီး မိန့်တော်မူသလို **"ရှေးကကောင်းလို့ ခုကောင်းပါတယ်၊ ယခုကောင်း နောင်ကောင်းပါလိမ့်မယ်"** ရှေးကကောင်းလို့ ယခုကောင်း၊ ယခုကောင်းတော့ နောင်လဲကောင်း၊ အကောင်းချည်းသာ ဖြစ်ကာ စက်လည်သွားတော့မည်သာ ဖြစ်ပါတယ်။ (ပရိတ်ကြီးနိဿယသစ်၊ ၉၁–၉၂။)

**စက်လေးပါး။** ။ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် စက္ကသုတ် (အံ၊ ၁၊ ၃၄၁)[၁၂၆]နဲ့ ဒီဃနိကာယ် ပါထိကဝဂ် ဒသုတ္တရသုတ် (၂၃၀)မှာ-----

(၁) **ပတိရူပဒေသဝါသ**–သင့်တော်တဲ့အရပ်မှာ နေရခြင်း၊

---

[၁၂၅] ခုဒ္ဒကပါဌ၊ ၄၊ ၁၁၂။ သုတ္တနိပါတ၊ ၄၊ ၂၊ ၁၇။

[၁၂၆] စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နစိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသု။ ကတမာနိ စတ္တာရိ? ပတိရူပဒေသဝါသော သပ္ပုရိသူပဿယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေ စ ကတပုညတာ။ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ စက္ကာနိ။ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နစိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသူတိ။ သပ္ပုရိသာဝဿယော (ဆဋ္ဌမူ)။ သပ္ပုရိသူပဿယော (ဆီ၊ သျာ၊ ကံ၊ ဣ)။ သပ္ပုရိသူပနိဿယော (ဒီ၊ ၃၊ ဒသုတ္တရသုတ်၊ ၂၃၀)။

(၂) **သပ္ပုရိသူပနိဿယ**–သူတော်ကောင်းကို အမှီရခြင်း၊

(၃) **အတ္တသမ္မာပဏိဓိ**–မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊

(၄) **ပုဗ္ဗေ ကတပုညတာ**–ရှေးကောင်းမှုရှိခြင်း–

ဒီစကားလေးပါးနဲ့ ပြည့်စုံတဲ့သူမှာ စည်းစိမ်ဥစ္စာ တိုးတက်နိုင်ကြောင်း, အခြံအရံ အကျော်အစော ချမ်းသာသုခများကို ရနိုင်ကြောင်း–ဟောတော်မူခဲ့ပါတယ်။ အဲဒီလေးပါးနဲ့ ပြည့်စုံတဲ့သူဟာ နောက်ဘဝမှာလဲ ပြည့်စုံတတ်တယ်၊ ဒီလို အဆက်မပြတ် လည်ပတ်သွားတတ်လို့ '**စက္က**–စက်' ဆိုရတယ်။

အဲဒီလေးပါးတွင် ပုဗ္ဗေကတပုညတာစက်က ပမာဏလိုရင်းဖြစ်တယ်၊ ဉာဏသမ္ပယုတ်စိတ်နဲ့ ကုသိုလ်ပြုသူကို အဲဒီစိတ်က ပတိရူပဒေသ–သင့်တော်တဲ့အရပ်သို့ ပို့ပေးပါတယ်၊ သူတော်ကောင်း အမှီရအောင် စိမံပေးပါတယ်၊ မိမိကိုယ်စိတ်ကို ကောင်းစွာထားသူဖြစ်အောင် ပြုပေးပါတယ်–အဲဒီလို အင်္ဂါတွရနိကာယ် စတုက္ကင်္ဂါတွရ နဲ့ ဒီဃနိကာယ် ဒသုတ္တရသုတ် အဋ္ဌကထာများ[၃၃၀]၌ ဖွင့်ဆိုထားပါတယ်။

ဖွင့်ဆိုခဲ့တဲ့အချက်များမှာ တကယ်ပါရမီပြည့်စုံပြီးတဲ့ ပစ္ဆိမဘဝိက (နောက်ဆုံးဘဝမှာဖြစ်နေသူ= ရဟန္တာဖြစ်မည့်သူ)တို့အတွက်သာ လုံလောက်ပါတယ်၊ သာမန်ကောင်းမှုရှင်များအတွက်တော့ စိတ်မချရသေးပါ၊ ရှင်ဒေဝဒတ်ဟာ သင့်တော်တဲ့အရပ်မှာလဲ ဖြစ်ရတဲ့ ပတိရူပဒေသစက်ကိုလဲ ရ, တကယ့် သူတော်ကောင်း ဘုရားရှင်ကိုလဲ အမှီရတဲ့ သပ္ပုရိသူပနိဿယစက်ကိုလဲ ရ၊ ရှေးကောင်းမှုလဲ ရှိတဲ့ ပုဗ္ဗေကတပုညတာစက်ကိုလဲ ရရှိပါတယ်၊ ဒါပေမယ့် အတ္တသမ္မာပဏိဓိစက်ဖျက်တဲ့အတွက် အကျိုးမဲ့ ဆုံးရှုံးခဲ့ရရှာတယ်။ အဇာတသတ်လဲ ကောင်းမှုရှင်တဦးပါပဲ၊ ခမည်းတော် သောတာပန်သူတော်ကောင်းကို မှီရပါလျက် ရှင်ဒေဝဒတ်နဲ့အပေါင်းမှားပြီး အတ္တသမ္မာပဏိဓိစက်ချွတ်ယွင်းခဲ့၍ နစ်နာရရှာတယ်။ ဒီအချက်တွေဟာ ပုထုဇဉ်သဘာဝ စိတ်မချရတဲ့အဖြစ်ကို ဖော်ပြလျက်ရှိပါတယ်၊ ဒါ့ကြောင့် ပုထုဇဉ်သဘာဝမှ စိတ်ချရတဲ့ အရိယာသဘာဝသို့ ရောက်ရေး အလေးပေးကာ ကြိုးစားသင့်ကြောင်း သတိပေးလျက်ရှိပါတယ်။ (ပရိတ်ကြီးနိဿယသစ်၊ ၉၃–၉၄။)

**ကုသိုလ်ပညာ– ဥစ္စာရှိ၊**

**သင့်ရာဒေသ– အမြဲနေ။**

**ရှေးကတင်ကူး– ပြုခဲ့ဖူးသည်၊**

---

[၃၃၀] အံ၊ ၆၊ ၂၊ ၂၉၀။ ဒီ၊ ၆၊ ၃၊ ၂၄၃။

ကောင်းမှုအထူး– ရှိပါစေ။
မိမိကိုယ်ကို– ကောင်းစွာထိန်းလို့၊
မတိမ်းစေနှင့်– တည်ဆောက်လေ။
ဥစ္စာကိုပေး– နေထိုင်ရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ– "ဗုဒ္ဓဝါဒ" ကမ္ဘာ့မဂီလာတွေ။

၅။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဗာဟုသစ္စဉ္စ=ဗာဟုသစ်စင်စ
သိပ္ပဉ္စ= သိဝ်ပင်စ
သုသိက္ခိတော=သုသိက်ဓိတော → သုသိတ်ဓိတော၊

**(ဧဝံပုတ္တ**–နတ်သား၊) **(ယံ) ဗာဟုသစ္စဉ္စ**–အကြင် များသောအကြားအမြင်ရှိသူ၏အဖြစ်သည်လည်းကောင်း၊ **(ယံ) သိပ္ပဉ္စ**– အကြင် လက်မှုပညာတတ်မြောက်ခြင်းသည်လည်းကောင်း၊ **သုသိက္ခိတော**–ကောင်းစွာ သင်အပ် ကျင့်အပ်သော၊ **(ယော) ဝိနယော စ**–အကြင် ကိုယ်ကျင့် ဝိနည်းတရားသည်လည်း ကောင်း၊ **သုဘာသိတာ**–ကောင်းစွာ ပြောဆိုအပ်သော၊ **ယာ ဝါစာ စ**–အကြင် စကားသည်လည်းကောင်း၊ **(အတ္ထိ–၏) ဧတံ**–ဤလေးပါးသောတရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်ပေ၏။

(၇) **ဗာဟုသစ္စံ (ဗာဟုသစ္စ)**–အကြားအမြင်များခြင်း၊
(၈) **သိပ္ပံ (သိပ္ပ)**–လက်မှုပညာတတ်မြောက်ခြင်း၊
(၉) **ဝိနယော သုသိက္ခိတော (ဝိနယ သုသိက္ခိတ)**–ကိုယ်ကျင့်ဝိနည်းတရားကို ကောင်းစွာသင်ခြင်း, ကျင့်ခြင်း၊
(၁၀) **သုဘာသိတာ ဝါစာ**–စကားကို ကောင်းစွာပြောဆိုခြင်း (ကောင်းတဲ့စကားကို ပြောဆိုခြင်း။

ဒီ ၄–ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ ဖြစ်ပါတယ်။

**(၇) ဗာဟုသစ္စံ, ဗာဟုသစ္စံ**[၃၇]။ ။ [**ဗဟုသုတသာ**–များတဲ့အကြားအမြင်ရှိသူ၏+**ဘာဝေါ**–ဖြစ်ကြောင်း] များပြားလှတဲ့ အကြားအမြင်ရှိခြင်းဟာ **ဗာဟုသစ္စ**–ဖြစ်ပါတယ်။

အကြားအမြင်ဆိုတာက သင်ကြားလေ့လာထားတဲ့ စာပေကျမ်းဂန်များပင်ဖြစ်ရာ ဗာဟုသစ္စ–အရ စာပေပညာတတ်မြောက်မှုကို ဆိုလိုပါတယ်၊ ရှေးက ဝိဇ္ဇာနဲ့ သိပ္ပ–လို့ ပညာ ၂–မျိုး ခွဲရိုးရှိရာတွင် **'ဝိဇ္ဇာ'** ကို နှုတ်မှုပညာ–လို့ဆိုခဲ့ကြပါတယ်၊ ဝေဒလေးပုံ (ဗေဒင်လေးပုံ)စတဲ့ တဆယ့်ရှစ်ရပ်အတတ်များပင်ဖြစ်ပါတယ်၊ ဒီခေတ်အရပြောရရင် **ဗာဟုသစ္စ**–ကို အဲဒီ ဝိဇ္ဇာခေါ်တဲ့ကျမ်းဂန်တတ်မြောက်မှု–လို့ ဆိုရပါမယ်၊ မျက်မှောက်ခေတ် တက္ကသိုလ်များမှာ သတ်မှတ်ထားတဲ့ ဝိဇ္ဇာခေါ်တဲ့ အတတ်များဟာ ရှေးကထက် ပိုမိုများပြားတာမို့ နက်နဲလှတဲ့ ပညာရပ်များလဲ ပါဝင်ပါတယ်။

**စာပေကျမ်းဂန် ၂–မျိုး**

စာပေကျမ်းဂန်ကို (၁) ဘာသာရေး စာပေကျမ်းဂန်နဲ့ (၂) အပြစ်ကင်းတဲ့ လောကီပညာရေး စာပေကျမ်းဂန်–လို့ ၂–မျိုး ခွဲခြားသတ်မှတ်နိုင်ပါတယ်။

ဒီ ၂–မျိုးအနက် ဘာသာရေးစာပေကျမ်းဂန်က မကောင်းမှုအကုသိုလ်ကို ပယ်ပြီး ကုသိုလ်ကောင်းမှုကို ပြုလုပ်ဖို့ ညွှန်ပြပါတယ်၊ ဒါန, သီလ, ဘာဝနာနဲ့စပ်လို့ အပြည့်အစုံ ညွှန်ပြထားပါတယ်၊ ဒါ့ကြောင့် ဘာသာရေး စာပေကျမ်းဂန်ညွှန်ပြထားတဲ့အတိုင်း အဆင့်ဆင့် ကြိုးစားအားထုတ်ပါရင် ဘာသာရေး စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သူဟာ လူ့ချမ်းသာ, နတ်ချမ်းသာ, ငြိဟ္ဗာန်ချမ်းသာကိုလဲရနိုင်ပါတယ်၊ နောက်ဆုံးမှာ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကိုလဲ ရနိုင်ပါတယ်၊ ဒါ့ကြောင့် ဘာသာရေး စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်မှုဟာ မင်္ဂလာဖြစ်ပါတယ်။

အပြစ်ကင်းတဲ့ လောကီပညာ စာပေကျမ်းဂန်တွေမှာတော့ လိမ္မာယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ, စဉ်းစားတွေးခေါ်မှုနဲ့ပတ်သက်တဲ့အကြောင်းအရာတွေ, ပေါင်းသင်းဆက်ဆံရေးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ, ကျန်းမာရေးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ, ဆေးဝါးကုသမှုနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ, ချက်နည်းပြုတ်နည်းနဲ့ပတ်သက်တဲ့အကြောင်းအရာတွေ, ရောင်းရေးဝယ်တာ အတွက်အချက်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ, စီးပွါးရေးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ, စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့အကြောင်းအရာတွေ, စက်မှုလက်မှုနဲ့ပတ်သက်တဲ့အကြောင်းအရာတွေ စတဲ့စတဲ့ အကြောင်းအရာတွေ ပါဝင်နေကြပါတယ်။

---

[၃၇] **ဗာဟုသစ္စ**–မောဂ္ဂလ္လာန်ကျမ်းအလို။ **ဗာဟုဿစ္စ**–ရှုပသိဒ္ဓိကျမ်းအလို။

ဒါ့ကြောင့် အပြစ်ကင်းတဲ့ လောကီပညာ စာပေကျမ်းဂန်တတ်မြောက်မှုဟာလဲ ဒီဘဝမှာရော နောင်ဘဝတွေမှာပါ စီးပွါးချမ်းသာကို ရွှက်ဆောင်နိုင်တဲ့အတွက် မင်္ဂလာပင် ဖြစ်ပါတယ်။ **မျက်ကန်း, မျက်မြင် ခွဲခြားလျင်။** ။ လောကနိတိဆရာတွေက **"ယုံမှားသံသယကို ပယ်ဖျောက်တတ်သော ကျမ်းဂန်များမှာ လူဝပ်သိမ်းတို့၏ မျက်စိဖြစ်ရာ ကျမ်းဂန်မျက်စိမရှိသူမှာ မျက်ကန်းသာတည်း"**လို့ ဆိုကြပါတယ်။ စာပေကျမ်းဂန်များမှ မျက်မှောက်အကျိုး, တမလွန်အကျိုး အမျိုးမျိုးကို သိရတာမို့ စာပေတတ်ခြင်းဖြင့် လောကရေး, ဓမ္မရေးတွေမှာ နည်းမှန်လမ်းမှန်လိုက်ကာ ဘေးရန်ကင်းလျက် ချမ်းသာခြင်းကို ရနိုင်ကြပါတယ်။ စာပေမတတ်သူကတော့ စမ်းတဝါးဝါး အရမ်းသွားရသလို ဖြစ်တာမို့ မှားတလွဲ့ မှန်တခါဖြစ်ပြီး နစ်နာတတ်ပါတယ်။

**အကန်း, တစ်ဖက်မြင်, နှစ်ဖက်မြင် ပုဂ္ဂိုလ် သုံးအင်**

အဂုံတွရနိကာယ် တိကနိပါတ် အန္ဓသုတ်[၁၃၂]မှာ---

"(၁) **အန္ဓ**–ဒိဘဝအကျိုးစီးပွါး, နောင်ဘဝအကျိုးစီးပွါး–၂–မျိုးလုံးကို မသိမမြင်သူ, နားမလည်သူ (နှစ်ဖက်ကန်းပုဂ္ဂိုလ်)။

(၂) **ဧကစက္ခု**–ဒိဘဝအကျိုးစီးပွါးကိုသာ သိမြင်နားလည်ပြီး, နောင်ဘဝအကျိုးစီးပွါးကို မသိမမြင်သူ, နားမလည်သူ (တဖက်မြင်ပုဂ္ဂိုလ်)။

(၃) **ဒ္ဝိစက္ခု**–ဒိဘဝအကျိုးစီးပွါးကိုရော နောင်ဘဝအကျိုးစီးပွါးကိုပါ ၂–မျိုးလုံးကို သိမြင်နားလည်သူ (နှစ်ဖက်မြင်ပုဂ္ဂိုလ်)"–လို့ ပုဂ္ဂိုလ် ၃–မျိုး ဟောထားပါတယ်၊ စာပေပညာတတ်သူက **ဒ္ဝိစက္ခု**– နှစ်ဖက်မြင်ပုဂ္ဂိုလ် ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ် ၃–မျိုးတွင် နှစ်ဖက်ကန်း (အန္ဓ)ပုဂ္ဂိုလ်က ဒိဘဝမှာရော, နောင်ဘဝတွေမှာပါ ဆုံးရှုံးရပါတယ်၊ တဖက်မြင် (ဧကစက္ခု)ပုဂ္ဂိုလ်ကလဲ ဒိဘဝမှာ ချမ်းသာသုခရနိုင်ပေမယ့် နောင်ဘဝတွေမှာ အပါယ်ငရဲကို ကျရောက်ရတဲ့အတွက် ဆုံးရှုံးနစ်နာရပါတယ်၊ နှစ်ဖက်မြင် (ဒ္ဝိစက္ခု)ပုဂ္ဂိုလ်ကတော့ ဒိဘဝမှာလဲ ချမ်းသာ, နောင်ဘဝတွေမှာလဲ ကောင်းတဲ့ဘုံဌာနတွေကို ရောက်ရတဲ့အတွက် ချမ်းသာလှပါတယ်။

နှစ်ဖက်ကန်းပုဂ္ဂိုလ်နဲ့ တဖက်မြင်ပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ရမယ်၊ မြင့်မြတ်တဲ့ နှစ်ဖက်မြင်ပုဂ္ဂိုလ်ကို မှီခိုပေါင်းသင်းရမယ်–လို့ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။

---

၁၃၂ အံ၊ ၁၊ ၁၅၆-၁၅၇။

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**အန္ဓဥ္ဇ ကေစက္ခုဥ္ဇ၊ အာရကာ ပရိဝဇ္ဇယေ။**
**ဒ္ဓိစက္ခုံ ပန သေဝေထ၊ သေဋ္ဌံ ပုရိသပုဂ္ဂလံ။**
(အံ၊ ၁၊ အန္ဓသုတ်၊ ၁၂၇။)

**ရှေးဆရာတို့ အဆိုအမိန့်များ---------**

ဒီ ဗာဟုသစ္စမင်္ဂလာနဲ့ပတ်သက်ပြီး မုံရွေးဆရာတော်က ကဗျာသား၍ မှာကြားတော်မူခဲ့ပါတယ်။

**အလွန်ကဲမှု၊ ဗာဟုသစ္စ၊ သုတ စိန္တာ၊ ဘာဝနာဟု၊ များစွမှတ်သား။ အကြားအမြင်၊ ဉာဏ်အင်တိုးပွါး၊ များသည်တကြောင်း။**

သူတပါးတို့ထက် လွန်ကဲထူးမြတ်တဲ့ အကြားအမြင်များခြင်း-လို့ ဆိုရတဲ့ သုတမယဉာဏ် (နာကြားသင်ယူမှုကြောင့် ရရှိတဲ့ဉာဏ်), စိန္တာမယဉာဏ် (ကြံစည်စဉ်းစားမှုကြောင့် ရရှိတဲ့ဉာဏ်), ဘာဝနာမယဉာဏ် (ကမ္မဋ္ဌာန်းတရား ပွါးများမှုကြောင့် ရရှိတဲ့ဉာဏ်)-လို့ဆိုရတဲ့ များစွာမှတ်သားထားတဲ့ အကြားအမြင် ဉာဏ်အင်္ဂါတိုးပွါးများပြားခြင်းဟာ **ဗာဟုသစ္စမင်္ဂလာ** မည်ပါတယ်။

ဒါ့အပြင် မုံးရွေးဆရာတော်ကပင်-----

**သုတ စိန္တာ၊ ဘာဝနာဟု၊ ပညာ၏အပြား၊ ထိုသုံးပါးတွင်၊ ဘုရားတို့မှာ၊ ဘာဝနာ, ဘုရားလောင်းတို့မှာ ဉာဏ်စိန္တာ၊ ကျင့်ရာသမျှ၊ သူက ငါက၊ သာမညတို့မှာ၊ သုတမျှသာ မှတ်လေရာ၊ ဤသုံးဖြာကို၊ သိသာအောင် မှတ်ပြီး၍၊ သုတရှိမှ၊ ဉာဏရှိရှိ၊ ပဏ္ဍိတဖြစ်ချိမ့်မည်။**

ပုတ္တောဝါဒဆုံးမစာမှာတော့-----

**ဗဟုဿုတ၊ မရှိကမူ၊ လျှောကျရေတူ၊ လူမဟူရ၊ ရှက်ကြီးရလိမ့်။**

လုံးတော်ဆရာတော်ကတော့-------

**စာပေသိမြင် မသင်မကြားဘူးသူတထွေ, အစာမကြေသူတယောက်, အရွယ်မရောက်မီက အိမ်ထောင်ကျသူ တသွယ်, ငယ်ရွယ်သူ တခြား, ဤလေးပါးတို့မှာ, စားမိသောအဆိပ်နှင့် တူချေ၏**-တဲ့။

**နားလည်ရုံနဲ့မပြီး ကျင့်လည်းကျင့်မှ။** ။ ပညာဗဟုဿုတ ရှိနေရုံမျှနဲ့ တကယ့် မင်္ဂလာ မဖြစ်သေးပါ၊ သိနားလည်တဲ့အတိုင်း ကျင့်တဲ့သူမှာသာ မင်္ဂလာဖြစ်ပါတယ်၊ ကဿပဘုရားရှင်ရဲ့သာသနာတော် နောက်ပိုင်းဝယ် **ကပိလရဟန်း**ဟာ ပိဋကသုံးပုံဆောင် စာချဆရာကြီးဖြစ်ခဲ့ပါတယ်၊ မိမိပညာကြောင့်

အခြွေအရံပေါများခြင်း, လာဘ်လာဘပေါများခြင်းကို အကြောင်းပြုပြီး 'ငါ့ကို အာခံနိုင်တဲ့သူ မရှိ-မာန်တက်ကာ "ရဟန်းနဲ့ မအပ်တာကို အပ်တယ်၊ အပ်တာကို မအပ်ဘူး၊ တရားကို မတရား, မတရားကို တရားတယ်-စသည်ဖြင့် အမှားမှား အယွင်းယွင်း ပြောဆို ပြုမူခဲ့တာကြောင့် မိမိပညာဗဟုသုတများမှာ ကောင်းကျိုးမင်္ဂလာမဖြစ်တော့ပဲ အဝိစိငရဲရောက်ဖို့အတွက်သာ ဖြစ်ရတော့တယ်[၁၃၃]။

**ပရိယတ်က၊ ကျော်ရုံမှု၊ ကျင့်မှ ကျိုးရှိပါ၊**
**အကျင့်ကင်းလွတ်၊ ပရိယတ်၊ ဆောင်တတ် ပါယ်လေးရွာ။**
(ကိုယ့်ကျင့်မင်္ဂလာ၊ ၂၇၈။)

နောက်နိတိအဆိုတမျိုးမှာ **"ကျမ်းဂန်အများအပြား သင်ထားပါလျက် လူမိုက်ဖြစ်တတ်၏၊ ကျမ်းဂန်ဆိုတိုင်း ကျင့်သူသာ ပညာရှိ ဖြစ်၏၊ နှိုင်းချိန် စဉ်းစား ကောင်းစွာ ဖော်စပ်ထားသော ဆေးသာ လူနာတို့၏ ရောဂါကို ပျောက်အောင် ပြုနိုင်၏၊ ဆေးအမည်ကလေးမျှဖြင့် ရောဂါပျောက်အောင် မပြုတတ်"** လို့ ဆိုပါတယ်၊ အဲဒီနိတိက "မကျင့်သူမှာ ပညာဗဟုသုတတွေက အကျိုးမများတာ"ကို ပြပါတယ်။ "အလိမ္မာ စာမှာရှိ" လို့ ဆိုရိုးရှိပေမယ့် အဲဒီအလိမ္မာကို ကိုယ်မှာရှိအောင် ပြုသူဟာ ရှားပါးလှပါတယ်၊ အလိမ္မာဂုဏ်ဟာ နှစ်သက်ဖွယ်ရတနာပင်ဖြစ်ရာ ယင်းအလိမ္မာကို ကိုယ်မှာ ဆင်ပေးခြင်းဖြင့် အများနဲ့မတူ တမူထူးအောင် ပြုကျင့်သင့်တယ်-လို့ ပရိတ်ကြီးနိဿယသစ်ဆရာတော်က မိန့်ပါတယ်။

**(၈) သိပ္ပံ။** ။ သိပ္ပဆိုတာ "**သိပ္ပန္တိ** ယံ ကိဉ္စိ ဟတ္ထကောသလ္လံ"အဌကထာ[၁၃၄]အရ လက်မှုပညာမှန်သမျှ ပါဝင်ပါတယ်၊ ဒီသိပ္ပခေါ်တဲ့ အတတ်ပညာများဟာ များပြား ကျယ်ပြန့်လှပါတယ်၊ အချို့အတတ်ကို ဗာဟုသစ္စခေါ်တဲ့ နှုတ်မှုစတဲ့ပညာနဲ့ တွဲဖက်သင်ယူရပါတယ်၊ ယခုခေတ် အဆောက်အဦ အင်ဂျင်နီယာ, စက်မှုအင်ဂျင်နီယာ, မြို့ပြအင်ဂျင်နီယာစတဲ့ပညာရပ်တွေဟာ သိပ္ပံပညာမျိုး ဖြစ်ပါတယ်။

ဆရာဝန်အတတ်ပညာ, သူနာပြုအတတ်ပညာ, ဆေးဝါးဖော်စပ်မှုအတတ်ပညာ, စိုက်ပျိုးရေးအတတ်ပညာ, ပန်းတိမ်အတတ်ပညာ, ပန်းတဉ်းအတတ်ပညာ, ပန်းပုအတတ်ပညာ, ပန်းပွတ်အတတ်ပညာ, စံက်ချုပ်အတတ်ပညာ, ဆံသအတတ်ပညာ, ချက်ပြုတ်ရေးအတတ်ပညာ-စသည်တွေ

---

[၁၃၃] ဓမ္မပဒ၊ ၌ ၂၊ ၃၂၇။ သုတ္တနိပါတ၊ ၌ ၂၊ ၄၂။

[၁၃၄] ခုဒ္ဒကပါဌ၊ ၌ [illegible]၂။ သုတ္တနိပါတ၊ ၌ ၂၊ ၁၈။

ဟာလဲ သိပ္ပံပညာမျိုးပဲဖြစ်ပါတယ်၊ ဒိအတတ်ပညာတွေထဲက အချို့အတတ်ပညာများဟာ စာတွေ့ရော လက်တွေ့ပါ သင်ယူရတဲ့အတွက် ဗာဟုသစ္စထဲမှာလဲ ပါဝင်သွားပါတယ်။

အဲဒိအတတ်ပညာတွေထဲမှာ အချို့က ဒိဘဝအကျိုးစီးပွါးကိုသာ ရွက်ဆောင်နိုင်ပါတယ်၊ အချို့ကတော့ ဒိဘဝအကျိုးစီးပွါးကိုရော နောင်ဘဝအကျိုးစီးပွါးကိုပါ ရွက်ဆောင်နိုင်ပါတယ်၊ ဒါ့ကြောင့် အဲဒိ သိပ္ပံပညာတတ်မှုဟာလဲ ကြီးပွါးချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

**စိတ်ကောင်းရှိမှု သိပ္ပပညာ မင်္ဂလာ။** ။ အဋ္ဌကထာများက **"ယံ ပရူပရောဓဝိရဟိတံ အကုသလ-ဝိဝဇ္ဇိတံ**[၁၃၅]–သူတပါးကို ညှင်းဆဲ နှိပ်စက်ခြင်းကင်းပြီး အကုသိုလ်လွတ်တဲ့အတတ်"လို့ ဆိုတဲ့အတွက် သူတပါးကို ညှင်းဆဲသတ်ဖြတ်ကြောင်း အကုသိုလ်မကင်းတဲ့အတတ်မျိုးကတော့ မင်္ဂလာမဖြစ်ပါ, အမင်္ဂလာသာ ဖြစ်ပါတယ်။ မည်သည့်အတတ်ပညာမျိုးကို တတ်သိစေကာမူ စိတ်ထားကောင်းမှု မကောင်းမှုက အရေးကြီးပါတယ်၊ စိတ်ထားကောင်းသူရဲ့ အတတ်ပညာဟာ မိမိ သူတပါး နှစ်ဦးသား အတွက် အကျိုးရှိစေပေမဲ့ စိတ်ထားမကောင်းသူရဲ့ အတတ်ပညာကတော့ နှစ်ဦးလုံးအတွက် အကျိုးကို ထိခိုက်စေ, ဆင်းရဲဒုက္ခရောက်စေပါတယ်၊ ပုံစံတခုမှာ ဆရာဝန်အတတ်ဟာ မွန်မြတ်လှသော်လဲ ဆရာဝန်က စိတ်ထားမကောင်းရင် လူနာအများ ဆင်းရဲဒုက္ခရောက်ရပါတယ်၊ မိမိကိုယ်တိုင်လဲ အကျိုးပျက်ရတတ်ပါတယ်[၁၃၆]။

**မိမိအတတ်၊ သုံးချတတ်၊ များမြတ်မင်္ဂလာ၊**
**ချမ်းသာအေးမြ၊ နေထိုင်ရ၊ မုချ မင်္ဂလာ၊**
**မိမိသင်ထား၊ အတတ်များ၊ လွဲမှားသုံးသူမှာ၊**
**ခုလဲဒုက္ခ၊ နောင်ဒုက္ခ၊ ရောက်ရ ငရဲရွာ။**

(ကိုယ်ကျင့်မင်္ဂလာ၊ ၂၈၉။)

**(၉) ဝိနယော သုသက္ခိတော။** ။ **ဝိနယော**–ကိုယ်ကျင့်ဝိနည်းတရား (အဆုံးအမ)ကို+ **သုသိက္ခိတော**–ကောင်းစွာသင်ခြင်း, ကျင့်ခြင်း။ **သိက္ခိတ**ရဲ့အဓိပ္ပါယ်က သင်ခြင်း–လို့ ဆိုလိုပါတယ်၊ ဒါပေမယ့် သင်ရုံနဲ့ မင်္ဂလာမဖြစ်သေးပါ၊ သင်ပြီးကျင့်မှသာ မင်္ဂလာဖြစ်ပါတယ်၊ ဒါ့ကြောင့် ကျင့်ခြင်းကိုပါ ထည့်ရ

---

[၁၃၅] ခုဒ္ဒကပါဌ၊ ၌၊ ၁၁၃။ သုတ္တနိပါတ၊ ၌၊ ၁၉။

[၁၃၆] ပရိတ်ကြီးနိဿယသစ်၊ ၁၀၀–၁၀၁။

တာပါ၊ ဝိနည်းအဆုံးအမကို ကောင်းစွာသင်ယူခြင်း, အဆုံးအမအတိုင်း လိုက်နာကျင့်ခြင်းကို **"ဝိနယ သုသိက္ခိတ မဂ်လာ"** လို့ ခေါ်ပါတယ်။

**ဝိနယ**–ဆိုတာ အပြောအဆို အနေအထိုင်များ အချိုးကျအောင် ဆုံးမပဲ့ပြင်ပေးတတ်တဲ့ စည်းကမ်းတွေပင် ဖြစ်ပါတယ်။ အဲဒီ **'ဝိနယ'**ကိုပဲ ဝိနည်း–လို့ မြန်မာပြန်ဆိုကြပါတယ်။

**ရဟန်းဝိနည်း, လူ့ဝိနည်း။** ။ အဲဒီဝိနည်းက ရဟန်းဝိနည်း, လူ့ဝိနည်း–လို့ ၂–မျိုးရှိရာတွင် အာပတ် ၇–ပုံသို့ မရောက်အောင်ကျင့်ခြင်း(အာပတ်မသင့်ရအောင် ကျင့်ခြင်း), တနည်းအားဖြင့် စတုပါရိသုဒ္ဓိသိလ[၁၃၇] ကို စောင့်ရှောက်ခြင်းဟာ **"ရဟန်းဝိနည်း"**[၁၃၈] မည်ပါတယ်။ ဒီဝိနည်းက အရဟတ္တဖိုလ်ပေါက်ရောက်အောင် ကျင့်ခြင်းဖြင့် လောကီ လောကုတ္တရာချမ်းသာကို ရနိုင်တဲ့အတွက် မင်္ဂလာ မည်ပါတယ်။

---

**သီလ**–ဟူသည် ကိုယ်မှု နှုတ်မှုတို့၌ ဒုစရိုက်မဖြစ်ရအောင် ကိုယ် နှုတ်တို့ကို စောင့်စည်းခြင်း။ **စတုပါရိသုဒ္ဓိသီလ**–ဟူသည် [**စတု**–လေးပါး + **ပါရိသုဒ္ဓိ**–ထက်ဝန်းကျင် စင်ကြယ်သော+ **သီလ**–သီလ] ထက်ဝန်းကျင် စင်ကြယ်သော သီလ ၄–မျိုး။ (၁) **ပါတိမောက္ခသံဝရသီလ**– ဘိက္ခု ဘိက္ခုနီနှင့် သက်ဆိုင်သော "ဒွေမာတိကာ"ဟု ခေါ်အပ်သော ပါတိမောက်သာမက ဝိနည်းပါဠိတော်၌ ပညတ်အပ်သော သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်း။ [**ပါတိမောက္ခ**–မိမိ (ဆိုရသောသီလ)ကို စောင့်ရှောက်သူကို အပါယ်ဘေး ဝင့်ဒုက္ခဘေးမှ ကင်းဝေးလွတ်မြောက်စေတတ်ခြင်း+ **သံဝရ**–ကာယဒုစရိုက်အစရှိသည်တို့မှ စောင့်စည်းကြောင်းအကျင့်+ **သီလ**–သီလ]။ (၂) **ဣန္ဒြိယသံဝရသီလ**–စက္ခုနှေ့, သောတိနှေ့, ဃာနိနှေ့, ဇိဝှိနှေ့, ကာယိနှေ့, မနိနှေ့အားဖြင့် ၆–ပါးသော ဣန္ဒြေတို့ကို (အကုသိုလ် မဖြစ်အောင်) စောင့်စည်းခြင်း။ [**ဣန္ဒြိယ**–ဣန္ဒြေတို့ကို+ **သံဝရသီလ**–စောင့်စည်းကြောင်းသီလ] အဘိဇ္ဈာ ဒေါမနဿ စသောအကုသိုလ်မဖြစ်အောင် စက္ခုနှေ့ သောတ ဃာန ဇိဝှါ ကာယ မနိနှေ့ ဟူသော ဣန္ဒြေ ၆–ပါးကို စောင့်စည်းခြင်းအကျင့်သီလ။ (၃) **အာဇီဝပါရိသုဒ္ဓိသီလ**–[**အာဇီဝ**–အသက်ရှည်ကြောင်း အသက်မွေးကြောင်းဖြစ်သော ကိုယ်မှု နှုတ်မှု+ **ပါရိသုဒ္ဓိသီလ**– ထိုအသက်မွေးကြောင်းဖြစ်သော ကာယပယောဂ ဝစိပယောဂ၏သန့်ရှင်းစင်ကြယ်ကြောင်း သီလ၊] ဒကာ, ဒကာမများ လူချင်အောင် သစ်သီးပေးမှု, ပန်းပေးမှု, ချော့မော့ဖြားယောင်းမှု စသည်ကို ရှောင်ကြဉ်၍ စင်ကြယ်စွာ ရအပ်သောပစ္စည်းကိုသာ ခံယူသုံးစွဲလျှင် ဤသီလလုံခြုံ၏။ လူတွေမှာတော့ လက်နက်ရောင်းဝယ်မှု, လူရောင်းဝယ်မှု, အသားရောင်းဝယ်မှု, အရက်သေစာ မူးယစ်ဆေးဝါးရောင်းဝယ်မှု, အဆိပ်ရောင်းဝယ်မှု–ဒီမှားယွင်းတဲ့ မကောင်းတဲ့ကူးသန်းရောင်းဝယ်မှု ၅–မျိုးမှ ရှောင်ကြဉ်လျက် ကောင်းတဲ့အသက်မွေးမှုကို ပြုလုပ်ခြင်းပင်ဖြစ်၏။ (၄) **ပစ္စယသန္ဓိဿိတသီလ**– [**ပစ္စယ**–ပစ္စည်း+ **သန္ဓိဿိတသီလ**–မှီ၍ ဖြစ်သော သီလ၊] ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄–ပါး၌ မှီ၍ ဖြစ်သော သီလ, အဲဒီပစ္စည်း ၄–ပါးကို ဆင်ခြင်၍ သုံးစွဲရခြင်းပင် ဖြစ်၏။

**ဆင်ခြင်ပုံ။ ။ အသက်ရှည်ကြာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မျှော်ထောက်တွေး၍၊ ဤဆေး, ဤဆွမ်း၊ ဤသင်္ကန်းနှင့်၊ ရှင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို၊ မှီအောင်းသုံးစွဲ ပါသတည်း။**–ဟု ပစ္စည်းလေးပါးကို သုံးစွဲရသဖြင့် ရသင့်သော အကျိုးများကို ဆင်ခြင်၍ သုံးစွဲလျှင် ဤသီလတို့ လုံခြုံ၏။

အနဂါရိကဝိနယော နာမ သတ္တာပတ္တိက္ခန္ဓေ အနာပဇ္ဇန်၊---စတုပါရိသုဒ္ဓိသိလံ ဝါ အနဂါရိကဝိနယော။ သော ယထာ တတ္ထ ပတိဋ္ဌာယ အရဟတ္တံ ပါပုဏာတိ၊ ဇဝံ သိက္ခနေန သုသိက္ခိတော လောကိယလောကုတ္တရသုခါဓိဂမဟေတုတော "မင်္ဂလ"န္တိ ဝေဒိတဗ္ဗော။ (ခုဒ္ဒကပါဋ္ဌ၊ ၆၊ ၁၃။ သုတ္တနိပါက၊ ၆၊ ၂။ ၁၉။)

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

အဋ္ဌကထာအဆိုအရ အကုသလကမ္မပထတရား ၁၀-ပါးမှ ရှောင်ကြဉ်ခြင်းကတော့ **"လူ့ဝိနည်း"**[၁၃၉]မည်ပါတယ်၊ အကုသလကမ္မပထတရား ၁၀-ပါးမှ မရှောင်ကြဉ်သူဟာ တခြား လူ့စည်းကမ်းတွေကိုလဲ ချိုးဖောက်မည်သာဖြစ်ပါတယ်၊ အဲဒီတရား ၁၀-ပါးမှ ရှောင်ကြဉ်နိုင်ရင် အခြားစည်းကမ်းတွေကိုလဲ လိုက်နာဖို့ မခဲယဉ်းပါဘူး၊ ဒါ့ကြောင့် အရင်းခံဖြစ်တဲ့ အကုသလ-ကမ္မပထတရား ၁၀-ပါးမှရှောင်ကြဉ်မှုကိုသာ လူ့ဝိနည်းအဖြစ် ဖွင့်ဆိုခဲ့ခြင်း ဖြစ်ဟန်တူပါတယ်။ ပါထိကဝဂ္ဂအဋ္ဌကထာ မှာတော့ သိင်္ဂါလောဝါဒသုတ်ကို **"ဂိဟိဝိနယော နာမာယံ သုတ္တန္တော** (ဒီ၊ ၎၊ ၃၊ ၁၄၁)-လူ့ဝိနည်းပြဆိုတဲ့ သုတ္တန်ဖြစ်တယ်"လို့ဖွင့်ပါတယ်၊ အဲဒီသုတ္တန်မှာ လူတို့ ရှောင်ရမည့်အကျင့်များ, ဆောင်ရမည့်အကျင့်များကို ဟောထားပါတယ်၊ မိဘနဲ့သားသမီး, ဆရာနဲ့တပည့်, လင်နဲ့မယား, အရှင်နဲ့ကျွန်, ဆရာနဲ့ဒကာ ပြုကျင့်ရမည့် ဝတ္တရားများကို တွေ့နိုင်ပါတယ်။

အဲဒီကျင့်ဝတ်များဟာ မပြုမနေ လိုက်နာ လုပ်ဆောင်ထိုက်တဲ့ လူ့ကျင့်ဝတ်, လူ့ဝိနည်းများပင်ဖြစ်ပါတယ်၊ လောကမှာ မပြုသင့်တာကိုပြုခြင်းက အကုသိုလ်ဖြစ်သလို ပြုသင့်ပြုထိုက်တာကို မပြုခြင်းကလဲ အကုသိုလ်ပင်ဖြစ်ပါတယ်။ ဒီကျင့်ဝတ်များဟာ အချင်းချင်း ချစ်ခင်လေးစားရန် စည်းလုံးညီညွတ်ရန် ဆက်သွယ်ပေးတဲ့ ဂဟေဆက်များဖြစ်တာမို့ ဒီဝတ်တရားမကျေတဲ့ လူ့အဖွဲ့အစည်းများမှာ ပြဿနာအမျိုးမျိုး ပေါ်လျက်ရှိတတ်ပါတယ်၊ ဝတ်တရားကျေပွန်တဲ့ လူ့အဖွဲ့အစည်းမှာတော့ အမြဲတန်း သာယာလျက် ရှိတတ်ပါတယ်။ အဲဒါအပြင် နေပုံ, ထိုင်ပုံ, ပြောပုံ, ဆိုပုံ, စားပုံ, သောက်ပုံ, အချင်းချင်းဆက်ဆံပုံ စတဲ့အရာတွေမှာလဲ မရိုင်းအောင်, ယဉ်ကျေးအောင် လူမျိုးအလိုက် သတ်မှတ်ထားတဲ့ စည်းကမ်းများဟာလဲ လူ့ဝိနည်းပါပဲ၊ ပြည်သူ့ကျင့်ဝတ်ခေါ်တဲ့ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအရာများမှာ ရှောင်ရ, လိုက်နာရမည့် စည်းကမ်းများဟာလဲ လူ့ဝိနည်းပင် ဆိုရပါတယ်၊ အဲဒီလူ့ဝိနည်းကို ကောင်းစွာသင်ယူခြင်း, လိုက်နာကျင့်ခြင်းဟာ ယခုဘဝစီးပွါးချမ်းသာ, နောင်ဘဝစီးပွါးချမ်းသာကို ရွက်ဆောင်နိုင်တဲ့အတွက် ကြီးပွါးချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

မုံရွေးဆရာတော်က--

**ပြော့ပျောင်းနှလုံး၊ ကိုယ်နှုတ်သုံး၍၊ ဆုံးမနိုင်သည်၊ တွင်မည်တကြောင်း။**

ပြော့ပျောင်းတဲ့ စိတ်နှလုံးနဲ့ ကိုယ်နှုတ်ကို ဆုံးမကျင့်သုံးနိုင်ခြင်းဟာ "ဝိနယသုသိက္ခိတ"မင်္ဂလာ-မည်ကြောင်း ပြဆိုပါတယ်။

---

[၁၃၉] အဂါရိကဝိနယော နာမ ဒသအကုသလကမ္မပထဝိရမဏံ၊ သော တတ္ထ သုသိက္ခိတော အသံကိလေသာပဇ္ဇနေန အာစာရဂုဏဝဝတ္ထာနေန စ ဥဘယလောကဟိတသုခါဝဟနတော မင်္ဂလံ။ (ခုဒ္ဒကပါဌ၊ ၎၊ ၁၁၃-၁၁၄။ သုတ္တနိပါတ၊ ၎၊ ၂။ ၁၉။)

**(၁၀) သုဘာသိတာ ဝါစာ။** ။ **သုဘာသိတာ**–ကောင်းစွာ ပြောဆိုအပ်သော+ **ဝါစာ**–စကား= မုသာဝါဒစတဲ့ ဝစီဒုစရိုက်မဖြစ်အောင် အပြစ်ကင်းအောင် ကောင်းစွာပြောဆိုအပ်တဲ့စကားကို **"သုဘာသိတဝါစာ"**လို့ ခေါ်ပါတယ်။

**စကားအရာ အဂါ ၄–တန်။** ။ ဒိသုဘာသိတဝါစာနဲ့ပတ်သက်လို့ "စကားအရာ အဂါလေးတန်"လို့ ဆိုရိုးရှိခဲ့ပါတယ်၊ သဂါထာဝဂ္ဂ–ဝင်္ဂီသသံယုတ် သုဘာသိတသုတ်လာ စကားလေးမျိုးပင် ဖြစ်ပါတယ်။

(၁) **သုဘာသိတ**–ကောင်းတဲ့စကား၊ အချင်းချင်း မတည့်အောင် ရန်တိုက်ပေးတဲ့ ပိသုဏဝါစာ စကားမျိုးကို မပြောဆိုပဲ ကွဲပြားနေသူများ ညီညွတ်အောင်, ညီညွတ်သူများ ပိုမိုညီညွတ်အောင် ပြောဆိုခြင်း၊

(၂) **ဓမ္မ**–တရားတဲ့စကား၊ အနက်အဓိပ္ပါယ်ကင်းမဲ့တဲ့ သမ္ဖပ္ပလာပ စကားဖျင်းကို မပြောဆိုပဲ အဖြစ်အပျက် အကြောင်းအရာမှန် သဘာဝမှန်ကိုသာ ပြောဆိုခြင်း၊

(၃) **ပိယ**–ချစ်ဖွယ်စကား၊ ဆဲရေးမောင်မဲ ကျိန်ဆဲခြင်း အစရှိတဲ့ ကြမ်းတမ်းတဲ့ ဖရုသဝါစာ စကားမျိုးကို မပြောဆိုပဲ သာယာပြေပြစ် ချစ်နှစ်လိုဖွယ်ဖြစ်တဲ့ စကားမျိုးကိုသာ ပြောဆိုခြင်း၊

(၄) **သစ္စ**–အမှန်စကား၊ လိမ်ညာလှည့်ပတ်တဲ့ မုသာဝါဒ စကားမျိုးကို မပြောဆိုပဲ အမှန်အကန်အတိုင်း ပြောဆိုခြင်း။

ဒိအဂါ ၄–ပါးနဲ့ ပြည့်စုံတဲ့စကားဟာ ကောင်းစွာပြောဆိုအပ်တဲ့ စကား **"သုဘာသိတဝါစာ"** မည်ပါတယ်။

**သုဘာသိတံ ဥတ္တမမာဟု သန္တော၊**
**ဓမ္မံ ဘဏေ နာဓမ္မံ တံ ဒုတိယံ။**
**ပိယံ ဘဏေ နာပိယံ တံ တတိယံ၊**
**သစ္စံ ဘဏေ နာလိကံ တံ စတုတ္ထံ**[၁၄၀]။

အဋ္ဌကထာများဖွင့်ဆိုချက်အရ အခြားတနည်းမှာ– သူတပါးအား တရားဟောခြင်းစတဲ့ စကားကို "သုဘာသိတ" ဆိုရတယ်။ ဒိစကားအရ တရားသာမက လောကရေးမှာ အများအကျိုးရှိအောင် နည်းလမ်းညွှန်ပြနိုင်တဲ့ အပြောကောင်း အဆိုကောင်းသူတို့ရဲ့ ပြောဆိုချက်များကိုလဲ သုဘာသိတ–ပင် ဆိုရပါတယ်၊ စကားပြောကောင်းခြင်းမှာ ခေါင်းဆောင်အကြီးအကဲ ဖြစ်နိုင်ခြင်း,

---

[၁၄၀] သံ၊ ၁၊ ၁၉၀။ ခု၊ ၁၊ ၃၄၄။

သူတပါးကို လမ်းမှား လမ်းမှန် ဝေဖန်ပြနိုင်သည့်အတွက် အမျှားအကျိုးဆောင်သူ ဖြစ်ရခြင်း, အမျှားရဲ့ ချစ်ခင်ကြည်ညိုို ရိုသေလေးစား ခြင်းကို ခံရခြင်း စသည်ဖြင့် အကျိုးများလှပါတယ်။ **ပါးစပ်ထဲက၊ လျှာစားမ၊ ဖြတ်ထ ကိုယ့်ကိုပါ။** ။ **"မွေးလာနေ့သာ ယောက်ျား၏ ပါးစပ်ထဲ၌ စားမကြီး ရှိနေ၏၊ ယင်းစားမကြီးဖြင့် လူမိုက်သည် မကောင်းပြောလျက် မိမိကိုယ်ကို ဖြတ်ပိုင်းတတ်၏"**[၁၄]။ ဒီ စကားဟာ သဂါထာဝဂ္ဂ ဖြဟ္မသံယုတ် (၁၅၁၊ ၁၅၄)မှာ ဘုရားရှင်ဟောတော်မူခဲ့ပါတယ်၊ **စားမကြီး** ဆိုတာ လျှာကို တင်စားတဲ့စကား ဖြစ်ပါတယ်၊ လျှာကိုအသုံးမချတတ်သည့်အတွက် ငရဲရောက် သူတွေ, ပြိတ္တာဖြစ်သူတွေဟာ မနဲလှပြီဖြစ်ရာ အဲဒီသူတွေကို လျှာစားမက ပိုင်းလိုက်ခြင်းပင် ဖြစ်ပါ တယ်။ သံသရာသာမက ယခုဘဝမှာလဲ လျှာသရမ်းသည့်အတွက် ဘေးသင့်ခြင်း, ကြိုးပွဲးမှု လက် လွှတ်ရခြင်း စသည်ဖြင့် လျှာစားမ အပိုင်းခံရသူတွေလဲ မနဲလှပါ။ လူမိုက်တွေရဲ့လျှာဟာ ဓားမဖြစ် ပေမယ့် လူလိမ္မာတွေရဲ့လျှာကတော့ သံကို ဆွဲဆောင်နိုင်တဲ့ သံလိုက်သဖွယ်ပင် ဖြစ်ပါတယ်။ ချိုသာ တဲ့စကားကို မိမိနှစ်သက်ပါတယ်၊ ကြမ်းတမ်းတဲ့စကားကို မကြားလိုပါဘူး၊ သူတပါးလဲ အလားတူပါပဲ၊ ဒီလိုဆိုရင် သူတပါးကို မိမိနှစ်သက်တဲ့ ချိုသာတဲ့စကားကို မပေးပဲ ဘာ့ကြောင့် မိမိပင် မကြားလိုတဲ့ ကြမ်းတမ်းတဲ့ စကားကို ပြောရပါသလဲ?

**သုဇာတဇာတ်ဝယ် မှတ်သားဖွယ်။** ။ ရှေးအခါက ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်မှာ ဘုရင်ဖြစ်ခဲ့တယ်၊ ဘုရားလောင်းရဲ့မယ်တော်ဟာ ဒေါသကြီးတယ်၊ ကြမ်းတမ်းတယ်၊ ဆဲရေးတတ်တယ်၊ ဘုရားလောင်းက မယ်တော်ကို ဆုံးမဖို့ရန် အကြောင်းပုံပမာရှာနေခဲ့တယ်၊ တနေ့တွင် ဘုရားအလောင်း ဥယျာဉ်ထွက်ရာမှာ မယ်တော်လဲ အတူပါလာတယ်၊ လမ်းမှာ တစ်တိတ်ူးငှက်သံ ကြားရတဲ့ လူတွေဟာ "အို အသံဆိုးလှတဲ့ငှက်ရယ်, မမြည်ပါနဲ့ဟယ်"လို့ ဆိုပြီး နားပိတ်ကြတယ်၊ ဥယျာဉ်ထဲ လှည့်လည်စဉ် အပွင့်တွေဝေနေတဲ့ အင်ကြင်းပင်ကြီးပေါ်မှ ဥသြငှက် တွန်မြည်သံ ကြားရတဲ့ အခါမှာ တော့ "အို အသံသာလှတဲ့ ငှက်ငယ်ရယ်, မြည်ပါအုံးကွယ်--မြည်ပါအုံးကွယ်"လို့ လည်ဆန့် နား စိုက်ထောင်ကြတယ်။ ဒီအချက်ကို သက်သေထားပြီး ဘုရားလောင်းက "မယ်တော်, တစ်တိတ်ူး ငှက် သံကြားတော့ လူတွေ နားပိတ်ကြတယ်၊ ကြမ်းတမ်းတဲ့အသံကို ဘယ်သူမှ မကြိုက်ကြဘူး" လို့ ပြောပြီး

---

[၁၄] ပုရိသဿ ဟိ စာတဿ၊ ကုဋ္ဌာရိ စာယတော မုခေ။

**ယာယ စိန္တိ အတ္တာနံ၊ စာလော ဘဏ္ဍာသိတံ ဘဏံ။** (သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဖြဟ္မသံယုတ် တုဏ္ဍိဖြဟ္မသုတ်၊ ၁၅၁။ ကောကာလိကသုတ်၊ ၁၅၄။ အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် ကောကာလိကသုတ်၊ ၃၉၄၊ ၃၉၆။ ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ကောကာလိကသုတ်၊ ၃၈၁။

"မယ်တော်, အဆင်း လှပလျက် နှစ်သက်ဖွယ်ဖြစ်စေကာမူ အသံဆိုးရင် ဒီလောက နောင်လောက ဘယ်လောကမှာမှ မချစ်မနှစ်သက်ကြပါ၊ ဥသြဌက်ဟာ မည်းနက်ပြီး အဆင်းမလှပေမယ် နူးညံ့ချိုသာစွာ တွန်တတ်သည့်အတွက် လူတွေက ချစ်မြတ်နိုးကြတယ်–မဟုတ်ပါလား? ဒါ့ကြောင့် ပညာဖြင့် နှိုင်းချိန်လျက် ချိုသာတဲ့ စကားကိုသာ ဆိုသင့်ပါတယ်"လို့ ပြောပါတယ်။ အဲဒီအခါမှစပြီး မယ်တော်ဟာ မိမိအကျင့်ဆိုးတွေကို ဖျောက်ကာ အကျင့်ကောင်းသူ ဖြစ်လာခဲ့ပါတယ်။ (ဇာတက၊ ၄၂၊ ၂၊ သုဇာတဇာတ်၊ ၃၁၅။)[၁၄၂]

**နှုတ်ကြမ်းမောက်မာ၊ မဲ့မေတ္တာမို့၊ ချိုသာ ပြေပြစ်၊ လူတိုင်းချစ်၍၊ မှတ်လစ်အထူး၊**
**တစ်တီတူးကား၊ မြည်ကြူးသံကြမ်း၊ လူမုန်းပန်းတည့်၊ သံဆန်းသာယာ၊ ဥသြမှာကား၊**
**သူငါချစ်လျက်၊ လွန်နှစ်သက်သို့။**

ဘုရားရှင် ဟောကြားတော်မူတဲ့ တရားစကားဟာ ရန်ဘေးကင်းလွတ်ရာ နိဗ္ဗာန်ကိုရရန်, ဝဋ်ဒုက္ခကုန်ဆုံးရန် ဖြစ်ပါတယ်၊ အဲဒီစကားတော်ကသာ စကားအမျိုးမျိုးတွေထက် မြင့်မြတ် အထက်တန်း ကျလှပါတယ်။

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊ ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊ သာ ဝေ ဝါစာနမုတ္တမာတိ[၁၄၃]။

ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ နိဗ္ဗာနပတ္တိယာ–နိဗ္ဗာန်သို့ ရောက်ခြင်းငှါ၊ ဒုက္ခဿ–ဆင်းရဲ၏၊ အန္တကိရိယာယ–အဆုံးကို ပြုခြင်းငှါ၊ ခေမံ–ဘေးမရှိသော၊ ယံ ဝါစံ–အကြင်စကားကို၊ ဘာသတိ–ဆိုတော်မူ၏၊ သာ–ထိုစကားသည်၊ ဝေ–စင်စစ်၊ ဝါစာနံ–စကားအမျိုးမျိုးတို့ထက်၊ ဥတ္တမာ–လွန်မြတ်၏။

**ဘာသာ, လူတန်းစား မခွဲခြား**

ဒီသုဘာသိတဝါစာ–ဆိုတာက ပြောသူအတွက်သာ မင်္ဂလာဖြစ်တာ မဟုတ်ပဲ နာကြားရသူအတွက်လဲ မင်္ဂလာဖြစ်ပါတယ်၊ ဒီစကားမျိုးကို ဘယ်ဘာသာစကားနဲ့ပဲပြောပြော, ဘယ်လိုလူမျိုးကပဲ ပြောပြော လောကုတ္တရာအကျိုးစီးပွါးကို ရွက်ဆောင်နိုင်တဲ့အတွက် **သုဘာသိတဝါစာ**–လို့ပဲ ခေါ်ရပါမယ်၊ သက်သေသာဓက ထုတ်ပြရရင်---

---

[၁] ပရိတ်ကြီးနိဿယသစ်၊ ၁၀၆–၁၀၈။

[၂] သံ၊ ၁၊ ၁၉၁။ ခု၊ ၁၊ ၃၄၅၊

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သီရိလင်္ကာနိုင်ငံ အစေခံမလေး တယောက်ဟာ လမ်းဘေးမှာ ကောက်စပါးကို စောင့်ရင်း သီဟိုဠ်ဘာသာစကားနဲ့ "ပဋိသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်းနဲ့ ပတ်သက်တဲ့ သိချင်းကို သိဆိုနေပါတယ်၊ အဲဒီသီချင်းသံကို ကြားရတဲ့အခါ အိုခြင်း နာခြင်း သေခြင်းတရားသဘောတွေကို ဆင်ခြင်သုံးသပ်လျက် ဝိပဿနာရှုမှတ်နေကြတဲ့ ခရီးသွား ရဟန်း ဖ–ကျိပ်ဟာ ရဟန္တာဖြစ်သွားကြပါတယ်။ [ဘာသာစကား။]

ဒါ့အပြင် တိသ–ဆိုတဲ့ ဝိပဿနာတရားအားထုတ်နေတဲ့ ရဟန်းတပါးဟာ ကြာအိုင်နား ဖြတ်သွားရင်း---

**နေရောင်ခြည်လာ–ရွှန်းရွှန်းတင့်လို့, ကာကာလန်းပွင့်–ကြာမျှားစွာ၊**
**နေရောင်ဖြင့်ပင်– ဗျိုယမင်းရဲ့, ဆွတ်ခူးယူခြင်း–ခံရပါ။**
**အလားတူမျှ–လူ့ရပ်ရွာ, ရောက်လာကြသူ–လူအများ၊**
**အိုခြင်းဇရာ–လွှမ်းဖိလာ, မကြာမျက်ပြား–သေဆုံးသွား။**

ဒီသီချင်းကို သီဆိုပြီး ကြာပန်းခူးနေတဲ့ အိမ်စေမလေးရဲ့ သီချင်းသံကို ကြားရတာနဲ့ပဲ ရဟန္တာဖြစ်သွားပါတယ်။ [လူအမျိုးအစား။]

ဒါ့အပြင် ဘုရား ၂–ဆူတို့ရဲ့ တခုသော ကြားကာလမှာ လူတယောက်က သား ၇–ယောက်နဲ့အတူ တောမှပြန်လာတယ်၊ ဆန်ဖွတ်နေတဲ့ မိန်းမတယောက်ရဲ့ သီချင်းသံကို ကြားရတယ်---

**ဒီကိုယ်ခန္ဓာ–ဇရာညှင်းလို့, ညှိုးနွမ်းယိုယွင်း–သားအရေ၊**
**သေမင်းအစာ–မှန်သည်တွက်ကြောင့်, သေမင်းလက်ချက်–ဖျက်ရပေ။**
**ပိုးလောက်အများ–ဖျော်ပါးနေ, ပုပ်မျိုးထွေထွေ– ပြည့်ထင်ရှား၊**
**ရွံဖွယ်ချည်းသာ–စုဝေးရာ, ကင်းကွာနှစ်များ–ငှက်ဖျောလား။**

ဒီသီချင်းသံကြားရတာနဲ့ပဲ ကိုယ်ခန္ဓာရဲ့သဘောကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါ သားတွေနဲ့အတူ ပစ္စေကဗုဒ္ဓါ ဖြစ်သွားပါတယ်။

အခု ပြောခဲ့တာတွေဟာ သူတပါးအား တရားဟောတာ မဟုတ်ပဲ သီချင်းဆိုနေတာသာ ဖြစ်ပါတယ်၊ ဒါပေမယ့် တရားသဘောနဲ့ပတ်သက်တဲ့ ကောင်းတဲ့စကားမျိုး ဖြစ်နေတဲ့အတွက် ဆိုနေသူမှာလဲ **သုဘာသိတဝါစာမင်္ဂလာ** ဖြစ်ပါတယ်၊ ကြားရတဲ့သူတွေမှာလဲ သိပ်အကျိုးများသွားပါတယ်။

**စကား ၆–ခွန်း လူ၌်ထွန်း**

၁။ မှန်လဲမမှန် အကျိုးလဲမရှိပဲ သူမနှစ်သက်တဲ့စကား၊

၂။ မှန်ပေမယ့် အကျိုးမရှိပဲ သူမနှစ်သက်တဲ့စကား။
၃။ မှန်ကန်၍ အကျိုးရှိပြီး သူမနှစ်သက်တဲ့စကား။
၄။ မှန်လဲမမှန် အကျိုးလဲ မရှိပေမယ့် သူနှစ်သက်တဲ့စကား။
၅။ မှန်ကန်၍ အကျိုးမရှိပေမယ့် သူနှစ်သက်တဲ့စကား။
၆။ မှန်ကန်၍ အကျိုးရှိပြီး သူနှစ်သက်တဲ့စကား-

ဒီစကား ၆-ခွန်းထဲမှ အမှတ် ၃-စကားနှင့် အမှတ် ၆-စကား ၂-ခွန်းကိုသာ ဘုရားရှင်က ဟောတော်မူခဲ့ပါတယ်၊ ဒီစကား ၂-ခွန်းကိုပင် ဘုရားရှင်က ပြောသင့်မှ ပြောတော်မူပါတယ်၊ ဒါကိုပဲ ရည်ရွယ်ပြီး "**စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်**"လို့ ရွေးဆရာတို့ မိန့်ဆို ကြပါတယ်။

**တတ်ကောင်းတတ်ရာ- ဟူသမျှကို၊**
**ကြား, မြင်, သုတ- ရှိပါစေ။**
**အိုးအိမ်တည်ထောင်- ဝမ်းစာရေးနှင့်၊**
**အသက်မွေးဖို့- အတတ်သင်လေ။**
**လူနှင့်ဆိုင်ရာ- ကျင့်ဝတ်များကို၊**
**ကောင်းစွာသင်ကြား- နားလည်စေ။**
**မှန်ကန်ယဉ်ကျေး- ချိုသာအေး။**
**ဆိုရေးတတ်ပါစေ။**
**အဲဒါမှ- "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ့။**

၆။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

ဥပဋ္ဌာနံ=ဥပဇ္ဈာနံ → ဥပတ်ဌာနံ
ပုတ္တဒါရဿ=ပုတ်တ ဒါရသ်သ → ပုတ်တ ဒါရတ်သ
သင်္ဂဟော=သင်ဂဟော
ကမ္မန္တာ=ကမ်မန်တာ

(**ဒေဝပုတ္တ**–နတ်သား၊) **မာတာပိတု**–အမိအဘကို၊ (ယံ) **ဥပဋ္ဌာန်**–အကြင်လုပ်ကျွေးပြုစုခြင်း သည်လည်းကောင်း၊ **ပုတ္တဒါရဿ**–သားမယားကို၊ (**ဃော**) **သင်္ဂဟော စ**–အကြင် ချီးမြှောက်ထောက်ပံ့ခြင်းသည်လည်းကောင်း၊ **အနာကုလာ**–အချိန်အခါကို လွန်စေခြင်း, ပေါ့ပေါ့ဆဆပြုခြင်း, မသင့်မတော် ပြုခြင်းတို့ဖြင့် ရှုပ်ထွေးခြင်းကင်း သန့်ရှင်းကုန်သော၊ (**ဃ**) **ကမ္မန္တာ စ**–အကြင်အလုပ်အကိုင်တို့သည် လည်းကောင်း၊ (**အတ္ထိ**–ရှိကုန်၏၊) **ဇေတံ**–ကျိလေးပါးသော တရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်ပေ၏။

(၁၁) **မာတု ဥပဋ္ဌာန**–အမိကို လုပ်ကျွေးခြင်း၊

(၁၂) **ပိတု ဥပဋ္ဌာန**–အဖကို လုပ်ကျွေးခြင်း၊

(၁၃) **ပုတ္တ ဒါရဿ သင်္ဂဟော**–သားသမီး မယားကို ချီးမြှောက်ထောက်ပံ့ခြင်း၊

(၁၄) **အနာကုလာ ကမ္မန္တာ**–ရှုပ်ထွေးခြင်းကင်း သန့်ရှင်းအောင် အလုပ်လုပ်ခြင်း–

ဇေတံ ဥတ္တမံ မင်္ဂလံ–ဒီ ၄–ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ ဖြစ်ပါတယ်။

**ဤဂါထာ၌ မင်္ဂလာ ၅–ပါးခွဲပုံ။** ။ ခုဒ္ဒကပါဌအဋ္ဌကထာ (၁၁၇), သုတ္တနိပါတ်အဋ္ဌကထာ (သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၃)တို့၌ "မာတုဥပဋ္ဌာနံ, ပိတုဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော, အနာကုလာ စ ကမ္မန္တာ–ဟူ၍ မင်္ဂလာ ၄–ပါး ဖြစ်၏၊ ပုတ္တဒါရဿ သင်္ဂဟော–ကို ပုတ္တဿ သင်္ဂဟော (သားသမီးကို ချီးမြှောက်ထောက်ပံ့ခြင်း), ဒါရဿ သင်္ဂဟော (မယားကို ချီးမြှောက်ထောက်ပံ့ခြင်း)–ဟူ၍ ၂–ခုခွဲလျှင် မင်္ဂလာ ၅–ပါးဖြစ်၏၊ သို့မဟုတ် မာတာပိတုဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော–တို့ကို တစ်ခုစီယူလျှင် မင်္ဂလာ ၃–ပါးသာ ဖြစ်၏–ဟု ဆို၏။

**(၁၁–၁၂) မာတာပိတု ဥပဋ္ဌာနံ။** ။ အမိအဖကို လုပ်ကျွေးခြင်းဟာ "မာတာပိတု ဥပဋ္ဌာန"ဖြစ်ပါတယ်၊ အမိအဖ–ဆိုတာ သားသမီးတွေအပေါ်မှာ အလွန်ကျေးဇူးကြီးမားလှပါတယ်၊ မိဘတွေဟာ သားသမီး တွေကို အသက်ရှင်ရေး စောင့်ရှောက်ပေးတတ်ကြတယ်၊ ကိုယ်ခန္ဓာကြီးထွားလာအောင် ကျွေးမွေး တတ်ကြတယ်၊ ဒီလောကကြီးရဲ့ အရေးအရာ အဖြာဖြာတွေကိုလဲ သင်ပြပေးတတ်ကြတယ်၊ ငြဟ်ဟာနဲ့ လဲ တူကြပါတယ်၊ လက်ဦးဆရာတွေလဲ ဖြစ်ကြပါတယ်၊ မိဘတွေဆိုတာ အမြဲပဲ သားသမီးတွေကို စောင့်ရှောက် တတ်ကြပါတယ်။

ဒါကြောင့် အသိတရားရှိတဲ့ သားသမီးတွေ မိဘတွေကို ရှိခိုးလဲ ရှိခိုးကြရတယ်၊ စားစရာ, သောက်စရာ, အဝတ်, အိပ်ရာ နေရာ, အမွေးနဲ့သာ လိမ်းကျံပေးခြင်း, ရေချိုးပေးခြင်း, ခြေဆေးပေး ခြင်းတွေနဲ့ ဂိုဏ်သိက္ခာ ပြုစုလုပ်ကျွေးမှုကိုလဲ ပြုကြရတယ်။

ဒီလို အလွန်ကျေးဇူးကြီးမားလှတဲ့ မိဘတွေကို ပြုစုလုပ်ကျွေးကြတဲ့ သားသမီးတွေဟာ ယခုဘဝမှာလဲ ပညာရှိတွေရဲ့ ချီးမွမ်းခြင်းခံကြရပါတယ်၊ တမလွန်ဘဝကျတော့ နတ်ပြည်မှာ မွေ့လျော်ကြရပါတယ်။ ဒါ့ကြောင့် မိဘတွေကိုလုပ်ကျွေးခြင်း **"မာတာပိတု ဥပဋ္ဌာန"**ဟာ မျက်မှောက်တမလွန် လောကနှစ်တန်မှာ အလွန်အကျိုးကြီးမြတ်လှတဲ့အတွက် ကြီးပွါးချမ်းသာရေးအစစ် မဂ်လာဖြစ်ပါတယ်။

ယသွာ တေ အာပါဒကာ ပေါသကာ ဣမသ္မ လောကသ္မ ဒေဿတာရော, ဗြဟ္မသမ္မတာ ပုဗ္ဗာစရိယသမ္မတာ၊ တသွာ တေသံ ဥပဋ္ဌာနံ ဣဓ ပသံသံ၊ ပေစ္စ သဂ္ဂသုခ္ဆ အာဝဟတိ။ တေန မင်္ဂလန္တိ ဝုစ္စတိ။ ဝုတ္တဉ္ဧတံ ဘဂဝတာ ဗဟုကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါဒကာ ပေါသကာ ဣမသ္မ လောကသ္မ ဒေဿတာရောတိ။

**ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ။**
**အာဟုနေယျာ စ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ။**
**တသွာ ဟိ နေ နမဿေယျ၊ သက္ကရေယျ စ ပဏ္ဍိတော။**
**အန္နေန အထ ပါ ပါနေန၊ ဝတ္ထေန သယနေန စ။**
**ဥစ္ဆာဒနေန နှာပနေန၊ ပါဒါနံ ဓောဝနေန စ။**
**တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။**
**ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတီ'တိ[၁]။**

**မိဘနှစ်သွယ်၊ ဗြဟ္မာနှယ်၊ တူတယ် စိတ်နေက။** ။ မိဘတွေဟာ ဗြဟ္မာနဲ့တူကြတယ်–ဆိုတာက ဗြဟ္မာတွေဟာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ–ဆိုတဲ့ ဘာဝနာ ၄–မျိုးကို စွန့်လွှတ်ရှိကြသလို မိဘတွေဟာလဲ သားသမီးတွေအပေါ်မှာ အချိန်အခါအားလျော်စွာ အဲဒီဘာဝနာ ၄–မျိုးကို စွန့်လွှတ် မရှိကြပါဘူး။

သားသမီးများအပေါ် ပဋိသန္ဓေတည်နေစအချိန်မှာ "ခြေလက်ကိုယ်အင်္ဂါပြည့်စုံစွာနဲ့ ကျန်းကျန်းမာမာ မွေးဖွားလာတဲ့ သားကလေး, သမီးကလေးကို ဘယ်တော့များ တွေ့ရ မြင်ရပါ့မလဲ?" လို့ မိဘတွေမှာ မေတ္တာစိတ် ဖြစ်ပေါ်နေတတ်ကြပါတယ်။ (မေတ္တာ။)

သားကလေး, သမီးကလေးတွေက ပက်လက်အိပ်တတ်ရုံမျှ နုနယ်သေးတဲ့အတွက် မှက်, ခြင်, သန်း, ကြမ်းပိုး–စသည်တွေ အကိုက်ခံရလို့ ငိုးကြွေးမြည်တမ်းတဲ့အခါမျိုး, အိပ်ရာနေရာ ဆင်းရဲ

---

[၁] အံ – ကိကနိ၊ သင်္ဂြဟကသုတ်၊ ၁၃၁။ ခု၊ ဘ၊ ဣတိဝုတ္တက၊ ၂၆၉။ ခု၊ ဖ၊ ၈၂။

. အဆင်မပြေတဲ့အတွက် ငိုကြွေးမြည်တမ်းတဲ့အခါမျိုးမှာ သားငယ်, သမီးငယ်တွေရဲ့ ငိုသံကြားရလို့ရှိရင် မိဘတွေရဲ့သန္တာန်မှာ သနားကြင်နာမှု ဖြစ်ပေါ်လာတတ်ကြပါတယ်၊ ကိုယ်တိုင် အဲဒီဆင်းရဲဒုက္ခ ဖြစ်နေရသလို ခံစားရတတ်ကြပါတယ်။ (ကရဏာ။)



ဟိုဟိုဒိဒိ ပြေးလွှား ကစားနိုင်တဲ့အခါမျိုး, ပလိပလာတိတိတာတာ ပြောတတ်ပြီး ချစ်စရာအရွယ်သို့ ရောက်လာတဲ့အခါမျိုးမှာတော့ သားကလေး, သမီးကလေးတွေကို ကြည့်ပြီး မိဘတွေရဲ့ စိတ်ဟာ ထောပတ်ကြည်မှာ ထည့်လိုက်တဲ့ အကြိမ်တရာဖတ်ထားတဲ့ ပါဂမ်းစိုင်လို နူးညံ့လာပါတယ်၊ ဝမ်းမြောက်ဝမ်းသာ ပိတိတွေဖြာလာကြပါတယ်၊ အဲဒီအခါမျိုးက မိဘတွေရဲ့သန္တာန်မှာ မုဒိတာ ဖြစ်နေတာပါပဲ။ (မုဒိတာ။)

သားသမီးတွေက အိမ်ထောင်ကျလို့ တသီးတခြား ကိုယ့်အိမ်ကိုယ့်ရာနဲ့ နေကြတဲ့အခါမျိုးမှာတော့ "အခု ဒို့သားတွေ, သမီးတွေဟာ ကိုယ့်သဘောကျ နေထိုင်, လုပ်ကိုင်စားသောက်နေနိုင်ကြပြီ"လို့ မိဘတွေရဲ့သန္တာန်မှာ ကြောင့်ကြကင်းပြီး စိတ်ချယုံကြည်မှု ဖြစ်ပေါ်လာကြပါတယ်၊ အဲဒီအခါမျိုးမှာ ဥပေက္ခာ-ဖြစ်တယ်လို့ ဆိုရပါမယ်။ (ဥပေက္ခာ။)

အဲဒီလို မိဘတွေရဲ့ သားသမီးတွေအပေါ်မှာ အခါအားလျော်စွာ ငြဟ္မဝိဟာရတရား ၄-ပါးကို ရသင့်တဲ့အတွက် ငြဟ္မာနဲ့အလားတူစွာ ဖြစ်တတ်သောကြောင့် မိဘတွေကို ငြဟ္မာ-လို့ ဆိုရပါတယ်။

ယထာ ငြဟ္မာနော စတသော ဘာဝနာ အဝိဇဟိတာ ဟောန္တိ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတိ၊ ဇဝမေဝ မာတာပိတူနံ ပုတ္တကေသု စတသော ဘာဝနာ အဝိဇဟိတာ ဟောန္တိ။ တာ တသ္မိ တသ္မိ ကာလေ ဝေဒိတဗ္ဗာ ကုစ္ဆိဂတသ္မိ ဟိ ဒါရကေ "ကဒါ နု ခေါ ပုတ္တကံ အရောဂံ ပရိပုဏ္ဏင်္ဂပစ္စင်္ဂိံ ပသဒိသာမာ"တိ မာတာပိတူနံ မေတ္တာစိတ္တံ ဥပ္ပဇ္ဇတိ။ ယဒါ ပနေသ မန္ဒော ဥတ္တာနသေယျကော ဥကာဟိ ဝါ မင်္ကုလာဒိဟိ ပါဏကေဟိ ဒဋ္ဌော ဒုက္ခသေယျာယ ဝါ ပန ပိဋ္ဌတော ပရောဒတိ ဝိဝရတိ၊ တဒါဿ သဒ္ဒံ သုတ္ဝာ မာတာပိတူနံ ကာရုညံ ဥပ္ပဇ္ဇတိ။ အာဓာဝိတ္ဝာ ဝိဓာဝိတ္ဝာ ကိဠနကာလေ ပန လောဘနိယဝယသ္မိံ ဝါ ဌိတကာလေ ဒါရကံ ဩလောကေတ္ဝာ မာတာပိတူနံ စိတ္တံ သပ္ပိမဏ္ဍော ပက္ခိတ္တသတဝိဟတကပ္ပါသပိစုပဋ္ဋလံ ဝိယ မုဒုကံ ဟောတိ အာမောဒိတံ ပမောဒိတံ၊ တဒါ တေသံ မုဒိတာ လဇ္ဇတိ။ ယဒါ ပနေသ ပုတ္တော ဒါရဘာရဏံ ပစ္စုပဋ္ဌာပေတ္ဝာ ပါဠိယေက္ကံ အဂါရံ အဇ္ဈာဝသတိ၊ တဒါ မာတာပိတူနံ "သက္ကောတိ ဒါနိ နော ပုတ္တကော အတ္တနော ဓမ္မတာယ ယာပေတု"န္တိ မဇ္ဈတ္တာဘာဝေါ ဥပ္ပဇ္ဇတိ၊ တသ္မိ ကာလေ ဥပေက္ခာ လဇ္ဇတိတိ ဣမိနာ ကာရဏေန "ငြဟ္မာတိ မာတာပိတရော"တိ ဝုတ္တံ[၁၄၅]။

**လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိန့်ဖွဲ့။** ။ မိဘတွေက မွေးဖွားလို့ အတော်အတန် နားလည်လာတဲ့ အရွယ်ကစပြီး သားငယ်, သမီးငယ်တွေကို "ဒီလိုထိုင်ရမယ်၊ ဒီလိုရပ်ရမယ်၊ ဒီလိုသွားရမယ်၊ ဒီလိုအိပ်ရမယ်၊ ဒီလိုစားရမယ်၊ ဒီလိုသောက်ရမယ်၊ (ဒီလိုပြောရမယ်၊ ဒီလိုမပြောရဘူး၊) ဒါက သား‌တို့ သမီး‌တို့ရဲ့ အဖေ၊ ဒါက အကို၊ ဒါက အမ၊ ဒီလိုလုပ်ရမယ်၊ ဒီလိုမလုပ်ရဘူး၊ ဘယ်သူနဲ့တော့ ပေါင်းရမယ်၊ ဘယ်သူနဲ့တော့ မပေါင်းရဘူး" စသည်ဖြင့် ရှေ့ဦးစွာ ပြောဆို သွန်သင်ပေးကြပါတယ်။

အခြားဆရာတွေကတော့ နောက်မှသာ စာရေးစာဖတ်အတတ်, ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, လေးအတတ်, ဓားသိုင်အတတ်, ဂဏန်းသချိုင်းအတတ် (ယခုခေတ်မှာတော့ အင်ဂျင်နီယာအတတ်, ဆရာဝန်အတတ်)-စသည်များကို သင်ပေးကြပါတယ်၊ (ဓမ္မရေးရာမှာတော့) ဆရာတဦးက သရဏဂုံကိုပေးပါတယ်၊ နောက်ဆရာတဦးက သိလကို ဆောက်တည်စေပါတယ်၊ နောက်

[၁၄၅] အံ ၂ - ကိကနိပါတ်, သဒ္ဒါဟ္မကသုတ်အဖွင့်, ၉၉။

ဆရာက ရှင်ပြုပေးပါတယ်၊ နောက်ဆရာတဦးက ဘုရားစကားတော်တွေကို သင်ပေးပါတယ်၊ နောက်ထပ်ဆရာတဦးက ရဟန်းခံပေးပါတယ်၊ နောက်ဆရာတဦးကတော့ မင်္ဂဖိုလ်ရောက်စေနိုင်တဲ့ ကမ္ပဋ္ဌာန်းသင်ပေးပါတယ်။

ဒီဆရာတွေအားလုံးကတော့ ပစ္ဆာစရိယခေါ် နောက်ဆရာတွေသာ ဖြစ်ကြပါတယ်၊ မိဘတွေကတော့ လက်ဦးဆရာတွေ ဖြစ်ကြပါတယ်၊ အဲဒီလို အခြားဆရာတွေထက် ရှေးကျတဲ့ဆရာတွေ ဖြစ်ကြတဲ့အတွက် မိဘတွေကိုသာ **လက်ဦးဆရာ**–လို့ ခေါ်ဆိုအပ်တာပါ။

> **ပုဗ္ဗာစရိယာတိ ဝုစ္စရေ**တိ မာတာပိတရော ဟိ ဇာတကာလတော ပဋ္ဌာယ "ဧဝံ နိသိဒ၊ ဧဝံ တိဋ္ဌ၊ ဧဝံ ဂစ္ဆ၊ ဧဝံ သယ၊ ဧဝံ ခါဒ၊ ဧဝံ ဘုဥ္ဇ၊ အယံ တေ တာတာတိ ဝတ္တဗ္ဗော၊ အယံ ဘာတိကာတိ၊ အယံ ဘဂိနိတိ၊ ဣဒံ နာမ ကာတုံ ဝဋ္ဌတိ၊ ဣဒံ နာမ ဝဋ္ဌတိ၊ အသုကံ နာမ ဥပသင်္ကမိတုံ ဝဋ္ဌတိ၊ အသုကံ နာမ ဝဋ္ဌတိ"တိ ဂါဟာပေန္တိ သိက္ခာပေန္တိ။ အထာပရဘာဂေ အညေ အာစရိယာ ဟတ္ထိသိပ္ပ အဿသိပ္ပ ရထသိပ္ပ ဓနုသိပ္ပ ထရုသိပ္ပ မုဒ္ဒါဂဏနာဒိနိ သိက္ခာပေန္တိ။ အညော သရဏာနိ ဒေတိ၊ အညော သိလေသု ပတိဋ္ဌာပေတိ၊ အညော ပဗ္ဗာဇေတိ၊ အညော ဗုဒ္ဓဝစနံ ဥဂ္ဂဏှာပေတိ၊ အညော ဥပသမ္ပာဒေတိ၊ အညော သောတာပတ္တိမဂ္ဂါဒိနိ ပါပေတိ။ ဣတိ သဗ္ဗေပိ တေ ပစ္ဆာစရိယာ နာမ ဟောန္တိ၊ မာတာပိတရော ပန သဗ္ဗပဌမာ၊ တေနာဟ "ပုဗ္ဗာစရိယာတိ ဝုစ္စရေ"တိ[၁၄၆]။

**မိဘနှစ်တန်၊ ပူဇော်ခံ၊ မည်ပြန်လေသည်ပ။** ။ မိဘတွေဟာ သားသမီးတွေ ဆောင်ယူပူဇော်အပ်တဲ့ စားဖွယ်သောက်ဖွယ်–စသည်တွေကို ခံယူထိုက်သူများ ဖြစ်ကြပါတယ်၊ ဒါကြောင့်ပင် မိဘတွေကို အပူဇော်ခံပုဂ္ဂိုလ်တွေ (ပူဇနေယျပုဂ္ဂိုလ်တွေ)–လို့လဲ ခေါ်ဆိုရပါတယ်။

> **အာဟုနေယျာ စ ပုတ္တာန**န္တိ ပုတ္တာနံ အာဟုတံ ပါဟုတံ အဘိသင်္ခတံ အန္ဒပါနာဒိ အရဟန္တိ၊ အနုစ္ဆဝိကာ တံ ပဋိဂ္ဂဟေတုံ။ တသ္ပာ "အာဟုနေယျာ စ ပုတ္တာန"န္တိ ဝုတ္တံ[၁၄၇]။
>
> သိင်္ဂါလောဝါဒသုတ် (ဒီ၊ ၃၊ ၁၅၄)အရ ကြည့်ရင်လဲ မိဘတွေက-----
>
> (၁) မကောင်းမှုကို မပြုလုပ်ရန် တားမြစ်ခြင်း၊
>
> (၂) ကောင်းမှုကို ပြုလုပ်ရန် ညွှန်ကြားခြင်း၊

---

[၁၄၆] အင်္ဂုတ္တရနိကာယ် တိကနိပါတဋ္ဌကထာ သဗြဟ္မကသုတ္တဝဏ္ဏနာ၊ ၉၉-၁၀၀ (အံ၊ ၆၊ ၂၊ ၉၉-၁၀၀။)

[၁၄၇] အံ၊ ၆၊ ၂၊ ၁၀၀။

(၃) အတတ်ပညာများကို သင်ကြားစေခြင်း၊

(၄) အရွယ်ရောက်ရင် သင့်တော်တဲ့သူနဲ့ လက်ထပ်ပေးခြင်း၊

(၅) သင့်တော်တဲ့အခါမှာ အမွေဥစ္စာများကို ပေးခြင်း–

ဒီဝတ္ထုရား ၅–မျိုးတို့ဖြင့် သားသမီးတွေကို စောင့်ရှောက်ခဲ့ကြပါတယ်၊ ဒီအတွက်ကြောင့်လဲ မိဘတွေရဲ့ကျေးဇူးဟာ လွန်စွာ ကြီးမားလှပါတယ်။

၁–သမီးသားကိုလဲ၊ နည်းမှားက တားမြစ်ပေ။

၂–ကောင်းရာကို ညွှန်ကာကြားပါလို့၊ ၃–များပြား ပညာရပ်၊ အဝိုသင်စေ။

၄–အရွယ်ရောက်ပြန်တော့၊ လျောက်ပတ်မည့်ခြေအနေ၊ ရှာဖွေ၍ ထိမ်းမြား။

၅။ မွေတာ–ရတနာ ဥစ္စာရင်းကိုလဲ၊ ဆောင်နှင်းကာ ပေးပါရတယ်၊ မိဘဝတ်ဓါး။ ။

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လစ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ဓါးအင်၊ ဘခင် မယ်တို့တာ။

သားလှမကောင်း၊ မိဘဆိုင်းတည့်၊ သားကောင်းမိဘ၊ ခံရမည့်ရေး၊ အလွန်ဝေးစွ၊ မိဘနှစ်ပါး၊ ကောင်းသောသားကား၊ များစီလူတွင်၊ ဖြစ်သည်ပင်တည့်။ မိခင်မွေးသာ၊ သားထိုမျှကို၊ ဆုံးမကြပါ၊ တချို့မှာကား။ “ငါ့သားသည်၊ သနားစလှည့်၊ ဖြစ်ပေတိ်”ဟု၊ ကြည့်ရှုသာယာ၊ ကျောင်းမှာမထား၊ အိမ်တွင်ထားနှင့်၊ စကားရေးရာ၊ ရှိသောဓါမူ၊ ငါးမှာလျှာမဲ့၊ ဟူသကဲ့သို့၊ ကဲ့ရဲ့စရာ၊ မျက်နှာမလှ၊ မိနှင့်ဘသည်။ ။ ရှက်ရ ကေန်သဘောတည်း။ (ပုဏ္ဏောဝါဒ)

သားသမီးတွေက ကျေးဇူးကြီးမားလှတဲ့မိဘတွေအား-----

**သားသမီး၀တ် ၅–ပါး**

(၁) ကျွေးမွေးပြုစုရခြင်း၊

(၂) မိဘတွေရဲ့အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ပေးရခြင်း၊

(၃) အမျိုးအနွယ်ကို စောင့်ရှောက်ရခြင်း၊

(၄) အမွေခံထိုက်အောင် ကျင့်ရခြင်း၊

(၅) ကွယ်လွန်ပြီးတဲ့ မိဘတွေအတွက် လူဒါန်း၍ အမျှဝေရခြင်း–

ဒီဝတ္ထုရား ၅–မျိုးတို့ဖြင့် ကျေးဇူးတုံ့ဆပ်ခြင်းဟာလဲ ခုဘဝမှာရော နောင်ဘဝမှာပါ စီးပွါးချမ်းသာ ကိုးတက်ရာအကြောင်းဖြစ်တဲ့ မင်္ဂလာ မည်ပါတယ်။

၁–မိဘကို ကျွေးမွေး၍၊ အရေးတဲ့ တယူ။
၂–လုပ်ငန်းဆောင်တာမှုကိုလ၊ ပြုလုပ်ကာ ၃–မျိုးနွယ်စောင့်၊ လမ်းဖြောင့်စင်ဖြူ။
၄–မွေပစ္စည်းကိုလ၊ သိမ်းဆည်းရကျန်မူ၊ ခံယူထိုက်စေသား။
၅–ဘဝခြားလေတဲ့၊ နှစ်ပါး ဖေ မေယူဖို့၊ ပေးလူကာ ချရေစက်ငယ်၊ ငါးချက်ကျင့်ရေး။ ။
ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊
ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ။

**ဥပဋ္ဌာနံ** နာမ ဘရဏကိစ္စကရဏကုလဝံသဋ္ဌပနာဒိ ပဋ္ဌဝိဓံ၊ တံ
ပါပနိဝါရဏာဒိပဋ္ဌဝိဓဒိဋ္ဌဓမ္မိကဟိတသုခဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ[၁၄၁]။

ဒိလို ကျေးဇူးကြီးမားလှတဲ့အတွက် မိဘတွေကို ကျေးဇူး ပြေလည်အောင် တုံ့ဆပ်နိုင်ရန်မှာ မလွယ်လှပါ၊ သားသမီးတွေက မိခင်ကို လက်ျာပခုံးပေါ်မှာထား, ဖခင်ကို လက်ဝဲပခုံးပေါ်မှာထားပြီး နှစ်ပေါင်းတရာကြာအောင် ပြုစုလုပ်ကျွေးမယ်, အမွှေးအကြိုင်လိမ်းကျံပေးခြင်း, နှိပ်နယ်ပေးခြင်း့ ရေချိုးပေးခြင်း, ခြေဆုပ်လက်နယ်ပြုပေးခြင်းတွေနဲ့ ပြုစုလုပ်ကျွေးမယ်, မိဘတွေကလဲ သားသမီးတွေရဲ့ ပခုံးပေါ်မှာပဲအညစ်အကြေးတွေစွန့်မယ်–အဲဒိလို ပြုစုလုပ်ကျွေးပေမယ့် မိဘတွေရဲ့ကျေးဇူးကို ကျေအောင် မဆပ်နိုင်သေးပါဘူး။

သဒ္ဓါတရားမရှိတဲ့မိဘကို သဒ္ဓါတရားရှိလာအောင်, သိလမရှိတဲ့မိဘကို သိလပြည့်စုံလာအောင်, မပေးမလှူလို ဝန်တိုမစ္ဆရိယရှိတဲ့ မိဘကို စွန့်ကြဲပေးကမ်း လှူဒါန်းမှုနဲ့ ပြည်စုံလာအောင်, ပညာမရှိတဲ့မိဘကို ပညာနဲ့ ပြည့်စုံလာအောင် ပြုလုပ်ပေးနိုင်မှသာ မိဘတွေရဲ့အပေါ်မှာ ကျေးဇူး ကျေအောင် ပြန်လည်တုံ့ဆပ်ရာ ရောက်ပါတယ် [၁၄၉]။

**ပုတ္တောဝါဒပျို့လာ ဆုံးမစာ။ ။ နှစ်သိန်းလေးသောင်း၊ ပေါင်းသည် ဤမြေ၊ ထူးထူးထွေလည်း၊**
**စိမ်းရှေထွားထွား၊ ဝါးရွက်လားသို့။---ကျယ်များ စကြဝဋ္ဌာ၊ ကြီးဇရာလည်း၊ အပ်မှာနဖါး၊**
**ထွင်း၏လားနှင့်။----မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာပြ၏။---**
**နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဖောင်ဖောင်နှင့်၊ ထဲချောင်သမုဒ္ဒရာ၊**
**ရေများစွာလည်း၊ ပမာ မလောက်၊ မိုးရေပေါက်သို့။---အံ့လောက်စရာ၊ မိ–မာတာနှင့်၊**
**ပိတာအဖ၊ မြတ်ဝုဏအား၊ ဆပ်ငြားပါလို၊ မိကို လက်ျာ၊ ဖမှာ လက်ဝဲ၊ အမြဲထမ်းလျက်၊**

---

[၁၄၀] ခုဒ္ဒကပါဌအဋ္ဌကထာ၊ ၁၁၅။ သုတ္တနိပါတအဋ္ဌကထာ၊ ၂၊ ၂၁။

[၁၄၉] အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် သမစိတ္တဝဂ်၊ ၆၃ (အံ၊ ၁၊ ၆၃)။

ပခုံးထက်တွင်၊ သို့စဉ် နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးက ပြုဘူး၊ မွေးကျေးဇူးကို၊ အထူး မြဲခိုင်၊ မဆပ်နိုင်တည့်။

မကောင်းမိဘ၊ မွေမတည်၊ မကြည် မညို၊ ဝန်တိုမိစ္ဆာ၊ ပါဏာတိပါတ်၊ သတ်ခတ်လုယူ၊ မဖြူနှလုံး၊ မသုံးသီလ၊ ဒါနမပွါး၊ မသွား ကျောင်းကန်၊ ဟုတ်လှမှန်သား၊ မိဘ အားကို၊ တရားစောင့်စောင့်၊ တော်ဖြောင့်လှစွာ၊ မိစ္ဆာမဖောက်၊ မသောက်သေစာ၊ ပါဏာသတ်သက်၊ ခိုးဝှက်ယူမှု၊ ဤငါးခုကို၊ မပြုနှင့်ဗျာ၊ လူဒါ မပြတ်၊ ပိဏ္ဍပါတ်လည်း၊ မလပ်နေ့တိုင်း၊ မရိုင်း ကျောင်းကန်၊ အမှန်သွားသွား၊ တရားနာနာ၊ ရတနာသုံးဦး၊ မပြတ်ဖူး၍၊ ကြည်နူးလှစေ၊ ညောင်ရေလည်းသွန်း၊ ဆီမီးထွန်းလျက်၊ ဆွမ်းကွမ်း လဘက်၊ ရေစက်ချချ၊ လူဒါနနှင့်၊ သီလ ဥပုသ်၊ ကိုယ် နှုတ် နှလုံး၊ စောင့်သုံးကြပါ၊ မိမာတာတို့၊ ဤသို့ဆိုတတ်၊ ထိုသားမြတ်သည်။ ။ ဆတ်ဆတ်[၁၅] ကျေးဇူး မိုး၏တည်း။

ဘဝဂ်နှံ့ကျော်၊ သုံးလူ့ဘော်၏၊ မိန့်တော်မူထ၊ သာသနာ့ကို၊ ကြည်လှစိတ်သန်၊ ထွင့်နိဗ္ဗာန်သို့၊ အမှန်ရောက်လို၊ မိမိကိုယ်ကို၊ ကြည်ညိုသမှု၊ ရှင်ပြုကုန်ကြ၊ ပဥ္စင်းကကို၊ ရကြမထေရ်၊ ဤခါသည်မှ၊ ထူးလည်အောင်မျှို့၊ ငယ်ကစို့သည့်၊ ရင်နို့ရည်ဖိုး၊ ကြိုး၍ဆပ်ပေ၊ ပိုင်လေသသူ၊ ချင့်တွက်ယူက၊ မတူဖက်ရှား၊ မြတ်ဘုရားလျက်၊ ရွှေနှုတ်မြွက်၍၊ နှစ်သက်သမှု၊ သာခုစကား၊ သုံးကြိမ်ကြား၏၊ ဘုရားသာသနာ၊ ယခုခါလည်း၊ ကြိုပါသည်ကြိုး၊ မိနို့ဖိုးကို။ ။ ကြိုး၍ညီထွေး-ဆပ်လေလော့။

(၁၃) **ပုတ္တဒါရဿ သင်္ဂဟော။** ။ **ပုတ္တ**-သဒ္ဒါက သားကိုသာ ပြောဆိုလေ့ရှိပေမယ့် ဒီ ပုတ္တဒါရဿ-မှာ တော့ **ပုတ္တ**-သဒ္ဒါက သားသမီး ၂မျိုးလုံးကို ဆိုလိုကြောင့် အဋ္ဌကထာများ[၁၅]၌ ဖွင့်ထားကြပါတယ်။

မိမိမှ ဖြစ်ပွါးလာတဲ့ သားသမီးများကို ချီးမြှောက်ခြင်း မျက်မှောက်ဘဝမှာ ချမ်းသာခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာမည်ပါတယ်။ ဒီ သားသမီးများကို ချီးမြှောက်ခြင်း-ဆိုတာ မိဘတွေ ရဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်းပင် ဖြစ်ပါတယ်။

**မိဘဝတ် ၅-ပါး**

(၁) မကောင်းမှုမှ တားမြစ်ခြင်း၊

---

[၁] **ဆတ်ဆတ်** *adv* really, actually, definitely (MYANMAR-ENGLISH DICTIONARY, 142)

[၂] **ပုတ္တဒါရဿာ**တိ ဇတ္တ အတ္တတော ဇာတာ ပုတ္တာပိ ဓိတရောပိ **ပုတ္တာ** ဣစ္စေဝ သချိ ဂစ္ဆန္တိ။ (ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ်အဖွင့်၊ [illegible] သုတ္တနိပါတအဋ္ဌကထာ၊ ၂။ မင်္ဂလသုတ်အဖွင့်၊ ၂၁။)

(၂) ကောင်းရာကို ညွှန်ကြားခြင်း၊
(၃) အတတ်ပညာ သင်စေခြင်း၊
(၄) သင့်တော်တဲ့အခါ ဥစ္စာပေးကမ်းခြင်း၊
(၅) အရွယ်ရောက်တဲ့အခါ လက်ထပ်ပေးခြင်း-----

ဒီ ၅-ပါးဟာ မိဘတွေရဲ့ ဝတ္တရားများ ဖြစ်ပါတယ်။

မိဘတွေက ကိုယ့်သားကိုယ့်သမီးတွေကို မကောင်းတာကို မလုပ်မိအောင် တားမြစ်ထားကြရတယ်, ကောင်းတာကိုလုပ်အောင် ညွှန်ကြားနေကြရတယ်, အတတ်ပညာကို တတ်မြောက်အောင် သင်ယူစေကြရမယ်-ဆိုရင် အဲဒီသားသမီးတွေဟာ သားကောင်း သမီးကောင်းတွေ ဖြစ်လာနိုင်ကြပါတယ်။ အဲဒီ ဝတ္တရား ၃-ပါးက သားကောင်း သမီးကောင်းဖြစ်ရေးမှာ အလွန်အရေးကြီးလှပါတယ်၊ သားကောင်း သမီးကောင်းတွေ ကြီးပြင်းလာရင် လူတော်လူကောင်းတွေ ဖြစ်လာနိုင်ကြပါတယ်၊ လူတော်လူကောင်းများလာရင် မိမိတို့တိုင်းပြည်နဲ့လူမျိုးကို တိုးတက်ကြီးပွါးအောင် ဆောင်ရွက်နိုင်ကြပါမယ်။

**မဟာဓနသူဌေးသား ဇနီးမောင်နှံ**[၁၅]။ ။ မိဘတွေရဲ့အယူအဆလွဲမှားမှုနဲ့ ဝတ္တရားမကျေပွန်မှုအတွက် သားသမီးတွေ ဆင်းရဲဒုက္ခရောက်ခဲ့ကြပုံအကြောင်း မဟာဓနသူဌေးဇနီးမောင်နှံဝတ္ထုကို သတိပြုသင့်ကြပါတယ်။

ရှေးက ဗာရာဏသိမြို့မှာ သူဌေးသားတယောက်ရဲ့မိဘများဟာ ကုဋ္ဌေရှစ်ဆယ် ကြွယ်ဝချမ်းသာကြတယ်၊ ဒီမိဘတွေက "ငါတို့မှာ ပစ္စည်းတွေ အများကြီးပဲ၊ ငါတို့သားဟာ အလုပ်လုပ်ဖို့မလို၊ အလိုရှိသလို စည်းစိမ်ခံစားလိမ့်မယ်"လို့ ကြံတွေးပြီး အက, အဆို, အတိး အမှုတ်တွေကိုသာ သင်စေခဲ့ကြပါတယ်၊ အဲဒီမြို့မှာပဲ အခြားကုဋ္ဌေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးမိဘတွေကလဲ မိမိတို့သမီးကို အတတ်ပညာမသင်စေပဲ အဆိုအက အတိးအမှုတ်တွေကိုသာ သင်စေခဲ့ကြပါတယ်၊ အရွယ်ရောက်တဲ့အခါ မိဘတွေက အဲဒီ သူဌေးသားနဲ့ သူဌေးသမီးကို လက်ထပ်ပေးပြီး ကွယ်လွန်ခဲ့ကြပါတယ်။

တချိန်မှာ အဲဒီသူဌေးသားဟာ အရက်သမားများနဲ့ ပေါင်းမိပြီး နေ့စဉ်နေ့တိုင်း အရက်ဝိုင်းဖြင့်သာ အချိန်ကုန်ခဲ့တယ်၊ နောက်ဆုံး ရှိသမျှဥစ္စာတွေ သုံးဖြုန်းကုန်ကာ ဇနီးမောင်နှံနှစ်ဦးလုံး သူတကာရဲ့ အိမ်နံရံကိုမှိလျက် ခွက်လက်စွဲကာ တောင်းစားရတဲ့ အခြေသို့ ရောက်ကြရရှာတယ်။

---

[၁၅] ဓမ္မပဒ၊ ၄၊ ၂၊ မဟာဓနသေဋ္ဌိပုတ္တဝတ္ထု၊ ၈၁-၈၂။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ဒိဇနီးမောင်နှံဟာ စီးပွါးရေးကို ကြိုးစားရင် ပဌမတန်းသူဌေးဖြစ်နိုင်တယ်, တရားရှာရင်လဲ မဂ်ဖိုလ်ရနိုင်လောက်အောင် အခြေခံကောင်းကြသူများဖြစ်တယ်၊ အဲဒီလို အခြေခံကောင်းကြပါလျက် လူဖြစ်ရှုံးရသည်မှာ နစ်နာလှပါတယ်။ သူတို့မိဘတွေက သားသမီးအပေါ်မှာ ဝတ်တရားကျေပွန်စွာ ဆုံးမပဲ့ပြင် ပညာသင်စေခဲ့ရင် ဒိဇနီးမောင်နှံမှာ အဲဒီလောက် နစ်နာဆုံးရှုံးမှု မဖြစ်တန်ရာ၊ မိဘတွေ အချစ်မတတ်တဲ့အတွက် အရှုံးကြီး ရှုံးကြရရှာတယ်။

> မောင်ငယ်ရင်သွေး၊ နာဘိလေးလော့၊ "ရှေးသရောအခါ၊ ပြည်ဗာရာဝယ်၊ ကုမ္ပေကြွယ်သား၊ သူဌေးအားလျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍ တစေ၊ အိမ်မှာနေ၍၊ စာပေမကျ၊ မိဘစုတေ့၊ ခန္ဓာရွှေသော်၊ အရှေ့ အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါငြား၊ သူဌေးသားသည်၊ ဆိုထားမတတ်၊ အရပ်ရပ်၌၊ နှံ့အပ်ဥစ္စာ၊ ရှိသည်ငှာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊ ယူ၍ ပြေးရှောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်းကြေလျက်၊ ခွက်လက်စွဲကာ၊ တောင်းစားပါလည်း၊ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်၊ ကောင်သေ လင်းတ ကျင်းတည်း[၁၅၃]။

**အနာထပိဏ်သူဌေးသား မောင်ကာလ[၁၅၄]။** ။ သားသမီးကို ချီးမြှောက်ရာမှာ အနာထပိဏ် သူဌေးကြီးရဲ့ နမူနာယူသင့်တယ်၊ ရတနာသုံးပါးကို အလွန်ကြည်ညိုတဲ့ သူဌေးကြီးရဲ့ သားဖြစ်ပါလျက် မောင်ကာလဟာ ဘုရားထံမသွား, တရားမနာ, သံဃာ့ဝေယျာဝစ္စမပြု၊ ဘခင်သူဌေးကြီးက ပြောပေမယ့် မနာခံ၊ တနေ့မှာ သူဌေးကြီး အကြံရပြီး "ချစ်သား, မင်း ဥပုသ်စောင့်ပြီး ကျောင်းသွား တရားနာပါ၊ မင်းကို ငွေတရာပေးမယ်"လို့ ပြောပါတယ်၊ ငွေလိုချင်တဲ့ မောင်ကာလဟာ ဥပုသ်စောင့်ပြီး ကျောင်းသွာကာ တရားမနာပဲ တော်ရာမှာအိပ်လျက် စောစော အိမ်ပြန်လာတယ်၊ အိမ်ရောက်တဲ့အခါ ယာဂုထမင်းကျွေးပေမယ့်မစားသေးပဲ ငွေတရာလက်ထဲရပြီးမှ ထမင်းစားတယ်။ နောက်တနေ့မှာတော့ "ချစ်သား, မင်း--ဘုရားထံမှ တရားတပုဒ် မှတ်မိအောင်နာခဲ့၊ ငွေတထောင်ပေးမယ်" လို့ ပြောဆိုလွှတ်လိုက်ပြန်တယ်။ မောင်ကာလဟာ ဘုရားထံမှ တရားတပုဒ်ရရင် အိမ်ပြေးမယ်အကြံနဲ့ နာပေမယ့် နာရင်းနာရင်း တရားသဘောကျကာ သောတာပန် ဖြစ်သွားပါတယ်။ သူဌေးကြီးရဲ့ သားချီးမြှောက်ပုံဟာ အကောင်းဆုံး ချီးမြှောက်ခြင်းပါပဲ။

---

[၁၅၃] ဆားတုံးဆရာတော်ရေး ပုတ္တောဝါဒ ဆုံးမစာ၊ နှမက မောင်ကို ဆုံးမခန်း၊ အပိုဒ် ၁၄။

[၁၅၄] ဝမ္မပ၊ မ္ဌ ။ အနာထပိဏ္ဍိကပုတ္တကာလဝတ္တု၊ ၁၂၃-၁၂၄။

**သာလိကေဒါရဇာတ်။** ။ မိဘကို လုပ်ကျွေးခြင်း, သားသမီးကို ချီးမြှောက်ခြင်းမှာ လူ့လောကတွင် မပြုမနေရ လုပ်ဆောင်ရမယ့် တာဝန်ဖြစ်ပါတယ်၊ ဒီတာဝန်ကို ကျေပွန်သူဟာ လူ့အဆင့်အတန်းမှီပြီး လူဖြစ်ကျိုးနပ်သူ, လောကအလယ် တင့်တယ်သူတယောက်ဖြစ်ပါတယ်။ **"ကြွေးဟောင်းဆပ်ပေး, ကြွေးသစ်ချလေ, ရွှေအိုးမြှပ်နှံ"**လို့ ဆိုရိုးစကားရှိပါတယ်၊ ဒီစကားက လောကအလယ် တင့်တယ်သူ တယောက်ရဲ့တာဝန်ကျေမှုကို ဖော်ပြပါတယ်။

ဒီဆိုရိုးစကားမှာ ပကိဏ္ဏကနိပါတ် သာလိကေဒါရဇာတ်တော် (ဇာတက၊ ၁၊ ၂၇၆-၂၇၇)လာ အရ ဖြစ်ပါတယ်၊ ရာဇဂြိုဟ်မြို့အနီး သာလိဒ္ဒိယပဏ္ဍားရွာမှာ ကောသိယဂေါတ္တအမည်ရှိတဲ့ ပုဏ္ဏား ဟာ မိမိပိုင် လယ်အများအပြားမှ လယ်တချို့ကို အခန့် အခြားလူတယောက်အား လုပ်ခိုင်းပါတယ်၊ အဲဒီလယ်ကို ကျေးငှက်များလာစားကြရာတွင် ကျေးငှက်များအနက် ကျေးသားတကောင်ဟာ စားရုံသာမက သလေးစပါးနှံများကို ချိုယူသွားတတ်ပါတယ်၊ လယ်လုပ်သားဟာ မတားနိုင်ရှိတဲ့အခါ အဲဒီ စပါးများအတွက် လျော်ကြေးပေးရမယ့်အရေး တွေးတောပူပန်ပြီး လယ်ရှင်ပဏ္ဏားထံ သွားရောက် အကြောင်းကြားပါတယ်၊ လယ်ရှင်က သလေးနှံများ ချိုယူသွားတဲ့ ကျေးသားကို ကျော့ကွင်းထောင် ဖမ်းရန် အကြံပြုပြောဆိုပါတယ်၊ လယ်လုပ်သားလဲ လယ်ရှင်ပဏ္ဏားအကြံပေးတဲ့အတိုင်း ကျော့ကွင်း ထောင်ဖမ်းရာ အဲဒီကျေးသားကို ဖမ်းမိပြီး ပဏ္ဏားထံပို့ပါတယ်။

လယ်ရှင်ပဏ္ဏားက အဲဒီကျေးသားကို--**"အို...ကျေးသား, သူများမှာလဲ ဝမ်းဗိုက်ရှိ သည်သာ မဟုတ်ပါလော? သင်က စပါးနှံတွေ သယ်သွားတာက သင့်ဝမ်းပိုက် ပိုကြီးပါသလော? သင့်မှာ စပါး ကျည်များရှိပါသလော? သို့မဟုတ် ကျွန်ုပ်နဲ့ ရန်ဖက်ဖြစ်၍လော?"**လို့ မေးပါတယ်၊ ကျေးသားက **"အရှင်...ကျွန်ုပ်မှာ ကျီလဲ မရှိပါ၊ အရှင့်ကို ရန်လိုလို့လဲ မဟုတ်ပါ၊ ကျွန်ုပ်မှာ ကြွေးဟောင်းဆပ်ပေး, ကြွေးသစ်ချနှင်း, ရွှေအိုးမြှုပ်ခြင်းများဖြစ်ပါတယ်"**လို့ ကျေးသားက ပြောပါတယ်၊ ပဏ္ဏားက "ကြွေး ဟောင်းဆပ်ခြင်း, ကြွေးသစ်ချခြင်း, ရွှေအိုးမြှုပ်ခြင်းများရဲ့ အဓိပ္ပါယ်ကို မေးပါတယ်။

**"အရှင်...ကျွန်ုပ်ရဲ့ အတောင်မပေါက်သေးတဲ့ သားသမီးငယ်လေးများကို ကျွေးရသည်မှာ** သူတို့က နောင်ပြန်ကျွေးရမယ်ဖြစ်တဲ့အတွက် 'ကြွေးသစ်ချခြင်း'မည်ပါတယ်၊ အိုမင်းမစွမ်းတဲ့ မိဘ တွေကို ကျွေးမွေးရသည်မှာ သူတို့ကျွေးခဲ့ဘူးတဲ့ ကြွေးဟောင်းကို ဆပ်ခြင်းဖြစ်ပါတယ်၊ အားနည်းပြီး မပျံရွာနိုင်, အစာမရှာနိုင်တဲ့ ကျေးငှက်အိုများကို ကုသိုလ်လိုတဲ့အတွက် ကျွေးရသည်မှာ 'ရွှေအိုးမြှုပ် ခြင်း' ဖြစ်ပါတယ်"လို့ ရှင်းပြပါတယ်။

လယ်ရှင်ပုဏ္ဏားဟာ **"အလွန်တရားရှိတဲ့ ကျေးသားပါတကား၊ အချို့လူတွေမှာတောင် ဒီတရား ဒီစိတ်ထား မျိုးမရှိ"** လို့ စဉ်းစားလျက် အားရကျေနပ်လှတဲ့အတွက် ကျေးသားအား အလိုရှိသလို စားသောက်ယူငင်ရန် ပယ် [1] တထောင်မျှ လယ်ခင်းကို ကျေးသားအား အပ်နှင်းပါတယ်၊ ကျေးသားက လယ်ရှစ်ပယ်ကိုသာ ယူပါတယ်၊ ကျေးသားက **"အလွှဒါနပြုရန်, မိဘတို့အား လုပ်ကျွေးပြုစုရန်"** တရားဟောပါတယ်၊ ပုဏ္ဏားလဲ ကျေးသားဟောတဲ့တရားအတိုင်းလိုက်နာပြီး တရားစောင့်တဲ့ ရဟန်းပုဏ္ဏားများအား အလွှဒါန အကြီးအကျယ် ပြုလုပ်ပါတော့တယ်။

**လောကမွေတာ၊ လူ့တံထွာဖြင့်၊ နောင်ခါထို့တူ၊ မွေးစိမ့်ဟူ၍၊ မှတ်ယူသောအား၊**
**သမီးသားကို၊ ဝတ်စားဆင်ယင်၊ သုတ်သင်လုပ်ကျွေး၊ ပြုစုမွေးကား၊ ကြွေးသစ်ချသည်၊**
**သဘောမည်၏။ ရွှင်ကြည်အထူး၊ မွေးခဲ့ဘူးသည့်၊ ကျေးဇူးသင်၊ မွေးမိခင်နှင့်၊ ဘခင်တို့အား၊**
**ခစားမကင်း၊ လုပ်ကျွေးခြင်းမူ၊ မယွင်းပညပ်၊ ကြွေးဟောင်းဆပ်တည့်။ တရပ်ထိုမှ၊**
**သမဏာဗြာဟ္မဏာ၊ ယာစကာအား၊ သဒ္ဓါကြည်ဖြူ၊ ပေးလှူသည်မှာ၊ သံသရာဝယ်၊**
**လိုရာမည်း၊ သုံးရန်မျိုးဖြင့်၊ ရွှေအိုးမြှုပ်သည်၊ မည် လတ်ရောင်း၏။ ကြွေးဟောင်းဆပ်လစ်၊**
**ကြွေးသစ်ချခြင်း၊ မြေတွင်နှံရိုး၊ သူမခိုးနိုင်၊ ရွှေအိုးမြှုပ်ထား၊ ဤကိစ္စနှင့်၊ သောကဆယ်မျိုး၊**
**နောင်မစိုးအောင်၊ သတိုးသက်ဝေ၊ ကျင့်တတ်စေလော့။** (မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပတ္တောဝါဒခဏ်း၊ အပိုဒ် ၃၂၁၊ နှာ ၂၅၀–၂၅၁။)

**သားသမီးငယ်သေး၊ ကိုယ်ကကျွေး၊ မည်ပေးခေါ်ကြ ကြွေးသစ်ချ။**
**မိဘနှစ်ပါး၊ ကျွေးမွေးငြား၊ ပြန်ကာဆပ်ကြ ကြွေးဟောင်းပ။**
**အခြားရှင်လူ၊ ပေးကျွေးမူ၊ မှတ်ယူမြှုပ်ထ ရွှေအိုးပ။**
**ကေဒါရဇာတ်၊ ထုံးကိုမှတ်၊ လိုက်အပ်ဖွယ်ပ သူငါက။**
**(ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ၊ ၅၄၁–၅၄၂။)**

---

[1] ပဒိ= one unit of land measure equivalent to 1 75 acre (မြန်မာ–အင်္ဂလိပ် အဘိဓာန်၊ ၂၈၀)။

**သားသမီး သုံးမျိုး၊ ကျမ်းဂန်ကိုး၊ ဆိုရိုး ဣတိဝုတ်**[၁၅၆]။ ။ မိဘကောင်းတွေက စောင့်ရှောက်, ချီးမြှောက်တိုင်း သားကောင်း သမီးကောင်းတွေချည်းဖြစ်လာမယ်-လို့တော့ မပြောနိုင်ပါ၊ ဒီနေရာမှာ သားသမီးတွေနဲ့ ပတ်သက်၍ မှတ်စရာကတော့-----

(၁) **အတိဇာတပုတ္တ**-မိဘတွေထက် လွန်မြတ်တဲ့ သားသမီး၊

(၂) **အနုဇာတပုတ္တ**-မိဘတွေနဲ့ တန်းတူဖြစ်တဲ့ သားသမီး၊

(၃) **အဝဇာတပုတ္တ**-မိဘတွေအောက် ယုတ်ညံ့တဲ့ သားသမီး-

လို့ ဘုရားရှင်က သားသမီး ၃-မျိုး ခွဲပြဟောထားတော်မူခဲ့ပါတယ်၊ ဒီဘုရားရှင်ရဲ့ ဟောတော်မူချက်အရ မိဘတွေထက် ကောင်းတဲ့ တော်တဲ့ သားသမီးတွေလဲ ပေါ်လာတတ်ပါတယ်၊ မိဘတွေနဲ့ တန်းတူဖြစ်တဲ့ သားသမီးတွေလဲ ရှိတတ်ပါတယ်၊ မိဘတွေအောက် ယုတ်ညံ့တဲ့ သားသမီးတွေလဲ ဖြစ်တတ်ပါတယ်၊ အဲဒီ သားသမီး ၃-မျိုးထဲက မိဘထက်တော်တဲ့ ကောင်းတဲ့ သားသမီးနဲ့ မိဘနဲ့တန်းတူဖြစ်တဲ့ သားသမီးတွေကိုတော့ မိကောင်းဖခင် သားသမီး-လို့ ဆိုနိုင်ပါတယ်၊ မိဘအောက် ယုတ်ညံ့တဲ့ သားသမီးကိုတော့ အမျိုးကိုဖျက်ဆီးတတ်တဲ့အတွက် မိကောင်းဖခင် သားသမီး-လို့ မဆိုနိုင်ပါဘူး။

**သား ၃-သား**[၁၅၇]။ ။ ဤသို့ပမာ၊ ပညာယူငင်၊ လူတို့တွင်လည်း၊ အကြင်သားကို၊ တတ်စေလို၍၊ ပျိုရွယ်ကာလ၊ စာချစိမ့်ငှါ၊ မြတ်ဆရာသို့၊ အပ်ကြမြို့လော့၊ သားတို့ပညာ၊ ရှိသောခါလျှင်၊ ဆရာမက၊ မိနှင့်ဘကို၊ သဂ္ဂနတ်ပြည်၊ တင်ဖူးသည်ကို၊ နားလည်ကြပါ၊ ဒါယကာတို့၊ ထိုသို့မဟုတ်၊ သား တည့်ယုတ်မူ၊ ဆုတ်သည်လူလား၊ ပုံမပြားတည့်။ သားကား သုံးယောက်၊ ခုမျက်မှောက်တွင်၊ ရှိသည်ပင်တည့်၊ မိနှင့်အဘ၊ ကျင့်သမျှကို၊ ကျင့်ကြသမှု၊ အနုဇာတ၊ မည်ရတွင်မြောက်၊ သားတစ်ယောက်တည့်။ တစ်ယောက်မှာကား၊ မိဘများထက်၊ ထက်သည့်ပညာ၊ အကျင့်သာသည်၊ လွန် စွာဖြစ်ဘီ၊ အတိဇာတ၊ မည်ရတွင်မြောက်၊ သားတစ်ယောက်တည့်။ မိဘအောက်ဆုတ်၊ ယုတ်သည့်အကျင့်၊ ရှိလင့်တန်က၊ သမုတ်ကြသည်၊ အဝဇာတ၊ မည်ရတွင်မြောက်၊ သားတစ်ယောက် တည့်။ သုံးယောက်သားတွင်၊ မိနှင့်ဘအား၊ တူကြမည့်သား၊ လွန်ပင်ရှား၍၊ မိဘများထက်၊ ထက်မြက်လိမ္မာ၊ အကျင့်သာငြား၊ ဆိုသည့်သားမူ၊ လူတွင်ခပဲ၊ လွန်ဖြစ်ခဲ၏။ ဝမ်းထဲပိုက်ကြ၊

---

[၁၅၆] ခု၊ ၁၊ ဣတိဝုတ္တက၊ တိကနိပါတ်၊ ပုတ္တသုတ်၊ ၂၃၇-၂၃၉။

[၁၅၇] ဆားတုံးဆရာတော်၏ ပုတ္တောဝါဒ ဆုံးမစာ၊ အပိုဒ် ၃၆၊ ဆုံးမစာပေါင်းချုပ်ကြီး၊ ၂၉၁။

နှလုံးမျှလော့၊ မိဘအောက်ယုတ်၊ ဆုတ်သည့်သားများ။ လူတလွှားအား။ ပမာကြားစိမ့်၊ တောဗျားမြိုင်ဝယ်၊ သစ်ပင်နှယ်တည့်၊ အနှစ်ရှိလည်း၊ ကြီးဘိသစ်ပင်၊ နှစ်မဲ့ချင်၏၊ သစ်ပင်ကြီးငယ်၊ တောလုံးဝယ်လည်း၊ အကယ်အနှစ်၊ မရှိဖြစ်ခဲ့၊ သစ်ပင်ကြီးက၊ အာဒီစ၍၊ ရုံထသစ်ပင်၊ ထက်ဝန်း ကျင်လည်း၊ ကာလျှင်မပါ၊ အနှစ်သာနှင့်၊ အရာထူပြော၊ ဤလေးတောသို့၊ ရှင်စောဘုရား။ ပမာထား၍၊ ဟောကြားမိန့်မှာ၊ ပညာဆင်ခြင်၊ လူတို့တွင်လည်း၊ ဖခင်မွေးမိ၊ တရားသိ၍၊ ရှိသည့်အချင့်၊ သားကမြင့်၍၊ တင့်တင့်တယ်တယ်၊ လူ့ပြည်ဝယ်၌။ ။ စင်ကြယ်သန့်ရှင်း စေဇ်တည်း။

**တောဗျားမြိုင်ဝယ်၊ သစ်ပင်နှယ်တည့်**–စတဲ့ကဗျာလာရဲ့ မူရင်းကျမ်းဂန်များက အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် တတိယပဏ္ဏာသက ဝလာဟကဝဂ် ရက္ခသုတ် (အံ၊ ၁၊ ၄၂၄–၄၂၅)နဲ့ အဘိဓမ္မပိဋကပုဂ္ဂလပညတ် စတုက္ကပုဂ္ဂလပညတ် (အဘိ၊ ၄၊ ၁၆၁)တို့မှာပါတဲ့ သစ်ပင် ၄–မျိုး ဥပမာထားကာ ပုဂ္ဂိုလ် ၄–ပါးကို ပြပါတယ်----

(၁) မိမိကိုယ်တိုင် သီလမရှိပေမယ့် သီလရှိတဲ့ပရိသတ်အခြံအရံရှိသူဟာ မိမိကိုယ်တိုင် အနှစ်မရှိ, အကာအတိုဖြစ်ပေမယ့် အနှစ်ရှိတဲ့ သစ်ပင်များက ဝိုင်းရံလျက်ရှိတဲ့ တောစိုး သစ်ပင်ကြီးနဲ့ တူပါတယ်။

(၂) မိမိကိုယ်တိုင် သီလရှိပေမယ့် သီလမရှိတဲ့ပရိသတ်အခြံအရံရှိသူဟာ မိမိကိုယ်တိုင်က အနှစ်ရှိပေမယ့် အနှစ်မရှိ အကာအတိုဖြစ်တဲ့ သစ်ပင်တွေဝိုင်းရံနေတဲ့ တောစိုးသစ်ပင်ကြီးနဲ့ တူပါတယ်။

(၃) မိမိကိုယ်တိုင်ကလဲ သီလမရှိ, မိမိရဲ့ပရိသတ်အခြံအရံကလဲ သီလမရှိသူဟာ မိမိကိုယ် တိုင်ကလဲ အနှစ်မရှိ, အကာအတိုပြီးတဲ့ သစ်ပင်တွေ ဝိုင်းရံနေတဲ့ တောစိုးသစ်ပင်ကြီးနဲ့တူပါ တယ်။

(၄) မိမိကိုယ်တိုင်ကလဲ သီလရှိ, သီလရှိတဲ့ ပရိသတ်အခြံအရံရှိသူကတော့ မိမိကိုယ်တိုင် လဲ အနှစ်ရှိပြီး, အနှစ်ရှိတဲ့ သစ်ပင်တွေက ဝိုင်းရံနေတဲ့ တောစိုးသစ်ပင်ကြီးနဲ့ တူပါတယ်။

ဒီနေရာမှာ ပါဠိတော်, အဋ္ဌကထာများက မိဘနဲ့သားသမီးများကို သစ်ပင် ၄–မျိုးနဲ့ တိုက်ရိုက် နှိုင်းခိုင်းပြဆိုမထားပေမယ့် ဆားတုံးဆရာတော်က ကဗျာဖွဲ့သို ပြဆိုထားတာမို့ အဓိပ္ပါယ်ဖွင့်ဆိုရရင်–

(၁) မိဘက သီလမရှိပေမယ့် သားသမီးက သီလရှိရင် ပဌမတောစိုးသစ်ပင်နဲ့တူပါတယ်။

(၂) မိဘက သီလရှိလျက် သားသမီး သီလမရှိရင် ဒုတိယတောစိုးသစ်ပင်နဲ့တူပါတယ်။

(၃) မိဘရော သားသမီးပါ သိလမရှိရင်တော့ တတိယတောစိုးသစ်ပင်နဲ့တူပါတယ်။

(၄) မိဘရော သားသမီးပါ သိလရှိရင်တော့ စတုတ္ထတောစိုးသစ်ပင်နဲ့ တူပါတယ်။

ရုက္ခူပမေသု ရုက္ခော တာဝ **ဖေဂ္ဂုသာရပရိဝါရော**တိ ဝနဇေဋ္ဌကရုက္ခော သယံ ဖေဂ္ဂု ဟောတိ၊ ပရိဝါရရုက္ခာ ပနဿ သာရာ ဟောန္တိ။ ဣမိနာ နယေန သေသာ ဝေဒိတဗ္ဗာ။ ပုဂ္ဂလေသု ပန သိလသာရဝိရဟတော ဖေဂ္ဂုတာ, သိလာစာရသမန္ဓာဂမေန စ သာရတာ ဝေဒိတဗ္ဗာ။

(အဘိ၊ ၌၊ ၃၊ ပုဂ္ဂလပညတ္တိအဋ္ဌကထာ၊ ၇၉။)

**ဒါရဿ သင်္ဂဟော။** ။ မယားကို ချိးမြှောက်ခြင်း–ဆိုတာက မယားအပေါ်မှာပြုရမယ့် လင့်ဝတ္တရား များကို ကျေပွန်အောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်၊ အဲဒိဝတ္တရားတွေက-----

**လင့်ဝတ် ၅–ပါး**

(၁) အမြတ်တနိုး ခေါ်ဝေါ်ပြောဆိုရခြင်း၊

(၂) နှိမ့်ချပြီး မပြောဆိုရခြင်း၊

(၃) အခြားမိန်းမ မလိုက်စားရခြင်း၊

(၄) စည်းစိမ်ဥစ္စာ အစိုးရမှုကို အပ်နှင်းရခြင်း၊

(၅) ဝတ်စားတန်ဆာပေးရခြင်း–

လို့ မယားအပေါ်မှာ ပြုကျင့်ရမယ့် လင့်ဝတ်တရားငါးပါးဖြစ်ပါတယ်။

**အမြတ်တနိုးခေါ်ဝေါ်ပြောဆိုရခြင်း**–ဆိုတာက "ခင်ရေ, အချစ်ရေ" စတဲ့ ချစ်ဖွယ်သာယာ စကားမျိုး, သားသမီးထွန်းကားလာတဲ့အခါမှာတော့ "သားတို့အမေ, သမီးတို့အမေ"စတဲ့ ချစ်ဖွယ် သာယာ စကားမျိုးတွေနဲ့ ဂုဏ်တင်မြှောက်စား ခေါ်ဝေါ်ပြောဆိုခြင်းမျိုးပါပဲ။

**နှိမ့်ချပြီး မပြောဆိုရခြင်း**–ဆိုတာက "အစေခံ, အိမ်စေ, အလုပ်သမား"စတဲ့သူတွေကို မောင်းမဲနှိမ့်ချ ပြောဆိုသလို အထင်အမြင်သေးကာ အောက်တန်းချလျက် မပြောမဆိုရခြင်းမျိုး ဖြစ်ပါ တယ်။ လင်ရဲ့ အထင်အမြင်သေးခြင်းကိုခံရတဲ့မိန်းမကို အခြွေအရံ ပရိသတ်နဲ့ ဘေးပတ်ဝန်းကျင်ကပါ အထင်အမြင်သေးတတ်ကြပါတယ်။

**အခြားမိန်းမ မလိုက်စားရခြင်း**–ဆိုတာက မိမိရဲ့မယားကို ပစ်ပယ်ထားပြီး အခြားပြင်ပမိန်းမ နဲ့ အပျော်အပါး မလိုက်စားခြင်း, အငယ်အနှောင်းမထားရခြင်းကို ဆိုလိုပါတယ်။

**စည်းစိမ်ဥစ္စာအစိုးရမှုကို အပ်နှင်းရခြင်း**–ဆိုတာက မိန်းမတို့သဘာဝဟာ တန်ဖိုးကြိုးလှတဲ့ မဟာလတာ–လို အဆင်တန်ဆာမျိုးကိုရပေမယ့် မိုးဖိုချောင် ချက်ပြုတ်စိမံခန့်ခွဲမှုကိုမရရင် စိတ်ဆိုး

တတ်ပါတယ်၊ ယောက်မကိုလက်ထဲမှာ ထည့်ပေးပြီး "မင်းကြိုက်သလို စီမံပါတော့"လို့ မီးဖိုချောင်ကို အပ်နှင်းလိုက်ရင် စိုးရပိုင်ဆိုင်မှုအားလုံးကို အပ်နှင်းရာရောက်ပါတယ်၊ အဲဒီလို လွှဲအပ်ထားခြင်းမျိုး ဖြစ်ပါတယ်။

လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းစတဲ့ အလုပ်တွေကတော့ မယားရဲ့ တာဝန်မဟုတ်ပါဘူး၊ လင့် တာဝန်သာ ဖြစ်ပါတယ်၊ အဲဒီလုပ်ငန်းတွေက ရလာတဲ့ ပစ္စည်းဥစ္စာတွေကို မယားကပဲ ထိန်းသိမ်း စောင့်ရောက်ရပါမယ်၊ ဒါက ရှေးထုံးစဉ်လာတခု ဖြစ်ပါတယ်။

ယနေ့ခေတ်မှာတော့ လင်ရော မယားပါ အလုပ်လုပ်နေကြရတာမို့ အစစအရာရာ ညှိနှိုင်းထိန်းသိမ်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ဝတ်စားတန်ဆာပေးရခြင်း**–ဆိုတာက မယားဖြစ်သူ နှစ်သက်ကျေနပ်အောင် မိမိရဲ့ ပစ္စည်း အင်အားနဲ့ သင့်တော်တဲ့ ဝတ်စားတန်ဆာဆင်ယင်ပေးခြင်းမျိုးပါပဲ။

**၁–မြှောက်စား၍ ပြောဆို၊**

**၂–စကားမရိုသေတို့၊ မဆိုလေ နူးညံ့သုံးတယ်၊ မုန်းဖို့မလို။**

**၃–ဖောက်ပြန်ကင်းပါလို့၊ ၄–အပ်နှင်းကြ စည်းစိမ်ကို၊ မေမျှော်တို့စိတ်တိုင်း။**

**၅–ဝတ်စားဆင်ယင်ရ၊ ယောကျ်ားလင် ကျင့်ဝတ်များငယ်၊ ငါးခု စဉ်တိုင်း။။**

**မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိန္ဆာမမှား။ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။**

ဒီကြီးပွါးချမ်းသာရေးမင်္ဂလာ–ဆိုတာ ယောကျ်ားတွေအတွက်မျှသာ မဟုတ်ပဲ မိန်းမတွေအတွက်လဲ ဖြစ်ပါတယ်၊ မယားအား တာဝန်ကျပွန်အောင် စောင့်ရှောက်ချီးမြှောက်တတ်တဲ့ လင် ကောင်းတယောက်ရထားတဲ့ မိန်းမကလဲ မိမိရဲ့တာဝန်မလစ်ဟင်းရအောင် တုံ့ပြန်မှုကို ပြုမှသာ မယားကောင်းတယောက် ဖြစ်နိုင်ပါမယ်။

ဒီနေရာ မယားရဲ့တာဝန်တွေကိုလဲ သိထားသင့်ကြပါတယ်-----

**မယားဝတ် ၅–ပါး**

(၁) အိမ်တွင်းအလုပ်များကို ကောင်းစွာစီမံ လုပ်ဆောင်ရခြင်း၊

(၂) နှစ်ဖက်သော ဆွေမျိုးများကို ချီးမြှောက်ရခြင်း၊

(၃) အခြားယောကျ်ားနှင့် မဖောက်ပြားရခြင်း၊

(၄) ပစ္စည်းဥစ္စာကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရခြင်း၊

(၅) ချက်ရေး, ပြုတ်ရေးစတဲ့ ကိစ္စအားလုံးမှာ ကျွမ်းကျင်ပြီး မပျင်းမရိခြင်း----

ဒီ ၅-ပါးက လင့်အပေါ်မှာ ပြုကျင့်ရမယ့် မယားရဲ့တာဝန်တွေဖြစ်ပါတယ်။

**အိမ်တွင်းအလုပ်များကို ကောင်းစွာစီမံ လုပ်ဆောင်ရခြင်း**–ဆိုတာက စားသောက်ဖွယ်များကို ပြည့်စုံအောင် စီမံဆောင်ရွက်မှုဖြစ်ပါတယ်၊ ဒါက ခြုံပြီး သတ်မှတ်ချက်မျှသာ ဖြစ်ပါတယ်၊ ချက်ပြုတ်ရမယ့်အချိန်, သန့်ရှင်းရေးပြုလုပ်ရမယ့်အချိန်, ဖွပ်လျှော်ရမယ့်အချိန်, ချုပ်လုပ်ရမယ့်အချိန်-စတဲ့ သက်ဆိုင်ရာ အိမ်တွင်းမှုအလုပ်တွေကို စနစ်တကျ စီမံဆောင်ရွက်ခြင်းကို ဆိုလိုပါတယ်။

**နှစ်ဖက်သော ဆွေမျိုးများကို ချီးမြှောက်ရခြင်း**–ဆိုတာက လင့်ဖက်မှဆွေမျိုးနဲ့, မိမိဖက်မှ ဆွေမျိုး နှစ်ဖက်သောဆွေမျိုးတွေကို ချစ်ဖွယ်စကား ပြောဆိုခြင်း, အစာအာဟာရပေးခြင်း, လက်ဆောင်ပစ္စည်းပေး စတဲ့ ချီးမြှောက်ခြင်းကို ဆိုပါတယ်။

**အခြားယောကျ်ားနှင့် မဖောက်ပြားရခြင်း**–ဆိုတာက မိမိရဲ့ကာမပိုင်လင်ယောကျ်ားမှတပါး အခြားယောကျ်ားများကို စိတ်နဲ့တောင်မှ မတောင့်တရခြင်း-လို့ ဆိုလိုပါတယ်။

**ပစ္စည်းဥစ္စာကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရခြင်း**–ဆိုတာက လင်ယောကျ်ားဖြစ်သူက လယ်လုပ်, ကုန်သွယ်မှုစတဲ့ လုပ်ငန်းတွေကို ပြုလုပ်ပြီး ယူဆောင်ပေးအပ်လာတဲ့ ပစ္စည်းဥစ္စာကို အကျိုးမဲ့ သုံးဖြုန်းမပစ်ပဲ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ပြောတာပါ၊ **"စီးတဲ့ရေ ဆယ်တဲ့ကန်သင်း"** ဆိုတဲ့ ဆောင်ပုဒ်လိုပါပဲ။

**ချက်ရေး, ပြုတ်ရေးစတဲ့ ကိစ္စအားလုံးမှာ ကျွမ်းကျင်ပြီး မပျင်းမရိခြင်း**–ဆိုတာကတော့ အစာအာဟာရ ချက်ပြုတ်စိမ်မှုမှာ ကျွမ်းကျင်ရမယ်၊ လင်ယောကျ်ားနဲ့ပတ်သက်တဲ့ကိစ္စကြီးငယ်တွေ, သားသမီးတွေ, ခြွေရံပရိသတ်နဲ့ ပတ်သက်တဲ့ကိစ္စကြီးငယ်တွေမှာလဲ ကြိုးစားအားထုတ်ရမယ်၊ အချက်အပြုတ်ကစ ကိစ္စကြီးငယ်အဆုံးတို့ိ၌ မပျင်းရဘူး၊ အပျင်းမထူရဘူး-လို့ ဆိုလိုပါတယ်။

## လင်နှင့်မယား တွဲလေးပါး သင်ကား ဘယ်တွဲဝင်သနည်း?

အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဒုတိယပဏ္ဏာသက ပုညာဘိသန္ဒဝဂ် ပဌမသံဝါသသုတ် (၃၆၉) မှာ ဇနီးမောင်နှံ အတွဲလေးစုံကို ဟောတော်မူပါတယ်----

(၁) သူသေယောကျ်ားနှင့် သူသေမိန်းမ= လင်ကလဲ အကျင့်မကောင်း, မယားကလဲ အကျင့်မကောင်းတဲ့ အတွဲ၊ ဂုဏ်မတိုးတက် ဂုဏ်သေလျက်ရှိတဲ့အတွက် သူသေ-လို့ ဆိုရတယ်။

(၂) သူသေယောကျ်ားနှင့် မယားနတ်သမီး= လင်က သီလမရှိ, မယားက သီလရှိတဲ့ အတွဲ။

(၃) နတ်ယောကျ်ားနှင့် မယားသူသေ=လင်က သီလရှိပေမယ့် မယားက သီလမရှိတဲ့ အတွဲ။

(၄) နတ်ယောကျ်ားနှင့် မယားနတ်သမီး=နှစ်ဦးစလုံး သီလရှိကြတဲ့ အတွဲ။

လင်နဲ့မယား နှစ်ယောက်လုံးဟာ ဝတ်တရားတွေ ကျေပွန်ကြပြီး ကိုယ်ကျင့်သီလနဲ့ ပြည့်စုံကြရင် သူတို့ရဲ့အိမ်မှာ အမြဲတန်းသာယာလျက် ကျက်သရေရှိတဲ့ **"သီရိဧကဟာ"**ဖြစ်တော့တယ်။ အဲဒီလို ဇနီးမောင်နှံဟာ နတ်သား‌နဲ့ နတ်သမီး စုံဖက်ထားတဲ့ အတွဲ–လို့ ဆိုရတယ်။

**လူ့ရွာစိမ့်မီး၊ လူ့ဘုံကြီးသို့၊ နတ်သမီး နတ်သား။ ကဲ့အလားဖြင့်၊ စိတ်ထားမြတ်ခြင်း။**
**တူမျှလျှင်းသည်၊ ပေါင်းသင်းတဝ၊ ကောင်းလေစွတည်း။ ထိုမှတဖြာ၊ ကျင့်ယုတ်မာသား။**
**ကညာဒေဝီ၊ မကလ္လီ နှင့်၊ ကျင့်ညီဒေဝါ၊ သံဝါသာတည်း။ ယုတ်မာချင်းချင်း၊ ဆက်ဆံခြင်းကို၊**
**သတင်းမှတ်ပါ၊ တဌာနပင်၊ ဝသလ ဒေဝါ၊ နတ်မင်းစောနှင့်၊ နေ့ချောမြင့်မြတ်၊ ကံခွင့်စပ်၍၊**
**လက်ထက်တဖုံ၊ ထိုလေးစုံသည်၊ လူ့ဘုံ၌ဝယ်၊ ကြဲကြိုက်ဖွယ်ဟု၊ အကျယ်ဖွင့်ပြ၊ ယင်းခမ္မကား။**
**စတုက္က အဝိုတ္တိုရ်၊ ကျမ်း၌ ဆိုအံ၊ နကိုနှံ့မွေး။ မယ်ကမွေးတဲ့၊ ရင်သွေးနုနယ်၊ လှမျက်ခြယ်သည်၊**
**လေးသွယ်လေးဖြာ၊ သံဝါသာတိ၊ နှလုံးငြိလျက်၊ ဝိပရိဿေ၊ သတိဖွေသည်၊**
**ကောင်းစေစဉ်လျှောက် မြတ်ရာကောက်ဘွာ။**

**မယား ၇–မျိုး၊ ကောင်းအဆိုး၊ ဉာဏ်ကိုး ပြုပြင်ပါ**

အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ် ဘရိယာသုတ် (အံ၊ ၂၊ ၄၆၇–၄၆၈)နဲ့ ဇာတ်အဋ္ဌကထာ ဒုတိယအုပ် တိကနိပါတ် သုဇာတဇာတ်(ဇာတက၊ ၅၊ ၂၊ ၃၁၃–၃၁၅)တို့မှာ ဓနဥ္ဇယသူဌေးကြီးရဲ့သမီး, ဝိသာခါကျောင်းအမကြီးရဲ့ညီမ, အနာထပိဏ်သူဌေးကြီးရဲ့ချွေးမဖြစ်တဲ့ သုဇာတာဟာ မာန်ခက်ထန်တယ်၊ မောက်မာတယ်၊ အမျက်ဒေါသကြီးတယ်၊ နှုတ်ကြမ်းတယ်၊ ယောကျ်ားမဝတ်, လင်ဝတ်တရားတွေကိုလဲ မလုပ်ဘူး၊ အိမ်သူအိမ်သားတွေကိုလဲ ခြိမ်းချောက်တတ်တယ်, ရိုက်ပုတ်တတ်တယ်၊ ဒါ့ကြောင့် ဘုရားရှင်က သူမအား မယား ၇–မျိုးကို ဟောတော်မူခဲ့ပါတယ်-------

(၁) **လူသတ်သမား‌နှင့်တူသောမယား**–အခြားယောကျ်ားတွေအပေါ်မှာ တပ်မက်တဲ့စိတ် ရှိပြီး မိမိလင်အပေါ်မှာ ပြစ်မှားတဲ့စိတ်ရှိတယ်၊ မိမိလင်ရဲ့အကျိုးစီးပွါးမဲ့ကို အလိုရှိ

---

ဟုတ်ကဲ့ဆရာကော် ဦးလှဲ့ရေး စိတရောဝါဒ ဆုံးမစာ၊ အပိုဒ် ၂၂။

တယ်၊ ဥစ္စာဖြင့် ဝယ်ထားတဲ့ ကျွန်လို မထေမဲ့မြင်ပြုတယ်၊ အဝထင်သေးတယ်၊ လင်ကို သတ်ဖို့ ကြိုးစားတတ်တယ်၊ သေကြောင်းကြံတတ်တယ်။

(၂) **ခိုးသူနှင့်တူသောမယား**–လင်ရဲ့ အတတ်ပညာနဲ့ဖြစ်စေ, လယ်လုပ် ကုန်သွယ်မှုနဲ့ဖြစ်စေ ရလာတဲ့ ဥစ္စာကို အနဲငယ်မျှသော်လဲ ခိုးယူလို၏။

(၃) **အရှင်နှင့်တူသောမယား**–အိမ်မှုကိစ္စကို ပြုရန် အလိုမရှိ၊ ပျင်းရိတယ်၊ အစားကြူးတယ်၊ ကြမ်းကြုတ်တယ်၊ မကောင်းတဲ့စကားကို ပြောတတ်တယ်၊ ထထကြွကြွ လုပ်ဆောင်သူတွေကို နှိပ်စက် ပြောဆိုတတ်တယ်။

(၄) **အမိနှင့်တူသောမယား**–အမြဲတန်း လင်ရဲ့အကျိုးစီးပွါးကို အလိုရှိတယ်၊ အမိက သားကို စောင့်ရှောက်သလို လင်ကို စောင့်ရှောက်တယ်၊ လင်ရဲ့ ရှာဖွေဆည်းပူးတဲ့ ဥစ္စာကိုလဲ စောင့်ရှောက်တယ်။

(၅) **နှမနှင့်တူသောမယား**–အမ, နှမတွေဟာ မောင်ကို ဂိုဏေကြသလို မိမိလင်ကို ဂိုဏေတယ်၊ လင်ရဲ့အလိုကို လိုက်တတ်တယ်။

(၆) **အဆွေခင်ပွန်းနှင့်တူသောမယား**–လင်ကိုမြင်ရရင် ကြာမြင့်စွာကာလမှလာတဲ့ အဆွေခင်ပွန်းကို မြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သလို ဝမ်းသာတတ်တယ်၊ သိလနဲ့ ပြည့်စုံတယ်၊ လင်ကို မြတ်နိုးတယ်၊ လင်ကို လုပ်ကျွေးတတ်တယ်။

(၇) **ကျွန်မနှင့်တူသောမယား**–မိမိလင်က ပုတ်ခတ် ခြိမ်းချောက်စေကာမူ လင်အား အမျက်မထွက်, သည်းခံတတ်တယ်၊ လင်ရဲ့အလိုကို လိုက်တတ်တယ်။

အဲဒီ မယား ၇-မျိုးအနက် လူသတ်သမားနဲ့တူတဲ့မယား, ခိုးသူနဲ့တူတဲ့မယား, အရှင်နဲ့တူတဲ့မယားတွေဟာ သေပြီးတဲ့နောက်ဘဝမှာ ငရဲရောက်ကြရတယ်၊ အမိနဲ့တူတဲ့မယား, နှမနဲ့ တူတဲ့မယား, အဆွေခင်ပွန်းနဲ့တူတဲ့မယား, ကျွန်မနဲ့တူတဲ့မယားတွေကတော့ နောက်ဘဝမှာ နိမ္မာနရတိနတ်ပြည် ရောက်ကြရတယ်[၁၃၉]။

မယား ၇-မျိုး ဟောတော်မူပြီးနောက် ဘုရားရှင်က သုဇာတာကို မေးတော်မူပါတယ်-"သုဇာတာ, သင်က ဒီမယား ၇-မျိုးတို့တွင် အဘယ်မယားမျိုး ဖြစ်ပါသလဲ?" လို့မေးတော်မူတဲ့အခါ

---

[၁၃၉] ဤမှာ ခေါ် သုဇာတေ ပဂိုသဿ သတ္တ ဘရိယာ။ တာသု ဝဓကသမာ စောရိသမာ အယျသမာတိ ဤမှာ တိသော နိရယေ နိဗ္ဗတ္တန္တိ၊ ဤတရာ စတသော နိမ္မာနရတိဒေဝလောကေ။ (ဇာတက၊ ၄၊ ၂၂ တိကနိပါတ၊ သုဇာတဇာတကဝဏ္ဏနာ၊ ၃၁၅)

သုဇာတာက "တပည့်တော်မသည် ကျွန်မနဲ့တူတဲ့မယား ဖြစ်ပါတယ်ဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။ ဒီတရားနဲ့ပဲ သုဇာတာဟာ မာန်မာနကျပြီး သောတာပန်တည်သွားပါတယ်။

မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်မှာ မယား ၇-မျိုးနဲ့ပတ်သက်တဲ့ကဗျာကို ဖွဲ့ဆိုထားပါတယ်။

**မယားခုနစ်မျိုး၊ ယိုမြဲရိုးတွင်၊ ခိုးသူ, အရှင်၊ သူသတ်သွင်သို့၊ အကြင်မယား။ လားဏ်ငရဲ၊**
အမြဲမှတ်ဘိ၊ အမိတမျှ၊ နှမ မယွန်း။ ခင်ပွန်းသဖွယ်၊ ကျွန်.နှယ် လေးဖြာ၊ မယားမှာကား။
နိမ့်မာနတ်ပြည်၊ လားမြဲ မည်၏၊ ယင်းသည်လေးသွယ်၊ မယားဝယ်လည်း။ ကျွန်.နှယ်အလား။
ထိုမယားမူ၊ ယောကျ်ားဆုပန်၊ နိဗ္ဗာန်ဆုတောင်း၊ တောင်းကမလွတ်၊ မချွတ်တူတည်၊
ပြည့်မြဲမည်၏၊ မွန်ရည်ထူးမြတ်၊ ထိုမိနတ်တို့၊ ကျင့်ဝတ်တမူ၊ သဘောဖြူကား။
စိတ်တူကျွမ်းဝင်၊ လူတို့.ခွင်နှိုက်၊ လင်နှင့်မယား။ ဖြစ်ခဲ့ငြားက၊ အားမနာတမ်း။ မရှက်တမ်းသို့၊
လူတမ်းတစ်၊ အစဉ်ယိုလည်း။ ဟိရိ သြတ္တပ်၊ အမြဲကပ်လျက်၊ ကိုယ်ကြပ်ထဲနှိ။ သဘောပြိုးရှင့်၊
မောင်ကြိုးနှမ၊ တမျှတူပင်၊ ကျွန်သခင်သို့၊ လင်ကိုမသွေ၊ ရှက် ရိုသေ၏၊ မထေအောက်မေ့၊
မပြုလေ့ဘူး၊ ကောက်ကွေ့ကြံစည်၊ လော်လည်စရိုက်၊ စိတ်လိုလိုက်သည့်၊ အမိုက်မယား။
**လူနှိုက်များ၏။** (မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒ ခဏ်း၊ အပိုဒ် ၃၁၂ နှာ ၂၄၁။)

**သင်္ဂီဟတရား ဤလေးပါး**[၁၆] ။ ။ အဂုတ္တရနိကာယ် စတုက္ကနိပါတ် ပဌမပဏ္ဏာသက စက္ကဝဂ် သင်္ဂဟသုတ် (၃၄၁)မှာ သင်္ဂဟတရား လေးပါးကို ဟောတော်မူခဲ့ပါတယ်----

(၁) **ဒါန**-ပေးကမ်းခြင်း၊

(၂) **ပေယျဝဇ္ဇ**-ချစ်ဖွယ်စကား ပြောကြားခြင်း၊

(၃) **အတ္ထစရိယာ**-အကျိုးစီးပွါးကို ပြုကျင့်ခြင်း၊

(၄) **သမာနတ္တတာ**-အေးအတူ ပူအမျှ ကိုယ်နှင့်ထပ်တူပြုခြင်း-

ဒီသင်္ဂဟတရားလေးပါးတို့နဲ့ မယားအားချိုးမြှောက်ခြင်းကိုလဲ **'ဒါရသင်္ဂဟ**[၁၆၁]**'** လို့ ယူနိုင်ပါတယ်၊ ဒါ့ကြောင့် ဆိုခဲ့ပြီးဝတ်တရားတွေ ပြည့်စုံပြီ-လို့ ဆိုရပါတယ်။

---

[၁၆] စတ္တာရိမာနိ ကိကွဝေ သင်္ဂဟဝတ္ထူနိ။ ကတမာနိ စတ္တာရိ? ဒါနံ ပေယျဝဇ္ဇံ အတ္ထစရိယာ သမာနတ္တတာ၊ တ္ထမာနိ ခေါ ကိကွဝေ စတ္တာရိ သင်္ဂဟဝတ္ထူနိတိ။ (အံ၊ ၁၊ ၃၄၁။)

[၁၆၁] **သင်္ဂဟော**ကို ဝမ်းကာဟို ဒါနပိယဝါစာတ္ထစရိယာဟို သင်္ကာန်။ သေယျထိဒံ? ဥပေါသထဒိဝသေသု ပရိဗ္ဗယဒါနံ နက္ခတ္တဒိဝသေသု နက္ခတ္တဒဿာနံ မင်္ဂလဒိဝသေသု မင်္ဂလကရဏံ ဒိဋ္ဌဝမ်ိကသမ္ပရာယိကေသု အတ္ထေသု သြဝါဒါနုသာသနန်တိ။ တံ ဝုတ္တနယေနေဝ ဒိဋ္ဌဝမ်ိကဟိတဟေတုတော သမ္ပရာယိကဟိတဟေတုတော ဒေဝတာဟိပိ နမဿနီယဘာဝဟေတုတော စ မင်္ဂလန်တိ ဝေဒိတဗ္ဗံ။

**ပေးကမ်းတသွယ်၊ ချစ်ဖွယ်ဆိုရိုး၊ အကျိုးကိုကျင့်၊ ကိုယ်နှင့်တူထား၊ ဤလေးပါး၊ တရား သင်္ဂဟတည်း။** (ပရိတ်ကြီးနိဿယသစ်၊ ၁၁၈။)

ကောင်းမှုပြုလျက် သိလရှိ၍ တရားနဲ့အညီ သားမယားကို လုပ်ကျွေးမွေးမြူသူတွေကို သိကြားမင်းက ရှိခိုးကြောင်းကို သက္ကသံယုတ် ဂဟဋ္ဌဝန္ဒနာသုတ် (သံ၊ ၁၊ ၂၃၆)မှာ ဟောထားပါတယ်။

ယေ ဂဟဋ္ဌာ ပုညကရာ၊ သိလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

၁-မှအများ-ရွှေစား၍ စီရင်၊

၂-ဆွေနွယ်ဖက်-ဝေလျက်သာ အညီမြောက်၊ ယွင်းဖောက် မမြင်။

၃-မမျောက်မှားစေရ၊ ၄-ယောကျ်ားက ရှာလျှင်၊ အစဉ်စောင့် စုသိမ်း၊

၅-အပျင်းစိတ်ကိုလ၊ နင်းနှိပ်ကာ လိမ္မာရ၊ အိမ်သာအောင် မိန်းမများရယ်၊ ငါးကျင့်ဝတ်ထိမ်း။ ။

အိမ်တွင်မှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင် ဖြန့်ချီ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

---

ယထာဟ သက္ကော ဒေဝါနမိန္ဒော-

"ယေ ဂဟဋ္ဌာ ပုညကရာ၊ သိလဝန္တော ဥပါသကာ။

ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ"တိ။

(ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၁၆-၁၁၇။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၂၂။)

**သင်္ဂဟော**တိ-သင်္ဂဟဟူသည်၊ ဓမ္မိကာဟိ တရားနှင့်လျော်ကုန်သော၊ ဒါနပိယဝါစာတ္ထစရိယာဟိ-ပေးကမ်းခြင်း, ချစ်ဖွယ်ကို ဆိုခြင်း, အကျိုးကိုကျင့်ခြင်းတို့ဖြင့်၊ သင်္ဂဏှန်-ချီးမြှောက်ခြင်းတည်း။ ကုဒဲ-ဤချီးမြှောက်ခြင်းသည်၊ သေယျထာ-အာဟယ်နည်း? ဥပေါသထဒိဝသေသု-ဥပုသ်နေ့တို့၌၊ ပရိဗ္ဗယဒါနံ-စားနပ်ရိက္ခာပေးခြင်း၊ နက္ခတ္တဒိဝသေသု-နက္ခတ်ပွဲသဘင်နေ့တို့၌၊ နက္ခတ္တဒဿနာဒိနံ-နက္ခတ်ပွဲသဘင်ပြခြင်း၊ မင်္ဂလဒိဝသေသု-မင်္ဂလာနေ့တို့၌၊ မင်္ဂလကရဏံ-မင်္ဂလာပြုခြင်း၊ ဒိဋ္ဌဓမ္မိကသမ္ပရာယိကေသု အတ္ထေသု-မျက်မှောက် တမလွန် နှစ်တန်သောအကျိုးစီးပွါးတို့၌၊ သြဝါဒါနုသာသနန္တိ-ဆုံးမကဲ့မြစ်ခြင်းပင်တည်း။ ဟဲ-ထိုချီးမြှောက်ခြင်းကို၊ ဝုတ္တနယေနေဝ-ဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင်၊ ဒိဋ္ဌဓမ္မိကဟိတဟေတုတော-မျက်မှောက်အကျိုးစီးပွါး၏ အကြောင်းကြောင့်လည်းကောင်း၊ သမ္ပရာယိကဟိတဟေတုတော-တမလွန် အကျိုးစီးပွါး၏အကြောင်းကြောင့်လည်းကောင်း၊ ဒေဝတာဟိပိ နှတ်တို့သည်လည်း၊ နမဿနီယဘာဝဟေတုတော စ-ရှိခိုးအပ်သည့် အဖြစ်၏ အကြောင်းကြောင့်လည်းကောင်း၊ မင်္ဂလန္တိ-မင်္ဂလာဟူ၏၊ ဝေဒိတဗ္ဗံ-သိအပ်၏။ ဒေဝါနမိန္ဒော သက္ကော-နတ်တို့သနင်း သိကြားမင်းသည်၊ ယထာဟ-ဘယ်ပုံဘယ်နည်း ပြောကြားသနည်းဟု -

မာတလိ-မာတလိ၊ ပုညကရာ-ကောင်းမှုပြုကုန်သော၊ သိလဝန္တော-သိလရှိကုန်သော၊ ဥပါသကာ-ရတနာသုံးပါးကို ဆည်းကပ်တတ်ကုန်သော၊ ယေ ဂဟဋ္ဌာ-အကြင်လူတို့သည်၊ ဓမ္မေန-တရားသဖြင့်၊ ဒါရံ-သားမယားကို၊ ပေါသေန္တိ လုပ်ကျွေးကုန်၏၊ တေ-ထိုသူတို့ကို၊ (အဟံ-ငါသည်) နမဿာမိ-ရှိခိုးပါ၏၊ တုတိ-ဤသို့ သိကြားမင်းပြောဆို၏။

**လင်နှင့်မယား လျှာနှင့်သွား။** ။ လူ့လောကမှာ **"လင်နှင့်မယား–လျှာနှင့်သွား"** ဆိုတဲ့ စကားပုံကို ပြောလေ့ရှိကြပါတယ်၊ ဒီစကားပုံကို လင်မယားရန်ဖြစ်ရာမှာ အပြောများပါတယ်၊ လျှာနဲ့သွားဟာ မကြာခဏ ကိုက်မိတတ်တဲ့သဘောနဲ့ ဥပမာ နှိုင်းဆိုကြတာပါ။ ဒီလိုဆိုရင် 'ဒီမွန်မြတ်တဲ့ ဥပမာ စကားပုံလေးဟာ လင်မယား ရန်ဖြစ်ဖို့ အခွင့်ပေး, ရန်တိုက်ပေးတဲ့ စကားအရာရောက်နေရပါတယ်၊ အမှန်က လျှာနဲ့သွားဟာ မကြာခဏ ကိုက်မိတတ်သလို အစားအစာ တခုခုကို ဝါးရာမှာလဲ လျှာက ကူညီပို့ဆောင်ပေးခြင်း, လျှာနဲ့ လိမ်းပြီး သိမ်းဆည်းပေးခြင်းတွေကို ပြုရပါတယ်၊ မုန့်ထောင်းရာတွင် လက်က အဆင်သင့်အောင် မောင်းဆုံတွင်းသို့ သွင်းပြီး မွှေရသလို လျှာက သွားရဲ့ဝါးတဲ့ကိစ္စတွင် ကူညီရခြင်း ဖြစ်ပါတယ်၊ အလားတူပင် လင်က ရှာဖွေလုပ်ကိုင်ရာတွင် မယားက အစစအရာရာမှာ ကူညီဆောင်ရွက်ပေးရတဲ့သဘောမျိုးကိုသာ ပို၍ မှတ်သင့်ကြပါတယ်။

ဒီဥပမာစကားပုံနဲ့ပတ်သက်ပြီး စာရေးဆရာ ရဝေထွန်းက သူရဲ့ မိတ်ဆွေ ဇနီးမောင်နှံအား လေးချိုးကဗျာရေးပေးဘူးပါတယ်။

လင်နှင့်မယား
လျှာနှင့်သွားဘွဲ့လေးချိုး

စကားတွင် ပမာဖွင့်ပုံက၊ မယားလင် ခါမသင့်လျှင်ဖြင့်၊ လျှာအသွင့်–သွားသဖွယ်။
အကြိုက်မသီလျှင်လ–လေ၊ ကိုက်မိသည် မကြာမကြာ–တဲ့၊ စကားလာ–တွေးကြံလိုက်လျှင်ဖြင့်၊
မယားလင်–ကြားတွင် တိုက်လို့ ရယ်ကွယ်၊ မီးမြိုက်သည့်နှယ်။
ရွှစရာ မြင်မှောက်မှားပါနှင့်၊ ဥပမာ–ယှဉ်ကောက်ကြားလျှင်လ၊
လင်ယောကျ်ားရယ်က သွားသဖွယ်၊ မယားရယ်က လျှာအတိုင်း။
ဝါးတဲ့ခါမှာ၊ သွားနဲ့ လျှာဟာဖြင့်၊ မောင်းဆုံမှာ လက်ကူပြုသလိုပ၊ ဝါးမှုတွင် လျှာကူမှ၊
အစာယူ ကြေကြေညက်ပေလိမ့်၊ ပုံသက်သေ 'လျှာနှင့်သွား' နှယ်သို့၊
အိမ်ဧနသူ ချစ်မယားရယ်က၊ လုပ်ငန်းဝင် လင်ယောကျ်ားကိုကွယ်၊ အားတိုက်ကူဝိုင်း။။ ။

(၁၄) **အနာကုလာ ကမ္မန္တာ။** ။ ရှုပ်ထွေးခြင်းကင်း သန့်ရှင်းတဲ့အလုပ် [အနာကုလ (နဲ အာကုလ)–ရှုပ်ထွေးခြင်းမရှိသော+ ကမ္မန္တ–အလုပ်]လုပ်ခြင်းကို **"အနာကုလ ကမ္မန္တ"**လို့ ခေါ်ပါတယ်။

အဋ္ဌကထာဆရာများ[1]က---

[1] ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ်အဖွင့်၊ ၁၁၇။ သုတ္တနိပါတ်အဋ္ဌကထာ၊ ဒုတိယအုပ်၊ မင်္ဂလသုတ်အဖွင့်၊ ၂၂။

**၈။ <u>အာကုလ ကမ္မဋ္ဌာန်း</u> (ရှုပ်ထွေးအောင် ဖြစ်သောအလုပ်များ)**

(၁) **ကာလာတိက္ကမန**– အချိန်လွန်ခြင်း၊

(၂) **အပ္ပတိရူပကရဏ**–မသင့်လျော်အောင် ပြုခြင်း၊

(၃) **သိထိလကရဏ**–ပေါ့ပေါ့ဆဆလုပ်ခြင်း–

စတဲ့လုပ်ရပ်တွေဟာ အလုပ်ရှုပ်ထွေးအောင် ဖြစ်ပြီး----

**အနာကုလ ကမ္မဋ္ဌာန်း (ရှုပ်ထွေးခြင်းမရှိသော အလုပ်များ)**

(၁) **ကာလညုတာ**–အချိန်ကို သိနားလည်ခြင်း၊

(၂) **ပတိရူပကာရိတာ**–သင့်လျော်အောင် ပြုတတ်ခြင်း၊

(၃) **အနလသတာ**–မပျင်းရိခြင်း၊

(၄) **ဥဋ္ဌာနဝီရိယသမ္ပဒါ**–ထကြွလုံ့လဝီရိယနှင့်ပြည့်စုံခြင်း (ထကြွလုံ့လရှိခြင်း)၊

(၅) **အဗျသနီယတာ**–ပျက်စီးအောင် မလုပ်ခြင်း-----

ဒီ ၅-မျိုးကတော့ အလုပ်မရှုပ်ထွေးကြောင်းများ ဖြစ်ပါတယ်။

အဲဒီ အလုပ်မရှုပ်ထွေးကြောင်းများ အခြေခံပြီး လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စတဲ့အလုပ်တွေကို ပြုလုပ်ခြင်းဟာ မိမိအတွက်ရော သားသမီး မယား, အစေခံ, အလုပ်သမားတွေအတွက်ပါ လက်ရှိဘဝမှာ ဥစ္စာဆန်ရေစပါးတိုးပွါးမှုကို ရဖို့အကြောင်းဖြစ်လို့ **'မင်္ဂလာ'** ဆိုရပါတယ်။

**ချိန်ခါသိလင့်၊ သင့်အောင်ပြုခြင်း။ မပျင်းမရိ၊ လုံ့လရှိလျက်၊ မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ပွေ မရှိရာ။**

**(ပရိတ်ကြီးနိဿယသစ်၊ ၁၁၉။)**

**အချိန်သိနားလည်ခြင်း။။** ။ အလုပ်တခုကို သူ့အချိန်နဲ့သူ မှန်မှန်လုပ်ရင် အဲဒီအလုပ်ဟာ ချောချောမောမော ပြီးမြောက်ပါတယ်၊ အလုပ်မှာ ချွတ်ယွင်းချက်လဲ မရှိတတ်ပါဘူး၊ ကိုယ်လုပ်ရမယ့် အလုပ်တခုကို လုပ်သင့်တဲ့အချိန်မှာ လုပ်ကိုင်ဆောက်ရွက်ခြင်းဟာ အကောင်းဆုံး ဖြစ်ပါတယ်၊ အချိန်မရောက်ခင် ကြိုတင်ပြုလုပ်ခြင်းဟာလဲ အခါခပ်သိမ်း မမှန်တတ်ပါ၊ "မမှည့်သေးတဲ့ သစ်သီးကို ဆွတ်ခူးမိ"သလို အလုပ်ကိစ္စ မပြည့်မစုံ ဖြစ်တတ်ပါတယ်၊ အချိန်လွန်မှ လုပ်ပြန်ရင်လဲ "မိုးကုန်မှ ထွန်ချ၊ နေဝင်မှ စပါးလှမ်း"ဆိုသလို အချိန်မီ မပြီးပဲ တပိုင်းတစနဲ့သာ

အလုပ်လက်စ သိမ်းရတတ်ပါတယ်၊ အချိန်မီပြီးအောင် "ဖုတ်ပူမီးတိုက်"ဆိုသလို အပူအပြင်း လုပ်ပြန်ရင်လဲ မသေမသပ် ဖြစ်တတ်ပါတယ်၊ ဒါ့ကြောင့် အလုပ်တခုကို လုပ်ရတော့မယ်ဆိုရင် လုပ်ရမယ့်အချိန်အခါကို သိနားလည်ပြီး အချိန်မှန် လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ ရှုပ်ထွေးမှုကင်း သန့်ရှင်းအောင်လုပ်ရာရောက်တဲ့အတွက် ကြီးပွါးရေး မဂ်လာအစစ် ဖြစ်ပါတယ်။

**သင့်တော်အောင် ပြုလုပ်ခြင်း။။** ။ အလုပ်တခု လုပ်မယ်ဆိုရင် မိမိရဲ့ပစ္စည်းဘား, ကာယဘား, ဉာဏဘားနဲ့ သင့်တော်ပြီး အချိန်ကာလ, အရပ်ဒေသ-စသည်တွေနဲ့လဲ သင့်တော်တဲ့ အလုပ်မျိုး



ကို ပြုလုပ်မှသာ ချောချောမောမော အောင်မြင်နိုင်ပါတယ်၊ အဲဒီလိုမဟုတ်ပဲ "နေဝင်မှ စပါး လှမ်း"ဆိုသလို အချိန်မသင့်တော်ခြင်း, "သဲကန္တာရ၌ စပါးစိုက်"သလို အရပ်ဒေသမသင့် တော်ခြင်းဖြစ်ပါက အလုပ်မပြီးမြောက်တတ်, ပြီးမြောက်စေကာမူ မပြည့်စုံတတ်ပါ၊ မိမိပစ္စည်း အင်အား‌နဲ့မမျှတတဲ့ အလုပ်မျိုး, ကိုယ်မနိုင်တဲ့အလုပ်မျိုး, မိမိဉာဏ်မမီတဲ့အလုပ်မျိုးကို ပြုလုပ်မိရင်လဲ မနိုင်မနင်းနဲ့ ပျက်စီးဖွယ်ရာသာ ဖြစ်တတ်ပါတယ်။

**မပျင်းရိခြင်း။** ။ ပျင်းရိခြင်းဟာ အလုပ်ရှုပ်ထွေးကြောင်းဖြစ်တယ်၊ လူပျင်းဆိုတာ ပူလွန်းတယ်၊ အေး လွန်းတယ်, မိုးချုပ်သွားပြီ, စောလွန်းတယ်, ဆာနေတယ်, ဗိုက်လေးနေတယ်–စတဲ့ ဆင်ခြေ အမျိုးမျိုးပေးပြီး အလုပ်ကိုရှောင်တတ်ပါတယ်၊ အလုပ်ကို ဖင့်နှဲစေတတ်ပါတယ်၊ အေးတယ်, ပူတယ်–စတဲ့ လူပျင်းတွေရဲ့ဆင်ခြေစကားတွေကို ခြေမှာကပ်တဲ့ မြက်မိုက်လောက်မျှ အမှု မထားပဲ ကြိုးစား အားထုတ်သူသာ အလုပ်မှန်သမျှကို အထစ်အငေါ့မရှိပဲ ချောချောမောမော ပြီးစေနိုင်ပါတယ်။

ဒါ့ကြောင့် မိမိလုပ်ရမယ့်အလုပ်ကို ပျင်းရိခြင်းမရှိပဲ လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ ရှုပ်ထွေးမှု ကင်း သန့်ရှင်းအောင် လုပ်ရာရောက်တဲ့အတွက် ကြိုးပမ်းချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါ တယ်။

**ထကြွလုံ့လရှိခြင်း။** ။ မပျင်းရင် လုံ့လရှိတယ်–လို့ ဆိုရာရောက်ပါတယ်၊ ဒါပေမယ့် အလုပ်ကို မပျင်း မရိလုပ်တတ်တဲ့သူကလဲ တခါတရံ မိမိရဲ့အလုပ်မှာ စိတ်ပါဝင်စားမှုမရှိပဲ အခြားကိစ္စမှာ စိတ် ရောက်နေတတ်ပါတယ်, စိတ်ဝင်စားနေတတ်ပါတယ်၊ အလုပ်မှာပေါ့လျော့မှု, အလုပ်လစ် ဟင်းမှုတွေ ဖြစ်တတ်ပါတယ်၊ ဒါ့ကြောင့် လုံ့လရှိခြင်း–ကို သီးသန့်ပြဆိုထားရပါတယ်။

ဒီနေရာမှာ လုံ့လရှိခြင်း–ဆိုသော်လဲ ရိုးရိုးလုံ့လရှိခြင်းမျှကိုသာ ဆိုလိုတာမဟုတ်ပဲ မိမိအလုပ် မှာ စိတ်ပါဝင်စားမှု, အလုပ်ကျွမ်းကျင်မှု–စတဲ့ စွမ်းရည်တွေ ယှဉ်တွဲပါဝင်နေတဲ့ လုံ့လရှိမှုကို သာ ဆိုလိုပါတယ်၊ အလုပ်ကို မပျင်းမရိလုပ်နေပေမယ့် အလုပ်မှာ စိတ်ပါဝင်စားမှုမရှိပဲ အခြား ကိစ္စတွေမှာ စိတ်ပါဝင်စားမှု, အလုပ်မကျွမ်းကျင်မှု–စတဲ့အားနည်းချက်တွေကလဲ အလုပ်ရှုပ် ထွေးစရာပင် ဖြစ်ပါတယ်၊ ဒါ့ကြောင့် အလုပ်မှာ စိတ်ပါဝင်စားပြီး ကျွမ်းကျင်စွာ ကြိုးစားပမ်း

စားလုပ်မှသာ ရွှပ်ထွေးမှုကင်း ရှင်းလင်းအောင် လုပ်ရာရောက်သည့်အတွက် ကြီးပွါးချမ်းသာရေးအစစ် မဂ်လာဖြစ်ပါတယ်။

**လောကကြီးပွါးကြောင်း သမ္မဒါတရား ၄-ပါး။** ။ အဂုံတွရနိကာယ် အဋ္ဌကနိပါတ် ဒီဃစာဏု သုတ်မှာ **မျက်မှောက် လောကကြီးပွါးရေး သမ္မဒါတရား ၄-ပါးနဲ့ တမလွန်လောက ကြီးပွါးရေး သမ္မဒါတရား ၄-ပါး**တို့ကို ဟောထားပါတယ်၊ ----

(၁) **ဥဋ္ဌာနသမ္မဒါ**-မိမိရဲ့အလုပ်မှာ ထက်ကြွလုံ့လရှိခြင်း၊

(၂) **အာရက္ခသမ္မဒါ**-အလုပ်လုပ်လို့ ရလာတဲ့ပစ္စည်းကို သိမ်းဆည်းစောင့်ရှောက်ခြင်း၊

(၃) **ကလျာဏမိတ္တတာ**-လမ်းညွှန်မိတ်ဆွေကောင်းရှိခြင်း၊

(၄) **သမဇီဝိတာ**-အဝင်အထွက်မျှတအောင် သုံးစွဲခြင်း----

ဒါက မျက်မှောက်ကြီးပွါးရေး ၄-ပါးဖြစ်ပါတယ်၊ ဒီ ၄-ပါးထဲမှာ

**ဥဋ္ဌာနသမ္မဒါ**-ဆိုတာ အသိဉာဏ်နဲ့ယှဉ်ပြီး စိုးပွါးဥစ္စာ တိုးတက်ဖြစ်ထွန်းအောင် ကြိုးစားလုပ်ကိုင်တဲ့ လုံ့လဝီရိယရှိခြင်းပါပဲ။

**အာရက္ခသမ္မဒါ**-ဆိုတာက ရရှိပြီးတဲ့ စည်းစိမ်းဥစ္စာတွေကို မပျက်မစီးရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်တယ်၊ ရေ, မီး, ခိုးသူ စတဲ့ဘေးရန်တွေ မဖျက်ဆီး မလုယက်နိုင်အောင် ဘဏ်မှာအပ်နှံထားခြင်း, အာမခံထားခြင်း စသည်ဖြင့် ကာကွယ်ခြင်းကို ဆိုလိုပါတယ်။

**ကလျာဏမိတ္တတာ**-ဆိုတာက ကောင်းတဲ့အဆွေခင်ပွန်းနဲ့ ဆက်ဆံပေါင်းသင်းခြင်းကို ဆိုလိုပါတယ်၊ လောကရေး, ဓမ္မရေးတွေမှာ တိုးတက်ကြီးပွါးကြောင်း နည်းဇာမ်းကောင်းညွှန်ပြနိုင်ပြီး အတုယူလောက်တဲ့ မိတ်ဆွေကောင်းများကို ဆည်းကပ်ခြင်း, ပေါင်းသင်းဆက်ဆံခြင်းဟာ ကလျာဏမိတ္တတာ-ဖြစ်ပါတယ်။

**သမဇီဝိတာ**-ဆိုတာကတော့ မိမိအင်အားနဲ့ ချိန်ဆပြီး အဝင်နဲ့အထွက် မျှတအောင် အသက်မွေးခြင်း, သုံးစွဲခြင်းကို ဆိုပါတယ်၊ ဥစ္စာအဝင်နည်းပြီး အကုန်အကျများတဲ့ သုံးစွဲမှုကို ညီမျှတဲ့ အသက်မွေးမှု, သုံးစွဲမှု-လို့ မဆိုနိုင်ပါ၊ အဝင်များပြီး အထွက်နည်းအောင် ချင့်ချိန် သုံးစွဲတတ်ခြင်းကိုသာ **သမဇီဝိတာ**-လို့ ဆိုပါတယ်၊ ချွေတာသုံးစွဲခြင်း-လို့ ဆိုလိုပါတယ်။

**လုံ့လအားသည်း၊ ပစ္စည်းကွယ်ကာ၊ ချွေတာ သုံးလေ၊ မိတ်ဆွေကောင်းဖက်၊ ကောင်းဖို့တွက်၊**
**လေးချက် သမ္မဒါ။** (ပရိတ်ကြီးနိဿယသစ်၊ ၁၂၂။)

အဲဒီ ၄-ပါးဟာ လူတယောက်အတွက် မျက်မှောက်ဘဝမှာ ကြီးပွါးချမ်းသာခြင်းရဲ့ အကြောင်းတွေဖြစ်ပါတယ်။

**ထကြွ, သိမ်းဆဲ၊ မျှသုံးစွဲ၊ ပေါင်းမြဲ မိတ်ဆွေကောင်း။**
**ဤလေးပါးသာ၊ လောကီမှာ၊ မှန်စွာ ကြီးပွါးကြောင်း။။**
(သမ္မဒါဖွင့်အကျယ်ကျမ်း၊ ၁၂)

တမလွန်ဘဝမှာ ကြီးပွါးရေး ၄-ပါးကတော့----

**<u>တမလွန်ဘဝကြီးပွါးကြောင်းသမ္မဒါတရား ၄-ပါး</u>**

(၁) **သဒ္ဓါသမ္မဒါ**-သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊

(၂) **သီလသမ္မဒါ**-သီလနှင့်ပြည့်စုံခြင်း၊

(၃) **စာဂသမ္မဒါ**-ပေးကမ်းစွန့်ကြဲခြင်းနှင့်ပြည့်စုံခြင်း၊

(၄) **ပညာသမ္မဒါ**-ပညာနှင့်ပြည့်စုံခြင်း----

ဒီ ၄-ပါးက တမလွန်ဘဝမှာ ကြီးပွါးချမ်းသာခြင်းရဲ့ အကြောင်းတွေဖြစ်ပါတယ်။

မုံရွေးဆရာတော်က အနာကုလကမ္ဘန္တမင်္ဂလာရဲ့သဘောကို ကဗျာဖွဲ့ဆိုခဲ့ပါတယ်---

**စိတ်နေဖြောင့်ဖြောင့်၊ သတိစောင့်လျက်၊ နှောက်ယှက်လေဘွယ်၊ မှုကြီးငယ်ကို၊ လွှဲဖယ်ရှဉ်မှု၊**
**ရှောင်ရှားရှုလျက်၊ ပြုရခြင်းသည်၊ ကြံစည်မှတ်သား။။**

စိတ်နေသဘောထား ဖြောင့်မတ်စွာနဲ့ သတိထားပြီး အနှောက်အယှက်ဖြစ်စရာ အမှုကြီး, အမှုငယ်ကို လွှဲဖယ်ရှောင်ရှားလျက် အနှောင့်အယှက်ကင်းတဲ့အလုပ်ကိုသာ ပြုလုပ်ခြင်းဟာ **အနာကုလကမ္ဘန္တမင်္ဂလာ**- မည်ပါတယ်။

ဩဝါဒထူးပျို့ (၂၈)မှာကတော့----

**လုပ်မှုဆောင်တာ၊ ပြုရာကာလ၊ ဒေသကိုလည်း၊ ခွဲခြိုပုံစု၊ သိအောင်ပြုလော့၊ ရောင်းမှု ဝယ်မှု၊**
**ပြုစုအရပ်၊ ဖြစ်အပ်အခါ၊ ဖြစ်ရာအကြောင်း၊ ရှေးနှောင်းအောက်ထက်၊ တက်သက်ရှိန်ဆုံး၊**
**ဈေးနှုန်းကိုလည်း၊ မယိုမယွင်း၊ မဟင်းစေမှု၊ သိအောင်ပြုလော့၊ မိတ်တု မိတ်စစ်၊ ဖြစ်**
**မဖြစ်လည်း၊ ဟောင်းသစ်ထဲပြင်၊ ဆိုးကောင်းထင်အောင်၊ ဆင်ခြင်သမှု၊ သိအောင်ပြုလော့။။**
**ပျက်စီးအောင် မလုပ်ခြင်း။။** ။ အလုပ် လုံးဝမလုပ်ခြင်း, အလုပ်လုပ်ပေမယ့် ကောင်းစွာ မလုပ်ခြင်းဟာ အလုပ်ကိုဖျက်ဆီးတာမည်တယ်၊ အလုပ်သမားတယောက်ဟာ **ကုတ္ထိဓုတ္တ**-ပိန်းမလိုက်စား

မယ်၊ **သုရာဓုတ္တ**–မူးယစ်ဆေးဝါး သောက်စားသုံးစွဲမယ်၊ **အက္ခဓုတ္တ**–လောင်းကစားကို ဝါသနာပါနေမယ်၊ **သမဏ္ဍာဘိစရဏာ**–ပွဲလမ်းသဘင်အကြည့်အရှုများမယ်၊ **ပါပမိတ္တာနုယောဂ**–မကောင်းတဲ့သူတွေနဲ့ ပေါင်းသင်းမယ်–ဆိုရင် အဲဒီအလုပ်သမားဟာ မိမိလုပ်ရမယ့်အလုပ်ကိုလုံးဝမလုပ်ဘဲသော်လဲ နေတတ်ပါတယ်၊ တော်ကာလျော်ကာသော်လဲ လုပ်တတ်ပါတယ်၊ အဲဒီလို လုပ်တာဟာ အလုပ်ပျက်စီးအောင် လုပ်တယ်–လို့ ဆိုရပါတယ်။

မိန်းမလိုက်စားခြင်းစတဲ့ ဒုစရိုက်မှုတွေကို ရှောင်ကြဉ်လျက် အလုပ်ချိန်တွင် အလုပ်ခွင်မှာ အမြဲတမ်းရှိနေပြီး လုပ်ရမယ့်အလုပ်ကို ကိုယ်ဖိရင်ဖိ တိတိကျကျ လုပ်ကိုင်မှုကိုတော့ အလုပ်ပျက်စီးအောင် မလုပ်ခြင်း–လို့ ဆိုလိုပါတယ်၊ အဲဒီလို ပျက်စီးအောင် မလုပ်ခြင်းကပဲ ရှုပ်ထွေးမှုကင်း သန့်ရှင်းအောင် ပြုလုပ်ရာရောက်တဲ့အတွက် ကြီးပွါးချမ်းသာရေးအစစ် **အနာကုလကမ္မန္တမဂ်လာ**ဖြစ်ပါတယ်။

**ဥစ္စာယိုထွက်ကြောင်း အပေါက် ၆–ပါး။** ။ သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဒေဝတာသံယုတ် နဇိရတိသုတ် (သံ၊ ၁၊ ၄၀)လာ ဥစ္စာယိုထွက်ကြောင်း အပေါက် ၆–ပါးမှာ------

(၁) **အာလသျ**– ပျင်းရိခြင်း၊

(၂) **ပမာဒ**–မေ့လျော့ခြင်း၊

(၃) **အနုဋ္ဌာန**–လုံ့လမရှိခြင်း၊

(၄) **အသံယမ**–မစောင့်စည်းခြင်း၊

(၅) **နိဒ္ဒါ**–အအိပ်ကြိုက်ခြင်း၊

(၆) **တန္ဒီ**–ပျင်းကြောဆွဲခြင်း–

ဒီ ၆–ပါးက ဥစ္စာယိုထွက်ကြောင်းများ ဖြစ်ပါတယ်၊ အလုပ်ပျက်စီးကြောင်းများလဲ ဖြစ်ပါတယ်။

**ပျင်းရို, မေ့ထ၊ လုံ့လလျော့နည်း၊ စောင့်စည်းခြင်းကင်း၊ အိပ်ခြင်းလည်းဆို၊ ကိုယ်တဆန့်ဆန့်၊ မခံ့ခြောက်ဖြာ၊ အပေါက်သာ၊ ဥစ္စာယိုထွက်ကြောင်း။။** (ပရိတ်ကြီးနိဿယသစ်၊ ၁၂၁။)

ကတိ လောကသွိ ဆိဒ္ဓါနိ၊ ယတ္ထ ဝိတ္တံ န တိဋ္ဌတိ။
ဘဂဝန္တံ ပုဋ္ဌုမာဂမ္မ၊ ကထံ ဇာနေမု တံ မယန္တိ။
ဆ လောကသွိ ဆိဒ္ဓါနိ၊ ယတ္ထ ဝိတ္တံ န တိဋ္ဌတိ။
အာလသျဉ္စ ပမာဒေါ စ၊ အနုဋ္ဌာနံ အသံယမော။

**နိဒ္ဒါ တန္ဒီ စ ဓတ ဆိဒ္ဓေ၊ သဗ္ဗသော တံ ဝိဝဇ္ဇယေတိ[၁၄]။**

ဒီဥစ္စာ ယိုထွက်ကြောင်း အပေါက် ၆-ပါးကို ကျင့်သုံးကြသူတွေဟာ အလုပ်မလုပ်, လုပ်ပေမယ့် ကောင်းစွာ မလုပ်ကြတဲ့အတွက် ဥစ္စာကိုလဲဖျက်ဆီးသူ, အလုပ်ကိုလဲ ဖျက်ဆီးသူများသာ ဖြစ်တယ်၊ အလုပ်ဆိုတာ အလုပ်ကြိုးကျယ်လာလေလေ ထူထောင်ဖို့, ရင်းနှီးဖို့, သုံးစွဲဖို့, ဥစ္စာလိုလေလေ ဖြစ်ရာ ဥစ္စာဖျက်ဆီးသူဟာ အလုပ်ဖျက်ဆီးသူပင် ဖြစ်တဲ့အတွက် အလုပ်ရှုပ်ထွေးအောင် လုပ်သူပင် ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဥစ္စာတိုးတက်မှုရှိလာမှ အလုပ်များတိုးတက်ပြန့်ပွါးလာမည်ဖြစ်ရာ ဥစ္စာတိုးတက်ကြောင်း သမ္မဒါတရား ၄-ပါးနဲ့လဲ ပြည့်စုံအောင် ကြိုးစားအားထုတ်သင့်ပါတယ်။

**မြင်းမိုရ်ချေတောင်၊ မိဘကြွေးကို၊**
**ကောင်းစွာဆပ်ပေး။ ဝတ်ကျေကျေ။**
**ကြွေးသစ်ရကာ၊ သားနှင့်မယား။**
**မြောက်စားရှိုးမြင့်၊ ဝတ်ကုန်စေ။**
**အလုပ်တာဝန်၊ မလစ်ဟင်းနဲ့၊**
**အပြစ်ကင်းအောင်၊ လုပ်ပါလေ။**
**စည်းစိမ်ကိုပေး။ ပြုစုရေး၊**
**မျော်တွေး သုံးချက်ပေ။**
**အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မဂီလာတွေ။**

---

[၁၄] အာလသဿ (သီ၊ ဋ္ဌ)။ တန္ဒီ (သီ)။ (သံ၊ ဒ၊ ၄၀။)

## ဒါနဥ စမ္မစရိယာ ဂါထာ

၇။ ဒါနဥ စမ္မစရိယာ စ၊ ဉာတကာနဥ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ တေ မင်္ဂလမုတ္တမံ။

ဒါနဥ=ဒါနဉ်စ
စမ္မစရိယာ=စမ်မစရိယာ
ဉာတကာနဥ=ဉာတကာနဉ်စ
အနဝဇ္ဇာနိ=အနဝဇ်ဇာနိ⟶အနဝစ်ဇာနိ

(**ဒေဝပုတ္တ**–နတ်သား၊) (**ယံ**) **ဒါနဥ**–အကြင် ပေးကမ်းလှူဒါန်းခြင်းသည်လည်းကောင်း၊ (**ယာ**) **စမ္မစရိယာ စ**–အကြင် သုစရိုက်တရားကို ကျင့်ခြင်းသည်လည်းကောင်း၊ **ဉာတကာနံ**–ဆွေမျိုးတို့ကို၊ (**ယော**) **သင်္ဂဟော စ**–အကြင် ချီးမြှောက် ထောက်ပံ့ခြင်းသည်လည်းကောင်း၊ **အနဝဇ္ဇာနိ**–အပြစ် မရှိကုန်သော၊ (**ယာနိ**) **ကမ္မာနိ**–အကြင် အမှုတို့သည်လည်းကောင်း၊ (**အတ္ထိ**-ရှိကုန်၏၊) **တေ**–ဤလေးပါး သောတရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်ပေ၏။

(၁၅) **ဒါနံ**–ပေးကမ်း လှူဒါန်းခြင်း၊
(၁၆) **စမ္မစရိယာ**–သုစရိုက်တရားကို ကျင့်ခြင်း၊
(၁၇) **ဉာတကာနံ သင်္ဂဟော**–ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊
(၁၈) **အနဝဇ္ဇာနိ ကမ္မာနိ**–အပြစ်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း----

ဒီ ၄-ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ ဖြစ်ပါတယ်။

(၁၅) **ဒါနံ- ဒါန ၂-မျိုး။** ။ **ဒါန**–ဆိုတာ 'ဒါနံ ဒေတိ'-အလှူ ပေးတယ်, အလှူ လှူတယ်-လို့ ပြောဆိုတဲ့အရာမှာ '**လှူဖွယ်ဝတ္ထု**'ကို ဆိုလိုပါတယ်၊ [ဒါတဗ္ဗန္တိ **ဒါနံ**။ ။ ဒါတဗ္ဗံ-ပေးလှူအပ်၏၊ ကွတိ-ထို့ကြောင့်၊ **ဒါနံ**–ဒါနမည်၏။] အဲဒီ ဒါနအရ ဆိုလိုတဲ့ လှူဖွယ်ဝတ္ထုကိုပင် "**ဝတ္ထုဒါန**"လို့လဲ ခေါ်ပါတယ်။

မိမိရဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းကို သူတပါးအား ပေးကမ်းလှူဒါန်းလိုသူမှာ ပေးလိုတဲ့ စေတနာရှိမှ ပေးလှူခြင်းဖြစ်ပါတယ်၊ စေတနာမရှိရင် အလှူမဖြစ်ပါဘူး၊ အလှူဖြစ်မြောက်ရေးမှာ စေတနာက အခြေခံအကြောင်း ဖြစ်ပါတယ်၊ ဒဲ့ကြောင့် ပေးလှူကြောင်းဖြစ်တဲ့ **စေတနာ**ကိုလည်း '**ဒါန**'လို့ ခေါ်ပါတယ်။

[ဒီယတေ ကျမိနာတိ ဒါန်၊ အတ္တနော သန္တကံ ပရဿ ပဋိပါဒိယတိတိ ဝုတ္တံ ဟောတိ[၁၆၄]၊ ကျမိနာ-ဤစေတနာဖြင့်၊ ဒီယတေ-ပေးလှူအပ်၏၊ ကျတိ-ထိုသို့ ပေးလှူကြောင်းဖြစ်သောကြောင့်၊ ဒါန်-ဒါန မည်၏၊ အတ္တနော-မိမိ၏၊ သန္တကံ-ဥစ္စာကို၊ ပရဿ-သူတပါးအား၊ ပဋိပါဒိယတိ-ပေးအပ်၏၊ ကျတိ ဝုတ္တံ ဟောတိ-ဤသို့ ဆိုအပ်၏။]

အဲဒီ ဒါနအရ ခေါ်ဆိုရတဲ့ စေတနာကိုပင် **"စေတနာဒါန"** လို့လဲ ခေါ်ပါတယ်။

ဒါ့အပြင် လှူဖွယ်ဝတ္ထုပစ္စည်းအပေါ်မှာ တွယ်တာမက်မောတဲ့ လောဘဖြစ်နေပြန်ရင်လဲ မလှူဖြစ်တော့ပါ၊ လှူဖွယ်ဝတ္ထုအပေါ်မှာ တွယ်တာမက်မောမှုမရှိတဲ့ အလောဘဖြစ်မှသာ လှူဖြစ်ပါတယ်၊ အဲဒီလို လှူဖွယ်ဝတ္ထုအပေါ်မှာ မလိုချင်, မတွယ်တာ, မမက်မောမှု အလောဘကလဲ အလှူဖြစ်ရန် အကြောင်းဖြစ်နေပြန်တယ်၊ ဒါ့ကြောင့် အလှူဖြစ်မြောက်ကြောင်း **အလောဘ**ကိုလဲ **ဒါန**-လို့ ခေါ်ရပြန်ပါတယ်။

**ဒါန်** နာမ ပရံ ဥဒ္ဒိဿ သုဗ္ဗိပုဗ္ဗိကာ အန္နာဒိဒသဒါနဝတ္ထုပရိစ္စာဂစေတနာ, တံသမ္ပယုတ္တော ဝါ အလောဘော။ အလောဘေန ဟိ တံ ဝတ္ထုံ ပရဿ ပဋိပါဒေတိ။ တေန ဝုတ္တံ "ဒီယတေ ကျမိနာတိ ဒါန"န္တိ။ (ခုဒ္ဒကပါဋ္ဌအဋ္ဌကထာ၊ မင်္ဂလသုတ် ဒါနဋ္ဌ-ဂါထာအဖွင့်၊ ၁၁၁။
သုတ္တနိပါတအဋ္ဌကထာ၊ ၂၃။)

**ဒါန်** နာမ-ဒါနမည်သည်၊ ပရံ ဥဒ္ဒိဿ-တပါးသူကို ရည်ရွယ်၍၊ သုဗ္ဗိပုဗ္ဗိကာ-ဖြောင့်မှန်သော အသိဉာဏ်ရှေ့သွားရှိသော၊ အန္နာဒိဒသဒါနဝတ္ထုပရိစ္စာဂစေတနာ-ထမင်းအစရှိသော ဆယ်မျိုးသော အလှူဝတ္ထုတို့ကို စွန့်လှူကြောင်း စေတနာပင်တည်း။ ဝါ-တနည်းကား၊ တံသမ္ပယုတ္တော-ထိုစေတနာနှင့်ယှဉ်သော၊ အလောဘော-အလောဘပင်တည်း။ ဟိ-မှန်၏၊ အလောဘေန-အလောဘကြောင့်၊ တံ ဝတ္ထုံ-ထိုလှူဖွယ်ဝတ္ထုကို၊ ပရဿ-သူတပါးအား၊ ပဋိပါဒေတိ-ပေးလှူမှု ဖြစ်စေ၏၊ တေန-ထို့ကြောင့်၊ "ဒီယတေ ကျမိနာတိ ဒါန"န္တိ-ဒီယတေ ကျမိနာတိ ဒါန်-ဟူ၍၊ ဝုတ္တံ ဟောတိ-ဆိုအပ်တော့၏။

အဋ္ဌကထာများအရ "ဉာဏ်ရှေ့သွားရှိတဲ့ (ဉာဏ်ဦးစီးတဲ့) ထမင်းအစရှိသော **လှူဖွယ်ဝတ္ထု ဆယ်မျိုး**[၁၆၅] တို့ကို စွန့်လှူကြောင်း စေတနာကို **ဒါန**-လို့ သိရပါတယ်။ ဉာဏ်ရှေ့သွားရှိတယ်-

---

[၁၆၄] ခုဒ္ဒကပါဋ္ဌ၊ ၄၊ ၁၁၇။ သုတ္တနိပါတ၊ ၄၊ ၂၊ ၂၃။

[၁၆၅] (၁) **အန္န**-ထမင်း, ဆွမ်း, (၂) **ပါန**-ဖျော်ရည်, (၃) **အာဝသထ (ဃရ)**-နေရာ ကျောင်း ဓရုံ, (၄) **ဝတ္ထ**-အဝတ်, သင်္ကန်း, (၅) **ယာန**-ဘိနပ်, လှေ, ကား, ရထား စတဲ့ ယာဉ်, (၆) **မာလာ**-ပန်း, (၇) **ဂန္ဓ**-နံ့သာမှုန့်, ရေမွှေး, (၈) **ဝိလေပန**-နံ့သာမျောင်း

ဆိုရာမှာ ကံ့ ကံ့ရဲ့အကျိုးကို သိနားလည်တဲ့ 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'ရှိရမယ်–လို့ ဆိုလိုတာပါ၊ ပေးလှူတဲ့အတွက် ကောင်းကျိုးရလိမ့်မယ်–လို့ သိခြင်းပါပဲ၊ ဉာဏ်ရှေ့သွားရှိရမယ်–ဆိုတဲ့အတွက် ဉာဏ်မရှိရင် ဒါနမဖြစ်– လို့တော့ မမှတ်အပ်ပါ၊ အကောင်းဆုံး ဉာဏသမ္မယုတ် ဒါနကုသိုလ် ဖြစ်ဖို့ကိုသာ ဆိုခြင်းဖြစ်ပါတယ်၊ အဲဒီဉာဏ် မရှိစေကာမူ ပုဂ္ဂိုလ်ကို ကြည်ညိုလို့ ပေးကမ်းလှူဒါန်းခြင်း စသည်မှာပင် ဒါနဖြစ်ပါတယ်။ ဉာဏဝိပ္ပယုတ်ဒါနဖြစ်တယ်၊ အချို့ကလေးများ, အချို့လူကြီးများပင် အကျိုးပေးလိမ့်မယ်–လို့ မသိကြပေမယ့် ချစ်ခင်မြတ်နိုးလို့ပေးခြင်း, သနားလို့ပေးခြင်း စသည်ရှိတတ်တဲ့အတွက် အဲဒီပေးခြင်းမျိုးဟာလဲ ဒါနပင် ဖြစ်ပါတယ်၊ 'ကြောက်လို့ပေးရခြင်း, လာဘ်မြှော်ကိုးလို့ ပေးရခြင်း, ချစ်ကြိုက်လို့ပေးရခြင်း စတဲ့အပေးမျိုးကတော့ ဒါနမဖြစ်တဲ့ အပေးမျိုးဖြစ်ပါတယ်။

**မတွယ်တာခြင်း အကြောင်းရင်း ။** ။ မိမိပစ္စည်းအပေါ်၌ တွယ်တာတတ်သည်မှာ သဘာဝဖြစ်ပါတယ်၊ ဒါပေမယ့် ပုဂ္ဂိုလ်ကိုကြည်ညိုတဲ့အခါဖြစ်စေ, မေတ္တာ ကရုဏာသက်ပြီး သူ့အကျိုးလိုလားတဲ့အခါဖြစ်စေ တွယ်တာမှုကို ဖြတ်တောက်နိုင်ကြပါတယ်၊ ပေးကမ်းလှူဒါန်းနိုင်ကြပါတယ်၊ အလောင်းတော်တွေဟာ ပစ္စည်းဥစ္စာသာမက မိမိအသက်ကိုပါ စွန့်နိုင်အောင် ရက်ရောကြပါတယ်၊ အဲဒီအလောင်းများရဲ့ ရက်ရောနိုင်ကြတဲ့အကြောင်းကတော့ သူတပါးအကျိုးလိုလားတဲ့ မေတ္တာ, ကရုဏာပင် ဖြစ်ပါတယ်၊ အဲဒီမေတ္တာ ကရုဏာကြောင့် ရက်ရောစွာ စွန့်လာခဲ့ရာမှ အလောဘဇ္ဈာသယရင့်သန်လာတဲ့အခါ ပစ္စည်းဥစ္စာ, ကိုယ်ခန္ဓာအပေါ်မှာ တွယ်တာမှု မရှိတော့ပါဘူး။ မေတ္တာ, ကရုဏာ မထားနိုင်ခြင်း, သဒ္ဓါနည်းပါးခြင်းကြောင့် အချို့သူတွေမှာ ပစ္စည်းတွယ်တာတတ်ခြင်း, မတွယ်တာလှူပေမယ့် မလှူလိုခြင်းကြောင့် ဒါနမဖြစ်တတ်ပါ၊ သဒ္ဓါပြည့်ဝ ကြည်ညိုတတ်ခြင်း, သူ့အကျိုးလိုလားခြင်းရှိသူတွေမှာတော့ မိမိအလွန်နှစ်သက်တဲ့ ပစ္စည်းကိုပင် နှမြောတွန့်တိုခြင်းမရှိပဲ ရက်ရောစွာ လှူဒါန်းနိုင်ကြပါတယ်။

**အလှူရက်ရော၊ သူ့မနော၊ ကျိုးပြော ဒီဋ္ဌမမွ ။ ။** အဂုံတွရနိကာယ် ကေကနိပါတ် အဋ္ဌကထာ တေဒဂုဝဂ် မဟာကစ္စာယနထ္ထေရဝတ္ထု (အံ၊ ဋ္ဌ၊ ဘ၊ ၁၆၂–၁၆၃)လာအရ ဥဇ္ဇေနိပြည်ရှင် စဏ္ဍာပဇ္ဇောတမင်းက ဘုရားရှင်ကိုပင့်ရန် ကစ္စာယနလုလင်ကို နောက်ပါ ခုနစ်ယောက်နဲ့အတူ စေလွှတ်ခဲ့ပါတယ်၊

---

(cosmetics). (၉) **သေယျာ**–ညောင်စောင်း, အင်းမျှင်, အိပ်ရာ, (၁၀) **ပဒီပေယျ**–ဆီမီး–(ဒီ၊ ၃၊ ၂၁၄။ စိန္တယဝိနိစ္ဆယ ဥတ္တရဝိနိစ္ဆယ၊ [illegible]

သူတို့တွေဟာ ဘုရားရှင်ထံမှောက် ရောက်ပြီး တရားနာရတဲ့အခါ သူတို့အားလုံး ရဟန္တာ ဖြစ်ကြပါတယ်၊ ရဟန္တာဖြစ်ပြီးတဲ့ ကစ္စာယနထေရ်က ဘုရားရှင်အား စက္ကာပဇ္ဇောတမင်းရဲ့ပင့်ဖိတ်ချက်ကို လျှောက်ထားပါတယ်၊ ဘုရားရှင်က "သင်သာ သွားပါ၊ သင်သွားရင်လဲ မင်းက ကြည်ညိုပါလိမ့်မယ်" လို့ ကစ္စာယနထေရ်ကိုသာ လွှတ်လိုက်ပါတယ်။

ကစ္စာယနထေရ်လဲ ၎နောက်ပါ ခုနစ်ပါးနဲ့အတူ ကြွခဲ့ရာ လမ်းခရီးအကြားမှာ တေလပနာဠိခေါ်တဲ့ နိဂုံးရွာကြီးသို့ ဆိုက်ရောက်ကြပါတယ်၊ အဲဒီရွာကြီးမှာ သူဌေးသမီးနှစ်ယောက်ရှိရာတွင် တယောက်မှာ ပစ္စည်းဥစ္စာဟုက်ပြီး ဆင်းရဲလျက် အထိန်းမကို အမှီပြုကာ အသက်မွေးရရှာတယ်၊ သူမဟာ ရုပ်ရေလှပတဲ့အပြင် သူမရဲ့ဆံပင်ကလဲ အလွန်ကောင်းတယ်၊ တယောက်မှာတော့ ပစ္စည်းရှိတယ်, ချမ်းသာ ကြွယ်ဝတယ်၊ ဒါပေမယ့် ဆံပင် မကောင်းဘူး၊ (နိဂ္ဂြောသိကာ–ဆံပင်မရှိဘူး၊) ပစ္စည်းရှိသူမက ဆံပင်ကောင်းတဲ့ ပစ္စည်းမဲ့သူဌေးသမီးထံ ဆံပင်ကို မိမိအားရောင်းဖို့စေလွှတ်ပြီး တရာကစ တထောင် အထိ ဈေးတက်ပေးပေမယ့် ဆင်းရဲသွားတဲ့သူဌေးသမီးက မရောင်းခဲ့ပါ။

အဲဒီရွာကြီးမှာ ဆွမ်းခံလှည့်လည်နေကြတဲ့ ရဟန်းခုနစ်ပါးနဲ့ ကစ္စာယနထေရ်ကို ဆံပင်ကောင်းတဲ့ သူဌေးသမီးမြင်ရတဲ့အခါ "ကြော်--အရှင်မြတ်များ ဆွမ်းလဲ မရသေး, ငါ့မှာလဲ လူစရာမရှိ" လို့ စိတ်မကောင်းဖြစ်မိပြီး မိမိဆံပင်ကို သူငယ်ချင်းသူဌေးသမီး ဝယ်ဘူးတာကို အမှတ်ရကာ မထေရ်များကို အပင့်ခိုင်းပြီး အိမ်တွင်းမှာ သိတင်းသုံးစေပါတယ်၊ ဒီနောက်မှာ သူမဟာ အခန်းထဲဝင်ပြီး ဆံပင်ကို အထိန်းမအား ဖြတ်ခိုင်းပါတော့တယ်၊ သူဌေးသမီးမှာ စေတနာအလွန်ထက်သန်တဲ့အတွက် မိမိ အလွန်နမြော စုံမက်ခဲ့တဲ့ဆံပင်ဖြတ်ရလို့ ဘယ်လိုမျှ မဖြစ်ပေမယ့် အထိန်းမကြီးမှာတော့ ဒီလောက် ကောင်းတဲ့ဆံပင်ကို ဖြတ်ပေးလိုက်ရတဲ့အတွက် နှမြောလွန်း ဝမ်းနည်းရှာလွန်းလို့ ရင်ပတ် လက်နဲ့ အုပ်ကာ မျက်ရည်မဆည်နိုင်ဖြစ်ရရှာတယ်၊ ဒီနောက်မှာ မထေရ်များ မမြင်အောင် ဆံပင်ကို ကွယ်အုပ်လျက် ဆံပင်ဝယ်လိုသူ သူဌေးသမီးထံ သွားရောက်ရောင်းချစေရာ ဈေးနှိမ်ကာ ရှစ်ကျပ်သာ ပေးလိုက်ပါတယ်။

အထိန်းမကြီးဟာ ရသမျှငွေကို ရယူပြီး သူဌေးသမီးအား အပ်ငှိုက်ပါတယ်၊ သူမဟာ တပါးတကျပ်တန် ဆွမ်းချက်ကာ မထေရ်ရှစ်ပါးတို့အား လှူဒါန်းဆက်ကပ်စေပါတယ်၊ ကစ္စာယနထေရ်က ဆင်ခြင်တဲ့အတွက် ဒီအကြောင်းကိုသိပြီး သူဌေးသမီးကိုမေးရာ သူမလဲ မနေသာတော့ဘဲ အခန်းမှ ထွက်လာကာ မထေရ်များကို ရှိခိုးဦးချလျက် ကြီးမားအားကောင်းတဲ့သဒ္ဓါဖြစ်လာပါတယ်၊ သူမဟာ

ရှိခိုးဦးချတာနဲ့ တပြိုင်နက် ဆံပင်များမှာ နဂိုအတိုင်း ပြန်ပေါက်လာပါတယ်၊ ဒါဟာ သူမကုသိုလ်ရဲ့ ချက်ချင်း ခံစားရတဲ့ ဒိဋ္ဌဓမ္မအကျိုးပေးပါပဲ။

အဲဒီနောက် မထေရ်များလဲ ဆွမ်းခံယူပြီး ကောင်းကင်ခရီးဖြင့် စင်္ကာပဒေ္ဒာတမင်းရဲ့ ကဉ္စနဝန ဥယျာဉ်တော်သို့ကြွကာ ဆွမ်းဘုဉ်းပေးတော်မူကြပါတယ်၊ ဥယျာဉ်စောင့်က စင်္ကာပစွာတမင်းအား မထေရ်များကြွလာတော်မူကြောင်းကို လျှောက်တင်တဲ့အတွက် မင်းကြီးလဲ မထေရ်များထံလာရောက် ဖူးမျှော်ပါတယ်၊ မင်းကြီးဟာ ကစ္စာယနထေရ်ထံမှ ဘုရားရှင် မကြွကြောင်း သိရပြီးနောက် "အရှင် ဘုရား ဒီနေ့ဘယ်မှာ ဆွမ်းဘုဉ်ပေးခဲ့ပါသလဲ?" လို့ လျှောက်ထားရာ မထေရ်က သူဌေးသမီး ရဲ့ပြုနိုင်ခဲတဲ့အမှုကို ပြုခဲ့ပုံများကို မိန့်ကြားတော်မူပါတယ်၊ မင်းကြီးဟာ အဲဒီနေ့မှာပဲ သူဌေးသမီးကို ခေါ်ဆောင်စေကာ မိဖုရားကြီးအရာမှာ တင်မြှောက်ခဲ့ပါတဲ့၊ ဒါဟာလဲ သူမပြုလုပ်တဲ့ကုသိုလ်ရဲ့ ဒိဋ္ဌဓမ္မ အကျိုးပါပဲ။

ဒါနဟာ လူအများရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်းအစရှိတဲ့ ဒီဘဝမှာ ဖြစ်တဲ့အကျိုးထူး, နောင်ဘဝသံသရာမှာ ဖြစ်မယ့်အကျိုးထူးတွေကို ရစေတတ်တဲ့အတွက် မဂ်လာ–မည်ပါတယ်။

**ဒါနပြုရာ၊ မျက်မှောက်မှာ၊ ငါးဖြာအကျိုးရ။** ။ အဂုံတွရနိကာယ် ပဉ္စကနိပါတ် ပဌမပဏ္ဏာသက သုမနဝဂ် သီဟသေနာပတိသုတ်(အံ၊ ၂၊ ၃၃)မှာ သီဟစစ်သူကြီးက "ဒါနရဲ့မျက်မှောက်ဘဝမှာပင် ရမည့်လက်တွေ့ အကျိုးကို ညွှန်ပြနိုင်ပါသလားဘုရား?" လို့ ဘုရားရှင်အား မေးလျှောက်ထားပါတယ်၊ ဘုရားရှင်က "သီဟ, ညွှန်ပြနိုင်ပါတယ်" လို့ ဖြေကြားတော်မူပြီး ဒါနရဲ့လက်ငင်းအကျိုး ၅–ပါးကို ဟောတော်မူပါတယ်။

(၁) အလှူရှင်ဟာ လူအများရဲ့ ချစ်ခင်မြတ်နိုးခြင်းကို ခံရပါတယ်၊ [တိရစ္ဆာန်တွေကပင် ပေးသူ အစာကျွေးသူကို ချစ်ခင်ကြပါတယ်၊ လူတွေမှာ ပြောဖွယ်ရာပင် မရှိပါ၊ ဒီအကျိုးဟာ တပါး သူတွေအပေါ်မှာ အကျိုးလိုလား မေတ္တာထားခြင်းဖြင့် ရအပ်တဲ့ အကျိုးပင် ဖြစ်ပါတယ်၊]

(၂) သူတော်ကောင်းတွေက အလှူရှင်ထံ ချဉ်းကပ်တတ်ကြပါတယ်၊ [မလှူတဲ့သူထံ မည်သူမျှ မလာလိုကြပါဘူး၊ သူတော်ကောင်းတွေ ရောက်လာတဲ့အတွက် ကုသိုလ်ဖြစ်ခြင်း, အဖိုးတန် တရားလက်ဆောင်များရခြင်းဖြင့် အကျိုးများလှပါတယ်၊]

(၃) အလှူရှင်ရဲ့ကောင်းသတင်း ကျော်စောသံဟာ အရပ်မျက်နှာအားလုံးမှာ ပျံ့နှံ့နေပါတယ်၊ [သူများကောင်းစားအောင် အကျိုးဆောင်သူမှာ မိမိကိုယ်တိုင်က ဂုဏ်လုပ်ဖွယ်,

ပကာသနပြုဖွယ်မလိုပါ၊ အများကပင် ဖော်ထုတ်ဂုဏ်တင်လျက်ရှိကြတဲ့အတွက် အစဉ်သတင်းမွှေးပျံ့ နေပါတယ်၊]

(၄) အလှူရှင်ဟာ ဘယ်ပရိသတ်ထဲကိုမဆို ရဲရဲဝံ့ဝံ့ ဝင်ရောက်နိုင်ပါတယ်၊ [မကောင်းမှု ပြုထားသူမှာ မိမိအပြစ်တွေးပြီး ရွံ့တတ်လန့်တတ်ပေမယ့် သူတပါး ချီးမွမ်း ချစ်ခင်မြတ်နိုးမှု ခံရတဲ့ ကောင်းမှုရှင်ဟာ တွေးတောပြီး ရွံ့စရာလန့်စရာ မမြင်တဲ့အတွက် အမြဲတမ်း ရဲဝံ့လျက်ရှိပါတယ်၊]

ဒီ လေးပါးဟာ မျက်မှောက်အကျိုးများ ဖြစ်ပါတယ်။

(၅) အလှူရှင်ဟာ သေပြီးတဲ့နောက်မှာ နတ်ပြည်ရောက်ရပါတယ်။

**အများချစ်အပ်၊ သူမြတ်တို့ချဉ်း၊ ကောင်းသတင်းကြွယ်၊ ပွဲလယ်ဝင်ရဲ၊ ဓန္ဓာစဲသော်၊ ရောက်မြဲနတ်ထံ၊ ဤငါးတန်၊ ရရန်လူကျိုးတွေ။** (ပရိတ်ကြီးနိဿယသစ်၊ ၁၂၉။)

အဲဒီ ဒါနအကျိုး ၅-ပါးကို ဒါနာနိသံသသုတ်[၁၆၆] (အံ၊ ၂၊ ၃၄-၃၅)မှာလဲ ကြည့်နိုင်ပါတယ်။

**ဒါနက သံသရာရှည်စေသလော?** ပရိတ်ကြီးနိဿယသစ်ဆရာတော်က---

"အချို့က ဒါနကို သံသရာရှည်စေတတ်တဲ့တရား-လို့ ကြောက်လန့်ဖွယ်အနေနဲ့ ဆိုတတ်ကြပါတယ်၊ သံသရာဝဋ်မှ ကျွတ်လွန်ရန် လိုလားကြတဲ့ အလောင်းတော်များဟာ ဒါနကို လိုလိုလားလားပြုခဲ့ကြသည်မှာ သံသရာမှ လွတ်ကြောင်းဖြစ်တဲ့အတွက်ကြောင့်သာ ဖြစ်ပါတယ်။ တဏှာကသာ သံသရာရှည်ကြောင်း ဖြစ်ပါတယ်။ နည်းမှန်လမ်းမှန်ပြုတဲ့ ဒါနမှာ တဏှာကိုပယ်နိုင်ကြောင်း ဖြစ်ပါတယ်၊ အလောင်းတော်များမှာ ခုဘဝ နောင်ဘဝ သာယာရေးအတွက် မိမိဖို့ရာ ဘာတခုမှ ပတောင့်တ ကြပါ၊ သတ္တဝါအများကောင်းစားစေလို, ချမ်းသာစေလိုတဲ့ စေတနာသာထား၍ ပေးကမ်းကြပါတယ်၊ အဲဒီဒါနမျိုးကို ပါရမိမြောက်ဒါန-လို့ ခေါ်ပါတယ်၊ အကယ်၍ တောင့်တလိုရင်လဲ သံသရာဝဋ်မှ လွတ်ရေးသာ တောင့်တသင့်ပါတယ်၊ သံသရာဝဋ်မှလွတ်ရန် တောင့်တခြင်းမှာ တဏှာမဖြစ်ပါ၊ အဲဒီဒါနမျိုးကို ဝိဝဋ္ဌနိဿိတဒါန-လို့ ခေါ်ပါတယ်၊ တဏှာဆန္ဒမကင်းတဲ့ ဝဋ္ဌနိဿိတဒါနမျိုးမှာ သံသရာ

---

[၁၆] ပဋ္ဌိမေ ဘိက္ခဝေ ဒါနေ အာနိသံသာ။ ကတမေ ပဋ္ဌ? ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ။ သန္တေ သပ္ပုရိသာ ဘဇန္တိ၊ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ **ဂိဟိဓမ္မာ အနပဂတော** (ဂိဟိဓမ္မမနပဂတော-သိ) ဟောတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ ဣမေ ခေါ ဘိက္ခဝေ ပဋ္ဌ ဒါနေ အာနိသံသာတိ။ **ဂိဟိဓမ္မာ အနပဂတော** ဆိုတာတိ-လူ့ကျင့်ဝတ်တရားမှ မကင်းကွာပါ။

လည်ကြောင်းဖြစ်သော်လဲ တဏှာမပါတဲ့ ဝိဝဋ္ဋနိဿိတဒါနမှာတော့ သံသရာမှ မြန်စွာလွတ်ကြောင်း ဖြစ်ပါတယ်။

**ဒါနပြုရန် မကြောက်ထိုက်။** ။ ဒါနပြုသူမှာ ပေးလှူခိုက်တွင် မေတ္တာ, ကရုဏာ, မုဒိတာများ ဖြစ်ပွါး လျက်ရှိရာ အလှူခံများ ခံယူသုံးဆောင်နေကြတာကိုကြည့်ပြီး အားရကြည်နူး ရွှင်မြူးဝမ်းသာ စိတ်ချမ်း သာလျက် ရှိနေပါတယ်၊ နောင်အခါ တွေးမိတိုင်းလဲ ဝမ်းသာကြည်နူး ရွှင်မြူးလျက်ရှိပါတယ်၊ အဲဒီ ဖြစ်ရပ်တွေဟာ လက်တွေ့ခံစားရတဲ့ ဒါနအကျိုးတရားများပင် ဖြစ်ပါတယ်။ သူတပါးအပေါ် မေတ္တာ, ကရုဏာ, မုဒိတာ ပွါးလျက်ရှိတဲ့အတွက်လဲ လောဘ, ဒေါသ, မာန, ကုသာ, မစ္ဆရိယ စတဲ့ တရားဆိုး များ ကင်းရှင်းလျက်ရှိရာ အဲဒီတရားဆိုးများ နည်းပါးကြောင်းဖြစ်တဲ့ဒါနကို မလိုက်နာ မပြုကျင့်ထိုက်ပဲ ရှိနိုင်ပါ့မလား? (မရှိနိုင်ပါ)။ ဒါနကို ကြောက်သူဟာ ဥသျစ်သီးကြွေကျတာကို မြေပြိုပြိုအထင်နဲ့ ကြောက်ပြေးတဲ့ ယုန်မိုက်ပမာ မကြောက်ထိုက်တာကို ကြောက်ခြင်းသာဖြစ်ပါတယ်”-လို့ မိန့်မှာ တော်မူပါတယ်။

**ဒါနပြုရာ၊ ကြောင်း ရှစ်ဖြာ၊ ကောင်းစွာ မှတ်ပါလေ။** ။ ဒီဃနိကာယ် ပါထိကဝဂ္ဂ သင်္ဂီတိသုတ် (ဒီ၊ ၃၊ ၂၁၄)နှင့် အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ဒါနဝတ္ထုသုတ် (အံ၊ ၃၊ ၆၉)တို့အရ အလှူဒါနပြုလိုခြင်း အကြောင်း ၈-ပါးကို မှတ်သားသင့်တယ်---

(၁) မိမိတို့နေရာဌာနသို့ ရောက်လာတဲ့အတွက် ပေးလှူခြင်း၊

(၂) မပေးရင် အန္တရာယ် ပြုလိမ့်မလား?လို့ တွေးပြီး ကြောက်တဲ့အတွက် ပေးလှူခြင်း၊

(၃) “သူက မိမိအား ပေးလှူဘူး”လို့ တဖန် ပြန်ပြီး ပေးလှူခြင်း၊

(၄) “ငါ့အား ပေးလှူလိမ့်မယ်”လို့ တွေးကာ လာဘကို မျှော်ကိုးပြီး ပေးလှူခြင်း၊

(၅) “အလှူဆိုတာ ကောင်းတာပဲ”လို့ တွေးတဲ့ မိရိုးဖလာ လှူခြင်းမျိုး၊

(၆) “ငါက ချက်တတ်တယ်၊ သူတို့က မချက်ကြဘူး၊ ချက်တဲ့ငါက မချက်နိုင်တဲ့သူတွေ အား မပေးရင် မသင့်တော်ဘူး”လို့ တွေးလျက် ပေးလှူခြင်း၊ ရဟန်းတော်များ မချက်ကောင်းတဲ့အတွက် လှူခြင်းမျိုး ဖြစ်ပါတယ်၊

(၇) “အလှူပေးသူရဲ့ဂုဏ်သတင်းဆိုတာ ကျော်စောထင်ရှားတယ်”လို့ ချီးမွမ်းခံယူလိုတဲ့ အတွက် ပေးလှူခြင်း၊

(၈) မင်္ဂဖိုလ်နိဗ္ဗာန်ကို ရလိုတဲ့အတွက် ပေးလှူခြင်း----ဒီ ၈-ပါးဖြစ်ပါတယ်။
**ရောက်လာ၍လှူ၊ ကြောက်၍လှူနှင့်၊ ပေးလှူ၍ လှူ၊ ပေးလိမ့်လှူတည့်၊ ရှေးသူတို့ငြမ်း၊ မချက်ဆွမ်းနှင့်၊ ချီးမွမ်းရလို၊ မင် ဖိုလ်လိုသည်၊ မိန့်ဆိုဒါန ၇စ်မျိုးတည်း။**

**ဒါန ၂-မျိုး**[၁၆] ။ ။ (၁) **အာမိသဒါန**-ဆွမ်းအစရှိတဲ့ လှူဖွယ်ဝတ္ထုများကို ပေးလှူမှု၊
(၂) **ဓမ္မဒါန**-ဒီဘဝ, နောင်ဘဝတွေမှာ ဆင်းရဲကင်းပြီး ချမ်းသာကို ဆောင်နိုင်တဲ့ ဘုရားရှင်ဟောတော်မူတဲ့တရားတော်ကို သူတပါးတို့ရဲ့ အကျိုးစီးပွါးအတွက် ဟောပြောပို့ချမှု။

လှူဖွယ်ဝတ္ထုပစ္စည်းလာဘ် (**လာဘ**), ဒကာဒကာမတွေရဲ့ အရိုအသေပြုမှု (သက္ကာရ), အခြေအရံ ပရိသတ်(ယသ), ကျော်စောသတင်းနာမည်ကြီးခြင်း (သိလောက)တွေကို မတောင့်တဘဲ သတ္တဝါအများရဲ့ စီးပွါးချမ်းသာအလို့ငှာ တကယ်ဖြူစင်တဲ့ စိတ်စေတနာနဲ့ တရားဟောခြင်း, စာပေပို့ချခြင်းကိုသာ **ဓမ္မဒါန**-တရားအလှူ-လို့ ခေါ်ဆိုသင့်ပါတယ်၊ **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ** (ခု၊ ၁၊ ၆၄၊ ဓမ္မပဒ) ဓမ္မပဒတရားတော်အရ ဒီဓမ္မဒါနက အာမိသဒါနထက် အထက်တန်းကျပြီး မွန်မြတ်လှပါတယ်၊ ဒီဓမ္မဒါနဟာအနက်ကို ထိုးထွင်းသိမြင်ခြင်း အစရှိတဲ့ဂုဏ်တွေကိုရခြင်းရဲ့ အနီးကပ်ဆုံးအကြောင်း ဖြစ်နေတဲ့အတွက် မင်္ဂလာမည်ပါတယ်။

**ဒါနရှင် ၃-မျိုး**[၁၇] **သို့မဟုတ် ဒါန ၃-မျိုး**။ ။ (၁) **ဒါနဒါသ-ဒါနရဲ့ကျွန်**=မိမိကကောင်းမွန်တာကို စားသုံးပြီး သူတပါးတို့အား မကောင်းတာကို ပေးကမ်းခြင်း၊ အဲဒီပုဂ္ဂိုလ်ဟာ ဒါနဆိုတဲ့ လှူဖွယ်ဝတ္ထုရဲ့ကျွန်အစေခံသဖွယ်ဖြစ်တဲ့အတွက် ဒါနရဲ့ကျွန်-လို့ခေါ်ရတယ်။ **ဒါသဒါန**-ကျွန်အနေမျိုးဖြစ်တဲ့ အောက်တန်းစားအလှူ၊ ဒီအလှူမျိုးကိုပဲ **ဟီနဒါန**-မိမိသုံးဆောင်စားသောက်တာလောက် မကောင်းတဲ့အစားအစာအဝတ်အစား-စသည်ကို လှူတဲ့ ယုတ်ညံ့တဲ့အလှူဒါန-လို့လဲ ခေါ်ရပြန်တယ်။

(၂) **ဒါနသဟာယ=ဒါနရဲ့မိတ်ဆွေ**-မိမိ စားသုံးတဲ့အတိုင်း သူတပါးတို့အား ပေးကမ်းခြင်း၊ အဲဒီလို ပုဂ္ဂိုလ်က ဒါနရဲ့အဆွေခင်ပွန်းသဖွယ်ဖြစ်တဲ့အတွက် ဒါနရဲ့အပေါင်းအသင်း-လို့ခေါ်ရတယ်။ **သဟာယဒါန**-မိတ်ဆွေသူငယ်ချင်းအနေမျိုးဖြစ်တဲ့အလှူ၊ ဒီအလှူမျိုးကိုပဲ **မဇ္ဈိမဒါန**-မိမိသုံးဆောင်စားသောက်တဲ့

---

[၁၆] အံ၊ ၁၊ ဒုကနိပါတ်၊ ဒါနဝဂ်၊ ၉၀။ အံ၊ ၄၊ ၂၊ ဒါနဝဂ်အဖွင့်၊ ၆၀။ ခုဒ္ဒကပါဋ၊ ၄၊ မင်္ဂလသုတ်-ဒါန၌ အဖွင့်၊ ၁၁၇။

[၁၇] ဒီ၊ ၄၊ ၁၊ ၂၆၆။ သံ၊ ၄၊ ၁၊ ၁၀၅။ အံ၊ ၄၊ ၃၊ ၂၀။ သံ၊ ၉၊ ၁၊ ၁၅၆။ အံ၊ ၉၊ ၃၊ ၁၆-၁၇။

ပစ္စည်းနဲ့တန်းတူဖြစ်တဲ့ အစားအစာ အဝတ်အစား-စသည်ကို လူတဲ့အလတ်တန်းစားအလူ-လို့ ခေါ်ရပြန်တယ်။

(၃) **ဒါနပတိ (ဒါနသာမိ)=ဒါနရဲ့အရှင်သခင်**-မိမိကိုယ်တိုင်က တော်စွလျော်စွ မျှတ သုံးဆောင်စား သောက်ပြီး သူတပါးတို့အား ကောင်းကောင်း မွန်မွန်မြတ်မြတ် ပေးကမ်းလူဒါန်းခြင်း၊ အဲဒီလိုပုဂ္ဂိုလ်ကတော့ ဒါနရဲ့ အရှင်သခင်သဖွယ်ဖြစ်တဲ့အတွက် ဒါနရဲ့ပိုင်ရှင်-လို့ ခေါ်ရပါတယ်၊ **သာမိဒါန**-အရှင်သခင်မျိုးအနေဖြစ်တဲ့ဒါန၊ ဒီဒါနကိုပဲ **ပကိတ္တဒါန**-မိမိသုံးဆောင်စားသောက်တဲ့ပစ္စည်းထက် သာလွန်ကောင်းမြတ်တဲ့ အစားအစာ အဝတ်အစား-စသည်ကိုလူတဲ့ မွန်မြတ် အထက်တန်းစားအလူ-လို့ ရပြန်ပါတယ်။

နောက်တနည်းပြောရရင်--**'ဟီနဒါန'** -စေတနာရဲ့ ယုဉ်ဘက်ဖြစ်တဲ့ ဆန္ဒ, ဝီရိယ, စိဉ္စာ, ပညာ-တို့က မထက်သန်ပဲ ခပ်ညံ့ညံ့နဲ့လူတဲ့ အလူဖြစ်ပါတယ်။ **'မဇ္ဈိမဒါန'**-ဆန္ဒ, ဝီရိယ, စိတ္တ, ပညာ-တို့က ညံ့လဲမညံ့ ထက်လဲမထက်သန် အလတ်စားအနေနဲ့လူတဲ့ အလူဖြစ်ပါတယ်။ **'ပကိတ္ဌဒါန'**-ဆန္ဒ, ဝီရိယ, စိတ္တ, ပညာတို့က ထက်ထက်သန်သန်နဲ့လူတဲ့ အလူဖြစ်ပါတယ်။

တမျိုးပြောရရင်---**'ဟီနဒါန'**-အခြံအရံ အကျော်အစောကို လိုလားပြီး (ကျောင်းဒကာ, ဘုရားဒကာ, အလူဒကာ-ဆိုတဲ့ ဂုဏ်ကို လိုလားပြီး ပြုလုပ်တဲ့ဒါနဖြစ်ပါတယ်။ **'မဇ္ဈိမဒါန'**-ကောင်းမှုအကျိုးကို လိုလားပြီး ပြုလုပ်တဲ့ ဒါနဖြစ်ပါတယ်။ **'ပကိတ္ဌဒါန'**-အကျိုးကို မမျော်ဘဲ ဒါန-ဆိုတာ သူတော်ကောင်းတွေရဲ့အလုပ်ပဲ-ဆိုတဲ့သဘောနဲ့ ပြုလုပ်တဲ့ဒါနဖြစ်ပါတယ်။

ဒီအပြင် မိမိကိုချီးမြှောက်ပြီး သူတပါးကိုနှိမ်ချတဲ့ စိတ်မျိုးနဲ့ လူတဲ့အလူဟာ **ဟီနဒါန**-မည်ပါတယ်။ "ငါသာ လူနိုင်တာ၊ သူတို့ ငဲ့လို မလူနိုင်ကြဘူး"လို့ မိမိကိုယ့်ကို ဝင့်ဝါ ဝါကြွားလိုတဲ့စိတ်နဲ့ လူတဲ့အလူမျိုး ဖြစ်ပါတယ်။

ဝါကြွားလိုတဲ့စိတ်မရှိပဲ လောကီချမ်းသာကို တောင့်တလူတဲ့အလူက **မဇ္ဈိမဒါန**-မည်ပါတယ်။

မဂ်ဖိုလ်ချမ်းသာကို တောင့်တလူတဲ့အလူကတော့ **ပကိတ္ဌဒါန**-မည်ပါတယ်။

နောက်တနည်းမှာ ဘဝစည်းစိမ်ကို တောင့်တလူရင် **ဟီနဒါန**-မည်ပါတယ်။

မိမိရဲ့ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရေးကို မြော်ကိုးလူရင် **မဇ္ဈိမဒါန**-မည်ပါတယ်။

သတ္တဝါတွေရဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ဘုရားလောင်းများလို ပါရမီ မြှောက်လူရင် **ပကိတ္ဌဒါန**-မည်ပါတယ်။

**စရိယာပိဋကလာ ဒါန ၃-မျိုး**[၁၆]။ ။ စရိယာပိဋကအဋ္ဌကထာ ပကိဏ္ဏကကထာအရ ဒါနဟာ လူ့ဖွယ်ဝတ္ထုရဲ့အလိုအားဖြင့် သုံးမျိုးရှိပါတယ်---**အာမိသဒါန, အဘယဒါန, ဓမ္မဒါန**။

(၁) **အာမိသဒါန**-အာမိသအလှူ၊ အာမိသဒါနက **'အဇ္ဈတ္တိကအာမိသဒါန'**-အတွင်းသန္တာန်ရှိ အသက်, လက်, ခြေ, မျက်စိစတဲ့ကိုယ်အင်္ဂါအလှူ, ယခုခေတ် ကျောက်ကပ်အလှူ, သွေးအလှူများနဲ့ **'ဗာဟိရအာမိသဒါန'**-ပြင်ပသန္တာန်ရှိ ထမင်း, အဖျော်စတဲ့ လူ့ဖွယ်ဝတ္ထု အလှူ-လို့ ၂-ပါးရှိပါတယ်။

(၂) **အဘယဒါန**-ဘေးမဲ့အလှူ၊ အဘယဒါနဆိုတာ လူတွေကို မင်းဆိုး (အစိုးရဆိုး)ဘေး, သူခိုး ဓားမြဘေး, မီးဘေး, ရေဘေး, ရန်သူဘေးတို့မှဖြစ်စေ, ခြင်္သေ့, သစ်, ကျားစတဲ့ သားရဲတိရစ္ဆာန်ဘေးတို့မှဖြစ်စေ, နဂါး, ဘီလူး, ရက္ခိုဿ, မြေဘုတ်စတဲ့ဘေးတို့မှဖြစ်စေ ကာကွယ်စောင့်ရှောက်ပေးခြင်းအလှူ ဖြစ်ပါတယ်။

(၃) **ဓမ္မဒါန**-တရားအလှူ၊ ဓမ္မဒါနဆိုတာ ဖြူစင်တဲ့စိတ်ထားနဲ့ ဒါနကထာ သီလကထာ သဂ္ဂကထာ စတဲ့ဓမ္မကထာများကို ဟောခြင်းဖြစ်ပါတယ်။

**(၁၆) ဓမ္မစရိယာ။** ။ **ဓမ္မစရိယာ**-သုစရိုက်တရားကိုကျင့်ခြင်း **[ဓမ္မသ**-တရားကို (၀၂) ကုသလကမ္မပထတရား ဆယ်ပါးကို+ **စရိယာ**-ကျင့်ခြင်း] ကုသလကမ္မပထခေါ် ကောင်းတဲ့ဘဝသွားလမ်းကုသိုလ်ကောင်းမှုတရား ၁၀-ပါးကို ကျင့်ခြင်းဟာ **'ဓမ္မစရိယာ'**မည်ပါတယ်၊ အဲဒီ ကုသလကမ္မပထတရား ၁၀-ပါးကိုပင် ကောင်းတဲ့အကျင့်ဖြစ်တဲ့အတွက် သုစရိုက်တရား ၁၀-ပါးလို့လဲ ခေါ်ပါတယ်။

**သုစရိုက်တရား ၁၀-ပါး---**

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သတ္တဝါများရဲ့အစီးအပွါးကို လိုလားခြင်း၊

၂။ သူမပေးတဲ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဘယ်နေရာ ဘယ်ပစ္စည်းတွေ့တွေ့ သူ့ဥစ္စာကို ခိုးလိုက်စိတ်နဲ့ မယူခြင်း၊

၃။ ကာမဂုဏ်မှုတို့မှာ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိဘအစရှိတဲ့ အစောင့်အရှောက်မကင်းတဲ့မိန်းမ, ကာမပိုင်ရှိတဲ့မိန်းမတွေကို မပြစ်မှား, မကျူးလွန်ခြင်း---ဒီ ၃-ပါးက ကိုယ်နဲ့ ကျူးလွန်ခြင်းမှ ရှောင်ကြဉ်တဲ့အတွက် ကာယသုစရိုက် ၃-ပါး (ကိုယ်နဲ့ပတ်သက်တဲ့ ကောင်းတဲ့အကျင့် ၃-ပါး) ဖြစ်ပါတယ်။

---

[၁၆] စရိယာပိဋကအဋ္ဌကထာ၊ ၂၉၅-၂၉၇

၄။ မဟုတ်မမှန်တဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိမိကို သက်သေအနေနဲ့ မေးမြန်းလာတဲ့အခါ မသိတာကို မသိပါ, သိတာကို သိပါတယ်၊ မမြင်တာကို မမြင်ပါ, မြင်တာကို မြင်ပါတယ်–လို့ ပြောဆိုခြင်း၊ ကိုယ်ရေးကိုယ်တာအတွက်ပဲဖြစ်ဖြစ်, တံစိုးလက်ဆောင်အတွက်ပဲဖြစ်ဖြစ် သိလျက် မဟုတ်မမှန်မပြောခြင်း။

၅။ ကုန်းတိုက်ခြင်း, ရန်တိုက်စကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ အချင်းချင်းကွဲပြားအောင် တဦးထံမှ ကြားတဲ့စကားကို အခြားတဦးအား မပြောကြားခြင်၊ ညီညွတ်စေ့စပ်ရေးစကားမျိုးကိုသာ ပြောဆိုခြင်း။

၆။ မကြားဝံ့ မနာသာ ကြမ်းတမ်းယုတ်မာတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ နူးညံ့သိမ်မွေ့, နှစ်လိုဖွယ်ရှိတဲ့ စကားမျိုးကိုသာ ပြောဆိုခြင်း။

၇။ အနှစ်မပါ သေးနုတ်တဲ့ အကျိုးမဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အကျိုးနဲ့စပ်တဲ့စကား, တရားနဲ့စပ်တဲ့စကား, အဆုံးအမနဲ့စပ်တဲ့စကားမျိုးတွေကိုသာ ပြောဆိုလေ့ရှိခြင်း၊ သင့်တော်တဲ့အခါမှာ ကြောင်းကျိုးဆီလျော်တဲ့ မှတ်သားဖွယ်စကားမျိုးကိုသာ ပြောဆိုခြင်း–ဒီ ၄–ပါးက နူတ်နဲ့ မကောင်းပြောဆိုခြင်းမှ ရှောင်ကြဉ်တဲ့အတွက် ဝစီသုစရိုက် ၄–ပါး(နူတ်နဲ့ပတ်သက်တဲ့ ကောင်းတဲ့ အကျင့် ၄–ပါး)ဖြစ်ပါတယ်။

၈။ သူ့ဥစ္စာကို ရရန်မကြံခြင်း၊ 'ဒီလူ့ဥစ္စာဟာ ငါ့ဥစ္စာဖြစ်ရင် ကောင်းမှာပဲ'လို့ ရှေးရှုမကြံခြင်း၊

၉။ သူတပါးပျက်စီးရန် မကြံခြင်း၊ သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ, ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းကြပါစေ, ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ, ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ–လို့ သူတပါးအပေါ်မှာ မပျက်စီးစေလိုတဲ့ စိတ်အကြံ အစည်ရှိခြင်း၊

၁၀။ မှန်ကန်တဲ့အယူရှိခြင်း၊ ပေးလှူခြင်းရဲ့အကျိုး ရှိတယ်, ပူဇော်ခြင်းရဲ့အကျိုး ရှိတယ်, ကောင်းမှု–မကောင်းမှုများရဲ့အကျိုး ရှိတယ်, ဒီလောက ရှိတယ်, တမလွန်လောက ရှိတယ်, အမိကျေးဇူး ရှိတယ်, အဖကျေးဇူး ရှိတယ်, သေပြီးနောက် တဖန်ပြန်ဖြစ်တဲ့ သတ္တဝါတွေ ရှိတယ်, ဒီလောကကိုရော တပါးလောကကိုပါ ကိုယ်တိုင် ထူးတဲ့ဉာဏ်နဲ့သိပြီး ဟောပြောနိုင်တဲ့ မှန်ကန်ညီညွတ်သော အကျင့်ရှိကြတဲ့ ရဟန်းသူတော်ကောင်းတွေ လောကမှာ ရှိကြတယ်–လို့ မဖောက်မပြန် မှန်ကန်တဲ့ အမြင်ရှိခြင်း---ဒီ ၃–ပါးက စိတ်နဲ့ မကောင်းတဲ့ တွေး

တောကြီစည်ခြင်းမှရှောင်ကြဉ်တဲ့အတွက် မနောသုစရိုက် ၃-ပါး (စိတ်နဲ့ပတ်သက်တဲ့ ကောင်းသောအကျင့် ၃-ပါး) ဖြစ်ပါတယ်။

အဲဒီတော့ ကာယသုစရိုက် ၃-ပါး+ ဝစီသုစရိုက် ၄-ပါး+ မနောသုစရိုက် ၃-ပါး=စုစုပေါင်း **သုစရိုက် တရား ၁၀-ပါး** ခေါ် ကုသလကမ္မပထတရား ၁၀-ပါး ဖြစ်ပါတယ်။

ဓမ္မ-ဆိုတာ သူတော်ကောင်းများ ကျင့်ရိုးတရားဖြစ်ပါတယ်၊ သူ့အသက်သတ်ခြင်းစတဲ့အမူအကျင့်တွေဟာ အဲဒီသူတော်ကောင်တရားမှ ကင်းကွာနေတဲ့ အပြုအမူအကျင့်တွေသာ ဖြစ်ပါတယ်၊ သတ်ဖြတ်ခြင်းစတဲ့အမူအကျင့်တွေပှ ရှောင်ကြဉ်ခြင်းဟာ တရားနဲ့မကင်းကွာတဲ့ အပြုအမူဖြစ်ပါတယ်၊ ဒါ့ကြောင့် တရားနဲ့မကင်းကွာတဲ့အကျင့်-လို့လဲ **ဓမ္မစရိယာ**ရဲ့အနက်ကို အဋ္ဌကထာများက ဖွင့်ဆိုထားပြန်ပါတယ်။ [ဓမ္မာ ဝါ အနပေတာ စရိယာ **ဓမ္မစရိယာ** (ခုဒ္ဒကပါဌ၊ ၌၊ ၁၁၇-၁၁၈။ သုတ္တနိပါတ၊ ၌၊ ၂၊ ၂၃။) ဝါ-တနည်းကား ဓမ္မာ-တရားမှ၊ အနပေတာ-မကင်းသော၊ စရိယာ-အကျင့်တည်း၊ **ဓမ္မစရိယာ**-တရားမှ မကင်းသောအကျင့်။]

ဒါနစတဲ့ ပုညကိရိယာများလဲ ဓမ္မ-ပင်ဖြစ်ပေမယ့် အဲဒီဓမ္မများဟာ ဒါနစတဲ့ ဆိုင်ရာမင်္ဂလာများမှာ ပါဝင်ပြီးဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း, "ဓမ္မစရိယာ သမစရိယာဟေတု ခေါ ဂဟပတယော" စသည်ဖြင့် ဟောတော်မူတဲ့ မူလပဏ္ဏာသ သာလေယျကသုတ် (၃၅၅)တွင် ဝမ္မစရိယာ-အရ ကုသလကမ္မပထ တရား ၁၀-ပါးကို ကျင့်ခြင်းကို ဟောတော်မူတဲ့အတွက်ကြောင့်လည်းကောင်း ဒီနေရာမှာ ဓမ္မစရိယာ-အရ ကုသိုလ်ကမ္မပထတရား ၁၀-ပါးကျင့်ခြင်းကိုသာ ခုဒ္ဒကပါဌအဋ္ဌကထာ (၁၁၈), သုတ္တနိပါတ်အဋ္ဌကထာ (၂၄)တို့ ဖွင့်ဆိုခဲ့ကြပါတယ်။

ဒီဓမ္မစရိယာ တရားကျင့်ခြင်းဟာ နတ်ပြည်မှာ ဖြစ်ရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာမည်ပါတယ်-လို့လဲ အဋ္ဌကထာဆရာက မိန့်ဆိုထားပါတယ်။

**ဓမ္မပါလလူငယ်**[၁၇]။ ။ ရှေးတုံးက ကာသိတိုင်း ဓမ္မပါလရွာဆိုတာ ရှိပါတယ်၊ တရားစောင့်ရှောက်သူတွေနေတဲ့ရွာဖြစ်သည့်အတွက် 'ဓမ္မပါလရွာ'လို့ ခေါ်တာပါ၊ ကုသလကမ္မပထတရား ၁၀-ပါးကို စောင့်ရှောက်တဲ့အတွက် **"ဓမ္မပါလ"**လို့ ခေါ်တွင်တဲ့ ပုဏ္ဏားတယောက်ရှိခဲ့ပါတယ်၊ အဲဒီဓမ္မပါလရဲ့အမျိုးအနွယ်ဟာဆိုရင် အစေခံအိမ်ဖော်, အလုပ်သမားတွေကစ အလှူဒါန ပေးလှူကြပါတယ် သိလ စောင့်ထိန်းကြပါတယ်၊ ဥပုသ်ကိုလဲ စောင့်သုံးကြပါတယ်။

---

ဇာတက၊ ၌၊ ၄၊ မဟာဓမ္မပါလဇာတ်၊ ၅၀-၅၅။

အဲဒီပုဏ္ဏားမှာ သားတစ်ယောက်ရှိပါတယ်၊ သားကိုလဲ 'ဓမ္မပါလ' လို့ နာမည်ပေးထားပါတယ်၊ ပညာသင်ချိန်ရောက်တဲ့အခါ သားဓမ္မပါလကို ဖခင် မဟာဓမ္မပါလက ငွေတထောင်ပေးပြီး တက္ကသိုလ်ကို ပညာသင် လွှတ်လိုက်ပါတယ်၊ ဓမ္မပါလဟာ ဒီသာပါမောက္ခဆရာထံမှာ ပညာသင်ရင်း တပည့် ၅၀၀-တို့ရဲ့ ခေါင်းဆောင် တပည့်ကြီး ဖြစ်လာပါတယ်။

တနေ့မှာ ဒီသာပါမောက္ခဆရာရဲ့ သားကြီးတယောက် သေဆုံးသွားပါတယ်၊ ဒီတော့ အား လုံးဟာ ယူကျုံးမရ ငိုကြွေးမြည်တမ်းနေကြပါတယ်၊ ဓမ္မပါလကတော့ ငိုကြွေးမြည်တမ်းမှုကိုလဲ မပြုပါ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရတယ်-ဆိုတာကိုလဲ မယုံပါ၊ သူတို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့သူရယ်-လို့မရှိဖူး-ပြောပါတယ်။

ဒီအကြောင်းကို တပည့်တွေက ဆရာအား သွားပြောကြပါတယ်၊ ဆရာကြီးက ခေါ်ပြီးမေးတဲ့ အခါ "ကျွန်တော်တို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတယ်-ဆိုတာ မရှိပါဘူး" လို့ပဲ ပြောပြပါတယ်၊ ဒီတော့ ဆရာကြီးဟာအတော်အံ့ဩသွားပါတယ်၊ ရက်အနည်းငယ်ကြာတဲ့အခါ ဓမ္မပါလအား တပည့် တွေကို လွှဲအပ်ထားခဲ့ပါတယ်၊ သိုးတကောင်ရဲ့အရိုးတွေကို လွယ်အိတ်ထဲမှာ ထည့်ပြီး နောက်လိုက် တပည့်တယောက်နဲ့အတူ တက္ကသိုလ်မှ ထွက်ခွါလာခဲ့ပါတယ်၊ ဓမ္မပါလရွာကို ရောက်တဲ့အခါ မဟာ ဓမ္မပါလအိမ်ကို သွားပါတယ်။

အိမ်ရောက်တဲ့အခါ အရိုးတွေကို ထုတ်ပြပြီး "ခင်ဗျားတို့သား ဓမ္မပါလ သေသွားပြီ" လို့ ပြောတော့ အားလုံးကရယ်ကြပါတယ်၊ "ဘာကြောင့် ရယ်ကြပါသလဲ?" လို့ မေးတော့ "ခင်ဗျားပြတဲ့ အရိုးတွေဟာ သိုးရဲ့အရိုးတွေလား? ခွေးရဲ့အရိုးတွေးဘဲလား? တခုခုဖြစ်လိမ့်မယ်၊ ကျွန်တော်တို့ရဲ့ အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့သူရယ်-လို့ မရှိဘူးပါ၊ ဆရာကြီးဟာ ကျွန်တော်တို့ကို ညာနေ တာပါ" လို့ ပြန်ပြောကြပါတယ်။

ဆရာကြီးက "ကျွန်တော် ဒီကိုလာတာ ကောင်းတဲ့လာခြင်းဖြစ်ပြီး အကျိုးလဲ ရှိပါတယ်၊ ခင်ဗျားတို့ကို စုံစမ်းလိုတဲ့အတွက် ဒီသိုးရဲ့အရိုးတွေကို ယူဆောင်လာတာပါ၊ အမှန်တော့ ခင်ဗျားရဲ့ သားဟာ ကျန်းကျန်းမာမာရှိပါတယ်၊ ခင်ဗျားတို့အမျိုးမှာ ဘာ့ကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြ သလဲ? အဲဒီလို အသက်ရှည်ကြောင်း အကျင့်ကောင်းတွေကို ကျွန်တော်အား ပြောပြစမ်းပါ-လို့ တက္ကသိုလ်ဆရာကြီးကမေးတဲ့အခါ မဟာဓမ္မပါလက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြောင်း ကုသလ ကမ္မပထတရားတွေကို အကျယ်တဝင့် ပြောပြပါတယ်။

ဆရာကြီးကလဲ ဝမ်းမြောက်ဝမ်းသာ စာရွက်ပေါ်မှာ ရေးမှတ်ထားပါတယ်၊ မဟာဓမ္မပါလရဲ့ အိမ်မှာ ၂-ရက် ၃-ရက်နေပြီး တက္ကသိုလ်ကို ပြန်လာခဲ့ပါတယ်၊ တက္ကသိုလ်ပြန်ရောက်တဲ့အခါ ဓမ္မပါလ အား အတတ်အကုန်လုံးကို သင်ပေးပြီး ခြွေရံသင်းပင်းတွေနဲ့ အတူ ြန်လွှတ်လိုက်ပါတယ်။

ကုသလကမ္မပထတရားက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြောင်း အသက်ရှည်ဆေးကောင်း သဖွယ်ဖြစ်တယ်၊ တရားကျင့်ခြင်းဟာ ဒိဘဝချမ်းသာခြင်းရဲ့အကြောင်းလဲဖြစ်တဲ့အတွက် မင်္ဂလာမည် တယ်-ဆိုတဲ့ သဘောကို ထောက်ခံပြီး ဖြစ်နေပါတယ်။

**(၁၇) ဥာတကာနံ သင်္ဂီဟော ။** ။ [**ဥာတကာနံ**-မိဖက် ဘဖက် ဆွေခုနစ်ဆက်တို့၏+**သင်္ဂီဟော**-ချီးမြှောက်ထောက်ပံ့ခြင်း] ဥာတိဆွေမျိုး-ဆိုတာ မိဖက် ဘဖက် ဆွေခုနစ်ဆက်ကို ပြောတာပါ၊ စည်း စိမ်ဥစ္စာပျက်စီးတဲ့အတွက်ဖြစ်စေ, အနာရောဂါ နှိပ်စက်တဲ့အတွက်ဖြစ်စေ အရပ်တပါးမှ မိမိထံ ရောက် လာတဲ့ ဆွေမျိုးများ, မိမိအနီးအပါးမှ ဆွေမျိုးများကို အဝတ်, အစားအစာ, ဆေးဝါး စသည်တွေနဲ့ ကူညီထောက်ပံ့ခြင်းကို **"ဥာတိသင်္ဂီဟ"**လို့ ခေါ်ပါတယ်၊ "ပုတ္တဒါရဿသင်္ဂဟမင်္ဂလာ"မှာ ပြောခဲ့ဘူး တဲ့ သင်္ဂဟတရား ၄-ပါးနဲ့ ဆွေမျိုးတွေကို ချီးမြှောက် ထောက်ပံ့ခြင်းကိုလဲ "ဉာတိသင်္ဂဟ"လို့ ခေါ်ရပါ တယ်။ အဲဒါကြောင့် ဆွေမျိုးများရဲ့လေးစားချစ်ခင်မှု, တုံ့ပြန်စောင့်ရှောက်မှုကိုလဲ ခံရတတ်ပါတယ်၊ ချစ်ခင်ကြင်နာခြင်းနဲ့ ဖွဲ့စည်းထားတဲ့ ညီညွတ်သင့်မြတ်သော ပတ်ဝန်းကျင်ဖြင့် အစဉ်ထာဝရ သာယာ ရွှင်လန်းလျက် ရှိရပါတယ်၊ အဲဒီလို မျက်မှောက်အကျိုးများ, ကောင်းတဲ့ဘဝရောက်ရခြင်း တမလွန် အကျိုးများကို ရရာရကြောင်း ကောင်းမြတ်တဲ့အမှုဖြစ်တဲ့အတွက် ဆွေမျိုးကိုအား ချီးမြှောက် ထောက်ပံ့ခြင်းဟာ ကြီးပွါးချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

**အလောင်းတော်များ။ ဆွေဥာအား။ ကျင့်ငြား ထောက်ပံ့ပါ။** ။ အမျိုးကို ထောက်ပံ့ခြင်းဟာ ဘုရား အလောင်းများရဲ့ ကျင့်ဂိုးတခုဖြစ်ပါတယ်၊ အလောင်းတော်များဟာ အမျိုးသားရေး အကျိုးဆောင် ခြင်း, ဘေးရန်ကာကွယ်စောင့်ရှောက်ခြင်း စသည်ဖြင့် အမျိုးသားများရဲ့အကျိုးတွေကို ပြုကျင့်ခဲ့ရာတွင် **'ဥာတတ္ထစရိယာ'**လို့ စရိယာ (အကျင့်)တရပ်အဖြစ်နဲ့ ထင်ရှားခဲ့ပါတယ်။

**ဆွမျိုးအကျိုး၊ ဆောင်သည်ပိုး အားကိုးစရာ ကျိုးမင်းပါဘုရာ။** ။ ရှေးတုံးက ပုရောဟိတ်ပုဏ္ဏား တစ်ယောက်ရဲ့ ခေါင်းပေါ်ကို ကျိုးတကောင်က မစင်စွန့်ချခဲ့တဲ့အတွက် ပုရောဟိတ်စိတ်ဆိုးပြီး ကျိုးတွေအပေါ် ရန်ငြိုးဖွဲ့ခဲ့ပါတယ်၊ တနေ့မှာ ဘုရင့်ဆင်တင်းကုပ် မီးလောင်းရာတွင် ဆင်တွေအနာရခဲ့တဲ့အတွက် ဆင်ဆရာတွေ အနာပျောက်အောင် ဆေးမကုနိုင်ကြပါ၊ ဒီအကြောင်းကို ဘုရင်အား လျှောက်တင်တဲ့အခါ ဘုရင်က ပုရောဟိတ်အားမေးပါတယ်၊ အဲဒီပုရောဟိတ်က "ငါ့အတွက် အချက်ပေါ်ပြီ" လို့ စဉ်းစားမိပြီး "ကျိုးဆိရရင် ဆင်နာပျောက်နိုင်ပါတယ်"လို့ လျှောက်တယ်၊ ဘုရင်ကလဲ ရှေ့နောက်မစဉ်းစားတော့ပဲ "ကျိုးတွေသတ်ပြီး ကျိုးဆိထုတ်ရန်"အမိန့်ပေးတော့တယ်၊ ဘုရင့်အမိန့်အရ ကျိုးတွေသတ်ပြီး အဆိထုတ်ပေမယ့် အဆိမရပဲ ကျိုးသေကောင်တွေသာ နေရာအနှံ့အပြားမှာ စုပုံနေပါတယ်။

အဲဒီအချိန်မှာ ဘုရားအလောင်းကျိုးမင်းဟာ ကျိုးပေါင်းမြောက်များစွာနဲ့အတူ သုသာန်တခုမှာနေပါတယ်၊ ကျိုးတွေရဲ့ ဘေးရန်ကို ကြားရတဲ့အတွက် "ငါမှတပါး ငှါအမျိုးတွေရဲ့ ဘေးရန်ကို ကာကွယ်နိုင်မယ့်သူ မရှိ"လို့ စဉ်းစားမိတဲ့အတွက် မိမိရဲ့ပါရမီများကို ဆင်ခြင်ပြီး မေတ္တာ ပါရမီ ရှေ့သွားပြုကာ ပြုတင်းပေါက်မှ ဘုရင့်အဆောင်တော်သို့ဝင်လျက် ၊လွင်အောက်မှာ ဝပ်ပြဲပါ တယ်၊ အတန်ကြာ အပန်းပြေမှ မေတ္တာပါရမီကိုဆင်ခြင်လျက် ပလွင်အောက်ကထွက်လာပြီး ဘုရင်ကို လျှောက်တင်ပါတယ်--- "အရှင်မင်းကြီး, ဘုရင်ဆိုတာ စဉ်းစားဆင်ခြင်ပြုသင့်ပါတယ်၊ မိမိပြုလုပ်တဲ့ အလုပ်ကို တကယ်အကျိုးရှိမှ လုပ်သင့်ပါတယ်၊ အကျိုး မရှိပဲ အမှား ဆင်းရဲဒုက္ခရောက်မည်ဆိုရင် မလုပ်ထိုက်ပါ၊ ကျွန်ုပ်တို့ကျိုးတွေမှာ အဆိမရှိပါ၊ ပုရောဟိတ်ဟာ ရန်းငြိုးကြောင့် လိမ်ပြောခြင်းသာဖြစ်ပါတယ်"လို့ ပြောဆိုပါတယ်၊ အဲဒီလို ပြောဆိုတဲ့ ကျိုးရဲ့စကားကိုကြားရတဲ့ ရှင်ဘုရင်လဲ





ကျီးကို အလွန်ကြည်ညိုပြီး ရွှေအင်းပျဉ်ပေါ်တွင်နေစေလျက် မင်းသုံးဆောင် အစားအစာများကို ကျွေးမွေးပြီးရင် ကျီးတွေမှာ အဆိမရှိခြင်းအကြောင်းကို မေးပါတယ်။

ကျီးမင်းက "ကျွန်ုပ်တို့ကျီးတွေဟာ အမြဲတန်း ထိတ်လန့်ကြောက်ရွံ့တဲ့ စိတ်နလုံးရှိကြပါတယ်၊ လူတွေကိုလဲ ညှင်းဆဲဒုက္ခပေးတတ်ကြပါတယ်၊ ဒါ့ကြောင့် ကျွန်ုပ်တို့ကျီးတွေမှာ အဆိမရှိခြင်းဖြစ်ပါတယ်" လို့ လျှောက်တင်တဲ့အခါ ဘုရင်လဲ အလွန်အားရ ကြည်ညိုလှတဲ့အတွက် ကျီးမင်းအား မင်းစည်းစိမ်ဖြင့် ပူဇော်ပါတယ်၊ ကျီးမင်းကလဲ မင်းစည်းစိမ်ကို ဘုရင်အား ပြန်လည်အပ်ပြီး သတ္တဝါတို့ရဲ့ဘေးမဲ့ကို တောင်းပါတယ်၊ ဘုရင်ကလဲ တောင်းတဲ့အတိုင်း ပေးတဲ့အပြင် ကျီးတွေအား အစာကို အမြဲဒါနပြုပါတယ်။

ဒီနေရာမှာ မှတ်သားစရာ ကျီးမင်းရဲ့ ဆုံးမစကားက "**မဟာရာဇ ရညာ နာမ အနိသမ္မ အနုပဓာရေတွာ ကမ္မံ နု ကာတမ္ဗံ– အရှင်မင်းကြီး, မင်းဆိုတာ (တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရဆိုတာ) မစူးစမ်း မဆင်ခြင်ဘဲ အမှုကိစ္စကို မပြုလုပ် မဆောင်ရွက်သင့်ပါ**"တဲ့။

**ဆွေမျိုးအကျိုး၊ ဆောင်သည်ပိုး၊ ဘေးဆိုးကင်းပ ချမ်းသာရ။**
**ထိတ်လန့်အမြဲ၊ သူညှင်းဆဲ၊ ကြောင်းစွဲမှတ်ကြ ဤနှစ်ဝ။**
**ကျီးကန်းမှန်ဘိ၊ ဆိမရှိ၊ သတိပြုကြ သူတို့ဘဝ။**
**မစူးစမ်းပဲ၊ ဆင်ခြင်နဲ့၊ တလွဲမပြုရ မင်းဟူက။**

**မျိုးသားအားလုံး၊ သိမ်းယူကျုံး၊ စွဲသုံး ဥာတိဟူ။** ။ ပရိတ်ကြီးနိဿယသစ်ဆရာတော်ဘုရားကြီး မိန့်တော်မူသည်မှာ---"အလောင်းတော်များ မိမိအမျိုးသားများအတွက် အနစ်နာခံခဲ့ပုံ, ကူညီစောင့်ရှောက် ကာကွယ်ခဲ့ပုံများကို ဇာတ်အဋ္ဌကထာများမှာ အတော်ပင် တွေ့ရပါတယ်၊ ဥာတပ္ထစရိယာတွင် **ဥာတိ**–ဆိုသည်မှာ သွေးသားတော်စပ်သော အမျိုးမျှသာ မဟုတ်ပဲ ဇာတ်တူ ကိုယ့်အမျိုးသားများကိုလဲ ဥာတိ–ဆိုရပါတယ်၊ ဒီမှာလဲ ကိုယ့်အမျိုးသားများအားလုံးကို **'ဥာတက'** ယူရင် ပိုမို အဓိပ္ပါယ်ပြည့်စုံသွားမှာပါ၊ ကိုယ့်ဖို့သာ အမြဲကြည့်တတ်သူမှာ စိတ်ထားသဘောထား သေးသိမ်သူ ကျဉ်းမြောင်းသူ ဖြစ်ပါတယ်၊ အဲဒီလို သူမျိုးဟာ မိမိဆွေမျိုးအပေါ်မှာပင် ကူညီရန် သတိမရတတ်၊ တမျိုးသားလုံးအပေါ်မှာတော့ ပြောဖွယ်ပင်မလိုပါ။ အများအကျိုး လိုလားတဲ့သူဟာ စိတ်ထားသဘောထား ကြီးမားကျယ်ပြန့်သူဖြစ်ပါတယ်၊ အဲဒီလို သူမျိုးကတော့ မိမိဆွေမျိုးသာမက တတ်နိုင်ရင် တမျိုးသားလုံးကောင်းစားအောင်ပြုရန် အဆင်သင့် ဖြစ်နေတတ်ပါတယ်။ မိမိဆွေမျိုးနဲ့ တမျိုးသား

လုံးအပေါ်ကောင်းဖို့ရာမှာ မေတ္တာ, ကရုဏာ အရင်းခံဖြစ်ရာ အဲဒီတရားများ ထွန်းကားတဲ့ခေတ် အခါကဆိုရင် **ဒီဉာတိသင်္ဂဟ**မှာ သူတပါးက ဆုံးမဖွယ်မလို၊ အရိုးစွဲနေတဲ့ အကျင့်ဖြစ်ကာ အချင်းချင်း ကူညီရိုင်းပင်းလျက် တသားတည်း ညီညွတ်လျက်ရှိရာ သာယာတဲ့ခေတ် ဖြစ်ပါတော့တယ်၊ မေတ္တာ, ကရုဏာ ခေါင်းပါးတဲ့ ခေတ်အခါမှာတော့ တမျိုးသားလုံး မဆိုထားနဲ့ ဆွေမျိုးချင်းပင် ကွဲပြားလျက် မသာမယာ ဖြစ်ရပါတယ်။ ဒါ့ကြောင့် သာယာတဲ့လောက ဖန်တီးဖို့ရာ **ဒီဉာတိသင်္ဂဟမင်္ဂလာဟာ** လွန်စွာ အရေးပါလှပါတယ်။

**အစမထင် သံသရာတစ္ခွင်မှာ။ ။ "နံ သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊ ယော နံ မာတာဘူတ ပုဗ္ဗော** (သံ၊ ၁၊ မာတုသုတ်၊ ၃၉၅)" စတဲ့ အနုမတဂ္ဂဒေသနာတော်အရဆိုရင် ရှည်လျားစွာ ကျင်လည် ခဲ့ရတဲ့ ဒီသံသရာတစ္ခွင်မှာ အမိ အဘ, ညီအကို, မောင်နမ စသည် မဖြစ်ဖူး, မတော်စပ်ဖူးသူ မရှိ၊ အားလုံး တော်စပ်ကြဖူးတာချည်းပဲ။

ဒီဒေသနာ တရားတော်ကို နှလုံးသွင်းမိရင် ဒီအားလုံးဟာ ဆွေမျိုးချည်း ဖြစ်ကြတယ်–လို့ ရင်းနှီးချစ်ခင်ကြင်နာတဲ့စိတ်ထား ထားနိုင်ကြပြီး ကြိုးမားတဲ့စိတ်ထားရှိသူများ ဖြစ်နိုင်ကြမည်ဖြစ်ရာ ကိုယ့်အမျိုးသားများအပေါ်မှာ စိတ်ထားကြီးမား ကျယ်ပြန့်နိုင်သူများ ဖြစ်ကြပါစေ။

**အယံ နိဇော ပရောဝါတိ၊ ဂဏနာ လဟုစေတိနံ။**

**ဥဒါရစရိတာနံ တု၊ ဝသုဓေဝ ကုဋုမ္ဗကံ။** (ဟိတောပဒေသ)

**အယံ**–ဤသူကား၊ **နိဇော**–ကိုယ်နှင့်ရင်းသူ အတွင်းလူဖြစ်၏၊ **အယံ**–ဤလူကတော့၊ **ပရော၀**–အပဖြစ်သူ တစိမ်းလူသာတည်း၊ **တုတိ**–ဤသို့၊ **လဟုစေတိနံ**–စိတ်ထားပေါ့ပျက် မလေးနက်မှု သေးသိမ်သူတို့၏၊ **ဂဏနာ**–ကိုယ့်လူသူ့လူ နှစ်မှုထားလျက် တွက်ဆချက်သည်၊ **ဟောတိ**–ဖြစ်တတ်ပါပေ၏၊ **ဥဒါရစရိတာနံ တု**–စိတ်နေသဘောထား ကြီးမားမြင့်မြတ်သူတို့အတွက်မှာ၊ **ဝသုဓာ**–ကမ္ဘာ့ဗေဒွင် မြေတပြင်လုံးသည်၊ **ကုဋုမ္ဗကံ ဝ**–အိမ်ထောင်တခုတည်း မိသားစုချည်းအနေ ဖြစ်ရပါပေသတည်း[၁၅]။

**(၁၈) အနဝဇ္ဇာနိ ကမ္မာနိ။** ။ [**အနဝဇ္ဇာနိ**–ပြောဆိုကဲ့ရဲ့ထိုက်သော အပြစ်မရှိကုန်သော+ **ကမ္မာနိ**–အလုပ်တို့.ကို (ပြုလုပ်ခြင်း)] ပြောဆိုကဲ့ရဲ့ထိုက်သော အပြစ်မရှိတဲ့အလုပ်တွေကို ပြုလုပ်ခြင်းကို '**အနဝဇ္ဇကမ္မ**'လို့ ခေါ်ပါတယ်။

**အလုပ် ၂–မျိုး။** ။ လူတွေ နေ့စဉ်ပြုလုပ်နေကြတဲ့ အလုပ်မျိုးစုံကို သဘာဝဝမွအရ ခွဲလိုက်ရင်–

၁။ **အပြစ်ရှိတဲ့ အလုပ်**၊

၂။ **အပြစ်မရှိတဲ့ အလုပ်**–လို့ ၂မျိုးပဲ ရှိပါတယ်။

**အပြစ်ရှိတဲ့အလုပ်**–ဆိုတာ အကုသိုလ်–ကို ဆိုလိုတာပါ။ အကုသိုလ်ရဲ့အမှတ်အသားက အဋ္ဌသာလိနီအဋ္ဌကထာအရ "**သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ အကုသလာ** (အဘိ၊ ဋ္ဌ၊ ၁၊ ၇၂)–ပြောဆိုကဲ့ရဲ့ထိုက်သော အပြစ်ရှိတဲ့အပြင် ဆင်းရဲတဲ့အကျိုးကိုပေးခြင်းသဘောလဲ ရှိပါတယ်။

အဲဒီအကုသိုလ်ခေါ်တဲ့ အပြစ်ရှိတဲ့အလုပ်တွေကတော့ သူ့.အသက်သတ်မှု, သူ့.ဥစ္စာခိုးမှု–စတဲ့အလုပ်တွေပဲ ဖြစ်ပါတယ်၊ အဲဒီအလုပ်မျိုးတွေကို ပညာရှိတွေက စက်ဆုပ် ရွံရှာကြပါတယ်၊ အဲဒီအလုပ်မျိုး လုပ်သူတွေကိုလဲ ကဲ့ရဲ့ကြပါတယ်။

ဒါ့ကြောင့် သူ့.အသက်သတ်မှု, သူ့.ဥစ္စာခိုးမှု–စတဲ့အလုပ်တွေဟာ ပညာရှိတွေရဲ့ စက်ဆုပ်ရွံရာစရာ, ကဲ့ရဲ့စရာ အပြစ်ရှိနေတဲ့အတွက် **သာဝဇ္ဇ**–အပြစ်ရှိတဲ့အလုပ်တွေပဲ ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီအလုပ်မျိုးကို ပြုလုပ်သူတွေဟာ အပါယ် ၄–ပါးမှာဖြစ်ပြီး ကြီးမားတဲ့ ဆင်းရဲဒုက္ခကျိုးကိုလဲ ခံစားကြရပါတယ်၊ ဒါ့ကြောင့် အဲဒီအလုပ်တွေကို **ဒုက္ခဝိပါကလက္ခဏာ**–ဆင်းရဲတဲ့အကျိုးကိုပေးခြင်းသဘောရှိတယ်–လို့ ပြောရပါတယ်။ အင်္ဂုတ္တရနိကာယ် တိကနိပါတ် တတိယပဏ္ဏာသက မင်္ဂလဝဂ် အကုသလသုတ် (အံ၊ ၁၊ ၂၉၆)မှာ "အပြစ်ရှိတဲ့ကာယကံ, အပြစ်ရှိတဲ့ဝစီကံ, အပြစ်ရှိတဲ့ မနောကံနဲ့ ပြည့်စုံ သူဟာ ငရဲကို ရောက်ရ၏"လို့ ဘုရားရှင်က ဟောတော်မူပါတယ်။

**အပြစ်မရှိတဲ့အလုပ်**–ဆိုတာကတော့ ကုသိုလ်ကို ဆိုလိုပါတယ်၊ ကုသိုလ်–ဆိုတာ အဋ္ဌသာလိနီ အဋ္ဌကထာအရ "**အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ**–အပြစ်မရှိတဲ့အပြင် ချမ်းသာတဲ့အကျိုးကိုပေးခြင်းသဘောလက္ခဏာရှိပါတယ်။

အဲဒီ ကုသိုလ်ခေါ်တဲ့ အပြစ်မရှိတဲ့အလုပ်တွေကတော့ ဒါန, ဓမ္မစရိယာ–တို့.မှ ကျန်နေတဲ့ ဥပုသ်စောင့်ခြင်း, ဝေယျာဝစ္စပြုလုပ်ခြင်း, အမျှားအသုံးပြုရန် ဉယျာဉ်ပြုလုပ်ခြင်း, အမျှားအရိပ် ခိုနား

ရန် သစ်ပင်စိုက်ခြင်း, တံတားဆောက်ခြင်း, လမ်းပြင်ခြင်း, ရေတွင်း ရေကန်တူးခြင်း–စတဲ့ အလုပ်တွေပဲ ဖြစ်ပါတယ်။

အဲဒီအလုပ်မျိုး ပြုလုပ်သူတွေကို လူအများက ချစ်ခင်မြတ်နိုးကြပါတယ်၊ ရိုသေလေးစားကြပါတယ်၊ ချီးမွမ်းကြပါတယ်၊ ဒါ့ကြောင့် ဥပုသ်စောင့်ခြင်း, ဝေယျာဝစ္စပြုလုပ်ခြင်း–စတဲ့အလုပ်တွေဟာ လူအများရဲ့ ချစ်ခင်မြတ်နိုးစရာ, ရိုသေလေးစားစရာ, ချီးမွမ်းစရာသာ ဖြစ်နေတဲ့အတွက် **အနဝဇ္ဇကမ္မ**–အပြစ်မရှိတဲ့အလုပ်တွေ ဖြစ်ပါတယ်။ မိမိပြုလုပ်ထားတဲ့ အပြစ်မဲ့အလုပ်တွေကို သတိရတိုင်း, အာရုံပြုမိတိုင်း စိတ်ချမ်းသာရတယ်၊ သေခါနီး အဲဒီကုသိုလ်အာရုံတွေနဲ့ ကောင်းတဲ့နိမိတ်ထင်ပြီး သေရရင်လဲ ကောင်းတဲ့ဘုံရောက်ဖို့က သေချာနေပါတယ်၊ ဒါ့ကြောင့် အဲဒီအပြစ်မရှိတဲ့အလုပ်ကို ပြုလုပ်ခြင်းဟာ ကောင်းမြတ်တဲ့မင်္ဂလာ ဖြစ်ပါတယ်။

**မဃလုလင်**[၁၇] **နမူနာတင်။** ။ **အနဝဇ္ဇကမ္မ**–အပြစ်ကင်းတဲ့အမှုကို ပြုလုပ်ရာမှာ မဃလုလင်ဟာ နမူနာ စံပြပုဂ္ဂိုလ် ဖြစ်ပါတယ်။

ရှေးအခါက မဂဓတိုင်း မစလဂ္ဂာမှာ မဃလုလင်–ခေါ်တဲ့ အမျိုးကောင်းသား တယောက်ရှိပါတယ်၊ အဲဒီလုလင်ဟာ အမိအဖကိုလဲ လုပ်ကျွေးပါတယ်၊ အသက်အရွယ်ကြီးသူတွေကိုလဲ ရိုသေပါတယ်၊ သိမ်မွေ့နူးညံ့စွာလဲ ပြောဆိုတတ်ပါတယ်၊ တဦးနဲ့တဦး ညီညွတ်ရေးပျက်ပြားမယ့်စကားမျိုးကို မပြောဆိုပဲ ညီညွတ်စေ့စပ်ရေးစကားမျိုးကိုသာ ပြောဆိုတတ်ပါတယ်၊ ဝန်တိုခြင်းကင်းပြီး စွန့်ကြဲပေးကမ်းလေ့လဲ ရှိပါတယ်၊ မှန်မှန်ကန်ကန်လဲ ပြောဆိုတတ်ပါတယ်၊ အမျက်ဒေါသလဲ မထွက်တတ်ပါဘူး[၁၇၄]။

---

[၁] ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် အပ္ပမာဒဝဂ် မဃဝတ္တု (ဓမ္မပဒ၊ ၎၊ ၁၊ ၁၆၉–၁၇၂)။ ဇာတကအဋ္ဌကထာ ပဌမအုပ် ဧကကနိပါတ် ကုလာဝကဝဂ် ကုလာဝကဇာတ်အဖွင့် (ဇာတက၊ ၎၊ ၁၊ ၂၁၅–၂၁၈)။

[၂] သိကြားဖြစ်ကြောင်း အကျင့် ၇ ပါး- **မာတာပေတ္တဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။**

**သဏ္ဍံ သမိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။**

**မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။**

**တံ ဝေ ဒေဝါ တာဝတိသာ၊ အာဟု သပ္ပုရိသော ဣတိ။**

အဲဒီမဃလုလင်ဟာ လူအများအတွက် အကျိုးပြုလုပ်ငန်းကို ဆောင်ရွက်ရန်လဲ ဝါသနာပါသူ ဖြစ်ပါတယ်၊ ရပ်ရွာသာယာရေးအတွက်လဲ စိတ်ဝင်စားပါတယ်၊ မိုးလင်းတယ်-ဆိုရင် ပေါက်တူး တချောင်းယူပြီး အိမ်ကထွက်ကာ မည်မည်ဖြစ်နေတဲ့လမ်းတွေကို ညှိပါတယ်၊ လမ်းသွားလမ်းလာ အနှောင့်အယှက်ဖြစ်နေတဲ့ သစ်ပင်ချုံနွယ် သစ်ကိုင်းသစ်ခက်တွေကိုလဲ ခုတ်ထွင်ရှင်းလင်းပေးပါတယ်။

ရွာသားတွေကလဲ သူ့အလုပ်ကို သဘောကျတာနဲ့ တယောက်ပြီးတယောက် သူ့နောက်ကို လိုက်ပါလာကြတယ်၊ ပူးပေါင်းလာကြတယ်၊ ဒါနဲ့ မဃလုလင်ဦးဆောင်တဲ့အဖွဲ့ဟာ လူပေါင်း ၃၃-ယောက်တောင် ဖြစ်သွားပါတယ်၊ သူတို့အားလုံးဟာ ပေါက်တူးကိုယ်စီနဲ့ သွားရေးလာရေး လွယ်ကူအောင် လမ်းတွေကိုလဲ ညှိကြပါတယ်၊ သစ်ပင်ချုံနွယ်တွေကိုလဲ ခုတ်ထွင်ရှင်းလင်းကြပါတယ်၊ လမ်းသစ်တွေကိုလဲ ဖောက်လုပ်ကြပါတယ်။

အဲဒီလို လူတွေက ကောင်းတဲ့အလုပ်တွေကို လုပ်နေကြတဲ့အတွက် မစလရွာစားမှာ တံစိုးလက်ဆောင်များ မရတော့ပါ၊ ဒါနဲ့ သူတို့ကို သူ့အသက်သတ်မှု, အရက်သေစာသောက်စားမှု-စတဲ့ မကောင်းတဲ့အလုပ်တွေကိုလုပ်ကြရန် သွေးဆောင်ဖြားယောင်း ကြည့်ပါသေးတယ်၊ သွေးဆောင် ဖြားယောင်းလို့ မရတဲ့အဆုံးမှာ မစလရွာစားက "အရှင်မင်းကြီး, ခိုးသားဓားပြ ၃၃-ယောက်တို့ဟာ အုပ်စုဖွဲ့ပြီး ရွာတွေကို ဖျက်ဆီးနေကြပါတယ်"လို့ ဘုရင်အား လျှောက်တင်ပါတယ်။

ဘုရင့်အမိန့်နဲ့ သူတို့ကို ဖမ်းယူပြီး ဘုရင့်ရှေ့တော်ကို သွင်းကြပါတယ်၊ ဘုရင်က မေးမြန်းစစ်ဆေးမှုကိုမပြုပဲ သူတို့အားလုံးကို ဆင်နဲ့နင်းသတ်ရန် အမိန့်ပေးပါတယ်၊ ဒီအခါ မဃလုလင်က "မိတ်ဆွေတို့, သင်တို့တွေ ကိုယ့်သိလ ကိုယ်ဆင်ခြင်ကြ၊ မည်သူ့ကိုမှ အမျက်မထွက်ကြပါနဲ့၊ ကုန်းတိုက်တဲ့ရွာစားရယ်, သတ်ခိုင်းတဲ့ဘုရင်ရယ်, နင်းသတ်မည့်ဆင်ရယ်, မိမိတို့ကိုယ်ရယ်-ဒီအားလုံးတို့ရဲ့အပေါ်မှာ ညီတူညီမျှ မေတ္တာထားကြပါ"လို့ သူ့လူတွေကို ညွှန်ကြားထားပါတယ်၊ အားလုံးဟာ မဃလုလင်ရဲ့ညွှန်ကြားချက်အတိုင်း မေတ္တာပွါးများနေကြပါတယ်။

သူတို့ကို မင်းရင်ပြင်မှာ အိပ်ခိုင်းထားပါတယ်၊ ဆင်ဦးစီးက နင်းမယ့်ဆင်ကို ယူဆောင်လာပြီး နင်းခိုင်းရာ သူတို့ရဲ့မေတ္တာတန်ခိုးကြောင့် ဆင်မှာမနင်းဝံ့ပဲ အော်မြည်ထွက်ပြေးပါတယ်၊ တကောင်ပြီး တကောင်လဲကာ နင်းခိုင်းပေမယ့် အားလုံး ထွက်ပြေးကြတာချည်းပါပဲ။ ဒီအကြောင်းကိုကြားရတော့ ဘုရင်က လူတွေကို ဗျာနဲ့အုပ်ပြီး အနင်းခိုင်းပြန်ပါတယ်၊ အဲဒီလို ဗျာအုပ်ပြီး အနင်းခိုင်းပေမယ့် ဆင်က အဝေးကပဲ ထွက်ပြေးနေပါတော့တယ်။

ဒါနဲ့ ဘုရင်က "သူတို့မှာ ဆေးရှိလိမ့်မယ်, ရှာကြစမ်း"လို့ ခိုင်းရာ ရှာပေမယ့် ဘာဆေးမှ မတွေ့ရပါ၊ "မန္တန်ရွတ်နေကြတာ ဖြစ်လိမ့်မယ်၊ မေးကြစမ်း"လို့ မေးတဲ့အခါ မဃလုလင်က မန္တန်ရှိကြောင်း ပြောပါတယ်၊ ဘုရင်က အားလုံးခေါ်ပြီး "သင်တို့မန္တန် ပြောကြစမ်း"လို့ မေးတဲ့အခါ မဃလုလင်က "အရှင်မင်းကြီး, ကျွန်ုပ်တို့မှာ တခြားမန္တန်တော့ မရှိပါ၊ ကျွန်ုပ်တို့အားလုံးဟာ သူ့အသက်မသတ်ကြပါ၊ သူ့ဥစ္စာမခိုးကြပါ၊ သူ့သားမယား မပြစ်မှားကြပါ၊ လိမ်မပြောကြပါ၊ အရက်သေစာပသောက်ကြပါ၊ ဒါနပြုကြပါတယ်၊ မေတ္တာပွါးကာ လမ်းပြင် ရေတွင်းရေကန်တူးကြ, ဇရပ်ဆောက်ကြပါတယ် ဒီအမူအားလုံးဟာ မန္တန်လဲဖြစ်, ပရိတ်အရံအတားလဲ ဖြစ်ပါတယ်၊ အမှန်တော့ ကျွန်ုပ်တို့ဟာ ရွာစားပြောသလို ခိုးသားဓားပြတွေ မဟုတ်ကြပါ၊ ရွာစားက မကောင်းမှုကို ပြုလုပ်ရန် ခိုင်းစေလို့ မရတဲ့အတွက် ကျွန်ုပ်တို့ကို စိတ်ဆိုးပြီး အရှင်မင်းကြီးအား မမှန်မကန် လျှောက်တင်ခြင်းမျှသာ ဖြစ်ပါတယ်" လို့ လျှောက်ထားပါတယ်။

မဃလုလင်ရဲ့စကားကို ကြားရတဲ့ ဘုရင်က ဝမ်းမြောက်ဝမ်းသာနဲ့.---

"အမောင်တို့, တိရစ္ဆာန်ဖြစ်တဲ့ဆင်က အမောင်တို့ရဲ့ဂုဏ်ကျေးဇူးကို သိနားလည်ပါတယ်၊
ငါက လူဖြစ်ရက်နဲ့ မသိနားမလည်နိုင်ခဲ့ဘူး၊ သင်တို့က သည်းခံကြပါ"

လို့ တောင်းပန်ပြောဆိုပါတယ်၊ မဃလုလင်ဦးဆောင်တဲ့ သူတို့ ၃၃-ယောက်တို့ ရွာစားရဲ့ စည်းစိမ်နဲ့ရွာကိုပါ အပိုင်စားပေးပါတယ်၊ ရွာစားကိုလဲ သူတို့ခိုင်းစေရန် ပေးပါတယ်။

သူတို့ဟာ ဒီဘဝမှာလဲ ကုသိုလ်ကံရဲ့အကျိုးကို ခံစားကြရပြီး တမလွန်မှာလဲ မဃလုလင်က တဘဝတိ်သာနတ်ပြည်မှာ သိကြားမင်းဖြစ်ရပါတယ်၊ ကျန်တဲ့လူတွေလဲ တဘဝတိ်သာနတ်ပြည်မှာပဲ သိကြားမင်းရဲ့ ခြွေရံပရိတ်သတ်တွေအနေနဲ့ ဖြစ်ကြရပါတယ်။

**ဓိုက်ပျိုးသစ်ပင်၊ ရေအိုးစင်၊ လမ်းပြင် တံတားဆောက်၊**
**ရေတွင်းရေကန်၊ ကျောင်းတည်ပြန်၊ အမှန် နတ်ပြည်ရောက်[၁၇]။**
**သုံးတန်စေတနာ–ဖြူစင်တန်းလို့၊**
**ပေးကမ်းဝေငှ–လူနိုင်စေ။**
**ကိုယ်နှုတ်စိတ်ကြံ–မမိုက်မှားနဲ့၊**
**သုစရိုက်တရားကို– ကျင့်ပါလေ။**
**ဆွေမျိုးတွေကို–ပြင်ပမထားနဲ့၊**

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သင်္ဂဟတရားနဲ့– ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး– လူထုအကျိုး၊
သည်ပိုးဆောင်ရွက်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

၈။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပွမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

**မဇ္ဇပါနာ= မဇ်ဇ ပါနာ→မစ်ဇ ပါနာ**

**အပွမာဒေါ= အပ် ပမာဒေါ**

**ဓမ္မေသု=ဓမ်ဓမသု**

(**ဒေဝပုတ္တ**–နတ်သား၊) **ပါပါ**–မကောင်းမှုမှ၊ (**ယာ**) **အာရတီ စ**–အကြင် စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ (**ယာ**) **ဝိရတီ စ**–အကြင် ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်းသည် လည်းကောင်း၊ **မဇ္ဇပါနာ**–သေရည်အရက်သောက်ခြင်းမှ၊ (**ယော**) **သံယမော စ**–အကြင် စောင့်စည်းခြင်းသည်လည်းကောင်း၊ **ဓမ္မေသု**–ကုသိုလ်တရားတို့၌၊ (**ယော**) **အပွမာဒေါ စ**–အကြင် မမေ့မလျော့ခြင်းသည်လည်းကောင်း၊ (**အတ္ထိ**–ရှိ၏၊) **ဧတံ**–ဤသုံးပါးသော တရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်ပေ၏။

(၁၉) **ပါပါ အာရတီ ဝိရတီ**–မကောင်းမှုမှ စိတ်, ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်း၊

(၂၀) **မဇ္ဇပါနာ သံယမော**–အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂၁) **ဓမ္မေသု အပွမာဒေါ**–ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း---

**ဧတံ ဥတ္တမံ မင်္ဂလံ**–ဒီသုံးပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ ဖြစ်ပါတယ်။

(၁၉) **ပါပါ အာရတီ ဝိရတီ**[၁၇၆]– မကောင်းမှုမှ ရှောင်ကြဉ်ခြင်းနဲ့ ပတ်သက်၍ အဋ္ဌကထာများက **အာရတီ**–ရှောင်ကြဉ်ခြင်းနဲ့ **ဝိရတီ**–ရှောင်ကြဉ်ခြင်း ၂–မျိုး ခြားနားချက်ကို ဖော်ပြထားပါတယ်–– **အာရတီ, ဝိရတီ ထူးခြားသည်**

၁။ **ပါပါ အာရတီ**– မကောင်းမှုမှ စိတ်နဲ့ရှောင်ကြဉ်ခြင်း၊ မနောဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်း ဖြစ်ပါတယ်၊

၂။ **ပါပါ ဝိရတီ**–မကောင်းမှုမှ ကိုယ်နှုတ်နဲ့ ရှောင်ကြဉ်ခြင်း၊ ကာယဒုစရိုက် ၃–ပါးနဲ့ ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်း ဖြစ်ပါတယ်။

**စိတ်နဲ့ ရှောင်ကြဉ်ခြင်း။** ။ **ပါပါ အာရတီ**–မကောင်းမှုမှာ အပြစ်မြင်အောင်ရှုလျက် စိတ်နဲ့ မပြုရန် ကြံတွေးခြင်း, ဆင်ခြင် ဆုံးဖြတ်ခြင်းကို **"စိတ်နဲ့ ရှောင်ကြဉ်ခြင်း"**လို့ ဆိုရပါတယ်၊ ပါဏာတိပါတ–စတဲ့ မကောင်းမှုဟာ ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့မှာ ဖြစ်စေတတ်ပါတယ်၊ အဲဒီမကောင်းမှုများရဲ့ အပေါ့ဆုံးအပြစ်ကတောင် အသက်သတ်သူမှာ အသက်တိုတတ်ပါတယ်၊ ဥစ္စာခိုးသူမှာ ဥစ္စာပျက်စီးတတ်ပါတယ်၊ သူ့သားမယားပြစ်မှားသူမှာ ရန်သူများတတ်ပါတယ်၊ လိမ်ပြောသူမှာ မတရားစွပ်စွဲခံရတတ်ပါတယ်၊ ကုန်းတိုက်သူမှာ မိတ်ဆွေတွေနဲ့ ကွဲပြားခြင်းကို ဖြစ်စေတတ်ပါတယ်၊ ကြမ်းတမ်းတဲ့စကား ပြောသူမှာ မနှစ်သက်ဖွယ်ရာအသံကို ဖြစ်စေတတ်ပါတယ်၊ အကျိုးမရှိ သိမ်ဖျင်းတဲ့စကား ပြောသူမှာ မိမိရဲ့စကားကို သူတပါးတို့ မနာယူ မလိုက်နာ ဖြစ်တတ်ပါတယ်၊ အရက်သေစာ မူးယစ်ဆေးဝါးသုံးစွဲသူမှာ ရူးသွပ်ခြင်းကို ဖြစ်စေတတ်ပါတယ်၊ အဲဒီလိုစတဲ့ အပြစ်များကို အဂ်ုတ္တရနိကာယ် အဋ္ဌကနိပါတ် ဒုစွရိတသုတ် (အံ၊ ၃၊ ၇၇–၇၈)မှာ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

ဒါ့အပြင် မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် သလ္လေခသုတ် (မ၊ ၁၊ ၅၂)မှာ "စုန္ဒ, ကုသိုလ်တရားတို့မှာ စိတ်ဖြစ်ရုံမျှပင် ကျေးဇူးများလှတယ်"လို့ ငါဘုရားဟောတယ်၊ ကိုယ်နှုတ်တို့နဲ့ ကုသိုလ်ပြုရင် ပြောဆိုဖွယ်မရှိတော့ပါ၊ ဒါ့ကြောင့် "သူတပါးတို့က ညှင်းဆဲတတ်သူမှာ ဖြစ်ကြတဲ့အရာမှာပင် ငါတို့က မညှင်းဆဲသူများ ဖြစ်ကြရမယ်–လို့ စိတ်ကိုဖြစ်စေရမယ်၊ သူတပါးတို့က အသက်သတ်သူများ ဖြစ်ကြတဲ့အရာမှာလဲ ငါတို့က အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူများ ဖြစ်ကြရမယ်–လို့ စိတ်ကိုဖြစ်စေရမယ်–စသည်ဖြင့် ဟောတော်မူပါတယ်။ ဒီဟောတော်မူချက်ကလဲ စိတ်နဲ့ရှောင်ကြဉ်ပုံတမျိုးပါပဲ။

---

**အာရတီ** နာမ ပါပေ အာဒီနဝဒဿာဝိနော မနသာ ဇဝ အနတိရတိ။ **ဝိရတီ** နာမ ကမ္မဒ္ဒါရဝသေန ကာယဝါစာဟိ ဝိရမဏံ။ [illegible]

**<u>ကိုယ်နှုတ်နဲ့ ရောင်ကြဉ်ခြင်း</u>။** ။ **ပါပါ ဝိရတိ**– သတ်ဖြတ်ခြင်း, ခိုးဝှက်ခြင်း, သူ့သားမယား ပြစ်မှားခြင်း–ဆိုတဲ့ ကာယဒုစ္စရိုက် ၃–ပါး, လိမ်ပြောခြင်း, ကုန်းတိုက်ခြင်း, ကြမ်းတမ်းတဲ့စကား ပြောခြင်း, သိမ်ဖျင်းတဲ့စကားပြောခြင်း–ဆိုတဲ့ ဝစီဒုစရိုက် ၄–ပါးတို့မှ ရှောင်ကြဉ်ခြင်းကို **"ပါပါ ဝိရတိ (ပါပဝိရတိ)"** လို့ ဆိုပါတယ်။

**ဝိရတိကား။ သုံးမျိုးပြား။ ခွဲခြား မှတ်စေချင်**။ ။ အဋ္ဌကထာများက ဝိရတိကို သုံးမျိုး ခွဲပြထားပါတယ်–

၁။ **သမ္မတ္တဝိရတိ**–တိုက်ဆိုင် ကြုံကြိုက်လာတဲ့ လွန်ကျူးစရာဝတ္ထုမှ ရှောင်ကြဉ်ခြင်း၊ သိက္ခာပုဒ် ဆောက်တည်ထားတာမဟုတ်ပဲ လွန်ကျူးစရာအာရုံဝတ္ထု တိုက်ဆိုင်ကြုံလာတဲ့ အခါမှာ မိမိရဲ့ အမျိုးအနွယ်, အသက်, အကြားအမြင်ဗဟုသုတ–စတဲ့ ဂုဏ်တွေကို စဉ်းစားဆင်ခြင်ပြီး "ငါလိုလူက ဒီအမှုမျိုးကို မလုပ်သင့်ဘူး"လို့ ရှောင်ကြဉ်ခြင်းမျိုးကို **"သမ္မတ္တဝိရတိ"**လို့ ခေါ်ပါတယ်။

**ပုံစံပြစရာ စက္ကန္ဒပါသကာ**။ ။ ဒီသမ္မတ္တဝိရတိနဲ့ပတ်သက်တဲ့ဝတ္ထုတုပဒ်ကို အဋ္ဌသာလိနီအဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရကုသလဒွါရကထာ(၁၄၆)မှာ ပြဆိုထားပါတယ်။

တခါက သိဟိုဠ်ကျွန်းမှာ စက္ကန္ဒခေါ်တဲ့ ဥပါသကာတယောက်ရှိခဲ့ပါတယ်၊ သူငယ်စဉ်က မိခင်ကြီး မကျန်းမမာဖြစ်နေတဲ့အတွက် ဆေးဆရာက ယုန်သားအစိုကိုရမှ ရောဂါပျောက်မယ်–ပြော လို့ အကိုရဲ့စေခိုင်းချက်အရ စက္ကန္ဒဟာ ယုန်ရှာရအောင် လယ်တောကို ထွက်သွားပါတယ်၊ အဲဒီ အခိုက်မှာ ကောက်နုစားရအောင်–လို့ ထွက်လာခဲ့တဲ့ ယုန်တကောင်ဟာ လူသံကြားလို့ ထွက်ပြေးရင်း နွယ်မှာငြိနေတာကို အလွယ်တကူ ဖမ်းယူလိုက်ပါတယ်။

ဒါပေမယ့် စက္ကန္ဒဟာ "မိခင်အသက်ရှင်ရေးအတွက် သူ့အသက်ကိုသတ်ရတာ မတော်လှဘူး"လို့ တွေးပြီး ယုန်ကလေးကို လွှတ်လိုက်ပါတယ်၊ အိမ်ရောက်ပြီး အကျိုးအကြောင်းပြောတော့ အကိုရဲ့ ကြိမ်းမောင်းမာန်မဲတာခံရပါတယ်၊ စက္ကန္ဒဟာ မိခင်ထံသွားပြီး "ငါဟာ တတ်သိနားလည်တဲ့ အရွယ်ကစပြီး သူ့အသက်ကို မသတ်ဖူးပါ"လို့ မှန်ကန်တဲ့သစ္စာစကားကို ဆိုတာနဲ့ပဲ မိခင်ရဲ့ရောဂါမှာ ချက်ချင်း ပျောက်ကင်းသွားပါတယ်။

စက္ကန္ဒပါသကာက ဖမ်းမိတဲ့ယုန်ကို မသတ်တော့ပဲ ရှောင်ကြဉ်လိုက်တာဟာ သိက္ခာပုဒ် ဆောက်တည်ထားတာ မဟုတ်ပဲ လွန်ကျူးစရာဝတ္ထုတွေ့မှ ရှောင်ကြဉ်လိုက်တဲ့အတွက် **"သမ္မတ္တဝိရတိ"** မည်ပါတယ်။

၂။ **သမာဒါနဝိရတိ**–သိက္ခာပုဒ်ဆောက်တည်ထားတဲ့အတွက် တိုက်ရိုက် လွန်ကျူးစရာဝတ္ထုမှ ရှောင်ကြဉ်ခြင်း၊ သိက္ခာပုဒ်ကို ဆောက်တည်တုန်းမှာပဲဖြစ်ဖြစ်, ဆောက်တည်ပြီးတဲ့နောက်မှာပဲဖြစ်ဖြစ် သိက္ခာပုဒ် ဆောက်တည်ထားတဲ့အတွက် လွန်ကျူးစရာဝတ္ထုမှ ရှောင်ကြဉ်ခြင်းဟာ **သမာဒါနဝိရတိ**–မည်ပါတယ်။

**ပုံပြစရာ နွားပျောက်ရှာသူပမာ။** ။ သမာဒါနဝိရတိနဲ့ပတ်သက်တဲ့ သာဓကဇာတ်လမ်းကို သီဟိုဠ်ကျွန်း ဥတ္တရဝဓုနတောင်မှာနေတဲ့ ဥပါသကာဝတ္ထုနဲ့ မှတ်တမ်းတင်ထားပါတယ်။

တနေ့မှာ ဥပါသကာဟာ ပိဂ်လဒုဒ္ဓရကို့တမထေရ်ထံ သီလဆောက်တည်ပြီး နွားစားကျက်ပြန်အလာ နွားပျောက်နေပါတယ်၊ ပျောက်နေတဲ့နွားကိုရှာရင်း ဥတ္တရဝဓုမာနတောင်ပေါ်ကို ရောက်သွားတဲ့အခါ စပါးကြီးမြွေက သူ့ကို ဖမ်းယူရစ်ပတ်ပါတော့တယ်၊ အသင့်ပါလာတဲ့ ပဲခွပ်နဲ့ မြွေခေါင်းဖြတ်မယ်–လို့ ကြံစည်ပြီးမှ "ငါလေးစားတဲ့ဆရာထံမှ သီလခံယူဆောက်တည်ထားပါလျက် သီလဖျက်ရင် မတော်ဘူး"လို့ စဉ်းစားပြန်တယ်၊ အဲဒီလို သုံးကြိမ်တိုင် စဉ်းစားပြီးနောက် "ငါ့အသက်သာ အသေခံမယ်၊ သီလသိက္ခာကိုတော့ မဖျက်ဘူး"လို့ ပဲခွပ်ကို တောထဲသို့ လွှင့်ပစ်လိုက်ပါတယ်၊ မြွေလဲ သူ့ကို လွှတ်ထားခဲ့ပြီး ထွက်သွားပါတော့တယ်။

ဒီဥပါသကာမှာ သီလဆောက်တည်ချိန်မှ တောင်ပေါ်ရောက်ချိန်အထိ ဝိရတိ (ရှောင်ကြဉ်မှု) မဖြစ်သေးပါ၊ မြွေကိုမသတ်ပဲ ရှောင်ကြဉ်လိုက်တဲ့အချိန်ကျမှ **သမာဒါနဝိရတိ** ဖြစ်ပါတယ်။

၃။ **သမုစ္ဆေဒဝိရတိ**–အကြွင်းမဲ့ ပယ်ဖြတ်ထားတာနဲ့စပ်တဲ့ရှောင်ကြဉ်ခြင်း၊ ဒုစရိုက် ဒုရာဇိဝ အနုသယဓာတ် [၁၇] တွေကို အကြွင်းမဲ့ပယ်သတ်တဲ့အနေနဲ့ဖြစ်တဲ့ လောကုတ္တရာ ဝိရတိ [၁၈] ကိုပဲ **သမုစ္ဆေဒဝိရတိ**–လို့ ခေါ်ပါတယ်၊ ဒီဝိရတိဖြစ်ပြီးတဲ့ အရိယာပုဂ္ဂိုလ်တွေမှာ သူ့အသက်သတ်မယ်, သူ့ဥစ္စာခိုးမယ်–စတဲ့စိတ်မျိုးတွေ မဖြစ်ကြတော့ပါ၊ မဂ်နဲ့ယှဉ်တဲ့ ဝိရတိမှာ သမုစ္ဆေဒဝိရတိ–ဖြစ်ပါတယ်၊ အဲဒီဝိရတိဖြစ်ပြီးတဲ့အရိယာပုဂ္ဂိုလ်တွေမှာ သူ့အသက်သတ်မယ့်စိတ်မျှပင် မဖြစ်တော့ပါ၊ ငါးပါးသီလပါကောတိပါတစတဲ့ ဘေးရန်ငါးမျိုး ငြိမ်းနေပါပြီ။

---

**ဒုစရိုက်**–မကောင်းတဲ့အကျင့်၊ **ဒုရာဇိဝ**–မကောင်းတဲ့အသက်မွေးမှု၊ **အနုသယဓာတ်**–ကိန်းအောင်းနေတဲ့သဘောတရား,

[illegible]

[illegible]

**ကုက္ကုဋ္ဌမဆိုးမယား။ စံယူထား။ မှတ်သားကြလေပါ။** ။ သမ္ဘေဒဝိရတိနဲ့ပတ်သက်လို့ ပုံစံပြစရာကား ခမ္မပဒအဋ္ဌကထာလာ ကုက္ကုဋ္ဌမိတ္တနေသာဒဝတ္ထုမှာ ပါရှိတဲ့ ကုက္ကုဋ္ဌမိတ္တမုဆိုးရဲ့ဇနီးအကြောင်းပါပဲ။

ရာဇဂြိုဟ်မြို့မှာ သူဌေးသမီးတယောက်ကို အရွယ်ရောက်တဲ့အခါ မိဘတွေက ၇-ထပ်ရှိတဲ့ အိမ်ရဲ့ အပေါ်ဆုံးထပ်မှာ အလှပ်အကျေးမိန်းမတယောက်နဲ့အတူ ထားပါတယ်၊ တနေ့မှာ ကုက္ကုဋ္ဌမိတ္တ-ခေါ်တဲ့မုဆိုးဟာ မြို့ထဲမှာ အသားတွေရောင်းပြီး လှည်းတစီးနဲ့ ပြန်လာပါတယ်၊ သူဌေးသမီးဟာ မုဆိုးအပေါ်တပ်မက်တဲ့အတွက် တိတ်တဆိတ်အိမ်ကထွက်ပြီး အဲဒီမုဆိုးရဲ့နောက်ကို လိုက်ပါသွားတယ်၊ မုဆိုးက သူဌေးသမီးကိုမြင်ရင် "ချစ်နှမ, မင်းဟာ ဘယ်သူ့သမီး-ဆိုတာ ငါမသိပါ၊ ငါ့နောက်ကို မလိုက်ပါနဲ့"လို့ ပြောပါတယ်၊ သူဌေးသမီးက "ရှင်က ကျွန်မကို ခေါ်တာမဟုတ်ပါဘူး၊ ကျွန်မက မိမိသဘောအတိုင်း လိုက်လာတာပါ၊ ရှင်က ဆိတ်ဆိတ်သာနေပြီး မိမိရဲ့လှည်းကိုသာ မောင်းနှင်ပါ"လို့ ပြောပါတယ်၊ မုဆိုးကလဲ အကြိမ်ကြိမ်တားမြစ်ပါတယ်။

**ကျက်သရေမဂီလာ၊ ဆိုက်ရောက်လာ၊ ပယ်တာ မပြူသင့်**

အဲဒီလို မုဆိုးအကြိမ်ကြိမ် တားမြစ်တဲ့အခါ သူမက မုဆိုးကို **"သီရီ နာမ အတ္တနော သန္တိကံ အာဂစ္ဆန္တီ နိဝါရေတုံ န ဝဋ္ဋတိ (သီရီ နာမ အတ္တနော သန္တိကံ အာဂစ္ဆန္တီ နိဝါရေတုံ န ဝဋ္ဋတိ-သျာ)-အရှင်, ကျက်သရေဆိုတာ မိမိထံ ရောက်လာရင် ပယ်မြစ်ခြင်းငှါ မသင့်တော်ပါ"**လို့ ပြောပါတယ်၊ မုဆိုးဟာ လိုက်လာခြင်းအကြောင်းကို သိရတဲ့အတွက် သူဌေးသမီးအပေါ်မှာ သံသယကင်းပြီး လှည်းပေါ်တင်ပြီး ခေါ်သွားပါတယ်၊ သူဌေးသမီးဟာ မုဆိုးနဲ့ ပေါင်းဖော်နေထိုင်ပါတယ်၊ တယောက်ပြီး တယောက် ဆိုသလို သား-၇-ယောက် မွေးဖွားပါတယ်၊ အရွယ်ရောက်လာတဲ့ သားအားလုံးကို အိမ်ထောင်ချပေးလိုက်ပါတယ်။

တနေ့မှာ ဘုရားရှင်က သပိတ်သင်္ကန်းကို ယူတော်မူပြီး ကုက္ကုဋ္ဌမိတ္တမုဆိုးရဲ့ ကျောက်ကွင်းထောင်ထားတဲ့နေရာကို ကြွသွားတော်မူပါတယ်၊ အဲဒီနေ့မှာ ကျောက်ကွင်းမှာ သားကောင်တကောင်မှ မမိပါဘူး၊ ဘုရားရှင်ဟာ ကျောက်ကွင်းတခုနားမှာ ခြေတော်ရာ ချထားခဲ့ပြီး ချုံတချုံရဲ့အရိပ်အောက်မှာ ထိုင်နေတော်မူပါတယ်။

မုဆိုးလဲ နံနက်စောစော လေးကိုယူပြီး ထောင်ထားတဲ့ကျောက်ကွင်းကို သွားကြည့်ပါတယ်၊ ကျောက်ကွင်းမှာ မိနေတဲ့သားကောင်တကောင်မှ မတွေ့ရပါ၊ ကျောက်ကွင်းနားမှာ ဘုရားရှင်ရဲ့ ခြေတော်ရာကိုသာ တွေ့ရပါတယ်၊ မုဆိုးဟာ "မိနေတဲ့သားကောင်တွေကို ဘယ်သူက လွှတ်ပစ်လိုက်ပါလိမ့်?"လို့ စဉ်းစားရင်း ရှေ့ဆက်သွားလျှင် ချုံအောက်မှာ ထိုင်နေတော်မူတဲ့ဘုရားရှင်ကို တွေ့ရတဲ့

အခါ အမျက်ဒေါသထွက်ပြီး "ဒီလူက ငါ့သားကောင်တွေကို လွှတ်ပစ်တာဖြစ်မှာပဲ၊ သူ့ကို ပစ်သတ်တော့မယ်"လို့ လေးကို တင်လိုက်ပါတယ်၊ ဘုရားရှင်က လေးကိုတင်ခွင့်သာပေးပြီး ပစ်ခွင့်မပေးပါ။

မုဆိုးဟာ မြားကို ပစ်လို့လဲ မရ, လေးကို ချလို့လဲမရ ဖြစ်နေပါတယ်၊ နံရိုးတွေ ကျိုးသွားမတတ် ဖြစ်ပြီး ပါးစပ်ကလဲ အမြုပ်တစိစိထွက်ကာ ပင်ပန်းစွာ ရပ်နေရပါတယ်၊ အချိန်တန်လို့ မုဆိုးကြီး ပြန် မရောက်တဲ့အခါ အမေက သား ၇-ယောက်တို့ကို လွှတ်လိုက်ပါတယ်၊ သားတွေလဲလေးတွေ ကိုယ်စီယူပြီး ဖခင့်နောက်ကို လိုက်သွားကြပါတယ်၊ ဖခင်ရဲ့အခြေအနေနဲ့ ဘုရားရှင်ကို တွေ့မြင်ကြရတဲ့အခါမှာ "ဒီလူဟာ ဖခင်ရဲ့ ရန်သူ ဖြစ်မှာပါ"ဆိုတဲ့အထင်နဲ့ ဘုရားရှင်ကို ပစ်မယ်လို့ လေးတွေကို တင်ကြပြန်တယ်၊ သူတို့ ၇-ယောက်လုံးလဲ သူတို့ဖခင်လိုပဲ ပစ်လိုမရ, ချလို့မရကြပဲ ရပ်နေကြရပြန်တယ်။

ရောက်ချိန်တန်လို့ လင်ရော သားတွေပါ ပြန်မရောက်ကြတဲ့အခါ အမေဖြစ်သူဟာ ချွေးမ ၇-ယောက်ကိုခေါ်ပြီး လိုက်သွားပါတယ်၊ လင်ဖြစ်သူနဲ့ သား ၇-ယောက်တို့က လေးကိုတင်ပြီး ဘုရားရှင်ကို ချိန်ရွယ်နေတာကိုတွေ့ရတော့ **"မာ မေ ပိတရံ နာသေထ၊ မာ မေ ပိတရံ နာသေထ-ငါ့အဖေကို မဖျက်ဆီးကြပါနဲ့၊ ငါ့အဖေကို မဖျက်ဆီးကြပါနဲ့."**လို့ အသံကုန်ဟစ်အော်ပြောလိုက်ပါတယ်။

အဲဒီအသံကို ကြားရတယ်-ဆိုရင် မုဆိုးကြီးမှာ **"အယံ သသုရော မေ-ဒီလူဟာ ငါ့ယောကျမပဲ"**လို့ မေတ္တာစိတ်ကို ဖြစ်စေပါတယ်၊ သား ၇-ယောက်တို့ကလဲ **"အယျကော နော-ဒို့ရဲ့အဖိုးပဲ"**လို့ မေတ္တာစိတ်ကို ဖြစ်စေကြပါတယ်၊ အဲဒီအချိန်မှာ သူတို့ရဲ့ အမေဖြစ်သူက **"မိပွံ ဓနုနိ ဆဏ္ဍေတွာ ပိတရံ မေ ဓမာပေထ-လေးတွေကို မြန်မြန် စွန့်ပစ်ပြီး ငါ့အဖေကို ကန်တော့ကြ"**လို့ ပြောလိုက်ပါတယ်၊ သူတို့ စိတ်နှုးညံ့လာတာကို သိတော်မူတဲ့ဘုရားရှင်က လေးများကို ချခွင့်ပေးလိုက်ပါတယ်။

သူတို့အားလုံးက ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးကာ **"ဓမထ နော ဘန္တေ-တပည့်တော်တို့အား သည်းခံတော်မူပါဘုရား"**လို့ ကန်တော့ပြီး သင့်တော်ရာမှာ ထိုင်နေကြပါတယ်၊ ဘုရားရှင်က သူတို့အား ဒါနအစချီတဲ့တရားအစဉ်ကို ဟောတော်မူပါတယ်၊ တရားတော်ရဲ့အဆုံးမှာ ကုက္ကုဠမိတ္တ မုဆိုးဟာ သား ၇-ယောက်, ချွေးမ ၇-ယောက်တို့နဲ့အတူ သောတာပတ္တိဖိုလ်မှာ တည်ပါတယ်၊ ၁၅-ယောက်လုံး သောတာပန်တွေ ဖြစ်သွားကြပါတယ်။

ကျောင်းတော်ကို ပြန်ရောက်တဲ့အခါ အရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ထားပါတယ်-

"ရှင်တော်ဘုရား, ဘယ်ကို ကြွသွားခဲ့ပါသလဲ?"

"ကုက္ကုဋ္ဌမိတ္တမုဆိုးထံကို သွားခဲ့တယ်, အာနန္ဒာ"၊

"သူ့အသက်သတ်မှုကို မလုပ်အောင် ရှင်တော်ဘုရားက ပြုလုပ်ခဲ့ပါပြီလားဘုရား?"

"ဟုတ်တယ်, အာနန္ဒာ၊ ကုက္ကုဋ္ဌမိတ္တမုဆိုးဟာ သား ၇-ယောက်, ချွေးမ ၇-ယောက်တို့နဲ့ အတူ မတုန်လှုပ်တဲ့သင်္ခါမှာ တည်သွားပြီ၊ ရတနာ ၃-ပါးအပေါ်မှာလဲ ယုံမှားကင်းသွားပါပြီ၊ သူ့အသက်သတ်မှုကို မပြုလုပ်သူ ဖြစ်လာခဲ့ပါပြီ။

အနားမှာရှိနေတဲ့ အခြားရဟန်းတွေကလဲ ဘုရားရှင်အား လျှောက်ထားကြပြန်ပါတယ်---

"ကုက္ကုဋ္ဌမိတ္တမုဆိုးမှာ မယားတယောက်လဲ ရှိသေးတယ် မဟုတ်ပါလားဘုရား?"

"အေး-ရှိတယ်၊ အဲဒီမုဆိုးမယားဟာ မုဆိုးနဲ့အိမ်ထောင်မကျခင် မိဘအိမ်မှာ နေတုန်းကပင် သောတာပန်ဖြစ်ခဲ့ပါတယ်။

ဘုရားရှင်ရဲ့စကားကို ကြားရတဲ့အခါ ရဟန်းတွေဟာ ထသွားပြီး တနေရာမှာ ပြောဆိုနေကြပြန်တယ်---

"ကုက္ကုဋ္ဌမိတ္တမုဆိုးရဲ့မယားဟာ အိမ်ထောင်မကျခင် သောတာပတ္တိဖိုလ်ကို ရပြီးမှ မုဆိုးအိမ်ရောက်ကာ သား ၇-ယောက် ရခဲ့တယ်တဲ့၊ ဒီမျှလောက်ကာလပတ်လုံး "လေးကို ယူခဲ့၊ မြားကိုယူခဲ့၊ လှံကို ယူခဲ့၊ ပိုက်ကို ယူခဲ့"လို့ မုဆိုးပြောသမျှကို ယူပေးနေရတာပဲ၊ မုဆိုးကလဲ သူမ ယူပေးလိုက်တဲ့လက်နက်တွေကို ယူသွားပြီး သားကောင်တွေကို သတ်ဖြတ်နေတာပဲ၊ ဘယ်လိုပါလိမ့်, သောတာပန်တွေကလဲ သူ့အသက်ကို သတ်ကြသေးသလား?"

အဲဒီလို ရဟန်းတွေက စုဝေးပြောဆိုနေကြတာကို သိရတော့ ဘုရားရှင်ဟာ ကြွလာတော်မူပြီး ဖြေရှင်းမိန့်ကြားတော်မူပါတယ်။

**အနာမရှိ ဆိပ်မထိ**

"ရဟန်းတို့, သောတာပန်တွေဆိုတာ သူ့အသက်ကို မသတ်ကြတော့ပါဘူး၊ အဲဒီအမျိုးသမီးကတော့ လင့်စကားကို လိုက်နာတဲ့အနေနဲ့ မုဆိုးခိုင်းစေသမျှကို လုပ်ပေးရတာသာ ဖြစ်ပါတယ်၊ ဒီလက်နက်ကို ယူသွားပြီး မုဆိုးက သူ့အသက်ကို သတ်ပါစေ-ဆိုတဲ့ စိတ်မျိုး သူ့မှာ မရှိတော့ပါဘူး၊ လက်ဝါးမှာ အနာမရှိရင် အဆိပ်ကိုကိုင်တဲ့သူအား အဆိပ်က မလောင်ကျွမ်းစေနိုင်သလို အကုသိုလ်စေတနာမရှိတဲ့အတွက် မကောင်းမှုကို မပြုလုပ်သူမှာ လေးမြားစတဲ့လက်နက်တွေကို ယူပေးရပေမယ့် မကောင်းမှုဆိုတာ မဖြစ်တော့ပါ"။

**ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။**

**နာဗွဏ် ဝိသမန္နေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။**

**ပါဏိမှိ**–လက်ဝါးၭ်၊ **ဝဏော**–အနာဿည်၊ **စေ နံ အဿ**–အကယ်၍ မရှိငြားအံ့၊ **ပါဏိနာ**–လက်ဖြင့်၊ **ဝိသံ**–အဆိပ်ကို၊ **ဟရေယျ**–ကိုင်ယူနိုင်ရာ၏၊ **အဗွဏ်**–အနာမရှိသော လက်ကို၊ **ဝိသံ**–အဆိပ်သည်၊ **နံ အန္နေတိ**–အစဉ်မလိုက်နိုင်၊ (**အကုသလစေတနာယ**–အကုသိုလ်စေတနာ၏၊ **အဘာဝနံ**–မရှိသဖြင့်၊) **အကုဗ္ဗတော**–မကောင်းမှုကို မပြုသောသူအား၊ **ပါပံ**–မကောင်းမှုသည်၊ **နတ္ထိ**–မရှိ။

လို့ ဘုရားရှင်က မိန့်တော်မူပြီး တရားဆက်လက်ဟောတော်မူပါတယ်၊ တရားအဆုံးမှာ ရဟန်းရှင်လူ အများအပြားဟာ တရားထူးကို ရသွားကြပါတယ်။

## ဒုစရိုက်ဖြစ်စရာ ကြောင်း ၄-ဖြာ

ဒီဝတ္ထုမှာပါတဲ့ သူဌေးသမီးဟာ သောတာပန်ဖြစ်ပြီးမှ မုဆိုးအိမ်ကို ရောက်လာတာပါ။ သူမဟာ ဒုစရိုက် ဒုရာဇိဝတ်တွေကို သောတာပတ္တိမဂ်နဲ့ ပယ်ပြီးဖြစ်တဲ့အတွက် ကိုယ်တိုင်ပြုလုပ်ခြင်း, သူတပါးကို တိုက်တွန်းခြင်း, သူတပါးလုပ်တာကို ချီးမွမ်းခြင်း, သူတပါးလုပ်တာကို သဘောတူခြင်း–ဆိုတဲ့ ဒုစရိုက်ဖြစ်စရာအကြောင်း ၄-မျိုးအနက် တမျိုးမျိုးကိုမှ မလုပ်တော့ပါ။ လင်ရဲ့စကားကို နားထောင်တဲ့အနေနဲ့ လင်ခိုင်းတာကိုတော့ လုပ်ပေးနေပါတယ်။

**ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ လေးပါးဟူ၊ မှတ်ယူ ဒုစရိုက်၊**
**တစ်ခုလေးပါး၊ ဆယ်ခုကား၊ ပွါးငြား လေးဆယ်ထိုက်၊**
**တစ်ပါးပါးသာ၊ ငြိစွန်းလာ၊ ဖြစ်ပါ ဒုစရိုက်၊**
**တစ်ပါးပါးမျှ ၊ မငြိက၊ လွတ်ရ ဒုစရိုက်၊**
**အဝိတ္တရ၊ ဒသက၊ ညွှန်းပြ မှတ်ယူပိုက်**[၁၇]။

ဒီပါပါ **အာရတိ**– မကောင်းမှုကို စိတ်နဲ့ ရှောင်ကြဉ်ခြင်း, **ပါပါ ဝိရတိ**–မကောင်းမှုတွေကို ကိုယ်နှုတ်တို့နဲ့ ရှောင်ကြဉ်ခြင်းတွေဟာ ဒီဘဝမှာ ဖြစ်တဲ့ဘေးရန်, နောင်ဘဝသံသရာမှာ ဖြစ်ပေါ်လာမယ့် ဘေးရန်တွေကိုပယ်ခြင်း–စတဲ့အကျိုးတွေကိုရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာမည်ပါတယ်။

**ပါပါ ဝိရတိ**–မှာ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်ခြင်းကို ယူပြီး, **ပါပါ အာရတိ**–မှာ မနောဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းကို ယူပါက **ပါပ**–အရ ဒုစရိုက် ၁၀-ပါးလုံးပင်

---

၁၇ အဂ်္ဂုတ္တရနိကာယ် ဒသကနိပါတ် သာမညဝဂ် (အံ၊ ၃၊ ၅၀၉-၅၁၀)။

ပါဝင်ပါတယ်၊ ဒါပေမဲ့ အဋ္ဌကထာများက ငါးပါးသီလမှ **မဇ္ဇပါန**ကို တိုက်ရိုက်ဆိုမှာဖြစ်လို့ **ပါပ**–အရ ကျန် ပါဏာတိပါတ–စတဲ့ လေးပါးကိုယူပါတယ်၊ အဲဒီလိုယူရခြင်းမှာ "အရိယသာဝကအား ဘေးရန် ငါးပါးငြိမ်းပြီ"ဆိုတဲ့ ဒေသနာကို အာရုံပြု၍လည်းကောင်း, သိဂၤိလသုတ်မှာ အရိယသာဝကအား သတ်မှု, ခိုးမှု, ကာမ၌မှားယွင်းမှု, မုသားပြောမှု–ဆိုတဲ့ ကမ္မကိလေသ (ညစ်နွမ်းကြောင်းအမှု) လေးပါးကို ပယ်ပြီးဖြစ်ကြောင်း ဟောတဲ့ဒေသနာကို ထောက်ဆ၍လည်းကောင်း **ပါပ**–အရ အဲဒီလေးပါးကို သာ ယူရခြင်းဖြစ်ပါတယ်။

**<u>ရွေးဆရာများ မိန့်ကြားအဆို</u>**

**ဆယ်တန်ပါပ၊ သာဝတ္ထိမှ၊ ကာယဝစီ၊ ဤနှစ်ပါးဖြင့်၊ ရောင်ရှားခြင်းသည်၊ တစ်ပါးမည်၏၊**
**ဆယ်မည်သဘော၊ ပါပဇောမှ၊ မနောဒွါရ၊ ရကွိတဖြင့်၊ ဝေးစွဖဲကြည့်၊ မယဉ်ပါးခြင်း၊**
**ရောင်ကွင်းကျင့်ရိုး၊ လုံ့လကြိုးလော့။**

ဒီကဗျာအရ မုံရွေးဆရာတော်က ပါပါ အာရတိ ဝိရတိ–မဂ်လာကို ပါပအာရတိမဂ်လာ, ပါပ ဝိရတိမဂ်လာ–လို့ ၂–မျိုး ခွဲခြား ပြဆိုထားပါတယ်။

ဒါ့အပြင် တိလ္လာကပျို့မှာ––

**ထိုထိုဒုစရိုက်၊ ပယ်ထိုက်သည်ချည်း၊ အနည်းနည်းကို၊ ကိုယ်လည်းမပြု၊ သူ့ကိုမစေ၊**
**သူပြုချေလည်း၊ ရွှေနှလုံးတော်၊ ရွှင်ပျော်စုံမက်၊ နှစ်မသက်ဘဲ**
**(မနှစ်သက်ဘဲ)၊ ယွင်းကွက်ကျင့်သူ၊ လူ၏ကျေးဇူး၊ ဝုက်ထူးမည်နှန်၊ လေးမည်မှန်သာ။**
**လေးတန်ဆယ်လီ၊ ဒုစာရိမှ၊ အာရတီမူ၊ ဝေးအောင်ပြု၏။**

မန်လည်ဆရာတော်ဘုရားကြီးကလဲ–––

**ကျင့်စာရိတ္တ၊ ဝါရိတ္တဟု၊ သီလရတနာ၊ မြတ်တန်းဆာလည်း၊ သတ္တဝါဓပင်း၊ မင်း, ဆင်းရဲသား၊**
**မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊ ကြီးငယ်မဆို၊ ရွယ်ပျို့ရွယ်ရင့်၊ ဆင်တိုင်းတင့်၏။**
(မဃဒေဝလင်္ကာ သစ်၊ ၂၃၀။)

**ပြုခြင်းအလို၊ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊**
**လင်မှာမရ၊ လင်ပြုကလည်း၊ မိန်းမအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး၊**
**သူစာမယား၊ အသယ်တို့၊ ရွေးကဝတ္ထု၊ နှိုင်းယှဉ်ရှု၍၊ အကုသလ၊ ကုသလ၏၊ ကမ္မသကာ၊**
**လက္ခဏာကို၊ မြွိစွာဝမ်းတွင်း၊ နှလုံးသွင်းလော့။** (မဃဒေဝလင်္ကာသစ်၊ ၂၁၉။)

(၂၀) **မဇ္ဇပါနာ သံယမော။** ။ [**မဇ္ဇပါပါ**–အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ+ **သံယမော**–စောင့်စည်းခြင်း, ရှောင်ကြဉ်ခြင်း] အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းကို **မဇ္ဇပါနသံယမ**–လို့ ဆိုရပါတယ်။

**မဇ္ဇ**–မူးယစ်စေတတ်တဲ့ သေရည်အရက်အမျိုးမျိုး။ မူးယစ်စေတတ်တဲ့ စိမ်ပြီး ချက်လုပ်တဲ့ အရက်အမျိုးမျိုး၊ မစိမ်မချက်ပဲ အလျဉ်ဖြင့် ပြင်းလာတဲ့ ထန်းရည်, ဓနိရည် စတဲ့အရည်များနဲ့ မူးယစ်စေတတ်တဲ့ ဘိန်းစတဲ့အရာအားလုံးကိုပင် '**မဇ္ဇ**'လို့ ခေါ်ပါတယ်။

အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲလေ့ရှိသူဟာ အကျိုးကိုလဲမသိပါ၊ အကြောင်းကိုလဲမသိပါ၊ အမိကိုလဲ အန္တရာယ်ပြုတတ်ပါတယ်၊ အဖကိုလဲ အန္တရာယ်ပြုတတ်ပါတယ်၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားရဲ့တပည့်သာဝကတွေကိုလဲ အန္တရာယ်ပြုတတ်ပါတယ်၊ ဒီဘဝမှာပဲ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ခြင်းကိုလဲ ခံရတတ်ပါတယ်၊ နောင်ဘဝမှာလဲ ဒုဂ္ဂတိဘုံခေါ်တဲ့ အပါယ်ဘုံ တဘုံဘုံကို ရောက်ရတတ်ပါတယ်၊ ဒုဂ္ဂတိဘုံမှ လွတ်လာရင်လဲ ဘဝသံသရာအဆက်ဆက်မှာ ရူးသွပ်ခြင်း, စိတ်မနှံခြင်းသို့ ရောက်တတ်ပါတယ်[၁၈၀]၊ ယခုခေတ်မှာ မူးယစ်ဆေးဝါးအမျိုးမျိုး ပေါများလာသလောက် မူးယစ်ဆေးဝါး သုံးစွဲသူတွေလဲ များလာပါတယ်၊ မူးယစ်ဆေးသုံးစွဲလို့ ရူးသွားသူ, ဘဝပျက်သူတွေရဲ့အရေအတွက်မှာ ကမ္ဘာနဲ့အဝှမ်း မနည်းလှပါဘူး။

အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်သူတွေမှာတော့ အဆိုပါအပြစ်တွေ မဖြစ်တဲ့အပြင် အဲဒီအပြစ်တွေရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ဂုဏ်တွေနဲ့လဲ ပြည့်စုံလာတတ်ပါတယ်၊ ဒါ့ကြောင့် အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်မှုကို မင်္ဂလာ–လို့ သိသင့်ပါတယ်[၁၈၁]။

**အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းအပြစ် ၆–ပါး။** ။ ဒီဃနိကာယ် ပါထိကဝဂ် သိဂီလသုတ် (၁၄၈)မှာ အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းရဲ့အပြစ် ၆–ပါးကို ဟောထားပါတယ်---

၁။ စီးပွါးဥစ္စာ ပျက်စီးခြင်း၊

---

[၁] ခုဒ္ဒကပါဌအဌကထာ မင်္ဂလသုတ် (၁၂၀)။ သုတ္တနိပါတအဌကထာ ဒုတိယအုပ် မင်္ဂလသုတ်အဖွင့် (၂၆)။

[၂] ခုဒ္ဒကပါဌအဌကထာ မင်္ဂလသုတ် (၁၂၀)။ သုတ္တနိပါတအဌကထာ ဒုတိယအုပ် မင်္ဂလသုတ်အဖွင့် (၂၆)။

၂။ ခိုက်ရန်ဖြစ်ပွါးခြင်း၊

၃။ ရောဂါဖြစ်ပွါးခြင်း (ရောဂါများခြင်း)၊

၄။ ဂုဏ်သရေမဲ့ မကောင်းသတင်းထွက်ပေါ်ခြင်း၊

၅။ ဖုံးထားရမယ့်အင်္ဂါကို ဖော်ပြခြင်း၊

၆။ ပညာဉာဏ်အားနည်းမှုကို ပြုခြင်းတို့. ဖြစ်ပါတယ်။

**ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှာ။**
**ဤခြောက်ပါးကား သောက်စားသေစာ–အပြစ်တည်း။** (ဂိဟိဝိနယဆုံးမစာ)

**ဥစ္စာဆုံးပါး၊ ခိုက်ရန်ပွါးခဲ့၊ နာများခြင်းကြောင်း၊ မကောင်းသတင်း၊ တွင်းအင်္ဂါလှန်၊**
**ပညာဉာဏ်လည်း၊ အားနည်းအောင်ပြု၊ ဤခြောက်ခု၊ သောက်မှုသေရည်ပြစ်။**
(ပရိတ်ကြီးနိဿယသစ်၊ ၁၄၇။)

**သုရာသောက်ဝယ်၊ ပြစ်ခြောက်သွယ်ကား၊ လိုမယ် မရ, ရှိမျှဥစ္စာ၊ ပျောက်တတ်စွာ၏၊**
**နှုတ်သာလက်လွန်၊ ရန်လည်းခိုက်ထိ၊ ပွါးတတ်ဘိ၏၊ မျက်စိသီဝေ၊ လက်ခြေတုန်ယင်၊**
**မဝင်ဝမ်းတွင်း၊ ထမင်းမစား၊ ရောဂါများ၏၊ ပြစ်သားစင်စင်၊ လူရွင်ကဲ့ရဲ့၊ သတင်းမဲ့၏၊**
**ရွက်ဇွဲ့အရာ၊ ကြောက်ခင်းမှာလည်း၊ အင်္ဂါကိုယ်လုံး၊ မဖုံးလွှမ်းနိုင်၊ စွဲကိုင်ကျိုးပြစ်၊ စိစစ်မမြင်၊**
**ဆင်ခြင်မရှိ၊ သတိပညာ၊ လျော့ညံ့ရာသည်–––မကြာလက်ငင်း မျက်မှောက်တွင်း။**
(သြဝါဒထူး ဆုံးမစာ၊ ၇။)

**စီးပွါးဥစ္စာပျက်စီးခြင်း။** ။ အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲသူတွေဟာ သောက်စားသုံးစွဲတဲ့ အကြိမ်အရေအတွက် များလာတဲ့အခါ မသောက်စားမသုံးစွဲရရင် မနေနိုင်တဲ့ အခြေအနေမျိုးကို ရောက်သွားတတ်ပါတယ်၊ အရက်သေစာ မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်အဖြစ်ကို ရောက်နေရတဲ့ သူတွေဟာ တနည်းနည်းနဲ့. အရက်သေစာ မူးယစ်ဆေးဝါး ရရှိရေးကိုသာ အလေးထားကာ ရှာဖွေလာရပါတော့တယ်၊ မိမိလက်ထဲမှာ ပိုက်ဆံမရှိပါက သူများထံမှ အသနားခံ ချေးငှါးတောင်းခံရန်လဲ ဝန်မလေးလှပါ၊ သူများထံမှ ချေးငှါးတောင်းခံလို့ မရပါက မိမိဝတ်ထားတဲ့ အဝတ်အစားတွေကို ပေါင်နှံရောင်းချရန်လဲ ဝန်မလေးတော့ပါ၊ အိမ်ထောင်ရေး, သားသမီးရေး, ဘဝရပ်တည်ရေး–စတဲ့အရေးအရာတွေကို ထည့်သွင်းစဉ်းစားရန်ပင် မပြုနိုင်တော့ပါ၊ သူ့အဖို့မှာ နောက်ထပ် ပစ္စည်းဥစ္စာ တိုးပွါး

အောင် မလုပ်နိုင်တဲ့အပြင် အရင်ကရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေပါ ကုန်ဆုံးပျက်စီးသွားရတော့တယ်။

**အရက်သမား၊ သူဌေးသား၊ သိကြား မကယ်နိုင်။** ။ မူးမေ့နေတဲ့ အရက်သမားဟာ မိမိပစ္စည်းကို ကာကွယ်စောင့်ရှောက်ရမှန်းမသိ ဖြစ်နေတဲ့အတွက် ခိုးယူလုယက်ခံရသဖြင့်လဲ ပစ္စည်းကုန်တတ်ပါတယ်၊ ပင်ကိုယ်စိတ်မရှိတော့ပဲ ဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့အတွက် ပင်ကိုယ်က နှမြောတတ်သူဖြစ်စေကာမူ မူးနေတဲ့အခါမှာ နှမြောရမှန်းမသိ, အသုံးအဖြုန်းခဲ့ခြင်းတတ်သူဖြစ်စေကာမူ အဲဒီမူးနေတဲ့အခါမှာတော့ အသုံးအဖြုန်း မခဲ့ခြင်းတတ်တော့ပဲ အဖြုန်းသာပြုတတ်ပါတယ်၊ အရက်သမားမှာ အခြားအပျော်အပါး လောင်းကစား-စတဲ့ ဥစ္စာပျက်ကြောင်းအမှုတွေလည်း တွဲဖက်ပါလာတာမို့ အရက်ဖိုးသာမက အခြားကုန်စရာတွေ များလာတဲ့အတွက် စီးပွါးဥစ္စာတွေကုန်ရ ပျက်စီးရပါတော့တယ်။



ရှေးက ဘုရားအလောင်းဟာ ဗာရာဏသီမြို့မှာ ကုဋေလေးဆယ်ကြွယ်ဝတဲ့ သူဌေးကြီးဖြစ်ခဲ့ပါတယ်၊ သူ့မှာသားတယောက် ရှိပါတယ်၊ ဘုရားအလောင်းသူဌေးကြီးဟာ ဒါန စတဲ့ကောင်းမှုတွေကိုပြုပြီး သေလွန်တဲ့အခါ သိကြားမင်းဖြစ်ခဲ့ပါတယ်၊ ကျန်ရစ်တဲ့သားကတော့ အရက်သမားဖြစ်ကာ ဥစ္စာတွေ အမျိုးမျိုးဖြုန်းခဲ့ရာ နောက်ဆုံးရှိသမျှ ကုဋေလေးဆယ်ပင်ကုန်ပြီး ခွက်လက်စွဲ တောင်းစားရတဲ့ဘဝကို ရောက်ရပါတယ်၊ ဖခင်တော်ခဲ့ဘူးတဲ့ သိကြားမင်းက သားဆိုတဲ့ချစ်ခြင်းနဲ့ လိုတရက္ကန္ဆာသယ အိုးကို သားအရက်သမားအားပေးပြီး "ဒီအိုးမကွဲသမျှ ပစ္စည်းမကုန်နိုင်၊ မင်းသတိထား" လို့ မှာကြားကာ နတ်ပြည်ပြန်သွားပါတယ်၊ အဲဒီအခါမှစကာ အရက်ပြန်သောက်ပြီး ဖြုန်းတီးလေ

ရာ တနေ့မှာ အရက်မူးမူးနဲ့ အိုးကလေးကို မြောက်ကာမြောက်ကာ ဖမ်းနေရင်း လွတ်ကျလျက် အိုးကွဲသွားပါတော့တယ်၊ သိကြားမင်းပေးတဲ့ လိုတရ ကုစ္ဆာသယအိုးကွဲတဲ့နေ့ကစပြီး ပြန်လည် တောင်းစားရတဲ့ဘဝ ရောက်ကာ သူတကာအိမ်နံရံမှီလျက် အားကိုးရာမဲ့ သေဆုံးရရှာပါတယ်။ (ဇာတက၊ ၌၊ ၂၊ တိကနိပါတ်၊ သုရာဃဋ္ဌ ဇာတ်၊ ၃၈၈–၃၉၀။)

**ခိုက်ရန်ပွါးများခြင်း။** ။ ယစ်မူးစေတတ်တဲ့အရာတွေကို စိတ်ကြွမူးယစ်စေတတ်တဲ့အရက်သေစာ, စိတ်ငြိမ်မူးယစ်စေတတ်တဲ့မူးယစ်ဆေးဝါး–လို့ ၂–မျိုးခွဲနိုင်ပါတယ်၊ အရက် ထန်းရည် ခနီရည်–စတဲ့ စိတ်ကြွမူးယစ်စေတတ်တဲ့ အရက်သေစာကိုသောက်လို့ မူးယစ်စပြုလာတဲ့အခါမှာ **"အရက်မူး ကျွဲခိုး ပေါ်"**ဆိုသလို အာသွက်လာပြီး ပြောသင့် မပြောသင့် မစဉ်းစားနိုင်တော့ပဲ ပြောချင်ရာ ပြောလာ တတ်ပါတယ်၊ သူတပါးအား ထိခိုက်ပြောဆိုမှု, ဆဲဆိုမှုမျိုးကိုလဲ ပြုလာတတ်ပါတယ်၊ အဲဒီလို သူတပါး အား ထိခိုက်ပြောဆို ဆဲဆိုမှုတွေကြောင့် ရန်လဲဖြစ်တတ်ပါတယ်၊ အရက်မူးသမားမှာ လုပ်သင့်, မလုပ် သင့် စဉ်စားဆင်ခြင်ဉာဏ်လဲ မရှိတတ်ပါ၊ သူတပါးကို ရိုက်နှက်ပုတ်ခတ်မိတဲ့အတွက်လဲ ရန်ပွါးလာ တတ်ပါတယ်။

ဆေးခြောက်, ဘိန်း, ဘိန်းဖြူ–စတဲ့ စိတ်ငြိမ်မူးယစ်ဆေးဝါးများကို သုံးစွဲသူများမှာ ပတ်ဝန်း ကျင် အခြားသူတွေနဲ့ ရန်ဖြစ်စရာအကြောင်းမရှိပေမယ့် အိမ်ရှိပစ္စည်းတွေကို ရတဲ့နည်းနဲ့ ထုတ်ယူ ပေါင်နှံ ရောင်းချ သုံးစွဲမှုကိုကို ပြုလာပါက အိမ်ရှိ မိဘ ညီအကို မောင်နှမတွေနဲ့လဲ ရန်ဖြစ်ရတတ်ပါ တယ်၊ သားမယား–စတဲ့သူတွေနဲ့လဲ ရန်ဖြစ်ရတတ်ပါတယ်၊ ချေးငှါးထားတဲ့ပစ္စည်းကို ပြန်မပေးနိုင်တဲ့ အတွက် ပစ္စည်းရှင်နဲ့လဲ ရန်ဖြစ်ရတတ်ပါတယ်၊ မူးယစ်ဆေးဝါး သုံးစွဲသူအတွက် ရန်ဖြစ်ပွါးစရာ အကြောင်းတွေက များပြားလှပါတယ်။

အရက်မူးသမား–ဆိုတာ အရူးတမျိုးပင် ဖြစ်ပါတယ်၊ အရက်သောက်ခြင်းဟာ ဒုစရိုက် အမျိုး မျိုးကို ဖြစ်စေတတ်တဲ့ ဆိုးဝါးသောအမှုဖြစ်တဲ့အတွက် အဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ဒုစ္စရိတ ဝိပါက သုတ် (အံ၊ ၃၊ ၇၈)မှာ "အရက်ကို ကြိမ်ဖန်များစွာသောက်သူဟာ ငရဲ, တိရစ္ဆာန်, ပြိတ္တာဘဝ ရောက်ရကြောင်း, အရက်သောက်ခြင်းရဲ့ အပေါ့ဆုံးအပြစ်မှာ အရူးအနှမ်းဖြစ်တတ်ကြောင်း"ကို ဟောတော်မူပါတယ်၊ အရူး–ဆိုတာ သူတပါးကို ဆဲတတ်, ရိုက်ပုတ်တတ်သလို အမူးသမားဟာလဲ ပင်ကိုယ်က ယဉ်ကျေးသူဖြစ်စေကာမူ အရက်မူးလာတဲ့အခါမှာတော့ ကိုယ်နဲ့, နှုတ်နဲ့, ရမ်းကားတတ်

သူ ဖြစ်လာပါတော့တယ်၊ ဒါ့ကြောင့် ပြန်လည်အရိုက် အဆဲခံရခြင်း–စသည်ဖြင့် ရန်များလှတဲ့အပြင် ရာဇဝတ်ပြစ်ဒဏ်များလဲ ခံရတတ်တဲ့အတွက် အပြစ်များလှပါတယ်။

**ရောဂါအမျိုးမျိုးဖြစ်စေတတ်ခြင်း။** ။ အရက်သေစာ မူးယစ်ဆေးဝါး သောက်စား သုံးစွဲများရင် ရောဂါအမျိုးမျိုးဖြစ်တတ်ကြောင်းကို ယခုခေတ် ဆေးဖက်ဆိုင်ရာ ပညာရှင်များက ထောက်ခံပြောဆိုကြပါတယ်၊ အချို့လူတွေက "တော်ရုံသောက်ရင်, သုံးစွဲရင် ဆေးဖြစ်တယ်"လို့ ဆင်ခြေပေးတတ်ကြတယ်၊ တော်ရုံနဲ့ ကျေနပ်အားရသူ အလွန်ရှားပါတယ်၊ နည်းနည်းသောက်ရာကစ စွဲသွားတဲ့အခါ အားရတင်းတိမ်တယ်–လို့ မရှိတော့ပဲ အလွန်အကျွံ ဖြစ်လာမြဲဖြစ်ပါတယ်၊ အရက်ရဲ့ကျေးကျွန်, မူးယစ်ဆေးဝါးရဲ့အစေခံဖြစ်လာပါတယ်။ အင်္ဂလန်ရန်ကာယ် တိကနိပါတ် တတိယပဏ္ဏာသက သမ္မောဓဝဂ် အတိတ္တသုတ်[၁၅၂]မှာ အိပ်မူ, အရက်သေစာမူးယစ်ဆေးဝါး သောက်စားသုံးစွဲမှု, မေထုန်မှု–ဒီ ၃–မျိုးကို မရောင့်ရဲ မတင်းတိမ်နိုင်တဲ့ အချက်များအဖြစ်နဲ့ ဟောတော်မူပါတယ်၊ အချို့ ရောဂါအခြေအနေဆိုးတဲ့အတွက် ဆရာဝန်က ဖြတ်ရန်ပြောပေမယ့် မဖြတ်နိုင်ပဲ အသက်နဲ့လဲပြီး သေတဲ့အထိ စွဲသွားကြပါတယ်။

**ဂုဏ်သရေမဲ့ မကောင်းသတင်း ထွက်ပေါ်ခြင်း။** ။ အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းဟာ ဒုစရိုက်မျိုးစုံရဲ့စတင်ဖြစ်ပွားနိုင်ရာ အခြေခံတခု ဖြစ်ပါတယ်၊ အရက်သေစာမူးယစ်ဆေးဝါး သောက်စား သုံးစွဲနေသူတယောက်ဟာ မူးယစ်ဆေးဝါးရဖို့အတွက်ဆိုရင် မလုပ်ရဲတဲ့ဒုစရိုက်မှု–ဆိုတာ မရှိတော့ပါ။

စိတ်ကြွမူးယစ်ဆေးမျိုးဖြစ်တဲ့ အရက်သေစာကို သောက်ထားလို့ မူးယစ်လာတဲ့အခါ ကျေးဇူးကြီးမားလှတဲ့ မိဘ ဆရာတွေကိုပင် ရိုက်ရဲသတ်ရဲပါတယ်၊ အလွန်ချစ်လှတဲ့ မယား သားသမီးများကိုပင် ရိုက်ရဲ သတ်ရဲပါတယ်၊ အရက်သမားဟာ မကောင်းတဲ့ အပြုအပြောအဆိုမှန်သမျှ ပြုရဲပြောရဲတာချည်းပါပဲ။

**ဘုရင်အရက်သမား မိမိသားသတ်စား။** ။ ရှေးတုံးက အသားမပါရင် မစားတတ်တဲ့ အရက်သမား ဘုရင်ဟာ မူးနေစဉ် အသားမရတဲ့အကြောင်း လျှောက်တင်တဲ့ စားတော်ချက်အား မိမိရင်ခွင်ထဲမှ

---

[၁၅၂] တိတ္ထဲ ဘိက္ခဝေ ပဋိသေဝနာယ နတ္ထိ တိတ္ထိ။ ကတမေသံ တိတ္ထဲ? သောပွဿ ဘိက္ခဝေ ပဋိသေဝနာယ နတ္ထိ တိတ္ထိ၊ သုရာမေရယမဒ္ဒဝါနံသ ဘိက္ခဝေ ပဋိသေဝနာယ နတ္ထိ တိတ္ထိ၊ မေထုနဓမ္မသမာပတ္တိယာ ဘိက္ခဝေ ပဋိသေဝနာယ နတ္ထိ တိတ္ထိ။ ဣမေသံ ဘိက္ခဝေ တိတ္ထဲ ပဋိသေဝနာယ နတ္ထိ တိတ္ထိကာ။ (အံ၊ ဘ၊ ၂၆၃–၂၆၄။)

သားတော်လေးကို လည်လိမ်ချိုးသတ်ပြီး ချက်ရန်ပစ်ပေးလိုက်ပါတယ်၊ ဘုရင်ဟာ မူးမူးရွှားရွှားနဲ့ သားတော်လေးကိုချက်ထားတဲ့လူသားဟင်းကိုစားခဲ့ပြီး နောက်နေ့မှာ အမူးပြေ၍ သိရတဲ့အခါမှာတော့ နောင်တအကြီးအကျယ်ရကာ ယူကြုံးမရဖြစ်ရပါတော့တယ်။ ဒုံကြောင့် အရက်မူးသမားမှာ လူအများရဲ့ ကဲ့ရဲ့ခံရခြင်း, အစိုးရ မင်းပြစ်မင်းဒဏ်သင့်ခံရခြင်း–စတဲ့ မကောင်းသတင်းသာ ထွက်ပေါ်ရပါတော့တယ်။

**ဖုံးထားရမယ့်အင်္ဂါကို ဖော်ပြခြင်း။** ။ အရက်မူးနေသူဟာ ရှက်ရမှန်းကိုလဲ မသိပါ၊ ကြောက်ရမှန်းကိုလဲ မသိပါ၊ ပုဆိုးကို စလွယ်သိုင်းပြီး ဒယိမ်းဒယိုင်နဲ့ ရွာရိုးမှာ လျှောက်သွားတတ်ပါတယ်၊ လူမြင်ကွင်းမှာ အညစ်အကြေးစွန့်ရန်လဲ ဝန်မလေးတော့ပါ၊ အဝတ်မပါ ဗလာကိုယ်တည်း အချည်းစည်း လှည့်လည်သွားလာရန်လဲ ဝန်မလေးတော့ပါ၊ စိတ်နောက်ကိုယ်ပါ လုပ်ချင်ရာလုပ်တတ်ပါတော့တယ်။

**ပညာအားနည်းမှုကိုပြခြင်း။** ။ ပညာ–ဆိုတာ သတိ, သညာတွေနဲ့ ယှဉ်တွဲနေပါတယ်၊ အမှတ်သညာကင်းပျောက်နေတဲ့အမူးသမားမှာ သတိလဲ မရှိနိုင်တော့ပါ၊ သတိနဲ့သညာ မရှိပါက ပညာလဲ အားနည်းလာရပါတော့တယ်၊ ဒါပေမယ့် ဒီအရက်သေစာက အားနည်းအောင်လုပ်နိုင်တဲ့ပညာဟာ လောကီပညာမျှသာ ဖြစ်ပါတယ်၊ လောကုတ္တရာပညာကိုတော့ အားနည်းအောင် မလုပ်နိုင်တော့ပါဘူး၊ အကြောင်းကို ပြောရရင်တော့ မဂ်ရပြီးတဲ့ပုဂ္ဂိုလ်ရဲ့ ခံတွင်းကိုတောင်မှ အရက်သေစာက မဝင်တဲ့အတွက်ကြောင့်ပါပဲ။

**တန်ခိုးအရှင်၊ အရက်ဝင်၊ ဘီညာဉ်ပျက်ရ ထုံးရှိပ**[၁၀၃]။ ။ သာမာန်ပုဂ္ဂိုလ်မဆိုထားနဲ့ ဈာန်အဘိညာဉ်ရတဲ့ တန်ခိုးရှင် သာဂတထေရ်ကိုပင် အရက်က အသိညာဏ်ကင်းမဲ့လျက် အရှက်မရှိအောင် ပြုနိုင်ပါတယ်။

ဘုရားရှင်ဟာ စေတီယတိုင်းထဲမှာ ဒေသစာရီ လှည့်လည်တော်မူရင်း ဘဒ္ဒဝတိကာရွာကို ကြွတော်မူပါတယ်၊ လမ်းမှာ ဘုရားရှင်ကို တွေ့သမျှလူတွေက "သရက်ပင်ဆိပ် ရသေ့ကျောင်းမှာ အင်မတန် တန်ခိုးကြီးပြီး ကြမ်းတမ်းတဲ့ နဂါးတကောင် ရှိပါတယ်၊ အဲဒီသရက်ပင်ဆိပ်ကို ကြွတော်မမူပါနဲ့ဘုရား"လို့ ဆီးကြို လျှောက်ထားကြပါတယ်၊ ဘုရားရှင်က ဘာမျှ ပြန်လည်မိန့်ကြားတော်မမူပဲ ဆက်လက်ကြွသွားပြီး ဘဒ္ဒဝတိကာရွာမှာပဲ သီတင်းသုံးတော်မူပါတယ်။

---

[၁၀၃] ဝိနယဝိဋ္ဌက ပါစိတ္တိယပါဠိ သုရာပါနဝဂ် သုရာပါနသိက္ခာပုဒ် (၀၊ ၂၊ ၂၁၄–၂၄၆)။ ဇာတကအဋ္ဌကထာ ဓကကနိပါတ် အပါယိမုခဂ် သုရာပါနဇာတ်အဖွင့် (ဇာတက၊ ၎၊ ၁၊ ၃၈၁–၃၈၃)။

အဲဒီအချိန်မှာ သာဂတထေရ်ဟာ သရက်ပင်ဆိပ် ရသေ့ကျောင်းကို ကြွသွားပြီး မီးတင်းကုပ်ထဲမှာ ထိုင်နေပါတယ်၊ ဒီတော့ မီးတင်းကုပ်ထဲမှာနေတဲ့နဂါးက စိတ်ဆိုးပြီး အခိုးလွှတ်ပါတယ်၊ သာဂတထေရ်ကလဲ သူထက်သာတဲ့အခိုး ပြန်လွှတ်ပါတယ်၊ နဂါးက အလျှံလွှတ်ပြန်ပါတယ်၊ မထေရ်ကလဲ သူ့ထက်သာတဲ့အခိုး အလျှံလွှတ်ပြီး နဂါးကို အနိုင်ယူလိုက်ပါတယ်။ သာဂတထေရ်ဟာ နဂါးကို ဆုံးမလျက် သရဏဂုံ သီလတည်စေပြီး ဘုရားရှင်ထံ လိုက်သွားပါတယ်။

ဘုရားရှင်က ဘဒ္ဒဝတိကာရွာမှ ကောသမ္မီမြို့ကို ကြွတော်မူပါတယ်၊ အဲဒီမြို့သားဒကာတွေက "သရက်ပင်ဆိပ်မှာ နဂါးကို သာဂတထေရ်က ဆုံးမထားခဲ့တယ်" ဆိုတဲ့အကြောင်းကို ကြားသိနေကြတယ်၊ ဒကာတွေဟာ ဘုရားရှင်ကိုလဲ ပူဇော်ကြပါတယ်၊ ဆဗ္ဗဂ္ဂီရဟန်းတွေရဲ့ပြောစကားအတိုင်း ခိုခြေအဆင်းလို အနီရောင်ရှိပြီး ကြည်လင်တဲ့ အရက်ကိုလဲ အိမ်တိုင်းအိမ်တိုင်းမှာ စိမ်ထားကြပါတယ်။

နောက်နေ့မှာ ဆွမ်းခံကြွလာတဲ့ သာဂတထေရ်အား အိမ်တိုင်းအိမ်တိုင်းက နည်းနည်းစီ နည်းနည်းစီ အရက်ကို ပေးလှူကြပါတယ်၊ သာဂတထေရ်လဲ သိက္ခာပုဒ်ကို မပညတ်ခင်မှာ လူတွေက တောင်းပန်တဲ့အတွက် အိမ်တိုင်းအိမ်တိုင်းမှာ နည်းနည်းစီ သောက်လာခဲ့ပါတယ်၊ မထေရ်ဟာ အစာကလဲမရှိတော့ ယစ်မူးပြီး မြို့တံခါးဝမှာ လဲနေပါတော့တယ်။

ဘုရားရှင်က မြို့အထွက်မှာ လဲနေတဲ့သာဂတထေရ်ကို မြင်တော်မူတဲ့အခါ ရဟန်းတွေအား ဆောင်ယူခဲ့ကြရန် အမိန့်ပေးတော်မူပါတယ်၊ ကျောင်းရောက်တော့ အဲဒီသာဂတထေရ်ကို ဘုရားရှင်ရှေ့မှာ ဘုရားရှင်ဖက်ခေါင်းထားရာ သူကလှည့်ကာ ဘုရားရှင်ဖက် ခြေပြုပါတယ်၊ ရှေးက ဘုရားရှင်ကို အလွန်ရိုသေပြီး အရှက်အကြောက်ကြီးတဲ့ သာဂတထေရ်ရဲ့ ရိုသေရမှန်း ရှက်ကြောက်ရမှန်း မသိနိုင်အောင် ဖြစ်နေရပါတော့တယ်၊ အဲဒီအချိန်မှာ ဘုရားရှင်က ရဟန်းတွေကို မေးတော်မူပါတယ်-

"ရဟန်းတို့, ရှေးအခါက သာဂတဟာ ငါဘုရားအပေါ်မှာ ရိုသေခြင်း, ကျိုးနွံတုပ်ဝပ်ခြင်း ရှိခဲ့တယ် မဟုတ်လား?"

"မှန်လှပါ, ရှိခဲ့ပါတယ်ဘုရား"၊

"သာဂတဟာ ယခုအခါ ငါဘုရားအပေါ်မှာ ရိုသေခြင်း, ကျိုးနွံတုပ်ဝပ်ခြင်း ရှိသေးရဲ့လား?"

"မရှိတော့ပါဘုရား"၊

"ရဟန်းတို့, သာဂတဟာ သရက်ပင်ဆိပ်မှာနေတဲ့ နဂါးကြီးကို နှိမ်နင်းခဲ့တယ် မဟုတ်လား?"

"မှန်လှပါ, နှိမ်နင်းခဲ့ပါတယ်ဘုရား"၊

"ရဟန်းတို့, ယခု သာဂတဟာ နဂါးကြီးကို နှိမ်နင်းနိုင်ပါဦးမလား?"

"မနှိမ်နင်းနိုင်တော့ပါဘုရား"၊

"ရဟန်းတို့, အမှတ်သညာကင်းအောင်, မိန်းမောတွေဝေအောင် မူးယစ်ခြင်းကို ဖြစ်စေတတ်တဲ့ အရက်ကို သောက်သင့်ပါ့မလား?"

"မသောက်သင့်ပါဘုရား"၊

အဲဒီလို ဘုရားရှင်က သာဂတထေရ်ရဲ့ အရက်သောက်မှုနဲ့ပတ်သက်တဲ့ပြဿနာကို ရဟန်းတွေအား မေးမြန်းတော်မူပြီး "**အရက်ကိုသောက်ရင် ပါစိတ်အာပတ်သင့်စေ**"လို့ သိက္ခာပုဒ်ကို ပညတ်တော်မူပါတယ်။

**ရှေးဆရာတို့ အဆိုအမိန့်များ**

**ယစ်မျိုးဆယ်ပါး[၁၀၅]၊ သောက်စားယွင်းလစ်၊ ထိုကျင့်ညစ်ကို၊ ပယ်ပစ်ရှောင်ကွင်း။**
**စောင့်ရှောက်ခြင်းကား။ တစ်ပါးဓေါ်ဆို။**

အဲဒီလို မုံရွေးဆရာတော်က "သုရာ ၅-မျိုး, မေရယ ၅-မျိုး- ဒီယစ်မျိုးဆယ်ပါးကို သောက်စားခြင်း-ဆိုတဲ့ သတိချွတ်ယွင်းစေတတ်တဲ့အကျင့်ဆိုးမှ ပယ်ပစ်ရှောင်ကွင်း စောင့်ရှောက်ခြင်းဟာ **"မင်္ဂလာနသံယမ"**မင်္ဂလာမည်ကြောင်းကို ကဗျာဖွဲ့သိတော်မူခဲ့ပါတယ်။

**သုရာမေရယ၊ ယစ်ဝသောက်စား။ ထိုသူများလျှင်၊ တစ်ပါးသူ့သက်၊**
**ရက်စက်သတ်ရာ၊ သူ့ဥစ္စာကို၊ ယူကာလည်းပြု၊ မိန္ဆာမှုနှင့်၊ မုသာဝါဒ၊**
**ကြမ်းစွယုတ်ယုတ်၊ ဖရုသဝါစာ၊ သမ္မပ္ပလာပ၊ ပိသုနနှင့်၊ ကုဿ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊**
**အတိဘာရိယ၊ သာဝဇ္ဇ-ဟု၊ ဒုက္ခလက္ခဏာ၊ လျင်စွာပြုမူ၊ မကောင်းသူတို့၊**

---

[၁၀၅] **ယစ်မျိုးဆယ်ပါး**-ဟူသည် သုရာမျိုး ငါးပါးနှင့် မေရယမျိုး ငါးပါး-ပေါင်း ဆယ်ပါးပင်တည်း။ မူးယစ်၍ သူတော်ကောင်းတရားကို မေ့လျော့စေတတ်သော သေရည်ခေါ် **သုရာမျိုး** ငါးပါး--ဘ။ **ပိဋ္ဌသုရာ**-ဆန်မှုန့်ကို ပြုလုပ်သော သေရည်, ၂။ **ပူဝသုရာ**-မုယောဂျုံမှုန့်ကို ပြုလုပ်သော သေရည်, **သြဒနသုရာ**-ကောက်ညှင်းထမင်းကိုပြုလုပ်သောသေရည်, ၄။ **ကိဏ္ဏပက္ခိကိဏ္ဏသုရာ**-တဆေးမှုန့်ကို ခတ်၍ပြုလုပ်သော သေရည်, ၅။ **သမ္ဘာရသံယုတ္တသုရာ**-သေရည်ဖြစ်ကြောင်း ဝတ္ထုပေါင်းကို စုဆောင်းပြုလုပ်အပ်သောသေရည်။ လူမပြုသော်လည်း အလိုအလျောက် ဖြစ်နေတတ်သော အရက်ခေါ် **မေရယမျိုး** ငါးပါး--ဘ။ **ပဟ္ဝါသဝ**-သစ်ပွင့်ရည်မှ ဖြစ်သောအရက်, ၂။ **ဖလာသဝ**-သစ်သီးရည်မှဖြစ်သောအရက်, ၃။ **မဓွာသဝ**-မုဒရက်ရည်မှဖြစ်သောအရက်, ၄။ **ဂုန္ဍာသဝ**-ကြံရည်မှဖြစ်သောအရက်, ၅။ **သမ္ဘာရသံယုတ္တ**-အရက်ဖြစ်ကြောင်း ဝတ္ထုပေါင်းတို့ စုပေါင်း၍ ဖြစ်သောအရက်။ (ဝိ၊ ၂။ ၁၄၆။ ၌၊ ၃၊ ၁၂၇။ ဒီ၊ ၃၊ ၁၄၈။ ၌၊ ၃၊ ၁၂၇။ သံ၊ ၃၊ ၄၀၅။ ၌၊ ၃၊ ၃၃၄။ မဟာနိ၊ ၂၀၅။ ၌၊ ၃၁၀။ အဘိ၊ ၂။ ၂၉၉။ ၌၊ ၂၊ ၃၆၅။ ဣတိဝုတ်၊ ၂၃၉။ ၌၊ ၂၂၁။)

**အယူမှားမှား။ ကျသွားလေရာ၊ တိရစ္ဆာန်၊ နိရယနှင့်၊ အသုရကာယ်၊ အပါယ်ဓလေးပါ။**
**ဖြောင့်ဖြောင့်သွား၏။** (ဝရဏပျို့၊ ၅၇။)
**သေစာအရက်၊ လွန်စုံမက်၍၊ ဆိပ်ဖက်ရောထား။ သေစွက်အားကို၊**
**သောက်မှားလူရူး။ သေသောက်ကြူးသည်၊ မူးတူးမိုက်တည့်၊ သောက်လေဘိက၊**
**ကြားသိသမျှ၊ ကဲ့ရဲ့ကြလျက်၊ ဘဝနောင်ဖန်၊ တမလွန်လည်း။ အလွန်ဆင်းရဲ၊**
**မီးကျီးထဲ၌၊ အမြဲရှည်ကြာ၊ ခံရရှာ၏။** (သုတသောမပျို့၊ ၁၃၀။)

(၂၁) **ဓမ္မေသု အပွမာဒေါ။** ။ [ကုသလေသု **ဓမ္မေသု အပွမာဒေါ** နာမ ကုသလေသု ဓမ္မေသု သတိယာ အဝိပ္ပဝါသော [၁၅၅] –ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းမည်သည် ကုသိုလ်တရားတို့၌ သကိမကင်းခြင်းဖြစ်၏။] ကုသိုလ်တရားတွေမှာ မမေ့မလျော့ခြင်း (သတိမကင်းခြင်း)ကို **"ဓမ္မ အပွမာဒ"** လို့ ခေါ်ပါတယ်။ ကုသိုလ်တရားဆိုတာ အပြုစ်ကင်းပြီး ကောင်းကျိုးပေးမယ့်အမှုတွေ, ကောင်းတဲ့အလုပ်တွေပါပဲ၊ မမေ့မလျော့ခြင်း–ဆိုတာက အမှတ်ရနေခြင်း, စိတ်ပါဝင်စားခြင်းခေါ်တဲ့ သတိပင် ဖြစ်ပါတယ်။

**အပွမာဒ, ပမာဒ ခွဲခြားပြ။** ။ **အပွမာဒ**–မမေ့မလျော့ခြင်း–ဆိုတဲ့ သတိဟာ အရာရာမှာ လွန်စွာ အရေးပါလှပါတယ်၊ ကိုယ့်အလုပ်တွင် စိတ်ဝင်စားလျက် ကြိုးစားနေသူတွေဟာ မမေ့မလျော့သူ, သတိရှိသူတွေ ဖြစ်ကြပါတယ်။

ပညာရေး, ကျန်းမာရေး, စီးပွါးရေးစတဲ့ လောကအရေး မှန်သမျှမှာ အပွမာဒ အရေးပါလှပါတယ်၊ လောကအလယ်မှာ ကြီးပွါးတိုးတက်နေသူတွေဟာ သတိရှိသူ မမေ့မလျော့နေသူတွေ ဖြစ်ကြပါတယ်။

တရားရေးမှာလဲ ဒီသတိဟာ ပို၍ပင်လိုအပ်ပါတယ်၊ သတိအရေးကြီးပုံနဲ့ပတ်သက်ပြီး ဘုရားရှင်က နေ့စဉ် ဆွမ်းခံအပြန် ခြေဆေးခုံတွင် ရပ်လျက် **"အပွမာဒေန သမ္မာဒေထ**–အပွမာဒနဲ့ ပြည့်စုံကြ" စတဲ့ ဒုလ္လဘတရား ၅–ပါးကို အမြဲတန်း ဟောတော်မူပါတယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီးမှာလဲ ဒီ **"အပွမာဒေန သမ္မာဒေထ"**ကိုပင် နောက်ဆုံး ဓမ္မလက်ဆောင်အဖြစ် ပေးတော်မူခဲ့ပါတယ်။

---

[၁၅၅] ခဒ္ဓာဝါရ-အဋ္ဌကထာ မင်္ဂလသုတ် အာရဂတိ-ဂါထာအဖွင့် (၁၂၀)။ သုတ္တနိပါတအဋ္ဌကထာ ဒုတိယအုပ် မင်္ဂလသုတ်အဖွင့် (၂၆)။

**ပမာဒ**–ကောင်းတဲ့ကုသိုလ်အလုပ်မှာ မေ့လျော့ခြင်း, စိတ်မဝင်စားခြင်းကိုသာ အဋ္ဌကထာတွေမှာ ဖွင့်ပြပါတယ်၊ အမှန်တော့ မကောင်းတဲ့အကုသိုလ်အလုပ်မှာ စိတ်ပါဝင်စားခြင်းနဲ့ ကောင်းတဲ့ကုသိုလ်အလုပ်မှာ စိတ်မဝင်စားခြင်း–လို့ ၂–မျိုး ရှိသင့်ပါတယ်၊ မကောင်းတဲ့အလုပ်မှာ စိတ်ပါဝင်စားနေရင်လဲ ကောင်းတဲ့အလုပ်မှာ မေ့လျော့သွားတတ်ပါတယ်။

သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း, ကာမလိုက်စားခြင်း, မှူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်း, လောင်းကစားခြင်း–စတဲ့ မကောင်းတဲ့အလုပ်တွေမှာ စိတ်ပါဝင်စားနေခြင်းဟာ **ပမာဒ**–ကောင်းတဲ့အလုပ်မှာ မေ့လျော့နေခြင်း ဖြစ်ပါတယ်။

ပေးကမ်းလှူဒါန်းမှု, သီလစောင့်ထိန်းမှု, ရောင်းဝယ်မှု, စိုက်ပျိုးမှု–စတဲ့ ကောင်းတဲ့အလုပ်တွေကို ကြိုးပမ်းတိုးတက်အောင် လေးလေးစားစား မလုပ်ခြင်း, တွန့်ဆုတ်ခြင်း, လုပ်လိုတဲ့ ဆန္ဒမရှိခြင်း, မကြိုးစားခြင်း, လေ့လာမှု မပြုခြင်း, စွဲစွဲမြဲမြဲ မလုပ်ခြင်းဟာလဲ **ပမာဒ**–ကောင်းတဲ့အလုပ်မှာ မေ့လျော့ပျံ့ခြင်း, စိတ်မဝင်စားခြင်းပင် ဖြစ်ပါတယ်။ လောကမှာ ကိုယ့်အလုပ်တွင် စိတ်မဝင်စားသူ, ပျင်းရိသူ, လုံ့လမရှိသူနဲ့ အခြားအပျော်အပါး–စတဲ့ မကောင်းတဲ့အလုပ်တွေမှာ လိုက်စားနေသူတွေဟာ မေ့လျော့နေသူတွေသာ ဖြစ်ပါတယ်၊ ဆုတ်ယုတ် ပျက်စီးနေသူတွေကိုကြည့်ရင် မေ့လျော့နေသူတွေ ဖြစ်နေကြကို တွေ့နိုင်ပါတယ်။

အဲဒီလို တိုးတက်မှု, မတိုးတက်မှုနဲ့ ပတ်သက်ပြီး ဘုရားရှင်က ဓမ္မပဒ (၁၆)မှာ **"မမေ့သူမှာ မသေ– ရှင်နေသူဖြစ်၍, မေ့သူမှာ ရှင်လျက် လူသေနှင့်မခြား"**လို့ ဟောတော်မူပါတယ်။

**အပွမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။**

**အပွမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။**

**အပွမာဒေါ**–ကုသိုလ်ကောင်းမှု တရားစုံ၌ သတိမကင်း မမေ့မလျော့ခြင်းသည်၊ **အမတပဒံ**–သေခြင်းကင်းရာ နိဗ္ဗာန်ကိုရကြောင်း အထောက်အပံ့ကောင်းဖြစ်ပါပေ၏၊ **ပမာဒေါ**–ကုသိုလ်ကောင်းမှု တရားစုံ၌ သတိလွတ်ကင်း မေ့လျော့ခြင်းသည်၊ **မစ္စုနော**–သံသာဝဋ်တွင်း သေရခြင်း၏၊ **ပဒံ**–အကြောင်းရင်းခံ ဖြစ်ရပ်မှန်ပေ၏၊ **အပွမတ္တာ**–မမေ့မလျော့ မပေါ့မဆ သတိရှိကြသူ ရဟန်းရှင်လူတို့သည်၊ **န မီယန္တိ**–သဘာဝအရ သေကုန်ကြလည်း သေရသည်မမည်ပါကုန်၊ **ယေ**–ရဟန်းရှင်လူ အကြင်သူတို့သည်၊ **ပမတ္တာ**–မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ရှိကြကုန်၏၊ **စတာ**–မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ရှိကြများသူ ထိုရဟန်း ရှင်လူတို့သည်၊ **မတာ ယထာ**–အသက်မသေ ရှင်နေလင့်ကစား သေသူလားသို့ မှတ်သားကြကုန်ရာ၏။

**သတိဟူသည် ပိုလွန်သည်မရှိ။** ။ ဗိုလ် ၅-ပါးတွင် သဒ္ဓါနဲ့ ပညာ, သမာဓိနဲ့ ဝီရိယ ဒီတရားတွေဟာ တခုနဲ့တခု မညီမျှပဲ တခုကအားနည်း တခုက လွန်ကဲနေရင် လိုအပ်တဲ့အကျိုး မပြီးတတ်ပါ၊ သတိက တော့ ပိုလွန်တယ်-လို့ မရှိပါ၊ ကိစ္စတိုင်းမှာ အားကောင်းတဲ့သတိကို လိုအပ်ပါတယ်၊ ဒါ့ကြောင့် မဟာဝဂ္ဂ ဗောဇ္ဈင်္ဂသံယုတ် အဂ္ဂိသုတ်မှာ "သတိကို အရာခပ်သိမ်းမှာ လိုလားအပ်တဲ့တရားအနေနဲ့ ဟော တော်မူပါတယ်[၁၀၆]"၊ အဲဒီ မဟာဝဂ္ဂ မဂ္ဂသံယုတ် ပဒသုတ်မှာ အရာရာဝယ် သတိမပါမပြီး အရေးကြီး တဲ့အတွက်ပင် "ဘုရားရှင်က ကုန်းသတ္တဝါတွေရဲ့ ခြေရာမှန်သမျှတွင် ဆင်ခြေရာက အကြီးဆုံးဖြစ်၍ ဆင်ခြေရာထဲ ဝင်ရသလို ကုသိုလ်တရားမှန်သမျှဟာလဲ အပွမာဒ-ခေါ်တဲ့ သတိအရင်းခံဖြစ်တဲ့ အတွက် အပွမာဒထဲမှာ ပါဝင်ရကြောင်း[၁၀၇]"ဟောတော်မူပါတယ်၊ ဒါ့အပြင် သဂါထာဝဂ္ဂ ကောသလ သံယုတ် အပွမာဒသုတ်မှာလဲ "ခုဘဝအကျိုး, နောင်ဘဝအကျိုး အကျိုး ၂-မျိုးလုံးကို ရယူတတ်တဲ့ တရားဟာ အပွမာဒ-ဖြစ်တယ်[၁၀၈]" လို့ ဟောတော်မူပါတယ်၊ အပွမာဒတရားဟာ ကုသိုလ်တရား ဖြစ်ပွါးဖို့ရန် အလွန်ကြီးမားတဲ့ အထောက် အကူ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ပါထိကဝဂ္ဂ ဒသုတ္တရသုတ်မှာ "အလွန်ကျေးဇူးများတဲ့တရား တမျိုးဟာ အပွမာဒ-ဖြစ်ကြောင်း[၁၀၉]"ဟောတော်မူပါတယ်။

**သတိတရား၊ လက်ကိုင်ထား၊ မြင့်မား အကျိုးတွေ။** ။ အပွမာဒဓမ္မ-အရ မမေ့မလျော့ရမယ့်တရား များတွင် ကုသိုလ်တရားအားလုံး ပါဝင်နေတာမို့ ဒါန, သီလသာမက ရတနာသုံးပါးဂုဏ် အာရုံပြုခြင်း, မေတ္တာပို့ခြင်း, ဆံပင် အမွေး လက်သည်း ခြေသည်း သွား အရေ-စတဲ့ ကိုယ်ခန္ဓာအစု ၃၂-မျိုးကို ဆင်ခြင်ခြင်း, သေခြင်းတရား အောက်မေ့ခြင်း, သတိပဋ္ဌာန်တရား ပွါးများခြင်း-စတဲ့ နှလုံးသွင်းစရာ တရားများကို လက်ကိုင်ထားရပါမယ်။ တရားဆိုတာ နောင်ဘဝအထိ အကျိုးပေး ဆိုင်းနေတာ မဟုတ်ပါဘူး၊ တရားရှိသူကို ခုဘဝမှာပင် စိတ်ချမ်းသာစေခြင်း, စိတ်ဓာတ်ခိုင်မာစေခြင်း, ကောင်းဆိုး ၂-တန် လောကဓံကို ခံနိုင်ရည်ရှိစေခြင်း, အထူးကြိုးစားရင် မဂ်ဖိုလ်အထိ ရနိုင်စေခြင်း-စသည်ဖြင့် တရားက စောင့်ရှောက်တတ်ပါတယ်၊ ဒါ့အပြင် ကမ္မဋ္ဌာန်းဘာဝနာတခုခု လက်ကိုင်ပြုကာ ပွါးများအား ထုတ်သူအဖို့မှာလဲ တရားနဲ့စပ်ရင် အမှတ်အသား ကောင်းလာခြင်း, အတွေးအခေါ် မြင့်မားလာခြင်း, အသိဉာဏ် ရင့်သန်လာခြင်း-စတဲ့ အကျိုးတွေကား များပြားလှပါတယ်။

---

(သက်ဦး စ ခွါးကံ ကိုကွပေ သင္ဘတ္ထိကံ ဂဒါမိ။ (သံ၊ ဒု၊ အဂ္ဂိသုတ်၊ ၁၀၀။)

(သံ၊ ဒု၊ ၎။ သံ၊ ဘ၊ အပွမာဒသုတ်၊ ၎။

သံ၊ ဘ၊ ၎။

(ကာယဂတာသတိကော ဘိက္ခဝေ **ဘာဝနာရော** ? အပွမာဒေါ် ကုသလေသု ဓမ္မေသု။ အယံ ဇကော ဓမ္မော ဗဟုပကာရော။ (ဒီ၊ ဒု၊ ၂၂၇။)

**<u>သတိမသေးတဲ့ ရက်ကန်းသည်မလေး။။</u>** ။ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် လောကဝဂ် ပေသကာရဓီတာ ဝတ္ထု (ဓမ္မပဒ၊ ၌၊ ၂၊ ၁၁၁)လာ တရားမမေ့တဲ့ ရက်ကန်းသည်မလေးအကြောင်း ပြောပါမယ်---

တခါက ဘုရားရှင် အာဠဝိမြို့ကို ကြွလာတော်မူရာ မြို့သူမြို့သားတွေက ဆွမ်းကပ်ကြပါတယ်၊ ဘုရားရှင် ကြွလာတော်မူတယ်-လို့ ကြားရရင် ရက်ကန်းသည်မလေးဟာ ဘုရားဖူးလို့, တရားနာလို့ ပေမယ့် ဖခင်ခိုင်းထားတဲ့အလုပ်ရှိနေတဲ့အတွက် ရက်ဖောက်တွေကို ရက်ကန်းရုံပို့ပြီးမှ တရားနာမယ်-လို့ အလုပ်လုပ်နေပါတယ်၊ အလုပ်ပြီးတဲ့အခါ ရက်ဖောက်တောင်းသယ်ကာ ရက်ကန်းရုံကိုအလာ တရားနာရန် စုဝေးနေတဲ့ ပရိသတ်အစွန်မှ ရပ်ကြည့်နေပါတယ်၊ အဲဒီအချိန် ဘုရားရှင်က မျော်ကြည့်တော်မူတဲ့အခါ သူမဟာ "ငါ့ကို ဘုရားရှင် လာစေလိုတယ်"လို့ သိတဲ့အတွက် ရက်ဖောက်တောင်းထားကာ ဘုရားရှင်ထံကို သွားပြီး သင့်တော်ရာမှာ ထိုင်နေပါတယ်။

ဘုရားရှင်က သူမကို မေးခွန်းလေးခု မေးတော်မူပါတယ်----

"မိန်းကလေး, ဘယ်က လာသလဲ?"လို့ မေးတော်မူပါတယ်၊

"မသိပါ ဘုရား"လို့ ဖြေပါတယ်။

"ဘယ်သွားမလဲ?"လို့ မေးတော်မူပြန်ပါတယ်၊

"မသိပါဘုရား"လို့ ဖြေပြန်ပါတယ်။

"မသိဘူးလား?လို့ မေးတော်မူပြန်ပါတယ်၊

"သိပါတယ်ဘုရား"လို့ ဖြေပါတယ်။

"သိသလား?"လို့ မေးတော်မူပြန်ပါတယ်၊

"မသိပါဘုရား"လို့ ဖြေပြန်ပါတယ်။

ပရိသတ်ကတော့ ရက်ကန်းသည်မလေးရဲ့ဖြေဆိုပုံကို မကျေနပ်ပါ၊ ဘုရားရှင်ကို ပြောင်ချော်ချော် ပြောနေတယ်-ထင်ပြီး ကဲ့ရဲ့ကြပါတယ်။

အဲဒီအချိန်မှာ ဘုရားရှင်က "ဘယ်ကလာသလဲ?လို့ ငါမေးတာကို ဘာ့ကြောင့် 'မသိပါဘုရားဖြေသလဲ?'လို့ မေးတော်မူပါတယ်၊ ရက်ကန်းသည်မလေးက "တပည့်တော် ရက်ကန်းသည်အိမ်ကလာတာကို ရှင်တော်ဘုရား သိပြီးဖြစ်ရာ ဒီအချက်ကို မေးလိမ့်မယ်မဟုတ်၊ ဘယ်ဘဝက လာသလဲ?လို့ မေးတော်မူခြင်းဖြစ်တယ်-လို့ နားလည်ပါတယ်၊ မိမိလာခဲ့ရာဘဝကို မသိတဲ့အတွက် မသိပါဘုရား"လို့ ဖြေကြောင်း လျှောက်ထားပါတယ်၊ "သာဓု သာဓု, မိန်းကလေး၊ ငါမေးတာကိုသာ သင် ဖြေတယ်"လို့ ကောင်းချီးပေးပါတယ်။

ဘုရားရှင်က "ဘယ်သွားမလဲ? ငါ့အမေးကို 'မသိပါ'လို့ ဖြေတဲ့အကြောင်းကို" မေးတော်မူပြန်ပါတယ်၊ သူမက "တပည့်တော် ရက်ဖောက်တောင်း ယူလာတာကို အမြင်သားမို့ ရက်ကန်းရုံသွားမယ်ကို သိပြီးဖြစ်ရာ ဒီအချက်ကိုတော့ မမေးတန်ရာ၊ ဒီဘဝမှ သေရင် ဘယ်ဘဝသွားမလဲ?လို့ မေးတော်မူခြင်း ဖြစ်မယ်–လို့ နားလည်တဲ့အတွက် မိမိသွားရမယ့်ဘဝကို မသိ၍ မသိပါဘုရား–လို့ ဖြေခြင်းဖြစ်ကြောင်း ကို"လျှောက်ထားရာ ဘုရားရှင် သာဓုခေါ်တော်မူပြန်ပါတယ်။

ဘုရားရှင်က "မသိဘူးလား? မေးတာကို 'သိပါတယ်ဘုရား'လို့ ဘာကြောင့် ဖြေရသလဲ?" လို့ မေးတော်မူတဲ့အခါ သူမက "ဒီအမေးမှာ သေခြင်းကိုမေးတယ်–လို့ နားလည်ပါတယ်၊ တနေ့ သေရမယ်ကို သိလို့ 'သိပါတယ်ဘုရား'လို့ ဖြေကြောင်း" လျှောက်ထားတော့ ဘုရားရှင် သာဓု ခေါ်တော်မူပြန်ပါတယ်။

အဲဒီနောက် ဘုရားရှင်က "သိသလား? အမေးကို 'မသိပါဘုရား'လို့ ဖြေခြင်းအကြောင်းကို" မေးတော်မူပြန်ရာ သူမက "သေရမယ်ကို သိတော့သိပါတယ်၊ ဘယ်လ, ဘယ်နေ့, ဘယ်အချိန်မှာ သေရမယ်မသိတဲ့အတွက် မသိပါဘုရား–လို့ ဖြေကြောင်းကို" လျှောက်ထားပါတယ်၊ ဘုရားရှင်လဲ သာဓု ခေါ်တော်မူပြန်ပါတယ်။

အဲဒီလို အမေးအဖြေတွေ ပြီးတဲ့နောက်မှာ ဘုရားရှင်က---

**အန္ဓဘူတော အယံ လောကော၊ တနုကေ'တ္ထ ဝိပဿတိ။**

**သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ[၁၉]။**

**အယံ လောကော**–များစွာသောင်းသောင်း ဤလူအပေါင်းသည်၊ **အန္ဓဘူတော**–ပညာမျက်စိ စုံမရှိ၍ အကန်းအတိသာ ဖြစ်ပေ၏၊ **ဇတ္ထ**–လောကအခွင် ဤဘုံအပြင်၌၊ **တနုကော**–မများပါလှ အနည်းငယ်မျှသောသူသည်၊ **ဝိပဿတိ**–အနိစ္စ ဒုက္ခ အနတ္တ သုံးဝလက္ခဏာယဉ် ရှုမြင်၏၊ **ဇာလမုတ္တော**–မုဆိုးပစ်ချက် ပိုက်ကွန်ရက်မှ လွတ်ထွက်သွားသော၊ **သကုဏော**–ငှက်သည်၊ **အပ္ပေါ ဣဝ**–နည်းသကဲ့သို့၊ (**မရန္တေသု**–သေသောသူတို့တွင်၊) **အပ္ပေါ**–အနည်းငယ်မျှသောသူသည်၊ **သဂ္ဂါယ ဂစ္ဆတိ**–နတ်ရွာနတ်နန်း နတ်စခမ်းသို့ ဖြောင့်တန်းမှန်စွာ ရောက်ရပါ၏။

ဒီလောကကား အကန်းချည်း ဖြစ်ခဲ့တယ်၊ ဒီအကန်းတွေထဲမှ အနည်းငယ်သာ ဝိပဿနာ ဥာဏ်အမြင်ရှိသူ ဖြစ်၏၊ မုဆိုးပိုက်ကွန်ထဲမှ လွတ်မြောက်ရတဲ့ငှက်မှာ ရှားပါးသလို လူအနည်း

အကျဉ်းသာ နတ်ရွာနိဗ္ဗာန်ကို ရောက်တယ်-လို့ ပရိသတ်အား ဟောတော်မူခဲ့ရာ ရက်ကန်းသည် မလေးဟာ သောတာပန် ဖြစ်သွားပါတယ်။

**ပိုက်ကွန်တွင်းမှ၊ လွတ်ထွက်ရ၊ နည်းလှ ၄က်ပမာ။**
**ဉာဏ်အမြင်ရှိ၊ နိဗ္ဗာန်ထိ၊ ရဘိလူမှာ နည်းစုသာ။**

ဒီရက်ကန်းသည်မလေးဟာ တရားနဲ့ပတ်သက်တဲ့ အတွေးအခေါ် အယူအဆ အသိဉာဏ်များ အတော်ရင့်သန်လျက် ရှိပါတယ်၊ အများနားမလည်တဲ့ ဘုရားရှင်ရဲ့အာဘော်ကို ရဲဝံ့ပြတ်သားစွာ ဖော်ထုတ်ဖြေပြနိုင်ခြင်းနဲ့ အများအံ့သြစရာ ဖြစ်ရပါတယ်၊ အဲဒီလို အများနဲ့ မတူတာဟာ သူမရဲ့ ထူးခြားတဲ့ ကြိုးစားမှုကြောင့်ပင် ဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ဘုရားရှင် အာဠဝိမြို့ ကြွရောက်တော်မူခဲ့စဉ်က ပရိသတ်များအား မရဏာသတိတရားကို ဟောတော်မူခဲ့ပါတယ်၊ အခြားသူ တွေမှာ ပြီးပြီးပျောက်ပျောက် အမှတ်မထားခဲ့ကြပေမဲ့ ရက်ကန်းသည်မလေးကတော့ အဲဒီအခါကစပြီး နေ့ရောညပါ အချိန်ရတိုင်း မရဏာသတိကို ပွါးခဲ့ပါတယ်၊ ဒါကြောင့်လဲ သူမဟာ အသိဉာဏ်တိုးမြင့် ရင့်သန်လျက် အများထက်သာရခြင်းဖြစ်ပါတယ်။

**မကောင်းမှုတွေ-ဟူသမျှကို၊**
**မတွေ့ခင်က-ရှောင်ကြဉ်လေ။**
**တွေ့ကြုံလာလျှင်-မလွန်ကျူးနဲ့၊**
**အထူးသဖြင့်-စောင့်စည်းနေ။**
**အရက်သေစာ-မသောက်စားနဲ့၊**
**မှောက်မှားတတ်တဲ့-အရာပေ။**
**လုပ်ကိုင်မြဲကြား-သတိထား။**
**တရားမမေ့စေ။**
**အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။**

၉။ ဂါရဝေါ စ နိဝါဓေတာ စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မသဝဏံ၊ ဧတံ မင်္ဂလ မုတ္တမံ။

သန္တုဋ္ဌိ= သန် တုဋ်ဌိ→သန် တုတ်ဌိ
ကတညုတာ= ကတဉ် ဥတာ→ကတင် ညုတာ
ဓမ္မသဝဏံ= ဓမ်မသ် သဝဏ်→ဓမ်မတ် သဝဏ် [ဓမ္မ+သဝဏ်]၊

(**ဒေဝပုတ္တ**–နတ်သား၊) (**ဃာ**) **ဂါရဝေါ စ**–အကြင် ရိုသေထိုက်သောသူတို့ကို ရိုသေခြင်းသည်လည်းကောင်း၊ (**ဃာ**) **နိဝါဓေတာ စ**–အကြင် မိမိကိုယ်ကို နှိမ့်ချခြင်းသည်လည်းကောင်း၊ (**ဃာ**) **သန္တုဋ္ဌိ စ**–အကြင် ရောင့်ရဲလွယ်ခြင်းသည်လည်းကောင်း၊ (**ဃာ**) **ကတညုတာ စ**–အကြင် ပြုခဲ့ဘူးသည့် ကျေးဇူးကို သိသူ၏အဖြစ်သည်လည်းကောင်း၊ဝါ–အကြင် ပြုခဲ့ဘူးသော သူ့ကျေးဇူးကို သိခြင်းသည်လည်းကောင်း၊ **ကာလေန**–သင့်လျော်သောအခါ၌၊ (**ယံ**) **ဓမ္မသဝဏဉ္စ**–အကြင် တရားနာခြင်းသည်လည်းကောင်း၊ (**အတ္ထိ**–ရှိ၏၊) **ဧတံ**–ဤငါးပါးသောတရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်ပေ၏။

(၂၂) **ဂါရဝေါ**–ရိုသေထိုက်သူကို ရိုသေခြင်း၊
(၂၃) **နိဝါဓေတာ**–မိမိကိုယ်ကို နှိမ့်ချခြင်း၊
(၂၄) **သန္တုဋ္ဌိ**–ရောင့်ရဲတင်းတိမ်ခြင်း၊
(၂၅) **ကတညုတာ**–ကျေးဇူးသိခြင်း၊
(၂၆) **ကာလေန ဓမ္မသဝဏံ**–သင့်တော်တဲ့အခါ တရားနာခြင်း–
**ဧတံ ဥတ္တမံ မင်္ဂလံ**–ဒီ ၅–ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ ဖြစ်ပါတယ်။

(၂၂) **ဂါရဝေါ (ဂါရဝ)**–[**ဂါရဝေါ**တိ ဂရုဘာဝေါ–ရိုသေထိုက်သူ, အလေးပြုထိုက်သူတို့၏ ဖြစ်ကြောင်း တည်း] ဆိုတာ ရိုသေထိုက်သူ, အလေးပြုထိုက်သူတွေကို အလေးပြုခြင်း ဖြစ်ပါတယ်။

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ရှိသေထိုက်သူ, အလေးပြုထိုက်သူများမှာ ဘုရား, တရား, သံဃာ, ဆရာ, အမိ, အဘ, အကိုကြီး, အမကြီး–စတဲ့ ဂုဏ်ကြီးသူ, အသက်ကြီးသူများပဲ ဖြစ်ကြပါတယ်၊ အဲဒီပုဂ္ဂိုလ်များအား ရှိသေပြု အလေးပြုတာကို **ဂါရဝ**[၁၉၁]–လို့ ခေါ်ပါတယ်။

**ဂါရဝ၏အကျိုးနှင့် အဂါရဝ၏အပြစ်**

ဒီလောကမှာ ကိုယ့်ထက်ဂုဏ်ကြီးသူ, အသက်ကြီးသူတွေ ရှိကြပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ရှိခိုးထိုက်သူတွေ, ခရီးဦးကြိုဆိုထိုက်သူတွေ, နေရာပေးထိုက်သူတွေ, လမ်းဖယ်ပေးထိုက်သူတွေ, ပြုစုထိုက်သူတွေ, အလေးပြုထိုက်သူတွေ, မြတ်နိုးထိုက်သူတွေ, ပူဇော်ထိုက်သူတွေ ဖြစ်ကြပါတယ်။

ဘုရားရှင်က "ကြီးသူတွေကို ရှိသေသူတွေဟာ ဒီဘဝမှာ ချိုးမွမ်းမှုကိုလဲခံရပြီး နောင်ဘဝမှာလဲ ကောင်းတဲ့ဘဝ ရောက်ကြရ၏[၁၉၂]"ဟောတော်မူပါတယ်၊ ဒါ့အပြင် "အသက်ကြီးသူ, ဂုဏ်ကြီးသူတွေကို ရှိခိုးလေ့ရှိသူ, အရိုအသေပြုလေ့ရှိသူတွေဟာ အသက်ရှည်ခြင်း, ရုပ်ရည်အဆင်းလှခြင်း, ချမ်းသာများခြင်း, ခွန်အားကြီးခြင်း– အကျိုးလေးပါး တိုးပွါးကုန်၏"လို့ ဓမ္မပဒ[၁၉၃]မှာ ဟောတော်မူပါတယ်။ အရင်းမစိုက်ရပဲ ကိုယ်ကိုကိုင်းညွတ် အသုံးချရုံမျှနဲ့ အမြတ်အလွန်ထွက်တဲ့ ဒီဂါရဝမင်္ဂလာရဲ့အခြားအကျိုးတွေက လူကြီးလူကောင်းတွေရဲ့ ချစ်မြတ်နိုးမှု, လေးစားမှု, ကူညီစောင့်ရှောက်မှု–စတဲ့ မျက်မှောက် အကျိုးတွေပါပဲ။

**မရိုမသေ၊ မျိုးယုတ်ချေ၊ ရှိသေ မျိုးမြတ်သည်။** ။ ဘုရားရှင်က ဥပရိပဏ္ဏာသ စူဠဝိဘင်္ဂသုတ်(မ၊ ၃၊ ၂၇၇)မှာ အမျိုးယုတ်ခြင်းနဲ့ အမျိုးမြတ်ခြင်းအကြောင်းများကို ဟောတော်မူပါတယ်---"လုလင်, ဒီလောကမှာ အချို့ ယောကျ်ား မိန်းမတွေဟာ မာနခက်ထန် မာနကြီးကြတဲ့အတွက် ရှိခိုးထိုက်သူကို ရှိမခိုးကြပါ၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦး မကြိုဆိုကြပါ၊ နေရာပေးထိုက်သူကို နေရာမပေးကြပါ၊

---

[၁၉၁] **ဂါရဝေါ** နာမ ဂရုကာရပွယောဂါရဟေသု ဗုဒ္ဓ ပစ္စေကဗုဒ္ဓ တထာဂတသာဝက အာစရိယုပဇ္ဈာယ မာတာပိတု ဇေဋ္ဌကဘာတိကဘဂိနီအာဒီသု ယထာနရူပံ ဂရုကာရော ဂရုကရဏံ သဂါရဝတာ။ (ခုဒ္ဒကပါဌအဋ္ဌကထာ၊ ၁၂၁။ သုတ္တနိပါတအဋ္ဌကထာ၊ ၂၊ ၂၆။)

[၁၉၂] **ယေ ဝုစု'မပစာယန္တိ၊ နရာ မေ္ဗသ ကောဝိဒါ။**

**ဒိဋ္ဌေဝ မေ္ဗေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတီတိ။** (ဇာတက၊ ၁၊ တိတ္တိရဇာတ်၊ ၉။)

[၁၉၃] မေ္ဗပဒ ဂါထာ ၁၀၉။ မေ္ဗပဒ ၎၊ ၁၊ အာယုဝစုနကုမာရဝတ္ထု၊ ၄၂၃-၄၂၅။

လမ်းဖယ်ပေးထိုက်သူကို လမ်းဖယ်မပေးကြပါ၊ ကောင်းစွာပြုထိုက်သူကို ကောင်းစွာမပြုကြပါ၊ အလေးပြုထိုက်သူကို အလေးမပြုကြပါ၊ မြတ်နိုးထိုက်သူကို မမြတ်နိုးကြပါ၊ ပူဇော်ထိုက်သူကို မပူဇော်ကြပါ၊ အဲဒီလိုသူတွေဟာ သူတို့စွဲယူထားတဲ့ကံအရ သေရင် ငရဲရောက်ကြရပါတယ်၊ ငရဲမရောက်ကြပဲ လူဖြစ်လာစေကာမူ ဖြစ်ရာဘဝတွေမှာ နိမ့်ကျသိမ်ငယ်တဲ့ အမျိုး (အမျိုးညံ့, အမျိုးယုတ်)မှာ ဖြစ်ကြရပါတယ်။ လုလင်, ဒီ ရှိမခိုးခြင်းစတဲ့ မရိုသေမှုဟာ နိမ့်ကျတဲ့အမျိုးမှာ ဖြစ်တတ်တဲ့အကျင့်ဖြစ်တယ်”လို့ ဟောတော်မူပြီးနောက် အဲဒီအလေ့အကျင့်မှအပြန်အနေနဲ့ “ရိုသေထိုက်သူကို ရိုသေခြင်းစတဲ့ကောင်းသော အလေ့အကျင့်ကို ပြုသူတွေမှာတော့ သေတဲ့အခါ နတ်ပြည်ရောက်ရခြင်း, နတ်ပြည်မရောက်စေကာမူ ဖြစ်ရာဘဝတွေမှာ မြင့်မြတ်တဲ့ အထက်တန်းမျိုးမှာ ဖြစ်ကြရပါတယ်”လို့ ဆက်လက်ဟောတော်မူပါတယ်။

ဒီဒေသနာတော်အရ မာနကြီး မာန်ထောင်သူတွေဟာ နောင်ရေး ရင်လေးဖွယ်ဖြစ်တဲ့အတွက် မာန်ထောင်မှုကို ပယ်ရှားသင့်ကြပါတယ်၊ ဒါ့ကြောင့် ဘဝနောင်ရေး တွေးတောလျက် ရိုသေထိုက်သူကို ရိုသေရမယ်သာ ဖြစ်ပါတယ်။

အချို့က အရိုအသေပေးရမှာကို ရွက်တတ်ကြတယ်၊ မရွက်သင့်တာကို ရွက်ခြင်းသာ ဖြစ်ပါတယ်၊ အမှန်ကတော့ ‘**အဂါရဝ**–ရိုသေထိုက်သူကို မရိုသေခြင်း’ကိုသာ ရွက်ရမယ်–ဖြစ်ပါတယ်၊ ဤဒီလိုသူကို ပညာရှိသူတော်ကောင်းတွေက ကဲ့ရဲ့ကြမှာဖြစ်တဲ့အတွက် အဲဒီကဲ့ရဲ့ခံရမှာကိုသာ တွေးရွက်သင့်ပါတယ်၊ လူကြီးလူကောင်းတွေရဲ့ ချစ်မြတ်နိုးမှု, လေးစားမှု, ကူညီစောင့်ရှောက်မှု–စသည်တွေကိုလဲ မရနိုင်ကြပါ။

**ရိုသေခြင်းကား ငြဟ္မစိုရ်တိုးပွါး။။** ။ ရိုသေ မြတ်နိုးထိုက်သူကို ရိုသေ မြတ်နိုခြင်းဟာ အဲဒီပုဂ္ဂိုလ်အပေါ်မှာ ချစ်ခင်မြတ်နိုးခြင်းကြောင့် ဖြစ်ပါတယ်၊ အရိုအသေခံပုဂ္ဂိုလ်ကလဲ ပြန်လည်ပြီး ချစ်ခင်မြတ်နိုးပါတော့တယ်၊ အဲဒီလို တဦးနဲ့တဦး မေတ္တာရှိနေကြရင် ဆင်းရဲဒုက္ခရောက်တဲ့အခါ အချင်းချင်း ကရုဏာလဲ ဖြစ်နိုင်ပါတော့တယ်၊ မေတ္တာရှိနေကြသူတွေဟာ အချင်းချင်း တဦးတိုးတက်ကြီးပွါးတဲ့အခါ တဦးကမုဒိတာဖြစ်ကာ ဝမ်းသာရပါတယ်၊ အမှားအယွင်းရှိတဲ့အခါလည်း ဥပေက္ခာပြု ခွင့်လွှတ်နိုင်ပါတယ်၊ ဒီလို ဂါရဝမှုမှာ ငြဟ္မဝိဟာရတရားတွေ တိုးပွါးပြီး ဒေါသ, ဣဿာ, မစ္ဆရိယ, မာန–စတဲ့တရားဆိုးတွေကင်းဝေးဖို့ အလွန်ကောင်းတဲ့ ယဉ်ကျေးမှုတရပ်ဖြစ်ရာ အဲဒီယဉ်ကျေးမှုရှိသူမှာ အသက်ရှည်ခြင်းစတဲ့

အကျိုးတွေ ဖြစ်နိုင်တယ်– ဆိုတဲ့စကားဟာ သဘာဝကျပါတယ်၊ လောကသာယာရေးအတွက်လဲ အရေးပါတဲ့ ယဉ်ကျေးမှု, ကောင်းမြတ်တဲ့ မင်္ဂလာတရပ်ပင် ဖြစ်ပါတယ်။

**တရားသီလေ၊ ရှိသေလေ၊ မာန်လေ ကင်းတော့သည်။** ။ တရားမသိသူမှာ ဂါရဝမှုကို အောက်တန်းကျတဲ့အပြုအမူ–လို့ အထင်အမြင် မှားနေပေမယ့် ဂါရဝဟာ အလွန်မွန်မြတ်တဲ့ တရားတခုဖြစ်ရာ တရားပိုသိလေလေ ဂါရဝတရား ပိုရှိလေလေဖြစ်ပါတယ်၊ အရှင်သာရိပုတ္တရာဟာ အရှင်အဿဇိရဲ့ ဟောတဲ့တရားကို နာကြားရတဲ့အတွက် သောတာပန်ဖြစ်ရတဲ့အခါကစပြီး အရှင်အဿဇိ ရှိရာအရပ်ကို ရည်မှန်းကာ လက်အုပ်ချီလျက် ဦးခေါင်းထားပြီး အိပ်လေ့ရှိပါတယ်၊ မသိတဲ့ရဟန်းတွေက "အရှင်သာရိပုတ္တရာ ယနေ့တိုင် အယူမှားနေသေးပါတယ်၊ အရပ်မျက်နှာတွေကို ရှိခိုးနေပါတယ်ဘုရား"လို့ ဘုရားရှင်ကို လျှောက်ကြပါတယ်၊ ဘုရားရှင်က "သာရိပုတ္တရာ အရပ်တွေ ရှိခိုးခြင်းမဟုတ်ဘူး၊ မိမိဆရာ အဿဇိကို ရှိခိုးခြင်းဖြစ်တယ်"လို့ မိန့်တော်မူပြီး မိမိတရားသိအောင်ပြတဲ့ပုဂ္ဂိုလ်ကို 'မိုးပူဇော်တဲ့ ပုဏ္ဏားက မိုးကိုရှိခိုးသလို' ရှိခိုးရမယ်–လို့ ဓမ္မပဒ ဗြာဟ္မဏဝဂ် (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄၀၁)မှာ ဟောတော်မူပါတယ်။

**ဆယ်ပါး ဂါရဝ အကျဉ်းပြ။** ။ ကိုယ်ကျင့်မင်္ဂလာကျမ်းဆရာ ညွှန်ပြချက်အရ အဂုတ္တရနိကာယ်[၁၉၄]မှာ ဟောတော်မူတဲ့ ဂါရဝတွေကို သဘောတူရာ ပေါင်းစုပါက ဗုဒ္ဓဂါရဝ, ဓမ္မဂါရဝ, သံဃဂါရဝ, သိက္ခာဂါရဝ, သမာဓိဂါရဝ, အပ္ပမာဒဂါရဝ, ပဋိသန္ထာရဂါရဝ, ဟိရိဂါရဝ, ဩတ္တပ္ပဂါရဝ, အညမညဂါရဝ–လို့ ၁၀–ပါး ရှိပါတယ်။

(၁) **ဗုဒ္ဓဂါရဝ**–ယခုလို ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့အခါမှာ စေတီတော်ကို ရှိခိုးရအောင် သွားခြင်း, စေတီတော်နဲ့ ဗောဓိပင်ကို ရှိခိုးခြင်း, စေတီယင်ပြင်တော်မှာ ဖိနပ်မစီး ထီးမဆောင်းခြင်း–စတဲ့အမူအရာတွေဟာ ဘုရားကို ရိုသေခြင်း=ဗုဒ္ဓဂါရဝ မည်ပါတယ်။

(၂) **ဓမ္မဂါရဝ**–စွမ်းနိုင်လို့ရှိရင် တရားနာဖိတ်တဲ့အခါ တရားနာသွားခြင်း, လေးလေးစားစား စိတ်ပါဝင်စားစွာ တရားနာခြင်း, မင်္ဂလသုတ်–စတဲ့ ဘာသာရေးစာပေများကို လေ့လာသင်ကြားခြင်း–စတဲ့ အမူအရာတွေက တရားကို ရိုသေခြင်း=ဓမ္မဂါရဝ မည်ပါတယ်။

---

[၁၉၄] အံ၊ ၂ ၁၃, ၂၉၁, ၄၁၈, ၄၁၉။

(၃) **သံဃဂါရဝ**–သံဃာတော်တွေထံ ဆည်းကပ်ရအောင် သွားခြင်း, သံဃာ့ထံမှောက်ရောက်တဲ့အခါ ရိုသေစွာ ရှိခိုးထိုင်နေခြင်း, သံဃာတော်တွေအား ခွင့်ပန်ပြီးမှ လျှောက်ထားခြင်း မေးမြန်းခြင်း–စတဲ့ အမူအရာတွေက သံဃာတော်ကို ရိုသေခြင်း=သံဃဂါရဝ မည်ပါတယ်။

(၄) **သိက္ခာဂါရဝ**–ရဟန်းပဲဖြစ်ဖြစ်, ရှင်ပဲဖြစ်ဖြစ်, လူပဲဖြစ်ဖြစ် မိမိတို့ကျင့်ရမယ့် ကျင့်ဝတ်သိက္ခာကို ကောင်းစွာ စောင့်ရှောက်ခြင်း=သိက္ခာဂါရဝ မည်ပါတယ်။

(၅) **သမာဓိဂါရဝ**–ကဆိုတီးမှုတ်ခြင်း, ပစ္စည်းအသုံးအဆောင် အဝတ်အစား–စသည်တို့မှာ လျှပ်ပေါ်လော်လိခြင်းမရှိပဲ ကျွန်ဖြေရတဲ့ အမှုကိစ္စတွေကိုသာ ပြုလုပ်ခြင်း–စသည်တို့က သမာဓိမှာ ရိုသေလေးစားခြင်း မည်ပါတယ်။

(၆) **အပွမာဒဂါရဝ**–ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း–စတဲ့ကိစ္စမှာ မေ့လျော့မှုမရှိပဲ ရိုသေလေးစားခြင်းဟာ အပွမာဒမှာ ရိုသေခြင်း မည်ပါတယ်။

(၇) **ပဋိသန္ထာရဂါရဝ**–တရားသဘောအနေနဲ့ဖြစ်ဖြစ်, အသုံးအဆောင်ပစ္စည်းဝတ္ထုအနေနဲ့အပေါက်အကြားမထင်အောင် အစေ့အစပ်ပြုခြင်းဟာ ပဋိသန္ထာရဂါရဝ မည်ပါတယ်။

(၈) **ဟိရီဂါရဝ**–မကောင်းမှုကို ပြုလုပ်ရမည်မှ ရှက်ခြင်းမှာ ရိုသေလေးစားခြင်းဟာ ဟိရီဂါရဝ မည်ပါတယ်။

(၉) **ဩတ္တပ္ပဂါရဝ**–မကောင်းမှုကို ပြုလုပ်ရမည်မှ ကြောက်ခြင်းမှာ ရိုသေလေးစားခြင်းဟာ ဩတ္တပ္ပဂါရဝ မည်ပါတယ်။

(၁၀) **အညမညဂါရဝ**[၁၉]–ဆရာနဲ့တပည့်, မိဘနဲ့သားသမီး, မယားနဲ့လင်, အလုပ်ရှင်နဲ့အလုပ်သမား, ဆရာနဲ့ဒကာ, မိတ်ဆွေသူငယ်ချင်းများ–စသည်တို့က အချင်းချင်းအရိုအသေအလေးအမြတ်ပြုကြခြင်းဟာ အညမညဂါရဝမည်ပါတယ်။

ဒိဘဝအကျိုးစီးပွါး, နောင်ဘဝအကျိုးစီးပွါးတွေကို ရစေတတ်တဲ့အတွက် ဒိဂါရဝများလဲ ကြိးပွါးချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

---

**အညမညဂါရဝ** ကို ကျမ်းဂန်၌ တိုက်ရိုက် မရှိပါ။ အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ပဌမအဂါရဝသုတ် (အံ၊ ၂။ ၁၂–၁၃)အရ သုဒ္ဓဟွစ ရိဂါရဝ–ကို ရည်ညွှန်းပုံရသည်။

(၂၃) **နိဝါတော** [**နိ**–နိမ့်ကျတဲ့အနေနဲ့+**ဝါတော**–ဖြစ်ခြင်း၊] ကို "**နိဝါတော** နာမ နိစမနတာ နိဝါတ ဝုတ္တိတာ" လို့ အဋ္ဌကထာများက ဖွင့်ဆိုတဲ့အတွက် နိမ့်ကျတဲ့စိတ်, စိတ်ကို နှိမ့်ချထားခြင်း, နှိမ့်ချတဲ့ ဖြစ်ခြင်းပဲ ဖြစ်ပါတယ်။

မာနဦးစီးနေတဲ့စိတ်မှာ မြင့်မောက်တက်ကြွနေတတ်ပါတယ်၊ မျက်နှာထားကလဲ တဖက်သားကို အရေးမစိုက်ပဲ မာန်ခက်ထန်တဲ့အသွင် ပေါ်နေတတ်ပါတယ်၊ အဲဒီမာန်မာနကို နှိမ်ထားခြင်းကိုပဲ စိတ်ကိုနှိမ့်ချခြင်း–လို့ ဆိုပါတယ်၊ မာန်တက်နေတဲ့စိတ်ကို နှိမ့်ချလိုက်တယ်–ဆိုရင် ခက်ထန်နေတဲ့ မျက်နှာအသွင်အပြင်လဲ ပြောင်းလဲသွားတာမို့ ကိုယ်ရောစိတ်ပါ နှိမ့်ချပြီး ဖြစ်သွားပါတယ်။

**နိဝါတ နိမ္မာန။** ။ ဒီနိဝါတကို နိမ္မာနနဲ့တွဲဖက်ပြီး "**နိဝါတနိမ္မာန**–စိတ်ကိုနှိမ့်ချခြင်း, မာနမရှိခြင်း" လို့ ပြောဆိုလေ့ရှိကြပါတယ်၊ နိဝါတနိမ္မာနရှိသူတွေဟာ မိမိကိုယ်ကို နှိမ့်ချထားတတ်ကြပါတယ်၊ မာန်မာနလဲ မရှိကြပါဘူး၊ မာန်ထောင်လွှားမှုလဲ မရှိပါဘူး၊ "ခြေသုတ်ပုဆိုး, အစွယ်ကျိုးမြွေ, ချိုကျိုးနွားလားများနဲ့ ပမာတူကြပါတယ်၊ ကိုယ်အမူအရာရော နှုတ်အမူအရာပါ သိမ်မွေ့ပြေပြစ်ကြပါတယ်၊ ရဟန်းသံဃာ လူကြီးသူမတွေရဲ့ရှေ့မှာ ရိုရိုသေသေ သွားလာတတ်ကြပါတယ်၊ နားချမ်းသာစရာမျိုးကိုသာ ပြောဆိုတတ်ကြပါတယ်။

နိဝါတနိမ္မာနမရှိသူတွေဟာ (ထဒ္ဓ)–တောင့်တင်းမာကျောသူ, (အတိမာန)–အလွန် မာနကြီးသူ မာန်ထောင်လွှားသူတွေ ဖြစ်ကြပါတယ်၊ အဲဒီသူတွေဟာ အပြောအဆိုလဲ မောက်မာတတ်ကြပါတယ်၊ မိမိကိုယ်ကို မြှောက်ပြီး သူတပါးကို နှိမ်တတ်ကြပါတယ်၊ အမျိုး ပညာ ဥစ္စာစတဲ့ ဂုဏ်တွေနဲ့ သူတပါးကို မထိလေးစားပြုတတ်ကြပါတယ်၊ ကိုယ်အမူအရာကလဲ ဘယ်သူ့ကိုမှ အရေးမစိုက်သလို ဆောင့်ကြွားကြွားနိုင်လှပါတယ်၊ ရဟန်းသံဃာနဲ့ လူကြီးသူမတွေရဲ့ ရှေ့မှာ ရိုရိုသေသေ သွားလာရကောင်းမှန်းလဲ မသိကြပါ၊ မာန်မာနထောင်လွှားနေသူဟာ 'ငါ့အပြင် ဘာမထင်' ဖြစ်နေတာမို့ သူတပါးကို ဘယ်မှာ ဂါရဝပြုနိုင်ပါမလဲ? "အမျိုးအနွယ် ပစ္စည်းဥစ္စာအားဖြင့် မာန်ခက်ထန်သူမှာ မိမိဆွေမျိုးသားချင်းတွေကိုပင် မထိလေးစားပြုတတ်တဲ့အတွက် အဲဒီအပြုအမူဟာ ပျက်စီးခြင်းအကြောင်းဖြစ်တယ်" လို့ သုတ္တနိပါတ် ပရာဘဝသုတ် [၁၉၆] မှာ ဟောတော်မူပါတယ်၊ မိမိဆွေမျိုးတွေက မိမိကို အရေးမစိုက် ပစ်ပယ်ကြတဲ့အပြင် မိမိပျက်စီးအောင်ပင် ပြုတတ်ကြတဲ့အတွက် 'မာန်ခက်ထန်ခြင်းဟာ

---

[၁၉၆] **ဇာတိတ္တဒ္ဓေါ ဓနတ္တဒ္ဓေါ ဂေါတ္တတ္တဒ္ဓေါ စ ယော နရော။**

**သညာတိ အတိမညေတိ၊ တံ ပရာဘဝတော မုခံ။** (ခု၊ ၁၊ ၂၉၆)။

ပျက်စီးခြင်းအကြောင်း'လို့ ဟောတာပါ၊ မာန်ခက်ထန်သူကို ထွန်တုံးမျိုထားတဲ့ စပါးကြီးမြွေ, လေပြည်နေတဲ့ သားရေအိတ်တွေနဲ့ ဥပမာပေးတတ်ကြပါတယ်၊ စပါးကြီးမြွေဟာ သာမန်အခါမှာ ပျော့ပျောင်းနေပေမယ့် ထွန်တုံးကို မျိုထားတဲ့အခါမှာတော့ တောင့်တင်းသွားပါတယ်၊ မာကျောလှပါတယ်၊ သားရေအိပ်ကြီးဟာလဲ လေမပြည့်မီ ပျော့ပျောင်းနေပေမဲ့ လေပြည့်တဲ့အခါမှာတော့ တင်းဖောင်းမောက်သွားပါတယ်၊ အလားတူ နိဝါတမရှိသူ မာန်ခက်ထန် သူဟာလဲ မာကျောလှပါတယ်၊ အလွန်မာနကြီးတတ်ပါတယ်၊ အပြောအဆိုလဲ မောက်မာတတ်ပါတယ်၊ ဒါတွေဟာ အမျာ်းရှုံမုန်းစရာ အမြင်ကတ်စရာ အမင်္ဂလာ (မင်္ဂလာ မရှိတဲ့ အမူအရာ)တွေသာ ဖြစ်ပါတယ်။

**ဂါရဝ နိဝါတ။** ။ ဂါရဝနဲ့ နိဝါတဟာ တွဲဖက်တရားများဖြစ်ပါတယ်၊ နိဝါတရှိသူမှာ ဂါရဝဖြစ်နိုင်ပါတယ်၊ မာနထောင်လွှားနေသူမှာ ဂါရဝမဖြစ်နိုင်ပါ၊ မာနထောင်လွှားခြင်း, မာနကြီးခြင်းဟာ ပျက်စီးကြောင်းဖြစ်ပေမယ့် နိဝါတ စိတ်ကိုနှိမ့်ချခြင်း, မာနမရှိခြင်းကတော့ တိုးတက်ကြီးပွါးကြောင်းဖြစ်ပါတယ်။ "စိတ်ကို နှိမ့်ချလျက် မာန်ခက်ထန်ခြင်းမရှိသူမှာ အခြွေအရံ အကျော်အစောကို ရနိုင်တယ်[၃၇]" လို့ သိဂီလသုတ်မှာ ဘုရားရှင် ဟောတော်မူပါတယ်။

**နိဝါတပြည့်ပါ ရှင်သာရိပုတ္တရာ။** ။ တနေ့မှာ အရှင်သာရိပုတ္တရာထေရ်ရဲ့ သင်္ကန်းဝတ်ပုံ မညီမညွတ်ဖြစ်နေတာကို မြင်ရတဲ့ ခုနစ်နှစ်အရွယ် ကိုရင်ငယ်က "အရှင်ဘုရား သင်္ကန်းဝတ်ပုံ မညီပါဘုရား" လို့ လျှောက်ပါတယ်၊ အရှင်သာရိပုတ္တရာထေရ်ဟာ "ကိုရင်လေးက ငါ့ပြောရကောင်းလား" လို့ သဘောထားတော်မမူပဲ တနေရာသွားကာ ကောင်းစွာပြင်ဝတ်ပြီးရင် ကိုရင့်ထံပြန်လာပြီးရပ်လျက် လက်အုပ်ချီကာ "ဒီလောက်ဆိုရင် သင့်တော်ပါပြီလား ဆရာ" လို့ မိန့်တော်မူပြီး "ထိုနေ့ဖြစ်တဲ့ ခုနစ်နှစ်အရွယ် ကိုရင်ငယ်ကလေးကပင် ဆုံးမလာရင် အဲဒီအဆုံးအမကို ဦးခေါင်းထက်မှာ ခံယူပါတယ်" လို့ ကျေးရှင့် တော်မူခဲ့ပါတယ်[၃၈]။ တရားလေးစားသူတိုင်း အရှင်မြတ်ရဲ့ ဒိနိဝါတဂုဏ်ကို အားကျ အတုယူခဲ့ကြရပါတယ်၊ အတုယူဖို့လဲ ကောင်းပါတယ်။

---

**နိဝါတဝတ္တိ အတ္ထဒ္ဒေါ၊ တာဒိသော လဘတေ ယသံ** (ဒီ၊ ၃၊ ၁၅၆)–နှိမ့်ချသော အကျင့်ရှိလျက် မာန်ခက်ထန်မရှိသော ပုဂ္ဂိုလ်မျိုးမှာ အခြွေအရံ အကျော်အစောကို ရနိုင်သည်။

[illegible] မိလိန္ဒပဉှ ဂေါရဝကံပဉှ ၃၀၂။ သံယုတ်အဋ္ဌကထာ ၊ ၁၊ နာနာတိတ္ထိယဝဂ် သုသိမသုတ်အဖွင့် (၁၁၄)။

ဟဒယ ပဋိစ္ဆန္နော သန္တေ၊ ဇာတိယာ သတ္တဝဿိကော။

သောဂိ မံ အနုသာသေယျ၊ သမ္ဘဉ္ဇိတ္ထာမိ မတ္တကော။ (မိလိန္ဒပဉှ ၃၀၂။ သံ၊ ၅၊ ၁၊ ၁၁၄။)

**နိဒါနပြည့်ရာ ရှင်ရာဟုလာ**[၁၉]။ ။ ရှင်ရာဟုလာဟာ သာကီဝင်မင်းမျိုးဖြစ်ပါတယ်၊ ဘုရားရှင်ရဲ့ သားတော်လဲ ဖြစ်ပါတယ်၊ စကြဝတေးမင်းဖြစ်ထိုက်တဲ့ ဘုန်းကံလက္ခဏာပါတဲ့ ပုဂ္ဂိုလ်ထူးလဲ ဖြစ်ပါတယ်၊ အဲဒီလို အဖက်ဖက်က အထက်တန်းကျနေသူဖြစ်တဲ့အတွက် မာနထောင်မယ်ဆိုရင် သူတကာထက်ပိုပြီး မာနထောင်နိုင်စရာရှိပါတယ်၊ ဒါပေမယ့် ရှင်ရာဟုလာရဲ့ မိမိကိုယ်ကို နှိမ့်ချခဲ့ပုံမှာ စံနမူနာ ယူစရာ ဥဒါန်းတွင်ရစ်ခဲ့ပါတယ်။

ရဟန်းတော်တွေက ရှင်ရာဟုလာကို စမ်းလိုတဲ့အတွက် ရှင်ရာဟုလာ အဝေးမှလာနေတာကိုမြင်ရင် တံမြက်စည်းနဲ့ အမှိုက်တောင်းများကို အပြင်မှာ ပစ်ချထားတတ်ကြပါတယ်၊ ရှင်ရာဟုလာအနားရောက်လာတဲ့အခါ အချို့ရဟန်းက "ဒါတွေ ဘယ်သူ ပစ်ချထားသလဲ?" လို့ မေးရင် တခြားရဟန်းတွေက "ဒီနားမှာ ရှင်ရာဟုလာ သွားလာနေတာပဲ၊ သူပစ်ချထားတာ ဖြစ်မှာပေါ့" လို့ ပြောတတ်ကြပါတယ်။

ရှင်ရာဟုလာက "ဒါတွေဟာ တပည့်တော် ပစ်ချထားတာ မဟုတ်ပါဘူး" လို့ ဘယ်တော့မှ မပြောပဲ အဲဒီပစ်ချထားတာတွေကို ကောင်းစွာသိမ်းဆည်းပြီး ရဟန်းတွေကိုပင် တောင်းပန်ကန်တော့သွားတတ်ပါတယ်။

တခါက ဘုရားရှင်က အာဠဝီမြို့ အဂ္ဂါဠဝစေတီမှာ သီတင်းသုံးနေတော်မူစဉ် "လူသာမဏော တွေနဲ့အတူ တမိုးတရံတည်းဖြစ်တဲ့ကျောင်းမှာ မအိပ်ရ၊ အိပ်တဲ့ရဟန်းအား ပါစိတ်အာပတ်သင့်စေ" လို့ သိက္ခာပုဒ် ပညတ်ခဲ့ပါတယ်၊ အဲဒီနောက်မှာ ဘုရားရှင်ဟာ ကောသမ္ဗီမြို့ကို ကြွတော်မူလာပြီး ဗဒရိကာရုံကျောင်းတိုက်မှာ သီတင်းသုံးတော်မူပါတယ်။

အဲဒီတုံးက ရဟန်းတွေက ဘုရားရှင်ကိုလဲ လေးစားကြပါတယ်၊ သားတော်ဖြစ်တဲ့ ရှင်ရာဟုလာရဲ့အကျင့်သိက္ခာလိုလားမှုကိုလဲ နှစ်သက်ကြပါတယ်၊ ဒါ့ကြောင့် နေ့ရောထိုင်ခင်း စတဲ့အစစ အရာရာမှာ ဦးစားပေးတတ်ကြပါတယ်၊ ဒီ ဗဒရိကာရုံကျောင်းတိုက်ကို ရောက်တဲ့အခါမှာတော့ ရဟန်းတွေက ရှင်ရာဟုလာကို ပြောကြပါတယ်---

"ရာဟုလာ, ဘုရားရှင်က 'လူသာမဏောနဲ့ အတူ တမိုးတရံတည်းဖြစ်တဲ့ကျောင်းမှာ မအိပ်ရ" လို့ သိက္ခာပုဒ်ပညတ်ပြီး ဖြစ်ပါတယ်၊ မိမိအတွက် အိပ်ဖို့နေရာ ရှာပေတော့" တဲ့။

---

[၁၉] ဇ၊ ၂။ သဟဿေယျသိက္ခာပုဒ်၊ ၂၇-၂၈။

ဒီစကားကို ကြားရတဲ့ ရှင်ရာဟုလာက ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တရာထေရ်, သရဏဂုံဆရာဖြစ်တဲ့ အရှင်မောဂ္ဂလ္လာန်ထေရ်, ဘထွေးဖြစ်တဲ့ အရှင်အာနန္ဒာထေရ်စတဲ့ ပဂ္ဂိုလ်တွေကိုလဲ အပူမရှာပဲ ဘုရားရှင်ရဲ့ ဝစ္ဆကုဋ္ဌ[၂၀၀]ထဲမှာ သွားအိပ်နေပါတယ်။

နံနက်အခါ ဘုရားရှင် ဝစ္ဆကုဋ္ဌအကြွတွင် ဒီအကြောင်းကို သိရတော့ သာမဏေတွေကို ချီးမြှောက်လိုတဲ့အတွက် "လူသာမဏေနဲ့အတူ တမိုးတရံတည်းဖြစ်တဲ့ကျောင်းမှာ ၃-ည အိပ်နိုင်တယ်၊ ဒါထက်ပိုလွန်အိပ်ရင် ပါစိတ်အာပတ်သင့်စေ"လို့ သိက္ခာပုဒ်ကိုပြင်ပြီး ပညတ်တော်မူပါတယ်။ ရှင်ရာဟုလာဟာ အသက်အရွယ်နဲ့မမျှအောင် နိဝါတဂုဏ်, သိက္ခာကာမဂုဏ်တွေကို ဆောင်နိုင်ပါပေတယ်။

**သိက္ခာလိုလား။ သူစွမ်းအား။ ထင်ရှား အမြတ်ဆုံး။** ။ ရှင်ရာဟုလာရဲ့ သိက္ခာလိုလားမှုမှာ ဒီမျှသာမက အံ့ဩစရာ ကောင်းလှပါတယ်၊ ရှင်ရာဟုလာဟာ နံနက်တိုင်းပင် "ဒီနေ့ ဘုရားရှင်ရဲ့ အထံတော်နဲ့ ငါရဲ့ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တရာရဲ့အထံတော်မှ ဒီမျှလောက်အတိုင်းအရှည်ရှိတဲ့ အဆုံးအမနဲ့ ဒီမျှလောက်အတိုင်းအရှည်ရှိတဲ့ မာန်မဲမှု, မြည်တွန်မှုကို ရလိုပါတယ်"လို့ ဆိုပြီး ဂန္ဓကုဋီတိုက်တော်[၂၀၁]ရဲ့ ပရိဝုဏ်[၂၀၂] အတွင်းမှာ တသပိတ်လောက်ရှိတဲ့သဲကို ကြဲဖြန့်လေ့ရှိပါတယ်။

ဘုရားရှင်က ရှင်ရာဟုလာအား ဇာတဒဂ်ဘွဲ့ထူးပေးတဲ့အခါ "ရဟန်းတို့, သိက္ခာပုဒ်ကိုလိုလားတဲ့ ငါဘုရားရဲ့တပည့်တွေထဲမှာ ရာဟုလာဟာ အထူးခွန်ဆုံး အမြတ်ဆုံးဖြစ်တယ်"လို့ သိက္ခာလိုလားတဲ့အရာမှာ အမြတ်ဆုံးအနေနဲ့ ပေးခဲ့ပါတယ်။

**ရှေးဆရာတို့ရဲ့ အဆိုအမိန့်ကဏ္ဍများ----**
**နှိမ့်ချထိုက်စွာ၊ နေရာကာလ၊ အိပ်ရာစသည်၊ ပြောထစကား။ အသွားအလာ၊ အရာရာ၌၊**
**နိဝါတဖြင့်၊ နှိမ့်ချအပြု၊ မာန်ကိုခွဲလော့။**

နိဝါတမင်္ဂလာကို ဖွင့်ဆိုတဲ့ မုံရွေးဆရာတော်ရဲ့ကဏ္ဍအရ "နေရာထိုင်ခင်းမှာ နေတဲ့အခါဖြစ်စေ, အိပ်ရာ-စသည်မှာ အိပ်တဲ့အခါဖြစ်စေ, စကားပြောတဲ့အခါဖြစ်စေ, သွားလာတဲ့အခါဖြစ်စေ နှိမ့်ချ

---

ဘုန်းကြီးသုံး အိမ်သာ

ဘုရားရှင်အိသီတင်းသုံးရာကျောင်းတော်

တံခိုင်း

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ထိုက်တဲ့အရာခပ်သိမ်းမှာ နိဝါတနဲ့ မာနကို ဖြိုခွဲလျက် အမြဲနိမ့်ချခြင်းဟာ နိဝါတမင်္ဂလာ မည်တယ်-လို့ ဆိုလိုပါတယ်။

ရှင်မဟာသီလဝံသရေးဖွဲ့တဲ့ကဗျာမှာ---

**အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွှဲဖယ်မသွေ၊ နှိမ့်ချလေ။**

သြဝါဒထူး (၂၉, ၃၁, ၄, ၁၇)မှာတော့----

**ဝုဏ်အင်အထူး၊ ကျေးဇူးရှိသူ၊ ထိုထိုလူကို၊ မပြုဒေါသ၊ မာန်မထဘဲ၊ နှိမ့်ချခြင်းလျှင်၊**
**တန်ဆာဆင်၏။**

**ဝါသာဇဲ့ပြင်၊ ဝါမမြင်ဟု၊ ဘုရင်တဆူ၊ မြင့်လိုမူကား။ ထိုသူလူ့အောက်၊ နိမ့်ကျရောက်၏။**
**စိုးရသခင်၊ အရှင်မိဘ၊ ရှေ့သို့ကျသော်၊ ကုန်းကွတုပ်ပျပ်၊ နှိပ်ဝပ်ညွတ်ထိုင်၊**
**နောင်ယိုင်ရှောင်ရှား။ သွားမူလာမူ၊ ယဉ်နုလှစေ၊ အခြေကြမ်းတမ်း။ ရှေ့မသန်းနှင့်။**
**ချုပ်ဆည်းမဲ့သီး။ မာန်စောင်ကြီးက၊ ဝေးနီးလူသူ၊ မကြည်ဖြူ၍၊ တူမပေါင်းဖော်၊**
**အိုအောင်သော်လည်း၊ ညှိုးလွော်ညစ်ပတ်၊ ဆင်းရဲတတ်၏။**

သုတရတနာ ဆုံးမစာအရတော့---

**မာနကြီးမူ၊ စိတ်မာန်ထူ၊ သူဝါပေါ်တက် မောက်တတ်သည်၊**
**ကျေးကျွန်တို့ကို၊ နာအောင်ဆို၊ မလိုသဘော ကောက်တတ်သည်၊**
**မထေလေးစား။ သူတပါး။ စကားနှိပ်မူ မုန်းတတ်သည်၊**
**ကိုယ့်ကိုနှိမ့်ချ၊ နိဝါတ၊ မင်္ဂလာမန်ဟုန် နှံ့ရမည်။**

မန်လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝလင်္ကာသစ် (၂၃၄, ၂၀၃, ၃၂၉)မှာတော့---

**ဝဲ့မြင်းဝါစီး၊ ဝဲ့ထီးဝါဆောင်း၊ ဝဲ့ကျောင်းဝါထိုင်၊ ဘယ်သူဆိုင်-ဟု၊ ကိုယ်ပိုင်လို့စိုး၊ မာနမိုး၍၊**
**ကြောင်းကျိုးမသိ၊ ပြုမိပြုရာ၊ မအပ်စွာတည်။**
**လောကလူတွင်၊ ဝါသာလျှင်တိ၊ ဝဲ့ပြင်မရှိ၊ ထင်ဘိမှတ်ယောင်၊ မောဟဆောင်၍၊**
**အနှံထောင်မာန၊ မမူရတည်၊ သုတတရား၊ မြင်ကြားအသိ၊ မျှားစွာရှိလည်း။ သတိမယှဉ်၊**
**သမ္မဇဉ်[၁၀၃]မမှီး။ မာနကြီးက၊ ဓွေးမြီးပမာ၊ မည်စပါခဲ့၊ ထောင်ကာမတွာ၊ သုံးမကျွှင့်၊**

---

[၁၀၃] **သမ္မဇည**= **သမ္မဇဉ်**–ကောင်းစွာ အပြားအားဖြင့် သိခြင်း, ပညာအဆင်အခြင်

သူများကိုသာ၊ နှိပ်လိုစွာနှင့်၊ ရန်ရှာထိပါး၊ အပြစ်များ၏၊ သွားတပြပြ၊ သုနခ[၂၀၅]သို့၊
ဒေါသမောဟ၊ ခြီရံကြွ၍၊ မာနမည်ငြား၊ ဤတရားကို၊ မလွှားစေအပ်၊ ကျိုးမနပ်ဘူး။
အကယ်ရှေးက၊ ကြီးမာနနှင့်၊ နှိမ့်ချမကျိုး၊ ရှိခိုးထိုက်စွာ၊ ဝုဏ်ဝါကြီးမား၊ သူတို့အားလျှင်၊
မပြားမဝပ်၊ မပျပ်မကိုင်း၊ မိုက်ရိုင်းမထေ၊ ရိုသေကင်းထ၊ လူထိုမျှကား၊
ဟီန[၂၀၇]မျိုးနွယ်၊ ညှိုးငယ်ယုတ်မာ၊ ဖြစ်တတ်စွာ၏၊ သဂါရဝ၊ သတ္တစွဖြင့်၊ နှိမ့်ချကော်ရော်၊
ပူဇော်လေးမြတ်၊ ပြုတတ်တုံက၊ သေဋ္ဌ[၂၀၆]နွယ်ရိုး၊ လူမျိုးရိုညွတ်၊ မျိုးမြတ်ထွတ်၏။

(၂၄) **သန္တုဋ္ဌိ**--[**သ**-မိမိမှာရှိနေတဲ့ ဥစ္စာဖြင့်+ **တုဋ္ဌိ**-ကျေနပ်နှစ်သက်ခြင်း] ရှိသမျှ ရသမျှနဲ့ တင်းတိမ်ရောင့်ရဲခြင်းကို **သန္တုဋ္ဌိ**-လို့ ခေါ်ပါတယ်။

မတရားတဲ့နည်းနဲ့ ပစ္စည်းရမှုကို ပယ်ပြီး တရားတဲ့နည်းနဲ့ ပစ္စည်းရမှုကို ကျေနပ်နှစ်သက်ခြင်း, တရားသဖြင့်ရတဲ့ ပစ္စည်းများကို နှစ်သက်ခြင်းကိုလဲ **သန္တုဋ္ဌိ**-လို့ ခေါ်ကြောင်း ဥဒါန်းအဋ္ဌကထာ (၂၀၇) မှာ ဖွင့်ဆိုထားပါတယ်။

**လောဘကြီးက ဆင်းရဲရ။** ။ ကိုယ်ကျင့်မင်္ဂလာဆရာတော်က "လောကသားတွေကို ဒုက္ခပေးနေတာဟာ ရတာထက် ပိုပြီးလိုချင်မှု (**အတြိစ္ဆာ**), မတော်မတရားလိုချင်မှု (**ပါပိစ္ဆာ**), အလိုကြီးမှု (**မဟိစ္ဆာ**)-ဆိုတဲ့ လောဘပဲ ဖြစ်ပါတယ်၊ ဒီတရားဆိုး ရှိနေသူတွေဟာ မိမိမှာရှိပြီးဖြစ်တဲ့ နေရာထိုင်ခင်း, အသုံးအဆောင်, အဝတ်အစားတွေနဲ့ မကျေနပ်နိုင်ပါ၊ အထက်တန်းလွှာပုဂ္ဂိုလ်တွေရဲ့ နေရာထိုင်ခင်း, အသုံးအဆောင်မျိုး, အဝတ်အစားမျိုးကို တောင့်တလာတတ်ကြပါတယ်၊ မရမနေရှာဖွေလာတတ်ကြပါတယ်၊ အထက်တန်းလွှာပုဂ္ဂိုလ်တွေကလဲ အသစ်အဆန်းပေါ်သမျှကို လိုချင်လာတတ်ကြပါတယ်၊ တောင့်တလာတတ်ကြပါတယ်၊ မရမနေ ကြိုးစားရှာဖွေလာတတ်ကြပါတယ်၊ အဲဒီလို မတန်မရာ ရှာဖွေသုံးစွဲမှု, ရလေလိုလေ ဖြစ်မှုတွေကြောင့် '**ကြွေးတင်ကျွန်ဖြစ်**' ဆိုတဲ့ ဘဝမျိုးကို ရောက်ရတတ်ပါတယ်။

အဲဒီအထက်တန်းကျတဲ့ ပစ္စည်းတွေကို သုံးစွဲလိုတဲ့အတွက် မတရားတဲ့နည်းတွေနဲ့ ပစ္စည်းဥစ္စာ ရှာဖွေလာတတ်ကြပါတယ်၊ အဲဒီလို ရှာဖွေလို့ အဆင်ပြေတဲ့အခါမျိုးမှာတော့ ပြုံးနိုင် ရယ်နိုင်ကြပါ

---

[၂၀၅] **သုနခ**-ခွေး

[၂၀၆] **ဟီန**-ယုတ်ညံ့သော, အယုတ်, အညံ့, ယုတ်ညံ့

[၂၀၇] **သေဋ္ဌ**-မြင့်မြတ်သော

တယ်၊ အဆင်မပြေတဲ့တနေ့မှာ ဂုဏ်သရေပျက် အရှက်တကွဲ အကျိုးနဲ ဖြစ်ရတတ်ကြပါတယ်၊ အဖမ်း အဆီးခံရလို့ ရုံးရောက်, ဂတ်ရောက် ဖြစ်ရတတ်ကြပါတယ်၊ ဒါ့ကြောင့် အလိုကြီးတဲ့ လောဘရဲ့ ကြိုးဆွဲရာနောက်ကို လိုက်ပါနေရသူတွေဟာ ချမ်းသာသုခကို ဘယ်တော့မှ မရနိုင်ပါ''လို့ မိန့်တော်မူပါတယ်။

**ရောင့်ရဲတတ်မှ ချမ်းသာရ**[၂၀၇]။ ။ မိမိမှာရှိနေတဲ့ နေရာထိုင်ခင်း, အသုံးအဆောင်, အဝတ်အစားတွေနဲ့ ကျေနပ်နှစ်သက်နေသူ, ဝင်ငွေထွက်ငွေမျှတအောင် တန်ဖိုးလဲနည်းပြီး ရှာဖွေလို့လဲလွယ်ကူ အပြစ်လဲ ကင်းတဲ့ ပစ္စည်းဝတ္ထုတွေနဲ့ နေထိုင် စားသောက် သုံးစွဲတတ်သူတွေကတော့ ပစ္စည်းဥစ္စာ စုပြီး ဆောင်းပြီးလဲ ဖြစ်နိုင်ပါတယ်၊ ကိုယ်စိတ် ၂-ပါး ချမ်းသာမှုကိုလဲ ရနိုင်ပါတယ်။

ဘုရားရှင်က အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ပဌမပဏ္ဏာသက သန္တုဋ္ဌိသုတ် (အံ၊ ၁၊ ၃၃၅) မှာ--

> ''မိမိသုံးစွဲမယ့်ပစ္စည်းဟာ တန်ဖိုးလဲနည်းရမယ်, ရှာဖွေလို့လဲ လွယ်ကူရမယ်, အပြစ်လဲ ကင်းရမယ်၊ အဲဒိလိုပစ္စည်းမျိုးနဲ့ ကျေနပ်နှစ်သက်သူဟာ နေရာထိုင်ခင်း, အသုံးအဆောင်, အဝတ်အစားတွေကို အကြောင်းပြုပြီး စိတ်ဆင်းရဲစရာ, စိတ်ပင်ပန်းစရာမရှိပါ''လို့ မိန့်တော်မူပါတယ်။

အချို့သူတွေက ငယ်ရွယ်စဉ်မှာ မိဘအရိပ်ကို ခိုလှုံပြီး အေးအေးချမ်းချမ်း သက်သောင့်သက်သာနေထိုင်စားသောက်လာခဲ့ကြရပါတယ်၊ အချို့က ရှာဖွေလို့ လွယ်ကူတဲ့ ခေတ်အခါမှာ သက်သောင့်သက်သာ[၂၀၈] ရှာဖွေစားသောက်လာကြရပါတယ်၊ အချို့ကျတော့ ပစ္စည်းဥစ္စာပေါများတဲ့ အရပ်ဒေသမျိုးမှာ လွယ်လွယ်ကူကူ ရှာဖွေစားသောက်လာကြရပါတယ်။

အဲဒိလို သူတွေဟာ ရှာဖွေမရ အခက်အခဲနဲ့ ကြုံတွေ့လာရတဲ့အခါ ရှေးက နေထိုင်စားသောက်လာခဲ့တာကို ပြန်တွေးလို့လဲ စိတ်မချမ်းမသာ ဖြစ်ရတတ်ကြပါတယ်၊ အခု လုပ်ကိုင်နိုင်တဲ့ အရွယ်မှာတောင် ဒိလိုအခက်အခဲတွေနဲ့ ကြုံတွေ့ရရင် နောင် အသက်အရွယ် ကြီးရင့်လာခဲ့အခါ ပိုလို့ ဆိုးတော့မှာပဲ-လို့ နောင်ရေးကို မျှော်တွေးလို့လဲ စိတ်မချမ်းမသာ ဖြစ်နေရတတ်ကြပါတယ်၊ ဒါ အင်မတန်မှားတဲ့ အတွေးအခေါ် ဖြစ်ပါတယ်၊ လွန်ခဲ့တာတွေကို ပြန်တွေးနေလို့လဲ အကြောင်းမထူးတော့ပါ၊

---

[၂၀၇] ကိုယ်ကျင့်မင်္ဂလာ၊ သန္တုဋ္ဌိစ၊ ၄၇၉။

[၂၀၈] **သက်သောင့်သက်သာ**-ကြိဝိ/ပင်ပန်းခြင်းမရှိပဲ။ (မြန်မာအဘိဝာန် အကျဉ်းချုပ် အတွဲ ၄၊ ၂၀၈။)

နောင်ရေးကို မျော်တွေးနေလို့လဲ အကြောင်းထူးလာမှာ မဟုတ်ပါ။ လွန်ခဲ့တာတွေကို အခြေခံပြီး ယခုလက်ရှိ မိမိပိုင်ဆိုင်တဲ့ အချိန်မှာ နောင်အတွက် ကြိုးစားလုပ်ကိုင်တာကသာ နည်းမှန်လမ်းမှန် ဖြစ်ပါတယ်။

"လွန်ပြီးတာကိုလဲ ပြန်မတွေး၊ နောင်ရေးကိုလဲ မတောင့်တ၊ မိမိမှာရှိတာနဲ့ မျှမျှတတ နေသူကို သွန်ဖျ (ရောင့်ရဲတင်းတိမ်သူ)လို့ ခေါ်ပါတယ်။

**အတိတ် နာနသောစဖြန်၊ နပွဇပွ မနာဂတံ။**

**ပစ္စုပ္ပန္နေန ယာပေဖြန်၊ သွန်ဖျောတိ ပဝုစ္စတိ"**[1]တိ။

အဲဒီ ရောင့်ရဲတင်းတိမ်သူဟာ ရောက်ရာအရပ်မှာ ချမ်းချမ်းသာသာ နေထိုင်ရပါတယ်။

**တင်းတိမ်ရောင့်ရဲ အမြတ်ဆုံးဥစ္စာပဲ။** ။ လောဘလွန်းမိုးမှုကို ခံနေရသူတွေဟာ မိမိမှာ နေရာထိုင်ခင်း, အသုံးအဆောင်တွေ ပြည့်စုံနေပေမယ့် အားရကျေနပ်မှုကို မရနိုင်ကြပါ၊ မတင်းတိမ်, မရောင့်ရဲနိုင်ကြပါ၊ အသစ်အဆန်းပေါ်လာသမျှ အိမ်သုံးပစ္စည်းတွေ, အဝတ်အထည်တွေကိုလဲ မရမနေ ရှာဖွေဝယ်ယူသုံးစွဲတတ်ကြပါတယ်၊ ကားတွေကိုလဲ တမျိုးပြီးတမျိုး ဝယ်ယူပြီး စီးတတ်ကြပါတယ်၊ အစားအစာဆိုရင်လဲ မုန့်မျိုးစုံ, ယိုမျိုးစုံ, အဖျော်မျိုးစုံ, အရက်မျိုးစုံကို ဝယ်ယူသုံးစွဲတတ်ကြပါတယ်၊ ရှာဖွေရရှိထားသမျှ ပစ္စည်းဥစ္စာတွေဟာ သုံးရာမရောက်ပဲ ဖြုန်းရာရောက်ပြီး တနေ့တခြား လုံးပါးပါးလာတတ်ပါတယ်၊ ဒါနဲ့ နောက်ဆုံးမှာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနဲ့ တဘဝတာနိဂုံး အဆုံးသတ်ကြရပါတယ်။

လောဘရဲ့နောက်ကို မလိုက်ပါပဲ မိမိမှာရှိနေတာနဲ့ နှစ်သက်ကျေနပ်နေတဲ့ပုဂ္ဂိုလ်, တင်းတိမ်အားရနေတဲ့ပုဂ္ဂိုလ်ကတော့ မိမိမှာ မရှိသေးရင်လဲ မိမိပစ္စည်းအင်အားနဲ့ သင့်တော်ရုံ ပစ္စည်းမျိုးကို တကယ်အသုံးလိုမှ ဝယ်ယူသုံးစွဲတတ်ပါတယ်၊ အသုံးနဲ့အဖြုံးကို ချင့်ချိန်ကာ မကုန်သင့်တဲ့နေရာမှာ အကုန်အကျမခံပဲ ကုန်သင့်တဲ့နေရာမျိုးမှာသာ အကုန်အကျခံတဲ့အတွက် ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်လာရပါတယ်၊ ဒုံကြောင့် ဘုရားရှင်ကလဲ "**သွန်ဖျ ပရမံ ဓနံ**–မိမိမှာရှိတာနဲ့ ကျေနပ်နှစ်သက်ခြင်းဟာ အမြတ်ဆုံးဥစ္စာ ဖြစ်တယ်"လို့ ဓမ္မပဒ (ဂါထာ ၄၃)မှာ ဟောတော်မူပါတယ်။

**မတင်းတိမ် မရောင့်ရဲသင့်သော အရာများ။** ။ ပညာရေး, ပစ္စည်းဥစ္စာရှာဖွေရေး, ကျန်းမာရေး, ကိုယ်ကျင့်တရား ထိန်းသိမ်းရေးတွေမှာ "ဒီလောက်ဆိုရင် တော်လောက်ပြီ"လို့ စိတ်လျှော့အားငယ်

[1] ဥဒါန်၊ မြန်မာ့ဂန္ထ။ ထေရဂါထာ၊ မြန်မာ့ဂန္ထ။

တင်းတိမ်ကျေနပ်နေရမယ်–လို့ ဆိုလိုတာ မဟုတ်ပါ၊ ဒိလို စိတ်အားလျှော့ခြင်းဟာ သန္တုဋ္ဌိမဟုတ် ဆုတ်နစ်ခြင်းသာ ဖြစ်ပါတယ်။

လူ့လောကမှာ အိမ်ထောင်စုတာဝန်, ဆွေမျိုးမိတ်ဆွေတွေရဲ့ တာဝန်, ဘာသာရေး တာဝန်, အမျိုးသားရေးတာဝန်–အစရှိတဲ့ တာဝန်အရပ်ရပ်ကို မိမိတတ်နိုင်သလောက် ထမ်းဆောင်ရမည်သာ ဖြစ်ပါတယ်၊ ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ဖို့ လူတိုင်းမှာ အသိဉာဏ်ပညာရေးပြည့်စုံဖို့ လိုပါတယ်။

ဒါ့ကြောင့် ပညာသင်ချိန်မှာ ကိုယ်အားဉာဏ်အား ရှိသလောက် ပေါက်ပေါက်မြောက်မြောက် သင့်ကြားသင့်ပါတယ်၊ ပညာတပိုင်းတစနဲ့ "ဒီလောက်ဆို တော်လောက်ပါပြီ"လို့ အားလျှော့ခြင်းကို မပြုသင့်ပါ၊ "ပညာလို အိုတယ်လို့မရှိ"ဆောင်ပုဒ်ကို နှလုံးသွင်းသင့်ပါတယ်။

ပရိတ်ကြီးနိဿယသစ်ဆရာတော်က––"တရားသဖြင့် ပစ္စည်းဥစ္စာရှာသူမှာ သန္တုဋ္ဌိမပျက် တတ်ပေမယ့် လောဘအလွန်ကြီးပြီး မတရားစီးပွါးရှာသူမှာတော့ သန္တုဋ္ဌိပျက်ပါတယ်၊ ပစ္စည်းတွေပေါ လာတဲ့အခါ သန္တုဋ္ဌိပျက်သူမှာ ဖြန်းချင်တိုင်း ဖြန်းပေမယ့် သန္တုဋ္ဌိရှိသူမှာ အမျိုးအတွက် တိုင်းပြည် အတွက် အကျိုးရှိရာ ကောင်းမှုများမှာသာ အလေးပေး သုံးတတ်ပါတယ်။

**အလိုကြီးက အရနည်း၏။** ။ ရှေးတုံးက ပုဏ္ဏားတယောက်မှာ ဇနီးနဲ့သမီးသုံးယောက် ရှိပါတယ်၊ သူသေတဲ့အခါ ရွှေဟင်္သာ ဖြစ်နေရာ မကြာမကြာလာပြီး သူရဲ့ ရွှေတောင်တတောင် ပေးတဲ့ အတွက် ဇနီးနဲ့သမီးတွေဟာ ဆင်းရဲနေရာမှ အတော်ချောင်လည်လာကြပါတယ်၊ ဒါပေမယ့် ဒီလောက်နဲ့ မကျေနပ်ကြတဲ့ အတွက် တနေ့မှာ ရွှေဟင်္သာလာတဲ့အခါ ဖမ်းပြီး အတောင်အကုန် နတ်ကြပါတယ်၊ နတ်သမျှ



အတောင်တွေဟာ ရွှေမဟုတ်တော့ပဲ အကုန်ဗျိုင်းတောင်သဖွယ် ဖြစ်သွားပါတယ်၊ နောက် အိုးထဲထည့် မွေးထားရာ ရွှေဟသ်ာရဲ့ ပေါက်လာတဲ့ အတောင်တွေဟာ အဖြူချည်းသာ ဖြစ်ကုန်လျက် မိမိနေရာကို ပြန်သွားပါတော့တယ်။

**"ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊ အတိလောဘော ဟိ ပါပကော**=ရသမျှနှင့် ရောင့်ရဲကျေနပ်ရမည်၊ လောဘကြီးဟာ လူယုတ်မာတည်း"။ (ဇာတက၊ ၁၊ ဇကကနိပါတ် သုဝဏ္ဏဟံသာဇာတ်၊ ၃၂။ ဝိ၊ ၂၊ ၃၄၀။)

**ရတာနဲ့ပဲ၊ မရောင့်ရဲ၊ လွန်ကဲလိုချင်ပါ၊**
**ရသင့်သမျှ၊ ကျိုးဖလ၊ မုချ ပျက်စီးရာ။**
(ကိုယ်ကျင့်မင်္ဂလာ၊ ၄၈၅။)

(၂၅) **ကတညုတာ** [ကတသ ဇာနနတာ=**ကတ**–ပြုဖူးသော သူ့ကျေးဇူးကို+**ညုတာ**–သိတတ်သူ၏ အဖြစ်] ပြုဖူးတဲ့သူ့ကျေးဇူးကို သိနားလည်ခြင်းဟာ **"ကတညုတာ"**မည်ပါတယ်။

သူ့ကျေးဇူးဆိုသည်မှာ မိမိအတွက် ကူညီလုပ်ကိုင်ပေးခြင်း, ဘေးရန်ကာကွယ်ပေးခြင်း, အတတ်ပညာ သင်ပေးခြင်း, ဆုံးမသြဝါဒပေးခြင်း, ပစ္စည်းဥစ္စာ ပေးကမ်းထောက်ပံ့ခြင်း–စတဲ့ ဆောင်ရွက်နည်းတွေနဲ့ မိမိအပေါ် ပြုလုပ်ပေးကြတဲ့ သူတပါးရဲ့ ကောင်းမှုပင် ဖြစ်ပါတယ်။

နည်းများမဟူ သူတပါးက မိမိအပေါ်မှာ ပြုဖူးတဲ့ကျေးဇူးကို အောက်မေ့ခြင်း, သိမြင်ခြင်းကို **ကတညုတာ**–ပြုဖူးတဲ့ သူ့ကျေးဇူးကို သိနားလည်ခြင်း–လို့ ခေါ်ပါတယ်။

အမှန်တော့ သူ့ကျေးဇူးကို သိရုံမျှသာ သိနေသူကိုတော့ "ကတညူ–သူ့ကျေးဇူးသိသူ"လို့ မဆိုသင့်ပါ၊ သိနားလည်တဲ့အပြင် ကျေးဇူးတုံ့ပြန်တတ်သူကိုသာ "ကတညူ–သူ့ကျေးဇူးကိုသိသူ"လို့ ဆိုသင့်ပါတယ်။

အချို့က မိမိအား အကူအညီပေးဖူးသူ တယောက်မှာ အကူအညီလိုနေတဲ့အခါ ပါးစပ်ကသာ ရွှန်းရွှန်းဝေအောင် ပြောဆိုနေပြီး ကိုယ်ထိလက်ရောက် ဘာအကူအညီမျိုးကိုမျှ မပေးပဲ နေတတ်ပါတယ်၊ အဲဒီလူမျိုးကိုတော့ သူ့ကျေးဇူးကိုသိတတ်သူ–လို့ မဆိုသင့်ပါ၊ "အကတညူ–သူ့ကျေးဇူးကို မသိတတ်သူ (ကျေးဇူးကန်းသူ)"လို့သာ ဆိုသင့်ပါတယ်။

အချို့ကတော့ သူ့ကျေးဇူးကို မသိရုံမျှသာမဟုတ်ပါ၊ ကျေးဇူးရှင်ကိုပင် ဒုက္ခရောက်အောင် လုပ်တတ်ပါသေးတယ်၊ အဲဒီသူမျိုးကိုတော့ ကျေးဇူးရှင်ကို "ကျေးစွပ်သူမျိုး, လူဆိုးလူမိုက်" လို့သာ ဆိုသင့် ပါတယ်။

**ကျေးဇူးရှင်ကို ကျေးစွပ်သူ။** ။ ရှေးတုံးက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားလောင်းဟာ ရသေ့ပြုပြီး ဂင်္ဂါမြစ်ကမ်းနား သခ်ၤမ်းကျောင်းဝယ် ဈာန်သမာပတ် အဘိညာဉ်တွေကို ဖြစ်စေလျက် ဈာန်ချမ်းသာနဲ့ နေပါတယ်။

အဲဒီလိုအချိန်မှာ ဗာရာဏသီသူဌေးရဲ့ ဒုဋ္ဌကုမာရီ-အမည်ရှိ သမီးတယောက်ဟာ အမျက်ဒေါသ ကြီးပါတယ်၊ ကြမ်းကြုတ်ခက်ထန်ပါတယ်၊ အလုပ်သမားတွေကိုလဲ ဆဲရေးရိုက်နှက်တတ်ပါတယ်၊ တနေ့မှာ အခြွေအရံတွေက ဂင်္ဂါမြစ်မှာ ရေကစားရအောင် အဲဒီသူဌေးသမီးကို ခေါ်သွားကြပါတယ်။

ရေကစားကြရင်း မိုးကလဲချုပ်လာ, မိုးကလဲ ရွာလာတဲ့အချိန်မှာ သူဌေးသမီးကို ရေထဲမှာ ထားခဲ့ကြပြီး အဖော်တွေက ပြန်သွားကြပါတယ်၊ သူဌေးသမီးက အော်ဟစ်မြည်တမ်းကာ ရေစီးကြောင်းမှာ မျောပါသွားပါတယ်၊ သန်းခေါင်ယာမ်မှာ ဘုရားလောင်းရသေ့နေတဲ့ ကျောင်းနားကို ရောက်လာပါတယ်။

ရသေ့ဟာ သူဌေးသမီးကို ရေထဲမှဆယ်ယူပြီး မီးမွေးပေးထားပါတယ်၊ အချမ်းပြေလာတဲ့အခါ သစ်သီးတွေကို ကျွေးပါတယ်၊ ရသေ့က စုံစမ်းမေးမြန်းကြည့်လို့ အကြောင်းစုံကို သိရတဲ့အခါ သူ့ကို ကျောင်းထဲမှာထားခဲ့ပြီး မိမိကိုယ်တိုင်ကတော့ အပြင်မှာပဲ သွားနေပါတယ်။

၂-ရက် ၃-ရက်ကြာတဲ့အခါ "မင်း သွားတော့" လို့ ပြန်လွှတ်ပေမယ့် သူဌေးသမီးက မပြန်တော့ပါ၊ "ဒီရသေ့ကို သိလျက်အောင်လုပ်ပြီး ခေါ်သွားမယ်" ဆိုတဲ့ အကြံနဲ့ ပေကပ်နေပါတယ်၊ ရက်အနည်းငယ်ကြာလာတဲ့အခါ မိန်းမမာယာနဲ့ ရသေ့ရဲ့သိလကို ဖျက်ဆီးပစ်လိုက်ပါတယ်၊ ဈာန်အဘိညာဉ်ကိုလဲ ကွယ်ပျောက်စေပါတယ်။

သူဌေးသမီးရဲ့ပြောစကားနဲ့ ရသေ့လူထွက်ဟာ သူဌေးသမီးကိုခေါ်ပြီး ကျေးရွာတရွာကို လာခဲ့ပါတယ်၊ ရက်တက်ရောင်းပြီး သူဌေးသမီးကို ကျွေးမွေးနေပါတယ်၊ ဒါနဲ့ပဲ လူတွေက "တက္ကပဏ္ဍိတ-လို့ အမည်ပေးကြပါတယ်၊ ရွာသူရွာသားတွေက တက္ကပဏ္ဍိကကို "ငါတို့အား ကောင်းတဲ့ သတင်းစကား, မကောင်းတဲ့သတင်းစကားကို ပြောကြားကာ ဒီရွာမှာပဲနေပါတော့" လို့ ပြောဆိုကြပြီး ရွာတံခါးနား အိမ်ကလေးမှာ နေစေကြပါတယ်၊ စားနပ်ရိက္ခာကိုလဲ ပေးထားကြပါတယ်။

အဲဒီလိုနေရခိုက်မှာ ခိုးသားဓားပြတွေဟာ တောင်ပေါ်မှဆင်းလာပြီး ကျေးရွာကို လုယက်ဖျက်ဆီးကြပါတယ်၊ ရွာသူရွာသားတွေကိုလဲ ရသမျှ ဥစ္စာဘဏ္ဍာကို လိုက်ပို့ခိုင်းကြပါတယ်၊ မိမိတို့နေရာကို ရောက်တဲ့အခါ လူတွေကို ပြန်လွှတ်လိုက်ပေမယ့် တက္ကပဏ္ဍိတရဲ့ဇနီးကိုတော့ ခိုးသူကြီးက သိမ်းပိုက်ပါတယ်။

တက္ကပဏ္ဍိတဟာ သူရဲ့မယားကို ခိုးသူကြီးက သိမ်းပိုက်လိုက်တယ်–လို့ ကြားရပေမယ့် "သူ့မိန်းမက သူနဲ့ ခွဲခွါပြီး မနေနိုင်ပါဘူး၊ တနေ့နေ့ ထွက်ပြေးပြီး သူ့ထံပြန်လာလိမ့်မယ်"လို့ မျှော်လင့်ချက်နဲ့ အဲဒီရွာမှာပဲ ဆက်လက်နေပါတယ်။

အဲဒီကျေးငှားရှင်ကို ကျေးစွပ်လိုတဲ့ သူမဟာ "အခု ဒီမှာ ငါ ချမ်းချမ်းသာသာနေရတယ်၊ တက္ကပဏ္ဍိတက တစုံတခုအမှိသဟဲကိုရပြီး ငှါးကို လာခေါ်ရင် ငါဟာ ဒီချမ်းသာမှ ဆုတ်ယုတ်ရလိမ့်မယ်၊ အခုရရှိထားတဲ့ချမ်းသာ မဟုတ်စီးရအောင် ငါက ချစ်ခင်မြတ်နိုးဟန်ဆောင်ကာ တက္ကပဏ္ဍိတကိုခေါ်ယူပြီး သူကို သတ်ပစ်မှကောင်းမယ်"လို့ ကြံရွယ်လျက် လူတယောက်ကိုခေါ်ပြီး "ငါဟာ ဒီမှာ ဆင်းဆင်းရဲရဲနေရတယ်၊ ငှါးကို လာခေါ်လှည့်ပါ"လို့ တက္ကပဏ္ဍိတထံ သတင်းစကား ပို့ခိုင်းပါတယ်။

သတင်းရလို့ လိုက်လာတဲ့ တက္ကပဏ္ဍိတကို သူမက "ခုချက်ချင်း ဒို့ ၂–ယောက် ထွက်သွားရင် ခိုးသူကြီးရဲ့ လိုက်လံသတ်ဖြတ်ခြင်းကို ခံရလိမ့်မယ်၊ ညဉ့်အချိန်ကျမှ တိတ်တဆိတ် သွားကြစို့"လို့ ပြောပြီး ဂိုဒေါင်ထဲမှာနေစေပါတယ်၊ ညဉ့်အခါ ခိုးသူကြီး မူးလာချိန်မှာ "သင့်ရန်သူဖြစ်တဲ့ တက္ကပဏ္ဍိတဟာ ဂိုဒေါင်ထဲမှာ ရှိနေပါတယ်"လို့ ပြောပြလိုက်ပါတယ်။

ခိုးသူကြီးဟာ ဂိုဒေါင်ထဲကို သွားပြီး တက္ကပဏ္ဍိတကို ဖမ်းယူလာပါတယ်၊ အိမ်အလယ်မှာ လဲပြီး အလိုရှိသလောက် ထုထောင်းရိုက်နှက်ပါတယ်၊ အရိုက်ခံရတိုင်း အခြားဘာစကားကိုမျှ မပြောဆိုပဲ "**ကောဓနာ အကတညူ စ၊ ပိသုဏာ မိတ္တဘေဒီကာ**– မိန်းမဆိုတာ အမျက်ထွက်တတ်ပါတယ် (စိတ်ဆိုးလွယ်တယ်)၊ ပြုဖူးတဲ့သူ့ကျေးဇူးကိုလဲ မသိတတ်ပါ၊ ဂုန်းထိုက်မှုကိုလဲ ပြုတတ်ပါတယ်၊ အဆွေခင်ပွန်းကိုလဲ ပြစ်မှားတတ်ပါတယ်"၊ ဒီစကား ၄–ခွန်းကိုသာ ပြောဆိုနေပါတယ်။

ခိုးသူကြီးဟာ အိပ်ရာက တရေးနိုးလို့ အမူးပြေလာတဲ့အခါ တဖန် ရိုက်ဖို့ အားထုတ်ပြန်ပါတယ်၊ တက္ကပဏ္ဍိတကလဲ ဒီစကား ၄–ခွန်းကိုပဲ ပြောဆိုနေပါတယ်၊ ခိုးသူကြီးကာ "ဒီလူဟာ အရိုက်ခံရတိုင်း ဒီစကား ၄–ခွန်းကိုချည်း ပြောဆိုနေတယ်၊ သူ့ကို မေးမြန်းကြည့်ဦးမှ"လို့ စဉ်းစားမိပြီး အဲဒီအမျိုးသမီး အိပ်ပျော်နေချိန်မှာ စုံစမ်းမေးမြန်းကြည့်ပါတယ်။

"အရင်က ကျွန်ုပ်ဟာ တောရဆောက်တည်နေတဲ့ ဈာန်ရရသေ့တပါးဖြစ်ခဲ့ပါတယ်၊ ဂင်္ဂါမြစ်ထဲမှာ မျောလာတဲ့သူမကိုဆယ်တင်ပြီး လုပ်ကျွေးခဲ့ပါတယ်၊ အဲဒီနောက် ကျွန်ုပ်ကို သူမဟာ မိန်းမမာယာနဲ့ ဖျားယောင်းတဲ့အတွက် ဈာန်လျောကျပျက်စီးခဲ့ပါတယ်၊ ကျွန်ုပ်က တောကိုစွန့်ခွါပြီး သူမကို လုပ်ကျွေးရန် ကျေးတောရွာငယ်တခုမှာ နေရပါတယ်၊ အဲဒီအခါမှာ ခိုးသူတွေရဲ့ အဖမ်းခံရပြီး ဒီနေရာကို ခေါ်ယူလာတဲ့သူမဟာ 'ကျွန်မ ဆင်းရဲဒုက္ခရောက်နေပါတယ်၊ လာပြီး ကျွန်မကို ခေါ်ပါ'လို့ ကျွန်ုပ်ထံကို သတင်းပို့တဲ့အတွက် ကျွန်ုပ်လာရာတွင် ယခုအခါ သင်ရဲ့လက်ထဲမှာ ကျရောက်ရပါတော့တယ်၊ ဒါ့ကြောင့် ကျွန်ုပ်က အဲဒီစကား ၄-ခွန်းကို ပြောဆိုရတာပါ"လို့ နောက်ကြောင်းကို အစအဆုံး ပြန်ပြောပြတဲ့ တက္ကပဏ္ဍိတရဲ့စကားကို ကြားရတဲ့ ခိုးသူကြီးဟာ "ဒီမိန်းမဟာ ဒီလိုကျေးဇူးပြုထားတဲ့ ကျေးဇူးရှင်ကိုတောင်မှ ပြစ်မှားသေးရင် ငါ့အားလဲ ဘေးရန်ကို မလွဲမသွေ ပြုလုပ်လာလိမ့်မယ်၊ ဒီကောင်မကိုတော့ သတ်ပစ်မှ ဖြစ်တော့မယ်" လို့ ကြံရွယ်ပြီး အဲဒီမိန်းမကို အိပ်ရာမှ နှိုးလိုက်ပါတယ်၊ "လာဟေ့- ဒီလူကိုသတ်ကြရအောင်"လို့ ရွာပြင်ကို ခေါ်ထုတ်သွားပြီး တက္ကပဏ္ဍိတကို မသတ်ပဲ အဲဒီမိန်းမကို သတ်ပစ်လိုက်ပါတယ်။

ခိုးသူကြီးက တက္ကပဏ္ဍိတကို အိမ်သို့ပြန်ခေါ်လာကာ ၂-ရက် ၃-ရက်လောက် ကျွေးမွေးထားပြီး "အခု ဘယ်ကို သွားလိုပါသလဲ?"လို့ မေးပါတယ်၊ တက္ကပဏ္ဍိတက "ရသေ့ရဟန်းလုပ်ပြီး တောမှာပဲနေလိုပါတယ်"လို့ ပြောပြပါတယ်၊ ဒီစကားကိုကြားရတဲ့ ခိုးသူကြီးက "ကျုပ်လဲ ရသေ့ရဟန်း ပြုလိုပါတယ်"လို့ ပြောပါတယ်၊ ၂-ယောက်လုံးဟာ ရသေ့ရဟန်းပြုလုပ်ပြီး တက္ကပဏ္ဍိတ နေလာခဲ့တဲ့ တောအုပ်ကို သွားရောက်ကာနေကြပါတယ်၊ ဈာန်အဘိညာဉ်ကိုလဲရအောင် အားထုတ်ကြပါတယ်၊ သေလွန်တဲ့အခါ ရသေ့ ၂-ပါးလုံးပင် ဗြဟ္မာ့ပြည်ကို ရောက်ကြရပါတယ်[၂၁]။

**အသက်ကယ်ထား။ ပုဂ္ဂိုလ်အား။ ပြစ်မှားမိန်းမ ယုတ်ညံ့လှ၊**
**သူ့ကိုသတ်စေ၊ သူမသေ၊ ကိုယ်သေပါရ ထိုမိန်းမ။**
(ကိုယ်ကျင့်မင်္ဂလာ၊ ၄၉၀။)

ဒီဇာတ်တော်မှာ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ မိန်းမဟာ ဒီဘဝမှာလဲ သေခြင်းဆိုးနဲ့ သေရတဲ့အပြင် ဒေါသစိတ်နဲ့ သေရတဲ့အတွက် နောက်ဘဝမှာလဲ ငရဲကို မလွဲမသွေ ကျရောက်ရပါလိမ့်မယ်။

---

[၂၁] ဇာတကာ၊ ၆၊ ၁၊ တက္ကပဏ္ဍိတဇာတ်၊ ၃၁၃-၃၁၆။

**ကျေးဇူးပြုသူ၊ ကျေးဆပ်သူ၊ ထိုသူနှစ်ဖြာ ရခဲစွာ---**

(၁) **ပုဗ္ဗကာရီ**-ရှေးဦးစွာ ကျေးဇူးပြုတတ်သူ၊

(၂) **ကတညူ ကတဝေဒီ**-သူပြုဖူးတဲ့ကျေးဇူးကို သိတတ် ဖော်ထုတ်တတ်သူ-

ဒီပုဂ္ဂိုလ် ၂-မျိုးဟာ လောကမှာ ရခဲတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်-လို့ အဂုံတွာရနိကာယ် ဒုက နိပါတ် တတိယပဏ္ဏာသက အာသာဒုပ္ပဇဟဝဂ် (အံ၊ ၁၊ ၈၆)မှာ ဟောတော်မူပါတယ်။ အဲဒီ ၂-ဦးတွင် ရှေးဦးပြုသူ မှာ "ကြွေးပေးမယ်"လို့ အမှတ်သညာကို ပြုပါတယ်၊ သူ့ကျေးဇူးကိုသိပြီး နောက်ပြုသူ ကတော့ "ကြွေးဆပ်မယ်" လို့ အမှတ်သညာကို ပြုပါတယ်-လို့ အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၂၊ ၅၇) မှာ ဖွင့် ဆိုပါတယ်။ လောကမှာ တစုံတယောက်ကကြွေးပေးရင် ကြွေးယူသူမှာ ကြွေးတင်တယ်-လို့ ဆိုရ တယ်၊ အလားတူပင် တစုံတယောက်က ကျေးဇူးပြုရင် အပြုခံရသူမှာ ကျေးဇူးတင်တယ်-လို့ ဆိုရပါ တယ်၊ ကြွေးတင်ရင် ပြန်ပေးရတာကို ကြွေးဆပ်တယ်-လို့ ပြောဆိုရသလို ပြန်လည်ကျေးဇူးပြုတာကို ကျေးဇူးဆပ်တယ်-လို့ ဆိုရပါတယ်၊ ဒီအချက်မှာ ကျေးဇူးပြုသူက ပြန်ရလိုမှုနဲ့ ပြုတာမဟုတ်ပေမယ့် တာဝန်သိသူက ပြန်လည် ကျေးဇူးပြုမယ်ဖြစ်လို့ ကြွေးပေး ကြွေးဆပ်တာနဲ့ တူတဲ့အတွက် "ကြွေးပေး မယ်"လို့ အမှတ်သညာပြုသလို ဖြစ်တာကိုပဲ 'အမှတ်သညာ'ပြုတယ်-လို့ အဋ္ဌကထာဆရာ ဆိုခြင်း ဖြစ်ပါတယ်။

**တစ်လုပ်စားဖူး၊ သူ့ကျေးဇူး၊ အထူး သိအပ်စွာ** ။ ။ ရာဓပုဏ္ဏားကြီးဟာ ရဟန်းပြုလိုပါလျက် တာဝန် ခံရဟန်းပြုလုပ်ပေးမယ့်သူမရှိတဲ့အတွက် ရဟန်းမပြုရဖြစ်နေရာတွင် ဘုရားရှင်က "ဒီပုဏ္ဏားရဲ့ကျေးဇူး ကို ဘယ်သူအမှတ်ရသလဲ?"လို့ မေးတော်မူတဲ့အခါ "တပည့်တော် အမှတ်ရပါတယ်ဘုရား" လို့ အရှင်သာရိပုတ္တရာက လျှောက်ထားပါတယ်၊ "ဘယ်လို ကျေးဇူးလဲ?"လို့ ဘုရားရှင်က မေးတော်မူ ပြန်ရာ "ဘုရားတပည့်တော် ရာဇဂြိုဟ်မြို့မှာ ဆွမ်းခံစဉ် ဒီပုဏ္ဏားကြီးက ဆွမ်းတဇွန်း လောင်းဘူးပါ တယ်"လို့ အရှင်သာရိပုတ္တရာက လျှောက်ထားပါတယ်။ ဘုရားရှင်က "သာဓု သာဓု, သာရိပုတ္တရာ၊ သူတော်ကောင်းတွေဟာ သူ့ကျေးဇူးကို သိတတ် ထုတ်ဖော်တတ်ကြပေတယ်"လို့ ကောင်းချီးပေး တော်မူပါတယ်။

ပစ္စည်းဥစ္စာပေးတာထက် အသိအလိမ္မာ ဉာဏ်ပညာပေးတဲ့ ဆရာသမား စတဲ့ပုဂ္ဂိုလ်တွေဟာ ပိုကျေးဇူးပြုတတ်သူများ ဖြစ်ကြပါတယ်၊ အထူးသဖြင့် တရားနဲ့ ကျေးဇူးပြုသူများရဲ့ကျေးဇူးဟာ ပြေ လည်အောင် ပြန်အဆပ်ခက်လောက်အောင် ကြီးမားလှတယ်-လို့ ဟောတော်မူပါတယ်၊ ဒါ့ကြောင့်

တကယ်ကျေးဇူးကြီးမားလှတဲ့ မိဘ ဆရာနဲ့ မိမိအပေါ် စောင်မသူမှန်သမျှရဲ့ ကျေးဇူးကို မတတ်သာရင် အစဉ်အောက်မေ့ပြီး တတ်နိုင်သလောက် တုံ့ပြန်မှ သူတော်ကောင်း ဖြစ်ကြပါမယ်[၂၁၁]။

**ကျေးဇူးချေပစ်၊ တရားလစ်၊ နွမ်းညစ် စည်းစိမ်ဟာ၊**
**ကျေးဇူးမပစ်၊ စည်းစိမ်ဖြစ်၊ ဆန်းသစ် လပမာ၊**
**တနေ့ထက်ကို၊ တနေ့ပို၊ မောက်မို ဘုန်းသမ္ဘာ။** (သုတရတနာ)
**အကျင့်သွမ်းက၊ ဘုန်းတန်းပျောက်သည်၊**
**သစ္စာမမှန်က၊ ရန်မာန်မြောက်သည်၊**
**သူ့ကျေးဇူးကို၊ အထူးသိမှ၊ စည်းစိမ်တည်သည်၊**
**လာမည့်ဘေးကို အဝေးကမြင်မှ၊ အသက်ရှည်သည်၊**
**သူ့အကျိုးကို လိုမှ၊ ကိုယ့်မှာ အကျိုးရောက်သည်။** (ကျည်းကန်ရှင်ကြီး။)
**သူ့ကျေးဇူးကို အထူးသက်လုံးသိ၊**
**ကတိကိုလည်း မြဲလှစေ၊**
**သတိကိုလည်း စွဲနိုင်စေ။** (ကျည်းကန်ရှင်ကြီး)

မဃဒေဝလင်္ကာသစ် (အပိုဒ် ၂၅၅, ၂၀၈, ၂၀၉)မှာ---

**မေတ္တာရှေးဦး၊ ပြုပေးဖူးကို၊ ကျေးဇူးသိမူ၊ ကတညူတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်၊ လောကီလူစု၊ မြတ်ဉာဏ်နတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်၊ မခေါက်မရက်၊ နှစ်သက်အင်ရွဲ၊ သိတတ်ခဲ၏။** (၂၅၅)

**ကြောင်းကျိုးမသိ၊ လူဒိဋ္ဌိကား၊ မိုးရှိလောက်စင်၊ ပြုပါချင်လျက်၊ မတင်ကျေးဇူး၊ ဖျောက်ထိမ် မြူး၏၊ အထူးကြီးလှ၊ စကြဝတေး၊ စည်းစိမ်ပေးလည်း၊ မိုက်မှေးမောဟ၊ ကြီးလောဘနှင့်၊ အားရ မယှိ[၂၁၂]၊ ပြစ်မှားဘိ၏။** (၂၀၈)

**ငှက်ပျောလက်ပံ၊ နှစ်မဆံသို့၊ နှုတ်သံချိုများ၊ စိတ်သံမြားနှင့်၊ ထွေပြားနှလုံး၊ လူမိုက်ထုံးကား၊ မသုံးသစ္စာ၊ ကျင့်တတ်စွာ၏၊ ရှေ့မှာတသွယ်၊ ကွယ်သော်တဝ၊ တချို့ကမူ၊**

---

[၂၁၁] ဝိ၊ ၃၊ ၇၀။

[၂၁၂] ယှိ–ရှေ့ရေးထုံး၊ ရှိ–နှင့် အဓိပ္ပါယ်တူ။

စားရဝမ်းသာ၊ စေပါ ဝမ်းနည်း၊ ကျော့ကျည်းမူနည်[၂၃၃]၊ ကွေ့လည်ကောက်ကျစ်၊ ကျင့်ညစ်သဘော၊ ဖြောင့်မချောဘူး၊ ရေမျောထင်းယောင်း၊ ဆယ်သော်ကောင်း၏၊ အကြောင်းမညာ၊ ပြုတတ်စွာသည့်၊ ပညာမဲ့ထ၊ လူ့ဗာလကို၊ မ-စကယ်မိ၊ အပြစ်ယှိခဲ့[၂၃၄]၊ မသိကျေးဇူး၊ ထိမ်မြူးဖျောက်ချေ၊ ကြက်သောက်ရေသို့၊ ပျောက်ကျေဆုံးဘီ၊ ကျိုးမရှိတည့်။ (၂၀၉)

(၂၆) **ကာလေန မေ့ဿဝန်**-[**ကာလေန**-သင့်တော်တဲ့အခါမှာ+**မေ့ဿဝန်**-တရားနာခြင်း] ခုဒ္ဒက ပါဌအဋ္ဌကထာနဲ့ သုတ္တနိပါတအဋ္ဌကထာတို့အရ "သင့်တော်တဲ့အခါမှာ တရားနာခြင်း" ဆိုတာ စိတ်ပျံ့လွင့်နေတဲ့ အခါမျိုး, ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် ၃-ပါးထဲမှ တပါးပါးရဲ့ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံရတဲ့အခါမျိုးမှာ စိတ်ပျံ့လွင့်မှုနဲ့ ကာမဝိတက်-စတဲ့ဝိတက်များကို ပယ်ဖျောက်ရအောင် တရားနာခြင်း[၂၃၅]-လို့ ဆိုလိုပါတယ်။

**ဝိတက် ၃-မျိုး။** ။ **ကာမဝိတက်**-ဆိုတာ ကာမဂုဏ်နဲ့စပ်ယှဉ်တဲ့ အကြံအစည် အတွေး- ဖြစ်ပါတယ်၊ **ဗျာပါဒဝိတက်**-ဆိုတာ သူတပါးရဲ့အကျိုးမဲ့နဲ့စပ်ယှဉ်တဲ့ အကြံအစည် အတွေး-ဖြစ်ပါတယ်၊ **ဝိဟိံသာဝိတက်**-သူတပါးကို ညှင်းဆဲနှိပ်စက်ခြင်းနဲ့စပ်ယှဉ်တဲ့ အကြံအစည် အတွေး-ဖြစ်ပါတယ်။

အဲဒီ ဝိတက် ၃-ပါးထဲမှ ကာမဝိတက်နဲ့ ဗျာပါဒဝိတက်တို့ဟာ သက်ရှိသတ္တဝါတွေမှာလဲ ဖြစ်တတ်ကြပါတယ်၊ သက်မဲ့အရာဝတ္ထုတွေမှာလဲ ဖြစ်တတ်ကြပါတယ်၊ ချစ်ခင်မြတ်နိုးစရာကောင်းတဲ့သတ္တဝါနဲ့ အရာဝတ္ထုတွေကို ကြံစည်တဲ့ပုဂ္ဂိုလ်မှာ ကာမဝိတက် ဖြစ်တတ်ပါတယ်၊ ချစ်ခင်မြတ်နိုးစရာမကောင်းတဲ့သတ္တဝါနဲ့ အရာဝတ္ထုတွေကို အမျက်ထွက်ကာ ကြည့်တဲ့အခါကစပြီး ပျက်စီးတဲ့အချိန်အထိ ဗျာပါဒဝိတက် ဖြစ်ပါတယ်။

ဝိဟိံသာဝိတက်ကတော့ သက်မဲ့အရာဝတ္ထုတွေမှာ မဖြစ်ပါဘူး၊ ဆင်းရဲဒုက္ခရောက်စေသင့်တဲ့ သက်မဲ့ အရာဝတ္ထုဆိုတာ မရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်၊ သက်ရှိသတ္တဝါတွေမှာသာ ဖြစ်ပါတယ်၊

---

[၂] **ကျော့ကျည်း**-ဟူသည် ပေါရာဏ, ပျင်းရိသည်၊ **မူနည်**-လည်း ပေါရာဏ, အမူအကျင့် သဘောအလေ့-ဟူလို။

[၃] **ရေမျောထင်းယောင်း။ ပ ။ အပြစ်ယှိခဲ့**-ဟူသည်ကား ဧကနိပါတ် သစ္စံကိရဇာတ်, တေရသနိပါတ် ရုရုမိဂဇာတ် စသည် တို့ကို ရည်သည်။

[၄] ခုဒ္ဒကပါဌ၊ ၌ ၂၄။ သုတ္တနိပါတ၊ ၌ ၂၊ ၂၉။

ဒီသတ္တဝါတွေ ဒီကောင်တွေဟာ အသတ်ခံကြရပါစေ, ပျက်စီးကြပါစေ, –လို့ ကြံစည်တဲ့အခါမှာ ဝိဟိ်သာဝိတက် ဖြစ်ပါတယ်[၂၁၆]။

အဋ္ဌကထာများမှာ ဖွင့်ဆိုချက်အရ "မိတ်ဆွေကောင်းကို ချဉ်းကပ်ပြီး မိမိရဲ့ ယုံမှားသံသယကို ပယ်ဖျောက်တတ်တဲ့တရားကို နာကြားနိုင်တဲ့ အခါမှာလဲ တရားနာခြင်းဟာ "သင့်တော်တဲ့အခါမှာ တရားနာခြင်း" မည်ပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်က–

"ဗဟုဿုတရှိတဲ့ရဟန်းကို ချဉ်းကပ်ပြီး 'ဒီပါဠိက ဘယ်လိုပါလဲ? ဒီပါဠိရဲ့အနက်က ဘယ်ပုံပါလဲ?' လို့ ဆွေးနွေးမေးမြန်းသူအား ဗဟုဿုတရှိသူရဟန်းက 'မထင်ရှားတာကိုလဲ ထင်ရှားအောင် ဟောပြောပေးပါတယ်၊ မပေါ်လွင်တာကိုလဲ ပေါ်လွင်အောင် ရှင်းပြပေးပါတယ်၊ မျှားလှတဲ့ ယုံမှားစရာတွေကိုလဲ ယုံမှားကင်းအောင် ပြုလုပ်ပေးပါတယ်' လို့ ဟောတော်မူပါတယ်"။

ဒီပါဠိတော်အရတော့ တရားနာရန် ရက်တွေ အချိန်တွေ ငွေးနေစရာ မလိုပဲ ဘယ်ရက် ဘယ် အချိန်မှာမဆို တရားနာသင့်ပါတယ်၊ တရားမနာသင့်တဲ့ရက် အချိန်အခါရယ်–လို့ မရှိပါဘူး၊ တရား ဟောမယ့်ပုဂ္ဂိုလ်ကလဲ အဆင်သင့်ရှိနေပြီး မိမိကိုယ်တိုင်ကလဲ အားလပ်ခွင့်ရတဲ့အချိန်ဟာ တရားနာ ရန် သင့်တော်တဲ့အခါ ဖြစ်ပါတယ်။

**တရားနာခြင်း၏အကျိုးအာနိသင် ၄–ပါး။** ။ အဂ်ုတ္တရနိကာယ် စတုက္ကနိပါတ် စတုတ္ထပဏ္ဏာသက မဟာဝဂ္ဂ သောတာနုဂတသုတ် (အံ၊ ၁၊ ၅၀၄–၅၀၇) မှာ တရားနာယူခြင်းရဲ့အကျိုးအာနိသင် ၄–ပါး ကို ဘုရားရှင်ဟောတော်မူခဲ့ပါတယ်----

(၁) တရားတော်ကို စိတ်ပါဝင်စားစွာ ကြားနာသင်ယူထားတဲ့ သိလရှိသူဟာ ပုထုဇဉ် ဘဝနဲ့ သေသွားရင် နတ်ပြည်တခုခုမှာ ဖြစ်ပါတယ်၊ အဲဒီနတ်ပြည်မှာ ချမ်းသာသုခကို ရရှိပြီး ရှေးဘဝက ကြားနာလေ့လာထားခဲ့တဲ့ တရားအစုတွေ ပေါ်လာထင်လာတာနဲ့ပဲ လျင်မြန်စွာ တရားထူးကို ရရှိပါ တော့တယ်။

(၂) အဲဒီနတ်ပြည်တခုခုမှာ ဖြစ်တဲ့သူဟာ မိမိကြားနာသင်ယူထားခဲ့တဲ့တရားအစုတွေ မပေါ်လွင် မထင်ရှားရင်လဲ အရဟတ္တဖိုလ်ကိုရပြီးတဲ့ တန်ခိုးကြီးမား နတ်သားတဦးဦးရဲ့

---

[၂၁၆] ဒီ၊ ၌၊ ၃၊ ၁၆၈။

တရားကို ကြားနာရတာနဲ့ မိမိကျင့်လာတဲ့အကျင့်တွေကို အောက်မေ့ဆင်ခြင်မိတဲ့အခါ တရားထူးကို ရနိုင်ပါတယ်။

(၃) အဲဒီနတ်ပြည်တခုခုမှာ ဖြစ်တဲ့သူဟာ အရဟတ္တဖိုလ်ကိုရပြီးတဲ့ နတ်သားရဲ့တရားကို မကြားနာရပေမယ့် ဓမ္မကထိကနတ်သားတဦးဦးရဲ့တရားကို ကြားနာရတာနဲ့ မိမိကျင့်လာတဲ့ အကျင့်တွေကို အောက်မေ့ဆင်ခြင်မိတဲ့အခါ တရားထူးကို ရနိုင်ပါတယ်။

(၄) အဲဒီနတ်ပြည်တခုခုမှာ ဖြစ်တဲ့သူဟာ မိမိကိုယ်တိုင်လဲ ရှေးဘဝက ကြားနာလေ့လာထားခဲ့တဲ့ တရားအစုတွေ မပေါ်လွင် မထင်ရှား, အရဟတ္တဖိုလ်ကိုရပြီးတဲ့ နတ်သားရဲ့ တရားကိုလဲ မကြားနာရ, ဓမ္မကထိကနတ်သားတဦးဦးရဲ့ တရားကိုလဲ မကြားနာရပေမယ့် ရှေးဦးစွာဖြစ်နေနှင့်တဲ့ နတ်သားတဦးဦးက နောက်မှဖြစ်လာတဲ့ မိမိကို ရှေးက ကျင့်လာခဲ့တဲ့ အကျင့်ကို အောက်မေ့ခိုင်းလို့ အောက်မေ့သတိရရုံနဲ့ပဲ တရားထူးကို ရနိုင်ပါတယ်။

**သင့်တော်တဲ့အခါ တရားနာရခြင်း၏အကျိုး ၅-ပါး။** ။ အဂ်ုတ္တရနိကာယ် ဆက္ကနိပါတ် ဒုတိယ ပဏ္ဏာသက မဟာဝဂ္ဂ ဖဂ္ဂုနသုတ် (အံ၊ ၂၊ ၃၃၅-၃၃၆)မှာ သင့်တော်တဲ့အခါမှာ တရားနာရခြင်းရဲ့ အကျိုး ၆-မျိုးကို ဟောတော်မူခဲ့ပါတယ်------

(၁) သေခါနီးမှာ ဘုရားရှင်ထံမှ တရားတော်ကို နာကြားရတာနဲ့ အနာဂါမိဖိုလ်ကို ရရှိခြင်း၊

(၂) သေခါနီးမှာ ဘုရားရှင်ရဲ့ တပည့်ထံမှ တရားတော်ကို နာကြားရတာနဲ့ အနာဂါမိဖိုလ်ကို ရရှိခြင်း၊

(၃) သေခါနီးမှာ ကြားနာသင်ယူခဲ့ဖူးတဲ့တရားကို စိတ်နဲ့ဆင်ခြင်တာနဲ့ အနာဂါမိဖိုလ်ကို ရရှိခြင်း၊

(၄) သေခါနီးမှာ ဘုရားရှင်ထံမှ တရားတော်ကို နာကြားရတာနဲ့ အရဟတ္တဖိုလ်ကို ရရှိခြင်း၊

(၅) သေခါနီးမှာ ဘုရားရှင်ရဲ့တပည့်ထံမှ တရားတော်ကို နာကြားရတာနဲ့ အရဟတ္တဖိုလ်ကို ရရှိခြင်း၊

(၆) သေခါနီးမှာ ကြားနာသင်ယူခဲ့ဖူးတဲ့တရားကို စိတ်နဲ့ဆင်ခြင်တာနဲ့ အရဟတ္တဖိုလ်ကို ရရှိခြင်း၊

ဒီပါဠိတော်အရ "သင့်တော်တဲ့အခါ"ဆိုတာ "သေခါနီးအခါ"ကို ဆိုလိုတာပါ။

**တရားနာရခြင်းအကျိုး ၅-ပါး။** ။ အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ပဉ္စမပဏ္ဏာသက ကိမိလဝဂ် ဓမ္မသဝန သုတ် (အံ၊ ၂၊ ၂၁၆)မှာ တရားနာရခြင်းအကျိုး ၅-ပါးကို ဟောတော်မူခဲ့ပါတယ်------

(၁) **အဿုတံ သုဏာတိ**-မကြားဘူးသေးတဲ့တရားကို ကြားနာရခြင်း၊

(၂) **သုတံ ပရိယောဒါပေတိ**-ကြားဘူးတဲ့တရားကို စင်ကြယ်စေခြင်း၊

(၃) **ကင်္ခံ ဝိတရတိ**-ယုံမှားကို လွန်မြောက်ရခြင်း (ယုံမှားကင်းပျောက်ခြင်း)၊

(၄) **ဒိဋ္ဌိ ဥုဇုံ ကရောတိ**-အယူကို ဖြောင့်မတ်စေခြင်း၊

(၅) **စိတ္တမဿ ပသီဒတိ**-စိတ်ကြည်လင်ခြင်း။

**မကြားဘူး ကြား။ ကြားဘူးစင်တုံ၊ ယုံမှား ဖျောက်တတ်၊ ယူဖြောင့်မတ်လျက်၊**

**စိတ်ဓာတ်ကြည်လင်၊ ကျိုးငါးအင်၊ လိုလျှင် တရားနာ။** (ပရိတ်ကြီးနိဿယသစ်၊ ၁၆၇။)

ဒီအကျိုး ၅-ပါးတွင် စိတ်ကြည်လင်ခြင်းအကျိုးမှာ လွန်စွာအရေးပါလှပါတယ်၊ စိုးပွါးရေး, ပညာရေး, ကျန်းမာရေး, မိသားစုရေး, ဆွေရေး မျိုးရေးစတဲ့အရေးကိစ္စတွေအတွက် စိတ်မချမ်းမသာသောကရောက် နေရတဲ့အခါမျိုးမှာ တရားနာယူရန် အလွန်သင့်တော်တဲ့အခါ ဖြစ်ပါတယ်၊ ဓမ္မကထိကရဲ့ တရားဟောစွမ်းအားရှိရင် ဖြစ်သမျှသောကဟာ တခဏချင်း ကင်းဝေးသွားနိုင်ပါတယ်။

**သောကဖျောက်ကင်း။ မုဏ္ဍာမင်း။ ကြောင်းရင်းရှာက တရားနာမှ။** ။ ဤရှင်နာရဒသည် ပါဠိလိပုတ်မြို့ကုက္ကုဋ္ဌာရာမတိုက်မှာ သိတင်းသုံးစဉ် မုဏ္ဍာမင်းရဲ့ချစ်မြတ်နိုးလှတဲ့ မိဖုရားဘဒ္ဒါဟာ နတ်ရွာစံခဲ့ပါတယ်၊ မုဏ္ဍာမင်းဟာ မိဖုရားနတ်ရွာစံတဲ့အတွက် သောကမီးတောက်လောင်ပြီး ရေလဲမချိုး, ကိုယ်ကိုလဲမဖီးမလိမ်း, အစာလဲမစား, အလုပ်လဲမလုပ်ပဲ နေ့ရောညပါ မိဖုရား ဘဒ္ဒါရဲ့အလောင်းကိုယ်မှာသာ နစ်မျောနေခဲ့ပါတယ်၊ မိဖုရားရဲ့ကိုယ်ကို ကာလကြာမြင့်စွာ မြင်ရအောင် သံနဲ့လုပ်ထားတဲ့ဆီစက္ခုင်း[၂၇]မှာ ထည့်သွင်းပြီး အပေါ်ကလဲ သံစက္ခုင်းနဲ့ပင် အုပ်ထားရန် ပိယက-အမည်ရှိ ဘဏ္ဍာစိုးအား အမိန့်ပေးစေခိုင်းခဲ့ပါတယ်၊ ဘဏ္ဍာစိုးကလဲ ဘုရင့်အမိန့်အတိုင်း ပြုလုပ်ပေးခဲ့ပါတယ်။

အဲဒီနောက် ဘဏ္ဍာစိုးက မင်းကြီးသောကအပူမီး ငြိမ်းအေးစေဖို့ အရှင်နာရဒထံ ဆည်းကပ်ပါရန် အကြံပေးလျှောက်ထားရာ မင်းကြီးလဲ သဘောတူပြီး အရှင်နာရဒထံကို ရောက်သွားပါတယ်၊

---

[၂၇] အလောင်းထည့်လို့ရနိုင်လောက်အောင် သံဖြင့်ပြုလုပ်သော ဆီထည့်ထားသော ခွက်ရှည်၊

အရှင်နာရဒက "မင်းကြီး, လောကမှာ ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာ–ဘယ်သူမှ (တောင့်တလို့) မရကောင်းတဲ့အရာဌာန ၅–မျိုးရှိပါတယ်-----

(၁) အိုခြင်းသဘောရှိတဲ့အရာကို မအိုပါနဲ့–လို့ ဘယ်သူမှ တောင့်တလို့ မရကောင်းတဲ့ အရာ ဖြစ်ပါတယ်၊

(၂) နာခြင်းသဘောရှိတဲ့အရာကို မနာပါနဲ့–လို့ ဘယ်သူမှ တောင့်တလို့ မရကောင်းတဲ့ အရာ ဖြစ်ပါတယ်၊

(၃) သေခြင်းသဘောရှိတဲ့အရာကို မသေပါနဲ့– လို့ ဘယ်သူမှ တောင့်တလို့ မရကောင်း တဲ့အရာ ဖြစ်ပါတယ်၊

(၄) ကုန်တတ်တဲ့သဘောရှိတဲ့အရာကို မကုန်ပါနဲ့– လို့ ဘယ်သူမှ တောင့်တလို့ မရ ကောင်းတဲ့အရာ ဖြစ်ပါတယ်၊

(၅) ပျက်စီးတတ်တဲ့သဘောရှိတဲအရာကို မပျက်စီးပါနဲ့– လို့ ဘယ်သူမှ တောင့်တလို့ မရ ကောင်းတဲ့အရာ ဖြစ်ပါတယ်–

လို့ ဟောတော်မူပါတယ်။

ဒီနောက်မှာ အရှင်နာရဒက အဲဒီသဘောတရားတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ ပုထုဇဉ်နဲ့ အရိယာတွေရဲ့ နှလုံးသွင်း ကွဲပြားခြားနားပုံကိုလဲ ဆက်လက်ဟောတော်မူပါတယ်၊ အချုပ်အားဖြင့် ပုထုဇဉ်က မိမိနဲ့ပတ်သက်တဲ့ အိုခြင်း, နာခြင်း, သေခြင်း, ကုန်ခြင်း, ပျက်စီးခြင်းတို့နဲ့ ကြုံတွေ့ရတဲ့ အခါ ဒီအိုခြင်း, နာခြင်း, သေခြင်း, ကုန်ခြင်း, ပျက်စီးခြင်းတွေမှာ ငါတယောက်တည်းသာ ကြုံတွေ့ ရတာမဟုတ်, အားလုံး ကြုံတွေ့ရတာချည်းဖြစ်တယ်၊ ငါက စိုးရိမ်ပူပန် ငိုကြွေးမြည်တမ်းနေရင် အစားပျက်, အလုပ်ပျက်, ရုပ်ဆင်း ပျက်ရုံသာ ဖြစ်တယ်၊ ရန်သူတွေ ဝမ်းသာအားရပြီး မိတ်ဆွေတွေ ဝမ်းနည်း စိတ်မကောင်း ဖြစ်ကြမယ်–လို့ မစဉ်းစားတတ်တဲ့အတွက် စိုးရိမ်ပူဆွေး ငိုကြွေးကြရတယ်၊ ငိုကြွေးရခြင်းဖြင့် အဆိပ်လူးထားတဲ့ သောကငြောင့်ကြိုး အစူးခံရပါတော့တယ်။

အရိယာပုဂ္ဂိုလ်ကတော့ စဉ်းစားတတ်တဲ့အတွက် မငို မကြွေး, မပူမဆွေးပဲ သောကငြောင့်ကြိုး ကို နုတ်နိုင်တယ်၊ သောကငြောင့်ကြိုးစူးခံရတဲ့အတွက် ပုထုဇဉ်မှာပူပန်ရတယ်၊ သောကငြောင့်ကင်းတဲ့ အတွက် အရိယာမှာ ငြိမ်းအေးရတယ်၊ ဒီတရားကို ကြားနာရတဲ့ မုဆွေမင်းက "ဒါ ဘာတရားပါလဲ ဘုရား?"လို့ မေးလျှောက်ပါတယ်၊ အရှင်နာရဒက "သောကငြောင့်နုတ်တရားပါ"လို့ မိန့်တော်မူပါ တယ်၊ မုဆွေမင်းက "တကယ်ကို သောကငြောင့်နုတ်တရားပါပဲဘုရား၊ ဒီတရားကို ကြားနာရတဲ့

အတွက် တပည့်တော်ရဲ့ သောကငြောင့်ကြီး နတ်ပယ်ပြီး ဖြစ်ပါပြီဘုရား"လို့ လျှောက်ထားပြီးနောက် ပိယကအမည်ရှိ ဘဏ္ဍာစိုးအား "ဘဒ္ဒါရဲ့အလောင်းကို မီးသင်္ဂြိုဟ်လိုက်တော့၊ ငါ ဒီနေ့ကစပြီး ရေလဲချိုး, နံ့သာလဲလိမ်း, ပွဲတော်လဲ သုံး, အလုပ်လဲလုပ်တော့မယ်"လို့ အမိန့်ပေးပါတယ်။

**အသက်ဝုဏ်ဝါ–ကိုယ့်ထက်ကြီးက၊**

**ဆည်းကပ်ခစား–ရှိသေသေ။**

**မာနတံခွန်–ဝုဏ်မကြွနှင့်၊**

**ကိုယ့်ကိုနှိမ့်ချ–အမြဲနေ။**

**လောဘအပို–လိုမလိုက်နဲ့၊**

**ကိုယ့်ထိုက်တာနဲ့–ကျေနပ်လေ။**

**ကိုယ့်ပေါ်ပြုဖူး–သူ့ကျေးဇူး၊**

**အထူးသိတတ်စေ။**

**ကောင်းကျိုးဆင့်ပွါး–မြတ်တရား၊**

**နာကြားမပြတ်ပေ။**

**အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။**

၁၀။ **ခန္တီ စ သောဝစသတာ၊ သမဏာနဉ္စ ဒဿနံ။**
**ကာလေန မမွသာကန္တာ၊ တေ မဂိလ'မုတ္တမံ။**

**ခန္တီ= ခန်တီ** [**ခန္တီ**–မှ ဆန်းကြောင့် ဒီဃ (ဉ) **ခန္တီ**–ဖြစ်ရ၊ အနက်ပေးသည့်အခါ ဣရဿနှင့် **ခန္တီ**–ဖော်ပေးရ၏။ ]

**သောဝစသတာ= သော ဝစသ်သတာ→သော ဝစတ်သတာ**

**ဒဿနံ=ဒသ်သနံ→ဒတ်သနံ**

**မမွသာကန္တာ= ဓမ်မ သာကစ်ဆာ**

(**ဒေဝပုတ္တ**–နတ်သား၊) (**ယာ**) **ခန္တီ စ**–အကြင် သည်းခံခြင်းသည်လည်းကောင်း၊ (**ယာ**) **သောဝစသတာ စ**–အကြင် ပြောဆိုဆုံးမလွယ်သူ၏ အဖြစ်သည်လည်းကောင်း၊ **သမဏာနံ**–ရဟန်းတော်တို့ကို၊ (**ယံ**) **ဒဿနဉ္စ**–အကြင် ဖူးမြင်ခြင်းသည်လည်းကောင်း၊ **ကာလေန**–သင့်လျော်သောအခါ၌၊ (**ယာ**) **မမွသာကန္တာ စ**–အကြင် တရားဆွေးနွေးခြင်းသည်လည်းကောင်း၊ (**အတ္ထိ–ရှိ၏၊**) **တေ**–ဤလေးပါးသော တရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မဂိလံ**–မင်္ဂလာမည်ပေ၏။

(၂၇) **ခန္တီ**– သည်းခံခြင်း၊
(၂၈) **သောဝစသတာ**– ပြောဆို ဆုံးမလွယ်ခြင်း၊
(၂၉) **သမဏာနံ ဒဿနံ**–ရဟန်းတော်တို့ကို ဖူးမြင်ခြင်း၊
(၃၀) **ကာလေန မမွသာကန္တာ**–သင့်တော်တဲ့အခါ တရားဆွေးနွေးခြင်း–
**တေ ဥတ္တမံ မဂိလံ**–ဒီ ၄–ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ ဖြစ်ပါတယ်။

(၂၇) **ခန္တီ**–[ခမနံ **ခန္တီ**] သည်းခံခြင်း 'ခန္တီ'အရ သူတပါးက ဆဲရေးရိုက်နှက်မှု–စသည်ကိုပြုလာတဲ့အခါ ပြန်လှန်ဆဲရေး ရိုက်နှက်မှု–စသည်ကို မပြုလုပ်ပဲ ဖောက်ပြန်ခြင်းမရှိ ကျေနပ်စွာ လက်ခံခြင်း 'အဓိဝါသနခန္တီ'ကို ဆိုလိုပါတယ်။

အဓိဝါသနခန္တီ–ဆိုတာ သူတပါးက ဆဲရေးမှုစသည်အတွက် ပြန်လှန်ဆဲရေးမှုစသည်ကို ပြုရင် မိမိအပေါ်မှာ လက်မခံ ပယ်လှန်ပစ်တာမည်ပါတယ်၊ အဲဒီလိုမဟုတ်ပဲ ပြန်လှန်ဆန့်ကျင်ဖက် မပြု, သည်းခံနေရင် အဲဒီဆဲရေးမှု–စသည်ကို မိမိအပေါ်မှာ လက်ခံထားတာမည်ပါတယ်၊ ဒါ့ကြောင့် အဓိဝါသနဟာ သည်းခံခြင်းပင်ဖြစ်ပါတယ်၊ အချမ်း, အပူ, မှက်, ခြင်–စသည်ကို သည်းခံခြင်းဟာလဲ အဓိ

ဝါသနခန္ဓာ-ပင်ဖြစ်ပါတယ်၊ အဲဒီ အချမ်း အပူ မှက် ခြင်-စတဲ့အရာတွေကြောင့်လဲ စိတ်ဆိုးခြင်း, စိတ်မချမ်းသာခြင်း-စသည်ဖြစ်နိုင်တဲ့အတွက် အဲဒါတွေနဲ့ ကြုံရတဲ့အခါမှာလဲ သည်းခံရမယ်ဖြစ်ပါတယ်။

အချို့လူတွေက အချမ်းအပူကို သည်းမခံနိုင်ကြဘူး၊ အေးလွန်းရင်လဲ အေးလွန်းတယ်, ပူလွန်းရင်လဲ ပူလွန်းတယ်-လို့ အေးမှ ပူမှ ရာသီဥတုကို အကြောင်းပြုပြီး ဒေါသထွက်တတ်ကြပါတယ်။ အချို့လူတွေကတော့ အေးတဲ့အချိန်မှာလဲ အေးရမယ့်အချိန်မို့, အေးတာပဲ၊ ပူတဲ့အချိန်မှာလဲ ပူရမယ့်အချိန်မို့, ပူတာပဲ-လို့ သဘောထားကာ အေးမှ ပူမှ ၂-မျိုးလုံးကို သည်းခံနိုင်ကြပါတယ်၊ အဲဒီလို အအေး အပူကို သည်းခံနိုင်တာဟာလဲ အဝိဝါသနခန္ဓာစွမ်းရည်ပင် ဖြစ်ပါတယ်။

ဒီအဝိဝါသနခန္ဓာနဲ့ ပြည့်စုံသူဟာ ဘုရားလောင်းခန္ဓာဝါဒီရသေ့[၂၁] လို ဆဲရေးခြင်းမျိုးစုံနဲ့ ဆဲရေးလာသူတွေကိုလဲ မကြားယောင်ဆောင်ကာ သည်းခံတတ်ပါတယ်၊ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်သူတွေကိုလဲ မမြင်ယောင်ဆောင်ကာ ဖောက်ပြန်ခြင်းမရှိပဲ သည်းခံတတ်ပါတယ်။

## ခန္ဓာဝါဒီဇာတ်လာ မှတ်တမ်းလွှာ[၂၉]

ဗာရာဏသီမြို့သား ကုဏ္ဍလအမည်ရှိ လုလင်တယောက်ဟာ ရသေ့ဝတ်ပြီး ဟိမဝန္တာမှာနေပါတယ်၊ ကာလအတန်ကြာတဲ့အခါ ကုဏ္ဍလရသေ့ဟာ ဗာရာဏသီမြို့ကို ပြန်ရောက်လာပြီး မင်းဥယျာဉ်မှာနေပါတယ်၊ တနေ့မှာ မြို့တွင်းဆွမ်းခံဝင်တဲ့အခါ စစ်သူကြီးရဲ့အိမ်ရှေ့သို့ ရောက်လာပါတယ်၊ စစ်သူကြီးဟာ ရသေ့ကိုကြည်ညိုပြီး မိမိအိမ်သို့ပင့်ဖိတ်ကာ ဆွမ်းကျွေးလျက် မင်းဥယျာဉ်မှာပင် ဆက်လက်နေထိုင်ရန် ပင့်ထားပါတယ်။

တနေ့မှာ ကလာဇုမင်းဟာ အရက်မူးပြီး ကချေသည်တွေ ခြံရံကာ ဥယျာဉ်ကို ထွက်လာခဲ့ပါတယ်၊ ဥယျာဉ်ထဲက မင်္ဂလာကျောက်ဖြာပေါ်မှာ အိပ်ရာအခင်းခိုင်းပြီး ချစ်ခင်မြတ်နိုးတဲ့ မိန်းမတယောက်ရဲ့ပေါင်ကို ခေါင်းအုံးလျက် အိပ်နေပါတယ်၊ ကချေသည်မတွေက ဆိုသူက ဆို, တီးသူက တီး, ကသူက ကလျက် ဖျော်ဖြေနေကြပါတယ်။

ဘုရင် အိပ်ပျော်သွားတဲ့အခါ ဖျော်ဖြေနေကြတဲ့ ကချေသည်မတွေဟာ စောင်းစတဲ့ တူရိယာတွေကို စွန့်ပစ်ထားခဲ့ကြပြီး ဥယျာဉ်ထဲထွက်သွာခဲ့ကြပါတယ်၊ ဥယျာဉ်ထဲမှာ လှည့်ပတ်သွားလာရင်း

---

[၂၈] ဇာတကဋ္ဌ၊ ၄၊ ၃၊ ခန္ဓိဝါဒိဇာတ်၊ ၃၇။ ခုဒ္ဒကပါဋ၊ ၄၊ ၁၂၅။ သုတ္တနိပါတ၊ ၄၊ ၂၊ ၃၀။

[၂၉] ဇာတကဋ္ဌ၊ ၄၊ ၃၊ ၃၇။

အင်ကြင်းပင်ရင်းမှာ ထိုင်နေတဲ့ ရှင်ရသေ့ကို တွေ့ကြပါတယ်၊ သူမတွေဟာ ရှင်ရသေ့ထံ ချဉ်းကပ်ပြီး ရှိခိုးခြံရံကာ တရားနာနေကြပါတယ်။

အဲဒီအချိန်မှာ ဘုရင့်အချစ်တော် မိန်းမဟာ ပေါင်ကိုလှုပ်ကာ ဘုရင်နိုးအောင် လုပ်နှိုးလိုက်ပါတယ်၊ နိုးလာတဲ့ဘုရင်ဟာ ကချေသည်မတွေ ရှင်ရသေ့နားမှာ ခြံရံနေကြတာကို တွေ့ရတဲ့အတွက် စိတ်ဆိုး မာန်ဆိုးနဲ့ သံလျက်ကိုင်ကာ ရသေ့ထံကို အမြန်သွားပါတယ်၊ စိတ်ဆိုးမာန်ဆိုးနဲ့လာနေတဲ့ ဘုရင်ကို မြင်ရတဲ့မိန်းမတွေအနက် မင်းကျွမ်းဝင်တဲ့ မိန်းမတယောက်က ဘုရင့်လက်ထဲမှ သံလျက်ကို ဆီးပြီး လုယူထားပါတယ်၊ ဘုရင်ဟာ ရှင်ရသေ့နားမှာရပ်ပြီး မေးပါတယ်။-----

**ဘုရင်။** ။ "ကိ ဝါဒိ တွံ သမဏ-ရသေ့, သင်က ဘယ်အယူ (ဝါဒ) ရှိသလဲ?"

**ရသေ့။** ။ "ခန္တီဝါဒိ မဟာရာဇ-သည်းခံခြင်းအယူ (ခန္တီဝါဒ) ရှိပါတယ်, မင်းကြီး၊"

**ဘုရင်။** ။ "ကာ ဇော ခန္တီ နာမ-အဲဒီသည်းခံခြင်း (ခန္တီ)ဆိုတာဟာ ဘာလဲ?"

**ရသေ့။** ။ "အက္ကောသန္တေသု ပရိဘာသန္တေသု ပဟရန္တေသု အကုဇ္ဈနဘာဝေါ-အဲဒီသည်းခံခြင်း (ခန္တီ)ဆိုတာဟာ သူတပါးတို့က ဆဲရေးလာတဲ့အခါမှာပဲဖြစ်ဖြစ်, ကြိမ်းမောင်းလာတဲ့အခါမှာပဲ ဖြစ်ဖြစ်, ရိုက်နှက်လာတဲ့အခါမှာပဲဖြစ်ဖြစ် စိတ်မဆိုးခြင်း, အမျက်မထွက်ခြင်းပဲ ဖြစ်ပါတယ်"။

**ဘုရင်။** ။ "ပဿိဿာမိ ဒါနိ တေ ခန္တိယာ အတ္ထိဘာဝံ-ခုပဲ သင့်မှာ ခန္တီရှိတာကို ကြည့်ရသေးတာပေါ့"။

အဲဒီလိုပြောပြီး ဘုရင်ဟာ ခိုးသူသတ်ယောကျ်ားကို အခေါ်ခိုင်းလိုက်ပါတယ်၊ ခိုးသူသတ်ယောကျ်ားဟာ လက်နှက်အပြည့်အစုံယူလာပြီး ဘုရင်ကို ရှိခိုးမေးလျှောက်ပါတယ်--"ကိ ကရောမိ ဒေဝ-ဘာလုပ်ပေးရမှာပါလဲ အရှင်မင်းကြီး?"

**ဘုရင်။** ။ "ဣမံ စောရံ ဒဠှတာပသံ ဂဟေတွာ အာဂန္ဓိတွာ ဘူမိယံ ပါတေတွာ ကဏ္ဌကကသံ ဂဟေတွာ ပုရတော စ ပစ္ဆတော စ ဥဘောသု ပသေသု စာတိ စတူသုပိ ပသေသု ဒွေပဟာရသဟဿ'မသ ဒေဟိ-ဒီခိုးသူရသေ့ပျက်ကို ဖမ်းယူကာ မြေမှာဆွဲလဲပြီး အဆူးတပ်ထားတဲ့ ကြိမ်လုံးနဲ့ ရှေ့, နောက် ဘေး ၂-ဖက်ဆိုတဲ့ ၄-ဌာနမှာ အချက် ၂-ထောင်ပြည့်အောင် ရိုက်ပေးလိုက်စမ်း"။

ခိုးသူသတ်ယောကျ်ားဟာ ဘုရင့်အမိန့်အတိုင်း အချက် ၂-ထောင် ရိုက်နှက်ပါတယ်၊ ရှင်ရသေ့ရဲ့ အပြင်အရေလဲ ပေါက်ကွဲပါတယ်၊ အတွင်းအရေလဲ ပေါက်ကွဲပါတယ်၊ အသားလဲ စုတ်ပြတ်

သွားပါတယ်၊ သွေးတွေလဲ ယိုစီးလာပါတယ်၊ ကလာဗုမင်းဟာ မကျေနပ်သေးဘဲ နောက်ထပ် မေးပြန်ပါတယ်။

**ဘုရင်။** ။ "ကိ ဝါဒိ တွံ ဘိက္ခု-ရသေ့, သင်က အဘယ်အယူ(ဝါဒ)ရှိသူပါလဲ?

**ရသေ့။** ။ "ခန္ဓိဝါဒိ မဟာရာဇ၊ တွံ ပန မယုံ စမ္မန္တရေ ခန္ဓိတိ မညသိ၊ နတ္ထိ မယုံ စမ္မန္တရေ ခန္ဓိ၊ တယာ ပန ဒဋ္ဌံ အသက္ကာဏေယျ ဟဒယဗ္ဘန္တရေ မမ ခန္ဓိ ပတိဋ္ဌိတာ မဟာရာဇ-မင်းကြီး, ငါဟာ သည်းခံခြင်းအယူ (ခန္ဓိဝါဒ)ရှိသူ မည်ပါတယ်၊ သင်က အရေထူ အရေပါးတွေကြားမှာ ခန္ဓိရှိနေတယ်-လို့ မထင်မှတ်ပါနဲ့၊ ငဲ့ရဲ့ အရေထူ အရေပါးတွေကြားမှာ ခန္ဓိမရှိပါဘူး၊ သင်မမြင်နိုင်တဲ့ နှလုံးတွင်းမှာ ငဲ့ရဲ့ ခန္ဓိက တည်ရှိနေပါတယ်"။

ရသေ့ရဲ့စကား ပြီးသွားတယ်-ဆိုရင်ပဲ ခိုးသူသတ်ယောကျ်ားက နောက်ထပ် မင်းကို မေးပြန်တယ်။

**ခိုးသူသတ်။** ။ "ကိ ကရောမိ-ဘာလုပ်ရဦးမလဲ, မင်းကြီး?"

**ဘုရင်။** ။ "ဣမဿ ကူဋဂဠိလဿ ဥဘော ဟတ္ထေ ဆိန္ဒ-ဒီရသေ့စဉ်းလဲရဲ့ လက် ၂-ဖက်ကို ဖြတ်လိုက်စမ်း"။

ခိုးသူသတ်ယောကျ်ားဟာ ပုဆိန်ကိုယူလာကာ လက် ၂-ဖက်ကို စဉ်းတီတုံးပေါ်မှာ အတင် ခိုင်းပြီး ခုတ်ဖြတ်လိုက်ပါတယ်၊ လက်တွေကို ဖြတ်ပြီးတဲ့အခါ-----

**ဘုရင်။** ။" ပါဒေ ဆိန္ဒ- ခြေတွေကို ဖြတ်လိုက်စမ်း"လို့ အမိန့်ပေးပြန်ပါတယ်။

ခိုးသူသတ်ဟာ ခြေတွေကိုလဲ ဖြတ်ပစ်လိုက်ပါတယ်၊ လက်အစွန်း, ခြေအစွန်းများမှ သွေးတွေ ယိုးစီးကျနေပါတယ်။

ကလာဗုမင်းဟာ ဒီနောက်နဲ့ အခဲမကျေသေးဘဲ နောက်ထပ် မေးပြန်ပါတယ်---

**ဘုရင်။** ။ "ကိ ဝါဒိသိ-သင်က ဘယ်အယူ(ဝါဒ)ရှိသလဲ?"

**ရသေ့။** ။ "ခန္ဓိဝါဒိ မဟာရာဇ၊ တွံ ပန မယုံ ဟတ္ထပါဒကောဋိသု ခန္ဓိ အတ္ထိတိ မညသိ၊ နတ္ထေသာ ဇတ္ထေ၊ မယုံ ခန္ဓိ ဂမ္ဘီရဋ္ဌာနေ ပတိဋ္ဌိတာ-မင်းကြီး, ငါဟာ သည်းခံခြင်းအယူရှိပါတယ်၊ သင်က ငါရဲ့ လက်ဖျား ခြေဖျားတွေမှာ ခန္ဓိရှိနေတယ်-လို့ ထင်နေတယ်၊ အဲဒီခန္ဓိဟာ လက်ဖျား ခြေဖျားတွေမှာ မရှိပါဘူး၊ ငါရဲ့ ခန္ဓိက နက်လှတဲ့နေရာမှာ တည်နေပါတယ်"။

ကလာဗုမင်းဟာ "ကဏ္ဏနာသမဿ ဆိန္ဒ-ဒီရသေ့ရဲ့ နားရွက်ဖျားနဲ့ နှာခေါင်းဖျားကို ဖြတ်လိုက်စမ်း"လို့ အမိန့်ပေးလိုက်ပြန်တယ်၊ ခိုးသူသတ်ကလဲ နားရွက်ဖျားနဲ့ နှာခေါင်းဖျားကို ဖြတ်ပစ်

လိုက်ပြန်ပါတယ်၊ ရှင်ရသေ့ရဲ့ တကိုယ်လုံးမှာ သွေးခြင်းခြင်းနီနေပါတော့တယ်၊ မင်းဟာ နောက်ထပ် မေးပြန်ပါတယ်-----"ကိ ဝါဒိ နာမ တုံ-သင်က အဘယ်အယူရှိသူ မည်သလဲ?"

ရှင်ရသေ့က "မဟာရာဇ ခန္တီဝါဒိ နာမ၊ မာ ခေါ ပန တုံ ကဏ္ဍနာသိကကောဋ္ဌိသု ပတိဋ္ဌိတာ ခန္တီတိ မည်သိ၊ မမ ခန္တီ ဂမ္ဘီရေ ဟဒယဗ္ဘန္တရေ ပတိဋ္ဌိတာ-မင်းကြီး, ငါဟာ သည်းခံခြင်းအယူ (ခန္တီဝါဒ) ရှိသူ မည်ပါတယ်၊ သင်က နားရွက်ဖျားနဲ့ နှာခေါင်းဖျားမှာ ခန္တီရှိနေတယ်-လို့ မထင်ပါနဲ့၊ ငါရဲ့ခန္တီက နက်နဲလှတဲ့ နှလုံးတွင်းမှာ တည်ရှိနေပါတယ်"-လို့ ဖြေကြားပြောဆိုပါတယ်။

ကလာဏုမင်းဟာ "ကူဋ္ဌဇဋိလ တဝ ခန္တိ တွမေဝ ဥက္ခိပိတ္ဝာ နိသိဒ-ကောက်ကျစ်စဉ်းလဲတဲ့ ရသေ့, သင့်ခန္တီကို သင်ကပဲ ချီရွက်လို့ နေပေတော့"လို့ ပြောဆိုပြီး ရှင်ရသေ့ရဲ့ ရင်ဝကို ခြေနဲ့ ကန်ကျောက်ထားခဲ့ပြီး ထွက်သွားပါတော့တယ်။

ကလာဏုမင်း ထွက်သွားတယ်-ဆိုရင် စစ်သူကြီးဟာ ရှင်ရသေ့ရဲ့ ကိုယ်မှ သွေးတွေကိုလဲ သုတ်ပစ်လိုက်ပါတယ်၊ လက်ဖျား, ခြေဖျား, နားရွက်ဖျား, နှာခေါင်းဖျားတွေကိုလဲ ပုဆိုးစွန်းမှာ တင်ထားပါတယ်၊ ရှင်ရသေ့ကိုလဲ ဖြေးဖြေး အထိုင်ခိုင်းပါတယ်၊ မိမိက သင့်တော်ရာမှာထိုင်ပြီး ရှိခိုးတောင်းပန်ပါတယ်---

"သစေ ဘဂ္ဂေ တုမှေ ကုဇ္ဈိတုကာမာ၊ တုမှေသု ကတာပရာဓဿ ရညော၀ ကုဇ္ဈေယျာထ-အရှင်ဘုရား, အရှင်ဘုရားအနေနဲ့ အကယ်လို့ အမျက်ထွက်လိုပါမူ အရှင်ဘုရားကိုပြစ်မှားတဲ့ မင်းကိုသာ အမျက်ထွက်တော်ပါ၊ အခြားသူတွေအပေါ်မှာ အမျက်မထွက်ပါနဲ့ဘုရား။

ယော တေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။

တဿ ကုဇ္ဈ မဟာဝီရ၊ မာ ရဋ္ဌံ ဝိနသာ ဣဒံ။

အရှင်ဘုရားရဲ့ လက်တွေ, ခြေတွေ, နား, နှာခေါင်းတွေကို အဖြတ်ခိုင်းတဲ့ ကလာဏုမင်းကိုသာ အမျက်ထွက်တော်ပါ၊ ဒီနိုင်ငံကိုတော့ မဖျက်ဆီးပါနဲ့ဘုရား"။

စစ်သူကြီးရဲ့စကားကိုကြားရတဲ့ ရှင်ရသေ့က ပြန်လည်မိန့်ကြားတော်မူပါတယ်---

ယော မေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။

စိရံ ဇီ၀တု သော ရာဇာ၊ န ဟိ ကုဇ္ဈန္တိ မာဒိသာ။

ငါရဲ့လက်, ခြေ, နား, နှာခေါင်းတွေကို အဖြတ်ခိုင်းတဲ့ ကလာဏုမင်းဟာ ကြာမြင့်စွာ အသက်ရှည်ပါစေ၊ ဒို့လို သည်းခံခြင်း (ခန္တီ)စွမ်းအားရှိတဲ့ ပညာရှိတွေက အမျက်မထွက်ကြပါဘူး"။

ကလာဗုမင်းဟာ ဥယျာဉ်မှထွက်လို့ ရှင်ရသေ့မမြင်ရတဲ့ ဥယျာဉ်တံခါးဝမှာပဲ မြေမျိုခံရပြီး အဝီစိငရဲကို ကျရောက်သွားပါတယ်၊ ရှင်ရသေ့ဟာလဲ အဲဒီနေ့မှာပဲ ကွယ်လွန်ခဲ့ပါတယ်။

**ခြေလက်ကစ၊ ဖြတ်ခံရ၊ ပို့သမေတ္တာ သည်းခံကာ။**

**ကလာဗုမင်း၊ ရက်စက်ညှင်း၊ ချက်ချင်းမြေမှာ မျိုခံရပါ။**

ဒါ့ပြင် အဓိဝါသနခန္တိနှင့်ပြည့်စုံသူဟာ အရှင်ပုဏ္ဏထေရ်လို အကောင်းဘက်ကသာ နှလုံးသွင်းတတ်ပါတယ်၊ အကောင်းဘက်ကိုသာ တွေးတတ်ကြံတတ်ပါတယ်၊ တစုံတယောက်က မိမိကို ဆဲရေးလာရင် လက်နဲ့မရိုက်တာ တော်သေးတာပေါ့၊ လက်နဲ့ရိုက်လာရင်လဲ ခဲနဲ့မပေါက်တာ တော်သေးတာပေါ့၊ ခဲနဲ့ပေါက်လာရင်လဲ တုတ်နဲ့မရိုက်တာ တော်သေးတာပေါ့၊ တုတ်နဲ့ရိုက်လာရင်လဲ ဓားနဲ့မခုတ်တာ တော်သေးတာပေါ့၊ ဓားနဲ့ခုတ်လာရင်လဲ အသေမသတ်သေးတာ တော်သေးတာပေါ့-အဲဒီလို အကောင်းဘက်ကိုသာ နှလုံးသွင်းတတ်ပါတယ်[၂၂၀]။

**ခဲယဉ်းသော အကျင့် (သိက္ခာသုံးလီ၊ ခြေခံသည်၊ ခန္တီ မှတ်လေပါ)။** ။ ဒိခန္တိတရားဟာ အလွန်ဖြည့်နိုင်ခဲတဲ့ အကျင့်ဖြစ်ပါတယ်၊ ခန္တိ-သည်းခံခြင်းနဲ့ အောင်နိုင်ခြင်းကို တကယ့်အောင်နိုင်ခြင်း-လို့ အသိအမှတ်ပြုကြပါတယ်၊ မြန်မာစကားပုံမှာ **"သည်းညဉ်းခံ နိဗ္ဗာန်ရောက်"** လို့ အဆိုရှိပါတယ်၊ တကယ်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်လဲ ဖြစ်ပါတယ်၊ သီလ, သမာဓိ, ပညာများဟာ သည်းမခံသူမှာ ရကောင်းတဲ့ အကျင့်များ မဟုတ်ကြပါ၊ ဒါ့ကြောင့် ခန္တိတရားဟာ သီလ, သမာဓိ, ပညာများရဲ့ အခြေခံ အကြောင်းရင်း ဖြစ်ပါတယ်၊ ကုသိုလ်မှန်သမျှဟာ သည်းခံသူမှာသာ ဖြစ်ရတဲ့အတွက် ကုသိုလ်တိုင်းနဲ့ ဆက်သွယ်လျက်ရှိတဲ့ တရားဖြစ်ပါတယ်၊ အဒေါသ-ခေါ် မေတ္တာပြဋ္ဌာန်းတဲ့ ကုသိုလ်တရား စုရဲ့ အမည်ဖြစ်ရာ လူသားအားလုံး ခန္တိတရား လက်ကိုင်ထားနိုင်ရင် အချင်းချင်း ရန်ဖြစ်ခြင်း, ကွဲပြားခြင်း မရှိပဲ သင့်တင့်ညီညွတ်ကာ သာယာတဲ့ လောကကြီး ဖြစ်တော့တယ်၊ သာယာတဲ့ ခေတ်တိုင်းမှာ ခန္တိတရား ထွန်းကားလျက် ရှိမြဲဖြစ်ပါတယ်။

---

[၂၂၀] မ၊ ၃၊ ၃၁၂။ သံ၊ ၂၊ ၂၈၆။ ခုဒ္ဓကပါဌ၊ ၄၊ ၁၂၅။ သုတ္တနိပါတ၊ ၄၊ ၂၊ ၃၁။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

### သိကြားမင်း၏ ခန္တီတရား[၂၂၁]

တခါက တာဝတီသာနတ်နဲ့ အသုရာနတ်တွေ စစ်ပွဲဆင်နွဲကြရာမှာ တာဝတီသာနတ်တွေက နိုင်တဲ့အတွက် ဝေပစိတ္တိအသုရိန်ကို ဖမ်းပြီး သုဓမ္မာသဘင်မှာ တုတ်နှောင်ထားပါတယ်၊ ဝေပစိတ္တိအသုရိန်ဟာ သိကြားမင်း သုဓမ္မာသဘင်ကို ဝင်တိုင်းထွက်တိုင်း အမျိုးမျိုး ဆဲရေးပါတယ်၊ သိကြားမင်းကလဲ သည်းခံပါတယ်၊ ဒီအဖြစ်ကို မြင်နေရတဲ့ မာတလိနတ်သားက ဝေပစိတ္တိအသုရိန်ရဲ့ကြမ်းတမ်းတဲ့ဆဲရေးသံကို ကြားနေရပါလျက် သည်းခံနေတာဟာ 'ကြောက်လို့လား? အားနည်းလို့လား?' လို့ သိကြားမင်းကို မေးပါတယ်၊ သိကြားမင်းက "ငါသည်းခံတာ ကြောက်လို့လဲ မဟုတ်ဘူး၊ အားနည်းလို့လဲ မဟုတ်ဘူး၊ ငါလို ပညာရှိက လူမိုက်နဲ့ ဘယ်မှာ ဖက်ပြိုင်ပါ့မလဲ?လို့ ပြန်ဖြေပါတယ်။

မာတလိက "လူမိုက်ဆိုတာ သူ့ကို မတားဆီး မနှိပ်ကွပ်ရင် သာ၍ပင် ကဲလာတတ်တဲ့အတွက် ပညာရှိက သူမိုက်ကို ပြင်းထန်တဲ့ဒဏ်ဖြင့် နှိပ်ကွပ်တားမြစ်သင့်ပါတယ်"လို့ ဆိုပြန်ပါတယ်။

သိကြားမင်းက "သူတပါး အမျက်ထွက်နေတာကို သိပြီး ပြန်လည် အမျက်မထွက်ပဲ အမျက်ငြိမ်းနေသူရဲ့ အဲဒီငြိမ်းခြင်းကပင် လူမိုက်ကို တားမြစ်နှိပ်ကွပ်နေခြင်း မည်ပါတယ်"လို့ ပြောဆိုပါတယ်။

မာတလိက "သိကြားမင်း, လူမိုက်က ငါ့ကိုကြောက်လို့ သည်းခံနေတာလို့ ထင်တဲ့အခါ ပြေးနေတဲ့နွားကို နောက်နွားက ဖိလိုက်သလို မိမိကို ဖိတတ်ပါတယ်"လို့ လျှောက်တင်ပြန်ပါတယ်။

သိကြားမင်းက "အကျယ်တဝင့် တရားပြသည်မှာ 'ငါကြောက်လို့ သည်းခံတယ်'-လို့ ထင်လိုထင်, မထင်လိုနေပါ၊ ခန္တိထက် သာလွန်တဲ့ အကောင်းဆုံး ကိုယ်ကျိုးကို ငါမမြင်ပါ၊ အားနည်းသူမှာ အမြဲသည်းခံတတ်ရာ အားရှိသူဖြစ်လျက် အားမဲ့သူအား သည်းခံနိုင်သူရဲ့ သည်းခံခြင်းမျိုးကိုသာ အမြတ်ဆုံး-လို့ ပညာရှိများ ဆိုကြပါတယ်။

ကာမံ မညတု ဝါ မာ ဝါ၊ ဘယာမျာယံ တိတိက္ခတိ။
သဒတ္ထာ ပရမာ အတ္ထာ၊ ခန္တျာ ဘိယျော နဝိဇ္ဇတိ။
ယော ဟဝေ ဗလဝါ သန္တော၊ ဒုဗ္ဗလဿ တိတိက္ခတိ။
တမာဟု ပရမံ ခန္တိ၊ နိစ္စံ ခမတိ ဒုလ္လဘော။

**ပုဂ္ဂိုလ်များဖြင်၊ ရှိသည်တွင်၌၊ အကြင်သူသည်၊ များထူဖြင်ပည်း[၂၂၂]၊ ခွန်အားသည်းလျက်၊ နည်းသည့်သူအား၊ သည်းခံငြားမူ၊ တရားအထွတ်၊ အလွန်မြတ်၏၊ မတတ်နိုင်ငြား။**

---

[၂] သံ၊ ၁၊ ဝေပစိတ္တိသုတ္တ၊ ၂၂၃

ကိုယ်ခွန်အားလည်း၊ နည်းပါးရှိသော၊ သည်းခံမှာမူ၊ မြတ်ရာမက၊ ဓံစမြဲတည့်။
(သုတသောမဖျို့၊ ၁၅၇။)
လောင်ခြစ်ပွက်ဆူ၊ မျက်ထွက်သူကို၊ တုံ့မူအမျက်၊ ပြန်မထွက်က၊ မအောင်ဓက်နိုင်ခဲ၊
စစ်မြေထဲဝယ်၊ အောင်ပွဲရသည်၊ သူ–ဟုမည်ရှင့်၊ မကြည်စိတ်စက်၊ အမျက်ထွက်သူ၊
ထိုသည်လူနှင့်၊ အတူပြန်လျက်၊ မျက်မာန်ထွက်သော်၊ ရှေးထက်နောက်လူ၊ မိုက်သောဟူ၏။
(မဃဒေဝလက္ခဏသစ်၊ ၂၆၃။)

**<u>သည်းမခံခြင်း အပြစ် ၅–ပါး နှင့် သည်းခံခြင်း အကျိုး ၅–ပါး</u>**[၂၂၃]

အဂုံတွာရနိကာယ် ပဉ္စကနိပါတ် ပဉ္စမပဏ္ဏာသက အက္ကောသဝဂ် ပဌမအက္ခန္တိသုတ်မှာ သည်းမခံနိုင်သူရဲ့ အပြစ်ငါးပါးကို ဟောတော်မူပါတယ်–––––

(၁) လူအများမချစ်ခြင်း (အမုန်းခံရခြင်း)၊
(၂) ရန်များခြင်း၊
(၃) အပြစ်များခြင်း (ဝဇ္ဇဗဟုလော–ပြောဆိုကဲ့ရဲ့ဖွယ် ကာယကံ ဝစီကံ အပြစ်များခြင်း)၊
(၄) တွေတွေဝေဝေ သေရခြင်း၊
(၅) သေပြီးနောက် အပါယ်ရောက်ရခြင်း–လို့ ငါးပါးရှိပါတယ်။

သည်းခံသူရဲ့အကျိုးငါးပါးကိုတော့ ပဌမအက္ခန္တိသုတ်မှာပင် ဟောထားပါတယ်–––––

(၁) လူအများ ချစ်ခင်ခြင်း၊
(၂) ရန်မများခြင်း၊
(၃) အပြစ်မများခြင်း၊
(၄) မတွေမဝေ သေရခြင်း၊
(၅) သေပြီးနောက် နတ်ပြည်ရောက်ရခြင်း–လို့ ငါးပါးရှိပါတယ်။

---

[၂၂၂] ခြင့်, ခြင်ပည်း–နဝိ/[ပေါ်] ပေါများသော။ "အပုံအယင်၊ ခြင်လင့်ကစား" ကိုး ၇။ "ဖလားသန္တေး၊ ရစ်ထွေးခြင်ပည်း" အာသံ ၂၇၊ (တွဲ၃၊)

[၂၂၃] အံ၊ ၂။ ပဌမအက္ခန္တိသုတ္တ၊ ၂၂၂။

**သည်းမခံသူ၊ ဖြစ်ပါမူကား၊ သူမချစ်ခင်၊ ရန်လျှင်တိုးပွါး၊ အပြစ်များခဲ့၊ သေကား တွေဝေ၊ သေလျှင် အပါယ်၊ လားစဖွယ်တည်း၊ ငါးသွယ်အပြန်၊ ရမြဲမှန်သည်၊ သည်းခံသူဖို့တည်း။**

## အတိုက်ခံရ၊ သည်းခံမှ၊ မှန်လှ ဤရွှန်

ဘုရားရှင်က မူလပဏ္ဏာသ ဩပမ္မဝဂ် ကကစူပမသုတ် (မ၊ ၁၊ ၁၈၁)မှာ "နှစ်ဖက်အရိုးပါတဲ့လွှန့် ခိုးသူတွေက မိမိရဲ့အင်္ဂါကြီးငယ်ကို ဖြတ်စေကာမူ အဲဒီခိုးသူတွေအပေါ်မှာ စိတ်ဆိုးရင် ငါဘုရားစကား လိုက်နာသူမဟုတ်" လို့ အဲဒီလောက် သည်းခံရန် အလိုရှိတော်မူပါတယ်။ ဆဲသံ, ကဲ့ရဲ့သံစတဲ့ စကားတွေ မိမိထံ မရောက်လာမီ သည်းခံနိုင်ခြင်းမှာ တကယ့်သည်းခံသူ မဟုတ်သေးပါ၊ အဲဒီလို စကားတွေ မိမိထံရောက်လာ ကြုံတွေ့လာတဲ့အခါမှ သည်းခံနိုင်သူအဖြစ် ထင်ရှားတယ်၊ ဒေါသအပြစ်, သည်းခံခြင်းရဲ့အကျိုးကိုမြင်ပြီး သည်းခံတဲ့သူရဲ့ သည်းခံခြင်းကသာ တည်မြဲတယ်၊ ဘာဝနာအလုပ်စွမ်းအားနဲ့ ရလာတဲ့ သည်းခံခြင်းက ပိုစိတ်ချရတယ်၊ အဲဒီလို မဟုတ်ပဲ ပတ်ဝန်းကျင်က ကောင်းနေတဲ့အတွက် သည်းခံသူထင်ရပေမယ့် တနေ့နေ့ တချိန်ချိန် အတိုက်အခိုက်ခံရရင် မိမိရဲ့ သည်းခံခြင်းဂုဏ်ကလေးများ မျောပါသွားတတ်ပါတယ်။

## ဝေဒေဟိကာ အိမ်ရှင်မ[၂၂၄]

ရှေးက သာဝတ္ထိမြို့မှာ ဝေဒေဟိကာခေါ်တဲ့ အိမ်ရှင်မတယောက်ရှိပါတယ်၊ အကျင့်ကောင်းသူ, မိမိကိုယ်ကိုနှိမ့်ချတတ်သူ, တည်ငြိမ်အေးဆေးသူအဖြစ် ဂုဏ်သတင်းပြန့်နှံ့လျက်ရှိပါတယ်၊ အဲဒီ အိမ်ရှင်မမှာ အလုပ်ကျွမ်းကျင်ပြီး မပျင်းမရိ ဝတ်တရားကျေပွန်တဲ့ ကာဋ္ဌီခေါ်တဲ့ ကျွန်မတယောက် ရှိပါတယ်၊ တခါမှာ ကာဋ္ဌီဟာ "ငါ့အရှင်မ ကောင်းသတင်းမှာ အပြောများ ပြန့်နှံ့လျက်ရှိတယ်၊ ငါ့အရှင်မမှာ တကယ်ပဲ ဒေါသမရှိသလား? ငါကကောင်းနေလို့ သူကောင်းနေခြင်းပဲလား?"လို့ စုံစမ်းရန် အကြံဖြစ်လာတယ်။ နောက်တနေ့မှာ ကာဋ္ဌီဟာ နေမြင့်မှအိပ်ရာကထတယ်၊ ဝေဒေဟိကာ အိမ်ရှင်မဟာ "ဟဲ့ ကျွန်မကာဋ္ဌီ, ဘာ့ကြောင့် အိပ်ရာထ နေမြင့်နေရသလဲ?"လို့ မေးတယ်၊ ကာဋ္ဌီက "ဘာမျှ မဖြစ်ပါသခင်မ"လို့ ပြောလိုက်တယ်၊ ဝေဒေဟိကာ စိတ်ဆိုးပြီး မျက်မှောင်ကြုတ်သွားတယ်။

---

[၂၂၄] မ၊ ၁၊ ကကစူပမသုတ္တ၊ ၁၇၆-၁၇၇။

အဲဒီအခါမှာ ကာဠိက "ငါ့သခင်မ စိတ်ဆိုးတတ်ပါတယ်၊ ငါကောင်းလို့ သူကောင်းနေတာပါ"လို့ အမှတ်ပြုလိုက်တယ်၊ နောက်ကနေ့ ထပ်မံစုံစမ်းလိုတဲ့အတွက် မနေကထက် ပိုနေမြင့်အောင် အိပ်ပြန်တယ်၊ အဲဒီအခါမှာ ဝေဒေဟီကာဟာ မျက်မှောင်ကြုတ်ရုံတင်မကတော့ပဲ ပါးစပ်ကပါ ရေရွတ် ကြိမ်းမောင်းတဲ့အထိ စိတ်ဆိုး သွားပါတယ်၊ နောက်တနေ့ ပိုပိုနေမြင့်အောင် အိပ်ပြန်ရာ ဝေဒေဟီကာဟာ ပါးစပ်သာမက လက်ပါ ပါလာတော့တယ်၊ တံခါးမင်းတုပ်နဲ့ ခေါင်းကို ရိုက်လိုက်ရာ ကာဠိခမျာ ခေါင်းကွဲသွားရှာပါတယ်။

ကာဠိလဲ သွေးတွေယိုနေတဲ့ ခေါင်းကွဲနဲ့ အိမ်နီးချင်းတွေထံ လျှောက်သွားကာ "ကြည့်ကြစမ်းပါ, အကျင့်ကောင်းလှတယ်–ဆိုတဲ့ ကျွန်မသခင်မရဲ့ လုပ်ပုံ၊ တယောက်တည်းသော ကျွန်မကို အိပ်ရာထနေမြင့်ရကောင်းလား?–လို့ တံခါးမင်းတုပ်နဲ့ ခေါင်းရိုက်ခွဲရက်တယ်"လို့ ကဲ့ရဲ့အောင် ပြောဆိုပါတယ်၊ အဲဒီအခါကစပြီး "ဝေဒေဟီကာ အိမ်ရှင်မဟာ ကြမ်းတမ်းတယ်၊ မာနကြီးတယ်၊ ဆူပူတတ်တယ်"လို့ မကောင်းတဲ့သတင်း ထွက်ပေါ်လာပြန်ရတယ်။ ဓမ္မနဲ့ ယှဉ်တဲ့ ခန္တီမဟုတ်ရင် အဲဒီလိုပင် ဖြစ်တတ်တဲ့ သာဓကပါပဲ။

**ဥပကာရိသု ယော သာဓု၊ သာဓုတ္ထေ တဿ ကော ဝုဏော။**

**အပကာရိသု ယော သာဓု၊ သော သာဓု သတ္ထိ ဥစ္စတေ။**

**(ပဋ္ဌာန်း ၂၇၀၊ နှာ ၅၄။)**

**ယော**–အကြင်သူသည်၊ **ဥပကာရိသု**–ကျေးဇူးပြုတတ်သူတို့အပေါ်၌၊ **သာဓု**–ကောင်း၏၊ **တဿ**–ထိုကျေးဇူးပြုတတ်သူတို့အပေါ် ကောင်းသူ၏၊ **သာဓုတ္ထေ**–ကောင်းသည်၏အဖြစ်၌၊ **ဝုဏော**–ဂုဏ်သည်၊ **ကော**–ဘယ်မှာ ဖြစ်ပါအံ့နည်း? **ယော**–အကျင့်သူကား၊ **အပကာရိသု**–အကျိုးမဲ့ ပြုသူတို့အပေါ်၌၊ **သာဓု**–ကောင်းပေ၏၊ **သော**–ထိုအကျိုးမဲ့ပြုသူတို့အပေါ် ကောင်းသူကိုသာ၊ **သာဓု**–တကယ်ကောင်းသူဟု၊ **သတ္ထိ**–သူတော်ကောင်းတို့သည်၊ **ဥစ္စတေ**–ဆိုအပ်ပေ၏။ (ပရိတ်ကြီးနိဿယသစ်၊ ၁၇၃–၁၇၅။)

**ဆရာများစွာ မိန့်ကဗျာ**

မုံရွေးဆရာတော်က ခွန်မင်္ဂလာရဲ့သဘောကို ကဗျာဖွဲ့ဆိုပုံမှာ----

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

**နှုန်းရပုံချီ၊ ပထဝီသည်၊ မညီမညွှတ်၊ ယုတ်မြတ်မကောင်း၊ သွန်းလောင်းလှာလည်း၊**
**ခြင်းရာမခြား၊ မဖောက်ပြားသို့၊ တရားခွန်၊ သည်းခံအီ[၂၂၅]လော့။**

ဥပမာနှိုင်းခိုင်းပြရရင် မြေကြီးဟာ မညီမညွှတ် ယုတ်တဲ့အရာဝတ္ထု၊ မြတ်တဲ့အရာဝတ္ထု၊ မကောင်းတဲ့အရာဝတ္ထု၊ ကောင်းတဲ့အရာဝတ္ထုတွေကို မိမိအပေါ် သွန်းလောင်းလာပေမယ့် အခြင်းအရာမခြား မဖောက်ပြားသလို သည်းခံခြင်းတရားကို သာယာနှစ်သက်ခြင်းဟာ ခန္တိမင်္ဂလာ မည်ပါတယ်။

**ဖော်ရွေသင်းပင်း၊ အိမ်နီးချင်းကို၊ ရောင်းရင်းဆံလှံ၊ မေတ္တာကျံက၊ သည်းခံနိုင်စေ၊**
**ဆွေခင်ပွန်းကို၊ ချစ်ကြည်ညိုမူ၊ ယွင်းယိုမရှိ၊ သတိမြဲစေ၊ မျိုးဆွေတို့အား၊ ချစ်ကြည်ငြားက၊**
**သွားလာတက်သက်၊ ပေါင်းဖက်နိုင်စေ။** (သြဝါဒထူးပျို့၊ ၂၀။)

မိန်းမတို့မှာ ကောင်းစွာလုပ်ကျွေး၍ လင်ကိုမွေးမြူသည်ပင်အား၊ သူတော်ကောင်းတို့အားမှာ သည်းခံချိ။ (လုံးတော်ဆရာတော်)

**သူဝါထွေပြား၊ ပြောလာငြားလည်း၊ အမှားအမှန်ချင့်ရမည်။**
**ဆရာမိဘ၊ ဆိုဆုံးမ၊ သီသဦးထက်ပန်ရမည်။**
**သူမနာလို၊ ကဲ့ရဲ့ဆို၊ မှိတ်ချို သည်းညည်းခံရမည်။** (သုတမဥူသာ)
**သည်းခံဖြည်းညင်း၊ မတင်းနှုတ်ချိုမှ၊ လူဝိုလ်မေတ္တာလောင်းသည်၊**
**တယောက်လိမ္မာလျှင် တရာချမ်းသာ၏။** (ကျည်းကန်ရှင်ကြီး)
**ထုံးလောကီဥပမာ၊ ဓမ္မတာလမ်းကြောင်းမှာ၊ အကြီးတွင် တဏှာ၊ အပူမှာ ကိလေသာ၊**
**အမွှေးမှာ မေတ္တာ၊ အအေးတွင် မြတ်သီလာ၊ နုရမည့်ဌာနမှာ အကောဓ မြတ်ခွန်၊**
**ပါရမီဆယ်ဆင့်၊ အမြင့်မှာ နိဗ္ဗာန်၊ အရောင်မှာ ပညာဉာဏ်။** (ကုလပုတ္တအာစရိယလင်္ကာ)
**ငယ်ကပေါင်းသင်း၊ ကျွမ်းဝင်ခြင်းဖြင့်၊ နှီးရင်းမှီကပ်၊ ချစ်အပ်သက်တူ၊ ဤသူနှစ်ဦး၊**
**ကိုယ့်ကျေးဇူးကို၊ အထူးမပြတ်၊ ပြုတတ်တုံမြောက်၊ ထိုနှစ်ယောက်တို့၊ ယွင်းဖောက်စိုးစိ၊**
**ပြစ်ဆာရှိလည်း၊ ခံဘိသည်းညည်း၊ ကျေးဇူးပည်း[၂၂၆]၏။** (မဃဒေဝလင်္ကာသစ်၊ ၁၈၁။)

---

[၂] အီ=သာယာသည်၊ ကျန်းမာသည်၊

ပည်း-နဝိ/များပြားသော (မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၃၊ ပ-ယ၊ ၃၆)

(၂၈) **သောဝစဿတာ** [သုခံ ဝစော ဇေသိ့ဓ္တိ သုဝစော၊ သုဝစဿ ကမ္ပံ သောဝစဿံ၊ သောဝစဿဿ ဘာဝေါ သောဝစဿတာ။ ဇေသိ့ဒ်-ထိုသူ၌၊ သုခံ-လွယ်သော၊ ဝစော-စကားသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ သုဝစော-သုဝစမည်၏။ သုဝစဿ-ဆိုဆုံးမလွယ်သူ၏၊ ကမ္ပံ-အမှုတည်း၊ သောဝစဿံ-ဆိုဆုံးမလွယ်သူ၏အမှု။ သောဝစဿဿ-ဆိုဆုံးမလွယ်သူ၏အမှု၏၊ ဘာဝေါ-ဖြစ်ကြောင်းတည်း၊ သောဝစဿတာ-ဆိုဆုံးမလွယ်သူ၏အမှု၏ဖြစ်ကြောင်း၊ ဆိုဆုံးမလွယ်ကူခြင်း။]

ဆိုဆုံးမလွယ်ကူသူရဲ့အမှုဖြစ်ကြောင်း-ဆိုသည်မှာ ပြောဆိုဆုံးမလွယ်ကူမှုကို ဖြစ်စေတတ်တဲ့စေတနာပြဋ္ဌာန်းတဲ့ ကုသိုလ်တရားစုပင် ဖြစ်ပါတယ်၊ ကြောင်းကျိုးပြလျက် ဆုံးမလာလို့ရှိရင် ပစ်ပယ်ခြင်းကိုလဲ မပြု, ဆိတ်ဆိတ်လဲမနေ, ဂုဏ်အပြစ်ကို ကြံစည်တွေးတောမှုကိုလဲ မပြုဘဲ အလွန်ရိုသေလေးစားစွာ စိတ်ကိုနှိမ့်ချထားကာ ကောင်းပါပြီ-လို့ လိုက်နာပြုကျင့်ခြင်းကို **"သောဝစဿတာ"**လို့ ခေါ်ပါတယ်[၂၂၇]။

ဒိသောဝစဿတာမင်္ဂလာဟာ နိဝါတမင်္ဂလာနဲ့ ဆက်စပ်လျက်ရှိပါတယ်၊ နိဝါတမရှိရင် သောဝစဿတာ မဖြစ်နိုင်ပါဘူး၊ မနှိမ့်ချတတ်သူဟာ သူတပါးအဆုံးအမကို ခံယူဖို့ မဖြစ်နိုင်ပါဘူး။

**<u>သုဝစ စစ်မစစ် ဆန်းစစ်ပါ</u>။** ။ မူလပဏ္ဏာသ ကကစူပမသုတ် (၁၇၈)မှာ "သင်္ကန်း ဆွမ်း ကျောင်းဆေး ပစ္စည်းလေးပါး ရလိုမှုအတွက် ပြောဆိုလွယ်သူကို **'သုဝစ'**လို့ ငါမဆို၊ အဲဒိလိုသူဟာ သင်္ကန်းစတဲ့ပစ္စည်းမရရင် ဆိုဆုံးမလွယ်သူဖြစ်တော့မည် မဟုတ်တဲ့အတွက် ဖြစ်ပါတယ်၊ တရားကို ရိုသေပြီး တရားကို အလေးပြုကာ တရားကို ပူဇော်လျက် ဆိုလွယ်သူကိုသာ **'သုဝစ'**အစစ်အမှန်ဖြစ်သူ-လို့ ငါဘုရား ဟောတော်မူတယ်။ ဒိဒေသနာတော်အရ "အဆုံးအမက မိမိအတွက် အလွန်အကျိုးရှိတယ်-လို့ မြင်သူမှသာ အမြဲ **သုဝစ** ဖြစ်နိုင်တယ်။

ဓမ္မပဒ ပဏ္ဍိတဝဂ် ရာဓဝတ္ထု (ခု၊ ၁၊ ၂၄)မှာ "အပြစ်ပြလျက် ဆုံးမလာသူကို ရွှေအိုးကြီး ဖော်ထုတ်ညွှန်ပြသလို မြင်တတ်ရမယ်၊ နှိမ်ချပြောလေ့ရှိသူ ပညာရှိမျိုးကို ဆည်းကပ်ရမယ်၊ အဲဒိပညာရှိမျိုးကို ဆည်းကပ်သူမှာ ယုတ်ညံ့သူမဖြစ်နိုင်, မြင့်မြတ်သူသာ ဖြစ်ရတယ်"လို့ ဟောတော်မူပါတယ်။

နိဓိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ နပါပိယော။

---

[၂၂၇] ခုဒ္ဒကပါဌ၊ ၌၊ ၁၂၆။ သုတ္တနိပါတ၊ ၌၊ ၂၊ ၃၁။

ဝဇ္ဇဒဿိန်-အပြစ်ကို ဖော်ပြတတ်သော၊ နိဂ္ဂယှဝါဒီ-နှိပ်ကွပ်၍ ဆိုဆုံးမလေ့ရှိသော၊ မေဓာဝီ-ထက်မြက်သော ဉာဏ်ပညာရှိထသော၊ ယံ ပဏ္ဍိတံ-အကြင်ပညာရှိကို၊ ပဿေ-တွေ့မြင်ရငြားအံ့၊ တာဒိသံ-ထိုသို့သဘောရှိသော၊ တံ ပဏ္ဍိတံ-ထိုပညာရှိကို၊ နိဓိန်-မြှုပ်ထားအပ်သော ဥစ္စာအိုးတို့ကို၊ ပဝတ္တာရံ ဣဝ-ထုတ်ဖော်ပြောကြားလာသောသူကဲ့သို့၊ ဘဇေ-ဆည်းကပ်ရာ၏၊ တာဒိသံ-ထိုသို့သဘောရှိသော ပညာရှိကို၊ ဘဇမာနဿ-ဆည်းကပ်သောသူအား၊ သေယျော-အထူးသဖြင့် မြတ်သည်၊ ဟောတိ-ဖြစ်၏၊ ပါပိယော-ယုတ်မာသည်၊ န ဟောတိ-မဖြစ်။

နိတိဆရာများ အဆိုမှာလဲ "ချစ်ဖွယ်စကား ပြောကြားတတ်သူများကို အမြဲရလွယ်ပါတယ်၊ မနှစ်သက်ဖွယ် အကျိုးရှိတဲ့စကားကို ပြောတတ်သူ, နားထောင်တတ်သူကား ရခဲပါတယ်၊ လောကမှာ မနှစ်သက်ဖွယ်ဖြစ်သော်လဲ အကျိုးဖြစ်စေမယ့်စကားကို ပြောကြားတတ်သူများကား မိတ်ဆွေစစ်ဖြစ်ကြပါတယ်၊ တခြားသူများမှာ မိတ်ဆွေအမည်ခံရုံမျှသာ" ဖြစ်တယ်။

**သုဝစနံ. သောဝစသတာ။** ။ **အပြောအဆို လွယ်ကူမှု**နဲ့ ပတ်သက်ရင် **"သုဝစနံ. သောဝစသတာ"** ၂-မျိုးကို ခွဲခြား သိဖို့လိုပါတယ်။ **သုဝစ**-ဆိုတာ အပြောအဆိုရ လွယ်ကူတဲ့ပုဂ္ဂိုလ် (ဆိုဆုံးမရ လွယ်ကူတဲ့ပုဂ္ဂိုလ်, အကြံပေးရလွယ်ကူတဲ့ ပုဂ္ဂိုလ်, လမ်းညွှန်ရလွယ်ကူတဲ့ပုဂ္ဂိုလ်, တင်ပြရလွယ်ကူတဲ့ပုဂ္ဂိုလ်)ပဲ ဖြစ်ပါတယ်၊ ဆိုဆုံးမတာ, အကြံပေးတာ, လမ်းညွှန်းတာ, တင်ပြတာတွေ-ဆိုတာကလဲ အထက်က အောက်ကို ဆုံးမပြောဆိုတာ, သွန်သင်တာ, အောက်က အထက်ကို အကြံပေးတာ, တင်ပြတာ- အချင်းချင်း အကြံပေးတာ, လမ်းညွှန်တာ-လို့ ၃-မျိုးခွဲနိုင်ပါတယ်။

မိဘဆရာသမား အထက်လူကြီးများရဲ့ ဆုံးမမှု, လမ်းညွှန်မှု, အမိန့်ပေးမှုကို ရိုသေလေးစားစွာ လိုက်နာကြတဲ့ သားသမီးများ, တပည့်များ, လက်အောက်ငယ်သားများဟာ **သုဝစ**-ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြ ပါတယ်။

သားသမီးများ, တပည့်များ, လက်အောက်ငယ်သားများရဲ့ ကြောင်းကျိုးပြလျက် ကောင်းတဲ့ အကြံ ပေးတင်ပြလာချက်ကို စဉ်းစားဆင်ခြင်လိုက်နာ ပြုပြင်တတ်တဲ့ မိဘ, ဆရာသမား, အထက်လူကြီးများဟာလဲ **သုဝစ**-ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

အချင်းချင်း အကြံပေးမှု, လမ်းညွှန်မှု, ပြုပြင်ပေးမှုတွေကို ခံယူကြတဲ့ မိတ်ဆွေသူငယ်ချင်းများ, ကျောင်းသူကျောင်းသားများ, စီးပွါးရေးလုပ်ဖော်ကိုင်ဖက်များ, အသင်းသူအသင်းသားများ, ရွာသူရွာသားများ-စတဲ့ပုဂ္ဂိုလ်တွေဟာလဲ **သုဝစ**-ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

**သောဝစဿတာ**–ဆိုတာကတော့ အပြောအဆိုရလွယ်ကူတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာရှိနေတဲ့ ဆိုဆုံးမလွယ်ကူမှုဂုဏ်ပဲ ဖြစ်ပါတယ်။

သုဝစပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ရှိနေတဲ့ ပြောတာ, ဆိုဆုံးမတာ, အကြံပေးတာ, လမ်းညွှန်တာကို ရှိသေလေးစားစွာ လိုက်နာမှုဂုဏ်ကတော့ **သောဝစဿတာ**–မည်ပါတယ်၊ အဲဒီသောဝစဿတာဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေရဲ့ နေထိုင်ရာဖြစ်တဲ့ အိမ်ထောင်စု, ကျောင်း, အသင်းအဖွဲ့, မြို့ ရွာ, တိုင်းနိုင်ငံတွေဟာ တိုးတက်ကြီးပွါးလာဖို့သာ ရှိပါတယ်၊ ဆုတ်ယုတ်ပျက်စီးသွားဖို့ မရှိပါဘူး။

အရှင်ရာဟုလာဟာ သဲကိုလက်နဲ့ဆုပ်ပြီး "ဒီသဲလုံးနဲ့အမျှ ငါ့ကို ဆုံးမမယ့်သူရရင် ကောင်းလေစွ"လို့ တောင့်တပါတယ်၊ အရှင်မြတ်က အဆုံးအမရဲ့တန်ဖိုးကို နားလည်တော်မူတဲ့အတွက်ဖြစ်ပါတယ်၊ အဆုံးအမတန်ဖိုးကို သိနားလည်သူတိုင်း အဆုံးအမကို လိုလားတောင့်တတတ်စမြဲ ဖြစ်ပါတယ်။

**<u>ဆရာ့စကား နားထောင်တဲ့ ဂါမဏိမင်းသား</u>**[၂၄]

ဂါမဏိမင်းသားဟာ မင်းသား ၁၀၁-ပါးအနက် ညီအငယ်ဆုံး ဖြစ်ပါတယ်၊ မင်းသားက ဆရာဖြစ်သူ ဘုရားလောင်းရဲ့အဆုံးအမကို နာခံပါတယ်၊ လိုက်နာကျင့်သုံးပါတယ်၊ ဒါ့ကြောင့် အကို မင်းသား ၁၀၀-ကို ကျော်လွန်ပြီး မင်းအဖြစ်ကို ရရှိလာပါတယ်၊ အကိုမင်းသား ၁၀၀-ခြံရံလျက် ထီးဖြူအောက်က ရာဇပလ္လင်ပေါ်မှာ ထိုင်လျက်-

> "ပညာရှိတွေရဲ့ အဆုံးအမမှာတည်ပြီး အလျင်စလို မလုပ်ဘဲ သင့်တော်တဲ့နည်းနဲ့ လုပ်ကိုင်တဲ့ လူတွေမှာ တောင့်တသမျှသော အကျိုးဟာ ပြည့်စုံရတာချည်းပါပဲ၊ ငါဟာ ဆရာ့စကားကို နားထောင်လို့ အကိုမင်းသား ၁၀၀-ကို ကျော်လွန်ပြီး မင်းအဖြစ်ကို ရရှိလာပါတယ်"။
>
> လို့ ဥဒါန်းစကား မြွက်ကြားခဲ့ပါတယ်။

**<u>ဒုဗ္ဘစနဲ့ ဒေါဝစဿတာ</u>**။ ။ ကောင်းတဲ့ဘက်က သုဝစနဲ့ သောဝစဿတာ-ရှိသလို မကောင်းတဲ့ ဘက်ကလဲ **ဒုဗ္ဘစနဲ့ ဒေါဝစဿတာ**–ဆိုတာ ရှိပါတယ်၊ မိဘ, ဆရာသမား, အထက်လူကြီးများရဲ့ ပြောဆိုဆုံးမမှု, လမ်းညွှန်မှု, အမိန့်ပေးမှုတွေကို မလိုက်နာ မနာခံသူများ, အောက်လူများက ကြောင်းကျိုးပြလျက် တင်ပြလာတာကို စဉ်းစားဆင်ခြင်မှု ကင်းမဲ့စွာနဲ့ မလိုက်နာ မပြုပြင်တတ်တဲ့ အကြီးအကဲများ, အချင်းချင်း အကြံပေးမှု, လမ်းညွှန်မှု, ပြုပြင်ပေးမှုတွေကို မလိုက်နာ မခံယူကြတဲ့ မိတ်ဆွေသူငယ်ချင်းများ, ကျောင်းသူကျောင်းသားများ, လုပ်ဖော်ကိုင်ဘက်များ, အသင်းသူအသင်းသားများ,

---

[၂၄] ဇာတက၊ ၆၊ ၁၊ ၁၅၃။

ရွာသူရွာသားများ, မြို့သူမြို့သားများ, တိုင်းသူ ပြည်သားများဟာ **ဒုဋ္ဌစ** (အပြောအဆိုခက်တဲ့)ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

အဲဒီ ဒုဋ္ဌစပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ရှိနေတဲ့ အပြောအဆိုရခက်ခဲမှု–ဆိုတဲ့ မကောင်းဂုဏ်ကတော့ **ဒေါစသတာ**–မည်ပါတယ်၊ အပြောအဆိုရခက်ခဲမှုကို ဖြစ်စေတတ်တဲ့ စေတနာ, ဒေါသ, မာန်မာနတွေ ပြဋ္ဌာန်းတဲ့ အကုသိုလ်တရားစုပဲ ဖြစ်ပါတယ်။

အဲဒီ**ဒေါစသတာ** (မကောင်း)ဂုဏ်နဲ့ လွှမ်းခြုံထားတဲ့ပုဂ္ဂိုလ်တွေရဲ့ နေထိုင်ရာ မြို့ရွာ, အိမ်, ကျောင်း, အသင်းအဖွဲ့, တိုင်းနိုင်ငံတွေဟာ တိုးတက်ကြီးပွါးနိုင်ဖို့ မရှိပါဘူး၊ ဆုတ်ယုတ်ပျက်စီးဖို့သာ ရှိပါတယ်။

**အဘစကား နားမထောင်တဲ့ သားမိုက်**[JJ၉]

ရှေးအခါ ဘုရားလောင်းက စည်တီးအမျိုး[JJ၀]မှာ ဖြစ်ပါတယ်၊ ဗာရာဏသီမြို့နဲ့ ခပ်လှမ်းလှမ်း ရွာတရွာမှာ နေပါတယ်၊ နက္ခတ်သဘင်ပွဲကျင်းပချိန်မှာ သားကိုခေါ်သွားပြီး ဗာရာဏသီမြို့ထဲမှာ စည်တီးပြပါတယ်၊ ပစ္စည်းဥစ္စာအများအပြား ရလာပါတယ်။

ဥစ္စာကိုယူပြီး ကိုယ့်ရွာကို ပြန်လာတဲ့အခါ ခိုးသားတွေ ခိုလှုံနေတဲ့ တောအုပ်ကို ဖြတ်သွားရပါတယ်၊ သားက အဆက်မပြတ် စည်ကိုတီးလာပါတယ်၊ မင်းရဲ့စည်သံလို ရံဖန်ရံခါသာ တီးရန် ဘခင်က ပြောဆိုညွှန်ကြားပေမယ့် မရပါ၊ စည်တီးသံမပြတ်တဲ့အတွက် ခိုးသူတွေက မင်းရဲ့စည်သံမဟုတ်ကြောင်းကို သိရတဲ့အခါ သားအဘ ၂-ယောက်ကို ဖမ်းယူရိုက်နှက်ပြီး ဥစ္စာများကိုလဲ လုယူထားလိုက်ပါတယ်။

ဒါက ဘခင်ရဲ့စကားကို နားမထောင်ဘဲ ကိုယ်ထင်ရာ လုပ်တတ်တဲ့သားအတွက် အရိုက်အနှက်လဲ ခံရ, ဥစ္စာလဲ ဆုံးရှုံးရကြောင်းကိုပြတဲ့ သာဓကပါဘဲ။

**ဒုဋ္ဌစအား မဆုံးမသင့်**[JJ၁]

သူတော်ကောင်းတွေက အဆုံးအမကို လိုလားလျက် ဆုံးမသူကို အကျိုးပြုတတ်သော်လဲ လူမိုက်တွေကတော့ အဆုံးအမကို အကောင်းမထင်, ဆုံးမသူကိုပင် အန္တရာယ်ပြုတတ်ပါသေးတယ်၊

---

[JJ၉] ဇာတက၊ ၎၊ ၁၊ ဘေရိဝါဒကဇာတ်၊ ၃၀၀-၃၀၁။

[JJ၀] လူည့်လည်ကာ စည်တီးပြီး အသက်မွေးရသောအမျိုးမှ ဖြစ်သောကြောင့် "စည်တီးမျိုး"ဟု ခေါ်ဆိုသည်။

[JJ၁] ဇာတက၊ ၁၊ စတုက္ကနိပါတ၊ ကုဋိဒူသကဇာတ်၊ ၁၀၃။ ၎၊ ၄၊ ကုဋိဒူသကဇာတ်၊ ၆၇-၆၈။

ရှေးက မိုးလေကြောင့် ခိုက်ခိုက်တုန်ဖြစ်နေတဲ့ မျောက်ကို ဘုရားလောင်း သိဂီလ[JRJ]ငှက်က "သင်မှာ လူလိုပင် ခေါင်း, လက်တွေ, ခြေတွေ ရှိနေပါလျက် အိမ်မရှိသည်မှာ ဘာ့ကြောင့်ပါလဲ?"လို့ မေးပါတယ်၊ မျောက်က "လူလို ခေါင်း, လက်ခြေတွေရှိပေမယ့် ငါ့မှာ လူလို ဆင်ခြင်တတ်တဲ့ပညာမရှိပါ"လို့ ဖြေပါတယ်၊

မနုဿသော၀ တေ သိသံ၊ ဟတ္ထပါဒါ စ ၀ါနရ။
အထ ကေန နု ၀ဏ္ဏေန၊ အဂါရံ တေ န ဝိဇ္ဇတိ?
မနုဿသော၀ မေ သိသံ၊ ဟတ္ထပါဒါ စ သိဂီလ။
ယာ'ဟု သေဋ္ဌာ မနုဿေသု၊ သာ မေ ပညာ န ဝိဇ္ဇတိ။

ဘုရားလောင်းငှက်က "စိတ်မတည် ပေါ့လျော့သူ, မိတ်ဆွေကို ပြစ်မှားသူ, သီလမရှိသူကား မချမ်းသာနိုင်ပါ၊ မိမိအကျင့်ဖြင့် အစွမ်းထုတ်ကာ အအေးဒဏ်, လေဒဏ် ကာကွယ်နိုင်တဲ့အိမ်ကို ဆောက်လုပ်ပါ"လို့ ကောင်းရာကောင်းကြောင်း ပြောပြပါတယ်။

အနဝဋ္ဌိတစိတ္တာသ၊ လဟုစိတ္တာသ ဒုဋ္ဌိနော။
နိစ္စံ အဒ္ဓု၀သီလဿ၊ သုခဘာဂေါ န ဝိဇ္ဇတိ။
သော ကရဿု အာနုဘာဝံ၊ ဝိတိ၀တ္တာသု သီလိယံ။
သိတဝါတပရိတ္တာဏံ၊ ကရဿု ကုဋ္ဌံ ကပိတိ။

အဲဒီလို ပြောတာကို မျောက်ဟာ အကောင်းမထင် "ငါ့ကို ပြောရကောင်းလား?"လို့ သစ်ပင် အထက်တက်ကာ အသိုက်ကို ဖျက်ဆီးပစ်တဲ့အတွက် ဘုရားလောင်းငှက်လဲ ထွက်ပြေးရပါတယ်။ ဒီဇာတ်လမ်းကတော့ မဆုံးမသင့်တဲ့သူကို ဆုံးမမိတဲ့အတွက် ဒုက္ခဖြစ်ရတဲ့သာဓကတခုပါဘဲ။

## <u>သင့်တော်သူကိုသာ ဩဝါဒပေးသင့်</u>[JRJ]

ရှေးက ဗာရာဏသီမြို့မှာ ပုဏ္ဏားမိသားစုတခု ရှိပါတယ်၊ ဘုရားလောင်းဟာ အဲဒီမိသားစုမှာ ဖြစ်လာပါတယ်၊ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ကိုသွားပြီး အတတ်ပညာများ သင်ယူခဲ့ပါတယ်၊ အိမ်ရာတည်ထောင်မှု မပြုဘဲ ရသေ့၀တ်ပြုး ဟိမ၀န္တာမှာ ကြာရှည်လေးမြင့်စွာ နေခဲ့ပါတယ်။

---

[JRJ] စာပေါင်းသောင်း။ စာဘူးတောင်း။

[JRJ] ဇာတက၊ ၎၊ ၁၊ အဝါရိယဇာတ်၊ ၂၁၄-၂၁၈။

တချိန်မှာ ရှင်ရသေ့ဟာ ဟိမဝန္တာမှ ဗာရာဏသီမြို့ကို ကြွရောက်လာပါတယ်၊ ဗြဟ္မဒတ်မင်းက ရသေ့ကို တွေ့မြင်ရရုံနဲ့ပဲ ကြည်ညိုနေပါတယ်၊ မင်းဥယျာဉ်မှာ သီတင်းသုံးနေစေပါတယ်၊ တနေ့တကြိမ် ဆည်းကပ်ရအောင် သွားနေပါတယ်၊ ရှင်ရသေ့ဟာ မင်းအား နေ့စဉ် ဆုံးမသြဝါဒပေးပါတယ်။

"မင်း–ဆိုတာ အဂတိတရား ၄–ပါးကို မလိုက်စားရပါဘူး၊ မေ့လျော့ခြင်းကင်းရမယ်၊ သည်းခံရမယ်၊ မေတ္တာ ကရုဏာနဲ့ ပြည့်စုံရမယ်၊ ဒါ့အပြင် မင်း–ဆိုတာ စကား–ဆိုတဲ့လက်နက်ကို ပိုင်ဆိုင်ထားသူ ဖြစ်တယ်၊ ရွာမှာဘဲ ဖြစ်ဖြစ်, တောမှာဘဲဖြစ်ဖြစ်, ချိုင့်ဝှမ်းရာအရပ်မှာဘဲ ဖြစ်ဖြစ်, ကြည်းကုန်းမှာဘဲ ဖြစ်ဖြစ် ဘယ်နေရာမျိုးမှာမှ အမျက်မထွက်သင့်ဘူး၊ အမျက်ထွက်လို့ ပြောဆိုလိုက်တဲ့ မင်းရဲ့စကား တခွန်းတည်းနဲ့ပဲ အများအပြား သေဆုံးရတတ်ပါတယ်"။

မင်းဟာ သြဝါဒကို သဘောကျတဲ့အတွက် အခွန်တသိန်းထွက်တဲ့ ရွာကို ရှင်ရသေ့အား ပေးပါတယ်၊ ရှင်ရသေ့က လက်မခံပါဘူး။

အဲဒီလို နေထိုင်ရင်း ၁၂–နှစ်လောက်အကြာမှာ ရှင်ရသေ့ဟာ ကျေးလက်တောရွာကို လှည့်လည်လိုတဲ့အတွက် ဥယျာဉ်စောင့်ကိုမှာထားခဲ့ပြီး ထွက်ကြွသွားပါတယ်၊ ဂင်္ဂါမြစ်ကမ်းမှာ အဝါရိယပိတာ–ဆိုတဲ့ ကူးတို့သူကြီးကိုတွေ့ပါတယ်၊ အဲဒီကူးတို့သူကြီးဟာ မိုက်မဲတွေဝေသူဖြစ်ပါတယ်၊ ဂုဏ်ရှိသူတွေရဲ့ ဂုဏ်ကျေးဇူးကိုလဲ မသိတတ်ပါ၊ ဒေါသလဲကြီးပါတယ်၊ တဖက်ကမ်းကို အပို့ခိုင်းတဲ့လူတွေထဲမှ မပို့ခင် အခမတောင်းဘဲ ပို့ပြီးလို့ တဖက်ကမ်းကိုရောက်မှ အခတောင်းပါတယ်၊ အခမပေးလိုသူတွေနဲ့ အမြဲရန်ဖြစ်နေရပါတယ်။

ရှင်ရသေ့ဟာ အဲဒီကူးတို့သူကြီးကို တဖက်ကမ်းသို့ ပို့ပေးရန် တောင်းပန်ပါတယ်၊ တဖက်ကမ်းကို ရောက်တဲ့အခါ ကူးတို့သူကြီးက ရှင်ရသေ့ထံမှ အခတောင်းပါတယ်။

"တဖက်ကမ်းကို ကူးပြီးတဲ့လူတွေရဲ့ စိတ်က တမျိုးဖြစ်ပြီး တဖက်ကမ်းကို ကူးလိုတဲ့လူတွေရဲ့ စိတ်က တမျိုးဖြစ်တတ်ပါတယ်၊ ဒါ့ကြောင့် တဖက်ကမ်းကို မကူးခင် ကြိုတင်ပြီး အခကို တောင်းယူရမယ်၊ ဒါက သင့်အတွက် ဥစ္စာတိုးပွါးကြောင်း ဖြစ်တယ်။

ရွာမှာပဲဖြစ်ဖြစ်, တောမှာပဲဖြစ်ဖြစ်, ချိုင့်ဝှမ်းရာမှာပဲဖြစ်ဖြစ်, ကြည်းကုန်းမှာပဲဖြစ်ဖြစ် ဘယ်နေရာမျိုးမှာမှ အမျက်မထွက်ပါနဲ့၊ ဒါကတော့ သင့်အတွက် ကိုယ့်ကျင့်တရားတိုးပွါးကြောင်း ဖြစ်တယ်။

ဒီဥစ္စာတိုးပွါးကြောင်း သြဝါဒနဲ့ ကိုယ်ကျင့်တရားတိုးပွါးကြောင်း သြဝါဒတွေဟာ သင့်အတွက် ကူးတို့ပို့ခပဲ ဖြစ်ပါတယ်၊ ငါ့မှာ ဒါ့အပြင် ငွေကြေး ပိုက်ဆံ တပြားတချပ်မှ မရှိပါဘူး"။



ရှင်ရသေ့ရဲ့ စကားကို ကြားရတဲ့ ကူးတို့သူကြီးဟာ အမျက်ဒေါသထွက် စိတ်ဆိုးပြီး ဂင်္ဂါမြစ်ကမ်းမှာပဲ ရှင်ရသေ့ကို တွန်းလဲလိုက်ပါတယ်၊ ရင်ဘတ်ပေါ်မှာ ခွထိုင်လျက် ရှင်ရသေ့ရဲ့ မျက်နှာကိုချည်း ရိုက်ပုတ် ထောင်းထုနေပါတော့တယ်။

အဲဒီလို ရှင်ရသေ့ အား ရိုက်နှက်နေတာကို ထမင်းပို့လာတဲ့ ကူးတို့သူကြီးမယားက တွေ့ရတော့ လင်ဖြစ်သူကို တားမြစ်ပါတယ်၊ ကူးတို့သူကြီးဟာ ထလာပြီး သူ့ကိုတားရကောင်းလား–ဆိုတဲ့ သဘောနဲ့ မယားကိုရိုက်ပြန်တယ်၊ ထမင်းအိုးလဲ ကျကွဲသွားပါတယ်၊ မယားရဲ့ကိုယ်ဝန်လဲ ပျက်ကျ သွားပါတယ်။

အဲဒီအချိန်မှာ လူတွေ ဝိုင်းအုံရောက်လာကြပါတယ်၊ ကူးတို့သူကြီးကို ဖမ်းယူပြီး ငြဟ္မဒတ်မင်းထံ ပို့ကြပါတယ်၊ လူသတ်မှုနဲ့ တရားစွဲကြပါတယ်၊ ငြဟ္မဒတ်မင်းက အမှုစစ်ဆေးဆုံးဖြတ်ပြီး အပြစ်ဒဏ် ချမှတ်လိုက်ပါတယ်။

ရှင်ရသေ့က အမျက်ဖြေသြဝါဒကို ငြဟ္မဒတ်မင်းအား ပေးတဲ့အခါမှာ အခွန်တသိန်းထွက်တဲ့ ရွာကိုရပါတယ်၊ အဲဒီအမျက်ဖြေသြဝါဒကိုပဲ လူမိုက်ကူးတို့သူကြီးအား ပေးတဲ့အခါမှာတော့ မျက်နှာကို အထုအထောင်းခံရပါတယ်၊ ဒါ့ကြောင့် သြဝါဒပေးတဲ့ပုဂ္ဂိုလ်ဟာ သင့်တော်သူအားသာ ပေးသင့်ပါတယ်၊ မသင့်တော်သူအား မပေးသင့်ပါ။

**ဆုံးမစကား။ သူမြတ်များ။ လေးစားလိုက်နာပါ။**

**ဆုံးမစကား။ လူမိုက်နာ။ ဓါးသီးလှလေပါ။**

**☆ ဆုံးမလေလင့်၊ သင့် မသင့်၊ နှိုင်းချင့် ပြောဆိုပါ။** (ကိုယ်ကျင့်မင်္ဂလာ၊ ၅၂၁-၅၂၃။)

(၂၉) **သမဏာနံ ဒဿနံ** [ကိလေသာနဲ့ သမိတတ္တာ **သမဏာ**]

**သမဏာ**–ဆိုတာ ကိလေသာတွေကို ငြိမ်းအေးစေတတ်သူတွေကို ခေါ်ပါတယ်၊ ကိလေသာအားလုံး ငြိမ်းပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်တွေနဲ့. ကိလေသာငြိမ်းအောင် ကြိုးစားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေအကုန်လုံးကိုပဲ **"သမဏာ"**လို့ ခေါ်သင့်ပါတယ်၊ ကောင်းစွာ ကျင့်ကြံအားထုတ်နေတဲ့ ပုထုဇဉ်တွေပင် "သမဏာ"မည်ကြပါတယ်၊ သီလဝန္တကလျာဏပုထုဇဉ်နဲ့. အရိယာပုဂ္ဂိုလ် ၈-ယောက်လုံးကို "သမဏာ"အရ ယူနိုင် ပါတယ်။

[**ဒဿနန္တိ** ပေကွန်]–**ဒဿန**–ဆိုတာ ဖူးမြင်ခြင်းသာမက ဆည်းကပ်ခြင်း, လုပ်ကျွေးခြင်း, အောက်မေ့ခြင်း, ကြားနာရခြင်းများပါ ပါဝင်ကြောင်း– အဋ္ဌကထာများမှာ ဖွင့်ဆိုထားပါတယ်။

ရဟန်းတော်များကို ဖူးမြင်ရခြင်းဟာ ကျေးဇူးများတဲ့အတွက် ကောင်းမြတ်တဲ့ မင်္ဂလာ-ဖြစ်ပါတယ်၊ ကျေးဇူးများပုံမှာ "အစိုးအပွါးကို အလိုရှိတဲ့ အမျိုးကောင်းသားဟာ အိမ်တံခါးဝကြွရောက်လာတဲ့ သီလရှိတဲ့ရဟန်းတော်တွေကို ဖူးရရင် လူစရာရှိပါက လူပါ၊ လူစရာမရှိရင် တည်ခြင်းငါးပါး (ထိခြင်းငါးပါး)နဲ့. ရှိခိုးလိုက်ပါ၊ ထိခြင်းငါးပါး မပြည့်စုံစေကာမူ လက်အုပ်မိုးပြီး ရှိခိုးလိုက်ပါ၊ ကိုင်းညွတ်လိုက်ပါ၊ အကယ်၍ ရှိခိုးမှုမလုပ်နိုင်ရင် ကြည်ညိုတဲ့စိတ်နဲ့. ချစ်ဖွယ်မျက်လုံးတွေနဲ့. ဖူးမြင်လိုက်ပါ၊ အဲဒီလို ဖူးမြင်ခြင်းအခြေခံတဲ့ ကောင်းမှုကြောင့် ဘဝထောင်ပေါင်းများစွာ မျက်စိရောဂါ, ကိုယ်ပူနာ, အသားပိုနာ, အိုင်းအနာတွေ မဖြစ်ကြပါ၊ ကမ္ဘာတသိန်းကာလပတ်လုံး နတ်စည်းစိမ်, လူ့စည်းစိမ်တွေကိုလဲ ရရှိနိုင်ပါတယ်။

> ယတော ဟိတကာမေန ကုလပုတ္တေန သီလဝန္တေ ဘိက္ခူ ဃရဒ္ဒါရံ သမ္ပတ္တေ ဒိသွာ ယဒိ ဒေယျဓမ္မော အတ္ထိ၊ ယထာဗလံ ဒေယျဓမ္မေန ပတိမာနေတဗ္ဗော။ ယဒိ နတ္ထိ၊ ပဗ္ဗပတိဋ္ဌိတံ ကတ္ဝာ ဝန္ဒိတဗ္ဗာ။ တသ္မိမ္ပိ အသမ္ပဇ္ဇမာနေ အဗ္ဘက္ခေါ ပဂ္ဂဟေတ္ဝာ နမဿိတဗ္ဗာ၊ တသ္မိမ္ပိ အသမ္ပဇ္ဇမာနေ ပသန္နစိတ္တေန ပိယစက္ခူဟိ သမ္ပသိတဗ္ဗာ။ ဧဝံ ဒဿနမူလကေနပိ ပုညေန အနေကာနိ ဇာတိသဟဿာနိ စက္ခုမှိ ရောဂေါ ဝါ ဒါဟော ဝါ ဥဿဒါ ဝါ ပိဋ္ဌကာ ဝါ နဟောန္တိ၊ ဝိပုသန္နပဗ္ဗဝဏ္ဏာသဿိရိကာနိ ဟောန္တိ စက္ခူနိ ရတနဝိမာနေ
> ဥဋ္ဌါဠိတမဏိကဝါဠသဒိသာနိ၊ သတသဟဿကပ္ပမတ္တံ ဒေဝေသု စ မနုဿေသု စ သမ္ပတ္တိံ လာဘီ ဟောတိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၂၆–၁၂၇။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၂။)

ဘုရားရှင်ရဲ့လက္ခဏာတော်များအနက် **အာဘိန်လနေတ္တ**–ညိုသင့်တဲ့နေရာမှာ အလွန်ညိုမှောင်တင့်တယ်တဲ့ မျက်လုံးရှိတဲ့ လက္ခဏာတော်နဲ့ **ဓဝါပရုမ**–မွေးခါစ နွားကလေးရဲ့ မျက်လုံးအိမ်သဖွယ် တင့်တယ်တဲ့ မျက်လုံးအိမ်ရှိတဲ့ လက္ခဏာတော်တွေဟာ သတ္တဝါတွေကို ချစ်စဖွယ် မျက်လုံးတွေနဲ့ ကြည့်ရှုခဲ့တဲ့အတွက် ရရှိတော်မူကြောင်း ပါထိကဝဂ် လက္ခဏသုတ်[၂၄]မှာ ဟောတော်မူခဲ့ပါတယ်။

**အမြင် ၂-မျိုး**။ ။ ရဟန်းတော်တွေကို ဖူးမြင်ရခြင်း–ဆိုရာမှာ ပကတိမျက်စိအမြင်, ဉာဏ်အမြင်–လို့ ၂-မျိုးရှိပါတယ်၊ အဲဒီ ၂-မျိုးတွင် ဉာဏ်အမြင်နဲ့ ရဟန်းတော်ကို မြင်သူသာ အမှန်မြင်ဖြစ်၏၊ ပကတိမျက်စိ အမြင်သက်သက်မှာ မကောင်းကို အကောင်းထင်တတ်တယ်၊ အကောင်းကို မကောင်းထင်တတ်ပါတယ်။

ဘုရားရှင်လက်ထက်တော်က အဿဇိပုနဗ္ဗသုက ရဟန်းတွေဟာ ကိဋ္ဌာဂိရိဇနပုဒ်မှာ ရဟန်းနဲ့ မသင့်တော်တဲ့ အလုပ်မှန်သမျှ အကုန်လုပ်ကြပါတယ်၊ ဇနပုဒ်သူ ဇနပုဒ်သားတွေက အဲဒီရဟန်းဆိုးတွေကိုမှကြည်ညိုကြပါတယ်၊ တချိန်မှာ အကျင့်သိက္ခာရှိတဲ့ ရဟန်းတပါးဟာ ရောက်ရှိလာကာ ဆွမ်းခံဝင်ပေမယ့် ဘယ်သူကမှ ဆွမ်းမလောင်းကြပါ၊ ဒကာတယောက်က ပင့်ပြီး ဆွမ်းကပ်မှ အဲဒီကိုယ်တော်ခမျာ ဆွမ်းဘဉ်းပေးရရှာပါတယ်။ ဉာဏ်အမြင်ရှိတဲ့ ဒကာရှိသေးလို့သာ အဲဒီရဟန်းတော် ဆွမ်းမငတ်ခြင်း ဖြစ်ပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ တရားမြင်ခဲ့ရင် အဲဒီသူကတော့ ဘုရားကို အကောင်းဆုံးမြင်, ရဟန်းကို အကောင်းဆုံးမြင်သူ ဖြစ်ပါတယ်၊ အဲဒီအမြင်မျိုးရရင် ဘုရားမပြောင်း, ရဟန်း(သံဃာ)မပြောင်းတော့ပြီ၊ တကယ် ဘုရားမြင်သူ, ရဟန်းမြင်သူ ဖြစ်ကြပါ–လို့ ဆိုလိုပါတယ်။

ကိုယ်ကျင့်မဂ်လာဆရာတော်ရဲ့ **"သမဏာနံ ဒဿန"**မဂ်လာနဲ့ပတ်သက်တဲ့ သြဝါဒစကားကို လေးလေးနက်နက် မှတ်သားနာယူသင့်ကြပါတယ်----

"ရဟန်းသံဃာတွေနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေက တစ်ဦးနှင့်တစ်ဦး ကင်းကွာလို့ မရစကောင်းပါ၊ ကိုင်းကိုကျွန်းမို့, ကျွန်းကိုကိုင်းမို့–ဆိုသလို တစ်ဦးကိုတစ်ဦး မှီခိုနေကြရပါတယ်၊ သို့ဖြစ်သည်အားလျော်စွာ သတိပေးစကား အနည်းငယ် ပြောကြားလိုပါတယ်။

ကိလေသာငြိမ်းအေးပြီးတဲ့ သမဏ, ကိလေသာငြိမ်းအေးအောင် ကျင့်နေတဲ့ သမဏတွေကိုပဲ ရဟန်းသံဃာ–လို့ ပြောလာခဲ့ပါတယ်၊ အဲဒီရဟန်းသံဃာအစစ်အမှန်တွေဟာ အခါခပ်သိမ်း ရှိနေတာမျိုးမဟုတ်ပါ၊ အခါခပ်သိမ်း ဖူးတွေ့ခွင့်ကိုလဲ မရနိုင်ပါ၊ ဗုဒ္ဓပြတ်စွာသာသနာတော် ထွန်းလင်းနေတဲ့ အခါမျိုးမှာသာ ရှိနိုင်ပါတယ်၊ အဲဒီအခါမျိုးမှာသာ ဖူးတွေ့ခွင့် ရနိုင်ပါတယ်။

---

[၂၄] ဒီ၊ ၃၊ ၁၃၆။

ဗုဒ္ဓမြတ်စွာသာသနာတော်–ဆိုတာဟာလဲပဲ မြို့တိုင်း, ရွာတိုင်း, တိုင်းပြည်တိုင်းမှာ ရှိနေတာမျိုး, ထွန်းလင်းနေတာမျိုး မဟုတ်ပါ၊ ပတိရူပဒေသဖြစ်တဲ့ မြို့ရွာ နိုင်ငံတွေမှာသာ ရှိနေတတ်ပါတယ်၊ ထွန်းလင်း တောက်ပြောင် နေတတ်ပါတယ်။

မိမိတို့နေထိုင်တဲ့ အရပ်က သာသနာတော်ရှိနေတဲ့, သာသနာတော် ထွန်းလင်းတောက်ပြောင်နေတဲ့ ပတိရူပဒေသဖြစ်လို့ ရဟန်းသံဃာစစ်တွေ ရှိနေပေမယ့် မိမိကိုယ်တိုင်က သာသနာမှာ နှစ်နှစ်ကာကာ ယုံကြည်နိုင်တဲ့ သဒ္ဓါတရားမရှိသူ ဖြစ်နေပါရင် အဲဒီရဟန်းသံဃာ အစစ်အမှန်ကို ပကတိမျက်စိနဲ့ အပြင်အပ အသွင်အပြင်မျက်ကို တွေ့မြင်ရရုံသာ ဖြစ်ပါလိမ့်မယ်၊ ဉာဏ်မျက်စိနဲ့ အတွင်းမှာရှိနေတဲ့ ဂုဏ်တွေကို ထွင်းဖောက်မြင်နိုင်မယ် မဟုတ်ပါ။

ဒီလို ရဟန်းသံဃာအား ဖူးမြင်ရခြင်းဟာ အလွန်ရခဲတဲ့အတွက် ဗုဒ္ဓမြတ်စွာက ဒဿနာနုတ္တရိယ (လွန်ကဲသော ဖူးမြင်ရခြင်းမျိုး ဖြစ်တယ်)လို့ ဟောတော်မူထားပါတယ်၊ ဒီတော့ လွန်ကဲတဲ့ ဖူးမြင်ရခြင်းမျိုးကို ဖူးမြင်ရတဲ့အတွက် လွန်ကဲတဲ့အကျိုး သက်ရောက်လာတယ်–ဆိုတာကို ရှေ့မှာ ပြောလာခဲ့တဲ့ အကြောင်းအရာတွေကပဲ သက်သေခံနေပါတယ်၊ ဒါ့ကြောင့် အခုလို သာသနာတော် ထွန်းလင်း တောက်ပြောင်ခိုက်မှာ ဒဿနာနုတ္တရိယအကျိုးကို လူတိုင်းလူတိုင်း ခံစားရအောင် အားထုတ် ကြိုးစားနိုင်ကြပါစေ။

(၃၀) **ကာလေန မမ္မသာကစ္ဆာ**–သင့်တော်တဲ့အခါ အတူတကွတရားဆွေးနွေးခြင်း [ဓမ္မသဲ သာကစ္ဆာ သဟကထနံ **မမ္မသာကစ္ဆာ**။ လိနဒွတဝိစိကိစ္ဆာဘိဘူတစိတ္တဝိသောဓနတ္ထံ သပ္ပါယကာလေ အာဘိဓမ္မိကာဒိဟိ သဟကထနန္တိ အဓိပ္ပါယော။ (ပရိတ္တဋ္ဌကာဝါဠိ၊ ၄၄။)]–တွန့်ဆုတ်ခြင်း, ပျံ့လွင့်ခြင်း, ယုံမှားခြင်းတွေသည် လွှမ်းမိုးနှိပ်စက်အပ်တဲ့စိတ်ကို သုတ်သင်ရန်အလို့ငှါ သင့်တော်တဲ့အခါမှာ အဘိဓမ္မာဆောင်ပုဂ္ဂိုလ် စတဲ့သူတွေနဲ့ အတူတကွ ပြောဆိုခြင်းဟာ **"ကာလေန မမ္မသာကစ္ဆာ"** မည်ပါတယ်။

အတူတကွပြောဆိုခြင်း–ဆိုတာကိုပဲ တိုင်ပင်တယ်, ညှိနှိုင်းတယ်, ဆွေးနွေးတယ်–လို့ ဆိုကြပါတယ်၊ တဦးနဲ့တဦး အပြန်အလှန် မေးခြင်း, ဖြေခြင်း ပြောဆိုတာကိုလဲ ဆွေးနွေးတယ်–လို့ ဆိုလိုပါတယ်။

**ဆွေးနွေးသင့်ရာ ချိန်အခါ**

အဋ္ဌကထာတွေ[၂၃]အရတော့ ညဉ့်ဦးယာမ်အချိန်မှာပဲဖြစ်ဖြစ်, မိုးသောက်ထအချိန်မှာပဲဖြစ်ဖြစ် သုတ္တန်ဆောင်ရဟန်းတွေက အချင်းချင်း သုတ္တန်ကို ဆွေးနွေးကြပါတယ်၊ ဝိနည်းဆောင် ရဟန်းတွေက ဝိနည်းကို ဆွေးနွေးကြပါတယ်၊ အဘိဓမ္မာဆောင်ရဟန်းတွေက အဘိဓမ္မာကို ဆွေးနွေးကြပါတယ်၊ ဇာတ်ကိုဆောင်တဲ့ ရဟန်းတွေက ဇာတ်ကို ဆွေးနွေးကြပါတယ်၊ အဋ္ဌကထာကိုဆောင်တဲ့ရဟန်းတွေက အဋ္ဌကထာကို ဆွေးနွေးကြပါတယ်၊ ဒါဟာ သင့်တော်တဲ့အခါမှာ တရားဆွေးနွေးတာ မည်ပါတယ်။

နောက်တမျိုးကတော့ "စိတ်ဆုတ်နစ်နေတဲ့အခါမျိုး, စိတ်ပျံ့လွင့်နေတဲ့အခါမျိုး, ယုံမှားသံသယဖြစ်နေတဲ့အခါမျိုးတွေမှာ အဲဒီစိတ်ကိုကုစားဖို့ တရားဆွေးနွေးခြင်းဟာလဲ သင့်တော်တဲ့အခါမှာ တရားဆွေးနွေးခြင်း–မည်ပါတယ်။

တဦးနဲ့တဦး အသိအမြင်ချင်း ဖလယ်လိုတဲ့အတွက် ဆွေးနွေးတာမျိုးဖြစ်ပါက ငြိမ်သက်အေးဆေးတဲ့ ညဉ့်ဦးယာမ်အချိန်, မိုးသောက်ယာမ်အချိန်ဟာ သင့်တော်တဲ့အခါဖြစ်ပါတယ်၊ ဒီအပြင် စိတ်ဆုတ်နစ်နေလို့, စိတ်မတည်မငြိမ် ပျံ့လွင့်နေလို့, ယုံမှားသံသယတွေ ရှိနေလို့ တရားဆွေးနွေးတာမျိုးဖြစ်က ဆွေးနွေးတိုင်ပင်ခံပုဂ္ဂိုလ်ကို တွေ့ရှိနိုင်တဲ့ အားလပ်ခွင့်ရတဲ့ ဥပုသ်နေ့, စနေနေ့, တနင်္ဂနွေနေ့တွေဟာ သင့်တော်တဲ့ အချိန်အခါဖြစ်ပါတယ်၊ ဖြစ်ရပ်အခြေအနေပေါ်မူတည်ပြီး ခွဲခြားသတ်မှတ်သင့်ပါတယ်။

**ဆွေးနွေးရမယ့် ဓမ္မအထွေထွေ**

လောကုတ္တရာတရား, နိဗ္ဗာန်ရောက်ကြောင်းတရား, အဘိဓမ္မာတရား, တမလွန်လောက(ပရလောက)နဲ့ စပ်တဲ့တရား, ကံ ကံရဲ့အကျိုးနဲ့စပ်တဲ့တရား, သမထဝိပဿနာတရားတွေဟာ **ဓမ္မ**အရ ဆွေးနွေးရမယ့်တရားတွေဖြစ်ပါတယ်။

ဒါ့အပြင် အပြစ်မရှိတဲ့ စီးပွါးရေး, ကြီးပွါးရေး, တိုင်းပြည်စည်ပင်သာယာရေး, မြို့ရွာ ရပ်ကွက်မိသားစုကြီးပွါးတိုးတက်ရေး–စတဲ့ အကြောင်းတွေလဲ ဓမ္မအရ ဆွေးနွေးရမယ့်ကိစ္စတွေပဲ ဖြစ်ကြပါတယ်။

---

[၂၃] ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၂၇။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂။ ၃၂-၃၃။

**ပုဂ္ဂိုလ်နှင့် အကြောင်းအရာ**

(၁) ရဟန်းသံဃာအချင်းချင်း ပိဋကတော်တွေနဲ့စပ်တဲ့ဆွေးနွေးခြင်း၊

(၂) လူပုဂ္ဂိုလ်အချင်းချင်း မိမိတို့သင်ကြားနာယူဖူးတဲ့ အဘိဓမ္မာသဘော စသည်နဲ့စပ်တဲ့ ဆွေးနွေးခြင်း၊

(၃) ရဟန်းတော်နဲ့ လူပုဂ္ဂိုလ်တွေရဲ့ ဆွေးနွေးခြင်း၊ ရဟန်းတော်ထံမှ သိမှတ်ဖွယ်ရာများကို မေးမြန်းခြင်း။

**<u>တရားဆွေးနွေးရခြင်းအကျိုး ၅-ပါး[၁၄၆]</u>**

၁။ တရားဟောတဲ့ ပုဂ္ဂိုလ်ဟာ ဘုရားရှင်ရဲ့ ချစ်ခင်မြတ်နိုးမှု, အလေးပြုမှုကို ခံရပါတယ်၊

၂။ အနက်ကိုလဲ သိမြင်နိုင်တယ်၊ ပါဠိကိုလဲ သိမြင်နိုင်တယ်၊

၃။ နက်နဲတဲ့ အနက်သဘောကို ပညာနဲ့ ထိုးထွင်းသိမြင်နိုင်တယ်၊

၄။ သူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကိုလဲ ခံရပါတယ်၊

၅။ တရားစကားကြားနာရသူတွေရဲ့ မင်္ဂလာရရန် အားထုတ်ခြင်း, အရဟတ္တဖိုလ်ကိုရပြီး သူတွေရဲ့ ဖလသမာပတ်ဝင်စားရန် အားထုတ်ခြင်းကိုလဲ ဖြစ်စေပါတယ်။

အဲဒီလို အခွင့်ရတဲ့အခါတိုင်းမှာ တရားနာခြင်း, တရားဆွေးနွေးခြင်းရဲ့ အကျိုးသက်ရောက်မှု ၅-ပါးရှိပါတယ်။

တရားနာတယ်, တရားဆွေးနွေးတယ်-ဆိုတာဟာ တဦးတယောက်တည်းနဲ့ ဖြစ်နိုင်တဲ့ကိစ္စမျိုး မဟုတ်ပါ၊ ဟောပြောသူရော နာယူသူပါ အနည်းဆုံး နှစ်ဦးနှစ်ယောက်တော့ ရှိရပါတယ်။

အဋ္ဌကထာဆရာက အခွင့်ရတဲ့အခါတိုင်းမှာ တရားဆွေးနွေးခြင်းဟာ စာပေကျမ်းဂန်အရာလိမ္မာကျွမ်းကျင်ခြင်း-စတဲ့ ဂုဏ်တွေကို ရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် ကြီးပွါးချမ်းသာရေးအစစ်မင်္ဂလာဖြစ်တယ်-လို့ ဖွင့်ဆိုထားပါတယ်။

**တရားဆွေးနွေးခြင်းသည် ပညာကြီးခြင်းအကြောင်း**

**မမွှသာကစ္စာ**-တရားဆွေးနွေးခြင်းဟာ ပညာပါရမီကြီးရင့်ခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ-မည်ပါတယ်။

---

[၁၄၆] အံ၊ ၃၊ သမ္မောဓဝဂ္ဂ၊ နန္ဒကသုတ္တ၊ ၁၇၁-၁၇၂။

အတင်အခြေ၊ အဖြေအမေး၊ အနှေးအလျင်၊ အရှင်အထက်၊ အနက်အနဲ၊ အခွဲအခြမ်း၊ အစမ်းအစုံ၊ အာဝုမ်ဥပမာ၊ အရာရာဖြင့်၊ ပညာရှိညွှန်၊ သူဆိုဟန်ကို၊ အကျွန်မှတ်သား၊ စေ့စေ့ကြားမူ၊ လေးပါးကဝိ[၂၃၇]၊ ပဏ္ဍိတစစ်၊ အနှစ်ပြည့်စွာ၊ ဆရာကောင်းထံ၊ ကျိုးနွံဆည်းကပ်၊ အပ်မအပ်ကို၊ ကြပ်ကြပ်သိမှု၊ ပုစ္ဆာပြု၍၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဖြင့်၊ သုံးဖြာဉာဏ်ထူး၊ တတ်ဦးရှေးခါ၊ ဝါသနာကြောင့်၊ ဖြစ်ပါတော်ငြား၊ ဝုဏ်မြောက်မြားမူ၊ တရားလမ်းကြီး၊ ခရီးသိတတ်၊ ရှေးညွှန်းမှတ်သည်၊ မပြတ်ပေါင်းယှဉ် တွဲသတည်း။ (စလင်း ပရိတ်ကြီးပါဠိတော်နိဿယ၊ ၇၀။)

စားဝတ်နေထိုင်– ရန်ခပ်သိမ်း။
စိတ်ကိုချုပ်ထိန်း–သည်းခံလေ။
ကျိုးကြောင်းပြညွှန်– ဆုံးမစကားကို၊
ပြောကြားလာက–နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ်–ဟူသမျှ။
မကြာခဏ–တွေ့ဆုံလေ။
သဘာဝတွေး–မှန်ကန်ရေး။
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

၁၁။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဗြဟ္မစရိယဉ္စ= ဗရ ဟမ စရိယင် စ
နိဗ္ဗာနသစ္ဆိကိရိယာ= နိဗ်ဗာန သစ်ဆိ ကိရိယာ

---

[၂၃၇] **လေးပါးကဝိ=စိန္တာကဝိ**–ဝတ္ထု အနုသန္ဓေကို ကြံစည်တွေးဆ၍ ကျနသေချာစွာ ပြုလုပ်တတ်သော ပညာရှိ၊ **သုတကဝိ**–တစ်စုံတစ်ခုကို ကြားရသောအခါ ကြားသည်မှတပါး အခြားမကြားရသေးသော အရာများကိုပါ စပ်ဟပ်လျော်ကန်အောင် ပြုလုပ်တတ်သော ပညာရှိ၊ **အတ္ထကဝိ**–တစ်စုံတစ်ခု သော အနက်ကို စုံစမ်း၍ ချုံ့ခြင်း, ချဲ့ခြင်းစသည် ပြုလုပ်နိုင်သော ပညာရှိ၊ **ပဋိဘာနကဝိ**–တစ်စုံတစ်ခုသော ဝတ္ထုကို မြင်ကာမျှဖြင့် ထိုနှင့် အလားတူ တစ်ခဏခြင်း မိမိပညာဖြင့် ဖြစ်စေနိုင်သော ပညာရှိ။ (ဒီ၊ ၁၊ ၁၀။ ဒီ၊ ၄၊ ၁၊ ၉၀။ အံ၊ ၁၊ ၅၅၃။ အံ၊ ၄၊ ၂၊ ၃၉၀။)

(**ဒေဝပုတ္တ**–နတ်သား၊) (**ယော**) **တပေါ စ**–အကြင် တပခေါ် အကျင့်ကို ကျင့်ခြင်းသည်လည်းကောင်း၊ ဝါ–ဣန္ဒေကိုစောင့်စည်းခြင်းစသောအကျင့်ကို ကျင့်ခြင်းသည်လည်းကောင်း၊ (**ယံ**) **ဗြဟ္ဟစရိယဥ**–အကြင် ဗြဟ္ဟစရိယခေါ် မြတ်သောအကျင့်ကို ကျင့်ခြင်းသည်လည်းကောင်း၊ ဝါ–အကြင် မေထုန်မှရှောင်ခြင်းဟူသော မြတ်သောအကျင့်သည်လည်းကောင်း၊ **အရိယသစ္စာနံ**–အရိယသစ္စာတို့ကို၊ (**ယံ**) **ဒဿနဥ**–အကြင် သိမြင်ခြင်းသည်လည်းကောင်း၊ (**ယာ**) **နိဗ္ဗာနသစ္ဆိကိရိယာ စ**–အကြင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်လည်းကောင်း၊ (**အတ္ထိ–ရှိ၏**) **တေံ**–ဤလေးပါးသော တရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာ မည်ပေ၏။

(၃၁) **တပေါ**– တပခေါ်တဲ့ အကျင့်ကို ကျင့်ခြင်း၊

(၃၂) **ဗြဟ္ဟစရိယံ**–ဗြဟ္ဟစရိယအကျင့်ကို ကျင့်ခြင်း၊

(၃၃) **အရိယသစ္စာန ဒဿနံ**–အရိယသစ္စာကို သိမြင်ခြင်း၊

(၃၄) **နိဗ္ဗာနသစ္ဆိကိရိယာ**–နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း----

**တေံ ဥတ္တမံ မင်္ဂလံ**–ဒီလေးပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ ဖြစ်ပါတယ်။

(၃၁) **တပေါ**–တပခေါ်တဲ့အကျင့်ကို ကျင့်ခြင်း၊ [ပါပကေ ဓမ္မေ တပတိတိ **တပေါ**[၂၃၀] ။ **တပေါ** နာမ အဘိဇ္ဈာဒေါမနဿာဒိနံ တပနတော ဣန္ဒြိယသံဝရော, ကောသဇ္ဇဿ ဝါ တပနတော ဝိရိယံ၊ တေဟိ သမန္ဒာဂတော ပုဂ္ဂလော အာတာပိတိ ဝုစ္စတိ။ သွာယံ အဘိဇ္ဈာဒိပ္ပဟာနဈာနာဒိပ္ပဋိလာဘဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗော[၂၃၉] ။]–ယုတ်မာကုန်သော အကုသိုလ်တရားတွေကို ပူပန်စေတတ်တဲ့အတွက် '**တပ**' မည်ပါတယ်၊ အဘိဇ္ဈာ ဒေါမနဿ အစရှိတဲ့ အကုသိုလ်တရားတွေကို ပူပန်စေတတ်တဲ့အတွက် ဣန္ဒြိယ သံဝရသိလကိုလဲ '**တပ**'ခေါ်ပါတယ်၊ ပျင်းရိခြင်းကို ပူပန်စေတတ်တဲ့အတွက် ဝိရိယကိုလဲ '**တပ**'ခေါ်ပါတယ်၊ တစ်နည်းအားဖြင့် အကုသိုလ်တရားတွေကို ပူပန်စေတတ်တဲ့အတွက် သမ္မပ္ပဓာန်လုံ့လဝိရိယကိုပင် '**တပ**'လို့ ခေါ်ပါတယ်။ အဲဒီ'တပ'သည် အဘိဇ္ဈာအစရှိတဲ့ အကုသိုလ်တရားတွေကို ပယ်ခြင်း, ဈာန်အစရှိတဲ့ကုသိုလ်တရားတွေကို ရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက်

---

[၂၃၀] ပါပကေ အကုသလေ ဓမ္မေ တပတိတိ **တပေါ**။ (သုတ္တနိပါတ၊ ၄၊ ၂၊ ၃၃။)

[၂၃၁] မဒ္ဒ[illegible] ၄၊ ၁၂၇။ သုတ္တနိပါတ၊ ၄၊ ၂၊ ၃၃။

## မဂီလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**'မဂီလာ'**မည်ပါတယ်၊ အဲဒီ ကုန္ဒြိယသံဝရသီလ, ဝီရိယ တရားတွေနဲ့ ပြည့်စုံသူကို **'အာတာပီ-**မကောင်းမှု အကုသိုလ်တရားတွေကို ပူပန်စေတတ်တဲ့ လုံ့လရှိသူ'လို့ ခေါ်ပါတယ်။

ကုန္ဒြိယသံဝရသီလ-ဆိုတာ သတိဉီးစီးတဲ့ စောင့်စည်းမှု ဖြစ်ပါတယ်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဆိုတဲ့ ဝင်ပေါက်တွေကို အကုသိုလ်မဝင်နိုင်အောင် သတိ-ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ စောင့်စည်းထားရမယ်-လို့ ဆိုလိုပါတယ်။

သီလပြည့်စုံပြီးဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ မျက်စိနဲ့ အဆင်းကိုမြင်ရင် ကိလေသာ ဝတ္ထု ဖြစ်တဲ့ မိန်းမ, ယောကျ်ား ပုံပန်းသဏ္ဌာန်ဖြစ်တဲ့ တင့်တယ်လှပတဲ့ သုဘနိမိတ်, အရုပ်ဆိုးအကျည်း တန်တဲ့ ပဋိဃ နိမိတ်-စတဲ့ အာရုံတွေကို မမှတ်ယူပဲ မြင်ရရုံမှာသာ တည်နေပါတယ်။

ကိလေသာကို ဖြစ်ပေါ်စေတတ်တဲ့ လက်, ခြေသန္တာန်, ပြုံးဟန်, ရယ်ဟန်, ပြောဆိုဟန်, တည့်တည့်ကြည့်ဟန်, စောင်းငဲ့ကြည့်ဟန်-စတဲ့ အမူအရာတွေကိုလဲ မမှတ်ယူပါ။ မြင်ရတဲ့ကိုယ်ပေါ်မှာ ထင်ရှားရှိနေတဲ့ ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေ-စတဲ့ စက်ဆုပ်ရွံရှာဖွယ်များနဲ့ ဓမ္မသဘာဝအားဖြင့် ထင်ရှားရှိတဲ့ ဘူတရုပ်[၂၄၀], ဥပါဒါရုပ်[၂၄၁]တွေကိုသာ မှတ်ယူပါတယ်။

### <u>သက်ရှိမှာပင်၊ ရိုးစုထင်၊ ဥာဏ်ဝင် မဟာတိသဆေရ်[၂၄၂]</u>

တစ်ခါက သိဟိုဠ်ကျွန်း (ယနေ့ **သီရိလင်္ကာနိုင်ငံ**) စေတိယတောင်မှာ သိတင်းသုံးနေထိုင်တဲ့ မဟာတိသထေရ်-ဆိုတာ ရှိခဲ့ပါတယ်၊ တစ်နေ့တွင် မဟာတိသထေရ်ဟာ အနုရာဓပြို့မှာ ဆွမ်းခံရန် စေတိယတောင်မှ ဆင်းသက်ကြွလာနေပါတယ်၊ အဲဒီအချိန်တွင် လင်နဲ့ရန်ဖြစ်ပြီး မိဘအိမ်ကို ပြန်လာနေတဲ့ မိန်းမတစ်ယောက်က လမ်းခုလတ် လူပြတ်တဲ့တစ်နေရာမှာ မထေရ်ကို တွေ့ပါတယ်၊ အဲဒီမိန်းမဟာ ဖောက်ပြန်သော တပ်မက်တဲ့ တဏှာရာဂစိတ်နဲ့ ပြင်းစွာရယ်မောပြီး မထေရ်ကို မြှူဆွယ်ပါတယ်။

မထေရ်က "ဒါဟာ ဘာပါလိမ့်?"လို့ ကြည့်လိုက်တဲ့အခါ အဲဒီအမျိုးသမီးရဲ့ သွား-ဆိုတဲ့ အရိုးမှာ မတင့်တယ်တဲ့ အသုဘသညာကို ရပြီး (ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြင့်) အရဟတ္တဖိုလ် ပေါက်ရဟန္တာအဖြစ်ကို ရောက်သွားပါတယ်။

---

[၂၄၀] ပထဝီ, အာပေါ, တေဇော, ဝါယော-ခေါ်တဲ့ မဟာဘုတ် ၄-ပါး။

[၂၄၁] မဟာဘုတ်ကို မှီ၍ဖြစ်တဲ့ မျက်စိအကြည်, နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်-စတဲ့ ဥပါဒါရုပ် ၂၄-ပါး။

[၂၄၂] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၀။

**တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသည် အနုဿရိ။**
**တတ္ထေဝ သော ဌိတော ထေရော၊ အရဟတ္တံ အပါပုဏိ။**

မဟာတိဿထေရ်ဟာ အဲဒီအမျိုးသမီးရဲ့သွားကို တွေ့ရတော့ ရှေးက ရခဲ့ဖူးတဲ့ အရိုးစုသညာကို အမှတ်ရလာပါတယ်၊ အဲဒီလမ်းပေါ်မှာ ရပ်ရင်းပဲ အရဟတ္တဖိုလ်ကို ရောက်ခဲ့ပါတယ်။

အဲဒီလို ရှေးဆရာတွေက မှတ်တမ်းရေးထားခဲ့ကြပါတယ်၊ အဲဒီအမျိုးသမီးရဲ့ လင်ဖြစ်သူက အမျိုးသမီးရဲ့ နောက်ကို လိုက်လာရင်း မဟာတိဿထေရ်ကို တွေ့တဲ့အခါ "အရှင်ဘုရား, လမ်းမှာ မိန်းမတစ်ယောက် တွေ့လိုက်ပါသလား?"လို့ မေးပါတယ်၊ မထေရ်က "ဒီအနားကသွားသူဟာ မိန်းမလား? ယောကျ်ားလား?-ဆိုတာကို ငါမသိလိုက်ပါ၊ အရိုးစုကြီးတစ်ခုတော့ လမ်းပေါ်မှာ လျှောက်သွားလေရဲ့"လို့ ပြန်ပြောလိုက်ပါတယ်။

**နာဘိဇာနာမိ ဣတ္ထီ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။**
**အပိစ အဋ္ဌိသဃ်ဘောဒ္ဒေ၊ ဂစ္ဆတေ'သ မဟာပထေ။**

စကျွန်ဖြေကို မစောင့်ရှောက်တဲ့အတွက် စကျွန်ဖြေကို မစောင့်စည်းပဲ [၂၄၃] နေတဲ့ပုဂ္ဂိုလ်ဟာ အဘိဇ္ဇာ, ဒေါမနဿ-စတဲ့ အကုသိုလ်တရားတွေရဲ့ ညှင်းပန်းနှိပ်စက်မှုကို ခံရပါတယ်၊ အဲဒီစကျွန်ဖြေ-ခေါ်တဲ့ တံခါးပေါက်ကို ပိတ်ဆို့စောင့်စည်းရအောင် ကျင့်ပါတယ်၊ အဲဒီမျက်စိ-ဆိုတဲ့ တံခါးပေါက်ကို သတိ-ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ရအောင် ကျင့်ရပါတယ်၊ ဒီလိုကျင့်တဲ့ ပုဂ္ဂိုလ်ကို စကျွန်ဖြေကို စောင့်ရှောက်တယ်၊ စကျွန်ဖြေကို စောင့်စည်းတယ်-လို့ ဆိုရပါတယ်။

အလားတူပဲ "**သောတိန္ဖြေ**-နားနဲ့ အသံကို ကြားရရင်---------
**ဃာနိန္ဖြေ**-နှာခေါင်းနဲ့ အနံ့ကို နမ်းရှူရရင်---------
**ဇိဝှိန္ဖြေ**-လျှာနဲ့ အရသာကို လျက်ရရင်----------
**ကာယိန္ဖြေ**-ကိုယ်နဲ့ အတွေ့အထိကို တွေ့ထိရရင်----

**မနိန္ဖြေ**-စိတ် (မနောဝိညာဉ်)နဲ့ သဘောတရား(ဓမ္မာရုံ)ကို သိရရင် ကိလေသာဝတ္ထုဖြစ်တဲ့ မိန်းမ, ယောကျ်ား ပုံသဏ္ဌာန်-စတဲ့ အာရုံတွေကို မမှတ်ယူ, ကိလေသာကို ဖြစ်ပေါ်စေတတ်တဲ့ အခြင်းအရာ အမူအရာတွေကိုလဲ မမှတ်ယူ, မနောဒွါရ-ဆိုတဲ့ တံခါးပေါက်ကို သတိ-ဆိုတဲ့ တံခါးရွက်နဲ့ မပိတ်ဆို့ပဲ, မနိန္ဖြေကို မစောင့်ရှောက်ပဲ နေတဲ့ပုဂ္ဂိုလ်ကို အဘိဇ္ဇာ ဒေါမနဿ အစရှိတဲ့ အကုသိုလ်

[၂၄၃] မျက်စိ-ဆိုတဲ့ တံခါးပေါက်ကို သတိ-ဆိုတဲ့ တံခါးရွက်နဲ့ မပိတ်ဆို့ပဲ

တရားတွေက ညှင်းပန်း နှိပ်စက်ကြပါတယ်၊ အဲဒီမနိဗ္ဗြေကို စောင့်စည်းရန် ကျင့်ပါတယ်၊ အဲဒီစိတ်-ဆိုတဲ့တံခါးပေါက်ကို သတိ-ဆိုတဲ့ တံခါးဂျက်နဲ့ ပိတ်ဆို့ရအောင် ကျင့်ပါတယ်၊ အဲဒီလို ကျင့်တဲ့ပုဂ္ဂိုလ်ကို မနိဗ္ဗြေကို စောင့်ရှောက်တယ်၊ မနိဗ္ဗြေကို စောင့်စည်းတယ်-လို့ ဆိုရပါတယ်။

အချုပ်ပြောရရင်---

စက္ခုန္ဒြေ (မျက်စိတံခါးပေါက်)နဲ့ ရူပါရုံ (အဆင်း)၊

သောတိန္ဒြေ (နားတံခါးပေါက်)နဲ့ သဒ္ဒါရုံ (အသံ)၊

ဃာနိန္ဒြေ (နှာခေါင်းတံခါးပေါက်)နဲ့ ဂန္ဓာရုံ (အနံ့)၊

ဇိဝှိန္ဒြေ (လျာတံခါးပေါက်)နဲ့ ရသာရုံ (အရသာ)၊

ကာယိန္ဒြေ (ကိုယ်)နဲ့ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိ)၊

မနိန္ဒြေ (စိတ် မနောဝိညာဉ်)နဲ့ ဓမ္မာရုံ (သဘောတရား)။

**ကုန္ဒြေခြောက်ပါး သတိထား စောင့်ငြား 'တပ'ဆို။** ။ စက္ခုန္ဒြေ-ခေါ်တဲ့ မျက်စိတံခါးပေါက်ကို သတိ-ခေါ်တဲ့ တံခါးဂျက်နဲ့ မပိတ်နိုင်ရင် ရူပါရုံ (အဆင်း)ကို အမှိုပြုပြီး မိန်းမ ယောကျ်ား ပုံပန်း သဏ္ဌာန် အမူအရာတွေ စွဲယူလျက် အဘိဇ္ဈာ ဒေါမနဿ-စတဲ့ အကုသိုလ်တရားဆိုးတွေ ဝင်ရောက်နှိပ်စက်ပါတော့တယ်၊ တစ်ခြား ကုန္ဒြေ တံခါးပေါက်တွေကို သတိ-တံခါးဂျက်နဲ့ မပိတ်ဆို့နိုင်ရင် အကုသိုလ်တရားဆိုးတွေ ဝင်ရောက်နှောင့်ယှက်မှာပါဘဲ။ စက္ခုန္ဒြေ-ခေါ် မျက်စိစတဲ့ တံခါးပေါက်တွေကို သတိ-ခေါ်တဲ့တံခါးဂျက်နဲ့ ပိတ်နိုင်ရင် အဘိဇ္ဈာ ဒေါမနဿ-စတဲ့ အကုသိုလ်တရားဆိုးတွေ မဝင်ရောက် မနှောင့်ယှက်နိုင်တော့ပါ၊ ဒါကိုဘဲ ကုန္ဒြေယသံဝရသီလ-လုံခြုံတယ်-ခေါ်ရပါတယ်၊ ဒါ့ကြောင့် 'ကုန္ဒြေယသံဝရသီလ'ကို **'တပ'**လို့ ဆိုရတယ်။

**ဝီရနဲ့ ဝီရိယ။** ။ အကုသိုလ်တရားတွေကို ပူပန်စေတတ်တဲ့အတွက် 'ဝီရိယ'ကို 'တပ'လို့ ဆိုပါတယ်၊ ဘယ်အလုပ်မျိုးမှာမဆို မတွန့်မဆုတ် ဇွဲလုံ့လရှိသူ, ရဲရင့်သူကို **'ဝီရ'**လို့ ခေါ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ ကြိုးကျယ်တဲ့အလုပ်ကိုပင် ကြိုးကျယ်တယ်-လို့ မထင်ဘဲ သေးငယ်တယ်-လို့သာ ထင်တတ်ပါတယ်၊ ခက်ခဲတဲ့အလုပ်မျိုးကိုလဲ ခက်ခဲတယ်-လို့ မထင်တတ်ဘဲ အလွယ်ကလေးလို့သာ ထင်တတ်ပါတယ်၊ လေးတဲ့ဝန်ကိုလဲ လေးတယ်-လို့မထင်ဘဲ ပေါ့တယ်-လို့သာ ထင်တတ်ပါတယ်၊ မိမိပင်ပန်းမှာ

ကို အမှတ်မထားဘဲ ကြိုးစားလုပ်ရမယ့်အလုပ်ကိုသာ အမြဲမျော်လင့်တောင့်တနေတတ်ပါတယ်၊ အဲဒီ ဝိရပုဂ္ဂိုလ်မျိုးအတွက် ကြိုးလေးတဲ့တာဝန်, ရောင်ဖယ်ရမယ့်တာဝန်–ဆိုတာ မရှိပါဘူး။

အဲဒီဝိရပုဂ္ဂိုလ်ရဲ့ သန္တာန်မှာဖြစ်တဲ့ ဇွဲလုံ့လ, ရဲရင့်မှု, အားထုတ်မှုကို **'ဝီရိယ'**လို့ ခေါ်ပါတယ်၊ အဲဒီ ဝိရိယရှိတဲ့ပုဂ္ဂိုလ်မျိုးဟာ ဘယ်အလုပ်မျိုးမှာမဆို အပြီးအစီး လုပ်ကိုင်ဆောင်ရွက်တတ်ပါတယ်၊ ဒါ့ကြောင့် **"ဝီရိယဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ**–ဝိရိယရှိတဲ့ပုဂ္ဂိုလ်အတွက် မပြီးနိုင်တဲ့အလုပ် မရှိ"လို့ အဆိုရှိပါတယ်။

**သမ္မပ္ပဓာန်လုံ့လ ဝီရိယ။** ။ ဒီဝိရိယကို အရိယသစ္စာနဒဿနမင်္ဂလာ, နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာတွေရဲ့ အခြေခံဖြစ်တဲ့ သမ္မပ္ပဓာန်လုံ့လဝိရိယကိုသာ ပဓာနအနေနဲ့ ယူသင့်ပါတယ်၊ သမ္မပ္ပဓာန်–ဆိုတာ မှန်ကန်စွာကြိုးစားခြင်း, အကုသိုလ်အလျဉ်မှာ စိတ်မသက်ရောက်စေဘဲ ကုသိုလ်အလျဉ်မှာသာ စိတ်ကို တည်တံ့စေခြင်းပဲ ဖြစ်ပါတယ်။

(၁) မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရအောင် အားထုတ်ခြင်း၊

(၂) ဖြစ်ပြီးအကုသိုလ်ကို ပယ်စွန့်ရန် အားထုတ်ခြင်း၊

(၃) မဖြစ်သေးတဲ့ကုသိုလ် ဖြစ်ရအောင် အားထုတ်ခြင်း၊

(၄) ဖြစ်ပြီးတဲ့ကုသိုလ် တိုးပွါးစည်ပင်ရန် အားထုတ်ခြင်း----

လို့ လုပ်ငန်းကိစ္စအနေနဲ့ သမ္မပ္ပဓာန် ၄–ပါး ကွဲပြားပါတယ်။

**မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရေး။။** ။ မိမိရဲ့ ကိုယ်, နှုတ်, စိတ် ၃–ပါးမှာ အကုသိုလ်တရားတွေ မဖြစ်အောင် ကြောင့်ကြစိုက်မှုကို "မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရအောင်အားထုတ်ခြင်း"လို့ ဆိုရပါတယ်။

ကိုယ်နဲ့ အသက်သတ်မှု, ခိုးဝှက်မှု, ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်း ပြုကျင့်မှု၊ နှုတ်နဲ့ မုသားပြောမှု, ကုန်းတိုက်မှု, ကြမ်းတမ်းတဲ့စကား ပြောဆိုမှု, အကျိုးမရှိ အဖျင်းစကား ပြောဆိုမှု၊ စိတ်နဲ့ သူများဥစ္စာကို ကြံစည်မှု (အဘိဇ္ဈာ), သူတပါးပျက်စီးကြောင်း ကြံစည်မှု (ဗျာပါဒ), အယူလွဲမှားမှု (မိစ္ဆာဒိဋ္ဌိ)–ဒီ ၁၀–မျိုး ဖြစ်တတ်ပါတယ်။

ကျောက်တုံးကျောက်ခဲ-ဆိုတာ ကြီးသည်ဖြစ်စေ, ငယ်သည်ဖြစ်စေ ရေထဲကို ပစ်ချလိုက်ပါက နစ်မြုပ်သွားရသလို အကုသိုလ်-ဆိုတာဟာလဲ သေးသည်ဖြစ်စေ, ကြီးသည်ဖြစ်စေ လက်ခံထားတဲ့ ပုဂ္ဂိုလ်, ဖြစ်ပွါးစေတဲ့ပုဂ္ဂိုလ်ကို အပါယ် ၄-ပါးကို ကျရောက်စေတတ်သည်သာ ဖြစ်ပါတယ်၊ ယခုလို အကုသိုလ်ရဲ့ အပြစ်ကို မြင်အောင်ကြည့်ပြီး အကုသိုလ်မဖြစ်အောင် ကြိုးစားအားထုတ်ရပါမယ်။

**ဖြစ်ပြီးအကုသိုလ်ကိုပယ်ရေး။** ။ မိမိသန္တာန်မှာ ဖြစ်ပွါးနေတဲ့ အကုသိုလ်စိတ်စေတနာများကို ပယ်စွန့်လိုက်တာကိုပဲ ဖြစ်ပြီးအကုသိုလ်ကို ပယ်စွန့်ရန်အားထုတ်ခြင်း-လို့ ဆိုရပါတယ်၊ ဘယ်တုံးက ဘယ်နေရာမှာ ဘယ်လိုမကောင်းမှုမျိုးကို ငါပြုလုပ်မိခဲ့တယ်၊ ဒီအကုသိုလ်မျိုး ငါရဲ့သန္တာန်မှာ ဘယ်တော့မှ မဖြစ်စေရဘူး၊ ဒီအကုသိုလ် အကြိမ်အစည်များကို ငါဘယ်တော့မှ မကြိစည်တော့ဘူး၊ အဲဒီလို မိမိရဲ့စိတ်ကို ပြုပြင်ရမယ်။

ညအိပ်ရာဝင်တိုင်းမှာ တစ်နေ့တာကာလ မိမိမှားယွင်းစွာ ပြုလုပ်မိခဲ့တဲ့ ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာတွေကို စိစစ်ကြည့်ရမယ်၊ ဆင်ခြင်သုံးသပ်ရမယ်၊ တွေ့တွေ့သမျှ မှတ်သားပြီး နောင်ဒီလိုအလုပ်များ, ဒီလိုအပြောများ, ဒီလိုအတွေးအကြံများကို မဖြစ်ရအောင် စောင့်ထိန်းတော့မယ်-လို့ အဓိဋ္ဌာန်ပြုရမယ်။

ကိုယ်, နှုတ်, စိတ် ၃-များမှာ စိတ်ကသာ ပဓာနဖြစ်ပါတယ်၊ စိတ်ကသာ ပြဋ္ဌာန်း (ပြဓာန်း)ပါတယ်၊ စိတ်အစဉ်မှာ အကုသိုလ်မဖြစ်ရင် ကိုယ်နှုတ် ၂-များမှာလဲ မဖြစ်တော့ပါဘူး၊ ပိတ်ပင်ပြီး ဖြစ်ပါတယ်၊ ဒါ့ကြောင့် မနောက်အကုသိုလ်တွေကို ရှေးဦးစွာ ပိတ်ပင်ရမယ်၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-ဆိုတဲ့တရား ၃- များ မိမိတို့စိတ်အစဉ်မှာ မဖြစ်ပေါ်အောင် တားမြစ်ထားရမယ်။

ဒါ့အပြင် သူတပါးကျေးဇူးကို ချေဖျက်ခြင်း (မက္ခ), ဂုဏ်တဂုဏ်ပြိုင် ပြုလုပ်ခြင်း (ပဠာသ), အမျက်ထွက်ခြင်း (ကောဓ), ရန်ငြိုးဖွဲ့ခြင်း (ဥပနာဟ), မကိုင်းညွတ်နိုင်ခြင်း (ထမ္ဘ), ချုပ်ချယ်ခြင်း (သာရမ္ဘ), စိတ်ထားမောက်မာခြင်း (မာန) အစရှိတဲ့ တရားဆိုးများလဲ နောင်မဖြစ်အောင် ပယ်စွန့်ထားရမယ်။

မိမိမကောင်းမှုကြောင့်သာ မိမိမကောင်းတာ ဖြစ်ရတာပါ၊ သူ့မကောင်းမှုကြောင့် မိမိမကောင်းဖြစ်ရတာ မဟုတ်ပါ၊ မိမိမကောင်းမှုကြောင့်လဲ သူတပါးမကောင်းဖြစ်ရတာ မဟုတ်ပါ၊ ဒီလို မိမိလုပ်မိမိခံအနေနဲ့ ဆင်းရဲဒုက္ခတွေကို ဖြစ်စေတတ်တဲ့အတွက် မိမိသန္တာန်မှာ ဖြစ်ပြီးတဲ့မကောင်းမှုအကုသိုလ်စိတ် စေတနာများ လုံးဝမဖြစ်ရအောင် ကြိုးစားအားထုတ်ကြရပယ်။

**မဖြစ်သေးတဲ့ကုသိုလ်ဖြစ်ရေး ။** ။ ဝဋ္ဌနိဿိတ-ဝဋ်ဆင်းရဲကိုမှီတဲ့ လူမင်း, နတ်မင်း, ဗြဟ္မာမင်း-စသည်ဖြစ်ဖို့ တောင့်တကာ ဒါန, သီလ, ဘာဝနာ-စတဲ့ ကုသိုလ်ကောင်းမှုမျိုးကို မလုပ်ဘဲ ဝိဝဋ္ဌနိဿိတ-ဝဋ် ပြတ်ရာ နိဗ္ဗာန်ကိုမှီတဲ့ ဘဝကုန်ဆုံးရေး, လောဘ, ဒေါသ, မောဟ-စတဲ့ ကိလေသာတွေကင်းပြတ်ချုပ် ငြိမ်းရေး ဒါန, သီလ, ဘာဝနာ-စတဲ့ ကုသိုလ်ကောင်းမှုမျိုးကိုသာ ကြိုးစားပြုလုပ်ခြင်းဟာ မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင် ကြိုးစားအားထုတ်ရာရောက်ပါတယ်။

ဒုံကြောင့် မိမိသန္တာန်မှာ မဖြစ်ပေါ်သေးတဲ့ ကုသိုလ်များ ဖြစ်ပေါ်လာရန် ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်များကို ဆင်ခြင်ပွါးများပါ။ မိမိပေးကမ်းလှူဒါန်းထားတဲ့ဒါန, စောင့်ရှောက်ထားတဲ့သီလကို ဆင်ခြင်ပါ။ အာနာပါနဿတိ, မရဏာဿတိ-စသည်တို့ကိုပွါးများပါ။ မဂ် ကုသိုလ်များ ဖြစ်ပွါးလာရန် သတိပဋ္ဌာန်-စတဲ့ ဗောဓိပက္ခိယတရားတွေကိုလဲ ပွါးများအားထုတ်ပါ။

ဒါနပြုလုပ်တဲ့အခါမှာ "ငါရဲ့ ဒီပစ္စည်းဝတ္ထုကို စွန့်လှူမှုဟာ ဘုံ ၃-ပါးကို ပယ်စွန့်ရန်ကိစ္စမှာ တစ်စိတ်တစ်ဒေသ ပါဝင်နေပါတယ်၊ ဘုံ ၃-ပါးမှာ တပ်မက်နေတဲ့ ဘဝတဏှာကိုပယ်ခြင်းဖြစ်တဲ့ အတွက် ဘဝလည်ပတ်ရေးအားလုံးကိုပဲ လက်စတုံးကိစ္စပြီးစီးစေနိုင်ပါတယ်၊ ရှေးရှေးသူတော်ကောင်း ဘုရားလောင်းတွေဟာလဲ ဒီလိုဘဝလည်ပတ်ကြောင်း ဘဝတဏှာကို စွန့်ပယ်ထားတဲ့ ပေးကမ်းလှူဒါန်းမှုကို အရင်းအနှီး ပြုလုပ်ကာ ဘုံ ၃-ပါးမှ လွတ်ကင်းပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပါတယ်၊ ဒီလို ပွါးများလှူဒါန်းကြရမယ်။

သီလစောင့်ရှောက်တဲ့အခါမှာလဲ "ယခု ငါရဲ့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု-စတဲ့ ကာယကံ ဝစီကံတွေဟာလဲ ထိုထိုဘဝမှာ တွေ့ကြုံရမယ့် ဆင်းရဲဒုက္ခမှ လွတ်မြောက်ဖို့ ထိုထိုဘဝမှာ ဆင်းရဲခြင်းရဲ့ အကြောင်းဖြစ်တဲ့ ဘဝတဏှာကို ပယ်စွန့်ရန်အတွက်ပဲ ဖြစ်ပါတယ်"၊ ဒီလို ပွါးများဆင်ခြင်ရမယ်။

ဘာဝနာပွါးများတဲ့အခါမှာလဲ "ငါဟာ ကာမဂုဏ်ကို လိုလားနှစ်သက်ခြင်း (ကာမစ္ဆန္ဒ), ပြစ်မှားခြင်း (ဗျာပါဒ), ငိုက်မျည်းခြင်း (ထိနမိဒ္ဓ), ပျံ့လွင့်ခြင်း နောင်တတစ်ဖန် ပူပန်ခြင်း (ဥဒ္ဓစ္စ ကုက္ကုစ္စ), ဘုရား တရားစသည်၌ ယုံမှားခြင်း (ဝိစိကိစ္ဆာ), အမှန်မသိခြင်း (အဝိဇ္ဇာ)-ဆိုတဲ့ စိတ်ညစ်နွမ်းကြောင်း, ပညာဉာဏ်အားနည်းကြောင်း အပိတ်အပင် နိဝရဏတရားတွေမှ ကင်းပြီး ထိုထိုဘဝမှ လွတ်မြောက်ရေးမှာသာ ကြိုစည်ခြင်း (ဝိတက္က), စိတ်ကူးခြင်း အာရုံကိုသုံးသပ်ခြင်း (ဝိစာရ), နှစ်သက်ခြင်း နှစ်ခြိုက်ခြင်း (ပီတိ), ချမ်းအေးခြင်း (သုခ), အာရုံတစ်ခုမှာသာ တည်တန့်ခြင်း တည်

ကြည်ခြင်း (ဇကဂ္ဂတာ)–ဆိုတဲ့ ပဌမစျာန်–စတဲ့စျာန်တရားတွေကို ပွါးများနေပါတယ်၊ အဲဒီလိုနေတာနဲ့ပင် ကာမအာရုံတွေ ဆိတ်သုဉ်းနေပါတယ်၊ အကုသိုလ်တွေ ချုပ်ငြိမ်းနေပါတယ်။

အဲဒီလိုနည်းတွေနဲ့ ဆင်းရဲအားလုံး အပြီးတိုင် ချုပ်ဆုံးရခြင်းဆိုတာ ထင်ရှားရှိတယ်–ဆိုတာကို ဉာဏ်မြင်ထားပြီး ဘဝကုန်ဆုံးရေး အာသဝကင်းငြိမ်းတဲ့အထိ ပွါးများနေထိုင်ရမယ်၊ ဒိလိုနည်းတွေနဲ့ မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တရားများ ဖြစ်ပွါးလာအောင် ကြိုးစားအားထုတ်ရမယ်။

**ဖြစ်ပြီးတဲ့ကုသိုလ် တိုးပွါးစည်ပင်ပြည့်စုံရေး။။** ။ ဖြစ်ပြီးတဲ့ကုသိုလ် တိုးပွါးစည်ပင်ပြည့်စုံရန်–ဆိုတဲ့ စကားရပ်မှာ ကုသိုလ်ပြည့်စုံရေး–ဆိုတာဟာ ဗောဓိပက္ခိယတရားမှာ စိတ်ထားရမယ်–လို့ ဆိုလိုပါတယ်၊ ဘဝမှလွတ်မြောက်ကြောင်းဖြစ်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စပဋိဇဝေဉာဏ်တို့လဲ ဒီအထဲမှာ ပါဝင်နိုင်ပါတယ်၊ ဒါ့ကြောင့်ပဲ ဘုရားရှင်က "ရဟန်းတို့, အရိယာတို့ရဲ့ အမှန်တရား ၄–ပါးကို လျော်စွာ မသိခြင်း, ထိုးထွင်းပြီးမသိခြင်းကြောင့် ငါဘုရားနဲ့ သင်တို့တတွေဟာ ဒီမျှလောက် ရှည်လျားကြာမြင့်လှစွာ သံသရာမှာ ပြေးသွားကျင်လည်နေခဲ့ကြရတယ်"လို့ ဟောတော်မူပါတယ်၊ အရိယာတို့ရဲ့ အမှန်တရား ၄–ပါး ဆိုတာ----

(၁) **ဒုက္ခသစ္စာ–** ဆင်းရဲခြင်းအမှန်တရား၊

(၂) **သမုဒယသစ္စာ–** ဆင်းရဲကြောင်းအမှန်တရား၊

(၃) **နိရောဓသစ္စာ–** ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရား၊

(၄) **မဂ္ဂသစ္စာ–**ဆင်းရဲချုပ်ငြိမ်းကြောင်းအမှန်တရား–

ဒီ ၄–ပါး ဖြစ်ပါတယ်၊ အဲဒီ အရိယာတို့ရဲ့ အမှန်တရား ပွါးများပုံကို အကျဉ်းပြရရင်----

ဘုံ ၃–ပါးကိုဖြစ်စေ, ဥပါဒါနက္ခန္ဓာ ၅–ပါးကိုဖြစ်စေ ဆင်းရဲ–လို့ ဂ္ဂဆင်ခြင်ရမယ်၊ ဘုံ ၃–ပါး–ဆိုတာဟာလဲ တဏှာ, မာန, ဒိဋ္ဌိနဲ့ စွဲယူအပ်တဲ့အတွက် ဥပါဒါနက္ခန္ဓာ ၅–ပါးပဲ ဖြစ်ပါတယ်၊ ဥပါဒါနက္ခန္ဓာ–ဆိုတာဟာလဲ တဏှာ, မာန, ဒိဋ္ဌိနဲ့ စွဲအပ်တဲ့တရားဖြစ်တဲ့အတွက် ဘုံ ၃–ပါးပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ခန္ဓာ ၅–ပါးမှာ အစွဲအာရုံကြောင့်သာ တည်နေရပါတယ်၊ အဲဒီအစွဲအာရုံ–ဆိုတာလဲ တဏှာ, မာန, ဒိဋ္ဌိ ၃–ပါးပဲ ဖြစ်ပါတယ်၊ **တဏှာ**–ဆိုတာ ထိုထိုဘုံမှာ တပ်မက်ခြင်းပဲ ဖြစ်ပါတယ်၊ **မာန**–ဆိုတာ ငါ, ငါ–လို့ မှတ်ထင်ခြင်းပဲ ဖြစ်ပါတယ်၊ **ဒိဋ္ဌိ**–ဆိုတာ ပုဂ္ဂိုလ်, သူ, ငါ–လို့ စွဲယူခြင်းပဲ ဖြစ်ပါတယ်၊ အဲဒီလို စွဲယူခြင်းမှာ သညာသာ အရင်းခံရှိပါတယ်၊ သညာကလဲ ကြားရသမျှ, မြင်ရ

သမျှ-စတဲ့ဟာတွေကို အာရုံပြုလို့ ထင်မှတ်ခြင်းမျှသာ ဖြစ်ပါတယ်၊ ဒီလို ထင်မှတ်ခြင်းသညာကို စွဲလို့ပဲ ဒီဆင်းရဲအစုအပေါင်း ဖြစ်ပွါးနေပါတယ်။

ဒီဆင်းရဲဟာ တပ်မက်ခြင်း-တဏှာကြောင့်သာ ဖြစ်ပါတယ်၊ တပ်မက်ခြင်းမရှိရင် လူ့ဘဝ, နတ်ဘဝ အစရှိတဲ့ ဘုံ, ပုဂ္ဂိုလ်, သတ္တဝါ မဖြစ်နိုင်ပါ၊ ဒါ့ကြောင့် ဆင်းရဲခြင်းရဲ့ အကြောင်းမှာ တပ်မက်ခြင်းတဏှာပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် တပ်မက်ခြင်းတဏှာ ကင်းကွာအောင် လုပ်ရပါမယ်၊ တပ်မက်ခြင်းကိုပဲ ဆင်းရဲကြောင်း-လို့ ရှုဆင်ခြင်ရမယ်၊ ရှိရှိသမျှ လူ့ဘဝ, နတ်ဘဝမှာ လိုလားခြင်း, တပ်မက်ခြင်း-တဏှာကို ဖြတ်ရမယ်၊ ဘဝဖြစ်ပွါးရေး အာသာဆန္ဒကို ပယ်ရမယ်၊ ဒီလိုနည်းနဲ့ ဘဝမှာ ဖြစ်ပွါးလိုခြင်းကို အကြွင်းမဲ့ ပြတ်စဲစေရမယ်၊ ဘဝဆန္ဒပြတ်တယ်-ဆိုတာဟာ အကြွင်းမဲ့ ချုပ်တဲ့အထိ ဖြစ်နိုင်ခွင့်ကို သိရမယ်။

ဒီလို ဆင်းရဲခြင်းကို အမှန်အကန်သိခြင်း, အဲဒီဆင်းရဲရဲ့ အကြောင်းတဏှာကို သိခြင်း, အဲဒီတဏှာရဲ့ လက်စသတ်ချုပ်ငြိမ်းရာကို သိခြင်း, လက်စသတ်ချုပ်ငြိမ်းကြောင်း ကျင့်ဝတ်ကို သိလို့ ကျင့်သုံးခြင်းကပဲ ကာမဘဝ-စသည် ကုန်ဆုံးခြင်းဖြစ်ပြီး အာသဝက္ခယဉာဏ် ဖြစ်ပါတယ်၊ ဒီလိုပဲ လောကမှာ ဆင်းရဲခြင်းစတဲ့ အမှန်တရား ၄-ပါးမှာ အဖန်ဖန် ရှုနေခြင်းကပဲ သစ္စဉာဏ်ဖြစ်ပြီး အာသဝကုန်ခန်းရေးကို ဖြစ်စေနိုင်ပါတယ်။

လောကကြီးအပေါ်မှာ, လောကထဲနေသူတွေအပေါ်မှာ ဆင်းရဲအတိဖြစ်နေတာကို အခါများစွာ ဆင်ခြင်ပါ၊ အဲဒီဆင်းရဲရဲ့အကြောင်း တဏှာကိုလဲ အခါများစွာ ရှုဆင်ခြင်ပါ၊ အဲဒီ တဏှာပြတ်ပယ်တာကို, ပြတ်စဲနေတာကို အခါခါ ရှုဆင်ခြင်ပါ၊ အဲဒီလို တဏှာ မိမိသန္တာန်မှာ မရှိတာကို ဆင်ခြင်ပါ။

လောကကြီးရဲ့ ဆင်းရဲခြင်းကို အခါများစွာ ဆင်ခြင်ခြင်းဟာ လောကမှာ တပ်မက်ခြင်း ကင်းငြိမ်းရန် မဂ္ဂင်ကို ပွါးများခြင်း ဖြစ်ပါတယ်၊ လောကဆင်းရဲရဲ့အကြောင်းရင်းကို အဖန်ဖန်ရှုခြင်းဟာ တဏှာအမြစ်ပြတ်ရန် မဂ်ဖြစ်တယ်၊ အဲဒီ တဏှာကင်းလွတ်ကြောင်း, သို့မဟုတ် အဲဒီတဏှာကို အခါမပြတ် ဖြတ်တောက်နေခြင်းက ဇကန်တဏှာပြတ်ကြောင်း မဂ်ဖြစ်ပါတယ်၊ အဲဒီလို ပြုလုပ်တဲ့အတွက် တဏှာပြတ်တယ်-လို့ ဆိုလိုတာပါပဲ။

ဒီလို ဘုံ ၃-ပါးကို လိုလားခြင်း တဏှာ အာသာဆန္ဒ လက်စသိမ်းခြင်း, ဖြတ်နိုင်ခြင်းကို အဖန်ဖန် ဆင်ခြင်ခြင်းဟာ ဘဝတဏှာ လုံးလုံးချုပ်ငြိမ်းခြင်း, ပြတ်စဲခြင်း ဖြစ်ပါတယ်၊ ဒီလို အာသဝက္ခယဉာဏ်အထိ ဆိုက်ရောက်ပွါးများနေခြင်းဟာ ဖြစ်ပြီးတဲ့ကုသိုလ်တရားကို တိုးပွါးရန် အားထုတ်နေခြင်းမည်ပါတယ်၊ အာသဝက္ခယဉာဏ်ထက် ပိုလွန် ပွါးများရမယ့် ကုသိုလ်တရား-ဆိုတာ မရှိတော့ပါဘူး။

ထင်ရှားအောင် ပြောရရင် အဲဒီပုဂ္ဂိုလ်ဟာ ပဋိသန္ဓေနေခြင်း မရှိ-လို့လဲ သိရပါတယ်၊ မြတ်တဲ့ မဂ် အကျင့်ကို ကျင့်သုံးပြီးပြီ-လို့လဲ သိရတယ်၊ လောကမှာ လုပ်ဆောင်ဖွယ်ကိစ္စအားလုံး လုပ်ပြီးပြီ-လို့လဲ သိရပါတယ်၊ ဒီထက်အလွန် ပြုလုပ်ဖွယ်ကိစ္စမရှိတော့-လို့လဲ သိရပါတယ်။

(၃၂) **ဗြဟ္မစရိယံ**-ဗြဟ္မစရိယအကျင့်ကို ကျင့်ခြင်း [ဗြဟ္မံ စရိယံ, ဗြဟ္မာနံ ဝါ စရိယံ **ဗြဟ္မစရိယံ**၊ သေဋ္ဌစရိယန္တိ ဝုတ္တံ ဟောတိ။ **ဗြဟ္မစရိယံ** နာမ မေထုနဝိရတိသမဏဓမ္မသာသနမဂ္ဂါနုမဓိဝစနံ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၂၈။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၃။) **ဗြဟ္မစရိယ**-ဆိုတာ မြတ်တဲ့အကျင့်, တစ်နည်းအားဖြင့် ဗြဟ္မာတွေရဲ့ အကျင့်-လို့ ဆိုလိုပါတယ်။ ဗြဟ္မာတွေရဲ့အကျင့်-ဆိုတဲ့ ဗြဟ္မစရိယမဂ်လာအရ မုံရွေးဆရာတော်က ဗြဟ္မဝိဟာရတရား ၄-ပါးကို ယူတော်မူပါတယ်။

လေးဖြာဗြဟ္မ၊ ဝိဟာရကို၊ သဗ္ဗသတ္တာ၊ သတ္တဝါအပေါင်း၊ ပို့သွန်လောင်း၍၊
လေးကြောင်းဗြဟ္မစိုရ်၊ ပွါးစိမ့်ခိုလော့။

## ဗြဟ္မစရိယ ၄-မျိုး

ဗြဟ္မစရိယအရ အရာလိုက်ပြီး အကျင့်အမျိုးမျိုးပင် ယူနိုင်ပေမယ့် ဒီမဂ်လာမှာတော့ အဋ္ဌကထာများက '(၁)မေထုန်မှမှ ရှောင်ကြဉ်ခြင်း, (၂)ရဟန်းတရား, (၃)သာသနာ, (၄)မဂ်တို့ရဲ့အမည်ဖြစ်ကြောင်း ဖွင့်ဆိုပါတယ်၊ ဒီ ၄-မျိုးထဲမှာ **အရိယသစ္စာန ဒဿန**-အရ မဂ်ကိုယူမယ်ဖြစ်တဲ့အတွက် ကျန်သုံးပါးကိုသာ ဗြဟ္မစရိယ-အရ ယူရပါမည်။

**"တပသာ**တိ ဗြဟ္မစရိယေန" လို့ ပေတဝတ္ထုအဋ္ဌကထာမှာ အလဲအလှယ်ဖွင့်သည်ကို ထောက်၍လည်းကောင်း, ဗြဟ္မစရိယအကျင့်များ တပမှာ ပါနေသည်ကို ထောက်၍လည်းကောင်း တပနဲ့ ဗြဟ္မစရိယမှာ မကွာခြားလှပါ၊ အဲဒီ ၂-ပုဒ် ခြားနားအောင် အဓိပ္ပါယ်ယူရရင် အဋ္ဌကထာပြတဲ့ တပအရ သီလဝိသုဒ္ဓိကိုယူပြီး, ဗြဟ္မစရိယအရ စိတ္တဝိသုဒ္ဓိ-စတဲ့ ဝိသုဒ္ဓိ ၅-ပါးကို ယူပါက ရှင်း၏၊ တစ်နည်း တပအရ သီလအကျင့်ယူပြီး ဗြဟ္မစရိယအရ သမထ, ဝိပဿနာကို ယူပါက ပြတ်သား၏၊ တပနဲ့ ဗြဟ္မစရိယ ၂-ခုမှာ အရိယသစ္စာန ဒဿနအတွက် ဖြစ်ရာ အဂိယသစ္စာမြင်ရေးမှာ ဆိုခဲ့တဲ့ သီလ, သမာဓိ, ပညာမှတပါး တစ်ခြား မရှိတော့ပါ။

ဗြဟ္မစရိယအကျင့်ဟာ အထက်အထက်မှာ အထူးထူးအပြားပြား တရားထူးကိုရကြောင်း ဖြစ်တဲ့အတွက် မဂ်လာ-မည်ပါတယ်။

(၃၃) **အရိယသစ္စာန ဒဿန်**–အရိယသစ္စာတို့ကို သိမြင်ခြင်း [**အရိယသစ္စာန ဒဿန်** နာမ ကုမာရ ပဥ္စေ ဝုတ္တာနံ စတုန္နံ အရိယသစ္စာနံ အဘိသမယဝသေန မဂ္ဂဒဿနံ။ တံ သံသာရဒုက္ခဝိတိက္ကမ ဟေတုတော "မဂ်လ"န္တိ ဝုစ္စတိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၂၈။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၄] –အရိယသစ္စာတို့ကို သိမြင်ခြင်း–ဆိုတာ သစ္စာ ၄–ပါးတို့ကို သိမြင်ခြင်း၏အစွမ်းဖြင့် မဂ်ကို သိမြင်ခြင်း–လို့ ဆိုလိုပါတယ်၊ အဲဒီအရိယသစ္စာများကို သိမြင်ခြင်းဟာ သံသရာဆင်းရဲကို လွန်မြောက်ရခြင်း၏ အကြောင်းဖြစ်တဲ့ အတွက် မဂ်လာ–ဖြစ်ပါတယ်။

**အရိယာ ၄–မျိုး**[၂၄] ။ ။ **အရိယ**–သဒ္ဒါက မှန်ကန်တယ်, ကောင်းတယ်–ဆိုတဲ့အနက်ကို ဟောပါတယ်။ ဇာတကအဋ္ဌကထာ ဒုကနိပါတ် သုန္ဒဝဝဂ် ကုန္ဒသမာနဂေါတ္တဇာတ်နဲ့ တိကနိပါတ် သက်ပွဝဂ် မဏိကဏ္ဌ ဇာတ်အဖွင့်မှာ (၁) အာစာရအရိယာ, (၂) ဒဿနအရိယာ, (၃) လိင်္ဂအရိယာ, (၄) ပဋိဝေဓ အရိယာ–လို့ ၄–မျိုးရှိပါတယ်၊ အဲဒီ ၄–မျိုးတွင်----

(၁) အရိယာတွေရဲ့ အကျင့်တရားမှာ တည်တဲ့သူဟာ လူပဲဖြစ်ဖြစ်, တိရစ္ဆာန်ပဲဖြစ်ဖြစ် **အာစာရအရိယာ** မည်ပါတယ်၊

(၂) ရုပ်ဆင်းသဏ္ဌာန်အနေနဲ့ပဲဖြစ်ဖြစ်, လျော်း–ထိုင်–ရပ်–သွား ကုရိယာပုထ် ၄–ပါး အနေနဲ့ပဲဖြစ်ဖြစ် ကြည်ညိုဖွယ်ဂုဏ်နဲ့ ပြည့်စုံသူဟာ **ဒဿနအရိယာ** မည်ပါတယ်။

(၃) အဝတ်အရုံအသွင်အပြင်အနေနဲ့ ရဟန်းနဲ့တူတဲ့ပုဂ္ဂိုလ်ဟာ သိလမရှိသူပင် ဖြစ်စေ ကာမူ **လိင်္ဂအရိယာ** မည်ပါတယ်။

(၄) ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတွေကတော့ **ပဋိဝေဓအရိယာ** မည်ပါတယ်။

**အရိယသစ္စာ**။ ။ အဲဒီပဋိဝေဓအရိယာဖြစ်ကြတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယသာဝကတွေဟာ သစ္စာ ၄–ပါးကို ထိုးထွင်းသိပြီးမှသာ အရိယာ ဖြစ်လာကြရပါတယ်၊ ဒါ့ကြောင့် အရိယာဖြစ်ကြတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယသာဝကတွေ သိအပ်တဲ့သစ္စာကိုပဲ **အရိယသစ္စာ**–လို့ ဆိုရပါတယ်၊ အရိယပဋိဝိဒ္ဓ သစ္စ–လို့ ဆိုလိုလျက် အလယ် ပဋိဝိဒ္ဓပဒ်ကို ချေထားပါတယ်။

---

[၂၄] စတ္တာရော အရိယာ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၃၈။) သော ပန အရိယော စတုဝိဓော ဟောတိ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။ တတ္ထ မနုဿော ဝါ ဟောတု တိရစ္ဆာနော ဝါ၊ အရိယာစာရေ ဋ္ဌိတော **အာစာရအရိယော** နာမ။ ရူပေန ပန ကုရိယာပထေန စ ပါသာဒိကေန ဒဿနီယေန သမန္နာဂတော **ဒဿနအရိယော** နာမ။ နိဝါသနပါရုပနလိင်္ဂဟာရေန ပန သမဏသဒိသော ဟုတ္ဝာ ဝိစရန္တော ဒုဿီလော**လိင်္ဂအရိယော** နာမ။ ဝုဒ္ဓါဒယော ပန **ပဋိဝေဓအရိယာ** နာမ။ (ဇာတက၊ ဋ္ဌ၊ ၂၊ တိကနိပါတ၊ မဏိကဏ္ဌဇာတ်အဖွင့်၊ ၂၅၆။)

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဘုရားရှင်က ဆရာမရှိ မိမိဘာသာ သစ္စာ ၄-ပါးကို ထိုးထွင်းသိမြင်တော်မူတဲ့အတွက် အရိယာအဖြစ်ကို ရောက်လာတော်မူခဲ့ပါတယ်၊ မိမိသိမြင်တော်မူတဲ့ သစ္စာ ၄-ပါးတရားကို ဝေနေယျတွေအားလဲ ဟောကြားပြသတော်မူပါတယ်၊ ဘုရားရှင်က ဟောတော်မူတဲ့အတွက်သာ ဝေနေယျတွေဟာ သိကြရပါတယ်၊ ဒါ့ကြောင့် အရိယာဖြစ်တော်မူတဲ့ ဘုရား၏ သစ္စာ-လို့လဲ ဆိုရပါတယ်။

ဒီသစ္စာ ၄-ပါး အမှန်တရားကို သိမှသာ အရိယာဖြစ်ကြရပါတယ်၊ ဒါ့ကြောင့် အရိယာအဖြစ်ကို ပြီးစေတတ်တဲ့ သစ္စာ-လို့လဲ ဆိုရပါတယ်၊ **အရိယသာဓကသစ္စ**-လို့ ဆိုလိုလျက် အလယ်သာဓကပုဒ်ကို ချေထားပါတယ်။

နောက်တစ်မျိုးမှာ အရိယ-သဒ္ဒါက မှန်ကန်တဲ့အနက်ကိုလဲ ဟောတာမို့ **အရိယသစ္စ**-အရ မှန်ကန်တဲ့သစ္စာ-လို့လဲ ဆိုနိုင်ပါတယ်၊ သမုတိသစ္စာနယ်ပယ်အနေနဲ့ လူ, ယောကျ်ား, မိန်းမ-အစရှိတဲ့ ပညတ်ဝေါဟာရတရားဟာ အကယ်အဟုတ်မရှိဘဲ တကယ်ရှိတယ်-လို့ ထင်ရရုံမျှသာ ဖြစ်ကြပါတယ်၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ-ဆိုတဲ့ ပရမတ္ထသစ္စာတရားတွေကတော့ ပညာမျက်စိနဲ့ကြည့်ရင် တကယ် အဟုတ်အမှန်ရှိနေတဲ့ တရားမျှားသာ ဖြစ်ကြပါတယ်၊ ဒါ့ကြောင့် မှန်ကန်တဲ့ သစ္စာတရားများ-လို့ ဆိုရပါတယ်။

**အသိ ၂-မျိုး**[၂၇]။ ။ သစ္စာကို သိမြင်ရာမှာ (၁) အနုဗောဓသိ, (၂) ပဋိဝေဓသိ-လို့ ၂-မျိုး ရှိပါတယ်၊ အဲဒီ ၂-မျိုးအနက် ဆရာ့ထံကပဲဖြစ်ဖြစ်, စာပေကျမ်းဂန်ထဲကပဲဖြစ်ဖြစ် တဆင့်ကြားသိရခြင်း, တဆင့်ကြားကို အမှီပြုကာ ကြံစည်စဉ်းစား တွေးတောမှုနဲ့ ကြံသိခြင်း, ကြံစည်တွေးတောမိတဲ့အချက်အလက်များကို ကိုယ်ပိုင်ဉာဏ်နဲ့ နှစ်သက်ဆုံးဖြတ်ခြင်းများကို **အနုဗောဓသိ**-လို့ ဆိုရပါတယ်။ **အနု**-ထပ်တလဲလဲ+ **ဗောဓ**-သိနေရခြင်း=သိမှုမပြီးသေးပဲ ထပ်ကာထပ်ကာ သိနေရခြင်း-လို့ ဆိုလိုပါတယ်။

အဲဒီလို သိမှုမပြီးသေးလို့ ထပ်ကာထပ်ကာ သိနေရခြင်းမျိုး မဟုတ်ပဲ တစ်ကြိမ်တည်းနဲ့ ထွင်းဖောက်သိရခြင်းမျိုးကို **ပဋိဝေဓသိ**-လို့ ဆိုရပါတယ်၊ မဂ်ဉာဏ်နဲ့ သိခြင်းမျိုးပဲ ဖြစ်ပါတယ်၊ မဂ်ဉာဏ်က ကိစ္စအနေနဲ့ ၄-ပါးကို တစ်ပြိုင်နက်သိပါတယ်၊ ဒုက္ခကို ပိုင်းခြားသိခြင်း, သမုဒယကို ပယ်ခြင်း, နိရောဓကို မျက်မှောက်ပြုခြင်း, မဂ္ဂကိုပွါးများခြင်း-ဆိုတဲ့ ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်ပြုခြင်းဖြင့် မဂ်ဉာဏ်အား သစ္စာ ၄-ပါး ထင်ရှားလာပါတယ်။

---

[၂၇] သမ္မောဟဝိနောဒနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၂၊ ၈၂), ဝိသုဒ္ဓိမဂ်၊ ၂၊ ၁၄၂။

သခါရကို မလွှတ်နိုင်သေးဟဲ့ ဥာဏ်များမှာ ဒိကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် မပြုနိုင်သေးပါဘူး၊ မဂ်ဥာဏ်ကတော့ သခါရတွေကို လွှတ်ကာ သခါရတို့ကင်းရာ နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့အတွက် ကိစ္စ ၄-ချက်ကို တစ်ခါတည်း ပြုနိုင်ပါတယ်။

မှန်ပါတယ်၊ မဂ်ဥာဏ်ဖြစ်ဖို့ ပုဗ္ဗဘာဂဝိပဿနာမဂ်ကို ပွါးများရပါတယ်၊ အဲဒီပုဗ္ဗဘာဂမဂ်က ဒုက္ခကိုသိလျက် သမုဒယကိုပယ်လျက် ရှိနေပါတယ်၊ ဒါပေမယ့် မိမိမဂ္ဂဘာဝနာကလဲ မပြည့်စုံသေး, အပြီးမပြတ်သေးတဲ့အတွက် နိဗ္ဗာန်ကို မမြင်ရသေးပါ၊ ဒုက္ခသိမှု, သမုဒယပယ်မှုကလဲ အပြီးမသတ်သေးတဲ့အတွက် ကိစ္စမပြီးသေးပါ၊ မဂ်ရောက်မှသာ အားလုံးကိစ္စပြီးပါတယ်၊ ဒီလို မဂ်က ကိစ္စပြီးစီးတဲ့အနေနဲ့ အားလုံးကို တစ်ပြိုင်နက် မတွေမဝေ ရှင်းလင်းပြတ်သားစွာ သိနိုင်ပါတယ်။

ဒီအရိယသစ္စာနဒဿနမှာ ဒဿန-ဆိုတာ အနုဗောဓသိ မဟုတ်ပါ၊ ပဋိဝေဓသိဖြစ်တဲ့ မဂ်ဥာဏ်နဲ့ ဖောက်ထွင်းသိမြင်ခြင်းသာ ဖြစ်ပါတယ်၊ ဒီအရိယသစ္စာနဒဿနဟာ သံသရာဒုက္ခကို လွန်မြောက်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် ကြီးပွါးချမ်းသာရေး မင်္ဂလာ-အစစ်ဖြစ်ပါတယ်။

(၃၄) **နိဗ္ဗာနသစ္ဆိကိရိယာ**-နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း [နိဗ္ဗာနဿ သစ္ဆိကိရိယာ **နိဗ္ဗာနသစ္ဆိကိရိယာ။---နိဗ္ဗာနသစ္ဆိကိရိယာ** နာမ ဣဓ အရဟတ္တဖလံ နိဗ္ဗာနန္တိ အဓိပ္ပေတံ။ တမ္ပိ ဟိ ပဉ္စဂတိဝါနနေန ဝါနသညိတာယ တဏှာယ နိက္ဘန္တတ္တာ နိဗ္ဗာနန္တိ ဝုစ္စတိ၊ တဿ ပတ္တိ ဝါ ပစ္စဝေက္ခဏာ ဝါ သစ္ဆိကိရိယာတိ ဝုစ္စတိ။ ဣတရဿ ပန နိဗ္ဗာနဿ အရိယသစ္စာနံ ဒဿနေနေဝ သစ္ဆိကိရိယာ သိဒ္ဓါ၊ တေနေတံ ဣဓ နာဓိပ္ပေတံ။ ဝေမေသာ နိဗ္ဗာနသစ္ဆိကိရိယာ ဒိဋ္ဌဓမ္မိကသုခဝိဟာ-ရာဒိဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗာ။ (ခုဒ္ဒကပါဌ၊ ၎၊ ၁၂၈-၁၂၉။ သုတ္တနိပါတ၊ ၎၊ ၂၊ ၃၃-၃၄)]-

အရိယသစ္စာန ဒဿနမင်္ဂလာမှာ အရိယသစ္စာ-အရ နိဗ္ဗာန်ကို ယူပြီး ဖြစ်တဲ့အတွက် နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာမှာ နိဗ္ဗာန-အရ အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို မယူတော့ဘဲ အရဟတ္တဖိုလ်ကိုသာ ယူရပါတော့တယ်။

အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို ဂတိ ၅-ပါးကို ချုပ်စပ်တတ်သဖြင့် ဝါန-ခေါ်တဲ့ တဏှာမှ ထွက်မြောက်တတ်တဲ့အတွက် နိဗ္ဗာန-လို့ ခေါ်ရသလို အရဟတ္တဖိုလ်ကိုလဲ တဏှာမရှိတော့တဲ့အတွက် ဝါန-ခေါ် တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန-လို့ပဲ ဆိုရပါတယ်၊ အဲဒီ နိဗ္ဗာနမည်တဲ့ အရဟတ္တဖိုလ်ကိုရခြင်း, ပစ္စဝေက္ခဏာဥာဏ်နဲ့ ဆင်ခြင်ခြင်းများကို **နိဗ္ဗာနသစ္ဆိကိရိယာ**-လို့ ဆိုကြောင်း အဋ္ဌကထာဖွင့်ပါတယ်။

**သစ္ဆိကိရိယာ ၂-မျိုး။** ။တစ်နည်းပြောရရင် နိဗ္ဗာနသစ္ဆိကိရိယာမှာ နိဗ္ဗာန-အရ အသင်္ခတဓာတ် နိဗ္ဗာန်ကိုပင်ယူလျက် အရိယသစ္စာနဒဿန-အရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ မဂ်ရဲ့မျက်မှောက်ပြုခြင်းဖြစ်ပြီး နိဗ္ဗာနသစ္ဆိကိရိယာ-အရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖိုလ် ပစ္စဝေက္ခဏာတို့ရဲ့ မျက်မှောက်ပြုခြင်း-လို့ ယူရင် သင့်ပါတယ်။

အဲဒီလိုယူရင် အရိယသစ္စာနဒဿနမှာ မဂ် ၄-ပါးလုံးရဲ့ သစ္ဆိကိရိယာ (မျက်မှောက်ပြုခြင်း) ကိစ္စ ရသလို နိဗ္ဗာနသစ္ဆိကိရိယာမှာလဲ ဖိုလ် ၄-ပါးလုံးနဲ့ ပစ္စဝေက္ခဏာတို့ရဲ့ သစ္ဆိကိရိယာ (မျက်မှောက်ပြုခြင်း) ကိစ္စ အကုန်လုံးကိုပဲ ရပါတယ်၊ အဲဒီလို ယူလိုက်တဲ့အတွက် ပိုလို့ပင် အဓိပ္ပါယ်ပြည့်စုံတယ်-လို့ ဆိုနိုင်ပါတယ်၊ သစ္ဆိကိရိယာ-ဆိုတာ အတ္တပစ္စက္ခ-ကိုယ်တွေ့သိဖြစ်တဲ့အတွက် လောကီဈာန်ဉာဏ်များမှာပင် သစ္ဆိကိရိယာအသိ အသုံးရှိနေပါတယ်၊ ဒါ့ကြောင့် ဖိုလ်ရဲ့သစ္ဆိကိရိယာကိစ္စမှာ ယုံမှားဖွယ်ရာပင်မရှိနိုင်တော့ပါ။ (ပရိတ်ကြီးနိဿသစ်နှင့်ကိုယ်ကျင့်မင်္ဂလာတို့ကို ကြည့်နိုင်တယ်။)

**လောကီအာရုံ- ဇိမ်ယစ်မူးလို့၊**
**ပျော်မကြူးနဲ့-ရှိုးခြံလေ။**
**မေတ္တာဗြဟ္မစိုရ်-လက်ကိုင်သုံးလို့၊**
**သူမြတ်ကျင့်ထုံး-ယွင်းမသွေ။**
**လေးပါးသစ္စာ-ဉာဏ်မြင်ကြည့်လို့၊**
**အမှန်သိအောင်-ကြိုးစားလေ။**
**ဒုက္ခလွတ်ကင်း-နိဗ္ဗာန်ချဉ်း၊**
**အလင်းပေါက်နိုင်စေ။**
**အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။**

**၁၂။ ဖုဋ္ဌသ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။**
**အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

**ဖုဋ္ဌသ= ဖုဋ္ဌ ဌသ်သ→ဖုတ်ဌတ်သ**
**လောကဓမ္မေဟိ [လောက+ဓမ္မေဟိ]၊**
**စိတ္တံ= စိတ်တံ**
**ကမ္ပတိ= ကမ်ပတိ**

(**အဝပုတ္တ**–နတ်သား။) **လောကဓမ္မဟိ**–လောကဓံတရားတို့နှင့်၊ **ဖုဋ္ဌဿ**–တွေ့ကြုံရသော၊ **ယဿ**–အကြင်ပုဂ္ဂိုလ်၏၊ **စိတ္တံ**–စိတ်သည်၊ **နော ကမ္မတိ**–မတုန်လှုပ်၊ **အသောကံ**–စိုးရိမ် ပူဆွေးခြင်းလည်းမရှိ၊ **ဝိရဇံ**–ရာဂစသော မြူလည်း မရှိ၊ **ခေမံ**–ဘေးလည်း မရှိ၊ **တေ**–ဤလေးပါးသော တရားသည်၊ **ဥတ္တမံ**–ကောင်းမြတ်သော၊ **မင်္ဂလံ**–မင်္ဂလာမည်ပေ၏။

**လောကဓမ္မေဟိ ဖုဋ္ဌဿ**–လောကဓံတရားတို့နှင့် တွေ့ကြုံတဲ့ ပုဂ္ဂိုလ်ရဲ့

(၃၅) **စိတ္တံ နော ကမ္မတိ**–စိတ်မတုန်လှုပ်ခြင်း၊

(၃၆) **အသောကံ**–စိုးရိမ်ပူဆွေးမှု မရှိခြင်း၊

(၃၇) **ဝိရဇံ**–ရာဂ–စတဲ့ မြူ မရှိခြင်း၊

(၃၈) **ခေမံ**–ဘေးရန် မရှိခြင်း–––––

**တေ ဥတ္တမံ မင်္ဂလံ**– ဒီ ၄–ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ မည်ပါတယ်။

(၃၅) **စိတ္တံ နော ကမ္မတိ**–စိတ်မတုန်လှုပ်ခြင်း၊ [**ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နော ကမ္မတိ** နာမ ယဿ လာဘာလာဘာဒီဟိ အဋ္ဌဟိ လောကဓမ္မေဟိ ဖုဋ္ဌဿ အဇ္ဈောတ္ထဋ္ဌဿ စိတ္တံ နော ကမ္မတိ နော စလတိ နော ဝေဓတိ၊ တဿ တံ စိတ္တံ ကေနစိ အကမ္မနိယလောကုတ္တမဘာဝါဝဟနတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၂၉။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၄။)]

လာဘ်ရခြင်း, လာဘ်မရခြင်း–အစရှိတဲ့ လောကဓံတရား ၈–ပါးတို့နဲ့ တွေ့ကြုံတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ တုန်လှုပ်ခြင်းမရှိပါ၊ အဲဒီပုဂ္ဂိုလ်ရဲ့စိတ်က တစ်စုံတစ်ခုကြောင့် တုန်လှုပ်ခြင်းမရှိပဲ လောကထက်မြတ်တဲ့သဘောကို ဆောင်တဲ့အတွက် မင်္ဂလာ–မည်ပါတယ်။

**<u>လောကဓံတရား ၈–ပါး</u>**

(၁) **လာဘ– လာဘ်ရခြင်း,** (၂) **အလာဘ–** လာဘ်မရခြင်း,

(၃) **ယသ**–အခြွေအရံများခြင်း, (၄) **အယသ**–အခြွေအရံ မရှိခြင်း,

(၅) **ပသံသာ–** ချီးမွမ်းခံရခြင်း, (၆) **နိန္ဒာ**–ကဲ့ရဲ့ခံရခြင်း,

(၇) **သုခ**–ချမ်းသာခြင်း, (၈) **ဒုက္ခ**–ဆင်းရဲခြင်း–

ဒီတရား ၈-ပါးကို လောကမှာ နေရသူမှန်သမျှ တွေ့ကြုံကြရမြဲသဘော ဖြစ်တဲ့အတွက် လောကဓံ-လို့ ခေါ်ပါတယ်၊ အဆိုးလောကဓံ ၄-ပါးနဲ့ အကောင်းလောကဓံ ၄-ပါးတို့ဟာ အကြောင်းအားလျော်စွာ တစ်လှည့်စီ ဖြစ်တတ်ကြပါတယ်။

**ဘုရားသော်မှ မလွှတ်ကင်းနိုင်** ။ ။ ဒီလောကဓံစက်ကွင်းက ဘုရားရှင်သော်မှ မလွှတ်ကင်းနိုင်ပါ၊ တစ်ခါတစ်ရံ ဘုရားရှင်မှာ မကုန်နိုင် မခန်းနိုင်အောင် ပစ္စည်းလာဘ်လာဘ ပေါများတတ်ပါတယ်၊ တစ်ခါတစ်ရံကျတော့ ရှားပါးတဲ့အဖြစ်နဲ့ ကြုံတွေ့ရတတ်ပါတယ်၊ ဝေရဉ္ဇာပြည်မှာ ၀ါကပ်တော်မူစဉ်က မုယောဆွမ်းကြမ်းကို ဘဉ်းပေးသုံးဆောင်တော်မူခဲ့ရပါတယ်။

တစ်ခါက ကေနာဠပုဏ္ဏားရွာမှာ ဆွမ်းခံဝင်တုန်းကလဲ လူတွေကို မာရ်နတ်က လှည့်စားထားပါတယ်၊ ဒါနဲ့ လူတွေက ဆွမ်းလောင်းရန် သတိမရတဲ့အတွက် သပိတ်ချည်းသက်သက်နဲ့ အဲဒီရွာမှ ပြန်လည်ထွက် ကြွတော်မူခဲ့ရပါတယ်။

ဘုရားရှင်ဟာ စိတ်ကောင်းရှိသူ နတ်လူပြဟ္မာတွေရဲ့ ချီးမွမ်းမှုကို ခံရပေမယ့် စိဉ္ဆမာဏဝိကာ စွပ်စွဲမှု, သုန္ဒရီပရိဗိုဇ်မစွပ်စွဲမှု-စတာတွေကို အကြောင်းပြုလျက် မလိုလားသူတွေရဲ့ ကဲ့ရဲ့မှုကိုလဲ ခံတော်မူရပါတယ်။

ဘုရားရှင်ဟာ ဖလသမာပတ်ချမ်းသာ, နိရောဓသမာပတ်ချမ်းသာတွေကို ခံစားနိုင်ပေမယ့် အဆင်မပြေတဲ့အခါမျိုးမှာ ခါးနာတော်မူခြင်း, ဒေဝဒတ်က ဂိဇ္ဈကူဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်ကာ လိမ့်ချတဲ့အတွက် ကျောက်လွှာထိလို့ သွေးခြည်ဉာခြင်း, ဝမ်းတော်လားခြင်း-စတဲ့ ဒုက္ခနဲ့တွေ့ကြုံတော်မူခဲ့ရပါတယ်။

ဘုရားသော်မှ တွေ့ကြုံရတဲ့ ဒီသဘောတရားတွေမှာ ဂုဏ်ရှိသူရော, ဂုဏ်မဲ့သူရော, ပညာရှိရော, လူမိုက်ရော ဘယ်သူမဆို တွေ့ကြုံရမယ့်တရားတွေသာ ဖြစ်ကြပါတယ်၊ လောကထဲရှိ မည်သူ့ကိုမှ ရှောင်ကွင်းသွားမယ် မဟုတ်ပါ။

**ရဟန္တာရဲ့စိတ်** ။ ။ ရဟန္တာပုဂ္ဂိုလ်တွေဟာ ကောင်းတဲ့အာရုံ, မကောင်းတဲ့အာရုံနဲ့ တွေ့ကြုံရတဲ့အခါ ကောင်းတာကို မကောင်းတဲ့အနေနဲ့လဲ ရှုနိုင်ပါတယ်၊ မကောင်းတာကို ကောင်းတဲ့အနေနဲ့လဲ ရှုနိုင်ပါတယ်၊ မိမိလိုသလို ပြောင်းလွဲရှုနိုင်အောင် စိတ်ကို အစိုးရတဲ့ တာဒိဂုဏ်နဲ့ပြည့်စုံကြပါတယ်၊ ကျောက်တောင်ကြီးဟာ လေတို့ကြောင့် မတုန်လှုပ်သလို ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းတွေကြောင့် တုန်လှုပ်ခြင်း

ကင်းတယ်–လို့ ဘုရားရှင်ရဲ့ချီးကျူးမှုကိုလဲ ခံကြရပါတယ်၊ ဒါ့ကြောင့် အဋ္ဌကထာဆရာကလဲ လောကဓံကြောင့် မတုန်လှုပ်တဲ့စိတ်ဟာ ရဟန္တာရဲ့ စိတ်သာဖြစ်ပါတယ်[၂၄]၊ အခြားသူတွေရဲ့ စိတ် မဟုတ်ဘူး–လို့ မိန့်ဆိုထားပါတယ်၊ ဒါဟာ အကောင်းဆုံးစိတ်ကို ယူလိုတဲ့အတွက် ဥက္ကဋ္ဌနည်းနဲ့ မိန့်ဆိုထားခြင်းမျှသာ ဖြစ်ပါတယ်။

**အခြားပုဂ္ဂိုလ်များရဲ့စိတ် ။** ။ ရဟန္တာမှတပါး အခြားအရိယာများနဲ့ ပုထုဇဉ်များရဲ့စိတ်လဲ အထိုက်အလျောက် တုန်လှုပ်မှု ကင်းနိုင်ပါသေးတယ်။

အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ပဌမပဏ္ဏာသက မေတ္တာဝဂ် ဒုတိယလောကသုတ် (အံ၊ ၃၊ ၇-၉)မှာ ပုထုဇဉ်နဲ့အရိယာများ လောကဓံတရားနဲ့ ကြုံတွေ့ကြရာဝယ် ကွဲပြားခြားနားပုံကို ဟောတော်မူပါတယ်။ ပုထုဇဉ်က ဖြစ်လာတဲ့ လောကဓံရဲ့ မမြဲမှု, ဆင်းရဲမှု, ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောရှိမှုကို မဆင်ခြင်တတ်ပါ၊ ဒါ့ကြောင့် ပုထုဇဉ်တွေရဲ့စိတ်မှာ လောကဓံရဲ့ လွှမ်းမိုးမှုကို အလူးအလိမ့် ခံရတတ်ပါတယ်၊ အကောင်းလောကဓံနဲ့ တွေ့ကြုံရတဲ့အခါ လောကဓံအလိုက် လိုက်ပျော်တတ်ကြပါတယ်၊ အဆိုးလောကဓံနဲ့ တွေ့ကြုံရတဲ့အခါမှာတော့ နှလုံးကြေကွဲ စိတ်ဆင်းရဲတတ်ကြရပါတယ်။

အရိယာသာဝကတွေကတော့ လောကဓံရဲ့ မမြဲမှု, ဆင်းရဲမှု, ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောရှိမှုတွေကို စဉ်းစားဆင်ခြင်တတ်ကြပါတယ်၊ ဒါ့ကြောင့် လောကဓံတရားက အရိယာရဲ့စိတ်ကို မလွှမ်းမိုးနိုင်ပါဘူး၊ အကောင်း လောကဓံနဲ့ကြုံလဲ အကောင်းအလိုက် ပျော်လွန်းမှုမရှိပါ၊ အဆိုး လောကဓံနဲ့ကြုံလဲ အဆိုးနဲ့ဆန့်ကျင်ပြီး နှလုံးကြေကွဲ စိတ်ဆင်းရဲမှု မဖြစ်တတ်ကြပါ။

ဒီလို အရိယာသာဝကများကိုသာ လောကဓံကြုံ မတုန်မလှုပ်သူတွေအဖြစ် ဘုရားရှင်က ဟောထားပါတယ်၊ ပုထုဇဉ်ကိုတော့ လောကဓံကြုံ တုန်လှုပ်သူအဖြစ် ဟောထားပါတယ်၊ ဒါပေမယ့် လုံးဝ တရားသဘော မစဉ်းစားတတ်တဲ့ ပုထုဇဉ်ကိုသာ ဆိုလိုတာဖြစ်ပါတယ်၊ အရိယာကို မမီစေကာမူ အချို့ပုထုဇဉ်တွေဟာ တရားသဘော ဆင်ခြင်စဉ်းစားတတ်ပြီး အထိုက်အလျောက် လောကဓံကို ခံနိုင်ရည်ရှိသူတွေလဲ ရှိတတ်ပါတယ်၊ မြေးမ သေလို့ ပူဆွေးရတဲ့ ဝိသာခါရဲ့ အကြောင်းကိုထောက်ရင် အချို့ အရိယာတွေလဲ တရားသဘောကို နှလုံးမသွင်းမိပါက လောကဓံကြုံ တုန်လှုပ်တတ်ကြသည်မှာ ထင်ရှားတဲ့ သာဓကပါပဲ။

---

[၂၄] ခဒ္ဓကပါဠိ၊ ၄၊ ၁၂၉။ သုတ္တနိပါတ၊ ၄၊ ၂ ၃၄။

**လောကဓံကြီး၊ နည်းမျိုးစုံ၊ ဖြေပုံအစားစား။** ။ ဗုဒ္ဓဘာသာဝင်မှန်သမျှ ကံကိုယုံကြည်သူချည်းသာ ဖြစ်ကြပါတယ်၊ ယခုဘဝတွေ့ကြုံရသမျှ အကောင်းအဆိုး အမျိုးမျိုးတွေဟာ ကံကြောင့်ဖြစ်လာရတာ ချည်းပဲ–လို့ အများအားဖြင့် ယူဆတတ်ကြပါတယ်၊ အဆိုးလောကဓံနဲ့ တွေ့ကြုံရတဲ့အခါ **'ကမ္မ သကာ'**ပေါ့၊ ကံအတိုင်းဘဲ, ကံကို ဘယ်သူမှ လွန်ဆန်နိုင်တာမှတ်လို့–အစရှိတဲ့ အတွေးမျိုးနဲ့ စိတ်ကို ဖြေလျော့ရှိတတ်ကြပါတယ်၊ ဒီလိုဖြေရင်းနဲ့ပဲ စိတ်ဓာတ်များ ရင့်ကျက်လာတတ်ပါတယ်၊ အဆိုး လောကဓံနဲ့တွေ့ကြုံလို့ စိတ်ဓာတ်မတုန်လှုပ်သလို အကောင်းလောကဓံနဲ့ တွေ့ကြုံတဲ့အခါမှာလဲ ကုသိုလ်ကံအခွင့်သာတုန်းမို့ပါ၊ အကုသိုလ်ကံက အခွင့်ရလာရင် ပျက်သွားမှာပါ–ဆိုတဲ့သဘောမျိုးနဲ့ စိတ်ကို ထိန်းနိုင်ကြပါတယ်၊ အလွန်အကဲ မိုးမမြင် လေမမြင် ပျော်ရွှင်မှုမျိုး မရှိကြပါ။

အချို့သူတွေကတော့ အနိစ္စ–မမြဲတဲ့သဘော, ဒုက္ခ–ဆင်းရဲတဲ့သဘော, အနတ္တ–အစိုးမရတဲ့ သဘောတွေကို ဆင်ခြင်တွေးတောခြင်းဖြင့် ဖြေလျော့ရှိကြပါတယ်၊ သခ်ၤါရတရားတွေဆိုတာ အားလုံး အနိစ္စချည်းပဲ၊ ဘယ်မှာ တည်မြဲနိုင်ကြပါမလဲ? ကိုယ်က အစိုးရတာမှ မဟုတ်ဘဲ, သူ့သဘောအတိုင်း ဖြစ်နေကြတာပဲ–စတဲ့ အတွေးမျိုးတွေနဲ့ စိတ်ကို ထိန်းလျော့ရှိကြပါတယ်၊ ထိန်းဖန်များလာတဲ့အခါ ခံနိုင်ရည် ရှိလာကြပါတယ်၊ အကောင်းလောကဓံနဲ့တွေ့ကြုံရပေမယ့် ပျော်မဆုံး မော်မဆုံး မရှိကြပါ၊ အဆိုး လောကဓံနဲ့ တွေ့လဲ စိတ်သက်သာရာရကာ တုန်လှုပ်မှု မရှိကြတော့ပါ။

အချို့သူတွေကတော့ "လောကဓံစက်ကွင်းက ဘုရား ရဟန္တာတွေတောင်မှ မလွတ်နိုင်ကြဘဲ တို့တတွေမှာ ဘာပြောစရာရှိပါ့မလဲ"–ဆိုတဲ့ အတွေးမျိုးနဲ့ အဆိုးလောကဓံရဲ့ဒဏ်ကို ရင်စည်းပြီး ကြံ့ကြံ့ခံနိုင်ကြပါတယ်၊ ဒီလို တရားသဘောနဲ့ဖြေနိုင်ပြီး ပကတိအခြေ ကူးပြောင်းမပျက်ခြင်းဟာ လောကထက် မြင့်မြတ်တဲ့သဘောကို ဆောင်ရွက်တတ်တဲ့အတွက် မင်္ဂလာဖြစ်ပါတယ်။

**မျိုးမွှမ်း ၇–ရက်, ကဲ့ရဲ့ ၇–ရက်ပေါ့** ။ ။ ဘုရားရှင်ဟာ မိဂဒါဝုန်မှာ ဝါဆိုပြီး ရာဇဂြိုဟ်မြို့ကို ကွယ်လာတော်မူတဲ့အခါ ဥရုဝေဠုကဿပ, ဥပတိဿ–အစရှိတဲ့ အထက်လွှာအမျိုးသားများ ရဟန်းပြုလာကြပါတယ်၊ အဲဒီလို ရဟန်းပြုလာကြတာကို အကြောင်းပြုပြီး ဘုရားရှင်ကို ကဲ့ရဲ့ကြပါတယ်၊ ဒီအကြောင်းကို ရဟန်းတွေကလျှောက်ထားတဲ့အခါ "ဒီကဲ့ရဲ့သံဟာ ကြာရှည်လေးမြင့် တည်နေမှာမဟုတ်ဘူး၊ ၇–ရက် မျှသာ တည်နေပါလိမ့်မယ်"လို့ ဘုရားရှင်က မိန့်တော်မူပါတယ်။ (ဝိနယ မဟာဝဂ္ဂ၊ ၅၅)။ ဘုရားရှင် မိန့်တော်မူတဲ့အတိုင်း အဲဒီကဲ့ရဲ့မှုဟာ ၇–ရက်သာ ခံပါတယ်၊ ဒါကို အကြောင်းပြုပြီး ကဲ့ရဲ့ခံရတဲ့ အချို့

သူတွေက "အို--ချီးမွမ်း ၇-ရက်, ကဲ့ရဲ့ ၇-ရက်ပေါ့၊ ဘာအရေးစိုက်စရာလိုသလဲ?" လို့ အမှတ်မထားဘဲ နေတတ်ကြပါတယ်။

**အတုလဒါယကာ၊ ကြံဖန်ကာ၊ ပြစ်ရာတင်တတ်သည်**[၂၇]။ ။ သာဝတ္ထိမြို့သား အတုလဥပါသကာက နောက်လိုက်နောက်ပါ ဥပါသကာ ၅၀၀ တို့နဲ့အတူ တရားနာရအောင် ဇေတဝန်ကျောင်းတော်ကို သွားပါတယ်၊ အရှင်ရေဝတထေရ်အနားကို သွားပြီး ရှိခိုးထိုင်နေပါတယ်၊ မထေရ်မြတ်ဟာ တစ်ပါး တည်းနေခြင်းမှာ မွေ့လျော်သူ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဘာစကားမျှ မပြောကြားပါ။

ဒါနဲ့ စိတ်ဆိုးထွက်လာပြီး အရှင်သာရိပုတ္တရာထေရ်ထံ သွားပါတယ်၊ မထေရ်မြတ်ကတော့ အဘိဓမ္မာတရား အများကြီး ဟောပါတယ်၊ အဘိဓမ္မာတရား နာရတာကို သဘောမကျတဲ့အတွက် အရှင်အာနန္ဒာထေရ်ထံ သွားပြန်တယ်၊ အရှင်အာနန္ဒာထေရ်ကတော့ သိနားလည်ရုံ တရားနည်းနည်း ဟော လွှတ်လိုက်ပါတယ်၊ ဒါကိုလဲ စိတ်ဆိုးပြီး ဘုရားရှင်ထံ ထွက်သွားပါတယ်။

ဘုရားရှင်ထံရောက်သွားလို့ ဘုရားရှင်ကမေးတော်မူတဲ့အခါ "အရှင်ရေဝတက တရား မဟောလို့ စိတ်ဆိုးထွက်လာခဲ့တဲ့အကြောင်း, အရှင်သာရိပုတ္တရာက အဘိဓမ္မာတရား အများကြီး ဟောလို့ စိတ်ဆိုး ထွက်လာခဲ့ရတဲ့အကြောင်း, အရှင်အာနန္ဒာက တရားနည်းနည်းကလေးဟောလို့ စိတ်ဆိုးထွက်လာခဲ့ရတဲ့ အကြောင်းတွေ"ကို လျှောက်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က----

"အတုလ, စကားမပြောတဲ့သူလဲ ကဲ့ရဲ့ခံရတတ်တယ်၊ စကားအများကြီးပြောတဲ့သူလဲ ကဲ့ရဲ့ခံရတတ်တယ်၊ စကားနည်းနည်းပြောတဲ့သူလဲ ကဲ့ရဲ့ခံရတတ်တယ်-ဆိုတာဟာ ရှေးအခါက စပြီး အခုအချိန်အထိ ဖြစ်နေတဲ့ အလေ့အကျင့်တစ်ခုမျှသာ ဖြစ်တယ်၊ အကယ်စင်စစ် ကဲ့ရဲ့ထိုက်သူလဲမရှိ၊ ချီးမွမ်းထိုက်သူလဲမရှိဘူး၊ မင်းတွေကိုလဲ အချို့ကကဲ့ရဲ့ကြပါတယ်၊ အချို့က ချီးမွမ်းကြပါတယ်၊ လ, နေ, ကောင်းကင်-စသည်တို့ကိုလဲ အချို့က ကဲ့ရဲ့ကြပါတယ်၊ အချို့က ချီးမွမ်းကြပါတယ်၊ ပရိသတ် ၄-ပါးအလယ်မှာ တရားဟောနေတဲ့ ငါဘုရားကိုလဲ အချို့က ကဲ့ရဲ့ကြပါတယ်၊ အချို့က ချီးမွမ်းကြပါတယ်၊ လူမိုက်တွေရဲ့ ကဲ့ရဲ့မှု, ချီးမွမ်းမှုမှာ လိုရင်းမဟုတ်ပါ၊ ပညာရှိတွေရဲ့ အကဲ့ရဲ့မခံရအောင်, ချီးမွမ်းခံရအောင် ဂရုစိုက်သင့်ပါတယ်" လို့ မိန့်တော်မူပါတယ်။ ဒီတရားဟာ အကဲ့ရဲ့ဖြေဆေးတစ်လက်ပင် ဖြစ်ပါတယ်။

---

[၂၇] ဝမ္မဝါ မွ ၂၊ ၂၀၅။

**ခံနိုင်ရည်ရှိတဲ့ရဟန်း**[၂၄၀] ။ ။ ရှေးက ရဟန်းတော်တစ်ပါးဟာ အိမ်တစ်အိမ်မှာ ဆွမ်းခံရင်း အဲဒီဆွမ်းခံအိမ်နဲ့ အကျွမ်းတဝင် ဖြစ်နေပါတယ်၊ နောက်တစ်ချိန်မှာ ရဟန်းတော်ဟာ တရားအားထုတ်လို့ ရဟန္တာဖြစ်သွားပါတယ်၊ အဲဒီအိမ်နဲ့ အဲဒီရဟန်းတော် အကျွမ်းတဝင် ဝင်ထွက်သွားလာနေတာကို မြင်နေရတဲ့ နတ်က ရဟန်းပျက်စီးမှာ မလိုလားဘဲ အကျိုးကိုလိုလားတဲ့အတွက် အဲဒီအိမ်ရဲ့ အိမ်ရှင်မယောင်ဆောင်ကာ ရဟန်းတော်ထံသွားပြီး "အရှင်ဘုရား, မြစ်ဆိပ်, မြို့ဝ, လမ်းမ သဘင် နေရာတိုင်းမှာ အရှင်ဘုရားနဲ့ တပည့်တော်မအကြောင်းကို ဘာလိုလို ပြောဆိုနေကြပါတယ်"လို့ လျှောက်ထားပါတယ်။

ရဟန်းတော်က ပြန်လည် အမိန့်ရှိသည်မှာ "ဆန့်ကျင်ဘက် ပဲ့တင်ခတ်လာတဲ့ အသံတွေဟာ များပြားလှပါတယ်၊ ရဟန်းဆိုတာ အဲဒီအသံကို ခံနိုင်ရည်ရှိရပါတယ်၊ အဲဒီအသံကြောင့် ညစ်နွမ်းခြင်း မဖြစ်နိုင်ပါ၊ တောထဲမှာ လေတိုက်တိုင်း လန့်တတ်တဲ့သမင်လို (သူတပါးတို့ပြောဆိုတဲ့)အသံကို လန့်နေရတဲ့ ရဟန်းကို စိတ်ပေါ့သူ–လို့ ဆိုကြပါတယ်၊ အဲဒီရဟန်းမျိုးမှာ အကျင့်မပြည့်စုံနိုင်ပါ"လို့ မိန့်တော်မူပါတယ်။

ဒီရဟန်းတော်ရဲ့တရားမှာ ကဲ့ရဲ့ခံရတဲ့အတွက် မိမိမှာဘာမျှမဖြစ်ပါ၊ ကဲ့ရဲ့သံလန့်နေရင်အလုပ်ပျက်ရုံသာ–လို့ စဉ်စားတွေးတောရန် ဖြစ်ပါတယ်၊ အကဲ့ရဲ့ပြီးဆေး တစ်ဖုံပင် ဖြစ်ပါတယ်။

**(၃၆) အသောကံ**–စိုးရိမ်ပူဆွေးမှုမရှိခြင်း [**အသောက**ဆိုသော် နိဿောက် အဗ္ဘန္ဓသောကသလ္လံ။ **အသောကံ** နာမ ခိဏာသဝဿေဝ စိတ္တံ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၂၉–၁၃၀။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၄–၃၅။)]–စိုးရိမ်သောကမရှိခြင်း, နတ်အပ်ပြီးတဲ့သောကရှိခြင်း၊ စိုးရိမ်ပူဆွေးမှုမရှိခြင်း–မည်သည် ရဟန္တာရဲ့ စိတ်ပင်ဖြစ်တယ်။

သောက–ဆိုတာ မိဘဆွေမျိုးတွေ ပျက်စီးခြင်းနဲ့ဖြစ်စေ, ပစ္စည်းဥစ္စာ ပျက်စီးခြင်းနဲ့ဖြစ်စေ, တခြား ဆင်းရဲဒုက္ခတစ်မျိုးမျိုးနဲ့ဖြစ်စေ ကြုံတွေ့ရသူတွေရဲ့ စိတ်ပူပန်ခြင်း, ဝမ်းနည်းခြင်းပဲ ဖြစ်ပါတယ်၊ အဲဒီသောကနဲ့ ကြုံတွေ့ရတဲ့အခါ တရားသဘောကို မဆင်ခြင်မစဉ်းစားနိုင်သူတွေဟာ အတောမသတ်အောင် ပူပန်ကြရပါတယ်၊ တရားသဘောကို ဆင်ခြင်စဉ်းစားနိုင်သူတွေကတော့ သောကကို ဖြေဖျောက်နိုင်ကြပါတယ်၊ သောကပရိဒေဝတွေကင်းဖျောက်ရန် ဘုရားရှင်က အာမခံထားတဲ့ သတိပဋ္ဌာန်

---

[၂၄၀] သဂါထာဝဂ္ဂသံယုတ်၊ ဝနသံယုတ်၊ ကုလဃရဏီသုတ် (သံ၊ ၁၊ ၂၀၃)။

တရားတော် ၂၄ ကို ဆင်ခြင်ပွါးများရင်လဲ သောကငင်းပျောက်နိုင်ပါတယ်၊ ရဟန္တာများမှာတော့ သောကကိုပယ်ပြီးဖြစ်တဲ့အတွက် အမြဲတန်း မင်္ဂလာ ဖြစ်နေပါတယ်။

**သောကထိန်းနိုင်တဲ့ မလ္လိကာ**[၂၅]။ ။ တစ်နေ့မှာ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာက အဂ္ဂသာဝက ၂-ပါးနဲ့ ရဟန်း ၅၀၀-တို့ကို ဆွမ်းစားပင့်ထားပါတယ်၊ နံနက်စောစောကပင် ခင်ပွန်းဖြစ်သူ ဗန္ဓုလစစ်သူကြီးနဲ့ သား ၃၂-ယောက် အသတ်ခံရတယ်-ဆိုတဲ့စာကို မလ္လိကာထံ လာပို့ကြပါတယ်၊ သူမဟာ အဲဒီအကြောင်းကို မည်သူတစ်ဦးတစ်ယောက်မျှ မပြောပြပါ၊ စာကို ခါးပိုက်ထဲမှာထားပြီး ရဟန်းသံဃာတွေကိုသာ ဆွမ်းလုပ်ကျွေးနေပါတယ်။

အဲဒီအချိန်မှာ အလုပ်အကျွေးမိန်းမတွေ ချိမလာတဲ့ ထောပတ်အိုးကြီး ကျကွဲသွားပါတယ်၊ ဒါကိုတွေ့ရတော့ အရှင်သာရိပုတ္တရာက "ကွဲပျက်တတ်တဲ့ အရာဝတ္ထုဟာ ကွဲပျက်တာပါပဲ၊ ဘာမျှ စိုးရိမ် ပူပန်မနေနဲ့" လို့ မလ္လိကာကိုပြောပါတယ်၊ ဒီတော့ သူမက ခါးပိုက်ထဲကစာကို ထုတ်ပြပြီး "သား ၃၂-ယောက် နဲ့ ဘခင်ပါ ခေါင်းဖြတ် အသတ်ခံရတယ် - ဆိုတဲ့ဒီစာကို တပည့်တော်ထံလာပို့ ကြပါတယ်၊ ဒီအကြောင်းကို ကြားရတာ တောင်မှ တပည့်တော် မစိုးရိမ် မပူပန်ခဲ့ပါ၊ ဒီထောပတ်အိုးကျကွဲတဲ့ အတွက် ဘယ်မှာ စိုးရမ်ပူပန်ပါ့မလဲဘုရား?" လို့



---

[၂၅] သောကပရိဒေဝနံ သမကိတ္တမာယ၊

[၂၄] ဓမ္မပဒ ဋီကာ ၁၊ ၃၅၊ ပတ္တိ။ ၂၂၄။

လျှောက်ထားလိုက်ပါတယ်။

ဒီလို အဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့ရပေမယ့် မလွိကာရဲ့ မစိုးရိမ် မပူပန်ခြင်းဟာ တရားသဘောကို သိမြင်နေတဲ့အတွက် ရရှိလာတဲ့ စိတ်စွမ်းအင်သတ္တိပဲ ဖြစ်ပါလိမ့်မယ်၊ ဒါ့ကြောင့် သောကကင်းဝေးအေးဆေးစွာ နေလိုတဲ့ ပုဂ္ဂိုလ်တိုင်း တရားသဘော ပြည့်ဝအောင် ကြိုးစားထူထောင်ထားသင့်ပါတယ်။

**မြွေကိုက်သေလတ် ဥရဂဇာတ်**[၂၅] ။ ။ ရှေးက ပုဏ္ဏားတစ်ယောက်မှာ မြွေကိုက်လို့သေဆုံးတဲ့ သားအလောင်းကို အိမ်သားတွေနဲ့အတူ မီးသင်္ဂြိုဟ်နေကြပါတယ်၊ မိသားစုအားလုံးဟာ သောက, ပရိဒေဝ မရှိကြပဲ တည်တည်ငြိမ်ငြိမ် ရှိနေကြပါတယ်၊ အဲဒီအခိုက်မှာ သိကြားမင်းက ခရီးသည်ယောင်ဆောင်ကာ ရောက်လာပြီး ပုဏ္ဏားကြီးကို သားသေပါလျက် မငိုခြင်းအကြောင်းကို မေးပါတယ်။

**သောကဖျောက်တတ် သူတို့စိတ်ဓာတ်**

**ပုဏ္ဏားကြီးက** "မြေဟာ အရေဟောင်းကိုစွန့်သွားသလို သူလဲ ကိုယ်အဟောင်းကို စွန့်သွားခြင်း ဖြစ်ပါတယ်၊ သေလို့အသုံးမဝင်တော့ပြီဖြစ်တဲ့ ဒီကိုယ်က မီးရှို့ခံရတာကိုလဲ မသိပါ၊ ဆွေမျိုးတွေ ငိုနေတာကိုလဲ သူမသိပါ၊ သူ့ဂတိအတိုင်း သွားပြီဖြစ်တဲ့အတွက် ငါ မပူဆွေးပါ"လို့ ပြောပါတယ်။

မိခင်ဖြစ်တဲ့သူကို မေးပြန်ပါတယ်---

**မိခင်ပုဏ္ဏားမကြီးက** "သူဟာ ငါတို့မခေါ်ပဲ တစ်ခြားမှ ရောက်လာတာပါ၊ ခုလဲ ငါတို့မလွှတ်ပဲ သွားပါတယ်၊ သူ့သဘောအတိုင်းလာခဲ့သလို သူ့သဘောအတိုင်း သွားပြီဖြစ်တဲ့အတွက် ငိုနေလို့ ဘာအကျိုးရှိမှာလဲ?" လို့ ပြောပါတယ်။

နှမကို ဆက်မေးပါတယ်----

**နှမဖြစ်သူက** "ကျွန်မ ငိုနေရင် ကိုယ်ပိန်ချုံးရုံသာ ရှိမှာပေါ့၊ ဘာမျှ အကျိုးရှိမှာ မဟုတ်ပါ၊ ဆွေမျိုး မိတ်ဆွေ ချစ်ကျွမ်းဝင်သူတွေ ပိုလို့ စိတ်မချမ်းမသာ ဖြစ်ဖွယ်ရှိပါတယ်"လို့ ပြောပါတယ်။

သေသူရဲ့မယားကို မေးပြန်ပါတယ်---

**မယားကတော့** "ကလေးငယ်က ရွှေရှားနေတဲ့ လကို ငိုယိုတောင့်တနေသလို သေသူကို တသပြီး ဆွေးနေသူဟာ မရနိုင်တာကို တောင့်တနေတဲ့ ကလေးသဖွယ်သာ ဖြစ်ပါတယ်"လို့ ဖြေဆိုပါတယ်။

နောက်ဆုံးကျွန်မကို မေးပါတယ်---

---

[၂၅] ဇာတက၊ ဘ၊ ၁၂၂။ ဌ၊ ခု၊ ပဋ္ဌာနိပါတ၊ ဥရဂဇာတ်၊ ၁၅၂-၁၅၅။

**ကျွန်မက** "ကွဲပြီးတဲ့အိုးကို ပြန်ဆက်စပ်ဖို့ (ကြိုးစားရန်) မဖြစ်နိုင်သလို သေသူကို တ-ပြီး ဆွေးနေခြင်း ဟာ အကျိုးမမြင်ပါ"လို့ ဖြေဆိုပါတယ်။

**သားသေတုံလျက်၊ မထွက်မျက်ရည်၊ စိတ်ကောင်းတည်သည်၊ ခိုင်ကြည်နှလုံး။**
**ငါးယောက်ထုံးကို၊ စွဲသုံးမိလျက်၊ သေမင်းလက်သို့၊ ဝင်ထွက်ရမည်၊ ကြောက်မူနည်ဖြင့်၊**
**နေ့ရှည်ရက်သွေး၊ မနှောင့် နှေးတည့်**[၂၅]။

(၃၇) **ဝိရဇံ**-ရာဂစတဲ့မြူကင်းခြင်း [**ဝိရဇန္တိ** ဝိဂတရဇံ ဝိဒ္ဓံသိတရဇံ။ ယထာ စ အသောကံ၊ ဧဝံ ဝိရဇံ ခေမန္တိပိ ခိဏာသဝသေဝ စိတ္တံ။ တံဟိ ရာဂဒေါသမောဟရဇာနံ ဝိဂတတ္တာ **ဝိရဇံ**။ (ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၂၉-၁၃၀။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၄-၃၅။)]

**ရဇ ၂-မျိုး** **။ရဇ**-သဒ္ဒါက ပကတိမြူကို ဟောပါတယ်၊ ပကတိမြူက ကိုယ်ပေါ်ကျရောက်လာရင် ညစ်ပေစေသလို ရာဂ, ဒေါသ, မောဟ-ဆိုတဲ့ တရားတွေကလဲ သတ္တဝါတွေကို ညစ်နွမ်းစေတတ်ကြပါတယ်၊ ဒါ့ကြောင့် "ရဇောဝိယာတိ ရဇော-ဥပမာတဒ္ဓိတ် ဝိဂ္ဂိဟ်သဒ္ဒါနည်းအရ ရာဂ, ဒေါသ, မောဟ တို့ဟာ မြူနဲ့တူလို့ ရဇ-ဆိုတဲ့ အမည်ကိုရကြပါတယ်။

ရာဂ-စသည်တွေဟာ ညစ်ပေစေတတ်တဲ့အတွက် အဲဒီရာဂ-စတဲ့တရားတွေကင်းလို့ သန့်ရှင်းစင်ကြယ်တဲ့စိတ်မှာ မင်္ဂလာဖြစ်ရပါတယ်၊ ဒါပေမယ့် ဆိုင်ရာမင်္ဂနဲ့ မပယ်ရသေးသမျှ လုံးဝ မကင်းနိုင်သေးပါ၊ သို့ဖြစ်စေကာမူ သူတော်ကောင်းတွေက အဲဒီတရားတွေကို အပြစ်မြင်လို့ ကင်းရှင်းအောင်ကြိုးစားပြုလုပ်လေ့ရှိကြပါတယ်၊ ဒါ့ကြောင့် ရာဂ-စတဲ့မြူအညစ်အကြေးတွေကို ဝိပဿနာဘာဝနာအလုပ်နဲ့ နှင်ထုတ်နိုင်ကြမှသာ တဖြည်းဖြည်း စိတ်ဓာတ်ကြည်လင်သန့်ရှင်းလာပြီး ရာဂ-စတဲ့အညစ်အကြေးမှ ကင်းဝေးနိုင်စရာ ရှိပါတယ်။

(၃၈) **ခေမံ**-ဘေးရန်မရှိခြင်း [**ခေမန္တိ** အဘယံ နိရုပဒ္ဒဝံ။ စတူဟိ စ ယောဂေဟိ ခေမတ္တာ **ခေမံ**။ (ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၂၉-၁၃၀။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၄-၃၅။)]

ခေမ-သဒ္ဒါက ဘေးရန်းမရှိခြင်း, အေးချမ်းခြင်း-အနက်များကို ဟောပါတယ်၊ ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ-ဆိုတဲ့ ယောဂ ၄-ပါးတို့မှ ဘေးမရှိတဲ့အတွက် ခေမ-မည်ပါတယ်။

---

[၂၅] ဥတိနွမျိုး၊ ၁၀။

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဒီယောဂအမည်ရတဲ့ လောဘ, ဒိဋ္ဌိ, မောဟ–တို့ဟာ စိတ်ကို ညစ်နွမ်းစေတတ်, ပူလောင်စေတတ်တဲ့ ကိလေသာတရားတွေ ဖြစ်ကြပါတယ်၊ ဒါ့ကြောင့် အဲဒီ လောဘ, ဒိဋ္ဌိ, မောဟ–မကင်းတဲ့ စိတ်မှာ ဘေးမကင်းပါ၊ မအေးချမ်းပါ၊ အဲဒီတရားတွေ လုံးဝကင်းစင်နေတဲ့ ရဟန္တာရဲ့စိတ်မှာ အစဉ်အေးချမ်းသာယာလျက် ရှိနေပါတယ်။

ဒါပေမဲ့ တရားအားထုတ်နေတဲ့ ပုထုဇဉ်တွေရဲ့စိတ်လဲ သူ့အတိုင်းအတာနဲ့သူ အေးချမ်းမှုကို ရနိုင်ပါတယ်၊ တရားရှုမှတ်နေတဲ့အခိုက်မှာ အဲဒီတရားဆိုးတွေ ကင်းရှင်းနေပါတယ်၊ တရားရှုမှတ်မှုကို မပြုဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသူရဲ့ စိတ်မှာတော့ ဒီတရားဆိုးတွေ စင်ကြယ်ရေးတွက် မျှော်လင့်စရာပင် မရှိပါဘူး။

အဲဒီလို အခြင်းအရာမျိုးနဲ့ ဖြစ်နေတဲ့ ခဏမှာ ပြညွှန်ထားတဲ့ အသောက, ဝိရဇ, ခေမ–ဆိုတဲ့ ရဟန္တာရဲ့စိတ် ၃–မျိုးဟာ ခန္ဓာမဖြစ်ခြင်းအစရှိတဲ့ လောကကို လွန်မြောက်မှုကိုလဲ ရွက်ဆောင်တတ်ပါတယ်၊ အဝေးကဆောင်ယူလို့ ပေးလှူအပ်တဲ့ အလှူကို ခံယူထိုက်တန်ခြင်း–စတဲ့ သဘောကိုလဲ ရွက်ဆောင်တတ်ပါတယ်၊ ဒါ့ကြောင့် မင်္ဂလာ–မည်ပါတယ်[၂၅၃]။

**ဆင်းရဲချမ်းသာ–သဘာဝ၊**
**တွေ့ကြုံနေကျ–လူတိုင်းပေ။**
**ကောင်းဆိုးနှစ်တန်–အစုံတွဲလို့၊**
**တစ်လှည့်စီလဲ– အမြဲနေ။**
**လောကဓံကြုံ– မဖြုံတမ်းပေါ့၊**
**မတုန်လှုပ်စမ်းနဲ့– စိတ်ခိုင်စေ။**
**သောကကိုထိန်း– ရမှုက်သိမ်း၊**
**အေးငြိမ်းချမ်းသာစေ။**
**အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။**

---

[၂၅၃] ယတော ဇတံ တေန တေနာကာရေန တမှိ တမှိ ပဝတ္တကွဏေ ဂဟေတွာ နိဒ္ဒိဋ္ဌဝသေန တိဝိဓမ္မိ အပ္ပဝတ္တကွန္ဓတာဒီလောကုတ္တမဘာဝါဝဟနတော အာဟုနေယျာဒီဘာဝါဝဟနတော စ မင်္ဂလန္တိ ဝေဒိတဗ္ဗံ။ (ခုဒ္ဒကပါဌ၊ ၌၊ ၁၃၀။ သုတ္တနိပါတ၊ ၌၊ ၂။ ၃၅။)

## မင်္ဂလသုတ် အချုပ်ဂါထာ မှတ်ဖွယ်ရာ

၁၃။ ဧတာဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။
သဗ္ဗတ္ထ=သစ်ဗတ်ထ ⟶ သပ်ဗတ်ထ

(**ဒေဝပုတ္တ**-နတ်သား၊) **ဧတာဒိသာနိ**-ဤကဲ့သို့ခဲ့ပြီးသော ၃၈-ပါး မင်္ဂလာတရားတို့ကို၊ **ကတ္ဝာန**- ပြုကျင့်ရကုန်၏၊ **သဗ္ဗတ္ထ**-ခပ်သိမ်းသော ရန်သူတို့၌၊ **အပရာဇိတာ**-အရှုံးမခံရ အောင်နိုင်ကြကုန်၏၊ **သဗ္ဗတ္ထ**-နေရာခပ်သိမ်း၌၊ **သောတ္ထိ**-ချမ်းသာခြင်းသို့၊ **ဂစ္ဆန္တိ**-ရောက်ကြရကုန်၏၊ **တေသံ**-ထို မင်္ဂလာပြုကြသူတို့၏၊ **တံ**-ထို၃၈-ပါး မင်္ဂလာတရားသည်၊ **ဥတ္တမံ**-ကောင်းမြတ်သော၊ **မင်္ဂလံ**-မင်္ဂလာ မည်ပေ၏။

နတ်သား, ယခု ဟောခဲ့တဲ့ ၃၈-ဖြာ မင်္ဂလာတွေကို ပြုကြရင် ရန်သူမှန်သမျှကို အောင်နိုင်ကြမယ်၊ ဘယ်အရပ်မှာဖြစ်ဖြစ် ချမ်းသာခြင်းရောက်ကြရမယ်၊ ဒီ ၃၈-ဖြာ မင်္ဂလာတွေဟာ အဲဒီမင်္ဂလာမှု ပြုသူတွေရဲ့ ကောင်းမြတ်တဲ့ မင်္ဂလာများပါဘဲ။

[**သဗ္ဗတ္ထ မပရာဇိတာ**တိ သဗ္ဗတ္ထ ခန္ဓကိလေသာဘိသင်္ခါရဒေဝပုတ္တမာရပွဘေဒေသု စတူသု ပစ္စတ္ထိကေသု ဇကေနာပိ အပရာဇိတာ ဟုတ္ဝာ၊ သယမေဝ တေ စတ္တာရော မာရေ ပရာဇေတ္ဝာတိ ဝုတ္တံ ဟောတိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၃၀။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၃၅)]

**သဗ္ဗတ္ထ**-အရ ခန္ဓမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ်လေးပါး ရန်သူများကိုယူရန် ဖွင့်ဆိုပေမယ့် ဒီမင်္ဂလာတရားတွေကို ပြုကျင့်သူဟာ အဲဒီရန်သူများသာမက အခြားအပရန်သူများကိုလဲ အောင်နိုင်မည်ပင် ဖြစ်တဲ့အတွက် "**သဗ္ဗတ္ထ**-အရ ရန်သူမှန်သမျှမှာ"လို့သာ သာမန်ယူသင့်ပါတယ်။

**မာရ် ၅–ပါး**[၂၅၄]။ ။ (၁) တစ်ထောင့်ငါးရာ ကိလေသာက ကိလေသမာရ်–မည်တယ်၊

(၂) ကုသိုလ် အကုသိုလ်ကံက အဘိသခါ်ရမာရ်–မည်တယ်၊

(၃) မာရ်နတ်က ဒေဝပုတ္တမာရ်–မည်တယ်၊

(၄) ခန္ဓငါးပါးက ခန္ဓမာရ်–မည်တယ်၊

(၅) သေခြင်းတရားက မစ္စုမာရ်–မည်တယ်။ (ပိဋကလမ်းညွှန်၊ ၂၊ ၂၄၂–၂၄၃။)

**မာရ် ၅–ပါး**–ဆိုတာ နောင့်ယှက်ဆိးတားမှု ငါးပါးပင် ဖြစ်ပါတယ်-----

(၁) ရွှေပလ္လင်တော်မြတ်ကို စစ်တပ်နဲ့ တိုက်လုတဲ့ မာရ်နတ်သားကို **'ဒေဝပုတ္တမာရ်'** လို့ ခေါ်ပါတယ်၊

(၂) ကိလေသာ ၁၀–ပါး, သို့မဟုတ် ၁၅၀၀–ကိလေသာတွေကို **'ကိလေသမာရ်'** လို့ ခေါ်ပါတယ်၊

(၃) ဘဝသစ်ကို ပစ်ချစိမံ ပြုပြင်တတ်တဲ့ကံကို **'အဘိသခါ်ရမာရ်'** လို့ ခေါ်ပါတယ်၊

(၄) ရဟန္တာ မဖြစ်မီအတွင်း ကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ စိမံပစ်ချရာ ဘဝသစ်မှာ ဖြစ်ရမယ့် ခန္ဓာငါးပါးကို **'ခန္ဓမာရ်'** လို့ ခေါ်ပါတယ်၊

(၅) သေရခြင်းသဘောကို **'မစ္စုမာရ်'** လို့ ခေါ်ပါတယ်။ (သုတေသနသရုပ်ပြ အဘိဓာန်၊ ၄၇၅။)

---

[၂၅၄] အရိယမဂ္ဂကျွဏော ကိလေသမာရော အဘိသခါ်ရမာရော ဒေဝပုတ္တမာရော စ စရိမကစိတ္တကျွဏော ခန္ဓမာရော မစ္စုမာရော စာတိ ပဉ္စဝိဓော မာရော အဘိဘူတော ပရာဇိတော။ (ဥဒါန၊ ၄၊ ၁၉၅)။ **အပရာဇိတော** ခန္ဓကိလေသာဘိသခါ်ရမစ္စုဒေဝပုတ္တမာရေဟိ အပရာဇိတော ဇယမာပန္နေ သန္တပ္ပေသိန္တိ အတ္ထော။ (အပဒါန၊ ၄၊ ၁၊ ၁၁၉)။ ပဉ္စ ကိလေသ ခန္ဓ အဘိသခါ်ရ ဒေဝပုတ္တ မစ္စုမာရေ အဘဉ်။ (ဝိသုဒ္ဓိ၊ ၁၊ ၂၀၄။)

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

### မင်္ဂလာတရား ၃၈-ပါး,
### သို့မဟုတ် ၃၉-ပါး, ၃၇-ပါး

၁။ လူမိုက်များကို မပေါင်းသင်း မဆည်းကပ်ရခြင်း၊

၂။ လူလိမ္မာ ပညာရှိများကို ပေါင်းသင်း ဆည်းကပ်ရခြင်း၊

၃။ ပူဇော်ထိုက်သူများကို ပူဇော်ရခြင်း၊

၄။ သင့်တော်တဲ့အရပ်မှာ နေရခြင်း၊

၅။ ရှေးက ပြုခဲ့ဘူးတဲ့ ကောင်းမှုရှိခြင်း၊

၆။ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း၊

၇။ အကြားအမြင်များခြင်း၊

၈။ လက်မှုပညာတတ်မြောက်ခြင်း၊

၉။ ကိုယ်ကျင့်ဝိနည်းတရားကို ကောင်းစွာ သင်ခြင်း, ကျင့်ခြင်း၊

၁၀။ ကောင်းတဲ့စကားကို ပြောဆိုခြင်း၊

၁၁။ အမိကို လုပ်ကျွေးခြင်း၊

၁၂။ အဖကို လုပ်ကျွေးခြင်း၊

၁၃။ သားသမီး မယားကို ချီးမြှောက်ထောက်ပံ့ခြင်း၊

၁၄။ ရှုပ်ထွေးခြင်းကင်း သန့်ရှင်းအောင် အလုပ်လုပ်ခြင်း၊

၁၅။ ပေးကမ်း လှူဒါန်းခြင်း၊

၁၆။ သုစရိုက်တရားကို ကျင့်ခြင်း၊

၁၇။ ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊

၁၈။ အပြစ်မရှိသောအလုပ်တို့ကို ပြုလုပ်ခြင်း၊

၁၉။ မကောင်းမှုမှ စိတ်, ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်း၊

၂၀။ အရက်သေစာ မူးယစ်ဆေး၀ါး သောက်စား သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂၁။ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊

၂၂။ ရိုသေထိုက်သူကို ရိုသေခြင်း၊

၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း၊

၂၄။ ရောင့်ရဲတင်းတိမ်ခြင်း၊

၂၅။ ကျေးဇူးသိခြင်း၊

၂၆။ သင့်တော်တဲ့အခါ တရားနာခြင်း၊

၂၇။ သည်းခံခြင်း၊

၂၈။ ပြောဆိုဆုံးမလွယ်ခြင်း၊

၂၉။ ရဟန်းတော်တို့ကို ဖူးမြင်ခြင်း၊

၃၀။ သင့်တော်တဲ့အခါ တရားဆွေးနွေးခြင်း၊

၃၁။ တပမခေါ်တဲ့အကျင့်ကို ကျင့်ခြင်း၊

၃၂။ ဗြဟ္မစရိယအကျင့်ကို ကျင့်ခြင်း၊

၃၃။ အရိယသစ္စာကို သိမြင်ခြင်း၊

၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊

၃၅။ စိတ်မတုန်လှုပ်ခြင်း၊

၃၆။ စိုးရိမ်ပူဆွေးမှု မရှိခြင်း၊

၃၇။ ရာဂစတဲ့မြေ မရှိခြင်း၊

၃၈။ ဘေးရန်မရှိခြင်း–

ဟူ၍ မင်္ဂလာတရား ၃၈–ပါးရှိရာတွင် ခုဒ္ဒကပါဌအဋ္ဌကထာနှင့် သုတ္တနိပါတ် အဋ္ဌကထာတို့ ဖွင့်ဆိုချက်[၁၁၁]နှင့်အညီ––

အမှတ်စဉ် ၁၃–အရ သားသမီး မယားကို ချီးမြှောက်ထောက်ပံ့ခြင်း မင်္ဂလာကို

သားသမီးကို ချီးမြှောက်ထောက်ပံ့ခြင်း,

မယားကို ချီးမြှောက်ထောက်ပံ့ခြင်း–

ဟု ၂–ခု ခွဲပါက မင်္ဂလာတရား ၃၉–ပါး ဖြစ်သည်။

နောက်တစ်နည်းမှာ **"မာတာပိတုဥပဋ္ဌာန်"**ဂါထာအရှိအတိုင်း–––**မာတာပိတုဥပဋ္ဌာန်**–အမိအဖကို လုပ်ကျွေးခြင်း, **ပုတ္တဒါရဿ သင်္ဂဟော**–သားသမီး မယားကို ချီးမြှောက်ထောက်ပံ့ခြင်း, **အနာ**

---

[၁၁၁] ဤမိဿာ ဂါထာယ မာတုဥပဋ္ဌာနံ, ပိတုဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော, အနာကုလာ စ ကမ္မန္တာတိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ၊ ပုတ္တဒါရဿ သင်္ဂဟံ ဝါ ဒွိဓာ ကတွာ ပဉ္စ၊ မာတာပိတုဥပဋ္ဌာနံ ဝါ ဧကမေဝ ကတွာ တီဏိ။ (ခုဒ္ဒကပါဌ၊ ပဋိ။ ၁၁၇။ သုတ္တနိပါတ၊ ပဋိ။ ၂၃၀)

**ကုလာ စ ကမ္မန္တာ–** ရှုပ်ထွေးခြင်းကင်း သန့်ရှင်းအောင် အလုပ်လုပ်ခြင်း–ဤမင်္ဂလာ ၃–ခုကို သာ ယူပါက **မင်္ဂလာ တရား ၃၇–ပါး**သာ ဖြစ်တော့သည်။

သုံးဆယ့်ရှစ်ဖြာ–မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး–ပန်သူတွေ။
စီးပွါးချမ်းသာ–ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့်– တဝေဝေ။
ဘေးရန်ကင်းကွာ–ချစ်သူပေါလို့၊
စိတ်ရောကိုယ်ရော–ချမ်းသာမလေ။
ပြောဆိုကြံဆ–ဆောင်သမျှ၊
အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြ, ဆင်ကြ "မင်္ဂလာ"ပန်းခိုင်တွေ။

## မင်္ဂလာနှင့်စပ်ရာ နိုဝုံးကဗျာ

သုံးဆယ့်ရှစ်ဖြာ–မင်္ဂလာတရားကို၊
ပျက်ပြားနေကြ–ကမ္ဘာ့မြေ။
ဟိုတိုင်း, ဒီပြည်–ရန်စစ်ခင်းလို့၊
လူနှင့်လူချင်း–သတ်ကာနေ။
ငြိမ်းချမ်းပါစေ–အာသီသနဲ့၊
စွမ်းနိုင်ရာက–ကူညီသလေ။
သုံးဆယ့်ရှစ်ပါး–မင်္ဂလာတရား။
ရေးသားဖြန့်ကာဝေ။
အဖိုးတန်တဲ့ "ဗုဒ္ဓဝါဒ" ကမ္ဘာက သိပါစေ။
(ဒဝုံ ဦးထွန်းမြင့်)

## မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## မင်္ဂလသုတ်နိဝုံးချုပ် အာသီသလင်္ကာ

ဇေဝံ–ကစ၊ ဗဟူကျအောင်၊ မင်္ဂလသုတ်၊ နိဒါန်းထုတ်၏၊ သာမုက္ကံသိက၊ ပုဒ်စဉ်ပြသော်၊ အ–ပ–ဗာ–မာ–ဒါ၊ အာ–ဂါ–ခန်–တ–ဖုဋ္ဌ၊ ဇ–ဆုံး ဆဲ့တပုဒ်၊ သုမင်္ဂလ၊ ပုဒ်တွင်ပြတိုင်း၊ ကျင့်က အမှန်၊ ပစ္စုပ္ပန်က၊ နိဗ္ဗာန်တိုင်အောင်၊ ကောင်းကျိုးဆောင်လိမ့်၊ ယောင်ယောင်မှားမှား၊ အကောင်များက၊ ထောင်လွှားမြင့်မောက်၊ မချင့်ထောက်ဘဲ၊ အောက်စာကလေး၊ သေးနုတ် ဓိပ္ပါယ်၊ သူငယ်တို့စာ၊ ဆိုတတ်စွာ၏၊ ဒေသနာတော်၊ ရှစ်သောင်းကျော်တွင်၊ ပေါ်ပေါ်ထင်ထင်၊ လျင်လျင်ဆောဆော၊ လောကဓမ္မ၊ ဒီဋ္ဌမျက်ဝါး၊ ကျေးဇူးပျား၍၊ အခြားဒေသနာ၊ အခြား စာထက်၊ ဦးစွာပဌမ၊ သင်ကြား ရသား၊ စာ့အဆိခဲ၊ စာလက်စွဲဟု၊ နက်နဲဥာဏ်မှာ၊ သိတန်ပါ၏၊ မန္ဒာဒသက၊ စသည်အသီးသီး၊ ကြိုးလေသင့်လေ၊ ကျင့်လေမြတ်လေ၊ **ဘွား**[၂၅] သန္ဓေက၊ သေတိုင်စောလတ်၊ တောမသတ်ဘဲ၊ လောကဓာတ်လုံး၊ ဘဝဆုံးတိုင်၊ အသုံးပြုထွက်၊ လွန်စုံ မက်၍၊ ကျက်သရေတန်ခိုး၊ ဆင့်ဆင့်တိုးစိမ့်၊ ကြိုး၍လေ့လာ စေကုန်သော[၂၆]။

မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ပြီး၏။

★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★

---

[၂၅] **ဘွား** (ရှေ့ရေးထုံး)= ဖွား–မိခင်၏ဝမ်းမှ သားသမီးကို မွေးထုတ်သည်။

[၂၆] မြင်းခြံ–၉–ဆောင်မူ မဟာပရိတ်တော်ကြိုးနိုသျှသစ်၊ ၃၃–၃၄။

# ရတနသုတ်နှင့်စပ်သွယ် သိမှတ်ပွယ်

## ရတနသုတ်အချီးနိဒါန်းစကား

(က) ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိသ ပါရမိယော, ပဥ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ, ဥာတတ္ထစရိယံ, ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိ
ဇာတိ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လကေ
မာရဝိဇယံ သဗ္ဗညုတညာဏပွဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိ'မေ ဗုဒ္ဓဝုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ

(ခ) ကောဋိသတသဟဿေသု၊ စက္ကဝါဋ္ဌေသု ဒေဝတာ။
ယဿာ'ဏံ ပဋိဂ္ဂဏ္ဌန္တိ၊ ယဥ္စ ဝေသာလိယာ ပုရေ။
ရောဂါ'မနုဿ ဒုဗ္ဘိက္ခ–သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ'မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ရွတ်ဖတ်ခက်တာသာ ပြပါမယ်---

**ပဋ္ဌာယ=ပဋ်ဌာယ→ပတ်ဌာယ**

**မဟာပရိစ္စာဂေ- မဟာပရိစ်စာဂေ→မဟာ ပရိတ် စာဂေ**

ဂဗ္ဘဝေါက္ကန္တီ– ဂဗ်ဘ ဝေါက်ကန်တီ→ဂပ်ဘ ဝေါက်ကန်တိန်၊
အဘိနိက္ခမနံ– အဘိနိတ်ခမနံ၊
ဗောဓိပလ္လကေံ– ဗောဓိ ပလ်လင်ကေ→ဗောဓိ ပန်လင်ကေ၊
သဗ္ဗညုတညာဏပွဋိဝေဓံ– သဗ်ဗဉ်ဥတင်ညာဏပ်ပဋိဝေဓံ→သပ်ဗင် ညုတင် ညာဏပ် ပဋိဝေဓံ၊
ဓမ္မစက္ကပ္ပဝတ္တနံ– ဓမ်မ စက်ကပ် ပဝတ်တနံ
ကာရုညစိတ္တံ– ကာရုန်ည စိတ်တံ၊
ဥပဋ္ဌပေတွာ– ဥပဋ် ဌပေတ် တဝါ→ဥပတ် ဌပစ် တွာ၊
ကောဋိသတသဟဿေသု=ကောဋိ သတ သဟသ်သေသု→ကောဋိ သတ သဟတ်သေသု

[**ကောဋိ**–မှ ဆန်းကြောင့် **ကောဋိ**–(ဒိဃ)ဖြစ်လာ]

ယဿာ'ဏံ=ယသ်သာဏံ→ယတ်သာဏံ [ယဿ+အာဏံ]၊
ပဋိဂ္ဂဏ္ဌန္တိ– ပဋိဂ် ဂဏ္ဌန်တိ→ပဋိတ် ဂဏ္ဌန်တိ
ရောဂါမနုဿ [ရောဂ+အမနုဿ]၊
ဒုဗ္ဘိက္ခသမ္ဘူတံ– ဒုဗ်ဘိက်ခ သမ်ဘူတံ→ဒုပ် ဘိတ်ခ သမ်ဘူတံ၊
ခိပ္ပ'မန္တရမာပေသိ= ခိပ်ပ မန်တရ ဓာပေသိ [ခိပ္ပံ+အန္တရဓာပေသိ]၊

**ပဏိဓာနတော**–ဒိပင်္ကရာဘုရားထံ ဆုပန်သည်မှ၊ **ပဋ္ဌာယ**–အစပြု၍၊ **တထာဂတဿ**–ဘုရားရှင်၏၊ ဝါ–ရှေးဘုရားနှင့်မခြားအတူ ကြွလာတော်မူသော ဘုရားရှင်၏၊ **ဒသပါရမိယော**–ဆယ်ပါးသော ပါရမိတို့လည်းကောင်း၊ **ဒသ ဥပပါရမိယော**–ဆယ်ပါးသော ဥပပါရမိတို့လည်းကောင်း၊ **ဒသ ပရမတ္ထပါရမိယော**–ဆယ်ပါးသော ပရမတ္ထပါရမိတို့လည်းကောင်း၊ **ဣတိ**–ဤသို့၊ **သမတ္တိသပါရမိယော**–အမျှသုံးဆယ်သော ပါရမိတို့ကိုလည်းကောင်း၊ **ပဥ္စ မဟာပရိစ္စာဂေ**–ငါးပါးသော စွန့်ခြင်းကြီးတို့ကိုလည်းကောင်း၊ **လောကတ္ထစရိယံ**–သတ္တဝါများအကျိုးငှါ ကျင့်တော်မူခြင်းလည်းကောင်း၊ **ဥာတတ္ထစရိယံ**–ဆွေမျိုးများအကျိုးငှါ ကျင့်တော်မူခြင်းလည်းကောင်း၊ **ဗုဒ္ဓတ္ထစရိယံ**–ဘုရားဖြစ်ရန်အကျိုးငှါ ကျင့်တော်မူခြင်းလည်းကောင်း၊ **ဣတိ**–ဤသို့၊ **တိဿော**–သုံးပါးကုန်သော၊ **စရိယာယော**–အကျင့်တို့ကိုလည်းကောင်း၊ **ပစ္ဆိမဘဝေ**–ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌၊ **ဂဗ္ဘဝေါက္ကန္တီ**–မယ်တော်ဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူခြင်းကိုလည်းကောင်း၊ **ဇာတိ**– ဖွားမြင်တော်မူခြင်းကိုလည်းကောင်း၊ **အဘိနိက္ခမနံ**–မြတ်သော

တောထွက်တော်မူခြင်းကို လည်းကောင်း၊ **ပဓာနစရိယ်**–ဒုက္ကရစရိယာ ကျင့်တော်မူခြင်းကိုလည်း ကောင်း၊ **ဗောဓိပလ္လင်ကို**–ဗောဓိပင်ခြေ ပလ္လင်ဗွေ၌၊ **မာရဝိဇယ်**–မာရ်ငါးပါးကို အောင်တော်မူခြင်းကို လည်းကောင်း၊ **သဗ္ဗညုတညာဏာဘိဓေမံ**–သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိတော်မူခြင်းကိုလည်း ကောင်း၊ **ဓမ္မစက္ကပ္ပဝတ္တန်**–ဓမ္မစကြာတရား ဟောကြားတော်မူခြင်းကိုလည်းကောင်း၊ **နဝ**–ကိုးပါးကုန် သော၊ **လောကုတ္တရဓမ္မေ**–လောကုတ္တရာတရားတို့ကိုလည်းကောင်း၊ **ဣတိ**–ဤသို့၊ **သဗ္ဗေပိ**–အလုံးစုံ လည်း ဖြစ်ကုန်သော၊ **ဣမေ ဗုဒ္ဓဂုဏေ**–ဤဘုရားရှင်၏ဂုဏ်တော်တို့ကို၊ **အာဝဇ္ဇေတ္ဝာ**–ဆင်ခြင်တော် မူ၍၊ **ဓေသာလိယာ**–ဝေသာလီ ပြည်၏၊ ဝါ–ဝေသာလီမြို့၏၊ **တီသု ပါကာရဏ္ဍရေသု**–တံတိုင်းသုံးထပ် ကြားအရပ်တို့၌၊ **တီယာမရတ္တိ**–ညဉ့်သုံးယာမ်ပတ်လုံး၊ **ပရိတ္တံ**–ရတနာသုတ် ပရိတ်အရံအတားကို၊ **ကရောန္တော**–ပြုတော်မူသော၊ **အာယသ္မာ အာနန္ဒတ္ထေရော ဝိယ**–အရှင်အာနန္ဒာထေရ်ကဲ့သို့၊ **ကာရညစိတ္တံ**–ကရဏာစိတ်ကို၊ **ဥပဋ္ဌပေတ္ဝာ**– ဖြစ်စေ ကြကုန်၍။

**ကောဋိသတသဟဿေသု**–ကုဋေတစ်သိန်းကုန်သော၊ **စက္ကဝါဠေသု**–စကြဝဠာတို့၌၊ **ဒေဝတာ**–နတ် ဗြဟ္မာတို့သည်၊ **ယဿ (ပရိတ္တဿ)**–အကြင်ရတနာသုတ်ပရိတ်တော်၏၊ **အာဏံ**–တန်ခိုး အာဏာ အရှိန်အဝါကို၊ **ပဋိဂ္ဂဏှန္တိ**–ခံယူကြကုန်၏၊ **ယံ (ပရိတ္တံ)**–အကြင် ရတနာသုတ် ပရိတ်တော် သည်၊ **ဓေသာလိယာ**–ဝေသာလီမည်သော၊ **ပုရေ**–ပြည်၌၊ ဝါ–မြို့တော်၌၊ **ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဘူတံ**–ရောဂါဆန်းပြား ဘိလူးမျှားနှင့် အစာရှားခြင်းကြောင့်ဖြစ်သော၊ **တိဝိဓံ**–သုံးပါးအပြားရှိသော၊ **ဘယံ**–ဘေးကိုလည်း၊ **ဓိပ္ပံ**–လျှင်မြတ်စွာ၊ **အန္တရဓာပေသိ**–ကွယ်ပျောက်စေပြီ၊ **တံ ပရိတ္တံ**–ထိုရတနာသုတ် ပရိတ်တော်ကို၊ **ဟော**–အိုသူတော်ကောင်းတို့၊ (**မယံ**–ငါတို့သည်၊) **ဘဏာမ**–ရွတ်ကြကုန်စို့။

အိုသူတော်ကောင်းတို့, ဒီပင်္ကရာဘုရားရှင်ထံ ဘုရားဆုပန်သည်ကစပြီး ဘုရားရှင်ရဲ့ ပါရမီ ဆယ်ပါး, ဥပပါရမီဆယ်ပါး, ပရမတ္ထပါရမီဆယ်ပါး–ဆိုတဲ့ အမျှ ပါရမီသုံးဆယ်, ဓွန့်ခြင်းကြီးငါးပါး, သတ္တဝါတွေအတွက်ကျင့်မှု, ဆွေမျိုးတွေအတွက်ကျင့်မှု, ဘုရားဖြစ်ဖို့အတွက်ကျင့်မှု–ဆိုတဲ့ အကျင့်သုံး ပါး, ဘုရား ဖြစ်မယ့်နောက်ဆုံးဘဝမှာ ပဋိသန္ဓေနေခြင်း, ဖွားမြင်ခြင်း, တောထွက်ခြင်း, ဒုက္ကရစရိယာ ကျင့်ခြင်း, ဗောဓိပင်ခြေ ပလ္လင်ဗွေမှာ မာရ်ငါးပါး အောင်တော်မူခြင်း, သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိခြင်း, ဓမ္မစကြာတရားဟောခြင်း, လောကုတ္တရာတရား ကိုးပါး–ဆိုတဲ့ ဒီဗုဒ္ဓဂုဏ် အလုံးစုံ တို့ကို ဆင်ခြင်တော်မူပြီးရင် ဝေသာလီပြည် တံတိုင်းသုံးထပ်အကြားတွေမှာ ညဉ့်သုံးယာမ်ပတ်လုံး ပရိတ်အရံအတားကို ပြုတော်မူတဲ့ အရှင်အာနန္ဒာထေရ်လို ကရဏာစိတ်ကို ဖြစ်စေကြလျက် ဒီရတန သုတ်ပရိတ်တော်ရဲ့ အရှိန်အဝါအာဏာကို စကြဝဠာ ကုဋေတစ်သိန်းရှိ နတ်ဗြဟ္မာတွေ ခံယူကြ ကုန်၏၊ ဒီရတနသုတ် ပရိတ်တော်ဟာ ဝေသာလီပြည်မှာ ကူးစက်ရောဂါမျှား ဘိလူးမျှားနဲ့ အစာရှား

ပါးခြင်းများကြောင့် ဖြစ်ပေါ်လာတဲ့ ဘေးသုံးမျိုးကိုလဲ လျင်မြန်စွာ ကွယ်ပျောက်စေခဲ့ဘူးပါပြီ၊ အဲဒီရတနာသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ကြကုန်စို့။

**ပါရမီနက်မြယ် သိမှတ်စုယ်။** ။ **ပါရမီ**–ဆိုတာ မိမိအကျိုးအတွက် ငဲ့ကွက်လိုလားခြင်း မရှိပဲ အများကောင်းကျိုးအတွက်ဖြစ်စေ, သံသရာမှလွတ်မြောက်ရေးအတွက်ဖြစ်စေ ပြုလုပ်အပ်တဲ့ ဒါနစတဲ့ကောင်းမှုများပင် ဖြစ်ပါတယ်၊ အဲဒီကောင်းမှုများရှိသူကိုသာ မြင့်မြတ်သူ–လို့ သိရတဲ့အတွက် **'ပါရမီ'** ရဲ့အဓိပ္ပါယ်ကို 'မြင့်မြတ်သူတို့ဖြစ်ကြောင်း' လို့ ဖွင့်ပါတယ်။ [ပရမာနံ ဘာဝေါ **ပါရမီ**။ ပရမာနံ–မြင့်မြတ်သူတို့၏၊ ဘာဝေါ–ဖြစ်ကြောင်းတည်း၊ **ပါရမီ**–မြင့်မြတ်သူတို့၏ဖြစ်ကြောင်း။]

လူည့ံတွေဟာ ကောင်းမှုကိုပင် မိမိအကျိုးရှိမှ ပြုလုပ်လိုကြပါတယ်၊ သံသရာမှ လွတ်ရေးထက် ဘဝကောင်းစားရေး, ထင်ပေါ်ကျော်ကြားရေးကိုသာ ဦးစားပေးတတ်ကြပါတယ်၊ ဒါ့ကြောင့် ပါရမီမြောက်တဲ့ အလုပ်များမှာ လူည့ံတို့ အရာမဟုတ် ဖြစ်ရပါတယ်၊ အဲဒီအလုပ်များမှာ ဘဝအပြစ်မြင်ပြီး အများအပေါ်မှာ မေတ္တာ ကရုဏာ အားကြီးတဲ့ သူတော်ကောင်း ပုဂ္ဂိုလ်မွန်တို့ရဲ့ လုပ်ငန်းများသာ ဖြစ်ကြပါတယ်၊ ဒါ့ကြောင့် **'ပါရမီ'** ကို'မြင့်မြတ်သူတို့ရဲ့အလုပ်'လို့ ဖွင့်ဆိုကြပြန်ပါတယ်။ [ပရမာနံ ကမ္မံ **ပါရမီ**။ ပရမာနံ–မြင့်မြတ်သူတို့၏၊ ကမ္မံ–အလုပ်တည်း၊ **ပါရမီ**–မြင့်မြတ်သူတို့၏အလုပ်။]

**ပါရမီ ၁၀–ပါး အပြား ၃၀ (သမတ္တိံသပါရမိယော)** ။ ။ **ပါရမီ ၁၀–ပါး** ဆိုတာ----------

၁။ **ဒါနပါရမီ**– လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊

၂။ **သီလပါရမီ**–ငါးပါး, ရှစ်ပါး, ဆယ်ပါး–စတဲ့သီလကို ဆောက်တည်ခြင်း၊

၃။ **နေက္ခမ္မပါရမီ**–အိမ်ရာတည်ထောင်မှုမှ ခွါရှောင်လျက် ရသေ့ ရဟန်းပြုခြင်း၊

၄။ **ပညာပါရမီ**–ပညာကို ဆည်းပူးရှာဖွေ တိုးပွါးစေခြင်း၊

၅။ **ဝီရိယပါရမီ**–မတွန့်မဆုတ် ဇွဲနပဲဖြင့် ကြိုးစားအားထုတ်ခြင်း၊

၆။ **ခန္တီပါရမီ**–သည်းခံခြင်း၊

၇။ **သစ္စပါရမီ**–မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်ခြင်း၊

၈။ **မေတ္တာပါရမီ**–ကမ္ဘာသူ ကမ္ဘာသားများကို မိမိနှင့် တသားတည်း ချစ်ခြင်း၊

၉။ **အဓိဋ္ဌာနပါရမီ**–အပြစ်ကင်းတဲ့အရာမှာ စိတ်နဲ့ဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်သည့် အားလျော်စွာ လုပ်ကိုင်ခြင်း၊

၁၀။ **ဥပေက္ခာပါရမီ**–သူစိမ်းသူကျက် ငဲ့ကွက်မရွေး ချမ်းသာဆင်းရဲတဲ့အရေးမှာ
စိတ်တွေးကြံစည်ခြင်း မပြုဘဲ အလယ်ရှုဂ္ဂ်နေခြင်း။
ဒါနံ သိလဥ္စ နေက္ခမ္မံ၊ ပညာ ဝိရိယ ပဥ္စမံ။
ခန္တီ သစ္စ'မဓိဋ္ဌာနံ၊ မေတ္တုပေက္ခာ'တိမာ ဒသာတိ။

အဲဒီ ပါရမီ ၁၀–ပါးတို့တွင် ပါရမီ တစ်ပါးတစ်ပါးမှာ ပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီ–လို့ သုံးမျိုးပြားပါတယ်၊ ဥပမာ---ပြင်ပဥစ္စာကို လှူခြင်းက ဒါနပါရမီဖြစ်တယ်၊ မျက်စီ လက် ခြေ–စတဲ့ ကိုယ်အင်္ဂါကို လှူခြင်းက ဒါနဥပပါရမီ–ဖြစ်ပါတယ်၊ အသက်ကိုလှူခြင်းကတော့ ဒါနပရမတ္ထပါရမီ ဖြစ်ပါတယ်။

ဒီဒါနမှာ သုံးမျိုးပြားသလို အလားတူ အပ–ပစ္စည်းကိုစွန့်ပြီး သိလစောင့်ခြင်းက သိလပါရမီ ဖြစ်တယ်၊ ကိုယ်အင်္ဂါ နစ်နာပျက်စီးခံလျက် သိလစောင့်ခြင်းဟာ သိလဥပပါရမီ ဖြစ်ပါတယ်၊ အသက်အသေခံပြီး သိလစောင့်ခြင်းကတော့ သိလပရမတ္ထပါရမီ ဖြစ်ပါတယ်၊ အဲဒီလို အခြားပါရမီတွေမှာလဲ ပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီ–လို့ သုံးမျိုးစီခွဲနိုင်ပါတယ်၊ ပါရမီတစ်ပါးမှာ သုံးမျိုးခွဲနိုင်တော့ ပါရမီ ၁၀–ပါးမှာဆိုတော့ သုံးဆယ် ကွဲပြားသွားပါတယ်။

* **ဒါန သီလ၊ နေက္ခမ္မ ပညာ၊ ဝိရိယာ ခန္တီ၊ တလီသစ္စာ၊ ဓိဋ္ဌာန်ပါလျက်၊ မေတ္တာ ဥပေက္ခာ၊ မှတ်စရာ၊ ပါရမီဆယ်ပါးတည်း။**
* **ပြင်ပဥစ္စာ၊ ကိုယ်အင်္ဂါနှင့်၊ ဇီဝါအသက်၊ ငဲ့ကွက်မရှု၊ စွန့်မှုအညီ၊ အစဉ်မှီ၍၊ ပါရမီ ဥပ၊ ထိုမှ ပရမတ်၊ ယှဉ်ကာဟပ်လျက်၊ စွဲမှတ်ပါရမီ သုံးမျိုးတည်း။** (ပရိတ်ကြီးနိဿယသစ်၊ ၂၀၁။)

**စွန့်ခြင်းကြီး ၅–ပါး (ပဥ္စမဟာပရိစ္စဂေ)။** ။ သိလက္ခန္ဓဝဂ္ဂအဋ္ဌကထာ စသည်[၂၅၀]မှာပါရှိတဲ့---- စွန့်ခြင်းကြီး ၅–ပါး–

၁။ **အင်္ဂပရိစ္စာဂ**–လက် ခြေ စတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းကိုစွန့်ခြင်း၊

၂။ **နယနပရိစ္စာဂ**–မျက်လုံးကိုစွန့်ခြင်း၊

၃။ **ဓနပရိစ္စာဂ**–ပစ္စည်းဥစ္စာကိုစွန့်ခြင်း (စည်းစိမ်ဥစ္စာ ရတနာဆင်မြင်းစသည်ကို စွန့်ခြင်း)၊

၄။ **ရဇ္ဇပရိစ္စာဂ**–တိုင်းပြည်ကိုစွန့်ခြင်း၊

---

[၂၅၀] ဒီ၊ ၌၊ ၁၊ ဖြဟ္ဓဇာလသုတ်အဖွင့်၊ ၆၀။ မ၊ ၌၊ ၁၊ ၄၇။ မဟာနိဒ္ဒေသ၊ ၌၊ ၁၅၃။ ပဋိသမ္ဘိဒါမဂ္ဂ၊ ၌၊ ၁၊ ဥဂ္ဂဏကထာ၊ ၁၉၁။ ဇာတက၊ ဋီ၊ ၃၊ အဋ္ဌကနိပါတ၊ ၂၂၀။

၅။ **ပုတ္တဒါရပရိစ္ဆာဂ**–သားမယားကိုစွန့်ခြင်း။

ကုတိဝုတ္တကအဋ္ဌကထာ စသည်၂၃၉မှာလာတဲ့ စွန့်ခြင်းကြီး ၅–ပါး-----

၁။ **အင်္ဂပရိစ္ဆာဂ**–မိမိကိုယ်ကိုစွန့်ခြင်း၊

၂။ **နယနပရိစ္ဆာဂ**–မျက်လုံးကိုစွန့်ခြင်း၊

၃။ **ဓနပရိစ္ဆာဂ**–ပစ္စည်းဥစ္စာကိုစွန့်ခြင်း၊

၄။ **ရဇ္ဇပရိစ္ဆာဂ**–မင်းစည်းစိမ်ကိုစွန့်ခြင်း၊

၅။ **ပုတ္တဒါရပရိစ္ဆာဂ**–သားမယားကိုစွန့်ခြင်း။

ဗုဒ္ဓဝံသအဋ္ဌကထာ (၁၈)မှာလာတဲ့ စွန့်ခြင်းကြီး ၅–ပါး-----

၁။ **အင်္ဂီပရိစ္ဆာဂ**–ကိုယ်အင်္ဂါကြီးငယ်ကိုစွန့်ခြင်း၊

၂။ **ဇီဝိတပရိစ္ဆာဂ**–အသက်ကိုစွန့်ခြင်း၊

၃။ **ဓနပရိစ္ဆာဂ**–ပစ္စည်းဥစ္စာကိုစွန့်ခြင်း၊

၄။ **ရဇ္ဇပရိစ္ဆာဂ**–မင်းစည်းစိမ်ကိုစွန့်ခြင်း၊

၅။ **ပုတ္တဒါရပရိစ္ဆာဂ**–သားမယားကိုစွန့်ခြင်း။

သဂါထာဝဂ္ဂ ဒေဝတာသံယုတ် ဋီကာ (သံ၊ ဋီ၊ ၁၊ ၃၅)မှာလာတဲ့ စွန့်ခြင်းကြီး ၅–ပါး-----

၁။ **အင်္ဂီပရိစ္ဆာဂ**----၊

၂။ **ဇီဝိတပရိစ္ဆာဂ**–အသက်ကိုစွန့်ခြင်း၊

၃။ **ရဇ္ဇပရိစ္ဆာဂ**-------၊

၄။ **ပုတ္တပရိစ္ဆာဂ**–သားသမီးကိုစွန့်ခြင်း၊

၅။ **ဒါရပရိစ္ဆာဂ**–မယားကိုစွန့်ခြင်း။

ဇာတကအဋ္ဌကထာ မဟာနိပါတ် (ဇာတက၊ ဋ္ဌ၊ ၇၊ ၃၃၃)မှာလာတဲ့ စွန့်ခြင်းကြီး ၅–ပါး----

၁။ **ဓနပရိစ္ဆာဂ**-----၊

၂။ **အင်္ဂီပရိစ္ဆာဂ**----၊

၃။ **ပုတ္တပရိစ္ဆာဂ**-----၊

၄။ **ဘရိယပရိစ္ဆာဂ**–မယားကိုစွန့်ခြင်း၊

၅။ **ဇီဝိတပရိစ္ဆာဂ**----။

[illegible] ၂၊ ၃ ၃၀၊ ၀သုဒ္ဓိမဂ္ဂ မဟာဋီကာ၊ ၁၊ ၂၅၉။ နမက္ကာရဋီကာ၊ ၆၃။

သုတ်မဟာဝါဋီကာ မဟာပဒါနသုတ်အဖွင့်(ဒီ၊ ဋီ၊ ၂၊ ၂၀)မှာပါတဲ့ စွန့်ခြင်းကြီး ၅-ပါး-----

၁။ **အင်္ဂပရိစွာဂ------၊**

၂။ **နယနပရိစွာဂ-----၊**

၃။ **အတ္တပရိစွာဂ-----၊**

၄။ **ရဇ္ဇပရိစွာဂ------၊**

၅။ **ပုတ္တဒါရပရိစွာဂ**-သားမယားတို့ကိုစွန့်ခြင်း-တို့ဖြစ်ပါတယ်။

ဒိစွန့်ခြင်းကြီး ၅-ပါးဟာ ဒါနပါရမိမှာ ပါဝင်ပေမယ့် ထူးခြားတဲ့စွန့်လွှတ်ခြင်းမျိုးကို ပြလိုတဲ့အတွက်နဲ့ သာမန်လူတွေ မတွေးဝံ့အောင် အလွန်ပြုနိုင်ခဲတဲ့အမှုမျိုးဖြစ်တာကို ပြလိုတဲ့အတွက် သီးခြားထုတ်ဖော် ဂုဏ်တင်ကြရခြင်း ဖြစ်ပါတယ်၊ ဒါ့ကြောင့် အင်္ဂပရိစွာဂမှသီးသန့်ထုတ်ပြီး နယနပရိစွာဂ-ကိုယူခြင်း, ပရိစွာဂအနေနဲ့ စွန့်ခြင်းတူပေမယ့် ဓနပရိစွာဂ ရဇ္ဇပရိစွာဂတို့မှ သီးသန့်ထုတ်ကာ ပုတ္တဒါရပရိစွာဂ ကို ယူရပါတယ် [၂၆၀]၊ အဲဒိစွန့်ခြင်းကြီး ၅-ပါးနဲ့ပတ်သက်လို့ ကျမ်းဂန်အဆိုအမိန့်တွေ ကွဲပြားနေတာကိုလဲ ရှာဖွေပေးလိုက်ပါတယ်။

သိလက္ခန္ဓဝဂ္ဂအဋ္ဌကထာနဲ့အညီ ဆောင်ပုဒ်ကို ပရိတ်ကြီးနိဿယသစ် (၂၀၁)မှာ တွေ့ရပါတယ်။

**ကိုယ်အင်္ဂါအလုံး၊ မျက်လုံး ဥစ္စာ၊ ပြည်ရွာ တိုင်းကား၊ သားမယား၊ ငါးပါး စွန့်ခြင်းကြီး။**

**စရိယာ ၃-ပါး(တိဿော စရိယာယော)** ။ ။ (၁) **လောကတ္ထစရိယာ-** 'လောက' သဒ္ဒါက သတ္တဝါကို ဟောပါတယ်၊ သတ္တဝါတွေရဲ့ ဘေးကင်းရေး, ကြီးပွါးချမ်းသာရေး, ပညာတိုးတက်ရေး စသည်များကို မိမိရဲ့ ပညာဉာဏ် ဝိရိယ-စသည်တွေနဲ့ ရွက်ဆောင်ပြုကျင့်ခြင်းများပါဘဲ။

(၂) **ဉာတတ္ထစရိယာ-** 'ဉာတိ' သဒ္ဒါက အဆွေအမျိုးကို ဟောပါတယ်၊ အဲဒိအဆွေအမျိုးတွေရဲ့ ဘေးကင်းရေး, ကြီးပွါးချမ်းသာရေး, ကောင်းစားရေးများကို ပြုကျင့်ခြင်းပါဘဲ။

---

[၂၆၀] သတိပိ မဟာပရိစွာဂါနံ ဒါနပါရမိဘာဝေ ပရိစွာဂဝိသေသသဘာဝဒဿနတ္ထမ္ဘေပ သုဒုက္ကရဘာဝဒဿနတ္ထမ္ဘေ [illegible] ပရိစွာဂါနံ ဝိသုံ ဂဟဏံ၊ တတောယေဝ စ အင်္ဂပရိစွာဂတော ဝိသုံ နယနပရိစွာဂဂ္ဂဟဏံ။ ပရိစွာဂဘာဝသာမညေပိ ဝနရဇ္ဇပရိစွာ [illegible] ပုတ္တဒါရပရိစွာဂဂ္ဂဟဏမ္ဘေ ဝိသုံ ကတံ။ (အံ၊ ဋီ၊ ၃၊ အဋ္ဌကနိပါတ၊ ၂၂၀။)

(၃) **ဗုဒ္ဓတ္ထစရိယာ**–'ဗုဒ္ဓတ္ထစရိယာ'မှာပါတဲ့ 'ဗုဒ္ဓ'က သာဝကဗုဒ္ဓ, ပစ္စေကဗုဒ္ဓတို့ထက် လွန်ကဲကြီးမြတ်တဲ့ သမ္မာသမ္ဗုဒ္ဓ–အမည်ရတဲ့ ဗုဒ္ဓဘုရား–ဖြစ်ပါတယ်၊ အဲဒီဘုရားအဖြစ်ကိုရောက်အောင် ပြုကျင့်ခြင်းပါဘဲ။

ဒီစရိယာ ၃–ပါးဟာလည်း ပါရမီတွေမှာ ပါဝင်ပြီး ဖြစ်ပါတယ်၊ အားကျ ကြည်ညိုဖွယ်ရာ လွန်စွာ ထူးခြားတဲ့အကျင့်များဖြစ်တဲ့အတွက် သီးခြားဂုဏ်တင်တဲ့အနေနဲ့ ခွဲခြားပြဆိုခြင်းဖြစ်ပါတယ်။

**ပဋိသန္ဓေနေတော်မူခြင်း (ဂဗ္ဘဝေါက္ကန္တိ )**။ ။ နောက်ဆုံးဘဝမှာ မယ်တော်ဝမ်းတိုက်သို့ ပဋိသန္ဓေတည်နေ သက်ရောက်ခြင်းကို ဆင်ခြင်တယ်–ဆိုရာတွင် ပဋိသန္ဓေတည်နေခြင်းမျှကိုသာ ဆင်ခြင်တာ မဟုတ်ပဲ ပဋိသန္ဓေ တည်နေတဲ့အခါ ဖြစ်လာတဲ့ အံ့သြဖွယ်များ ထူးခြားတဲ့ အဖြစ်အပျက်များကို ဆင်ခြင်ခြင်း ဖြစ်ပါတယ်။

ဒီအံ့သြဖွယ်တွေကတော့ ဘုရားလောင်းတော်ဟာ တုသိတာနတ်ပြည်မှ သတိသမ္ပဇဉ် မကင်းပဲ မယ်တော်ဝမ်းတိုက် သက်ရောက်ခဲ့ခြင်း, ပဋိသန္ဓေတည်နေတဲ့အခါ ကမ္ဘာလောကမှာ နတ်များရဲ့ အာနဘော်ကိုပင် လွန်ပြီး အလွန်ထူးကဲတဲ့ အရောင်အလင်း ပေါ်လာခြင်း, စကြဝဋ္ဌာတစ်သောင်းမှာ ငလျင်တုန်လှုပ်ခြင်း, ဘုရားလောင်းနဲ့ မယ်တော်ကို နတ်သားလေးယောက် စောင့်ရှောက်လာခြင်း, မယ်တော်မှာ ပကတိ သိလနှင့်ပြည့်စုံခြင်း–စသည်များပင် ဖြစ်ပါတယ်။

**ဖွားမြင်တော်မူခြင်း (ဇာတိ )**[၂၆]။ ။ ဖွားမြင်တော်မူခြင်းကို ဆင်ခြင်ရာမှာ ဖွားမြင်တဲ့အခါ ဖြစ်လာတဲ့ အံ့သြဖွယ် ထူးခြားတဲ့ အဖြစ်အပျက်များကို ဆင်ခြင်ခြင်းဖြစ်ပါတယ်၊ ဘုရားအလောင်း ဖွားမြင်တော်မူပြီး ခုနစ်ရက်အကြာတွင် မယ်တော် နတ်ရွာစံကာ တုသိတာနတ်ပြည်မှာ ဖြစ်ရခြင်း, အခြားမိန်းမများမှာ ကိုယ်ဝန်ကို ကိုးလ, ဆယ်လ လွယ်ကာ မွေးရပေမယ့် ဘုရားအလောင်းမယ်တော်မှာ ဆယ်လ တိတိလွယ်လျက် မွေးရခြင်း, အခြားမိန်းမများလို ထိုင်လျက်, အိပ်လျက် မွေးရတာမဟုတ်ပဲ ရပ်လျက်သာ မွေးဖွားရခြင်း, မယ်တော်ဝမ်းမှ မွေးဖွားလာတဲ့အခါ အလောင်းတော်ကို နတ်တို့က ပဌမ ခံယူပြီးလူတို့က နောက်မှခံယူခြင်း, နတ်သားလေးယောက်တို့က[၂၆]ခံယူပြီး မယ်တော်ရှေ့ချကာ "ဝမ်းသာတော်မူပါ အရှင်မိဖုရား, အရှင်မအဖို့ရာ ဘုန်းကံကြီးမားတဲ့ သားကောင်းရတနာ ဖွားမြင်လာပါပြီ"

---

[၂၆] သုတ်မဟာဝါ မဟာပဓာနသုတ် (ဒီ၊ ၂၊ ၁၂–၁၃။), ဥပရိပဏ္ဏာသပါဠိတော် အစ္ဆရိယအဗ္ဘုတသုတ် (မ၊ ၃၊ ၁၆၄။), ဗုဒ္ဓဝံသအဋ္ဌကထာ (၃၂၁–၃၂၁)။

[၂] ဗုဒ္ဓဝံသအဋ္ဌကထာ (၃၂၁)မှာတော့ "စတ္တာရော ဝိသုဒ္ဓစိတ္တာ မဟာဗြဟ္မာနော"လို့ ဆိုတဲ့အတွက် **"စင်ကြယ်တဲ့စိတ်ရှိကြတဲ့ ဗြဟ္မာကြီး လေးယောက်တို့က"** လို့ ဆိုရမယ်။

လို့ လျှောက်တင်ကြခြင်း, အညစ်အကြေး မလိမ်းကျံပဲ သန့်ရှင်းစွာ ဖွားမြင်လာခြင်း, ဘုရားလောင်းနဲ့ မယ်တော်တို့ ရေသုံးသပ်ရန် အပူအအေး ရေအယဉ်နှစ်ခု ကောင်းကင်မှ ကျရောက်လာခြင်း, မွေးခါစ အလောင်းတော်ဟာ မြောက်အရပ်ကို မျက်နှာမူကာ ခုနစ်ဘဝါး ကြွလှမ်းပြီး **"ငါကား လောကထက် အမြတ်ဆုံး, အကြီးဆုံး, ရှိုးမွန်းအပ်ဆုံးသူ ဖြစ်တယ်၊ ဒါ နောက်ဆုံး မွေးဖွားခြင်းပဲ၊ နောက် ဘဝသစ်ဖြစ်စရာ မရှိပြို[၂၆]"** ဆိုတဲ့ စကားသုံးခွန်းကို ရဲဝံ့စွာ မြွက်ကြားတော်မူခြင်း, ထူးခြားလွန်ကဲတဲ့ အရောင်အလင်း ပေါ်လာခြင်းနဲ့ လောကဓာတ်တစ်သောင်း တုန်လှုပ်ခြင်း-စတဲ့ အံ့သြဖွယ်များမှာ အလောင်းတော် မွေးဖွားတဲ့အခါ ဖြစ်ပေါ်လာကြပါတယ်။

**မွေးဖွားလျှင် မွေးဖွားချင်း စကားပြောတဲ့ ၃-ဘဝ**

ဘုရားအလောင်းတော် မယ်တော်ဝမ်းမှ ဖွားမြင်ပြီးခြင်း စကားပြောတဲ့ သုံးဘဝမှာ မဟောသဓာဘဝ, ဝေဿန္တရာဘဝနဲ့ ယခု နောက်ဆုံးဘုရားဖြစ်တဲ့ သိဒ္ဓတ္ထဘဝတို့ပါပဲ[၂၆]---

(၁) **မဟောသဓာဘဝမှာ** မယ်တော်ဝမ်းမှ ဖွားခါစ မဟောသဓာရဲ့လက်ထဲမှာ သိကြားမင်းက စန္ဒကူးနဲ့သာနှစ်ကို ထည့်ပေးသွားပါတယ်၊ သားရဲ့လက်ထဲမှာ တစ်စုံတစ်ခု ပါလာတာကို တွေ့ရတဲ့ မိခင်က "ချစ်သား, မင်းဟာ ဘာကိုယူပြီးလာပါသလဲ?" လို့ မေးပါတယ်၊ မွေးဖွားခါစ သား မဟောသဓာက "မိခင်, ဆေးကို ယူလာပါတယ်" လို့ ဖြေပါတယ်၊ အဲဒီလို ဆေးကိုယူပြီး လာတဲ့အတွက် **"သြသဓကုမာရ"** လို့ အမည်ပေးလိုက်ကြပါတယ်။

(၂) **ဝေဿန္တရာဘဝမှာတော့** မယ်တော်ဝမ်းမှ ဖွားခါမျှပင် ညာလက်ကိုဆန့်တန်းပြီး "မိခင်, အိမ်တော်မှာ တစ်စုံတစ်ရာ ဥစ္စာ ရှိပါသလား? အလှူပေးလိုပါတယ်" လို့ ပြောပါ

---

[၂၆] အဂ္ဂေါ်ဟ'မသ္မိ လောကဿ၊ ဇေဋ္ဌော်ဟ'မသ္မိ လောကဿ၊ သေဋ္ဌော်ဟ'မသ္မိ လောကဿ၊ အယ'မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။ (ဒီ၊ ၂၊ ၁၃။ မ၊ ၄၊ ၁၆၄။)

[၂၆] တေဓိသတ္တော ဟိ တီသု အတ္တဘာဝေသု မာတုကုစ္ဆိတော နိက္ခန္တမတ္တော၁ ဝါစံ နိစ္ဆာရေသိ ပဟောသဓတ္တဘာဝေ. ဝေဿန္တရတ္တဘာဝေ, တ္ဟမသ္မိ အတ္တဘာဝေတိ။ မဟောသဓတ္တဘာဝေ ကိရဿ မာတုကုစ္ဆိတော နိက္ခန္တမတ္တဿေဝ သတ္တော ဒေဝရာဇာ အာဂန္တွာ စန္ဒနသာရံ ဟတ္ထေ ဌပေတွာ ဂတော၊ တံ မုဋ္ဌိယံ ကတွာဝ နိက္ခန္တော ။ အထ နံ မာတာ "တာတ တုံ ကိ ဂဟေတွာ အာဂတောသီ"တိ ပုစ္ဆိ။ "သြသဓံ အမ္မာ"တိ။ တ္ဟတိ သြသဓံ ဂဟေတွာ အာဂတတ္တာ "သြသဓကုမာရော"တွေဝဿ နာမံ မကံသု။ ဝေဿန္တရတ္တဘာဝေ ပန မာတုကုစ္ဆိတော နိက္ခန္တမတ္တောဝ ဒက္ခိဏဟတ္ထံ ပသာရေတွာ "အတ္ထိ နု ခေါ အမ္မ ကိဉ္စိ ဂေဟသ္မိ ဓနံ? ဒါနံ ဒဿာမိ"တိ ဝဒန္တော နိက္ခမိ။ အထဿ မာတာ "သဓနေ ကုလေ နိဗ္ဗတ္တော'သိ တာတာ"တိ ပုတ္တဿ ဟတ္ထံ အတ္တနော ဟတ္ထတလေ ကတွာ သဟဿတ္ထဝိကံ ဌပေသိ။ တ္ဟမသ္မိ ပန အတ္တဘာဝေ တ္ဟမ် သိဟနာဒံ နဒိတံ ဓဝံ တေဓိသတ္တော ကိသု အတ္တဘာဝေသု မာတုကုစ္ဆိတော နိက္ခန္တမတ္တောဝ ဝါစံ နိစ္ဆာရေသိ။ (ဗုဒ္ဓဝံသ အဋ္ဌကထာ၊ ၃၂၁-၃၂၂။)

တယ်၊ အဲဒီအခါမှာ မယ်တော်က "ချစ်သား, မင်းဟာ ဥစ္စာရှိတဲ့ အိမ်မှာ မွေးဖွားလာသူ ဖြစ်ပါတယ်"လို့ ပြောကာ သားတော်ရဲ့လက်ကို မိမိရဲ့လက်ဝါးပြင်ပေါ်မှာတင်လျက် အသပြာ တစ်ထောင်ထုပ်ကို ထားပေးပါတယ်။

(၃) သိဒ္ဓတ္ထမင်းသား နောက်ဆုံးဘဝမှာတော့ မယ်တော်ဝမ်းမှ ဖွားမြင်ပြီးစ ဘုရား အလောင်းတော်ဟာ "ငါ လောကထက် အမြတ်ဆုံး"စတဲ့ စကားသုံးခွန်းကို ရဲရင့်စွာ မြွက်ဆိုတော်မူခဲ့ပါတယ်။

**တောထွက်တော်မူခြင်း (အဘိနိက္ခမန်)။** ။ သာမန်လူတွေမှာ သူ့ဇို, သူနာ, သူသေများကို အကြိမ်ကြိမ်မြင်ရပေမယ့် သံဝေဂမဖြစ်ကြပါ၊ အလောင်းတော်မှာတော့ တစ်ကြိမ်တစ်ခါ မြင်ရရုံနဲ့ အလွန်ထူးမြတ်တဲ့ မိမိနန်းစည်းစိမ်အပေါ်ဝယ် သာယာဖွယ်မထင် ဘေးအဖြစ်မြင်လာပြီး တောထွက်ရန် အားထုတ်ပါတော့တယ်၊ လမ်းမှာ မာရ်နတ်က 'ခုနစ်ရက်ကြာရင် စကြာရတနာဆိုက်ရောက် လာတော့မယ့်အကြောင်း' ပြောဆိုဟန့်တားပေမယ့် လူ့လောကရဲ့အမြတ်ဆုံးချမ်းသာဖြစ်တဲ့ စကြာမင်း စည်းစိမ်ကိုပင် မခင်တွယ်တော့ပါ၊ ဘဝများစွာက အလေ့အလာများခဲ့တဲ့ နေကျမမောတ်ခံကြောင့်ပင် ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘုရားအလောင်းတော်ရဲ့တောထွက်သည်မှအစ ရဟန်းပြုတဲ့အထိ တောထွက်ခန်းမှာ အရှင်အာနန္ဒာထေရ်အဖို့ နှစ်သက်ကြည်ညိုစရာ ဆင်ခြင်အောက်မေ့ဖွယ်တစ်ခု ဖြစ်ပါတော့တယ်။

**ဒုက္ကရစရိယာကျင့်တော်မူခြင်း (ပဓာနစရိယံ)။** ။ ဘုရားမဖြစ်မီ ဒုက္ကရစရိယာခေါ်တဲ့ သာမန်လူတို့ ကျင့်နိုင်ခဲပြီး အပင်ပန်းခံကျင့်ခဲ့တဲ့ ဘုရားအလောင်းတော်ရဲ့ အကျင့်များပင်ဖြစ်ပါတယ်၊ အဲဒီအကျင့်များဟာ "ဘုရားရှင်က 'အကျိုးမဲ့ ဒုက္ကရစရိယာမှ လွတ်မြောက်ခဲ့ရပြီ'လို့ ဟောတော်မူတဲ့အတွက် လမ်းမှန်မတွေ့ရပဲ လမ်းလွဲနေခြင်းပင်"ဖြစ်ပါတယ်၊ ရုပ်လက္ခဏာတွေ ပျက်ပြား အင်အားတွေ ကုန်တဲ့အထိ ပင်ပန်းကြိုးစွာ အားထုတ်လာခဲ့ရပုံတွေကို ဘုရားရှင်က အကြောင်းအားလျော်စွာ အခါခါပင် ဟောကြားတော်မူခဲ့ရာ ဒေသနာတော်အနေနဲ့ ထင်ရှားလျက်ရှိနေပါတယ်၊ ဘုရားအလောင်းတော်ရဲ့ အဲဒီ အကျင့်များဟာ မမှန်ကန်ပေမယ့် ဒေသနာအရ ထူးမြတ်တဲ့စည်းစိမ်ရှင်ကြီးအဖြစ်နဲ့ အလွန်ချမ်းသာခဲ့ပြီး လွန်စွာနူးညံ့တဲ့ ပုဂ္ဂိုလ်တစ်ဦးက ကိုယ်နဲ့အသက် မငဲ့ကွက်ပဲ ကြိုးစားခဲ့ပုံမှာ အံ့ဖွယ်အတိဖြစ်ကာ နှစ်သက်လေးစားစရာ တစ်ရပ်ပင် ဖြစ်ရပါတယ်၊ ဒါ့ကြောင့် အရှင်အာနန္ဒာထေရ်ကလဲ အဲဒီဒေသနာအရ ဆင်ခြင်ခြင်း ဖြစ်ပါတယ်။

**ဗောဓိပလ္လင်မှာ မာရ်အောင်ခြင်း၊ (ဗောဓိပလ္လင်္ကေ မာရဝိဇယံ)။** ။ **"ဗောဓိပလ္လင်္ကေ"**၌ **'ဗောဓိ'**သဒ္ဒါက အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်များကို ဟောလေ့ရှိပေမယ့် ဒီနေရာမှာတော့ [သဗ္ဗဓမ္မေ

ဗုဇ္ဈတိ ဇွောတိ ဗောဓိ၊ ဗုဒ္ဓေန ဧကဇာတော သတဟတ္ထုစ္စော အဿတ္ထဒုမရာဇာ။ (ပရိတ္တဋီကာပါဋိ၊ ၃၃) အရ အလုံးစုံသောတရားတို့ကို သိတော်မူရာ ဘုရားအလောင်းတော်ရဲ့ ဖွားဘက်ဖြစ်တဲ့ အတောင်တစ်ရာမြင့်တဲ့ ညောင်ဗုဒ္ဓဟေပင်-ကို ဆိုလိုပါတယ်။ **"ပလ္လင်"**သဒ္ဒါကတော့ ထိုင်ဖို့နေရာ, အိပ်စရာ ခုတင်, တင်ပလ္လင်ခွေခြင်း-စသည်အနက်များကို ဟောပါတယ်၊ ဒိနေရာမှာတော့ ထိုင်ဖို့နေရာ-ဖြစ်ပါတယ်၊ အဲဒီ နေရာကလဲ သောတ္ထိယ လူတဲ့မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲခြင်းလို့ ဖြစ်လာတဲ့ မြက်အခင်းသာ ဖြစ်ပါတယ်။

ဒီပလ္လင်နဲ့ပတ်သက်လို့ ပြဿနာ ၂-မျိုး ပေါ်ထွက်နေပါတယ်၊ မဏိဒီပကျမ်းမှာ "ပလ္လင်တော်မပေါက်"လို့ ဆိုပါတယ်၊ အဋ္ဌသာလိနီအဋ္ဌကထာ နိဒါနကထာ[၂၆၅]မှာက "သောတ္ထိယ (မောင်ချမ်းသာ) လူဒါန်းတဲ့ မြက်ရှစ်ဆုပ်ကိုယူပြီး ဗောဓိမဏ္ဍိုင်သို့ကြွကာ အရှေ့ဘက်ကိုမျက်နှာမူ၍ ထိုင်တော်မူလျက်"-စသည်ဖြင့် ဆိုပါတယ်။ ဗုဒ္ဓဝံသအဋ္ဌကထာ[၂၆၆]မှာလဲ "တစ်ဆယ့်လေးတောင်ရှိတဲ့ မြက်အခင်း"-လို့သာ ဆိုပါတယ်၊ ပရိတ်ကြီးဋီကာ[၂၆၇]မှာတော့ "တစ်ဆယ့်လေးတောင်အမြင့်အကျယ်ရှိတဲ့ ရတနာပလ္လင် ပေါက်လာတယ်"-လို့ ဆိုပါတယ်။

---

[၂၆၅] ဝိသာခါပုဏ္ဏမဒိဝသေ---သာယနှသမယေ သောတ္ထိယေန (သောတ္ထိယေန) ဒိန္ဒံ အဋ္ဌတိဏမုဋ္ဌိ ဂဟေတွာ ---ဗောဓိမဏ္ဍံ အာရုယှ တိဏာနိ သန္ထရိတွာ---ပါစိနဒိသာဘိမုခေါ နိသီဒိတွာ---။ (အဘိ၊ ၄၊ ၁၊ ၇၇။)-ကဆုန်လပြည့်နေ့ ညနေချမ်းအခါမှာ မောင်ချမ်းသာလူတဲ့ မြက်ရှစ်ဆုပ်ကိုယူပြီး ဗောဓိမဏ္ဍိုင်သို့ကြွကာ မြက်တို့ကိုဖြန့်ခင်းလျက် ထိုင်နေတော်မူ၍ ---။

[၂၆၆] ဗောဓိသတ္တော တိဏံ ဂဟေတွာ---အဿတ္ထဒုမရာဇံ တိက္ခတ္တုံ ပဒက္ခိဏံ ကတွာ ပုဗ္ဗုတ္တရဒိသာဘာဂေ ဋ္ဌိတော တာနိ တိဏာနိ အဂ္ဂေ ဂဟေတွာ စာလေသိ၊ တာဝဒေဝ စုဒ္ဒသဟတ္ထော ပလ္လင်္ကော အဟောသိ၊---တတ္ထ စုဒ္ဒသဟတ္ထေ တိဏသန္ထရေ တိသန္ဓိပလ္လင်္ကာ အာဘုဇိတွာ---နိသီဒိ။ (ဗုဒ္ဓဝံသ၊ ၄၊ ၃၃၇)- ဘုရားအလောင်းတော်ဟာ သောတ္ထိယလူတဲ့ မြက်ကိုယူပြီး ---ညောင်ဗုဒ္ဓဟေပင်မင်းကို သုံးကြိမ်တိုင်တိုင် လက်ျာရစ် လှည့်ပတ်လျက် အရှေ့မြောက်ထောင့်အရပ်မှာ ရပ်ကာ အဲဒီမြက်တို့ကို အဖျားမှကိုင်ပြီး လှုပ်ပါတော့တယ်၊ ချက်ခြင်းပင် တစ်ဆယ့်လေးတောင်ရှိ ထိုင်စရာ တစ်ခု ဖြစ်သွားပါတယ်၊---အဲဒီထိုင်စရာ တစ်ဆယ့်လေးတောင်ရှိတဲ့ မြက်အခင်းပေါ်မှာ တင်ပလ္လင်ခွေ ထိုင်လျက်---နေပါတယ်။

[၂၆၇] သုဒ္ဓိယေန (သောတ္ထိယေန၊ အဘိ၊ ၄၊ ၁၊ ၇၇) တိဏဟာရကေန ဒိန္ဒအဋ္ဌတိဏမုဋ္ဌိ ဂဏ္ဍိတွာ ပုဗ္ဗုတ္တရဒိသာဘာဂေ ဋ္ဌိတော တာနိ အဂ္ဂေ ဂဟေတွာ စာလေနှက္ခဏေ အနေကကပ္ပေါပစိတပါရမိတာနဘာဝေန ပထဗျာ ဥဋ္ဌိတော သဗ္ဗရတနမယော စုဒ္ဒသဟတ္ထုစ္စဝိတ္ထာရော (စုဒ္ဒသဟတ္ထုစ္စစိတြော၊ စလင်း ပရိတ်ကြီးပါဋိတော်နိဿယ၊ ရတနသုတ်၊ ၈၅) တဒနကူလာယာမော ဘုမ္မိကဏ္ဍိကော အပရာဇိတပလ္လင်္ကော။ (ပရိတ္တဋီကာပါဋိ၊ ၃၃-၃၄။)-သုဒ္ဓိယအမည်ရှိတဲ့ မြက်ရိတ်သမားက လူတဲ့မြက်ရှစ်ဆုပ်ကို ယူပြီး ဗောဓိပင်ရဲ့ အရှေ့မြောက်အရပ်မှာ ရပ်လျက် အဲဒီမြက်များကို အဖျားဖက်မှကိုင်ကာ လှုပ်တဲ့ခဏဝယ် ကမ္ဘာပေါင်းများစွာ ဆည်းပူးခဲ့တဲ့ ပါရမီတော်များရဲ့အာနဘော်ကြောင့် မြေမှ ရတနာအမျိုးမျိုးခြယ်မှုန်းသော တစ်ဆယ့်လေးတောင်အမြင့်အကျယ်ရှိပြီး အလားတူ အလျားအနံလဲရှိတဲ့ ဗောဓိမဏ္ဍိုင်မြေအရပ် ကို တင့်တယ်စေတဲ့ အပရာဇိတပလ္လင်တော် ပေါက်လာပါတယ်။

ဘုရားဖြစ်မည့်နေ့ နေမဝင်မီ မာရ်နတ်သားဟာ မိမိစစ်သည်တွေနဲ့ ဂိရိမေခလာဆင်စီးကာ ရောက်လာပြီး ဘုရားအလောင်းတော်ကို လေ မိုးတွေ ဆင်၍လည်းကောင်း, စက်လက်နက်တွေဆင်၍လည်းကောင်း အမျိုးမျိုးတိုက်ပေမယ့် မထိခိုက်ပဲရှိတဲ့အခါ နေရာပလ္လင်မှ ထပေးရန် အရေးဆိုလာပြန်တယ်၊ အဲဒီအခါမှာ ဘုရားအလောင်းတော်က မြေကြီးကို သက်သေအနေနဲ့ လက်တော်ဆန့်တန်းလျက် ညွှန်တဲ့အခါ ပြင်းထန်စွာမြေတုန်လှုပ်တဲ့အတွက် မာရ်နတ်လဲ ဂိရိမေခလာဆင်ပေါ်မှကျပြီး သူရဲ့ စစ်တပ်လဲ ထွက်ပြေးကြရတော့တယ်၊ အဲဒီလို စစ်တပ်မပါ တစ်ကိုယ်တော်တည်းသာ ပါရမီစွမ်းအားနဲ့ နေမဝင်မီ မာရ်စစ်သည်တွေကို အောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယာမ်မှာ ပုဗ္ဗေနိဝါသဉာဏ်, သန်းခေါင်ယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်, မိုးသောက်ယာမ်မှာ အာသဝက္ခယဉာဏ်တော်တွေကို ရရှိကာ ကိလေသာ အဘိသခ်ီရ (က်)တို့ကို လုံးဝကုန်စေတော်မူခဲ့ပါတယ်၊ ကိလေသာ သခ်ီရတို့ရှိရင် ဖြစ်မြဲဖြစ်တဲ့ ခန္ဓ မစ္စာတို့ဟာ ကိလေသာ သခ်ီရတို့ ကုန်တာနဲ့ တစ်ပြိုင်နက် ငြိမ်းမှကိစ္စပြီးခဲ့ပြီဖြစ်တဲ့အတွက် မာရ်ဘီးပါးလုံးကို ဗောဓိပလ္လင်မှာပင် တစ်ခါတည်း အောင်မြင်ခဲ့ပါတယ်၊ ဒီမာရ်ဘီးပါးအောင်မြင်ပုံကလဲ အရှင်အာနန္ဒာရဲ့ ဆင်ခြင်ကြည်ညိုအောက်မေ့ဖွယ် တစ်ခုပင်ဖြစ်ပါတယ်။

**သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိတော်မူခြင်း (သဗ္ဗညုတညာဏပဋိဝေဓ)။** ။ မဂ္ဂပဋိဝေဓ–မဂ်ကို ထိုးထွင်း သိခြင်း, အညာပဋိဝေဓ–အရဟတ္တမဂ်ကို ထိုးထွင်းသိခြင်း–ဆိုရာမှာ မဂ်, အရဟတ္တမဂ်တို့ကို အာဂုံပြုလျက် သိခြင်းတော့မဟုတ်၊ မိမိသန္တာန်မှာ မဂ်ဖြစ်ပေါ်လာတဲ့အခါ အဲဒီလို ဖြစ်လာအောင် မဂ် အရောက် ထွင်းဖောက်နိုင်ခြင်းကိုပင် 'မဂ္ဂပဋိဝေဓ'လို့ ဆိုရပါတယ်၊ အလားတူ အရဟတ္တမဂ်ဖြင့် အပြီးရောက်တဲ့ သဗ္ဗညုတဉာဏ်ရခြင်းကိုလဲ ထွင်းဖောက်ခြင်းပင်ဖြစ်တဲ့အတွက် 'သဗ္ဗညုတညာဏပဋိဝေဓ (သဗ္ဗညုတ ဉာဏ်ကို ထိုးထွင်းသိခြင်း)'လို့ ဆိုရပါတယ်။

သဗ္ဗညုတဉာဏ်တော်ရခြင်းကို မထေရ်မြတ်အနေနဲ့ တိုက်ရိုက်သိနိုင်တာ မဟုတ်ပါ၊ အနုမာန အနေနဲ့ မှန်းဆကြည်ညိုခြင်း ဖြစ်ပါတယ်၊ အလွန်နက်နဲ ခက်ခဲပြီး သာမန်ပုဂ္ဂိုလ်တွေ မဟောနိုင်တဲ့ တရားတော်များကို တွေ့ရ နာရတဲ့အတွက် အဲဒီတရားအလုံးစုံကို သိနိုင်တဲ့ဉာဏ်တော်ကို မှန်းဆကြည်ညိုနိုင်ခြင်းပါဘဲ။

**ဓမ္မစက်ကြာတရားတော် (ဓမ္မစက္ကပ္ပဝတ္တန်)။** ။ အရှင်အာနန္ဒာထေရ်အနေနဲ့ ဓမ္မစက်ကြာတရား ဟောကြားခြင်းကို ဆင်ခြင်ရာမှာ တရားတော်ရဲ့ ကောင်းမွန်လေးနက်ပုံ, နတ်ဗြဟ္မာများစွာ စုဝေးရောက်လာပုံ, လွန်စွာအားရနှစ်သက်ကြလျက် အဆင့်ဆင့် ကြွေးကြော်ကြပုံ, တစ်သောင်း လောကဓာတ် ပဲ့တင်ထပ်အောင် မြေငလျင်လှုပ်ပုံ, ထူးခြားလွန်ကဲတဲ့အရောင်အလင်းများ ဖြစ်လာပုံ, တောတောင်တစ်ခွင်

မြေအပြင်မှာ အခါမဲ့ပွင့်တဲ့ ပန်းသစ်ပင်တွေနဲ့ ဝေဆာနေပုံ-စတဲ့ ရှုချင်ဖွယ် ကြည်နူးဖွယ်တွေပင် ဖြစ်ပါတယ်။

**လောကုတ္တရာတရား ၉-ပါး (နဝလောကုတ္တရဓမ္မေ)။** ။ **"လောကုတ္တရာတရား ၉-ပါး"**ဆိုတာ မဂ် ၄-ပါး, ဖိုလ် ၄-ပါးနဲ့ နိဗ္ဗာန်-တို့ဖြစ်ပါတယ်၊ ဒိတရား ၉-ပါးကို မထေရ်မြတ် ဆင်ခြင်ရာမှာလဲ မှန်းဆ ဆင်ခြင်ခြင်းသာဖြစ်ပါတယ်၊ အရှင်မြတ်မှာ စေတောပရိယညာဏ် (သူတပါးရဲ့စိတ်ကိုသိတဲ့ညာဏ်) ရှိသူဖြစ်စေကာမူ သောတာပန်သာဖြစ်လို့ သူတပါးရဲ့အထက်မဂ်ဖိုလ်ကိုတော့ မသိနိုင်သေးပါ၊ မိမိမရဘူးတဲ့ မဂ်ဖိုလ်ကိုမသိပေမယ့် မိမိမှာ သောတာပန်ဖြစ်တဲ့အတွက် လောကုတ္တရာတရားကို မှန်းဆရာမှာ ပုထုဇဉ်တွေရဲ့မှန်းဆခြင်းထက် ပိုမိုလေးလေးနက်နက် မှန်းဆကြည်ညိုနိုင်မည်မှာ သေချာပါတယ်။

**ခပ်သိမ်းဥသုံ ဘုရားဂုဏ် (သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ)။** ။ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကား အများအပြားပင် ကျန်နေပါသေးတယ်၊ ဒိလိုကျန်ပါသေးလျက် "သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ"လို့ ဘာကြောင့်ဆိုနိုင်ပါသလဲ? ဒိ'သဗ္ဗ'က ပဒေသသဗ္ဗ-ခေါ်တဲ့ တစ်စိတ်တစ်ဒေသ-အနက်ကိုဟောတဲ့ 'သဗ္ဗ'ဖြစ်ပါတယ်၊ "ဘုရားတစ်ဆူရဲ့ဂုဏ်ကို အခြားဘုရားတစ်ဆူက တခြားတရား မဟောပဲ တစ်ကမ္ဘာလုံးဟောနေပေမယ့် ကမ္ဘာသာကုန်သွားမယ်, ဂုဏ်ကား မကုန်"လို့ ဘုရားရှင်အဟောရှိရာ အရှင်အာနန္ဒာထေရ်အဖို့မှာ အဲဒိခဏ မဆိုထားနဲ့ တစ်သက်လုံး အောက်မေ့လို့ပင် မကုန်နိုင်ပါ၊ **"သမုဒ္ဒေါ မယာ ဒိဋ္ဌော-သမုဒ္ဒရာကို ငါ မြင်ရတယ်"**လို့ ဆိုတဲ့စကားလို သမုဒ္ဒရာရဲ့အစိတ်အပိုင်းလေး မြင်ရတာကို သမုဒ္ဒရာတစ်ပြင်လုံးကြီး မြင်ရသလို ပြောဆိုတာမျိုးမို့ သမုဒယဝေါဟာရ (အစိတ်ကိုအပေါင်းအသုံးနဲ့ သုံးနှုန်းပြောဆိုခြင်း)လို့ ဆိုနိုင်ပါတယ်။

**အရှင်အာနန္ဒာထေရ်လို (အာယသွာ အာနန္ဒတ္ထေရော[၂၆၈] ဝိယ)။** ။ အရှင်အာနန္ဒာထေရ်ဟာ ပရိတ်မရွတ်မီ ဘုရားဂုဏ်တော်တွေကို အတော်စုံအောင် ဆင်ခြင်တယ်-ဆိုရာမှာ တစ်ခြား ပရိတ်ရွတ်သူတွေလဲ ဒိအချက်ကို လေးလေးနက်နက် မှတ်သားလိုက်နာသင့်ကြတယ်၊ ပရိတ်ရွတ်ရာမှာသာမက မည်သည့် ကောင်းမှုမျိုးကိုမဆို ပြုလုပ်ရာမှာ ရှေ့ဦးစွာ ဘုရားရှင်ကို အောက်မေ့ခြင်းဟာ အစဉ်ပြုထိုက်တဲ့ တာဝန်တခု ဖြစ်ပါတယ်။

---

[၂၆၈] **အာနန္ဒတ္ထေရော**တိ ဘဂဝတော စူဠပိတု အမိတောဒနနာမဿ ရညော ပုတ္တော။ တေန သဟဇာတော ဝဋ္ဌာနေသု ဇေတဒဂ္ဂေ ဌပိတော အဂ္ဂုပဋ္ဌာကော။ (ပရိတ္တဋီကာပါဋိ၊ ၃၇)-အရှင်အာနန္ဒာထေရ်ဟာ ဘုရားရှင်ရဲ့ ဘထွေးတော် အမိတောဒနမင်းရဲ့ သားတော်ဖြစ်တယ်၊ ဖွားဖက်တော်ဖြစ်ပြီး ငါးပါးသောအရာတို့မှာ အမြတ်ဆုံး ဇေတဒဂ်ဘွဲ့ ရရှိတော်မူပါတယ်။

**ကရဏာစိတ်ထားလျက် (ကာရုညစိတ္တံ [၂၆] ဥပဋ္ဌပေတွာ)။** ။ အရှင်အာနန္ဒာထေရ်လို ကရဏာစိတ်ထားရမယ်-လို့ ဆိုရာမှာ ကရဏာစိတ်ထားဟာ ပရိတ်ရွတ်သူရဲ့ ပြည့်စုံရမည့် အင်္ဂါတစ်ပါး ဖြစ်ပါတယ်၊ ပရိတ်ရွတ်ဆိုရာမှာ သဒ္ဒါအနက် ချွတ်ယွင်းရင်ဖြစ်စေ, ကောင်းစွာ လေ့လာမထားတဲ့အတွက် ပုဒ်ဗျည်းတွေ ယုတ်လျော့ကျနေရင်ဖြစ်စေ ပရိတ်တန်ခိုးမရှိပါ၊ ကောင်းစွာ လေ့လာကျက်မှတ်ထားပြီး လျော့တာ ကျတာမရှိပဲ သဒ္ဒါအနက်လဲ မှန်ကန်အောင်ရွတ်သူရဲ့ ပရိတ်ကသာ တန်ခိုးစွမ်းရည်ရှိပါတယ်၊ လာဘ်လာဘအတွက် ရွတ်ဆိုသူရဲ့ ပရိတ်လဲ အကျိုးမပြီးပါ၊ မေတ္တာ ကရုဏာရှေ့သွားပြုလျက် ရွတ်ဆိုသူရဲ့ ပရိတ်ကသာ အကျိုးလဲပြီး တန်းခိုလဲကြီးပါတယ်။ ဒါနဲ့ပတ်သက်လို့ ပရိတ်ရွတ်သူ, နာသူတို့ရဲ့ အင်္ဂါများကို ပြဆိုခဲ့ပြီးပါပြီ။

၁။ **ရတနာသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ?----**

ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်၊ ဘုရားရှင်သင်ပေးလို့ အရှင်အာနန္ဒာ ရွတ်ဆိုခဲ့ရပါတယ်။

၂။ **ရတနာသုတ်ကို အဘယ်အခါမှာ ဟောတော်မူခဲ့ပါသလဲ?---**

ငတ်မွတ်ခေါင်းပါးခြင်းဘေး, ဘိလူးဘေးနဲ့, ပလိပ်ရောဂါစတဲ့ ကူးစက်ပြန့်ပွါးရောဂါဘေး-ဆိုတဲ့ ဘေး ၃-မျိုးကျရောက်တဲ့အခါမှာ ဟောတော်မူခဲ့ပါတယ်။

၃။ **ရတနာသုတ်ကို အဘယ်နေရာဌာနမှာ ဟောတော်မူခဲ့ပါသလဲ?----**

ဝေသာလီပြည်မှာ ဟောတော်မူခဲ့ပါတယ်။

၄။ **ရတနာသုတ်ကို အဘယ်အတွက် ဟောတော်မူခဲ့ပါသလဲ?----**

ငတ်မွတ်ခြင်းဘေး, ဘိလူးဘေး, ကူးစက်ရောဂါ ဘေးတို့ ငြိမ်းပျောက်ရန်အတွက် ဟောတော်မူခဲ့ ပါတယ်။

---

[၂၆] ပရိတ္တံ ကာရောဇနေန (ကာရုဏိကစိတ္တေနေဝ ကာတဗ္ဗံ၊ န နိဋ္ဌာရုဏိကစိတ္တေနာတိ အာဟ **ကာရုညစိတ္တန်** အာဒိ။ အထ ဝါ ကရုဏာယ ပရဒုက္ခ(နေနာကာရုဏာတ္တ (ကာယ သမ္မယုတ္တစိတ္တံ ဒုက္ခပ္ပဟိယ ဘယ် ဝိနာသေတိတိ အဓိပ္ပါယေနာဟ **ကာရုညစိတ္တန်** အာဒိ။ တတ္ထ **ကာရုညစိတ္တန်** ကရုဏာ [illegible] နိယုတ္တံ မာနသံ။ (ပရိတ္တဋ္ဌကထာပါဠိ၊ ၃၇)-ပရိတ်ရွတ်သူသည် ကရုဏာရှိသောစိတ်ဖြင့်သာ ရွတ်ဆိုရသည်၊ [illegible] ဖြင့် မရွတ်ဆိုရပါ၊ ထို့ကြောင့် **ကာရုညစိတ္တ**-စသောစကားကို မိန့်ဆိုတော်။ တစ်နည်းက ကရုဏာ-ဆိုတာ [illegible] ယဉ်ကြေးခြင်းအမှတ်အသားရှိသည်၏အဖြစ်ကြောင့် ကရုဏာနှင့်ယှဉ်သောစိတ်သည် ဆင်းရဲကြောင်းဘေးကို [illegible] ဖြင့် **ကာရုညစိတ္တံ**-စသည်ကို ဆိုတော်။ ကရုဏာနှင့်ယှဉ်သောစိတ်ကို **ကာရုညစိတ္တ**-ခေါ်တော်။

**ရောဂါမနုဿဒုဋ္ဌိကွသမ္ဘူတံ တိဝိဓံ ဘယံ**–နဲ့ ပတ်သက်လို့ ပရိတ်ကြီးနိဿယအသိုးသိုးမှ မြန်မာပြန်ပုံများမှာ---

ရောဂါထူးခြား ဘီလူးများနှင့် အစာရှားခြင်းကြောင့် ဖြစ်ပေါ်လာသော သုံးပါးအပြားရှိသော ဘေးကို။ (ပရိတ်ကြီးနိဿယသစ်၊ ရတနာသုတ်အမှတ်း၊ ၁၉၈–၁၉၉။)

ဝမ်းရောဂါဘေး, ဘီလူး, သားရဲ, သဖက်, အစိမ်း, တဇ္ဇေဘေး, ငတ်မွတ်ခေါင်းပါးခြင်းကြောင့် ဖြစ်သော ဘေးသုံးမျိုးကို။ (ပရိတ္တာသင်္ဂဟခေါ် ပရိတ်တော်ကြီး ပါဠိ နိဿယ၊ ရတနပရိတ်နိဿ၊ ၃၂–၃၃။)

ကပ်နာ, ဘီလူး အထူးခေါင်းပါး ဤသို့သောအကြောင်းကြောင့် ဖြစ်ပွါးသော ကြီးကျယ်နက်လေး သုံးပါးအပြားရှိသောဘေးကို။ (တွံတေး ပရိတ်ကြီးနိဿယ၊ ရတနသုတ်တော်နိဿယ၊ ၅၂။)

အယဉ်နာရောဂါ, ဘီလူး, မွတ်သိပ်ခြင်းကြောင့်ဖြစ်သော သုံးပါးအပြားရှိသော ဘေးကို။ (စလင်း ပရိတ်ကြီးပါဠိတော်နိဿယ၊ ရတနသုတ်၊ ၈၃။)

ရောဂါသောင်းကျန်း ဘီလူးထမ်းနှင့် ကုန်ခမ်းခေါင်းပါးသော ထမင်းကြောင့်ဖြစ်သော ကပ်ကြီးသုံးကပ် မရပ်တည်နိုင် အပြိုင်တိုက်ရေး သုံးပါးအပြားရှိသောဘေးကို။ (မြင်းခြံ ၉–ဆောင်မူ၊ မဟာပရိတ်တော်ကြီးနိဿသစ်၊ ၃၇။)

**၅။ ရတနသုတ်သည် အဘယ်ပဋ္ဌက, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ?**

သုတ္တန်ပဋ္ဌက, ခုဒ္ဒကနိကာယ်, ခုဒ္ဒကပါဌပါဠိတော်, သုတ္တနိပါတပါဠိတော်တို့မှာ ပါရှိပါတယ်။

**ဘုရားရှင်ကို ပင့်ဖိတ်တော်ခြင်း (ဘဂဝတော နိမန္တနံ)**[၂၇] ။ ။ ဝေသာလိပြည်မှာ မိုးခေါင်လို့ ကောက်ပဲသီးနှံများ ပျက်စီးတဲ့အတွက် အစာရှားပါး ငတ်မွတ်ခြင်းဘေးကြုံရတဲ့အခါ ဆင်းရဲသားတွေများစွာ သေကြေ ပျက်စီးကြရပါတယ်၊ လူသေကောင်တွေကို မြို့ပြင်မှာ ပစ်ထားကြရာမှ အဲဒီလူသေနံ့များကြောင့် မြို့တွင်းကို ဘီလူးများ ဝင်ရောက်လာတဲ့အတွက် လူတွေ ပိုမိုသေဆုံးကြရပြန်ပါတယ်၊ မကောင်းတဲ့အနံ့ဆိုးတွေကြောင့် ပလိပ်ရောဂါ, ဝမ်းရောဂါ စတဲ့ရောဂါလို ကူးစက်ပြန့်ပွါးလွယ်တဲ့ အဟိဝါတရောဂါတစ်မျိုး ဖြစ်လာပြန်တဲ့အတွက် လူတွေအများအပြား သေကြေပျက်စီးကြရပြန်ပါတယ်၊ အဲဒီအခါ လူတွေက "ငါတို့ပြည်မှာ မင်းခုနစ်ဆက်တိုင်အောင် ဒီလိုဘေးမျိုး မကြုံစဘူးပါ၊ ဘုရင် တရားပစောင့်တဲ့

---

[၂၇] ခုဒ္ဒကပါဌအဋ္ဌကထာ၊ ၁၃၅–၁၃၈။ သုတ္တနိပါတအဋ္ဌကထာ၊ ၁၊ ၂၆၅–၂၆၈။

အတွက် ဖြစ်လေသလော?"လို့ ဘုရင့်ထံလျှောက်တင်ကြတဲ့အခါ ဘုရင်လဲ ပရိသတ်စည်းဝေးစေလျက် မိမိအပေါ်မှာ အပြစ်ရှာစေပါတယ်၊ ဘုရင့်အပေါ်မှာ မည်သည့်အပြစ်မျှ မတွေ့ရတဲ့အတွက် "ဘယ်နည်း ဘယ်ပုံပြုရမယ်" ဆိုတာကို ဆွေးနွေးတိုင်ပင်ကြပါတယ်၊ အချို့က တိတ္ထိဆရာကြီး ခြောက်ယောက်ကိုပင့်ရန် အကြံပေးကြပါတယ်၊ အချို့ကတော့ ဘုရားရှင်ကိုပင့်ရန် အကြံပေးကြပါတယ်၊ အားလုံးကပဲ ဘုရားရှင်ကိုပင့်ရန် သဘောတူကြပြီး လိစ္ဆဝီမင်းနှစ်ပါးတို့အား နောက်ပါများနဲ့ အတူ စေလွှတ်ပင့်လျှောက်စေခဲ့တဲ့အတွက် ဘုရားရှင်လဲ ဝေသာလီပြည်ကို ကြွတော်မူခဲ့ပါတယ်၊ ဘုရားရှင် ကြွရောက်လာတဲ့အခါ သိကြားမင်းအမှူးပြုတဲ့ တန်ခိုးကြီးနတ်တွေလဲ ရောက်လာကြလို့ ဘီလူးအများအပြား ထွက်ပြေးကြရပါတယ်။



ဘုရားရှင်က အရှင်အာနန္ဒာထေရ်အား ရတနသုတ်ကို သင်ပေးပြီး ရွတ်ဆိုစေခဲ့ရာတွင် ဝေသာလီပြည် တံတိုင်းသုံးထပ်တို့အကြားမှာ ညဉ့်သုံးယာမ်ပတ်လုံး မထေရ်မြတ်ရဲ့ ရွတ်ဆိုမှုကြောင့် ဘီလူးတွေအားလုံး ထွက်ပြေးသွားကြပါတယ်၊ ဘီလူးတွေမရှိကြတော့ လူတွေအားလုံး ရောဂါဖျောက်

## ရတနာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ကင်းသွားကာ မိမိတို့အိမ်များမှ ထွက်လာကြလျက် မြို့လယ်လွှတ်ရုံးကို မွှမ်းမံပြင်ဆင်ပြီး ဘုရားရှင်ကို ပင့်ဆောင်ကြပါတယ်၊ ဘုရားရှင်လဲ အဲဒီလွှတ်ရုံးမှာ စုဝေးလာကြတဲ့ လူ နတ်ပရိသတ်တို့အား ရတနာသုတ် ပရိတ်တော်ကိုပင် ဟောတော်မူပါတယ်။

### ရတနာသုတ်[၂၇]အစ "ယာနီဓ ဘူတာနိ"က

၁။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

ဘုမ္မာနိ= ဘုမ် မာ နိ
အန္တလိက္ခေ= အန်တ လိက်ခေ→အန်တ လိတ်ခေ
သဗ္ဗေဝ= သပ် ဗေ ဝ
ဘဝန္တု= ဘ ဝန် တု
သက္ကစ္စ=သက် ကစ် စ
သုဏန္တု= သု ဏန် တု

**ဘုမ္မာနိ**–မြေ၌ဖြစ်ကုန်သော၊ ဝါ–မြေ၌လွှမ်းမိုး အုပ်စိုးတည်နေကြကုန်သော၊ **ယာနိ ဘူတာနိ ဝါ**–အကြင်နတ်တို့သည်လည်းကောင်း၊ဝါ–အကြင် ဘူမစိုး[၂၇] ဂူကွစိုး တန်ခိုး ကြီးမြတ် စာတုမဟာရာဇ် တာဝတိံသာ နတ်တို့သည်လည်းကောင်း၊ **အန္တလိက္ခေ**–ကောင်းကင်၌၊ **ယာနိ ဘူတာနိ ဝါ**–အကြင်နတ် ဖြဟ္မာတို့သည်လည်းကောင်း၊ ဝါ–အကြင် ယာမာအစ အကနိဋ္ဌအဆုံး ပေါင်းဂုံးများစွာ နတ်ဖြဟ္မာတို့သည်လည်းကောင်း၊ **သက္ကစ္စ**–ဤအရပ်၌ ဝါ–ဤအရပ်သို့၊ **သမာဂတာနိ**–စည်းဝေးရောက်ကြကုန်၏၊ **သဗ္ဗေဝ**–အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ **ဧတ ဘူတာ**–ထိုနတ် ဖြဟ္မာတို့သည်၊ **သုမနာ**–

---

[၂၇] ခုဒ္ဒကပါဋ္ဌ ရတနသုတ် (ခု၊ ဘ၊ ၄-၈)။ သုတ္တနိပါတ စူဠဝဂ္ဂ ရတနသုတ် (ခု၊ ဘ၊ ၃၁၂ ၃၁၅)

**ဘုမ္မဒေဝ**, ဘုမ္မဒေဝ the earth deity. **ဘူမဒေဝ** the god of the earth (မြန်မာ-အင်္ဂလိပ် ပါဠိ အဘိဓာန်၊ မြေစောင့်နတ်။

နှစ်သက်ရွင်ပျ ဝမ်းမြောက်ကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြကုန်လေ၃၊ **အထောဝိ**–ထိုမှတပါးလည်း၊ **ဘာသိတံ**–ငါဘုရား ဟောကြားမြွက်ဖော်ပရိတ်တော်ကို၊ **သဏ္ဌာဓု**–အရှိအသေပြု၍၊ ဝါ–ရှိသေလေးမြတ်အာရုံကပ်၍၊ **သုဏန္တု**–နာယူကြကုန်လော့။

ဒီအရပ်မှာ စည်းဝေးရောက်လာကြတဲ့ မြေမှာဖြစ်တဲ့နတ်များ, ကောင်းကင်မှာဖြစ်တဲ့နတ်ဗြဟ္မာများ အားလုံးတို့သည် နှစ်သက်ရွင်လန်း ဝမ်းမြောက်ကြကုန်လော့၊ ငါဘုရား တရားတော်ကို ရှိသေစွာ နာယူကြကုန်လော့။

ဒီ"**ယာနိဓ ဘူတာနိ**"–တွင် '**ဘူတာနိ** [အဝိသေသတော အမနုဿသု (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၃၉။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၆၈)]–အရ သာမညအနေနဲ့ အမနုဿ (နတ်ဗြဟ္မာများ)'–လို့ မှတ်ရပါမယ်။

**ဘုမ္မာနိ**[၂၄]–ဝယ် '**ဘုမ္မ**'–**ဘုမ္မာနိ ဘူတာနိ**–အရ မြေမှာဖြစ်တဲ့နတ်များ–လို့ ဆိုရာတွင် မြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ပြည်မှ အောက်မြေပြင် သစ်ပင်တောတောင်–စသည်မှာဖြစ်တဲ့ နတ်များကို ယူရပါတယ်။

**အန္တလိက္ခေ ဘူတာနိ**[၂၅]–အရကတော့ ယာမာ–အစ အကနိဋ္ဌဘုံ–အထိ ကောင်းကင်မှာဖြစ်ကြတဲ့ နတ်ဗြဟ္မာများ ဖြစ်ကြပါတယ်။ အသည်သတ်, အရှုပဗြဟ္မာတို့ကိုကား ကောင်းကင်မှာဖြစ်ကြပေမဲ့ တရားနာ မလာရောက်နိုင်ကြတဲ့အတွက် မယူရပါ။

တခါတရံ ဘုရားရှင်က တရားမဟောမီ တိုက်တွန်းလေ့ရှိပါတယ်၊ ဒီလိုတိုက်တွန်းတော်မူခြင်းဟာ တရားအပေါ်မှာ အာရုံပြုလျက် သတိစူးစိုက်စေခြင်းငှါ ဖြစ်ပါတယ်၊ ဒါ့ကြောင့် နတ်များ သတိဖြစ်စေဖို့ "**သဏ္ဌာဓု သုဏန္တု ဘာသိတံ**"လို့ တရားနာရန် တိုက်တွန်းတော်မူပါတယ်။

အဋ္ဌကထာများလာ စကား[၂၆]အရ 'ပယောဂသမ္ပတ္တိ'လို့ ဆိုရင် 'ပယောဂ'ဟာ သမ္မာပယောဂ (ကောင်းတဲ့လုံ့လ)ကို ဆိုရပါတယ်၊ မကောင်းတဲ့အလုပ်ကို ပြုလုပ်ရင် အဲဒီပယောဂပျက်စီးတဲ့အတွက် ပယောဂဝိပတ္တိ (ပယောဂပျက်စီးခြင်း) ဖြစ်ရပါတယ်၊ တရားနာမှုဟာ ကောင်းတဲ့လုံ့လ

---

**ဘုမ္မာနိ**တို့ ဘူမိယံ နိဗ္ဗတ္တာနိ။ တတော ဟေဋ္ဌာ သိနေရုတော ပဘုတိ ယာဝ ဘူမိယံ ရုက္ခလတာဒီသု အဓိဝတ္ထာနိ ပထဝိယာ နိဗ္ဗတ္တာနိ ဘူတာနိ၊ တာနိ သဗ္ဗာနိ ဘူမိယံ ဘူမိပဋိဗဒ္ဓေသု စ ရုက္ခလတာပဗ္ဘတာဒီသု နိဗ္ဗတ္တတ္တာ "ဘုမ္မာနိ ဘူတာနိ"တိ ဝေဒိတဗ္ဗာနိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၃၉။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၆၉။)

ယာမတော ယာဝ အကနိဋ္ဌ၊ တာဝ နိဗ္ဗတ္တာနိ ဘူတာနိ အာကာသေ ပါတုဘူတဝိမာနေသု နိဗ္ဗတ္တတ္တာ "အန္တလိက္ခေ ဘူတာနိ"တိ ဝေဒိတဗ္ဗာနိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၃၉။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၆၉။)

ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၄၀။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၆၉။

အားထုတ်မှုဖြစ်ရာ ပယောဂသမ္ပတ္တိ (ပယောဂရဲ့ပြည့်စုံခြင်း)ပင် ဖြစ်တယ်၊ တရားနာရန် ဘုရားရှင် တိုက်တွန်းခြင်းမှာ အဲဒီပယောဂသမ္ပတ္တိဖြစ်ရန် တိုက်တွန်းခြင်းဖြစ်တယ်၊ အဲဒီလို ပယောဂသမ္ပတ္တိဖြစ်ဖို့မှာ ပင်ကိုယ်က ရွှင်လန်းတက်ကြွနေတဲ့ စိတ်ရှိမှ, ဓာတ်ခံရှိမှ တရားကို ရိုသေစွာ နာနိုင်တယ်၊ ပျင်းရိဆုတ်နစ်တဲ့စိတ်ရှိသူ, ဓာတ်ခံမရှိသူ, မရှိမသေ မလိုချင်သူ စတဲ့သူတွေကတော့ တရားကို နာလိုမယ်မဟုတ်ပါ၊ နာပြန်လဲ စူးစူးစိုက်စိုက် ရိုရိုသေသေ နာနိုင်လိမ့်မည်မဟုတ်ပါ။ ရွှင်ပြတက်ကြွတဲ့ ဓာတ်ခံရှိမှသာ တရားကိုနာနိုင်တဲ့အတွက် ဒီဓာတ်ခံပြည့်စုံခြင်းကို **အာသယသမ္ပတ္တိ** (အလိုဓာတ်ခံရဲ့ပြည့်စုံခြင်း)လို့ ဆိုရတယ်၊ ဒီဓာတ်ခံပြည့်စုံဖို့ကို တိုက်တွန်းတော်မူလိုတဲ့အတွက် "သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု"လို့ ဘုရားရှင် မိန့်တော်မူပါတယ်။

**ဆက်စပ်ရာလေ သမ္ပတ္တိအထွေထွေ။** ။ စိတ်ရွှင်လန်းခြင်းကို အာသယသမ္ပတ္တိ-လို့ ဆိုခဲ့ပါတယ်၊ တရားနာမှုမှာ စိတ်ရွှင်လန်းခြင်းက အသင့်အတင့်နှလုံးသွင်းရှိသူဖြစ်သာ ဖြစ်တာမို့ စိတ်ရွှင်လန်းခြင်းကိုပင် **"ယောနိသောမနသိကာရသမ္ပတ္တိ** (မှန်ကန်သင့်မြတ်တဲ့ နှလုံးသွင်း ပြည့်စုံခြင်း)"လို့ ဆိုရပြန်ပါတယ်၊ ဒီတရားနာခြင်းဟာ သူတပါးထံမှ တရားသံကို ကြားရခြင်းဖြစ်တဲ့အတွက် **"ပရတောဃောသသမ္ပတ္တိ** (သူတပါးထံမှ တရားသံကြားရခြင်းရဲ့ပြည့်စုံခြင်း)", သူတော်ကောင်းကို မှီခိုရမှ တရားနာရတဲ့အတွက် တရားနာရခြင်းကို **"သပ္ပုရိသူပနိဿယသမ္ပတ္တိ** (သူတော်ကောင်းဆိုတဲ့ မှီရာရဲ့ ပြည့်စုံခြင်း)", တရားနာရရင် ဉာဏ်ပညာကိုရတဲ့အတွက် **"ပညာဟေတုသမ္ပတ္တိ** (ပညာဖြစ်ရန် အကြောင်းပြည့်စုံခြင်း)", စိတ်ကောင်းထားသူမှာသာ တရားနာရာတွင် စိတ်ရွှင်လန်းမှု ဖြစ်နိုင်တဲ့အတွက် **"အတ္တသမ္မာပဏိဓိသမ္ပတ္တိ** (စိတ်ထားကောင်းမွန်မှုရဲ့ပြည့်စုံခြင်း)", ပိတိပဿဒ္ဓိ (နှစ်သက်ခြင်း, ငြိမ်းချမ်းခြင်း)က သမာဓိဖြစ်ရန်အကြောင်းဖြစ်တဲ့အတွက် **"သမာဓိဟေတုသမ္ပတ္တိ** (သဟဓိဖြစ်ရန် အကြောင်းပြည့်စုံခြင်း)"လို့ သမ္ပတ္တိအသီးသီးကို ဆိုရပါတယ်၊ ဒါ့ကြောင့် **"သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု"** ဘုရားရှင်ရဲ့စကားတော်က အာသယ, ယောနိသောမနသိကာရ, အတ္တသမ္မာပဏိဓိ, သမာဓိဟေတုသမ္ပတ္တိများဖြစ်ရန် တိုက်တွန်းခြင်းဖြစ်ပြီး "သက္ကစ္စ သုဏန္တု ဘာသိတံ"စကားတော်ကတော့ ပယောဂ, ပရတောဃောသ, သပ္ပုရိသူပနိဿယ, ပညာဟေတုသမ္ပတ္တိများဖြစ်ရန် တိုက်တွန်းခြင်း-လို့ မှတ်သင့်ပါတယ်။

၂။ တသွာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလီ၊
တသွာ ဟိ နေ ရက္ခထ အပွမတ္တာ။

ရတ္တော= ရတ် တော
ဟရန္တိ= ဟ ရန် တိ
တသွာ= တတ် သ မာ
ရက္ခထ= ရက် ခ ထ
အပွမတ္တာ= အပ် ပမတ်တာ

**ဘူတာ**–နတ်အများတို့၊ **တသွာ ဟိ တသွာ ဒေ**–ထို့ကြောင့် သာလျှင်၊ ဝါ–ထိုသို့ တရားနာရန် ငါဘုရားတိုက်တွန်းတော်မူခဲ့သည်၏အဖြစ်ကြောင့်သာလျှင်၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ (**တုမှေ**–သင် တို့သည်၊ **ဘာသိတံ**–ငါဘုရား ဟောကြားမြွက်ဖော် ပရိတ်တော်ကို၊ **သက္ကစ္စ**–အရိုအသေပြု၍၊ ဝါ–ရိုသေလေးမြတ် အာရုံကပ်၍၊) **နိသာမေထ**–နားစိုက်ကြကုန်လော့၊ **မာနုသိယာ**–လူ၌ဖြစ်သော၊ **ပဇာယ**–သတ္တဝါအား၊ ဝါ– **မာနုသိယာ ပဇာယ**–လူသားများအပေါ်၌၊ **မေတ္တံ**–ချစ်မြတ်နိုးခြင်းကို၊ **ကရောထ**–ပြုကြကုန်လော့၊ **ယေ (မနုဿာ)**–အကြင်လူတို့သည်၊ **ဒိဝါ စ**–နေ့အခါ၌လည်းကောင်း၊ **ရတ္တော စ**–ညဉ့်အခါ၌ လည်းကောင်း၊ **ဗလီ**–ပူဇော်ဖွယ်ရာကို၊ ဝါ–ဗလိနတ်စာ ပူဇော်ဖွယ်ရာကို၊ **ဟရန္တိ**–ဆောင်ယူပူဇော်ကြကုန်၏၊ **တသွာ ဟိ**–ထို့ကြောင့်ပင်လျှင်၊ **နေ (မနုဿေ)**–ထိုလူတို့ကို၊ **အပွမတ္တာ**–မမေ့မလျော့ကြကုန်ပဲ၊ **ရက္ခထ**–စောင့်ရှောက်ကြကုန်လော့။

နတ်အများတို့, ငါဘုရား တရားနာရန် တိုက်တွန်းခဲ့တဲ့အတွက် သင်တို့ နားစိုက်ထောင်ကြပါ၊ သင်တို့အားလုံး လူသားများအပေါ်မှာ မေတ္တာထားကြပါ၊ လူတွေက နေ့ရော ညဉ့်ပါ ပူဇော်ဖွယ်ရာကို ပို့ဆောင်ပူဇော်ကြတဲ့အတွက် အဲဒီလူတွေကို သင်တို့မမေ့ကြပဲ စောင့်ရှောက်ကြပါ။

**နားစိုက်ထောင်ရမည့်တရား။** ။ တရားတော်မှာ နားစိုက်ထောင်ရန် တိုက်တွန်းတော်မူပြီးနောက် နာရမယ့်တရားကို **"မေတ္တံ ကရောထ မာနုသိယာ ပဇာယ"**လို့ လူတွေအပေါ်မှာ မေတ္တာထားရန် ဟောတော်မူပါတယ်၊ စိတ်ထားမြင့်မြတ်သူ ပညာရှင်တွေဟာ အများအကျိုးရှိမယ့် လုပ်ငန်းတွေကို

သာ ညွှန်ကြားမြဲ ဖြစ်ပါတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေထဲမှာ ဘုရားရှင်က အထူးခြားဆုံး ဖြစ်တော်မူရာ မဟာကရုဏာရှင်ဖြစ်တဲ့ မြတ်ဘုရားရဲ့ ညွှန်ကြားချက်များဟာ အများတကယ် အကျိုးရှိဖို့သာ အမှန် ဖြစ်ပါတယ်၊ မေတ္တာထားရန် နတ်တွေအား ဟောကြားတော်မူသည်မှာ နတ်ရော လူပါ နှစ်ဦး နှစ်ဖက် စလုံး အကျိုးများဖို့အတွက် ဖြစ်ပါတယ်။

မေတ္တာပွါးရတဲ့ နတ်တွေမှာလဲ မေတ္တာအကျိုးတွေ ခံစားရပါတယ်၊ နတ်စောင့်ရှောက်ခံရသူ လူတွေမှာလဲ ကောင်းမြတ်တဲ့အာရုံများကို တွေ့ကြုံရပါတယ်၊ နှစ်ဖက်အကျိုးများမယ့်အရေး မြော်တွေး တော်မူပြီး တိုက်တွန်းတော်မူခြင်း ဖြစ်ပါတယ်။

**ကျေးဇူးဖော်ပြ မေတ္တာရ။** ။ လောကမှာ တစ်ဦးအပေါ်ဝယ် အခြားတစ်ဦးက ဘယ်လိုကောင်းခဲ့တာပဲ–လို့ သူတစ်ဦးရဲ့ကျေးဇူးကို ထုတ်ဖော်ပြောဆိုရင် ပိုမို မေတ္တာရှိမြဲ ဖြစ်ပါတယ်၊ လူများအပေါ်မှာ မေတ္တာထားနိုင်ရန် တိုက်တွန်းတော်မူတဲ့ ဘုရားရှင်က "လူတွေက သင်တို့နတ်တွေအပေါ်မှာ ဘယ်လိုကောင်းခဲ့တာပဲ"လို့ ကျေးဇူးပြရင် မေတ္တာ ပိုသက်လာနိုင်တယ်"လို့ မြင်တော်မူတဲ့အတွက် "ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလီ"လို့ လူတွေက နေ့ရောညဉ့်ပါ ပူဇော်ပသတဲ့အဖြစ်ကို ဖော်ပြပြီး စောင့်ရှောက်ကြရန် တိုက်တွန်းတော်မူပါတယ်။

**ဗလိ ၅–မျိုး**[၂၇၆]။ ။ **'ဗလိ'**ဆိုတာ ပူဇော်ဖွယ် ပေးကမ်းဖွယ် ဝတ္ထု[၂၇၇]–ဖြစ်ပါတယ်၊ အင်္ဂုတ္တိုရ်ကျမ်းလာ အရ ဗလိ ၅–မျိုးမှာ----

(၁) **ဉာတိဗလိ**–ဆွေမျိုးတို့အား ပေးကမ်းခြင်း၊

(၂) **အတိထိဗလိ**–ဧည့်သည်တို့အား ပေးကမ်းခြင်း၊

(၃) **ပုဗ္ဗပေတဗလိ**–ကွယ်လွန်သူ ဆွေမျိုးတို့အား ပေးကမ်းခြင်း၊

(၄) **ရာဇဗလိ**–မင်းအား ပြုရမယ့် အခွန်ပဏ္ဏာများ ပေးကမ်းခြင်း၊

(၅) **ဒေဝတာဗလိ**–နတ်တို့အတွက် ပြုရမယ့် ပူဇော်ပသခြင်း–တို့ဖြစ်ပါတယ်။

---

[၂၇၆] ပဥ္စဗလိ ကတ္တာ ဟောတိ ဉာတိဗလိ အတိထိဗလိ ပုဗ္ဗပေတဗလိ ရာဇဗလိ ဒေဝတာဗလိ။ (အံ၊ ၁၊ ပတ္တကမ္မသုတ္တ၊ ၃၇၉။ အံ၊ ၂၊ အာဒိယသုတ္တ၊ ၃၉။)

[၂၇၇] **ဉာတိဗလိ**နှိ့ ဉာတကာနံ ဗလိ။ **အတိထိဗလိ**နှိ့ အာဂန္တုကာနံ ဗလိ။ **ပုဗ္ဗပေတဗလိ**နှိ့ ပရလောကဂတာနံ ဉာတကာနံ ဗလိ။ **ရာဇဗလိ**နှိ့ ရညော ကတ္တဗ္ဗယုတ္တက် ရာဇဗလိ။ **ဒေဝတာဗလိ**နှိ့ ဒေဝတာနံ ကတ္တဗ္ဗဗလိ။ သဗ္ဗမေတံ တေသံ တေသံ ယထာနစ္ဆဝိကဝသေန ဒါတဗ္ဗဒါနဿ အဓိဝစနံ။ (အံ၊ ၄၊ ၂၊ ပတ္တကမ္မသုတ္တဝဏ္ဏနာ၊ ၃၁၃။)

သုတေသန သရုပ်ပြ အဘိဓာန် (၄၂၂-၄၂၃)မှာတော့-----

(၁) **ဉာတိဝလိ**-မျက်မှောက်ရှိ ကိုယ့်လူမျိုးနှင့် သားချင်း မိတ်ဆွေများအား တတ်နိုင်သမျှ ကြည့်ရှုမစ ပေးကမ်းချီးမြှင့်မှု၊

(၂) **အတိထိဝလိ**-လာရောက်ကြသော ဧည့်သည်များအား ကျွေးမွေးပေးကမ်း လှူဒါန်း စောင့်ရှောက်မှု၊

(၃) **ပဗ္ဗဇေတာဝလိ**-ဘဝတစ်ပါး ကွယ်လွန်သွားကြကုန်သော မိဘဆွေမျိုးတို့.ကို ရည်စူး၍ ကောင်းမှုကုသိုလ် ပြုလုပ်ကာ အမျှပေးဝေမှု၊

(၄) **ရာဇဝလိ**-ကိုယ့်နိုင်ငံတော် ဘုရင်မင်းမြတ်နှင့် အစိုးရအဖွဲ့က ချမှတ်ပညတ်ပေး ထားသော အုပ်ချုပ်မှုနည်းဥပဒေအရပ်ရပ်တို့.ကို ရိုသေစွာ ကျင့်ကြံမှုနှင့်အခွန်အတုတ်များ ပေးဆက်မှု၊

(၅) **ဒေဝတာဝလိ**-လောကပါလ သာသနာတော်စောင့်နတ်စသည်တို့.အား ပူဇော်ပသ အမျှပေးဝေမှု-တို့.ဖြစ်ပါတယ်။

**ဆွေမျိုး, ဧည့်ဟူ၊ ကွယ်လွန်သူနှင့်၊ မင်းမှု, နတ်များ။ ဝလိငါး။ မှတ်သားကြလေပါ။**

**နတ်များအား ပူဇော်ထိုက်သလော?** အဂ်ုတ္တရနိကာယ် စတုက္ကနှင့် ပဉ္စကနိပါတ်များမှာ မိမိကြိုးစားအားထုတ်လို. ရရှိထားတဲ့ ပစ္စည်းတွေနဲ. ဝလိငါးပါးပြုခြင်းကို စည်းစိမ်ဥစ္စာရယူခြင်း အကြောင်းတစ်ရပ်အနေနဲ. ဟောတော်မူခဲ့ပါတယ်၊ အမျိုးသားတို့.ရဲ. တိုးတက်ကြီးပွါးကြောင်း မဆုတ်ယုတ်ကြောင်း တရားငါးပါးဟောရာမှာ နတ်တွေကို ပူဇော်ပသခြင်းလဲ တစ်ပါး ပါဝင်ပါတယ်၊ ပဉ္စကနိပါတ် လိစ္ဆဝိကုမာရကသုတ် (၆၈)မှာ နတ်တွေအား ပူဇော်ခြင်းကို လောကကြီးပွါးရေးတစ်ရပ်အနေနဲ. ဘုရားရှင် အလိုရှိသည်မှာ သိသာထင်ရှားပါတယ်၊ နတ်ရှိတယ်-လို. ယုံကြည်သူတွေအဖို. နတ်တွေဟာ သတ္တဝါတစ်မျိုးပင် ဖြစ်ပါတယ်၊ လူတွေမှာ ရှိခိုးထိုက်သူ, မထိုက်သူ ရှိသလို နတ်တွေမှာလဲ ရှိခိုးထိုက်, မထိုက် နှစ်မျိုးရှိပါတယ်၊ အဲဒီနတ်တွေကို သတိတရ အစာအာဟာရ စသည် ပေးကမ်းပသခြင်း, အမျှအတန်းပေးဝေခြင်းကို ပြုလုပ်အပ်ပါတယ်၊ လူများအချင်းချင်း ပေးကမ်းထောက်ပံ့ရင် အမြဲတမ်း မကျူညီနိုင်စေကာမူ မိမိတို့.တတ်နိုင်တဲ့အခါ အကူအညီရသလို နတ်တွေကလဲ အရာခပ်သိမ်းမပေးစွမ်းနိုင်စေကာမူ သူတို့.တတ်နိုင်တဲ့အရာကိုမူ ကူညီစောင့်ရှောက်တတ်ကြပါတယ်၊ အချို့အကူအညီခံရသူတွေကို ဇာတ်နိပါတ်များအရဖြစ်စေ, လောကအတွေ့.အကြုံအရဖြစ်စေ သိနိုင်ကြပါတယ်။

သုနိဓ ဝဿကာရအမတ်ကြီးများ ပါဠိလိပုတ်မြို့ကို တည်ထောင်စဉ်တုံးက ဘုရားရှင်အား ဆွမ်းကျွေးခဲ့ကြပါတယ်၊ ဘုရားရှင်က ဆွမ်းအနုမောဒနာတရားဟောကြားရာတွင် နတ်တို့အား အမျှဝေရန် အထူးတိုက်တွန်းတော်မူခဲ့ပါတယ်။

**ယသ္မိ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။**
**သီလဝန္တေတ္ထ ဘောဇေတ္ဝာ၊ သညတေ ဗြဟ္မစာရယော။**
**ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာမာဒိသေ။**
**တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။**
**တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။**
**ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ[၂၇]။**

ပဏ္ဍိတဇာတိယော–ပညာရှိပုဂ္ဂိုလ်များသည်၊ ယသ္မိ ပဒေသေ–အကြင်အရပ်၌၊ ဝါသံ ကပ္ပေတိ–နေခြင်းကိုပြု၏၊ တတ္ထ–ဤမိမိနေရာအရပ်၌၊ ဗြဟ္မစာရယော–မြတ်သောအကျင့်ကို ကျင့်ကုန်သော၊ သညတေ–ကိုယ်နှုတ်နှလုံးကို ကောင်းစွာစောင့်စည်းအပ်ကုန်သော၊ ဝါ–ဣန္ဒြေတို့ကို ရှိန်သေအောင်သတ် စောင့်စည်းအပ်ကုန်ပြီးသော၊ သီလဝန္တေ–သီလရှိသူ အရှင်တို့ကို၊ ဘောဇေတ္ဝာ–ဆွမ်းကျွေး၍၊ တတ္ထ–ထိုအရပ်၌၊ ယာ ဒေဝတာ–အကြင်နတ်တို့သည်၊ အာသုံ–ရှိနေကုန်၏၊ တာသံ–ထိုနတ်တို့အား၊ ဒက္ခိဏံ–အလှူကို၊ အာဒိသေ–ရည်ညွှန်းဖော်ကာ အမျှဝေရာ၏၊ ပူဇိတာ–အပူဇော်ခံကြရကုန်သော၊ တာ–ထိုနတ်ထို့သည်၊ နံ–ထိုမိမိကို ပူဇော်သူကို၊ ပူဇယန္တိ–တုံ့လှည့်တစ်ဖန် ပူဇော်ကြပြန်ကုန်၏၊ မာနိတာ–မြတ်နိုးခံကြရကုန်သော၊ တာ–ထိုနတ်တို့သည်၊ နံ–ထိုမိမိအား မြတ်နိုးသူကို၊ မာနယန္တိ–ပြန်လည် မြတ်နိုးကြလေကုန်၏၊ တတော–ထို့ကြောင့်၊ နံ–ထိုမိမိကို ပူဇော်မြတ်နိုးသူကို၊ မာတာ–မိခင်သည်၊ ဩရသံ ပုတ္တံ–ရင်၌မွေးဖွား သားအရင်းကို၊ အနုကမ္ပတိ ဣဝ–အစဉ်စောင့်ရှောက်ဘိသကဲ့သို့၊ အနုကမ္ပန္တိ–အစဉ်စောင့်ရှောက်ကြလေကုန်၏၊ ဒေဝတာနုကမ္ပိတော–နတ်တို့အစောင့်အရှောက်ကိုခံရသော၊ ပေါသော–လူသားသည်၊ သဒါ–အခါခပ်သိမ်း၊ ဘဒြာနိ–ကောင်းမြတ်သောအာရုံတို့ကို၊ ပဿတိ–ကြုံတွေ့ ရပေ၏။

---

[၂၇] ဝိနည်းမဟာဝါ ဘေသဇ္ဇက္ခန္ဓက သုနိဓဝဿကာရဝတ္ထု (၀၊ ၃၊ ၃၂၄)။ သုတ်မဟာ မဟာပရိနိဗ္ဗာနသုတ် ပါဠိလိပုတ္တနဂရမာပန (၁၊ ၂၊ ၇၅)။

**နတ်ကိုယုံပြီး မပုံလွန်းစေရ။** ။ ဘာမဆို ကံကို ယုံပြီး ပုံထားသူတွေလို နတ်ကို ယုံပြီး ပုံလွန်းတာမျိုးကို မပြုသင့်ပါ၊ ရတနာသုံးပါးအပေါ်မှာ အာရုံပြုလွန်းလေ ကောင်းလေဖြစ်ပေမယ့် နတ်များအပေါ်မှာ အလွန်အကျွံပုံပြီး ယုံခြင်းမျိုး, နတ်ရူး ရူးတယ်–ဆိုရလောက်အောင် ဖြစ်မှုမျိုးကိုမူ မလိုလားအပ်ပါ၊ အချို့ ဘုရားကို ဆွမ်းတော်တင်ရန် သတိမရပေမယ့် နတ်ပွဲကိုတော့ ငှက်ပျောဖီး မန္တမ်းရအောင် တရှိ တသေ ပြုစုပသကြပါတယ်၊ ဘုရားထက်ပိုပြီး ရှိသေလေးစားတဲ့ ပူဇော်မှုများကတော့ မိမိရဲ့ဇာတိဘာသာ မပိသမ္ဘကို ဖော်ပြရာရောက်တဲ့အတွက် အဲဒီအမှုမျိုးကို ရှောင်ရှားကြရန် ပရိတ်ကြီးနိသယသစ် ဆရာတော်က သတိပေးထားပါတယ်။

၃။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယံကိဉ္စိ=ယံကိန္စိ
ဝိတ္တံ=ဝိတ်တံ
သဂ္ဂေသု=သဂ်ဂေသု
အတ္ထိ=အတ်ထိ
ဣဒမ္ပိ=အိဒမ်ပိ
သစ္စေန=သစ် စေ နှ
သုဝတ္ထိ=သုဝတ်ထိ

**ဣဓ ဝါ**– ဤလူ့ပြည်၌လည်းကောင်း၊ **ဟုရံ ဝါ**–နဂါး ဂဠုန်စသည် တပါးပြည်၌လည်းကောင်း၊ **ယံကိဉ္စိ**–အလုံးစုံသော၊ **ဝိတ္တံ**–ဥစ္စာသည်၊ **အတ္ထိ**–ရှိ၏၊ **သဂ္ဂေသု ဝါ**–နတ်ပြည် ဗြဟ္မာ့ပြည်တို့၌လည်း၊ **ပဏီတံ**–ကောင်းမြတ်သော၊ **ယံ ရတနံ**–အကြင်ရတနာသည်၊ **အတ္ထိ**–ရှိပေ၏၊ (**ဇ္ဈ**–ဤဥစ္စာရတနာတို့တွင်၊) **တထာဂတေန**– ဘုရားရှင်နှင့်၊ **သမံ**–တူညီသော ရတနာသည်ကား၊ **န နော အတ္ထိ**–မရှိသည်သာတည်း၊ **ဗုဒ္ဓေ**–ဘုရားရှင်၌၊ **ဣဒမ္ပိ ရတနံ**–ဤရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်

သည်လည်း၊ **ပထီတံ**–ထူးမြတ်လှပါပေ၏၊ **စေတေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ (**ပါဏီနံ**–သတ္တဝါတို့အား။) **သုဝတ္ထိ**–ချမ်းသာ ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေ။

ပရိတ်ကြီးနိသယသစ်ဆရာတော်က **"နံ နော သမံ အတ္ထိ တထာဂတေနာ**တိ **နံ**–ဣတိ ပဒံ့ သေဓေ။ **နော**–ဣတိ အဝဓာရဏော" အဋ္ဌကထာတွေ [၂၇] အရ **"နံ နော အတ္ထိ**–မရှိသည်သာတည်း"လို့ အနက်ပေး ပုံရပါတယ်။

တံ့တေး ပရိတ်ကြီးနိသယမှာတော့ [နံ နောတိ ဝတ္တဗ္ဗေ နိဂ္ဂဟီတလောပေန ဇဝံ ဝုတ္တံ၊ (ပရိတ္တဋီကာ ပါဠိ၊ ရတနသုတ္တဝဏ္ဏနာ၊ ၄၇)] ပရိတ်ကြီးဋီကာအရ **'နံ နော'**–၌ **'နံ နော'**ဆိုလိုလျက် (ရွတ်ဆိုရာဝယ် စကားပြေပြစ်ရန်) နိဂ္ဂဟီတ်ကျေနေတဲ့အတွက် **'နံ နော'**လို့ ဆိုရပါတယ်၊ အနက်ပေး ရာမှာတော့ **"နံ ရတနံ**–ထိုဥစ္စာရတနာသည်၊ **နော အတ္ထိ**–မရှိ"လို့ တွေ့ရပါတယ်[၂၈]။

> လူ့ပြည်, နဂါး, ဂဠုန်စတဲ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာ ရှိသမျှ ကောင်းမြတ်တဲ့ ရတနာများ အနက် မြတ်စွာဘုရားနဲ့တူတဲ့ရတနာကား မရှိနိုင်ပါ၊ ဘုရားရှင်မှာ ဒီရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်တော်ဟာ ထူးခြားကောင်းမြတ်လှပါပေတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

ရတနသုတ်က ဘုရား, တရား, သံဃာ ဒီ ၃-ပါး၏ ရတနာအဖြစ်ကို ဟောတဲ့ဒေသနာ ဖြစ်ပါတယ်၊ ဒီသုတ်နဲ့ ဘုရား, တရား, သံဃာရဲ့ ရတနာအမှန်ဖြစ်ကြောင်း သစ္စာဆိုကာ သတ္တဝါများ ချမ်းသာရန် တောင့်တခြင်း ဖြစ်ပါတယ်။

**"ယံကိဉ္စိ ဝိတ္တံ"**စတဲ့ ဂါထာက ဘုရားရှင်ရဲ့ ရတနာအမှန်ဖြစ်ကြောင်းကိုဆိုပြီး သစ္စာပြုတဲ့ ဂါထာ ဖြစ်ပါတယ်။

**ဘုရား, တရား၊ သံဃာအား၊ ပုံထား ရတနာ။**
**သတ္တဝါတွေ၊ ချမ်းသာစေ၊ တောင်းပေ ပြုသစ္စာ။**
**ရတနသုတ်၊ ဖော်ညွှန်ထုတ်၊ အဟုတ် ရတနာ။**

**ရတနာ**–ဆိုတာ။ ။ လောကမှာ အသုံးပြုနေကြတဲ့ ရွှေ ငွေ ပုလဲ ပတ္တမြား ကျောက်မျက်ရွဲ့ သန္လာ-စတဲ့ ပစ္စည်းတွေက မြင်ရသူတွေကို နှစ်သက်ခြင်းကို ဖြစ်စေတတ်တဲ့အတွက် ထိုပစ္စည်းတွေကို **"ရတနာ"**

---

[၂၇] ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၄၃။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၇၂။

[၂၈] အဋ္ဌမအကြိမ် ပြည်ကြီးမဏ္ဍိုင် ဝိဇ္ဇကတ်ပုံနှိပ်တိုက် ရိုက် တံ့တေး ပရိတ်ကြီးနိသယ၊ ၅၈။

လို့ ခေါ်ပါတယ်။ [‘ရတိ ဇနေတီတိ ရတနံ’=**ရတိ**–နှစ်သက်ခြင်းကို၊ **ဇနေတိ**–ဖြစ်စေတတ်၏၊ **တ္ထုတိ**–ထို့ကြောင့်၊ **ရတနံ**–ရတနာမည်၏၊]

ဘုရားရှင်ရဲ့ရုပ်သွင်တော်ကလဲ သပ္ပါယ်တင့်တယ် ကြည်ညိုဖွယ်ဖြစ်ပါတယ်၊ အသံတော်ကလဲ သာယာလှပါတယ်၊ တရားကလဲ စကားလုံးလှ အဓိပ္ပါယ်ပြည့်ဝပါတယ်၊ ဒဲ့ကြောင့် ဘုရားရှင်ကို ဖူးမြင်ရရင်ဖြစ်စေ, တရားတော်ကို နာရရင်ဖြစ်စေ နှစ်သက်မဆုံးဖြစ်ရပါတယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်များကများလဲများ အများထက်လဲ ထူးခြားပေါ်လွင်လျက်ရှိတာမို့, အဲဒီဂုဏ်တွေကို အာရုံပြုရင် ပုထုဇဉ်တွေပင် ပီတိအလွန်ဖြစ်ကြရပါတယ်၊ ဘုရားရှင်ရဲ့တရားသိပြီး အရိယာဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ နှစ်သက်အားရမှုမှာ ဆိုစရာမရှိတော့ပါ၊ ဒီလို အများသူတို့, နှစ်သက်ခြင်းကို ဖြစ်စေတတ်တဲ့အတွက် ဘုရားရှင်ဟာ **‘ရတနာ’**အမည်ကို ရပါတယ်။

**<u>ဘုရားအသံတော် ဂုဏ်ရှစ်ဖော်</u>။** ။ ဘုရားရှင်ရဲ့ အသံတော် အဂီ ၈-ပါးကို မဇ္ဈိမပဏ္ဏာသပါဠိတော် ဗြာဟ္မဏဝဂ် ဗြဟ္မာယုသုတ်, မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ, မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကဝဂ် သာရိပုတ္တသုတ္တနိဒ္ဒေသ, မဟာနိဒ္ဒေသအဋ္ဌကထာ, သုတ်မဟာဝါ ဇနဝသဘသုတ် သနင်္ကုမာရကထာ, သုတ်မဟာဝါအဋ္ဌကထာ[၂၈၁]တို့မှာ ကောင်းစွာ လာရှိပါတယ်။--------

(၁) **ဝိဿဋ္ဌ**–သန့်ရှင်းစင်ကြယ်ခြင်း။

(၂) **ဝိညေယျ**–သိလွယ်ခြင်း။

---

[၂၈၁] အဋ္ဌင်္သမန္နာဂတော ခေါ် ပနဿ ဘောတော ဂေါတမဿ မုခတော ဃောသော နိစ္ဆရတိ ဝိဿဋ္ဌော စ ဝိညေယျော စ မဉ္ဇု စ သဝနီယော စ ဗိန္ဒု စ အဝိသာရီ စ ဂမ္ဘီရော စ နိန္နာဒီ စ။ ယထာပရိသံ ခေါ် ပန သော ဘဝံ ဂေါတမော သရေန ဝိညာပေတိ၊ န စဿ ဗဟိဒ္ဓါ ပရိသာယ ဃောသော နိစ္ဆရတိ။ (မ၊ ၂ ၃၄၀-၃၄၁။ မဟာနိဒ္ဒေသ၊ ၃၅၃-တဿ ဘဂဝတော-သာ ထူး။။ ဒီ၊ ၂ ၁၇၁-ဗြဟ္မုနော သနင်္ကုမာရဿ ဘာသ တော -သာထူး)။ **ဝိဿဋ္ဌော**တိ သိနိဒ္ဓေါ် အပလိဒုဒ္ဓေါ်။ **ဝိညေယျော**တိ ဝိညာပနီယော ပါကဋော၊ ဝိဿဋ္ဌတ္တာယေဝ စေသ ဝိညေယျော ဟောတိ။ **မဉ္ဇု**တိ မဓုရော၊ **သဝနီယော**တိ သောတသုခေါ်၊ မဓုရတ္တာယေဝ စေသ သဝနီယော ဟောတိ။ **ဗိန္ဒု**တိ သမ္ပိဏ္ဍိတတော၊ **အဝိသာရီ**တိ အဝိသဋော၊ ဗိန္ဒုတ္တာယေဝ စေသ အဝိသာရီ ဟောတိ။ **ဂမ္ဘီရော**တိ ဂမ္ဘီရသမုဋ္ဌိတော၊ **နိန္နာဒီ**တိ နိန္နာဒဝါ၊ ဂမ္ဘီရတ္တာယေဝ စေသ နိန္နာဒီ ဟောတိ။ **ယထာပရိသန္တိ** စတ္တာဝါဋပရိယန္တမို့ ဇကာစဒ္ဓပရိသံ ဝိညာပေတိ။ **စတီဒ္ဓါ**တိ အဝိုလိမတ္တာမို့ ပရိသတော ဗဟိဒ္ဓါ နှ ဂစ္ဆတိ။ ကသ္မာ? သော ဇဝရူပေါ် မဓုရသရော အကာရဏာ မာ နသီတိ။ တ္ထုတိ ဘဂဝတော ဃောသော ပရိသာယ မတ္ထကေနေဝ စရတိ။ (မ။ ၆၊ ၃၊ ၂၇၀။) **ဝိဿဋ္ဌော စာ**တိ အပလိဒုဒ္ဓေါ် တတ္ထ တတ္ထ အပကွလနော။ **ဝိညေယျော စာ**တိ သုဝိဇာနေယျော စ။ **မဉ္ဇု စာ**တိ မဓုရော စ။ **သဝနီယော စာ**တိ ကဏ္ဏသုခေါ်စ။ **ဗိန္ဒု စာ**တိ ဃနော စ။ **အဝိသာရီ စာ**တိ နှ ပတ္ထဋော စ။ **ဂမ္ဘီရော စာ**တိ နှ ဥတ္တာနော စ။ **နိန္နာဒီ စာ**တိ ဃောသဝန္တော စ။ (မဟာနိဒ္ဒေသ၊ ၆၊ ၃၈၇။) **ဝိဿဋ္ဌော**တိ သုမုတ္တော အပလိဒုဒ္ဓေါ်။ **ဝိညေယျော**တိ သောတဗ္ဗယုတ္တကော ကဏ္ဏသုခေါ်။ **ဗိန္ဒု**တိ ဃကွနော။ **အဝိသာရီ**တိ သုဝိသဒေါ် အဝိပ္ပကိဏ္ဏော။ **ဂမ္ဘီရော**တိ နာဘိမုလတော ပဋ္ဌာယ ဂမ္ဘီရသမုဋ္ဌိတော၊ နှ ဇိဝှါဒန္တမူလသြဋ္ဌတာလုမတ္တပွဟာရသမုဋ္ဌိတော။ ဇဝံ သမုဋ္ဌိတော ဟိ အမဓုရော စ ဟောတိ၊ နှ စ ဒူရံ သာဝေတိ။ **နိန္နာဒီ**တိ မဟာမေဃမုဒိင်္ဂသဒ္ဒေါ် ဝိယ နိန္နာဒယုတ္တော။ (ဒီ၊ ၆၊ ၂ ၂၃၃-၂၃၄။)

(၃) **မဗျူ**–သာယာခြင်း၊
(၄) **သဝနီယ**–နာချင်ဖွယ်ရှိခြင်း၊
(၅) **ဝိန္ဒု**–တစ်လုံးတစ်စည်းတည်းရှိခြင်း၊
(၆) **အဝိသာရီ**–ပရိသတ်အပြင်သို့ ပြန့်မထွက်ခြင်း၊
(၇) **ကမ္မဏီရ**–နက်နဲခြင်း၊
(၈) **နိန္နာဒီ**–ပဲ့တင်ထပ်ခြင်း။

**<u>ရတနအနက် ၅–မျိုးထွက်</u>**

'**ရတန**' သဒ္ဒါက------

(၁) **စိတ္တီကတ**–အရိအသေ အလေးအမြတ်ပြုအပ်ခြင်း,
(၂) **မဟဂ္ဃ**–အဖိုးများစွာ ထိုက်တန်ခြင်း,
(၃) **အတုလ**–အတုမရှိခြင်း,
(၄) **ဒုလ္လဘဒဿန**–တွေ့မြင်ရဖို့ပင် ခဲယဉ်းခြင်း,
(၅) **အနောမသတ္တပရိဘောဂ**–သူမွန်သူမြတ်တို့သာ သုံးဆောင်ရာ ဖြစ်ခြင်း–
တို့ဖြစ်ပါတယ်။

**စိတ္တီကတံ မဟဂ္ဃံ၊ အတုလံ ဒုလ္လဘဒဿနံ။**
**အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။**
**(ခုဒ္ဒကပါဋ၊ ၆၊ ၁၄၃။ သုတ္တနိပါတ၊ ၆၊ ၁၊ ၂၇၂)**

**စိတ္တီကတာ**–စိတ်၌စွဲကပ် အလေးလည်း ပြုအပ်၏၊ **မဟဂ္ဃာ**–အဖိုးများစွာလည်း ထိုက်တန်၏၊ **အတုလာ**–အတုလည်း မရှိ၊ **ဒုလ္လဘဒဿနာ**–မြင်တွေ့ရခဲသော အရာလည်း ဖြစ်၏၊ **အနောမသတ္တပရိဘောဂါ**–မယုတ်ညံ့သူ လူမွန်လူမြတ်တို့သာ သုံးဆောင်ရာလည်း ဖြစ်၏၊ **တေန**–ထိုအကြောင်း ငါးမျိုးကြောင့်၊ **ရတနံ**–'ရတနာ' ဟူ၍၊ **ဝုစ္စတိ**–ဆိုအပ်၏။

**လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ တုမဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်၊**
**သူမြတ်တို့သာ၊ သုံးဆောင်ရာ၊ ရတနာ အနက်ငါး။**
(ပရိတ်ကြီးနိဿယသစ်၊ ၂၂၃)

**အလေးပြုအပ်၊ မြတ်နိုးအပ်၊ ဆင်ခြေအပ် ရတနာ [စိတ္တီကတဇ္ဈေန ရတနံ]။** ။ လောကမှာ အလေးထား အပ် မြတ်နိုးအပ်တဲ့ ရတနာများရှိရာ အဲဒီ ရတနာများအပေါ် အလေးထားတာထက် ဘုရားရှင်ကို

ပိုမိုလေးစား အရေးထားကြပါတယ်၊ ဘုရားရှင် လက်ထက်တော်က လူတွေလေးစား ပူဇော်ခံရတဲ့ ဆရာအသီးသီး ရှိပါတယ်၊ ဒါပေမယ့် ဘုရားရှင် လေးစားပူဇော်မှုခံရသလောက် အခြားဆရာတွေ လေးစားပူဇော်မှု မခံကြရပါ၊ ဘုရားရှင်ကို လူတွေကသာမက နတ်ဗြဟ္မာတွေကပါ လေးစားပူဇော်ခဲ့ကြပါတယ်၊ ဒါ့ကြောင့် နတ်ကိုးကွယ်သူတွေ, ဗြဟ္မာကိုးကွယ်သူတွေကပင် ဘုရားရှင်ရဲ့အကြောင်း သိလာကြရတဲ့အခါ နတ်ဗြဟ္မာတွေကိုပစ်ပယ်ပြီး ဘုရားရှင်ကို ရိုသေမြတ်နိုး ပူဇော်လာကြပါတယ်။

တောသားလူရိုင်းများနဲ့ တောနေ တိရစ္ဆာန်များဟာ ပတ္တမြားကျောက်ကောင်းကို တွေ့ပေမယ့် ရတနာမှန်းလဲ မသိ, အရည်အသွေးကောင်း မကောင်း, တန်ဖိုးရှိမရှိလဲ နားမလည်တဲ့အတွက် ကောက်ယူရမယ်-လို့ မသိပါ၊ ရတနာမှန်းလဲသိ, အရည်အသွေး ကောင်းမကောင်း, တန်ဖိုးရှိမရှိလဲ နားလည်သူကသာ ဝမ်းသာအားရ ကောက်ယူနိုင်ပါတယ်၊ ဘုရားရှင်မှာ သူတကာတွေထက် ထူးကဲတဲ့ ဂုဏ်အရည်အသွေးများ ထင်ရှားရှိတော်မူတာကို နားလည်တဲ့အသိဉာဏ်ရှိသူတွေက ဘုရားရှင်ထက် သာလွန်ပူဇော်ထိုက် မြတ်နိုးထိုက်သူကို ရှာမရတော့ပါ၊ ဘုရားရှင်ရဲ့အရည်အသွေးကို ခန့်မှန်းရာတွင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်အထိ ရရှိသူတို့သာ ဘုရားရတနာရဲ့အရည်အသွေးကို အကောင်းဆုံး ခန့်မှန်း အကဲဖြတ်နိုင်သူတို့ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် အောက်ထစ်ဆုံး သောတာပန် ဖြစ်ရင်တောင် **'ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော**–ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သူ' ဖြစ်ရပါတယ်၊ အဲဒီလို အလေးအမြတ်ပြုအပ်တဲ့အတွက် ရတန-သဒ္ဒါရဲ့ အလေးအမြတ်ပြုအပ်တဲ့ အနက်မှာ အလေးအမြတ်ပြုအပ်ဆုံး ဘုရားရှင်နဲ့သာ အလျော်ဆုံးဖြစ်ရာ ဘုရားသာ တကယ့် ဂုဏရာ-ဖြစ်ပါတယ်။

**အဓိးများစွာ၊ ထိုက်တန်လှ၊ မှတ်ပ ရတနာ [မဟဋ္ဌေန ရတနံ]။** ။ လောကမှာ တန်ဖိုးမဖြတ်နိုင်အောင် လူအများ လွန်စွာနှစ်သက်တဲ့ ရတနာများရှိပါတယ်၊ အဲဒီရတနာများနဲ့ ဘုရားရှင်ကို ယှဉ်ပြီး ဘုရားရှင်ကို ကိုးကွယ်မလား? ရတနာကို ယူမလား?လို့ ရွေးခိုင်းရင် ဘုရားအကြောင်း ကောင်းကောင်းသိသူမှာ ဘုရားကိုသာ ရွေးပါလိမ့်မယ်။

ဇောတိက, ဇဋိလ-စတဲ့ သူဌေးကြီးတွေမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာများရှိခဲ့ကြပေမယ့် အဲဒီရတနာတွေကို စွန့်ပယ်ကာ ဘုရားရှင်ထံမှောက် ရောက်လာကြခြင်းဖြင့် ဘုရားရှင်ရဲ့ တန်ဖိုးအနှုံ့ ထိုက်တန်လှတဲ့ ရတနာအစစ်အမှန်အဖြစ်ကို သိနိုင်ကြလို့ပါပဲ။

လောကမှာ တန်ဖိုးနည်းတဲ့ ရတနာနဲ့ လဲလှယ်ရင် ပစ္စည်းနည်းနည်းသာ ရတတ်ပါတယ်၊ ရတနာက တန်ဖိုးရှိလေလေ ပစ္စည်းများများ ရလေလေဖြစ်ပါတယ်၊ ဘုရားတစ်ကြိမ် ရှိခိုးရုံနဲ့, ပန်း

တစ်ပွင့် ဘုရားလွှဲရုံနဲ့ပင် ပြောမပြနိုင်အောင် အကျိုးတွေရတာဟာလဲ ဘုရားရတနာရဲ့ တန်ဖိုးအနှစ်အဖြစ်ကိုပြတဲ့ သက်သေသာဓကတွေပါပဲ၊ ဒါ့ကြောင့် အဖိုးများစွာ ထိုက်တန်တဲ့အနက်အရ ရတနာ-ဆိုရရင် ဘုရားရှင်ထက်သာတဲ့ အဖိုးထိုက်တန်တဲ့ရတနာ-လို့ မရှိတဲ့အတွက် ဘုရားရှင်သာ တကယ့် ရတနာ-ဖြစ်ပါတယ်။

**နိုင်းယှဉ်လေဘိ၊ တုမရှိ၊ မှတ်သိ ရတနာ [အတုလဋ္ဌေန ရတနံ]။** ။ လောကမှာ ရုပ်အဆင်းလှပခြင်း, ပညာကြီးခြင်း-စတဲ့ဂုဏ်များမှာ ရှေးအကြောင်း ကောင်းမှုများ ပါမြဲဖြစ်ပါတယ်၊ ရှေးအကြောင်းကံထူးခွန်သူမှာ အကျိုးဂုဏ်များကလဲ သူတကာထက် သာလွန် ထူးခြားပါတယ်၊ လေးသချေ်နဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး သူတကာထက် ပိုမို ကုသိုလ်ပါရမီတွေ ဆည်းပူးခဲ့ရ, သူမတူအောင်လဲ ဖြည့်ခဲ့ရတဲ့အကြောင်းက သူတကာထက် သာခဲ့သည်နဲ့အမျှ အကျိုးဂုဏ်ကလဲ ကွာခြားရပါတယ်၊ သဗ္ဗညုတဉာဏ်တော်တစ်ခုနဲ့ပင် အတုလဘွဲ့တော် ခံထိုက်နေပါပြီ၊ အခြား ရူပကာယ ဓမ္မကာယအရာတွေမှာလဲ ယှဉ်ပြိုင်နိုင်သူမရှိတဲ့အတွက် **'အနုတ္တရ**-သာလွန်သူမရှိတဲ့ပုဂ္ဂိုလ်'ပါ-လို့ အထပ်ထပ်ချီးကျူးခံခဲ့ရပါတယ်။ လောကရတနာတွေ-ဆိုတာ ဆိုင်ရာဒေသမှာသာ အတုမဲ့-ဖြစ်ရပေမယ့် အခြားတစ်နေမှာတော့ အဲဒီရတနာနဲ့တူတဲ့ရတနာ, အဲဒီရတနာထက်သာတဲ့ ရတနာ-ရှိတတ်စမြဲ ဖြစ်ပါတယ်၊ စကြာရတနာဆိုတာဟာ သူ့ခေတ်သူ့ကာလအတွင်းမှာ အတုမဲ့-ဆိုရပေမယ့် ဘုရားမပွင့်သေးတဲ့အတွက်ဖြစ်ပါတယ်၊ အကယ်လို့ ဘုရားရှင်နဲ့ယှဉ်ပြိုင်ရရင် ဘုရားထက်ပိုပြီး စကြာရတနာကို အဘယ်မှာ မြတ်နိုးပူဇော်နိုင်ပါ့မလဲ? ဒါ့ကြောင့် အတုမဲ့-အနက်အရ ရတနာ-ဆိုရင် ဘုရားရှင်သာ အတုလအနှိုင်းမဲ့ရတနာ-မည်ပါတယ်။

**<u>ရှားပါးလို့လဲ၊ မြင်ရခဲ၊ မှတ်စွဲ ရတနာ [ဒုလ္လဘဒဿနဋ္ဌေန ရတနံ]</u>။** ။ လောကမှာ လူနတ်ဗြဟ္မာတွေက ရှာပါးလှတာမဟုတ်လို့ အကြောင်းအားလျော်စွာ တွေ့မြင်ကြရပါတယ်၊ အဲ့ဖွယ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်ဖြစ်တဲ့ ဘုရားရှင်မှာ ကမ္ဘာတွေကြာညောင်းမှ ထူးဆန်းစွာ ပွင့်ပေါ်လာလို့ တွေ့မြင်ရဖို့ အလွန်ခဲယဉ်းလှပါတယ်၊ သာသနာပအခါမှာ ပွင့်ကြတဲ့ ပစ္စေကဗုဒ္ဓါများဟာ များစွာဖြစ်လာကြတဲ့အတွက် တွေ့ရခဲတယ်-လို့ မဆိုနိုင်ပါ။ ဘုရားဖြစ်ရန် (ပညာဓိက) လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း, (သဒ္ဓါဓိက) ရှစ်သချေ်နဲ့ ကမ္ဘာတစ်သိန်း, (ဝီရိယာဓိက) တစ်ဆယ့်ခြောက်သချေ်နဲ့ ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတွေ ဖြည့်ရ, သူတကာ မတွေးဝံ့အောင် စွန့်စားရလို့ ဘုရားအဖြစ်တောင့်တ ဆုပန်လို့သူဟာ ရှားလှပါတယ်၊ ဘုရားအဖြစ် တောင့်တသူများတွင် အချို့ နိယတဗျာဒိတ်မရမီ နောက်ဆုတ်

သွားသူတွေလဲ ရှိပါတယ်၊ နိယတဗျာဒိတ်ရသူက တစ်ဦးတစ်လေသာ ဖြစ်ပါတယ်၊ အဲဒီတစ်ဦး တစ်လေကလဲ ကမ္ဘာသဒ္ဓေများစွာ ပါရမီဖြည့်ရတဲ့အတွက် အချိန်ကာလ အလွန်ကြာမြင့်မှ ဘုရား အဖြစ် ပွင့်တော်မူရပါတယ်။ ဘုရားရှင်ကို ဖူးမြင်တွေ့ကြုံရဖို့ ခဲယဉ်းလှပါတယ်၊ ဒါ့ကြောင့် ပညာရှိတွေက "ဘုရားပွင့်ရာအခါနဲ့ ကြုံရခဲတယ်၊ တစ်ခါလွဲသွားရင် နောင် အတောမသတ် ကြာပေအုံးတော့မယ်၊ ကြုံတောင့်ကြုံခဲ ကြုံလာရတဲ့အခွင့်ကို မလွတ်စေသင့်"လို့ မဂ်ဖိုလ်ရရန် တသမတ်တည်း ကြိုးစားကြပါတယ်၊ ဒါ့ကြောင့် မြင်နိုင်ခဲတဲ့အနက်အရ ရတနာဆိုရင် ဘုရားရှင်ထက် မြင်ရခဲတဲ့ပုဂ္ဂိုလ်မရှိနိုင်တာမို့ ဘုရားကိုသာ ရတနာဆိုရပါမယ်။

**သူမြတ်တို့သာ၊ သုံးဆောင်ရာ၊ မှတ်ပါ ရတနာ [အနောမသတ္တပရိဘောဂဌေန ရတနံ]။** ။ **'သုံးဆောင်ရာ'** ဆိုတဲ့စကားမှာ မှီဝဲဆည်းကပ်ခြင်း, အဆုံးအမကို နာယူခြင်း, ဆုံးမတဲ့အတိုင်း လိုက်နာကျင့်ကြံခြင်းဖြင့် ဗောဓိပက္ခိယတရား, မဂ်ဖိုလ်တရားများကို ရယူခြင်းပင် ဖြစ်ပါတယ်၊ လောကီ ရတနာများကို လူယုတ်လူညံ့တွေပင် သုံးဆောင်နေကြရသည်မှာ ထင်ရှားပါတယ်၊ ဘုရားရတနာကတော့ လူညံ့တွေ သုံးဆောင်နိုင်တဲ့အရာမဟုတ်ပါ၊ စင်ကြယ်တဲ့ အရိယာသူမြတ်တွေနဲ့ အရိယာသူမြတ်ဖြစ်ရန် ရှေးကောင်းမှုရှိကြတဲ့ လူမွန် လူမြတ်တွေသာ သုံးဆောင်ရာဖြစ်ပါတယ်၊ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေသာ ဘုရားနဲ့နီးစပ်သူတွေ ဖြစ်ကြပါတယ်၊ မစင်ကြယ်သူ လူညံ့တွေဟာ ဘုရားနဲ့ ဝေးကွာသူတွေဖြစ်ကြောင်း **'ယေ ပုဂ္ဂလာ'**-ဂါထာအဖွင့်ကို ကြည့်ရင် သိနိုင်ပါတယ်၊ ဒါ့ကြောင့် သူမြတ်တွေသာ သုံးဆောင်ရာ ဖြစ်ခြင်း-အနက်အရ ရတနာဆိုရင် ဘုရားရတနာသာ သူမြတ်တွေရဲ့ သုံးဆောင်ရာ တကယ့်ရတနာ မည်ထိုက်ပါတယ်၊ ဘုရားရတနာဟာ မိစ္ဆာဒိဋ္ဌိများ, သဒ္ဓါမရှိသူ လူညံ့များရဲ့ သုံးဆောင်ရာမဟုတ်ပါ၊ တကယ့်ရှေးကောင်းမှုရှိသူ, မဂ်ဖိုလ်ရထိုက် သူ သာဝက, မဟာသာဝကတို့သာ သုံးဆောင်ရာဖြစ်လို့ **'အနောမသတ္တ ပရိဘောဂ'**အရ တကယ့် ရတနာပင် ဖြစ်ပါတယ်၊ ဘုရားကို ကိုးကွယ်ပါတယ်-ဆိုပေမယ့် ဘုရားရှင်ရဲ့တရား မရသူတွေဟာ အကောင်းဆုံး သုံးဆောင်မှု မဖြစ်သေးပါ၊ တရားကို ရပိုင်ခြင်းဖြင့် ဘုရားရတနာကို အကောင်းဆုံး သုံးဆောင်သူ ဖြစ်အောင် ကြိုးစားသင့်ကြပါတယ်။

**သစ္စာစကား၊ စွမ်းအင်များ၊ ထင်ရှားရှိလေပါ။** ။ သစ္စာအမျိုးမျိုးရှိရာတွင် အချို့အရာမှာ အမှန်အတိုင်း ဆိုတဲ့စကားကို 'သစ္စာ'လို့ ဆိုတယ်၊ အဲဒီသစ္စာကို 'ဝစီသစ္စာ'လို့ ခေါ်တယ်၊ မုသားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းကိုလဲ 'သစ္စာ'လို့ပင် ဆိုပြန်တယ်၊ အဲဒီသစ္စာကို 'ဝိရတိသစ္စာ'လို့ ခေါ်ပါတယ်၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ- ဒီလေးပါးကိုလဲ မှန်ကန်တဲ့ သဘာဝဓမ္မများဖြစ်တဲ့အတွက် 'သစ္စာ'

လို့ပင် ဆိုရပြန်ပါတယ်၊ အဲဒီသစ္စာကို 'အရိယသစ္စာ'လို့ ခေါ်ပြန်ပါတယ်၊ အဲဒီ ၄-ပါးအနက် တကယ် ထင်ရှားရှိပြီး မဖျက်စီးတတ် ကောင်းမြတ်တဲ့ သဘောဖြစ်တဲ့အတွက် နိဗ္ဗာန်ကို 'ပရမတ္ထသစ္စာ'လို့ ဆိုရပြန်ပါတယ်၊ အမှန်မဟုတ်ပေမယ့် မိမိက အမှန်-လို့ စွဲယူချက်အရ 'သစ္စာ'ဆိုရတဲ့ 'ဒိဋ္ဌိ သစ္စာ'လို့လဲ ရှိခဲ့ပြန်ပါတယ်။ အဲဒီသစ္စာအမျိုးမျိုးတွေအနက် **"စေတန သစ္စာန"**အရ သစ္စာက ဝစီသစ္စာ-ပင် ဖြစ်ပါတယ်၊ ဝစီသစ္စာက အဖြစ်အပျက် အမှန်ကို အမှန်အတိုင်း ပြောဆိုရတဲ့ သဘာဝ တစ်မျိုးပင် ဖြစ်ပါတယ်၊ အဲဒီသဘာဝဓမ္မက 'အဆိပ်ကို ပျောက်စေနိုင်ခြင်း, မီးကိုငြိမ်းစေနိုင်ခြင်း, မိုးကိုရွာစေနိုင်ခြင်း, ကောင်းကင်းမှာ ရပ်တည်စေနိုင်ခြင်း-စတဲ့ အံ့ဖွယ်အမျိုးမျိုးကို ဖြစ်စေနိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါတယ်။

**<u>ဝစီသစ္စာ၊ စွမ်းအင်မှာ၊ လျင်စွာ မြားဆိပ်ကျ</u>။** ■ ဇာတကပါဠိတော် မဟာနိပါတ် သုဝဏ္ဏသာမဇာတ်တော်[၂၅] မှာ အလောင်းတော် သုဝဏ္ဏသာမ မြားမှန်လို့ မြားဆိပ်အရှိန်နဲ့ တွေဝေမိန်းမောနေတဲ့အခါ မိဘနှစ်ပါးက "ငါတို့သား **သာမ**ဟာ တရားကျင့်သူ, မြတ်တဲ့အကျင့်ကို ကျင့်သူ, မှန်တဲ့စကားကို ပြောဆိုသူ, မိဘလုပ်ကျွေးသူ, အမျိုးမှာ အသက်ကြီးသူတွေကို ရိုသေတတ်သူ-ဖြစ်ပါတယ်၊ ငါတို့သား သာမကို ငါတို့အသက်ထက် ပိုမိုချစ်မြတ်နိုးကြပါတယ်၊ ဒီမှန်တဲ့ သစ္စာစကားကြောင့် ငါတို့သား သာမရဲ့ အဆိပ် လျော့ကျပါစေ"လို့ သစ္စာပြုခဲ့ပါတယ်။

လွန်ခဲ့တဲ့ ခုနစ်ဘဝက မိခင်တော်ဘူးတဲ့ ဗဟုသုန္ဒရီနတ်သမီးကလဲ "ငါဟာ ဂန္ဓမာဒနတောင်မှာ ကာလကြာမြင့်စွာ နေပါတယ်၊ ငဲ့သား သာမမှတပါး တခြားချစ်မြတ်နိုးတဲ့သူ မရှိပါ၊ ဒီဂန္ဓမာဒန တောင်မှာ သစ်ပင်မှန်သမျှ အမွှေးနံ့ ရှိကြပါတယ်၊ ဒီမှန်တဲ့သစ္စာစကားကြောင့် ငဲ့သား သာမရဲ့ မြား ဆိပ်ကျပါစေ" လို့ သစ္စာပြုပါတယ်။ အဲဒီဝစီသစ္စာတန်ခိုးတွေကြောင့် အဆိပ်ပြေပြီး မြားဒဏ်ရာပင် မထင်ပဲ ပကတိအတိုင်း ကျန်းမာချမ်းသာခဲ့ရပါတယ်။

**<u>သစ္စာဆိုမှ၊ မြွေဆိပ်ကျ၊ မှတ်ပ ဝစီသစ္စာ</u>။** ■ သစ္စာက သဘာဝဓမ္မတစ်ခုဖြစ်တဲ့အတွက် အမှန်ကို ဆိုခြင်းသာ ပဓာနဖြစ်ပါတယ်၊ ကောင်းတဲ့အရာ အချက်အလက်ကို ဆိုမှမဟုတ်ပဲ အဖြစ်အပျက် အမှန်ဖြစ်ပါက မကောင်းတဲ့အရာ အချက်အလက်ကိုပင် ဆိုပေမယ့် သစ္စာတန်ခိုးအစွမ်း ရှိပါတယ်။

---

[၂၅] ဇာတက၊ ၂ ၁၈၁-၁၈၃။ ဌ၊ ၆၊ ၁၀၂-၁၁၃။ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ပထမတွဲ၊ သုဝဏ္ဏသာမဇာတ်ကြီး။ ၃၃၃-၃၃၇။

ဇာတက ဒသကနိပါတ် ကဏ္ဍဒီပါယနဇာတ်တော်[၂၈၃]မှာ "မဏ္ဍဗျသူကြွယ်ဇနီးမောင်နှံဟာ ကဏ္ဍဒီပါယနရသေ့ထံ အဖူးအမြော်ရောက်ကြစဉ် တောင်ပို့တွင်းထဲကို ဂျင်နှိုက်တဲ့ ယညဒတ္တအမည်ရှိ သားကလေး မြွေကိုက်ခံရတဲ့အတွက် သစ္စာဆိုကြပါတယ်။

ကဏ္ဍဒီပါယနရသေ့က "ငါ ရသေ့အကျင့်မှာ ခုနစ်ရက်မျှသာ ပျော်ခဲ့ပါတယ်၊ ဒီနောက် အနှစ် ငါးဆယ်ကျော် မပျော်ပဲကျင့်နေရပါတယ်၊ ဒီသစ္စာစကားကြောင့် ယညဒတ္တကလေး ချမ်းသာပါစေ, အဆိပ်ကျပြီး အသက်ရှင်ပါစေ"လို့ ဆိုပါတယ်၊ အဆိပ်ဟာ ကလေးရဲ့နို့အထိ ကျဆင်းသွားပါတယ်။

ဒီ့နောက် ကလေးရဲ့ဘခင်က "ငါဟာ ပေးလှူမှုကို မနှစ်သက်ပါ၊ သူများကဲ့ရဲ့မှာစိုးလို့ မပေး လိုပဲ ပေးလှူနေရပါတယ်၊ ဒီသစ္စာစကားကြောင့် ငါ့သားရဲ့အဆိပ်ကျပါစေ"လို့ ဆိုပါတယ်၊ အဆိပ်ဟာ ကလေးရဲ့ခါးအထက်ထိ ကျဆင်းသွားပါတယ်။

ကလေးမိခင်ကလဲ "ငါဟာ သင်ချစ်သားကိုကိုက်တဲ့မြွေနဲ့ သင့်ဘခင်အပေါ်မှာ မချစ်တာ အတူတူပင် ဖြစ်ပါတယ်၊ ဒီသစ္စာစကားကြောင့် အဆိပ်ကျကာ ငါ့သား အသက်ရှင်ပါစေ"လို့ ဆိုပါ တယ်၊ အဲဒီအခါ အဆိပ်ဟာ လုံးဝကင်းပျောက်သွားပါတယ်။

မဟာကပိုနတ္ထေရဂါထာအဖွင့်အရ သစ္စာဓိဋ္ဌာန်ကြောင့်လည်းကောင်း, မဟာကပိုနတ္ထေရ အပဒါန် အရ ဝစိသစ္စာကြောင့်လည်းကောင်း မြစ်သုံးတန်ရေပြင်ကို မြေပြင်ပမာ ဖြတ်သွားနိုင်တာကို သိနိုင်ပါတယ်[၂၈၄]။ ဒီပရိတ် ၁၁-သုတ်အနက် ဝဋ္ဌသုတ်အရ ငုံးမင်းရဲ့သစ္စာကြောင့် တောမီးကွင်းသွားပုံ ကိုလည်းကောင်း, အင်္ဂုလိမာလသုတ်အရ အင်္ဂုလိမာလထေရ်ရဲ့သစ္စာကြောင့် ကိုယ်ဝန်လွယ်ကူစွာ မွေးဖွားနိုင်ပုံကိုလည်းကောင်း သိရပါလိမ့်မယ်။

ဘုရားရှင်ရဲ့ဂုဏ်တော်မှာ စင်စစ်ကေန် မှန်တဲ့အရာဖြစ်လို့ အဲဒီဘုရားဂုဏ်တော်ကို မှန် ကြောင်း သစ္စာဆိုခြင်းဖြင့် အန္တရာယ်ကင်းကာ ချမ်းသာခြင်းအကျိုးကို မပြီးစေပဲ မရှိနိုင်ပါ၊ ဒါ့ကြောင့် **"ဧတေန သစ္စေန သုဝတ္ထိ ဟောတု"**လို့ သစ္စာပြုခြင်း ဖြစ်ပါတယ်။

**၄။ ဝယံ ဝိရာဂံ အမတံ ပဏီတံ၊**
**ယ'ဒဇ္ဈဂါ သကျမုနီ သမာဟိတော။**
**နေ တေန မေ္ဒေန သမတ္ထိ ကိဉ္စိ၊**

---

[၂၈၃] ဇာတက၊ ၁၊ ၂၀၈-၂၁၁။ ဋ္ဌ၊ ၄၊ ၃၀-၃၆။ ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ၄၊ ၆၂၉-၆၃၃။

[၂၈၄] ထေရဂါထာ၊ ဋ္ဌ၊ ၂၊ ၁၈၀။ ထေရာပဒါန၊ ၂၊ ၁၂၀ (ခု၊ ၄၊ ၁၂၀)။

**ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

**ယ'ဒဏ္ဍဂါ= ယ ဒဇ်ဈဂါ→ယ ဒစ်ဈဂါ**

**ယဒဏ္ဍဂါ**–ကို **'ယံ အဏ္ဍဂါ'** လို့ ပုဒ်ဖြတ်ရတဲ့အတွက် **ယ'ဒဏ္ဍဂါ**–လို့ ဖတ်ပါ၊ **ယဒဏ္ဍဂါ**–ဟု မဖတ်ရ၊

**သကျမုနီ** (ပရိတ်ကြီးနိဿသစ်, စလင်း ပရိတ်ကြီး နိဿယ၊ ပရိတ္တသင်္ဂဟခေါ် ပရိတ်တော်ကြီး ပါဠိနိဿယ၊ မဟာဂန္ဓာရုံဆရာတော် ပရိတ်ပါဠိ ပရိတ်ကြီးနိဿယ၊သိရိမင်္ဂလာပရိတ်တော်)၊ [**မုနီ**–မှ ဆန်းကြောင့် **မုနီ**–ဟု ဒီဃဖြစ်]၊

**သကမုနီ** (မြင်းခြံ–၉–ဆောင်မှု မဟာပရိတ်တော်ကြီးနိသျသစ်၊ တွံတေး ပရိတ်ကြီးနိဿယ)၊

**သမတ္ထိ= သမတ်ထိ**

**ကိဠိ= ကိန်စိ**

**သမာဟိတော**–အရိယမဂ်သမာဓိဖြင့် တည်ကြည်သောစိတ် ရှိတော်မူသော၊ **သကျမုနီ**–သာကီနွယ်ဖွား ဘုရားရှင်သည်၊ **ဓယံ**–ကိလေသာလုံးစုံ ကုန်ပျောက်ရာဖြစ်သော၊ **ဝိရာဂံ**–ရာဂအတွယ် ပျောက်ပြယ်ကင်းရှင်းရာ ဖြစ်ပေထသော၊ **အမတံ**–သေခြင်းမရှိသော၊ ဝါ–သေခြင်းကင်းရာ ဖြစ်သော၊ **ပဏီတံ**–ထူးမြတ်လှသော၊ **ယံ**–အကြင်နိဗ္ဗာနဓာတ် တရားမြတ်ကို၊ **အဏ္ဍဂါ**–ရတော်မူခဲ့ပေပြီ၊ **တေန ဓမ္မေန**–ထိုနိဗ္ဗာနဓာတ် တရားမြတ်နှင့်၊ **သမံ**–တူသော၊ **ကိဠိ**–တစ်စုံတစ်ခုသော တရားမျိုးသည်၊ **နအတ္ထိ**–မရှိပေ၊ **ဓမ္မေ**–နိဗ္ဗာန်တရားတော်၌၊ **ဣဒမ္ပိ ရတနံ**–ဤရတနာသည်လည်း၊ ဝါ–ဤရတနာဟု သိသာဖွယ်အကြောင်း ဂုဏ်တော်အပေါင်းသည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဧတေန သစ္စေန**–ဤသစ္စာ စကားကြောင့်၊ သုဝတ္ထိ ဟောတု–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

အရိယမဂ်သမာဓိရှိတော်မူတဲ့ သာကီနွယ်ဖွား ဘုရားရှင်ဟာ ကိလေသာကုန်ရာ ရာဂအတွယ် ပျောက်ပြယ်ရာ သေခြင်းကင်းရာ ကောင်းမြတ်လှတဲ့ နိဗ္ဗာန်တရားတော်ကို သိမြင် ရရှိတော်မူခဲ့ပါတယ်၊ အဲဒီနိဗ္ဗာန်တရားတော်နဲ့ ဂုဏ်ရည်တူညီတဲ့တရား–ဆိုတာ မရှိတော့ပါ၊ နိဗ္ဗာန်တရားတော်မှာ ဒီရတနာ–လို့ သိနိုင်ကြောင်း ဂုဏ်တော်အပေါင်းကလဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

**အကောင်းဆုံးတရားမြတ် နိဗ္ဗာနဓာတ်။** ။ နိဗ္ဗာနဓာတ်ကို မတွေ့မသိရပဲ ဗုဒ္ဓမဖြစ်နိုင်ပါ၊ ပစ္စေကဗုဒ္ဓါ, အရိယသာဝကအဖြစ်မှန်သမျှ ဒီနိဗ္ဗာနဓာတ်ကို တွေ့ရသိရမှသာ ဖြစ်ကြရပါတယ်၊ ဒီသာသနာတော်မှာ နိဗ္ဗာန်ဟာ အရယူရန် လိုလားတောင့်တအပ်တဲ့ တရားတော်မြတ်ဖြစ်ပါတယ်၊ ဒဲ့ကြောင့် ဘုရားဂုဏ်တော်ကို ချီးကျူးပြီးနောက်မှာ ဘုရားဖြစ်ကြောင်း အကောင်းဆုံး တရားမြတ် နိဗ္ဗာနဓာတ်ကို ဂုဏ်ပြုလိုတဲ့အတွက် **"စယံ ဝိရာဂံ"**အစချီတဲ့ ဒီဂါထာကို ဟောတော်မူပါတယ်။

**နိဗ္ဗာန်နှင့်စပ်သွယ် သိမှတ်ဗွယ်များ**[၁]။ ။ နိဗ္ဗာန်ဆိုတာ အငြိမ်းဓာတ်ပင် ဖြစ်ပါတယ်၊ ကိလေသာတို့ရဲ့ ငြိမ်းအေးခြင်းသဘော, ရုပ်နာမ်ဓမ္မ သခါရတို့ရဲ့ ချုပ်ငြိမ်းခြင်းသဘောဖြစ်လို့ **'သန္တိလက္ခဏံ နိဗ္ဗာနံ"** (နိဗ္ဗာန်-လို့ သိရကြောင်း အမှတ်အသားမှာ ငြိမ်းခြင်းသဘောသာ)လို့ ဆိုပါတယ်၊ လောကမှာ ရောဂါရဲ့ ပျောက်ငြိမ်းခြင်း-စတဲ့ အငြိမ်းသဘော-လို့ ရှိရာ အဲဒီငြိမ်းခြင်းများမှာ မည်သို့မည်ပုံ-လို့ အထည်ပုံဟန်နဲ့ မပြနိုင်ပေမယ့် သဘာဝအားဖြင့်တော့ ရှိနေတဲ့ဓာတ်များပင် ဖြစ်ကြပါတယ်၊ အလားတူ ရုပ်နာမ်ဓမ္မ သခါရတို့ရဲ့ မဖြစ်တဲ့အနေနဲ့ ချုပ်ငြိမ်းခြင်း-ဆိုတဲ့ အငြိမ်းဓာတ်မှာ ထင်ရှားပေမယ့် ငြိမ်းအေးခြင်းတို့ရဲ့ သဘာဝအတိုင်း အထည်ပုံဟန် သဏ္ဌာန်နိမိတ်အနေနဲ့ ဘယ်လိုဘယ်ပုံ-လို့ ပြဖို့, သိစေဖို့တော့ မဖြစ်နိုင်ပါ၊ ဒဲ့ကြောင့် နိဗ္ဗာန်ကို ကိုယ်တွေ့ဆိုက်ရောက် မျက်မှောက်သိနေကြတဲ့ အရိယာတို့မှာ သခါရတို့လို နိမိတ်ပုံဟန်တို့ကို မမြင်ရပဲ သခါရတို့ရဲ့ မရှိခြင်း, ကင်းခြင်း, ပျောက်ငြိမ်းနေခြင်းကိုသာ သိလျက်ရှိနေတဲ့အတွက် **'အနိမိတ္တပဗ္ဗုပဗ္ဗာနံ** (နိမိတ်ပုံဟန်မရှိတဲ့ တရား-လို့ ယောဂီဉာဏ်မှာ ထင်မြင်ခြင်းရှိတယ်)'လို့ ဆိုခြင်းဖြစ်ပါတယ်။

ကိလေသာသခါရတို့ရဲ့ ချုပ်ငြိမ်း ကင်းပျောက်ခြင်း သဘောဖြစ်တဲ့အတွက်ပင် နိဗ္ဗာန်ကို ဟောရာမှာ တဏှာရဲ့ ချုပ်ငြိမ်းပျောက်ပြယ်ရာ, ရာဂ ဒေါသ မောဟ ကုန်ရာ-စတဲ့ ကိလေသာငြိမ်းရာအနေနဲ့လဲ ဟောခဲ့ပါတယ်၊ အချို့အရာမှာ စက္ခု-စတဲ့ အာယတနခြောက်ပါးတို့ရဲ့ ချုပ်ငြိမ်းရာအနေနဲ့ ဟောခဲ့ပါတယ်၊ ရုပ်နာမ် သခါရတို့ရဲ့ ချုပ်ငြိမ်းရာအနေနဲ့လဲ ဟောခဲ့ပါတယ်။

အချို့အရာမှာ ပထဝီ-စတဲ့ မဟာဘုတ်, အာကာသာနဉ္စာယတန-စတဲ့ အရူပနာမ်များ မရှိရာ ဒီဘဝ, နောက်ဘဝ, နေ, လ-စသည်တို့ မရှိရာအနေနဲ့ သခါရတို့နဲ့ တစ်ဖက်တစ်လမ်း ဆန့်ကျင်

---

[၁] ပရိတ်ကြီးနိဿယသစ် ၂၃၁-၂၃၈။

ဖက်အဖြစ် ဟောခဲ့ပါတယ်၊ ဒါ့ကြောင့်ပင် သခါရတို့လို အဖြစ်အနေနဲ့ ဂုဏ်မပြုနိုင်တော့ပဲ မဖြစ်အနေနဲ့သာ ဂုဏ်ပြုတော်မူလိုတဲ့အတွက် **"ဓယံ ဝိရာဂံ"**လို့ ဟောတော်မူပါတယ်။

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြင့် ရာဂ–စတဲ့ ကိလေသာများ ကုန်ပျောက်ရသည်ဖြစ်ရာ ကိလေသာကုန်ကြောင်းဖြစ်တဲ့အတွက် နိဗ္ဗာန်ကို **'ဓယ'**လို့ ဆိုရတယ်၊ နိဗ္ဗာန်ရဲ့ ငြိမ်းခြင်းအနက်ယူပြီး ရာဂ–စတဲ့ ကိလေသာတို့ရဲ့ **'အနုပ္ပါဒနိရောဓ** (နောင်တစ်ဖန် မဖြစ်ပေါ်သောအားဖြင့် ချုပ်ခြင်း)' အနေနဲ့ ကုန်ပျောက်ခြင်းမျှကို **'ဓယ'**လို့ အဋ္ဌကထာမှာ တစ်မျိုးဖွင့်ပါတယ်၊ ချုပ်ခြင်းကိုပင် ချုပ်ရာ–လို့ အာဓာရ–အနေနဲ့ ဟောတဲ့ ဒေသနာများအရ ဒီနေရာမှာ ကုန်ပျောက်ရာ–လို့ အနက်ပေးခဲ့ပါတယ်။

နိဗ္ဗာန်မှာ ရာဂ–စတဲ့ ကိလေသာ လုံးဝမရှိ၊ နိဗ္ဗာန်ကို ကိလေသာတို့ အာရုံပြုနိုင်ခွင့်လဲ မရှိကြ၊ ဒါ့ကြောင့် ယှဉ်ဖက်အနေနဲ့ကြည့်ကြည့်, အာရုံအနေနဲ့ ကြည့်ကြည့် ကိလေသာတို့နဲ့မယှဉ် လုံးဝကင်းလွတ်လျက် ရှိသည်ကိုသာ မြင်ရမည်ဖြစ်တဲ့အတွက် **'ဝိရာဂ'**လို့ ဆိုရတယ်။ ဒါ့အပြင် နိဗ္ဗာန်ကို မျက်မှောက်ပြုရရင် ရာဂ–စတဲ့ကိလေသာများ ပျောက်ပြယ်ကင်းရှင်းတဲ့အတွက် ရာဂကင်းကြောင်း အနက်အရလဲ **'ဝိရာဂ'**မည်တယ်၊ **'ဓယ ဝိရာဂ'**နှစ်ပုဒ်ဟာ သဒ္ဒါကွဲ ဗျုပ္ပတ်ကွဲပေမယ့် ကိလေသာ ချုပ်ခြင်းကိုပင် ဂုဏ်ပြုပါတယ်၊ နှစ်ပုဒ်လုံး ကိလေသာအားလုံး ကုန်ရာအဖြစ် အဋ္ဌကထာဖွင့်ပေမယ့် အနက်ကွဲပြားအောင်လို့ **ဝိရာဂ–**ကို ရာဂအတွယ် ပျောက်ပြယ်ကင်းရှင်းရာ–ဖြစ်တယ်လို့ ပေးခဲ့တယ်၊ **'တဏှာက္ခယ** (တဏှာကုန်ရာနိဗ္ဗာန်)လို့ဆိုရင် တဏှာသာမက အခြားကိလေသာအားလုံး ကုန်တာကိုပါ သိရသလို မှတ်ပါ၊ **'ဓယ–**ဒုက္ခခပ်သိမ်း ကုန်ငြိမ်းရာ)' စတဲ့အနက်ကိုလဲ ပေးနိုင်ပါတယ်။

လောကမှာ ပြင်းထန်တဲ့ရောဂါခံစားရပြီး ပျောက်ငြိမ်းသွားတဲ့အခါ အဲဒီလူမှာ ရောဂါရဲ့ အလွန်ဆိုးဝါးပုံနဲ့ ရောဂါပျောက်ငြိမ်းမှုရဲ့ သက်သာရာဟာ ကိုယ်တွေ့ဖြစ်ပါတယ်၊ အလားတူ ကိလေသာတို့ရဲ့ ဒုက္ခဖြစ်ကြောင်း မကောင်းပုံနဲ့ ထိုးကျင်ကိုက်ခဲတတ်တဲ့ ရောဂါပမာ လွန်စွာဆိုးဝါးပုံကို ဉာဏ်နဲ့မြင်ရတဲ့အခါ ကိလေသာတို့ရဲ့ အကျိုးမဲ့ပုံ ဂုဏ်မဲ့ပုံဟာ လွန်စွာထင်ရှားပါတယ်၊ အဲဒီလို ကိလေသာတို့ရဲ့အကျိုးမဲ့ပုံ ဂုဏ်မဲ့ပုံကို သိရတဲ့အခါ ကိလေသာတို့ရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရဲ့ တကယ့်အကျိုးစီးပွါးအဖြစ် တကယ့်ဂုဏ်အဖြစ်မှာ ထင်ရှားလာပါတော့တယ်၊ ဒါ့ကြောင့် **'ဓယ ဝိရာဂ'**မှာ ကိလေသာတို့ရဲ့ အကျိုးမဲ့ပုံ ဂုဏ်မဲ့ပုံအဖြစ်ကို ဉာဏ်နဲ့မြင်ရသူတို့အဖို့ တကယ့်မြတ်နိုးထိုက် အားကိုးထိုက်တဲ့ ဂုဏ်များဖြစ်တဲ့အတွက် **'နိဗ္ဗာန်တရားတော်'**ကို ဆိုခဲ့တဲ့ **'ဓယ ဝိရာဂ'**ဂုဏ်များနဲ့ ချီးကျူးခြင်း ဖြစ်ပါတယ်။

**‘ဥပ္ပါဒေါ သဒ္ဒါရာ, အနုပ္ပါဒေါ နိဗ္ဗာန်’**[၁၅]–ဖြစ်တဲ့တရားမျိုးက သဒ္ဒါရ, မဖြစ်တဲ့တရားမျိုးက နိဗ္ဗာန်’–ပါ၊ ဒီလိုပါဠိအထောက်အထားများအရ နိဗ္ဗာန်နဲ့ သဒ္ဒါရတို့ဟာ ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်တို့ဖြစ်ပါတယ်၊ ဆန့်ကျင်ဖက်ဖြစ်တဲ့အတွက်ပင် အဖြစ်တရားမျိုးဖြစ်တဲ့ သဒ္ဒါရတို့မှာ အငြိမ်းဓာတ်ကို ရှာမတွေ့သလို မဖြစ်တရားမျိုးဖြစ်တဲ့ နိဗ္ဗာနဓာတ်မှာလဲ သဒ္ဒါရတို့ရဲ့ အဖြစ်သဘောမျိုး လုံးဝရှာတွေ့လိမ့်မယ်မဟုတ်၊ သဒ္ဒါရတို့က အဖြစ်တရားမျိုးဖြစ်လို့ ဖြစ်ပေါ်မှု ဥပါဒ်ရှိတယ်၊ ဖြစ်တတ်လို့ ချုပ်မှုဘင်လဲ ရှိတယ်၊ ဖြစ်ပြီးရင် ချုပ်မြဲဖြစ်လို့ အဲဒီသဒ္ဒါရတို့ဟာ **‘မတ–သေဓာတ်’**တို့သာ ဖြစ်တယ်။ နိဗ္ဗာန်ကတော့ မဖြစ်တရားဖြစ်လို့ ဖြစ်ပေါ်မှု ဥပါဒ်မရှိ၊ ဥပါဒ်မရှိတဲ့အတွက် ချုပ်မှုဘင်လဲ မရှိပါ၊ အမြဲတန်း မပျက်တော့ပဲ တည်ရှိနေတဲ့ ထာဝရဓာတ် နိစ္စဓာတ်ဖြစ်လို့ **‘အမတ–မသေဓာတ်’**လို့ ဆိုရတယ်၊ ဒဲ့ပြင်နိဗ္ဗာန်ရရင် မသေရတော့ပြီ၊ အဲဒီလိုဖြစ်ရင် နိဗ္ဗာန်ဟာ မသေခြင်းရဲ့အကြောင်းဖြစ်တယ်၊ ဒဲ့ကြောင့်ပင် **‘အမတဟေတု တာယ ဘဂိဘာဝတော စ အမတံ** (မသေခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက်လည်းကောင်း, ပျက်မှု ဘင် မရှိတဲ့ အတွက်လည်းကောင်း **‘အမတ–မသေဓာတ်’**မည်တယ်–လို့ နေတ္တိအဋ္ဌကထာ (၁၁၉)မှာ ဖွင့်ဆို ထားပါတယ်။

နိဗ္ဗာန်ဟာ ဖြစ်လဲမဖြစ်, ချုပ်လဲ မချုပ်, ရုပ်နာမ်တို့ ချုပ်ငြိမ်းရာ, ရုပ်နာမ်တို့ မရှိရာ–လို့ ဆိုပါရင် နိဗ္ဗာန်က ပရမတ္ထအနေနဲ့ မရှိ, ဘာမျှမရှိတဲ့ **‘အဘာဝပညတ်’**သာ ဖြစ်ဖွယ်ရှိတော့တယ်–လို့ ဆိုဖို့ရှိ ပြန်ပါတယ်၊ လောကမှာ သဘာဝတရားများ ရှိပါတယ်၊ ဒီသဘာဝတရားများဟာ ဉာဏ်ရဲ့ အရာဖြစ်လို့ **‘သစ္ဆိကရဏ–**တိုက်ရိုက် မျက်မှောက်ပြုခြင်း’, **‘အတ္တပစ္စက္ခ–**ကိုယ်တွေ့မြင်သိခြင်း’–တို့ဖြင့် သိရတွေ့ရတဲ့ တရားများဖြစ်တယ်။ ပညတ်–ဆိုတာက သဘာဝအားဖြင့် မရှိ၊ အထင်အပြာသာဖြစ်လို့ သဘာဝတရားများလို သိရခြင်းမျိုးနဲ့ တွေ့နိုင် သိနိုင်တဲ့ တရားမျိုးမဟုတ်ပါ။ နိဗ္ဗာန်ကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ အာရုံဖြစ်လို့ အရိယာတို့ မျက်မှောက်ဆိုက်ထိ ကိုယ်တွေ့သိရတဲ့ ဓာတ်သဘောဖြစ်ရာ အဘယ်မှာ ပရမတ္ထအနေနဲ့ ထင်ရှားမရှိပဲ ရှိပါအုံးနည်း? (ပရမတ္ထအနေနဲ့ ထင်ရှားရှိသည်သာ)၊ ဒီအရာမှာ ဘုရားရှင်ရဲ့ ယုတ္တိပြပုံကို ဆက်လက်ပြပါဦးမယ်။

**‘အဇာတ–**မဖြစ်သဘော**နိဗ္ဗာန်’**က ပရမတ္ထအနေနဲ့ ထင်ရှားရှိနေတယ်၊ အဇာတသဘောမရှိရင် အဖြစ်သဘောရှိတဲ့ ရုပ်နာမ်ဓမ္မတို့ရဲ့ချုပ်ငြိမ်းခြင်း–ဆိုတဲ့ ထွက်မြောက်မှု–လို့ မရှိနိုင်ပါ၊ တကယ်စင်စစ်က အဇာတသဘော အမှန်ထင်ရှားရှိပါတယ်၊ ထင်ရှားရှိတဲ့အတွက်ကြောင့်ပင် ဇာတရုပ်နာမ်တို့ရဲ့ ချုပ်ငြိမ်းခြင်းဆိုတဲ့ ဝဋ်ဆင်းရဲမှ ထွက်မြောက်မှု **‘နိဿရဏ’**သဘော ထင်ရှားဖြစ်ရတယ်။ ဆိုလိုတာက

---

[၁၅] ပဋိသမ္ဘိဒါမဂ္ဂ၊ ၁၅။

မဂ္ဂဘာဝနာကိုမပွါးခဲ့ရင် ကိလေသာတို့ဟာ ဖြစ်မြဲဖြစ်နေကြမည်သာ ဖြစ်ပါတယ်၊ ကိလေသာတွေဖြစ်ရင် ခန္ဓာတွေလဲ ဖြစ်မြဲဖြစ်နေကြမည်ပင် ဖြစ်ပါတယ်၊ မဂ္ဂဘာဝနာကို ပွါးများသူဟာ မဂ်အခိုက်မှာ အငြိမ်းဓာတ်ကို တွေ့ရတယ်၊ အဲဒီအခိုက်မှာပင် ခန္ဓာချုပ်ငြိမ်းမှု, ခန္ဓာကိုဖြစ်စေတတ်တဲ့ အဘိသင်္ခါရဝိညာဉ်တို့ရဲ့ ချုပ်ငြိမ်းမှုများလဲ ပြီးစီးတယ်၊ အဲဒီအငြိမ်းဓာတ်ဟာ ပျောက်သွားတယ်မရှိ၊ ထာဝစဉ်တည်ရှိတော့တယ်၊ ဒါကြောင့်ပင် ရဟန္တာများမှာ စုတိအခြားမဲ့တွင် ဝဋ်ဒုက္ခသင်္ခါရတို့ လုံးဝချုပ်ငြိမ်းမှု ထင်ရှားလာရတော့တယ်။

ရုပ်နာမ်သင်္ခါရတို့ရဲ့ ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဆိုရင် အဲဒီချုပ်ငြိမ်းမှုကို 'ချမ်းသာ'လို့ ဘယ်လို ဆိုနိုင်မလဲ? **"ဒါရှင်တို့, ဤနိဗ္ဗာန်ကား ချမ်းသာပေတည်း"**လို့ မိန့်တော်မူတဲ့ အရှင်သာရိပုတ္တရာထေရ်ကို အရှင်ဥဒါယိက **"ဓံစားဖွယ်မရှိတဲ့ နိဗ္ဗာန်မှာ ဘယ်လို ချမ်းသာဖြစ်ပါသလဲ?"**လို့ မေးတော့ **"ဒီဓံစားမှု ဝေဒယိတ မရှိခြင်းသည်ပင် ချမ်းသာဖြစ်တော့သည်"** လို့ မိန့်တော်မူပါတယ်။

ကြောင့်ကြစိုက်ရခြင်း, ဒုက္ခနဲ့ရောနေခြင်း, အမြဲမတည် ပျက်စီးခြင်း, ပျက်စီးတဲ့အခါ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ဖြစ်ရခြင်း-စတဲ့ အပြစ်များလှတဲ့ ဒီဝေဒယိတသုခမှာ **'သန္တိ**-ငြိမ်းအေးခြင်း'ကို အလိုရှိတဲ့ ပညာရှိတို့အဖို့ စိတ်ပျက်ဖွယ် အတိသာ ဖြစ်တယ်၊ ကြောက်မက်ဖွယ် ဒုက္ခအဖြစ်သာ ထင်တယ်၊ ငြိမ်းအေးခြင်းရလေလေ ဒုက္ခအဖြစ်ပိုလို့ ထင်ရှားလေလေ ဖြစ်ရတယ်၊ **သုခ**-ဆိုတာ နုတ်နိုင်ပယ်နိုင်သမျှ ပိုလို့ရလာမြဲဖြစ်တယ်၊ ကာမချမ်းသာကိုပယ်ရင် ပဌမဈာန်ချမ်းသာရတယ်၊ အဲဒီပဌမဈာန်ချမ်းသာက ကာမချမ်းသာထက် ပိုလို့ချမ်းသာတယ်၊ ဝိတက်ဝိစာရကိုနုတ်တဲ့အတွက် ရအပ်တဲ့ ဒုတိယဈာန်ချမ်းသာက ပဌမဈာန်ချမ်းသာထက် ပိုချမ်းသာတယ်၊ ပီတိနုတ်လို့ရတဲ့ တတိယဈာန်ချမ်းသာက ဒုတိယဈာန် ချမ်းသာထက် ပိုချမ်းသာတယ်၊ သုခကိုနုတ်လို့ရတဲ့ စတုတ္ထဈာန်ချမ်းသာ, ရုပ်ကိုနုတ်ပယ်လို့ရတဲ့ အရူပ ဈာန်ချမ်းသာတို့က အဆင့်ဆင့်ပိုလို့ ချမ်းသာကြတယ်၊ အဲဒီထက်နာမ်တရားနဲ့ ရုပ်တချို့နုတ်လို့ ချုပ်ငြိမ်းတဲ့ **'နိရောဓသမာပတ်ချမ်းသာ'**ကား ပြောစရာမရှိ၊ ရုပ်နာမ်အားလုံး ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာမှာ ချမ်းသာတကာတို့ရဲ့ အထွတ်အထိပ်သို့ ရောက်တော့တယ်၊ **'ပရမသုခ'**ဖြစ်တဲ့အတွက် နိဗ္ဗာန်ရဲ့ ကောင်းမြတ်တဲ့ တရားအဖြစ်သိရတယ်၊ ကောင်းတဲ့ မြတ်တဲ့ အရာဆိုရင် အဲဒီအရာမှာ အပြစ်ကင်းခြင်း, ဂုဏ်ရှိခြင်းကြောင့်ပင် ဖြစ်တယ်၊ ကိလေသာတို့ကား တကယ့်အပြစ်များဖြစ်တယ်၊ ခန္ဓာတို့လဲ ဒုက္ခဖြစ်လို့ အပြစ်များပင် ဖြစ်ကြတယ်၊ အဲဒီအပြစ်များကင်းတဲ့ နိဗ္ဗာန်ကတော့ အလွန်ဂုဏ်တက်လို့ **'ပဏီတ'**လို့ ဆိုရတယ်။

**ယ'ဒဿ်ကါ-နီဇ္ဈာန်ရပြီ။** ။ **ယဒဿ်ကါ**တိ ယံ အဿကါ ဝိန္ဒိ ပဋိလဘိ၊ အတ္တနော ဉာဏဗလေန သစ္ဆာကာသိ- အဋ္ဌကထာ[၁၇]အရ **အဿကါ**-ကို ဝိန္ဒိ ပဋိလဘိ (ရပြီ)လို့ ဖွင့်တယ်၊ မိမိသန္တာန်မှာ မဂ် ဖိုလ်ဖြစ်တာကို မဂ်ရတယ်, ဖိုလ်ရတယ်-လို့ ဆိုတယ်၊ နိဇ္ဈာန်မှာ အဲဒီလိုဖြစ်တာတော့ မဟုတ်ပါ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းခေါ် ကိုယ်တွေ့သိခြင်းဖြစ်တယ်၊ ဒါ့ကြောင့် **'ဝိန္ဒိ ပဋိလဘိ'** ကိုပင် **'အတ္တနော ဉာဏဗလေန သစ္ဆာကာသိ** (မိမိဉာဏ်စွမ်းနဲ့ မျက်မှောက်ပြုပြီ)'လို့ အဋ္ဌကထာ ဖွင့်တယ်။

**သက္ခမုနီ သမာဟိတောဂေါ။** ။ နိဇ္ဈာန်က ဗဟိဒ္ဓတရားဖြစ်လို့ ပုဂ္ဂိုလ်မှ အလွတ်ဆိုရပေမယ့် ပုဂ္ဂိုလ်ရဲ့ ကိလေသာ ရုပ်နာမ်တို့ အနုပ္ပါဒနိရောဓအနေနဲ့ ချုပ်ငြိမ်းခြင်းသဘော, ပုဂ္ဂိုလ်ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် တွေ့ရတဲ့သဘောဖြစ်လို့ ပုဂ္ဂိုလ်နဲ့တော့ ကင်းလို့မဖြစ်ပါ၊ ဒါ့ကြောင့် နိဇ္ဈာန်ရရာ ပုဂ္ဂိုလ်ကို **'သက္ခမုနီ'** လို့ ညွှန်တော်မူတယ်၊ နိဇ္ဈာန်ကို ဘုရားမှတပါး အရိယာများလဲ သိကြတယ်၊ ဒါပေမယ့် **'ပရောပဒေသ** (သူတပါးနည်းပြမှု)'ကင်းပြီး လက်ဦးအစ မိမိဘာသာ သိတော်မူလာတဲ့ ပုဂ္ဂိုလ်ထူးကို ညွှန်လိုတဲ့အတွက် **ဘုရားကို နိဇ္ဈာန်သိတဲ့ ပုဂ္ဂိုလ်အဖြစ်** ပြခြင်းဖြစ်တယ်။

ဒီနေရာမှာ သာကီဝင်မျိုးမှ မွေးဖွားလာတဲ့အတွက် **'သက္ခ'**, မောနေယျဓမ္မ (မုနိဖြစ်ကြောင်း တရားများ)နဲ့ ပြည့်စုံတဲ့အတွက် **'မုနိ'= သက္ခမုနိ**-လို့ အမည်တော်ရပါတယ်။

---

[၁၇] ခုဒ္ဒကပါဋ၊ ဋ၊ ၁၅၀။ သုတ္တနိပါတ၊ ဋ၊ ၁၊ ၂၈၀။

**မောနေယျမွေ ၃–မျိုး**[၂၀၀]

၁။ **ကာယမောနေယျ**–ကာယဒုစရိုက် ၃–ပါးကို ပယ်ခြင်း (ခ) ကာယသုစရိုက် ၃–ပါးနှင့် ပြည့်စုံခြင်း၊

၂။ **ဝစီမောနေယျ**–ဝစီဒုစရိုက် ၄–ပါးကို ပယ်ခြင်း (ခ) ဝစီသုစရိုက် ၄–ပါးနှင့် ပြည့်စုံခြင်း၊

၃။ **မနောမောနေယျ**–မနောဒုစရိုက် ၃–ပါးကို ပယ်ခြင်း (ခ) မနောသုစရိုက် ၃–ပါးနှင့် ပြည့်စုံခြင်း။

**မုနိ ၆–မျိုး**[၂၀၉]------

၁။ **အာဂါရမုနိ**–လူပုဂ္ဂိုလ်၊

၂။ **အနာဂါရမုနိ**–ပုထုဇဉ် ရဟန်းသာမဏေ၊

၃။ **သေက္ခမုနိ**–သေက္ခပုဂ္ဂိုလ် ၇–ယောက်၊

၄။ **အသေက္ခမုနိ**–ရဟန္တာပုဂ္ဂိုလ်၊

၅။ **ပစ္စေကမုနိ**–ပစ္စေကဗုဒ္ဓါအရှင်မြတ်၊

၆။ **မုနိမုနိ**–မုနိတို့ရဲ့မုနိ ဘုရားရှင် သမ္မာသမ္ဗုဒ္ဓ။

**သမာဟိတော**–မှာ ရူပ, အရူပသမာဓိများပါ ဘုရားရှင်၌ ရှိနေပေမယ့် အဲဒီသမာဓိများနဲ့ နိဗ္ဗာန်ကို မရပါ၊ မဂ်သမာဓိ, ဖိုလ်သမာဓိများနဲ့သာ နိဗ္ဗာန်ကို ရပါတယ်၊ ရှေးဦးစွာ ရခြင်းကို ရတယ်–လို့ ဆိုပါတယ်၊ ရပြီးနောက် ဆက်လက်တည်နေတာကို ပိုင်တယ်, ထိန်းသိမ်းထားတယ်–လို့ ဆိုနိုင်တယ်၊ ဖလသမာဓိမှာ ဒီသဘောသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် '**သမာဟိတော**တိ အရိယမဂ္ဂသမာဓိနာ သမာဟိတစိတ္တော[၂၉၀]' လို့ ဖလသမာဓိကို မယူပဲ မဂ္ဂသမာဓိကိုသာ ယူရန် အဋ္ဌကထာများက ဖွင့်ပါတယ်။

---

[၂၀၀] သုတ်ပါထေယျ သင်္ဂီတိသုတ် (ဒီ၊ ၃၊ ၁၈၄။ ဋ္ဌ၊ ၃၊ ၁၈၆)။ အဝိုတ္တရနိကာယ် တိကနိပါတ် မောနေယျသုတ် (အံ၊ ၁၊ ၂၇၆–၂၇၇)။ ဣတိဝုတ် မောနေယျသုတ် (ခု၊ ၁၊ ၂၃၄)။ မဟာနိဒ္ဒေသ အဋ္ဌကဝဂ် ဝုဟဋ္ဌကသုတ္တနိဒ္ဒေသ (၄၄), မဟာဗျူဟသုတ္တနိဒ္ဒေသ (၂၆၀)၊ မဟာနိဒ္ဒေသ အဋ္ဌကထာ (၁၅၂)။ စူဋ္ဌနိဒ္ဒေသ ပါရာယနဝဂ် မေတ္တဂူမာဏဝပုစ္ဆာနိဒ္ဒေသ (၇၃)။

[၂၀၉] စူဋ္ဌနိဒ္ဒေသ ပါရာယနဝဂ် မေတ္တဂူမာဏဝပုစ္ဆာနိဒ္ဒေသ (၇၄)၊ ဋ္ဌ၊ ၃၀။ မဟာနိဒ္ဒေသ အဋ္ဌကနိပါတ် မဟာဗျူဟသုတ္တနိဒ္ဒေသ (၂၆၁)၊ ဋ္ဌ၊ ၁၅၂–၁၅၃။

[၂၉၀] ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ၊ ၁၅၁။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၈၀။

**အတုမဲ့ တရား။** ။ ဇာတ ရုပ်နာမ်တို့ရဲ့ ဆိုင်ရာ သဘာဝများနဲ့ အနိစ္စလက္ခဏာ–စသည်ကို အတော်အသိခက်ပါတယ်၊ သာမန်ဉာဏ်မျိုးရှိသူဟာ အဲဒီသဘာဝများကို သိရန်ပင် ထောက်တည်မရ ရှိပါတယ်၊ ဝိပဿနာဉာဏ်တို့ရဲ့ အရာသာဖြစ်ပါတယ်၊ အဇာတသဘောဖြစ်တဲ့ နိဗ္ဗာန်ကို မြင်ဖို့က သာလွန် ခက်ခဲလျက်ရှိပါတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်မှတပါး အခြားလောကီဉာဏ်တို့ဖြင့် ထောက်တည်ရာမရအောင် နက်နဲလှပါတယ်၊ အဲဒီလို နက်နဲတဲ့အတွက် သိမြင်နိုင်ရန် ခက်ခဲလှပါတယ်၊ **'အဇာတ**–မဖြစ်တရားဖြစ်လို့ပင် သဘာဝအနေနဲ့လဲ သိမ်မွေ့လှပါတယ်၊ နူးညံ့လှပါတယ်၊ ကိလေသာ, ရုပ်နာမ် ဖောက်ပြန်တတ်တဲ့ တရားတို့မှ လွတ်လျက်ရှိနေတဲ့အတွက် အလွန်လဲ ငြိမ်သက်, အလွန်လဲ ကောင်းမွန်လျက် ရှိပါတယ်၊ ဆိုခဲ့တဲ့ အကြောင်းများကြောင့် **"နတေန ဓမ္မေန သမတ္တိ ကိဉ္စိ**–နိဗ္ဗာန်နဲ့တူတဲ့တရား တစ်ခုမျှ မရှိ"လို့ ဂုဏ်ပြုခဲ့ပါတယ်။

**နိဗ္ဗာန်ရရေး ကြိုးစားပေးသင့်။** ။ နိဗ္ဗာနဓာတ်ဟာ အလွန်ထူးခြားတဲ့ တရားမြတ်ဖြစ်ပါတယ်၊ ထူးမြတ်ကောင်းမွန်တဲ့ နိဗ္ဗာနဓာတ်ကို ရယူနိုင်ခွင့်ရှိတာကတော့ သာသနာတော်ရဲ့ ထူးခြားတဲ့ ဂုဏ်တစ်ရပ်ပါပဲ၊ နိဗ္ဗာန်ရောက်ရန် လမ်းမှန်အကျင့်ကောင်းလဲရှိတယ်, ကျင့်တဲ့အတိုင်း နိဗ္ဗာနဓာတ်သို့ ဆိုက်လဲ ဆိုက်ရောက်နိုင်တယ်–ဆိုရင် သာသနာတော်နဲ့ ကြုံရတဲ့အခါမျိုးတွင် နိဗ္ဗာန်ရရေးမှာ လေးလေးစားစား ကြိုးစားသင့်ပါတယ်၊ ဒါပေမယ့် အလွန်နက်နဲ ခက်ခဲ သိမ်မွေ့တဲ့တရားဖြစ်လို့ သာမန်ဇွဲလုံ့လနဲ့တော့ မရနိုင်ပါ၊ လွန်စွာ ကြိုးစားခြင်းဖြင့် နိဗ္ဗာနဓာတ်သို့ ဆိုက်ကပ်နိုင်ကြပါစေ။

**နယိဒံ သိထိလ'မာရဗ္ဗ၊ နယိဒံ အပွေန ထာမသာ။**

**နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဂန္ထပွမောစနံ။**

နိဒါနဝဂ္ဂ၊ ဘိက္ခုသံယုတ် (သံ၊ ၁၊ ၄၆၆)

**သဗ္ဗဂန္ထပွမောစနံ**–အထုံးအဖွဲ့ ဂန္ထမှန်သမျှတို့ လုံးဝကျွတ်လွတ်ရာ ဖြစ်သော၊ **ဣဒံ နိဗ္ဗာနံ**–မြင်နိုင်ခဲ၍ နက်နဲကေန် ဤနိဗ္ဗာန်ကို၊ **သိထိလံ အာရဗ္ဗ**–ဝီရိယလျော့ ပေါ့ပေါ့ဆဆ အားထုတ်ကြ၍၊ **နအဓိဂန္တဗ္ဗံ**–ရနိုင်ဖို့ရာ မဖြစ်နိုင်ပါပေ၊ **ဣဒံ နိဗ္ဗာနံ**–ဇွဲအားသန်သူ လူချွန်များသာ ရရာအမှန် ပြည်နိဗ္ဗာန်ကို၊ **အပွေန ထာမသာ**–ဇွဲမာန်ကိုလျော့ ပေါ့ပေါ့တန်တန် သာမန်စွမ်းအားမျိုးဖြင့်၊ **နအဓိဂန္တဗ္ဗံ**–သိမ်မွေ့နက်နဲ ခက်အခဲမို့ မလွဲစင်စစ် ရဖို့ရန် မဖြစ်နိုင်ပေ။

၅။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိ၊
သမာဓိ'မာနန္တရိကည'မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
တေန သစ္စေန သုဝတ္ထိ ဟောတု။

**ဗုဒ္ဓသေဋ္ဌော**= ဗုတ်ဓသစ်ဋ္ဌော
**ပရိဝဏ္ဏယီ**= ပရိဝန်ဏာယီ
**မာနန္တရိကည**= မာနန်တရိကင်ည

**ဗုဒ္ဓသေဋ္ဌော**–ဘုရားမြတ်သည်၊ **ယံ သမာဓိ**–အကြင်အရိယမဂ် သမာဓိကို၊ **သုစိ**–ကိလေသာညစ်ကြေး အလွန်ကင်းဝေး စင်ကြယ်လှ၏ဟူ၍၊ **ပရိဝဏ္ဏယီ**–အနည်းနည်းအဖုံဖုံ ထုတ်ဖော် ချီးကျူးတော်မူခဲ့ပြီ၊ **ယံ သမာဓိ**–အကြင်အရိယမဂ် သမာဓိကိုပင်၊ **အာနန္တရိကံ**–မိမိ၏အခြားမဲ့၌ အကျိုးပေးတတ်၏ဟူ၍၊ **အာဟု**–ဘုရားအဆူဆူ မိန့်တော်မူကုန်ပြီ၊ **တေန သမာဓိနာ**–ထိုအရိယမဂ် သမာဓိနှင့်၊ **သမော**–တူညီသော သမာဓိမျိုးကား၊ **န ဝိဇ္ဇတိ**–မရှိချေ၊ **ဓမ္မေ**–အရိယမဂ်တရားတော်၌၊ **ဣဒမ္ပိ ရတနံ**–ဤရတနာ၏အဖြစ် နှစ်သက်ဖွယ်ကောင်း ဂုဏ်တော်အပေါင်းသည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **တေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

ရှင်တော်မြတ်ဘုရားက ကိလေသာကင်း အလွန်သန့်ရှင်းဖြူစင်တဲ့ အရိယမဂ်သမာဓိကို အနည်းနည်းအဖုံဖုံ ထုတ်ဖော်ချီးကျူးတော်မူခဲ့တယ်၊ ဒီအရိယမဂ်သမာဓိကိုပင် မိမိအခြားမဲ့မှာ အကျိုးကို ပေးတတ်တဲ့ အာနန္တရိကသမာဓိလို့လဲ ဘုရားရှင်များ မိန့်ကြားတော်မူခဲ့ပါတယ်၊ အဲဒီ အရိယမဂ်သမာဓိနဲ့တူညီတဲ့ သမာဓိကားမရှိပါ၊ အရိယမဂ်တရားတော်မှာ ရတနာရဲ့အဖြစ် နှစ်သက်ဖွယ် ဒီဂုဏ်ရည်လဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

**ဗုဒ္ဓသေဋ္ဌော–ဘုရားမြတ်။** ။ **"ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ"**အဋ္ဌကထာဖွင့်အရ သစ္စာလေးပါးကို သိတော်မူပြီးဖြစ်တဲ့အတွက် **'ဗုဒ္ဓ'**မည်တယ်၊ ဘုရားရှင်ရဲ့ အရဟတ္တမဂ်ဖြင့် သဗ္ဗညုတဉာဏ်လဲ တပါးတည်း အပြီးရောက်ခဲ့ပါတယ်၊ ဒါ့ကြောင့် သစ္စာလေးပါးကိုပင် သိတဲ့အတွက် အရဟတ္တမဂ်ကိုရပြီး

ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့မှာ ဒီဗုဒ္ဓအမည်တော်နဲ့ မသက်ဆိုင်တော့ပြီ၊ **"ဥတ္တမော ပသံသနီယော စာတိ ဧသဇ္ဈော"**အဋ္ဌကထာဖွင့်အရ သာလွန်ထူးမြတ် ချီးမွမ်းခံထိုက်တဲ့အတွက် **'ဧသဇ္ဈ'**လဲ မည်ပြန်တယ်။

တနည်းပြောရရင် **"ဗုဇ္ဈတီတိ ဗုဇ္ဈိ–"**ဆိုတဲ့ ဝိဂြိုဟ်အရ သာမညအနက်အားဖြင့် **'ဗုဒ္ဓ–**(သစ္စာလေးပါးကို) သိတတ်သူ', **အနုဗုဒ္ဓ**–ဘုရားမှတဆင့် သစ္စာလေးပါးကိုသိရတဲ့ သာဝက, **ပစ္စေကဗုဒ္ဓ**–နည်းညွှန်သူမရှိပဲ မိမိဘာသာ သစ္စာလေးပါးကိုသိနိုင်တဲ့ ပစ္စေကဗုဒ္ဓါ, **သုတဗုဒ္ဓ**–ပရိယတ္တိဗဟုသုတရှိတဲ့ ပညာရှိရဟန်း–တို့တွင် ထူးခွန်ချီးမွမ်းအပ်တဲ့ အမြတ်ဆုံးဗုဒ္ဓဖြစ်တဲ့အတွက် **ဗုဒ္ဓသေဋ္ဌ**–အမည်ရတယ်။

**<u>ဗုဒ္ဓအမျိုးအစား ၄–မျိုးပြား</u>**[၂၉၁]

၁။ **သဗ္ဗညုဗုဒ္ဓ**–သုံးဆယ်သောပါရမီတို့ကို ဖြည့်ကျင့်ပြီး အရဟတ္တမဂ်ဉာဏ်အရင်းခံတဲ့ သဗ္ဗညုတ ဉာဏ်သို့ရောက်ကာ အလုံးစုံကိုသိတော်မူတဲ့ မြတ်စွာဘုရား၊

**[ဗုဒ္ဓလောင်းလျာ ဤသုံးဖြာ**

---

[၂၉၁] စတ္တာရော ဟိ ဗုဒ္ဓါ သဗ္ဗညုဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါ စတုသစ္စဗုဒ္ဓေါ သုတဗုဒ္ဓေါတိ။ တတ္ထ သမတိံသ ပါရမိယော ပူရေတ္ဝာ သမ္မာသမ္ဗောဓိ ပတ္တော သဗ္ဗညုဗုဒ္ဓေါ နာမ။ ကပ္ပသတသဟဿာဓိကာနိ ဒွေ အသင်္ချေယျာနိ ပါရမိယော ပူရေတ္ဝာ သယမ္ဘုတံ ပတ္တော ပစ္စေကဗုဒ္ဓေါ နာမ။ အဝသေသာ ခီဏာသဝါ စတုသစ္စဗုဒ္ဓါ နာမ။ ဗဟုသုတော **သုတဗုဒ္ဓေါ** နာမ။ သဂါထာဝဂ္ဂအဋ္ဌကထာ ဒေဝတာသံယုတ် အပဉ္စိဝိဒိတသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၂၄)။ ဟတ္ထိတလေ အာမလကံ ဝိယ သဗ္ဗံ ဥယျဲ ဇာနာတီတိ သဗ္ဗညူ, တေနေဝ သဗ္ဗညုတာဘိသမ္ဗောဓေန ဗုဒ္ဓေါတိ **သဗ္ဗညုဗုဒ္ဓေါ**။ ပစ္စေကံ ပရေဟိ အသာဓာရဏာတာယ ဝိသုံ သယမ္ဘုဉာဏေန သစ္စာနိ ဗုဒ္ဓဝါတိ **ပစ္စေကဗုဒ္ဓေါ**။ ပရောပဒေသေန စတုသစ္စံ ဗုဇ္ဈတီတိ **စတုသစ္စဗုဒ္ဓေါ**။ တထာ ဟိ သော သယမ္ဘုတာယ အဘာဝတော ကေဝလံ စတုသစ္စဗုဒ္ဓေါတိ ဝုစ္စတိ။ သုတေန သုတမယဉာဏေန ခန္ဓာဒိဘေဒံ ဥယျဲ ဗုဒ္ဓဝါတိ **သုတဗုဒ္ဓေါ**။ သဗ္ဗညုဗုဒ္ဓပစ္စေကဗုဒ္ဓေ ဌပေတ္ဝာ အဝသေသာ အရဟာဝကမဟာသာဝကာဝ ပကတိသာဝကာဝ ဝိတရာဂါ **အဝသေသာ ခီဏာသဝါ**။ သဂါထာဝဂ္ဂသံယုတ်ဋီကာ ဒေဝတာသံယုတ် အပဉ္စိဝိဒိတသုတ်အဖွင့် (သံ၊ ဋီ၊ ၁၊ ၆၉။) စတ္တာရော ဟိ ဗုဒ္ဓါ သုတဗုဒ္ဓေါ, စတုသစ္စဗုဒ္ဓေါ, ပစ္စေကဗုဒ္ဓေါ, သဗ္ဗညုဗုဒ္ဓေါတိ၊ တတ္ထ ဗဟုသုတော ဘိက္ခု **သုတဗုဒ္ဓေါ** နာမ၊ ခီဏာသဝေါ **စတုသစ္စဗုဒ္ဓေါ** နာမ။ ကပ္ပသတသဟဿာဓိကာနိ ဒွေ အသင်္ချေယျာနိ ပါရမိယော ပူရေတ္ဝာ သာမံ ပဋိဝိဒ္ဓပစ္စေကဗောဓိဉာဏော **ပစ္စေကဗုဒ္ဓေါ** နာမ။ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ ဝါ အဋ္ဌ ဝါ သောဠသ ဝါ အသင်္ချေယျာနိ ပါရမိယော ပူရေတ္ဝာ တိဏ္ဏံ မဂ္ဂါနံ မတ္ထကံ မဒ္ဒိတ္ဝာ ပဋိဝိဒ္ဓသဗ္ဗညုတဉာဏော **သဗ္ဗညုဗုဒ္ဓေါ** နာမ။ အဂ်ိတ္ထရနိကာယ် ဇကကနိပါတအဋ္ဌကထာ ဇကပုဂ္ဂလဝဂ်အဖွင့် (အံ၊ ဋ္ဌ၊ ၁၊ ၉၀)။ **သုတဗုဒ္ဓေါ** နာမ သုတမယေန ဉာဏေန ဗုဇ္ဈိတဗ္ဗသ္မာ ဗုဒ္ဓတ္တာ။ **စတုသစ္စဗုဒ္ဓေါ** နာမ စတုန္နံ အရိယသစ္စာနံ အနဝသေသတော ဗုဒ္ဓတ္တာ။ **ပစ္စေကဗုဒ္ဓေါ** နာမ ပစ္စေကံ အတ္တနောယေဝ ယထာ စတုသစ္စသမ္ဗောဓော ဟောတိ၊ ဇဝံ ဗုဒ္ဓတ္တာ။ သမ္မာသမ္ဗုဒ္ဓေါ ဇဝ ဟိ ယထာ သဒေဝကဿ လောက–ဿ စတုသစ္စသမ္ဗောဓော ဟောတိ၊ ဇဝံ သစ္စာနိ အဘိဗုဇ္ဈတိ။ **စတ္တာရိ ဝါ အဋ္ဌ ဝါ သောဠသ ဝါ**တိ ဣဒံ ကတမဟာဘိနီဟာရာနံ မဟာဗောဓိသတ္တာနံ ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိကဝိဘာဂဝသေန ဝုတ္တံ။ "ပညာဓိကာနဉ္ဉိ သဒ္ဓါ မန္ဒာ ဟောတိ, ပညာ တိက္ခာ။ သဒ္ဓါဓိကာနံ ပညာ မဇ္ဈိမာ ဟောတိ။ ဝီရိယာဓိကာနံ ပညာ မန္ဒာ, ပညာနုဘာဝေန စ သမ္မာသမ္ဗောဓိ အဓိဂန္တ္ဗာ"တိ အဋ္ဌကထာယံ ဝုတ္တံ။ အဓိသေသေန ပန ဝိမုတ္တိပရိပါစနီယဓမ္မာနံ တိက္ခမဇ္ဈိမမုဒုဘာဝေန တယောပေတေ ဘေဒါ ယုတ္တာတိ ဝဒန္တိ။ (အံ၊ ဋီ၊ ၁၊ ၁၃၇။) သဗ္ဗပရိယတ္တိကော တေပိဋကော သုတဗုဒ္ဓေါ (ဒီ၊ ဋ္ဌ၊ ၂၊ မဟာသတိပဋ္ဌာနသုတ်အဖွင့်၊ ၃၃၇။)

**ပညာဓိကဘုရားလောင်း**မှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်ကျင့် ပြီး ဘုရားဖြစ်ရ၏၊ အလောင်းတော်ဘဝမှာ သဒ္ဓါနဲ့လျက် ပညာထက်၏။

**သဒ္ဓါဓိကဘုရားလောင်း**မှာ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်ကျင့်ပြီး ဘုရားဖြစ်ရ၏၊ အလောင်းတော်ဘဝမှာ ပညာအလယ်အလတ်ဖြစ်လျက် သဒ္ဓါထက်၏။

**ဝီရိယာဓိကဘုရားလောင်း**မှာ တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြစ်ကျင့်ပြီး ဘုရားဖြစ်ရ၏၊ ဘုရားလောင်းဘဝမှာ ပညာနဲ့လျက် ဝီရိယထက်၏။]

၂။ **ပစ္စေကဗုဒ္ဓ**–နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ပတ်လုံး ပါရမီတို့ကိုဖြည့်ကျင့်ပြီး ကိုယ်တိုင် သစ္စာ လေးပါးကိုသိတော်မူတဲ့ ပစ္စေကဗုဒ္ဓါ။[သူတပါးကို မသိစေနိုင်, မိမိတစ်ကိုယ်တည်းသာ ဆရာမရှိ သစ္စာလေးပါးကို သိတော်မူတဲ့ သီခြားသိပုဂ္ဂိုလ်၊ ဘုရားငယ်၊

၃။ **စတုသစ္စဗုဒ္ဓ**–သစ္စာလေးပါးကိုသိတော်မူပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်၊

၄။ **သုတဗုဒ္ဓ**–အကြားအမြင်များ၍ ကျမ်းဂန်၌ လိမ္မာသူ။

**ဒိဗုဒ္ဓသေဋ္ဌော**–ပါဠိက သဗ္ဗညုဘုရားအဖြစ်ကိုပြလျက် အမှန်အတိုင်း တရားအားလုံးသိသည်ကိုလည်းကောင်း, တရားမှန်ကိုသိတဲ့ ဘုရားရှင်ရဲ့ ညွှန်ပြတဲ့ နည်လမ်းဟာ နည်းမှန်လမ်းမှန် အစစ်ဖြစ်သည်ကိုလည်းကောင်း, အဲဒီနည်းအရ လိုက်နာသူတွေ့ တကယ်ရှိမည်ကိုလည်းကောင်း သိစေခဲ့ရာ ဒီ အတုမဲ့ဘုရားရှင်က ချီးကျူးအပ်တဲ့ မင်္ဂလာတရားမှာ အလွန်ကောင်းမြတ်တဲ့တရားဖြစ်လို့ မင်္ဂလာရကြောင်း အကျင့်များကို လိုက်နာကျင့်ကြံကြဖို့ အများတကာကို အားတက်စေပါတယ်။

**"ပရိဝဇ္ဇယိ"**ပါဠိကလဲ နိဗ္ဗာန်ရောက်ရန် လမ်းတွေအနက် ဒီအဋ္ဌင်္ဂိကမဂ်လမ်းကြောင်းမှာ ဘေးရန်ကင်းဝေး အေးချမ်းတဲ့လမ်းပဲ, မင်္ဂလာတို့တွင် အဋ္ဌင်္ဂိကမဂ်က အမြတ်ဆုံးပဲ-လို့ အဲဒီလို ချီးကျူးတော်မူခဲ့တာများကို ရည်ညွှန်းပါတယ်။

**"သုစိ"**ပါဠိကတော့ သာမန်စင်ကြယ်ခြင်း, တကယ်စင်ကြယ်ခြင်း နှစ်မျိုးလုံးနဲ့ ဆိုင်နေပေမယ့် မင်္ဂလာကို ချီးကျူးတဲ့ သုစိ-ဖြစ်ခြင်း, ဘုရားရှင် ချီးကျူးလောက်အောင် စင်ကြယ်တဲ့စင်ကြယ်ခြင်းဖြစ်လို့

တကယ်စင် ကြယ်ခြင်းကိုသာ ယူရမယ်လို့ **"သုစီန္တိ ကိလေသမလသမုဒ္ဃေဒကရဏာတော အစ္ဆန္တ ဝေါဒါနံ"**လို့ အဋ္ဌကထာ များ[၂၈]က ဖွင့်ပြကြပါတယ်။

လောကီကုသိုလ်များရဲ့ ကိလေသာပယ်မှုက တဒင်္ဂမျှသာ ဖြစ်တယ်၊ ဒီလောကီကုသိုလ်များမှာ အနုသယခေါ်တဲ့ အငုတ်ဓာတ်ကို အပြုတ်မဖြတ် အသေမသတ်နိုင်တဲ့အတွက် နောက်ထပ် ပေါ်လာစမြဲပင် ဖြစ်ပါတယ်၊ မဂ်ကတော့ တခါတည်း အငုတ်ဓာတ်ကို အပြုတ်သတ်နိုင်တဲ့အတွက် တကယ်စင်ကြယ်တဲ့တရား ဖြစ်ရပါတယ်။

**သမာဓိ'မာနန္တရိက'ည'မာဟု (သမာဓိ+အာနန္တရိက်+ယံ+အာဟု**–လို့ ပုဒ်ဖြတ်) **[သမာဓိမာနန္တရိကညာဟူ**တိ ယဉ္စ အတ္တနော ပဝတ္တိသမနန္တရံ နိယမေနေဝ ဖလဒါနတော "အာနန္တရိက သမာဓိ"တိ အာဟု။ န ဟိ မဂ္ဂသမာဓိမှိ ဥပ္ပန္နေ တဿ ဖလုပ္ပတ္တိနိသေဓကော ကောစိ အန္တရာယော အတ္ထိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၅၁။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၈၀)]–မဂ်ရဲ့အခြားမဲ့မှာ ကေန်ပုံသေ ဖိုလ်–ဆိုတဲ့ အကျိုးရှိတဲ့အတွက် မဂ္ဂသမာဓိ–ကို **'အာနန္တရိကသမာဓိ'**လို့ ဆိုရပါတယ်၊ မှန်ပါတယ်––မဂ္ဂသမာဓိ ဖြစ်ပြီးနောက် အဲဒီသမာဓိအဖို့မှာ ဖိုလ်ဖြစ်မှုကိုတားမြစ်တတ်တဲ့ တစ်စုံတစ်ရာ အန္တရာယ်မရှိပါ။

အခြားကုသိုလ်များဟာ ဖြစ်ပြီးနောက် ကာလကြာမှ အကျိုးပေးတတ်ကြပါတယ်၊ ဒီဌဓမ္မဝေဒနီယကံမျိုးပင် မိနစ်, နာရီ, ရက်, လ, နှစ်–စသည် ကွာခြားပြီးမှ အကျိုးပေးတတ်ပါတယ်၊ ဒီမဂ်(ကုသိုလ်)ကတော့ မိမိဖြစ်ပြီးရင်ပြီးခြင်း ကာလမခြားပဲ အကျိုးပေးသည်မှာ ထူးခြားတဲ့ဂုဏ်တစ်ရပ်ပင် ဖြစ်ပါတယ်၊ ဒီအာနန္တရိကဂုဏ်သည်ပင် တရားဂုဏ်တော် ဖ–ပါးအနက် အကာလိက (အခါမလင့် အကျိုးကိုပေးတတ်တဲ့တရား)လို့ မဂ်အတွက် သီးခြားဂုဏ်တစ်ရပ်အဖြစ် ပါဝင်ပါတယ်၊ ဒီလို အကျိုးပေးနိုင်တာကလဲ မဂ်ရဲ့ အရှိန်အဝါကြီးမားတဲ့အတွက်ကြောင့်ပင် ဖြစ်ပါတယ်၊ ဒါ့ကြောင့် ကိလေသာပယ်သတ်ရေးမှာ မဂ်ကတစ်ခါတည်း တစ်ကြိမ်တည်းနဲ့ အပြီးသတ် အကြွင်းမဲ့ ပယ်နိုင်ခြင်းဖြစ်ပါတယ်။

မဂ်နဲ့ပယ်ခြင်းကြောင့် ဖြစ်လာရတဲ့ အငြိမ်းဓာတ်အရသာကို ဖိုလ်က ခံစားရတယ်၊ အကြောင်းကောင်းရင် အကျိုးလဲ ကောင်းမြဲဖြစ်လို့ အကြောင်းမဂ်ကို ချီးမွမ်းရင် အကျိုးဖိုလ်ကိုလဲ အဝိနာဘာဝနည်း[၂၉]အနေနဲ့ ချီးမွမ်းရာ ရောက်တော့တယ်။

---

[၂၈] **သုစီန္တိ**–သုစီဟူသည်ကား၊ ကိလေသမလသမုဒ္ဃေဒကရဏာတော–ကိလေသာအညစ်အကြေးတို့ကို ဖြတ်တောက်ပယ်ရှားမှုပြုတတ်သောကြောင့်၊ **အစ္ဆန္တဝေါဒါနံ**–စင်စစ်ဖြူစင်လှသော။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၅၁။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၈၀။)

[၂၉] မကင်းတတ်သည်ကိုဆိုသဖြင့် မကင်းရာကိုလည်း ရသောနည်းသည် **အဝိနာဘာဝနည်း** မည်၏။ (သဒ္ဒါကြီးဟုဒ်စစ်စုံ၊ နည်းစစ်–နည်းလေးဆယ်၊ ၂၁၂။)

**<u>အတုမဲ့ သမာဓိ</u> (သမာဓိနာ တေန သမော နာ ဝိဇ္ဇတိ)။** ။ မိမိ မင်ကိုယ်တိုင်က အလွန်စင်ကြယ်ခြင်း, မိမိလို အလွန်စင်ကြယ်တဲ့ ဖိုလ်အကျိုးကို ပေးတတ်ခြင်း, အဲဒီအကျိုးပေးရာမှာ ကာလမခြားပဲ တဆက်တည်း အကျိုးကို ဖြစ်စေနိုင်ခြင်း–စတဲ့အကြောင်းဂုဏ်တွေကြောင့် ဒီအရိယမင်ဟာ **"အတုမဲ့ သမာဓိ"**ဖြစ်လို့ **"သမာဓိနာ တေန သမော နာ ဝိဇ္ဇတိ"** လို့ ဂုဏ်ပြုအပ်ပါတယ်။

ဒီအရိယမင်သမာဓိနဲ့အကျိုးဂုဏ်ရည်တူညီတဲ့ ရူပါဝစရ, အရူပါဝစရသမာဓိမရှိပါ။ အကြောင်းကတော့ အဲဒီ ရူပသမာဓိ, အရူပသမာဓိတွေကို ပွါးစေတဲ့အတွက် ဖြဟ္မာ့ပြည်မှာ ဖြစ်ရသူပင် ရှိစေကာမူ နောင်တစ်ချိန်ချိန်တွင် ငရဲစသည်မှာ ဖြစ်နိုင်သောကြောင့်လည်းကောင်း, ဒီအရဟတ္တမင်သမာဓိကို ပွါးများတဲ့အတွက် အရိယာပုဂ္ဂိုလ်မှာ အလုံးစုံသော ပဋိသန္ဓေတို့ကို အကြွင်းမရှိ ပယ်နိုင်သောကြောင့်လည်းကောင်း ဒီမဂ္ဂသမာဓိနဲ့တူတဲ့ သမာဓိ–မရှိလို့ အဋ္ဌကထာများ[၂၉] ဖွင့်ကြပါတယ်။

**<u>မင်္ဂအားလုံးယူ</u>။** ။ အဋ္ဌကထာတွေ အကြောင်းပြရာမှာ အရဟတ္တမင်ရဲ့အစွမ်းကို ထုတ်ပြခြင်းဟာ မင်လေးပါးတွင် အမြတ်ဆုံးကို ပြလိုတဲ့အတွက် ဥက္ကဋ္ဌနိဒ္ဒေသအနေနဲ့ နိုင်းယှဉ်ပြချက်ဖြစ်ပါတယ်၊ ဒီနိုင်းယှဉ်ချက်ကို ကြည့်ကာ "ယံ ဗုဒ္ဓသေဋ္ဌော"မှာ 'ယံ'ဖြင့် အရဟတ္တမင်သမာဓိကိုသာ ပရိတ်ဦးကာဆရာ[၃၀] က စွဲယူခဲ့ပါတယ်။ သုစိ, အာနန္တရိက–စတဲ့ ဂုဏ်များဟာ အောက်မင်များမှာလဲ ရှိနေကြပါတယ်၊ ရူပ, အရူပ သမာဓိများဟာ သောတာပတ္တိမင်ကိုပင် ဂုဏ်အားဖြင့် မမိနိုင်ကြပါ၊ အဲဒီမင်ခဏမှာ ဒီဋ္ဌစတဲ့ ကိလေသာတို့ကို ပယ်သတ်နိုင်ခြင်း, ခန္ဓာအဘိသင်္ခါရတို့ကို ပယ်စွန့်နိုင်ခြင်းတို့ကြောင့်ပင် မင်ရပြီးပုဂ္ဂိုလ်ဟာ အပါယ်ဘေးမှလွတ်ခြင်းစတဲ့ ဂုဏ်များမှာ ရူပါဝစရ, အရူပါဝစရ သမာဓိတို့၌ မရှိတဲ့ဂုဏ်များပင် ဖြစ်ပါတယ်။

သခ်ိတတရားတွေအနက် အဋ္ဌင်္ဂိကမင်က အမြတ်ဆုံးအဖြစ်ဟောတဲ့ဒေသနာမှာ အဋ္ဌင်္ဂိကမင်က မင်လေးပါးလုံးမှာ အဋ္ဌင်္ဂိကသာ ဖြစ်ပါတယ်၊ ဒီအကြောင်းများကြောင့် "ယံ–အကြင်အရိယ မင်သမာဓိ ကို"လို့ မင်သမာဓိ အားလုံးစွဲယူ အနက်ပေးတာ ကောင်းပါတယ်။

**နိဗ္ဗာန်ဆိုက်ရေး ယာဉ်ရထားအလား မင်တရား**။ ။ နိဗ္ဗာန်ကို ဆိုက်ရောက်ရေးမှာ အရိယမင်ဟာ အလွန်ထူးမြတ်တဲ့ ယာဉ်ရထားကောင်းဖြစ်ရာ အဲဒီယာဉ်ရထားကို ပိုင်အောင် ကြိုးစားကြဖို့ ဘုရားရှင်က အထပ်ထပ် အခါခါ မိန့်မှာတော်မူခဲ့ပါတယ်။

---

[၂၉] ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၅၂။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၈၁။

[၃၀] ဗုဒ္ဓသေဋ္ဌော အဂ္ဂမဂ္ဂသမာဓိ သုစိန္တိ ပရိဝတ္တယိ။ ယဉ္စ သမာဓိ အာနန္တရိကန္တိ အာဟ ဗုဒ္ဓါတိ ယောဇနာ၊ (ပရိတ္တဋ္ဌကာပါဋိ၊ ၄၈)။ ယံ အဂ္ဂမဂ္ဂသမာဓိ–အကြင်အရဟတ္တမင် သမာဓိကို၊ (ပရိတ္တဋ္ဌကာနိဿယ၊ ရတနသုတ်အဖွင့်၊ ၁၇၈။)

အဲဒီ အရိယမဂ်ယာဉ်ရထားကို ရဖို့ရာ ဝိပဿနာ (ပုဗ္ဗဘာဂဝိပဿနာ)ဆိုတဲ့ ယာဉ်ရထားတွေကိုလဲ ဆင်ထားပြီး အစဉ်သွားကြဖို့ ဘုရားရှင်က လမ်းပြခဲ့ပါတယ်၊ ဒီယာဉ်တွေကို ကိုယ်အား စိတ်အား ဝိရိယအားတွေနဲ့ ကြိုးစားမောင်းနှင် တွင်တွင်ကြီးသွားကြရင် နိဗ္ဗာန်ဆိုက်ရေး ဝေးလှမယ် မဟုတ်ကြောင်းကိုလဲ ဘုရားရှင်က အာမခံပေးတော်မူပါတယ်၊ ဒါ့ကြောင့် အဲဒီယာဉ်တွေနဲ့ နိဗ္ဗာန်ဆိုက်ကာ သံသရာမှ လွတ်မြောက်သွားကြတဲ့ အရိယာသူတော်စင်တွေကို အားကျလျက် ဝိပဿနာဟူသော ရှေ့သွား ယာဉ်ရထားများကိုဆင်ထားပြီး ကြိုးစားမောင်းနှင်ကြလျက် မဂ်ယာဉ်ရထား ဆင့်ဆင့်သွားနိုင်ကြကာ နိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်နိုင်ကြပါစေ။

**ဇတဒတ္တနိ သမ္မုတိ၊ ဗြဟ္မယာန် အနုတ္တရံ။**

**နိယျန္တိ ဓီရာ လောကမှာ၊ အညဒတ္ထု ဇယံ ဇယံ**[၂၉]။

(**ဇယသံ ဓီရာနံ**–အရိယမဂ္ဂင် စက်ရှင်တပ်ထား မြတ်ရထားကို လိုလားခုံမင် အကြင်ပညာရှင်တို့အား၊) **အတ္တနိ သမ္မုတိ**–ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိတွင်ဖြစ်ပေါ်လာသော၊ **အနုတ္တရံ**–ထွတ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထားယာဉ်အပါးဟု အစားရှာမရ အမြတ်ဆုံးဖြစ်ပေထသော၊ **ဇတံ ဗြဟ္မယာနံ**–အရိယမဂ္ဂင် စက်ရှင်ဆင်ထား ထိုယာဉ်ရထားတော်မြတ်သည်၊ **အတ္ထိ**–ကိုယ်ပိုင်မြင်အား အထင်အရှားရှိပေ၏၊ **ဇော ဓီရာ**–အရိယ မဂ္ဂင် စက်ရှင်ဆင်ထား ထိုပညာရှင်အများတို့သည်၊ **အညဒတ္ထု**–စင်စစ် ကေန်အမှန်ပင်၊ **ဇယံ ဇယံ**–ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျက် အောင်လျက်သာ၊ **လောကမှာ**–အမြဲကြိုရ ဘေးဒုက္ခဖြင့် သောကမကင်း လောကတွင်းမှ၊ **နိယျန္တိ**–ဒုက္ခဘက်ဆီ ပြန်မလည်ပဲ အမြဲအေးလျက် သက်သာရာရ လွတ်မြောက်တော်မူကြလေကုန်သတည်း[၃၀]။

၆။ **ဇယ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊**
**စတ္တာရိ တောနိ ယုဂါနိ ဟောန္တိ။**
**တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊**
**ဇတေသု ဒိန္နာနိ မဟပ္ဖလာနိ။**

---

[၂၉] မဟာဝဂ္ဂသံယုတ် (သံ၊ ၃၊ ၆။)

[၃၀] ပရိတ်ကြီးနိဿယသစ်၊ ၂၄၅-၂၄၆။

## ရတနာသုတ်နှင့်စပ်သွယ် သီမှတ်ဖွယ်

ကုဒ္ဒမို့ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ပုဂ္ဂလော= ပုဂ်ဂလော→ပုတ်ဂလော
ပသတ္ထော= ပသတ်ထော
စတ္တာရိ= စတ်တာရိ
ဟောန္တိ= ဟွန်တိ
ဒက္ခိဏေယျော= ဒက်ခိဏေယော
သုဂတသဿ= သုဂတတ်သ
ဒိန္နာနိ= ဒိန်နာနိ
မဟပ္ဖလာနိ= မဟပ်ဖလာနိ

**သတံ**–ဘုရားအစရှိသော သူတော်ကောင်းတို့.သည်၊ **ပသတ္ထော**–ချီးမွမ်းအပ်ကုန်သော၊ **ယေ ပုဂ္ဂလာ**–အကြင် အရိယာပုဂ္ဂိုလ်တို့.သည်၊ **အဋ္ဌ**–ရှစ်ယောက်တို့.သည်၊ **ဟောန္တိ**–ဖြစ်ကုန်၏၊ **ဧတာနိ**–ဤအရိယာပုဂ္ဂိုလ်တို့.သည်၊ **စတ္တာရိ ယုဂါနိ**–မဂ်ဖိုလ်နှစ်လိ အညီတွဲကုန်လေးစုံတို့.သည်၊ **ဟောန္တိ**– ဖြစ်ကုန်၏၊ **သုဂတသဿ**–ဘုရားရှင်၏၊ **သာဝကာ**–တပည့်သာဝကဖြစ်ကုန်သော၊ **တေ ပုဂ္ဂလာ**–ထို အရိယာပုဂ္ဂိုလ်တို့.သည်၊ **ဒက္ခိဏေယျာ**–ကံနှင့်အကျိုးမြော်ကိုးရည်သန် အလှူကောင်း အလှူမှန်ကို ခံတော်မူထိုက်ကြပေကုန်၏၊ **ဧတေသု**–ထို အရိယာ ပုဂ္ဂိုလ်တို့.၌၊ **ဒိန္နာနိ**–လှူအပ်သမျှ အလှူဒါနတို့.သည်၊ **မဟပ္ဖလာနိ**–ကြီးကျယ်ဖွံ့ဖြိုးအကျိုးရှိကြကုန်၏၊ **သံဃေ**–အရိယာသံဃာတော်၌၊ **ကုဒ္ဒမို့ ရတနံ**–ဤရတနာ၏အဖြစ်နှစ်သက်ဖွယ် ဂုဏ်တော်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဧတေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

ဘုရားအစရှိတဲ့ သူတော်ကောင်းတို့. ချီးမွမ်းအပ်တဲ့ အရိယာပုဂ္ဂိုလ်များမှာ ရှစ်ယောက်ဖြစ်ရာ စုံတွဲအနေနဲ့. လေးစုံဖြစ်ပါတယ်၊ ဘုရားရှင်ရဲ့တပည့်သာဝကဖြစ်ကြတဲ့ အရိယာတို့.ဟာ အလှူကောင်း အလှူမှန်ကို ခံထိုက်တော်မူထိုက်တဲ့ ပုဂ္ဂိုလ်တွေပင် ဖြစ်ကြပါတယ်၊ ဒီအရိယာပုဂ္ဂိုလ်တို့.အား လှူအပ်သမျှ အလှူဒါနတို့.မှာ အကျိုးကြီးမားလှပါတယ်၊

အရိယာသံဃာတော်မှာ ရတနာရဲ့အဖြစ် နှစ်သက်ဖွယ် ဒီဂုဏ်ရည်ဟာလဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာ ကြပါစေ။

**သံဃာ့ဂုဏ်တော် သစ္စာဖော်။** ။ မဂ်ဖိုလ် နိဗ္ဗာန်တရားတို့ဟာ ပုဂ္ဂိုလ်ကို အစွဲပြုလို့ ဖြစ်ရတဲ့ တရားများဖြစ်တယ်၊ ဒါကြောင့် ဒီတရားများရဲ့တည်ရာ သံဃာရဲ့ဂုဏ်ကိုဖော်လျက် သစ္စာပြုလိုတဲ့အတွက် **"ယေ ပုဂ္ဂလာ"**စတဲ့ဂါထာကို ဟောတော်မူပါတယ်။

**<u>ကိလေသာပယ်လစ် အရိယာဖြစ်</u>။** ။ **"ယေ ပုဂ္ဂလာ"**မှာ **'ပုဂ္ဂလာ'**အရ ပုဂ္ဂိုလ်အားလုံးနဲ့ သက်ဆိုင်နေပေမယ့် နောက်မှတွယ်ကပ်ပါလာတဲ့ **"အဋ္ဌ စတ္တာရိ ယုဂါနိ ဒက္ခိဏေယျာ"**စတဲ့ ပုဒ်များကို ထောက်ဆရင် **'အရိယာ'**ဆိုတဲ့ ပုဂ္ဂိုလ်ထူးကို ဟောပါတယ်၊ 'အရိယ'ရဲ့ အနက်မှာ **'ပရိသုဒ္ဓ** (စင်ကြယ်ခြင်း)'ဖြစ်ရာ 'စင်ကြယ်တဲ့ပုဂ္ဂိုလ်'ပင် ဖြစ်ပါတယ်။

**အရိယာ**–ဆိုတာ **'ပုထုဇ္ဇန'** [**ပုထု+ဇန**= **ပုထု**–ကိလေသာ အများအပြား+ **ဇန**–ဖြစ်စေသူ] ကိလေသာ အများအပြားဖြစ်စေသူ ကိလေသာထူပြောလှတဲ့ ပုထုဇဉ်အဖြစ်မှ ကိလေသာတွေကို ပယ်ရှားနိုင်ခြင်းအတွက် စင်ကြယ်တဲ့ အရိယာအဖြစ်သို့ ဆိုက်ရောက်သူ–လို့ ဆိုလိုပါတယ်၊ ဒီအရိယာအဖြစ်ရောက်ရန် ကိလေသာတွေကို ပယ်ရှားနိုင်ကြောင်းအလုပ်ကို လုပ်ရပါတယ်၊ ရုပ်နာမ် ခန္ဓာတို့ရဲ့ အရှိအဖြစ်ကို မမြင်ပဲ မရှိတဲ့ အတွေး အကြံ စိတ်ရဲ့ ဖန်တီးချက်တွေကို မြင်နေရလို့ ကိလေသာတွေ ဖြစ်ရတယ်၊ အမှန်ရှိတဲ့ ရုပ်နာမ်ကိုသာ ရှုမှတ်ဆင်ခြင်နေရင် ကိလေသာဖြစ်ခွင့်မရနိုင်ပါ၊ ဒီရုပ်နာမ်တွေကို အမှန်အတိုင်း ရှုနေတဲ့ ဉာဏ်က ကိလေသာတွေကို ပယ်ခွါနေပါတယ်၊ အဲဒီ ဉာဏ်ကို ဝိပဿနာ (အနိစ္စစတဲ့ အခြင်းအရာအနေနဲ့ အမျိုးမျိုး အဖုံဖုံ ရှုတဲ့) ဉာဏ်–လို့ ဆိုပါတယ်၊ အဲဒီ ဝိပဿနာဉာဏ်နဲ့ ကိလေသာတွေကို ပယ်လျက်ရှိနေရာ ဉာဏ်အဆင့်ဆင့် တက်လျက် ဉာဏ်အားရှိလာတဲ့အခါ သခ်ါရတို့ကို ရှုမြင်နေတဲ့ဉာဏ်မှ သခ်ါရတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ပို့ဆောင်တဲ့ မဂ်ဉာဏ်သို့ ဆိုက်ရောက်ရပါတော့တယ်၊ ပဌမဆုံး ရောက်ရတဲ့မဂ်မှာ သောတာပတ္တိမဂ်–ဖြစ်ပါတယ်၊ **သောတာပတ္တိမဂ္ဂ** [**သောတ**–အရိယာအဆင့်သို့+ **အာပတ္တိ**–အစဉ်း ရောက်သော+ **မဂ္ဂ**–မဂ်]–အရိယာအဆင့်သို့ အစဉ်းရောက်တဲ့ မဂ်။

ဒီမဂ်အခိုက်မှာ အလွန်တိုတောင်း လျင်မြန်လှပါတယ်၊ စိတ္တက္ခဏ တစ်ကြိမ်ခေါ်တဲ့ စိတ်တစ်ခုစာမျှ ဖြစ်ပါတယ်၊ အဲဒီအခိုက်ကို ပုဂ္ဂိုလ်တစ်ယောက်အဖြစ် သတ်မှတ်နိုင်တာက အဲဒီမဂ်စိတ်ရဲ့

ထူးခြားချက်ပင် ဖြစ်ပါတယ်၊ သောတာပတ္တိမဂ်စိတ်ရှေ့မှာ ဂေါတြဘူစိတ် (ပုထုဇဉ်အန္ဓယ်ကို ဖြတ်ကာ အရိယာအန္ဓယ်ကို ပေါင်းကူးပေးတဲ့စိတ်)ဖြစ်ပါတယ်၊ ဒီဂေါတြဘူက ဝိပဿနာရဲ့ နောက်ဆုံးစိတ်ဖြစ်ပါတယ်၊ အဲဒီစိတ်က ရှေးဝိပဿနာစိတ်တွေ ယူနေကျ သခ္ခါရအာရုံကိုလွှတ်ပြီး နိဗ္ဗာန်အာရုံကို စတင်ယူလိုက်ပါတယ်၊ ဒီလို ဂေါတြဘူစိတ်က နိဗ္ဗာန်အာရုံကို စတင်ယူလိုက်ခြင်းဖြင့် ပုထုဇဉ်အဖြစ် ဒီတွင် နေရစ်တော့လို့ ပြောဆိုသလို ကန့်သတ်ကာ မိမိယူထားတဲ့ နိဗ္ဗာန်အာရုံကို မဂ်သို့ ပြောင်းပေးလိုက်ပါတယ်၊ မဂ်က အဲဒီနိဗ္ဗာန်အာရုံကိုယူလျက် ဒီဠ္ဍ ဝိစိကိစ္ဆာ ကိလေသာ ၂-မျိုးနဲ့ အပါယ်လားကြောင်း အကုသိုလ်တွေကို အကြွင်းအကျန်မထားပဲ ပယ်သတ်ပါတော့တယ်၊ အဲဒီအခိုက်မှာ ကိလေသာမျှားသူအဖြစ် (ပုထုဇဉ်ဘဝ)မှ ကိလေသာစင် ကြယ်သူအဖြစ် (အရိယာဘဝ)သို့ ရောက်ခဲ့ရပါတယ်၊ အဲဒီအခိုက်ရောက်နေသူကို **"သောတာပတ္တိမဂ္ဂင်** (သောတာပတ္တိမဂ်မှာတည်နေတဲ့) ပုဂ္ဂိုလ်"လို့ ဆိုရပါတယ်။

**ဆက်လက်မှတ်သား အခြားအရိယာများ။** ။ မဂ်က ချက်ခြင်း အကျိုးပေးမြဲဖြစ်ရာ သောတာပတ္တိမဂ်စိတ်ဖြစ်ပြီးရင် ဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်[၉၇] ဆက်လျက် ဖြစ်ရပါတယ်၊ အဲဒီဖိုလ်မှစပြီး **"သောတာပတ္တိဖလဋ္ဌ** (သောတာပတ္တိဖိုလ်မှာတည်တဲ့)ပုဂ္ဂိုလ်"လို့ ဆိုရပါပြီ၊ အဲဒီဖိုလ်ပုဂ္ဂိုလ်ကိုပင် **"သောတာပန်"**လို့ခေါ်ခြင်း ဖြစ်ပါတယ်၊ မဂ်ခဏဟာ စိတ္တက္ခဏတစ်ချက် မပြောပလောက်တဲ့ အခိုက်အတန့်မျှသာဖြစ်လို့ ဖိုလ်နဲ့ပေါင်းကာ ပုဂ္ဂိုလ်တစ်ဦးတည်းအနေနဲ့ ဆိုက်လိုက်ပါတော့လား?လို့ ပြောစရာရှိပါတယ်၊ မဂ်ကခဏမျှ ဖြစ်လိုက်ရပေမယ့် အဲဒီခဏအတွင်း ဖြစ်ရတဲ့ မဂ်ရဲ့စွမ်းရည်အာနုဘော်ဟာ အလွန်ကြီးမားပါတယ်၊ ဒါ့အပြင် မဂ်နဲ့ဖိုလ်မှာ အခြေအနေမတူ ခြားနားကွဲပြားမှု ရှိနေပါတယ်။ အမှန်တော့ ဝိထိတစ်ခုထဲမှာ စိတ်တစ်ခဏလေးခြားရုံမျှနဲ့ 'မဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ်'လို့ ပုဂ္ဂိုလ် ၂-မျိုး ကွဲပြားခြားနားသွားရပါတယ်။

မဂ်ရဲ့ ကိလေသာကို ပယ်သတ်နိုင်တဲ့သတ္တိမျိုးဟာ ဖိုလ်မှာ မရှိပါဘူး၊ မဂ်က ကိလေသာကို ပယ်သတ်လိုက်တဲ့အတွက် ကိလေသာတွေ ငြိမ်းအေးမှု, နိဗ္ဗာန်ရဲ့ငြိမ်းချမ်းမှုတွေကို ဖိုလ်က ဆက်ခံသိမ်းပိုက်ရခြင်းသာ ဖြစ်ပါတယ်၊ လောကစကားအနေနဲ့, ပုဂ္ဂိုလ်တစ်ဦးတည်းကပင် ကောင်းမှုပြုခိုက် ကောင်းမှုပြုသူဖြစ်ပြီး နောင်အကျိုးခံစားရတော့လဲ အကျိုးခံစားရသူအဖြစ် အကြောင်းအကျိုးအရ

---

[၉၇] မန္ဒပုဂ္ဂိုလ်မှာ နှစ်ကြိမ်, တိက္ခပုဂ္ဂိုလ်မှာ သုံးကြိမ်

ပုဂ္ဂိုလ်တစ်ဦးစီ ကွဲပြားရသလို ဒီမှာလဲ အကြောင်းမဂ်နဲ့ အကျိုးဖိုလ်အရ ပုဂ္ဂိုလ်ကွဲပြားရခြင်းဖြစ်ပါတယ်။

သောတာပန်ပုဂ္ဂိုလ်ဟာ ကာမရာဂ, ဗျာပါဒတို့ကို ခေါင်းပါးစေဖို့ ဆက်လက်အားထုတ်တဲ့အတွက် မဂ်ရလာပြန်ရင် အဲဒီမဂ်က သကဒါဂါမိမဂ်ဖြစ်လို့ သောတာပန်ဘဝမှ **"သကဒါဂါမိမဂ္ဂဋ္ဌ** (သကဒါဂါမိမဂ်မှာ တည်တဲ့)ပုဂ္ဂိုလ်"အဖြစ် ရောက်ရပါတယ်၊ [**သကိ**–တစ်ကြိမ်+**အာဂါမိ**–ကာမဘုံသို့ ပဋိသန္ဓေအနေလာတဲ့ ပုဂ္ဂိုလ်+**မဂ္ဂ**–မဂ်+**ဋ္ဌ**–တည်သူ=တစ်ကြိမ် ကာမဘုံသို့ ပဋိသန္ဓေအနေလာတဲ့ ပုဂ္ဂိုလ်ရဲ့မဂ်မှာတည်သူ။] အဲဒီ သကဒါဂါမိမဂ်ကတော့ ကိလေသာအသစ်ကို မပယ်ပေမယ့် ရာဂ, ဒေါသ, မောဟတို့ကို အားနည်းသွားအောင် ပြုပါတယ်၊ မဂ်နောက်မှာ ဖိုလ်စိတ်ဖြစ်လာတဲ့အခါက စလို့ **"သကဒါဂါမိဖလဋ္ဌ** (သကဒါဂါမိဖိုလ်မှာတည်တဲ့)ပုဂ္ဂိုလ် ဖြစ်ရပါတယ်၊ အဲဒီပုဂ္ဂိုလ်ကိုပင် **'သကဒါဂါမ်'**လို့ ခေါ်ရပါတယ်။

သကဒါဂါမ်ပုဂ္ဂိုလ်ဟာ ဆက်လက် ဝိပဿနာအားထုတ်လို့ နောက်မဂ်ရရင် အဲဒီမဂ်က အနာဂါမိမဂ် ဖြစ်တဲ့အတွက် **"အနာဂါမိမဂ္ဂဋ္ဌ** (အနာဂါမိမဂ်မှာတည်တဲ့)ပုဂ္ဂိုလ်"လို့ ဆိုရတယ်၊ အဲဒီ ပုဂ္ဂိုလ်ကိုပင် **'အနာဂါမ်'**လို့ ခေါ်ရပါတယ်၊ [**အနာဂါမီ=နဲ+အာဂါမီ**–ကာမဘုံသို့ ပဋိသန္ဓေအနေနဲ့ မလာတော့ပြီဖြစ်တဲ့ ပုဂ္ဂိုလ်။] ကာမရာဂနဲ့ ဒေါသတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်လို့ ကာမဘုံမှာ မဖြစ်တော့ပြီ၊ ဒီဘဝမှ သေလွန်ရင် သုဒ္ဓါဝါသဘုံ[၂၉၉]မှာ ဖြစ်ရပါတယ်၊ အလိုရှိရင် အသညသတ်ဘုံမှတပါး အခြားဗြဟ္မာ့ဘုံတွေ မှာလဲ ဖြစ်နိုင်ပါတယ်။

အနာဂါမ်ဖြစ်ပြီး ဆက်လက်အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ မဂ်ရရင် အဲဒီမဂ်က အရဟတ္တမဂ်ဖြစ်လို့ အနာဂါမ်အဖြစ်မှ **"အရဟတ္တမဂ္ဂဋ္ဌ** (အရဟတ္တမဂ်မှာတည်တဲ့)ပုဂ္ဂိုလ်"အဖြစ် ရောက်ရပါတယ်၊ ဒီမဂ်က ကိလေသာတွေ အကုန်ပယ်သတ်နိုင်တဲ့အတွက် အဲဒီမဂ်ရဲ့ဖိုလ်မှစပြီး **"အရဟတ္တဖလဋ္ဌ** (အရဟတ္တဖိုလ်မှာတည်တဲ့)ပုဂ္ဂိုလ်"လို့ ဆိုရတယ်၊ အဲဒီပုဂ္ဂိုလ်ကိုပင် **'ရဟန္တာ'** ပုဂ္ဂိုလ်–လို့ ခေါ်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ **(ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္ထာယ**[၃၀၀] )အရ အကျင့်စခန်းတွင် လမ်းဆုံး အမြတ်ဆုံး ပန်းတိုင် လှမ်းကိုင်ရယူပြီးတဲ့အတွက် သာသနာ့ကိစ္စ အပြီးတိုင်ရောက်ရှိသွားတဲ့ **"အဂ္ဂဒက္ခိဏေယျ** (အမြတ်ဆုံး အလှူခံ)ပုဂ္ဂိုလ် ဖြစ်ပါတယ်။

---

[၂၉၉] **သုဒ္ဓါဝါသ=သုဒ္ဓ**–စင်ကြယ်တဲ့ အနာဂါမ်, ရဟန္တာ အရိယာ+ **အာဝါသ**–နေရာဘုံ (အနာဂါမ်, ရဟန္တာ အရိယာတို့နေရာဘုံ)

[၃၀၀] အနတ္တလက္ခဏသုတ်–စသည်။

အဲဒီလို ပုဂ္ဂိုလ်အသီးသီးအနေနဲ့ ရှစ်ယောက်, မဂ်ဖိုလ်အတွဲအနေနဲ့ လေးစုံဖြစ်တဲ့အတွက် **"ပုဂ္ဂလာ အဋ္ဌ, စတ္တာရိ ယုဂါနိ"** လို့ ဆိုပါတယ်။

**သူတော်ကောင်းများ ချီးမွမ်းခြား။ ရှစ်ပါးအရိယာ ပုဂ္ဂလာ (သတ် ပသတ္ထာ)။** ။ မိမိကိုယ်တိုင်က ဂုဏ်ရှိနေရင် တစ်ပါးသူရဲ့ဂုဏ်ကို ပိုမိုနားလည်နိုင်တယ်၊ သံဃာ့ဂုဏ်ကို သံဃာရထားတဲ့တရားမျိုးတွေ ရထားသူများက အတိအကျ သိကြသည်မှာ သဘာဝကျပါတယ်၊ **'သတ်'**အရ သူတော်ကောင်းဆိုတာ တိုက်ရိုက်အနေနဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကများကို ယူရပါတယ်၊ အခြားနတ်လူများလဲ မိမိက မဂ်ဖိုလ်မရသေးပေမယ့် မဂ်ဖိုလ်ရသူပုဂ္ဂိုလ်များရဲ့ အခြင်းအရာ, အမူအရာ, ကုန်ဆွေတွေကို မြင်လို့ မှန်းဆကြည်ညို ချီးမွမ်းနိုင်ကြပါတယ်။

**ဥပကာအမြင် ဘုရားရှင်။** ။ ဘုရားရှင် ဓမ္မစကြာတရားဟောရန် ကြွတော်မူစဉ် ဂယာရွာနဲ့ ဗောဓိပင်လမ်းခရီးအကြားမှာ ဥပကနဲ့ တွေ့တဲ့အခါ ဘုရားရှင်ရဲ့ကြည်လင်တဲ့ကုန်ဆွေတို့ကိုတွေ့ရတဲ့ ဥပကမှာ ဘုရားရှင်ရဲ့ပုဂ္ဂိုလ်ထူးအဖြစ်ကို သိခဲ့ပါတယ်[၃၀၁]။

**ဥပတိဿအထင် အဿဇိထေရ်ရှင်။** ။ ဥပတိဿပရိဗိုဇ် (အရှင်သာရိပုတ္တရာအလောင်း)က ပရိဗိုဇ်ကျောင်းသို့ သွားစဉ် အရှင်အဿဇိကို မြင်ရတဲ့အခါ ကုန်ဆွေတို့ရဲ့ကြည်လင်ပုံ, သွားပုံ လာပုံ, ကြည့်ပုံစတဲ့ အမူအရာတွေရဲ့ သူတကာနဲ့မတူ တမူထူးခြား သိမ်မွေ့တာများကို မြင်ရတော့ ဒီပုဂ္ဂိုလ်သန္တာန်မှာ တရားထူးရှိလိမ့်မယ်-လို့ သိရတယ်[၃၀၂]။

**ကောလိတအထင် ဥပတိဿဖြစ်အင်။** ။ ကောလိတပရိဗိုဇ် (အရှင်မဟာမောဂ္ဂလ္လာန်အလောင်း)က အဝေးမှပင် တရားထူးရပြီး ပြန်လာနေတဲ့ ဥပတိဿပရိဗိုဇ်ကို မြင်ရတဲ့အခါ သူရဲ့ကုန်ဆွေ အရေအဆင်း

---

[၃၀၀] **"စိပ္ပသန္နာနိ ဓေါ တေ အာဝုသော ဣန္ဒြိယာနိ**——ငဲ့ရှင်, အရှင်ရဲ့ကုန်ဆွေတို့ကား အထူးကြည်လင်ပါကုန်၏" (ဝိ၊ ၃၊ ပဉ္စဝဂ္ဂိယကထာ၊ ၁၁။ မ၊ ၁၊ ပါသရာသိသုတ္တ၊ ၂၂၇။ ခမ္ဗပဒ၊ ၄၊ ၂၊ ဥပကာဇီဝကဝတ္ထု၊ ၃၅၀။ သာရတ္ထဒီပနီ၊ ၌၊ ၃၊ ၁၆၃-၁၆၄။)

[၃၀၁] **ယဿာ ဓဝဎေါ ပတ္တဓိတော နာဟ နု ခိဉ္စပုတ္တါယော၊ ယေ လောကေ အရဟန္တော တါ အရဟတ္တမဂ္ဂံ တါ သမာပန္နာ၊ အယံ တေသံ တိက္ခုံနံ အညတရော**————**"စိပ္ပသန္နာနိ ဓေါ ပန တေ အာဝုသော ဣန္ဒြိယာနိ၊ ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော ပရိယောဒါတော**——၊-ဒီလို ရဟန်းမျိုးကို ငါမမြင်ဖူးဘူး။ လောကမှာ ဒီရဟန်းဟာ ရဟန္တာသော်လည်းကောင်း, အရဟတ္တမဂ်ဆိုက်ရောက်နေတဲ့ပုဂ္ဂိုလ်သော်လည်းကောင်း ဖြစ်မယ်၊---ငဲ့ရှင်, အရှင်ရဲ့ ကုန်ဆွေများဟာ အထူးကြည်လင်လှပါတယ်၊ ကိုယ်ရေအဆင်းကလဲ သန့်ရှင်းစင်ကြယ်လှပါတယ်---"။ (ခမ္ဗပဒ၊ ၄၊ ၁၊ သာရိပုတ္တတ္ထေရဝတ္ထု။ ၅၈။)

ထူးခြားပုံကို မြင်ရတဲ့အတွက် မိတ်ဆွေ ဥပတိဿ အမတတရား တွေ့ခဲ့ပြီဖြစ်ပုံရကြောင်း မှန်းဆသိခဲ့ပါတယ်[၃၀၃]။

**တဆင့်ကြားဘိ မှန်းဆသိ။** ။ သိဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ဝယ် အယျမိတ္တမထေရ်ဟာ ကဿကလိုဏ်ဂူမှာ သိတင်းသုံးနေပါတယ်၊ ဆွမ်းခံရွာမှ ဒါယိကာမကြီးတစ်ဦးက မထေရ်မြတ်ကို သားရင်းပမာ လုပ်ကျွေးပါတယ်၊ တစ်နေ့မှာ မထေရ်မြတ် ဆွမ်းခံကြွလာစဉ် တောသွားမယ့်မိခင်က "သမီး, ဟိုနေရာမှာ ဆန်ဟောင်းရှိတယ်၊ ဒိခွက်ထဲမှာ ထောပတ်ရှိတယ်၊ ဟိုဘက်မှာတော့ နို့ရည်ရှိတယ်၊ ဒီဘက်မှာတော့ တင်လဲရှိတယ်၊ သမီးရဲ့မောင် အယျမိတ္တ ကြွလာတဲ့အခါ ဆန်ဟောင်းကိုချက်ပြီး နို့ ထောပတ် တင်လဲတွေနဲ့ ဆွမ်းလှူလိုက်ပါ၊ သမီးလဲစားပါ၊ အမေကတော့ မနေ့က ချက်ထားတဲ့ ထမင်းကြမ်းကို ပုံးရည်နဲ့စားပြီးပါပြီ"၊ သမီးက "အမေ, နေ့လယ်စာတော့ ဘာစားမှာလဲ?"လို့ မေးပါတယ်၊ အမေက "သမီးရယ်, ငါ့အတွက် ဆန်ကွဲနဲ့ ဟင်းရွက်ရောချက်တဲ့ ယာဂုစိမံထားလိုက်ပေါ့ သမီးရယ်" လို့ သမီးကို မှာကြားနေပါတယ်။

ဒါယိကာမကြီးရဲ့ မှာကြားနေတဲ့စကားကို ကြားရတဲ့ မထေရ်မြတ်ဟာ "ရာဂ, ဒေါသ, မောဟ- ကိလေသာတန်းလန်းနဲ့ ဒိဆွမ်းကို မခံယူထိုက်ဘူး"လို့ သံဝေဂဖြစ်ကာ ကဿကလိုဏ်ဂူသို့ ပြန်သွားပြီး "ရဟန္တာ မဖြစ်ပဲ ဒိလိုဏ်ဂူထဲမှ မထွက်တော့"လို့ အဓိဋ္ဌာန်ပြုလျက် တရားအားထုတ်ရာ မကြာမီပင် ရဟန္တာဖြစ်ခဲ့ပါတယ်၊ မထေရ်မြတ်ဟာ အချိန်ရှိသေးတာနဲ့ ဆွမ်းခံကြွခဲ့ပါတယ်၊ ဒါယိကာမကြီးရဲ့သမီး ဆွမ်းလှူတဲ့အခါ မထေရ်မြတ်က "ချမ်းသာပါစေ"လို့ ဆုပေးပါတယ်၊ သမီးကလဲ မထေရ်ရဲ့မျက်နှာတော်ကို ဖူးမြော်တဲ့အခါ မျက်နှာအရေအဆင်းက အလွန်သန့်ရှင်းစင်ကြယ်လျက် ကွန္ဒြေတို့ကလဲ အလွန်ကြည်လင်နေပါတယ်၊ မျက်နှာတော်ဟာ အညာမှကြွေကျကာစ ထန်းသီးမှည့်လို အလွန်ပင် တင့်တယ်နေပါတယ်။

တောမှပြန်လာတဲ့ အမေက "သမီးရဲ့မောင် ဆွမ်းခံကြွလာသေးလား?"လို့မေးတော့ သမီးက "ယနေ့ မထေရ်မြတ်ရဲ့ကွန္ဒြေ မျက်နှာအရေအဆင်းများဟာ အလွန် ကြည်လင်လျက်ရှိကြောင်း"

---

[၃၀၃] **ကောလိတပရိဗွာဇကော တံ ဒူရတောဝ အာဂစ္ဆန္တံ ဒိသွာ "အဇ္ဇ မယှံ သဟာယကဿ မုဓဝဏ္ဏော နု အညဒိဝသေသု ဝိယ၊ အဒ္ဓါ တေန အမတံ အဓိဂတံ ဘဝိဿတီ"တိ အမတာဓိဂမံ ပုစ္ဆိ-** ကောလိတပရိဗိုဇ်ဟာ အဝေးမှ လာနေတဲ့ ဥပတိဿပရိဗိုဇ်ကို မြင်ရင် "ယနေ့ ငါ့သူငယ်ချင်းရဲ့ မျက်နှာအဆင်းဟာ အခြားနေ့တွေနဲ့ မတူဘူး၊ မချွတ်ဇကန် သူ အမြိုက်တရားထူး ရလာပြီ ဖြစ်လိမ့်မယ်"လို့ ယူဆကာ အမြိုက်တရား ရ မရမေးပါတယ်။ (ဓမ္မပဒ၊ ၄၊ ၁၊ ၅၉။)

ပြောပြရာ အမေက မထေရ်မြတ်ရဲ့ရဟန်းကိစ္စပြီးကြောင်းသိတဲ့အတွက် "သမီး, သမီးမောင်တော်ဟာ သာသနာတော်မှာ ပျော်ပြီး မငြီးငွေ့တော့ဘူး"လို့ ပြောဆိုပါတယ်[၃၀၄]။

**<u>သတိမရှိ ချို့မသိ</u>။** ။ ကိလေသာစင်ကြယ်တဲ့ ပုဂ္ဂိုလ်တို့စိတ်ဟာ အလွန်ယဉ်ကျေးပြီးဖြစ်လို့ သူတို့ကိုယ်အမူအရာ ဣန္ဒြေများ ထူးခြားသိမ်မွေ့နေတဲ့အတွက် မြင်ရသူတို့အဖို့ ချီးမွမ်းဖွယ်ရာ ဖြစ်နေရပါတယ်၊ ဒါပေမယ့် တခါတရံ မိမိက အမှတ်အမဲ့ သတိမထားတာကြောင့်ဖြစ်စေ, မိမိမြင်တွေ့ရတဲ့ ရဟန္တာရဲ့ သာမန်ပုဂ္ဂိုလ်များနဲ့ မထူးခြားတဲ့ အပြုအမူကြောင့်ဖြစ်စေ သာမန်ပုဂ္ဂိုလ်အနေ ထင်တတ်မြင်တတ်တာလဲ ရှိတတ်ပါတယ်။

**<u>ရဟန္တာမှန်းမသိ၊ ကဲ့ရဲ့ဘိ၊ ငယ်သည့်ရဟန်းတစ်ပါး</u>။** ။ တစ်ခါက ရွာတစ်ရွာမှာ မထေရ်ကြီးနဲ့ ရဟန်းငယ်တစ်ပါးတို့ ဆွမ်းခံဝင်ကြရာ ပထမဆုံးအိမ်၌ပင် ပူပူနွေးနွေး ယာဂုကို ခံယူကြတယ်၊ မထေရ်ကြီးမှာ လေနာရှိတဲ့အတွက် မိမိနဲ့သင့်တော်တဲ့ ယာဂုကို မအေးမိဘုဉ်းပေးမှပဲ–လို့ စဉ်းစားပြီး သစ်တုံးတစ်ခုပေါ်မှာထိုင်လျက် ဘုဉ်းပေးနေပါတယ်၊ ရဟန်းငယ်က "အလွန်ငတ်မွတ်နေတဲ့ ဒီရဟန်းကြီးကတော့ ငါတို့ကို အရှက်ရအောင်လုပ်ထာပဲ"လို့ ကဲ့ရဲ့ပြောဆိုပါတယ်၊ ကျောင်းပြန်ရောက်တဲ့အခါ မထေရ်ကြီးက "ငါ့ရှင်, ဒီသာသနာမှာ ဘယ်လောက် ထောက်တည်ရာ ရနေပြီလဲ?"လို့ မေးပါတယ်၊ ရဟန်းငယ်က "တပည့်တော် သောတာပန်ပါဘုရား"လို့ လျှောက်ထားတဲ့အခါ "ဒီလိုဆိုရင် အထက်မဂ်အတွက် အားမထုတ်နဲ့တော့၊ ငါ့ရှင်ဟာ ရဟန္တာကို စွပ်စွဲကဲ့ရဲ့မိချေပြီ"လို့ မထေရ်ကြီးက မိန့်ပါတယ်၊ ရဟန်းငယ်ဟာ ဝန်ချကန်တော့ပါတယ်၊ အရိယာကို စွပ်စွဲကဲ့ရဲ့တဲ့ကံလဲ ကျေပျောက်သွားပါတယ်[၃၀၅]။

---

[၃၀၄] သာ ဧကဒိဝသံ အရည် ဂစ္ဆန္တီ ဓိတရံ အာဟ "အမ္မ အသုကသ္မိ ဌာနေ ပုရာဏတဏ္ဍုလာ၊ အသုကသ္မိ သပ္ပိ၊ အသုကသ္မိ ခီရံ၊ အသုကသ္မိ ဖာဏိတံ၊ တဝ ဘာတိကဿ အယျမိတ္တဿ အာဂတကာလေ ဘတ္တံ ပစိတွာ ခီရသပ္ပိဖာဏိတေဟိ သဒ္ဒိ ဒေဟိ၊ တွဉ္စ ဘုဉ္ဇေယျာသိ။ အဟံ ပန ဟိယျော ပဏ္ဍပါရိဝါသိကဘတ္တံ ကဉ္စိယေန ဘုတ္တာမှိ"တိ။ "ဒိဝါ ကိ ဘုဉ္စိဿသိ အမ္မာ"တိ။ "သာကပဏ္ဍံ ပက္ခိပိတွာ ကဏတဏ္ဍုလေဟိ အမ္ဗိလယာဂုံ ပစိတွာ ဌပေဟိ အမ္မာ"တိ။---အယံ ခေါ ပန ပိဏ္ဍပါတော တယာ သရာဂေန သဒေါသေန သမောဟေန နသက္ကာ ဂဏ္ဍိတုန္တိ----"အရဟတ္တံ အပါပုဏိတွာ နနိက္ခမိဿာမိ"တိ ဂိရိယံ အဓိဋ္ဌဟိတွာ---အပွမတ္တော ဟုတွာ---ဝိပဿနံ ဝဍေတွာ --အရဟတ္တံ ပတွာ----ထေရဿ ဟိ တဒါ အတိဝိယ ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော အဟောသိ၊ ဝိပ္ပသန္ဓာနိ ဣန္ဒြိယာနိ၊ မုခံ ဗန္ဓနာ ပဝုတ္တတာလပတ္တံ ဝိယ အတိဝိယ ဝိရောစိတ္တ။----"အဇ္ဇ မမ ပုတ္တဿ ပဗ္ဗဇိကိစ္စံ မတ္ထကံ ပတ္တ"နှိ ဥတွာ "အဘိရမတိ တေ အမ္မ ဘာတာ ဗုဒ္ဓသာသနေ, နဥက္ကဏ္ဌတိ"တိ အာဟ။ (ဒီ၊ ၎၊ ၂၊ မဟာသတိပဋ္ဌာနသုတ်အဖွင့်၊ ၃၇၉-၃၈၀။)

[၃၀၅] ဝိသုဒ္ဓိမဂ္ဂ၊ ၂၊ အဘိညာနိဒ္ဒေသ၊ ၅၅-၅၆။

**ဆရာ တပည့်၊ တူနေဘိလည်း။ မိမိဆရာ၊ ရဟန္တာဟု၊ ဘယ်ဓါမသိ၊ ဖြစ်တုံဘီ၊ တပည့် ရဟန်းကြီး။** ။ စိတ္တလတောင်မှာနေတဲ့ ရဟန္တာမထေရ်ရဲ့ အလုပ်အကျွေး တောထွက်ရဟန်းကြီးတစ်ပါးဟာ တစ်နေ့တွင် မထေရ်မြတ်နဲ့အတူ ဆွမ်းခံသွာစဉ် "အရှင်ဘုရား, အရိယာဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ (**အရိယာ နာမ ဘန္တေ ကီဒိသာ**)?" လို့ မေးပါတယ်။

မထေရ်မြတ်က "ဒီလောကမှာ အချို့သက်ကြီးအိုမှာ အရိယာတို့ရဲ့ သပိတ်သင်္ကန်းကိုင်လျက် ဝတ်ကြီးဝတ်ငယ်ပြုကာ အတူသွားနေရပေမယ့် အရိယာမှန်း မသိ၊ ဒီမျှလောက် သိဖို့ခက်ပါတယ်, ငါ့ရှင်"လို့ မိန့်ပါတယ်၊ အဲဒီလို တိုက်ရိုက်နီးပါး ပြောဆိုတာတောင် ရဟန်းဟာ "အရိယာဆိုတာ ဘယ်လို ဘယ်ပုံလို့" မသိသေးပါ။ ဒါ့ကြောင့် သာမန်ပုဂ္ဂိုလ်များမှာ ဥာဏ်မပါပဲ ပကတိမျက်စိဖြင့် အရိယာအဖြစ်ကို မှန်းဆရာဝယ် မှန်တာလဲရှိ, မှားတာလဲ ရှိပေလိမ့်မယ်[၃၀၆]။

**<u>တစ်နည်းဖွင့်ထ အရိယာ ၁၀၈-ယောက်ပြ</u>။** ။ အဋ္ဌကထာများ[၃၀၇]မှာ "ယေ ပုဂ္ဂလာ အဋ္ဌ သတံ"တွင် အဋ္ဌနဲ့ သတံ-ကို တွဲပြီး **'အဋ္ဌသတံ'**-အရိယာပုဂ္ဂိုလ် တရဲ့ရစ်ယောက်အဖြစ် တစ်နည်း ဖွင့်ပြပါတယ်၊ အဲဒီအဖွင့်အရ "**ပသဋ္ဌာ**-ချီးမွမ်းအပ်ကုန်သော၊ **ယေ ပုဂ္ဂလာ**-အကြင်အရိယာပုဂ္ဂိုလ်တို့သည်၊ **အဋ္ဌသတံ**-တရဲ့ရစ်ယောက်တို့သည်၊ **ဟောန္တိ**-ဖြစ်ကုန်၏"လို့ အနက်ပေးပါ။

**အရိယာပုဂ္ဂိုလ် တရဲ့ရစ်ယောက်-----**

**<u>သောတာပန် ၃-မျိုး</u>**

၁။ **ကဋိဇီသောတာပန်**-ကာမဘုံမှာ တစ်ဘဝသာ ပဋိသန္ဓေနေခွင့်ရှိတဲ့ သောတာပန်၊

၂။ **ကောလံကောလသောတာပန်**-နှစ်ဘဝမှ ခြောက်ဘဝအတွင်း ပဋိသန္ဓေနေခွင့်ရှိတဲ့ သောတာပန်၊[၃၀၈]

၃။ **သတ္တက္ခတ္တုပရမသောတာပန်**-အလွန်ဆုံး ခုနစ်ဘဝသာ ပဋိသန္ဓေနေခွင့်ရှိတဲ့ သောတာပန်။

ဒီသောတာပန် ၃-မျိုးတွင် တစ်မျိုးတစ်မျိုးမှာ ပဋိပဒါ ၄-ပါးစီ ရနိုင်တဲ့အတွက် သောတာပန် ၁၂-ယောက် ရပါတယ်။

---

[၃၀၆] မ၊ ဋ္ဌ၊ ဘ၊ မူလပရိယာယသုတ်အဖွင့်၊ ၂၃။

[၃၀၇] ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ၊ ၁၅၂-၁၅၃။ သုတ္တနိပါတ၊ ဋ္ဌ၊ ဘ၊ ၂၈၁-၂၈၂။

**သကဒါဂါမ် ၃-မျိုး**

၁။ **ကာမသကဒါဂါမ်**–ကာမဘုံမှာ သကဒါဂါမိဖိုလ်ရတဲ့ သကဒါဂါမ်၊

၂။ **ရူပသကဒါဂါမ်**– ရူပဘုံမှာ သကဒါဂါမိဖိုလ်ရတဲ့ သကဒါဂါမ်၊

၃။ **အရူပသကဒါဂါမ်**–အရူပဘုံမှာ သကဒါဂါမိဖိုလ်ရတဲ့ သကဒါဂါမ်။

ဒီသုံးမျိုးတွင် တစ်မျိုးတစ်မျိုးမှာ ပဋိပဒါ ၄-ပါးစီ ရနိုင်တဲ့အတွက် သကဒါဂါမ် ၁၂-ယောက် ရပါတယ်။

**အနာဂါမ် ၅-မျိုး**

၁။ **အန္တရာပရိနိဗ္ဗာယီ**–တစ်စုံတစ်ခုသော သုဒ္ဓါဝါသဘုံမှာဖြစ်ပြီး အဲဒီဘုံရဲ့အသက်တမ်းအလယ်ကို မရောက်မီ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံမယ့် အနာဂါမ်၊

၂။ **ဥပဟစ္စပရိနိဗ္ဗာယီ**– တစ်စုံတစ်ခုသော သုဒ္ဓါဝါသဘုံမှာဖြစ်ပြီး အဲဒီဘုံရဲ့အသက်တမ်းအလယ်ကို ကျော်လွန်ပြီး ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံမယ့် အနာဂါမ်၊

၃။ **သသင်္ခါရပရိနိဗ္ဗာယီ**–လွန်ကဲတဲ့အားထုတ်မှု ပယောဂရှိသော ဝိပဿနာအကျင့်ဖြင့် အရဟတ္တမဂ်ကို ဖြစ်စေပြီး ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံမယ့် အနာဂါမ်၊

၄။ **အသင်္ခါရပရိနိဗ္ဗာယီ**– လွန်ကဲတဲ့အားထုတ်မှု ပယောဂမရှိသော ဝိပဿနာအကျင့်ဖြင့် အရဟတ္တမဂ်ကို ဖြစ်စေပြီး ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံမယ့် အနာဂါမ်၊

၅။ **ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ**–မိမိဖြစ်ရာ သုဒ္ဓါဝါသဘုံမှ အထက် အကနိဋ္ဌဘုံတိုင်အောင် တက်ပြီး အဲဒီအကနိဋ္ဌဘုံမှာပင် ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံမယ့် အနာဂါမ်။

ဒီ ၅-မျိုးဟာ အကနိဋ္ဌဘုံမှတပါး ကျန်သုဒ္ဓါဝါသ ၄-ဘုံမှာ အားလုံးရနိုင်တဲ့အတွက် ၂၀-ယောက်နဲ့

အကနိဋ္ဌဘုံမှာ ဥဒ္ဓံသောတ အကနိဋ္ဌဂါမိမှတပါး ကျန် ၄-မျိုးရနိုင်တဲ့အတွက် ၄-ယောက် စုစုပေါင်း အနာဂါမ် ၂၄-ယောက် ရရှိပါတယ်။

**ရဟန္တာ ၂-မျိုး**

၁။ **သုက္ခဝိပဿက**–သခ်ါရအမျိုးမျိုးကို သုံးသပ်၍ ဝိပဿနာပွါးများပြီး အရဟတ္တဖိုလ်ကို ရယူတဲ့ ရဟန္တာ၊

၂။ **သမထယာနိက**–သမာပတ်တရားကို အခြေခံပြု၍ ဝိပဿနာပွါးများပြီး အရဟတ္တဖိုလ်ကို ရယူတဲ့ ရဟန္တာ။

**မဂ္ဂဋ္ဌပုဂ္ဂိုလ် ၄–ယောက်**–မဂ်လေးပါး၌တည်နေကြတဲ့ ပုဂ္ဂိုလ် ၄–ယောက်။

သောတာပန် ၁၂–ယောက်+ သကဒါဂါမ် ၁၂–ယောက်+ အနာဂါမ် ၂၄–ယောက်+ ရဟန္တာ ၂–ယောက်+မဂ်ပုဂ္ဂိုလ် ၄–ယောက် စုစုပေါင်း ၅၄–ယောက် ဖြစ်တယ်၊ အဲဒီ ၅၄–ယောက်တို့မှာ **သဒ္ဓါဓုရ** (သဒ္ဓါရှေ့ဆောင်သူ), **ပညာဓုရ** (ပညာရှေ့ဆောင်သူ)–လို့ ၂–မျိုးစီ ရနိုင်တဲ့အတွက် အားလုံးပေါင်းရင် **'အဋ္ဌသတံ'**–အရိယာပုဂ္ဂိုလ် ၁၀၈–ယောက် ရရှိပါတော့တယ်။

**သူတော်ကောင်းချီးမွမ်းခံရ ကြောင်းရင်းက**။ ။ သူတော်ကောင်းတို့ရဲ့ချီးမွမ်းခြင်းကို ခံရသည်မှာ အဲဒီ ချီးမွမ်းခံရတဲ့ ပုဂ္ဂိုလ်တို့၌ ရှိနေတဲ့ သီလစသော ဂုဏ်တွေကြောင့် ဖြစ်ပါတယ်၊ စကားဝါပန်း, ချယားပန်း–စတဲ့ ပန်းများမှာ အဆင်းအနံ့များ ရှိသလို အရိယာတို့မှာ သီလ, သမာဓိ–စတဲ့ဂုဏ်တွေ ရှိရာ အဆင်း အနံ့ရှိတဲ့ ပန်းများကို လူတို့မြတ်နိုးကြသလို သီလ သမာဓိ–စတဲ့ဂုဏ်ရည်ရှိသော အရိယာတို့ကိုလဲ နတ်လူတို့ ချစ်ခင် မြတ်နိုးကြပါတယ်[၃၀၈]။

**အမြတ်အလူ၊ ခံထိုက်သူ၊ မှတ်ယူ ဒက္ခိဏေယျ**။ ။ **"ဒီပုဂ္ဂိုလ်က ငါ့ကို ဆေးကုပေးလိမ့်မယ်, ငါခိုင်းရာ လုပ်ပေးလိမ့်မယ် (ဒေ မေ ဣဒံ ဝေဇ္ဇကမ္မံ ဝါ ဇဃ်ပေသနိကံ ဝါ)"**ဆိုတဲ့ တစ်စုံတစ်ခု တောင့်တချက်နဲ့ လူတဲ့အလူကို **'ဒက္ခိဏာ'**မဆိုပါ၊ ကံ, ကံရဲ့အကျိုးကို ယုံကြည်လို့ လူတဲ့အလူကိုသာ **'ဒက္ခိဏာ'**ဆိုပါတယ်၊ ဒီစကားဖြင့် 'ဒက္ခိဏာ'အရ ကောင်းတဲ့အလူ, မြတ်တဲ့အလူ–လို့ ဘာသာပြန်ဆိုကြပါတယ်၊ ကံ, ကံရဲ့အကျိုးကို ယုံကြည်ပြီး လူတဲ့အလူဖြစ်တဲ့အတွက် ယုံကြည်သလောက် အကျိုးကြီးမြတ်ဖို့မှာ အလူခံ ပုဂ္ဂိုလ်က သီလစသည်နဲ့ ပြည့်စုံမှဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် သီလစတဲ့ဂုဏ်မရှိသောပုဂ္ဂိုလ်ကို မြတ်တဲ့ အလူခံထိုက်သူ–လို့ မဆိုနိုင်ပါ၊ ဒီအရိယာများမှာ အကျိုးကြီးမြတ်စေတတ်တဲ့ သီလစသော ဂုဏ်များ ရှိကြတဲ့အတွက် **"ဒက္ခိဏံ အရဟန္တီတိ ဒက္ခိဏေယျာ**–အလူကောင်း အလူမြတ်ကို ခံထိုက်ကြတဲ့ ပုဂ္ဂိုလ်များ" ဖြစ်ကြရပါတယ်။

**သုဂတဿ သာဝကာ (ဆရာကောင်းတပည့်တွေပါ)**။ ။ အဋ္ဌကထာများ[၃၀၉] မှာ **"သုဂတဿ သာဝကာ"** တွင် **'သုဂတ'**အရ 'ကောင်းတဲ့ နိဗ္ဗာန်သို့ ကြွတော်မူသော မြတ်စွာဘုရား၊ နောက်တနည်းက 'ကောင်းတဲ့ စကား (အပြစ်ကင်း၍ အကျိုးရှိတဲ့စကား)ကို မိန့်ဆိုတော်မူသော

---

[၃၀၈] ခုဒ္ဒကပါဋ္ဌ၊ ၆၊ ၁၅၂။ သုတ္တနိပါတ၊ ၆၊ ၁၊ ၂၈၁။

[၃၀၉] ခုဒ္ဒကပါဋ္ဌ၊ ၆၊ ၁၅၃။ သုတ္တနိပါတ၊ ၆၊ ၁၊ ၂၈၂။

မြတ်စွာဘုရား'လို့ အနက်ဖွင့်ဆိုပါတယ်။ **'သာဝက'**အရတော့ 'စကားကို နားထောင်သူ, နာယူသူ[၃၁၀]'လို့ ဆိုလိုပါတယ်၊ ဒီအနက်ပြန်ဆိုမှုအရ လောကမှာ ဆရာက ကောင်းပါလျက် ဆရာရဲ့စကားကို မလိုက်နာသူကို **"ဆရာကောင်းတပည့်"**လို့ မဆိုလိုကြပါ၊ ဆရာ့စကားကို ရိုသေစွာလိုက်နာသူကိုသာ **"ဆရာကောင်း တပည့်"** လို့ ဂုဏ်ပြုလိုကြပါတယ်၊ ဘုရားစကား လိုက်နာသူတိုင်း ပုထုဇဉ်ရော အရိယာပါ 'သာဝက'မည်ပေမယ့် ဒီနေရာ **"သုဂတဿ သာဝကာ"**မှာတော့ အရိယာတို့ကိုသာ "ဘုရားတပည့်"လို့ ဆိုရပါတယ်။

**<u>သာဝကနှင့်စပ် ပုဂ္ဂိုလ်လေးရပ်----</u>**

၁။ အရိယာသာဖြစ်ပြီး သာဝကမဟုတ်တဲ့ ပုဂ္ဂိုလ် ဘုရားနဲ့ ပစ္စေကဗုဒ္ဓါ၊

၂။ သာဝကသာဖြစ်ပြီး အရိယာမဟုတ်တဲ့ပုဂ္ဂိုလ် ဖိုလ်မရတဲ့ လူ (ရဟန်းရှင်လူများ)၊

၃။ အရိယာလဲမဟုတ် သာဝကလဲမဟုတ်ပုဂ္ဂိုလ် တိတ္ထိများ၊

၄။ အရိယာလဲဟုတ် သာဝကလဲ ဟုတ်တဲ့ပုဂ္ဂိုလ် ဖိုလ်ရပြီးတဲ့ ရဟန်းများ (ရဟန်းရှင်လူများ)-

လို့ အင်္ဂုတ္တရနိကာယ် ဧကကနိပါတ်အဌကထာ အစ္ဆရသဿ်ာဝဂ်အဖွင့် (အံ၊ ၌၊ ၁၊ ၄၈)မှာ ပါရှိရာ ဒီနေရာ၌ စတုတ္ထပုဂ္ဂိုလ်ကို ယူရပါမယ်၊ ဖိုလ်ရလူပုဂ္ဂိုလ်များလဲဆိုခဲ့တဲ့ သာဝက-အနက်နဲ့ညီတဲ့အတွက် အချို့ပါဠိတော် အဌကထာများ၌ အရိယာသာဝကအဖြစ် ဟောထား, ဖွင့်ဆိုထားပေမယ့် ဒီ **"သုဂတဿ သာဝကာ"**မှာတော့ သံဃအရာဖြစ်လို့ လူကိုမယူရ, ရဟန်းကိုသာ ယူရပါမယ်။

**မဟပ္ပလ ကျိုးကြီးလှ။ ။ "ဧတေသု ဒိန္ဒာနိ မဟပ္ပလာနိ"**အရ ဒကွိဏေယျ-မြတ်တဲ့အလှူကိုခံထိုက်တဲ့ အရိယာသာဝကတို့အား လှူရတဲ့အလှူက အကျိုးကြီးလှပါတယ်၊ အဲဒီပုဂ္ဂိုလ်တို့အား အနည်းငယ်ပင် လှူရစေကာမူ အကျိုးကြီးမြတ်လှတယ်၊ သိလစတဲ့ဂုဏ်က အလှူကို အကျိုးကြီးအောင်ပြုခြင်းဖြင့် အလှူကို စင်ကြယ်အောင် သုတ်သင်တတ်သည်ဖြစ်ရာ အလှူပေး, အလှူခံတို့ရဲ့ သိလစသည်ရှိခြင်းက

---

[၃၁၀] ဝစနံ သုဏန္တိတိ **သာဝကာ ။** (ခုဒ္ဒကပါဌ၊ ၌၊ ၁၅၃။ သုတ္တနိပါတ၊ ၌၊ ၁၊ ၂၈၂။) ဓမ္မံ သုဏန္တိတိ **သာဝကာ။** တရားနာယူသူ-ကို သာဝက-ခေါ်တယ်။(ဝိမာနဝတ္ထု၊ ၌၊ ဝိဟာရဝိမာန အဖွင့်၊ ၁၇၁။)

'ဒကျိုဏာ ဝိသုဒ္ဓိ–အလှူရဲ့စင်ကြယ်ခြင်း'ဖြစ်ရတယ်၊ ဒီမှာတော့ အလှူခံဘက်မှ ဒကျိုဏာဝိသုဒ္ဓိဖြစ်တဲ့ အတွက် အလှူအကျိုးကြီးရတယ်[၃၁၁]။

**ဒကျိုဏာဝိသုဒ္ဓိ ၄–ပါးရှိ ။** ။ ဥပရိပဏ္ဏာသပါဠိတော် ဒကျိုဏာဝိဘင်္ဂသုတ် (မ၊ ၃၊ ၂၉၉)မှာ ဒကျိုဏာ ဝိသုဒ္ဓိ လေးပါးကို ဟောပါတယ်။

၁။ အလှူပေးဒါယကာဘက်မှ သီလစင်ကြယ်ပြီး အလှူခံဘက်မှ သီလမစင်ကြယ်တဲ့ ဒါန (ဒါယကာက သီလဝန္တ, အလှူခံက ဒုဿီလ)၊

၂။ အလှူခံက သီလစင်ကြယ်ပြီး အလှူပေးဒါယကာက သီလမစင်ကြယ်တဲ့ ဒါန (အလှူခံက သီလဝန္တ, ဒါယကာက ဒုဿီလ)၊

၃။ အလှူခံရော အလှူပေးပါ နှစ်ဖက်လုံး သီလမစင်ကြယ်တဲ့ ဒါန (ဒုဿီလချည်း)၊

၄။ အလှူခံရော အလှူပေးပါ နှစ်ဖက်လုံး သီလစင်ကြယ်တဲ့ ဒါန (သီလဝန္တချည်း)။

**သံဃိကဒါန စိစစ်နည်းပြ။** ။ အရိယာသံဃာအား လှူခြင်းမှာ သံဃိက, ပုဂ္ဂလိက–လို့လာတဲ့ အရာ၌ သံဃာအား လှူခြင်းမျိုးမဟုတ်ပါ၊ အဲဒီနှစ်မျိုးအရဆိုရင် အရိယာသံဃာ တစ်ပါးပါးအား လှူခြင်းမှာ ပုဂ္ဂလိကဒါနသာ ဖြစ်တယ်၊ သံဃိကဒါန–ဆိုတာက ပုဂ္ဂိုလ်တစ်ပါး နှစ်ပါးစသည်ကို ရည်ရွယ်လျက် လှူခြင်းမျိုးမဟုတ်ပဲ သံဃာအပေါင်းအဖွဲ့အား လှူခြင်းဖြစ်ရာ အဲဒီအဖွဲ့မှာ သာမညဖြစ်လို့ အရိယာ သံဃာလဲပါ၊ သမ္မုတိသံဃာလဲ ပါလျက်ဖြစ်ပါတယ်၊ ဒါ့ကြောင့် အရိယာတစ်ပါးပါးအား လှူရတဲ့ ပုဂ္ဂလိကဒါနထက် အဲဒီသံဃာ့အဖွဲ့အား လှူရတဲ့ သံဃိကဒါနက ပို၍ အကျိုးကြီးရပါတယ်၊ ပုဂ္ဂလိက ဖြစ်စေကာမူ ဘုရားရှင်အား လှူရခြင်းမှာမူ ထိုသံဃိကဒါနထက် ပိုလို့အကျိုးကြီးတယ်–လို့ ခွင်းချက် အဆိုရှိပါသေးတယ်၊ ဒါ့ကြောင့် သံဃိကလှူတဲ့အခါ သမ္မုတိသံဃာများအား လှူရစေကာမူ အရိယာ သံဃာများကို ရည်မှန်းလျက် လှူဒါန်းသင့်ပါတယ်။

**တေသံ သုဒိန္နံ သုဟုတံ သုယိဋ္ဌံ၊**
**ယေ သံဃမုဒ္ဒိဿ ဒဒန္တိ ဒါနံ။**
**သာ ဒကျိုဏာ သံဃဂတာ ပတိဋ္ဌိတာ၊**

---

[၃] **တေသု ဒိန္နာနိ မဟပ္ဖလာနိ**တိ တေသု သုဂတသာဝကေသု အပ္ပကာနိပိ ဒါနာနိ ဒိန္နာနိ ပဋိဂ္ဂါဟကတော ဒကျိုဏာဝိသုဒ္ဓိဘာဝံ ဥပဂတတ္တာ မဟပ္ဖလာနိ ဟောန္တိ။ (ခုဒ္ဒကပါဌ၊ ၆၊ ၁၅၃။ သုတ္တနိပါတ၊ ၆၊ ၁၊ ၂၈၂။ ဝိမာနဝတ္ထု၊ ၆၊ ၁၇၈။)

**မဟပ္ပလာ လောကဝိဒူန ဝဏ္ဏိတာ**[၃၂]။

**ယေ**–အကြင်သူတို့သည်၊ **သံဃံ**–အရိယာသံဃာတော်ကို၊ **ဥဒ္ဒိဿ**–ရည်၍၊ **ဒါနံ**–အလှူကို၊ **ဒဒန္တိ**–သမ္မုတိသံဃာ၌ လှူဒါန်းကြကုန်၏၊ **တေသံ**–ထိုသူတို့သည်၊ **သုဒိန္နံ**–ကောင်းစွာ လှူအပ်သည်မည်ပေ၏၊ **သုဟုတံ**–ကောင်းစွာ ပူဇော်အပ်သည်မည်ပေ၏၊ **သုယိဋ္ဌံ**–ကောင်းစွာ လှူအပ်သော အလှူကြီးမည်ပေ၏၊ **သံဃဂတာ**–သံဃာ၌ ရောက်လျက်၊ **ပတိဋ္ဌိတာ**–တည်သော၊ **သာ ဒက္ခိဏာ**–ထို အလှူကို၊ **မဟပ္ပလာ**–ကြီး မြတ်သော အကျိုးရှိ၏ဟု၊ **လောကဝိဒူနံ**–လောကသိမြင် ဘုရားရှင်တို့သည်၊ **ဝဏ္ဏိတာ**–ချီးမွမ်းတော်မူအပ်၏။ (ပရိတ်ကြီးနိဿယသစ်၊ ၂၅၇။)

**ယေ**–အကြင်သူတို့သည်၊ **သံဃံ**–သိလ သမာ ပညာကျော်မော် သံဃာတော်ကို၊ **ဥဒ္ဒိဿ**–ရည်ညွှန်းမှန်းဆ၍၊ **ဒါနံ**–အလှူဒါန မြတ်ပုညကို၊ **ဒဒန္တိ**–သဒ္ဓါဖွေးဖြူ အရေးယူကာ ပေးလှူကြကုန်၏၊ **တေသံ**–ထို သံဃာကို ရည်မှန်း၍ လှူဒါန်းကြကုန်သောသူတို့၏၊ (**ဒါနံ**–သဒ္ဓါကြည်ဖြူ ပေးလှူခြင်းသည်၊) **သုဒိန္နံ**–ကောင်းစွာခွဲခြမ်း ပေးကမ်းလှူဒါန်းအပ်သည်လည်းမည်၏၊ **သုဟုတံ**–အဝေးမှဆောင်ယူ၍ ပေးလှူအပ်သည်ကို ခံယူထိုက်ခြင်း, ဤသည်တို့အား ရည်မှန်းထားသည်ကို ခံယူထိုက်ခြင်းဖြစ်၍ ထူးမြတ်သော ပူဇော်အပ်သည်လည်းမည်၏၊ **သုယိဋ္ဌံ**–ကြီးစွာသော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သည်လည်းမည်၏၊ **သံဃဂတာ**–သံဃာ၏ထံမှောက်သို့ရောက်သော၊ **ပတိဋ္ဌိတာ**–သံဃာ၌တည်သော၊ **သာ ဒက္ခိဏာ**–ထိုမြတ်သောအလှူကို၊ **မဟပ္ပလာ**–ကြီးမားဖွင့်ဖြိုး များမြတ်သော အကျိုးရှိ၏ဟူ၍၊ **လောကဝိဒူနံ**–လောကသုံးပါးကို ပိုင်းခြားသိမြင် ဘုရားရှင်တို့သည်၊ **ဝဏ္ဏိတာ**–သံဃာကိုရည်ညွှန်း၍ ချီးမွမ်းတော် မူအပ်လေသတည်း။ (ပဒေသာ ဝိမာနဝတ္ထုတော်ကြီး၊ ဒဒ္ဒလ္လဝိမာနဝတ္ထု၊ ၂၆၃။)

**ယေ သံဃမုဒ္ဒိဿ ဒဒန္တိ ဒါနန္တိ** ယေ သတ္တာ အရိယသံဃံ ဥဒ္ဒိဿ သမ္မုတိသံဃေ အန္တမသော ဂေါတြဘုပုဂ္ဂလေသုပိ ဒါနံ ဒဒန္တိ။ (ဝိမာနဝတ္ထု၊ ဋ္ဌ၊ ဒဒ္ဒလ္လဝိမာနဝဏ္ဏနာ၊ ၁၄၁။)

**ယေ သံဃမုဒ္ဒိဿ ဒဒန္တိ ဒါနန္တိ**–ဟူသည်ကား၊ **ယေ သတ္တာ**–အကြင်သတ္တဝါတို့သည်၊ **အရိယသံဃံ**–အရိယသံဃာကို၊ **ဥဒ္ဒိဿ**– ရည်မှန်း၍၊ **သမ္မုတိသံဃေ**–သမ္မုတိသံဃာ၌၊ **ဝါ**–သမ္မုတိသံဃာအား၊ **အန္တမသော**–အယုတ်ဆုံးအားဖြင့်၊ **ဂေါတြဘုပုဂ္ဂလေသုပိ**–ပုထုဇဉ်နွယ်ဖြတ် အရိယာနွယ်ဝင်ဝ ရောက်ကြသော ပုဂ္ဂိုလ်တို့၌ပင်လည်း၊ **ဝါ**–ဂေါတြဘူပုဂ္ဂိုလ်တို့အားပင်လည်း၊ **ဒါနံ**–အလှူကို၊ **ဒဒန္တိ**–ပေးလှူကြကုန်၏။

---

[၃၂] ဝိမာနဝတ္ထု။ ဒဒ္ဒလ္လဝိမာန၊ ၅၀၊ ဝိဟာရဝိမာန၊ ၆၂။ ဋ္ဌ၊ ၁၄၀။

မင်္ဂပုဂ္ဂိုလ်ဒါန လူနည်းပြ--

စိတ္တာကာရာ၊ တစ်ချက်မျှ၊ တည်ထ မင်္ဂပုဂ္ဂိုလ်၊
လူပုံလူနည်း၊ နိဿယည်း၊ အပြီး သိရလို၊
ဘယ်ပုံနည်းရ၊ ကျမ်းတော်က၊ ညွှန်ပြ နိုင်မည်ကို။

## မန္ဒပည (ဉာဏ်နံ့သူ)၏ မဂ္ဂဝိထိပုံ

ဘ "န ဒ မ ပ ဥ န ဂေါ မ ဖ ဖ" ဘ

ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ

**မဂ္ဂဝိထိ**က သောတာပတ္တိမဂ္ဂ, သကဒါဂါမိမဂ္ဂ, အနာဂါမိမဂ္ဂ, အရဟတ္တမဂ္ဂဝိထိ-လို့ လေးမျိုးရှိပါတယ်၊ ဒီလေးမျိုးတွင် သောတာပတ္တိမဂ္ဂဝိထိ ဖြစ်ဟန်မှာ---တောဘူမက (ဘုံသုံးပါး၌ဖြစ်တဲ့)သဓီရတို့ အပေါ်ဝယ် အနီစွ-စတဲ့အခြင်းအရာဟာ လွန်စွာထင်လာသဖြင့် မင်္ဂရခါနီးလာတဲ့အခါ---ဘဝင် စလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, မန္ဒပည ဒန္ဓာဘိညပုဂ္ဂိုလ်[၃၃] ၌ "ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု"လို့ ဥပစာရ သမာဓိဇော လေးကြိမ်, မင်္ဂဇော တစ်ကြိမ်, ဖိုလ်ဇော နှစ်ကြိမ်၊ တိကွပည ခီပွါဘိညပုဂ္ဂိုလ်[၃၄] ၌ "ဥပစာ, အနုလုံ, ဂေါတြဘု"လို့ ဥပစာရသမာဓိဇော သုံးကြိမ်, မင်္ဂဇော တစ်ကြိမ်, ဖိုလ်ဇောသုံးကြိမ် ဖြစ်တယ်။

အရိယာပုဂ္ဂိုလ်တို့အား လူအပ်တဲ့အလူဟာ အကျိုးကြီးတယ်-လို့ ဆိုပါတယ်၊ ဖိုလ်ပုဂ္ဂိုလ် လူရာမှာ ပြောဖွယ်ရာမရှိပါ၊ မင်္ဂပုဂ္ဂိုလ်ကတော့ စိတ္တာကာရာ တစ်ချက်ခန့်သာရှိ၍ အလွန်တိုတောင်းတဲ့ အခိုက်အတန့်သာဖြစ်ရာ အဲဒီမင်္ဂပုဂ္ဂိုလ်ကို ဘယ်လို လူနိုင်ပါမလဲ?လို့ မေးစရာရှိပါတယ်၊ လူနိုင်ပုံကို ဥပရိပဏ္ဏာသအဋ္ဌကထာ (၂၂၄)မှာ ပြဆိုထားပါတယ်။

အာရဒ္ဓဝိပဿက (ဝိပဿနာတရား အားထုတ်နေသူ)ဟာ ဘယ်နေရာ, ဘယ်အချိန်မှာမဆို မင်္ဂရောက်ဖို့ ရှေးရှုလျက်ရှိရာ အဲဒီပုဂ္ဂိုလ် ဆွမ်းခံကြွတဲ့အခါ ရပ်နေစဉ် သပိတ်ကိုယူပြီး ဆွမ်းခဲဖွယ် ဘောဇဉ် ထည့်လူကြတယ်၊ အဲဒီအခိုက် မင်္ဂမှထရင် ဒီအလူဟာ မင်္ဂပုဂ္ဂိုလ်ကို လူတာမည်တယ်၊ ဒါမှ မဟုတ် ဆွမ်းစားစရပ်မှာ ထိုင်နေတုံး လူတို့က သပိတ်ထဲ ခဲဖွယ် ဘောဇဉ် လာထားကြတယ်၊ အဲဒီ အခိုက် မင်္ဂမှထရင် ဒီအလူလဲ မင်္ဂပုဂ္ဂိုလ်ကို လူတဲ့အလူပင် ဖြစ်ပါတယ်၊ ဒါ့အပြင် ကျောင်းမှာဖြစ်စေ,

---

[၃၃] **မန္ဒပည**-ပညာနံ့နေး, **ဒန္ဓာဘိည**-အသိဉာဏ်လေးသူ

[၃၄] **တိကွပည**-ပညာထက်မြက်, **ခီပွါဘိည**-အသိဉာဏ်လျင်မြန်သူ

## ရတနသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဆွမ်းစားစရပ်မှာဖြစ်စေ ထိုင်နေတဲ့ရဟန်းရဲ့သပိတ်ကို ဒါယကာတို့က ယူပြီး မိမိတို့အိမ်ပြန်သွားကာ သပိတ်မှာ ခဲဖွယ်ဘောဇဉ် ထည့်ကြပါတယ်၊ အဲဒီခဏမှာ မဂ်မှထရင် ဒီအလှူလဲ **မဂ္ဂသမင်္ဂီ** (မဂ်နဲ့ ပြည့်စုံတဲ့) ပုဂ္ဂိုလ်ကို လှူတဲ့ဒါနပင် ဖြစ်ပါတော့တယ်။

**၇။ ယေ သုပ္ပယုတ္တာ မနသာ ဒဋ္ဌေန၊**
**နိက္ကာမိနော ဂေါတမသာသနမှိ။**
**တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊**
**လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဥ္ဇမာနာ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

**သုပ္ပယုတ္တာ= သုပ်ပ ယုတ်တာ–မဖတ်နဲ့ ၊ သုပ် ပယုတ်တာ–ဖတ်**

**ဒဋ္ဌေန=ဒန်လှေန–ဖတ်၊** ပရိတ်ကြီးနိဿယသစ်နှင့် ပရိတ္တသင်္ဂဟ ခေါ် ပရိတ်တော်ကြီး ပါဌ်နိဿယ–တို့၌ **ဒဋ္ဌေန**–ရှိ (**ဟထိုး=**, မပါ)

**နိက္ကာမိနော=နိတ်ကာမိနော**

**ဂေါတမသာသနမှိ=ဂေါတမသာသနန်မှိ**

**ပတ္တိပတ္တာ=ပတ်တိ ပတ်တာ**

**လဒ္ဓါ= လတ်ဓာ**

**နိဗ္ဗုတိံ=နိဗ်ဗုတိံ→နိပ်ဗုတိန်၊** စလင်း, တွံတေး, သမ္ပတ, မြင်းခြံ ပရိတ်ကြီးနိဿယများ၌ **နိဗ္ဗုတိ**–ရှိ၊ ပရိတ္တသင်္ဂဟ ခေါ် ပရိတ်တော်ကြီး ပါဌ်နိဿယ၌ **နိဗ္ဗုတိ**–ရှိ

**ယေ**–အကြင် ရဟန္တာအရှင်မြတ်တို့သည်၊ **ဒဋ္ဌေန**–မြဲမြံတည်တံ့သော၊ **မနသာ**– (သမာဓိ နှင့်ယှဉ်သော) စိတ်ဓာတ်ဖြင့်၊ **သုပ္ပယုတ္တာ**–လွန်စွာ ကြိုးစားအားထုတ်ကုန်သည်ဖြစ်၍၊ **ဂေါတမ သာသနမှိ**– ဂေါတမဘုရားရှင်၏သာသနာတော်၌၊ **နိက္ကာမိနော**–ကိလေသာတို့မှ ကင်းကွာထွက် မြောက်တော်မူကြကုန်၏၊ **တေ**–ထိုရဟန္တာအရှင်မြတ်တို့သည်၊ **အမတံ**–နိဗ္ဗာန်သို့၊ ဝါ–နိဗ္ဗာနဓာတ်သို့၊ **ဝိဂယှ**–အာရုံယူလျက် သက်ရောက်ကြကုန်၍၊ **မုဓာ**–တစ်ရွေးသားမျှ ပစ္စည်းမကုန်ကျရပဲ၊ **လဒ္ဓါ**–လိုရာ ခဏ အလွယ်ပင် ရတော်မူကြကုန်၍၊ **နိဗ္ဗုတိံ**–ဖလသမာပတ် အငြိမ်းဓာတ်အရသာကို၊ **ဘုဥ္ဇမာနာ**–ခံစားကြကုန်လျက်၊ **ပတ္တိပတ္တာ**–အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြကုန်၏၊ **သံဃေ**–ရဟန္တာ သံဃာ

တော်၌၊ **ကုဒမ္မိ ရတန်**–ဤရတနာ၏အဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဧတေန သစ္စေန**–ဤသစ္စာစကား ကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

မြဲမြံတည်တံ့တဲ့ သမာဓိနဲ့ လွန်စွာ အားထုတ်ကြတဲ့အတွက် ဂေါတမဘုရားရှင် သာသနာတော်မှာကိလေသာတို့မှ ထွက်မြောက်ကြတဲ့ ရဟန္တာအရှင်မြတ်များဟာ နိဗ္ဗာနဓာတ်ကို အာရုံယူလျက် သက်ရောက်ကြပြီး ပစ္စည်းဥစ္စာ အနည်းငယ်ပင်မကုန်ကျရပဲ အလွယ်တကူ ရရှိကာ ဖလသမာပတ် အငြိမ်းဓာတ်အရသာ အရဟတ္တဖိုလ်ဝင်စားတော်မူကြပါတယ်၊ ရဟန္တာသံဃာတော်မှာ ဒီရတနာရဲ့အဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်ကလဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

**ဖလသမာပတ်ချမ်းသာ အရိယာစည်းစိမ်ပါ ။** ။ ဖလသမာပတ်ချမ်းသာဟာ ကိလေသာအပူဝေးလျက် အေးချမ်းသာယာတဲ့ အရိယာစည်းစိမ်တစ်မျိုးပင် ဖြစ်တယ်၊ ဒီချမ်းသာကို ခံစားရတဲ့ ရဟန္တာ အရှင်မြတ်တွေအဖို့ လွန်စွာထူးမြတ်တဲ့ ဂုဏ်ကျက်သရေပင် ဖြစ်တယ်၊ ဒါ့ကြောင့် ရဟန္တာသံဃာကို ဖလသမာပတ်ဂုဏ်ဖြင့် ချီးကျူးကာ သစ္စာပြုဟန် ပြတော်မူလိုတဲ့အတွက် **"ဓယ သုပ္ပယုတ္တာ"**ဂါထာကို ဟောတော်မူပါတယ်။

**သုပ္ပယုတ္တာ** [အနေကဝိဟိတံ အနေသနံ ပဟာယ သုဒ္ဓါဇိဝိတံ နိဿာယ ဝိပဿနာယ အတ္တာနံ ပယုဇ္ဇိတုမာရဒ္ဓါတိ အတ္ထော။ အထ ဝါ သုဝိသုဒ္ဓကာယဝစီပယောဂသမန္နာဂတာ၊ တေန တေသံ သိလက္ခန္ဓံ ဒဿေတိ။ (ခုဒ္ဒကပါဋ၊ ဋီ၊ ၁၅၄။ သုတ္တနိပါတ၊ ဋီ၊ ၁၊ ၂၈၃။)]က မသင့်တော်တဲ့ရှာမှီးခြင်းအမျိုးမျိုးကို ပယ်လျက် စင်ကြယ်တဲ့အသက်မွေးမှုကို အမှီပြုကာ မိမိကို ဝိပဿနာတရား ကြိုးစားအားထုတ်အောင် တိုက်တွန်းအပ်သူအနက်, တစ်နည်းအားဖြင့် အလွန်စင်ကြယ်တဲ့ကာယပယောဂ, ဝစီပယောဂနဲ့ပြည့်စုံသူ– အနက်ကိုယူပြီး သိလက္ခန္ဓကိုပြကြောင်း ဖွင့်ဆိုပါတယ်။

မဂ်ဖိုလ်ကိုရအောင်ကြိုးပမ်းကြရာတွင် သာမန်လုံ့လနဲ့ ကြိုးစားလို့ရကြတာ မဟုတ်ပါ၊ အလွန်ကြိုးစားကြရပါတယ်၊ ရဟန္တာမဖြစ်မီ ရှေ့အဖို့မှာ ကြိုးပမ်းမှုမှာ အောင်မြင်ခြင်းပန်းတိုင် လှမ်းကိုင်နိုင်ကြောင်း အလွန်ကောင်းတဲ့အမှုဖြစ်လို့ **သုပ္ပယုတ္တာ**–က ရဟန္တာရဲ့ ဂုဏ်အရည်အသွေးတစ်ရပ်ပင်ဖြစ်တယ်၊ ဒီသုပ္ပယုတ္တာ–ဖြင့် ဘာဝနာလုပ်ငန်းမှာ မဆုတ်တမ်း ကြိုးစားတဲ့ သမ္မပ္ပဓာန် လုံ့လမျိုးရှိ သူရဲ့အဖြစ်ကို ပြပါတယ်။

**မနသာ ဒင်္ဂြေန** [ဒင်္ဂြေန မနသာ၊ ထိရသမာဓိယုတ္တော်နေ စေတသာတိ အတ္ထော၊ တေန ကောသံ သမာဓိကွန်ဒံ ဒသေတိ။ (ခုဒ္ဒကပါဋ၊ ဋီ၊ ၁၅၄။ သုတ္တနိပါတ၊ ဋီ၊ ၁၊ ၂၀၂။]က မြဲမြံတဲ့သမာဓိနဲ့ယှဉ်တဲ့စိတ်-အနက် ကို ယူလျက် သမာဓိကွန်ဒာကို ပြကြောင်း ဖွင့်ဆိုတယ်။

မြဲမြံတဲ့စိတ်-ဆိုတာ မြဲမြံတဲ့သမာဓိနဲ့ ယှဉ်တဲ့စိတ်ကိုပင် ဆိုတာပါ။ သမထအရာ မှာ ဥပစာရ, အပ္ပနာအထိ အဆင့်ဆင့်တက်လာတဲ့ သမာဓိကို အလိုရှိအပ်သလို ဝိပဿနာအရာမှာ တော့ ပဂ်ဗိုလ် သမာဓိအထိ အဆင့်ဆင့် တိုးတက်လာတဲ့ **"ခဏိကစိတ္တေကဂ္ဂတာ"**ခေါ် ဝိပဿနာနဲ့ ယှဉ်တွဲနေတဲ့ သမာဓိကို အလိုရှိအပ်ပါတယ်။

ယထာဘူတဉာဏ် (အမှန်တရားကို သိတဲ့ဉာဏ်)ရမှ မဂ်ဖိုလ်ရမြဲဖြစ်လို့ သမာဓိမှာ ဒီယထာဘူတဉာဏ်ဖြစ်ခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် မဂ်ဖိုလ်ရကြောင်းကို ပြရာတွင် **"ဒင်္ဂြေန မနသာ"**လို့ သမာဓိ-ကို ဆိုပါတယ်။

**နိက္ကာမိနော** [ကာယေ စ ဇီဝိတေ စ အနပေက္ခာ ဟုတ္ဝာ ပညာဓုရေန ဝိရိယေန သဗ္ဗကိလေသေဟိ ကတနိက္ကာမနာ၊ တေန တေသံ ဝိရိယသမ္ပယုတ္တံ ပညာကွန်ဒံ ဒသေတိ။ (ခုဒ္ဒကပါဋ၊ ဋီ၊ ၁၅၄။ သုတ္တနိပါတ၊ ဋီ၊ ၁၊ ၂၈၃] ပုဒ်က.ကိုယ်နှင့် အသက်မှာ မငဲ့ကွက်ပဲ ပညာရွှေဆောင်တဲ့ ဝိရိယဖြင့် က်လေသ ိုမှ လွတ်မြောက်ခြင်းအနက်ကို ယူလျက် ဝိရိယနဲ့ပြည့်စုံတဲ့ ပညာကွန်ဒာကိုပြကြောင်း ဖွင့်ဆိုပါတယ်။

**အဓိကောင်းဟာ ဗုဒ္ဓသာသနာ။** ။ ဂေါတမသာသနာမှာသာ **သုပွယုတ္တ** (မှန်ကန်တဲ့ နည်းလမ်းကို ကြိုးစားမှု)ရှိတဲ့အတွက် **(နိက္ကာမီ)** ကိလေသာတို့မှ လွတ်မြောက်ရတယ်၊ ဒီသာသနာမှ အပဖြစ်တဲ့ တိတ္ထိ သာသနာများမှာ ကိလေသာတို့မှ လွတ်မြောက်မှုမရှိပါ။

ဘုရားသာသနာမှအပ အခြားသာသနာများမှာ သေခြင်းကင်းရေးအတွက် တောင့်တချက်ဖြင့် ကိုယ်အညစ်အနွမ်း အပင်ပန်းခံကျင့်တဲ့အကျင့် (အမရတပ)ခေါ် အကျင့်အမျိုးမျိုးကို ကျင့်ကြပေမယ့် နည်းမှန်လမ်းမှန် ကြိုးစားမှု (သုပွယောဂ)မဟုတ်တဲ့အတွက် ကိလေသာမှ လွတ်မြောက်မှု, သူတို့ တောင့်တတဲ့မသေရခြင်း (အမရ)အကျိုးမျိုးကိုမရပါ၊ ကိုယ်ပင်ပန်းမှု ဒုက္ခသာအဖတ်တင်ကြရပါတယ်။ ဒီသာသနာမှာတော့ နည်းမှန်လမ်းမှန် အကျင့်များလဲ ရှိတယ်၊ ကျင့်ကြံသူများလဲ ကိလေသာတို့မှ လွတ်မြောက်မှုကို တကယ်ကိုယ်တွေ့ ကြုံကြရပါတယ်။

ဘုရားသာသနာတော်ဟာ အခွင့်ကောင်း အခါကောင်းဖြစ်ပါတယ်၊ အခါကောင်းဆိုတာ အပြဲတမ်း ကြုံတွေ့ကြရတာမဟုတ်, တစ်ခါလွဲသွားရင် နောက်တစ်ဖန် ပြန်ကြုံကြိုက်ဖို့ရာ လွန်စွာ ခဲယဉ်းလှ

တာမို့ ဘုရားရှင်ညွှန်ကြားတော်မူတဲ့အတိုင်း တကယ့် ကိုယ်ကျိုးအစစ်အမှန်ကို မလွတ်တမ်း အရယူကြရန် မမေ့သင့်ကြပါ။

**ပတ္တိပတ္တာ** [ပတ္တဗ္ဗာတိ ပတ္တိ၊ ပတ္တဗ္ဗာ နာမ ပတ္တုံ အရဟာ၊ ယံ ပတ္ဝာ အစ္ဆန္နယောဂက္ခေမိနော ဟောန္တိ၊ အရဟတ္တဖလသဿတံ အဓိဝစနံ၊ တံ ပတ္တိ ပတ္တာတိ **ပတ္တိပတ္တာ**။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၅၄။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၈၃)] ရထိုက်လို့ 'ပတ္တိ' ဆိုရတယ်၊ လောကမှာ မပြုထိုက်ဆိုရင် အကျိုးမရှိတဲ့အမှု–ဖြစ်တာကို သိရပြီး ပြုထိုက်ဆိုရင် အကျိုးရှိတဲ့အမှုဖြစ်ကြောင်း သိနိုင်တယ်၊ ဒီမှာ ရထိုက်တယ်–ဆိုတဲ့အတွက် တကယ် အကျိုးရှိတာကို သိရတယ်၊ အရဟတ္တဖိုလ်ကိုရရင် စင်စစ်ကေန် အမှန်ပင် သံသရာဆင်းရဲတွေနဲ့ တွဲစပ်ပေးတတ်တဲ့ ယောဂတို့မှ ကင်းရှင်း အေးချမ်းရတာမို့ အရဟတ္တဖိုလ်မှာ ရယူထိုက်တဲ့တရားဖြစ်ပါတယ်၊ ဒါ့ကြောင့် အဋ္ဌကထာတွေက "ပတ္တဗ္ဗာ နာမ ပတ္တုံ အရဟာ၊ ယံ ပတ္ဝာ အစ္ဆန္နယောဂက္ခေမိနော"လို့ ဖွင့်ကြတယ်၊ ဒီစကားအရ **ပတ္တိ**–သဒ္ဒါရဲ့ ရောက်ခြင်း, ရခြင်း, သွားခြင်း, ခြေလျင်တပ်, ကုသိုလ်အဖို့–စတဲ့အနက်များကို ဟောပေမယ့် ရောက်ခြင်း, ရခြင်းအနက်ကိုသာ ယူပါတယ်၊ ပတ္တိ ပတ္တာ **ပတ္တိပတ္တာ**–အရဟတ္တဖိုလ်ကို ရောက်သူ–လို့ ဆိုပေမယ့် မဂ္ဂါနန္တရ (မဂ်ရဲ့အခြားမဲ့၌ဖြစ်တဲ့)ဖိုလ်ကို မဆိုလိုပါ၊ ဖလသမာပတ်ကိုသာ ဆိုလိုပါတယ်။

**အရဟတ္တဖိုလ်ကိုသာ ယူရမှာ။** ။ **"ပတ္တိပတ္တာ"**အရ "ဖိုလ်သို့ရောက်ခြင်း, ဖလသမာပတ်ဝင်စားခြင်း" ပင်၊ ဖလသမာပတ်အရာမှာ အောက်အောက်ဖိုလ်ပုဂ္ဂိုလ်က အထက်အထက် ဖိုလ်ကို မိမိမရသေးတဲ့အတွက် မဝင်စားနိုင်၊ အထက်အထက် ဖိုလ်ပုဂ္ဂိုလ်ကလဲ အထက်ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ ရောက်ခြင်းဖြင့် အောက်ဖိုလ်များ ပျောက်ကွယ် ငြိမ်းစဲခဲ့ပြီးဖြစ်တဲ့အတွက် အောက်အောက်ဖိုလ်ကို မဝင်စားနိုင်တော့ပြီ။ သောတာပတ္တိမဂ်ခဏမှာ ကံ ကိလေသာအချို့ကို အကြွင်းမဲ့ ပယ်နိုင်ခြင်းဖြင့်[၃၅] ပုထုဇဉ်အဖြစ်မှ အရိယာအဖြစ် တစ်မျိုးပြောင်းကာ သောတာပန်ဖြစ်လာရသလို သကဒါဂါမိမဂ်ဖိုလ်ရတဲ့အခါ သောတာပန်အဖြစ်မှပြောင်းကာ သကဒါဂါမ်အဖြစ်သို့ ရောက်ရတယ်၊ အလားတူ အနာဂါမ် ရဟန္တာအဖြစ်သို့ ပြောင်းမှုများကိုလဲ သိနိုင်ပါတယ်၊ ဒီလို ပြောင်းလွဲရခြင်းမှာ အထက်အထက် မဂ်တရားတို့က နှစ်စေသဖြင့် အောက် အောက် ဖိုလ်များ ဖြစ်နိုင်ခွင့် မရတော့တဲ့အတွက်ပင် ဖြစ်ပါတယ်။

---

[၃၅] အယူမှားကြောင်းက်, ယုံမှားသံသယဖြစ်ကြောင်းက်, အပါယ်ကျကြောင်း အကုသိုလ်က်များနှင့် ဒိဋ္ဌိ ၀ိစိကိစ္ဆာ ကိလေသာများကို အကြွင်းမဲ့ ပယ်၏။

အခြား လောကီကုသိုလ်တွေမှာ ဒုတိယဘဝ, သို့မဟုတ် တတိယဘဝကျမှ ဝိပါက်ခန္ဓာအသစ် ဖြစ်လျက် ဘဝအသစ်အနေနဲ့ အဖြစ်တစ်မျိုး ပြောင်းရတယ်၊ မဂ်တရားများမှာတော့ မိမိအခြားမဲ့၌ပင် အကျိုးကိုဖြစ်စေကာ ဆိုင်ရာ မဂ်ဖိုလ်ရရင်ပင် ဘဝပြောင်းသလို ဖြစ်ကြရပါတယ်၊ အဲဒီလို အဏက် အထက်ပုဂ္ဂိုလ်များမှာ အောက်အောက်ဖိုလ်များ မရှိတော့ပြီ ဖြစ်တဲ့အတွက် ရဟန္တာရဲ့ ဖလသမာပတ် ကိုပြရာ **'ပတ္တိပတ္တာ'**မှာ "**ပတ္တိစရိယာ**တိ စတူသု သာမညဖလေသု[၃၁၆]" စသည်မှာလို ဖိုလ်လေးပါး လုံးကို မယူရတော့ပဲ 'အရဟတ္တဖလသေတံ အဓိဝစန်'လို့ အဋ္ဌကထာများမှာ ဖွင့်တဲ့အတွက် အရဟတ္တဖိုလ်ကိုသာ ယူရပါတယ်။

**နိဗ္ဗာန်သို့ရောက်ပုံ မှတ်ဖွယ်စုံ။** ။ ပရိတ်ကြီးနိဿယသစ်ဆရာတော်က ဝိသုဒ္ဓိမဂ်ကို မှီငြမ်းကာ ရေးသား သိစေတော်မူပါတယ်--အရိယာတို့၏ ဝိပဿနာကား ဉဒယဗ္ဗယဉာဏ်မှ အစ ပြုမြဲဖြစ်၏၊ ထို့ကြောင့် ဖလသမာပတ်ကိုဝင်စားလိုသော အရိယာပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်ကာ ဉဒယဗ္ဗယဉာဏ်မှ အစပြုလျက် သခ်ၤါရတို့ကို ရှုတော့သည်၊ ဉာဏ်အဆင့်ဆင့် အစဉ်အတိုင်း တက်ကာ အနုလောမဉာဏ်၏အဆုံး၌ ဖိုလ်သို့ရောက်ရှိ၍ ထိုဖိုလ်စိတ်အစဉ်သည် နိဗ္ဗာန်ကိုအာရုံပြုလျက် သက်ရောက်ရတော့သည်။ ပိုင်းခြားအပ်သော ကာလအတိုင်း ဖိုလ်စိတ် အဆက်မပြတ် ယပ်ကာထပ်ကာ ဖြစ်နေခြင်းကိုပင် ဖလသမာပတ္တိ-ဟု ဆို၏။ ထို့ကြောင့် ဖလသမာပတ်ဝင်စားခြင်းအကြောင်းကို ဟောရာ၌ အလုံးစုံသော သခ်ၤါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း, အနိမိတ္တဓာ၊ နိဗ္ဗာနမာတ်ကို နှလုံးသွင်းခြင်း-ဟု အကြောင်းနှစ်ပါးဟော၏။

ဉဒယဗ္ဗယဉာဏ် စသော ဉာဏ်အဆင့်ဆင့်ဖြင့် သခ်ၤါရတို့မှ လုံးဝငြိုးငွေ့ တပ်မက်ခြင်းကင်းသော စိတ်ရှိသော အရိယာ၏ဖိုလ်စိတ်သည် သခ်ၤါရတို့မှလွတ်ကင်းရာ နိဗ္ဗာန်အာရုံ၌ ဖြစ်နေ၏။ ထိုသို့ ဖိုလ်၏ နိဗ္ဗာန်အာရုံဖြစ်နေခြင်းကိုပင် သခ်ၤါရနိမိတ်ကို နှလုံးမသွင်းခြင်း, နိဗ္ဗာန်ကို နှလုံးသွင်းခြင်း-ဟု ဆိုအပ်၏။

ဖလသမာပတ် တည်တံ့ခြင်းအကြောင်းကို ဟောရာ၌လည်း သခ်ၤါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း, နိဗ္ဗာန်ဓာတ်ကို နှလုံးသွင်းခြင်း ရှေ့အဖို့၌ ပြုပြင်စိမ်ခြင်း-ဟု အကြောင်းသုံးပါး ဟော၏။ ဤ၌ ရှေ့အဖို့က ပြုပြင်စိမ်ခြင်းဟူသည်မှာ ဖလသမာပတ် မဝင်စားမီ ရှေ့အဖို့က ဘယ်အချိန်ကျလျှင် (ဖလသမာပတ်မှ) ထမည်ဟု ကာလပိုင်းခြားခြင်းကို ဆို၏။

---

[၃၁၆] ပဋိသမ္ဘိဒါမဂ္ဂ၊ ၂၁၅။



ဤသို့ ပိုင်းခြားထားလျှင် ပိုင်းခြားသော ကာလမတိုင်မီအတွင်း သမာပတ်တည်တုံနိုင်၏။ သမာပတ်မှ ထခြင်းအကြောင်းကို ဟောရာ၌လည်း သခ်ါရနိမိတ်တို့ကို နှလုံးသွင်းခြင်း, အနိမိတ္တဓေါ် နိဗ္ဗာနဓာတ်ကို နှလုံးမသွင်းခြင်း-ဟု အကြောင်း နှစ်ပါးလာ၏။ နိဗ္ဗာန်အာရုံ ပြတ်၍ သခ်ါရသို့ အာရုံရောက်သောအခါ ဖလသမာပတ် မရှိတော့ပြီ-ဟု ဆိုလို၏။ ဤအချက်များအရ ဖလသမာပတ်မှာ သခ်ါရနှင့် အဆက်ပြတ်ကာ နိဗ္ဗာနဓာတ်၌ ဆိုက် ရောက်လျက်ရှိသည်မှာ ထင်ရှား၏။ ထို့ကြောင့် ထိုသို့ နိဗ္ဗာနဓာတ်၌ ဆိုက်ရောက်ကာ အာရုံပြု လျက်ရှိသော ဖလသမာပတ်၏ ဖြစ်ပုံအခြင်း အရာကို ပြလို၍ **"အမတံ ဝိဂယှ"** ဟု ဟောတော်မူ သည်။

**မုဓာညွှန်ပြ ပစ္စည်းမကုန်ရ။** ။ အရိယာအရှင်မြတ်တို့ ဖလသမာပတ်ဝင်စားကြသည်မှာ မျက်မှောက် ဘဝ၌ပင် ချမ်းသာစွာ နေရခြင်းအကျိုးငှါ ဖြစ်၏၊ ကိလေသာအပူ ကင်းဝေးလျက် အလွန်အေးမြ ငြိမ်သက်လှသော ဖလသမာပတ်ချမ်းသာဖြင့် နေရသည်မှာ ဤသာသနာ၌ အလွန်ထူးမြတ်သော စည်း စိမ်ချမ်းသာတစ်မျိုးပင် ဖြစ်၏၊ ထို့ကြောင့် မင်းတို့သည် မင်းစည်းစိမ်ကို ခံစားကြသကဲ့သို့, နတ်

တို့သည် နတ်စည်းစိမ်ကို ခံစားကြသကဲ့သို့ ထို့အတူ အရိယာတို့သည် ထူးမြတ်သော လောကုတ္တရာ အရိယာချမ်းသာကို ခံစားဦးမည်–ဟူသော အလိုဆန္ဒဖြင့် ဝင်စားတော်မူကြခြင်း ဖြစ်၏။

လောကစည်းစိမ်များကား ပစ္စည်းအကုန်အကျခံမှ ရရှိသော စည်းစိမ်များသာ ဖြစ်၏၊ စည်းစိမ်က ကြီးကျယ်လေလေ တန်ဖိုးအကုန်အကျ များရလေလေ ဖြစ်၏၊ ဤဖလသမာပတ်ချမ်းသာ ခံစားကြသော အရိယာအရှင်မြတ်တို့မှာ ပစ္စည်းမကုန်ကျရပဲ လွယ်ကူသက်သာစွာ ခံစားတော်မူနိုင်ကြ၏၊ ထို့ သို့ ပစ္စည်းမကုန်ရ တန်ဖိုးမပေးရပဲ လွတ်လွတ်လပ်လပ် အလွယ်တကူ လိုရာဇာ ခံစားတော်မူနိုင်ကြသည်၏အဖြစ်ကို **"လဒ္ဓါ မုစာ"**ဟု မိန့်တော်မူသည်၊ ဤပါဠိဖြင့် တန်ဖိုးအကုန်အကျတွေ ခံကာ လွန်စွာ ကြောင့်ကြစိုက်ရမှ ရနိုင်သော ထိုလောကစည်းစိမ်များ၌ တကယ်အေးမြ ငြိမ်းချမ်းလှသော သုခ–ဟု မရှိနိုင်သည်ကိုလည်းကောင်း, အလိုရှိသောအခါ အလိုရှိသောနေရာ၌ ဘာမျှ ကြောင့်ကြ စိုက်ရမှုမပါ သက်သာလွယ်ကူစွာခံစားရသော ဤဖလသမာပတ်ချမ်းသာ၌သာ တကယ့်အေးငြိမ်း ချမ်းမြ သုခအစစ်အမှန် တွေ့နိုင်ကြောင်းကိုလည်းကောင်း သိစေသည်။

**ဤမှာတွေ့လတ်၊ နိဗ္ဗုတိပါဠိ၊ ဟာအပ် ဖလသမာပတ်သာ**
**[နိဗ္ဗုတိအရ၊ နိဗ္ဗာန၊ ဟာထ ချို့အရာ၊**
**ဤမှာတွေ့လတ်၊ ထိုပုဒ်ပါဠိ၊ ဟောလတ် ဖလသမာပတ်ပါ]။** ။ **"နိဗ္ဗုတိ"**ပါဠိက အချို့နေရာမှာ "နိဗ္ဗာန်"ကို ဟောပါတယ်၊ ဒီနေရာမှာတော့ ကိလေသာအပူ ငြိမ်းအေးတဲ့အနက်အရ "ဖလသမာပတ်" ကို ဟောပါတယ်၊ ကိလေသာအပူ ငြိမ်းတဲ့အတွက်လည်းကောင်း, အလွန်ငြိမ်သက်တဲ့ နိဗ္ဗာန်ကို အာရုံပြုနေရတဲ့အတွက်လည်းကောင်း ဖိုလ်မှာ အလွန်ငြိမ်းအေး ငြိမ်သက်လှပါတယ်၊ "အချို့ပေါ်သကာလောင်း" ဆိုတဲ့ စကားလို မူလက အလိုလိုချို့နေတဲ့ အရသာထဲမှာ ဖျော်သကာရည်ကို ထပ်လောင်းသလို သူ့အလိုလို အလွန်ကောင်းမြတ်နေတဲ့ ဖိုလ်ထဲမှာ အလွန်သာယာဖွယ်ကောင်းတဲ့ ဖိုလ်ချမ်းသာကို ဆမ်းထားသလို ရှိနေပါတယ်၊ ဈာန်ချမ်းသာ, မဂ်ချမ်းသာတို့ထက် သာယာဖွယ်လွန် ချမ်းသာမှန်ဖြစ်တဲ့ ဒီဖိုလ်ချမ်းသာကို ခံစားရတဲ့ အရိယာတို့မှာ အားရတင်းတိမ်ခြင်း မဖြစ်နိုင်ပဲရှိရာ **"နိဗ္ဗုတိ ဘုဥ္ဇမာနာ"**ဖြင့် ပြအပ်တဲ့ ရဟန္တာအရှင်မြတ်တို့ရဲ့ ဖလသမာပတ်ချမ်းသာမှာ အားကျဖွယ် နှစ်သက်ဖွယ် ကြည်ညိုဖွယ်ဖြစ်လို့ အဲဒီဂုဏ်နဲ့ပြည့်စုံတဲ့ ရဟန္တာအရှင်မြတ်တို့ဟာ ရတနာအစစ်–ဖြစ်ရပါတယ်။

စတုဒ္ဒိဝါတေဟိ အာသမ္ဘကမ္ဘိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ကုဒမ္ဘိ သံဃေ ရတနံ ပဏီတံ၊
ဇေတေန သစ္စေန သုဝတ္ထိ ဟောတု။

**ယထိန္ဒမိလော=ယထိန်ဒမိလော** [ယထာ+ကုန္ဒမိလော]
**ပထဝိသိတော=ပထဝိတ်သိတော** [ပထဝီ→ပထဝိ+သိတော]
**စတုဒ္ဒိ=စတုတ်ဘိ**
**အာသမ္ဘကမ္ဘိယော=အာသမ် ဟကမ္ဘိယော**–လို့ ဖတ်၊ **အာသမ်ပ ကမ္ဘိယော**–လို့ မဖတ်ရ၊
**အဝေစ္စ=အဝစ်စ**

**ပထဝိသိတော**–မြေ၌ ဝင်မို့ တည်နေသော၊ **ကုန္ဒမိလော**–လွန်စွာမြဲခိုင် တံခါးတိုင်သည်၊ **ဝါ**–ကို၊ **စတုဒ္ဒိ**–အရပ်လေးမျက်နှာတို့.မှ၊ **ဝါတေဟိ**–လေပြင်းမုန်းတိုင်းတို့.သည်၊ **အာသမ္ဘကမ္ဘိယော**–မလှုပ်ရှားစေနိုင်သည်၊ **သိယာ ယထာ**–ဖြစ်ရာဘိသကဲ့သို့၊ **ယော သပ္ပုရိသော**–အကြင်သောတာပန်ပုဂ္ဂိုလ် မြတ်သည်၊ **အရိယသစ္စာနိ**–အရိယသစ္စာတို့.ကို၊ **အဝေစ္စ**–သောတာပတ္တိမဂ်ဉာဏ်ဖြင့်သက်ဝင်၍၊ **ပဿတိ**–သိမြင်၏၊ **တံ သပ္ပုရိသံ**–ထိုသောတာပန် ပုဂ္ဂိုလ်မြတ်ကို၊ **တထူပမံ**–ထိုတံခါးတိုင်ကြီးပမာ နှိုင်းခိုင်းစရာ ရှိသူဟူ၍၊ (**အဟံ**–ငါဘုရား သည်၊) **ဝဒါမိ**–ဟောတော်မူ၏၊ **သံဃေ**–သောတာပန် သံဃာတော်၌၊ **ကုဒမ္ဘိ ရတနံ**–ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဇေတေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

မြေကြီးထဲမှာ ဝင်မှိတည်နေတဲ့ တံခါးတိုင်ကြီးဟာ အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ လှုပ်ရှားစေခြင်းငှါ မတတ်နိုင်သလို မဂ်ဉာဏ်ဖြင့် အရိယာသစ္စာတို့.ကိုသိမြင်တဲ့ သောတာပန်ပုဂ္ဂိုလ်မြတ်ကို ဒီတံခါးတိုင်ကြီးနဲ့တူတဲ့ ပုဂ္ဂိုလ်–လို့ ငါဘုရားဟောတော်မူတယ်၊ သောတာပန်သံဃာမှာ ဒီရတနာရဲ့အဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်ဟာလဲ ထူးမြတ်လှပါပေတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

**သောတာပန်ဂုဏ်ရည်။** ■ ဘုရားရှင်လက်ထက်တော်က သောတာပန်ပုဂ္ဂိုလ် အများအပြားရှိခဲ့ရာ သောတာပန်အဖြစ်ကို ကိုယ်တွေ့ကြုံရသူများလဲ ရှိခဲ့တယ်၊ ဘယ်သူ သောတာပန်ပဲ–လို့ အကြားအရ

သိနေရတာလဲ ရှိပါတယ်၊ သောတာပန်အဖြစ်မှာ လူအများရဲ့ အကြားအတွေ့အားဖြင့် ထင်ရှားခဲ့ရာ အဲဒီလို ထင်ရှားလူသိများတဲ့ သောတာပန်သံဃာရဲ့ဂုဏ်ဖြင့် သစ္စာပြုဟန် ပြတော်မူလိုတဲ့အတွက် **"ယထိန္ဒခီလော"**ဂါထာကို မိန့်တော်မူပါတယ်။

**မဂ်ဉာဏ်သက်ဝင် သစ္စာမြင်။** ။ အရိယသစ္စာကို သိရာမှာ အနဗောဝ (လောကီဉာဏ်နဲ့ သိမှု), ပဋိဝေဓ (မဂ်ဉာဏ်နဲ့ ထွင်းဖောက်သိမြင်မှု)လို့ အသိနှစ်မျိုး ရှိရာတွင် ဒီနေရာမှာ ပဋိဝေဓအသိခေါ် မဂ်ဉာဏ်အသိကိုလို၍ **'အဝေဒွ ပဿတိ'**လို့ ဆိုတယ်။ မဂ္ဂဘာဝနာ–ဆိုတာ မိမိသန္တာန်မှာ မဂ်ကိုဖြစ်စေခြင်းပင်၊ ဒီမဂ်ဟာ ပုဗ္ဗဘာဂဝိပဿနာမှာလဲ ဖြစ်လျက်ရှိရာ ဒီဝိပဿနာက အရိယမဂ် ဆိုက်ရောက်ရေးအတွက် ဖြစ်တယ်၊ မဂ္ဂဘာဝနာဟာ အရိယမဂ် ဆိုက်ရောက်တဲ့အခါ အပြီးအဆုံး အထွတ်အထိပ်သို့ ရောက်ရတော့တယ်၊ ဒုက္ခကို ပိုင်းခြားသိမှု ပရိညာကိစ္စလဲ ဝိပဿနာမှာ ရှိနေလျက်ပင် ဖြစ်တယ်၊ ဒါပေမယ့် အပြီးတိုင်မရောက်သေးပါ၊ သိမှုမပြီးသေးပါ၊ မဂ်အခိုက်မှာ အပြီးတိုင် ထွင်းဖောက်ကာ အရှင်းလင်းဆုံးအခြေသို့ ရောက်ခဲ့ရတယ်၊ အလားတူ ဝိပဿနာအခိုက်ကပင် အစဉ်ဖြစ်နေတဲ့ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စလဲ မဂ်ကျမှ ပြည့်ဝခြင်းသို့ ရောက်ရပါတယ်၊ ဒါ့ကြောင့် မဂ်က နိဗ္ဗာန်ကို အာရုံပြုပေမယ့် အခြားသစ္စာများကိုပါ တစ်ချက်တည်း ဖောက်ထွင်းသိမြင်မှုပါ ပြီးစီးပါတယ်။ နိဗ္ဗာန်ကို သိရာမှာ အာရုံပြု၍သိတဲ့ အသိမျိုးဖြစ်တယ်၊ ဒုက္ခစသည်ကို သိတဲ့အသိကလဲ တွေ့ဝေမှုမရှိပဲသိပြီး ရှင်းလင်းပြီးဖြစ်နေတဲ့ အသိမျိုးဖြစ်ပါတယ်။

ဒီနေရာမှာ ဆိမိးဥပမာနဲ့ နားလည်ရပါမယ်၊ ဆိမိးဟာ မိးစာကို လောင်စေခြင်း, အမှောင်ကို ဖျောက်ခြင်း, အလင်းကိုဆောင်ခြင်း, ဆိကိုကုန်ခန်းစေခြင်း–ဒီကိစ္စလေးချက်ကို တပြိုင်နက် ပြုသလို မဂ်ကလဲ ဒုက္ခကိုသိခြင်း, သမုဒယကိုပယ်ခြင်း, မဂ္ဂကိုပွါးခြင်း, နိရောဓကိုမျက်မှောက်ပြုခြင်း–ဆိုတဲ့ ကိစ္စလေးချက်ကို တပြိုင်နက်တည်း ပြီးစေပါတယ်။

**သောတာပန်ဟူ တံခါးတိုင်နှင့်တူ။** ။ မဂ်နဲ့ ကိစ္စလေးချက် ကိုယ်ပိုင်သိမြင်တဲ့ အရိယာမှာ မဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ဆိုက်ရောက်ရခြင်း, မဂ်ရဲ့ **အကာလိက**ဂုဏ်အရ အရိယာဖိုလ်ကို ပိုင်နိုင်ခဲ့ခြင်း, အဲဒီလို ကိုယ်တွေ့ မဂ်ဖိုလ်များရဲ့ **သန္ဒိဋ္ဌိက**ဂုဏ်အရ ငါမဂ်ဖိုလ်ရပေပြီ–လို့ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** ဂုဏ်အရ မိမိကိုယ်တိုင်သိရခြင်းတို့ကြောင့် ဒီအရိယာပုဂ္ဂိုလ်မှာ **အပရပစ္စယ** (ဘုရားမှတပါး အခြားအားထား ယုံကြည်ဖွယ် မရှိသူ), **ဓမ္မသရဏပတ္တ** (ယုံမှားအမျိုးမျိုးနဲ့ စိုးရွံ့နေရတဲ့ဘဝမှ ယုံမှားကင်းလျက် ရဲတင်းသူ) အဖြစ်ရောက်ခဲ့ပြီဖြစ်ရာ အဲဒီပုဂ္ဂိုလ်မှာ အခြားအယူများကြောင့် လူပ်ရှားယိမ်းယိုင်

မှု မရှိတော့ပါ၊ ခိုင်ခံ့စွာစိုက်ထားတဲ့ တံခါးတိုင်ကို အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများကြောင့် မလှုပ်ရှားစေနိုင်သလို အဲဒီသောတာပန်ပုဂ္ဂိုလ်ကို ဘယ်လို တိတ္ထိအယူအဆမျိုးကမျှ မလှုပ်ရှားစေနိုင်ပါ၊ ဒီအချက်ကို သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ် ကုန္ဒခီလသုတ်(သံ၊ ၃၊ ၃၈၈)မှာ "နက်တဲ့တွင်းရှိ၍ မရွေ့ပါး မလှုပ်ရှား ကောင်းမွန်ခိုင်မြဲအောင် စိုက်ထားအပ်တဲ့ တံခါးတိုင်ကို အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာတို့မှ လေးပြင်းမုန်တိုင်းများက မလှုပ်ရှားစေနိုင်ပါ၊ အကြောင်းကတော့ တွင်းကလဲနက် ကောင်းမွန်ခိုင်မြဲအောင်လဲ စိုက်ထားတဲ့အတွက်ကြောင့် ဖြစ်တယ်၊ အလားတူ သမဏ ဗြဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေဟာ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ သစ္စာတရားများကို သိကြတယ်၊ ဒီသစ္စာတရားများကို သိပြီးဖြစ်တဲ့အတွက်ပင် အဲဒီသမဏ ဗြဟ္မဏတွေမှာ "ဒီသူဟာ တရားထူးသိမြင်သူပဲ" လို့ ဘုရားမှတပါး အခြားသူရဲ့ မျက်နှာကို မော်မကြည့်ကြတော့ပါ။

ဒီစကားက သစ္စာမမြင်တဲ့ ပုထုဇဉ်တွေနဲ့ ဆန့်ကျင်ဖက်အဖြစ်ကို ပြပါတယ်၊ ပုထုဇဉ်တွေကတော့ "ပုထု သတ္ထာရာနံ မုခုလ္လောကိကာတိ **ပုထုဇ္ဇနာ**[၁]"အရ ဆရာအမျိုးမျိုးတို့ရဲ့ မျက်နှာကို မော်ကြည့်ကြရတယ်၊ ဒီဆရာက တစ်မျိုးပြောရင် လက်ခံကာ ဆရာတင်တတ်တယ်၊ အခြားဆရာ တစ်ယောက်က တစ်မျိုးပြောရင်လဲ သက်ဝင်ယုံကြည်တတ်ပြန်တယ်၊ အဲဒီလို ဆရာအမျိုးမျိုး အယူ အဆအဖုံဖုံ ပြောင်းနိုင်တယ်၊ ဒီလိုဖြစ်ရတာက အမှန်တရား သစ္စာမမြင်လို့ အတည်ပြု ဆုံးဖြတ်နိုင်တဲ့ တရား မတွေ့သေးတဲ့အတွက် ဖြစ်ပါတယ်၊ အတည်ပြု ဆုံးဖြတ်နိုင်လောက်အောင် ကိုယ်တွေ့ သစ္စာတရားရှိပြီး သောတာပန်ပုဂ္ဂိုလ်များကို မည်သူတစ်ယောက်မျှ သွေးဆောင်ဖြားယောင်း, ခြိမ်းချောက်လှည့်စားခြင်းတို့ဖြင့် သူတို့ရဲ့ ဆုံးဖြတ်ချက်ကို လှုပ်ရှားပျောက်ပျက်သွားအောင် ပြုလုပ်ရန် မတတ်နိုင်ပါ။

**ဗျားယောင်းမရ၊ နိုင်မြဲလှ၊ မှတ်ပ သောတာပန်။** ။ တစ်ခါက ဘုရားရှင် တရားဟောတော်မူနေစဉ် ပရိတ်သတ်အစွန်မှာ တရားနာနေတဲ့ သုပ္ပဗုဒ္ဓအမည်ရှိ နုနာရောဂါသည် တစ်ဦးဟာ သောတာပန်ဖြစ်သွားပါတယ်၊ ပရိသတ်စဲတဲ့အခါ မိမိရတဲ့ဂုဏ်ကို ဘုရားရှင်အား လျှောက်ထားရန်အသွားတွင် သိကြားမင်းက စုံးစမ်းလိုတဲ့အတွက် ကောင်းကင်မှနေပြီး "သုပ္ပဗုဒ္ဓ, သင်ဟာ ဆင်းရဲလှတယ်၊ သင့်အား မကုန်နိုင်အောင် မြားမြောင်တဲ့ဥစ္စာကို ငါပေးမယ်၊ သင်ကသာ ဘုရားကို ဘုရားမဟုတ်, တရား

---

[၁] ဒီ၊ ၌၊ ၁၊ ၅၉။ မဟာနိဒ္ဒေသ၊ တိဿမေတ္တေယျသုတ္တနိဒ္ဒေသ၊ ၁၁၃။ စူဠနိဒ္ဒေသ၊ ၌၊ ပါရာယနဝဂ်၊ ၆၉။ ပဋိသမ္ဘိဒါမဂ္ဂ၊ ၌၊ ၁၊ ၂၄၅။ အဋ္ဌသာလိနီ၊ ၌၊ ၃၈၃။

ကို တရားမဟုတ်, သံဃာကို သံဃာမဟုတ်၊ ဘုရား, တရား, သံဃာ ငါအလိုမရှိ–လို့ ပြောရမယ်"–လို့ဆိုပါတယ်၊ အဲဒီအခါ "သင် ဘယ်လူလဲ?"လို့ သုပ္ပဗုဒ္ဓက မေးပါတယ်။ "မိမိ သိကြားဖြစ်ကြောင်း" ပြောတဲ့အခါ "အရှက်မရှိတဲ့ သိကြားမိုက်၊ သင့်ကို ငါ စကားပင် အဖက်လုပ် မပြောထိုက်၊ သင်က ငါ့ကို လူဆင်းရဲ–လို့ပြောတယ်၊ ငါ့မှာ သဒ္ဓါစတဲ့သူတော်ကောင်းဥစ္စာတွေ ရှိနေတဲ့အတွက် ငါ လူဆင်းရဲ မဟုတ်၊ ငါဟာ လူချမ်းသာဖြစ်တယ်"လို့ ပြန်ပြောလိုက်တယ်။ သိကြားပင်းက ဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားတဲ့အခါ ဘုရားရှင်က "သိကြားမင်း, သင့်လို သိကြား အရာအထောင်ကပင် သုပ္ပဗုဒ္ဓကို ဘုရားမဟုတ်စသည် ပြောခိုင်းလို့ ရမယ်မဟုတ်ကြောင်း"မိန့်တော်မူတယ်။ သုပ္ပဗုဒ္ဓလဲ မိမိရရှိတဲ့ အရိယာဂုဏ်ကို ဘုရားရှင်အား လျှောက်ထားပြီး ပြန်အလာလမ်းတွင် သားသည်အမေ နွားမက ဝှေ့သတ်လို့ သေလွန်ကာ နတ်ပြည်ရောက်ရပါတယ်[၃၁၈]။

**<u>သူတော်ဥစ္စာ ခုနစ်ဖြာ</u> (သူတော်ဥစ္စာ၊ ဆောင်သူမှာ၊ ဘယ်ခါ မမွဲပြီ)-------**

၁။ **သဒ္ဓါဓန**–ရတနာသုံးပါး ကံ ကံရဲ့အကျိုးကို ယုံကြည်ခြင်းလက္ခဏာရှိသော သဒ္ဓါဆိုတဲ့ဥစ္စာ၊

၂။ **သီလဓန**–စာရိတ္တ ဝါရိတ္တသီလ[၃၁၉]ဆိုတဲ့ဥစ္စာ၊

၃။ **ဟိရီဓန**–မကောင်းမှုမှ ရှက်ခြင်းလက္ခဏာရှိသော ဟိရီဆိုတဲ့ဥစ္စာ၊

၄။ **ဩတ္တပ္ပဓန**–မကောင်းမှုမှ ထိတ်လန့်ခြင်းလက္ခဏာရှိသော ဩတ္တပ္ပဆိုတဲ့ဥစ္စာ၊

၅။ **သုတဓန**–သူတော်ကောင်းတရား အကြားအမြင်များခြင်း သုတဆိုတဲ့ဥစ္စာ၊

၆။ **စာဂဓန**–ချီးမြှောက်ပေးကမ်း စွန့်ကြဲခြင်း စာဂဆိုတဲ့ဥစ္စာ၊

၇။ **ပညာဓန**–ယထာဘူတ သဘာဝကို သိစွမ်းနိုင်သော ပညာဆိုတဲ့ဥစ္စာ။ (အကျိုးရှိသည်, အကျိုးမရှိသည်ကို သိမြင်နိုင်တဲ့ ပညာဥစ္စာ)။

**သဒ္ဓါဓနံ သီလဓနံ၊ ဟိရီ ဩတ္တပ္ပိယံ ဓနံ။**

---

[၃၁၈] ဓမ္မပဒ၊ ၄၊ ၁၊ သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု၊ ၃၀၂–၃၀၃။

[၃၁၉] **သီလ ၂–မျိုး= စာရိတ္တသီလ**–ဘုရားရှင် ပညတ်ထားသော သိက္ခာပုဒ် (သီလ)ကို ဖြည့်ကျင့်ခြင်း။ (ဤအမှုကိစ္စမျိုးကို ပြုကျင့်ရမည်–ဟု ဘုရားရှင် ပညတ်ထားသည့် ဆရာ့ဝတ်, တပည့်ဝတ်, ဒကာ့ဝတ်, ရဟန်းဝတ်–စသည့် အပစာယန, ဝေယျာဝစ္စကုသိုလ်မျိုးကို ဆိုသည်၊ ဆိုလိုရင်းကား လောက၌ ပြုလုပ်ပေးရမည့် အပြစ်မရှိသော ကိစ္စရပ်များကို ပြုလုပ်ပေးခြင်း အကျင့်သည် မိမိသီလဝုဏ်၌ တိုးတက်ဖြူစင်သော သီလမျိုးဖြစ်၍ စာရိတ္တသီလ–ခေါ်သည်။ **ဝါရိတ္တသီလ**–"ဤဒုစ္စရိုက်ကို မပြုအပ်"ဟူ၍ (ဘုရားရှင်) ပယ်မြစ်ထားသော အမှုကို မပြုခြင်းတည်း။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

**သုတဓနှူ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။**
**ယဿ ဇေတ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။**
**အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ[၃၂၀]။**

**သဒ္ဓါဓနံ**–ရတနာသုံးပါး၏ဂုဏ်တော်အပေါင်းကို ယုံကြည်ခြင်း, ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း, ပစ္စုပ္ပန်လောက တမလွန်လောကကို ယုံကြည်ခြင်းဟု ဆိုအပ်သော သဒ္ဓါဥစ္စာလည်းကောင်း၊ **သီလဓနံ**–စာရိတ္တ ဝါရိတ္တသီလတည်းဟူသော ဥစ္စာလည်းကောင်း၊ ဝါ–ကောင်းစွာဆောက်တည်ခြင်းဟု ဆိုအပ်သော သီလဥစ္စာလည်းကောင်း၊ **ဟိရီဓနံ**–မကောင်းမှုမှ ရှက်ခြင်းဟု ဆိုအပ်သော ဟိရီဥစ္စာလည်းကောင်း၊ **ဩတ္တပ္ပိယံ ဓနံ**–မကောင်းမှုမှ ထိတ်လန့်ခြင်းဟု ဆိုအပ်သော ဩတ္တပ္ပဥစ္စာလည်းကောင်း၊ **သုတဓနှူ**–သူတော်တရား အကြားအမြင်များခြင်းဟု ဆိုအပ်သော သုတဥစ္စာလည်းကောင်း၊ ဝါ–ကြားနာအပ်သော သူတော်ကောင်းတရားကို ဆည်းပူးခြင်းဟုဆိုအပ်သော သုတဥစ္စာလည်းကောင်း၊ **စာဂေါ စ**–ချီးမြှောက် ပေးကမ်း စွန့်ကြဲခြင်းဟု ဆိုအပ်သော စာဂဥစ္စာလည်းကောင်း၊ ဝါ–ဆွမ်းသင်္ကန်းစသော ဒါနဝတ္ထုကို ပေးလှူကြောင်းဖြစ်သော စေတနာဟု ဆိုအပ်သော စာဂဥစ္စာလည်းကောင်း၊ **ဝေ**–စင်စစ် အားဖြင့်၊ **သတ္တမံ**–ခုနစ်ခုမြောက်သော၊ **ပညာဓနံ**–အကျိုးရှိသည်၏အဖြစ်, အကျိုးမရှိသည်၏အဖြစ်ကို သိမြင်ကြောင်းဖြစ်သော ပညာဥစ္စာလည်းကောင်း၊ ဝါ–ယထာဘူတ သဘာဝကို သိစွမ်းနိုင်သော ပညာဥစ္စာလည်းကောင်း၊ **ဇေတ ဓနာ**–ဤဥစ္စာတို့သည်၊ **ယဿာ ဣတ္ထိယာ ဝါ**–အကြင်မိန်းမအားလည်းကောင်း၊ **ယဿ ပုရိသဿ ဝါ**–အကြင်ယောကျ်ားအားလည်းကောင်း၊ **အတ္ထိ သန္တိ**–ရှိကုန်၏၊ **တံ ဣတ္ထိ ဝါ**–ထိုမိန်းမကို လည်းကောင်း၊ **တံ ပုရိသံ ဝါ**–ထိုယောကျ်ားကိုလည်းကောင်း၊ **အဒလိဒ္ဒေါတိ**–မဆင်းရဲသော ချမ်းသာသောသူဟူ၍၊ **ပဏ္ဍိတာ**–ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့သည်၊ **အာဟု**–မိန့်တော်မူ ကြလေကုန်ပြီ၊ **တဿ**–ထိုသူတော်ကောင်းဥစ္စာ ခုနစ်ဖြာနှင့်ပြည့်စုံသော မိန်းမ ယောကျ်ားအား၊ **ဇီဝိတံ**– အသက်ရှည်ခြင်းကို၊ **အမောဃံ**–အချည်းနှီးမဟုတ်၊ **သဇလန္တိ**–အကျိုးရှိသော အသက်ရှည်ခြင်း ဟူ၍၊ (**ပဏ္ဍိတာ**–တို့သည်၊ **အာဟု**–ကုန်ပြီ။)

**မာရ်နတ်လှည့်စား ပယ်ရှားသူရမ္ဗဋ္ဌ။** ။ ဘုရားရှင်လက်ထက်တော် သာဝတ္ထိမြို့မှာ သူရမ္ဗဋ္ဌအမည်ရှိ လူချမ်းသာတစ်ဦးရှိပါတယ်၊ သူက တိတ္ထိတို့ရဲ့ ဒကာဖြစ်တယ်၊ တစ်နေ့တွင် သူရမ္ဗဋ္ဌ သောတာပတ္တိမဂ်ရ ရန် အခြေခံကို မြင်တော်မူတဲ့ ဘုရားရှင်ဟာ ဆွမ်းခံချိန်မှာ သူရဲ့နေအိမ်တံခါးသို့ ကြွလာပါတယ်၊

---

[၃] အံ၊ ၂။ ၃၉၇–၃၉၉။

သူရမ္ဗဋ္ဌက ဘုရားရှင်ကို မြင်တဲ့အခါ "ရဟန်းဂေါတမဟာ အမျိုးမြတ်မှာ မွေးဖွားခဲ့သူဖြစ်တယ်၊ လောကမှာလဲ အလွန်ထင်ရှားတယ်၊ ဒါ့ကြောင့် သူ့ထံကို မသွားလို့ မတော်ဘူး"လို့ တွေးလျက် ဘုရားရှင်ကိုရှိခိုးပြီး အိမ်ထဲပင့်လျက် ဆွမ်းဆက်ကပ်ပါတယ်၊ ဆွမ်းစားအပြီးမှာ ဘုရားရှင်က သူ့စရိုက်နဲ့ လိုက်လျော်ညီတဲ့ တရားကို ဟောတော်မူတဲ့အတွက် သူရမ္ဗဋ္ဌဟာ သောတာပန်ဖြစ်သွားပါတယ်။

ဘုရားရှင်ပြန်ကြွသွားပြီးနောက် မာရ်နတ်က "ဒီသူရမ္ဗဋ္ဌဟာ ငါ့ပစ္စည်းဖြစ်တယ်၊ ဒီနေ့ **ဘုရား ဟာ** သူ့အိမ်ကို ကြွတော်မူတယ်၊ ဘုရားရဲ့တရားနာရလို့ မင်္ဂလာသွားပြီလား? သူဟာ ငါ့ပိုင်နက်မှ လွန်မြောက် သွား မသွား သိရအောင်စုံစမ်းမယ်" ဆိုတဲ့အကြံနဲ့ ဘုရားရှင်နဲ့တူအောင် ဖန်ဆင်းကာ သူရမ္ဗဋ္ဌရဲ့ အိမ်တံခါးမှာ ရပ်လာပါတယ်၊ သူရမ္ဗဋ္ဌလဲ "ဘုရားရှင် ပြန်ကြွလာတယ်"လို့ ကြားတော့ "ဘုရားရှင်တို့မှာ အကြောင်းမဲ့ကြွတယ်-ဆိုတာ မရှိဘူး၊ ဘယ်အကြောင်းကြောင့် ကြွလာပါလိမ့်"လို့ စဉ်းစားပြီး အမြန်ထွက်လာကာ 'ဘုရား'-ဆိုတဲ့အမှတ်နဲ့ ဘုရားတုမာရ်နတ်ထံ ချဉ်းကပ်လျက် ရှိခိုး၍ ကြွလာခြင်းအကြောင်းကို လျှောက်ထားပါတယ်၊ ဘုရားယောင်ဆောင်တဲ့မာရ်နတ်က "သူရမ္ဗဋ္ဌ, ငါတရားဟောခဲ့စဉ် တရားတစ်ပုဒ်ကို သတိမထားပဲ အမှတ်တမဲ့ ဟောခဲ့မိတယ်၊ ခန္ဓာငါးပါးလုံးကို အနိစ္စ, ဒုက္ခ, အနတ္တ-လို့ ဟောခဲ့မိတယ်၊ ဒါပေမဲ့ ခန္ဓာတွေ အကုန်လုံး ဒီသဘောချည်း မဟုတ်ဘူး၊ မပျက်မစီး ခိုင်မြဲတဲ့ ခန္ဓာတချို့ ရှိသေးတယ်"လို့ ပြောတယ်။

ကိုယ်တွေ့တရား မရှိသူ-ဆိုရင် 'ဘုရားပဲ'လို့ အတည်ပြုကာ ဒီမာရ်နတ်စကားကို လက်ခံလိုက်မှာပါပဲ၊ တရားကိုယ်တွေ့ သိပြီးဖြစ်နေတဲ့ သူရမ္ဗဋ္ဌကတော့ ဒီပြောဆိုချက်ကို လက်မခံနိုင်ပါ၊ ဒါ့ကြောင့် စဉ်းစားသည်မှာ "ဒီစကားဟာ အလွန်ဝန်လေးတဲ့စကားဖြစ်တယ်၊ ဘုရားရှင်တို့ဆိုတာ အမှတ်တမဲ့ ဟောပြောမှု မရှိနိုင် (**ဗုဒ္ဓါနဉ္စိ အနုပမာရေတ္တာ ကထန် နာမ နတ္ထိ**)၊ ဘုရားရှင်ရဲ့ဆန့်ကျင်ဘက်မှာ မာရ်နတ်ဖြစ်လို့ ဒီသူဟာ မာရ်နတ် ဖြစ်ရမယ်"လို့ စဉ်းစားပြီး "သင် မာရ်နတ်မဟုတ်လား?"လို့ မေးပါတယ်၊ မာရ်နတ်လဲ မလိမ်ညာနိုင်တော့ပဲ "သူ မာရ်နတ် ဟုတ်ပါတယ်"လို့ ဝန်ခံရပါတော့တယ်၊ သူရမ္ဗဋ္ဌက "သင်လို မာရ်နတ်မျိုး အရာအထောင် လာဖျက်ပေမယ့် ငါရဲ့သဒ္ဓါကို လှုပ်ရှားစေနိုင်မယ်မဟုတ်၊ မဟာ ဂေါတမဘုရားရှင်က **"သဗ္ဗေ သင်္ခါရာ အနိစ္စာ"**ကို ကြားရုံမျှမဟုတ်, ကိုယ်တွေ့ သိတယ်အထိ ဖြစ်အောင် ဟောကြားခဲ့ပြီးဖြစ်ရာ သင် လှည့်စား-လို့ ရမယ်မဟုတ်၊ ငါ့အိမ်တံခါးမှာမနေနဲ့တော့"လို့ နှင်တဲ့အတွက် မာရ်နတ်လဲ ကွယ်ရပေတော့တယ်။

ဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားတဲ့အခါ ဒီဖြစ်ရပ်အရပင် ဘုရားရှင်က သူရမ္ဘူအား **"အဝေစွပ္ပသန္နတေဒဂ်** (မတုန်မလှုပ် သက်ဝင်ယုံကြည်သူများတွင် အထူးချွန်ဆုံးပုဂ္ဂိုလ်) အရာ" ဖြင့် မြှောက်စား ချီးကျူးတော်မူပါတယ်[၃၂]။

**ရှောက်ၖမရ ဓနဉ္ဇာနီပုတ္တေးမ။** ။ ဘာရဒွါဇအနွယ် ပုဏ္ဏားတစ်ဦးမှာ ဓနဉ္ဇာနီခေါ်တဲ့ ဇနီးပုတ္တေးမ ရှိတယ်၊ ပုဏ္ဏားက မိစ္ဆာဒိဋ္ဌိအယူရှိပြီး ဗြာဟ္မဏတွေကို ကြည်ညိုပါတယ်၊ ပုတ္တေးမကတော့ ဘုရားတပည့်မ သောတာပန်ဖြစ်တယ်၊ ပုဏ္ဏားက အလှူပေးတဲ့နေ့မှာ ဗြာဟ္မဏတွေကို ပုတ္တေးမဟာ ကိုယ်တိုင် ပြုစုတတ်ပါတယ်၊ ပုတ္တေးမက ဘုရားအမှူးရှိတဲ့သံဃာများအား လှူဒါန်းတဲ့နေ့မှာဆိုရင် ပုဏ္ဏားဟာ အိမ်မှရှောင်ပြေးနေတတ်ပါတယ်၊ တစ်နေ့မှာ ပုဏ္ဏားဟာ ဗြာဟ္မဏငါးရာ ထမင်းစားဖိတ်လာပြီး ပုတ္တေးမကို "အို ရှင်မ, နက်ဖြန် ဗြာဟ္မဏငါးရာ ထမင်းသုံးဆောင်ရန် ကြွလာကြလိမ့်မယ်၊ ရှင်မက ထိုင်ရင်းဖြစ်စေ, ရပ်ရင်းဖြစ်စေ, ချောင်းဆိုးချေဆတ်တဲ့အခါဖြစ်စေ **'နမော ဘဂ္ဂဝတော** (ဘုရားရှိခိုးပါ၏)' လို့ ရဟန်း ဂေါတမအား ရှိခိုးလေ့ရှိပါတယ်၊ နက်ဖြန်တစ်နေ့တော့ ဒီရှိခိုးမှု မပြုပါနဲ့၊ ဒီအသံကိုကြားရင် ဗြာဟ္မဏတွေ စိတ်မချမ်းမသာကြပါ၊ ငါနဲ့ ဗြာဟ္မဏတွေ ကွဲအောင်မလုပ်ပါနဲ့" လို့ ပြောပါတယ်။

"အိုရှင်---ဗြာဟ္မဏတွေနဲ့ပဲ ကွဲကွဲ၊ နတ်ဗြဟ္မာတွေနဲ့ပဲ ကွဲကွဲ၊ ကျွန်မတော့ ဘုရားကို သတိရရင် ရှိမခိုးပဲမနေနိုင်ပါ" လို့ ပုတ္တေးမက ငြင်းဆန်ပါတယ်၊ "အို ရှင်မ---အိမ်ခြေတစ်ရာရှိတဲ့ ဂျာမှာ ဂျာတံခါးကို ပင် ပိတ်နိုင်သေးပါလျက် လက်နှစ်ချောင်းမျှနဲ့ ပိတ်ရတဲ့ ပါးစပ်ကလေးကို ဗြာဟ္မဏတွေ ထမင်းစားချိန်အတွင်းမျှ မပိတ်နိုင်ဘူးလား?" စသည်ဖြင့် အမျိုးမျိုးတောင်းဆိုပေမယ့် ပုတ္တေးမကတော့ ငြင်းဆန်မြဲ ငြင်းဆန်နေတဲ့အတွက် ပုဏ္ဏားဟာ ခေါင်းရင်းမှ ဓားကိုယူပြီး "ဟေ့ ရှင်မ---နက်ဖြန် ရဟန်းဦးပြီးကို ရှိခိုးရင် ဒီဓားနဲ့ ခြေဖျားမှခေါင်းအထိ နုပ်နုပ်ပါအောင် စဉ်းပစ်မယ်" လို့ ခြိမ်းချောက်ပါတယ်။ ဘုရားတပည့်မ အရိယာ-ဆိုတာ ဘုရားနဲ့ပတ်သက်လာရင် တုန်လှုပ်မှုမရှိတဲ့အတွက် "ကျွန်မရဲ့ အဂ်ိကြီးငယ်ကို ဖြတ်လိုဖြတ်, သတ်လိုပင်သတ်တော့, ဘုရားအဆုံးအမကို မပယ်နိုင်, ဘုရားနဲ့ကင်းပြီးမနေနိုင်ပါ" လို့ ပုတ္တေးမက ပြောတဲ့အခါ ပုဏ္ဏားလဲ ဘာမျှမတတ်နိုင်တော့ပဲ "မင်း ကြိုက်သလိုသာ လုပ်ပါတော့" လို့ လက်လျှော့ရပါတယ်။

နောက်နေ့ ပုဏ္ဏားများ ထမင်းစားနေချိန် ပြုစုနေရင်း ပုတ္တေးမ ချော်လဲသွားရာ ဘုရားကို သတိရပြီး **"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"** လို့ လက်အုပ်ချီလျက် ဥဒါန်း

---

၃၂ အင်္ဂုတ္တရနိကာယ် ဓကကနိပါတ်အဋ္ဌကထာ သူရမ္ဘဋ္ဌဝတ္ထု (အံ၊ ဋ္ဌ၊ ၁၊ ၃၀၅-၃၀၆)။

ကျူးပါတယ်၊ ပုဏ္ဏားတွေဟာ စိတ်ဆိုးပြီး အိမ်ရှင်ပုဏ္ဏားကို ဆဲဆိုလျက် ထမင်းစားမပြီးပဲ ထပြန်ကြတယ်၊ ပုဏ္ဏားလဲ ပုဏ္ဏေးမကို အမျိုးမျိုးဆဲဆိုကာ ဘုရားရှင်ကို ပြဿနာအဖြေခက်အောင် ပြု၍ ညှင်းဆဲရန် ဘုရားရှင်ထံသွားပြီး "ဂေါတမ--ဘာကို ဖြတ်တောက်ရင် ချမ်းသာစွာနေရပါသလဲ? ဘာကို ဖြတ်တောက်ရင် မစိုးရိမ်ရပါသလဲ? အဘယ်မည်တဲ့ တစ်ခုသောတရားအား သတ်ခြင်းကို နှစ်သက်ပါသလဲ?"လို့ ဒီမေးခွန်းမျှားကို စိစဉ်ကာမေးပါတယ်၊ သူရဲ့ ရည်ရွယ်ချက်က "အကယ်၍ ဤမည်တဲ့အရာကို ဖြတ်တောက်ခြင်း, ဤမည်တဲ့သူကို သတ်ခြင်းကို နှစ်သက်တယ်"လို့ ဘုရားရှင်ဖြေရင် "ဖြတ်တောက်ခြင်း, သတ်ခြင်းဟာ သင့်အဖို့ ရဟန်းအနေနဲ့ ဘယ်လိုပါလဲ?"လို့ ဂေါတမကို နှိပ်မယ်၊ "အကယ်၍ တစ်စုံတစ်ခု သတ်ခြင်းကို မနှစ်သက်" လို့ဖြေရင် ငါက "သင်အနေနဲ့ ရာဂ-စတဲ့တရားများကိုပင် ပယ်သတ်ရန် အလိုမရှိရင် ဘာကြောင့် ရဟန်းဖြစ်လျက် လှည့်လည်နေရပါသလဲ?"လို့ ကြိစည်စိတ်ကူးကာ နှစ်ဘက်အစွန်းမလွတ်တဲ့ပြဿနာကို မေးခြင်းဖြစ်ပါတယ်။

"ပုဏ္ဏား--အမျက်ဒေါသကို ဖြတ်တောက်ရင် ချမ်းသာစွာနေရပါတယ်၊ အမျက်ဒေါသကို ဖြတ်တောက်ရင် မစိုးရိမ်ရပါ၊ အမျက်ဒေါသအား ပယ်သတ်ခြင်းကို အရိယာသူတော်ကောင်းတို့ ချီးမွမ်းကြပါတယ်"လို့ ဖြေတော်မူလိုက်ပါတယ်၊ ဘုရားရှင်ရဲ့အဖြေကို ကြားရတဲ့ပုဏ္ဏားဟာ လွန်စွာနှစ်သက်အားရကျေနပ်တဲ့အပြင် ရဟန်းပြုပြီး မကြာမီ ရဟန္တာအဖြစ် ရောက်ရပါတယ်[၃၂၂]။

**သောတာပတ္တိယင်္ဂ လေးပါးပြ**[၃၂၃]။ ။ သောတာပန်ပုဂ္ဂိုလ်က တရားကို ကိုယ်တွေ့ဖြစ်လို့ တရား၌ အတည်ပြု ဆုံးဖြတ်နိုင်တဲ့အတွက်---(၁) ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, (၂) တရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, (၃) သံဃာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, (၄) အရိယကန္တသီလ (ငါးပါးသီလ)နှင့် ပြည့်စုံခြင်း-----ဒီတရားလေးပါးဟာ သောတာပန်ပုဂ္ဂိုလ်မှာ ထင်ရှားရှိပါတယ်၊ ဒီတရားများဟာ သောတာပန်ပုဂ္ဂိုလ်များ ရမြဲဖြစ်တဲ့ ဂုဏ်အင်္ဂါများပါပဲ၊ အဲဒီလေးပါးဟာ မဂ်ဖြင့်ပြီးတဲ့အတွက် **သောတာပတ္တိယင်္ဂ** (သောတာပတ္တိမဂ်ရဲ့အစိတ်အပိုင်း)လို့ ဆိုရတယ်၊ ဒီတရားလေးပါးကို **"စမ္မာဒါသ** (တရားမှန်)"လို့လဲ ဟောခဲ့ပါတယ်၊ လောကတွင် မှန်ကိုကြည့်ရင် မိမိရဲ့အသွင်အပြင်ပုံပန်းကို အရှိအတိုင်း အမှန်မြင်သိရသလို ဒီတရားမှန်နဲ့ "ငါ အပါယ်မလားတော့ပြီ, မဂ်ဆိုတဲ့ နိယာမဖြင့်မြဲပြီ, အထက်မဂ်သာ ရဖို့ ရှိတော့တယ်"လို့ သိနိုင်တယ်။

---

[၃၂၂] သံယုတ္တနိကာယ် သဂါထာဝဂ္ဂအဋ္ဌကထာ ဗြာဟ္မဏသံယုတ် ဓနဉ္ဇာနိသုတ်အဖွင့် (သံ၊ မူ၊ ၁-၂၇၇-၂၈၃)။

[၃၂၃] ပါထိကဝဂ္ဂပါဠိတော် သင်္ဂီတိသုတ် စတုက္က (ဒီ၊ ၃၊ ၁၉၀)။

ဒါ့အပြင် (၁) **သပ္ပါရိသံသေဝ**–သူတော်ကောင်းတို့နဲ့ ပေါင်းခြင်း, (၂) **သဒ္ဓမ္မသဝန**–သူတော်ကောင်းတရားနာခြင်း, (၃) **ယောနိသောမနသိကာရ**–သင့်တင့်ကောင်းမွန်အောင်စိတ်ထားခြင်း, (၄) **ဓမ္မာနုဓမ္မပ္ပဋိပတ္တိ**–မဂ်ဖိုလ်တရားအား လျော်တဲ့အကျင့်ကို ကျင့်ခြင်း–လို့လာတဲ့ သောတာပတ္တိယင်္ဂတရားလေးပါးကတော့ သောတာပတ္တိမဂ်ရရန် ရှေ့အဖို့က ပြည့်စုံစေရမယ့် အကြောင်းအင်္ဂါများဖြစ်တယ်။ သာသနာတော်မှာ အတည်ပြုဆုံးဖြတ်နိုင်တဲ့အပြင် မည်သူမျှမလှည့်စားနိုင်အောင် ခိုင်မာတဲ့ ထောက်တည်ရာရနေတဲ့ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဒီဂုဏ်ရည်ဟာ အများလိုလား နှစ်သက်ဖွယ်ဖြစ်တဲ့အတွက် အဲဒီဂုဏ်ရှင်မှာ နှစ်သက်ဖွယ်ရတနာအစစ် ဖြစ်ရပါတယ်။

**ဗုဒ္ဓ မွေ၊ သံဃရတနာ၊ မြတ်သုံးဖြာဌိ၊ ကောင်းစွာကြည်ယုံ၊ မတုန်လှုပ်ဘိ၊**
**အရိယကန္တ၊ သီလဝါးဖြာ၊ ပြည့်စုံပါ၊ သောတာပတ္တိယင်။**
**သူတော်နှင့်ပေါင်း၊ တရားကောင်းနာ၊ သင့်စွာစိတ်ထား၊ မဂ်ဖိုလ်အားဖြစ်၊**
**တရားကျင့်ကာ၊ ညီလေးဖြာ၊ သောတာပတ္တိယင်။**

**‘ဝဒါမိ’**ဝယ် သိမှတ်ဖွယ်။ ။ **“တထူပမံ သပ္ပုရိသံ ဝဒါမိ”**ဌ် ‘ဝဒါမိ’အရ ကတ္တားပုဒ် **‘အဟံ’**မှာ အရှင်အာနန္ဒာ–လို့ ပြောတဲ့အဆိုနဲ့ မြတ်စွာဘုရား–လို့ ပြောတဲ့အဆို နှစ်မျိုးကွဲခဲ့ပါတယ်။ တံခါးတိုင်ကို ဥပမာပေးကာ ဟောကြားတဲ့ဒေသနာများမှာ ဘုရားဟောအဖြစ် ထင်ရှားလေတော့ ဒီနေရာမှာ ဘုရားဟော–လို့ပင် ဆိုရပါမယ်။ ဒါ့အပြင် **“ဘဂဝါ သမ္မုသံ တဒေဝ ရတနသုတ္တံ အဘာသီ**[၃၄]– ဘုရားရှင်က ပရိသတ်အားလုံးတို့အား ဒီရတနသုတ်ကိုပင် ဟောတော်မူခဲ့ပါတယ်” ဒီအင်္ဂကထာစကားကို ထောက်ဆရင်လဲ ဘုရားဟောပင်– ဆိုရပါမယ်။ အရှင်အာနန္ဒာကို ယူခြင်းမှာ အင်္ဂကထာလာ အပရေဝါဒနဲ့ ညီတယ်–လို့ ဆိုနိုင်ပါတယ်၊ အပရေဆရာတွေက ရတနသုတ်ဌ် **“ယာနီဓ ဘူတာနီ”**စတဲ့ အစငါးဂါထာတို့သာ ဘုရားဟောဂါထာများဖြစ်ပြီး ကျန်ဂါထာအားလုံးမှာ ပရိတ်ရွတ်တဲ့အခါ အရှင်အာနန္ဒာထေရ် ဟောကြားအပ်တဲ့ ဂါထာများ ဖြစ်ကြောင်း”မိန့်ကြပါတယ်[၃၅]။

ဒါ့ကြောင့် ပရိတ်ကြီးနိသယများတွင်---

---

[၃၄] ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၃၈။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁ ၊ ၂၆၈။

[၃၅] အပရေ ပန ဝဒန္တိ “အာဒိတော ပဋ္ဌာယ ဂါထာ ဘဂဝတာ ဝုတ္တာ၊ သေသာ ပရိတ္တကရဏာသမယေ အာနန္ဒတ္ထေရေနာ”တိ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၃၉)။

(**အဟံ**–ငါဘုရားသည်၊) **ဝဒါမိ**–ဟောတော်မူ၏၊ (ပရိတ်ကြီးနိဿယသစ်၊ ၂၆၄။ မြင်းခြံ–၉–ဆောင်မူ မဟာပရိတ်တော်ကြီးနိသျသစ်၊ ၄၆။ စလင်း ဟံသာဝတီ ပရိတ်ကြီးနိဿယ၊ ၁၀၅။)

**အဟံ**–အာနန္ဒာမည် ငါမထေရ်သည်၊ **ဝဒါမိ**–ဆို၏။ (တွံတေး ပရိတ်ကြီးနိဿယ၊ ၆၆။)

အလွန်ရှေးကျတဲ့ကာလက ဆင်းသက်လာခဲ့တဲ့ ဒီဒေသနာများမှာ အဋ္ဌကထာဆရာများ လက်ထက်ကပင် ဘုရားဟော ဟုတ် မဟုတ် အဆိုအမိန့်ကွဲခဲ့ကြသေးရာ နှောင်းခေတ်ရဟန်းရှင်လူများအဖို့ ဘုရားဟော ဟုတ် မဟုတ် အတည်ပြုဆုံးဖြတ်ရေးမှာ မလွယ်ကူလှပါ၊ ဒါပေမဲ့ ဘုရားဟော အခြား ဒေသနာများနဲ့ ညီ မညီ, မှန် မမှန်သာ ပဓာနဖြစ်တဲ့အတွက် ရိုသေလေးစားစွာ ရွတ်ဖတ်သင့်, နာယူသင့်ကြပါတယ်[၃၂၆]။

**၉။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊**
**ဂမ္ဘီရပညေန သုဒေသိတာနိ။**
**ကိဉ္ဇာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊**
**နဲ တေ ဘဝံ အဋ္ဌမ'မာဒိယန္တိ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

**ဝိဘာဝယန္တိ= ဝိဘာဝယန်တိ**
**ဂမ္ဘီရပညေန= ဂမ်ဘီရပင်ညေန**
**ကိဉ္ဇာပိ= ကိန်စာပိ**
**ပမတ္တာ= ပမတ်တာ**
**အဋ္ဌမ'မာဒိယန္တိ= အတ်ဌမ မာဒိယန္တိ [ အဋ္ဌမံ အာဒိယန္တိ ]**

**ယေ**–အကြင် သတ္တဂ္ဒတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့သည်၊ **ဂမ္ဘီရပညေန**–နက်နဲသော ပညာရှင် သဗ္ဗညုဘုရားရှင်သည်၊ **သုဒေသိတာနိ**–ကောင်းစွာ ဟောကြားတော်မူအပ်ကုန်သော၊ **အရိယသစ္စာနိ**–အရိယသစ္စာတို့ကို၊ **ဝိဘာဝယန္တိ**–မဂ်ဉာဏ်ရောင်ဖြင့် သစ္စာကိုပိတ်ဖုံးတတ်သည့် ကိလေသာ အမှောင်ကို ပယ်ဖျောက်လျက် ထင်ရှားအောင် ပြုတော်မူကုန်၏၊ **တေ**–ထိုသတ္တဂ္ဒတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့သည်၊ **ဘုသံ**–အလွန်အကဲ၊ **ပမတ္တာ**–စည်းစိမ်ယစ်၍ မေ့လျော့ကုန်သည်၊

[၃၂၆] ပရိတ်ကြီးနိဿယသစ်၊ ၂၇၆။

**ကိဥာပိ ဟောန္တိ**–အကယ်၍ကား ဖြစ်တတ်ကုန်သေး၏၊ **တထာပိ**–ထိုသို့ပင် မေ့လျော့ကုန်သော်လည်း၊ **တေ**–ထိုသတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်တို့သည်၊ **အဌမံ**–ရှစ်ကြိမ်မြောက်သော၊ **ဘဝံ**–ဘဝ ခန္ဓာကို၊ **နေ အာဒိယန္တိ**–ယူရိုးမရှိကုန်၊ **သံဃေ**–သောတာပန်သံဃာတော်၌၊ **ဣဒမ္ပိ ရတနံ**–ရတနာဟု သိသာရတုံ ဤဂုဏ်ရည်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဧတေန သစ္စေန**–ဤသစ္စာစကား ကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

နက်နဲတဲ့ ပညာရှင် သဗ္ဗညုမြတ်ဘုရားက အကောင်းဆုံး ဟောကြားတော်မူအပ်တဲ့ အရိယသစ္စာတို့ကို မဂ်ဉာဏ်ရရှိ၍ ထင်ရှားတော်မူကြတဲ့ သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်တွေ ဟာ စည်းစိမ်ယစ်ပြီး အလွန်အကဲ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက်ဘဝကို ယူရိုးမရှိတော့ပါ၊ သောတာပန်သံဃာရဲ့ ရတနာ–လို့ သိနိုင်တဲ့ ဒိဂုဏ်တော်ကလဲ ထူးမြတ်လှပါတယ်၊ ဒိသစ္စာစကား ကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

**သတ္တက္ခတ္တု ဂုဏ်ပြုအမှန် သစ္စာဆိုဟန်။** ။ **"ယထိန္ဒခီလော"**ဂါထာအရ သောတာပန်မှန်သမျှနဲ့ သက်ဆိုင်တဲ့ဂုဏ်ဖြင့် ချီးကျူးကာ သစ္စာဆိုဟန် ပြတော်မူပြီးနောက် ဒိ**"ယေ အရိယသစ္စာနိ"**ဂါထာဖြင့် သောတာပန်များအနက် ဂုဏ်အငယ်ဆုံး သတ္တက္ခတ္တုပရမသောတာပန်ရဲ့ဂုဏ်ကို ထုတ်ဖော်လျက် သစ္စာဆိုဟန် မိန့်တော်မူပါတယ်။

**ကိလေမှောင်ခွင်း၊ ဉာဏ်ရောင်လင်း၊ သိခြင်းသစ္စာပင်။** ။ **'ဝိဘာဝယန္တိ'**ပါ၌က အချို့အရာမှာ အများတကာ သိမြင်အောင် ပြခြင်းအနက်ဟောတယ်၊ ဒိနေရာမှာတော့ မိမိသန္တာန်တွင် ထင်ရှား အောင် ပြုတတ်တယ်–လို့ ဆိုပါတယ်၊ **'အရိယသစ္စာနိ ဝိဘာဝယန္တိ'**အရ မဂ်အခိုက်မှာ သစ္စာလေး ချက် တစ်ပြိုင်နက်သိခြင်းကို ပြပါတယ်၊ မဂ်မရမိက မိမိမှာ သစ္စာတရားများမသိ ကိလေသာမှောင် အတိကျနေတယ်၊ မဂ်ပေါ်လာမှ ဉာဏ်အလင်းရကာ ထင်ရှားပေါ်လာသည်ဖြစ်ရာ **"ပညာသြဘာ သေန သစ္စပ္ပဋိစ္ဆာဒကံ ကိလေသန္ဓကာရံ ဝိဓမိတွာ အတ္တနော ပကာသာနိ ပါကဋာနိ ကရောန္တိ**[၃၂၇]။ **ပညာသြဘာသေန**–ပညာ ရောင်ဖြင့်၊ **သစ္စပ္ပဋိစ္ဆာဒကံ**–သစ္စာတို့ကို ဖုံးကွယ်တတ်သော၊ **ကိလေသန္ဓ ကာရံ**–ကိလေသာအမှောင်ကို၊ **ဝိဓမိတွာ**–ဖျက်ဆီးပယ်ရှား၍၊ **အတ္တနော**–မိမိ၏၊ **ပကာသာနိ**

---

[၃၂၇] ခုဒ္ဒကပါဌ၊ ၌၊ ၁၅၆။ သုတ္တနိပါတ၊ ၌၊ ၁၊ ၂၈၅။

**ပါကဋ္ဌာနိ**–ထင်ရှားသည်တို့ကို၊ **ကရောန္တိ**–ပြုကုန်၏"လို့ **'ဝိဘာဝယန္တိ'**ကို အဋ္ဌကထာဆရာ ဖွင့်ပြပါတယ်။

**နည်းစုံအောင်ဟောနိုင်ခြင်းမှာ သဗ္ဗညုတညာဏ်တော်အရာ။** ။ သစ္စာတရားတို့ကို သာမန်ပုဂ္ဂိုလ်တွေရဲ့ ပကတိညာဏ်ဖြင့် ထိုးထွင်းသိမြင်ရေးမှာ အလွန်ဝေးကွာလျက် အထောက်မမိနိုင်အောင် နက်နဲလှတယ်၊ ပဋိပတ်လမ်းစဉ်ဖြင့် လိုက်နာကျင့်သူတို့သာ သိနိုင်တယ်၊ ဒိလမ်းစဉ်ကို လိုက်နာကျင့်သုံးတဲ့အတွက် သစ္စာတရားတို့ကို သိရတဲ့အခါ "အလွန်နက်နဲလှတယ်၊ အလွန်မြင်နိုင်ခဲအောင် သိမ်မွေ့လှပါတယ်၊ အလွန်ငြိမ်သက် မွန်မြတ်လှပါတယ်၊ စိတ်ကူးညာဏ်ဖြင့် သက်ဝင်ရန် မဖြစ်နိုင်တဲ့တရားပါ၊ လမ်းမှန်အတိုင်းကျင့်သူ ပညာရှင်များသာ သိနိုင်တဲ့တရားဖြစ်တယ်"လို့ နားလည်လာရတယ်။

ဒိနက်နဲလှတဲ့ သစ္စာတရားတို့ကို ဘုရားဟောအရ သိနိုင်ကြပေမဲ့ ရှေ့ဦးစွာ သစ္စာသိမြင်အောင် ဟောပြောရေးမှာ သာမန်လူတို့အရာမဟုတ်၊ တကယ့် ပညာရှင်ရဲ့အရာသာ ဖြစ်တယ်၊ ဝေါဟာရပရိယာယ် အနက်အဓိပ္ပါယ် နည်းမျိုးစုံအောင် ဟောနိုင်ခြင်းမှာ သဗ္ဗညုတညာဏ်တော်ကြောင့်သာ ဖြစ်ပါတယ်။ သစ္စာတရားတို့ကို ဆရာမရှိ မိမိကိုယ်ပိုင်ညာဏ်ဖြင့် သိတဲ့အတွက် သယမ္ဘူတွင်ရတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မှာ ဝေါဟာရ, ပရိယာယ်, အနက်အဓိပ္ပါယ် မကြွယ်ဝတဲ့အတွက် မိမိသိတဲ့တရား သူတပါးအား မဟောပြောနိုင်မှုကို ထောက်ဆသိနိုင်ပါတယ်။

ဒါ့ကြောင့် အတုမရှိ ပညာရှင်ကိုယ်တိုင် သိမြင်အပ်, ဟောကြားအပ်တဲ့ သစ္စာတရားတို့မှာ အလွန်ခက်ခဲ နက်နဲခြင်း, အဲဒိပညာရှင် ညွှန်ပြတဲ့နည်းလမ်းအတိုင်း လိုက်နာကျင့်ကြရင် နက်နဲလှတဲ့ သစ္စာတရားတို့ကို သိနိုင်ဖို့ ညာဏ်တကယ်ရခြင်းတို့ကို ယုံကြည်အားထားကြရန် **"ဂမ္ဘီရပညေန သုဒေသိတာနိ"** က သစ္စာတရားတို့ရဲ့ ခိုင်လုံတဲ့သဘောကို ပြတော်မူပါတယ်။

**"ဂမ္ဘီရပညေန"**၌ **'ဂမ္ဘီရပည'**အရ နတ်နှင့်တကွ တစ်လောကလုံးရဲ့ ညာဏ်မျိုးဖြင့် မထောက်မမှိနိုင်အောင် နက်နဲလှတဲ့ ညာဏ်ပညာရှိသောပုဂ္ဂိုလ်–လို့ အနက်ရသောကြောင့် သဗ္ဗညူဘုရား (တရားအလုံးစုံကို သိတဲ့ဘုရား)အဖြစ်ကို ပြဆိုပါတယ်။

**သတ္တက္ခတ္တု ဖြစ်မှု ခုနစ်ဘဝသာ။** ။ "ရဟန်းတို့---အမှန်တရား သစ္စာလေးပါးတို့ကို မသိခြင်းကြောင့် ငါဘုရားရော သင်တို့ပါ ရှည်လျားစွာ သံသရာကာလပတ်လုံး ကျင်လည်ပြေးသွားခဲ့ကြရပြီ" လို့ ဘုရားရှင်ဟောတော်မူတဲ့ တရားတော်အရ သစ္စာလေးပါး မသိခြင်းမှာ သံသရာရှည်ခြင်းအကြောင်းဖြစ်ပြီး သစ္စာသိခြင်းမှာ သံသရာပြတ်ကြောင်းဖြစ်တယ်–ဆိုတာ သိသာလှတယ်၊ သစ္စာကိုသိဖို့ကြိုးစားတဲ့ ယောဂိရဲ့ ဝိပဿနာညာဏ်က ကိလေသာများကို ပယ်သတ်လျက် ရှိနေပါတယ်၊

ကိလေသာများသာမက ခန္ဓာ အဘိသခါရ (ကံ)တို့ကိုပါ စွန့်ပယ်လျက်သာ ဖြစ်နေပါတယ်၊ အဲဒီ ဝိပဿနာဉာဏ်က ကိလေသာ သခါရတို့ကို အဆက်မပြတ် ပယ်ခွါပေးလျက် ရှိခဲ့တဲ့အတွက်ကြောင့် ပင် မဂ်အရောက်မှာ ဒိကိလေသာ သခါရတို့ကို အရှင်းဆုံး ဖြတ်တောက်ပယ်ခွါနိုင်ခြင်းသို့ ရောက်ရပါတယ်။ အဲဒီလို သောတာပတ္တိမဂ်ဖြင့် အဘိသခါရ ဝိညာဏ်တို့ ချုပ်ငြိမ်းခြင်းကြောင့် ခုနစ်ဘဝ အလွန်ထားလျက် သံသရာမှာ ရုပ် နာမ် ခန္ဓာတို့ ဖြစ်ခွင့်မရှိတော့ပါ၊ ဒါကြောင့် **"နတေ ဘဝံ အဌမ'မာဒိယန္တိ"** လို့ ဟောတော်မူပါတယ်။

သောတာပန်ပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရပြီး မြင်ပြီးဖြစ်တယ်၊ သတ္တဇီဝသညာ ပျောက်လျက် ဓာတ်သဘောလဲ ပိုင်နိုင်စွာ သိရပြီးဖြစ်တယ်၊ ဘယ, အာဒီနဝ, နိဗ္ဗိဒါ, မုစ္စိတုကမျတာ–စတဲ့ ဉာဏ်များဖြင့် သခါရတို့၌ ငြီးငွေ့တဲ့ဉာဏ်များလဲ ဖြစ်ခဲ့ဘူးတယ်။ ဒီလို လက်စလက်နကလေးများကြောင့်ပင် သောတာပန်ဟာ ကာမရာဂ မကွာသေးတဲ့အတွက် လူ့စည်းစိမ် နတ်စည်းစိမ်များနဲ့ အမေ့ကြီး မေ့လျော့နေစေကာမူ ဒီလက်စလက်နကလေးများကို ပြန်ဖော်လိုက်တဲ့အခါ လွယ်ကူစွာပင် ဖော်နိုင်ပါတယ်၊ ဥပမာ ရဘူးတဲ့စာ မေ့နေလို့ ပြန်ကျက်တဲ့အခါ လွယ်ကူသလို, အကြောင်းတစ်စုံတစ်ခုကြောင့် ဈာန်လျှောကျသူမှာ ပြန်အားထုတ်ရင် အလွယ်ပင်ရသလို မှတ်ရပါမယ်၊ ခုနစ်ခုမြောက်ဘဝမှာ ရဟန္တာမဖြစ်မီ အမှတ်တမဲ့ ဓားနဲ့ ခုတ်ခံရလို့ဖြစ်စေ, ရေနှစ်ခံရလို့ဖြစ်စေ, မိုးကြိုးပစ်ခံရလို့ဖြစ်စေ ရုတ်တရက် သေရစေကာမူ ဒီမျှတိုတောင်းလှတဲ့ကာလကလေးအတွင်းမှာပင် ရဟန္တာဖြစ်ရပါတယ်။ ရဟန္တာမဖြစ်ပဲ သေရိုးထုံးစံမရှိ–လို့ သမ္ပောဟဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်း ဒသကနိဒ္ဒေသ အဖွင့်[၃၂] မှာ လာပါတယ်။

**သောတာပန်သုံးမျိုး၊ ဣန္ဒြေကိုး၊ ထက်ရိုး မရိုးမှာ ကွဲပြားပါ ။** ။ ရှစ်ခုမြောက်ဘဝကို မယူဆိုတာက သောတာပန်တို့တွင် အညံ့ဆုံး သတ္တက္ခတ္တုပရမသောတာပန်ကို ရည်ရွယ်ပါတယ်၊ သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ရဖို့ရန် မြန်, မမြန်မှာ သဒ္ဓါစတဲ့ ဣန္ဒြေများ ထက်, မထက်ကို အစွဲပြုလို့ ဖြစ်တယ်၊

(၁) ထက်မြက်တဲ့ ဣန္ဒြေရှိသော သောတာပန်မှာ တစ်ဘဝသာ ပဋိသန္ဓေနေပြီး ရဟန္တာ ဖြစ်ရတယ်၊ ဒီသောတာပန်မျိုးကို **'ဧကဗီဇီသောတာပန်** (တစ်ဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိတဲ့ သောတာပန်)' လို့ခေါ်တယ်။

---

[၃၂] သစေ ပီ ဟိဿ သတ္တမေ ဘဝေ နိဒ္ဒံ ဝါ ဩက္ကမန္တဿ ပရမျုခံ ဝါ ဂစ္ဆန္တဿ ပစ္ဆတော ဌတွာ တိခိဏေန အသိနာ ကောစိဒေဝ သိသံ ပါတေယျ၊ ဥဒကေ ဝါ ဩသာဒေတွာ မာရေယျ၊ အသနိ ဝါ ပနဿ သိသေ ပတေယျ၊ ဧဝရူပေပိ ကာလေ သပုဋိသန္ဓိကာ ကာလံကိရိယာ နာမ နဟောတိ၊ အရဟတ္တံ ပတွာဝ ပရိနိဗ္ဗာတိ။ တေန ဝုတ္တံ "အဌမံ ဘဝံ နိဗ္ဗတ္တေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ"တိ။ (အဘိ၊ ဌ၊ ၂၊ ၄၁၁။)

(၂) အလတ်စား ဣန္ဒြေရှိတဲ့ သောတာပန်မှာ နှစ်ဘဝမှ ခြောက်ဘဝအထိ ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်ရတယ်၊ ဒီသောတာပန်ကို '**ကောလံကောလသောတာပန်** (မြတ်သော အမျိုးတစ်မျိုးမှ မြတ်သော အမျိုးတစ်မျိုးသို့ သွားရောက်ဖြစ်လျက် ရဟန္တာဖြစ်ရမည့် သောတာပန်)'လို့ ခေါ်ပါတယ်။

(၃) အညံ့စား (နံ့တဲ့) ဣန္ဒြေရှိတဲ့ သောတာပန်မှာ ခုနစ်ဘဝ ပဋိသန္ဓေနေရပြီးမှ ရဟန္တာဖြစ်ရတယ်၊ အဲဒီ သောတာပန်ကိုတော့ '**သတ္တက္ခတ္တုပရမသောတာပန်** (ခုနစ်ဘဝ ပဋိသန္ဓေနေပြီးမှ ရဟန္တာဖြစ်မည့် သောတာပန်)'လို့ ခေါ်ပါတယ်။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဉာဏဝိဘင်္ဂ၊ ၄၁၀-၄၁၁။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ၊ ၂၊ ၆၇။ ပုဂ္ဂလပညတ္တိအဋ္ဌကထာ၊ ၄၆။)

ဝိသုဒ္ဓိမဂ်[၃၂]နှင့်အညီ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဘာသာပြန် စတုတ္ထတွဲ (၆၃၉-၆၄၀) မှာ--

**ပဌမမဂ်ပညာကို နံ့သော ဝိပဿနာဖြင့် ပွါးစေ၍လာခဲ့သော ပုဂ္ဂိုလ်သည် နုသော ဣန္ဒြေရှိသော်လည်း ခုနစ်ကြိမ် အတိုင်းအရှည်သာလျှင် ဘဝ၌ဖြစ်ခြင်းရှိသော "သတ္တက္ခတ္တုပရမသောတာပန်" မည်၏၊ (၄င်းသည်) သုဂတိဘဝ၌ ခုနစ်ကြိမ် ကျင်လည်ခဲ့၍ ဆင်းရဲ၏အဆုံးကိုပြု၏။ [လူ့ဘဝ နတ်ဘဝ ဟူသော ကာမသုဂတိဘဝတို့၌ ခုနစ်ဘဝတိုင်တိုင် သောတာပန်အဖြစ်နှင့်ပင် ကျင်လည်၍ ခုနစ်ခုမြောက် နောက်ဆုံးဘဝ၌သာလျှင် အထက်မဂ်ဖိုလ် ၃-ဆင့်ကို အစဉ်အတိုင်းတက်၍ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန် ဝင်စံသည်ကို ဆိုလို၏[၃၃]။]**

**အလတ်စားဖြစ်သော ဝိပဿနာဖြင့် (ပွါးစေ၍) လာခဲ့သော ပုဂ္ဂိုလ်သည် အလတ်စား ဣန္ဒြေရှိသည်ဖြစ်၍ အမျိုးမြတ်တစ်ခုမှ အမျိုးမြတ်တစ်ခု၌ ဖြစ်သော "ကောလံကောလသောတာပန်" မည်၏၊ (၄င်းသည်) နှစ်ခု သုံးခုသော အမျိုးမြတ်ဘဝတို့သို့ ပြေးသွားကျင်လည်၍ ဆင်းရဲ၏အဆုံးကိုပြု၏။**

---

[၃၂] ပဌမမဂ္ဂပညံ တာဝ ဘာဝေတွာ မန္ဒာယ ဝိပဿနာယ အာဂတော မုဒိန္ဒြိယော**သတ္တက္ခတ္တုပရမော** နာမ ဟောတိ၊ သတ္တသုဂတိဘဝေ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။ မဇ္ဈိမာယ ဝိပဿနာယ အာဂတော မဇ္ဈိမိန္ဒြိယော **ကောလံကောလော** နာမ ဟောတိ၊ ဒွေ ဝါ တီဏိ ဝါ ကုလာနိ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။ တိက္ခာယ ဝိပဿနာယ အာဂတော တိက္ခိန္ဒြိယော **စကိဒိဓ** နာမ ဟောတိ၊ ဧကဉ္စေဝ မာနုသကံ ဘဝံ နိဗ္ဗတ္တေတွာ ဒုက္ခဿန္တံ ကရောတိ။ (ဝိသုဒ္ဓိမဂ္ဂ၊ ၂၊ ၃၅၊ ။)

[၃၃] **မန္ဒာယ ဝိပဿနာယ အာဂတတ္တာ**တိ အတိက္ခာယ ဝိပဿနာယ ဝသေန ပထမမဂ္ဂပဋိလာဘေတွာ သောတာပန္နော အာဂတော။ သဒ္ဓါဒိနံ မုဒုနံ ဣန္ဒြိယာနံ ဝသေန **မုဒိန္ဒြိယော**တိ သမာနော။ **သတ္တက္ခတ္တုပရမော**ကို သတ္တက္ခတ္တုံ၊ ပရမော ဘဝူပပတ္တိ၊ အတ္ထော ဘာဝဝုဒ္ဓိယာ။ တတော ပရံ အဘဝိမ ဘဝံ နာဒိယတိတိ သတ္တက္ခတ္တုပရမော။ **သံသရိတွာ**တိ ပဋိသန္ဓိဝသေန အပရာပရံ ဝတ္ဝါ။ **ဒုက္ခဿန္တံ ကရောတိ**တိ ဝဋ္ဋဒုက္ခဿ ပရိယန္တံ ပရိယောသာနံ ကရောတိ။ အယံ ကာလေန ဒေဝလောကဿ, ကာလေန မနုဿလောကဿ ဝသေန **မိဿကဿေဝ** ဘဝဿ **"သတ္တသုဂတိဘဝေ သံသရိတွာ"**တိ ဝုတ္တော။ (ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ၂၊ ၅၃၀-၅၃၁။) အယံ ပန ကာလေန ဒေဝလောကဿ, ကာလေန မနုဿလောကဿ ဝသေန မိဿကဘဝေန ကတိတောပိ ဝေဒိတဗ္ဗော။ (အာဂံ၊ ၂၊ ၃၇၊ ။)

[အနည်းဆုံး နှစ်ဘဝ, အများဆုံး ခြောက်ဘဝတိုင်တိုင် သောတာပန်အဖြစ်နှင့်ပင် ကျင်လည်၍ နောက်ဆုံးဘဝ၌သာလျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံသည်ဟု ဆိုလိုဏ်[၃၃၀]]။

ထက်သောဝိပဿနာဖြင့် (ပွါးစေ၍) လာခဲ့သောပုဂ္ဂိုလ်သည် ထက်သော ဣဒြေရှိသည်ဖြစ်၍ ဘဝမျိုးစေ့တခုသာရှိသော "ဧကဗီဇီသောတာပန်"မည်၏၊ (၄င်းသည်) တခုသော လူ့ဘဝကိုသာလျှင် ဖြစ်စေပြီးလျှင် ဆင်းရဲ၏အဆုံးကိုပြု၏။ [လူ့ဘဝ၌ တကြိမ်သာလျှင် ထပ်၍ဖြစ်ပြီးလျှင် ထိုဘဝ၌ပင်လျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံသည်ဟု ဆိုလိုဏ်။ တခုသော လူ့ဘဝဟူသည်မှာ ဒေသနာစဉ်မျှသာ၊ တခုသော နတ်ဘဝကိုသာလျှင် ဖြစ်စေပြီးလျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်လည်း "ဧကဗီဇီ"ပင် မည်သည်ဟု ဋီကာ[၃၃၂]၌ ဆိုဏ်။ တခုသောဘဝ၌ သောတာပန်ဖြစ်ပြီးလျှင် အခြားတဘဝ၌ သကဒါဂါမ် အနာဂါမ်ဖြစ်၍ အခြားတဘဝ၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်မှာ ဤ၌ပြဆိုထားသော သောတာပန်သုံးမျိုးမှ အလွတ်ဖြစ်သည်၊ ထိုသို့သော သောတာပန်ကို သကဒါဂါမ်ဘုံအဆင့်, အနာဂါမ်ဘုံအဆင့်, ရဟန္တာဘုံအဆင့်များသို့ တဆင့်ချင်း တက်သွားသောကြောင့် ဘုံစဉ်စံပုဂ္ဂိုလ်ဟု ခေါ်ကြ၏၊ ဝိသာခါ, အနာထပိဏ်တို့ကဲ့သို့သော ပုဂ္ဂိုလ်များပင်တည်း]။

ဒိသောတာပန်တို့ရဲ့ ဘဝအရေအတွက်ကန့်သတ်ချက်မှာ ကာမဘုံအတွက်သာ ဖြစ်တယ်၊ ရူပ, အရူပဘုံများမှ သောတာပန်များမှာမူ ပဋိသန္ဓေ အကြိမ်များစွာ ယူနိုင်ကြောင်းကို ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ[၃၃၃]မှာ ပြဆိုထားပါတယ်။

## ဘယ်သူက သောတာပန်သုံးမျိုး၏အမည်များကို ပေးခဲ့ပါသလဲ?

ဘုရားရှင်က ဒိအမည်များကို ပေးခဲ့ပါတယ်၊ မှန်ပါတယ်၊ ဘုရားရှင်က ဘုရားဉာဏ်တော်–ဆိုတဲ့ချိန်နဲ့ နှိုင်းချိန်တော်မူလျက် သဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တော်မူကာ---

---

[၃၃၀] ကုလတော ကုလံ ဂစ္ဆတိတိ **ကောလံကောလော။** သောတာပတ္တိဖလသစ္ဆိကိရိယတော ပဋ္ဌာယ ဟိ နိစကုလေ ဥပပတ္တိ နာမ နတ္ထိ၊ မဟာဘောဂကုလေသုယေဝ နိဗ္ဗတ္တတိတိ အတ္ထော။ **ဒွေ ဝါ တိဏိ ဝါ ကုလာနိ**တိ ဒေဝမနုဿဝသေန ဒွေ ဝါ တယော ဝါ ဘဝေ။ ဣတိ အယမ္ပိ မိဿကဘဝေနေဝ ကထိတော။ ဒေသနာမတ္တမေဝ စေတံ "ဒွေ ဝါ တိဏိ ဝါ"တိ။ ယာဝ ဆဋ္ဌဘဝါ သံသရန္တောပိ ကောလံကောလောဝ ဟောတိ။ (ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ၂၊ ၅၃၁။ အဘိ၊ ၄၊ ၃၊ ၄၆။)

[၃၃၁] အတ္တဘာဝဂ္ဂဟဏသခါတံ ဧကံယေဝ ခန္ဓဗိဇံ ဧတဿ အတ္ထိတိ **ဧကဗီဇီ။ "မာနသက် ဘဝ"**နှိ ဣဒမ္ပိ ဒေသနာမတ္တံ။ "ဒေဝဘဝံ နိဗ္ဗတ္တေတိ"တိပိ ဝတ္တုံ ဝဋ္ဌတိယေဝ။ (ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ၂၊ ၅၃၁။)

[၃၃၃] ဣမေ တယောပိ သောတာပန္ဓာ ကာမဘဝဝသေန ဝုတ္တာ၊ ရူပါရူပဘဝေ ပန ဗဟုကာပိ ပဋိသန္ဓိယော ဂဏ္ဍနှိ။ (ပဋိသမ္ဘိဒါမဂ္ဂ၊ ၄၊ ၂၊ ၆၇။)

"ဒီပုဂ္ဂိုလ်က ပုဂ္ဂိုလ်အားလုံးတို့ထက် ပညာကြီးလျက် ထက်မြက်တဲ့ ဝိပဿနာဉာဏ် ရှိတဲ့အတွက် တစ်ဘဝသာ ပဋိသန္ဓေနေပြီး အရဟတ္တဖိုလ်ကို ယူလိမ့်မယ် (ရဟန္တာဖြစ်လိမ့်မယ်)"လို့ မြင်တော်မူသောကြောင့် '**ကေဝီဇိ** (တစ်ဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိသူ)'လို့ နာမည်ပေးပါတယ်။

"ဒီပုဂ္ဂိုလ်က ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌ (ခြောက်ခုမြောက်)ဘဝတိုင် ပဋိသန္ဓေနေပြီးမှ ရဟန္တာဖြစ်မယ်"လို့ မြင်တော်မူသောကြောင့် '**ကောလံကောလ**(အမျိုးကောင်းတစ်ခုမှ အမျိုးကောင်း တစ်ခုကိုသွားတတ်သူ)'လို့ အမည်ပေးတော်မူပါတယ်။

"ဒီပုဂ္ဂိုလ်ကတော့ ခုနစ်ဘဝ ပဋိသန္ဓေနေပြီးမှ ရဟန္တာဖြစ်လိမ့်မယ်"လို့ မြင်တော်မူသောကြောင့် '**သတ္တက္ခတ္တုပရမ** (ပဋိသန္ဓေ ခုနစ်ကြိမ်အတိုင်းအရှည်ရှိသူ)'လို့ အမည်ပေးတော်မူပါတယ်[၃၃၄]။

**<u>ဥပနိဿယ၊ ပြည့်စုံမှ၊ ရကြမက်ဖိုလ်ပါ</u>။** ။ သောတာပန်ဖြစ်ပြီးနောက် အထက်မက်ရဖို့ရန် မြန်ခြင်း, မမြန်ခြင်းမှာ ဥပနိဿယဟာ အကြောင်းရင်းပင် ဖြစ်တယ်။

ရဟန်းတော်တစ်ပါးဟာ တရားအားထုတ်နေရင်း ပျံလွန်ကာ မက်ကိုရဖို့ရန်အကြောင်း ဥပနိဿယ အားနည်းသေးတဲ့အတွက် ရဟန္တာမဖြစ်ပဲ တာဝတိံသာနတ်ပြည် ဗိမာန်ကြီးတံခါးဝတစ်ခုမှာ ဖြစ်ခဲ့ပါတယ်၊ နတ်သမီးတွေက သူ့ကိုမြင်တော့ "ဗိမာန်ပိုင်ရှင် နတ်သားတော့လာပြီ၊ ဒို့တွေ သူကို ဖျော်ဖြေကြမယ်" ဆိုတဲ့စိတ်ကူးနဲ့ တူရိယာများကိုယူကာ နတ်သားကို ခြံရံလာကြတယ်၊ နတ်သားဟာ ရဟန်းဘဝ တရားအားထုတ်ရင်း ပျံလွန်ကာ နတ်ပြည်ရောက်လာရတာမို့ မိမိကိုယ်ကို နတ်ဖြစ်မှန်းမသိ, ရဟန်းအမှတ်သာရှိလျက် နတ်သမီးတွေက သူ့ကိုကြည့်ပေမဲ့ ကျောင်းစဉ်လှည့်လည်လာတဲ့ မာတုဂါမတွေ–လို့ထင်ကာ ရှက်တတ်တဲ့ ပံသုကူဓုတင်ဆောင်ရဟန်း နှစ်ထပ်သင်္ကန်းကို လက်ကတ်တော့တင်သလိုပြုပြီး စက္ခုနြေချလျက် နေပါတယ်၊ နတ်သားရဲ့ကိုယ်အမူအရာနဲ့ပင် နတ်သမီးတွေဟာ "ဒီနတ်သားဟာ ရဟန်းဘဝမှလာတဲ့ နတ်သားဖြစ်မယ်"လို့ သိကြတော့ "အရှင်နတ်သား––ဒီနေရာ

---

[၃၃၄] သစေ ဟိ တေသံ ဝိပဿနာ တိက္ခာ သူရာ ဟုတ္ဝာ ဝဟတိ၊ ဧကံယေဝ ဘဝံ နိဗ္ဗတ္တေတ္ဝာ အရဟတ္တံ ပတ္ဝာ ပရိနိဗ္ဗာတိ။ တတော မန္ဒတရပညော ဒုတိယေ ဝါ တတိယေ ဝါ စတုတ္ထေ ဝါ ပဉ္စမေ ဝါ ဆဋ္ဌေ ဝါ ဘဝေ အရဟတ္တံ ပတ္ဝာ ပရိနိဗ္ဗာတိ။ သဗ္ဗမန္ဒပညော သတ္တမံ ဘဝံ နိဗ္ဗတ္တေတ္ဝာ ပါပုဏာတိ၊ အဋ္ဌမေ ဘဝေ ပဋိသန္ဓိ နဟောတိ။ တ္တတိ သမ္မာသမ္မုဒ္ဓေန ဝတိတံ နာမမတ္တမေတံ။ သတ္တာ ဟိ ဗုဒ္ဓကုလာယ တုလေတ္ဝာ သဗ္ဗညုတညာဏေန ပရိစ္ဆိန္ဒိတ္ဝာ အယံ ပုဂ္ဂလော သဗ္ဗမဟာပညော ဟိက္ခဝိပဿကော ဧကမေဝ ဘဝံ နိဗ္ဗတ္တေတ္ဝာ အရဟတ္တံ ဂဏ္ဍိဿတိတိ ဧကဗီဇိတိ နာမံ အကာသိ။ အယံ ပုဂ္ဂလော ဒုတိယံ တတိယံ စတုတ္ထံ ပဉ္စမံ ဆဋ္ဌံ ဘဝံ နိဗ္ဗတ္တေတ္ဝာ အရဟတ္တံ ဂဏ္ဍိဿတိတိ ကောလံကောလောတိ နာမံ အကာသိ။ အယံ ပုဂ္ဂလော သတ္တမံ ဘဝံ နိဗ္ဗတ္တေတ္ဝာ အရဟတ္တံ ဂဏ္ဍိဿတိတိ **သတ္တက္ခတ္တုပရမောတိ** နာမံ အကာသိ။ (အဘိ၊ ၎၊ ၂၊ ၄၁၁။ သမ္မောဟဝိနောဒနိဘာသာဋီကာ၊ ၃၊ ၂၂၆။ ပဋိသမ္ဘိဒါမဂ္ဂ၊ ၎၊ ၂၊ ၆၇။)

ဟာ နတ်ပြည်ပါ၊ ရဟန်းတရားပြုရမယ့် (အားထုတ်ရမယ့်)နေရာမဟုတ်ပါ၊ စည်းစိမ်းခံစားရမယ့် နေရာဖြစ်ပါတယ်”လို့ ပြောဆိုကာ တူရိယာများ တီးမှုတ်ကြပေမဲ့ ဂရုမစိုက်ပါ၊ နတ်သမီးတွေက သူ့ရှေ့မှာ ကိုယ်လုံးပေါ်မှန်ကြိုးထောင်ပြမှ မိမိအဖြစ်မှန်ကို သိရတဲ့ နတ်သားဟာ “ငါက ဒီနတ်ပြည်ကို တောင့်တလျက် ရဟန်းတရား ကျင့်ခဲ့တာ မဟုတ်ဘူး၊ အရဟတ္တဖိုလ်ကို တောင့်တပြီး ကျင့်ခဲ့တာ”လို့ လွန်စွာ စိတ်မချမ်းမသာဖြစ်ပြီး ဗိမာန်တွင်းသို့ပင် မဝင်တော့ပဲ ဘုရားရှင်ထံမှောက်သွာရောက်ကာ “မြေဘုတ်ဘီလူးမများသဖွယ် နတ်သမီးတွေ သိချင်းကျူးရင့်ရာ မှီဝဲရာ ကာမဂုဏ်ဖြင့် တွေဝေမေ့မောရာ နန္ဒဝန်ဥယျာဉ်ကို ဘယ်လိုလွန်မြောက်ရပါမလဲဘုရား? တပည့်တော်အား အရဟတ္တဖိုလ်ရဲ့ နိုးစွာသောအကြောင်းဖြစ်တဲ့ ဝိပဿနာတရားကို ဟောတော်မူပါဘုရား”လို့ လျှောက်ထားပါတယ်။

ဘုရားရှင်က “ဝိရိယတည်းသူသော ဘိး, ဟိရိသြတ္တပ္ပတည်းသူသော အမှိသဟဲ, သတိတည်းဟူသော အကာအရံ-စသည်ရှိတဲ့ အရိယမဂ်ယာဉ်ဖြင့် နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ကြပါတယ်”လို့ ဟောကြားတဲ့အခါ နတ်သားဟာ သောတာပန် ဖြစ်ခဲ့ပါတယ်[၃၃]။

ဒီနေရာမှာ ဘုရားရှင်က အရဟတ္တဖိုလ်ပေါက် ရောက်နိုင်လောက်အောင် တရားကို ဟောပါလျက် သောတာပန်မျှသာ ဖြစ်ရသည်မှာ သူရဲ့သောတာပန်ဖြစ်ရုံမျှ ဥပနိဿယရှိသောကြောင့် ဖြစ်ကြောင်း, ဘုရင်ပွဲတော်တည်တဲ့အခါ မိမိရဲ့ခံတွင်းပမာဏ ဆွမ်းလုပ်ချိပင့်ထားပေမဲ့ ရင်ခွင်ရှိ သားငယ်အဖို့ သူရဲ့ခံတွင်းဆန့်သလောက်သာ ဘခင်ထံမှ ဆွမ်းလုပ်ကို စားသုံးနိုင်သလို ဘုရားရှင်က အရဟတ္တဖိုလ်ပေါက်ဒေသနာကို ဟောကြားစေကာမူ သတ္တဝါတွေဟာ မိမိတို့ရဲ့အကြောင်းဥပနိဿယအား လျော်စွာသာ သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြရကြောင်း” သဂါထာဝဂ္ဂ ဒေဝတာသံယုတ် အစ္ဆရာသုတ်အဖွင့် အဋ္ဌကထာ[၃၄]မှာ မိန့်ဆိုပါတယ်။

**<u>သောတာပန္၊ မျိုးသုံးဝမှာ၊ ဝါဒတွေကွဲ၊ ဘယ်လိုလဲ၊ ဒိဋ္ဌမြဝါဒ ယူသင့်စွ။</u>** ။ သောတာပန် သုံးမျိုးကွဲပြားရာမှာ ဒီလိုကွဲပြားရန် ဘယ်တရားက အတည်ပြုသတ်မှတ်ပေးပါသလဲ?ဒီနေရာမှာ ဆရာတို့ အယူအဆကွဲပုံကို ပုဂ္ဂလပညတ် အဋ္ဌကထာ ကေကနိဒ္ဒေသအဖွင့် (အဘိ၊ ဋ္ဌ၊ ၃၊ ၄၇)၌ ပြဆိုထားပါ

---

[၃၃] သဂါထာဝဂ္ဂသံယုတ် အစ္ဆရာသုတ် (သံ၊ ၁၊ ၃၀)။ သဂါထာဝဂ္ဂအဋ္ဌကထာ အစ္ဆရာသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၈၀-၈၁)။

[၃၄] ယထာ ဟိ ရညော ဘောဇနကာလေ အတ္တနော မုခပမာဏော ကဗဠော ဥက္ခိတ္တော အကော် နိသိန္နော ပုတ္တော အတ္တနော မုခပမာဏောနေဝ တတော ကဝဠံ ကရောတိ၊ ဧဝမေဝံ ဘဂဝတိ အရဟတ္တနိကူဋေန ဒေသနံ ဒေသေန္တေပိ သတ္တာ အတ္တနော ဥပနိဿယာနရူပေန သောတာပတ္တိဖလာဒီနိ ပါပုဏန္တိ၊ အယမ္ပိ ဒေဝပုတ္တော သောတာပတ္တိဖလံ ပတ္တော ဘဂဝန္တံ ဂန္ဓာဒီဟိ ပူဇေတ္တော ပတ္တာမိတိ။ (သံ၊ ဋ္ဌ၊ ၁၊ ၈၃။)

တယ်။ အချို့ဆရာတွေက ဒီလိုသတ်မှတ်ပေးရာမှာ "ပုဗ္ဗဟေတု (ရှေးကံအကြောင်း)"လို့ သတ်မှတ်ကြတယ်။ အချို့က "ပဌမမဂ်"လို့ သတ်မှတ် ကြတယ်။ အချို့က "အထက်မဂ်သုံးပါး"လို့ သတ်မှတ်ကြပြန်တယ်။ အချို့ကတော့ "အထက်မဂ်သုံးပါးရဲ့ ဝိပဿနာ"လို့ သတ်မှတ်ကြပြန်တယ်။ ဒီဝါဒလေးမျိုးအနက် ပုဗ္ဗဟေတု(ရှေးကံအကြောင်း)လို့ သတ်မှတ် တဲ့ဝါဒက "ပဌမမဂ်ရဲ့ ဥပနိဿယကို ပြုပြီးသည်မည်တယ်၊ အထက်မဂ်သုံးပါးမှာ ဥပနိဿယမရှိတော့ပြီ" လို့ ဆိုရာရောက်တယ်"။ ပဌမမဂ်-လို့ သတ်မှတ်တဲ့ဝါဒက "အထက်မဂ်သုံးပါးအဖို့ အကျိုးမရှိသည့် အဖြစ်" ဆိုရာရောက်ပါတယ်။ အထက်မဂ်သုံးပါး-သတ်မှတ်တဲ့ဝါဒက "ပဌမမဂ်မဖြစ်မီကပင် အထက်မဂ်သုံးပါးက ဖြစ်ပြီးပြီ" လို့ ဆိုရာရောက်တယ်။ အမှန်တော့ "အထက်မဂ်သုံးပါးရဲ့ဝိပဿနာက သတ်မှတ်ပေးတယ်"ဆိုတဲ့ နောက်ဆုံးဝါဒသာ သင့်မြတ်ကြောင်း အတည်ပြုပါတယ်။ **အထက်မဂ်သုံးပါးရဲ့ ဝိပဿနာ အားကောင်းသူမှာ ဧကဗီဇီ-ဖြစ်ရ၏၊ ဒီအောက် ည့်သူမှာ ကောလံကောလ, ဒီအောက် ပိုလို့ ည့်သူမှာ သတ္တက္ခတ္တုပရမ-ဖြစ်တယ်** [၃၃၇] ။ ဒီသောတာပန်သုံးမျိုးရဲ့ ကွန်ဖြေထက်မှု ည့်မှုမှာ ပုဗ္ဗဟေတု (ရှေးအကြောင်းကံ)က သတ်မှတ်ပေးတယ်-လို့ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ (၂၊ ၆၇)မှာ ဆိုပါတယ်၊ ဆိုခဲ့တဲ့ ဝါဒလေးမျိုးတွင် ပဌမဆရာများရဲ့ဝါဒနှင့် တူပါတယ်။

**ရတာနှင့်ပင် ကျေနပ်လျှင်။** ။ အထက်မဂ်ရဖို့ ဆက်လက်အားမထုတ်ပဲ သောတာပန်အဖြစ်နဲ့ ကျေနပ်နေခြင်းကလဲ အကြောင်းတစ်ရပ် ဖြစ်ဖို့ရှိတယ်၊ အချို့ပုဂ္ဂိုလ်ဟာ ဒီဘဝမှာပင် အရဟတ္တဖိုလ်ရဖို့ သေချာပါလျက် ရုတ်တရက်မရသေးတဲ့ ပုဂ္ဂိုလ်များ၌ အခြားအကြောင်းတွေလဲ ရှိတတ်ပါသေးတယ်၊ အရှင်အာနန္ဒာမထေရ်ဟာ ရဟန်းဖြစ်စကပင် ပုဏ္ဏမထေရ်ရဲ့တရားနာယူရသဖြင့် သောတာပန်ဖြစ်ခဲ့ပေမဲ့ ဘုရားရှင် ပရိနိဗ္ဗာန်စံသည်အထိ ရဟန္တာမဖြစ်ပါ၊ ဒီလိုဖြစ်ရခြင်းဟာ သောတာပန်အဖြစ်နဲ့ ကျေနပ်လျက် တရားအထူး အားမထုတ်တဲ့အတွက်ကြောင့်လော? တရားအားထုတ်ရေးထက် ဓမ္မဗဟုသုတရဖို့ အလေးပေး ကြိုးစားနေရတဲ့အတွက်ကြောင့်လော? တွေးတောစရာ ဖြစ်ပါတယ်။ ဘုရားရှင်က ပရိနိဗ္ဗာန်စံခါနီးမှာ မိမိ သေက္ခသာဖြစ်လို့ ကိစ္စမပြီးသေးတာကို တွေးတော ပူပန်နေတဲ့ အရှင်မြတ်ကို **"ကတပုညော'သိ တွံ အာနန္ဒ၊ ပဓာန'မနုယုဥ္ဇ၊ ဓိပွံ ဟောဟိသိ အနာသဝေါ**[၃၃၀]-

---

[၃၃၇] "တိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ နိယမေတိ"တိ ဝါဒေါ ပန ယုဇ္ဇတိ။ သစေ ဟိ ဥပရိ တိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ ဗလဝတိ ဟောတိ၊ ဧကဗီဇီ နာမ ဟောတိ၊ တတော မန္ဒတရာယ ကောလံကောလော၊ တတော မန္ဒတရာယ သတ္တက္ခတ္တုပရမောတိ၊ (အဘိ၊ မူ၊ ၃၊ ၄၇။)

[၃၃၀] သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် (ဒီ၊ ၂၊ ၁၁၉။)

အာနန္ဒာ--သင်ဟာ ကောင်းမှုရှိသူ ဖြစ်တယ်၊ ကမ္မဋ္ဌာန်းကို အားထုတ်ပါ၊ မကြာမီ ရဟန္တာ ဖြစ်လိမ့်မယ်''လို့ အားပေးစကား မိန့်ကြားတော်မူပါတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလအကြာ ပဌမသင်္ဂါယနာတင်ခါနီးမှာ တကယ်အားထုတ်တဲ့အခါ လွယ်ကူစွာပင် ရဟန္တာဖြစ်ရပါတယ်။

**သောတာပန်မှာ၊ ရတနာ၊ ဖြစ်ရွာထိုက်ပေသည်။** ။ ပုထုဇဉ်ရဲ့ သံသရာက ဘယ်တော့ ကုန်ဆုံးမယ်-လို့ အကန့်အသတ်မရှိ၊ သံသရာရှည်တာနဲ့အမျှ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, အပါယ်ဘေးစတဲ့ဒုက္ခတွေကို ကြိုးမားမျှားပြားစွာ ခံစားရဦးမယ်။ ဒီလိုစဉ်းစားမိရင် ခုနစ်ဘဝမျှနဲ့ သံသရာဒုက္ခလက်စသိမ်း၍ အငြိမ်းကြီး ငြိမ်းရမယ့် ဒီအည့ဆုံး သောတာပန်ရဲ့ဂုဏ်ကပင် မည်မျှ နှစ်သက်အားရဖွယ်ဖြစ်သည်မှာ ထင်ရှားလှပါတယ်။ ဒါ့ကြောင့် နှစ်သက်ဖွယ် ဂုဏ်ရှင် သောတာပန်ဟာ ရတနာအစစ် ဖြစ်ရပါတယ်။

ဓမ္မပဒ အနာထပိဏ္ဍိကပုတ္တကာလဝတ္ထု (ခု၊ ၁၊ ၄၀)မှာ သောတာပန်ရဲ့ဂုဏ်ထူး ချီးကျူးထားပုံမှာ--

**ပထဗျာ ကေရဇ္ဇေန၊ သဂ္ဂသ ဂမနေန ဝါ။**
**သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။**

**ပထဗျာ**-ကမ္ဘာ့ဗေဒခွင် မြေအပြင်၌၊ **ကေရဇ္ဇေန ဝါ**-တစ်ဦးတည်းပင် ဘုရင်ကောင်း ဖြစ်ရသည်ထက်လည်းကောင်း၊ **သဂ္ဂသ**-ချမ်းသာရိပ်ငြိမ် စည်းစိမ်တွေစုံ နတ်တို့ဘုံသို့၊ **ဂမနေန ဝါ**-အကြောင်းရင်းခံ ကုသိုလ်ဖန်၍ ဝိမာန်အသင့် ဘုံအသင့်ဖြင့် ဂုဏ်မြင့်ဖြိုးမောက် ရောက်ရသည်ထက်လည်းကောင်း၊ **သဗ္ဗ လောကာဓိပစ္စေန ဝါ**-တစ်လောကလုံး သိမ်းကျုံးလွှမ်းမိုး အစိုးရသည်ထက်လည်းကောင်း၊ **သောတာပတ္တိဖလံ**-သောတာပတ္တိ မည်ရှိထူးခြား ဖိုလ်တရားသည်၊ **ဝရံ**-အပါယ်တံခါးပိတ်ကာသွား၍ တင်ရှားလှသည် ဂုဏ်အရည်ကြောင့် မမှိနိုင်တမ်း အလှမ်းဝေးကွာ ထူးမြတ်လှပါပေသတည်း။

ကမ္ဘာ့မြေအပြင်ကို အစိုးရတဲ့ စကြဝတေးမင်း, နတ်မင်း, တစ်လောကလုံးကို အစိုးရသူတွေဖြစ်လျက် စည်းစိမ်အမျိုးမျိုးကို ခံစားရကြစေကာမူ အပါယ်စတဲ့ဆင်းရဲဒုက္ခမှ မလွတ်နိုင်ကြပါ၊ သောတာပန်ကတော့ အပါယ်တံခါးပိတ်ပြီးဖြစ်လို့ အည့ဆုံး (သတ္တက္ခတ္တုပရမ)သောတာပန် ဖြစ်စေကာမူ ရှစ်ခုမြောက်ဘဝမှာ မဖြစ်ရတော့ပြီ၊ ဒါ့ကြောင့် သောတာပတ္တိဖိုလ် (ခ) သောတာပန်က မြတ်တယ်-လို့ ဆိုလိုပါတယ်။

၁၀။ သဟာဝဿ ဒဿနသမ္ပဒါယ၊
တယာသု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
၁၁။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆ စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သဟာဝဿ= သဟာဝတ်သ [သဟာဝ+အဿ]

ဒဿနသမ္ပဒါယ= ဒတ်သန သမ်ပဒါယ

တယာသု= တယတ်သု [တယော+အသု]

သက္ကာယဒိဋ္ဌိ= သက်ကာယ ဒိတ်ဌိ

အချို့စာအုပ်များမှာ **သက္ကာယဒိဋ္ဌိ**–ရှိ (ခု၊ ဘ၊ ခုဒ္ဒကပါဋ၊ ရတနသုတ္တ၊ ဖ။ ခု၊ ဘ၊ သုတ္တနိပါတ၊ ၃၁၃။ စလင်း ပရိတ်ကြီးနိသယ၊ ၁၀၈။ ဓမ္မာနန္ဒဝတ်ရွတ်စဉ်၊ ၂၇။ စသည်)

အချို့မှာတော့ **သက္ကာယဒိဋ္ဌိ**–ရှိ (ပရိတ်ကြီးနိသယသစ်၊ ၂၈၃။ ပရိတ္တသင်္ဂဟ၊ ၄၂။ စသည်)

ဝိစိကိစ္ဆိတဉ္စ= ဝိစိကိတ်ဆိတင်စ

သီလဗ္ဗတံ=သီလတ်ဗတံ [သီလ+ဝတံ]

ယဒတ္ထိ=ယဒတ်ထိ [ယံ+အတ္ထိ]

စတူဟပါယေဟိ [စတူဟိ+အပါယေဟိ]

ဝိပ္ပမုတ္တော=ဝိဝ် ပမုတ္တော [ဝိ+ပမုတ္တော]

**ဝိပ္ပ မုတ္တော**–မဖတ်နဲ့၊ **ဝိဝ် ပမုတ္တော**–ဖတ်

**ဆ စာဘိဌာနာနိ** (သိဟိုဠ်မူ၊ ယိုးဒယားမူ၊ ပရိတ်ကြီးနိသယသစ်၊ ၂၈၃။ ဓမ္မာနန္ဒဝတ်ရွတ်စဉ်၊ ၂၇။)

**ဆစ္စာဘိဌာနာနိ** (ခုဒ္ဒကပါဋ၊ ရတနသုတ်၊ ဖ။ သုတ္တနိပါတ၊ ရတနသုတ်၊ ၃၁၄ (ခု၊ ဘ၊ ဖ, ၃၁၄)။ သိရိမင်္ဂလာပရိတော်၊ ၇။ စလင်း ပရိတ်ကြီးနိသယ၊ ၁၃၈။ မြင်းခြံ

မဟာပရိတ်တော်ကြီး နိဿယသစ်၊ ၄၇။ တံ့တေး ပရိတ်ကြီးနိဿယ၊ ၆၉။
ပရိတ္တသင်္ဂဟ၊ ၄၂။ အရှင်ဇနကာဘိဝံသ၏ပရိတ္တပါဠို၊ ၉။)

**အသ**–ထိုသောတာပန်ပုဂ္ဂိုလ်သည်၊ **ဒဿနသမ္ပဒါယ**–သောတာပတ္တိမဂ်ဉာဏ်၏ပြည့်စုံခြင်းနှင့်၊ **သဟာဝ**–အတူမကွာ တပြိုင်နက်သာလျှင်၊ **သက္ကာယဒိဋ္ဌိ စ**–သက္ကာယဒိဋ္ဌိလည်းကောင်း၊ **ဝိစိကိစ္ဆာတဉ္စ**–ဝိစိကိစ္ဆာ လည်းကောင်း၊ **သီလဗ္ဗတံ ဝါပိ**–သီလဗ္ဗတလည်းကောင်း၊ **ကုတိ**–ဤသို့၊ **တယော**–သုံးပါးကုန်သော၊ **မလာ**–ဟရားတို့သည်၊ **ဇဟိတာ**–ပယ်ရှားအပ်ကုန်သည်၊ **ဘဝန္တိ**–ဖြစ်ကုန်၏၊ **ကိဉ္စိ**–အချို့သော၊ **ယံ**–အကြင်ကိလေသာသည်၊ **အတ္ထိ**–ရှိ၏၊ (**တမ္ပိ**–ထိုကိလေသာအချို့ကိုလည်း၊ **ဇဟိတံ**–ပယ်အပ်ပေပြီ၊)

**သော**–ထို သောတာပန်ပုဂ္ဂိုလ်သည်၊ **စတူဟပါယေဟိ စ**–အပါယ်လေးဘုံတို့မှလည်း၊ **ဝိပ္ပမုတ္တော**– လွတ်မြောက်ရလေပြီ၊ **ဆ**–ခြောက်ပါးကုန်သော၊ **အဘိဌာနာနိ စ**–ဂုန်ရင်းသော အကြောင်းစုအမှုအပြစ်တို့ကိုလည်း၊ **ကာတုံ**–ပြုခြင်းငှါ၊ **အဘဗ္ဗော**–မထိုက်တော့ပြီ၊ **သံဃေ**–သောတာပန်သံဃာတော်၌၊ **ဂုဒ္ဓိ ရတနံ**–ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဧတေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

သောတာပန်ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ်ဉာဏ်ပြည့်စုံသည်နဲ့ တပြိုင်နက် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ-တရားသုံးပါးနှင့် အချို့ ကိလေသာများကို ပယ်ရှားပြီး ဖြစ်တယ်၊ အဲဒီ သောတာပန်ပုဂ္ဂိုလ်ဟာ အပါယ်လေးဘုံတို့မှလဲ လွတ်မြောက်ရပါပြီ၊ အဘိဌာန-ခေါ်တဲ့ ဂုန်ရင်းတဲ့ အကြောင်းစု အမှုအပြစ် ခြောက်ပါးတို့ကိုလဲ ပြုခြင်းငှါ မထိုက်တော့ပါ (မပြုတော့ပါ)၊ သောတာပန်သံဃာမှာ ရတနာရဲ့အဖြစ် ဒီနှစ်သက်ဖွယ်ဂုဏ်ရည်ကလဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

**ဧသာကာပန်ဂုဏ်၊ တစ်မျိုးယုံ၊ ဆိုပုံ သစ္စာမှန်။** ။ **"သဟာဝဿ"**ဂါထာဖြင့်ညွှန်ပြတဲ့စကားရပ်ဟာ သောတာပန်ရဲ့ဂုဏ်ရည်ပင်ဖြစ်တယ်၊ သံသရာမှာ ခုနစ်ဘဝ ကျင်လည်ရစေကာမူ မည်သည့်ကိလေသာကိုမျှ မပယ်နိုင်ကြသေးတဲ့ ပုထုဇဉ်တို့နဲ့မတူ တမူထူးခြားတဲ့ ဂုဏ်အနေနဲ့ ချီးကျူးလျက် သစ္စာပြုဟန်ကို ပြတော်မူခြင်းဖြစ်ပါတယ်။

**"ဒဿန"အရ သောတာပတ္တိမဂ်ကိုပြ။** ။ ရှေးဦးစွာ (ပဌမဆုံး) နိဗ္ဗာန်ကိုမြင်တတ်တဲ့အတွက် သောတာပတ္တိမဂ်ကို **"ဒဿန"**ခေါ်ပါတယ်[၃၃၉]။

**သက္ကာယဒိဋ္ဌိ စွဲဘိဝါးခန္ဓာ။** ။ ရုပ်နာမ်တို့ကို မမြင်တဲ့ သာပန် ပုထုဇဉ်တွေမှာ ဒိခန္ဓာကို တစ်သားတည်း တစ်လုံးတစ်ခဲတည်း ထင်နေမြင်နေကြတယ်၊ ဒိလို တစ်သားတည်း တစ်လုံးတစ်ခဲတည်း မြင်တဲ့အမြင်ကပင် အတ္တစွဲဖို့ အကြောင်းဖြစ်တယ်၊ နာမ် သို့မဟုတ် ဝိညာဉ်ကို တစ်ခုတည်းလို မြင်နေသူမှာ အတ္တစွဲဖို့သေချာတယ်၊ ခန္ဓာကိုယ်ရဲ့ဗျာပါရ (လှုပ်ရှားမှု)တွေဟာ အလွန်ဆန်းကြယ်ကြပါတယ်၊ စိတ်ကလွှတ်ပေးလိုက်တာနဲ့ စိတ်ရဲ့အလိုအတိုင်း စိတ္တဇရုပ်တွေဖြစ်ကာ လှုပ်ရှားပြုမှုနေပုံများဟာ လွန်စွာဆန်းကြယ်လှတယ်၊ ဒိအချက်များအရပင် စိတ်ကိုမပျက်စီးပဲ အမြဲတည်နေတဲ့ တစ်ခုတည်းသော အသက်, ဝိညာဉ်ကောင်, လိပ်ပြာကောင်–လို့ စွဲလမ်းကြ, သုံးနှုန်းကြတယ်၊ ဒါ့ကြောင့်ပင် ရုပ်ကြီးက ပျက်စီးတယ်၊ ဝိညာဉ်ကတော့ မပျက်စီးဘူး၊ နာမ်ကတော့ မပျက်ဘူး၊ ဘဝပြောင်းကာ ခန္ဓာအသစ်မှာ ဖြစ်တယ်–လို့ စွဲလမ်းတယ်၊ ဒိအစွဲအလမ်းမျိုးဟာ ဘုရားလက်ထက်ကပင် ရှိခဲ့ပါတယ်၊ သာတိရဟန်းဟာ "ဝိညာဉ်ကသာ အတိတ်ဘဝမှ ဒိဘဝ, ဒိဘဝမှ တမလွန်ဘဝသို့ ပြောင်းသွားတယ်၊ အခြား ရုပ်ဝေဒနာ သညာ သခါရတွေက ထိုထိုဖြစ်ရာ ဘဝများမှာပင် ချုပ်ပျက်ကုန်တယ်[၃၄၀]"လို့ စွဲလမ်းခဲ့ပါတယ်။

**အတ္တကြံပုံ နည်းမျိုးစုံ။** ။ ဒိလို နာမ်ဓာတ်ရဲ့နှိုးဆွချက်အရ ဖြစ်လာရတဲ့ ခန္ဓာရဲ့ဗျာပါရများကို စဉ်းစားမိကြတဲ့ တက္ကိပုဂ္ဂိုလ်တွေ (အတွေးအခေါ်သမားများ logicians or philosophers)ဟာ ဒိခန္ဓာကိုယ်ထဲမှာ ခန္ဓာကိုယ်ကြီးကို လိုသလို စိမံခြယ်လှယ်နေတဲ့ အတ္တရှိတယ်–လို့ ယူဆပြီး ဒိအတ္တကို မပျက်မစီး အမြဲတည်ရှိနေတဲ့ အနှစ်သာရ အဖြစ် ကြံဆလျက် အတ္တရဲ့သတ္တိပုံဟန်ကိုလဲ အမျိုးမျိုးအဖုံဖုံ ကြံဖန် ပြောဆိုကြတယ်၊ ဒုတ်နဲ့ ရိုက်တယ်–လို့ ပြောရာမှာ ရိုက်မှုကို ရိုက်တတ်တဲ့ ပုဂ္ဂိုလ်ကတ္တားက ပြီးစေသလို မျက်စိနဲ့ အဆင်းကိုမြင်မှု, နားနဲ့ အသံကိုကြားမှု စတဲ့အရာမှာ မြင်မှု, ကြား

---

[၃၃၉] သောတာပတ္တိမဂ္ဂေါ ဟိ နိဗ္ဗာနံ ဒိသွာ ကတ္တဗ္ဗကိစ္စသမ္ပဒါယ သဗ္ဗပဌမံ နိဗ္ဗာနဒဿနတော **"ဒဿန"**နှိ့ ဝုစ္စတိ။ (ခုဒ္ဒကပါဌ၊ ၌၊ ၁၅၇။ သုတ္တနိပါတ၊ ၌၊ ၁၊ ၂၈၆။)

[၃၄၀] တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနည်။ (မ၊ ၁၊ မဟာတှာသခီယသုတ်၊ ၃၂၃)။ အထဿ ဇ ကဒဟောသိ "ဣမေ ရူပဝေဒနာ သညာသခါရာ တတ္တ တတ္တေဝ နိရုဇ္ဇန္တိ၊ ဝိညာဏံ ပန ဣမလောကတော ပရလောကံ ပရလောကတော ဣမံ လောကံ သန္ဓာဝတိ သံသရတိ"တိ သဿတဒဿနံ ဥပ္ပန္နံ။ တေနာဟ "တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနည်"နှိ့ (မ၊ ၌၊ ၂၊ ၂၀၅။)

မှုကို အတ္တက ပြီးစေတယ်–လို့ **ကာရက**(ပြုလုပ်တတ်သူ) သဘောကိုလဲ ကြံကြပါတယ်။ သုခ ဒုက္ခဖြစ်တဲ့အခါ ဝေဒနာရဲ့သဘော ထင်ရှားပါတယ်၊ ဒီသုခကို ခံစားခြင်း, ဒုက္ခကိုခံစားခြင်းကိုလဲ အတ္တရဲ့သတ္တအဖြစ်ယူလျက် အတ္တက ခံစားတယ်လို့ အတ္တရဲ့ **ဝေဒက** (ခံစားတတ်သူ)သဘောကိုလဲ ကြံကြပြန်ပါတယ်။ ခန္ဓာကိုယ်က အတ္တရဲ့အလိုအတိုင်း လိုက်ပြုနေရတာဖြစ်လို့ ခန္ဓာအိမ်ရဲ့အရှင်သခင်လဲဖြစ်တယ်၊ မိမိ(အတ္တ)က ခန္ဓာရဲ့အလိုသို့ မလိုက်, ခန္ဓာကသာ မိမိ(အတ္တ)အလိုအတိုင်း ဖြစ်နေရတာ၊ ဒီလို **သာမီ** (အရှင်သခင်), **သယံဝသီ** (မိမိအလိုအတိုင်း အစိုးရသူ စိုးပိုင်သူ) အဖြစ်ကိုလဲ ကြံကြပြန်တယ်။ အတ္တက ခန္ဓာအိမ်မှာ အမြဲနေတတ်တယ်၊ ခန္ဓာပျက်စီးပေမဲ့ အတ္တက မပျက်စီး၊ ခန္ဓာအသစ်ရှာကာ (ပြောင်းရွှေ့)တည်မြဲဖြစ်တယ်၊ ဒီလို **နိဝါသီ** (အမြဲနေသူ)အဖြစ်ကိုလဲ ကြံကြပြန်တယ်။ အဲဒီလို ခန္ဓာကိုယ်ကို လိုသလို ပြုလုပ်နိုင်တဲ့ အရှင်ဖြစ်တဲ့အတွက်လဲ **အဓိဋ္ဌာယက** (ခန္ဓာကို စီမံတတ်သူ) အဖြစ်ကိုလဲ တွေးတောကြတယ်[၃၄]။

**တဒင်္ဂနယ် ဝိပဿနာဉာဏ်က အတ္တပယ်။** ။ဝိပဿနာဉာဏ်ဖြင့် ရုပ် နာမ်ကို မြင်တဲ့အခါသာ ဒီအတ္တစွဲ ကွာရတော့တယ်၊ အထူးသဖြင့် ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကိုမြင်လို့ တစ်သားတည်း တစ်လုံးတစ်ခဲတည်းအဖြစ် ပျောက်ကာ လျင်မြန်စွာ ဖြစ်ပျက်နေဟန်ကို သိရတဲ့အခါ အတ္တ–ဆိုတာ လုံးဝ ရှာမရတော့ပါ၊ ဒီလိုဖြစ်တာကို ဝိပဿနာဉာဏ်ကပင် အတ္တကို ပယ်နိုင်တယ်–လို့ ဆိုလိုပါတယ်။

ဒါပေမဲ့ တဒင်္ဂမျှသာ ပယ်နိုင်တာ၊ လုံးဝဖြစ်ပေါ်မလာနိုင်အောင် အပြီးသတ် အမြစ်ပြတ်အောင်တော့ မပယ်နိုင်သေးပါ၊ မဂ်ကသာ အကြွင်းမဲ့ပယ်ရှားနိုင်တဲ့အတွက် **'စဟိတာ'**အရ သမုစ္ဆေဒပဟာန(အကြွင်းမဲ့ပယ်သတ်ခြင်း)ကိုသာ ယူရမယ်။

**<u>သက္ကာယဒိဋ္ဌနှစ်ဆယ် သိမှတ်ထုယ်။</u>** ။ **"သက္ကာယဒိဋ္ဌိ"**ဆိုတာ ထင်ရှားရှိတဲ့ ဥပါဒါနက္ခန္ဓာအပေါင်းကာယမှာ မှားတဲ့ အမြင်အယူ [သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ)၊ ထင်ရှားရှိတဲ့ ဥပါဒါနက္ခန္ဓာအပေါင်းကာယမှာ အတ္တလို့ ယူမှားတဲ့အယူ[၃၅]–ဖြစ်တယ်။

---

[၃၄] ပရိတ်ကြီးနိဿယသစ်၊ ၂၈၆–၂၈၈။

[၃၅] သတိ ကာယေ ဝိဇ္ဇမာနေ ဥပါဒါနက္ခန္ဓပဉ္စကာဒျေ ကာယေ ဝိသတိဝတ္ထုကာ ဒိဋ္ဌိ **သက္ကာယဒိဋ္ဌိ**၊ သတိ ဝါ တတ္ထ ကာယေ ဒိဋ္ဌိတိဝိ **သက္ကာယဒိဋ္ဌိ**၊ ယထာဝုတ္တပွကာရေ ကာယေ ဝိဇ္ဇာမာနာ ဒိဋ္ဌိတိ အတ္ထော။ သတိယေဝ ဝါ ကာယေ ဒိဋ္ဌိတိဝိ **သက္ကာယဒိဋ္ဌိ**၊ ယထာဝုတ္တပွကာရေ ကာယေ ဝိဇ္ဇာမာနေ ရူပါဒိသဒ်ိတော အတ္တာတိ အတ္ထော။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၅၇–၁၅၈။)
သုတ္တနိပါတအဋ္ဌကထာ၊ ၁၊ ရတနသုတ်အဖွင့် (၂၈၆)မှာ အနည်းငယ်ထူးချက်ကား "----ဥပါဒါနက္ခန္ဓပဉ္စကသဒ်ိတော----၊-------၊ ယထာဝုတ္တပွကာရေ ကာယေ ဝိဇ္ဇမာနေ ရူပါဒိသဒ်ိတော အတ္တာတိ ဇဝံ ပဝတ္တာ ဒိဋ္ဌိတိ အတ္ထော။

ရုပ်သည်ပင် အတ္တ, ရုပ်ရှိတဲ့ အတ္တ, အတ္တမှာ ရုပ်ရှိတယ်, ရုပ်မှာ အတ္တရှိတယ်–လို့ ယူဆတယ်၊ ရူပက္ခန္ဓာမှာ လေးမျိုးယူဆသလို ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တို့မှာလဲ အလားတူ လေးမျိုးစီ ယူဆတဲ့အတွက် သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်ပါတယ်[၃၄]။

**<u>ဝိစိကိစ္ဆာ သိမှတ်စရာ</u>**။ ■ ဝိစိကိစ္ဆာက ကုသိုလ်တရားကို ပိတ်ဆို့တားမြစ်တတ်တဲ့ နိဝရဏတရား, မိမိကိန်းရာ သတ္တဝါ သင်္ခါရကို ပူလောင်စေတတ်တဲ့ ကိလေသာတရား ဖြစ်လို့ ဘုရား တရား သံဃာ သိက္ခာပုဒ် ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်တို့မှာ ယုံမှားခြင်းသာ ဝိစိကိစ္ဆာအစစ်ဖြစ်တယ်၊ အမှုကိစ္စ, စာပေပရိယတ် တွေးတောကြံစည်ခြင်း စတဲ့အရာတို့မှာ ပိုင်နိုင်စွာမဆုံးဖြတ်နိုင်ခြင်း, ယုံမှားခြင်းကတော့ ဝိစိကိစ္ဆာအတု ဖြစ်တယ်။

မဂ်ဖိုလ်နိဗ္ဗာန်ကိုရပြီးတဲ့ ပုဂ္ဂိုလ်မှာ ဓမ္မအပေါ်မှာ ယုံမှားခြင်း ဘယ်မှာ ရှိတော့မလဲ? ဓမ္မ (တရား) အပေါ်မှာ ယုံမှားခြင်းမရှိရင် ဒိဓမ္မဖြင့် ဂုဏ်ဖော်ရတဲ့ ဗုဒ္ဓ (ဘုရား)အပေါ်မှာဖြစ်စေ, ဒိဓမ္မရှိတဲ့ သံဃာအပေါ်မှာ, သိက္ခာအပေါ်မှာ ဖြစ်စေ, ယုံမှားစရာမရှိတော့ပါ၊ ဓမ္မသဘာဝတို့ရဲ့ အစဉ်မပြတ် ဖြစ်ပျက်နေပုံကို အဖန်ဖန် တွေ့ကြုံရတဲ့အခါ ရှေးကလဲ ဒီလိုပင် ဖြစ်ဘူးပြီ, နောင်လဲ ဒီလိုပင် ဖြစ်ဦးမယ်–လို့ သဘောပေါက်နေပြီဖြစ်တဲ့အတွက် သံသရာရဲ့ရှေ့အဖို့ (ပုဗ္ဗန္တ), နောက်အဖို့ (အပရန္တ), ရှေ့အဖို့ရော နောက်အဖို့ပါ အဖို့နှစ်ပါး (ပုဗ္ဗန္တ အပရန္တ)တို့မှာလဲ ယုံမှားမရှိတော့ပြီ၊ ရုပ်နာမ်ဆိုင်ရာ အကြောင်းများကိုစွဲကာ ဖြစ်လာပုံ တွေကို တွေ့နေရတဲ့အတွက် ပဋိစ္စသမုပ္ပါဒ်သဘောကိုလဲ ပိုင်နိုင်ပြီးဖြစ်တယ်၊ ဒါ့ကြောင့် ဝိစိကိစ္ဆာကို ပယ်ခွါပြီးဖြစ်ကြောင်း ဟောတော်မူပါတယ်။

**<u>ဝိစိကိစ္ဆာနှင့် ပတ်သက်၍ ယုံမှားခြင်း ၈–မျိုး</u>**---

(၁) ဘုရား၌ ယုံမှားခြင်း (**သတ္ထုရိ ကင်္ခါ**)၊

(၂) မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်–ဆယ်တန်သော တရားတော်၌ ယုံမှားခြင်း (**ဓမ္မေ ကင်္ခါ**)၊

(၃) အရိယာသံဃာ၌ ယုံမှားခြင်း (**သံဃေ ကင်္ခါ**)၊

(၄) သုံးပါးသော သိက္ခာ၌ ယုံမှားခြင်း (**သိက္ခာယ ကင်္ခါ**)၊

---

[၃၄] မူလပဏ္ဏာသ စူဠဝေဒလ္လသုတ် (မ၊ ၁၊ ၃၇၄)။ ဓမ္မသင်္ဂဏီပါဠိ နိက္ခေပကဏ္ဍ တိကနိက္ခေပ (အဘိ၊ ၁၊ ၂၀၈)။ ဝိဘင်္ဂပါဠိ ခန္ဓဝိဘင်္ဂ၊ တိကနိဒ္ဒေသ (အဘိ၊ ၂၊ ၃၇၉)။

(၅) အတိတ်အဖို့၌ ယုံမှားခြင်း **(ပုဗ္ဗန္တေ ကခီတိ)**၊
(၆) အနာဂတ်အဖို့၌ ယုံမှားခြင်း **(အပရန္တေ ကခီတိ)**၊
(၇) အတိတ်အဖို့, အနာဂတ်အဖို့ ၂-ပါးလုံး၌ ယုံမှားခြင်း **(ပုဗ္ဗန္တာပရန္တေ ကခီတိ)**၊
(၈) ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်း **(ပဋိစ္စသမုပ္ပန္ဒေသု ဓမ္မေသု ကခီတိ)**[၃၄၄]။

**သီလဗ္ဗတ နွားခွေးတို့အကျင့်ပြ။** ။ ဘုရားစတဲ့ သူတော်စင်များကိုလဲ မဆည်းကပ်မိ, သံသရာမှ လွတ်မြောက်ခြင်းကိုလဲ အလိုရှိကြတဲ့ အချို့လူတွေက "ငါတို့သန္တာန်မှာ ရှေးကပြုခဲ့မိတဲ့ အကုသိုလ်တွေ ရှိနေသေးတယ်၊ အဲဒိအကုသိုလ်တွေ ယခုဘဝမှာ အလုံးစုံ အကျိုးပေးပြီးဖြစ်အောင် အကျွေးဆပ်လျက် နောက်ထပ်အကုသိုလ်မပြုရင် ကိလေသာမှလဲ စင်ကြယ်, သံသရာမှလဲ လွတ်မြောက်ဖွယ်ရှိတယ်"လို့ စဉ်းစားမိကြတယ်၊ ဒိလို စဉ်းစားမိသည်အားလျော်စွာ ရှေးကအကုသိုလ်အပြစ်ဒဏ်ကို ယခုဘဝမှာ ခံတဲ့အနေနဲ့ တချို့က နွားတွေရဲ့အလေ့ နွားတွေရဲ့အကျင့်များကို ကြိုးကြိုးစားစား ကျင့်ကြတယ်၊ အဝတ်မဝတ်ပဲ သွားသည့်အခါ နွားလို လေးဘက်ထောက်သွားတယ်၊ အပေါ်အလေးစွန့်ရာမှာလဲ နွားအတုကိုယူကာ ဦးချိုနဲ့ အမြီးများကိုပင် တပ်ထားလိုက်သေးတယ်၊ တချို့က ခွေးကျင့် ကျင့်တယ်၊ ခွေးတွေရဲ့ အလေ့အလာကို နှစ်သက် သဘောကျတယ်၊ အဲဒိလို အကျင့်ဆိုး အလေ့ဆိုးကိုပင် ကိလေသာမှ စင်ကြယ်ကြောင်း, သံသရာမှ လွတ်မြောက်လွယ်ကြောင်း အကျင့်ကောင်းတစ်ခု-လို့ စွဲလမ်းထင်မှတ်တယ်၊ တချို့က အဲဒိအကျင့်များဖြင့် နတ်ရွာသုဂတိကို ရနိုင်တယ်-လို့ အယူရှိကြတယ်။

ဘုရားရှင် ကောလိယတိုင်း ဟလိဒ္ဒဝသနအမည်ရှိ နိဂုံးရွာကြီးမှာ သိတင်းသုံးနေတော်မူစဉ်က နွားခွေးတို့ရဲ့ အကျင့်ကျင့်ကြတဲ့ ပရိဗိုဇ် ၂-ယောက်ရှိခဲ့ဘူးတယ်၊ နွားအကျင့် ကျင့်တဲ့ ပုဏ္ဏပရိဗိုဇ်နဲ့ ခွေးအကျင့်ကျင့်တဲ့ သေနိယပရိဗိုဇ်တို့ဟာ ဘုရားရှင်ထံ လာရောက်ကြပြီး, ပုဏ္ဏက သေနိယရဲ့ကျင့်ပုံနဲ့ အကျိုးအပြစ်, သေနိယက ပုဏ္ဏရဲ့ကျင့်ပုံနဲ့ အကျိုးအပြစ်ကို လျှောက်ထားကြလေရာ, ဘုရားရှင်က မလျှောက်ဖို့ရန် သုံးကြိမ်တိုင်တားပေမဲ့ မရတဲ့အတွက် ---"ခွေးအကျင့်ကို ကျကျနနကျင့်သူဟာ သေရင် ခွေးဖြစ်၍, နွားအကျင့်ကို သေသေချာချာကျင့်သူမှာ သေရင် နွားဖြစ်တယ်၊ ငါ့မှာ ဒိအကျင့်ကြောင့် နတ်မင်းသော်လည်းကောင်း, နတ်အမတ်ကြီးသော်လည်းကောင်း ဖြစ်ရတော့မှာပဲ-လို့ မိစ္ဆာအယူရှိခဲ့ရင် အဲဒိမိစ္ဆာအယူကြောင့် ငရဲနဲ့ တိရစ္ဆာန် လျော်ကန်ရာ ဖြစ်ရလိမ့်မယ်"လို့ ဟောတော်မူ

[၃၄၄] ဓမ္မသင်္ဂဏီပါဠိတော် နိကွေပကဏ္ဍ တိက, ဒုကနိကွေ (အဘိ၊ ၁၊ ၂၀၈၊ ၂၂၅)။ ဝိဘင်္ဂပါဠိ ခုဒ္ဒကဝတ္ထု တိကနိဒ္ဒေသ (အဘိ၊ ၂၊ ၃၇၉)။

တဲ့အခါ နှစ်ယောက်လုံး ငိုကြွေးကြလျက် ဆက်လက်ပြီး ဟောပြတဲ့တရားကို နာကြရမှ ပုဏ္ဏက သရဏဂုံ တည်လျက် သေနိယကတော့ ရဟန်းပြုပြီး မကြာခင်ပင် ရဟန္တာဖြစ်ခဲ့ပါတယ်[၃၄၅]။

နွား, ခွေးတို့ရဲ့ အလေ့အကျင့်မျိုးကို လိုလား နှစ်သက်ခြင်း, ကျင့်ကြံခြင်းများမှာ အမှန်တရားကို မသိသူများမှာသာ ဖြစ်မြဲဖြစ်တယ်။ မဂ် ဖိုလ် နိဗ္ဗာန်-ဆိုတဲ့ တကယ်စင်ကြယ်ခြင်းကို တွေ့ပြီးဖြစ်ရာ ဒိထက် ပိုလို့စင်ကြယ်တဲ့တရားမရှိ-လို့ အကြွင်းမဲ့ ယုံကြည်ပြီးဖြစ်တဲ့ သောတာပန်မှာ သာသနာပပုဂ္ဂိုလ်တို့ရဲ့ သံသရာစင်ကြယ်ကြောင်း အလေ့အကျင့်ဆိုသည်ကို အဘယ်မှာ လက်ခံနိုင်ပါတော့မလဲ? လုံးဝ လက်မခံတော့ပါ။

**ယဒတ္ထိ ကိဉ္စိ၊ အချို့ကိ၊ ပယ်ဘိ သောတာပန်။** ။ သောတာပန်မှာ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ- ဒိသုံးမျိုးအပြင် အပါယဂမနိယ (အပါယ်လားကြောင်းဖြစ်တဲ့ ရာဂ ဒေါသ မောဟများနဲ့ ကွာသာ မစ္ဆရိယ စတဲ့ အချို့ကိလေသာကိုလဲ ပယ်ပြီးဖြစ်ရာ အဲဒိကိလေသာများကိုပါ သိမ်းယူလိုတဲ့ အတွက် **"ယဒတ္ထိ ကိဉ္စိ"** ဆိုတယ်-လို့ယူရင် လိုအပ်သမျှ ပြည့်စုံရာ၏။ (အံ၊ ၂၊ ၃၈၂၊ ပဟိနသုတ်, အဘဗ္ဗသုတ်တို့ကို ကြည့်ပါ။)

**စတူဟပါယေဟိ ဝိပ္ပမုတ္တော-အပါယ်လေးဝ၊ ဒုက္ခမှ၊ မုချ လွတ်မြောက်ပြီ။** ။ ကိလေသာဝဋ်ရှိနေသေးရင် ကမ္ပဝဋ်ရှိဦးမယ်၊ ကမ္ပဝဋ်ရှိနေသေးရင်လဲ သံသရာဒုက္ခခေါ် ဝိပါကဝဋ်က ရှိမြဲရှိနေဦးမယ်ဖြစ်ရာ ကိလေသာများမှာ ဒုက္ခဖြစ်ကြောင်း အခြေခံများသာ ဖြစ်ပါတယ်၊ အဲဒိကိလေသာဝဋ်ကို ဖြတ်တောက်နိုင်သူမှ သံသရာဒုက္ခတို့မှ ကင်းလွတ်ရပါတယ်၊ ဒါ့ကြောင့်ပင် ကိလေသာဝဋ် အကြွင်းမဲ့ ကုန်ခန်းပြီးတဲ့ ရဟန္တာတို့မှာ ဝိပါကဝဋ်ဟာ နောင်အခါ မဖြစ်ပေါ်ရတော့ပဲ ငြိမ်းချမ်းခြင်းသို့ ရောက်ရပါတယ်။ သောတာပန်မှာ ကိလေသာမကုန်သေးတော့ ဘဝနှင့် မကင်းသေးစေကာမူ အပါယ်လားစေတတ်တဲ့ ကိလေသာမှန်သမျှ ကုန်ပြီဖြစ်ပြီး, ကျန်ကိလေသာများမှာလဲ အပါယ်ကျစေတတ်တဲ့ အစွမ်းသတ္တိမရှိတော့ပါ။ ဒါ့ကြောင့်ပင် **"စတူဟပါယေဟိ ဝိပ္ပမုတ္တော-အပါယ်လေးပါးတို့မှ လွတ်မြောက်ပြီ"** လို့ ဂုဏ်ပြုခံရခြင်း ဖြစ်ပါတယ်၊ အပါယ်လားကြောင်း ကိလေသာတွေကို ဖြတ်တောက်နိုင်တဲ့အတွက် ရအပ်တဲ့ ဂုဏ်ထူးတစ်မျိုးပါပဲ၊ အပါယ်လေးပါး မလားရုံမက လူ့ဘဝမှာလဲ နိမ့်ကျသိမ်ငယ်တဲ့ အမျိုးမှာလဲ မဖြစ်ရတော့ပဲ အထက်တန်းကျတဲ့ အမျိုးကောင်း အမျိုးမြက်တို့မှာသာ ဖြစ်ရပါတော့တယ်။

---

[၃၄၅] မဇ္ဈိမပဏ္ဏာသပါဋ္ဌိ ဂဟပတိဝဂ် ကုက္ကုရဝတိကသုတ် (မ၊ ၂၊ ၅၀-၅၄)။ သပြိုဟ်ဘာသာဋီကာ သမုစ္စည်းပိုင်း ပန္တအဖွင့် (၅၀၄ ၅၀၅)။

ကိလေသာထူပြောတဲ့ ပုထုဇဉ်တို့မှာ အချိန်မရွေး အပါယ်ကျရောက်နိုင်တဲ့အတွက် အပါယ်လေးပါးဟာ မိမိတို့အိမ်သဖွယ် ဖြစ်ပါတယ်၊ ဒါ့ကြောင့် သောတာပန်မှာတော့ မင်္ဂနဲ့ ကိလေသာအချို့ကို ပယ်နိုင်တဲ့အတွက် အပါယ်မှ လွတ်ရတဲ့ သူရဲ့ဂုဏ်က နှစ်သက်ဖွယ်ဖြစ်လို့ ဂုဏ်ရှင် သောတာပန်ဟာ ရတနာအစစ် ချီးကျူးဖွယ် ဖြစ်ပါတော့တယ်။

**အဘိဌာန၊ ပြစ်ခြောက်ဝ၊ ပြုက မထိုက်ပြီ။** ။ **"အဘိဌာန"**တွင် 'အဘိ'က အလွန်ကြီးလေးသော+'ဌာန'က အကြောင်းကံကို ဆိုပါတယ်၊ အကုသိုလ်မှုတို့တွင် သာမန်ပြစ်မှုများထက် အလွန်ကြီးလေးလှတဲ့ ပြစ်မှုများဖြစ်လို့ **"အဘိဌာနာနီ**-အလွန်ကြီးလေးတဲ့ အကြောင်းကံများ"လို့ ဆိုလိုပါတယ်၊ ဒါ့ကြောင့် ခုဒ္ဒကပါဌအဋ္ဌကထာ (၁၅၈), သုတ္တနိပါတအဋ္ဌကထာ (၂၈၇)တို့မှာ **"အဘိဌာနာနီ**တိ သြဇာရိကဌာနာနိ-ရုန့်ရင်းကြမ်းတမ်းတဲ့ဌာနများ"လို့ ဖွင့်ပါတယ်။

ကိလေသာရှိရင် ကံဖြစ်မြဲ၊ ကံဖြစ်ရင်လဲ အကျိုးရှိပ်နာမ်ဆိုတဲ့ ဝိပါကဖြစ်ရမြဲပင်။ ကမ္မဝဋ်ဟာ ဝိပါကဝဋ်ရဲ့ မူလအခြေခံဖြစ်တယ်၊ ဝိပါကဝဋ် ကင်းလွတ်ရေးဝယ် ကမ္မဝဋ်ကို ပယ်ရှားနိုင်မှ ဖြစ်တယ်၊ ဒါ့ကြောင့် သောတာပန်ရဲ့ ဒီကမ္မဝဋ် ပယ်ရှားနိုင်ခြင်းကို ဂုဏ်ယူဖွယ်အဖြစ် တင်ပြလိုတဲ့အတွက် **"ဆ စာဘိဌာနာနီ အဘဗ္ဗ ကာတုံ"**လို့ မိန့်တော်မူပါတယ်။

သောတာပတ္တိမဂ်ဉာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်အနေနဲ့ လုံးဝမပြုထိုက်တဲ့ **"အဘိဌာန ၆-ပါး**[၄၆]" မှာ

(၁) **မာတုဃာတ**-အမိသတ်ခြင်း၊

(၂) **ပိတုဃာတ**-အဘသတ်ခြင်း၊

(၃) **အရဟန္တဃာတ**-ရဟန္တာသတ်ခြင်း၊

(၄) **လောဟိတုပ္ပါဒ**-ဘုရားအား သွေးထွက်အောင်ပြုခြင်း၊

(၅) **သံဃဘေဒက**-သံဃာကွဲပြားအောင်ပြုခြင်း၊

(၆) **အညသတ္ထာရုဒ္ဒေသ**-ဘုရားမှတပါး အခြားဆရာကို ညွှန်ခြင်း။

**ပုထုဇဉ်ကို၊ ကဲ့ရဲ့ဆို၊ မိန့်လို အဘိဌာန**။ ။ သောတာပန်ဟာ ပါဏာတိပါတစတဲ့ ကံငါးပါးကိုပင် မပြုသူဖြစ်တဲ့အတွက် ပိုး ၅၅ ခြပုန်းများကို သတ်ရိုးမရှိပါ၊ ဒီအမိသတ်ခြင်းစတဲ့ ကံကြီးများကို ပြုဖို့အရေး

---

[၄၆] အင်္ဂုတ္တရနိကာယ် ဓကကနိပါတ် ပဌမဝဂ် အဋ္ဌာနသုတ် (အံ၊ ၁၊ ၂၈)။ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ အနုပဒဝဂ် ဗဟုဓာတုကသုတ် (မ၊ ၃၊ ၁၁၀)။ အဘိဓမ္မပိဋကက ဝိဘင်းပါဠိ ဒသကနိဒ္ဒေသ (အဘိ၊ ၂၊ ၃၄၉)။

ဟာ ဝေးလှပါတယ်၊ အဘိဌာနခေါ် ဒီကဲ့ကြိုးများကို မပြုဆိုတာက ပုထုဇဉ်အဖြစ်ကို ကဲ့ရဲ့ရှုတ်ချလို၍ ဖြစ်ပါတယ်၊ ပုထုဇဉ်အဖြစ်မှာ ကဲ့ရဲ့ဖွယ်ဖြစ်ရင် အဲဒီအဖြစ်မှ ကျွတ်လွတ်ခဲ့ရတဲ့ သောတာပန်အရိယာ အဖြစ်ကတော့ ချီးမွမ်းဖွယ်–ဂုဏ်တင်ပြီးဖြစ်ပါတယ်၊ ပုထုဇဉ်အဖြစ်က အလွန်အပြစ်ကြိုးလှတယ်၊ မာတုဃာတ–စတဲ့ အနန္တရိယကံကြိုးတို့ကိုပင် ပြုနိုင်တယ်။

၁၂။ **ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊**
**ကာယေန ဝါစာ ဥဒ စေတသာ ဝါ။**
**အာဘဗ္ဗ သော တသ ပဋိစ္ဆဒါယ၊**
**အာဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

ပရိတ္တ သင်္ဂဟပါဠိနှင့် ရတနပရိတ်နှင့် (၄၃)မှာ

**ကာယေန ဝါစာယဒ ဧစတသာ ဝါ**–လို့ ရှိပါတယ်။ **ဝါစာယဒ=ဝါစာယ+ဥဒ**–လို့ ပုဒ်ဖြတ်၊

**ကိဉ္စာပိ=ကိန်စာပိ**

**အာဘဗ္ဗ=အ ဘတ်ဗ**–ဖတ်

**ပဋိစ္ဆဒါယ=ပဋိစ်ဆဒါယ ⟶ ပဋိတ်ဆဒါယ**

**အာဘဗ္ဗတာ= အ ဘစ်ဗတာ ⟶ အ ဘပ်ဗတာ**–ဖတ်

**ဒိဋ္ဌပဒဿ= ဒိဋ်ဌ ပဒသ်သ ⟶ ဒိတ်ဌ ပဒတ်သ**

**ဧသော**–ထိုသောတာပန်ပုဂ္ဂိုလ်သည်၊ **ကာယေန ဝါ**–ကိုယ်ဖြင့်သော်လည်းကောင်း၊ **ဝါစာယ ဝါ**–နှုတ်ဖြင့်သော်လည်းကောင်း၊ **ဥဒ**–ထိုမှတပါး၊ **စေတသာ ဝါ**–စိတ်ဖြင့်သော်လည်းကောင်း၊ **ပါပကံ ကမ္မံ**–မကောင်းမှုကို၊ **ကိဉ္စာပိ ကရောတိ**–အကယ်၍ မေ့လျော့သမှု ပြုမိစေကာမူ၊ **ဧသော**–ထိုသောတာပန် ပုဂ္ဂိုလ်သည်၊ **တသ**–ထိုမေ့လျော့သမှု ပြုမိသောအပြစ်ကို၊ **ပဋိစ္ဆဒါယ**–ဖုံးကွယ်ထိန်ဝှက်ခြင်းငှါ၊ **အာဘဗ္ဗော**–မထိုက်၊ **ဒိဋ္ဌပဒဿ**–မဂ်ဖြင့်မြင်သိ နိဗ္ဗာန်ရှိသော သောတာပန်ပုဂ္ဂိုလ်၏၊ **အာဘဗ္ဗတာ**–မကောင်းအမှုပြုမိသောခါ ကွယ်ကာဖုံးမှု မပြုထိုက်သူ၏အဖြစ်ကို၊ **ဝုတ္တာ**–ရှင်တော်ဘုရား ဟောကြား တော်မူအပ်၏၊ **သံဃေ**–သောတာပန်သံဃာ၌၊ **ဣဒမ္ပိ ရတနံ**–ရတနာဟု သိသာရတုံ ဤဂုဏ်တော်

သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဒေတေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာကြ ပါစေ။

သောတာပန်ပုဂ္ဂိုလ်ဟာ ကိုယ်နဲ့ဖြစ်စေ, နှုတ်နဲ့ဖြစ်စေ, စိတ်နဲ့ဖြစ်စေ မကောင်းမှုကို လွန်ကျူးမိစေကာမူ ဒိသောတာပန်မှာ အဲဒိပြုမိတဲ့ပြစ်မှုကို ဖုံးကွယ်ထိန်ဝှက်သူ မဖြစ်နိုင်၊ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်မြင်ပြီးတဲ့ သောတာပန်ရဲ့ မိမိပြုမိတဲ့ပြစ်မှုကို မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို ဘုရားရှင် ဟောကြားတော်မူပါတယ်၊ သောတာပန်သံဃာမှာ ဒိရတနာလို့ သိနိုင်ကြောင်း ဂုဏ်ရည်ကလဲ ထူးမြတ်လှပါတယ်၊ ဒိသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

**မေ့လျော့သမှု၊ ပြုမိလေငြား၊ အပြစ်များကို၊ ဖုံးထားမရှိ၊ ဇော်ထုတ်သိ၊ ထူးဘိ သောတာပန်ဂုဏ်။** ။ သောတာပန်ပုဂ္ဂိုလ်ဟာ အဘိဌာနခေါ်တဲ့ အပြစ်ကြီးခြောက်ပါးကိုသာ မပြုထိုက်သည်မဟုတ်ပါ၊ အနည်းငယ်မျှ မပြောပလောက်တဲ့ ပြစ်မှုကလေးများကိုပင် ပြုမိစေကာမူ အဲဒိပြစ်မှုကို ဖုံးကွယ်ထားရန် မထိုက်တော့ပါ၊ မေ့မေ့လျော့လျော့ နေတတ်သူ သောတာပန်ပင်ဖြစ်စေကာမူ အပြစ်ကို ဖုံးကွယ်ထိန်ဝှက်မှု မပြုတော့တာက သာမန်ပုထုဇဉ်များနဲ့မတူ ထူးခြားတဲ့ ဂုဏ်တစ်မျိုးပင်ဖြစ်တယ်၊ ဒါ့ကြောင့် ဒိဂုဏ်ဖြင့် အမှမ်းတင်လျက် သစ္စာပြုလိုပြန်တဲ့အတွက် **"ကိဥာပိ သော"**ဂါထာကို ဟောတော်မူခဲ့ပြန်ပါတယ်။

**ပြုမိတဲ့ မကောင်းမှုဟူသည်။** ။ မကောင်းမှုမှ ရှက်တတ်တဲ့ ဘုရားရှင်အပေါ်မှာ ကြည်ညိုသဒ္ဓါကြီးမားလှတဲ့ ဘုရားအမိန့်တော်ကို ရိုသေလေးစားတတ်တဲ့ သူတော်ကောင်း ပုထုဇဉ်ရဟန်းများပင် ဘုရားရှင်က မအပ်–လို့ ပညတ်ထားတဲ့ လောကဝဇ္ဇ သိက္ခာပုဒ်များကို သိလျက်နဲ့ လွန်ကျူးမှု မပြုတော့ပါ၊ သောတာပန်ရဟန်းမှာ ဆိုဖွယ်ရာမရှိပါ၊ ဒိအချက်ကို ရည်လျက် "ငါဘုရားက တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်အပ်၏၊ အဲဒိသိက္ခာပုဒ်ကို ငါ့တပည့်သာဝကတို့သည် အသက်ဟူသော အကြောင်းကြောင့်ပင် မကျူးလွန်ကြ"[၃၄၇]လို့ ဟောတော်မူပါတယ်။

---

[၃၄၇] သော ဒဿနသမ္ပန္ဓော ကိဥာပိ သတိသမ္မောသေန ပမာဒဝိဟာရံ အာဂမ္မ ယံ တံ ဘဂဝတာ လောကဝဇ္ဇံ သဉ္ဇိစ္စာတိက္ကမနံ (သဉ္ဇိစ္စာနတိက္ကမနံ–သီ၊ က) သန္ဓာယ ဝုတ္တံ "ယံ မယာ သာဝကာနံ သိက္ခာပဒံ ပညတ္တံ၊ တံ မမ သာဝကာ ဇီဝိတဟေတုပိ နာတိက္ကမန္တီ"တိ။ (ဝိ၊ ၄၊ ၄၂၁။ အံ၊ ၃၊ ၄၆။ ခု၊ ၁၊ ဥဒါန၊ ၁၄၂)။

**ဝဇ္ဇ (အပြစ်) ၂–မျိုး။** ။ လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇ–လို့ ဝဇ္ဇနှစ်မျိုးနဲ့ သက်ဆိုင်တဲ့ သိက္ခာပုဒ်နှစ်မျိုးရှိရာတွင် ပါဏာတိပါတ–စတဲ့အမှုမျိုးက လောကမှာလဲ အပြစ်ရှိတယ်၊ ကျူးလွန်တဲ့ရဟန်းလဲ ဘုရားရှင်ရဲ့ ပညတ်ပြစ်ရောက်တယ်၊ အဲဒီသိက္ခာပုဒ်မျိုးကို **"လောကဝဇ္ဇ"** ဆိုပါတယ်၊ ဒီလောကဝဇ္ဇအပြစ်ရမယ့် သိက္ခာပုဒ်မျိုးကို သောတာပန်များဟာ မည်သည့်အခါမှ မကျူးလွန်ကြပါ၊ သစ်ပင်ဖြတ်ခြင်း, မြေတူးခြင်း–စတဲ့အမှုမှာ လောကပြစ် မရှိပါ၊ **"ပဏ္ဏတ္တိဝဇ္ဇ"**ခေါ် ပညတ်တော်ကြောင့်သာ အပြစ်သင့်ရပါတယ်။ အချို့သော ကုဋိကာရ (ကုဋိကျောင်းငယ်ဆောက်ခြင်း), သဉ္ဇရိတ္တ (အောင်သွယ်ခြင်း)စတဲ့ ဂရုက အာပတ်မျိုး, သဟသေယျ (တစ်မိုးတစ်ရံတည်းသောနေရာမှာ လူသာမဏေ မိန်းမတို့နှင့် အတူအိပ်ခြင်း)စတဲ့ လဟုကအာပတ်မျိုးမှာ အစိတ္တက (စိတ်မပါပဲ သင့်တဲ့) အာပတ်လဲ ရှိရာ အဲဒီအာပတ်မျိုးကို အချို့ရဟန္တာများပင် သင့်တတ်သေး၍ ဒီလို ပဏ္ဏတ္တိဝဇ္ဇ–ဆိုင်ရာ ပညတ်တော်တို့မှာ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် သင့်တတ်ပါတယ်၊ အဲဒီလို ဖြစ်တတ်တဲ့ အပြစ်မျိုးကို ရည်ရွယ်လျက် **"ကိဉ္ဇာပိ သော ကမ္မ ကရောတိ ပါပကံ"**လို့ ဟောတော်မူပါတယ်။ ဒီနေရာမှာ "ကိုယ်ဖြင့် ကုဋိကာရ, သဟသေယျ– စတဲ့ ပဏ္ဏတ္တိဝဇ္ဇ မကောင်းပြစ်မှုကို ပြုမိတတ်ပါတယ်၊ နှုတ်ဖြင့် ပဒသောဓမ္မ (လူသာမဏေအား သံပြိုင် စာချပေးခြင်း), ဥတ္တရိဆပ္ပဥ္ဇဝါစာဓမ္မဒေသနာ (အနီးအပါးမှာ နားလည်သူလူယောကျ်ားမရှိပဲ မိန်းမအား ခြောက်ခွန်းထက်ပိုလို့ တရားမဟောရခြင်း)သမ္မပ္ပလာပ, ဖရုသဝစန (ကြမ်းတမ်းတဲ့စကားဆိုခြင်း)[၃၄၈] စသည်များကို ပြောဆိုမိတတ်ပါတယ်၊ စိတ်ဖြင့် လောဘ ဒေါသဖြစ်ခြင်း (လောဘဒေါသုပ္ပါဒန), ရွှေငွေကို သာယာခြင်း (ဇာတရူပါဒိသာဒိယန), သင်္ကန်း စသည်တို့ကို သုံးစွဲရာမှာ ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်း (စိဝရာဒိပရိဘောဂေသု အပစ္စဝေက္ခဏာဒိ)–စတဲ့မကောင်းမပြုမိတတ်ပါတယ်[၃၄၉]။

---

[၃၄၈] ပိလိန္ဒဝစ္ဆမထေရ်သည် ဘဝငါးရာပတ်လုံး ဆက်တိုက် ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့စဉ် အခြားသူတွေကို **'သူယုတ်မာ'**လို့ ခေါ်ဝေါ် ပြောဆိုတဲ့အလေ့အကျင့်ပါလာခဲ့သဖြင့် ယခုဘဝ ရဟန္တာဖြစ်ပေမဲ့ အခြားလူရဟန်းများကို **"ဖေ ဝသလိ, ယာဟိ ဝသလိ** (သူယုတ်မာ--လာဦးလော့, သူယုတ်မာ--သွားချေလော့)"စသည်ဖြင့် ပြောဆိုလေ့ရှိပါတယ်။ ဘုရားရှင်က **"ရဟန္တာဆိုတာ သူတပါးတို့ကို ထိခိုက်လိုတဲ့အတွက် ကြမ်းတမ်းစွာ ပြောဆိုခြင်းမရှိပါ၊ အလေ့အကျင့် အထုံဝါသနာရဲ့အစွမ်းဖြင့် ဝါသား ပိလိန္ဒဝစ္ဆက ဒီလို ပြောဆိုခြင်းဖြစ်တယ်"**လို့ မိန့်တော်မူပါတယ်။ (ဓမ္မပဒ၊ ၄၊ ၂၊ ဗြာဟွဏဝဂ် ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု၊ ၄၁၉–၄၂၀။)

[၃၄၉] ကုဋိကာရ သဟသေယျာဒိ ပဏ္ဏတ္တိဝဇ္ဇဝိတိတ္တမသခါတံ ဗုဒ္ဓပွတိကုဋ္ဌံ **ကာယေန** ပါပကမ္မံ ကရောတိ၊ ပဒသောဓမ္မ ဥတ္တရိဆပ္ပဥ္ဇဝါစာဓမ္မဒေသန သမ္မပ္ပလာပ ဖရုသဝစနာဒိ ဝါ **ဝါစာယ, ဥဒ စေတသာ ဝါ** ကတ္တစိ လောဘဒေါသုပ္ပါဒန် ဇာတရူပါဒိသာဒိယန် စိဝရာဒိပရိဘောဂေသု အပစ္စဝေက္ခဏာဒိ ဝါ ပါပကမ္မံ ကရောတိ။ (ခုဒ္ဒကပါဌ၊ ၄၊ ၁၅၉။ သုတ္တနိပါတ၊ ၄၊ [illegible]၂၀၀။)

**သောတာပန်ဟာ မဖုံးကွယ်ပါ။** ။ ပထုဇဉ်များမှာ အပြစ်ပြုမိရင် အချို့က မိမိအပြစ်ကို ထိန်ဝှက်ဖုံးကွယ်ထားတတ်တယ်၊ ဒါဟာ မရိုးဖြောင့်မှုပင်ဖြစ်တယ်။ **ဥဇုပွဋိပန္နတ္ထေရ်**နှင့်ပြည့်စုံကြတဲ့ သောတာပန်များမှာ ဒီလိုမရိုးဖြောင့်မှုမျိုး မရှိပါ၊ မိမိပြုတဲ့အမှု မအပ်, မပြုထိုက်-လို့ သိရင် သိတင်းသုံးဘော်များထံမှာ မိမိအပြစ်ကို ပြောပြလျက် ကုစားကြပါတယ်၊ နောက်ထပ် မကျူးလွန်မိအောင်လဲ စောင့်စည်းကြပါတယ်။

**သောတာပန်ဆင်ခြင် ပစ္စဝေက္ခဏာတင်း။** ။ သောတာပန်ရဲ့ အပြစ်ကို မဖုံးကွယ်တတ်တဲ့ ဒီအချက်ကို မူလပဏ္ဏာသပါဠိတော် စူဠဒုယမကဝဂ် ကောသမ္ဗိယသုတ် (၃၉၉)မှာ ဟောတော်မူထားပါတယ်၊ ထိုသုတ်မှာ သောတာပန်ရဲ့မဟာပစ္စဝေက္ခဏာ ခုနစ်ပါးလာရှိရာတွင် စတုတ္ထမြောက် ပစ္စဝေက္ခဏာဟာ ဒီအပြစ်ကို မဖုံးလွှမ်းခြင်းပင် ဖြစ်ပါတယ်၊ ပက်လက်အိပ်တတ်ကာမျှအရွယ် နုနယ်သေးတဲ့ ကလေးငယ်ဟာ လက်နဲ့ဖြစ်စေ, ခြေနဲ့ဖြစ်စေ, မီးကျီးခဲကို ဖိမိရင် လျင်မြန်စွာ မိမိလက်ခြေကို ရုပ်သိမ်းတတ်သလို အလားတူပဲ သောတာပန်ဟာ ကုစားထမြောက်နိုင်တဲ့ အာပတ်တစ်ခုခု သင့်ရင် အဲဒီအာပတ်ကို ဘုရားထံမှာဖြစ်စေ, သိကြားလိမ္မာတဲ့ သီတင်းသုံးဖော်များထံမှာဖြစ်စေ ထင်ရှားဖော်ပြ ပြောကြားခြင်းဟာ မဂ်ဉာဏ်နဲ့ပြည့်စုံတဲ့ အရိယာပုဂ္ဂိုလ်ရဲ့ ပင်ကိုယ်သဘာဝပင် ဖြစ်ပါတယ်။ ဒီလိုသဘာဝမျိုး ငါ့မှာရှိတယ်-လို့ သိတဲ့ ဉာဏ်ဟာ ပုထုဇဉ်တို့နဲ့ မဆိုင်, အရိယာတို့နဲ့သာဆိုင်တဲ့ ဉာဏ်ဖြစ်တယ်၊ ဒီစတုတ္ထပစ္စဝေက္ခဏာဉာဏ်က သောတာပန်ရဲ့ဂုဏ်ကို ဖော်ပြသလို အခြားပစ္စဝေက္ခဏာဉာဏ်များကလဲ ဆင်ခြင်ပုံအသီးသီးကို ဖော်ပြကြပါတယ်။

(၁) သောတာပန်မှာ အမှန်တရားကို အမှန်အတိုင်း မသိမမြင်နိုင်အောင် ပိတ်ပင်တားဆီးတတ်တဲ့ ကာမရာဂ-စတဲ့ ပရိယုဋ္ဌာန ကိလေသာများဟာ မိမိ၌ ရှိ, မရှိ စဉ်းစားဆင်ခြင်တဲ့အခါ အမှန်ကို မသိရန် ပိတ်ပင်တားဆီးတတ်တဲ့ ကိလေသာများ မိမိမှာ မပယ်ရှားရသေးတာ မရှိ၊ မိမိစိတ်မှာ သစ္စာတို့ကို သိမြင်ခြင်းငှါ ကောင်းစွာထားအပ်ပြီဖြစ်ကြောင်းကို သိတယ်၊ ဒီအသိမှာ ပုထုဇဉ်တို့နဲ့ မဆိုင်, အရိယာတို့နဲ့သာ ဆိုင်တဲ့ လောကုတ္တရာမဂ်ဉာဏ်အရ ဖြစ်ပေါ်လာရတဲ့ အသိဉာဏ်ပင် ဖြစ်တယ်။

(၂) ဒါ့အပြင် "ဒီအသိဉာဏ်ကို မှီဝဲပွါးများ အကြိမ်များစွာ အလေ့အလာပြုနေတဲ့ ငါဟာ မိမိစိတ်မှာ ငြိမ်သက် တည်ကြည်ခြင်းကို ရပါရဲ့လား? ကိလေသာ ငြိမ်းအေးခြင်းကို ရပါရဲ့လား?" လို့ ဆင်ခြင်တဲ့ အရိယာသာဝကမှာ အဲဒီလို တည်ကြည်ခြင်း ငြိမ်းအေးခြင်းမျိုးကို ရတယ်-လို့ သိရတယ်။ ဒီအသိဟာလဲ ပုထုဇဉ်တို့နဲ့မဆိုင် အရိယာတို့သာ ရပိုင်တဲ့ အသိဉာဏ်ပင် ဖြစ်ပါတယ်။

(၃) "မိမိရထားတဲ့ မဂ်ဉာဏ်အမြင်မျိုးရတဲ့ ဒီသာသနာမှ ပြင်ပ သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်ကော ရှိပါသေးသလော?" လို့ စဉ်းစားတွေးတောတဲ့ အရိယာသာဝကအနေနဲ့ မိမိရထားတဲ့ မဂ်ဉာဏ်မျိုးကိုရတဲ့ သာသနာပ သမဏ ဗြာဟ္မဏ မရှိ-လို့ ပိုင်နိုင်စွာသိရတယ်၊ ဒီအသိ ဟာလဲ ပုထုဇဉ်တို့နဲ့မဆိုင် အရိယာတို့သာ ရပိုင်တဲ့ အသိဉာဏ်ပင် ဖြစ်ပါတယ်။

(၄) လေးခုမြောက် ပစ္ဆဝေက္ခဏာဉာဏ်ကိုတော့ ပြောဆိုခဲ့ပြီးပါပြီ။

(၅) မွေးကာစ သားငယ် နွားကလေးရှိတဲ့ မိခင်နွားမဟာ မလွဲသာလို့ မြက်ကို စားနေရပေမဲ့ မိမိသားငယ်ကို စောင်းကာ ငဲ့ကာ တကြည့်ကြည့် ဖြစ်နေရရှာသလို မလွဲသာလို့ သိတင်းသုံးဘော်များရဲ့ ကိစ္စကြီးငယ်ကို ပြုနေရပေမဲ့ မိမိစိတ်မှာ သိက္ခာသုံးပါး ကျင့်ရေးမှာသာ ငဲ့ကွက်လိုလား လျက် ရှိတာဟာ အရိယာတို့ရဲ့ သဘာဝပင် ဖြစ်တယ်။ ဒီသဘာဝမျိုးက ငါ့မှာ ရှိတယ်-သိတာဟာ ပုထုဇဉ်တို့နဲ့မဆိုင် အရိယာတို့သာ ရပိုင်တဲ့ အသိဉာဏ်ပင် ဖြစ်ပါတယ်။

(၆) ဘုရားရှင်ရဲ့ တရားတော်ကို ဟောကြားတော်မူတဲ့အခါ ရိုရိုသေသေ လေးလေးစားစား စူးစူးစိုက်စိုက် နာယူခြင်းမှာ အရိယာပုဂ္ဂိုလ်ရဲ့ ခွန်အားတစ်မျိုးပင် ဖြစ်တယ်၊ ဒီခွန်အားမျိုး ငါ့မှာရှိတယ်-လို့ သိတဲ့ဉာဏ်ဟာ အရိယာတို့သာ ရနိုင်ပြီး ပုထုဇဉ်တို့နဲ့ မဆိုင်တဲ့ အသိဉာဏ်ပင် ဖြစ်ပါတယ်။

(၇) ဘုရားရှင် တရားတော်ကို ဟောတော်မူတဲ့အခါ အနှက်အဓိပ္ပါယ်ကို နားလည်ခြင်း, တရားဒေသနာကို နားလည်ခြင်း, တရားနဲ့စပ်တဲ့ နှစ်သက်ဝမ်းမြောက်မှုကို ရခြင်းတို့မှာ အရိယာပုဂ္ဂိုလ်ရဲ့ စွမ်းအားတစ်မျိုးပင် ဖြစ်တယ်။ ဒီစွမ်းအားမျိုး ငါ့မှာ ရှိတယ်-လို့ သိတဲ့ဉာဏ်ဟာ အရိယာတို့သာ ရနိုင်လျက် ပုထုဇဉ်တို့နဲ့ မဆိုင်တဲ့ လောကုတ္တရာအရ ဖြစ်လာရတဲ့ အသိဉာဏ်ပင် ဖြစ်ပါတယ်။

**၁၃။ ဝနပ္ပဂုမ္မေ ယထာ ဂုသိတဂ္ဂေ၊**
**ဂိမှာနမာသေ ပဌမသ္မိ ဂိမှိ။**
**တထူပမံ ဓမ္မဝရံ အဒေသယိ၊**
**နိဗ္ဗာနဂါမိ ပရမံ ဟိတာယ။**
**ဣဒမ္ပိ ဒုဒ္ဒေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

**ဝနပ္ပဂုမ္မေ= ဝနဝ် ပဂုမ္မေ-ဖတ်၊ ဝနပ္ပ ဂုမ္မေ-မဖတ်နဲ့.**

**ဇုသိတဂ္ဂေ= ဇုသ်သိတက်ဂေ⟶ဇုတ်သိတက်ဂေ [ဇုသိတ+အဂ္ဂေ]**

**ဂိမှာန= ဂိမ်မှာန**

**ဂိမေ့= ဂိမ်မေ့**

**ပရမဟိတာယ**–ဆိုလိုလျက် ဂါထာဖွဲ့ရာ လွယ်ကူစိမ့်သောငှါ နိဂ္ဂဟိတ်ထည့်လျက် **ပရမံ ဟိတာယ**–ဟုဆို။ (ခုဒ္ဒကပါဠ၊ ဋ္ဌ၊ ၁၆၁၊ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၉၀။)

**ဂိမှာန်**–နွေလတို့တွင်၊ **ပဌမသို့ ဂိမေ့**–နွေဦးအစ ဖြစ်သော၊ **မာသေ**–တန်ခူးလ၌၊ **ဝါ–ပဌမသို့ ဂိမေ့ မာသေ**–နွေဦးအစ ပဌမလ၌၊ **ဇုသိတဂ္ဂေ**–ကောင်းစွာပွင့်သည့် ခက်ဖျားစုံရှိသော၊ **ဝါ**–စွင့်စွင့်ကားကား ပင်လုံးကျွတ်ပွင့်သည့် အဖျားရှိသော၊ **ဝနပ္ပဂုမ္ဗေ**–တောအုပ်သည်၊ (**သသိရိကော ယထာ**–အသရေရှိသကဲ့သို့၊) **တထူပမံ**–ထိုတောအုပ်လျှင် ဥပမာရှိသော၊ **ဝါ**–ထိုတောအုပ်သဖွယ် တင့်တယ်လှပ နက်နဲထူးခြားကြသည့် အတ္ထ ဗျဉ္ဇန စသည်လွှမ်းခြုံ ပန်းရနံ့အဖုံဖုံတို့နှင့် ပြည့်စုံသော၊ **နိဗ္ဗာနဂါမိ**–နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော၊ **ဓမ္မဝရံ**–သုံးပုံပိဋကတ် တရားတော်မြတ်ကို၊ **ဝါ**–သုံးပုံပိဋကတ် ဝါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာဟု ဒေသနာခေါ်အပ် ပရိယတ္တိတရားတော်မြတ်ကို၊ **ပရမံ ဟိတာယ**– အမြတ်ဆုံးအကျိုးစီးပွါးခေါ်အပ် နိဗ္ဗာနဓာတ်အလို့ငှါ၊ **အဒေသယိ**–ဟောကြားတော်မူခဲ့ပြီ၊ **ဇုဒ္ဓေ**–ဘုရားရှင်၌၊ **ဣဒ္ဓိမို ရတနံ**–ရတနာဟု သိသာရတုံ့ ဤဂုဏ်တော်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏။ **ဇေတန သဇ္ဈန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

နွေလများတွင် နွေဦးအစ တန်ခူးလမှာ ပင်လုံးကျွတ်ပွင့်တဲ့ အခက်အဖျားစုံရှိသော တောအုပ်ဟာ ကျက်သရေရှိသလို အနက်သဒ္ဒါ စသည်လွှမ်းခြုံ ပန်းရုံနဲ့တူတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်ကို အမြတ်ဆုံး အကျိုးစီးပွါးဖြစ်တဲ့ နိဗ္ဗာနဓာတ်အတွက် ဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်၊ ဘုရားရှင်၌ ရတနာ–လို့ သိကြောင်းဖြစ်တဲ့ ဒီဂုဏ်တော်ကလဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

**ဇုဒ္ဓဂုဏ်တော်၊ ဉာဏ်စွမ်းမော်၊ ပြဖော် ပရိယတ်။** ။ ဘုရားရှင်ရဲ့ ရူပကာယတော် စသည်နဲ့ပတ်သက်တဲ့ ဂုဏ်တော်များကို အကြားအရ မှန်းဆကြည်ညိုကြရတယ်၊ ဘုရားရှင်ရဲ့ ဉာဏ်တော်စွမ်းကိုမူ ပိဋကတော်ကပြလျက် ဒီပရိယတ္တိဓမ္မဖြင့် ဘုရားရှင်ဉာဏ်စွမ်းကို ကိုယ်တွေ့သိရသလိုဖြစ်တယ်၊

ဒါ့ကြောင့် ပရိယတ္တိဓမ္မက ဘုရားရှင်ကို ဂုဏ်တင်ပေးလျက်ရှိရာ အဲဒီဓမ္မဖြင့် ဘုရားဂုဏ်ကို ဖော်ကျူးကာ သစ္စာပြုဟန်ကို **"ဝန်ပွဂ္ဂဓမ္မ"**ဂါထာဖြင့် ပြတော်မူပါတယ်။

**<u>တောအုပ်ဥပမာ မြတ်ဒေသနာ</u>။** ။ ဘုရားရှင်ရဲ့ဒေသနာတော်ဟာ ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်အလို့ငှါ ဖြစ်တယ်၊ ဒီနိဗ္ဗာန်ကိုရောက်ကြောင်းလမ်းမှာ **"ဓကာယနော မဂ္ဂေါ"**အရ တစ်ကြောင်းတည်းသောလမ်းသာဖြစ်တယ်၊ အဲဒီလမ်းကို လိုက်ရေးမှာ သတ္တဝါ ဝေနေယျတို့ရဲ့ အလို အဇ္ဈာသယ အလိုက် နည်းအမျိုးမျိုးဖန်တီးကာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, သတိပဋ္ဌာန်, သမ္မပ္ပဓာန်-စတဲ့ အနက်အမျိုးမျိုးနဲ့ ဟောတော်မူခဲ့ပုံက ဝေဝေဆာဆာ ရှိလှပါတယ်၊ တစ်ခုတည်းသောဒေသနာ-ဥပမာ, ခန္ဓဒေသနာကို ဟောတော်မူတဲ့အခါ အနက်အဓိပ္ပါယ်အသီးသီး နည်းအထွေထွေဖြင့် ပြောင်းလဲကာ ဟောထားခဲ့သည်မှာ လိုလေသေးမရှိအောင် ပြည့်စုံလှပါတယ်၊ ဒါကိုပင် အနက်နဲ့ပြည့်စုံသော **(သာတ္ထ)**လို့ ဂုဏ်ပြုရပါတယ်၊ ဒီ အနက်အဓိပ္ပါယ်အမျိုးမျိုးကို ဟောရာမှာ သတ္တဝါ ဝေနေယျတို့ နားလည်လွယ်ပြီး နှစ်သက်ဖွယ်ဖြစ်အောင် သဒ္ဒါအသုံးများကို ပရိယာယ်အသွယ်သွယ် ပြောင်းလဲသုံးနှုန်းဟောတော်မူခဲ့သည်မှာလဲ စုံလင်ပြည့်ဝဝေဆာလှပါတယ်၊ ဒါကိုပင် သဒ္ဒါနဲ့ပြည့်စုံသော **(သဗျဉ္ဇန)**လို့ ဂုဏ်ပြုရပြန်ပါတယ်။ ဒီလို အနက်အဓိပ္ပါယ် သဒ္ဒါတွေနဲ့ ပြည့်စုံဝေဆာလှတဲ့ ဒေသနာတော်ကို နွေဦးအစ တန်ခူးလမှာ အပွင့်တွေဝေဆာ အကိုင်းအခက်တွေဖြာနေတဲ့ တောရဂုံနဲ့ နှိုင်းခိုင်းထားပုံဟာ ပညာရှိတို့ရဲ့ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေနိုင်ပါတယ်၊ ဒါ့ကြောင့် ပိဋကကိုလေ့လာပြီးသူတိုင်းက ဒီဂါထာကို ရွတ်ဆိုရင်း ပိတိနှောတဲ့ ဓမ္မရသကို ခံစားကြရပါတယ်။

**<u>ဥပမာတင်စား၊ ဟာညွှန်ကြား၊ ဆွဲအား ပီတိဖြစ်</u>။** ။ ဘုရားရှင်က အချို့သုတ္တန်ဒေသနာများကို ဥပမာများဖြင့် တန်ဆာဆင်လျက် ဒေသနာရဲ့တင့်တယ်ခြင်းကို ဖြစ်စေကာ ဟောကြားတော်မူလေ့ရှိပါတယ်၊ ဓမ္မပဒ ပုပ္ဖဝဂ်လာ ပန်းဖွဲ့ဒေသနာများ, ဖေဏပိဏ္ဍောပမ (ရေမြှုပ်ဥပမာ), အာသီဝိသောပမ (အဆိပ် ပြင်းတဲ့မြွေ=မြွေဟောက်ဥပမာ)စတဲ့ သုတ္တန်များမှာ ဒီဒေသနာအမျိုးအစားပင် ဖြစ်ပါတယ်။

အဲဒီလို ဒေသနာကို ဥပမာအသွယ်သွယ် ခြယ်လှယ်ဟောတော်မူရခြင်းမှာ တရားနာသူတွေကို ပိတိဖြစ်အောင် ဆွဲဆောင်ရခြင်းတစ်မျိုးပင် ဖြစ်တယ်၊ ဒေသနာကော်မှာ အလွန်ပိတိဖြစ်နေတဲ့အခါ ကိုယ်စိတ်နှစ်ပါး လွန်စွာအေးငြိမ်းခြင်း ပဿဒ္ဓိဖြစ်ရတော့တယ်၊ ဒီအေးငြိမ်းခြင်းက ဂျပ်နာမ် ခန္ဓာအပေါ်မှာ စွဲမြဲစွာစူးစိုက်တည်ငြိမ်နေတဲ့ သမာဓိဖြစ်ဖို့ရန်အကြောင်း ဖြစ်တယ်၊ သမာဓိဖြစ်နေသူအဖို့ ဂျပ်နာမ် ခန္ဓာတို့ကို အမှန်အတိုင်းသိတဲ့ ယထာဘူတဉာဏ်ဖြစ်ဖို့ သေချာနေပါတယ်၊ ဒီယထာဘူတဉာဏ်

ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်အထိ ဆိုက်ရောက် မျက်မှောက်ပြုရပါတော့တယ်၊ ဒါ့ကြောင့် ဒေသနာတော်မှာ သဘောကျ နှစ်သက်ဖွယ်ဖြစ်ဖို့ရာ အရေးကြီးလှတဲ့အတွက် ဓမ္မကိုဂုဏ်တင်တဲ့အနေနဲ့ ဒီ **"ဝနပွဂုမ္မေ ယထာ ဖုဿိတဂ္ဂေ"** တောဖွဲ့ဒေသနာကို ဟောတော်မူခဲ့ပါတယ်။

**ဗုဒ္ဓရည်သန်၊ ဒေသနံ၊ နိဗ္ဗာန်အတွက်သာ။** ။ လောကမှာ မေတ္တာ ကရုဏာနည်းပါး အများအပေါ်ဝယ် စေတနာမထားတတ်သူတွေဟာ ကိုယ်ကျိုးကိုယ့်စီးပွါးကို လွန်စွာမျှော်တတ်ကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ ကျမ်းဂန်ရေးသားရာမှာဖြစ်စေ, တရားဓမ္မဟောကြားရာမှာဖြစ်စေ အကျော်အစောကို လည်းကောင်း (သိလောကဟေတု), လာဘ်ပူဇော်သက္ကာရကိုလည်းကောင်း (လာဘ, သက္ကာရ ဟေတု) လိုလားတတ်တယ်။ ဘုရားရှင်ကတော့ မိမိကိုယ်တိုင် ဒုက္ခငြိမ်းကြောင်း တရားကောင်းကို ပိုင်နိုင်စွာ ရရှိထားပါတယ်၊ သတ္တဝါတွေကို ရှုကြည့်တဲ့အခါ ရှည်လျားထွေပြားလှတဲ့ သံသရာဒုက္ခတို့ကို မြင်တော်မူတဲ့အတွက် လွန်စွာသနားခြင်း မဟာကရုဏာသက်တော်မူကာ ကယ်တင်တော်မူလိုတဲ့ ဆန္ဒ ဖြစ်ပေါ်မူပါတယ်၊ သတ္တဝါတွေအပေါ်မှာ ကောင်းစားစေလို, ချမ်းသာစေလိုတဲ့ မဟာကရုဏာ သခင်, ပညာရှင်ဖြစ်တော်မူတဲ့ မြတ်ဘုရားက လာဘ် ပူဇော်သက္ကာရ အကျော်အစော-စသည်ကို ဘယ်မှာ လိုလား ငဲ့ကွက်ပါမလဲ? သတ္တဝါများအား အကောင်းဆုံး အကျိုးစီးပွါးကို ပေးသနားလိုပါတယ်၊ နိဗ္ဗာန်ထက်ကောင်းတဲ့ မြတ်တဲ့ အကျိုးစီးပွါးကလဲ မရှိတော့ပါ၊ ဒါ့ကြောင့် ဘုရားရှင် တရား ဟောရခြင်းဟာ နိဗ္ဗာန်ခေါ်တဲ့ အမြတ်ဆုံး အကျိုးစီးပွါး အလို့ငှါသာ ဖြစ်ကြောင်း **"ပရမံ ဟိတာယ"** ဖြင့် ဂုဏ်ပြုတော်မူရပြန်ပါတယ်[၃၅၀]။

**ဗုဒ္ဓမြတ်စွာ၊ ရတနာ၊ မှန်စွာ စစ်ပါသည်။** ။ တောဖွဲ့တောင်ဖွဲ့ ကဗျာတစ်ပုဒ်ကို ဖတ်ရတဲ့အခါ ကဗျာ့အရသာကို ခံစားတတ်သူအဖို့ လှလှပပ သီကုံးနှုံးဖွဲ့ထားတဲ့စကားလုံးလေးတွေကိုလဲ ကြည်နူးနှစ်သက်ရတယ်၊ အနက် အဓိပ္ပါယ်အရသာကိုလဲ သာယာရှင်မြူးရတယ်။ ကဗျာကိုနားမလည်သူအဖို့မှာ တော့ အဲဒီကဗျာက မည်သို့မျှ တန်ဖိုးရှိလိမ့်မည်မဟုတ်ပါ၊ အလားတူပင် ဒေသနာတော်၌ အတ္ထရသ, သဒ္ဒရသ ခံစားတတ်တဲ့ ပုဂ္ဂိုလ်များအဖို့ ဘုရားရှင်ဒေသနာတော်၌ နှစ်သက်ကြည်နူးမဆုံးဖြစ်ကြပါတယ်၊ လောကမှာ ကျမ်းဂန်တစ်ခုခုကို ကြည့်ရှုသူတို့မှာ ကျမ်းဂန်က ကောင်းတာနဲ့အမျှ ကျမ်းပြု

---

[၃၅၀] နိဗ္ဗာနဂါမိမဂ္ဂဒီပနတော နိဗ္ဗာနဂါမိ ပရိယတ္တိမမ္မဝရံ နေဝ လာဘဟေတု နေ သက္ကာရာဒိဟေတု၊ ကေဝလန္တု မဟာကရုဏာယ အဗ္ဘုဿာဟိတဟဒယော သတ္တာနံ ပရမဟိတာယ အဒေသယီတိ။ (ခုဒ္ဒကပါဌ၊ ၌၊ ၁၆၁။ သုတ္တနိပါတ၊ ၌၊ ၁၊ ၂၉၀။)

## ရတနာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ပုဂ္ဂိုလ်ကို ကြည်ညိုလေးစားကြသလို ဘုရားဒေသနာတော်၌ အတ္ထရသခံစားရသူတို့မှာ ဘုရားရှင် အပေါ်ဝယ် ကြည်ညိုမဆုံး ဖြစ်ကြရပါတယ်၊ အနက်အဓိပ္ပါယ်ကိုသိပြီး သိတဲ့အတိုင်း ကျင့်ကြံသောအား ဖြင့် မဂ်ဖိုလ်အထိ ရောက်ကြသူတွေရဲ့ ကြည်ညို အားရမှုဟာ ပြောဖွယ်ရာမရှိတော့ပါ။ ဒါ့ကြောင့် ဘုရားတရားတော်ဟာ ဘုရားရှင်ကို နှစ်သက်ကြည်ညို ရခြင်းအကြောင်းဖြစ်တဲ့အတွက် အဲဒီတရားများအရ ဘုရားရှင်ရဲ့ ရတနာအဖြစ်ကို **"ဣဒမ်ဖို ဝုဒ္ဓေ ရတနံ ပဏီတံ"**လို့ ထပ်မံ ဂုဏ်ပြုရပါတယ်။

၁၄။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော မမွဝရံ အဒေသယိ။
ဣဒမ်ဖို ဝုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဝရညူ= ဝရင်ညူ

ဝရာဟရော= [ဝရ+အာဟရော]

အနုတ္တရော= အနုတ်တရော [အန်+ဥတ္တရော → နု+ဥတ္တရော]

**ဝရော**–စိတ်ထားမြတ်သူ နတ်လူငြဟ်ဘာ သတ္တဝါများ လိုလားတောင့်တအပ် မြတ်တော်မူထသော၊ **ဝရညူ**–အမြတ်ဆုံးမှန် ထက်နီဗ္ဗာန်ကို ကေန်ပိုင်ပိုင် ကိုယ်တော်တိုင် သိတော်မူထသော၊ **ဝရဒေါ**–လူနတ်တို့အား မြတ်တရားကို ပေးသနားတော်မူတတ်ထသော၊ **ဝရာဟရော**–ဒိပက်ရာ အစဖြာလျက် စဉ်လာကျင့်ကောင်း ရှေးဟောင်းလမ်းမြတ်ကို ယူဆောင်တော်မူတတ်ထသော၊ **အနုတ္တရော**–သာလွန်မထင် အမြတ်ဆုံး ဘုရားရှင်သည်၊ **မမွဝရံ**–သွာကွတတာ အစဖြာလျက် ခြောက်ဖြာဂုဏ်ကပ် တရားတော်မြတ်ကို၊ **အဒေသယိ**–ဟောတော်မူလေပြီ၊ **ဝုဒ္ဓေ**–ဘုရားရှင်၌၊ **ဣဒမ်ဖို ရတနံ**–ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဧတေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းပါစေ။

နတ်လူအများ လိုလားတောင့်တအပ် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူတဲ့ အမြတ်ဆုံးနိဗ္ဗာန်ကို သိတော်မူပြီး အမြတ်တရားကို ပေးသနားတော်မူတတ်တဲ့ ရှေးဟောင်းကျင့်စဉ်လမ်းမြတ်ကို ယူဆောင်တော်မူတတ်တဲ့ အမြတ်ဆုံးဘုရားရှင်က တရားတော်မြတ်ကို ဟောတော်မူပါတယ်၊ ဘုရားရှင်မှာ ရတနာလို့ သိနိုင်ကြောင်း ဒီဂုဏ်တော်အပေါင်းကလဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

**ဗုဒ္ဓဂုဏ်တော်၊ ညွှန်ကာဖော်၊ ပြုသော် သစ္စာစကား။** ။ **"ဝနုပဂုမ္မေ"**ဂါထာက ပရိယတ္တိမှန့် ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ဖော်ပြီးနောက် **"ဝရော ဝရညူ"**ဒီဂါထာကတော့ လောကုတ္တရာ တရား များနဲ့ ဘုရားဂုဏ်တော်ကို ဖော်ထုတ်ကာ သစ္စာပြုတော်မူပါတယ်။

**'ဝရ'လေးမျိုး၊ နက်ဆိုရိုး၊ ကျမ်းကိုး ဖွင့်ပြပါ။** ။ ဒီဂါထာမှာ **"ဝရော, ဝရညူ, ဝရဒေါ, ဝရာဟရော"**တွင် **'ဝရ'**လေးခုပါပါတယ်။ **ဝရော [ဝရ+ဓ–ာ]**မှ **'ဝရ'**သဒ္ဒါက ကျွန်ုပ်–တောင့်တလို လားခြင်းအနက် ဟောပါတယ်၊ စိတ်ထားကြီးမား မြင့်မြတ်သူတို့ လိုလားတောင့်တအပ်တဲ့အတွက် ဘုရားရှင်ကို **'ဝရ'**လို့ ဆိုပါတယ်။ ဘုရားရှင်ရဲ့ ကြည်ညိုဖွယ် တင့်တယ်လှတဲ့ ရူပကာယတော်ကိုဖြစ် စေ, သဗ္ဗညုတဉာဏ်တော်ကို ဖြစ်စေ, သူတပါးနဲ့မတူ ထူးခြားတဲ့ဂုဏ်တော်များကိုဖြစ်စေ သိနားလည် သူတို့က "ငါတို့လဲ ဒီလိုဖြစ်ရမှ ကောင်းလေစွ"လို့ တောင့်တကြပါတယ်[၃၅]။

ဘုရားရှင် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားပြီး တာဝတိ်သာမှ သက််သနဂိုရိမြို့သို့ စောင်းတန်းသုံးသွယ်ဖြင့် နတ်ဗြဟ္မာများ ခြံရံလျက် ဆင်းသက်တော်မူလာတဲ့အခါ ဘုရားရှင်ရဲ့အသရေတော်ကို မြင်ရသူတွေဟာ ဘုရားဆုကို မတောင့်တသူ–လို့ မရှိကြောင်း ဓမ္မပဒ အဋ္ဌကထာ[၃၆]မှာ မိန့်ဆိုပါတယ်။

ပရိတ်ကြီးနိဿယသစ် ဆရာတော်ဘုရားကြီးရဲ့ မိန့်ဆိုချက်ကလဲ လွန်စွာမှတ်သားဖွယ် ကောင်းလှပါတယ်။ "ဘုရားရှင်ကို မိမိတို့ဆရာဖြစ်ရန်လည်းကောင်း, တရားကောင်းရရန်လည်း ကောင်း လိုလားတောင့်တအပ်သည်"လို့လဲ ဖွင့်နိုင်တယ်၊ ဒီနေရာမှာလဲ စိတ်နေစိတ်ထား မြင့်မြတ် သူတို့ကိုသာ ဆိုလိုကြောင်း သိပါတဲ့၊ စိတ်ထားသေးငယ် ညံ့ဖျင်းသူများကား မိမိက ဆရာဖြစ်နေရင် မိမိထက်သာသူကို ဆရာမတင်လိုကြ၊ တပည့်ဖြစ်ရင်လဲ မိမိဆရာမှ ဆရာ–လို့ စွဲမြဲတတ်ကြတယ်၊ မိမိ အယူမှအယူကောင်း, အယူမှန်–လို့ စွဲမြဲကာ မစွန့်လွှတ်လိုကြ။ စိတ်နေစိတ်ထား မြင့်မြတ်သူများ ကား ဆရာစွဲ ပုဂ္ဂိုလ်စွဲမထား၊ အကောင်းတရားကိုသာ ရှာတတ်တယ်၊ ဒီအရာမှာ အရှင်သာရိ ပုတ္တရာအလောင်းဟာ သီဋ္ဌည်းဆရာရဲ့ လက်ရုံးတပည့်ကြီးအဖြစ် ရောက်နေပေမဲ့ သီဋ္ဌည်းလို ကျေနပ် မနေပဲ မိမိအယူအဆမှာ အနှစ်သာရ မရှိသေးတာကို သိရရင်ပင် အကောင်းတရားကို ရှာခဲ့တယ်၊

---

[၃၄] ဝရောတိ ပဏီတာဓိမုတ္တိကေဟိ ကုန္တိတော "အဟော ဝတ မယမ္ပိ ဧဝရူပါ အဿာမာ"တိ။ (ခုဒ္ဒကပါဋ္ဌ ဋ္ဌ၊ ၁၆၁။ သုတ္တနိပတ၊ ဋ္ဌ၊ ၁၊ ၂၉၀။)

[၃၅] တံ ဒိဝသံ ဗုဒ္ဓသိရိ သြလောကေတွာ ဆတ္တိံသယောဇနပရိမဏ္ဍလာယ ပရိသာယ ဧကော၀ိ ဗုဒ္ဓဘာဝံ အပတ္ထေန္တော နာမ နတ္ထိ။---"အဟော ဝတ မယံ ဗုဒ္ဓါ ဘဝေယျာမာ"တိ ဗုဒ္ဓဘာဝံ ကုန္တမာနာ ပိဟယန္တီတိ အတ္ထော။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ဒေ၀ါရောဟဏ၀တ္ထု။ ၁၄၆, ၁၄၇။)

အရှင်အဿဇိထေရ်ကို တွေ့ရတဲ့အခါ ဒိပုဂ္ဂိုလ်ကတော့ အခြားဂိုဏ်းကပဲလို့ သဘောပထား, ပုဂ္ဂိုလ်ရဲ့ ထူးခြားတဲ့ အသွင်အပြင်ကို မြင်ရ၍ တရားထူးရှိလိမ့်မယ်-လို့ ခန့်မှန်းမိတဲ့အခါ ချဉ်းကပ်မေးမြန်း စုံစမ်းတော့တယ်၊ ဒိလိုနဲ့ တရားထူးရကာ ဘုရားထံ ရောက်လာရတယ်၊ သိဥည်းဆရာကြီးကို မိမိနဲ့ အတူ ဘုရားရှင်ထံ လိုက်ပါရန်ခေါ်တဲ့အခါ "မိမိက ခံအိုးကြီးဖြစ်နေပြီးမှ လောင်းအိုးမလုပ်နိုင်"လို့ ငြင်းဆန်ခဲ့တယ်။ ဒိအရာမှာ စိတ်ထားမြတ်သူ (ပဏိတာဓိပုတ္တိက), စိတ်ထားညံ့ဖျင်းသူ (ဟိနာဓိမုတ္တိက) နှစ်ဦးတို့ အယူအဆ ကွဲပြားပုံ ထင်ရှားပါတယ်"လို့ မိန့်ပါတယ်။

နောက်အနက်တစ်မျိုးမှာ **'ဝရ'**သဒ္ဒါက ဥတ္တမ သေဋ္ဌ=အမြတ်, အမြတ်ဆုံး အနက်ကို ဟောပါတယ်။ လောကမှာ ကောင်းတဲ့အပြုအမူအကျင့်ရှိသူကို လူကောင်းလူမြတ်-လို့ ဆိုတယ်၊ မကောင်းတဲ့ အပြုအမူ အကျင့်ရှိသူကို လူယုတ်လူညံ့-လို့ဆိုရတယ်၊ စည်းစိမ်ဥစ္စာ ပညာ-စသည်နဲ့ ပတ်သက်တဲ့ ဂုဏ်တွေရှိစေကာမူ အကျင့်မကောင်းရင် လူမြတ်-လို့ မဆိုရ၊ ဒါ့ကြောင့် ကိလေသာလုံးဝစင်ကြယ်ပြီး တကယ့်ယဉ်ကျေးတဲ့ပုဂ္ဂိုလ် (ဒန္တ), ငြိမ်းအေး ငြိမ်သက်တဲ့ပုဂ္ဂိုလ် (သန္တ)ဖြစ်သော ဘုရားရှင်မှာ မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်ရပါတယ်၊ ဒိထက်မက သူမတူနိုင်တဲ့ ဂုဏ်တော်များနဲ့ တန်ဆာဆင်ထားပြန်ရာ လောကမှာ အမြတ်ဆုံး ဖြစ်ရပါတော့တယ်၊ သဒ္ဒါဆိုတာ အဲဒိသဒ္ဒါကဟောတဲ့ အရာဝတ္ထုအရ အနက်ကို အနိမ့်အမြင့် ယူရမြဲဖြစ်ရာ သာမန်မြင့်မြတ်သူတို့အတွက် အမြတ်သာမန်မျှ အနက်ယူရပေမဲ့ ဘုရားရှင်နဲ့ ပတ်သက်ရင်တော့ ဒိ**'ဝရ'**သဒ္ဒါက အားလုံးထက် အမြတ်ဆုံးအဖြစ် ယူရပါတယ်၊ ပြောဆိုခဲ့တဲ့ အဓိပ္ပါယ်အရ မြတ်တဲ့ဂုဏ်နဲ့ ယှဉ်သောကြောင့် **'ဝရ'**အမည်ရခြင်း ဖြစ်ပါတယ်၊ အမည်ဆိုတာ ထူးခြားအောင် ပြုတတ်တဲ့ဂုဏ်များအရလဲ နာမည်ရတတ်ပါတယ်၊ အနိရောင်အဆင်းရှိတဲ့ အဝတ်ကို အနိ-လို့ ဆိုရသလို မြတ်တဲ့ဂုဏ်များရှိတဲ့ ဘုရားရှင်ကို အမြတ်[၃၅၃]-လို့ ဆိုရပါတယ်။

**"ဝရညူ"**တွင် **'ဝရ'**သဒ္ဒါက နိဗ္ဗာန်ကို ဟောပါတယ်၊ တရားအားလုံးတို့ထက် မြတ်တဲ့အတွက် 'နိဗ္ဗာန်'ကို 'ဝရ'လို့ ဆိုရတယ်၊ မဂ်လေးတန်ဖြင့် နိဗ္ဗာန်ကိုသိမှ ဗုဒ္ဓ(ဘုရား)ဖြစ်မြဲဖြစ်ရာ ဒိအမြတ်ဆုံး နိဗ္ဗာန်ကို ဗောဓိပင်ရင်းမှာ ကိုယ်တော်တိုင် ထိုးထွင်း၍ သိပြီးဖြစ်တဲ့အတွက် ဘုရားရှင်ကို **'ဝရညူ'**[၃၅၄]လို့ ဆိုရတယ်။ နိဗ္ဗာန်ကို သိတယ်ဆိုရင် အဲဒိနိဗ္ဗာန်ကို မြင်တတ်တဲ့ မဂ်ဖိုလ်ကိုလည်းကောင်း, ဒိမဂ်ဖိုလ်ကိုရကြောင်း သိလ သမာဓိ ဝိပဿနာ စတဲ့တရားများကိုလည်းကောင်း သိပြီးပြီဆို

---

[၃၅၃] ဝရဂုဏယောဂတော ဝါ ဝရော ဥတ္တမော သေဋ္ဌောတိ အတ္ထော။ (ခုဒ္ဒကပါဋ၊ ၄၊ ၁၆၂။ ဝရဂုဏယောဂတော ဝါ ဝရော၊ ဥတ္တမော သေဋ္ဌောတိ အတ္ထော။ (သုတ္တနိပါတ၊ ၄၊ ၁၊ ၂၉၀။)

[၃၅၄] **ဝရညူ**တိ နိဗ္ဗာနညူ။ နိဗ္ဗာနံ ဟိ သဗ္ဗဓမ္မာနံ ဥတ္တမဋ္ဌေန ဝရံ၊ တဉ္ဌေသ ဗောဓိမူလေ သယံ ဝဋ္ဌိဂိဏ္ဍိတွာ အညာသိ။

တဲ့အဓိပ္ပါယ်မှာ အလိုလို ပြီးစီးလျက် ရှိပါတယ်၊ မဂ်ဖိုလ် စတဲ့တရားများလဲ **ဝရ-အမြတ်တရားချည်း** ဖြစ်လို့ ဥက္ကင္ဌနိဒ္ဒေသ (အကောင်းဆုံးကို ညွှန်ပြတဲ့)နည်းအရ နိဗ္ဗာန်ကိုသာ ဆိုပေမဲ့ အခြား မဂ်ဖိုလ် စတဲ့တရားများကိုလဲ ယူပြီးဖြစ်ပါတယ်။

အကောင်းဆုံး နိဗ္ဗာန်တရား ရရှိထားတော်မူတဲ့ ဘုရားရှင်ဟာ မိမိမှာ ဒုက္ခခပ်သိမ်း အငြိမ်းကြိုးငြိမ်းတာကို သိနေခဲ့ရာ ဒိနိဗ္ဗာန်တရားကို သတ္တဝါတွေအားလုံး ရစေတော်မူလိုသည်သာ ဖြစ်ပါတယ်။ **"ဝရဒေါ"**တွင် **'ဝရ'**အရ (နိဗ္ဗာန်ရောက်ကြောင်း) တရားကောင်း တရားမြတ်-လို့ ဆိုလိုတယ်၊ တရားကောင်း တရားမြတ်-ဆိုတာ မဂ်ဖိုလ်အထိ တရားများကို ဆိုလိုပါတယ်၊ ဒီတရားကောင်း တရားမြတ်တို့ကို ပေးတဲ့ဘုရားရှင်ကို **'ဝရဒ'**လို့ ဆိုပါတယ်၊ အဲဒီတရားကောင်း တရားမြတ်တို့ကိုပေးရင် နိဗ္ဗာန်ကိုလဲ ပေးရာရောက်ပါတယ်၊ ဒီတရားများဟာ မိမိကျင့်လို့ ရတာဖြစ်ပေမဲ့ ဘုရားရှင်လမ်းညွှန်ချက်အရ ကျင့်နိုင်တာဖြစ်လို့ ဘုရားပေးတယ်လို့ပင် ဆိုရပါတော့တယ်။

လောကမှာ မကောင်းတဲ့သူ မကောင်းတဲ့အကျင့်ရှိသူက မကောင်းတဲ့အကျင့်ကို ညွှန်ကြားမည်ဖြစ်တယ်၊ ကောင်းတဲ့သူ ကောင်းတဲ့အကျင့်ရှိသူက ကောင်းတဲ့အကျင့်ကိုသာ ညွှန်ကြားပေးလိမ့်မယ်။ အမြတ်ဆုံးလဲဖြစ် အမြတ်ဆုံးတရားကိုလဲ သိထားတဲ့ဘုရားရှင်ဟာ သတ္တဝါ ဝေနေယျတို့အား အမြတ်ဆုံးတရားကိုလည်းကောင်း, အမြတ်ဆုံးတရားကို ရနိုင်ကြောင်း နည်းလမ်းကောင်းကိုလည်းကောင်း ပေးတော်မူလိမ့်မယ်၊ ဒါ့ကြောင့် **"ဝရော ဝရညူ ဝရဒေါ"**တို့မှာ ဘုရားရှင်နဲ့ လွန်စွာလိုက်ဖက်တဲ့ ဂုဏ်ပုဒ်များ ဖြစ်ပါတယ်။

# ရတနာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဒီဂုဏ်ပုဒ်တွေအနက် **'ဝရဒ'**ဂုဏ်ဟာ အလွန်အရေးပါတဲ့ဂုဏ်ဖြစ်ပါတယ်၊ အဲဒီဂုဏ်တော်အရ လူနတ်များရဲ့ အားရကြည်ညိုရိုသေလေးစားမှုကို အထူးခံရတာဖြစ်ပါတယ်၊ ဒီဂုဏ်ကြောင့်ပင် ဘုရား လက်ထက်တော်အခါမှ ယနေ့တိုင်အောင် နတ်တို့ရဲ့ ချီးမွမ်းသံမစဲသေးပါ။



ဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ (စုလစ်မွတ်ချွန် အထွတ်တပ်တဲ့ စရပ်ကျောင်း)မှာ သီတင်းသုံးနေတော်မူပါတယ်၊ ကာရဏပါလီ အမည်ရှိ ပုဏ္ဏားတစ်ယောက်ဟာ လိစ္ဆဝီမင်းတို့ရဲ့ အလုပ်ကိုလုပ်နေဆဲမှာ အဝေးမှလာတဲ့ ပီဂိုယာနီ-ခေါ်တဲ့ ပုဏ္ဏားကို တွေ့တဲ့အခါ "အရှင်- ဘယ်ကလာသလဲ?" လို့ မေးပါတယ်၊ ရဟန်းဂေါတမထံမှ လာခဲ့ကြောင်း ပြောတဲ့အခါ "ရဟန်းဂေါတမရဲ့ ပညာစွမ်းကို အရှင်ဘယ်လိုထင်သလဲ? ပညာရှိသူတစ်ဦးပဲ ထင်ပါရဲ့နော်?" လို့ မေးပြန်ပါတယ်။ ပီဂိုယာနီက "ကျွန်ုပ်က ဘယ်လိုလူမို့လဲ? ဘယ်လောက်တော်တဲ့လူမို့ ရဟန်းဂေါတမရဲ့ ပညာစွမ်းကို သိနိုင်မှာလဲ? ရဟန်းဂေါတမရဲ့ပညာစွမ်းကို သိသူဟာ ရဟန်းဂေါတမလို ပုဂ္ဂိုလ်မျိုးသာဖြစ်ရပေမပေါ့" လို့ ပြန်ပြောလိုက်တယ်။ ကာရဏပါလီက "အရှင်က ရဟန်းဂေါတမကို ကောင်းမြတ်ရည်မွန်တဲ့ ချီးမွမ်းခြင်းနဲ့ ချီးမွမ်းနေတယ်၊ ပီဂိုယာနီက "ကျွန်ုပ်က ဘယ်လောက်ပညာစွမ်းရှိတဲ့ လူစားမို့လဲ? အဘယ်မှာ ရဟန်းဂေါတမကို ထိုက်ထိုက်တန်တန် ချီးကျူးနိုင်စွမ်းရှိပါ့မလဲ? အရှင်ဂေါတမဟာ လောကအား လုံးရဲ့ချီးကျူးဖွယ်ရာ, သူရဲ့

အမြင့်မြတ်ဆုံး ဂုဏ်တော်တို့ဖြင့်သာ ချီးကျူးထိုက်တဲ့အပြင် နတ်လူတို့ထက် အထူးချီးမွမ်းအပ် မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်"လို့ ပြောဆိုပါတယ်။ ကာရဏပါလိက "ဘယ်လို အကျိုးထူးမြင်လို့ ရဟန်းဂေါတမ၌ ဒိမျှကြည်ညိုရပါသလဲ?" လို့ မေးပြန်တဲ့အခါ ပိဂိုယာနိက ဘုရားရှင်ဂုဏ်တော်များကို ထုတ်ဖော်ပြောဆိုပါတယ်-----

"အို အမောင်--အကောင်းဆုံး အရသာများဖြင့် ဝအိနေတဲ့ယောကျ်ားဟာ အခြား ညံ့ဖျင်းတဲ့ အရသာများကို မလိုလား မနှစ်သက်တော့ပါ၊ အလားတူ အရှင်ဂေါတမ ဘယ်ပုံဟောသည်ဖြစ်စေ တရားကိုနာရရင် အဲဒီတရားမှတပါး အခြား သမဏဗြာဟ္မဏတို့ရဲ့အယူဝါဒကို မလိုလား မနှစ်သက်တော့ပါ။

အို အမောင်--ဆာလောင်တဲ့အတွက် အားနည်းနေတဲ့ ယောကျ်ားဟာ ပျားမုန့်ဆုပ်ကိုရရင် ဘယ်နေရာမှာလျက်လျက် ကောင်းမွန်ချိုမြတဲ့အရသာကို ရနေသလို အရှင်ဂေါတမရဲ့တရားကို ဘယ်ပုံ ဘယ်နည်းနဲ့ နာရ နာရ အဲဒီတရားမှ နှစ်သက်ခြင်း, စိတ်ကြည်လင်ခြင်းကို ရနေပါတယ်။

အို အမောင်--စန္ဒကူးလွှေဖြစ်စေ, စန္ဒကူးနီဖြစ်စေ စန္ဒကူးတုံး တစ်ခုခုရတဲ့ ယောကျ်ားဟာ ဒီစန္ဒကူးတုံးကို အရင်း, အဖျား, အလယ်သုံးသွယ်တို့တွင် ကြိုက်ရာက နမ်းပါက မွှေးကြိုင်တဲ့ရနံ့ကို ရလျက်သာ ရှိသလို အရှင်ဂေါတမရဲ့တရားကို ဘယ်ပုံ ဘယ်နည်းနဲ့ နာရ နာရ ဒီတရားမှ ဝမ်းမြောက်ခြင်း, စိတ်ရွှင်ပျ ခြင်းကို ရလျက်သာ ဖြစ်တယ်။

အို အမောင်--အပြင်းအထန် ရောဂါကပ်ရောက်တဲ့အတွက် ဒုက္ခရောက်နေတဲ့ယောကျ်ားကို ကျွမ်းကျင်တဲ့ဆေးဆရာဟာ တခဏခြင်း ရောဂါပျောက်ငြိမ်းစေသလို အရှင်ဂေါတမ ဘယ်နည်းနဲ့ ဟောတာကိုမဆို နာရမှု ဒီတရားကြောင့် စိုးရိမ် ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းများ ငြိမ်းပျောက် ခြင်းသို့ ရောက်ရသည်သာ ဖြစ်တယ်။

အို အမောင်-- နွေအပူဒဏ်ခံရလို့ ပင်ပန်းနွမ်းနယ်ကာ ရေဆာတဲ့ယောကျ်ားဟာ အေးကြည် ချိုမြတဲ့ ရေရှိတဲ့ ဆိပ်ကမ်းသာယာ မွေ့လျော်ဖွယ် ရေကန်သာသို့ ရောက်လာကာ အဲဒီရေကန်ထဲ သက်ဆင်းပြီး ချိုးရ သောက်ရတဲ့အခါ အပူအပန်မှန်သမျှ အေးမြငြိမ်းစဲခြင်းသို့ ရောက်ရသလို အရှင် ဂေါတမ ဘယ်ပုံ ဘယ်နည်းနဲ့ ဟောတာကိုမဆို နာရသူမှာ ဒီတရားကြောင့် အပူအပန်မှန်သမျှ ငြိမ်းစဲရတာသာ ဖြစ်ပါတယ်"။

ပိဂိုယာနိထံမှ ဘုရားရှင်ရဲ့ဂုဏ်တော်များကို နာကြားရတဲ့အခါ ကာရဏပါလိဟာ နေရာမှ ထကာ လက်ဝဲပခုံးထက် ကိုယ်ရုံတဖက်တင်လျက် လက်ျာဒူးကို မြေမှာ ထောက်ပြီး ဘုရားရှင်ရှိရာကို

လက်အုပ်ချီ၍ "**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ**"လို့ သုံးကြိမ် ဥဒါန်းကျူးကာ ကန်တော့ပါတယ်။

"**ဝရာဟရော**"ပုဒ်တွင် [**ဝရ+အာဟရော**]'**ဝရ**'အရ မဂ်-ကို ဟောတယ်၊ '**အာဟရော (အာဟရ)**' က ဆောင်ယူခြင်းအနက်ကိုဟောတယ်၊ ဒါနဲ့ ပတ်သက်လို့ နိဒါနဝဂ္ဂသံယုတ် နဂရသုတ် (၃၂၉) မှာ "ရဟန်းတို့--ရှေးဘုရားရှင် အဆူဆူတို့ အစဉ်တစိုက် လိုက်တော်မူတဲ့ ရှေးရိုးလမ်းကြောင်း လက်ဟောင်း လမ်းမတော်ဟာ ဘာပါလဲ? အဂီါရှစ်ပါးရှိတဲ့ အရိယာမဂ်ပင် ဖြစ်ပေတယ်"လို့ ဟောတော်မူချက်အရ ဘုရားရှင်အဆူဆူတို့ အစဉ်လိုက်တော်မူရာ တစ်လမ်းတည်းသာဖြစ်တဲ့ ရှေးဟောင်း လမ်းမ အရိယာမဂ် ကိုပင် "**ဝရာဟရ**"တွင် **ဝရ**-လမ်းကောင်းလမ်းမြတ်-လို့ ဆိုလိုပါတယ်။

ဒီပဏ်ရာမြတ်ဘုရားထံတော်မှ စတင်ကာ ပါရမိတို့ကို ဖြည့်ကျင့်တော်လျက် ဒီရှေးဟောင်း အရိယာလမ်းကို အရယူဆောင်တော်မူခဲ့ပါတယ်[၃၅၅]၊ ဘုရားရှင်ညွှန်ကြားတော်မူတဲ့အတိုင်း ဒီလမ်းမ ပေါ်အရောက် လျှောက်နိုင်ခဲ့ကြတဲ့အတွက် ဒုက္ခခပ်သိမ်း အေးငြိမ်းခဲ့ကြရတဲ့ လူ နတ် ဗြဟ္ဓာတွေဟာ မရေတွက်နိုင်အောင် များပြားလှပါတယ်။ အဲဒီလမ်းဟောင်းကြီးဟာ အထင်အရှားပင် ရှိနေပါသေးတယ်၊ အဲဒီလမ်းကြီးပေါ်သို့ ရောက်ကြောင်း နည်းကောင်းလမ်းမှန်များဟာလဲ ဘုရားရှင်ညွှန်ကြားတော်မူတဲ့အတိုင်း ရှိနေပါတယ်၊ ထိုလမ်းကို လိုက်သူတွေဟာ ဒုက္ခလွတ်ရာ ချမ်းသာအမှန် စံကြရမည် ဖြစ်ပေမဲ့ မလိုက်နာသူတွေမှာတော့ သံသရာဒုက္ခတွေကို ဆက်လက် ခံကြရဦးမယ်ဖြစ်ပါတယ်။

**<u>လမ်းမှန်လမ်းပြ_ကောင်းသော်လည်း</u>။** ။ လမ်းကောင်း လမ်းမှန်ကို ညွှန်ပြတတ်သူက ညွှန်ပြပေမဲ့ ညွှန်ပြတဲ့အတိုင်း မလိုက်ပဲ လွမ်းလွဲလိုက်သူတွေလဲ ရှိတတ်ကြပါတယ်၊ ဒါနဲ့ပတ်သက်တဲ့ မှတ်သားဖွယ်ရာ ဥပရိပဏ္ဏာသ ဂဏကမောဂ္ဂလ္လာနသုတ် (မ၊ ၃၊ ၅၂)မှာလာတဲ့ အကြောင်းအရာ မေးမြန်းလျှောက်ထားချက်နဲ့ ဖြေကြားတော်မူချက်များကို နာယူကြရအောင်----ဂဏကမောဂ္ဂလ္လာနပုဏ္ဏားက ဘုရားရှင်အား "အိုအရှင်ဂေါတမ, အရှင်ဂေါတမ အဆုံးအမခံရသူ တပည့်များ အာလုံးပင် နိဗ္ဗာန်ရကြပါသလား? အချို့မရပဲ ရှိကြပါသလား?"လို့ မေးလျှောက်ပါတယ်၊ ဘုရားရှင်က "အကုန်မဟုတ်၊ အချို့ရပေမဲ့ အချို့ မရကြပါ"လို့ ဖြေကြားတော်မူပါတယ်။ ပုဏ္ဏားက "အိုအရှင်ဂေါတမ, နိဗ္ဗာန်လဲ

---

[၃၅၅] **ဝရာဟရော**တိ ဝရဿ မဂ္ဂဿ အာဟဋ္ဌတ္တာ (အာဟရတ္တာ-သျာ) ဝရာဟရောကိ ပုစ္စ[illegible] ဒီပဏ်ရ[illegible] ပဟုကိ သမတိ်သ ပါရမိယော ပူရေန္တော ပုဗ္ဗကေဟိ သမ္မာသမ္မုဒ္ဓေဟိ အနယာတံ ပုရာဏမဂ္ဂဝရမာတရီ [illegible] "[illegible]" [illegible] (ခုဒ္ဒကပါဌ၊ ၌၊ ၁၆၂။ သုတ္တနိပါတ၊ ၌၊ ၁၊ ၂၉၀။)

ထင်ရှားရှိတယ်၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းလဲ အထင်အရှားပင်ရှိတယ်၊ နည်းပေးလမ်းပြတတ်သူ အရှင်ဂေါတမလဲ ရှိနေပါတယ်၊ သို့ပါလျက် ဘာ့ကြောင့် အချို့ရ, အချို့မရ ဖြစ်ရပါသလဲ?" လို့ မေးမြန်းလျှောက်ထားပြန်ပါတယ်။

ဘုရားရှင်က "အို ပုဏ္ဏား, ဒီအချက်မှာ သင့်ကိုပင် မေးရဦးတော့မယ်၊ သင်သဘောကျသလို ဖြေပါ၊ ရာဇဂြိုဟ်မြို့သွားလမ်းကို သိသလော?" လို့ မေးတော်မူပါတယ်၊ ဂဏကမောဂ္ဂလ္လာန်ပုဏ္ဏားက "သိပါတယ်, အရှင်ဂေါတမ" လို့ ဖြေပါတယ်။

ဘုရားရှင်က "လူတစ်ယောက်က သင့်အား ရာဇဂြိုဟ်သွားရန် လမ်းကို ညွှန်ကြားရန် မေးလာတဲ့အခါ သင်က ဘယ်ကနေ ဘယ်သွားပါက ဘယ်ရောက်လိမ့်မယ်-လို့ လမ်းညွှန်တယ်၊ အဲဒီသူဟာ သင်ညွှန်တဲ့အတိုင်း မဟုတ်ပဲ လမ်းလွဲလိုက်ကာ နောက်ကြောင်းသို့ပြန်လာတယ်၊ တစ်ယောက်ကတော့ သင်ညွှန်ကြားတဲ့အတိုင်း သွားတဲ့အတွက် ရာဇဂြိုဟ်မြို့သို့ ရောက်ပါတယ်၊ ပုဏ္ဏား, ရာဇဂြိုဟ်လဲ အထင်အရှားရှိတယ်၊ ရာဇဂြိုဟ်သွားလမ်းလဲ ရှိနေပါတယ်၊ လမ်းညွှန်တတ်သူ သင်လဲ ရှိနေတယ်၊ ဒီလို အချက်အလက် ပြည့်စုံပါလျက် တစ်ယောက်က ရာဇဂြိုဟ်ရောက်ပြီး တစ်ယောက်ကတော့ ရာဇဂြိုဟ်မရောက်ပဲ ဖြစ်ရသည်မှာ ဘာ့ကြောင့်ပါလဲ?" လို့ မေးတော်မူပါတယ်၊ ပုဏ္ဏားက "အရှင်ဂေါတမ, တပည့်တော် ဘာလုပ်နိုင်မှာလဲ? တပည့်တော်က လမ်းညွှန်သူသာ ဖြစ်ပါတယ်" လို့ ပြန်လျှောက်ပါတယ်။

"ပုဏ္ဏား, နိဗ္ဗာန်လဲ ရှိနေပါတယ်၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းလဲ ရှိနေပါတယ်၊ နည်းပေးလမ်းပြတတ်သူ ငါဘုရားလဲ ရှိနေပါတယ်၊ ဒီလိုအခြေအနေဖြစ်ပါလျက် အချို့ နိဗ္ဗာန်ရကြတယ်၊ အချို့မရကြပါ။ ဒီအရာမှာ ငါဘုရား ဘာတတ်နိုင်ပါ့မလဲ? ငါဘုရားက နည်းပေးလမ်းပြသူသာ ဖြစ်တယ်" လို့ မိန့်တော်မူပါတယ်။ ဒါ့ကြောင့် ဘုရားရှင်ကို ဂိုဏ်သမြတ်နိုးသူဖြစ်ရင် ဘုရားရှင်ရဲ့ လမ်းညွှန်ချက်ကို ကြားရဂုံ မှတ်သားရဂုံမျှနဲ့ ကျေနပ်မနေကြပဲ လမ်းညွှန်းတဲ့အတိုင်း မရောက်ရောက်အောင် ကြိုးစားသင့်ကြပါတယ်။

**လမ်းမှန် လမ်းပြ၊ ရှိတုံကလည်း။ မှန်စွလမ်းသာ၊ လိုက်သူမှာကား။ လိုရာဓရီး။**
**ရောက်တုံ ပြီးလည်း၊ ဓရီးလွဲမှား၊ သွားသူကားမူ၊ လိုလားပန်းတိုင်၊ မရောက်နိုင်ဘူး။**

**ဝုဏ်တွေထပ်ဆင့်၊ လွန်စွာတင့်၊ အမြင့် မြတ်ဗုဒ္ဓါ။** ။ ဘုရားရှင်ဟာ အမြတ်ဆုံးတရားဆောင်နိုင်တဲ့အတွက်ပင် အမြတ်ဆုံးနိဗ္ဗာန်ကို သိတော်မူရတယ်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းပေးနိုင်သူ (ညွှန်ပြနိုင်သူ)ဖြစ်ရတယ်၊ ဒီလို အမြတ်ဆုံးတရားကိုသိလျက် အကောင်းဆုံးတရားများကို ပေးနိုင်တဲ့

အတွက် **ဝရ**–မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်၊ အမြတ်ဆုံးတရားကိုလဲ သိလျက် အကောင်းဆုံးတရားကိုလဲ ပေးတတ်လို့ '**ဝရ**'ဖြစ်ရင် **ဒိဝရ**အဖြစ်ဟာ သာမန်'**ဝရ**'မျှမဟုတ်ပဲ သာလွန်သူမရှိတဲ့ အပြတ်မျိုး သာ–လို့ **အနုတ္တရ**–က **ဝရ**–ကို လေးနက်အောင် ထပ်ဆင့်ဖွင့်ပြသလို ဖြစ်တယ်၊ အားလုံးဟာ အကောင်းဆုံးချည်း ဖြစ်နေတယ်ဆိုရင် ဒီဘုရားရှင်ဟောတဲ့ ဓမ္မမှာ အမှန်ဆုံး အကောင်းဆုံး ဖြစ်ရ မည်သာလို့ **"ဓမ္မဝရံ အဒေသယိ** (အမြတ်တရား ဟောကြားတော်မူပြီ)"ဆိုတဲ့စကားကို ထောက်ကူ ပေးပြန်ပါတယ်၊ ဒါ့ကြောင့် ဒီဂုဏ်များအရ ဘုရားရှင်ဟာ အများနှစ်သက်ဖွယ်ရာ ရတနာဖြစ်ရပါ တယ်။

၁၅။ ဓီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊
ဝိရတ္တစိတ္တာ'ယတိကေ ဘဝသ္မိ။
တေ ဓီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောဟု။

**နတ္ထိသမ္ဘဝံ**= နတ်ထိ သမ်ဘဝံ

**ဝိရတ္တစိတ္တာ'ယတိကေ**= ဝိရတ်တ စိတ်တာ ယတိကေ [ဝိရတ္တစိတ္တာ+ အာယတိကေ]

**ဘဝသ္မိ**= ဘဝသမိ်, (ဘဝသ်သမိ်–ပရိတ္တသဒ်ဟ)

**အဝိရူဠှိဆန္ဒာ**= **အ ဝိရုန်ဠှိ ဆန္ဒာ** (ပရိတ်ကြိုးနိဿယသစ်)

**အ ဝိရူဠှိဆန္ဒာ** (**ရူ**–တွင် ဒီဃနှင့် **ရူဠှိ**–ဖတ်၊ နော မတိ)

**အဝိရူဠှိဆန္ဒာ**= **အ ဝိရူဠှိ ဆန်ဒါ** (ပရိတ္တသဒ်ဟဆရာတော်အလိုက **ရူ**–တွင် ဒီဃနှင့် **ရူဠှိ**–လို့ ဖြစ်စေ, **ရုတ်ဠှိ**–လို့ ဖြစ်စေ ရွတ်ပါ)

**နိဗ္ဗန္တိ**= **နိတ်ဗန်တိ**

(**ယေသံ ဓီဏာသဝါနံ**–အကြင်ကိလေသာဟူ အပူခပ်သိမ်း ကုန်ငြိမ်းကင်းပြတ် ရဟန္တာအရှင် မြတ်တို့အား၊) **ပုရာဏံ**–ပြုမိခဲ့သမျှအတန်တန် ရှေးဟောင်းကုသိုလ် အကုသိုလ်(ဂံသည်၊ **ဓီဏံ**–သတ္တိ ကင်းချေ ကုန်ပျောက်ခဲ့ပေပြီ၊ **နဝံ**–အသစ်တစ်ဖန် ဖြစ်သောကံသည်လည်း၊ **နတ္ထိသမ္ဘဝံ**–ဖဝ်ရှားဖြစ် ပေါ်ခြင်း အလျင်းမရှိတော့ပေ၊ **အာယတိကေ ဘဝသ္မိ**–နောင်ဖြစ်ရမည့် ဘဝသစ်၌၊ **ဝိရတ္တစိတ္တာ**–ကွယ်

တာတပ်မက်ခြင်း ကင်းသောစိတ်ရှိကြကုန်၏၊ **တေ ဓိဏာသဝါ**–ထိုရဟန္တာအရှင်မြတ်တို့သည်၊ **ဓိဏစိဇာ**–ကုန်ပြီးသော ပဋိသန္ဓေမျိုးစေ့ ရှိကြကုန်၏၊ **အဝိဂ္ဂိဆန္နာ**–ဘဝဆက်တည် စည်ပင်ရေးဝယ် တွယ်တာသော ဆန္ဒမရှိကြကုန်၊ **အယံ ပဒီယော**–ဤဆိမီးသည်၊ **(နိဗ္ဗုတော )ယထာ**–ငြိမ်းလေဘိ သကဲ့သို့၊ **ဓီရာ**–ပညာရှိအစစ် ဖြစ်ကြကုန်သော၊ **တေ ဓိဏာသဝါ**–ထိုရဟန္တာအရှင်မြတ်တို့သည်၊ **နိဗ္ဗန္တိ**–သံသရာစက်ရဟတ် အဆက်ပြတ်၍ ဖြစ်ရပ်စုံရပ်သိမ်း ချုပ်ငြိမ်းကြလေကုန်၏၊ **သံဃေ**–ရဟန္တာသံဃာတော်၌၊ **ဒုဒမ္မိ ရတနံ**–ဤရတနာ၏အဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်သည်လည်း၊ **ပဏီတံ**–ထူးမြတ်လှပါပေ၏၊ **ဧတေန သစ္စေန**–ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

ရဟန္တာအရှင်မြတ်တို့မှာ ရှေးအတိတ်ကံဟောင်းများလဲ ကုန်ခဲ့ပြီ၊ ကံအသစ်လဲ ဖြစ်ပေါ်ခြင်းမရှိတော့ပေ၊ နောင်ဖြစ်ရမည့် ဘဝသစ်မှာ တွယ်တာတဲ့စိတ်လဲ ကင်းတော်မူကြ၏၊ အဲဒီရဟန္တာ အရှင်မြတ်တို့မှာ ပဋိသန္ဓေမျိုစေ့လဲ ကုန်ခဲ့ပြီ၊ ဘဝသစ်ဆက်လက်ဖြစ်ပွါး စည်ကားရေးဝယ် တွယ်တာတဲ့ဆန္ဒလဲမရှိကြတော့ပြီ၊ ထိုရဟန္တာအရှင်မြတ်တို့ဟာ ထိန်ထိန်ပြောင်ညီး ဆိမီးငြိမ်းသွားသလို ဝဋ်ဇာတ်သိမ်းလျက် ချုပ်ငြိမ်းတော်မူကြတယ်၊ ရဟန္တာသံဃာတော်မှာ ဒီရတနာရဲ့အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်လဲ ထူးမြတ်လှပါတယ်၊ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

**နိဗ္ဗာန်စံဝင် ရဟန္တာဂုဏ်အင်။** ။ ရဟန္တာအရှင်မြတ်တို့ရဲ့ အနုပါဒိသေသ နိဗ္ဗာန်ဝင်စံရခြင်းဟာ လွန်စွာ ထူးမြတ်တဲ့ ဂုဏ်တစ်မျိုး အကျိုးတစ်ရပ်ဖြစ်တယ်၊ အကြောင်းကတော့ ဇာတိမကင်းသေးရင် အမှန်ပင် ဘဝသစ်တွေ ဖြစ်ရဦးတော့မယ့် ဝဋ်ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းအေးမြခြင်းကြောင့်ပင် ဖြစ်တယ်၊ ဒဲ့ကြောင့် ဒီဂုဏ်နဲ့ ရဟန္တာအရှင်မြတ်တွေကို ချီးမွမ်းလျက် သစ္စာပြုလိုပြန်တဲ့အတွက် **"ဓိဏံ ပုရာဏံ"** ဂါထာကို ဟောတော်မူပြန်ပါတယ်။

**ပုရာဏံ ဓိဏံ–ကံဟောင်းက ကုန်။** ။ ကံများမှာ အကျိုးကိုဖြစ်စေတတ်တဲ့မျိုးဓာတ် သတ္တိရှိနေတယ်၊ **'ကမ္မသတ္တိ'**လို့ ခေါ်ပါတယ်၊ ထိုကံများဟာ ဖြစ်ပြီးရင် ချုပ်သွားပေမဲ့ မျိုးဓာတ်သတ္တိကိုတော့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မြုပ်နှံချန်ထားခဲ့ပါတယ်၊ ဘယ်နေရာမှာ–လို့တော့ မပြောနိုင်ပါဘူး၊ တဏှာအစိုဓာတ်ရှိနေရင် ဒီသတ္တိများဟာ အစွမ်းအရှိန် ရှိနေသည်သာဖြစ်လို့ နောက်ပဋိသန္ဓေကို ဖြစ်စေမည်ဖြစ်တဲ့အတွက် မကုန်သေးသည်သာ ဖြစ်ပါတယ်၊ အစေးဓာတ် အစိုဓာတ်ရှိတဲ့သစ်စေ့က အပင်ပေါက်သလို တဏှာနုသယရှိနေ သူတွေရဲ့ ကံများဟာလဲ တဏှာအစေးဓာတ် မကင်းတာမို့ ပဋိသန္ဓေကို ဖြစ်စေ

ခြင်း ဖြစ်ပါတယ်၊ မီးမြိုက်ခံရတဲ့မျိုးစေ့ကတော့ အစိုဓာတ် ခန်းခြောက်နေလို့ အပင်မပေါက်တော့သလို ရဟန္တာအရှင်မြတ်တို့မှာ တဏှာပယ်ပြီးဖြစ်တဲ့အတွက် တဏှာအစေးခြောက်ပြီးတဲ့ အတိတ်ကံများမှာ အကျိုးကိုဖြစ်စေတတ်တဲ့ မျိုးဓာတ်သတ္တိ မရှိတော့လို့ ပဋိသန္ဓေကို မဖြစ်စေတော့ပြီ၊ ဒီလို ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ မျိုးဓာတ်သတ္တိ မရှိတော့တာကို ရည်ရွယ်ကာ **"ခီဏ် ပုရာဏ်"**[၃၅၆] လို့ ဟော တော်မူပါတယ်။

**နဝ နတ္ထိသမ္ဘဝံ ကံသစ် မဖြစ်ပြီ။** ။ ရဟန္တာအရှင်မြတ်များမှာ ဘုရားပူဇော်ခြင်း-စသည်ဖြင့် ကောင်းမှုကို ပြုကြပါသေးတယ်၊ ဒါပေမဲ့ အဲဒီကောင်းမှုများမှာ အကျိုးပေးနိုင်တဲ့ ဓာတ်သတ္တိမရှိတဲ့ အတွက် ကံအဖြစ် မရောက်တော့ပဲ **ကရဏမတ္တဲ့ ကြိယာ**-ပြုရုံမျှသာ ဘာအကျိုးမျှ မဖြစ်စေတတ်တဲ့ ကြိယာ-လို့သာ ခေါ်ရပါတော့တယ်၊ တဏှာမရှိတော့တဲ့ ပုဂ္ဂိုလ်ရဲ့ကောင်းမှုများဟာ အမြစ်ပြတ်ပြီးတဲ့သစ်ပင်ရဲ့အပွင့်က အသီးကို မဖြစ်စေပဲ ကြေသွားရသလို ပဋိသန္ဓေကို မဖြစ်စေပဲ "**နဝ နတ္ထိ သမ္ဘဝံ**- အသစ်ကံများလဲ ထင်ရှားဖြစ်ပေါ်ခြင်း လုံးဝမရှိတော့ပါ" လို့ ဟောတော်မူပါတယ်။

**<u>အာယတိကေ ဘဝသ္မိံ ဝိရတ္တစိတ္တာ ဘဝသစ်မှာ မတွယ်တာ</u>။** ။ သတ္တဝါတွေဟာ မိမိတို့ရရှိထားတဲ့ ဘဝကလေးကို လွန်စွာ တွယ်တာတတ်ကြပါတယ်၊ ဘဝကုန်ဆုံးမှာကို စိုးရိမ်ကြောက်လန့်ကြတယ်၊ ဖြစ်နိုင်မည်ဆိုရင် မည်သည့်အရာနဲ့မဆို လဲပြီး ဟန့်တားလိုကြတယ်၊ မတတ်သာတော့လို့ ဒီဘဝကို စွန့်ရစေကာမူ ဘဝသစ်မှာဆက်ဖြစ်ရန်, ကောင်းတဲ့ဘဝကလေးမှာဖြစ်ရန် မျှော်လင့်တောင့်တကြသေးတယ်၊ ဒါဟာ ဘဝများစွာ သံသရာက ထက်ကြပ်မကွာပါလာတဲ့ တဏှာရဲ့အစွမ်းပါပဲ၊ ဒီတဏှာကို ပယ်ပြီးဖြစ်တဲ့ ရဟန္တာအရှင်မြတ်တို့ကတော့ ဒီဘဝကုန်ဆုံးမှာကိုလဲ မကြောက်ကြ, ဘဝအသစ်ဖြစ်ရန်ကိုလဲ မလိုလားကြတော့ပါ။ ဒဲ့ကြောင့် "**အာယတိကေ ဘဝသ္မိံ ဝိရတ္တစိတ္တာ**-နောင်ဘဝသစ်မှာ တွယ်တာတဲ့စိတ် မရှိကြ" လို့ ဟောတော်မူပါတယ်။

**တေ ခီဏာဒီဇာ ပဋိသန္ဓေမျိုးစေ့မရှိပါ။** ။ မြေမရှိရင် သစ်ပင်မပေါက်နိုင်သလို ကံတွေကုန်ရင်လဲ ပဋိသန္ဓေ မဖြစ်တော့ပါ။ ဒီသဘောက တွေးကြံမှ သိရတဲ့သဘောဖြစ်လို့ တိုက်ရိုက်သိရှိကြည့်ညိုကြရန်မှာ ကိလေသာကုန်ခြင်းကြောင့် ကံကုန်တယ်၊ ကံကုန်ခြင်းကြောင့် ရသင့်ရထိုက်တဲ့ အကျိုးပဋိသန္ဓေ

---

[၃၅၆] ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၆၃။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၉၁။

ကုန်ခြင်းအဖြစ် **"ခီဏ ဗီဇာ"**လို့ ဂုဏ်ပြုရပြန်တယ်။ ကံကိုစွဲပြီး ပဋိသန္ဓေဖြစ်ရတဲ့အတွက် **ကံကို လယ်, ပဋိသန္ဓေကို မျိုးစေ့**–နဲ့ ပမာပြုလို့ **"ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ"**လို့ ဟောတော်မူပါတယ်၊ ပဋိသန္ဓေရှိရင် ဒုက္ခအမျိုးမျိုး တိုးပွါးလာသည်သာ ဖြစ်တဲ့အတွက် **ဗီဇ**–လို့ ဆိုခြင်းဖြစ်တယ်၊ ပဋိသန္ဓေကြောင့် သံသရာဒုက္ခအမျိုးမျိုး, အပြစ်အမျိုးမျိုး ဖြစ်ရခြင်းဟာ ဘယ်မျှအကျိုးမဲ့, ဂုဏ်ကျက်သရေမဲ့ ဖြစ်ရသလဲ?လို့ စဉ်းစားရင် ပဋိသန္ဓေကုန်ခြင်းရဲ့ အကျိုးက မည်မျှကြီးကျယ်တဲ့ ဂုဏ်ထူးဖြစ်ကြောင်း သိနိုင် သဘောပေါက်နိုင်ပါတယ်။ ဒါ့ကြောင့် ရဟန္တာအရှင်မြတ်တို့ရဲ့ ပဋိသန္ဓေမျိုးစေ့မရှိခြင်းဟာ နှစ်သက်ဖွယ်, မြတ်နိုးတောင့်တဖွယ် ဂုဏ်ပင် ဖြစ်ပါတယ်။

**အဝိရူဋ္ဌိဆန္ဒာ–ဘဝအထု၊ စည်ကားမှု၊ ထူးပြုမလိုပါ။** ။ သတ္တဝါတွေဟာ မိမိတို့ဖြစ်ရာဘဝမှ ထွက်ခွါသွားရမှာကို မလိုလားကြ၊ မနေရလို့ သေရတော့မယ့်ဖြစ်ရင် ဘဝသစ်ကိုမူ လိုချင်ကြတယ်၊ တစ်ဘဝသာမက ဘဝတိုင်းမှာ ဘယ်လိုအဖြစ်မျိုး, ဘယ်လိုစည်းစိမ်ချမ်းသာမျိုးကို ရလိုပါ၏–လို့ ဘဝစည်ပင်ရေးကို မျှော်မှန်း တောင့်တလိုက်သေးတယ်၊ ဒီတောင့်တချက်တွေဟာ တဏှာဆန္ဒရဲ့ လက်ချက်ပင်ဖြစ်တယ်၊ ရဟန္တာမဖြစ်သေးလို့ တဏှာမကင်းမီ ရှေ့အဖို့က ထိုဆန္ဒမျိုးရှိခဲ့ပေမဲ့ တဏှာကို ပယ်ပြီးတဲ့ ရဟန္တာများမှာတော့ **"ခီဏာ ဇာတိ**–ငါ့မှာ ပဋိသန္ဓေ ကုန်ခဲ့ပေပြီ"လို့ ဆင်ခြင်မိတိုင်း အားရကျေနပ်လျက်ရှိတာမို့ ဘဝဆက်ခါ စည်ပင်ပြန့်ပွါးရေးကို မလိုချင် မတောင့်တတော့ပြီ။ ဒါ့ကြောင့် **"အဝိရူဋ္ဌိဆန္ဒာ"**လို့ ဂုဏ်ပြုရပြန်ပါတယ်။

**ပဒီပေါ နိဗ္ဗုတော ယထာ ဆီမီးငြိမ်းသလိုပါ။** ။ စုတိ (သေပြီး)နောက် ပဋိသန္ဓေဆက်ဖြစ်ရမယ့် ဘဝမပြတ်ကြသေးတဲ့ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့မှာ နောင်ဘဝတွေ၌ မောင်နိ မောင်ဖြူ စတဲ့ နာမပညတ်များ ဖြစ်ကြရပြန်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်များမှာတော့ စုတိစိတ်ချုပ်တာနဲ့ တပြိုင်နက် ဆက်လက်ဖြစ်ဝရာမရှိတော့ပဲ ငြိမ်းစဲခဲ့ရတယ်၊ ဆီမီးဟာငြိမ်းရင် ဘယ်ကိုရောက်သွားတယ်–လို့လဲ ပြောစရာမရှိ၊ မီးဆိုတဲ့အမည်ကို ပြောစရာလဲမရှိတော့ပါ၊ မီးငြိမ်းသွားပြီလို့သာ ပြောဆိုရသလို ရဟန္တာအရှင်မြတ်များလဲ ပရိနိဗ္ဗာနစုတိရဲ့ အခြားမဲ့မှာအပြီးသတ် ငြိမ်းပြီးဖြစ်တဲ့အတွက် မည်သည့်အရပ်ကို ရောက်သွားတယ်, ပြန်ဖြစ်သေးတယ်, မဖြစ်တော့ဘူး–လို့ ပြောဆိုဖွယ် မရှိတော့ပါ၊ လူ နတ် ဗြဟ္ဟာ စသည်ဖြင့် ပညတ်ခေါ်စရာ ဝတ္ထုများမရှိတော့ပြီဖြစ်လို့ ပညတ်ခြင်းအကြောင်းကိုလဲ လွန်သွားပါပြီ။

သဘာဝတရားတို့ရဲ့ ချုပ်ခြင်း (နိရောဓ)ကိုမြင်ရသူမှာ တဏှာ မာန ဒိဋ္ဌိစွဲများ တည်ရာမရ–လို့ သိနိုင်ပါတယ်၊ သဘာဝတရားကိုလည်းကောင်း, ဒိသဘာဝတရားတို့ရဲ့ ချုပ်ခြင်းကိုလည်းကောင်း,

သဘာဝတရားတို့ရဲ့ လုံးဝငြိမ်းရာ နိရောဓဓာတ်ကိုလည်းကောင်း မြင်ပြီးသူမှာ အမှန်တရားတို့ကို ထင်ရှားတွေ့သိနေရတဲ့အတွက် အတ္တ-ဟုလည်းကောင်း, မြဲတယ်, ပြတ်တယ်-ဟုလည်းကောင်း ရဟန္တာ စုတေရင် ဖြစ်သေးလား?, မဖြစ်ဘူးလား? ဟုလည်းကောင်း ကြံဖန်တွေးခွင့်, ပြောဆိုခွင့် မရှိတော့ပါ၊ ဥပမာ--တံလျှပ်မှန်း မသိသူသာ တံလျှပ်ကို ရေထင်နေတာ၊ မျက်လှည့်ကို အဟုတ်အမှန် ထင်နေသူဟာ လှည်းစားနေတာကို မသိသူသာ ဖြစ်တယ်၊ သိသူကတော့ လှည့်စားခြင်းမျှဖြစ်လို့ အမှန်မဟုတ်ကြောင်းကို နားလည်တယ်။

**အဋ္ဌကထာလာ မှတ်ဖွယ်ရာ-----**

**ယံ တံ သတ္တာနံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓမ္ပိ ပုရာဏံ အတီတကာလိကံ ကမ္မံ တဏ္ဍာသိနေဟဿ အပ္ပဟီနတ္တာ ပဋိသန္ဓိအာဟရဏသမတ္ထတာယ အဓိဏံယေဝ ဟောတိ၊ တံ ပုရာဏံ ကမ္မံ ယေသံ အရဟတ္တမဂ္ဂေန တဏ္ဍာသိနေဟဿ သောသိတတ္တာ အဂ္ဂိနာ ဒဓ္ဓဗီဇမိဝ အာယတိံ ဝိပါကဒါနာသမတ္ထတာယ ဓိဏံ။ ယဉ္စ နေသံ ဗုဒ္ဓပူဇာဒိဝသေန ဣဒါနိ ပဝတ္တမာနံ ကမ္မံ နဝန္တိ ဝုစ္စတိ၊ တဉ္စ တဏ္ဍာပဟာနေနေဝ ဆိန္နမူလပါဒပပုပ္ပမိဝ အာယတိံ ဖလဒါနာသမတ္ထတာယ ယေသံ နတ္ထိ သမ္ဘဝံ၊ ယေ စ တဏ္ဍာပဟာနေနေဝ အာယတိကေ ဘဝသ္မိံ ဝိရတ္တစိတ္တာ၊ တေ ဓိဏာသဝါ ဘိက္ခူ "ကမ္မံ ဓေတ္တံ ဝိညာဏံ ဗီဇ"နှိ[၃၅၇] တ္ထေ ဝုတ္တဿ ပဋိသန္ဓိဝိညာဏဿ ကမ္မက္ခယေနေဝ ဓိဏတ္တာ ဓိဏဗီဇာ။ ယောပိ ပုဗ္ဗေ ပုနဗ္ဘဝသဓိတာယ ဝိရူဋ္ဌိယာ ဆန္ဒော အဟောသိ၊ တဿပိ သမုဒယပ္ပဟာနေနေဝ ပဟီနတ္တာ ပုဗ္ဗေ ဝိယ စုတိကာလေ အသမ္ဘဝေန အဝိရူဋ္ဌိဆန္ဒာ ဓိတိသမ္ပန္နတ္တာ ဓိရာ စရိမဝိညာဏနိရောဓေန ယထာယံ ပဒီပေါ နိဗ္ဗုတော, ဝေံ နိဗ္ဗန္တိ၊ ပုန "ရူပိနော ဝါ အရူပိနော ဝါ"တိ ဝေမာဒိ ပညတ္တိပထံ အစ္စေန္တိတိ။ တသ္မိံ ကိရ သမယေ နဂရဒေဝတာနံ ပူဇနတ္ထာယ ဇာလိတေသု ပဒီပေသု ဧကော ပဒီပေါ ဝိဇ္ဇျာယိ၊ တံ ဒဿေန္တော အာဟ "ယထာယံ ပဒီပေ"တိ[၃၅၈]။**

**သတ္တာနံ**-သတ္တဝါတို့၏၊ **ဥပ္ပဇ္ဇိတွာ နိရုဒ္ဓံ**-ဖြစ်၍ ချုပ်ပြီးသော၊ **ပုရာဏံ အတီတကာလိကံ ကမ္မံပိ**-အတိတ်ကာလ၌ဖြစ်သော ကံဟောင်းသည်လည်း၊ **တဏ္ဍာသိနေဟဿ**-တဏ္ဍာ

---

[၃၅၇] အံ၊ ၁၊ ၂၂၄။

[၃၅၈] ခုဒ္ဒကပါဋ၊ ၄၊ ၁၆၃။ သုတ္တနိပါတ၊ ၄၊ ၁၊ ၂၉၁-၂၉၂။)

တည်းဟူသော အစေးကို၊ **အပွဟီနတ္တာ**–မပယ်အပ်သေးသည့်အတွက်၊ **ပဋိသန္ဓိအာဟရဏသမတ္ထတာယ**–ပဋိသန္ဓေကို ဆောင်ယူခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ **အဓိဏံယေဝ ဟောတိ**–မကုန်သေးသည်သာ ဖြစ်၏၊ **တံ ပုရာဏံ ကမ္မံ**–ထိုကံဟောင်းသည်၊ **ယေသံ**–အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏၊ **အရဟတ္တမဂ္ဂေန**–အရဟတ္တမဂ်ဖြင့်၊ **တဏှာသိနေဟသ**–တဏှာတည်းဟူသော အစေးကို၊ **သောသိတတ္တာ**–ခြောက်သွေ့စေအပ်သည်၏အဖြစ်ကြောင့်၊ **အဂ္ဂိနာ**–မီးဖြင့်၊ **ဒစုဗီဇမိဝ**–လောင်ကျွမ်းအပ်သော မျိုးစေ့ကဲ့သို့၊ **အာယတိ**–နောင်အခါ၌၊ **ဝိပါကဒါနာသမတ္ထတာယ**–အကျိုးပေးခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ **ဓိဏံ (ဟောတိ)**–ကုန်လေတော့၏။ **နေသံ**–ထိုရဟန္တာပုဂ္ဂိုလ်တို့၏၊ **ဗုဒ္ဓပူဇာဒိဝသေန**–ဘုရားပူဇော်ခြင်းအစရှိသည်တို့၏အစွမ်းအားဖြင့်၊ **ဣဒါနိ**–ရဟန္တာဖြစ်ပြီးရာ ယခုအခါ၌၊ **ယဥ္ဥ ပဝတ္တမာနံ ကမ္မံ**–အကြင်ဖြစ်ဆဲကံကိုလည်း၊ **နဝန္တိ**–အသစ်ဟူ၍၊ **ဝုစ္စတိ**–ဆို အပ်၏၊ **တဥ္ဥ**–ထိုကံသည်လည်း၊ **တဏှာပဟာနေနေဝ**–တဏှာကို ပယ်ခြင်းဖြင့်သာလျှင်၊ **ဝါ**–တဏှာကို ပယ်ပြီးသဖြင့်သာလျှင်၊ **ဆိန္ဒမူလပါဒပပုပ္ပမိဝ**–ပြတ်သောအမြစ်ရှိသော သစ်ပင်၏ပန်းပွင့်ကဲ့သို့၊ **ဝါ**–အမြစ်ပြတ်နေသောသစ်ပင်၏ပန်းပွင့်ကဲ့သို့၊ **အာယတိ**–နောင်ဘဝသစ်၌၊ **ဇလဒါနာ-သမတ္ထတာယ**–အကျိုးပေးခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ **ယေသံ**–အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား၊ **ဝါ**–အကြင်ရဟန္တာပုဂ္ဂိုလ်တို့အဖို့ရာ၊ **သမ္ဘဝံ**–ထင်ရှားဖြစ်ပေါ်ခြင်းသည်၊ **နတ္ထိ**–မရှိချေ။ **ယေ စ**–အကြင်ပုဂ္ဂိုလ်တို့သည်လည်း၊ **တဏှာပဟာနေနေဝ**–ဖြင့်သာလျှင်၊ **အာယတိကေ ဘဝသ္မိ**–နောင်ဖြစ်ရမည့် ဘဝသစ်၌၊ **ဝိရတ္တစိတ္တာ**–တွယ်တာတပ်မက်ခြင်းကင်းသောစိတ်ရှိတော်မူကြကုန်၏၊ **ဓိဏာသဝါ**–ကုန်ပြီးသော အာသဝေါရှိကုန်သော၊ **တေ ဘိက္ခူ**–ထိုရဟန်းတို့သည်၊ **ဝါ**–ထိုရဟန္တာပုဂ္ဂိုလ်တို့သည်၊ **"ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇ"နှိ ဇ္ဇေ**–"ကံသည် လယ်ယာ, ဝိညာဉ်သည် မျိုးစေ့" ဟူသောအရာ၌၊ **ဝုတ္တသ**–ဆိုအပ်သော၊ **ပဋိသန္ဓိဝိညာဏသ**–ပဋိသန္ဓေဝိညာဉ်၏၊ **ကမ္မက္ခယေနေဝ (ကမ္မက္ခယေန ဇဝ)**–ကံကုန်သဖြင့်သာလျှင်၊ **ဓိဏတ္တာ**–ကုန်ပြီးသည်၏အဖြစ်ကြောင့်၊ **ဓိဏဗီဇာ**–ကုန်ပြီးသော ပဋိသန္ဓေမျိုးစေ့ရှိတော်မူကြကုန်၏။ **ပုဗ္ဗေ**–ရှေ့၌၊ **ပုနဗ္ဘဝသဓါတာယ**–တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းဟု ဆိုအပ်သော၊ **ဝိရူဠိယာ**–ဘဝဆက်တည် စည်ပင်ပြန့်ပွါးရန်အလို့ငှါ၊ **ယောပိ ဆန္ဒော**–အကြင် တွယ်တာသောဆန္ဒသည်လည်း၊ **အဟောသိ**–ဖြစ်ဘူး၏၊ **တဿပိ**–ထိုဆန္ဒကိုလည်း၊ **သမုဒယပွ-ဟာနေနေဝ**–သမုဒယကို ပယ်သဖြင့်သာလျှင်၊ **ပဟီနတ္တာ**–ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်၊ **ပုဗ္ဗေ ဝိယ**–ရှေ့၌ကဲ့သို့၊ **စုတိကာလေ**–စုတိကာလ၌၊ **အသမ္ဘဝေန**–မဖြစ်သဖြင့်၊ **အဝိရူဠိဆန္ဒာ-**

ဘဝဆက်ခါ စည်ပင်ပြန့်ပွားလိုသောဆန္ဒရှိတော်မမူကြကုန်သော၊ **ဓိတိသမ္မုန္တာ**–တည်ကြည်ခြင်းနှင့်ပြည့်စုံသည်၏အဖြစ်ကြောင့်၊ **ဓီရာ**–သမာဓိနှင့်ပြည့်စုံကုန်သော၊ **ဝါ**–မြဲမြံသော ပညာရှိကုန်သော၊ **(ဓေတ**–ထိုရဟန္တာပုဂ္ဂိုလ်တို့သည်၊) **စရိမဝိညာဏနိရောဓေန**–နောက်ဆုံးဝိညာဉ် (စုတိစိတ်) ချုပ်သဖြင့်၊ **အယံ ပဒီပေါ**–ဤဆီမီးသည်၊ **နိဗ္ဗုတော ယထာ**–ငြိမ်းလေတိသကဲ့သို့၊ **ဓဝံ**–ဤအတူ၊ **နိဗ္ဗန္တိ**–သံသရာစက်ရဟတ် အဆက်ပြတ်၍ ဖြစ်ရပ်ဇာတ်စုံ အကုန်ရုပ်သိမ်းချုပ်ငြိမ်းတော်မူကြလေကုန်၊ **ပုန**–တစ်ဖန်၊ **"ရူပိနော ဝါ အရူပိနော ဝါ"တိ**–ရုပ်ရှိသောသတ္တဝါ, နာမ်ရှိသောသတ္တဝါတို့ဟူ၍၊ **ဧဝမာဒိ**–ဤသို့အစရှိသော၊ **ပညတ္တိပထံ**–ခေါ်ဝေါ်ပညတ်ခြင်းအကြောင်းကို၊ **အစ္ဆေန္တိတိ**–လွန်ခဲ့ရလေကုန်ပြီဟူ၍။ **ကိရ**–တဆင့်စကား ကြားရသည်ကား၊ **တသ္မိ သမယေ**–ထိုအခါ၌၊ **နဂရဒေဝတာနံ**–မြို့စောင့်နတ်တို့၏၊ **ပူဇနတ္ထာယ**–ပူဇော်ရန်အလို့ငှါ၊ **ဇာလိတေသု ပဒီပေသု**–ထွန်းညှိထားအပ်ကုန်သော ဆီမီးတို့တွင်၊ **ဧကော ပဒီပေါ**–တစ်တိုင်သောဆီမီးသည်၊ **ဝိဇ္ဈာယိ**–ငြိမ်းလေပြီ၊ **တံ**–ထိုဆီမီးငြိမ်းပုံကို၊ **ဒဿေန္တော**–ပြတော်မူလိုသော ဘုရားရှင်သည်၊ **"ယထာယံ ပဒီပေါ"တိ**–ယထာယံ ပဒီပေါ-ဟူ၍၊ **အာဟ**–ဟောကြားတော်မူလေပြီ။

၁၆။ ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

**ယာနိဓ [ယာနိ+ ဣဓ]**

**ဘုမ္မာနိ= ဘုမ်မာနိ**

**အန္တလိက္ခေ= အန်တ လိက်ခေ→အန်တ လိတ်ခေ**

**ဒေဝမနုဿပူဇိတံ= ဒေဝ မနုတ်သ ပူဇိတံ**

**နမဿာမ= နမတ်သာမ**

**နမတ်–သာမ** လို့ ဖတ်၊ **နံ** တွင် ရပ်ကာ **နံ–မတ် သာမ** လို့ မဖတ်နဲ့

**ဣဓ**–ဤပရိတ်ရွတ်ဖတ်ရာ အရပ်၌၊ **ဘုမ္မာနိ**–မြေအပြင်၌ တည်နေကြကုန်သော၊ **ယာနိ ဘူတာနိ ဝါ**–အကြင် ဘုမ္မစိုး, ရုက္ခစိုး, တန်ခိုးကြီးမြတ် စာတုမဟာရာဇ် တာဝတိံသာနတ်တို့သည် လည်းကောင်း၊ **အန္တလိက္ခေ**–ကောင်းကင်ပြင်၌၊ **ယာနိ ဘူတာနိ ဝါ**–အကြင် ယာမာအစ အကနိဋ္ဌ အဆုံး ပေါင်းရုံးများစွာ နတ် ဗြဟ္မာတို့သည်လည်းကောင်း၊ **သမာဂတာနိ**–စုဝေးရောက်လာကြကုန်၏၊ **(တေ မယံ**–ထိုဝါတို့သည်၊) **ဒေဝမနုဿပူဇိတံ**–ဗြဟ္မာ နတ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူလေးမြတ် ပူဇော်အပ်သော၊ **တထာဂတံ**–ဝိပဿီစသား ရှေးဘုရားတို့နှင့် မခြားတမူ အလားတူပင် ကွဲလာ တော်မူသော၊ **ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **နမဿာမ**–ရှိခိုးကြပါကုန်၊ **(တေ နံ**–ထိုသို့ရှိခိုးပူဇော် အာနုဘော် ကြောင့်၊ **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

**၁၇။ ယာနိဓ ဘူတာနိ သမာဂတာနိ၊**
**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။**
**တထာဂတံ ဒေဝမနုဿပူဇိတံ၊**
**ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။**

**ဣဓ**–ဤပရိတ်ရွတ်ဖတ်ရာ အရပ်၌၊ **ဘုမ္မာနိ**–မြေအပြင်၌ တည်နေကြကုန်သော၊ **ယာနိ ဘူတာနိ ဝါ**–အကြင် ဘုမ္မစိုး, ရုက္ခစိုး, တန်ခိုးကြီးမြတ် စာတုမဟာရာဇ် တာဝတိံသာနတ်တို့သည်

လည်းကောင်း၊ **အန္တလိက္ခေ**–ကောင်းကင်ပြင်၌၊ **ယာနိ ဘူတာနိ ဝါ**–အကြင် ယာမာအစ အကနိဋ္ဌ အဆုံး ပေါင်းရုံးများစွာ နတ် ဗြဟ္မာတို့သည်လည်းကောင်း၊ **သမာဂတာနိ**–စုဝေးရောက်လာကြကုန်၏၊ **(တေ မယံ**–ထိုငါတို့သည်၊) **ဒေဝမနုဿပူဇိတံ**–ဗြဟ္မာ နတ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူလေးမြတ်ပူဇော်အပ်သော၊ **တထာဂတံ**–ဆိုးညစ်ယုတ်မာ ကိလေသာကို ပယ်ခွါသော အခြင်းအရာအားဖြင့် ဖြစ်သော၊ **ဓမ္မံ**–မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မကွန်အရပ်ရပ် တရားတော်မြတ်ကို၊ **နမဿာမ**–ရှိခိုးကြပါကုန်၊ **(တေန**–ထိုသို့ရှိခိုးပူဇော် အာနုဘော်ကြောင့်၊) **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

၁၈။ **ယာနိဓ ဘူတာနိ သမာဂတာနိ၊**
**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။**
**တထာဂတံ ဒေဝမနုဿပူဇိတံ၊**
**သံဃံ နမဿာမ သုဝတ္ထိ ဟောတု။**

**ဣဓ**–ဤပရိတ်ရွတ်ဖတ်ရာ အရပ်၌၊ **ဘုမ္မာနိ**–မြေအပြင်၌ တည်နေကြကုန်သော၊ **ယာနိ ဘူတာနိ ဝါ**–အကြင် ဘုမ္မစိုး, ဂုက္ခစိုး, တန်ခိုးကြီးမြတ် စာတုမဟာရာဇ် တာဝတိံသာနတ်တို့သည် လည်းကောင်း၊ **အန္တလိက္ခေ**–ကောင်းကင်ပြင်၌၊ **ယာနိ ဘူတာနိ ဝါ**–အကြင် ယာမာအစ အကနိဋ္ဌ အဆုံး ပေါင်းရုံးများစွာ နတ် ဗြဟ္မာတို့သည်လည်းကောင်း၊ **သမာဂတာနိ**–စုဝေးရောက်လာကြကုန်၏၊ **(တေ မယံ**–ထိုငါတို့သည်၊) **ဒေဝမနုဿပူဇိတံ**–ဗြဟ္မာ နတ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူလေးမြတ်ပူဇော်အပ်သော၊ **တထာဂတံ**–မိမိအကျိုး ပွါးတိုးစိမ့်ငှါ ကောင်းစွာအသင့် ဖြည့်ကျင့်တော်မူသော ၊ **သံဃံ**–ရှစ်ပါးအရိယာ မြတ်သံဃာကို၊ **နမဿာမ**–ရှိခိုးကြပါကုန်၊ **(တေန**–ထိုသို့ရှိခိုးပူဇော် အာနုဘော်ကြောင့်၊) **သုဝတ္ထိ ဟောတု**–သတ္တဝါတွေ ချမ်းသာပါစေသတည်း။

မြေမှာတည်နေတဲ့နတ်များ, ကောင်းကင်မှာတည်နေတဲ့ နတ်ဗြဟ္မာများဟာ ဒီပရိတ်ရွတ်ရာ အရပ်သို့ စုဝေးလာရောက်ကြပါတယ်၊ ဒီနတ်ဗြဟ္မာပေါင်းများစွာ ငါတို့ဟာ လူနတ်ဗြဟ္မာအများ လေးစားပူဇော်အပ်တဲ့ ရှေးဘုရားရှင်တို့နဲ့ မခြားတမူ ကြွလာတော်မူပဲ့ ဘုရားရှင်ကို ရှိခိုးကြပါကုန်၏၊ ကိလေသာကို ပယ်ခွါသော အခြင်းအရာအားဖြင့်ဖြစ်တဲ့ တရားတော်ကို ရှိခိုးကြပါကုန်၏၊ မိမိအကျိုး တိုးပွါးရန်အတွက် ကောင်းစွာဖြည့်ကျင့်တော်မူတဲ့ သံဃာတော်ကို ရှိခိုးကြပါကုန်၏။(ဒီရှိခိုးပူဇော် အာနုဘော်ကြောင့်) သတ္တဝါတွေ ချမ်းသာကြပါစေ။

**“ယာနီဓ”သုံးဂါထာ သိကြားမင်းရွတ်ဆိုပါ။** ။ သိကြားမင်းက “ဘုရားရှင်သည် ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကို ထုတ်ဖော်ကာ သစ္စာဆိုတော်မူသဖြင့် မြို့သူမြို့သား များ ချမ်းသာအောင် ပြုတော်မူခဲ့ပြီ၊ ငါလဲပဲ မြို့သူမြို့သားများ ချမ်းသာဖို့အတွက် ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကိုအမှီပြုကာ တစုံတခုကို ရွတ်ဆိုသင့်တယ်” လို့ ကြံစည်မိကာ ရတနသုတ်ရဲ့နောက်ဆုံး **“ယာနီဓ ဘူတာနိ”**သုံးဂါထာကို ရွတ်ဆိုခဲ့ပါတယ်။

**တထာဂတာ၊ နက်သုံးဝ၊ ခွဲထ ဖော်ညွှန်သည်။** ။ **“တထာဂတ”**သဒ္ဒါက ဘုရားကိုသာ ဟောမြဲဖြစ်ပေမဲ့ ဒီနေရာမှာ တရား, သံဃာတို့ကိုလဲ ဟောပါတယ်။

**တထာဂတ= တထာ+အာဂတ၊ တထာ**–ရှေးဘုရားများ လာတဲ့နည်းတူ၊ **အာဂတ**–လာတော်မူတဲ့ ဘုရား၊ လောကအကျိုးစီးပွါးအတွက် ကြိုးစားတော်မူခဲ့ကြတဲ့ ရှေးဘုရားရှင်တို့ဟာ ပါရမီဆယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်းကြီး ငါးပါး, စရိယာသုံးပါး စတဲ့ ဘုရားဖြစ်ကြောင်း တရားများကို ဖြည့်ကျင့်လျက် ဘုရားအဖြစ် ရောက်လာကြတဲ့ နည်းလမ်းအတိုင်း ဒီဘုရားရှင်လဲ ထိုတရားများကို ဖြည့်ကျင့်လျက် ဘုရားအဖြစ်သို့ ရောက်လာတော်မူရပါတယ်။

**တထာဂတ= တထာ+ဂတ၊ တထာ**–ရှေးဘုရားများ ကြွတော်မူတဲ့နည်းအတိုင်း၊ **ဂတ**–ကြွတော်မူတဲ့ ဘုရား။ ရှေးဘုရားရှင်များ ဖွားတော်မူကာစမှာ ခုနစ်ဘဝါး လှမ်းကြွတော်မူသလို ဒီဘုရားရှင်လဲ ထိုနည်းအတိုင်း ကြွတော်မူပါတယ်။ ဒါ့အပြင် **ဂတ**–သဒ္ဒါက သွားခြင်းသာမက သိခြင်းအနက်ကိုလဲ ဟောတဲ့ အတွက် **“တထာ**–ရှေးဘုရားများ သိတော်မူကြတဲ့အတိုင်း၊ **ဂတ**–သိတော်မူတဲ့ဘုရား။ ရှေးဘုရားများ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိတော်မူတယ်၊ သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံကို သိတော်မူတယ်၊ ထိုရှေး ဘုရားများ သိတော်မူကြတဲ့အတိုင်း ဒီဘုရားလဲ သိတော်မူပါတယ်။

**ဂတ**သဒ္ဒါဟာ **ဂဒ**–မှ ပြောင်းလာတာလို့ ကြံစည်ကာ **တထာ**–ရှေးဘုရားများ အမှန်စကား အမှန်တရားကို ဟောကြားတော်မူကြသလို၊ **ဂတ**–ဟောကြားတော်မူတဲ့ဘုရား–လို့ အနက်ပြန်ဆိုနိုင်ပါတယ်။

**တထာဂတ ဓမ္မမည်ပုံ။** ။ **တထာ**–ထိုအရောက်မျိုးဖြင့်+ **ဂတ**–ရောက်အပ်တဲ့တရား၊ ထိုအရောက်မျိုး–ဆိုတာက သမထဝိပဿနာ အစုံဖြင့် ကိလေသာအသင်းအပင်းကို ပယ်သတ်သဖြင့် ရောက်အပ်

တဲ့ ရောက်ခြင်းမျိုးဖြစ်တယ်၊ သမထဝိပဿနာအစွမ်းဖြင့် ကိလေသာတို့ကို ပယ်သတ်လျက် ရောက်အပ်တဲ့တရားဆိုတာ မဂ်ဖြစ်လို့ **တထာဂတ**အရ မဂ်တရားကို ရပါတယ်။

**တထာ**–ထိုဉာဏ်အသိမျိုးဖြင့်+ **ဂတ**–သိအပ်တဲ့တရား။ ဆင်းရဲခပ်သိမ်း ငြိမ်းပျောက်နိုင်တဲ့ မဂ်အသိမျိုးဖြင့် သိအပ်တဲ့တရား–လို့ ဆိုလိုတယ်၊ ဒီဖွင့်ဆိုတဲ့ **တထာဂ**တအရ နိဗ္ဗာန်တရားကို ရပါတယ်။ အဋ္ဌကထာလာ ဓမ္မအရ မဂ်နဲ့နိဗ္ဗာန်တရား နှစ်မျိုးသာဖွင့်ပါတ(၁)[၃၉]။ ခုဒ္ဒကပါဋအဋ္ဌကထာ၌ **"မွဲ့ သရဏံ ဂစ္ဆာမိ"**ဖွင့်ဆိုရာမှာ ဇကေဆရာတို့က မဂ်ဖိုလ်နိဗ္ဗာန်ကို ဆိုကြောင်းပြပေမဲ့ အဋ္ဌကထာဆရာရဲ့ အကြိုက်မှာတော့ **ဓမ္မ**အရ မဂ်နဲ့နိဗ္ဗာန်သာ ဖြစ်ကြောင်း[၄၀] ဆိုပါတယ်။

သရဏဂုံနဲ့ ပတ်သက်တဲ့ဖွင့်ရာ အခြားအဋ္ဌကထာမှာတော့ **ဓမ္မ**အရ မုချ ပရိယာယ်အနေနဲ့ တရားအကုန်ပင် ယူပါတယ်၊ ဝိမာနဝတ္ထုပါဠိ ဆတ္တမာဏဝကဝိမာနဝတ္ထု (ခု၊ ၂၊ ၇၆)လာ ----

**ရာဂဝိရာဂမနေဇမသောကံ၊**
**ဓမ္မမသင်္ခတမပ္ပဋိကူလံ။**
**မဓုရမိမံ ပဝုဏံ သုဝိဘတ္တံ၊**
**ဓမ္မမိမံ သရဏတ္တမုပေဟိ။**

**ရာဂဝိရာဂံ**–တပ်မက်ခြင်းဘရား အလွန်များသော ရာဂမှကင်းသော အရိယာမဂ်တရားလည်းကောင်း၊ **အနေဇံ**–တုန်လှုပ်တတ်ငြား တဏှာတရားမှကင်းသော၊ **အသောကံ**–စိုးရိမ်ပူဆွေးငိုကြွေးခြင်း မရှိသော အရိယာဖိုလ်တရားလည်းကောင်း၊ **အသင်္ခတံ**–ကံ, စိတ်, ဥတု, အာဟာရာကြောင်းလေးဖြာတို့ ပြုပြင်ရာမဟုတ်သော၊ **အပ္ပဋိကူလံ**–စက်ဆုပ်ဖွယ်ရာ တစ်စုံတစ်ရာမျှ မရှိသော နိဗ္ဗာန်တရားကိုလည်း ကောင်း၊ **တုမ်ဟ ဓမ္မဉ္စ**–ဤမဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားကိုလည်းကောင်း၊ **မဓုရံ**–သာလွန်ကောင်းမြတ် ချိုမွှမ်းအပ်သည်ဖြစ်၍၊ **ပဝုဏံ**–ဒေသနာဉာဏ်တော်သည် လေ့လာထပ်ထပ် ဖြစ်စေအပ်သော၊ **သုဝိဘတ္တံ**–ကောင်းစွာ ဝေဖန်အပ်သော၊ **တုမ်ဟ ဓမ္မဉ္စ**–ဤပရိယတ်တရားကိုလည်းကောင်း၊ **သရဏတ္တံ**–နောင်သံသရာ ချမ်းသာဖြိုးကြွယ် ပညိးငယ်အောင် ကိုးကွယ်ရန်အလို့ငှါ၊ **ဥပေဟိ**–ရှိသေလေးမြတ် ချဉ်းကပ်ပါလေ၁။ (ပဒေသာ ဝိမာနဝတ္ထုတော်ကြီး၊ ၄၁၈)

---

[၃၉] နိဗ္ဗာန်ဓမ္မောပိ ယထာ ဂတော ပညာယ ပဋိဝိဒ္ဓေါ သတ္ထုဒက္ခိဏေ့ယျဘာဝေါ သမ္ပဇ္ဇတိ၊ ဝုဒ္ဓါဒိကော တထာ အဝဂတော၊ တသ္မာ "တထာဂတော"တွေဝ ဝုစ္စတိ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၁၆၄။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၉၃။)

[၄၀] မဂ္ဂဖလနိဗ္ဗာနာနိ ဓမ္မောတိ ဇကော။ ဘာဝိတမဂ္ဂါနံ သစ္ဆိကတနိဗ္ဗာနာနမ္မေ အပါယေသု အာဟာနဘာဝတော ဝါ(ဇ)ဘာဝတော ဝါ(ဓ)မောသမော ပါ(ဓ)မောသမော-ဝိဓာနတော စ မဂ္ဂဝိရာဂါ ဇေ ဣမသ္မိ အတ္ထေ ဓမ္မောတိ အမှာကံ ခန္တိ အဋ္ဌပသာဒသုတ္တမေ့ (ခု၊ ၊ ၂၄၄။ ခု၊ ၁၊ ၂၅၄။) သာဓကံ။ (ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ဓမ္မသံဃသရဏာဝိဘာဝနာ၊ ၁၀။)

ဂါထာရဲ့ အချုပ် **ဓမ္မ**–အဖွင့်အရ မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ် တရားလေးမျိုးလုံး (တရား အကုန်) ကိုးကွယ်ရန် ဟောထားလျက်ရှိကြောင်း[၃၆၁] သိရပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာလဲ **ဓမ္မ**အရ တရား အကုန်ယူခြင်းဟာ သင့်မြတ်လှပါတယ်၊ အားလုံးသောတရားများဟာ ပူဇော်အပ်တာချည်း ဖြစ်တယ်။ အချုပ်ဆိုရရင် **ဖိုလ်တရား**အတွက် "**တထာဂတ**–ထိုမဂ်တရားက အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ပုံမျိုးအနေနဲ့ ရောက်တဲ့တရား"၊ **ပရိယတ္တိတရား**အတွက် "**တထာဂတ**–ထိုရှေး ဘုရားတို့ သိတော်မူပုံအတိုင်း ဒိဘုရား သိအပ်တဲ့တရား"လို့ ဆိုလိုတယ်။

**တထာဂတ သံဃာယူပုံ။** ။ **တထာ**–ထိုရောက်ပုံမျိုးဖြင့်+ **ဂတ**–ရောက်တဲ့ပုဂ္ဂိုလ်၊ ထိုရောက်ပုံမျိုး–ဆိုတာက ကိုယ်ကျိုးစီးပွါးအတွက် ကျင့်ကြံကြတဲ့ပုဂ္ဂိုလ်တွေဟာ ထိုထိုမဂ်ဖြင့် ရောက်အပ်သလို အလားတူစွာ ထိုထိုမဂ်ဖြင့် ရောက်အပ်သောကြောင့် **သံဃာ**ဟာလဲ တထာဂတ–အမည်ရပါတယ်[၃၆၂]။

## အာဏာတန်ခိုး ထူးခြားထက်မြက်သော
## ရတနသုတ်ပရိတ်တော်

**ရတနသုတ်**ပရိတ်တော်သည် စကြဝဋ္ဌာ ကုဋေတစ်သိန်းတိုင်အောင် အာဏာပြန့်နှံ့လျက် တရားနာယူသူ လူနတ်ဗြဟ္မာ ပရိသတ်အပေါင်း ငါးသိန်းရှစ်သောင်း ရှစ်ထောင်တို့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရစေ ရောက်စေ၏၊ ထို့ကြောင့် ဤရတနသုတ်ပရိတ်တော်မှာ လွန်စွာ အာဏာတန်ခိုးထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။ (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၃၁၅။)

**ရတနာသုံးပါးနှင့်စပ်လျက် တိုက်တွန်းချက်**

**သဒါ မာနံ ကရေ ဇာနံ၊ ရတနံ ရတနတ္တယေ။**

**ကိံ အန္ဓော ရတနံ လဒ္ဓါ၊ ဝိဇာနေယျ အနုဋ္ဌတံ။**

**ရတနတ္တယေ**–တခေတ်တခါ ကြုံခဲစွာလျှင် ပေါ်လာထူးခြား ရတနာမြတ်သုံးပါး၌၊ **ရတနံ**–နှစ်သက်ဖွယ်စုံ ဂုဏ်ရည်ဝင်းသစ် ရတနာ၏အဖြစ်ကို၊ **ဇာနံ**–တရားမှန်ပြင် ဖန်ဖန်တင်

---

[၃၆၁] **ဓမ္မန္တိ** ယထာဝပဋိပဇ္ဇန္တေ အပါယဒုက္ခပါတတော ဓာရဏတ္တေန ဓမ္မံ၊ ဣဒံ စတုဗ္ဗိဓသောပိ ဓမ္မသ သာဓာရဏဝစနံ။ ပရိယတ္တိဓမ္မောပိ ဟိ သရဏေသု စ သီလေသု စ ပတိဋ္ဌာနမတ္တာယပိ ယထာဝပဋိပတ္တိယာ အပါယဒုက္ခပါတတော ဓာရေတိ ၈၀။ ဣမသ စ အတ္ထသ ဣဒမေဝ ဝိမာနံ သာဓကန္တိ ဒဋ္ဌဗ္ဗံ။ (ဝိမာနဝတ္ထု၊ ၌၊ ၂၁၅။)

[၃၆၂] ယသ္မာ စ သံဃောပိ ယထာ အတ္တဟိတာယ ပဋိပန္နေဟိ ဂန္တဗ္ဗံ တေန တေန မဂ္ဂေန၊ တထာ ဂတောတိ "တထာဂတော"တွေဝ ဝုစ္စတိ။ (ခုဒ္ဒကပါဌ၊ ၌၊ ၁၆၄။ သုတ္တနိပါတ၊ ၌၊ ၁၊ ၂၉၃။)

## ရတနသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

လျှက် ဆင်ခြင်တွေးမိ သိရှိသည်ဖြစ်၍၊ **မာနံ**–သတိမလတ် ပဋိပတ်ဖြင့် ပေးအပ်မယွင်း လေးမြတ်ခြင်းကို၊ **သဒါ ကရေ**–ဘယ်ခါမဆို ရှင့်အလိုလိုက် စရိုက်မွေးကာ ပြုကျင့်ရာ၏၊ **အနွော**–သနွေကပင် မမြင်မစမ်း စုံလုံးကန်းသူသည်၊ **ရတနံ**–တန်ဖိုးထိုက်လျှက် နှစ်သက်ဖွယ်ရာ ရတနာကောင်းကို၊ **လဒ္ဓါ**–အခွင့်သင့်ကာ ရလာသည်ရှိသော်၊ **အနရွတံ**–အဖိုးကန့်သတ်မဖြတ်နိုင်သည်၏အဖြစ်ကို၊ **ကိံ ဝိဇာနေယျ**–ရေးရေးမျှပင် အပြင်မရှိ အဘယ်မှာ သိနိုင်ပါအံ့နည်း?[၃၆၃]

## ရတနသုတ် နိဂုံးချုပ် အာသီသလင်္ကာ

ယံကိ, ခယံ, ယံဗုဒ်, ယေပုဂ်၊ ယေသုပ်, ယထိန်, ယေရိ, သဟာ၊ ကိဥ္စာ, ဝနပ်, ဝရော, ခိဏံ၊ ဝန္ဒာမိ သိရသာမဟံ။ ။ အခံမူလ၊ ယာနိဓနှင့်၊ အာသိသဝတ်၊ ယွင်းမချွတ်ဘဲ၊ ရွတ်ဖတ်ကြလေ၊ ကပ် သုံးထွေကို၊ ဝေသာလိတွင်၊ နိဒါန်းတင်တိုင်း၊ အလျင်ဆောစွာ၊ ကင်းစေပါလိမ့်၊ ကမ္ပဝါသော၊ ပဗ္ဗာသောဟု၊ နယောပဒေသ၊ နေမကျအောင်၊ ဖွေဆစမ်းဝါး၊ မဆန်းပြားလင့်၊ ဘုရားရှင်ပင်၊ စိရင်ဓမ္မစက်၊ ရွှေနတ်ထွက်တက်၊ ထက်မြက်ပုံရည်၊ ခုံအတည်ကို၊ ယုံကြည်သူတို့၊ ဂုဏ်ရည်ညို့လိမ့်၊ ထို့ကြောင့် အန္တရာယ်၊ စင်ကြယ်လိုသူ၊ များရှင်လူတို့၊ အတူမရ၊ ဂုဏ်ပေါင်းပြသား၊ ရတနသုတ်ခေါ်၊ ပရိတ်တော်ကို၊ ပူဇော်မြတ်နိုး၊ ယုံကြည်ကိုး၍၊ ရိုးရိုးရွတ်–နာ–စေကုန်သောဝ်[၃၆၄]။

**ရတနသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ပြီး၏။**



❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

---

[၃၆၃] ပရိတ်ကြီးနိဿယသစ်၊ ၃၂၃–၃၂၄။

[၃၆၄] မြင်းခြံ–၉–ဆောင်မူ မဟာပရိတ်တော်ကြီး နိသျသစ်၊ ၅၆။

# မေတ္တာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## မေတ္တာသုတ္တ နိဒါန်းက

(က) ယဿာ'နုဘာဝတော ယက္ခာ၊ နေဝ ဒဿန္တိ ဘီသနံ။
ယမှိ စေဝါ'နုယုဉ္ဇန္တော၊ ရတ္တွန္ဒိဝံ'မတန္ဒိတော။

(ခ) သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝ'မာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟော။

ယဿာ'နုဘာဝတော= တသ်သာ နုဘာဝတော (ယတ်သာ နုဘာဝတော)
[ယဿ+အာနုဘာဝတော]
ယက္ခာ= ယက်ခါ
ဒဿန္တိ= ဒတ်သင်္ဘံ
**ယမှိ စေဝါ'နုယုဉ္ဇန္တော= ယမှိ စေဝါ နုယုန်ဇန်တော [ယမှိ စေဝ+အနုယုဉ္ဇန္တော]**
**ယမှိ** [ပရိတ်ကြီးနိဿယသစ်၊ ၁၀, ၃၂၅။ ယသ္မိံ →**ယမှိ**]ခွဖြ၊
**ယမှိ** [ဟံသာဝတီရိုက် စလင်းပရိတ်ကြီးနိဿယ၊ ၁၂၃။ မြင်းခြံ မဟာပရိတ်တော်ကြီး နိဿသစ်၊ ၅၇။ ယံဟိ →**ယမှိ**]၊
**ယဋ္ဌိ** [တွံတေး ပရိတ်ကြီးနိဿယ၊ ၈၃။ ယံဟိ →**ယဋ္ဌိ**]ခွဖြ၊

---

ခွဖြ **'ယမှိ'**နှင့် ပတ်သက်၍ ပရိတ်ကြီးနိဿယသစ်ဆရာတော်၏ အဆိုအမိန့်မှာ "ယမှံ-ဠိ ယံ ဟိ-ဟု ဖြတ်၍ 'မဒါ သရေ'သုတ်၌ 'မဒါ'ဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို 'မ'ပြု၍ ကဲ့အဖြစ်ကို အလိုရှိကြ၏။ [illegible] 'အနုယုဉ္ဇ, ယုဉ္ဇ, အာယောဂ' စသော အရာတို့၌ 'ပမာဒမနုယုဉ္ဇန္တိ, မာ ပမာဒမနုယုဉ္ဇေထ' (စမ္မပဒ၊ ၁၅၊ ၁၂၁)သည်ဖြင့် ကဲ့ကို မရှု့ရသေး၊ သို့ 'ဂုဏ်' တူမှေ အာနန္ဒ သာရတ္ထေ ဃဋ္ဋထ အနုယုဉ္ဇထ' (ဒီ၊ ၂၊ မဟာပရိနိဗ္ဗာနသုတ်၊ ၁၁၅)၊ 'ယုဉ္ဇတေ ဝဋ္ဋ သာသနေ' (သဂါထာဝဂ္ဂ ကြဟွသံယုတ်၊ ၁၅၉)၊ 'အဓိစိတ္တေ စ အာယောဂေါ' (စမ္မပဒ၊ ၄၁၊ ၁၂၇)စသည်ဖြင့် အာစာရကို [illegible] ရှု့ရသည်။ ထို့ကြောင့် အယောဂ ကို လိုရှိ **'ယမှိ'**ဟု ဆိုခြင်းသာဖြစ်ရာ **'ယံ ဟိ'**ဟု ဖြတ်၍ ကဲ့ခြင်းမှာ ဂါထာဘာစာက ဆရာ၏ အလိုကျမည် မဟုတ်မော်။" (ပရိတ်ကြီး နိဿယသစ်၊ သဒ္ဒါအရ ရှင်းလင်းချက်၊ ၃၂၇။)

ခွဖြ **'ယဋ္ဌိ'**နှင့်ပတ်သက်၍ တွံတေး ပရိတ်ကြီးနိဿယဆရာတော်၏ အဆိုအမိန့်မှာ "ယမှိ ဆရေ [illegible] ကြ၏၊ ဦးကာ၌လည်း 'ယမှိ-ကို ယံဟိ'ပုဒ်ဖြတ်၊ မဒါ သရေ-သုတ်၌ 'မဒါ, ယောဂဝိဘာဂ'-ဖြင့် နိဂ္ဂဟိတ်ကို 'မ' ပြု ဟုဆို၏၊

ရတ္တိန်ိဝ်'မတန်ိတော= ရတ်တိန် ဒိဝ မတန်ဒိတော
[ရတ္တိန်ိဝ်+အတန်ိတော(=နှ+တန်ိတော)]
ကိဉ်= ကိန်စိ
ပသတိ= ပတ်သတိ
ဝေ'မာဒိဂ္ဂူပေတံ [ဝေံ+အာဒိဂ္ဂဏှ+ဥပေတံ]

**ယသ (ပရိတ္တသ)**–အကြင်မေတ္တာသုတ်ပရိတ်တော်၏၊ **အာနုဘာဝတော**–အစွမ်းရှိန်စော် အာနုဘော်တော်ကြောင့်၊ **ယက္ခာ**–နတ်အများတို့သည်၊ **ဘီသနံ**–ကြောက်မက်ဖွယ်အာရုံမျိုးကို၊ **နေဝ ဒဿန်ိ**–မပြနိုင်ကြကုန်၊ **ယမှိ စဝေ**–အကြင်မေတ္တာသုတ်ပရိတ်တော်၌ သာလျှင်၊ **ရတ္တိန်ိဝံ**–နေ့ညမပြတ် အခါခပ်သိမ်း၊ **အတန်ိတော**–ပျင်းရိခြင်းမရှိပဲ၊ **အနုယုဉ္ဇေ**–ထပ်တလဲလဲ စွဲမြဲရွတ်ပွါး အားထုတ်သူ သည်။

**ယမှိ စဝေ (ယံ ဟိ စဝေ)**–အကြင်မေတ္တာသုတ်ပရိတ်တော်ကိုသာလျှင်၊ (စလင်း ပရိတ်ကြိုး နိသယ)

**ယမှိ စဝေ**–အကြင်မေတ္တာသုတ် ဗျှေနတ်မြွက်ဘော် ပရိတ်တော်ကိုလျှင်၊ (မြင်းခြံ မဟာပရိတ်တော်ကြိုး နိသျသစ်)

**ယဉ္စိ စဝေ (ယံ ဟိ စဝေ)= ဟိ**–ထိုသို့သော အကြောင်းကြောင့်၊ **ယံ စဝေ**–အကြင်မေတ္တာပရိတ်ကိုသာလျှင်၊ (အရှင်အာဒိစ္စဝံသ ပရိတ္တသင်္ဂဟ ပါဠိနိသျ)

**ယဉ္စိ (ယံ ဟိ) ဟိ**–ထိုစကား ကေန်စင်စစ်မှန်၏၊ **ယံ ပရိတ္တံ**–အကြင်ရှင်တော်ဘုရား ဟောကြားမြွက်ဖော် မေတ္တာသုတ်ပရိတ်တော်ကို၊ (တွံတေး ပရိတ်ကြိုးနိသယ)

**သုစံ**–ချမ်းချမ်းသာသာ၊ **သုပတိ**–အိပ်စက်ရ၏၊ **သုတ္တော**–အိပ်ပျော်သည်ရှိသော်၊ **ကိဉ္စိ**–တစုံတခုသော၊ **ပါပံ စ**–အိပ်မက်ဆိုးကိုလည်း၊ **န ပဿတိ**–မမြင်မက်ရ၊ **ဝေမာဒိဂ္ဂူပေတံ**–ဤသို့အစ ရှိသော အကျိုးဂုဏ်အင် အာနိသင်နှင့်ပြည့်စုံသော၊ **တံ ပရိတ္တံ**–ထိုမေတ္တာသုတ်ပရိတ်တော်ကို၊ **ဟော**–အိုသူတော်ကောင်းတို့၊ (**မယံ**–အကျွန်ုပ်တို့သည်၊ **ဓ**–ဤတို့သည်၊) **ဘဏာမ**–ရွတ်ကြပါကုန်စို့။

---

'ဒဟေ ဉံ'သုတ်ကို မထောက်မဆ လိမ်ကွေ့ ကောက်ကျစ်လှ၍ **'ယဉ္စိ'**ဟု ဖော်ပြရေးသားလိုက်သည်၊ ဤ၌ ဦးကာအလိုအတိုင်းချည်း မလိုက်စား၊ သဘောကျသလိုသာ အနက်ကိုလည်း ရေးသားလိုက်ရ၏"။ (တွံတေး ပရိတ်ကြိုးနိသယ၊ အဓိပ္ပါယ်ရှင်းလင်းချက်၊ ၈၄။)

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

အိုသူတော်ကောင်းတို့, မေတ္တာသုတ် ပရိတ်တော်ရဲ့ အာနုဘော်ကြောင့် နတ်အများတို့ဟာ ကြောက်မက်ဖွယ် အာရုံမျိုးကိုမပြနိုင်ပဲ ရှိကြရတယ်၊ ဒီမေတ္တာသုတ် ပရိတ်တော်မှာ နေ့ညမပြတ် ထပ်တလဲလဲ စွဲမြဲရွတ်ပွါး ကြိုးစားအားထုတ်သူဟာ ချမ်းချမ်းသာသာ အိပ်စက်ရတယ်၊ အိပ်ပျော်တဲ့အခါ မကောင်းတဲ့ အိပ်မက်မျိုးလဲ မမြင်မက်ရပါ၊ ဒီလို စတဲ့ အကျိုးအာနိသင်နဲ့ ပြည့်စုံတဲ့ မေတ္တာသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ကြပါကုန်စို့။

**ရှီးမွမ်းဝုဏ်ပြ ယဿာနုဘာဝ။** ။ **"ယဿာနုဘာဝတော"** စတဲ့ဂါထာဟာ မေတ္တာသုတ်ကို ရွတ်ဆိုပွါးများခြင်းမှာ အားစိုက်ကြိုးပမ်း လာချင်အောင် အကျိုးဂုဏ်အင် အာနိသင်ကိုပြတဲ့ အချီးအမွမ်းဂါထာ ဖြစ်တယ်၊ ဘုရားဟော မဟုတ်သေးပါ၊ ရှေးဆရာတို့ရဲ့ အဆိုဖြစ်ပါတယ်။

ဒီမေတ္တာသုတ်ကို ရွတ်ဆိုရန် တိုက်တွန်းနှိုးဆော်တဲ့စကားရပ်တွင် **"သုခံ သုပတိ-ချမ်းသာစွာ အိပ်ရခြင်း။ ပါပံ ကိဉ္စိ န ပဿတိ-အိပ်မက်ဆိုးကိုလဲ မမြင်မက်ခြင်း"** တို့ကား မေတ္တာအကျိုး တစ်ဆယ့်တစ်မျိုးမှ အကျိုးများပင် ဖြစ်တယ်၊ ဒီအကျိုးနှစ်မျိုးအပြင် အခြားအကျိုးများကိုပါ ယူစေလိုတဲ့အတွက် **"ဧဝမာဒီဂုဏ္ဍပေတံ-ဒီလိုအစရှိတဲ့ အကျိုးဂုဏ်များနှင့်ပြည့်စုံတဲ့ (ပရိတ်တော်)"** လို့ မိန့်ဆိုထားပါတယ်။

**မေတ္တာအကျိုး ၁၁-မျိုး**

(၁) **မေတ္တာပွါးသူသည် ချမ်းသာစွာ အိပ်ရ၏။ (သုခံ သုပတိ)**

မေတ္တာပွါးသူမှာ အေးချမ်းငြိမ်ကြည်တည်ငြိမ်တဲ့စိတ်ရှိရာ အဲဒီစိတ်ကြောင့်ပင် မေတ္တာမပွါးသူ လူ သာမန်တွေလို ဟောက်ခြင်း, လူးလှိမ့်ခြင်းမရှိ, သမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ပမာ တည်တည်ငြိမ်ငြိမ် သက်သက်သာသာ ချမ်းချမ်းသာသာ အိပ်ရတယ်။

(၂) **ချမ်းသာစွာ နိုးရ၏။ (သုခံ ပဋိဗုဇ္ဈတိ)**

အိပ်စဉ်က ချမ်းသာစွာ အိပ်ရတဲ့အတွက် နိုးတဲ့အခါမှာလဲ ညည်းတွားခြင်း, တွန့်လိမ်ခြင်း စတဲ့ ဖောက်ပြန်မှုမရှိ, ပကတိ သက်သက်သာသာ ချမ်းချမ်းသာသာ နိုးရတယ်။

(၃) **မကောင်းသော အိပ်မက် မမြင်မက်ပါ။ (န ပါပကံ သုဝိနံ ပဿတိ)**

တည်ငြိမ်အေးချမ်းတဲ့ ကိုယ်စိတ်ရှိနေတဲ့ မေတ္တာပွါးသူမှာ ဓာတ်ချောက်ချားခြင်းစတဲ့ ဖောက်ပြန်မှုမရှိတဲ့အတွက် အိပ်မက်ဆိုးများလဲ မမြင်မမက်တော့ပါ။

(၄) **လူများက ချစ်ကြ၏။ (မနုဿာနံ ပိယော ဟောတိ)**

သတ္တဝါတွေအပေါ်မှာ ချစ်မြတ်နိုးလျက်ရှိနေတဲ့ မေတ္တာပွါးသူရဲ့ မေတ္တာဓာတ်မှာ ဓာတ်ခိုက်လျက်ရှိရာ အဲဒီမေတ္တာရှင်အား လူတွေကလဲ ချစ်ကြပါတယ်။

(၅) **နတ်များက ချစ်ကြ၏။ (အမနုဿာနံ ပိယော ဟောတိ)**

မေတ္တာပွါးသူအား နတ်တွေကလဲ ချစ်မြတ်နိုးကြပါတယ်။

(၆) **နတ်များက စောင့်ရှောက်ကြ၏။ (ဒေဝတာ ရက္ခန္တိ)**

ချစ်မြတ်နိုးကြတဲ့အတွက် နတ်များက စောင့်ရှောက်ကြပါတယ်။

(၇) **မေတ္တာပွါးသူအား မီး, လက်နက်, အဆိပ်တို့ မနှိပ်စက်နိုင်ကုန်။ (နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ)**

မေတ္တာဟာ အကာအကွယ် အတားအဆီးကောင်း တမျိုးဖြစ်ရာ ပွါးများသူအား မီး, အဆိပ်, လက်နက်များ မလောင်, မစူးရှ, မထိနိုင်ပါ။

(၈) **စိတ်သမာဓိ တည်ကြည်လွယ်၏။ (တုဋံ စိတ္တံ သမာဓိယတိ)**

မေတ္တာပွါးသူမှာ ကိုယ်စိတ်အေးငြိမ်းခြင်း ပဿဒ္ဓိဖြစ်လျက် နေပါတယ်၊ ဒီပဿဒ္ဓိမှာ သမာဓိဖြစ်ကြောင်းဖြစ်ရာ စိတ်လျှင်မြန်စွာ တည်ကြည်ပါတော့တယ်။

(၉) **မျက်နှာကြည်လင်၏။ (မုခဝဏ္ဏော ဝိပ္ပသီဒတိ)**

အညာမှ ကြွေကျစ ထန်းသီးမှည့်အရောင်အဆင်းလို မေတ္တာဓာတ် အမြဲကိန်းနေတဲ့ အတွက် မျက်နှာအဆင်း အလွန်ကြည်လင်လှပတယ်။

(၁၀) **မတွေမဝေ သေရ၏။ (အသမ္မူဠှော ကာလံ ကရောတိ)**

ဒီအေးချမ်းတည်ငြိမ်တဲ့ ကိုယ်စိတ်ရှိနေသောကြောင့်ပင် သေတဲ့အခါ မတွေမဝေပဲ အိပ်ပျော်သွားရသလို သေရတယ်။

(၁၁) **မဂ်ဖိုလ်မရလျှင် ဗြဟ္မာဖြစ်၏။ (ဥတ္တရိမပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ)**

အရဟတ္တဖိုလ်အထိ မဆိုက်ရောက်နိုင်သေးရင် ဈာန်အခြေပါနေတဲ့ မေတ္တာပွါးသူမှာ ဗြဟ္မာ့ပြည်သို့ ရောက်ရပါတယ်။

ဒီမေတ္တာအကျိုး ၁၁-မျိုးကို အင်္ဂုတ္တရနိကာယ် ကောဒသကနိပါတ် (အံ၊ ၃၊ ၅၄၂)နှင့် ဝိသုဒ္ဓိမဂ် ဗြဟ္မဝိဟာရနိဒ္ဒေသ (ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၉၈-၂၉၉, ၃၀၅-၃၀၇)တို့၌ ကြည့်ရှုနိုင်သည်။

<u>မေတ္တာကျိုးပြ လင်္ကာပြ</u>

**မေတ္တာဝုဏ်ရည်၊ ဆယ့်တစ်လီကား၊ အညီသတ္တဝါ၊ မလတ်ပါအောင်၊ ဓါဓါနေ့စဉ်၊ မေတ္တာယှဉ်မူ၊ ကြည်လင်အိပ်ပျော်၊ ထချိန်တော်၍၊ နိုးသော်ရှင်ရှင်၊ အိပ်မက်မြင်လည်း၊ အစဉ်ကောင်းစွာ၊ မြင် မက်ရာ၏၊ ပြည်ရွာလူသား၊ နတ်အများလည်း၊ မြင်ကြားသမျှ၊ ချစ်ခင်ကြသဖြင့်၊ ဒေဝထွေထွေ၊ စောင့်ရှောက်လေ၏၊ မီးရေခိုးသူ၊ များရန်သူလည်း၊ မယူမဖျက်၊ မနှောင့်ယှက်တည်း၊ စိတ်စက် လည်းတည်၊ မျက်နှာကြည်၍၊ သေမည်ဓါချဉ်း၊ တွေဝေကင်း၏၊ မှန်းရင်းမွေ၊ မဂ်မရလည်း၊ ဈာန်ရလေလစ်၊ ဗြဟ္မာဖြစ်သည်၊--- ဆယ့်တစ်မေတ္တာအကျိုးတည်း[၃၆၇]။**

၁။ **မေတ္တသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ?**

ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်။

၂။ **မေတ္တသုတ်ကို အဘယ်အခါမှာ ဟောတော်မူခဲ့ပါသလဲ?**

ဟိမဝန္တာနဲ့ စပ်နေတဲ့တောအုပ်တစ်ခုမှ နတ်တို့ နှောင့်ယှက်ခံကြရတဲ့ ရဟန်းများ ဘုရားရှင်ထံ ပြန်လာကြတဲ့အခါ ဟောတော်မူခဲ့ပါတယ်။

၃။ **မေတ္တသုတ်ကို အဘယ်နေရာမှာ ဟောတော်မူခဲ့ပါသလဲ?**

သာဝတ္ထိမြို့ (ဇေတဝန်ကျောင်းတော်)မှာ ဟောတော်မူခဲ့ပါတယ်။

၄။ **မေတ္တသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ?**

မေတ္တသုတ်ကို ကမ္မဋ္ဌာန်းအလို့ငှါ လည်းကောင်း, အကာအကွယ် အရံအတားအလို့ငှါလည်းကောင်း ဟောတော်မူခဲ့ပါတယ်။

၅။ **မေတ္တသုတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်များမှာ ပါရှိပါသလဲ?**

သုတ္တန်ပိဋက, ခုဒ္ဒကနိကာယ်, ခုဒ္ဒကပါဌပါဋိတော် (ခု၊ ၁၊ ၁၁- ၁၂)၊ သုတ္တနိပါတပါဋိတော် (ခု၊ ၁၊ ၃၀၀–၃၀၁)တို့မှာ ပါရှိပါသည်။

**မေတ္တသုတ်မြတ် အတ္ထုပ္ပတ်။** ။ အခါတပါး ရဟန်းငါးရာတို့ဟာ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းသင်ယူပြီး ဆွမ်းခံရွာအဆင်ပြေတဲ့ ဟိမဝန္တာနှင့် တစပ်တည်း တည်ရှိတဲ့ တောအုပ်တခုသို့ ဝင်ရောက်ကြကာ

[၃၆၇] ခုဒ္ဒသိက္ခာ ဘာသာဋီကာ၊ ၅၇၉-၅၈၀။

သစ်ပင်ရင်းများမှာ တရားအားထုတ်နေကြပါတယ်၊ ဒီရဟန်းတော်များရဲ့သီလတန်ခိုးကြောင့် သစ်ပင်များမှာနေကြတဲ့ နတ်တွေဟာ မိမိတို့နေရာသစ်ပင်များမှာ မနေဝံ့ကြပဲ ကလေးများကို လက်ဆွဲကာ ဟိုဟိုဒီဒီ လှည့်လည်နေကြရတယ်၊ တနေ့ ပြန်နိုးနိုး စောင့်နေခဲ့ကြရာ ရဟန်းတော်များ မပြန်တော့မှာကိုသိရတဲ့အတွက် မနေဝံ့အောင် ညဉ့်အခါ ကြောက်မက်ဖွယ် အဆင်းအသံများ ပြကာ ခြောက်လှန့်ကြပါတော့တယ်၊ ရဟန်းတော်တွေဟာ ကြောက်မက်ဖွယ် အဆင်း အသံများကို မြင်ရ ကြားရတာကြောင့် ထိတ်လန့်ကြလျက် အသားအရေ ဖျော့တော့ကာ ရောဂါအမျိုးမျိုးရပြီး သမာဓိမရ ဖြစ်ကြရာ "မိမိတို့ ဒီအရပ်မှာမနေသင့်"လို့ ဆုံးဖြတ်ကြပြီးတော့ ဘုရားရှင်ထံ ပြန်ကြ၍ ဒီအကြောင်းကို လျှောက်ထားကြပါတယ်။

ဘုရားရှင်က "ဒီရဟန်းတွေဟာ ထိုနေရာအရပ်မှလွဲပြီး သပ္ပါယဖြစ်စရာ အခြားအရပ်မရှိ"လို့ မြင်တော်မူတဲ့အတွက် ထိုအရပ်မှာပင် ပြန်လည်နေကြရန် မိန့်တော်မူလျက် ဒီမေတ္တာသုတ်ကို ကမ္မဋ္ဌာန်း အလိုဂ္ဂါလည်းကောင်း, အကာအကွယ် အရံအတားအလို့ဂ္ဂါလည်းကောင်း သင်ကြားပေးတော် မူခဲ့ပါတယ်။

ရဟန်းတော်တွေလဲ ထိုတောအုပ်သို့ ပြန်လာကြပြီး ဘုရားရှင် သင်ပေးညွှန်ကြားတော်မူတဲ့အတိုင်း မေတ္တာသုတ်ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာကို ပွါးများကြရာ နတ်တွေက ချစ်ခင်မြတ်နိုးကြကာ ဝတ်ကြီးဝတ်ငယ်များကိုပင် ပြုလုပ်ကြ, စောင့်ရှောက်ကြပါတော့တယ်။

ရဟန်းတော်တွေလဲ မေတ္တာဘာဝနာပွါးလျက် ဒီမေတ္တာသုတ်ကို အခြေခံကာ ဝိပဿနာအားထုတ်တဲ့အတွက် ဝါတွင်းမှာပင် ရဟန္တာအဖြစ်သို့ အားလုံးရောက်ကြပြီးလျှင် မဟာပဝါရဏာနေ့မှာ ဝိသုဒ္ဓိ ပဝါရဏာကို ပြုကြရကုန်သတတ်[၃၆]။

**<u>စရိုက်နှင့် ကမ္မဋ္ဌာန်း</u>။** ။ ပင်ကိုယ်သဘာဝ သူတကာ ဖြစ်နေကျထက် လွန်လွန်ကဲကဲ ဖြစ်တတ်တဲ့သဘောကို **"စရိုက်"**ခေါ်တယ်၊ ဒီစရိုက်က ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက်စရိုက်အား‌ဖြင့် ၆-ပါးပြားပါတယ်။ [လောဘကို ရာဂ, ပညာကို ဗုဒ္ဓိ-လို့ ခေါ်တယ်၊ ဒေါသ, မောဟ, သဒ္ဓါ, ဝိတက်-တို့ကတော့ တိုက်ရိုက် စေတသိက်တို့အမည်တွေ ဖြစ်တယ်၊ သတ္တဝါတစ်ယောက်မှာ ဒီစရိုက် ၆-ပါးတို့တွင် ၂-ပါး, ၃-ပါး စသည် ရောယှက်ဖြစ်လေ့ရှိတတ်ပါတယ်။]

---

[၃၆] ခုဒ္ဒကပါဌအဋ္ဌကထာ မေတ္တသုတ် ၁၉၉-၂၀၀။ သုတနိပါတအဋ္ဌကထာ၊ ၁၊ မေတ္တသုတ်အဖွင့်၊ ၁၇၅-၁၇၆။

**ရာဂစရိုက်ရှိသူ**တို့.အား တစ်ဆယ့်တစ်ပါးသော **အသုဘကမ္မဋ္ဌာန်း**များနဲ့. သင့်လျော်ပါတယ်။
[အသုဘ ဆယ်ပါးနဲ့. ကာယဂတာသတိခေါ် ကောဋ္ဌာသကမ္မဋ္ဌာန်း]။
**ဒေါသစရိုက်ရှိသူ**တို့.အား **မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ**–ဆိုတဲ့ **ဗြဟ္မဝိဟာရ (အပ္ပမညာ) ကမ္မဋ္ဌာန်း**လေးပါးနဲ့. သင့်လျော်ပါတယ်။
**မောဟစရိုက်ရှိသူ**တို့.အား **မရဏာသတိ**စတဲ့ ကမ္မဋ္ဌာန်းများနဲ့. သင့်လျော်ပါတယ်။
**ဝိတက်စရိုက်ရှိသူ**တို့.အား **အာနာပါနဿတိ, ပထဝီကသိုဏ်း**စတဲ့ ကမ္မဋ္ဌာန်းများနဲ့. သင့်လျော်ပါတယ်။
**သဒ္ဓါစရိုက်ရှိသူ**တို့.အား **ဗုဒ္ဓါနုဿတိ**စတဲ့ကမ္မဋ္ဌာန်းများနဲ့. သင့်လျော်ပါတယ်။
**ဗုဒ္ဓိ**ခေါ် **ပညာစရိုက်ရှိသူ**တို့.အား **စတုဓာတုဝဝတ္ထာန်း**ခေါ်တဲ့
ဓာတ်ကမ္မဋ္ဌာန်းလေးမျိုးစသည်များနဲ့. သင့်လျော်ပါတယ်။
ဒါက ခုဒ္ဒကပါဌအဋ္ဌကထာ မေတ္တာသုတ် နိဒါနသောဓန (၁၉၈-၁၉၉)နဲ့. သုတ္တနိပါတအဋ္ဌကထာ မေတ္တာသုတ်အဖွင့် (၁၊ ၁၇၅)တို့.မှာ "ဘုရားရှင် ဟောတော်မူကြောင်း"လာရှိပါတယ်။

အဘိဓမ္မတ္ထသင်္ဂဟ, ကမ္မဋ္ဌာန်းပိုင်း စရိုက်နှင့် ကမ္မဋ္ဌာန်း တွဲဖက်ပြရာတွင်---

(၁) **ရာဂစရိုက်ရှိသူအား အသုဘဆယ်ပါး, ကာယဂတာသတိ** ခေါ်တဲ့ **ကောဋ္ဌာသကမ္မဋ္ဌာန်း**–ဒီ ၁၁–ပါးသော ကမ္မဋ္ဌာန်းများ လျှောက်ပတ်ပါတယ်၊ အဲဒီကမ္မဋ္ဌာန်းကိုအားထုတ်မှသာ **ရာဂမီး** ငြိမ်းတယ်။

(၂) **ဒေါသစရိုက်ရှိသူ**အား **အပ္ပမညာ ၄–ပါး, နီလစတဲ့ အဆင်းကသိုဏ်း ၄–ပါး**တို့. လျှောက်ပတ်ပါတယ်။ ဒေါသစရိုက်ရှိသူဟာ ဆိုးဝါးတဲ့အာရုံကို အာရုံပြုနေရရင် သာ၍ ဒေါသတိုးဖွယ်ရှိတယ်၊ ဒါ့ကြောင့် **ဒေါသမီး** ငြိမ်းဖို့.ရန် မေတ္တာ–စတဲ့အပ္ပမညာ ၄–ပါး, နီလ, ပီတ, လောဟိတ, ဩဒါတ ကသိုဏ်း ၄–ပါး– ဒီကမ္မဋ္ဌာန်း ၈–ပါးကို အားထုတ်ရမယ်။

(၃, ၄) **မောဟစရိုက်, ဝိတက်စရိုက်ရှိသူ**တို့.အား **အာနာပါနကမ္မဋ္ဌာန်း**က လျှောက်ပတ်ပါတယ်။ မောဟစရိုက်ရှိသူဟာ စိတ်ပျံ့လွင့် တုန်လပ်တယ်၊ ဝိတက်စရိုက်ရှိသူဟာလဲ အကြံများတဲ့အတွက် စိတ်ပျံ့လွင့်ပါတယ်၊ အာနာပါနကမ္မဋ္ဌာန်းက ထွက်သက်ဝင်သက်ကို အချက်ကျကျလိုက်ကာ အာရုံပြုရတဲ့အတွက် တုန်လပ်ပျံ့လွင့်နေတဲ့ စိတ်ကို ချုပ်နှိုင်းဖမ်းနှိုင်တဲ့ ကမ္မဋ္ဌာန်းဖြစ်တယ်၊ ဒါ့ကြောင့် မောဟနဲ့. ဝိတက်စရိုက်ရှိသူ ၂–ဦးတို့.ဟာ **အာနာပါနဿတိကမ္မဋ္ဌာန်း**နဲ့. အသင့်တော်ဆုံးဖြစ်တယ်၊ အဲဒါကြောင့် **"အိပ်မပျော်ပဲ အတွေးအကြံတွေများနေရင် အာနာပါနကို နှလုံးသွင်းပါ"**လို. ဆရာတို့. ပြောကြပါတယ်။

(၅) **သဒ္ဓါစရိုက်ရှိသူ**အား **ဗုဒ္ဓါနုဿတိ**–စတဲ့ ကမ္ပဋ္ဌာန်း ၆–ပါးတို့ လျှောက်ပတ်ပါတယ်။ ပင်ကိုယ်ကကောင်းနေတဲ့ သဒ္ဓါတရားက ဘုရားစတဲ့ အာရုံများနဲ့ တွေ့ကြုံရရင် **"အတိုင်းထက်အလွန်, တံခွန်နှင့်ဘုရား"**ဆိုသလို တိုးတက်ဖွံ့ဖြိုးလာဖွယ်ရှိတဲ့အတွက် **ဗုဒ္ဓါနုဿတိ, မွှော နုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ** ၆–ပါးဟာ သဒ္ဓါ စရိုက်ရှိသူနဲ့ သင့်လျော်ပါတယ်။

(၆) **ဗုဒ္ဓိ**ခေါ်တဲ့ **ပညာစရိုက်ရှိသူအား မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်**တို့ လျှောက်ပတ်ပါတယ်။ ပညာစရိုက်ရှိသူက သိမ်မွေ့နက်နဲတဲ့ အာရုံနဲ့တွေ့ရရင် ကြပ်ကြပ်စဉ်းစားရလေ ဉာဏ်ပညာတိုးပွါးလေ ဖြစ်တဲ့အတွက် သိမ်မွေ့နက်နဲတဲ့ မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်–တို့နဲ့ လျော်ပါတယ်။

ကျန်တဲ့ ပထဝိကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, အာကာသကသိုဏ်း, အာလောကကသိုဏ်း ၆–ပါးနဲ့ အာရုပ္ပ ၄–ပါး=ဒီ ၁၀–ပါးကတော့ မည်သည့်စရိုက်ရှိသူမဆို အားလုံးနဲ့ လျှောက်ပတ်တယ်[၃၆၉]။

ဘုရားရှင်ဟောတော်မူတဲ့ **မေတ္တသုတ်**မှာ **"ကရဏီယမတ္ထကုသလေန"**–ဂါထာအစ **"ဒိဋ္ဌဉ္စ အနုပဂ္ဂမ္မ"**ဂါထာအဆုံး ၁၀–ဂါထာ[၃၇၀] ရှိပါတယ်။

**၁။ ကရဏီယ'မတ္ထကုသလေန၊**
**ယန္တ သန္တံ ပဒံ အဘိသမေစ္စ။**
**သက္ကော ဥဇူ စ သုဟုဇူ စ၊**
**သူဝစော စဿ မုဒု အနတိမာနီ။**

**ကရဏီယ မတ္ထကုသလေန [ကရဏီယံ+ အတ္ထကုသလေန]**

**ယန္တ= ယန် တ [ယန္တ**–မှာ **ယန္တံ**–လို့ ဆိုလိုလျက် ဆန်းကြောင့် နိဂ္ဂဟိတ်ကြေကာ **'ယန္တ'**ဖြစ်၊ **ယံ တံ]**

---

[၃၆၉] အခြေပြုသပြိုဟ်၊ ကမ္ပဋ္ဌာန်းပိုင်း။ နိဿယနှင့် အဓိပ္ပါယ်၊ ၅၅၁–၅၅၃။

[၃၇၀] ခုဒ္ဒကပါဌပါဠိ မေတ္တသုတ္တ (ခု၊ ၁၊ ၁၀–၁၁)။ သုတ္တနိပါတပါဠိ မေတ္တသုတ္တ (ခု၊ ၁၊ ၃၀၀–၃၀၁)။

**သန္တံ= သန်တံ**

**အဘိသမေစ္စ= အဘိသမစ်စ** [**အဘိ သမေစ္စ**–ဖတ်၊ **အဘိသ မေစ္စ**–မဖတ်နဲ့]

**ဥဇူ, သုဟုဇူ, သူဝစော** [ဆန်းကြောင့် **ဥဇု→ဥဇူ, သုဟုဇု→သုဟုဇူ, သုဝစော→သူဝစော**–ဒီဃတွေ ဖြစ်လာရ၊ **သုဥဇု→သုဟုဇု**–ရွတ်ဖတ်လွယ်ကူ ပြေပြစ်ရန် **'ဟ်'**လာ]

**အနတိမာနီ** [**အနတိမာနီ**–ဖတ်၊ **အ နတိမာနီ**–မဖတ်ရ။

**နဲ+အတိမာနီ→အန်+အတိမာနီ→အနတိမာနီ**]

**သန္တံ**–ငြိမ်သက်အေးချမ်းသော၊ **ပဒံ**–နိဗ္ဗာန်ကို၊ **အဘိသမေစ္စ**–အာရုံယူဘိ ထွင်းဖောက်မြင်သိ၍၊ (ဝိဟာရိတုကာမေန–နေခြင်းငှါ အလိုရှိသော)၊ **အတ္ထကုသလေန**–အကျင့်အမျိုးမျိုး အကျိုးစီးပွါး၌ လိမ်မာသူသည်၊ **ယံ ကရဏီယံ**–အကြင်ပြုကျင့်ရမည့် သိက္ခာသုံးရပ် အကျင့်မြတ်သည်၊ အတ္ထိ–ရှိ၏၊ **တံ**–ထိုသိက္ခာသုံးရပ် အကျင့်မြတ်ကို၊ **ကရဏီယံ**–ပြုကျင့်အပ် ပြုကျင့်ထိုက်ပေ၏၊ **သက္ကော စ**–ကိုယ်, အသက်၌ မင့်ကွက် မညှာတာ လေးသစ္စာကို ကောင်းစွာပိုင်ပိုင် သိဖို့ရာ ကျင့်စွမ်းနိုင်သူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **ဥဇု စ**–ဖြောင့်မတ်သူသည်လည်း၊ ဝါ–ကိုယ်နှုတ်နှစ်ပါး ဖြောင့်မှန်ရိုးသားသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **သုဟုဇု စ**–အလွန်ဖြောင့်မတ်သူသည်လည်း၊ ဝါ–စိတ်ထားစိတ်နေ မသွေမထောင့် ရိုးသားဖြောင့်မှန်သူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **သုဝစော စ**–ဆိုဆုံးမလွယ်သူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **မုဒု စ**–နူးညံ့ပျော့ပျောင်းသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **အနတိမာနီ စ**–မာန်ထောင်လွှားခြင်း မရှိသူသည်လည်း၊ ဝါ–သူတပါးအပေါ် နင်းကျော်လွှမ်းဘိ မောက်မာသော မာန်မရှိသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏။

၂။ **သန္တုဿကော စ သုဘရော စ၊**

**အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။**

**သန္တိန္ဒြိယော စ နိပကော စ၊**

**အပ္ပဂဗ္ဘော ကုလေသွ'နနုဂိဒ္ဓေါ။**

**သန္တုဿကော= သန်တုသ်သကော→သန်တုတ်သကော**

**အပ္ပကိစ္စော= အပ်ပ ကိစ်စော→အပ်ပ ကိတ်စော**

**သလ္လဟုကဝုတ္တိ= သန်လဟုက ဝုတ်တိ**

သန္တိုန္ဒိယော= သန်တိန်ဒရိယော
အပွဂဗ္ဘော= အပ် ပဂဗ်ဘော [အပ် ပဂဗ္ဘော–ဖတ်၊ အပွ ဂဗ္ဘော–မဖတ်ရ]
ကုလေသွ'နနုဂိဒ္ဓေါ= ကုလေသွ နနုဂိတ်ဓော [ကုလေသု+အနနုဂိဒ္ဓေါ
(=နန+အနုဂိဒ္ဓေါ→အန်+အနုဂိဒ္ဓေါ=အနနုဂိဒ္ဓေါ)]

**သန္တုဿကော စ**–တင်းတိမ်ရောင့်ရဲလွယ်သူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **သုဘရော စ**–မွေးမြူလွယ်သူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **အပွကိစ္စော စ**–နည်းပါးသော ကိစ္စရှိသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **သလ္လဟုကဝုတ္တိ စ**–ပေါ့ပါးသော အဖြစ်မျိုးရှိသူသည်လည်း၊ **ဝါ**–ပေါ့ပါးသော အသက်မွေးခြင်းရှိသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **သန္တိုန္ဒိယော စ**–ငြိမ်သက်သော ဣန္ဒြေရှိသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **နိပကော စ**–ရင့်ကျက်သော ပညာရှိသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **အပွဂဗ္ဘော စ**–ကြမ်းတမ်းရိုင်းပြခြင်း မရှိသူသည်လည်း၊ ဝါ–ကိုယ်နှုတ်နှလုံး ရုန်းရုန်းရင်းရင်း ကြမ်းတမ်းခြင်းမရှိသူသည်လည်း၊ **အဿ**–ဖြစ် ရာ၏၊ **ကုလေသု**–အိမ်သားအိမ်သူ လူဒါယကာတို့၌၊ **အနနုဂိဒ္ဓေါ**–တွယ်တာမက်မောခြင်း မရှိသူသည်လည်း၊ ဝါ–ပစ္စည်းကိုတပ် တဏှာဓာတ်ဖြင့် ငြိကပ်တွယ်တာခြင်း မရှိသူသည်လည်း၊ **အဿ**–ဖြစ်ရာ၏။

ငြိမ်သက်အေးချမ်းလှတဲ့ နိဗ္ဗာန်ကို ဖောက်ထွင်းသိမြင်လျက် နေလိုပြီး အကျိုးစီးပွါး၌ လိမ်မာသူဟာ ပြုကျင့်ရမည့် သိက္ခာသုံးပါး အကျင့်များကို ပြုကျင့်ရမယ်၊ အဲဒီသူဟာ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ သစ္စာလေးပါးကို ကောင်းစွာသိဖို့ရာ ကျင့်စွမ်းနိုင်ရမယ်, ဖြောင့်မတ်ရမယ်, အလွန်ဖြောင့်မတ်ရမယ်, ဆိုဆုံးမလွယ်ရမယ်, နူးညံ့ပျော့ပျောင်းရမယ်, မာနမကြီးရ, ရောင့်ရဲလွယ်ရမယ်, မွေးမြူလွယ်ရမယ်, ကိစ္စနည်းပါးရမယ်, ပေါ့ပါးတဲ့ အဖြစ်မျိုး အသက်မွေးခြင်းမျိုး ရှိရမယ်, ငြိမ်သက်တဲ့ ဣန္ဒြေရှိရမယ်, ရင့်ကျက်တဲ့ပညာရှိရမယ်၊ မကြမ်းတမ်း မရိုင်းပြ ယဉ်ကျေးရမယ်, လူဒါယကာတို့၌ တွယ်တာခြင်းမရှိရ။

**မေတ္တာဖြစ်ကြောင်း အကျင့်ကောင်းများ။** ။ နိဗ္ဗာန်ကို မျက်မှောက်သိလိုသူမှန်သမျှ သိက္ခာသုံးပါးကို ကျင့်ဖို့ တိုက်တွန်းတော်မူပြီး ပြုကျင့်ရမည့် အကျင့်များကိုလဲ ထုတ်ဖော်ညွှန်ကြားတော်မူလိုတဲ့အတွက် **ကရဏီယမတ္တကုသလေန**"စတဲ့ဂါထာများကို ဟောတော်မူပါတယ်။

**ကရဏီယစလာ ဓိပ္ပါယ်အဖြာဖြာ ။** ။ **"ကရဏီယန္တိ** ကာတဗ္ဗံ"ဆိုတာ ပြုသင့်ပြုထိုက်တဲ့ အကျင့်များ-ကို ဆိုလိုတယ်၊ ဘုရားသာသနာမှာ ပြုကျင့်ရမယ့် အကျင့်များဟာ သီလ သမာဓိ ပညာ သိက္ခာသုံးပါးမှတပါး အခြားအကျင့်မရှိပါ၊ ဒါ့ကြောင့် "သင်္ခေပတော သိက္ခတ္တယံ **ကရဏီယံ**-အကျဉ်းချုပ်အနေနဲ့ သိက္ခာသုံးပါးအပေါင်းဟာ **"ကရဏီယ"**မည်တယ်"လို့ အဋ္ဌကထာများ[၃၇] က မိန့်ဆိုကြပါတယ်။

ဒီသိက္ခာသုံးပါးပျက်ပြားကြောင်းဖြစ်တဲ့ သီလဝိပတ္တိ (သီလပျက်ခြင်း), ဒိဋ္ဌိဝိပတ္တိ (ကောင်းတဲ့အယူပျက်ခြင်း), အာစာရဝိပတ္တိ (အကျင့်ပျက်ခြင်း), အာဇီဝဝိပတ္တိ (အသက်မွေးမပျက်စီးခြင်း) စတဲ့ မကောင်းမှုမှန်သမျှကို **"အကရဏီယ** (မပြုသင့် မပြုထိုက်တဲ့ အကျင့်)"လို့ ဆိုပါတယ်။

**"အတ္ထကုသလေန"**၌ **'အတ္ထ'**အရ ကျင့်ကြံရယူတဲ့အနေနဲ့ အမြဲရောက်နေရမည့် အကျင့်, သို့မဟုတ် မိမိအကျိုးစီးပွါးမှန်သမျှကို ဆိုပါတယ်၊ ဒီသာသနာတော်မှာ မိမိရဲ့အကျိုးစီးပွါးအစစ်က မဂ်ဖိုလ် နိဗ္ဗာန်ဖြစ်တယ်၊ ဒီမဂ်ဖိုလ်နိဗ္ဗာန် ရရန်အကြောင်းမှာ ကောင်းမြတ်တဲ့ အကျင့်များပင် ဖြစ်တယ်၊ ဒီအကျင့်များကို သိနားလည်ပြီး နားလည်တဲ့အတိုင်း ကျင့်ကြံကြိုးစားသူ, ကျင့်ကြံတဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ရသူကို **"အတ္ထကုသလ** (အကျိုးစီးပွါး၌ လိမ်မာသူ)"လို့ ဆိုရတယ်။

အကျင့်အမျိုးမျိုး အကျိုးကိုနားမလည်သူ, နားလည်ပေမဲ့ မကျင့်သူကို **"အနတ္ထကုသလ** (အကျိုးစီးပွါး၌ မလိမ်မာသူ)"လို့ ဆိုရတယ်။

**မေတ္တာရှေ့တွင် ကျင့်လမ်းစဉ် (မေတ္တာပုဗ္ဗဘာဂပဋိပဒါ)။** ။ **"သက္ကော ဥဇူ စ သုဟုဇူ"**စသည်က မေတ္တာရဲ့ ရှေ့အဖို့မှာ ပြုကျင့်ရမည့် အကျင့်များဖြစ်တယ်။ **"ကရဏီယ'မတ္ထကုသလေန"**လို့ ဟောတဲ့အခါ အကျဉ်းသင်္ခေပမျှသာဖြစ်လို့ သိက္ခာသုံးပါး ကျင့်ရမည့်တရားကို အချို့ နားလည်, အချို့ နားမလည်သေးပဲရှိရာတွင် နားမလည်သေးသူ ရဟန်းရှင်လူတို့ သိနားလည်ကြရန် အကျယ်အားဖြင့် ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ **"သက္ကော"**စသည်ဖြင့် **"ကရဏီယ(ကျင့်ရမည့်)"**ဓမ္မများကို ပြလိုရင်း ဖြစ်ပေမယ့် မည်သည့်ဓမ္မကို ကျင့်ရမယ်-လို့ ဟောတာထက် ဘယ်အကျင့်မျိုးရှိသူ ဖြစ်ရမယ်-လို့ ဟောတာက ပိုမို နားလည်ထင်ရှား စိတ်ဝင်စားမည်ဖြစ်တဲ့အတွက် ပုဂ္ဂလာဓိဋ္ဌာန်[၃၇၂] အနေနဲ့ ဓမ္မများကို ညွှန်ကြား

---

[၃၇] ခုဒ္ဒကပါဌအဋ္ဌကထာ၊ မေတ္တသုတ္တ (၂၀၂)။ သုတ္တနိပါတအဋ္ဌကထာ၊ မေတ္တသုတ်အဖွင့် (၁၇၅)။

[၃၇] **ပုဂ္ဂလာဓိဋ္ဌာန်**-ပုဂ္ဂလ+အဓိဋ္ဌာန် (ပုဂ္ဂိုလ်၏ အဓိဋ္ဌာန်)

ခြင်းဖြစ်တယ်၊ ဒီတရားများနဲ့ ပြည့်စုံနေမှ မေတ္တာတိုးပွါးနိုင်တယ်၊ ဒီအကျင့်တရားများ မပြည့်စုံသူမှာ မေတ္တာတိုးပွါးနိုင်ဖို့ မဆိုထားနဲ့ မေတ္တာဖြစ်ရုံမျှ ဖြစ်နိုင်ခွင့်မရှိပါ၊ ဒါ့ကြောင့် ဒီအကျင့်များကို **"မေတ္တာပုဗ္ဗဘာဂပဋိပဒါ** (မေတ္တာရဲ့ ရှေ့အဖို့က ကျင့်ရမည့်အကျင့်များ)"လို့ ခေါ်ဆိုကြပါတယ်။

အမှန်ကတော့ ဒီအကျင့်များနဲ့ မပြည့်စုံပဲ ပျက်ပြားနေသူမှာ မေတ္တာသာမက မည်သည့် ဘာဝနာမျိုးမှ ဖြစ်ပွါးနိုင်ခွင့် မရှိပါ၊ ဒါ့ကြောင့် အခြားဘာဝနာမှုများလဲ ဒီအကျင့်တရားများ ပြည့်စုံသူ၌ သာဖြစ်နိုင်လို့ **"သဗ္ဗဘာဝနာပုဗ္ဗဘာဂပဋိပဒါ** (ဘာဝနာမှန်သမျှရဲ့ ရှေ့အဖို့က ကျင့်ရမည့်အကျင့်များ)" လို့ပင် ဆိုထိုက်ပါတယ်။

**သတ္တောရေါ်ယူ စွမ်းနိုင်သူ။** ။ လောကမှာ အကျိုးဖြစ်ထွန်းလိမ့်မယ်–လို့ ယုံကြည်ချက်မရှိသူ, မကျန်းမာသူ, ပျင်းရိသူ, ဉာဏ်မရှိသူများဟာ ဉာဏ်ဖြင့် လုပ်ရမယ့်အလုပ်မျိုးကို လုပ်လိမ့်မယ်မဟုတ်ပါ၊ လုပ်ပေမဲ့ ဖြစ်မြောက်အောင် ဆောင်ရွက်ပြုစွမ်းနိုင်မယ်မဟုတ်ပါ။ **ယုံကြည်ချက်ရှိသူ, ကျန်းမာသူ, ဝီရိယရှိသူ, ဉာဏ်ရှိသူများသာ ဉာဏ်နဲ့လုပ်ရမယ့်အလုပ်မျိုးကို ဖြစ်မြောက်အောင် လုပ်နိုင်ကြပါတယ်၊ တရားအရာမှာလဲ အလားတူ ဖြစ်ပါတယ်။**

ဒါနဲ့ပတ်သက်လို့ မဇ္ဈိမပဏ္ဏာသပါဠိ ဇောဓိရာဇကုမာရသုတ် (မ၊ ၂၊ ၂၉၇-၂၉၈)မှာ လာရှိပါတယ်၊ ဇောဓိမင်းသားက "အရှင်ဘုရား--ဘုရားရှင်ဆိုတဲ့ ဆုံးမလမ်းညွှန်မယ့် ပုဂ္ဂိုလ်ကိုရတဲ့ ရဟန်းဟာ ဘယ်လောက်ကြာမှ အရဟတ္တမဂ်ဖိုလ်ကို ရပါသလဲ?"လို့ လျှောက်တဲ့အခါ ဘုရားရှင်က "မင်းသား--ဒီအရေးမှာ သင့်ကိုပင် ပြန်မေးရဦးမယ်၊ သင် ဆင်စီး ခွန်းကိုင်အတတ်ကို တတ်သလော?"လို့ မေးတော်မူရာ မင်းသားက "တတ်ပါကြောင်း" လျှောက်ထားပါတယ်၊ ဘုရားရှင်က "လူတစ်ယောက်က သင့်ထံမှာ ဆင်စီး ခွန်းကိုင်အတတ်ကို သင်မယ်–လို့ လာတယ်၊ ဒီသူဟာ ယုံကြည်ချက်လဲမရှိ, ကျန်းမာရေးလဲ မကောင်း, ကောက်ကျစ်လှည့်ဖျားတတ်သူလဲ ဖြစ်တယ်, ပျင်းလဲပျင်းတယ်, ဉာဏ်လဲမရှိ၊ အဲဒီသူကို တတ်မြောက်အောင် သင်ပေးနိုင်ပါ့မလား?"လို့ မေးတော်မူပါတယ်။

မင်းသားက "ဒီအဂိ္ဂ ၅-ပါးအနက် တစ်ပါးပါးနဲ့ ငြိစွန်းနေရင်အောင် သင်နိုင်မယ် မဟုတ်ပါ၊ ငါးပါးလုံး စုံနေရင်တော့ ဆိုဖွယ်မရှိပါ"လို့ လျှောက်ထားပါတယ်။ ဘုရားရှင်က "မင်းသား--နောက်တစ်ယောက်ကတော့ ယုံကြည်ချက်လဲ ရှိတယ်, ကျန်းလဲ ကျန်းမာတယ်, ဖြောင့်လဲ ဖြောင့်မတ်တယ်, မပျင်းမရိ ကြိုးလဲကြိုးစားတယ်, ဉာဏ်လဲရှိတယ်၊ အဲဒီသူကော သင်ကြားတတ်မြောက်နိုင်ပါ

မည်လော?"လို့ မေးတော်မူတဲ့အခါ မင်းသားက "အရှင်ဘုရား--အဲဒီလိုလူမျိုးမှာ အင်္ဂါတစ်ခုခုနဲ့ ပြည့်စုံရင်ပင် သင်ကြားတတ်မြောက်နိုင်ပါတယ်၊ ငါးပါးလုံး ပြည့်စုံပါမှ ပြောဖွယ်မရှိတော့ပါဘုရား"လို့ လျှောက်ထားပါတယ်။

ဘုရားရှင်က "မင်းသား...အလားတူပင် **တရားအားထုတ်သူဖြစ်ကြောင်း အင်္ဂါ (ပဓာနိယင်္ဂ်)** **၅-ပါး** ရှိတယ်-----

၁။ **သဒ္ဓါ**-ဘုရားဌ္ဌ ယုံကြည်တဲ့ သဒ္ဓါရှိခြင်း,

၂။ **အပ္ပါဗာဓော**-အနာကင်းရှင်း ကျန်းမာခြင်း,

၃။ **အသဋ္ဌော အမာယာဝီ**-မစဉ်းလဲ မလှည့်ဖြား မိမိအဖြစ်မှန်ကို တင်ပြတတ်ခြင်း,

၄။ **အာရဒ္ဓဝီရိယော**-အားထုတ်မ လုံ့လဝီရိယရှိခြင်း,

၅။ **ပညဝါ**-ပညာရှိခြင်း-တို့ဖြစ်တယ်၊ ဒီ၅-ပါးနှင့် ပြည့်စုံရင် တရား လျင်မြန်စွာ ရနိုင်တယ်"လို့ ဟောတော်မူပါတယ်။ ဒါ့ကြောင့် **"သဏ္ဍော-စွမ်းနိုင်သူ"**ဆိုသည်မှာ ဒီ ပဓာနိယင်္ဂ်တရား ၅-ပါး ပြည့်စုံသူ ဖြစ်ရမယ်-လို့ သိအပ်ပါတယ်။

**ယုံကြည်သဒ္ဓါ၊ အနာကင်းရှင်း၊ စဉ်းလဲမပြု၊ အားထုတ်မှုပါ၊ သိပညာ၊ ငါးဖြာ ပဓာနိယင်္ဂ်။**

**ဥဇုဖြောင့်မတ်၊ လွန်ဖြောင့်မတ်၊ မှတ်အပ် သုဟုဇူ။ ။ "ဥဇု, သုဟုဇု"**တို့က ပဓာနိယင်္ဂ် ၅-ပါးအနက် တစ်ပါးအပါအဝင်ဖြစ်တဲ့ မစဉ်းလဲ မလှည့်ဖြားတတ်သူ, မိမိအဖြစ်မှန်ကို ဘုရား, သို့မဟုတ် ပညာရှိ, သို့မဟုတ် သိတင်းသုံးဖော်တို့ထံ ဖော်ပြတတ်သူဖြစ်ရမယ်-ဆိုတဲ့ အင်္ဂါရပ်ပင် ဖြစ်တယ်။

ကောက်ကျစ်စဉ်းလဲခြင်း လှည့်ဖြားခြင်း ရှိသူတွေဟာ သူတပါးအပေါ် မေတ္တာထားနိုင်မယ် မဟုတ်ပါ၊ မေတ္တာသာမဟုတ် အခြားအကျင့် တရားကောင်းမျှားလဲ ဖြစ်ပွါးရန်လဲ မလွယ်ပါ၊ စင်ကြယ်တဲ့ ပိတ်ကားပေါ်မှာသာ ပန်းချီဆေး တောက်ပြောင်ပေါ်လွင် ထင်ရှားနိုင်ပြီး ညစ်ပေနေတဲ့ ပိတ်ကားပေါ်တွင် ဆေးရောင်မပေါ်လွင် မထင်ရှားနိုင်သလို ကောင်းမြတ်တဲ့တရားမျှားဟာ သန့်ရှင်းတဲ့စိတ် ဓာတ်ရှိသူမှာသာ စွဲမြဲစွာ ထင်နိုင်တည်နိုင်၍ စိတ်ဓာတ်မသန့်ရှင်းသူမှာတော့ မတည်နိုင်ပါ၊ ဒါ့ကြောင့် "ရိုးသား ဖြောင့်မတ်မဟာ အလွန်အရေးကြီးတဲ့အတွက် **ဥဇု, သုဟုဇု**-လို့ နှစ်ချက်ထပ် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

အဋ္ဌကထာများ[၃၇၃]မှာတော့ "တစ်ကြိမ်တစ်ခါ သို့မဟုတ် ငယ်ရွယ်စဉ်အခါ ဖြောင့်မတ်မှု **'ဥဇု'** ဖြင့် ကျေနပ်မနေသေးပဲ အသက်ထက်ဆုံး ထပ်တလဲလဲ လျော့မသွားအောင်ပြုခြင်းဖြင့် အလွန်ဖြောင့်မတ်မ **'သုဟုဇု'**ဖြစ်အောင် ပြုရမယ်၊ ဒါ့အပြင် ကိုယ်နှတ်ကောက်ကျစ်မှုကို ပယ်ခြင်းဖြင့် **'ဥဇု'**ဖြစ်အောင်, စိတ်ထားကောက်ကျစ်မှကို ပယ်ခြင်းဖြင့် **'သုဟုဇု'**ဖြစ်အောင်ပြုရမယ်၊ အဓိသီလသိက္ခာ အဓိစိတ္တ သိက္ခာတို့ဖြင့် **'ဥဇု'**ဖြစ်ရန်, အဓိပညာသိက္ခာဖြင့် **'သုဟုဇု'**ဖြစ်ရန် ကြိုးစားရမယ်" စသည်ဖြင့် ဖွင့်ပြကြပါတယ်။

ဒီအဋ္ဌကထာများအလိုအရ အကျင့်ကို ကြိုးစားခြင်းဖြင့် အရဟတ္တမဂ်ရ၍ ကိလေသာကုန်စင်မှ အပြည့်အစုံ **"ဥဇု, သုဟုဇု"**ဖြစ်တယ်–လို့ သိရတယ်၊ အဲဒီအဖြစ်မျိုးရောက်ဖို့ မိမိစိတ်ဓာတ်ကို ပဋိပတ် အကျင့်နဲ့ အမြဲတစေ ဖြောင့်ပေးနေရမယ့်သဘောကိုလဲ သိစေပါတယ်။

**<u>ဆုံးမလွယ်သူ မှတ်ယူသုဝစ</u>**။ ။ ပြောဆိုဆုံးမခက်သူကို **"ဒုဗ္ဘစ"**ခေါ်တယ်၊ ဒုဗ္ဘစပုဂ္ဂိုလ်များဟာ 'ဒီအမှုမျိုးကို မလုပ်သင့်ဘူး'လို့ ပြောရင် 'သင်မြင်သလား? ကြားသလား? ဘယ်သူက ပြောသလဲ? စသည်ဖြင့် ပြန်လှန်ပြောတတ်တယ်၊ အရေးမစိုက်သလို မကြားချင်ယောင်ဆောင်ကာ ဆိတ်ဆိတ်လဲ နေတတ်တယ်၊ ပြောစကားကို လက်ခံပေမဲ့ ပြောတဲ့အတိုင်း မလိုက်နာပဲ လုပ်မြဲလုပ်နေတတ်တယ်၊ ဒီလိုလူမျိုးမှာ တရားထူးရဖို့ အလှမ်းဝေးပါတယ်။ ပြောဆိုဆုံးမလွယ်သူ (**သုဝစ**)ပုဂ္ဂိုလ်များကတော့ တစ်စုံတစ်ယောက်က ဆုံးမရင် အားရဝမ်းသာစွာ လက်ခံတယ်၊ နောင်အခါမှာလဲ ဆုံးမပါရန် ပန်ကြားတတ်ပါတယ်၊ ဆုံးမတဲ့အတိုင်းလဲ လိုက်နာကျင့်တတ်ပါတယ်၊ အဲဒီလိုလူမျိုးက တရားထူးရဖို့ အလွန်နီးကပ်လျက်ရှိပါတယ်။

**<u>ဆုံးမခက်သူနှင့် ဆုံးမလွယ်သူတို့ ခြားနားချက်</u>**။ ။ ပြောဆိုဆုံးမခက်သူမှာ တပါးသူက ပြောလာရင် "ဒီလူက ငါ့အကျိုးစီးပွါးလိုလားလို့ ပြောတာပဲ"လို့ နားမလည်တတ်၊ မိမိအပေါ် ဆရာလုပ်တာ–လို့ ထင်ကာ မနှစ်သက်တတ်၊ အဲဒီလိုလူမျိုးမှာ အဆုံးအမနဲ့ ဆုံးမသူသို့ မလိုက်နာ မလိုက်ပါပဲ တင်းမာနေတဲ့ စိတ်ရှိသူမျိုးဖြစ်ရာ မေတ္တာဖြစ်ဖို့ မလွယ်ကူတဲ့အပြင် အခြားအကျင့်တရားများ ဖြစ်ဖို့လဲ ခက်ခဲလှ ပေးကွာလှပါတယ်။ အဆုံးအမကို လိုလားသူကတော့ ဆုံးမတတ်သူကို ရွှေအိုးလာပေးသူလို သဘောထားကာ လေးစားတတ်တယ်, မြတ်နိုးတတ်တယ်၊ အဆုံးအမနဲ့ ဆုံးမသူသို့ လိုက်လျောဖို့

---

[၃၇၃] ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၂၀၄။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၈၁။

အခန့်သင့် ပျော့ပျောင်း နူးညံ့တဲ့စိတ်ရှိနေရာ မေတ္တာနဲ့လိုက်ဖက်တဲ့စိတ်ထားဖြစ်လို့ မေတ္တာ တမင် မပွါးများပေမဲ့ မေတ္တာသက်ဝင်လျက်နေတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးမှာ အကျိုးစီးပွါး အစစ်အမှန်ကို လိုလား တောင့်တသူမျိုးဖြစ်ရာ ဘုရားရှင်ရဲ့ တရားအဆုံးအမတော်ကို လိုက်နာကျင့်သုံးရန် ဝန်မလေးတဲ့ အတွက် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ နီးကပ်လျက်ရှိသူ–လို့ ဆိုရတယ်။

**နူးညံ့ပျော့ပျောင်း စိတ်ထားကောင်း။** ။ **"မုဒု"** နူးညံ့ပျော့ပျောင်းသူ–ဆိုတာ **'ဇရာသ–**ကြမ်းတမ်းခြင်း'ရဲ့ ဆန့်ကျင်ဖက် နူးညံ့ခြင်းမျိုးကို ဆိုလိုတာမဟုတ်ပါ၊ **'ထဒ္ဓ–**ခက်ထန်ခြင်း, တင်းမာခြင်း'ရဲ့ ဆန့်ကျင်ဖက် နူးညံ့ပျော့ပျောင်းခြင်းကို ဆိုလိုတာပါ။ ပဋိပတ်မှာ ကျင့်ရန် ပျင်းရိဆုတ်နစ်သူ, သဒ္ဓါနည်းသူ–စတဲ့သူတွေဟာ ထိုထိုအကျင့်များကို မကျင့်နိုင်ကြပဲ တင်းမာနေသူများ ဖြစ်တယ်။ သဒ္ဓါရှိသူ, စိတ်အားထက်သန်လျက် လုံ့လဝိရိယ ရှိသူများကတော့ ထိုထိုအကျင့်များနဲ့ လိုက်လျောညီတဲ့ စိတ်ထားနူးညံ့ ပျော့ပျောင်းနေသူများ ဖြစ်ကြပါတယ်။

**မာနထောင်လွှား၊ မရှိငြာ၊ မှတ်သား အနတိမာနီ။** ။ အမျိုးအနွယ်စတဲ့ မာနဖြစ်ကြောင်းများနဲ့ သူတပါးအပေါ် မထိမဲ့မြင်မပြုသူကို **"အနတိမာနီ"** လို့ဆိုတယ်။ မာနထောင်တတ်သူက သူတပါးကို မိမိနဲ့မတူမတန်သလို သဘောထားကာ အဖက်မလုပ် အရေးမစိုက်ပဲ ရှိတတ်တယ်၊ ဒီသဘောကာ မေတ္တာကင်းတဲ့ အမှတ်အသားဖြစ်လို့ အဲဒီသဘောထားရှိသူမှာ မေတ္တာတည်ရာ ဘယ်မှာဖြစ်နိုင်ပါ့မလဲ? မာနမရှိသူကတော့ မိမိထက်ကြီးသူ မြတ်သူကို လေးစားရိုသေတတ်တယ်, မိမိအောက်ငယ်သူ အောက်ကျသူများကိုလဲ ကူညီတတ်တယ်, ငဲ့ညှာတတ်တယ်–စသည်ဖြင့် ထိုသူတွေ့အပေါ် စိတ်ထားနူးညံ့လျက်ရှိတာမို့ အဲဒီလိုသူမျိုးမှာ မေတ္တာစိတ်က အလိုလို ဖြစ်လျက်ရှိနေပါတယ်။

သူတပါးအပေါ် မောက်မာလိုခြင်း, ပြိုင်ဆိုင်လိုခြင်း–စတဲ့ သဘောထားဆိုးများရှိတဲ့ မာနကြီးသူမှာ တရားအားထုတ်ပေမဲ့ မော်လို ပြိုင်လိုစိတ်နဲ့ အားထုတ်ပည်ဖြစ်ကဲ့အတွက် ဘယ်မှာ တရားထူးရနိုင်ပါမလဲ? အလွန်သိမ်မွေ့တဲ့ မာနများကပင် တရားအားထုတ်ရာမှာ အနောင့်အယှက် ဖြစ်တတ်သေးရာ လွန်ကဲတဲ့မာန (အတိမာန)ကား ဆိုဖွယ်ရာမရှိပါ။ ဒါ့ကြောင့် မေတ္တာဘာဝနာအရာမှာ အနောင့်အယှက် အတားအဆီး မဖြစ်ဖို့ **"အနတိမာနီ**–မာနထောင်လွှားခြင်းမရှိသူ (မာန်မထောင်သူ)ဖြစ်ရမယ်–လို့ ညွှန်ပြတော်မူပါတယ်။

**သန္တုဿကော၊ ကျမ်းဂန်ပြော၊ သဘော ရောင့်ရဲသူ။** ။ **"သန္တုဿကော"**ရောင့်ရဲလွယ်သူ–ဆိုတာ ရတတ်သမျှ, ရှိသမျှ, ဖြစ်သမျှနဲ့ တင်းတိမ်ကျေနပ်သူကို ဆိုလိုတယ်။ ရတတ်သမျှနဲ့ မရောင့်ရဲသူမှာ ရှာဖွေရ, ကြောင့်ကြစိုက်ရတဲ့အတွက် ဗျာပါရများခြင်း, ရှာမရရင် စိတ်မချမ်းသာခြင်း, စိတ်ဆိုးခြင်း **(ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ)**, ရပြန်ရင် ပိုရအောင်ရှာခြင်း, ရှာတိုင်းမရတဲ့အခါ စိတ်မသက် မသာ ဖြစ်ခြင်း, စိတ်ဆိုးခြင်း–စသည် ဖြစ်တတ်လေရာ မေတ္တာဖြစ်ဖို့ ဝေးကွာနေသူဖြစ်တယ်။ ရသမျှနဲ့ တင်းတိမ်နေသူမှာ ပစ္စည်းမရတာနဲ့ ပတ်သက်လို့ဖြစ်စေ, ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့ပတ်သက်လို့ ဖြစ်စေ စိတ်မချမ်းသာစရာ စိတ်ဆိုးစရာမရှိပဲ စိတ်အေးချမ်းလျက်ရှိတဲ့အတွက် အဲဒီပုဂ္ဂိုလ်ရဲ့စိတ်ဓာတ် ဟာ မေတ္တာနဲ့လိုက်ဖက် ဆိလျော်လျက်ရှိတယ်၊ ဒါ့ကြောင့် **ရောင့်ရဲလွယ်မှု**ကို မေတ္တာဘာဝနာဖြစ်ဖို့ ရန် အခြေခံအကျင့်အနေနဲ့ ဟောတော်မူခဲ့ပါတယ်။

**<u>သုဘရောမူ မွေးမြူလွယ်သူ</u>။** ။ **"ဒုဗ္ဘရ"**ဆိုတာ သူတပါးကို မှိနေရသူဖြစ်ပါလျက် သူကျွေးသမျှ ပေး သမျှနဲ့ မကျေနပ်နိုင်သူကို ဆိုလိုတယ်။ **"သုဘရ"**ဆိုတာကတော့ ကျွေးမွေးသမျှ ပေးသမျှနဲ့ ကျေနပ် သူကို ဆိုလိုတယ်။----

၁။ မိမိကိုယ်ကို မိမိ အမွေးအမြူခက်သူ,

၂။ မိမိကိုယ်ကို မိမိ အမွေးအမြူလွယ်သူ,

၃။ သူတပါး အမွေးအမြူခက်သူ,

၄။ သူတပါး အမွေးအမြူလွယ်သူ–လေးမျိုးရှိတယ်။

ဒီလေးမျိုးအနက် ၁။ အချိုရရင် အချဉ်ရှာ, အချဉ်ရရင် အချိုရှာ–စသည်ဖြင့် ရှာတတ်သူကို "မိမိကိုယ်ကို မိမိအမွေးခက်သူ"လို့ ဆိုရတယ်။

၂။ ဒီလိုမဟုတ်ပဲ ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ ရတတ်သမျှ ကျေနပ်စွာ စားပြီး မိမိအလုပ် အားထုတ်သူကို "မိမိကိုယ်ကို မိမိအမွေးလွယ်သူ"လို့ ဆိုတယ်။

၃။ အချို့ရဟန်းက အကောင်းကို လူစေကာ မျက်နှာမသာ မနှစ်သက်တဲ့အမူအရာကို ပြတတ်တယ်၊ အလူရှင်ရှေ့မှာပင် ဘယ်လိုဟာများ လူရသလဲ?လို့ ငေါက်ငန်းလျက် အခြားရှင်လူများ အား ပေးလိုက်ပါတယ်၊ ဒီလိုရဟန်းမျိုးဟာ သူတပါးအမွေးအမြူခက်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်။

၄။ နောက်ရဟန်းတပါးကတော့ ကောင်းကောင်းဆိုးဆိုး နည်းနည်းများများ ဒကာ ဒကာမလူတာ ရသမျှနဲ့ ကျေနပ်နှစ်သက်စွာ မျှတတယ်၊ ဒီရဟန်းက အလုပ်အကျွေး ဒကာ ဒကာမ

များရဲ့ အမွေးအမြှေ လွယ်ကူတဲ့ရဟန်းမျိုးဖြစ်တယ်။ ဒီရဟန်း ၂-မျိုးတွင် အမွေးအမြှေခက်သူမှာ မေတ္တာဖြစ်ရန် အလွန်ခက်တာကို တွေ့ရပါမယ်။ အခြားပဋိပတ်များလဲ ဖြစ်ရန် မလွယ်ကူပါ၊ ဒါ့ကြောင့် မေတ္တာနဲ့ အခြားပဋိပတ်များဖြစ်ရန် လွယ်ကူစေတဲ့ မွေးမြှေလွယ်သူ (သုဘရ)ဖြစ်ရမယ်-လို့ ဟော ကြားတော်မူခဲ့ ပါတယ်။

လူများထဲမှ လူဖွယ်ပစ္စည်း ရ, မရနဲ့ ပတ်သက်လို့ စိတ်ထိခိုက်မ ပရှိရန် သဘောထား မှန်ကန် ရေးအတွက် နိဒါနဝဂ် ကဿပသံယုတ် ကုလူပကသုတ် (သံ၊ ၁၊ ၄၀၃-၄၀၃)မှာ ဘုရားရှင် ဟော တော်မူရာ "ရောင့်ရဲလွယ်သူ, မွေးမြှေလွယ်သူ ဖြစ်ရေးနဲ့ သက်ဆိုင်နေတဲ့အတွက် ဖော်ပြပါမယ်---

"ငါ့ကို မလူမရှိပါစေနဲ့, လူကြပါစေ၊ နည်းနည်း မလူကြပါစေနဲ့, များများ လူကြပါစေ၊ အညံ့ကို မလူကြပါစေနဲ့, အကောင်းကို လူကြပါစေ၊ နေးနေး မလူကြပါစေနဲ့, မြန်မြန် လူကြပါစေ၊ ကောင်းမွန်အောင် မစိမ်ပဲ မလူကြပါစေနဲ့, ကောင်းအောင် စိမ်ကာလူကြပါစေ" အဲဒီလို စိတ်ထားမျိုးနဲ့ အိမ်များကို ချဉ်းကပ်တဲ့ ရဟန်းဟာ မိမိတောင့်တတဲ့အတိုင်း မရရင် စိတ်ထိ ခိုက်လျက် စိတ်ဆင်းရဲ, ကိုယ်ဆင်းရဲ ဖြစ်ရတယ်။

နောက်တပါးကတော့ "မလူ မရှိပါစေနဲ့, လူကြပါစေ-စတဲ့ တောင့်တချက်အတိုင်း သူစိမ်း ပြင်ပဖြစ်တဲ့ သူတပါးအိမ်တို့၌ ဘယ်မှာရကောင်းပါမလဲ?"လို့ ဒီစိတ်ထားမျိုးနဲ့ အိမ်များကို ချဉ်းကပ်တယ်၊ အဲဒီရဟန်းမှာ မရခြင်းစတဲ့အကြောင်းကြောင့် စိတ်မထိခိုက်ဘူး၊ စိတ်မဆင်း ရဲတော့ဘူး။ ကဿပဟာ ဒီစိတ်ထားနဲ့ အိမ်များကို ချဉ်းကပ်တာမို့ မရခြင်း-စတဲ့အတွက် စိတ်ထိခိုက်ခြင်းမရှိ၊ မဆင်းရဲရ၊ ကဿပ နမူနာပြလျက် သင်တို့အား ဆုံးမရတော့မယ်၊ အဲဒီ နမူနာအတိုင်း ကျင့်ကြလေ"လို့ ဟောတော်မူခဲ့ပါတယ်။

**<u>ကိစ္စနည်းပါး၊ ထိသူကား၊ ပွါးများမေတ္တာပိုင်။</u>** ။ မိမိလုပ်ရမယ့်အလုပ်မှတပါး အခြားမဆိုင်တဲ့ အကျိုး မရှိတဲ့ အလုပ်တွေမှာ ကြောင့်ကြစိုက်သူကို **"ဗဟုကိစ္စ-အလုပ်များသူ"**လို့ ဆိုရတယ်။ အဲဒီလိုပုဂ္ဂိုလ် တွေမှာ မိမိအလုပ် လစ်ဟင်းလျက် အကျိုးစီးပွါး ဆုတ်ယုတ်ပျက်ပြားကတ်ပါတယ်၊ နဝကမ္မစတဲ့ အမှုကိစ္စများ၌ ပျော်မွေ့တတ်ခြင်း **(ကမ္မာရာမတာ)**, စကားပြောပ၌ ပျော်မွေ့တတ်ခြင်း **(ဘဿာ ရာမတာ)**, အပေါင်းအသင်း၌ ပျော်မွေ့တတ်ခြင်း **(သင်္ဂဏိကာရာမတာ)**-စတဲ့ အကျိုးမရှိတဲ့ အလုပ် ကိစ္စများ၌ ပျော်ပိုက်နှစ်ခြိုက်တတ်သူတွေဟာ ကိစ္စများလျက် တရားအားမထုတ်နိုင်သူတွေ ဖြစ်ကြပါ တယ်။ မိမိပြုလုပ်ရမယ့်ကိစ္စမှတပါး အခြားမည်သည့်အလုပ်ကိစ္စကိုမျှ မလုပ်သူကို **"အပ္ပကိစ္စ-ကိစ္စ နည်းသူ"**လို့ ဆိုရတယ်။ ဒါ့ကြောင့် တရားအားထုတ်မည့်ပုဂ္ဂိုလ်များမှာ ပလိဗောဓဆယ်ပါး ဖြတ်

တောက်ရမယ်-လို့ ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုထားပါတယ်။ ကိစ္စနည်းသူသာ ပဋိပတ်မှာ ဖြစ်မြောက်အောင် အားထုတ်နိုင်မည်ဖြစ်တဲ့အတွက် ဒိမေတ္တာရဲ့ ရှေ့သွားအကျင့်များ၌ ကိစ္စနည်းပါးသူ-ဖြစ်ရမည့်အချက်ကို အကျင့်တပါးအနေနဲ့ ဟောကြားတော်မူခဲ့ပါတယ်။

**သလ္လဟုကဝုတ္တိ၊ ပေါ့ပါးဘိ၊ မှတ်သိ သက်မွေးသူ။** ။ လောကဝယ် မိမိမှာ ရှိသင့်တာထက် အသုံးအဆောင်တွေ ပိုမိုရှိနေရင် အဲဒိအသုံးအဆောင်တွေကို သိမ်းဆည်းရ, စောင့်ရှောက်ရ, ပြုပြင်ရ, စိမံရ-စသည်ဖြင့် ကိစ္စတွေများပြားကာ ထိုပစ္စည်းအသုံးအဆောင်တွေနှင့် ပတ်သက်ပြီး ထိုပုဂ္ဂိုလ်မှာ ဝန်လေးလျှက်ရှိတယ်၊ ဓမ္မရေးရာ၌ ဝန်ထုပ်ဝန်ပိုးဖြစ်မကို မလိုလားအပ်ပါ၊ ဒါ့ကြောင့် တရားအားထုတ်မည့် ရဟန်းတော်များမှာ မိမိတောင်ပံအားဖြင့်သာ လိုရာခရီးပျံသန်းတဲ့ငှက်များပမာ မိမိလုံလောက်ရုံ ပရိက္ခရာမျှကိုသာ ဆောင်လျက် ပေါ့ပါးစွာ သွားလာရမည့်အဖြစ်ကို ဟောတော်မူပါတယ်။

**ငြိမ်သက်ကူနွှေ၊ တည်တည်နေ၊ မှတ်လေ သန္တိနွှိယ။** ။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဒိခြောက်ပါးကို **"ကူနွှေ"**လို့ ခေါ်တယ်၊ ဒိကူနွှေများ ငြိမ်သက်အောင် ပြုလုပ်ရမည်ဆိုတာက နှစ်သက်ဖွယ် ကူဌာရုံနဲ့တွေ့တဲ့အခါ ရာဂမဖြစ်ရအောင်, မနှစ်သက်ဖွယ် အနိဌာရုံနဲ့ တွေ့တဲ့အခါ ဒေါသမဖြစ်ရအောင် စောင့်စည်းရခြင်းများပင် ဖြစ်ပါတယ်၊ အာရုံတွေအပေါ်မှာ ရာဂ ဒေါသ-စသည် ဖြစ်နေသူဟာ ကူနွှေမငြိမ်မသက် လှုပ်ရှားပျံ့လွင့်လျက်ရှိသူ ဖြစ်တယ်၊ အဲဒိလိုသူမျိုးမှာ တရားအားထုတ်ရန် စိတ်ပါမည်မဟုတ်ပါ၊ အားထုတ်ပေမယ့် တရားရရန် မလွယ်ကူပါ။ ရာဂ ဒေါသ-စသည် မဖြစ်ရန် စောင့်စည်းနေသူ, မလှုပ်ရှား မပျံ့လွင့်တဲ့ ကူနွှေရှိသူသာ တရားရအောင် အားထုတ်နိုင်ပါတယ်။ ဒိနေရာမှာ ကူနွှေတို့ကို ငြိမ်သက်အောင် ပြုရမည့်အရေးဟာ ဘာဝနာအလုပ်တစ်ခုခုနဲ့ ကင်းလို့ မဖြစ်နိုင်ပါ၊ ဘာဝနာအလုပ် အားထုတ်နေခြင်းဖြင့်သာ ကူနွှေ တကယ် ငြိမ်သက်နိုင်ပါတယ်။

**နိပကောမူ ရင့်ကျက်ပညာရှိသူ။** ။ လောကအရာမှာ အလုပ်ကို နားလည်ကျွမ်းကျင်မရှိသူ, လုပ်သင့်မလုပ်သင့် အချိန်ကာလ အရပ်ဒေသ-စသည်ကို နှိုင်းချိန်တတ်သူ, အကျိုးကို မြော်မြင်တတ်သူများသာ ထိုအလုပ်ကို ဖြစ်မြောက်အောင်မြင်အောင် ပြုလုပ်နိုင်တယ်၊ မိမိလုပ်ရမည့်အလုပ်အပေါ်မှာ ကျွမ်းကျင်မှု, ချိန်ဆတတ်မှု, အကျိုးမြော်မြင်တတ်မှု မရှိသူကတော့ ထိုအလုပ်ကို မလုပ်နိုင်ပါ၊ လုပ်ပေမယ့်လဲ အကျိုးသက်ရောက် အောင်မြင်နိုင်စွမ်းရှိသူ မဟုတ်ပါ၊ အလားတူစွာ ဓမ္မအရာမှာလဲ မိမိကျင့်

ရမည့် ပဋိပတ်၌ သိနားလည်မှုရှိသူ, အကျင့်မှန် မမှန် နှိုင်းချိန်တတ်သူ, အကျိုးကို မြော်မြင်ဆင်ခြင်တတ်သူများကသာ အဲဒိပဋိပတ်ကို ကျင့်နိုင်တယ်၊ အဲဒိလို နားမလည်သူများကတော့ ထိုပဋိပတ်အကျင့်ကို ကျင့်ရန် ထက်သန်တဲ့ ဆန္ဒ ဝိရိယ-စသည် ရှိကြမည်မဟုတ်လို့ ကျင့်ကြမည်လဲ မဟုတ်ပါ၊ ကျင့်သည်တိုင်အောင်လဲ ထမြောက်မည်မဟုတ်ပါ။ မဂ်ဖိုလ်ပေါက်ရောက်တဲ့အထိ ပညာဖြင့်သာ သွားရမည့် ပဋိပတ်အရာမှာ ပညာဟာ အလွန်အရေးကြီးလှပါတယ်၊ ဒါ့ကြောင့် မေတ္တာရဲ့ရှေ့သွား ဒိအကျင့်များတွင် **"ပညာရှိသူ (နိပကော)"**ဖြစ်ရမယ်-လို့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

**ကြမ်းတမ်းရိုင်းပြ၊ မရှိက၊ အပွဂဗ္ဘခေါ်။** ။ ကိုယ် နတ် စိတ်ထား ကြမ်းတမ်းရိုင်းပြသူကို **ပဂဗ္ဘ**-ခေါ်တယ်၊ ကိုယ် နှုတ် စိတ်ထား မကြမ်းတမ်း မရိုင်းပြတဲ့ ယဉ်ကျေးသူကိုတော့ **"အပွဂဗ္ဘ (နှ+ပဂဗ္ဘော= အပွဂဗ္ဘော)"** လို့ ခေါ်တယ်။

**ပါဂဗ္ဘိယ ၃-မျိုး**[၃၇၄]---ကြမ်းတမ်းရိုင်းစိုင်းသူဖြစ်ကြောင်း သုံးမျိုး---

**ကာယပါဂဗ္ဘိယ**-ကိုယ်အမူအရာ ကြမ်းတမ်းရိုင်းစိုင်းမ၊

သံဃအလယ်, ပရိသတ်အလယ် ကြီးသူတို့ရှေ့ဝယ် ဒူးထောင်ပေါင်ကား ထိုင်ခြင်း, ကြီးသူတို့အား နေရာမပေးခြင်း, ငယ်သူတို့အား နေရာဟားပြစ်ခြင်း, နေရာကောင်း ဆွမ်းကောင်းရရန် ကြီးသူတို့ရှေ့ ကျော်တက်ခြင်း, ရွာအဝင်မှာ မထေရ်ကြီးတို့ ရှေ့ကဝင်ခြင်း, ငယ်ရွယ်သူတို့နဲ့ တို့လား ဆိတ်လား ကစားခြင်းစတဲ့ အမှုများဟာ ကိုယ်အမူအရာ ရိုင်းစိုင်းမှု, မယဉ် ကျေးမှုများပင် ဖြစ်တယ်။

**ဝစီပါဂဗ္ဘိယ**-နှုတ်အမူအရာ ကြမ်းတမ်းရိုင်းစိုင်းမှု၊

မထေရ်ကြီးရဲ့ အခွင့်မရပဲ တရားဟောခြင်း, လူတို့အမေးရှိလာသော် မထေရ်ကြီးများကို မပန်ကြားပဲဖြေခြင်း, ရွာထဲမှာ "ဟေ့ ဒကာ--ဘာရှိသလဲ? ယာဂုလား? ဆွမ်းလား? မုန့်လား? လှူမလား? ဒိနေ့ စားသောက်ရမလား? စတဲ့ ရဟန်းနဲ့ မသင့်လျော်တဲ့ အပြောမျိုး ပြောခြင်း--စတဲ့ အပြောအဆိုများဟာ နှုတ်အမူအရာ ရိုင်းစိုင်းမှု, မယဉ်ကျေးမများ ဖြစ်တယ်။

**မနောပါဂဗ္ဘိယ**-စိတ်ထားရိုင်းစိုင်းမ၊

---

[၃၇၄] ခုဒ္ဒကပါဌ၊ ၌၊ မေတ္တသုတ္တ၊ ၂၀၆-၂၀၇။ သုတ္တနိပါတ၊ ၌၊ ၁၊ မေတ္တသုတ်အဖွင့်၊ ၁၀၃-၁၀၄။

ကိုယ် နှုတ်တို့ဖြင့် မပြုလုပ် မပြောဆိုစေကာမူ စိတ်နဲ့ ကာမဝိတက်(ကာမဂုဏ်နှင့် ပတ်သက်တဲ့ စိတ်ကူးကြံစည်မှု) စတဲ့ မကောင်းတဲ့ အကြံမျိုးကို ကြံခြင်းမှာ စိတ်ရဲ့ ရိုင်းစိုင်းမှု, မယဉ်ကျေးမပင် ဖြစ်တယ်။

ဒိနည်းတွေကိုမှိကာ လူတွေမှာလဲ လူ့အလိုက် ရိုင်းစိုင်းမှု, ယဉ်ကျေးမများကို သိသင့်ကြတယ်။ မေတ္တာ–ဆိုတာ သဘာဝအနေနဲ့ ယဉ်ကျေးနူးညံ့တဲ့ သဘောဖြစ်လို့ ကြမ်းတမ်းရိုင်းစိုင်းသူမှာ မတည်ပါ၊ ယဉ်ကျေးသိမ်မွေ့သူသာ မေတ္တာရဲ့တည်ရာဖြစ်နိုင်လို့ ဒီ **"အပွဂ္ဘ (ယဉ်ကျေးသူ)"**ဖြစ်ရမည်ကို မေတ္တာရဲ့ရှေ့ပြေးအကျင့်အနေနဲ့ ညွှန်ကြားတော်မူခဲ့ပါတယ်။

**ကုလေသွနာနုဂိဒ္ဓေါ–လူဒကာတို့၌ မတွယ်တာသူ။** ။ လူတွေမှာ မိဘ ခင်တွယ်လွန်းသူ, ညီအကို မောင်နှမ ခင်တွယ်လွန်းသူ, ဆွေမျိုး မိတ်ဆွေ ခင်တွယ်လွန်းသူများဟာ မိဘ ဆွေမျိုးသားချင်းများနဲ့ မခွဲနိုင်လို့ တနယ်တကျေးသို့ ပညာရေး, စီးပွါးရေး, ကြီးပွါးရေးတို့အတွက် မသွားနိုင်ရင် ဆုတ်ယုတ်ဖို့သာဖြစ်တယ်၊ တိုးတက်ကြီးပွါးဖို့ မဖြစ်နိုင်ပါ။ ရဟန်းများမှာလဲ လူဒကာ ဒကာမတွေအပေါ် တွယ်တာခြင်းဟာ အကျိုးယုတ်ကြောင်း, မတိုးတက် မကြီးပွါးနိုင်ကြောင်းပင် ဖြစ်တယ်။

ပစ္စည်း၌မက်မောတဲ့ ရဟန်းဟာ ဒကာ ဒကာမများ၌ တွယ်တာတတ်တယ်၊ မလျော်တဲ့ လူတွေနဲ့ ရောနှောခြင်းဖြင့် ရောနှောဆက်ဆံတတ်တယ်၊ လူကပူဆွေးရင် မိမိလဲ ပူဆွေးခြင်း, လူကဝမ်းသာရင် မိမိလဲဝမ်းသာခြင်း, ဒကာချမ်းသာရင် မိမိလဲ ချမ်းသာခြင်း, ဒကာဆင်းရဲရင် မိမိလဲ ဆင်းရဲခြင်း, လူမှုကိစ္စတို့၌ မိမိကကြောင့်ကြစိုက်ခြင်းမျိုး ဖြစ်တယ်။ ဒါ့ကြောင့် လမင်းအလား အာဂန္တု (ဧည့်သည်)သဖွယ် ဖြစ်လျက်ကိုယ်ရော စိတ်ပါ ခွါ၍ (မကပ်ငြိဘဲ) လူဒကာ ဒကာမများသို့



ချဉ်းကပ်ရမည့်အကြောင်း ဘုရားရှင် ဆုံးမတော်မူတယ်။ "လ-ဟာ ကောင်းကင်မှာ သွားနေပေမယ့် မည်သူနှင့်မျှ ပေါင်းသင်းဆက်ဆံခြင်း မပြု၊ မည်သူကိုမျှ တွယ်တာခြင်း, ချစ်ခင်ခြင်း မပြု၊ ဒိလိုမပြုခြင်း ကြောင့် လူတွေက လကို မချစ် မမြတ်နိုးတယ်-လို့ မရှိ၊ အလားတူစွာ သင်တို့လဲ လလို လူအများ ချစ်ခင်မြတ်နိုးမှုကို ခံယူကြလျက် လူအများသို့ ချဉ်းကပ်ကြပါလေ"လို့ မိန့်ဆိုလိုရင်း ဖြစ်တယ်။ ဧည့်သည်-ဆိုတာကလဲ အိမ်ရှင်က ကျွေးရင်စားပြီး သူတို့ရဲ့အိပ်တွင်းကိစ္စတွေကို ပါဝင်ခြင်းမရှိပဲ ထွက်ခွါသွားသလို အိမ်စဉ်လှည့်ကာ ဒကာ ဒကာမတွေ လှူရင် အလှူခံပြီး သူတို့အပေါ်မှာ တွယ်တာကပ်ငြိမှုမရှိပဲ ထွက်ခွါကြရမယ်-လို့ ဆိုလိုပါတယ်။

ပရိတ္တသင်္ဂဟ ပါဌ်နိသျ ဆရာတော်က **"ကုလေသွ' နနုဂိဒ္ဓေါ စဿ"** အမျိုးစွဲမက်သူ မဖြစ်ရ-ဟူရာ၌ ရဟန်းဖြစ်လျှင် ဆွမ်းကွမ်းတကာ, တကာမတို့၌ မစွဲလမ်း မမက်မောရ, လူဖြစ်လျှင် ဆိုင်စပ်ရာ ဆွေမျိုးမိတ်သင်္ဂဟတို့ကို မစွဲမက်ရ၊ စွဲမက်ခြင်းကြောင့် ပြုလုပ်ခွင့်ကို မလစ်လပ်စေရ-ဟူလို၊ မှန်လှ၏၊ ဤလောက၌ ဆွေးမျိုးသားချင်းကို, အရပ်ဒေသကို ခင်မင်မက်မောနေသဖြင့် ခွဲခွါ စွန့်ထွက်မသွားနိုင်၍ ရရောက်သင့်သော ဂုဏ်သိရ် လာဘ်ပစ္စည်းများမှ ဆုံးရှုံးရသူ များစွာရှိ၏၊ မိမိသားသမီးကို မခွဲရက်၍ ပညာမသင်စေသည့် မိ, ဖများစွာရှိ၏၊ မိမိတပည့်အား အရပ်တပါး ဆရာတဦးတို့**ဌာန်**ပညာသင်ရန် မသွားစေသော ဆရာများစွာရှိ၏၊ ဤသို့စသည် အခင်မှား, အကြင်မှား, အချစ်မှား၍ မိမိတို့ရသင့်ရာမှ ယုတ်လျော့ခြင်းဖြစ်လေသည်၊ ဗုဒ္ဓဘာသာတရားအရကား--ထိုအချက်မှာ အလွန်ကြီးသော အပြစ်ကြီး ဖြစ်လေသည်၊ မှန်လှ၏၊ ကိုယ်မကောင်း ကိုယ်ခံ, ကိုယ်ကောင်း ကိုယ်စံသာ အမှန်ဖြစ်လေသည်၊ ထို့ကြောင့် တကာ တကာမ နေရပ်ဌာန ဆွေးမျိုးသားချင်း မိတ်သင်္ဂဟတို့ကို ခင်တွယ်၍ ပြုလုပ်ခွင့်ကို မလစ်လပ်စေရ[၃၇၅]"ဟု မိန့်မှာတော်မူသည်။

**၃။ နစ ခုဒ္ဒ'မာစရေ ကိဉ္စိ၊**
**ယေန ဝိညူ ပရေ ဥပဝဒေယျုံ။**
**သုခိနော ဝ ခေမိနော ဟောန္တု၊**
**သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။**

**ခုဒ္ဒ'မာစရေ = ခုတ်ဒ မာစရေ[ခုဒ္ဒံ+ အာစရေ]**
**ဝိညူ= ဝိန်ညူ**

---

[၃၇] အရှင်အာဒိစ္စဝံသ ပရိတ္တသင်္ဂဟ ခေါ် ပရိတ်တော်ကြီး ပါဌ်နိသယ။ ၈၅-၈၆။ **ဌာန်**- [illegible] **ထံ** [illegible]

## မေတ္တသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**သဗ္ဗသတ္တာ= သဗ်ဗ သတ်တာ**
**ဘဝန္တု= ဘဝန်တု**
**သုခိတတ္တာ=သုခိတတ်တာ**

**ယေန**–အကြင်ဒုစရိုက်စု ယုတ်ညံ့သောအမကြောင့်၊ **ဝိညူ**–ပညာရှိဖြစ်ကုန်သော၊ **ပရေ**–သူတပါးတို့ကို၊ **ဥပဝဒေယျုံ**–ကဲ့ရဲ့ပြစ်တင်ကုန်ရာ၏၊ **ခုဒ္ဒံ**–ယုတ်ညံ့သော၊ **တံ**–ထိုဒုစရိုက်မျိုးကို၊ **ကိဉ္စိ**–အနည်းငယ်ကလေး အသေးအဖွဲမျှကိုပင်၊ **နအာစရေ**–မပြုမကျင့်ရာ၊ **သဗ္ဗသတ္တာ**–သတ္တဝါမှန်သမျှတို့သည်၊ **သုခိနော ဝါ**–ကိုယ်၏ချမ်းသာခြင်း ရှိကုန်သည်လည်းကောင်း၊ **ခေမိနော ဝါ**–ဘေးရန်ကင်းဝေး အေးချမ်းသာယာခြင်း ရှိကုန်သည်လည်းကောင်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ ဝါ**–ချမ်းသာရွှင်ပျ စိတ်ရှိကြ ကုန်သည်လည်း၊ **ဘဝန္တု**–ဖြစ်ကြပါစေကုန်သတည်း။

ပညာရှိအများ သူတပါးတို့ ကဲ့ရဲ့ပြစ်တင်မည့် ဒုစရိုက်စု ယုတ်ညံ့တဲ့အမမျိုးကို အနည်းငယ် အသေးအဖွဲမျှပင် ဖြစ်စေကာမူ မပြုကျင့်ပါနဲ့၊ ဒိနောက် မေတ္တာပွါးရမည်မှာ သတ္တဝါမှန်သမျှ ကိုယ်ချမ်းသာ ကြပါစေ, ဘေးရန်ကင်းဝေး အေးချမ်းသာယာကြပါစေ, စိတ်လဲ ချမ်းသာကြပါစေ။

**အကရဏီယနှင့် မေတ္တာ။** ။ **"သတ္ကော"**စသည်ဖြင့် ကရဏီယ–ပြုကျင့်ရမယ့် အရာများကို ညွှန်ကြားတော်မူပြီး, **"နစ ခုဒ္ဒမာစရေ"**စသည်ဖြင့် အကရဏီယ–မပြုကျင့်သင့်တဲ့ အရာများကို ညွှန်ကြားတော်မူခဲ့တယ်၊ ဒိနောက်မှာ မေတ္တာဘာဝနာပွါးနည်းကို **"သုခိနော ဝ"**စသည်ဖြင့် နည်းပေးတော်မူပြန်ပါတယ်။

**"ခုဒ္ဒ"နက်ခြယ် များလှတယ်။** ။ **ခုဒ္ဒ**–သဒ္ဒါက အနည်းငယ်, ကြမ်းကြုတ်သူ, နိမ့်ကျသူ, ယုတ်ညံ့သူ, ဆင်းရဲသူ–စတဲ့အနက်များကို အဘိဓာန်မှာ ပြဆိုထားရာ ဒိနေရာမှာ **'ခုဒ္ဒ'**က အယုတ်အညံ့ (လာမက) အနက်ဟောပါတယ်၊ အယုတ်အညံ့ သာမန်ဖြစ်ပေမဲ့ **'နအာစရေ'**မကျင့်ရ–ဆိုတဲ့နောက်စကားကို ထောက်ရင် ယုတ်ညံ့တဲ့အကျင့်–လို့ သိနိုင်တယ်။ ဒါကြောင့် အဋ္ဌကထာများက **"ယံ တံ ကာယဝစီ မနောဒုစ္စရိတံ ခုဒ္ဒံ လာမကန္တိ ဝုစ္စတိ**[၈၇၆]**"**လို့ ဆိုပါတယ်၊ **"ကိဉ္စိ"**သဒ္ဒါက **'အပွက**–အနည်း

---

[၈၇၆] ခုဒ္ဒကပါဌ၊ ၌၊ ၂၀၈။ သုတ္တနိပါတ၊ ၌၊ ၁၊ ၁၈၄။

ငယ်"အနက်ဟောပါတယ်၊ ရုန်းရင်းကြမ်းတမ်းတဲ့ အပြစ်ကြီးများကို မဆိုထားနဲ့ အနုမြူမျှ အသေးအဖွဲ အကုသိုလ်များကိုပင် မပြုရ–လို့ ဆိုလိုတယ်။

ဒီအကုသိုလ်မှ ပြုကျင့်ရာမှာ မျက်မှောက်ရရှိမယ့်အပြစ်ကို ပြလိုတဲ့အတွက် **"ယေန ဝိညူ ပရေ ဥပဝဒေယျုံ** (ယင်းပြစ်မှအတွက် ပညာရှိသူ လူတပါးတို့ ကဲ့ရဲ့ဖွယ်ဖြစ်ရပါတယ်)"လို့ မိန့်တော်မူပါတယ်၊ ဆိုလိုတာက ပညာမဲ့သူများကား ပမာဏမဟုတ်၊ ထိုသူများမှာ အပြစ်မရှိသည်ကို အပြစ်–လုပ်တတ်တယ်၊ အနည်းငယ်ပြစ်မှုကို ကြီးကျယ်တဲ့ ပြစ်မှု ပြုလုပ်ပြောဆိုတတ်ကြတယ်၊ ဒါ့ကြောင့် ပညာရှိများသာ ပမာဏဖြစ်ပါတယ်၊ ပညာရှိတွေဆိုတာ သေချာစွာ စိစစ်ကြလျက် တကယ် ကဲ့ရဲ့ထိုက်သူကိုသာကဲ့ရဲ့ပြီး ချီးမွမ်းထိုက်သူကို ချီးမွမ်းကြပါတယ်၊ အဲဒီလို ပညာရှိများသာ ပမာဏဖြစ်တဲ့အတွက် ပညာရှိများ ကဲ့ရဲ့ဖွယ် အမှုကို မပြုရာ–လို့ ဟောတော်မူပါတယ်။

**<u>မေတ္တာပွါးရာ သိမှတ်ဖွယ်ပါ။</u>** ။ **"သတ္တော ဥဋ္ဌ စ"**စသည်ဖြင့် မေတ္တာဘာဝနာရဲ့ ပုဗ္ဗဘာဂပဋိပဒါ (မေတ္တာရဲ့ရှေ့အဖို့က ကျင့်ရမည့်အကျင့်များ)ကို ပြခဲ့ပါတယ်၊ ဒီအကျင့်များကိုပင် **ကမ္မဋ္ဌာနုပစာရ** (မေတ္တာကမ္မဋ္ဌာန်းရဲ့ ဥပစာရ)လို့လဲ ဆိုရတယ်။ **"အိမ်ရဲ့ဥပစာဆိုရင် အိမ်ရဲ့အနီးအပါးအရပ်"**လို့ သိရသလို မေတ္တာဘာဝနာမပြုမီ မေတ္တာရဲ့ရှေ့အနီးမှာ ဖြစ်တဲ့ အကျင့်များဖြစ်တဲ့အတွက် မေတ္တာဘာဝနာရဲ့ ဥပစာ–လို့ ဆိုရတယ်။

ဒီမေတ္တာဘာဝနာရဲ့ဥပစာခေါ်တဲ့ ရှေ့အဖို့က ဖြည့်ကျင့်ရမည့်အကျင့်များကို ပြပြီးနောက် ရာဂစိုးနတ်များဘေးရန်ကို ပယ်ရှားရန် ပရိတ်အရံအတားအလို့ငှါလည်းကောင်း, ဝိပဿနာရဲ့အခြေခံ မေတ္တာစျာန် ကမ္မဋ္ဌာန်းအလို့ငှါလည်းကောင်း မေတ္တာဘာဝနာ ပွါးပုံပွါးနည်းကို ရဟန်းတို့အား **"သုဓိနော ဇါ"**စသည်ဖြင့် မိန့်တော်မူပါတယ်။

**"သုဓိနော"**အရ ကိုယ်ချမ်းသာ, စိတ်ချမ်းသာ နှစ်မျိုးလုံးရှိခြင်းနဲ့ သက်ဆိုင်သော်လဲ **"သုဓိနော**တိ သုခသမ္မန္ဓာ၊ ကာယိကေန သုခေန သုခိနော။ **သုဓိတတ္တာ**တိ သုခိတစိတ္တာ၊ မာနသေန သုခိတတ္တာ[၃၇]"–အဋ္ဌကထာစကားများနှင့်အညီ **"သုဓိတတ္တ"**အရ စိတ်ချမ်းသာရှိခြင်းကို ဆိုမည်ဖြစ်လို့ ကိုယ်ချမ်းသာရှိခြင်းကိုသာ ယူရပါတယ်။

---

[၃၇] ခုဒ္ဒကပါဋ၊ ဋ္ဌ၊ ၂၀၈။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၀၅။

**"ဓမ်မိနော**တိ ခေမဝန္တော၊ အဘယာ နိဂ္ဂုပဒ္ဒဝါတိ ဝုတ္တံ ဟောတိ [၃၇] "အဋ္ဌကထာစကား နှင့်အညီ **"ဓမ်မိနော"**အရ ကိုယ်စိတ်ချမ်းသာခြင်း, ဘေးရန်ကင်းငြိမ်းခြင်းကြောင့် အေးချမ်းသာယာခြင်းရှိသူများ–လို့ ဆိုလိုတယ်။

ဒီ**"သုခိနော ဝါ"** စတဲ့စကားကို ဆိုရခြင်းအကြောင်းမှာ "**သဗ္ဗေ သတ္တာ သုခိနော ဟောန္တု**–သတ္တဝါမှန်သမျှ ကိုယ်ချမ်းသာကြပါစေ၊ **သဗ္ဗေ သတ္တာ ဓမ်မိနော ဟောန္တု**–သတ္တဝါမှန်သမျှ အေးချမ်းသာယာကြပါစေ၊ **သဗ္ဗေ သတ္တာ သုခိတတ္တာ ဟောန္တု**–သတ္တဝါမှန်သမျှ စိတ်ချမ်းသာကြပါစေ"လို့ မေတ္တာပွါးပုံကို ပြခြင်းပဲ့ါ ဆိုပါတယ်။

၄။ **ယေ ကေစိ ပါဏာဘူတတ္ထိ၊**
**တသာ ဝါ ထာဝရာ ဝ'နဝသေသာ။**
**ဒီဃာ ဝါ ယေ ဝ မဟန္တာ၊**
**မဇ္ဈိမာ ရဿကာ အဏုကထူလာ။**
၅။ **ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊**
**ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။**
**ဘူတာ ဝ သမ္ဘဝေသီ ဝ၊**
**သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။**

**ပါဏာဘူတတ္ထိ= ပါဏာဘူတတ်ထိ [ပါဏာဘူတာ+အတ္ထိ]**

**ထာဝရာ ဝ**–မှာ **ထာဝရာ ဝါ**–လို့ ဆိုအပ်သော်လဲ ဆန်းကြောင့် **'ထာဝရာ ဝ'**လို့ ရဿ–ဖြစ်ရတယ်၊

**ဝ'နဝသေသာ– နဝသေသာ၌** အစ **အ**အက္ခရာသည် ဆန်းကြောင့် ကြေနေတယ်၊ **[ဝါ+ အနဝသေသာ]**

**ယေ ဝ**–၌ **'ဝ'**မှာ ဆန်းကြောင့် ရဿ–ဖြစ်နေ၊ **[ယေ ဝါ]**

**မဟန္တ, မဟန္တာ**–မူ ၂–မျိုး၊

**မဟန္တ** (တွံတေး ပရိတ်ကြီးနိသယ၊ ၈၉။ ပရိတ္တသင်္ဂဟခေါ် ပရိတ်တော်ကြီး ပါဠိနိသယ၊၆၈။) **မဟန္တာ**–ဆိုလိုလျက် ဆန်းကြောင့် **'မဟန္တ'**လို့ ရဿ–ဖြစ်နေ။

---

[၃၇] ခုဒ္ဒကပါဋ၊ ဋ၊ ၂၀၈။ သုတ္တနိပါတ၊ ဋ၊ ၁၊ ၁၈၅။

**မဟန္တာ** (စလင်း ပရိတ်ကြီးနိသယ၊ မြင်းခြံ ၉-ဆောင် မဟာပရိတ်တော်ကြီးနိသယသစ်၊ သပြေကန် ပရိတ်ကြီးနိသယသစ်။)

**ဘူတာ ဝ သမ္ဘဝေသီ ဝ [ဘူတာ ဝါ သမ္ဘဝေသီ ဝါ**-ဆိုလိုလျက် ဆန်းကြောင့် **ဘူတာ ဝ သမ္ဘဝေသီ ဝ**-လို့ ရသော-ဖြစ်နေ]

**သမ္ဘဝေသီ= သမ်ဘဝေသီ**

**အနုဝေသော**-ကြွင်းမဲ့သုံ အလုံးစုံကုန်သော၊ **ယေ တသာ ဝါ**-အကြင်ထိတ်လန့်တတ်သော ပုထုဇဉ် သေက္ခတို့သည်လည်းကောင်း၊ **ယေ ထာဝရာ ဝါ**-အကြင် မထိတ်မလန့်၊ တည်တံ့ခိုင်မြဲသော ရဟန္တာတို့သည်လည်းကောင်း၊ **ယေ ဒီဃာ ဝါ**-အကြင်ခန္ဓာကိုယ်ရှည်လျား သတ္တဝါများတို့သည်လည်းကောင်း၊ **ယေ မဟန္တာ ဝါ**-အကြင်ခန္ဓာကိုယ်ကြီးမား သတ္တဝါများတို့သည်လည်းကောင်း၊ **ယေ မဇ္ဈိမာ ဝါ**-အကြင် မတိုမရှည် မကြီးမငယ် အလွယ်အလတ်စား သတ္တဝါများတို့သည်လည်းကောင်း၊ **ယေ ရဿကာ ဝါ**-အကြင် ပုကွနိမ့်တို ခန္ဓာကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ **ယေ အဏုကာ ဝါ**-အကြင် သေးငယ်မှုံမှား သတ္တဝါများတို့သည်လည်းကောင်း၊ **ယေ ထူလာ ဝါ**-အကြင် ဝိုင်းစက်ဆူဖြိုး သတ္တဝါမျိုးတို့သည်လည်းကောင်း၊ **ယေ ဒိဋ္ဌာ ဝါ**-အကြင် မြင်ဘူးသော သတ္တဝါတို့သည်လည်းကောင်း၊ **ယေ အဒိဋ္ဌာ ဝါ**-အကြင် မမြင်ဘူးသော သတ္တဝါတို့သည်လည်းကောင်း၊ **ယေ ဒူရေ ဝသန္တိ**-အကြင် အဝေးအရပ်၌ နေကြသော သတ္တဝါတို့သည်လည်းကောင်း၊ **ယေ အဝိဒူရေ ဝသန္တိ**-အကြင် အနီးအရပ်၌နေကြသော သတ္တဝါ တို့သည်လည်းကောင်း၊ **ယေ ဘူတာ ဝါ**-အကြင် နောင်မဖြစ်ရ ဖြစ်ပြီးသား ဖြစ်ကြသော ရဟန္တာတို့သည်လည်းကောင်း၊ **ယေ သမ္ဘဝေသီ ဂါ**-အကြင် နောင်ဖြစ်ရမည့် ဘဝကိုရှာ ပုထုဇဉ် သေက္ခ သတ္တဝါတို့သည်လည်းကောင်း၊ **ယေ ကေစိ**- အလုံးစုံကုန်သော၊ **ပါဏာဘူတာ**-သတ္တဝါတို့သည်၊ **အတ္ထိ**-ရှိကုန်၏၊ **ဣမေပိ သတ္တသတ္တာ**-ဤအလုံးစုံကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ **သုခိတတ္တာ**-ချမ်းသာအေးမြ ကိုယ် စိတ်နှစ်ပါး ရှိကြကုန်သည်၊ **ဘဝန္တု**-ဖြစ်ကြပါစေကုန်သတည်း။

အလုံးစုံ ထိတ်လန့်တတ်တဲ့ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များ, ထိတ်လန့်တတ်တဲ့ ရဟန္တာပုဂ္ဂိုလ်များ, ကိုယ်ခန္ဓာရှည်လျားတဲ့ သတ္တဝါများ, ကိုယ်ခန္ဓာကြီးမားတဲ့ သတ္တဝါများ, ကိုယ်ခန္ဓာအလတ်စား သတ္တဝါများ, ပုကွ နိမ့်တို ကိုယ်ရှိတဲ့ သတ္တဝါများ, သေးငယ်မှုံမှားတဲ့ သတ္တဝါများ, ဆူဖြိုး ဝိုင်းဝန်းတဲ့ သတ္တဝါများ, မြင်ဘူးတဲ့ သတ္တဝါများ, မမြင်ဘူးတဲ့ သတ္တဝါများ, အဝေးမှာနေတဲ့ သတ္တဝါများ,

အနိုးမှာနေတဲ့ သတ္တဝါများ, နောင်မဖြစ်ကြမည့်ဖြစ်ပြီး ရဟန္တာပုဂ္ဂိုလ်များ, နောင်ဘဝသစ်ရှာမှီးတတ်တဲ့ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များ-လောကရှိ ဒီသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**မေတ္တာပွါးပုံ၊ နည်းကျယ်စုံ၊ မှတ်တုံ စိတ်ဝယ်ရှု။** ။ **"သုခိနော ဝါ"**စသည်ဖြင့် လုံးစုံများစွာ သတ္တဝါပေါင်းစုကာ မေတ္တာပွါးပုံ အကျဉ်းချုပ်ကို ပြတော်မူပြီးနောက် ဒီသတ္တဝါများကို **"တသာ ထာဝရာ"**စသည်ဖြင့် ဒုက, တိက နှစ်မျိုးခွဲကာ မေတ္တာပွါးပုံအကျယ်ကို **"ယေ ကေစိ ပါဏာဘူတာ"**စသည်ဖြင့် ညွှန်ပြတော်မူပြန်ပါတယ်။ တစ်မျိုးတည်းဆိုရင် သတ္တဝါတွေရဲ့စိတ်မှာ အာရုံအမျိုးမျိုးတွင် ကျင်လည်ကျက်စားခဲ့ရာအစတွင် အာရုံတစ်ခုထဲ၌ စွဲမြဲစွာ မတည်နိုင်သေးပါ၊ အာရုံအများအပြားကို ဂျပ်ပွါးလျက် အဲဒီအာရုံများကို အစဉ်လိုက်ကာနေခြင်းဖြင့် တဖြေးဖြေး တိုးတက် စွဲမြဲတည်တံ့နိုင်ပါတယ်။

တစ်နည်းပြောရရင် စိတ်ဆိုတာ ထင်ရှားရာ ထင်ရှားရာ အာရုံမှာသာ လွယ်ကူစွာ တည်နေတတ်တယ်။ ဒါ့ကြောင့် တရားနာနေသူများအဖို့ ထင်ရှားရာအာရုံမှာ ကောင်းစွာတည်စေဖို့ သမာဓိဖြစ်ဖို့ **"တသာ ထာဝရာ"**စသည်ဖြင့် မေတ္တာရဲ့အာရုံအမျိုးမျိုးကို ပြတတ်တဲ့ **"ယေ ကေစိ ပါဏာဘူတာ"**စတဲ့ ၂-ဂါထာကို မိန့်တော်မူပါတယ်။

**ယေ ကေစိနှင့် အနဝသေသာ-တူတူပါ။** ။ **ယေ ကေစိ**တိ အနဝသေသဝစနံ-အဋ္ဌကထာဖွင့်အရ **ယေ ကေစိ**-သဒ္ဒါက "အနဝသေသ-အကြွင်းမဲ့ အလုံးစုံ"အနက်ကို ဟောတယ်။

**ပါဏာနှင့် ဘူတာ ထူး, မထူးပါ။** ။ ပါဏာ ဇဝ ဘူတာ **ပါဏာဘူတာ**-အဋ္ဌကထာဖွင့်အရ **"ပါဏ, ဘူတ** နှစ်ပုဒ်လုံးက သတ္တဝါ-ဟောဖြစ်တယ်၊ အနက်အထူး မရှိပါ။ နောက် ထူးတဲ့အနက်ကတော့ "ပါဏန္တိတိ **ပါဏာ**၊ ဇတေန အဿာသပဿာသပဉ္စိဇဒွေ ပဉ္စဝေါကာရသတ္တေ ဂဏှာတိ (ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ၊ ၂၀၉။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၈၆)"အရ အသက်ရှူတတ်သောကြောင့် **'ပါဏ'**မည်တယ်၊ ထွက်သက်ဝင်သက်နဲ့စပ်တဲ့ ပဉ္စဝေါကာရ သတ္တဝါ-ယူရတယ်။ "ဘဝန္တိတိ **ဘူတာ**၊ ဇတေန ဇကေဝေါကာရစတုဝေါကာရသတ္တေ ဂဏှာတိ (ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ၊ ၂၀၉။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၈၆)"အရ ဖြစ်တတ်သောကြောင့် **'ဘူတ'**မည်တယ်၊ ဇကေဝေါကာရသတ္တဝါ, စတုဝေါကာရသတ္တဝါများကို ယူရတယ်။ **ပါဏ**-အရ ထွက်သက်ဝင်သက်နဲ့စပ်တဲ့ ပဉ္စဝေါကာရသတ္တဝါ-လို့ အဋ္ဌကထာဖွင့်ဆိုပေမဲ့ ဂျပါဝစရဖြဟ္မာတို့ကား ထွက်သက်ဝင်သက်မရှိတဲ့ သတ္တဝါမျိုးတွင် ပါဝင်လျက်ရှိကြတယ်၊ ဒါ့ကြောင့် **ပါဏ**-အရ ကာမာဝစရ (ကာမ ၁၁-

ဘုံသား)သတ္တဝါများ၊ **ဘူတ**–အရ ရူပါဝစရ (ရူပ ၁၆–ဘုံသား) သတ္တဝါများနဲ့ အရူပါဝစရ (အရူပ ၄–ဘုံသား)သတ္တဝါများကို ယူရရင် ပိုလို့ ရှင်းလင်းဖွယ် ရှိတယ်။

[**ဝေါကာရ ၃–မျိုး**

၁။ **ပဥ္စဝေါကာရဘုံ**– (**ပဥ္စ**–ငါးပါး+**ဝေါကာရ**–ခန္ဓာ+**ဘုံ** -နေရာ) ခန္ဓာငါးပါးရှိသူ သတ္တဝါတို့နေရာ၊ ကာမ ၁၁–ဘုံနဲ့ အသညသတ်ကြဉ်ကဲ့ ရူပ ၁၅–ဘုံ (စုစုပေါင်း ၂၆–ဘုံ)။

၂။ **စတုဝေါကာရဘုံ**–( **စတု**–လေးပါး+**ဝေါကာရ**–ခန္ဓာ+**ဘုံ**–နေရာ) နာမ်ခန္ဓာလေးပါးရှိသူ သတ္တဝါတို့နေရာ၊ အရူပ ၄–ဘုံ။

၃။ **ဧကဝေါကာရဘုံ**–(**ဧက**–တစ်ပါး +**ဝေါကာရ**–ခန္ဓာ+**ဘုံ**–နေရာ) ရုပ်ခန္ဓာတစ်ပါးသာရှိသူ သတ္တဝါတို့နေရာ၊ အသညသတ်ဘုံ။]

**တသ, ထာဝရ စသော သတ္တဝါများ**[၃၇၉]။ ။ "[တသန္တိကိ **တသာ**၊ သတဏှာနံ သဘယာနဥ္ဇေတံ အဓိဝစနံ။ တိဋ္ဌန္တိကိ **ထာဝရာ**၊ ပဟိနတဏှာဘယာနံ အရဟတံ ဧတံ အဓိဝစနံ။] –ထိတ်လန့်တတ်တဲ့ အတွက်ကြောင့် '**တသ**'မည်တယ်"၊ ဒိစကားအရ **တသ**–ဆိုသည်မှာ တဏှာ မကင်းသေးလို့ ကြောက်တတ် လန့်တတ်တဲ့ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များ–ကို ဆိုလိုတယ်။ "တိဋ္ဌန္တိကိ **ထာဝရာ**–ကြောက်ထိတ်လန့်ခြင်းမရှိပဲ မလှုပ်မရှား မြဲမြံတည်တံ့သောကြောင့် '**ထာဝရ**'မည်တယ်"၊ ဒိစကားအရ တဏှာကိုပယ်ပြီးဖြစ်သောကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိကြတဲ့ ရဟန္တာပုဂ္ဂိုလ်များ–ကို ဆိုလိုတယ်။

"[**ဒီဃာ**တိ ဒီဃတ္တဘာဝါ နာဂမစ္ဆဂေါဓာဒယော]–**ဒီဃ**မှာ ကိုယ်အနေအထား ရှည်လျားတဲ့ မြွေ နဂါး, ငါး, ဖွတ် (မိချောင်း) စသော သတ္တဝါများ"ဖြစ်တယ်။ "[**မဟန္တာ**တိ မဟန္တတ္တဘာဝါ ဇလေ မစ္ဆကစ္ဆပါဒယော, ထလေ ဟတ္ထိနာဂါဒယော, အမနုဿေသု ဒါနဝါဒယော]– **မဟန္တ**မှာ ကြီးသော ကိုယ်ခန္ဓာရှိတဲ့ ငါး (ဝေလငါး), လိပ်စသော ရေသတ္တဝါ, ဆင်, နဂါးစသော ကုန်းသတ္တဝါ, ရာဟုစသော နတ်များပင်" ဖြစ်တယ်။ "[**မဇ္ဈိမာ**တိ အဿဂေါဏမဟိသသူကရာဒိနံ အတ္တဘာဝါ]– **မဇ္ဈိမ**မှာ မြင်း, နွား, ကျွဲ, ဝက် စသော ကိုယ်နေ အလတ်စားရှိတဲ့ သတ္တဝါများ"ဖြစ်တယ်။ "[**ရဿကာ**တိ တာသု တာသု ဇာတိသု ဝါမနာဒယော ဒီဃမဇ္ဈိမေဟိ သြမကပုဟာဏာ သတ္တာ] **ရဿက (ရဿ)**မှာ သတ္တဝါ အမျိုးမျိုးတို့အနက် ဒီဃ မဇ္ဈိမတို့အောက် ပုတိုသေးငယ်တဲ့သတ္တဝါများ"ဖြစ်တယ်။

---

[၃၇၉] (ခုဒ္ဒကပါဌ၊ ၌၊ ၂၀၉–၂၁၀။ သုတ္တနိပါတ၊ ၌၊ ၁၊ ၁၈၆–၁၈၇။)

"[**အဏုကာ**တိ မံသစက္ခုဩသ အဂါစရာ ဒိဗ္ဗစက္ခုဝိသယာ ဥဒကာဒီသု နိဗ္ဗတ္တာ သုခုမတ္တဘာဝါ သတ္တာ ဥကာဒယော ဝါ၊ အပိ စ ယေ တာသု တာသု ဇာတီသု မဟန္တမဇ္ဈိမေဟိ ထူလမဇ္ဈိမေဟိ စ ဩမကပ္ပမာဏာ သတ္တာ၊ တေ အဏုကာတိ ဝေဒိတဗ္ဗာ]- **အဏုက**သတ္တဝါဆို သည်မှာ ပကတိမျက်စိနဲ့ မြင်နိုင်တဲ့အရာမဟုတ်၊ ဒိဗ္ဗစက္ခုရဲ့အရာဖြစ်သော အလွန်သေးငယ်မှုန်မှားတဲ့ သတ္တဝါများဖြစ်တယ်၊ သို့ မဟုတ် မဟန္တ မဇ္ဈိမနှင့် ထူလ မဇ္ဈိမတို့အောက် သေးငယ်သော ပမာဏ ရှိတဲ့ သတ္တဝါများဖြစ်တယ်"။ "[**ထူလာ**တိ ပရိမဏ္ဍလတ္တာဘာဝါ သိပ္ပိကသမ္ဗုကာဒယော သတ္တာ]- **ထူလာ**မှာ ဝိုင်းဝန်းတဲ့ ကိုယ်ရှိသော ယောက်သွား, ခရု, လိပ်စသော သတ္တဝါမျိုးဖြစ်တယ်"။

"[**ဒိဋ္ဌာ**တိ ယေ အတ္တနော စက္ခုဩသ အာပါထမာဂတဝသေန ဒိဋ္ဌပုဗ္ဗာ]-**ဒိဋ္ဌ**မှာ မိမိမျက်စိဖြင့် မြင်ဘူးတဲ့ သတ္တဝါများဖြစ်တယ်"။ "[**အဒိဋ္ဌာ**တိ ယေ ပရသမုဒ္ဒပရသေလပရစက္ကဝါဠာဒီသု ဋ္ဌိတာ]- **အဒိဋ္ဌ**မှာ သမုဒ္ဒရာ တဖက်, တောင်တဖက်, စကြဝဠာတဖက်-စသည်၌ တည်တဲ့ မမြင်ဘူးသော သတ္တဝါများဖြစ်တယ်"။

"[အတ္တနော အတ္တဘာဝဿ ဒူရေ စ အဝိဒူရေ စ ဝသန္တေ သတ္တေ ဒဿေတိ၊ တေ အပဒဿိပဒဝသေန ဝေဒိတဗ္ဗာ။ အတ္တနော ဟိ ကာယေ ဝသန္တာ သတ္တာ အဝိဒူရေ၊ ဗဟိကာယေ ဝသန္တာ သတ္တာ ဒူရေ။ တထာ အန္တောဥပစာရေ ဝသန္တာ အဝိဒူရေ၊ ဗဟိဥပစာရေ ဝသန္တာ ဒူရေ။ အတ္တနော ဝိဟာရေ ဂါမေ ဇနပဒေ ဒိဗေ စက္ကဝါဠေ ဝသန္တာ အဝိဒူရေ၊ ပရစက္ကဝါဠေ ဝသန္တာ ဒူရေ ဝသန္တီတိ ဝုစ္စန္တိ။] **ဒူရ**-အရ မိမိရဲ့အဝေးမှာရှိနေတဲ့ ခြေမရှိသောသတ္တဝါ, ခြေ ၂-ချောင်းရှိ သော သတ္တဝါများဖြစ်တယ်၊ **အဝိဒူရ**-အရကတော့ မိမိရဲ့အနီးမှာရှိနေတဲ့ ခြေမရှိ, ခြေ ၂-ချောင်းရှိသော သတ္တဝါများဖြစ်တယ်။ ဒါ့ကြောင့် မိမိကိုယ်မှာရှိနေကြတဲ့ သတ္တဝါများကို **အဝိဒူရ**-ဆိုပြီး, မိမိကိုယ်မှ အပမှာ ရှိနေကြတဲ့ သတ္တဝါများကို **ဒူရ**-ဆိုရတယ်။ တစ်နည်းပြောရရင် မိမိအိမ် ကျောင်း ဥပစာ အတွင်းမှာနေကြတဲ့ သတ္တဝါများကို "**အဝိဒူရ-(အနီးနေသတ္တဝါ)**"လို့ ဆိုရတယ်၊ ဥပစာပြင်ပမှာနေ ကြတဲ့ သတ္တဝါများကို "**ဒူရ (အဝေးနေ သတ္တဝါ)** "လို့ ဆိုရတယ်။ မိမိရဲ့ ကျောင်း, ရွာ, ဇနပုဒ်, ကျွန်း, စကြဝဠာမှာ နေကြတဲ့သတ္တဝါများကို "**အဝိဒူရ (အနီးနေသတ္တဝါ)**"လို့ ဆိုရတယ်၊ စကြဝဠာတစ်ပါးမှာ နေကြတဲ့သတ္တဝါများကိုတော့ "**ဒူရ (အဝေးနေသတ္တဝါ)**"လို့ ဆိုရပါတယ်။

**ဘူတာနှင့် သမ္ဘဝေသီ ခြားနားသည်။** ။"[ဘူတာတိ ဇာတာ အဘိနိဗ္ဗတ္တာ။ ယေ ဘူတာ ဝေ, နု ပုန ဘဝိဿန္တိတိ သင်္ခိ ဂစ္ဆန္တိ၊ တေသံ ခိဏာသဝါနံ ဇတံ အဓိဝစနံ။] **ဘူတာ**-ဆိုတာက ဖြစ်ပြီးသားဖြစ်

လျက် နောင်ဖြစ်ရတော့မယ်-မဟုတ်တဲ့ ရဟန္တာပုဂ္ဂိုလ်များပင် ဖြစ်တယ်"။ "[သမ္မာဝမေသန္တိတိ **သမ္မာဝေသီ**။ အပဟိနဘာဝသံယောဇနတ္တာ အာယတိမိ သမ္ဘဝံ သေန္တာနံ သေက္ခပုထုဇ္ဇနာနမေတံ အဓိဝစနံ။] **သမ္မာဝေသီ**-ဆိုတာက နောင်ဘဝဖြစ်ရန် အကြောင်းကံကို ရှာလေ့ရှိသောကြောင့် ဖြစ်ဦးမယ့်သတ္တဝါများ။ သံယောဇဉ်မကင်းသေးတဲ့အတွက် နောင်ဘဝ အဆက်ကို ရှာကြသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များကို ဆိုရတယ်"။

ဒီ ဘူတ, သမ္ဘဝေသီကို ပဋိသန္ဓေအနေနဲ့လဲ ခွဲပြပါသေးတယ်--"[အထ ဝါ စတူသု ယောနီသု အဏ္ဍဇ ဇလာဗုဇာ သတ္တာ ယာဝ အဏ္ဍကောသံ ဝတ္ထိကောသဉ္စ န ဘိန္ဒန္တိ၊ တာဝ **သမ္ဘဝေသီ** နာမ၊ အဏ္ဍကောသံ ဝတ္ထိကောသဉ္စ ဘိန္ဒိတ္ဝာ ဗဟိ နိက္ခန္တာ **ဘူတာ** နာမ။ သံသေဒဇာ ဩပပါတိကာ စ ပဌမစိတ္တက္ခဏေ **သမ္ဘဝေသီ** နာမ၊ ဒုတိယစိတ္တက္ခဏတော ပဘုတိ **ဘူတာ** နာမ။ ယေန ဝါ ဂ္ဂရိယာပထေန ဇာယန္တိ၊ ယာဝ တတော အညံ့ န ပါပုဏန္တိ၊ တာဝ **သမ္ဘဝေသီ** နာမ၊ တတော ပရံ **ဘူတာ**တိ[၃၀၀]။]

အဏ္ဍဇ (ဥမှာဖြစ်တဲ့ သတ္တဝါ), ဇလာဗုဇ (သားအိမ်မှာဖြစ်တဲ့ သတ္တဝါ)တို့မှာ အဥနဲ့သားအိမ်တို့မှ မထွက်ရသေးမီကို **သမ္ဘဝေသီ**-ဆိုရတယ်၊ ဥ, သားအိမ်တို့မှ အပြင်ထွက်လာသောအခါမှု **ဘူတ**-ဆိုရတယ်။

သံသေဒဇ (အညိုအဟောက်, အပွင့်, အပွေး, အခေါက် စသည်မှာ ဖြစ်တဲ့သတ္တဝါ), ဩပပါတိက (ကိုယ်ထင်ရှားဖြစ်တဲ့ သတ္တဝါ) တို့မှာ ပဌမစိတ္တက္ခဏ၌ **သမ္ဘဝေသီ,** ဒုတိယစိတ္တက္ခဏမှ စ၍ **ဘူတ**-လို့ ခွဲပါတယ်။

ဖြစ်ဆဲ ဂ္ဂရိယာပုထ် မပြောင်းသေးသမျှ **သမ္ဘဝေသီ**-မည်တယ်၊ ဂ္ဂရိယာပုထ် ပြောင်းတဲ့အခါမှစ၍ **ဘူတ**-အဖြစ်သို့ ရောက်တယ်-လို့လဲ ခွဲပါ"။

**ဒုက်က လေးစုံ၊ တိက် သုံးစုံ၊ ပွါးပုံ ခုနှစ်မျိုး။။ "ယေ ကေစိ ပါဏာဘူတတ္ထိ"** စတဲ့ ဂါထာများအရ နှစ်ခုတွဲ (ဒုက်)လေးစုံ, သုံးခုတွဲ (တိက်) သုံးစုံအားဖြင့် မေတ္တာပွါးပုံ ခုနစ်မျိုးရှိပါတယ်။

**နှစ်ခုတွဲ လေးစုံမှာ ----**

**(၁) တသ** (ကြောက်တတ်), **ထာဝရ** (မကြောက်တတ်)၊

---

[၃၀၀] ခုဒ္ဒကပါဌဋ္ဌကထာ၊ မေတ္တသုတ်၊ ပဋမဂါထာအဖွင့် (ခု၊ ဋ္ဌ၊ ၂၁၀-၂၁၁)။ သုတ္တနိပါတမဟာဋ္ဌကထာ၊ မေတ္တသုတ်အဖွင့် (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၈၇)။

(၂) **ဒီဋ္ဌ** (မြင်အပ်), **အဒီဋ္ဌ** (မမြင်အပ်)။

(၃) **ဒူရ** (ဝေးနေ), **အဝိဒူရ** (နီးနေ)။

(၄) **ဘူတ** (ဖြစ်ပြီး, ဘဝဇာတ်ဆုံး), **သမ္ဘဝေသီ** (ဖြစ်ဆဲ, ဘဝဇာတ်မဆုံး)။

**သုံးခုတွဲ သုံးစုံ---**

(၁) **ဒီဃ** (အရှည်), **ရဿ** (အတို), **မဇ္ဈိမ** (မရှည် မတို, အလတ်)။

(၂) **မဟန္တ** (အကြီး), **အဏုက**(သေးငယ်), **မဇ္ဈိမ**(မကြီးမငယ်, အလတ်)။

(၃) **ထူလ** (ဆူဖြိုး, ပြည့်ဖြိုး), **အဏုက** (ငယ်, ကြုံလို), **မဇ္ဈိမ** (မဆူဖြိုး မကြုံလို)။

ပရိတ်ကြီးနိသယသစ်ဆရာတော်က ဒီမေတ္တာဘာဝနာပွါးစုံ ၇-မျိုးကို အဋ္ဌကထာတွဲစပ်ပြတဲ့ နည်းအတိုင်း ပါဠိဘာသာ, မြန်မာဘာသာ ၂-မျိုးဖြင့် ပြတော်မူပါတယ်။

**<u>ပါဠိ မြန်မာ၊ နှစ်ဘာသာ၊ မေတ္တာပွါးပုံများ</u>**

(၁) ယေ ကေစိ ပါဏဘူတတ္ထိ 'တသာ ဝါ ထာဝရာ ဝါ' ဣမေပိ သဗ္ဗသတ္တာ သုခိတတ္တာ ဘဝန္တု။

(၂) ယေ ကေစိ ပါဏဘူတတ္ထိ 'ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ' ဣမေပိ သဗ္ဗသတ္တာ သုခိတတ္တာ ဘဝန္တု။

(၃) ယေ ကေစိ ပါဏဘူတတ္ထိ 'ဒူရေ ဝါ အဝိဒူရေ ဝါ ဝသန္တာ' ဣမေပိ သဗ္ဗသတ္တာ သုခိတတ္တာ ဘဝန္တု။

(၄) ယေ ကေစိ ပါဏဘူတတ္ထိ 'ဘူတာ ဝါ သမ္ဘဝေသီ ဝါ' ဣမေပိ သဗ္ဗသတ္တာ သုခိတတ္တာ ဘဝန္တု။

(၅) ယေ ကေစိ ပါဏဘူတတ္ထိ 'ဒီဃာ ဝါ ရဿကာ (ရဿာ) ဝါ မဇ္ဈိမာ ဝါ' ဣမေပိ သဗ္ဗသတ္တာ သုခိတတ္တာ ဘဝန္တု။

(၆) ယေ ကေစိ ပါဏဘူတတ္ထိ 'မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ' ဣမေပိ သဗ္ဗသတ္တာ သုခိတတ္တာ ဘဝန္တု။

(၇) ယေ ကေစိ ပါဏဘူတတ္ထိ 'ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ' ဣမေပိ သဗ္ဗသတ္တာ သုခိတတ္တာ ဘဝန္တု။

(၁) **ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခနှင့် မထိတ်လန့်တတ်သော ရဟန္တာ- ဤပုဂ္ဂိုလ်အား လုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။**

(၂) **မြင်ဘူးသောသတ္တဝါ, မမြင်ဘူးသောသတ္တဝါ- ဤပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။**

(၃) အနီးအပါးရှိသတ္တဝါ, အဝေးနေသတ္တဝါ– ဤပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၄) ဖြစ်ပြီး ရဟန္တာနှင့် ဖြစ်ရန် ကံကိုရွာနေသော ပုထုဇဉ် သေက္ခ– ဤပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၅) ကိုယ်ခန္ဓာရှည်သောသတ္တဝါ, တိုသောသတ္တဝါ, မရှည် မတို အလတ်စားသတ္တဝါ– ဤပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၆) ကိုယ်ခန္ဓာကြီးသော သတ္တဝါ, ငယ်သောသတ္တဝါ, မကြီးမငယ် အရွယ်အလတ်စားသတ္တဝါ– ဤပုဂ္ဂိုလ် အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၇) ကိုယ်ခန္ဓာ ပြည့်ဖြိုး ဝိုင်းဝန်းသောသတ္တဝါ, ငယ်သော (ကြိုလိုသော)သတ္တဝါ, အလတ်စားသတ္တဝါ– ဤပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးကတော့ ဒီအစုံအစုံ မေတ္တာဘာဝနာပွါးပုံအပြင် သတ္တဝါ အားလုံးကို အာဂုံပြုပွါးပုံပါ ထည့်လျက် ကဗျာသံပေါက်များဖြင့် မေတ္တာပို့ပုံ ပွါးပုံမှာ---

## သဗ္ဗသဂ်ိဟက မေတ္တာဘာဝနာပွါးနည်း

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## ဒုကမေတ္တာ ဘာဝနာပွါးနည်း ၄-မျိုး

၁။ ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## မေတ္တာသုတ်နှင့်စပ်သွယ် သီမှတ်ဖွယ်

### တိကမေတ္တာ ဘာဝနာပွါးနည်း ၃-မျိုး

၁။ ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ ဆူ, ကြိုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

### အဟိတဒုက္ခာနာဂမ ပတ္ထနာ မေတ္တာပွါးနည်း ၃-မျိုး

၁။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ၊

၂။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ၊

၃။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၆။ နံ ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကဉ္ဈီ။
ဗျာရောသနာ ပဋိဃသညေ-
နာညမညဿ ဒုက္ခ'မိစ္ဆေယျ။

နိကုဗ္ဗေထ= နိကုစ်ဗေထ

နာတိမညေထ= နာတိမဉ်ညေထ [နံ+အတိမညေထ]

ကတ္ထစိ= ကတ်ထစိ

ပဋိဃသညေ= ပဋိဃ သဉ်ဉ

နာညမညဿ= နဉ်ညမဉ်ညတ်သ [နံ+အညမညဿ]

ဒုက္ခ'မိစ္ဆေယျ= ဒုက္ခ မိစ်ဆေယ [ဒုက်ခ+ကုစ္ဆေယျ]

**ပရော**–တစ်ယောက်သောသူ တစ်ပါးလူသည်၊ **ပရံ**–သူတပါးဟူ အခြားသူတစ်ယောက်ကို၊ **နံ နိကုဗ္ဗေထ**–စဉ်းလဲသမှု လှည့်ပတ်ခြင်း မပြုပါစေလင့်၊ **ကတ္ထစိ**– ဘယ်ရပ်ဒေသ ဘယ်ဌာနဒ်၌မဆို၊ **ကဉ္ဈီ**–

တစ်စုံ တစ်ယောက်သော၊ **နံ**–ထိသူတပါးကို၊ **နာတီမညေထ**–မာန်ထောင်သမ မထိမဲ့မြင် မပြုပါစေလင့်၊ **ဗျာရောသနာ ဗျာရောသနာယ**–ကိုယ်နှုတ်တို့ဖြင့် စော်ကားထိပါး နှိပ်စက်ခြင်းဖြင့်လည်းကောင်း၊ **ပဋိဃသညာယ**–ခိုက်ရန်မျက်ပွါး အငြိုးထားသောစိတ်ဖြင့်လည်းကောင်း၊ **အညမညဿ**–အချင်းချင်း (တစ်ယောက်သည် တစ်ယောက်)၏၊ **ဒုက္ခံ**–ဆင်းရဲခြင်းကို၊ **နာ ကတ္တုကာမာ**–အလိုမရှိပါစေလင့်။

သူတစ်ယောက်က အခြားသူတစ်ယောက်ကို စဉ်းလဲလှည့်ပတ်မှု မပြုပါစေနဲ့၊ ဘယ်အရပ်မှာ မဆို ဘယ်ပုဂ္ဂိုလ်တစ်ယောက်ကိုမျှ မထိမဲ့မြင်မပြုပါစေနဲ့၊ ကိုယ်နှုတ်တို့ဖြင့် ထိပါးနှိပ်စက်ခြင်းဖြင့်ဖြစ်စေ, ဒေါသ အာဃာတစိတ်ဖြင့်ဖြစ်စေ အချင်းချင်း တစ်ယောက်က တစ်ယောက်ရဲ့ ဆင်းရဲခြင်းကို အလိုမရှိပါစေနဲ့။

**မေတ္တာတစ်မျိုး၊ ပွါးပုံတိုး၊ ပယ်မျိုး ဒုက္ခရည်။** ။ မေတ္တာဘာဝနာ–ဆိုတာ သတ္တဝါများအပေါ်မှာ ချမ်းသာ ရရှိရေးအတွက် တောင့်တချက်ဖြင့်သာ ပွါးများရတာမဟုတ်ပါ၊ အကျိုးမဲ့ဒုက္ခ မကျမရောက်ဖို့ အရေးကို တောင့်တတဲ့အနေဖြင့်လဲ ပွါးများရပါတယ်။ ဒါ့ကြောင့် **"သုခိနော ဟောန္တု"**စသည်ဖြင့် သတ္တဝါများ ချမ်းသာရေး တောင့်တပွါးများပုံကို ပြပြီးနောက် **"နော ပရော ပရံ"**စသည်ဖြင့် ဆင်းရဲဒုက္ခ မကျမရောက်ရေး တောင့်တတဲ့အနေနဲ့, ပွါးများပုံကို ညွှန်ပြတော်မူပြန်ပါတယ်။

**မေတ္တာတရားခြင်း၊ အကြောင်းရင်း၊ တင်ခင်းမေတ္တာ ပြုရပါ။** ။ လှည့်ပတ်ခြင်း, စဉ်းလဲ ကောက်ကျစ်ခြင်းများမှာ တစ်ပါးသူအပေါ် မေတ္တာမရှိခြင်းကြောင့် ဖြစ်ရတယ်၊ အလှည့်ပတ်ခံရသူကလဲ စိတ်ဆိုး ဒေါသထွက်မည်ပင် ဖြစ်တယ်၊ အဲဒီလို သူရောကိုယ်ပါ နှစ်ဖက်လုံး မကောင်းကျိုးများ ဖြစ်ပွါးနိုင်တဲ့အတွက် **ဒီမလှည့် ပတ်ပါစေနဲ့**–ဆိုတဲ့ မေတ္တာကို ပွါးရခြင်း ဖြစ်တယ်။

မာနထောင်လွှားခြင်းကလဲ မေတ္တာမရှိသူအပေါ်မှာသာ ဖြစ်တယ်၊ မိမိအလွန်ချစ်မြတ်နိုးသူအပေါ်မှာဆိုရင် စိတ်နူးညံ့နေရာ မာနထောင်လွှားခြင်း ဖြစ်မည်မဟုတ်ပါ။ ဒါ့ကြောင့် **"မာနသည် မေတ္တာကင်းခြင်း၏ အမှတ်အသားပင် ဖြစ်သည်"**။ မာနထောင်လွှားသူကို မြင်ရရင်ပင် အမြင်ကပ်ကြ၏၊ ဒီထက် မထိမဲ့မြင်ပြုခံရရင် ဘယ်မှာ စိတ်မဆိုးပဲရှိတော့မလဲ? ဒါ့ကြောင့် မာနကလဲ မာန်ထောင်သူ, မထိမဲ့မြင်ခံရသူ နှစ်ဦးစလုံးအဖို့ မကောင်းကျိုးဖြစ်ကြောင်းသာဖြစ်လို့ သတ္တဝါများအပေါ် စေတနာရှိသူတိုင်း ဒီ **"မထိမဲ့မြင် မပြုပါစေနဲ့"**ဆိုတဲ့ တောင့်တချက်ကို ပြုရမည်သာ ဖြစ်ပါတယ်။

**ဒေါသဖြစ်လာ၊ ကိုယ်,သူပါ၊ နှစ်ဖြာမှုရှု ဆင်းရဲရှု။** ။ ဒေါသဖြစ်လာရင် မိမိအဖို့လဲ မကောင်း, ခံရသူအဖို့လဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲရခြင်းအကြောင်း မကောင်းဖြစ်ရတဲ့အပြင် ပြန်လှန် ဒေါသဖြစ်ရခြင်းအကြောင်းလဲ ဖြစ်တယ်။ ဒါ့ကြောင့် သတ္တဝါတွေအပေါ် စေတနာကောင်းရှိသူတိုင်း ဒီလိုဒေါသမျိုးမဖြစ်ရန်, ချစ်ချစ်ခင်ခင် ရှိကြရန် တောင့်တရမည်သာ ဖြစ်တယ်။ သို့ဖြစ်၍ **"အရှင်းရှင်းရဲ့ ဆင်းရဲခြင်းကို အလိုမရှိကြပါစေနဲ့."** လို့ မေတ္တာပြုရန် ညွှန်ကြားတော်မူခဲ့ပါတယ်။

၇။ မာတာ ယထာ နိယံ ပုတ္တံ' မာယုသာ ဧကပုတ္တံ'မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

ယထာ–မှာ ယ–ထာ လို့ ယနှင့်ထာ ခွဲမဖတ်နဲ့၊ **'ယထာ'** လို့ တွဲဖတ်။

ပုတ္တံ'မာယုသာ [ပုတ္တံ+ အာယုသာ]

ဧကပုတ္တံ'မနုရက္ခေ= ဧကပုတ်တ မနုရက်ခေ [ဧကပုတ္တံ+အနုရက္ခေ]

ဧဝမ္ပိ = ဧဝမ် ပိ [ဧဝံ+ပိ]

မာနသံ–မှာ မာန–သံ လို့ မခွဲနဲ့၊ **'မာနသံ'** လို့ ၃–လုံးတွဲဖတ်။

သဗ္ဗဘူတေသု= သဗ်ဗ ဘူတေသု

**မာတာ**–ကျေးဇူးဂုဏ်ရှင် မွေးမိခင်သည်၊ **နိယံ ပုတ္တံ**–မိမိရင်နှစ် သားရင်းဖြစ်သော၊ **ဧကပုတ္တံ**–တစ်ဦးတည်းသားကို၊ **အာယုသာ**–မငဲ့မကွက် မိမိအသက်ဖြင့်သော်ပင်၊ **အနုရက္ခေ ယထာ**–အစဉ်မကွာ ကွယ်ကာစောင့်ရှောက်လေဘိသကဲ့သို့၊ **ဧဝမ္ပိ**–ပမာထားမူ အလားတူပင်၊ **သဗ္ဗဘူတေသု**–လုံးစုံများစွာ သတ္တဝါတို့၌၊ **အပရိမာဏံ**–အတိုင်းအတာ ပမာဏမရှိသော၊ **မာနသံ**–ကျင်နာယိုဖိတ် မေတ္တာစိတ်ကို၊ **ဘာဝယေ**–ကြိမ်ကြိမ်ခါခါ ပွါးများရာ၏။

မွေးမိခင်က မိမိရင်သွေးဖြစ်တဲ့ တစ်ဦးတည်းသားကို မိမိအသက်နှင့်လဲ၍ပင် အစဉ်မကွာ ကာကွယ်စောင့်ရှောက်သလို အလားတူ သတ္တဝါအားလုံးအပေါ်မှာ အတိုင်းအတာ ပမာဏမရှိတဲ့ မေတ္တာစိတ်ကို ပွါးများပါလေ။

**မိခင်ပမာ၊ ထားမေတ္တာ၊ ပွါးရာ ညွှန်းဖော်ပြ။** ။ သတ္တဝါတွေအပေါ်မှာ အကောင်းဆုံး အစွဲမြဲဆုံး ထားအပ်တဲ့ မေတ္တာကို ဒီမေတ္တာဘာဝနာအရာ၌ အလိုရှိအပ်တယ်၊ လောကမှာ တစ်ဦးတည်းသော သား

အပေါ်၌ထားတဲ့ မိခင်ရဲ့မေတ္တာဟာ အလွန်အကဲဆုံး မေတ္တာဖြစ်လို့ အဲဒီမိခင်ရဲ့ မေတ္တာမျိုး သတ္တဝါတွေအပေါ်မှာ ထားရမည့်အဖြစ်ကို **"မာတာ ယထာ နိယံ ပုတ္တံ"**စသည်ဖြင့် တိုက်တွန်း ဟော်ညွှန်း တော်မူခဲ့ပါတယ်။

**ဂါထာနှင့်စပ်ရာ သိမှတ်ဖွယ်မှာ။** ။ မိမိကိုယ်တိုင် ကိုးလ ဆယ်လ လွယ်ကာ မွေးလာခဲ့ရတယ်, အမြဲမပြတ် နိုးနိုးကပ်ကပ် ရင်အုပ်မကွာ ယုယပိုက်ထွေး နို့ချိုတိုက်ကျွေးလျက် ပြုစုခဲ့ရတယ်၊ ဒါ့ကြောင့် သားသမီးများအပေါ်မှာ ဘခင်ထက် မိခင်ရဲ့မေတ္တာစိတ်က သာလွန်တယ်၊ ဒါ့ကြောင့်ပင် လွန်ကဲတဲ့ မေတ္တာကို ဥပမာပေးသော ဒီအရာမှာ မိခင်မေတ္တာကို ယူခြင်းဖြစ်တယ်၊ မွေးစားသားကိုပင် မွေးစား မိခင်တို့မှာ အလွန်ချစ်တတ်ကြတယ်၊ ဒါပေမဲ့ မိမိကိုယ်တိုင် မွေးရတဲ့သားရင်းကို ချစ်ခြင်းထက်တော့ မလွန်နိုင်ပါ၊ သားရင်းကိုတော့ ပိုမိုလွန်ကဲစွာ ချစ်ရှာပေလိမ့်မယ်၊ ဒါ့ကြောင့် **"နိယံ ပုတ္တံ-မိမိ သားရင်း"**လို့ ဂုဏ်ပုဒ်နဲ့ အထူးပြုထားပါတယ်။

သားရင်းမှာတောင် သားသမီးများတဲ့ မိခင်ဟာ ချစ်စရာ သားသမီးတွေ များနေတဲ့အတွက် လွန်ကဲတဲ့ချစ်ခြင်းရှိဖို့ရန် ခဲယဉ်းတယ်၊ တစ်ယောက်တည်းသော သားရှိတဲ့မိခင်မှာတော့ သား တစ်ယောက်တည်း အပေါ်တွင်သာ စုပုံကာ ချစ်တတ်မြဲဖြစ်ရာ လွန်ကဲတဲ့မေတ္တာကို ယူလိုသော ဒီအရာ၌ **"ဧကပုတ္တ-တစ်ဦးတည်းသောသား"**အဖြစ်ကို ဆိုတာပါ။

သားတစ်ယောက်တည်းမို့ ချစ်အားပိုတာကို ပြလိုတဲ့အတွက် **"အာယုသာ(-အသက်ပင် စွန့်ရပါစေ)"**ပုဒ်က ဆိုလိုတယ်၊ အသက်ဖြင့်ပင် စောင့်ရှောက်သည်-ဆိုရာတွင် အသက်ကို စွန့်၍ပင် စောင့်ရှောက်သည်-လို့ ဆိုလိုတယ်၊ **အာယုသာ-**ပုဒ်ကို **အတ္တနော အာယုမ္မိ စဇိတ္တာ-**လို့ အဋ္ဌကထာဖွင့် ပြချက်အရ မိခင်ဟာ "မိမိရဲ့အသက်ကိုပင် စွန့်၍ စောင့်ရှောက်နိုင်တယ်"လို့ ဆိုသဖြင့် အခြားကိုယ်ခန္ဓာ ပစ္စည်းဥစ္စာဖြစ်မူ ဆိုဖွယ်ရာမရှိ, ပိုလို့ပင် စွန့်နိုင်တော့တယ်-လို့ အဓိပ္ပါယ် သက်ရောက်ပါတယ်။

**အပရိမာဏ၊ တိုင်းအဆ၊ ဘယ်မျှ မရှိပြီ။** ။ တစ်ဦးတည်းသားကို အသက်နဲ့လဲကာ ကာကွယ်စောင့်ရှောက်တဲ့ မိခင်ရဲ့မေတ္တာမျိုးကို သတ္တဝါများအပေါ်မှာထားလျက် မေတ္တာပွါးရမယ်၊ ဒီလိုပွါးတဲ့အခါလဲ အချို့သတ္တဝါအပေါ်ကိုသာ မေတ္တာရောက်လျက် အချို့အပေါ် မရောက်ရင် ဘတိုင်းအတာ အကန့်အသတ်ရှိတဲ့ **(ပရိမာဏ)**မေတ္တာ-လို့ ဆိုရတယ်၊ ဒီလိုမဟုတ်ပဲ သတ္တဝါအားလုံးအာဂုံပြုလျက် အားလုံးအပေါ်မှာ ကျရောက်တဲ့မေတ္တာကို အတိုင်းအရှည် အကန့်အသတ်မရှိတဲ့ **(အပရိမာဏ)**

## **မေတ္တာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်**

မေတ္တာ-လို့ ဆိုတယ်၊ တစ်ယောက်တည်း အပေါ်မှာပင် ဒီနေရာသာပွါးမယ်၊ ဟိုနေရာကိုတော့ မပွါး-လို့ ကိုယ်ခန္ဓာမှာ အပိုင်းအခြားထားပွါးရင် အတိုင်းအရှည် အကန့်အသတ်ရှိနေတဲ့ ပရိမာဏ မေတ္တာ-ဖြစ်ပြန်တယ်၊ ဒီလိုမဟုတ်ပဲ တစ်ယောက်တည်းအပေါ်မှာပင် ဘယ်နေရာ ဘယ်အပိုင်းကိုမျှ ချန်မထားပဲအကြွင်းမဲ့အနေနဲ့ပွါးရင် အပရိမာဏမေတ္တာ-လို့ပင် ဆိုရပါတယ်၊ ဒါ့ကြောင့် **"အပရိမာဏသတ္တာရမ္မဏဝသေန ဝါ**-အတိုင်းအတာ အကန့်အသတ်မရှိ သတ္တဝါအကုန်လျှင် အာရုံရှိသည်၏ အစွမ်းဖြင့်လည်းကောင်း၊ **ဧကသ္မိံ သတ္တေ**-သတ္တဝါတစ်ဦးဦးပင်၊ **အနဝသေသဖရဏေန ဝါ**-အကြွင်းမဲ့ဖြန့်သည်၏အစွမ်းဖြင့်လည်းကောင်း" လို့ **အပရိမာဏ**-အရ အတိုင်းအတာ အကန့်အသတ် မရှိပုံကို အဋ္ဌကထာ ဖွင့်ဆိုပါတယ်။

**၈။ မေတ္တာဠု သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။**
**ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ'မသပတ္တံ။**

**သဗ္ဗလောကသ္မိ= သဗ္ဗ လောကတ်သမိ**

**သဗ္ဗလောကသ္မိ** -ခုဒ္ဒကပါဋ (ခ၊ ၁၊ ၁၁), သုတ္တနိပါတ (ခ၊ ၁၊ ၃၀၁), ၁၃၀၀-ပြည့်ရိုက်၊ တွံတေး ခုနစ်စောင်တွဲ၊ ၁၁၀, စလင်း ပရိတ်ကြီးနိသယ၊ ၁၇၀, ဓမ္မာနန္ဒဝတ်ရွတ်စဉ်၊ ၃၀, သီရိမင်္ဂလပရိတ်တော်၊ ၁၀, သပြေကန် ပရိတ်ကြီးနိသယသစ်၊ ၁၁, ၃၆၅, ပရိတ္တသင်္ဂဟ ပါဠိနိသယ၊ ၉၅။

**သဗ္ဗလောကသ္မိ**-မြင်းခြံ မဟာပရိတ်တော်ကြီးနိသျသစ်၊ ၆၃, သမ္မတဆယ်စောင်တွဲ၊ ၁၆၁, အရှင်ဇနကာဘိဝံသ၊ ပရိတ်ကြီးပါဠိတော်၊ ၁၃, ၁၉၉၃-ခုရိုက် တွံတေး ပရိတ်ကြီးနိသယ၊ ၉၉။

**ဥဒ္ဓံ= ဥဒ်ဓံ > အုတ်ဓံ**

**အသမ္ဗာဓံ= အသမ်ဓာဓံ**

**အဝေရ'မသပတ္တံ= အဝေရ မသပတ်တံ**

**အဝေရ** နှင့် **မသပတ္တံ**ကို ခွဲ၍ **အဝေရ မသပတ္တံ**-ဖတ်၊

**အဝေရမ သပတ္တံ**-မဖတ်ရ [**အဝေရံ+ အသပတ္တံ**]

**ဥဒ္ဓံ**–အထက်လောက အရူပဘဝ၌လည်းကောင်း၊ **အဓော စ**–အောက်ပြည်လောက ကာမ ဘဝ၌လည်းကောင်း၊ **တိရိယဉ္စ**–ဖီလာခေါ်ရ အလယ်လောက ရူပဘဝ၌လည်းကောင်း၊ **သဗ္ဗ လောကသ္မိ**–သုံးမျိုး ပေါင်းဆုံ အလုံးစုံလောက၌၊ **အပရိမာဏံ**–ချင့်တွက်စရာ တိုင်းတာယူဘို ပမာဏ မရှိသော၊ **မေတ္တံ**–မေတ္တာ နှင့်ယှဉ်သော၊ **မာနသံ**–စိတ်ကို၊ **အာသမ္ဘာဓံ**–အပိုင်းအခြားကင်း ကျဉ်းမြောင်း ခြင်း မရှိသည်ကို၊ **အဝေရံ**– ဒေါသဟူဘို အတွင်းရန်လည်း မရှိသည်ကို၊ **အာသပတ္တိံ**–နှိပ်စက်ရန်မူ အပ ရန်သူလည်း မရှိသည်ကို၊ (**ကတ္ဝာ**–ပြု၍) **ဘာဝယေ**– ပွါးများရာ၏။ (သပြေကန်)

**ဥဒ္ဓံ**–အရူပဘဝ အထက်လောက၌လည်းကောင်း၊ **အဓော စ**–ကာမဘဝ အောက်လောက၌ လည်းကောင်း၊ **တိရိယဉ္စ**–ရူပဘဝ အလယ်လောက၌လည်းကောင်း၊ **သဗ္ဗလောကသ္မိ**–လုံးစုံရှိသမျှ သုံးလောက၌၊ **အာသမ္ဘာဓံ**–အပိုင်းအခြားလွတ်ကင်း ကျဉ်းမြောင်းခြင်းမရှိသော၊ **အဝေရံ**–အဇ္ဈတ္တဘေး ဒဏ် ကိုယ်တွင်းရန် မရှိသော၊ **အာသပတ္တိံ**–ဗဟိဒ္ဓဘေးဒဏ် အပရန်မရှိသော၊ **အပရိမာဏံ**–အတိုင်း အရှည်ကင်းပ များပြားလှသော၊ **မေတ္တံ**–အေးမြကြည်လင် ချစ်ခင်သောသဘောရှိသော၊ **မာနသံ**–တွေ တွေယိုဖိတ် မေတ္တာစိတ်ကို၊ **ဘာဝယေ**–ပွါးစေရာ၏။ (တံတေး)

အထက် အရူပဘဝ, အောက် ကာမဘဝ, အလယ် ရူပဘဝ-ဆိုတဲ့ ဒီသုံးလောကဝယ် ပိုင်း ခြားကန့်သတ်ချက်မရှိတဲ့ မေတ္တာစိတ်ကို အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်းမရှိအောင်, ဒေါသ-ဆို တဲ့ အတွင်းရန်မရှိအောင်, ပကတိရန်သူ-ဆိုတဲ့ အပရန်လဲ မရှိအောင် ပွါးများပါလေ။

**<u>တိုင်းရှည်ကန့်သတ်၊ မရှိအပ်၊ နှံ့စပ်မေတ္တာ ပွါးပါလေ</u>။** ။ ဒီဂါထာအရ မေတ္တာကို အတိုင်းအရှည် အကန့်အသတ်မထားပဲ ပွါးများရမည်-လို့ ဆိုပါတယ်၊ အတိုင်းအရှည်မရှိ ပွါးများရမည်-ဆိုတာက အလုံးစုံနှံ့စပ်အောင် ပွါးများရမည်-လို့ ဆိုလိုပါတယ်၊ ဒါ့ကြောင့် မေတ္တာကို လောကအနှံ့ ဖြန့်ကာ ပွါးစေပုံကို ဒီ **"မေတ္တာဈာန်"**ဂါထာဖြင့် ပြဆိုပါတယ်။

ဒီနေရာမှာ **'သဗ္ဗလောက-လုံးစုံလောက'** အရကို သတ်မှတ်ပြလိုတဲ့အတွက် **'ဥဒ္ဓံ အဓော တိရိယံ'** လို့ ဆိုတယ်။ **'ဥဒ္ဓံ'**အရ အရူပဘုံ, **'အဓော'**အရ ကာမဘုံ, **'တိရိယံ'**အရ ရူပဘုံ၊ တစ်နည်း အားဖြင့် **'ဥဒ္ဓံ'**အရ အထက် ဘဝဂ်အထိ, **'အဓော'**အရ အောက် အဝိစိအထိ, **'တိရိယံ'**အရ ကျန် အလယ်ဒေသများ-လို့ အဋ္ဌကထာများ၌ ဖွင့်ပြကြတယ်။ မည်သည့်နည်းနဲ့မဆို **'သဗ္ဗလောက-လောက အားလုံး'**ရတာချည်း ဖြစ်ပါတယ်။

အပိုင်းအခြား အကန့်အသတ်ရှိတဲ့နေရာကို ကျဉ်းမြောင်း (သမ္ဘာဓ)တယ်-လို့ ဆိုတယ်၊ အပိုင်းအခြားပျက်မှ အပိုင်းအခြားမရှိမှ ကျယ်ဝန်းတယ်၊ ရန်သူကို **သီမာ** (အပိုင်းအခြား) ဆိုတယ်၊

## မေတ္တာသုတ်နှင့်စပ်သွယ် သီမှတ်ဖွယ်

မေတ္တာအရာမှာ ဒီသူဟာ ငဲ့ရန်သူဖြစ်တယ်–လို့ မေတ္တာမပွါးပဲ ချန်ထားခဲ့ရင် ပိုင်းခြားကန့်သတ်ချက်ရှိနေတဲ့အတွက် ကျဉ်းမြောင်းလှတယ်၊ **ဘိန္နသီမ**(အပိုင်းအခြားဖျက်သူ)ဖြစ်အောင် ရန်သူကိုပင် ချန်မထားပဲ ရန်သူ၌သော်လဲ မေတ္တာရောက်အောင် ပို့ရင် ပွါးရင် အပိုင်းအခြား အကန့်အသတ်မရှိ မေတ္တာနယ် ကျယ်ပြန့်သွားတာကို **'အသမ္ဘာဓ'** ဆိုလိုတယ်။

**သီမာသမ္ဘေဒ၊ ပိုင်းခြားက၊ ပျက်ရ နည်းလမ်းကို။**

**ဝိသုဒ္ဓိလာ၊ ပွါးမေတ္တာ၊ ချုံးကာ ပြမည်ဆို။** ။ **"သီမာသမ္ဘေဒ**–အပိုင်းအခြားပျက်ခြင်း"နဲ့ ပတ်သက်၍ ဝိသုဒ္ဓိမဂ်လာ မေတ္တာပွါးပုံ အစီအစဉ်အကျဉ်းချုပ်မှာ---မေတ္တာဘာဝနာအရာဝယ် ရှေးဦးစွာ မေတ္တာမပွါးအပ်သူ, ပွါးအပ်သူ, လုံးဝမပွါးအပ်သူများ ရှိရာတွင်...

**ရှေးဦးစွာ မေတ္တာမပွါးအပ်သူ ၄–ဦး----**

၁။ **မချစ်အပ်သူ (မုန်းသူ)**၌ မေတ္တာ 'စ'မပွါးရ၊ ပွါးရင် ဒေါသဖြစ်လာတတ်၍ မေတ္တာဖြစ်ရန် ခက်ခဲတယ်၊

၂။ **အလွန်ချစ်သူ**၌ မေတ္တာ 'စ'မပွါးရ၊ အလွန်ချစ်သူအပေါ်မှာ တဏှာပေမ ရှိနေရာ ထိုသူရဲ့ သုခ, ဒုက္ခအတွက် သောကစသည် ဖြစ်လာတတ်၍ မေတ္တာပွါးရာတွင် မလွယ်ပါ၊

၃။ **မချစ်မမုန်း အလတ်စားသူ**၌ မိမိက ချစ်မြတ်နိုးမှု မရှိသောကြောင့် ချစ်မြတ်နိုးသူအရာမှာ ထားရန် ခက်ခဲတယ်၊

၄။ **ရန်သူ**၌ ဒေါသဖြစ်လာမည်ဖြစ်၍ မေတ္တာစတင်ပွါးရန် သာလို့ မလွယ်ကူပါ။

ဒဲ့ကြောင့် ဒီပုဂ္ဂိုလ်လေးဦးတို့ ရှေးဦးစွာ မေတ္တာမပွါးအပ်ပါ။

**ဆောင်ပုဒ်။ ။ မချစ်အပ်သူ၊ လွန်ချစ်သူနှင့်၊ လယ်သူတစ်ဖြာ၊ ရန်သူမှာ၊ မေတ္တာစတင် မပွါးလင့်။**

**အစဉ်အတိုင်း မေတ္တာပွါးအပ်သူ ၄–ဦး----**

၁။ **မိမိကိုယ်**ကို မိမိ :"ငါသည် ဘေးရန် ကင်းရပါလို၏, စိတ်ချမ်းသာရပါလို၏, ကိုယ်ချမ်းသာ ရပါလို၏"စသည်ဖြင့် ရှေးဦးစွာ မေတ္တာပွါးအပ်၏၊ မိမိကိုယ်ကို ပွါးခြင်းမှာ ဗျာန်ရဖို့ မဖြစ်နိုင်ပေမဲ့ မိမိဘေးရန်ကင်းလျက် ကိုယ်စိတ်နှစ်ပါး

ချမ်းသာချင်သလို အခြားသတ္တဝါများလဲ ဘေးရန်ကင်းလျက် ကိုယ်စိတ်နှစ်ပါး ချမ်းသာလိုကြတယ်–လို့ မိမိကို သက်သေထားကာ တပါးသတ္တဝါတွေအပေါ် မှာ အကျိုးလိုလားမှု ဖြစ်လာတတ်၍ မိမိကိုယ်ကို မေတ္တာစတင်ပွါးရခြင်း ဖြစ်တယ်၊

၂။ **မိမိချစ်ခင်လေးစားအပ်တဲ့ ဆရာသမား**စသည်တို့၌ ထိုပုဂ္ဂိုလ်တို့ရဲ့ သီလ, သုတဂုဏ်, ချစ်မြတ်နိုးဖွယ် ကြည်ညိုဖွယ်ဂုဏ်များကို အောက်မေ့လျက် "ဆရာသမားအားလုံး ဘေးရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲကင်းကြပါစေ, သို့မဟုတ် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ"စသည်ဖြင့် မေတ္တာပွါးရတယ်၊

၃။ မိမိအကျိုး လိုလား၍ လေးစားမြတ်နိုးအပ်တဲ့ ဆရာစသည်တို့၌ ပွါးအပ်တဲ့ မေတ္တာအလေ့အလာများ၍ အားရှိလာတဲ့အခါ **အလွန်ချစ်ခင်သောသူ မိတ်ဆွေ,**

၄။ **မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်**နှင့်

၅။ **ရန်သူများ၌** ပြောင်းကာ ပြောင်းကာ အစဉ်အတိုင်း မေတ္တာပွါးသွားရတယ်။ အလေ့အလာ ပွါးများထားအပ်ပြီးတဲ့ မေတ္တာရှင်သည် ရန်သူအပေါ် စိတ် ရောက်တဲ့အခါမှာပင် ရန်သူအဖြစ်မမြင်တော့ပဲ ချစ်ခင်အပ်သူအဖြစ်သို့ ရောက်သွားတော့တယ်။

**ဆောင်ပုဒ်။ ။ မိမိ စယူ၊ ချစ်သူ နောက်ဆို၊ ပိုလို့ ချစ်သူ၊ ကိုယ့်ရန်သူ၊ ပွါးမူမေတ္တာ စဉ်တိုင်းသာ။**

## လုံးဝမေတ္တာ မပွါးသင့်သူ ၂–ဦး

၁။ **လိင်မတူသူ** (ယောကျ်ားနှင့် မိန်းမသည် အချင်းချင်း လိင်မတူသူ ဖြစ်၏)၊ လိင်မတူသူ၌ မေတ္တာပွါးရင် ရာဂဖြစ်တတ်၍ တစ်ယောက်တည်းသီးခြား မပွါးရ။

၂။ **သေသူ၊** ဒီသူကား မေတ္တာအာရုံ မဟုတ်ပါ။

အဲဒီပုဂ္ဂိုလ် ၂–ဦးတို့၌ မေတ္တာပွါးရင် ဥပစာရဈာန်, အပ္ပနာဈာန်များကို မရနိုင်တဲ့ အတွက် ထိုသူ ၂–ဦးတို့၌ မေတ္တာ လုံးဝမပွါးသင့်ပါ။

## မေတ္တသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

### ဆောင်ပုဒ်။ ။ လိင်မတူရာ၊ သေသူမှာ၊ မေတ္တာ လုံးဝမပွါးသင့်။

ဒီလို မေတ္တာကို အဖန်ဖန် ပွါးနေတဲ့ ပုဂ္ဂိုလ်ဟာ မိမိနဲ့ မိမိချစ်မြတ်နိုးသူ, မချစ်မမုန်းသူ, ရန်သူ– ဒီလေးဦးအပေါ်မှာ မေတ္တာစိတ် မညီမျှသေးရင် သိမာသမ္ဘေဒ (အပိုင်းအခြား ပျက်ခြင်း) မဖြစ်သေးပါ၊ ထိုလေးဦးအပေါ်၌ အကျိုးလိုလားတဲ့ မေတ္တာစိတ်ထား အညီအမျှဖြစ်မှသာ သိမာသမ္ဘေဒ–ဖြစ်တယ်၊ **"သိမာသမ္ဘေဒ"**ဆိုတာ မိမိ စတဲ့ လေးဦးမှာ မေတ္တာဘာဝနာရဲ့ ရှေ့အဖို့မှာ မရောယှက်ပဲ သီးခြားစိတည်နေတဲ့ အပိုင်းအခြား **"သိမာ"**များပင် ဖြစ်တယ်၊ မေတ္တာဘာဝနာကြောင့် အဲဒီလေးဦးအပေါ်၌ စိတ်တစ်မျိုးတည်း ဖြစ်လာတဲ့အခါ အပိုင်းအခြားပျက်သွားပြီလို့ ဆိုရတယ်။

**သိမာသမ္ဘေဒ၊ မေတ္တာက၊ လောကဥပမာ သည်လိုပါ။** ။ ချစ်သူ, ရန်သူ, မချစ်မမုန်းသူ–ဒီသုံးဦးနဲ့ မိမိအတူနေစဉ် သူခိုးတွေ ရောက်လာကြလျက် "သင်တို့အနက် တစ်ယောက်ပေးပါ"လို့ တောင်းဆိုလာ၏၊ "ဘာအတွက်လဲ?" မေးတဲ့အခါ "သတ်၍ လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ရန်အတွက်"လို့ ဖြေကြတယ်၊ "ငါ့ကို ယူပါ၊ ဒီ သုံးယောက်ကိုတော့ ထားခဲ့ပါ"လို့ ကြံရင် သိမာသမ္ဘေဒ မဖြစ်သေးပါ၊ အကြောင်းက တစ်ယောက်ယောက်ကို ယူစေခြင်းဟာ ထိုသူရဲ့ အကျိုးမလိုလားရာ ရောက်တဲ့အတွက်ကြောင့်ဖြစ်တယ်၊ လေးယောက်တွင် ဘယ်သူကိုမျှ ပေးစရာ မမြင်သောအခါ လေးယောက်လုံးအပေါ်မှာ ညီမျှတဲ့ စိတ်ထားဖြစ်နေပြီမို့ သိမာသမ္ဘေဒ (အပိုင်းအခြားပျက်ခြင်း)ဖြစ်နေတဲ့ အခါပါပဲ။

ဒီလို သိမာသမ္ဘေဒ ဖြစ်ရင် ထိုပုဂ္ဂိုလ်ဟာ နိမိတ်ကိုလည်းကောင်း, ဥပစာရသမာဓိကိုလည်းကောင်းရပါတယ်၊ ဒီမေတ္တာဘာဝနာ၌ နိမိတ်ဆိုပေမဲ့ ပထဝိကသိုဏ်းစတဲ့ကမ္မဋ္ဌာန်းများကြောင့် ရတဲ့ ပဋိဘာဂ နိမိတ်မျိုးထင်တာတော့ မဟုတ်ပါ၊ ဆိုခဲ့တဲ့ သိမာသမ္ဘေဒ (ပုဂ္ဂိုလ်အားလုံးအပေါ်မှာ ခွဲခြားမှုမရှိပဲ တစ်ခုတည်းသော မေတ္တာထားနိုင်ခြင်း)ကိုပင် နိဝရဏကင်းကြောင်း ဥပစာရဈာန်ရကြောင်းဖြစ်လို့ နိမိတ်နှင့်တူသောကြောင့် **'နိမိတ်'**ဆိုခြင်းဖြစ်တယ်၊ အဲဒီနိမိတ်ကိုပင် အထပ်ထပ် အဖန်ဖန် ပွါးများရင် မကြာမီ အပွနာဈာန်ကို ရတော့တယ်။

**အဝေရန္တိ** ဝေရဝိရဟိတံ၊ အန္တရန္တရာပိ ဝေရစေတနာပါတုဘာဝဝိရဟိတန္တိ အတ္ထော (ခုဒ္ဒက၊ ၌၊ ၂၁၂။ သုတ္တနိပါတ၊ ၌၊ ၁၊ ၁၈၉)အဖွင့်တွင် **'ဝေရ'**အရ မေတ္တာရဲ့အတွင်းရန် ဒေါသကို ဆိုတယ်၊ ထိုဒေါသမရှိတဲ့ မေတ္တာမျိုးဖြစ်အောင် ပွါးရမယ်–ဆိုလိုတယ်။ မေတ္တာမှာ ဒေါသမရှိပေမဲ့ ဘာဝနာရဲ့

အကြားအကြား၌ ပေါ်လာတတ်တဲ့ ဝေရစေတနာ (=ဒေါသစိတ်)ကို မဖြစ်အောင် ပြုရမယ်–လို့ ဆိုလို ရင်းဖြစ်တယ်။ မည်သည့် ဘာဝနာမှု၌ မဆို သမာဓိ အားမကောင်းသေးပါက ရှေးယခင် ကြုံတွေ့ခဲ့ဘူး သော အာရုံများ ထင်လာတတ်ကြတယ်၊ တခါတရံ မိမိကို တစုံတယောက်က အကျိုးမဲ့ပြုခဲ့တာကိုဖြစ် စေ, ထိပါးစော်ကားခဲ့တာကိုဖြစ်စေ ယခုပင် အပြုခံရသည့်ပမာ ထင်လာတတ်တယ်၊ ဒီလိုအခါမျိုးမှာ မခံမရပ်နိုင်အောင် ဒေါသစိတ်ပေါ်လာတတ်တယ်၊ မေတ္တာကို ပွါးနေစဉ် အကြားအကြား၌ ဝေရ စေတနာခေါ် ဒေါသစိတ် ဖြစ်လာရင် သဝေရ–ဒေါသစိတ် ကြားညှပ်နေတဲ့ မေတ္တာ–လို့ ဆိုရတယ်၊ အကြားအကြား၌ ဒေါသစိတ် ပေါ်မလာအောင် ဆက်စပ်သွားမှ '**အဝေရ**–ဒေါသကင်းတဲ့ မေတ္တာ' လို့ ဆိုရတယ်။ ဆိုလိုတာက ထိုဝေရစေတနာများမှာ သမာဓိ အားမကောင်းသေးမီသာ ဖြစ်လာတတ် တယ်၊ သမာဓိအားကောင်းလာတဲ့ ဘာဝနာပြည့်စုံချိန်မှာ ဖြစ်လာတော့မယ် မဟုတ်တဲ့အတွက် **အဝေရ**–ဖြစ်အောင်ပွါးရမယ်–ဆိုတဲ့ စကားက သမာဓိ အားအကောင်းဆုံးဖြစ်သည်အထိ ပွါးဖို့ ညွှန် ကြားချက်ပင် ဖြစ်တယ်၊ ဒီစကားအရ **အဝေရ**–မှာ ဥပစာရဈာန် အပွနာဈာန်မေတ္တာကို ပြဆိုခြင်း ဖြစ်ကြောင်း သိရပါတယ်။

အဲဒီလို သတ္တဝါများအပေါ်မှာ ဒေါသစိတ်မရှိ, မေတ္တာဓာတ်အားကောင်းသူအား လူလဲချစ်, နတ်တွေလဲ ချစ်ကြတဲ့အတွက် ဘေးရန်မရှိတော့ပါ။ ဒါ့ကြောင့် ဒီမေတ္တာစိတ်ကို ရန်သူမရှိသည်အထိ အားရှိလာအောင် ပွါးရမယ်–ဆိုလိုတယ်၊ ပုဂ္ဂိုလ်မှာ ရန်မရှိတာကို **အသပတ္တိ မာနသံ**–စိတ်၌ ရန်မရှိ–လို့ ဆိုတာက ဌာနျုပစာ–လို့ မှတ်ပါ။

၉။ **တိဋ္ဌံ စရံ နိသိန္နော ဝ၊**
**သယာနော ယာဝတာ'သ ဝိတမိဒ္ဓိ။**
**ဧတံ သတိ အဓိဋ္ဌေယ္ယ၊**
**ဗြဟ္မ'မေတံ ဝိဟာရ'မိဓ မာဟု။**

**တိဋ္ဌံ= တိဋ္ဌံဋ္ဌံ⟶တိတ်ဋ္ဌံ**

**နိသိန္နော ဝ= နိသိန်နော ဝ [နိသိန္နော ဝါ–ဆိုလိုလျက် ဆန်းကြောင့် နိသိန္နော ဝ–ဟု ရသေ ဖြစ်]**

**ယာဝတာ'သ= ယာဝတာသ်သ⟶ယာဝတတ်သ [ယာဝတာ+အသ]**

**ဝိတမိဒ္ဓိ= ဝိတမိတ်ဓော**

**အဓိဋ္ဌေယ္ယ= အဓိတ်ဌေယျ**

**ဗြဟ္မ'မေတ်=ဗရ ဟမ မေတ် [ဗြဟ္မံ+ ဇတ်]**
**ဝိဟာရ'မိဓ မာဟု- [ဝိဟာရံ+ ဣဓ+ အာဟု= မာဟု-**၌ 'အာဟု' ဆိုလိုလျက်
ဝါစာသိလိဋ္ဌ (စကားပြေပြစ်ရန်)အလို့ငှါ **'မ'**အက္ခရာ လာထား။

**တိဋ္ဌံ ဝါ-**ရပ်လျက်သော်လည်းကောင်း၊ **စရံ ဝါ-**သွားလျက်သော်လည်းကောင်း၊ **နိသိန္နော ဝါ-**ထိုင်လျက်သော်လည်းကောင်း၊ **သယာနော ဝါ-**အိပ်လျက်သော်လည်းကောင်း၊ **ယာဝတာ-**အကြင်မျှလောက်၊ **ဝိတမိဒ္ဓေါ-**ကင်းသော အိပ်ခြင်း ငိုက်မျဉ်းခြင်းရှိသည်၊ **အဿ-**ဖြစ်ရာ၏၊ **(အထ-**ငိုက်မျဉ်းခြင်းကင်း ထိုအချိန်အတွင်း၌၊) **ဇတံ သတိံ-**ထိုမေတ္တာယှဉ်ဘိ စျာန်သတိကို၊ **အဓိဋ္ဌေယျ-**စွဲမြဲမကွာဆောက်တည်ရာ၏၊ **ဣဓ-**ဘုရားမြတ်စွာ ဤသာသနာတော်၌၊ **ဇတံ-**မေတ္တာမကင်း ဤစျာန်ဖြင့်နေခြင်းကို၊ **ဗြဟ္မံ ဝိဟာရံ-**ထူးမြတ်ကဲမိုး နေခြင်းမျိုးဟူ၍၊ **အာဟု-**ဘုရားရှင်များ ဟောကြားတော်မူကုန်ပြီ။

ရပ်လျက်ဖြစ်စေ, သွားလျက်ဖြစ်စေ, ထိုင်လျက်ဖြစ်စေ, အိပ်လျက်ဖြစ်စေ ငိုက်မျဉ်းခြင်းကင်းနေတဲ့အချိန်မှာ မေတ္တာစျာန်သတိကို စွဲမြဲစွာဆောက်တည်ရာ၏၊ ဒီဘုရားရှင် သာသနာတော်၌ ဒီမေတ္တာစျာန် သတိနဲ့နေခြင်းကို ဗြဟ္မဝိဟာရ (ထူးမြတ်တဲ့နေခြင်းမျိုး)လို့ ဘုရားရှင်များ ဟောကြားမူခဲ့ကြပါတယ်။

**ယာပိုထ်လေးဖြာ၊ ပွါးနိုင်ပါ၊ ဗြဟ္မာ နေသလို။** ။ **"မေတ္တာ"**ဂါထာဖြင့် မေတ္တာဘာဝနာ ပွါးစေပုံကို ဟောတော်မူခဲ့ပါတယ်၊ ဒီ **"တိဋ္ဌံ စရံ"**ဂါထာကိုတော့ မေတ္တာဘာဝနာပွါးသူအဖို့ အချို့ ကမ္မဋ္ဌာန်းများလို ဣရိယာပုထ် သတ်မှတ်ချက်မရှိပဲ မိမိလိုရာ ဣရိယာပုထ်ဖြင့် ပွါးများနိုင်ပုံကိုပြလျက် မေတ္တာဖြင့်နေခြင်းကို ချီးကျူးတော်မူခြင်းငှါ ဟောတော်မူပါတယ်။

အာနာပါနကမ္မဋ္ဌာန်းအရာမှာ **"နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္ဝာ ဥဇုံ ကာယံ ပဏိဓာယ"** စသည်ဖြင့် တင်ပလ္လင်ခွေထိုင်လျက် အထက်ပိုင်းကို ဖြောင့်မတ်စွာ ထားရန် (ထိုင်ပုံနည်းလမ်း) သတ်မှတ်ချက် ဟောတော်မူသလို ဒီမေတ္တာကမ္မဋ္ဌာန်းမှာ သတ်မှတ်ချက်မထားပါ၊ မိမိသက်သာ ချမ်းသာသလိုနေလိုရာ ဣရိယာပုထ်ဖြင့်နေကာ ပွါးများနိုင်တယ်၊ ရပ်လျက်ပွါးများရာမှ ညောင်းလာရင် ထိုင်ခြင်းစတဲ့ အခြားအနေအထားပြောင်းကာ ပွါးများနိုင်တယ်၊ ထို့အတူ ထိုင်လျက် စီးဖြန်းရာမှ ညောင်းလာရင်လဲ တခြား သွားခြင်း အိပ်ခြင်းစတဲ့ ဣရိယာပုထ်များကို လိုသလို ပြောင်းနိုင်ပါတယ်။

**<u>မအိပ်ချင်သရွေ့ မေတ္တာမွေ့</u>**။ ။ မည်သည့် ကုရိယာပုထ်ဖြင့် ပွါးသည်ဖြစ်စေ အိပ်ချင်ရင် ပွါးများဆဲ ဘာဝနာ၌ သမာဓိမရနိုင်ပါ၊ ဒါ့ကြောင့် မည်သည့် ကုရိယာပုထ်ဖြင့်ဖြစ်စေ အိပ်ချင်ခြင်း ကင်းနေတဲ့အခါ ဖြစ်ရင် ဒီမေတ္တာစျာန်သတိကို ဆောက်တည်ပါ–လို့ အဓိပ္ပါယ်ယူရမည်ကို **"ယာဝတာ ဝိဂတမိဒ္ဓေါ အဿ၊ အထ ဇတံ မေတ္တာစျာနသတိ အဓိဋ္ဌေယျ"** လို့ အဋ္ဌကထာများက ရှင်းပြပါတယ်။ အဋ္ဌကထာများက ဒီဂါထာမှာ မေတ္တာစျာန်ရပြီး ပုဂ္ဂိုလ်အတွက် ညွှန်ပြချက်ဖြစ်သော်လဲ မေတ္တာဘာဝနာ စ–ပွါးသူ ပုဂ္ဂိုလ်များနဲ့လဲ သက်ဆိုင်၍ ထိုပုဂ္ဂိုလ်များလဲ မိမိတို့လိုသလို ကုရိယာပုထ်ဖြင့် ပွါးနိုင်ခွင့်ရှိကြပါတယ်။

**ဝိဟာရလေးမျိုး၊ ကျမ်းဂန်ကိုး၊ နေရိုး ခွဲကာပြ**[၃၀]။ ။ **ဝိဟာရ**–နေခြင်း–ဆိုသည်မှာ လေးမျိုးရှိရာ----

၁။ **ကုရိယာပထ ဝိဟာရ**–လျောင်း ထိုင် ရပ် သွား ကုရိယာပုထ် လေးပါးဖြင့် နေခြင်း၊

၂။ **ဒိဗ္ဗဝိဟာရ**–စျာန်သမာပတ်ဖြင့် နေခြင်း၊ [ဗြဟ္မာ့လောက၌ ဖြစ်သောနေခြင်းမျိုးမှာ စျာန်သမာပတ်ဖြင့် နေခြင်းမျိုးဖြစ်၏၊ ထို့ကြောင့် သမာပတ်ရစ်ပါးကို **'ဒိဗ္ဗဝိဟာရ** (ဗြဟ္မာ၌ ဖြစ်သော နေခြင်းမျိုး)လို့ ဆို၏]'။

၃။ **ဗြဟ္မဝိဟာရ**–မေတ္တာစတဲ့ ထူးမြတ်သောစျာန်သတိဖြင့် နေခြင်း။ [ အပွမညာ ၄–ပါး ကို **'ဗြဟ္မဝိဟာရ'** ခေါ်၏]။

၄။ **အရိယဝိဟာရ**–ဖလသမာပတ်ဖြင့် နေခြင်း၊ [အရိယာများသည် ဖလသမာပတ်ကို ဝင်စားလေ့ရှိ၏၊ ထို့ကြောင့် ဖလသမာပတ်ကို **'အရိယဝိဟာရ** (အရိယာတို့၏နေခြင်းမျိုး)' လို့ ဆိုရ၏]။

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
န ဟိ စာတု ဂဗ္ဘသေယျ ပုန ရေတိ။

---

[၃၀] **ဝိဟာရေသု** အဋ္ဌ သမာပတ္တိယော **ဒိဗ္ဗော ဝိဟာရော**။ စတသ္သော အပ္ပမညာ **ဗြဟ္မာ ဝိဟာရော**။ ဖလသမာပတ္တိ **အရိယော ဝိဟာရော** (ဒီ၊ ဋ္ဌ၊ ၃၊ ၁၈၈)။ **ကုရိယာပထဝိဟာရ ဒိဗ္ဗဝိဟာရ ဗြဟ္မဝိဟာရ အရိယဝိဟာရတို့သည် စတ္တာရော ဝိဟာရာ အတ္ထိ**ဟူသော ဝိဟာရ ၄–ပါးကို ဟောတော်မူခဲ့ပါသည်။ **ကုရိယာပထ–ဝိဟာရ** ဒသေတိ။ (ပါစိတ္တိယောဇနာ၊ ပါစိတ္တိယဝဏ္ဏနာ ၄၀)။ သီလကျင့်ကြံ အကြိမ်ကြိမ် ဒုက္ခိယကွဲ (၃) ခွဲလည်း ကြည့်ပါ။

**ဒိဋ္ဌဉ္စ**= ဒိဋ္ဌဉ္စိန် စ⟶ဒိတ်ဉ္စိန် စ

**အနုပဂ္ဂမ္မ**= အနုပဂ်ဂမ်မ⟶အနုပက်ဂမ်မ

**ဒဿနေန**= ဒသ်သနေန⟶ဒတ်သနေန

**သမ္မဓေါ**= သမ်ပန်နော

**ဝိနေယျ** (ပရိတ္တဒီကာပါဠိ၊ ပရိတ္တပါဠိ၊ မေတ္တာသုတ္တ၊ ၉။ သပြေကန်ပရိတ်ကြီးနိဿယသစ်၊ ၁၂, ၃၇။ အရှင်ဇနကာဘိဝံသ၏ ပရိတ်ပါဠိ၊ ပရိတ်ကြီးနိဿယ၊ ၁၃, ၈၆။ ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၂၁၅။ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၉၁။)

**ဝိနယ (မူကွဲ)** ခုဒ္ဒကပါဌ မေတ္တာသုတ္တ၊ ၁၁။ သုတ္တနိပါတ၊ မေတ္တာသုတ္တ၊ ၃၀၂ (ခု၊ ၁၊ ၁၁, ၃၀၂) သိဟိုဠ်, ယိုးဒယား, အင်္ဂလိပ်မူများ၌ **ဝိနေယျ**-ရှိ။ သိရိမင်္ဂလာပရိတ်တော် မေတ္တာသုတ်၊ ၁၁။ တွံတေး ပရိတ်ကြီးနိဿယ၊ ၁၀၁။ မြင်းခြံ-၉-ဆောင်မူ မဟာပရိတ်တော်ကြီး နိဿသစ်၊ ၆၅။ စလင်း ပရိတ်ကြီး နိဿယ၊ ၁၇၃။ အရှင်အာဒိစ္စဝံသ ပရိတ္တသင်္ဂဟ ပါဠိနိဿယ၊ ၉၀။

**ဇာတုဂ္ဃဿေယျ= ဇာတုဂ် ဂ္ဃဿေယျ= ဇာတုတ် ဂ္ဃဿေယျ [ဇာတု+ ဂ္ဃဿေယျ= ဇာတုဂ္ဃဿေယျ]**

**ရေတိ [ရ်+ဧတိ⟶ဧတိ**-မှာ စကားပြေပြစ်ရန် **ရ်**-လာ၊ ပုဒ်ရင်း **'ဧတိ'**]

(**သော**-ထိုမေတ္တာဈာန်ရပြီးသော ယောဂီပုဂ္ဂိုလ်သည်၊) **ဒိဋ္ဌဉ္စ**-အတ္တဒိဋ္ဌသို့လည်း၊ **ဝါ**-မှား သောအယူသို့လည်း၊ **အနုပဂ္ဂမ္မ**-မစွဲ မယူ မကပ်ရောက်မူ၍၊ **သီလဝါ**-လောကုတ္တရာသီလရှိသူသည်၊ **ဒဿနေန**-သောတာပတ္တိမဂ်ဉာဏ်နှင့်၊ **သမ္မဓေါ**-ပြည့်စုံသူသည်၊ (**သမာနော**-ဖြစ်လျက်၊) **ကာမေသု**-ဝတ္ထုအာရုံ ကာမဂုဏ်တို့၌၊ **ဧဂဓံ**-ကိလေသာဖြင့် တွယ်တာမက်မောခြင်းကို၊ **ဝိနေယျ**-တစ်စမကြွင်း အရှင်းပယ်ရှားပြီးသော်၊ **ဇာတု**-စင်စစ် ဧကန် အမှန်ပင်၊ **ပုန**-နောက်ထပ်တစ်ဖန်၊ **ဂ္ဃဿေယျုံ**-ပဋိသန္ဓေ တည်နေခြင်းသို့၊ **န ဧတိ**-မရောက်ရတော့ပေ။

ထိုမေတ္တာဈာန်ရပြီးတဲ့ ယောဂီဟာ အတ္တဒိဋ္ဌ အစွဲမရှိအောင်ပြုလျက် လောကုတ္တရာ သီလရှိတဲ့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသူဖြစ်ကာ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကိလေသာဖြင့် တွယ်တာခြင်းကို ပယ်ရှင်းပြီးသော် ဧကန်စင်စစ် နောက်တစ်ဖန် ပဋိသန္ဓေ မနေရတော့ပေ။

**မေတ္တာဈာန်မှ၊ ခြေခံပြ၊ တက်ရ မဂ်ဖိုလ်ထိ။** ။ မေတ္တာဘာဝနာက အပွနာဈာန်ရရန်သာဖြစ်၍ မဂ်ဖိုလ်အထိ ပို့ဆောင်နိုင်ခြင်း မရှိသေးပါ၊ ဘုရားရှင်ရဲ့အလိုတော်မှာ မဂ်ဖိုလ်ရရန် အတွက်သာဖြစ်လို့ မေတ္တာမှ တဆင့်တက်ကာ အရိယာဖြစ်ရန် နည်းလမ်းညွှန်ပြလျက် ဒေသနာကို အဆုံးသတ်တော်မူလိုတဲ့အတွက် **"ဒိဋ္ဌိဥ"**ဂါထာကို ဟောတော်မူပါတယ်။

**ဒိဋ္ဌိသာမန်၊ ဆိုသောဟန်၊ ယူရန် အတ္တဒိဋ္ဌိ။** ။ **"ဒိဋ္ဌိသမ္ပဒါ, ဒိဋ္ဌိသမ္ပန္နော"**စတဲ့ အချို့အရာမှာ **သမ္ပဒါ, သမ္ပန္နော**–ပုဒ်များကို ထောက်လျက် **ဒိဋ္ဌိ**သဒ္ဒါက သမ္ပာအယူခေါ် လောကိဉာဏ်, သောတာပတ္တိမဂ်ဉာဏ်ကိုဟောပါတယ်၊ ဒိနေရာမှာ **"ဒိဋ္ဌိ"**အရ **အနုပဂ္ဂမ္မ**–ပုဒ်ကိုထောက်ရင် ပယ်ခွါရမည့်ဒိဋ္ဌိဖြစ်သောကြောင့် "မိစ္ဆာအယူ"ကို ယူရမှာ သိသာထင်ရှားပါတယ်၊ မိစ္ဆာအယူတွင်လဲ **"ဒဿနေန သမ္ပန္နော"**ကို ထောက်ရင် မဂ်ရသည်အထိ ပယ်ခွါရမယ့် ဒိဋ္ဌိ–လို့ သိရတဲ့အတွက် **"အတ္တဒိဋ္ဌိ"**ကို ယူရတယ်။ အတ္တဒိဋ္ဌိက ဒိဋ္ဌိမှန်သမျှရဲ့ အရင်းခံဖြစ်တဲ့အတွက် အတ္တဒိဋ္ဌိရှိနေသူမှာ မည်သည့်ဒိဋ္ဌိမျှ ကင်းရှင်းတယ်လို့ မဆိုနိုင်ပါ၊ အတ္တဒိဋ္ဌိကို နုတ်ပယ်ပြီးကလဲ မည်သည့် ဒိဋ္ဌိမျှ မကျန်ရစ်တော့ပါ။

ဒါ့အပြင် အတ္တဒိဋ္ဌိရှိသူမှာ သဘာဝအမှန် ရုပ်နာမ်တို့ကို မမြင်နိုင်ပဲ ရုပ်နာမ်မြင်မှသာ နိဗ္ဗာန်မြင်ရမည်ဖြစ်တဲ့အတွက် မဂ်ရဖို့အရေးမှာ ရုပ်နာမ်တို့ကို ကွယ်ကာထားတဲ့ အတ္တစွဲကို အလေးအနက်ထားကာ ပယ်ရှားရမည်ဖြစ်သောကြောင့် **ဒိဋ္ဌိ**အရ အတ္တဒိဋ္ဌိကို ယူသည်မှာ သင့်မြတ်လှပါတယ်။ ပြောစရာကျန်သေးတာက "မေတ္တာဘာဝနာက သတ္တဝါပညတ်ကို အာရုံပြုတဲ့အတွက် အတ္တဒိဋ္ဌိနဲ့ နိုးစပ်လျက်ရှိတယ်၊ ဒါ့ကြောင့် မေတ္တာဘာဝနာကို ဟောတော်မူပြီးနောက် ဒိအတ္တဒိဋ္ဌိကို ပယ်ရှားရန် **"ဒိဋ္ဌိဥ အနုပဂ္ဂမ္မ"**လို့ ဟောတော်မူခြင်းဖြစ်ရာ **ဒိဋ္ဌိ**–အရ အတ္တဒိဋ္ဌိ–ယူရမည်မှာ မြေကြီးလက်ခတ် မလွဲတော့ပါ။

**ဝိပဿနာပြ၊ ခြေခံက၊ ဈာနဆိုင်ရာ နာမ်ရုပ်ပါ။** ။ **"ဒိဋ္ဌိ အနုပဂ္ဂမ္မ**–ဒိဋ္ဌိဖြင့် မစွဲမကပ်မူ၍"ဆိုတာ ဝိပဿနာဘာဝနာရဲ့အစွမ်းဖြင့် ပယ်ရမယ်–လို့ ဆိုလိုပါတယ်၊ မေတ္တာဈာန်ရ ပုဂ္ဂိုလ်ဟာ ထိုဈာန်မှထလျက် ဈာန်မှာရှိတဲ့ ဝိတက်, ဝိစာရ–စတဲ့ နာမ်တရားများ, ထိုနာမ်တရားများရဲ့မှိရာ ဟဒယဝတ္ထု–စတဲ့ ရုပ်တရားများကို ရှုဆင်ခြင်ခြင်းဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ် အမြင်သန်လာတဲ့အခါ ခန္ဓာကိုယ်၌ သတ္တဝါအတ္တကိုရှာမရပဲ သခီါရရုပ်နာမ် အစုအဝေးမျှသာ ဖြစ်တယ်–လို့ အမှန်မြင်သွားတဲ့အတွက် အတ္တဒိဋ္ဌိအစွဲမှားသို့ မကပ်ရောက်တော့ပါ။

အဌကထာက ဈာန်ကို အခြေခံလျက် ဝိပဿနာတက်တဲ့နည်းကိုသာပြတယ်၊ ဒီလိုပြသဖြင့် မေတ္တာဈာန်ကို အခြေမခံပဲ အခြားထင်မြင်ရာ ရုပ်နာမ်များကို ရှုမှတ်မှု မပြုရ–လို့ မမှတ်အပ်ပါ၊ ဈာန်မှတပါး အခြားရုပ်နာမ်များကိုလဲ ရှုမှတ်လိုက ရှုမှတ်နိုင်ပါတယ်။

ဒါ့အပြင် မေတ္တာကို အပွနာဈာန်အထိ ရောက်အောင် မပြုတော့ပဲ ဥပစာရဈာန်မျှဖြင့်ဖြစ်စေ, ဥပစာရဈာန်မျှပင်မရပဲ ပရိတ်အရံအတားအတွက် ပွါးများခြင်းမျှဖြင့်ဖြစ်စေ ပွါးများတဲ့ပုဂ္ဂိုလ်များလဲ ရုပ်နာမ်ကိုသာ ရှုခြင်းဖြင့် အတ္တဒိဋ္ဌိကို ပယ်နုတ်နိုင်သည်၏အဖြစ်ကိုလဲ အဌကထာက တားမြစ်တယ်–လို့ မမှတ်အပ်ပါ။

**ဒဿနေန သမ္ပန္နော သောတာပန်ကိုပြော။ ကာမေသု ဝိနေယျ ဂေဓံ အလယ်ပုဂ္ဂိုလ်နှစ်တန်။** ။ **"သီလဝါ ဒဿနေန သမ္ပန္နော"**ပုဒ်တို့ဖြင့် သောတာပတ္တိမဂ်ရပြီးတဲ့ သောတာပန်ပုဂ္ဂိုလ်အဖြစ်ကို ပြပါတယ်။ သောတာပန်ပုဂ္ဂိုလ်က မိမိပွါးများတဲ့ဘာဝနာကိုပင် ထပ်ပွါးများခြင်းဖြင့် သကဒါမိမဂ်သို့ ဆိုက်ရောက်ရတယ်၊ အဲဒီအခါ သောတာပတ္တိမဂ်က မပယ်နိုင်သေးတဲ့ ကာမတဏှာဟာ ခေါင်းပါး နည်းပါးသွားပါတယ်၊ (ဥပမာ––သောတာပန်ပုဂ္ဂိုလ်အခိုက်မှာ ကာမတဏှာ အကြိမ်တစ်ရာဖြစ်မယ့်အခြေအနေမျိုး၌ ရာခိုင်နှုန်း ၅၀–ခန့် ဖြစ်ဖို့ လျော့နည်းသွားတယ်–လို့ ဆိုလိုတယ်။ ဒီနောက် တစ်ဆင့်တက်ကာ ပွါးများပြန်ရင် အနာဂါမိမဂ်ကို ရပြန်ပါတယ်။ အဲဒီအခါမှာ ကာမတဏှာကို အကြွင်းမဲ့ ပယ်ပြီးဖြစ်ပါတော့တယ်၊ ဒါ့ကြောင့် **"ကာမေသု ဝိနေယျ ဂေဓံ"**ပုဒ်တို့ဖြင့် သကဒါဂါမိမဂ်, အနာဂါမိမဂ်တို့သို့ ရောက်ပြီးတဲ့ သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့အဖြစ်ကို ပြပါတယ်။

**အဌကထာအဆို သိဖို့လို**[၃၀၂]။ ။ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တဲ့ပုဂ္ဂိုလ်မှာ ကာမရာဂပယ်ပြီးဖြစ်တဲ့ အတွက် ဒီလူ့ဘုံအပါအဝင် ကာမဘုံမှန်သမျှမှာ ပြန်လည်မဖြစ်တော့ပါ၊ ဒါ့ကြောင့် **"နဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ–** နောက်တစ်ဖန် ဧကန်မုချ အမိဝမ်းမှာ ပဋိသန္ဓေမနေရတော့ပါ"လို့ ဟောတော်မူခဲ့ပါတယ်။ အမိဝမ်းမှာ ပဋိသန္ဓေမနေရ–လို့ ဆိုသဖြင့် အနာဂါမ်ပုဂ္ဂိုလ်ဟာ ဒီလူ့ဘုံမှစုတေ (သေ)ရင် သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ပြီး ထိုဘုံတို့မှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လျက် ပရိနိဗ္ဗာန်စံရတော့တယ်။

---

[၃] ခု၊ ၌၊ ၂၁၅။ သုတ္တနိပါတ၊ ၌၊ ၁၊ ၁၉၁။

## မေတ္တာသုတ်ပရိတ်တန်ခိုး

**မေတ္တာသုတ်ပရိတ်တော်**သည် စကြာဝဠာ ကုဋေတစ်သိန်းတိုင်အောင်ပင် အာဏာစက် ပြန့်နှံ့လျက် တောကျောင်းနေ ရဟန်းငါးရာတို့ကို အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရစေရောက်စေ၏၊ မေတ္တာသုတ်အတွင်း၌ ပါဝင်သည့် တစ်ဆယ့်ခြောက်ပါး ကျင့်ဝတ်များကို ပြည့်စုံအောင်ကျင့်ခဲ့ပါလျှင် မချွတ်ပင် မဂ်ဖိုလ်တရားထူးကို ရရှိနိုင်၏၊ ထို့ကြောင့် ဤမေတ္တာသုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။ (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ဗုဒ္ဓရတနာ၊ ၃၁၆။)

## မေတ္တာသုတ် နိဝုံးချုပ် အာသီသလင်္ကာ

ပီယသီဒွိ၊ ဣတ္ထိ-ရာဇ၊ သဗ္ဗသမိုက်၊ သျှိလပ်းလိုက်၍၊ ကျိုက်ရေးချစ်ရေး၊ ဆေးဝါး မန္တရား၊ လမ်းအများကို၊ စွမ်းအားလျော်စွာ၊ ပြုလုပ်ပါလည်း၊ ဥပါဒါန်ယစ်၊ ဥပဒ်ဖြစ်၍၊ သစ်ငုတ် ကိုပင်၊ **တစ္ဆေ**[၃၃၃] ထင်သို့၊ ပုံပြင်တခန်း၊ ထန်းသီးကြွေခိုက်၊ ကျိုးနင်းခိုက်သို့၊ တိုက်ဆိုက်ဆုံတွေ့၊ ကြုံသရွေ့ကို၊ ဆေး သတ္တိသာ၊ ထင်တတ်စွာ၏၊ ဝိဇ္ဇာမယိဒ်၊ တန်ခိုးဟိတ်ကြောင့်၊ တစိတ် တဒေ၊ ကမ္ဘာမြေထက်၊ တလေတယောက်၊ ပေါက်သူပေါက်လိမ့်၊ အောက်နတ်ဆေးဝါး၊ မန္တရား ကြောင့်၊ မှန်းထားလိုရာ၊ ကာမဂုဏ်အာရုံ၊ ကြာလှုံမွှေ့လျော်၊ ရပါသော်လည်း၊ ကရော်ကမည်၊ လော်လည်ကိန်းလိုက်၊ အစိန်းတိုက်၍၊ မိုန်းမိုက်ပြီးလျှင်၊ မှန်းမာန်ဝင်၏၊ အစဉ်မြစ်ခြေ၊ မဖြစ်လေခဲ့၊ ကောန်ချစ်ခင်၊ ခုမျက်မြင်ကား၊ အကြင်သူမှာ၊ ငွေသပြာကို၊ ဖွေရှာတိုင်းရာ၊ ထိုသူမှ လျှင်၊ ပီယသီဒွိ၊ စိတ်ရှိမနှောင့်၊ ကြံတိုင်းဖြောင့်၏၊ ထို့ကြောင့်သက်သက်၊ မျက်နှာပွင့်ဆေး၊ အနုဆေးကို၊ ရေးတစိုက်ပင်၊ မလိုက်ချင်လင့်၊ တွင်တွင်ငွေစ၊ ရအောင်သာရှာ၊ လွန် နု ပါလိမ့်၊ ကျမ်းလာသရုပ်၊ ပီယချုပ်ကား၊ **ပုဇ္ဇော သန္နိဝါသေန-ပစ္ဈုပ္ပန္နဟိတေန ဝါ**၊ ထင်စွာသစ်သစ်၊ အဂိုနှစ်နှင့်၊ **မေတ္တာယ ဓါ ဘိက္ခဝေ စေတောဝိမုတ္တိယာ ဇကာဒသ အာနိသံသာ**၊ ဒေသနာ

---

[၃၃၃] **တစ္ဆေ**-ကား ကျမ်းဆရာ၏ ရေးထုံးတည်း၊ တစ္ဆေ-နှင့် အဓိပ္ပါယ်တူ၏၊ "တဇ္ဇေတိတိ တဇ္ဇကော။ (ယော ဟကြင်သတ္တဝါသည်၊) တဇ္ဇေတိ-ခြိမ်းခြောက်တတ်၏၊ ဣတိ-ထို့ကြောင့်၊ (သော သတ္တော-ထိုသတ္တဝါသည်၊) တဇ္ဇကော ဟန္တုကမ္မသိ၏ ဟန္တုကော-တဇ္ဇေ၊ ဝါ-တစ္ဆေ။

ကို၊ သေချာပိုင်းခြား၊ နှလုံးထား၍၊ အများလူဗိုလ်၊ ချစ်စေလိုက၊ ဗြဟ္မာစိုရ်စိတ်၊ ယိုမဖိတ်ဘဲ၊ **တ–ဒိဋ္ဌ–ဒူ–ဘူ၊ ၄–ဒုက်**ယူပြီး၊ **ထူ–မ–ဒီ** မှာ၊ **၃–တိက်**ဖြာ၍၊ မေတ္တာပွါးကြ စေကုန်သောဝ်[၃၁၄]။

**၅၂၈–သွယ်မေတ္တာ ပွါးပုံမှာ။** ။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် မေတ္တာကထာ[၃၁၅]မှာ----

(၁) **မေတ္တာပွါးပုံ ၄–မျိုး၊**

(၂) **အနောဓိသ ဖရဏာမေတ္တာ** (အပိုင်းအခြားမဲ့ မေတ္တာ)ပျံ့နှံ့ရာ ပုဂ္ဂိုလ် ၅–ယောက်၊

(၃) **သြဓိသ ဖရဏာမေတ္တာ**(အပိုင်းအခြားအားဖြင့် မေတ္တာ)ပျံ့နှံ့ရာ ပုဂ္ဂိုလ် ၇–ယောက်၊

(၄) **ဒိသာဖရဏာမေတ္တာ** (မေတ္တာပျံ့နှံ့ရာ) အရပ် ၁၀–မျက်နှာ။

**မေတ္တာပွါးပုံ ၄–မျိုး**မှာ---

(၁) ဘေးရန်ကင်းကြပါစေ (**အဝေရာ),**

(၂) ကြောင့်ကြဗျာပါဒ ကင်းကြပါစေ, စိတ်ဆင်းရဲခြင်း ကင်းကြပါစေ (**အဗျာ ပဇ္ဇာ),**

(၃) ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ (**အနီဃာ),**

(၄) ကျန်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာဆောင်နိုင်ကြပါစေ, ကိုယ်စိတ် နှစ်ဖြာချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ (**သုခီ အတ္တာနံ ပရိဟရန္တု)**။

**အနောဓိသ မေတ္တာ –အပိုင်းအခြားမဲ့ ပုဂ္ဂိုလ် ၅–မျိုးအပေါ်၌ မေတ္တာပွါးပုံမှာ----**

(၁) အားလုံးသော သတ္တဝါတွေ (**သဗ္ဗေ သတ္တာ)** ဘေးရန်ကင်းကြပါစေ, စိတ်ဆင်းရဲခြင်း ကင်းကြပါစေ, ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ, ကျန်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်နိုင်ကြပါစေ၊ (၁×၄=၄)

---

[၃၁၄] မဟာပရိတ်တော်ကြီးနိသျသစ်၊ ၆၅-၆၆။ **တ**–တသာ၊ **ဒိဋ္ဌ**–ဒိဋ္ဌာ၊ **ဒူ**–ဒူရေ၊ **ဘူ**–ဘူတာ၊ **၄–ဒုက်**–(၁) တသာ ဝါ ထာဝရာ ဝါ, (၂) ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ, (၃) ဒူရေ ဝါ အဝိဒူရေ ဝါ (သန္တိကေ ဝါ), (၄) ဘူတာ ဝါ သမ္ဘဝေသီ ဝါ။ **ထူ**–ထူလာ၊ **မ**–မဟန္တာ၊ **ဒီ**–ဒီဃာ၊ **၃–တိက်**–(၁) ထူလာ ဝါ အဏုကာ ဝါ မဇ္ဇိမာ ဝါ, (၂) မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဇိမာ ဝါ, (၃) ဒီဃာ ဝါ ရဿာ ဝါ မဇ္ဇိမာ ဝါ။

[၃၁၅] ပဋိသမ္ဘိဒါမဂ္ဂ၊ ယုဂနဒ္ဓဝဂ္ဂ၊ မေတ္တာကထာ၊ ၃၁၄-၃၁၅။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

(၂) အားလုံးသော ထွက်သက်ဝင်သက်ရှိသူတွေ (**သဗ္ဗေ ပါဏာ**)----(၁×၄=၄)

(၃) အားလုံးသော ထင်ရှားဖြစ်သူတွေ (**သဗ္ဗေ ဘူတာ**)----------(၁×၄=၄)

(၄) အားလုံးသော ပုဂ္ဂိုလ်တွေ (**သဗ္ဗေ ပုဂ္ဂလာ**)----------(၁×၄=၄)

(၅) အားလုံးသော ခန္ဓာကိုယ် အတ္တဘောရှိသူတွေ (**သဗ္ဗေ အတ္တဘာဝပရိယာပန္နာ**)--(၁×၄=၄)

**စုစုပေါင်း အနောဓိသမေတ္တာ ၂၀**-ရတယ်။ (၅×၄=၂၀)

**သုခိသမေတ္တာ- အပိုင်းအခြားရှိ ပုဂ္ဂိုလ် ၇-မျိုးအပေါ်၌ မေတ္တာပွါးပုံမှာ-----**

(၁) အားလုံးသော အမျိုးသမီးတွေ (**သဗ္ဗာ ဣတ္ထိယော**) ဘေးရန်ကင်းကြပါစေ, စိတ်ဆင်းရဲခြင်း ကင်းကြပါစေ, ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ. ကျန်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်နိုင်ကြပါစေ၊ (၁×၄=၄)

(၂) အားလုံးသော အမျိုးသားတွေ (**သဗ္ဗေ ပုရိသာ**)---- (၁×၄=၄)

(၃) အားလုံးသော အရိယာတွေ (**သဗ္ဗေ အရိယာ**)-----(၁×၄=၄)

(၄) အားလုံးသော ပုထုဇဉ်တွေ (**သဗ္ဗေ အနရိယာ**)----(၁×၄=၄)

(၅) အားလုံးသော နတ်ဗြဟ္မာကွေ (**သဗ္ဗေ ဒေဝါ**)----- (၁×၄=၄)

(၆) အားလုံးသော လူတွေ (**သဗ္ဗေ မနုဿာ**)---------(၁×၄=၄)

(၇) အားလုံးသော အပါယ်ဘုံသူ အပါယ်ဘုံသားတွေ (**သဗ္ဗေ ဝိနိပါတိကာ**)---(၁×၄=၄)

စုစုပေါင်း **သုခိသမေတ္တာ ၂၈-ပါး** ရတယ်။ (၇×၄=၂၈)

အရပ်မျက်နှာ မသတ်မှတ်ပဲ ပို့လို့ ပွါးများလို့ရတဲ့ မေတ္တာမှာ **အနောဓိသမေတ္တာ ၂၀+ သုခိသမေတ္တာ ၂၈=** စုစုပေါင်း ၄၈-ပါး ဖြစ်တယ်။ (၂၀+၂၈=၄၈)

**ဒိသာဖရဏာမေတ္တာ ပွါးပုံမှာ** ။ ။ အရပ်ဆယ်မျက်နှာ, ပုဂ္ဂိုလ်ဆယ့်နှစ်မျိုး, ပွါးပုံလေးမျိုးကို, တွဲစပ် ပွါးများရပါတယ်။

(၁) အရှေ့အရပ်မှာနေ အားလုံးသော သတ္တဝါတွေ (**ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ**)--- (၁×၄=၄)

**မေတ္တာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်**

(၂) အနောက်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ပဏ္ဍိမာယ ဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၃) မြောက်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၄) တောင်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၅) အရှေ့မြောက်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၆) အနောက်တောင်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၇) အနောက်မြောက်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၈) အရှေ့တောင်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၉) အောက်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

(၁၀) အထက်အရပ်မှာနေ အားလုံးသော သတ္တဝါတွေ **(ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ)**--- (၁×၄=၄)

အရပ်ဆယ်မျက်နှာရှိ သတ္တဝါအားလုံးကို မေတ္တာပွါးပုံလေးမျိုးဖြင့် ပွါးများရင်

(၁၀×၁×၄=)**၄၀-ယိး** ရတယ်။

(၁-၁၀) အရှေ့အရပ်မှာနေ စသည်ဖြင့် အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော ထွက်သက်ဝင်သက် ရှိသူတွေ ပွါးများရင် (၁၀×၁×၄=)**၄၀-ယိး** ရတယ်။

(၁-၁၀) အလားတူ အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော ထင်ရှားဖြစ်သူတွေ အပေါင်း

(၁၀×၁×၄=)**၄၀-ယိး** ရတယ်။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော ပုဂ္ဂိုလ်တွေ အပေါင်း (၁၀×၁×၄=)**မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော ခန္ဓာကိုယ်အတွင်းဘောဂရှိသူတွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော အမျိုးသမီးတွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော အမျိုးသားတွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော အရိယာတွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော ပုထုဇဉ်တွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော နတ်ဗြဟ္မာတွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော လူတွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

(၁–၁၀) အရပ်ဆယ်မျက်နှာမှာနေ အားလုံးသော အပါယ်ဘုံသူ အပါယ်ဘုံသားတွေ အပေါင်း (၁၀×၁×၄=) **မေတ္တာ ၄၀–ပါး** ရတယ်။

ပုဂ္ဂိုလ် ၁၂–မျိုးကို အရပ် ၁၀–မျက်နှာနဲ့ တွဲစပ်၍ မေတ္တာပို့ မေတ္တာပွါးရင် (၁၀×၁၂×၄=) **မေတ္တာ ၄၈၀–ပါး** ရတယ်။

အရပ် ၁၀–မျက်နှာနဲ့ မတွဲစပ်ပဲ ပုဂ္ဂိုလ် ၁၂–မျိုးချည်းသက်သက် ပွါးတဲ့မေတ္တာ ၄၈–ပါးနှင့် ပုဂ္ဂိုလ် ၁၂–မျိုးကို အရပ် ၁၀–မျက်နှာနဲ့ တွဲစပ်ပွါးတဲ့ မေတ္တာ ၄၈၀–ပါး= စုစုပေါင်း ၅၂၈–ပါးရတယ်၊ အဲဒီ ၅၂၈–ပါးကို **"၅၂၈–သွယ်မေတ္တာ"**လို့ ခေါ်တယ်။
(၄၈+၄၈၀=၅၂၈)

မေတ္တာပို့သ ဤလေးဝ– ဆောင်ပုဒ်–––––

(က) ဘေးရန်ဖြာဖြာ၊ လွတ်ကင်းကွာ၊ မှန်စွာ ရှိပါစေ။

( ခ) စိတ်ဇီဆင်းရဲ၊ ကိုယ်ဆင်းရဲ၊ အမြဲ ကင်းပါစေ။

( ဂ) ကျန်းမာချမ်းသာ၊ ကိုယ့်ဓနွာ၊ ကောင်းစွာ ဆောင်နိုင်ကြပါစေ။

(ဃ) မေတ္တာပို့သ၊ ဤလေးဝ၊ မှတ်ကြ သင်တို့တွေ။

မပိုင်းခြားလတ် ပုဂ္ဂိုလ် ၅–ရပ် (အနောမိသပုဂ္ဂိုလ် ၅)–ဆောင်ပုဒ်––––––

(က) အာရုံငါးဝ၊ တပ်စွန်းက၊ မှတ်ကြ သတ္တဝါ။

( ခ) ထွက်လေဝင်လေ၊ ရှိတုံခြေ၊ မှတ်ပေ ပါဏာသာ။

( ဂ) ထင်ရှားဖြစ်က၊ မှားသတ္တာ၊ မှတ်ကြ ဘူတပါ။

(ဃ) အသက်အာယု၊ စားသုံးပြု၊ ခေါ်မှု ပုဂ္ဂလာ။

(င) အတ္တဘောထင်ရှား၊ ရှိသူအား၊ ခေါ်ငြား အတ္တဘာ။

(စ) ဤလိုပုဂ္ဂိုလ်၊ ငါးခုကို၊ ခေါ်ဆို နောမိသာ။

ပိုင်းခြားသတ်မှတ်၊ မရှိလတ်၊ သိအပ် နောမိသာ။

ပိုင်းခြားသတ်မှတ် ပုဂ္ဂိုလ် ၇–ရပ် (ဩမိသပုဂ္ဂိုလ် ၇–) ဆောင်ပုဒ်–––––––

(က) အမျိုးသမီးကို၊ ကုတ္ထိဆို၊ လူဝိုလ်ခေါ်ဝေါ်ကြ။

( ခ) အမျိုးသားတွေ၊ ရှိကြပေ၊ ခေါ်လေ ပုရိသ။

( ဂ) အရိယာများ၊ ရွှစ်ဖြာအား၊ ခေါ်ငြား အရိယ။

(ဃ) ပုထုဇ္ဇန၊ ဟူသမျှ၊ ခေါ်ကြ အနရိယ။

( င) နတ်နှင့် ဗြဟ္မာ၊ သည်နှစ်ဖြာ၊ မှတ်ပါ ခေါ်ဒေဝ။

( စ) များစွဉ်လူလူ၊ သတိမူ၊ ခေါ်ယူ မနုဿ။

(ဆ) အပါယ်ဘုံသား၊ အကုန်အား၊ ခေါ်ငြား ဝိနိပါတိက။

( ဇ) ပေါင်းပုဂ္ဂလာ၊ ခုနစ်ဖြာ၊ ငါဟာ ဩမိသ။

ပိုင်းခြားသတ်မှတ်၊ ရှိပါလတ်၊ သိအပ် ဩမိသ။

ဆောင်ပုဒ်ရွေစာ မှတ်စမ်းပါ----

(၁) အနောမိသ၊ သြမိသ၊ ပေါင်းထ တဆယ့်နှစ်။

(၂) မေတ္တာလေးခု၊ မြွှာက်ဓါပြု၊ မှတ်ရှု လေးဆယ့်ရှစ်။

(၃) အရပ်မပါ၊ ပို့မေတ္တာ၊ မှတ်ပါ လေးဆယ့်ရှစ်။

(၄) အရပ်ကိုမှတ်၊ ပို့လိုလတ်၊ တည်အပ် လေးဆယ့်ရှစ်။

(၅) ရပ်ဆယ်မျက်နှာ၊ မြွှာက်လေပါ၊ လေးရာ ရှစ်ဆယ်ဖြစ်။

(၆) ရိုးရိုးလေးဆယ်၊ ရှစ်ခုဝယ်၊ ရောနယ် မွှေရွာလစ်။

(၇) ငါးရာ့်နှစ်ဆယ်၊ ရှစ်ခုကယ်၊ ပို့လွယ် မေတ္တာစစ်။

(၈) အများမှတ်ဖွယ်၊ သံပေါက်ဝယ်၊ ရေးချယ် အဆင့်ဆင့်။

(၉) ရှင်လူအများ၊ လွန်လိုလား၊ ကြိုးစား မှတ်ယူသင့်။

(၁၀) ညီညီမများ၊ အသိပွါး၊ ကိုးစား ဉာဏ်အမြင့်။

(၁၁) မမှတ်သူမှာ၊ သိ ဇလာ၊ ပမာ နွားနှင့်ချင့်။

(၁၂) အိပ် စား ကာမ၊ ဤသုံးဝ၊ ရှိကြ နွားတွေနှင့်။

(၁၃) သင်တို့တွေလဲ၊ ထို့တူပဲ၊ မူတွဲ မဖြစ်သင့်။

(၁၄) နွားထက်သာလို၊ ပညာကို၊ သင်ဆို အသိနှင့်။

(၁၅) တနေ့တလံ၊ ပြည်ပုဂံ၊ ရောက်ပြန် စကားပုံနှင့်။

(၁၆) ဆရာကျည်ပွေ့၊ တက်ပေါက်လေ့၊ မရွေ့ ပုံကိုချင့်။

(၁၇) ပညာ ဥစ္စာ၊ ကုသိုလ်ပါ၊ ရရာယူဖို့သင့်။

(၁၈) တထောင့်သုံးရာ၊ သုံးဆယ်ပါ၊ ဦးမှာ တန်ဆူးဖြစ်။

(၁၉) လဆန်း ဆယ်စု၊ ဂဠုန်နေ့၊ ရေးချီ ပြီးဆုံးလစ်။

(၂၀) ရေးသည့်ကုသိုလ်၊ တောင်းဆုဆို၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့်။

(၂၁) ဟေဘိကွ။ တောင်းဆုယူ၊ ကြည်ဖြူ ရွှေတော်သင့်။

(၂၂) ဆဋ္ဌဘိညာ၊ တဝိဇ္ဇာ၊ ရှစ်ဖြာ သမာပတ်နှင့်။

(၂၃) ပဋိသမ္ဘိဒါ၊ လေးမုဖြာ၊ ပြည့်ကာ ရဟန္တာဖြစ်။

(၂၄) ကောင်းမှု ကုသိုလ်၊ အဖို့ကို၊ ပေးလို စိတ်ဝယ်သင့်။

(၂၅) များသတ္တဝါ၊ ဓဝနေယျာ၊ ရကာ ထပ်တူဖြစ်။

(၂၆) အမျှ အမျှ။ ပေးဝေင့်၊ ရကြပါစေနှင့်။

(၂၇) ကုသိုလ်ဖို့မူ၊ မျှအာတူ၊ ရယူပါစေနှင့်။
(၂၈) သာဓု သာဓု၊ ဓေါ်ကာပြု၊ သိမှု အမှတ်နှင့်။
(၂၉) ကြေးစည်သံလေ၊ ဒူဝေဝေ၊ သံဝေများဖို့ဖြစ်။
(၃၀) သာဓု ဒူဝေ၊ သံနှစ်ထွေ၊ တက်လေ ဘဝင်ဆင့်။

(ကိုယ်ယဉ်စောဏ် မှတ်စုမှ)

မေတ္တာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ပြီး၏။

# ၁၄၈သုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## ခန္ဓသုတ္တ နိဒါန်းက

(က)　သဗ္ဗာသီဝိသဇာတီနံ၊ ဒီဗ္ဗမန္တာဂဒံ ဝိယ။
　　ယံ နာသေတိ ဝိသံ ဧသော၎၊ သေသဉ္စာပိ ပရိဿယံ။

(ခ)　အာဏာကွေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏီနံ။
　　သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟော။

သဗ္ဗာသီဝိသဇာတီနံ [သဗ္ဗ+အာသီဝိသ+ဇာတီနံ]၊
ဒီဗ္ဗမန္တာဂဒံ= ဒိတ်ဝ မန်တာဂဒံ [ဒိဗ္ဗ+မန္တ+အာဂဒံ]၊
**"ဒီဗ္ဗမန္တဂဒံ"**ဟုလည်း ရှိ၏၊ **'ဒီဗ္ဗမန္တာဂဒံ'**သာ၍ ကောင်း၏၊ (ပရိတ္တသင်္ဂဟ၊ ၁၀၂)။
**ဒီဗ္ဗမန္တံ ဂဒံ** (စလင်း ပရိတ်ကြီးပါဠိတော်နိဿယ ၁၄၆-၌ **မန္တံ ဂဒံ**ကို (**မန္တံ+အာဂဒံ**)ဟု ပုဒ်ဖြတ်။ မြင်းခြံ မဟာပရိတ်တော်ကြီးနိဿယ၊ ၆၆။)
[ဒီဗ္ဗမန္တဂတံ-ဟုရှိလျှင် 'ဂတ-သဒ္ဒါသည် အနက်မရှိမှတ်][၃၈၆]၊
**သေသဉ္စာပိ=သေသင် စာပိ [သေသံ+စ+အပိ]**၊
**ပရိဿယံ= ပရိသ်သယံ=ပရိတ်သယံ**၊
**အာဏာကွေတ္တမှိ= အာဏာက်=အာဏက် ဓေတ်တမှိ [အာဏာ+ဓေတ္တ+မှိ]**
**အာဏာဓေတ္တမှိ** (မြင်းခြံ-၉-ဆောင်မူ, တွံတေးမူ, အမရပုရ မဟာဂန္ဓာဝုံမူ)
**"အာဏာ ဓေတ်တံမှိ"**ဖတ် (ပရိတ္တသင်္ဂဟ၊ ၁၀၂)၊
**သဗ္ဗတ္ထ=သစ်ဗတ်ထ=သပ်ဗထ**၊
**သဗ္ဗဒါ=သစ်ဗဒါ=သပ်ဗဒါ**၊
**သဗ္ဗပါဏီနံ= သစ်ဗ ပါဏီနံ [သဗ္ဗပါဏီနံ-၌ "သဗ္ဗပါဏီနံ"ဟု ရှိရမည်ဖြစ်သော်လည်း 'ဏီ'တွင် ဆန်းကြောင့် ရသ ဖြစ်နေ။]

---

[၃၈၆] **ဒီဗ္ဗမန္တဂတန်ဟိပါဌေ** သတိ ဒီဗ္ဗမန္တောယော ဒီဗ္ဗမန္တဂတန်ဟိ **ဂတ** သဒ္ဒသာ ကတ္တုဝါစကတ္တာ ဒဠ္ဆတ္တာ ဒီဋ္ဌဝါဒန်ဟိ အာဒီသု ဝိယ။ (ပရိတ္တဒီပကာပါဠိ၊ ခန္ဓသုတ္တဝဏ္ဏနာ၊ ၅၉။)

**သဗ္ဗသောပိ= သစ်ဗသော ပိ⟶သပ်ဗသော ပိ၊**

**ဒိဗ္ဗမန္တာဂဒ်**–နတ်မန္တန် နတ်ဆေးဝါးသည်၊ **သဗ္ဗာသိဝိသဇာတိန်**–လျင်သော အဆိပ်ရှိသော မြွေမျိုးမှန်သမျှတို့.၏၊ **ဃောရံ**–ပြင်းထန်လှစွာသော၊ **ဝိသံ**–အဆိပ်ကို၊ **နာသေတိ ဝိယ**–အရှင်းပျောက်ပြေ ပျက်စီးစေတတ်သကဲ့သို့.၊ **တထာ**–ထို့.အတူ၊ **ယံ ပရိတ္တံ**–အကြင်ခန္ဓသုတ်ပရိတ်တော်သည်၊ **သဗ္ဗတ္ထ**–အလုံးစုံသော၊ **အာဏာရက္ခေတ္တမှိ**–အာဏာခေတ်အတွင်း၌၊ **သဗ္ဗပါဏိန်**–အလုံးစုံ သော သတ္တဝါတို့.၏၊ **ဃောရံ**–ပြင်းထန်လှစွာသော၊ **ဝိသံ စ**–အဆိပ်ကိုလည်းကောင်း၊ **ဃသံ**–အဆိပ်မှ ကြွင်းသော၊ **ပရိဿယဉ္စာပိ**–ဘေးရန်အမျိုးမျိုးကိုလည်းကောင်း၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သဗ္ဗသောပိ**–အကြွင်းမရှိသောအားဖြင့်ပင်၊ **နိဝါရေတိ**–မြစ်တားဖယ်ရှားနိုင်ပါပေ၏၊ **တံ ပရိတ္တံ**–ထိုခန္ဓသုတ်ပရိတ်တော်ကို၊ **ဟေ**–အိုသူတော်ကောင်းတို့.၊ **မယံ**–ငါတို့.သည်၊ **ဘဏာမ**–ရွတ်ကြပါကုန်စို့.။

အို သူတော်ကောင်းတို့.. နတ်မန္တန်, နတ်ဆေးဝါးသည် လျင်သော အဆိပ်ရှိသော မြွေမျိုးမှန်သမျှတို့.၏ ပြင်းထန်သော အဆိပ်ကို ဖျက်ဆီးတတ်သကဲ့သို့. ခန္ဓသုတ်ပရိတ်တော်သည် အာဏာခေတ်အတွင်း၌ သတ္တဝါအလုံးစုံတို့.၏ ပြင်းထန်သောအဆိပ်ကိုလည်းကောင်း, ကြွင်းသောဘေးရန်အမျိုးမျိုးကိုလည်းကောင်း အခါခပ်သိမ်း အကြွင်းအကျန်မထင် အားလုံးပင် တားမြစ်ပယ်ရှားနိုင်ပါသည်၊ ထိုခန္ဓသုတ်ပရိတ်တော်ကို ငါတို့. ရွတ်ဆိုကြပါကုန်စို့.။

**ပရိတ်ပျိုးထ အမွှမ်းပ။** ။ "သဗ္ဗာသိဝိသဇာတိန်"စသည်သော ၂-ဂါထာကား ဘုရားဟော မဟုတ်ပါ၊ ရှေးဆရာတို့.၏ အဆိုအမိန့်.ပင်ဖြစ်သည်၊ ခန္ဓသုတ်၏အာနုဘော် အစွမ်းသတ္တိကို ဖော်ညွှန်း အမွှမ်းတင်အပ်သော ပရိတ်နိဒါန်း ပရိတ်ပျိုးဖြစ်သည်။

**"အာသီဝိသ" မှတ်စုယ်ပြ။** ။ **သဗ္ဗ**–အလုံးစုံသော+ **အာသီဝိသ**–လျင်သော အဆိပ်ရှိသောမြွေတို့.၏+ **ဇာတိ**–အမျိုး=**သဗ္ဗ အာသီဝိသ ဇာတိ⟶သဗ္ဗာသိဝိသဇာတိ**–အလုံးစုံ လျင်မြန်သော အဆိပ်ရှိတဲ့မြွေမျိုး။ အာသိယံ ဝိသံ ဧတဿာတိ အာသီဝိသော။ **ဧတဿ**–ဤမြွေအား၊ **အာသိယံ**–အစွယ်၌၊ **ဝိသံ**–အဆိပ်သည်၊ **အတ္ထိ**–ရှိ၏၊ **ဣတိ**–ထို့.ကြောင့်၊ **အာသီဝိသော**–အာသီဝိသမည်၏။ ဒီဝိဂြိဟ်အရ မြွေသာမန်ကိုလည်း **'အာသီဝိသ'**ဆို၏။ **"ဝရံ ဧတ မောဃပုရိသ အာသီဝိသဿ ဃောရဝိသဿ မုခေ အင်္ဂဇာတံ ပက္ခိတ္တံ"** ဟူသော ပါရာဇိကဏ်ပါဠိတော်[1]၌ အလွန်လျင်မြန်သော အဆိပ်ရှိတဲ့

---

[1] ဝိ၊ ၁၊ ၂၄။

မြွေကိုလည်း ဟောဇ၏၊ အာသု သီဃံ ဝိသံ တေသောတိ **အသီဝိသံ၊ ဧတသ**–ထိုမြွေအား၊ **အာသု သီဃံ**–လျင်မြန်သော၊ **ဝိသံ**–အဆိပ်သည်၊ **အတ္ထိ**–ရှိ၏၊ **ကုတိ**–ထို့ကြောင့်၊ **အာသီဝိသော**–ပည်၏၊ **အာသုဝိသ**–၌ **အာသု**–သည် သဒ္ဒါနည်း ဖြင့် **အာသီ**–ဖြစ်ရသည်။

**နတ်မန္တာန်ဆေးဝါး ပမာသုတ်တော်ထား။။** ။ **ဒိဗ္ဗ**–နတ်၌ဖြစ်သော+**မန္တ** မန္တန်+ **အဂဒ**–ဆေး=**ဒိဗ္ဗမန္တ အဂဒ → ဒိဗ္ဗမန္တာဂဒ**–နတ်၌ဖြစ်သော မန္တန် ဆေး= နတ်မန္တန်ဆေး။ ဒိခန္ဓသုတ်ရဲ့ စွမ်းရည်ကို နတ်မန္တန်, နတ်ဆေးများနှင့် ပမာပြုခဲ့တယ်၊ နတ်ဆိုတာ ကမ္မဝိပါကဇိဒ္ဓိ=ကမ္မဇိဒ္ဓိ (ကံကြောင့်ဖြစ်တဲ့တန်ခိုး) ရှိသူဖြစ်တဲ့အတွက် ကိုယ်ရောင်ဖျောက်နိုင်ခြင်း, ကိုယ်ထင်ပြနိုင်ခြင်း, အမျိုးမျိုး ဖန်ဆင်းပြနိုင်ခြင်း, လူတွေမမြင်နိုင်တာကို မြင်ခြင်း, လူတို့ထက် အသိလျင်မြန်ခြင်း စတဲ့ လူတို့ထက်သာသော တန်ခိုးရှိတယ်၊ ဒါကြောင့် နတ်တို့ရဲ့ဆေးဝါး မန္တန်များဟာလဲ လူသားတို့ရဲ့ ဆေးဝါး မန္တန်များထက် အစွမ်းအာနိသင်ရှိမည်ပင်ဖြစ်လို့ ဒီနေရာမှာ ခန္ဓသုတ်ပရိတ်တော်ကို နတ်မန္တန် နတ်ဆေးဝါးနဲ့ပမာပြုခြင်း ဖြစ်တယ်။

**"အာဏာကွေတ္တမိ"**[၃၈] အရ ဒီပရိတ်တော်ရဲ့ အရှိန်အဝါမှာ အာဏာခေတ်အတွင်း ပုံနှံ့မြဲဖြစ်သည်–လို့ ဆိုပါတယ်၊ အချို့ ဘယ်အရပ်က ဘယ်လိုမြွေအမျိုးအစား ကိုက်ရင် ဆေးမမီ–လို့ အဆိုရှိပါတယ်၊ ဒီခန္ဓသုတ်တန်ခိုးကတော့ အဲဒီလို မပျောက်နိုင်တဲ့ အရပ်ဒေသ–လို့ ခွင်းချက်မရှိပါဘူး၊ ဘယ်အရပ်ဒေသမဆို ပျောက်ကင်းစေနိုင်လို့ **"သဗ္ဗတ္ထ"** ဆိုပါတယ်၊ အချို့ ဘယ်နေ့ ဘယ်အချိန်မှာ ကိုက်ရင် ကုမရ–လို့ဆိုတယ်၊ ဘယ်အချိန်မှာ ဆေးကုမသွားနဲ့–လို့ မြွေဆရာတွေက အချိန်ကန့်သတ် ထားပါတယ်၊ ဒီခန္ဓသုတ်မှာ အဲဒီလို အချိန်အခါ ကန့်သတ်ချက်လဲမရှိပါဘူး၊ ဘယ်အချိန်အခါမဆို ပျောက်ကင်းစေနိုင်လို့ **"သဗ္ဗဒါ"** ဆိုပါတယ်၊ အချို့ ဆေးများမှာ ရှင်းရှင်းမပျောက်တတ်ပါ၊ အချို့မှာတော့ အပမှီနေလို့ ကုမရ–ဆိုပြန်တယ်၊ ဒီခန္ဓသုတ်ကတော့ လုံးဝပျောက်ကင်းစေတတ်သည့်အပြင် ထိုအပယေဝဂဆိုတဲ့ အရာများကိုပင် ပယ်နှင်နိုင်စွမ်းရှိတဲ့အတွက် **"သဗ္ဗသောဝိ"** ဆိုပါတယ်။

---

[၃၈] **အာဏာဇေတ္တမိ သဗ္ဗတ္ထာ**တိ နိရဝသေသေ ဘဂဝတော အာဏာခေတ္တာ့ကော ... ဇိ ... သာ စတ္တဝါလဉ္စ။ ... ဟိ ရတနပရိတ္တံ ဏဒံ ပရိတ္တံ ဓဇဂ္ဂပရိတ္တံ အာဋာနာဋိယပရိတ္တံ မောရပရိတ္တန္တိ ဏမေသံ ... ... ...

၁။ **ခန္ဓသုတ်သည် အဘယ်ပိဋက အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါရှိပါသလဲ?---**
ဝိနည်းပိဋက စူဠဝါပါဠိတော် ခုဒ္ဒကဝတ္ထုကွန္ဓက (ဝိ၊ ၄၊ ၂၄၅), အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဒုတိယပဏ္ဏာသက အဟိရာဇသုတ် (အံ၊ ၁၊ ၃၈၄), ခုဒ္ဒကနိကာယ် ဒုကနိပါတ် နတံဒဋ္ဌဝဂ် ခဏ္ဍဇာတက[၃၁၉](ဇာတက၊ ၁၊ ၅၃–၅၄)တို့မှာ ပါရှိပါတယ်။

၂။ **ခန္ဓသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ?**
ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်။

၃။ **ခန္ဓသုတ်ကို အဘယ်အခါမှာ ဟောတော်မူခဲ့ပါသလဲ?**
ရဟန်းတစ်ပါး မြွေကိုက်ခံရ၍ လျှောက်ထားသောအခါ ဟောတော်မူခဲ့ပါတယ်။

၄။ **ခန္ဓသုတ်ကို အဘယ်နေရာ အရပ်မှာ အဘယ်သူကို အကြောင်းပြု၍ဟောတော်မူခဲ့ပါသလဲ?**
စူဠဝါပါဠိတော် လာအရမှာ "ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်မှာ မြွေကိုက်၍ သေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါတယ်။

**ခန္ဓပရိတ်တော်မြတ် အတ္ထုပ္ပတ်။** ။ အခါတပါး ဘုရားရှင် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူတဲ့အခါ ရဟန်းတစ်ပါး မြွေကိုက်၍သေပါတယ်၊ ရဟန်များက ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြပါတယ်၊ ဘုရားရှင်က "ရဟန်းတို့...ထိုရဟန်းဟာ အဟိရာဇ မြွေမင်းလေးမျိုးတို့အား မေတ္တာမပို့, မေတ္တာစိတ်ဖြင့် မပျံ့နှံ့စေသောကြောင့် မြွေကိုက်၍ သေရတယ်၊ မေတ္တာစိတ်ဖြင့် မြွေမင်းလေးမျိုးတို့အား ပျံ့နှံ့စေပါမူ ထိုရဟန်းဟာ မြွေကိုက်၍ မသေရာ၊ ရဟန်းတို့... ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ပျံ့နှံ့စေခြင်းဖြင့် မိမိ၏လုံခြုံဖို့ရန်နှင့် မိမိကိုကာကွယ်ဖို့ရန်အတွက် မိမိကို ထက်ဝန်းကျင် စောင့်ရှောက်တတ်သော အကာအရံ ပရိတ်တော်ကို ခွင့်ပြုတော်မူခဲ့ပါတယ်[၃၉၁]။ ထိုအကာအရံပရိတ်ကိုလဲ ဟောတော်မူခဲ့ပါတယ်။

---

[၃၁၉] ခန္ဓဇာတကအဖွင့် (ဇာတက၊ ၄၊ ၂၊ ၁၃၃–၁၃၅။)

[၃၉၁] ဝိ၊ ၄၊ ၂၄၅။

[၃၉၁] **အတ္တပရိတ္တံ ကာတုန္တိ** အတ္တနော ပရိတ္တာဏတ္ထာယ အတ္တပရိတ္တံ နာမ ကာတုံ အနုဇာနာမီတိ အတ္ထော။ (သာရတ္ထ၊ ၃၊ ၃၈၁)။ **အတ္တပရိတ္တံ ကာတုန္တိ** အတ္တနော ပရိတ္တာဏံ ကာတုံ။ (ဝိမတိ၊ ၂၊ ၂၂၉။)

အဂုံတွရနိကာယ် စတုက္ကနိပါတ် အဟိရာဇသုတ် (၃၈၃-၃၈၄)အရ အခါတစ်ပါး ဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သိတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါး မြွေကိုက်ခံရ၍ သေတဲ့အကြောင်းကို လျှောက်ထားကြပါတယ်၊ ဘုရားရှင်က "ရဟန်းတို့... ထိုရဟန်းမှာ ဝိရူပက္ခစသော နဂါးမျိုး ၄-ပါး(မြွေမင်း ၄-မျိုး)တို့၌ မေတ္တာမပို့လို့ အကိုက်ခံသေရခြင်းဖြစ်ကြောင်း, အကယ်၍ မေတ္တာပို့လျှင် အကိုက်ခံသေရမည်မဟုတ်ကြောင်း" ကို ပိန့်တော်မူပါကယ်၊ ထို့နောက် "မိမိကိုယ်ကို စောင့်ရှောက်ဖို့ မိမိ၏လုံခြုံရေး မိမိ၏အကာအကွယ် အစောင့်အရှောက်ဖြစ်ရေးအတွက် ပရိတ် အရံအတားကို ငါဘုရားခွင့်ပြုတော်မူပါတယ်"၊ ထိုအရံအတားပြုပုံကိုလဲ **"ဝိရူပက္ခေဟိ"**အစချီလျက် ဟောတော်မူခဲ့ပါတယ်[၃၈]။

ဇာတက ဒုကနိပါတ်အဋ္ဌကထာ ခန္ဓဇာတ်အဖွင့်[၃၉]အရ ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သိတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဒီခန္ဓပရိတ်ကို ဟောတော်မူခဲ့ပါတယ်၊ "ရဟန်းတစ်ပါးမှာ ဇရုံးအိမ် (မီးလှုံစရာအိမ်)၌ ထင်းခွဲစဉ် သစ်ပင်ဆွေးကြားမှ ထွက်လာသောမြွေက ခြေချောင်း၌ ကိုက်လိုက်ပါတယ်၊ ထိုရဟန်းဟာ ထိုနေရာမှာပင် ပွဲချင်းပြီး သေဆုံးခဲ့ပါတယ်၊ ဒီအကြောင်းကို လျှောက်ထားသောအခါ ဘုရားရှင်က "ရဟန်းတို့...ဒီရဟန်းဟာ အကယ်၍ မြွေမင်းလေးမျိုးတို့ကို မေတ္တာပွါးမည်ဆိုလျှင် ထိုရဟန်းကို မြွေမကိုက်ရ၊ ရှေးတုံးက ရသေ့တို့သည် မြွေမင်းလေးမျိုးတို့အပေါ်၌ မေတ္တာပွါးများတဲ့အတွက် ထိုမြွေမင်းတို့ကို မှီ၍ ဖြစ်တတ်သောဘေးမှ လွတ်ခဲ့ဘူးကုန်ပြီ"ဟု မိမိ အလောင်းတော်ဖြစ်စဉ်က ခန္ဓပရိတ်အရံအတားဖြင့် ကာကွယ်ကြရန် နည်းပေးခဲ့ပုံကို ဟောတော်မူပါတယ်။ "ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားအလောင်းသည် ကာသိတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့ပါတယ်၊ အရွယ်ရောက်သောအခါ ကာမဂုဏ်တို့ကို ပယ်စွန့်လျက် ရသေ့ရဟန်းပြုပြီး အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေကာ ဟိမဝန္တာအရပ်၌ ဂင်္ဂါမြစ်ကွေ့ သခ်ိန်းကျောင်းဝယ် ရသေ့ အပေါင်းခြံရံ၍ နေပါတယ်၊ ထိုအခါ ဂင်္ဂါမြစ်ကမ်း၌ မြွေအမျိုးမျိုးတို့သည် ရသေ့တို့ကို ဘေးအန္တရာယ် ပြုကြပါတယ်၊ များသောအားဖြင့် ရသေ့တို့သည် ထိုမြွေဘေးအန္တရာယ်ကြောင့် သေကြရပါတယ်၊ ထိုအကြောင်းကို ရသေ့များက ဘုရားအလောင်းအား ပြောကြားကြပါတယ်၊ ဘုရားအလောင်းက ရသေ့အားလုံးကို စုဝေးစေပြီး "သင်တို့သည် အကယ်၍ မြွေမင်းမျိုးလေးပါးတို့၌

---

[၃၈] **အတ္ထဝတ္ထိယာ**တိ အတ္ထနော ဝတ္ထတ္ထာယ။ **အတ္ထရက္ခာယာ**တိ အတ္တနော ရက္ခဏတ္ထာယ။ **အတ္တပရိတ္တာယာ**တိ အတ္တနော ပရိတ္တာဇဏတ္ထာယ။ ပရိတ္တံ နာမ အနုဇာနာမိတို့ အတ္ထော။ (အံ၊ ဋ္ဌ၊ ၂၊ ၃၁၆။)

[၃၉] ဇာတက၊ ဋ္ဌ၊ ၂၊ ၁၃၂-၁၃၅။

မေတ္တာပွါးကုန်ပါမူ သင်တို့အား မြွေတို့သည် မကိုက်ကုန်ရာ၊ ဒဲ့ကြောင့် ယနေ့မှစ၍ မြွေမင်းမျိုးလေး ပါးတို့၌ ဤ"ဝိရူပက္ခေဟိ မေ မေတ္တံ"စသော မေတ္တာကို ပွါးကြကုန် လော့"လို့ အမိန့်ရှိ၍ မေတ္တာပို့ပုံ ပွါးပုံကို နည်းပေးသောအားဖြင့် ခန္ဓသုတ်ကိုပင် သင်ပေးခဲ့ကြောင်း လာရှိပါတယ်။

**မှတ်ချက်။** ။ ဒီပရိတ်ကို စူဠဝါပါဠိတော်၌ အမည်သီးခြားမရှိ၊ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်ပါဠိတော်၌ **"အဟိရာဇသုတ်"**၊ ဇာတကပါဠိတော် ပဌမတွဲမှာ **"ခဏ္ဍာဇာတက"**၊ ဇာတက အဋ္ဌကထာ ဒုတိယတွဲမှာတော့ **"ခန္ဓဇာတက"**အမည်ရှိ၏။

**<u>အဘယ့်ကြောင့် ဒီသုတ်ကို "ခန္ဓပရိတ်"လို့ ခေါ်ပါသလဲ?---</u> အတ္တပရိတ္တန်** အတ္တနော ပရိတ္တာဏတ္ထာယ အတ္တပရိတ္တံ နာမ-သာရတ္ထဒီပနီ စသောဋီကာအဖွင့်အရ မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေခြင်း မေတ္တာပွါးခြင်းဖြင့် မြွေမင်းလေးမျိုးတို့ကို အဦးအစထား၍ ခပ်သိမ်းသော သတ္တဝါတို့မှ ဘေး အန္တရာယ်ကင်းလျက် **အတ္တဘော တည်းဟူသော ခန္ဓာ (ခန္ဓပဉ္စက)ကို စောင့်ရှောက်လုံခြုံစေခြင်း၏ အကြောင်းဖြစ်သောကြောင့် ဒီသုတ်ကို "ခန္ဓပရိတ်"**လို့ ခေါ်ပါတယ်။

အတ္တဘာဝသဒ္ဒါတံ ခန္ဓပဉ္စကံ ပရိ သမန္တတော တာယတိ ရက္ခတိတိ **ခန္ဓပရိတ္တံ**။

ယံ ဓမ္မံ-အကြင်တရားတော်သည်၊ (ဓမ္မ-သဒ္ဒါသည် နိစ္စပုလ္လိင်ဖြစ်သော်လည်း "ပရိတ္တံ"ကို ကြည့်၍ 'ဓမ္မံ'ဟု အနက်ပေးပုံရ) အတ္တဘာဝသဒ္ဒါတံ-အတ္တဘောဟု ဆိုအပ်သော၊ ခန္ဓပဉ္စကံ-ခန္ဓပဉ္စကကို၊ ပရိ သမန္တတော-ထက်ဝန်းကျင်အားဖြင့်၊ တာယတိ ရက္ခတိ-စောင့်ရှောက်တတ်၏၊ ဣတိ တသ္မာ-ထို့ကြောင့်၊ တံ ဓမ္မံ-ထိုတရားတော်သည်၊ **ခန္ဓပရိတ္တံ-ခန္ဓပရိတ်**မည်၏။။

ဤသုတ်ကို အတ္တဘောတည်းဟူသော ခန္ဓပဉ္စကကို စောင့်ရှောက်လုံခြုံစေတတ်သောကြောင့် **"ခန္ဓပရိတ်"**ဟု အမည်ရပါသည်။ (စလင်း ပရိတ်ကြီးနိဿယ၊ အဓိပ္ပါယ်ရှင်းလင်းချက်၊ ၁၅၁။)

## ၅။ ခန္ဓသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ?

ဘေးရန်အထွေထွေ၊ ကာကွယ်ပေ၊ ဟောလေ ဤသုတ်ပါ။

ဒီသုတ်က မေတ္တာပွါးခြင်း, ရတနာသုံးပါးတို့၏ဂုဏ်တော်ပွါးများခြင်းဖြင့် ပြုစုရင်အပ်သော ဗုဒ္ဓမန္တန်တော်ကြီးပင် ဖြစ်တယ်၊ သတ္တဝါတွေအပေါ်မှာ မေတ္တာအထူးကျရောက်စေလျက် ရတနာသုံးပါးကို လွန်စွာကြည်ညို အားထားသူတို့အဖို့ ဒီသုတ်၏အစွမ်းအာနုဘော်ကို ကိုယ်တွေ့ ခံစားရသည်သာ ဖြစ်ပါတယ်၊ ထိုသူတို့ကို အဆိပ်ပြင်းလှတဲ့မြွေစသောသတ္တဝါများ ရန်မမူပဲ ရှောင်ရှားကြသည့်အပြင်

မြွေကိုက်ခံရသူကိုလဲ ဒီခန္ဓပရိတ်ခေါ် ဗုဒ္ဓမန္တန်ရွတ်ဖတ်ပေးခြင်းဖြင့် အဆိပ်ကို ပယ်ဖျောက်ပေးနိုင်ပါတယ်၊ ဒါ့ကြောင့် **"နာသေတိ ဝိသံ ဃောရံ"** ဆိုပါတယ်။

ဘုရားရှင်၌ လွန်စွာ ယုံကြည်၍ မေတ္တာ, ကရုဏာပွါးလေ့ရှိသူ အချို့ဆရာများဟာ မြွေကိုက်ခံရသူ၏အဆိပ်ကို ဒီသုတ်ရွတ်ဖတ်ခြင်းဖြင့် ကုသလျက်အကျိုးခံစားကြရပါတယ်၊ မြွေသာမက သတ္တဝါအားလုံးအပေါ်မှာ မေတ္တာပို့ခြင်း, ရတနာသုံးပါးဂုဏ်ကို အာရုံပြုခြင်းတို့ကြောင့်ပင် ဒီသုတ်က မြွေဆိပ်ကိုသာမက အခြား ဘေးရန်အန္တရာယ်များကိုပါ ကာကွယ်စောင့်ရှောက်တတ်၍ လက်တွေ့ အကျိုးခံစားရသူတွေလဲ မနည်းလှပါ၊ ဒါ့ကြောင့် **"ဧသသ္စာပိ ပရိဿယ်[၃၄]"**ဟု ဆိုပါတယ်။

၁။ ဝိရူပက္ခေဟိ ဓမေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ ဓမေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။

ဝိရူပက္ခေဟိ= ဝိရူပက်ခေဟိ၊
ဆဗျာပုတ္တေဟိ[၃၅]= ဆဝ်ဗျာပုတ္တေဟိ၊
ကဏှာဂေါတမကေဟိ= ကန်ဏှာ ဂေါတမကေဟိ၊
[**ဂေါတမကေဟိ**–၌ 'အက္ခရာ ငါးလုံး တစပ်တည်း ရွတ်၊ တ,သံထင်စေ, တ–ကို ဒ–သံ မရွတ်လင့်။ (ပရိတ္တသင်္ဂဟ၊ ၁၀၃)

**ဝိရူပက္ခေဟိ**–ဝိရူပက္ခနဂါးမျိုးတို့နှင့်၊ (သဒ္ဒ–အတူတကွ၊) **ဓမေ**–ငါ၏၊ **မေတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း၊) **ဧရာပထေဟိ**–ဧရာပထနဂါးမျိုးတို့နှင့်၊ (သဒ္ဒ–အတူတကွ၊) **မေ**–ငါ၏၊ **မေတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း၊) **ဆဗျာပုတ္တေဟိ**–ဆဗျာပုတ္တနဂါးမျိုးတို့နှင့်၊ (သဒ္ဒ–အတူတကွ၊) **ဓမေ**–ငါ၏၊ **မေတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း၊)

---

[၃၄] သော ဟိ ပရိသဟတိ ကာယစိတ္တာနိ ပရိတာပေတီတိ **ပရိဿယော**တိ ဝုစ္စတိ၊ ဇာဟိရာန် သိဟဗျဂ္ဃါဒိန်၊ အဒ္ဓဗျတ္တာန် ကာမဿန္ဓာဒိန် ကာယစိတ္တုပ္ပဒ္ဒဝါနမေတံ နာမံ။ (ပရိတ္တဋ္ဌကထာပါဠိ၊ ၅၈)။ ပရိဿယနိ ကာယစိတ္တာနိ, ပရိဟာပေန် ဂါ တောသံ သမုတ်ဆိုံ, တာန် ဝါ ပဋိစ္စ သယန်တိ ပရိဿယာ၊ ဇာဟိရာန် သိဟဗျဂ္ဃါဒိန် အဒ္ဓဗျတ္တာန် ကာမဿန္ဓာဒိန် ကာယစိတ္တုပ္ပါဒ်ကိုပဲ ခေါ် ပါ၏။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၇၈။)–ကိုယ်စိတ်တို့ကိုပူပန်စေတတ်ကုန်သော ခြင်္သေ့ ကျားအစရှိသော အပ ရန်များ, ကာမဿန္ဓအစရှိသော အကွင်းရန်များသည် **"ပရိဿယ"** မည်၏။

[၃၅] ဆဗျာပုတ္တေဟိ (ဝိ၊ ၄၊ ၂၄၅, အံ၊ ၁၊ ၃၈၄, ဇာတက၊ ၁၊ ၅၃, ဇာတက၊ ၅၊ ၃၃, စလင်း၊ ၁၄၇, ပရိတ္တသင်္ဂဟ၊ ၉၇, ပရိဟ်ကိုး နိဿယသစ်–၁၂, ၃၈၅, အမရပူရ မဟာဂန္ဓာရုံ–၁၄)။ ဆပျာပုတ္တေဟိ (မြင်းခြံ–၉–ဆောင်မူ–၆၇, တွံတေး ၁၀၄)

**ကဏ္ဍာဂေါတမ–ဓကဟိ** စ–ကဏ္ဍာဂေါတမနဂါးမျိုးတို့နှင့်လည်း၊ (သဒ္ဒိ–အတူတကွ၊) **ဓမ–ငါ၏၊ ဓမတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း။)

ဝိရူပက္ခနဂါးမျိုးတို့နှင့် ငါ၏ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ၊ ဧရာပထနဂါးမျိုးတို့နှင့် ငါ၏ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ၊ ဆဗျာပုတ္တနဂါးမျိုးတို့နှင့် ငါ၏ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ၊ ကဏ္ဍာဂေါတမနဂါးမျိုးတို့နှင့်လည်း ငါ၏ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ၊

**မြွေမျိုးလေးပါး မေတ္တာပွါးပုံ။** ။ **"ဝိရူပက္ခေဟိ မေ မေတ္တံ"** အစချီသော ဂါထာကား မြွေမင်းလေးမျိုးတို့၏ အမျိုးအဆွေတို့ အပေါ်မှာ မေတ္တာပွါးပုံကို ပြပါတယ်။

**မြွေအမျိုးမျိုး အဆိုးအထွေထွေ။** ။ ဝိရူပက္ခ, ဧရာပထ, ဆဗျာပုတ္တ, ကဏ္ဍာဂေါတမတို့ကား နဂါးမင်းတို့ ဖြစ်တယ်၊ အဲဒီနဂါးမင်းတို့နှင့် အမျိုးဇာတ်တူ မြွေနဂါးတို့သည်လဲ ဝိရူပက္ခစသည် အမည်အသီးအသီးရကြတယ်။

သံယုတ္တနိကာယ် သဋ္ဌာယတနဝဂ်အဋ္ဌကထာ အာသီဝိသောပမသုတ်အဖွင့် (သံ၊ ၄၊ ၃၊ ၅၂-၅၃)လာ မြွေမျိုးများကား----

(၁) **ကဋ္ဌမုခမြွေ**–ထိုမြွေ အကိုက်ခံရသူမှာ ထင်းခြောက်ကဲ့သို့ တစ်ကိုယ်လုံး တောင့်တင်းခက်မာလာ၏၊ အဆစ်တို့၌ အလွန်အကဲ သံတံကျင်စူးဝင်နေသကဲ့သို့ ခံစားရ၏။

(၂) **ပူတိမုခမြွေ**–ထိုမြွေအကိုက်ခံရသူမှာ မှည့်လွန်းသော ပိန္နဲသီးပုပ်ကဲ့သို့ (အသားများမှ အရေများ) ပြည်များ ယိုထွက်လာ၏၊ ပေါင်းအိုး၌ ထည့်အပ်သောရေကဲ့သို့ ဖြစ်၏။

(၃) **အဂ္ဂိမုခမြွေ**–ထိုမြွေ ကိုက်ခံရသူမှာ မီးမြိုက်ခံရသကဲ့သို့ တစ်ကိုယ်လုံး ပူလောင်လာ၏၊ ဖဲ့ဆုပ်ကဲ့သို့ ဖရိုဖရဲ ပြန့်ကြဲ၏။

(၄) **သတ္ထမုခမြွေ**–ထိုမြွေ အကိုက်ခံရသူမှာ တစ်ကိုယ်လုံး အပိုင်းပိုင်းပြတ်တောက်၏၊ မိုးကြိုးကျရာအရပ်ကဲ့သို့ ဖြစ်၏။

ထိုမြွေလေးမျိုးတို့တွင် တစ်မျိုးမျိုး၌ အဆိပ်တက်လျင်မြန်ခြင်းအားဖြင့် လေးမျိုးစီ ပြားလေ၏–

---

၁။ **ဒဋ္ဌဝိသ**–အကိုက်ခံရသဖြင့် အဆိပ်တက်လာသောမြွေ။

၂။ **ဒိဋ္ဌဝိသ**–မြင်ရရုံမျှဖြင့် အဆိပ်တက်လာသောမြွေ။

၃။ **ဖုဋ္ဌဝိသ**–မြွေထိခံရရုံမျှဖြင့် အဆိပ်တက်လာသောမြွေ။

၄။ **ပါတဝိသ**–(မြွေ၏)လေထိုက်မျှဖြင့် အဆိပ်တက်လာသောမြွေ။

ဒီမြွေမျိုးတို့တွင် ဝိရူပက္ခစသော မြွေလေးမျိုးတို့သည် ဒဋ္ဌဝိသ မြွေမျိုးသာဖြစ်ကြောင်း-အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်အဋ္ဌကထာ အဟိရာဇသုတ်အဖွင့် (အံ၊ ဋ္ဌ၊ ၂၊ ၃၁၆)၌ ပြဆိုပါတယ်။

**ဥပသေနမထေရ် မြွေထိလို့သေ။** ။ မြင်ဂုံမျှနှင့် အဆိပ်တက်စေသော ဒိဋ္ဌဝိသမြွေ, လေထိုက်နှင့် အဆိပ်တက်စေသော ပါတဝိသမြွေတို့မှာ လွန်စွာအဆိပ်ပြင်းလှ၏၊ ထိုမြွေတို့၏စွမ်းရည်ကို မသိရပေမဲ့ ထိုဂုံမျှနှင့် အဆိပ်တက်စေသော ဖုဋ္ဌဝိသမြွေကိုကား သင်္ဃာယတနသံယုတ် ဥပသေန အာသီဝိသသုတ်၌ တွေ့ရပါတယ်။

ရာဇဂြိုဟ်မြို့တော်အနီး သိတဝန်အမည်ရှိသော သုသာန်တော၏ မြွေပါးပြင်းနှင့်တူတဲ့ ဟောင်ဝှမ်း၌ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်ဥပသေနမထေရ် နေကြပါတယ်၊ တစ်နေ့မှာ အရှင်သာရိပုတ္တရာမထေရ်၏ညီတော် အရှင်ဥပသေနမထေရ်ဟာ သင်္ကန်းချုပ်နေစဉ် လိုဏ်ဂုအမိုးပေါ်မှာ ကစား နေသော မြွေငယ်နှစ်ကောင်အနက် တစ်ကောင်သည် မထေရ်မြတ်၏ ပခုံးပေါ်ကျလာတယ်၊ ထိုမြွေကား ဖုဋ္ဌဝိသ မြွေမျိုးဖြစ်ရာ အဆိပ်တွေပြန့်ဆင်းလာသည်ကို သိရသော မထေရ်မြတ်သည် တန်ခိုးဖြင့် မိမိကိုယ်ခန္ဓာ လိုဏ်ဂုအတွင်း မပျက်စီးရန် အဓိဋ္ဌာန်ပြုပြီးလျှင် "ရဟန်းတို့အား မိမိကိုယ်ခန္ဓာ မပျက်စီးမီ ခုတင်ပေါ်တင်၍ အပြင်ထုတ်ရန်" မိန့်တော်မူပါတယ်၊ ရဟန်းများက မထေရ်မြတ်ကို အပြင် ထုတ်ခဲ့ရာ အပြင်ရောက်လျှင် ခုတင်ပေါ်မှာပင် ဖွဲ့ဆုပ်ပမာ ကိုယ်ခန္ဓာဟာ ပြန့်ကြဲတော်မူခဲ့ရရှာသတဲ့[၃၉၆]။

၅။ **အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒ္ဝိပါဒကေဟိ မေ။**
**စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ပဟုပ္ပဒေဟိ မေ။**

**အပါဒကေဟိ [န+ပါဒကေဟိ= အပါဒကေဟိ]**
**စတုပ္ပဒေဟိ= စတုပ် ပဒေဟိ [ပဒေ–၌ ပ–ကို ဗ–သံနှင့် မဖတ်နှင့်]၊**
**ပဟုပ္ပဒေဟိ= ပဟုပ် ပဒေဟိ၊**

---

[၃၉၆] သံ၊ ၂ ဥပသေနအာသီဝိသသုတ်၊ ၂၆၇-၂၆၈။ သံ၊ ဋ္ဌ၊ ၃၊ ၆၃။

**အပါဒကေဟိ**–အခြေမရှိသော သတ္တဝါတို့နှင့်၊ (သဒ္ဒိ–အတူတကွ၊) **မေ**–ငါ၏၊ **မေတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း၊) **ဒ္ဝိပါဒကေဟိ**–အခြေနှစ်ချောင်းရှိသောသတ္တဝါတို့နှင့်၊ (သဒ္ဒ–အတူတကွ၊) **မေ**–ငါ၏၊ **မေတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း၊) **စတုပ္ပဒေဟိ**–အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်၊ (သဒ္ဒ–အတူတကွ၊) **မေ**–ငါ၏၊ **မေတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း၊) **ဗဟုပ္ပဒေဟိ**–များသောအခြေရှိသော သတ္တဝါတို့နှင့်၊ (သဒ္ဒိ–အတူတကွ၊) **မေ**–ငါ၏၊ **မေတ္တံ**–မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာသည်၊ (ဟောတု–ဖြစ်ပါစေသတည်း၊)

အခြေမရှိသော သတ္တဝါတို့နှင့် ငါ၏မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာ ဖြစ်ပါစေ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့် ငါ၏မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာ ဖြစ်ပါစေ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့် ငါ၏မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာဖြစ်ပါစေ၊ အခြေများစွာရှိသော သတ္တဝါတို့နှင့် ငါ၏မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာ ဖြစ်ပါစေ၊

**သတ္တဝါလုံးစုံ၊ မေတ္တာပုံ၊ အကုန် ပွါးရန်သာ။** ။ **"ဝိရူပက္ခေဟိ"**ဂါထာဖြင့် မြွေမျိုးများကိုသာ မေတ္တာပွါးပုံ ပြဆိုပြီးနောက် မြွေမျိုးများသာမက အခြားသတ္တဝါအားလုံးအပေါ် မေတ္တာပွါးပုံကို **"အပါဒကေဟိ မေ မေတ္တံ"**အစချိသော ဒီဂါထာဖြင့် ပြတော်မူပါတယ်။

**"မိတ္တသေ ဘာဝေါ မေတ္တံ"**မိတ်ဆွေဖြစ်ကြောင်းသဘောသည် **'မေတ္တာ'**မည်တယ်၊ "မေတ္တာ သမ္ပယုတ္တစိတ်တဲ့ ဝါ (**မေတ္တံ**)" မေတ္တာနှင့်ယှဉ်သောစိတ်ကိုလဲ မေတ္တာ–ခေါ်တယ်။

**အပါဒက**–မြွေမျိုးမှန်သမျှနှင့် ငါးမျိုးစုံ၊

**ဒ္ဝိပါဒက**–လူနှင့် ငှက်မျိုးစုံ၊

**စတုပ္ပဒ**–ဆင် မြင်း ကျွဲ နွား စသည်၊

**ဗဟုပ္ပဒ**–ကင်းပြိုးကောက် (ဝိစ္ဆိက), ကင်းခြေများ (သတပဒီ), ခွေး (ဥစ္စာလိင်္ဂပါဏက), ပင့်ကူ (ဥဏ္ဏနာဘိ, မက္ကဋက) စသည်တို့ပင်[၃၉]။

---

[၃၉] ဤဒုတိယဂါထာတော်ကို ကဿပသုတ္တ အင်္ဂုတ္တရဋီကာတော်ကိုကိုးကား၍ ဖွင့်ဆိုထားသည်ကို ဤသို့ တွေ့ရသည်။ ပဌမပဒဖြင့် ဥဒကဋ္ဌဝါသီ သတ္တဝါတို့ကို၊ ဒုတိယပဒဖြင့် ထလဋ္ဌဝါသီတို့ကို၊ တတိယပဒဖြင့် အာကာသဋ္ဌဝါသီတို့ကို၊ စတုတ္ထပဒဖြင့် ဝိစ္ဆိကသတပဒီဥစ္စာလိင်္ဂပါဏကတို့ကို ပြသည်။ ပရိတ္တဥဇ္ဈာယကာ ရဟန်း။

၃။ မာ မံ အပါဒကော ဟိ`သိ၊ မာ မံ ဟိ`သိ ဒ္ဒိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိ`သိ၊ မာ မံ ဟိ`သိ ဗဟုပ္ပဒေါ။

စတုပ္ပဒေါ= စတုပ် ပဒေါ၊
ဗဟုပ္ပဒေါ= ဗဟုပ် ပဒေါ၊

**အပါဒကော**–အခြေမရှိသော သတ္တဝါမျိုးသည်၊ **မံ**–ငါ့ကို၊ **မာ ဟိ`သိ**–မညှင်းဆဲပါစေလင့်၊ **ဒ္ဒိပါဒကော**–အခြေနှစ်ချောင်းရှိသော သတ္တဝါမျိုးသည်၊ **မံ**–ငါ့ကို၊ **မာ ဟိ`သိ**–မညှင်းဆဲပါစေလင့်၊ **စတုပ္ပဒေါ**–အခြေလေးချောင်းရှိသော သတ္တဝါမျိုးသည်၊ **မံ**–ငါ့ကို၊ **မာ ဟိ`သိ**–မညှင်းဆဲပါစေလင့်၊ **ဗဟုပ္ပဒေါ**–အခြေများစွာရှိသော သတ္တဝါမျိုးသည်၊ **မံ**–ငါ့ကို၊ **မာ ဟိ`သိ**–မညှင်းဆဲပါစေလင့်။

အခြေမရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှင်းဆဲပါစေလင့်၊ အခြေနှစ်ချောင်းရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှင်းဆဲပါစေလင့်၊ အခြေလေးချောင်းရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှင်းဆဲပါစေလင့်၊ အခြေများစွာရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှင်းဆဲပါစေလင့်။

**မေတ္တာကိုစွက်၊ တောင်းပန်လျက်၊ ဖော်မြွက် ပွါးပုံပါ။** ။ ယခင် နှစ်ဂါထာတို့ဖြင့် တိုက်ရိုက် မေတ္တာပွါးပုံကို ပြခဲ့၏၊ ယခုတစ်ဖန် တောင်းပန်ချက်ဖြင့် မေတ္တာပွါးပုံကို **"မာ မံ အပါဒကော ဟိ`သိ"** ဂါထာဖြင့် ပြတော်မူတယ်။

**"ငါ့ကို မညှင်းဆဲပါစေလင့်"**ဆိုသည်မှာ တောင်းပန်သည့်အနေနဲ့ မေတ္တာပွါးပုံ တစ်မျိုးဖြစ်တယ်၊ သတ္တဝါတွေအပေါ်မှာ စိတ်ထားကြမ်းတမ်းသူများဟာ ထိုသတ္တဝါတွေကို ခုခံရန်, ညှင်းဆဲ ပုတ်ခတ်ရန်သာ လိုလားကြမည်ဖြစ်ရာ ထိုလူများအဖို့ အဲဒီလို တောင်းပန်မှုမျိုး အဘယ်မှာ ပြုလုပ်နိုင်ကြပါမလဲ? **ငါ့ကို မညှင်းဆဲပါစေလင့်**–ဆိုသည်မှာ ထိုသတ္တဝါတွေက မေတ္တာထားရန် လိုလားသော တောင့်တချက် အာသီသပင်ဖြစ်ရာ သတ္တဝါတွေအပေါ် မေတ္တာသက်ရောက်သောသဘော, သတ္တဝါများအပေါ်၌ စိတ်ဓာတ်နူးညံ့လျက်ရှိသော သဘောပင်ဖြစ်တယ်၊ ဒါ့ကြောင့် **"မာ မံ အပါဒကော ဟိ`သိ"**စသည်မှာ တောင့်တလိုလားသော မေတ္တာပွါးပုံတစ်မျိုး ဖြစ်ပေါ်သည်။

၄။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပသဿန္တု။ မာ ကဉ္စိ ပါပ'မာဂမာ။

ဘဒြာနိ= ဘတ်ဒရာနိ၊
ပသဿန္တု= ပသ်သန္တု= ပတ်သန္တု။
**ကဉ္စိ** (ဝိ၊ ၄၊ ၂၄၅။ အံ၊ ၁၊ ၃၁၄။ ဇာတက၊ ၁၊ ၀၀။ ဇာတက၊ ၌၊ ၂၊ ၁၃၄။ ပရိတ်ကြိုးနိသယသစ်၊ ဆဋ္ဌမှု ပရိတ္တပါဠိတော်၊ ဓမ္မာနန္ဒ ဝတ်ရွတ်စဉ်။)၊
**ကိဉ္စိ** (စလင်း ပရိတ်ကြိုးနိသယ၊ တွံတေး ပရိတ်ကြိုးနိသယ၊ ပရိတ္တသင်္ဂဟ၊ မြင်းခြံ-၉-ဆောင်မှု မဟာပရိတ်တော်ကြိုးနိသျသစ်၊ အမရပူရ မဟာဂန္ဓာရုံ ပရိတ်ပါဠိ၊ သျာ-ယိုးဒယား၊ ကံ-ကမ္ဘောဒိုးယား၊ က-မြန်မာမူကွဲ)၊
**ပါပ'မာဂမာ (ပါပံ+အာဂမာ)**။
[**ပါပ'မာဂမာ**-၌ '**ပါပ** နှင့် **မာဂမာ**'ကို စဉ်းငယ်ဖြတ် ဖတ်။]

**သဗ္ဗေ**-အလုံးစုံကုန်သော၊ **သတ္တာ**-ငါးခန္ဓာဝယ်, တွယ်တာတတ်စွာ, သတ္တဝါတို့.သည်လည်းကောင်း၊ **သဗ္ဗေ**-အလုံးစုံကုန်သော၊ **ပါဏာ**-ထွက်လေဝင်လေ, နှစ်ထွေစွမ်းအင်, သက်ရှင်တတ်စွာ, သတ္တဝါတို့.သည်လည်းကောင်း၊ **ကေဝလာ**-ကြွင်းကျန်မထင်, ကုန်အစဉ်ကုန်သော၊ **သဗ္ဗေ**-အလုံးစုံကုန်သော၊ **ဘူတာ စ**-ဖြစ်လာပေါ်လာ, သတ္တဝါတို့.သည်လည်းကောင်း၊ ဝါ- စတု ဇေ-ဝေါကာရဟု, ပေါင်းစုခန္ဓာ, ရှိကြပါသောသတ္တဝါတို့.သည်လည်းကောင်း၊ **သဗ္ဗေ**-သတ္တဝါအဖုံဖုံ, အလုံးစုံတို့.သည်၊ **ဘဒြာနိ**-ကောင်းမြတ်သော အာရုံတို့.ကို၊ ဝါ-ကောင်းကျိုးချမ်းသာ, မင်္ဂလာတို့.ကို၊ **ပသဿန္တု**-တွေ့.ကြရမြင်ကြရပါစေကုန်သတည်း၊ **ကဉ္စိ**-ဘယ်သူ တစ်ဦးတစ်ယောက်သို့.သော်မျှ၊ (**ကိဉ္စိ**-စိုးစဉ်းမျှ၊ ဝါ-စိုးစဉ်းမတ္တ အနည်းငယ်သော်မှ၊) **ပါပံ**-ယုတ်ညံ့ပါလှ, ဆင်းရဲဒုက္ခသည်၊ ဝါ-ယုတ်မာညစ်ဆိုး, မကောင်းကျိုးသည်၊ **မာ အာဂမာ**-မကျမလာ မရောက်ပါစေလင့်။ (**ပါပံ**-အသက်ဆုံးခန်း, ဘုန်းတမ်းညှိုးမှိန်, တန်ခိုးတိမ်သော, စိုးရိမ်ဖွယ်မှု, မကောင်း သောအာရုံစုသည်၊ **တေသံ**-ထိုထိုသူတို့, အထံသို့.လျှင်၊ **ကိဉ္စိ မာ အာဂမာ**-ပြဟ္ဒိုရ်စုံ, နဂိုထုံသောကြောင့်, တစုံတခုမျှ မလာမရောက်စေသတည်း။ (မြင်းခြံ-၉-ဆောင်မှု)

## ခန္ဓသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သတ္တဝါမှန်သမျှ ကောင်းမြတ်သောအာရုံ, ကောင်းကျိုးချမ်းသာ မဂ်လာတို့.ကို တွေ့ကြုံကြရမြင်ကြရပါစေ၊ ဘယ်သူတစ်ဦးတစ်ယောက်သို့.မျှ ဆင်းရဲဒုက္ခ မကျမလာ မရောက်ပါစေလင့်။

**ဩဒီဿက, နောဒီဿ, နှစ်ဝ မေတ္တာပေ။** ။ **"ဝိရူပက္ခေဟိ, အပါဒကေဟိ, မာ မံ အပါဒကော ဟိံသိ"** သုံးဂါထာတို့.ဖြင့် ပုဂ္ဂိုလ်များကို ရည်ညွှန်း၍ ပို့.အပ်ပါးအပ်သော မေတ္တာဖြစ်၍ **'ဩဒီဿက မေတ္တာ'** မည်၏၊ ထိုကဲ့သို့. ပုဂ္ဂိုလ်ကို သီးခြားရည်ညွှန်းခြင်းမရှိပဲ အားလုံးသတ္တဝါ သာမန်အဖြစ်ပေါင်း၍ ထိုသတ္တဝါ အားလုံးအပေါ်၌ ပို့.အပ်ပါးအပ်သော မေတ္တာသည်ကား **'အနောဒီဿက မေတ္တာ'**–ဟု ဆိုရတယ်၊ ဒီအနောဒီဿကမေတ္တာပါးပုံကို **"သဗ္ဗေ သတ္တာ"** အစချီသော ဂါထာဖြင့် နည်းလမ်းပေးလျက် ဟော တော်မူပါတယ်။

**၅။ အပ္ပမာဏော ဝုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။**
**အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။**
**အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဋ္ဌ မူသိကာ။**

**အပ္ပမာဏော**= **အပ် ပမာဏော**၊

**ဓမ္မော**= **ဓမ်မော**–ဖတ်၊ **ဓမော**–မဖတ်ရ၊

**ပမာဏဝန္တာနိ**–၌ '**ပမာဏ** နှင့် **ဝန္တာနိ**–ကို ဖြတ်ဖတ်၊

**သရီသပါနိ** (ကျမ်းဂန်များစွာ တူညီ)၊

**သရိ သပါနိ** (တွံတေး၊ သိ–သိဟိုဠ်၊ သျာ–ယိုးဒယား၊ ကံ–ကမ္ဘောဒီးယား၊ ဏ္ဍ–အင်္ဂလိပ်)၊

**သရီ သပါနိ**– +**သရိ သပါနိ** –၂–ချက်သင့် (ပရိတ္တသင်္ဂဟ၊ ၁၀၃)၊

**ဝိစ္ဆိကာ**= **ဝိစ်ဆိကာ**= **ဝိတ်ဆိကာ**၊

**သတ ပဒီ**–၌ '**သတ** နှင့် **ပဒီ** ကို ဖြတ်ရွတ်၊

**ဥဏ္ဏနာဘီ**= **ဥဏ်ဏနာဘီ**= **အုန်ဏနာဘီ**၊

**ဝုဒ္ဓေါ**–ကြွင်းမဲ့ဥဿုံ, အလုံးစုံကို, အကုန်သိမြင်, ဘုရားရှင်သည်၊ **အပ္ပမာဏော**–ဤရွေ့ဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, မြားမြောင်သော ဂုဏ်တော် ရှိပါပေ၏၊ **ဓမ္မော**–မဂ်လေးတန် ဖိုလ်လေး

တန်, နိဗ္ဗာန်အလျော်, ကိုးတန်သော လောကုတ္တရာတရားတော်သည်၊ ဝါ–မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်မြတ်သည်၊ **အပ္ပမာဏော**–ဤရွှေဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, မြားမြောင်သော ဂုဏ်တော် ရှိပါပေ၏၊ **သံဃော**–မဂ်လေး ဖိုလ်လေး, လေးလေးနှစ်ဖြာ, အရိယာရှစ်ဖော်, သံဃာတော်သည်၊ **အပ္ပမာဏော**–ဤရွှေဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, မြားမြောင်သော ဂုဏ်တော် ရှိပါပေ၏၊ **သရီသပါနိ**–ကိုယ်ဖြင့်တွား၍, သွားတတ်ကုန်သော၊ (**သရိ သပါနိ**–ရင်ဖြင့်တွား၍, သွားတတ်ကုန်သော၊) **အဟိ ဝိစ္ဆိကာ**–မြွေ ကင်းမြီးကောက်တို့သည်လည်းကောင်း၊ **သတပဒီ**–ကင်းခြေများတို့သည်လည်းကောင်း၊ **ဥဏ္ဏနာဘီ**–ပင့်ကူတို့သည်လည်းကောင်း၊ **သရဋူ**–တက်ကူ, တောက်တဲ့, အိမ်မြောင်တို့သည်လည်းကောင်း၊ **မူသိကာ**–ကြွက်တို့သည်လည်းကောင်း၊ **ပမာဏဝန္တာနိ**–နှိုင်းယှဉ်ဖွယ်ရာ, ကိလေသာ အဖုံဖုံ, ရှိကြပါပေကုန်၏။

ဘုရားရှင်သည် အတိုင်းအရှည်မရှိ ဂုဏ်တော်ရှိပါပေ၏၊ တရားတော်သည်လည်း အတိုင်းအရှည်မရှိ ဂုဏ်တော်ရှိပါပေ၏၊ အရိယာသံဃာတော်သည်လည်း အတိုင်းအရှည်မရှိ ဂုဏ်တော်ရှိ ပါပေ၏၊ မြွေ, ကင်းမြီးကောက်, ကင်းခြေများ, ပင့်ကူ, တက်ကူ အိမ်မြောင်, ကြွက်–ဟူသော ကိုယ် (သို့မဟုတ်) ရင်ဖြင့် တွားသွားတတ်သော သတ္တဝါတို့သည်ကား တိုင်းတာ ကန့်သတ်မှုပြုတတ်သော ကိလေသာရှိကြ၍ ပမာဏရှိသူများပင် ဖြစ်၏။

**သရီသပါနိ**တိ သပ္ပဒီဃဇာတိကာနံ နာမ။ တေ ဟိ သရန္တာ ဂစ္ဆန္တိ, သိရေန ဝါ သပန္တိ တိ သရီသပါ။ **"အဟီ"**တိ အာဒိ တေသံ သရူပတော နိဒဿနံ။ **ဥဏ္ဏနာဘီ**တိ မက္ကဋကော။ တဿ ဟိ နာဘိတော ဥဏ္ဏာသဒိသံ သုတ္တံ နိက္ခမတိ၊ တသ္မာ "ဥဏ္ဏနာဘိ"တိ ဝုစ္စတိ။ **သရဋူ**တိ ဃရဂေါဠိကာ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၁၃၅။) သရီရေန သပ္ပတီတိ သရီသပေါ။ (သဒ္ဒနီတိ ဓာတုမာလာ၊ ၂၀၈။)

**ဝိစ္ဆိကာ**တိ ဝင်္ကာ နင်္ဂုဋ္ဌဝိစ္ဆိကဇာတိယော[၃၉]။ **သတပဒီ**တိ အနေကပဒဝန္တော ဝိစ္ဆိကာ။ **ဥဏ္ဏနာဘီ**တိ မက္ကဋကော။ သော ဟိ တဿ နာဘိတော ဥဏ္ဏာသဒိသသုတ္တဿ နိက္ခန္တတ္တာ ဥဏ္ဏနာဘိတိ ဝုစ္စတိ။ **သရဋူ**တိ ဒဟရကာလေ တက္ကစ္ဆိသဒ္ဒေန ရဝန္တာ။ **မူသိကာ**တိ ဥန္ဒုရာ။ တေ ဟိ မုသံ ဝုတ္တံ ကုရုကာ ကရောန္တိ။ (ပရိတ္တဋ္ဌကထာပါဠိ၊ ၆၁။)=

**ဝိစ္ဆိကာ**တိ–ကား၊ ဝင်္ကာ နင်္ဂုဋ္ဌ ဝိစ္ဆိကဇာတိယော–ကောက်ကုန်သော အမြီးရှိသော ကင်းမျိုးတို့တည်း။

---

[၃၉] ဝင်္ကနင်္ဂုဋ္ဌာ ဝိစ္ဆိကဇာတိယော (သို့မဟုတ်) ဝင်္ကနင်္ဂုဋ္ဌဝိစ္ဆိကဇာတိယော–ရှိလျှင် ပိုကောင်း။

**သတပဒီ**တိ-ကား၊ အနေကပဒဝန္ဓော-များသောခြေရှိကုန်သော၊ ဝိစ္ဆိကာ-ကင်းတို့. တည်း။

**ဥဏ္ဏနာဘီ**တိ-ကား၊ မက္ကဋကော-ပင့်ကူတည်း၊ ဟိ-သင့်စွ၊ သော-ထိုပင့်ကူကို၊ တသ နာဘိတော-ထိုပင့်ကူ၏ချက်မှ၊ ဥဏ္ဏာသဒိသသုတ္တသ-သားမွေးနှင့်တူသော ချည်၏၊ နိက္ခန္တတ္တာ-ထွက်သောကြောင့်၊ ဥဏ္ဏနာဘိတိ-ဥဏ္ဏနာဘိ-ဟူ၍၊ ဝုစ္စတိ-၏။

**သရဋ္ဌ**တိ-ကား၊ ဒဟရကာလေ-ငယ်သောအခါ၌၊ တက္ကစ္ဆသဒ္ဒေန-တျက်တျက်ဟူသော အသံဖြင့်၊ ရဝန္တာ-မည်ကုန်သော အိမ်မြောင်တို့.တည်း၊

**မူသိကာ**တိ-ကား၊ ဥန္ဒုရာ-ကြွက်တို့.တည်း။ တေ ဟိ-ထိုကြွက်တို့.သည်၊ မုသံ ဝုတ္တံ-စုတ်စုတ်-ဟုဆိုအပ်သော အသံကို၊ ကုက္ကာ ကရောန္တိ-ပြုတတ်ကုန်၏။ (ဋီကာနက်၊ ၂၁၁-၂၁၂။)

**ရတနာသုံးဝ၊ ဝုဏ်တော်က၊ တိုင်းဆ မရှိပါ။** ။ အဂုံတွရနိကာယ် စတုက္ကနိပါတ် အဟိရာဇသုတ် အဖွင့် **ဗုဒ္ဓေါ**တိ ဗုဒ္ဓဂုဏာ ဝေဒိတဗ္ဗာ (အံ၊ ၌၊ ၂၊ ၃၁၆)အရ ဗုဒ္ဓ-ဟူသည် ဗုဒ္ဓ၏ဂုဏ်တော်များကိုပင် ဆိုလို၏၊ **ဗုဒ္ဓေါ**-ဘုရားဂုဏ်တော်သည်-ဟု အနက်ပေးနိုင်သည်။ ဇာတကဋ္ဌကထာ ဒုကနိပါတ် ခန္ဓဇာတကအဖွင့် [၃၉၉] အရ "ပမာဏပြုတတ်သော ကိလေသာများ မရှိသောကြောင့်လည်းကောင်း, ဂုဏ်တော်များ၏ ပမာဏမရှိသောကြောင့်လည်းကောင်း ဘုရားရတနာကို အပ္ပမာဏာ"ဆိုရသည်၊ ဒါကြောင့် **ဗုဒ္ဓေါ**-ဘုရားရတနာ သည်-ဟုလည်း အနက်ပေးနိုင်ပြန်သည်။

ဘုရားရှင်၌ လောကုတ္တရာတရားဂုဏ်သည် မည်ရွေ့မည်မျှ တိုင်းတာ၍ မရ, ပမာဏမပြုနိုင်၊ လောကုတ္တရာတရားကြောင့် ရရှိလာသော အသရော်ယျ (မရေတွက်နိုင်) အပ္ပမေယျ (မနှိုင်းယှဉ်နိုင်) ဂုဏ်တော်များမှာ အခြားဘုရားတစ်ဆူက တစ်သက်လုံးဟောသော်လည်း မကုန်နိုင်-ဟုဆိုသဖြင့် အဘယ်မှာ တိုင်းတာကန့်သတ်နိုင်ဖွယ် ရှိတော့အံ့နည်း?

ဒုကနိပါတ် ဇာတကအဋ္ဌကထာ ခန္ဓဇာတကအဖွင့်မှာပင် "ပမ္ပအရ လောကုတ္တရာ တရားကိုးပါးကို ယူရမည်-ဟု ဖွင့်တယ်။ လောကုတ္တရာတရားတော်များသည် "နက်နဲသည်, မြင်နိုင်ရန် ခက်သည်, စသည်ဖြင့် ချီးကျူးဖွယ်ရာဖြစ်၍ အဘယ်မှာလျှင် တိုင်းတာနိုင်းက ပမာဏပြုနိုင်ပါအံ့နည်း?

---

[၃၉၉] ပမာဏကရာန် ကိလေသာန် အဘာဝေန ဂုဏာနမ္ပိ ပမာဏာဘာဝေန ပုဗ္ဗရတနာ **အပ္ပမာဏာ**။ [illegible]

အဲဒီလို ပမာဏမရှိသော လောကုတ္တရာတရားများနှင့် ပြည့်စုံသည့်အတွက် သံဃာသည်လည်း တိုင်းဆမရှိ အပွမာဏ-ဖြစ်တော့သည်[၄၀]။

**ပမာဏပ္ပြုတတ် ကိလေသာဓာတ်။** ။ **"ပမာဏကရာနံ ကိလေသာနံ"** အရ ကိလေသာတို့ ပမာဏပ္ပြုတတ်ပုံကို သံယုတ္တနိကာယ် သဋ္ဌာယတနဝဂ္ဂအဋ္ဌကထာ စိတ္တသံယုတ် ဂေါဒတ္တသုတ်အဖွင့်ကို ကြည့်၍ သိအပ်၏။

"တောင်ခြေမှာ သစ်ရွက်ပုပ်, သစ်ဖက်ပုပ်တွေနဲ့ မဲညစ်နေတဲ့ရေရှိ၏၊ ထိုရေကို မြင်ရသူများအဖို့ အလဲတရာလောက် နက်တယ်-ဟု ထင်ရတတ်၏၊ သို့သော် တုတ်နဲ့ဖြစ်စေ, ကြိုးနဲ့ဖြစ်စေ ထောက်ကြည့်တဲ့အခါ ခြေဖမိုးပင် မမြုပ်တတ်သည်ကို တွေ့ရ၏၊ အလားတူ ရာဂစသည် မဖြစ်သေးမီ တစ်စုံတစ်ယောက်ကို ဘယ်လိုပုဂ္ဂိုလ်ဆိုတာ သိဖို့ရန် ခဲယဉ်း၏၊ သောတာပန်လိုလို, သကဒါဂါမ်လိုလို, အနာဂါမ်လိုလို ထင်ရ၏၊ ရာဂစသည် ဖြစ်ပေါ်လာမှ '**ရတ္တ**-တပ်မက်တတ်သူ, **ဒုဋ္ဌ**-စိတ်ဆိုးတတ်သူ, **မူဠှ**-တွေဝေတတ်သူ' ဟု ထင်ရှားလာတော့၏၊ ဒါ့ကြောင့် ရာဂစသည်တို့ကား 'ဒီပုဂ္ဂိုလ်က ဒီမျှသာ' ဟု တိုင်းတာ ကန့်သတ်မ ပမာဏပ္ပြုတတ်သော တရားများဖြစ်ကြ၏[၄၁]"။

မြွေစသော သတ္တဝါတွေမှာ ပမာဏပ္ပြုတတ်သော ကိလေသာတွေ ရှိသောကြောင့် **"ပမာဏဝန္တာနိ"** အတိုင်းအရှည် ပမာဏရှိကြသည်-ဟု ဆိုရသည်၊ ဘုရား တရား သံဃာတို့ကား အတိုင်းအရှည်ပမာဏ မရှိပါ၊ ဘုရား တရား သံဃာတို့၏ဂုဏ်တော်ကား အလွန်ကြီးမားလှ၏၊ ထိုမြွေစသော သတ္တဝါတွေကား ဂုဏ်မရှိ, ကိလေသာအပြည့်ဖြစ်၍ အညံ့စား သေးငယ်ကြ၏၊ အပွမာဏော-စသည်ဖြင့် ဘုရား တရား သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို အောက်မေ့သဖြင့် ထိုရတနာသုံးပါး၏တန်ခိုးအာနုဘော်ကြောင့် မြွေစသော သတ္တဝါများ အန္တရာယ်မပြုနိုင်ကြ၊ ထိုသတ္တဝါများမှ အစောင့်အရှောက် အကာအကွယ်ရတော့သည်-ဟု ဆိုလိုတယ်။

---

[၄၀] **စမ္မောတိ** နဝဝိဓော လောကုတ္တရဓမ္မော။ တဿပိ ပမာဏံ ကာတုံ န သက္ကာတိ **အပွမာဏောဘာ**။ တေန အပွမာဏောန ဓမ္မေန သမန္နာဂတတ္တာ **သံဃောပိ အပွမာဏောဘာ**။

[၄၁] သံ၊ ၃၊ ၃၊ ၁၃၆။

၆။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊ ပဋိဂ္ဂမန္တု ဘူတာနိ။
သော'ဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ရက္ခာ= ရက်ခါ၊
ပဋိဂ္ဂမန္တု= ပဋိတ် ကမန်တု၊
ဘဂဝတော–၌ 'ဘဂ–ဝတော'ဖြတ်ရွတ်၊
**နမော**–၌ 'န–မော'ဟု ခွဲ၍ မရွတ်လင့်၊ တစ်စပ်တည်း ရွတ်၊
**သတ္တန္နံ= သတ်တန်နံ၊**

**မေ**–ငါသည်၊ **ရက္ခာ**–မေတ္တာကို ပျံ့နှံ့စေခြင်းဖြင့် အစောင့်အရှောက်ကို၊ **ကတာ**–ပြုအပ်ပါပြီ၊ **မေ**–ငါသည်၊ **ပရိတ္တံ**–ရတနာသုံးပါးတို့၏ဂုဏ်တော်အပေါင်းကို အောက်မေ့သဖြင့် အရံအတားကို၊ **ကတံ**–ပြုအပ်ပါပြီ၊ **ဘူတာနိ**–ဘေးအန္တရာယ်ပြုတတ်ကုန်သော သမ္ဘာဝိတို့သည်၊ **ပဋိဂ္ဂမန္တု**–ဝေးစွာ ရှောင်ရှား, ဖဲသွားကြကုန်လော့၊ **သော'ဟံ**–ထိုငါသည်၊ **ဘဂဝတော**–ပရိနိဗ္ဗာန်, ဝင်စံခဲ့ကြ, ရှေး ဘုရားရှင်မှန်သမျှ အား၄၀၂၊ **နမော**–ရှိခိုးပါ၏၊ ဝါ–**နမော**–ရှိခိုးခြင်းကို၊ (ကရောမိ–ပြုပါ၏၊) **သတ္တန္နံ**–ခုနစ် ဆူကုန်သော၊ **သမ္မာသမ္ဗုဒ္ဓါနံ**–ဝိပသီအစရှိသော ဘုရားရှင်တို့အား၊ **နမော**–ရှိခိုးခြင်းကို၊ (ကရောမိ–ပြုပါ၏။)[၄၀၃] (တသ္မာ–ထိုသို့ ရှိခိုးရခြင်း အာနုဘော်ကြောင့်၊ ဘူတာနိ–ဘေးအန္တရာယ်တို့ကို ပြုတတ်ကုန်သော သတ္တဝါတို့သည်၊ ပဋိဂ္ဂမန္တု–ဝေးစွာရှောင်ရှား, ဖဲသွားကြပါကုန်လော့။)

ငါသည် မေတ္တာကိုပျံ့နှံ့စေခြင်းဖြင့် အစောင့်အရှောက်ကို ပြုခဲ့ပါပြီ၊ ငါသည် ရတနာသုံးပါးတို့၏ ဂုဏ်တော်များကို အောက်မေ့ခြင်းဖြင့် အရံအတားကို ပြုခဲ့ပါပြီ၊ ဘေးအန္တရာယ်ပြုတတ်သော သတ္တဝါများ ရှောင်ရှားကြကုန်လော့၊ ထိုငါသည် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော

---

[၄၀၂] **သောဟံ နမော ဘဂဝတော**ကို သော ဒုဟံ ဇဝံ ကကာဝရိတ္တာ ဒုကိဂဒုသာ ပရိနိဗ္ဗုတာသာ သတ္တသာ။ (ပရိတ္တဒီပကာပါဠိ၊ ၆၁။)

[၄၀၃] **နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ**ဝိ ဝိသေသေန ပန အတီတေ ပဉ္စပါဠိယာ ပရိနိဗ္ဗုတာနံ သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ နမော ကရောမိတိ။ (ဇာတကာ၊ ဌ၊ ၂၊ ၁၃၅။) ဝိပသီအာဒီနဉ္စ သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ နမော ကရောမိတိ သမ္ဗန္ဓော။ (သာရတ္ထ၊ ဋီ၊ ၃၊ ၃၈၂။) ဝိပသီအာဒီနံ သတ္တန္နမ်ပိ နမော ကရောမိ၊ ကသ္မာ ပဉ္စပါဠိယမေဝ ဂဟိတာနီတိ စေ။ (ဝိမတိ၊ ဋီ၊ ၂၊ ၂၂၉။) သတ္တန္နံ ပဋိပါဋိယာ ပရိနိဗ္ဗုတာနံ ဝိပသီအာဒီနံ သမ္မာသမ္ဗုဒ္ဓါနံ နမော ကရောမိ။ (ပရိတ္တဒီပကာပါဠိ၊ ၆၁။)

ရှေးရှေး ဘုရားရှင်မှန်သမျှအား ရှိခိုးပါ၏၊ ဝိပဿီအစရှိသော ခုနစ်ဆူသော ဘုရားရှင်တို့အား ရှိခိုးပါ၏။

**မြဲရာသံပတ်၊ ပိုခိုင်လတ်၊ ထပ်ထပ်ဆိုထုံးပါ။** ။ အရံအတား အကာအကွယ် ပြုပြီး အန္တရာယ်ပြုတတ်သော သတ္တဝါများ ရှောင်ရှားကြ-ဟု ဆိုပြီးနောက် "သော'ဟံ နမော" စသည် ဆိုပြန်ခြင်းမှာ 'မြဲရာသံပတ်' ဆိုသလို အကာအကွယ် မြဲမြံခိုင်ခံ့သည်ထက် ခိုင်ခံ့ရန် ထပ်မံကာ ရှိခိုးခြင်း ပဏာမဖြင့် နိဂုံးချုပ်ကာကွယ်မ ပြုခြင်းပင် ဖြစ်တော့သည်။

'ဘဂဝတော'လို့ သာမန်ဆိုတဲ့အတွက် ဂေါတမဘုရားရှင်ကိုပင် ဆိုရမည်ကဲ့သို့ ဖြစ်၏၊ အမှန်တော့ ဂေါတမဘုရားရှင်မှာ 'သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ'ဟု အထူး ထုတ်ဖော်ရှိခိုးရာ ဘုရားခုနစ်ဆူတွင် ပါဝင်ပြီးဖြစ်၍ ဤ'ဘဂဝတော'ကို ပရိနိဗ္ဗာန်စံလွန်ခဲ့ပြီး ဘုရားမှန်သမျှကို ယူရန် "အတီတသ ပရိ-နိဗ္ဗုတသ သဗ္ဗညုပိ ဘဂဝတော"လို့ ဇာတကအဋ္ဌကထာ၌ ဖွင့်ပြသည်။

**သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ-ဝယ်၊ အထူးကွယ်၊ မှတ်ဖွယ်စဉ်းစားစရာ။** ။ "သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ"ကို သာရတ္ထဒီပနီဋီကာ (၃၊ ၃၈၂)နှင့် ဝိမတိဝိနောဒနီဋီကာ (၂၊ ၂၂၉)တို့. ဖွင့်ဆိုချက်အရ 'ဝိပဿီအစရှိသော ဘုရားခုနစ်ဆူ' တို့.ကို ယူရမည်၊ ဇာတကအဋ္ဌကထာဖွင့်ဆိုချက် အရတော့ 'အထူးသဖြင့် ရှေးရှေးအစဉ်သဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ဘုရားခုနစ်ဆူ'လို့ ဆိုပါသည်၊ ဂေါတမဘုရား အလောင်းက မိမိ၏ တပည့်ရသေ့များကို သင်ပေးသောအရာဖြစ်၍ ရှေးရှေး ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ဘုရားခုနစ်ဆူတို့.တွင် **'ဂေါတမဘုရားရှင်'**မပါဝင်နိုင်ပဲ အစဉ်အားဖြင့် "ဖုဿ, ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ, ကဿပ-ရှေ့ဘုရားခုနစ်ဆူ"တို့.ကို ယူမှသာ သင့်အံ့ထင်သည်။

**စုဏ္ဍိယလော? ဂါထာလော? ဘယ်လော ယူမည်နည်း?** "အပ္ပမာဏော ဝုဒ္ဓေါ" အစ " ဥဏ္ဏာနာဘိ သရဗူ မူသိကာ" အဆုံးနှင့် "ကတာ မေ ရက္ခာ" အစ "နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ" အဆုံး ဤဒေသနာများ အသုံးကို ဝုဏ္ဏိယ (စကားပြေ) -ဖြစ်သည်ဟူ၍လည်းကောင်း, ဂါထာများပင် ဖြစ်သည်ဟူ၍လည်းကောင်း အဆိုကွဲပြားလျက် ရှိသည်၊ ထိုဒေသနာများအသုံးတွင် "ကတာ မေ ရက္ခာ" စသော နောက်ဒေသနာ အသုံးကို "**တုမံ ဂါထ'မာဟ**-ဤဂါထာကို ဆို၏"ဟု ဇာတကအဋ္ဌကထာ (၂၊ ၁၃၅)က ဂါထာအနေနဲ့ အနုသန္ဓေဆိုထားသောကြောင့် ထိုဒေသနာ၏

## ခန္ဓသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဂါထာဟုတ်, မဟုတ်ကား အငြင်းပွါးဖွယ် မရှိတော့ပါ၊ "အပွမာဏော ဗုဒ္ဓေါ" စသော ရှေ့ဒေသနာ အသုံးကိုမူ ဇာတကအဋ္ဌကထာက ဂါထာအနေနဲ့ မဆိုပဲ **"တိဏ္ဏံ ရတနာနံ ဝုဏော အနုဿရာပေတုံ, သပွမာဏော သတ္တေ ဒဿေတုံ**–ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို့ကို အောက်မေ့စေရန်, အတိုင်း အရှည်ပမာဏရှိသော သတ္တဝါတို့ကို ပြရန်ဆို၏"ဟု သာမည အနုသန္ဓေ ဆိုထားသော ကြောင့် ယင်းအဋ္ဌကထာက စုဏ္ဏိယအနေနဲ့ ဆိုလိုသလော?ဟု တွေးကောစရာပင် ဖြစ်သော်လည်း ဇာတ် (ဇာတက)ပါဋ္ဌိတော်မှာ ဂါထာချည်းဟောသော ဒေသနာဖြစ်၍ **'ဂါထာ'**ဟုပင် ဆိုရမည်ဖြစ်သည်၊ ဆန်းနှင့်မည်လျှင် သံဃရက္ခိတမထေရ်၏အလိုအားဖြင့် သာမညဂါထာအမည်ပေးရုံမှ တစ်ပါး အခြားမရှိတော့ချေ။

## ခန္ဓသုတ်ပရိတ်တန်ခိုး

**ခန္ဓ**သုတ်ပရိတ်တော်သည် စကြဝဋ္ဌာ ကုဋ္ဌေတစ်သိန်းတိုင်အောင်ပင် အာဏာစက်ပြန့်နှံ့လျက် အလုံးစုံသော အဆိပ်အမျိုးမျိုးနှင့် ဘေးရန်ဥပဒ်အန္တရာယ်ကို အခါခပ်သိမ်း ပယ်ရှားတားမြစ်နိုင်၏၊ ထိုခန္ဓသုတ်အတွင်း၌ ဘုရားဂုဏ်, တရားဂုဏ်, သံဃဂုဏ် မေတ္တာတရားများလည်း ပါဝင်နေသဖြင့် ထူးကဲမြင့်မြတ်လှပေ၏၊ ထို့ကြောင့် ဤခန္ဓသုတ်ပရိတ်တော်မှာလည်း လွန်စွာ အာဏာ တန်ခိုးထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။ (မဟာဗုဒ္ဓဝင်၊ ၃၊ ၃၁၆။)

## ခန္ဓသုတ်ပရိတ် နိဝုံးချုပ် အာသီသလကီာ

မြွေကင်းသန်းက၊ စသည်ရန်စွယ်၊ အန္တရာယ်ကို၊ အလမ္ဗာယ်များ၊ မြွေသမားတို့၊ နေထားတကျ၊ ကုစားကြလည်း၊ လောကသစ္စံ၊ နသစ္စံသို့၊ သေကံမရောက်၊ သက်မပျောက်နှင့်၊ ဆိပ်တောက်မွန်းဝေ၊ သေလည်းသေ၏၊ ဧရာပထ၊ စသည်ဇာတိ၊ မြွေဘုန်းရှိတို့၊ ထိခိုက်ပေါက်သတ်၊ သေဆုံးတတ်လည်း၊ နတ်မန္တရား၊ နတ်ဆေးပါးနှင့်၊ သိကြားရေစင်၊ ဗျန်းလာလျှင်မူ၊ ကြည်ရွှင်နှစ်မြို့၊ ရှင်ပြန်တို့၏၊ ထို့တူဘေးရန်၊ ပယ်တွန်းလှန်ဝိပ်၊ နတ်မန္တန်တော်၊ ခေါ်ဝေါ်သမုတ်၊ ခန္ဓသုတ်ကို၊ ရွှေနတ်လှစ်ကြူ၊ ဟောတော်မူ၍၊ [illegible] တန်ဆောင်မိုးထက်၊ မှောင်ကြီးအတွင်း၊ ပိုးစုန်းတွင်း၌၊ မလင်းနိုင်ပင်၊ သို့[illegible] ကြောင်

သူ၌၊ မြွေထိခိုက်က၊ လိက်လိုက်လဲလဲ၊ ဓားခွဲဆေးသိပ်၊ အဆိပ်ကိုထုတ်၊ ပန်းဝါပုတ်နှင့်၊ တွင်စုပ်ဆေးထိုး၊ ကုရိုးကုဆန်း၊ မန်းမတ်ဂါထာ၊ မဟူရာဓာတ်၊ သတ္တက္ခတ္တုံ၊ ဆေးပေါင်းစုံကို၊ ယုံကြည်သောထက်၊ ရွှေနှုတ်မြွက်သား၊ စက်အာဏာကိန်း၊ သိန်းကုဋေပျံ့၊ ကျမ်းရွှေသုတ္တန်၊ နတ်မန္တန်ကို၊ ဌာန်ကရိုဏ်းကျ၊ ဂ-နေ-သေချာ၊ မြွေဆရာတို့၊ မေတ္တာမိုးရေ၊ ဖြိုးဖြိုးစွေလျက်၊ **ဝိ-ဇေ-ဆ-က၊ အ-ဒွိ-စတုပ်၊ ဗဟုပ်-ခပဲ**[၄၀၄]၊ မညှင်းဆဲလင့်၊ ဖဲကြကြဉ်ကြ၊ မသီကြလင့်၊ ပိသတွတ်တွတ်၊ လွန်ကြည်ညွတ်၍၊ ရွတ်ဖတ် ကုစားစေကုန်သောဝ်။

**ခန္ဓသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် အပြီးသတ်ပြီ။**

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

---

[1] **ဝိ**-ဝိရူပကွ၊ **ဇေ**-ဇရာပထ၊ **ဆ**-ဆဗျာပုတ္တ၊ **က**-ကဏ္ဍာဂေါတမ၊ **အ**-အပ္ပါဒက၊ **ဒွိ**-ဒွိပါဒက၊ **စတုပ်**-စတုပ္ပဒ၊ **ဗဟုပ်**-ဗဟုပ္ပဒ၊ **ခပဲ**-နေ/ခဗဲ/[ပေါ်] အားလုံး၊ ခပ်သိမ်း၊ "တကန်လုံး ရေ**ခပဲ**သည် ရဲရဲခြင်းခြင်း သွေးအဆင်းကို မြင်လတ်က။" ပင်း၊ ပ၊ ၁၄။ ၂၊ အများ။ "စကြာရှေ့တင်၊ လေးကျွန်းရှင်သို့၊ ကောင်းကင်ပျံစဲ၊ လူ**ခပဲ**တို့၊ သဲသဲကျော်လွှံ့၊ ရှုစေအံ့ဟု။" ဘူပေါင်း ၁၀၄။ (မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ ၁၊ ၇၀။)

# မောရသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## မောရသုတ္တ နိဒါန်းစ

(က) ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။
(ခ) စိရသံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏ္ဍိတုံ။
"ဗြဟ္မမန္တ"နှိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

**ပူရေန္တံ**= **ပူရေန်တံ→ပူရင်တံ** ဖတ်၊
ဗောဓိသမ္ဘာရေ= ဗောဓိသမ်ဘာရေ၊
နိဗ္ဗတ္တံ= **နိဗ်ဗတ်တံ→နိဗ်ဗတ်တံ**
သံဝိဟိတာရက္ခံ= သံဝိဟိတာရက်ခံ [သံဝိဟိတ+အာရက္ခံ]၊
မဟာသတ္တံ= မဟာသတ်တံ၊
စိရသံ=စိရ**သ်သံ→စိ**ရတ်သံ၊
ဝါယမန္တာပိ=ဝါယမန်တာပိ
သက္ခိံသု= သက်ခိန်သု၊
ဂဏ္ဍိတုံ= ဂန်ဏ္ဍိတုံ၊
"ဗြဟ္မမန္တ"နှိ= ဗြဟ္မ**မန်တန်တိ→ဗ**ရဟမ မန်တန်တိ ဖတ် [ဗြဟ္မမန္တံ + ဏ္ဍတိ]၊
အက္ခာတံ= အက်ခါတံ၊

**ဗောဓိသမ္ဘာရေ**–သဗ္ဗညုတဉာဏ်၏အဆောက်အဦဖြစ်ကုန်သော ပါရမိတော်တို့ကို၊ **ပူရေန္တံ**–ဖြည့်ကျင့်ဆည်းပူးတော်မူသော၊ **မောရယောနိယံ**–ဥဒေါင်းမျိုး၌၊ **နိဗ္ဗတ္တံ**–ဖြစ်တော်မူသော၊ **ယေန ပရိတ္တေန**–အကြင်မောရသုတ်ပရိတ်တော်ဖြင့်၊ **သံဝိဟိတာရက္ခံ**–ကောင်းစွာပြုစိရင်အပ်သည့် စောင့်ရှောက်ကာကွယ်မရှိသော၊ **မဟာသတ္တံ**–ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို၊ **ဝနေစရာ**–(ခုနစ်ဆက်

သော) တောမုဆိုးတို့သည်၊ **စီရသဲ**–(နှစ်ပေါင်းခုနစ်ရာ) ရှည်မြင့်ကြာအောင်၊ **ဝါယမန္တာပိ**–ဖမ်းမိဖို့ရာ ကြိုးစားကြပါကုန်သော်လည်း၊ **ဂဏှိတုံ**–လက်ရဖမ်းယူခြင်းငှါ၊ **နေဝ သက္ခိံသု**–မတတ်နိုင်ကုန်သည်သာတည်း၊ **(ယံ ပရိတ္တံ**–အကြင်မောရသုတ်ပရိတ်တော်ကို)၊ **ဗြဟ္မမန္တ နီ**–မြတ်သော မန္တန်တော်ဟူ၍၊ **အက္ခာတံ**–(ဘုရားအစရှိသော သူတော်ကောင်းတို့, ချီးကြူးမြွက်ဖော်,)ဟောကြားတော်မူအပ်သော[၄၀]၊ **တံ ပရိတ္တံ**–ထိုမောရသုတ်ပရိတ်တော်ကို၊ **ဟော**–အိုသူတော်ကောင်းတို့၊ **(မယံ**–ငါတို့သည်၊) **ဘဏာမ**–ရွတ်ကြပါ ကုန်စို့။



[၄၀] ဗြဟ္မမန္တနီ အက္ခာတန္တိ သေဋ္ဌမန္တန္တိ ဝုဒ္ဓါဒီဟိ သဒ္ဓိံ ကထိတံ ထောမိတံ။ (ပရိတ္တဒီပကာဟိဋ္ဌ၊ ၆၃။)

အိုသူတော်ကောင်းတို့....သဗ္ဗညုတဉာဏ်၏အဆောက်အဦဖြစ်သော ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူစဉ်, ဥဒေါင်းမျိုးဌဖြစ်သော, မောရသုတ်ပရိတ်ဖြင့် စောင့်ရှောက်ကာကွယ်မှုရှိသော ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို ခုနစ်ဆက်သော တောမုဆိုးတို့သည် နှစ်ပေါင်းခုနစ်ရာ ရှည်မြင့်ကြာအောင် ဖမ်းပိုတို့ရာ ကြိုးစားကြပါကုန်သော်လည်း လက်ရဖမ်းယူခြင်းငှါ မတတ်နိုင်ကြကုန်သည်သာ၊ မြတ်သောပန္နာန်-ဟူ၍ ဘုရားအစရှိသော ပညာရှိတို့ချီးမွမ်းတော်မူအပ်သော ထိုမောရသုတ်ပရိတ်တော်ကို ငါတို့သည် ရွတ်ကြပါကုန်တို့။

**<u>မောရသုတ်အစွမ်း ချီးမွမ်းခန်း</u>။** ။ **"ပူရေန္တံ ဗောဓိသမ္ဘာရေ"** စသည်ကား ရှေးဆရာတော်တို့ စိရင်အပ်သော ဂါထာများဖြစ်၏၊ မောရသုတ်ပရိတ်တော်ကို ရွတ်လို, နာလို, သင်လိုသောဆန္ဒ ထက်ထက်သန်သန် ဖြစ်ကြစေရန် မောရသုတ်ပရိတ်တော်၏ သတ္တိဂုဏ် အကျိုးအာနိသင်ပြလျက် ချီးကျူးအပ်သော ပရိတ်ဟိုး ပရိတ်မွမ်းပင် ဖြစ်၏။

**ဗောဓိသမ္ဘာရေ-၌ ဗောဓိအရ။** ။ **'ဗောဓိ'** သဒ္ဒါက သဗ္ဗညုတဉာဏ်, အရိယမဂ်, ဗောဓိအမည်, ညောင်ဗုဒ္ဓဟေပင် အနက်များကိုဟောသော်လဲ ဒီအရာမှာ 'ဗောဓိ'အရ **'သဗ္ဗညုတဉာဏ်'**ကို ယူရတယ်၊ တစ်နည်းအားဖြင့် ဗောဓိ-ဆိုသော်လဲ **'မဟာဗောဓိ'**ကို ယူရမယ်၊ 'မဟာဗောဓိ'ဆိုတာ **အရဟတ္တမဂ် ဉာဏ်**နှင့် **သဗ္ဗညုတဉာဏ်** တို့ပင်ဖြစ်တယ်၊ ဘုရားရှင်၌ အဲဒီဉာဏ် ၂-ပါးဟာ အပြန်အလှန် အထောက်အပံ့ ဖြစ်ရတယ်၊ အရဟတ္တမဂ်ဉာဏ်ကြောင့် သဗ္ဗညုတဉာဏ်ရတယ်၊ အဲဒီအရဟတ္တမဂ်ဉာဏ်မှာ သဗ္ဗညုတဉာဏ်ကြောင့် တစ်ပါးသူတို့ရဲ့ အရဟတ္တမဂ်ဉာဏ်နှင့်မတူ ထူးခြားရတယ်၊ အရဟတ္တမဂ်ခဏမှာ သဗ္ဗညုတဉာဏ်ကိုလဲ ရရှိခဲ့ရာ ထိုဉာဏ်နှစ်ပါးဟာ အချင်းချင်းအထောက်အကူ ဖြစ်ကြရတယ်၊ **ဗောဓိသမ္ဘာရေ-၌ 'ဗောဓိ'**အရ သဗ္ဗညုတဉာဏ်ကိုယူကာ အနက်ပေးခဲ့သော်လဲ အရဟတ္တမဂ်ကိုပါ ယူနိုင်သောကြောင့် "အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီတော်တို့ကို" လို့လဲ အနက်ပေးနိုင်ပါပယ်[၄၀၆]။

---

[၄၀၆] **ဗောဓိသမ္ဘာရေ**တို့ သဗ္ဗညုတဉာဏ်သည် သမ္ဘာရ၊ အဂ္ဂမဂ် သဒ္ဒါကဲ့သို့ [illegible] ဗောဓိယာ သမ္ဘာရာ ကာရဏာဘူတာတိ။ တတ္ထ အဂ္ဂမဂ္ဂပက္ခေ စက္ကွာရိ သမာ နိ ဂုဏ္ဍတိ [illegible] သဗ္ဗဝမွေ ဂုဏ္ဍတိတိ။ (ပရိတ္တဋ္ဌကထာဝဏ္ဏနာ၊ ၆၂။) သမ္ဘာရလေးပါးတို့ကို သိတတ်သောရဟန်းတို့ကို [illegible] **'ဗောဓိ'** [illegible] အလုံးစုံသောတရားတို့ကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ်ကို **'ဗောဓိ'** [illegible]

**ဗောဓိ၏အဆောက်အဦ-ဆိုသည်မှာ။** ။ အိမ်ဖြစ်ဖို့အတွက် ပါဝင်ရမည့် ထုတ် ယောက် ဒိုင်းစတဲ့ အစိတ်အပိုင်းများ အပြည့်အစုံ စုပေါင်းမိမှ အိမ်-ဟု ဖြစ်ရသလို ဗောဓိဉာဏ်ဖြစ်ဖို့အတွက် ဒါန သီလ စတဲ့ ပါရမီ အစိတ်အပိုင်းများ ပြည့်စုံစွာ စုပေါင်းမိခါမှ ဗောဓိ-ဖြစ်ရတယ်၊ ဒါ့ကြောင့် အိမ်ဖြစ်ဖို့ အစိတ်အပိုင်းအစုအပေါင်းကို **ဂေဟသမ္ဘာရ** (အိမ်၏အဆောက်အဦ)ဟု ဆိုရသလို ဗောဓိဖြစ်ဖို့ ပါရမီအပေါင်းကို **ဗောဓိသမ္ဘာရ** (ဗောဓိ၏ အဆောက်အဦ)လို့ ဆိုရပါတယ်။

**လောင်းတော်လျာ ဥဒေါင်းမျိုးမှာ ဖြစ်ရရှာ။** ။ **"နိဗ္ဗတ္တံ မောရယောနိယံ"**ပါဠိက ဖြစ်ရာဘဝ လားရာ ဂတိ၏ မတည်မြဲ, အနိမ့် အမြင့်, အယုတ် အမြတ် အပြောင်းအလဲဖြစ်တတ်တဲ့ သံသရာ၏သဘောကို ဖော်ညွှန်းပါတယ်၊ ဘုရား အလောင်းတော်များပင် ဘဝ ဂတိမမြဲ အပြောင်းအလဲ ဖြစ်ရသေးရင် သူလို ငါလို သာမန်လူတို့ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း?

နိယတဗျာဒိတ်ရ ဘုရားအလောင်းတော်တို့မှာ ဒီ ဂတိပြောင်းလဲမှုနှင့် ကြုံကြရစေကာမူ ပါရမီ ဖြည့်ခွင့်တစ်မျိုး ရပြန်သည့်အတွက် နစ်နစ်နာနာ တိမ်းပါးချွတ်ချော် ဖြစ်မသွားနိုင်ကြပါ၊ သို့သော် သာမန် မိမိတို့ ဒီလိုဖြစ်ကြရရင် နောင်သုဂတိဘုံ ပြန်လည်ရောက်ရှိဖို့ရာ မည်၍မည်မျှ ခဲယဉ်းလှ သည်မှာ **"ကာဏကစ္ဆပေါပမ** (လိပ်ကာဏ်းဥပမာ)[၄၀၇], **နခသိခေါပမ** (လက်သည်းခွံပေါ်ရှိ မြေမှုန့် ဥပမာ)[၄၀၈] သုတ္တန်များအရ သိသာထင်ရှားလှပါတယ်၊ ဒါ့ကြောင့် လူ့ဘဝကိုလဲရရှိ သာသနာနှင့်လဲ ကြုံကြိုက်တဲ့အခါကောင်းကြီးမှာ ဂတိမမှောက်မှားရအောင် မဂ်ဖိုလ်တရားများကို အရယူနိုင်ဖို့ ကြိုးစားအားထုတ်ရန် သတိပေးလျက်ရှိကြောင်း သိနိုင်ကြပါတယ်။

**မဟာသတ္တ နှစ်မျိုးပြ။** ။ **"မဟာသတ္တ"**၌ '**မဟာ**-မြတ်သော + **သတ္တ**-ပုဂ္ဂိုလ်= မြတ်သော ပုဂ္ဂိုလ်။ **မဟာ**-မြတ်သော သဗ္ဗညုတဉာဏ်၌+**အာသတ္တ**-ကပ်ငြိတွယ်တာသောပုဂ္ဂိုလ်= မြတ်သောသဗ္ဗညုတဉာဏ်၌ ကပ်ငြိတွယ်တာသော ပုဂ္ဂိုလ်'လို့ အနက်နှစ်မျိုးရ၏၊ **မဟာသတ္တ**-မြတ်သောပုဂ္ဂိုလ်-လို့ အနက်ပြန်ရာမှာ ကောင်းတဲ့အကျင့် မြင့်မြတ်တဲ့ လုပ်ငန်းများရှိသူ-ဆိုလိုတယ်၊ ပါရမီဆိုသည်မှာ တကယ့်သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့၏အမဖြစ်ရာ အဲဒီပါရမီကောင်းမရှိတဲ့ အလောင်းတော်သည် **မဟာသတ္တ**-ဖြစ်တော့တယ်။

---

[၄၀၇] မ၊ ၃၊ ၂၅၂။

[၄၀၈] သံ၊ ၁၊ ၄၅၄။

နောက်အနက်အရ **မဟာသတ္တ**မှာ သဗ္ဗညုတဉာဏ်၌ ကပ်ငြိတွယ်တာတဲ့ ပုဂ္ဂိုလ်ဖြစ်ရာ သဗ္ဗညုတဉာဏ်ကို လွန်စွာလိုချင်လှတဲ့အတွက် အဲဒီဉာဏ်ကို ရဖို့နည်းလမ်းများ ကြိုးစားရာပွေ့ အားထုတ်နေတဲ့ ပုဂ္ဂိုလ်ပင်ဖြစ်တယ်။ သဗ္ဗညုတဉာဏ်ရဖို့ နည်းလမ်းများမှာ ပါရမီများပင်ဖြစ်ရာ ပါရမီကို ကြိုးစားဆည်းပူးနေသူ-လို့ပင် ဆိုရမယ်။ ဒီအနက်နှစ်ဖျိုးအရ ပါရမီဖြည့်နေသူ-လို့ အဓိပ္ပါယ်ရတဲ့ **မဟာသတ္တ**၏ထိုသဂျပ်ကို ဖော်ထုတ်တဲ့အနေနဲ့ **"ပူရေန္တော ဗောဓိသမ္ဘာရေ"**လို့ မိန့်တော်မူပါတယ်။

**တန်းတူ မတွေးသင့်တဲ့။** ။ ပရိတ်ကြီးနိဿယသစ်ဆရာတော်ဘုရားက မိန့်တော်မူသည်မှာ "ပူရေန္တော ဗောဓိသမ္ဘာရေ-ဖြင့် ဘုရားလောင်း ရွှေဥဒေါင်း၏ အခြေအနေ အရည်အသွေးကိုပြခဲ့ရာ ထိုအခါက အလောင်းတော်မှာ ဒါန သီလ မေတ္တာတို့ဖြင့် သတ္တဝါများအပေါ် အကျိုးစီးပွါး လိုလားသော စိတ်ရှိခြင်း, ပညာပါရမီတော် ဖြည့်ခဲ့ပြီးဖြစ်၍ အသိဉာဏ် ရင့်သန်နေခြင်း, ခန္ဓာ သစ္စာ ဥပေက္ခာများအရ စိတ်ဓာတ်အလွန်ရင့်သန် ခိုင်မာနေခြင်းများဖြင့် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်နေ၍ တိရစ္ဆာန်သာမန်များကို မဆိုထားဘိ သူသူ ငါငါ လူဿာမန်များနှင့်ပင် တန်းတူထားကာ ယှဉ်၍မရတော့ပေ၊ ထိုသို့သော အလောင်းတော်၌ သာမန်တိရစ္ဆာန်များနှင့် တန်းတူထားကာတွေးလျှင် ထိုအတွေးမှာ သဘာဝမကျ။ ထို့ကြောင့် 'တိရစ္ဆာန် ဥဒေါင်းက ဘုရားနှင့် တရားတွေကို ဘယ်သူက ပြောလို့ သိထားသလဲ? မန္တန်ဖွဲ့နိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား? တရားဟောနိုင်တယ်ဆိုတာ ဖြစ်နိုင်ဖွယ်မရှိ' စသော အတွေးမျိုးမှာ အရာမရောက်ပေ၊ ထိုအတွေးမျိုး ရှိနေသူများ၌ ဤပရိတ်အကျိုး ခံစားရမည်မဟုတ်၊ စိတ်ချယုံကြည်စွာ အားကိုးရွတ်ဆိုသူများမှာ ဤပရိတ်အကျိုးကို ခံစားခဲ့ရဘူးပြီ, ခံစားရဆဲ, ခံစားရပေဦးမည်"ဟု မှာတော်မူသည်။

၁။ **မောရသုတ်ပရိတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်မှာ ပါရှိပါသလဲ?**

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ် ဇာတ်ပါဋိတော် ပဌမအုပ် မောရဇာတက (ဇာတက၊ ၁၊ ၃၈–၃၉)မှာ ပါရှိပါတယ်။

၂။ **မောရသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ?**

ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

၃။ **မောရသုတ်ကို အဘယ်နေရာဌာန, အဘယ်အခါမှာ ဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ?**

ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သိတင်းသုံး နေတော်မူသောအခါ ဆွမ်းခံသွားစဉ် တန်ဆာဆင်ထားသော မိန်းမပျိုကိုမြင်၍ တပ်မက်သောစိတ်ရှိလျက် လူထွက်လိုသောရဟန်းကို အကြောင်းပြု၍ (ကာမဂုဏ်ညွှတ်ကွင်းမှ လွတ်ကင်းစေခြင်း အကျိုးငှါ) ဟောတော်မူခဲ့ပါတယ်။

## မောရပရိတ်ဇာတ် အတ္ထုပ္ပတ်

ဘုရားရှင်က "အိုရဟန်း မာတုဂါမမည်သည် ပညာနည်းသော သင်တို့စိတ်ကို မဆိုထားနှင့်၊ ရှေးပညာကြီးရင့်သော ဥဒေါင်းမင်း၏ စိတ်ကိုပင် နှောက်ယှက်ဖျက်ဆိးဘူးလေ၏"ဟု မိန့်တော်မူကာ မောရဇာတ် (ဥဒေါင်းမင်းဇာတ်)ကို ဟောတော်မူပါတယ်။

ရှေးတုံးက ဗာရာဏသိပြည်မှာ ဗြဟ္ပဒတ်မင်းသည် အုပ်စိုးလေ၏၊ ထိုအခါ ဘုရားလောင်းသည် နတ်ပြည်မှစုတေ၍ ဗာရာဏသိမြို့တော်နှင့် မနီးမဝေးသော တောအရပ်ဝယ် ဥဒေါင်းမျိုး၌ ပဋိသန္ဓေနေလေ၏၊ ဥမှပေါက်သောအခါ ရွှေနှင့်တူသောအဆင်းရှိ၏၊ အတောင်နှစ်ဖက်တို့၏အကြား၌ ကမ္ဗလာအဆင်းရောင် အမွေးရောသောကြောင့် အလွန်တင့်တယ် လှပ၏။

ထိုဥဒေါင်းမင်းသည် "ငါ၏ကိုယ်သည် တင့်တယ်လျောက်ပတ်လှ၏၊ လူတို့အနီးအပါး၌နေ၍ အသက်မရှည်ရာ၊ အပေါင်းအဖော်မှ ခွဲ၍ ငါ၏အသက်ကို စောင့်ရှောက်ခြင်းငှါ ဟိမဝန္တာတောသို့သွား၍နေအံ့"ဟု ကြံလျက် တောင်သုံးလုံးကိုကျော်၍ လေးခုမြောက်သောတောင်ကြား၌ ဒဏ္ဍက ဟိရည အမည်ရှိ ရွှေတောင်အထွတ်သို့သွား၍ နေလေ၏။

ဥဒေါင်းမင်းသည် နေထွက်သောအခါ နေကိုကြည့်၍ **"ဥဒေတ'ယံ"**ပရိတ်တော်ကိုရွတ်၍ တောင်ပေါ်မှဆင်းလျက် အစာရှာအံ့သောငှါ သွားလေ၏၊ နေဝင်ခါနီးသောအခါ တောင်ပေါ်သို့တက်၍ နေကိုကြည့်လျက် **"အပေတ'ယံ"**ပရိတ်တော်ကို ရွတ်၍ အိပ်တန်းတက်လေ၏၊ ဤသို့လျှင် နေ့တိုင်း ပရိတ်တော်ကို ရွတ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး နေလေ၏၊ ဘေးအန္တရာယ်ပရှိ၊ အစာရှာ၍ ရလွယ်၏၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကိုလည်း ရလေ၏။

ဗာရာဏသီပြည်မှ မုဆိုးအိုတစ်ယောက်သည် ဟိမဝန္တာကောသို့ သွားလာလှည့်ပတ်လေရာ ထိုဒဏ္ဍာကဟိရညအမည်ရှိ ရွှေတောင်ထွတ်အကြားခွဲနေသော ဥဒေါင်းမင်းကိုမြင်ပြီးလျှင် အိမ်သို့ပြန်ရောက်သောအခါ ထိုအကြောင်းကို မိမိ၏သားအား ပြောကြားလေ၏၊ ထိုမုဆိုး၏သားသည် အဖပြောသောစကား အရပ်ဌာနကို မှတ်၍ထား၏၊ မုဆိုးအိုသေပြီးသောနောက်ကာလမှာ ဗာရာဏသီဗြဟ္မဒတ်မင်းကြီး၏ ခေမာအမည်ရှိ မိဖုရားကြီးသည် အိပ်မက်ခဲ့၍ ဥဒေါင်းမင်း တရားဟောသည်ကို နှစ်သက်ဝမ်းသာ နာရ၏-ဟု မက်၏၊ မိဖုရားက ထိုအိပ်မက်ကို မင်းကြီးအား လျှောက်တင်လေ၏၊ မင်းကြီးလည်း အမတ်ပုရောဟိတ် ပဏ္ဍားတို့ကို ဥဒေါင်းမင်း အဘယ်အရပ်၌ ရှိသနည်း?ဟု မေးလေ၏၊ အမတ် ပုရောဟိတ်တို့က မုဆိုးတို့သာ သိနိုင်ပါလိမ့်မည်--ဟု လျှောက်တင်ကြ၏၊ မုဆိုးတို့ကို ခေါ်၍ မေးမြန်းလေသော် တစ်ယောက်သော မုဆိုးက "ဤပည့်သောအရပ်၌ ဥဒေါင်းမင်းရှိကြောင်းကို အဖပြောသောစကားကို ကြားဖူးပါသည်"ဟု လျှောက်လေ၏၊ ထိုမုဆိုးကို "ဥဒေါင်းမင်းကို ကျေ့ကွင်းဖြင့် ရအောင်ထောင်၍ ဆောင်ယူခဲ့ရမည်"ဟု ဆုလာဘ်များစွာချလျက် ရိက္ခာစရိတ်များပေး၍ ဟိမဝန္တာသို့ လွှတ်လိုက်လေ၏။

မုဆိုးသည် ဖခင်မှာခဲ့သော စကားကို မှတ်မိ၍ ဥဒေါင်းမင်းရှိရာအရပ်သို့ သွားကာ အနီးအပါး၌ စခန်းချလျက် နေ့တိုင်း ကျေ့ကွင်းဖြင့် ထောင်သော်လည်း မရနိုင်၊ ကာလရှည်ကြာသဖြင့် မုဆိုးလည်း ထိုတော၌ပင်သေလေ၏၊ မိဖုရားလည်း ကံကုန်သဖြင့် သေလေ၏၊ ဗြဟ္မဒတ်မင်းလည်း စိတ်မချမ်းမသာ အမျက်ထွက်ပြီး**"ဟိမဝန္တာအရပ်၌ ဒဏ္ဍာကဟိရညအမည်ရှိသောတောင်ရှိ၏၊ ထိုအရပ်၌ ရွှေဥဒေါင်းမင်းရှိ၏၊ ထိုရွှေဥဒေါင်းမင်း၏အသားကို စားရလျှင် အနာကင်း၏ အသက်ရှည်၏"**ဟု ကြေငြာ၌ ကမ္မည်းစာရေးထားခဲ့၍ သေလေ၏၊ နောက်မင်းတစ်ပါး နန်းတက်၍ ထိုကမ္မည်းစာကိုတွေ့၍ မုဆိုးတစ်ယောက်ကို ဖမ်းစေပြန်သော်လည်း မရနိုင်၍ ထိုမုဆိုး, ဖိုးမင်းတို့လည်း သေကြကုန်၏၊ ဤသို့သောနည်းဖြင့် မင်းခြောက်ဆက်တိုင်အောင် အနှစ်ခုနှစ်ရာပတ်လုံး မုဆိုးအဆက်ဆက် ကျေ့ကွင်းထောင်၍ ဖမ်းသော်လည်း မရနိုင်ကြကုန်။

ခုနစ်ဆက်မြောက်မင်းလက်ထက်၌ မုဆိုးတစ်ယောက်ကို စေလွှတ်၍ ကျော့ကွင်းထောင်စေသော်လည်းမရနိုင်၍ ဥဒေါင်းမနှင့် ဖျားယောင်းထောင်မှ ရနိုင်မည်–ဟု ကြံ၍ ဥဒေါင်းမကို ကခြင်း, သိခြင်း၌ လိမ်မာအောင်သင်ပြီးလျှင် ဥဒေါင်းမကို အလယ်၌ထား၍ ပတ်ဝန်းကျင်၌ ကျော့ကွင်းထားကာ နံနက်စောစော ထောင်လေ၏၊ ဥဒေါင်းမလည်းကခြင်း, တွန်ကျူးခြင်းဖြင့် သာသာယာယာသို၏၊ ထိုဥဒေါင်းမ၏ သိချင်းသံကို ကြွေဥဒေါင်းမင်းကြားလေလျှင် အသံ၌တပ်မက်သောစိတ်ဖြစ်၍ အနှစ်ခုနစ်ရာပတ်လုံး ငုပ်နေသော ကိလေသာ(ရောဂါ)သည် ပေါ်လာ၍ ပရိတ်တော်ကို မရွတ်နိုင်ပြီ၊ ဥဒေါင်းမ၏အနီးသို့ သွားအံ့–ဟု ကြွေတောင်ထွတ်ကြားမှ သက်ဆင်း၍ သွားလေသော် ကျော့ကွင်း၌ မိလေတော့၏။

ထိုအခါ မုဆိုးသည် ကြွေဥဒေါင်းမင်းကို ဗာရာဏသီပြည်သို့ ဆောင်ယူ၍ မင်းကြီးအား ဆက်သလေ၏၊ မင်းကြီးသည် ကြွေဥဒေါင်းမင်းကို မြင်လျှင်ပင် ချစ်မြတ်နိုးသောစိတ်ဖြစ်၍ နေရာပေး၏၊ ကြွေဥဒေါင်းမင်းလည်း ခင်းထားအပ်သော နေရာ၌နေပြီးသော် **"မင်းကြီး...အဘယ့်ကြောင့် ကျွန်ုပ်ကို ဖမ်းပါသနည်း?"**မေးလေ၏၊ "ကြွေဥဒေါင်းမင်း၏အသားကို စားရသောသူတို့သည် မအိုကုန်, မသေကုန်–ဟု ကြွေပြား၌ ကမ္မည်းစာရိုက်၍ အသားကိုစားလိုသောကြောင့် ဖမ်းပါသည်"ဟု မင်းကြီးက ပြောဆို၏။

**"မင်းကြီး...ကျွန်ုပ်အသားကိုစား၍ မင်းကြီးကား မအို, မသေသည် ဖြစ်တန်စေ၊ ကျွန်ုပ်ကား သေရမည် မဟုတ်လော?"**ဟု ဥဒေါင်းမင်းက ဆို၏၊ "ဟုတ်၏၊ ဥဒေါင်းမင်းကား သေရမည်"ဟု မင်းကြီးက ပြောဆို၏၊ **"ကျွန်ုပ်သေရမည် မှန်ပါလျက် ငါ့အသားကို စားသောသူတို့ကား အဘယ့်ကြောင့် မအို, မသေ နေကြရကုန်အံ့နည်း?"** ဟု ဥဒေါင်းမင်းဆို၏၊ "ဥဒေါင်းမင်းက ကြွေအဆင်းရှိသောကြောင့်ဖြစ်ပါသည်"ဟု မင်းကြီးပြောဆို၏၊ **"မင်းကြီး...ကျွန်ုပ် ကြွေအဆင်းရှိခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ၊ ရှေးအခါ ဤ ဗာရာဏသီပြည်၌ စကြာမင်းဖြစ်စဉ် မိမိလည်း ငါးပါးသီလကျင့်သုံး၍ စကြဝဠာတိုက်အလုံး၌နေသော ဃတ္တဝါတို့ကိုလည်း ကျင့်သုံးစေခဲ့၏၊ ကျွန်ုပ်သည် သေလွန်လျှင် တာဝတိံသာနတ်ပြည်၌ဖြစ်ရ၏၊ တာဝတိံသာနတ်ပြည်မှ စုတေလျှင် တပါးသောအကုသိုလ်ကံကြောင့် ဥဒေါင်းမျိုး၌ စကြာမင်းဘဝက ဆောက်တည်ခဲ့သော သီလ၏စွမ်းအင်အာနုဘော်ကြောင့် ကြွေအဆင်းနှင့်တူသောအဆင်းရှိသည် ဖြစ်ပါ၏"**ဟု ဥဒေါင်းမင်း ပြောဆို၏။

မင်းကြီးလည်း "ဥဒေါင်းမင်း, စကြာမင်းဖြစ်၏–ဟူသောစကားကို အဘယ်သက်သေကို ထောက်၍ ယုံကြည်ရပါမည်နည်း?"ဟု မေး၏၊ **"မင်းကြီး...ယုံကြည်လောက်ရာ သက်သေကို ပြောဆိုပါအံ့၊ စကြာမင်းဖြစ်စဉ်က ရတနာဓနုနှစ်ပါးဖြင့်ပြီးသော ရထားကိုစီး၍ ကောင်းကင်၌သွား၏၊ ထို**

**ရထားမှာ ဤမင်္ဂလာကန်တော်ထဲ၌ နစ်လျက်ရှိလေသည်၊ ထိုရထားကို မင်္ဂလာရေကန်မှ ထုတ်ယူပါလော့၊ ထိုဟာသည် ကျွန်ုပ်၏ သက်သေဖြစ်လိမ့်မည်"**ဟု ဥဒေါင်းမင်း ပြောဆိုလေ၏၊ မင်းကြီးသည် ရေကန်မှရေကိုထုတ်စေ၍ ရတနာရထားကို ရသောအခါ မင်းကြီးလည်း ယုံကြည်လေ၏။

**"မင်းကြီး...သေခြင်းကင်းရာ နိဗ္ဗာန်ကိုထား၍ ကြွင်းကျန်သော သခါရမွေ ဟူသမျှသည် မအို, မသေသော တရားမည်သည် မရှိပါ၊ သခါရတရားအားလုံးတို့သည် အမြဲမရှိကုန်, ကုန်တတ်, ပျက်တတ်သောသဘောရှိကုန်၏"၊ (ဝင့်၌ ဖြစ်သော သတ္တဝါသည် မအို, မသေသော သတ္တဝါမည်သည် မရှိ၊ နိဗ္ဗာန်သာ မအို မသေသောတရားတည်း)**[၄၉]"ဟု ဥဒေါင်းမင်းသည် တရားဟော၏။ ဤသို့ တရားဟောပြီးလျှင် မင်းကြီးအား ငါးပါးသိလဆောက်တည်စေ၏၊ မင်းကြီးလည်း နှစ်သက်ဝမ်းမြောက်လှသည်ဖြစ်၍ ဥဒေါင်းမင်းကို ပြည်ဖြင့် ပူဇော်၏ ပြည်ကို အပ်နှင်း၏၊ ဥဒေါင်းမင်းသည် တိုင်းပြည်ကို မင်းအားပင် ပြန်လည်အပ်နှင်း၍ နှစ်ရက် သုံးရက်နေပြီးလျှင် **"မင်းကြီး...ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ ဖြစ်ပါလော့"**ဟု ဆုံးမသြဝါဒပေးခဲ့၍ ကောင်းကင်သို့ပျံ၍ ဒဏ္ဍကဟိရညအမည်ရှိသော တောင်ထွတ်သို့ပြန်သွားလေ၏။

ထိုအခါ ဗာရာဏသိမင်းကြီးသည် ယခုအခါ အာနန္ဒာဖြစ်လာ၏၊ ဥဒေါင်းမင်းကား ငါဘုရား ဖြစ်လာ၏–ဟု ဇာတ်တော်ကို ပေါင်းတော်မူသောအဆုံးမှာ သစ္စာလေးပါးတရားတို့ကို ဟောပြတော်မူ၏၊ သစ္စာလေးပါးတရားတို့ကို ဟောတော်မူသောအဆုံး၌ ထိုလူထွက်လိုသောရဟန်းသည် အရဟတ္တဖိုလ်၌တည်၍ ရဟန္တာဖြစ်လေ၏[၄၁]။

**မောရသုတ်ဆိုင်ရာ ဆောင်ပုဒ်များ ။** ။ **ဥဒေတယံ၊ ဂါထာပျံ၊ ရွတ်အံ အိပ်တန်းသက်၊**
**အပေတယံ၊ ဂါထာပျံ၊ ရွတ်အံ အိပ်တန်းတက်၊**
**ဘေးရန်ကင်းကွာ၊ ဒေါင်းမင်းမှာ၊ ရွတ်ကာ ပရိတ်တွက်၊**
**ဒေါင်းမနှင့်မျှား၊ မ, သံကြား၊ ရွတ်ပွါး မေ့လျော့လျက်၊**
**ကိလေအနာ၊ ထိုးကျင်လာ၊ သူ့မှာ ခံစားချက်၊**
**ညွှတ်ကွင်းတွင်မိ၊ ပြန်သတိ၊ ရရှိ နောင်တတွက်၊**

---

[၄၉] မဟာရာဇ ဌပေတွာ အမတမဟာနိဗ္ဗာနံ အဝသေသာ သဗ္ဗေ သခိတမမ္မာ ဟုတွာ အဘာဝိနော အနိစ္စာ ဒုက္ခာ ဝယဝယဓမ္မာယေဝ။ (ဇာတက၊ ၌၊ ၂၊ ၃၃။)

[၄၁] ဇာတက၊ ၌၊ ၂၊ မောရဇာတက၊ ၂၉-၃၄။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

**ဥဒေါင်းမင်းပင်၊ ညွှတ်ကွင်းဝင်၊ ပုံထင် ဆုံးမချက်၊**
**မ,နှင့်ဖက်က၊ မိုက်တတ်ကြ၊ လောကထုံးအမြွက်။**[၄၁]

ဇာတ်ပါဠိတော် ပကိဏ္ဏကနိပါတ် မဟာမောရဇာတ် (ဇာတက၊ ၁၊ ၂၉၃–၂၉၆)၌ လာရှိသော ဘုရားလောင်း ဥဒေါင်းမင်းနှင့်ပတ်သက်၍ ပါဠိတော်မှာ "ဥဒေတ'ယံ" အစရှိသော ဂါထာများ မပါရှိသော်လည်း ဇာတ်အဋ္ဌကထာ စတုတ္ထတွဲ (ဇာတက၊ ၎၊ ၄၊ ၃၃၄)၌ ဥဒေါင်းမင်းက ထွက်ပြူလာသော နေဝန်းကိုကြည့်၍ မိမိ၏ နေ့အဖို့ အစောင့်အရှောက်အကာအကွယ်အလို့ငှါ **"ဥဒေတ'ယံ စက္ခုမာ ဧကရာဇာ"** ပရိတ်ကို ရွတ်၍ အစာရှာသွား၍ ညနေချမ်းခြင် ဝင်နေသောနေဝန်းကိုကြည့်၍ မိမိ၏ည အဖို့ အစောင့်အရှောက်အကာအကွယ်အလို့ငှါ **"အပေတ'ယံ စက္ခုမာ ဧကရာဇာ"** ပရိတ်ကို ရွတ်လျက်နေ၏--ဟုလာရှိ၏၊ ကျန်အဖြစ်အပျက်များကား အားလုံးနီးပါး တူညီသော်လည်း ဒီဇာတ်မှာတော့ ပါဠိတော်၌ရော အဋ္ဌကထာ၌ပါ ဥဒေါင်းမင်းက မင်းကို တရားဟောသည်မဟုတ်ပဲ မုဆိုးအား တရားဟောကြောင်းသာ ပါရှိ၏။

၁။ **ဥဒေတ'ယံ စက္ခုမာ ဧကရာဇာ၊**
**ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။**
**တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊**
**တယာ'ဇ္ဇ ဝုတ္တာ ဝိဟရေမု ဒိဝသံ။**

**ဥဒေတ'ယံ** [ဥဒေတိ+အယံ]၊
**စက္ခုမာ= စက်ခုမာ၊**
**စက္ခုမ**[ပရိတ္တသင်္ဂဟ၊ ၁၀၆] ဆန်းကြောင့် 'စက္ခုမ'ဟု ရဿ, 'စက္ခုမာ' ရှိလို၏။ (ပရိတ္တသင်္ဂဟ၊ ၁၁၄။)
**ဟရိဿဝဏ္ဏော= ဟရိတ်သ ဝဏ္ဏော၊** ဟရိဿ–ဝဏ္ဏော–၌ 'ဆန်းကြောင့် သ–ဒွေး ဘော် ဖြစ်နေ၏၊ (ဟရိနာ သမာနော ဝဏ္ဏော အာသာတိ ဟရိဿ–ဝဏ္ဏော) ဟူလို၊ (ပရိတ္တသင်္ဂဟ၊ ၁၁၄–၁၁၅။)
**ပထဝိပ္ပဘာသော= ပထဝိပ် ပဘာသော၊**

---

[၄၁] မြကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ (ဘ၊ ၅၂၂-၅၂၃။)

**တယာ'ဇ္ဇ= တယဇ်ဇ→တယစ်ဇ [တယာ+အဇ္ဇ]၊**

**ဝုတ္တာ=ဝုတ်တာ၊**

**ဝိဟရေမု ဒိဝသံ**–၌ **ဝိဟရေမု**–တွင် ရပ်၍ **ဒိဝသံ**–ကို ဖတ်၊ **ဝိဟရေ**–တွင် ရပ်၍

**မုဒိဝသံ**–မဖတ်လင့်၊

**ဒိဝသံ**–ကို တစ်ပေါင်းတည်း ဖတ်၊ **ဒိ–ဝသံ** ဟု ခွဲ မဖတ်လင့်၊

**စက္ခုမာ**–ကမ္ဘာသူ ကမ္ဘာသားတို့အားပေးအပ်သော မျက်စိရှိပေထသော၊ **ဧကရာဇာ**–အလင်းရောင်ပြုသူများတွင်, ယှဉ်ပြိုင်ဖွယ်ကင်း, တစ်ဦးတည်းသောမင်း ဖြစ်ပေထသော၊ **ဟရိသဝဏ္ဏော**–ရွှေအဆင်းနှင့်တူသော အဆင်းရှိပေထသော၊ **ပထဝိပ္ပဘာသော**–မြေအပြင်၌ ထွန်းပသော အရောင်ရှိပေထသော၊ **အယံ**–ဤနေမင်းသည်၊ **ဥဒေတိ**–အရှေ့လောကဓာတ်မှ တက်ထွန်းပေါ်ထွက်လာပေ၏၊ **တံ တသ္မာ**–ထို့ကြောင့်၊ **ဟရိသဝဏ္ဏံ**– ရွှေအဆင်းနှင့်တူသော အဆင်းရှိပေထသော၊ **ပထဝိပ္ပဘာသံ**– မြေအပြင်၌ ထွန်းပသော အရောင်ရှိပေထသော၊ **တံ**–ထိုအရှင်နေမင်းကို၊ **နမဿာမိ**–ရှိခိုးပါ၏၊ **တယာ**–အရှင်နေမင်းသည်၊ **အဇ္ဇ**–ယနေ့၊ **ဝုတ္တာ**–စောင့်ရှောက်အပ်ကုန်သည် ဖြစ်၍၊ (**မယံ**–အကျွန်ုပ်တို့သည်၊) **ဒိဝသံ**–တစ်နေ့ပတ်လုံး၊ **ဝိဟရေမု**–ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိ၍ အလင်းရောင်ပြုသူများတွင် ပြိုင်ဖက်ကင်းသည့် တစ်ဦးတည်းသော ဘုရင်ဖြစ်လျက် ရွှေအဆင်းရှိ၍ မြေပြင်အနှံ့ ထွန်းလင်းတောက်ပသော ဤနေမင်းသည် အရှေ့လောကဓာတ်မှ ထွက်ပေါ်လာ၏၊ ထို့ကြောင့် ရွှေအဆင်းရှိ၍ ကမ္ဘာအနှံ့ ပျံ့အောင် ထွန်းလင်းတောက်ပသော အရှင်နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏၊ ယနေ့ အရှင်နေမင်း၏ အစောင့်အရှောက်ကိုခံယူ၍ အကျွန်ုပ်တို့သည် တစ်နေ့တာပတ်လုံး နေကြရပါကုန်အံ့။

**နေကိုရှိခိုး အားကိုးရွယ်ချူ။** ။ မိမိ၏ အစာရှာရာပြေ၌ အစောင့်အရှောက်အလို့ငှါ ဗြဟ္ဗပန္တန်ကို ဖွဲ့သိသော ရွှေဥဒေါင်းမင်းသည် ရှေးဦးစွာ **"ဥဒေတယံ"**ဂါထာ ပရိတ်ကို ရွက်ဆိုကာ နေမင်းကို ရှိခိုးသည်။

**စက္ခုမာ သဒ္ဒါအရ ရှင်းလင်းပြ။** ။ **စက္ခုမာ**တိ သကလစက္ကဝါဋ္ဌဝါသိနံ အန္ဓကာရံ ဝိဓမိတွာ စက္ခုပဋိ လာဘကရဏေန ယံ တေန တေသံ ဒိန္ဒံ စက္ခု၊ တေန စက္ခုနာ စက္ခုမာ[၄၁၂]။ **စက္ခုမာ**တိ-ကား၊ သကလစက္ကဝါဋ္ဌဝါသိနံ-စကြဝဋ္ဌာ တစ်ခွင်လုံး၌နေကြသူတို့၏၊ အန္ဓကာရံ-အမိုက်မှောင်ကို၊ ဝိဓမိတွာ-ပယ်ခွင်း၍၊ စက္ခုပဋိလာဘကရဏေန-မျက်စိအမြင်ရမှုကို ပြုခြင်းဖြင့်၊ တေန-ထိုနေမင်းသည်၊ တေသံ-ထိုကမ္ဘာသူ ကမ္ဘာသားတို့အား၊ ယံ စက္ခု-အကြင်မျက်စိအမြင်ကို၊ ဒိန္ဒံ-ပေးအပ်၏၊ တေန စက္ခုနာ-ထိုကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိဖြင့်၊ စက္ခုမာ-မျက်စိအမြင်ရှိ၏။ စက္ခု အဿ အတ္ထိတိ စက္ခုမာ၊ အဿ-ထိုနေမင်းအား၊ စက္ခု-မျက်စိသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ စက္ခုမာ-စက္ခုမာမည်၏။

ဒိနေရာ၌ ကမ္ဘာသူ ကမ္ဘာသားတို့အား မျက်စိပေးတယ်-ဆိုရင် အဲဒိမျက်စိဟာ ကမ္ဘာသူ ကမ္ဘာသားတို့၌သာ ရှိရမည်ဖြစ်တယ်၊ ဒိလိုမဟုတ်ပဲ နေမင်းကပေးတဲ့မျက်စိ နေမင်းမှာရှိတယ်-ဆိုခြင်း ဟာ 'ပရိကပ္ပနာ' ကြံဆတင်စား၍ ပြောဆိုခြင်းသာ ဖြစ်တယ်၊ ကမ္ဘာလောကဓာတ်၌ စက္ခုရှိခြင်း သဘောကို နေ၌တင်ပေးတဲ့အနေနဲ့ 'တဒ္ဓမ္မူပစာရ'လို့ ဆိုရန်ရှိ၏၊ ဒိလိုမဟုတ်ပဲ နေရောင်ကြောင့် မျက်စိအမြင်ရကြတယ်၊ အကြောင်းဖြစ်တဲ့ အရောင်ရှိသောနေကို အကျိုးဖြစ်တဲ့ မျက်စိအမြင် ရှိသည် ဆိုတဲ့အတွက် ဖလူပစာ-လို့ ဆိုရင် ချောမောပြေပြစ်ရာပါတယ်၊ ဒိအလို **စက္ခုမာ**-မျက်စိရှိသော-လို့ အနက်ပေးပါ။

**ဧကရာဇာ**တိ သကလစက္ကဝါဋ္ဌေ အာလောကကရာနံ အန္တရေ သေဋ္ဌဝိသိဋ္ဌဋ္ဌေန ဧက ရာဇာ[၄၁၃]။ စကြဝဋ္ဌာတစ်ခုလုံး၌ အရောင်အလင်းကို ပြုတတ်သော အရာဝတ္ထုတို့တွင် နေမှာ အထူး ခြားဆုံးအကြီးဆုံး ဖြစ်၍ တစ်ဦးတည်းသော ဘုရင်-လို့ နေကို ဂုဏ်ပြုစကားဖြစ်တယ်။

**ဟရိဿဝဏ္ဏော**တိ ဟရိသမာနဝဏ္ဏော၊ သုဝဏ္ဏဝဏ္ဏောတိ အတ္ထော[၄၁၄]။ [ဟရိ+ သမာန→ သ+ဝဏ္ဏော=ရွှေနှင့် တူသော အဆင်းရှိသော၊ သမာန-မှ သ-ဖြစ်လာ၊ **ဟရိသဝဏ္ဏော**-ဆိုလိုလျက် ဆန္ဒာနုရက္ခဏအတွက် သ်ဒွေဘော်ပြုကာ (သ်သ=**ဿ**- သ ၂-လုံး ဖြစ်သွား) **ဟရိဿဝဏ္ဏော**-ဖြစ်၏။]

---

[၄၁၂] ဇာတက၊ ၎၊ ၂၊ ၃၀။

[၄၁၃] ဇာတက၊ ၎၊ ၂၊ ၃၀။

[၄၁၄] ဇာတက၊ ၎၊ ၂၊ ၃၀။

**နေရှိခိုးမှု မိစ္ဆာအယူဖြစ်သလော?** ဘုရားအလောင်း ရွှေဥဒေါင်းရဲ့ နေကိုရှိခိုးခြင်းမှာ မိစ္ဆာအယူဖြစ်တယ်–လို့ ပြောဆိုကာ ဒီမောရပရိတ်ကို အချို့လက်မခံလိုကြ၊ နေရောင်ကြောင့် သစ်ပင်စတဲ့ သက်မဲ့ဝတ္ထုများ, လူစတဲ့ သက်ရှိသတ္တဝါများ ရှင်သန်ကြီးပွါးကြရတယ်၊ နေရောင်ခြည်ဓာတ် မရရင် အဲဒီ ကြီးပွါးမှု မဖြစ်နိုင်၊ နေက လောကကို အကျိုးပြု၍ စောင့်ရှောက်လျက်ရှိတယ်၊ ဒီအချက်များကို ရည်ရွယ်ကာ "တယာဇ္ဇ ဂုတ္တာ" စသည်ကို ဆိုခြင်းဖြစ်ဟန်တူတယ်၊ ဒါ့ကြောင့် ရွှေဥဒေါင်းမင်းသည် လောကရေးအတွက် အားကိုး အားထားအနေနဲ့ နေကိုရှိခိုးတယ်၊ သံသရာရေး ဓမ္မရေးအတွက် ဘုရားနှင့် တရားတော်များကို ရှိခိုးတယ်။ သရဏဂုံတည်ပြီးသူသည် ရတနာသုံးပါးမှတပါး အခြားတိတ္ထိ, မင်း စသည်တို့ကို ဝတ္တရားအရ ဖြစ်စေ, ဆရာဖြစ်လို့ဖြစ်စေ, ကြောက်လို့ဖြစ်စေ ရှိခိုးသော်လဲ သရဏဂုံ မပျက်–လို့ အဌကထာများမှာ ဆိုပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်များကို အားထားရှိခိုးနေတဲ့ ဥဒေါင်းမင်းမှာ လောကရေးအတွက် အားကိုး တစ်ခုပြုလျက် နေကိုရှိခိုးသော်လဲ သရဏဂုံမပျက်၍ မိစ္ဆာအယူသက်တယ်လို့ ဆိုဖွယ်မရှိပါ၊ ဒါ့ကြောင့် ဒီအချက်မျှနဲ့ပင် ဒီဥဒေါင်းမင်းပရိတ်အပေါ် ယုံကြည်ကိုးစားအားထားချက် မပျက်သင့်ကြပါ။

၂။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတ္ဒာ၊
မောရော စရတိ ဆေနာ။

ဗြာဟ္မဏာ=ဗရာ ဟမဏာ၊
သဗ္ဗဓမ္မေ= သပ်ဗဓမ်မေ၊
**တေ စ မံ**–ကို တစ်လုံး တစ်ပုဒ်စီ ခွဲ၍ ရွတ်၊ **တေ–စမံ** ဟု ရွတ်မှားတတ်၏၊
**ပါလယန္တု**–ကို လေးလုံး တစ်တွဲတည်း ဖတ်၊
**နမတ္ထု= နမတ်ထု**–ဖတ်၊ **နမတ္ထု**– ဖြတ်မှားတတ်၏၊ **[နမော+အတ္ထု]**
**နမော**–ကို **နမော** ဟု မခွဲလင့်၊
**ဆေနာ**–ကား **ဆေနာယ**–ဆိုလို၏၊ ဝိဘတ်ကြေ(ဝိဘတ္တိလောပနည်း)နေ၏၊

**ယေ ဗြာဟွဏာ**–အပပြုအပ် ပယ်ရှားအပ်ပြီးသော မကောင်းမှုရှိကုန်သော ဝိသုဒ္ဓိဗြာဟွဏ ခေါ် အကြင်ဘုရားရှင်တို့သည်၊ **သဗ္ဗဓမ္မေ**–အလုံးစုံသော တရားတို့ကို၊ **ဝေဒဂူ**–ဥာဏ်မြင်အားဖြင့်, ထင်ရှားသိတော်မူကြကုန်၏၊ **တေ (ဗြာဟွဏာ)**–ထိုဘုရားရှင်တို့သည်၊ **မေ**–အကျွန်ုပ်၏၊ **နမော**–ရှိခိုးခြင်းကို၊ (**ပဋိစ္ဆန္ဒ**–ခံယူတော်မူကြပါကုန်၊) **တေ**–ထိုဘုရားရှင်တို့သည်၊ **မံ စ**–အကျွန်ုပ်ကိုလည်း၊ **ပါလယန္တု**–စောင့်ရှောက်တော်မူကြပါကုန်၊ **ဗုဒ္ဓါနံ**–ဘုရားရှင်တို့အား၊ **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ **ဗောဓိယာ**–ဘုရားရှင်တို့၏ မဂ်ဥာဏ် ဖိုလ်ဥာဏ်အား၊ **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ **ဝိမုတ္တာနံ**–အရဟတ္တဖိုလ် ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား၊ **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ **ဝိမုတ္တိယာ**–ဘုရားရှင်တို့၏ ဝိမုတ္တိ ငါးပါးအား၊ **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ (**ဘိက္ခဝေ**–ရဟန်းတို့၊) **သော မောရော**–ထိုဥဒေါင်းမင်းသည်၊ **ဣမံ ပရိတ္တံ**–ဤပရိတ်အရံအတားကို၊ **ကတွာ**–ပြုလုပ်၍၊ **ဆေနာ ဆေနာယ**–အစာရှာအံ့သောငှါ၊ စရတိ–လှည့်လည်လေ၏။

ဝိသုဒ္ဓိဗြာဟွဏခေါ် ဘုရားရှင်တို့သည် အလုံးစုံသောတရားတို့ကို သိတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုဘုရားရှင်တို့သည် ကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်၊ ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ဘုရားရှင်တို့၏ မဂ်ဥာဏ် ဖိုလ်ဥာဏ်အား ရှိခိုးပါ၏၊ ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ထိုဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအား ရှိခိုးပါ၏၊ (ရဟန်းတို့) ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတားကို ပြုလျက် အစာရှာရန် လှည့်လည်လေသည်။

**ဘုရား, တရား၊ လွန်အားထား၊ ဝပ်တွား ရှိခိုးပုံ။** ။ **"ယေ ဗြာဟွဏာ"**စသည်ဖြင့် ဥဒေါင်းမင်းသည် နေမင်းကိုရှိခိုးပြီးနောက် ပရိနိဗ္ဗာန်စံပြီးသော ဘုရားရှင်များနှင့် ထိုဘုရားရှင်များ၏ ဂုဏ်တော်ဖြစ်သော တရားတော်များကို ရှိခိုးပုံကို ပြဆိုပါသည်။

**ဗြာဟွဏသဒ္ဒါအရ ရှင်းလင်းပြ။** ။ **ဗြာဟွဏ**–သဒ္ဒါကား ရှေးအသုံး အမျိုးလေးပါးတွင် ဗြာဟွဏခေါ် တွင်သော ဇာတိဗြာဟွဏ၌လည်း ဖြစ်၏၊ ပုဏ္ဏား (Brahman)ဟု တွင်သော လူမျိုးတည်း။ **ဗြဟ္ဟံ အဏတီတိ ဗြာဟွဏော**–ဝေဒကို ရွတ်ဖတ်တတ်သောကြောင့် ဗြာဟွဏ (ပုဏ္ဏား)ခေါ်၏။

ကိလေသာတို့ကို ပယ်နိုင်သောဂုဏ်အရ ဗြာဟွဏ–ဟု ခေါ်ရသော ဝိသုဒ္ဓိ ဗြာဟွဏ (ကိလေသာစင်ကြယ်သော ဗြာဟွဏ)၌လည်းဖြစ်၏၊ **တမဟံ ဗြူမိ ဗြာဟွဏံ**–စသည်ဖြင့် ဘုရားရှင်ပေးသည့်

အမည်အရ ဘုရား ရဟန္တာများကိုလည်း ဗြာဟ္မဏ-ခေါ်ရ၏။ **ဗာဟိတာ အဏာ ဖတေသန္တိ ဗြာဟ္မဏာ**-ပယ်ရှားအပ်ပြီးကုန်သော ကိလေသာရှိတော်မူကြသောကြောင့် ဗြာဟ္မဏာ-မည်၏၊ ဤအရာ၌ **ဗြာဟ္မဏ**-သဒ္ဒါက ဘုရား ရဟန္တာတို့ကို ဟောသော်လည်း **သဗ္ဗဓမ္မေ, ဝေဒဂူ**-ပုဒ်များကို ထောက်လျှင် ဘုရားတို့ကိုသာ ဟောပါသည်။

**ဗောဓိ**-သဒ္ဒါသည် အခြားအရာ၌ မဂ်ဉာဏ်ကို ဟောသော်လည်း ဤ၌ "စတူသု စ ပဂ္ဂေသု စတူသု ဖလေသု ဉာဏသင်္ခါတာယ ဗောဓိယာ (ဇာတက၊ ၌ ၂၊ ၃၁)အရ မဂ်ဖိုလ်နှစ်ခုလုံးကို ပင် ယူရသည်၊ ဖိုလ်ကို ကာရဏူပစာရအားဖြင့် ယူပါ။

ဇာတ်အဋ္ဌကထာ (၂၊၃၁)မှာ ဝိမုတ္တာနံ-ကို "**အရဟတ္တဖလဝိမုတ္တိယာ ဝိမုတ္တာနံ**-အရဟတ္တဖိုလ် ဝိမုတ္တိဖြင့်လွတ်ကုန်သော"ဟု ဖွင့်ဆို၏။ သို့ဖြစ်၍ ဝိမုတ္တိယာ-ကိုလည်း ထိုအရဟတ္တဖိုလ်ဝိမုတ္တိ-ကိုပင် ယူနိုင်သော်လည်း အဋ္ဌကထာ (၂၊ ၃၁)၌ ဝိမုတ္တိငါးပါးလုံးကိုပင် ဖွင့်ဆိုထား၏။

**ဝိမုတ္တိငါးပါး သိဖွယ်ကား---"ဝိမုတ္တိ"**ဟူသည် (သက်ဆိုင်ရာတို့မှ) လွတ်မြောက်ခြင်းတည်း၊ ထိုဝိမုတ္တိသည် ငါးမျိုးပြား၏။

(၁) **တဒင်္ဂဝိမုတ္တိ**-ဒါန, သီလ, ဝိပဿနာတို့ဖြင့် ဆိုင်ရာဆန့်ကျင်ဖက် အကုသိုလ်များမှ လွတ်မြောက်ခြင်း၊ (ကာမာဝစရ မဟာကုသိုလ်ဉာဏ်သည့် တစ်ခဏမျှ ကိလေသာတို့မှ လွတ်တတ်သောကြောင့် **'တဒင်္ဂဝိမုတ္တိ'**မည်၏။)

(၂) **ဝိက္ခမ္ဘနဝိမုတ္တိ**-ဥပစာရ, အပ္ပနာဈာန်တို့ဖြင့် ဆန့်ကျင်ဖက် နိဝရဏတရားများမှ လွတ်မြောက်ခြင်း၊ (မဟဂ္ဂုတ်ကုသိုလ်ဉာဏ်သည် တစ်ဘဝလည်းကောင်း, နှစ်ဘဝလည်းကောင်း, သုံးဘဝလည်းကောင်း ဖြတ်ပြည့်၌ဖြစ်ခိုက် ကိလေသာတို့မှ လွတ်တတ်သောကြောင့် **'ဝိက္ခမ္ဘနဝိမုတ္တိ'**မည်၏။)

(၃) **သမုစ္ဆေဒဝိမုတ္တိ**-မဂ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း၊ (လောကုတ္တရာ မဂ်စိတ်လေးခု၌ရှိသောဉာဏ်သည် မိုပိသတ်အပ်သော ကိလေသာတို့ကို တစ်ဖန် မဖြစ်စေမူ၍ အကြွင်းမဲ့သတ်၍ ကိလေသာတို့မှ လွတ်တတ်သောကြောင့် **'သမုစ္ဆေဒဝိမုတ္တိ'** မည်၏။)

(၄) **ပဋိပဿဒ္ဓိဝိမုတ္တိ**-ဖိုလ်၌ ကိလေသာငြိမ်းခြင်းဟူသော လွတ်မြောက်ခြင်း၊ (လောကုတ္တရာ ဖိုလ်စိတ်လေးခု၌ ရှိသောဉာဏ်သည် "မဂ်ဉာဏ်သည် သတ်အပ်သော

ကိလေသာတို့ကို'' တစ်ဖန်ငြိမ်းစေတတ်သဖြင့် ကိလေသာတို့မှ လွတ်တတ်သော ကြောင့် **'ပဋိပဿဒ္ဓိဝိမုတ္တိ'** မည်၏။)

(၅) **နိဿရဏဝိမုတ္တိ**–သခ်ါရတို့မှလွတ်သော နိဗ္ဗာန်တည်း။ (နိဗ္ဗာန်သည် ခပ်သိမ်းသော ကိလေသာတို့မှ ထွက်မြောက်ရာ တဏှာမှ လွတ်တတ်သောကြောင့် **'နိဿရဏ ဝိမုတ္တိ'** မည်၏။)[၄၁၅]

**ဘုရားရှင်ဟော ကွမ်သော။** ။ ဒိဂါထာမှာ နောက်ဆုံး **"ကွမ်သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဒေသနာ"**ကား ဥဒေါင်းမင်းရွတ်ဆိုသော ပရိတ်မဟုတ်ပါ၊ **"နမော ဝိမုတ္တိယာ"**တိုင်အောင် ရွတ်ဆိုပြီးရင် ဥဒေါင်းမင်းအစာရှာသွားကြောင်း ဘုရားရှင်ဟောသော ဒေသနာဖြစ်ပါတယ်၊ ဘုရားဖြစ်မှ ဆက်ဟော တဲ့ ဒေသနာဖြစ်၍ ထိုဒေသနာအဖြစ် ထင်ရှားအောင် ဇာတ်အဋ္ဌကထာ (၂– ၃၁)က "ဘိက္ခဝေ သော မောရော ကွမ်ပရိတ္တံ ကွမ်ရက္ခံ ကတွာ အတ္တနော ဂေါစရဘူမိယံ ပုပ္ပဖလာဒိနံ အတ္ထာယ နာနပ္ပကာ ရာယ ဒေသနာယ စရတိ''ဟု ဖွင့်ဆိုသည့်အတွက် 'ဘိက္ခဝေ'ပုဒ်ထည့်၍ အနက်ပေးခဲ့သည်–ဟု ပရိတ်ကြီးနိဿယ သစ်ဆရာတော် မိန့်၏။

၃။ အပေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

အပေတ'ယံ [အပေတိ+အယံ]၊

**စက္ခုမာ**–ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိပေထသော၊ **ဧကရာဇာ**–အလင်းရောင်ပြုသူများတွင်, ယှဉ်ပြိုင်ဖွယ်ကင်း, တစ်ဦးတည်းသောမင်း ဖြစ်ပေထသော၊ **ဟရိဿဝဏ္ဏော**–ရွှေအဆင်းနှင့်တူသော အဆင်းရှိပေထသော၊ **ပထဝိပ္ပဘာသော**–မြေအပြင်၌ ထွန်းပ သောအရောင်ရှိ ပေထသော၊ **အယံ**–ဤနေမင်းသည်၊ **အပေတိ**–အနောက်ခွင်သို့, ဝင်တော်မူ၏၊ **တံ**

[၄၁၅] စလင်း ပရိတ်ကြီးပါဠိတော်နိဿယ၊ ၁၆၅။

**တသွာ**–ထို့ကြောင့်၊ **ဟရိသဝဏ္ဏံ**– ရွှေအဆင်းနှင့်တူသော အဆင်းရှိပေထသော၊ **ပထဝိပွဘာသံ**–မြေအပြင်၌ ထွန်းပသောအရောင်ရှိပေထသော၊ **တံ**–ထိုအရှင်နေမင်းကို၊ **နမဿာမိ**–ရှိခိုးပါ၏၊ **တယာ**–အရှင်နေမင်းသည်၊ **အဇ္ဇ**–ယနေ့၊ **ဝုတ္ထာ**–စောင့်ရှောက်အပ်ကုန်သည်ဖြစ်၍၊ (**မယံ**–အကျွန်ုပ်တို့သည်၊) **ရတ္တိံ**–တစ်ညတာပတ်လုံး၊ **ဝိဟာရေမု**–ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိ၍ အရောင်ပြုသူများတွင် ပြိုင်ဖက်ကင်းသည့် တစ်ဦးတည်းသော ဘုရင်ဖြစ်လျက် ရွှေအဆင်းရှိ၍ မြေပြင်အနှံ့ ထွန်းလင်းတောက်ပသော ဤနေမင်းသည် အနောက်ခွင်သို့ဝင်လေ၏၊ ထို့ကြောင့် ရွှေအဆင်းရှိ၍ ကမ္ဘာအနှံ့ ပျံ့အောင် ထွန်းလင်းတောက်ပသော အရှင်နေမင်းကို အကျွန်ုပ် ရှိခိုးပါ၏၊ ယနေ့ အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူ၍ အကျွန်ုပ်တို့သည် တစ်ညတာပတ်လုံး နေကြရပါကုန်အံ့။

၄။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတ္ဝာ၊
မောရော ဝါသ'မကပ္ပယိ။

ဝါသ'မကပ္ပယိ= ဝါသ မကပ်ပယိ၊ ဝါသ တွင် ဖြတ်၍ **မကပ္ပယိ** ဟု ဖတ်၊
[ဝါသံ + အကပ္ပယိ]

**ယေ ဗြာဟ္မဏာ**–အပပြုအပ် ပယ်ရှားအပ်ပြီးသော မကောင်းမရှိကုန်သော ဝိသုဒ္ဓိဗြာဟ္မဏာခေါ် အကြင်ဘုရားရှင်တို့သည်၊ **သဗ္ဗဓမ္မေ**–အလုံးစုံသော တရားတို့ကို၊ **ဝေဒဂူ**–ဉာဏ်မြင်အားဖြင့်ထင်ရှားသိတော်မူကြကုန်၏၊ **တေ (ဗြာဟ္မဏာ)**–ထိုဘုရားရှင်တို့သည်၊ **မေ**–အကျွန်ုပ်၏၊ **နမော**–ရှိခိုးခြင်းကို၊ (**ပဋိဂ္ဂဏှန္တု**– ခံယူတော်မူကြပါကုန်၊) **တေ**–ထိုဘုရားရှင်တို့သည်၊ **မံ စ**–အကျွန်ုပ်ကိုလည်း၊ **ပါလယန္တု**–စောင့်ရှောက်တော်မူကြပါကုန်၊ **ဗုဒ္ဓါနံ**–ဘုရားရှင်တို့အား၊ **နမော**–ရှိခိုးမြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ **ဗောဓိယာ**–ဘုရားရှင်တို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်အား၊ **နမော**–ရှိခိုးမြင်းသည်၊

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

**အတ္ထု**–ဖြစ်ပါစေသတည်း၊ **ဝိမုတ္တာနံ**–အရဟတ္တဖိုလ် ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား၊ **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ **ဝိမုတ္တိယာ**–ဘုရားရှင်တို့၏ ဝိမုတ္တိ ငါးပါးအား၊ **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ (**ဘိက္ခဝေ**–ရဟန်းတို့၊) **သော မောရော**–ထိုဥဒေါင်းမင်းသည်၊ **ဣမံ ပရိတ္တံ**–ဤပရိတ်အရံအတားကို၊ **ကတ္ဒာ**–ပြုလုပ်၍၊ **ဝါသံ**၊ ကြောင့်ကြကင်းရှင်း ညဉ့်အိပ်နေခြင်းကို၊ **အကပ္ပယိ**–ပြုလေပြီ။

ဝိသုဒ္ဓိဗြာဟ္မဏခေါ် ဘုရားရှင်တို့သည် အလုံးစုံသောတရားတို့ကို သိတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုဘုရားရှင်တို့သည် ကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်၊ ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ဘုရားရှင်တို့၏ မဂ်ဥာဏ် ဖိုလ်ဥာဏ်အား ရှိခိုးပါ၏၊ ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ထိုဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအား ရှိခိုးပါ၏၊ (ရဟန်းတို့) ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတားကို ပြုလျက် အိပ်တန်းတက်လေသည်။

**"ဣမံ သော ပရိတ္တံ ကတ္ဒာ၊ မောရော ဝါသ'မကပ္ပယိ"**ဤစကားကား ဥဒေါင်းမင်း ရွတ်ဆိုသော ပရိတ်မဟုတ်, ဘုရားရှင်ဟောတော်မူသော စကားဖြစ်၏၊ "ရဟန်းတို့... ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတား အစောင့်အရှောက်ကိုပြုပြီးလျှင် မိမိနေရာ၌ နေခြင်းကို ပြုပြီ"ဟု ဆိုလို၏[၄၁၆]။

## မောရသုတ်ပရိတ် နိဂုံးချုပ် အာသီသလကီာ

သြဃယောဂ၊ အာသဝကို၊ ခွါရလိုကြောင်း၊ ပွင့်ဆုတောင်းသား၊ ရွှေဥဒေါင်းစစ်၊ ဖြစ်ခဲ့သရော်၊ အလောင်းတော်သည်၊ ပေါင်းဘော်မယှဉ်၊ မြိုင်ခန်းဝင်၍ ဈာန်ယာဉ်စက်စီး၊ ယောဂိကြီးသို့၊ ကိုယ်ထိးမွေ့ညက်၊ နေမင်းထွက်က၊ ကြက်စာစားမှု၊ သွားလုလုတွင်၊ ဥဒေတယံ၊ တွတ်တွတ်သံဖြင့်၊ ရွတ်အံပြီးလျှင်၊ နေမင်းဝင်က၊ ပင်ရိပ်နန်းထက်၊ အိပ်တန်းတက်၍၊ မပျက်တစေ၊ အပေတယံ၊ ဂါထာပျံကို၊ ကာရံစည်းသား၊ နှစ်ရှည်လျားသော်၊ မင်းဖျားဗြဟ္ဗဒတ်၊ သက်မှတ်ညာတင်၊ တောင်နန်းရှင်၏၊ မြင်အိပ်မက်ရင်း၊ အကြောင်းလျဉ်း၍၊

---

**ဣမံ သော ပရိတ္တံ ကတ္ဒာ၊ မောရော ဝါသ'မကပ္ပယိ**တိ ဣဒမိ အဘိသမ္ဗုဒ္ဓေါ ဟုတ္ဒာ အာဟ။ တဿတ္ထော- ဘိက္ခဝေ သော မောရော ဣမံ ပရိတ္တံ ဣမံ ရက္ခံ ကတ္ဒာ အတ္တနော နိဝါသဋ္ဌာနေ ဝါသံ ကပ္ပယိတ္ထ။ (ဇာတက၊ ၌၊ ၂၊ ၃၁-၃၂။)

မင်းခုနစ်ဆက်၊ မုဆိုးပျက်တို့၊ ကွယ်ဝှက်ကြဲဆောင်၊ ကျော့ကွင်းထောင်လည်း၊ မနောင်ဘွဲ့မိ၊ ထိုသတ္တိကို၊ သိ၍ချက်ချင်း၊ ငှဲကျော့ကွင်းမှ၊ သင်းမျှနယ်ဆိုး၊ ဥဒေါင်းမျိုးသည်၊ မိုးသို့ပျံလေ၊ မလွတ်စေအံ့၊ ထွေထွေလုံးစုံး၊ နောက်ဆုံးလုဒ္ဒက၊ ဥဒေါင်းမကို၊ သင်ပြနည်းဖြင့်၊ မ-သံလွင့်လျှင်၊ မ-နှင့်ဖြိုးထပ်၊ အနီးကပ်က၊ လှည်းစပ်သော်မှ၊ ကွေး-ဆိုကြသို့၊ ရွေးကမှန်ကန်၊ မန္တန်တွတ်တွတ်၊ ရွတ်မြဲဝတ်ကို၊ မရွတ်ကြက်စား၊ သွားမြဲသွားသော်၊ ဘုရားလောင်းကြီး၊ ရိုးတိုးယောင်တောင်၊ စားကြက်ဘောင်တွင်၊ မှောင်ကိုလေငြိ၊ ကျော့ကွင်းမိ၍၊ မချိတင်ကဲ၊ လွန်ဆင်းရဲ၏၊ ခပဲလူရှင်၊ ထိုကြောင်းအင်ကို၊ ဆင်ခြင်စေ့ဉ၊ ရှုကြိုးရှု၍၊ ဝတ္ထုကိုလေ၊ နှစ်ထွေကာမဂုဏ်၊ ရေအစုန်တွင်၊ လေဟုန်ရွက်ခင်း၊ တက်အပြင်းသို့၊ လက်ငင်းလောဘ၊ မမျောကြစိမ့်၊ မောရသုတ်မြတ်၊ မုဏ္ဍပါဠ်ကို၊ ရုပ်ဓာတ်ပစ္စည်း၊ ဆန်းနည်း အလင်္ကာ၊ ဆင်တန်းဆာ ဖြင့်၊ စဉ်လာလေ့ထ၊ မမေ့ရအောင်၊ နေ့ည သရဇ္ဈာယ်စေကုန်သောဝ်[၄၇]။

**မောရသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် အပြီးသတ်ပြီ။**

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

[၄၇] မဟာပရိတ်တော်ကြီးနိဿျသစ်၊ ၇၇-၇၈။

# ဝဋ္ဌသုတ်ပရိတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## ဝဋ္ဌသုတ္တ နိဒါန်းက

(က) ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဌဇာတိယံ။
ယသ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

(ခ) ထေရသ သာရိပုတ္တသ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ဝဋ္ဌဇာတိယံ= ဝဋ်ဋ္ဌ ဇာတိယံ→ဝတ်ဋ္ဌ ဇာတိယံ၊
ဒါဝဂ္ဂိ=ဒါဝဂ်ဂိ→ဒါဝက်ဂိ၊
ဝိဝဇ္ဇယိ=ဝိဝဇ်ဇယိ→ဝိဝစ်ဇယိ၊ ဝိဝတ်ဇယိ လည်း ဖတ်နိုင်၊
ကပ္ပဋ္ဌာယိ= ကပ်ပဋ် ဌာယိ→ကပ်ပတ်ဌာယိန်၊

**ဗောဓိသမ္ဘာရေ**–သဗ္ဗညုတညာဏ်၏အဆောက်အဦဖြစ်ကုန်သော ပါရမိတော်တို့ကို၊ **ပူရေန္တံ**–ဖြည့်ဆည်းတော်မူသော၊ **ဝဋ္ဌဇာတိယံ**–ငုံးမျိုး၌၊ **နိဗ္ဗတ္တံ**–ဖြစ်တော်မူရသော၊ **မဟာသတ္တံ**–ဘုရားအလောင်းငုံးမင်းကို၊ **ယသ** (ပရိတ္တသ)–အကြင်ဝဋ္ဌသုတ် ပရိတ်တော်၏၊ **တေဇေန**–အစွမ်းအာနုဘော်ကြောင့်၊ **ဒါဝဂ္ဂိ**–တောမီးသည်၊ **ဝိဝဇ္ဇယိ**–ရှောင်ကွင်းလေပြီ။

**သာရိပုတ္တသ**–သာရိပုတ္တရာမည်သော၊ **ထေရသ**–မထေရ်အား၊ **လောကနာထေန**–လောကသားတို့၏ အားထားကိုးကွယ်ရာ ဘုရားရှင်သည်၊ **ဘာသိတံ**–ဟောတော်မူအပ်သော၊ **ကပ္ပဋ္ဌာယိ**–တစ်ကမ္ဘာပတ်လုံး အရှည်မပျက် တည်သော သဘောရှိသော၊ **မဟာတေဇံ**–ကြီးမားသော အစွမ်းအာနုဘော်ရှိသော၊ **တံ ပရိတ္တံ**–ထိုဝဋ္ဌသုတ်ပရိတ်တော်ကို၊ **ဟေ**–အိုသူတော်ကောင်းတို့၊ (**မယံ**–အကျွန်ုပ်တို့သည်၊) **ဘဏာမ**–ရွတ်ကြပါကုန်စို့။

အိုသူတော်ကောင်းတို့... သဗ္ဗညုတညာဏ်ရဖို့ရန် ပါရမိအဆောက်အဦတို့ကို ဖြည့်ကျင့်တော်မူသော ငုံးမျိုး၌ဖြစ်ခဲ့ရသော ဘုရားအလောင်းငုံးမင်းကို ဝဋ္ဌသုတ်ပရိတ်၏အစွမ်းအာနုဘော်ကြောင့် တောမီးသည် ရှောင်ကွင်းလေပြီ။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

သာရိပုတ္တရာမထေရ်အား လောကသားတို့အားထားကိုးကွယ်ရာ ဘုရားရှင်သည်၊ ဟောတော်မူအပ်သော ကမ္ဘာတည်အောင်ကြီးမားသော အစွမ်းအာနုဘော်ရှိသော ဤ ဝဋ္ဌသုတ်ပရိတ်တော်ကို အကျွန်ုပ်တို့ ရွတ်ကြပါကုန်စို့။

**ဝဋ္ဌသုတ်အမွမ်း ဂုဏ်တင်လွှမ်း။** ။ **"ပူရေနွံ ဗောဓိသမ္ဘာရေ"** စသော ဒီနှစ်ဂါထာသည် ဘုရားဟော မဟုတ်သေး၊ ရှေးဆရာတို့ ဝဋ္ဌသုတ်ကို နာချင် သင်ချင် ရွတ်ချင်လာအောင် ဂုဏ်တင်အပ်သော အမွမ်းတစ်မျိုး ပရိတ်ပျိုးပင် ဖြစ်၏။

(၁) **ဝဋ္ဌသုတ်ပရိတ်တော်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်မှာ ပါရှိပါသလဲ?**

သုတ္တန်ပိဋက, ခုဒ္ဒကနိကာယ်, စရိယာပိဋကပါဋိ, ဝဋ္ဌပေါတကစရိယ (ခု၊ ၄၊ ၄၁၄-၄၁၅), ဇာတကပါဋိ, ဝဋ္ဌကဇာတက (ဇာတက၊ ၁၊ ၉), ဇာတကအဋ္ဌကထာ ဝဋ္ဌကဇာတကအဖွင့် (ဇာတက၊ ၄၊ ၁၊ ၂၃၀-၂၃၁) တို့မှာ ပါရှိပါတယ်။

(၂) **ဝဋ္ဌသုတ်ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ်သည် အဘယ်ကို အကြောင်းပြု၍ ဟောတော်မူပါသလဲ?**

ဘုရားရှင်သည် မဂဓတိုင်းမှာ ရဟန်းများနှင့်အတူ ဒေသစာရိကြွချိရာ တောမီးငြိမ်းခြင်းကို အကြောင်းပြု၍ ဟောတော်မူပါတယ်။

## ဝဋ္ဌပရိတ်မြတ် အတ္ထုပ္ပတ်

ဒီဝဋ္ဌသုတ်ကို အရှင်သာရိပုတ္တရာမထေရ်အား ဟောတော်မူသည် ဆိုခြင်းမှာ စရိယာပိဋက ဝဋ္ဌပေါတကစရိယကို ရည်ညွှန်းတာပါ၊ ဇာတကဒေသနာအရတော့ အခြား ရဟန်းတော်များကိုလည်း ဟောသေးတယ်လို့ သိရတယ်၊ သို့သော် ဝဋ္ဌကဇာတကမှာ ဝဋ္ဌသုတ်လာ ဂါထာအားလုံး မဟုတ်ပါ၊ **"သန္တိ ပက္ခာ အပတနာ"**အစချိတဲ့ သစ္စာပြု တစ်ဂါထာသာ၊ ဇာတ်အဋ္ဌကထာမှာတော့ ကျန်ဂါထာများပါ အပြည့်အစုံပါတယ်။

အခါတစ်ပါး ဘုရားရှင်သည် ရဟန်းတော်များနှင့်အတူ မဂဓတိုင်းမှာ ဒေသစာရိ ကြွချိတော်မူခဲ့ရာ တစ်ခုသောအရပ်၌ မီးအကြီးအကျယ်လောင်နေသည်နှင့် ကြုံရ၏၊ ထိုတောမီးကြီးသည် ဘုရားရှင်နှင့် ရဟန်းတော်များကို အရှေ့ အနောက်မှ ဝိုင်းမိသလို ဖြစ်၍ ပုထုဇဉ်ရဟန်းတို့သည် သေဘေးမှ

ကြောက်ကြကုန်၍ "မီးကြိုမီးတား ပြုကုန်အံ့"ဟု ကြွေးကြော်မြည်တမ်းကြကုန်၏၊ အဲဒီမီးကြီးဟာ ဘုရားရှင်ထံရောက်မလာပဲ ဘုရားရှင်ရှိရာအရပ်မှ ပတ်ပတ်လည် တစ်ဆယ့်ခြောက်ပယ် (သောဋ္ဌ သကရီသ)[၄၁၈] အရပ်တွင် ရေ၌ နှစ်အပ်သော မြက်မီးရှူးကဲ့သို့ တစ်ခဏခြင်း ငြိမ်းလေ၏။ ထိုတော မီးကြီးငြိမ်းမှုနှင့်ပတ်သက်၍ ရဟန်းတော်များက ဘုရားရှင်အား ချီးမွမ်းစကားပြောဆိုကြလေ၏၊ ထိုအခါ ဘုရားရှင်က "ရဟန်းတို့... ဤတောမီးငြိမ်းခြင်းသည် ယခုအခါ ငါဘုရား၏အစွမ်းမဟုတ်၊ ငါ၏ ရှေးအခါက သစ္စာစွမ်းအားသာ ဖြစ်တယ်၊ ဤအရပ်ကား ဘဒ္ဒကပ်ကမ္ဘာပတ်လုံး မီးလောင်တော့မည် မဟုတ်၊ ဤမီးမလောင်ခြင်းသည် ကမ္ဘာပတ်လုံးတည်သော ကပ္ပဋ္ဌိတိ တန်ခိုးပြာဋိဟာ-မည်၏"ဟု မိန့်တော်မူပြီးလျှင် မိမိ ငုံးမင်းဖြစ်စဉ်ကို ဟောတော်မူလေ၏။

လွန်လေပြီးသောအခါ မဂဓတိုင်း၌ ထိုအရပ်မှာပင် ဘုရားလောင်းသည် ငုံးမျိုး၌ ဖြစ်ခဲ့၏၊ ဘုရားလောင်းငုံးငယ်ကို မိဘတို့သည် အသိုက်၌ အိပ်စေ၍ အစာကိုဆောင်ယူလျက် မွေးကျွေးကုန်၏၊ ဘုရားလောင်းငုံးငယ်မှာ အတောင်ကိုဖြန့်၍ ကောင်းကင်၌ ပျံနိုင်သောအစွမ်း, ခြေတို့ကိုကြွ၍ ကုန်း၌ သွားနိုင်သော အစွမ်းများ မရှိသေးချေ၊ ထိုအရပ်မှာလည်း နှစ်စဉ်နှစ်တိုင်း တောမီးလောင်တတ်၏၊ တောမီးသည် ထိုအခါ၌ ပြင်းစွာ မြည်ဟည်းလျက် ထိုအရပ်ကို လောင်လာလေတော့၏၊ ၎က်တို့သည် မိမိတို့[၄၁၉] အသိုက်များမှ ထွက်ကုန်လျက် သေဘေးမှကြောက်ကုန်ရကား မြည်ကြွေးကာ ပြေးကြ ကုန်၏၊ ဘုရားလောင်းငုံးလေး၏ မိဘတို့သည်လည်း သေဘေးမှကြောက်ကုန်ရကား ဘုရားလောင်း ကို စွန့်၍ထွက်ပြေးကုန်၏၊ ဘုရားလောင်းငုံးလေးသည် အသိုက်ထဲ၌ ဝပ်လျက် လည်ကိုမော့၍ ကြည့် သောအခါ လောင်ကျွမ်းလာသော တောမီးကို မြင်၍ "ငါ့အား အတောင်တို့ကို ဖြန့်၍ ကောင်းကင်သို့ ပျံနိုင်သော အစွမ်းသည် အကယ်၍ရှိအံ့၊ ပျံ၍ အရပ်တစ်ပါးသို့ သွားရာ၏၊ ခြေတို့ကို ကြွ၍ ကုန်း၌ သွားနိုင်သော အစွမ်းသည် အကယ်၍ရှိအံ့၊ ခြေကိုကြွ၍ အရပ်တစ်ပါးသို့ သွားလေရာ၏၊ ငါ၏မိဘ တို့သည်လည်း သေဘေးမှကြောက်ကုန်သည်ဖြစ်၍ တစ်ကောင်တည်းသောငါ့ကို စွန့်၍ မိမိကိုယ်ကို စောင့်ရှောက်ကြလိုရကား ပြေးကြကုန်ပြီ၊ ယခု ငါ့အား တစ်ပါးသော ကိုးကွယ်အားထားရာသည် မရှိပြီ၊ မှိခိုရာ မရှိပြီ၊ ယခု ငါသည် ဘာကို ပြုလုပ်ရန် သင့်သနည်း?"ဟု ကြံစည်တွေးတောလေ၏။

---

[၄၁၈] တစ်ပယ်သည် ၁.၇၅ ဧကနှင့်ညီမျှသည်-ဆိုသောကြောင့် တစ်ဆယ့်ခြောက်ပယ်သည် ၂၈-ဧက အကျယ်အဝန်း နှင့် ညီမျှသည်ဟု ဆိုရမည်။ Karisa ပယ်/*n* [arch] unit of land measure (equivalent to 1.75 acre) (MYANMAR-ENGLISH DICTIONARY, 280)

[၄၁၉] မိမိ မိမိတို့-စကားသည် ထိုတောတွင်း အသိုက်များထဲမှ ငုံးအားလုံး ပျံနှံ့အောင် ပြောဆိုသော ဝိစ္ဆာစကားဖြစ်၏။

ထိုအခါ ဘုရားလောင်းငုံးငယ်အား "ဒီလောကမှာ သီလကျေးဇူးမည်သည်ရှိ၏၊ လွန်လေပြီး သောအခါက ပါရမီတို့ကို ဖြည့်ပြီးလျှင် သစ္စာလေးပါးကို သိတော်မူကုန်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်သော မှန်ကန်ခြင်း, ချစ်ခြင်း, သနားခြင်း, သည်းခံခြင်းတို့နှင့် ကြွယ်ဝကုန်သော သတ္တဝါအားလုံးတို့အပေါ်၌ အမျှဖြစ်သော မေတ္တာပွါးခြင်းရှိကုန်သော သဗ္ဗညုဘုရားရှင်တို့မည်သည် ရှိကုန်၏၊ ထိုဘုရားရှင်တို့သည် သိအပ်ကုန်သော တရားကျေးဇူးတို့မည်သည် ရှိကုန်၏၊ ငါ၌လည်း တစ်ခုသောသစ္စာရှိ၏၊ ထင်ရှားရှိသော တစ်ခုသော သဘောတရားသည်ထင်၏၊ ထို့ကြောင့် လွန်ကုန်ပြီးသော ဘုရားရှင်များ, ထိုဘုရားရှင်တို့ ထိုးထွင်း၍ သိအပ်ကုန်သော ဂုဏ်ကျေးဇူးတော်များကို ဆင်ခြင်၍ ငါ၌ထင်ရှားရှိသော သစ္စာ သဘောတရားကိုယူ၍ သစ္စာဆိုခြင်းကို ပြုလျက် တောမီးကိုဖဲစေ၍ ယခု ငါသည် မိမိနှင့်အတူ ကြွင်းသောဌက်တို့၏ ချမ်းသာကို ပြုခြင်းငှါ သင့်၏" ဟု အကြံဖြစ်၏။

၁။ **အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျ'နုဒ္ဓယာ။**
**တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ'မုတ္တမံ။**

**သောစေယျ'နုဒ္ဓယာ= သောစေယ နုဒ်ဒယာ⟶သောစေယ နုတ်ဒယာ**
**[သောစေယျ+အနုဒ္ဓယာ]၊ အနုဒ္ဓယာ**–၌ **အနုဒယာ** ပုဒ်ရင်း ဆန်းကြောင့် '**ဒ္ဓ**' သံယုဂ်ရှိ၊
**သစ္စကိရိယ'မုတ္တမံ= သစ်စ ကိရိယ မုတ်တမံ [သစ္စကိရယ်+ ဥတ္တမံ]**
**သစ္စကြိယ•မနုတ္တရံ** (ပရိတ္တသင်္ဂဟ၊ ၁၂၅။)၊
**သစ္စကိရိယ•မနုတ္တရံ** (မဟာဂန္ဓာရုံ ပရိတ်ပါဠိ ပရိတ်ကြီးနိဿယ၊ ၁၈။ စလင်း ပရိတ်ကြီးနိဿယ၊ ၁၆၉။ မဟာပရိတ်တော်ကြီးနိဿသစ်၊ ၇၉။ တွံတေး ပရိတ်ကြီးနိဿယ၊ ၁၁၈)

**လောကေ**–လောကဌ်၌၊ **သီလဂုဏော**–သီလအကျိုး, ဂုဏ်တန်ခိုးသည်၊ **အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊ **သစ္စံ**–မှန်ကန်လှစွာ, ကိုယ်နှုတ်မှာဝယ်, သစ္စာအကျိုး, ဂုဏ်တန်ခိုးသည်၊

**အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊ **သောစေယျံ**–စင်ကြယ်သည်၏အဖြစ်သည်[၄၂]၊ **အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊ **အနုဿဟာ**–သူတစ်ပါးကို, သနားကြင်နာ, ကရုဏာနှင့်, မေတ္တာအကျိုး, ဂုဏ်တန်ခိုးသည်၊ **အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊**ဧတေန သစ္စေန**–မှန်ကန်လှစွာ, ဤသစ္စာဖြင့်၊ **ဥတ္တမံ**–ထူးမြတ်သော၊ **သစ္စကိရိယံ**–နှတ်အမှုအရာ, ဝစီသစ္စာကို၊ **ကာဟာမိ**–အားကိုးတစ်ခု, ပြုရပါတော့အံ့။

လောကမှာ သီလတရား, သစ္စာတရား, စင်ကြယ်သည်၏အဖြစ်, မေတ္တာ, ကရုဏာတရားတို့ ရှိပါကုန်၏၊ ထိုတရားတို့တွင်ပါဝင်သော သစ္စာတရားဖြင့် ထူးမြတ်သော သစ္စာဆိုမှုကို ငါပြုရပါတော့မည်။

၂။ အာဝဇ္ဇေတွာ ဓမ္မဝလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဝလ'မဝသာယ၊ သစ္စကိရိယ'မကာသ'ဟံ။

အာဝဇ္ဇေတွာ= အာဝဇ်ဖေတ်တွာ၊
ဓမ္မဝလံ= ဓမ်မ ဝလံ၊
သရိတွာ= သရိတ်တွာ၊
ပုဗ္ဗကေ= ပုဗ်ဝကေ ⟶ ပုဗ်ဝကေ၊
သစ္စဝလ'မဝသာယ= သစ်စဝလ မဝသ်သာယ [သစ္စဝလံ+အဝသာယ]၊
သစ္စကိရိယ'မကာသ'ဟံ= သစ်စကိရိယ မကာသဟံ
[သစ္စကိရိယံ+အကာသိ'+အဟံ]၊
သစ္စကြိယ–၌ သစ်စ ကရိယ–ဖတ်၊

**အဟံ**–ငါသည်၊ **ဓမ္မဝလံ**–တရားတော်၏အစွမ်းအာနုဘော်ကို၊ **အာဝဇ္ဇေတွာ**–ဆင်ခြင်၍၊ **ပုဗ္ဗကေ**–ရှေးအခါက ပွင့်တော်မူကြကုန်သော၊ **ဇိနေ**–ငါးမာရ်အောင်ပြင်, ဘုရားရှင်တို့.ကို၊ **သရိတွာ**–

---

[၄၂] **သောစေယျံ**–စင်ကြယ်သည်၏အဖြစ်ဟူသည် **ကာယသောစေယျ**–ကာယဒွါရ၌ စင်ကြယ်ခြင်း, **ဝစီသောစေယျ**–ဝစီဒွါရ၌ စင်ကြယ်ခြင်း, **မနောသောစေယျ**–စိတ်၌ စင်ကြယ်ခြင်း–ဟု တိကဝိဘင်္ဂ (၂၇၅)၌လာသော ဒုစရိုက်(၃)ပါးမှ စင်ကြယ်ခြင်း, ကိုယ့် (**စင်ကြယ်ခြင်း ၃–မျိုး**)။

ဗုဒ္ဓါနုဿတိ, ဂုဏ်တော်ထိအောင်, သတိရ၍၊ **သစ္စဝလံ**–သစ္စာတရား, စွမ်းပကား၏, အင်အားပြည့်ဖြိုး, ဂုဏ်တန်ခိုးကို၊ **အဝဿာယ**–အားကိုးတစ်ခု, အမှီပြု၍၊ **သစ္စကိရိယံ**–နှုတ်အမှုအရာ, ဝစီသစ္စာကို၊ **အကာသိ**–ပြုခဲ့ရပေပြီ။

ငါသည် တရားတော်၏အစွမ်းအာနုဘော်ကို ဆင်ခြင်ပြီးလျှင် ရှေးအခါက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့.ကို ဗုဒ္ဓါနုဿတိ ဂုဏ်တော်ထိအောင် သတိရလျက် သစ္စာစွမ်းဟုန်တန်ခိုးဂုဏ်ကို အားကိုးသမှု အမှီပြုကာ သစ္စာဆိုခဲ့ရပေပြီ။

၃။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဓာတဓေဒ ပဋိက္ကမ။

**သန္တိ**= သန်းတီ၊
**ပက္ခာ**= ပက်ခါ၊
**အပတနာ**–ကို **အ**–**ပတနာ**–ဖတ်၊
**အဝဉ္စနာ**= **အဝဉ်စနာ**⟶**အ ဝင်စနာ၊ အ ဝမ်စနာ** လည်းဖတ်နိုင်၊
**နိက္ခန္တာ**= နိုက်ခန်တာ၊
**ဓာတဓေဒ**–ကို **ဓာတ**နှင့် **ဓေဒ** ခွဲ၊
**ပဋိက္ကမ**=**ပဋိုက်ကမ**⟶**ပဋိတ်ကမ**၊

(**မေ**–ငါ့အား။) **ပက္ခာ**–အတောင်တို့.သည်၊ **သန္တိ**–ရှိပါကုန်၏၊ **အပတနာ**–မပျံနိုင်ကုန်၊ (**မေ**–ငါ့အား။) **ပါဒါ**–ခြေတို့.သည်၊ **သန္တိ**–ရှိပါကုန်၏၊ **အဝဉ္စနာ**–မသွားနိုင်ကုန်၊ (**မေ**–ငါ၏၊)**မာတာပိတာ စ**–အမိအဖတို့.သည်လည်း၊ **နိက္ခန္တာ**–သေမည့်အရေး, အသက်ဘေးကြောင့်, ထွက်ပြေးခဲ့ကြကုန်ပြီ၊ **ဓာတ ဓေဒ**–အို တောမီး၊ (**တံ**–သင်တောမီးသည်၊) **ပဋိက္ကမ**–ရှောင်လွှဲဆုတ်ခွါ, ဖဲရှားပါလေလော့။

ငါ့မှာ အတောင်များ ရှိပါ၏၊ ပျံကား မပျံနိုင်ပါ၊ ငါ့မှာ ခြေထောက်များ ရှိပါ၏၊ သွားကား မသွားနိုင်ပါ၊ ငါ့အမိအဖတို့.သည်လည်း အသက်ဘေးကြောင့် ရှောင်ပြေး ထွက်ခွါသွားကြပါပြီ၊ အိုတောမီး...သင်သည် ရှောင်လွှဲဆုတ်ခွါ ဖဲရှားပါလော့။

၄။ သဟ သစ္ဆေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိဒိ။
ဝဇ္ဇေသိ သောဠသကရီသာနိ၊ ဥဒက် ပတ္တာ ယထာ သိဒိ။
သစ္ဆေန မေ သမော နတ္ထိ၊ သော မေ သစ္စပါရမီ။

သောဠသ-ကို သော-ဠသ-ခွဲ၊

**မယှံ**-ငါသည်၊ **သစ္ဆေ**-မှန်ကန်လှစွာ, ဝစီသစ္စာကို၊ **သဟ ကတေ**-နှုတ်မှာရွတ်မှု, ပြုအပ်သည်နှင့် တစ်ပြိုင်နက်၊ **မဟာပဇ္ဇလိတော**-ကြီးမားလျှံထိန်, အရှိန်ပြင်းစွာ, တောက်လောင်လာသော၊ **သိဒိ**-တောမီးသည်၊ **ဥဒက် ပတ္တာ**-ဆန့်ကျင်နိုင်လောက်, ရေသို့ရောက်၍၊ **ဝဇ္ဇေသိ ယထာ**-ငြိမ်းအေးပျောက်သွေ, ရှောင်လေဘိသကဲ့သို့၊ (**တထာ**-ထို့အထူ၊) **သိဒိ**-တောမီးသည်၊ **သောဠသကရီသာနိ**-တစ်ဆယ့်ခြောက်ပယ်, ကျယ်ဝန်းသောအရပ်သို့တိုင်အောင်၊ **ဝဇ္ဇေသိ**-သစ္စာစကား, စွမ်းပကား ကြောင့်, အနားမချဉ်း, ရှောင်ကွင်းခဲ့ဖူးလေပြီ၊ **မေ**-ငါ၏၊ **သစ္ဆေန**-သစ္စာတရားနှင့်၊ **သမော**-တူသောတရားကား၊ **နတ္ထိ**-မရှိ တော့ပေ၊ **သော**-ဤသစ္စာအမှုသည်၊ **မေ**-ငါဘုရား၏၊ **သစ္စပါရမီ**-အထွတ်အထိပ်ရောက်လာ သစ္စာပါရမီတော်ပေတည်း။

(ငုံးဖြစ်ဖူးသော) ငါသည် သစ္စာဆိုမှု ပြုအပ်သည်နှင့်တစ်ပြိုင်နက် မီးသည့် ရေသို့ရောက်၍ ငြိမ်းပျောက်သကဲ့သို့ တောမီးကြီးသည် တစ်ဆယ့်ခြောက်ပယ် ကျယ်ဝန်းသော အရပ်တိုင်အောင် ရှောင်ကွင်းငြိမ်းအေးသွားလေတော့၏၊ ငါ၏သစ္စာဆိုမသည် ငါဘုရား၏ အထွတ်အထိပ်ရောက်လာရသော သစ္စာပါရမီတော်ပင် ဖြစ်တော့၏။

သစ္စာဆိုသည်မှာ အဖြစ်က ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ မှန်သောသဘောဟုတ်, မဟုတ်သာပဓာနဖြစ်၏၊ ဤဘုရားလောင်းငုံးလေး၏အခြေအနေ၌ မိမိမှာ အတောင်များရှိနေသော်လည်း မပျံနိုင်ခြင်း, ခြေထောက်များရှိနေသော်လည်း မသွားနိုင်ခြင်း, မိဖနစ်ပါး စွန့်ခွါထွက်ပြေးခြင်း-ဤအားလုံးကား အမှန်ဖြစ်နေသော သဘာဝတရားများသာ ဖြစ်၏၊ ထို သဘာဝဓမ္မ အမှန်တရားများကိုယူ၍ သစ္စာပြုခြင်းကြောင့် အလိုရှိအပ်သော တောမီးငြိမ်းခြင်း အကျိုးပြီး မြောက်နိုင်သည်အထိ အစွမ်းအာနုဘော်ရှိပေ၏။

ငုံးမင်းသစ္စာပြု၍ မီးငြိမ်းခဲ့သောအရပ်မှာ ဤကမ္ဘာအတွင်း၌ ဘယ်အခါမျှ မီးလောင်တော့မည် မဟုတ် **"ကပ္ပဋ္ဌာယီ မဟာဓာတု"**ဟု ချီးကျူးခဲ့ခြင်းဖြစ်သည်၊ ဇာတ်အဋ္ဌကထာ၌လည်း ထို အရပ်သည်ကား အလုံးစုံသော ဤကမ္ဘာပတ်လုံး မီးမလောင်သည်၏အဖြစ်ကြောင့် ကမ္ဘာပတ်လုံး

တည်သော အံ့ဖွယ်ကောင်းတဲ့ တန်ခိုးပြာဋိဟာမည်သောအရပ်ဖြစ်၏[၄၂]–ဟုလာ၏။ ဘုရားလောင်းငုံးသည် အသက်အဆုံး၌ ကံအားလျော်စွာ လားရ၏။

ဘုရားရှင်သည် ဤတရားဒေသနာကိုဆောင်လျက် သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အချို့ရဟန်းတို့သည် သောတာပန်, အချို့ရဟန်းတို့သည် သကဒါဂါမ်, အချို့ရဟန်းတို့သည် အနာဂါမ်, အချို့ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏။

ယခုအခါ မယ်တော် ခမည်းတော်တို့သည် ထိုအခါ ငုံးကလေး၏မိဖနှစ်ပါး ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ငုံးဖြစ်ဖူးပြီး–ဟု ဇာတ်ကို ပေါင်းတော်မူ၏။

**လောင်းလျာငုံးငယ်၊ သစ္စာသွယ်၊ ရှောင်ဇယ် တောမီးဟာ၊**
**သစ္စာတရား၊ စွမ်းပကား၊ ထင်ရှား ဤလူ့ရွာ၊**
**ဝဋ္ဌပရိတ္တ၊ ရွတ်ဆိုက၊ ဝေးစွ မီးဘေးမှာ။**

**ကမ္ဘာတည်သည့်အရာ ၄–မျိုး။** ။ ဤလောက၌ ကမ္ဘာတည်မည့် အရာ ၄–မျိုးကို မှတ်သားသင့်၏–

၁။ လ၌ ယုန်ရုပ်အမှတ်အသားသည် ဤကမ္ဘာပတ်လုံး တည်လိမ့်မည်။

၂။ ဝဋ္ဌကဇာတ်၌ မီးငြိမ်းရာ အရပ်သည်လည်း ဤကမ္ဘာပတ်လုံး တည်လိမ့်မည်။

၃။ ဃဋိကာရ၏အိမ်နေရာအရပ်သည်လည်း ဤကမ္ဘာပတ်လုံး မိုးမစွတ်ပဲ တည်လိမ့်မည်။

၄။ နဋ္ဌကပါနရေကန်ပတ်လည်ရှိ ကျူပင်တို့သည်လည်း ဤကမ္ဘာပတ်လုံး အဆစ်အပိတ်မရှိကြပဲ တစ်ခုသော အခေါင်းအပေါက်ရှိလျက် ဖြစ်ကြလိမ့်မည်။

ဣမသ္မိံ ဟိ ကပ္ပေ စတ္တာရိ ကပ္ပဋ္ဌိယပါဋိဟာရိယာနိ နာမ။ ကတမာနိ စတ္တာရိ? စန္ဒေ သသလက္ခဏံ သကလမ္ပိ ဣမံ ကပ္ပံ ဌဿတိ၊ ဝဋ္ဌကဇာတကေ အဂ္ဂိနော နိဗ္ဗုတဋ္ဌာနံ သကလမ္ပိ ဣမံ ကပ္ပံ နဈာယိဿတိ၊ ဃဋိကာရနိဝေသနဋ္ဌာနံ သကလမ္ပိ ဣမံ ကပ္ပံ အနောဝဿကံ ဌဿတိ၊ ဣမံ ပေါက္ခရဏိံ ပရိဝါရေတွာ ဥဋ္ဌိတနဋ္ဌာ သကလမ္ပိ ဣမံ ကပ္ပံ ဧကစ္ဆိဒ္ဒါ ဘဝိဿန္တိတိ ဣမာနိ စတ္တာရိ ကပ္ပဋ္ဌိယပါဋိဟာရိယာနိ နာမ။ (ဇာတက၊ ၌၊ ၁၊ နဋ္ဌပါနဇာတက–ဘုရားလောင်းမျောက်မင်း၊ ၁၈၈။)

---

[၄၂] တံ ပန ဌာနံ သကလေပိ ဣမသ္မိံ ကပ္ပေ အဂ္ဂိနာ အနဘိဘဝနီယတ္တာ ကပ္ပဋ္ဌိယပါဋိဟာရိယံ နာမ ဇာတံ။ (ဇာတက၊ ၌၊ ၁၊ ၂၃၁။)

<u>ကမ္ဘာတည်လတ်၊ ဤလေးရပ်၊ မှတ်အပ် ဆောင်ပုဒ်ပါ</u>[၄၂၂]_____

၁။ ယုန်ရုပ်လလယ်၊ ထင်သည်နှယ်၊ မပြယ် ကပ်ဆိုးသာ၊

၂။ ငုံးမင်းမြိုင်ရောင်၊ မီးမလောင်၊ တည်အောင် ကပ်ဆိုးသာ၊

၃။ ဃဋီကာရ၊ အိမ်ဂေဟာလဲ၊ မိုးမစွဲ တည်မြဲ ကပ်ဆိုးသာ၊

၄။ မျောက်မင်းရွှေကျူ၊ ဆစ်မက္ခ၊ တစ်မူ ကပ်ဆိုးသော်၊
ကျူ, လ, ငုံး, အိမ်၊ ထိုးမတိမ်၊ ဘုန်းရိုန် တည်ကမ္ဘာ။
ဇာတ်ဌကထာက၊ ဖော်ကာပြ၊ မှတ်ပ သေအရှာ။

**စရိယာပိဋကလာ ဖော်ညွှန်းရာ။** ။ **"အတ္ထိ လောကေ"**စသောဂါထာတို့ကား စရိယာပိဋကပါဠိ ဝဋ္ဋပေါတကစရိယ–မှ ဖြစ်၍ အရှင်သာရိပုတ္တရာမထေရ်မြတ်၏လျှောက်ထားချက်အရ ဘုရားရှင်သည် ဗုဒ္ဓဝင်ကို ဟောတော်မူရာတွင် ဘုရားရှင်၏ ပါရမီအပေါင်း အကြောင်းကောင်းပုံကို အာရုံပြုမိသဖြင့် လွန်စွာအားရသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အဆင့်ဆင့်တက်ကာတက်ကာ ဘုရားရှင် ဂုဏ်တော်များကို ဆင်ခြင်စဉ်းစားသောအခါ မိမိကိုယ်တိုင်ကလည်း ပညာကြီး, ဂုဏ်တော်များက လည်း အတိုင်းအတာမရှိဖြစ်ရာ တွေးတိုင်းတွေးတိုင်းပေါ်လာကာ အဆုံးမရှိဖြစ်လေတော့သည်။ လွန်စွာအားရ နှစ်သက်လွန်းလှ၍ ဘုရားရှင်၏ပါရမီတို့သည် ဘယ်ဘဝများမှာ ရင့်ကျက်လာခဲ့ကုန်၍ ဘယ်ပုံဘယ်နည်း ရင့်ကျက်လာခဲ့သည်များကို လူနတ်ဗြဟ္မာ သတ္တဝါတို့အကျိုး မျှော်ကိုးလျက် တောင်းပန်လျှောက်ထားရန် အကြံရတော်မူခဲ့လေသည်၊ မထေရ်မြတ်၏ လျှောက်ထားတောင်းပန်ချက် အရ ဤဘဒ္ဒကမ္ပာအတွင်းမှာ အကိတ္တိပညာရှိစသော ထိုထိုဘဝများ၌ ဖြည့်ခဲ့ ရင့်ကျက်ခဲ့သော အကျင့် (စရိယာ)များကို ဖော်ညွှန်းရာ **စရိယာပိဋက**ကို ဟောတော်မူခဲ့လေသည်။ ဤဝဋ္ဋသုတ်သည် ထိုစရိယာပိဋက၌ ပါဝင်သော စရိယာများအနက် စရိယာတစ်ခုဖြစ်၍ **"ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ"**ဟု အစချီလျက် လာရှိသည်။

**ဝဋ္ဋသုတ်အပြည့်အစုံ စရိယာပိဋကမှာ လာပုံ။** ။ ဘုရားရှင်က အရှင်သာရိပုတ္တရာမထေရ်အား ဟောကြားရာမှာ **"အတ္ထိ လောကေ သီလဂုဏော"**မှစ၍ ဟောသည်မဟုတ်ပါ၊ "အတ္ထိ လောကေ" မတိုင်မီ ခုနစ်ဂါထာရှိပါသေးသည်၊ ရှေးဆရာတို့က တရားသဘောများပါဝင်၍ လိုရင်းပစာန–

---

[၄၂၂] ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သီကောင်းစရာ၊ ၁။ ၅၅၆။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ဟုယူဆသော အချို့ဂါထာ များကိုသာ ရွေးထုတ်စိစဉ်ခဲ့ခြင်း ဖြစ်ဖွယ်ရှိ၏–ဟု ပရိတ်ကြီးနိဿယ သစ်ဆရာတော် မှတ်ချက်ပေးတော်မူ၏။

### စရိယာပိဋကလာ
### ဝဋ္ဌပေါတကစရိယခေါ် မူရင်းဝဋ္ဌသုတ်(ခု၊ ၄၊ ၄၁၄–၄၁၅)

၁။ ပုနာပရံ ယဒါ ဟောမိ၊ မဂဓေ ဝဋ္ဌပေါတကော။
အဇာတပက္ခော တရုဏော၊ မံသပေသိ ကုလာဝကေ။

၂။ မုဓတုဏ္ဍကေနာဟရိတွာ၊ မာတာ ပေါသယတီ မမံ။
တဿာ ဇဿေန ဇီဝါမိ၊ နတ္ထိ မေ ကာယိကံ ဗလံ။

၃။ သံဝစ္ဆရေ ဂိမှသမယေ၊ ဒဝဋာဟော ပဒိပ္ပတိ။
ဥပဂစ္ဆတိ အမှာကံ၊ ပါဝကော ကဏှဝတ္တနီ။

၄။ မေဓမာဂ္ဂတိ ဇဝံ၊ သဒ္ဒါယန္တော မဟာသိခီ။
အနုပုဗ္ဗေန ဈာပေန္တော၊ အဂ္ဂိ မမမုပါဂမိ။

၅။ အဂ္ဂိဝေဂဘယာတီတာ၊ တသိတာ မာတာပိတာ မမ။
ကုလာဝကေ မံ ဆဋ္ဌေတွာ၊ အတ္တာနံ ပရိမောစယုံ။

၆။ ပါဒေ ပက္ခေ ပဇဟာမိ၊ နတ္ထိ မေ ကာယိကံ ဗလံ။
သောဟံ အဂတိကော တတ္ထ၊ ဇဝံ စိန္တေသဟံ တဒါ။

၇။ ယေသာဟံ ဥပဓာဝေယျံ၊ ဘီတော တသိတဝေဓိတော။
တေ မံ ဩဟာယ ပက္ကန္တာ၊ ကထံ မေ အဇ္ဇ ကာတဝေ။

၈။ အတ္ထိ လောကေ သီလဝုဏော၊ သစ္စံ သောစေယျနုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယမုတ္တမံ။

၉။ အာဝေဇ္ဇေတွာ မွေဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလမဝဿာယ၊ သစ္စကိရိယမကာသဟံ။

၁၀။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဋ္ဌနာ။
မာတာပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၁၁။ သဟသစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဋ္ဌသကရီသာနိ၊ ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊ ဇသာ မေ သစ္စပါရမိတိ။

ပုနာပရံ [ပုန+အပရံ]၊
ဝဋ္ဌပေါတကော= ဝဋ်ဋ္ဌ ပေါတကော [ဝဋ္ဌ+ပေါတကော]၊
အဇာတပကွော= အဇာတ ပက်ခေါ [နှ+ဇာတ+ပကွော= အဇာတပကွော]၊
မုခတုဏ္ဍကေနာဟရိတွာ= မုခ တုဏ်ဍကေနာဟရိတ်တဝါ၊
[မုခ+တုဏ္ဍကေန+အာဟရိတွာ]၊
တဿာ= တသ်သာ၊
ဖဿေန= ဖသ်သေန၊
သံဝစ္ဆရေ= သံဝစ်ဆရေ၊
ဂိမှသမယေ= ဂိမ်မှ သမယေ [ဂိမှ+သမယေ]၊
ဒဝဍာဟော [ဒဝ+ဍာဟော]၊
ပဒိပ္ပတိ= ပဒိပ်ပတိ၊
ဥပဂစ္ဆတိ= ဥပ ဂစ်ဆတိ၊
အမှာကံ= အမ်မှာကံ၊
ကဏ္ဌဝတ္တနီ= ကဏ်ဏ္ဌ ဝတ်တနီ၊
သဒ္ဓါယန္တော= သဒ်ဓာယန်တော၊
အနုပုဗ္ဗေန= အနု ပုဗ်ဗေန၊
ဈာပေန္တော= ဈာပေန်တော၊
အဂ္ဂိ= အဂ်ဂိ၊
မမမုပါဂမိ= မမ မုပါဂမိ [မမံ+ဥပါဂမိ]၊
အဂ္ဂိဝေဂဘယာတီတာ= အဂ်ဂိ ဝေဂ ဘယာတီတာ [အဂ္ဂိ+ဝေဂ+ဘယ+အတီတာ]၊
ဆဋ္ဌေတွာ= ဆဋ်ဌေတ်တွာ→ဆတ်ဒေတ်တဝါ၊
အတ္တာနံ= အတ်တာနံ၊
ပကွေ= ပက်ခေ၊

သောဟံ [သော+အဟံ]၊
အဂတိကော [နှ+ဂတိကော]
တတ္ထ= တတ်ထ၊
စိန္တေသဟံ= စိန်တေသဟံ [စိန္တေသိ+အဟံ]၊
ဃသာဟံ [ဃသ်+အဟံ]၊
တသိတဝေဓိတော= တသိတ ဝေဓိတော၊
ပတ္တန္တာ= ပက်ကန်တာ၊
အဇ္ဇ=အဇ်ဇ၊

၁။ **ပုန**–တစ်ဖန်၊ **အပရံ**–တစ်ပါးသော အကျင့်မှာ၊ **ယဒါ**–အကြင်အခါ၌၊ **အဟံ**–ငါသည်၊ **မဂဓေ**– မဂဓတိုင်း တောအရပ်၌၊ **ကုလာဝကေ**–အသိုက်ထဲ၌၊ **အဇာတပက္ခော**–အတောင် မပေါက်သေးသော၊ **တရုဏော**–နုနယ်သေးကွေး မွေးစကလေးဖြစ်သော၊ **မံသပေသိ**–အမွေးပေါက် မလာ အသားတုံးသာ ဖြစ်နေသေးသော၊ **ဝဋ္ဋယေါတကော**–ငုံးငယ်သည်၊ **ဟောမိ**–ဖြစ်ရပေ၏။

၂။ (**တဒါ**–ထိုအခါ၌) **မာတာ**–ငါမိခင်သည်၊ **မုခတုဏ္ဍကေန**–နှုတ်သီးဖြင့်၊ **အာဟရိတ္ဝာ**– အစားအစာဆောင်ယူခဲ့၍၊ **မမံ**–ငါ့ကို၊ **ပေါသယတိ**–မွေးမြူ၏၊ **တဿာ**–ထိုမိခင်၏၊ **ဓဿေန**–ကိုယ်ငွေ့ အတွေ့ဖြင့်၊ **ဇီဝါမိ**–ငါအသက်ရှင်ရပေ၏၊ **ဓမ**–ငါ့အား၊ **ကာယိကံ ဝလံ**–ကိုယ်အားသည်၊ **နတ္ထိ**–မရှိပေ။

၃။ **သံဝစ္ဆရေ**–နှစ်တိုင်း နှစ်တိုင်း၊ **ဂိမှသမယေ**–နွေအခါ၌၊ **ဒဝဍ္ဎာဟော**–တောမီးသည်၊ **ပဒပွတိ**–လောင်၏၊ **ကက္ခဝတ္တနိ**–မဲနက်သောလမ်းကြောင်းရှိသော၊ **ပါဝကော**–မီးသည်၊ **အမှာကံ**– ငါတို့အရပ်သို့၊ **ဥပဂစ္ဆတိ**–ကပ်ရောက်လာ၏။

၄။ **ဓမဓမာယတိ**–ဓမ်ဓမ်ဟူ၍၊ **ဝဝံ**–ဤသို့၊ **သဒ္ဒါယန္တော**–အသံပြုလာသော၊ **မဟာသိခီ**– ကြီးစွာသော မီးလျှံရှိသော၊ **အဂ္ဂိ**–တောမီးသည်၊ **အနုပဒွေန**–အစဉ်လိုက်အားဖြင့်၊ **ဏာပေန္တော**–လောင် ကျွမ်းစေလျက်၊ **မမံ**–ငါ့အနီးသို့၊ **ဥပါဂမိ**–ဆိုက်ရောက်လာလေပြီ။

၅။ **အဂ္ဂိဓေဂဘယာ**–မီးရှိန်ဘေးမှ၊ **ဘီတာ**–ကြောက်ကြကုန်လျက်၊ **တသိတာ**–ထိတ်လန့် ကြကုန်သော၊ **မမ**–ငါ၏၊ **မာတာပိတာ**–အမိအဖတို့သည်၊ **မံ**–ငါ့ကို၊ **ကုလာဝကေ**–အသိုက်ထဲ၌၊ **ဆဋ္ဌေတ္ဝာ**–စွန့်ထားခဲ့ကုန်၍၊ **အတ္တာနံ**–မိမိကိုယ်ကို၊ **ပရိမောစယုံ**–အလွတ်ရုန်းကြကုန်ပြီ။

၆။ **အဟံ**–ငါသည်၊ **ပါဒေ**–ခြေတို့ကိုလည်းကောင်း၊ **ပက္ခေ**–အတောင်တို့ကိုလည်း ကောင်း၊ **ပဇဟာမိ**–ကောင်းကင်ပျံရေး ဆန့်တန်းဖို့ ကြိုးစားပါသေး၏၊ **ဓမေ**–ငါ့အား၊ **ကာယိကံ ဝလံ**–

ကာယဗလသည်၊ **နတ္ထိ**–မရှိ၊ **သောဟံ**–ထိုငါသည်၊ **ဘတ္တ**–မိတက္ခဲ ဖတက္ခဲ ထိုအသိုက်ထဲ၌၊ **အဂတိကော**–မပျံနိုင်အား မသွားတတ်သာ အားကိုးရာမဲ့သည်ဖြစ်၍၊ **တဒါ**–ထိုအခါ၌၊ **ဝံ စိန္တေသိ**–ဤသို့ ကြံမိလေပြီ။

၇။ **အဟံ**–ငါသည်၊ **ဘီတော**– ကြောက်သည်ဖြစ်၍၊ **တသိတဓဝိတော**–ထိတ်လန့်တုန်လှုပ်လျက်၊ **ယေသံ**–အကြင်မိဖတို့အတောင်ကြားသို့၊ **ဥပဓာဝေယျံ**–ပြေးဝင်မှီခိုရာ၏၊ **တေ**–ထိုငါမှီခိုရမည့် မိဖတို့သည်၊ **မံ**–ငါ့ကို၊ **သြဟာယ**–စွန့်ပယ်ထားခဲ့၍၊ **ပက္ကန္တာ**–ဖဲခွါကြကုန်ပြီ၊ **မေ**–ငါသည်၊ **အဇ္ဇ**–ယနေ့၊ **ကထံ**–ဘယ်နည်း ဘယ်ပုံ၊ **ကာတဓေ**–ပြုလုပ်ရပါအံ့နည်း?

**သစ္စာပြုဖို့ရာ အကြံပေါ်လာ။** ။ မိဖတွေ စွန့်ခွါသွား၍ မိမိတစ်ဦးတည်း အားကိုးရာမဲ့ဖြစ်နေပုံကို ငုံးကလေးဟာ စဉ်းစားရင်း ဘယ်ပုံဘယ်နည်း ပြုရမည်ကို မကြံတတ်အောင်ဖြစ်နေရာမှ ရုတ်တရက် အကြံပေါ်လာလေသည်၊ "ဤလောကမှာ သီလတရား, သစ္စာတရားများ အထင်အရှား ရှိနေတယ်၊ ဒါ့အပြင် ရှေးရှေးအခါက ပွင့်တော်မူခဲ့ကြတဲ့ သီလ, သမာဓိ, ပညာ, မေတ္တာ, ကရုဏာ, ခန္တီတရားများ ရှိတော်မူကြတဲ့ သဗ္ဗညုဘုရားရှင်တို့လည်း ရှိတော်မူခဲ့ကြတယ်၊ အဲဒီဘုရားရှင်တို့ရဲ့ အမှန်ထွက် မြောက်တတ်သော တရားလည်း ရှိတယ်၊ ငါ့မှာလည်း အမှန်ထင်ရှားဖြစ်နေတဲ့ သစ္စာသဘာဝတရား ရှိနေတယ်၊ ဒါ့ကြောင့် ပွင့်တော်မူပြီးတဲ့ ဘုရားရှင်တို့ကို သည်းကောင်း, ထိုဘုရားရှင်တို့၏ တရားဂုဏ်တော် တို့ကိုလည်း ကောင်း ဆင်ခြင် အောက်မေ့ပြီး လျှင်ငါ့မှာရှိနေသော အမှန်တရားကိုကိုင်စွဲလျက် သစ္စာပြု၍ မီးကို ငြိမ်းစေခြင်းဖြင့် ငါနှင့်တကွသတ္တဝါအားလုံး ချမ်းသာရေးကို ငါပြုတော့အံ့" ဟု အကြံပေါ်လာသော အလောင်းတော် ငုံးမင်းသည် ဘုရားကရားတို့ကို အောက်မေ့လျက် သစ္စာပြုပုံများ



ကို **"အတ္ထိ လောကေ သီလဂုဏော"**စသော နှစ်ဂါထာတို့ဖြင့် ပြတော်မူသည်။

၈။ **လောကေ**–လောက၌၊ **သီလဂုဏော**–သီလအကျိုး, ဂုဏ်တန်ခိုးသည်၊ **အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊ **သစ္စံ**–မှန်ကန်လှစွာ, ကိုယ်နှုတ်မှာဝယ်, သစ္စာအကျိုး, ဂုဏ်တန်ခိုးသည်၊ **အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊ **သောစေယျံ**–စင်ကြယ်သည်၏အဖြစ်သည်၊ **အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊ **အနုဒ္ဒယာ**–သူတစ်ပါးကို, သနားကြင်နာ, ကရုဏာနှင့်, မေတ္တာအကျိုး, ဂုဏ်တန်ခိုးသည်၊ **အတ္ထိ**–စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏၊ **ဧတေန သစ္စေန**–မှန်ကန်လှစွာ, ဤသစ္စာဖြင့်၊ **ဥတ္တမံ**–ထူးမြတ်သော၊ **သစ္စကိရိယံ**–နှုတ်အမူအရာ, ဝစီသစ္စာကို၊ **ကာဟာမိ**–အားကိုးတစ်ခု, ပြုရပါတော့အံ့။

လောကမှာ သီလတရား, သစ္စာတရား, စင်ကြယ်သည်၏အဖြစ်, မေတ္တာ, ကရုဏာတရားတို့ ရှိပါကုန်၏၊ ထိုတရားတို့တွင် ပါဝင်သော သစ္စာတရားဖြင့် ထူးမြတ်သော သစ္စာဆိုမှုကို ငါပြုရပါတော့မည်။

၉။ **အဟံ**–ငါသည်၊ **မေ္ဗဝလံ**–တရားတော်၏အစွမ်းအာနုဘော်ကို၊ **အာဝဇ္ဇေတ္ဒာ**–ဆင်ခြင်၍၊ **ပုဗ္ဗကေ**–ရှေးအခါက ပွင့်တော်မူကြကုန်သော၊ **ဇိနေ**–ငါးမာရ်အောင်မြင်, ဘုရားရှင်တို့ကို၊ **သရိတ္ဒာ**–ဗုဒ္ဓါနုဿတိ, ဂုဏ်တော်ထိအောင်, သတိရ၍၊ **သစ္စဝလံ**–သစ္စာတရား, စွမ်းပကား၏, အင်အားပြည့်ဖြိုး, ဂုဏ်တန်ခိုးကို၊ **အဝဿာယ**–အားကိုးတစ်ခု, အမှီပြု၍၊ **သစ္စကိရိယံ**–နှုတ်အမူအရာ, ဝစီသစ္စာကို၊ **အကာသိ**–ပြုခဲ့ရပေပြီ။

ငါသည် တရားတော်၏အစွမ်းအာနုဘော်ကို ဆင်ခြင်ပြီးလျှင် ရှေးအခါက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့ကို ဗုဒ္ဓါနုဿတိ ဂုဏ်တော်ထိအောင် သတိရလျက် သစ္စာစွမ်းဟုန်တန်ခိုးဂုဏ်ကို အားကိုးသမ အမှီပြုကာ သစ္စာဆိုခဲ့ရပေပြီ။

၁၀။ **(မေ–ငါ့အား၊) ပက္ခာ**–အတောင်တို့သည်၊ **သန္တိ**–ရှိပါကုန်၏၊ **အပတနာ**–မပျံနိုင်ကုန်၊ **(မေ**–ငါ့အား၊) **ပါဒါ**–ခြေတို့သည်၊ **သန္တိ**–ရှိပါကုန်၏၊ **အဝဥ္ဇနာ**–မသွားနိုင်ကုန်၊ **(မေ**–ငါ၏၊)**မာတာပိတာစ**–အမိအဖတို့ သည်လည်း၊ **နိက္ခန္တာ**–သေမည့်အရေး, အသက်ဘေးကြောင့်, ထွက်ပြေးခဲ့ကြကုန်ပြီ၊ **ဇာတဝေဒ**–အိုတောမီး၊ **(တွံ**–သင်တောမီးသည်၊) **ပဋိက္ကမ**–ရှောင်လွှဲဆုတ်ခွါ, ဖဲရှားပါလေလော့။

ငါ့မှာ အတောင်များ ရှိပါ၏၊ ပျံကား မပျံနိုင်ပါ၊ ငါ့မှာ ခြေထောက်များ ရှိပါ၏၊ သွားကားမသွားနိုင်ပါ၊ ငါ့အမိအဖတို့သည်လည်း အသက်ဘေးကြောင့် ရှောင်ပြေး ထွက်ခွါသွားကြပါပြီ၊ အိုတောမီး... သင်သည် ရှောင်လွှဲဆုတ်ခွါ ဖဲရှားပါလော့။

၁၁။ **မယှံ**–ငါသည်၊ **သစ္စေ**–မှန်ကန်လှစွာ, ဝစိသစ္စာကို၊ **သဟ ကတေ**–နှုတ်မှာရွတ်မှု, ပြုအပ်သည်နှင့် တစ်ပြိုင်နက်၊ **မဟာပဇ္ဇလိတော**–ကြီးမားလျှံထိန်, အရှိန်ပြင်းစွာ, တောက်လောင်လာသော၊ **သိခီ**–တောမီးသည်၊ **ဥဒက် ပတွာ**–ဆန့်ကျင်နိုင်လောက်, ရေသို့ရောက်၍၊ **ဝဇ္ဇေတိ ယထာ**–ငြိမ်းအေးပျောက်သွေ, ရှောင်လေဘိသကဲ့သို့၊ (**တထာ**–ထို့အထူ၊) **သိခီ**–တောမီးသည်၊ **သောဋ္ဌသကရီ သာနိ**–တစ်ဆယ့်ခြောက်ပယ်, ကျယ်ဝန်းသောအရပ်သို့တိုင်အောင်၊ **ဝဇ္ဇေသိ**–သစ္စာစကား စွမ်းပကားကြောင့်, အနားမချဉ်း, ရှောင်ကွင်းခဲ့ဖူးလေပြီ၊ **မေ**–ငါ၏၊ **သစ္စေန**–သစ္စာတရားနှင့်၊ **သမော**–တူသောတရားကား၊ **နတ္ထိ**–မရှိတော့ပေ၊ **ဇသော**–ဤသစ္စာအမသည်၊ **မေ**–ငါဘုရား၏၊ **သစ္စပါရမီ**–အထွတ်အထိပ်ရောက်လာ သစ္စာပါရမိတော်ပေတည်း။

(ငုံးဖြစ်ဖူးသော) ငါသည် သစ္စာဆိုမ ပြုအပ်သည်နှင့်တစ်ပြိုင်နက် တောမီးသည် ရေသို့ရောက်၍ ငြိမ်းပျောက်သကဲ့သို့ တောမီးကြီးသည် တစ်ဆယ့်ခြောက်ပယ် ကျယ်ဝန်းသောအရပ်တိုင်အောင် ရှောင်းကွင်းငြိမ်းအေးသွားလေတော့၏၊ ငါ၏သစ္စာဆိုမသည် ငါဘုရား၏ အထွတ်အထိပ်ရောက်လာရသော သစ္စာပါရမိတော်ပင် ဖြစ်တော့၏။

**<u>သစ္စာစွမ်းအင်၊ တောမီးပင်၊ ငြိမ်းလျှင် အမှန်ပါ</u>**။ ။ ဘုရားလောင်း ငုံးငယ်၏ သစ္စာအစွမ်းကြောင့် တောမီး တစ်ခဏခြင်း ငြိမ်းရပုံ, ထိုအခါက မိမိပြုခဲ့သော သစ္စာမှာ သူတကာနှင့် မဆက်ဆံသော ပါရမိမြောက် အထွတ်အထိပ်ရောက်သော သစ္စာဖြစ်ပုံကို **"သဟ သစ္စေ ကတေ မယှံ"**စသည်ဖြင့် နိဂုံးချုပ်ဟောတော်မူ၏။

**ငုံးနှင့်ဘုရား၊ ကွဲသော်ငြား၊ မပြားဆိုထုံးလာ**။ ။ ဒီဝဋ္ဌသုတ်၌ **"အဟံ, မေ, မယှံ"**ဆိုတဲ့ "ငါ"များမှာ ဘုရားကိုသာ စွဲယူခဲ့၏၊ ငုံးငယ်၏ အတွေး, အပြော, အပြုအမူများဖြစ်ရာ ဘုရားရှင်၏တွေးပြောပြုမူများ မဟုတ်ပါတကား–ဟု ပြောဆိုရန်ရှိ၏၊ ငုံးနှင့် ဘုရား ပုဂ္ဂိုလ်အရ ကွဲပြားသော်လည်း ရုပ်နာမ်အစဉ် သန္တာန်အားဖြင့်ပြောရလျှင် တစ်စဉ်တည်း, တစ်ခုတည်းဖြစ်၍ ပြောဆိုနိုင်၏၊ ဒီအပြောအဆိုမျိုးကို **ဧကတ္တနည်း**–ဆို၏၊ ငုံးနှင့်ဘုရား ပုဂ္ဂိုလ်အရ ကွဲပြားသော်လည်း ရုပ်နာမ်အစဉ်အားဖြင့် တစ်ခုတည်းအဖြစ် ဆိုရသောနည်းတည်း၊ ကွဲပြားနေသော်လည်း မကွဲပြားသည်၏အဖြစ်ဖြင့် ကြံစည်တင်စား၍ ပြောဆိုခြင်းမျိုး– **အဘေဒေါပစာရ**–လည်း ဆိုနိုင်၏။

**လောင်းလျှာတစ်ဆူ၊ ငုံးငယ်မူ၊ မတူ သူတကာ။** ။ ထိုအခါမှာ ဘုရားလောင်းကား တိရစ္ဆာန်လည်း ဖြစ်၏၊ ဥမှ ပေါက်ကာစ အလွန်သေးငယ်လှသော အရွယ်လည်းဖြစ်၏၊ ကယ်တင်မည့်သူ မရှိသော အခြေအနေလည်း ဖြစ်၏၊ ထိုအရွယ် ထိုအဖြစ်မျိုးတို့ဖြင့် ပြုခဲ့သော သစ္စာမှုကြီးမှာ သူတကာတို့အဖို့ တွေးဝံ့စရာပင်မရှိ, အလွန်အလှမ်းဝေးလှ၏၊ ဒါ့ကြောင့် **"သစ္စေန မေ သမော နတ္ထိ၊ ဟော မေ သစ္စပါရမီ=**ငါ၏သစ္စာမျိုး တစ်ခြားသူမှာ မဖြစ်နိုင်၊ ငါ၏ ဤအမှုကား အထွတ်အထိပ်ရောက်နေသော သစ္စာပါရမိဖြစ်သည်" ဟု ဟောတော်မူ၏။

ဘုရားလောင်း၏ ထိုဖြစ်ရပ်မှာ လူသာမန်များအနေဖြင့် ယုံကြည်ဖွယ်ရာမရှိ-ဟု ယူဆကောင်း ယူဆကြပေမည်၊ အခြားတိရစ္ဆာန်သာမန်တို့နှင့် တန်းတူထား၍ မတွေးသင့်ကြပေ၊ ဘုရားလောင်း ငုံးဘဝကား ဘုရားဖြစ်ဖို့ရန် အတော်နီးကပ်နေသော ဤဘဒ္ဒကမ္ပာအတွင်းက ဘဝဖြစ်ရပ်တစ်ခုပါ၊ ပါရမီတွေ လွန်စွာရင့်ကျက်နေသောအခါလည်း ဖြစ်၏၊ လောကဌ် လူဝင်စားဆိုသူများမှာ လွန်ခဲ့သောဘဝက အဖြစ်အပျက်များကို အတော်ပြန်လည် ပြောပြနိုင်ကြ၏၊ ဇာတိသရဉာဏ်ရသော ထိုလူဝင်စား၏ ဘဝတစ်ပါးက အဖြစ်အပျက်များ ပြောပြနိုင်မှုကို ဉာဏ်မရှိသူများအနေဖြင့် မယုံကြည်နိုင်သကဲ့သို့ ဖြစ်ကြ၏၊ သို့သော် လွန်ခဲ့သောဘဝက ဆရာမိဘ ဆွေမျိုး မိတ်ဆွေသင်္ဂဟများကို အမည်နာမနှင့်တကွ ပြောပြနိုင်ခြင်း, ဖြစ်ပျက်ခဲ့ပုံများကို သေချာကျနပြောပြနိုင်သည့်အတွက် မယုံကြည်-ဟု ဆိုရမည်လည်းအခက် ဖြစ်၏၊ ဘုရားလောင်းများသည် ဘုရားအဆူဆူကို ကြုံတွေ့ခဲ့ကြရ၏၊ တရားများကိုလည်း နာခဲ့ကြရ၏၊ မိမိတို့ကိုယ်တိုင်လည်း ထိုတရားများကို အားထုတ်ခဲ့ကြရဘူး၏၊ ဘုရားတရားနှင့် အတွေ့အကြုံများခဲ့ရသော ဘုရားလောင်းများမှာ ဇာတိသရဉာဏ်မျိုးဖြင့် ဘုရားတို့ကိုသတိရခြင်း, တရားတို့ကိုပြန်လည် ဆင်ခြင်နိုင်ခြင်းများဖြစ်၏၊ ဒါ့ကြောင့်ပင် ထိုတရားတို့ကို ညွှန်ပြသူမရှိပဲ အားကြိုးမာန်တက် ပြုကျင့်နိုင်ကြခြင်း, ဟောပြနိုင်ခြင်းမျိုးတို့ မဖြစ်နိုင်-ဟု လုံးဝငြင်းဆန်ခြင်းငှါ မထိုက်ပါ၊ ဘုရားဌ်လည်းကောင်း, တရားဌ်လည်းကောင်း ယုံကြည်ခြင်းသည် ကုသိုလ်ဖြစ်ကြောင်း, တရားတိုးတက်ကြောင်းဖြစ်၍ မယုံကြည်ခြင်းမှာ ရထိုက်သောတရားများ မရကြောင်း မျက်ပြားကြောင်းဖြစ်ရာ သဒ္ဓါရှေ့ထားလျက် ဘုရားတရားတော်များကို ကြည်ညိုပွါးများ ကြိုးစားနိုင်ကြပါစေ-ဟု ပရိတ်ကြီးနိသယသစ်ဆရာတော်က တိုက်တွန်းတော်မူပါသည်။

**လောကဓမ္မ၏ သစ္စာဝုဏ်ကား....**

(၁) သိဝရာဇ်မင်းကြီးသည် မျက်စိအလှူဒါန၏ သစ္စဝုဏ်ဖြင့် မျက်စိမြင်ဖူးလေသည်။

(၂) ငုံးငှက်ငယ်သည် သစ္စာဖြင့် တောက်လောင်သော မီးကို ငြိမ်းစေပြီ။

## ဝဋ္ဌသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

(၃) သစ္စာဖြင့် ယညဒတ်၏ မြွေဆိတ်ကို လျှောကျစေခဲ့ပြီ။

(၄) ရှေးအခါ တရုတ်မင်းသည် လေးလတိုင် သစ္စာပြု၍ မဟာသမုဒ္ဒရာအတွင်း၌ တယူဇနာအထိ ရထားနှင့် သွားနိုင်လေသည်၊ ရေမှ ရေလုံးများ ရှောင်ရှားပယ်ခွါ၍ ရထားလမ်းကို ဖြစ်စေလျက် ရထားနောက်မှ ပကတိပြည့်လျက် လိုက်လေသတတ်။

(၅) အသောကမင်းတြား လက်ထက်တော်က ဂင်္ဂါမြစ်ကမ်းထိပ် မင်းနှင့်တကွ များလှသော ပရိသတ်တို့အတွင်း၌ ဗန္ဓုမတိမည်သော ပြည့်တန်ဆာမသည် သစ္စာပြုခြင်းဖြင့် ဂင်္ဂါမြစ်ရေကို အထက်သို့ ဆန်တက် စီးသွားစေခဲ့ဖူးလေပြီ။

(၆) ထို့အတူ သစ္စာဖြင့်ပင် သာမလုလင်၏ အသက်ငင်ရာမှ တခဏခြင်း ရှင်လာစေခဲ့ဖူးလေပြီ။

(၇) မစ္ဆဇာတ်၌ ငါးမင်းသည်လည်း သစ္စာဖြင့်ပင် မိုးကြိုး သည်းစွာ ရွာသွန်းစေခဲ့ပြီ။

(၈) အင်္ဂုလိမာလထေရ်သည် သစ္စာဖြင့်ပင် ကိုယ်ဝန်မဖွားနိုင်သည်ကို ဖွားစေခဲ့ပြီ။

(၉) ဝေသာလိပြည်၏ ကြီးစွာသော ရောဂါဘေးကြီးကိုလည်း အရှင်အာနန္ဒာ၏ ဂုတနာ ၃-ပါးဆိုင်ရာ သစ္စဂုဏ်ဖြင့်ပင် ငြိမ်းအေးစေဖူးပြီ။ ဤသို့ စသည် သစ္စာ၏ ဂုဏ်ရည်များ ရှိလေ၏[၄၂]။

## ဝဋ္ဌသုတ် နိဝုံးချုပ် အာသီသလင်္ကာ

အင်္ဂဝေရ၊ တေဇကြီးမြင့်၊ မီးဘေးသင့်က၊ ရေနှင့်မင်းစိုး၊ သူခိုးမုန်းထား၊ ဘေးရန်များထက်၊ အားလုံးအားလုံး၊ ထုံးသို့ညက်ကြေ၊ ပျက်စီးလေ၍၊ ရောဘုံပိုင်နန်း၊ ဂမုန်းမီးကွင်း၊ အင်းအိုင်ဂါထာ၊ ယတြာစိမ်၊ သံသေပဒါး၊ သေတ္တာထား၍၊ မီးတားမီးကြို၊ နည်းထိုထိုဖြင့်၊ မီးကိုဟန့်ဆီး၊ မီးနှင့်ပစ္စည်း၊ ဖြစ်နည်းဥာဏ်စိုက်၊ ကန်တလိုက်ကို၊ ထိုက်လျောက်ရာဝေး၊ ထိုမီးဘေးမှ၊ လွတ်ရေးလွတ်ရာ၊ လွတ်ကြောင်းရှာလည်း၊ သမာပတ္တိ၊ ဘုန်းရှိပုဂ္ဂိုလ်၊ ဝိဇ္ဇာမိရ်တို့၊ အလိုရှိလျှင်၊ လွတ်ကြောင်းထင်၏၊ သာမညကား၊ လောင်စာများတိုင်း၊ အားကြီးတောက်လောင်၊ ဘယ်ရပ်ဘောင်မှ၊ မီးရှောင်မီးကွင်း၊ မီးကင်းရပ်မြေ၊ မရှိလေခဲ့၊ ဝိသေသမှာ၊ ထက်ဩဇာတိုင်၊ စက္ကဝဠ၊ ကုဋေ့၊ တသိန်းမြေလုံး၊ ကိန်းသေဆူပွက်၊ ကမ္ဘာပျက်သို့၊ ဒါဝဂ္ဂိကြီး၊ လောင်တောမီးသို့၊ ဆီး၍

---

[၄၂] ပရိတ္တသင်္ဂဟပါဠိနိဿျ၊ ၁၃၄-၁၃၅။

ဘုန်းကြွယ်၊ ငုံးသူငယ်သည်၊ ဆယ်ပါရမီ၊ လာဝသိနှင့်၊ အညိအားသန်၊ သိုက်ဗိမာန်က။ ။ သန္တိ ပက္ခာ၊ မှန်ဂါထာကို၊ မြန်စွာ တွတ်တွတ်၊ သံဝါလွှတ်၍၊ ရွတ်လျှင်ရွတ်ခြင်း၊ မင်းပယ်ဆဲခြောက်၊ တံလျှောက်ဝန်းကျင်၊ မြေတပြင်၌၊ ရေယာဉ်စီးကာ၊ မိုးကြိုးရွာသို့၊ ကမ္ဘာပတ်လုံး၊ ထုံးတွင်ရစ်အောင်၊ မီးမလောင်ဘဲ၊ မီးရောင်မီးကွင်း၊ မီးငြိမ်းခြင်းကြောင့်၊ ငုံးမင်းကိန်းဝပ်၊ စံတောရပ်ကို၊ ကပ္ပဋ္ဌာယီ၊ နိဒါန်းချီ၏၊ ဤသို့ဂုဏ်ထူး၊ ဤကျေးဇူးကို၊ စူးစူးနက်လေး၊ မြော်စိုးမွေး၍၊ မိုးဘေးလွတ်အောင်၊ ကြံဆောင်လိုသူ၊ မျှားဗိုလ်လူတို့၊ မူနီသျှည်း၊ နည်းမှန်လမ်းမှန်၊ ကျမ်းဂန်တို့တွင်၊ လွန်ထင်မြင်လျက်၊ ဆင်ကောင်တွေ့ကာ၊ ဆင်ခြေရာကို၊ မရှာလေသင့်၊ ရှင်ပင့်ဇာတ်ဟောင်း၊ ထပ်လောင်းဖော်ထုတ်၊ ဝဋ္ဋသုတ်ကို၊ ပုဒ်လည်းညီမျှ၊ နှတ်ပိသနှင့်၊ သိလသရဏဂုဏ်၊ ကိုယ်လုံးခြုံ၍၊ ယုံယုံရွတ်ကြစေကုန်သောဝ်[၄၂]။

**ဝဋ္ဋသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ပြီး၏။**

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

[၄၂] မြင်းခြံ-၃-ဆောင်မှ မဟာပရိတ်တော်ကြီးနိဿသစ်၊ ၈၂-၈၃။

# ဓဇဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## သုတ်ဇေဂ္ဂ နိဒါန်းပြ

(က) ယဿာ'နုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ'မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

(ခ) သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ နစ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ယဿာနုဿရဏေနာပိ= ယသ်သာ နုသ်သရဏေနာပိ၊
[ယဿ+အနုဿရဏေန+အပိ]၊
အန္တလိက္ခေပိ= အန်တ လိက်ခေပိ၊
ပတိဋ္ဌ မဓိဂစ္ဆန္တိ= ပတိဋ္ဌ မဓိဂစ္ဆန္တိ [ပတိဋ္ဌံ+အဓိဂစ္ဆန္တိ]၊
သဗ္ဗုပဒ္ဒဝဇာလမှာ= သဗ်ဗုပဒ်ဒဝဇာလမ်မှာ [သဗ္ဗ+ဥပဒ္ဒဝ+ဇာလမှာ]၊
ယက္ခစောရာဒိသမ္ဘဝါ=ယက်ခ စောရာဒိ သမ်ဘဝါ [ယက္ခ+စောရ+အာဒိ+သမ္ဘဝါ]၊
ဂဏနာ– သုံးလုံးစပ်ဖတ်၊ **ဂဏ–နာ,** မခွဲနှင့်၊

**ယဿ (ပရိတ္တဿ)**–အကြင်ဓဇဂ္ဂသုတ် ပရိတ်တော်ကို၊ **အနုဿရဏေနာပိ**–အောက်ပေ့ရုံမျှ ဖြင့်သော်လည်း၊ **ပါဏိနော**–သတ္တဝါတို့သည်၊ **အန္တလိက္ခေပိ**–ကောင်းကင်၌ပင်သော်လည်း၊ **ဘူမိယံ ဝိယ**–မြေပေါ်၌ကဲ့သို့၊ **သဗ္ဗထာ**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ပတိဋ္ဌံ**–ထောက်တည်ရာကို၊ **အဓိဂစ္ဆ နှိ**–ရကြကုန်၏၊ **ယက္ခစောရာဒိသမ္ဘဝါ**–ဘိလူး ခိုးသူ စသည်တို့ကြောင့် ဖြစ်ပေါ်လာသော၊ **သဗ္ဗုပဒ္ဒဝ–ဇာလမှာ**–ဘေးရန်ခပင်း ပိုက်ကွန်တွင်းမှ၊ **မုတ္တာနံ**–လွတ်မြောက်ကြရသူတို့၏၊ **ဂဏနာ စ**–အရေအတွက်သည်လည်း၊ **နစ**– မရှိပါပေ၊ **တံ ပရိတ္တံ**–ထိုဓဇဂ္ဂသုတ် ပရိတ်တော်ကို၊ **ဟေ**–အိုသူတော် ကောင်းတို့၊ (**မယံ**–အကျွန်ုပ်တို့သည်၊) **ဘဏာမ**–ရွတ်ကြပါကုန်စို့။

ဓဇဂ္ဂသုတ် ပရိတ်တော်ကို အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌နေသောသူတို့သည် သော်လည်းကောင်း, (ကောင်းကင်မှကျသောသူတို့သည်သော်လည်းကောင်း)[၄၂၅] မြေပေါ်၌ နေကုန်သကဲ့သို့ ထောက်တည်ရာကို ရကြကုန်၏၊ ဘိလူး ခိုးသူ စသည်တို့ကြောင့် ဖြစ်ပေါ် လာသော ဘေးရန်ခပင်း ပိုက်ကွန်တွင်းမှ လွတ်မြောက်ကြရသူတို့၏ အရေအတွက်သည် လည်း မရှိပါ၊ မရေတွက်နိုင်ပါ၊ အိုသူတော်ကောင်းတို့... ထိုဓဇဂ္ဂသုတ် ပရိတ်တော်ကို အကျွန်ုပ်တို့သည် ရွတ်ကြပါကုန်စို့။

**ဓဇဂ်သုတ်အမွမ်း၊ ရွတ်ချင်စွမ်း၊ ဇော်ညွှန်းပြပါသည်။** ။ **"ယသာ'နသရဏောနာပိ"**အစချိသော နှစ်ဂါထာသည် ဘုရားဟောဂါထာများ မဟုတ်ပါ၊ ရှေးဆရာတော်များ သဂါထာဝဂ္ဂ သက္ကသံယုတ် ဓဇဂ္ဂသုတ်အဖွင့်အညီ ပရိတ်ရွတ်ဖတ်သူ, နာယူသူတို့ ရွတ်ဖတ်ချင်အောင်, နာယူချင်အောင် အကျိုးပြ ချိးမွမ်းထားသော ပရိတ်ပျိုး ပရိတ်မွမ်းပင် ဖြစ်၏။

**ဓဇဂ်သုတ်စွမ်းရိုး အကျိုးထင်ထင်။** ။ ဓဇဂ္ဂသုတ်ပရိတ်တော်ကို အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌ ဖြစ်စေကာမူ မြေပေါ်မှာ နေရသကဲ့သို့ ထောက်တည်ရာရနိုင်သည်–ဟူသော အချိုးစကားသည် သဂါထာဝဂ္ဂ သက္ကသံယုတ် အဌကထာ ဓဇဂ္ဂသုတ်အဖွင့်လာ ဝတ္ထုအရပင် ဖြစ်၏။

သိဟိုဠ်ကျွန်း ဒိဃဝါပိစေတိ၌ အင်္ဂတေအချောကိုင်နေစဉ် ရဟန်းငယ်တစ်ပါးသည် စေတီ အထက်ဆင့်လက်ရမ်းမှကျ၍ စေတိဝမ်းပြင်ဖြင့် လျှောကျလာ၏၊ အောက်၌ရှိသော ရဟန်းများက **"ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ, ငါ့ရှင်"**ဟု လှမ်းပြောကြသော် ထိုလိမ့်ကျလာသော ရဟန်းငယ်သည် သေရ မည့်ဘေးမှ ကြောက်လန့်သဖြင့် **"ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု**–ဓဇဂ္ဂပရိတ်သည် ငါ့ကို စောင့်ရှောက်ပါ စေ"ဟု ဆိုလိုက်၏၊ ထိုခဏ၌ပင် ရုတ်တရက် အုတ်နှစ်ချပ် ပေါ်လာကာ လှေခါးထစ် ဖြစ်လျက်ခံနေ၏၊ အပေါ်ရှိ ရဟန်းများက နွယ်လှေခါး ချပေးရာ ထိုလှေခါးပေါ် ရဟန်းရောက်လျှင်ပင် ထိုအုတ်နှစ်ချပ်မှာ တည်မြဲတိုင်း မူလနေရာ၌ပင် ပြန်ရောက်နေလေ၏[၄၂၆]။

ဓဇဂ္ဂပရိတ်ကြောင့် ဘေးရန်မှလွတ်မြောက်ကြရသူတို့မှာ မရေမတွက်နိုင်–ဟူသော အကျိုးပြ စကားမှာလည်း **"ဣဒံ အာဝဇ္ဇေတွာ ဟိ ယက္ခဘယစောရဘယာဒီဟိ ဒုက္ခေဟိ မုတ္တာနံ အန္တော**

---

**အန္တလိက္ခေပိ ပါဏိနော**တိ အာကာသေ နိသိန္နာပိ တတော ဝါ ပတိတာပိ သတ္တာ။ (ပရိတ္တဋီကာပါဠိ၊ ၆၆။)

သံ၊ ၌၊ ၁၊ ၃၁၂။

**နတ္ထိ**”ဟူသော သဂါထာဝဂ္ဂ သက္ကသံယုတ် အဋ္ဌကထာ ဓေဂ္ဂသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၃၁၂)အရပင် ပြောဆိုခြင်း ဖြစ်၏။

ဤနေရာ၌ “အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌ ထောက်တည်ရာ ရ၏၊ အောက်မေ့ရုံမျှဖြင့်ပင် ဘေးအပေါင်းမှ လွတ်မြောက်သူတို့ မရေမတွက်နိုင်”ဟု **‘အနုသရဏောနာမိ’**ကို ကြောင်းခြင်းရာ နှစ်ချက်လုံးနှင့်ယှဉ်၍ အနက်ယူသင့်၏၊ အဲဒီလို ယူရမည်ကို **“ဤဓေဂ္ဂသုတ်ကို ဆင်ခြင်၍ ဘီလူးဘေး, နိုးသူဘေး စသော ဘေးဒုက္ခတို့မှ လွတ်မြောက်ကြရသူတို့ အဆုံးမရှိ”**ဟု ဖွင့်ဆိုသော အဋ္ဌကထာကို ထောက်ထား၍ပင် သိအပ်၏။

**အဝိ–အနက် သိဖို့အရာက် [အနုသရဏောနာမိ–၌ အဝိ**သဒ္ဒါကား နှိမ့်ချအပ်သော **ဂရဟာ**အနက်ကိုပြ၏၊ ယင်းသည် မြှောပ်ပင့်အပ်သော **သမ္ဘဝနာ**အနက်ကို ပေါင်းဆည်း၏၊ အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌ ထောက်တည်ရာရနိုင်လျှင် ရွှတ်ဆိုပါမူကား ဆိုဖွယ်ရာ မရှိတော့ပြီ–ဟု ဆိုလို။

**အန္တလိက္ခေဝိ–**၌ **အဝိ–**သဒ္ဒါကား **သမ္ဘဝနာ**အနက်ကိုပြ၏၊ **ဂရဟာ**အနက်ကို ပေါင်းဆည်း၏၊ ကောင်းကင်၌ပင် ထောက်တည်ရာရနိုင်လျှင် မြေပြင်စသည်မှာကား ဆိုဖွယ်ရာမရှိပြီ–ဟု ဆိုလိုသည်။]

(၁) **ဓေဂ္ဂသုတ် ပရိတ်တော်သည် အဘယ်ပဋိက, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ?**

သုတ္တန္တပိဋကက, သံယုတ္တနိကာယ်, သဂါထာဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၁၊ ၂၂၀–၂၂၂)မှာ ပါရှိပါတယ်။

(၂) **ဓေဂ္ဂသုတ်ကို အဘယ်ပုဂ္ဂိုလ်သည် အဘယ်နေရာ၌ အဘယ်သူတွေအား အဘယ်ကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါသလဲ?**

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းကော်၌ ရဟန်းတော်များအား နတ်နှင့် အသုရာတို့ စစ်တိုက်မှုကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါတယ်။

၁။ **ဇဝံ မေ သုတံ–**
**ဇကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ**
**ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။**

**သမယံ**–သုံလုံးစပ်ဖတ်၊ "**သ–မယံ, သမ–ယံ** ဟု မဖြစ်လင့်၊

**ဝိဟရတိ**–၌ **ဝိ–ဟရတိ**–ဖတ်၊ **ဟရ**–နှင့် **တိ** အကြားတွင် ဖြတ်၍ "**ဟရ–တိ, ဓမ–တိ, ဂန္ထ–တိ, ကထ–တိ, ကမ–တိ, ဂလ–တိ** စသည် ပါးစပ်အမှားရွတ်၍ အမှန်ဟု စွဲပြီးလျှင် အလွဲကို ကိုးကားလျက် ဓာတ်နှင့် ဝိဘတ်ကို စဉ်းငယ် ဖြတ်ရမည်–ဟု ဆိုတတ်ကုန်၏၊ နာမ်ဖြစ်စေ, အာချာတ်ဖြစ်စေ ဝိဘတ္တန္တ (ဝိဘတ်ဆုံး) ပုဒ်မှန်သမျှ တစ်ပုဒ်တည်းချည်း ဖြစ်၏၊ ထို့အတူ တစ်ပုဒ်ဟု သတ်မှတ်အပ်သော "**ယဒါ, တဒါ, ဧကဒါ, ယဒိ, ယထာ, တထာ, သဗ္ဗထာ** စသော နိပါတ်ပုဒ်တို့မှာလည်း ပုဒ်နှင့် ပစ္စည်းဆို၍ မခွဲရ၊ **ယတော** ကို ယ–တော, **တတော** ကို တ–တော, **ဧကဒါ**ကို ဧက–ဒါ စသည် ခွဲ, ဖြတ်, ရွတ် ကြသည်ကား ကိုးကား၍ အမှန်မဖြစ်၊ ထိုပုဂ္ဂိုလ်တို့ နှတ်တက်မျှသာတည်း။ (ပရိတ္တသင်္ဂဟ၊ ၁၅၆။)

(**ဘန္တေ**–အရှင်ဘုရား၊) **မေ**–တပည့်တော်သည်၊ **ဇဝံ**–ဤသို့၊ **သုတံ**–နာခံမှတ်သား ကြားခဲ့ရပါ၏၊ **ဧကံ**–တစ်ပါးသော၊ **သမယံ**–အခါ၌၊ **ဘဂဝါ**–ဘုရားရှင်သည်၊ **သာဝတ္ထိယံ**–သာဝတ္ထိနေပြည်တော်၌၊ **အနာထပိဏ္ဍိကဿ**–ကိုးရာမဲ့လျှင်း, လူခပင်းအား, ထမင်းရိက္ခာ, ပေးတတ်စွာကြောင့်, အနာထပိဏ်, ဂုဏ်သိရှိပျံ့မွှေး, ရှင်သူဌေး၏၊ **အာရာမေ**–သူတော်ကောင်းတို့, နှစ်ထောင်းချမ်းမြေ့, နှလုံးမွေ့လျော်, ပျော်ဖွယ်ရာဖြစ်သော၊ **ဇေတဝနေ**–ဇေတဝန်မည်သီး, ကျောင်းတော်ကြီး၌၊ ဝိဟရတိ–ယာပိုထ်လေးလိ, မျှညီရွှင်ပြုံး, သိတင်းသုံးတော်မူ၏။

၂။ တတြ ဓေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။
"ဘဒန္တေ"တိ ဇေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။
ဘဂဝါ ဇေ'ဒဝေါစ–
ဘူတပုဗ္ဗံ ဘိက္ခဝေ ဒေဝါသုရသင်္ဂါမော သမုပဗ္ဗုဠ္ဎော အဟောသိ။
အထ ဓေါ ဘိက္ခဝေ သက္ကော ဒေဝါန'မိန္ဒော ဒေဝေ တာဝတိ'သေ အာမန္တေသိ–
"သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ၊
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မဓမဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောဓကယျာထ၊
မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘရိသတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိသတိ။

တတြ= တတ်တရ၊
ဘိက္ခူ= ဘိက်ရု⟶ဘိတ်ရု၊
အာမန္တေသိ= အာမန်တေသိ၊
ဘိက္ခဝေါ= ဘိက်ခဝေါ ဖတ်၊ ဘိက်ခ–ဝေါ ခွဲ မဖတ်လင့်၊
ဘဒန္တေ= ဘဒန်တေ၊ ဘဒန္တေ, ဘဒ္ဒန္တေ ၂–ချက်သင့်၊ ဘဒ္ဒန္တေ= ဘဒ်ဒန်တေ၊
ပစ္စဿောသုံ= ပစ်စသ်သောသုံ⟶ပစ်စတ်သောသုံ၊
ဒေဝါသုရသင်္ဂါမော= ဒေဝါ သုရ သင်ဂါမော [ဒေဝ+အသုရ+သင်္ဂါမော]၊
သမုပဗ္ဗုဠ္ဎော=သမုပတ် ဗ္ဗုဠ္ဎော [သံ+ဥပ+ဗ္ဗုဠ္ဎော]၊
ဒေဝါနမိန္ဒော= ဒေဝါန မိန်ဒေါ [ဒေဝါနံ+ဣန္ဒော]၊
တာဝတိ'သေ– တာဝန့် တိ'သေ စဉ်းငယ်ဖြတ်ဖတ်၊
သစေ–နိပါတ်ပုဒ်တည်း၊ စပ်ဖတ်၊ 'သ–စေ'ဟု မခွဲလင့်၊
ဥပ္ပဇ္ဇေယျ= ဥပ်ပဇ်ဇေယျ⟶ဥပ်ပစ်ဇေယ၊
ဆမ္ဘိတတ္တံ= ဆမ်ဘိ တတ်တံ၊
လောမဟံသော= လောမ–ဟံသော ခွဲဖတ်၊
မဓမဝ–၃ လုံး စပ်၍ဖတ်၊ 'မ–ဓမဝ'ဟု မခွဲလင့်၊

**တသွီ=တတ်သမီ⟶တတ်သမိန်၊** သနှင့် မ–၂ လုံးတွဲကြောင့် ရှေ့ 'တ'၌ အဆင့်သံ ဖတ်ရသည်ဟု မှတ်၊

**ဥလ္လောလေယျာထ= ဥတ်လောကေယာထ၊**

**ဥလ္လောကယတံ= ဥတ်လောကယတံ၊**

**ဘဝိသတိ= ဘဝိတ်သတိ၊**

**ပဟီယိသတိ= ပဟီယိတ်သတိ၊**

**တတြ ဓေါ**–ထိုဇေတဝန်ကျောင်းတော်၌ပင်၊ **ဘဂဝါ**–ဘုရားရှင်သည်၊ **ဘိက္ခူ**–ရဟန်းတို့ကို၊ **"ဘိက္ခဝေါ"တိ**–ရဟန်းတို့ဟူ၍၊ **အာမန္တေသိ**–ခေါ်တော်မူပြီ၊ **"ဘဒန္တေ"တိ**–အရှင်ဘုရားဟူ၍၊ **တေ ဘိက္ခူ**–ထိုရဟန်းတို့သည်၊ **ဘဂဝတော**–ဘုရားရှင်၏ မိန့်ခေါ်ခြင်းကို၊ **ပစ္စဿောသုံ**–စကားတုံ့ပြန် ခံယူကြကုန်ပြီ၊ **ဘဂဝါ**–ဘုရားရှင်သည်၊ **ဧတံ**–ဤစကားကို၊ **အဝေါစ**–မိန့်တော်မူပြီ။

**ဘိက္ခဝေ**–ရဟန်းတို့၊ **ဘူတပုဗ္ဗံ**–ရှေးဦးဖြစ်ဘူးသည်ကား၊ **ဒေဝါသုရသင်္ဂါမော**–တာဝတိံသာ နတ်တို့နှင့် အသုရာတို့၏စစ်ပွဲသည်၊ **သမုပဗ္ဠူဠှော**–ရင်ဆိုင်စုဝေးနေသည်၊ ဝါ–ပြင်ဆင်ခြင်းပြု စုရုံးမှု သည်၊ **အဟောသိ**–ဖြစ်ပြီ။

**ဘိက္ခဝေ**–ရဟန်းတို့၊ **အထ ဓေါ**–ထိုအခါ၌၊ **ဒေဝါနမိန္ဒော**–နတ်တို့၏အရှင်သခင်ဖြစ်သော၊ **သက္ကော**–သိကြားမင်းသည်၊ **တာဝတိံသေ ဒေဝေ**–တာဝတိံသာနတ်တို့ကို၊ **အာမန္တေသိ**–မိန့်ဆိုပြီ၊ **မာရိသာ**–အချင်းနတ်များတို့၊ **သင်္ဂါမဂတာနံ**– စစ်မြေပြင်၌ ရောက်နေကြကုန်သော၊ **ဒေဝါနံ**–သင်နတ် သားတို့အား၊ **ဘယံ ဝါ–ကြောက်လန့်ခြင်းသည်လည်း၊ ဆမ္ဘိတ္တံ ဝါ**–နှလုံးသားခုန် ကိုယ်တုန် လှုပ်ခြင်းသည်လည်းကောင်း၊ **လောမဟံသော ဝါ**–ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ **သစေ ဥပ္ပဇ္ဇေယျ**–အကယ်၍ ဖြစ်ငြားအံ့၊ **တသ္မိံ သမယေ**–ထိုအခါ၌၊ **မမေဝ**–ငါ၏သာလျှင်၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **ဥလ္လောကေယျာထ**–မော်ကြည့်ကြကုန်လော့၊ **ဟိ**–မော်ကြည့်ဖို့ရာ အကြောင်း ကိုဆိုပါအံ့၊ **မမံ**–ငါ၏၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ**–မော်၍ကြည့်ကြကုန်သော၊ **ဓေါ**–သင်တို့အား၊ **ယံ ဘယံ ဝါ**– အကြင်ကြောက်လန့်ခြင်းသည်လည်းကောင်း၊ **ယံ ဆမ္ဘိတ္တံ ဝါ**–အကြင် နှလုံးသားခုန် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **ယော လောမဟံသော ဝါ**–အကြင်ကြက် သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ **ဘဝိသတိ**–ဖြစ်လတ္တံ့၊ **သော**–ထို ကြောက်လန့်ခြင်း, ကိုယ်

တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းသည်၊ **ပဟီယိသတိ**–ချက်ခြင်းပင် ပျောက်ကင်း၍ သွားလိမ့်လတ္တံ့[၄၂]။

**<u>အရှင်အာနန္ဒာထေရ်က အရှင်မဟာကဿပမထေရ်အား လျှောက်ထားချက်</u>**---

အရှင်ဘုရား, တပည့်တော် ဤသို့ နာခံမှတ်သား ကြားနာခဲ့ရပါ၏၊ အခါတစ်ပါး ဘုရားရှင်သည် သာဝတ္ထိနေပြည်တော်တွင် အနာထပိဏ်သူဌေး၏ဇေတဝန်ကျောင်းတော်၌ သိတင်းသုံးနေတော်မူပါ၏၊ ထိုဇေတဝန်ကျောင်းတော်၌ပင် ရဟန်းများကို "ရဟန်းတို့, ဟု ခေါ်တော်မူရာ ရဟန်းများက "အရှင်ဘုရား-ဟု ဘုရားရှင် မိန့်ခေါ်ချက်ကို တုံ့ပြန်ခံယူကြပါသည်။ ရဟန်းတို့, ရှေးတုံးက ဖြစ်ဘူးသည်မှာ တာဝတိံသာနတ်တို့နှင့် အသုရာတို့၏ စစ်ပြင်ဆင် စုရုံးမှုဖြစ်၏၊ ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် တာဝတိံသာနတ်တို့ကို မိန့်ဆို၏၊ အချင်းနတ်များတို့, စစ်မြေပြင်ရောက်နေကြသော သင်နတ်များတို့အား ကြောက်လန့်, ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းများဖြစ်လျှင် ထိုအချိန်မှာ ငါ၏အလံတော်ထိပ်ဖျားကိုသာ မော်ကြည့်ကြကုန်လော့၊ အကြောင်းမှာ ငါ၏အလံတော်ထိပ်ဖျားကို မော်ကြည့်ကြသော သင်တို့အား ဖြစ်တတ်သည့် ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းများ ပြေပျောက်မည်ဖြစ်သောကြောင့်ပင်။

**"ဧဝံ မေ သုတံ"**အစချိသောစကားကား ဘုရားဟော မဟုတ်သေးပါ၊ ပဌမသံဂါယနာတင်စဉ်က အရှင်အာနန္ဒာထေရ်၏ လျှောက်ထားချက်ကို နိဒါန်းအဖြစ် မှတ်တမ်းတင်ထားခြင်းသာဖြစ်၏၊ အခြားပရိတ်များမှာ သက်ဆိုင်ရာ အကြောင်းအထူးပွတို့အရ ဟောတော်မူခဲ့သော်လည်း ဤဓဇဂ္ဂသုတ်ပရိတ်၌ ထိုသို့သောအကြောင်းမရှိပေ၊ ဘုရားရှင် မိမိအလိုတော်အတိုင်း ဟောတော်မူခြင်းဖြစ်၏၊ မိမိအလိုတော်အရ ဟောတော်မူသော ဒေသနာများ၌ ရှေးဦးစွာ ရဟန်းများကို **"ဘိက္ခဝေါ"**ဟု ခေါ်တော်မူလေ့ရှိ၏၊ ထိုသို့ခေါ်တော်မူခြင်းမှာ ဒေသနာအာဂုံ တွေးတောစဉ်းစားနေသော ရဟန်းများ, တရားဆင်ခြင်နေသော ရဟန်းများ, ကမ္မဋ္ဌာန်းနှလုံးသွင်းနေသော ရဟန်းများရှိတတ်ကြရာ ထိုရဟန်းများ၌ ဟောကြားတော်မူမည့်တရား၌ သတိဖြစ်စေဖို့ပင် ဖြစ်၏။

---

၄၂ မဟာဂန္ဓာရုံ ပရိတ်ကြီးနိဿယက ကတ္တားအနက်ပေး၏၊ သပြေကန် ပရိတ်ကြီးနိဿယတွင်မူ **"သော-ကို ပဟီယိသတိ-ပယ်ဖျောက်အပ်ပေလတ္တံ့"**ဟု ကံအနက်ပေး၏။

[**ဘဒန္တေ**တို ဂါရဝဝစနမေတံ-(မ၊ ဋ္ဌ၊ ဘ၊ ဘဖ။ သံ၊ ဋ္ဌ၊ ၂၊ ၂)အဖွင့်အရ **ဘဒန္တေ**-ကား ဘုရားရှင်အား ဂါရဝပြုသောစကားဖြစ်၏၊ လောကမှာ လူကြီးက မိမိကိုခေါ်သောအခါ **"ခင်ဗျာ"**ဟု စကား တုံ့ပြန်မပြု၏၊

ဘုန်းတော်ကြီးက ခေါ်သောအခါ **"အရှင်ဘုရား"**ဟု တုံ့ပြန်၏။

အမှန်အားဖြင့် **ဘဒန္တေ**-သည် ဂါရဝစကားဖြစ်သော်လည်း **"ရဟန်းတို့"**ဟူသော ဘုရားရှင် ခေါ်တော်မူသည်ကို တုံ့ပြန်သောစကားဖြစ်၍ "သတ္ထုနော ပဋိဝစနဒါနံ ဓါ-ဘုရားရှင်အား ပြန်လည် လျှောက်ထားသော စကားတုံ့ပေးခြင်း"ဟု မဇ္ဈိမနိကာယ် မူလပဏ္ဏာသအဋ္ဌကထာ (မ၊ ဋ္ဌ၊ ဘ၊ ဘဖ), သံယုတ္တနိကာယ် နိဒါနဝဂ္ဂ နိဒါနသံယုတ် အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၂၊ ၃)တို့၌ ဖွင့်ပြကြ၏။ သံယုတ်ဋီကာ (သံ၊ ဋီ၊ ဘ၊ ၇၃)မှာတော့ **"ဘဒန္တေ**-အရ အရိုအသေ အလေးအမြတ်ပြုခြင်း, နာယူခြင်း အနက်နှစ်ခု ပေါင်း၍ "**ဘဒန္တေ**တိ ဂရုဂါရဝသပ္ပတိဿဝဝစနမေတံ"ဟု ဖွင့်ဆို၏။

**ဘဂဝတော ပစ္စဿောသုံ**-၌ ဘဂဝတော အာမန္တနံ ပဋိအဿောသုံ, အဘိမုခါ ဟုတ္တာ သုဏိ်သု သမ္မုခီဘိသု ပဋိဂ္ဂဟေသုန္တိ အတ္ထော (မ၊ ဋ္ဌ၊ ဘ၊ ဘဖ။ သံ၊ ဋ္ဌ၊ ၂၊ ၃), ဘဂဝတော ဝစနံ ပတိအဿောသုံ, အဘိမုခါ ဟုတ္တာ သုဏိ်သု သမ္မုခီဘိသူ-တိ အတ္ထော (သံ၊ ဋ္ဌ၊ ဘ၊ ၂၈)ဟူသော အဋ္ဌကထာတို့အလို **ဘဂဝတော**-ဘုရားရှင်၏(ခေါ်တော်မူခြင်းကို)၊ **ပစ္စဿောသုံ**-စကားတုံ့ပြန် ခံယူကြကုန်ပြီ-ဟု ဆိုဋီကာလည်း၊ သဒ္ဒါဆရာတို့အလိုမှာ **ဘဂဝတော**-ဘုရားရှင်အား၊ **ပစ္စဿောသုံ**-ဝန်ခံကုန်ပြီ-ဟု သမ္မဒါန်ပေး၏၊ သို့သော် မောဂ္ဂလ္လာန် (၂၊ ၂၅)ကမှ ဆိုဋီအလိုရှိ၏။]

**ဘုရားဟောမှာ**။ ။ **"ဘူတပုဗ္ဗံ"**-စသည်မှာ အရှင်အာနန္ဒာထေရ် လျှောက်ထားသောစကား ဖြစ်သော်လည်း ဘုရားရှင်ဟောတော်မူသည့်အတိုင်း ပြန်လျှောက်ထားခြင်းဖြစ်၍ ဘုရားဟောစကား တော်သာတည်း။

## တာဝတိ်သာနှင့် အသုရာ စတင်စစ်ခင်းရာ ကြောင်းရင်းမှာ

တာဝတိ်သာနတ်ပြည်၌ ရှေးဟောင်းနတ်များရှိခဲ့၏၊ မဂဓတိုင်း မစလရွာမှ မဃလုလင်သည် အပေါင်းအဖော် သုံးကျိပ်သုံးယောက်နှင့်အတူ ကောင်းမှုပြုခဲ့သောကြောင့် တာဝတိ်သာ ရောက်လာကြသည်၊ ည့ဉ်သည်တွေ ရောက်လာကြသည့်အတွက် ရှိရင်းစွဲနတ်များက ဂန္ဓပါန-ခေါ် မွှေးကြိုင်သော အနံ့ရှိသော နတ်အဖျော်ကို စိမ်ကြ၏၊ သိကြားမင်းက မိမိအပေါင်းအဖော်များကို ထိုအဖျော်ကို မသောက်ကြပဲ သောက်ဟန်ဆောင်ရုံမျှသာပြုကြရန် သတိပေးသောကြောင့် ထိုအပေါင်းအဖော်နတ်များ မသောက်ကြပါ၊ ထိုပြည်နေ နတ်များမှာ အလွန်အကျွံသောက်ကြ၍ မူးလဲမေ့လျော့နေစဉ် ခြေ

ထောက်ကိုဆွဲလျက် မြင်းမိုရ်တောင်ခြေသို့ ပစ်ချလိုက်ကြ၏၊ သူတို့ကံအရ မြင်းမိုရ်တောင်ခြေမှာ အသုရာနတ်ပြည် ဖြစ်ပေါ်လာ၏၊ သူတို့ ကိုယ်ရေအဆင်းစသည်နှင့် နတ်ပြည်အခြေအနေမှာ တာဝတီသာနတ်ပြည်နှင့် ထပ်တူဖြစ်၍ မိမိတို့ တစ်တိုင်းတစ်ပြည်သို့ ရောက်နေမှန်း ပဌမ မသိကြသော်လည်း သခွတ်ပင်ပွင့်သောအခါ အမှတ်ရလာကြ၏၊ "မိမိတို့မှာ ပင်လယ်ကသစ်ပွင့်သည်၊ ဤပြည်ကာ သခွတ်ပွင့်သည်, တို့ပြည်မဟုတ်၊ တို့ပြည်ကို လုယက်ထားသော သိကြားအိုကို စစ်တိုက်ကြစို့"ဟု ဆိုကာ စစ်ချီလာကြ၏၊ အဲဒီလို အသုရာနှင့် တာဝတီသာ စစ်ဖြစ်ကြရ၏၊ အချင်းချင်း စစ်တိုက်ကြသော်လည်း သူတို့ ပေါက်ပြဲသွေးထွက်သံယိုခြင်း-မရှိ၊ ထိတ်ရုံ, လန့်ရုံမျှသာ ဖြစ်၏၊ ရံခါ အသုရာကနိုင်၍ တာဝတီသာရောက်လာသည်ဖြစ်စေ, ရံခါ တာဝတီသာက နိုင်၍ အသုရာပြည်အထိ ရောက်သည်ဖြစ်စေ နတ်မြို့တံခါးပိတ်လိုက်လျှင် ဘာမျှမတတ်နိုင်တော့၍ ဤနတ်ပြည် နှစ်ပြည်မှာ **အယုဇ္ဈပုရ**-(ရန်သူ မအောင်နိုင်သော ပြည်များ)ဟု ဆိုရ၏၊ ဤသို့ ရံဖန်ရံခါ စစ်ဖြစ်၍ **"ဘူတပုဗ္ဗံ ဘိက္ခဝေ"**စသည်ဖြင့် ဟောတော်မူသည်[၄၂၁]။

**သမုပဗျူဠှော**တိ သမ္ပိဏ္ဍိတော ရာသိဘူတော-ဟူသော သဂါထာဝဂ္ဂ သက္ကသံယုတ်အဋ္ဌကထာ ဇေဂ္ဂသုတ်အဖွင့်အရ နှစ်ဘက်စစ်သည်တို့ ဆုံမိ၍ အပေါင်းအစုဖြစ်နေခြင်း-ဟု ဆိုလိုဏ်။

**မာရိသာ**တိ ဒေဝတာနံ ပိယသမုဒါစာရဝစနမေတံ-ဟူသော သဂါထာဝဂ္ဂဒေဝတာသံယုတ်အဋ္ဌကထာ ဩဃတရဏသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၁၆)အရ **မာရိသ**-ကား နတ်တို့၏ ချစ်စနိုး အခေါ်တစ်မျိုးတည်း။ **မရိသ**-သည် သဟန-အနက်ဟောဖြစ်ရာ **သဟန**-ဟူသည် ခန္တီ (သည်းခံခြင်း), အဘိဘဝန(လွှမ်းမိုခြင်း) အနက်နှစ်မျိုး ထွက်သောကြောင့် ဒိနေရာမှာ **အဘိဘဝန**-အနက်ယူလျက် "မရိသနဋ္ဌေန ပါပါနံ ရောဂါဒိအနတ္ထာနံ အဘိဘဝနဋ္ဌေန **မာရိသော၊** ဒုက္ခရဟိတော"ဟု သံယုတ်ဋီကာ (သံ၊ ဋ္ဌ၊ ၁၊ ၄၄)ဖွင့်၏၊ ရောဂါအစရှိသော အကျိုးမဲ့ မကောင်းသောတရားတို့ကို လွှမ်းမိုးဖျက်ဆီးတတ်သောကြောင့် **"မာရိသ"** မည်၏၊ ဆင်းရဲကင်းသူ-ဟု ဆိုလိုဏ်၊ ထို့ကြောင့် "နိဒ္ဒုက္ခာတိ ဝုတ္တံ ဟောတိ[၄၂၉]"ဟု သံယုတ်အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၁၊ ၁၆)ဖွင့်၏။

**"မာရိသာ**တိ ပိယဝစနမေတံ၊ ဒေဝတာနံ ပါဋိယေက္ကော ဝေါဟာရော"ဟူသော သုတ်မဟာဝါအဋ္ဌကထာ သက္ကပဥသုတ်အဖွင့် (ဒီ၊ ဋ္ဌ၊ ၂၊ ၂၉၁)အရ **မာရိသ**ကား နတ်တို့၏ သီးခြားအခေါ်ဝေါဟာရ တစ်မျိုး-ဟု သိရ၏၊ ဒါအပြင် လူတွေအချင်းချင်း **မာရိသ**ခေါ်သည်ကိုလည်း တွေ့ရ၏၊ ဇာတ်

---

[၄၂၁] သံယုတ္တနိကာယ် သဂါထာဝဂ္ဂအဋ္ဌကထာ သက္ကသံယုတ် သုဝီရသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၃၀၉။)

[၄၂၉] နိဒ္ဒုက္ခာတိပိ ဝုတ္တံ ဟောတိ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၂၉၁။)

အဋ္ဌကထာ တတိယအုပ် သဗ္ဗမံသလာဘဇာတ် (ဇာတက၊ ဋ္ဌ၊ ၃၊ ၄၆)၌ မိမိထံ အသားလာတောင်းသော သူဌေးသားအား မုဆိုးက "မာရိသ ပရံ ကိဉ္စိ ယာစန္တေန နာမ ပိယဝစနေန ဘဝိတဗ္ဗံ-အမောင်... သူတစ်ပါးထံ တစ်စုံတစ်ခုကို တောင်းသူသည် ချစ်နှစ်သက်ဖွယ်စကားရှိသင့်၏"ဟု ဆို၏။

သုတ္တနိပါတ် အဋ္ဌကဝဂ် တိဿမေတ္တေယျသုတ် (ခ၊ ၁၊ ၄၀၆)၌ "မေထုနမနုယုတ္တာသ၊ ဝိဃာတံ ဗြူဟိ မာရိသ-အရှင်ဘုရား...မေထုန်အမှုကို ပြုကျင့်အားထုတ်သူ၏ ဆင်းရဲပင်ပန်းရပုံကို ဟောကြားတော်မူပါ"ဟု အရှင်တိဿမေတ္တေယျက ဘုရားရှင်အား **"မာရိသ"**ဟူသော အခေါ်ဖြင့် ခေါ်၏။

ဒို့အပြင် **မာရိသ**ကို "နိဒ္ဒုက္ခ-ဆင်းရဲကင်းသူ, နိရာဗာဓ-ရောဂါကင်းသူ"ဟု အဖွင့်မျှားသော်လည်း တစ်ခြားအဖွင့်တစ်မျိုးကိုလည်း တွေ့ရ၏။ ပေတဝတ္ထုပါဠိ သေဋ္ဌပုတ္တပေတဝတ္ထု (ခ၊ ၂၊ ၂၁၆), ဇာတကပါဠိ လောဟကုမ္ဘိဇာတ် (ဇာတက၊ ၁၊ ၁၀၀), နေတ္တိပါဠိ ပဋိနဒ္ဒေသဝါရ (၁၅၆), သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ ယညသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၁၃၂), ဓမ္မပဒအဋ္ဌကထာ အညတရပုရိသဝတ္ထု (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၈၈), ပေတဝတ္ထုအဋ္ဌကထာ (၂၆၃), ဇာတ်အဋ္ဌကထာ (ဇာတက၊ ဋ္ဌ၊ ၃၊ ၄၄)တို့၌---

နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိသတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယ္ဟဉ္စ **မာရိသ**-

ဟု လာရှိရာ ထို၌ **'မာရိသ'**ဇာတ်အဋ္ဌကထာ (ဇာတက၊ ဋ္ဌ၊ ၃၊ ၄၄)က **"မာရိသာ**တိ မယာ သဒိသာ၊ ပိယာလပနမေတံ ဇေတဿံ"ဟု ဖွင့်၏။ **မာရိသ**-ငါနှင့်တူသူ, ငါလူ-ဟူသော အခေါ်မှာ ချစ်စဖွယ် အခေါ်တစ်မျိုးပင် ဖြစ်၏။

အမရကောသ နာမ္နဝဂ် ဂါထာ (၁၄)၌ကား **'မာရိသ'**ကို မြင့်မြတ်သူ-ဟု ဆို၏။ ဤမြင့်မြတ်သူအနက်အရ आर्य स्तु मारिष: **'မာရိသ'**မှာ **'အယျ'**၏ ပရိယာယ်ဖြစ်ရာ **"မာရိသ**-အရှင်ဘုရား" ဟုလည်း အနက်ပြန်နိုင်သည်။ **"မာရိသာ**တိ မယာ သဒိသာ"ဟူသော အဖွင့်အရ အရာဌာနအားလျော်စွာ "မိတ်ဆွေ"ဟုလည်း ပြန်နိုင်ဖွယ် ရှိပါသည်။

**ဘယံ ဆမ္ဘီ လောမဟံသော။** ။ **'ဘယ'**စသည်ကို သိလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့် (ဒီ၊ ဋ္ဌ၊ ၁၊ ၁၀၂)၌ 'စေတသော ဥတြာသော (စိတ္တုတြာသ)'အရ စိတ်ထိတ်လန့်ခြင်းတည်း၊ ကြောက်လန့်ခြင်း-ဟူသည်မှာလည်း 'စိတ္တုတြာသ'ပင်ဖြစ်၏၊ သုတ္တနိပါတ် အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့် (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၇၈) ထဒ္ဓဘာဝကရဘယာဘာဝေန **အာဆမ္ဘီ**-အရ **ဆမ္ဘီ**-သည် တောင့်တင်းခိုင်မာခြင်းရှိသူ-ဟု အနက်ပြန်ရ၏၊ **ထမ္ဘ**-မှ ထ-သည် ဆ-ဖြစ်လာသည်၊ ဤအလို **ဆမ္ဘီတတ္တံ**-ကို

ကိုယ်လက်တောင့်တင်း ခိုင်မာခြင်း-ဟု ပြန်ပါ။ သဂါထာဝဂ္ဂအဋ္ဌကထာ ကောသလသံယုတ် ကုဿတ္ထ သုတ်အဖွင့်၌ **ဆမ္ဘီ**တိ ပဝေဓိတကာယော (သံ၊ ဋ္ဌ၊ ၁၊ ၁၅၂)အရ **ဆမ္ဘီ**-တုန်လှုပ်သောကိုယ်ရှိသူ (ကိုယ်တုန်လှုပ်သူ)အနက်ဟောတ၏၊ **ဆမ္ဘီတတ္တံ**-ကို "ကာယိဉ္ဇန် ကာယကမ္မော ဟဒယမံသစလန်"ဟု ဖွင့်သော ပါရာဇိက သုဒိန္နကဏ္ဍအဋ္ဌကထာ (၀ိ၊ ဋ္ဌ၊ ၁၊ ၁၇၆)အရလည်း "ကိုယ်တုန်လပ်ခြင်း, နှလုံးသားတုန်လှုပ်ခြင်း"ဟု ဆို၏။ သုတ္တနိပါတ်အဋ္ဌကထာ ကသိဘာရဒွါဇသုတ်၌ **"လောမဟင်္ဂဇာတော သရီရေန**။ သရီရေ ကိရ-သေ နဝနဝုတိလောမကူပသဟဿာနိ သုဝဏ္ဏဘိတ္တိယာ အာဟာတမဏိ နာဂဒန္တာ ဝိယ ဥဒ္ဓဂ္ဂါ အဟေသုံ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၃၉)အဖွင့်အရ **လောမဟံသော**-ကို မွေးညှင်းတွင်းတို့မှ အမွေးတို့သည် အဖျားကော့တက်ခြင်း (ကြက်သီးမွေးညှင်းထခြင်း)ဟု ဆိုလို၏။

**ဥလ္လောကေယျာထ-မော်ကြည့်ကြ**-ဆိုသည်မှာ အလံတော်က မြင့်သောကြောင့် ဖြစ်၏၊ "သိကြားမင်းစီးတဲ့ ဝေဇယန္တာရထားသည် ရထားကိုယ်ထည်က ယူဇနာ ငါးဆယ်, ရွေ့ပိုင်း နောက်ပိုင်းက ယူဇနာ ငါးဆယ်စီ ရှိ၍ စုစုပေါင်း ယူဇနာ တစ်ရာ့ငါးဆယ် ရှည်လျား၏၊ ရထားမှာခင်းထားတဲ့ ပလ္လင်က တစ်ယူဇနာရှိ၏၊ ပလ္လင်ထက်မှ ထိုးဖြူက သုံးယူဇနာရှိ၏၊ ကျန်တန်ဆာတို့၌ကား ပမာဏမရှိ၊ အလံတော်ကား ယူဇနာ နှစ်ရာ့ငါးဆယ်မြင့်၏-သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၁၊ ၃၁၁-၃၁၂) မှာဆို၏။ အဲဒီ အလံတော် ယူဇနာ နှစ်ရာ့ငါးဆယ်မြင့်သောကြောင့် **"ဥလ္လောကေယျာထ-မော်ကြည့်ကြ"** ဟု ဆိုခြင်း ဖြစ်၏။

**<u>အလံတော်ကြည့်က၊ မကြောက်ကြ၊ စိတ်ကတက်ကြပြီ</u>**။ ။ အလံတော်ကို ကြည့်ခြင်းဖြင့် ဘာ့ကြောင့် မကြောက်သနည်း? ယခုခေတ်မှာ မိမိတို့ပြည်၏အထွတ်အထိပ်အဖြစ် အသိအမှတ်ပြုထားသော အလံများရှိရာ ထိုအလံကိုမြင်ရသူတို့သည် ဇာတိမာန်တက်ကြွကြသကဲ့သို့ သိကြားမင်း၏အလံတော်ကို မြင်ရသောနတ်တို့သည်လည်း "ဒို့ဘုရင်လာရောက်ပြီး ခိုင်မြဲစွာစိုက်ထူထားသော တိုင်ကြီးလိုမားမားကြီးရပ်နေလေပြီ၊ ဒို့က ဘယ်သူကို ကြောက်ရမလဲ? (ကြောက်စရာမရှိ)"ဟု ရဲစိတ် ရဲမာန် ပေါ်လာသည်-ဟု သက္ကသံယုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၃၁၂)၌ လာရှိ၏။

၃။ နော စေ မေ ဓေဂ္ဂံ ဥလ္လောကေယျာထ၊
အထ ပဇာပတိဿ ဒေဝရာဇဿ ဓေဂ္ဂံ ဥလ္လောကေယျာထ။
ပဇာပတိဿ ဟိ ဓေါ ဒေဝရာဇဿ ဓေဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

**ပဇာပတိဿ= ပဇာ ပတိတ်သ [ပဇာ+ပတိဿ]၊**

**ဒေဝရာဇဿ= ဒေဝ ရာဇတ်သ၊**

**မေ**–ငါ၏၊ **ဓေဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **နော စေ ဥလ္လောကေယျာထ**–အကယ်၍ မကြည့်မိကုန်ငြားအံ့၊ **အထ**–ထိုသို့ မကြည့်ကုန်မိသည်ရှိသော်၊ **ပဇာပတိဿ**–ပဇာပတိမည်သော၊ **ဒေဝရာဇဿ**–နတ်မင်း၏၊ **ဓေဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **ဥလ္လောကေယျာထ**–မော်ကြည့်ကြကုန်လော့၊ **ဟိ**–မော်ကြည့် ရခြင်းအကြောင်းကား၊ **ပဇာပတိဿ**–ပဇာပတိမည်သော၊ **ဒေဝရာဇဿ**–နတ်မင်း၏၊ **ဓေဂ္ဂံ**–အလံ တော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ**–မော်၍ ကြည့်ကြကုန်သော၊ **ဓေါ**–သင်တို့အား၊ **ယံ ဘယံ ဝါ**–အကြင် ကြောက်ခြင်းသည်လည်းကောင်း၊ **ယံ ဆမ္ဘိတတ္တံ ဝါ**–အကြင်ကိုယ်တုန်လှုပ်ခြင်း သည်လည်းကြောင်း၊ **ယော လောမဟံသော ဝါ**–အကြင်ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ **ဘဝိဿတိ**–ဖြစ်လတ္တံ့၊ **သော**–ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းကို၊ **ပဟီယိဿတိ**–ပယ်ဖျောက်အပ်ပေလတ္တံ့။

၄။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓေဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဝရဏဿ ဒေဝရာဇဿ ဓေဂ္ဂံ ဥလ္လောကေယျာထ။
ဝရဏဿ ဟိ ဓေါ ဒေဝရာဇဿ ဓေဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

**ဝရဏဿ= ဝရဏသ်သ→ဝရဏတ်သ**

**ပဇာပတိသ**–ပဇာပတိမည်သော၊ **ဒေဝရာဇသ**–နတ်မင်း၏၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **နော စေ ဥလ္လောကေယျာထ**–အကယ်၍ မကြည့်မိကုန်ငြားအံ့၊ **အထ**–ထိုသို့ မကြည့်ကုန်မိသည်ရှိသော်၊ **ဝရုဏသ**–ဝရုဏမည်သော၊ **ဒေဝရာဇသ**–နတ်မင်း၏၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **ဥလ္လောကေ-ယျာထ**–မော်ကြည့်ကြကုန်လော့၊ **ဟိ**–မော်ကြည့်ရခြင်းအကြောင်းကား၊ **ဝရုဏသ**–ဝရုဏမည်သော၊ **ဒေဝရာဇသ**–နတ်မင်း၏၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ**–မော်၍ ကြည့်ကြကုန်သော၊ **ဓဝါ**–သင်တို့အား၊ **ယံ ဘယံ ဝါ**–အကြင်ကြောက်ခြင်းသည်လည်းကောင်း၊ **ယံ ဆမ္ဘိတတ္တံ ဝါ**–အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **ဃော လောမဟံသော ဝါ**–အကြင်ကြောက်သိမ်းမွေးညှင်းထခြင်း သည်လည်းကောင်း၊ **ဘဝိဿတိ**–ဖြစ်လတ့ံ၊ **သော**–ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြောက်သိမ်းမွေးညှင်း ထခြင်းကို၊ **ပဟီယိဿတိ**–ပယ်ဖျောက်အပ်ပေလတ့ံ။

**၅။ နော စေ ဝရုဏသ ဒေဝရာဇသ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊**
**အထ ဤသာနသ ဒေဝရာဇသ ဓဇဂ္ဂံ ဥလ္လောကေယျာထ။**
**ဤသာနသ ဟိ ဓဝါ ဒေဝရာဇသ ဓဇဂ္ဂံ ဥလ္လောကယတံ**
**ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊**
**သော ပဟီယိဿတိ။**

**ဤသာနသ= ဤသာနဿ်သ → ဤသာနတ်သ၊**

**ဝရုဏသ**–ဝရုဏမည်သော၊ **ဒေဝရာဇသ**–နတ်မင်း၏၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **နော စေ ဥလ္လောကေယျာထ**–အကယ်၍ မကြည့်မိကုန်ငြားအံ့၊ **အထ**–ထိုသို့ မကြည့်ကုန်မိသည်ရှိသော်၊ **ဤသာနသ**–ဤသာနမည်သော၊ **ဒေဝရာဇသ**–နတ်မင်း၏၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **ဥလ္လောကေ-ယျာထ**–မော်ကြည့်ကြကုန်လော့၊ **ဟိ**–မော်ကြည့်ရခြင်းအကြောင်းကား၊ **ဤသာနသ**–ဤသာနမည်သော၊ **ဒေဝရာဇသ**–နတ်မင်း၏၊ **ဓဇဂ္ဂံ**–အလံတော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ**–မော်၍ ကြည့်ကြကုန်သော၊ **ဓဝါ**–သင်တို့အား၊ **ယံ ဘယံ ဝါ**–အကြင်ကြောက်ခြင်းသည်လည်းကောင်း၊ **ယံ ဆမ္ဘိတတ္တံ ဝါ**–အကြင်ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **ဃော လောမဟံသော ဝါ**–အကြင်ကြောက်သိမ်းမွေးညှင်းထခြင်းသည်လည်းကောင်း၊ **ဘဝိဿတိ**–ဖြစ်လတ့ံ၊ **သော**–ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း,

ကြက်သီးမွေးညှင်းထခြင်းကို၊ **ပဟိယိသတိ**–ပယ်ဖျောက်အပ်ပေလတံ့။ (**ကုတိ**–ဤသို့၊ **အာမန္တေသိ**–ခေါ်တော်မူပြီ။)

**အဆင့်ဆင့် အလံတော် မော်ကြည့်ကြလော့**–––ငါ၏အလံတော်ထိပ်ဖျားကို အကယ်၍ မော်မကြည့်မိခဲ့လျှင် ပဇာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ . . . ပဇာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို အကယ်၍မော်မကြည့်မိခဲ့လျှင် ဝရုဏနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ . . . ဝရုဏနတ်မင်း၏အလံတော်ထိပ်ဖျားကို အကယ်၍ မော်မကြည့်မိခဲ့လျှင် ဤသာနနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ အကြောင်းမှာ ဤသာနနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ဖြစ်လာမည့် ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းများ ပျောက်လိမ့်မည် ဖြစ်သောကြောင့်တည်း။

**အခြားနတ်မင်းများ သိကြားမင်းနှင့် တူပုံ။** ။ ပဇာပတိ, ဝရုဏ, ဤသာန နတ်မင်းတို့မှာ သိကြားမင်းနှင့် ဂုပ်ဆင်းတူ, အသက်အရွယ်တူ နတ်မင်းများဖြစ်ကြ၏၊ ပဇာပတိနတ်မင်းသည် ဒုတိယနေရာရ သူဖြစ်၍ ဝရုဏနတ်မင်းမှာ တတိယနေရာ, ဤသာနနတ်မင်းက စတုတ္ထနေရာရသူများ ဖြစ်ကြ၏၊ အဲဒီလိုသိကြားမင်းနှင့်တူသော နတ်မင်းများဖြစ်ကြရာ သူတို့၏အလံများသည်လည်း နတ်များ၏ ကြောက်လန့်မှုစသည်ကို ပြေပျောက်စေလျက် ရဲရင့်လာစေတတ်၏။

> **သတ္တဟတ္ထာ၊ မြင့်မိုရ်တာဖြင့်၊ ယူဇနာပေါင်း။ မြင့်ဆောင်းဆောင်းလျှင်၊ ရွှစ်သောင်း လေးထောင်၊ နှစ်ပြန်ဆောင်သား။ တော်၏ထိပ်မှာ၊ မိုးနတ်ချာနှင့်၊ ပဇာပတိ၊ ဘုန်းရှိ ကျော်ဟုတ်၊ ဝရုဏ်နာမ၊ ဤသာနဟု၊ ဒေဝလေးယောက်၊ လွှင့်ဆောက်လေးပါး။ တံခွန်ဖျားကို၊ လူများတကာ၊ ကိုးကွယ်ရာသား။ မဟာပဏ္ဍို၊ ဟတ္ထိပါလ၊ စသည်သားချင်း။ မင်းတို့နောက်ဆုံး။ ရွှေးဘုန်းညီတော်၊ တောထွက်သော်လည်း။**
>
> **(အမည်မသိ ရွှေးစာဆို)**

၆။ တံ ဓေါ ပန ဘိက္ခဝေ
သင်္ဃသ္သ ဝါ ဒေဝါန'မိန္ဒသ္သ ဓေဂ္ဂံ ဥလ္လောကယတံ,
ပဇာပတိသ္သ ဝါ ဒေဝရာဇသ္သ ဓေဂ္ဂံ ဥလ္လောကယတံ,
ဝရုဏသ္သ ဝါ ဒေဝရာဇသ္သ ဓေဂ္ဂံ ဥလ္လောကယတံ,
ဉာဿာနသ္သ ဝါ ဒေဝရာဇသ္သ ဓေဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိသတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယေထာပိ နောပိ ပဟီယေထ။

ပဟီယေထာပိ [ပဟီယေထ+အပိ]၊

**ဘိက္ခဝေ**–ရဟန်းတို့၊ **ဒေဝါနမိန္ဒသ္သ**–နတ်တို့၏အရှင် ဘုရင်ဖြစ်သော၊ **သင်္ဃသ္သ**–သိကြား မင်း၏၊ **တံ ဓေါ ပန ဓေဂ္ဂံ**–ထိုအလံတော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ ဝါ**–မော်ကြည့်ကြသော နတ်တို့အား လည်းကောင်း၊ **ပဇာပတိသ္သ**–ပဇာပတိမည်သော၊ **ဒေဝရာဇသ္သ**–နတ်မင်း၏၊ **တံ ဓေါ ပန ဓေဂ္ဂံ**–ထိုအလံ တော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ ဝါ**–မော်ကြည့်ကြသောနတ်တို့အား လည်းကောင်း၊ **ဝရုဏသ္သ**–ဝရုဏမည်သော၊ **ဒေဝရာဇသ္သ**–နတ်မင်း၏၊ **တံ ဓေါ ပန ဓေဂ္ဂံ**–ထိုအလံ တော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ ဝါ**–မော်ကြည့်ကြသောနတ်တို့အား လည်းကောင်း၊ **ဉာဿာနသ္သ**–ဉာဿာနမည်သော၊ **ဒေဝရာဇသ္သ**–နတ်မင်း၏၊ **တံ ဓေါ ပန ဓေဂ္ဂံ**–ထိုအလံတော်ထိပ်ဖျားကို၊ **ဥလ္လောကယတံ ဝါ**–မော်ကြည့်ကြသောနတ်တို့အား လည်းကောင်း၊ **ယံ ဘယံ ဝါ**–အကြင် ကြောက်လန့်ခြင်းသည် လည်းကောင်း၊ **ယံ ဆမ္ဘိတတ္တံ ဝါ**–အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **ယော လောမဟံသော ဝါ**–အကြင်ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ **ဘဝိသတိ**–ဖြစ်ပေလတံ့၊ **သော**–ထို ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းကို၊ **ပဟီယေထာပိ**–ပယ်ဖျောက်အပ် သည်လည်း ရှိရာ၏၊ **နောပိ ပဟီယေထ**–မပယ်ဖျောက်အပ်သည်လည်း ရှိရာ၏။

ရဟန်းတို့...နတ်တို့ဘုရင် သိကြားမင်း၏အလံတော်ထိပ်ဖျားကို မော်ကြည့်ကြရ၍ ဖြစ်စေ, ပဇာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြရ၍ဖြစ်စေ, ဝရုဏနတ်မင်း၏အလံတော်ထိပ်ဖျားကို မော်ကြည့်ကြရ၍ဖြစ်စေ, ဉာဿာနနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြရ၍ဖြစ်စေ နတ်တို့အားဖြစ်ပေါ်လာသော ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းသည် ပျောက်သည်မူလည်းရှိ၏၊ မပျောက်သည်မူလည်း ရှိ၏။

၇။ တံ ကိသ ဟေတု?
သတ္ထော ဟိ ဘိက္ခဝေ ဒေဝါန'မိန္ဒော
အဝိတရာဂေါ အဝိတဒေါသော အဝိတမောဟော
ဘိရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

အဝိတရာဂေါ= အဝိတ ရာဂေါ [နှ+ဝိတ+ရာဂေါ]၊
အဝိတဒေါသော= အဝိတ ဒေါသော [နှ+ဝိတ+ဒေါသော]၊
အဝိတမောဟော= အဝိတ မောဟော [နှ+ ဝိတ+မောဟော]၊
ဆမ္ဘီ= ဆမ်ဘီ၊
ဥတြာသီ= ဥတ်တရာသီ၊
ပလာယီတိ=ပလာယီ တိ [ပလာယီ+ကွတိ]၊

**တံ**–ထိုကြောက်လန့်ခြင်းစသည် ပျောက်, မပျောက် နှစ်မျိုးဖြစ်ရခြင်းသည်၊ **ကိသ ဟေတု**–အဘယ်အကြောင်းကြောင့်နည်း? **ဘိက္ခဝေ**–ရဟန်းတို့၊ **ဟိ ယသ္မာ**–အကြင့်ကြောင့်၊ **ဒေဝါနမိန္ဒော**–နတ်တို့၏ အရှင် ဘုရင်ဖြစ်သော၊ **သတ္ထော**–သိကြားမင်းသည်၊ **အဝိတရာဂေါ**– မကင်းသေးသော ရာဂရှိ၏၊ **အဝိတဒေါသော**–မကင်းသေးသော ဒေါသရှိ၏၊ **အဝိတမောဟော**–မကင်းသေးသော မောဟရှိ၏၊ **ဘိရု**–ကြောက်တတ်၏၊ **ဆမ္ဘီ**–ကိုယ်တုန်လှုပ်တတ်၏၊ **ဥတြာသီ**–ထိတ်လန့်တတ်၏၊ **ပလာယီ**–ထွက်ပြေးတတ်၏၊ **ကွတိ**–ထို့ကြောင့်တည်း။

အဘယ်အကြောင်းကြောင့် ထိုကြောက်ခြင်းစသည် ပျောက်, မပျောက် နှစ်မျိုးဖြစ်ရသနည်း?ဟုမူ နတ်တို့ဘုရင် သိကြားမင်းသည် ရာဂ, ဒေါသ, မောဟ မကင်းသေးချေ။ ကြောက်လည်း ကြောက်တတ်၏၊ ထို့အပြင်လည်း ကိုယ်တုန်လှုပ်တတ်, ထိတ်လန့်တတ်, ထွက်ပြေးတတ်၏၊ ထို့ကြောင့် ထိုကြောက်ခြင်းစသည် ပျောက်, မပျောက် နှစ်မျိုး ဖြစ်ရသည်။ [အလံပိုင်ရှင် သိကြား မင်းသည်ပင် ရာဂ ဒေါသ မောဟ မကင်းသေး၍ ကြောက်ထိပ်လန့်ခြင်းစသည် ရှိသေးလျှင် သူ၏အလံဖျားကို မော်ကြည့်ရသောနတ်တို့အားမူ ထိုကြောက်ခြင်းစသည် ရံခါ ပျောက်၍ ရံခါ မပျောက် နှစ်မျိုး ဖြစ်ရတော့၏–ဟု ဆိုလို။]

၈။ အဟဉ္ဇ ခေါ ဘိက္ခဝေ ဝေံ ဝဒါမိ၊
သစေ တုမှာကံ ဘိက္ခဝေ
အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ
ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
မမေဝ တသ္မိ သမယေ အနုဿရေယျာထ-

အဟဉ္ဇ= အဟင်စ [အဟံ+စ]
တုမှာကံ= တုမ်မှာကံ၊
အရညဂတာနံ= အရင်ဥ ဂတာနံ၊
ရုက္ခမူလဂတာနံ= ရုက်ခ မူလ ဂတာနံ [ရုက္ခ+မူလ+ဂတာနံ]၊
သုညာဂါရဂတာနံ= သုန်ဥာဂါရ ဂတာနံ [သုည+အာဂါရ+ဂတာနံ၊
ဥပ္ပဇ္ဇေယျ= ဥပ်ပဇ်ဇေယျ၊
အနုဿရေယျာထ= အနုသ် သရေယျာထ→အနုတ် သရေယျာထ
[အနု+သရ+ဧယျာထ]

**ဘိက္ခဝေ**–ရဟန်းတို့၊ **အဟဉ္ဇ ခေါ**–ငါဘုရားသည်ကား၊ **ဝေံ**–ဤသို့၊ **ဝဒါမိ**–ဟောတော်မူ၏၊ **ဘိက္ခဝေ**–ရဟန်းတို့၊ **အရညဂတာနံ ဝါ**–တောအရပ်သို့ ကပ်ရောက်သည်မူလည်း ဖြစ်ကုန်သော၊ **ရုက္ခမူလဂတာနံ ဝါ**–သစ်ပင်ရင်းသို့ ကပ်ရောက်သည်မူလည်းဖြစ်ကုန်သော၊ **သုညာဂါရဂတာနံ ဝါ**–ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သည်မူလည်း ဖြစ်ကုန်သော၊ **တုမှာကံ**–သင်တို့အား၊ **ဘယံ ဝါ**–ကြောက်လန့်ခြင်းသည်လည်းကောင်း၊ **ဆမ္ဘိတတ္တံ ဝါ**–ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **လောမဟံသော ဝါ**–ကြက်သီး မွေးညှင်းထခြင်းသည်လည်းကောင်း၊ **သစေ ဥပ္ပဇ္ဇေယျ**–အကယ်၍ ဖြစ်ငြားအံ့၊ **တသ္မိ သမယေ**–ထိုအခါ၌၊ **မမေဝ**–ငါဘုရားကိုသာလျှင်၊ **အနုဿရေယျာထ**–အဖန်ဖန် တလဲလဲ အောက်မေ့ကြကုန်လော့

ရဟန်းတို့...ငါဘုရားသည်လည်း သင်ရဟန်းတို့ကို ဤသို့ဆိုတော်မူ၏၊ ရဟန်းတို့ သင်တို့မှာတောအရပ်၌ နေထိုင်စဉ်ဖြစ်စေ, သစ်ပင်အောက်၌ နေထိုင်စဉ် ဖြစ်စေ, ဆိတ်ငြိပ်ရာ၌ နေထိုင်စဉ်ဖြစ်စေ ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းများ အကယ်၍ ဖြစ်ခဲ့အံ့၊ (ထိုသို့ဖြစ်ခဲ့သော်) ငါဘုရား (ဂုဏ်)ကိုသာ အောက်မေ့ကြကုန်လော့။

၉။ “ကုတိဝိ သော ဘဂဝါ
အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော,
သုဂတော, လောကဝိဒူ,
အနုတ္တရော, ပုရိသဒမ္မသာရထိ,
သတ္ထာ ဒေဝမနုဿာနံ,
ဗုဒ္ဓေါ, ဘဂဝါ”တိ။

သမ္မာသမ္ဗုဒ္ဓေါ= သမ်မာ သမ်ဗုဒ္ဓေါ၊ [သမ္မာ+သံ+ဗုဒ္ဓေါ]။
ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ်ဇာ စရဏ သမ်ပန်နော၊
သုဂတော- သု-ဂတော-ဖတ်၊ သုဂ-တော မဖတ်လင့်၊
အနုတ္တရော=အနုတ်တရော၊
ပုရိသဒမ္မသာရထိ= ပုရိသ ဒမ်မ သာရထိ၊
သတ္ထာ= သတ်ထာ၊
ဒေဝမနုဿာနံ= ဒေဝ မနုသ်သာနံ၊
ဗုဒ္ဓေါ= ဗုဒ်ဓော၊

**သော ဘဂဝါ**–ထို သုံးလူထွတ်ထား ရှင်တော်မြတ်ဘုရားသည်၊ **ကုတိဝိ**–ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ အလွန်တော်အတန်တန် အပူဇော်ခံတော်မူထိုက် နှစ်ခြိုက်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း၊ **အရဟံ**–အရဟံဟု သုံးတန်စုံလင် ဘုံအပြင်ဝယ် လွင်တလူလူ ကျော်ကြားတော်မူပါပေ၏။(၁)

**သော ဘဂဝါ**– **ထို**ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည်၊ **ကုတိဝိ**–မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ငါးတန်ဥယျ ဓမ္မလုံးစုံ အကုန်သိတော်မူ၏ဟူသော ဤအကြောင်းကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ**– သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ရလျက် လောကတစ်ခွင် လွန်ပင်ထင်ပေါ် ကျော်ကြားတော်မူပါပေ၏။ (၂)

**သော ဘဂဝါ**–ထိုဤဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **ကုတိဝိ**–ဝိဇ္ဇာဉာဏ်နှင့် အကျင့်စရဏ ပြည့်ဝစုံလင် ဂုဏ်အင်ခညောင်း ဤအကြောင်းကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော**–ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်သလျက် သုံးဝဘုံခွင် လွန်ပင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (၃)

**သော ဘဂဝါ**– ထိုဘုန်းတော်ကံတော် ဉာဏ်တော်ကြီးမား ရှင်တော်မြတ်ဘုရားသည်၊ **ဣတိပိ**–စကားကောင်းဆို နိဗ္ဗာန်ကိုကြွေ ဗုဒ္ဓဖြစ်ထိ လွဲမရှိပဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗဉ် ဉာဏ်တော် ရကြောင်းရော်၍ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ **သုဂတော**–သုဂတဟု ထူးလှဂုဏ်မွန် တံခွန်ထူကာ လွန်စွာထင်ရှား ကျော်ကြားတော်မူပါပေ၏။

**သော ဘဂဝါ**–ထိုဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည်၊ **ဣတိပိ**–သတ္တ ဩကာသ သခါရဟု လောကအစုံ အကုန်သိတောင်း ဤအကြောင်းကြောင့်လည်း၊ **လောကဝိဒူ**–လောကဝိဒူ ဂုဏ်မြှင့်ထူလျက် ဝှန်ဆူကျော်ကြား ထင်ရှားတော်မူပါပေ၏။

**သော ဘဂဝါ**–ထို ဖြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူလေးမြတ် ပူဇော်အပ်ငြား ရှင်တော်မြတ်ဘုရားသည်၊ **ဣတိပိ**–သီလစသည် ဂုဏ်အရည်ဖြင့် မိုသူကင်းကွာ သာသူမထင် ဂုဏ်တင်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော**–အနုတ္တရ ဂုဏ်တော်ခလျက် လောကလုံးတွင် လွန်ပင်ထင်ရှား ကျော်ကြားတော်မူပါပေ၏[၄၃၀]။ (၆)

**သော ဘဂဝါ**–ထိုသုံးလူ့ထွတ်တင် ဘုရားရှင်သည်၊ **ဣတိပိ**–ဆုံးပထိုက်သူ နတ်လူယောကျ်ား တိရစ္ဆာန်များကို တုတ်ခားမပြ တရားချသဖြင့် ဆုံးမပဲ့ပြင် သွန်သင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **ပုရိသဒမ္မသာရထိ**–ပုရိသဒမ္မသာရတိ ဂုဏ်အရှိခြင့် နှံ့သိကျော်ကြား ထင်ရှားတော်မူပါပေ၏။ (၇)

**သော ဘဂဝါ**–ထိုသုံးလူထွတ်ထား ရှင်တော်မြတ်ဘုရားသည်၊ **ဣတိပိ**–ဖြဟ္မာနတ်လူ ခပ်သိမ်းသူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း၊ **ဓါ**–ကုန်သည်ကြီးမှူး ဦးစီးပမာ သတ္တဝါတို့ကို သံသရာတစ်ဝှမ်း ခရီးကြမ်းမှ ချေနှန်းနိဗ္ဗာန် ထုတ်ဆယ်ယူလျက် နတ်လူဖြဟ္မာ မြတ်ဆရာဟု မှတ်စရာအရည်ကောင်း ဤအကြောင်းကြောင့်လည်း၊ **သတ္ထာ ဒေဝမနုဿာနံ**–သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်လျှံအောင် သုံးတန်ဘုံပြင် မှန်ပင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (၈)

**သော ဘဂဝါ**–ထိုဘုန်းတော်ခြောက်ပါးသခင် ရှင်တော်ဘုရားသည်၊ **ဣတိပိ**– သစ္စာလေးတန် တရားမှန်ကို ချေဉာဏ်တော်ထူး မဂ်အမှူးဖြင့် လက်ဦးတွင်ဘိ မြင်သိတော်မူ နတ်လူတကွေ မြင်သိစေ

---

[၄၃၀] အတ္တနော ပန ဂုဏေဟိ ဝိသိဋ္ဌတရဿ ကဿစိ အဘာဝါ နတ္ထိ ဇေဋ္ဌသ္သ ဥတ္တရောတိ **အနုတ္တရော**။ တထာ ဟေသ သီလဂုဏေနာပိ သဒ္ဓံ လောက'မဘိဘဝတိ၊ သမာဓိ။ ပ ။ ပညာ။ ဝိမုတ္တိ။ ဝိမုတ္တိဉာဏဒဿနဂုဏေနာပိ။ သီလဂုဏေနာပိ အသမော အသမသမော အပ္ပဋိမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော။ ပ ။ ဝိမုတ္တိဉာဏဒဿနဂုဏေနာပိ။ ယထာဟ "နာ ခေါ ပနာဟံ ကိဉ္စာပေ သမနုပဿာမိ (ပဿာမိ) သဒေဝကေ လောကေ သမာရကေ။ ပ ။ သဒေဝမနုဿာယ အတ္တနာ သီလသမ္ပန္နကရုန်ဿ (သံ ၊ ၁ ၁၄။ ၁၈၊ ၁ ၃၂၈) ဝိတ္ထာရော။ (ဝိ၊ ၅၊ ၁ ၉၂။)

တတ်သော ဤအကြောင်းကြောင့်လည်း၊ **ဗုဒ္ဓေါ**–ဗုဒ္ဓဂုဏ်ထူး အံ့ချီးကျူးလျက် ရွှင်မြူးဘုံတစ်ခွင် လွန်ပင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။

**သော ဘဂဝါ**–ထိုဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည်၊ **ကုတိဝိ**–ကုသရိယ, ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တဂုဏ် ဘုန်းခြောက်စုံနှင့် ကုံလုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ **ဘဂဝါ**–ဘဂဝါမည်သီး ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဖြဟ္မာဘုံတိုင်အောင် ပျံ့လိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။ (၁၀)

**ကုတိ**–ဤသို့၊ **အနုဿရေယျာထ**–အဖန်တလဲလဲ စွဲမြဲနိစ္စ အောက်မေ့ကြကုန်လော့။

**ဘုရားဂုဏ်တော် ၁၀–ပါး။။** ဘုန်းတော်ကြီးမားဘုရားရှင်သည်---

(၁) ကိလေသာတို့မှ ဝေးကွာ၍ ဖြဟ္မာနတ်လူတို့၏ အပူဇော်ကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း **"အရဟံ"** မည်တော်မူ၏၊

(၂) တရားအလုံးစုံကို အမှန်အတိုင်းသာ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော အကြောင်းကြောင့်လည်း **"သမ္မာသမ္ဗုဒ္ဓေ"** မည်တော်မူ၏၊

(၃) ဝိဇ္ဇာဉာဏ် အကျင့်စရဏ ပြည့်ဝစုံလင်တော်မူသော အကြောင်းကြောင့်လည်း **"ဝိဇ္ဇာစရဏ–သမ္ပန္နေ"** မည်တော်မူ၏၊

(၄) စကားကောင်းဆို နီဗ္ဗာန်ကိုထိ လွဲမရှိပဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗဉ်ဉာဏ် တော်ရကြောင်းရော်၍ ကြွတော်မူခဲ့သော အကြောင်းကြောင့်လည်း **"သုဂတ"** မည် တော်မူ၏၊

(၅) လောကသုံးပါးကို အကြွင်းအကျန်မရှိ သိတော်မူသော အကြောင်းကြောင့်လည်း **"လောကဝိဒူ"** မည်တော်မူ၏၊

(၆) သိလစသော ဂုဏ်အစုဖြင့် အတုမရှိအမြတ်ဆုံးဖြစ်တော်မူသော အကြောင်းကြောင့် လည်း **"အနုတ္တရ"** မည်တော်မူ၏၊

(၇) ဆုံးမထိုက်သော သတ္တဝါတို့ကို အယဉ်ကျေးဆုံးဖြစ်အောင် ဆုံးမပဲ့ပြင်တတ်သော အကြောင်းကြောင့်လည်း **"ပုရိသဒမ္မသာရထိ"** မည်တော်မူ၏၊

(၈) ကုန်သည်ကြီးမှူး ဦးစီးပမာ သတ္တဝါတို့ကို သံသရာခရီးခဲမှ ထုတ်ဆောင်ကယ်တင် တော်မူတတ်သော အကြောင်းကြောင့်လည်း **"သတ္ထာ ဒေဝမနုဿာနံ"** မည်တော်မူ၏၊

(၉) သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်းသိ, ဝေနေယျတို့ကိုလည်း သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း **"ဗုဒ္ဓ"**မည်တော်မူ၏၊

(၁၀) ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း **"ဘဂဝါ"** မည်တော်မူ၏။

**ဘုရားဂုဏ်တော် ၉–ပါး။** ။ ပါရာဇိကကဏ္ဍအဌကထာ ဝေရဉ္ဇကဏ္ဍအဖွင့် (ဝိ၊ ၌၊ ၁၊ ၉၂–၉၃)၌ ဘုရားဂုဏ်တော် ၁၀–ပါး, ၉–ပါး နှစ်မျိုးဖွင့်ပြထားရာတွင် ဆိုခဲ့ပြီးအနက်မှာ ဂုဏ်တော် ၁၀–ပါး အခွဲအရဖြစ်၏၊ ဂုဏ်တော် ၉–ပါးကိုမူ **'အနုတ္တရော** နှင့် **ပုရိသဒမ္မသာရထိ'** ကို တွဲပေးရမည်။

**သော ဘဂဝါ–** ထိုဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည်၊ **ဣတိပိ–** ဆုံးမထိုက်ငြားသတ္တဝါများကို တရားပြကာဆုံးမရာတွင် ယှဉ်လာကင်းလတ် အမြတ်ဆုံးပုံ ဂုဏ်ရည်အကောင်း ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော ပုရိသဒမ္မသာရထိ–**အနုတ္တရ ပုရိသဒမ္မသာရထိ မည်ရှိမွေးပျုံ့ ဂုဏ်ရနံ့ကား နှံ့သိကျော်ကြား ထင်ရှားတော်မူပါပေ၏။

## ၁–အရဟံဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

ပါရာဇိကကဏ္ဍအဌကထာ ဝေရဉ္ဇကဏ္ဍအဖွင့် (ဝိ၊ ၌၊ ၂၊ ၈၄–၈၇။)မှာ အာရကတ္တာ, အရိနံ အရာနဉ္ဇ ဟတတ္တာ, ပစ္စယာဒိနံ အရဟတ္တာ, ပါပကရဏေ ရဟာဘာဝါတိ ဣမေဟိ တာဝ ကာရဏေဟိ သော ဘဂဝါ **အရဟန္တိ** ဝေဒိတဗ္ဗော။

အာရကာ ဟိ သော သဗ္ဗကိလေသေဟိ သုဝိဒူရဝိဒူရေ ဌိတော၊ မဂ္ဂေန သဝါသနာနံ
ကိလေသာနံ ဝိဒ္ဓံသိတတ္တာတိ အာရကတ္တာ **အရဟံ။** တေ စာနေန ကိလေသာရယော မဂ္ဂေန
ဟတာတိ အရိနံ ဟတတ္တာ **အရဟံ။** ယဉ္ဇေတံ
အဝိဇ္ဇာဘဝတဏှာမယနာဘိပုညာဒိအဘိသခါရာရံ ဇရာမရဏနေမိ အာသဝသမုဒယမယေန
အကွေန ဝိဇ္ဇိတွာ တိဘဝရထေ သမာယောဇိတံ အနာဒိကာလပ္ပဝတ္တံ သံသာရစက္ကံ၊
တဿာနေန ဗောဓိမဏ္ဍေ ဝိရိယပါဒေဟိ သိလပထဝိယံ ပတိဋ္ဌာယ သဒ္ဓါဟတ္ထေန
ကမ္မကွယကရံ ဉာဏဖရသုံ ဂဟေတွာ သဗ္ဗေ အရာ ဟတာတိ အရာနံ ဟတတ္တာပိ **အရဟံ။**
အထ ဝါ သံသာရစက္ကန္တိ အနမတဂ္ဂသံသာရဝဋ္ဌံ ဝုစ္စတိ၊ တဿ စ အဝိဇ္ဇာ နာဘိ, မူလတ္တာ၊
ဇရာမရဏံ နေမိ, ပရိယောသာနတ္တာ၊ သေသာ ဒသ ဓမ္မာ အရာ, အဝိဇ္ဇာမူလကတ္တာ

ဇရာမရဏပရိယန္တတ္တာ စ။ ----------ဣတိ ဘဂဝါ ဧဝံ စတုသခေ်ပံ တိယဒ္ဓံ ဝိသတာကာရံ တိသန္ဓိ ပဋိစ္စသမုပ္ပါဒံ သဗ္ဗာကာရတော ဇာနာတိ ပဿတိ အညာတိ ပဋိဝိဇ္ဈတိ၊ တံ ဥာတဋ္ဌေန ဥာဏံ၊ ပဇာနနဋ္ဌေန ပညာ၊ တေန ဝုစ္စတိ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဥာဏန္တိ။ ဣမိနာ ဓမ္မဋ္ဌိတိဥာဏေန ဘဂဝါ တေ ဓမ္မေ ယထာဘူတံ ဥတ္ဘာ တေသု နိဗ္ဗိန္ဒန္တော ဝိရဇ္ဇန္တော ဝိမုစ္စန္တော ဝုတ္တပ္ပကာရဿ ဣမဿ သံသာ-ရစက္ကဿ အရေ ဟနိ ဝိဟနိ ဝိဒ္ဓံသေသိ၊ ဧဝမ္ပိ **အရာနံ ဟတတ္တာ အရဟံ။**အဂ္ဂဒက္ခိဏေယျတ္တာ စ စိဝရာဒိပစ္စယေ အရဟတိ ပူဇာဝိသေသဥ္စ၊ တေနေဝ စ ဥပ္ပန္ဒေ တထာဂတေ ယေ ကေစိ မဟေသက္ခာ ဒေဝမနုဿာ၊ နတေ အညတ္ထ ပူဇံ ကရောန္တိ။ တထာ ဟိ ဗြဟ္မာ သဟမ္ပတိ သိနေရု မတ္တေန ရတနဒါမေန တထာဂတံ ပူဇေသိ၊ ယထာဗလဥ္စ အညေပိ ဒေဝါ မနုဿာ စ ဗိမ္ဗိသာရ ကောသလရာဇာဒယော ပရိနိဗ္ဗုတမ္ပိ စ ဘဂဝန္တံ ဥဒ္ဒိဿ ဆန္ဒဝုတိကောဋိဓနံ ဝိသဇ္ဇေတ္ဘာ အသောကမဟာရာဇာ သကလဇမ္ဗုဒိပေ စတုရာသီတိဝိဟာရသဟဿာနိ ပတိဋ္ဌာပေသိ၊ ကော ပန ဝါဒေါ အညေသံ ပူဇာဝိသေသာနန္တိ။ ဧဝံ **ပစ္စယာဒီနံ အရဟတ္တာပိ အရဟံ။** ယထာ စ လောကေ ကေစိ ပဏ္ဍိတမာနိနော ဗာလာ အသိလောကဘယေန ရဟော ပါပံ ကရောန္တိ၊ ဧဝမေသ နကဒါစိ ကရောတိတိ **ပါပကရဏေ ရဟာဘာဝတောပိ အရဟံ။** ဟောတိ စေတ္ထ--

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရိန သော မုနိ။
ဟတသံသာရစက္ကာရော၊ ပစ္စယာဒိန စာရဟော။
နရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိတိ။

**အရဟံ**-ဂုဏ်တော်မှာ အဋ္ဌကထာလာ ဝိဂ္ဂိုဟ်ပြအဖွင့်များအရ-----

အာရကတ္တာ-(ကိလေသာတို့မှ) ဝေးကွာတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း, အရိနံ-(ကိလေသာ) ရန်သူတို့ကို၊ ဟတတ္တာ စ-ပယ်သတ်အပ်ကုန်ပြီးသည်အဖြစ်ကြောင့်လည်းကောင်း, အရာနံ-(အဝိဇ္ဇာ သခါရအစရှိသော) သံသရာစက် ကန့်အကွက်တို့ကို၊ ဟတတ္တာ စ-ဖျက်ဆီးအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပစ္စယာဒိနံ-ပစ္စည်းအစရှိသည်တို့ကို၊ အရဟတ္တာ-ခံယူထိုက်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ပါပကရဏေ-မကောင်းမှုကိုပြုခြင်း၌၊ ရဟာဘာဝါ-ဆိတ်ကွယ်ရာ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တာဝ-သမ္မာသမ္ဗုဒ္ဓစသော ဂုဏ်တို့မှ ရှေးဦးစွာ၊ ဣတိ ဣမေဟိ ကာရဏေဟိ-ဤအကြောင်းတို့ကြောင့်၊ သော ဘဂဝါ-ထိုမြတ်စွာဘုရားကို၊ **အရဟန္တိ**-အရဟံဟူ၍၊ ဝေဒိတဗ္ဗော-သိအပ်၏။

**အရဟံဝုဏ်နက် ၅-မျိုးထွက်**

(၁) **အာရကာ**မှ ဖြစ်လာတဲ့ **အရဟံ**-(ကိလေသာတို့မှ) ဝေးကွာတော်မူသောအကြောင့် **"အရဟံ"**မည်တော်မူ၏။ **'အရဟံ'**ဟု သုံးလုံးတွဲဖတ်။

(၂) **အရိ+ဟ**မှ ဖြစ်လာတဲ့ **အရဟံ**-ကိလေသာရန်သူတို့ကို (မဂ်ဖြင့်) ပယ်သတ်တော်မူအပ်သောကြောင့် **"အရဟံ"**မည်တော်မူ၏။ **'အရ ဟံ'**ဟု **အရ**နှင့် **ဟံ**ကို ခွဲဖတ်။

(၃) **အရ+ဟ**မှ ဖြစ်လာတဲ့ **အရဟံ**-သံသရာစက် အကန့်အထောက်တို့ကို ဖျက်ဆိးတော်မူတတ်သောကြောင့် **"အရဟံ"**မည်တော်မူ၏။ **'အရ ဟံ'**ဟု ခွဲဖတ်။

(၄) **အရဟ**မှဖြစ်လာတဲ့ **အရဟံ**-ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် **"အရဟံ"**မည်တော်မူ၏။ **'အရဟံ'**သုံးလုံးတွဲဖတ်။

(၅) **နရဟော**မှ ဖြစ်လာတဲ့ **အရဟံ**-ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို ပြုတော်မမူသောကြောင့် **"အရဟံ"**မည်၏၊ **'အ ရဟံ'**ဟု **အ**နှင့် **ရဟံ**ခွဲဖတ်။

ဤ ၅-မျိုးတွင် အမှတ် (၁)နှင့် (၄)တို့သည် **"အရဟံ"**ဟု တစ်ပေါင်းတည်း ရွတ်ဖတ်ပုံတူသောကြောင့် တွဲစပ်ကာ ပြဆိုပါမည်။

ဟိ-ချဲ့ဦးအံ့၊ သော-ထိုဘုရားရှင်သည်၊ သဗ္ဗကိလေသေဟိ-အလုံးစုံသော ကိလေသာတို့မှ၊ အာရကာ-ဝေးကွာတော်မူ၏၊ သုဝိဒူရ ဝိဒူရေ-အလွန်ဝေးသည်ဖြစ်၍ ဝေးသောအဝေး၌၊ ဝါ-အလွန့်အလွန် အဝေး၌၊ ဌိတော-တည်တော်မူ၏၊ (ကသွာ-အဘယ့်ကြောင့်နည်း?) မဂ္ဂေန-မဂ်ဖြင့်၊ သဝါသနာနံ-ဝါသနာနှင့်တကွ ဖြစ်ကုန်သော၊ ကိလေသာနံ-ကိလေသာတို့၏၊ ဝါ-ကိလေသာတို့ကို၊ ဝိဒွံသိတတ္တာ-ဖျက်ဆိးအပ်ကုန်ပြီးသည်၏အဖြစ်ကြောင့်တည်း၊ ဣတိ (တသွာ) အာရကတ္တာ-ဤသို့ ကိလေသာတို့မှ ဝေးကွာတော်မူသည်၏အဖြစ်ကြောင့်၊ **အရဟံ**-အရဟံမည်တော်မူ၏ [၄၃၁] ။ ဘုရားရှင်၏ဂုဏ်တော်ကို

"**အာရကာ**"ဂုဏ်တော်ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် **အာ**ကို **အ**-ပြု (ကာ၌ အာကိုလည်း အ-ပြု) **က**ကို **ဟ**-ပြု, နိဂ္ဂဟိတ်လည်း လာ၍ **"အရဟံ"**ဟု ပြီးရသတတ်၊ **အာရကာ**ပုဒ်ကား

---

[၄၃၁] "ကိလေသာတို့မှ ဝေးခြင်း"ဟူရာ၌ "အရပ်ဒေသအားဖြင့် အဝေးမဟုတ်, အကြွင်းမဲ့ ပယ်ထားသဖြင့် ဝေးသော အဝေး"ဟု ပြလိုသောကြောင့် "မဂ္ဂေန ကိလေသာနံ ဝိဒွံသိတတ္တာ"ဟု မိန့်၏။

နိပါတ်ဖြစ်၍ ဝိဂြိုဟ် မလုပ်ရ။ [**အာရကာ**တိ စေတ္ထ **အာ**ကာရဿ ရဿတ္တံ, **က**ကာရဿ စ ဟကာရံ သာနုဿရံ (သ+ အနုဿရံ သနိဂ္ဂဟီတံ) ကတ္တာ နိရုတ္တိနယေန (ဝဏ္ဏဝိကာရ, ဝဏ္ဏာဂမနိရုတ္တိ နည်းဖြင့်) **အရဟန္တိ** ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ။ သာရတ္ထဒီပနီ၊ ၁၊ ၂၁၇။]"**အရဟံ**–ငါသနာနှင့်တကွ ကိလေသာတို့မှ အလွန်အလွန် ဝေးကွာတော်မူပါပေ၏"ဟု အနက်ပေး။

**အာရကာ** မှ **အရဟံ** ဖြစ်လာသောကြောင့် သုံးလုံးတွဲ၍ **"အရဟံ"**ဟု ရွတ်ဖတ်ပါ။ [အာရကာ→အရကာ→အရက→အရဟ→**အရဟံ**]

**အရဟံ**–ပူဇော်အထူးကို ခံတော်မူထိုက်ပါပေ၏၊ လောကမှာ အဆင်းမလှ ရန်မရှိတဲ့ပန်းကို လူတို့ မမြတ်နိုးကြပါ၊ အဆင်းလည်းလှ ရန်လည်းမွှေးကြိုင်သော ပန်းကိုမူ လူတိုင်းပင် မြတ်နိုးကြပါတယ်၊ အလားတူစွာ ဂုဏ်ကျက်သရေရှိသူများမှာ လူတို့ရဲ့ မြတ်နိုးဖွယ်ရာ ဖြစ်ကြရပါတယ်။

ဘုရားရှင်မှာ ပြောမပြနိုင်လောက်အောင် များများစားစားလှစွာသော ဂုဏ်တော်များသခင်ဖြစ်တဲ့အတွက် အများတကာ၏ပူဇော်ဖွယ် ဖြစ်ရ၏၊ ရဟန္တာများမှာလည်း **အဂ္ဂဒက္ခိဏေယျ**–အမြတ်ဆုံးအလှူကို ခံထိုက်တဲ့ အပူဇော်ခံ အရှင်မြတ်များ ဖြစ်ကြပါတယ်၊ အဲဒီလို ဖြစ်ရသည်မှာ အရဟတ္တမဂ်ဖြင့် ကိလေသာတွေကို ပယ်သတ်ပြီး ဖြစ်သောကြောင့်ပါပဲ၊ ဒါပေမဲ့ ရဟန္တာအရှင်မြတ်များဟာ ငါသနာကိုတော့ မပယ်နိုင်ကြပါ၊ ကိလေသာတွေ ကုန်သော်ငြားလည်း ကိလေသာရဲ့ အရိုန် အငွေ့ ငါသနာကား ကျန်နေပါသေးတယ်။

## ရဟန္တာ ငါသနာမပယ်နိုင်ပါ

**အရှင်ဝိလိန္ဒမထေရ်**မှာ ရဟန္တာအရှင်မြတ်ကြီးပင်ဖြစ်တယ်၊ ဗြာဟ္မဏ (ပုဏ္ဏား)မျိုးဥစ္ဆေဖြစ်၍ သူတစ်ပါးကိုခေါ်တဲ့အခါ **"ဝသလ-သူယုတ်(အကောင်)"**ပြောခဲ့တဲ့ အလေ့အလာ ဘဝငါးရာတိုင်တိုင် ဖြစ်ခဲ့ရာ ရဟန္တာဖြစ်သော်လဲ ထိုငါသနာကျန်ရစ်၍ သူယုတ်-အခေါ်ဖြင့် ခေါ်ဝေါ်လေ့ရှိသေး၏၊ တစ်ခါမှာ လူတစ်ယောက်က ပိတ်ချင်းသီးတောင်းကြီးကို ယူဆောင်လာရာ မထေရ်မြတ်က **"အကောင် ဘာတွေလဲ?"**မေးတော့၏၊ မိမိကို သူယုတ် ခေါ်ရကောင်းလား-ဟု ဒေါသထွက်ကာ သူ့အလိုက် ကန့်လန့်ပြောမှဘဲဟု **"ကြွက်ချေးတွေပါဘုရား"**ဟုပြော၏၊ **"အကောင်... ကြွက်ချေးဆို ကြွက်ချေးတွေပေါ့"**ဟု မိန့်တော်မူလိုက်၏၊ မထေရ်မြတ် လွန်သွားတဲ့အခါ ပိတ်ချင်းသီးတွေဟာ တကယ်ပင် ကြွက်ချေးတွေ ဖြစ်ကုန်တော့၏။

တောင်းထဲမှ ပိတ်ချင်းသီးများသာမက လှည်းပေါ်မှ ပိတ်ချင်းသီးတွေပါ ကြွက်ချေးတွေ ဖြစ်နေတော့၏၊ အလွန်တရာ စိတ်ပူပန်ရှာနေတဲ့ထိုသူကို အခြားလူတစ်ယောက်က အကြံပေးသဖြင့်



ကြွက်ချေးတွေဖြစ်နေတဲ့ ပိတ်ချင်းသီးတောင်းကို မ,လျက်မထေရ်မြတ်ရှေ့ သွားရာ **"အကောင်... ဘာတွေလဲ?"** မေးတော်မူပြန်ရာ **"ပိတ်ချင်းသီးတွေပါဘုရား"**ဟု ထိုသူက ပြန်လျှောက်၏၊**"အကောင်... ပိတ်ချင်းသီးဆိုရင်ပိတ်ချင်းသီးပေါ့"** ဟု မိန့်တော်မူလိုက်ရာ ကြွက်ချေးတွေဟာပိတ်ချင်းသီးအဖြစ်ပြန်ရောက်သွားတော့၏[၄၃၂]။

လောကမှာ အရက်ကို သွန်လိုက်ပေမဲ့ အရက်နံ့က အရက်အိုး၌စွဲနေရစ်သလို ရဟန္တာများ၌ ကိလေသာကုန်ပေမဲ့ ကြာမြင့်စွာ သုံးစွဲလာခဲ့သော အထုံဓလေ့ ဝါသနာအငွေ့ဟာ ကျန်ရစ်နေပါတယ်၊ ပစ္စေကဗုဒ္ဓါများလဲအလားတူပါပဲ၊ ဘုရားရှင်ကတော့ယင်း ဝါသနာကိုပင် မကျန်ရစ်အောင် ပယ်ပစ်နိုင်သောကြောင့် လောကတွင် အစင်ကြယ်ဆုံး အသန့်ရှင်းဆုံး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်ထက်သာလွန်တဲ့ အပူဇော်ခံ ထိုက်သူကို ဘယ်လောကမှာမှ ရှာမရနိုင်ပါ။

---

[၄၃၂] အံ၊ ၌၊ ၁၊ ၂၁၆။ ထေရဂါထာ၊ ၌၊ ၆၃။ အပဒါန၊ ၌၊ ၂၊ ၁၂။ ဥဒါန၊ ၌၊ ၁၇၃။

**ကွာခြားပုံ အမျိုးမျိုး သိပုံ အထွေထွေ။** ။ အရဟတ္တမဂ်ဖြင့် ကိလေသာ ပယ်ရာ၌သာ ကွာခြားသည် မဟုတ်သေးပဲ အရဟတ္တမဂ်ကြောင့် ရအပ်သော အကျိုးဂုဏ်များ၌လည်း ကွာခြားလှပါတယ်၊ အချို့ ပါရမီထူးတဲ့ ရဟန္တာအရှင်မြတ်များမှာ အရဟတ္တမဂ်ဖိုလ်ရသည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါ အဘိညာဉ် သမာပတ်စသော ဉာဏ်တန်ခိုးတွေပါ တပါးတည်း ရရှိခဲ့ကြ၏၊ ထိုအရှင်မြတ်တို့ရဲ့ အသိ, တန်ခိုး များကား တစ်စိတ်တစ်ဒေသသာ သိသောအသိ, အကန့်အသတ်ရှိသော တန်ခိုးများသာဖြစ်၏၊ ဘုရားရှင်မှာကား အရဟတ္တမဂ်ဖိုလ် ရသည်နှင့်တပြိုင်နက် တရားအလုံးစုံကို အကုန်သိတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရတော်မူခဲ့၏၊ အခြား **အာသယာနုသယဉာဏ်** (သတ္တဝါတို့၏ အတွင်းဓာတ်ခံ ကိလေသာ အငုပ်ဓာတ်တို့ကို သိသောဉာဏ်), **ဣန္ဒြိယပရောပရိယတ္တဉာဏ်** (သတ္တဝါတို့၏ကွန်ဒြေအနု အရင့်ကို သိသောဉာဏ်) စသော တစ်ပါးသူနှင့်မဆိုင် ဘုရားရှင်တို့သာရနိုင်သော ဉာဏ်တော်များ ကိုလည်း ရတော်မူခဲ့ပါတယ်၊ ဘုရားရှင်တို့သာ ရနိုင်သော **"အာဝေဏိက"**ခေါ် သီးခြားဂုဏ်တော် များလည်း ရှိပါသေးတယ်၊ တန်ခိုးအရာ၌လည်း အဆုံး အကန့်အသတ်မရှိ သိနိုင် မြင်နိုင်တော်မူ သည်မှာ ဘယ်သူမှ တုမရတဲ့ အစွမ်းတွေပါပဲ။

စ–ထိမှတပါး၊ အဂ္ဂဒကွီဏောယျတ္တာ–မြတ်သည်ဖြစ်၍ အလှူကိုခံတော်မူထိုက်သည်၏အဖြစ် ကြောင့်၊ စိဝရာဒိပစ္စယေ–သင်္ကန်းအစရှိသော ပစ္စည်းတို့ကိုလည်းကောင်း၊ ပူဇာဝိသေသဉ္စ–ပူဇော် အထူးကိုလည်းကောင်း၊ အရဟတိ–ထိုက်တန်တော်မူ၏၊ စ–ဆက်ဦးအံ့၊ တေနေဝ–ထိုသို့ အဂ္ဂဒက္ခိဏောယျ၏အဖြစ်ကြောင့်ပင်၊ တထာဂတေ–မြတ်စွာဘုရားသည်၊ ဥပပန္နေ–ပွင့်တော်မူလတ် သော်၊ ယေကေစိ–အမှတ်မရှိ အလုံးစုံကုန်သော၊ မဟေသက္ခာ–ကြီးသောတန်ခိုးရှိကုန်သော၊ ဒေဝ မနုဿာ–နတ်လူတို့သည်၊ (သန္တိ) တေ–ထိုနတ်လူတို့သည်၊ အညတ္ထ–မြတ်စွာဘုရားမှတပါး, အခြား ပုဂ္ဂိုလ်တို့၌၊ ပူဇံ–ပူဇော်မှုကို၊ န ကရောန္တိ–မပြုကြတော့ကုန်၊ တထာဟိ–ထိုစကားမှန်၏၊ သဟမွတိ–သဟမွတိမည်သော၊ ဗြဟ္မာ–ဗြဟ္မာသည်၊ သိနေရုမတ္တေန–မြင့်မိုရ်တောင်လောက်ကြီးသော၊ ရတန ဒါမေန–ရတနာ ပန်းဆိုင်းဖြင့်၊ တထာဂတံ–မြတ်စွာဘုရားကို၊ ပူဇေသိ–ပူဇော်ဘူးပြီ၊ စ–သည်သာမက သေး၊ ယထာဗလံ–စွမ်းအားရှိသလောက်၊ အညေပိ–သဟမွတိဗြဟ္မာမှ အခြားလည်းဖြစ်ကုန်သော၊ ဒေဝါ–နတ်ဗြဟ္မာတို့သည်လည်းကောင်း၊ ဗိမွိသာရကောသလရာဇာဒယော– ဗိမွိသာရမင်း, ကောသလမင်း အစရှိကုန်သော၊ မနုဿာ စ–လူတို့သည်လည်းကောင်း၊ ပူဇေသုံ–ပူဇော်ကြကုန်ပြီ၊ စ–သည်သာမကသေး၊ ပရိနိဗ္ဗုတမွိ–ပရိနိဗ္ဗာန်စံ တော်မူပြီးလည်းဖြစ်သော၊ ဘဂဝန္တံ–မြတ်စွာ ဘုရားကို၊ ဥဒ္ဒိဿ–ရည်စူး၍၊ ဆန္နဝုတိကောဋိဓနံ–ကိုးဆယ့်ခြောက်ကုဋေသော ဥစ္စာကို၊ စိသဇ္ဇေတွာ–ဖွန့်လွှတ်၍၊ အသောကမဟာရာဇာ–အသောကမင်းကြီးသည်၊ သကလဇမ္ဗုဒီပေ–အလုံးစုံသော

ဇမ္ဗူဒိပ်၌၊ စတုရာသိတိ ဝိဟာရသဟဿာနိ-ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို၊ ပတိဌာပေသိ-တည်စေပြီ၊ (ဤတိုင်အောင် မဟေသက္ခပုဂ္ဂိုလ်တို့၏ ပူဇော်အထူးကို ပြသည်၊) အညေသံ-အခြားသော အမဟေသက္ခ နတ်လူတို့၏၊ ပူဇာ ဝိသေသာနံ-အလွန်မကြီးသော ပူဇော်ဖွယ်အထူးတို့အား၊ (အရဟဘာဝေ-ထိုက်သည်၏အဖြစ်၌၊) ဝါဒေါ-ပြောဆိုဖွယ်သည်၊ ကော ပန-အဘယ်မှာ ရှိပါတော့အံ့နည်း? ဧဝံ-ဤသို့၊ **ပစ္စယာဒီနံ**-ပစ္စည်းအစရှိသည်တို့အား၊ **အရဟတ္တာပိ**-ထိုက်တန်တော်မူသည်၏အဖြစ်ကြောင့်လည်း၊ **အရဟံ**-အရဟံ မည်တော်မူ၏။

ဘုရားရှင်သည် ကိလေသာတို့မှ စင်ကြယ်သော အလူခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏၊ ဒါ့ကြောင့် သင်္ကန်းစသော သာမန်လူရိုးပစ္စည်းများကိုခံထိုက်သည့်ပြင် သဟမ္ပတိဗြဟ္ဟာကြီး ပူဇော်တဲ့ သာမန်လူရိုးထက် ကြီးကျယ်သော အထူးတလည်ပူဇော်ဖွယ် မြင်းမိုရ်တောင်လောက် ပန်းကုံးကြီးကိုလည်း ခံတော်မူထိုက်ပါ၏၊ စွမ်းအားရှိသလောက် အခြားနတ်ဗြဟ္ဟာတွေ, ဗိမ္ဗိသာရမင်း, ကောသလမင်းစသော လူတွေကလည်းပူဇော်ခဲ့ကြ၏၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်ကို ရည်ရွယ်လျက် ကိုးဆယ့်ခြောက်ကုဋေဥစွာကိုစွန့်ကာ အသောကမင်းကြီးက ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို ဆောက်လုပ်လူဒါန်းပူဇော်ခဲ့၏။ ဤသို့ပစ္စည်းအစရှိသော ပူဇော်ဖွယ်တို့ကို ခံတော်မူထိုက်သောကြောင့် **"အရဟံ"**မည်တော်မူ၏။

**နောက်တစ်နည်းမှာ**

စ-အဖို့တစ်ပါးကား၊ အနေန-ဤဘုရားရှင်သည်၊ တေ ကိလေသာရယော-ထိုကိလေသာ ရန်သူတို့ကို၊ မဂ္ဂေန-အရဟတ္တမဂ်ဖြင့်၊ ဟတာ-သတ်အပ်ကုန်ပြီ၊ အရိနံ-(ကိလေသာ) ရန်သူတို့ကို၊ ဣတိ (တသ္မာ) ဟတတ္တာပိ-ဤသို့ သတ်အပ်ကုန်ပြီးသည်၏အဖြစ်ကြောင့်လည်း၊ **အရဟံ**-အရဟံ မည်တော်မူ၏[၄၃၃]။

ဤဝိဂ္ဂိုဟ်ပြအရ **အရိ+ဟ**မှ **အရ+ဟံ**ဖြစ်လာသောကြောင့် **"အရ-ဟံ"**ဟု ဖတ်ရမည်။ **အရိ**-ရန်သူ+ **ဟံ**-သတ်တတ်သည်=**အရိ ဟံ→အရ ဟံ**-ရန်သူကို သတ်ဟတ်သောပုဂ္ဂိုလ်။ **အရိ**-သည် သဒ္ဒါနည်းအရ **"အရ"**ဖြစ်လာသည်၊ ရန်သူကား ကိလေသာများပင်၊ အကျိုးမဲ့ကို ဖန်တီး

---

[၄၃၃] ကိလေသာတို့သည် အကျိုးမဲ့ကို ပြုတတ်သောကြောင့် အတွင်းရန်သူများဟည်း၊ "အရယော ကိလေသာရန်သူ တို့ကို+အဟနိ သတ်ဖြတ်တော်မူပြီ၊ ဣတိ (အရိသဒ္ဒူပပဒ ဟနဓာတ်, ကွိပစ္စည်းဖြင့် "အရိဟ"ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် **ရိ** ၌ ဣကို အ, နိဂ္ဂဟိတ် လည်းလာ၍) **အရ-ဟံ**-ဟု ဖြစ်သည်။ [အနတ္တစရဏေန ကိလေသာ ဧဝ အရယောတိ **ကိလေသာရယော။** အရိနံ ဟတတ္တာ အရဟာတိ ဝတ္တဗ္ဗေ နိရုတ္တိနယေန **"အရဟံ"**နှိ ဝုတ္တံ။ (သာရတ္ထ၊ ၁၊ ၂၁၇။)

တတ်သောကြောင့် ကိလေသာတို့ကား ရန်သူများဖြစ်ကြ၏၊ ဘုရားရှင်သည် ကိလေသာရန်သူများကို သတ်နိုင်ကြောင်းလက်နက်ကောင်းရဖို့ရန် အခြေခံပါရမိတို့ကို ဖြည့်ဆည်းပူးခဲ့ရ၏၊ ပါရမီ, သမထ, ဝိပဿနာ လက်နက်များဖြင့် ဆက်ကာဆက်ကာ တိုက်ခဲ့ရာ နောက်ဆုံး အရဟတ္တမဂ် အထက် မြက်ဆုံး လက်နက်ကို ပိုင်ဆိုင်တော်မူကာ ကိလေသာရန်သူအားလုံး ခြေမှုန်းအောင်မြင်တော်မူခဲ့၍ **"အရ ဟံ"**ဂုဏ်တော် ဘွဲ့ကို ရတော်မူခဲ့၏။

[အရိ+ဟံ → အရ+ဟံ → အရဟံ]

**နောက်တစ်နည်းမှာ--**

စ-အဖို့တစ်ပါးကား၊ အဝိဇ္ဇာဘဝတဏှာမယနာဘိ-အဝိဇ္ဇာ ဘဝတဏှာအတိုပြီးသော ပုံတောင်းချက်မလည်းရှိထသော၊ ပုညာဒီအာဘိသခ်ါရာရံ-ပုညာပုည, အာနေဉ္ဇဟူသော အာဘိသခ်ါရ ထောက်ဆန်လည်း ရှိထသော၊ ဇရာမရဏနေမိ-ဇရာ မရဏဟူသော အကွပ်တံကွလည်း ရှိထသော၊ အာသဝ-သမုဒယမယေန-အဝိဇ္ဇာစသည်တို့၏ဖြစ်ကြောင်း အာသဝအတိုပြီးသော၊ အက္ခေန- ဝင်ရိုးဖြင့်၊ ဝိဇ္ဇိတွာ-လျှိုထိုး၍၊ တိဘဝရထေ-ကာမ ရူပ, အရူပဟု, ဘဝသုံးပါး, ဝဋ်ရထား၌၊ သမာယောဇိတံ-အညိအမျှ, အစမှစ၍, ယှဉ်တပ်အပ်သော၊ အနာဒိကာလ ပဝတ္တံ-အစမရှိသော ကာလ၌ ဖြစ်ခဲ့သော၊ ယံ ဇတံ သံသာရစက္ကံ-အကြင်သံသရာစက်ဘီးသည်၊ (အတ္ထိ-ရှိ၏၊) တဿ-ထိုသံသရာစက်ဘီး၏၊ အနေန-ဤဘုရားရှင်သည်၊ ဗောဓိမဏ္ဍော-အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာ ဗောဓိပင်ဌာန၌၊ ဝိရိယပါဒေဟိ-ဝိရိယခြေတော်တို့ဖြင့်၊ သီလပထဝိယံ-သီလမြေတော်၌၊ ပတိဋ္ဌာယ-ရပ်တည်တော်မူ၍၊ သဒ္ဓါဟတ္ထေန-သဒ္ဓါလက်တော်ဖြင့်၊ ကမ္မက္ခယကရဏံ-ကံတို့၏ ကုန်ခြင်းကို ပြုတတ်သော၊ ဉာဏဖရသုံ-ဉာဏ်တော်တည်းဟူသော ပုဆိန်ကို၊ ဂဟေတွာ-စွဲကိုင်တော်မူ၍၊ သဗ္ဗေ-အလုံးစုံ ကုန်သော၊ အရာ-အကန့်ထောက်ဆန်တို့ကို၊ ဟတွာ-ဖျက်ဆီးအပ်ကုန်ပြီ၊ အရာနံ-အကန့်ထောက် ဆန်တို့ကို၊ ဣတိ (တသ္မာ) ဟတတ္တာပိ-ဤသို့ ဖျက်ဆီးအပ်ကုန်ပြီးသည်အဖြစ်ကြောင့်လည်း၊ **အရဟံ-အရ ဟံ**မည်တော်မူ၏။

အထ ဝါ-ထို့ပြင် တစ်နည်းကား၊ အနမတဂ္ဂသံသာရဝဋ္ဋံ-နှစ် ရာ ထောင်လှောက်, ဉာဏ်ဖြင့် လျှောက်လည်း, မဖောက်မပြန်, ကေန်သိအပ်သော အစမရှိသော သံသရာစက်ဝိုင်းကို၊ သံသာရစက္ကန္တိ-သံသရာစက်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ တဿ စ-ထိုသံသရာစက်၏လည်း၊ မူလတ္တာ-အရင်းခံ၏အဖြစ်ကြောင့်၊ အဝိဇ္ဇာ- အဝိဇ္ဇာသည်၊ နာဘိ-ပုံးတောင်းချက်မတည်း၊ ပရိယောသာနတ္တာ-အဆုံး၏အဖြစ်ကြောင့်၊ ဇရာမရဏံ-ဇရာမရဏာသည်၊ နေမိ-အကွပ်တံကွတည်း၊ အဝိဇ္ဇာ

မူလကတ္တာ–အဝိဇ္ဇာအရင်းခံ ရှိကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဇရာမရဏပရိယန္တတ္တာ စ–ဇရာမရဏအဆုံးရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သေသာ–ကြွင်းကုန်သော၊ ဒသ–ဆယ်ပါးကုန်သော၊ ဓမ္မာ–တရားတို့သည်၊ အရာ–အကန့်ထောက်ဆန်တို့တည်း။––––ကွတိ–ဤသို့၊ ဘဂဝါ–ဘုရားရှင်သည်၊ ဧဝံ–ဤသို့၊ စတုသခ်ပံ–လေးပါးသောအဖို့ရှိသော၊ တိယဒ္ဓံ–သုံးပါးသော ကာလရှိသော၊ ဝိသတာကာရံ–နှစ်ဆယ်သော ခြင်းရာရှိသော၊ တိသန္ဓိံ သုံးပါးသော အစပ်ရှိသော၊ ပဋိစ္စသမုပ္ပါဒံ–ပဋိစ္စသမုပ္ပါဒ်ကို၊ သဗ္ဗာကာရတော–အလုံးစုံသောအခြင်းအရာအားဖြင့်၊ ဇာနာတိ–သိတော်မူ၏၊ ပဿတိ–မြင်တော်မူ၏၊ အညာတိ–သိတော်မူ၏၊ ပဋိဝိဇ္ဈတိ–ထိုးထွင်း၍ သိတော်မူ၏၊ တံ–ထိုသိခြင်းသည်၊ ဥာတဋ္ဌေန–သိတတ်သည်၏အဖြစ်ဟူသောအနက်ကြောင့်၊ ဥာဏံ–ဥာဏ်မည်၏၊ ပဇာနနဋ္ဌေန–အပြားအားဖြင့် သိတတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ပညာ–ပညာမည်၏၊ တေန–ထို့ကြောင့်၊ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဥာဏန္တိ[၄၃၄]–ဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ဘဂဝါ–သည်၊ ကွမိနာ ဓမ္မဋ္ဌိတိဥာဏေန– ဤဓမ္မဋ္ဌိတိဥာဏ်ဖြင့်၊ တေ ဓမ္မေ–ထိုပဋိစ္စသမုပ္ပါဒ်တရားတို့ကို၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ ဥတ္ဒာ–သိတော်မူ၍၊ တေသု–ထိုတရားတို့၌၊ နိဗ္ဗိန္ဒန္တော–ဗလဝဝိပဿနာဥာဏ်ဖြင့် ငြီးငွေ့တော်မူသည်၊ ဝိရဇ္ဇန္တော–အရိယာမဂ်တို့ဖြင့် မတပ်မက်တော်မူသည်၊ ဝါ–စက်ဆုပ်တော်မူသည်၊ ဝိမုစ္စန္တော–လွတ်မြောက်တော်မူသည်၊ (ဟုတ္ဒာ) ဝုတ္တပ္ပကာရဿ–ဆိုအပ်ခဲ့ပြီးသော အပြားရှိသော၊ ကွမဿ သံသာရစက္ကဿ–ဤ သံသရာစက်၏၊ အရေ–အကန့်ထောက်ဆန်တို့ကို၊ ဟနိ, ဝိဟနိ, ဝိဒ္ဓံသေသိ–ဖျက်ဆိးတော်မူပြီ၊ ဝေမိ–ဤ နည်းအားဖြင့်လည်း၊ **အရာနံ**–အကန့်အထောက်တို့ကို၊ **ဟတတ္တာ**–ဖျက်ဆိးအပ်ကုန်ပြီးသည်အဖြစ်ကြောင့်၊ **အရဟံ**–အရဟံမည်တော်မူ။

အရာနံ ဟတတ္တာ–ဆိုတဲ့ ဝိဂ္ဂိဟ်ပြကို ကြည့်လျက် 'သံသာရစက္ကဿ အရေ ဟနိ ဝိဟနိ ဝိဒ္ဓံသေသိ၊ ဝေမိ **အရာနံ ဟတတ္တာ အရဟံ**'–သံသရာစက်၏အကန့်ထောက်ဆန်တို့ကို ချိုးဖျက်တော်မူပြီးသည်၏အဖြစ်ကြောင့် **"အရဟံ"**ဂုဏ်တော်မည်တယ်၊ ဒိဝိဂ္ဂိဟ်ပြနှင့် အဓိပ္ပါယ်ဖွင့်တွေအရ **'အရ ဟံ'**လို့ ဖတ်ရမယ်။

---

[၄၃၄] တိဋ္ဌန္တိ ဇတ္တေ ဖလဓမ္မာတိ ဌိတိ၊ ဓမ္မာနံ–သခါရစသောအကျိုးတရားတို့၏+ ဌိတိ–တည်တံ့ရာအကြောင်းတည်း၊ ဓမ္မဋ္ဌိတိ သခါရစသောအကျိုးတရားတို့၏တည်တံ့ရာအကြောင်း၊ ဓမ္မဋ္ဌိတိယာ–၌၊ ဥာဏံ–ဖြစ်သောဥာဏ်သည်၊ (ပဋိစ္စသမုပ္ပါဒ်တရားစုကို သိသောဥာဏ်သည်)၊ ဓမ္မဋ္ဌိတိဥာဏံ–ဓမ္မဋ္ဌိတိဥာဏ်မည်၏။ (ပါရာဇိကဏ်ဘာသာဋီကာ၊ ၁၊ ၄၈၃။)

**အရ**–အကန့်ထောက်ဆန်တို့ကို+ **ဟံ**–ချိုးဖျက်ဖျက်တော်မူပြီ။ ကုသိုလ်, အကုသိုလ် စေတနာများကို သခီရ–ဆိုး၏၊ ထိုသခီရရှိလျှင် ဇာတိ (ပဋိသန္ဓေ)ဖြစ်၍ ဇရာမရဏာ (အိုသေ)ဖြင့် တစ်ဘဝအဆုံးသတ်ရမြဲပင်၊ ဒုံကြောင့် ပဋိစ္စသမုပ္ပါဒ်အရ ဘဝစက်ဝိုင်းအနေ ဆင်တဲ့အခါ သခီရများကို အကန့်အထောက်များဟုလည်းကောင်း, ဇရာမရဏာကို အနားအကွပ်ဟုလည်းကောင်း ဆိုရတယ်၊ သခီရဖြစ်ရန် အဝိဇ္ဇာ (ဒုက္ခ စသည်၌ မသိမှု)နှင့် တဏှာ (တပ်မက်မှု)တို့မှာ အကြောင်းဖြစ်ရာ ထိုတရားနှစ်ပါးကို သခီရအထောက်အကန့်များ အခြေခံရာ ပုံတောင်းခေါ်အချက်အဖြစ် ဆိုရပြန်တယ်၊ စက်ဝိုင်းအလယ်က အထောက်အကန့်တွေကို ဖျက်ဆီးလိုက်လျှင် အကွပ်တို့အချက်တို့မှာ အသုံးမဝင်မလည်ပတ်နိုင်ကြတော့ပေ၊ သခီရအထောက်အကန့်တွေကို ဖျက်ဆီးတော်မူသည်–ဆိုသဖြင့် ဘဝ၌ ဒုက္ခစက်လည်ပတ်မှုကို ပယ်ရှင်းပြီး ဖြစ်တော်မူသည်–ဟု ဆိုလို၏၊ ဒီဂုဏ်ဟာ အရဟတ္တမဂ်ဖြင့် ကိလေသာ တို့ကို ပယ်နိုင်မှုကြောင့် ရတော်မူအပ်တဲ့ ဂုဏ်သကတ်ပင် ဖြစ်ပေတယ်။

ပါရာဇိကဏ်ဘာသာဋီကာ ဝေရဉ္ဇကဏ္ဍအဖွင့် (၁၊ ၃၉၈–၃၉၉)၌ "အဝိဇ္ဇာစသောတရားများကို ရထား၏စက်ဘီးပုံသဏ္ဌာန်လုပ်၍ ရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားသော စကားတည်း၊ ရထား၏ဘီး၌ ပုံတောင်း (ချက်မ), အကန့် (ထောက်ဆန်), အကွပ် (တံကူ) ၃-ဌာနရှိ၏၊ ထိုတွင် စက်ဘီး၌ ပုံတောင်း (ပဒေါင်း)သည် ပဌမဖြစ်ကဲ့သို့ သံသရာစက်ဘီး၌လည်း အဝိဇ္ဇာနှင့် ဘဝတဏှာသည် ပဌမအခြေခံဖြစ်၏၊ ထိုပုံတောင်း၌ အကန့်ထောက်ဆန်တပ်ရသကဲ့သို့ အဝိဇ္ဇာနှင့် တဏှာပုံတောင်း၌လည်း ပုည, အပုည, အာနေဉ္ဇ–ဟူသော အဘိသခီရများကို အကန့်ထောက်ဆန်အဖြစ်ဖြင့် တပ်ရလေသည်၊ စက်ဘီး၏အကန့် ထောက်ဆန်၌ အနားသတ် အကွပ်တံကူတပ်ရသကဲ့သို့ ထိုသခီရအကန့်ထောက် ဆန်၌လည်း တစ်ဘဝ အဆုံးသတ်ဖြစ်သော ဇရာ မရဏအကွပ်ကို တပ်ထားသည်၊ ထိုစက်ဘီးလည်အောင် ဝင်ရိုးတပ်ရသကဲ့သို့ 'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော'နှင့်အညီ အဝိဇ္ဇာ၏အကြောင်းဖြစ်သော အာသဝေါဝင်ရိုးကို လျှို့ထိုးတပ်ထားရသည်၊ ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရူပ်တို့ကား ကာမ–ရူပ–အရူပဘဝတို့တည်း၊ ထိုဘဝ ၃ ပါးကို ရထားသဏ္ဌာန်လုပ်၍ ထို(ဝိပါကဝင်္ဂ)ရထား၌ ဝင်ရိုးနှင့်တကွ စက်ဘီးတပ်လျက် (ခန္ဓာအာယတနဓာတ်တို့) အဆက်မပြတ်ဖြစ်ခြင်းအားဖြင့် မပြတ်လည်နေသော အကြင်သံသရာစက်ဘီးရှိ၏[၄၃]။

---

[၄၃] ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။

အတ္ထောနီနံ့ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိတိ (ဝိသုဒ္ဓိ၂ ၁၇၆။ ဒီ၊ ဋ၊ ၂၊ ၈၆။ သံ၊ ဋ၊ ၂၊ ၈၉။ အံ၊ ဋ၊ ၂၊ ၃၈၆။)

၁၀ ဝုတ္တသံသာရောဝ **သံသာရစက္ကံ**။ (သာရတ္ထ၊ ၁၊ ၂၁၈။)

ဘုရားရှင်သည် ဗောဓိမဏ္ဍိုင်၌ သီလမြေပေါ်ဝယ် ဝိရိယခြေတော် ၂-ဘက်တို့ဖြင့် တည့်မတ်စွာ ရပ်တော်မူ၏၊ (သီလလုံခြုံပြည့်စုံအောင် ဝိရိယဖြင့် ကြိုးစားတော်မူသည်-ဆိုလို။) ထို့နောက် သမာဓိသွေးကျောက်၌ ကောင်းစွာသွေးအပ်ပြီးသော အရဟတ္တမဂ်ဉာဏ်ပုဆိန်ကြီးကား ကံသခ်ီရဟူသမျှကို လုံးဝ ကုန်စင်အောင် ဖျက်ပစ်နိုင်၏၊ ထိုပုဆိန်ကြီးကို ယုံကြည်စွာသော သဒ္ဓါလက်တော်ဖြင့် စွဲကိုင်တော်မူကာ ထိုသံသရာစက်ဘီး၏ အကန့်ထောက်ဆန်များကို ထွားထွားညက်ညက် အကုန် ဖျက်အောင် ဖျက်ဆီးတော်မူလေရာ, ထောက်ဆန်ဖျက်ပြီးသော စက်ဘီးလည်း နောက်ထပ် မလည်နိုင်တော့ရကား ဝဋ်ရထားလည်း တန့်ရပ်ရလေတော့သတည်း"ဟု ပါရှိလေ၏[၄၃]။

**နောက်တစ်နည်းမှာ---**

စ-အဖို့တစ်ပါးကား၊ လောကေ-လောက၌၊ ကေစိ-အချို့ကုန်သော၊ ပဏ္ဍိတမာနိနော-မိမိကိုယ်ကို ပညာရှိဟု မှတ်ထင်ကုန်သော၊ ဗာလာ-လူမိုက်တို့သည်၊ အသိလောကဘယေန-ကျော်စောမဲ့မည်မှ ကြောက်ခြင်းကြောင့်၊ ဝါ-နာမည်ဖျက်မည်မှ ကြောက်ခြင်းကြောင့်၊ ရဟော-ကွယ်ရာ၌၊ ပါပံ-မကောင်းမှုကို၊ ကရောန္တိ ယထာ-ပြုကြကုန်သကဲ့သို့၊ ဇံ-ဤအတူ၊ သေ-ဤဘုရားရှင်သည်၊ ကဒါစိ-တစ်ရံတစ်ခါမျှ၊ (ရဟော-၌ ပါပံ-ကို၊) န ကရောတိ-ပြုတော်မမူ၊ **ပါပကရဏော**-မကောင်းမှုကို ပြုခြင်း၌၊ ဣတိ (တသွာ) **ရဟာဘာဝတောပိ**-ဤသို့ ကွယ်ရာအရပ် ရှိတော်မမူသည်၏အဖြစ်ကြောင့်လည်း၊ **အရဟံ**-အရဟံ မည်တော်မူ၏။

နတ္ထိ ရဟော ယဿာတိ **အရဟော**-မကောင်းမှုပြုဖို့ ဆိတ်ကွယ်ရာအရပ်ရှိတော်မမူ၊ န+ရဟံ⟶**အ**-မရှိ+**ရဟံ**-ဆိတ်ကွယ်ရာ⟶**အ ရဟံ=အရဟံ၊ (အ** နှင့် **ရဟံ** ခွဲဖတ်)-မကောင်းမှု ပြုခြင်း၌ ဆိတ်ကွယ်ရာမရှိ၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုမပြု-လို့ ဆိုလို၏၊ လောက၌ ပညာရှိအမည်ခံအချို့ပုဂ္ဂိုလ်တို့သည်ပင် နာမည်ဖျက်မှာကြောက်သောကြောင့် မျက်မြင်တွင် မကောင်းမှု မပြုကြသော်လည်း ကွယ်ရာ၌ကား ပြုတတ်ကြသေး၏၊ ဘုရားရှင်ကား ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို ပြုတော်

---

[၄၃] **ဝိရိယခြေတော် ၂-ဘက်** ဆိုသည်မှာ အကုသိုလ်ကံကိလေသာ (ညစ်နွမ်းခြင်း)ကို ပယ်သော ဝိရိယသည် မြေဦး တည့်မတ်စွာ ရှိနိုင်ထားသော ခြေတဘက်, ကုသိုလ်ဝေါဒါန (ဖြူစင်ခြင်း)ကို ဖြစ်စေသော ဝိရိယသည် ရွှေ့ကိုးပို့ ပျံမြောသော ခြေကတဘက် ဖြစ်၏။ အခြေခံသီလမပါလျှင် သမာဓိပညာအစစ်ကို မဖြစ်စေနိုင်သောကြောင့် "သီလမြေပေါ်ဝယ်" ဟုဆို၏။ ယုံကြည်သိမှုမရှိသူသည် လက်မဝါးမှုကဲ့သို့ မည်သည့်အဖိုးတန် ရတနာကိုမျှ မကောက်ယူနိုင်သောကြောင့် "သဒ္ဓါလက်တော်ဖြင့်" ဟု ဆို၏။ ၂-ဘက်ဖြင့် ကိလေသာကို ပယ်လိုက်လျှင် ကိလေသာအဖော်မပါသော ကုသိုလ် အကုသိုလ်ကံများလည်း အကျိုးမပေးနိုင်တော့သောကြောင့် "ရဟော ယဿ [illegible] ကံ သခ်ီရတို့၏ ကုန်ခြင်းကို ပြုတော်မူတတ်သော"ဟု ဆိုလို၏။

မမူ၊ အများမျက်မြင်ပြုဖို့မှာ သာဂျီဝေးပါသေး၏၊ ကိလေသာမကင်းသေးသူ၌သာ အကုသိုလ်မှု ရှိသော်လည်း ကိလေသာလုံးဝမရှိသော ဘုရားရှင်မှာ ဘယ်အခါ ဘယ်ဒေသမှာမှ အကုသိုလ်မှု မရှိနိုင်တော့ပေ၊ အချို့ ကိုယ်နှုတ်၌ မကောင်းမှုကို ထိန်းသိမ်းနိုင်သော်လည်း စိတ်၌ကား မထိန်းသိမ်းနိုင်ပါ၊ ဘုရားရှင်ကား စိတ်၌ပင် အလွန်သန့်ရှင်းလျက် ရှိတော်မူ၏။

ဘုရားဖြစ်ပြီးသောအခါ မဆိုထား၊ နှင့် အလောင်းတော်ဘဝ ဒုက္ကရစရိယာ ကျင့်ဆဲအခါကပင် စိတ်ဓာတ်တော်မှာ အလွန်စင်ကြယ်လျက် ရှိခဲ့၏၊ မာရ်နတ်သည် ဘုရားရှင်အပေါ် အပြစ်ရှာရန် ခုနစ်နှစ်ပတ်လုံး ခြေရာချင်းကပ် ထပ်ကြပ်မကွာ လိုက်ပါ စုံစမ်းလျက်ရှိ၏၊ နောက်ဆုံး လုံးဝရှာမရသော အခါ ---

သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိ ပဒါပဒံ။
ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတီမတော။
(သုတ္တနိပါတ် ပဓာနသုတ်၏ ၃၄၃)

ဘုရားရှင်ကို ခုနစ်နှစ်ပတ်လုံး ခြေရာချင်းကပ် ထက်ကြပ်မကွာလိုက်ခဲ့သော ငါသည် ကြီးမားသော သတိပိုင်ရှင် ဘုရားမြတ်၏အကုသိုလ်ဖြစ်ခွင့် အကြားအပေါက်ကို ရှာမရခဲ့ပါပေ-ဟု ညည်းတွားဝန်ချခဲ့ရသည်၊ ဤမျှ စင်ကြယ်တော်မူ၏။ (ခုနစ်နှစ်ဆိုသည်မှာ ဘုရားမဖြစ်မီ ဒုက္ကရစရိယာကျင့်စဉ် ခြောက်နှစ်နှင့် ဘုရားဖြစ်ပြီး နောက်တစ်နှစ်ကို ဆိုသည်။

စ-အကျဉ်းချုပ်ကား၊ ဇွေ-ဤအရဟံပုဒ်ကို ဖွင့်ဆိုရာ၌၊ အာရကတ္တာ၊ ပ ၊ တေန ဝုစ္စတိတိ-ဟူသော၊ (အယံ သင်္ဂဟဂါထာ-ဤသင်္ဂဟဂါထာသည်၊) ဟောတိ-ဖြစ်၏။

အာရကတ္တာ-ဝါသနာနှင့်တကွ ကိလေသာတို့မှ ဝေးကွာတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ကိလေသာရိုနံ-ကိလေသာရန်သူတို့ကို၊ ဟတတ္တာ စ-သတ်အပ်ကုန်ပြီးသည်၏အဖြစ်ကြောင့်လည်းကောင်း၊ (ယော မုနိ-အကြင်မြတ်စွာဘုရားသည်၊ ယေန-အကြင်အကြောင်းကြောင့်၊) ဟတသံသာရစက္ကာရော (ဟတ+သံသာရစက္က+အရော)-ဖျက်ဆီးအပ်ပြီးသော သံသရာစက်၏ အကန့်ထောက်ဆန်ရှိတော်မူ၏၊ ဝါ-သံသရာစက်၏ အကန့်ထောက်ဆန်တို့ကို ဖျက်ဆီးတော်မူအပ်ပြီ၊ (တေန စ-ထို့ကြောင့်လည်းကောင်း၊) ပစ္စယာဒိနံ-ပစ္စည်းစသည်တို့အား၊ အရဟော-ထိုက်တန်တော်မူ၏၊ (တေန စ-ထို့ကြောင့်လည်းကောင်း၊) ရဟော-ဆိတ်ကွယ်ရာ၌၊ ပါပါနိ-မကောင်းမှုတို့ကို၊ န ကရောတိ-ပြုတော်မမူ၊ တေန စ-

## ဓဇ္ဈသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ထို့ကြောင့်လည်းကောင်း၊ သော မုနိ-ထိုမြတ်စွာဘုရားကို၊ **အရဟန္တိ**-ပ**ရဟံ**ဟူ၍[၄၄]၊ ဝုတ္တိ-ဆိုအပ်၏။

## ၂-သမ္မာသမ္ဗုဒ္ဓဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

သော ဘဂဝါ-ထိုရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ကုတိပိ ကုမိနာ စ ကာရဏော်န-သဗ္ဗညုဉာဏ်အား, စွမ်းပကားဖြင့်, မျှားသခိါရ, ဝိကာရနှင့်, လက္ခဏာပညတ်, နိဗ္ဗာန်ဓာတ်ဟု, ငါးရပ်သိရန်, ဥယျောဓမ်ကို, ဖောက်ပြန်မရှိ, ကိုယ်တော်တိုင်သိတော်မူသော ဤအကြောင်းကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ**-သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီးမကုန်, ဖြဟ္မာဘုံတိုင်အောင်, ပျံ့လိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသည်တကား။

**သမ္မာသမ္ဗုဒ္ဓဝုဏ်မတော်**က "အလုံးစုံသော တရားတို့.ကို သိတော်မူ၏" ဆိုတဲ့ အနက်ကို ပြပါတယ်။

ဘုရားရှင်ရဲ့ဉာဏ်ဇတော်သည် သိသင့်သိဖွယ် အသွယ်သွယ်ကို မည်သူနှင့်မျှ ယှဉ်မရအောင် ရှင်းရှင်းလင်းလင်း သိတော်မူပါတယ်၊ ထိုသိဖွယ်တရားမျှားကို **"ဥယျောဓမ္မေ=ဥယျောဓမ်"** လို့ ခေါ်ပါတယ်။

## ဥယျောဓံတရား ၅-ပါး

**ဥယျောဓမ္မေ=ဥယျောဓမ်⟶ဥယျောဓံ**-ဟူသည် သိသင့် သိထိုက်သောတရားတည်း၊ ယင်းတရားသည် သခိါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်အားဖြင့် ၅-ပါးအပြားရှိတယ်၊

**(၁) သခိါရ-** စိတ် စေတသိက်ဟူသော နာမ်တရား ၅၃-ပါးနှင့် နိပ္ဖန္နရုပ် ၁၈-ခု၊

---

[၄၄] **မှတ်ချက်။ ။ အရဟံပုဒ်**သည် "ဘဂဝတော အရဟတော" စသည်ဖြင့် ပြည့်စုံကြီးကျယ်ပုံစံဖြစ်တယ်၊ ပြခဲ့သောအဖွင့်များဖြင့်ကား **အာရကာနံပါတ်, အရိ+ဟ- အရ+ဟ**တို့.၌ ကွိပစ္စည်း, **အ+ရဟောဒ်**၌ သမာသ် ဖြစ်၍ ဒန္ဓ စ္စည်း ပေါင်းသောအကြောင့် ဝုဒ္ဓန္တ ကို ပယ်ရှားပြီး **အရဟံပုဒ်**၏ ရသင့်သမျှ အနက်တို့.ကို ဖွင့်ပြခြင်းသာ ဖြစ်သည်၊ အရဟာဓကံဖြင့် ကြိုးစား ပယ် "ပစ္စုပ္ပန္နကာဒိရုပ်ဖြစ်တယ်။

(၂) **ဝိကာရ**–(ကာယဝိညတ်, ဝစီဝိညတ်–ဟူသော) ဝိညတ်ရုပ် ၂–ခုနှင့် ရှုပသဿ လဟုတာ, မုဒုတာ, ကမ္မညတာ ၃–ခု ဟူသော ဝိကာရရုပ် ငါးပါး၊

(၃) **လက္ခဏ**–ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာဟူသော လက္ခဏာရုပ် လေးပါး၊

(၄) **နိဗ္ဗာန်**–ရုပ်နာမ်ပညတ်မှတပါး ငြိမ်းအေးသောတရား (သန္တိပဒခေါ် ငြိမ်းအေးမှု ဓာတ် တစ်မျိုး)။

(၅) **ပညတ်**–လူ နတ် ဗြဟ္မာ ဆင် မြင်း ကျွဲ နွား တော တောင် ရေ မြေ စသောထိုထို ဝေါဟာရ ပညတ်များ၊

ဒီတရား ၅–ပါးကို သိအပ် သိသင့် သိထိုက်တဲ့ တရားများဖြစ်သည့်အတွက် **"ဥယျဓမ္မ-ဥယျဓမ်"** လို့ ခေါ်ရတယ်[၄၃]။

[ဒီဥယျဓမ်တရားငါးပါးတွင် နိပ္ဖန္နရုပ်, ဝိကာရရုပ်, လက္ခဏာရုပ်တို့အကြောင်းကို အဘိဓမ္မတ္ထသင်္ဂဟ (သင်္ကြိတ်), ဦးကာကျော်(၁၉၉–၂၀၀), အခြေပြုသင်္ကြိတ် (၃၄၁–၃၄၆)တို့၌ ကြည့်ပါ။]

**သမ္မာ သာမဉ္ဉ သဗ္ဗဓမ္မာနံ ဇုဒ္ဓတ္တာ သမ္မာသမ္ဗုဒ္ဓေါ---သမ္မာ**သည် **အဝိပရီတ** (မဖောက်မပြန်အမှန်) အနက်ဟောနိပါတ်ပုဒ်၊ **သာမံ**သည် **သယံ** (ကိုယ်တိုင်) အနက်ဟောနိပါတ်ပုဒ်၊ **စ**သဒ္ဒါကား သမ္မာကိုပေါင်းသော **သမ္မိက္ခာန**။ **"သမ္မာ ဇုဒ္ဓ**–အမှားမရှိ အမှန်သိရုံသာမက, **သာမံ ဇုဒ္ဓ**–ကိုယ်တိုင် လည်းသိသည်" ဟု ဆိုလို။ မဖောက်မပြန်အမှန် ကိုယ်တော်တိုင် အလုံးစုံသောတရားတို့ကို သိတော်မူအပ်ကုန်ပြီး၏ အဖြစ်ကြောင့် **"သမ္မာသမ္ဗုဒ္ဓေါ"**မည်တော်မူ၏။

ကိုယ်တော်တိုင် သိသည်–ဆိုရာမှာ နည်းလမ်းညွှန်သူ ဆရာမရှိ, ပါရမီအစွမ်းကြောင့် မိမိဘာသာ ရှာဖွေတွေ့ရှိ သိတော်မူသည်–ဟု ဆိုလို၏၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်များလည်း ဆရာမရှိ ကိုယ်တိုင်ပင် သိတော်မူကြ၏၊ သို့သော် အသိချင်းတွေ့ ကွာခြားပုံကို **သမ္မာ**ဖြင့် ပြ၏၊ မဖောက်မပြန် အမှန်သိသည်–ဟူရာ၌ အမှားမရှိ အမှန်အတိုင်း သိသည်၊ မသိသောအရာမရှိ, အားလုံးသိသည်–ဟု

---

[၄၃] ပဋ္ဌနေယျပထပွဘေဒံ (ပဋ္ဌဉေယျပထပွဘေဒံ–သိ) သဗ္ဗံ အညာသိတိ သဗ္ဗညူ၊ သဗ္ဗညုဿ ဘာဝေါ သဗ္ဗညုတာ၊ သာ ဇေ ဉာဏံ **"သဗ္ဗညုတာဉာဏ"**န္တိ ဝတ္တဗ္ဗေ **"သဗ္ဗညုတညာဏ"**န္တိ ဝုတ္တံ။ သခီတာသခီတာဒိဘေဒါ သဗ္ဗမ္ပေါ ဟိ သခီရော ဝိကာရော လက္ခဏံ နိဗ္ဗာနံ ပညတ္တိတိ ပဋ္ဌေဝ နေယျပထာ ဟောန္တိ (ပဋိသံ၊ ဋ၊ ၁၊ ၅၄)။

**သခီယ ဥယျာနိ အသေသိတာနိ**တိ သခီရ ဝိကာရ လက္ခဏ နိဗ္ဗာန ပညတ္တိသခီတဥယျာနိ အသေသတော ဇာနိတ္ဝာ ရူပရူပါနိ အဒ္ဒရသ တေပညာသ စိတ္တစေတသိကာနိတိ ဇကသတ္တတိဓမ္မာ သခီရာ နာမ၊ ဝိညတ္တိဒွယံ လဟုတာဒိ–တ္တယဉ္စာတိ ပဋ္ဌ ဝိကာရာ နာမ၊ ဇာတိဇရာမရဏာနိ လက္ခဏာနိ နာမ၊ သန္တိပဒံ နိဗ္ဗာနံ နာမ၊ တံတံ ဝေါဟာရံ ပညတ္တိ နာမ။ တ္ထမံ ပဋ္ဌဝိဉေယျ–မတ္ထာလံ နာမ (ဇိနာလင်္ကာရဋီကာ၊ အသာဓာရဏာညာဏဝဏ္ဏနာ၊ ၁၁၄)။

ဆိုလို၏၊ ဤအချက်ဖြင့် သဗ္ဗညုတညာဏ်တော်၏ အစွမ်းကိုပြ၏၊ ထို့ကြောင့်ပင် တစ်စိတ်တစ်ဒေသကိုသာ သိကြသော ပစ္စေကဗုဒ္ဓါတို့မှာ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်, အမည်တော်ကို ခံယူတော်မမူနိုင်ကြပေ။

**မျက်မြင်တွေ့မှ မှန်းဆသိနိုင်သည်။** ။ အလွန်တရာနက်သော တောကြီးထဲမှာ မသွားမလာဘူးသူများဟာ ထိုတောဏ်အခြေအနေကို မသိနိုင်, မခန့်မှန်းနိုင်ကြပါ၊ သွားလာဘူးသူများကသာ တော၏ နက်ရှိုင်းပုံ, တောပန်းတောင်ပန်း သစ်သီးမျိုးစုံ ဝေဝေဆာဆာနှင့် သာယာပုံတွေကို သိနိုင်ကြ၏၊ အလားတူပင် ပိဋကဋ္ဌ ကျင်လည်ဘူး၍ ပိဋကကျွမ်းကျင် ပညာရှင်တို့သည်ကား ဘုရားရှင်၏ ဉာဏ်တော်ကြီးကျယ်ပုံကို ခန့်မှန်း ကြည်ညိုနိုင်ကြ၏။

အဘိဓမ္မာအရ လောကဋ္ဌ အရာဝတ္ထုမှန်သမျှ မပြောင်းမလွဲ တည်မြဲသည်-ဟု မရှိ၊ သာမန်လူတို့ အမြင်မှာ တည်မြဲနေသည်ထင်ရသော အရာဝတ္ထုဟာ ဓာတုဝိဘင်္ဂဉာဏ် (ဓာတ်ကို ခွဲခြားစိတ်ဖြာသော ဉာဏ်) ထက်သန်သော ပညာရှင်များအမြင်တွင် ဖြစ်ပျက်မစဲ တသဲသဲ ဖောက်ပြန်နေသောအရာသာ ဖြစ်လျက်ရှိနေ၏၊ ထိုထိုအရာဝတ္ထုများမှာ အဋ္ဌကလာပ်ရုပ်ဓာတ်တွေ[၄၃] မရေမတွက်သာအောင် ဖွဲ့စည်းတည်နေသော အရာများသာဖြစ်ခဲ့ကြ၏၊ ဖြစ်၍တည်မြဲနေသော အဋ္ဌကလာပ်ရုပ်ဟုလည်း မရှိခဲ့၊ ဖြစ်ပြီးလျှင် ချုပ်ပျက်ရသည်သာ၊ ချုပ်ပျက်သည့်နေရာတွင် အစားထိုးကာ အသစ်အသစ် ရုပ်ကလာပ်များ မရပ်မနား ဖြစ်ပွါး ချုပ်ပျက်လျက် ရှိကြ၏၊ ရုပ်ကလာပ်တစ်ခု၏ ပမာဏသည်လည်း အလွန်ပင်သေးငယ်လှ၏၊ အရာဝတ္ထုတစ်ခုဌ ထိုရုပ်ကလာပ်ကလေးတွေကို စိတ်ဖြာခွဲဝေလျက်သိနိုင်၏၊ ထိုကလာပ်တွေ၏ အဖြစ်နှင့်အပျက်ကိုပင် ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိသည်ဆိုလျှင် ထိုအသိမှာ မည်မျှခက်ခဲ ဖြစ်နိုင်ခဲသော အသိမဟုတ်ပါလော? အခြား ဉာဏ်ကြီးရှင်တို့၏အရာမဟုတ်ပါ၊ ဘုရားရှင်မှာ ထိုမျှအထိ သိတော်မူသောကြောင့် သူမတူသော ဉာဏ်တော်ရှင်အဖြစ် အသိအမှတ်ပြုခဲ့ကြရပေသည်၊ ထို့ကြောင့်ပင် ထိုသို့သော အသိအရ အဘိဓမ္မာဌ ရုပ်ဓာတ်တို့ကို အမျိုးမျိုး စိတ်ဖြာလျက် တိကျသေချာစွာ ဟောတော်မူနိုင်ခဲ့ ခြင်းဖြစ်၏၊ သတ္တဝါတို့ ခန္ဓာကိုယ်ဌ သူ့အဖွဲ့အစည်းနှင့်သူ ရုပ်ကလာပ်တွေ ဖြစ်နေပုံကိုလည်းကောင်း, ထိုရုပ်ကလာပ်တွေမှာ အကြောင်းမဲ့ ဖြစ်နေကြသည်မဟုတ်ပဲ ဆိုင်ရာအကြောင်းကိုယ်စီဖြင့် ဖြစ်ကြပုံနှင့် အကြောင်းကလာပ်များကလည်း အကျိုးရုပ်ကလာပ်တွေကို ဆိုင်ရာသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့လျက် ရှိနေကြပုံကိုလည်းကောင်း, ရုပ်အဖွဲ့

---

[၄၃] မဟာဘုတ် ၄-ပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ-ပေါင်း ၈-ပါး၊

အစည်းတစ်ခုထဲက ရုပ်တွေ အပြန်အလှန် ကျေးဇူးပြုနေကြပုံကိုလည်းကောင်း, ထိုရုပ်ကလာပ်တွေ သက်တမ်းဘယ်မျှ ရှိသည်ကိုလည်းကောင်း, ဖြစ်ပြီးရုပ်ကလာပ်တွေ ပျက်၍ ရုပ်ကလာပ်အသစ်တွေ ဆက်ကာဆက်ကာ အစားထိုး ပေါ်လာ၍ ဖြစ်ပျက် ဖြစ်ပျက်နေဟန်ကိုလည်းကောင်း ဓာတ်ခွဲ ဝေဖန် လျက် ဟောထားသည်မှာ လိုလေသေးမရှိပါ။ ထိုအချက်တွေကို လေ့လာရသော ပညာရှိတို့က "အလွန်သိတော်မူပါပေသည်"ဟု ဘုရားရှင်၏ဉာဏ်တော်ကို ခန့်မှန်းအားရကြ၏။

**အလွန်ခဲယဉ်းသောအမှု ဘုရားသာပြုနိုင်။** ။ ရုပ်ဓာတ်တို့ကို အမျိုးမျိုး စိတ်ဖြာလျက် တိကျသေချာစွာ ဟောတော်မူခဲ့သည်သာမက အကောင်အထည်မရှိသော နာမ်တရားများကိုလည်း စိတ်နှင့် စေတသိက်တွဲ၍ သူ့အတွဲနှင့်သူ ဖြစ်နေကြသည်ကိုလည်းကောင်း, တစ်ခုပျက်, တစ်ခုဖြစ်နှင့် အစဉ်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်ပျက်နေပုံကိုလည်းကောင်း, အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ရပုံ, ရှေးစိတ်က နောက်စိတ်ကို သတ္တိအမျိုးမျိုးဖြင့် ကျေးဇူးပြု ထောက်ပံ့ပေးလျက်ရှိပုံ, ဖြစ်လာသော နာမ်တရားများကလည်း ရုပ်ကလာပ်တွေကို ပေါ်လာအောင်, ပေါ်ပြီးရုပ်တွေ တည်တံ့နိုင်အောင် သတ္တိအမျိုးမျိုးဖြင့် ကျေးဇူးပြု အထောက်အပံ့ပေးလျက် ရှိနေပုံများကိုလည်းကောင်း ဟောထားသည်မှာလည်း လိုလေသေးမရှိ ပြည့်ဝစုံလင်လှသည်။

ဤနာမ်တရားများကို ခွဲထားသည်မှာ အလွန်ပြုနိုင်ခဲသော အမှုကြီးကို ပြုစွမ်းတော်မူခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်နာဂသေနမထေရ်က မိလိန္ဒမင်းကြီးကို မေးသည်မှာ "မင်းကြီး...တစ်စုံတစ်ယောက်သော ယောကျ်ားသည် လှေဖြင့် မဟာသမုဒ္ဒရာသို့ဝင်၍ လက်ခုပ်ဖြင့် ရေကိုယူလျက် လျှာဖြင့်လျက်သောအခါ 'ဤရေကား ဂင်္ဂါမြစ်ရေ, ဤရေကား ယမုနာမြစ်ရေ, ဤရေကား အစိရဝတီမြစ်ရေ, ဤရေကား မဟီမြစ်ရေ, ဤရေကား သရဘူမြစ်ရေ'ဟု ခွဲခြား၍ သိနိုင်ပါမည်လော?"မေး၏၊ မင်းကြီးက "အရှင်ဘုရား... ခဲယဉ်းလှပါသည်" လျှောက်၏။ "မင်းကြီး...ထိုရေကို ခွဲခြားရသည်ထက် အဆပေါင်းများစွာ ခက်ခဲလှသော တစ်ခုသောအာရုံ၌ဖြစ်ကုန်သော စိတ်စေတသိက် နာမ်တရားတို့တွင် 'ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ, ဤကား စေတနာ, ဤကား စိတ်'စသည်ဖြင့် ခွဲခြားမှုကြီးပြုခဲ့ရာ အမှန်တကယ်ပြုနိုင်ခဲသော အမှုကြီးကို ပြုခဲ့ခြင်းပါပေ"ဟု အရှင်မြတ်က ချီးကျူး

တော်မူခဲ့ပါသည်[၄၄]။ ဤတရားတော်များကို ရွေးခေတ် ယခုခေတ်တို့၌ ဘုရားမှတပါး မည်သူမျှ မသိကြ မဟောနိုင်ခဲ့ကြရာ ဘုရားရှင်၏ အတုမရှိသော ဉာဏ်တော်ကြီးကို ဖော်ပြလျက်ရှိသည်[၄၅]။

**သုတ္တန်ဟောပုံ၊ ပမာရှိ၊ နည်းစုံဟောလေသည်။** ။ အဘိဓမ္မာ၌ ရုပ်နာမ်နှစ်ဖြာ သဘာဝဓမ္မတွေကိုသာ အတိအကျ အကုန်စုံအောင် ဟောတော်မူခဲ့သော်လည်း တရားကျင့်ရေးနှင့်စပ်သော သုတ္တန်ကျပြန်သောအခါ တရားနာသူတို့၏ ဓာတ်ခံအလိုက် ၎ါထိုက်သောတရားအချို့ကိုထုတ်ကာ သိလွယ် မြင်လွယ် နာချင်ဖွယ် နှစ်သက်ဖွယ်ဖြစ်အောင် အနက်သဒ္ဒါ ဝေဝေဆာဆာနှင့် ဥပမာ, ဥပစာ စသည် တန်ဆာဆင်လျက် ဟောပြောတော်မူချက်မှာလည်း တရားတတ် စကားတတ် ဖြစ်တော်မူကြောင်း ထင်ရှားလှ၏၊ ပရမတ် ပညတ်စုံအောင် အကုန်သိတော်မူပါပေ၏-ဟု အံ့သြချီးကျူးရပြန်ပါ၏၊ ဤသို့လျှင် ပိဋကပေါ် အခြေခံသောအသိဉာဏ်ဖြင့် သဗ္ဗညုတဉာဏ်ကို မှန်းဆနိုင်၏၊ အခြေခံမှန်လျှင် မှန်းဆချက်လည်း လွဲမှားမှု မရှိနိုင်ပါ။

> သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ပန **သမ္မာသမ္ဗုဒ္ဓေါ**။ တထာ ဟေသ သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ ဗုဒ္ဓေါ၊ အဘိညေယ္ယေ ဓမ္မေ အဘိညေ့ယ္ယတော ဗုဒ္ဓေါ၊ ပရိညေယ္ယေ ဓမ္မေ ပရိညေယ္ယတော, ပဟာတဗ္ဗေ ဓမ္မေ ပဟာတဗ္ဗတော, သစ္ဆိကာတဗ္ဗေ ဓမ္မေ သစ္ဆိကာတဗ္ဗတော, ဘာဝေတဗ္ဗေ ဓမ္မေ ဘာဝေတဗ္ဗတော။
>
> တေနေဝ စာဟ---
>
> အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
>
> ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါ'သ္မိ ဗြာဟ္မဏာတိ[၄၆]။

ပန-အဖို့တစ်ပါးကား၊ သမ္မာ-မဖောက်မပြန်လည်းကောင်း၊ သာမဉ္စ-ကိုယ်တော်တိုင်သာလျှင်လည်းကောင်း၊ သဗ္ဗဓမ္မာနံ-အလုံးစုံသောတရားတို့ကို၊ ဗုဒ္ဓတ္တာ-သိအပ်ကုန်ပြီးသည်၏အဖြစ်ကြောင့်၊ **သမ္မာ သမ္ဗုဒ္ဓေါ**-သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ တထာ ဟိ-ထိုစကားကို ချဲ့ဦးအံ့၊ ဧသ-ဤဘုရားရှင်သည်၊ သဗ္ဗ ဓမ္မေ-အလုံးစုံသောတရားတို့ကို၊ သမ္မာ-လည်းကောင်း၊ သာမဉ္စ-လည်းကောင်း၊ ဗုဒ္ဓေါ-သိတော်မူပြီ၊ အဘိညေယျ-ထူးသောဉာဏ်ဖြင့် သိထိုက်ကုန်သော၊ ဓမ္မေ-သစ္စာလေးပါးတရားတို့ကို၊ အဘိညေယျတော-အဘိညေယျ၏အဖြစ်ဖြင့်၊ ဝါ-ထူးသောဉာဏ်ဖြင့် သိထိုက်သည်၏အဖြစ်ဖြင့်၊

---

[၄၄] မိလိန္ဒပဉှ အရှုပဓမ္မဝဝတ္ထာနဒုက္ကရပဉှ ၉၄။

[၄၅] ပရိတ်ကြီးနိဿယသစ်၊ ၄၄၃-၄၄၅။

[၄၆] မ ၂၊ ၃၅၂။ ခု၊ ၃၆၈။

ဗုဒ္ဓေါ-ပြီ၊ ပရိညေယျ-ပိုင်းခြား၍ သိထိုက်ကုန်သော၊ ဓမ္မေ-ဒုက္ခသစ္စာတရားတို့.ကို၊ ပရိညေယျ တော-ပရိညေယျ၏အဖြစ်ဖြင့်.၊ (ဗုဒ္ဓေါ-ပြီ၊) ပဟာတဗ္ဗေ-ပယ်ထိုက်ကုန်သော၊ ဓမ္မေ-သမုဒယအဖို့.တွင် ပါဝင်သောတရားတို့.ကို၊ ပဟာတဗ္ဗတော-ပဟာတဗ္ဗ၏အဖြစ်ဖြင့်.၊ (ဗုဒ္ဓေါ-ပြီ၊) သစ္ဆိကာတဗ္ဗေ-မျက် မှောက်ပြုထိုက်ကုန်သော၊ ဓမ္မေ-နိရောဓသစ္စာတရားတို့.ကို၊ သစ္ဆိကာတဗ္ဗတော-သစ္ဆိကာတဗ္ဗ၏ အဖြစ်ဖြင့်.၊ (ဗုဒ္ဓေါ-ပြီ၊) ဘာဝေတဗ္ဗေ-ပွါးများထိုက်ကုန်သော၊ ဝါ-မိမိသန္တာန်၌ ဖြစ်စေထိုက်ကုန်သော၊ ဓမ္မေ-မဂ္ဂသစ္စာတရားတို့.ကို၊ ဘာဝေတဗ္ဗတော-ဘာဝေတဗ္ဗ၏အဖြစ်ဖြင့်.၊ (ဗုဒ္ဓေါ-ပြီ၊) စ-သည်သာမက သေး၊ တေနေဝ-ထို.ကြောင့်ပင်၊ "အဘိညေယျံ ၊ ပ ၊ ဗြာဟ္မဏာတိ"-ဟူ၍၊ အာဟ-မိန့်.တော်မူပြီ။

ဗြာဟ္မဏ-သေလပုဏ္ဏား၊ မေ-ငါသည်၊ အဘိညေယျံ-ထူးသောဉာဏ်ဖြင့် သိထိုက်သော ဒုက္ခ သစ္စာတရားကို၊ အဘိညာတံ-ထူးသောဉာဏ်ဖြင့် သိအပ်ပြီ၊ ဘာဝေတဗ္ဗ-မိမိသန္တာန်၌ ဖြစ်စေထိုက် သော မဂ္ဂသစ္စာတရားကိုလည်း၊ ဘာဝိတံ-ဖြစ်စေအပ်ပြီ၊ ဝါ-ပွါးစေအပ်ပြီ၊ (စဖြင့် သစ္ဆိကာတဗ္ဗကို ဆည်း၍- သစ္ဆိကာတဗ္ဗ-မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာတရားကိုလည်း၊ သစ္ဆိကတံ-မျက် မှောက်ပြုအပ်ပြီ၊) ပဟာတဗ္ဗံ-ပယ်ထိုက်သော သမုဒယသစ္စာတရားကို၊ ပဟီနံ-ပယ်အပ်ပြီ၊ တသ္မာ-ထို.ကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူသည်၊ အသ္မိ-ဖြစ်၏။ [တနည်း-ပါရိသေသနည်းအရ အဘိညေယျ အား‌ဖြင့် ဒုက္ခသစ္စာ, နိရောဓသစ္စာ ၂-ပါးကိုယူ၊ ဤနည်းအလို စဖြင့် သစ္ဆိကာတဗ္ဗကို ဆည်းဖွယ် မလို။]

**အဘိညေယျေ ဓမ္မေ။** ။ အနိစ္စအစရှိသောအား‌ဖြင့်လည်းကောင်း, လက္ခဏာရသအစရှိသောအား‌ဖြင့် လည်းကောင်း ထူးသောဉာဏ်ဖြင့် သိအပ်သိထိုက်သော သစ္စာလေးပါးတရားများ။ [**အဘိညေယျေ**တိ အနိစ္စာဒိတော လက္ခဏရသာဒိတော စ အဘိဝိသိဋ္ဌေန ဉာဏေန ဇာနိတဗ္ဗေ စတုသစ္စဓမ္မေ။ (သာရတ္ထ၊ ၁၊ ၂၂၉။)]

**အဘိညေယျတော ဗုဒ္ဓေါ။** ။ အဘိညေယျ၏အဖြစ်ဖြင့် သိတော်မူပြီ-ဟု ဆိုသည်မှာ မဂ်၏ရှေ့အဖို့၌ ဝိပဿနာပညာအစရှိသည်တို့.ဖြင့်လည်းကောင်း မဂ်ရသောခဏ၌ မဂ်ပညာဖြင့်လည်းကောင်း, မဂ် ရပြီးနောက်၌ သဗ္ဗညုတဉာဏ်အစရှိသည်တို့.ဖြင့်လည်းကောင်း သိတော်မူပြီ-ဟု ဆိုလို၏။ [**အဘိညေယျတော ဗုဒ္ဓေါ**တိ အဘိညေယျဘာဝတော ဗုဇ္ဈီ၊ ပဗုဇ္ဈာဂေ ဝိပဿနာပညာဒီဟိ အဓိဂမက္ခဏေ မဂ္ဂပညာယ အပရဘာဂေ သဗ္ဗညုတညာဏာဒီဟိ အညာသိတိ အတ္ထော။ (သာရတ္ထ၊ ၁၊ ၂၂၉။)]

**<u>အရှင်သာရိပုတ္တရာ မှန်းဆချက်</u>။** ။ အရှင်သာရိပုတ္တရာမထေရ်က "အသိဉာဏ်အရာ ဘုရားရှင်ထက် သာလွန်သောသူကား ရှေးကလည်း မရှိခဲ့ဘူး, ယခုလည်းမရှိ, နောင်လည်း ရှိလိမ့်မည်မဟုတ်၊ ဤသို့ပင် ဘုရားရှင်အပေါ်မှာ တပည့်တော် ကြည်ညိုခြင်း ဖြစ်ပါသည်"ဟု လျှောက်၏၊ ဘုရားရှင်က "သာရိပုတ္တရာ တထစ်ချ ရဲရဲဝံ့ဝံ့လျှောက်တင်ခဲ့၏၊ ဘုရားရှင် မှန်သမျှတို့ရဲ့ စိတ်ကိုသိ၍လော?" မေးတော်မူတဲ့အခါ အရှင်သာရိပုတ္တရာမထေရ်က "အတိတ် အနာဂတ် ပစ္စုပ္ပန် ဘုရားရှင်တို့ရဲ့ အပေါ်၌ ပိုင်းခြားသိနိုင်တဲ့ စေတောပရိယဉာဏ် တပည့်တော်မှာမရှိပါ၊ သို့သော် တရားမှန်းဆချက်ကို သိထားပါတယ်ဘုရား၊ ဥပမာ ရှင်ဘုရင်ရဲ့ အစွန်အဖျားကျတဲ့ မြို့တစ်မြို့ရှိရာ ပြအိုးတံတိုင်းများဖြင့် အခိုင်အလုံ ကာရံထားသည်မှာ ကြောင်ဝင်ပေါက်ပင် မရှိ, လုံလုပါတယ်၊ တံခါးကလည်း တစ်ပေါက်တည်း ရှိပါတယ်၊ ထိုမြို့ တံခါးစောင့်က မြို့ကိုဝင်ထွက်သွားလာသူ သတ္တဝါအကြီးစားများမှာ ဒီတံခါးပေါက်ကပင် ဝင်ထွက်တယ်လို့ သိနိုင်ပါတယ်ဘုရား၊ အလားတူ အားလုံးသော ဘုရားရှင်များမှာ စိတ်ကို ညစ်ညူးစေတတ်ကုန်လျက် ပညာကို အားနည်းအောင်ပြုတတ်တဲ့ အပိတ်အပင် 'နိဝရဏ'တရားငါးပါးတို့ကိုပယ်ကာ သတိပဋ္ဌာန် ၄-ပါးတို့၌ စိတ်ခိုင်မာစွာထား၍ ဗောဇ္ဈင် ၇-ပါး ပွါးများပြီး အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရကြတယ်-လို့ တရားမှန်းဆချက်ကို သိလျက် ရှိပါတယ် ဘုရား" လို့ လျှောက်ထားပါတယ်[၄၄၃]။

အရှင်သာရိပုတ္တရာရဲ့ မှန်းဆချက်မှာ အမှန်တရားကို အခြေခံလျက် မှန်းဆချက်ဖြစ်လို့ အမှန်းအဆ မလွဲခဲ့ပါ၊ ဉာဏ်ရှိသူမှာ ခြေရာမြင်ရင် သတ္တဝါအမျိုးအစားကို မှန်းဆရာတွင် မလွဲနိုင်သလို ဘယ်သူမှ မဟောနိုင် မသိနိုင်တဲ့ တရားတွေကို မြင်ရ၍ အတုမရှိတဲ့ ဉာဏ်ပညာရှင်အဖြစ် မှန်းဆရာဝယ် အဘယ်မှာ လွဲနိုင်ပါတော့မလဲ?

ဒီအရာမှာ ဘုရားမှတပါး ပညာအကြီးမားဆုံး အရှင်သာရိပုတ္တရာမထေရ်ပင် ဘုရားရှင်တို့ စိတ်ကို သိတဲ့ဉာဏ်မရ, အမှန်းအဆသာဖြစ်တယ်၊ သာသနာတော်ဝယ် ပညာအရှိဆုံး တပည့်သာဝကကြီးပင် မသိနိုင်တဲ့ ဘုရားရှင်မှန်သမျှတို့ရဲ့ စိတ်တော်ကို (မှန်းဆ)သိနိုင်သည့်အတွက်လဲ ဘုရားရှင်မှာ သူမတူတဲ့ အသိဉာဏ်ပိုင်ရှင်အဖြစ် အားရကြည်ညိုရပြန်ပါတယ်။

---

[၄၄၃] ဒီဃနိကာယ် ပါထိကဝဂ် သမ္မသာဒနိယသုတ် (၃၊ ၃၊ ၈၂-၈၃)။ ပါထိကဝဂ်ဝဏ္ဏနာ မြန်မာပြန် သမ္မသာဒနိယသုတ်, အသျှင်သာရိပုတြာ၏ ရဲရင့်သောစကားသံ (၈၈-၈၉)။

**အဘယမင်းသားအမေး ဘုရားရှင်အဖြေ။** ။ ဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်တော်ကြီးကြောင့်ပင် ပညာရှင်များစွာနှင့် နတ်ဗြဟ္မာတို့ ဘယ်သူမေးမေး တွေးတောနေရသည် မရှိ, လေးကန် ဆုတ်ဆိုင်းနေရသည် မရှိ, ရွံထိတ်ခြင်းမရှိ, ချက်ခြင်းပင် ဖြေကြားတော်မူနိုင်သည်မှာလဲ အထင်အရှားပင် ဖြစ်တယ်[၄၄၄]။

အဘယမင်းသားက "ရှင်တော်မြတ်ဘုရား...မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း ပညာရှိတွေ ပုစ္ဆာပြဿနာ မေးလျှောက်လာတဲ့အခါ ကြိုတင်၍ ဘယ်လိုဘယ်ပုံ ဖြေမယ်–လို့ စဉ်းစားထားရပါသလော? သို့မဟုတ် တခဏချင်းပင် ဖြေနိုင်ပါသလော?"လို့ မေးလျှောက်ပါတယ်။

ဘုရားရှင်က "မင်းသား...ဒီအရာ၌ သင့်ကိုပင် မေးရဦးမယ်၊ ရထားအစိတ်အပိုင်းများကို သင် နားလည်ပြီလော့?" မေးတော်မူရာ အဘယမင်းသားက "တပည့်တော် နားလည်ပါတယ်ဘုရား"လို့ ပြန်လျှောက်ထား၏။

ဘုရားရှင်က "သင့်ကို တဦးတယောက်က ရထားအစိတ်အပိုင်းကိုမေးရင် ကြိုတင်၍ ငါဘယ်သို့ ဘယ်ပုံဖြေမယ်–လို့ စဉ်းစားထားရသလော? သို့မဟုတ် ချက်ခြင်းပင် ဖြေဆိုနိုင်ပါသလော?"လို့ မေးတော်မူပြန်ရာ အဘယမင်းသားက "တပည့်တော် ရထားမောင်းသူပါ၊ ရထားအစိတ်အပိုင်းတွေ အားလုံး နားလည်ထားပြီးဖြစ်ရာ စဉ်းစားဖွယ်မလိုပဲ ချက်ခြင်းပင် ဖြေဆိုနိုင်ပါတယ်ဘုရား"လို့ လျှောက်ပါတယ်။

"မင်းသား...ငါဘုရားဟာ သဗ္ဗညုတဉာဏ်တော်ကြီးကို ထိုးထွင်းသိထားပြီးဖြစ်ရာ တရားအားလုံးကို သိပြီးဖြစ်နေတဲ့ ငါဘုရားမှာ ကြိုတင်စဉ်းစားဖွယ်မလို, ချက်ခြင်းပင် ထိုပုစ္ဆာပြဿနာ၏ အဖြေသည် ဉာဏ်တော်မှာ ထင်လာရတော့၏"လို့ မိန့်တော်မူပါတယ်[၄၄၅]။

**ကောသလမင်းကြီးလျှောက်ထားချက်။** ။ ကောသလမင်းကြီးဟာ မိမိအနေနဲ့ ဘုရားရှင်ရဲ့ **သမ္မာသမ္ဗုဒ္ဓ** အဖြစ်ကို ဘာ့ကြောင့် ယုံကြည်မှန်းဆ ကြည်ညိုမြတ်နိုးရကြောင်းကို အကြောင်းများစွာပြ၍ လျှောက်ထားခဲ့ဘူးတယ်၊ အဲဒီအကြောင်းများအနက် အကြောင်းတချက်မှာ လောကဌ မင်းပညာရှိ, ပုဏ္ဏားပညာရှိ, သူကြွယ်ပညာရှိ, ရဟန်းပညာရှိတွေ ရှိကြပါ၏၊ ထိုပညာရှိတွေဟာ မိမိတို့ ပညာစွမ်းဖြင့် သူတပါးအယူအဆကို ဖောက်ထွင်းဖျက်ဆီးသလိုပြုကာ လှည့်လည်လျက် ရှိကြပါ၏၊

---

[၄၄၄] မဇ္ဈိမပဏ္ဏာသဋ္ဌကထာ အဘယရာဇကုမာရသုတ်အဖွင့် (မ၊ ဋ၊ ၃၊ ၇၉-၈၀)။

[၄၄၅] မဇ္ဈိမပဏ္ဏာသပါဠိတော် အဘယရာဇကုမာရသုတ် (မ၊ ၂၊ ၅၈)။ မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် (၆၃-၆၄)။

## ဓဇ္ဈသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သူတို့ကား ဘုရားရှင် ဘယ်အရပ် ဘယ်ဒေသတော့ ရောက်နေသည် ကြားရလျှင် "ပိမိတို့အမေးနှင့် ပတ်သက်၍ ဘုရားရှင် ဘယ်လိုဖြေသော် မိမိတို့က ဘယ်လို အပြစ်တင်လိုက်မည်"လို့ ခဲရာခဲဆစ် အမေးပြဿနာကို ကြိုတင်ပြင်ဆင်ထားနှင့်ကြတယ်၊ သို့သော် ဘုရားရှင်ထံ သူတို့ရောက်လာ၍ ဘုရားရှင်က တရားဟောတော်မူတဲ့အခါ မိမိတို့မေးရန်, အပြစ်တင်ရန် စိမံပြင်ဆင်ခဲ့တဲ့ အယူဝါဒများကို တင်ခြင်း မေးခြင်း မပြုတော့ပဲ ဘုရားရှင်ရဲ့ တပည့်သာဝကအဖြစ် ခံယူကြတော့တယ်၊ အချို့ ရဟန်းပြုကြပါတယ်၊ ထိုအချက်တွေကြောင့် မိမိအနေနဲ့, ဘုရားရှင်ရဲ့ **သမ္မာသမ္ဗုဒ္ဓ**အဖြစ် မှန်းဆယုံကြည်နိုင်ခဲ့ကြောင်း လျှောက်ထားခဲ့ပါတယ်[၄၄၆]။

## ၃-ဝိဇ္ဇာစရဏသမ္ပန္နဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

သော ဘဂဝါ-သည်၊ ဣတိပိ ဣမိနာ စ ကာရဏေန-သုံးပါးရှစ်ပါး, နှစ်မျိုးအားဖြင့်, ဟော ထားပညာ, ဉာဏ်ဝိဇ္ဇာတည်း, နိဗ္ဗာနဓာတ်, အပြိုက်ရပ်သို့, ဆိုက်ကပ်ရန်ဖြင့်, အမှန်သင့်သည့်, အကျင့်စရဏ, ဆယ့်ငါးဝန့်, တကွ ဥဿုံ, ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော**-ဝိဇ္ဇာစရဏသမ္ပန္နဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီးမကုန်, ဖြဟ့ဉ့်ဘုံတိုင်အောင်, ပျံ့လိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသတည်း။

### ဝိဇ္ဇာဆိုတာ၊ ဉာဏ်ပညာ၊ ပမာ အလင်းရောင်

**ဝိဇ္ဇာ**-ဆိုတာ ဉာဏ်ပညာ အလင်းဖြစ်၏၊ ဘုရားရှင်သည် ဘုရားဖြစ်မည့်နေ့, ညဉ့်ဦးယာမ်မှာ ပုဗ္ဗေ နိဝါသဉာဏ်ကို ရတော်မူတယ်၊ ဒီဉာဏ်ဖြင့် ရှေးအတိတ်က ဖြစ်ခဲ့ဘူးတဲ့ ဘဝခန္ဓာပေါင်း များစွာ တို့ကို သိတော်မူ၏ [ရှေးရှေးဘဝ၌ ကြုံတွေ့ခဲ့သမျှကို ပြန်၍အောက်မေ့နိုင်တဲ့ဉာဏ်]၊ သန်းခေါင်ယာမ် မှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူတယ်၊ ဒီဉာဏ်ဖြင့် အဝေးက အာရုံ, သေးငယ်တဲ့ အာရုံ, သတ္တဝါအစုံ စသည်တို့ကို သိတော်မူတယ် [နှတ်မျက်စိလို ဝေးကွာတဲ့အဆင်း, သေးငယ်တဲ့အဆင်းကို မြင်နိုင်တဲ့ ဉာဏ်]၊ မိုးသောက်ယာမ်မှာ အာသဝက္ခယဉာဏ်တော်ကို ရတော်မူတယ်၊ ဒီဉာဏ်ကတော့

---

[၄၄၆] မဇ္ဈိမပဏ္ဏာသပါဠိ ဓမ္မစေတိယသုတ် (မ၊ ၂၊ ၃၂၂-၃၂၅)။

ကိလေသာတို့ကို ကုန်စေတတ်တဲ့ အရဟတ္တမဂ်ဉာဏ်ဖြစ်တယ်၊ ဒိပုဗ္ဗေ နိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်–သုံးပါးကို **"ပု, ဒိ, အာ"**လို့ မှတ်သားလျက် **ဝိဇ္ဇာသုံးပါး**–ဆိုပါတယ်[၄၄၇]။

**ဝိဇ္ဇာ ၈–ပါး**————

(၁) **ဝိပဿနာဉာဏ်**–"အနိစ္စ ဒုက္ခ အနတ္တ"ဟု ရုပ်နာမ်တရားအားလုံးကို သိမြင်နိုင်တဲ့ဉာဏ်၊

(၂) **မနောမယိဒ္ဓိဉာဏ်**–မိမိခန္ဓာကိုယ်အတွင်း၌ အလားတူ ကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်တဲ့ဉာဏ်၊

(၃) **ဣဒ္ဓိဝိဓဉာဏ်**–မြေလျှိး မိုးပျံစသည်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ဉာဏ်၊

(၄) **ဒိဗ္ဗသောတဉာဏ်**–နတ်တို့ရဲ့နားလို ဝေးတဲ့အသံ, သေးငယ်တဲ့အသံများကို ကြားသိနိုင်တဲ့ဉာဏ်၊

(၅) **စေတောပရိယဉာဏ်**–သူတစ်ပါးရဲ့စိတ်ကို သိနိုင်တဲ့ဉာဏ်၊

(၆) **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**–ရှေးရှေးဘဝ၌ ကြုံတွေ့ခဲ့သမျှကို ပြန်၍ အောက်မေ့နိုင်တဲ့ဉာဏ်၊

(၇) **ဒိဗ္ဗစက္ခုဉာဏ်**–နတ်မျက်စိလို ဝေးကွာတဲ့အဆင်း, သေးငယ်တဲ့အဆင်းကို မြင်နိုင်တဲ့ဉာဏ်၊

(၈) **အာသဝက္ခယဉာဏ်**–ကိလေသာ အာသဝေါတို့ကို ကုန်စေနိုင်တဲ့ဉာဏ်။

**[ဆောင်ပုဒ်]** သုံးပါးဝိဇ္ဇာ၊ ပု–ဒိ–အာ နှင့်၊ ဝိဇ္ဇာ ရှစ်ဝ၊ ဝိ–မ–ဣဒ်–သော၊ စေတော–ပု–ဒိ၊ အာထည့်ဘိ၊ မှတ်သိကြပါလေ။

**စရဏကြောင့် ဝိဇ္ဇာရ။** ။ အရိယာပုဂ္ဂိုလ်တို့သည် စရဏ (အကျင့်)ပဋိပတ်မပါပဲ မဂ်ဖိုလ်ရသည်မဟုတ်၊ သိလ သမာဓိ ပညာ သိက္ခာအကျင့်များဖြင့် မဂ်ဖိုလ်ရကြသလို ဘုရားရှင်လည်း အကျင့်ပဋိပတ်ဖြင့် ဆိုခဲ့ပြီးတဲ့ ဝိဇ္ဇာများကိုရရာ အဲဒီအကျင့်များကို **'စရဏ'**(မဂ်ရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်) လို့ ဆိုရတယ်၊ ဘုရားရှင်ရဲ့ ဝိဇ္ဇာဉာဏ်များက သဗ္ဗညုတဉာဏ်ကို ပြည့်စုံအောင်ပြုပေးတယ်၊ မှန်တယ်၊ အာသဝက္ခယခေါ် အရဟတ္တမဂ်

[၄၄] မူလပဏ္ဏာသပါဠိ ဘယဘေရဝသုတ် (မ၊ ၁၊ ၂၆–၂၇)။

ဉာဏ်မရပဲ သဗ္ဗညုတဉာဏ် မရနိုင်ပါ၊ ထိုအရဟတ္တမဂ်ဉာဏ်ရမှ သဗ္ဗညုတဉာဏ်ရ၍ ဝိဇ္ဇာက သဗ္ဗညုတဉာဏ်ကို ပြည့်စုံစေတယ်–လို့ ဆိုရတယ်၊ စရဏတရားများက မဟာကရုဏာကို ပြည့်စုံစေတယ်၊ ဘုရားရှင်ရဲ့ စရဏတရားများထဲတွင် ကရုဏာဘာဝနာ ဈာန်လည်းပါရာ ဘုရားဖြစ်တဲ့အခါ စရဏတရားများ အကောင်းဆုံး အထွတ်အထိပ်ရောက်သလို ကရုဏာလည်း မဟာကရုဏာ (အလွန်ကြီးမြတ်တဲ့ကရုဏာ)အဖြစ်သို့ ရောက်ပါတယ်[၄၄၁]။

**[မှတ်ချက်။** ။ ဝိဇ္ဇာသည် မျက်လုံးနှင့်တူ၍ စရဏသည် ခြေနှင့်တူ၏၊ ထို ၂–ပါးစုံမှသာ နိဗ္ဗာန်လမ်းသို့ အမှန်အတိုင်းသွားနိုင်သည်။[၄၄၂]]

**စရဏ ၁၅–ပါး။** ။ မပျက်စီးနိုင်တဲ့အရာကို **"အမြိုက်"**လို့ ခေါ်တယ်၊ အဲဒီအမြိုက်နှင့်တူတဲ့ နိဗ္ဗာနဓာတ်သို့ ရောက်ဖို့ရန်ကျင့်တဲ့အကျင့်ကို **"စရဏ"**လို့ ခေါ်တယ်။

(၁) **သဒ္ဓါ**–"ကုသိုလ်ကံ, အကုသိုလ်ကံရှိတယ်၊ ထိုထိုကံရဲ့ ကောင်းကျိုး, မကောင်းကျိုးရှိတယ်၊ ရတနာသုံးပါး ရှိတယ်၊ နောင်ဘဝရှိတယ်"လို့ ယုံကြည်မှု၊

(၂) **သတိ**–ကုသိုလ်ကောင်းမှု ဆိုင်ရာ၌ အောက်မေ့သတိရမှု၊

(၃) **ဟိရီ**–မကောင်းမှု ဒုစရိုက်မှ ရှက်မှု၊

(၄) **ဩတ္တပ္ပ**– မကောင်းမှု ဒုစရိုက်မှ ကြောက်လန့်မှု၊

(၅) **ဗီရိယ**–ကုသိုလ်ကောင်းမှုကိစ္စ၌ အားထုတ်မှု၊

(၆) **သုတ**–အကြားအမြင်များမှု၊

(၇) **ပညာ**–အရာရာ၌ တတ်သိလိမ္မာမှု၊

(၈) **ဘောဇနေ မတ္တညုတာ**–စားသောက်ရာ၌ ပိမိနှင့် သင့် မသင့် နှိုင်းချင့်၍ အတိုင်းအရှည်သိမှု၊

(၉) **ဇာဂရိယာနုယောဂ**–နိုးနိုးကြားကြား အိပ်မှု, အအိပ်အနေနည်းမှု၊

(၁၀) **သီလ**–ဆိုင်ရာသီလကို နေ့စဉ် စောင့်ထိန်းမှု၊

(၁၁) **ကုသိုလ်ယသ်ဝရ**–တွေ့မြင် ကြားသိသမျှ၌ လောဘ ဒေါသစသည် မဖြစ်စေပဲ မျက်စိ နား နာ စသော ကုသိုလ်ခွေများကို ငြိမ်သက်အောင် စောင့်စည်းမှု၊

---

[၄၄၀] ပါရာဇိကကဏ္ဍအဋ္ဌကထာ ဝေရဉ္ဇကဏ္ဍအဖွင့် (၀ိ၊ ၅၊ ၁၊ ၈၈)။ (ပရိတ်ကြီးနိဿယသစ် (၄၄၃)။

[၄၄၁] ပါရာဇိကဏ်ဘာသာဋီကာ၊ ၁၊ ၄၁၂။

(၁၂, ၁၃, ၁၄, ၁၅) **ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်** ပေါင်း '**စရဏ ၁၅–ပါး**' ဖြစ်၏။

[ဆောင်] **သီ, ဂ္ဂုန်, ဘောဇာ၊ သတ်, ဈာန်ဖြာ, မှတ်ပါ စရဏာ**။

**သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ္ပ၊ ဝီရိယနှင့်၊ သုတ, ပညာ၊ ဓုနစ်ဖြာ၊ သဒ္ဓမ္မာဟု ပြု**။

**ထိုသဒ္ဓမ္မာ၊ ဓုနစ်ဖြာနှင့်၊ ဘော, ဇာ, သီ, ဂ္ဂုန်၊ ဈာန်လေးကြိမ်ထာ**း။ **ဤဆယ့်ငါး၊ မှတ်သား စရဏာ**။

**သီလစောင့်လေ၊ ဂ္ဂုဇ္ဈေထိန်းရ၊ နိုးကြားရှိလျက်၊ ဟိရိ, ဩတ္တပ္ပ၊ သုတ, ပညာ၊ သဒ္ဓါ, သတိ၊ ဝီရိယစု၊ ပ, ဒု, တ, စ၊ ဈာန်လေး၀၊ စရဏာ တဆယ့်ငါး**။

**ဝိဇ္ဇာ**တိ တိသောပိ ဝိဇ္ဇာ အဋ္ဌပိ ဝိဇ္ဇာ။ တိသော ဝိဇ္ဇာ ဘယဘေရဝသုတ္တေ[၄၅] ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ၊ အဋ္ဌ ဝိဇ္ဇာ အမ္ဗဋ္ဌသုတ္တေ[၄၆]။ တတြ ဟိ ဝိပဿနာဉာဏေန မနောမယိဒ္ဓိယာ စ သဟ ဆ အဘိညာ ပရိဂ္ဂဟေတွာ အဋ္ဌ ဝိဇ္ဇာ ဝုတ္တာ။

**စရဏာ**နှင့် သီလသံဝရော ဂ္ဂုန္ဒြိယေသု ဂုတ္တဒ္ဝါရတာ ဘောဇနေ မတ္တညုတာ ဇာဂရိယာနုယောဂေါ သတ္တ သဒ္ဓမ္မာ စတ္တာရိ ရူပါဝစရဇ္ဈာနာနိတိ ဂ္ဂုမေ ပန္နရသ ဓမ္မာ ဝေဒိတဗ္ဗာ။ ဂ္ဂုမေယေဝ ဟိ ပန္နရသ ဓမ္မာ, ယသ္မာ ဇေတေဟိ စရတိ အရိယသာဝကော ဂန္ဓတိ အမတံ ဒိသံ၊ တသ္မာ စရဏာနှင့် ဝုတ္တာ။ ဝိဇ္ဇာသမ္ပဒါ ဘဂဝတော သဗ္ဗညုတံ ပူရေတွာ ဌိတာ၊ စရဏာသမ္ပဒါ မဟာကာရုဏိကတံ။ သော သဗ္ဗညုတာယ သဗ္ဗသတ္တာနံ အတ္ထာနတ္ထံ ဉတွာ မဟာကာရုဏိကတာယ အနတ္ထံ ပရိဝဇ္ဇေတွာ အတ္ထေ နိယောဇေတိ၊ ယထာ တံ ဝိဇ္ဇာစရဏာသမ္ပန္နော။ တေနသ သာဝကာ သုပ္ပဋိပန္နာ ဟောန္တိ, နော ဒုပ္ပဋိပန္နာ၊ ဝိဇ္ဇာစရဏ ဝိပန္နာနဉ္စိ သာဝကာ အတ္တန္တပါဒယော ဝိယ[၄၇]။

**ဝိဇ္ဇာ**တိ-ဝိဇ္ဇာဟူသည်ကား။ တိသောပိ-သုံးပါးလည်းဖြစ်ကုန်သော၊ ဝိဇ္ဇာ-ဝိဇ္ဇာတို့လည်းကောင်း။ အဋ္ဌပိ-ရှစ်ပါးလည်းဖြစ်ကုန်သော၊ ဝိဇ္ဇာ-တို့လည်းကောင်းတည်း။ တိသော-ကုန်သော၊ ဝိဇ္ဇာ-တို့ကို၊ ဘယဘေရဝသုတ္တေ-ဘယဘေရဝသုတ်၌၊ ဝုတ္တနယေနေဝ-ဟောတော်မူအပ်ပြီးသောနည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗာ-သိအပ်ကုန်၏။ အဋ္ဌ-ကုန်သော၊ ဝိဇ္ဇာ-တို့ကို၊ အမ္ဗဋ္ဌသုတ္တေ-

---

[၄၅] မဇ္ဈိမပဏ္ဏာသပါဠိ ဘယဘေရဝသုတ် (မ၊ ၁၊ ၂၆)။

[၄၆] သီလက္ခန္ဓဝဂ္ဂပါဠိ အမ္ဗဋ္ဌသုတ် (ဒီ၊ ၁၊ ၉၄)။

[၄၇] ပါရာဒိကကဏ္ဍာအဋ္ဌကထာ ဝေရဉ္ဇကဏ္ဍာအဖွင့် (၈၈)။

အမ္မဌသုတ်၌၊ (ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ)၊ ဟိ-မှန်၏။ တတြ-ထိုအမ္မဌသုတ်၌၊ ဝိပဿနာဉာဏေန-ဝိပဿနာဉာဏ်နှင့်လည်းကောင်း၊ မနောမယိဒ္ဓိယာ စ-မနောမယိဒ္ဓိဉာဏ်နှင့်လည်းကောင်း၊ သဟ-တက္ခ၊ ဆ-ခြောက်ပါးကုန်သော၊ အဘိညာ-အဘိညာဉ်တို့.ကို၊ ပရိဂ္ဂဟေတွာ-သိမ်းယူ၍၊ အဋ္ဌ-ကုန်သော၊ ဝိဇ္ဇာ-တို့.ကို၊ ဝုတ္တာ-ကုန်ပြီ၊ သိလသံဝရော-စောင့်စည်းကြောင်း သိလလည်းကောင်း၊ ဣန္ဒြိယေသု-စက္ခုစသော ဣန္ဒြေတို့.၌၊ ဝုတ္တဒွါရတာ-စောင့်ရှောက်အပ်သော တံခါးရှိသူ၏အဖြစ်လည်းကောင်း၊ ဘောဇနေ-ဘောဇဉ်၌၊ မတ္တညုတာ-အတိုင်းအရှည်ကို သိသူ၏အဖြစ်လည်းကောင်း၊ ဇာဂရိယာနုယောဂေါ-နိုးကြားခြင်း ရှိသူ၏အဖြစ်၌ အဖန်ဖန်အားထုတ်ခြင်းလည်းကောင်း၊ သတ္တ-ခုနစ်ပါးကုန်သော၊ သဒ္ဓမ္မာ-သူတော်ကောင်းတရား-တို့.လည်းကောင်း၊ စတ္တာရိ-လေးပါးကုန်သော၊ ရူပါဝစရဇ္ဈာနာနိ-ရူပါဝစရစျာန်တို့.လည်းကောင်း၊ ဣတိ-ဤသို့၊ ပန္နရသ-တစ်ဆယ့်ငါးပါးကုန်သော၊ ဣမေ-ဤတရား-တို့.ကို၊ **စရဏာနိ**-စရဏာဟူ၍၊ ဝေဒိတဗ္ဗာ-သိထိုက်ကုန်၏၊ ဟိ-မှန်၏၊ ပန္နရသ-ကုန်သော၊ ဣမေယေဝ ဓမ္မာ-တို့.ကိုပင်၊ ယသ္မာ-ကြောင့်၊ ဇေတေဟိ-ဤတရား-တို့.ဖြင့်၊ အရိယ သာဝကော-အရိယသာဝကသည်၊ အမတံ-မအိုမသေ အမြဲနေရာဖြစ်သော၊ ဒိသံ-နိဗ္ဗာန်အရပ်သို့၊ စရတိ ဂစ္ဆတိ-သွားရ၏၊ တသ္မာ-ထိုသို့ နိဗ္ဗာန်သို့ သွားရကြောင်း၏အဖြစ်ကြောင့်၊ **စရဏာနိ**-ဟူ၍၊ ဝုတ္တာ-ကုန်ပြီ။

ဝိဇ္ဇာသမ္ပဒါ-ဝိဇ္ဇာ၏ပြည့်စုံခြင်းသည်၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သဗ္ဗညုတံ-သဗ္ဗညုဇ္ဉာဏ်၏ အဖြစ်ကို၊ ပူရေတွာ-ပြည့်စေ၍၊ ဋ္ဌိတာ-တည်၏၊ စရဏသမ္ပဒါ-စရဏ၏ပြည့်စုံခြင်းသည်၊ မဟာကာရုဏိကတံ-မဟာကာရုဏိကဇ္ဈာန်၏အဖြစ်ကို၊ ဝါ-မဟာကရုဏာသမာပတ်ကို၊ (ပူရေတွာ ဋ္ဌိတာ)၊ အညော-မြတ်စွာဘုရားမှ အခြားသော၊ ဝိဇ္ဇာစရဏသမ္ပန္နော-ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူသည်၊ နိယောဇေတိ ယထာ-ယှဉ်စေသကဲ့သို့၊ တထာ-ထို့အတူ၊ သော-ထိုမြတ်စွာဘုရားသည်၊ သဗ္ဗညုတာယ-သဗ္ဗညုဇ္ဉာဏ်၏အဖြစ်ဖြင့်၊ ဝါ-သဗ္ဗညုတဉာဏ်တော်ဖြင့်၊ သဗ္ဗသတ္တာနံ-အလုံးစုံသော သတ္တဝါတို့.၏၊ အတ္ထာနတ္ထံ-အကျိုးရှိ, အကျိုးမဲ့ကို၊ ဉတွာ-သိတော်မူ၍၊ မဟာကာရုဏိကာယ-မဟာကရုဏာသမာပတ်ဖြင့်၊ အနတ္ထံ-အကျိုးမဲ့ကို၊ ပရိဝဇ္ဇေတွာ-ရှောင်ကြဉ်၍၊ အတ္ထေ-အကျိုး၌၊ နိယောဇေတိ-ယှဉ်စေတော်မူ၏၊ တေန-ကြောင့်၊ အသ-ထိုမြတ်စွာဘုရား၏၊ သာဝကာ-စကားကို နားထောင်သူတပည့်တို့.သည်၊ သုပ္ပဋိပန္နာ-ကောင်းစွာကျင့်ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဒုပ္ပဋိပန္နာ-မကောင်းသဖြင့် ကျင့်ကုန်သည်၊ နော (ဟောန္တိ)-မဖြစ်ကုန်၊ ဟိ-မှန်၏၊ ဝိဇ္ဇာစရဏဝိပန္နာနံ-ဝိဇ္ဇာစရဏနှင့် မပြည့်စုံကုန်သောဆရာတို့.၏၊ သာဝကာ-သာဝကတို့.သည်၊ အတ္တာနမ္ပါဒယော ဝိယ-အတ္တာနပ အစရှိသူတို့.ကဲ့သို့၊ ဒုပ္ပဋိပန္နာ-မကောင်းသဖြင့် ကျင့်ကုန်သည်၊ ဟောန္တိ-ဖြစ်၏။

ဝိဇ္ဇာတို့တွင် အာသဝက္ခယဉာဏ်–ဆိုတဲ့ အရဟတ္တမဂ်ဉာဏ်ပါတယ်၊ သာဝကများရဲ့ အရဟတ္တမဂ်ဉာဏ်သည် ကိလေသာကုန်စေနိုင်ခြင်းမှတပါး အခြားသတ္တိထူးမရှိပါ၊ ဘုရားရှင်ရဲ့ အရဟတ္တမဂ်ဉာဏ်ကတော့ (ထိုဉာဏ်ရသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်ကိုလည်း ပိုင်ပြီးဖြစ်တဲ့အတွက်) သဗ္ဗညုတဉာဏ်အား ကျေးဇူးပြုလျက်ရှိတယ်၊ ဒါ့ကြောင့် "ဝိဇ္ဇာသမ္ပဒါ ဘဂဝတော သဗ္ဗညုတံ ပူရေတွာ ဌိတာ"လို့ မိန့်ပါတယ်၊ ဒါ့အပြင် စရဏတို့တွင် ကရုဏာစျာန်ပါဝင်တယ်၊ သာဝကများရဲ့ ကရုဏာက ဘုရားရှင်ရဲ့ကရုဏာကို မမှီနိုင်ပါ၊ ဘုရားရှင်ရဲ့ကရုဏာမှာ သတ္တဝါတစ်ယောက်အပေါ် ၌ဖြစ်စေ, အများအပေါ်၌ဖြစ်စေ အလွန်ကြီးကျယ်တဲ့ မဟာကရုဏာတော်ပါ၊ ဒါ့ကြောင့် "စရဏသမ္ပဒါ မဟာကာရုဏိကတံ"လို့ မိန့်ပါတယ်၊ ဒီနည်းအားဖြင့် **ဝိဇ္ဇာစရဏသမ္ပန္နဝုဏ်တော်**ဟာ အခြားသာဝကများနှင့် မဆက်ဆံတဲ့ ဂုဏ်တော်တစ်ပါး ဖြစ်ပါတယ်။

**အတ္တန္တပါဒယော။** ။ အတ္တာနံ–မိမိကို+တပတိ–ပူလောင်တတ် (မီးဖြင့်လောင်မြိုက်သလို ဆင်းရဲစေတတ်)၏၊ ကွတိ–ထို့ကြောင့်၊ အတ္တန္တပေါ–မည်၏၊ အစာကို အလွန်ခြိုးခြံ၍ ကျင့်ခြင်း, သံဆူးရှိတဲ့ နေရာအပေါ်မှာ အိပ်ခြင်းစတဲ့ အတ္တကိလမထအကျင့်များကို ကျင့်သူတည်း၊ အာဒိဖြင့် မုဆိုး တံငါစတဲ့ သူတပါးကို ဆင်းရဲအောင် ပြုသော ပရန္တပ နှင့် ဥဘယန္တပပုဂ္ဂိုလ်များကို ယူပါ။

ဒီအရာ၌ ------

**တပပုဂ္ဂိုလ် ၄–မျိုး**

(၁) **အတ္တန္တပပုဂ္ဂိုလ်**–မိမိကိုယ်ကို ပူပန်စေတတ်လျက် မိမိကိုယ်ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ၊ ထိုပုဂ္ဂိုလ်သည် အဝတ်မဝတ်ပဲလည်း နေတတ်ခြင်း, ပိုက်ဆံလျှော်အဝတ်, ပံသုကူအဝတ်, သစ်ခေါက်အဝတ်, သစ်နက်ရေမျှင်အဝတ် စသည်ကိုသော်လည်း ဝတ်တတ်ခြင်း, လာပါ, ရပ်ပါ–စသည် ပြောဆိုသူရဲ့ ဆွမ်းကိုမခံခြင်း, ဟင်းရွက်စိမ်းကိုဖြစ်စေ, ပြောင်းဆန် ကျိတ်သီးဆန်, သားရေဖတ် အစ အန, မှော်, ဖွဲနု, မြက်စသည်ကိုဖြစ်စေ စားခြင်း စတဲ့ အစာကို အလွန် ခြိုးခြံလျက် ကျင့်ခြင်း, ဆူးအခင်းအပေါ်၌ နေခြင်း, အိပ်ခြင်းစသော မိမိကိုယ်ကို လွန်စွာပူပန်စေတတ်သော အတ္တကိလမထအကျင့်များကို ကျင့်သူတည်း၊

မိမိကိုယ်ကို ပူပန်ပင်ပန်းအောင် ကျင့်သောသူသည် အဝတ်မဝတ်ပဲ ကျင့်ခြင်း, တစ်အိမ်တည်းမှ ရသောထမင်းကိုသာစားခြင်း, တစ်လုပ်မျှသာ စားခြင်း, တစ်ရက်ခြားစားခြင်း, ခုနစ်ရက်ခြားစားခြင်း, သစ်သီး သစ်ရွက်မျှကိုသာ စားခြင်း, မထိုင်ပဲ မလျောင်းပဲ ရပ်လျက်သာနေခြင်း, ဆောင့်

ကြောင့်ထိုင်လျက်သာနေခြင်း, တစ်နေ့လျှင် ၃-ကြိမ် ရေစိမ်ခြင်းအစရှိသော အကျင့်များဖြင့် သူ့ကိုယ်ကို ပင်ပန်းအောင် ကျင့်သည်။

(၂) **ပရန္တပပုဂ္ဂိုလ်**–သူတပါးတို့ကို ပူပန်စေလျက် သူတပါးတို့ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ၊ ထိုပုဂ္ဂိုလ်ကား သိုး, ဝက်, သား ငါးစသည်ကို သတ်ခြင်း, ခိုးတတ်ခြင်း, ခိုးသူကို သတ်တတ်ခြင်း, နှောင်အိမ် အချုပ်ထောင်ကိုစောင့်ခြင်း စတဲ့ကြမ်းကြုတ်သောအမှုတို့ကို ပြုသူတည်း။

သူတပါးကို ပူပန်ပင်ပန်းအောင် ပြုကျင့်သောသူသည် ဆိတ်, သိုး, ဝက်, ကြက်, ၄က်, ကျွဲ, နွား သားကောင်တွေကို သတ်ခြင်း, ငါးတွေကို သတ်ခြင်း, သူတပါးဥစ္စာကို ခိုးခြင်း လုယူခြင်း, သူတပါးတို့ကို နှိပ်စက်ခြင်း သတ်ခြင်းတို့ဖြင့် သူတပါးတို့ကို ပူပန်ပင်ပန်းအောင် ပြုကျင့်သည်။

(၃) **ဥဘယန္တပပုဂ္ဂိုလ်**–မိမိကိုယ်ကိုရော သူတပါးကိုပါ ပူပန်စေလျက် မိမိကိုယ်ကိုရော သူတပါးကိုပါ ပူပန်စေခြင်း၌ အားထုတ်သူ၊ ထိုပုဂ္ဂိုလ်သည်ကား အဘိသိက်ခံပြီးတဲ့ မင်းသော်လည်းဖြစ်၏၊ ပစ္စည်းကြွယ်ဝချမ်းသာတဲ့ ပုဏ္ဏားသော်လည်းဖြစ်၏၊ ယဇ်ပူဇော်ရာသို့ မိဖုရား, ပုရောဟိတ်ပုဏ္ဏားတို့နှင့်သွားကာ နွားနို့ကိုသောက်လျက် နွား ဆိတ် သိုး မြင်းစသည်များကို သတ်ဖြတ်ယဇ်ပူဇော်စေခြင်း, ယဇ်တိုင်အတွက် သစ်ပင်များကို ခုတ်ဖြတ်စေခြင်း, ကျွန် အစေအပါး အမှုလုပ်တို့လည်း မင်းဘေးမင်းဒဏ်ဖြင့် ခြိမ်းချောက်အပ်ကုန်သည်ဖြစ်၍ ငိုယိုကုန်လျက် ယဇ်ပူဇော်ရန် အသိုင်းအဝိုင်းကို ပြုကြရခြင်းစသည်ဖြင့် မိမိ သူတပါး နှစ်ဦးသားတို့ကို ပူပန်စေလျက် ပူပန်စေခြင်း၌ အားထုတ်တတ်သူတည်း။

မိမိကိုယ်ရော သူတပါးတို့ကိုရော ပူပန်ပင်ပန်းအောင် ပြုကျင့်သောသူ (အတ္တန္တပ ပရန္တပ ပုဂ္ဂိုလ်= ဥဘယန္တပပုဂ္ဂိုလ်)သည် သူ၏ဘာသာရေး တရားရေးအရ မိမိကိုယ်တိုင်လည်း အဝတ်အစား အနေအထိုင် ဆင်းရဲအောင်ကျင့်လျက် နွား, ကျွဲ, ဆိတ်, သိုး, မြင်း စသည်တို့ကိုလည်း သတ်၍ ယဇ်ပူဇော်ခြင်းကို ပြုသည်။

(၄) **နေဝတ္တန္တပ နပရန္တပပုဂ္ဂိုလ်**– မိမိ သူတပါး နှစ်မျိုးလုံးကို မပူပန်စေတတ်, ပူပန်စေခြင်း၌ အားမထုတ်တတ်သူ၊ ထိုသူကား ဘုရားရှင်ထံမှ တရားနာယူရ၍ ရဟန်းပြုကာ အဓိသီလသိက္ခာကို ကောင်းစွာဖြည့်ကျင့်ခြင်း, ဣန္ဒြေကိုစောင့်စည်းခြင်း စသောအကျင့်မြတ်တို့ကို ကြိုးစားအားထုတ်လျက် နောက်ဆုံး အရဟတ္တဖိုလ်သို့ဆိုက်ရောက် မျက်မှောက်ပြုသော ပုဂ္ဂိုလ်တည်း။

ဘုရားရှင်၏တပည့်သာဝကတို့သည် ထိုအတ္တန္တပစသော ပုဂ္ဂိုလ် ၃-မျိုးကဲ့သို့ ဖောက်ပြန်မှားယွင်းစွာ မကျင့်ကြ–ဟု ဆိုလို၏။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ဤပုဂ္ဂိုလ်လေးမျိုးတည်း[၄၅၃]။

**ဆရာကောင်းမှ တပည့်ကောင်းသည်။** ။ လောကမှာ အသိဉာဏ်သာရှိ၍ အကျင့်တရား မရှိသူမှာ သူတကာ တရားမဲ့ပြုနေလျှင် သနားစောင့်ရှောက်ရမှန်းမသိ၊ ကယ်တင်ရန် နားမလည်တတ်ပါ၊ အသိဉာဏ်ပါ မရှိလျှင်တော့ ပြောဖွယ်ရာပင် မရှိပါ။ အသိဝိဇ္ဇာ, အကျင့်စရဏရှိသူကား မိမိကိုယ်တိုင်က တရားရှိသူဖြစ်လို့ သူတပါးအကျိုးမဲ့ပြုနေလျှင် သနားတတ်တယ်, အဲဒီအကျိုးမဲ့မှ ကယ်တင်ကာ အကျိုးရှိအောင် စောင့်ရှောက်တတ်တယ်, ပြုပြင်တတ်တယ်၊ ဒါ့ကြောင့် ထိုပုဂ္ဂိုလ်မျိုးရဲ့ တပည့်များမှာ တပည့်ကောင်းတွေ ဖြစ်တတ်တယ်၊ ဒါဟာ ဝိဇ္ဇာစရဏပြည့်စုံသူများရဲ့ သဘာဝပဲ၊ အကောင်းဆုံး ဝိဇ္ဇာစရဏပိုင်ရှင် ဘုရားမြတ်ကတော့ သဗ္ဗညုတဉာဏ်ကြီးဖြင့် အကျိုးရှိ မရှိ ကောင်းစွာသိတော်မူ၍ မဟာကရုဏာတော်ဖြင့် သတ္တဝါတွေကို အကျိုးမဲ့မှ ကယ်တင်လျက် အကျိုးရှိရာသို့ နည်းအမျိုးမျိုးဖြင့် ပို့ပေးခဲ့ရာ မကောင်းတဲ့တပည့်–လို့ မရှိလှပါ၊ ကောင်းစွာကျင့်တဲ့ တပည့်များသာဖြစ်ရာ ဘုရားရှင် လက်ထက်တော်အခါက အရိယာများမှာ "နှစ်ဆယ့်လေးသန်ဖြေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း" လို့ ပြောစမှတ်ပြုခဲ့ကြပါတယ်[၄၅၄]။

## ၄–သုဂတဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

**သော ဘဂဝါ**–သည်၊ **ဣတိပိ ဣမိနာ စ ကာရဏေန**–ဒိပက်ရာ, ထွတ်ချာသနင်း, ခြေတော်ရင်းမှ, မှန်ကင်းသိရိ, ဗောဓိမဏ္ဍိုင်, ခန်းဝါပိုင်အောင်, ဆယ်ခိုင်ပါရမီ, စုံပြည့်ညီလျက်, သုံးလီဘဝ, များသတ္တ၏, သုခစီးပွါး, ကျင့်သောအားဖြင့်, မိုက်မှားအယူ, မိစ္ဆာဟူက, ဆံမြူတစိ, မကပ်ငြိပဲ, သတိသမ္ပဇဉ်, မပြတ်ယှဉ်လျက်, သဗ္ဗဉ်ဉာဏ်တော်, ရကြောင်းရော်၍, ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ ဝါ–ဒိပက်ရာ, ထွတ်ချာသနင်း, ခြေတော်ရင်းမှ, စ၍ဗောဓိ, မဏ္ဍိုင်ထိ

---

[၄၅၃] အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အတ္တန္တပသုတ် (အံ၊ ၁၊ ၅၂၆–၅၃၂)။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် စတုက္ကနိပါတ် (၅၄၂–၅၄၇)။ ပါထိကဝဂ္ဂပါဠိ သင်္ဂီတိသုတ် (ဒီ၊ ၃၊ ၁၉၄)။ ပုဂ္ဂလပညတ္တိပါဠိ စတုက္ကပုဂ္ဂလပညတ္တိ (အဘိ၊ ၃၊ ၁၆၃–၁၆၅)။

[၄၅၄] စတုဝိသတိအသချေယျ–သဋ္ဌိယော စေဝ ကောဋိယော။ ပါဏာနိ သတသဟဿာနိ၊ ဇကော ဗုဒ္ဓေါ ပမောစယီတိ။ (သောတတ္ထကီ ကျမ်း၊ ၄) လာ အရေအတွက် ဖြစ်၏၊ နှစ်ဆယ့်လေးဌာနတို့၌ အသချေယျ, အပရိမေယျ နတ်လူတို့ မင်္ဂဖိုလ်အမြိုက် သောက်ကြကုန်ပြီ၊ ကုဋေတစ်သိန်း စသော အတိုင်းအရှည်အားဖြင့်လည်း များကုန်သည်သာတည်းဟု သီလက္ခန်ဋီကာဟောင်း (၃၁၇)နှင့် ဋီကာသစ် (၂၊ ၂၉၁)တို့၌ ဆိုပါသည်။

အောင်, ပါရမီဖြည့်ကာ, ကောင်းစွာကြွတော်မူခဲ့သော ဤအကြောင်းကြောင်းလည်း၊ (တစ်နည်း) သုဂတော–စကားခြောက်မျိုး, ပြောဆိုရိုးတွင်, ကျိုးရှိဟုတ်မှန်, သူနာခံလို, မနာလိုဟု, ထိုနှစ်မျိုးသာ, ကောင်းမွန်စွာဖြင့်, ချိန်ခါချင့်မျှော်, ဟောမိန့်တော်မူသော ဤအကြောင်းကြောင့်လည်း၊ ဝါ–ဟုတ်မှန်ကျိုးရှိ, သူ၏နှစ်သက်, မနှစ်သက်ဟု, နှစ်ချက်ကောင်းစကား, ကာလအားဖြင့်, မြွက်ကြားတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **သုဂတော**–သုဂတဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍ မကုန်, ငြဟ္မာ့ဘုံတိုင်အောင်, ပျံ့လွှင်ကျော်ကြား, ထင်ရှားတော်မူပါပေသည်တကား[၄၅]။

**သုဂတဂုဏ်တော်**က "ကောင်းစွာကြွတော်မူခဲ့၏၊ ဝါ–ကောင်းစွာဟောတော်မူ၏" ဆိုတဲ့ အနက်ကို ပြ၏။

**သုဂတအနက် ဖော်ညွှန်းချက်။** ။ **သု**–ကောင်းသောနိဗ္ဗာန်သို့၊ **ဂတော**–ကြွတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားမှတပါး အခြားတပည့်သာဝကများလည်း နိဗ္ဗာန်သို့ ရောက်ကြပါတယ်၊ ဒါပေမဲ့ ဘုရားရှင်ရဲ့ရောက်ခြင်းက ပိုမို၍ ပေါ်လွင်ထင်ရှားလှတယ်၊ ဘုရားရှင် နိဗ္ဗာန်လမ်းကို ရှေးဦးစွာ တွေ့ရှိရ၍ ထိုလမ်းဖြင့် နိဗ္ဗာန်သို့ လက်ဦးရောက်ခဲ့ပါတယ်၊ ဒီနောက် ဘုရားရှင်က ထိုလမ်းဖြင့် ရှေ့ဆောင်တွဲခေါ်ခဲ့လျက် နိဗ္ဗာန်သို့ ရောက်ကြသည်မှာ မနည်းလှပေ၊ ရှေးဦးစွာရောက်တဲ့ ပုဂ္ဂိုလ်အဖြစ်ဖြင့်လည်းကောင်း, နိဗ္ဗာန်လမ်းပြ ရှေ့ဆောင်ဦးစီးအဖြစ်ဖြင့်လည်းကောင်း ဘုရားရှင်ရဲ့ နိဗ္ဗာန်ရောက်ခြင်းက ပေါ်လွင်ထင်ရှားလျက် ရှိပါတယ်၊ ဒါ့အပြင် နိဗ္ဗာန်ရောက်ခြင်းတူသော်လည်း နိဗ္ဗာန်ရောက်ပြီးနောက် ရအပ်တဲ့ဂုဏ်အရာမှာ လွန်စွာကွာခြားလှတယ်၊ ဘုရားရှင်လက်ထက်တော်က ဇောတိက,

---

[၄၅] သမ္မာ စ ဂတော, သမ္မာ ဝါ အာဂတော, ဒီပင်္ကရပါဒမူလတော ပဘုတိ ယာဝ ဗောဓိမဏ္ဍာ၊ တာဝ သမတ် သပါရမိ-ပူရိတာယ သမ္မာပဋိပတ္တိယာ သဗ္ဗလောကဿ ဟိတသုခမေဝ ကရောန္တော သဿတံ ဥစ္ဆေဒံ ကာမသုခံ အတ္တကိလမထန္တိ ဣမေ စ အန္တေ အနုပဂစ္ဆန္တော အာဂတောတိ **သမ္မာဂတ္တာဝိ သုဂတေား** သမ္မာ စေသ ဂဒတိ, ယုတ္တပ္ပယောနေ ယုတ္တမေဝ ဂါစံ ဘာသတိတိ **သမ္မာ ဂဒတ္တာဝိ သုဂတေား** (ဝိ၊ ဋ၊ ၁၊ ၈၉။) သမ္မာ–ကောင်းစွာ၊ ဂတော–ကြွတော်မူပြီ၊ ဝါ–တစ်နည်း။ သမ္မာ–ကောင်းစွာ၊ အာဂတော–ကြွလာတော်မူခဲ့ပြီ၊ ဒီပင်္ကရပါဒမူလတော–ဒီပင်္ကရာမြတ်စွာဘုရား၏ခြေတော်ရင်းမှ၊ ပဘုတိ–စ၍၊ ယာဝ ဗောဓိမဏ္ဍာ–ဗောဓိမဏ္ဍိုင်ကိုင်းကောင်၊ တစ်နည်း–ယာဝ–အကြင်မျှလောက်သောအရပ်၌၊ ဗောဓိမဏ္ဍော–ဗောဓိမဏ္ဍိုင်သည်၊ (အထွဋ် ရှိ၏။) တာဝ–ထိုဗောဓိမဏ္ဍိုင်တိုင်အောင်၊ သမတ္တိံသပါရမိပူရိကာယ–အမျှသုံးဆယ်, များကျယ်အညီ, ပါရမီတို့ကို ပြည့်စေတတ်သော၊ သမ္မာပဋိပတ္တိယာ–မှန်ကန်သောအကျင့်ဖြင့်၊ သဗ္ဗလောကဿ–အလုံးစုံသော သတ္တလောက၏၊ ဟိတသုခမေဝ–စီးပွါးချမ်းသာကိုသာလျှင်၊ ကရောန္တော–ပြုတော်မူလျက်လည်းကောင်း။ သဿတံ–သဿတဒိဋ္ဌိလည်းကောင်း၊ ဥစ္ဆေဒံ–ဥစ္ဆေဒဒိဋ္ဌိလည်းကောင်း၊ ကာမသုခံ ကာမသုခလိကာအကျင့်လည်းကောင်း၊ အတ္တကိလမထံ–အတ္တကိလမထအကျင့်လည်းကောင်း၊ ဣတိ–ဤသို့၊ ဣမေ အန္တေ ဤအဖို့အစွန်တို့သို့၊ အနုပဂစ္ဆန္တော–ကပ်ရောက်တော်မမူပဲလည်းကောင်း၊ ဂတော–ကြွတော်မူခဲ့ပြီ၊ ဣတိ (တသွာ) **သမ္မာ ဂတ္တာဝိ** ဤသို့, ကောင်းစွာကြွကော်မူခဲ့သည်၏ ဤဖြစ်ကြောင့်လည်း၊ **သုဂတော**–သုဂတမည်၏။

ဇဋိလစတဲ့ သူဌေးကြီးများရဲ့ **"သူဌေးဘွဲ့"**ကို တော်ရုံ တန်ရုံ ချမ်းသာသူက "သူဌေးဘွဲ့"ခံလျှင် မတန် မရာဖြစ်တဲ့အတွက် လူအများက အသိအမှတ်မပြုနိုင်ကြပါ၊ အလားတူ တစ်စိတ်တစ်ဒေသ ဂုဏ်တူရုံ မျှဖြင့် အတုလဂုဏ်တင် ဘုရားရှင်ရဲ့ သုဂတဂုဏ်ကိုလည်း သာသနာမှာ မည်သူတစ်ဦးတစ်ယောက် ကမျှ မခံဝံ့ကြပါ, ခံလျှင်လဲ အသိအမှတ် ပြုနိုင်ကြမည် မဟုတ်ပါ။

**သု**–ကောင်းစွာ၊ **အာဂတော**–လာတော်မူတယ်၊ ဘုရားဖြစ်တော်မူသည်အထိ ကောင်းစွာ လာတော်မူခဲ့တယ်–လို့ ဆိုလိုတယ်။ လောကမှာ ရည်မှန်းထားတဲ့နေရာသို့အရောက် သွားလာနိုင်သူ ကို အသွားအလာကောင်းသူ–လို့ ဆိုရတယ်။ လမ်းလွဲ လမ်းမှားလိုက်ကာ လိုရာသို့ မရောက်ရင် အသွားအလာကောင်းသူ မဖြစ်နိုင်ပါ၊ သံသရာကား လမ်းကောက် လမ်းမှားတွေ ပေါများတဲ့ ကန္တာရကြီးပင် ဖြစ်တယ်။ သာမန်ပုဂ္ဂိုလ်များမှာ မျက်မမြင်တွေလိုဖြစ်ရာ လမ်းမှားပေါလှတဲ့ ဒီလောက ၌ လမ်းကောင်းလိုက်မိဖို့ထက် လမ်းကောက် လမ်းမှားသို့သာ အရောက်များကြရတယ်၊ လေးသွေ့ ကို မပြောပါနဲ့, တစ်ကမ္ဘာအတွင်းမှာပင် လမ်းမှား၍ ချောက်ထဲကျခဲ့ရတဲ့ ဘဝပေါင်းကား မနည်း လှပါ။

ဘုရားရှင်ဟာ နိယတဗျာဒိတ်ရသည်ကစ၍ သဗ္ဗညုတပန်းတိုင်ကြီးကို မျက်ခြည်မပြတ်ခဲ့ပါ၊ မိမိရဲ့ ပါရမီလုပ်ငန်းမှန်သမျှ သဗ္ဗညုတပန်းတိုင်ကို အမြဲတမ်း ဦးတည်မြော်မှန်းခဲ့တယ်၊ ထိုဉာဏ် တော်ကြီးအတွက် ပစ္စည်းဥစ္စာ ကိုယ်အင်္ဂါသာမက အသက်ပါစွန့်ဖို့ အဆင်သင့် ဖြစ်နေခဲ့ပါတယ်၊ ဒါ့ ကြောင့်ပင် သူတကာ မတွေးဝံ့ ရွံဖွယ် ထိတ်ဖွယ်ဖြစ်လောက်အောင် စွန့်စွန့်စားစား ပါရမီဆယ်ပါးကို ဖြည့်ကျင့်တော်မူနိုင်ခဲ့ပါတယ်၊ ရည်မှန်းချက်ပန်းတိုင်သို့ တသန်းတည်း စိတ်ရော ကိုယ်ပါ အားစိုက် ထား၍ လမ်းမှား လမ်းလွဲမရောက်ပဲ အစဉ်သဖြင့် လမ်းဖြောင့်လျက် ရှိခဲ့ပါတယ်။ ဒါ့ကြောင့်ပင် နောက် ဆုံးမှာ ရည်မှန်းချက်ပြီးမြောက် သဗ္ဗညုတပန်းတိုင်သို့ ဆိုက်ရောက်တော်မူရပါတယ်၊ **သုဂတဂုဏ်**တော် ရဲ့ ဒီအနက်အရ ဘုရားရှင်ရဲ့ ပါရမီအကြောင်း အလွန်ကောင်းခဲ့ပုံကိုလည်းကောင်း, အကြောင်း ကောင်းလို့ အကျိုးမဟာဇောဓိ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)ရဲ့ လွန်စွာထူးခြားပုံကိုလည်း ကောင်း စေ့စေ့စပ်စပ် အာရုံပြုမိသူတိုင်း ကြည်ညိုအားရမဆုံး ဖြစ်ရပါတယ်။

**သု**–ကောင်းသောစကားကို၊ **ဂတ**–ဆိုတော်မူတတ်၏၊ အပြစ်ရှိတဲ့စကား, အကျိုးမရှိတဲ့စကား ကို မဆိုပါ၊ အပြစ်ကင်းလျက် အကျိုးရှိတဲ့စကားကို မိန့်ဆိုတော်မူပါတယ်။

နိဂဏ္ဌနာဋပုတ္တက အဘယမင်းသားကို ဘုရားရှင်အပေါ်မှာ ဝါဒတင်ဖို့ အကြံပေးပါတယ်၊ သူ အကြံပေးပုံမှာ "အရှင်ဘုရား...အရှင်ဘုရားသည် သူတပါး မချစ်မနှစ်သက်တဲ့စကားကို ပြောပါသ လော?–လို့မေးပါ၊ 'ပြောတယ်'လို့ ဆိုရင် 'ပုထုဇဉ်နှင့် ဘာထူးသေးသလဲ?'လို့ ထပ်မေးပါ၊ 'မပြော'

လို့ဖြေခဲ့ရင် 'ဒေဝဒတ်ဟာ အပါယ်လားမည့်သူ, တစ်ကမ္ဘာပတ်လုံး ငရဲခံနေရမည့်သူ, ကုစားမရ ကောင်းတဲ့သူ'လို့ ဒေဝဒတ် မကြိုက်တဲ့စကားကို ဘာ့ကြောင့်ပြောရပါသလဲ?-လို့ မေးပါ။ ဒီလို နှစ်ဖက်အစွန်း မလွတ်တဲ့အမေးကိုမေးရင် ရဟန်းဂေါတမဟာ သံဆူးခွကြိုး မျိုထားရသူပမာ မထွေးနိုင် မမျိုနိုင် ဖြစ်လိမ့်မယ်''လို့ အကြံပေးခဲ့တယ်။

**အဘယမင်းသားအမေးပဟေဠိဆန်, ဘုရားရှင်အဖြေသိပြန်။** ။ အဘယမင်းသားလဲ နိဂဏ္ဌနာဋပုတ္တ ရဲ့ အကြံပေးချက်ကို လက်ခံပြီးနောက် ဘုရားရှင်ထံသွားရောက်ကာ ''ယနေ့ အချိန်မရှိပြီ၊ နက်ဖြန်မှ မေးတော့မည်''လို့ စဉ်းစားလျက် ဘုရားရှင်ကို ဆွမ်းဘဉ်းပေးပင့်ပါတယ်၊ နံနက်မှာ ဘုရားရှင်အိမ်သို့ ကြွလာတော်မူတဲ့အခါ ထိုပြဿနာကို မေးလျှောက်ပါတယ်၊ အစွန်းနှစ်ဖက် ထောင်ဖမ်းတာကို သိ တော်မူပြီးတဲ့ဘုရားရှင်က ''ဒီအရေးမှာ တထစ်ချ ပုံသေပြောလို့ မဖြစ်ဘူး, မင်းသား''လို့ အစွန်းနှစ် ဖက် ရှောင်လျက် ဖြေကြားတော်မူတဲ့အခါ ''ဒီအဖြေကြောင့် နိဂဏ္ဌတွေ ပျက်စီးကုန်ပါပြီဘုရား''လို့ လျှောက်ထားလေတော့၏၊ ''ပြောတယ်, မပြောဘူး-တစ်ခုခုသာ ပြောရမယ်၊ ထိုသို့ ပြောရင် ရဟန်း ဂေါတမ အခက်ကြုံလိမ်မယ်''ဆိုတဲ့ သူတို့အယူအဆ, သူတို့ အထင်ကြီးမှုတွေမှာ ဘုရားရှင်က လွတ် အောင်ရှောင်ကာ ဖြေလိုက်သဖြင့် ပျက်ပြားသွာခဲ့ရတဲ့အတွက် ''နိဂဏ္ဌတွေ ပျက်စီးကုန်ပါပြီဘုရား'' လို့ လျှောက်ထားခြင်းဖြစ်တယ်၊ ထိုအခါ ဘုရားရှင်က ''နိဂဏ္ဌတွေ ပျက်စီးကုန်ပါပြီဘုရား''လို့ လျှောက်ထားခြင်းရဲ့အကြောင်းကို မေးတော်မူရာ အဘယမင်းသားက ''ပိပိကို နိဂဏ္ဌနာဋပုတ္တက ဘုရားထံ ဝါဒတင်ရန် သင်ပေးလိုက်ကြောင်းများကို'' လျှောက်ထားပါတယ်၊ ဘုရားရှင်က ''တထစ်ချ ပြောလို့မဖြစ်''ဆိုတဲ့ မိမိစကားကို ထပ်မံရှင်းပြလို၍ အဘယမင်းသား ရင်ခွင်ထဲမှ သားတော်ကလေး ကို သက်သေတင်ကာ ဒီလို မိန့်တော်မူပါတယ်။

''မင်းသား...သင့်သားတော် ဒီကလေးဟာ သင်ရဲ့မေ့လျော့မှုကြောင့်ဖြစ်စေ, အထိန်းတော် များ မေ့လျော့မှုကြောင့်ဖြစ်စေ သစ်သားစ, သို့မဟုတ် အိုးခြမ်းကွဲ တစ်ခုခုကို မျိုမိလို့ လည်ချောင်းထဲ မှာ တစ်ဆို့နေရင် သင် ဘယ်လိုလုပ်မလဲ?''လို့ မေးရာ အဘယမင်းသားက ''တပည့်တော် ထုတ်ယူ ရပါမယ်၊ သာမန်နှင့်မရရင် လက်ချောင်းကိုကွေး၍ သွေးသံရဲရဲနှင့်ပင် ဆွဲထုတ်တန် ဆွဲထုတ်ရပါမယ်၊ ဘာ့ကြောင့်ဆိုရင် တပည့်တော် သားအပေါ်မှာ ချစ်လို့ ဖြစ်ပါတယ်''လို့ လျှောက်ပါတယ်။

**စကားမြောက်ခွန်း, လှည့်ထွန်း, လေးခွန်းကိုပယ် နှစ်ခွန်းတယ်။** ။ ဘုရားရှင်က ''မင်းသား အလား တူပင် ဘုရားရှင်ဆိုတာ------

(၁) မမှန်, အကျိုးမရှိ, သူတပါး မလိုလား မနှစ်သက်တဲ့ စကားကို မပြောဘူး။

(၂) မှန်ကားမှန်၏, အကျိုးမရှိ, သူတပါး မလိုလား မနှစ်သက်တဲ့ စကားကိုလဲ မပြောဘူး၊
(၃) မှန်လဲ မှန်၏, အကျိုးလဲ ရှိ၏, သူတပါးကား မလိုလား မနှစ်သက်တဲ့စကားကိုမူ အခါ
ကို ကြည့်၍ ပြောသင့်တဲ့အခါ ပြောတယ်၊
(၄) မမှန်, အကျိုးမရှိ, သူတပါး နှစ်သက်တဲ့စကားကိုလဲ မပြောဘူး၊
(၅) မှန်၏, အကျိုးမရှိ, သူတပါး နှစ်သက်တဲ့စကားကိုလဲ မပြောဘူး၊
(၆) မှန်လဲ မှန်၏, အကျိုးလဲ ရှိ၏, သူတပါးလဲ နှစ်သက်တဲ့စကားကိုမူ အခါကိုကြည့်၍
ပြောသင့်တဲ့အခါ ပြောတယ်--

အဘယ့်ကြောင့်ဆိုရင် သတ္တဝါများကို ငါဘုရား ချစ်မြတ်နိုးတဲ့အတွက် ဖြစ်တယ်"လို့ မိန့်တော်မူပါတယ်[၄၅]။

**<u>စကား ခြောက်ခွန်း ရှင်းလင်းတော်မူချက်</u>**

ဒီစကား ခြောက်ခွန်းတွင်------

ပဌမစကားမှာ "သိလရှိသူကို ဒုဿီလ, ဒွန်းစဏ္ဍားမဟုတ်သူ စသည်ကို ဒွန်းစဏ္ဍား (အမျိုးမြတ်သူကို ဒွန်းစဏ္ဍား-ဟု ဆိုသောစကားမျိုး) စသည်ဖြင့် ပြောဆိုတဲ့စကား"ဖြစ်တယ်။

ဒုတိယစကားမှာ "ဒုဿီလကို ဒုဿီလ, ဒွန်းစဏ္ဍားစသည်ကို ဒွန်းစဏ္ဍားစသည်ဖြင့် ပြောဆိုတဲ့ စကား"ဖြစ်တယ်။ (အကန်းကိုအကန်း, အကျိုးကိုအကျိုး-ဟု ဆိုသောစကားမျိုးပင် ဖြစ်တယ်။)

တတိယစကားမှာ "ဝေဠဳ ဖြစ်ရမည့်သူစသည်ကို ဝေဠဳဖြစ်ရမည့်သူစသည်၏အဖြစ်ကို ထင်စွာပြတဲ့စကား"ဖြစ်တယ်၊ ဥပမာ-အပါယ်ကျမည့်သူ ဒေဝဒတ်, ဝေရဉ္စမည့်သူ။ (အရှင်ဒေဝဒတ်ကို အပါယ်ကျမည့်သူ, ဝေရဉ္စမည့်သူ-စသည်ဖြင့် အမှန်ပြ၍ သတိသံဝေဂရစေမည့် စကားမျိုးပင် ဖြစ်သည်၊ ထိုစကားမျိုးသည်ကား ဒေဝဒတ်နှင့် အပေါင်းပါစသည်တို့က မကြိုက်ကြသော်လည်း ကြားနာရသူတို့အား သံဃဘေဒက အကုသိုလ်မှ ကြဉ်ရှောင်ခြင်း စသည်ဖြင့် အကျိုးများစေနိုင်သောကြောင့် ပြောသင့်သောအခါ၌ ဘုရားရှင်က ပြောကြားတော်မူ၏၊ အပြစ်ရှိသူကို အပြစ်ရှိကြောင်း သြဝါဒပေးသည့်အနေဖြင့် ပြောဆိုသောစကားသည်လည်း ဤတတိယစကားမျိုး၌ သက်ဝင်၏။

---

[၄၅] မဇ္ဈိမပဏ္ဏာသ၊ အဘယရာဇကုမာရသုတ် (မ၊ ၂၊ ၅၇-၅၈)။

စတုတ္ထစကားမှာ "ဗေဒကျမ်းအရ ယဇ်ပူဇော်ခြင်း အစိအရင်ဖြင့် ပါဏာတိပါတစသည်ကို ပြုခြင်းသည် ကောင်းရာသုဂတိသို့ ရောက်စေ၏-ဟု လောကအား အထူးတွေဝေစေတတ်သော စကားမျိုး" ဖြစ်တယ်။

ဤစကားသည် ယဇ်ပူဇော်ခြင်းဖြင့် အကုသိုလ် အပြစ်ကင်း၏၊ နတ်ပြည်သို့ ရောက်စေ၏-စသည် ဖြင့် ပြဆိုသော ဘာသာရေးစကား, ဒဿာရိဝတ္ထုစကားမျိုးပင် ဖြစ်ဘယ်။

ပဉ္စမစကားမှာ "ဟုတ်မှန်စေကာမူ ကုန်းတိုက်သောစကား"ဖြစ်တယ်။ ဤစကားသည် အမှုမှန်ဖြင့် ကုန်းတိုက်သောစကား, ဟုတ်မှန်သော တိရစ္ဆာန်ကထာစကား, လာဘ်လာဘကို မျော်၍ ဒကာ, ဒကာမတို့အား မြောက်ပင့်ပြောသော စကားမျိုးပင် ဖြစ်တယ်။

ဆဋ္ဌစကားမှာ "သင့်လျော်ရာ၌ ပြောဆိုအပ်သော ဒါနကထာ, သီလကထာစသည်"ဖြစ်တယ်။[၄၇] ဤစကားသည် သင့်လျော်သော အရာဌာန၌ သင့်လျော်သောအခါ ဟောကြားသော ဒါနကထာ, သီလကထာ စသောစကားမျိုး, လောကအကျိုးစီးပွါးနှင့်စပ်သော စကားမျိုး ဖြစ်တယ်။

## ဉာဏ်တော်နှစ်ရပ်၊ ကြည်ညိုအပ်၊ ကောင်းမြတ် သုဂတဝုဏ်

ဒီအဘယကုမာရသုတ်ဒေသနာတော်အရ မှန်လဲ မှန်, အကျိုးလဲရှိ, သူနှစ်သက်တဲ့စကားကို အခါခပ်သိမ်း ပြော၍ မှန်ကန်, အကျိုးရှိပေမဲ့ သူမနှစ်သက်တဲ့စကားကို ကလေးအပေါ်မှာ ချစ်တဲ့အတွက် ခဏတာ ဆင်းရဲဒုက္ခရောက်မှာကို မငဲ့နိုင်ပဲ လည်ချောင်းမှ သံဆူးခွကို ဆွဲထုတ်သလို ပြောသင့်တဲ့ အခွင့်ကြုံလာသောအခါ တခါတရံ ပြောရသည်-လို့ သိရတယ်။ မှန်လဲမမှန်, အကျိုးလဲ မရှိတဲ့စကားကိုတော့ ကိလေသာမကင်းသူတို့သာ ပြောလေ့ပြောထ ရှိကြပါတယ်။ ဘုရားရှင်ကတော့ ကိလေသာကင်းပြီးဖြစ်တဲ့အတွက် ထိုစကားမျိုးကို လုံးဝမပြောတော့ပါ၊ ဒီအချက်ဖြင့် အရဟတ္တမဂ်ကို ကြည်ညိုရပါတယ်။ သူတပါးနှစ်သက်အားရအောင်, ကျေနပ်အောင် မပြောတတ်ရင် ထိုစကားလဲ စကားကောင်း မဟုတ်သေးပါ၊ အခြေအတင် ပြောရာမှာ အချက်ကျကျ မပြောတတ်ရင် ထိုစကားလဲ စကားကောင်း မဟုတ်ပါ။ ဘုရားရှင်ကတော့ ယူနာချင်ဖွယ် နှစ်သက်ဖွယ် ဖြစ်အောင်လဲ ဟောတော်မူတတ်တယ်၊ ဝါဒပြိုင်လာရင် သူမလှန်နိုင်, လက်မိုင်ချရအောင် အချက်ကျကျလဲ ပြောတော်မူတတ်တယ်၊ ဒီအချက်ကို ပိဋကတ်တော်မှာ အများအပြားတွေ့နိုင်တယ်၊ ဒီအဘယရာဇကုမာရဝတ္ထုမှာပင် ဘုရားရှင်ဟာ ဘယ်မျှစကားအရာ လိမ္မာကျွမ်းကျင်တော်မူသည်ကို သိနိုင်ပါတယ်၊ ဒါဟာ သဗ္ဗညုတ

---

[၄၇] သာရတ္ထဒီပနီဋီကာ၊ ၁၊ ၂၃၈။ စိသုဒ္ဓိမဂ် မြန်မာပြန်၊ ၂။ အောက်ခြေမှတ်ချက်၊ ၁၀၆ ၁၀၇။

ဥာဏ်တော်အစွမ်းကြောင့်ဖြစ်ရာ ကောင်းတဲ့စကားကို ပြောဆိုတတ်တဲ့ သုဂတဂုဏ်တော်အရ ထို ဥာဏ်တော်ကိုလဲ ကြည်ညိုရပြန်ပါတယ်။

## ၅–လောကဝိဒူဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

သော ဘဂဝါ–သည်၊ ဣတိပိ ဣမိနာ စ ကာရဏေန–သတ္တ ဩကာသ, သခ်ီရဟု, လောက သုံးဘုံ, အလုံးစုံကို, အာရုံထင်စွာ, ပိုင်းခြားကာဖြင့်, ကောင်းစွာကုန်စင်, သိမြင်တော်မူသော ဤ အကြောင်းကြောင့်လည်း၊ **လောကဝိဒူ**–လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ ဘုံတိုင်အောင်, ပျံ့လိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသည်တကား။

**လောကဝိဒူဂုဏ်တော်**သည် "လောကအားလုံးကို သိတော်မူ၏"ဆိုတဲ့ အနက်ကို ပြတယ်။

**လောက**–လောကအားလုံးကို၊ **ဝိဒူ**–သိတော်မူသည်။ လောကကို သိပါတယ်–ဆိုတဲ့ ပဂ္ဂိုလ် အားလုံးထက် သာလွန်သိနိုင်တဲ့ ဥာဏ်ကြီးရှင် ပဂ္ဂိုလ်ထူး–လို့ ဆိုလိုတယ်။

[**လောကဝိဒူ**–သတ္တဝါတို့နေထိုင်ရာ လောကအထူးထူး, လောကနေသူ သတ္တဝါ အထူးထူး, ထိုထိုလောကဉ္ဈ ဖြစ်ပွါးရကြောင်း ကမ်း အကျင့် အထူးထူး, ထိုထိုလောကမှ ထွက်မြောက်ခြင်း တရား ကျင့်ဝတ် အထူးထူး, လောကမှ ထွက်မြောက်ကြောင်း တရားကျင့်ဝတ် အထူးထူး, လောကနေသူတို့ ၏ အလို အဇ္ဈာသယ အထူးထူး, ကို ခွဲခြား၍ သိတော်မူ၏[၄၅]။]

**လောကသုံးပါး**--- (၁) **သတ္တလောက**–သတ္တဝါအမျိုးမျိုး၊
(၂) **ဩကာသလောက**–သတ္တဝါတွေရဲ့ တည်နေရာ ဘုံဌာနများ၊
(၃) **သခ်ီရလောက**–သတ္တဝါ, ဘုံဟူသော ဝေါဟာရပညတ်များရဲ့ တည်ရာ ရုပ်နာမ်တရားများ။

**သတ္တလောကသိတော်မူပုံ။** ။ သတ္တလောကကို သိရာမှာ လူနတ်ဗြဟ္မာ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသုရကာယ် သတ္တဝါအမျိုးမျိုးတို့ကို အဖုံဖုံ အကုန်စုံအောင် သိတော်မူတယ်၊ သတ္တဝါတစ်ဦးစီရဲ့ ဒိတစ်ဘဝအဖြစ် သာမက ရှေးကဖြစ်ခဲ့ဘူးတဲ့ ဘဝအဖြစ်မျိုးတွေ, နောင်ဖြစ်ရမည့် ဘဝအဖြစ်မျိုးတွေ

---

[၄၅] ပရိတ္တ သင်္ဂဟပါဠိနိဿျ၊ ၁၄၇–၁၄၈။

ကိုလဲ သိတော်မူတယ်။ တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေ, ရသေ့ ရဟန်းတွေလဲ သတ္တလောကကို သိကြပါတယ်၊ သို့သော် သူတို့ကား ဘဝ ဘယ်မျှ, ကမ္ဘာ ဘယ်လောက်အထိသာ အကန့်အသတ်ဖြင့် သိကြတယ်၊ ဘုရားရှင်ကတော့ အကန့်အသတ်မရှိ, အစအဆုံးမရှိ သိတော်မူသည်မှာ သဗ္ဗညုတ ဉာဏ်ရဲ့စွမ်းအား ထူးခြားချက်ပင် ဖြစ်တယ်။

**သူမတူသော အသိ။** ။ သတ္တဝါနှင့်ပတ်သက်တဲ့ ထိုအသိမျိုးမှာ အခြားပုဂ္ဂိုလ်တွေလဲ သိတန် သလောက် သိနိုင်သေးလို့ ထူးဆန်းလှတာ မဟုတ်–လို့ ဆိုနိုင်ပါသေးတယ်၊ သို့သော် ဘယ်သူမှ လိုက်မမီတဲ့ ဘုရားရှင်ရဲ့ အသိမှာ သတ္တဝါတို့ရဲ့ အတွင်းဓာတ်ခံ သတ္တိအမျိုးမျိုးကို ခွဲခြားသိနိုင်ခြင်းပင် ဖြစ်တယ်။ ဥပမာ– သစ်ပင်ပေါက်စမှာ အသီးသီးစေတတ်တဲ့ ဓာတ်သတ္တိရှိနေသော သစ်ပင်နှင့် ထို သတ္တိမျိုးမရှိ မြို့မည့် သစ်ပင်–လို့ နှစ်မျိုးရှိရာဝယ် ထိုသတ္တိ ရှိမရှိ သိရန်အချက်ဟာ မည်မျှခက်ခဲမည် နည်း? အဲဒီဓာတ်သတ္တိကို သိရန် သိပ်ပညာအရ စမ်းသပ်နည်း ရှိနိုင်ရာ၏၊ သို့သော် သတ္တဝါတို့ အတွင်းဓာတ်ခံကိုသိရန်ကား ဘုရားရှင်ဉာဏ်တော်မှတပါး အခြားမရှိနိုင်ပါ၊ ဒါ့ကြောင့်ပင် သတ္တဝါတို့ ကို ဘယ်လိုဓာတ်ခံမျိုးရှိနေတယ်, ဘယ်အနုသယကိလေသာက လွန်ကဲတယ် (သို့မဟုတ်) နည်း တယ်, ဘယ်လိုစိတ်ကြိုက်အလိုဆန္ဒရှိတယ်, ဘယ်စရိုက်မျိုး လွန်ကဲတယ်, ဘယ်ကွန္ဒေါ်က ရင့်ကျက်နေ ပြီ သို့မဟုတ် နသေးတယ်–စသည်တို့ကို အတွင်းဝင်ကြည့်၍ အတိအကျ မြင်ရသူပမာ သေချာစွာ ခွဲခြားသိနိုင်ပါတယ်၊ ဖြစ်ပေါ်နေတဲ့ သဘာဝတရားများကို အနုစိတ်သိရန်ပင် ခက်ခဲလှတယ်၊ အခြား သူတို့အရာမဟုတ်ပါ၊ ပေါ်မလာသေးပဲ ဓာတ်သတ္တိအဖြစ်သာ တည်ရှိနေတဲ့ပြောခဲ့ပြီး သဘောများကို သိရန်မှာ အခက်ဆုံးဖြစ်ရာ သဗ္ဗညုတဉာဏ်ရှင် မြတ်ဘုရားကိုထား၍ အခြားဘယ်သူ သိနိုင်ပါအံ့ နည်း? ဒါ့ကြောင့် အာသယာနုသယဉာဏ် (အတွင်းဓာတ်ခံ ကိလေသာအငုပ်ဓာတ်တို့ကို သိတဲ့ ဉာဏ်)[၄၅၉], ကွန္ဒြိယပရောပရိယတ္တဉာဏ် (ကွန္ဒေ အနုအရင့်ကို သိတဲ့ဉာဏ်)[၄၆၀]တို့မှာ အသာဓာရဏ (အခြားသူများနှင့်မဆိုင် ဘုရားရှင်နှင့်သာ ဆိုင်တဲ့ ဉာဏ်များ)[၄၆၁] ဖြစ်ရပါတယ်။

---

[၄၅၉] ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ အာသယာနုသယဉာဏဝဏ္ဏနာ (၂၊ ၄)။

[၄၆၀] ပဋိသမ္ဘိဒါမဂ္ဂ၊ ကွန္ဒြိယပရောပရိယတ္တဉာဏဝဏ္ဏနာ၊ (၂၊ ၁)။

[၄၆၁] အညေဟိ အသာဓာရဏံ ဗုဒ္ဓါနံယေဝ စက္ခုဒဿနန္တိ **ဗုဒ္ဓစက္ခု၊** အာသယာနုသယဉာဏံ, ကွန္ဒြိယပရောပရိယတ္တ ဉာဏ (သီလက္ခန္ဓဝဂ္ဂ၊ ဋီဟောင်း၊ ၂၄၂, ဋီသစ်၊ ၂၊ ၈၁။)

**အာသယာနုသယညာဏ်မှာ ဘုရားအရာ။** ။ အတွင်းဓာတ်ခံ စရိုက်စသည်ကိုသိဖို့မှာ ဘုရားအရာသာဖြစ်လို့ အရှင်သာရိပုတ္တရာလို ပညာရှင်မထေရ်မြတ်ကြီးသော်မှ ကမ္မဋ္ဌာန်းအပေး လွဲခဲ့ရသေးတယ်၊ အရှင်မြတ်ဟာ မိမိတပည့် ရွှေပန်းထိမ်သည်သား ရဟန်းငယ်တစ်ပါးကို "ငယ်ရွယ်သူတွေမှာ ရာဂအဖြစ်များတတ်တယ်"လို့ ယူဆကာ အသုဘကမ္မဋ္ဌာန်းပေးခဲ့ရာ အချိန်ကာလကြာညောင်းသော်လဲ နိမိတ်မျှပင်မထင် ခရီးမရောက်ဖြစ်ခဲ့တယ်၊ ရဟန်းငယ်ကို ဘုရားရှင်ထံ ခေါ်သွားပြီးလျှင် အကြောင်းကိုလျှောက်ထားရာ ဘုရားရှင်က ထိုရဟန်းငယ်ရဲ့ ဓာတ်ခံကိုဆင်ခြင်တဲ့အခါ အလှအပ ကြိုက်တတ်တဲ့သဘောကိုတွေ့ရ၍ အသုဘနှင့် မလျော်တာကို သိတော်မူရတယ်၊ ဆက်လက် ဆင်ခြင်ပြန်သော် ဘဝငါးရာတိုင်တိုင် ရွှေပန်းထိမ်သည်ဖြစ်ခဲ့သည်ကို မြင်ရ၍ ထိုဓာတ်ခံကို အတည်ပြု ဆုံးဖြတ်နိုင်တဲ့အတွက် ရွှေပဒုမ္မာကြာပန်းကြီး ဖန်ဆင်းပေးပြီး လောဟိတကသိုဏ်း စီးဖြန်းစေရာ မကြာမီ စတုတ္ထဈာန်အထိရခဲ့တယ်၊ ထို့နောက် ပဒုမ္မာကြာပန်းကြီး ညှိုးနွမ်းသွားပုံကို ဖန်ဆင်းပြတဲ့အခါ အနိစ္စစသောလက္ခဏာသဘောထင်လျက် မဂ်ဖိုလ်ရကာ ရဟန္တာဖြစ်ခဲ့ပါတယ်။

[မှတ်ချက်။ သုဝဏ္ဏကာရတ္ထေရဝတ္ထု၌ အရှင်သာရိပုတ္တရာထေရ် အသုဘကမ္မဋ္ဌာန်းအပေးလွဲ၍ တရားမရနိုင်သော ရွှေပန်းထိမ်သည်သားထေရ်ကို ဘုရားရှင်က ရွှေပဒုမ္မာကြာပန်းဖန်ဆင်း၍ ကမ္မဋ္ဌာန်းပေးမှ တရားရစေသည်မှာ ဘုရားရှင်ရဲ့ သူတပါးတို့နှင့် မဆက်ဆံသော အာသယာနုသယညာဏ်တော်စွမ်းပင်တည်း။ သတ္ထာ "အာသယာနုသယညာဏံ နာမေတံ ပါရမိယော ပူရေတွာ ဒသသဟဿိလောက ဓာတုံ ဥန္ဒာဒေတွာ သဗ္ဗညုတံ ပတ္တာနံ ဗုဒ္ဓါနံယေဝ ဝိသယော"တိ ဝတွာ (ဓမ္မပဒ၊ ၌၊ ၂၊ ၂၆၆–၁၆၇)။]

အရှင်မဟာပန္ထက ရဟန္တာမထေရ်မြတ်ကြီးဟာ မိမိညီတော် စူဋ္ဌပန္ထကကို လေးလကြာသော်လဲ ဂါထာတစ်ပုဒ်မရကောင်းလား–ဆိုပြီး နှင်ခဲ့တယ်၊ ဘုရားရှင်နှင့်တွေ့၍ အဝတ်ပိုင်းကို ပေးကာ "**ရဇော ဟရဏံ**–မြူကိုဆောင်ခြင်း"လို့ ရွတ်ဆိုသုံးသပ်စေခြင်းဖြင့် အဝတ်ပိုင်း ညစ်နွမ်းလာသည့်အခါ သခါရတရားတို့ မမြဲတဲ့သဘောထင်လျက် ကုန်ခြင်းပျက်ခြင်းဖြစ်စေကာ ဝိပဿနာပွါးစေသည့်အတွက် မကြာမီ ရဟန္တာဖြစ်ခဲ့ပါတယ်။ (အံ၊ ၌၊ ၁၊ တေဒဂ္ဂဝဂ်၊ ၁၆၈။ ဓမ္မပဒ၊ ၌၊ ၁၊ ၁၅၅–၁၅၆။)

**ဩကာသလောက သိတော်မူပုံ။** ။ ယနေ့ခေတ် မျက်မြင်အနေနဲ့ လူအမျိုးမျိုးတို့နေထိုင်ရာ ကမ္ဘာလောကသည် တောင်ကျွန်းသာတည်း၊ လူတွေ မရောက် မမြင်ရသော အနောက်ကျွန်း, အရှေ့ကျွန်း, မြောက်ကျွန်းများလည်း ရှိနေသေး၏ [၄၆၂] ၊ ထိုကျွန်းကြီး လေးကျွန်းတို့၏အလယ်မှာ မြင်းမိုရ်

[၄၆၂] ပရိတ်ကြီးနိဿယသစ်၊ ၄၅၉။

တောင်ကြီးနှင့် တောင်ရံခုနစ်လုံးရှိ၏၊ မြင်းမိုရ်တောင်ကို ဝိုင်းရံလျက် သီဒါသမုဒ္ဒရာကြီးတည်လျက်ရှိ၏၊ ကျွန်းလေးကျွန်းတည်ရာ ကမ္ဘာကိုပတ်လျက် စကြဝဠာတောင်ကြီး ကာဆီးလျက်ရှိပြန်သည်၊ မြင်းမိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ဘုံရှိ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ စာတုမဟာရာဇ်နတ်ဘုံရှိ၏၊ တာဝတိံသာမှ အထက်ကောင်းကင်၌ ယာမာစသော နတ်ပြည်လေးဘုံ အဆင့်ဆင့် တည်လျက်ရှိသည့်ပြင် ဖြဟ္မာဘုံ နှစ်ဆယ်လည်းရှိ၏၊ မြေအောက်၌ကား ငရဲဘုံရှစ်ထပ်ရှိပြန်၏၊ ပြိတ္တာ တိရစ္ဆာန် အသုရကာယ်တို့ကား ဘုံသီးခြား မဟုတ်ကြ။ ဤသုံးဆယ့်တစ်ဘုံတည်ရာ ကမ္ဘာလောကတစ်ခုကို စကြဝဠာ–ဟုဆိုရာ ဆက်ကာ ဆက်ကာ တည်လျက်ရှိသော ထိုစကြဝဠာပေါင်းမှာ အဆုံးမရှိတော့ပေ။ ဤကား တည်နေပုံ အချုပ်မျှသာတည်း။

ဘုရားရှင်ကား ဆိုခဲ့ပြီး စကြဝဠာ သြကာသလောကတွေကို လိုက်ကြည့်နေရသည်မဟုတ်၊ ထိုင်ရာမထ အလိုရှိသလို မြင်နေရတော့၏၊ တချို့တန်ခိုးကြီး နတ်ဗြဟ္မာတွေ ရသေ့ရဟန်းတွေလည်း မြင်နိုင်ကြ၏၊ သို့သော် တစိတ်တဒေသသာ, ဘုရားရှင်လို အဆုံးအစမရှိအောင် မမြင်နိုင်ကြပါ, ဝေဖန်ခွဲခြားချိလည်း အသေးစိတ်မသိနိုင်ကြပါ၊ ထို့ကြောင့် သြကာသလောကကို သိရာ၌လည်း တုဖက်မရှိဖြစ်တော့သည်[၄၆၃]။

အရှင်ဇနကာဘိဝံသ၏ ရတနာဂုဏ်ရည်ကျမ်း လောကဝိဒူဂုဏ်တော်ဖွင့် (၄၂-၄၄)မှာ "သတ္တဝါတို့နေရာ ကမ္ဘာလောကကြီး တည်နေပုံကိုပြရာ၌ ကျမ်းဂန်အဆိုသည် ယခုခေတ် လောကဓာတ်ဆရာတို့၏ အယူအဆနှင့် မတူဘဲရှိနေ၏၊ ကမ္ဘာတည်နေဟန်ကို ပါဠိကျမ်းဂန်များ၌ ဆိုပုံကား၊ ဤမြေကြီးသည် အထု (အထူ)အားဖြင့် ယူဇနာပေါင်း ၂ သိန်း ၄ သောင်း ရှိ၏၊ အထက် တစ်ဝက်သည် ပကတိမြေသားဖြစ်၍ အောက်တစ်ဝက်မှာ ကျောက်မြေသားဖြစ်သတဲ့၊ ဤမြေကြီး၏ အောက်ခြေ ယူဇနာ ၄ သိန်း ၈ သောင်းထူသော ရေပြင်ကြီးတည်ရှိ၏၊ "ရေပြင်"ဟု ဆိုသော်လည်း အရည်ဟုတ်ဟန်မတူ၊ အလွန်အေး၍ ခဲနေသော ရေခဲတုံးကြီးဖြစ်ဟန်ရှိ၏၊ မြေအထုထက် နှစ်ဆလောက်ထူသော ရေခဲတုံးကြီးက မြေအပြင်ကြီးကို ပင့်မြှောက်ခံယူထားနိုင်သည်မှာ အံ့သြစရာမရှိတော့ပြီ၊ ထိုရေခဲပြင်ကြီးကိုကား ယူဇနာ ၉ သိန်း ၆ သောင်း ထူသော လေပြင်ကြီးက အောက်ပက္ခအောင် ပင့်မြှောက်တိုက်ခတ်လျက်ရှိ၏၊ ဤလေပြင်ကြီးအောက်၌လည်း မဆုံးနိုင်အောင် ဟင်းလင်းဟာလာ အာကာသ ကောင်းကင် ရှိလေသည်။ ဤကား ကမ္ဘာမြေကြီး၏ အောက်ပိုင်း မြေပုံတည်း။

---

[၄၆၃] ပါရာဇိကကဏ္ဍအဋ္ဌကထာ ဝေရဉ္ဇကဏ္ဍအဖွင့် (၀၊ ၌၊ ၁၊ ၉၀–၉၂)။ ဝိသုဒ္ဓိမဂ္ဂ ဗုဒ္ဓါနုဿတိကထာ (၁၊ ၁၉၄-၂၀၀)။

စကြဝဠာတစ်ခုဟု သတ်မှတ်အပ်သော ဤကမ္ဘာမြေကြီး၏ အဝန်းယူဇနာမှာ သုံးသန်း ခြောက် သိန်း တစ်သောင်း သုံးရာ့ငါးဆယ်ရှိ၏၊ ကမ္ဘာမြေဝန်းကို ကျောက်တောင်ကြီးများက တံတိုင်းခတ်သလို ရံပတ်နေ၏၊ ထိုကျောက်တောင်ကြီးများ ဆက်စပ်၍ ရံပတ်နေသည်ကိုပင် စကြဝဠာ မဟာရာမ်တံတိုင်း–ဟု ခေါ်စမှတ်ပြုကြ၏၊ ဤကမ္ဘာမြေဝန်း၏ အတွင်း၌ကား သမုဒ္ဒရာရေပြင်ကြီး ရှိ၏၊ ထိုရေပြင်၏ အနက်ဆုံးနေရာသည် ယူဇနာ ရှစ်သောင်း လေးထောင်နက်၏၊ အလယ်ဗဟိုတည့်တည့် ၌ကား ရေ၏အထက်၌ ယူဇနာ ရှစ်သောင်း လေးထောင်, ရေ၏အတွင်း၌ ယူဇနာ ရှစ်သောင်း လေး ထောင်ရှိ၍ ယူဇနာပေါင်း တစ်သိန်း ခြောက်သောင်း ရှစ်ထောင် မြင့်သော မြင်းမိုရ်တောင်တည်ရှိ၏၊ ထိုမြင်းမိုရ်တောင်၏ ပတ်ဝန်းကျင်၌ "သီဒါ"ခေါ်သော မြစ်တစ်ခုခြား၍ မြင်းမိုရ်တောင်၏အောက် တစ်ဝက်လောက်နိမ့်သော ယုဂန္ဓိုရ်တောင်တည်ရှိ၏၊ ဤနည်းအတိုင်း "သီဒါမြစ်"တစ်ခုခြားကာ ခြား ကာ တောင်စဉ်ခုနစ်ထပ် မြင်းမိုရ် တောင်ကို ရံပတ်၍ တည်လေသည်။

ထိုမြင်းမိုရ်တောင်နှင့် တောင်စဉ်ခုနစ်ထပ်တို့၏ လေးမျက်နှာအရပ်ရှိ ရေလယ်ခေါင်၌ ကျွန်းကြီး ကျွန်းငယ် အသွယ်သွယ် ပေါထွန်းလျက်ရှိ၏၊ ထိုကျွန်းမြေများသည်ပင် လူစသော သတ္တဝါ တို့၏ တည်နေရာ မြို ရွာ တော တောင်များ ဖြစ်ကြလေသည်၊ အရှေ့ဖက်၌ ပေါထွန်းသော ကျွန်းမြေ ကို အရှေ့ကျွန်း, တောင်ဖက်, အနောက်ဖက်, မြောက်ဖက်တို့၌ ပေါထွန်းသော ကျွန်းမြေများကို တောင်ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်း–ဟု ခေါ်သည်။

ထိုမြင်းမိုရ်တောင်၏ ထက်ဝက်လောက်၌ ယုဂန္ဓိုရ်တောင်ထိပ်နှင့် ညီမျှသောအရပ်ဝယ် စတု မဟာရာဇ်နတ်ပြည် တည်ရှိ၏၊ မြင်းမိုရ်တောင်ထိပ်လောက်၌ တာဝတိ်သာနတ်ပြည်တည်ရှိ၏၊ ဤ နတ်ပြည် နှစ်ထပ်သာလျှင် မြေနှင့်ဆက်စပ်လျက်ရှိသည်၊ ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိ တဝသဝတ္တီ နတ်ပြည်နှင့် အထက် ငြဟ္မာ့ဘုံတို့ကား မြေနှင့်မဆက်စပ်ပဲ ကောင်းကင်အရပ်မှာပင် တည်ရှိကြ၏။ ဤကား ကမ္ဘာ၏အထက်ပိုင်း မြေပုံတည်း။

ဤပြခဲ့သော ကမ္ဘာကဲ့သို့ အခြားသော စကြဝဠာ ကမ္ဘာကြီးများလည်း မရေတွက်နိုင်အောင် များမြောင်စွာ ရှိသေး၏၊ ဘုရားရှင်သည် ထိုပြအပ်ခဲ့သော စကြဝဠာ ကမ္ဘာလောကဓာတ်ကြီးများကို လည်း အကုန်အစင် သိမြင်တော်မူနိုင်ပေသည်။

**သမ္မိရလောက သိတော်မူပုံ။** ။ သတ္တ, ဩကာသ–ဆိုတာ ပညတ်မျှသာ၊ တကယ်ထင်ရှားရှိတာ မဟုတ်ပါ၊ တကယ်ထင်ရှားရှိနေတဲ့ ပရမတ် ဓာတ်သားများအပေါ် အခေါ်အဝေါ်ပြုထားခြင်းမျှသာ ဖြစ် တယ်၊ အမှန်မှာ ရုပ်ကလာပ် အဖွဲ့အစည်း, နာမ်ကလာပ် အဖွဲ့အစည်းပေါင်း ကုဋေများစွာ ပေါင်းစပ်

လျက်နေတဲ့အရာကို "သတ္တဝါ"ခေါ်၍ ရုပ်ကလာပ်များသာ ဖွဲ့စည်းတည်နေတဲ့အရာကို "ဩကာသ" (ဘုံ)လို့ ခေါ်ခြင်းဖြစ်တယ်။ သတ္တလောက ဩကာသလောကကို သိကြတယ်–ဆိုတဲ့ တန်ခိုးကြီး ပုဂ္ဂိုလ်များပင် သခ်ၤါရလောကကိုသိရန်ကား အစွမ်းမရှိကြပါ၊ သာသနာ၌ ဘုရားအဆုံးအမခံ ကျင့်ကြံရသဖြင့် ဝိပဿနာဉာဏ် ထက်သန်လျက်ရှိကြတဲ့ ယောဂီအရိယာများက ဝိပဿနာအခိုက်၌ ရုပ်နာမ်တို့ကို သိကြ၏၊ သို့သော် အလွန်လျင်မြန်စွာ ဖြစ်ပျက်လျက်ရှိတဲ့ ရုပ်နာမ်တို့ကို မယွင်တမ်း တစ်ခုစီ အကုန် မြင်ကြရသည်မဟုတ်ပါ၊ ထင်ပေါ်ရာ ထင်ပေါ်ရာ ရုပ်နာမ်များကိုသာ သိကြတယ်၊ ထိုရုပ်နာမ်များ၌ပင် အဖွဲ့အစည်းအဖြစ် အသေးစိတ် သိကြသည်လည်းမဟုတ်ပါ။ အထူးခြားဆုံး ဝိပဿနာအဖြစ် အရှင် သာရိပုတ္တရာရဲ့ အနုပဒဝိပဿနာ–ဟု (မ၊ ၃၊ ၃၅ ၌) လာရာ ဈာန်အဆင့်ဆင့်ဝင်စားကာ ထိုဈာန်တို့မှ တရားများကို အစဉ်မလွတ်ရအောင် ရှုနိုင်သည်ဆို၏၊ သို့သော် နေဝသညာနာသညာ–ယတန ဈာန်၌ကား ဘုရားအရာသာဖြစ်၍ မရှုနိုင်ဖြစ်ရ၏၊ ထင်ရှားသည်ဆိုတဲ့ တရားအစု၌ပင် ဝေဒနာစတဲ့ တရားတစ်ခုစီကိုသာသိ၍ နာမ်အဖွဲ့အစည်း အကုန်သိသည်ကား မဟုတ်ပေ၊ ဘုရားရှင်အောက် အမြင့်ဆုံး ဗောဓိဉာဏ်ရင် ပစ္စေကဗုဒ္ဓါများပင် ရုပ်နာမ် တစ်စိတ်တစ်ဒေသကိုသာ သိတော်မူကြ၏၊ ထိုအရှင်တို့ကား မိမိသန္တာန်ရှိ တရားစုကိုသာ သိတန်သလောက်သိကြ၍ သူတပါးသန္တာန်ရှိ ရုပ်နာမ်နှင့် အပြင်ဗဟိဒ္ဓ တောာ, တောင် စသည်ရှိ ရုပ်ဓာတ်တို့ကိုကား မသိနိုင်ကြပါ။

ဘုရားရှင်ကား တစ်ခုစီ အလွန်လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတို့ကို ပြတ်ပြတ်သားသား ခွဲခြားသိနိုင်၏၊ ကလာပ်စိးတစ်ခုစိက ရုပ်များကိုလည်း ခွဲခြားနိုင်၏၊ အကြောင်းအမျိုးမျိုး သတ္တိအဖုံဖုံ စုံအောင်ပင် သိတော်မူ၏၊ မိမိသူတပါးမလွှေး, အတွင်းအပမလွှေး, သက်ရှိသက်မဲ့မလွှေး အားလုံးသော လောကဓာတ် အမျိုးမျိုးကို ခွဲခြားဝေဖန်၍ သိတော်မူ၏၊ ဘုရားရှင်ရဲ့ အဘိဓမ္မာပိဋကမှာ ရှင်တော်မြတ်ဘုရားရဲ့ အတုမရှိတဲ့ ဓာတုဗေဒဆရာမြတ်အဖြစ်ကို ပြလျက်ရှိပေ၏၊ ဒါ့ကြောင့် လောကကိုသိပါတယ်–ဆိုတဲ့ တန်ခိုးကြီး နတ်ပြဟ္မာ ရသေ့ရဟန်းတို့က တစ်စိတ်တစ်ဒေသကို သိရတဲ့ မိမိတို့အသိကလေးဖြင့် လောကဝိဒူအမည်ကို မခံလို မခံဝံ့ကြပါ၊ ဘုရားရှင်ရဲ့ သူတပါးနှင့်မဆိုင် ကိုယ်ပိုင် ဂုဏ်တော်အဖြစ် ဟစ်ကြွေးကြညာကာ အားရလေးစားစွာ ပူဇော်ကြရပေ၏[၄၆၄]။

---

[၄၆၄] ပရိတ်ကြီးနိဿယသစ်၊ ၄၅၉–၅၆၀။

## ၆–အနုတ္တရဂုဏ်တော်နှင့်စပ်လျဉ် သိမှတ်စရာ

သော ဘဂဝါ–သည်၊ ဣတိပိ ဣမိနာ စ ကာရဏေန–သိလ သမာဓိ, စရိုဂုဏ်မူ, သာသူမရှိ, ထူးမြတ်ဘိသော ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော**–အနုတ္တရမည်သီး, ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဖြဟ္မာ့ဘုံတိုင်အောင်,ပျံ့လိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသည်တကား။

**အနုတ္တရဂုဏ်တော်**သည် "မိမိထက်သာလွန်သူ–ဟု တစ်စုံတစ်ယောက်မျှ မရှိ"ဟု အနက်ကို ပြသည်။

အတ္တနော ပန ဂုဏေဟိ ဝိသိဋ္ဌတရဿ ကဿစိ အဘာဝါ နတ္ထိ တေဿ ဥတ္တရောတိ **အနုတ္တရော**။ တထာ ဟေသ သီလဂုဏေနာပိ သဗ္ဗံ လောက'မဘိဘဝတိ၊ သမာဓိဂုဏေနာပိ ပညာဂုဏေနာပိ ဝိမုတ္တိဂုဏေနာပိ ဝိမုတ္တိဉာဏဒဿနဂုဏေနာပိ။ သီလဂုဏေနာပိ အသမော အသမသမော အပ္ပဋိမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော၊ သမာဓိဂုဏေနာပိ ပညာဂုဏေနာပိ ဝိမုတ္တိဂုဏေနာပိ ဝိမုတ္တိဉာဏဒဿနဂုဏေနာပိ။ ယထာဟ– န ခေါ ပနာဟံ ဘိက္ခဝေ သမနုပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏာ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အတ္တနာ သီလသမ္ပန္နတရံ, သမာဓိသမ္ပန္နတရံ, ပညာသမ္ပန္နတရံ, ဝိမုတ္တိသမ္ပန္နတရံ, ဝိမုတ္တိဉာဏဒဿန–သမ္ပန္နတရန္တိ ဝိတ္ထာရော[၄၆]။

ပန–ထိုမှတပါး၊ အတ္တနော–ကိုယ်တော်ထက်၊ ဂုဏေဟိ–ဂုဏ်တို့ဖြင့်၊ ဝိသိဋ္ဌတရဿ–သာလွန်ထူးကဲသော၊ ကဿစိ–တစ်စုံတစ်ယောက်၏၊ အဘာဝါ–မရှိခြင်းကြောင့်၊ တေဿ–ဤမြတ်စွာဘုရား၏၊ ဥတ္တရော–ကိုယ်တော်ထက် ထူးမြတ်သူသည်၊ နတ္ထိ–မရှိ၊ ဣတိ–ထို့ကြောင့်၊ **အနုတ္တရော**–အနုတ္တရ မည်တော်မူ၏။

တထာ ဟိ–ထိုစကားကို ချဲ့ဦးအံ့၊ သေ ဘဂဝါ–ဤမြတ်စွာဘုရားသည်၊ သီလဂုဏေနာပိ–သီလဂုဏ်တော်ဖြင့်လည်း၊ သဗ္ဗံ–အလုံးစုံသော၊ လောကံ–သတ္တလောကကို၊ အဘိဘဝတိ–လွှမ်းမိုးတော်မူနိုင်၏၊ သမာဓိဂုဏေနာပိ–သမာဓိဂုဏ်တော်ဖြင့်လည်း၊ ပညာဂုဏေနာပိ–ပညာဂုဏ်တော်ဖြင့်လည်း၊ ဝိမုတ္တိ ဂုဏေနာပိ–အရဟတ္တဖိုလ် ဂုဏ်တော်ဖြင့်လည်း၊ ဝိမုတ္တိဉာဏဒဿနဂုဏေနာပိ–အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်ဂုဏ်တော်ဖြင့်လည်း၊ လောကံ အဘိဘဝတိ–သတ္တလောကကို လွှမ်းမိုးတော်မူနိုင်၏။ သီလဂုဏေနာပိ–ဖြင့်လည်း၊ သမာဓိဂုဏေနာပိ–သမာဓိဂုဏ်

---

[၄၆] ဝိ၊ ဋ္ဌ၊ ၁၊ ၉၂။

တော်ဖြင့်လည်း၊ ပညာ ဂုဏေနာပိ-ပညာဂုဏ်တော်ဖြင့်လည်း၊ ဝိမုတ္တိ ဂုဏေနာပိ-အရဟတ္တဖိုလ် ဂုဏ်တော်ဖြင့်လည်း၊ ဝိမုတ္တိညာဏဒဿနဂုဏေနာပိ-အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာညာဏ်ဂုဏ်တော်ဖြင့်လည်း၊ အသမော-တခါတလေမျှ အတူရှိတော်မမူ၊ အသမသမော-အတူမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူ၏၊ (တစ်နည်း) အသမသမော-အတူမရှိသော ရှေးဘုရားရှင်များဟူသော အတူရှိတော်မူ၏၊ အပ္ပဋိမော-ဂုဏ်အားဖြင့် အပူရှိတော်မမူ၊ အပ္ပဋိဘာဂေါ-ဂုဏ်အားဖြင့် တူသောအဖို့ ရှိတော်မမူ၊ အပ္ပဋိပုဂ္ဂလော-ဂုဏ်အားဖြင့် ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူ။

ယထာဟ-အဘယ်သို့ ဟောတော်မူသနည်း? နခေါ ပနာဟံ ဘိက္ခဝေ ၊ ပ ၊ ဝိမုတ္တိညာဏဒဿန သမ္ပန္ဒတရန္တိ-ဟူ၍၊ အာဟ-ပြီ၊ ဣတိ-ဤသို့သော၊ ဝိတ္ထာရော-အကျယ်ကို၊ ဝေဒိတဗ္ဗော-သိအပ်၏။ ဘိက္ခဝေ-တို့၊ အဟံ-ငါဘုရားသည်၊ သဒေဝကေ-နတ်နှင့်တကွဖြစ်သော၊ သမာရကေ-မာရ်နှင့်တကွဖြစ်သော၊ သဗြဟ္မကေ-ဗြဟ္မာနှင့်တကွဖြစ်သော၊ လောကေ-သြကာသလောက၌၊ သဿမဏ-ဗြာဟ္မဏိယာ-သမဏ ဗြာဟ္မဏနှင့် တကွဖြစ်သော၊ သဒေဝမနုဿာယ-သမ္ပုတိနတ်ဟူသောမင်း, ကြွင်းသော လူနှင့်တကွဖြစ်သော၊ ပဇာယ-သတ္တဝါအပေါင်း၌၊ အတ္တနော-မိမိထက်၊ သိလသမ္ပန္ဒတရံ-သိလနှင့် သာ၍ပြည့်စုံသူကို၊ သမာဓိသမ္ပန္ဒတရံ-သမာဓိနှင့် သာ၍ပြည့်စုံသူကို၊ ပညာသမ္ပန္ဒတရံ-ပညာနှင့် သာ၍ပြည့်စုံသူကို၊ ဝိမုတ္တိသမ္ပန္ဒတရံ-အရဟတ္တဖိုလ်နှင့် သာ၍ပြည့်စုံသူကို၊ ဝိမုတ္တိညာဏဒဿနသမ္ပန္ဒတရံ-အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာညာဏ်နှင့် သာ၍ပြည့်စုံသူကို၊ နသမနုပဿာမိ (နပဿာမိ) မြင်တော်မမူ။

ကိုယ်တော်ထက် သိလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိညာဏဒဿနဂုဏ်တို့နှင့်သာလွန်၍ ပြည့်စုံသူရှိတော်မမူသောကြောင့် **"အနတ္တရဂုဏ်တော်"**ဖြင့် ထင်ရှား ကျော်ကြားတော်မူတယ်။

**အံ့သြကြရပုံ အဖုံဖုံ။** ။ ဘုရားလောင်းဟာ လုမ္ဗိနိဥယျာဉ်တွင် မယ်တော်ဝမ်းမှ ဖွားလျှင်ဖွားခြင်း မြောက်ဖက်သို့ မျက်နှာမူကာ ခုနစ်ဖဝါးလှမ်းကြွတော်မူလျက် လောကကိုကြည့်ရာ မိမိထက် သာလွန်သူကို မတွေ့၍ **"အဂ္ဂေါ' ဟ'မသ္မိ လောကဿ** (ငါကား တစ်လောကလုံးထက် အမြတ်ဆုံး ဖြစ်တယ်)၊ **သေဋ္ဌော'ဟ'မသ္မိ လောကဿ** (ငါကား တစ်လောကလုံးထက် ထူးခြားသာလွန်သူ ဖြစ်တယ်)၊ **ဇေဋ္ဌော'ဟ'မသ္မိ လောကဿ** (ငါကား တစ်လောကလုံးထက် အကြိုးဆုံး ဖြစ်တယ်)"လို့ စကားသုံးခွန်းကို မကြောက်မရွံ့ ရဲဝံ့စွာ ကြိုးဝါးတော်မူခဲ့တယ်၊ အဲဒီအခါ နတ်ဗြဟ္မာများက အမြတ်ဆုံးအဖြစ်ဝန်ခံခဲ့ရာ လူများမှာလည်း တအံ့တသြ ပြောမဆုံးဖြစ်ခဲ့ကြရတယ်၊ နောင်အခါလည်း အံ့သြ

ဖွယ်ရာများ တွေ့ခဲ့၍ အဘိညာဉ်ရ တန်ခိုးရှင် ကာဠဒေဝိလ ရသေ့ကြီးရဲ့ ရှိခိုးမှုကိုခံခဲ့ရသည့်အပြင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ ရှိခိုးမှုကိုလည်း နှစ်ကြိမ်တိုင် ခံခဲ့ရပါတယ်၊ ဘုရားမဖြစ်မီကပင် သူ မတူတဲ့ အံ့ဖွယ်ယောကျ်ားမြတ်ဖြစ်ခဲ့သော ရှင်တော်မြတ်မှာ ဘုရားဖြစ်လာတဲ့အခါ ဆိုဖွယ်ရာမရှိ အံ့သြဖွယ် အတိုချည်းသာ ဖြစ်ရပါတော့တယ်။

သူတကာ မယှဉ်နိုင်အောင် နိုင်နင်းကျွမ်းကျင်စွာ ပြုနိုင် ပြနိုင်တဲ့ ဝိဇ္ဇာ (တန်ခိုး) အမျိုးမျိုးကို မြင်ရလို့ အံ့သြကြရတယ်၊ သူမတူအောင် သန့်ရှင်းစင်ကြယ်၍ သိမ်မွေ့ငြိမ်သက်လှတဲ့ စရဏ (သီလ စသောအကျင့်)များကို မြင်ရ ကြားရပြန်လို့ နီးကပ်စွာ မှီဝဲဆည်းကပ်ရတဲ့ တပည့်များမှာ အံ့သြကြရပြန်ပါတယ်၊ ဆွေးနွေးမေးမြန်းခြင်းဖြင့် သူမတူအောင်သိနိုင်တဲ့ ပညာစွမ်းကို သိရတဲ့အခါလည်း အလွန်တရာ အံ့သြကြရတယ်၊ တရားနာရတဲ့အခါ အသံတော်သာယာပုံ, စကားအရာ လိမ္မာကျွမ်းကျင်ပုံ, တရားတော်ရဲ့လေးနက်ပုံ အမျိုးစုံပင် အံ့သြဖွယ်ကြုံခဲ့ကြရတယ်၊ ယခုခေတ် ဘုရားတရားတော်များကို လေ့လာသူတို့မှာပင် ဘုရားရှင်ရဲ့ ဉာဏ်တော်စွမ်းကို အံ့မခန်းဖြစ်ကြရပါတယ်။

ဒီလို အဖက်ဖက်က သူတကာထက်လွန်ကဲအောင် ထူးခြားလှတဲ့ ဘုရားရှင်ရဲ့အကြောင်းပါရမီများကို စဉ်းစားကြည့်ရင် သူမတူအောင် စွန့်စားခဲ့ပုံများဟာလည်း အံ့သြဖွယ်အတိပါပဲ၊ ဒါ့ပြင် **အဋ္ဌာရသ ဗုဒ္ဓမန္တ** (ဘုရားရှင်တို့သာ ရနိုင်သော ဂုဏ်တော်တစ်ဆယ့်ရှစ်ပါး), **ဒသဗလ** (အားတော်ဆယ်တန် ဘုရားဉာဏ်များ) စတဲ့ တရားများဟာ သူတပါးမှာမရှိ ဘုရားရှင်၌သာရှိတာကို သိရလို့ အလွန့်အလွန် အံ့သြကြရပြန်ပါတယ်၊ ဒီမျှအံ့ဖွယ်အတိ အစွမ်ရှိယပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ပင် စကြဝဠာတွေ အနန္တရှိသော်လည်း ဒီစကြဝဠာမှာသာဖြစ်လျက် ဒီစကြဝဠာမှာလည်း လူ့ဘုံမှာသာ ယှဉ်ဖွယ်ရာမရှိပဲ တစ်ဆူတည်း ထူးခြားစွာ ပေါ်ထွန်းခဲ့ရပါတယ်[၄၆]။

## ၇-ပုရိသဒမ္မသာရထိဝုဏ်တော်
## သို့မဟုတ်
## အနုတ္တရော ပုရိသဒမ္မသာရထိဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

သော ဘဂဝါ-သည်၊ ဣတိပိ ဣမိနာ စ ကာရဏေန-ဆုံးမထိုက်သော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဤအကြောင်း

---

[၄၆] ပရိတ်ကြီးနိဿယသစ်၊ ၄၆၁-၄၆၂။

ကြောင့်လည်း၊ (ဝါ–သို့မဟုတ်)၊ ဣတိပိ ဣမိနာ စ ကာရဏေန–ဆုံးမသင့်ရန်, သတ္တဝါမှန်သော်, ချောက်တန်လျှင်ချောက်, မြောက်တန်လျှင်မြောက်၍, အောက်အောက်ထက်ဂုဏ်, ဆင့်ဆင့်စုံဖို့, ဖုံဖုံသင်ပေး, အစဉ်ဖေးလျက်, ယဉ်ကျေးလေအောင်, သွေးဆောင်ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော ပုရိသဒမ္မသာရထိ**–အနုတ္တရော ပုရိသဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံလိုင်ကျော်ကြား, ထင်ရှားတော်မူပေသည်တကား။

**ပုရိသဒမ္မသာရထိဂုဏ်တော်**သည် "(**ပုရိသဒမ္မ**–ဆုံးမထိုက်သော သတ္တဝါတို့ကို+**သာရထိ**–ဆုံးမတော်မူတတ်၏) ဆုံးမထိုက်သော သတ္တဝါတို့ကို ဆုံးမတော်မူတတ်၏"ဟူသော အနက်ကိုပြသည်၊ ဒီအရာ၌ ဂုဏ်တော်ဆယ်ပါးအဖြစ် အနုတ္တရ–ကို သီးခြားယူခဲ့၏။

ဂုဏ်တော်ကိုးပါးအရ နှစ်ပုဒ်တွဲကာ ဂုဏ်တော်တစ်ပါးယူတဲ့ **အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်**သည် "ဆုံးမထိုက်သော သတ္တဝါများကို ယဉ်ကျေးအောင်ဆုံးမမှု၌ အတုမရှိ စွမ်းနိုင်ပါပေ၏"ဟူသောအနက်ကို ပြသည်။ [**အနုတ္တရော**–အတုမရှိမြတ်သော+**ပုရိသ**–ယောကျ်ား (သတ္တဝါ)+**ဒမ္မ**–ဆုံးမထိုက်သူ+**သာရထိ**–ဆုံးမနိုင်သည်။] သတ္တဝါတို့ကို ဆုံးမရာ၌ အတုမရှိ အသာဆုံးဖြစ်တယ်–လို့ ဆိုလို၏။

**အနုတ္တရော ပုရိသဒမ္မသာရထိ**–တထောင်ဝါဒ, ဆောင်ကာမျှဖြင့်, ပါပစရိုက်, မာနစိုက်သော ပရဝိုဇ် သစ္စကနှင့်, ပေါက္ခရသာတိစသော လူယောကျ်ား၊ သုစိလောမ, ခရလောမ, အာဠာဝကနှင့်, ဒေဝရာဇာ, ဗကဗြဟ္မာ စသော နတ်ယောကျ်ား၊ စူဠဒေါဒရ, မဟောဒရ စသော, ဒေါသပွါးစီး, နဂါးကြီးတို့နှင့်တကွ စီးတော်ဆင်ဓနပါလ စသော တိရစ္ဆာန် ယောကျ်ား–ထိုမယဉ်ကျေးသူ နတ်လူတိရစ္ဆာန်, မာရ်တက်သမူ, ရန်ဘက်သူတို့ကို အတုမရှိသော သိလ သမာဓိ ပညာ စသော ဒေသနာဖြင့် ကောင်းစွာ ယဉ်ကျေးအောင် အရေးပြုလုပ် ကောင်းစွာ ဟောကြား ဆုံးမတတ်သော ဂုဏ်တော်ပုဒ်[၄၆]ဖြစ်၏။

## လောကဝိဒူဂုဏ်က အကြောင်း၊ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်က အကျိုး

လောကဝိဒူဂုဏ်တော်အရ လောကကိုသိခြင်းမှာ ဒီ**အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်**ကို ရဖို့အကြောင်းဖြစ်တယ်၊ အထူးသဖြင့် သတ္တဝါတို့ရဲ့ အတွင်းဓာတ်ခံအမျိုးမျိုးကို အသေအချာ သိခြင်းမှာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမနည်းပေးရာ၌ အလွန်ပင် ထိရောက်လှပါတယ်၊ ဥပမာ ရောဂါရဲ့ လက္ခဏာကိုမသိပဲ ဆေးပေးရင် အနာတခြား ဆေးတခြားဖြစ်ကာ ရောဂါပပျောက်ပဲ တိုးလို့ပင်လာ

---

[၄၆] မြင်းခြံ–၉–ဆောင်မှ မဟာပရိတ်တော်ကြီးနိဿယစာ၊ ၉၅–၉၆။

တတ်သေးတယ်၊ ရောဂါရဲ့လက္ခဏာနှင့် သူနာရဲ့ဓာတ်ခံသိတဲ့ ဆရာကသာ အနာနှင့်ဆေး တည့် အောင်ပေးနိုင်တယ်။

**ပုထုဇဉ်မှန်သမျှ အရူးချည်း။** ။ကိုလေသာတို့ကား တကယ့် ကိုယ်တွင်း အနာရောဂါများပင်၊ ဆိုးဝါးတဲ့ ကာယကံမှု, ဝစီကံမှု, မနောကံမှုများမှာ ထိုကိလေသာအနာရှိလို့ဖြစ်ရတဲ့ ဖောက်ပြန်မှုများ ပင်ဖြစ်တယ်၊ **"ပုထုဇ္ဇနော ဥမ္မတ္တကော**–ပုထုဇဉ်မှန်သမျှ အရူးချည်း"လို့ အဆိုရှိရာ ထိုအရူးထခြင်း မှာလည်း ကိလေသာအနာရဲ့ ဖောက်ပြန်မှုပင် ဖြစ်တော့၏၊ တရားဆေးအမျိုးမျိုး လက်ကိုင်ရှိတော် မူတဲ့ ဘုရားရှင်ကား ကိလေသာအနာတို့ရဲ့ အငုပ် အတက်, အနည်း အများ စသော အတွင်းအခြေ အနေမှန်ကို ဇကန်သိတော်မူရာ ပေးသမျှဓာတ်ခိုက်လျက် ဘယ်မျှရိုင်းနေသူဖြစ်ပါစေ ယဉ်ကျေး ရတော့၏၊ သတ္တဝါတို့ရဲ့ ဓာတ်ခံကို ပိုင်နိုင်စွာ မသိကြတဲ့ တပည့်သာဝကတို့မှာ တခါတရံ တရားနှင့် ဓာတ်ခံစရိုက် မကိုက်ညီပဲ လွဲတဲ့အခါရှိတတ်ပေမဲ့ ဓာတ်ခံကို ပိုင်ပိုင်နိုင်နိုင် သိတော်မူတဲ့ ဘုရားရှင်မှာ ကား ထိုသို့ လွဲချော်တယ်–လို့ မရှိပါ၊ သာဝကတို့ ဆုံးမရာတွင် အကျိုးမရောက်သူကား ဘုရားရှင်ထံ ရောက်လာတဲ့အခါ အကျိုးရောက်ကာ ယဉ်ကျေးသူဖြစ်တော့၏၊ ဒါ့ကြောင့် **"အနုတ္တရော ပုရိသဒမ္မ သာရထိ**–သတ္တဝါများကို ယဉ်ကျေးအောင်ဆုံးမရာတွင် အတုမရှိတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်ပါပေတယ်"လို့ တစ်လောကလုံးက အံ့ချီးကုဏ်တင်ခဲ့ရပါတယ်။

**ဆုံးမပုံမှာ နည်းစုံပါ။** ။ သတ္တဝါတွေကို ဆုံးမတော်မူရာမှာ အနုနည်းဖြင့်လည်းကောင်း, အကြမ်း နည်းဖြင့်လည်းကောင်း, အနုအကြမ်း နှစ်မျိုးဖြင့်လည်းကောင်း သင့်လျော်သလို ဆုံးမတော်မူပါတယ်၊ ဒေဝဒတ်ညွှန်ကြားချက်အရ အဇာတသတ်မင်းက နာဠာဂိရိဆင်ကြီးကို အရက်မူးအောင် အလွန်အ ကျွံတိုက်ပြီးလျှင် တပည့်သံဃာများနှင့်အတူ ဆွမ်းခံကြွလာတဲ့ ဘုရားရှင်ထံ လွှတ်လေရာ ဘုရားရှင်ရဲ့ မေတ္တာတော်စွမ်းအားကြောင့် ဆင်ကြီးမှာ ဘုရားရှေ့ ဒူးတုပ်လာ၏၊ ထို့နောက် ဘုရားရှင် တရား ဟောလျှင် ဆင်ကြမ်းကြီးမှာ ဆင်လိမ်မာအဖြစ်သို့ ရောက်ရပါတယ်။ လူအများ တအံ့တသြ ပြော စမှတ်ပြုရသည်မှာ "တုတ်တွေ ခွန်းတွေ ကြိမ်လုံးတွေနှင့် သူတကာ ဆုံးမမရတဲ့ ဆင်ကြီးကို တုတ်မပါ လက်နက်မပါ လိမ္မာယဉ်အောင် ဆုံးမတော်မူနိုင်ပါပေတယ်"လို့ ချီးကျူးခဲ့ကြပါတယ်။

ဘုရားရှင်သည် သစ္စကပရိဗိုဇ်, အမွှေလုလင်စတဲ့ ပညာရှိ မာနကြီးသူ အချို့ပုဂ္ဂိုလ်တို့ကို ခပ်ကြမ်းကြမ်း ပြောဆိုနှိမ့်ချ ဆုံးမတော်မူတယ်၊ ဝါဒပြိုင်လာတဲ့အခါ အချို့ပညာရှိတို့ကို သူတို့ဝါဒ နှိမ့်ကျအောင် နှိမ့်ချပြီးမှ သာယာညှင်းပျောင်းစွာ တရားပြကာဆုံးမရတယ်၊ ဗကဗြဟ္မာစတဲ့ အချို့

တန်ခိုးကြီး နတ်ပြဟ္မာများကို တန်ခိုးပြိုင်ကာ ဆုံးမရတာလည်း ရှိတယ်၊ တစ်ခါက ဘုရားရှင်ထံရောက်လာတဲ့ ကေသိ အမည်ရှိ မြင်းဆရာတစ်ဦးကို "ကေသိ... မြင်းတွေကို ဘယ်လို ဆုံးမပါသလဲ?" လို့ မေးတော်မူပါတယ်၊ ကေသိမြင်းဆရာက "တပည့်တော် အနုနည်းဖြင့်လည်း ဆုံးမပါတယ်၊ အကြမ်းနည်းဖြင့်လည်း ဆုံးမပါတယ်၊ အနု အကြမ်း နည်းနှစ်မျိုးဖြင့်လည်း ဆုံးမပါတယ်၊ ဘယ်နည်းနှင့်မျှ ဆုံးမမရတဲ့ မြင်းကိုမူ သတ်ပစ်လိုက်ပါတယ်ဘုရား" လို့ လျှောက်ထားပြီးလျှင် "ရှင်တော်မြတ်ဘုရားသည် အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်ပိုင်ရှင် ဖြစ်တော်မူရာ သတ္တဝါတို့ကို ဘယ်ပုံ ဘယ်နည်း ဆုံးမပါသလဲဘုရား?" လို့ လျှောက်ထားပါတယ်။

"ကေသိ... ငါဘုရားသည် သတ္တဝါတို့ကို အနုနည်းဖြင့်လည်း ဆုံးမတယ်[၄၆]၊ အကြမ်းနည်းဖြင့်လည်း ဆုံးမတယ်[၄၇]၊ အနုအကြမ်း နည်းနှစ်မျိုးဖြင့်လည်း ဆုံးမတယ်[၄၈]၊ ဘယ်နည်းနှင့်မျှ ဆုံးမမရတဲ့သတ္တဝါကိုမူ သတ်ပစ်လိုက်ရတယ်" လို့ မိန့်တော်မူ၏၊ ကေသိမြင်းဆရာက "အရှင်ဘုရား... ရှင်တော်မြတ်ဘုရားဟာ ပါဏာတိပါတကို မပြုကောင်းသည် မဟုတ်ပါလော?" လို့ လျှောက်၏၊ ဘုရားရှင်က "အေး မှန်တယ်၊ ငါ မဆုံးမ မကံမြစ်ပဲ[၄၉] လက်လွှတ်လိုက်လျှင် ထိုသူမှာ သေသည်ပင် မည်တော့၏" လို့ မိန့်တော်မူပါတယ်[၅၀]။

**အားကျွယ် ပရိသတ်။** ။ ယခုခေတ်မှာ အဆုံးအမကောင်းတဲ့ ဆရာရဲ့ တပည့်များဟာ ယဉ်ကျေးသိမ်မွေ့၍ အချိုးကျ၏၊ ယဉ်ကျေးတဲ့ တပည့်ပရိသတ်တို့ကို မြင်ရသူတို့မှာ ဆရာရဲ့ ဆုံးမပဲ့ပြင်ကောင်းပုံကို အားရကြ, အားကျကြရတယ်၊ ဘုရားလက်ထက်တော်က ပရိသတ်မှာ ဘုရား အဆုံးအမခံရတဲ့အတွက် အလွန်ယဉ်ကျေးနေခဲ့ရာ ထိုပရိသတ်မျိုးကို ကြုံရသူတိုင်း ဘုရားရှင်ရဲ့ အဆုံးအမ အလွန်ကောင်းပုံကို ပြောမဆုံးဖြစ်ရတယ်၊ အဇာတသတ်မင်းသည် ခမည်းတော်ကို ပြစ်မှား, ဘုရားရှင်ကို ပြစ်မှားပြီးနောက် နောင်တရကာ ဇီဝကရဲ့ ညွှန်ကြားချက်အရ တစ်ခုသော ညချမ်းချိန်မှာ သံဃာ့ပရိသတ်များ စုဝေးနေစဉ် ဘုရားရှင်ထံ ရောက်လာတယ်၊ အလွန်ငြိမ်သက်လှတဲ့

---

[၄၆] သုစရိုက်, သုစရိုက်၏ကောင်းကျိုးကို ပြ၍ ဆုံးမတော်မူ၏။

[၄၇] ဒုစရိုက်, ဒုစရိုက်၏မကောင်းကျိုးကို ပြ၍ ဆုံးမတော်မူ၏။

[၄၈] သုစရိုက်+သုစရိုက်၏ကောင်းကျိုး, ဒုစရိုက်+ဒုစရိုက်၏မကောင်းကျိုး အနုအကြမ်း နှစ်မျိုးသုံး၍ ဆုံးမတော်မူ၏။

[၄၉] **ကံမြစ်**–forbid, prohibit (MYANMAR-ENGLISH DICTIONARY, 12

[၅၀] အဂိုတ္တရနိကာယ် စတုက္ကနိပါတ် ကေသိသုတ် (အံ၊ ၁၊ ၄၂၇-၄၂၈)။

သံဃာ့ပရိသတ်ကို မြင်ရတဲ့အခါ သားတော်လေးကို အမှတ်ရတယ်၊ "ငါ့သားတော်လေး ဥဒယဘဒ္ဒ ဟာ ဒီယဉ်ကျေးပုံမျိုး, ငြိမ်သက်ပုံမျိုးရှိသူ ဖြစ်ပါစေ"လို့ တောင့်တမိလေ၏[၄၇]။

**ကန္ဒရကနှင့် ပေသ အဲ့သြကြ။** ။ စမ္ပာပြည် ဂဂ္ဂရာ ရေကန်နား၌ ရဟန်းသံဃာများနှင့် သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ထံ ကန္ဒရကပရိဗိုဇ်နှင့် ပေသမည်တဲ့ ဆင်ထိန်းသားတို့ ရောက်လာကြတယ်၊ ကန္ဒရကပရိဗိုဇ်သည် ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ် ခြံရံခစားလျက်ရှိကြတဲ့ သံဃာ့ပရိသတ်ကို မြင်ရတဲ့အခါ လှည့်ကာ ပတ်ကာ ကြည့်ရှုပြီး လွန်စွာအားရလျက် အံ့သြရာအဖြစ် ချီးကျူးစကား လျှောက်ထားခဲ့တယ်။

ဘုရားရှင်က "ဒီရဟန်းများမှာ ရဟန္တာနှင့် သေက္ခပုဂ္ဂိုလ်များချည်းသာ ဖြစ်တယ်၊ သူတို့သည် သတိပဋ္ဌာန်တရား လေးပါးတို့၌ စူးစိုက် စွဲမြဲသော စိတ်ရှိသူများဖြစ်တယ်"လို့ မိန့်တော်မူပါတယ်၊ ပေသက "ရှင်တော်မြတ်ဘုရားသည် သတိပဋ္ဌာန်လေးပါး ဟောကြားထားသည်မှာ အံ့ဖွယ်ပင် ဖြစ်ပါတယ်၊ တပည့်တော်များလည်း ရံခါရံခါ ဒီသတိပဋ္ဌာန်တရားလေးပါး၌ ပွါးများစူးစိုက်ကြပါတယ်၊ ရှုပ်လိမ်ပွေရှက် အသိခက်တဲ့ လူများအတွက် အကျိုးရှိ မရှိ တရားများကို ဘုရားရှင် သိနားလည်ပုံမှာ လွန်စွာအံ့သြဖွယ်ဖြစ်ပါတယ်၊ လူများမှာ အသိခက်အောင် ရှုပ်ပွေသူများဖြစ်၍ တိရစ္ဆာန်များမှာ ဖြောင့်စင်းပေါ်လွင်လှပါတယ်၊ တပည့်တော်များသည် ဆင်ရိုင်းကို ယဉ်အောင် ဆုံးမနိုင်သူများဖြစ်ရာ ဆင်ရိုင်းမှာ စမ္ပာပြည် အသွားအပြန် ခရီးအတွင်း၌ သူလုပ်လိုတာတွေကို မဖုံးမကွယ် မလှည့်ဖျားပဲ ထင်ရှားပြုလုပ်သည်သာ ဖြစ်ပါတယ်၊ လူများကား ရှုပ်ပွေလှပါတယ်၊ တိရစ္ဆာန်တို့ကား ပေါ်လွင်လှပါတယ်"လို့ လျှောက်ထားပါတယ်။

တိရစ္ဆာန်များသည် ကျင်ကြီး, ကျင်ငယ် စွန့်လိုရင် စွန့်လိုက်ကြ, ရပ်လိုရင် ရပ်လိုက်ကြ, ဘေးဖယ်လိုရင် ဖယ်လိုက်ကြနှင့် လုပ်ချင်သမျှ မဖုံးမကွယ် ထင်ရှားပြကြတယ်၊ လူများကတော့ ရှေ့တွင် တမျိုး, ကွယ်ရာတမျိုး, စိတ်ထဲကတမျိုး အပြင်အမူအရာကတဖုံနှင့် အလွန် ရှုပ်ထွေးနိုင်လှပါတယ်–လို့ဆိုလိုတယ်၊ ပုထုဇဉ်ကား အရှုပ်အပွေသမားများသာ ဖြစ်တယ်၊ အရိယာဖြစ်ရင် အရှုပ်အပွေကင်း၍ ဖြောင့်စင်းသူဖြစ်တယ်၊ တကယ်ဖြောင့်စင်းသူ ယဉ်ကျေးသူ အရိယာသံဃာပရိသတ်ကို မျက်မြင်

---

[၄၇] ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တုဏှီဘူတံ ဘိက္ခုသံဃံ အနုဝိလောကေတွာ ရဟဒမိဝ ဝိပ္ပသန္နံ ဥဒါနံ ဥဒါနေသိ "ဏ္ဍမိနာ မေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု၊ ယေနေတရဟိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတော"တိ။ (ဒီ၊ ၁၊ သာမညဖလသုတ်၊ ၄၇)။

တွေ့ရတဲ့ ပေဿကား ဒီပုဂ္ဂိုလ်များမှာ ဒီသတိပဋ္ဌာန်တရားဖြင့် ယဉ်ကျေးသူတွေ ဖြစ်ကြပါတကား" လို့ အားရမိရာမှ တရားကောင်း လက်ကိုင်ရှိ၍ ယဉ်ကျေးသူတွေ ဖြစ်အောင် ဆုံးမတော်မူနိုင်တဲ့ ဘုရားရှင်ရဲ့ အဖြစ်ကို ကြည်ညိုမဆုံးဖြစ်ကာ အံ့ဖွယ်ရာအဖြစ် လျှောက်တင်ခြင်းဖြစ်ပါတယ်[၄၇]။

**ကောသလမင်းလျှောက်ထားချက်။** ။ မင်းနှင့်ပြည်သူ လူဗာကာက ဘုရားရှင်အပေါ်မှာ "ပရိသတ်အား ဤမျှ ယဉ်ကျေးအောင်ဆုံးမပုံကို မြင်ရသဖြင့် အနှိုင်းမဲ့ဆုံးမတတ်သူ **"အနုတ္တရော ပုရိသဒမ္မသာရထိ"** အဖြစ်ကို ကောင်းစွာ ယုံကြည်နိုင်ကြ၏၊ ဒီအရာမှာ ကောသလမင်းကြီးရဲ့ လျှောက်ထားချက်အရလည်း ထင်ရှားပါတယ်----"ရှင်တော်မြတ်ဘုရား. , တပည့်တော်ဟာ သတ် ဖြတ်နိုင်, ဒဏ်တပ်နိုင်တဲ့ အာဏာပိုင်တစ်ဦး ဖြစ်ပါတယ်၊ သို့ပါလျက် လွှတ်ဂုံးတော်မှာ တပည့်တော် စကားပြောစဉ် ဝင်ပြောကြတဲ့သူတွေကို "ငါပြောနေတုံး ဝင်မပြောကြနဲ့"လို့ တားမြစ်မရခဲ့ပါ၊ ရှင် တော်မြတ်ဘုရားက ရာပေါင်းများစွာသော တပည့် ပရိသတ်၌ တရားဟောနေတဲ့အခါ ချေဆတ်သံ ချောင်းဟန့်သံမျှ မကြားရပါ၊ တခါက ရှင်တော်မြတ်ဘုရား တရားဟောနေစဉ် ရဟန်းတပါး ချောင်း ဟန့်မိရာ အနားရှိ ရဟန်းတပါးက ဒူးနှင့်အသာတို့လျက် "အရှင်, တိတ်တိတ်နေပါ၊ အသံမပြုပါနဲ့၊ ဘုရားရှင် တရားဟောနေပါတယ်"လို့ သတိပေးတာကို တွေ့ဘူးပါတယ်၊ တုတ်မပါ, လက်နက်မပါပဲ ဒီမျှ ငြိမ်သက်အောင် ဆုံးမနိုင်တာကို တပည့်တော် အားရ အံ့သြရပါတယ်၊ ဒီမျှ ယဉ်ကျေး သိမ်မွေ့ တည်ငြိမ်တဲ့ ပရိသတ်မျိုးကို ရှင်တော်မြတ်ဘုရား သာသနာတော်မှတပါး အခြား ဘယ်နေရာမှာမျှ မတွေ့ရဘူးပါ၊ ဒါ့ကြောင့် ရှင်တော်မြတ်ရဲ့ ဘုရားစစ် ဘုရားမှန် ကောန်ဖြစ်တယ်-ဆိုတာကို မှန်းဆ ကြည်ညိုနိုင်ပါတယ်"လို့ လျှောက်ထားခဲ့ပါတယ်[၄၈]။

**ပရိသတ်ကို အားရကျေနပ်တော်မူပုံ။** ။ ဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မူခါနီး၌ စည်းဝေး ခစား လျက် ရှိနေတဲ့ ရဟန်းပရိသတ်ကို မိန့်တော်မူသည်မှာ "ရဟန်းတို့. ဘုးရား, တရား, သံဃာ၌ဖြစ်စေ, မဂ်၌ဖြစ်စေ, အကျင့်၌ဖြစ်စေ ယုံမှားရှိကြမူ မေးသာမေးကြ၊ ဘုရားကို မျက်မြင်တွေ့ရပါလျက် တို့ တတွေ့ မမေး မလျှောက်ခဲ့မိလေခြင်း-လို့ နောက်မှ နောင်တ မဖြစ်ကြစေနဲ့"ဟူ၏၊ ရဟန်းတစ်ပါးမျှ မမေးပဲရှိရာ "ငါဘုရားကို လေးစားကြောက်ရွံ့လို့ မမေးဝံ့ဖြစ်ခဲ့ရင် အနီးအပါး မိတ်ဆွေရဟန်း

---

[၄၇] မဇ္ဈိမပဏ္ဏာသပါဠိ ကန္ဒရကသုတ် (မ၊ ၂၊ ၂)။

[၄၈] မဇ္ဈိမပဏ္ဏာသပါဠိ ဓမ္မစေတိယသုတ် (မ၊ ၂၊ ၃၂၄)။

တစ်ပါးပါးကို တဆင့် ပြောကြားမေးမြန်းခိုင်းပါ"လို့ မိန့်တော်မူပေမဲ့ တစ်ပါးတလေမျှ မမေးမလျှောက်ပါ။

အဲဒီအခါ အရှင်အာနန္ဒာက "ဒီလောက် များပြားတဲ့ ပရိသတ်ထဲမှာ တစ်ပါးတလေမျှ ဘုရား, တရား, သံဃာ, မဂ်, အကျင့်ပဋိပတ်၌ ယုံမှားသူ မရှိ–လို့ တပည့်တော် ယုံကြည်ပါတယ်, အံ့သြဖွယ် ရှိပါပေစွဘုရား"လို့ လျှောက်ထားခဲ့ရာ "အာနန္ဒာ...သင်ကား ယုံကြည်ချက်အရ လျှောက်ထားခြင်း ဖြစ်တယ်၊ ငါဘုရားကား ဒီရဟန်းတွေ ယုံမှားမှုမရှိ–လို့ အတိအကျ သိတော်မူကြောင်း, ဒီပရိသတ်ထဲ၌ အညံ့ဆုံး ရဟန်းဟာ သောတာပန်ဖြစ်ကြောင်း"မိန့်တော်မူပါတယ်[၄၇၆]။

ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံခါနီး မိမိပရိသတ်ကို ကျေနပ်အားရတော်မူသည်နှင့်အမျှ ရွေးခေတ် ခုခေတ် ထိုထိုအဖြစ်တွေကို ကြားရသူတိုင်း, စာပေဖတ်ရသူတိုင်းက ဘုရားရှင်ရဲ့ **"အနုတ္တရော ပုရိသဒမ္မသာရထိ"**အဖြစ်ကို နှစ်နှစ်ကာကာ ကြည်ညိုကြရပါတော့တယ်[၄၇၇]။

## ၈–သတ္ထာ ဒေဝမနုဿာနံ ဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

သော ဘဂဝါ–သည်၊ ဣတိပိ ဣမိနာ စ ကာရဏေန–သတ္ထဝါဟော်, ယာဉ်မှူးကျော်လျှင်, ဖော်လော်ငယ်သား, နောက်ပါများကို, ရေရှားဘေးခ, ကန္တာရမှ, ခေမမြေဋ္ဌ, ထုတ်ကယ်ယူသို့ ထို့တူတစ်, ခဲယဉ်းဘိသည့်, ဇာတိဇရာ, မရဏာဟု, ကန္တာရကြမ်း, ခရီးလမ်းမှ, ရွှေနန်းမြေဋ္ဌ, ပြည်နိဗ္ဗာသို့, နတ်လူဗြဟ္မာ, သတ္တဝါကို, ကောင်းစွာဆောင်ယူ, ကယ်တင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **သတ္ထာ ဒေဝမနုဿာနံ**–သတ္ထာ ဒေဝမနုဿာနံဟူသော ဝုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသည်တကား။

**သတ္ထာ ဒေဝမနုဿာနံ** ဝုဏ်တော် "နတ်လူတို့၏ ရှေ့ဆောင်ဦးစီး ကုန်သည်ကြီးနှင့် တူတော်မူ၏" ဟူသောအနက်ကို ပြသည်။

[**ဒေဝမနုဿာနံ**–နတ်လူတို့၏+**သတ္ထာ**–လှည်းကုန်သည်ကြီးနှင့်တူတော်မူသည်။ဝါ–**သတ္ထာ**–ဆရာ။]

---

[၄၇၆] သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် (ဒီ၊ ၂၊ ၁၂၇)။

[၄၇၇] ပရိတ်ကြီးနိဿယသစ်၊ ၄၆၃–၄၆၈။

**သတ္တဝါဟော်, ယာဉ်မူးကျော်လျှင်**----သတ္တဝါဟ-ဆိုတဲ့ပါဠိကို "သတ္တဝါဟော်"လို့ စပ်ဆိုတယ်၊ ရှေးက လှည်းယာဉ်များဖြင့် ကုန်သည်များ သွားလာလေ့ရှိကြရာ ကုန်သည်လှည်းယာဉ်များ၏ အကြီးအမှူး ဖြစ်၍ (ကုန်သည်ငယ်များ၏အကြီးအမှူးဖြစ်၍) "ယာဉ်မှူးကျော်"လို့ စပ်ဆိုဏ်။

**ကန္တာရမှ, ခေမမြေငူ**----ခြသေ့် သစ် ကျား ခိုးသား ဓားပြ ပေါများ၍ အစာရေစာ ရှားပါးတဲ့ ခရီးကို **"ကန္တာရ"**လို့ ခေါ်တယ်၊ အသွားအလာ ခက်ခဲတာကြောင့် **"ခရီးခဲ"**လို့လည်း ခေါ်တယ်။ **ခေမ**-ဘေးရန်မရှိတဲ့+ **မြေငူ**-ကုန်မြေမြင့်အရပ်။

ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ ယထာရဟံ အနုသာသတိတိ **သတ္ထာ**။ အပိစ သတ္ထာ ဝိယာတိ **သတ္ထာ**၊ ဘဂဝါ သတ္ထဝါဟော။ (ဝိ၊ ၌၊ ၁၊ ဝေရဥ္ဇကဏ္ဍ၊ ၉၃)။

ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ-မျက်မှောက်ဘဝ၌ ယှဉ်သောစီးပွါး, တမလွန်ဘဝ၌ယှဉ်သော စီးပွါး, ပရမတ္ထဖြစ်သော နိဗ္ဗာန်တရားတို့ဖြင့်၊ ယထာရဟံ-ထိုက်သည်အားလျော်စွာ၊ အနုသာသတိ-သွန်သင် ဆုံးမတော်မူတတ်၏၊ ဣတိ-ထို့ကြောင့်၊ **သတ္ထာ**-သတ္ထမည်တော်မူ၏၊ အပိစ-သည်သာမကသေး၊ သတ္ထာ ဝိယ-ကုန်သည်မှူးနှင့်တူ၏၊ ဣတိ-ကြောင့်၊ **သတ္ထာ**-မူ၏၊ ဘဂဝါ-ဘုရားတည်းဟူသော၊ သတ္ထဝါဟော-ကုန်သည်မှူးကြီးတည်း။

ဘုရားရှင်သည် မျက်မှောက်အကျိုးစီးပွါး, တမလွန်အကျိုးစီးပွါး, အမြတ်ဆုံးအကျိုးစီးပွါးဖြစ်တဲ့ နိဗ္ဗာန်-ထိုသုံးမျိုးတွင် တစ်မျိုးနှင့်ထိုက်တန်သူအား တစ်မျိုးရအောင်, နှစ်မျိုး သုံးမျိုးထိုက်တန်သူအား နှစ်မျိုး သုံးမျိုးရအောင် တရားဟောသောအားဖြင့် ဆုံးမတော်မူတတ်၏။

ကုန်သည်မှူးကြီးသည် နောက်လိုက်ငယ်သား ကုန်သည်များကို ခိုးသူခရီးခဲ (**စောရကန္တာရ**), သားရဲ ခရီးခဲ (**ဝါဠကန္တာရ**), ငတ်မွတ်ခေါင်းပါး အစာရှားသော ခရီးခဲ (**ဒုဗ္ဘိက္ခကန္တာရ**), ရေမရှိသော ခရီးခဲ (**နိရုဒကကန္တာရ**) တို့ကိုလွန်မြောက်စေလျက် ဘေးကင်းရာနယ်မြေအရပ်သို့ ပို့ဆောင်ကယ်တင်သလို ဘုရားရှင်တည်းဟူသော ကုန်သည်မှူးကြီးဟာလည်း သတ္တဝါများကို ဇာတိခရီးခဲ, ဇရာခရီးခဲ, ဗျာဓိခရီးခဲ, မရဏခရီးခဲစတဲ့ ခရီးခဲတို့ကို လွန်မြောက်စေလျက် နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာသို့ ပို့ဆောင်တော် မူတတ်ပါပေ၏[၄၇၈]။

**ဒေဝမနုဿာနံ**---နတ်လူ-ဆိုတဲ့ဒီစကားသည် "ဥက္ကဋ္ဌပရိစ္ဆေဒဝသေနေကံ ဝုတ္တံ" ပြင့်မြဲတ်၍ အထက်တန်းဖြစ်တဲ့ သတ္တဝါများကို ပိုင်းခြားခြင်း 'ဥက္ကဋ္ဌနည်း'အားဖြင့်ဆိုတာပါ၊ ဥက္ကဋ္ဌ(အထက်

[၄၇၈] မဟာနိဒ္ဒေသ၊ သာရိပုတ္တသုတ္တနိဒ္ဒေသ (ခု၊ ၇၊ ၃၅၃)။

တန်း)သတ္တဝါကို ပိုင်းခြားလိုက်သဖြင့် သြမက (အောက်တန်း) တိရစ္ဆာန်များလည်း ပါဝင်တော့၏-ဆိုလိုတယ်၊ "ဥက္ကဋ္ဌကို ပိုင်းခြားရုံသာမက သစ္စာလေးပါးတရားထူးကို သိထိုက်တဲ့ ပုဂ္ဂိုလ်ကိုလည်း ပိုင်းခြားခြင်းဖြစ်တယ်" လို့ ပြလို၍ "ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒဝသေန စ"လို့ ဖွင့်ဆိုပါတယ်၊ ဒီစကားအရမှာလည်း တရားထူးမသိထိုက်သေးတဲ့ အဘဗ္ဗဖြစ်သော လူနတ်နှင့် တိရစ္ဆာန်များလည်း ပါဝင်နိုင်သည်သာ၊ မှန်လှ၏- အချို့တိရစ္ဆာန်များဟာ ဘုရားရှင်ရဲ့ တရားတော်ကို နာရတဲ့အတွက် ဥပနိဿယ၏ပြည့်စုံမှုကိုရလျက် အဲဒီဥပနိဿယ သမ္ပတ္တိကြောင့်ပင် ဒုတိယဘဝ, သို့မဟုတ် တတိယဘဝမှာ မဂ်ဖိုလ်ကိုရကြပါတယ်။ [**ဥပ**-အားကြိုးသော+ **နိဿယ**-မှီရာ၊ "မဂ်ဖိုလ်ရခြင်း၏ အားကြိုးသော မှီရာအကြောင်း"။]

**မဏ္ဍူကဒေဝပုတ္တ။** ။ ဘုရားရှင်သည် ဂဂ္ဂရာမည်တဲ့ ရေကန်ရဲ့ ကမ်နားမှာ စမွာမြို့သူ မြို့သားတွေကို တရားဟောတော်မူစဉ် ဖားတစ်ကောင်ဟာ ဘုရားရှင်ရဲ့ အသံတော်၌ တရားဟူသောအာရုံကို ယူခဲ့တယ် [၄၉] ၊ နွားကျောင်းသားတစ်ယောက်က ဒုတ်ထောက်လျက်ရပ်ရာတွင် ထိုဖားရဲ့ ဦးခေါင်း၌ ထောက်မိလေ၏၊ ဖားသည် (မိမိအပေါ်) ဒုတ်ထောက်မိသော်လည်း တရားသံ၌ဖြစ်တဲ့ အကြည် (ကြည်ညိုခြင်း)ဖြင့် နာကျင်သံကိုမပြုမူပဲ သေ၍ တာဝတိ်သာဘုံ၌ တစ်ဆယ့်နှစ်ယူဇနာရှိတဲ့ ရွှေဗိမာန်ပိုင်ရှင် ဖြစ်ရလေ၏။

ဖားဘဝမှ ဖြစ်လာတဲ့နတ်သားသည် "အဘယ်ကံကို ပြုခဲ့မိသည့်အတွက် ဒီနတ်ပြည်၌ ဖြစ်ရသနည်း?"လို့ စဉ်းစားတဲ့အခါ ဘုရားရှင်ရဲ့အသံတော်၌ အမှတ်အသားယူခြင်းမှတပါး အခြားတစ်စုံတစ်ခုသောကံကို မမြင်ရသောကြောင့် ချက်ခြင်းပင် ဗိမာန်နှင့်တကွ ဆင်းလာလျက် ဘုရားရှင်ရဲ့ ခြေတော်တို့ကို ရှိခိုးလေ၏။

ဘုရားရှင်က သိတော်မူလျက်ပင် (အမျှားတကာ လွန်သိသာအောင်) မေးတော်မူပါတယ်---

"ကော မေ ဝန္ဒတိ ပါဒါနိ၊ ကုဋ္ဌိယာ ယဿသာ ဇလံ။
အာဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ သြဘာသယံ ဒိသာ"တိ။

ကုဋ္ဌိယာ-နတ်တို့၏ တန်ခိုးဖြင့်လည်းကောင်း၊ ယဿသာ-နတ်တို့၏ အခြံအရံဖြင့်လည်းကောင်း၊ ဇလံ-တောက်ပလျက်၊ အာဘိက္ကန္တေန-အလွန်နှစ်သက်ဖွယ်သော ရုပ်ပုံသဏ္ဌာန်ဖြင့်လည်း

---

[၄၉] **သရေ နိမိတ္တံ အဂ္ဂဟေသိ**တိ "ဓမ္မော ဇေ ဝုစ္စတိ"တိ ဓမ္မသညာယ သရေ နိမိတ္တံ ဂဏှိ၊ ဂဏှန္တော စ ပသန္နစိတ္တော ပရိသပရိယန္တေ နိပဇိ။ (သာရတ္ထ၊ ဋီ၊ ၁၊ ၂၉၃)။ [ရွေးက အထုံပါသောကြောင့် တရားဟု အာရုံယူနိုင်သည်။]

ကောင်း၊ ဝဏ္ဏောန-အရေအဆင်း အရောင်အဝါဖြင့်လည်းကောင်း၊ သဗ္ဗာ-အလုံးစုံကုန်သော၊ ဒိသာ-အရပ်တို့.ကို၊ သြဘာသယံ-ထွန်းလင်းစေလျက်၊ မေ-ငါ၏၊ ပါဒါနိ-ခြေတို့.ကို၊ ဝန္ဒတိ-ရှိခိုးသူကား၊ ကော-အဘယ်သူနည်း? ဣတိ-ဤသို့. မေးတော်မူပြီ။

နတ်သားဖြေ---

မင်္ဂလကော'ဟံ ပုရေ အာသိ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တသ၊ အဝဓိ ဝစ္ဆပါလကောတိ[၄၁]။

အဟံ-တပည့်တော်သည်၊ ပုရေ-ရှေးဘဝ၌၊ ဝါရိဂေါစရော-ရေဟူသော ကျက်စားရာရှိသော၊ ဥဒကေ မင်္ဂလကော-ရေဖားသည်၊ အာသိ-ဖြစ်ခဲ့ပါပြီ၊ တဝ-ရှင်တော်ဘုရား၏၊ ဓမ္မံ-တရားတော်ကို၊ သုဏန္တသ-နာယူစဉ်၊ ဝစ္ဆပါလကော-နွားကျောင်းသားသည်၊ အဝဓိ-(ဦးခေါင်း၌ ဒုတ်ထောက်၍) သေစေပြီ။

ဘုရားရှင်သည် ထိုနတ်သားအား တရားဟောတော်မူရာ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့.မှာ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိကုန်ကြလျက် နတ်သားကား သောတာပတ္တိဖိုလ်၌ တည်ပြီး ပြုံးရွှင်ကာ တဝဝတီသာနတ်ပြည်သို့. ပြန်သွားလေ၏။

**ပရိတ်ကြီးနိဿယသစ်(၄၆၈-၄၇၀) ဆိုမိန့်မှာ-** အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်အရသတ္တဝါတို့.ကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သောကြောင့်ပင် **"သတ္ထာ ဒေဝမနုဿာနံ**-နတ်လူတို့.၏ဆရာ"ဟူသော ဂုဏ်တော်ကြီးကိုရတော်မူ၏၊ ဘုရားရှင်၏ အဆုံးအမခံရ၍ ယဉ်ကျေးလာသော နတ်ဗြဟ္မာတို့.က တို့.ဆရာပဲဟု အသဲစွဲ မြတ်နိုးဂုဏ်ပြု အသိအမှတ်ပြုရာမှ ဤဂုဏ်တော်ကြီးမှာ ကမ္ဘာလောကတွင် ပဲ့တင်ခတ် ကျော်စောလာခြင်းဖြစ်၏၊ လောကဆရာတို့.ထဲမှ ရသောပညာမှာ တဘဝစာအတွက်သာ။ သံသရာဝဋ်ဒုက္ခမှ လွတ်စေနိုင်သည်လည်းမဟုတ်။ ကမ္ဘာများစွာ ဖန်ခါခါ ရလာခဲ့ဘူးသော ပညာမျိုးဖြစ်ရာ ထူးဆန်းလှသည်လည်း မဟုတ်။ ဘုရားရှင်ပေးသော ပညာမှာ သံသရာ ဒုက္ခတွေသိမ်းဖို့. အငြိမ်းဓာတ် သုခကို ရကြောင်း သိကြောင်း ပညာဖြစ်ရာ ဘဝများစွာက တခါမျှ မကြုံခဲ့ဘူးသော ထိုအငြိမ်းဓာတ်ကို တွေ့.ရသောအခါ ဘယ်သရာအပေါ်မှ မဖြစ်စဘူး ထူးကဲသော မြတ်နိုးမှုမျိုးဖြင့် ဆရာအစစ်အဖြစ် မြတ်နိုးကြ၏၊ လောက၌ မိဖိုဆရာက တော်သလို လျော်သလို ဖြစ်ခဲ့လျှင် ငါ့ဆရာပဲဟုညွှန်ပြရန် ဝန်လေးတတ်ကြ၏၊ ဆရာက အသင်အပြုကောင်း၍ အကျင့်

---

[၄၁] ခု၊ ၂၊ ၇၃။ ဝိ၊ ဋ္ဌ၊ ၁၊ ၉၄။

ကောင်း ဂုဏ်ကောင်းရှိလျှင် မိမိဆရာအဖြစ် ရဲဝံ့စွာ ထုတ်ဖော်နိုင်ကြ၏၊ ဘုရားရှင်ကား အတုမရှိသော နည်းညွှန်လမ်းပြဖြစ်သည့်ပြင် သူမတူသော အကျင့်များ ဂုဏ်များဖြင့် ထင်ရှားခဲ့ပြန်ရာ ထိုခေတ် တပည့်သာဝကများမှာ မျက်နှာမော့ ရင်ကိုကော့ကာ မိမိတို့ဆရာအဖြစ် ရဲဝံ့စွာတင်ပြနိုင်ကြ၏၊ ဘာ့ကြောင့်နည်း? မိဖတို့ မေတ္တာ ကရုဏာမျိုးကိုလည်း ရရှိ၏၊ ဥစ္စာအမွေထက် ထူးမြတ်သော ပညာအမွေကိုလည်းခံရ၏၊ လောက၏ဆရာဖြစ်သော ဘုရားမြတ်ကား သတ္တဝါတို့၏ ဆင်းရဲကြောင်း ဆင်းရဲရပုံ အစုံစုံကို ဉာဏ်ဝင်စား ဆင်ခြင်သော မဟာကရုဏာ သမာပတ်ကို အထပ်ထပ် အခါခါ မကြွံမကြာ ဝင်စားသနားတော်မူလျက်ရှိရာ ဘယ်ဆရာ မိဖမှ မထားနိုင်သော မေတ္တာကရုဏာကိုလည်း ထားတော်မူ၏၊ ဘယ်ကာလက ဘယ်သူမျှ မပေးနိုင်ခဲ့သော ထူးမြတ်သော လောကုတ္တရာ အမွေကိုလည်း အပ်နှင်းခဲ့၏၊ ထို့ကြောင့်ပင် ဘုရားတပည့် တပည့်များစွာ အရိယာတို့မှာ "ငါ ဘုရားသားတော်ဟော့, ဘုရားသမီးတော်ဟော့" ဟု လည်မော့ကာ ဝင့်ဝင့်ကြွားကြွား မွှက်ကြားနိုင်ပေသည်။

**လေးနက်သော ဆရာအဖြစ်။** ။ ထို့ပြင် ဘုရားရှင်၏ ဆရာအဖြစ်ကား လေးနက်လှပါ၏၊ လောကဆရာများသည် လာဘ်ပူဇော်သက္ကာရ အကျော်အစောကို လိုလားတတ်ကြ၏၊ ကိုယ်ကျိုးကို ငဲ့ကြသေး၏၊ ဘုရားရှင်ကား အလောင်းတော်ဘဝ ပါရမီတွေဖြည့်စဉ်ကပင် လာဘ်စသည်ကို မလိုလား၊ တရားကိုသာ အလေးပေးခဲ့၏၊ ထီးနန်းစည်းစိမ်တွေစွန့်ကာ တောထွက်လာသည့်အခါက စ၍ မည်သည့်လာဘ်သပ်ပကာ ကျော်စောထင်ရှားမှုကိုမျှ အရေးမထားခဲ့၊ ဘုရားဖြစ်သောအခါကား ဆိုဖွယ်ရာမရှိပြီ၊ ဗုဒ္ဓကိစ္စ ပြီးခဲ့ပြီဖြစ်ရာ ကိုယ်ကျိုးအတွက် လုံးဝမရှိတော့ပေ၊ သတ္တဝါများအတွက်သာ တသန်ထဲထားခဲ့ရာ နေမအား ညမအား ကြိုးစားနည်းပြခြင်းဖြင့်သာ အချိန်ကုန်လွန်တော်မူခဲ့၏၊ လောကဆရာများကား မိမိထံ ရောက်လာသောတပည့်များကိုသာ သင်ကြားကြ၏၊ ဘုရားရှင်ကား မိမိထံ ရောက်လာသော တပည့်များသာမက အပြည်ပြည် အရွာရွာသို့ အရောက်ကြကာ ဟောပြတော်မူခဲ့၏၊ နေ့စဉ် ကျွတ်ထိုက်သောသတ္တဝါတွေ့လျှင် ဘယ်လောက်ပင်ဝေးဝေး, ဘယ်နေရာမဆို ယုတ်စွအဆုံး အညစ်အကြေးစွန့်ပစ်ရာ လူမသွားချင်သော အရပ်များပင်ဖြစ်ဖြစ် ကြွတော်မူ၏။

တခါတရံ တန်ခိုးဖြင့်ကြွ၍ တခါတရံ ခြေကျင်ပင် လျှောက်တော်မူ၏၊ အချို့ ကျွတ်ထိုက်ဖို့ နီးသော သတ္တဝါဆိုလျှင် နီးနီးကပ်ကပ် တယုတယပင် စောင့်ရှောက်နည်းပေး၏၊ အချို့အဝေးမှပင် ရောင်ခြည်တော်လွှတ်၍ အားပေး၏၊ အဝေးမှပင် တရားပြတော်မူ၏၊ မိုးလင်းခါနီး ခဏကလေးမျှ ကျိန်းစက်ချိန်ရှိ၍ နေ့ရော ညဉ့်ပါ သတ္တဝါများကို နည်းလမ်းညွှန်ပြဆုံးမခြင်းဖြင့် လေးဆယ့်ငါးဝါပတ်လုံး

ကြိုးစားတော်မူခဲ့သော ဗုဒ္ဓရှင်တော်၏ ဆရာအဖြစ်မှာ ဘယ်မျှ အားရကြည်ညို ရှိသေလေးစားဖွယ် ကောင်းလှပါသနည်း?

**<u>သတ္ထာ၏ အနက်တစ်မျိုး</u>**။ ။ **"သတ္ထ"**သည် ကုန်သည်တို့၏ အကြီးအမှူးဦးစီးခေါင်းဆောင်ကိုလည်း ဟော၏၊ ထိုကုန်သည်အကြီးအမှူး ဦးစီးခေါင်းဆောင်နှင့်တူသောကြောင့်လည်း မြတ်စွာဘုရားကို **သတ္ထာ**–ဟု ဆိုရပြန်သည်။ အသွားအလာ ခက်ခဲသော ခရီးကို ကန္တာရ (ခရီးခဲ)ဟု ခေါ်၏၊ ထိုကန္တာရမှာ ခြင်္သေ့, သစ်, ကျားစသော သားရဲပေါသော ကန္တာရ, ရေရှား အစာရှားသော ကန္တာရ, ဘီလူးပေါသော ကန္တာရ, သူခိုးဓားပြပေါသော ကန္တာရ–ဟုရှိရာ ရှေးက ကုန်သည်များသည် လှည်းဖြင့် ထိုကန္တာရများကို ဖြတ်ကျော်သွားရသောအခါ လိမ်မာလျင် ကန္တာရနှင့်မကြုံတွေ့ရအောင်, အခန့်မသင့်၍ ကြုံရပြန်လျှင်လည်း ငယ်သားများကို ဘေးရန်ကင်းအောင် စောင့်ရှောက်ကယ်တင်တတ်၏၊ ဇာတ်တော်၌ ဒေဝဒတ်အလောင်း ကုန်သည်ကြီးခေါင်းဆောင်သော လှည်းငါးရာနှင့် ဘုရားအလောင်း ကုန်သည်ကြီး ဦးစီးခေါင်းဆောင်သော လှည်းငါးရာတို့ ဘီလူးပေါသော ကန္တာရနှင့် ကြုံရသောအခါ ဒေဝဒတ်ခေါင်းဆောင်သော လှည်းငါးရာမှ လူနှင့် နွားများမှာ ဘီလူးအစာ ဖြစ်ရ၏။



ဘုရားအလောင်းခေါင်းဆောင်သော လှည်းငါးရာမှာ ချမ်းသာစွာ ဘေးရန်ကင်းသော နယ်မြေသို့ ရောက်ကြရ၏၊ ထို့အတူ သံသရာကား ပဋိသန္ဓေ အို နာ သေရေး ဘေးအမျိုးမျိုး ထူပြောလှသော ကန္တာရကြီးတည်း၊ ထိုကန္တာရတွင် ကျင်လည်ကြရသော သတ္တဝါများကား ဘေးရန်အမျိုးမျိုး ကြုံတွေ့နေရသော ဒုက္ခသည်များသာတည်း။

ဘုရားရှင် ဦးစီးခေါင်းဆောင်သော သတ္တဝါများကား ထိုကန္တာရကို လွန်မြောက်နိုင်ကြ၍ ဘေးကင်းသော နယ်မြေဖြစ်သည့် သန္တိသုခ နိဗ္ဗာန ဓာတ်သို့ ဆိုက်ရောက်ကြရ၏၊ ထို့ကြောင့် ဘုရားရှင်ကို ကန္တာရမှ ကယ်တင်စောင့်ရှောက်တတ်သော ကုန်သည် ဦးစီးပမာပြု၍ "ဒေဝမနုဿာနံ-နတ်လူတို့၏၊ သတ္ထာ-ဦးစီးခေါင်းဆောင် ကုန်သည်ကြီးနှင့်တူတော်မူသော မြတ်စွာဘုရား"ဟု ဂုဏ်ပြု ချီးကျူးကြပေသည်။

## ၉-ဗုဒ္ဓဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

သော ဘဂဝါ-သည်၊ ဣတိပိ ဣမိနာ စ ကာရဏေန-ဒုက္ခ သမုဒယ, နိရောဓနှင့်, မဂ္ဂမည်သာ, လေးသစ္စာကို, ဦးစွာပိုင်ပိုင်, သိမြင်နိုင်၍, သုံးဆိုင်ဝေနေ, များဗိုလ်ခြေကို, မသွေအတူ, သိစေတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း၊ **ဗုဒ္ဓေါ**-ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္ဟာ့ဘုံတိုင်အောင်, ပျံ့လှိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသည်တကား။

**ဗုဒ္ဓဂုဏ်တော်**သည် "ကိုယ်တော်တိုင်သိ၍ သူတပါးကိုလည်း သိစေတော်မူနိုင်သည်" ဆိုတဲ့အနက်ကိုပြ၏[၄၁၁]။

<u>သစ္စာ ၄-ပါးနှင့်စပ်ရာ ရတနာ့ဂုဏ်ရည် ဗုဒ္ဓဂုဏ်တော်ဖွင့် (၅၃-၆၂)မှာ</u>

(၁) **ဒုက္ခသစ္စာ**။ ။ (ဒုက္ခ-ဆင်းရဲခြင်း+ **သစ္စာ**-အမှန်) ရုပ်ခန္ဓာနှင့် စိတ် စေတသိက်ဟူသော နာမ်ခန္ဓာတရားတွေ ပေါင်းစပ်နေသည်ကို "ခန္ဓာကိုယ်"ဟု ခေါ်၏၊ ဤခန္ဓာကိုယ်သည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲခြင်းအမှန် ဖြစ်၏၊ ဤခန္ဓာကိုယ်ကြီးရှိလို့သာ စားဖို့ သောက်ဖို့ ဝတ်ဖို့ နေဖို့ ရှာဖွေ

---

[၄၁၁] ယသ္မာ ဝါ စတ္တာရိ သစ္စာနိ အတ္တနာပိ ဗုဇ္ဇိ၊ အညေပိ သတ္တေ ဗောဓေသိ၊ တသ္မာ ဧဝမာဒီဟိပိ ကာရဏေဟိ ဗုဒ္ဓေါ။ ဣမဿ စတ္ထဿ ဝိညာပနတ္ထံ "ဗုဇ္ဇိတာ သစ္စာနိတိ ဗုဒ္ဓေါ၊ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ"တိ ဧဝံ ပဝတ္တော သဗ္ဗောပိ နိဒ္ဒေသနယော (ခု၊ ၇-မဟာနိဒ္ဒေသ၊ ၃၆၃) ပဋိသမ္ဘိဒါနယော ဝါ (ခု၊ ၉-ပဋိသမ္ဘိဒါ၊ ၁၇၂) ဝိတ္ထာရေတဗ္ဗော။ (ဝိ၊ ၎၊ ၁၊ ၉၄)။

သွားလာရ၏၊ အိုရ နာရ သေရ ကြေရ၏၊ အရှာအဖွေ အနေ မတရားသဖြင့် အပါယ်လေးပါးသို့ ကျရောက်ကာ ဒုက္ခခံရ၏၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းဆင်းရဲရ၏၊ ထောင်တန်းကျသဖြင့် အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်ကြရ၏၊ အလွန်အလွန် စိုးပွါးတွေ့ စုဆောင်းပြီးမှ စွန့်ပစ်ထားခဲ့ရ၏၊ မခွဲချင်ဘဲနှင့် တကွဲတပြား ဖြစ်ရ၏၊ ခေတ္တခဏ ချမ်းသာသလို ထင်ရသော်လည်း အစအဆုံး ကြည့်လိုက်လျှင် ချမ်းသာစင်စစ်ဟူ၍ မမြင်ရချေ။

**"အလွန်ချမ်းသာသည်"** ဟု ဆိုရသော နတ်ပြည် ဗြဟ္မာ့ပြည်များသို့လည်း ရောက်ဖို့ရန် အားထုတ်ရသောဒုက္ခ, ရောက်ပြီးသည့်နောက်၌ ပျက်စီးရသောအခါဒုက္ခ [နတ်ပြည်၌ "ပျက်စီးလိမ့်မည်"ဟု စောစောက အချို့သိနှင့်ကြသဖြင့် "ဤမျှလောက် ကြီးကျယ်သော စည်းစိမ်ကို စွန့်ရတော့မှာပါတကား"ဟု ဇောချွေးများပြန်ပြီးလျှင် "အလွန်အလွန် ဆင်းရဲရလေသည်"] ဤသို့ ဆင်းရဲကေန်စင်စစ်မှန်သောကြောင့် ငါ၏ ခန္ဓာကိုယ်နှင့် သတ္တဝါအားလုံး၏ ခန္ဓာကိုယ်သည် ဒုက္ခသစ္စာချည်းပါတကား။

(၂) **သမုဒယသစ္စာ။** ။ (**သမုဒယ**–ဒုက္ခဖြစ်ကြောင်း+ **သစ္စာ**–အမှန်) ထိုဒုက္ခ၏ အကြောင်းရင်းကား "တဏှာလောဘ"ခေါ်သော နှစ်သက်ခင်မင် လိုချင်တောင့်တမှုသည် အကြောင်းအမှန်ဖြစ်တော့၏၊ ဒုက္ခသစ္စာ၌ ပြခဲ့သော ဒုက္ခဟူသမျှသည် ဤလိုချင်တောင့်တမှုကို အကြောင်းပြု၍ ဖြစ်၏၊ ထိုတောင့်တလိုချင်မှုကြောင့် တစ်ခါတစ်ရံ မတရားပြုမိ၍ ဤလောကဌာပင် မင်းပြစ် မင်းဒဏ်, နောင်သံသရာ၌ အပါယ်လေးပါးသို့ ကျရောက်လျက် အတိုင်းမသိ ဆင်းရဲဒဏ်ကိုခံရသည်၊ သံသရာ ဝဋ်ဆင်းရဲမှမလွတ်ဘဲ တဝဲလည်လည် ကျင်လည်ရချက်သည် ထိုထိုဘဝကိုတောင့်တလိုချင်သော လောဘတဏှာ၏ စနက်သာတည်း။

တောင့်တလိုချင်မှုဟူသော တဏှာလောဘလည်း တရားသဖြင့် မချုပ်တည်းနိုင်သမျှ သူ့အလိုအလျောက်သာဖြင့် မည်သည့်အခါမျှ နောက်ဆုတ်လိမ့်မည်မဟုတ်၊ **"သံပရာသီး ကြီးလေ ချဉ်လေ"** ဖြစ်သကဲ့သို့လည်းကောင်း, **"ငယ်စဉ်က ပေါက်သော နွားဦးချိုသည် ကြီးလေ ရှည်လေ"** ဖြစ်သကဲ့သို့လည်းကောင်း, **"မီးသည် လောင်စာများလေ မီးတောက်ကြီးလေ"** ဖြစ်သကဲ့သို့လည်းကောင်း ဤတဏှာလောဘ၏ သဘောသည်လည်း **"ရလေ လိုလေ, ရဖန်များလေ လောဘတိုးလာလေပင်"** ဖြစ်တော့သည်၊ တဏှာလောဘ ကြီးလာသလောက်လည်း ဒုက္ခကြီးကြီး ရောက်ကြမည်သာ။

**လောဘမသတ်နိုင်သော မန္ဒာတုစကြာမင်း ဝတ္ထု။** ။ ဤကမ္ဘာ၏ အစပိုင်းလောက်က ဘုရားအလောင်းတော်သည် လေးကျွန်းလုံးကို အစိုးရသော မန္ဒာတုစကြာမင်းဖြစ်၏၊ တစ်နေ့သ၌ ဇကြာ

ရတနာဖြင့် ပရိသတ်ခြံရံလျက် ကောင်းကင်ခရီးဦ့ လေးကျွန်းလုံးလှည့်လည်စဉ် စတုမဟာရာဇ်နတ်ပြည်၏ ကြီးကျယ်ခမ်းနားကြောင်းကို ကြားရ၍ အခွေ့အရံ ပရိသတ်များနှင့်တကွ စတုမဟာရာဇ်နတ်ပြည်သို့ ချီတက်လေသော် စတုမဟာရာဇ် နတ်မင်းကြီး ၄-ပါးက ခရီးဦးကြိုလျက် နတ်ပြည်ကို ဆက်သ၏။ ထိုအခါ နတ်စည်းစိမ်ကို ခံစားရသော်လည်း တာဝတိ်သာနတ်ပြည်သည် ဤနတ်ပြည်ထက်ပင် အဆတစ်ရာ သာလွန်ကြီးကျယ်ကြောင်း ကြားရပြန်၍ တာဝတိ်သာသို့ ချီပြန်လေသော် စကြာရတနာနှင့် ပရိသတ်တို့ မလိုက်နိုင်ကြပဲ လမ်းခုလပ်မှ လှူ့ပြည်သို့ ပြန်ကြရလေသည်၊ ထိုအခါ တစ်ကိုယ်တည်း ကြွလာသော မန္ဓာတုစကြာမင်းအား သိကြားကိုယ်တိုင် နတ်ပြည်ကို တစ်ဝက်ခွဲ၍ လှဲအပ် ခံစားစေလေသည်။

ထိုအခါ လူတို့၏ အသက်တမ်းမှာလည်း အလွန်ရှည်ကြာသော အသင်္ချေတန်းအခါဖြစ်၍ ပကတိ သိကြားပေါင်း ၃၆-ယောက် ပြောင်းလဲသည့်တိုင်အောင် ထိုမန္ဓာတုမင်းသည် စုတေတော်မမူသေးပဲ ခံစားမြဲ ခံစားနေပါလျက် နတ်ပြည်တစ်ဝက်မျှ အုပ်စိုးရရုံဖြင့် တင်းတိမ်တော် မမူသောကြောင့် ရောက်ခါစ သိကြားသစ်ကို သတ်ဖြတ်လိုသော အကြံဆိုး ပေါ်ပေါက်လာသဖြင့် ထိုနတ်ပြည်မှ ကွယ်ပျောက်၍ လှူ့ပြည်သို့ အရောက်တွင် စုတေပွဲ ဝင်ရဖူးလေသည်[၄၁]။

ဤဝတ္ထုဦ့ သိကြားပေါင်း ၃-ကျိပ် ၆-ယောက် ပြောင်းလဲအောင် နတ်စည်းစိမ်ကို စံရပါလျက် အားမရနိုင်သော လောဘ၏ ကြီးကျယ်ပုံကို မှန်းဆသင့်တော့်သည်၊ ထို့ကြောင့် တဏှာလောဘမည်သည် တရားဖြင့်မချုပ်တည်းနိုင်သမျှ သူ့အလိုအလျောက် မည်သည့်အခါမှ နောက်ဆုတ်လိမ့်မည် မဟုတ်၊ တဏှာလောဘ နောက်မဆုတ်သမျှလည်း ပြခဲ့သော ဒုက္ခအပေါင်းမှ လွတ်နိုင်ကြဦးမည် မဟုတ်၊ ထို့ကြောင့် နှစ်သက်ခင်မင် လိုချင်တောင့်တမှု-ဟူသော တဏှာလောဘသည် အားလုံးသော ဒုက္ခအပေါင်းတို့၏ အကြောင်းရင်းခံ စင်စစ်မှန်သော သမုဒယသစ္စာပေတည်း။

(၃) **နိရောဓသစ္စာ**။ ။ (**နိရောဓ**-ဒုက္ခ၏ ချုပ်ဆုံးရာ+ **သစ္စာ**-အမှန်) ထိုဒုက္ခအားလုံး၏ ချုပ်ဆုံးရာ အမှန်ကား နိဗ္ဗာန်တည်း၊ ထိုနိဗ္ဗာန်၏ ဒုက္ခမရှိပုံ, မည်ကဲ့သို့ ချမ်းသာပုံကိုမူ နိဗ္ဗာန်ကို မြင်နိုင်သော ဉာဏ်ရမှသာ ကျန်စွာသိနိုင်ရာ၏၊ သောတာပန်အဖြစ် ရောက်လျှင်ပင် နိဗ္ဗာန်၏ အရသာကို သိမြင်နိုင်ပေပြီ၊ သောတာပန်များသည် နိဗ္ဗာန်၏အရသာကို ကျန်စွာသိမြင်ပြီးဖြစ်၍

---

[၄၁] ဒီ၊ ဌ၊ ၂၊ မဟာနိဒါနသုတ် နိဒါန်းအဖွင့်၊ ၇၂-၇၃။ မ၊ ဌ၊ ၁၊ သတိပဋ္ဌာနသုတ်အဖွင့်၊ ၂၃၀-၂၃၁။ ဓမ္မပဒ၊ ဌ၊ ၂၊ အနဘိရတာဘိက္ခုဝတ္ထု။ ၁၅၅။ ဇာတကဋ္ဌကထာ၊ တိကနိပါတ်၊ သက်ပွဝဂ်၊ မန္ဓာတုဇာတ် (ဇာတက၊ ဌ၊ ၃၊ ၂၈၂-၂၈၃။)

ရဟန္တာအဖြစ်သို့ ရောက်အောင်သာ တိုးတက်အားထုတ်ကြတော့သည်၊ ပုထုဇဉ်အဖြစ်သို့ ဆုတ်နစ်ခဲ့သူမရှိ၊ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံခါနီးမှာလည်း ဒုက္ခရုပ်နာမ်ကို စွန့်ရတော့မည်ဖြစ်၍ ကြည်လင်ရွှင်ပျတော်မူကြသည်။

နိဗ္ဗာန်သည် ယခု ပုထုဇဉ်တို့ အတွေးမျိုးဖြင့် တွေးကာ ပျင်းစရာ ဖြစ်နေလျှင် နိဗ္ဗာန်ဝင်ခါနီး၌ မည်သူမျှ ပျင်းရိနိုင်မည် မဟုတ်ပါ၊ မိမိတို့သွားမည့် နိဗ္ဗာန်၏ ချမ်းသာပုံကို ထိုပုဂ္ဂိုလ်မြတ်တို့၏ အာရုံ၌ ရှင်းရှင်းလင်းလင်း သိပြီးဖြစ်၍သာ ရွှင်ပျတော်မူနိုင်ကြပေသည်၊ **မိထွေးတော် ဂေါတမီ** ပရိနိဗ္ဗာန်စံခါနီး၌ နတ်ရောလူပါ လွမ်းဆွတ်တသ ငိုပွဲကြီး ကျင်းပကြသော်လည်း မိထွေးတော်ကား အနည်းငယ်မျှ ဝမ်းနည်းခြင်းမရှိ၊ **"သားတော် သမီးတော်များ...ဤအခါမျိုးကား ငိုရမည့်အခါမဟုတ်၊ ဝမ်းမြောက်ရမည့်အခါ ဖြစ်သည်"** ဟု တရားချလျက် တန်ခိုးပင်ပြခဲ့ပေသေးသည်။

အမျိုးဇာတ် ဂုဏ်သိရှိ စည်းစိမ်အားဖြင့် အထက်တန်းကျ၍ ပါရမီကြီးမားလှသော ရှင်တော်ဘုရားနှင့် သူတော်ကောင်းကြီးများ၏ သွားလာရာလမ်းကောင်းကို ငါတို့တတွေ အဘယ်မှာ မလိုက်လိုဘဲ ရှိသင့်အံ့နည်း? တပျော်တပါး မနားမနေ ပါရမီတွေကို ဖြည့်ကာ ဖြည့်ကာ ကောင်းစွာစိုက်စိုက်လိုက်ကြဖို့ရာ ယခု နှယ်က ပြင်ဆင်ထားကြပါကုန်။

(၄) **မဂ္ဂသစ္စာ။** ။ (**မဂ္ဂ**–နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း+ **သစ္စာ**–အမှန်) နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန်ကား မဂ္ဂင် ရှစ်ပါးတည်း။

**မဂ္ဂင် ရှစ်ပါး**

| | | |
|---|---|---|
| **သမ္မာဒိဋ္ဌိ** | – | ကောင်းသော အလိမ္မာ ဉာဏ်ပညာ၊ |
| **သမ္မာသင်္ကပ္ပ** | – | ကောင်းသော အကြံအစည်၊ |
| **သမ္မာဝါစာ** | – | ကောင်းသော စကားကို ဆိုခြင်း၊ |
| **သမ္မာကမ္မန္တ** | – | ကောင်းသော အမှုကို ပြုခြင်း၊ |
| **သမ္မာအာဇီဝ** | – | ကောင်းသော အသက်မွေးခြင်း၊ |
| **သမ္မာဝါယာမ** | – | ကောင်းသော အားထုတ်ခြင်း၊ |
| **သမ္မာသတိ** | – | ကောင်းသော အမှတ်ရခြင်း၊ |
| **သမ္မာသမာဓိ** | – | ကောင်းသော တည်ကြည်ခြင်း။ |

[အပြစ်ကင်း၍ ကုသိုလ်ကြိယာနှင့် ဆိုင်သမျှကို **"အကောင်း"**ဟု ဆိုလိုသည်။]

**[ဆောင်] အလိမ္မာဉာဏ်, ကောင်းအောင်ကြံ၍, အမှန်ပြောပြ, ပြုသမျှကောင်း, သက်မွေးကောင်းပင်, ကောင်းကောင်းအားစိုက်, စိတ်၌စွဲမှတ်, ကောင်းမြတ်တည်ကြည်, ကောင်းရွှစ်လီသည်, ရွှေပြည်နိဗ္ဗာန် ရောက်ကြောင်းတည်း။**

ဘုရားရှင်၏သန္တာန်တော်၌ "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဉဒပါဒိ, ဉာဏံ ဉဒပါဒိ, ပညာ ဉဒပါဒိ, ဝိဇ္ဇာ ဉဒပါဒိ, အာလောကော ဉဒပါဒိ" ဟူသော ဓမ္မစက္ခုတရားတော်နှင့်အညီ ဘုရားမဖြစ်မီ ရှေးအခါက ကြားမျှ မကြားအပ်ဖူးသော ဤသစ္စာလေးပါး တရားတို့၌ သိမြင်နိုင်သော ပညာ, ဝိဇ္ဇာ အရောင်အလင်းဟူသော ဉာဏ်စက္ခုသည် ဘုရားဖြစ်တော်မူခါနီးဝယ် ထင်ရှားစွာ ပေါ်လာ၏၊ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူပြီးနောက် ဘုံသုံးပါး၌ ရှိကြသော ဝေနေယျသတ္တဝါတို့ကိုလည်း ကိုယ်တော်ကဲ့သို့ သိကြဖို့ရာ ဟောပြတော်မူပေသည်။

[ယခုကာလ ဉာဏ်ထက်မြက်သူတို့သည် ရှေးက မသိဖူးသော အရာကို စူးစူးစိုက်စိုက် ကြံသောအခါ ထိုအရာကို သိနိုင်သော ဉာဏ်များ ထင်ရှားပေါ်လာတတ်ပုံကို သတိထား၍ ဘုရားရှင်၏ သန္တာန်တော်၌လည်း ရှေးက မရှိသော ဝိဇ္ဇာဉာဏ် ပေါ်လာပုံကို ယုံကြည်ပါကုန်။]

**ဆရာတော်မိန့်မြွက် တိုက်တွန်းချက်။** ။ ဒုက္ခများစွာ သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်ရောက်ဖို့ရာ တဏှာလောဘကို တစ်စတစ်စ ပယ်ရှားလျက် မဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းကောင်းကြီးကိုသာ လိုက်သွားမိအောင် သတိတရားကောင်းစွာထား၍ ကြိုးစားသင့်ကြသည်၊ ထိုသို့ ကြိုးစားရာ၌ တကယ်တမ်း တောထွက်၍ အားတက်သရော မလိုက်နာသေးလျှင် အိမ်သုံးမဂ္ဂင်များကို ကြိုးစားပါ။

## အိမ်သုံးမဂ္ဂင်ရှစ်ပါး

**သမ္မာဒိဋ္ဌိ။** ။ ဘယ်ကိစ္စ၌မဆို ပြုသမျှ ကောင်းမှု မကောင်းမှု ကံတွေသည် ငါ၏ သန္တာန်၌ အဖတ်တင်ရစ်သည်၊ နောင်အခါအခွင့် သင့်သလို ကောင်းကျိုး မကောင်းကျိုးကို တွေ့ကြုံရမည်ဟု ကံနှင့် ကံ၏အကျိုးကို နားလည်သောဉာဏ်ဖြစ်ပါစေ၊ တစ်ခါတစ်ရံ၌ကား ရုပ်နာမ်နှစ်ရပ် ပေါင်းစပ်၍ လူဟု ခေါ်ဆိုအပ်သော ခန္ဓာကိုယ်၏ ဒုက္ခများစွာနှင့် မကင်းပုံကို ဆင်ခြင်၍ ခန္ဓာကိုယ်၌ အပြစ်မြင်အောင် ဝိပဿနာဉာဏ် ဖြစ်ပါစေ။

**သမ္မာသင်္ကပ္ပ။** ။ မိမိအတွက်ဖြစ်စေ, သူများအတွက်ဖြစ်စေ စိတ်သဘောကြိုးကြိုးထားလျက် အပြစ်မရှိပဲ အကျိုးများမည့် အကြံကိုသာကြံပါ၊ သူတစ်ပါးကို ပျက်စီးသွားမည့်အကြံ, ဆင်းရဲသွားမည့် အကြံများကို မကြံမိပါစေနှင့်၊ မေတ္တာ ကရုဏာထား၍ သနားပါ၊ စောင့်ရှောက်ပါ၊ တစ်ရံတစ်ရံ၌ကား "လူ့လုပ်ငန်း ကိစ္စစုကို ဖြတ်၍ သင့်တော်ရာအရပ်၌ (ဥပသံရက်ရှည်စောင့်ကာ) ဆိတ်ဆိတ်ငြိမ်ငြိမ် တရားကျင့်မည်" ဟု ကြံပါ။

**သမ္မာဝါစာ။** ။ မိမိမှာဖြစ်စေ, သူ့မှာဖြစ်စေ အကျိုးများမည့်စကားကိုသာ ပြောပါ၊ မုသားစကား, ကြမ်းတမ်းသောစကား, အပျက်အချော် အပြောင်အလှောင်စကားနှင့် ရန်တိုက်စကားတို့ကို မပြောမိပါစေနှင့်၊ အိပ်ရာဝင် အိပ်ရာထအခါတို့၌ မိမိကျက်မှတ်ထားသော ဘုရားန္တတ်တော်ထွက် တရားစာများကို ရွတ်နိုင်လျှင် သာ၍ကောင်းပါသည်။

**သမ္မာကမ္မန္တ။** ။ မိမိမှာဖြစ်စေ, သူများမှာဖြစ်စေ အကျိုးရှိသော အလုပ်များကိုသာ ဤခန္ဓာကိုယ်ဖြင့် ပြုလုပ်မိပါစေ၊ သတ်မှု, ခိုးမှုစသော ကိုယ်နှင့်စပ်ဆိုင်ရာ မကောင်းမှုများကို မပြုမိပါစေနှင့်၊ အိပ်ရာဝင် အိပ်ရာထ၌ ဘုရားကိစ္စ (ရေလဲ, ပန်းကပ်) စသည်ကို နေ့စဉ် ပြုမိပါစေ။

**သမ္မာအာဇီဝ။** ။ မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းရှာဖွေရာ၌ အပြစ်ကင်းပါစေ၊ သူတစ်ပါး မျက်ရည်ကျမှု မိမိဝမ်းဝမည့်အလုပ်ကို တစ်သက်လုံး ရှောင်ကြဉ်ပါ၊ စွမ်းနိုင်လျှင် ရောင်းရေး, ဝယ်ရေး၌ ဆင်းရဲသူများကို ညှာနိုင်သမျှ ညှာပါ။

**သမ္မာဝါယာမ။** ။ စိုးပွါးရှာရာ၌ ဖြစ်စေ, ကုသိုလ်ကိစ္စ၌ ဖြစ်စေ, ဝီရိယ အမြဲရှိပါစေ, လောကီစိုးပွါးရေးဖြစ်စေ, သံသရာကြီးပွါးရေး ဖြစ်စေ, မဂ်ဖိုလ် နိဗ္ဗာန်ရဖို့ အရေးဖြစ်စေ "အေးအေးစက်စက်နှင့် ကံစိမ်သလို ဖြစ်လိမ့်မည်"ဟု ကံတစ်ခုကို အားကိုးလို့ ရနိုင်ရိုးမရှိပါ၊ ရေလာမြောင်းပေး ဆိုသလို ဝီရိယဖြင့် ကူညီပေးမှ ရွေးကံတွေ အခွင့်သာ၍ သင့်ရာအကျိုးကို ပေးပါသည်။

**သမ္မာသတိ။** ။ နေ့စဉ် ပြုစုနေကျဖြစ်သော ကုသိုလ်ကိစ္စကို မမေ့ပါနှင့်၊ အမြဲသတိရပါစေ၊ သေခါနီး တိုင်အောင် ကုသိုလ်သတိရနေလျှင် ဂတိကောင်းကို မုချရပါတော့ပည်။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

**သမ္မာသမာဓိ။** ။ စိတ်နေစိတ်ထား တည်ကြည်ပါစေ, နှုတ်အပြောလည်း စဉ်းစဉ်းစားစား သတိထား လျက် တည်ကြည်စွာပြောပါ။ မျက်နှာ အနေအထားနှင့် ကိုယ်အသွားအလာ အနေအထိုင် ငြိမ်သက် တည်ကြည်နေလျှင် မြင်သူ လူအများက ခန့်ညားကြည်ညိုလျက် (မျက်နှာအနေ မတင်းသည့်အတွက် လည်း) တစ်မျိုး ကျက်သရေတိုးကာ ချစ်ခင်စရာ ဖြစ်လာပါလိမ့်မည်။

ဤသို့လျှင် အိမ်မှာပင် နေထိုင်ရင်း ဖြစ်နိုင်သော မဟာကုသိုလ် အကြမ်းစား အိမ်သုံးမဂ္ဂင် ရှစ်ပါးမှ အဆင့်ဆင့်တက်၍ ဈာန် မဂ် ဖိုလ် မဂ္ဂင်များသို့ ရောက်အောင် သမ္မာသတိ ကြီးစွာထား လျက် သမ္မာဝါယာမဖြင့် ကြိုးကြိုးစားစား အားထုတ်နေကြသူတို့မှာ အိပ်ရာဝင် အိပ်ရာထ၌ ဘုရား အာရုံပြုရင်း, ဘုရားရှိခိုးရင်း, ရေတော် ပန်းတော် ဆီမီးတော်ကပ်ရင်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်၍ ထိုကမ္မဋ္ဌာန်းတွင် မဂ္ဂင်ရှစ်ပါး ပါဝင်နေပုံကို ပြပါဦးမည်။

## ဗုဒ္ဓါနုဿတိ မဂ္ဂင်ရှစ်ပါး

"အမျိုးသား အမျိုးသမီး လူကြီး သူမ တစ်ယောက်သည် ဘုရားကို ပန်း ရေချမ်းတို့ဖြင့် ရှင်လန်းကြည်ဖြူ ပူဇော်ကန်တော့နေသည်"ဟု ဆိုကြပါစို့၊ ထိုအချိန်မှာ ထိုသူတော်ကောင်း၏ စိတ်ဝယ် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း မဂ္ဂင်ရှစ်ပါးလုံး ပါဝင်နေပုံကား----

**သမ္မာဒိဋ္ဌိ။** ။ ဘုရားရှင်သည် ငါတို့လို သတ္တဝါတွေအပေါ်မှာ မေတ္တာ ကရုဏာ ကြီးမားတော် မူသောကြောင့် ၄၅-ဝါ ကာလကြာအောင် မနေမနား တရားတော်များကိုလည်း ဟောပြဆုံးမတော်မူ ခဲ့ပေ၏၊ ငါသည် ထိုတရားတော်များကို တစ်ဆင့်ကြားနေရသဖြင့် မကောင်းမှုများကို ရှောင်ရှား၍ ကောင်းမှုကုသိုလ်များကို ပြုတတ်ပေသည်၊ ရှင်တော်မြတ်ဘုရား၏ တရားတော်များကြောင့် ငါသည် အပါယ်လေးပါးမှလွတ်၍ ကောင်းရာဘဝနှင့် နိဗ္ဗာန်ကို အမှန်ရတော့မည်၊ ဘုရားရှင်သည် ငါ၏ ကျေးဇူးတော်ရှင်အစစ်ပေတည်း၊ ငါ့ကျေးဇူးရှင်ကို ရည်မှန်း၍ ငါသည် ပန်းရေချမ်းတို့ကို လှူဒါန်းပူဇော် နေပါတကား၊ ဤသို့ စိတ်ထဲ၌ အသိဉာဏ် ဖြစ်နေခြင်းသည် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်နေခြင်းပင်တည်း။

**သမ္မာသင်္ကပ္ပ စသည်။** ။ ပြခဲ့သည့်အတိုင်းပင် ဘုရားရှင်၏ ကျေးဇူးတော်များကို စဉ်းစား ကြံစည်၍ နေခြင်းသည် မိမိ၏စိတ်၌ သမ္မာသင်္ကပ္ပမဂ္ဂင် ဖြစ်နေ၏၊ ဘုရားဂုဏ်တော်များကို ရွတ်ဆိုရှိခိုးနေခြင်းသည် သမ္မာဝါစာမဂ္ဂင်ဖြစ်နေ၏၊ ပန်း, ရေချမ်း, အမွှေးတိုင်, ဆီမီးတို့ကို သန့်ရှင်း အောင် သားနားအောင် လှပအောင် ပြုလုပ်နေခြင်းသည် သမ္မာသင်္ကပ္ပမဂ္ဂင် ဖြစ်နေ၏၊ ဘုရားကိစ္စကို

ပြုလုပ်နေချိန်ဝယ် အသက်မွေးဝမ်းကျောင်းအတွက် မကောင်းသော စီးပွါးရှာမှုမရှိသောကြောင့် သမ္မာအာဇီဝမဂ္ဂင်လည်း ဖြစ်နေသည်ဟု ဆိုသင့်ပေ၏၊ ဘုရားကိစ္စကို ပြုလုပ်အားထုတ်နေခြင်းသည်ပင် သမ္မာဝါယာမမဂ္ဂင် ဖြစ်နေ၏၊ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို သတိရနေခြင်းသည် (ဇုန္ဒါနသတိကမ္မဋ္ဌာန်း ပွါးများနေခြင်းသည်) သမ္မာသတိမဂ္ဂင် ဖြစ်နေ၏၊ (တခြားကိစ္စကို အမှတ်မရတော့ပဲ) ဘုရားကိစ္စတစ်ခုဌာ စိတ်တည်နေခြင်းသည် သမ္မာသမာဓိမဂ္ဂင် ဖြစ်နေ၏။

ဤသို့လျှင် ဘုရားကို ရှိခိုးကန်တော့နေသောအခါ ပန်း ဆီမီးစသည်ဖြင့် ပူဇော်နေသောအခါ ဘုရားကိုအာရုံပြု၍ ဇုန္ဒါနသတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများလျက် (ပုတီးစိပ်)နေသောအခါတို့၌ ထို သူတော်ကောင်း၏ စိတ်တွင် မဂ္ဂင်ရှစ်ပါး ပါဝင်နေပါသည်၊ ထိုမဂ္ဂင်ရှစ်ပါးကား နိဗ္ဗာန်ကို (မျက်စိဖြင့် မြင်ရသလို) မျက်မှောက်ပြုနိုင်ကြောင်း လမ်းကောင်းအမှန်ပင်ဖြစ်၏၊ မှန်သောလမ်းကို မှန်မှန်သွားနေသူသည် ထိုလမ်းအဆုံးတွင် နိဗ္ဗာန်ကို မြင်ရတော့မည်သာ၊ ဤနေရာဝယ် ဘုရားအာရုံပြုသော မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်မြင်ရသော "ဖုဿဒေဝ"ရဟန်းတော်၏ ဝတ္ထုကို သတိပြုပါ။

## ဖုဿဒေဝဝတ္ထု

ရှေးတုံးက ရဟန်းတော်တစ်ပါးသည် စေတီရင်ပြင်ကို တံမြက်လှည်းပြီးလျှင် သန့်ရှင်းသော စေတီရင်ပြင်ကိုကြည့်ကာ သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုလျက် နှစ်သက်သော ပီတိ (စိတ်) ဖြစ်နေ၏၊ ထိုအခါ မာရ်နတ်သည် နှောင့်ယှက်လိုသောသဘောဖြင့် မျောက်ညိုကြီးဟန်ဆောင်၍ နွားချေးတွေကို စေတီရင်ပြင်တော်၌ ကြဲဖြန့်ပြေး၏၊ ထိုနောက်ယှက်မှုကြောင့် ထိုနေ့၌ တရားထူးရအောင် အာရုံမပြုနိုင်တော့ချေ၊ ဒုတိယနေ့၌လည်း နွားအိုယောင်ဆောင်၍ နှောင့်ယှက်ပြန်၏။

တတိယနေ့၌ကား အလွန်အရုပ်ဆိုးသော ယောကျ်ားယောင်ဆောင်၍ နှောင့်ယှက်စဉ် "ဒီလို လူမျိုး ဒီနယ်မှာ မမြင်ဖူးချေ၊ မာရ်နတ် ဖြစ်လေသလား?"ဟု စဉ်းစား၍ မေးလေရာ "မာရ်နတ်ဟုတ်ကြောင်း" ဝန်ခံလေသည်၊ "မာရ်နတ်ဖြစ်လျှင် ဘုရားရှင်၏ ပုံတော်ကို ဖန်ဆင်းပြစမ်းပါ"ဟု တောင်းပန်သောကြောင့် "တကယ်တူအောင်တော့ မဖန်ဆင်းနိုင်ပါ၊ အတုလောက်သာပြုပါမည်"ဟု ပြော၍ ဘုရားပုံတော်ကို ဖန်ဆင်းပြလေသည်။

ထိုအခါ "အတုဖြစ်သော ပုံတော်သည်ပင် ဤမျှလောက် သပ္ပါယ်တော်မူသေး၏၊ အတွင်းစိတ်တော်၌ ရာဂ ဒေါသ မောဟ စသော အညစ်အကြေးကင်း၍ သန့်ရှင်းသော ဘုရားအစစ်မှာ ဘယ်လောက် သပ္ပါယ်တော်မူမည်နည်း?"ဟု စိတ်ထဲ၌တွေးတောကာ လွန်စွာနှစ်သက် ကြည်လင်ဖွယ်သော

(ပိတိ) စိတ်ဖြစ်လေရာ ထိုပိတိစိတ်ကိုပင် စိတ်တစ်ခုပြီးတစ်ခု ပြောင်းလွဲ၍ ဖြစ်သောကြောင့် မမြဲသော အနိစ္စတရား, စိတ်တစ်ခု တစ်ခု ချုပ်ဆုံးခြင်းသည် (လူတစ်ယောက် သေဆုံးခြင်းကဲ့သို့) ဆင်းရဲသော ဒုက္ခတရား, တစ်ခုပြီးတစ်ခု ဖျက်နေသည့်အတွက် ခိုင်မြဲစရာ အနှစ်အသား (အသက်)မပါသော အနတ္တတရား–ဟု ဝိပဿနာကမ္မဋ္ဌာန်း ရှုလေသည်။

ထိုအခါ ပိတိစိတ်ကို အနိစ္စ ဒုက္ခ အနတ္တ–ဟု မြင်နေရသကဲ့သို့ တစ်ကိုယ်လုံးလည်း အနိစ္စ ဒုက္ခ အနတ္တ–ဟု ထင်နေရကား ထိုအချိန်မှာ အလွန်နက်နဲသော အသိအမြင်မှန် (သမ္မာဒိဋ္ဌိမဂ္ဂင်) ဖြစ်နေသောကြောင့် ထိုပိတိစိတ်၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံကို အထပ်ထပ် အမှတ်ရနေသော သမ္မာသတိမဂ္ဂင်နှင့် တည်ကြည်နေသော သမ္မာသမာဓိမဂ္ဂင်ကို လက်မလွှတ်ဘဲ သမ္မာဝါယာမမဂ္ဂင်ဖြင့် အစဉ်တစိုက် ကြိုးစားလေရာ တခဏချင်းဖြင့်ပင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်လေတော့သည်၊ ထို့ကြောင့် ယခုအခါ ဤရဟန်းတော်၏ ထုံးကို နှလုံးသွင်းကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်သို့ လှမ်းနိုင်အောင် ကြိုးပမ်းကြပါကုန်[၄၀၃]။

**ဗုဒ္ဓါနုဿတိနှင့်စပ်လျဉ်း တိုက်တွန်းချက်။** ။ ဘုရားကို အာရုံပြု၍ စီးဖြန်းရသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် တရားမပေါက်သေးသော်လည်း မိမိ၏စိတ်ကို အလွန်ထူးခြားသော ဘုရားအာရုံ၌ ချထားသောကြောင့် အမြဲ ရွှင်လန်းသော ပီတိသောမနဿစိတ်, အမြဲ ကြည်လင်သော သဒ္ဓါစိတ်များ ဖြစ်ပေါ်နေရကား ထိုသူ၏မျက်နှာသည် အလွန်ကြည်လင်၏၊ ဤသို့လျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် ကိုယ်ရော စိတ်ပါ ချမ်းသာစေနိုင်၏၊ ထိုသို့ ချမ်းသာလျှင် အလွန်ကောင်းသော ကျန်းမာရေးကိုလည်း ရနိုင်သောကြောင့် မကြာခဏ အားလပ်ချိန် ရသမျှဝယ် မိမိစိတ်ကို ဘုရားအာရုံ၌ ချထားကြပါလေ။

## ၁၀–ဘဂဝါဝုဏ်ဓတ်နှင့်စပ်လာ သိမှတ်စရာ

သော ဘဂဝါ–ထိုရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ကွတိပိ ကွမိနာ စ ကာရ ကောန–အဏ္ဏမြူသဖွယ်, ပျောက်ကွယ် သိမ်မွေ့, မမြင်တွေ့အောင်, ရုပ်ဆောင်ဖန်ဆင်းနိုင်သော **"အဏိမာ"ဘုန်းတော်,** စိတ်၏အလား, ကောင်းကင်ဖျား၌, ပေါ့ပါးလျင်မြန်, ဈာန်ပျံကြွသွားနိုင်သော **"လဃိမာ"ဘုန်းတော်,** ကိုယ်တော်သဏ္ဌာန်, ပုံဟန်တိုင်းငြား, မနှိုင်းအားဖို့, ကြီးမားလေအောင်, ရုပ်

---

[၄၀၃] ပရိဝါရအဋ္ဌကထာ၊ ဇကုတ္တရိကနယ, ပဏ္ဏကဝါရ (၀၊ ၎၊ ၄၊ ၁၇၄။)

ဆောင်ဖန်ဆင်းနိုင်သော **"မဟိမာ"ဘုန်းတော်,** ဆိးတားကွယ်ကာ, မရှိပါဘဲ, လိုရာတိုင်းပေါက်, တစ်ခဏလောက်ဖြင့်, ကြွရောက်နိုင်သော **"ပတ္တိ"ဘုန်းတော်,** အဆင်းအတန်တန်, ပုံသဏ္ဌာန်ကို, စိမံဖန်တီး, တစ်ခဏတည်းပြီးစီးနိုင်သော **"ပါကမ္မ"ဘုန်းတော်,** ကိုယ်တော်မြတ်၏, စိတ်ဓာတ်တော်မှ, စ၍မကြွင်း, လူနတ်မင်းကို, ပိုင်နင်းအုပ်စိုး, လွှမ်းမိုးနိုင်သော **"ဤသိတာ"ဘုန်းတော်,** သမာပတ်ဈာန်, အဘိဉာဏ်ကို, ဝင်စံလိုက, တစ်ခဏချင်းပိုင်, ဝင်စားနိုင်သော **"ဝသိတာ"ဘုန်းတော်,** ကိစ္စတစ်ခု,ပြုစုတုန်းပင်, ပြီးဆုံးချင်သော်, ဆောလျင်မသွေ, ပြီးဆုံးစေနိုင်သော **"ယတ္တကာမာဝသာယိတာ"ဘုန်းတော်**-ရှစ်ဖော်အပြား, ဤသို့အားဖြင့်, ထင်ရှားလေဘိ, (၁)**"ဣသရိယ"** ဘုန်းတော်, ကိလေသာရန်, ပယ်ဖျက်လှန်ဖို့, နိဗ္ဗာန်ဖိုလ်မဂ်, ကိုးချက်အပြား, လောကုတ္တရာတရားဟူသော (၂)**"ဓမ္မ"**ဘုန်းတော်, ဟုတ်တိုင်းမှန်စွာ, ဖြစ်ပေါ်လာ၍, ကမ္ဘာတိုက်ပေါင်း, သောင်းလောကဓာတ်, ပဲ့တင်ထပ်မျှ, နှံ့စပ်သတင်း, ကျော်စောခြင်းဟူသော (၃)**"ယသ"** ဘုန်းတော်, ရွှေမျက်နှာတော်, လက်ခြေတော်မှ, စ၍မကြွင်း, ပင်လုံးဝင်းသည်, ပန်းမင်းအနေ, ကျက်သရေ မင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာတင့်တယ်, သပ္ပါယ်တော်မူသော (၄)**"သိရီ"**ဘုန်းတော်, အလိုတော်အတိုင်း, တောင့်တတိုင်းပင်, မဆိုင်းမတွ, ပြီးစီးရသည့် (၅)**"ကာမ"**ဘုန်းတော်, တစ်လောကလုံး, ညွှတ်ရုံးကိုးစား, အားထားဖို့ရာ, လွန်စွာကြိုးကုတ်, အားထုတ်တော်မူသော (၆)**"ပယတ္တ"**ဘုန်းတော်-ဤခြောက်ဖော်ဂုဏ်, ဘုန်းတော်ဟုန်နှင့်, ပြည့်စုံတော်မူသော, ဤအကြောင်းကြောင့်လည်း၊ **ဘဂဝါ**-ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လှိုင်ကျော်ကြား, ထင်ရှားတော်မူပေသည်တကား။

**ဘဂဝါဂုဏ်တော်** သည် "[**ဘဂ**-ဘုန်းတော်များ+ **ဝါ**-ရှိသည်=]ဘုန်းကံကြီးမားတော်မူ၏၊ သူတပါးထက် သာလွန်တဲ့ ဘုန်းတော်များရှိသော ဘုရား"လို့ ဆိုလိုတယ်။

**ဘဂဝါ**-ဆိုတဲ့အမည်သည် ဘုရားရှင်ရဲ့ သိလစသောဂုဏ်တို့ဖြင့် ထူးကဲသော, သတ္တဝါအားလုံးတို့ထက် မြတ်သော, အလေးပြုအပ်သောပုဂ္ဂိုလ်ရဲ့ ရိုသေလေးစားတဲ့အနေဖြင့် ပြောဆိုအပ်တဲ့အမည်ဖြစ်၏။ ဒါ့ကြောင့် ရှေးဆရာများက **"ဘဂဝါ"**သဒ္ဒါသည် အထူးသဖြင့် ချီးမွမ်းအပ်သောအနက်, မြတ်သောအနက်, အရိုအသေ အလေးအမြတ်ပြုအပ်သည်၏အဖြစ်ဟူသော ဂုဏ်နှင့်ယှဉ်တဲ့အနက် ၃-မျိုးကို ဟော၏-လို့ ဆိုကြပါတယ်[၄၈၄]။

---

[၄၈၄] **ဘဂဝါ**တိ ဣဒံ ပနဿ ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ။ တေနာဟု ပေါရာဏာ---

"ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ပစနမုတ္တမံ။
ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ"တိ။ (ဝိ၊ ဋ္ဌ၊ ၁၊ ၉၄-၉၅။)

နာမည် ၄-မျိုး----

(၁) **အာဝတ္တိကနာမ်**=အခိုက်အတန့်အားဖြင့် ထင်ရှားသော နာမည်၊ ဥပမာ- အမိအနီးမှာ နေတတ်တဲ့နွားငယ် (ဝစ္ဆ), ဆုံးမထိုက်သော နွားသိုး (ဒမ္မ), ခွန်အားကောင်းသော နွားလား (ဗလိဗဒ္ဓ)၊

(၂) **လိဂ္ဂိကနာမ်**=အသွင်သဏ္ဌာန်အားဖြင့် ထင်ရှားသောနာမည်၊ ဥပမာ- ဒုတ်ရှိသူ (ဒဏ္ဍီ), ထီးရှိသူ (ဆတ္တီ), အမောက်ဦးစွန်းရှိသော ဥဒေါင်း (သိခီ), နှာမောင်းတည်းဟူသည့် လက်ရှိသော ဆင် (ကရီ)၊

(၃) **နေမိတ္တိကနာမ်**=အကြောင်းမှလာသော နာမည်၊ ဥပမာ-ဝိဇ္ဇာသုံးပါးရှိသူ (တေဝိဇ္ဇ), အဘိညာဉ် ခြောက်ပါးရှိသူ (ဆဋ္ဌာဘိည)၊

(၄) **အဓိစ္စသမုပ္ပန္ဓနာမ်**=တစ်စုံတစ်ခုသော အကြောင်းကို မစွဲမူ၍ဖြစ်သောနာမ်၊ ဥပမာ- သိရိဝစုကကျွန် (သိရိဝစုက), ဓနဝစုကကျွန် (ဓနဝစုက), [ဆင်းရဲသူကို **"မောင်သုခ, မောင်ချမ်းသာ"** နာမည်ပေးသလို]

ဒီ"ဘဂဝါ"အမည်သည် နေမိတ္တကနာမ်-အကြောင်းမှလာသောနာမည် အဓိပ္ပါယ်ရှိတဲ့အမည်ဖြစ်၏၊ မယ်တော်မဟာမာယာ, ခမည်းတော် သုဒ္ဓေါဒနမဟာရာဇာ-စသည်တို့က ပေးအပ်တဲ့နာမည်မဟုတ်ပါ၊ မဟာနိဒ္ဒေသအဋ္ဌကဝဂ္ဂ တုဝဋ္ဌကသုတ်, သာရိပုတ္တသုတ် (ခု၊ ၇၊ ၁၆၂-ပိဋ္ဌာဒီသု)မှာ အရှင်သာရိပုတ္တရာ မထေရ်က "ဘဂဝါ-အမည်တော်ဟာ မိခင်စတဲ့သူတွေက ပေးသောအမည် မဟုတ်ပါ၊ ဘုရားရှင်တို့ရဲ့ ဗောဓိပင်အောက်၌ သဗ္ဗညုတညာဏ်ကို ရသည်နှင့်တပြိုင်နက် အရဟတ္တမဂ်ညာဏ်၏အဆုံး အရဟတ္တဖိုလ်ခဏ၌ဖြစ်တဲ့ နာမည်ဖြစ်တယ်၊ ဒီနာမည်ပညတ်တော်ဟာ အလုံးစုံသောတရားတို့ကို မျက်မှောက်ပြုခြင်းလျှင် အရင်းခံရှိတဲ့ ဘုရားရှင်ကိုယ်တော်တိုင် မျက်မှောက်ပြုတော်မူအပ်သော နာမည် ပညတ်တော်ဖြစ်တယ်"လို့ မိန့်တော်မူပါတယ်။

နေမိတ္တိကနာမ်နှင့်ပတ်သက်၍ ဂုဏ်တို့ကို ပြရာတွင်----

**ဘဂဝါဂုဏ်ပုဒ် သဒ္ဒါရုပ် အထွေထွေ**

**"ဘဂီ ဘဇီ ဘာဂီ ဝိဘတ္တဝါ ဂ္ဂုတိ၊**
**အကာသိ ဘဂ္ဂန္တိ ဂရူတိ ဘဂျဝါ[၄၀၅]။**
**ဗဟူဟိ ညာယေဟိ သုဘာဝိတ္တနော၊**

---

[၄၀၅] ဘာဂျဝါ (သီ၊ သျာ)

**ဘဝန္တုဂေါ သော ဘဂဝါတိ ဝုစ္စတိ”တိ။**

**ဘဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။**

**ဘတ္တဝါ ဝန္တဂမနော၊ ဘဓေသု ဘဂဝါ တတောတိ[၄၀၆]။**

(ယော ဘဂဝါ–အကြင်မြတ်စွာဘုရားသည်၊) **ဘဂီ**–ကုသိုလ်စသည်အပြား, ဘုန်းခြောက်ပါးရှိတော်မူ၏။ **ယုတ္တော**–ထို့ကြောင့်လည်းကောင်း။ **ဘဇီ**–မဂ်ဖိုလ်အစရှိသော ဓမ္မရတနာအပေါင်းနှင့် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲလေ့ရှိတော်မူ၏၊ ကုတိ–ကြောင့်လည်းကောင်း၊ **ဘာဂီ**–ပစ္စည်းလေးဝ, မြတ်ရသနှင့်, သီလစသား, တရားအဖို့ရှိတော်မူ၏၊ ကုတိ–ကြောင့်လည်းကောင်း၊ **ဝိဘတ္တဝါ**–မဂ်ဖိုလ်စသား, တရားရတနာတို့ကို အထူးအားဖြင့် ခွဲခြားဝေဖန်တော်မူပြီ၊ ကုတိ–ကြောင့်လည်းကောင်း၊ **ဘဂ္ဂံ**–ရာဂအစရှိသည်ကို ချိုးဖျက်အပ်သည်ကို၊ **အကာသိ**–ပြုတော်မူပြီ၊ **ကုတိ**–ကြောင့်လည်းကောင်း၊ **ဂရု**–သီလစသား, ဂုဏ်တော်များကြောင့်, ထူးခြားမြင့်မြတ်, အလေးပြုအပ်တော်မူ၏၊ **ကုတိ**–ကြောင့်လည်းကောင်း၊ **ဘဇျဝါ (ဘာဇျဝါ)**–လောကီ လောကုတ္တရာ, ချမ်းသာပြီးရန်, အထွတ်အထိပ်သို့ရောက်သော ဘုန်းကံပါရမီရှိတော်မူ၏၊ **ကုတိ**–ကြောင့်လည်းကောင်း၊ **ဗဟူဟိ**–များစွာကုန်သော၊ **ဉာယေဟိ**–ဘာဝနာအစဉ်ဟူသောနည်းလမ်းတို့ဖြင့်၊ **သုဘာဝိတတ္တာနော**–ကောင်းစွာပွါးစေအပ်သော သဘောရှိတော်မူ၏၊ **ကုတိ**–ကြောင့်လည်းကောင်း၊ **ဘဝန္တုဂေါ**–ဘဝသုံးတန်, ဆုံးရာမှန်သည့်, နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တော်မူ၏၊ **ကုတိ**–ကြောင့်လည်းကောင်း၊ **ဧသာဘဂဝါ**–ထိုမြတ်စွာဘုရားကို၊ **ဘဂဝါတိ**–ဘဂဝါဟူ၍၊ **ဝုစ္စတိ**–ဆိုအပ်၏။

(ယော ဘဂဝါ–သည်၊ ယတော–အကြင့်ကြောင့်၊) **ဘဂျဝါ**–ဘုန်းကံပါရမီရှိတော်မူ၏၊ **တထော**–ထို့ကြောင့်လည်းကောင်း၊ **ဘဂ္ဂဝါ**–ချိုးဖျက်အပ်ပြီးသော ကိလေသာရှိတော်မူ၏၊ တတော–လည်းကောင်း၊ **ဘဇေဟိ**–ကုသိုလ်စသား, ဘုန်းခြောက်ပါးတို့နှင့်၊ **ယုတ္တော**–ယှဉ်တော်မူ၏၊ တတော–လည်းကောင်း၊ **ဝိဘတ္တဝါ**–ကုသိုလ်စသား, များအပြားဖြင့်, တရားတို့ကို ဝေဖန်တော်မူပြီ၊ တတော–လည်းကောင်း၊ **ဘတ္တဝါ**–ဥတ္တရိမနုဿဓမ္မတို့ကို မှီဝဲတော်မူပြီ၊ တတော–လည်းကောင်း၊ **ဘဓေသု**–ဘဝတို့၌၊ **ဝန္တဂမနော**–ထွေးအန်အပ်ပြီးသော သွားကြောင်းဟူသောရှိတော်မူ၏၊ တတော–လည်းကောင်း၊ **ဧသော ဘဂဝါ**–ထိုမြတ်စွာဘုရားကို၊ **ဘဂဝါတိ**–ဟူ၍၊ **ဝုစ္စတိ**–ဆိုအပ်၏။

**ဘဂီ→ဘဂဝါ**–ကုသိုလ်စသည်ပြားသော ဘုန်းခြောက်ပါးရှိတော်မူသောကြောင့်

**“ဘဂဝါ”**မည်တော် မူတယ်။ [ကုသိုလ်ဓာဒိဘေဒေါ ဘဂေါ အသ အတ္ထိတိ ဘဂီ]။

---

[၄၀၆] ခ၊ ဂ၊ ၁၆၂–ပိဋ္ဌာဒီသု။ ဝိ၊ ဋ္ဌ၊ ၁၊ ၉၅။

**ဘဇီ→ဘဂဝါ**–မဂ်ဖိုလ်အစရှိသော ဓမ္မရတနာအပေါင်းနှင့် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲလေ့ရှိတော်မူသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။ [မဂ္ဂဖလာဒိဓမ္မရတနံ အရညာဒိဝိဝေကဋ္ဌာနံ စ ဘဇီ သေဝိ သီလေနာတိ ဘဇီ (တသီလတ္ထ ဏီပစ္စည်းဖြစ်၍ "ဘာဇီ" ဟု ရှိသင့်သော်လည်း ဆန်းကြောင့် ရဿ၊ တနည်း– ဝုဒ္ဓိအပြု မမြဲ]။

**ဘာဂီ→ဘဂဝါ**–ပစ္စည်းလေးပါး, အတ္ထရသနှင့် သီလစသော တရားအဖို့ရှိတော်မူသောကြောင့် **"ဘဂဝါ"** မည်တော်မူတယ်။ [စီဝရာဒီပစ္စယာနံ အတ္ထရသာဒီနံ စ သီလာဒိဂုဏာနံ စ ဘာဂီ]။

**ဝိဘတ္တဝါ→ဘဂဝါ**–မဂ်ဖိုလ်စသော တရားရတနာတို့ကို အထူးအားဖြင့် ခွဲခြားဝေဖန်တော်မူပြီးသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။ [ဝိဘဇီ ဥဒ္ဒေသနိဒ္ဒေသာဒိပဂကာရောဟိ ဓမ္မရတနန္တိ ဝိဘတ္တဝါ]။

**ဘဂ္ဂံ အကာသီ→ဘဂဝါ**–ရာဂအစရှိသည်ကို ချိုးဖျက်အပ်သည်ကို ပြုတော်မူပြီးသောကြောင့် **"ဘဂဝါ"** မည်တော်မူတယ်။ [ရာဂါဒိပါပဓမ္မံ ဘဂ္ဂံ အကာသီတိ ဘဂဝါ]။

**ဂရု→ဘဂဝါ**–သီလစသောဂုဏ်တော်များကြောင့် ထူးခြားမြင့်မြတ် အလေးပြုအပ်သောကြောင့် **"ဘဂဝါ"** မည်တော်မူတယ်။ [ယသ္မာ ဂရု၊ တသ္မာပိ ဘဂဝါတိ အတ္ထော]။

**ဘဂ္ဂဝါ→ဘဂဝါ**–လောကီ လောကုတ္တရာချမ်းသာပြီးရန် အထွတ်အထိပ်ရောက်သော ဘုန်းကံပါရမီရှိတော်မူသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။ [ပါရမိတာသဒ္ဒါတံ ဘာဂျံ အဿ အတ္ထီတိ ဘာဂ္ဂဝါ]။

**သုဘာဝိတတ္တာ→ဘဂဝါ**–(များစွာသော ဘာဝနာနည်းလမ်းတို့ဖြင့်) ကောင်းစွာ ပွါးစေအပ်သော သဘော ရှိတော်မူသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။ [**ဗဟူဟိ ဉာယေဟိ**တိ ကာယဘာဝနာဒိ–ကေဟိ အနေကေဟိ ဘာဝနာက္ကမေဟိ၊ **သုဘာဝိတတ္တနော**တိ ပစ္စတ္တေတံ သာမိဝစနံ၊ တေန သုဘာဝိတသဘာဝေါတိ အတ္ထော]။

**ဘဝန္တိရေါ→ဘဂဝါ**–ဘဝသုံးပါး၏အဆုံး နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တော်မူသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။ [ဘဝါနံ အန္တံ နိဗ္ဗာနံ ဂတောတိ **ဘဝန္တိရေါ** ]။

**ဘာဂျဝါ→ဘဂဝါ**–ဘုန်းကံပါရမီရှိတော်မူသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။

**ဘဂ္ဂဝါ→ဘဂဝါ**–ချိုးဖျက်အပ်ပြီးသော ကိလေသာရှိတော်မူသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။

**ဘရေဟိ ယုတ္တော→ဘဂဝါ**–ကုသရိယစသော ဘုန်းခြောက်ပါးတို့နှင့် ယှဉ်တော်မူသောကြောင့် **"ဘဂဝါ"**မည်တော်မူတယ်။

**ဒိဘက္ထဝါ→ဘဂဝါ**–ကုသိုလ်စသောအားဖြင့် တရားတို့ကို ဝေဘန်တော်မူပြီးသောကြောင့် **"ဘဂဝါ"** မည်တော်မူတယ်။

**ဘတ္တဝါ→ဘဂဝါ**–ဥတ္တရိမနုဿဓမ္မတို့ကို မှီဝဲတော်မူပြီးသောကြောင့် **"ဘဂဝါ"** မည်တော်မူတယ်။

**ဘဓေသု ဝန္တဂမနော→ဘဂဝါ**–ဘဝတို့၌ ထွေးအန်အပ်ပြီးသော သွားကြောင်းတဏှာရှိတော်မူသောကြောင့် (သွားကြောင်းတဏှာကို ထွေးအန်တော်မူပြီးသောကြောင့်) **"ဘဂဝါ"** မည်တော်မူတယ်။

**<u>ဘုန်းတော်ခြောက်ပါး</u>**။ ။ ဒီဘဂဝါဂုဏ်တော်တွင် "ရွှေးကောင်းမှုကံများကြောင့်ဖြစ်တဲ့ အကျိုးဂုဏ်များကို **'ဘဂ–ဘုန်း'** လို့ ခေါ်ပါတယ်၊ ဘုရားရှင်မှာ လွန်ကဲထူးခြားစွာ ဖြည့်ဆည်းပူးတော်မူခဲ့တဲ့ ပါရမီအစု မြတ်ကောင်းမှုအစွမ်း ကြောင့် သူတကာထက် သာလွန်သော ဘုန်းတော်များ ရတော်မူခဲ့ပါတယ်၊ ထိုဘုန်းတော်များကို '**ဣသရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ**' လို့ ခြောက်ပါး ခွဲပြထားပါတယ်။

ထိုခြောက်ပါးတွင် '**ဣသရိယ**' ဘုန်းတော်ကား 'အစိုးရခြင်း' ပင်၊ ဘုရားရှင်ဟာ စက်ဆုပ်ဖွယ်အာရုံကို စက်ဆုပ်ဖွယ်မရှိတဲ့အနေဖြင့် ရှုနိုင်တယ်၊ စက်ဆုပ်ဖွယ်မရှိတဲ့အာရုံကို စက်ဆုပ်ဖွယ်အဖြစ်ရှုနိုင်တယ်၊ စက်ဆုပ်ဖွယ်, မစက်ဆုပ်ဖွယ် အာရုံမှန်သမျှကို ဥပေက္ခာပြု လျစ်လျူရှုနိုင်တယ်၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ အမျိုးမျိုးကို လိုသလိုရှုရန် မိမိစိတ်တော်ကို လွန်စွာ အစိုးရတော်မူတယ်၊ အဲဒီလို စိတ်တော်ကို အစိုးရခြင်းကိုလည်း **"ဣသရိယ"** ဘုန်းတော်–လို့ ဆိုရတယ်။

**<u>ဣသရိယဓော် ဘုန်းရှစ်ဖော်</u>** ။ ။ "အဏိမာ" စတဲ့ ဘုန်းတော်ရှစ်ပါးကိုလဲ **"ဣသရိယ"** ဘုန်းတော်လို့ပင် ဆိုရတယ်။

ထိုဘုန်းတော်များနှင့် ပတ်သက်၍ ပရိတ်ကြီးနိဿယသစ်(၄၇၄–၄၇၉)နှင့် ရတနာဂုဏ်ရည် (၆၈–၀၀)တို့မှာ---

၁။ **အဏိမာဘုန်းတော်**–အဏုမြူမှု သေးငယ်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်၊ ဘုရားရှင်သည် ဖန်ဆင်းတော်မူလိုရင် ကိုယ်တော်ကို အဏုမြူမှုန့်မှု အလွန်သေးငယ်အောင် ဖန်ဆင်းတော်မူကာ ပရိက္ခရာရှစ်ပါးကို လွယ်တော်မူလျက် မုန်ညင်းစေ့အတွင်း စကြိုကြွတော်မူ၏၊ အဲဒီအခါမှာ သေးငယ်သော မှုန်အတွင်း တိုက်ရိပ် အိမ်ရိပ် ထင်နေသလို ဘုရားရှင်ကို ဖူးမြင်ကြရ၏၊ အနီးအပါးမှာ ရှိနေသူတို့ မမြင်ရအောင်လည်း ကိုယ်တော်ကို ကွယ်ဖျောက်တော်မူနိုင်၏။

**ကိုယ်တော်ကွယ်ဖျောက်တော်မူသော ဝတ္ထု**[၈၇]။ ။ ဘုရားရှင်လက်ထက်က "ဗက"မည်သော ဖြဟ္မာမင်းကြီးသည် သူ့ကိုယ်သူ "အမြဲတည်၍တန်ခိုးအကြီးဆုံး"ဟု အထင်ကြီးရုံမက "ဤလောကကြီးနှင့် သတ္တဝါအပေါင်းကိုပင် သူဖန်ဆင်းထားသည်"ဟု အယူရှိနေ၏။ လက်အောက်ဖြဟ္မာငယ်များကလည်း ဤအတိုင်းပင် သူ့အပေါ်မှာ ထင်နေကြသည်၊ ထိုအကြောင်းကို ဘုရားရှင် သိတော်မူ၍ ဖြဟ္မာ့ပြည်သို့ ကြွတော်မူပြီးလျှင် ဖြဟ္မာပရိသတ်အလယ်တွင် ဗကဖြဟ္မာကြီးအား "ဤဘုံဤဘဝသည်မမြဲပါ၊ သင်သည် ရှေ့နောက် အလုံးစုံကို အကုန်မသိနိုင်"စတဲ့ ခပ်နှိပ်နှိပ်စကားကို မိန့်တော်မူသောအခါ ဖြဟ္မာကြီးရက်သဖြင့် ကြုံမိကြုံရာကြုံပြီးလျှင် "သင်ရဟန်းကြီးအား ကျွန်ုပ်တန်ခိုးသိရအောင် ကိုယ်ဖျောက်ပြမည်"ဟု ပြောဆို၍ ကိုယ်ကို ဖျောက်စမ်းသော်လည်း မဖျောက်နိုင်ရကား ဗိမာန်အတွင်း ဝင်လိုဝင်, ပဒေသာဝင်အောက် ပုန်းလိုပုန်း, တစ်ကိုယ်လုံး ပုပြီးလျှင် ငုတ်စုစုဆောင့်ကြောင့်ထိုင်သော်လည်း ဘယ်နည်းနှင့်မျှ ဖျောက်ကွယ်မသွားသဖြင့် အရှက်ကွဲရလေသည်။

ထို့နောက် ဘုရားရှင်က တစ်ဖန် "ကိုယ်တော် ဖျောက်ပြမည်"ဟု မိန့်တော်မူပြီးလျှင် ထိုနေရာတွင်ပင် ဖျောက်လိုက်ရာ တစ်ခါတည်း ပျောက်သွားလေသည်၊ "တခြားများ ကြွသွားရော့သလား?"ဟု ထင်မှတ်မည် စိုးသောကြောင့်.....

"ဘဝေ ဝါဟံ ဘယံ ဒိသွာ၊ ဘဝဋ္ဌ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိ ကိဉ္စိ၊ နန္ဒိ စ နဥပါဒိယိ"

ဟု ဂါထာကိုပင် ရွတ်ပြတော်မူ၍ တရားတော်၏အဆုံး၌ ဖြဟ္မာတစ်သောင်းမျှ မဂ်ဖိုလ်ရကြလေ၏၊ ဤသို့ အနည်းငယ်မျှ သေးငယ်အောင်လည်းကောင်း, လုံးလုံးပျောက်ကွယ်သွားအောင်လည်းကောင်း ဖန်ဆင်းနိုင်သော ဘုန်းတော်ကို "အဏိမာ"ဘုန်းတော်-ဟု ခေါ်သည်။

**အဟံ**-သင်လိုထပ်တူ, နတ်လူဖြဟ္မာ, သတ္တဝါတို့၏ ဆရာစင်စစ်, ဖြစ်တော်မူသော ငါဘုရားသည်၊ **ဘဝေ**-ဖြစ်လျှင် ပျက်မြဲ, မလွဲတံထွာ, သံသရာနှောင်အတွင်း, ထောင်အကျဉ်း၌၊ **ဘယံ**-အိုနာသေရေး, ဒုက္ခဘေးမှ, စ၍ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ **ဒိသွာဓေ**-ကောင်းစွာပိုင်နင်း, သိမြင်တော်မူခြင်းကြောင့်သာလျှင်၊ **ဘဝဋ္ဌ**-ကာမ ရူပ, အရူပဟု, လောကသုံးဘုံ, အလုံးစုံကိုလည်းကောင်း၊ **ဝိဘဝေသိနံ**-ဘဝကင်းရာ, ရှာကြံပါလည်း, သုံးဖြာဘဝ, ကျင်လည်ရသည့်, မျှားလှသောင်းသောင်း, သတ္တဝါအပေါင်းကိုလည်းကောင်း၊ **ဒိသွာ**-ဆုံးစ ကုန်စင်, သိမြင်တော်မူသည်ဖြစ်၍၊ **ကိဉ္စိ ဘဝံ**-လူ့ဘုံ နတ်ဘုံ, ဖြဟ္မာ့ဘုံဟု, သုံးဘုံဌာန, တစ်စုံတစ်ခုသောဘဝကို၊ **နာဘိဝဒိ**-စုံစုံမက်မက်, နှစ်သက်ခင်မင်,

---

[၈၇] မ၊ ဘ၊ ၄၀၃။ မ၊ ဋ၊ ၂၊ ၃၀၂။

လိုချင်တောင့်တတော် မမူ၊ **နန္ဒီ စ**–လူ့ဘုံ နတ်ဘုံ, ဗြဟ္မာ့ဘုံဝယ်, စုံစုံမက်မက်, နှစ်သက်တွယ်တာ, ဘဝတဏှာကိုလည်း၊ **နဥပါဒိယီ**–စွဲလမ်းလွတ်ကင်း, အမြစ်ရင်းက, အလျှင်းပြတ်စေ, ဖြတ်တောက်တော်မူခဲ့ပါပေသတည်း[၄၈၈]။

၂။ **လဃိမာဘုန်းတော်**–လေဟုန်ဖြင့် ပျံ့လွင့်တက်သော ဝါဂွမ်းလိုလည်းကောင်း, ၄က်များပျံသလိုလည်းကောင်း ပေါ့ပါးလျင်မြန်စွာ ကောင်းကင်၌ ခြေလျင်ကြွသွားနိုင်ခြင်းစသော တန်ခိုးတော်၊ စိတ်ရဲ့လျင်မြန်ခြင်းလို ကိုယ်တော်ကို ပေါ့ပါးလျင်မြန်အောင် ဖန်ဆင်းနိုင်သော ဘုန်းတော်ဖြစ်တယ်။ [ဈာန်ပျံ၍ ကြွတော်မူခြင်းမျိုးပင်။] ဒီအရာမှာ ပေါ့ပါးပုံကို သိစေလို၍သာ ၄က်များနှင့် ပုံပြုရသော်လည်း ဘုရားရှင်၏ပေါ့ပါးပုံ လျင်ပုံကား ဘယ်သူမျှ မတုနိုင်ပါ၊ အဘိညာဉ်စိတ်ကြောင့် ဖြစ်သော တန်ခိုးဖြစ်သည်နှင့်အမျှ စိတ်လျင်မြန်သလိုပင် ကိုယ်တော်လည်း ပေါ့ပါးလျင်မြန်လှပေ၏။

၃။ **ပတ္တိဘုန်းတော်**–လိုရာအရပ်သို့ ခဏချင်း ရောက်နိုင်သော တန်ခိုးတော်၊ ဘုရားရှင်သည် တခါတရံ မြောက်ကျွန်းသို့ ဆွမ်းခံကြွသည်လည်း ရှိ၏၊ နတ်ပြည် ဗြဟ္ဟာ့ပြည်သို့လည်း ကြွသည်လည်း ရှိ၏၊ တခြား စကြဝဋ္ဌာသို့ ကြွ၍ ထိုအရပ်က မင်းများပုံဟန်ဖြင့် တရားဟောသည်လည်း ရှိ၏၊ ဘယ်မျှဝေးသော အရပ်ဖြစ်စေ လျင်မြန်စွာ ခဏချင်းရောက်နိုင်သည်၊ ဆိုလိုသည်မှာ ကြွလိုရာအရပ်သို့ ဆီးတားကာကွယ်ခြင်းမရှိ၊ တစ်ခဏချင်း ကြွရောက်နိုင်သော ဘုန်းတော်ဖြစ်၏၊ ဘုရားရှင်သည် ချေချွတ်ထိုက်သော သတ္တဝါကို မြင်တော်မူလျှင် နတ်ပြည်, ဗြဟ္ဟာ့ပြည်၌ ဖြစ်စေကာမူ ထိုသူ၏အထံသို့ တစ်ခဏချင်းအရောက် ကြွတော်မူနိုင်၏–တဲ့။

၄။ **ပါကမ္မဘုန်းတော်**–ကိုယ်တော်မြတ် အလိုရှိရာ ပုံသဏ္ဌာန် အသွင်အမျိုးမျိုးကို လိုသလို ဖန်ဆင်းပြီးမြောက်နိုင်သောတန်ခိုးတော်၊ အဆင်းအမျိုးမျိုး, ပုံသဏ္ဌာန် အမျိုးမျိုးကို ဖန်ဆင်းတော်မူလိုပါလျှင် တစ်ခဏတည်းဖြင့် ပြီးစေနိုင်သော ဘုန်းတော်ဖြစ်၏၊ ဘုရားရှင်သည် တစ်ခါတစ်ရံ ပြောက်ကျွန်းသို့ ကြွတော်မူပြီးလျှင် ထိုကျွန်းသားတို့၏ ဘုရင်သဏ္ဌာန် ဖန်ဆင်းလျက် တရားဟောတော်မူသည်။

---

[၄၈၈] မူလပဏ္ဏာသ၊ စူဋ္ဌယမကဝဂ်၊ ဗြဟ္မနိမန္တနိကသုတ် (မ၊ ၁၊ ၄၀၅)။

၅။ **မဟိမာဘုန်းတော်**–ကိုယ်တော်ကို ကြီးမားလိုသလောက် ကြီးမားအောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်။

**ကြီးမားအောင် ဖန်ဆင်းတော်မူပုံ။** ။ "ရာဟု"ခေါ်သော အသုရိန်နတ်ကြီးသည် အလွန်ကြီးမား၏ အမြင့်အားဖြင့် ယူဇနာလေးသောင်း ရှစ်ထောင်ရှိသတဲ့။ ထိုမျှ ကြီးမားသော အသုရိန်ကြီးသည် ဘုရားရှင်၏ ဂုဏ်သတင်းတော်ကိုကြားရသဖြင့် သွား၍ ဖူးမြော်လိုသော်လည်း "လူသားဖြစ်သော ဘုရားကို ငါသွား၍ဖူးမြော်ရလျှင် ငုံ့၍ပင် ကြည့်ရှုရလိမ့်မည်"ဟု အထင်ရ၍ မဖူးမြင်ဘဲနေခဲ့ရာ ဂုဏ်တော်ကြီးမားလှသဖြင့် သင့်သလိုပင် ဖူးမြော်အံ့–ဟု ကြံပြီးလျှင် ဘုရားရှင်၏ အထံတော်သို့ ရောက်လာလေသည်။ ဘုရားရှင်က "မဟိမာ"ဘုန်းတော်ဖြင့် သူ့ထက်ကြီးမားအောင် ဖန်ဆင်းတော်မူလျက်လျောင်း၍ အဖူးမြော်ခံတော်မူရာ လွန်စွာမြင့်မားသော အသုရိန်ကြီးသည် တအားကုန်မော်၍ ဖူးမြော်သော်လည်း ဘုရားရှင်၏ အထက်ပိုင်းကို မမြင်နိုင်ရှာချေ၊ ဤသို့ ပင်ကိုအနေထက် ကြီးမားအောင် ဖန်ဆင်းနိုင်သောဘုန်းတော်ကို "မဟိမာ"ဘုန်းတော်–ဟု ခေါ်၏။

ဣစ္ဆန္တော သာသပဂဗ္ဘေ၊ စင်္ကမတိ ဣတောစိတော။
ဣစ္ဆန္တော လောကဓာတုမှိ၊ အတ္တဘာဝေန ဆာဒယေ။

**ဘဂဝါ**–ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ **ဣစ္ဆန္တော**–သေးငယ်လေဟန်, ပုံသဏ္ဌာန်သွင်း, ဖန်ဆင်းတော်မူလိုသည်ရှိသော်၊ **သာသပဂဗ္ဘေ**–သေးငယ်သိမ်မွေ့, မုန်ညင်းစေ့အတွင်း၌၊ **ဣတော စိတော**–တုံ့ပြန် ထိုဤ, လှည့်လည်တော်မူလျက်လည်း၊ **စင်္ကမတိ**–ပရိက္ခရာ ရှစ်တန်, ကိုယ်လုံးရံ၍, စကြီတွားတွား, ကြွသွားတော်မူနိုင်၏၊ **ဣစ္ဆန္တော**–ကြီးမားလေဟန်, ပုံသဏ္ဌာန်သွင်း, ဖန်ဆင်းတော်မူလိုသည်ရှိသော်၊ **လောကဓာတုမှိ**–စကြဝဋ္ဌာ, ကမ္ဘာအဆုံး, တစ်ခုလုံး၌၊ **အတ္တဘာဝေန**–ကြီးမားမြင့်မော်, ရွှေကိုယ်တော်ဖြင့်၊ **ဆာဒယေ**–အကုန်သိမ်းကျုံး, လွှမ်းဖုံးတော်မူနိုင်သတည်း။

၆။ **ဤသိတာဘုန်းတော်**–အစိုးရသော ဘုန်းတော်၊ မိမိ၏ စိတ်တော်ကိုလည်းကောင်း, များစွာသော သတ္တဝါတွေကိုလည်းကောင်း အုပ်စိုးနိုင်သော ဘုန်းတော်ပေတည်း၊ ဤဘုန်းတော်ကြောင့်ပင် ဘုရားရှင်ကို များစွာသော သတ္တဝါတို့က ရိုသေခန့်ညားကြရပေသည်။

ဘုရားရှင်အလိုတော်ကား သတ္တဝါတို့ကို မဂ်ဖိုလ်နိဗ္ဗာန်ရစေလို၏၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် ကျင့်စေလို၏၊ လိုက်နာစေလို၏၊ ထိုအဖြစ်မျိုးရောက် ကိုယ်တော်အလို ပြီးမြောက်အောင် ဆွဲဆောင်ရာ၌ မပါမရှိ အလိုသို့လိုက်ပါသည်ချည်းဖြစ်ရာ သတ္တဝါတို့ကို လွန်စွာ စိုးပိုင်တော်မူခဲ့သည်။

## ဓဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**၇။ ဝသီတာဘုန်းတော်**–ကုဋ္ဌဝိဓဆိုင်ရာ တန်ခိုးအမျိုးမျိုး ဖန်ဆင်းရာ၌ အလွန်နိုင်နင်း ကျွမ်းကျင်သော ဘုန်းတော်၊ ဈာန်သမာပတ် အဘိညာဉ်ကို ဝင်စားတော်မူလိုလျှင် အဆိုင်းအငုံ့မရှိပဲ တစ်ခဏချင်းပင် ဝင်စားနိုင်သော ဘုန်းတော်ပေတည်း။

**၈။ ယတ္ထကာမာဝသာယိတာဘုန်းတော်**–ကောင်းကင်ပျံ မြေလျှိုးစသော ဟစုံတခုသော ကိစ္စပြုရာ၌ ပြီးဆုံးစေချင်သော် မတင်မကျ မရှိစေရပဲ ပြီးဆုံးစေနိုင်ခြင်းဘုန်းတော်၊ ဈာန်ဝင်စားခြင်း, ကောင်းကင်ပျံကြွခြင်း စသော ကိစ္စတစ်စုံတစ်ခုကို ပြုတော်မူစဉ် ပြီးဆုံးစေတော်မူလိုသောအခါ ဆိုင်းငုံ့တော်မမူပဲ ပြီးဆုံးစေလိုသည်နှင့် တစ်ပြိုင်နက် ထိုကိစ္စကို ပြီးဆုံးစေနိုင်သော ဘုန်းတော်ပေတည်း။

## ဘုန်းတော်ရှစ်ပါး ဘုရားရှိခိုး

**အဏိမာ လဃိမာ ပတ္တိ၊ ပါကမ္မံ မဟိမာ ဇထာ။**
**ဣသိတာ စ ဝသိတာ စ၊ ယတ္ထကာမာဝသာယိတာ။**
**ဣသိသရိယဝုဏ္ဏောပေတံ၊ ဝန္ဒေ အပ္ပဋိပုဂ္ဂလံ။**

**အဏိမာ စ**–အဏုမြူသဖွယ်, သေးငယ်ပုံဟန်, ဖန်နိုင်စွမ်းဘိ, အဏိမာခေါ်, ဘုန်းတော်က တစ်မျိုး၊ **လဃိမာ စ**–လေဝယ်လွင့်ပါး, ဝါဂွမ်းလား သို့, ငှက်များပုံသွင်, ထက်ကောင်းကင်၌, ခြေလျင်လျင်လျား, ကြွသွားနိုင်ဘိ, အစွမ်းရှိသည့် "လဃိမာ"ခေါ်, ဘုန်းတော်က တစ်ဖုံ၊ **ပတ္တိ စ**–အဓိဋ္ဌာန်ဖြင့်, စိတ်ကြံတိုင်းသာ, လိုရာဒေသ, မှန်သမျှကို, မကြာရလျှင်း, ခဏချင်းပေါက်, ရောက်စွမ်းနိုင်ဘိ, "ပတ္တိ"ဟုခေါ်, ဘုန်းတော်ကတစ်တန်၊ **ပါကမ္မံ စ**–ရှင်မြတ်စိတ်တွင်, ဖြစ်စေချင်သည်, ပုံသွင်စသည်, အလိုလိုကို, လိုသလိုဖန်, စီမံသမျှ, ပြီးစီးရသည့် "ပါကမ္မ"ခေါ် ဘုန်းတော်က တစ်ရပ်၊ **မဟိမာ စ**–ကိုယ်တော်မြတ်ကို, ကြီးလိုသမျှ, ရုပပုံဟန်, ဖန်နိုင်စွမ်းဘိ, "မဟိမာ"ခေါ် ဘုန်းတော်က တစ်သွယ်၊ **ဇထာ**–ဘုန်းတော်ဆိုသမျှ မလိုရအောင် ထိုမှ တစ်ပါး၊ **ဣသိတာ စ**–နတ်လူပြဟ္မာ, သတ္တဝါကို, လိုရာလိုရာ, အပါဆောင်ကြဉ်း, စိုးပိုင်ခြင်းဟု, နိုင်နင်းသတ္တိ, "ဣသိတာ"ခေါ် ဘုန်းတော်က တစ်ဝ၊ **ဝသီတာ စ**–ကုဋ္ဌဝိဓခေါ်, ဝသီဘော်၌, ပြိုင်ဖော်မရှိ, စွမ်းနိုင် ဘိသည့်, "ဝသီတာ"ခေါ် ဘုန်းတော်က တစ်ပါး၊ **ယတ္ထကာမာဝသာယိတာ စ**–ကောင်းကင်ပျံရှိုး, မြေလျှိုး စသည်, အလိုလိုရှ, မှုအဝဝ, ပြုသမျှတွင်, ပြီးစေချင်သော်, မတင်မကျ, မရှိရပဲ, လုံးဝမသွေ, ပြီးစေနိုင်ဘိ, အစွမ်းရှိထ, "ယတ္ထကာမာဝသာယိတာ"ခေါ် ဘုန်းတော်ကတစ်ခု၊ **ဣတိ**–ဣသို့၊ **ဣဿရိယ-ဝုဏ္ဏောပေတံ**–

အရာရာမျိုး, အစိုးတရ, ကုသရိယဟု, ရှစ်ဝအစုံ, ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော၊ **အပွင့်ပုဂ္ဂလ**–ပြိုင်ဖက်ရည်တူ, မရှိမူ၍, လူထက်လဲမြတ်, နတ်ထက်လဲသာ, ဗြဟ္မာဦးညွတ်, ထွတ်ဖျားသဓင်, ရှင်တော်မြတ်ဘုရားကို၊ **ဝန္ဒေ ဝန္ဒာမိ**–ထူးမြတ်ရှစ်စုံ, တန်ခိုးဂုဏ်တွင်, အာရုံထားကာ, ပွါးသဒ္ဓါဖြင့်, များစွာမြတ်နိုး, ဦးညွတ်လျှိုး၍, ရိုခိုးကန်တော့ပါ၏ဘုရား။

(၁) **ကုသရိယဘုန်းတော်။** ။ ဤပြခဲ့သော ဘုန်းတော်ရှစ်ပါးသည် ဘုန်းတော်ခြောက်ပါးတွင် **"ကုသရိယ"** ဘုန်းတော်ချည်းသာဖြစ်တယ်။

(၂) **ဓမ္မဘုန်းတော်။** ။ တစ်ထောင့်ငါးရာ ကိလေသာ ရန်ဆူးရန်ငြောင့်တွေကို ပယ်ရှားသုတ်သင်နိုင်သော မဂ် ၄–ပါး ဖိုလ် ၄–ပါး နိဗ္ဗာန်အားဖြင့် ၉–ပါးသော လောကုတ္တရာ တရားတို့ကို **"ဓမ္မ"** ဘုန်းတော်–လို့ ခေါ်တယ်။ လောကုတ္တရာ ၉–ပါးမှာ ရွေးပါရမီစု ကောင်းမှုတော်ကြောင့် ရလာတဲ့ အရေးကြီးသောဂုဏ်ဖြစ်၍ 'ဘဂ' ဘုန်းတော်ခြောက်ပါးတွင် အပါအဝင်ဖြစ်ရတယ်၊ လောကုတ္တရာတရား ၉–ပါးကို မရပဲ ဘုရားမဖြစ်နိုင်၊ လောကုတ္တရာတရား ၉–ပါးကို ရသောကြောင့် ဗုဒ္ဓဂုဏ်တော်အလုံးကို သိမ်းကြုံးပိုင်စိုးခဲ့ရာ လောကုတ္တရာတရား ၉–ပါးမှာ အရေးပါသောကြောင့် ဘုန်းတော်တစ်ရပ်အဖြစ် အထူးဆိုရတယ်။

(၃) **ယသဘုန်းတော်။** ။ ပြန့်နှံ့ကျော်စောသော ဂုဏ်သတင်းတော်ကို **"ယသ"** ဘုန်းတော်– လို့ခေါ်တယ်၊ ဘုရားရှင်၏ဂုဏ်သတင်းတော်သည် သူတကာလို အသိုင်းအဝိုင်းတွေဖြင့် မဟုတ်မမှန် လုပ်ကြံ၍ ဖြစ်ရခြင်းမျိုးမဟုတ်၊ ဟုတ်မှန်တဲ့ဂုဏ်တော်ကြောင့် အလိုလို ထင်ပေါ်လျက် လူ့ပြည်လောကထက် နတ်ပြည်လောက၌ သာ၍ ပြန့်နှံ့ကျော်စောတော်မူ၏၊ [အခြား စကြဝဠာမှ နတ်ဗြဟ္မာများလည်း ဒီစကြဝဠာသို့ လာနိုင်ကြသဖြင့် နတ် ဗြဟ္မာ အချင်းချင်း ဂုဏ်သတင်း ဖြန့်သည့် အတွက် "စကြဝဠာ တစ်သောင်းတိုင်အောင် ပြန့်နှံ့၏၊ လူ့လောကမှာတော့ အဲဒီလောက် ဂုဏ်သတင်း မပျံ့နှံ့" လို့ ဆိုလိုတယ်။

**"ယသ"** ဟူသည် ကျော်စောခြင်းနှင့် အခြွေအရံကို ဆိုလိုတယ်၊ ဘုရားရှင်၏ ကျော်စောခြင်း ဂုဏ်သတင်းမှာ ကမ္ဘာလောကဓာတ်၌ ယနေ့တိုင် ပဲ့တင်ခတ်လျက် ရှိနေပါတယ်၊ ထိုသို့ ကျော်စောခြင်း အဆက်မပြတ် ပဲ့တင်ခတ်လျက်ရှိခြင်းမှာ ခိုင်ခံ့လှသော ဓမ္မအမျာ တရားမှတ်တိုင်ကြီးကြောင့်ပင် ဖြစ်ပါတယ်။

ဘုရားရှင်၌ တရား၏မှန်ကန်ခြင်း, အတုမရှိသော ဂုဏ်တော်များ ရှိခြင်းကြောင့် လက်ထက်တော်က ဘုရားရှင်ထက် တပည့် အခြွေအရံများသော ဆရာ–ဟု တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ၊ မင်းစိုးရာဇာနှင့် ပညာရှိများ, သူဌေး သူကြွယ်များမှာ ဘုရားရှင်တပည့်သာ များပါတယ်၊ လူတွင်မက

နတ်ဗြဟ္မာပရိသတ်များကား အလွန့်အလွန် များပြားခဲ့ရာ ယနေ့ နတ်ပြည် ဗြဟ္မာ့ပြည်များ၌ ရှိနေကြသေး၏၊ အဲဒီလို ကျော်စောခြင်း အခြွေအရံများခြင်းမှာ ဘုန်းတော်တစ်ရပ်ပင် ဖြစ်တော့၏။

(၄) **သိရီဘုန်းတော်။** ။ အလွန်ကြီးမားသော ပါရမီရှင် ဖြစ်တော်မူတဲ့အတွက် ဖူးမြော်လို့ မဝနိုင်အောင် လွန်စွာ သပ္ပါယ်သော ကိုယ်တော်၏ကျက်သရေကို **"သိရီ"**ဘုန်းတော်–လို့ ခေါ်တယ်။

ဘုရားရှင်၏ မျက်နှာတော်ဝယ် ညိုမှောင်သောမျက်ခုံးတော်နှစ်သွယ်၏အကြားမှာ "ဥဏ္ဏလုံ" ခေါ်တဲ့ ဆွတ်ဆွတ်ဖြူသော အမွေးတော်သည် ဆန့်ထားလျှင် လက်မောင်းတစ်ဝက်ခန့်ရှည်၍ ပင်ကို အတိုင်းထားလျှင် ငွေနန်းမျှင်ကို ခွေထားသလို လက်ယာရစ်ခွေလျက် ကျက်သရေ အလွန်ရှိပါပေတယ်၊ ဝါဝင်းသော အရေပေါ်ဝယ် မျက်ခုံးအမွေးတော်နှစ်ဖက်၏ မည်းနက်သောအရောင်တော်ကြောင့် ဆွတ်ဆွတ်ဖြူတဲ့ ဒီဥဏ္ဏလုံ မွေးရှင်တော်သည် သာ၍ ထင်ပေါ် နေတော့တယ်၊ ဥဏ္ဏလုံ မွေးရှင်တော်၏ အောက်နားဝယ် ဝဲယာနှစ်ဖက်မှ မျက်တောင်တော်များလည်း အထက်သို့ အဖျားကော့ကာ မွေးရှင်တော်ကို မော်၍ဖူးမြော်သလို ထင်ရပေတယ်။

ပတ္တမြားလုံး တပ်ထားသလို ခပ်မို့မို့ ထင်လင်းသည့် မျက်လုံးတော်အတွင်းဝယ် နှစ်သွယ်သော မျက်ဖြူတော်၏ အလယ်ချက်မှ မျက်နက်ဝန်းတော်မှာမူ ကုမုဒြာ ကြာဖြူပန်း အတွင်းမှ ပိတုန်းကလေးများ ထွက်ပြူနေသလို တင့်တယ်ပါပေတယ်၊ မျက်လုံးတော် နှစ်သွယ်၏အလယ်မှ အောက်သို့ သက်သော နှာတံတော်သည်ကား မပိမပြား ထင်ရှားပေါ်လွင်၍ မျက်နှာတော်ကို တန်ဆာဆင်သလို ရှိပါပေတယ်၊ နှုတ်ခမ်းတော်အစုံမှာ ဟင်္သပြဒါးရည်[၄၁] ပက်ဖြန်းထားသလို နိမြန်းတော်မူပြီးလျှင် စိန်အစဉ် စီထားသလို ထင်ရသော သွားတော်အစဉ်၏ ဆွတ်ဆွတ်ဖြူပုံကိုပင် ပြုံးတော်မူသောအခါ ကျက်သရေချင်း ပြိုင်ယှဉ်တော့မည်လို ထင်ရပေတယ်၊ မျက်နှာတော်နှင့် ကိုယ်တော်၏ ကျက်သရေတော်သည် နတ်လူ ဗြဟ္မာတို့၏ မျက်လုံးကို ဆွဲငင်ထားသလို ဖူးမြော်၍ မဝနိုင်အောင် ရှိပါပေတယ်။

ရတနာ့ဂုဏ်ရည်ဆရာတော်က "ကျက်သရေ"ဆိုသည်မှာ အလှကို ဆိုလိုသည် မဟုတ်၊ မလှသော်လည်း တချို့မှာ ရုပ်အနေအထား အချိုးကျ၍ ဖြစ်စေ. အနေအထိုင် အပြောအဆို အချိုးကျ၍ ဖြစ်စေ "ကျက်သရေရှိပါပေသည်"ဟု ချီးမွမ်းခံကြရသည်။ ဘုရားရှင်ကား ပင်ကို အဆင်းလည်း တင့်တယ်၏၊ လှမ်းကြွတော်မူပုံ, နေထိုင်တော်မူပုံ, ဟောပြောတော်မူပုံ စသည်တို့မှာလည်း ရှုရှ်မငြီး, နာ၍မငြီးအောင် ကျက်သရေကို ဆောင်တော်မူ၏၊ ထို့ကြောင့် လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပရိသတ်အလယ်၌ ထိုင်တော်မူကာ တရားဓမ္မ ဟောပြတော်မူသော ဘုရားရှင်သည် ဝင်းစက်ညက်ညောသော

---

[၄၁] **ဟင်္သပြဒါး**–နှ/ဟင်းသပဒါး/ဟင်းရိုင်းမှ ထုတ်လုပ်ရရှိသော နီသောအမှုန့်တမျိုး (မြန်မာအဘိဓာန် အကျဉ်းချုပ် [illegible])။

အသားအရည်ပေါ်တွင် ကြည်လင်ပြတ်သားသော အသံတော်ကို တန်ဆာဆင်သလို ဖြစ်ရကား များစွာသော မင်းပရိသတ်ထက် ကျက်သရေသာလွန် ထူးချွန် တင့်တယ်တော်မူပေသည်–လို့ မိန့် တော်မူပါတယ်။

**သေလသုတ်မှ ကောက်နုတ်ချက်။** ။ လူငယ် သုံးရာလောက်ကို စာပြနေသော ဗြာဟ္မဏဓာတ်ရှိသူ 'သေလ'မည်သော ကျောင်းအုပ်ဆရာကြီး တစ်ယောက်ဟာ အခါတစ်ပါးမှာ ဘုရားရှင်အကြောင်းကို ကြားရ၍ တပည့်သုံးရာနှင့်အတူ ဘုရားရှင်ထံသို့ ရောက်လာလေရာ ဘုရားရှင်၏ ကျက်သရေရှိ သော ရုပ်အဆင်းတော်ကို မြင်ရရုံဖြင့် "ဒီမျှလောက် ကျက်သရေရှိသော အရှင်မှာ ရဟန်းပြုနေလို့ ဘာအကျိုးရှိမှာလဲ? လေးကျွန်းလုံးကို လွှမ်းမိုး၍ အုပ်စိုးနိုင်သော စကြာမင်းဖြစ်ဖို့ရာ ရုပ်လက္ခဏာ တွေ ပြည့်စုံနေပါတယ်၊ ဒါကြောင့် ရဟန်းအဖြစ်ခံမနေပဲ လူ့ဘောင်မှာနေ၍ မင်းတကာတို့ ရှိခိုးဦးခိုက် ပူဇော်ထိုက်သော စကြာမင်းလုပ်တော်မူပါ"လို့ လျှောက်ထားခဲ့ပါတယ်[၄၉]။

(၅) **ကာမဘုန်းတော်။** ။ ဘုရားရှင်သည် သဗ္ဗညုအဖြစ်–ဆိုတဲ့ ကိုယ်တော်မြတ် အကျိုး ကိုလည်း လိုလားတော်မူခဲ့တယ်၊ သတ္တဝါတွေကို ကယ်တင်ရန်–ဆိုတဲ့ သူတပါးအတွက် အကျိုးကို လည်းလိုလားတော်ခဲ့တယ်၊ အလိုတော်ရှိတဲ့ သဗ္ဗညုတညာဏ်တော်ကြီးကိုလည်း ရ၍ သတ္တဝါတွေကို လည်း ကယ်တင်တော်မူနိုင်ခဲ့တယ်၊ အလိုတော်ရှိတဲ့ မိမိ သူတပါး အကျိုးနှစ်ပါးကို ပြီးမြောက်စေနိုင် သော ဘုန်းတော်ကို **"ကာမဘုန်းတော်"**လို့ ခေါ်တယ်။

(၆) **ပယတ္တဘုန်းတော်။** ။ အထွတ်အထိပ်သို့ ရောက်ခဲ့သော ဝိရိယတော် (ကြီးမားလှ စွာသော လုံ့လ ဝိရိယတော်)ကို **"ပယတ္တဘုန်းတော်"**လို့ ခေါ်တယ်၊ ဘုရားမဖြစ်မီ ဘဝပေါင်း များစွာ ကပင် အလောင်းတော်၏ ဝိရိယမှာ သာမန်ပုဂ္ဂိုလ်တို့ မမီနိုင်လောက်အောင် ပြောင်မြောက်ခဲ့တယ်၊ တရိန်တည်း တိုးတက်လာသော ထိုဝိရိယမှာ ဘုရားဖြစ်တော်မူလာသောအခါ အထွတ်အထိပ်သို့ ရောက်လေတော့၏၊ ဒါ့ကြောင့်ပင် အနားယူနေသည့်အချိန်–လို့ ပြောပလောက်အောင် မရှိလှပဲ သတ္တဝါများအတွက် မနားမနေ ကြိုးစားဟောပြော ဆွေးနွေးတော်မူသည်ကို အများအတွက် ကြိုးစား နေပါသည်–ဆိုတဲ့ ဘယ်သူ တစ်ဦးတစ်ယောက်ကမျှ မမီနိုင်ပါ၊ ဒီဝိရိယတော်ကြီးအတွက်လည်း နတ် လူ ဗြဟ္မာတို့၏ လွန်စွာအားထား လေးစား မြတ်နိုးမှုကို အတုမဲ့ ဆောင်ယူရရှိတော်မူပါတယ်။

---

[၄၉] သုတ္တနိပါတ်၊ မဟာဝဂ္ဂ၊ သေလသုတ် (ခ၊ ၁၊ ၃၆၆–၃၆၈)။

## စကွဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

နေ့ရောညဉ့်ပါ အားလပ်ခွင့် ရတော်မမူပဲ သတ္တဝါတို့၏ အကျိုးငှါ လွန်စွာ အားထုတ်တော်ခဲ့ပုံကို **"စရံ ယော ယဒိ ဝါ တိဋ္ဌံ"** ဂါထာ၌ ပြဆိုပါတယ်----

**စရံ ယော ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။**
**နိဗ္ဗာယံ ဓာတုဘာဝေန၊ ဟိတံ သတ္တာန မာစရေ။**

**ယော ဘဂဝါ**–အကြင် ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ **စရံ ဝါ**–သံဃာတော်များ, ရှေ့တော်ဖျားက, ကြွသွားထိုက္ခါ, စက်တော်ချီလျက်လည်းကောင်း၊ **ယဒိ ဝါ တိဋ္ဌံ**–မကြွမသွား, ရွှေတောင်လားသို့, မားမားမတ်မတ်, ရပ်တော်မူလျက်လည်းကောင်း၊ **နိသိန္နော ဝါ**–ပရိသတ်အလယ်, ရောင်ခြောက်သွယ်ဖြင့်, ထက်ဝယ်ဖွဲ့ခွေ, ထိုင်နေတော်မူလျက်လည်းကောင်း၊ **ဥဒ ဝါ သယံ**–အမေးပုစ္ဆာ, ဖြေရှင်းကာဖြင့်, ညဉ့်ခါကျောင်းပေါ်, လျောင်းတော်မူလျက်လည်းကောင်း၊ **နိဗ္ဗာယံ**–ဝါလေးဆယ့်ငါး, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, ဝင်စံတော်မူခါနီးသည်ရှိသော်၊ **ဓာတု ဘာဝေန**–နောင် ခါစင်စစ်, ကိုးကွယ်ရစ်ဖို့, အနှစ်အမွေ, ဓာတ်တော်အနေဖြင့်လည်းကောင်း၊ **သတ္တာန်**–သုံးတိုက်ဝယ်နေ, ဝိုလ်ခြေများစွာ, သတ္တဝါတို့၏၊ **ဟိတံ**–လူ့ရွာ နတ်ဌာန်, နိဗ္ဗာန်အထိ, ချမ်းသာရှိကြောင်း, ကောင်းသော အစီးအပွါးကို၊ **အာစရေ**–ရင်သွေးရာဟု, ပမာရှုလျက်, အမှုသင့်စွာ, ပြုကျင့်ပါပေသည်တကား[၄၉]။

၁၀။ မမံ ဟိ ဓေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘရိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

အနုဿရတံ= အနုသ်သရတံ → အနုတ်သရတံ
ဘရိဿတိ= ဘရိသ်သတိ → ဘရိတ်သတိ
ဆမ္ဘိတတ္တံ= ဆမ်ဘိတတ်တံ
ပဟီယိဿတိ= ပဟီယိသ်သတိ → ပဟီယိတ်သတိ

---

[၄၉] ရတနာဉ့ဂုဏ်ရည်၊ ၁၃။

**ဟိ**–အောက်မေ့ရခြင်းအကြောင်းမှာ၊ **ဘိက္ခဝေ**–ရဟန်းတို့၊ **မမံ**–ငါဘုရားကို၊ **အနုဿရတံ**–အဖန်တလဲလဲ အောက်မေ့ကြကုန်သော၊ **ဧတဲ**–သင်တို့အား၊ **ယံ ဘယံ ဝါ**–အကြင်ကြောက်လန့်ခြင်း သည်လည်းကောင်း၊ **ယံ ဆမ္ဘိတတ္တံ ဝါ**–အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **ယော လောမဟံသော ဝါ**–အကြင် ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ **ဘဝိဿတိ**–ဖြစ်ပေလတ္တံ့၊ **သော**–ထိုကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းကို၊ **ပဟီယိဿတိ**–ပယ်ဖျောက် အပ်ပေလတ္တံ့။

ရဟန်းတို့... အောက်မေ့ရခြင်းအကြောင်းမှာ ငါဘုရား (ငါဘုရား၏ဂုဏ်)ကို အဖန်တလဲလဲ အောက်မေ့ကြကုန်သော သင်တို့အား ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းတို့ကို ပယ်ဖျောက်လိမ့်မည်။

၁၁။ **နော စေ မံ အနုဿရေယျာထ၊**
**အထ ဓမ္မံ အနုဿရေယျာထ--**
၁၂။ **"သွာက္ခာတော ဘဂဝတာ ဓမ္မော,**
**သန္ဒိဋ္ဌိကော, အကာလိကော,**
**ဧဟိပဿိကော, ဩပနေယျိကော,**
**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။**

အနုဿရေယျာထ= အနုသ်သရေယျာထ → အနုတ်သရေယာထ
သွာက္ခာတော=သွာက်ခါတော → သွက်ခါတော [သု+အက္ခာတော]
သန္ဒိဋ္ဌိကော= သန်ဒိဋ်ဌိကော → သန်ဒိတ်ဌိကော [သံ+ဒိဋ္ဌိကော]
အကာလိကော [နှ+ကာလိကော]
ဩပနေယျိကော= ဩပ နေယျိကော
ပစ္စတ္တံ=ပစ်စတ်တံ
ဝေဒိတဗ္ဗော=ဝေဒိတဝ်ဗော → ဝေဒိတတ်ဗော
ဝိညူဟီတိ=ဝိဉ်ဉူဟီတိ [ဝိညူဟိ+ကုတိ]

**မံ**–ငါဘုရားကို၊ **နော ဓစ အနုဿရေယျာထ**–အကယ်၍ မအောက်မေ့မိကုန်သည်ဖြစ်အံ့၊ **အထ**–ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်၊ **ဓမ္မံ**–တရားတော်ကို၊ **အနုဿရေယျာထ**–အောက်မေ့ကြကုန်လော့။

**ဘဂဝတော**–သုံးလူထွတ်တင်, ဘုရားရှင်သည်၊ **ဓမ္မော**–မဂ် ဖိုလ် နိဗ္ဗာန်, ဓမ္မကွန် ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်ကို၊ **သွာက္ခာတော**–ကောင်းခြင်းသုံးဖြာ, စုံညီညာလျက်, အနက်သဒ္ဒါ, ဝေဆာစုံလင်, ဂုဏ်တင်ဖွယ်မှန်, ကျင့်ရန်လျောက်ပတ်, ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏၊ **ဘဂဝတော**–သည်၊ **သွာက္ခာတော**–နည်းစုံလောင်းကာ, ကောင်းစွာသတ်မှတ်, ဟောကြားတော်မူအပ်သော၊ **ဓမ္မော**–မဂ် ဖိုလ် နိဗ္ဗာန်, ကိုးတန်သတ်မှတ်, တရားတော်မြတ်သည်၊ **သန္ဒိဋ္ဌိကော**–သူပြော ငါပြော, အဟောဒ္ဒိတည်, မယုံကြည်ရ, ဓမ္မကျင့်သူ, နတ်လူမှန်က, ဒိဋ္ဌကိုယ်တိုင်, ပိုင်ပိုင်တိတိ, သိအပ်မြင်အပ်, တရားတော်မြတ်ပါပေတည်း၊ **ဓမ္မော**–မဂ်လေးပါး တရားတော်သည်၊ **အကာလိကော**–အခါအခွင့်, ကြာမဖင့်ပဲ, မလင့်မနေး, ချက်ခြင်းအကျိုးပေးတတ်သော တရားတော်မြတ်ပါပေတည်း၊ **ဓမ္မော**–လောကုတ္တရာတရား ကိုးပါးသည်၊ **ဧဟိပဿိကော**–လာလှည့်စမ်းပါ, ရှုစမ်းပါဟု, သူငါနှိုးဆော်, ဖိတ်ခေါ်ထိုက်သား, လွန်ထူး ခြားလတ်, တရားတော်မြတ်ပါပေတည်း၊ **ဓမ္မော**–လောကုတ္တရာတရား ကိုးပါးသည်၊ **ဩပနေယျိကော**–ပုဆိုးမီးလောင်, ခေါင်မိုးလောင်လည်း, ငြိမ်းအောင် ပြုရေး, မပြုသေးပဲ, အရေးကြီးစွာ, ဘာဝနာဖြင့်, စိတ်မှာစွဲအောင်, အမြဲဆောင်ထိုက်ပါပေ၏၊ **ဓမ္မော**–လောကုတ္တရာတရား ကိုးပါးကို၊ **ဝိညူဟိ**–တရားသိမြင်, ပညာရှင်တို့သည်၊ **ပစ္စတ္တံ**–ကိုယ်စီအမှန်, ကိုယ့်သန္တာန်၌၊ **ဝေဒိတဗ္ဗော**–မဂ် ဖိုလ် နိဗ္ဗာန်, ရပိုင်ဟန်ကို, အမှန်တိုင်းရှိ, သိမြင်အပ်ပါပေသတည်း၊ **တုတိ**–ဤသို့၊ **အနုဿရေယျာထ**–အဖန်တလဲလဲ အောက်မေ့ ကြကုန်လော့။

ငါဘုရားကို မအောက်မေ့မိသော် တရားတော်ကို အောက်မေ့ကြကုန်လော့၊ ဘုရားရှင်သည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူအပ်၏၊ ကောင်းစွာ ဟောကြားအပ်သော တရားတော်သည် ကိုယ်တွေ့သိမြင်အပ်သော တရားတော်ပေတည်း၊ အခါမလင့် အကျိုးကို ပေးတတ်၏၊ လာလှည့်, ရှုလှည့်-ဟု ဖိတ်ခေါ်ထိုက်သော တရားတော်ဖြစ်၏၊ အရေးကြီးစွာ စိတ်မှာစွဲအောင် အမြဲဆောင်ထိုက်ပေ၏၊ တရားသိမြင် ပညာရှင်တို့သည် အသီးအသီး မိမိသန္တာန်၌ သိမြင်အပ်ပေ၏၊ ဤသို့အောက်မေ့ကြကုန်လော့။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

## တရားဂုဏ်တော် ၆–ပါး

### ၁–သွာက္ခာတဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

ရတနာဂုဏ်ရည် (၉၈–၁၁၈)မှ တရားဂုဏ်တော်ဖွင့်များကို မှတ်ယူသင်ကြားပါအုံ---

ဘဂဝတာ– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဓမ္မော–မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မကွန်ဟု, ဆယ်တန်သော တရားတော်မြတ်ကို၊ **သွာက္ခာတော**–ကြားနာရုံပင်, အပူစင်၍, ကျင့်လျှင်ချမ်းသာ, ကျင့်ပြီးခါလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နန်းနှင့်, စခန်းသင့်အောင်, မှန်းလင့်ရည်ရော်, ကောင်းစွာ ဟောတော်မူ အပ်ပါပေ၏။

**သွာက္ခာတ** ဂုဏ်တော်သည် [**သု**–ကောင်းစွာ+**အက္ခာတ**–ဟောအပ်၏] ကောင်းမွန်စွာ ဟောတော်မူအပ်၏–ဟူသော အနက်ကို ပြ၏။

ဘုရားရှင်၏တရားတော်သည် အကောင်းဆုံး ဟောကြားအပ်သော တရားတော်တည်း၊ ဘုရားရှင်၏ တရားတော်မှန်သမျှမှာ မကောင်းသော အစိတ်အပိုင်း–ဆိုလို့ တစ်ရွေးမျှမရှိ၊ ထိုသို့ကောင်းသည်မှာလည်း အားလုံးသော ဒေသနာများဟာ အနက်သဒ္ဒါနှင့် ပြည့်စုံသောကြောင့်ပင် ဖြစ်၏၊ သဒ္ဒါက အစိအစဉ်မကျ နည်းလမ်း စည်းကမ်းမညီမျှ ကမောက်ကမဖြစ်လျှင်လည်းကောင်း, ဆိုလိုရင်းအချက် အနက်အဓိပ္ပါယ်ကလည်း အကျိုးမဲ့သော အနက်ဖြစ်လျှင်လည်းကောင်း ထိုတရားများမှာ မကောင်းသောတရားသာ ဖြစ်ပေ၏၊ ဘုရားရှင်၏ဒေသနာများကား သဒ္ဒါကလည်း ပညာရှိတို့အပြစ်ရှာမရ ချီးမွမ်းရလောက်အောင် အစီအစဉ်ကျကာ သာယာပြေပြစ် နှစ်သက်ဖွယ်ဖြစ်လျက် အနက်ကလည်း တကယ့်အကျိုးစီးပွါး ရရေး ငြိမ်းချမ်းရေး ချမ်းသာရေးကို ဖြစ်စေတတ်သော အနက်များသာဖြစ်ရာ မကောင်းသော အစိတ်အပိုင်း–ဟု မရှိ, အကောင်းချည်းသာ ဖြစ်လျက်ရှိပေ၏။

**မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သောတရား**–ဆိုသည်မှာ မဂ် ၄–ပါး+ ဖိုလ် ၄–ပါး+ နိဗ္ဗာန် ၁–ပါး+ ဓမ္မကွန် ဟု ခေါ်သော ပိဋကတော် ၁–ပါး= ပေါင်း ၁၀–ပါးတည်း။

ဒီစကားအရ သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံသောတရားဟူသည် ဘုရားရှင်ဟောတော်မူအပ်သော ပိဋကတ်ပါဠိတော်, အဋ္ဌကထာအစဉ်နှင့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားများသာ ဖြစ်သည်ဟုမှတ်ပါ။ စာအုပ်ပေစာတို့သည် ထိုတရားတော်များကို မှတ်သားထားရာ "တရားဘဏ္ဍာ

တိုက်"များသာတည်း၊ "ဓမ္မစေတီတော်"ဟုလည်း ခေါ်၏၊ ထိုတရားတော်များကို ပို့ချသော ပုဂ္ဂိုလ်များကား တရား ဘဏ္ဍာတိုက်ကို စောင့်သော ဘဏ္ဍာစိုးများ ဖြစ်ကြ၏။

**ကြားနာရုံပင် အပူစင်၍**–ဆိုတာက ဘုရားရှင်၏ တရားတော်များသည် (၁) ကြားနာရခြင်းတည်းဟူသော အစဖ်၏ကောင်းခြင်း, (၂) ကျင့်ကြံအားထုတ်ခြင်းတည်းဟူသော အလယ်၏ကောင်းခြင်း, (၃) ကျင့်ပြီးသောအခါ တရားထူးကိုရ၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို မြင်ရခြင်းတည်းဟူသော အဆုံး၏ ကောင်းခြင်းများနှင့် ပြည့်စုံရကား မကျင့်နိုင်သေးစေကာမူ ကြားနာရုံမျှဖြင့် ဟုန်းကနဲထနေသော ကိလေသာ မီးပူကြီးများကို ငြိမ်းစေနိုင်ပါသည်။ ဘုရားတရားတော်၌ (၁) နာယူရခြင်း, (၂) ကျင့်ရခြင်း, (၃)အကျိုးရခြင်း–ဟု ကောင်းခြင်းသုံးဖြာ အပိုင်းသုံးပိုင်းရှိ၏၊ ဘုရားတရားတော်ကို နာရသင်ရလျှင် တရားကိုသိခြင်း, အနက်ကိုသိခြင်းဖြင့် ပီတိအထူးဖြစ်ကြရ၏၊ စိတ်ကိုချမ်းသာ အေးမြစေတတ်, ပီတိကို ဖြစ်စေတတ်သော တရားဖြစ်သောကြောင့်ပင် ထိုတရားနာယူသူမှာ ကိလေသာအပူတွေ ကင်းရ၏။

## ကိလေသာ ၁၀–ပါး မီးပူများ

၁။ **လောဘ**– လိုချင်မှုမီး၊

၂။ **ဒေါသ**–စိတ်ဆိုးမှုမီး၊

၃။ **မောဟ**– မသိ မလိမ္မာ တွေဝေမှုမီး၊

၄။ **မာန**–မာနထောင်လွှားမှုမီး၊

၅။ **ဒိဋ္ဌိ**–အယူမှားမှုမီး၊

၆။ **ဝိစိကိစ္ဆာ**–ဘုရား တရား သံဃာ ကံ ကံ၏အကျိုးများ၌ ယုံမှားမှုမီး၊

၇။ **ထိန**–အိပ်ချင်အားကြီး ထိုင်းမှိုင်းမှုမီး၊

၈။ **ဥဒ္ဓစ္စ**–ပျံ့လွင့်မှု မတည်ကြည်မှုမီး၊

၉။ **အဟိရိက**–အကုသိုလ် ဒုစရိုက်မှ မရှက်မှုမီး၊

၁၀။ **အနောတ္တပ္ပ**–ဒုစရိုက်မှ မကြောက်မှုမီး။

ဒီကိလေသာဆယ်ပါး မီးပူကြီးများသည် ငါတို့ ပုထုဇဉ်များ၏ သန္တာန်၌ လောင်မှန်းမသိ လောင်ကျွမ်းလျက်ရှိရာ တစ်ခါတစ်ခါ အပြင်းအထန်လောင်ကျွမ်းကာမှ "အော်...တယ်ပူတဲ့မီးပါလား?"ဟု အထင်အရှား သိကြရ၏။

**လောဘမီး လောင်ပုံ ဝတ္ထု။** ။ ဘိက္ခုနီမတစ်စု သိမ်တွင်းသို့ ဥပုသ်ပြုသွားကြရာ ဘိက္ခုနီမတစ်ပါးသည် သိမ်အပေါက်၌ထားသော လုလင်ပျို၏ ရုပ်တုကို မြင်၍ စွဲလမ်းချစ်ခင် ရာဂတဏှာ လောဘမီး ဝင်လာသောကြောင့် အများပြန်သော်လည်း မပြန်နိုင်သေးပဲ ကြည့်ရှုမြဲ ရှုနေလေသော် အဖော်တစ်ပါးက လာရောက်ခေါ်သောအခါ မတ်တတ်ရပ်လျက် အသက်မရှိတော့ပဲ လက်ဆွဲ၍အခေါ်တွင် ဝုန်းကနဲ လဲကျသွားလေ၏။

**ဒေါသမီးလောင်ပုံဝတ္ထု။** ။ နတ်ပြည်၌ နတ်တို့သည် မိမိတို့၏ အခြွေအရံများနှင့် ဥယျာဉ်သို့ တပျော်တပါး သွားတတ်ကြလေရာ အခါတပါး၌ နတ်သားတစ်ယောက်သည် အခြွေအရံများနှင့် ရထားစီး၍ ဥယျာဉ်သို့သွားနေစဉ် နောက်မလှမ်းမကမ်းမှ လိုက်လာသော နတ်သားမြင်၍ "ရှေးကသွားနေသော နတ်သားသည် မဖြစ်စလောက် သူ့စည်းစိမ်ကလေးကို ဇရာမ စည်းစိမ်ကြီးထင်ကာ လွန်စွာ ဟန်ကြီးလေသည်"ဟု ကဲ့ရဲ့သောအသံကို ရှေ့ကနတ်သားကြား၍ တစ်ယောက်တစ်ခွန်း စကားများပြီးလျှင် နတ်သမီးတို့က တောင်းပန်တုန်းမှာပင် အလွန်နုနယ်သော နတ် ၂-ယောက်၏ ခန္ဓာကိုယ်သည် ဒေါသမီးအရှိန်ကြောင့် ဇီဝိန်ချုပ်ပျောက် ဆုံးခန်းရောက်ကြရရှာလေသည်[၄၈]။

**<u>အမှာအထား ကြွင်းမီးများ။</u>** ။ **သောကမီး**=ဝမ်းနည်းမှု၊ **ပရိဒေဝမီး**=ငိုကြွေးမှု၊ **ဒုက္ခမီး**=ကိုယ်ဆင်းရဲမှု၊ **ဒေါမနဿမီး**=စိတ်ဆင်းရဲမှု၊ **ဥပါယာသမီး**=ရှိက်ကာငင်ကာ ပြင်းစွာ ပူပန်ရမှုလည်း ဤဒေါသမီး၌ ပါဝင်လေပြီ။

**ယခု**–လူ့ပြည်၌လည်း မိမိနှင့်ချစ်ခင်သူ တစ်စုံတစ်ယောက်, သို့မဟုတ် တစ်စုံတစ်ခု ပျက်စီးခြင်းကြောင့် သောက, ပရိဒေဝစသော ဒေါသမီးများ လောင်လျက် စိတ်ကတောက်ကတက်ဖြစ်ကာ[၄၉] မစားနိုင် မသောက်နိုင် တမှိုင်မှိုင်နေပြီးလျှင် ဘဝတုံးသူတွေ အများပင် ရှိလေသည်။ ဤကိလေသာမီးပူကို တရားတော်က ကြားနာရုံမျှဖြင့် အေးငြိမ်းအောင် ငြှိမ်းနိုင်ပါသည်၊ ဤကား တရားတော်၏ "ကြားနာမှု" ဟူသော အစဏ်ကောင်းခြင်းပင်တည်း။

---

[၄၈] ဒီ၊ ဋ္ဌ၊ ၁၊ ၁၀၄-၁၀၅။ ရတနာဉ်ဂုဏ်ရည်၊ ၁၀၀-၁၀၁။

[၄၉] **ကတောက်ကတက်**–ကြိုဝ်/ဂဒေါက်ဂဒက်/မတည်မတန့်၊ မငြိမ်မသက်၊ လွှင့်လွှင့်ပါးပါး။ (မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ ၁၊ ၃)။ be troubled or anxious in mind

စိတ်ချမ်းသာစေတတ် ပီတိဖြစ်စေတတ်သော တရားဖြစ်သောကြောင့် အဲဒီတရားနာရသူမှာ သောက ပရိဒေဝ စသော အပူတွေ ကင်းရှင်၊ ရာဂကင်းရှင်၊ ဒေါသကင်းရှင်၊ အပူကင်း အညစ် အကြေးကင်း၍လည်း စိတ်ထဲမှာ အေးမြ ချမ်းသာ ပီတိ ပဿဒ္ဓိ ဖြစ်ကြရှင်။

**<u>ကျင့်လျှင် ချမ်းသာ</u>**– ဆိုတာက အကျင့်သီလဖြင့်ပင် ဘေးကင်း ရန်ကင်း စိတ်ချမ်းသာ ကိုယ်ချမ်း သာခြင်းကို ဖြစ်စေတတ်၏၊ သမာဓိ ပညာစသော အကျင့်များကို ကျင့်ပါမူကား တရားက တိုးတက် လေလေ ပီတိ ပဿဒ္ဓိ သုခ သမာဓိတွေ ဖြိုးဖြိုးဝေကာ ကောင်းလေလေ ဖြစ်ရတော့၏။

လူများစုက "ဘုရားရှင်ရဲ့ တရားတော်လာတဲ့အတိုင်း စောင့်စည်း ကျင့်ကြံနေရရင် စိတ်ကျဉ်း ကျပ်၍ ဆင်းရဲလိမ့်မယ်၊ ဘုရားရှင်ရဲ့ အလိုတော်နှင့် ဆန့်ကျင်တဲ့ လောကီအာရုံများကို လိုက်စားနေ ရမှသာ စိတ်ကျဉ်းကျပ်မှုမရှိပဲ ပျော်ရွှင်ဖွယ်ရှိမယ်"လို့ ထင်မှားနေတတ်ကြတယ်။ ဥပမာ- ညဉ့်အခါ မီးထွန်းထားရင် မီးရောင်ကို ရွှေတောင်ထင်လို့ ဝင်ရောက်တိုးတဲ့ ပိုးဖလံကောင်နှင့် တူလှတယ်၊ စင်စစ် မှာ လူတို့ထင်ကြသည့်အတိုင်းမဟုတ်၊ ဘုရားရှင့်အလိုတော်နှင့် ဆန့်ကျင်ဖက်ဖြစ်တဲ့ လောကီအာရုံ များကို လိုက်စားမှုကြောင့်သာ ဒီဘဝမှာပင် လူချင်းမတူ သူချင်းမမျှ နာလန်မထူနိုင်အောင် အောက် တန်းကျသွားသူတွေကို မြင်ကြရပေပြီ၊ ပါးနပ်လှ၍ ဒီဘဝမှာ လူတွင်ကျယ် ဖြစ်နေစေကာမူ နောင် သံသရာဝယ် လူပါး လူလည်လုပ်၍ ရတော့မည်မဟုတ်ပါ၊ မုချဆိုးဝါးကဲ့ ဒုက္ခများနှင့် တွေ့ကြရတော့ မယ်။

ဘုရားရှင့် အလိုတော်ကျအောင် တရားကို လိုက်နာကျင့်ကြံလျက် နေထိုင်ပါမူ လွန်စွာ ချမ်း သာပါမယ်၊ သားသမီးနှင့်တကွ တစ်အိမ်သားလုံး သူတော်ကောင်းချည်းဖြစ်ရင် မည်မျှ ချမ်းသာလိမ့် မည်၊ ဒီထက်အလွန် စိတ်တူသဘောတူ ပါရမီဖြည့်မှုကိုသာ ပဓာနထားကာ တရားဖက်လိုက်စား၍ အေးအေးဆေးဆေး နေနိုင်ကြပါရင် မည်မျှချမ်းသာလိမ့်မည်ကို ဆင်ခြင်တွေးဆနိုင်ကြပါတယ်။

**ဥဒယဘဒ္ဒဇာတ်တော်**[၄၄၄] ။ ။ ဘုရားရှင်နှင့် ယသော်ဓရာ လောင်းလျာနှစ်ပါးသည် ဥဒယဘဒ္ဒ မင်းသား ဥဒယဘဒ္ဒါမင်းသမီးအမည်ဖြင့် "သုဂုန်နန"ပြည်ကြီးကို အုပ်မျုပ်လျက် မင်းမိဖုရား ပြုလုပ်ခဲ့ကြ ဖူးလေ၏၊ ပါရမီဖြည့်ဖက်များ ဖြစ်ကြသည့်အလျောက် မည်မျှ ကြင်နာကြမည်ကိုကား စာဖြင့်ရေးသား၍ပင် ကုန်နိုင်ဖွယ်မရှိချေ၊ သို့သော် ဖတ္ထု မိကွဲ မောင်နှမလည်းဖြစ်ကြ, အသိအလိမ္မာမှာ အထွတ်

[၄၄၄] ဇာတကာ၊ ၁၊ ၂၃၁-၂၃၄။ ဌ၊ ၄၊ ၁၀၅-၁၁၅။ ငါးရာငါးဆယ်၊ ၃၊ ၇၇၀-၇၈၆။

အထိပ်ရောက်သော ပါရမီရှင်တွေလည်း ဖြစ်ကြသည့်အတိုင်း မင်းမိဖုရားအဖြစ်ဖြင့်နေကြပေမဲ့ လောကီ လူ့ကိစ္စ လူ့အာရုံ ကာမဂုဏ်များ၌ စိတ်စက်မည့်တက်ကြပဲ နန်းဆောင်တစ်ခန်းတည်းမှာပင် ဖြူဖြူစင်စင် စံတော်မူကြသတဲ့။ ထိုကဲ့သို့ စံနေစဉ် နောင်ရေးကိုတွေး၍ တစ်တန့်မှာ "မင်း မိဖုရား နှစ်ပါးတွင် အလျင်နတ်ရွာစံသူက ရောက်ရာဘဝမှလာ၍ ပြောကြစတမ်း"ဟု (အချင်းချင်း မခွဲလို သောကြောင့်) ကတိစကား သစ္စာထားကြ၏။ ထိုသို့ ကတိထားပြီးနောက် ဘုရင်မင်းမြတ်က ရှေးဦးစွာ နတ်ရွာစံနှင့်၍ တာဝတိ်သာနတ်ပြည်မှာ သိကြားမင်း ဖြစ်လေ၏။

ထို့နောက် ကာလအတော်ကြာမှ သတိရသဖြင့် မိဖုရားအထံသို့လာ၍ နတ်ပြည်၌ သိကြားမင်းဖြစ်ကြောင်း, ကိုယ် နှုတ် စိတ်များကို စောင့်စည်း၍ စွန့်ကြဲလှူဒါန်းနေပါလျှင် အတူတကွ ဖြစ်ဖို့ရန် ရှိကြောင်းနှင့် သံဝေဂတရားစကားများကို ပြောဆိုဆုံးမ၍ နတ်ပြည်သို့ ပြန်သွားလေသော် မိဖုရားလည်း ဆုံးမသည့်အတိုင်း လိုက်နာ၍ ကံကုန်သည့်အခါ သိကြားမင်း၏အထံ၌ မိဖုရားပင် ဖြစ်လေ၏။ ဤကား "ကျင့်ကြံမှု"ဟူသော အလယ်၏ကောင်းခြင်းဟူ၏။

**ကျင့်ပြီးခါလည်း,-- စခန်းသင့်အောင်**–ဆိုတာကတော့ အစွမ်းကုန်ကျင့်ပြီးသည့်အခါလည်း ကိလေသာ မီးများ တစ်ခါတည်း ချုပ်ငြိမ်းသဖြင့် ထီးနန်းစည်းစိမ်သာမက သာလွန် ငြိမ်းချမ်းတဲ့ နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် ရွေးချယ်တော်ဖြင့် ချိန်လျက် ဟောတော်မူထားရကား ဟောတော်မူသည့်အတိုင်း ကျင့်လျှင် နိဗ္ဗာန်ကို ကေန်ရနိုင်ပေ၏၊ ဤကား "ကျင့်ပြီးခြင်း"ဟူသော အဆုံး၏ကောင်းခြင်းတည်း။

## ၂-သန္ဓိဋ္ဌကဝုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

ဓမ္မော-မဂ် ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ **သန္ဓိဋ္ဌကော**–ဟောပြသလောက်, ကျင့်တိုင်းပေါက်၍, မဂ်ရောက်ဖိုလ်ထိ, ပညာရှိသည့်, များအရိယာ, သူတော်စွာတို့, သူတကာပြော, ယုံကြည်သောကြောင့်, သဘောချင်းထပ်, မဆည်းကပ်ပဲ, တပ်အပ်ထင်ထင်, ကိုယ်တိုင်လည်း သိမြင်ထိုက်ပါ၏။

**သန္ဓိဋ္ဌကဝုဏ်တော်** "ကိုယ်တိုင် သိမြင်တော်မူထိုက်၏"ဟူသော အနက်ကို ပြ၏၊ [**သံ**–ကိုယ်တိုင်+ **ဒိဋ္ဌိ**–သိမြင်ခြင်း+**တုက**–ထိုက်သည်။]

အရိယမဂ္ဂေါ တာဝ အတ္တနော သန္တာနေ ရာဂါဒီနံ အဘာဝံ ကရောန္တော

အရိယပုဂ္ဂလေန သာမံ ဒဋ္ဌဗ္ဗောတိ **သန္ဓိဋ္ဌကော**။

အပိစ နဝဝိဓောပိ လောကုတ္တရဓမ္မော ယေန ယေန အဓိဂတော၊ တေန တေန ပရသဒ္ဓါယ ဂန္တဗ္ဗတံ ဟိတွာ ပစ္စဝေက္ခဏာဉာဏေန သယံ ဒဋ္ဌဗ္ဗောတိ **သန္ဒိဋ္ဌိကော။**

အထ ဝါ ပသတ္ထာ ဒိဋ္ဌိ သန္ဒိဋ္ဌိ၊ သန္ဒိဋ္ဌိယာ ဇယတီတိ **သန္ဒိဋ္ဌိကော။** တထာ ဟေတ္ထ အရိယမဂ္ဂေါ သမ္ပယုတ္တာယ, အရိယဖလံ ကာရဏာဘူတာယ, နိဗ္ဗာနံ ဝိသယိဘူတာယ သန္ဒိဋ္ဌိယာ ကိလေသေ ဇယတိ၊ တသ္မာ ယထာ ရထေန ဇယတီဟိ ရထိကော၊ ဧဝံ နဝဝိဓောပိ လောကုတ္တရဓမ္မော သန္ဒိဋ္ဌိယာ ဇယတီတိ **သန္ဒိဋ္ဌိကော။**[၄၉၅]

အရိယာပုဂ္ဂိုလ်သည် မိမိ၏သန္တာန်၌ ရာဂစသည်တို့၏မရှိခြင်း-ကင်းခြင်းကို ပြုသည်ဖြစ်၍ အရိယမဂ်ကို ကိုယ်တိုင် တွေ့မြင်အပ်သောကြောင့် အရိယမဂ်သည် **သန္ဒိဋ္ဌိက**-ကိုယ်တိုင် တွေ့မြင်အပ်သော တရားမည်၏။ ဤအဆိုနှင့်အညီ---

အဂ်ုတ္တရနိကာယ် တိကနိပါတ် အညတရဗြာဟ္မဏသုတ် (အံ၊ ၁၊ ၁၅၆)၌---"ပုဏ္ဏား... တပ်မက်သောသူသည် ရာဂကိလေသာက လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ သူ့စိတ်ကို ရာဂကိလေသာက ဆွဲဆောင်သွားသည်ဖြစ်၍ မိမိကိုယ်ကို နှိပ်စက်ခြင်းငှါလည်း ကြံစည်အားထုတ်၏၊ သူတပါးကို နှိပ်စက်ခြင်းငှါလည်း ကြံစည်အားထုတ်၏၊ မိမိနှင့်သူတပါး နှစ်ဦးလုံးကို နှိပ်စက်ခြင်းငှါလည်း ကြံစည်အားထုတ်၏၊ စိတ်ထဲ၌ဖြစ်သော ဆင်းရဲခြင်း, နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ တပ်မက်မှုရာဂကို ပယ်လိုက်သည်ရှိသော် မိမိကိုယ်ကို နှိပ်စက်ခြင်းငှါလည်း မကြံစည်တော့, အားမထုတ်တော့သည်သာ၊ သူတပါးကို နှိပ်စက်ခြင်းငှါလည်း မကြံစည်တော့, အားမထုတ်တော့သည်သာ၊ မိမိနှင့် သူတပါး နှစ်ဦးလုံးကို နှိပ်စက်ခြင်းငှါလည်း မကြံစည်တော့, အားမထုတ်တော့သည်သာ၊ စိတ်ထဲ၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရတော့သည်သာ၊ ပုဏ္ဏား...ဤသို့လည်း တရားသည် ကိုယ်တိုင်တွေ့မြင်အပ်သော **"သန္ဒိဋ္ဌိက"**ဖြစ်ပေ၏[၄၉၆]။

တနည်းမှာ--လောကုတ္တရာတရား ကိုးပါးကို ရပြီးသော ထိုထိုပုဂ္ဂိုလ်သည် သူတပါးကို ယုံကြည်၍ သိအပ်မှတ်ယူသည်၏အဖြစ်ကို ပယ်လျက် ပစ္စဝေက္ခဏာခေါ် ဆင်ခြင်ဉာဏ်ဖြင့် ကိုယ်တိုင်တွေ့မြင်အပ်သောကြောင့် လောကုတ္တရာတရားကိုးပါးသည် ကိုယ်တိုင်တွေ့မြင်ရသော **(သန္ဒိဋ္ဌိက)** တရားမည်၏။ သူတပါးအပြောဖြင့် ယုံကြည်လက်ခံရသည်မဟုတ်ပဲ ကိုယ်တွေ့ဒိဋ္ဌ တွေ့ရမြင်ရ သိရသော မဂ်ဖိုလ် နိဗ္ဗာန်တရားများကို သန္ဒိဋ္ဌိကဆို၏။ မဂ်ဖိုလ်နိဗ္ဗာန်ပှာ ကိုယ်တွေ့သိရသော သန္ဒိဋ္ဌိက

---

[၄၉၅] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ဓမ္မာနုဿတိကထာ၊ ၂၀၉။

[၄၉၆] ဝိသုဒ္ဓိမဂ်-မြန်မာပြန်၊ ၂။ ဆအနုဿတိနိဒ္ဒေသ၊ ၁၇၃-၁၇၄။

ဂုဏ်ရှိသည်ဟုဆိုသဖြင့် သာသနာ့ပြင်ပ အယူအဆဓမ္မများ၌ ကိုယ်တွေ့သိခြင်းဖြင့် သိရသည်မဟုတ်ပဲ သူများအပြောဖြင့်သာ ယုံကြည်နေရသော ဓမ္မများသာ ဖြစ်ကြောင်းသိရ၏၊ ဗြာဟ္မဏဝါဒ၌ စျာန်တရားများရှိ၏၊ ကိုယ့်တွေ့လည်း ဖြစ်၏၊ သို့သော် ထိုစျာန်တရားများမှာ နိဗ္ဗာန်ကဲ့သို့ ဒုက္ခခပ်သိမ်း ငြိမ်းစေတတ်သော ဓာတ်မဟုတ်၊ ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားများသာတည်း၊ ဗြဟ္မာကို သူတို့က "ကမ္ဘာနှင့် သတ္တဝါတို့ကို ဖန်ဆင်းသူ, မအိုမသေအမြဲတည်နေသူ" ဟုဆိုရာ ယင်းဗြဟ္မာတို့၏ နေရာဘုံကို သူတို့အလို နိဗ္ဗာန်တစ်မျိုးပင် ဆိုရ၏၊ ဗြဟ္မာကို အမြဲတည်နေသူ-ဟု ဆိုသည်မှာ သူတို့ကိုယ့်တွေ့သိမဟုတ်ပဲ သူများအပြောမျှသာဖြစ်၏၊ ဗုဒ္ဓဝါဒအရ အမှန်မှာ သူတို့ပြောသလို အနိစ္စဓာတ်မဟုတ်ပဲ ရုပ်ဓာတ် နာမ်ဓာတ်ပင်ဖြစ်၍ တနေ့ သေကျေပျက်စီးကာ အပါယ်အထိ ထိုးကျနိုင်သော ဓာတ်တို့သာတည်း။

**ဗကဗြဟ္မာ သူထင်ရာ။** ။ဗကဗြဟ္မာကြီးက သူ့ကိုယ်သူ မြဲ၏, ကမ္ဘာလောကကို သူဖန်ဆင်းသည်ထင်နေ၏၊ သူထင်သလို မဟုတ်ကြောင်း နားလည်အောင် ဘုရားရှင် ကြွရောက်ကာ ဆုံးမတော်မူခဲ့၏၊ အချို့က ကောင်းကင်းဘုံ၌ ကမ္ဘာကို ဖန်ဆင်းသော ထာဝရတည်နေသော အနန္တတန်ခိုးရှင်ရှိသည်ဟု ယုံကြည်ကြ၏၊ သူ၏တပည့်ကောင်းများမှာ ထိုတန်ခိုးရှင်ထံ ရောက်ကြရသည်ဆို၏၊ ထိုအနန္တတန်ခိုးရှင်တို့၏နေရာ ကောင်းကင်ဘုံဟူသည် သူတို့အလို နိဗ္ဗာန်တစ်မျိုးပင်တည်း၊ သို့သော် ထိုနိဗ္ဗာန်မျိုးလည်း ပြောသူကလည်း သူပြောဖြင့် ယုံကြည်ခဲ့၍ နာသူကလည်း သူပြောအရသာဖြစ်ရာအပြောသာရှိ၍ တကယ်မြင်အောင် လက်တွေ့မပြနိုင်သောကြောင့် ကိုယ်တွေ့သိရသော ဤသာသနာက နိဗ္ဗာန်မျိုးကားမဟုတ်ပါ၊ အခြားမိစ္ဆာဝါဒ အမျိုးမျိုးမှာတော့ စိတ်ကူးချက် အထင်မှားချက်များသာဖြစ်၍ ကိုယ်တွေ့သိအောင် မညွှန်ပြနိုင်ပါ။

**ဟိန္ဒူတရား။ စျာန်ဘိညာဉ်များ။ ရငြားနိုင်သော်လည်း။** ။ အခြားတရားများတွင် ဟိန္ဒူတရား၌သာ လောကီစျာန် အဘိညာဉ်ရစေနိုင်သော အစီအစဉ်ရှိ၏၊ လောကမှ လွတ်မြောက်ကြောင်းဖြစ်သော မဂ်ရား ဖိုလ်တရားတို့ကား မရှိချေ၊ အခြားသော ဘာသာတို့၌ကား စျာန် အဘိညာဉ်ကိုမျှ ရနိုင်သော အစီအစဉ်မရှိချေ၊ သူတို့တရားတွေကို မည်မျှလောက် ကျင့်နေသော်လည်း ကိုယ်တိုင် ဒိဋ္ဌ သိမြင်ရမည်မဟုတ်ချေ၊ တရားဟောဆရာတို့၏ အဟောဖြင့်သာ ကျေနပ်နေကြရသည်။ တရားတော်ကို ထားလိုက်ပါဦး၊ ထိုတရားကို ဟောပြပညတ်ခဲ့သော ဘုရားလုပ်သူကိုပင် အချို့ဘာသာတို့၌ အထင်အရှားပြနိုင်သောအစွမ်းမရှိကြ။ ကောင်းကင်းဘုံမှာနေသလိုလို, ဟိုမှာလိုလို, သည်မှာလိုလိုနှင့် ယိုးတိုးယား

တားဖြင့်သာ ကျေနပ်ကြရသည်၊ ထိုသူတို့ဘုရား၌ "ဘုရားဖြစ်ဖို့ရာ မည်သည့် ကောင်းမှုပါရမီကို ဆည်းပူးဖြည့်ကျင့်လျက် မည်သည့်အမျိုးမြတ်, အဆွေမြတ်တွင်ဖွားပြီးလျှင် မည်ကဲ့သို့ တရားအား ထုတ်၍ မည်သည့်အရပ်၌ ဘုရားဖြစ်ပြီးနောက် မည်မျှလောက် ကြာအောင် တရားဟော၍ မည်မျှ သတ္တဝါတွေကို အကျွတ်တရားရစေသည်" ကျကျနန ပြစရာမရှိပါချေ။ ဗုဒ္ဓဘာသာဝင်တို့၏ ရှင်တော် မြတ်အတွက်ကား ထိုအားလုံးကို စေ့စေ့ငင ပြသနိုင်သည်၊ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာ ခန့်လောက်က အိန္ဒိယပြည်ဝယ် ငါတို့၏ ဘုရားရှင်ပွင့်ထွန်းတော်မူခဲ့ကြောင်းကို ဘုရားရှင်၏ သီတင်းသုံးတော်မူရာအရပ်နှင့် အဆောက်အအုံအစအနများ ယခုတိုင် ထင်ရှားရှိသေးသဖြင့် မည်သူ မျှ ငြင်းဆန်ဖွယ် မရှိပြီ။

ထိုဘုရားရှင်၏ တရားတော်များလည်း ယခုတိုင် ထင်ရှားရှိကြသေး၏၊ ထိုတရားတော်လာ သည့်အတိုင်းကျင့်ပါလျှင် ကိုယ်တိုင် ဒိဋ္ဌ သိမြင်နိုင်၏၊ ကိုယ့်သန္တာန်မှာ မဂ်တရား ဖိုလ်တရား ဖြစ်ပေါ် ခနသည်ကို ကိုယ်တိုင်သိနိုင်၏၊ ထိုမဂ်ဖိုလ်ကိုရသောအခါ နိဗ္ဗာန်ကို ကိုယ်တိုင်မြင်နိုင်၏၊ ဤလို ကိုယ် ကိုင်မြင်ရသောတရားဖြစ်ရကား အခြားဘာသာတို့က လောကီဂုဏ်ကိုပြ၍ မည်မျှပင် သွေးဆောင်ကြ ခစကာမူ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍လည်းကောင်း, အခြားပညာရှင်များနှင့် ဆွေးနွေးသောအားဖြင့် သည်းကောင်း ယုံကြည်မှုသဒ္ဓါအစစ် ဖြစ်ကြပါစေ[၄၉၇]။

ဤသာသနာ၌ နိဗ္ဗာနဓာတ်ကား ကိုယ်တွေ့သိမြင်ရ ခံစားရမသော ဓာတ်ကြီးသာဖြစ်၏၊ ဆိုနိဗ္ဗာန် အငြိမ်းဓာတ်ကို တွေ့သိရလျှင် နောက်နောင် မဆုံးအောင် ခံစားရဦးမည့် သံသရာဒုက္ခတွေ သက်စသိမ်း၍ ငြိမ်းတော့မည်ကိုလည်း သိနိုင်တော့၏၊ ထိုနိဗ္ဗာန်ကို မြင်နိုင်သော မဂ်တရား ဖိုလ် ဘရားများ မိမိသန္တာန်မှာ ဖြစ်လာသည်ကိုလည်း ထင်ထင်ရှားရှား သိရသည်သာတည်း။

ဘုရားရှင် ဟောတော်မူအပ်သော တရားတော်သည် ဟောတော်မူထားသည့်အတိုင်းသာ ကျင့်ကြံအားထုတ်ကြလျှင် မဂ်ဖိုလ်အထိ ပေါက်ရောက်နိုင်ပေ၏၊ မဂ်ဖိုလ်ရလျှင် နိဗ္ဗာန်ကို ကိုယ်တိုင် သိနိုင်၏၊ ထို့ကြောင့် အရိယာအပေါင်း သူတော်ကောင်းတို့သည် သူတကာအပြောကောင်း ၍ ယုံကြည်ကျေနပ် သဘောချင်းထပ်မိ၍ ဆည်းကပ်ကျင့်ကြံရသည်မဟုတ်ပဲ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ခလောကုတ္တရာတရား ကိုးပါးကို တပ်အပ်ထင်ထင် ကိုယ်တိုင် သိမြင်နိုင်ကြပေသည်။

---

[၄၉၇] ရတနာဂုဏ်ရည်၊ သန္ဓိဋ္ဌကဂုဏ်တော်အဖွင့်၊ ၁၀၆–၁၀၇။

**တရားမတွေ့ရခြင်း အပြစ်။** ။ ဤမဂ်ဖိုလ်နိဗ္ဗာန် တရားများကို မမြင်ခင် ပုထုဇဉ်အနေနဲ့ အခြား ထူးသလိုရှိသောပုဂ္ဂိုလ်ကိုမြင်လျှင် မြတ်နိုးတတ်၏၊ ကြည်ညိုတတ်၏၊ ဆရာပြောင်းတတ်၏၊ သုနက္ခတ္တရဟန်းမှာ ဘုရားရှင်၏တပည့် အလုပ်အကျွေးဖြစ်၏၊ ဘုရားရှင်၏ ကျက်သရေနှင့် အကျင့်အမျိုးမျိုး တန်ခိုးတော် ဉာဏ်တော်များကို မြင်ရ သိနေရသော သူလည်းဖြစ်၏၊ ထိုသို့ ကျက်သရေရှင် ဘုန်းရှင် ဉာဏ်ရှင် တန်ခိုးရှင်နောက်က သပိတ်ပိုက်လိုက်နေရသူဖြစ်ပါလျက် ဖိုခနောက်ကြား ပြာပုံမှာ အိပ်ကာခွေးလို လေးဖက်ထောက်စား ခွေးအကျင့် ကျင့်နေသော ကျက်သရေမဲ့လှသော ကောရဝတ္တိယတက္ကတွန်းကြီးကို ရဟန္တာ–ဟု အထင်ကြီးလေသည်၊ ဘုရားရှင်ကသိ၍ အပြစ်တင်သောအခါ ဘုရားရှင်ကိုပင် ပြန်ငေါ့လိုက်သေးသည်မှာ "မြတ်စွာဘုရား...သူတပါး၏ အရဟတ္တဖိုလ်ကို ဝန်မတိုပါနှင့်"တဲ့[၄၉၀]။ တရားမသိသော ပုထုဇဉ်ဘဝမှာ ဘယ်မျှစိတ်ပျက်ဖွယ် ကောင်းပါသနည်း?[၄၉၁]

**ကောသလမင်း လျှောက်ထားချက်။** ။ ကိုယ်တွေ့တရား သိရသူကား ဘုရားထက် ပို၍ လေးစားအပ် မြတ်နိုးအပ်ပူဇော်အပ်သောသူ–ဟုရှာမတွေ့ရတော့ပါ၊ ဤအချက်နှင့်ပတ်သက်၍ ကောသလမင်းကြီး လျှောက်ထားချက်မှ ကောက်နုတ်ချက်ကိုပြဆိုပါမည်။ မင်းကြီးလျှောက်ပုံမှာ "မြတ်စွာဘုရား... ဣသိဒတ္တနှင့် ပုရာဏာမည်သော လက်သမားဆရာကြီးများမှာ တပည့်တော်က ယာဉ်, ရိက္ခာ, အသက်မွေးမှု, အခြွေအရံတွေပေးထားသူဖြစ်ပါလျက် ရှင်တော်မြတ်ကို လေးစားသလောက် တပည့်တော်အားမလေးစားကြပါ၊ တခါက စစ်ထွက်ခိုက်ကြိုသောအခါ သူတို့ကို စုံစမ်းလို၍ ကျဉ်းမြောင်းသောတနေရာ၌ သူတို့နှင့်အတူအိပ်ကာ တပည့်တော် အိပ်ချင်ယောင်ဆောင်နေပါသည်၊ သူတို့နှစ်ယောက် အတော်ညဉ့်နက်အောင် တရားဆွေးနွေးပြီး ဘုရားရှင်ရှိရာခေါင်းထားလျက် တပည့်တော်ဖက်ခြေပြုကာ အိပ်ကြပါသည်၊ ထိုအခါ 'အံ့ဖွယ် ရှိပါပေစွ၊ ဤဣသိဒတ္တနှင့် ပုရာဏတို့သည် ယာဉ်, ရိက္ခာ, အခြွေအရံ, အသက်မွေးမှုမှန်သမျှ ငါထံမှရနေသူများဖြစ်ကြပါလျက် ဘုရားရှင်ကို လေးစားသလောက် ငါ့ကိုမလေးစားကြ၊ ဇကန်ပင် သူတို့မှာ တရားထူးတွေ အဆင့်ဆင့် မြင့်သထက်မြင့်ကာ သိလာသောကြောင့်ပဲ"ဟု တအံ့တသြတွေးတော အားရမိခဲ့ပါသည်၊ ထိုသို့အားရဖွယ် မြင်ရသော

---

[၄၉၀] ပါထိကဝဂ္ဂ၊ ပါထိကသုတ္တ၊ ကောရက္ခတ္တိယဝတ္ထု (ဒီ၊ ဘ၊ ၄–၅)။

[၄၉၁] ပရိတ်ကြီးနိဿယသစ်၊ ၄၈၇–၄၈၈။

## ဓကွဲသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ကြောင့်ပင် ရှင်တော်မြတ်၏ ဘုရားစစ်မှန်ပုံ, တရားတော်၏ကောင်းမြတ်ပုံ, သံဃာ၏ စစ်မှန်သော သံဃာဖြစ်ပုံကို မှန်းဆကြည်ညိုနိုင်ခဲ့ပါသည်"[၅၀] ဟု လျှောက်ထားလေသည်။

**အမှာ။** ။ ဓမ္မကွန္ဒာတရားတော်များသည် ဘုရားရှင်၏ စကားတော်အစဉ်သာဖြစ်၍ ကိုယ်တိုင်သိရ, မြင်ရ, ကိုယ်သန္တာန်၌ ဖြစ်စေရမည့်တရား မဟုတ်သောကြောင့် ဤသန္နိဋ္ဌကဂုဏ်တော်၌ မပါဝင်ချေ။

နောက်တစ်နည်းမှာ---ချီးမွမ်းအပ်သောဉာဏ်အမြင်သည် **"သန္နိဋ္ဌက"** မည်၏။ သန္နိဋ္ဌကမည်သော ဉာဏ်အမြင်ဖြင့် အောင်နိုင်တတ်သောကြောင့် (လောကုတ္တရာတရား)သည် **သန္နိဋ္ဌက**မည်၏။ ချဲ့၍ပြရလျှင်---ဤလောကုတ္တရာတရားတို့တွင် အရိယမဂ်သည် ယုဉ်ဘက်ဖြစ်သော (သန္နိဋ္ဌကမည်သော မဂ်ဉာဏ်အမြင်ဖြင့်), အရိယဖိုလ်သည် အကြောင်းဖြစ်သော (သန္နိဋ္ဌကမည်သော မဂ်ဉာဏ်အမြင်ဖြင့်), နိဗ္ဗာန်သည် မိမိကိုအာရုံပြုသော သန္နိဋ္ဌကမည်သော မဂ်ဉာဏ်အမြင်ဖြင့် ကိလေသာတို့ကို အောင်နိုင်တတ်သောကြောင့် ရထားဖြင့် အောင်နိုင်တတ်သော စစ်သူရဲသည် ရထိကမည်သကဲ့သို့ လောကုတ္တရာတရားသည် သန္နိဋ္ဌကမည်သော မဂ်ဉာဏ်အမြင်ဖြင့် အောင်နိုင်တတ်သောကြောင့် **သန္နိဋ္ဌက**–မည်ပေ၏[၅၁]။

## ၃–အကာလိကဂုဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဓမ္မော–သောတာပတ္တိ, စသည်ဆင့်တက်, လေးချက်အပြား, မဂ်တရားသည်၊ **အကာလိကော**–ငါး ရက် ခုနစ်ရက်, စသည်တက်၍, ငံ့လျက်ရှည်ဝေး, အကျိုးပေးရာ, အခါမငံ့, အခြားမဲ့ဖိုလ်, အကျိုးကိုလည်း ပေးတော်မူတတ်ပါပေ၏။

**အကာလိက**ဂုဏ်တော်သည် "အကျိုးပေးဖို့ အချိန်ဆွဲ၍ ဖင့်နွှဲခြင်းပရှိပဲ ချက်ချင်း အကျိုးပေးတတ်သောတရား" ဟူသောအနက်ကို ပြ၏။ [**အ**–မရှိ+**ကာလ**–အကျိုးပေးရန် ငံ့လင့်ရသော ကာလ= **အကာလ–အကာလိက**–ငံ့လင့်ရသော ကာလမရှိပဲ ချက်ချင်း အကျိုးပေးတတ်သောတရား။]

---

[၅၀] မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတိယသုတ်၊ (မ၊ ၂၊ ၃၂၅-၃၂၆)။

[၅၁] ဝိသုဒ္ဓိမဂ်-မြန်မာပြန်၊ ၂၊ ၁၇၄-၁၇၅။

**အကာလိကဂုဏ်မှာ မဂ်နှင့်ဆိုင်ပါ။** ။ ဒီ**အကာလိက**ဂုဏ်တော်က မဂ်လေးပါးနှင့်သာဆိုင်တယ်၊ မဂ်တရား–ဆိုတာ ကုသိုလ်တရားဖြစ်တယ်၊ ပုဂ္ဂိုလ်တစ်ဦးသန္တာန်၌ မဂ်ရအောင် ကမ္မဋ္ဌာန်းအားထုတ်လို့ မဂ်ကုသိုလ်စိတ်ဖြစ်လျှင် ချက်ချင်း ဖိုလ်စိတ်–ဆိုတဲ့ အကျိုးလည်း တစ်ဆက်တည်း ပေါ်လာတယ်၊ လောကိကုသိုလ်များလို ၅–ရက်, ၇–ရက်, ၁–ဘဝ, ၂–ဘဝ စသည်ဖြင့် အချိန်ဆွဲ၍ ဖင့်နွဲခြင်းမရှိ၊ ချက်ချင်း အကျိုးပေးနိုင်တဲ့ ဂုဏ်ထူးရှိတယ်–လို့ ဆိုလိုတယ်။ ဒီ"အကာလိက"ဂုဏ်တော်ကိုကား အဘိဓမ္မာ သဘောတရား လေ့လာသင့်ကြားဖူးသူတို့သာ ကျကျနန သဘောကျနိုင်စရာရှိပါတယ်။

မဂ်ကား အကြောင်း ကုသိုလ်, ဖိုလ်ကား အကျိုးဝိပါက်ဖြစ်တယ်၊ မဂ်က ကိလေသာတွေကို သတ်ပေးတယ်၊ ကိလေသာ ကင်းငြိမ်းခြင်းသုခကို ဖိုလ်က ခံစားရတယ်၊ အခြား ကုသိုလ်များကား နောင်ဘဝမှ အကျိုးပေး၏၊ အကျိုးပေး မြန်တယ်ဆိုတဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံများပင် ငါးရက် ခုနစ်ရက်ကြာမှပေးတယ်၊ **ပုဏ္ဏ**[၅၀၂], **ကာကဝလိယ**[၅၀၃]စသော အချို့သူတို့၏ ကံများမှာ နေ့ချင်းအကျိုးပေးရာ ထိုကံများပင် နာရီအတော်ခြားပြီးမှ အကျိုးရတယ်၊ မဂ်တရားတို့မှာ တခြားကုသိုလ်များလို ကာလမဆိုင်းပဲ တစ်ဆက်တည်း အကျိုးပေးနိုင်တာကတော့ ကိလေသာတို့ကို တခါတည်းအပြီးအပြတ် ပယ်သတ်နိုင်တဲ့ အလွန်အားကြီးသော အာနဘော်ဖြစ်တယ်၊ ဒီအာနဘောကြောင့် အကျိုးပေးရာမှာလည်း တခြားကုသိုလ်တို့၏ အကျိုးထက် သာလွန်လျက် တုမရတဲ့ အကျိုးကို ပေးစွမ်းနိုင်တော့၏၊ တခြားကုသိုလ်တို့၏အကျိုးမှာ ကိလေသာမကင်း ဒုက္ခမရှင်းတဲ့ အကျိုးများသာဖြစ်ရာ ကိလေသာကင်း ဒုက္ခရှင်း၍ အေးငြိမ်းခြင်းသုခခံစားရတဲ့ ဖလချမ်းသာမှာ အကျိုးချမ်းသာတကာတို့၏ အထွတ်အထိပ် ဖြစ်တော့၏။

---

[၅၀၂] ရာဇဖြိုဟ်မြို့၌ **ပုဏ္ဏ**အမည်ရှိသော ဆင်းရဲသားတစ်ဦးသည် သုမနသူဌေးကြီး၏လယ်ယာထွန်ယက်နေစဉ် နိရောဓ သမာပတ်မှထလာသော အရှင်သာရိပုတ္တရာမထေရ်အား မျက်နှာသစ်ရေနှင့် ဒန်ပူလှူခဲ့သောကောင်းမှုနှင့် ပုဏ္ဏ၏ ဇနီးသည်ကလည်း မထေရ်မြတ်အား ဆွမ်းလောင်းလှူခဲ့သောကောင်းမှုကြောင့် ထိုနေ့၌ပင် မိမိထွန်ခဲ့သော ထွန်စာခဲအားလုံး ရွှေတုံးများဖြစ်နေ၍ သူဌေးဖြစ်ခဲ့လေသည်။ (မ၊ ၌၊ ၄၊ ၃။) **နေ့ချင်း အကျိုးပေး၏။**

[၅၀၃] **ကာကဝလိယအမည်ရှိ သူဆင်းရဲဇနီးမောင်နှံတို့သည်** ရာဇဖြိုဟ်မြို့၌ နေကြသည်၊ တစ်နေ့သ၌ ဆွမ်းကြွင်းဆွမ်းကျန်စားရန် ဝေဋ္ဌုဝန်ကျောင်းတော်သို့ သွားနေစဉ် ဇနီးဖြစ်သူက နိရောဓသမာပတ်မှထသော အရှင်မဟာကဿပမထေရ်အား သစ်ရွက်နှင့်ရောသော ဆားမပါတဲ့ ချဉ်သော ယာဂုကစီရည်ကို လှူဒါန်းလေသည်၊ မထေရ်မြတ်က ဘုရားရှင့်နှင့်တကွ သံဃာတော် ၅၀၀–အား ဆက်ကပ် လှူဒါန်းသည်၊ ဤကောင်းမှုကြောင့် ကာကဝလိယဇနီးမောင်နှံတို့ ယနေ့မှ ခုနစ်ရက်မြောက်နေ့တွင် သူဌေးဖြစ်လိမ့်မည်–ဟု ဘုရားရှင် မိန့်ကြားတော်မူသည်၊ ထို့နောက် ဇနီးဖြစ်သူက ဗိမ္ဗိသာရမင်းကြီး၏ ပွဲတော်စာကို ညဉ့်အချိန် ရာဇဝတ်သားအား ကျွေးရန်အသွားတွင် ဒီဃတာလဘိလူး၏ ဇနီးသည်သားဖွားမြင်ကြောင်းသတင်းကို ယောက္ခမဖြစ်သူ သုမနနတ်မင်းကြီးထံပို့ပေးသောကြောင့် ဒီဃတာလဘိလူးနှင့် သုမနနတ်မင်းကြီးထံမှ ရွှေအိုးများရရှိသည့်အတွက် ဗိမ္ဗိသာရမင်းကြီးက သူတို့ဇနီးမောင်နှံအား သူဌေးအရာ ပေးသနားတော်မူလေသည်။ (မ၊ ၌၊ ၄၊ ကာဋ္ဌဝဋ္ဌိယ၊ ၄–၅။ ဝိသုဒ္ဓိမဂ်၊ ၂၊ ကာကဝလိယ၊ ၃၃။) **ခုနစ်ရက်မြောက်နေ့၌ အကျိုးပေး၏။**

အတ္တနော ဖလဒါနံ သန္ဓာယ နာဿ ကာလော‌တိ အကာလော၊ အကာလောယေဝ **အကာလိကော**။ န ပဋ္ဌဟသတ္တာဟာဒိဘေဒံ ကာလံ ခေပေတ္ဝာ ဖလံ ဒေတိ၊ အတ္တနော ပန ပဝတ္တိသမနန္တရမေဝ ဖလဒေါတိ ဝုတ္တံ ဟောတိ။

အထ ဝါ အတ္တနော ဖလဒါနေ ပဂေဒ္ဓော (ဒ္ဓရော) ကာလော ပတ္တော အဿာတိ ကာလိကော။ ကော သော? လောကိယော ကုသလဓမ္မော။ အယံ ပန သမနန္တရဖလတ္တာ နိ ကာလိကောတိ အကာလိကော။ ကုဒံ မဂ္ဂမေဝ သန္ဓာယ ဝုတ္တံ[၁၀၄]။

**<u>ဒိဋ္ဌဓမ္မဝေဒနီယကံအကျိုးပေးရာ ကြောင်းလေးဖြာ</u>**

(၁) တရားနှင့်အညီ ရှာဖွေရရှိထားသော အလှူဝတ္ထု။

(၂) ကံနှင့် ကံ၏အကျိုး စသည်များကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်၍ ပေးလှူသော သူ၏ မြင့်မားလှစွာသော ကြိုးကဲလှုံ့ဆော်မှု စေတနာ၊

(၃) အလှူခံရသူ ရဟန္တာ၊

(၄) ထိုရဟန္တာ၏ နိရောဓသမာပတ်မှ ထစအချိန်---

ဤလေးပါးနှင့်ပြည့်စုံလျှင် ကုသိုလ်အကျိုးများကို ပုဏ္ဏား, ကာကဝလိယတို့ကဲ့သို့ မျက်မှောက်ဘဝ၌ပင် ရရှိခံစားရသည်။

ဤမသို့ ဌာနေ စတသော **ဒက္ခိဏာဝိသုဒ္ဓိယော** ဂဟိတာ ပစ္စယာနံ ဓမ္မိကတာ, စေတနာမဟုတ်, ဝတ္ထုသမ္ပတ္တိ, ဂုဏာတိရေကတာတိ။ တတ္ထ ဓမ္မေန သမေန ဥပ္ပန္နာ ပစ္စယာ **ဓမ္မိကာ** နာမ၊ သဒ္ဒဟိတွာ သြကပ္ပေတွာ ဒဒတော ပန **စေတနာမဟုတ်** နာမ ဟောတိ၊ ခိဏာသဝဘာဝေါ **ဝတ္ထုသမ္ပတ္တိ** နာမ၊ ခိဏာသဝသော နိရောဓာ ဝုဋ္ဌိတဘာဝေါ **ဂုဏာတိရေကတာ** နာမ။ ဤမာနိ စတ္တာရိ သမောဓာနေတွာ ဒါတုံ

---

[၁၀၄] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ဓမ္မာနုဿတိကထာ၊ ၂၀၉။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ (၁၇၅-၁၇၆)၌ "မိမိ၏အကျိုးပေးခြင်းကို ရည်၍ ပုဂ္ဂိုလ်ရာ အား ကာလသည် မရှိ၊ ထို့ကြောင့် (ထိုတရားသည်) အကာလမည်၏။ အကာလ (ကာလမရှိသော တရားသည်ပင်လျှင် **အကာလိက** မည်၏။ ငါးရက် ခုနစ်ရက်စသည် အပြားရှိသော ကာလကို ကုန်လွန်စေ၍ (ဝါ-ကုန် လွန်ပေါ်ပြီးမှ) အကျိုးပေးသည် မဟုတ်၊ စင်စစ်သော် ကား မိမိဖြစ်ပြီး၏အခြားမဲ့၌ပင်လျှင် အကျိုးပေးတတ်သည်ဟု ဆိုလို၏။ တနည်းကား ပုဂ္ဂိုလ် ရာဇာ မိမိ၏အကျိုးပေးခြင်း၌ မျော်လင့်သော ကာလသည် ဝေး၏၊ ထို့ကြောင့် ကာလိက-မည်၏။ ထိုသည် အဘယ်နည်း? လေ့ကျင့်ကုံ သိလိုရာများပေသည်။ ဤလေ့ကျင့်ရာ ကုသိုလ်တရားသည်ကား မိမိ၏အခြားမဲ့၌ အကျိုးပေးတတ်သောကြောင့် ကာလိက အကျိုးပေးရာ ကာလ ထောင်သောကာရ ဖြစ်ပေတော်၏ ထို့ကြောင့် **အကာလိက** မည်ပေ၏။ (အကာလိကော-အကျိုးပေးရန် ငံ့လင့်သော ကာလမရှိ၊ ချက်ခြင်း အကျိုးပေးသော ကာလသို့ ပြန်မကွက်-ဟူသော) ဤ ဂုဏ်ပုဒ်ကို မင်္ဂတရားကိုသာ ရည်၍ ဟောအပ်ပေသည်။

သက္ကောန္တသ ကာမာဝစရံ ကုသလံ ဣမသ္မိံယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ၊ ပုဏ္ဏကသေဋ္ဌိ ကာကဝလိယ သုမနမာလာကာရာဒိနံ ဝိယ။ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၀၆။ အံ၊ ဋ္ဌ၊ ၂၊ ၁၀၄။) ကာလဝလိယ (သျာ)၊ ကာဋ္ဌဝဋ္ဌိယ (မ၊ ဋ္ဌ၊ ၄၊ ၄)၊ ကာဋ္ဌဝိဋ္ဌဂိကော (သီ)၊ ကာဋ္ဌဝလ္လိယ (က)။

## ၄–ဖေဟိပဿိကဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

ဓမ္မော–မဂ် ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ **ဖေဟိပဿိကော**–ဝေဟာတက် ထွန်း, ယုဂန်စွန်း၌, လဝန်းအလား, ပတ္တမြားသဖွယ်, စင်ကြယ်ထင်ရှား, ရှိသည်များကြောင့်, အားရ ရွှင်လန်း, လိုက်ခဲ့စမ်းပါ, ရှုစမ်းပါဟု, သံသာချိုမြ, ဖိတ်ခေါ်ပြဖို့, မုချဧကန်, အမှန်သင့်လျော်, ထိုက် တော် မူပါပေ၏။

**ဖေဟိပဿိက**ဂုဏ်တော်သည် "လိုက်ခဲ့စမ်းပါ လာစမ်းပါ, ကျင့်ကြည့်လှည့်စမ်းပါ"ဟု ဖိတ်ခေါ် ထိုက်သောတရား–ဟူသောအနက်ကိုပြ၏။ [**ဖေဟိ**–လိုက်ခဲ့စမ်းပါ လာစမ်းပါ+ **ပဿ**–ကြည့်ရှုလှည့် စမ်းပါ (ဟူသော ဖိတ်မန်ခြင်းအစိအရင်ကို)+ **ဣက**–ထိုက်သည်= **ဖေဟိပဿိက**–လိုက်ခဲ့စမ်းပါ လာစမ်း ပါ, ကျင့်ကြည့်လှည့်စမ်းပါ–ဟု ဖိတ်မန်ထိုက်သောတရား။]

လောကမှာ သေတ္တာစသည်တို့၏ အတွင်းဝယ် ရွှေ ငွေ ဘာမျှမရှိပါပဲလျက် "လာစမ်းပါ, ကြည့်စမ်းပါ"ဟု ခေါ်ယူပြသခြင်းငှါ မထိုက်၊ ရှိပင်ရှိသော်လည်း ထိုဝတ္ထုက ကြည့်ရှုဖွယ် ကောင်း လောက်အောင် အဖိုးထိုက် အဖိုးတန်လှပတဲ့ အရာဝတ္ထုမျိုး မဟုတ်ပဲ သာမန်ဝတ္ထုမျိုး ဖြစ်နေပြန်လျှင် လည်း အရေးတကြီး ခေါ်ငင်ပြသခြင်းငှါမထိုက်၊ ဘုရားရှင်၏ တရားတော်ကား ကောင်းကင် မှာ ယုဂန္ဓိုရ်တောင်စွန်းမှ တက်ထွန်းလာသော လပြည့်ဝန်းကြီးအလား ပတ္တမြားရတနာသဖွယ် အလွန်စင်ကြယ် သန့်ရှင်း၍ အပြစ်ကင်းသည့်အပြင် အမှန်ပင် ထင်ရှားရှိသောကြောင့် "လိုက်ခဲ့စမ်း ပါ, မည်မျှ အဖိုးတန်၍ အကျိုးများတဲ့တရား–ဟု ကိုယ်တိုင်သိရအောင် ကျင့်ကြည့်စမ်းပါ"ဟု ခေါ်ငင် ပြသ တိုက်တွန်းခြင်းငှါ ထိုက်တန်သော ဂုဏ်တော် ရှိပါတယ်။

**ဘုရားရှင်ဖိတ်ခေါ်ပုံ။** ။ ဘုရားရှင်က "လာလှည့်, ကျင့်ကြည့်လှည့်"ဆိုတဲ့ သဘောဖြင့် ဟောခဲ့တဲ့ တရားတော်များမှာ အများအပြားပင် ရှိပါတယ်၊ "ဤငါဘုရားသာသနာမှာသာ ပဌမသမဏ သော တာပန်ရှိတယ်၊ ဒုတိယသမဏ သကဒါဂါမ်, တတိယသမဏ အနာဂါမ်, စတုတ္ထသမဏ ရဟန္တာလည်း ဤသာသနာမှာသာရှိတယ်၊ ငါဘုရားသာသနာမှ ပြင်ပ တခြားအယူဝါဒများမှာကား သမဏလေးပါး

တို့မှ ဆိတ်သုဉ်းတဲ့ဝါဒများ ဖြစ်ကြတယ်[၅၀၅]။ "သမဏဖြစ်ကြောင်းမှာ မဂ် ဖိုလ် နိဗ္ဗာန်ပင်၊ မဂ် ဖိုလ် နိဗ္ဗာန်တရားများ, ထိုတရားရရန် အကျင့်များကား အခြားမှာ မရှိချေ၊ ငါဘုရားသာသနာမှာသာရှိ၏၊ မယုံလျှင်လာကြ, ကျင့်ကြည့်ကြ"လို့ မိန့်တော်မူလိုရင်းဖြစ်ရာ မိမိတရား၏ **"ဟေပသိက"**ဂုဏ်ကို ဖော်ပြခြင်းပင် ဖြစ်တယ်။ ဤဒေသနာဖြင့် မဂ် ဖိုလ် နိဗ္ဗာန်မရှိတဲ့ သာသနာ့ပြင်ပ အယူဝါဒတို့မှာ "ဟေ ပဿ-လာ ကြည့်လှည့်"လို့ ဖိတ်ခေါ်ခံနိုင်တဲ့ တရားမရှိ၊ အပြောအရ ယုံခိုင်းတဲ့ တရားများသာ ဖြစ်တယ်၊ "ဟေပသိက"ဂုဏ်မရှိတဲ့ တရားများသာ-လို့ သိစေတော်မူပါတယ်။

**နောက် ဖိတ်ခေါ်ပုံတစ်မျိုး။** ။ မဟာသတိပဋ္ဌာနသုတ်မှာ **"သတ္တဝါတို့စိတ်စင်ကြယ်ရန်, ပူဆွေးမှု သောက, ငိုကြွေးမှု ပရိဒေဝတို့ကို လွန်မြောက်ရန်, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ လုံးဝချုပ်ငြိမ်းရန်, အရိယာမဂ်ကို ရရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော လမ်းခရီးဖြစ်ရာ ထိုလမ်းခရီးမှာ သတိပဋ္ဌာန်လေးပါးတရားပင်"**လို့ ဟောတော်မူပါတယ်၊ ထိုဒေသနာအရ "လာကြ, သတိပဋ္ဌာန်ကို ကျင့်ကြည့်လှည့်ကြ၊ ကျင့်လျှင် အရိယာမဂ်ရလိမ့်မည်, နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုရလိမ့်မည်, နိဗ္ဗာန်မျက်မှောက်ပြုရလျှင် သောက ပရိဒေဝ ပျောက်ရမည်, ကိုယ်စိတ်ဆင်းရဲခြင်း လုံးဝပေါ်မလာတော့ပဲ အချမ်းသာကြီး ချမ်းသာလိမ့်မည်"လို့ ဟောတော်မူလိုရင်းဖြစ်ရာ မိမိတရားတော်၏ **"ဟေပသိက"** ဂုဏ်တော်ကို ပြခြင်းပင် ဖြစ်တယ်၊ ဒီလို "ဟေပသိက"ဂုဏ်ကိုပြတဲ့ ဒေသနာတော်များကား အများအပြားပင် ရှိပါတယ်[၅၀၆]။

"ဟေ ပဿ ဂ္ဂမံ ဝမ္မ"နှိ ဝေံ ပဝတ္တံ ဟေပဿဝိဓိ အရဟတိတိ **ဟေပသိကော။** ကသ္မာ ပနေသ တံ ဝိဓိ အရဟတိတိ? ဝိဇ္ဇမာနတ္တာ ပရိသုဒ္ဓတ္တာ စ။ ရိတ္တမုဋ္ဌိယံ ဟိ ဟိရည်ဝါ သုဝဏ္ဏံ ဝါ အတ္ထိတိ ဝတ္ဘာပိ "ဟေ ပဿ ဂ္ဂမ"နှိ နသက္ကာ ဝတ္တုံ။ ကသ္မာ? အဝိဇ္ဇမာနတ္တာ။ ဝိဇ္ဇမာနမ္ပိ စ ဂူထံ ဝါ မုတ္တံ ဝါ မနညဘာဝပ္ပကာသနေန စိတ္တသမ္ပဟံသနတ္ထံ "ဟေ ပဿ ဂ္ဂမ"နှိ နသက္ကာ ဝတ္တုံ။ အပိစ ခေါ ပန တိဏေဟိ ဝါ ပဏ္ဏေဟိ ဝါ ပဋိစ္ဆာဒေတဗ္ဗမေဝ ဟောတိ။ ကသ္မာ? အပရိသုဒ္ဓတ္တာ။ အယမ္ပန နဝဝိဓောပိ လောကုတ္တရဓမ္မော သဘာဝတောဝ ဝိဇ္ဇမာနော ဝိဂတဝလာဝကေ အာကာသေ

[၅၀၅] သုတ် မဟာဝါ မဟာပရိနိဗ္ဗာနသုတ် (ဒီ၊ ၂။ ၁၂၄)။

[၅၀၆] ပရိတ်ကြီးနိဿယသစ်၊ ဇေဂ္ဂသုတ်၊ ဟေပသိကဂုဏ်တော် (၄၉၁-၄၉၂)။

သမ္ပုဏ္ဏစန္ဒမဏ္ဍလံ ဝိယ ပဏ္ဍုကမ္ပလေ နိက္ခိတ္တဇာတိမဏိ ဝိယ စ ပရိသုဒ္ဓေါ။ တသ္မာ ဝိဇ္ဇမာနတ္တာ ပရိသုဒ္ဓတ္တာ စ ဟေပသဝိမိ အရဟတိတိ ဟေပသိကော[၅၀၇]။

## ၅–ဩပနေယျိကဂုဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဓမ္မော–မဂ် ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ **ဩပနေယျိကော**–မိမိစိတ်တွင်, တစ်ကြိမ်ထင်က, လေးခွင်အပါယ်, ဝဋ္ဋမီးကွယ်သဖြင့်, ကိုယ်ဝယ်ဝတ်နှောင်, ဆံဥသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားဘဲ, တရားမျက်ရှင်, စိတ်စွဲထင်အောင်, ကျင့်ဆောင်ခြင်းငှါ ထိုက်တော်မူပါပေ၏။

**ဩပနေယျိက**ဂုဏ်တော်သည် "မိမိစိတ်သို့ ကပ်၍ ဆောင်ယူထိုက်၏"ဟူသော အနက်ကို ပြ၏၊ မိမိစိတ်ထဲ စွဲအောင် ဆောင်ကပ်ထိုက်သောတရား၊ မိမိအဖို့ မရ ရအောင် ကြိုးစားရယူထိုက်သော တရားများ–ဟု ဆိုလို၏။

[**ဥပနယ**–ကပ်၍ဆောင်ခြင်း ထည့်သွင်းခြင်း+ **ဏ္ဍက**–ထိုက်သည်= **ဩပနယိက**= **ဩပနေယျိက**–မိမိ၏ စိတ်၌ ကပ်၍ဆောင်ထိုက် ထည့်သွင်းပေးထိုက်သော တရား (၀၊) ကိုယ်ထဲ စိတ်ထဲသို့ ရောက်အောင် ကျင့်ဆောင်ထိုက်သောတရား။

**ဥပနယ**–မိမိ၏စိတ်ဖြင့် ကပ်၍ဆောင်ခြင်း မျက်မှောက်ပြုခြင်းကို+ **ဏ္ဍက**–ထိုက်သည်= **ဥပနေယျိက**–မျက်မှောက်ပြုသောအားဖြင့် ကပ်ထိုက် သိမြင်တွေ့ထိထိုက်သော တရား။

---

[၅၀၇] "လာပါ, ဤတရားကို ရှုလှည့်ပါ"ဟု ဤသို့ဖြစ်သော "လာပါ, ရှုလှည့်ပါ"ဟု ဖိတ်မန်ခြင်း (ဧဟိပဿ)အစိအရင်ကို ထိုက်ပေ၏၊ ထို့ကြောင့် 'ဧဟိပဿိက'မည်ပေ၏၊ ဤတရားသည် ထိုဖိတ်မန်ခြင်း အစိအရင်ကို အဘယ့်ကြောင့် ထိုက်သနည်း?ဟူမူ ထင်ရှားရှိခြင်းကြောင့်လည်းကောင်း, ထက်ဝန်းကျင် စင်ကြယ်ခြင်းကြောင့်လည်းကောင်း (ထိုက်ပေသည်)။ မှန်ပေ၏–အချည်းနှီးသော လက်ဆုပ်၌ ရွှေ ငွေရှိသည်ဟု ဆိုပြီး၍သော်လည်း "ဤဟာကို လာကြည့်လှည့်ပါ"ဟု ဆိုရန် မစွမ်းနိုင်ပေ၊ အဘယ့်ကြောင့်နည်း? မရှိသောကြောင့်ပေတည်း။ ရှိပင် ရှိငြားသော်လည်း ကျင်ကြီးကျင်ငယ်ကို နှစ်သက်ဖွယ်အဖြစ်ကို ပြသောအားဖြင့် စိတ်ရွှင်စေရန် အကျိုးငှါ "ဤဟာကို လာကြည့်လှည့်ပါ"ဟု ဆိုရန် မစွမ်းနိုင်ပေ။ စင်စစ်သော်ကား (ယင်းကျင်ကြီး ကျင်ငယ်ကို) မြက်တို့ဖြင့်သော်လည်းကောင်း, သစ်ရွက်တို့ဖြင့်လည်းကောင်း ဖုံးလွှမ်းအပ်သည်သာ ဖြစ်ပေ၏၊ အဘယ့်ကြောင့်နည်း? မစင်ကြယ်သောကြောင့်ပေတည်း။ ကိုးပါးအပြားရှိသော ဤလောကုတ္တရာတရားသည်ကား အထည်ကိုယ် သဘောအားဖြင့်ပင်လျှင် ထင်ရှားလည်း ရှိပေ၏၊ တိမ်တိုက်ကင်းသော ကောင်းကင်၌ လပြည့်ဝန်းကဲ့သို့လည်းကောင်း, ဝါဖျော့သော သကလပ်ပေါ်၌ချထားသော တွင်းထွက်ပတ္တမြားနီကဲ့သို့လည်းကောင်း ထက်ဝန်းကျင်လည်း စင်ကြယ်ခြင်းကြောင့် (လာပါ, ရှုလှည့်ပါ ဟူသော) ဧဟိ ပဿ–အစိအရင်ကို ထိုက်ပေ၏၊ ထို့ကြောင့် ဧဟိ ပဿိက–မည်ပေ၏။ (ဝိသုဒ္ဓိ–မြန်မာပြန်၊ ၂၊ ၁၇၆–၁၇၇။)

**သြပနေယျိက မဂ်ဖိုလ်နိဗ္ဗာန်ရ**

**သြပနေယျိက**–အရိယာပုဂ္ဂိုလ်ကို နိဗ္ဗာန်သို့ ဆောင်တတ်သော မဂ်တရား၊ (၀ါ) မျက်မှောက်မြင်အောင် ကျင့်ဆောင်အပ်သော ဖိုလ်တရား နိဗ္ဗာန်တရား။]

မဂ် ဖိုလ် နိဗ္ဗာန် တရားတော်များသည် ပုထုဇဉ်တို့ သန္တာန်မှာ တစ်ခါမှ မဖြစ်ဖူးပေ၊ မိမိစိတ်တွင် တစ်ကြိမ်တစ်ခါမျှ အထင်အရှားပေါ်လာလျှင် [“ဿောတာပန်ဖြစ်လျှင်”ဟု ဆိုလိုသည်။] အပါယ် လေးပါးခွဲ ခံစားရမည့် ဝဋ်ဒုက္ခ အပူမီးတွေကို တစ်ခါတည်းဖြင့် ငြိမ်းစေနိုင်တဲ့သတ္တိ (မည်သည့်အခါမျှ အပါယ်သို့မကျအောင် စောင့်ရှောက်နိုင်တဲ့သတ္တိ) ရှိသောကြောင့် မဂ်ဖိုလ်ရအောင် ကမ္မဋ္ဌာန်းကို အားထုတ်နေတုန်းဝယ် ကိုယ်မှာဝတ်ဆင်ထားတဲ့အဝတ်ကို (သို့မဟုတ်) ဥသျှောင် (ဆံထုံး)ကို မီးလောင်စေကာမူ ထိုမီးကိုမငြိမ်းအားပဲ ကမ္မဋ္ဌာန်းကိုသာ ကြိုးစားလျက် ပတ္တမြားမျက်ရှင်နှင့် အလားတူတဲ့ မဂ်ဖိုလ်တရားတော်များကို စိတ်ထဲမှာ စွဲလာအောင် ထင်မြင်လာအောင် (မဂ်ဖိုလ်ရအောင်) အားထုတ်ထိုက်ပါတယ်၊ အပြင်မီးက မငြိမ်းနိုင်စေကာမူ တစ်ခါသာ လောင်နိုင်တယ်၊ အတွင်းကိလေသာမီးတွေကား မဂ်ဖိုလ် မရသေးသမျှ ဘဝများစွာ လောင်နေကြမည်–လို့ ဆိုလိုတယ်[၅၀၁]။

**သက္ကာယဒိဋ္ဌိရှိနေသမျှ သံသရာဒုက္ခ။** ။ ရင်ဝတွင် လုံအစူး ခံရသူဟာ ထိုလုံကြိုး နုတ်ဖို့ရာ အရေးတကြိုး ကြိုးစားသလို, ဦးခေါင်းမီးလောင်ခံ ရသူဟာ ထိုမီးငြိမ်းဖို့ရန် အပြင်းအထန် ကြိုးစားသလို သံသရာဘေး မြင်သူဟာ သတိတရား စွဲစွဲမြဲမြဲထားကာ သက္ကာယဒိဋ္ဌိ အပြီးတိုင် ပယ်နုတ်ပစ်ဖို့ တသန်တည်း ကြိုးစားသင့်ပေ၏[၅၀၂]။ ဤကား ဘုရားရှင်၏ နှုံးဆော်ချက်ပင် ဖြစ်၏၊ သက္ကာယဒိဋ္ဌိသည် ရုပ်နာမ် ခန္ဓာ၌ ငါဟူသော အတ္တစွဲဖြင့် လွဲမှားတဲ့အယူဖြစ်ရာ ထိုဒိဋ္ဌိကား သဿတ ဥစ္ဆေဒစတဲ့ ဒိဋ္ဌိ, အကုသိုလ်အမျိုးမျိုး၏ အခြေခံဖြစ်သည့်အတွက် သံသရာဒုက္ခတို့ကို အဆက်မပြတ် ထပ်တလဲလဲ မဆုံးအောင် ခံရခြင်း၏ အကြောင်းဝိဇ္ဇာဖြစ်၏၊ ထိုဒိဋ္ဌိရှိနေသူတို့အဖို့ အပါယ်လေးပါးမှာ ကိုယ်ပိုင် အိမ်ရာသဖွယ်ဖြစ်နေတော့ရာ ငရဲမီးအလောင်ခံရ, ပြိတ္တာဖြစ်၍ အစာငတ် ရေငတ် ခံရ, တိရစ္ဆာန်ဖြစ်၍ ဒုက္ခအမျိုးမျိုးခံရခြင်းဖြင့် မရပ်မစဲ ဆင်းရဲခံရမည်ဖြစ်ရာ ကံဟော်၍ သုဂတိရောက်ရတဲ့ဘဝမှာ ခုနစ်ရက် ခုနစ်လ မိုးမှောင်ကျနေတဲ့အထဲမှ တစ်ခါတစ်ရံ စက္ကန့်ပိုင်းကလေးမျှ လျှပ်စီးလက် လိုက်သလို

---

[၅၀၁] ရတနာဝုဏ်ရည်၊ သြပနေယျိကဝုဏ်တော်ဖွင့်၊ ၁၁၄-၁၁၅။

[၅၀၂] သဂါထာဝဂ္ဂ ဒေဝတာသံယုတ် (သံ၊ ၁၊ ၁၂)။

သာ ရှိတော့၏၊ ဤမျှမဆုံးအောင် ခံရမည့် ဆင်းရဲတို့ကြောင့် ထိုသက္ကာယဒိဋ္ဌိကို အရေးတကြီး ပယ်နှတ်ဖို့ရာ တိုက်တွန်းတော်မူခဲ့၏။

ဒီအရာမှာ မဂ်ရမှ သက္ကာယဒိဋ္ဌိကို အပြီးတိုင် ပယ်နိုင်မည်ဖြစ်ရာ "သက္ကာယဒိဋ္ဌိပယ်နိုင်အောင် ကြိုးစားကြ" ဆိုတဲ့ စကားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ဝိပဿနာအလုပ်ကို အားထုတ်ကြ–လို့ မိန့်တော်မူလိုရင်း ဖြစ်တယ်။ ရင်ဝလုံစူးခံရသူ, ဦးခေါင်းမီးလောင်ခံရသူ ဥပမာများမှာလည်း အတော် လေးနက်လှ၏၊ ရင်ဝလုံစူးခံရသူမှာ ထိုလုံကိုနှုတ်ဖို့ထက် အရေးကြီးတဲ့ ကိစ္စမရှိတော့ပါ၊ ဦးခေါင်းမီး လောင်ခံရသူမှာလည်း မီးငြိမ်းဖို့ထက် အခြားအရေးကြီးတဲ့ကိစ္စ မရှိနိုင်ပေ။ ဒီဥပမာတွေဟာသက္ကာယ ဒိဋ္ဌိနှင့်စာလျှင် ဆိုးဝါးလှသည်ဟု မဆိုသာချေ၊ ရင်ဝလုံစူးသူ, ဦးခေါင်းမီးလောင်ခံရသူတို့၏ဒုက္ခမှာ တစ် ဘဝအတွက် ဒုက္ခသာဖြစ်ရာ မဆုံးနိုင်အောင် ခံရဦးမည့် သက္ကာယဒိဋ္ဌိအတွက် ဒုက္ခနှင့်စာလျှင် ဘာမျှ မပြောပလောက်သောကြောင့် ဖြစ်၏၊ လုံစူးခံရသူ လုံနှုတ်ဖို့ အရေးကြီးသည်ထက်, ဦးခေါင်းမီးလောင် ခံရသူ မီးငြိမ်းအောင်ပြုဖို့ အရေးကြီးသည်ထက် သက္ကာယဒိဋ္ဌိပယ်ဖို့က အဆပေါင်းများစွာ ပို၍ အရေးကြီး၏။ အဲဒီလို ပိုလို့ အရေးကြီးသည့်အတွက်ပင် ရင်ဝ၌ စူးသည့်လုံကို မနှုတ်သေးပဲ, ဦးခေါင်း၌ လောင်သည့်မီးကို မငြိမ်းသေးပဲ သက္ကာယဒိဋ္ဌိကို ပယ်နိုင်အောင် အရေးတကြီး ပြုရမည်–လို့ အဓိပ္ပါယ်ယူပါ။

**အရေးတကြီးဆောင်ရွက်ပုံ။** ။ သာဝတ္ထိမြို့အနီးမှာ တိဿအမည်ရှိ သူကြွယ်သည် ရဟန်းဝတ်၍ တောကျောင်း၌ တရားအားထုတ်နေ၏၊ ခယ်မဖြစ်သူ (ညီမယား)က ခဲအို ရဟန်းလူထွက်လာလျှင် အမွေခွဲပေးရမည်စိုးတဲ့အတွက် လူဆိုးတွေကို လာဘ်ပေးကာ ဖျောက်ဖျက်ခိုင်းပါတယ်၊ လူဆိုးတွေက ရဟန်းတော်ထံသွား၍ သတ်မည့်အကြောင်းပြောပြကြရာ "ဒီတည်မျှ ခွင့်ပေးကြပါ၊ အာမခံပေးပါ မယ်" လို့ခွင့်ပန်ပါတယ်၊ "ကိုယ့်တော်ကို အာမခံမည့်သူ အဘယ်မှာရနိုင်မှာလဲ?" လို့ ပြောကြတဲ့အခါ ရဟန်းတော်က ကျောက်ခဲကြီးယူကာ ခြေနှစ်ဖက်ကို ကိုယ်တိုင်ပေါက်ချိုးလျက် ထွက်မပြေးနိုင် ကြောင်းကို အာမခံပေးပါတယ်၊ ဒီနောက် သေလုမျောပါး နာကျင်သောခြေကို ဂရုမစိုက်အားပဲ တရား ကို အားထုတ်လေရာ အရဏ်တက်ချိန်မှာ ရဟန္တာဖြစ်ခဲ့ပါတယ်[၁၁၀]။

**ဥဘော ပါဒါနိ ဘိန္နိတ္ထာ၊ သညမေသာမိ ဓေါ အဟံ။**
**အဋ္ဌိယာမိ ဟရာယာမိ၊ သရာဂမရဏံ အဟံ။**

---

[၁၁၀] သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်အဖွင့် (ဒီ၊ ဋ္ဌ၊ ၂။ ၃၃၉။)

**ဓဝါဟံ စိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ။**
**သမ္မတ္တော အရဏာဂ္ဂမှိ၊ အရဟတ္တမပါပုဏိန္တိ။**

ဥဘော **ပါဒါနိ**–ခြေနှစ်ဖက်တို့ကို၊ **ဘိန္ဒိတွာ**–ချိုးပြီး၍၊ **အဟံ**–ငါသည်၊ **ဓဝါ**–သင်တို့ကို၊ **သညမေဿာမိ**–အာမခံအနေ သိစေပါအံ့၊ **အဟံ**–ငါသည်၊ **သရာဂမရဏာ**–ရာဂနှင့်တကွ သေရခြင်းကို၊ **အဋ္ဌိယာမိ**–နှိပ်စက်အပ်သူကဲ့သို့ပြု၏၊ **ဟရာယာမိ**–ရှက်လှ၏။

**ဓဝံ**–ဤသို့၊ **အဟံ**–ငါသည်၊ **စိန္တယိတွာန**–ကြံစိ၍၊ **ယထာဘူတံ**–အကြင် ဟုတ်မှန်သည့် အတိုင်း၊ **ဝိပဿိသိံ (သမ္မသိံ)**–ဝိပဿနာဉာဏ်ပြု၊ **အရဏာဂ္ဂမှိ**–အရဏ်တက်ခြင်းသည်၊ **သမ္မတ္တော**–ရောက်လတ်သော်၊ **အရဟတ္တံ**–အရဟတ္တဖိုလ်သို့၊ **အပါပုဏိံ**–ရောက်ပြီ။

ဥပနေတဗ္ဗောတိ **သြပနေယျိကော**။ အယံ ပနေတ္ထ ဝိနိစ္ဆယော၊ ဥပနယနံ ဥပနယော၊ အာဒိတ္တံ စေလံ ဝါ သိသံ ဝါ အဇ္ဈုပေက္ခိတွာပိ ဘာဝနာဝသေန အတ္တနော စိတ္တေ ဥပနယနံ အရဟတိတိ သြပနယိကော။ (သြပနယိကောဝ သြပနေယျိကော)။ ဣဒံ သဒ္ဒတော လောကုတ္တရမေဝ ယုဇ္ဇတိ။ အသဒ္ဒတော ပန အတ္တနော စိတ္တေန ဥပနယနံ အရဟတိတိ သြပနေယျိကော။ သစ္ဆိကိရိယာဝသေန အလ္လီယနံ အရဟတိတိ အတ္ထော။

အထ ဝါ နိဗ္ဗာနံ ဥပနေတိတိ အရိယမဂ္ဂေါ ဥပနေယျော။ သစ္ဆိကာတဗ္ဗတံ ဥပနေတဗ္ဗောတိ ဖလနိဗ္ဗာနမေဝေါ ဥပနေယျော။ ဥပနေယျော ဇေဝ သြပနေယျိကော[၁၁၁]။

---

[၁၁၁] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ဓမ္မာနုဿတိကထာ၊ ၂၁၀။ "ကပ်၍ ဆောင်ထိုက် တည်သွင်းထိုက်သော(ရဟန်းကျင့်) သြပနေယျိက–မည်၏၊ ကပ်၍ ဆောင်ခြင်း ထည်သွင်းခြင်းသည် **ဥပနယ**–မည်၏၊ မိုးလောင်နေသော ကိုယ်ဝတ်ကိုဖြစ်စေ, ဦးခေါင်းကိုဖြစ်စေ မီးငြိမ်းသတ်ရန် ကြောင့်ကြပစိုက်ပဲ ရှုမှတ်ပွါးစေသော ဘာဝနာ၏အစွမ်းအားဖြင့် မိမိ၏စိတ်၌ ကပ်၍ဆောင်မြင်း ထည်သွင်းမြင်းကို ထိုက်ပေ၏၊ ထို့ကြောင့် **သြပနယိက**–မည်၏၊ သြပနယိကသည်ပင် **သြပနေယျိက**မည်၏၊ ဤအနက်သည် သခိကဖြစ်သော မင်္ဂလိုလောကုတ္တရာတရားခွဲသင့်၏၊ အသခိတဖြစ်သော နိဗ္ဗာန် လောကုတ္တရာ တရားခွဲကား မိမိ၏စိတ်ဖြင့် ကပ်၍ ဆောင်မြင်းကို ထိုက်သောကြောင့် **သြပနေယျိက**–မည်၏၊ 'မျက်မှောက်ပြုခြင်း၏ အစွမ်းအားဖြင့် ကပ်ခြင်း ထိကွေ့ခြင်းကို ထိုက်၏'ဟူသောဘာနှင့်ပြီး ကပ်၏၊ ဤနည်းကား အရိယမဂ်သည် (အရိယာပုဂ္ဂိုလ်ကို) နိဗ္ဗာန်သို့ဆောင်တတ်သောကြောင့် **ဥပနေယျ**–မည်၏၊ ဖိုလ်နှင့် နိဗ္ဗာန်ကို ... ဆောင်အပ်သောကြောင့် **ဥပနေယျ**–မည်၏၊ ဥပနေယျ–သည်ပင် **သြပနေယျိက**–... ၁၇၈)။

## ၆–ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်နှင့်စပ်သွယ် သိမှတ်ဗွယ်

ဓမ္မော–မင် ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်ကို၊ ဝိညူဟိ–ပုထုဇဉ်နှင့်, မတန် သင့်စွာ, လေးသစ္စာကို, ကောင်းစွာမြင်သိ, ပညာရှိအပေါင်း, သူတော်ကောင်းတို့သည်၊ **ပစ္စတ္တံ ဝေဒိတဗ္ဗော–**

ကိုယ်စိကိုယ်ဇ, လိုတိုင်းရ၍, နိဗ္ဗာနဓာတ်, သမာပတ်ဖြင့်, မပြတ်သိပိုင်, ခံစားနိုင်ပါပေ၏။

**ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်**သည် "ပညာရှိတို့သည် ကိုယ်စိကိုယ်ဇ သိအပ် ခံစားအပ်သော တရား" ဟူသောအနက်ကို ပြ၏။ [**ဝိညူဟိ–**ပညာရှိတို့သည်+ **ပစ္စတ္တံ–**ကိုယ်စိကိုယ်ဇ+ **ဝေဒိ တဗ္ဗ–** သိအပ် ခံစားအပ်သောတရား]။

**ဝိညူ ပညာရှိ ၂–မျိုး။** ။ စာတတ် ပေတတ် ဗဟုသုတကြွယ်ဝသောသူများကို အခြားအရာမှာ '**ဝိညူ–**ပညာရှိ' လို့ ဆိုရသော်လဲ ဒီ "**ပစ္စတ္တံ ဝေဒိတဗ္ဗ**" ဂုဏ်တော်ကား ထိုဝိညူတို့ရဲ့ အရာမဟုတ်ပါ။ သစ္စာလေးပါးသိမြင်ကာ အရိယာအဖြစ်သို့ ရောက်ပြီးတဲ့ပုဂ္ဂိုလ်တို့ကိုသာ '**ဝိညူ–**သစ္စာသိသူ ပညာရှိ' လို့ ဆိုလိုပါတယ်၊ ထိုသစ္စာသိသူ ပညာရှိ–ဆိုသည်မှာ စင်စစ်အားဖြင့် "ဥဇ္ဇုဇီတညူပုဂ္ဂိုလ်" စသည်တို့ပင် ဖြစ်ကြပါတယ်။

**ဝိညူအရ ယူရမည့် ပညာရှိပုဂ္ဂိုလ် ၃–မျိုး---**

(၁) **ဥဇ္ဇုဇီတညူပုဂ္ဂိုလ်–**နာစဉ်ပင် မဂ်ဖိုလ်တရားထူးကို ရသောပုဂ္ဂိုလ်၊

(၂) **ဝိပဉ္စိတညူပုဂ္ဂိုလ်–**အကျဉ်းချုပ်တရားကို ချဲ့၍ အကျယ်ဟောသည်ကို နာစဉ် မဂ်ဖိုလ် တရားထူးကို ရသောပုဂ္ဂိုလ်၊

(၃) **နေယျပုဂ္ဂိုလ်–**နာကြား မှတ်သားပြီးနောက် သမထ ဝိပဿနာ ဘာဝနာအလုပ်ကို ပွါးများအားထုတ် ပါမှ မဂ်ဖိုလ်တရားထူးကို ရသောပုဂ္ဂိုလ်။

ဒီ မဂ် ဖိုလ် နိဗ္ဗာန် တရားတော်သည် ပုထုဇဉ်များနှင့် မတန်မရာသေးပါ၊ သစ္စာသိမြင် အရိယာ သူတော်စင်တို့သာ ကိုယ်စိကိုယ်ဇ အလိုရှိတိုင်းရ၍ နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ဝင်စားသောအားဖြင့် ထူးမြတ်သောနိဗ္ဗုတိအရသာ (ငြိမ်းချမ်းမှုအရသာ)ကို ခံစားကြရပါတယ်။ [အခြားစိတ်တွေမပါစေပဲ ဖိုလ်စိတ်ချည်းသာ ဆက်ကာဆက်ကာ ဖြစ်စေမှုကို "ဖလသမာပတ်ဝင်စား သည်" ဟုခေါ်၏၊] အရိယာတို့သည် နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ကို ဝင်စားကြ၏။ အရိယာသူတော်စင် ပညာရှင်တို့ကား ပစ္စဝေက္ခဏာဉာဏ်ဖြင့် မိမိသန္တာန်မှာ မဂ်ဖိုလ်ဖြစ်ခဲ့သည်ကို လည်းကောင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့သည်ကိုလည်းကောင်းသိကြ၏၊ ဒီလို သိကြ ခံစားကြရာမှာ

လည်း ကိုယ့်မဂ် ကိုယ့်ဖိုလ်ဖြင့် ကိုယ့်နိဗ္ဗာန်ကို အသီးအသီး ကိုယ်စီကိုယ်၄ တွေ့မြင်ခံစားကြရ၍ **"ပစ္စတ္တံ ဝေဒိတဗ္ဗော**–အသီးအသီး ကိုယ်စီကိုယ်၄ မိမိသန္တာန်၌ သိအပ် ခံစားအပ်၏"လို့ ဆိုတာပါ။

**ကိုယ်ပိုင်တရားအစစ်။** ။ ဒီမဂ်ဖိုလ်နိဗ္ဗာန်များကား ကိုယ်သာပိုင်တဲ့ တရားအစစ် ဖြစ်တယ်၊ ဥပမာ–ဆရာ၏ မဂ်က တပည့်၏ကိလေသာတို့ကို မပယ်နိုင်၊ ဆရာ၏ဖလသမာပတ်ဖြင့် တပည့်ချမ်းသာစွာ မနေနိုင်၊ ဆရာကိုယ်တွေ့ မျက်မှောက်ပြုထားသောနိဗ္ဗာန်ကို တပည့် မျက်မှောက် မပြုနိုင်ပါ၊ ဒီတရားများကား တကယ် မိမိစိတ်မှာ အသေအချာတွေ့မြင်ရသော ပညာရှင်များသာ ကိုယ်တွေ့ ခံစားရသော တရားများဖြစ်တယ်။

> **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ**တိ သဗ္ဗေဟိပိ ဥဂ္ဃါဋိတညူအာဒိဟိ ဝိညူဟိ အတ္တနိ အတ္တနိ ဝေဒိတဗ္ဗော "ဘာဝိတော မေ မဂ္ဂေါ၊ အဓိဂတံ ဖလံ၊ သစ္ဆိကတော နိရောဓော"တိ။ နဟိ ဥပဇ္ဈာယေန ဘာဝိတေန မဂ္ဂေန သဒ္ဓိဝိဟာရိကဿ ကိလေသာ ပဟိယန္တိ၊ နသော တဿ ဖလသမာပတ္တိယာ ဖာသု ဝိဟရတိ၊ နတေန သစ္ဆိကတံ နိဗ္ဗာနံ သစ္ဆိကရောတိ။ တသ္မာ နဧသ ပရဿ သိသေ အာဘရဏံ ဝိယ ဒဋ္ဌဗ္ဗော၊ အတ္တနောပန စိတ္တေယေဝ ဒဋ္ဌဗ္ဗော၊ အနုဘဝိတဗ္ဗော ဝိညူဟိတိ ဝုတ္တံ ဟောတိ။ ဗာလာနံ ပန အဝိသယော စေသ[၅၁]။

**အကျိုးချင်းမှာ ကွာခြားပါ။** ။ ဒိဂုဏ်ဖြင့် အခြား လောကိကုသိုလ်အကျိုးများနှင့် ကွာခြားပုံကို သိရတယ်၊ လောကိကုသိုလ်များကြောင့် ရတဲ့အကျိုးမှာ သူတကာအား ပေးနိုင် ခံစားစေနိုင်တာလည်း ရှိတယ်၊ ဥပမာ– ကုသိုလ်ကံကြောင့် ပစ္စည်းဥစ္စာ ပေါများရင် သူတပါးအား ပေးနိုင်တယ်၊ အိမ်ကောင်း, အိမ်ရာကောင်း နေရာကောင်းများရရင်လည်း သူတပါးကို နေစေနိုင်, ချမ်းသာကို ဝေငှပေးနိုင်တယ်၊

---

[၅၁] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၁၀။ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**–ဟူသည်ကား ဥဂ္ဃါဋိတညူအစရှိကုန်[illegible] တရားမြင်သိ [illegible] အားဖုံးကို့သည်လည်း "ငါသည် မဂ်ကို ပွါးစေအပ်ပြီ၊ ဖိုလ်ကို ရအပ်ပြီ၊ (ဒုက္ခ)ချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ"ကို မိမိ မိမိ၌သာလျှင် သိအပ် သိရ ခံစားရသော တရားပါပေတည်း၊ မှန်ပေ၏၊ ဥပဇ္ဈာယ်ဆရာ ပွါးစေအပ်သော မဂ်ဖြင့် သဒ္ဓိဝိဟာရိကခေါ် အတူနေတပည့်၏ သန္တာန်၌ ကိလေသာတို့ကို မပယ်နိုင်ကုန်၊ ထိုတပည့်သည် ထိုဆရာ၏ ဖလသမာပတ်ဖြင့် ချမ်းသာစွာ [illegible] နိဗ္ဗာန်ကို ထိုတပည့်သည် မျက်မှောက် မပြုနိုင်ပါ၊ ထို့ကြောင့် (မဂ် ဖိုလ် နိဗ္ဗာန်[illegible] သူတပါး၏ ဦးခေါင်း၌ ဆင်ထားသော အဆင်တန်ဆာကို မြင်ရသကဲ့သို့ မြင်ရသည် မဟုတ်ပါ၊ စင်စစ်[illegible] မိမိစိတ်၌သာလျှင် တွေ့မြင်ရသော တရားပေတည်း၊ "တရားသိသူ ပညာရှိတို့ ခံစားအပ် ခံစားရသော [illegible]" [illegible] သည် တရားကို မသိသေးသော ဗာလပုထုဇဉ်တို့၏ အရာကား မဟုတ်သည့်သာ [illegible]

မဂ်ကုသိုလ်ကြောင့်ဖြစ်တဲ့ အကျိုးဖိုလ်ကတော့ သူတပါးအား ဝေဌလို့ ရစကောင်းသော အကျိုးမဟုတ်ပါ၊ ကိုယ့်ဖိုလ်ဖြင့်သာ ငြိမ်းအေးခြင်း နိဗ္ဗုတိအရသာကို ခံစားရတယ်၊ မဂ်ဖိုလ် အသီးအသီး ရှိသလို နိဗ္ဗာန်လည်း အသီးအသီးရှိရာ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အာရုံပြုကြခြင်းဖြစ်တယ်။

ကိုးကွယ်သူကို ဖန်ဆင်းသူ တန်ခိုးရှင်က ကယ်တင်နိုင်သည်ဆိုသော တရားမျိုးမဟုတ်ပဲ မိမိ၏အကျင့်မှန်ဖြင့် အဖန်ဖန် ကြိုးစားချက်အရ ကိုယ်တိုင်ကျင့်၍ ကိုယ်တွေ့သိရ ခံစားရသော တရားဖြစ်ကြောင်း ဤဂုဏ်ဖြင့်ပြရာ တရား၏ တကယ်ထင်ရှားရှိခြင်း, ကောင်းမြတ်မှန်ကန်ခြင်း, တကယ် အကျိုးရှိခြင်း စသည်တို့ကြောင့် သာသနာ့ပြင်ပ ဓမ္မဆိုသည်များနှင့် လားလားမျှမတူ တမူထူးခြားအလွန်အားထားမြတ်နိုး အထူးအားကိုးထိုက်သော တရားများဖြစ်ကြောင်း ကောင်းကောင်းကြီး သိနိုင်ပါသည်[၁၁၃]။

**<u>တိတ္ထိတို့ဘောင် ဟန်ဆောင်တရား</u>။** ။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်က ရတနာ့ဂုဏ်ရည် (၁၁၉-၁၂၀)မှာ "ဗုဒ္ဓဘာသာမှ တစ်ပါးသောအယူရှိသူကို "တိတ္ထိ"ဟု ဆိုလိုပါသည်၊ ထိုတိတ္ထိတို့ သာသနာ့ဘောင်၌ အလွန်များသော ဟန်ဆောင်တရားတွေရှိ၏၊ ပြောပုံ ဟောပုံကို ကြားရလျှင် များစွာ အားထားကိုးကွယ် ယုံကြည်ဖွယ်ကောင်းလှ၏၊ "ကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတွေကို ဖြဟ္မာမင်းကြီးကဖန်ဆင်းသည်၊ သုခ ဒုက္ခကိုလည်း ထိုဖြဟ္မာမင်းအလိုအတိုင်း ခံစားကြရသည်" ဟု ယူဆ၍ ထိုဖြဟ္မာမင်းကြီးကား ဘယ်တော့မှ မသေနိုင်ပဲ ခိုင်မြဲသော "ထာဝရ"ဟု ယူဆကြသည်[၁၁၄]။

ဤတရားကို ကြားရသောအခါ ဖြဟ္မာမင်းကြီးကို "အလွန် တန်ခိုးကြီးသော ဖြဟ္မာမင်းကြီး ဖြစ်ပါပေသည်"ဟု ဘုရားကဲ့သို့ အားထားမိကြ, ကိုးကွယ်မိကြရှာပေလိမ့်မည်။

ဤကမ္ဘာလောကကို မဖန်ဆင်းမီ ထိုထာဝရ ဖြဟ္မာမင်းသည် ဘယ်ဆီမှာနေသနည်း? "ကောင်းကင်ဘုံမှာနေသည်"ဟု ဆိုလျှင် ထိုကောင်းကင်ကို ဘယ်သူဖန်ဆင်းသလဲ? ဖြဟ္မာမင်း ဖန်ဆင်းလျှင် ကောင်းကင်ဘုံ မရှိခင်က ဘယ်မှာနေသလဲ? ဤကမ္ဘာလောကကြီးကို ဖန်ဆင်းသည်မှာ ဘယ်မျှကြာပြီနည်း? အဘယ်ကြောင့် အို နာ သေရေး ကြီးလေးသော ဒုက္ခဘေးတွေကို ဖန်ဆင်းထားပါလိမ့်မည်နည်း? မည်သူမျှ မလွတ်နိုင်ပါချေတကား။ ပထမကမ္ဘာစစ်ကြီးအတွင်းက သတ်ကြ ဖြတ်ကြ

---

[၁၁၃] ပရိတ်ကြီးနိဿယသစ်၊ ၄၉၈-၄၉၉။

[၁၁၄] သီလက္ခန်ဓဝဏ္ဏနာ၊ ဖြဟ္မဇာလသုတ် (ဒီ၊ ၁၊ ၁၆-၁၇)။

သူတွေမှာ ထာဝရ ဗြဟ္မာမင်း၏ တပည့်တွေချည်းသာ များပါတကား၊ ယခုအခါ၌ အလုပ်လက်မဲ့ဖြစ်၍ အနောက်နိုင်ငံ၌ ငတ်ပြတ်နေသူတို့ကို တပည့်ရင်းများဖြစ်ပါလျက် ဘယ်အတွက် ကြည့်နေရက်ပါသနည်း? အနန္တတန်ခိုးတော်ကို ဘယ်လိုနေရာမှာ အသုံးချထားပါသနည်း? မိမိကို ကိုးကွယ်သော တပည့်များကိုသာ သေသောအခါကယ်တင်၍ အခြားဘာသာဝင်ကိုကား မကယ်တင်နိုင်ဘူး၊ သို့မဟုတ် မကယ်တင်ချင်ဘူးဟုဆိုပါလျှင် ထိုဗြဟ္မာမင်း၏ ကရုဏာ မေတ္တာသည် မျှမျှတတ လုံလုံလောက်လောက် မရှိပါတကား။

မိဘတို့အစွမ်းကြောင့် အမိဝမ်း၌ အတော်ကြာညောင်းအောင် အောင်းနေခဲ့ရပြီး လက်သည်ဆရာမတို့ကူညီချက်ဖြင့် ထွက်ခဲ့ရသည်ကို အများအသိ ဖြစ်ပါလျက် ဗြဟ္မာမင်း၏ ပယောဂကို အားကိုးနေရသည်မှာ သဘာဝမကျပါ၊ ဖန်ဆင်းသော ဗြဟ္မာဟူသည် ဘယ်လိုအရာပါနည်း? ဤသို့စသည်ဖြင့် ကြိတ်ကြိတ်နယ်နယ် သွယ်သွယ်ဝိုက်ဝိုက် ဆင်ခြင်လိုက်သောအခါ အကြိတ်အနယ်ကို မခံနိုင်ရကား ဘာသာခြားတရားသည် မျောက်ကလေးကို ပင်မင်းပေးသည်နှင့် တူလှချေ၏။

**မျောက်ကလေး ပင်းမင်းပေးသည်ပုံ။** ။ ရှေးက မိန်းမကို အလွန်ကြောက်ရသည့်ပြင် အင်မတန် ချစ်ခင်သော ယောကျ်ားကို ကိုယ်ဝန်အရင့်အမာရှိသော အိမ်ရှင်မက "ကလေးမျက်နှာမြင်သောအခါ ကစားဖို့ရာ ဒီမျောက်ကလေးကို ပင်းမင်းဆိုင်အပ်ချေပါ"ဟု ခိုင်းလိုက်သဖြင့်သွား၍ "မျောက်ကလေးကို ပင်းမင်း(ဆေး)ဆိုးပေးပါ"ဟု ပြောဆိုအပ်နှံလေသည်၊ ပင်းမင်းဆရာက "ခင်ဗျား၏ မျောက်ကလေးသည် လှအောင်ဆေးဆိုးခြင်းကိုသာ ခံနိုင်မည်၊ ဖြူအောင် ဖွပ်လျှော်ဖို့ရာ အထုအရိုက်မခံနိုင်ပါ"ဟု ပြောသဖြင့် ပြန်ယူသွားရသတဲ့၊ ထို့အတူ ဘာသာခြားတို့၏ တရားတွေသည် အပေါ်ယံနားထောင်ကောင်းသလောက် ကြိတ်ကြိတ်နယ်နယ် စဉ်းစားခြင်းကိုကား မခံနိုင်ပါချေ။

**မားမားစွင့်စွင့်, ဝုဏ်ရည်တင့်၍, ကြိုးမြင့်ထင်ရှားပေထသော။** ။ ဘုရားရှင်၏တရားတော်ကား အမျိုးမျိုးသော ထိုတိတ္ထိဘုရားတို့တရားထက် ဂုဏ်အရည်အချင်းအားဖြင့် မားမားစွင့်စွင့် ကြိုးမြင့်ထင်ရှားလှပေသည်၊ ဗုဒ္ဓဘာသာတရားတော်သည် ဉာဏ်ပညာ ကြီးမားသူတို့၏ ကြိတ်ကြိတ်နယ်နယ် စဉ်းစားမှုကို ခံနိုင်၏၊ တကယ်ကြီးမားသူမှန်လျှင် "ထမင်းအငတ်ခံ၍ ဥပုသ်စောင့်တာ ဘာအကျိုးရှိသလဲ?" "အုတ်ပုံကြီးနှင့် အရုပ်တွေကို ကိုးကွယ်နေတာ ဘာကျေးဇူးရှိသလဲ?"ဟု အောက်တန်းတရားကလေးတွေကို ဗုဒ္ဓဘာသာအသေးစားကလေးများအဖြစ် ချဉ်းကပ်၍ အရေးကြီးသော အထက်တန်းတရားများကို စုံစမ်းကြပါလော့။ [အုတ်ပုံအတွင်း၌ ဘုရားရှင်၏ အရိုးဂါတ်တော်ရှိ၏၊ ဘုရားမှာ

ဘုရားရှင်၏ ပုံတော်ကို တတ်နိုင်သမျှ ပြုလုပ်အပ်သော ပုံတော်သာ ဖြစ်သည်၊ ထိုပုံတော်များကို ဘုရားအစစ်နှင့် မတူသော်လည်း မှန်း၍ အာရုံပြုနိုင်အောင် ထုလုပ်ကြပါသည်။]

**ကြိမ်ကြိမ်လေးမြတ်, မှီဝဲပူဇော်အပ်ထသော။** ။ ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် "လောကဌ ရှိသေကိုင်းညွတ်ဖို့ရာ အကြီးအကဲမရှိပဲနေခြင်းသည် မသင့်လျော်ချေ၊ ငါသည် ဘယ်သူ့ကို ဆည်း ကပ်ရပါမည်နည်း?" ဟု ဆင်ခြင်တော်မူလေရာ ဘုရားရှင်၏ ဆည်းကပ်ရှိသေမှု ခံနိုင်မည့်သူကို မြင် တော်မမူ၊ ထိုအခါ "ကိုယ်တော်တိုင် သိမြင်အပ်သော တရားကိုပင် အကြိမ်ကြိမ် အထပ်ထပ် ဆင်ခြင် သောအားဖြင့် လေးလေးမြတ်မြတ် ပူဇော်ရတော့မည်" ဟု ကြံတော်မူခဲ့ဖူးပါသည်။ [တရားတော်ကို မပြတ်ဆင်ခြင်၍နေခြင်းကိုပင် "တရားပူဇော်သည်" ဟု ဆိုသည်။]

အပိစ သွာက္ခာတော အယံ ဓမ္မော။ ကသ္မာ? သန္ဒိဋ္ဌိကတ္တာ။ သန္ဒိဋ္ဌိကော၊
အကာလိကတ္တာ။ အကာလိကော၊ ဟိပသ္သိကတ္တာ။ ယော စ ဟိပသ္သိကော၊ သော
နာမ သြပနေယျိကော ဟောတီတိ[၁၁]။

တစ်နည်းသော်ကား ဤတရားတော်သည် ကောင်းစွာ ဟောအပ်သော (သွာက္ခာတ)တရား မည်ပါ၏၊ အဘယ့်ကြောင့်နည်း?ဟူမူ-ရာဂစသည်တို့၏ မရှိခြင်း ကင်းခြင်းကို ပြုလျက် ကိုယ်တိုင်ပင် တွေ့မြင်ရသော (သန္ဒိဋ္ဌိက)တရား ဖြစ်သောကြောင့်ပေတည်း၊ ဝါ-သူတပါးကို ပုံ၍ ယုံရသည် မဟုတ်ပဲ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ ကိုယ်တိုင်ပင် တွေ့မြင်ရသော (သန္ဒိဋ္ဌိက)တရားဖြစ်သောကြောင့် ပေတည်း၊ ဝါ-ချီးမွမ်းအပ်သော မဂ်ဉာဏ်အမြင်ဖြင့် ကိလေသာတို့ကို အောင်နိုင်သော (သန္ဒိဋ္ဌိက) တရား ဖြစ်သောကြောင့်ပေတည်း၊ ဝါ-ပွါးစေလျက် မျက်မှောက်ပြုလျက် မြင်ထိုက်သော (သန္ဒိဋ္ဌိက) တရား ဖြစ်သောကြောင့်ပေတည်း။ (ဤတရားတော်သည်) သန္ဒိဋ္ဌိကမည်ပါပေ၏၊ အဘယ့်ကြောင့် နည်း?ဟူမူ အခါအခွင့် မဆိုင်းလင့်ပဲ အသင့်လက်ငင်းချက်ချင်း အကျိုးပေးတတ်သော (အကာလိက) တရားဖြစ်သောကြောင့်ပေတည်း။ (ဤတရားတော်သည်) အကာလိကမည်ပါပေ၏၊ အဘယ့်ကြောင့် နည်း?ဟူမူလာပါ, ရှုလှည့်ပါ-ဟု ဖိတ်မန်ခြင်း အစီအရင်ကို ထိုက်သော (ဟိပသ္သိက) တရားဖြစ် သောကြောင့်ပေတည်း။ အကြင်တရားသည် ဟိပသ္သိကမည်ပေ၏၊ ထိုဟိပသ္သိက-မည်သော

---

[၁၁] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၁၁။

## ဓေဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်စွယ်

တရားသည်ကား စိတ်ထဲ၌ကပ်၍ ဆောင်ထိုက်ထည့်သွင်းထိုက်သော ဝါ-စိတ်ဖြင့် ဆောင်ထိုက်သိမြင်တွေ့ထိထိုက်သော (သြပနေယျိက)တရား ဖြစ်ပါပေတော့်သတည်း[1]။

၁၃။ **ဓမ္မံ ဟိ ဓေါ ဘိက္ခဝေ အနုဿရတံ**
**ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊**
**ဓေသော ပဟီယိဿတိ။**

**ဟိ**–အောက်မေ့ရခြင်းအကြောင်းကား၊ **ဘိက္ခဝေ**–ရဟန်းတို့၊ **ဓမ္မံ**–တရားတော်ကို၊ **အနုဿရတံ**–အဖန်တလဲလဲ အောက်မေ့ကြကုန်သော၊ **ဓေါ**–သင်တို့အား၊ **ယံ ဘယံ ဝါ**–အကြင် ကြောက်လန့်ခြင်းသည်လည်းကောင်း၊ **ယံ ဆမ္ဘိတတ္တံ ဝါ**–အကြင်ကိုယ်တုန်လှုပ်ခြင်းသည် လည်းကောင်း၊ **ယော လောမဟံသော ဝါ**–အကြင်ကြက်သီးမွေးညှင်းထခြင်းသည် လည်းကောင်း၊ **ဘဝိဿတိ**–ဖြစ်ပေလတ့ံ၊ **ဓေသော**–ထိုကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းကို၊ **ပဟီယိဿတိ**–ပယ်ဖျောက်အပ်ပေလတ့ံ။

ရဟန်းတို့... တရားတော်ကို အဖန်တလဲလဲအောက်မေ့ကြသော သင်တို့အဖို့ ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်း၊ကို ပယ်ဖျောက်မပေးပိမ့်မည်။

၁၄။ **နော ဓေ ဓမ္မံ အနုဿရေယျာထ၊**
**အထ သံဃံ အနုဿရေယျာထ**

၁၅။ **"သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,**
**ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,**
**ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,**
**သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,**
**ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊**
**ဧသ ဘဂဝတော သာဝကသံဃော**
**အာဟုနေယျော, ပါဟုနေယျော,**

---

[1] ဝိသုဒ္ဓိမဂ်-မြန်မာပြန်၊ ၂၊ ၁၈၀-၁၈၁။

ဒကွိဏောယျော, အာဠလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

သုပ္ပဋိပန္နော= သုဝ် ပဋိ ပန်နော [သု+ပတိ→ပဋိ+ပန္နော]
ဥဇုပ္ပဋိပန္နော= ဥဇုဝ် ပဋိ ပန္နော [ဥဇု+ပဋိ+ပန္နော]
ဉာယပ္ပဋိပန္နော= ဉာယဝ် ပဋိ ပန္နော [ဉာယ+ပဋိ+ပန္နော]
သာမီစိပ္ပဋိပန္နော= သာမီစိဝ် ပဋိ ပန္နော [သာမီစိ+ပဋိ+ပန္နော]
စတ္တာရိ= စတ်တာရိ
အဋ္ဌ= အင်္ဋ→အတ်ဌ
ပုရိသပုဂ္ဂလာ= ပုရိသ ပုဂ်ဂလာ→ပုရိသ ပုတ်ဂလာ
ဒက္ခိဏေယျော= ဒက်ခိဏေယျော
အာဠလိကရဏီယော= အင်ဇလိ ကရဏီယော
အနုတ္တရံ= အနုတ်တရံ
ပုညက္ခေတ္တံ= ပုဉ်ညက် ခေတ္တံ→ပုန်ည ခေတ်တံ
လောကဿ= လောကသ်သ→လောကတ်သ

**ဓမ္မံ**–တရားတော်ကို၊ **နော စေ အနုဿရေယျာထ**–အကယ်၍ မအောက်မေ့မိကုန်သည်ဖြစ်အံ့၊ **အထ**–ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်၊ **သံဃံ**–သံဃာတော်ကို၊ **အနုဿရေယျာထ**–အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

**ဘဂဝတော**–ဘုရားသခင်, ရှင်တော်မြတ်ဘုရား၏၊ **သာဝကသံဃော**–ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချိုင်္ဂစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ **သုပ္ပဋိပန္နော**–တရားသဖြင့်, ဆုံးမသင့်ရာ, သာသနာဝယ်, လျော်စွာထုံးပြု, ဆုံးအမကို, လုံးဝလိုက်နာ, ကောင်းမွန်စွာလည်း, ကျင့်တော်မူတတ်ပါပေ၏။

**ဘဂဝတော**–၏၊ **သာဝကသံဃော**–သည်၊ **ဥဇုပ္ပဋိပန္နော**–စဉ်းလဲသမှု, မာယာစုဖြင့်, ဖုဖုထစ်ထစ်, မကောက်ကျစ်ပဲ, စင်စစ်နီဗွာန်, လမ်းဖြောင့်မှန်အောင်, လျော်ကန်ချင့်မျှော်, ကျင့်ကြံတော်မူတတ်ပါပေ၏။

**ဘဂဝတော**–၏၊ **သာဝကသံဃော**–၏၊ **ဉာယပွဋိပန္နော**–ကိုယ်ဝယ်ဝတ်နောင်, ဆံဦးသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားပဲ, ကြီးမားလောင်မီး, ဒုက္ခကြီးကို, အပြီးဇကန်, ငြိမ်းရာမှန်သည့်, နိဗ္ဗာန်အလို့ငှာ, ကျင့်ကြံတော်မူတတ်ပါပေ၏။

**ဘဂဝတော**–၏၊ **သာဝကသံဃော**–သည်၊ **သာမီစိပွဋိပန္နော**–ဂိုဏေသမူ, လူတို့ပြုသည့်, သာမိစိကံ, လျော်ထိုက်တန်အောင်, ကျင့်ကြံတော်မူတတ်ပါပေ၏။

**စတ္တာရိ**–မဂ်ဖိုလ်နှစ်ပါး, အစုံအားဖြင့်, လေးပါးကုန်သော၊ **ယဒိယံ ယာနိ ဏ္ဍမာနိ ပုရိသယုဂါနိ**–အကြင် ယောကျ်ားအစုံတို့သည်၊ **အဋ္ဌ**–အသိးအခြား, ခွဲသောအားဖြင့်, ရှစ်ပါးကုန်သော၊ **ပုရိသပုဂ္ဂလာ**–ပုရိသပုဂ္ဂလ, ခေါ်ကြထိုထို, မြင့်မြတ်သော ပုဂ္ဂိုလ်တို့ပါပေတည်း။

**ဘဂဝတော**–၏၊ **ဧသ ဧသော သာဝကသံဃော**–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာသူတော်ကောင်းသည်၊ **အာဟုနေယျော**–တုန့်ပြန်ကြီးလေး, အကျိုးပေးသဖြင့်, အဝေးမှယူ, ဆောင်၍မူလည်း, ကြည်ဖြူလေးမြတ်, ပူဇော်အပ်သည့်, လာဘ်သပ်ပကာ, အဖြာဖြာကို, ကောင်းစွာသိမ်းပိုက်, ခံယူခြင်းငှာလည်း, ထိုက်တော်မူပါပေ၏။

**ဘဂဝတော**–၏၊ **ဧသ ဧသော သာဝကသံဃော**–သည်၊ **ပါဟုနေယျော**–ဝေးရပ်မျိုးနွယ်, များစည်သည်ဖို့, ရည်ရွယ်မှန်ထား, ပစ္စည်းများကို, ဘုရားတစ်ဆူ, ပွင့်တော်မူမှ, ပေါ်လာကြသည့်, ကမ္ဘာ့ဧည့်ကောင်း, သူတော်ကောင်းမို့, အကြောင်းတိုက်စွာ, ပေးလှူခြင်းငှာလည်း, ထိုက်တော်မူပါပေ၏။

**ဘဂဝတော**–၏၊ **ဧသ ဧသော သာဝကသံဃော**–သည်၊ **ဒက္ခိဏေယျော**–တမလွန်စခန်း, ကြီးပွါးလမ်းဖို့, မျှော်မှန်းရည်ရွယ်, ပေးလှူဖွယ်ကို, ရည်ရွယ်သမျှ, အကျိုးရသဖြင့်, တစ်စမချန်, အလှူခံခြင်းငှာလည်း, ထိုက်တော်မူပါပေ၏။

**ဘဂဝတော**–၏၊ **ဧသ ဧသော သာဝကသံဃော**–သည်၊ **အဉ္ဇလိကရဏီယော**–တစ်လောကလုံး, ကိုင်းညွတ်ရုံးလျက်, ရွှင်ပြုံးကြည်ညို, ဂိုဏေမြတ်နိုး, လက်အုပ်မိုး၍, ဂိုဒိုးခြင်းငှာလည်း, ထိုက်တော်မူပါပေ၏။

**ဘဂဝတော**–၏၊ **ဧသ ဧသော သာဝကသံဃော**–သည်၊ **လောကဿ**–လူ နတ် ဗြဟ္မာ, သတ္တဝါအပေါင်း၏၊ **အနုတ္တရံ**–အတုမရှိ, မြတ်ခေါင်ထိသော၊ **ပုညက္ခေတ္တံ**–ကုသိုလ်ကောင်းမှု, မျိုးစေ့စု၏, ကြီးထုမြင့်မား, စွန့်စွန့်ကားလျက်, ဖွံ့ထွားဖွယ်ရာ, လယ်ယာမြေကောင်းအတူ, ဖြစ်တော်မူပါပေ၏။

**ကုတိ**–ဤသို့၊ **အနုဿရေယျာထ**–အဖန်တလဲလဲ အောက်မေ့ကြပုန်လော့။

## ပရိတ်သင်တန်း မှတ်စွယ်ကျမ်း

တရားတော်၏ဂုဏ်ကို မအောက်မေ့မိသည်ရှိသော် သံဃာတော်ဂုဏ်ကို အောက်မေ့ကြကုန်လော့။

ဘုရားရှင်၏တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင်တော်မူတတ်၏၊ ဖြောင့်မတ်စွာ ကျင့်တော်မူတတ်၏၊ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်၏၊ နတ်လူတို့ အရိုအသေခံထိုက်အောင် ကျင့်တော်မူတတ်၏၊ အစုံအားဖြင့် လေးစုံ, အသီးအသီးအားဖြင့် ရှစ်ပါးသော ဤဘုရားရှင်၏ တပည့်သား သံဃာတော်သည် အဝေးမှဆောင်ယူ အလှူကိုသော်ပင် ခံတော်မူထိုက်၏၊ ဤသည်ကောင်းတို့အတွက် စိမ်အပ်သော ပစ္စည်းဝတ္ထုကိုပင် ခံတော်မူထိုက်၏၊ အလှူကောင်းအလှူမှန်ကို ခံယူထိုက်တန်တော်မူ၏၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံတော်မူထိုက်၏၊ တစ်လောကလုံး၏ အတုမရှိသော ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူ၏၊ ဤသို့ အောက်မေ့ကြကုန်လော့။

**<u>သံဃာနှင့်စပ်သွယ် အထူးသိမှတ်စွယ်</u>။** ။ **သံဃ**–ဟူသော ပါဠိစကားကို မြန်မာလို "သံဃာ"ဟု ခေါ်၏၊ အနက်အဓိပ္ပါယ်မှာ "အပေါင်းအစု အသင်းအဖွဲ့"ဟု ဖြစ်၏။ ထို့ကြောင့် အယူဝါဒ သိက္ခာအားဖြင့် တူကြသော ရဟန်းတော်တို့၏ အပေါင်းအစု အသင်းအဖွဲ့ကို "သံဃာ"ဟု မှတ်ပါ။ သံဃာကို မြောက်အောင် လှူဒါန်းရာ၌ တစ်သင်းလုံး, တစ်သာသနာလုံး ရည်မှန်းရသည်။

## သံဃာ့ဂုဏ်တော် ၉-ပါး

### ၁-သုပ္ပဋိပန္နဂုဏ်တော်နှင့်စပ်လျဉ်း သိမှတ်စရာ

ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချိုင်္ဂဏ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ **သုပ္ပဋိပန္နော**–တရားသဖြင့်, ဆုံးမသင့်ရာ, သာသနာဝယ်, လျော်စွာထုံးပြု, ဆုံးအမကို, လုံးဝလိုက်နာ, ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ပါပေ၏။

## ဇေဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**သုပ္ပဋိပန္နဂုဏ်တော်**သည် "ကောင်းစွာ ကျင့်တော်မူတတ်၏[၅၁၇]" ဟူသော အနက်ကိုပြ၏။ [**သု**–ကောင်းစွာ+**ပဋိပန္န**–ကျင့်သည်။]

**သုပ္ပဋိပန္နော**တိ သုဋ္ဌု ပဋိပန္နော၊ သမ္မာပဋိပဒံ အနိဝတ္တိပဋိပဒံ အနုလောမပဋိပဒံ အပစ္စနီက ပဋိပဒံ ဓမ္မာနုဓမ္မပဋိပဒံ ပဋိပန္နောတိ ဝုတ္တံ ဟောတိ။ (ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၁၂။)

**သုပ္ပဋိပန္န (ကောင်းစွာ ကျင့်သည်)**–ဆိုတာ မှန်ကန်တဲ့အကျင့်, မဆုတ်မနစ်တဲ့အကျင့်, လျော်တဲ့အကျင့်, မဆန့်ကျင်တဲ့အကျင့်, လောကုတ္တရာ (နိဗ္ဗာန်)တရားအား (ဝါ–ဘုရားဟော ဒေသနာ တရားတော်အား) လျော်တဲ့အကျင့်ကို ကျင့်ပေတယ်–လို့ ဆိုလိုတယ်။



---

[၅၁၇] **သုပ္ပဋိပန္နမှန်က ကိလေသာပယ်ရန် ကျင့်နိုင်မှ**– ဤအရာ၌ အခြားဘာသာဝင်တို့ကလည်း သူတို့၏ဘာသာတရားအရ ကျင့်သည်ကို ကောင်းစွာကျင့်သည်ဟူ၍ပင် ဆိုကြပေလိမ့်မည်၊ မငြင်းနိုင်အောင် ဖြေရှင်းရန်လို၏၊ ထို့ကြောင့် အဂိုတ္တရပါဠိ တိကနိပါတ် အာဇိဝက သုတ် (၂၁၈) အရှင် အာနန္ဒာမထေရ်က ဖြေရှင်းပြထားပုံမှာ "အကျိုးမဲ့ကို ဖြစ်စေတတ်သော လောဘ ဒေါသ မောဟတို့ကို ပယ်နိုင်ရန် ကျင့်သူကို သုပ္ပဋိပန္န"ဟု ဆိုရာ၏၊ ထို့ကြောင့် **သုပ္ပဋိပန္နော**–လောဘ ဒေါသ မောဟကင်းကြောင်း ကောင်းစွာ ကျင့်တော်မူပါပေ၏၊ ကောင်းစွာကျင့်သော သံဃာတော်မြတ်ပါပေတကား–ဟူသော ဤအနက်ကိုလည်း အလေးပြု၍ မှတ်သားထားသင့်၏။ (ဝိသုဒ္ဓိမဂ်–မြန်မာပြန်၊ ၂၊ အောက်ခြေ မှတ်ချက်၊ ၁၈၆–၁၈၇။)

**အရိယာဟု, သမ်္မာဂျစ်ဖော်, သံဃာတော်အပေါင်း**––ဆိုတဲ့စာပိုဒ်များတွင် "မဂ်ဖိုလ်၌ တည်သော (မဂ်ဖိုလ်ရပြီးသော) ပုဂ္ဂိုလ်ကို 'အရိယာ'လို့ ခေါ်တယ်။ [**အရိယ → အရိယာ**–ဖြူစင်သူ, မြတ်သူ။]

| **မဂ္ဂဋ္ဌ (မဂ်၌တည်သူ) ၄–မျိုး** | | **ဖလဋ္ဌ (ဖိုလ်၌တည်သူ) ၄–မျိုး** | |
|---|---|---|---|
| ၁။ | သောတာပတ္တိမဂ်ရ ပုဂ္ဂိုလ် (သောတာပန်)ပုဂ္ဂိုလ် | ၁။ | သောတာပတ္တိဖိုလ်ရ |
| ၂။ | သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ် | ၂။ | သကဒါဂါမိဖိုလ်ရ (သကဒါဂါမ်) ပုဂ္ဂိုလ် |
| ၃။ | အနာဂါမိမဂ်ရ ပုဂ္ဂိုလ် | ၃။ | အနာဂါမိဖိုလ်ရ (အနာဂါမ်) ပုဂ္ဂိုလ် |
| ၄။ | အရဟတ္တမဂ်ရ ပုဂ္ဂိုလ် | ၄။ | အရဟတ္တဖိုလ်ရ (ရဟန္တာ) ပုဂ္ဂိုလ် |

ရှေးတုံးက အရိယာ သံဃာတော်တွေဟာ ထောင်သောင်းမက များပြားလှသော်လည်း အမျိုးအစားအားဖြင့် ဒီရှစ်မျိုးမှာ အားလုံးပါဝင်ကြတယ်၊ ဒါ့ကြောင့် 'အရိယာပုဂ္ဂိုလ် ရှစ်ယောက်'လို့ ပြောစမှတ် ပြုကြသော်လည်း စင်စစ်မှာတော့ ရှစ်ယောက်မဟုတ်, ရှစ်မျိုးသာ ဖြစ်တယ်"။

ဘဂဝတော သြဝါဒါနုသာသနီ သက္ကစ္စံ သုဏန္တိတိ သာဝကာ။ သာဝကာနံ သံဃော **သာဝကသံဃော**၊ သိလဒိဋ္ဌသာမညတာယ သံဃာတဘာဝမာပန္နော သာဝကသမူဟောတိ အတ္ထော။ (ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၁၂။)

**<u>သာဝကဟူ နာခံတတ်သူ</u>**။ ။ ဘုရားရှင်ရဲ့ သြဝါဒအဆုံးအမကို ရိုသေစွာ နာခံတတ်တဲ့ပုဂ္ဂိုလ်တွေကို **"သာဝက တပည့်သား"** လို့ ခေါ်တယ်၊ တပည့်သား သာဝကတို့ရဲ့အပေါင်းကိုတော့ **"သာဝက သံဃာ"** လို့ ခေါ်ရတယ်၊ သိလချင်း ဉာဏ်အမြင်ချင်း တူညီကြသည့်အနေဖြင့် ပေါင်းအပ်သည်၏ အဖြစ်သို့ရောက်တဲ့ တပည့်အပေါင်း[၁၁] –လို့ ဆိုလိုတယ်။

ဤအရိယာသံဃာထဲတွင် မဂ်၌တည်ဆဲပုဂ္ဂိုလ်တို့သည် မှန်ကန်တဲ့အကျင့်နှင့် ပြည့်စုံသောကြောင့် သုပ္ပဋိပန္နော–ကောင်းစွာကျင့်ဆဲ–မည်ကြတယ်၊ ဖိုလ်၌တည်တဲ့ပုဂ္ဂိုလ်တို့သည် မှန်ကန်တဲ့အကျင့်ဖြင့် သိအပ် ရအပ်တဲ့ တရားထူးကို သိပြီးရပြီးဖြစ်သောကြောင့် လွန်ခဲ့ပြီးတဲ့အကျင့်ကို ရည်၍ သုပ္ပဋိပန္နော–ကောင်းစွာ ကျင့်ပြီးမည်ကြတယ်။

---

[၁၁] အရိယာတို့သည် များစွာများပြားကြယ်ကြ၍ သိလစင်ကြယ်ကြ၍ သိလချင်းတူညီကြ၏၊ မဂ် ဖိုလ် ပစ္စဝေက္ခဏာဉာဏ်ဟူသော သမ္မာဒိဋ္ဌိဉာဏ်အမြင်ချင်း တူညီကြ၏၊ ဤသို့ တူညီကြသဖြင့် တစ်မျိုးတည်းအဖြစ်ဖြင့် ပေါင်းစု၍ ခေါ်အပ်သော တပည့်အပေါင်း–ဟု ဆိုလို၏။

## ဇေဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

တစ်နည်းကား–ကောင်းစွာ ဟောအပ်တဲ့တရား ဝိနည်းသာသနာတော်၌ ဆုံးမညွှန်ကြား သည့်အတိုင်း ကျင့်သောကြောင့်လည်း သုပ္ပဋိပန္ဒ (ကောင်းစွာကျင့်သည်) မည်တယ်၊ မချွတ်မယွင်း ဧကန် ကိန်းသေဖြစ်တဲ့အကျင့်ကို ကျင့်သောကြောင့်လည်း သုပ္ပဋိပန္ဒ (ကောင်းသောအကျင့်ကို ကျင့် သည်) မည်တယ်[၅၃၉]။

**တရားသဖြင့် ဆုံးမသင့်ရာ–** စာပိုဒ်ကတော့ "ဘုရားရှင်ရဲ့တပည့်အစစ်ဖြစ်ကြတဲ့ အရိယာသံဃာတွေ ဟာ တရားသဖြင့်ဆုံးမရာ သာသနာတော်နှင့် သင့်လျော်အောင် ထုံးဟောင်းသက်သေပြလျက် ဆုံးမ အပ်သော အဆုံးအမတော်ကို လုံးဝဥဿုံ အကုန်အစင် လိုက်နာကာ ကောင်းမွန်စွာ ကျင့်ကြံတော် မူကြပါတယ်၊ သေးငယ်တဲ့အပြစ်ကိုပင် ကြီးမားတဲ့အပြစ်–လို့ ယူဆလျက် ရှောင်ကြဉ်တော်မူကြတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမကိုလိုက်နာတဲ့ အရိယာပုဂ္ဂိုလ်များလည်း ဘုရားလက်ထက်တော်မှစ၍ များစွာ ရှိခဲ့ဖူးပါတယ်။

## အရှင်သာရိပုတ္တရာထေရ်ဝတ္ထု

ယခုခေတ်မှာ ဘုရားပွဲစသည်ကျင်းပတဲ့အခါ အလှူမဏ္ဍပ်ဆောက်လုပ်၍ နေ့ရက်များစွာ စတု ဒိသာကျွေးသလို ရှေးခေတ်ကလည်း လူအများစုပေါင်းလျက် ဧည့်သည်များအား ကျွေးမွေးလေ့ရှိခဲ့ကြ ပါတယ်၊ အချို့ရဟန်းတွေဟာ[၅၂၀] နေ့စဉ်သွားကာ ထိုအရပ်မှာ စားသောက်ကြတဲ့အတွက် လူတွေက ကဲ့ရဲ့သောကြောင့် "ယနေ့ကစ၍ တစ်ရက်တည်းသာ စားရမည်"လို့ ဘုရားရှင် ပညတ်တော်မူလိုက် တယ်၊ အရှင်သာရိပုတ္တရာထေရ်မှာ ဒေသစာရိလှည့်လည်ရင်း ထိုစတုဒိသာရုံ၌ မကျန်းမမာဖြစ်နေပေ မဲ့ တစ်ရက်စာ ဆွမ်းဘုဉ်းပေးပြီးလျှင် နောက်ရက်၌ လူတွေက ကပ်လှူကြပါသော်လည်း "ဘုရားရှင် တားမြစ်တော်မူသည်"ဆိုကာ ဘုဉ်းပေးတော်မမူပဲ ရှောင်လွှဲတော်မူလျက် ဆွမ်းအပြတ်ခံခဲ့တော်မူ ခဲ့ရှာတယ်၊ ဒိနောက် ဘုရားရှင်သိတော်မူ၍ မကျန်းမမာရင် နေ့စဉ်စားနိုင်ကြောင်း ထပ်လောင်း ခွင့်ပြု တော်မူရပါတယ်။ (ပါစိတ်ပါဋိ၊ ဘောဇနဝဂ်၊ အာဝသထပိဏ္ဍသိက္ခာပုဒ် (ဝိ၊ ၂၊ ၉၆။)

---

[၅၃၉] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၁၂။ ဝိသုဒ္ဓိမဂ်–မြန်မာပြန်၊ ၂၊ ၁၈၈။

[၅၂၀] ဆဗ္ဗဂ္ဂိရဟန်းများ။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ဤသို့လျှင် ဘုရားရှင်ရဲ့ တပည့်ကောင်းများသည် အဆုံးအမတော်ကို လုံးဝလိုက်နာ ကျင့်ကြံတော်မူကြတယ်၊ နောက်နောက် ဆရာအစဉ်အဆက်များလည်း **"ကိစ္စတစ်ခု ကြုံတွေ့လာလျှင် အသက်ကိုသာ အသေခံပါ၊ သီလသိက္ခာကိုတော့ မပျက်ပါစေနှင့်"**လို့ ဆုံးမတော်မူကြရုံမက ထို အတိုင်းလည်း လိုက်နာခဲ့ကြပါတယ်။

ဒီစကားအရ ပြဆိုမည့် ဂုဏ်များနှင့်ပြည့်စုံတဲ့ သံဃာဆိုတာ မဂ် ဖိုလ်ရပြီးသော သံဃာတော်များသာ ဖြစ်တယ်၊ မဂ် ဖိုလ် မရသေးသော်လည်း မဂ် ဖိုလ် ရအောင် ပါရမီကို ဖြည့်ကျင့်နေကြတဲ့ သူတော်စင် ရဟန်းတော်များလည်း သောတာပန်အောက်တန်း၌ ပါဝင်နိုင်ကြသေးတယ်။ ဘုရားရှင်ရဲ့ အဆုံးအမတော်ကို ကောင်းမွန်စွာမလိုက်နာပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင်ကြတဲ့ ရဟန်းအပေါင်းမှာကား ယခုပြဆိုမည့် သံဃာ့ဂုဏ်တော်များနှင့် လားလားမျှမဆိုင်ပါ၊ ဒါ့ကြောင့် သံဃာ့ဂုဏ်တော်ကို အာရုံပြုတဲ့အခါ ရှေးရှေးက အဟုတ်အမှန် ကျင့်ကြံတော်မူကြတဲ့ အရိယာသံဃာတော်များနှင့် ယခုကာလကောင်းမွန်စွာ နေထိုင်တော်မူကြတဲ့ ပုထုဇဉ်သံဃာတော်များရဲ့ ဂုဏ်တော်ကိုသာ မှန်းဆ၍ အာရုံပြုပါ–တဲ့[၁၂]။

## ၂–ဥဇုပွဋိပန္နဂုဏ်တော်နှင့်စပ်လာ သီမှတ်စရာ

ဘဂဝတော–ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော–ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချိုင်္ဂဗစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ **ဥဇုပွဋိပန္နော**–စဉ်းလဲသမှု, မာယာစုဖြင့်, ဖုဖုထစ်ထစ်, မကောက်ကျစ်ပဲ, စင်စစ်နီဗ္ဗာန်, လမ်းဖြောင့်မှန် အောင်, လျော်ကန်ချင့်မျှော်, ကျင့်ကြံတော်မူတတ်ပါပေ၏။

**ဥဇုပွဋိပန္နဂုဏ်တော်**သည် "[**ဥဇု**–ဖြောင့်မှန်စွာ+ **ပဋိပန္နော**–ကျင့်သည်] ဖြောင့်မှန်စွာ ကျင့်တော်မူ၏" ဟူသော အနက်ကို ပြ၏။

"သုပွဋိပန္နော"ဂုဏ်တော်အရ ကောင်းမွန်စွာကျင့်ကြံတော်မူကြတဲ့ အရိယာပုဂ္ဂိုလ်များမှာ လမ်းလွဲလမ်းမှားလိုက်ခြင်း, စဉ်းလဲကောက်ကျစ် လှည့်ဖြားခြင်းများ ဘယ်မှာရှိတော့ပါမလဲ? မှန်၏၊ **"ဥဇုပွဋိပန္နော"**အနက်မှာ လမ်းကောက်လမ်းမှားမလိုက် လမ်းဖြောင့်အတိုင်းကျင့်သူ, လှည့်ပတ်ခြင်း စဉ်းလဲကောက်ကျစ်ခြင်းမရှိ ဂိုးသားဖြောင့်မတ်စွာ ကျင့်သူ–လို့ နှစ်မျိုးရတယ်၊ ဒုက္ခငြိမ်းရန် ရည်သန်

---

[၁၂] ရတနာ့ဂုဏ်ရည်၊ ၁၃၀–၁၃၁။

ကျင့်ကြတဲ့ အကျင့်များတွင် ကာမဂုဏ်ချမ်းသာ ခံစားခြင်းအကျင့်, မိမိကိုယ်ကို ပင်ပန်းအောင် ကျင့်တဲ့ အကျင့်-လို့ နှစ်မျိုးရှိတယ်၊ ပဌမအကျင့်ကို လျော့လွန်းတဲ့အကျင့်, ဒုတိယအကျင့်ကို တင်းလွန်းတဲ့ အကျင့်-လို့ ဆိုရတယ်၊ ဒီ လျော့လွန်းတဲ့အကျင့်ရော တင်းလွန်းတဲ့အကျင့်ရော တစ်ဖက်စွန်းရောက်နေတဲ့ အကျင့်များသာဖြစ်သောကြောင့် အလိုရှိတဲ့ ဒုက္ခငြိမ်းရေးကို မမျှနိုင်ပဲ ဒုက္ခဖြစ်ကြောင်းသာ ဖြစ်ကြတယ်၊ ဒါ့ကြောင့် အဲဒီလမ်းများမှာ ဒုက္ခငြိမ်းရေးအတွက် ဖြောင့်မှန်ပဲ့ လမ်းများမဟုတ်, လမ်းကောက် လမ်းလွဲ လမ်းမှားများသာ ဖြစ်ကြတော့တယ်[၁၂၂]။

**ဥဇုပွဋိပန္နော-ဆိုတာ မဇ္ဈိမပဋိပဒါကျင့်သူသာ။** ။ မဂ္ဂင်ရှစ်ပါး တရားလမ်းကား မလျော့မတင်း အလယ်အလတ်ကျတဲ့ မဇ္ဈိမပဋိပဒါဖြစ်ရာ နိဗ္ဗာန်သို့ရောက်ရန် ဒီလမ်းမှတပါး တခြားလမ်းမရှိပါ၊ တစ်ကြောင်းတည်းသောလမ်းဖြစ်တယ်၊ ဘုရားအဆူဆူ, ပစ္စေကဗုဒ္ဓါ အရိယာမှန်သမျှတို့သည် ဒီလမ်းဖြင့်သာ သံသရာတစ်ဖက်ကမ်းရောက် ထွက်မြောက်တော်မူကြတယ်၊ ဒီအချက်ကပင် တကယ့်ငြိမ်းချမ်းရေး, သန့်ရှင်းစင်ကြယ်ရေးကို ဒီမဂ္ဂင်လမ်းမှလွဲ၍ တခြား ရောက်နိုင်တဲ့လမ်းမရှိ-လို့ သိရတယ်။ အရိယာသံဃာတော်များကား ဆိုခဲ့တဲ့ လမ်းကောက် လမ်းမှားများသို့ မလိုက်ကြပဲ ဒီမဇ္ဈိမပဋိပဒါဖြင့် ဖြောင့်မတ်စွာ လိုက်နာကြ ကျင့်ကြံကြတဲ့အတွက် တရားထူး တရားမှန်ရကာ သန့်ရှင်းစင်ကြယ်သူ **'အရိယာ'**အမည်ထူးဖြင့် ထင်ရှားလျက် နတ်လူဗြဟ္မာတို့ရဲ့ မြတ်နိုး ကြည်ညိုမှု ခံရကြသည်မှာ အကြောင်းကောင်းလို့ အကျိုးကောင်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

ဒုတိယအနက်မှာ အကောက်အကွေ့မရှိ ဂိုးသားဖြောင့်မတ်စွာ ကျင့်သည်-ဟူသောအနက် ဖြစ်၏။

**အကောက်ခွေ-ပါး**[၁၂၃]။ ။ (၁) နွားကျင်ငယ်ရေးကောက်၊ ရဟန်းကစ်ပါးဟာ အရွယ်သုံးပါးလုံး၌ သိလမစင်ကြယ်လျှင် နွားကျင်ငယ်ရေးကောက်မျိုးဖြစ်၏။

(၂) လ-ရေးကောက်၊ ဒုတိယ တတိယအရွယ် နှစ်ပါး၌ သီလမစင်ကြယ်လျှင် လ-ရေးကောက်မျိုး ဖြစ်၏။

---

၁၂၂ သာသ သမ္မာပဋိပဒါ ဥဇု အဝင်္ကတာ အကုဋိလာ အစိမ္မာ **ဥဇုပွဋိပန္နော**တိပိ ဝုစ္စတေ။ မဇ္ဈိ။ [illegible] **ဥဇုပွဋိပန္နော** [illegible]
ကာယဝင်္ကမနောဝင်္ကကုဋိလဓိမှဒေါသပွဟာနာယ ပဋိပန္နတ္တာ စ ဥဇုပွဋိပန္နတ္တာ [illegible] **ဥဇုပွဋိပန္နော** [illegible]

၁၂၃ အင်္ဂသာလိနီ (အဘိ၊ ဋ၊ ၁၊ ၁၉၅)။

(၃) ထွန်ရေးကောက် (ထယ်ကိုင်းကောက်)၊ တတိယအရွယ်ကျမှ သီလမစင်ကြယ်လျှင် ထွန်ရေးကောက် ဖြစ်၏။

နွားကျင်ယဲရေးကောက်, လ–ရေးကောက်, ထွန်ရေးကောက်လို မကောက်–လို့ ဆိုလိုတယ်။

**မာယာနှင့် သာဒွေယျ။** ။ မိမိမှာ အပြစ်ရှိပါလျက် အပြစ်မရှိသူထင်အောင် ဖုံးကွယ်မှုကို **"မာယာ (လှည့်ပတ်ခြင်း)"**ခေါ်တယ်၊ ဥပမာ– ယောကျ်ားမသိအောင် အပြစ်ကျူးလွန်မိတဲ့ မိန်းမဟာ ထိုအပြစ်ကို မာယာဖြင့် လှည့်ပတ်သလိုတည်း။ မိမိမှာ မရှိတဲ့ဂုဏ်ကို (မိမိမှာ ဥစ္စာဂုဏ်, သီလဂုဏ်မရှိပဲ) ဖော်ပြမှု (ရှိဟန်ဆောင်မှု)ကို **"သာဒွေယျ–စဉ်းလဲခြင်း"**ခေါ်တယ်၊ မိမိကိုယ်ကို သူတပါး အထင်ကြီးအောင်, ပစ္စည်းလာဘ်လာဘ ဒကာ ဒကာမ ပေါများအောင်, သီလမရှိပဲ သီလရှိယောင်ဆောင်မှု စာမတတ်ပဲ စာတတ်ဟန်ဆောင်မှု စတဲ့ လှည့်စားမှု အမျိုးမျိုးပင်ဖြစ်တယ်။ ပစ္စည်းကို မက်မောတွယ်တာသူ, တရားကိုမလေးစား မလိုလားသူများမှာ ထိုကဲ့သို့ လှည့်ပတ် လှည့်စားမှုမျိုးရှိတတ်ပေမဲ့ တရားကိုသာ လိုလားတဲ့ အရိယာသံဃာတော်များမှာကား သူတပါးတို့ အထင်ကြီးအောင် ပစ္စည်းလာဘ်နှင့် ဒကာ ဒကာမ ပေါများအောင် ဟန်ဆောင်မှု ပရိယာယ်မာယာတို့ဖြင့် စဉ်းလဲကောက်ကျစ်ခြင်းမရှိပဲ နိဗ္ဗာန်လမ်းနှင့်ဖြောင့်တန်းအောင် ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူကြပါတယ်၊ အရိယာဖြစ်ကြောင်းတရားကိုသာ လွန်စွာမရအရ ကြိုးစားနေကြတဲ့ ထိုအရှင်မြတ်များမှာ စိတ်ဓာတ်သန့်ရှင်းလျက်ရှိရာ ဘယ်မှာအယောင်ဆောင် လှည့်စားမှု, စဉ်းလဲမှု ရှိတော့ပါ့မလဲ? အရိယာဖြစ်သော အခါကား ထိုစဉ်းလဲမှုမျိုး လုံးဝပေါ်မလာအောင် ကင်းရှင်းလျက် လွန်စွာရိုးသားဖြောင့်မတ်သူ ဖြစ်တော့၏၊ အဲဒီလို ဖြောင့်မတ်စွာကျင့်တော်မူသော အရှင်မြတ်များမှာ လွန်စွာပေါများခဲ့ပါတယ်၊ သို့သော် ယခုကာလမှာ မရိုးမသား ကျင့်သူများနှင့် ဝမ်းရေးအတွက် သာသနာတော်ကို ဖျက်သူတွေ အတော်ပေါများနေသဖြင့် သတိထား စဉ်းစားတတ်ကြဖို့ရာ ကျမ်းဂန်လာ လှည့်ပတ်ပုံကို ပြပါအံ့။

**အိုးစရည်းကြီး ရဟန္တာ။** ။ ဘုန်းကြီးတစ်ပါးဟာ မိမိအပေါ်၌ လူအများ အထင်ကြီးစေလိုတဲ့အတွက် သူ့နေရာ ကျောင်းအခန်းအတွင်းမှာ လူမမြင်အောင် အိုးစရည်းကြီး (အိုးကြီး)ကို မြှုပ်ထားတယ်၊ အပြင်က ဒကာ ဒကာမများလာသံကြားလျှင် ထိုအိုးကြီးအတွင်း၌ ဝင်နေတယ်၊ လူများက "ဘုန်းကြီး ဘယ်မှာလဲ?"လို့ မေးလျှင် တပည့်များက "ကျောင်းတွင်းမှာ" လို့ ပြော၍ အခန်းတွင်းကို ဝင်ကြည့်တဲ့အခါ မတွေ့လို့ "မရှိဘူး၊ ဘယ်ကွဲသလဲ?"လို့ မေးပြန်လျှင် "ယခုတင်ကပဲ အခန်းထဲမှာ ရှိပါသေးတယ်"လို့ ပြောသဖြင့် ထပ်မံ၍ ကြည့်ကြပြန်တဲ့အခါ အိုးစရည်းကြီးထဲမှ ထွက်နှင့်ပြီး ညောင်

စောင်း (ကုလားထိုင်) ပေါ်မှာ ထိုင်လျက် နေသည်ကို တွေ့ကြရ၍ "ဘယ်ကြွနေပါသလဲဘုရား?" လို့ လျှောက်ထားလျှင် "ရဟန်းဆိုတာ ဒီလိုပဲ အလိုရှိရာ ကြွနိုင်ကြတယ်" လို့ စျာန်အဘိညာဉ်ရသည့် လေသံဖြင့် ပြောပြတော့ အားလုံးကပင် "ရဟန္တာ" လို့ အထင်ကြီးသွားကြတယ်[၁၄]။

**သစ်မြစ်ပျဉ်းရဟန္တာ။** ။ ရဟန်းတစ်ပါးဟာ တောင်ခါးပြန်ရှိ သစ်ရွက်မိုးကျောင်း၌ နေပါတယ်၊ ကျောင်းရဲ့နောက်ဖက် ကမ်းပါးပြတ်မှာ ထောက်ကြုံပင်တစ်ပင်ရှိပါတယ်၊ အဲဒီထောက်ကြုံပင်ရဲ့ မြစ်ပျဉ်းက [ကိုင်းမှအောက်သို့သက်ဆင်းလျက် မြေထိအောင် ထောက်နေတဲ့ သစ်မြစ်က] တစ်ဖက်ကမ်းမြေ၌ ထောက်နေပါတယ်၊ လူတွေက လမ်းရိုးမှလာကာ သူကိုပင့်ဖိတ်ကြပါတယ်၊ ထိုရဟန်းက ဃပိတ် သက််နှံးကိုယူပြီး နောက်ဖက် သစ်မြစ်ပျဉ်းကနေ ဆင်းလျက် (သွားကာ) ရွာတံခါးပေါက်နားမှာ မိမိ (ရောက်နေကြောင်း)ကို ပြပါတယ်၊ လမ်းရိုးမှ ဘုန်းကြီးပင့်ပြန်လာသူတွေက နောက်မှ ရောက်လာကြတာမို့ "အရှင်ဘုရား... ဘယ်လမ်းက ကြွလာတာသလဲ?" မေးတဲ့အခါ "ရဟန်းတို့ရဲ့လာတဲ့လမ်းကို မမေးကောင်းဘူး၊ ရဟန်းဆိုတာ မိမိအလိုရှိတဲ့အရပ်ဖြင့်သာ လာနိုင်ကြတယ်" လို့ ပြောဆိုတော့ လူတွေက "ရဟန္တာ" လို့ အထင်ကြီးသွားကြတာပေါ့။

အဲဒီရဟန်းရဲ့ပြုမူပုံကို အကြားအမြင်များတဲ့ဒကာတစ်ဦးက ဒေမှန်ကိုသိ၍ ဖမ်းယူမယ်-ဟု ကြံကာ တနေ့မှာ သစ်မြစ်ပျဉ်းဖြင့် ဆင်းလာနေသော ထိုရဟန်းကို တွေ့ရသည့်အတွက် နောက်မှ ဖြတ်လျက် တဲတဲကလေးထားခဲ့တယ်၊ ထိုရဟန်းဟာ (ခါတိုင်းလိုထင်ပြီး) သစ်မြစ်ပျဉ်းမှ ဆင်းမယ်-လို့ ကြံကာ ဆင်းလိုက်လျှင် (သစ်မြစ်ပျဉ်း ပြတ်လျက်) ထိုင်းကနဲ မြေပေါ်သို့ ကျလေ၏၊ မြေသပိတ်လဲကွဲသွားပါတယ်၊ "ငါ့ကို လူတွေ သိကုန်ပြီ" လို့ စဉ်းစားမိကာ ထွက်ပြေးပါတော့တယ်[၁၅]။

ပါပိစ္ဆတာ-ခေါ်တဲ့ ယုတ်မာတဲ့အလိုဆိုး-ဆိုတာ မိမိမှာ ထင်ရှားမရှိတဲ့ဂုဏ်ဖြင့် ချီးမွမ်းခံလိုသူရဲ့သဘော, ပစ္စည်းကိုခံယူရာမှာလဲ အတိုင်းအတာကို မသိသူရဲ့သဘော ဖြစ်တယ်။ [ပါပိစ္ဆသဒ္ဒ ဘာဝေါ **ပါပိစ္ဆတာ။** လက္ခဏတော ပန အသန္တဂုဏသမ္ဘာဝနတာ ပဋိဂ္ဂဟဏေ စ အမတ္တညုတာ၊ တေ ပါပိစ္ဆတာလက္ခဏန္တိ ဝေဒိတဗ္ဗံ။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၅၁)]

---

၁၄ သမ္မောဟဝိနောဒနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၅၀)။

၁၅ သမ္မောဟဝိနောဒနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၅၀)။

**တောင်မြို့ဆရာတော်ဘုရားကြီး၏တိုက်တွန်းချက်မှာ (ရတနာ့ဂုဏ်ရည်၊ ၁၃၃)**---"အို...လူ အပေါင်းတို့, ဘုန်းကြီးဖြစ်စေ, လူဖြစ်စေ, မဖြူစင် မဖြောင့်မတ်ခြင်းကား ဆိုးဝါးလှ၏၊ မရိုးသား မဖြောင့်မတ်သူကို ဘယ်အခါ ယုံကြည်ထိုက်တော့မည်နည်း? သို့ဖြစ်၍ မိမိတို့ ကိုးကွယ်အပ်သော ဘုန်းတော်ကြီးများကို စာမတတ်သော်လည်း အကျင့်သိက္ခာလုံလောက်၍ ရိုးဖြောင့်လျှင် ကိုးကွယ်သင့်လှပေပြီ၊ စာမတတ်ဘဲနှင့် တတ်ဟန်ဆောင်သောပုဂ္ဂိုလ်, အကျင့်မကောင်းဘဲနှင့် ကောင်းဟန်ဆောင်နေသော ပုဂ္ဂိုလ်များကိုကား လုံးလုံး မကိုးကွယ်ထိုက်ပါ။

**ကြောင်သူတော်သတိထား** ။ ။ ယခုအခါ၌ကား **'ကြောင်သူတော်'** ကဲ့သို့ အတော်အတန် ပညာရှိပါလျက် အတွင်းစိတ် မဖြောင့်မတ်သူတွေ များလှချေ၏၊ ထိုသို့ ပညာရှိ၍ မရိုးသားသူတို့ကား သာမန် မရိုးသားသူများထက်ပင် ကြောက်မက်ဖွယ် ကောင်းပါသေးသည်၊ သို့ဖြစ်၍ အတွင်းအပြင် မသိရပဲ 'ဆေးဝါးစွမ်းသလို, စာတတ်သလို, ထွက်ရပ်ပေါက်သလို' ညာနေသူများကို ယုံကြည်လွယ်သော မိန်းမသားတွေသာမက ပညာနည်းပါး၍ မစဉ်းစားတတ်သော ယောကျ်ားအများပင် သတိထားထိုက်လှပေသည်။

မိမိကိုယ်တိုင်လည်း ရိုးဖြောင့်ဖို့ အရေးကြီးလှ၏၊ ပစ္စည်းမရှိဘဲ ရှိဟန်ဆောင်မှု, သိလမရှိဘဲ ရှိဟန်ဆောင်မှု, နားမလည်ဘဲ နားလည်ဟန်ဆောင်မှုတို့မှာ မရိုးသားသော သဘောချည်းသာ ဖြစ်သည်၊ သို့ဖြစ်၍ အရိယာ သံဃာတော်များ၏ **'ဥဇုပွဋိပန္နော'** ဂုဏ်တော်ကို အာရုံပြုကြပြီးလျှင် မိမိတို့ကိုယ်တိုင်ကလည်း ရိုးသားသူ ဖြောင့်မတ်သူဖြစ်အောင်, မိမိနှင့် အဆက်အသွယ် ရှိသူတို့ကိုလည်း ရိုးသားသူများ ဖြစ်အောင် ညွှန်ပြကြပါ၊ မရိုးသားသူမှန်လျှင် ရဟန်း ရှင် လူ မည်သူမဆို စွမ်းနိုင်သမျှ ရှောင်ကြပါကုန်၊ မတတ်သာ၍ ဆက်ဆံရလျှင်လည်း ကိုယ်ပေါင်း စိတ်ခွါ ဆက်ဆံကြပါကုန်"။

## ၃-ဥာဃပွဋိပန္နဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချိုင်္ဂရုစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ **ဉာယပွဋိပန္နော**-ကိုယ်ဝယ်ဝတ်နှောင်, ဆံဥသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားပဲ, ကြီးမားလောင်မီး, ဒုက္ခကြီးတို့, အပြီးကောန်, ငြိမ်းရာမှန်သည့်, နိဗ္ဗာန်အလို့ငှာ, ကျင့်တော်မူတတ်ပါပေ၏။

**ဉာယပွဋိပန္ဒဂုဏ်တော်**သည် "[**ဉာယ**–နိဗ္ဗာန် (အလို့ငှာ)+**ပဋိပန္ဒ**–ကျင့်သည်] နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူ၏" ဟူသော အနက်ကို ပြသည်။

သိအပ် သိထိုက်သောကြောင့် နိဗ္ဗာန်ကို "**ဉာယ**"လို့ ဆို၏၊ ဉာယမည်တဲ့ နိဗ္ဗာန်အလို့ငှာ ကျင့်သောကြောင့် "**ဉာယပွဋိပန္ဒ** (နိဗ္ဗာန်အလို့ငှာသာ ကျင့်သည်) မည်၏[၅၂၆]။

အရိယာ သံဃာတော်များသည် အလွန်ကြီးမား များပြားလှတဲ့ သံသရာဝဋ်ဒုက္ခမီးတွေကို မြင်ကြပြီးဖြစ်လို့ မိမိကိုယ်မှာ ဝတ်ထားတဲ့အဝတ်, ဥသျှောင် (ဆံထုံး)ကို မီးလောင်စေကာမူ မငြိမ်းအားပဲ သံသရာဝဋ်ဒုက္ခမီး၏ အပြီးချုပ်ငြိမ်းရာ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူကြပါတယ်၊ ဒါ့ကြောင့် အရိယာဖြစ်ပြီးတဲ့အခါ သံသရာထဲမှာ ကြာရှည်စွာ မကျင်လည်ရတော့ပဲ ကာမဘုံဝယ် အကြာဆုံး ခုနစ်ဘဝသာနေပြီးရင် ပရိနိဗ္ဗာန်စံဝင်ကြရပါတယ်။

ရဟန်းတော်တစ်ပါးဟာ သစ်ပင်ချိုင်ရာတွင် ရုက္ခစိုးနတ်သမီးရဲ့ ကလေးငယ့်လက်မောင်းကို ခုတ်ဖြတ်မိတဲ့အတွက် နတ်သမီးက ဘုရားရှင်ထံ လျှောက်ထားသဖြင့် "သာသနာ့ဝန်ထမ်း ရဟန်းမှန်လျှင် သစ်ပင်မခုတ်ရ၊ ခုတ်လျှင် ပါစိတ်အာပတ်သင့်စေ"လို့ ပညတ်တော်မူပါတယ်[၅၂၇]။

## တောမီးလောင်သော်လည်း နွယ်ကြိုးမဖြတ် ကျင့်ကြံလတ် ဆုံးမှတ် ရဟန္တာ

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ရဟန်းတော်တစ်ပါးကို ခိုးသူတွေက နွယ်ပင်ကလေးဖြင့် တုပ်နှောင်၍ တောထဲမှာထားခဲ့စဉ် တောမီးလောင်လာရာ နွယ်ပင်ကို ဖြတ်မည်ဆိုရင် ဖြတ်နိုင်လောက်သော်လည်း နွယ်ပင်ကိုဖြတ်ရင် ပါစိတ်အာပတ်သင့်မည်၊ အာပတ်သင့်ရင် တရားရတော့မည်မဟုတ်၊ ဒါ့ကြောင့် ပညတ်တော်ကို စောင့်စည်းလျက် တရားကိုသာ နှလုံးသွင်းကာ ရဟန္တာဖြစ်ပြီးမှ တောမီးလောင်၍ ပရိနိဗ္ဗာန် စံဝင်တော်မူပါတယ်။

ဤသို့လျှင် တစ်ကိုယ်လုံး မီးလောင်သည်ကို လျစ်လျူရှု၍ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူပုံကို ကြည်ညိုလျက် "အသက်တရာ မနေရသော်လည်း အမှုတရာတွေ့နိုင်သည်"ဟု ဆိုသည့်အတိုင်း မလွှဲသာသဖြင့် ဒုက္ခကြုံလာခဲ့သော် "သက်သာရာမှရစေတော့"ဟုကြံ၍ ပကောင်းမှုကို မပြုမိစေပဲ "နိဗ္ဗာန်၌ ဤဒုက္ခမျိုး၏တည်ရာ ရုပ်နာမ် ခန္ဓာကိုယ်မရှိ၍ ဤခန္ဓာကိုယ်ရှိနေလို့သာ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေ ရှိရသည်၊ ထိုသို့ ရှိသောကြောင့် သားဒုက္ခ သမီးဒုက္ခ ဆွေမျိုးဒုက္ခကို တွေ့ရသည်၊

---

[၅၂၆] ဉာယော ဝုစ္စတိ နိဗ္ဗာန်၊ တဒတ္ထာယ ပဋိပန္ဒတ္တာ **ဉာယပွဋိပန္ဒော**။ (ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၂၁၃။)

[၅၂၇] ပါစိတ္တိယပါဋိတော်၊ ပါစိတ္တိယကဏ္ဍ၊ ဘူတဂါမသိက္ခာပုဒ် (ဝိ၊ ၂၊ ၅၁-၅၂။)

အိုမှ နာမှ သေမှ ချစ်သူနှင့် ကွေကွင်းမှ မချစ်နှစ်သက်သူနှင့်ပေါင်းသင်းရမှု စသောဒုက္ခတွေကို တွေ့ရသည်၊ ထိုရုပ်နာမ်မရှိသော နိဗ္ဗာန်သည် ဇကန်အေးမြလိမ့်မည်"ဟု တွေးတောကာ သူလည်းမပါ၊ ငါလည်းမရှိ၊ သန္တိသုခဖြင့် အေးမြမည့် နိဗ္ဗာန်ကို သိမြင်နိုင်အောင်သာ ကြိုးစားကြပါကုန်–ဟု တောင်မြို့ဆရာတော်ဘုရားကြီးက တိုက်တွန်းတော်မူပါတယ်[၁၂၁]။

## ၄–သာမိစိပွဋိပန္နဝဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်

**ဘဂဝတော**–ရှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ **သာဝကသံဃော**–ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချိုင်္ဂစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ **သာမိစိပွဋိပန္နော**–ရိုသေသမှ, လူတို့ပြုသည့်, သာမိစိကံ, လျော်ထိုက်တန်အောင်, ကျင့်ကြံတော်မူတတ်ပါပေ၏။

**သာမိစိပွဋိပန္နဝဏ်တော်**သည် "[**သာမိစိ**–ရိုသေမှု+**ပဋိပန္နော**–လျော်အောင်ကျင့်သည်] ရိုသေမှုနှင့် လျော်အောင်ကျင့်ပါပေ၏"ဟူသောအနက်ကို ပြသည်။

ဒကာ ဒကာမတို့သည် မိမိတို့ မစား‌ရက် မသောက်ရက် မသုံးရက်သော အစား‌အသောက်ကျောင်း အိပ်ရာနေရာများကို ရိုသေသမှု ပြုစုလှူဒါန်းကြရ၏၊ အရိယာဖြစ်ပြီးသော (အရိယာဖြစ်အောင် အား‌ထုတ်နေသော) သံဃာတော်များကလည်း ထိုကဲ့သို့ ရိုသေသမှု ပြုစုလှူဒါန်းခြင်းနှင့် ထိုက်တန်အောင် ကျင့်ကြံအား‌ထုတ်တော်မူကြပါပေသည်။

မေတ္တာ ဘာဝနာပွား‌ခြင်း‌ကို "အမောဃံ ရဋ္ဌပိလ္လံ့ ဘုဉ္ဇတိ–ပြည်သူတို့ဆွမ်း‌ကို အချည်းနှီးမဖြစ်အောင် သုံး‌ဆောင်သည် မည်၏"ဟု ဟောတော်မူ၏၊ ထို့အတူ ဈာနဘာဝနာ, သတိပဋ္ဌာန်ဘာဝနာစသော ဘာဝနာများကို ပွား‌များသော အရှင်မြတ်များသည် ပြည်သူတို့ ဆွမ်း‌ကို အချည်းနှီးမဖြစ် အကျိုး‌ရှိအောင် သုံး‌ဆောင်သည် မည်ကြောင်း‌ကိုလည်း အဂုံတွရနိကာယ် ဇကနိပါတ် (၄၁)၌ ဟောတော်မူခဲ့၏၊ ဤအချက်ဖြင့် ဘာဝနာမှုများမှာ ပြည်သူတို့၏ဆွမ်း အကျိုး‌ကြီး‌ဖို့ ပုဂ္ဂိုလ်၏ အရည်အသွေး‌မြင့်၍ ဂုဏ်တင်ပေး‌သည်ဟု သိရ၏၊ ဘာဝနာမှုမပါပဲ သီလမျှဖြင့် ဆွမ်း‌အကျိုး အလွန်ကြီး‌အောင် မရတတ်သေး–ဟု ဆိုလို၏၊ သီလမျှပင် မရှိလျှင်မူ ပြည်သူတို့၏ဆွမ်း‌ကို ဖြုန်း‌နေသူသာ–ဟုလည်း‌သိနိုင်၏၊ ဤအရှင်များကား အာရဒ္ဓဝိပဿက (=ကမ္မဋ္ဌာန်း ကြိုး‌စား‌နေသူ)ခေါ် ယောဂိဘဝ

---

[၁၂၁] ရတနာဂုဏ်ရည်၊ ၁၃၅–၁၃၆။

ကပင် ပြည်သူတို့၏ဆွမ်းကို အကျိုးကြီးမြင့်အောင်ပြု၍ သုံးဆောင်သူများဖြစ်ကြရာ အရိယာဖြစ်လာသောအခါကား အကျိုးအကြီးဆုံးဖြစ်အောင် ပြုသူများ ဖြစ်လာကြပေတော့သည်။

**ဆွမ်းရိုသေမှု။** ။ ဒုံပြင် ဝိရိယသမ္ဘောဇ္ဈင် ဖွင့်ဆိုရာ အဋ္ဌကထာများ၌ လာရှိတဲ့ ပိဏ္ဍပါတာပစာယန (=ဆွမ်းကို ရိုသေမှု)ဟူသည် ပြည်သူတို့၏ ဆွမ်းအကျိုးများများရရှိရာ မိမိကိုယ်ကို ဂုဏ်အားဖြင့် အမြင့်ဆုံးရောက်အောင် ကြိုးစားမြင့်တင်ပေးခြင်းပင် ဖြစ်၏၊ ပြည်သူတို့က မိမိတို့ ကိုယ်ကျိုး မိမိတို့ ချမ်းသာကို မငဲ့ အရေးမထားပဲ လေးစားကြည်ညိုစွာ စွန့်စွန့်စားစားပြုရက် လှူရက်နိုင်သည်ကို တွေ့ရကြုံရတဲ့အခါ ဒီဆွမ်းကို ကိလေသာမကင်းသေးပဲ ငါမစားထိုက်၊ ကိလေသာကင်းအောင် ကြိုးစားမည်စသည်ဖြင့် ဆွမ်းအကျိုးကြီးအောင် ဇွဲသန်သန်နှင့် အထူးကြိုးစားတော်မူကြသည်၊ ဤသို့ ကြိုးစားသော အယျမိတ္တာမထေရ်ဝတ္ထုအကျဉ်းချုပ်ကို ရတနာသုတ် "ယေ ပုဂ္ဂလာ"စသော ဂါထာအဖွင့် မှတ်ဖွယ်ရာ၌ ပါဝင်ခဲ့ပြီးဖြစ်တယ်။

## စတ္တာရိ ပုရိသယုဂါနိ

**စတ္တာရိ**–မဂ် ဖိုလ် နှစ်ပါး, အစုံအားဖြင့်, လေးပါးကုန်သော၊ **ယဒိဒံ ပုရိသယုဂါနိ**–အကြင် ယောဂျိုးအစုံတို့သည်၊ **အဋ္ဌ**–အသိုးအခြား, ခွဲသောအားဖြင့်, ရှစ်ပါးကုန်သော၊ **ပုရိသပုဂ္ဂလာ**–ပုရိသပုဂ္ဂလ, ခေါ်ကြထိုထို, မြင့်မြတ်သော ပုဂ္ဂိုလ်တို့ပါပေတည်း။

ဤ **"စတ္တာရိ ပုရိသယုဂါနိ"**စသော စကားမှာ သံဃာ့ဂုဏ်တော်ကိုပြတဲ့ စကားမဟုတ်ပဲ သောတာပတ္တိမဂ်ပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် နှစ်ပါးတွဲလျှင်တစ်စုံ၊ ဤသို့ စသည်ဖြင့် "မဂ် ဖိုလ် ပုဂ္ဂိုလ်နှစ်ပါးကို တစ်စုံစီတွဲလျှင် အရိယာလေးစုံဖြစ်၍ အသိုးအခြားခွဲလျှင် ရှစ်မျိုးဖြစ်၏"လို့ ပြတဲ့ စကားသာဖြစ်၏၊ ထိုသို့ ပြခြင်းသည်လည်း မဂ်ကိုရလျှင် ချက်ချင်း ဖိုလ်ရသောကြောင့် မဂ်ပုဂ္ဂိုလ်နှင့် ဖိုလ်ပုဂ္ဂိုလ်တို့ တစ်ယောက်တည်းသာဖြစ်ကြောင်းကို သိစေတော်မူလိုရင်း ဖြစ်ဟန်တူပါသည်။

### အရိယပုဂ္ဂလာ လေးစုံဖြာ

၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်, ။သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊
၂။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်, ။သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊
၃။ အနာဂါမိမဂ်ပုဂ္ဂိုလ်, အန ဂါမိဖိုလ်ပုဂ္ဂိုလ်၊
၄။ အရဟတ္တမဂ်ပုဂ္ဂိုလ်, အရဟတ္တဖိုလ်ပုဂ္ဂိုလ်။

## ၅-အာဟုနေယျဝုဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သော သာဝကသံဃော-အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ **အာဟုနေယျော**-တုံ့ပြန်ကြိုးလေး, အကျိုးပေးသဖြင့်, အဝေးမှယူ, ဆောင်၍မူလည်း, ကြည်ဖြူလေးမြတ်, ပူဇော်အပ်သည့်, လာဘ်သပ်ပကာ, အဖြာဖြာကို, ကောင်းစွာသိမ်းပိုက်, ခံယူခြင်းငှာလည်း, ထိုက်တော်မူပါပေ၏။

**အာဟုနေယျဝုဏ်တော်**သည် "[**အာ**-အဝေးမှ ဆောင်ယူ၍+**ဟုန**-ပူဇော်အပ်သော ပစ္စည်း+**ယျ**-ခံထိုက်သည်] အဝေးမှ ဆောင်ယူ၍ ပူဇော်အပ်သော ပစ္စည်းကို ခံယူထိုက်၏"ဟူသော အနက်ကို ပြသည်။

အရိယာသံဃာတော်သည် လူဒါန်းပူဇော်သူတို့အား တုံ့ပြန်၍ ကြီးကျယ်မြင့်မြတ်တဲ့ သံသရာကျိုးကို ပေးစွမ်းနိုင်ကြသဖြင့် အနီးအပါးကိုမဆိုထားနှင့် တစ်နယ်တစ်ကျေး ဝေးလံတဲ့ မြို့ရွာတွေမှပင် လူဖွယ်များကို တမင်တကာဆောင်ယူ၍ ပေးလူပူဇော်ခြင်းငှာ ထိုက်တန်တော်မူတယ်၊ ဒါ့ကြောင့် ရှေးက ဒါနအကျိုး နားလည်ကြတဲ့ သူတော်ကောင်းများက အဲဒီလို အဝေးမှဆောင်ယူကာ များစွာ ပူဇော်ဖူးကြပါတယ်။ လူ့ပြည်အဝေးရပ်မှသာမက နတ်ပြည်များကပင် အထူးတလည် လာရောက် လူဒါန်းကြရတယ်။

## နတ်သမီးတို့ဆွမ်းအလှူ ပယ်တော်မူ

ဘုရားရှင်လက်ထက်တော် တစ်နေ့မှာ အရှင်မဟာကဿပမထေရ်သည် နိရောဓသမာပတ်[1]မှ ထ၍ ရာဇဂြိုဟ်မြို့ထဲ၌ အိမ်စဉ်လှည့်ကာ ဆွမ်းခံတော်မူမည်ဟု ထွက်ကြွအလာ သိကြားမင်း၏အလုပ်အကျွေးဖြစ်သော နတ်သမီးတွေက ဆွမ်းစိမ်ကြလျက် လမ်းခရီးအကြားဝယ် စောင့်နေကြရာမှ "အရှင်ဘုရား...ဤဆွမ်းဘောဇဉ်ကို အလှူခံတော်မူပါ၊ တပည့်တော်မတို့အား ချီးမြှင့်တော်မူပါဘုရား"ဟု လျှောက်ထား တောင်းပန်ကြ၏၊ ထိုအခါ မထေရ်မြတ်က "သင်တို့ ဖဲသွားကြစမ်း၊ ငါက

---

[1] **နိရောဓသမာပတ်**ဟူသည် ဈာန်အားလုံး ဝင်စားပြီးသည့်အဆုံး၌ စိတ်စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးနှင့် စိတ်ကြောင့်ဖြစ်သော ရုပ်ခန္ဓာ မဖြစ်ပေါ်စေပဲ ခုနစ်ရက်တိုင်အောင် ဒုက္ခချုပ်ငြိမ်းသော သမာပတ်တည်း။ ထိုသမာပတ်ကို ဈာန်အားလုံးရပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြသည်။

## ဓေဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဆင်းရဲသူတွေအား ချီးမြှင့်ခြင်းကို ပြုမှာဖြစ်တယ်”ဟု မိန့်တော်မူလျှင် နတ်သမီးတွေက “အရှင်ဘုရား... တပည့်တော်မတို့အား မဖျက်ဆီးပါလင့်၊ တပည့်တော်မတို့အား ချီးမြှင့်ခြင်းကို ပြုတော်မူပါဘုရား”ဟု ထပ်မံလျှောက်ပြန်လေသော် မထေရ်မြတ်သည် တစ်ဖန် ပယ်ပြစ်သော်လည်း ဖဲသွားခြင်းငှာ အလိုမရှိကြသဖြင့် ထပ်မံတောင်းပန်လျှောက်ထားကြတဲ့အခါ နတ်သမီးများကို မထေရ်မြတ်က “သင်တို့သည် မိမိ၏ပမာဏကိုမသိကြ၊ ဖဲသွားကြကုန်လော့” မိန့်တော်မူ၍ **လက်ဖျစ်တီးတော်မူလေပြီ (အစ္ဆရံ ပဟာရိ)**။ နတ်သမီးတို့သည် မထေရ်မြတ်၏လက်ဖျစ်တီးသံကို ကြားရလျှင် ခိုင်ခဲ့တည်တံ့စွာ မျက်မှောက်တော်၌တည်နေခြင်းငှာ မတတ်နိုင်ကြရကား ထွက်ပြေးကြကာ တာဝတိံသာနတ်ပြည်သို့သာ ပြန်သွားခဲ့ကြလေ၏[၁၃၀]။

## သုဇာ သိကြား ဉာဏ်နိဉာဏ်နက်များ

သိကြားမင်းသည် နတ်သမီးတို့ကို “သင်တို့သည်...ဘယ်ကို သွားနေကြသလဲ?”ဟု မေးလေသော် “အရှင်သိကြားမင်း...နိရောဓသမာပတ်မှထသော အရှင်မဟာကဿပမထေရ်အား ဆွမ်းလှူကြကုန်အံ့-ဟု သွားကြပါသည်” လျှောက်တင်လေလျှင် “သင်တို့ လှူကြရကုန်သလော?”ဟု မေးပြန်သော် “မထေရ်မြတ်သည် ခံယူခြင်းငှာ အလိုမရှိပါ”ဟု လျှောက်ကြကုန်၏၊ သိကြားမင်းက “မထေရ်မြတ်သည် အဘယ်သို့မိန့်တော်မူသနည်း?”ဟု မေးပြန်သော် “အရှင်သိကြားမင်း... ဆင်းရဲသူတို့အား ချီးမြှင့်ခြင်းကိုပြုမည်-ဟု မိန့်တော်မူပါသည်”ဟူ၍ လျှောက်တင်ကြကုန်၏၊ သိကြားမင်းသည် “သင်တို့လိုသဘောရှိကုန်သောသူတို့သည် မထေရ်မြတ်အား ဆွမ်းအလှူကို အဘယ်မှာ လှူလို့ရနိုင်ကုန်အံ့နည်း?”ဟု ပြောဆိုပြီးလျှင် သိကြားမင်းနှင့် သုဇာမိဖုရားတို့သည် ရက်ကန်းရက်စားလူဆင်းရဲ သူအိုဇနီးမောင်နှံယောင်ဆောင်၍ ရပ်ကွက်တစ်ခု၏အစဆုံး၌ အိမ်ငယ်တစ်ဆောင် ဖန်ဆင်းလျက်နေနှင့်လေသည်၊ အရှင် မဟာကဿပမထေရ်မြတ်လည်း အလှူးအထွေ ဆင်ခြင်စဉ်းစားတော်မမူပဲ အိမ်ကုပ်ကလေး၌ အဘိုးအိုနှင့်အဖယ်အိုတို့ အလုပ်လုပ်နေကြပုံကိုပြင်၍ သနားသဖြင့် ရပ်တော်မူလေသည်။

---

၁၃၀ “အတ္တနော ပမာဏံ နာ ဇာနာထ၊ အပဂစ္ဆထာ”တို့ အစ္ဆရံ ပဟရိ။ တာ ဒေးရေးသားနည်းနှင့်ပုံစံ ဖြစ်သည်။ ကျော်။
အသက္ကောန္တိယော ပလာယိတွာ---။ (ဝမ္မပဒ၊ ဌ၊ ၁၊ မဟာကဿပမထေရ်ပိဏ္ဍပါတဒါန ဝတ္ထု)။ ကျော်။

အဘိုးကြီးသည် မျက်စိများကို ပွတ်ကာပွတ်ကာနှင့် "အိမ်ပေါက်မှာ ကိုယ်တော်တစ်ပါး ဆွမ်း ရပ်နေပါကလား? ဒုက္ခ, ဒုက္ခ– ဘာမှလည်း ရှိမယ်မထင်ဘူး"ဟု ညည်းညူလျက် အနားသို့ လာပြီး လျှင် "ဟင်... တို့ကိုယ်တော်ကြီးပါတကား၊ ဟော့...ရှင်အဝှါ, ဘာများရှိသေးတုံး?" ဟု မေးရာ အမယ်အိုကလည်း ထိုထိုက္ခါက္ခါ ရှာဖွေနေဟန်ဖြင့် အတန်ကြာမှ "ရှိသေးရဲ့တော့်"ဟု ပြောပြောဆိုဆို လာ၍ ဆွမ်းလောင်းလေလျှင် တစ်ရပ်ကွက်လုံး မွှေးကြိုင်သွားလေတော့သည်။

ထိုအခါကျမှ မထေရ်မြတ်က သိ၍ "ဆင်းရဲသူကို ချီးမြှောက်လိုသဖြင့် ဆွမ်းခံဝင်ရာ၌ သင့်လို သိကြားက လူဆင်းရဲလုပ်ရသလား?"ဟု အပြစ်တင်တော်မူလျှင် "တပည့်တော်မှာ သာသနာပက ဖြစ်ရတဲ့ သိကြားမို့ စည်းစိမ်မကြီးပါ၊ သာသနာတွင်းမှ ရောက်လာသော နတ်မင်းများလောက် အရှိန် မတောက်သဖြင့် နတ်ဆင်းရဲပင်ဖြစ်ပါသည်"ဟု လျှောက်၍ **"အဖောာ ဒါန် ပရမဒါန်၊ ကဿပေ သုပွတီဋ္ဌိတံ=** ဝမ်းမြောက်စရာ အလှူဒါန, အလွန်မြတ်သော အလှူဒါနသည် အရှင်မဟာကဿပ၌ တည်လေပြီ"ဟု ဥဒါန်းကျူးလျက် နတ်ပြည်သို့ သိကြားမင်းနှင့်သုဇာမိဖုရားတို့ တက်သွားကြလေ သည်[၁၃၁]၊

ဤသို့လျှင် အရိယာသံဃာတော်များသည် အဝေးရပ်မှဆောင်ယူ၍ ပေးလှူသမျှ ခံယူထိုက် ကြပေသည်။

ဒီဝတ္ထုကိုကြည့်ရင် ပညာရှိတွေဟာ နတ်စည်းစိမ်ကို စံနေရပေမဲ့ ဒါနအကျိုးကို သိမြင်ကြတဲ့ အတွက် ဝေးကွာလှတဲ့ နတ်ပြည်မှ တမင်လာလျက် လှူဒါန်းကြလေရာ ယခုကာလ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူများလည်း ကံနှင့်ကံရဲ့အကျိုးကို နားလည်ကြပါမူ ကုသိုလ်ကောင်းမှုများကို ကြိုးစားပြုသင့်ကြတယ်၊ တစ်သက်လျာမျှ တစ်ဝမ်းဝဖို့ စီးပွားအတွက် လက်ရှိဘဝတွင် ရရှိပြီး အခြေ အနေမှ မလျော့ကျအောင် နေ့စဉ်ကြိုးစားသလို တစ်သံသရာလုံး စီးပွားအတွက် တစ်ဆင့်ထက် တစ်ဆင့်မြင့်၍ ပါရမီရင့်အောင် ကြိုးစားသင့်ကြတယ်၊ ဒီလူ့ဘဝမှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အတွက် အလိုရှိရာရနိုင်တဲ့ ဘဝပဒေသာပင်ကြီးပင် ဖြစ်ပါတယ်။

---

[၁၃၁] ဓမ္မပဒအဋ္ဌကထာ ပဗ္ဗဝဂ် မဟာကဿပတ္ထေရဝတ္ထုပါတဒိန္နဝတ္ထု (ဓမ္မပဒ၊ ၆၊ ၁၊ ၂၆၈–၂၇၁။)

## ဇင္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## ၆–ပါဟုနေယျဂုဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဘဂဝတော–ရွေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဃေ သော သာဝကသံဃော–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာသူကောင်းကောင်းသည်၊ **ပါဟုနေယျော–**ဝေးရပ်မျိုးနွယ်, များညှေ့်သည်ဖို့, ရည်ရွယ်မှန်ထား, ပစ္စည်းများကို, ဘုရားတစ်ဆူ, ပွင့်တော်မူမှ, ပေါ်လာကြသည့်, ကမ္ဘာ့ညှေ့်ကောင်း, သူတော်ကောင်းမို့, အကြောင်းတိုက်စွာ, ပေးလှူခြင်းဌာလည်း ထိုက်တော်မူပါပေ၏။

**ပါဟုနေယျဂုဏ်တော်**သည် "[**ပ–**အရပ်ဝန်စပါးမှ+**အာ–**လာသော ညှေ့်သည်တို့.အား+**ဟုန–**ပူဇော်အပ်သော ပစ္စည်း+**ယျ–**ခံယူထိုက်သည်] ညှေ့်သည်တို့.အဖို့. စိမံအပ်သော ပစ္စည်းကို ခံယူထိုက်၏" ဟူသော အနက်ကို ပြ၏။

အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာတို့.မှ ရောက်လာကြတဲ့ ဆွေမျိုး မိတ်ဆွေတို့.အတွက် အထူးတလည် ပြုပြင်စိမံထားသော ညှေ့်ခံပစ္စည်းကို **"ပါဟုန"**လို့ ခေါ်တယ်၊ ထိုညှေ့်ခံကျွေးမွေးဖွယ် ပစ္စည်းကိုလည်း သံဃာတော်အရှင်မြတ်များ ခံယူတော်မူထိုက်ပါတယ်၊ သံဃာနှင့်အလားတူတဲ့ ညှေ့်သည်ကောင်းဆိုတာ မရှိပါဘူး၊ ဒီလိုသံဃာတော်ကို ဘုရားနှစ်ဆူတို့.၏အကြားကာလကို လွန်သော အခါ၌လည်းကောင်း (ကမ္ဘာပေါင်း အသင်္ချေ လွန်သောအခါ၌လည်းကောင်း) တွေ့ မြင်ရပါတယ်၊ အဲဒီ သံဃာအား ညှေ့်ခံကျွေးမွေးဖွယ်ကို ပေးလှူရန်သင့်ပါတယ်၊ သံဃာကလည်း ခံယူရန် သင့်ပါတယ်၊ ဒီလို ပါဟုန (ညှေ့်ခံကျွေးမွေးဖွယ်)ကို ပေးလှူပူဇော်ထိုက်, ခံယူထိုက်သောကြောင့် **"ပါဟုနေယျ"** မည်ပါတယ်[၁၃၂]။

**<u>တွေ့ကြုံရခဲသော ကမ္ဘာ့ညှေ့်သည်တော်ကြီးများ</u>။** ။ လောကစကား ပြောရရင် ယခုကာလ ဂိုးရာညှေ့်သည်များမှာ တွေ့ရဖို့.လွယ်ကူပါတယ်၊ ညှေ့်ဝတ်ပြုဖို့.လည်း လွယ်ကူပါတယ်၊ အရိယာသံဃာတော်များမှာ ဘုရားတစ်ဆူ တစ်ဆူ ပွင့်တော်မူမှ ပေါ်လာကြသဖြင့် တွေ့ဖို့.ခဲရင်းတဲ့ ကမ္ဘာ့ညှေ့်သည်တော်ကြီးများဖြစ်ကြပါတယ်၊ ဒီညှေ့်သည်တော်များက ဂိုးရာညှေ့်သည်များအတွက် ချက်ပြုတ်စိမံထားတဲ့ ပစ္စည်းများကိုလည်း ခံယူထိုက်လှပါတယ်။

---

[၁၃၂] ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ သံဃာနုဿတိကထာ၊ ၂၁၃။

ပရိတ်ကြီးနိဿယသစ် (၅၁၁)မှာ "ညည့်သည်များထက် ပိုပြီး အလှူခံထိုက်ခြင်း၌ အကျိုးကြီးခြင်းသာမက တွေ့ခဲကြုံခဲခြင်းလည်း အကြောင်းတရပ်ပင်၊ **သဗ္ဗဿာဘျာဂတော ဝုဂ္ဂ**–မိမိထံရောက်လာသော ညည့်သည်များမှာ အားလုံး အလေးပြု ဂရုစိုက်ရမည့်သူများပင်၊ သံဃာတော်များကား ဒကာ ဒကာမများကိုမှီ၍ အသက်မွေးကြရသည်ဖြစ်ရာ ဒကာ ဒကာမထံ ကပ်ရောက်လာရသူများဖြစ်၍ '**အာဂန္ဆတီတိ အာဂန္တုကော**–လာတတ်သောကြောင့် ညည့်သည်မည်၏' ဟူသော အနက်အရ ညည့်သည်တော်ကြီးများပင်၊ လောကညည့်သည်များမှာ တွေ့ရ ကြုံရဖန်များ၍ ထူးခြားလှသည် မဟုတ်၊ တွေ့ခဲကြုံခဲလှသည်လည်း မဟုတ်၊ သံဃာတော်များကား ဘုရားပွင့်မှ ပေါ်လာမြဲဖြစ်ရာ ဘုရားနှင့်ကြုံရဖို့ ခဲယဉ်းသကဲ့သို့ တွေ့ဆုံဖို့ ခဲယဉ်းလှသော ကမ္ဘာ့ညည့်သည်တော်ကြီးများ ဖြစ်ကြ၏၊ ဂုဏ်များနှင့် ပြောလျှင်လည်း လောကညည့်သည်များထက် နှစ်သက်ကြည်ညိုဖွယ်တရားများရှိသော ပုဂ္ဂိုလ်များသာတည်း၊ ထို့ကြောင့် '**သံဃသဒိသော ဟိ ပါဟုနကော (နာမ) နတ္ထိ**–သံဃာနှင့်တူသော ညည့်သည်မည်သည်မရှိ' ဟု ဝိသုဒ္ဓိမဂ် (၁၊ ၂၁၃)၌ မိန့်သည်၊ ထိုသို့ တွေ့ခဲ ဆုံခဲခြင်း, နှစ်သက်ကြည်ညိုဖွယ် ဂုဏ်ရှိခြင်းတို့ကြောင့် လောက၌ အကောင်းဆုံးပြုထိုက်သည်ဆိုသော ထိပ်တန်းညည့်သည်တော်များကိုပင် ညည့်မခံသေးပဲ အသာဆိုင်းထားလျက် ဘုရားတပည့် ဤအရိယာ သံဃာတော်များကိုသာလျှင် လှူထိုက်လှတော့သည်" လို့ မိန့်ပါတယ်။

**မြတ်အရိယာ၊ ပုဂ္ဂိုလ်မှာကား။ ကမ္ဘာလောက၊ တွေ့ရကြုံခဲ၊ ညည့်သည်ပဲမို့၊ ထူးကဲစီမံ၊ ညည့်ခံ တွက်ထား။ ပစ္စည်းများကို၊ ခံငြားထိုက်သော် ညည့်သည်တော်။**

## ၇–ဒက္ခိဏေယျဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ

ဘဂဝတော–ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သော သာဝကသံဃော–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ **ဒက္ခိဏေယျော**–တမလွန်စခန်း, ကြီးပွားလမ်းဖို့, မျှော်မှန်းရည်ရွယ်, ပေးလှူဖွယ်ကို, ရည်ရွယ်သမျှ, အကျိုးရသဖြင့်, တစ်စမချန်, အလှူခံခြင်းငှာလည်း, ထိုက်တော်မူပါပေ၏။

**ဒက္ခိဏေယျဂုဏ်တော်**သည် "[**ဒက္ခိဏာ**–အလှူ (လှူဖွယ် ဝတ္ထု)+**ဧယျ**–ခံယူထိုက်သည်] အလှူကို ခံယူထိုက်၏" ဟူသော အနက်ကို ပြသည်။

နောင်တမလွန်ဘဝ၌ ကြီးပွားချမ်းသာဖို့ ရည်မှန်း၍ လူဒါန်းအပ်သောအလှူကို **"ဒက္ခိဏာ"** လို့ ခေါ်တယ်၊ အရိယာသံဃာတော်များဟာ ရည်မှန်းတိုင်းသောအကျိုးကို ရစေနိုင်၍ ထို ဒက္ခိဏာကို ခံယူခြင်းငှာ ထိုက်တော်မူကြသည့်အတွက် **"ဒက္ခိဏေယျ"** လို့ ခေါ်ပါတယ်[၁၃၃]၊

**<u>ဒက္ခိဏာ ၂-မျိုး</u>** ။ အဲဒီ ဒက္ခိဏာသည် မိမိအတွက် ချမ်းသာဖို့ရန် လူဒါန်းခြင်း တစ်မျိုး, သေလွန်သူ မိဘ ဆွေမျိုးများအတွက် လူဒါန်းခြင်း တစ်မျိုး- နှစ်မျိုးရှိပါတယ်။

(၁) မိမိအတွက် အလှူသည် အခွင့်သာလျှင် သင့်ရာဘဝ၌ နိဗ္ဗာန်မရမချင်း အကျိုးပေးမည်၊ ယခုအခါ ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့ ကောင်းကျိုးခံစားနေကြရသည်မှာလည်း သူတို့သန္တာန်မှာ ရှေးက ထို**"ဒက္ခိဏာ"**အလှူမျိုး ပါရှိခဲ့သောကြောင့် ဖြစ်တယ်၊ ရှေးက ကုသိုလ်ကံဟောင်း၏ ကောင်းကျိုးကို ခံစားနေကြရသည်၊ ယခုဘဝ၌ပြုမိသော မကောင်းမှုများအတွက် နောက်နောင်ဘဝ၌ သီသာလတ့ံ၊ ဓာ-ကမ္ဘာအတွင်းဝယ် မိစ္ဆာဒိဋ္ဌိဖြစ်ပါလျက် နတ်ပြည်သို့ ရောက်သူမှာ တစ်ယောက်သာ ဘုရားရှင် တွေ့မြင်တော်မူပါသတဲ့။ [မိစ္ဆာဒိဋ္ဌိဟူရာ၌ သဲသဲမဲမဲ သူတို့အယူ၌ စွဲလမ်းသူကိုသာ ဆိုလိုသည်၊ ဗုဒ္ဓဘာသာ မဟုတ်ရုံမျှကို မဆိုလို။]

(၂) သေလွန်သူ ဆွေမျိုးများကို မှန်းလျက် လူဒါန်းရာ၌ကား သေသူက ငရဲကျသော်လည်း ကောင်း, တိရစ္ဆာန်အဖြစ်သို့ရောက်လည်းကောင်း, အလွန်ဝေးသော တော, တောင်, မြစ်, သမုဒ္ဒရာကမ်း၌ ပြိတ္တာဖြစ်နေသော်လည်းကောင်း, လူ့အဖြစ်သို့ ဖြစ်ရသော်လည်းကောင်း, နတ် ဗြဟ္မာ ဖြစ်ရသော်လည်းကောင်း ဤကဲ့သို့ လူဒါန်းသော ကုသိုလ်ကို သူတို့မသိနိုင်ကြ၊ သိနိုင်သော်လည်း သူတို့မှာ အကျိုးထူးမရကြ၊ သို့သော် လူဒါန်းသူဆွေမျိုးတို့မှာကား ထုံးစံအတိုင်း ဒါနကုသိုလ် ဖြစ်ကြပါသည်။

သေလွန်သူသည် မိမိအိမ် ရွာ မြို့ အနီးအပါး အကြိုအကြား၌ သွားလာလျက် စားရမဲ့သောက်ရမဲ့ ပြိတ္တာများ (အစိမ်း, တစ္ဆေ, သရဲ) ဖြစ်နေလျှင် ကျန်ရစ်သော ဆွေမျိုးများက ဆွမ်း, သင်္ကန်း စသည်ကို လူဒါန်း၍ "ဤအလှူသည် သွားလေသူ အမိ (အဖ, ဆွေမျိုး)အတွက် ဖြစ်ပါစေသတည်း၊ သွားလေသူ အမိ (အဖ, ဆွေမျိုး) မည်သူမည်ဝါသည် ချမ်းသာပါစေသတည်း၊ ထိုကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပါလော့၊ အညီအမျှ ကုသိုလ်ရအောင် အမျှယူပါလော့၊ အမျှဝေပါ၏" ဟု ပြောဆို၍ အမျှဝေသောအခါ ထိုပြိတ္တာများ တွေ့မြင်ကြားသိလျှင် သာဓုခေါ်၍ အဝတ်အစားကို့ကို နတ်သမီး နတ်သားများကဲ့သို့ပင် ရနိုင်ကြသည်၊ မိမိအတွက် လူဒါန်းနေသော်လည်း ပမြင် မကြားရ

---

[၁၃၃] ဓိသုဒ္ဓိမဂ္ဂ၊ ၁၊ သံယာနုဿတိကထာ၊ ၂၁၃။

သဖြင့် သာဓုမခေါ်နိုင်လျှင် မရကြသေး၊ ထို့ကြောင့် သေလွန်သူကို ရည်မှန်း၍ "ဒကွိဏာ"ကို ပြုသော အခါ မပြုမီကပင် အချို့အရပ်၌ သုသာန် စသည်သွား၍ "ယနေ့ အလှူဒါနပြုမှာမို့ လိုက်ခဲ့ပါ"ဟု ဖိတ်မန်ကာ အိမ်သို့ခေါ်လာကြသည်၊ ထို ကုသိုလ်ကို အလွန်ဝေးသော ရှေးရှေးဘဝက ပြိတ္တာဖြစ်ကြ သော ဆွေမျိုးဟောင်းများလည်း သာဓုခေါ်နိုင်လျှင် အဖို့ရခွင့် ရှိပါ၏၊ ထို့ကြောင့် တစ်စုံတစ်ယောက် ဆုံးသောအခါ ဆူဆူပူပူနှင့် ပကာသနအတွက် သုသာန်မှာ လှူခြင်းထက် မိမိအိမ်မှာပင် ဆုံးသည့်နေ့ ကစ၍ လှူဒါန်းလျက် အမျှဝေသောနည်းသာ ကောင်းမြတ်ပါ၏။

**<u>ရက်လည်ဆွမ်း</u>။။** ။ အချို့အရပ် ဆွေမျိုးတစ်ယောက် အနိစ္စရောက်ပြီးသောအခါ ရက်လည်ဆွမ်း ကျွေးမှုပြုကြ၏၊ ထိုသို့ပြုရာ၌ အကြောင်းရင်းကား "လူတစ်ယောက် သေဆုံးသောအခါ ကံပစ်ချရာ ဘဝသို့ ချက်ချင်းမပြောင်းသေး၊ ဘဝဟောင်း၌ ရှိရစ်သော အိမ်နှင့် ဆွေမျိုးများ၏ အနီးအပါးဝယ် တစ်လည်လည်နှင့် လှည့်လည်ကြည့်ရှုကာ ခုနစ်ရက်ကြာအောင်နေသည်"ဟု အယူရှိကြ၏၊ ထို့ ကြောင့် ခုနစ်ရက်ပြည့်သောအခါ "ဘဝတစ်ပါးသို့ အပြောင်းတွင် ဘဝဟောင်းက ဆွေမျိုးများပြုသော ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပြီးလျှင် ကောင်းရာဘဝသို့ ရောက်ပါစေတော့"ဟု ရည်စူးလျက် ခုနစ်ရက်လည်မှ ဆွမ်းသွတ်ကြသည်။

**နည်းလမ်းမဟုတ်။** ။ စင်စစ်မှာ ထိုသို့ မှတ်ထင် စွဲလမ်းသည့်အတိုင်း ၇-ရက်မျှ မိမိအိမ်၏ အနီး အပါး တွင်စောင့်စား လှည့်လည်နေသည်တော့ မဟုတ်ပါ၊ ကံစီမံရာဘဝသို့ ချက်ချင်းပင် ပြောင်းကြရပါသည်၊ ငရဲရောက်မည့်သူကို ကံက ဆိုင်းငံ့ စောင့်စားနေမည်မဟုတ်၊ ချက်ချင်းပစ်ချလိမ့်မည်၊ နတ်ပြည် ရောက်မည့်သူကလည်း ဆွေမျိုးဟောင်းများကို ငဲ့ညှာနေမည်မဟုတ်၊ အိမ်အနီးအပါး၌ နေ၍ ဤဘဝ ဆွေမျိုးများက ပြုမည့်ကုသိုလ်ကို မျော်လင့်နေသူကား ပြိတ္တာဘဝရောက်နေသူသာတည်း၊ ထို့ကြောင့် ရက်လည်အောင် ဆိုင်းငံ့ခြင်းသည် နည်းလမ်းမဟုတ်ပါ၊ ဆုံးသည့်နေ့ကစ၍ တတ်အားသမျှ ကုသိုလ်ပြု အမျှဝေခြင်းသာ နည်းလမ်းကျပါသည်။

**ပြိတ္တာ ရှစ်သောင်းလေးထောင်။** ။ ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ၉၁-ကမ္ဘာထက်၌ "ဖုဿ" မည်သော ဘုရားရှင် ပွင့်တော်မူပါသည်၊ ထိုဘုရားရှင်၏ ညီတော် မင်းသားသုံးယောက်တို့သည် စည်းစိမ်များကို ဘဏ္ဍာရေးမင်းကြီးနှင့် အခွန်ဝန်အား လွှဲအပ်၍ အရပ်ရပ်ကိစ္စတို့ကို မှာထားပြီးလျှင်

ကျွန်တော်ရင်း တစ်ထောင်နှင့်တကွ တစ်ဝါတွင်းလုံး ဆယ်ပါးသီလ စောင့်ထိန်းလျက်[၃၃၄] ကျောင်းတော်မှာ နေကြလေသည်၊ လွှဲအပ်ခဲ့သော ဝန်ကြီးများက ဘုရားအမှူးရှိသော သံဃာတော်များနှင့် တကွ မင်းသားတို့၏ ဤခြွေအရံများအတွက်ပါ ချက်ပြုတ်၍ ပြုစုကြရ၏။

ထိုအခါ ကိစ္စကြီးငယ် ရွက်ဆောင်ပြုလုပ်ချက်ပြုတ်ကြသူ ပန်မင်းဆွေမျိုးတို့သည် ရှစ်သောင်းလေးထောင်ခန့် ရှိသတတ်၊ သူတို့သည် သံဃာတော်များအတွက် ချက်ပြုတ်ထားသော စားသောက်ဖွယ်မှ သံဃာတော်များမကပ်ရခင် နေ့စဉ်မပြတ် သားသမီးများကိုလည်း ကျွေးမွေးကြ, မိမိတို့လည်း စားသောက်မိကြသဖြင့် ဤကမ္ဘာ၏ အစလောက်ကပင် အားလုံး ပြိတ္တာများ ဖြစ်ကြ၍ စားရမဲ့ သောက်ရမဲ့ နေကြရလေသည်။ [ဤဝတ္ထုကိုထောက်၍ သူများဒါနပြုရာ၌ မိမိတို့က ဦးဦးဖျားဖျား မစားမိအောင်, ကလေးများကိုလည်း မကျွေးမိအောင် သတိပြုကြပါ။]

ထို့နောက် ပွင့်တော်မူလာသော ရှေးဘုရားရှင်များအထံတော်သို့ ချဉ်းကပ်လျက် စားသောက်ရမည့်ကာလကို လျှောက်ထားကြရာ "ဂေါတမဘုရား ပွင့်တော်မူလျှင် သင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသော အခွန်ဝန်သည် ဗိမ္ဗိသာရမင်းဖြစ်၍ ဒါနပြုသောအခါ သင်တို့အား အမျှဝေလိမ့်မည်၊ ထိုအခါ သင်တို့ စားသောက်ကြရပေလိမ့်မည်"ဟု မိန့်တော်မူခဲ့ကြသဖြင့် အမျှော်ကြီး မျှော်လင့်၍ နေခဲ့ကြလေသည်။

ထို့နောက် ငါတို့ဘုရားရှင် ပွင့်တော်မူလာ၍ ဗိမ္ဗိသာရမင်းသည် ရှေးဦးစွာ လူဒါန်း ကျွေးမွေးသောအခါ အမျှမဝေမိသဖြင့် အဖို့မရ၍ ညဉ့်အခါအသံပြုလျက် ကိုယ်ထင်ပြကြလေသည်၊ ဗိမ္ဗိသာရမင်းလည်း ဘုရားအထံတော်လာ၍ အကြောင်းကိုလျှောက်ထားရာ အကြောင်းစုံကို ဟောတော်မူသောကြောင့် နောက်ထပ် သင်္ကန်း, ဆွမ်းတို့ကို လူ၍ အမျှပေးမှ [illegible]ခေါ်ကြသဖြင့် ပြိတ္တာအဖြစ်မှ လွတ်မြောက်၍ နတ်အဝတ်အစားများ ပေါ်ပေါက်လာလေသတဲ့[၃၃၅]။

---

[၃၃၄] ဤစကားကို ထောက်၍ "ရှိရင်း ရွှေ ငွေကို ကစ်ခါတည်း မပေး မစွန့်ရသော်လည်း [illegible] ကို စောင့်ကောင်း၏"ဟု သိသာ၏။

[၃၃၅] ဓမ္မပဒ၊ ၌၊ ၁၊ ယမကဝဂ်၊ သာရိပုတ္တတ္တေရဝတ္ထု၊ (၆၄-၆၆)၊ ပေတဝတ္ထုအဋ္ဌကထာ၊ [illegible] -ဤအဋ္ဌကထာများအရ ထပ်ဆင့်မှတ်ဖွယ်မှာ "အစားလူလျှင် အစား, အဝတ်လူလျှင် [illegible] နေရာ စသည်ကိုသာရကြောင်း လာရှိ၏။

**အမျှဝေမှုနှင့်စပ်သွယ် သတိထားဖွယ်။** ။ အမျှဝေမှုနှင့်စပ်၍ သတိထားဖွယ်တစ်ရပ်ကို ဥပရိပဏ္ဏာသအဋ္ဌကထာ, ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်(၂၂၇)[၁၃၆] ၌ တွေ့ရ၏၊ မုဆိုးတစ်ယောက်သည် သေလွန်၍ ပြိတ္တာဖြစ်နေသော ဆွေမျိုးကို ရည်စူးလျက် သိလသိက္ခာမရှိသော (ရဟန်းအတု) ကိုယ်တော်အား ၂-ကြိမ်တိုင်အောင် အလှူပေး၍ အမျှဝေသော်လည်း အမျှမရပဲရှိရာ ၃-ကြိမ်မြောက် ပေးလှူပြန်သော အခါ ပြိတ္တာက "ငါ့ဖို့ ဥစ္စာကို ဒုဿီလကြီးက လုယူထားသည်"ဟု အော်ဟစ်သတဲ့။ [ဒုဿီလကို လှူ၍ အမျှဝေသောကြောင့် "ငါ့မှာ အဖို့မရဘူး"ဟု ဆိုလိုသည်။]

**<u>အဂိသုံးဝ၊ ပြည့်စုံမှု၊ ကျိုးရှိ ဇာတ်ပြိတ္တာ။</u>** ။ သေသူတို့ကို ရည်ညွှန်း၍ ပြုလုပ်အပ်သောကောင်းမှု၏ အကျိုးကို ရရှိနိုင်ဖို့ အဂိ ၃-ပါးနှင့်ပြည့်စုံရန် လိုပါသည်၊ ပေတဝတ္ထုအဋ္ဌကထာ တိရောကုဋ္ဋသုတ် အဖွင့် (၂၅)၌ -

(၁) ကောင်းမှုရှင်တို့က ကွယ်လွန်သူတို့အား ရည်ညွှန်း၍ အမျှပေးဝေရခြင်း၊

(၂) အလှူခံပုဂ္ဂိုလ်၏အကျင့်သီလနှင့်ပြည့်စုံရခြင်း၊

(၃) ပြိတ္တာတို့၏ ဝမ်းမြောက်စွာ သာဓုခေါ်ရခြင်း-ဤအဂိ ၃-ပါးနှင့်ပြည့်စုံလျှင် ချက်ချင်း အကျိုးရရှိ၏-ဟု လာရှိပါသည်[၁၃၇]။

[ဘာသာရေးပြဿနာ မေးဖြေရာ (အမှတ် ၂၊ ၁၄၅-၁၄၆)၌ ကြည့်နိုင်ပါသည်။]

ထို့ကြောင့် ဆွေမျိုးဟောင်းကို ရည်မှန်း၍ လှူဒါန်းကြရာ၌ မိမိကိုယ်တိုင် သီလဆောက်တည်လျက် သီလရှိသူအား လှူဒါန်း၍ အမျှပေးဝေမှ ကောင်းမှုအဖို့ရဖွယ်ရှိကြောင်း ကောင်းကောင်းကြီး သတိပြုသင့်ကြပေသည်၊ သီလရှိသောပုဂ္ဂိုလ်ကို မရွေးချယ်တတ်လျှင်လည်းကောင်း, ရွေးချယ်ရာမှာ အားနာလျှင်လည်းကောင်း သံဃာအကုန်ကို ရည်မှန်းလှူဒါန်း၍ အမျှဝေသင့်သည်။

"သံဃာ"ဟူရာ၌ ရဟန်းတော်အများ စုမိမှ "သံဃာ"ဟု မမှတ်ရ၊ ရဟန်းတစ်ပါးပင် ဖြစ်သော်လည်း မိမိက "သံဃာအားလှူပါ၏"ဟု သံဃာကို ရည်စူး၍ ဆွမ်းတစ်ထပ်လှူလျှင်လည်း သံဃိကဒါန ဖြစ်နိုင်ပါ၏၊ ရဟန်းတော်များကို ပင့်၍ လှူရာ၌မူ အထူးပြောဖွယ်မလိုပါ၊ ထို့ပြင် သေလွန်

---

[၁၃၆] ဝစုမာနဝါသိလုဒ္ဓကော ကထေတဗ္ဗော၊ သော ကိရ ပေတဒက္ခိဏံ ဒေန္တော ဓကဿ ဒုဿီလဿေဝ တယော ဝါရေ အဒါသိ၊ တတိယဝါရေ "အမနုဿော ဒုဿီလော မံ ဝိလုမ္ပတီ"တိ ဝိဂရဟိ၊ ဓကဿ သီဝဏ္ဍကဘိက္ခုနော ဒတ္တွာ ပါဋိတ-ကာလေယေဝဿ ပါပုဏိ။

[၁၃၇] ပေတာနဉ္စိ အတ္တနော အနုမောဒနေန, ဒါယကာနံ ဥဠာရသနေန, ဒက္ခိဏေယျသမ္ပတ္တိယာ စာတိ တီဟိ အင်္ဂေဟိ ဒက္ခိဏာ တာဒိဏာညေဝ ဖလနိဗ္ဗတ္တိကာ ဟောတိ။

သူကို အကျိုးရစေလိုသော ဆန္ဒနှင့် ကုသိုလ်ပြုရာ၌ မည်သည်နည်းနှင့်မျှ ဂုဏ်ပကာသနတွေ မပါရ အောင် သတိပြုသင့် ကြပါသည်[၁၃]။

## ၈–အဥ္ဇလိကရဏီယဂုဏ်တော်နှင့်စပ်လာ သိမှတ်ရာ

ဘဂဝတော–ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သေသော သာဝကသံဃော–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ **အဥ္ဇလိ–ကရဏီယော**–တစ်လောကလုံး, ကိုင်းညွှတ်ရုံးလျက်, ရှင်ပြုံးကြည်ညို, ရိုသေမြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။

**အဥ္ဇလိကရဏီယဂုဏ်တော်**သည် "[**အဥ္ဇလိ**–လက်အုပ်ချီမှု+ **ကရဏီယ**–ပြုထိုက်သည်] လက်အုပ်ချီမှုကို ပြုထိုက်၏"ဟူသော အနက်ကို ပြသည်။

သီလ, သမာဓိ, ပညာ သိက္ခာဂုဏ်ရည် စုံညီတော်မူတဲ့အတွက် အရိယာသံဃာတော်များကား တစ်လောကလုံးရှိ လူ နတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ ညွှတ်ရုံးကြည်ညို ရိုသေမှု, လက်အုပ်ချီမှုကို ခံတော်မူထိုက်ကြပါသည်၊ သီလပျက်စီးနေသူ ရဟန်းတို့မှာ အရိုအသေ ခံထိုက်လောက်အောင် သီလ, သမာဓိ, ပညာ ဂုဏ်မရှိပါပဲ လူတို့က အရိုအသေပြုမှုကြောင့် မိမိတို့အပေါ်မှာ ကြီးလေးတဲ့ တာဝန်များ ကျရောက်လာဖွယ်ရှိပါတယ်။ ဒါနှင့်ပတ်သက်၍ ဝိသုဒ္ဓိမဂ် (၁၊ ၅၄)လာ ဂါထာများကို အကျဉ်းချုပ်ပြ ရတနာ့ဂုဏ်ရည် (၁၅၂)မှ အလွန် သံဝေဂဖြစ်ဖွယ်ကောင်းတဲ့ ဂါထာကား---

**သီလမရှိပြန်၊ ရှိခိုးခံ၊ လှံတံစူးပမာ**

**ပိဏ္ဍောပိဿ အယောဂုဌော၊ အယောပဌောဝ စီဝရံ။**
**ဝိဟာရော အယောကုမ္ဘီဝ၊ သတ္တိဝေဓောဝ အဥ္ဇလိ။**

**အဿ**–ထိုသီလသိက္ခာ, ကောင်းစွာမစင်, ပုထုဇဉ်ဆိုး, ရဟန်းမျိုး၏၊ **ပိဏ္ဍောပိ**–ဒကာဒကာမ, သဒ္ဓါကြွ၍, ထာဝရလှူဒါန်း, စားဖွယ်ဆွမ်းသည်၊ **အယောဂုဌောဝ**–အရှိန်ရဲရဲ, မီးလျှံစွဲသည့်, သံခဲ သံလုံး, သံတုံးတွေနှင့် တူလှပေ၏၊ **စီဝရံ**–ကိုယ်ဝယ်ဆင်မြန်း, ဝတ်သက်နှီးသည်၊ **အယောပဌောဝ**–အရှိန်ကြီးမား, မီးလျှံဝါးသည့်, သံပြားကြီးနှင့် တူလှလေ၏၊ **ဝိဟာရော**–သွား ရပ် ထိုင်

[၁၃] ရတနာ့ဂုဏ်ရည်၊ ဒက္ခိဏေယျဂုဏ်တော်အဖွင့် (၁၄၅–၁၅၀)။

**ဓလျောင်း**, နေရာကျောင်းသည်၊ **အယောကုမ္ဘီဝ**–ဝန်းကျင်တောက်ပြောင်, ရဲရဲလောင်ညီး, သံအိုးကြီးနှင့် တူလှလေ၏၊ **အဠလိ**–လူသူ အားလုံး, များညွတ်ရုံးလျက်, ရှင်ပြုံးကြည်ညို, ရိုသေမြတ်နိုး, လက်စုံမိုးချွ, ရှိခိုးကြခြင်းသည်၊ **သတ္တိဓေဓော ဝ**–အရောင်လက်လက်, မြမြထက်သည့်, လုံရွက်ကိုမိုး, ဝိုင်းချ ထိုးသည်နှင့် တူလှလေသတည်း။

ဒါ့ကြောင့် လက်အုပ်ချီလျက် ပြုအပ်တဲ့ရိုသေမှုမှာ အလွန်ကြီးမြင့်သော အမှုဖြစ်ရာ သီလမရှိသူ၌ အလွန်ဝန်လေးဖွယ်ဖြစ်၍ သီလရှိသူ အရိယာများမှာမူ ထိုအမှုနှင့် ထိုက်တန် အလျောက်နန်ဆုံး ပုဂ္ဂိုလ်များ ဖြစ်ရပါတယ်။

**သီလမရှိ၊ သုံးစွဲဘိသည့်၊ သူ၏ဆွမ်းကား။ ကြီးမားပြောင်ထိန်၊ အရှိန်ရဲရဲ၊ မီးလျှံစွဲ၊ သံခဲတုံးပမာ။**

**သီလမရှိ၊ သုံးစွာဘိသည့်၊ သူ၏လူဒါန်း။ ဝတ်သက်နံ့းကား။ ကြမ်းတမ်းလောင်မီး။ သံပြားကြီး အပြီးတူလှစွာ။**

**သီလမရှိ၊ ဓနထိုင်ဘိသည့်၊ သူ၏လူဒါန်း။ ကျောင်းသစ်မ်းကား။ ကြမ်းတမ်းလောင်ညီး။ သံအိုးကြီး။ အပြီးပုံတူစွာ။**

**သီလမရှိပြန်၊ ရှိခိုးမံ၊ လုံတံစူးပမာ။**

**သီလရှိငြား။ ရိယာများမူ၊ ထိုကားအားလုံး။ သိမ်းယူကျုံးလျက်၊ လျော်ဆုံးအမှန်၊ လွန်ထိုက်တန်ဏ်။**

## ၉–အနတ္တရ ပုညက္ခေတ္တဝဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဘဂဝတော–ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဒေ ဒေသော သာဝကသံဃော–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ **လောက သ**–လူ နတ် ဗြဟ္မာ, သတ္တဝါအပေါင်း၏၊ **အနုတ္တရံ**–အတုမရှိ, မြတ်ခေါင်ထိသော၊ **ပုညက္ခေတ္တံ**–ကုသိုလ်ကောင်းမှု, မျိုးစေ့စုဏ်, ကြီးထုမြင့်မား, စွင့်စွင့်ကားလျက်, ဖွင့်ထွားဖွယ်ရာ, လယ်ယာမြေကောင်းအတူ, ဖြစ်တော်မူပါ ပေ၏။

**အနုတ္တရပုညက္ခေတ္တဝဏ်တော်**သည် "[**အနုတ္တရ**–မြတ်သော+**ပုည**–ကောင်းမှု+**ခေတ္တ**–လယ်ယာ] ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ ကောင်းမြတ်သော လယ်ယာဖြစ်တော်မူ၏"ဟူသော အနက်ကို ပြသည်။

**<u>အရိယာသံဃာဟူ လယ်ယာမြေကောင်းနှင့်တူ။</u>** ။ အရိယာ သံဃာတော်သည် လယ်ယာမြေကောင်းနှင့်တူ၏၊ ကောင်းမှုရှင်များကား လယ်ယာရှင်နှင့်တူသည်၊ ကောင်းမှုရှင်များ ပြုကြသော လှူဒါန်းမှု, ရဟန်း တော်များ၏အဆုံးအမအတိုင်း သိလဆောက်တည်မှု, ကာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုမှာ အောင်အောင်မြင်မြင် အနှစ်ပြည့်ဝသော မျိုးစေ့နှင့် တူသည်။

လယ်ယာစိုက်ပျိုးရာ၌ မြက် သစ်ပင် စသော အနှောင့်အယှက်ကင်း၍ သန့်ရှင်းသော လယ်ယာ၌ စိုက်ပျိုးသော မျိုးစေ့များသည် စည်ပင်ပြန့်ပွား၍ ဖွံ့ထွားကြီးမားသလို ကောင်းမှုရှင်များသည် လှူဒါန်းမှုအစရှိတဲ့ မျိုးစေ့တို့ကို ကိလေသာ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်ပြီးသော အရိယာသံဃာတော်၌ စိုက်ပျိုးကြဲချလိုက်မှသာ နောင်အချိန်ကျသောအခါတွင် အလွန်ကြီးမားသော အကျိုးများကို ခံစားကြရပါလိမ့်မည်။

ကောသလမင်းကြီးက ဘယ်ပုဂ္ဂိုလ်မျိုး၌ လှူအပ်သောအလှူ အကျိုးကြီးပါသလဲ?ဟု လျှောက်ထားရာ "သိလရှိသောပုဂ္ဂိုလ်အား လှူသောအလှူ အကျိုးကြီး၍ သိလမရှိသောသူအား လှူသော အလှူမှာ အကျိုးမကြီး"ဟု ဘုရားရှင် မိန့်တော်မူခဲ့၏[၃၃]။ မြေမကောင်းသော လယ်၌ ဘယ်မျှ ကောင်းမွန်လတ်ဆတ်သော မျိုးစေ့ကို စိုက်ပျိုးစေကာမူ အသီးအနှံ ကောင်းစွာရလိမ့်မည်မဟုတ်ပါ၊ သိလမရှိသူမှာ မကောင်းသော လယ်ယာနှင့်တူ၏၊ ထိုပုဂ္ဂိုလ်၌ ပြုအပ်သော ကုသိုလ်မျိုးစေ့မှာ ဘယ်မှာ အကျိုးများစွာရအုံ့နည်း?

မြေကလည်း ကောင်း ရေကလည်း ကောင်းသော လယ်ယာကောင်းမှာ စိုက်ပျိုးအပ်သော မျိုးစေ့ကသာ လိုသလောက် အသီးအနှံကို ရစေတတ်၏၊ အလားတူပင်ဆိုခဲ့ပြီးတဲ့ ဂုဏ်များနှင့် ပြည့်စုံတဲ့ အရိယာသံဃာများ၌ ပြုပြုသမျှ ကုသိုလ်မျိုးစေ့များမှာ အလွန်ဖွံ့ဖြိုးသော အကျိုးကို ပေးတတ်သောကြောင့် သံဃာတော်များကို "**အနုတ္တရ ပုညက္ခေတ္တ**–ကောင်းမှုမျိုးစေ့စိုက်ရာ အကောင်းဆုံး လယ်ယာ"ဟု ဂုဏ်ပြုခဲ့ကြပေသည်။

**လာဇာနုတ်သမီး (ပေါက်ပေါက်နုတ်သမီးလေး)ဝတ္ထု။** ။ ဘုရားလက်ထက်တော်က ဆင်းရဲသူ အမျိုးသမီးတစ်ယောက်သည် လယ်တောစောင့်ရင်း သရေစာအဖြစ် စားဖို့များ ပေါက်ပေါက်ကလေးများကို လှော်ထား၏၊ အရှင်မဟာကဿပ မထေရ်မြတ်သည် နိရောဓသမာပတ်မှထလျှင် ဆင်းရဲသူမကလေး ကိုမြင်သဖြင့် လယ်တောသို့ ဆွမ်းခံကြွတော်မူသည်၊ အမျိုးသမီးကလေးသည် ပီပီစားဖို့ရာ ပေါက်

---

[၃၃] သဂါထာဝဂ္ဂ ဣသိဒတ္တသုတ် (သံ၊ ၁၊ ၉၉။)

ပေါက်ကလေးများကို လာရောက်လှူဒါန်းပြီးလျှင် ဝမ်းမြောက် ဝမ်းသာ မိမိ၏ အလှူကို အောက်မေ့လျက် လယ်စောင့်တဲသို့အပြန်တွင် ကစင်း (ကန်သင်း)ရိုးမှ မြွေကိုက်သဖြင့် ချက်ချင်း သေဆုံးရလေသည်၊ ထိုအခါ မိမိကုသိုလ်ကို ဝမ်းမြောက်သော စိတ်ကစွဲနေသဖြင့် အလွန်မဆင်းရဲရဘဲ နတ်ပြည်သို့ ရောက်၍ ပေါက်ပေါက်ဇာတွေ တွဲရရွဲဆွဲနေသောဘုံ၌ နတ်သမီးဖြစ်ကာ **"လာဇာနတ်သမီး"**ဟု ထင်ရှားလေသည်။ [**"လာဇာ–ပေါက်ပေါက်"**]

ထို့နောက် အရှင်မဟာကဿပမထေရ်ကို ကျေးဇူးတင်လှ၍ ဝတ်ကြီးဝတ်ငယ် ပြုစုလိုသောကြောင့် အရှင်မြတ်နေရာ လိုဏ်ဂူသို့ဆင်းလာသောအခါ အရှင်မြတ်က အပြုအစုမခံသဖြင့် ငိုငိုရှိရှိနှင့် နတ်ပြည်သို့အပြန်တွင် ဘုရားရှင် မြင်တော်မူ၍ တရားဟောတော်မူရာ "သောတာပန်"အဖြစ်သို့ ရောက်လေသည်၊ ဤသို့လျှင် အရိယာသံဃာတော်သည် ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးဖို့ရာ အတုမရှိသော လယ်ယာမြေကောင်းနှင့် တူပါတယ်[၅၄]။

၁၆။ **သံဃံ ဟိ ဓေါ ဘိက္ခဝေ အနုဿရတံ**
**ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊**
**သော ပဟီယိဿတိ။**

**ဟိ**–အောက်မေ့ရခြင်းအကြောင်းကား။ **ဘိက္ခဝေ**–ရဟန်းတို့၊ **သံဃံ**–သံဃာတော်ကို၊ **အနုဿရတံ**–အဖန်တလဲလဲ အောက်မေ့ကြကုန်သော၊ **ဓေါ**–သင်တို့အား။ **ယံ ဘယံ ဝါ**–အကြင်ကြောက်လန့်ခြင်းသည်လည်းကောင်း။ **ယံ ဆမ္ဘိတတ္တံ ဝါ**–အကြင်ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း။ **ယော လောမဟံသော ဝါ**–အကြင်ကြက်သီးမွေးညှင်းထခြင်းသည် လည်းကောင်း။ **ဘဝိဿတိ**–ဖြစ်ပေလတံ့ **သော**–ထိုကြောက် လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းကို၊ **ပဟီယိဿတိ**–ပယ်ဖျောက်အပ်ပေလတံ့။

ရဟန်းတို့...သံဃာတော်ဂုဏ်ကို အဖန်ဖန် အောက်မေ့ကြသော သင်တို့မှာ ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းတွေ ပျောက်ကင်းသွားပါလိမ့်မည်။

---

[၅၄] ဓမ္မပဒအဋ္ဌကထာ၊ ပါပဝဂ်၊ လာဇဒေဝီတာဝတ္ထု (ဓမ္မပဒ၊ ၄၊ ၂၊ ၅–၇)။

**ကိလေသာကုန်ရာ ဘုရားမှာ**

၁၇။ တံ ကိဿ ဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝိတရာဂေါ ဝိတဒေါသော ဝိတမောဟော
အဘီရု အဆမ္ဆီ အနုတြာသီ အပလာယီတိ။

**အဘီရု [နှ+ဘီရု=အဘီရု]၊**
**အဆမ္ဆီ [နှ+ဆမ္ဆီ=အဆမ္ဆီ]၊**
**အနုတြာသီ [နှ+ဥတြာသီ=အန်+ဥတြာသီ→အနုတြာသီ]၊**
**အပလာယီ [နှ+ပလာယီ=အပလာယီ]၊**

**တံ**–ထိုသို့ ကြောက်လန့်ခြင်းစသည် ပျောက်ကင်းရခြင်းသည်၊ **ကိဿ ဟေတု**–အဘယ် အကြောင်းကြောင့်နည်း? **ဘိက္ခဝေ**–ရဟန်းဟို့၊ **ဟိ ယသ္မာ**–အကြင့်ကြောင့်၊ **အရဟံ**–ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓေါ**–တရားအလုံးစုံကို ညွှန်ပြသူမရှိ အမှန်အတိုင်း သိတော်မူသော၊ **တထာဂတော**–ငါဘုရားသည်၊ **ဝိတရာဂေါ**–ကင်းပြီးသောရာဂရှိတော်မူ၏၊ **ဝိတဒေါသော**–ကင်းပြီး သောဒေါသရှိတော်မူ၏၊ **ဝိတမောဟော**–ကင်းပြီးသော မောဟရှိတော်မူ၏၊ **အဘီရု**–ကြောက်လန့် ခြင်း ရှိတော်မမူ၊ **အဆမ္ဆီ**–ကိုယ်တုန်လှုပ်ခြင်း ရှိတော်မမူ၊ **အနုတြာသီ**–ထိတ်လန့်လေ့ရှိတော်မမူ၊ **အပလာယီ**–အရေးကျလျှင် ထွက်ပြေးလေ့ရှိတော်မမူ၊ **တ္ဂုတိ**–ထို့ကြောင့်တည်း။

ထိုသို့ ကြောက်လန့်ခြင်းစသည် ပျောက်ကင်းရခြင်း အကြောင်းမှာ "ရဟန်းတို့...ပူဇော် အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို ကိုယ်တိုင် အမှန်အကန် သိတော်မူတဲ့ ငါဘုရားသည် ရာဂ ဒေါသ မောဟတွေလည်း ကင်းတော်မူပြီ၊ ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ထိတ်လန့်ခြင်း, ထွက်ပြေးလေ့ခြင်းများလည်း မရှိပြီ၊ ဒါ့ကြောင့်ပင် ဖြစ်၏။

**ကိလေသာကုန်ရာ၊ ဘုရားမှာ၊ ဓါဓါ အောက်မေ့လေ၊**
**ကြောက်ခြင်း, တုန်ခြင်း၊ ထိတ်လန့်ခြင်း၊ ပြေးခြင်း မရှိပေ၊**
**ဘုရား, တရား၊ သံဃာအား၊ ကိုးစား ဝုဏ်ကိုလေ။**

၁၈။ ဣဒ'မဝေါစ ဘဂဝါ၊ ဣဒံ ဝတ္ဌာန သုဂတော
အထာ'ပရံ တေ'ဒဝေါစ သတ္ထာ–

ဣဒ'မဝေါစ [ဣဒံ+အဝေါစ]၊
ဝတ္ဌာန=ဝတ်တဝါန၊
အထာ'ပရံ [အထ+အပရံ]၊
တေ'ဒဝေါစ [တေံ+အဝေါစ]၊

**ဘဂဝါ**–မြတ်စွာဘုရားသည်၊ **ဣဒံ**–ဤ "သစေ တုမှာကံ ဘိက္ခဝေ"အစရှိသော စုဏ္ဏိယ စကားပြေတရားတော်ကို၊ **အဝေါစ**–မိန့်တော်မူပြီ၊ **သုဂတော**–ကောင်းသောစကားကို မိန့်တော်မူ သော ဘုရားရှင်သည်၊ **ဣဒံ**–ဤစုဏ္ဏိယစကားပြေ တရားတော်ကို၊ **ဝတ္ဌာန**–မိန့်တော်မူပြီး၍၊ **အထ**–ထိုမှနောက်၌၊ **သတ္ထာ**–နတ်လူတို့ဆရာ မြတ်စွာဘုရားသည်၊ **အပရံ**–တစ်ပါးသော၊ **တေံ**–ဤဂါထာဗန္ဓ တရားတော်ကို၊ **အဝေါစ**–မိန့်တော်မူ၏။

ဘုရားရှင်သည် "သစေ တုမှာကံ ဘိက္ခဝေ"စသော စုဏ္ဏိယစကားပြေ တရားတော်ကို မိန့်တော်မူပြီးနောက် ဤဂါထာဖွဲ့စပ် တရားတော်မြတ်ကို မိန့်တော်မူ၏။

၁၉။ အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။
၂၀။ နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
၂၁။ နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။

အရညေ= အရင်ဥေ
ရုက္ခမူလေ= ရုက်ခ မူလေ
သုညာဂါရေ= သုဉ်ညာဂါရေ→သုန်ညာဂါရေ
တုမှာက=တုမ်မှာက [တုမှာကံ→တုမှာက]

**လောကဇေဋ္ဌံ= လောကဇေဋ္ဌံ→လောက ဇစ်ဋ္ဌံ**

**နရာသဘံ [နရ+အာသဘံ]၊**

**နိယျာနိကံ= နိယ်ယာနိကံ→နိန်ယာနိကံ**

ပရိတ္တသင်္ဂဟခေါ် ပရိတ်တော်ကြီး ပါဠိနိ ယယလာ ဖတ်နည်းဌ်ကား **"နိတ်–ယာနိကံ"** ဖတ်တဲ့၊

**ပုညကွေတ္တံ= ပုဉ်ဉက် ခေတ်တံ**

**အနတ္တရံ= အနတ်တရံ [နှ+ဥတ္တရံ→အန်+ဥတ္တရံ→အနတ္တရံ]၊**

(၁၉) **ဘိက္ခဝေါ**–ရဟန်းတို့၊ **အရညေ ဝါ**–တောဌ်သော်လည်းကောင်း၊ **ရုက္ခမူလေ ဝါ**–သစ်ပင်ရင်းဌ်သော်လည်းကောင်း၊ **သုညာဂါရေ ဝါ**–ဆိတ်ငြိမ်သော ကျောင်းဌ်သော်လည်းကောင်း၊ **သမ္ဗုဒ္ဓံ**–ငါဘုရားကို၊ **အနုဿရေထ**–အဖန်တလဲလဲ အောက်မေ့ကြကုန်လော့၊ **ဝေံ**–ဤသို့ အောက်မေ့သည်ရှိသော်၊ **တုမှာကံ**–သင်ကို့အား၊ **ဘယံ**–ကြောက်လန့်ခြင်းသည်၊ **နော သိယာ**–ဖြစ်နိုင်ဖွယ်ရာ မရှိပါ။

(၂၀) **လောကဇေဋ္ဌံ**–သတ္တလောက၏ အကြီးအမှူးဖြစ်တော်မူသော၊ **နရာသဘံ**–မနှိုင်းယှဉ်အပ် လူထူးလူမြတ်ဖြစ်တော်မူသော၊ **ဗုဒ္ဓံ**–ငါဘုရားကို၊ **နော စေ သရေယျာထ**–အကယ်၍ မအောက်မေ့မိကုန်သည်ဖြစ်အံ့၊ **အထ**–ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်၊ **နိယျာနိကံ**–သံသရာဝဋ်မှ ထွက်မြောက်တတ်သော၊ **သုဒေသိတံ**–ကောင်းစွာ ဟောကြားတော်မူအပ်သော၊ **ဓမ္မံ**–တရားတော်မြတ်ကို၊ **သရေယျာထ**–အောက်မေ့ကြကုန်လော့။

(၂၁) **နိယျာနိကံ**–သံသရာဝဋ်မှ ထွက်မြောက်တတ်သော၊ **သုဒေသိတံ**–ကောင်းစွာ ဟောကြားတော် မူအပ်သော၊ **ဓမ္မံ**–တရားတော်မြတ်ကို၊ **နော စေ သရေယျာထ**–အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့၊ **အထ**–ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်၊ **အနတ္တရံ**–အတုမရှိသော၊ **ပုညကွေတ္တံ**–ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းအစစ်ဖြစ်သော၊ **သံဃံ**–သံဃာတော်ကို၊ **သရေယျာထ**–အောက်မေ့ကြ ကုန်လော့။

ရဟန်းတို့...တောဌ်ဖြစ်စေ, သစ်ပင်ရင်းဌ်ဖြစ်စေ, ဆိတ်ငြိမ်ရာ ကျောင်းဌ်ဖြစ်စေ ငါဘုရားကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့၊ ဤသို့ အောက်မေ့သည်ရှိသော် သင်ကို့အား ကြောက်လန့်ခြင်းသည် ဖြစ်နိုင်ဖွယ်ရာ မရှိပေ။

သတ္တလောက၏ အကြီးအမှူးဖြစ်တော်မူသော, လူထူးလူမြတ်ဖြစ်တော်မူသော ငါဘုရားကို မအောက်မေ့မိကုန်သည်ရှိသော် သံသရာဝဋ်မှ ထွက်မြောက်တတ်သော ကောင်းစွာဟောကြားတော်မူအပ်သော တရားတော်ကို အောက်မေ့ကြကုန်လော့။

အကယ်၍ တရားတော်ကို မအောက်မေ့ကုန်သည်ရှိသော် အတုမရှိသော ကောင်းမှုမျိုးစေ့တို့ စိုက်ပျိုးရာ လယ်ယာမြေကောင်းဖြစ်သော သံဃာတော်ကို အောက်မေ့ကြကုန်လော့။

ဘုရား တရား သံဃာဂုဏ်တော်များကို အောက်မေ့လျှင်---

၂၂။ ဝဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော နု ဟောသတိ။

သရန္တာနံ= သရဏ်တာနံ
သံဃဉ္စ= သံဃင်စ
ဟောသတိ= ဟောသ်သတိ→ဟောတ်သတိ→ဟစ်သတိ

**ဘိက္ခဝေါ**–ရဟန်းတို့၊ **ဝဝံ**–ဤငါဘုရား ညွှန်ကြားတော်မူသည့်အတိုင်း၊ **ဗုဒ္ဓဉ္စ**–ငါဘုရားကိုလည်းကောင်း၊ **ဓမ္မဉ္စ**–တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**–သံဃာတော်မြတ်ကိုလည်းကောင်း၊ **သရန္တာနံ**–အမှတ်တရအောက်မေ့ကြကုန်သော သင်တို့အား၊ **ဘယံ ဝါ**–ကြောက်လန့်ခြင်းသည်လည်းကောင်း၊ **ဆမ္ဘိတတ္တံ ဝါ**–ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **လောမဟံသော ဝါ**–ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ **နု ဟောသတိ**–ဖြစ်လိမ့်မည် မဟုတ်။

ရဟန်းတို့...ဤငါဘုရား ညွှန်ကြားတော်မူသည့်အတိုင်း ငါဘုရားကိုလည်းကောင်း, တရားတော်မြတ်ကိုလည်းကောင်း, သံဃာတော်မြတ်ကိုလည်းကောင်း အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းသည် ဖြစ်လိမ့်မည်မဟုတ်။

**ဘုရား တရား၊ သံဃာများ၊ ဂုဏ်အား အောက်မေ့လျှင်။**
**ကြက်သီးထခြင်း၊ တုန်လှုပ်ခြင်း၊ ကြောက်ခြင်း လွင့်ပျောက်စင်။**

**ဓမ္မ**သုတ်ပရိတ်တော်သည် စကြဝဠာကုဋေတသိန်းတိုင်အောင်ပင် အာဏာစက် ပြန့်နှံ့လျက် ဘေးရန်အန္တရာယ်မှ လွတ်ကင်းစေနိုင်၏၊ ဓမ္မသုတ်အတွင်း၌ ပါဝင်သော ဘုရားဂုဏ်, တရားဂုဏ်, သံဃဂုဏ်တော်များကို အာရုံပြု၍ အောက်မေ့ပွါးများလျှင် စိတ်ဉာဏ်ကြီးထွားခြင်း, နတ်ပြည်မှာ

## ဇေဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ကမ္ဘာသုံးသောင်းဖြစ်ရခြင်း, သိကြားနတ်မင်း အကြိမ်ပေါင်းရှစ်ဆယ် ဖြစ်ရခြင်း, စကြဝတေးမင်း အကြိမ်တထောင်ဖြစ်ရခြင်း, ပဒေသရာဇ်မင်း, ဖြစ်လေရာဘဝတို့၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလျက်ရရှိပြီး ပစ္စည်းဥစ္စာများ မပျက်စီးနိုင်ခြင်း, ကမ္ဘာတသိန်းတိုင်တိုင် အပါယ်လေးပါးသို့ မလားမရောက်ရခြင်း, နောက်ဆုံး ပစ္ဆိမဘဝ၌ အရဟတ္တဖိုလ်တိုင်မြောက်အောင် ရောက်ရခြင်း, ထိတ်လန့် ကြောက်ရွံ့မှုမဖြစ်ခြင်း, ကိုယ်တုန်လှုပ်မှု မဖြစ်ခြင်း, မွေးညှင်းရွှင်ပျ ကြက်သီးထမှု မဖြစ်ခြင်း စသော အကျိုးများကို ပေးစွမ်းနိုင်၏၊ ထို့ကြောင့် ဤဇေဂ္ဂသုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြားကြီးမားလှသော ပရိတ်တော်ဖြစ်၏။ (မဟာဗုဒ္ဓဝင်၊ တကိယကွဲ၊ ၃၁၆-၃၁၇။)

## ဇေဂ္ဂသုတ် နိဂုံးချုပ် အာသီသလင်္ကာ

အရညဂတ၊ ရုက္ခမူလာ၊ သုညာဂါရေ၊ တရားဖွေ၍၊ နေရှာကြသော်၊ များသူတော်တို့၊ မလျော်လန့်ထိတ်၊ ကြောက်စိတ်ပေါ်ထွက်၊ ကိုယ်ကြမ်းခက်နှင့်၊ ကြက်သီးမွေးညှင်း၊ ထကြွခြင်းလျှင်၊ အရင်းမူလ၊ ဇေဂ္ဂကို၊ မြွက်ဟသတတ်၊ ဤထုပ္ပတ်ကို၊ ပုဒ်ပါဌ်တပြေး၊ နှုတ်ထပ်ရေးပိမ့်၊ ရှေးသရောခါ၊ အသုရာတို့၊ ဗျူဟာဖြန့်လျက်၊ စစ်ကြီးတက်က၊ စက်ဘုန်းဝရဇိန်၊ လက်ရုံးရှိန်နှင့်၊ ဒေဝိန္ဒဖျား၊ ရဲမက်များကို၊ အားတပေးပေး၊ ကြောက်သွေးမမွန်၊ ရဲမာန်ဝှန်စိမ့်၊ တံခွန်လေးစင်း၊ ပြတုံလျှင်းလည်း၊ ချင်း[၅၄၁]တို့ကမှ၊ ရာဂ ဒေါသ၊ မောဟအလျောက်၊ ကြောက်လန့်မှုံဝေ၊ မကုန်ချေ၍၊ ပုံသေအားသွန်၊ တံခွန်ရှုမျှော်၊ ရဲမက်တော်တို့၊ ထို ရော်လန့်ကြောက်၊ မပျောက်လည်းရှိ၊ ပျောက်လည်းရှိ၏၊ တိ-ရတနာ၊ နဝါနှင့်-ဆ၊ နဝ-အစဉ်၊ ဂုဏ်ရှင်တို့မှာ၊ ရံတခါမျှ၊ ရာဂ-ဒေါသ၊ မောဟ-ကိလေ၊ မရှိချေ၍၊ ခွဲဝေပြန့်ကျယ်၊ အံ့ဖွယ်မဆုံး၊ ဂုဏ်တော်သုံးကို၊ နှလုံးကြည်ဖြူ၊ အောက်မေ့သူမှာ၊ မပြူမာန်ကင်း၊ ကြောက်လန့်ကင်း၏၊ ယင်းသို့မြစ်ခြေ၊ ဖြစ်ပလေ၍၊ တဇွေမြေဘုတ်၊ အယုတ်ဘီလူး၊ စုန်းပူးနတ်တိုက်၊ ရိုက်ပုတ်အဓမ္မ၊ ထားပြသူခိုး၊ ဘေးရန်မျိုးတို့၊ တန်ခိုးရောင်ဟုန်၊ ဘုန်းတော်ဂုဏ်ကြောင့်၊ ဂဋ္ဌန်လှန့်ချောက်၊ နဂါးကြောက်သို့၊ ပျောက်လွင့်စေမှု၊ ဣ-သွာ-သု-ကို၊ အနုလောမ၊ ရွရွအာဂုံ၊ ပဋိလုံလည်း၊ ပြည့်စုံ

---

[၅၄၁] **ချင်း**-နစ/သင်း၊ သူ၊ ယင်း၊ ထိုသူ၊ "**ချင်း**၏ဆံပင်သည် အလွန်ရှည်လျားသဖြင့်။" ကဝိန်၊ [illegible] (မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ ၁၊ ၁၁၅)။

နှုတ်တက်၊ ပုဒ်မပျက်အောင်၊ အနက်မြန်မာ၊ ဥာဏ်စိုဖြာသား၊ ဤစာသိပ်သည်း၊ နိဿည်းကို၊ နည်းခံသဖြင့်၊ ဓိပ္ပါယ်ဖွင့်တိုင်း၊ နေ့ညဉ့်မကင်း၊ နှလုံးသွင်း၍။ ။ **တျင်းတျင်း**[၅၅] သရဇ္ဈာယ်စေကုန်သော်[၅၆]။

**ဓေဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်စုယ် အပြီးသတ်ပြီ။**

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

---

[၅၅] **တျင်းတျင်း**–/တယင်းတယင်း/ [ပေါ်] အကုန်အစင်၊ တခုမကျန်၊ အကြွင်းမဲ့။ "နင့်သစ်ပင်၏၊ မြစ်လျှင်မကြွင်း၊ ကုန်**တျင်းတျင်း**လျှင်၊ ချက်ခြင်းလျင်ဆော၊ ပြတ်စိမ့်သောဟု။" ကိုး ၉။ "ရန်ခြောက်ဆစ်ကို၊ ပယ်လှစ်**တျင်းတျင်း**။ စင်အောင်ခွင်း၍။" သံဝေ ၁၅။ (မြန်မာအဘိဓါန် အကျဉ်းချုပ်၊ အတွဲ ၂၊ ၁၃၁။)

[၅၆] မဟာပရိတ်တော်ကြီးနိဿသစ်၊ ၁၁၂–၁၁၃။

# အာဠာနာဠိယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## အာဠာနာဠိယ နိဒါန်းပြ

(က) အပွသန္နေဟိ နာထသဲ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍောဟိ၊ သဒါ ကိဠိသကာရိဘိ။

(ခ) ပရိသာနံ စတသန်္နံ[၁၄၄]၊ အဟိ သာယ စ ဝုတ္တိယာ။
ယံ ဒဒေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟေ။

အပွသန္နေဟိ= အဝ် ပသန္နေဟိ

နာထသဲ= နာထသ်သ → နာထတ်သ

သာဓုသမ္မတေ= သာဓု သမ်မတေ

အမနုဿေဟိ=အမနုသ်ဿေဟိ → အမနုတ်ဿေဟိ

[နံ+မနုဿေဟိ → အမနုဿေဟိ]၊

စဏ္ဍောဟိ= စဏ်ဍေဟိ → စန်ဍေဟိ

ကိဠိသကာရိဘိ= ကိဝ်ဗိသ ကာရိဘိ → ကိပ်ဗိသ ကာရိဘိ

စတသန်္နံ= စတသ်သာနံ → စတတ်သာနံ

ဝုတ္တိယာ=ဝုတ်တိယာ

**နာထသဲ**–မြတ်စွာဘုရား၏၊ **သာဓုသမ္မတေ**–အကောင်းအမြတ်ဟု သမုတ်အပ်သော[၁၄၅]၊ **သာသနေ**–သာသနာတော်၌၊ **အပွသန္နေဟိ**–မကြည်ညိုကြကုန်သော၊ **စဏ္ဍောဟိ**–ကြမ်းတမ်းကုန်သော၊

---

[၁၄၄] **ပရိသတ်လေးပါး ၂-မျိုးပြား ။ ပရိသာနံ စတသန်္နံ**ဟူ၌ ဘိက္ခူ ဘိက္ခုနီ ဥပါသက ဥပါသိကာသခီတာနဲ့. ဒေဝ ဗြဟ္မ မနုဿသခီတာနဲ့ ပါ စတသန်္နံ ပရိသာနံ ပယိရုပါသန္တာနံ။ (ပရိတ္တဋ္ဌကထာ၊ အာမုခ နှင့် မူလဋီကာတို့၌ ဤအရာ ရုတနိဒါနဝဏ္ဏနာ၊ ရတနဒါနဝဏ္ဏနာ၊ ဂဟနိဒါနမ, ဥပါသကာ ယောဂကျိုး, ဥပါသိကာမိန်းမ-ဟူ၍ ပရိသတ်လေးပါး။ နေ့ကဲ့ သိနိုင်ရန်အလို့ငှာ နှုတ်ကပ်ရေး၊ ဗဟု, ဗြဟ္မာ, လူ ဟူ၍ ပရိသတ်လေးပါး ၂-မျိုးပြတိ။

[၁၄၅] **သာဓုသမ္မတေ**-၌ "**သမ္မတ**–သမုတ်အပ်"ဟူသော အနက်ကို ယူ၍ အနက်မပေးခဲ့သည်ကို ဖတ်ရှုသူများ သိနိုင်ရန် ဤသို့ပြအပ်ဟု ဆိုလိုသည်၊ **မတ, အဘိမတ**–သဒ္ဒါများမှာ ဖတ်ရှုလိုရှိအပ်. မြတ်နိုးအပ် ဟူသော အနက်ဖြင့် ဤသို့ ပြုအပ်ကုန်၏။

**သဒါ**–အခါခပ်သိမ်း၊ **ကိုဋိသ ကာရိဘိ**–မကောင်းမှုကို ပြုလေ့ရှိကုန်သော၊ **အမနုဿဟိ**–ဘီလူးတို့သည်၊ **စတဿန်**–လေးပါးကုန်သော၊ **ပရိသာန်**–ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမဟူသော ပရိသတ်တို့ကို၊ **အဟိ သာယ စ**–မည်ွင်းဆဲခြင်းငှာလည်းကောင်း၊ **ဂုတ္တိယာ စ**–ကာကွယ်စောင့်ရှောက်ခြင်းငှာလည်းကောင်း။ **မဟာဝီရော**–ဝီရိယကြီးမား မြတ်ဘုရားသည်၊ **ယံ ပရိတ္တံ**–အကြင် အာဥာနာဥိယသုတ် ပရိတ်တော်ကို၊ **ဘဒေသသိ**–ဟောတော်မူပြီ၊ **တံ ပရိတ္တံ**–ထိုအာဥာနာဥိယ သုတ် ပရိတ်တော်ကို၊ **ဃော**–အိုသူတော်ကောင်းတို့၊ (**မယံ**–ငါတို့သည်၊) **ဘဏာမ**–ရွတ်ကြကုန်စို့။

အိုသူတော်ကောင်းတို့...မြတ်စွာဘုရား၏ အကောင်းအမြတ်ဟု သမုတ်အပ်သော သာသနာတော်၌ မကြည်ညိုကြပဲ ကြမ်းတမ်းကုန်လျက် အမြဲတမ်း မကောင်းမှုကို ပြုလေ့ရှိကြသော ဘီလူးတို့သည် ရဟန်း ယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့ကို မည်ွင်းဆဲဖို့ရန်နှင့် ကာကွယ်စောင့် ရှောက်ဖို့ရန် ဤအာဥာနာဥိယသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ကြပါကုန်စို့။

**"အပ္ပသန္နေဟိ နာထသ"**အစချီတဲ့ ၂-ဂါထာသည် ဘုရားရှင်သာသနာအပေါ်မှာ မကြည်ညိုကြတဲ့ နတ်ဘီလူးတို့ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရန် ဝေဿဝဏ်နတ်မင်းကြီးရဲ့ လျှောက်ထားချက်အရ ဘုရားရှင်ဟောတော်မူကြောင်းပြ အချီးနီဒါန်းစကားတည်း၊ ဘုရားဟောမဟုတ်သေး၊ ရှေးဆရာတို့ အဆိုဖြစ်ပါတယ်။

**၁။ အာဠာနာဋိယသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောခဲ့ပါသလဲ?**

ဝေဿဝဏ်နတ်မင်းကြီး၏ လျှောက်ထားသည့်အတွက် ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

**၂။ အာဠာနာဋိယသုတ်ကို အဘယ်နေရာ, အဘယ်အချိန်မှာ ဝေဿဝဏ်နတ်မင်းကြီးက လျှောက်ထားခဲ့ပါ သလဲ?**

ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်အား သန်းခေါင်ယာမ်အချိန်မှာ လျှောက်ထားခဲ့ပါတယ်။

**၃။ အာဠာနာဋိယသုတ်ကို အဘယ်အကျိုးငှာ ဟောတော်မူခဲ့ ပါသလဲ?**

သာသနာတော်၌ မကြည်ညိုကုန်သော နတ်ဘီလူးများက မည်ွင်းဆဲရန်, ထိုနတ်ဘီလူးများမှ ကာကွယ်စောင့်ရှောက်ရန်အကျိုးငှာ ဟောတော်မူခဲ့ပါတယ်။

---

ဤ**သမ္မုတ**သဒ္ဒါလည်း ထိုအနက်များ ဟောနိုင်သေး၏၊ ထိုအနက်အရဆိုလျှင် **"သာဓုသမ္မတ**–သူတော်ကောင်းတို့ လိုလားမြတ်နိုးအပ်သော"ဟု ပေးပါ။ (ပရိတ်ကြီးနိဿယသစ်၊ ၅၁၉-၅၂၀။)

## အာဠာနာဋိယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

၄။ **မူရင်း အာဠာနာဋိယသုတ်သည် အဘယ်ပိဋကဟု, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါဝင်ပါသလဲ?** သုတ္တန်ပိဋကဟု, ဒီဃနိကာယ်, ပါထိကဝဂ္ဂပါဠိတော် (ဒီ၊ ၃၊ ၁၅၈–၁၇၄) မှာ ပါဝင်ပါတယ်။

၅။ **ပရိတ်ကြီးလာ အာဠာနာဋိယသုတ်ကား အဘယ်ပိဋကဟု, အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါဝင်ပါသလဲ?**

အချို့ဂါထာများကား သုတ္တန်ပိဋကဟု, ဒီဃနိကာယ်, ပါထိကပါဠိတော်နှင့် အချို့ကား ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော်များမှာ ပါဝင်ပါတယ်။

ဒီအာဠာနာဋိယသုတ်သည် မူရင်း ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိတော် (၁၅၈–၁၇၄)၌ လာရှိရာ နှစ်ဘာဏဝါရ [တစ်ဘာဏဝါရ (=တစ်ကြိမ်ရွတ်)မှာ ဂါထာ ၂၅၀-စာနှင့် ညီမျှ၏။] မျှရှိတဲ့ အာဠာနာဋိယသုတ်ကျယ်ပါဠိမှ **"ဝိပဿိဿ စ နမတ္ထု"** စသော ခြောက်ဂါထာနှင့် ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် အာယုဝဓနကုမာရဝတ္ထု ဂါထာနံပါတ် (၁၀၉) **"အာဘိဝါဒနသီလိဿ"** ဂါထာတို့ကိုသာ ယူကာ အခြား ဘုရားဂုဏ်တော်ပြု ဂါထာစသည်များကို ထည့်သွင်းလျက် ရွေးဆရာတို့ စီစဉ်ထားခြင်း ဖြစ်တယ်။

၆။ **အဘယ့်ကြောင့် "အာဠာနာဋိယပရိတ်" လို့ ခေါ်ပါသလဲ?**

ဤဝေဿဝဏ်နတ်မင်းကြီးသည် အခြား နတ်မင်းကြီးများနှင့်အတူတကွ အာဠာနာဋ္ဌမြို့၌ ဂါထာအနေဖြင့် ဖွဲ့သီအပ်သောပရိတ်ဖြစ်သောကြောင့် **"အာဠာနာဋိယပရိတ်"** လို့ ခေါ်ပါတယ်[၁၄၆]။

## အာဠာနာဋိယသုတ် အတ္ထုပ္ပတ်

အခါတပါး ဘုရားရှင်သည် ရာဇဂြိုဟ်မြို့၏ အနီးဖြစ်သော ဂိဇ္ဈကူဋ်တောင် တောမကျောင်း၌ သိတင်းသုံးနေတော်မူရာ ညဉ့်သန်းခေါင်ယာမ်အချိန်မှာ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် များစွာသော ဘီလူးစစ်သည်, ဂန္ဓဗ္ဗနတ်စစ်သည်, ကုမ္ဘဏ်နတ်စစ်သည် အစရှိသော နတ်ဘီလူးပရိသတ်နှင့်တကွ ဂိဇ္ဈကူဋ်တောင် တစ်တောင်လုံးကို အရောင်အဝါတို့ဖြင့် ထွန်းလင်းစေလျက် ဆည်းကပ်လာကြ၏။

---

[၁၄၆] **အာဠာနာဋိယန္တိ** အာဠာနာဋ္ဌနဂရေ ဘဝါတ္တာ ဓဝံနာမ။ (ဒီ၊ ဋ၊ ၃၊ ၁၄၄။) အယမ္ပိ မဟာရာဇာ ဣတော ပုရတ္ထိမဒိသာယ ဓတရဋ္ဌနဂရေ ဂါထာဝသေန ဓန္ဓိတံ ပရိတ္တံ --။ (ဒီ၊ ဋီ၊ ၃၊ ၁၅၀။)

ထိုနှတ်မင်းကြီးလေးယောက်တို့တွင် ဝေဿဝဏ်နတ်မင်းကြီးက ဘုရားရှင်ကို လျှောက်ထား၏၊ **"အရှင်ဘုရား...လောကၠ ဘုရားအား မကြည်ညိုသော နတ်ဘီလူး, ကြည်ညိုသော နတ်ဘီလူး အမျိုးမျိုးရှိကြပါသည်၊ မကြည်ညိုသော နတ်ဘီလူးတွေက များပါသည်၊ အကြောင်းမှာ ဘုရားရှင်က ပါဏာတိပါတ စသော မကောင်းမှုမှရှောင်ရန် ဟောတော်မူပါ၏၊ သူတို့ကား ထိုမကောင်းမှုများမှ မရှောင်ကြပါ၊ မကောင်းမှုမှ ရှောင်ရန်စကားကို သူတို့မကြိုက် မလိုလားသောကြောင့် ဖြစ်ပါသည်၊ တောအုံချုံကြား အစွန်အဖျားကျသော ကျောင်းများ၌ ရဟန်းများနေကြရာ ထိုအရပ်မှာ သာသနာမကြည်ညိုကြသော နတ်ဘီလူးများ ရှိနေကြ၍ ထိုနတ်ဘီလူးတို့ ကြည်ညိုကြရန်, ပရိသတ်လေးပါးကို မညှင်းဆဲကြ စောင့်ရှောက်ကြရန် အာဠာနာဋိယမည်သော ပရိတ်အကာအကွယ် အစောင့်အရှောက်ကို ဓံတော်မူပါဘုရား"** ဟု လျှောက်ထားလေသော် ဘုရားရှင်လည်း လက်ခံတော်မူ၏၊ အဲဒီနောက်မှာ ဝေဿဝဏ်နတ်မင်းကြီးက **"ဝိပဿိဿ စ နမတ္ထု"**စသည်ဖြင့် လျှောက်ထားခဲ့လေ၏၊ ဤသို့ လျှောက်ထားမှုကိုအကြောင်းပြု၍ မိုးသောက်ယာမ်အခါမှာ ရဟန်းအပေါင်းကို ခေါ်တော်မူ၍ ဤအာဠာနာဋိယသုတ် ပရိတ်တော်ကို လေ့ကျက်ဆောင်ရွက် သရဇ္ဈာယ်ကြကုန်–ဟု ဟောတော်မူလေ၏။

**စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ အတူလာရောက်ကြပါလျက် <u>အဘယ့်ကြောင့်</u> ဝေဿဝဏ် နတ်မင်းကြီးကသာ ဘုရားရှင်အား <u>လျှောက်ထား</u>ရပါသလဲ?**

ဝေဿဝဏ်နတ်မင်းကြီးသည်၊ ဘုရားရှင်နှင့် အကျွမ်းဝင်ပြီး စကားပြောရာမှာ လိမ်မာကျွမ်းကျင်လှသောကြောင့် ထိုနတ်မင်းကြီးကသာ လျှောက်ထားခြင်း ဖြစ်ပါတယ်[၃၄၇]။

**ကုဝေရနတ်မင်း အမည်သင်း၊ ခေါ်ရင်းအကြောင်းမှာ။** ။ ဘုရားမပွင့်မီ တစ်ချိန်က ကုဝေရအမည်ရှိသော ပုဏ္ဏားတစ်ယောက်သည် ကြံစိုက်ပျိုး၍ ကြံကြိတ်စက်ယန္တရား ခုနစ်ခုတို့ကို လည်ပတ်စေလျက် အသက်မွေးလေ၏၊ တစ်ခုသော ကြံကြိတ်စက်ရုံမှ ရရှိသော အမြတ်အစွန်းကို လာလာတိုင်းသော လူအပေါင်းအား ပေးလှူကာ ကောင်းမှုပြုခဲ့၏၊ ကျန်စက်ရုံများမှ အမြတ်အစွန်း (စီးပွားဥစ္စာ)တွေများစွာ ဖြစ်ထွန်းခဲ့လေ၏၊ ထို့ကြောင့် ကုဝေရပုဏ္ဏားသည် ကြည်နူးလှရကား ကျန်စက်ရုံတို့မှ ဖြစ်ပေါ်လာသော အမြတ်အစွန်းများကိုလည်းယူ၍ နှစ်ပေါင်း နှစ်သောင်းတို့ပတ်လုံး အလှူဒါနပြုခဲ့လေ၏၊

---

[၃၄၇] ကိုဠာပိ စတ္တာရော မဟာရာဇာနော အာဂတာ၊ ဝေဿဝဏော ပန ဒသဗလဿ ဝိဿာသိကော ကထာပဝတ္တနေ ဗျတ္တော သုသိက္ခိတော၊ တသ္မာ ဝေဿဝဏော မဟာရာဇာ ဘဂဝန္တံ တေဒဝေါ။။ (ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၄။)

ထိုပုဏ္ဏားသည် ကွယ်လွန်လေသော် စာတုမဟာရာဇ်နတ်ကြီးတို့တွင် ကုဝေရအမည်ရှိသော နတ်မင်းဖြစ်လေသည်။

ထိုနတ်မင်းကြီးသည် ဝေဿဝဏ်အမည်ဖြင့် ထင်ရှား၏၊ မူလအမည်ရင်းမှာ "**ကုဝေရ**"ဖြစ်သော်လည်း ဝိသာဏာမင်းနေပြည်ကို အစိုးရသည်မှစ၍ "**ဝေဿဝဏ်**"ဟု ခေါ်ဆို၏[၅၄၀]။

## မြတ်စွာဘုရား ခုနှစ်ဆူ ဘုရားရှိခိုး

၁။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

ဝိပဿိဿ= ဝိပသ်သိသ်သ→ဝိ ပတ်သိတ်သ
နမတ္ထု= နမတ်ထု [နမော+အတ္ထု]
သိခိဿ=သိခိသ်သ→သိခိတ်သ
သဗ္ဗဘူတာနုကမ္ပိနော= သဗ်ဗ ဘူတာနုကမ်ပိနော [သဗ္ဗ+ဘူတ+အနု+ကမ္ပိနော]
ပရိတ္တ သင်္ဂဟ ပါဠိနိသျ (၁၆၂)၌ "**ဝိပဿိဿ နမတ္ထု**" "**သိခိဿာပိ နမတ္ထု**" ဟု ရှိ၏။

**စက္ခုမန္တဿ**–စက္ခုငါးအင် ဉာဏ်အမြင်ရှိတော်မူသော၊ **သိရီမတော**–ဘုန်းကျက်သရေရှိတော်မူသော၊ **ဝိပဿိဿ စ**–ဝိပဿိမည်တွင် ဘုရားရှင်အားလည်း၊ (**မေ**–အကျွန်ုပ်၏၊) **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**– ဖြစ်ပါစေသတည်း၊ **သဗ္ဗဘူတာနုကမ္ပိနော**–အလုံးစုံသော သတ္တဝါတို့ကို အစဉ်သနားစောင့်ရှောက်တော်မူတတ်သော၊ **သိခိဿပိ စ**–သိခိမည်တွင် ဘုရားရှင်အားလည်း၊ (**မေ**- အကျွန်ုပ်၏၊) **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း။

---

[၅၄၀] အယ် ကိရ အနုပွန္ဒေ ဗုဒ္ဓေ ကုဝေရော နာမ ဗြာဟွဏော ဟုတ္ဘာ ဥစ္ဆုဝပ္ပံ ကာရေတ္ဘာ သတ္တ ယန္တာနိ [illegible]။ ဧကိဿာ ယန္တသာလာယ ဥဋ္ဌိတံ အာယံ အာဂတာဂတဿ မဟာဇနဿ ဒတ္ဘာ ပုည် အကာသိ၊ အဝသေသသာလာဟိ [illegible] ဗဟုတရော အာယော ဥဋ္ဌာသိ၊ သော တေန ပသိဒိတ္ဘာ အဝသေသသာလာသုပိ ဥပ္ပဇ္ဇနက် ဂဟေတ္ဘာ ဝိသတိ ဝဿသတသာ [illegible] အဒါသိ၊ သော ကာလံ ကတ္ဘာ စာတုမဟာရာဇိကေသု ကုဝေရော နာမ ဒေဝပုတ္တော ဇာတော၊ အပရဘာဂေ ဝိသာဏာယ ရာဇဓာနိယာ ရဇ္ဇံ ကာရေသိ၊ တတော ပဋ္ဌာယ **ဝေဿဝဏော**တိ ဝုစ္စတိ။ ဝေဿဝဏော ပန အတ္တနော ပါကဋနာမဝသေန ဒေဝမာတ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၈, ၁၄၄။) **ကုဝေရော**တိ တဿ ပုရိမဇာတိသမုဒါဂတံ နာမံ။ (ဒီ၊ ပါထိကဝဂ္ဂဋီကာ၊ ၁၅၈။)

စကျွဝါးပါးနှင့် ပြည့်စုံတော်မူလျက် ဘုန်းကျက်သရေနှင့်ပြည်စုံတော်မူသော ဝိပဿီ ဘုရားရှင်နှင့် အလုံးစုံသော သတ္တဝါတို့ကို အစဉ်သနား စောင့်ရှောက်တော်မူတတ်သော သိခီ ဘုရားရှင်တို့အား (ကျွန်ုပ်၏) ရှိခိုးခြင်းသည် ဖြစ်ပါစေ။

**စကျွဝါးပါး မှတ်ဖွယ်ကား-----**

၁။ **ဗုဒ္ဓစကျွ**–အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တဉာဏ်၊

၂။ **မေ္ဃစကျွ**–အောက်မဂ်သုံးပါး အောက်ဖိုလ်သုံးပါး၊

၃။ **သမန္တစကျွ**–သဗ္ဗညုတဉာဏ်တော်၊

၄။ **ဒိဗ္ဗစကျွ**–ဒိဗ္ဗစကျွအဘိညာဉ်၊

၅။ **ပညာစကျွ**–သစ္စာလေးပါးသိသောဉာဏ်။

**"စကျွ ဝိယာတိ စကျွ"**အရ အထူးသိမြင်တတ်သောကြောင့် ဉာဏ်များကိုပင် မျက်စိနှင့်တူ သောအနက်အရ **စကျွများ**–ဟု ဆိုရတော့၏။

၂။ **ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။**
**နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။**

**ဝေဿဘုဿ= ဝေသ်သဘုသ်သ→ဝေတ်သဘုတ်သ**

**ဝေဿဘုဿ နမတ္ထု**–ပရိတ္တသင်္ဂဟ (၁၆၃)၌ ရှိ။

**နှာတကဿ= နှာတကသ်သ→နှာတကတ်သ**

**တပဿိနော= တပသ်သိနော→တပတ်သိနော**

**ကကုသန္ဓဿ= ကကုသန်ဓသ်သ→ကကုသန်ဓတ်သ**

**မာရသေနာပမဒ္ဒိနော= မာရသေနာ ပမဒ်ဒိနော→မာရသေနာ ပမတ်ဒိနော**

**နှာတကဿ**–အရဟတ္တမဂ်ရေစင်ဖြင့် ကိလေသာအညစ်အကြေးတွေကို ဆေးကြောသုတ်သင် ပြီးထသော၊ **တပဿိနော**–အပူတပြင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းရှိတော်မူထသော (ဂန္ဓာရုံ)၊ ဝါ–ကိလေသမာရ်, ကိုယ်တွင်းရန်ကို, ပူပန်စေတတ်, အကြွင်းမဲ့ ဖျက်ဆီးတော်မူတတ်ထသော၊ **ဝေဿဘုဿ စ**–ဝေဿဘူမည်တွင် ဘုရားရှင်အားလည်း၊ (မေ–အကျွန်ုပ်၏၊) **နမော**–ရှိခိုးခြင်းသည်၊

**အတ္ထု**–ဖြစ်ပါစေသတည်း။ **မာရသေနာပမဒ္ဒိနော**–မာရ်စစ်သည်တစ်သင်းကို နှိမ်နင်းဖျက်ဆီးတော် မူတတ်သော၊ **ကကုသန္ဓသ စ**–ကကုသန်မည်တွင် ဘုရားရှင်အား၊လည်း၊ (မေ–အက္ခရာပ်၏။) **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း။

အရဟတ္တမဂ်ရေစင်ဖြင့် ကိလေသာအညစ်အကြေးတွေကို ဆေးကြောသုတ်သင်ပြီး အပူတပြင်း ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းရှိတော်မူသော ဝေဿဘူဘုရားရှင်နှင့် မာရ်စစ်သည်တွေကို နှိမ်နင်းဖျက်ဆီးတော်မူသော ကကုသန်ဘုရားရှင်အား ကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ။

၃။ ကောဏာဂမနဿ နမတ္ထု။ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု။ ဝိပ္ပမုတ္တဿ သတ္ထုဓိ။

ကောဏာဂမနဿ= ကောဏာဂမနဿ်သ→ကောဏာဂမနတ်သ
ဗြာဟ္မဏဿ= ဗရာ ဟမဏသ်သ→ဗရာ ဟမဏတ်သ
ကဿပဿ= ကသ်သပသ်သ→ကတ်သပတ်သ
ဝိပ္ပမုတ္တဿ= ဝိဝ်ပမုတ်တ [ဝိ+ပ+မုတ္တ]၊

**ဗြာဟ္မဏဿ**–မကောင်းမှု အကုသိုလ်ဟူသမျှကို မျောတော်မူပြီးထသော၊ ဓါ–မျောအပ်ပြီးသော အကုသိုလ်အစု မကောင်းမှုရှိတော်မမူထသော၊ **ဝုသီမတော**–ကျင့်သုံးအပ်ပြီးသော အရိယာမဂ် အကျင့်မြတ်ရှိတော်မူထသော၊ **ကောဏာဂမနဿ စ**–ကောဏာဂုမ်မည်တွင် ဘုရားရှင်အား၊လည်း၊ (မေ–အက္ခရာပ်၏။) **နမော**– ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း၊ **သတ္ထုဓိ**–ကိလေသာအား၊လုံး၊တို့မှ၊ **ဝိပ္ပမုတ္တဿ**–အရှင်းကျွတ်၍ ကင်းလွတ်တော်မူပြီး၊သော၊ **ကဿပဿ စ**–ကဿပမည်တွင် ဘုရားရှင် အား၊လည်း၊ (မေ–အက္ခရာပ်၏။) **နမော**– ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း။

မကောင်းမှု အကုသိုလ်ဟူသမျှကို မျောတော်မူပြီး၊သော ကျင့်သုံးအပ်ပြီး၊သော အရိယာမဂ် အကျင့်မြတ်ရှိသော ကောဏာဂုမ်ဘုရားရှင်နှင့် ကိလေသာအား၊လုံး၊တို့မှ ကင်းလွတ်ပြီး၊သော ကဿပ ဘုရားရှင်တို့အား ကျွန်ုပ်၏ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

**ဝိပ္ပမုတ္တောသိ သတ္ထုဓိ**ကို သဗ္ဗေဟိ ကိလေသေဟိ သဗ္ဗသ္မိ စ သဒ္ဓါရဂတေ ဝိပ္ပမုတ္တော ဒိသံယုတ္တော အသိ ဘဝသိ။ ဧကနိပါတ် ဥဇ္ဇယတ္ထေရဂါထာအဋ္ဌကထာ (၁၄၉)၌ "သဗ္ဗေဟိ

ကိလေသေဟိ"အရ "**သဗ္ဗဓိ**–ကိလေသာအားလုံးတို့မှ"ဟု အနက်ပေးခဲ့သည်၊ "သဗ္ဗသ္မိ စ သခ္ခါရဂတေ"အရမူ "**သဗ္ဗဓိ**–သခ္ခါရတရားအားလုံး၌"ဟု ပေးရမည်။ သခ္ခါရတို့၌ ကိလေသာဖြင့် တွယ်နေသူမှာ အဲဒိသခ္ခါရတို့၌ မကင်းမလွတ်သူ–ဟု ဆိုရ၍ ကိလေသာမရှိသူများကား သခ္ခါရတို့၌ တွယ်တာခြင်းမရှိတော့သဖြင့် သခ္ခါရတို့၌ ကင်းလွတ်နေသူ–ဟု ဆိုရ၏။

အခြားအဖွင့်တစ်ခုမှာ "**သဗ္ဗဓိ ဝိပ္ပမုတ္တော**တိ သဗ္ဗေသု ခန္ဓာယတနာဒီသု ဝိပ္ပမုတ္တော ဟုတ္တော" သဂါထာဝဂ်အဋ္ဌကထာ ဒေဝတာသံယုတ် မာနကာမသုတ်အဖွင့် (၂၆)အရ "**သဗ္ဗဓိ**–အလုံးစုံသော ခန္ဓာ အာယတန ဓာတ်တို့၌"ဟု ပေးပါလေ။

**၄။ အဂီရသဿ နမတ္ထု၊ သက္ကပုတ္တဿ သိရိမတော။**
**ယော ဣမံ မဓုံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။**

**အဂီရသဿ**= အင်္ဂီရသသ်သ → အင်္ဂီရသတ်သ
**သက္ကပုတ္တဿ**= သက်ကျ ပုတ်တသ
**သဗ္ဗဒုက္ခာပနူဒနံ**= သဗ်ဗ ဒုက်ခါ ပနူဒနံ
**သဗ္ဗဒုက္ခာပနူဒနံ** (ပါထိကဝဂ် အာဠာနာဠိယသုတ်, စလင်း ပရိတ်ကြီးနိသယ, ပရိတ်ကြီးနိသယသစ်, တွံတေး ပရိတ်ကြီးနိသယ, အမရပုရမဟာဂန္ဓာရုံ ပရိတ်ကြီးနိသယ)
**သဗ္ဗဒုက္ခပနူဒနံ** (မြင်းခြံ ၉–ဆောင် မဟာပရိတ်တော်ကြီးနိသျသစ်)
**သဗ္ဗဒုက္ခပ္ပနုဒနံ** (ပရိတ္တ သင်္ဂဟ)

**ယော**–သာကိဝင်မင်းသား ဂေါတမရှင်တော်ဘုရားသည်၊ **သဗ္ဗဒုက္ခာပနူဒနံ**–ဒုက္ခခပ်သိမ်း, ငြိမ်းအေးစေတောင်း, ပယ်နုတ်ကြောင်းဖြစ်သော၊ **ဣမံ မဓုံ**–ဤတရားတော်ကို၊ **ဒေသေသိ**–ဟော တော်မူပြီ၊ **အဂီရသဿ**–ကိုယ်အင်္ဂါမှ, ဖြာဖြာချွန်းလက်, ထွက်သောရောင်ခြည်ရှိတော်မူသော၊ **သိရိမတော**–ဘုန်းကျက်သရေရှင်ဖြစ်တော်မူသော၊ **တဿ သက္ကပုတ္တဿ**–ထိုသာကိဝင်မင်းသား ဂေါတမရှင်တော် ဘုရားအား၊ (မေ–အကျွန်ုပ်၏) **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း။

ဒုက္ခခပ်သိမ်းကို ပယ်နုတ်တော်မူပြီး, ကိုယ်အင်္ဂါမှ ရောင်ခြည်တော်ထွက်တော်မူလျက် ဘုန်းကျက်သရေရှိတော်မူသော သာကီဝင်မင်းသား ဂေါတမရှင်တော်ဘုရားအား (ကျွန်ုပ်၏) ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

**ဘယ်ကြောင်းခြင်းရာ, ဓွန်ဆူသာ, သူဒါ ရှိခိုးကြသနည်း?** ဒီဃနိကာယ် မဟာဝဂ္ဂ မဟာပဓာနသုတ် (ဒီ၊ ၂၊ ၄၂)မှာ နိဂုံးအနေဖြင့် သုဒ္ဓါဝါသခရီးစဉ်ကို ဟောရာ ထိုသုဒ္ဓါဝါသဘုံများကို ဘုရားရှင်ကြွစဉ် ဝိပဿီစတဲ့ ဘုရားခုနစ်ဆူတို့ရဲ့ တပည့်ဗြဟ္မာများက ထိုဘုရားရှင် အသီးအသီးရဲ့ အကြောင်းအရာတွေကို လျှောက်ထားခဲ့ကြတယ်၊ ထိုသုဒ္ဓါဝါသခရီးစဉ်ပြု ဒေသနာတွင် ပါဝင်သိမ်းသွင်းနိုင်ရန် ထို ဒေသနာနှင့်လျှော်ညီစွာ ဘုရားခုနစ်ဆူတို့ရဲ့ ပုဗ္ဗေနိဝါသ(အတိတ်ဖြစ်စဉ်)များကိုသာ ဟောတော်မူခဲ့တယ်။

အဲဒီ ဘုရားခုနစ်ဆူတို့ရဲ့ ရှေးအဖြစ်ကိုသာဟောတဲ့ မဟာပဒါနသုတ်အရပင် နောင်အခါ ဘုရားခုနစ်ဆူ ရှိခိုးတဲ့ အလေ့အထဖြစ်လာတယ်၊ ဒါ့ကြောင့် ဒီအာဠာနာဋိယသုတ်မှာ ဝေဿဝဏ်နတ်မင်းကြီး ဘုရားခုနစ်ဆူကို ရှိခိုးဏ်၊ ခန္ဓသုတ်မှာလည်း ဘုရားခုနစ်ဆူ ရှိခိုးခြင်းလာရှိရာ ထိုသုတ်မှာမူ မဟာပဒါနသုတ်ကို မှီငြမ်းသည်မဟုတ်ပဲ ထိုစဉ်က ဘုရားလောင်းရသေ့ရဲ့ အသိအရပင် ဖြစ်တယ်။

၅။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အဝိသုဏာ'ထ၊ မဟန္တာ ဝီတသာရဒါ။
၆။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

နိဗ္ဗုတာ= နိဗ်ဗုတာ
ဝိပဿိသုံ= ဝိပသ်သိသုံ → ဝိပတ်သိသုံ
အဝိသုဏာ'ထ [အဝိသုဏာ+အထ]၊
နမဿန္တိ= နမသ်သန်တိ → နမတ်သန်တိ

၅။ **လောကေ**–လောက၌၊ **ယေ စာပိ ဇနာ**–အကြင်ရဟန္တာပုဂ္ဂိုလ်သည်လည်း၊ **နိဗ္ဗုတာ**–ကိလေသာအပူ ငြိမ်းတော်မူကြကုန်သည်ဖြစ်၍၊ **ယထာဘူတံ**–ဟုတ်တိုင်းမှန်စွာ၊ **ဝိပဿိသုံ**–ထူးသောဉာဏ်ဖြင့် သိတော်မူကုန်ပြီ၊ **တေ ဇနာ**–ထိုရဟန္တာပုဂ္ဂိုလ်တို့သည်၊ **အပိသုဏာ**–ချောပစ်ကုန်းတိုက်ခြင်းမရှိကြကုန်၊ **အထ**–ထို့ပြင်၊ **မဟန္တာ**–ကြီးမြတ်သော သီလစသောဂုဏ် ရှိတော်မူကုန်၏၊ **ဝီတသာရဒါ**–ကင်းပြီးသော ကြောက်ခြင်း, ထိတ်လန့်ခြင်း, ရွံရှာခြင်း ရှိတော်မူကုန်၏။

၆။ **တေ ဇနာ**–ထိုရဟန္တာပုဂ္ဂိုလ်တို့သည်၊ **ဒေဝမနုဿာနံ**–နတ်လူတို့၏၊ **ဟိတံ**–အစီးအပွါးကို ပြုတော်မူတတ်သော၊ **ဝိဇ္ဇာစရဏသမ္ပန္နံ**–ဝိဇ္ဇာဉာဏ်, အကျင့်စရဏနှင့် ပြည့်စုံတော်မူသော၊ **မဟန္တံ**–ကြီးမြတ်သော ဂုဏ်ရှိတော်မူသော၊ **ဝိသာရဒံ**–ကင်းပြီးသော ကြောက်ခြင်း, ထိတ်လန့်ခြင်း, ရွံရှာခြင်း ရှိတော်မူသော၊ **ဂေါတမံ**–ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကို၊ **နမဿန္တိ**–ရှိခိုးကြကုန်၏၊ (တေသမ္ပိ–ထိုရဟန္တာပုဂ္ဂိုလ်တို့အားလည်း၊ မေ–အကျွန်ုပ်၏၊ နမော–ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်ပါစေသတည်း။)

လောက၌ ကိလေသာအပူ ငြိမ်းတော်မူကြကုန်သည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ထူးသောဉာဏ်ဖြင့် သိတော်မူကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ချောပစ်ကုန်းတိုက်ခြင်း မရှိကုန်, ထို့ပြင် ကြီးမြတ်သော သီလစသောဂုဏ်ရှိကုန်လျက် ကြောက်ခြင်း ထိတ်လန့်ခြင်း ရွံရှာခြင်းလည်း ကင်းတော်မူကြကုန်၏။

ထိုရဟန္တာပုဂ္ဂိုလ်တို့သည် နတ်လူတို့၏ အစီးအပွါးကို ပြုတတ်သော ဝိဇ္ဇာဉာဏ် အကျင့်စရဏနှင့် ပြည့်စုံတော်မူသော ကြီးမြတ်သော ဂုဏ်ရှိတော်မူသော ကြောက်ခြင်း ထိတ်လန့်ခြင်းရွံရှာခြင်း ကင်းတော်မူသော ဂေါတမဘုရားကို ရှိခိုးကြကုန်၏၊ (ထိုရဟန္တာပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။)

**<u>ဇနာ, အပိသုဏာ၊ ထိုနှစ်ဖြာ၊ ကျမ်းလာ ရှင်းပြချက်</u>**

**တေ ဇနာ**တိ ဣဓ ခိဏာသဝါ ဇနာတိ အဓိပ္ပေတာ (ဒီ၊ ၌၊ ၃၊ အာဋာနာဋိယသုတ်၊ ၁၄၄) အရ **ဇန**–သဒ္ဒါကို ရဟန္တာ–ယူပါ။

**အပိသုဏာ'ထာ**တိ ဒေသနာသီသမတ္တမေတံ၊ အမုသာ အပိသုဏာ အဖရုသာ မန္တဘာဏိ နောတိ အတ္ထော (ဆိုခဲ့ပြီး အဌကထာ၊ ၁၄၄)အရပင် **အပိသုဏာ**–မှာ ဒေသနာ၏ ခေါင်းစဉ်မျှသာ ဖြစ်ရာ မုသားမပြော, ကုန်းမချော, ကြမ်းတမ်းစကားမဆို, ပညာဖြင့် နှိုင်းချိန်၍သာ ဆိုတတ်သည်–ဟု အနက်ကုန်အောင်ယူရ၏၊

ဤဂါထာများ၌ ပေးခဲ့သောအနက်မှာ အဋ္ဌကထာသစ် အလိုဖြစ်တယ်၊ ရှေးအဋ္ဌကထာအလို အရတော့ "အဋ္ဌကထာယံ ပန **စေတ ဇနာ အဝိသုဏာ** တိ စေ ဝုဒ္ဓါ အပိသုဏာတိ ဇေံ ပထမဂါထာ ယ ဝုဒ္ဓါနံယေဝ ဝဏ္ဏော ကထိတော၊ တသ္မာ ပဌမဂါထာ သတ္တန္နံ ဝုဒ္ဓါနံ ဝသေန ဝုတ္တာ" (ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၅) လာ **'စေတ ဇနာ'**အရ ဘုရားရှင်တို့.ကိုသာယူကြောင်း ပါထိကဝဂ် အာဠာနာဠိယအဋ္ဌကထာသစ် ဆိုပါတယ်။ မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးလည်း **"စေတ ဇိနာ"**ဟု ရွတ်တော်မူခဲ့ပါသည်။

**စေတ ဇနာ**–အတွက် **မဟာအဋ္ဌကထာအနက်။** ။ **လောကေ**–လောကဌ်၌၊ **ယေ စာပိ ဇနာ**–အကြင် ဘုရားရှင်တို့.သည်လည်း၊ **နိဗ္ဗုတာ**–ကိလေသာ ငြိမ်းတော်မူကုန်သည်ဖြစ်၍၊ **ယထာဘူတံ**–ဟုတ်တိုင်း မှန်စွာ၊ **ဝိပသိသိသုံ**–ထူးသော ဉာဏ်ဖြင့် သိတော်မူကုန်ပြီ၊ **စေတ ဇနာ**–ထိုဘုရားရှင်တို့.သည်၊ **အဝိသုဏာ**–ချောပစ်ကုန်းတိုက်ခြင်း မရှိကြကုန်၊ **အထ**–ထို့ပြင်၊ **မဟန္တာ**–မြတ်တော်မူကုန်၏၊ **ဝီတသာရဒါ**–ကင်းသော ကြောက်ရွံ့ခြင်းရှိတော် မူကုန်၏။

**ဒေဝမနုဿာနံ**–နတ်လူတို့.၏၊ **ဟိတံ**–အစီးအပွါးကို ပြုတော်မူတတ်သော၊ **ဝိဇ္ဇာစရဏသမ္ပန္နံ**–ဝိဇ္ဇာဉာဏ် အကျင့်စရဏနှင့် ပြည့်စုံတော်မူသော၊ **မဟန္တံ**–မြတ်သော ဂုဏ်ရှိကော်မူသော၊ **ဝီတသာရဒံ**–ကင်းသော ကြောက်ရွံ့ခြင်းရှိတော်မူသော၊ **ယံ ဓဂါတမံ**–အကြင်ဂေါတမနွယ်ဖွားရှင်တော်မြတ်ဘုရားကို၊ **နမဿန္တိ**–ပညာရှိတို့. ရှိခိုးကြကုန်၏၊ (တသ စ–ထိုဂေါတမဘုရားရှင်အား လည်းကောင်း၊ တေသဉ္စ–ထိုရှေးဘုရားရှင် ခြောက်ဆူတို့.အား လည်းကောင်း၊ မေ–အကျွန်ုပ်၏၊ နမော–ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်ပါစေသတည်း။)

လောကဌ် ကိလေသာငြိမ်းတော်မူကုန်ပြီး၍ ဟုတ်တိုင်းမှန်စွာ ထူးသောဉာဏ်ဖြင့် သိတော်မူပြီးကုန်သော ထိုဘုရားရှင်တို့.သည် ချောပစ်ကုန်းတိုက်ခြင်းလည်းမရှိ, မြတ်တော်မူကုန်လျက် ကြောက်ရွံ့ခြင်းလည်း ကင်းတော်မူကြကုန်၏။

နတ်လူတို့.၏အစီးအပွါးကိုပြုတော်မူတတ်သော ဝိဇ္ဇာဉာဏ် အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်သော ဂုဏ်ရှိတော်မူလျက် ကြောက်ရွံ့ခြင်းကင်းတော်မူသော ဂေါတမဘုရားရှင်ကို ပညာရှိတို့. ရှိခိုးကြပါကုန်၏။ (ထိုဂေါတမဘုရားရှင်အား လည်းကောင်း, ထိုရှေးဘုရား ခြောက်ဆူတို့.အား လည်းကောင်း ကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။)

"ဒုတိယဂါထာ၌ "**ဓဂါတမန္တိ** ဒေသနာမုခမတ္တမေတံ။ အယမ္ပိ ဟိ သတ္တန္နံယေဝ ဝသေန ဝုတ္တာတိ ဝေဒိတဗ္ဗာ" (ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၅)အရ **ဓဂါတမံ**–သည် ဒေသနာ၏ အဦးအစမျှသာဖြစ်၍ ကြွင်းဘုရားရှင်ခြောက် ဆူကိုလည်း ယူရမည်–ဟု ဆိုလို။

၇။ ဧတေ စညေ စ သမ္မဒ္ဒါ၊ အနေကသတကောဋိယော။
သဗ္ဗေ ဝုဒ္ဓါ သမသမာ၊ သဗ္ဗေ ဝုဒ္ဓါ မဟိဒ္ဓိကာ။

စညေ=စင်ညေ [စ+အညေ]၊
အနေကသတကောဋိယော [အနေက+သတ+ကောဋိယော]၊
မဟိဒ္ဓိကာ=မဟိဒ်ဓိကာ → မဟိတ်ဓိကာ [မဟာ+ကုဒ္ဓိကာ]၊

**ဧတေ သမ္မဒ္ဒါ စ**–ထို ဝိပဿီအစရှိသော ဘုရားခုနစ်ဆူတို့.သည်လည်းကောင်း၊ **အညေ**–ဘုရား ခုနစ်ဆူတို့.မှ တပါးကုန်သော၊ **အနေကသတကောဋိယော**–ကုဋေရာပေါင်း များစွာကုန်သော၊ **သမ္မဒ္ဒါ စ**–ဘုရားရှင်တို့.သည်လည်းကောင်း၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **ဝုဒ္ဓါ**–ဘုရားရှင်တို့.သည်၊ **အသမသမာ**–ယှဉ်ပြိုင်နိုင်သူ, ရည်တူမရ, ရွေးဘုရားတို့.နှင့်သာ တူတော်မူကြကုန်၏၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **ဝုဒ္ဓါ**–ဘုရားရှင်တို့.သည်၊ **မဟိဒ္ဓိကာ**–ကြီးသော တန်ခိုးရှိတော်မူကြကုန်၏။

ဝိပဿီအစရှိသော ဘုရားခုနစ်ဆူတို့.သည်လည်းကောင်း, အခြားသော ကုဋေရာပေါင်းများစွာသော ဘုရားရှင်တို့.သည်လည်းကောင်း ဘုရားရှင်အားလုံးတို့.သည် ယှဉ်ပြိုင်နိုင်သူ ရည်တူမရှိ ရွေးဘုရားတို့.နှင့်သာ တူတော်မူကုန်လျက် တန်ခိုးကြီးတော် မူကြကုန်၏။

၈။ သဗ္ဗေ ဒဿဝလူပေတာ၊ ဓဝသာရဇ္ဇေဟု'ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာန'မုတ္တမံ။

ဒဿဝလူပေတာ= ဒဿ ဝလူပေတာ [ဒဿ+ဝလ+ဥပေတာ]၊
ဓဝသာရဇ္ဇေဟု'ပါဂတာ= ဓဝသာရဇ်ဇေဟု ပါဂတာ [ဓဝသာရဇ္ဇေဟိ+ဥပါဂတာ]၊
ပဋိဇာနန္တိ= ပဋိဇာနန်တိ [ပတိ+ဇာနန္တိ]၊
ဌာန'မုတ္တမံ= ဌာန မုတ်တမံ [ဌာန်+ဥတ္တမံ]၊

**သဗ္ဗေ**–အလုံးစုံသော ဘုရားရှင်တို့.သည်၊ **ဒဿဝလူပေတာ**–ဉာဏ်တော်ဆယ်ပါး ဘုရားတို့.စွမ်းအားနှင့် ပြည့်စုံတော်မူကြကုန်၏၊ **ဓဝသာရဇ္ဇေဟိ**–စတုဝေသာရဇ္ဇဉာဏ်တော်တို့.နှင့်၊ ဥပါဂတာ–ပြည့်စုံတော်မူကြကုန်၏၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **တေ**–ထိုဘုရားရှင်တို့.သည်၊ **ဥတ္တမံ**–မြတ်သော၊

## အာဌာနာဋိယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**အာသဘံ ဌာနံ**–မြင့်မြတ်ထူးခြား ဘုရားတို့အရိုက်အရာအစစ် သဗ္ဗညုအဖြစ်ကို၊ **ပဋိဇာနန္တိ**–ဝန်ခံတော်မူကြကုန်၏။

အလုံးစုံသော ဘုရားရှင်တို့သည် အားတော်ဆယ်ပါး ဉာဏ်စွမ်းများနှင့်လည်းကောင်း, ဝေသာရဇ္ဇဉာဏ်လေးပါးနှင့်လည်းကောင်း ပြည့်စုံတော်မူကြကုန်၏၊ ထိုဘုရားရှင်အားလုံးတို့သည် မြင့်မြတ်သော သဗ္ဗညုဘုရားအဖြစ်ကိုလည်း ဝန်ခံတော်မူကြကုန်၏။

**ဒသဗလခေါ် အားတော်ဆယ်ပါး ဉာဏ်တော်များ။** ။ **ဒသဗလူပေတာ**–၌ "**ဒသဗလ**–အားတော်ဆယ်ပါး"ဆိုသည်မှာ ဘုရားရှင် ဝေသာလိမြို့ပြင်ရှိ အပရပုရ တောအုပ်ဝယ် သိတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်၏လျှောက်ထားချက်အရ မူလပဏ္ဏာသ သိဟနာဒဝဂ် မဟာသိဟနာဒသုတ် (မ၊ ၁၊ ၉၉–၁၀၂)လာ "ဒသ ခေါ ပနိမာနိ သာရိပုတ္တ တထာဂ တဿ တထာဂတ ဗလာနိ" စသည်ဖြင့် ဟောတော်မူအပ်သော တထာဂတဗလ (ဘုရားတို့၏အား)ခေါ် ဉာဏ်တော် ဆယ်ပါးကို ဆိုပါသည်။

## ဒသဗလခေါ် ဉာဏ်တော်ဆယ်ပါး

၁။ **ဌာနာဌာနဉာဏ်**–အကြောင်းဟုတ်သည်, မဟုတ်သည်ကို သိသောဉာဏ်၊

၂။ **ကမ္မဝိပါကဉာဏ်**–ကံတို့၏အကျိုးကို သိသောဉာဏ်၊

၃။ **သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်**–ထိုထိုဘဝရောက်ကြောင်း, နိဗ္ဗာန်ရောက်ကြောင်း အကျင့်များကို သိသောဉာဏ်၊

၄။ **အနေကဓာတု နာနာဓာတုဉာဏ်**–ဓာတ်သဘာဝအမျိုးမျိုးကို သိသောဉာဏ်၊

၅။ **နာနာဓိမုတ္တိကတာဉာဏ်**–သတ္တဝါတို့၏ နှလုံးသွင်းဓာတ်ခံကို သိသောဉာဏ်၊

၆။ **ဣန္ဒြိယပရောပရိယတ္တဉာဏ်**–သတ္တဝါတို့၏ ဣန္ဒြေအထက်အနုံ့ (အနုအရင့်)ကို သိသောဉာဏ်၊

၇။ **ဈာနာဒိသံကိလိဋ္ဌဝေါဒါနဝုဋ္ဌာနဉာဏ်**–ဈာန်စသည်တို့၏ ဆုတ်ယုတ်မှု, တိုးတက်မှု, (ဈာန်စသည် မှ) ထမှုကို သိသောဉာဏ်၊

၈။ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**–ရှေးဘဝဖြစ်စဉ်ကို သိသောဉာဏ်၊

၉။ **စုတူပပါတဉာဏ်**–သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသောဉာဏ်၊

၁၀။ **အာသဝက္ခယဉာဏ်**–အာသဝကုန်ရာ နိဗ္ဗာန်ကို သိသော အရဟတ္တမဂ်ဉာဏ်။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

**ဆောင်ပုဒ်။ ။ ကြောင်း, ကျိုး, ကျင့်စု၊ ဓာတု, စိတ်နေ၊ ဂုဏ်ရှေ့, ဈာန်စ၊ ရှေးဘဝသိ၊ စုတိသန္ဓေ၊ ကုန်လေအာသဝေါ၊ ဆယ်ပါးဟော၊ ရှင်စော ဥာဏ်တော်မြတ်[၁၄၉]။**

ဤတထာဂတဗလ (ဘုရားတို့၏အား)အရာ၌ **ကာယဗလ** (ကိုယ်တော်အား)ကိုလည်း မူလ ပဏ္ဏာသအဋ္ဌကထာ မဟာသီဟနာဒသုတ်အဖွင့် (မ၊ ၌ ၁၊ ၃၃၁)မှာ ပြဆိုထားပါသည်။

**ကာလာဝကဥ္စ ဂဂီယျံ၊ ပဏ္ဍရံ တမ္ဗ ပိဂီလံ။**
**ဂန္ဓ မဂီလ ဟေမဥ္စ၊ ဥပေါသထ ဆဒ္ဒန္တိမေ ဒသ။**

ဒီဂါထာအရ ကာလာဝကစသော ဆင်ဆယ်မျိုးရှိ၏[၁၁၀]----------

## ဆင်ဆယ်မျိုးနှင့် ထိုဆင်မျိုးတို့၏အား

၁။ **ကာလာဝကဆင်**–ပကတိသာမန်ဆင်မျိုးဖြစ်၍ ယောကျ်ားဆယ်ယောက်အားရှိ၏၊ အဆင်းမည်းလျက် ညင်းညင်းအော်မြည်တတ်၏၊

၂။ **ဂဂီယျဆင်**–ကာလာဝကဆင်ဆယ်စီးအားရှိ၏၊ ဂဂီမြစ်တဝိုက်၌ ရှိ၏၊

၃။ **ပဏ္ဍရဆင်**–ဂဂီယျဆင် ဆယ်စီးအား ရှိ၏၊ ဝါဖျော့ဖျော့ အရောင်ရှိ၏၊

၄။ **တမ္ဗဆင်**–ပဏ္ဍရဆင် ဆယ်စီးအား ရှိ၏၊ ကြေးနီရောင်အဆင်းရှိ၏၊

၅။ **ပိဂီလဆင်**–တမ္ဗဆင် ဆယ်စီးအား ရှိ၏၊ ကြောင်သောအဆင်းရှိ၏၊

၆။ **ဂန္ဓဆင်**–ပိဂီလဆင် ဆယ်စီးအား ရှိ၏၊ မွှေးသောအနံ့ရှိ၏၊

၇။ **မဂီလဆင်**– ဂန္ဓဆင် ဆယ်စီးအား ရှိ၏၊ တင့်တယ်စွာ သွားတတ်၍ မဂီလာရှိသော ဆင်၊

၈။ **ဟေမဆင်**–မဂီလဆင် ဆယ်စီးအား ရှိ၏၊ ရွှေရောင်အဆင်းရှိ၏၊

၉။ **ဥပေါသထဆင်**– ဟေမဆင် ဆယ်စီးအား ရှိ၏၊ ကောင်းကင်ပျံ ဆင်ဖြူမျိုးဖြစ်၏၊

---

[၁၄၉] ပရိတ်ကြီးနိဿသစ်၊ ၅၂၉။

[၁၁၀] ဒီ၊ ၌၊ ၂၊ ၁၆၄။ ဗုဒ္ဓဝံသ၊ ၌၊ ၆၁။ မ၊ ၌၊ ၁၊ ၃၃၁။ အံ၊ ၌၊ ၃၊ ၂၉၃။ အဘိ၊ ၌၊ ၂၊ ၃၈၀။ နိဒါန-သံ၊ ၌၊ ၄၁။ ဥဒါန၊ ၌၊ ၃၆၄။ စူဋ္ဌနိဒ္ဒေသ၊ ၌၊ ၄၉။ ပဋိသမ္ဘိဒါ၊ ၌၊ ၂၊ ၂၃၀။

၁၀။ **ဆဒ္ဒန္တဆင် (ဆဒ္ဒန်ဆင်)**– ဥပေါသထဆင် ဆယ်စီးအား ရှိ၏။ အစွယ်မှ အရောင် ခြောက်မျိုး ထွက်၏၊

**ဆောင်ပုဒ်။ ။ ကာလာဝကာ၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍာရမှန်၊ တမ္ဗဲ, ပိင်္ဂိလ၊ ဂန္ဓ, မင်္ဂိလ၊ ဟေမ, ဥပေါသထ၊ ဆဒ္ဒန္တ ဒသ ဆင်တို့မျိုး။။**

**<u>ဘုရားအားတော် သိလိုသော်</u>။** ။ ထို့ကြောင့် ဘုရားရှင်၏ကိုယ်အားတော်သည် ဆဒ္ဒန်ဆင်ဆယ်စီး, ပကတိဆင် ကုဋေတစ်ထောင်, လူယောကျ်ား ကုဋေ တစ်သောင်းအားနှင့် ညီမျှတော်မူ၏[၁၁]။

## ဝေသာရဇ္ဇဉာဏ်လေးပါး

ဝေသာရဇ္ဇဉာဏ်လေးပါးကို အဂုံတွာရနိကာယ် စတုက္ကနိပါတ် ဘဏ္ဍဂါမဝဂ် ဝေသာရဇ္ဇသုတ် (အံ၊ ၁၊ ၃၁၅)၌ ဟောတော်မူ၏။

၁။ သမ္မာသမ္ဗုဒ္ဓဘုရား–ဟု ဝန်ခံသောအရှင်ဘုရားသည် "ဤတရားများကို မသိ" ဟု အကြောင်း အခြေခံနှင့်တကွ စောဒနာမည့် နတ် လူ မာရ်, ဗြဟ္မာ တစ်စုံတစ်ယောက် သောသူကိုလည်း ကောင်း, ညွှန်ပြ၍ စောဒနာမည့် တရားကိုလည်းကောင်း ငါဘုရား မမြင်၍ အေးချမ်းခြင်းသို့ ရောက်လျက် မကြောက်မရွံ့ နေရပေသည်။

၂။ ထို့အတူ "အာသဝေါကုန်သူအဖြစ် ဝန်ခံသော အရှင်ဘုရားသည် ဤအာသဝေါတရားများ မကုန်သေး" ဟုလည်းကောင်း,

၃။ "အန္တရာယ်ပြုတတ်သည်–ဟု အရှင်ဘုရားဟောထားသော တရားများမှာ အန္တရာယ်မပြုတတ်ကုန်" ဟုလည်းကောင်း,

၄။ "သံသရာဝဋ်ဒုက္ခ ကုန်ဆုံးရန် အရှင်ဘုရားဟောတားသော တရားများမှာ ဝဋ်ဒုက္ခမှ မလွန် မြောက်တတ်ကုန်" ဟု လည်းကောင်း အကြောင်းအခြေခံနှင့်တကွ စောဒနာမည့် နတ် လူ မာရ် ဗြဟ္မာ တစ်စုံတစ်ယောက်သောသူကိုလည်း, ညွှန်ပြ၍ စောဒနာမည့်တရားကိုလည်းကောင်း ငါဘုရား မမြင်ရ၍ အေးချမ်းခြင်းသို့ ရောက်လျက် မကြောက်မရွံ့ နေရသည်။

---

[၁၁] မ၊ ဋ္ဌ၊ ၁၊ မဟာသီဟနာဒသုတ်အဖွင့်၊ ၃၃၂။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ဤလေးချက်၌ ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူသည်၏အဖြစ်ကို ဟောတော်မူ၏။

**ဝေသာရဇ္ဇဉာဏ်၊ သိဖို့ရန်၊ ကျမ်းဂန်ဖွင့်ပြပါ။** ။ **ဝိသာရဒဿ ဘာဝေါ ဝေသာရဇ္ဇံ**—[**ဝိသာရဒဿ**–ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူ၏+**ဘာဝေါ**–ဖြစ်ကြောင်းတည်း=**ဝေသာရဇ္ဇံ**–ရဲတင်းသူဖြစ်ကြောင်း] ရဲရင့်သူ ဖြစ်ရသည်မှာ အသိကြောင့်ပင် ဖြစ်တယ်၊ မိမိအယူအဆ မိမိအလုပ် မှန်တယ်–လို့ အတည်ပြုဆုံးဖြတ်နိုင်တဲ့ အသိရှိသူမှာ ကြောက်ရွံ့ခြင်းမရှိ၊ ဟုတ်လေသလား? မဟုတ်လေသလား? မဆုံးဖြတ်နိုင်, ယုံကြည်မှုမရှိသူမှာသာ ကြောက်ရွံ့တတ်တယ်၊ ဒါ့ကြောင့် **"ဗျာမောဟဝသေန သရဏ ပရိယေသနံ သာရဇ္ဇံ**–အသိဉာဏ်ကင်း တွေဝေခြင်း၏အစွမ်းဖြင့် ကိုးကွယ်ရာရှာခြင်းသည် **'သာရဇ္ဇ'** မည်၏"လို့ အဂ်ုတ္တရဋီကာ (၂၊ ၂၂၆)စသည်မှာ ဖွင့်ဆိုပါတယ်၊ "ငါ တရား အကုန်သိသည်၊ မသိသော တရားမရှိ၊ အမှန်ပင် **'သမ္ဗုဒ္ဓ'**ဖြစ်သည်"လို့ တကယ်သိနေသော ဘုရားရှင်၌ အဘယ်မှာ **ဗျာမောဟဘယ**–ခေါ်တဲ့ တွေဝေကြောက်ရွံ့ခြင်းမျိုး ရှိတော့ပါ့မလဲ? ဒါ့ကြောင့် မူလပဏ္ဏာသ အဋ္ဌကထာ မဟာသိဟနာဒသုတ်တွင် "သာရဇ္ဇပဋိပက္ခော ဝေသာရဇ္ဇံ၊ စတူသု ဌာနေသု သာရဇ္ဇဘာဝံ ပစ္စဝေက္ခန္တဿ ဥပ္ပန္နသောမနဿမယဉာဏသေတံ နာမံ (မ၊ ၌၊ ၁၊ ၃၃၈) လေးဌာန တို့၌ မိမိရွံ့ရှားခြင်းကင်း ရဲတင်းသည်၏အဖြစ်ကို ဆင်ခြင်တော်မူတဲ့ ဘုရားရှင်အား ဖြစ်လာသော ဝမ်းမြောက်မှုနှင့်ယှဉ်တဲ့ ဉာဏ်ကို **'ဝေသာရဇ္ဇ'**လို့ ဖွင့်ပါတယ်၊ လေးဌာနဆိုတာ ပြဆိုခဲ့တဲ့ အဂ်ုတ္တရ ပါဋိတော်အရ "ဘုရားအဖြစ်, အာသဝေါကုန်သည်၏အဖြစ်, အန္တရာယ်ပြုတတ်သောတရား, ဝဋ်မှ ထွက်မြေက်တတ်သောတရားတို့"ပင် ဖြစ်တယ်။ ထိုလေးဌာနကို အစွဲပြု၍ဖြစ်တဲ့ ပစ္စဝေက္ခဏာ ဉာဏ်များကိုပင် **'ဝေသာရဇ္ဇဉာဏ်'**ဆိုတယ်။

**၉။ သီဟနာဒံ နဒန္တေ'တေ၊ ပရိသာသု[၁၁] ဝိသာရဒါ။**
**ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။**

---

[၁၁] **ပရိသတ် ရှစ်ပါး။** ။ **ပရိသာသူ**တိ ယထာဝုတ္တ စတူသု ပရိသာသု၊ ဒေဝ မာရ ဗြဟ္မ မနုဿ ခတ္တိယ ဂဟပတိ သမဏ ဗြာဟ္မဏ–သခါ်တာသု ဝါ အဋ္ဌသု ပရိသာသု။ (ပရိတ္တဋီကာ၊ ၈၈။) ခတ္တိယပရိသာ ဗြာဟ္မဏပရိသာ ဂဟပတိပရိသာ သမဏပရိသာ စာတုမဟာရာဇိကပရိသာ တာဝတိသာပရိသာ မာရပရိသာ ဗြဟ္မပရိသာ။ (မ၊ ၁၊ မဟာသိဟနာဒ၊ ၁၀၄။ ဒီ၊ ၃၊ သင်္ဂီတိသုတ်၊ ၂၁၅။) **မင်း,ပုဏ္ဏားလျှင်၊ အိမ်ရှင်, ဘိက္ခု၊ စတုမဟာ၊ ဝတိသာနှင့်၊ ဗြဟ္မာ, မာရ်များ။ သိမှတ်ထာ။ ရှစ်ပါး ပရိသတ်။** (ပရိတ်ကြီးနိဿယသစ်၊ ၅၃၁။)

**နဒန္တေတေ= နဒန်တေတေ [နဒန္တိ+ဧတေ]၊ နဒန်တေ**–ဖတ်၊ **နဒန်တေ**–ခွဲ မဖတ်ရ၊
**ဗြဟ္မစက္ကံ=ဗရ ဟမ စက်ကံ**–ဖတ်၊
**ပဝတ္တန္တိ= ပဝတ်တန်တိ၊ (ပဝပ်တန်တိ**–ရွတ်)၊
**အပွတိဝတ္တိယံ=အပ် ပတိ ဝတ်တိယံ [နဒ+ပတိဝတ္တိယံ]၊**

**ဧတေ (ဗုဒ္ဓါ)**–ထိုဘုရားရှင်တို့သည်၊ **ပရိသာသု**–ပရိသတ်ရှစ်ပါးတို့၌၊ **ဝိသာရဒါ**–ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူကြကုန်သည်ဖြစ်၍၊ **သီဟနာဒံ**–ခြသေ့်မင်း၏, အသံအလား, မြတ်သော တရားတော်အသံကို၊ **နဒန္တိ**–ကျူးရင့်တော်မူကြကုန်၏၊ **လောကေ**–လောက၌၊ (ကေနစိ–ဗြဟ္ဟာနတ်လူ ဘယ်သူတစ်ဦး တစ်ယောက်မျှ၊) **အပွတိဝတ္တိယံ**–မကန့်ကွက်မတားမြစ်နိုင်သော၊ **ဗြဟ္မစက္ကံ**–မြင့်မြတ်ထူးခြား ဓမ္မစကြာတရားတော်ကို၊ **ပဝတ္တေန္တိ**–ဖြစ်စေတော်မူကြပေကုန်၏။

ထိုဘုရားရှင်တို့သည် ပရိသတ်ရှစ်ပါးတို့၌ ရဲရင့်တော်မူကုန်သည်ဖြစ်၍ ခြသေ့်မင်း အသံအလား တရားတော်အသံကို ကျူးရင့်တော်မူကြကုန်၏၊ လောကမှာ မည်သူတစ်ဦး တစ်ယောက်ကမျှ မတားမြစ်နိုင်သော မြတ်သော ဓမ္မစကြာတရားတော်ကို ဟောတော်မူကြကုန်၏။

**သီဟနာဒ–နှင့်စပ်ရာ သိမှတ်ဖွယ်မှာ**။ ။ **သီဟ**–သဒ္ဒါသည် အမြတ်ဟောဖြစ်၍ **နာဒ**–အသံ= မြတ်သောအသံ–ဟု ဆိုရတယ်၊ ကြောက်ကြောက်ရွံ့ရွံ့ ဆိုမြည်သောအသံကို 'အမြတ်'လို့ မဆိုရ၊ မကြောက်မရွံ့ ဆိုမြည်သောအသံမျိုးကိုသာ "မြတ်သောအသံ"ဆိုရတယ်၊ ဒါ့ကြောင့် မြတ်သော အသံ–ဆိုသည်မှာ မကြောက်မရွံ့သောအသံ–ကိုဆိုလိုကြောင်း မူလပဏ္ဏာသအဋ္ဌကထာ မဟာသီဟနာဒသုတ် (မ၊ ၌၊ ၁၊ ၃၃၂)တွင် **သီဟနာဒံ နဒတီ**တိ သေဋ္ဌနာဒံ အဘိတနာဒံ နဒတိ၊ သီဟနာဒသဒိသံ ဝါ နာဒံ နဒတိ–လို့ ဖွင့်ဆိုတယ်၊ ဤအဖွင့်အရ "**သီဟနာဒံ**–မကြောက်မရွံ့တတ် မြတ်သောအသံတော်ကို"လို့ အနက်ပေးရမည်၊ တစ်နည်းအားဖြင့် **သီဟ**–သဒ္ဒါ ခြသေ့်ဟောဖြစ်၍ "**သီဟနာဒံ**–ခြသေ့်မင်း၏အသံနှင့်တူသော အသံတော်ကို" လို့လည်း ဆိုနိုင်ကြောင်းကို 'သီဟနာဒ သဒိသံ ဝါ နာဒံ နဒတိ'လို့ ဖွင့်ပါတယ်၊ ခြသေ့်မင်းဟာ သီဟဗလခေါ်တဲ့ ခြသေ့်စွမ်းအားရှိဟာမို့ မကြောက်မရွံ့ ရဲရင့်စွာ ခြသေ့်သံကို ဟောက်သလို ဘုရားရှင်လည်း **တထာဂတဗလ**ခေါ်တဲ့ ဘုရားစွမ်းအား ဥာဏ်တော်များရှိ၍ ပရိသတ်ရှစ်ပါး အလယ်မှာ မကြောက်မရွံ့ ရဲဝံ့စွာ တရားတော်သံဆိုတဲ့ သီဟနာဒကို ကျူးရင့်တော်မူပါတယ်။

ယောကျ်ားရဲ့ ရဲစွမ်းသတ္တိဟာ အိမ်မှာနေစဉ် မထင်ရှားပါ, စစ်မြေပြင်ကျမှ ထင်ရှားတယ်၊ အလားတူ ဘုရားရှင်ရဲ့ ဝေသာရဇ္ဇဉာဏ်စွမ်းရည်ဟာလည်း ပညာရှိပရိသတ်များအလယ်ကျမှ အလွန်ထင်ရှားတော်မူတယ်၊ ဒါ့ကြောင့် **သီဟနာဒ**ဖြစ်ရာကို 'ပရိသာသု' လို့ ဆိုတယ်၊ ဘုရားရှင် ကိုယ်တိုင် မိမိရဲ့ ဝေသာရဇ္ဇအဖြစ်ကို ဟောရာ မဟာသတိပဋ္ဌာနသုတ်၌လာတဲ့ ပရိသတ်ရှစ်ပါးကို ဆိုလိုတယ်၊ ထိုသုတ်၌ ဟောပုံအချုပ်မှာ **"သာရိပုတ္တရာ...ဒါဘုရားသည် မင်း, ပုဏ္ဏား, အိမ်ရှင်လူ, ရဟန်း, စာတုမဟာရာဇ်, တာဝတိံသာ, မာရ်, ဗြဟ္မာ ပရိသတ်သို့ ချဉ်းကပ်ဖူးသည်ကို အမှတ်ရ၏၊ ထိုပရိသတ်၌ ပေါင်းဆုံနေခဲ့ဘူး, ဟောပြောခဲ့ဘူးရာ ထိုအချက်များကြောင့် ကြောက်ရွံ့ခြင်းများ သက်ရောက်လာသော အခြင်းအရာကို ဒါဘုရား မတွေ့, မကြုံရ၊ ထိုသို့ မတွေ့မကြုံရသော ဒါဘုရားမှာ အေးချမ်းခြင်းသို့ ရောက်လျက် မကြောက်မရွံ့နေရပေသည်"** လို့ ဆိုလိုတယ်။

**ဗြဟ္မစက္ကာ**-၌ **'စက္ကာ'**သဒ္ဒါမှာ ဓမ္မစက္က-ခေါ် တရားစက်-ကိုဟောတယ်၊ တရားစက်-ဆိုသော်လည်း တရားဒေသနာတော်ကို ဆိုလိုသည်မဟုတ်ပါ၊ ဘုရားရှင်ရဲ့ ပဋိဝေဓဉာဏ်နှင့် ဒေသနာဉာဏ်များကို ဆိုတယ်၊ မိမိရဲ့ အရိယာအားကို ဖြစ်စေတတ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို ပဋိဝေဓဉာဏ်-ဆိုလျက် အရိယာအားကို ဖြစ်စေတတ်တဲ့ မဟာကြိယာဉာဏ် (မဟာကြိယာဉာဏသမ္ပယုတ်စိတ်နှင့်ယှဉ်တဲ့ ဉာဏ်)ကို ဒေသနာ ဉာဏ်-လို့ ဆိုပါတယ်။

**အပ္ပဋိဝတ္တိယံ**-(ဘယ်သူတစ်ဦးတစ်ယောက်ကမျှ) မကန့်ကွက် မတားမြစ်နိုင်သော-အနက်ဟောတယ်၊ ဒီနေရာမှာ ဘုရားရှင်ရဲ့ ဓမ္မစက်နှစ်ပါးကို ဘယ်သူမျှ ဆန့်ကျင်ပယ်ရှား မတားမြစ်နိုင်-လို့ အနက်ယူသင့်တယ်။

> **အပ္ပဋိဝတ္တိယ**န္တိ နယိဒံ တထာတိ ပဋိလောမံ ဝတ္တေတုံ အသက္ကုဏေယျံ။
> (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ဒုတိယဓမ္မစက္ကပဝတ္တနဝါရ၊ ၂၁၈။)
> **အပ္ပဋိဝတ္တိယ**န္တိ ဓမ္မိဿရဿ ဘဂဝတော သမ္မာသမ္ဗုဒ္ဓဘာဝတော ဓမ္မစက္ကဿ စ အနုတ္တရဘာဝတော အပ္ပဋိသေဓနိယံ။ (နေတ္တိအဋ္ဌကထာ၊ ဒေသနာဟာရဝိဘင်္ဂ၊ ၅၇။)

၁၀။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဇာတ္တိ်သလက္ခဏူပေတာ' သီတာနုဗျဉ္ဇနာဓရော။

ဗုဒ္ဓဓမ္မေဟိ=ဗုဒ်ဓ ဓမ်ဓမဟိ
အဋ္ဌာရသဟိ=အင်္ဂဏ် ရသဟိ

ဗာတ္တိသလက္ခဏူပေတာ= ဗာတ်တိန်သ လက်ခဏူပေတာ [ဗာတ္တိသ+ လက္ခဏာ+ ဥပေတာ]၊

ဗာတ္တိသလက္ခဏူပေတာ' သီတာနုဗျဉ်နာဓရော [ဗာတ္တိသလက္ခဏူပေတာ+ အသီတာနုဗျဉ်နာဓရော]၊

သီတာနုဗျဉ်နာဓရော= သီတာန ဗျင်ဇနာဓရော [သီတိ+အနုဗျဉ်န+ဓရော]၊

**နာယကာ**–လောကကြီးမှူး, ဦးစီးပဲ့ပြင်, ဘုရားရှင်တို့သည်၊ **အဋ္ဌာရသဟိ**–တစ်ဆယ့်ရှစ်ပါး ကုန်သော၊ **ဗုဒ္ဓဓမ္မေဟိ**–ဘုရားရှင်တို့သာ, ရရာ ပိုင်ရာ, ဆက်ဆံရာ ဂုဏ်တော်တို့နှင့်၊ **ဥပေတာ**–ပြည့်စုံတော်မူကြပါပေကုန်၏၊ **ဗာတ္တိသလက္ခဏူပေတာ**–သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏၊ **အသီတာနုဗျဉ်နာဓရော**–ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကို ဆောင်တော်မူကြပါပေကုန်၏။

လောကကြီးမှူး ဦးစီးပဲ့ပြင် ဘုရားရှင်တို့သည် တစ်ဆယ့်ရှစ်ပါးသော ဗုဒ္ဓဓမ္မ, သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။

**ဗုဒ္ဓဓမ္မေဟိ**–၌ '**ဓမ္မ**'သဒ္ဒါသည် ဂုဏ်ဟောဖြစ်၍ ဘုရားရှင်တို့ရဲ့ ဂုဏ်တော်များပင်၊ ယင်း ဂုဏ်တော်များကား အခြားပုဂ္ဂိုလ်တို့နှင့် မသက်ဆိုင်တဲ့ ဂုဏ်တော်များဖြစ်လို့ "ဗုဒ္ဓါနံယေဝ ဓမ္မာ ဂုဏာ၊ န အညေသန္တိ **ဗုဒ္ဓဓမ္မာ**။ တထာ ဟိ တေ ဗုဒ္ဓါနံ အာဝေဏိကဓမ္မာတိ ဝုစ္စန္တိ" ဟု ပါထိကဝဂ်ဋ္ဌကာ သင်္ဂီတိသုတ် အဖွင့် (၁၉၇)၌ ပါရှိတယ်၊ အဲဒီလို အခြားသူများနှင့် မသက်ဆိုင်ပဲ ဘုရားရှင်တို့နှင့်သာ သက်ဆိုင်တဲ့ တစ်သီးတစ်ခြား ဂုဏ်တော်များဖြစ်၍ပင် ထိုဂုဏ်တော်များကို "**အာဝေဏိကဓမ္မ (အာဝေဏိကဂုဏ်တော်)**" လို့ ဆိုရတယ်။

ပါထိကဝဂ်ဋ္ဌကာ သင်္ဂီတိသုတ် (ဒီ၊ ဋ္ဌ၊ ၃၊ ၁၉၈), ဝိဘင်္ဂမူလဋ္ဌကာ (အဘိ၊ ဋ္ဌ၊ ၂၊ ၂)တို့၌ လာရှိသော–

## ဗုဒ္ဓဓမ္မတော်၏ အာဝေဏိကဂုဏ်တော် (၁၈)ပါး

၁။ **အတီတံသေ ဗုဒ္ဓသ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ**–အတိတ်အဖို့၌ ဘုရားရှင်၏ အပိတ် အပင် အဆီးအတား မရှိသော ဉာဏ်တော်၊

၂။ **အနာဂတ်သေ ဇုဒ္ဓသ ဘဂဝတော အပွဋိဟတံ ဉာဏံ**–အနာဂတ်အိုး၌ ဘုရားရှင်၏ အပိတ်အပင် အဆီးအတား မရှိသော ဉာဏ်တော်၊

၃။ **ပစ္စုပ္ပန်သေ ဇုဒ္ဓသ ဘဂဝတော အပွဋိဟတံ ဉာဏံ**–ပစ္စုပ္ပန်အဖို့၌ ဘုရားရှင်၏ အပိတ်အပင် အဆီးအတား မရှိသော ဉာဏ်တော်၊

ဤဂုဏ်တော်သုံးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏---

၄။ **သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ**–ကာယကံမှန်သမျှသည် ဉာဏ်တော်လျှင် ရှေ့သွား၍ သည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း၊

၅။ **သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ**–ဝစီကံမှန်သမျှသည် ဉာဏ်တော်လျှင် ရှေ့သွား၍ သည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း၊

၆။ **သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ**–မနောကံမှန်သမျှသည် ဉာဏ်တော်လျှင် ရှေ့သွား၍ သည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း၊

ဤဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား---

၇။ **နတ္ထိ ဆန္ဒသ ဟာနိ**–ကောင်းသော ဆန္ဒတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိ၊

၈။ **နတ္ထိ မမ္မဒေသနာယ ဟာနိ**–တရားဒေသနာတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိ၊

၉။ **နတ္ထိ ဝီရိယဿ ဟာနိ**–ဝီရိယတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိ၊

၁၀။ **နတ္ထိ သမာဓိဿ ဟာနိ**–သမာဓိတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိ၊

၁၁။ **နတ္ထိ ပညာယ[၁၄] ဟာနိ**–ပညာတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိ၊

၁၂။ **နတ္ထိ ဝိမုတ္တိယာ ဟာနိ**–အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိမုတ္တိတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိ၊

ဤဂုဏ်တော်တစ်ဆယ့်နှစ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား---

၁၃။ **နတ္ထိ ဒဓိ**–မြူးထူးလိုသော စိတ်တော်မရှိ (=အပျက်အချော် ပျော်လို၍ ပြုမူမျိုး မရှိ)၊

၁၄။ **နတ္ထိ ရဂါ**–ခွတ်ယှင်းသဖြင့် ဆိုမိသော စကားတော်တစ်လုံး တစ်ပါဒမျှ မရှိ (=ရုတ်တရက် ကတိုက်ကရိုက် ပြုမူမျိုး မရှိ)၊

၁၅။ **နတ္ထိ အဗုဠှံ**–ဉာဏ်တော်ဖြင့် မထိမရောက်သော အရာဟု မရှိ (= ဉာဏ်တော်ဖြင့် မဆင်ခြင်ပဲ ပြုသောအမှု မရှိ)၊

---

[၁၄] **နတ္ထိ ဝိမုတ္တိဿ ဟာနိ**–ဟု နှုတ်ဆိုရိုးရိုးကြသည်။

၁၆။ **နတ္ထိ ဝေဂါယိတတ္တံ**–ရေကြီးသုတ်ပြာ လျင်မြန်စွာ ပြုမှုမျိုး မရှိ၊

၁၇။ **နတ္ထိ အဗျာဝဋမနော**–အကျိုးမရှိသောအရာတို့၌ ကြောင့်ကြတော်မူသောစိတ် မရှိ (=အမှတ်တမဲ့ဖြစ်သောစိတ် အကျိုးမရှိသောစိတ် ဖြစ်မှုမျိုး မရှိ)၊

၁၈။ **နတ္ထိ အပုဋိသခါနပေက္ခာ**–ဉာဏ်တော်ဖြင့် ရှုကြည့်တော်မူ၍ မမြင်မသိသောအရာ မရှိ (=အထင်မြင်မဲ့မှု အသိဉာဏ်ကင်းမှုမျိုး မရှိ--ဤတစ်ဆယ့်ရှစ်ပါးတည်း။

ဤဂုဏ်တော် ၁၈–ပါးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်အား ရှိခိုးပါ၏။

ပါထိကဝဂ် လက္ခဏသုတ် (ဒီ၊ ၃၊ ၁၁၇–၁၄၃)၌ လာသော-----

## ဗာတ္တိသလက္ခဏ– ၃၂ ပါးသော လက္ခဏာတော်ကြီးများ

၁။ **သုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်**–ဘုရားရှင်၏ ခြေဖဝါးတော်မှာ အချိုင့်အခွက်မရှိ, မြေ၌ ကောင်းစွာတည်အောင် ညိညာချောမော ပြေပြစ်လှ၏၊ (ပြည့်ဖြိုး ညိညာသော ခြေဖဝါးအပြင် ရှိခြင်း၊)

၂။ **စက္ကပါဒလက္ခဏာတော်**–ခြေဖဝါးအပြင်၌ စက်လက္ခဏာရှိ၏၊(၁၀၈–ကွက် စက်လက္ခဏာ အစုံပါသော ခြေဖဝါးရှိခြင်း၊)

၃။ **အာယတပဏှိလက္ခဏာတော်**–ဖနောင့်တော်ကား ခြေ၏ လေးပုံ တစ်ပုံမျှ ရှည်လျက် ရှိ၏၊ (သူတပါးတို့ထက် လုံးဝန်းရှည်လျားသော ဖနောင့်ရှိခြင်း၊)

၄။ **ဒီဃဝိုလိလက္ခဏာတော်**–လက်ချောင်းတော်များကား အရင်းတုတ်လျက် အဖျားရှည်သွယ်၏၊ (ရင်းတုတ်ဖျားသွယ် ရှည်လျားညိညာသော ခြေချောင်း လက်ချောင်းရှိခြင်း၊)

၅။ **မုဒုတလုနဟတ္ထပါဒလက္ခဏာတော်**–လက်ခြေတော်များကား နူးညံ့ နုနယ်၏၊

၆။ **ဇာလဟတ္ထပါဒလက္ခဏာတော်**–လက်ချောင်း ခြေချောင်းတော်များကား တညီတည်းဖြစ်လျက် ဇာကွက်တပ်ထားသော ပြူတင်းပေါက်ကဲ့သို့ ဖြစ်၏၊ (အတိုအရှည်မရှိ ညိညာသော လက်ချောင်း ခြေချောင်းရှိခြင်း၊)

၇။ **ဥဿခံပါဒလက္ခဏာတော်**–ဖမျက်တော်များကား အထက်၌ မြင့်လျက် တည်နေ၏၊

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

၈။ **ဇေဏီဇယ်လက္ခဏာတော်**–ခြေသလုံးတော်များကား ဇေဏီသားကောင်၏ ခြေသလုံးသဖွယ် လုံးသွယ်လျက် ရှိ၏၊ (ခြေသလုံး၏ ရှေ့နောက်နံပါး၌ အသားစိုင်များရှိ၍ သလေးစပါးနှင့် တူ၏၊)

၉။ **အနောနမဇဏ္ဍူ ပရိမသန လက္ခဏာတော်**–မကိုင်းမညွှတ်ပဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးအပြင် တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ် ဆုပ်နယ်နိုင်၏၊

**ဌိတကောဝ အနောနမန္တော ဇဏ္ဍုကာနိ ပရာမသနလက္ခဏာတော်**–ကိုယ်တော်ကား မကိုင်းမကုန်း ရပဲ မတ်မတ် ရပ်လျက်ပင် ဒူးနှစ်ဖက်ကို လက်ဖြင့် သုံးသပ်နိုင်လောက်အောင် အထက်ပိုင်း အောက်ပိုင်း ညီမျှလျက် ရှိ၏၊

၁၀။ **ကောသောဟိတဝတ္ထဂုယှလက္ခဏာတော်**–ပုရိသနိမိတ်မှာ အရေအိမ်အတွင်း သွင်းထား အပ်၏၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိ၏–ဟု ဆိုလို၊ (အအိမ်ဖြင့် ဖုံးလွှမ်းအပ် သော အင်္ဂါဇာတ် ရှိခြင်း၊)

၁၁။ **သုဝဏ္ဍဝဏ္ဍလက္ခဏာတော်**–ကိုယ်တော်၏ အရေအဆင်းမှာ ရွှေအဆင်းရှိ၏၊

၁၂။ **သုခုမစ္ဆဝိလက္ခဏာတော်**–အသားအရေတော်မှာ နုနယ်သိမ်မွေ့လှ၏၊

၁၃။ **ဇေကကလောမလက္ခဏာတော်**–မွေးညှင်းများကား မွေးညှင်းတွင်းတစ်ခု၌ တစ်ချောင်းစိသာ ပေါက်ရောက်လျက် ရှိ၏၊

၁၄။ **ဥဒ္ဓဂ္ဂလောမလက္ခဏာတော်**–ထိုမွေးညှင်းများကား မျက်စဉ်းညိုရောင် အသွေးရှိလျက် လက်ျာရစ်လည်ကာ အထက်သို့ အဖျား လှည့်လျက် ရှိ၏၊ (မွေးညှင်းတို့ကား လက်ျာရစ် လှည့်၍ အဖျားကော့တက်ပြီး မျက်စဉ်းညိုရောင်ရှိခြင်း၊)

၁၅။ **ဗြဟ္ဗုဇုဂ္ဂတ္တလက္ခဏာတော်**–ကိုယ်တော်မှာ ဗြဟ္ဗာမင်း၏ကိုယ်ပမာ ဖြောင့်စင်းလှ၏၊ (ဖြောင့်စင်းသော ကိုယ်ခန္ဓာရှိခြင်း၊)

၁၆။ **သတ္တုဿဒလက္ခဏာတော်**–လက်ဖမိုး, ခြေဖမိုး, ပခုံးစွန်း နှစ်ဖက်, လည်ကုပ်–ဟူသော ခုနစ်ဌာနတို့ကား အကြော အရိုး မထင်ရအောင် အသားပြည့်ဖြိုးလျက် ရှိ၏၊

၁၇။ **သီဟပုဗ္ဗစုကာယလက္ခဏာတော်**–ခြသေ့်ကိုယ်ရှေ့ပိုင်းနှင့်တူသော ကောင်းသော ကိုယ် သဏ္ဌာန်ရှိ၏၊ (ကိုယ်တော်အလုံးမှာ ခြသေ့်မင်း၏ရှေ့ပိုင်း ကိုယ်တစ်ဝက်ပမာ ပြည့်စုံလှ၏၊)

၁၈။ **စိတန္တရံသလက္ခဏာတော်**–လက်ပြင်ရိုးနှစ်ခုအကြားမှာ ကြောရိုး လက်ပြင် မပေါ်ထင်အောင် အသားပြည့်ဖြိုးလျက် တည်၏၊ (လက်ပြင်နှစ်ဖက်အကြားမှာ တပြင်တည်းညီလျက် ပြည့်ဖြိုး သော အသားရှိ၏၊)

၁၉။ **နိဂြောဓပရိမဏ္ဍာလလက္ခဏာတော်**–ကိုယ်တော်မှာ ဝန်းဝိုင်းသော ပညောင်ပင်ပမာ အရပ်နှင့် အလံပမာဏ ညီမျှလျက် ရှိ၏၊

၂၀။ **သမဝဋ္ဋက္ခန္ဓလက္ခဏာတော်**–လည်ပင်း လည်တိုင်တော်ကား အညီအမျှ လုံးလျက် ရှိ၏၊ (အညီအမျှ လုံး၍ လှသော ပခုံး လည်ပင်းရှိခြင်း၊)

၂၁။ **ရသဂ္ဂသဂ္ဂီလက္ခဏာတော်**–ဘုရားရှင်၌ အရသာကို ဆောင်ယူနိုင်သော အကြောများ ခုနစ်ထောင်မျှ ရှိ၏၊

၂၂။ **သီဟဟနုလက္ခဏာတော်**–ဘုရားရှင်မေးတော်ကား ခြင်္သေ့မင်း အောက်မေးကဲ့သို့ ပြည့်ဖြိုး လှ၏၊

၂၃။ **စတ္တာလီသဒန္တလက္ခဏာတော်**–သွားတော်များကား လေးဆယ်အတိ ရှိ၏၊

၂၄။ **သမဒန္တလက္ခဏာတော်**–သွားတော်အားလုံး တညီတည်း ရှိ၏၊

၂၅။ **အဝိရဠဒန္တလက္ခဏာတော်**–အကျဲ အကြားမရှိ အားလုံး စပ်လျက် ရှိ၏၊ (မကျဲသောသွား ရှိ၏၊)

၂၆။ **သုသုက္ကဒါဌလက္ခဏာတော်**–စွယ်တော်များကား ဆွတ်ဆွတ်ဖြူလျက် ရှိ၏၊

၂၇။ **ပဟူတဇိဝှလက္ခဏာတော်**–လျှာတော်ကား ပါးလျှပ်ရှည်ပြန့်. နူးညံ့လှ၏၊ (နှာခေါင်းပေါက်တို့.ကို သုံးသပ်နိုင်အောင် ရှည်ပြန့်.သောလျှာရှိခြင်း၊)

၂၈။ **ဗြဟ္မသရလက္ခဏာတော်**–အသံတော်ကား ဗြဟ္မာမင်း၏အသံကဲ့သို့. အလွန်ကောင်း၏၊ (**ကရဝီကဘာဏီ**–ကရဝိက်ငှက်အသံနှင့် တူသောအသံရှိ၏၊) (ကရဝိက်သံ, ဗြဟ္မာမင်း၏ အသံကဲ့သို့. သာယာချိုမြိန်သော အသံရှိခြင်း၊)

၂၉။ **အဘိနီလနေတ္တလက္ခဏာတော်**–မျက်လုံးတော်ကား ညိုရပည့်နေရာ၌ လွန်စွာ ညိုလျက် ရှိ၏၊

၃၀။ **ဂေါပခုမလက္ခဏာတော်**–မျက်လုံးအိမ်ကား မွေးကာစ နွားနီကလေး၏ မျက်လုံးအိမ်အသွင် ကြည်လင်လှ၏၊

၃၁။ **ဘမုကန္တရေ ဇာတာ ဥဏ္ဏာလက္ခဏာတော်**–ဘုရားရှင်၏ မျက်ခုံးတော်နှစ်ဖက် အလယ်ဝဟိုဠ် အလွန်နူးညံ့သော ဝါဂွမ်းပမာ လွန်စွာနုထွတ် ဖြူဆွတ်လျက် ရှိသော ဥဏ္ဏာလုံ မွေရှင်တော် ရှိ၏၊

၃၂။ **ဥဏှိသသီသလက္ခဏာတော်**–နဖူးပြင်မှာ သင်းကျစ်ပြား ဖွဲ့ထားသကဲ့သို့ ရှိ၏[၁၁၄]။ (နဖူးသင်းကျစ် ရှိခြင်း၊)

ဘုရားရှင်၏ကိုယ်တော်၌ ထင်ရှားသော အသေးစိတ် လက္ခဏာတော်ငယ်များပါရှိရာ ဇိနာလင်္ကာရဋီကာ (၁၇၇) မှထုတ်ယူသည့် မဟာဗုဒ္ဓင် ဒုတိယတွဲ (၉၉–၁၀၇), သုတေသန သရုပ်ပြ အဘိဓာန် (၅၄၉–၅၅၀)တို့၌ ကြည့်ပါ။

## လက္ခဏာတော်ငယ် ရှစ်ဆယ်

၁။ **ပစိတဝိုလိတာ**–ဘုရားရှင်၏ လက်ချောင်း ခြေချောင်းတော်များကား အကြားမထင်အောင် စေ့စပ် ပြည့်ဖြိုး၏၊ (အကြားမထင် စေ့စပ်သော လက်ချောင်း ခြေချောင်းတော်ရှိခြင်း၊)

၂။ **အနုပုဗ္ဗဝိုလိတာ**–အစဉ်အတိုင်း အဖျားသွယ်၏၊ (အရင်းမှသည် အဖျားတိုင်အောင် သွယ်ပျောင်းသော လက်ချောင်း ခြေချောင်းတော်ရှိခြင်း၊)

၃။ **ဝဋ္ဋဝိုလိတာ**–ရွှေပွတ်တိုင်ကဲ့သို့ လုံး၏၊ (လုံးသော လက်ချောင်း ခြေချောင်းတော်ရှိခြင်း၊) [လက်ချောင်း ခြေချောင်းတော်၌ လက္ခဏာတော် သုံးပါး။]

၄။ **တမ္ဗနခတာ**–လက်သည်း ခြေသည်းတော်များကား ပတ္တမြားအသွေးကဲ့သို့ တွေးတွေး[၁၁၅] နီမြန်း၏၊ (နီမြန်းသော လက်သည်းတော် ခြေသည်းတော်ရှိခြင်း၊)

၅။ **တုဂိနခတာ**–လက်သည်း ခြေသည်းတော်များကား မြင့်ခုံး၏၊ (ရှည်သွယ်မြင့်မားသော လက်သည်း ခြေသည်းတော်ရှိခြင်း၊)

၆။ **သိနိဒ္ဓနခတာ**–လက်သည်း ခြေသည်းတော်များကား နူးညံ့ ပြေပြစ်၏၊ [လက်သည်း ခြေသည်းတော်၌ လက္ခဏာတော် သုံးပါး၊]

---

[၁၁၄] ပရိတ္တဋီကာ၊ ၈၉–၌လည်း ကြည့်နိုင်၏။

[၁၁၅] **တွေးတွေး**–နီမြန်းသော။ “လာခါရသ၊ ချိပ်ရည်ကျသို့၊ ရတ္တသွေးရင်၊ **တွေးတွေး** ထင်သား။ လှလင်စောထီး၊ ထိုမင်းကြီးကို။” ဘူပေါင်း ၇၆။ (မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၂၊ ၁၃၃။)

၇။ **နိဂုဋ္ဌဂေါပွတာ (နိဂုဋ္ဌဂေါပွကတာ)**–ဖမျက်တော်ကား ငေါစူမထင် အစဉ်အတိုင်း ပြေပြစ်ချောမွတ်၏၊ (မရှိုက် မမိုသော ဖမျက်တော်ရှိခြင်း=မထင်ရှားသော ဖမျက်တော်ရှိခြင်း၊ အခြားသူတို့မှာ ဖမျက် ငေါငေါ ပေါ်တက်နေ၏၊) [ဖမျက်တော်၌ လက္ခဏာတော်တစ်ပါး၊]

၈။ **သမပါဒတာ**–ခြေချောင်းတော်များ အားလုံး တညီတည်း ရှိ၏၊[ခြေချောင်းတော်၌ လက္ခဏာတော် တစ်ပါး၊]

၉။ **ဂဇသမာနက္ကမတာ**–ကြွသွားတော်မူပုံမှာ ဆင်မင်း၏သွားခြင်းကဲ့သို့ ယဉ်ကျေး၏၊

၁၀။ **သီဟသမာနက္ကမတာ**–ခြသေ့်မင်း၏သွားခြင်းကဲ့သို့ ခန့်ငြား၏၊

၁၁။ **ဟံသသမာနက္ကမတာ**–ရွှေဟသ်ာမင်း၏သွားခြင်းကဲ့သို့ အထူးတင့်တယ်၏၊

၁၂။ **ဥသဘသမာနက္ကမတာ**–နွားလားဥသဘကဲ့သို့ စံပယ်သော အသွားမျိုး ရှိ၏၊

၁၃။ **ဒက္ခိဏာဝဋ္ဌဂတိတာ**–လက်ျာရစ်လည်၍ သွားခြင်းရှိ၏၊[သွားတော်မူခြင်း၌ လက္ခဏာတော် ငါးပါး၊]

၁၄။ **သမန္တတော စာရု ဇဏ္ဍုမဏ္ဍလတာ**–ပုဆစ်တော်ကား အဖုအဆစ် မထင် ထက်ဝန်းကျင် လုံးဝန်းလျက် ရှိ၏၊[ပုဆစ်ဒူးဝန်းတော်၌ လက္ခဏာတော်တစ်ပါး၊]

၁၅။ **ပရိပုဏ္ဏပုရိသဗျဉ္ဇနတာ**–ယောက်ျားနိမိတ်မှာ ပြည့်စုံလျက် ရှိ၏၊ (ပြည့်စုံသော ယောက်ျားမြတ်တို့၏ နိမိတ်ရှိခြင်း၊) [နိမိတ်တော်၌ လက္ခဏာတော်တစ်ပါး၊]

၁၆။ **အစ္ဆိဒ္ဒနာဘိတာ**–ချက်တော်မှာ အပေါက်အကွဲမရှိ၊ (လက်ျာရစ်လည်သော အရေးအကြောင်း မပြတ်သော ချက်တော်ရှိခြင်း၊)

၁၇။ **ဂမ္ဘီရနာဘိတာ**–ချက်တော်မှာ ပုလဲခွက်ကဲ့သို့ နက်၏၊ (နက်သော ချက်တော်ရှိခြင်း၊)

၁၈။ **ဒက္ခိဏာဝဋ္ဌနာဘိတာ**–ချက်တော်မှာ လက်ျာရစ်ဗွေလှည့်၍ ရှုကြည့်ချင်ဖွယ် တင့်တယ်၏၊ (လက်ျာရစ်လည်သော အရေးအကြောင်းရှိသော ချက်တော်ရှိခြင်း၊) [ချက်တော်၌ လက္ခဏာတော် သုံးပါး၊]

၁၉။ **ဒွိရဒကရသဒိသဦရုဘုဇတာ**–ပေါင်, လက်ရုံးတော်များကား ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်း ချောပြေ၏၊ (ဆင်နှာမောင်းနှင့်တူသော ပေါင်တော် လက်ရုံးတော်ရှိခြင်း၊) [ပေါင်တော် လက်ရုံးတော်၌ လက္ခဏာတော်တစ်ပါး၊]

၂၀။ **သုဝိဘတ္တဂတ္တတာ**–ကိုယ်တော်ကား ထက်အောက် နံလျား တိုင်းတာ၍ထားသကဲ့သို့ တသားတည်း ညိညွတ်၏၊ (ကိုယ်တော်အနေအထား သန့်ရှင်းသည်ကို ဆိုသည်၊)

၂၁။ **အနုပုဗ္ဗဂတ္တတာ**–ကိုယ်တော်ကား အစဉ်အတိုင်း ချောပြေညီညွတ်၏၊ (အထက်ပိုင်း အောက်ပိုင်း အဆင်ပြေသည်ကို ဆိုသည်၊)

၂၂။ **မဋ္ဌဂတ္တတာ**–ကိုယ်တော်ကား ထက်ဝန်းကျင်မှ ပြေပြစ်ချောမွေ့၏၊ (ပြေပြစ်သော ကိုယ်တော်ရှိခြင်း၊)

၂၃။ **အနုဿန္ဒာနာနုဿန္ဒ သဗ္ဗဂတ္တတာ**–ကိုယ်တော်အလုံး မရှိုက်မမောက် ညီညာ၏၊ (မရှိုက်မမိုသော ကိုယ်တော်ရှိခြင်း၊)

၂၄။ **အလီနဂတ္တတာ**–ကိုယ်တော်မှာ အတွန့်အလိပ်မရှိ၊ (အရေရှုံ့တွန့်ခြင်းမှ ကင်းသော ကိုယ်ရှိခြင်း၊)

၂၅။ **တိလကာဒိဝိရဟိတဂတ္တတာ**–ကိုယ်တော်မှာ ဝက်ခြံ မှည့်ချေး တင်းတိပ် ပွေးစသည်မှ ကင်း၏၊

၂၆။ **အနုပုဗ္ဗ ရုစိရဂတ္တတာ**–ကိုယ်တော်မှာ အစဉ်အတိုင်း ပြိုးပြိုးပြက်ပြက် အရောင်ရှိ၏၊

၂၇။ **သုဝိသုဒ္ဓဂတ္တတာ**–ကိုယ်တော်မှာ လှော်ဦးသစ် ရွှေအသွင် စင်ကြယ်လှ၏၊ (အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်ရှိခြင်း၊)

၂၈။ **ကောဋိသဟဿဟတ္ထိဗလဓာရဏတာ**–ဘုရားရှင်သည် ကာဋ္ဌာဝကဆင်မျိုး ကုဋေတစ်ထောင်အားကို ဆောင်တော်မူ၏၊ [ကာယဗလအားတော်၌ လက္ခဏာတစ်ပါး၊]

၂၉။ **သုဝဏ္ဏတုဂ်နှာသတာ**–နှာခေါင်းတော်ကား ရွှေချွန်အသွင် ဖြိုးတက်ပေါ်လွင်လျက် ရှိ၏၊ [နှာခေါင်းတော်၌ လက္ခဏာတော်တစ်ပါး၊]

၃၀။ **သုရတ္တဒွိဇမုခတာ**–သွားဖုံးတော်အစုံကား ကောင်းစွာ နီမြန်း၏၊ (**ရတ္တဒွိဇမုခတာ**–နီသော နှုတ်ခမ်း တော် ရှိခြင်းဟူ၍ သမန္တစက္ခုဒီပနီ၌ လာ၏၊) [သွားဖုံးသားတော်၌ လက္ခဏာ တစ်ပါး၊]

၃၁။ **သုဒ္ဓဒန္တတာ**–သွားတော်များကား ဖြူဖွေးစင်ကြယ်၏၊

၃၂။ **သိနိဒ္ဓဒန္တတာ**–သွားတော်များကား သိမ်မွေ့ပြေပြစ်၏၊(သိမ်မွေ့ပြေပြစ်သော သွားတော်ရှိ ခြင်း၊) [သွားတော်၌ လက္ခဏာတော်နှစ်ပါး၊]

၃၃။ **ဝိသုဒ္ဓိနြိယတာ**–ဣန္ဒြေများကား အလွန်စင်ကြယ်၏၊ စင်ကြယ်သော မျက်စိစသော ဣန္ဒြေရှိ ခြင်း၊ [မျက်စိ, နား, နှာ, လျှာ, ကိုယ် ဣန္ဒြေတို့၌ လက္ခဏာတစ်ပါး၊]

၃၄။ **ဝဋ္ဌဒါဌတာ**–စွယ်တော်များကား လုံးဝန်းလျက် ရှိ၏၊ (လုံးသော စွယ်တော်ရှိခြင်း၊) [စွယ်တော် ၌ လက္ခဏာတစ်ပါး၊]

၃၅။ **ရတ္တောဌတာ**–နှုတ်ခမ်းတော်ကား နီမြန်းလျက် ရှိ၏၊ (နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း၊)
[နှုတ်ခမ်းတော်၌ လက္ခဏာတစ်ပါး၊]

၃၆။ **အာယတ ဝဒနတာ**–ခံတွင်းတော်ကား ရှည်လျား၏၊ (ရှည်သော ခံတွင်းတော်ရှိခြင်း၊)
[ခံတွင်းတော်၌ လက္ခဏာ တစ်ပါး၊]

၃၇။ **ကမ္မိရပါဏိလေခတာ**–လက်တော်အရေး လက္ခဏာတော်များမှာ နက်၏၊ (နက်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း၊)

၃၈။ **အာယတလေခတာ**–လက်တော် အရေးလက္ခဏာများမှာ ရှည်၏၊ (ရှည်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း၊)

၃၉။ **ဥဇုကလေခတာ**–လက်တော် အရေးလက္ခဏာများမှာ ဖြောင့်၏၊ (မကွေ့မကောက် ဖြောင့်သော လက္ခဏာ အရေးအသားရှိတော်မူခြင်း၊)

၄၀။ **သုရစိရသဏ္ဌာနလေခတာ**–လက်တော် အရေးလက္ခဏာတော်များမှာ နှစ်လိုဖွယ် ပုံသဏ္ဌာန်ရှိ၏၊ (နှစ်လိုဖွယ်သော သဏ္ဌာန်ရှိသည့် လက္ခဏာ အရေးအသားရှိတော်မူခြင်း၊)
[အရေးအသား လက္ခဏာကြောင်း၌ လက္ခဏာလေးပါး၊]

၄၁။ **ပရိမဏ္ဍလ ကာယပဘာဝန္တတာ**–ကိုယ်တော်အရောင်ကား ဝန်းဝိုင်းညီညာ၏၊
[ကိုယ်တော်ရောင်၌ လက္ခဏာတစ်ပါး၊]

၄၂။ **ပရိပုဏ္ဏကယေါလတာ**–ပါးစောင်တော်(ပါးပြင်)ကား ပြည့်ဖြိုးလှ၏၊ [ပါးတော်၌ လက္ခဏာ တစ်ပါး၊]

၄၃။ **အာယတဝိသာလ နေတ္တတာ**–မျက်လုံးတော်ကား ရှည်လျက် ကျယ်ပြန့်၏၊

၄၄။ **ပဒုမပတ္တသဒိသ နေတ္တတာ**–မျက်လုံးတော်ကား ဝါ, ရွှေ, ဖြူ, နီ, နက် ဟူသော ငါးပါးသော ဆင်းဖြင့် ကြည်လင်၏၊ [မျက်နှာတော်၌ လက္ခဏာနှစ်ပါး၊]

၄၅။ **အာကုဋိတဂ္ဂ ပဓုမတာ**–မျက်တောင်တော်ကား ညီညာစွာ ကော့ညွတ်လျက် ရှိ၏၊ (မျက်တောင်မွေးတော်များ အဖျား ကော့ရရော့ရှိသည်ကို ဆို၏၊) [မျက်တောင်မွေးတော်၌ လက္ခဏာတစ်ပါး၊]

၄၆။ **မုဒုတနုက ရတ္တဇိဝှတာ**–လျှာတော်ကား နူးညံ့ပါးလျပ်၍ နီမြန်း၏၊ [လျှာတော်၌ လက္ခဏာတစ်ပါး၊]

၄၇။ **အာယတ ရုစိရ ကဏ္ဏတာ**–နားတော်ကား ရှည်လည်း ရှည်လျက် နှစ်လိုဖွယ်လည်း ရှိ၏၊
[နားတော်၌ လက္ခဏာတစ်ပါး၊]

၄၈။ **နိဂ္ဂဏ္ဌိသိရတာ**–ဦးခေါင်းတော်ကား အဖုအထစ်မရှိ ပကတိချောမောဏ်၊ (အဖုအထစ် အထုံးအဖွဲ့ကင်းသည့် အကြောတော်ရှိခြင်း၊ အကြောများ ထုံးဖုနေခြင်းမရှိသည်ကို ဆိုသည်၊ မဟာဗုဒ္ဓဝင်၊ ဒု၊ ၁၀၄၊)

၄၉။ **နိဂ္ဂူဌသိရတာ**–ဦးခေါင်းတော်ကား အရှုပ်အရှက်မရှိ၊ (မရှိုက်မမိုသော အကြောတော်ရှိခြင်း၊ အကြောပေါပေါ မပေါ်သည်ကို ဆိုသည်၊ မဟာဗုဒ္ဓဝင်၊ ဒု၊ ၁၀၄။) [ အကြောတော်၌ လက္ခဏာ နှစ်ပါး၊]

၅၀။ **ဝဋ္ဌဆတ္တနိဘ စာရ သီသတာ**–ဦးခေါင်းတော်ကား ထီးဝန်းသဖွယ် လုံးဝိုင်းတင့်တယ်၏၊ [ဦးခေါင်းတော်၌ လက္ခဏာတစ်ပါး၊]

၅၁။ **အာယတ ပုထုလ နလာဋ သောဘတာ**–နဖူးတော်ကား ရှည်ပြန့်တင့်တယ်၏၊ [နဖူးပြင် တော်၌ လက္ခဏာတစ်ပါး၊]

၅၂။ **သုသဏ္ဌာန ဘမုကတာ**–မျက်ခုံးတော်ကား တင့်တယ်ကောင်းမွန်သော ပုံသဏ္ဌာန်ရှိ၏၊ (လှပသည့် မျက်မှောင်မျက်ခုံးတော်ရှိခြင်း၊)

၅၃။ **သဏှ ဘမုကတာ**–မျက်ခုံးတော်ကား သိမ်မွေ့သော မွေးညှင်းတို့ကို ဆောင်လျက် ရှိ၏၊ (နူးညှံ့သိမ်မွေ့ သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း၊)

၅၄။ **အနုလောမ ဘမုကတာ**–မျက်ခုံးတော်ကား အစဉ်အတိုင်း သွယ်ညွှတ်လျက် ရှိ၏၊ (ညွှတ်ညွှတ်တက်သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း၊)

၅၅။ **မဟန္တ ဘမုကတာ**–မျက်ခုံးတော်ကား ကျယ်ပြန့်၏၊ (ကြီးသော မျက်မှောင်မျက်ခုံးတော် ရှိခြင်း၊)

၅၆။ **အာယတ ဘမုကတာ**–မျက်ခုံးတော်ကား ရှည်လျား၏၊ (ရှည်သွယ်သော မျက်မှောင်မျက်ခုံး တော် ရှိခြင်း၊) [မျက်မှောင်မျက်ခုံးတော်၌ လက္ခဏာငါးပါး၊)

၅၇။ **သုခုမာလဂတ္တတာ**–ကိုယ်တော်ကား သိမ်မွေ့နူးညှံ၏၊ **သုကုမာလဂတ္တတာ**–သိမ်မွေ့သော ကိုယ်တော်ရှိခြင်း၊

၅၈။ **အတိဝိယသောမှဂတ္တတာ**–ကိုယ်တော်ကား အလွန်ငြိမ်းချမ်း၏၊ (အလွန်ချမ်းအေးသော ကိုယ်တော် ရှိခြင်း၊

၅၉။ **အတိဝိယ ဥဇ္ဇလိတဂတ္တတာ**–ကိုယ်တော်မှာ အလွန်ထွန်းပ၏၊

၆၀။ **ဝိမလဂတ္တတာ**–ကိုယ်တော်မှာ အညစ်အကြေးကင်း၏၊ (ကြေးညှော်မရှိသည်ကို ဆိုလို၊)

၆၁။ **ကောမလကတ္တာ**–ကိုယ်တော်မှာ စေးပျစ်ခြင်းမရှိ၊ (ကိုယ်တော်အရေအသား အခါခပ်သိမ်း သွက်လက်နေသည်–ဟု ဆိုလို၊)

၆၂။ **သိန်ဒ္ဓကတ္တာ**–ကိုယ်တော်မှာ သိမ်မွေ့ပြေပြစ်၏၊

၆၃။ **သုဂန္ဓတနုတာ**–ကောင်းသော ကိုယ်နံ့ရှိ၏၊ [အမှတ် ၂၀–မှ အမှတ် ၂၇–အထိ လက္ခဏာတော် ရှစ်ပါးနှင့် ပေါင်း၍ ကိုယ်တော်၌ လက္ခဏာ တစ်ဆယ့်ငါးပါး၊]

၆၄။ **သမလောမတာ**–မွေးညှင်းတွင်းချင်း စီ၍ အညီအညွတ်ပေါက်လျက် ရှိ၏၊

၆၅။ **ကောမလလောမတာ**–မွေးညှင်းတော်များကား နူးညံ့စိုပျို့ စိမ်းညိုသိမ်မွေ့၏၊

၆၆။ **ဒက္ခိဏာဝဋ္ဋလောမတာ**–မွေးညှင်းတော်များကား လက်ျာရစ်လည်လျက် ရှိ၏၊

၆၇။ **ဘိန္နဉ္ဇနသဒိသ နီလလောမတာ**–ပေါက်ကွဲသော မျက်စဉ်းတောင့်အသရေကဲ့သို့ စိမ်းလွင် ညိုမှောင် လျက် ရှိ၏၊

၆၈။ **ဝဋ္ဋလောမတာ**–မွေးညှင်းတော်ကား လုံးဝန်း၏၊

၆၉။ **သိန်ဒ္ဓလောမတာ**–မွေးညှင်းတော်ကား သန့်ရှင်းပြေပြစ်၏၊ (သိမ်မွေ့သော မွေးညှင်းတော် ရှိခြင်း၊) [မွေးညှင်းတော်၌ လက္ခဏာခြောက်ပါး၊]

၇၀။ **အတိသုခုမအဿာသ ပဿာသဓာရဏာတာ**–အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်လျက် ရှိ၏၊ [ထွက်လေဝင်လေ၌ လက္ခဏာတစ်ပါး၊]

၇၁။ **သုဂန္ဓမုခတာ**–ခံတွင်းတော်ကား မွှေးကြိုင်၏၊ [ခံတွင်းတော်၏ ဂုဏ်လက္ခဏာတစ်ပါး၊]

၇၂။ **သုဂန္ဓမုဒ္ဓတာ**–ဦးထိပ်တော်လည်း မွှေးကြိုင်၏၊ [ဦးထိပ်တော်၌ ဂုဏ်လက္ခဏာတစ်ပါး၊]

၇၃။ **သုနီလ ကေသတာ**–ဆံတော်ကား ကောင်းစွာ မည်းနက်၏၊

၇၄။ **ဒက္ခိဏာဝဋ္ဋ ကေသတာ**–ဆံတော်ကား လက်ျာရစ်လည်၏၊

၇၅။ **သုသဏ္ဌာန ကေသတာ**–ဆံတော်ကား ကောင်းသောပုံသဏ္ဌာန်ရှိ၏၊

၇၆။ **သိန်ဒ္ဓ သဏှ ကေသတာ**–ဆံတော်ကား ကောက်ကွေ့ ပွန့်လိမ်ခြင်းကင်း သန့်ရှင်းပြေပြစ်၏၊

၇၇။ **အလုဠိတကေသတာ**–ဆံတော်ကား ရှုပ်ထွေးခြင်းမရှိ၊

၇၈။ **သမကေသတာ**–ဆံတော်ကား ညီညီညာညာရှိ၏၊ (အတိုအရှည် နှစ်မည်မပြား တူမျှသော ဆံတော်ရှိခြင်း၊ အခြားသူတို့၏ဆံများ အတိုအရှည် နှစ်မျိုးပင် ရောလျက် ပေါက်ရောက်သည်၊ အလောင်းတော်မှာ ထိုကဲ့သို့ မဟုတ်–ဟု ဆိုလို၊)

၇၉။ **ကောမလကေသတာ**–နူးညံ့သိမ်မွေ့၏၊ (မစေးမထိုင်းသော ဆံတော်ရှိခြင်း၊) [ဆံတော်၌ လက္ခဏာတော် ခုနစ်ပါး၊]

၈၀။ **ကေတုမာလာရတနဝိစိတ္တတာ**–ဦးထိပ်တော်၌ ကေတုမာလာ အရောင်ရတနာဖြင့် ဆန်းကြယ်လျက် ရှိ၏။ (ဦးထိပ်တော်၌ တည်ရှိထွန်းတောက်နေသော ရောင်လျှံတော်အစုကို ကေတုမာလာရောင် လျှံတော်–ဟု ခေါ်၏၊ ထိုရောင်လျှံတော်ဖြင့် ဆန်းကြယ်တော်မူခြင်း၊) [ရောင်လျှံတော်၌ လက္ခဏာ တစ်ပါး][၅၅]။

**၁၁။ ဗျာမပွဘာယ သုပွဘာ၊ သဗ္ဗေ တေ မုနိကုဥ္ဇရာ။**
**ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ဓိဏာသဝါ ဇိနာ။**

**ဗျာမပွဘာယ= ဗျာမပ် ပဘာယ [ဗျာမ+ပဘာယ]၊**
**သုပွဘာ= သုပ် ပဘာ [သု+ပဘာ]၊**
**မုနိကုဥ္ဇရာ= မုနိ ကုဉ်ဇရာ→မုနိ ကုန်ဇရာ**
**သဗ္ဗညုနော= သဗ်ဗဉ်ညုနော**
**ဓိဏာသဝါ [ဓိဏ+အာသဝါ]၊**

**သဗ္ဗေ**–အလုံးစုံကုန်သော၊ **တေ မုနိကုဥ္ဇရာ**–အာဂါရ, အနာဂါရ, သေက္ခ, အသေက္ခ, ပစ္စေက အားဖြင့် မုနိငါးပါးတို့ထက် ထူးခြားလွန်မြတ်ကုန်သော ထိုဘုရားရှင်တို့သည်၊ **ဗျာမပွဘာယ**–ဗျာမပွဘာ, လျှံဝါတင့်ရွှန်း, ရောင်ခြည်ဝန်းဖြင့်၊ **သုပွဘာ**–တင့်တယ်လှပ, ထွန်းတောက်တော်မူကြကုန်၏၊ **သဗ္ဗညုနော**–တရားလုံးစုံ, အကုန်သိမြင်, သဗ္ဗညုဖြစ်တော်မူကြကုန်သော၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **ဧတေ ဗုဒ္ဓါ**–ထိုဘုရားရှင်တို့သည်၊ **ဓိဏာသဝါ**–ကုန်ပြီးသော အာသဝေါရှိကြကုန် သော၊ **ဇိနာ**–ငါးမာရ်အောင်မြင် ဇိနချည်းပင် ဖြစ်တော်မူကြပါကုန်၏။

အလုံးစုံသော မုနိငါးပါးတို့ထက် လွန်မြတ်သော ထိုဘုရားရှင်တိုသည် ကိုယ်တော် ရောင်ဖြင့် ထွန်းပတော်မူကြကုန်၏၊ သဗ္ဗညုဂုဏ်ထင် ထိုဘုရားရှင်တို့သည် အာသဝကင်းစင် မာရ်အောင်မြင် ဇိနတွေချည်း ဖြစ်ကြပါကုန်၏။

**ရသို့ဝေမတ္တ၊ ခြားနားကြ၊ ဗုဒ္ဓရှင်တော်တွေ**

---

[၅၅] ဇိနာလင်္ကာရဋီကာ၊ ၁၇၇–၁၇၈။ မဟာဗုဒ္ဓဝင်၊ ၃၊ ၉၉–၁၀၇။ ပရိတ်ကြီးနိဿယသစ်၊ ၅၃၆–၅၄၁။

**ဗျာမပွဘာယ–၌ “ဗျာမပွဘာ”**ကို “တလံမျှလောက်သော ရောင်ခြည်တော်”ဟု မြန်မာပြန်လေ့ရှိ၏၊ ဂေါတမဘုရားရှင်အတွက်ဆိုရင် သံသယဖြစ်ဖွယ် မရှိသော်လည်း အလုံးစုံသော ဘုရားကို ပြောဆိုသော ဒီအရာမှာ ထိုမြန်မာပြန်ကား မနှံ့ပေ။ ဘုရားရှင်များ တစ်ဆူနှင့်တစ်ဆူ ပမာဏကွဲပြား ခြားနားမှု **‘ဝေမတ္တ’** များရှိရာ **‘ရသ္မိဝေမတ္တ’**ခေါ် အမြဲတမ်း ပေါ်ထွက်နေတဲ့ ရောင်ခြည်တော်ချင်း ကွဲပြားခြားနားမှုလည်း ပါ၏။

မင်္ဂလဘုရား၏ ပကတိကိုယ်တော်မှ ထွက်သောရောင်ခြည်တော်မှာ လောကဓာတ် တစ်သောင်းလုံး ပျံ့လင်း၏၊

ပဒုမုတ္တရဘုရား၏ ပကတိကိုယ်တော်မှ ထွက်သောရောင်ခြည်တော်မှာ တစ်ဆယ့်နှစ်ယူဇနာ,

ဝိပဿီဘုရား၏ ပကတိ ကိုယ်တော်မှ ထွက်သောရောင်ခြည်တော်မှာ ခုနစ်ယူဇနာ,

သိခီဘုရား၏ ပကတိ ကိုယ်တော်မှ ထွက်သောရောင်ခြည်တော်မှာ သုံးယူဇနာ,

ကကုသန္ဓဘုရား၏ ပကတိ ကိုယ်တော်မှ ထွက်သောရောင်ခြည်တော်မှာ ဆယ်ယူဇနာ,

ငါတို့ ဂေါတမဘုရား၏ ပကတိ ကိုယ်တော်မှ ထွက်သောရောင်ခြည်တော်မှာ တစ်လံမျှ-ဟု ရောင်ခြည်တော် အမြဲပျံ့ရာ ပမာဏကို ဗုဒ္ဓဝံသအဋ္ဌကထာ (၃၅၀)၌ ဆိုပါတယ်။ ဒါ့ကြောင့် ‘ဗျာမပွဘာ’ အရောင်ဖြင့်-ဟု သာမန်သာ မြန်မာပြန်သင့်တယ်၊ ဒီလိုဆိုရင် **ဗျာမပွဘာ**-ကို မည်သို့ အနက်မြန်မာပြန် ဆိုမည်နည်း? တစ်လံမျှ ရောင်ခြည်ရှိသော ဘုရားရှင်အဖို့ “ဗျာမမတ္တာ ပဘာ **ဗျာမပွဘာ**”ဟု ဝိဂြိုဟ် ဆိုပါ၊ အခြား ဘုရားရှင်များအဖို့ကိုတော့ ဗုဒ္ဓဝံသအဋ္ဌကထာအတိုင်း ကြံပါ။

**တသ ဗျာမပွဘာ ကာယာ၊ နိဒ္ဓါဝတိ ဒိဓေသာဒိသံ၊**

**နိရန္တရံ ဒိဝါရတ္တိ၊ ယောဇနံ ဖရတေ သဒါ။**

**တသ**–ထိုနာရဒဘုရားရှင်၏၊ **ကာယာ**–ကိုယ်တော်မှ၊ **ဗျာမပွဘာ**–ထွက်သောရောင်ခြည်တော်သည်၊ **ဒိဓေသာဒိသံ**–ထိုမှဤမှ (ထိုထိုဤဤ အရပ်ဒေသသို့)၊ **နိဒ္ဓါဝတိ**–ထွက်ကြွကွန့်မြူး၊ **ဒိဝါရတ္တိ နိရန္တရံ**–နေ့ညဥ့်ဆက်စပ် အကြားမလပ်အောင်၊ **သဒါ**–အခါခပ်သိမ်း၊ **ယောဇနံ**–တစ်ယူဇနာတိုင် တိုင်၊ **ဖရတေ**–ပျံ့နှံ့တော်မူပေ၏။

ဒီ နာရဒဗုဒ္ဓဝံသပါဠိ (၃၄၃)မှာ တစ်ယူဇနာ အမြဲတမ်း ရောင်ခြည်တော်ရှိသော နာရဒဘုရား၌ **‘ဗျာမပွဘာ’**အသုံးပါရှိရာ ထို‘ဗျာမပွဘာ’ကို “ဗျာမပွဘာ ဝိယာတိ **ဗျာမပွဘာ**”ဟု ဥပမာတဒ္ဓိတ်ပြု၍ **“အမှာကံ ဘဂဝတော ဗျာမပွဘာ ဝိယာတိ အတ္ထော”**ဟု အဓိပ္ပါယ်ဖွင့်ပြသဖြင့် “ငါတို့

ဘုရားရှင်၏ ဗျာမပွဘာ-ကဲ့သို့ ဗျာမပွဘာ အရောင်ရှိသော"ဟု အနက်ပြန်ဆိုရမည်။ ဒီအရာမှာ ဗျာမပွဘာနှစ်ခုကို ကေသိသ် ပြုထားသည်ဟု သိပါ။

၁၂။ **မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟဗ္ဗလာ။**
**မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။**

**မဟာပညာ= မဟာ ပဉ်ာ**
**မဟဗ္ဗလာ= မဟစ် ဗလာ→မဟဝ် ဗလာ [မဟာ+ဗလာ]၊**
**သုခါဝဟာ [သုခ+အာဝဟာ]၊**

**ဇေတ ဗုဒ္ဓါ**-ထိုဘုရားရှင်တို့သည်၊ **မဟာပဘာ**-ကိုယ်ရောင်ဉာဏ်ရောင်, ပြောင်တဝင်းဝင်း, ထူးမြတ်သော အရောင်အလင်း ရှိတော်မူကြကုန်၏၊ **မဟာတေဇာ**-အစွမ်းအမျိုးမျိုး, ကြီးမြတ်သော တန်ခိုးရှိတော်မူကြကုန်၏၊ **မဟာပညာ**-ချီးမွမ်းအပ်ဘိ, ကြီးမြတ်သောပညာ ရှိတော်မူကြကုန်၏၊ **မဟဗ္ဗလာ**-ကာယဉာဏ, ဗလနှစ်ပါး, ကြီးမားသောစွမ်းအားရှိတော်မူကြကုန်၏၊ **မဟာကာရုဏိကာ**-သတ္တဝါများ, လွန်သနားသည့်, မဟာကရုဏာ ရှိတော်မူကြကုန်၏၊ **ဓီရာ**-မြဲခိုင်လှသည့်, သမာဓိ ရှိတော်မူကြကုန်၏၊ **သဗ္ဗေသာနံ**-သတ္တဝါအလုံးစုံတို့၏၊ **သုခါဝဟာ**-ချမ်းသာကို ဆောင်ရွက်တော်မူတတ်ကုန်၏။

ထိုဘုရားရှင်တို့သည် ကိုယ်ရောင်ဉာဏ်ရောင် ထူးမြတ်သော အရောင်အလင်းရှိတော်မူကြကုန်၏၊ ကြီးမြတ်သော တန်ခိုးရှိတော်မူကြကုန်၏၊ ကြီးမြတ်သော ပညာရှိတော်မူကြကုန်၏၊ ကြီးမားသော စွမ်းအားရှိတော်မူကြကုန်၏၊ မဟာကရုဏာတော်ရှိတော်မူကြကုန်၏၊ မြဲခိုင်လှသော သမာဓိရှိတော်မူကြကုန်၏၊ သတ္တဝါ အလုံးစုံတို့၏ချမ်းသာကို ဆောင်ရွက်တော်မူကြကုန်၏။

၁၃။ **ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။**
**ဂတိ စ ဗန္ဓူ မဟေသာသာ၊ သရဏာ စ ဟိတေသိနော။**

**ပတိဋ္ဌာ= ပတိတ်ဌာ**

## အာဋာနာဋိယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**မဟေဿာသာ= မဟေသ်သာသာ→မဟေတ်သာသာ**

**မဟိဿာသာ၊ မဟဿာသာ-** မူကွဲများ

**ဧတေ ဗုဒ္ဓါ**-ထိုဘုရားရှင်တို့သည်၊ **ပါဏိနံ**-သတ္တဝါတို့၏၊ **ဒီပါ စ**-ကျွန်းကြီးပမာ, မှိခိုရာလည်း ဖြစ်တော်မူကြကုန်၏၊ **နာထာ စ**-ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူကြကုန်၏၊ **ပတိဋ္ဌာ စ**-ထောက်တည်ရာလည်း ဖြစ်တော်မူကြကုန်၏၊ **တာဏာ စ**-ဝဋ်ဒုက္ခမှလည်း, ကယ်တင်စောင့်ရှောက်တော်မူကြကုန်၏၊ **လေဏာ စ**-ဘေးမရောက်အောင်, တိမ်းရှောင်ပုန်းအောင်းရာလည်း ဖြစ်တော်မူကြကုန်၏၊ **ဂတိ စ**-နတ်လူအများ, ချဉ်းကပ်ရာလည်း ဖြစ်တော်မူကြကုန်၏၊ **ဗန္ဓူ စ**-မိတ်ကောင်း ဆွေကောင်းလည်း ဖြစ်တော်မူကြကုန်၏၊ **မဟေဿာသာ ဂ**-အလိုရှိအပ်သော အကျိုးပြီးခြင်းကြောင့် သီဝဗြဟ္မာမင်း, သိကြားမင်းတို့နှင့်လည်း တူတော်မူကုန်၏၊ **သရဏာ စ**-ဆင်းရဲဒုက္ခကို ဖျက်ဆီးတော်မူကြကုန်၏၊ **ဟိတေသိနော**-အကျိုးစီးပွါးကိုသာ ရှာမှီးတော်မူလေ့ ရှိကြပေကုန်၏။

ထိုဘုရားရှင်တို့သည် သတ္တဝါတို့၏ ကျွန်းကြီးပမာ မှိခိုရာလည်း ဖြစ်တော်မူကြကုန်၏၊ ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူကြကုန်၏၊ ထောက်တည်ရာလည်း ဖြစ်တော်မူကြကုန်၏၊ ဝဋ်ဒုက္ခမှလည်း ကယ်တင်စောင့်ရှောက်တော်မူကြကုန်၏၊ ဘေးမရောက်အောင် တိမ်းရှောင် ပုန်းအောင်းရာလည်း ဖြစ်တော်မူကြကုန်၏၊ နတ်လူအများ ချဉ်းကပ်ရာလည်း ဖြစ်တော်မူကြကုန်၏၊ မိတ်ကောင်း ဆွေကောင်းလည်း ဖြစ်တော်မူကြကုန်၏၊ အလိုရှိအပ်သော အကျိုးပြီးကြောင်း သီဝဗြဟ္မာမင်း သိကြားမင်းတို့နှင့်လည်း တူတော်မူကြကုန်၏၊ ဆင်းရဲဒုက္ခကို ဖျက်ဆီးတော်မူကြကုန်၏၊ အကျိုးစီးပွါးကိုသာ ရှာမှီးတော်မူလေ့ရှိကြပေကုန်၏။

**မဟေဿာသာ၊ မူကွဲမှာ၊ သုံးဖြာ ရှာဖွေတွေ့။** ။ ပရိတ္တဋီကာ (၉၃)၌ **"မဟေဿာသာ'**တိ တေသံ ဣစ္ဆိတတ္ထသာဓနတော သိဝဗြဟ္မ ဒေဝရာဇေဟိ သဒိသာ- အလိုရှိအပ်သော အကျိုးပြီးခြင်းကြောင့် သိဝဗြဟ္မာ, သိကြားတို့နှင့် တူတော်မူကြကုန်၏"ဟု ဆို၏၊ **"မဟိဿာသာ**တိပိ ပါဌော ဥတ္တမ-ဓနဂ္ဂဟသဒိသာတိ အတ္ထော" အဖွင့်တစ်မျိုးအရ "မြတ်သော လေးသမားနှင့် တူတော်မူသည်"ဟု အနက်ပေး၏။

ပရိတ်ကြီးနိဿယသစ် (၅၄၃)မှာ "ဤဂါထာ၌ ကိုးကွယ်အားထားရာ မှိခိုရာသကောရှိသော ၄ဏ် များချည်းဖြစ်ရာ ထိုအကြား၌ ဤ'မဟေဿာသာ'က ဆိုခဲ့ပြီး အနက်ရနေသည်မှာ အဆင်

မပြေဖြစ်ရသည်၊ ထို့ကြောင့် ပင်ကို ဂါထာဘာဏကဆရာ့ အလိုမှာ **'မဟေဿာသာ, မဟိဿာသာ'** မဟုတ် တန်ရာ **'မဟဿာသာ'**ဟုသာ ဖြစ်ဖွယ်ရှိပါသည်၊ **'အဿာသ'**သဒ္ဒါ ထောက်တည်မှီခိုရာ ဖြစ်တော်မူတော်မူကြသည်-ဟူသော အနက်သာ အရာနှင့်သင့်လျော်လိမ့်မည်-ဟု သဘောရပေသည်''-တဲ့။

**အဿာသာ**တိ အဝဿယာ ပတိဋ္ဌာ။ (တိကဂ်ုတ္တရအဋ္ဌကထာ ကေသမုတ္တိသုတ် ၁၈၂-အဖွင့်။) **အဿာသော**တိ အဝဿယော ပတိဋ္ဌာ ဥပတ္ထမ္ဘော။ (မူလပဏ္ဏာသ အဋ္ဌကထာ စူဋ္ဌ သိဟနာဒသုတ် ၃၁၃။)

**၁၄။ သဒေဝကဿ လောကဿ၊ သဗ္ဗေ ဧတေ ပရာယဏာ။**
**တေသာ'ဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ။**

**သဒေဝကဿ= သဒေဝကသ်သ→သဒေဝကတ်သ**
**လောကဿ=လောကသ်သ→လောကတ်သ**
**တေသာ'ဟံ [တေသံ+အဟံ]၊**
**ဝန္ဒာမိ= ဝန်ဒါမိ**
**ပုရိသုတ္တမေ=ပုရိသုတ်တမေ [ပုရိသ+ဥတ္တမေ]၊**

**သဗ္ဗေ**-အလုံးစုံကုန်သော၊ **ဧတေ ဗုဒ္ဓါ**-ထိုဘုရားရှင်တို့သည်၊ **သဒေဝကဿ**-နတ်နှင့်တကွသော၊ **လောကဿ**-သတ္တဝါအပေါင်း၏၊ **ပရာယဏာ**-ထူးမြတ်သော မှိခိုဆည်းကပ်ရာ ဖြစ်တော်မူကြပါကုန်၏၊ **ပုရိသုတ္တမေ**-ဂုဏ်တော်ကဲလွန် ယောကျ်ားမွန်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူကြကုန်သော၊ (**တေ**-ထိုဘုရားရှင် တို့ကိုလည်းကောင်း၊) **တေသံ**-ထိုဘုရားရှင်တို့၏၊ **ပါဒေ**-ခြေတော်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အဂ်ါဖြင့်၊ **ဝန္ဒာမိ**-ရှိခိုးကန်တော့ပါ၏။

ထိုဘုရားရှင်အားလုံးတို့သည် နတ်နှင်တကွသော သတ္တဝါအပေါင်း၏ မှိခိုအားထားရာ ဖြစ်တော်မူကြပါကုန်၏၊ ဂုဏ်တော်ကဲလွန် ပုဂ္ဂိုလ်မွန်ဖြစ်တော်မူကြသော ထိုဘုရားရှင်တို့ကို လည်းကောင်း, ထိုဘုရားရှင်တို့၏ ခြေတော်အစုံတို့ကို အကျွန်ုပ်သည် ဦးခေါင်းရတနာ မြတ် အဂ်ါဖြင့် ရှိခိုးကန်တော့ပါ၏။

၁၅။ ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ'တေ တထာဂတော။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သပ္ပဒါ။

ဝန္ဒာမေ'တေ= ဝန်ဒါမေတေ [ဝန္ဒာမိ+တေ]၊

**အဟံ**–အကျွန်ုပ်သည်၊ **တေ တထာဂတေ**–ထိုဘုရားရှင်တို့.ကို၊ **သယနေ စ**–အိပ်သော အခါ၌လည်းကောင်း၊ **အာသနေ စ**–ထိုင်သောအခါ၌လည်းကောင်း၊ **ဌာနေ စ**–ရပ်သောအခါ၌လည်းကောင်း၊ **ဂမနေ စာပိ**–သွားသောအခါ၌လည်းကောင်း၊ **သပ္ပဒါ**–အခါခပ်သိမ်း၊ **ဝစသာ စေဝ**–နှုတ်ဖြင့်လည်းကောင်း၊ **မနသာ စ**–စိတ်ဖြင့်လည်းကောင်း၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

အကျွန်ုပ်သည် ထိုဘုရားရှင်တို့.ကို အိပ် ထိုင် ရပ် သွား ကွရိယာပုထ်လေးပါးလုံး၌ အခါခပ်သိမ်း နှုတ်ဖြင့်လည်းကောင်း, စိတ်ဖြင့်လည်းကောင်း ရှိခိုးပါ၏။

၁၆။ သဒါ သုဓေန ရက္ခန္တု ၊ ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တုံ ရက္ခိတော သန္တော ၊ မုတ္တော သဗ္ဗဘယေဟိ စ။

ရက္ခန္တု= ရက်ခန်တု
သန္တိကရာ= သန်တိကရာ
ရက္ခိတော= ရက်ခိတော
မုတ္တော= မုတ်တော

**သန္တိကရာ**–ဆင်းရဲခပ်သိမ်း, ငြိမ်းအေးမှုကို, ပြုတော်မူတတ်၊ကုန်သော၊ **ဗုဒ္ဓါ**–ဘုရားရှင်တို့.သည်၊ **တုဝံ**–သင့်ကို၊ **သဒါ**–အခါခပ်သိမ်း၊ **သုဓေန**–ချမ်းသာရေးဖြင့်၊ **ရက္ခန္တု**–စောင့်ရှောက်တော်မူကြစေကုန်သတည်း၊ **တေဟိ**–ထိုဘုရားရှင်တို့.သည်၊ **ရက္ခိတော**–စောင့်ရှောက်အပ်သည်၊ **သန္တော**–ဖြစ်သော၊ **တုံ**–သင်သည်၊ **သဗ္ဗဘယေဟိ**–ဘေးခပ်သိမ်းတို့.မှ၊ **မုတ္တော စ**–ကင်းလွတ်ရသည်လည်း၊ (**ဘဝ**–ဖြစ်ပါစေ။)

ဆင်းရဲခပ်သိမ်း ငြိမ်းအေးမှုကို ပြုတတ်ကုန်သော ဘုရားရှင်တို့သည် သင့်ကို အမြဲတမ်း ချမ်းသာရေးဖြင့် စောင့်ရှောက်တော်မူနိုင်ကြပါစေ၊ ထိုဘုရားရှင်တို့ စောင့်ရှောက်ခံရသောသင်သည် ဘေးခပ်သိမ်းတို့မှ ကင်းလွတ်ပါစေသတည်း။

**၁၇။ သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပဝဇ္ဇိတော။**
**သဗ္ဗဝေရ'မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။**

**သဗ္ဗရောဂါ= သဗ္ဗဘရောဂါ**
**ဝိနိမုတ္တော= ဝိနိမုတ်တော**
**သဗ္ဗသန္တာပဝဇ္ဇိတော=သဗ္ဗ သန္တာပ ဝဇ်ဇိတော**
**သဗ္ဗဝေရ'မတိက္ကန္တော= သဗ္ဗဝေရ မတိက်ကန်တော [သဗ္ဗဝေရံ+အတိက္ကန္တော]၊**

**တုဝံ**–သင်သည်၊ **သဗ္ဗရောဂါ**–ရောဂါမှန်သမျှမှ၊ **ဝိနိမုတ္တော စ**–အထူးလွတ်ကင်းရသည်လည်းကောင်း၊ **သဗ္ဗသန္တာပဝဇ္ဇိတော**–ပူပန်ခပင်း, ရှောင်ကွင်းအပ်သည်လည်းကောင်း၊ **သဗ္ဗဝေရံ**–ရန်မျိုးမှန်သမျှကို၊ **အတိက္ကန္တော စ**–ကျော်လွှား လွန်မြောက်ရသည်လည်းကောင်း၊ (**ဟုတ္ဝာ**–ဖြစ်၍)၊ **နိဗ္ဗုတော စ**–ငြိမ်းအေးသည်လည်း၊ **ဘဝ**–ဖြစ်ပါစေ။

သင်သည် ရောဂါမှန်သမျှမှ အထူးကင်းလွတ်၍ ပူပန်မှန်သမျှ ကင်းရှင်းလျက် ရန်ခပ်သိမ်းမှ လွန်မြောက်ကာ အေးငြိမ်းပါစေ။

**၁၈။ တေသံ သစ္စေန သီလေန၊ ခန္တီမေတ္တာဗလေန စ။**
**တေဝိ အမှ'နုရက္ခန္တု ၊ အရောဂေန သုခေန စ။**

**ခန္တီမေတ္တာဗလေန= ခန်တီ မေတ်တာ ဗလေန [ခန္တီ+ မေတ္တာ+ဗလေန]၊**
**အမှ'နုရက္ခန္တု= အမ်ှမှ နုရက်ခန်တု [အမှ+အနုရက္ခန္တု]၊**

**တေသံ**–ထိုဘုရားရှင်တို့၏၊ **သစ္စေန စ**–သစ္စာတော်ဖြင့်လည်းကောင်း၊ **သီလေန စ**–သီလတော်ဖြင့်လည်းကောင်း၊ **ခန္တီမေတ္တာဗလေန စ**–ခန္တီ မေတ္တာတရားတို့၏ စွမ်းပကားဖြင့်လည်းကောင်း၊

**တေဝိ**–ထိုဘုရားရှင်တို့.သည်လည်း၊ **အရောဓေန** စ–ရောဂါကင်းရှင်း ကျန်းမာခြင်းဖြင့်လည်းကောင်း၊ **သုခေန** စ–ကိုယ်စိတ်နှစ်ဖြာ ပူဆာလွတ်ကင်း ချမ်းသာခြင်းဖြင့်လည်းကောင်း၊ **အမှ**–အကျွန်ုပ်တို့.ကို၊ (**တုမှေ**–သင်တို့.ကို၊) **အနုရက္ခန္တု**–အစဉ်ထာဝရ စောင့်ရှောက်ကြပါစေကုန်သတည်း။

ထိုဘုရားရှင်တို့.၏ သစ္စာတော်, သီလတော်, ခန္တီ မေတ္တာတရားတို့.၏စွမ်းပကားဖြင့်လည်းကောင်း, ထိုဘုရားရှင်တို့.သည်လည်း ကျန်းမာစေရန်လည်းကောင်း, ကိုယ်စိတ်နှစ်ဖြာချမ်းသာစေရန်လည်းကောင်း အကျွန်ုပ်တို့.ကို (သင်တို့.ကို) အစဉ်မပြတ် စောင့်ရှောက်တော်မူကြပါစေကုန် သတည်း။

ဆင်းရဲခပ်သိမ်း ငြိမ်းအေးမှုကို ပြုတတ်ကုန်သော ဘုရားရှင်တို့.သည် သင့်ကို အခါခပ်သိမ်း ချမ်းသာရေးဖြင့် စောင့်ရှောက်တော်မူကြပါစေ၊ ထိုဘုရားရှင်တို့. အစောင့်အရှောက် ခံရသည်ဖြစ်၍ သင်သည် ဘေးခပ်သိမ်းတို့.မှလည်း လွတ်မြောက်ပါစေ၊ သင်သည် ရောဂါမှန်သမျှမှ အထူးကင်းလွတ်ကာ ပူပန်ခပင်း ရှောင်ကွင်းအပ်သည်ဖြစ်၍ ရန်မျိုးဟူသမျှကို ကျော်လွှားနိုင်ပြီးလျှင် ငြိမ်းအေးသူလည်း ဖြစ်ပါစေ၊ ထိုဘုရားရှင်တို့.၏ သစ္စာ, သီလ, ခန္တီ, မေတ္တာတော်စွမ်းအားအရ ထိုဘုရားရှင်တို့.သည် အကျွန်ုပ်တို့.ကိုလည်း ရောဂါကင်းရေး, ချမ်းသာရေးဖြင့် အစဉ် စောင့်ရှောက်တော် မူကြပါစေ။

ပရိတ္တသဂ်ဟ ဆရာတော်က ပရိတ္တ သဂ်ဟ ပါဠိနိဿ (၁၇၇-၁၇၈)၌ "တေသံ သစ္စေန သီလေန"ဂါထာကို ပြု၍ အနက်ပေးတော်မူ၏–

**တေသံ သစ္စေန သီလေန၊ ခန္တီ မေတ္တာ ဗလေန စ။**

**ဒေဝါ အမှေ' နုရက္ခန္တု အရောဂေန သုခေန စ။**

**တေသံ**–ထိုဘုရားရှင်တို့.၏၊ **သစ္စေန** စ-သစ္စာဂုဏ်တော်ဖြင့်လည်းကောင်း၊ **သီလေန စ**–သီလဂုဏ်တော်ဖြင့်လည်းကောင်း၊ **ခန္တီ မေတ္တာ ဗလေန စ**–သည်းခံရေးအင်အားတော်, မေတ္တာအင်အားတော်ဖြင့်လည်းကောင်း၊ **အမှေ**–ငါတို့.ကို၊ (သူ့.အဖို့ ဖြစ်လျှင် **တုမှေ**–သင်တို့. ကို–ဟုဆို) **ဒေဝါ**–နတ်တို့.သည်၊ **အရောဂေန စ**–ရောဂါကင်းသဖြင့်လည်းကောင်း၊ **သုခေန စ**–ချမ်းသာသဖြင့်လည်းကောင်း၊ **အနုရက္ခန္တု**– အစဉ်စောင့်မစေကုန်သတည်း။ (ဤနေရာ၌ **တေဝိ**–ထိုဘုရားတို့.သည်လည်း ဟု ရှေးဂါထာ ရှိနေသည်ကို တောင်ပိုင်း ဗုဒ္ဓဝါဒအတိုင်း **"ဒေဝါ"**ဟု ပြင်ဆင်လိုက်၏။)

[ပရိသတ်ကိုဖဲ့၍ ရွတ်သောအခါ– **တေဝိ တုမှေ' နုရက္ခန္တု**–ဟု ရွတ်ပါ။

မိမိကိုယ်ကိုဲ့၍ ရွတ်သောအခါ– **တေဝိ အမှေ' နုရက္ခန္တု**–ဟု ရွတ်ပါ။]

အရပ်လေးမျက်နှာ၊ နှတ်ဒေါ၊ မြစ္စာ စောင့်ပါစေ

၁၉။ ပုရတ္ထိမသို့ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေဝိ အမေ့' နုရက္ခန္တု အရောဂေန သုဓေန စ။

**ပုရတ္ထိမသို့** = ပုရတ်ထိမ သမိန်
**ပုရတ် ထိမတ် သမိ**– ဖတ် (ပရိတ္တ သင်္ဂဟ၊ ၁၉ဖ)၊
**အမေ့' နုရက္ခန္တု= အမ်မေ့ နုရက်ခန်တု [အမေ့+အနု+ရက္ခန္တု]**၊

**ပုရတ္ထိမသို့ ဒိသာဘာဂေ**–အရှေ့ဖက် အရပ်မျက်နှာ၌၊ **မဟိဒ္ဓိကာ**–ကြီးသောတန်ခိုးရှိကုန်သော၊ **ဘူတာ**–ဂန္ဓဗ္ဗနတ်တို့သည်၊ **သန္တိ**–ရှိကုန်၏၊ **တေဝိ**–ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း၊ **အမေ့**–အကျွန်ုပ်တို့ကို၊ **အရောဂေန စ**–ရောဂါကင်းဝေး ကျန်းမာရေးအားဖြင့်လည်းကောင်း၊ **သုဓေန စ**–ကိုယ်စိတ်ရှည်အေး ချမ်းသာရေးအားဖြင့်လည်းကောင်း၊ **အနုရက္ခန္တု**–အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

အရှေ့ဖက် အရပ်မျက်နှာ၌ ရှိကြကုန်သော တန်ခိုးကြီးမားကြသော ဂန္ဓဗ္ဗနတ်တို့သည်လည်း အကျွန်ုပ်တို့ကို ရောဂါကင်းရေး, ချမ်းသာရေးတို့ဖြင့် အမြဲ စောင့်ရှောက်ကြပါစေ။

၂၀။ ဒက္ခိဏာသို့ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေဝိ အမေ့' နုရက္ခန္တု အရောဂေန သုဓေန စ။

**ဒက္ခိဏာသို့** = ဒက်ခိဏာ သမိန်
**ဒက်ခိဏာတ် သမိ**– ဖတ် (ပရိတ္တ သင်္ဂဟ၊ ၁၉ဖ)၊

**ဒက္ခိဏာသို့ ဒိသာဘာဂေ**–တောင်ဖက် အရပ်မျက်နှာ၌၊ **မဟိဒ္ဓိကာ**–ကြီးသောတန်ခိုးရှိကုန်သော၊ **ဒေဝါ**–ကုမ္ဘဏ်နတ်တို့သည်၊ **သန္တိ**–ရှိကုန်၏၊ **တေဝိ**–ထိုကုမ္ဘဏ်နတ်တို့သည်လည်း၊ **အမေ့**–အကျွန်ုပ်တို့ကို၊ **အရောဂေန စ**–ရောဂါကင်းဝေး ကျန်းမာရေးအားဖြင့်လည်းကောင်း၊ **သုဓေန စ**–

ကိုယ်စိတ်ရှည်အော်း ချမ်းသာရေးအားဖြင့်လည်းကောင်း၊ **အနုရက္ခန္တု**–အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

တောင်ဖက် အရပ်မျက်နှာ၌ ရှိကြကုန်သော တန်ခိုးကြီးမားကြသော ကုမ္ဘဏ်နတ်တို့. သည်လည်း အကျွန်ုပ်တို့.ကို ရောဂါကင်းရေး, ချမ်းသာရေးကို.ဖြင့် အမြဲ စောင့်ရှောက်ကြပါစေ။

၂၁။ **ပစ္ဆိမသို့ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။**
**တေဝိ အမှေ' နုရက္ခန္တု၊ အရောဂေန သုခေန စ။**

**ပစ္ဆိမသို့**= ပစ်ဆိမ သမိန်
**ပတ်ဆိမတ် သမီ**– ဖတ် (ပရိတ္တ သင်ဟ၊ ၁၉၆)။

**ပစ္ဆိမသို့ ဒိသာဘာဂေ**–အနောက်ဖက် အရပ်မျက်နှာ၌၊ **မဟိဒ္ဓိကာ**–ကြီးသောတန်ခိုးရှိကုန်သော၊ **နာဂါ**–နဂါးတို့.သည်၊ **သန္တိ**–ရှိကုန်၏၊ **တေဝိ**–ထိုနဂါးတို့.သည်လည်း၊ **အမှေ**–အကျွန်ုပ်တို့.ကို၊ **အရောဂေန စ**–ရောဂါကင်းဝေး ကျန်းမာရေးအားဖြင့်လည်းကောင်း၊ **သုခေန စ**–ကိုယ်စိတ်ရှည်အော်း ချမ်းသာရေးအားဖြင့်လည်းကောင်း၊ **အနုရက္ခန္တု**–အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

အနောက်ဖက် အရပ်မျက်နှာ၌ ရှိကြကုန်သော တန်ခိုးကြီးမားကြသော နဂါးတို့.သည် အကျွန်ုပ်တို့.ကို ရောဂါကင်းရေး, ချမ်းသာရေးတို့.ဖြင့် အမြဲ စောင့်ရှောက်ကြပါစေ။

၂၂။ **ဥတ္တရသို့ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။**
**တေဝိ အမှေ' နုရက္ခန္တု၊ အရောဂေန သုခေန စ။**

**ဥတ္တရသို့**= ဥတ်တရ သမိန်→အုတ်တရ သမိန်
**ဥတ်တရတ် သမီ** –ဖတ် (ပရိတ္တ သင်ဟ၊ ၁၉၆)။

**ဥတ္တရသို့ ဒိသာဘာဂေ**–မြောက်ဖက် အရပ်မျက်နှာ၌၊ **မဟိဒ္ဓိကာ**–ကြီးသောတန်ခိုးရှိကုန်သော၊ **ယက္ခာ**–ဘိလူးတို့.သည်၊ **သန္တိ**–ရှိကုန်၏၊ **တေဝိ**–ထိုဘိလူးတို့.သည်လည်း၊ **အမှေ**–အကျွန်ုပ်တို့.

ကို၊ **အရောဂေန စ**–ရောဂါကင်းဝေး ကျန်းမာရေးအားဖြင့်လည်းကောင်း၊ **သုခေန စ**–ကိုယ်စိတ်ရှည်အေး ချမ်းသာရေးအားဖြင့်လည်းကောင်း၊ **အနုရက္ခန္တု**–အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

မြောက်ဖက် အရပ်မျက်နှာ၌ ရှိကြကုန်သော တန်ခိုးကြီးမားကြသော ဘီလူးတို့သည်လည်း အကျွန်ုပ်တို့ကို ရောဂါကင်းရေး, ချမ်းသာရေးတို့ဖြင့် အမြဲစောင့်ရှောက်ကြပါစေ။

**၂၃။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဋ္ဌကော။**
**ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။**

**ဓတရဋ္ဌော= ဓတရဋ္ဌော→ဓတရတ်ဌော**
**ဝိရူဋ္ဌကော= ဝိရူဋ္ဌကော, ဝိရုန်ဋ္ဌကော–** နှစ်မျိုးဖတ်ကြ၊
**ဝိရူပက္ခော= ဝိရူပက်ခေါ**
**ဥတ္တရံ= ဥတ်တရံ→အုတ်တရံ**

**ပုရတ္ထိမေန**–အရှေ့အရပ်၌၊ **ဓတရဋ္ဌော**–ဓတရဋ္ဌနတ်မင်းသည်၊ (**အတ္ထိ**–ရှိ၏၊) **ဒက္ခိဏေန**–တောင်အရပ်၌၊ **ဝိရူဋ္ဌကော**–ဝိရူဋ္ဌကနတ်မင်းသည်၊ (အတ္ထိ–ရှိ၏၊) **ပစ္ဆိမေန**–အနောက်အရပ်၌၊ **ဝိရူပက္ခော**–ဝိရူပက္ခ နတ်မင်းသည်၊ (အတ္ထိ–ရှိ၏၊) **ဥတ္တရံ ဒိသံ**–မြောက်အရပ်၌၊ **ကုဝေရော**–ကုဝေရနတ်မင်းသည်၊ (**အတ္ထိ**–ရှိ၏)။

အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်း, တောင်အရပ်၌ ဝိရူဋ္ဌကနတ်မင်း, အနောက်အရပ်၌ ဝိရူပက္ခနတ်မင်း, မြောက်အရပ်၌ ကုဝေရနတ်မင်းတို့ ရှိကြ၏။

မဟာဝဂ္ဂပါဠိ မဟာသမယသုတ် (ဒီ၊ ၂၊ ၂၀၆)၌ အလားတူ ဂါထာလာရှိ၏---

**ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဋ္ဌကော။**
**ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။**

၂၄။ စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယာသသိနော။
တေဝိ အမှေ' နရက္ခန္တု အရောဂေန သုခေန စ။

လောကပါလာ [လောက+ပါလာ]။
ယာသသိနော= ယာသတ်သိနော

**စတ္တာရော**–လေးယောက်ကုန်သော၊ **တေ မဟာရာဇာ**–ထိုနတ်မင်းကြီးတို့သည်၊ **လောကပါလာ**–လောကကို စောင့်ရှောက်တတ်ကုန်၏၊ **ယာသသိနော**–များသော အခြံအရံရှိကုန်၏၊ **တေဝိ**–လောကပါလ နတ်မင်းကြီးလေးယောက်တို့သည်လည်း၊ **အမှေ**–အကျွန်ုပ်တို့ကို၊ **အရောဂေန စ**–ရောဂါကင်းဝေး ကျန်း မာရေးအားဖြင့်လည်းကောင်း၊ **သုခေန စ**–ကိုယ်စိတ်ကြည်အေး ချမ်းသာရေး အားဖြင့်လည်းကောင်း၊ **အနုရက္ခန္တု**–အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

လောကကို စောင့်ရှောက်တတ်ကုန်လျက် များသော အခြံအရံရှိကြကုန်သော နတ်မင်းကြီးလေးယောက်တို့သည်လည်း အကျွန်ုပ်တို့ကို ရောဂါကင်းဝေး ကျန်းမာရေးဖြင့် လည်းကောင်း, ကိုယ်စိတ်ကြည်အေး ချမ်းသာရေးဖြင့်လည်းကောင်း အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၅။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေဝိ အမှေ' နရက္ခန္တု အရောဂေန သုခေန စ။

အာကာသဋ္ဌာ= အာကာသင်္ဌာ→အာကာသတ်ဌာ
ဘူမဋ္ဌာ= ဘူမင်္ဌာ→ဘူမတ်ဌာ

**အာကာသဋ္ဌာ**–ကောင်းကင်၌ တည်ကုန်သော၊ **မဟိဒ္ဓိကာ**–ကြီးသော တန်ခိုးရှိကုန်သော၊ **ဒေဝါ စ**–နတ်တို့သည်လည်းကောင်း၊ **ဘူမဋ္ဌာ**–မြေ၌တည်ကုန်သော၊ **မဟိဒ္ဓိကာ**–ကြီးသော တန်ခိုးရှိကုန်သော၊ **ဒေဝါ စ**–နတ်တို့သည်လည်းကောင်း၊ **နာဂါ စ**–နဂါးတို့သည်လည်းကောင်း၊ (**သန္တိ**–ရှိကုန်၏။) **တေဝိ**–ထိုနတ်, နဂါးတို့သည်လည်း၊ **အမှေ**–အကျွန်ုပ်တို့ကို၊ **အရောဂေန စ**–ရောဂါကင်းဝေး

ကျန်းမာရေးအားဖြင့်လည်း ကောင်း၊ **သုခေန စ**–ကိုယ်စိတ်ကြည်အေး ချမ်းသာရေးအားဖြင့်လည်း ကောင်း၊ **အနရကျွန်္တ**–အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

တန်ခိုးကြီးကုန်သော ကောင်းကင်၌ တည်နေကြသော နတ်များနှင့် တန်ခိုးကြီး ကုန်သော မြေ၌ တည်နေကြသော နတ်, နဂါးတို့သည်လည်း အကျွန်ုပ်တို့ကို ရောဂါကင်းဝေး ကျန်းမာရေးဖြင့်လည်းကောင်း, ကိုယ်စိတ် ကြည်အေး ချမ်းသာရေးဖြင့်လည်းကောင်း အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

**၂၆။ ဂ္ဂဒ္ဒိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဂ္ဂဓ သာသနေ။**
**တေပိ အမှေ'နရကျွန်္တ။ အရောဂေန သုခေန စ။**

**ဂ္ဂဓ သာသနေ**–ဤမြတ်စွာဘုရား သာသနာတော်၌၊ **ဝသန္တာ**–နေကြကုန်သော၊ **ဂ္ဂဒ္ဒိမန္တော**–လွန်ကဲသော တန်ခိုးရှိကြကုန်သော၊ **ယေ ဒေဝါ စ**–အကြင်နတ်တို့သည်လည်း၊ (**သန္တိ**–ရှိကုန်၏၊) **တေပိ**–ထိုနတ်တို့သည်လည်း၊ **အမှေ**–အကျွန်ုပ်တို့ကို၊ **အရောဂေန စ**–ရောဂါကင်းဝေး ကျန်းမာရေးအားဖြင့်လည်းကောင်း၊ **သုခေန စ**–ကိုယ်စိတ်ကြည်အေး ချမ်းသာရေးအားဖြင့်လည်းကောင်း၊ **အနရကျွန်္တ**–အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

ဤမြတ်စွာဘုရား သာသနာတော်၌ နေကြကုန်လျက် တန်ခိုးကြီးမားကြကုန်သော ထိုနတ်တို့သည်လည်း အကျွန်ုပ်တို့ကို ရောဂါကင်းဝေး ကျန်းမာရေးဖြင့်လည်းကောင်း, ကိုယ်စိတ် ကြည်အေး ချမ်းသာ ရေးဖြင့်လည်းကောင်း အစဉ်မကွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

**၂၇။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။ မာ တေ ဘဝန္တု'နရာယာ၊ သုခီ ဒီဃာယုကော ဘဝ။**

**သဗ္ဗီတိယော=သဝ်ဗီတိယော→သပ်ဗီတိယော [သဗ္ဗ+ဤတိယော]**
**ဝိဝဇ္ဇန္တု= ဝိဝဇ်ဇန်တု**
**ဘဝန္တု'နရာယာ=ဘဝန်တွန်တရာယာ→ဘဝမ်တွန်တရာယာ**
**[ဘဝန္တု+အနရာယာ]**

## အာဇာနာဒိုယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

### ဒီဃာယုကော [ဒီဃ+အာယုကော]

**သဗ္ဗီတိယော**–အလုံးစုံသော ဘေးရန်တို့သည်၊ **ဝိဝဇ္ဇန္တု**–ဖဲကြဉ်ကြဲပါစေကုန်သတည်း၊ **သော ကော**–စိုးရိမ်ပူပန်ခြင်းသည်လည်းကောင်း၊ **ရောဂါ စ**–အနာရောဂါသည်လည်းကောင်း၊ **ဝိနဿတု**–ကင်းဖျောက် ပါစေသတည်း၊ **တေ**–သင့်အား၊ **အန္တရာယာ**–အန္တရာယ်တို့သည်၊ **မာ ဘဝန္တု**–မဖြစ်ပါစေ ကုန်သတည်း၊ **တုံ**–သင်သည်၊ **သုခီ**–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်၊ (ဟုတွာ–ဖြစ်၍)၊ **ဒီဃာယုကော**–ရှည်သော အသက်ရှိသည်၊ **ဘဝ**–ဖြစ်ပါစေသတည်း။

**သဗ္ဗီတိယော**–အနိဋ္ဌဝိပါက်, ငြိရှက်သဘော, ခပ်သိမ်းသော ဥပဒ္ဒဝေါတို့သည်၊ **ဝိဝဇ္ဇန္တု**–အထူးသဖြင့်, လွင့်လွင့်စင်စင်, ဝေးဝေးကြီး ကြဉ်ကြစေကုန်သတည်း၊ **သောကော**–သောစိတတွေ့, သောစနစသော, ဒေါမန မီးလျှံ, ပူပန်ညှိုးမှိန်, ခိုးအရှိန်ဟူသော, စိုးရိမ်ကြောင့်ကြခြင်းသည်လည်းကောင်း၊ **ရောဂါ**–စက္ခုသောတ, စသည်အမျိုးမျိုး, ကိုးဆယ့်ခြောက်ဖြာ, အနာရောဂါသည်လည်းကောင်း၊ **ဝိနဿတု**–အထူးအားဖြင့်, လင့်စားမနေ, လွင့်ပါးပျောက်ပျက်စေသတည်း၊ **တေ**–သင့်အား၊ **အန္တရာယာ**–ကိုယ်တွင်း ကိုယ်ပ, အန္တရာယ်ဟူသမျှတို့သည်၊ **မာ ဘဝန္တု**– စင်ကြယ်စွာတောင်း, ဖြစ်ဟောင်းကိုပစ်, ဘယ်ခါခေတ်မှ, တရစ်တပတ်, သစ်မထပ်ဘဲ, မြစ်ပြတ်လုံးစုံ, မဖြစ်ပါစေကုန်သတည်း၊ **တုံ**–သင်သည်၊ **သုခီ စ**–ကိုယ်စိတ် နှစ်ဖြာ, ကျန်းမာပကတိ, ချမ်းသာခြင်းရှိသည်လည်းကောင်း၊ **ဒီဃာယုကော စ**–အာယုကပ်လုံး, ဆုံးလင့်ကစား, မြတ်တရားကြောင့်, ထပ်ပွါးစွာဘိ, ရှည်သော အသက်ရှိသည်လည်းကောင်း၊ **ဘဝ**–ဖြစ်ပါစေသတည်း။ (မြင်းခြံ-၉-ဆောင်နက်၊ ၁၂၉–၁၃၀။)

ဘေးရန်မှန်သမျှ ဖဲကြဉ်ကြပါစေ၊ စိုးရိမ်ပူပန်ခြင်းနှင့် အနာရောဂါမှန်သမျှ အလျင်းမရောက် ကင်းပျောက်ပါစေ၊ သင့်အား အန္တရာယ်တွေ ကင်းဝေးပါစေ၊ သင်သည် ကိုယ်စိတ် နှစ်ဖြာ ချမ်းသာပါစေ။

ရှိနိုးထိုက်သူ၊ ရှိနိုးမူ၊ ရယူ ကျိုးလေးထွေ

၂၈။ အဘိဝါဒနသီလိသ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဝုဍ္ဎာပစာယိနော=ဝုဍ္ဎိ၏ ပစာယိနော → ဝုတ်ခါပစာယိနော [ဝုဍ္ဎ+အပစာယိနော]
ဝဏ္ဏော= ဝဏ်ဏော → ဝန်ဏော

**အဘိဝါဒနသီလီသ**–ရှိခိုးခြင်း အလေ့ရှိထသော၊ **နိစ္စံ**–အမြဲ၊ **ဝုဍ္ဎာပစာယိနော**–အသက် သိက္ခာကြီးသူတို့.ကို ရိုသေသမှု ပြုလေ့ရှိသူအား၊ **အာယု**–အသက်ရှည်ခြင်းသည်လည်းကောင်း၊ ဝါ–အသက်တမ်းသည်လည်းကောင်း၊ **ဝဏ္ဏော**– ရုပ်ရည်အဆင်းသည်လည်းကောင်း၊ **သုခံ**–ချမ်းသာခြင်းသည်လည်းကောင်း၊ ဝါ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် လည်းကောင်း၊ **ဗလံ**–ခွန်အားသည်လည်းကောင်း၊ **စတ္တာရော**–လေးပါးကုန်သော၊ **ဓမ္မော**–တရား၊ **ဝဿိ**–တိုးပွါးကြလေကုန်၏။



**နိစ္စံ**–နေ့နေ့ညည, ထာဝရ

မြဲမြဲစွဲစွဲ၊ **အဘိဝါဒနသီလီသ**–သုံးပါးမြတ်စွာ, ရတနာကို, သဒ္ဓါရှိကျိုး, လက်စုံမိုး၍, ရှိခိုးပူဇော်လေ့ရှိထသော၊ **ဝုဍ္ဎာပစာယိနော**–မိမိတို့.ထက်, တနေ့.ရက်မျှ, အသက်လွန်ပြီး, ကြီးသောပုဂ္ဂိုလ်, ကိုယ်နှင့် ရွယ်တူ, ဖြစ်လျှင်မူလည်း, ဖြူစင်သိလ, တည်သမာဓိန်, ပညာဇြေ, ရှိန်ဝေကွန့်မြူး, ထူးသောပုဂ္ဂိုလ်, ဤထိုထိုကို, ကြည်ညိုထူးခြား, ဦးဖျားဝန်ခံ, ရိုသေလေးမြတ်လေ့ ရှိထသော၊ **ပုဂ္ဂလဿ**–ပုဂ္ဂိုလ်အား၊ **အာယု**–ရုပ်နာမ်နှစ်ချက်, မပျက်အတည်, အသက်ရှည်ခြင်းလည်း ကောင်း၊ **ဝဏ္ဏော**–မယိုမယွင်း, မအိုမင်းဘဲ, ပျိုခြင်းတမျှ, ကိုယ်အဆင်းလှခြင်းလည်းကောင်း၊ **သုခံ**–နှစ်ပါးဖိုလ်ဟိတ်, အလိုညိတ်လျက်, ကိုယ်စိတ်မပန်း, ဘေးဘျမ်းမညှင်း, ဇချမ်းခြင်းလည်းကောင်း၊ **ဗလံ**–ကာယ ဉာဏ, ထာဝရနဂို, ဗိုလ်ကြီးနှစ်ဦး, ထူးထူးခွၽန်ခွၽန်, အမွန်ပွါးစီး, ခွန်အားကြီးခြင်းလည်းကောင်း၊ **ဏာတိ**–ဤသို့၊ **စတ္တာရော**–လေးပါးကုန်သော၊ **ဓမ္မော**–ကောင်းကျိုးထင်ပွါး, မြတ်တရား၊ **ဝဿိ**–လဆန်းတရက်, လရောင်စက်သို့, မပျက်အဓလေ့, ရက်နေ့.နေ့.တိုင်း, တက်၍တိုးပွါးကြကုန်၏။ (မြင်းခြံ–၉–ဆောင်၊ ၁၃၀–၁၃၁။)

## အာဋာနာဋိယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ရှိခိုးထိုက်သူကို ရှိခိုးလေ့ရှိလျက်, အသက် သိက္ခာ ဂုဏ်ဝါ ကြီးမြင့်သူတို့ကို အရှိအသေပြုလေ့ ရှိသူအား အသက်ရှည်ခြင်း, ရုပ်ရည်အဆင်းလှပခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားကြီးခြင်း–ဤအကျိုးတရားလေးပါးတို့ တိုးပွါးကြကုန်၏။

**တရားပီတိ၊ ဝွမ်းဆီထိ၊ ကင်းဘိရောဂါ သက်ရှည်ပါ။** ။ ဒီ"အဘိဝါဒနသီလိသ"ဂါထာမှာ ဓမ္မပဒသဟဿဝဂ် **အာယုဝစုနကုမာရ**အကြောင်းပြု၍ ဟောရာတွင် ပါရှိ၏၊ ပရိတ်ကြီးနိဿယသစ် ဆရာတော်က "အာဋာနာဋိယသုတ် နိဂုံး၌ ဒီဂါထာကို ထည့်သွင်းစိစဉ်ထားခြင်းမှာ အဓိပ္ပါယ်ရှိတယ်၊ ဘုရားရှင်ရဲ့ တရားတော်များမှာ သဒ္ဒါကလည်းလှတယ်၊ အနက်ကလည်း ကောင်းကျိုးရရေးအတွက် သာဖြစ်ရာ အနက်မှာလည်း လွန်စွာနှစ်သက်ဖွယ်ရာပင် ဖြစ်တယ်၊ ဒါ့ကြောင့် အဲဒီတရားကို ရွတ်ဆိုရသူ, နာရသူမှာ ဓမ္မပီတိဖြစ်နိုင်ရာ အဲဒီပီတိအစွမ်းကြောင့်ပင် ဘေးအန္တရာယ်ကင်းခြင်းစသည်လည်း ဖြစ်နိုင်သည်သာ၊ ဒါ့ကြောင့် ဘေးကင်း, ရန်ကင်း, ချမ်းသာခြင်း တောင့်တချက်မျိုးပါမှ မဟုတ်ပဲ တရားစွမ်းဖြင့်ပင်ဆိုခဲ့တဲ့ အကျိုးများ ရနိုင်ခြင်းဖြစ်တယ်၊ ဥပမာ ဗောဇ္ဈင်သုတ်၌ (ဘုရားဟောဗောဇ္ဈင်သုတ်ကိုဆိုလို) ရောဂါကင်းရှင်း ကျန်းမာခြင်းစတဲ့ တောင့်တချက်မျိုးပပါ၊ သို့သော် အရှင်မဟာကဿပ, အရှင်မဟာမောဂ္ဂလာန်တို့ ရောဂါပျောက်ကင်းကြသည်မှာ **ဓမ္မတေဇာ (ဓမ္မာနုဘာဝ–**တရားရဲ့ အစွမ်းအာနုဘော်)ကြောင့်လည်းကောင်း, **ဓမ္မပီတိ** (တရားကြောင့် ဖြစ်တဲ့ပီတိ)အစွမ်းကြောင့်လည်းကောင်း ဖြစ်တယ်"တဲ့။

**အကျိုးရပုံ အဖုံဖုံ။** ။ ဒီအာဋာနာဋိယသုတ်၌ ဘုရားရှင်တို့ရဲ့ ဂုဏ်တော်တွေကို များစွာ ဖော်ပြဖွဲ့နွဲ့ထားသည်မှာ စုံလင်လှတယ်၊ အဲဒီ ဂုဏ်တော်တွေကို မြွက်ဆိုကာ ဘုရားရှင်တို့အား ရှိခိုးရတဲ့ ပဏာမစေတနာကြောင့် ရအပ်တဲ့ အကျိုးများကို ပြတဲ့အနေဖြင့် ဒီဂါထာနဲ့ နိဂုံးချုပ်ထားခြင်း ဖြစ်တယ်၊ ဘုရားရှင်တို့ကို ရှိခိုးရသဖြင့် **အာယု, ဝဏ္ဏ, သုခ, ဗလ** အကျိုးလေးပါးကို ရရှိနိုင်တယ်၊ ဒီအကျိုးလေးပါး ရရှိသူ၌ ဥာဏ် ပညာ ပွင့်လင်းခြင်းအကျိုးကို ရမည်မှာ သေချာ၍ **"ပဋိဘာန"** အကျိုးလည်း ယူပြီးဖြစ်တော့တယ်။

ဒီဂါထာကား ဘုရားဟောဖြစ်ရာ ဓမ္မရဲ့အစွမ်းဖြင့်ပင် အန္တရာယ်ကင်း, ကျန်းမာခြင်း, ချမ်းသာခြင်း ဖြစ်နိုင်တယ်၊ အဲဒီအကျိုးတွေ ရမှာပါတကား–လို့ ယုံကြည်ချက်ကိုမှီလျက် အားရနှစ်သက်ခြင်း ဓမ္မပီတိစွမ်း ဖြင့်လည်း ဘေးကင်း, ရန်ကင်း, အသက်ရှည်ခြင်းစသည် ဖြစ်နိုင်ပါတယ်။

**ပရိတ်စွမ်းက သက်ရှည်ရ၊ မည်လှခေါ်ငြား မောင်သက်ပွါး (အာယုဝစုန)။** ။ ဒီဂါထာမှာ သူငယ်တစ်ယောက်နှင့်ပတ်သက်၍ ဟောကြားအပ်တဲ့ ဒေသနာတော်ဖြစ်တယ်၊ ထိုသူငယ်ကား ခုနစ်ရက်သာ နေရတော့မည့် သက်တမ်းရှိသူ ဖြစ်တယ်၊ ခုနစ်ရက်စေ့ရင် ဝေဿဝဏ်နတ်မင်းကြီးထံမှ အခွင့်ရထားတဲ့ **အဝရုဒ္ဓက**အမည်ရှိ ဘီလူးရဲ့ အစာဖြစ်ရမည့်သူ–လို့ ဆိုတယ်၊ ဘုရားရှင်ရဲ့ အကြံပေးတော်မူချက်အရ သံဃာတော်များကိုပင့်ကာ သူငယ်ကို အင်းပျဉ်ပေါ်မှာအိပ်စေလျက် ခုနစ်ရက်ပတ်လုံး သံဃာတော်များရွတ်တဲ့ပရိတ်တော်ကို နာကြားတယ်၊ နောက်ဆုံး ခုနစ်ရက်မြောက်နေ့မှာ ဘုရားရှင် ကိုယ်တော်တိုင် ကြွတော်မူကာ ပရိတ်တရား ဟောတော်မူတယ်၊ ပရိတ်တန်ခိုးကြောင့် တန်ခိုးနည်းပါး နတ်ဘီလူးများ မလာမကပ်နိုင်ကြတော့ပဲ ဘီလူးအစာအဖြစ်မှ လွတ်ကင်းရပါတယ်၊ ထိုသူငယ်ကား အသက်တစ်ရာ နှစ်ဆယ်ကြာအောင် အသက်ရှည်ခဲ့ပါတယ်၊ ဒါ့ကြောင့် သူ့ကို **"အာယုဝစုန (မောင်သက်ပွါး** သို့မဟုတ် **မောင်သက်ရှည်)** လို့ ခေါ်တွင်ခဲ့ပါတယ်[၁၁၇]။

**ဝုစုာပစာယနနှင့်စပ်သွယ် သိမှတ်ဖွယ်။** ။ **ဝုစု**–ကြီးသူတို့ကို+**အပစာယန**–အရိုအသေပြုမှု။ မိမိကိုယ်ကို နှိမ့်ချတဲ့အမှုများကို **'အပစာယန'**ဆိုတယ်၊ အဲဒီ အမှုများမှာ ရှိခိုးမှု, လက်အုပ်ချီမှု, ခရီးဦးကြိုဆိုမှု, နေရာပေးမှု စသည်များပင်၊ ဒီနေရာ၌ **"ဝုစု**–ကြီးသူ"ဆိုရာမှာ ဓမ္မပဒအဋ္ဌကထာ(၁၊ ၄၂၅)က **'ဝုဏဝုစု**–ဂုဏ်ကြီးသူ' ကိုသာ ဖွင့်ဆိုခဲ့တယ်၊ လူများက ထိုနေ့ဖြစ်စ သာမဏေငယ်ကလေးမှအစ ရဟန်းများကို, ရှင် ရဟန်းများကလည်း ရှင်အဖြစ် ရဟန်းအဖြစ် မိမိထက် ဂုဏ်အားဖြင့် ကြီးသူတွေကို ရှိခိုးပူဇော်မှုကို **'အပစာယန'** လို့ ဆိုတယ်။

ဇာတကပါဠိ တိတ္တိရဇာတ်မှာတော့--

**ယေ ဝုစု'မပစာယန္တိ နရာ ဓမ္မဿ ကောဝိဒါ။**
**ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိ[၁၁၈]။**

"ရိုသေမှု ကျင့်ဝတ်တရား နားလည်၍ ကြီးသူကို ရိုသေသမှုပြုသောသူတို့ကား ယခုဘဝမှာလည်း အချီးမွမ်းခံရ၏၊ နောက်ဘဝမှာလည်း သုဂတိ (ကောင်းသောဘုံ ဘဝ)ရောက်ရ၏"ဆိုတဲ့ ဂါထာအဖွင့် အဋ္ဌကထာ၌ **'ဝုစုသုံးမျိုး'**ခွဲပြထားပါတယ်။

---

[၁၁၇] ဓမ္မပဒ၊ ၌၊ ၁၊ အာယုဝစုနကုမာရဝတ္ထု။ ၄၂၃-၄၂၄။

[၁၁၈] ဇာတက၊ ၁၊ တိတ္တိရဇာတ်၊ ၉။

**<u>ဝုဒ္ဓ(အကြီး) သုံးမျိုး</u>**

**ဇာတိဝုဒ္ဓ**–အမျိုးဇာတ်အားဖြင့် ကြီးမြင့်သူ၊

**ဝယောဝုဒ္ဓ**–အသက်အရွယ်အားဖြင့် ကြီးမြင့်သူ၊

**ဂုဏဝုဒ္ဓ**–သီလစသောဂုဏ်အားဖြင့် ကြီးမြင့်သူ–

ထိုသုံးပါးတွင် **"ကြီးသူကို အရိုအသေပြုရမည်"**ဆိုတဲ့ ဒီအရာမှာ "ဂုဏ်နှင့်ပြည့်စုံသော အသက်ကြီးသူ"ကို ဆိုလိုကြောင်း ဖွင့်တယ်[၁၃၉]။

မဟာဗုဒ္ဓဝင် တတိယတွဲ ဗုဒ္ဓရတနာ "အာဏာကန်ခိုး ထက်မြက်သော ပရိတ်များ"အခန်း (၃၁၇-၃၂၀) ၌ **အာဠာနာဠိယသုတ်နှင့်စပ်သွယ် မှတ်သားဖွယ်**မှာ----

**"အာဠာနာဠိယ**သုတ် ပရိတ်တော်မှာလည်း စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ကိုယ်တိုင် အာဠာနာဠ-မည်သော နတ်မြို့တော်၌ စည်းဝေးကြလျက် ခုနစ်ဆူသော ဘုရားရှင်တို့၏ ကျေးဇူးဂုဏ်ကို အာရုံပြု၍ ရှိခိုးပြီးမှ ဤအာဠာနာဠိယသုတ်ပရိတ်တော်ကို ဖွဲ့ဆိုကြပြီးလျှင် "မြတ်စွာဘုရား၏ ဓမ္မစက်, ငါတို့၏အာဏာစက်ကို မနာယူကုန်သော နတ်ဆိုး နတ်ကြမ်းဟို့အား ဤမည် ဤမည်သော နတ်တို့၏ အပြစ်ဒဏ်ထားမှုကို ပြုကုန်အံ့"ဟူ၍ ရာဇအမိန့်တော် ထုတ်ပြန်ပြီးနောက် မြတ်စွာဘုရား ထံတော်မှောက်သို့ လာရောက်ကြလျက် မြတ်စွာဘုရားအား လျှောက်ထားအပ်နှင်းအပ်သည့် နတ်မင်းကြီးလေးပါး၏ တရားမန္တန်ဖြစ်သည့်အပြင် ဘုရားရှင်ကိုယ်တော်တိုင်လည်း ရဟန်းတို့အား တဖန်ပြန်ကြား ဟောဆိုအပ်သည့် ကြီးစွာသော အရံအတား ပရိတ်တော်မြတ်ဖြစ်လေသည်၊ တန်ခိုးအာဏာလည်း ကြီးမား ပြင်းထန်လှသည်၊ ထို့ကြောင့်ပင် အဋ္ဌကထာ၌ ဤဆိုလတ္တံ့သောအတိုင်း အာဠာနာဠိယသုတ်ကို ရွတ်ဆိုရမည့် အစိအရင်ကို ဖော်ပြထားလေသည်။

ဘုတ်ပြိတ်နတ်ကြမ်း ဖမ်းစားထားသူ လူနာအတွက် အစဦးစွာ အာဠာနာဠိယသုတ်ကို မရွတ်ဆိုရ၊ မေတ္တာသုတ်, ဓဇဂ္ဂသုတ်, ရတနသုတ် ဤသုတ်တို့ကို ခုနစ်ရက်တိုင်တိုင် ရွတ်ဆိုရမည်၊ ထိုသို့ရွတ်ဆိုသဖြင့် အဖမ်းအစားမှမှ လွတ်လျှင်လည်း အပြစ်မရှိ၊ ကောင်းမြတ်လှ၏။ အာဠာနာဠိယသုတ်ကို ရွတ်ဖွယ်မလို။

---

[၁၃၉] **ယေ ဝုဒ္ဓ'မဟစ္စယန္တိ**တို့ ဇာတိဝုဒ္ဓော ဝယောဝုဒ္ဓော ဂုဏဝုဒ္ဓောတို့ တယော ဝုဒ္ဓာ။ တေသု ဇာတိသမ္ပန္နေ ဇာတိဝုဒ္ဓေ နာ ဝယော ဝုဒ္ဓေ ဌိတော ဝယောဝုဒ္ဓော နာမ၊ ဂုဏသမ္ပန္နော ဂုဏဝုဒ္ဓော နာမ။ တေသု ဂုဏသမ္ပန္နော ဝယောဝုဒ္ဓော ဣဓမဿိ ဌာနေ "ဝုဒ္ဓေါ"တိ အဓိပ္ပေတော။ (ဇာတက၊ ဌ၊ ၁၊ ၂၃၆။)

မေတ္တာသုတ်, ဓဇဂ္ဂသုတ်, ရတနသုတ်တို့ကို ခုနစ်ရက်တိုင်တိုင် ရွတ်ဆို၍မှ မလွတ်သော်သာ အာဠာနာဋိယသုတ်ကို ရွတ်ဆိုရမည်။ ထိုအာဠာနာဋိယသုတ်ကို ရွတ်ဆိုမည့် ရဟန်းသည် မုံ့ညက်ဖြင့် ပြုလုပ်အပ်သောမုံ့ကိုလည်းလည်းကောင်း, သားငါးကိုလည်းကောင်း မစား၊ သုသာန်၌ မနေ၊ အကြောင်းကား ထိုသို့ မုံ့ညက်မုံ့ကို စားလျှင်လည်းကောင်း, သားငါးကို စားလျှင်လည်းကောင်း, သုသာန်၌ နေလျှင်လည်းကောင်း ဘုတ် ပြိတ္တာ နတ်ကြမ်း တို့ ထိုရဟန်းကိုပင် ပူးဝင်ခွင့်ရမည် ဖြစ်သောကြောင့်တည်း၊ ပရိတ်ရွတ်ရမည့်နေရာကို နန္ဒင်းဖြင့် လိမ်းကျံပြီးလျှင် နေရာထိုင်ခင်း သန့်ပြန့်စွာ ခင်းထားရမည်။

ပရိတ်ရွတ်မည့်ရဟန်းကို ကျောင်းမှ အိမ်သို့ ပင့်ဆောင်သောလူများသည် လေးမြားကာ[၅၆] လက်နက် ဓားလုံတို့ဖြင့် ဝန်းရံလျက် ပင့်ဆောင်ရမည်။ (အိမ်သို့ ရောက်သောအခါ ပရိတ်ရွတ်သော ရဟန်းသည်) ဟင်းလင်းအပြင် လွင်တီးခေါင်၌နေ၍ ပရိတ်မရွတ်ရ၊ ဝင်းတံခါးလေသာတံခါးများကို ပိတ်၍ ထိုင်နေလျက် လက်နက်စွဲကိုင်သော သူများဖြင့် ပန်းရံအပ်လျက် မေတ္တာနှင့်ယှဉ်သော စိတ်ကို ရှေ့သွားပြုပြီးလျှင် ပရိတ်ကို ရွတ်ရမည်။

**အစီအစဉ်မှာ----**ရှေးဦးစွာ မကျန်းမာသူကို သိက္ခာပုဒ်များ (သီလ)ကို ဆောက်တည်စေ၍ သီလ၌တည်ပြီးသော သူနာအား ပရိတ်အရံအတားကို ပြုရမည် (=ပရိတ်ရွတ်ပေးရမည်)၊ ဤနည်းဖြင့်လည်း ဘုတ် ပြိတ္တာ နတ်ကြမ်း ဖမ်းစားသူကို လွတ်စေရန် မတတ်နိုင်က မကျန်းမာသူကို ကျောင်းတိုက်သို့ ယူဆောင်သွားပြီး စေတီတော်ယင်ပြင်၌ လျောင်းစေရမည်၊ စေတီတော်အား နေရာတော်ဖြင့်ပူဇော်ခြင်း, ဆီမီးညှိ ထွန်းပူဇော်ခြင်း, စေတီတော်ယင်ပြင်ကို တံမြက်လှည်းခြင်းအမှုများ ပြုလုပ်ပြီးလျှင် ရှေးဦးစွာ **"ဒီဂါ တပတိ အာဒီစ္စော"**အစရှိသည့် သဗ္ဗမင်္ဂလိကဂါထာ-အစရှိသော မင်္ဂလာရှိသည့် တရားဂါထာ, စုလွှတ်ယများကို ရွတ်ဆိုရမည်၊ သံဃာတော်အားလုံး စည်းဝေးညီမှုမိကြောင်း ကြွေးကြော်ရမည်။

ကျောင်းတိုက်၏ အနီးရှိ တောအုပ်၌ အကြီးအကဲ သစ်ပင် (=တောစိုးသစ်ပင်) ရှိလိမ့်မည်၊ ထိုတောစိုးသစ်ပင်သို့ သွားရောက်၍ "ရဟန်းသံဃာတော်သည် သင်ရှက်ွစိုးနတ်မင်းတို့

---

[၅၆] ကာ-န/ကာ/ရန်သူ၏ မြား, လုံ, ဓား စသည်တို့ကို ဆီးတားရန် လက်တွင်ဖြစ်စေ, လက်မောင်းတွင်ဖြစ်စေ တပ်ဆင်ထားသည့် အကာအကွယ်တမျိုး။ (မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၁၊ ၉။)

၏ လာရောက်ခြင်းကို တောင့်တနေပေ၏"ဟူ၍ ပြောဆိုဖိတ်ခေါ်ရမည်၊ (ထိုနတ်မင်းသည် ခပ်သိမ်းသော ရဟန်းတို့ စည်းဝေးရာအရပ်သို့ မလာရောက်ပဲ မနေနိုင်)။

ထို့နောင်မှ ဘုတ် ပြိတ္တာ ဖမ်းစားအပ်သော သူနာကို "သင်သည် အဘယ်အမည်ရှိသူနည်း?" ဟူ၍ မေးရမည်၊ အမည်ကို ဖြေကြားပြောဆိုအပ်သည်ရှိသော် ချင်း[၁၆၁] ပြောသော အမည်ဖြင့်ပင် ခေါ်ဝေါ်ကာ (ဥပမာ ပူးဝင်သူ နတ်ကြမ်းသည် နရဒေဝ–အမည်ရှိသူ ဖြစ်ခဲ့လျှင်)–

"အချင်းနရဒေဝ...သင့်အား ပန်းနံ့သာ ပူဇော်ခြင်း စသော ကောင်းမှုကုသိုလ်အဖို့, နေရာတော်ပူဇော်ခြင်း ကောင်းမှုကုသိုလ်အဖို့, ဆွမ်းလှူခြင်း ကောင်းမှုကုသိုလ်အဖို့များကို ပေးအပ်၏၊ ရဟန်းသံဃာတော်များက သင့်အား တရားလက်ဆောင်အလို့ငှါ မင်္ဂလာတရား စကားများ ဟောကြားရွတ်ဆိုအပ်လေပြီ၊ ရဟန်းသံဃာတော်၌ ရှိသေလေးစားသောအားဖြင့် သင်သည် ဤသူနာကို လွှတ်လော့"

ဟူ၍ မေတ္တာရပ်ခံကာ လွှတ်စေရမည်၊ ဤနည်းဖြင့်မှ မလွှတ်ခဲ့သော် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များအား "အသင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ အသိဖြစ်ကုန်၏၊ ဤနတ်ကြမ်းသည် ငါတို့၏ မေတ္တာစကား ပြောကြားသည်ကို မလိုက်နာ၊ သို့အတွက် ငါတို့သည် မြတ်စွာဘုရား၏ အာဏာတော်မြတ်ကို ပြုကြရတော့မည်"ဟု တိုင်ကြားပြောဆိုပြီးလျှင် အာဠာနာဋိယသုတ် ပရိတ်တော်ကို ရွတ်ဆိုရမည်။

ဤဆိုအပ်ခဲ့ပြီးသည်ကား လူတို့အတွက် အစီအရင် ဖြစ်သည်။ ဘီလူးနတ်ကြမ်း အဖမ်းခံရသောသူသည် အကယ်၍ ရဟန်းဖြစ်ခဲ့လျှင် နေရာများကို ဆေးကြော သုတ်သင် စင်ကြယ်အောင်ပြုပြီးလျှင် ရဟန်းသံဃာတော် အားလုံး စည်းဝေးညီမှုရန် ဖိတ်မန် ကြွေးကြော်၍ နံ့သာပန်း ပူဇော်ခြင်း အစရှိသော ကောင်းမှုကုသိုလ်အဖို့ကို အမျှပေးဝေပြီးလျှင် ရွေးနည်းအတူ အာဠာနာဋိယ ပရိတ်တော်ကို ရွတ်ဆိုရမည်။ ဤကား ရဟန်းလူနာတို့အတွက် အစီအရင်တည်း။

---

[၁၆၁] **ချင်း**–နစ (နာမ်စား)/ချင်း/သင်း။ သူ၊ ယင်း၊ ထိုသူ။ "**ချင်း**၏ဆံပင်သည် အလွန်ရှည်လျားသဖြင့်။" ကစိန်။ ။ (ပြန်ဆိုရန် ကျန်ရှိနေသော အခန်းအကျဉ်းချုပ်၊ အတွဲ ၁၊ ၁၁၅။)

ဤဆိုအပ်ပြီးသည့်အတိုင်း အာဠာနာဋိယသုတ် အဋ္ဌကထာ၌ ပရိဟ်အစီအရင်ကို ခမ်းနားကျယ်ပြန့်စွာ ဖော်ပြထားလေသည်[၁၆၂]၊ ထို့ကြောင့် ဤအာဠာနာဋိယသုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော် ဖြစ်၏''။

## အာဠာနာဋိယသုတ် နိဝုံးချုပ် အာသီသလက်ံာ

ဂိဇ္ဈကူဋ်၊ ပဗ္ဘတတွင်၊ နတ်တကွလူ၊ သုံးဘုံသူအား၊ ဘူသယံရှင်၊ **ဘောင်မဂ္ဂင်**[၁၆၃]ဖြင့်၊ ဆောင်တင်ပို့တော်၊ မူလတ်သော်တည့်၊ ထိုရော်အခါ၊ အာဠာနာဋ်၊ ဌာနတိုင်းသား၊ နတ်ရိုင်းများတို့၊ ဘုရားရှင်ကို၊ ကြည်ညိုလေးမြတ်၊ ပရိသတ်အား၊ စိတ်ဆတ်ကြမ်းတမ်း၊ မညှင်းပန်းစိမ့်၊ စောင်ရန်းစည်းဝိုင်း၊ ကာရံဆိုင်းသို့၊ နတ်ရိုင်းမိစ္ဆာ၊ မဝင်လာအောင်၊ အာဠာနာဋ်ယ၊ ဌာနအရှိ၊ နာမချိုလျက်၊ ဝိပဿီသ စ နမတ္ထု။ စက္ခုမန္တသ သိရိမတော၊ ပုဒ်သဘောဖြင့်၊ လောကသရဏ၊ ရှင်ပင်တို့အား၊ ဝပ်တွားကော်ရော်၊ ပူဇော်ကြလေ၊ မိန့်ခွန်းချွေခဲ့၊ နေရပန်နန်း၊ မြန်းကြွစံလွန်၊ ဘဝန္တရာ၊ ခုနစ်ဆူအား၊ ပူဇော်ရှိခိုး၊ လွန်မြတ်နိုးက၊ နတ်ဆိုးနတ်ကြမ်း၊ မဖမ်းစားသာ၊ တံတိုင်းကာ၏၊ သာသနာတော်ကို၊ ကြည်ညိုသက်ဝင်၊ များရှင်လူတို့၊ သို့စင်တိုင်းမသိ၊ ဂုဏ်ထူးရှိသား၊ ဝိပဿီသ၊ စသည်ဝန္ဒနာ၊ ပါဠိဂါထာဖြင့်၊ ပြတ်စွာဘုရား၊ ရှင်တို့အားလျှင်၊ ဝပ်တွားရိုကျိုး၊ လွန်မြတ်နိုး၍၊ ရှိခိုးပူဇော်စေကုန်သော်။ (မြင်းခြံ-၉-ဆောင်၊ ၁၃၁။)

## အာဠာနာဋိယသုတ် ပရိတ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ် ပြီး၏။

---

[၁၆၂] အ၊ ဋ္ဌ၊ ၃၊ ၁၅၀-၁၅၁။

[၁၆၃] ဘောင်မဂ္ဂင်, ဗောင်မဂ္ဂင်, မဂ္ဂင်ဗောင်

# အဂိုလိမာလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## နိဒါန်းကိုပြ အမှုမ်းက

(က) ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဌာနဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

(ခ) သောတ္ထိနာ ဂဗ္ဘဝုဌာနံ၊ ယဉ္စ သာဓေတိ တစီဏေ။
ထေရဿ'ဂိုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဌာယီ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ဘဏန္တဿ= ဘဏန်တသ်သ→ဘဏန်တတ်သ
နိသိန္နဌာနဓောဝနံ= နိသိန်နဋ္ဌ ဌာန ဓောဝနံ→နိသိန်နတ် ဌာန ဓောဝနံ [နိသိန္န+ဌာန+ဓောဝနံ]၊
ဥဒကမ္ပိ= ဥဒကမ် ပိ
သဗ္ဗမေဝ [သဗ္ဗံ+ဧဝ]၊
ပရိဿယံ=ပရိသ်သယံ→ပရိတ်သယံ
သောတ္ထိနာ= သောတ်ထိနာ→သွတ်ထိနာ
ဂဗ္ဘဝုဌာနံ= ဂဗ်ဘ ဝုဋ္ဌာနံ→ဂပ်ဘ ဝုတ်ဌာနံ [ဂဗ္ဘ+ဝုဌာနံ]၊
ယဉ္စ=ယဉ် စ→ယင် စ
တစီဏေ= တင် ဓဏေ [တံ+ဓဏေ]၊
ထေရဿ'ဂိုလိမာလဿ= ထေရသ်သင်ဂုလိမာလသ်သ→ ထေရတ် သင်ဂုလိမာလတ်သ [ထေရဿ+အဂိုလိမာလဿ]၊
လောကနာထေန [လောက+နာထေန]၊
ကပ္ပဌာယီ= ကပ်ပဋ္ဌ ဌာယီ→ကပ်ပတ် ဌာယိန် [ကပ္ပ+ဌာယီ]၊

**ယံ ပရိတ္တံ**–အကြင်ရှင်တော်ဘုရား, ဟောကြားမြွက်ဖော်, အင်္ဂလိမာလသုတ် ပရိတ်တော်ကို၊ **ဘဏန္တသ**–ရွတ်ဆိုသော ပုဂ္ဂိုလ်၏၊ **နိသိန္နဋ္ဌာနမောဝန်**–ထိုင်၍နေရာ အင်းပျဉ်ကို သုတ်သင်ဆေးကြောသော၊ **ဥဒကမ္မိ**–ရေသည်သော်လည်း၊ **သမ္ပဲ**–အလုံးစုံသော၊ **ပရိဿယံ**–ဘေးရန်ဥပဒ် အန္တရာယ်ကို၊ **နာဓေသတိ ဧဝ**–ကင်းဖျောက်စေနိုင်သည်သာတည်း။

**ယံ ပရိတ္တံ**–အကြင်ရှင်တော်ဘုရား, ဟောကြားမြွက်ဖော်, အင်္ဂလိမာလသုတ် ပရိတ်တော်သည်၊ **တမ်ဓေ**–ထိုပရိတ်တော်ကို ရွတ်သောခဏ၌၊ **ဓသာတ္ထိနာ**–ဘေးရန်မခ ချမ်းသာရာရသဖြင့်၊ ဝါ–ချမ်းသာ အေးမြ သက်သာရာရသဖြင့်၊ **ကဿဝဋ္ဌာနဋ္ဌ**–ကိုယ်ဝန်မှထ ဖွားမြင်ခြင်းကိစ္စကိုလည်း၊ **သာဓေတိ**–ပြီးစေနိုင်ပါပေ၏၊ **အင်္ဂုလိမာလဿ**–အင်္ဂလိမာလအမည်ရှိသော၊ **ဓေရဿ**–မထေရ်အား၊ **လောကနာထေန**–သုံး ဘုံသူတို့ ကိုးကွယ်အားထားရာဖြစ်တော်မူသော ဘုရားရှင်သည်၊ **ဘာသိတံ**–ကရဏာရှေ့သွား, မေတ္တာထား၍, ဟောကြားတော်မူအပ်သော၊ **ကပ္ပဋ္ဌာယိ**–ကမ္ဘာပတ်လုံး, မပျက်ပြုန်းအောင် တည်လတ့ံသော၊ **မဟာတေဇံ**–ကြီးမြတ်သော တန်ခိုးရှိန်စော် အာနုဘော်ရှိတော်မူသော၊ **တံ ပရိတ္တံ**–ဘုရားရှင်မြွက်ဖော် ထိုအင်္ဂလိမာလသုတ် ပရိတ်တော်ကို၊ **ဓေ**–ညီညာဖြဖြ စုဝေးလာရောက်ကြသော ဓမ္မလိုလား အမျိုးသား အမျိုးသမီးအပေါင်း အိုသူတော်ကောင်းတို့၊ **မယံ**–ငါတို့သည်၊ ဝါ–အကျွန်ုပ်တို့သည်၊ **ဘဏာမ**–ရွတ်ကြပါကုန်စို့။

ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ဤအင်္ဂလိမာလသုတ် ပရိတ်တော်ကို ရွတ်ဆိုသော ပုဂ္ဂိုလ်၏ နေထိုင်ရာ အင်းပျဉ်ကို ဆေးကြောသော ရေသည်ပင် ဘေးရန်ခပ်သိမ်းကို ကင်းဖျောက်စေနိုင်၏။

ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ဤအင်္ဂလိမာလသုတ် ပရိတ်တော်သည် ထိုပရိတ်တော်ကို ရွတ်ဆိုဆဲခဏ၌ပင် ချမ်းချမ်းသာသာ သက်သက်သာသာဖြင့် သားဖွားခြင်းကိစ္စကိုလည်း ပြီးစေနိုင်၏။

အို...တရားလိုလား အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့, အင်္ဂလိမာလအမည်ရှိသော မထေရ်အား သုံးဘုံသားတို့၏ အားထားရာ ဘုရားရှင်သည် ဟောတော်မူအပ်သော ကမ္ဘာပတ်လုံးတည်လျက် တန်ခိုးအာနုဘော်ကြီးမြတ်လှသော ဤ အင်္ဂလိမာလသုတ် ပရိတ်တော်ကို အကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

**သဒ္ဒါကျမ်းလာ၊ ဆိုမိန့်မှာ၊ ဓိပ္ပါယ်ဖွင့်လျက် ရှင်းလင်းချက်။** ။ စလင်းဆရာတော်က **"ပရိတ်ကြီးနိသယ (၂၃၈)"**မှာ "**ယဒ္ဓ**–၌ 'စ' သဒ္ဒါကား အဋ္ဌာနပယုဂ်၊ **ကဿဝဋ္ဌာနဋ္ဌ**–ဟု ဟပ် (စပ်)လေ၊ **ဥဒကမ္မိ**–၌ ဓိ–

သဒ္ဒါသည် ဂရဟာ–အနက်ရှိ၏၊ ထိုပီ–သဒ္ဒါဖြင့် ပရိတ်တော်ကို ရွတ်တတ်သော မထေရ်၏နေရာ အင်းပျဉ်ကိုဆေး၍ ယူသောရေသည်မျှလည်း အလုံးစုံသော ဘေးရန်ဥပဒ် အန္တရာယ်ကို ဖျောက်နိုင်သေး၏၊ ပရိတ်တော်ကို နာရ, ရွတ်ရမူကား ဆိုစရာမရှိပြီ–ဟူသောအနက်ကို ပြတော်မူ၏။

**သဗ္ဗမေဝ**–၌ **ဧဝ**–သဒ္ဒါကား အဋ္ဌာနပယုဂ်တည်း၊ **နာဓသတိ ဧဝ**–ဟု ယှဉ်လေ၊ ဤအရာ၌ သန္ဓိဋ္ဌာနအနက်, နိဝတ္တာပနအနက်, အနုညာတအနက်၊ ဤအနက်သုံးပါးတို့ကို ထုတ်အပ်ကုန်၏၊ ထို့တွင် –

၁။ ဤအဂိုလိမာလသုတ် ပရိတ်တော်သည် ဘေးရန်ဥပဒ် အန္တရာယ်ကို ကေန်စင်စစ် ပယ်ဖျောက်နိုင်သည်သာလျှင်တည်း (သန္ဓိဋ္ဌာနအနက်။)

၂။ မပယ်မဖျောက်နိုင်သည်ကား မဟုတ်။ (နိဝတ္တာပနအနက်။)

၃။ ဤပရိတ်တော်မှ တပါးသော ပရိတ်တော်တို့သည်လည်း ဘေးရန်ဥပဒ် အန္တရာယ်တို့ကို ကေန်စင်စစ် ပယ်ဖျောက်နိုင်ပါသေး၏။ (အနုညာတအနက်။)"ဟု မိန့်၏။

ဒီနိဒါန်း ၂–ဂါထာကား ဘုရားဟောမဟုတ်ပါ၊ ဒီအဂိုလိမာလသုတ်ကို ရွတ်ချင်လာအောင် ရွတ်ရခြင်း၏အကျိုးကို ဖော်ညွှန်းချီးကျူးထားသော ရှေးဆရာတို့သိကုံးထားသော အပ္ပမ်းဂါထာများ ပင် ဖြစ်၏။

**၁။ အဂိုလိမာလသုတ် ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ်က အဘယ်ပုဂ္ဂိုလ်အား အဘယ်သူကို အကြောင်းပြု၍ ဟောတော်ခဲ့ပါသလဲ?**

ဘုရားရှင်သည် အင်္ဂုလိမာလထေရ်အား သားမဖွားနိုင်သော မိန်းပတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါတယ်။

**၂။ အဂိုလိမာလသုတ် ပရိတ်တော်ကို အဘယ်အရပ်မှာ ဟောတော်မူခဲ့ပါသလဲ?**

ဘုရားရှင်သည် သာဝတ္ထိပြို့တော်, ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်က ဟောတော်မူခဲ့ပါတယ်။

**၃။ အဂိုလိမာလသုတ် ပရိတ်တော်ကို ဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ?**

သားဖွားလွယ်ကူစိမ့်သောငှါ ဟောတော်မူခဲ့ပါတယ်။

**၄။ အဂိုလိမာလသုတ် ပရိတ်တော်သည် အဘယ်ဝိဋ္ဌက, အဘယ်နိကာယ်, အဘယ်ပါဠိတော်, အဘယ်ဝဂ်မှာ ပါရှိပါသလဲ?**

သုတ္တန်ပိဋကတ်, မဇ္ဈိမနိကာယ်, မဇ္ဈိမပဏ္ဏာသပါဠိတော်, ရာဇဝဂ် (မ၊ ၂၊ ၃၀၆)၌ ပါရှိပါတယ်။

**၅။ အဘယ့်ကြောင့် "အဂိုလိမာလသုတ်"ဟု ခေါ်ပါသလဲ?**

အင်္ဂုလိမာလအမည်ရှိသော မထေရ်အား ဟောသောသုတ်ဖြစ်သောကြောင့် **"အင်္ဂုလိမာလသုတ်"**ဟု ခေါ်ပါတယ်။

## အင်္ဂုလိမာလသုတ်မြတ် အတ္ထုပ္ပတ်

အင်္ဂုလိမာလမထေရ်မှာ ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားဏီးနီး မန္တာဏီ ပုဏ္ဏေးမမှ မွေးဖွား၍ ငယ်မည်ကား **"အဟိံသက"**ဖြစ်တယ်၊ သူမွေးဖွားချိန်မှာ တစ်ပြည်လုံးရှိ လက်နက်တွေ တပြောင်ပြောင်တောက်သဖြင့် ဖခင် ပုရောဟိတ်က 'စောရ (သူခိုး)ဖြစ်လိမ့်မည်–ဟု နိမိတ်ဖတ်၏၊ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ဆရာကြီးထံ သွားရောက် ပညာသင်ရာမှာ ဆရာကြီး၏ အလွန်အရေးပေးခံရတာကို အခြားတပည့်များက မနာလိုဖြစ်ကြကာ '(ဆရာကတော်နှင့် သမုတ်ကြလျက်) ဆရာကတော်အား ပြစ်မှားနေကြောင်း' ကုန်းတိုက်စကားဆိုကြ၏၊ ဆရာကြီးသည် အစမှာ မယုံသော်လည်း အကြိမ်ကြိမ် ပြောပါများသော် ယုံကြည်လာ၍ အဟိံသကကို သေစေရန် ဥပါယ်တမျဉ်ဖြင့် "အမောင် အဟိံသက...သင်၏အတတ်ပညာ ပြီးမြောက်ရေးတွင် အကူအပံ့ရစေရန် ခရီးသွား လူတစ်ထောင်အထိသတ်ရမည်"ဟု ပြောဆိုလေ၏၊ "မိမိမှာ သူတပါးကို မညှင်းဆဲသော အမျိုးဌဖြစ်၍ မလုပ်နိုင်ကြောင်း ငြင်းဆန်သော်လည်း" ဆရာကြီးက "အဲဒီလို မလုပ်ရင် သင်သည် အတတ်၏အကျိုးကို ခံစားရလိမ့်မည်မဟုတ်"ဟု ပြော၏၊ အဟိံသကလည်း မတတ်သာတော့၍ တောထဲဝင်ကာ လူတွေကိုသတ်ရာ ဘယ်ရွေ့ဘယ်မျှဟု မမှတ်မိသဖြင့် လက်ညှိုးများကို ဖြတ်ယူ၍ ထား၏၊ လက်ညှိုးများ ပျောက်ကုန်ကြပြန်သဖြင့် တဖန်လက်ညှိုးများကို ဖောက်သီပြီးလျှင် ပန်းကုံးပြု၍ ဆွဲထားလေ၏၊ ထိုအခါမှစ၍ **'အင်္ဂုလိမာလ** (လက်ညှိုးပန်းရှိသူ)'အမည်ဖြင့် ထင်ရှားလာလေတော့၏။

လူများ တောထဲသို့ မသွားဝံ့ဖြစ်ကြရာ အင်္ဂုလိမာလသည် ညအခါမှာ ရွာထဲသို့ဝင်၍ အိပ်နေတဲ့ လူများကိုသတ်ပြီး ဆွဲသွားသဖြင့် မြို့ရွာတွေ တုန်လှုပ် ချောက်ချားလာရသည်၊ လူအများ မင်းယင်ပြင်၌စုရုံးကြလျက် ထိုအကြောင်းကို ဝိယိုပြောဆိုကာ မင်းအားလျှောက်တင်ကြ၏၊ ထိုအခါမှာ ပုရောဟိတ်ပုဏ္ဏားသည် "ဒီခိုးသူသည် ငါ့သားဖြစ်ရမည်"ဟု သိ၍ ပုဏ္ဏေးမကို "ရှင်မ...အင်္ဂုလိမာလအမည်ရှိ သူခိုးဆိုတာ အခြားသူမဟုတ်၊ သင့်သား အဟိံသက–ဖြစ်တယ်၊ ယခု ကောသလမင်းသည် ထိုခိုးသူကိုဖမ်းဖို့ရန် ထွက်ခွါသွားတော့မည်၊ ဘယ်လိုလုပ်ကြမလဲ?"ဟု မေးလျှင် "ရှင် သွား၍ ကျမရဲ့သားကိုခေါ်ခဲ့ပါ"ဟု ပုဏ္ဏေးမ ပြောသော်လည်း ပုရောဟိတ်ပုဏ္ဏားသည် သူမသွားရဲ့–ဟု ဆိုသဖြင့်

မိခင်ပုလွေးမက ဖျောင်းဖျပြောဆိုရန် တောထဲသို့ထွက်လာ၏၊ ထိုအခိုက် ဘုရားရှင်ကလည်း လောက ကို ကြည့်တော်မူသောအခါ "ယနေ့ ငါသွားလျှင် အင်္ဂုလိမာလ အကျိုးရှိလိမ့်မည်၊ ငါမသွားလျှင် မိခင် ကိုသတ်၍ ကယ်မရအောင် ဆုံးရှုံးလိမ့်မည်"ဟု မြင်တော်မူ၍ တောထဲသို့ ကြွတော်မူသည်၊ တစ် ထောင်ပြည့်ရန် တစ်ဦးသာလိုတော့သဖြင့် ရှေ့ဦးတွေ့သူကိုသတ်ရန် ကြံထားသော အင်္ဂုလိမာလသည် ဘုရားရှင်ကိုတွေ့သော် အပြေးလိုက်လေတော့သည်[၅၆]၊ ဘုရားရှင်၏တန်ခိုးတော်အရ လိုက်၍မမီပဲ ရှိသောအခါ လွန်စွာ အံ့သြခြင်းဖြစ်၍ "ရဟန်း...ရပ်ရပ်"ဟု ပြော၏၊ "ငါရပ်နေသည်, အင်္ဂုလိမာလ၊ သင်သည်သာ ရပ်လော့"ဟု မိန့်တော်မူလေသော် "ရဟန်းဆိုသည်မှာ အမှန်ပြောလေ့ရှိ၏၊ ဤ ရဟန်းကား သွားနေပါလျက် ရပ်သည်–ဟု ဆို၏၊ အကြောင်းကို မေးဦးမှပဲ"ဟု မေးလျှောက်လေ၏၊ "ငါကား သတ္တဝါများကို ညှင်းဆဲရန်အတွက်ဖြစ်သည့် တုတ် လက်နက်တို့ကို ပယ်ထားချထားသူ ဖြစ်ရာ ရပ်နေသူဖြစ်သည်၊ သင်ကား သတ္တဝါတွေကို ညှင်းဆဲသူဖြစ်၍ မရပ်သူ, ပြေးနေသူဖြစ်၏"ဟု ဟောတော်မူရာ သတိတရားရကာ ရဟန်းအဖြစ် တောင်းပန်လေတော့သည်၊ အင်္ဂုလိမာလသည် ဘုရားရှင်၏ "ဟိ ဘိက္ခု"ခေါ်တော်မူချက်အရ ရဟန်း ဖြစ်လေတော့သည်။

တစ်နေ့ ဆွမ်းခံကြွသောအခါ သားမဖွားနိုင်သော မိန်းမတစ်ယောက်ကို မြင်ရ၍ သနား ကရုဏာဖြစ်ကာ ဘုရားရှင်အားလျှောက်ထား၏၊ ထိုအခါ ဘုရားရှင်က ထိုမိန်းမထံ သွားပြီးလျှင်--

"ယတော'ဟံ ဘဂိနိ ဇာတော[၅၇] နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ ကေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ–နှစ်မ...ငါသည် မွေးဖွားသောအခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါတို့ကို သတ်ဘူးသည်–ဟု မသိစဘူး၊ ထိုမှန်သော စကားကြောင့် သင့်အားလည်းကောင်း, ကိုယ်ဝန်သတ္တဝါအားလည်းကောင်း ချမ်းသာခြင်း သည် ဖြစ်စေသတည်း– ဟု ဆိုလေလော့"ဟု မိန့်တော်မူ၏။

အရှင်ဘုရား...တပည့်တော်သည် သိလျက် ရွတ်ယွင်းသော စကားကို ပြောဆိုခြင်း ဖြစ်ရာ သည် မဟုတ်ပါလော? တပည့်တော်သည် များစွာသော သတ္တဝါတို့ကို သေစေလိုသော စေတနာနှင့် တကွ သတ်ခဲ့ဘူးသည် မဟုတ်ပါလော အရှင်ဘုရား?ဟု လျှောက်လေ၏။

---

[၅၆] ဘုရားရှင် စာလိနတောသို့ ကပ်ရောက်သောခဏမှာ အင်္ဂုလိမာလသည် အပေးမှတ် အမေကို လှမ်းမြင်၍ "အမေကိုပင် သတ်၍ ယနေ့ လိုအပ်သော လက်ချောင်းတစ်ချောင်းကို ဖြည့်တော့အံ့" ကြံရွယ်ကာ သန်လျက် မိုးကာ လိုက်လေတော့သည်။ ဘုရားရှင်က ထိုအမိနှင့်သား နှစ်ဦးတို့အကြားဝယ် ကိုယ်ထင်ပြတော်မူ၏။ ထိုအခါ အင်္ဂုလိမာလသည် မိခင်ကို မလိုက်တော့ဘဲ ဘုရားရှင်နောက်သို့ လိုက်လေသည်။ (ထေရဂါထာ၊ ၄။ ၂ ၃၆–၃၇။)

[၅၇] ဘဂိနိ ဇာတိယာ ဇာတော (သီ=သီဟိုဠ်မူ)

"အဂ်ုလိမာလ...သို့ဖြစ်ပါမူ သင်သည် ထိုမိန်းမသို့ ချဉ်းကပ်ပြီးလျှင်---
**"ယတော'ဟံ ဘဂိနီ အရိယာယ ဇာတိယာ ဇာတော နာဘိဇာနာမိ သဉ္ဇိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္တိ တေ ဟောတု သောတ္ထိ ဂဗ္ဘသ**-နှမ... ငါသည် အရိယာဇာတ်ဝင် ဖြစ်သောအခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါတို့ကို သတ်ဘူးသည်-ဟု မသိစဘူး၊ ထိုမှန်သော (သစ္စာ)စကားကြောင့် သင့်အား လည်းကောင်း, ကိုယ်ဝန်သတ္တဝါအားလည်းကောင်း ချမ်းသာခြင်းသည် ဖြစ်စေသတည်း[၅၆၆]-" ဟု သစ္စာဆိုရန် သင်ပေးတော်မူရာ ဘုရားရှင် အမိန့်တော်အတိုင်းသွား၍ သစ္စာဆိုသဖြင့် ထိုမိန်းမ၏ ကိုယ်ဝန်မှာ ချက်ခြင်းသက်သက်သာသာ လွယ်လွယ်ကူကူ ဖွားမြင်လာရသည်၊ ဤအချက်ကို ကြည့်၍ **"သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဥ္စ သာဓေတိ တစ်ဏေ၊ ထေရသ'ဂ်ုလိမာလသ၊ လောကနာထေန ဘာသိတံ"**ဟု နိဒါန်းစကားကို မြွက်ဆိုခြင်းဖြစ်ခဲ့သည်။

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ အဂ်ုလိမာလသုတ်အဖွင့် (မ၊ ၌၊ ၃၊ ၂၃၃)မှာ

"ဣမဥ္စ ပန ပရိတ္တံ နကိဥ္စိ ပရိသယံ နမဒ္ဒတိ၊ **မဟာပရိတ္တံ** နာမေတန္တိ ဝုတ္တံ။ ထေရေန နိသိဒိတွာ သစ္စကိရိယကတဋ္ဌာနေ ပိဋကံ အကံသု၊ ဂဗ္ဘမူဋ္ဌံ တိရစ္ဆာနဂတိတ္ထိမ္ပိ အာနေတွာ တတ္ထ နိသဇ္ဇာပေန္တိ၊ တာဝဒေဝ သုခေန ဂဗ္ဘဝုဋ္ဌာနံ ဟောတိ။ ယာ ဒုဗ္ဗလာ ဟောတိ နသက္ကာ အာနေတုံ၊ တဿာ ပိဋကဓောဝနဥဒကံ နေတွာ သိသေ သိဥ္စန္တိ၊ တခ်ဏံယေဝ ဂဗ္ဘဝုဋ္ဌာနံ ဟောတိ၊ အညမ္ပိ ရောဂံ ဂူပသမေတိ။ ယာဝ ကပ္ပါ တိဋ္ဌနကပါဋိယာရိယံ ကိရေတံ---

**သစ္စာပြုနေရာ ကမ္ဘာတည်မှာ။** ။ အထက်ပါ အဋ္ဌကထာစကားအရ ဤပရိတ်တော် မနှိမ်နင်း မဖျက်ဆီးနိုင်သော ဘေးရန်မည်သည်မရှိ၊ ဤပရိတ်တော်မှာ **"မဟာပရိတ်"**မည်၏၊ မထေရ်မြတ်ထိုင်၍ သစ္စာပြုရာဌာန၌ အသုံးပြုသော အင်းပျဉ်ပေါ်မှာ သားမဖွားနိုင်သော တိရစ္ဆာန်မကို သယ်ဆောင်၍ အိပ်စေလျှင်ပင် ချမ်းသာစွာသားဖွားနိုင်သည်၊ အကယ်၍ အားနည်းလွန်း၍ သယ်ဆောင်ဖို့ ခက်ခဲလျှင် အင်းပျဉ်ဆေးရေကို ထိုတိရစ္ဆာန်မ၏ခေါင်း၌ သွန်းလောင်းပေးသောခဏမှာပင် သားဖွားရ၏၊ အခြားရောဂါများကိုလည်း ငြိမ်းစေနိုင်၏။ မထေရ်မြတ်၏ တစ်ကြိမ် သစ္စာပြုထားသော နေရာမှာ နောင်အမြဲ

---

[၅၆၆] "အဂ်ုလိမာလ...လူအဖြစ် မွေးဖွားသည်ကစ၍-ဟု ဆိုလိုတာမဟုတ်၊ လူဆိုတာ သူ့အသက်ကိုလည်း သတ်ချင်သတ်မယ်၊ သူ့ဥစ္စာကို ခိုးခြင်းစသည်ကိုလည်း ပြုချင်ပြုမယ်၊ ယခုအခါ သင်ကား အရိယာနွယ်ဝင် ဖြစ်ခဲ့ပြီ၊ ဒါ့ ကြောင့် သင်က **'ယတော အဟံ ဘဂိနီ ဇာတော'**ဟု ဆိုဖို့ရန် အကယ်၍ သံသယကုတ္တုစွဖြစ်နေလျှင် **'အရိယာယ ဇာတိယာ'**ဟု အထူးပြု၍ ဆိုလော့"ဟု ကိုက်တွန်းတော်မူသည်။ (မ၊ ၌၊ ၃၊ အဂ်ုလိမာလသုတ်အဖွင့်၊ ၂၃၃။)

ဘေးရန် အန္တရာယ် အကာအကွယ်အဖြစ် အသုံးဝင်နေ၍ "ယာဝ ကပ္ပါ တိဋ္ဌနကပါဠိဟာရိယံ ကိရေတံ-**ဤသစ္စာပြုရာနေရာ၏ ထိုသို့အစဉ် အာနဘော်ရှိနေခြင်းမှာ ကမ္ဘာကုန်ဆုံးသည်အထိ တည်နေမည်ဖြစ်သော တန်ခိုးပြာဋိဟာပင် ဖြစ်သတဲ့**" ဟု ဆိုသော မဇ္ဈိမပဏ္ဏာသအဋ္ဌကထာကို ပံ့ပြန်း၍ "ကပ္ပဋ္ဌာယီ မဟာတေဇံ"ဟု ဆိုသည်[၁၆၇]။

ဘုရားရှင် သင်ပေးတော်မူသည့်အတိုင်း မထေရ်မြတ်သည် မြို့တွင်းသို့ အဆောတလျင် သွားတော်မူ၍ ကိုယ်ဝန်ဆောင် မိန်းမကို တင်းတိမ်ကာရံစေပြီး မိမိက ပြင်ဘက် ညောင်စောင်းၭီ ထက်ဝယ် ဖွဲ့ခွေနေလျက် ပရိတ်တော်ကို ရွတ်တော်မူ၏၊ ထိုကိုယ်ဝန်ဆောင် မိန်းမလည်း ရိုခိုး၍ ရိုသေစွာနာ၏၊ ထိုခဏာၭီပင် မျက်နှာမြင့်၍ သားအမိနှစ်ယောက်တို့သည် အနာမရှိ ချမ်းသာပကတိ ရှိကြလေ၏။

ဤပရိတ်တော်ကို လူဖြစ်စေ, ရဟန်းဖြစ်စေ ခေါင်းရင်းကနေလျက် ရွတ်စေ၍ နာရသော်လည်း ကောင်း, ပရိတ်ရေ, ပရိတ်ပန်း, ပရိတ်ချည်တို့ကို သုံးဆောင်ရသော်လည်းကောင်း ကိုယ်ဝန်ဖွားခြင်း ကစ၍ အလုံးစုံသော ဘေးရန် ဥပဒ်အန္တရာယ်တို့ကို ပယ်ဖျောက် ငြိမ်းစေနိုင်၏၊ နွား, ကျွဲ, မြင်း, ဆင် စသော သတ္တဝါတို့ၭီ ပရိတ်ရေ, ပရိတ်ပန်း, ပရိတ်ချည်တို့ကို သုံးဆောင်စေရလျှင် ကိုယ်ဝန်ဖွားခြင်း အစရှိသော ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေနိုင်၏၊ ထို့ကြောင့် ဤပရိတ်တော်ကို ကြီးမြတ်သော အာနဘော်ရှိသော ပရိတ်တော်-ဟု မဇ္ဈိမပဏ္ဏာသအဋ္ဌကထာၭီ ဆိုအပ်သည်။

**<u>သစ္စာစကား ဆိုပုံကား</u>**

**၁။ ယတော'ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊**
**နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။**
**တေန သစ္စေန သောတ္ထိ ဧတ ဟောတု သောတ္ထိ ကတ္ထသ။**
**(မဇ္ဈိမပဏ္ဏာသပါဠိ၊ ရာဇဝဂ်၊ အဝိုလိမာလသုတ်၊ ၃၀၆။)**

**ယတော'ဟံ [ယတော+အဟံ]၊**
**နာဘိဇာနာမိ [နံ+အာဘိဇာနာမိ]၊**
**သဉ္စိစ္စ= သဉ္ဉစိစ်စ → သင်စိတ်စ**

---

[၁၆၇] ပရိတ်ကြီးနိဿယသစ်၊ ၅၆၁။

**သောတ္ထိ= သောတ်ထိ → သွတ်ထိ**

**ဘဂိနိ**–နှမ၊ **အဟံ**–ငါသည်၊ **ယတော**–အကြင်အခါမှ၊ (ပဘုတိ–စ၍၊) **အရိယာယ ဇာတိယာ**–အရိယာဇာတ်ဖြင့်၊ **ဇာတော**–ဖြစ်ခဲ့၏၊ (**တတော**–ထိုအခါမှစ၍၊) **သဉ္ဉိစ္စ**–သေစေလိုသော စေတနာဖြင့် အားထုတ်၍၊ **ပါဏံ**–သတ္တဝါကို၊ **ဇီဝိတာ**–ဇီဝိတိန္ဒြေမှ၊ **ဝေါရောပေတာ**–ချာ့ကူးသည်ဟူ၍၊ **ဟိ**–ချခဲ့ဘူး သတ်ခဲ့ဘူးသည်ဟူ၍၊ **နာဘိဇာနာမိ**–မသိပေ၊ **တေန သစ္စေန**–ထိုသစ္စာစကားကြောင့်၊ **တေ**–သင့်အား၊ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**– ဖြစ်ပါစေသတည်း၊ **ကဿသ**–သူငယ်၏၊ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

နှမ...ငါသည် အရိယာဇာတ်ဖြင့် ဖြစ်သည့်အခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါ သတ်ခဲ့ဘူးသည်ကိုမသိပါ၊ ဤသစ္စာစကားကြောင့် သင်ရော ကလေးပါ ချမ်းသာပါစေ။

**အရိယာဇာတ်၊ စကားရပ်၊ သုံးလတ် ဓိပ္ပါယ်ပြ။** ။ အရှင်မြတ် ထိုသို့ သစ္စာပြုချိန်မှာ မင်းဖိုလ်မရသေးပါ၊ သို့ဖြစ်ပါလျက် **'အရိယာယ ဇာတိယာ'** ဆိုခြင်းသည် ဘယ်သို့ လျော်ကန်မည်နည်း? ဤအရာ၌ **"ရဟန်းအဖြစ်ကိုပင် အရိယာဖြစ်ကြောင်း ဇာတ်ဖြစ်၍ 'အရိယာယ ဇာတိယာ'ဟု"** ဆိုသည်။ ဘုရားရှင်သည် ရှေဦးစွာ **'အရိယာယ ဇာတိယာ'** မပါ၊ **'ယတောဟံ ဘဂိနိ ဇာတော'** စသည်ဖြင့် "နှမ...ငါဖြစ်သည်မှစ၍ သိလျက် သတ္တဝါကို သတ်ဘူးသည်မရှိ"ဟု သင်ပေးခဲ့ရာ အရှင်မြတ်က "သည်လိုဆိုလျှင် တပည့်တော်အား မုသာဝါဒ ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထား၏၊ "အင်္ဂုလိမာလ... ထိုအဖြစ် ဇာတိ(ဇာတ်)ကို သင်မယူနှင့်၊ ထိုဇာတိက လူဖြစ်သောအခါ ဖြစ်သည်၊ လူဆိုသည်မှာ သူ့အသက်သတ်ခြင်းစသည် ပြုတတ်၏၊ ယခု သင်၏ဇာတိမှာ အရိယာဇာတိ (အရိယာဇာတ်)ဖြစ်သည်၊ 'ယတောဟံ ဘဂိနိ ဇာတော'ဟု သင်ဆိုရန် သံသယကင်းစွာဖြစ်လျှင် 'အရိယာယ ဇာတိယာ' ထည့်ဆို"ဟု တစ်ဖန်ပြင်ကာ သစ္စာပြုပုံကို မိန့်တော်မူလေသည်။

**သစ္စာပြုခြင်းသည် ဆေးကုခြင်းပင် မဟုတ်လော?** ဘုရားရှင်က ဒီလို သစ္စာပြုခိုင်းတာဟာ မထေရ်ကို ဆေးကုခိုင်းရာ မကျသလော?လို့ မေးဖွယ်ရှိတယ်၊ **"နှ ဟိ သစ္စကိရိယာ ဓမ္မကမ္မံ ဟောတိ"** ဆိုတဲ့ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (၂၃၄)အရ သစ္စာပြုခြင်းမှာ ဆေးကုခြင်းမဟုတ်ပါ၊ မထေရ်ကို မြင်ကြရင် လူတွေ ကြောက်ကြ ပြေးကြတဲ့အတွက် မထေရ်အဖို့မှာ ဆွမ်းခက်ခဲကာ တရားအားမထုတ်နိုင် ဖြစ်ခဲ့

ရတယ်၊ သစ္စာဆိုက လူတွေချမ်းသာအောင် ပြုပေးခြင်းဖြင့် မေတ္တာသက်ဝင်လာကြပြီး အရှင်မြတ်အား ဆည်းကပ်လာကြမည်ဖြစ်ရာ ဆွမ်းမခက်ခဲပဲ တရားအားထုတ်နိုင်လိမ့်မည်-ဟု ရည်မြော်လျက် မထေရ်အား ချီးမြှောက်လိုတဲ့အတွက် သစ္စာပြုခိုင်းခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် အရှင်မြတ်မှာ ကမ္ပဋ္ဌာန်းအားထုတ်ပါသော်လည်း ကမ္ပဋ္ဌာန်းစိတ်မရောက်ပဲ မိမိရှေးက လူတွေသတ်ခဲ့ပုံ, သေဘေးကြောက်လို့ လူတွေတောင်းပန်ပုံ, ခြေလက် ကိုးရိုးကားရား ဖြစ်နေပုံတွေသာ ထင်နေတဲ့အတွက် နေရာမှ ထထသွားရတယ်၊ ဒါ့ကြောင့် အရိယာဇာတ်ဖြင့် သစ္စာဆိုခိုင်းရင်ရှေးအဖြစ်များ အမှတ်မထားတော့ပဲ ဝိပဿနာပွါးနိုင်ကာ ရဟန္တာဖြစ်လိမ့်မည်-လို့ သိတော်မူတဲ့အတွက် အရိယာဇာတ်ဖြင့် သစ္စာပြုခိုင်းခြင်း ဖြစ်ကြောင်းကိုလည်း ထိုမဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (၂၃၄) ၌ပင် ဖွင့်ပြတော်မူပါတယ်။

## အဝိုလိမာလသုတ် နိဝုံးချုပ် အာသီသလင်္ကာ

ပရသေန၊ ဇိ-ရာဇဟု၊ နာမပြန့်ပြော၊ ထိုမင်းစော၏၊ ပုရောဟိတ်သား၊ ခားတမိုးမိုး၊ ဖြတ်လက်ညှိုးကို၊ နွယ်ကြိုးသိတန်း၊ ပန်းကုံးအသွင်၊ လည်ဝယ်ဆင်၍၊ အဝိုလိမာလ၊ နာမသတ်မှတ်၊ နတ် တန်ခိုးနီး၊ ခိုးသူကြီးကို၊ စောထိးဘုန်းမော်၊ မြတ်ရှင်တော်သည်၊ လျော်ရာမြိုက်ဆေး၊ မြော်တိုက်ကျွေး၍၊ ဇဟိဘိက္ခူ၊ ဖြစ်လျှင်းမူလည်း၊ ပြည်သူရန်းရန်း၊ ကြောက်ပုန်းပုန်းလျက်၊ မုန်းမာန်ကြီးဝင်၊ သို့ကြောင်းအင်ကြောင့်၊ ချစ်ခင်စေသော၊ မြတ်ရှင်စောက၊ ယတောဟံဘဂိနီ၊ ကျူးချိသာယာ၊ ဤဂါထာကို၊ ကရုဏာရှေ့ရှု၊ ဟောတော်မူတိုင်း၊ စွဲယူသန္ဓေ၊ ဖွားလုနေသား၊ အာဝေဏိက၊ ဒုက္ခမီးကြီး၊ ကျည်းဟီးဆူည်၊ သူ၏ထံ၌၊ အသံချိငေါ်၊ ထေရ်ကျော်အဝိုလိ၊ ရွတ်တုံဘိက၊ ပကတိလား၊ ကရားရေသွန်၊ သန္ဓေဝန်သည်၊ လွန်ကြည်အေးမြ၊ ဖွားမြင်ရ၍၊ ထိုမှနောက်နှောင်း၊ အရှင်ကောင်းဟု၊ အပေါင်းပြည်သူ၊ လွန်ကြည်ဖြူ၏၊ **ရွှေကျူ-ဂေဟ၊ ငွေလယုန်ရပ်၊ ငုံးတောအုပ်ဟု၊ စတုဠိမ၊ ကပ္ပဋ္ဌိတိ၊ အဝိုလိကို၊ ထပ်ဖိသောအား၊ ငါး ကပ္ပဋ္ဌိ**[၅၆၀]၊ မော်ကွန်းချိခဲ့၊ ဤကိုထောက်ရှု၊ ဖွားမြင်မှုတွင်၊ ပြုစုကြမြဲ၊ မိဝမ်းဆွဲတို့၊ သုံးစွဲကြရိုး၊ အမျိုးမျိုးထက်၊ တန်ခိုးလျှံဖိတ်၊ ဤပရိတ်ကို၊ ကြည်စိတ်လွတ်လွတ်၊ ကောင်းစွာရွတ်၍၊ ရိုညွှတ်ဂါရဝ၊ နာသူကလည်း၊ ဘုရားစကား၊ မမှားကေန်၊ မှန်သည်ချည်းသာ၊ ယုံကြည်စွာဖြင့်၊

---

[၅၆၀] ဝဋ္ဌသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်တွင် **"ကပ္ပဋ္ဌိတိ ၄-ပါး"** ပြဆိုထားခဲ့ပြီးဖြစ်တယ်၊ အဝိုလိမာလမထေရ်၏ သစ္စာပြုနေရာသည်လည်း ကမ္ဘာတည်သောနေရာဌာနဖြစ်၍ **"ငါး ကပ္ပဋ္ဌိတိ-ကပ္ပဋ္ဌိတိ ၅-ပါး"** ဟု ဆိုလိုတယ်။

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ရတနာသုံးပါး၊ ဦးထိပ်ထား၍၊ သားဖွားလိမ္မာစေကုန်သောင်။ (မြင်းခြံ–၉–ဆောင်မူ၊ မဟာပရိတ် တော်ကြီးနိသျသစ်၊ ၁၃၄။)

**အဝိုလိမာလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ပြီး၏။**

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

# ဗောဇျင်္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

## ဗောဇျင်္ဂသုတ်အစ နိဒါန်းက

(က) သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇျင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

(ခ) ဗုဇ္ဈိတွာ ယေ စိ'မေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ'မဇရာ'ဗျာဓိ၊ အမတံ နိဗ္ဘယံ ဂတာ။

(ဂ) ဝေမာဒိဝုနူပေတံ၊ အနေကဝုဏသင်္ဂဟံ။
ဩသဓဉ္ဇ ဣမံ မန္တံ၊ ဗောဇျင်္ဂဉ္ဇ ဘဏာမ ဟေ။

သံသရန္တာနံ= သံ သရန်တာနံ
သဗ္ဗဒုက္ခဝိနာသနေ= သဗ်ဗ ဒုက်ခ ဝိနာသနေ→သပ်ဗ ဒုတ်ခ ဝိနာသနေ
ဗောဇျင်္ဂေ= ဗောဇ်ဈင်ဂေ→ဗွတ်ဈင်ဂေ
မာရသေနာပမဒ္ဒနေ= မာရ သေနာ ပမဒ်ဒနေ→မာရ သေနာ ပမတ်ဒနေ
ဗုဇ္ဈိတွာ= ဗုဇ် ဈိတ် တွာ→ဗုတ် ဈိတ် တဝါ
စိ'မေ [စ+ဣမေ]၊
မုတ္တကု'တ္တမာ= မုတ်တကုတ်တမာ [မုတ္တကာ+ဥတ္တမာ]၊
အဇာတိ'မဇရာ'ဗျာဓိ [အဇာတိ+အဇရံ+အဗျာဓိ]၊
နိဗ္ဘယံ= နိဗ် ဘယံ→နိပ် ဘယံ [နိ+ဘယံ]၊
ဝေမာဒိဝုဏူပေတံ [ဝေံ+အာဒိ+ဝုဏ+ဥပေတံ]၊
အနေက ဝုဏ သင်္ဂဟံ [နှ+ဧက+ဝုဏ+သင်္ဂဟံ]၊

**သံသာရေ**–သံသရာ၌၊ **သံသရန္တာနံ**–ကျင်လည်ကြကုန်သော သတ္တဝါတို့၏၊ **သဗ္ဗဒုက္ခဝိနာသနေ**–ဒုက္ခခပ်သိမ်းတို့ကို ပျောက်ငြိမ်းစေတတ်ကုန်သော၊ **မာရသေနာပမဒ္ဒနေ**–မာရ်စစ်သည် အသင်းအပင်းတို့ကို နှိမ်နင်းဖျက်ဆီးတတ်ကုန်သော၊ ဝါ–ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်တို့ကို နှိပ်စက်ဖျက်

ဆီးတတ်ကုန်သော၊ **သတ္တ**–ခုနစ်ပါးကုန်သော၊ **ဗောဇ္ဈင်**–ဗောဇ္ဈင်မည်ကုန်သော၊ **ယေ ဓမ္မေ**–အကြင်တရားတို့ကို၊ **ဗုဇ္ဈိတွာ**–သိကြကုန်သောကြောင့်၊ **ဥတ္တမာ**–မြတ်ကုန်သော၊ **ဣမေ သတ္တာ**–ဤသတ္တဝါတို့သည်၊ **တိဘဝါ**–ဘဝသုံးပါးမှ၊ **မုတ္တကာ**–လွတ်မြောက်ကုန်သည်ဖြစ်၍၊ **အဇာတီ**–ပဋိသန္ဓေနေခြင်းမရှိသော၊ **အဇရံ**–အိုခြင်းမရှိသော၊ **အဗျာမီ**–နာခြင်းမရှိသော၊ **အမတံ**–သေခြင်းမရှိသော၊ **နိဗ္ဘယံ**–ဘေးမရှိသော၊ **နိဗ္ဗာနံ**–နိဗ္ဗာန်သို့၊ **ဂတာ**–ရောက်ကြရကုန်ပြီ၊ **ဒေမာဒိဝုဏူပေတံ**–ဤသို့အစရှိသော အကျိုးဂုဏ်အင် အာနိသင်တို့နှင့် ပြည့်စုံသော၊ **အနေကဝုဏသင်္ဂဟံ**–ဂုဏ်အပေါင်းများစွာ သိမ်းယူရာ ဖြစ်သော၊ **ဩသဓဥ**–ရောဂါပျောက်ရေးဝယ် ဆေးသဖွယ်လည်းဖြစ်သော၊ **မန္တဥ**–အန္တရာယ်ကင်းရေးဝယ် မန္တန်သဖွယ်လည်း ဖြစ်သော၊ **ဣမံ ဗောဇ္ဈင်**–ဤဗောဇ္ဈင်သုတ် ပရိတ်တော်ကို၊ **ဟေ**–အိုသူတော်ကောင်းတို့၊ **မယံ**–အကျွန်ုပ်တို့သည်၊ **ဘဏာမ**–ရွတ်ကြပါကုန်စို့။

အိုသူတော်ကောင်းတို့...သံသရာ၌ ကျင်လည်ကြကုန်သောသတ္တဝါတို့၏ ဒုက္ခခပ်သိမ်းတို့ကို ပျောက်ငြိမ်းစေတတ်ကုန်သော, မာရ်စစ်သည် အသင်းအပင်းတို့ကို နှိမ်နင်းဖျက်ဆီးတတ်ကုန်သော, ဗောဇ္ဈင်ခုနစ်ပါးတရားတို့ကို သိကြကုန်သောကြောင့် မြတ်ကုန်သော ဤသတ္တဝါတို့သည် ဘဝသုံးပါးမှ လွတ်မြောက်ကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းမရှိ, ဘေးမရှိ သော နိဗ္ဗာန်သို့ ရောက်ကြရကုန်ပြီ၊ ဤသို့ အစရှိသော အကျိုးဂုဏ်အင် အာနိသင်တို့နှင့် ပြည့်စုံသော ရောဂါပျောက်ရေး ဆေးသဖွယ်ဖြစ်သော, အန္တရာယ်ကင်းရေးဝယ် မန္တန်သဖွယ်လည်း ဖြစ်သော ဤဗောဇ္ဈင်သုတ် ပရိတ်တော်ကို အကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

၁။ **ဗောဇ္ဈင်သုတ် ပရိတ်တော်ကို အဘယ်ဒေသမှာ အဘယ်ဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါ သလဲ?**

ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ အရှင်မဟာကဿပမထေရ် ဖျားနာရောဂါ ဒုက္ခဝေဒနာရောက်သောဝတ္ထု, အရှင်မဟာမောဂ္ဂလာန်မထေရ် ဖျားနာရောဂါ ဒုက္ခဝေဒနာရောက်သောဝတ္ထု, ဘုရားရှင် ကိုယ်တော်တိုင်ပင် ဖျားနာရောဂါ ဒုက္ခဝေဒနာရောက်သောဝတ္ထုတို့ကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါတယ်။

၂။ **ဗောဇ္ဈင်သုတ် ပရိတ်တော်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်မှာ ပါရှိပါသလဲ?**

သုတ္တန်ပိဋကက, သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ်ပါဠိ, ပဌမဂိလာနသုတ် (မဟာကဿပ ဗောဇ္ဈင်), ဒုတိယဂိလာနသုတ် (မောဂ္ဂလာန ဗောဇ္ဈင်), တတိယဂိလာနသုတ် (သမ္မာသမ္ဗုဒ္ဓ ဗောဇ္ဈင်)တို့မှာ ပါရှိပါတယ်။

မဟာဝဂ္ဂသံယုတ်ပါဠိတော် ဗောဇ္ဈင်သုတ် (သံ၊ ၃၊ ၇၁-၇၃) ၌ လာသော ဒေသနာတော်များကား စုလ္လိယ (စကားပြေ)သာ ဖြစ်ရာ "ဗောဇ္ဈင်္ဂေါ သတိသမ္ဗောဇ္ဈင်္ဂေါ"အစရှိသော ဤပရိတ်ကြီး၌လာ ရှစ်ဂါထာခွဲတို့ကိုမူ ရှေးဆရာတို့ စီရင်ရေးသားထားခြင်းဖြစ်သည်၊ စလင်းဆရာတော်က "ဤရှစ်ဂါထာခွဲတို့သည်ကား သီဟိုဠ်မဟာဝိဟာရဝါသီ ရဟန္တာ အရှင်မြတ်တို့ ဟောတော်မူသော ဂါထာတို့တည်း"[၅၆] ဟု ဆိုပါသည်။

## ၃။ အဘယ့်ကြောင့် ဗောဇ္ဈင်သုတ် ပရိတ်မည်ပါသလဲ?

ဗောဇ္ဈင်တရား ခုနစ်ပါးနှင့်စပ်၍ ဟောထားသောသုတ်ဖြစ်သောကြောင့် **"ဗောဇ္ဈင်သုတ် (၈) ဗောဇ္ဈင် ပရိတ်"**မည်ပါတယ်။

"ဗုဇ္ဈတိတိ ဗောဓိ။ ။ ယာ ပညာ-အကြင်အရဟတ္တမဂ်ပညာသည်၊ ဗုဇ္ဈတိ ပွင့်တတ်၏၊ ကုတိ-ထို့ကြောင့်၊ သာ ပညာ-ထိုအရဟတ္တမဂ်ပညာသည်၊ ဗောဓိ-ဗောဓိမည်၏။

အင်္ဂီယတေ ဂမိယတေ ဇတေနာတိ အင်္ဂီ။ ။ ဇတေန-ထိုသတိ, ပညာအစရှိသော ခုနစ်ပါးသောတရားကြောင့်၊ ဝါ-ဖြင့်၊ အင်္ဂီယတေ ဂမိယတေ-သိအပ်၏၊ ဝါ-ရောက်အပ်၏၊ ကုတိ-ထိုသို့သိကြောင်း, ရောက်ကြောင်းဖြစ်သော သတ္တိကြောင့်၊ ဇတေနာတိ ပဒေန-ဇတေနဟူသော ပုဒ်ဖြင့်၊ နိဒ္ဒေသေ-ညွှန်ပြအပ်သော၊ သော ဓမ္မော-ထိုသတိ, ပညာအစရှိသော ခုနစ်ပါးသော တရားသည်၊ အင်္ဂီ-အင်္ဂါမည်၏။

ဗောဓိယာ အင်္ဂီ ဗောဇ္ဈင်္ဂီ။ ။ ဗောဓိယာ-အရဟတ္တမဂ်ပညာ၏၊ အင်္ဂီ-ရရန်အကြောင်းတည်း၊ ဗောဇ္ဈင်္ဂီ-အရဟတ္တမဂ်ပညာကို ရရန်အကြောင်း၊ သတိ, ပညာအစရှိသော ခုနစ်ပါးသောတရားရ၏၊ ဗောဇ္ဈင်္ဂီ စ တံ ပရိတ္တာရွာတိ ဗောဇ္ဈင်္ဂပရိတ္တံ၊ ဗောဇ္ဈင်္ဂီ ဇဝ ဝါ ပရိတ္တံ ဗောဇ္ဈင်္ဂပရိတ္တံ-ဟူသော ဝစနတ္ထအာရ ဗောဇ္ဈင်္ဂပရိတ္တ (ဗောဇ္ဈင်္ဂပရိတ်)မည်၏"[၅၇]။

---

[၅၆] စလင်းစီရင်အပ်သော ဟံသာဝတီ ပရိတ်ကြီးနိဿယ (၂၄၅)။

[၅၇] ဘဂ္ဂဝ-ခုနစ် ရိုက် စလင်းဆရာတော်၏ ဟံသာဝတီ ပရိတ်ကြီးနိဿယ၊ ၂၆၁။

**ဗောဇ္ဈင်** (**ဗော**မိ–အရဟတ္တဖိုလ်ပညာ+**အင်္ဂ**–ရရန်အကြောင်း သတိ စသော ခုနစ်ပါးသော တရား)–အရဟတ္တဖိုလ်ပညာကို ရကြောင်း သတိစသော တရားခုနစ်ပါး။

## ဗောဇ္ဈင်သုတ်မြတ် အတ္ထုပ္ပတ်

အခါတပါး ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော အခါ အရှင်မဟာကဿပမထေရ်သည် ရာဇဂြိုဟ်မြို့၏အနီးဖြစ်သော ပိပ္ပလိလိုဏ်ဂူတောကျောင်း၌ နေတော်မူ၏၊ ထိုအခါမှာ မထေရ်မြတ်အား အဖျားရောဂါ ဒုက္ခဝေဒနာရောက်လတ်၍ ဘုရားရှင်ကြွတော်မူကာ "ကဿပ...သင်၏ဒုက္ခဝေဒနာကား ဘယ်လိုနည်း? ဆုတ်သလား? တိုးသလား?"ဟု မေးတော်မူ၏၊ "အရှင်ဘုရား...တပည့်တော်၏ဒုက္ခဝေဒနာသည် ဆုတ်သည်ပင်မထင်, တိုးသည်သာ ထင်ပါသည် ဘုရား"ဟု လျှောက်၏။

ထိုသို့လျှောက်သောအခါ "ဗောဇ္ဈင်ခုနစ်ပါးတရားကို ငါဟောမည်, နာယူလော့"ဟု မိန့်တော်မူလျက် **"သတ္တိမေ ကဿပ ဗောဇ္ဈင်ာ"**အစချိသော ဗောဇ္ဈင်သုတ်ပရိတ်တော်ကို ဟောတော်မူ၏၊ အရှင်မဟာကဿပမထေရ်သည်လည်း ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကို ရှိသေစွာနာ၏၊ ထိုခဏ၌ပင် တရားတော်ကို စွဲ၍ဖြစ်သော ပိတိသောမနဿတည်းဟူသော ဓမ္မရသကို သောက်တော်မူရ၍ တခဏခြင်း ဒုက္ခဝေဒနာ ငြိမ်းတော်မူ၍ ပကတိကျန်းမာခဲ့လေ၏။

ထို့ပြင် အခါတပါး ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် ရာဇဂြိုဟ်မြို့၏အနီးဖြစ်သော ဂိဇ္ဈကူဋ်တောင်ကျောင်း၌ နေတော်မူ၏၊ ထိုအခါမှာ မထေရ်မြတ်အား အဖျားရောဂါ ဒုက္ခဝေဒနာရောက်လတ်၍ ဘုရားရှင်ကြွတော်မူကာ "မောဂ္ဂလ္လာန်...သင်၏ဒုက္ခဝေဒနာကား ဘယ်လိုနည်း? ဆုတ်သလား? တိုးသလား?"ဟု မေးတော်မူ၏၊ "အရှင်ဘုရား...တပည့်တော်၏ဒုက္ခဝေဒနာသည် ဆုတ်သည်ပင်မထင်, တိုးသည်သာ ထင်ပါသည်ဘုရား"ဟု လျှောက်၏။

ထိုသို့လျှောက်သောအခါ "ဗောဇ္ဈင်ခုနစ်ပါးတရားကို ငါ ဟောမည်, နာယူလော့"ဟု မိန့်တော်မူလျက် **"သတ္တိမေ မောဂ္ဂလ္လာန ဗောဇ္ဈင်ာ"**အစချိသော ဗောဇ္ဈင်သုတ်ပရိတ်တော်ကို ဟောတော်မူ၏၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်လည်း ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကို ရှိသေစွာနာ၏၊ ထိုခဏ၌ပင် တရားတော်ကို စွဲ၍ဖြစ်သော ပိတိသောမနဿတည်းဟူသော ဓမ္မရသကို သောက်တော်မူရ၍ တခဏခြင်း ဒုက္ခဝေဒနာ ငြိမ်းတော်မူ၍ ပကတိကျန်းမာခဲ့လေ၏။

## ဗောဇ္ဈင်သုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ထို့နောက် အခါတပါး ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ကိုယ်တော်တိုင်ပင် အဖျားရောဂါ ဒုက္ခဝေဒနာရောက်လတ်၍ အရှင်မဟာစုန္ဒမထေရ်သည် ဘုရားရှင်ထံတော် ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် ထိုင်နေလေ၏၊ "စုန္ဒ...ဗောဇ္ဈင်တရားတို့ကို သင်၏ဉာဏ်၌ ထင်ပါစေလော့"ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ အရှင်မဟာစုန္ဒမထေရ်က **"သတ္တိမေ ဘန္တေ ဗောဇ္ဈင်ဂါ"** အစချိသော ဗောဇ္ဈင်သုတ်ပရိတ်တော်ကို ရွတ်ဆို လျှောက်လေ၏၊ "စုန္ဒ... ဗောဇ္ဈင် တရားတို့သည် ကောင်းမြတ်ကုန်၏"ဟု ဘုရားရှင်မိန့်တော်မူကာ တရားဟော်ကို စွဲ၍ဖြစ်သော ပိတိသောမနဿတည်းဟူသော နှစ်သက်ခြင်းဖြင့်ပင် တခဏခြင်း ဒုက္ခဝေဒနာ ငြိမ်းတော်မူ၍ ပကတိကျန်းမာခဲ့လေ၏။

၁။ ဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာ'ပရေ။

၂။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေ'တေ သတ္ဘဒဿိနာ။
မုနိနာ သမ္ဗဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

၃။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
စတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

တထာ'ပရေ [တထာ+အပရေ]၊
သမာဓုပေက္ခာ= သမာဓုပေက်ခါ → သမာဓုပစ်ခါ [သမာဓိ+ဥပေက္ခာ]၊
သတ္တေ'တေ= သတ်တေတေ [သတ္တ+ဧတေ]၊
သတ္ဘဒဿိနာ= သဗ်ဘ ဒဿိနာ → သဗ်ဘ ဒတ်သိနာ
သမ္ဗဒက္ခာတာ= သမ်မ ဒက်ခါတာ
သံဝတ္တန္တိ= သံ ဝတ်တန်တိ
အဘိညာယ= အဘိဉ်ညာယ → အဘိန် ညာယ [အဘ+ညာယ]၊
သစ္စဝဇ္ဇေန= သစ်စ ဝစ်ဇေန → သစ်စ ဝစ်ဇေန

**သတိသမ္ဗောဇ္ဈင်္ဂါတော**–သတိဟု ဆိုအပ်သော၊ဝါ–ဘုရားအစရှိသော ကောင်းသောအာရုံ၌ အောက်မေ့ခြင်း လက္ခဏာရှိသော သတိစေတသိက်ဟုဆိုအပ်သော၊ **ဗောဇ္ဈင်္ဂါ စ**–ဗောဇ္ဈင်လည်းကောင်း၊ ဝါ–

အရဟတ္တဖိုလ်၏အကြောင်းလည်းကောင်း၊ **ဓမ္မာနံ ဝိစယော စ**–ဓမ္မဝိစယ ဗောဇ္ဈင်လည်းကောင်း၊ ဝါ–ဖဿ, ဝေဒနာအစရှိသော ဓမ္မတို့၏ သဘောလက္ခဏာ, ကုသိုလ်ဓမ္မတို့၏သဘောလက္ခဏာတို့ကို ဆင်ခြင်ခြင်း လက္ခဏာရှိသော ပညာစေတသိက်ဟုဆိုအပ်သော၊ **ဗောဇ္ဈင်္ဂါ စ**–ဗောဇ္ဈင်လည်းကောင်း၊ ဝါ–အရဟတ္တ ဖိုလ်၏အကြောင်းလည်းကောင်း၊ **တထာ**–ထိုမှတပါး၊ **ဝီရိယံ စ**–ဝီရိယ ဗောဇ္ဈင်လည်းကောင်း၊ ဝါ–သမ္မယုတ် တရားတို့ကို ခိုင်စေခြင်း, ထောက်ပံ့ခြင်း လက္ခဏာရှိသော ဝီရိယဟုဆိုအပ်သော (အရဟတ္တဖိုလ်၏ အကြောင်းလည်းကောင်း)၊ **ပီတိ ပဿဒ္ဓိ ဗောဇ္ဈင်္ဂါ စ**–ပီတိဗောဇ္ဈင်, ပဿဒ္ဓိဗောဇ္ဈင်တို့လည်းကောင်း၊ ဝါ–ကောင်းသောအာရုံကို နှစ်သက်ခြင်းလက္ခဏာရှိသော ပီတိစေတသိက်, ကိုယ်စိတ်ငြိမ်းခြင်းလက္ခဏာရှိသော ပဿဒ္ဓိစေတသိက်ဟု ဆိုအပ်ကုန်သော အရဟတ္တဖိုလ်၏အကြောင်းတို့လည်းကောင်း၊ **တထာ**–ထို့ပြင်၊ **အပရေ**–တစ်ပါးကုန်သော၊

**သမာဓိဗောဇ္ဈင်္ဂါ စ**–သမာဓိဗောဇ္ဈင်, ဥပေက္ခာဗောဇ္ဈင် တို့လည်းကောင်း၊ ဝါ–ကိုယ်စိတ်တည်ကြည်ငြိမ်သက်ခြင်း လက္ခဏာရှိသော ဇောဂတာစေတသိက်, သုခ ဒုက္ခ, ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ လစ်လျူရှုခြင်း လက္ခဏာရှိသော တတြမဇ္ဈတ္တတာစေတသိက်ဟု ဆိုအပ် ကုန်သော အရဟတ္တဖိုလ်၏အကြောင်းတို့လည်းကောင်း၊ **ဣတိ**–ဤသို့၊ **သဗ္ဗဒသိနာ**–တရားအလုံးစုံကို အကုန်သိတော်မူသော၊ **မုနိနာ**–ဘုရားရှင်သည်၊ **သမ္မဒက္ခာတာ**–ကောင်းစွာ ဟောကြားတော်မူအပ် ကုန်သော၊ **သတ္တ**–ခုနစ်ပါးကုန်သော၊ **ဗောဇ္ဈင်္ဂါ**–ထိုဗောဇ္ဈင်တရားတို့သည်၊ ဝါ– ထိုဗောဇ္ဈင်တရားတို့ကို၊ **ဘာဝိတာ**–ပွါးများအပ်ကုန်သည်ရှိသော်၊ **ဗဟုလီကတာ**–ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန် သည်ရှိသော်၊

**အဘိညာယ စ**–သစ္စာလေးပါးကို သိခြင်းငှါလည်းကောင်း၊ **နိဗ္ဗာနာယ စ**–နိဗ္ဗာန်အလို့ ငှါလည်းကောင်း၊ **ဗောဓိယာ စ**–မဂ်ဉာဏ်အလို့ငှါလည်းကောင်း၊ **သံဝတ္တန္တိ**–ဖြစ်ကုန်၏။ **ဧတေန သစ္စဝဇ္ဇေန**–ဤသစ္စာစကားကြောင့်၊ **ဧတ**–သင့်အား၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဆောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

တရားအလုံးစုံ အကုန်သိတော်မူသော ဘုရားရှင်သည် ဟောကြားတော်မူအပ်သော သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ–ဟူသော ဗောဇ္ဈင် ခုနစ်ပါး ဤတရားတို့ကား ပွါးများ အကြိမ်များစွာ လေ့လာခဲ့လျှင် သစ္စာလေးပါးသိရန်, နိဗ္ဗာန်မျက်မှောက်ပြုရန်, မဂ်ရရန် ဖြစ်၏။ ဤသစ္စာစကားကြောင့် 'သင့်အား အခါခပ်သိမ်း ချမ်းသာခြင်း ဖြစ်ပါစေ။

၄။ ကေသွီ သမယေ နာထော၊ မောဂ္ဂလ္လာနဥ္ဇ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇျင်ဂေ သတ္တ ဒေသယိ။
၅။ တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိသု တခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

**ကေသွီ= ကေသ် သမီ→ကေတ် သမိန်**
**ဒုက္ခိတေ=ဒုက်ခိတေ**
**အဘိနန္ဒိတွာ=အဘိ နန်ဒိတ်တွာ→အဘိ နန်ဒိတ် တဝါ**
**မုစ္စိသု=မုစ်စီသု→မုတ် စိန် သု**

**ကေသွီ သမယေ**–အခါတစ်ပါး၌၊ **နာထော**–ဘုရားရှင်သည်၊ **မောဂ္ဂလ္လာနဥ္ဇ**–မောဂ္ဂလ္လာန်မထေရ်ကိုလည်းကောင်း၊ **ကဿပဥ္ဇ**–ကဿပမထေရ်ကိုလည်းကောင်း၊ **ဂိလာနေ**–မကျန်းမမာသည်တို့ကို၊ **ဒုက္ခိတေ**–ဆင်းရဲခြင်းသို့ ရောက်သည်တို့ကို၊ **ဒိသွာ**–မြင်တော်မူ၍၊ **သတ္တ ဗောဇျင်ဂေ**–ဗောဇျင်ခုနစ်ပါးတို့ကို၊ **ဒေသယိ**–ဟောတော်မူပြီ။

**တေ စ**–ထိုမထေရ်တို့သည်လည်း၊ **တံ**–ထိုဗောဇျင် ခုနစ်ပါး တရားတော်ကို၊ **အဘိနန္ဒိတွာ**–နှစ်သက်အားရ ခံယူကြကုန်၍၊ **တခဏေ**–ထိုကြားနာရသော ခဏ၌၊ **ရောဂါ**–ဆင်းရဲဝေဒနာ အနာရောဂါမှ၊ **မုစ္စိသု**–ပျောက်ကင်း လွတ်မြောက်ကြရကုန်ပြီ၊ **ဧတေန သစ္စဝဇ္ဇေန**–ဤသစ္စာစကားကြောင့်၊ **တေ**–သင့်အား၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

အခါတစ်ပါး ဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့် အရှင်မဟာကဿပမထေရ်တို့ မကျန်းမမာ ဆင်းရဲဒုက္ခရောက်နေကြသည်တို့ကို မြင်တော်မူ၍ ဗောဇျင် ခုနစ်ပါး တရားတော်ကို ဟောတော်မူလေပြီ။

ထိုမထေရ်တို့သည် ထိုဗောဇျင် ခုနစ်ပါး တရားတော်ကို နှစ်သက်အားရ ခံယူကြ၍ ထိုကြား နာသောခဏ၌ ရောဂါမှ လွတ်မြောက်ကြရကုန်ပြီ၊ ဤမှန်ကန်သော စကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်း ဖြစ်ပါစေ။

၆။ ကေဒါ မွေရာဇာပိ၊ ဂေလညေနာ'ဘိပီဋ္ဌိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။
၇။ သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

မွေရာဇာပိ= ဓမ်မ ရာဇာ ပိ [မွေ+ရာဇာ+ပိ]၊
ဂေလညေနာ'ဘိပီဋ္ဌိတော= ဂေလဉ်ညေနာ ဘိပီဋ္ဌိတော→ဂေလင်ညေနာ ဘိပီဋ္ဌိတော [ဂေလညေန+အဘိပီဋ္ဌိတော]၊
စုန္ဒတ္ထေရေန= စုန်ဒတ် ထေရေန [စုန္ဒ+ထေရေန]၊
ဘဏာပေတွာ= ဘဏာပေတ် တွာ→ဘဏာပစ်တဝါ
သမ္မောဒိတွာန= သမ်မောဒိတ်တွာ→သမ်မောဒိတ် တဝါ
တမှာ= တမ် မှာ
ဝုဋ္ဌာသိ= ဝုဋ္ဌာသိ→ဝုတ်ဌာသိ

**ကေဒါ**–အခါတစ်ပါး၌၊ **မွေရာဇာပိ**–တရားဘုရင် ဘုရားရှင်သည်လည်း၊ **ဂေလညေန**–ရောဂါဝေဒနာသည်၊ ဝါ–မအီမသာ ကျင်နာခံဆိုး ရောဂါမျိုးသည်၊ ဝါ–မအီမသာ, ကျင်နာခံခက်, နျိပ်စက်လွန်ဆိုး, ရောဂါဆိုးသည်၊ **အဘိပီဋ္ဌိတော**–ပြင်းထန်စွာ နှိပ်စက်အပ်သည်ဖြစ်၍၊ **စုန္ဒတ္ထေရေန**–စုန္ဒမထေရ်ကို၊ **တံယေဝ**–ထို ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကိုပင်လျှင်၊ **သာဒရံ**–ရွှင်ပျကြည်သာ ရိုသေစွာ၊ **ဘဏာပေတွာ**–ရွတ်ဆိုစေ၍၊ (**သုတွာန**–နာတော်မူ၍)[၈၇]။

**သမ္မောဒိတွာန**–ဝမ်းမြောက်တော်မူသောကြောင့်၊ **တမှာ အာဗာဓာ**–စွဲကပ်ကျင်နာ ထိုရောဂါမှ၊ **ဌာနသော**–တစ်ခဏခြင်း၊ **ဝုဋ္ဌာသိ**–ထမြောက် ပျောက်ကင်းတော်မူလေပြီ၊ **ဧတေန သစ္စဝဇ္ဇေန**–ဤသစ္စာ စကားကြောင့်၊ **တေ**–သင့်အား၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေ သတည်း။

အခါတစ်ပါး ဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မကျန်းမမာဖြစ်ခဲ့ရာ အရှင်စုန္ဒမထေရ်ကို ဗောဇ္ဈင်တရားရွတ်ဆိုရန် အမိန့်ရှိတော်မူလေသည်၊ အရှင်မဟာ

[၈၇] စလင်း ပရိတ်ကြီးနိဿယ (၂၅၀)၌ ထည့်ပုဒ်လုပ်၍ အနက်ပေး၏။

## ဗောဇ္ဈင်သုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ကဿပမထေရ်, အရှင်မဟာမောဂ္ဂလ္လာန်မထေရ်တို့အား ဘုရားရှင်ဟောတော်မူသည့် ဗောဇ္ဈင်သုတ် ကိုပင် အရှင်မြတ် ရွတ်ဆိုခဲ့ရာ ဘုရားရှင်၏ ပြင်းထန်သော ရောဂါဝေဒနာမှာ ချက်ခြင်း ပျောက်ကင်း ခဲ့လေသည်။

**၈။ ပဃီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္မိ မဟေသိနံ။**
**မဂ္ဂါဟတာ ကိလေသာဝ၊ ပတ္တာ'နုပ္ပတ္တိမွေတံ။**
**ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။**

**တိဏ္ဏန္နမ္မိ**= တိဏ်ဏာန် နမ်ဝိ—→ တိန်ဏာန် နမ်ဝိ
**မဂ္ဂါဟတာ**= မဂ်ဂါ ဟတာ—→မက်ဂါ ဟတာ [မဂ္ဂ+ဟတာ]၊
**မဂ္ဂါဟတာ** (စလင်း ပရိတ်ကြီးနိသယ, တွံတေး ပရိတ်ကြီးနိသယ, သပြေကန် ပရိတ်ကြီးနိသယသစ်)၊
**မဂ္ဂဟတာ** (ပရိတ္တသင်္ဂဟ, မဟာဂန္ဓာရုံ ပရိတ္တပါဠိ ပရိတ်ကြီးနိသယ)၊
**မဂ္ဂါဟတာ, မဂ္ဂဟတာ** (မြင်းခြံ-၉-ဆောင်မှ မဟာပရိတ်တော်ကြီးနိသျသစ်၌ ပါဠိမှာ **'မဂ္ဂါဟတာ'** နိသျမှာ **'မဂ္ဂဟတာ'** ရှိ၏)၊
**မဂ္ဂါဟတာ ဆုံးဖြတ်မှာ**။ ။ ပရိတ္တဋီကာပါဠိ ဗောဇ္ဈင်သုတ်အဖွင့်မှာ **'မဂ္ဂဟတာ'**ဟု ဆိုလိုလျက် အစအကွရာ တစ်လုံးနောင် 'သ'ဂိုဏ်းလွတ်ရန် မဂ္ဂသဒ္ဒါ၏ 'အ'ကို 'အာ'ပြု၍ **"မဂ္ဂါဟတာ"** ဟု ဆို၏-ဟု ပါရှိသည်[၁၇၂]။
**ပတ္တာ'နုပ္ပတ္တိမွေတံ**= ပတ်တာ နုပ်ပတ်တိ မမ်မတံ [ပတ္တ+အနုပ္ပတ္တိ+မွေတံ]၊

**မဂ္ဂါဟတာ**–အရိယာမဂ်တရားတို့သည် ပယ်ရှားဖျက်ဆီးအပ်ကုန်သော၊ **ကိလေသာ**–ကိလေသာတို့သည်၊ **အနုပ္ပတ္တိမွေတံ**–တစ်ဖန်ထပ်ကာ မဖြစ်ပေါ်လာခြင်းသဘော ရှိသည်၏အဖြစ်သို့၊ **ပတ္တာ ဏ္ဏဝ**–ရောက်ရကုန်သကဲ့သို့၊ **တထာ**–ထို့အတူ၊ **တိဏ္ဏန္နမ္မိ**–ရှင်တော်ဘုရား, အရှင်မဟာကဿပ, အရှင်မဟာမောဂ္ဂလ္လာန်အားဖြင့် သုံးပါးလည်းဖြစ်ကုန်သော၊ **မဟေသိနံ**–သိလက္ခန္ဓ, စသည့်ကျေးဇူး,

---

[၁၇၂] မဂ္ဂဟတာတိ ဝတ္တဗ္ဗေ နဒ္ဒကွရေသု ပါဒေသု သွာဒိမှာ'တိ ဝုတ္တတ္တာ သကာရမုတ္တတ္ထံ မဂ္ဂသဒ္ဒဿ အကာရဿ ဒီဃံ ကတွာ **မဂ္ဂါဟတာတိ** ဝုတ္တံ ယထာ ဘဝတု (ဘဝတူ) သဗ္ဗမင်္ဂလန္တိ။ (ပရိတ္တဋီကာပါဠိ၊ ၁၀၇။)

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ဂုဏ်အထူးကို, ဆီးပူးရှာမှီး, လေ့ကျက်တော်မူကြပြီး ကိုယ်တော်မြတ်ကြီးတို့သည်၊ **ပဟီနာ**–ဖောဖျင်တရားဖြင့် ပယ်ရှားအပ်ပြီးဖြစ်ကုန်သော၊ **စတေ အာဘာစော စ**–ထိုအနာရောဂါတို့သည်လည်း။ **အနုပ္ပတ္တိမ္မေတံ**– တစ်ဖန်ထပ်ကာ မဖြစ်ပေါ်လာခြင်းသဘော ရှိသည်၏အဖြစ်သို့၊ **ပတ္တာ**–ရောက်ကုန်ပြီ၊ **စတေန သစ္စဝဇ္ဇေန**–ဤသစ္စာ စကားကြောင့်၊ **စတေ**–သင့်အား။ **သဒ္ဓါ**–အခါခပ်သိမ်း။ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေ သတည်း။

မင်္ဂလာဖြင့် ပယ်အပ်သော ကိလေသာတို့သည် တစ်ဖန် ထပ်ကာပေါ်မလာသကဲ့သို့ မဟေသိသုံးပါး (ဘုရား, အရှင်မဟာကဿပ, အရှင်မဟာမောဂ္ဂလ္လာန်)တို့၏ ဖောဖျင်တရားဖြင့် ပယ်ရှားအပ်သော အနာရောဂါများမှာလည်း နောင်တစ်ဖန်ပေါ်ခြင်း အရှင်းမရှိတော့သည်၏အဖြစ်သို့ ရောက်ရလေပြီ၊ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်း ဖြစ်ပါစေ။

**ဖောဖျင်**သုတ် ပရိတ်တော်သည် စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် အာဏာစက် ပြန့်နှံ့လျက် ဘေးရန်အန္တရာယ်များကို ပျောက်ကင်းစေနိုင်၏၊ ဖောဖျင်သုတ်အတွင်း၌ ပါဝင်သော ဖောဖျင်ခုနစ်ပါးတရားတို့ကို ပြည့်စုံအောင် ထူထောင်ပွါးများခဲ့လျှင် ယခုဘဝမှာပင် မင်္ဂဏ်ဖိုလ်ဌာန် နိဗ္ဗာန်သို့ ရရောက်နိုင်၏၊ ထို့ကြောင့် ဤဖောဖျင်သုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏[၁၇၃]။

## ဖောဖျင်သုတ် နိဝုံးချုပ် အာသီသလင်္ကာ

မောဂ္ဂလာန၊ ကဿပနှင့်၊ စုန္ဒဖောဖျင်၊ ခေါ်တွင်သမုတ်၊ သုတ်သုံးသုတ်ကို၊ ဝဋ်ဒုက္ခကင်း၊ နစ်ချက်ပြင်း၍၊ ဆင်းရဲစွာလှ၊ ဒုက္ခိတနှင့်၊ ဆနဝုတိ၊ ရောဂါဖိ၍၊ မချိစွာတောင်း၊ သူနာပေါင်းကို၊ နည်းကောင်းနည်းမွန်၊ ခုနစ်ပါးဆေး၊ ဖော်ပေးသော့်လား၊ ကုစားသောတူ၊ ဟောတော်မူ၍၊ တိုင်ထူနက္ခတ်၊ ဓာတ်နှင့်ဝိန္ဒေါ၊ ပယောဂသုံး၊ ကုထုံးလက်တွေ့၊ ရသေ့ဉာဏ်သွား၊ သမားဉာဏ်စွမ်း၊ အကျမ်းကျမ်းကို၊ လွမ်းလောက်အောင်ရွတ်၊ သူနာညွှတ်အောင်၊ မွတ်မွတ်ချောချော၊ ပြောအဟောနှင့်၊ လောကုတ္တရာ၊ ဘိဓမ္မာလည်း၊ နာ၍မငြီး၊ အသီးသီးပင်၊ ချီးမွမ်းဖွယ်ရေး၊ ထင်ရာတွေးပြီး၊ အကျွေးမထား၊ ဆေးမရှားတိုင်း၊ ကြေးစားပြုစု၊ သမားကုထက်၊

---

ဂဏ္ဍ မောက္ခဂ္ဂန်း ကတိုယကို့ ဒုတ်။

**ဗောဇ္ဈင်သုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်**

သုံးလွှဲဆရာ၊ မဟာတိကိစ္ဆက၊ အတုလဓမ္မရာဇ်၊ ဆေးဆိညှစ်၍၊ ခုနစ်ဗောဇ္ဈင်၊ ဆေးဘုရင်ကို၊ ပေးစဉ်ထောက်တပို၊ သုံးသောက်မျိုက၊ ထိုထိုရောဂါ၊ ဝေဒနာတို့၊ ကြေခါလွင့်ပျောက်၊ ဆင့်ဆင့်သောက်က၊ ရောက်လိမ့်နိဗ္ဗာန်၊ ကြည်စိတ်သန်၍၊ မိဠာန်ကုစားကြစေကုန်သော်[၇၇]။

**ဗောဇ္ဈင်သုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ပြီး၏။**



[၇၇] မြင်းခြံ-၉-ဆောင်မူ မဟာပရိတ်တော်ကြီးနိဿျသစ်၊ ၁၄၀-၁၄၁။

# ပုဗ္ဗဏ္ဍသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

**ပုဗ္ဗဏ္ဍသုတ်၌ စီစစ်ချက်။** ။ ဤပုဗ္ဗဏ္ဍသုတ်၌ နောက်ဆုံး **"သုနက္ခတ္တံ**–ကစ၍ **သဟ သဓ္ဓမ္မေဟိ ဉာတီဘိ"** တိုင်အောင် သုံးဂါထာခွဲတို့ကား အင်္ဂုတ္တရနိကာယ် တိကနိပါတ် ပုဗ္ဗဏ္ဍသုတ် (အံ၊ ၁၊ ၂၉၉) လာ ဂါထာများ ဖြစ်သည်၊ ကျန်ဂါထာတို့တွင် **"ယံ ကိဉ္စိ ဝိတ္တံ"**အစချီသော ပဌမဂါထာကား ခုဒ္ဒကပါဌ ရတနသုတ်(ခု၊ ၁၊ ၅)နှင့် သုတ္တနိပါတ် ရတနသုတ် (ခု၊ ၁၊ ၃၁၂)လာ ဘုရားဟော ဂါထာပင်ဖြစ်၏၊ ကျန်ဂါထာများမှာ ဘုရားဟော မဟုတ်ပါ၊ ရှေးဆရာတို့ စီစဉ်ထားခြင်းဖြစ်သည်[၈၅]။

**ပုဗ္ဗဏ္ဍသုတ်ခေါ်ခြင်းအကြောင်း။** ။ ပုဗ္ဗဏ္ဍသုတ်လာ ဂါထာများကို အစွဲပြု၍ တစ်သုတ်လုံးကို ပုဗ္ဗဏ္ဍသုတ်ဟုပင် ခေါ်ကြသည်၊ ပုဗ္ဗဏ္ဍသုတ်–ဟူသော အမည်နှင့်လိုက်လျော်စွာ နံနက်အခါ ရွတ်ဆိုကြရန် သတ်မှတ်ထားကြောင်း ဆိုရိုးရှိသည်၊ သို့သော်လည်း နံနက်အခါသာ ရွတ်သင့် ရွတ်ထိုက်သည်ဟု တထစ်ချ မှတ်ရန်တော့ မဟုတ်ပါ၊ အချိန်အခါမရွေး ရွတ်လိုက ရွတ်နိုင်၍ အကျိုးရှိသည်သာဟု မှတ်သင့်ပါသည်။

၁။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏာသ သဒ္ဒေါ။
ပါပဂ္ဃော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ'မေန္တု။
၂။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏာသ သဒ္ဒေါ။
ပါပဂ္ဃော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ'မေန္တု။
၃။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏာသ သဒ္ဒေါ။

---

[၈၅] မဟာဝိဟာရဝါသီ ရဟန္တာအရှင်မြတ်တို့ဟောတော်မူသော ဂါထာတို့တည်း။ (စလင်း ပရိတ်ကြီးနိ.၁၁၊(၁)၊ ၂၆၄။)

ပါပဂ္ဂဟော ဒုဿုပိန် အကန္တံ့
သံဃာနုဘာဝေန ဝိနာသ'မေန္တု။

**ဒုန္နိမိတ္တံ**= ဒုန် နိမိတ်တံ [ဒု+နိမိတ္တံ]၊

ဥ–ဒု–နိ–ဥပသဂ္ဂတော ဒိုတ္တန် ရူပသိဒ္ဓိယံ ဝုတ္တတ္တာ **ဒုန္နိမိတ္တန်** ဝုတ္တံ။
(ပရိတ္တပါဠိဋီကာ၊ ၁၀၉။)

**အဝမင်္ဂလာ**=အဝ မင်ဂလဉ် စ⟶အဝ မင်ဂလင် စ

**စာ'မနာပေါ** [စ+အမနာပေါ⟶စ+နု+မနာပေါ]၊

**သဒ္ဓေါ**=သဒ်ဓေါ⟶သတ်ဓေါ

**ပါပဂ္ဂဟော**= ပါပဂ် ဂဟော⟶ပါပက် ဂဟော [ပါပ+ဂဟော]၊

**ဒုဿုပိန်**= ဒုသ်သုပိန်⟶ဒုတ်သုပိန် [ဒု+သုပိန်]၊

**အကန္တံ့**= အကန်တံ [နု+ကန္တံ့]၊

**ဒုဒ္ဓါနုဘာဝေန**= ဒုဒ်ဓာ နုဘာဝေန⟶ဒုတ်ဓာ နုဘာဝေန [ဒုဒ္ဓ+အာနုဘာဝေန]၊

**ဝိနာသ'မေန္တု**= ဝိနာသ မေန်တု⟶ဝိနာသ မင်တု [ဝိနာသ်+မေန္တု]၊

**မွာနုဘာဝေန**= ဓမ်မာနုဘာဝေန [ဓမ္မ+အာနုဘာဝေန]၊

**သံဃာနုဘာဝေန** [သံဃ+အာနုဘာဝေန]၊

**ယံ ဒုန္နိမိတ္တာဒ္ဓ**–အကြင် မကောင်းသော နိမိတ်သည်လည်းကောင်း၊ ဝါ–အကြင် ဥက္ကာကျခြင်း, လကြတ်ခြင်း, နေကြတ်ခြင်း, ကြယ်တန်ခွန်ပေါ်ထွက်ခြင်း, ထိန်ထိန်ပြောင်လင်း အရပ်မျက်နှာ တောက်လောင်ခြင်း အစရှိသော အနိဿိတ, ဒုက္ခဝိပါကဆိုး ပွါးတိုးကြောင်းရိပ် မကောင်းသော နိမိတ် သည်လည်းကောင်း၊ **ယံ အဝမင်္ဂလာဒ္ဓ**–အကြင် အမင်္ဂလာသည်လည်းကောင်း၊ ဝါ–အကြင် အမြင်, အကြား, အတွေ့အာမခံ ဆိုးရွားညံ့ဖျင်း မင်္ဂလာမရှိခြင်းသည်လည်းကောင်း၊ **သက္ကစ္စာသဿ**–ငှက် ဆိုး၏၊ ဝါ–ယုတ်မာညံ့သက် မကောင်းဆိုးဝါးသောငှက်၏၊ **အမနာပေါ**–နှစ်သက်ဖွယ်မရှိသော၊ ဝါ–နှစ် သက်ရွင်ပြုံးသည့် စိတ်နှလုံးကို မပွါးစေတတ် ဒေါမနဿကိုသာ ဖြစ်စေတတ်သော၊ **ယော သဒ္ဓေါ စ**–အကြင်အသံသည်လည်းကောင်း၊ ဝါ–အကြင်မြည်တွန်ဟစ်အော် ကြွေးကြော်သော အသံသည်လည်း ကောင်း၊ **ယော ပါပဂ္ဂဟော စ**–အကြင် ပါပဂြိဟ်သည်လည်းကောင်း၊ ဝါ–အကြင်မကောင်းသော ညံ့ဖျင်းဂြိဟ်စီး, ဂြိဟ်နှင်းသည်လည်းကောင်း၊ **အကန္တံ့**–နှစ်လိုဖွယ်မရှိသော၊ ဝါ–သာယာစုံမက် နှစ်

သက်ဖွယ်မရှိသော၊ **ယံ ဒုဿုပိနဥ္စ**–အကြင်မကောင်းသော အိပ်မက်သည်လည်းကောင်း၊ ဝါ–အကြင်ကြောက်ဖွယ်ခမန်း မကောင်းဆိုးဝါးသော အိပ်မက်သည်လည်းကောင်း၊ **သန္တိ**–ရှိကုန်၏၊ **ဧတေ ဒုနိမိတ္တာဒယော**–ထိုမကောင်းသော နိမိတ်စသည်တို့သည်၊ **ဝုဒ္ဓါနဘာဝေန**–ဘုရားရှင်တို့၏ အာနဘော်တော်ကြောင့်၊ ဝါ–အံ့အဲမကုန် ရှင်တော်ဘုရားတို့၏ဂုဏ်ကို အာရုံတမ်းမှန်းသည့် ကုသိုလ်စေတနာအစွမ်းကြောင့်၊ **မွောနဘာဝေန**–တရားတော်တို့၏ အာနဘော်တော်ကြောင့်၊ ဝါ–အံ့အဲမကုန် တရားတော်မြတ်တို့၏ဂုဏ်ကို အာရုံတမ်းမှန်းသည့် ကုသိုလ်စေတနာအစွမ်းကြောင့်၊ **သံဃာနဘာဝေန**–သံဃာတော်တို့၏ အာနဘော်တော်ကြောင့်၊ ဝါ–အံ့အဲမကုန် သံဃာတော်မြတ်တို့၏ဂုဏ်ကို အာရုံတမ်းမှန်းသည့် ကုသိုလ်စေတနာအစွမ်းကြောင့်၊ **ဝိနာသံ**–အလျှင်း မရောက် ကင်းပျောက်ခြင်းသို့၊ ဝါ–ဝေးစွာစင်ကင်း လွင့်ပျောက်ခြင်းသို့၊ **ဇန္တု**–ရောက်ပါစေကုန်သတည်း။

မကောင်းသော နိမိတ်, အမင်္ဂလာ, နှစ်သက်ဖွယ်မရှိသော ၎က်ဆိုးသံ, ပါပဂြိုဟ်, နှစ်လိုဖွယ်မရှိသော အိပ်မက်ဆိုး အမျိုးမျိုးတို့သည် ဘုရားရှင်, တရာတော်, သံဃာတော်တို့၏အာနဘော်ကြောင့် ကင်းပျောက်ကြပါစေ။

<u>ဆင်းရဲသူသို့ ကရုဏာပို့</u>

၄။ ဒုက္ခပွတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပွတ္တာ စ နိဗ္ဘယာ။
သောကပွတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပွတ္တာ= ဒုက်ခပ် ပတ်တာ→ဒုတ်ခပ် ပတ်တာ [ဒုက္ခ+ပတ္တာ]၊
နိဒ္ဒုက္ခာ= နိဒ် ဒုက်ခါ→နိတ် ဒုတ်ခါ [နိ+ဒုက္ခာ]၊
ဘယပွတ္တာ= ဘယပ် ပတ်တာ [ဘယ+ပတ္တာ]
နိဗ္ဘယာ= နိဗ် ဘယာ→နိပ် ဘယာ [နိ+ဘယာ]၊
သောကပွတ္တာ= သောကပ် ပတ္တာ [သောက+ပတ္တာ]၊
နိသောကာ= နိသ် သောကာ→နိတ် သောကာ [နိ+သောကာ]၊

**ဒုက္ခပွတ္တာ**–ဆင်းရဲဒုက္ခ ရောက်နေကြကုန်သော၊ **သဗ္ဗေပိ**–အလုံးစုံလည်းဖြစ်ကုန်သော၊ **ပါဏိနော**–သတ္တဝါတို့သည်၊ **နိဒ္ဒုက္ခာ စ**– ဆင်းရဲဒုက္ခ မရှိကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **ဘယပွတ္တာ**– ဘေးအန္တရာယ် ကျရောက်နေကြကုန်သော၊ **သဗ္ဗေပိ**–အလုံးစုံလည်းဖြစ်

ကုန်သော၊ **ပါထိနော**–သတ္တဝါတို့သည်၊ **နိဗ္ဗယာ စ**–ဘေးအန္တရာယ် မရှိကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သောကပွတ္တာ**– စိုးရိမ်ပူဆွေးခြင်းသို့ ရောက်ကြကုန်သော၊ **သဗ္ဗေပိ**–အလုံးစုံလည်းဖြစ်ကုန်သော၊ **ပါထိနော**–သတ္တဝါတို့သည်၊ **နိဿောကာ စ**–စိုးရိမ်ပူဆွေးခြင်း မရှိကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။

ဆင်းရဲဒုက္ခ ကြုံတွေ့နေကြရသော သတ္တဝါမှန်သမျှ ဆင်းရဲဒုက္ခကင်းကြပါစေ၊ ဘေးအန္တရာယ် ကြုံတွေ့နေကြရသော သတ္တဝါမှန်သမျှ ဘေးအန္တရာယ် ကင်းကြပါစေ၊ စိုးရိမ်သောက ရောက်နေကြရသော သတ္တဝါမှန်သမျှ စိုးရိမ်သောက ကင်းဝေးကြပါစေ။

**ဒုက္ခရောက်လာ၊ များသတ္တာ၊ မြန်စွာ ဒုက္ခကင်းပါစေ။**
**ဘေးရန်ရောက်လာ၊ များသတ္တာ၊ မြန်စွာ ဘေးမှကင်းပါစေ။**
**သောကရောက်လာ၊ များသတ္တာ၊ မြန်စွာ သောကကင်းပါစေ။**

**၅။ တ္တောဝတာ စ အမှေဟိ၊ သမ္ဟတံ ပုညသမ္ပဒံ။**
**သဗ္ဗေ ဒေဝါ နုမောဒန္တု သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။**

တ္တောဝတာ= တတ်တာ ဝတာ → အစ်တာ ဝတာ
အမှေဟိ= အမ်မှေဟိ
သမ္ဟတံ= သမ်ဘတံ
ပုညသမ္ပဒံ= ပုဉ်ဉ သမ်ပဒံ → ပုန်ဉ သမ်ပဒံ
ဒေဝါ နုမောဒန္တု= ဒေဝါ နုမောဒန်တု [ဒေဝါ+အနုမောဒန္တု]၊
သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ= သဗ်ဗ သမ်ပတ်တိ သိဒ်ဓိယာ → သဗ်ဗ သမ်ပတ်တိ သိတ်ဓိယာ [သဗ္ဗ+သမ္ပတ္တိ+သိဒ္ဓိယာ]၊

**ကျွန်ုပ်တို့ကောင်းမှု မျှဝေပြု (လုံးစုံများစွာ၊ နှတ်ဒေဝါ၊ ဝမ်းသာနုမော် သာဓုခေါ်ခြင်းကြပါစေ)**

**စ**–ပတ္တိဒါနစကား မြွက်ကြားပါအုံ၊ **တ္တောဝတာ**–ဤမျှအတိုင်းအရှည်ရှိသော ယွင်းချက်မထင်ရှတ်ဆိုအပ်သောစကားအစဉ်ဖြင့်၊ **အမှေဟိ**–အကျွန်ုပ်တို့သည်၊ ဝါ–ငါတို့သည်၊ **သမ္ဟတံ**–ကောင်းစွာဆည်းပူးအပ်သော၊ **ပုညသမ္ပဒံ**–ကောင်းမှုတရားပြည့်စုံခြင်းကို၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **ဒေဝါ**–နတ်တို့သည်၊ **သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ**–စည်းစိမ်များစွာ ချမ်းသာဖုံဖုံ ပြည့်စုံ ပြီးမြောက်ခြင်းငှါ၊ ဝါ–လောကီ

လောကုတ္တရာ နှစ်ဖြာပြည့်ဖြိုး ခပ်သိမ်းသောစည်းစိမ်ချမ်းသာ၏ ပြီးစီးခြင်းအကျိုးငှါ၊ **အနုမောဒန္တု**-ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ခြင့် အကျွန်ုပ်တို့ ကောင်းစွာ ဆည်းပူးအပ်သော ကောင်းမှု၏ပြည့်စုံခြင်းကို အလုံးစုံသော နတ်တို့သည် လောကီ လောကုတ္တရာ စည်းစိမ်ချမ်းသာ ပြည့်စုံဖို့ရန် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုကြပါကုန်လော့။

နတ်တို့ပြည်သို့ ပြန်လည်ပို့

၆။ ဒါန် ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ'ဘိရတာ ဟောန္တု ကန္တာရေ ဒေဝတာ'ဂတာ။

ဒဒန္တု= ဒဒန်တု
သဒ္ဓါယ= သဒ်္ဓာယ → သတ်္ဓာယ
ဘာဝနာ'ဘိရတာ [ဘာဝနာ+အဘိရတာ]၊
ကန္တာရေ= ကစ်ဆန်တု
ဒေဝတာ'ဂတာ [ဒေဝတာ+အာဂတာ]၊

**သဒ္ဓါယ**-ရတနာသုံးတန်, ကံ ကံ၏အကျိုး မြတ်နိုးယုံကြည်ကြကုန်၍၊ **ဒါန်**-အလှူဒါနကို၊ **ဒဒန္တု**-လှူဒါန်းကြပါကုန်လော့၊ **သဗ္ဗဒါ**-အခါခပ်သိမ်း၊ **သီလံ**-ခါးဝတ်ပမာ စွဲမြဲစွာ ကျင့်သုံးအပ်သော သီလတရားကို၊ **ရက္ခန္တု**-စောင့်ရှောက်ကြပါကုန်လော့၊ **ဘာဝနာဘိရတာ**-သမထ ဝိပဿနာ ဘာဝနာ၌ နှစ်ခြိုက်ရွှင် ပျော်မွေ့လျော်ကြကုန်သည်၊ **ဟောန္တု**-ဖြစ်ကြပါကုန်လော့၊ **အာဂတာ**-ပရိတ်တရားတော် နာယူရန် ဆိုက်ရောက်လာကြကုန်သော၊ **ဒေဝတာ**-နတ်တို့သည်၊ **ကန္တာရေ**-ကိုယ့်ရပ်ဌာနီ နတ်တို့ပြည်သို့ ပြန်လည်ကြွကြပါကုန်လော့။

ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်ကြကုန်၍ အလှူဒါနကို ပေးလှူကြကုန်လော့၊ အခါခပ်သိမ်း သီလကို စောင့်ရှောက်ကြကုန်လော့၊ သမထ ဝိပဿနာ ဘာဝနာ၌ ပျော်ပိုက်ကြကုန်လော့၊ ပရိတ်တရားနာ လာရောက်ကြကုန်သော နတ်တို့သည် နေရင်းဌာနေ နတ်တို့ပြည်သို့ ပြန်ကြကုန်လော့။



**ဂစ္ဆန္တူ ဒေဝတာဂတာ**–ပုဒ်စုကား **"သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တူ ဒေဝတာ"**ဟု အစက "တရားနာ လာကြကုန်လော့"ဟု တရားနာဖိတ်ခေါ်ထားသောနတ်တို့ကို 'ယခု တရားဟော၍ ပြီးပြီ၊ သင်တို့နေရာအရပ်ဌာနသို့ ပြန်ကြကုန်လော့'ဟု အခွင့်ပေးသော စကားဖြစ်၏–ဟု မှတ်ပါ။

**၇။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။**
**အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။**

**ဗလပ္ပတ္တာ**–ကာယ ဥာဏ, ဗလစွမ်းအား ရငြားပိုင်ဆိုင်တော်မူကြကုန်သော၊ **သဗ္ဗေ**–အလုံးစုံ ကုန်သော၊ **(ယေ) ဗုဒ္ဓါ**–အကြင်ဘုရားရှင်တို့သည်၊ (သန္တိ–ရှိကုန်၏၊ တေသဉ္စ–ထိုဘုရားရှင်တို့၏လည်း ကောင်း၊) **ပစ္စေကာနဉ္စ**–ပစ္စေကဗုဒ္ဓါတို့၏လည်းကောင်း၊ **ယံ ဗလံ**–အကြင်စွမ်းအားရှိန်စော် အာနုဘော်

တော်သည်၊ (အတ္ထိ-ရှိ၏၊ တေန ဗလေန စ-ထိုစွမ်းအားရှိန်စော် အာနုဘော်တော်ဖြင့်လည်းကောင်း၊) **အရဟန္တာနံ**-ရဟန္တာအရှင်မြတ်တို့၏၊ **စတဇေန စ**-တန်ခိုးရှိန်စော် အာနုဘော်တော်ဖြင့်လည်းကောင်း၊ **သဗ္ဗဿာ**-အခါခပ်သိမ်း၊ **ရက္ခံ**-အကွယ်အကာ အစောင့်အရှောက်ကို၊ **အဟံ**-အကျွန်ုပ်သည်၊ ဝါ-ငါသည်၊ **ဗန္ဓာမိ**-ဖွဲ့ပါ၏။

ကိုယ်တော်အား, ဉာဏ်တော်အားကို ပိုင်ဆိုင်တော်မူကြကုန်သော ဘုရားရှင်တို့နှင့် ပစ္စေက ဗုဒ္ဓါတို့၏ အစွမ်းအာနုဘော်တော်ဖြင့်လည်းကောင်း, ရဟန္တာ အရှင်မြတ်တို့၏ တန်ခိုးအာနုဘော်တော်ဖြင့်လည်းကောင်း၊ အခါခပ်သိမ်း အကာအကွယ် အစောင့်အရှောက်ကို အကျွန်ုပ်သည် ဖွဲ့ပါ၏။

**"သဗ္ဗ ဗုဒ္ဓါ--နက်ပေးရာ၊ ခြားကာ ကြဲကြသည်။** ။ **"သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ"**ကို မြင်းခြံ-၉-ဆောင်မှု မဟာပရိတ်တော်ကြီးနိသျသစ်, တွဲတေး ပရိတ်ကြီးနိသယ, စလင်း ပရိတ်ကြီးနိသယတို့မှာ ဆဋ္ဌိအနက်၌ ပဌမာဝိဘတ်ကြဲကြ၏၊ ပရိတ်ကြီးနိသယသစ်မှာ နိယတ်, အနိယတ်ထည့်၍ လိင်အနက်၌ ပဌမာဝိဘတ်ပင်ကြဲ၏, မဟာဂန္ဓာရုံ ပရိတ်ကြီးနိသယမှာကား တုလျတ် လိင်္ဂတ် ကြဲ၏။ ငါတို့ကား ပရိတ်ကြီး နိသယသစ်အတိုင်းလိုက်၏။

**ဗလပ္ပတ္တာ**-ကိုယ်တော်ဉာဏ်တော်, စံတော်မထား, ဆယ်ပါးဆယ်ပါး, ကျယ်ပွါးကဲမောက်, အားဆယ်ပါးသို့ ရောက်တော်မူကုန်သော၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဗုဒ္ဓါ စ**-ဘုံသုံးပါးလုံး, မနှုန်းစအပ်, အဆုံးမြတ်တော်မူသော, သဗ္ဗညုရှင်တော်ဘုရားတို့၏လည်းကောင်း။ (မြင်းခြံ-၉-ဆောင်မှု၊ ၁၄၅။)

**ဗလပ္ပတ္တာ**-ကိုယ်တော်အား ဆယ်ပါး, ဉာဏ်တော်အား ဆယ်ပါး, ထူးခြားကဲမောက်, အားဆယ်ပါးသို့ ရောက်တော်မူကုန်သော၊ **သဗ္ဗေ**-ပွင့်ကြဉသုံ, ခပ်သိမ်းကုန်သော၊ **ဗုဒ္ဓါ စ**-သုံးခွင်ထွတ်ထား, ရှင်တော်ဘုရားတို့၏လည်းကောင်း။ (တွဲတေး ပရိတ်ကြီးနိသယ၊ ၁၈၁။)

**ဗလပ္ပတ္တာ=ဗလပ္ပတ္တာနံ**-ကာယဗလ, ဉာဏဗလ, ခန္တီ, မေတ္တာ, ဝီရိယ အစရှိသော အားသို့ ရောက်တော်မူကုန်သော၊ **သဗ္ဗေ ဗုဒ္ဓါ=သဗ္ဗေသံ ဗုဒ္ဓါနဉ္စ**-ကုဋေအရာမက များစွာကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့၏လည်းကောင်း။ (စလင်း ပရိတ်ကြီးပါဠိတော်နိသယ၊ ၂၆၉-၂၇၀။)

**သဗ္ဗေ ဗုဒ္ဓါ**–ဂဂီဝါဠ္ဍ, သဲစုအမျှ, ပွင့်တော်မူကြသော ဘုရားရှင်ဟူသမျှတို့.သည်၊ **ဗလပ္ပတ္တာ**–ကာယဗလ, ဉာဏဗလသို့, ရောက်တော်မူကြကုန်၏။ (မဟာဂန္ဓာရုံ ပရိတ်ကြီးနိဿယ၊ ၁၃၉။)

**ရတနာသုံးပါး၊ အမြတ်ထား၊ ဆိုငြား သစ္စာရည်**

၈။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

**ဣဓ ဝါ**–ဤလူ့ပြည်၌လည်းကောင်း၊ **ဟုရံ ဝါ**–နဂါး ဂဠုန် အသုရာပြည်တို့.၌လည်းကောင်း၊ **သဂ္ဂေသု ဝါ**–နတ်ပြည်တို့.၌လည်းကောင်း၊ **ယံ ကိဉ္စိ**–အလုံးစုံသော၊ **ဝိတ္တံ**–အတွင်းအပ သုံးဆောင်အပ်သော၊ **ပဏီတံ**–မြတ်သော၊ **ယံ ရတနံ**–အကြင် ရွှေ ငွေ ပုလဲ ပတ္တမြား, စသောအားဖြင့်, များပြားစွာလှ, ကာယဘောဂီ, သောဘဏီဖြစ်သော လောကီဥစ္စာ ရတနာသည်၊ (အတ္ထိ-ရှိ၏၊) **တထာဂတေန**–လာခြင်းကောင်းတော်မူသော ဘုရားရတနာနှင့်၊ **သမံ**–တူသော၊ **ကိဉ္စိ**–တစ်စုံတစ်ခုသော လောကီရတနာသည်၊ **နံ အတ္ထိ နော=နံ အတ္ထိ ဧဝ**–မရှိသည်သာတည်း၊ **ဗုဒ္ဓေ ဗုဒ္ဓသ-**

ဘုရားရှင်၏၊ **ကွဒမ္ပိ ရတနံ အယမ္ပိ ရတန ဘာဝေါ**–ဤရတနာ၏အဖြစ်သည်၊ **ပဏီတံ ပဏီတော**–မြတ်၏၊ (**တံဝေ ဝစနံ**–ထိုစကားသည်သာလျှင်၊ **သစ္စံ**–မှန်၏၊) **ဧတေန သစ္စဝဇ္ဇေန**–ထိုသို့မှန်သော သစ္စာစကားကြောင့်၊ (**ပါဏီနံ**–သတ္တဝါတို့၏၊) **သုဝတ္ထိ**–ဘေးရန်လွတ်ကင်း ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**ကွဓ ဝါ**–ဤလူ့ပြည်၌လည်းကောင်း၊ **ဟုရံ ဝါ**–နဂါး ဂဋ္ဌုန် အသုရာပြည်တို့၌လည်းကောင်း၊ **သဂ္ဂေသု ဝါ**–နတ်ပြည်တို့၌လည်းကောင်း၊ **ယံ ကိဉ္ဇိ**–အလုံးစုံသော၊ **ဝိတ္တံ**–အတွင်းအပ သုံးဆောင်အပ်သော၊ **ပဏီတံ**–မြတ်သော၊ **ယံ ရတနံ**–အကြင် ရွှေ ငွေ ပုလဲ ပတ္တမြား, စသောအားဖြင့်, များပြားစွာလှ, ကာယဘောဂီ, သောဘဏီဖြစ်သော လောကီဥစ္စာ ရတနာသည်၊ (အတ္ထိ–ရှိ၏၊) **တထာ ဂတေန**–မချွတ်မယွင်း ဟောတော်မူအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားရတနာနှင့်၊ **သမံ**–တူသော၊ **ကိဉ္ဇိ**–တစ်စုံတစ်ခုသော လောကီရတနာသည်၊ **နအတ္ထိ နော=နအတ္ထိ ဝေ**–မရှိသည်သာတည်း၊ **ဓမ္မေ ဓမ္မဿ**–ဆယ်ပါးသော တရားတော်၏၊ **ကွဒမ္ပိ ရတနံ အယမ္ပိ ရတန ဘာဝေါ**–ဤရတနာ၏အဖြစ်သည်၊ **ပဏီတံ ပဏီတော**–မြတ်၏၊ (**တံဝေ ဝစနံ**–ထိုစကားသည်သာလျှင်၊ **သစ္စံ**–မှန်၏၊) **ဧတေန သစ္စဝဇ္ဇေန**–ထိုသို့မှန်သော သစ္စာစကားကြောင့်၊ (**ပါဏီနံ**–သတ္တဝါတို့၏၊) **သုဝတ္ထိ**–ဘေးရန်လွတ်ကင်း ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**ကွဓ ဝါ**–ဤလူ့ပြည်၌လည်းကောင်း၊ **ဟုရံ ဝါ**–နဂါး ဂဋ္ဌုန် အသုရာပြည်တို့၌လည်းကောင်း၊ **သဂ္ဂေသု ဝါ**–နတ်ပြည်တို့၌လည်းကောင်း၊ **ယံ ကိဉ္ဇိ**–အလုံးစုံသော၊ **ဝိတ္တံ**–အတွင်းအပ သုံးဆောင်အပ်သော၊ **ပဏီတံ**–မြတ်သော၊ **ယံ ရတနံ**–အကြင် ရွှေ ငွေ ပုလဲ ပတ္တမြား, စသောအားဖြင့်, များပြားစွာလှ, ကာယ ဘောဂီ, သောဘဏီဖြစ်သော လောကီဥစ္စာ ရတနာသည်၊ (အတ္ထိ–ရှိ၏၊) **တထာ ဂတေန**–မချွတ်မယွင်း ဓမ္မာနုဓမ္မအကျင့်ကို ကျင့်တော်မူကုန်သော ပရမတ္တသံဃာတော်, သီလ သမာဓိ ပညာဂုဏ်နှင့်ပြည့်စုံ တော်မူကြသောသမ္မုတိသံဃာတော်နှင့်၊ **သမံ**–တူသော၊ **ကိဉ္ဇိ**–တစ်စုံတစ်ခုသော လောကီရတနာသည်၊ **နအတ္ထိ နော=နအတ္ထိ ဝေ**–မရှိသည်သာတည်း၊ **သံဃေ သံဃဿ**–သံဃာတော်၏၊ **ကွဒမ္ပိ ရတနံ အယမ္ပိ ရတန ဘာဝေါ**–ဤရတနာ၏အဖြစ်သည်၊ **ပဏီတံ ပဏီတော**–မြတ်၏၊ (**တံဝေ ဝစနံ**–ထိုစကားသည်သာ လျှင်၊ **သစ္စံ**–မှန်၏၊) **ဧတေန သစ္စဝဇ္ဇေန**–ထိုသို့မှန်သော သစ္စာ

စကားကြောင့်၊ (**ပါဏီနံ**–သတ္တဝါတို့၏၊) **သုဝတ္ထိ**–ဘေးရန်လွတ်ကင်း ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း[၅၇၆]။

(**တနည်း**) **ဣမ ဝါ**–လူတို့နေရာ, မြို့ရွာဌာန, ဤလောက၌လည်းကောင်း၊ **ဟုရံ ဝါ**–နဂါး ဂဠုန်, ဖုံဖုံနေကြ, ဟို အောက်လောက၌လည်းကောင်း၊ **သဂ္ဂေသု ဝါ**–နတ်မြို့ခြောက်လီ, ဗြဟ္မာ့ပြည်တို့၌လည်းကောင်း၊ **ဝိတ္တံ**–ပီတိအစွမ်း, ကိုယ်စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာလည်း ဖြစ်ပေထသော၊ **ပဏီတံ**–လောကီ ရေးရာ, ရတနာဝယ်, အသာဆုံးအမြတ်ဆုံးလည်း ဖြစ်ပေထသော၊ **ယံကိဉ္စိ**–သက်ရှိသက်မဲ့, ကြွင်းမဲ့ဥသုံ, အလုံးစုံသော၊ **ယံ ရတနံ**–ဥစ္စာရှင်တို့, သုံးဆောင်ဖို့လျှင်, နှစ်မြို့ဖွယ်ရာ, အကြင်ရတနာသည်၊ **အတ္ထိ**–ရှေးကံအလျောက်, ဘုန်းကံတောက်က, ဝမ်းမြောက်ဖွယ်ရာ, ထင်ရှားရှိပါပေ၏၊ **ဧတ္ထ**–နှစ်သက်ရှင်လန်း, ပီတိဖျန်းဖို့, သိန်းသန်းကုဋ္ဌေ, အထွေထွေသော ဤရတနာတို့တွင်၊ **တထာဂတေန**–သုံးလူထွတ်ထား, မြတ်ဘုရားနှင့်၊ **သမံ**–တန်းတူထား၍, ရှုစားလောက်စွာ, တစ်စုံ တစ်ခုသော ရတနာသည်၊ **နနော အတ္ထိ (နတ္ထိ ဧဝ)**–အကြောင်းကိုကြည့်, အကျိုးကြည့်လည်း, မရှိကေန်, အမှန်ပင်ဖြစ်ပါတော့သတည်း။ **ဣဒမ္ပိ ဗုဒ္ဓေ**–သုံးလူထွတ်ထား ဤငါတို့ မြတ်စွာဘုရားသည်လည်း၊ **ပဏီတံ**–လောကီဥစ္စာ, ရတနာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ **ရတနံ**–ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ **ဧတေန သစ္စေန**–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (**ပါဏီနံ**–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဝိုလ်တို့အား၊)**သုဝတ္ထိ**–တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ **ဟောတု**–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

**ဣမ ဝါ**–လူတို့နေရာ, မြို့ရွာဌာန, ဤလောက၌လည်းကောင်း၊ **ဟုရံ ဝါ**–နဂါး ဂဠုန်, ဖုံဖုံနေကြ, ဟိုအောက်လောက၌လည်းကောင်း၊ **သဂ္ဂေသု ဝါ**–နတ်မြို့ခြောက်လီ, ဗြဟ္မာ့ပြည်တို့၌လည်းကောင်း၊ **ဝိတ္တံ**–ပီတိအစွမ်း, ကိုယ်စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာလည်း ဖြစ်ပေထသော၊ **ပဏီတံ**–လောကီ ရေးရာ, ရတနာဝယ်, အသာဆုံးအမြတ်ဆုံးလည်း ဖြစ်ပေထသော၊ **ယံကိဉ္စိ**–သက်ရှိသက်မဲ့, ကြွင်းမဲ့ဥသုံ, အလုံးစုံသော၊ **ယံ ရတနံ**–ဥစ္စာရှင်တို့, သုံးဆောင်ဖို့လျှင်, နှစ်မြို့ဖွယ်ရာ, အကြင်ရတနာသည်၊ **အတ္ထိ**–ရှေးကံအလျောက်, ဘုန်းကံတောက်က, ဝမ်းမြောက်ဖွယ်ရာ, ထင်ရှားရှိပါပေ၏၊ **ဧတ္ထ**–နှစ်သက်ရှင်လန်း, ပီတိဖျန်းဖို့, သိန်းသန်းကုဋ္ဌေ, အထွေထွေသော ဤရတနာတို့တွင်၊ **တထာဂတေန (မေ္ပေန)**–တရားတော်မြတ်နှင့်၊ **သမံ**–

---

[၅၇၆] စလင်း ပရိတ်ကြီးနိဿယ၊ ၃၂၆–၃၂၇။

တန်းတူထား၍, ရှစားလောက်စွာ, တစ်စုံတစ်ခုသော ရတနာသည်၊ **နံ ဓနာ အတ္ထိ (နတ္ထိ ဇေ)**–အကြောင်းကိုကြည့်, အကျိုးကြည့်လည်း, မရှိကေန်, အမှန်ပင် ဖြစ်ပါတော့သတည်း။ **တုဒမ္မိ ဓမ္မေ**–ဤငါတို့, တရားတော်မြတ်သည်လည်း၊ **ပဏီတံ**–လောကီဥစွာ, ရတနာထက်, ကဲသာ မြတ်မွန်, တုဖက်လွန်သော၊ **ရတနံ**–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ **ဇေတေန သစ္စေန**–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (**ပါဏီနံ**–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, မျှားလူဝိုလ် တို့အား၊) **သုဝတ္ထိ**–တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ **ဟောတု**–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

**တုဓ ဓါ**–လူတို့နေရာ, မြို့ရွာဌာန, ဤလောကဉ်လည်းကောင်း၊ **ဟုရံ ဓါ**–နဂါး ဂဠုန်, ဖုံဖုံနေကြ, ဟိုအောက်လောကဉ်လည်းကောင်း၊ **သဓ္ဓသု ဓါ**–နတ်မြို့ခြောက်လီ, ဗြဟ္မာ့ပြည်တို့ဉ်လည်းကောင်း၊ **ဝိတ္တံ**–ပိတိအစွမ်း, ကိုယ်စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာလည်း ဖြစ်ပေထသော၊ **ပဏီတံ**–လောကီ ရေးရာ, ရတနာဝယ်, အသာဆုံးအမြတ်ဆုံးလည်း ဖြစ်ပေထသော၊ **ယံကိဉ္စိ**–သက်ရှိသက်မဲ့, ကြွင်းမဲ့ဉသုံ, အလုံးစုံသော၊ **ယံ ရတနံ**–ဥစွာရှင်တို့, သုံးဆောင်ဖို့လျှင်, နှစ်မြို့ဖွယ်ရာ, အကြင်ရတနာသည်၊ **အတ္ထိ**–ရှေးကံအလျောက်, ဘုန်းကံတောက်က, ဝမ်းမြောက်ဖွယ်ရာ, ထင်ရှားရှိပါပေ၏၊ **ဇတ္ထ**–နှစ်သက်ရှင်လန်း, ပီတိဖျန်းဖို့, သိန်းသန်းကုဋေ, အထွေထွေသော ဤရတနာတို့တွင်၊ **တထာဂတောနံ(သံဃေနံ)**–သံဃာတော်မြတ်နှင့်၊ **သမံ**–တန်းတူထား၍, ရှစားလောက်စွာ, တစ်စုံတစ်ခုသော ရတနာသည်၊ **နံ ဓနာ အတ္ထိ (နတ္ထိ ဇေ)**–အကြောင်းကိုကြည့်, အကျိုးကြည့်လည်း, မရှိကေန်, အမှန်ပင်ဖြစ်ပါတော့သတည်း။ **တုဒမ္မိ သံဃေ**–ဤငါတို့, သံဃာတော်မြတ်သည်လည်း၊ **ပဏီတံ**–လောကီဥစွာ, ရတနာထက်, ကဲသာ မြတ်မွန်, တုဖက်လွန်သော၊ **ရတနံ**–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ **ဇေတေန သစ္စေန**–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (**ပါဏီနံ**–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, မျှားလူဝိုလ်တို့အား၊) **သုဝတ္ထိ**–တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ **ဟောတု**–စင်စစ်မသွေ, ဖြစ်ပါစေသတည်း[၃၇]။

**တထာဂတာ နုကမ္ပံသု၊ တေဝ ဓမ္မာ ဒေသိတာ ဖောဋ္ဌဗ္ဗာသည်။** ။ တွံတေး ပရိတ်ကြီးနိသယ (၁၈၂-၁၈၃)၌ “**တထာဂတောနံ**–သုံးလူထွတ်ထား, ငါတို့ရှင်တော်ဘုရားနှင့်၊–**တထာဂတောနံ**–ရှင်တော်ဘုရား,

---

[၃၇] မဟာဂန္ဓာရုံ ပရိတ်ကြီးနိသယ၊ ၁၄၀-၁၄၂။

ဟောကြားမြွက်ဖော်, တရားတော်နှင့်၊---**တထာဂတော**-ရှင်တော်ဘုရား၏, တပည့်သားမော်, သံဃာတော်နှင့်၊''ဟု အနက်ပေး၏။

ဤလူ့ပြည်, နဂါးပြည်, ဂဠုန်ပြည်, နတ်ပြည်, ဗြဟ္မာပြည်တို့၌ ကိုယ်စိတ်နှစ်ဖြာ နှစ်သက်စရာဖြစ်၍ လောကီရေးရာ အကောင်းဆုံး ရတနာတွေ ရှိကြပါကုန်၏၊ ထိုရတနာတို့တွင် ဘုရား, တရား, သံဃာနှင့်တူသော တစ်စုံတစ်ခုသော ရတနာမည်သည် မရှိပါ၊ ဤဘုရားရတနာ, တရားရတနာ, သံဃာရတနာတို့ကား ထိုလောကီရတနာတို့ထက် အကောင်းဆုံး အမွန်မြတ်ဆုံး ရတနာများဖြစ်ကြပါပေ၏၊ ဤသစ္စာစကားကြောင့် သတ္တဝါတို့အား ဘေးရန်ခပ်သိမ်း ငြိမ်းအေး ချမ်းသာကြပါစေ။

၁၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၁၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗမ္မောနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၁၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

သဗ္ဗမင်္ဂလံ= သဗ္ဗံ မင်္ဂလံ⟶သဗ္ဗံ မင်္ဂလံ
ရက္ခန္တု= ရက်ခန်တု
သဗ္ဗဗုဒ္ဓါနုဘာဝေန= သဗ္ဗံ ဗုဒ္ဓံ နုဘာဝေန⟶သဗ္ဗဗုတ်ဓံ နုဘာဝေန
[သဗ္ဗ+ဗုဒ္ဓ+အာနုဘာဝေန]၊
သဗ္ဗမ္မောနုဘာဝေန= သဗ္ဗံ ဓမ္မံ နုဘာဝေန [သဗ္ဗ+ဓမ္မ+အာနုဘာဝေန]၊
သဗ္ဗသံဃာနုဘာဝေန [သဗ္ဗ+သံဃ+အာနုဘာဝေန]၊

**သဗ္ဗမင်္ဂလံ**-မင်္ဂလာအပေါင်း, အကောင်းမှန်သမျှသည်၊ **ဘဝတု**-ဖြစ်ပါစေသတည်း၊ **သဗ္ဗဒေဝတာ**- အလုံးစုံသော နတ်တို့သည်၊ **ရက္ခန္တု**-စောင့်ရှောက်ကြပါစေကုန်သတည်း၊ **သဗ္ဗဗုဒ္ဓါနုဘာဝေန**-အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးအာနုဘော်တော်ကြောင့်၊ **သဗ္ဗမ္မောနုဘာဝေန**-အလုံးစုံသော တရားတော် တို့၏အစွမ်းအာနုဘော်ကြောင့်၊ **သဗ္ဗသံဃာနုဘာဝေန**-အလုံးစုံသော သံဃာတော်တို့၏

အစွမ်း အာနုဘော်ကြောင့်၊ **တော**–ထိုသတ္တဝါတို့သည်၊ **သဒါ**–အခါခပ်သိမ်း၊ **သုခီ**–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြပါစေကုန်သတည်း။

မင်္ဂလာအပေါင်း အကောင်းမှန်သမျှ ဖြစ်ပါစေ၊ အလုံးစုံသော နတ်များက စောင့်ရှောက်ကြပါစေ၊ အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးအာနုဘော်တော်ကြောင့်လည်းကောင်း, အလုံးစုံသော တရားတော်တို့၏ အစွမ်းအာနုဘော်တော်ကြောင့်လည်းကောင်း, အလုံးစုံသော သံဃာတော်တို့၏ အစွမ်းအာနုဘော်တော်ကြောင့်လည်းကောင်း ထိုသတ္တဝါတို့ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**မင်္ဂလာအပေါင်း–ခေ့ညောင်းပါစေ၊**
**ဒေဝါနတ်များ–စောင့်ငြားကြစေ၊**
**ရတနာသုံးရု–အာနုဘာဝေ၊**
**အမြဲတမ်း–ရွှင်လန်းကြပါစေး**

**၁၄။ မဟာကာရုဏိကော နာထော၊ ဟိတာယ သတ္တပါဏိနံ။**
**ပူရေတ္ဝာ ပါရမီ သဗ္ဗာ၊ ပတ္တာ သမ္မောဓိ'မုတ္တမံ။**
**ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။**

**ပူရေတ္ဝာ= ပူရေတ်တဝါ→ပူရစ် တဝါ**
**သမ္မောဓိ'မုတ္တမံ= သမ်္မာဓိ မုတ်တမံ [သမ္မောဓိ+ဥတ္တမံ]၊**

**မဟာကာရုဏိကော**–ကြီးမြတ်သော ကရုဏာရှိတော်မူသော၊ **နာထော**–သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ဘုရားရှင်သည်၊ **သဗ္ဗပါဏိနံ**–အလုံးစုံသော သတ္တဝါတို့၏၊ **ဟိတာယ**–အကျိုးစီးပွါး အလို့ငှါ၊ **သဗ္ဗာ**–အလုံးစုံကုန်သော၊ **ပါရမီ**–ဒါနစသည့်, ပါရမီတော်တို့ကို၊ **ပူရေတ္ဝာ**–ဖြည့်ကျင့်တော်မူ၍၊ **ဥတ္တမံ**–ကဲလွန်ထူးမြတ်သော၊ **သမ္မောဓိ**–အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်သို့၊ ဝါ–ကို၊ **ပတ္တာ**–ရောက်တော်မူခဲ့လေပြီ၊ ဝါ–ရတော်မူခဲ့လေပြီ၊ **ဧတေန သစ္စဝဇ္ဇေန**–ဤသစ္စာစကားကြောင့်၊ **တေ**–သင့်အား၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

## ပရိတ်သင်တန်း မှတ်စုယ်ကျမ်း

မဟာကရုဏာရှိတော်မူသော ဘုရားရှင်သည် သတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွါး အလို့ငှါ ဒါနအစရှိသော ပါရမီတော်အလုံးစုံကို ဖြည့်ကျင့်တော်မူပြီးလျှင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တို့ကို ရတော်မူခဲ့လေသည်၊ ဤသစ္စာစကားကြောင့် သင့်အား အခါခပ် သိမ်း ချမ်းသာခြင်း ဖြစ်ပါစေ။

**သတ္တဝါများ၊ ကျိုးလိုလား၊ မြတ်ဗျား ကရုဏာဓေတ၊**
**မြတ်ဆုံးမဂ်ဉာဏ်၊ သဗ္ဗဉ်ဉာဏ်၊ အမှန်ရောက်ပြီလေ။**
**သစ္စာစကား၊ ဤသို့ကြား၊ သင်ကား ချမ်းသာစေ။**

ဘုရားမြတ်ရှင်၊ မာရ်ဝါအောင်၊ အောင်မြင်တော်မူသကဲ့သို့

၁၅။ **ဇယန္တော ဗောဓိယာ မူလေ၊ သက္ကာနံ နန္ဒိဝဍ္ဎနော။**
**ဧဝမေဝ ဇယော ဟောတု၊ ဇယသု ဇယမင်္ဂလေ။**

**ဇယန္တော=ဇယနိတော**
**သက္ကာနံ= သက်ကျာနံ (ဧ) သက်ကယာနံ**
**နန္ဒိဝဍ္ဎနော= နန်ဒိ ဝဍ်ဎနော → နန်ဒိ ဝတ်ဇနော**
**ဧဝမေဝ [ဧဝံ+ဧဝ]၊**
**ဇယသု= ဇယသ်သု → ဇယတ်သု**
**ဇယမင်္ဂလေ= ဇယ မင်ဂလေ [ဇယ+မင်္ဂလေ]၊**

**သက္ကာနံ**–သာကီဝင်မင်းတို့၏၊ **နန္ဒိဝဍ္ဎနော**–နှစ်သက်ခြင်းကို တိုးပွါးစေတတ်သော ဘုရားရှင်သည်၊ **ဗောဓိယာ**–ဗောဓိပင်၏၊ **မူလေ**–အနီးတွင် အပရာဇိတ ပလင်္ခ၌၊ **ဇယန္တော ယထာ**–မာရ်ဝါးပါး ကို အောင်မြင်တော်မူသကဲ့သို့၊ **ဧဝမေဝ**–ဤအတူသာလျှင်၊ (**တော**–သင့်အား။) **ဇယော**–ဘေးရန်ခပင်း[1] အောင်မြင်ခြင်း သည်၊ **ဟောတု**–ဖြစ်ပါစေသတည်း၊ (**တွံ**–သင်သည်၊) **ဇယမင်္ဂလေ**–အောင်ရာ အောင်ကြောင်း ကောင်းမြတ်သော မင်္ဂလာတို့ကို၊ **ဇယသု**–ခရီးရောက်အောင် ပြီးမြောက်လျှင်လျှင် အောင် မြင်ပါစေသတည်း။

---

[1] **ဝေင်း**–န/ခဝင်း/[ပေါ်] အားလုံး။ ခပ်သိမ်း။ "ကိလေသာရန်**ဝေင်း**ကို အကြွင်းမဲ့ပယ်သင်္ဃိ။" ဓ၊ ၆၆၆။ (မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ ၁၊ ဂဝ။)

## ပဗ္ဗတာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သာကီဝင်မင်းတို့၏ နှစ်သက်ခြင်းကို တိုးပွါးစေတတ်သော ဘုရားရှင်သည် ဟောဓိပင်အနီး အပရာဇိတပလ္လင်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့ ထို့အတူ သင်သည် ဘေးရန်ခပ်သိမ်းကို အောင်မြင်ပါစေ၊ အောင်ကြောင်းမင်္ဂလာတို့ကို သင် ပြီးမြောက်အောင်မြင်ပါစေ။

**ဘုရားမြတ်ရှင်၊ မာရ်ငါးအင်၊ မှန်ပင် အောင်ပြီလေ။**
**ထို့အတူပဲ၊ သင်သည်လဲ၊ ထူးကဲမင်္ဂလာ အောင်ပါစေ။**

၁၆။ **အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ–ပုက္ခလေ။**
**အာဘိသေကေ သဗ္ဗဒုဒ္ဒါန်၊ အဂ္ဂပ္ပတ္တော ပမောဒတိ။**

**အပရာဇိတပလ္လင်္ကေ= အပရာဇိတ ပလ်င်္ကေ⟶အပရာဇိတ ပန်လင်္ကေ**
အပရာဇိတ ပတ်လင်္ကေ (ခ) ပတ်လဲ့ကေ–လည်း တချို့ ဖတ်
(ပရိတ္တသင်္ဂဟ၊ ၂၆၆)၊
**ပုထုဝိ–ပုက္ခလေ= ပုထုဝိ ပုက်ခလေ⟶ပုထုဝိ ပုတ်ခလေ [ပုထုဝိ+ပုက္ခလေ]၊**
**အဂ္ဂပ္ပတ္တော= အင်္ဂ်ပ် ပတ်တော⟶အက်ပ် ပတ်တော [အဂ္ဂ+ပတ္တော]၊**

**သဗ္ဗဒုဒ္ဒါန်**–အလုံးစုံသော ဘုရားရှင်တို့၏၊ **အာဘိသေကေ**–ဒုဒ္ဒါဘိသေက ခံယူရာဌာနဖြစ်သော၊ **သီသေ**–မြေတို့၏အထွတ်အထိပ်ဖြစ်သော၊ **ပုထုဝိ ပုက္ခလေ**–တင့်တယ်ထူးလွန်, မြေမွန်မြေမြတ်ဖြစ်သော၊ **အပရာဇိတပလ္လင်္ကေ**–အပရာဇိတမည်တွင် ပလ္လင်တော်၌၊ **အဂ္ဂပ္ပတ္တော**–ထွတ်ဖျားတိုင်ပြောက်, ဘုရားအဖြစ်သို့ရောက်တော်မူသော ရှင်တော်မြတ်သည်၊ **ပမောဒတိ**–အလွန်ရွှင်လန်း ဝမ်းမြောက်တော်မူရပေ၏၊ (**ဧဝမေဝ**–ဤအတူသာလျှင်၊ **တွံ**–သင်သည်၊ **အဂ္ဂပ္ပတ္တော**–အထက်ဟန်းသို့ တက်လှမ်းပေါက်ရောက်သည် ဖြစ်၍၊ **ပမောဒဿု**–ဝမ်းမြောက်ပါစေသတည်း။)

ဘုရားရှင် မှန်သမျှတို့၏ ဒုဒ္ဒါဘိသေက ခံယူရာ မြေတကာတို့၏ အထွတ်အထိပ် အလွန်တင့်တယ် ကောင်းမြတ်တဲ့ မြေအရပ်ဖြစ်သော အပရာဇိတပလ္လင်၌ ထွက်ဖျားတိုင်မြောက် ဘုရားအဖြစ်သို့ရောက်သော ရှင်တော်မြတ်သည် အလွန်ရွှင်လန်း ဝမ်းမြောက်တော်မူရသကဲ့သို့ သင်သည်လည်း အထက်တန်းသို့ တက်လှမ်းရောက်လျက် ဝမ်းမြောက်ပါစေ။

**ပုထုဝိ ပုက္ခလေ မှတ်စုယ်တွေး** ။ **"ပုထုဝိ ပုက္ခလေ"**ဌ် အဘိဓာန်လာ **"ပုထုဝီ ဧကတိ ဘူရိ"**စသော မြေဟောပါဠိများတွင် **'ပုထုဝီ'**သည် မြေဟောပုဒ်တစ်ခု ဖြစ်၏။ **'ပုက္ခလ'**ကား သက္ကတအဘိဓာန် ထောမနိဓိ (သ္ထောမနိဓိ)ဌ် 'သေဋ္ဌ (အမြတ်)'အနက်ဟောပြ၏၊ အမရကောသဌ် 'သေယျ, သေဋ္ဌ, **ပုက္ခလ,**သတ္တမ-သဒ္ဒါများ အတိသောဘန (အလွန်တင့်တယ်ကောင်းမြတ်သော)' အနက်ဟော ကြောင်းပြ၏၊ နေတ္တိပါဠိတော် တိပုက္ခလနည်းဌ် **ပုက္ခလ**သဒ္ဒါ 'သောဘန (တင့်တယ်သော)' အနက် ဟောကြောင်း အဋ္ဌကထာဖွင့်၏။

တိဟိ အဝယဝေဟိ လောဘာဒီဟိ သံကိလေသပက္ခေ, အလောဘာဒီဟိ စ ဝေါဒါနပက္ခေ ပုက္ခလော သောဘနောတိ **တိပုက္ခလော**။ (နေတ္တိ၊ ဋ္ဌ၊ ဥဒ္ဒေသဝါရ- ၁၇။)

ဤ **ပုထုဝိပုက္ခလ**-ဌ် **ပုက္ခလ**-ကား သောဘန သာမန်မဟုတ်, အတိသောဘန (အလွန်တင့်တယ်သော)အနက်ကို ဟောသည်ဟု ယူရမည်၊

**အလွန်တင့်တယ်ကောင်းမြတ်သောမြေ**ဟု အနက်ရလျက် ပုက္ခလ-ဟူသော ဝိသေသနပုဒ် နောက်နေသော ဝိသေသနပရနိပါတ ကမ္မဓာရယ်သမာသ် တည်း[၇၉]။

**ပုထုဝိ-ပုက္ခလ**-မဟာမေဒနီ, ဘေရိတလာ, စည်မျက်နှာကဲ့သို့ ညီညာပျံ့ပျံ့, ချိုအံ့မခန်း, ပန်းလက်ျာရစ်, ထူးမြတ်တင့်တယ်သော မြေလည်း ဖြစ်ထသော။ (မြင်ခြံ-၉-ဆောင်မူ၊ ၁၅၀။)

**ပုထုဝိပုက္ခလ**-တင့်တယ်လှပေ, ကောင်းမြတ်သော မြေဖြစ်သော။ (မဟာဂန္ဓာရုံ၊ ၁၄၄။)

**ပုထုဝိ-ပုက္ခလ**-စည်မျက်နှာမသွေ, ညီညွတ်ချောသဖြင့်, တင့်တယ်လှပသော မြေလည်း ဖြစ်ထသော။ (တံတေး။ ၁၈၇)

**ပုထုဝိပုက္ခလ**-မြေတကာတို့ထက် မြတ်သော။ (ပရိတ္တသင်္ဂဟ၊ ၂၄၆။)

**ပုထု**-ကြီးကျယ်လှစွာသော၊ **ဝိပုက္ခလ**-အထူးသဖြင့် တင့်တယ်သောမြေအရပ်ဌ်လည်း ဖြစ်ထသော။ (စလင်း ပရိတ်တော်ကြီးနီသယ၊ ၂၇၆။)

---

[၇၉] ပရိတ်ကြီးနီသယသစ်၊ ၅၇၀။

သုစရိုက်သုံးဝ၊ ကျင့်ကြံက၊ ကောင်းလှ နက္ခတ်တွေ

၁၇။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဒ္ဓိတံ။
သုဓေဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

သုနက္ခတ္တံ= သုနက်ဓတ်တံ [သု+နက္ခတ္တံ]၊
သုမင်္ဂလံ [သု+မင်္ဂလံ]၊
သုပ္ပဘာတံ= သုပ် ပဘာတံ [သု+ပဘာတံ]၊
သုဟုဒ္ဓိတံ=သုဟုဒ်ဒ္ဓိတံ→သုဟုတ်ဒ္ဓိတံ [သု+ဟုဒ္ဓိတံ]၊
သုမုဟုတ္တော= သု မုဟုတ်တော [သု+မုဟုတ္တော]၊
သုယိဋ္ဌံ= သု ယိဒ်ဋ္ဌံ→သု ယိတ်ဋ္ဌံ [သု+ယိဋ္ဌံ]၊
ဗြဟ္မစာရိသု= ဗြဟမ စာရိသု→ဗရဟမ စာရိသု [ဗြဟ္မ+စာရိသု]
ဆန်းဂိဏ်းကြောင့် ရသဖြစ်နေ၏။ (ဗြဟ္မစာရိသု)

**(ယသ္မိ ဒိဝသေ**–အကြင်နေ့၌၊ **တထော သုစရိတေ**–သုစရိုက်တရား သုံးပါးတို့ကို၊ **ပရိပူရေန္တိ**–ဖြည့်ကျင့်ကြကုန်၏၊ **သော ဒိဝသော**–ထိုနေ့သည်၊) **သုနက္ခတ္တံ**–နက္ခတ်အပေါင်း, မကောင်းမရှိ, အကောင်း အတိသာတည်း၊ **သုမင်္ဂလံ**–အမင်္ဂလာ, ဘယ်ခါမရှိ, ကောင်းမြတ်သော မင်္ဂလာအတိသာတည်း၊ **သုပ္ပဘာတံ**–အပြစ်ကင်းရှင်း, ကောင်းသော မိုးလင်းရခြင်းပင်တည်း၊ **သုဟုဒ္ဓိတံ**–သာယာသန့်ရှင်း, ကောင်းသောအိပ်ရာမှထရခြင်းပေတည်း၊ **သုဓေဏော**–ကြိုလာဆိုက်ရ, ခဏတိုင်းမှာ, ကောင်းသော ခဏချည်းသာတည်း၊ **သုမုဟုတ္တော စ**–မုဟုတ်တိုင်းမှာ ကောင်းသော မုဟုတ်ချည်းသာတည်း၊ (**တသ္မိ ဒိဝသေ**–ထိုသုစရိုက်ကျင့်ရာနေ့အခါ၌၊) **ဗြဟ္မစာရိသု**–မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူ ပုဂ္ဂိုလ်တို့၌၊ **ယိဋ္ဌံ**–လူအပ် ပူဇော်အပ်သော အလှူသည်၊ **သုယိဋ္ဌံ**–အပြစ်ကင်း၍ သန့်ရှင်းကောင်းမြတ်သော ပူဇော်ရခြင်း ဖြစ်ပါပေ၏။

သုစရိုက်သုံးဖြာ ကျင့်ရာနေ့အခါကား၊ ကောင်းသောနက္ခတ်, ကောင်းသောမင်္ဂလာချည်းသာတည်း၊ ကောင်းသော မိုးလင်းရခြင်း, ကောင်းသော အိပ်ရာမှထရခြင်း, ကောင်းသောခဏ, ကောင်းသော မုဟုတ်ချည်းသာ ဖြစ်၏၊ ထိုနေ့၌ အကျင့်ကောင်းရှိသူ ပုဂ္ဂိုလ်တို့၌ လှူရသောအလှူမှာ ကောင်းမြတ်သော လှူဒါန်းပူဇော်ရခြင်း ဖြစ်၏။

အင်္ဂုတ္တရနိကာယ် တိကနိပါတ် (အံ၊ ၁၊ ၂၉၈-၂၉၉) ၌ လာသော **ပဗ္ဗဏ္ဏသုတ်**မှာ--

**မူရင်း ပဗ္ဗဏ္ဏသုတ်**

**ယေ ဘိက္ခဝေ သတ္တာ ပဗ္ဗဏ္ဏသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုပဗ္ဗဏ္ဏော ဘိက္ခဝေ တေသံ သတ္တာနံ။**

**ယေ ဘိက္ခဝေ သတ္တာ မဇ္ဈိမကသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုမဇ္ဈိမကော ဘိက္ခဝေ တေသံ သတ္တာနံ။**

**ယေ ဘိက္ခဝေ သတ္တာ သာယန္ဟသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ။ သုသာယန္ဟော ဘိက္ခဝေ တေသံ သတ္တာနံ။**

**သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ[၁၀]။**

**သုဓောတော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။**

**ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။**

**ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏေ။**

**ပဒက္ခိဏာနိ ကတ္ဝာန၊ လဘန္တ'တ္ထေ[၁၁] ပဒက္ခိဏေ[၁၂]။**

**တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။**

**အရောဂါ သုခိတာ ဟောထ၊ သဟ သဒ္ဓေဟိ ဉာတိဘိ'တိ။**

"ရဟန်းတို့...အကြင် သတ္တဝါတို့သည် နံနက်အခါ ကိုယ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏၊ နှုတ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏၊ စိတ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏၊ ထိုသတ္တဝါတို့အား ကောင်းသော နံနက်ဖြစ်၏၊ ထို့အတူ မွန်းတည့်အခါ ညချမ်းအခါတို့၌ သုစရိုက် ကျင့်သူတို့အား ကောင်းသော မွန်းတည့်အခါ, ကောင်းသော ညချမ်းအခါတို့ ဖြစ်၏"ဟု ဟောတော်မူသည်။ ဆိုလိုရင်းမှာ သုစရိုက်တရား ကျင့်သူတို့အား နက္ခတ်ကောင်း, မင်္ဂလာကောင်း, အခါကောင်း, ခဏကောင်း, အားလုံး အကောင်းချည်းဖြစ်၍ မကောင်းသော နက္ခတ် မင်္ဂလာ အခါမရှိ၊ နက္ခတ် မင်္ဂလာ အခါကောင်းကြီးရန် ဓာတ်ရိုက် ဓာတ်

---

[၁၀] သုဝုဋ္ဌိတံ (သီ၊ ဂျ)

[၁၁] လဘာတတ္ထေ (သီ၊ ဂျ၊)

[၁၂] ပဏိဓိယော ပဒက္ခိဏာ (သီ၊ ဂျ)၊ ပဏိဓိ တေ ပဒက္ခိဏာ (သျာ၊ ကံ)

ဆင် ယတြာဆင်ရန် ပြုလုပ်ဖို့မလိုပါ၊ သူတော်ကောင်းတရား ကျင့်ရန်သာ လိုသည်-ဟု ဆိုလိုသည်။

**နက္ခတ်မကောင်းစောင့်မှ ဇနီးလောင်းဆုံးရှုံးရ။** ။ လောကလူသားတွေဟာ ရွေးထုံးစဉ်လာ ရိုးရာဓလေ့များၭို အစွဲသန်ကြတယ်၊ လက်ထပ်ထိမ်းမြားခြင်းစတဲ့ မင်္ဂလာတခုခုပြုလုပ်ဖို့ စီစဉ်ရာမှာ နက္ခတ်ဗေဒင်ပညာရှင်များထံ ချဉ်းကပ်ကာ ပြဿဒါး, ရက်ရာဇာ စတဲ့ နေ့ကောင်း, မကောင်း ရွေးချယ်လျက် ပြုလုပ်လေ့ရှိကြတယ်၊ အထူးသဖြင့် လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာပြုလုပ်ဖို့မှာ နာမည်ကြီးဗေဒင်ဆရာထံသွားကာ သတို့သား၊ သတို့သမီးတို့ရဲ့ ဘီလူးနက္ခတ်, နတ်နက္ခတ်, လူနက္ခတ်-နက္ခတ်ချင်းတည့်, မတည့်၊ လက်ထပ်မည့် လကောင်း, ရက်ကောင်း, နေ့ကောင်း, အချိန်ကောင်း, နက္ခတ်ကောင်းစသည် ရွေးချယ်လျက် လက်ထပ်လေ့ရှိကြပါတယ်။

တခါက ဗာရာဏသီမြို့သား၊ ဇနပုဒ်တော်သူ လှမျိုဖြူတို့ ထိမ်းမြားမင်္ဂလာ နေ့ကောင်းရက်သာ ရွေးချယ်သတ်မှတ်ပြီးကာမှ မြို့သားရဲ့ဗေဒင်ဆရာက "သင်တို့လက်ထပ်မည့်နေ့ဟာ နက္ခတ်မကောင်းဘူး၊ အကယ်၍ လက်ထပ်ထိမ်းမြားကြရင် ဖျက်စီးခြင်းကြီးစွာ ကြုံတွေ့ကြရလိမ့်မယ်"လို့ ပြောပါတယ်၊ ဒါနဲ့ မြို့သားဟာ ထိမ်းမြားမည့်နေ့မှာ ဇနပုဒ်သို့ မသွားပဲ နေခဲ့ပါတယ်။

ဇနပုဒ်သူရဲ့ မိဘတွေဟာ မင်္ဂလာနေ့မှာ မြို့သား (သတို့သား) မလာတဲ့အတွက် မိမိတို့သမီးကို အခြား အမျိုးသားတစ်ယောက်နဲ့ လက်ထပ်ပေးလိုက်ကြပါတယ်။

'သတ်မှတ်ထားတဲ့ ထိမ်းမြားမင်္ဂလာနေ့ဟာ နက္ခတ်မကောင်း' လို့ ပြောဆိုတဲ့ ဗေဒင်ဆရာရဲ့ စကားကြောင့် နောက်နေ့မှ ရောက်လာတဲ့ မြို့သားခမျာ ဇနီးလောင်း ဆုံးရှုံးရပါတော့တယ်။

ယင်းဖြစ်ကြောင်းကုန်စင်ကိုသိတဲ့ ပညာရှိတစ်ဦးက "နက္ခတ်က ဘာအကျိုးရှိမှာလဲ? သတို့သမီးကို ရခြင်းကပင် နက္ခတ်ကောင်း မဟုတ်ပါလား?

နက္ခတ္တံ ပဋိမာနေန္တိ၊ အတ္ထော ဗာလံ ဥပစ္စဂါ။

အတ္ထော အတ္ထသ နက္ခတ္တံ၊ ကိ ကရိဿန္တိ တာရကာ။

နက္ခတ်ကောင်းကို စောင့်ဆိုင်းငံ့လင့်နေသော လူမိုက်သည် သတို့သမီးကို ရခြင်းဟူသော အကျိုးမှ ဆုတ်ယုတ်ခဲ့ရ၏၊ လိုအပ်သောအကျိုးသည် အလိုရှိသောသူ၏ နက္ခတ်ကောင်းပင် ဖြစ်၏၊

ကောင်းကင်မှ နက္ခတ်ကြယ်တာရာတို့သည် အဘယ်အကျိုးကို ပြုစေနိုင်ကုန်အံ့နည်း?(တစ်စုံ တစ်ခု သော အကျိုးကို မပြုစေနိုင်ပါကုန်၊)--လို့ သတိပေးပါတယ်[၅၈၃]။

ဒီဇာတ်တော်အရ လောကမှာ နက္ခတ်ဗေဒင်ဆရာတို့က ပြင်ပ ကောင်းကင်မှာရှိတဲ့ နက္ခတ် တာရာတွေကိုကြည့်ပြီး နက္ခတ်ကောင်း မကောင်းဖြင့် လူသားတစ်ဦးရဲ့ ကံကြမ္မာကောင်း, မကောင်း ရွေးချယ်ကြတယ်၊ ဘုရားရှင်အလိုတော်ကျကတော့ ကောင်းတဲ့ ကိုယ်နှုတ်နှလုံးတို့ဖြင့် ကျင့်သုံးနေသူ တို့အဖို့ အမြဲတမ်း နက္ခတ်ကောင်း, အခါကောင်းချည်း ဖြစ်ပါတယ်။

**ခဏ စသည် မှတ်ဖွယ်။** ။ လက်ဖျစ်ဆယ်ချက်တီးခန့်ကာလသည် တစ်ခဏမည်၏၊ ဆယ်ခဏသည် တစ်လယ, ဆယ်လယသည် တစ်ခဏလယ, ဆယ်ခဏလယသည် တစ်မုဟုတ္တ, ဆယ်မုဟုတ္တသည် တစ်ခဏမုဟုတ္တမည်၏[၅၈၄]။

**၁၈။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။**
**ပဒက္ခိဏံ မနောကမ္မံ၊ ပဏီမိ တေ ပဒက္ခိဏေ။**

**ပဒက္ခိဏံ= ပဒက်မိဏံ**
**ကာယကမ္မံ= ကာယ ကမ်မံ**
**ဝါစာကမ္မံ= ဝါစာ ကမ်မံ**
**မနောကမ္မံ= မနော ကမ်မံ**

(**တသွီ ဒိဝသေ**–ထိုသုစရိုက်ကျင့်ရာ နေ့အခါ၌၊) **ကာယကမ္မံ**– (ထိုသူပြုသည်) ကာယကံမှု မှန်သမျှသည်၊ **ပဒက္ခိဏံ**–တိုးတက်ကြီးပွါးကြောင်း အကောင်းအမြတ်ချည်းသာတည်း၊ **ဝါစာကမ္မံ**– ဝစိကံမှု မှန်သမျှသည်၊ **ပဒက္ခိဏံ**–တိုးတက်ကြီးပွါးကြောင်း အကောင်းအမြတ်ချည်းသာတည်း၊ **မနောကမ္မံ**–မနောကံ မှန်သမျှသည်၊ **ပဒက္ခိဏံ**–တိုးတက်ကြီးပွါးကြောင်း အကောင်းအမြတ်ချည်းသာ

---

[၅၈၃] ဇာတကအဋ္ဌကထာ၊ ပဌမတွဲ၊ နက္ခတ္တဇာတ်၊ ၂၇၅-၂၇၆။

[၅၈၄] ဒသစ္ဆရပမာဏော ကာလော ခဏော နာမ၊ တေန ခဏေန ဒသက္ခဏော ကာလော လယော နာမ၊ တေန လယေန စ ဒသလယော ကာလော ခဏလယော နာမ၊ တေန ဒသဝုဏော မုဟုတ္တော နာမ၊ တေန ဒသဝုဏော ခဏမုဟုတ္တော နာမာတိ အယံ ဝိဘာဂေါ ဝေဒိတဗ္ဗော။ (အံ၊ဌ၊ ၂။ တိကနိပါတ်၊ ပုဗ္ဗဏ္ဍသုတ်အဖွင့်၊ ၂၄၄။)

တည်း၊ **တော**–ထိုသုစရိုက် ကျင့်သူ၏ ကံသုံးပါးတို့ကား၊ **ပဒက္ခိဏော**–တိုးတက်ကြီးပွါးကြောင်း ကောင်းမှုဒွါ၊ **ပဏိဓိ**–ထားခြင်းမည် ပေ၏[၅၅]။

သုစရိုက်ကျင့်ရာ နေ့အခါ၌ ထိုသူ၏ ကာယကံမှု, ဝစီကံမှု, မနောကံမှု မှန်သမျှသည် တိုးတက်ကြီးပွါးကြောင်း အကောင်းချည်းသာတည်း၊ ထိုသုစရိုက်ကျင့်သူ၏ ကံသုံးပါးတို့ကား တိုးတက်ကြီးပွါးကြောင်း ကောင်းမှုဒွါထားသည်မည်၏။

၁၉။ ပဒက္ခိဏာနိ ကတ္ဘာန၊ လဘန္တိ'တ္ထေ ပဒက္ခိဏေ။
တော အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ကတ္ဘာန=ကတ် တ္ဘာန→ကတ် တဝါ နှ
လဘန္တိ'တ္ထေ= လဘန်တတ် ဇေ [လဘန္တိ+အတ္ထေ]၊
အတ္ထလဒ္ဓါ=အတ်ထ လဒ်ဓာ [အတ္ထ+လဒ္ဓါ]၊
**ဝိရူဠှာ= ဝိရူဠှာ (ဝ) ဝိရုန်ဠှာ (ဝ) ဝိရုတ်ဠှာ**

**ပဒက္ခိဏာနိ**–တိုးတက်ကြီးပွါးကြောင်း ကောင်းမှုကံတို့ကို၊ **ကတ္ဘာန**–ပြုကြကုန်၍၊ **ပဒက္ခိဏော**–တိုးတက်ကြီးပွါးကြောင်း ကောင်းမြတ်ကုန်သော၊ **အတ္ထေ**–အကျိုးတို့ကို၊ **လဘန္တိ**–ရကြကုန်၏၊ **တော (တုမှေ)**–ထို သင်တို့သည်၊ **အတ္ထလဒ္ဓါ**–ရအပ်သော ကောင်းကျိုးရှိကြကုန်သည်၊ **သုခိတာ**–ချမ်းသာခြင်းသို့ရောက်ကြကုန်သည်၊ **ဗုဒ္ဓ သာသနေ**–ဘုရားသာသနာတော်၌၊ **ဝိရူဠှာ**–တိုးတက် စည်ကားကြီးပွါးကြကုန်သည်၊ (**ဟုတ္ဘာ**–ဖြစ်ကြကုန် ၍၊) **သဗ္ဗေဟိ**–အလုံးစုံကုန်သော၊ **ဉာတိဘိ**–အဆွေ

---

၅၅ "**ပဒက္ခိဏံ ကာယကမ္မန္တံ** တံ ဒိဝသံ တေန ကတံ ကာယကမ္မံ ဝစီကာယကမ္မံ နာမ ဟောတီ"ဟူသော အဂိုတ္တိုရ် အဋ္ဌကထာ (အံ၊ ၄။ ၂၊ ၂၄၅)အတိုင်း အနက်ပေးခဲ့၏။ အရှိမှာ 'ဟောတု'ယဉ်ကာ အာသီသ (တောင့်တခြင်း)အဖြစ် ပေးရိုးရှိခဲ့၏။

**ပဏိဓိ တော ပဒက္ခိဏေ**–၌လည်း "**ပဒက္ခိဏေ**–ကောင်းမြတ်သောကံ၌၊ **ပဏိဓိ**–တောင့်တခြင်းသည်၊ **တော**–သင့်အား **ဟောတု**–ဖြစ်ပါစေသတည်း"ဟူ၍လည်းကောင်း, "**တော ပဏိဓိ**–ထိုတောင့်တခြင်းတို့သည်၊ **ပဒက္ခိဏေ**–မြတ်သော ဆုတောင်းခြင်းတို့တည်း" ဟူ၍လည်း ကောင်း ပေးကြ၏၊ သုစရိုက်ကျင့်သူ၏ကံတို့သည် အားလုံး အကောင်းချည်းပင် တည်း၊ ထိုသူ၏ ကံတို့သည် ကောင်းမှု၌ ထားခြင်းမည်သည်–ဟု အဓိပ္ပါယ်အဖြောင့်ရ၏။

အမျိုးတို့နှင့်၊ **သဟ**–တကွ၊ **အရောဂါ**–ရောဂါမရှိကြကုန်သည်၊ **သုခိတာ**–ချမ်းသာခြင်းသို့ ရောက်ကြကုန်သည်၊ **ဟောတု**–ဖြစ်ကြပါစေကုန်သတည်း။

တိုးတက်ကြီးပွါးကြောင်း ကောင်းမြတ်သော ကံသုံးပါးတို့ကို ပြုကြကုန်၍ ကောင်းမြတ်သော အကျိုးတို့ကို ရရှိကြကုန်၏၊ သင်တို့သည် ကောင်းကျိုးကို ရရှိကြကုန်သည်, ချမ်းသာခြင်းရှိကြကုန်သည်, ဘုရားသာသနာတော်၌ တိုးတက်စည်ကား ကြီးပွါးကြကုန်သည် ဖြစ်၍ အဆွေအမျိုးတို့နှင့်တကွ အနာရောဂါကင်းရှင်း ချမ်းသာခြင်းသို့ ရောက်ကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

**ဟောထ, ဟောန္တု ဆုံးဖြတ်မှု။** ။ ပရိတ်ကြီးနိဿယသစ် အောက်ခြေမှတ်ချက် (၅၈၂-၅၈၃)မှာ "ပါဠိတော်၌ 'ဟောထ'ရှိ၍ 'တေ'နှင့် ယောဂ-မကိုက်သည့် အတွက် **'စေတ တုမှေ'**ဟု ထည့်လျက် အနက်ပေးခဲ့သည်၊ 'သော အနေကဝိဟိတံ ပုဗ္ဗေနိဓါသံ အနုဿရာမိ'ဟူသော ပါရာဇိကပါဠိ (ဝိ၊ ၁၊ ၅)စသည်၌ **'သော'**နှင့် **'အနုဿရာမိ'** ယောဂ မတည့် ဖြစ်နေသဖြင့် **'သောတိ** သော အဟံ'ဟု ပါရာဇိကဏ်အဋ္ဌကထာ (ဝိ၊ ၌၊ ၁၊ ၁၂၈) ဖွင့်သကဲ့သို့ မှတ်၊ **'တေ'**နှင့်ကိုက်ညီအောင် **'အရောဂါ သုခိတာ ဟောန္တု'**ဟုလည်း ပြင်ကြ၏၊ 'ဟောန္တု'လည်း အသင့်ပင်၊ အချို့က **'ဟောထ'**ကို ဝတ္တမာန်ဟုလည်း ဆိုကြသေး၏၊ သို့သော် ပဋ္ဌမိက ပိုအဓိပ္ပါယ် ဖြောင့်သည်"ဟု ပါရှိ၏။

**ပဗ္ဗကာသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ်ပြီး၏။**

❖ ❖ ❖ ❖ ❖ ❖ ❖

# ပရိတ်ရွတ်ရာအကျိုး အမျိုးမျိုး

**အနာရောဂါဖြစ်ကြောင်း ၈-မျိုး။**

(၁) **ဓါတသမုဋ္ဌာနဝေဒနာ**-လေကြောင့်ဖြစ်သော အနာရောဂါ။

(၂) **ဖိတ္တသမုဋ္ဌာနဝေဒနာ** -သည်းခြေကြောင့်ဖြစ်သော အနာရောဂါ။

(၃) **သေမှသမုဋ္ဌာနဝေဒနာ** -သလိပ်ကြောင့်ဖြစ်သော အနာရောဂါ။

(၄) **သန္နိပါတိကဝေဒနာ**-လေ, သည်းခြေ, သလိပ် ပေါင်းစပ်သည့် သန္နိပါတ်ကြောင့်ဖြစ်သော အနာရောဂါ၊

(၅) **ဥတုပရိဏာမဇဝေဒနာ** -အချမ်း, အပူ ဥတုဖောက်ပြန်သောကြောင့်ဖြစ်သော အနာရောဂါ၊

(၆) **ဝိသမပရိဟာရဇဝေဒနာ**- မသင့်သော အစာအာဟာရကြောင့်ဖြစ်သော အနာရောဂါ။

(၇) **ဩပက္ကမိကဝေဒနာ**-သူတပါးတို့၏ ရိုက်နှက်ပုတ်ခတ်မှုကြောင့်ဖြစ်သော အနာရောဂါ၊

(၈) **ကမ္မဝိပါကဇဝေဒနာ**-ရွေးကံကြောင့်ဖြစ်သော အနာရောဂါ-

**ပရိတ်ကာကွယ်နိုင်, မနိုင် ရောဂါခွဲနိုင်။** ။ဤ ၈-မျိုးသောအကြောင်းတို့ကြောင့်ဖြစ်သောအနာရောဂါများတွင် ရွေးကံကြောင့်ဖြစ်သော အနာရောဂါမှတပါး ကျန် ၇-မျိုးသော ရောဂါဝေဒနာများကို

(ဆေးဝါး, ပရိတ်တရားတို့ဖြင့်) ကုစား, ကာကွယ်လို့ ရနိုင်၏၊ ကံကြောင်းဖြစ်သော အနာရောဂါ များကိုကား ဘယ်ဆေးဝါး, ဘယ်ပရိတ်တရား တွေကမှ မပယ်ရှား မကာကွယ်နိုင်ကြပါကုန်[၅၆]။

အရှင်မင်းကြီး...ထိုခံစားမှု 'ဝေဒနာ'အားလုံးသည် ကံလျှင် အကြောင်းရင်းရှိသည်မဟုတ်၊ ရှစ်ပါးသော အကြောင်းတို့ကြောင့် ခံစားမှု 'ဝေဒနာ'တို့သည် ဖြစ်တတ်ပါကုန်၏၊ ယင်းအကြောင်း ရှစ်မျိုးတို့ကြောင့် များစွာသော သတ္တဝါတို့သည် ဝေဒနာတို့ကို ခံစားကြရကုန်၏၊ အဘယ်ရှစ်မျိုးတို့ ကြောင့် ခံစားကြရကုန်သနည်းဟူမူ--- မင်းကြီး...ဤလောကဌ အချို့သော ဝေဒနာတို့သည် (၁) လေကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ (၂) သည်းခြေကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ (၃) သလိပ် ကြောင့်လည်းဖြစ်ပေါ်လာကုန်၏၊ (၄) လေ သည်းခြေ သလိပ် သုံးပါးအစုအဝေး 'သန္နိပါတ်' ကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ (၅) ဥတုဖောက်ပြန်ခြင်းကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ (၆) မသင့်သော အစာအာဟာရကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ (၇) လုံ့လကြောင့်လည်း ဖြစ်ပေါ် လာကုန်၏၊ မင်းကြီး...ဤလောကဌ အချို့သော ဝေဒနာတို့သည် (၈) ကံ၏အကျိုးကြောင့်လည်း ဖြစ် ကုန်၏။ မင်းကြီး...ဤရှစ်ပါးသော အကြောင်းတို့ကြောင့် များစွာသော သတ္တဝါတို့သည် ဝေဒနာတို့ကို ခံစားကြရကုန်၏။

ထိုရှစ်မျိုးတို့တွင် အကြင်ပုဂ္ဂိုလ်သည် "သတ္တဝါတို့ကို ကံက ညှင်းဆဲ၏"ဟု ဆိုကုန်ရာ၏၊ ထိုပုဂ္ဂိုလ်တို့သည် (ကံအကြောင်းမှတပါး အခြား) ခုနစ်ပါးသောအကြောင်းတို့ကို ပယ်ကုန်၏၊ ထို ပုဂ္ဂိုလ်တို့၏စကားသည် မှား၏ဟု မိန့်တော်မူ၏။

---

[၅၆] ဝိတ္ထဿမုဠာနာနိပိ ဓေါ သိဝကာ ဤဧကေစ္စာနိ ဓေဒယိတာနိ ဥပ္ပဇ္ဇန္တိ

ဧသမုဿမုဠာနာနိပိ ဓေါ သိဝကာ။ ပ ။ ဝါတဿမုဠာနာနိပိ ဓေါ သိဝကာ။ ပ ။ သန္နိပါတိကာနိပိ ဓေါ သိဝကာ ။ ပ ။ ဥတုပရိဏာမဇာနိပိ[၁၆၆] ဓေါ သိဝကာ။ ပ ။ ဝိသမပရိဟာရဇာနိပိ ဓေါ သိဝကာ။ ပ ။ ဩပက္ကမိကာနိပိ ဓေါ သိဝကာ။ ပ ။ ကမ္မဝိပါကဇာနိပိ ဓေါ သိဝကာ ဤဧကေစ္စာနိ ဓေဒယိတာနိ ဥပ္ပဇ္ဇန္တိ။ ——

ဝိတ္ထံ ဧသမုဠ ဝါတာ စ။ သန္နိပါတာ ဥတူနိ စ။

ဝိသမံ ဩပက္ကမိကံ၊ ကမ္မဝိပါကေန အဋ္ဌိတိ။

(သဋ္ဌာယတနဝဂ္ဂသံယုတ်၊ ဓေဒနာသံယုတ်၊ သိဝကသုတ်၊ ၄၂၈–၄၂၉။)

[ရာဇာပြိဟ ဝေဠုဝဂန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံး၊ မောဠိယသီဝက ပရိဗိုဇ်]

တတ္ထ ပုရိမေဟိ သတ္ထာဟိ ကာရဏေဟိ ဥပ္ပန္နာ သာဓိရိကာ ဝေဒနာ သတ္ထာ ဟဋ္ဌာဟိတုံ၊ ကမ္မဝိပါကဇာနံ ပန သဗ္ဗဘောသဇ္ဇာနိပိ သဗ္ဗပရိတ္တာနိပိ နာလံ ပဋိဃာတာယ။ (သဋ္ဌာယတနဝဂ္ဂသံယုတ်အဋ္ဌကထာ၊ သိဝကသုတ်အဖွင့်၊ ၁၂၂။)

အရှင်ဘုရားနာဂသေန...အကြင်လေကြောင့် ဖြစ်သောအနာ, သည်းခြေကြောင့် ဖြစ်သော အနာ, သလိပ်ကြောင့်ဖြစ်သောအနာ, လေ သည်းခြေ သလိပ် သုံးပါးအစုအဝေး 'သန္နိပါတ်'ကြောင့် ဖြစ်သော အနာ, ဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်သောအနာ, မသင့်သော အစာအာဟာရကြောင့် ဖြစ်သောအနာ, လုံ့လကြောင့် ဖြစ်သောအနာများတို့ ရှိပါကုန်၏၊ ထိုအနာများအားလုံးတို့သည် ကံသာလျှင် ဖြစ်ကြောင်းရှိ ပါကုန်၏၊ ထိုအနာများအားလုံးတို့သည် ကံကြောင့်သာလျှင် ဖြစ်ပါကုန်၏ဟု ဒေသနာလျှောက်၏။

မင်းကြီး...ထိုအနာများအားလုံးတို့သည် ကံကြောင့်သာလျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ထိုအနာ ရောဂါတို့၏ မိမိတို့၏ သီးခြားအားဖြင့် မှတ်ကြောင်းလက္ခဏာတို့သည် မဖြစ်ကုန်ပေရာ။

**ဒီလောတ်ပျက်ကြောင်း ဆယ်ပါး။** ။ မင်းကြီး... လေဓာတ်ပျက်သည်ရှိသော် (၁) အအေး, (၂) အပူ, ၃) ဆာလောင်မှု (ထမင်းဆာခြင်း), (၄) မွတ်သိပ်မှု (ရေတက်ခြင်း), (၅) အစားလွန်မှု, (၆) အထိုင် အရပ်များမှု, (၇) အလွန်အားထုတ်မှု, (၈) အပြေးအလွှားလွန်မှု, (၉) လုံ့လပယောဂလွန်မှု, (၁၀) ကံ၏အကျိုး- ဤဆယ်ပါးသောအကြောင်းကြောင့် လေပျက်၏၊ ထိုဆယ်ပါးတို့တွင် ရှေ့ကိုးပါးသော ဝါယောဓာတ်ပျက်ကြောင်းတို့သည် အတိတ်ဘဝ၌ မဖြစ်ကုန်၊ အနာဂတ်ဘဝ၌ မဖြစ်ကုန်၊ ပစ္စုပ္ပန်ဘဝ၌သာ ဖြစ်ကုန်၏၊ ထို့ကြောင့် "ဝေဒနာအားလုံးတို့သည် ကံကြောင့်သာ ဖြစ်ကုန်၏"ဟု မဆိုရကုန်။

**သည်းခြေပျက်ကြောင်း သုံးပါး။** ။ မင်းကြီး...သည်းခြေပျက်သည်ရှိသော် (၁) အအေး, (၂) အပူ, ၃) မသင့်သော အစာအာဟာရ-ဤသုံးပါးသောအကြောင်းကြောင့် သည်းခြေးပျက်၏။

**သလိပ်ပျက်ကြောင်း သုံးပါး။** ။ မင်းကြီး...သလိပ်ပျက်သည်ရှိသော် (၁) အအေး, (၂) အပူ, (၃) ဆမင်း အဖျော် (စားဖွယ် သောက်ဖွယ်)-ဤသုံးပါးသောအကြောင်းကြောင့် သလိပ်ပျက်၏။

မင်းကြီး...လေ, သည်းခြေ, သလိပ်တို့သည် မိမိတို့၏ ပျက်ကြောင်းတို့ဖြင့် ပျက်လတ်၍ ရောနှောပူး ပေါင်းသည်ဖြစ်လျက် မိမိ မိမိတို့နှင့်ဆိုင်ရာ ဝေဒနာကို တိုးပွါးအောင် ငင်ဆွဲ၏။

မင်းကြီး...ဥတုပျက်၍ ဖြစ်သောဝေဒနာသည် ဥတုပျက်သောကြောင့် (ဥတုဖောက်ပြန်သောကြောင့်) ဖြစ်၏။

မင်းကြီး...မသင့်သော အစာအာဟာရကြောင့် ဖြစ်သောဝေဒနာသည် မသင့်သော အစာအာဟာရကြောင့် ဖြစ်၏။

မင်းကြီး...လုံ့လကြောင့်ဖြစ်သောဝေဒနာသည်ကား ပစ္စုပ္ပန်တွင် ပြုလုပ်အပ်သော အမှုကြောင့် ဖြစ်သောဝေဒနာလည်းရှိ၏၊ ရှေးကံအကျိုးဖြစ်သော ဝေဒနာလည်း ရှိ၏၊ ကံ၏အကျိုးကြောင့် ဖြစ်သော ဝေဒနာသည် ရှေး၌ပြုလုပ်အပ်သော ကံကြောင့် ဖြစ်၏၊ ဤသို့လျှင် ကံအကျိုးကြောင့်ဖြစ်သော ဝေဒနာသည် နည်း၏၊ ထိုမှကြွင်းသော အကြောင်းတို့ကြောင့်ဖြစ်သော ဝေဒနာသည်ကား များလှ၏၊ ထိုသို့ ဝေဒနာဖြစ်ရာ၌ သူမိုက်တို့သည် "အလုံးစုံသော ဝေဒနာတို့သည် ကံအကျိုးကြောင့်သာ ဖြစ်ကုန်၏"ဟု အယူသည်းကြကုန်၏၊ ထိုကံကို ဘုရားဥာဏ်တော်နှင့်ကင်း၍ ခြားနား ပိုင်းဖြတ်ခြင်းကို ပြုလုပ်ခြင်းငှါ မစွမ်းနိုင်။[၅၇]

---

[၅၇] နဟိ မဟာရာဇ သဗ္ဗံ တံ ဝေဒယိတံ ကမ္မမူလက်၊ အဌဟိ မဟာရာဇ ကာရဏေဟိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ ယေဟိ ကာရဏေဟိ ပုထူ သတ္တာ ဝေဒနာ ဝေဒိယန္တိ။ ကမေဟိ အဌဟိ? ဝါတသမုဌာနာနိပိ ခေါ မဟာရာဇ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ ပိတ္တသမုဌာနာနိပိ ခေါ မဟာရာဇ။ ပ ။ သေမှသမုဌာနာနိပိ ခေါ မဟာရာဇ။ ပ ။ သန္နိပါတိကာနိပိ ခေါ မဟာရာဇ ။ ပ ။ ဥတုပရိဏာမဇာနိပိ ခေါ မဟာရာဇ။ ပ ။ ဝိသမပရိဟာရဇာနိပိ ခေါ မဟာရာဇ။ ပ ။ ဩပတ္တမိကာနိပိ ခေါ မဟာရာဇ။ ပ ။ ကမ္မဝိပါကဇာနိပိ ခေါ မဟာရာဇ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ။ ဣမေဟိ ခေါ မဟာရာဇ အဌဟိ ကာရဏေဟိ ပုထူ သတ္တာ ဝေဒနာ ဝေဒိယန္တိ။ တတ္တ ယေ တေ ပုဂ္ဂလာ "သတ္တေ ကမ္မံ ဝိဗာတေ"တိ ဝဒေယျုံ၊ တေ ဣမေ ပုဂ္ဂလာ သတ္တကာရဏံ ပဋိဗာဟန္တိ။ တေသံ တံ ဝစနံ မိစ္ဆာတိ။ ဘန္တေ နာဂသေန, ယဉ္စ ဝါတိကံ ယဉ္စ ပိတ္တိကံ ယဉ္စ သေမှိကံ ယဉ္စ သန္နိပါတိကံ ယဉ္စ ဥတုပရိဏာမဇံ ယဉ္စ ဝိသမပရိဟာရဇံ ယဉ္စ ဩပတ္တမိကံ၊ သဗ္ဗေတေ ကမ္မသမုဌာနာ ယေဝ၊ ကမ္မေနေဝ တေ သဗ္ဗေ သမ္ဘဝန္တိတိ။

ယဒိ မဟာရာဇ တေပိ သဗ္ဗေ ကမ္မသမုဌာနာဝ အာဗာဓာ ဘဝေယျုံ၊ နဟိ တေသံ ကောဌာသတော လက္ခဏာနိ ဘဝေယျုံ၊ ဝါတော ခေါ မဟာရာဇ ကုပ္ပမာနော ဒသဝိဓေန ကုပ္ပတိ သီတေန ဥဏ္ဍေန ဇိဃစ္ဆာယ ပိပါသာယ အတိဘုတ္တေန ဌာနေန ပဓာနေန[၅၈] အာဓာဝနေန[၅၈] ဥပတ္တမေန[၅၈] ကမ္မဝိပါကေန။ တတြ ယေ တေ နဝဝိဓာ၊ နဟိ တေ အတီတေ၊ နဟိ အနာဂတေ၊ ဝတ္တမာနကေ ဘဝေ ဥပ္ပဇ္ဇန္တိ၊ တသ္မာ နဟိ ဝတ္တဗ္ဗာ "ကမ္မသမ္ဘဝါ သဗ္ဗာ ဝေဒနာ"တိ။ ပိတ္တံ မဟာရာဇ ကုပ္ပမာနံ တိဝိဓေန ကုပ္ပတိ သီတေန ဥဏ္ဍေန ဝိသမဘောဇနေန။ သေမှံ မဟာရာဇ ကုပ္ပမာနံ တိဝိဓေန ကုပ္ပတိ သီတေန ဥဏ္ဍေန အန္နပါနေန[၅၈]။ ယော စ မဟာရာဇ ဝါတော ယဉ္စ ပိတ္တံ ယဉ္စ သေမှံ၊ တေဟိ တေဟိ ကောပေဟိ ကုပ္ပိတ္ဘာ မိဿီ ဟုတ္ဘာ သကံ သကံ ဝေဒနံ အာကဇုတိ။ ဥတုပရိဏာမဇာ မဟာရာဇ ဝေဒနာ ဥတုပရိဏာမေန ဥပ္ပဇ္ဇတိ။ ဝိသမပရိဟာရဇာ ဝေဒနာ ဝိသမပရိဟာရေန ဥပ္ပဇ္ဇတိ။ ဩပတ္တမိကာ မဟာရာဇ ဝေဒနာ[၅၈] အတ္တိ ကိရိယာ၊ အတ္တိ ကမ္မဝိပါကာ၊ ကမ္မဝိပါကဇာ ဝေဒနာ ပုဗ္ဗေ ကတေန ကမ္မေန ဥပ္ပဇ္ဇတိ။ ဣတိ ခေါ မဟာရာဇ အပ္ပံ ကမ္မဝိပါကဇံ၊ ဗဟုတရံ အဝသေသံ။ တတ္တ ဗာလာ "သဗ္ဗံ ကမ္မဝိပါကဇံ ယေဝါ"တိ အတိဓာဝန္တိ။ တံ ကမ္မံ နဟိ သတ္တာ ဝိနာ ဗုဒ္ဓဉာဏေန ဝဝတ္တာနံ ကာတုံ။ (မိလိန္ဒပဉ္ဍ၊ မေဏ္ဍကပဉ္ဍ၊ အကုသလဆွေဒနပဉ္ဍ၊ ၁၃၇–၁၃၈။)

# ပရိတ်ရွတ်ရကျိုး အမျိုးမျိုး

## ပရိတ်တော်၏စွမ်းအင်များ

ဘုရားရှင်ဟောညွှန်ချက် ပရိတ်တော်များ၏ သတ္တိစွမ်းအင်ကြောင့် ရောဂါဖြစ်ကြောင်း ၈-မျိုး တို့တွင် ရှေးကံ ဥပစ္ဆေဒကြောင့်ဖြစ်သောရောဂါမှတပါး အခြားသောအကြောင်းကြောင့် ဖြစ်ပွါးသော ရောဂါ ဥပဒ် အန္တရာယ် (ဥပဒ္ဒဝေါ, calamity, affliction) များသည် ကင်းပျောက် အေးငြိမ်းကုန်၏။ မြွေဆိုး သားရိုင်းတို့သည်ပင် မကိုက်နိုင်ကုန်။ အဆိပ်ကို စားမျိုမိစေကာမူ အဆိပ်မဖြစ်နိုင်။ ရန်သူတို့ ချထားသော ဆူးငြောင့်, တံသင်း ( stake, spike), ကြော့ကွင်း စသည်တို့ကို တိုက်မိ, နင်းမိငြား သော်လည်း မစူးရှ, မပေါက်ပြဲ, မထိ, မမိနိုင်ချေ။ ထို့ကြောင့် **"ပရိ (သမ္တန္တတော)- ထက်ဝန်းကျင် အရပ်** ဆယ်မျက်နှာတို့မှ ၊ **ဘယံ-အထွေထွေ အထူးထူး ကျရောက်၍ ကြောက်မက်ဖွယ်သော ဥပဒ်, ဘေးရန်, အန္တရာယ် အသွယ်သွယ်ကို၊ တာယတိ (ရက္ခတိ)-ကာကွယ် စောင့်ရှောက်နိုင်၏၊ ဣတိ-ထိုသို့သော ဂုဏ်သတ္တိထူး အစွမ်းကြောင့်၊ ပရိတ္တံ-ပရိတ်မည်၏။**

ဘိလူး, သရဲ (မကောင်းဆိုးဝါးကောင်တမျိုး),သဘက်(လူတို့ကို ခြောက်လှန့်ဖမ်းစားတတ် သော ပြိတ္တာတမျိုး), တစ္ဆေ (တဇ္ဇေ), မြေဘုတ် (an earth evil spirit)တို့ကြောင့် ဖြစ်တတ်သော ဝမ်းရောဂါ, ပလိတ်ရောဂါ စသည်မှ ကာကွယ်ရန် **ရတနသုတ်ပရိတ်တော်**ကိုလည်းကောင်း, နတ်ဆိုး နတ်ကြမ်းတို့ မဖမ်းမဆိး မနှောင့်ရှက်နိုင်ရန် **မေတ္တာသုတ်, အာဋာနာဋိယသုတ် ပရိတ်တော်များ** ကို လည်းကောင်း, ကြောက်ထိတ်လန့်ခြင်း ဘေးဥပဒ်မှ ကာကွယ်ရန် **ဓဇဂ္ဂသုတ်ပရိတ်တော်**ကိုလည်း ကောင်း, ဖျားနာစသည်မှ ကာကွယ်ရန် **ဗောဇ္ဈင်သုတ် ပရိတ်တော်**ကိုလည်းကောင်း, အမျိုးသမီးများ သား, သမီး မဖွါးနိုင်သောအခါ ကာကွယ်ရန် **အဝိုလိမာလသုတ် ပရိတ်တော်**ကိုလည်းကောင်း, မိးဘေး, ရေဘေး စသည်မှ ကာကွယ်နိုင်ရန် **ဝဋ္ဌသုတ် ပရိတ်တော်**ကိုလည်းကောင်း, မြွေဆိုး, ကင်း ဆိုး, ခြသေ့်, သစ်ကျား, သားရဲ ဘေးတို့မှ ကာကွယ်ရန် **ခန္ဓသုတ် ပရိတ်တော်**ကိုလည်းကောင်း, ထိုမှတပါး မိုးခေါင်ရေရှားဖြစ်သောအခါ ကာကွယ်ရန် **မစ္ဆရာဇ ဝါရံ့မင်း ပရိတ်တော်**ကိုလည်းကောင်း ဘုရားရှင်ဟောတော်မူခဲ့သည်။

# ကျိုးမရငြား ချို့သူကား
## မှတ်သားကြစေ နှောင်းလူတွေ

ပြောဆိုခဲ့တဲ့အတိုင်း "ပရိတ်တော်က အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်သည် ဆိုသော်လည်း--

**မဟာသာဝတ္ထကမ္မံ စ၊ ကိလေသော စ အသဒ္ဓတာ။**
**တီဟဂီဟိ သမွန္နော စေ၊ ပရိတ္တံ တံ န ရက္ခတိ။**

**မဟာသာဝတ္ထကမ္မံ စ**–မာတုဃာတကစသော ပဉ္စာနန္တရိယကံနှင့်အလားတူ လေးလံကြီးမား သောကံကို လွန်ကျူးခြင်းလည်းကောင်း၊ **ကိလေသော စ**–ပဋိသန္ဓေ တည်နေရကြောင်း ကံဟောင်း တားမြစ်ကြောင်း ကိလေသန္တရာယ်လည်းကောင်း၊ **အသဒ္ဓတာ စ**–အယုံအကြည်ကင်းမဲ့ခြင်းလည်း ကောင်း၊ **တီဟဂီဟိ**–အဂိသုံးပါးတို့နှင့်၊ **စေ သမွန္နော**–အကယ်၍ ပြည့်စုံသည်ဖြစ်အံ့၊ **တံ**– ထိုသို့ သဘောရှိသော သူကို၊ **ပရိတ္တံ**–ပရိတ်တော်သည်၊ **န ရက္ခတိ**–မကာကွယ် မစောင့်ရှောက်။

အမိ, အဖကို သတ်ဖြတ်သူ, ရဟန္တာကို သတ်ဖြတ်သူ, ဘုရားကို သွေးခြည်ဉာဏ်အောင် ပြုလုပ်သူ, သံဃာကို သင်းခွဲသူများနှင့် ဤနှင့်အလားတူ ရဟန်း, သံဃာ, ဆရာသမား, ဘိုးဘွား, မိကြီး, မိထွေး, ဦးလေး, ဦးကြီး စသည်တို့အပေါ်၌ ပြစ်မှားခြင်းစသည်ဖြင့် ကြီးလေးသော အပြစ်ရှိသူများသည်လည်း ပရိတ်အကျိုးကို မခံစားထိုက်၊ ပရိတ်တော်ကို ယုံကြည် ကိုးစားခြင်း မရှိသူ, သို့မဟုတ် ကမ္မဿကတ ဉာဏ်မရှိ၍ ပြုပြုသမျှ ကောင်းမှု, ဆိုးမှု အကျိုးမရှိဟု ကံ ကံ၏အကျိုးကို မယုံကြည်သူ သည်လည်း ပရိတ်တော်ကို နာယူခြင်း စသည်ကိုပင် ပြုမည်မဟုတ်၍ မတော်တဆ အခွင့်ရသဖြင့် ကြားနာစေကာမူလည်း ထိုသူ၏ မယုံကြည်ရေးအတွက် ပရိတ်အကျိုးကို မခံစားထိုက်။ ထို့ကြောင့် ပရိတ်နာသူတို့သည် ကမ္မဿကတဉာဏ်အရင်းခံရှိသူ, ပရိတ်အပေါ်၌ ယုံကြည်ကိုးစားသူတို့ ဖြစ်ကုန်ရာ၏" ဟု ပရိတ္တသင်္ဂဟ (၇-၉)၌ ကျမ်းပြုဆရာတော်က မိန့်မှာတော်မူ၏။

# ပရိတ္တဆယ့်တစ်မျိုး ရွတ်ကျိုးဖော်ရာ ကဗျာတွေပါ

## ဓမ္မအလင်္ကာ၊ ပဒေသာ[၅၈]မှ၊ ဖွေကာညွှန်ပြ၊

## "ပရိတ္တဆယ့်တစ်မျိုး၊ ရွတ်ကျိုးဖော်ရာ ကဗျာတွေပါ"

သုံးလူ့ထွတ်ထား၊ မြတ်ဘုရား၏၊ မိန့်ကြားဗျာဒိတ်၊ ရွှေတံဆိပ်ဟု၊ ပရိတ်တော်ကြိး၊ ဘေးဆိး ရန်တား၊ ခြားနားသိသာ၊ ဖော်ပြပါအံ့ ... ...

၁။ **မဟာမင်္ဂလ၊ ပရိတ္တ**ကား၊ သုခများစွာ၊ မင်္ဂလာပွါးတက်၊ ဘုန်းကျက်သရေ၊ ပြည့်ဖြိုးဝေ၏။

၂။ သုံးထွေသောကပ်၊ သတ်ဖြတ် ဒုဗ္ဘိက်၊ နံနှိပ်ပျက်စီး၊ မှုကြိးရောက်က၊ **ရတနပရိတ်၊** ရန်ညွှန့် နှိပ်၍၊ စိတ်သစ္စာပြု၊ ရွတ်မှုမှန်စွာ၊ လွန်ချမ်းသာ၏။

၃။ ဗျာပါသောက၊ စိတ်ဒုက္ခနှင့်၊ နေ့ညမရွှင်၊ အိပ်လျှင်မပျော်၊ သူတို့သော်လည်း၊ အော်အော်ညှင်း ဆဲ၊ မေတ္တာနည်း(နဲ)က၊ ရွတ်မြဲရိုတုပ်၊ **မေတ္တသုတ်**တည်း။

၄။ ကြမ်းကြုတ်သစ်ကျား၊ မြွေပါးကင်းသန်း၊ စုန်းဖမ်းနတ်တိုက်၊ အလိုက်သူပြု၊ အမှုရှိခါ၊ ရွတ်ပါ **ခန္ဓ၊ ပရိတ္တ**တည်း။

၅။ ဘယနှောင်သွင်း၊ ခြေချင်းကြိုးတပ်၊ ထိပ်ခတ်ဗန္ဓ၊ ရှိလေကမူ၊ **မောရပရိတ်၊** မအိပ်မနေ၊ ရိုသေနေ့ည၊ ကြိုးလုံ့လလော့။

၆။ တေဇအဂ္ဂိ၊ မိးဘေးရှိက၊ **ဝဋ္ဌသုတ်**ပင်၊ ရွတ်လေချင်လော့။

၇။ မှုခင်းဘေးကြီး၊ ရောက်တုံပြီးသော်၊ ကြက်သီးမွေးညင်း၊ ပူပြင်းထန်စွာ၊ ရှိသောခါလျှင်၊ **မဟာဓဇဂ္ဂ၊** သုတ်မြတ်လှကို၊ မှန်လှစေ့စေ့၊ ရွတ်အောက်မေ့က၊ ပျောက်ပြယ်ရ၏။

၈။ ကိုယ်မှရောဂါ၊ ဖျားနာတစ်ထူး၊ ဘိလူးသဘက်၊ နှိပ်စက်ဖမ်းခါ၊ **အာဋာနာဋိယ၊ ပရိတ္တ**ကို၊ နေ့ညရွတ်ပါ၊ ကျန်းမာပကတိ၊ ဧကန်ရှိ၏။

၉။ မချိပြင်းပြ၊ ဣတ္ထိယတို့၊ ဂဗ္ဘကိုယ်ဝန်၊ သားမွန်မဖွား၊ ခက်ခဲငြားမူ၊ စကားသစ္စာ၊ မှန်စွာကြိးဘိ၊ **အဝိုလိ**ဟု၊ မည်ရှိ**ပရိတ္တာ၊** ရေသာမန်းတိုက်၊ ကိုယ်၌တစိ၊ ပငြိမတွယ်၊ သားဖွားလွယ်၏။

---

[၅၈] ဓမ္မအလင်္ကာ ပဒေသာ၊ ၄၄၅-၄၄၆။)

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

၁၀။ လူငယ်လူကြီး၊ ပျက်စီးမှုများ၊ နာဖျားတာရှည်၊ မတည်စိတ်စက်၊ မသက်မသာ၊ ရှိသောခါလျှင်၊ **မဟာဗောဇျင်၊ ပရိတ်**ပင်တည်း။

၁၁။ အိပ်လျှင်နိမိတ်၊ အတိတ် အနာဂတ်၊ ဖြစ်လတ်သောခါ၊ သင်္ချာဗေဒ၊ **ပုဗ္ဗဏှ**ကို၊ နေ့ညရွတ်လေ၊ ပျောက်လေ အန္တရာယ်၊ ရှင်းရှင်းပယ်သည်၊ မှတ်ဖွယ်ကျမ်းလာ အပြီးတည်း။

## ထွေထွေကောင်းမှု ဆုတောင်းပြု အထုပညာကြီးပါစေ

ယခုလို ပရိတ်တော်များကို အကျယ်တဝင့် သင်ပေးရခြင်း, ရိုရိုသေသေ လေးလေးစားစာ သင်ယူကြခြင်း ကောင်းမှုတွေကြောင့် ပညာပါရမီ ထုထယ်ကြီးမားကြကုန်လျက် သံသရာဇာတ်သိမ်း၍ အေးငြိမ်းရာ စစ်မှန်တဲ့ နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ။

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူဒါန၊ ဟူသမျှတွင်၊ ဓမ္မအလှူ၊ မြတ်ဆုံးဟူ၍၊
သုံးလူထွတ်တင်၊ ဘုရားရှင်၏၊ သွန်သင်မြွက်ကြား၊ မြတ်စကားကို၊
ငါကားစိတ်တွင်၊ စွဲမှတ်ထင်လျက်...
စုံလင်မှတ်ဖွယ်၊ သွင်းကာခြယ်၍၊ မည်သွယ် ဂုဏ်ဟိတ်၊
ပရိတ်သင်တန်း၊ မှတ်ဖွယ်ကျမ်းကို၊ ရေးစွမ်းပြီးခါ၊ မြန်ကောဇာကား၊
ဧကာ သတ္တ၊ တိ ဧကတွင်၊ ဆန်းထ တော်သလင်း၊ ကိုးရက်တွင်းဝယ်၊
ပူးမင်းခေါ်ပေ့၊ သောကြာနေ့တည့်၊ ချမ်းမြေ့ကြည်ဖြူ၊ များရှင်လူတို့၊ လွယ်ကူ မှတ်သားကြစေသောဝ်။

## ပရိတ်သင်တန်း၊ မှတ်ဖွယ်ကျမ်း၊ ဆုံးခန်း တိုင်ပါပြီ

၁၃၇၁-ခု တော်သလင်းလဆန်း ၉-ရက် (၂၀၀၉-ခု ဩဂုတ်လ ၂၈-ရက်) သောကြာနေ့။

# ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း
# ဆုံးခန်းပတ္ထနာ နိဂုံးကဏ္ဍ

လောကလယ်မှာ၊ ကျယ်ပြန့်လာလျက်၊ သွယ်ဖြာဆန်းပြား။
စိတ်စွမ်းအားဖြင့်၊ ကြံငြားတည်ထွင်၊ ပညာရှင်တို့၊
စွမ်းအင်သိပ္ပ၊ ထွန်းကားလှ၍၊ ကမ္ဘာ့အလယ်၊
လွန်တင့်တယ်လျက်၊ ပေါ်ကြွယ်ပစ္စည်း၊ အနည်းနည်းတို့၊
ပွါးစီးရာမြေ၊ ရွှန်းလက်ဝေသည့်၊ အမေရိကန်၊ တိုင်းနိုင်ငံတွင်၊
နောက်ဌာန်ရပ်ဗျာ၊ ကျယ်ပြန့်ကားပြီး၊ ကယ်လီဖိုးနီးယား
ပြည်နယ်၊ ဂုဏ်ဆောင်သယ်သည့်၊ တင့်တယ်ရွှေတံတား၊
ထပ်တံတားတို့၊ တည်ထားရာမှန်၊ မြို့ရွှေဖန်မှ၊
တောင်ယံမိုင်ထောက်၊ သုံးဆယ်လောက်တွင်၊
ထွန်းတောက်လရေး၊ ထက်ဝက်ကွေးသို့၊ ဟစ်ကြွေးသမုဒ္ဒရာ၊
ကမ်းဘေးမှာလျှင်၊ တည်ရှာပေလတ်၊ ထိုဗျူပွတ်ကြောင့်၊
ခေါ်အပ် ဟာ့ဗ်မွန်းဧး၊ မြို့ကလေးတွင်၊ နောင်ရေးသာသနာ၊
ထွန်းလင်းဖြာဖို့၊ ရည်ကာမျော်ဆ၊ တည်ထောင်ပြလျက်၊
ဧကရအမော်၊ ပြည်လုံးကျော်သည့်၊ ဆရာတော် သဓင်၊
ကျေးဇူးရှင်၏၊ တည်ထွင် သာသနာ၊ ဆက်လက်ဖြာဖို့၊
ဇောတာလက်ီာရမည်တွင်၊ ငါထေရ်ရှင်ကာ။
တွင်းပြင် ပြည်သာ။ ပြည်သူများတို့၊ ကြိုးစားလေ့လာ၊
ကျိုးများရာဖို့၊ ရည်ကာမှန်းဆ၊ သင်ပို့ချသည့်၊ မည်သ
"ပရိတ်သင်တန်း–မှတ်ဖွယ်ကျမ်း"ကား။ ဆုံးခန်း တိုင်၏၊
ပြီးဆုံးပါ၍၊ ကျွန်မှာပြုစု၊ ဤကောင်းမှုကြောင့်၊ တွေးရွှစရာ၊
မေးပြွှလာသော်၊ လွယ်စွာဓော၊ ဖြေပြနိုင်လို၊ ထိုတို့ သူတပါး၊
အကျိုးများကို၊ ဆောင်ငြားနိုင်လို၊ ဓတောင်းဆုဆို၏၊ ထိုဤဘဝ၊
ကျင်လည်ရလည်း၊ ဒုက္ခဖြာဖြာ၊ ဗျာဓိနာတို့၊ ဘယ်၏မရှိ၊
ဆုရွှေဘိုး၏၊ ပစ္ဆိမိက၊ ဆုံးဘဝ၌၊ ဗုဒ္ဓသက်ရှင်၊

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

ထံတော်တွင်ဝယ်၊ ခေါ်ငင်လေဘီ၊ ဇေဟိဘိက္ခူ၊ ရဟန်းမှုဖြင့်၊
ခြောက်ခု အဘိညာဉ်၊ လေးအင် ပဋိသမ္ဘိဒါ၊ စုံလင်စွာလျှင်၊
ခေမာနိဗ္ဗူ၊ စံယူရလို၊ ဇော်ညွှန်းဆို၏၊ ထိုထိုပုည၊ ကုသလ၏၊
ဘာဂခွဲပြု၊ ဖို့အစုကို၊ များထုသတ္တဝါ၊ ရစေငှါဟု၊ ဝမ်းသာရှင်ပြ၊
ပေးဝေငှသည်၊ ကောင်းစွ...ကောင်းစွ...ကောင်းစွ သာခု
ခေါ်စေသောဝ်။

**မှတ်ချက်** [၁၃၇၁–ခု နတ်တော်လဆုတ် ၂–ရက် (၁၂၊ ၀၃၊ ၀၉) ကြာသပတေးနေ့ည၌ မျက်ရည်ပူကျပြီး, ၃–ရက်နေ့နံနက်တွင် Bell's palsy ဖြစ်ကာ နှုတ်ခမ်းရွဲ့၍ ဆရာဝန်ဆေး, တရုပ်ဆေးများစားလျက် အတန်ငယ် သက်သာလာစဉ် အထက်ပါ **"နိဝုံးကဗျာ"**ကို ရေးခဲ့သည်။ (၁၂၊ ၁၁၊ ၀၉)]

# ပရိတ်သင်တန်း မှတ်ပုံတင်ကျမ်း

## မိုင်မြမ်းခဲရာ ကျမ်းများစာ

၁။ ပရိတ်ကြီးနိဿယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)

၂။ ဟံသာဝတီ ပရိတ်ကြီးနိဿယ (စလင်းဆရာတော်)

၃။ ပရိတ္တသင်္ဂဟခေါ် ပရိတ်တော်ကြီး ပါဠိနိဿယ (အရှင်အာဒိစ္စဝံသ)

၄။ တွံတေး ပရိတ်ကြီးနိဿယ (တွံတေးဆရာတော်)

၅။ မဟာပရိတ်တော်ကြီးနိဿျသစ် (အရှင်ဝေပုလ္လာဘိဓဇ၏ ပြင်းခြံ-၉-ဆောင်မူ)

၆။ ပရိတ်ပါဠိ ပရိတ်ကြီးနိဿယနှင့် ပရိတ်တရားတော်များ (အရှင်ဇနကာဘိဝံသ)

၇။ ဓမ္မာနန္ဒ ဝတ်ရွတ်စဉ်

၈။ ပရိတ္တဒီပကာပါဠိ (အရှင်တေဇောဒီပထေရ်)၊ ပရိတ္တဒီပကာနိဿယ (အမည်မသိ မထေရ်)

၉။ ကိုယ်ကျင့်မင်္ဂလာ

၁၀။ ခုဒ္ဒကပါဌပါဠိတော်

၁၁။ ဥဒါနပါဠိတော်

၁၁။ သုတ္တနိပါတပါဠိတော်

၁၂။ ဓမ္မပဒပါဠိတော်

၁၃။ မဟာဝဂ္ဂပါဠိတော် (ဒီဃနိကာယ်)

၁၄။ ပါထိကဝဂ္ဂပါဠိတော်

၁၅။ မူလပဏ္ဏာသပါဠိတော်

၁၆။ မဇ္ဈိမပဏ္ဏာသပါဠိတော်

၁၁။ ဥပရိပဏ္ဏာသပါဠိတော်

၁၇။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်

၁၈။ သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်

၁၉။ မဟာဝဂ္ဂသံယုတ်ပါဠိတော်

၂၀။ အင်္ဂုတ္တိုရ်ပါဠိတော်များ

၂၃။ စရိယာပိဋကပါဠိတော်

၂၄။ ဇာတကပါဠိတော် (ပဌမတွဲ)

၂၅။ မဟာနိဒ္ဒေသပါဠိတော်

၂၆။ စူဠနိဒ္ဒေသပါဠိတော်

၂၇။ မိလိန္ဒပဉ္ဉပါဠိတော်

၂၈။ ပါစိတ္တိယပါဠိတော်

၂၉။ စူဠဝဂ္ဂပါဠိတော်

၃၀။ ဓမ္မသင်္ဂဏိပါဠိတော်

၃၁။ ဝိဘင်္ဂပါဠိတော်

၃၂။ ပုဂ္ဂလပညတ္တိပါဠိတော်

၃၃။ ခုဒ္ဒကပါဌအဋ္ဌကထာ

၃၄။ သုတ္တနိပါတအဋ္ဌကထာ ၂-တွဲ

၃၅။ မဟာဝဂ္ဂအဋ္ဌကထာ (ဒီဃနိကာယ်)

၃၆။ ပါထိကဝဂ္ဂအဋ္ဌကထာ

၃၇။ မူလပဏ္ဏာသအဋ္ဌကထာ ၂-တွဲ

၃၈။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ

၃၉။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ

၄၀။ သဋ္ဌာယတနဝဂ္ဂသံယုတ်အဋ္ဌကထာ

၄၁။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ

၄၂။ အင်္ဂုတ္တရအဋ္ဌကထာ (ပဌမတွဲနှင့် တတိယတွဲ)

၄၃။ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပဌမတွဲ)

၄၄။ စူဠဝဂ္ဂါဒိအဋ္ဌကထာ

၄၅။ ဓမ္မပဒအဋ္ဌကထာများ

၄၆။ ဣတိဝုတ်အဋ္ဌကထာ

၄၇။ စရိယာပိဋကအဋ္ဌကထာ

၄၈။ ဗုဒ္ဓဝံသအဋ္ဌကထာ

၄၉။ ဇာတကအဋ္ဌကထာများ

၅၀။ မဟာနိဒ္ဒေသအဋ္ဌကထာ

၅၁။ စူဠနိဒ္ဒေသအဋ္ဌကထာ

၅၂။ အဋ္ဌသာလိနီအဋ္ဌကထာ

၅၃။ သမ္မောဟဝိနောဒနီအဋ္ဌကထာ

၅၄။ ပုဂ္ဂလပညတ္တိအဋ္ဌကထာ (ပဉ္စပကရဏအဋ္ဌကထာ)

၅၅။ ခုဒ္ဒသိက္ခာ

၅၆။ ဝိသုဒ္ဓိမဂ် (ပဌမတွဲ)

၅၇။ သာရတ္ထဒီပနီဋီကာများ

၅၈။ အဂ်ံတ္ထရဋီကာများ

၅၉။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပဌမတွဲ)

၆၀။ ဇိနာလင်္ကာရဋီကာ

၆၁။ ပါရာဇိကဏ်ဘာသာဋီကာများ

၆၂။ ဝိနည်းမဟာဝါဘာသာဋီကာများ

၆၃။ စူဠဝါဘာသာဋီကာ

၆၄။ သုတ်မဟာဝါဘာသာဋီကာများ

၆၅။ သုတ်ပါထေယျဘာသာဋီကာ

၆၆။ သမ္မောဟဝိနောဒနီဘာသာဋီကာ (တတိယတွဲ)

၆၇။ ပုဂ္ဂလပညတ္တိ အဋ္ဌကထာ ဘာသာဋီကာ

၆၈။ သင်္ဂဟယတနဝဂ္ဂသံယုတ်နိဿယနှင့် မြန်မာပြန်

၆၉။ မဟာဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်

၇၀။ မိလိန္ဒပဉ္ဟာပါဠိတော်မြန်မာပြန်

၇၁။ မိလိန္ဒပဉ္ဟာမြန်မာဘာသာပြန် စကားပြေဝတ္ထုတော်ကြီး (ဟံသာဝတီမူ)

၇၂။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (ဒုတိယတွဲ)

၀၀။ ခုဒ္ဒသိက္ခာဘာသာဋီကာ

၇၁။ ဝိသုဒ္ဓါရုံ ဂုဏ်တော်ဖွင့်

၇၂။ ရတနာဂုဏ်ရည်

၇၃။ ကိုယ်ကျင့်အာဘိဓမ္မာ

၇၄။ မဟာသုတကာရီ မဃဒေဝလက်ာသစ်

၇၅။ မဃဒေဝလက်ာသစ် ခက်ဆစ်အဖြေကျမ်းများ

၇၆။ မဃဒေဝလက်ာသစ်အဖွင့်ကျမ်း (အရှင်မဟောသဓပဏ္ဍိတ)

၇၇။ ဆုံးမစာပေါင်းချုပ်ကြီး (မာဏဝ)

၇၈။ သုတေသန သရုပ်ပြအာဘိဓာန် (အရှင်ဩဘာသာဘိဝံသ)

၇၉။ ပါဠိမြန်မာ အာဘိဓာန်ကျမ်းကြီး (ဦးဟုတ်စိန်)

၈၀။ မြန်မာ–အင်္ဂလိပ် အာဘိဓာန်

၈၁။ မြန်မာအာဘိဓာန် အကျဉ်းချုပ်၊ ၅–တွဲ

၈၂။ ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ (ပဌမတွဲ)

၈၃။ ပိဋကလမ်းညွှန် ပထမတွဲနှင့် ဒုတိယတွဲ (ဦးသိဟဇလ)

၈၄။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ, တတိယတွဲ, ပဉ္စမတွဲ (တိပိဋကဓရဆရာတော်
ဦးဝိစိတ္တာဘိဝံသ)

၈၅။ အခြေပြုသင်္ကြိုဟ်

၈၆။ သင်္ကြိုဟ်ဘာသာဋီကာ

၈၇။ ဒဂုံ ဦးထွန်းမြင့်၏ မင်္ဂလာကဗျာများ

၈၈။ ဓမ္မအလင်္ကာ ပဒေသာ

၈၉။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၄

၉၀။ (မကာရလောပ) တောင်တွင်းဆရာတော် ခင်ကြီးပျော် လောကီ–လောကုတ္တရာ
အမေးအဖြေကျမ်း

၉၁။ အမရကောသ (သင်္ကတ အာဘိဓာန်)

၉၂။ Chaṭṭha Saṅgāyana CD-ROM Version 3

၉၃။ DICTIONARY OF PĀLI LANGUAGE

# ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

## ရှာဖွေလွယ်စွာ၊ ထောက်ကူပါ၊ စဉ်လာ အကွရာကြည့်


သိစရာထွေလာ စာမျက်နှာ

အကန်း, တစ်ဖက်မြင်, နှစ်ဖက်မြင် ပုဂ္ဂိုလ်သုံးအင် ၁၈၈
အကရဏီယနှင့် မေတ္တာ ၄၉၈
အကာလိကဂုဏ်တော်နှင့်စပ်လာ သိမှတ်ဖွယ် ၆၉၅
အကာလိကဂုဏ်မှာ မဂ်နှင့်ဆိုင်ပါ ၆၉၆
အကိတ္တိဇာတ် ၁၇၀
အကောက် ၃-ပါး ၇၁၇
အကောင်းဆုံးတရားမြတ် နိဗ္ဗာနဓာတ် ၃၈၆
အကျိုးချင်းမှာ ကွာခြားပါ ၇၀၅
အကျိုးရပုံ အဖုံဖုံ ၇၈၇
အခါကောင်းဟာ ဗုဒ္ဓသာသနာ ၄၁၅
အခြေးဋီကာများ ၁၀၄
အခြားနတ်မင်းများ သိကြားမင်းနှင့်တူ ၆၀၂
အခြားပုဂ္ဂိုလ်များရဲ့ စိတ် ၃၃၈
အဂီလေးထွေ ရွတ်သူတွေ ၈၅
အဂီသုံးဝါ ပြည့်စုံမှု၊ ကျိုးရ ဖုတ်ပြုတွာ ၇၃၂
အဂုတ္တရနိကာယ် အုပ် ၃-သွယ် ၉၅
အဂုလိမာလသုတ် ၆၃
အဂုလိမာလသုတ် နိဂုံးချုပ် အာသိသလက်ာ ၈၀၁
အဂုလိမာလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၇၉၃
အဂုလိမာလသုတ်ပရိတ်တော်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? ၇၉၅

အင်္ဂလိမာလသုတ်ပရိတ်တော်ကို အဘယ်အရပ်မှာ ဟောတော်မူခဲ့ပါသလဲ? ၇၉၅

အင်္ဂလိမာလသုတ်ပရိတ်တော်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်,
အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? ၇၉၅

အင်္ဂလိမာလသုတ်ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ်က အဘယ်ပုဂ္ဂိုလ်အား
အဘယ်သူကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါသလဲ? ၇၉၅

အင်္ဂလိမာလသုတ်မြတ် အတ္ထုပ္ပတ် ၇၉၆

အစမထင် သံသရာတစ်ခွင်မှာ ၂၄၄

အစဉ်အတိုင်း မေတ္တာပွါးအပ်သူ ၄-ဦး ၅၁၄

အဆင့်ဆင့်အလံတော် မော်ကြည့်ကြလော့ ၆၀၂

အဇာတ-မဖြစ်သဘောနိဗ္ဗာန် ၃၈၈

အစ္စိဒ္ဓနာဘိတာ- (လက္ခဏာတော်ငယ်) ၇၆၇

အဥ္စလိကရဏီယဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၇၃၃

အဥ္ဇကထာအဆို သိဖို့လို (နှ ဟိ ဇာတုဂ္ဂတ္တသေယျ ပုန ရေတိ)- ၅၂၂

အဥ္ဇကထာ ဖွင့်ပြရာ ကျမ်းမှာ ငါးဆယ့်ငါး ၉၈

အဏိမာဘုန်းတော် ၆၇၅

အတိဝိယ ဥဇ္ဇလိတဂတ္တတာ-(လက္ခဏာတော်ငယ်) ၇၇၀

အတိသုခုမအဿာသ ပဿာသဓာရဏတာ-(လက္ခဏာတော်ငယ်) ၇၇၁

အတိဝိယသောမ္မဂတ္တတာ-(လက္ခဏာတော်ငယ်) ၇၇၀

အတိတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ-(အာဝေဏိကဂုဏ်တော်) ၇၆၁

အတုမဲ့ တရား ၃၉၂

အတုမဲ့ သမာဓိ ၃၉၇

အတုလဒါယကာ၊ ကြံဖန်ကာ၊ ပြစ်ရှာတင်တတ်သည် ၃၄၀

အတ္တကြံပုံ နည်းမျိုးစုံ- ၄၄၁

အတ္တသမ္မာပဏိဓိ ၁၈၃

အတိုက်ခံရ၊ သည်းခံမှ၊ မှန်လှ ဤခန္တီ ၃၀၆

အနဝဇ္ဇာနိ ကမ္မာနိ ၂၄၅

အနာကုလ ကမ္မန္တ (ရှုပ်ထွေးခြင်းမရှိသော အလုပ်များ) ၂၂၁

အနာကုလာ ကမ္ဘန္တာ ၂၂၁

အနာဂတံသေ ဗုဒ္ဓသာ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ-(အာဝေဏိကဂုဏ်တော်) ၇၆၂

အနာဂါမ် ၅-မျိုး ၄၁၇

အနာထပိဏ်သူဌေးသား မောင်ကာလ ၂၀၈

အနာမရှိ ဆိပ်မထိ ၂၅၅

အနာရောဂါဖြစ်ကြောင်း ၈-မျိုး ၈၃၇

အနုတ္တရဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၄၈

အနုတ္တရ ပုညက္ခေတ္တဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၇၃၄

အနုပုဗ္ဗဂတ္တတာ-(လက္ခဏာတော်ငယ်) ၇၆၈

အနုပုဗ္ဗဂုံလိတာ (လက္ခဏာတော်ငယ်) ၇၆၆

အနုပုဗ္ဗ ရုစိရဂတ္တတာ- (လက္ခဏာတော်ငယ်) ၇၆၈

အနုလောမ ဘမုကတာ-(လက္ခဏာတော်ငယ်) ၇၇၀

အနုဿန္ဓာနာနုဿန္ဓ သဗ္ဗဂတ္တတာ-(လက္ခဏာတော်ငယ်) ၇၆၈

အနေကဓာတု, နာနာဓာတုဉာဏ်(ဒသဗလ) ၇၅၅

အနောဓိသပုဂ္ဂိုလ် ၅-ဆောင်ပုဒ်- ၅၂၈

အနောဓိသမေတ္တာပွါးပုံမှာ- ၅၂၄

အနောနမဇဏ္ဍူ ပရိမဏ္ဍန လက္ခဏာတော်-(လက္ခဏာဟော်ကြီး) ၇၆၄

အန္တလိက္ခေ ဘူတာနိ-အရ ကောင်းကင်မှာဖြစ်ကြတဲ့ နတ်ဗြဟ္မာများ- ၃၇၀

အန္ဓကအဋ္ဌကထာ ၉၉

အပရိမာဏ၊ တိုင်းအဆ၊ ဘယ်မျှ မရှိပြီ- ၅၁၁

အပွဓာဒ, ပမာဒ ခွဲခြားပြ ၂၆၆

အပြစ်မရှိတဲ့အလုပ် ၂၄၅

အဖိုးများစွာ၊ ထိုက်တန်လှ၊ မှတ်ပ ရတနာ ၃၈၀

အဘစကား နားမထောင်တဲ့ သားမိုက် ၃၁၂

အဘယ့်ကြောင့် "အဂ္ဂိလိမာလသုတ်"ဟု ခေါ်ပါသလဲ? ၇၉၆

အဘယ့်ကြောင့် "အာဠာနာဋိယပရိတ်"လို့ ခေါ်ပါသလဲ? ၇၄၅

အဘယ့်ကြောင့် ဒီသုတ်ကို "ခန္ဓပရိတ်"လို့ ခေါ်ပါသလဲ? ၅၃၆

အဘယ့်ကြောင့် ဗောဇ္ဈင်္ဂသုတ် ပရိတ်မည်ပါသလဲ? ၈၀၅

အဘယ့်ကြောင့် ဝေဿဝဏ်နတ်မင်းကြီးကသာ လျှောက်ထားရပါသလဲ? ၇၄၆

အဘယမင်းသားအမေးပဟေဠိဆန်, ဘုရားရှင်အဖြေသိပြန် ၆၃၉

အဘယမင်းသားအမေး, ဘုရားရှင်အဖြေ ၆၂၈

အဘိညေယျတော ဗုဒ္ဓေါ ၆၂၆

အဘိညေယျေ ဓမ္မေ ၆၂၆

အဘိဌာန၊ ပြစ်ခြောက်ဝ၊ ပြုက မထိုက်ပြီ ၄၄၆

အဘိဓမ္မပိဋကသာ (အဘိဓမ္မာ ခုနစ်ကျမ်း) ၁၂-အုပ် ၉၄

အဘိဓမ္မာဆိုင်ရာ ဋီကာကြီး ၃-အုပ် ၁၀၄

အဘိနိလနေတ္တလက္ခဏာတော်-(လက္ခဏာတော်ကြီး) ၇၆၅

အများနှင့်မတူတန် သူ့စွမ်းဉာဏ် ၁၀

အမြင် ၂-မျိုး ၃၁၇

အမြတ်အလှူ၊ ခံထိုက်သူ၊ မှတ်ယူ ဒက္ခိဏေယျ ၄၀၈

အမှာအထား ကြွင်းမိုးများ ၆၈၈

အမျဝေမှုနှင့်စပ်သွယ် သတိထားဖွယ် ၇၃၂

အရက်သမား၊ သူဌေးသား၊ သိကြားမကယ်နိုင် ၂၆၀

အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းအပြစ် ၆-ပါး ၂၅၈

အရပ်လေးမျက်နှာ၊ နတ်ဒေဝါ၊ မြဲစွါ စောင့်ပါစေ ၇၈၀

အရဟံဂုဏ်နက် ၅-မျိုးထွက် ၆၁၁

အရဟံဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၀၉

အရဟတ္တဖိုလ်ကိုသာ ယူရမှာ ၄၁၆

အရိယပုဂ္ဂလာ စုံလေးဖြာ ၇၂၃

အရိယသစ္စာ ၃၃၂

အရိယသစ္စာန ဒဿနံ ၃၃၂

အရိယာဇာတ်၊ စကားရပ်၊ သုံးလတ် ဓိပ္ပါယ်ပြ ၈၀၀

အရိယာ-ဆိတာ ၄၀၀

အရိယာပုဂ္ဂိုလ် တရာ့ရှစ်ယောက် ၄၀၆

အရိယာ ၄-မျိုး ၃၃၂
အရိယာသံဃာဟူ လယ်ယာမြေကောင်းနှင့်တူ ၇၃၅
အရိယာဟု, သချိုင်္ဂရစ်ဖော်, သံဃာတော်အပေါင်း ၇၁၄
အရေးတကြီးဆောင်ရွက်ပုံ (တိသမထေရ်) ၇၀၂
အရှင်အာနန္ဒာထေရ်က အရှင်မဟာကဿပမထေရ်အား လျှောက်ထားချက် ၅၉၅
အရှင်အာနန္ဒာထေရ်လို (အာယသွာ အာနန္ဒတ္ထေရော ဝိယ) ၃၆၅
အရှင်မဟာဗုဒ္ဓဃောသစတဲ့ အရှင်မြတ်တို့ပြုစုသော အဋ္ဌကထာများ ၉၉
အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု ၇၁၅
အရှင်သာရိပုတ္တရာ မှန်းဆချက် ၆၂၇
အလိန္ဒကတ္တာ-(လက္ခဏာတော်ငယ်) ၇၆၈
အလံတော်ကြည့်က၊ မကြောက်ကြ၊ စိတ်က တက်ကြွပြီ ၅၉၉
အလုပ် ၂-မျိုး ၂၄၅
အလုဋ္ဌိတကေသတာ-(လက္ခဏာတော်ငယ်) ၇၇၁
အလေးပြုအပ်၊ မြတ်နိုးအပ်၊ ခေါ်အပ် ရတနာ ၃၇၉
အလောင်းတော်များ၊ ဆွေဥာအား၊ ကျင့်ကြား ထောက်ပံ့ပါ ၂၄၁
အလိုကြီးက အရနည်း၏ ၂၁၅
အလွန်ခဲယဉ်းသောအမှု ဘုရားသာပြုနိုင် ၆၂၄
အလွန်ချမ်းသာသည် ၆၆၃
အလွန်ရှေးကျသော ဘုရားရှိခိုး ၁၁၇
အလှူရက်ရော သူ့မနော ကျိုးပြော ဒီဋ္ဌဝမ္မ ၂၃၀
အလှူဝတ္ထု ၁၀-မျိုး (အောက်ခြေ) ၂၂၉
အဝိရဠဒန္တလက္ခဏာတော်-(လက္ခဏာတော်ကြီး) ၇၆၅
အဝိဂ္ဂဠိဆန္ဒာ-ဘဝအထု၊ စည်ကားမှု၊ ထူးပြု မလိုပါ ၄၆၆
အသိ ၂-မျိုး ၃၃၃
အသောကံ ၃၄၁
အသံဆွဲငင် ပြစ်ငါးအင် ၁၀၈
အဟိတဒုက္ခာနာဂမပတ္ထနာမေတ္တာပွါးနည်း ၃-မျိုး- ၅၅၅

အံ့သြကြရပုံ အဖုံဖုံ ၆၄၉
အာကုဋ္ဌိတဂ္ဂ ပခုမတာ–(လက္ခဏာတော်ငယ်) ၇၆၉
အာကုလ ကမ္မန္တ (ရှုပ်ထွေးအောင်ဖြစ်သော အလုပ်များ) ၂၂၁
အာဠာနာဠိယ နိဒါန်းပြ ၇၄၃
အာဠာနာဠိယသုတ် ၄၃
အာဠာနာဠိယသုတ် အတ္ထုပ္ပတ် ၇၄၅
အာဠာနာဠိယသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? ၇၄၄
အာဠာနာဠိယသုတ်ကို အဘယ်နေရာ, အဘယ်အချိန်မှာ လျှောက်ထားခဲ့ပါသလဲ? ၇၄၄
အာဠာနာဠိယသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? ၇၄၄
အာဠာနာဠိယသုတ်နှင့်စပ်သွယ် မှတ်သားဖွယ်ရာများ ၇၈၉
အာဠာနာဠိယသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၇၄၃
အာဠာနာဠိယသုတ်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်,
အဘယ်ပါဠိတော်မှာ ပါဝင်ပါသလဲ? ၇၄၅
အာဠာနာဠိယသုတ် နိဂုံးချုပ် အာသီသလက်္ခာ ၇၉၂
အာဏာကွေတ္တမိ ၅၃၁
အာဏာတန်ခိုး ထူးခြားထက်မြက်သော ရတနသုတ်ပရိတ်တော် ၄၇၄
အာယတပဏ္ဍိလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၃
အာယတ ပုထုလ နလာဋ္ဌ သောဘတာ–(လက္ခဏာတော်ငယ်) ၇၇၀
အာယတ ဘမုကတာ–(လက္ခဏာတော်ငယ်) ၇၇၀
အာယတ ဂျစိရ ကဏ္ဏတာ–(လက္ခဏာတော်ငယ်) ၇၆၉
အာယတလေခတာ–(လက္ခဏာတော်ငယ်) ၇၆၉
အာယတ ဝဒနတာ–(လက္ခဏာတော်ငယ်) ၇၆၉
အာယတဝိသာလ နေတ္တတာ–(လက္ခဏာတော်ငယ်) ၇၆၉
အာယတိကေ ဘဝသို့ ဝိရတ္တစိတ္တာ ဘဝသစ်လဲ မတွယ်တာ ၄၆၅
အာရတိ, ဝိရတိ ထူးခြားသည် ၂၅၀
အာသယာနုသယဉာဏ်မှာ ဘုရားအရာ ၆၄၃
အာသဝက္ခယဉာဏ် ၇၅၅

## ရှာဖွေလွယ်စွာ၊ ထောက်ကူပါ၊ စဉ်လာ အကွရာကြည့်


| | |
|---|---|
| "အာသီဝိသ" မှတ်ဖွယ်ပြ | ၅၃၂ |
| အာဟုနေယျဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ | ၇၂၄ |
| အားကျဖွယ် ပရိသတ် | ၆၅၃ |
| ဣန္ဒြိယပရောပရိယတ္တဉာဏ် | ၇၅၅ |
| ဣန္ဒြေခြောက်ပါး၊ သတိထား၊ စောင့်ငြား 'တပ'ဆို | ၃၂၅ |
| အိမ်သုံးမဂ္ဂင် ၈-ပါး | ၆၆၆ |
| ဣသရိယခေါ် ဘုန်းရှစ်ဖော် | ၆၇၅ |
| ဣသရိယဘုန်းတော် | ၆၈၀ |
| ဤမှာတွေ့လတ်၊ နိဗ္ဗုတိပါဠ်၊ ဟောအပ် ဖလသမာပတ် | ၄၁၉ |
| ဤသိတာဘုန်းတော် | ၆၇၈ |
| ဥဂ္ဃါဋိတညူပုဂ္ဂိုလ် | ၇၀၄ |
| ဥစ္စာယိုထွက်ကြောင်း အပေါက် ၆-ပါး | ၂၂၆ |
| ဥဇုကလေခတာ-(လက္ခဏာတော်ငယ်) | ၇၆၉ |
| ဥဇုပ္ပဋိပန္ဒဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ | ၇၁၆ |
| ဥဇုပ္ပဋိပန္ဒ-ဆိုတာ မဇ္ဈိမပဋိပဒါကျင့်သူသာ | ၇၁၇ |
| ဥဇူဖြောင့်မတ်၊ လွန်ဖြောင့်မတ်၊ မှတ်အပ် သုဟုဇူ- | ၄၈၉ |
| ဥဏှိသသိသလက္ခဏာတော်-(လက္ခဏာတော်ကြီး) | ၇၆၆ |
| ဥဒယဘဒ္ဒဇာတ်တော် | ၆၈၉ |
| ဥဒ္ဓဂ္ဂလောမလက္ခဏာတော်-(လက္ခဏာတော်ကြီး) | ၇၆၄ |
| ဥပကအမြင် ဘုရားရှင် | ၄၀၃ |
| ဥပတိဿအထင် အဿဇိထေရ်ရှင် | ၄၀၃ |
| ဥပနိဿယ၊ ပြည့်စုံမှ၊ ရကြမဂ်ဖိုလ်ပါ- | ၄၃၅ |
| ဥပမာတင်စား၊ ဟောညွှန်ကြား၊ ဆွဲအား ပိတိဖြစ် | ၄၅၃ |
| ဥပသေနမထေရ် မြွေထိလို့သေ | ၅၃၉ |
| ဥပေါသထဆင် | ၇၅၆ |
| ဥပ္ပါဒေါ သခါရာ, အနုပ္ပါဒေါ နိဗ္ဗာနံ | ၃၈၈ |
| ဥလ္လောကေယျာထ မော်ကြည့်ကြ | ၅၉၉ |

ဥသဘသမာနက္ကမတာ-(လက္ခဏာတော်ငယ်) ၇၆၇

ဥဿန်ပါဒလက္ခဏာတော်-(လက္ခဏာတော်ကြီး) ၇၆၃

ကေမန္တ အာကျယ်ပြ ၁၅၅

ကေကလောမလက္ခဏာတော်-(လက္ခဏာတော်ကြီး) ၇၆၄

ကောဇဃ်လက္ခဏာတော်-(လက္ခဏာတော်ကြီး) ၇၆၄

ဟိပသသိကဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၉၈

သြကာသလောက သိတော်မူပုံ ၆၄၄

သြဒိသက, နောဒိသ နှစ်ဝမေတ္တာပေ ၅၄၃

သြဓိသပုဂ္ဂိုလ် ၇-ဆောင်ပုဒ်- ၁၂၈

သြဓိသမေတ္တာပွါးပုံမှာ- ၁၂၅

သြပနေယျိကဂုဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ် ၇၀၀

သြပနေယျိက မဂ်ဖိုလ်နိဗ္ဗာန်ရ ၇၀၁

အိုးစရည်းကြီး ရဟန္တာ ၇၁၈

ကတညုတာ ၂၈၅

ကန္တာရမှ, ခေမမြေ၇ ၆၅၇

ကန္ဒရကနှင့် ပေဿ အံ့သြကြ ၆၅၄

ကမ္မာတည်လတ်၊ ဤလေးရပ်၊ မှတ်အပ်ဆောင်ပုဒ်ပါ ၅၇၉

ကမ္မာတည်သည့်အရာ ၄-မျိုး ၅၈၇

ကမ္ဘဝိပါကဉာဏ် ၇၅၅

ကရဏီယစလာ ဓိပ္ပါယ်အဖြာဖြာ ၄၈၆

ကရဏာစိတ်ထားလျက် (ကာရုညစိတ္တံ ဥပဋ္ဌပေတွာ) ၃၆၆

ကဝိလေးပါး(အောက်ခြေ) ၃၂၁

ကံရှိနေပေမယ့် ဉာဏ်ဝိရိယအကူအညီလို ၁၈၂

ကာကဝလိယဝတ္ထု (အောက်ခြေ) ၆၉၆

ကာမဘုန်းတော် ၆၈၂

ကာမေသု ဝိနေယျ ဂေဓံ အလယ်ပုဂ္ဂိုလ်နှစ်တန် ၅၂၂

ကာလာဝကဆင် ၇၅၆

| | |
|---|---|
| ကာလေန ဓမ္မသာကစ္ဆာ | ၃၁၈ |
| ကာလေန ဓမ္မသဝဏံ | ၂၉၂ |
| ကိစ္စနည်းပါး၊ ထိသူကား၊ ပွါးများ မေတ္တာပိုင် (အပွကိစ္စော) | ၄၉၃ |
| ကိလေမှောင်ခွင်း၊ ဉာဏ်ရောင်လင်း၊ သီခြင်းသစ္စာပင် | ၄၃၀ |
| ကိလေသာကုန်ရာ ဘုရားမှာ | ၇၃၇ |
| ကိလေသာဆယ်ပါး မီးပူများ | ၆၈၇ |
| ကိလေသာပယ်လစ် အရိယာဖြစ် | ၄၀၀ |
| ကုက္ကုဋ္ဌမုဆိုးမယား၊ စံယူထား၊ မှတ်သားကြလေပါ (သမုဒ္ဓေဒဝိရတိ) | ၂၅၃ |
| ကုရုန္ဒီအဋ္ဌကထာ | ၉၉ |
| ကုလေသွနာနုဂိဒ္ဓေါ–လူဒကာတို့၌ မတွယ်တာသူ | ၄၉၆ |
| ကုဝေရနတ်မင်း၊ အမည်သင်း၊ ခေါ်ရင်းအကြောင်းမှာ | ၇၄၆ |
| ခကတုမာလာရတနဝိစိတ္တာတာ–(လက္ခဏာတော်ငယ်) | ၇၇၂ |
| ခကာဠိသဟဿဟတ္ထိဗလခာရဏာတာ (လက္ခဏာတော်ငယ်) | ၇၆၈ |
| ခကာမလကေသတာ–(လက္ခဏာတော်ငယ်) | ၇၇၁ |
| ခကာမလဂတ္တတာ–(လက္ခဏာတော်ငယ်) | ၇၇၁ |
| ခကာမလလောမတာ–(လက္ခဏာတော်ငယ်) | ၇၇၁ |
| ခကာလာဟလ ၅–မျိုးပြ | ၁၄၅ |
| ခကာလိတအထင် ဥပတိဿဖြစ်အင် | ၄၀၃ |
| ခကာသလမင်းကြီးလျှောက်ထားချက် (သမ္မာသမ္ဗုဒ္ဓ) | ၆၂၈ |
| ခကာသလမင်းလျှောက်ထားချက် (အနုတ္တရော ပုရိသဒမ္မသာရထိ) | ၆၅၅ |
| ခကာသလမင်း လျှောက်ထားချက် (သန္ဒိဋ္ဌိက) | ၆၉၄ |
| ခကာသောဟိတဝတ္ထုဂုယ္ဟလက္ခဏာတော်–(လက္ခဏာတော်ကြီး) | ၇၆၄ |
| ခကာင်းစွာထားပုံ (သမ္မာပဏိဓိ) | ၁၈၄ |
| ကိုယ်နှုတ်နဲ့ ရှောင်ကြဉ်ခြင်း | ၂၅၁ |
| ကိုယ်ပိုင်တရားအစစ် | ၇၀၅ |
| ကိုယ်တော်ကွယ်ပျောက်သောဝတ္ထု (အဏိမာ) | ၆၇၆ |
| ခွဖ–ပါးသော အနာရောဂါ | ၁၃၁ |

ကျက်သရေမင်္ဂလာ၊ ဆိုက်ရောက်လာ၊ ပယ်တာ မပြုသင့် ၂၅၃
ကျင့်ပြီးခါလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နန်းနှင့်, စခန်းသင့်အောင် ၆၉၀
ကျင့်လျှင်ချမ်းသာ ၆၈၉
ကျေးဇူးပြုသူ၊ ကျေးဆပ်သူ၊ ထိုသူနှစ်ဖြာ ရခဲစွာ ၂၉၀
ကျေးဇူးဖော်ပြ မေတ္တာရ ၃၇၃
ကျေးဇူးရှင်ကို ကျေးစွပ်သူ ၂၈၇
ကျိုးမရငြား ချိုသူကား ၈၄၂
ကြားနာရုံပင်, အပူစင်၍ ၆၈၇
ကြီးငယ်မဝင်ရာ ပရိတ်လတ်ခေါ်မှာ ၇၂
ကြီးမားအောင် ဖန်ဆင်းတော်မူပုံ (မဟိမာ) ၆၇၈
ကြမ်းတမ်းရိုင်းပြ၊ မရိုက၊ အပွဂ္ဂလော် ၄၉၅
ကြောင်သူတော်သတိထား ၇၂၀
ကြိမ်ကြိမ်လေးမြတ်, မိုဝဲပူဇော်အပ်ထသော ၇၀၈
ကွာခြားပုံအမျိုးမျိုး သိပုံအထွေထွေ ၆၁၄
ကျွန်ုပ်တို့ကောင်းမှု မျှဝေပြု ၈၁၈
ကြွေးဟောင်းဆပ်ပေး, ကြွေးသစ်ချလေ, ရွှေအိုးမြှုပ်နှံ ၂၀၉
ခဏစသည်မှတ်ဖွယ် ၈၃၄
ခင်ကြီးပျော်အဖြစ် ထင်ရှားခြင်း ၁၀
(ခင်ကြီးပျော်) ဆရာတော်ရေးသောကျမ်းများ ၁၂
ခန္ဓိဝါဒီဇာတ်လာ မှတ်တမ်းလွှာ ၂၉၉
ခန္ဓာ ၂၉၈
ခန္ဓပရိတ်တော်မြတ် အထွေပြတ် ၅၃၄
ခန္ဓသုတ် ၃၄
ခန္ဓသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၅၃၁
ခန္ဓသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? ၅၃၆
ခန္ဓသုတ်ကို အဘယ်အခါမှာ ဟောတော်မူခဲ့ပါသလဲ? ၅၃၄
ခန္ဓသုတ်ကို အဘယ်နေရာအရပ်မှာ ဘယ်သူကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါသလဲ? ၅၃၄

## ရှာဖွေလွယ်စွာ၊ ထောက်ကူပါ၊ စဉ်လာ အကွရာကြည့်


| | |
|---|---|
| ခန္ဓသုတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်များမှာ ပါရှိပါသလဲ? | ၅၃၄ |
| ခန္ဓသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? | ၅၃၄ |
| ခန္ဓသုတ္တ နိဒါန်းက | ၅၃၁ |
| ခန္ဓသုတ်ပရိတ်တန်ခိုး | ၅၄၉ |
| ခန္ဓသုတ်ပရိတ် နိဂုံးချုပ် အာသိသလင်္ဂာ | ၅၄၉ |
| ခပ်သိမ်းဥသုံ ဗုဒ္ဓဂုဏ် (သဗ္ဗေပိမေ ဗုဒ္ဓဂုဏော) | ၃၆၅ |
| ခံနိုင်ရည်ရှိတဲ့ ရဟန်း | ၃၄၁ |
| "ခုဒ္ဒကနိကာယ်"ဆိုင်ရာ အဌကထာ ၃၀-အုပ် | ၁၀၁ |
| ခုဒ္ဒကနိကာယ် ၂၈-အုပ် | ၉၅ |
| "ခုဒ္ဒ"နက်ခြယ် များလှတယ် | ၄၉၈ |
| ခေတ်သုံးမျိုးမှာ မှတ်စရာ | ၁၅ |
| ခေမံ | ၃၄၄ |
| ခဲယဉ်းသောအကျင့် (သိက္ခာသုံးလီ၊ ခြေခံသည်၊ ခန္တီ တရားသာ) | ၃၀၃ |
| ချီးမွမ်း ၇-ရက် ကဲ့ရဲ့ ၇-ရက်ပေါ့ | ၃၃၉ |
| ချီးမွမ်းဂုဏ်ပြ ယဿာနုဘာဝ | ၄၇၉ |
| ချောက်၍မရ ဓနဥာနီပုဏ္ဏေးမ- | ၄၂၆ |
| ဂဇသမာနက္ကမတာ-(လက္ခဏာတော်ငယ်) | ၇၆၇ |
| ဂင်္ဂေယျဆင် | ၇၅၆ |
| ဂန္ဓဆင် | ၇၅၆ |
| ဂမ္ဘီရနာဘိတာ-(လက္ခဏာတော်ငယ်) | ၇၆၇ |
| ဂမ္ဘီရပါဏိလေခတာ-(လက္ခဏာတော်ငယ်) | ၇၆၉ |
| ဂါထာနှင့်စပ်ရာ သိမှတ်ဖွယ်မှာ | ၅၀၁ |
| ဂါရဝ၏အကျိုးနှင့် အဂါရဝ၏အပြစ် | ၂၇၂ |
| ဂါရဝနိဝါတ | ၂၇၈ |
| ဂါရဝေါ (ဂါရဝ) | ၂၇၂ |
| ဂုဏ်တွေထပ်ဆင့်၊ လွန်စွာတင့်၊ အမြင့် မြတ်ဗုဒ္ဓါ- | ၄၆၂ |
| ဂေါပခုမလက္ခဏာတော်-(လက္ခဏာတော်ကြီး) | ၇၆၅ |

| | |
|---|---|
| ငလျင်လှုပ်ခြင်း ရှစ်ကြောင်းရင်း | ၁၇ |
| ငါးရပ်နိကာယ် အုပ်လေးဆယ် | ၉၅ |
| ၅၂၈-သွယ် မေတ္တာ ပွါးပုံမှာ- | ၅၂၄ |
| ငုံးနှင့်ဘုရား၊ ကွဲသော်ငြား၊ မပြားဆိုထုံးပါ | ၅၈၅ |
| ငြိမ်သက်တုန်ရွေ့၊ တည်တည်နေ၊ မှတ်လေ သန္တိန္ဒြိယ- | ၄၉၄ |
| စကားအရာ အဂီ ၄-တန် | ၁၉၄ |
| စကားခြောက်ခွန်း ရှင်းလင်းတော်မူချက် | ၆၃၉ |
| စကား ၆-ခွန်း လူ၌်ထွန်း (သုဘာသိတာ ၀ါစာ) | ၁၉၇ |
| စကားခြောက်ခွန်း၊ လူ၌်ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတယ် | ၆၃၉ |
| စက္ကပါဒလက္ခဏာတော်-(လက္ခဏာတော်ကြီး) | ၇၆၃ |
| စက္ခုငါးပါး မှတ်ဖွယ်ကား | ၇၄၈ |
| စက္ခုမာ သဒ္ဒါအရ ရှင်းလင်းပြ | ၅၆၂ |
| စက်လေးပါး | ၁၈၄ |
| စင်ကြယ်ခြင်း ၃-မျိုး (အောက်ခြေ) | ၅၇၅ |
| စတုသစ္စဗုဒ္ဓ (ဗုဒ္ဓသေဋ္ဌော) | ၃၉၅ |
| စတုဟပါယေဟိ ဝိပ္ပမုတ္တော- | ၄၄၅ |
| စတ္တာရိ ပုရိသယုဂါနိ | ၇၂၃ |
| စတ္တာလိသဒန္တလက္ခဏာတော်-(လက္ခဏာတော်ကြီး) | ၇၆၅ |
| စရဏာကြောင့် ဝိဇ္ဇာရ | ၆၃၀ |
| စရဏ ၁၅-ပါး | ၆၃၁ |
| စရိယာပိဋကလာ ဒါန ၃-မျိုး-- | ၂၃၇ |
| စရိယာ ၃-ပါး (တိသော စရိယာယော)- | ၃၅၉ |
| စရိယာပိဋကလာ ဖော်ညွှန်းရာ | ၅၇၉ |
| စရိုက်နှင့် ကမ္မဋ္ဌာန်း- | ၄၈၂ |
| စာအုပ်ဖြစ်ပေါ်လာ ကြောင်းခြင်းရာ | (စ) |
| စာတတ်ပေတတ် ဗဟုသုတကြွယ်ဝသူ ပညာရှိ (ဝိညူဟိ) | ၇၀၄ |
| စာပေကျမ်းဂန် ၂-မျိုး | ၁၈၇ |

စာပေတော်လှ ရှင်ဉာဏ ၉
စာရိတ္တသိလ, ဝါရိတ္တသိလ (အောက်ခြေ)- ၄၂၃
စိတန္တရံသလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၄
စိတ်ကောင်းရှိမှ သိပ္ပံပညာ မင်္ဂလာ ၁၉၁
စိတ်နဲ့ ရောင်ကြဉ်ပုံ ၂၅၀
စိတ္တံ နှ ကမ္မတိ-- ၃၃၆
စုဏ္ဏိယလော? ဂါထာလော? ဘယ်လော ယူမည်နည်း? ၅၄၈
စုတူပပါတဉာဏ် (ဒသဗလ) ၇၅၅
စူဠပစ္စရီအဋ္ဌကထာ ၆၉
စွန့်ခြင်းကြီး ၅-ပါး (ပဉ္စ မဟာပရိစ္စာဂေ)-- ၃၅၇
ဆရာကောင်းမှ တပည့်ကောင်းသည် ၆၃၆
ဆရာတော်မိန့်မြွက် တိုက်တွန်းချက် ၆၆၆
ဆရာတော် ဦးကျည်ပွေ့ ကြောင်းတစ်စေ့ ၇
ဆရာ တပည့်၊ တူနေဘိလည်း ၄၀၆
ဆရာများစွာ မိန့်ကဗျာ ၃၀၇
ဆရာ့စကား နားထောင်တဲ့ ဂါမဏိမင်းသား ၃၁၁
ဆက်စပ်ရာလေ သမ္မတ္တိအထွေထွေ ၃၇၁
ဆက်လက်မှတ်သား အခြားအရိယာများ ၄၀၁
ဆင်ဆယ်မျိုးနှင့်ထိုဆင်မျိုးတို့၏အား ၇၅၆
ဆင်းရဲသူသို့ ကရဏာပို့ ၈၁၇
ဆဒ္ဒန္တ (ဆဒ္ဒန်) ဆင် ၇၅၇
ဆယ်ပါး ဂါရဝ အကျဉ်းပြ ၂၇၅
ဆုံးခန်းပတ္ထနာ နိဂုံးကဗျာ ၈၄၅
ဆုံးမခက်သူနှင့် ဆုံးမလွယ်သူတို့ ခြားနားချက်- ၄၉၀
ဆုံးမပုံမှာ နည်းစုံပါ ၆၂၅
ဆုံးမလွယ်သူ မှတ်ယူသုဝစ ၄၉၀
ဆောင်ပုဒ်ရွှေစာ မှတ်စမ်းပါ- ၅၂၉

| | |
|---|---|
| ဆွမ်းရိုသေမှု | ၇၂၃ |
| ဆွေမျိုးအကျိုး၊ ဆောင်သည်ပိုး၊ အားကိုးစရာ ကျိုးမင်းပါ | ၂၄၂ |
| ဆွေမျိုးဥာတကာ၊ အားလုံးပါ၊ ချမ်းသာကြပါစေ | ၈၃၆ |
| ဆွေးနွေးရမယ့် ဓမ္မအထွေထွေ-- | ၃၁၉ |
| ဆွေးနွေးသင့်ရာ ချိန်အခါ-- | ၃၁၉ |
| ဇနာ, အပိသုဏာ၊ ထိုနှစ်ဖြာ၊ ကျမ်းလာ ရှင်းပြချက် | ၇၂၅ |
| ဇာလဟတ္ထပါဒလက္ခဏာဟော်-(လက္ခဏာတော်ကြီး) | ၇၆၃ |
| ဈာနာဒိသံကိလိဋ္ဌ ဝေဒါန ဝုဋ္ဌာနဉာဏ် (ဒသဗလ) | ၇၅၅ |
| ဉာဏ်တော်နှစ်ရပ်၊ ကြည်ညိုအပ်၊ ကောင်းမြတ် သုဂတဂုဏ် | ၆၄၁ |
| ဉာတကာနံ သင်္ဂဟာ---(ဉာတိသင်္ဂဟ) | ၂၄၁ |
| ဉာယပွဋိပန္နဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ | ၇၂၀ |
| ဍေယျဓံတရား ၅-ပါး | ၆၂၁ |
| ဌာနာဌာနဉာဏ် (ဒသဗလ) | ၇၅၅ |
| ဋ္ဌိတကောဝ အနောနမန္တော ဇဏ္ဏုကာနိ ပရာမသနလက္ခဏာတော်-(လက္ခဏာတော်ကြီး) | ၇၆၄ |
| တင်းတိမ်ရောင့်ရဲ အမြတ်ဆုံးဥစ္စာပဲ- | ၂၈၄ |
| တစ်နည်းဖွင့်ပြ အရိယာ ၁၀၈-ယောက်ပြ- | ၄၀၆ |
| တစ်လုပ်စားဖူး၊ သူ့ကျေးဇူး၊ အထူးသိအပ်စွာ | ၂၉၀ |
| ၁၆-ပါးသော ဥပဒ္ဒဝေါ-- | ၁၃၅ |
| တဆင့်ကြားဘိ မှန်းဆသိ- | ၄၀၄ |
| တတိယဂိလာနသုတ်-- | ၆၇ |
| တထာဂတ ဓမ္မမည်ပုံ- | ၄၇၂ |
| တထာဂတ၊ နက်သုံး၀၊ ခွဲထ ဖော်ညွှန်းသည် | ၄၇၂၊ ၈၂၅ |
| တထာဂတ သံဃယူပုံ- | ၄၇၄ |
| တဒင်္ဂနယ် ဝိပဿနာဉာဏ်က အတ္တပယ်- | ၄၄၂ |
| တန်ခိုးအရှင်၊ အရက်ဝင်၊ ဘိညာဉ်ဖျက်ရ ထုံးရှိပ--- | ၂၆၃ |
| တန်းတူမတွေးသင့် | ၅၅၅ |
| တပပုဂ္ဂိုလ် ၄-မျိုး | ၆၃၄ |

တပေါ---  ၃၂၂

တမလွန်လောကကြီးပွါးရေး သမ္မဒါတရား ၄-ပါး--  ၂၂၅

တမ္မဆင်  ၇၅၆

တမ္မနခတာ-(လက္ခဏာတော်ငယ်)  ၇၆၆

တရားအားထုတ်သူဖြစ်ကြောင်း အင်္ဂါ ၅-ပါး-  ၄၈၉

တရားဂုဏ်တော် ၆-ပါး  ၆၈၆

တရားဆွေးနွေးခြင်းသည် ပညာကြီးခြင်းအကြောင်း-  ၃၂၀

တရားဆွေးနွေးရခြင်းအကျိုး ၅-ပါး--  ၃၂၀

တရားနာခြင်းအကျိုးအာနိသင် ၄-ပါး---  ၂၉၃

တရားနာရခြင်းအကျိုး ၅-ပါး---  ၂၉၅

တရားပိတိ၊ ဂွမ်းဆိတိ၊ ကင်းဘိရောဂါ သက်ရှည်ပါ  ၇၈၇

တရားမတွေ့ရခြင်း အပြစ်  ၆၉၄

တရားသဖြင့် ဆုံးမသင့်ရာ  ၇၁၅

တရားသိလေ၊ ရိုသေလေ၊ မာန်လေ ကင်းတော့သည်--  ၂၇၅

တသ, ထာဝရ စသော သတ္တဝါများ-  ၅၀၃

တာဝတိံသာနှင့် အသုရာ စတင်စစ်ခင်းရာ ကြောင်းရင်းမှာ  ၅၉၆

တိကမေတ္တာဘာဝနာပွါးနည်း ၃-မျိုး-  ၅၀၈

တိတ္ထိတို့ဘောင် ဟန်ဆောင်တရား  ၇၀၆

တိလကာဒိဝိရဟိတဂတ္တတာ-(လက္ခဏာတော်ငယ်)  ၇၆၈

တုဂ်နခတာ-(လက္ခဏာတော်ငယ်)  ၇၆၆

တေ ခိဏဗိဇာ ပဋိသန္ဓေမျိုးစေ့ မရှိပါ  ၄၆၅

တေ ဇနာအတွက် မဟာအဋ္ဌကထာအနက်  ၇၅၃

တောအုပ်ဥပမာ မြတ်ဒေသနာ-  ၄၅၃

တောထွက်တော်မူခြင်း (အဘိနိက္ခမန်)-  ၃၆၂

တောဖျားမြို့ဝယ် သစ်ပင်နှယ်တည့်--  ၂၁၂

တောမီးလောင်သော်လည်း နွယ်ကြိုးမဖြတ် ကျင့်ကြံလတ် ဆုံးမှတ် ရဟန္တာ  ၇၂၁

တောင်တွင်းဆရာတော် ခင်ကြီးဖျော်  ၉

# ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း


| | | |
|---|---|---|
| တောင်မြို့ဆရာတော်ဘုရားကြီး၏တိုက်တွန်းချက်မှာ | | ၇၂၀ |
| တောင့်တရခြင်း၊ အကြောင်းရင်း၊ တင်ခင်းမေတ္တာ ပြုရပါ- | | ၅၀၉ |
| တိုက်တွန်းစကား၊ သင်တို့နား၊ နာကြားနိုင်ကြစေ | | ၇ |
| တိုင်းရှည်ကန့်သတ်၊ မရှိအပ်၊ နှံ့စပ်မေတ္တာ ပွါးပါလေ- | | ၅၁၃ |
| တွေ့ကြုံရခဲသော ကမ္ဘာ့ဥည့်သည်တော်ကြီးများ | | ၇၂၇ |
| ထွေထွေကောင်းမှု ဆုတောင်းပြု အထုပညာကြီးပါစေ | | ၈၄၄ |
| ဒကွိဏာဝိသုဒ္ဓိ ၄-ပါးရှိ- | | ၄၁၀ |
| ဒကွိဏာ ၂-မျိုး | | ၇၂၉ |
| ဒကွိဏာဝဋ္ဋ ကေသတာ-(လက္ခဏာတော်ငယ်) | | ၇၇၁ |
| ဒကွိဏာဝဋ္ဋဂတိတာ-(လက္ခဏာတော်ငယ်) | | ၇၆၇ |
| ဒကွိဏာဝဋ္ဋနာဘိတာ-(လက္ခဏာတော်ငယ်) | | ၇၆၇ |
| ဒကွိဏာဝဋ္ဋလောမတာ-(လက္ခဏာတော်ငယ်) | | ၇၇၁ |
| ဒကွိဏေယျဂုဏ်တော်နှင့်စပ်လျဉ် သိမှတ်စရာ | | ၇၂၈ |
| ဒသဗလခေါ် အားတော်ဆယ်ပါး ဉာဏ်တော်များ | | ၇၅၅ |
| ဒသဗလခေါ် ဉာဏ်တော်ဆယ်ပါး | | ၇၅၅ |
| "ဒဿန"အရ သောတာပတ္တိမဂ်ကိုပြ- | | ၄၄၁ |
| ဒဿနေန သမ္ပန္နော သောတာပန်ကိုပြော- | | ၅၂၂ |
| ဒါန ၂-မျိုး-- | ၂၂၈၊ | ၂၃၅ |
| ဒါနက သံသရာရှည်စေသလော?-- | | ၂၃၃ |
| ဒါနပြုရန် မကြောက်ထိုက်-- | | ၂၃၄ |
| ဒါနပြုရာ၊ ကြောင်းရှစ်ဖြာ၊ ကောင်းစွာမှတ်ပါလေ-- | | ၂၃၄ |
| ဒါနပြုရာ မျက်မှောက်မှာ ငါးဖြာအကျိုးရ-- | | ၂၁၃ |
| ဒါနရှင် ၃-မျိုး သို့မဟုတ် ဒါန ၃-မျိုး-- | | ၂၃၅ |
| ဒါနံ (ဒါန ၂-မျိုး)-- | ၂၂၈၊ | ၂၃၅ |
| ဒါရဿ သင်္ဂဟော-- | | ၂၁၃ |
| ဒိဋ္ဌဓမ္မဝေဒနီယကံ (အောက်ခြေ) | | ၆၉၇ |
| ဒိဋ္ဌဓမ္မဝေဒနီယကံအကျိုးပေးမှု ပုဏ္ဏဝတ္ထု (အောက်ခြေ) | | ၆၉၇ |

ဒိဌမမွဝေဒနိယက်အကျိုးပေးရာ ကြောင်းလေးဖြာ ၆၉၇
ဒိဋ္ဌသာမန်၊ ဆိုသောဟန်၊ ယူရန် အတွဒိဋ္ဌိ ၅၂၁
ဒိသာဖရဏာမေတ္တာပွါးပုံမှာ– ၅၂၅
ဒိဃဂုံလိလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၃
ဒိဃနိကာယ် ၃–အုပ် ၉၅
ဒုကမေတ္တာဘာဝနာပွါးနည်း ၄–မျိုး– ၅၀၇
ဒုက်ကလေးစုံ၊ တိက်သုံးစုံ၊ ပွါးပုံ ခုနစ်မျိုး– ၅၀၅
ဒုက္ကရစရိယာကျင့်တော်မူခြင်း (ပဓာနစရိယံ)– ၃၆၂
ဒုစရိုက်ဖြစ်စရာ ကြောင်း ၄–ဖြာ–– ၂၅၆
ဒုတိယဂိလာနသုတ်–– ၆၆
ဒုဗ္ဗစ(အဆိုခက်သူ)အား မဆုံးမသင့် ၃၁၂
ဒုဗ္ဗစနဲ့ ဒေါဝစဿတာ ၃၁၁
ဒေါသဖြစ်လာ၊ ကိုယ်,သူပါ၊ နှစ်ဖြာမှချ ဆင်းရဲရ ၅၁၀
ဒေါသမီးလောင်ပုံ ဝတ္ထု ၆၈၈
ဒ္ဝိရဒကရဿဒီသဥိရဘုဇတာ–(လက္ခဏာတော်ငယ်) ၇၆၇
ဓဇဂ်သုတ်အမွမ်း၊ ရွတ်ချင်စွမ်း၊ ဖော်ညွှန်းပြပါသည် ၅၉၀
ဓဇဂ်သုတ်စွမ်းရိုး အကျိုးထင်ထင် ၅၉၀
ဓဇဂ္ဂသုတ်ကို အဘယ်ပုဂ္ဂိုလ်သည် အဘယ်နေရာ၌ အဘယ်သူတွေအား
အဘယ်ကိုအကြောင်းပြု၍ ဟောတော်မူခဲ့ပါသလဲ? ၅၉၁
ဓဇဂ္ဂသုတ် နိဂုံးချုပ် အာသိသလက်ာ ၇၄၁
ဓဇဂ္ဂသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၅၈၉
ဓဇဂ္ဂသုတ်ပရိတ်တော်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ
ပါရှိပါသလဲ? ၅၉၁
ဓမ္မစက္ကြာတရားတော် (ဓမ္မစက္ကပ္ပဝတ္တနံ)– ၃၆၄
ဓမ္မပါလလူငယ် ၂၃၉
ဓမ္မဘုန်းတော် ၆၈၀
ဓမ္မေသု အပ္ပမာဒေါ ၂၆၆

| | |
|---|---|
| နမော တဿ ဥဒါန်းက | ၁၁၉ |
| နက္ခတ်ကောင်းစောင့်မှ ဇနီးလောင်းဆုံးရှုံးရ | ၈၃၃ |
| နည်းစုံအောင် ဟောနိုင်ခြင်းမှာ သဗ္ဗညုတဉာဏ်တော်အရာ | ၄၃၁ |
| နည်းလမ်းမဟုတ် | ၇၃၀ |
| နတ်ကိုယုံပြီး မပုံလွန်းစေရ | ၃၇၆ |
| နတ်တို့ပြည်သို့ ပြန်လည်ပို့ | ၈၁၉ |
| နတ္ထိ အပ္ပဋိသခိါနုပေက္ခာ-(အာဝေဏိကဂုဏ်တော်) | ၇၆၃ |
| နတ္ထိ အဖုဋ်-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ အဗျာဝဋ်မနော-(အာဝေဏိကဂုဏ်တော်) | ၇၆၃ |
| နတ္ထိ ဆန္ဒဿ ဟာနိ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ ဒဝါ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ ဓမ္မဒေဿနာယ ဟာနိ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ ပညာယ ဟာနိ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ ရဝါ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ ဝိမုတ္တိယာ ဟာနိ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ ဝိရိယဿ ဟာနိ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ္ထိ ဝေါယိတတ္တံ-(အာဝေဏိကဂုဏ်တော်) | ၇၆၃ |
| နတ္ထိ သမာဓိဿ ဟာနိ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| နတ်ဖိတ် | ၁၁၅ |
| နတ်မန္တန်ဆေးဝါး ပမာသုတ်တော်ထား | ၅၃၃ |
| နတ်များအား ပူဇော်ထိုက်သလော? | ၃၇၄ |
| နတ်သမီးတို့ဆွမ်းအလှူ ပယ်တော်မူ (လက်ဖျစ်တီး) | ၇၂၄ |
| နဝ နတ္ထိသမ္ဘဝံ ကံသစ်လဲ မဖြစ်ပြီ | ၄၆၅ |
| နာနာဝိမုတ္တိကတာဉာဏ် (ဒသဗလ) | ၇၅၅ |
| နာမည် ၄-မျိုး | ၆၇၂ |
| နာလေသူများ အင်လေးဟိုး | ၉၀ |
| နားစိုက်ထောင်ရမည့်တရား | ၃၇၂ |

| | |
|---|---|
| နားလည်ရုံနဲ့.မပြီး ကျင့်လည်းကျင့်မှ | ၁၈၉ |
| နိဂုဋ္ဌဂေါပ္ပတာ (နိဂုဋ္ဌဂေါပ္ပကတာ)– (လက္ခဏာတော်ငယ်) | ၇၆၇ |
| နိဂ္ဂဏ္ဌိသိရတာ–(လက္ခဏာတော်ငယ်) | ၇၇၀ |
| နိဂ္ဂဠုဋ္ဌသိရတာ–(လက္ခဏာတော်ငယ်) | ၇၇၀ |
| နိကြောဓပရိမဇ္ဈာလလက္ခဏာတော်–(လက္ခဏာတော်ကြီး) | ၇၆၅ |
| နိဒါန်းကိုပြ အမွမ်းက (အဂ်္ဂလိမာလသုတ်) | ၇၉၃ |
| နိပကောမှု ရင့်ကျက်ပညာရှိသူ | ၄၉၄ |
| နိဗ္ဗာနသစ္ဆိကိရိယာ | ၃၃၄ |
| နိဗ္ဗာန်စံဝင် ရဟန္တာဂုဏ်ပင် | ၄၆၄ |
| နိဗ္ဗာန်ဆိုက်ရေး ယာဉ်ရထား၊အလား၊ မဂ်တရား | ၃၉၇ |
| နိဗ္ဗာန်နှင့်စပ်သွယ် သိမှတ်ဖွယ်များ | ၃၈၆ |
| နိဗ္ဗာန်ရရေး ကြိုးစားပေးသင့် | ၃၉၂ |
| နိဗ္ဗာန်သို့.ရောက်ပုံ မှတ်ဖွယ်စုံ | ၄၁၇ |
| နိရောဓသမာပတ် (အောက်ခြေ) | ၆၉၆ |
| နိဝါတနိမ္မာန–စိတ်ကိုနှိမ့်ချခြင်း, မာနမရှိခြင်း | ၂၇၇ |
| နိဝါတပြည့်ပါ ရှင်သာရိပုတ္တရာ | ၂၇၈ |
| နိဝါတပြည့်ရှာ ရှင်ရာဟုလာ | ၂၇၈ |
| နိဝါတော | ၂၇၇ |
| နိသဇ္ဇဒေါသ၊ ရှစ်မျိုးပြ၊ ကြဉ်က ဇကမန္တ | ၁၆၁ |
| နိတိအဆိုအရ ပတိရူပဒေသဝါသ | ၁၇၉ |
| နှုးညံ့ပျော့ပျောင်း စိတ်ထားကောင်း (မုဒု) | ၄၉၁ |
| နေကိုရှိခိုး အားကိုးရွယ်ချ။ | ၅၆၁ |
| နေပြည်တော်မှာ ပညာရှာ (ခင်ကြီးပျော်) | ၉ |
| နေယျပုဂ္ဂိုလ် | ၇၀၄ |
| နေရှိခိုးမှု မိစ္ဆာအယူ ဖြစ်သလော? | ၅၆၃ |
| နေ့ချင်းအကျိုးပေး၏ (အောက်ခြေ) | ၆၉၆ |
| နောက်ဖိတ်ခေါ်ပုံတစ်မျိုး | ၆၉၉ |

| | |
|---|---|
| နောင်တော်ကြီးမင်း ကိုးကွယ်ခြင်း (ခင်ကြီးပျော်) | ၁၀ |
| ၂၅-ပါးသောဘေး | ၁၂၉ |
| နောင်းခေတ် ပရိတ်ရွတ်မှုစဉ်လာ ထွန်းကားလာ | ၇၄ |
| နှိုင်းယှဉ်လေဘိ၊ တုမရှိ၊ မှတ်သိ ရတနာ | ၃၈၁ |
| ပင့်ဖိတ်မှုတစ်မျိုး | ၁၂၂ |
| ပစိတဂုံလိတာ-(လက္ခဏာတော်ငယ်) | ၇၆၆ |
| ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ် | ၇၀၄ |
| ပစ္စုပ္ပန်သေ ဗုဒ္ဓသာ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ-(အာဝေဏိကဂုဏ်တော်) | ၇၆၂ |
| ပစ္စေကဗုဒ္ဓ | ၃၉၅ |
| ပဋ္ဌပသာဒဝန္တာ နေတ္တာတာ-(လက္ခဏာတော်ငယ်) | ၇၆၉ |
| ပညာအဆင့်ဆင့် နိဗ္ဗာန်ချင့် | ၆ |
| ပညာရှိ (လူလိမ္မာ)လက္ခဏာ သုံးရပ်မှာ | ၁၆၆ |
| ပဋိသန္ဓေနေတော်မူခြင်း (ဂဗ္ဘဝေါက္ကန္တိ) | ၃၆၀ |
| ပဌမဂိလာနသုတ် | ၆၅ |
| ပဏာမစေတနာ ကျိုးကြီးပါ | ၁၁၈ |
| ပဏ္ဍာရဆင် | ၇၅၆ |
| ပဏ္ဍိတာနံ သေဝနာ | ၁၆၆ |
| ပဏ္ဍာကမ္မလာ ကျောက်ဖျာပူကြောင်း ၄-မျိုး | ၁၇၁ |
| ပတိရူပဒေသဝါသ | ၁၇၈ |
| ပတ္တိဘုန်းတော် | ၆၇၇ |
| ပဒီပေါ နိဗ္ဗုတော ယထာ-ဆိမီးငြိမ်းသလိုပါ | ၄၆၆ |
| "ပပဉ္စသူဒနီ" ခေါ်သော မဇ္ဈိမနိကာယ်အဋ္ဌကထာ ၄-အုပ် | ၁၀၀ |
| ပမာဏပြုတတ် ကိလေသာဓာတ် | ၅၄၆ |
| "ပရမတ္ထကထာ" ခေါ်တဲ့ အဘိဓမ္မာ အဋ္ဌကထာ ၃-အုပ် | ၁၀၀ |
| ပရိတ်အချိုးခေါ် ပရိတ်နိဒါန်း | ၁၁၅ |
| ပရိတ်အချိုး ရွတ်ဖတ်နည်း | ၁၄၁ |
| ပရိတ်အမည်ပါရာ ကျမ်းတွေမှာ | ၂၁ |

| | |
|---|---|
| ပရိတ်ကာကွယ်နိုင်, မနိုင် ရောဂါခွဲနိုင် | ၈၃၇ |
| ပရိတ်ကြီးနိဒါန်းပါဠိ | ၂၄ |
| ပရိတ်ကြီးနိသယသစ် (၄၆၈-၄၇၀)ဆိုမိန့်မှာ | ၆၅၉ |
| ပရိတ်ကြီး ပရိတ်ငယ် နှစ်မျိုးသွယ် | ၇၂ |
| ပရိတ်ကြီးလာ အာဠာနာဠိယသုတ်ကား အဘယ်ပိဋကဲ, အဘယ်နိကာယ်, အဘယ်ပါဠိတော်၌ ပါဝင်ပါသလဲ? | ၇၄၅ |
| ပရိတ်ချည် ပရိတ်ရေ သုံးပြီလေ | ၇၇ |
| ပရိတ်စွမ်းကာ၊ သက်ရှည်ရာ၊ မည်လှခေါ်ငြား မောင်သက်ပွါး | ၇၈၈ |
| ပရိတ်ဆယ့်တစ်မျိုး ရွတ်ကျိုးဖော်ရာ ကဗျာတွေပါ | ၈၄၃ |
| ပရိတ်တော်၏စွမ်းအင်များ | ၈၄၁ |
| ပရိတ်ဓိပ္ပါယ် မှတ်သားဖွယ် | ၂၃ |
| ပရိတ်ပျိုးထ အမွှမ်းပ | ၅၃၂ |
| ပရိတ်ရွတ်ရကျိုး အမျိုးမျိုး | ၈၃၇ |
| ပရိတ်သင်တန်း ဖွင့်နိဒါန်း | ၃ |
| ပရိတ္တဆယ့်တစ်မျိုး ရွတ်ကျိုးဖော်ရာ ကဗျာတွေပါ | ၈၄၃ |
| ပရိပုဏ္ဏကပေါလတာ-(လက္ခဏာတော်ငယ်) | ၇၆၉ |
| ပရိပုဏ္ဏပုရိသဗျဉ္ဇနတာ-(လက္ခဏာတော်ငယ်) | ၇၆၇ |
| ပရိမဏ္ဍလ ကာယပဘာဝန္တတာ-(လက္ခဏာတော်ငယ်) | ၇၆၉ |
| ပရိသတ်ကို အားရကျေနပ်တော်မူပုံ | ၆၅၅ |
| ပရိသတ်ရှစ်ပါး (အောက်ခြေ) | ၇၅၈ |
| ပရိသတ်ရှစ်ဖြာ မှတ်သားစရာ (အောက်ခြေ) | ၇၅၈ |
| ပရိသတ်လေးပါး (အောက်ခြေ) | ၇၄၃ |
| ပဟူတဓိဂုလက္ခဏာတော်-(လက္ခဏာတော်ကြီး) | ၇၆၅ |
| ပါကမ္မဘုန်းတော် | ၆၇၇ |
| ပါဂဇ္ဇိယ ၃-မျိုး | ၄၉၅ |
| ပါဏ ဘူတာ ထူး, မထူးပါ | ၅၀၂ |
| ပါပါ အာရတိ ဝိရတိ | ၂၅၀ |

ပါရမီ ၁၀-ပါး အပြား ၃၀ (သမတ္တိံသ ပါရမိယော) ၃၅၆
ပါရမီနက်ခြယ် သိမှတ်ဖွယ် ၃၅၆
ပါဟုနေယျဂုဏ်တော်နှင့်စပ်လျဉ် သိမှတ်စရာ ၇၂၇
ပါဠိ မြန်မာ၊ နှစ်ဘာသာ၊ မေတ္တာပွါးပုံများ ၅၀၆
ပါးစပ်ထဲမှ၊ လျှာဓားမ၊ ဖြတ်ထ ကိုယ့်ကိုပါ ၁၉၅
ပိဂ်လဆင် ၇၅၆
ပိဋကဆိုင်ရာ ကျမ်းဋီကာ မည်သာဖော်ပြမည် ၁၀၃
ပိဋကသစ္စာ ကောက်ယူပုံမှာ ၇၆
ပိဋကသုံးသွယ် အုပ်လေးဆယ် ၉၃
ပိဋကသုံးသွယ် ငါးနိကာယ် မှတ်ဖွယ်ကျမ်းမည်ပါ ၉၃
ပုတ္တဒါရသ သဂ်ဟော ၂၀၆
ပုတ္တောဝါဒဖျိုလျာ ဆုံးမစာ ၂၀၅
ပုထုဇဉ်ကို၊ ကဲ့ရဲ့ဆို၊ မိန့်လို အဘိဌာန ၄၄၇
ပုထုဇဉ်မှန်သမျှ အဂ္ဂိးချည်း ၆၅၂
ပုထုဝီ ပကွလေ မှတ်ဖွယ်တွေ ၈၃၀
ပုဗ္ဗဏှသုတ် ၆၈
ပုဗ္ဗဏှသုတ်ခေါ်ခြင်းအကြောင်း ၈၁၅
ပုဗ္ဗဏှသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၈၁၅
ပုဗ္ဗဏှသုတ်၌ စိစစ်ချက် ၈၁၅
ပုဗ္ဗေ ကတပုညတာ ၁၈၁
ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (ဒသဝလ) ၇၅၅
ပုရာဏ် ခိဏ်-ကံဟောင်းက ကုန် ၄၆၄
ပုရိသဒမ္မသာရထိဂုဏ်တော် သို့မဟုတ် အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်နှင့်စပ်လျဉ်
သိမှတ်စရာ ၆၅၀
ပုံစံပြစရာ စက္ကနဉပါသကာ (သမ္ပတ္တိရတီ) ၂၅၁
ပုံပြစရာ နွားပျောက်ရှာသူပမာ (သမာဒါနဝိရတိ) ၂၅၂
ပူဇနေယျာနံ ပူဇာ ၁၇၄

ပူဇော်ခြင်း ၂-မျိုး ၁၇၄
ပေ ၂-ပင် ရှင် ၂-ပါး ၉
ပေါင်းကာစုစည်း ပရိတ်ကြီး ၂၃
ပြိတ္တာ ရှစ်သောင်းလေးထောင် ၇၃၀
ပြုမိတဲ့မကောင်းမှုဟူသည် ၄၄၈
ဖတ်ငြားရွတ်နည်း နိဿယည်း ၁၀၇
ဖတ်ရွတ်နည်းက သည်လိုပြ ၁၀၉
ဖလဋ္ဌ (ဖိုလ်ဌ်တည်သူ) ၄-မျိုး ၇၁၄
ဖလသမာပတ်ချမ်းသာ အရိယာစည်းစိမ်ပါ ၄၁၄
ဖိတ်မန်ပုံတစ်မျိုး ၁၂၂
ဖုဿဒေဝဝတ္ထု ၆၆၉
ဖျားယောင်းမရ၊ ခိုင်မြဲလှ၊ မှတ်ပ သောတာပန် ၄၂၂
ဖြစ်ပြီးအကုသိုလ်ကိုပယ်ရေး ၂၉၁
ဖြစ်ပြီးတဲ့ကုသိုလ် တိုးပွါးစည်ပင်ပြည့်စုံရေး ၃၂၉
ဖွားမြင်တော်မူခြင်း (ဇာတိ) ၃၆၀
ဖွားလျှင်ဖွားချင်း စကားပြောတဲ့ သုံးဘဝ ၃၆၁
ဗကဗြဟ္မာ သူထင်ရာ ၆၉၂
ဗလီ ၅-မျိုး ၃၇၃
ဗာတွီသလက္ခဏ- ၃၂ ပါးသော လက္ခဏာတော်ကြီးများ ၇၆၃
ဗာလာန် အသေဝနာ ၁၆၃
ဗာဟုသစ္စံ-ဗာဟုသစ္စ, ဗာဟုသစ္စ ၁၈၇
ဗုဒ္ဓဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၆၂
ဗုဒ္ဓဂုဏ်တော်၊ ဉာဏ်စွမ်းမော်၊ ပြဖော် ပရိယတ် ၄၅၂
ဗုဒ္ဓဂုဏ်တော်၊ ညွှန်ကာဖော်၊ ဆိုသော် သစ္စာစကား ၄၅၆
ဗုဒ္ဓဓမ္မခေါ် အာဝေဏိကဂုဏ်တော် (၁၈)ပါး ၇၆၁
ဗုဒ္ဓအမျိုးအစား ၄-မျိုးပြား ၃၉၄
ဗုဒ္ဓမြတ်စွာ၊ ရတနာ၊ မှန်စွာ စစ်ပါသည် ၄၅၄

# ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း


ဗုဒ္ဓရည်သန်၊ ဒေသနံ၊ နိဗ္ဗာန်အတွက်သာ ၄၅၄
ဗုဒ္ဓလောင်းလျာ ဤသုံးဖြာ ၃၉၄
ဗုဒ္ဓသေဋ္ဌော–ဘုရားမြတ် ၃၉၃
ဗုဒ္ဓဟောကြား မင်္ဂလာတရား ၃၈–ပါး ၁၆၃
ဗုဒ္ဓါနုဿတိနှင့်စပ်လျဉ် တိုက်တွန်းချက် ၆၇၀
ဗုဒ္ဓါနုဿတိ မဂ္ဂင် ၈–ပါး ၆၆၈
ဗောဇ္ဈင်သုတ် ၆၄
ဗောဇ္ဈင်သုတ်အစ နိဒါန်းက ၈၀၃
ဗောဇ္ဈင်သုတ် နိဂုံးချုပ် အာသိသလင်္ကာ ၈၁၂
ဗောဇ္ဈင်သုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၈၀၃
ဗောဇ္ဈင်သုတ် ပရိတ်တော်ကို အဘယ်ဒေသမှာ အဘယ်ဝတ္ထုကို အကြောင်းပြု၍
ဟောတော်မူခဲ့ပါသလဲ? ၈၀၄
ဗောဇ္ဈင်သုတ်ပရိတ်တော်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်,
အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? ၈၀၄
ဗောဇ္ဈင်သုတ်မြတ် အတ္ထုပ္ပတ် ၈၀၆
ဗောဓိ၏အဆောက်အဦ–ဆိုသည်မှာ ၅၅၄
ဗောဓိပလ္လင်မှာ မာရ်အောင်ခြင်း (ဗောဓိပလ္လင်၏ မာရဝိဇယံ) ၃၆၃
ဗောဓိသမ္ဘာရေ–၌ 'ဗောဓိ' အရ ၅၅၃
ဗြဟ္မစရိယံ ၃၃၁
ဗြဟ္မစရိယ ၄–မျိုး ၃၃၁
ဗြဟ္မသရလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၅
ဗြဟ္မာဇုဂုတ္တလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၄
ဗြာဟ္မဏသဒ္ဒါအရ ရှင်းလင်းပြ ၅၆၄
ဘဂဝါဂုဏ်တော်နှင့်စပ်လျဉ် သိမှတ်စရာ ၆၇၀
ဘဂဝါဂုဏ်ပုဒ် သဒ္ဒါရုပ်အထွေထွေ ၆၇၂
ဘမုကန္တရေ ဇာတာ ဥဏ္ဏာလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၅
ဘယ်ကြောင်းခြင်းရာ၊ ခွန်ဆူသာ၊ သူငါ ရှိခိုးကြသနည်း? ၇၅၁

ဘယ်သူက သောတာပန်သုံးမျိုး၏အမည်ကို ပေးခဲ့ပါသလဲ? ၄၃၄
ဘာသာ, လူတန်းစား မခွဲခြား ၁၉၆
ဘိန္ဒုဇနသဒိသ နိလလောမတာ–(လက္ခဏာတော်ငယ်) ၇၇၁
ဘုန်းတော် ၆–ပါး ၆၇၅
ဘုန်းတော်ရှစ်ပါး ဘုရားရှိခိုး ၆၇၉
ဘုမ္မာနိ–ဝယ် 'ဘုမ္မ' ဘုမ္မာနိ ဘူတာနိ–အရ မြေမှာနေတဲ့နတ်များ ၃၇၀
ဘုရင်အရက်သမား မိမိသား သတ်စား ၂၆၂
ဘုရားအသံတော် ဣရှစ်ဖော် ၃၇၈
ဘုရားအားတော် သိလိုသော် ၇၅၇
ဘုရား ခုနစ်ဆူ ဘုရားရှိခိုး/(ပါဠို–အောက်ခြေ) ၇၄၇၊ ၅၄၇
ဘုရားဂုဏ်တော် ၉–ပါး ၆၀၉
ဘုရားဂုဏ်တော် ၁၀–ပါး ၆၀၈
ဘုရား, တရား၊ လွန်အားထား၊ ဝပ်တွား ရှိခိုးပုံ ၅၆၄
ဘုရား တရား သံဃာ့ဂုဏ်တော်များကို အောက်မေ့လျှင် ၇၄၀
ဘုရားမြတ်ရှင်၊ မာရ်ငါးအင်၊ အောင်မြင်တော်မူသကဲ့သို့ ၁၂၈
ဘုရားရှင်ဟော ဣမံ သော ၅၆၆
ဘုရားရှင်ကို ပင့်ဖိတ်တော်မူခြင်း ၃၆၇
ဘုရားရှင်ဖိတ်ခေါ်ပုံ ၆၉၈
ဘုရားသော်မှ မလွှတ်ကင်းနိုင် ၃၃၇
ဘူတာနိ–အရ အမနုဿ (နတ်ငြဟ္မာများ) ၃၇၀
ဘူတာနှင့် သမ္ဘဝေသီ ခြားနားသည် ၅၀၄
ဘေး, ဥပဒ် အန္တရာယ်တွေ့ ကင်းကြပါစေ ၁၂၅
ဘေးဟူသည်မှာ ၁၃၁
 မအိပ်ချင်သရွေ့ မတွာမွေ့ ၅၁၉
မင်္ဂအားလုံးယူ ၃၉၇
မင်ဉာဏ်သက်ဝင် သစ္စာမြင် ၄၂၁
မင်ပုဂ္ဂိုလ်ဒါန လွှနည်းပြ ၄၁၂

| | |
|---|---|
| မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သောတရား | ၆၅၆ |
| မဂ္ဂင် ၈–ပါး | ၆၆၈ |
| မဂ္ဂဋ္ဌ (မဂ်၌တည်သူ) ၄–မျိုး | ၇၁၄ |
| မဂ္ဂါဟတာ ဆုံးဖြတ်မှာ | ၈၁၁ |
| မဃလုလင် နမူနာတင် | ၂၄၆ |
| မင်္ဂလဆင် | ၇၅၆ |
| မင်္ဂလ အဓိပ္ပါယ် မှတ်သားဖွယ် | ၁၅၁ |
| မင်္ဂလသုတ် | ၂၅ |
| မင်္ဂလသုတ် အချုပ်ဂါထာ မှတ်ဖွယ်ရာ | ၃၅၁ |
| မင်္ဂလသုတ်ပရိတ်တော်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? | ၁၄၃ |
| မင်္ဂလသုတ်ပရိတ်တော်ကို အဘယ်နေရာဌာန, အဘယ်အချိန်မှာ ဟောတော်မူခဲ့ပါသလဲ? | ၁၄၃ |
| မင်္ဂလသုတ်ပရိတ်တော်ကို ဟောကြားရန် အဘယ်သူ လျှောက်ထားခဲ့ပါသလဲ? | ၁၄၃ |
| မင်္ဂလသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် | ၁၄၃ |
| မင်္ဂလသုတ် ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? | ၁၄၃ |
| မင်္ဂလသုတ်သည် အဘယ်ပိဋကတ်, အဘယ်နိကာယ်, အဘယ်ပါဠိတော်များမှာ ပါရှိပါသလဲ? | ၁၄၃ |
| မင်္ဂလာတရား ၃၈–ပါး, သို့မဟုတ် ၃၉–ပါး, ၃၇–ပါး | ၃၄၈ |
| မင်္ဂလာတရား ဟောကြားပါရန် လျှောက်တောင်းပန် | ၁၄၇ |
| မင်္ဂလာနှင့်စပ်ရာ အချုပ်မှာ | ၁၄၃ |
| မင်္ဂလာနှင့်စပ်ရာ နိဂုံးကဗျာ | ၃၅၀ |
| မင်္ဂလာပြဿနာ ပေါ်ပေါက်လာ ပြောရာ ကောလာဟာလ | ၁၄၄ |
| မင်းဆိုတာ မစူးစမ်း မဆင်ခြင်ဘဲ အမှုကိစ္စကို မပြုလုပ် မဆောင်ရွက်သင့်ပါ | ၂၄၃ |
| မဇ္ဈပါနာ သံယမော | ၂၅၈ |
| မဇ္ဈိမနိကာယ် ၃–အုပ် | ၉၅ |
| မညီမညာ ပြည်မြန်မာ | ၁၀၇ |
| မဋ္ဌကတ္ထတာ–(လက္ခဏာတော်ငယ်) | ၇၆၈ |
| မဏ္ဍူက ဒေဝပုတ္တ | ၆၅၈ |
| မတင်းတိမ် မရောင့်ရဲသင့်သော အရာများ | ၂၈၄ |

| | |
|---|---|
| မတွယ်တာခြင်း အကြောင်းရင်း | ၂၃၀ |
| "မနောရထပူရဏီ" ခေါ်တဲ့ အဂုတ္တရနိကာယ် အဋ္ဌကထာ၃-အုပ် | ၁၀၀ |
| မန္ဒပည (ဥဏှနံ့သူ)၏ ဝိထိပုံ | ၄၁၂ |
| မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရေး | ၃၂၆ |
| မဖြစ်သေးတဲ့ကုသိုလ်ဖြစ်ရေး | ၃၂၈ |
| မမေ့သူမှာ မသေ-ရှင်နေသူဖြစ်၍, မေ့သူမှာ ရှင်လျက် သေသူနှင့်မခြား | ၂၆၇ |
| မယား ၇-မျိုး ကောင်းအဆိုး ဥဏှကိုး ပြုပြင်ပါ | ၂၁၆ |
| မယားဝတ် ၅-ပါး | ၂၁၄ |
| မရိမသေ၊ မျိုးယုတ်ချေ၊ ရိသေ မျိုးမြတ်သည် | ၂၇၃ |
| မဟန္တ ဘမုကတာ-(လက္ခဏာတော်ငယ်) | ၇၇၀ |
| မဟပ္ဖလ ကျိုးကြီးလှ | ၄၀၉ |
| မဟာအဋ္ဌကထာ | ၉၉ |
| မဟာဓနသူဌေးသား ဇနီးမောင်နှံ | ၂၀၇ |
| မဟာပစ္စရီအဋ္ဌကထာ | ၉၈ |
| မဟာသတ္တ နှစ်မျိုးပြ | ၅၅၄ |
| မဟိမာဘုန်းတော် | ၆၇၈ |
| မဟေဿာသာ၊ မူကွဲမှာ၊ သုံးဖြာ ဖွေရှာတွေ့ | ၇၇၅ |
| မာတာပိတု ဥပဋ္ဌာနံ | ၁၁၉ |
| မာနထောင်လွှား၊ မရှိငြား၊ မှတ်သား အနတိမာနီ | ၄၉၁ |
| မာယာနှင့် သာဒေယျ | ၇၁၈ |
| မာရ် ၅-ပါး | ၃၄၇ |
| မာရ်နတ်လှည့်စား ပယ်ရှားသူရမ္မဋ္ဌ | ၄၂၄ |
| မားမားစွင့်စွင့်, ဂုဏ်ရည်တင့်၍ , ကြီးမြင့်ထင်ရှားပေထသော | ၇၀၇ |
| မိခင်ပမာ၊ ထားမေတ္တာ၊ ပွါးရာ ညွှန်းဖော်ပြ | ၅၁၀ |
| မိဘနှစ်တန်၊ ပူဇော်ခံ၊ မည်ပြန်လေသည်ပ | ၂၀၃ |
| မိဘနှစ်သွယ်၊ ငြဟ္မာနှယ်၊ တူတယ် စိတ်နေက | ၂၀၀ |
| မိဘဝတ် ၅-ပါး | ၂၀၆ |

## ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း


မုဒုတနုက ရတ္တဇိဝှတာ–(လက္ခဏာတော်ငယ်) ၇၆၉
မုဒုတလုနဟတ္ထပါဒလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၃
မုဓာညွှန်ပြ ပစ္စည်းမကုန်ရ ၄၁၈
မုနိ ၆–မျိုး ၃၉၁
မူရင်း အာဋာနာဋိယသုတ် ၄၅
မူရင်းအာဋာနာဋိယသုတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်၌
ပါရှိပါသလဲ? ၇၄၅
မူရင်း ပုဗ္ဗဏှသုတ် ၇၁ ၊ ၈၃၂
မေတ္တသုတ် ၃၂
မေတ္တသုတ်ကို အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? ၄၈၁
မေတ္တသုတ်ကို အဘယ်အခါမှာ ဟောခဲ့ပါသလဲ? ၄၈၁
မေတ္တသုတ်ကို အဘယ်နေရာမှာ ဟောတော်မူခဲ့ပါသလဲ? ၄၈၁
မေတ္တသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? ၄၈၁
မေတ္တသုတ်နိဂုံး အာသိသလင်္ဂာ ၅၂၃
မေတ္တသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၄၇၇
မေတ္တသုတ်ပရိတ်တန်ခိုး ၅၂၃
မေတ္တသုတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဋိတော်များမှာ ပါရှိပါသလဲ? ၄၈၁
မေတ္တသုတ်မြတ် အထူပ္ပတ် ၄၈၁
မေတ္တသုတ္တ နိဒါန်းက ၄၇၇
မေတ္တာအကျိုး ၁၁–မျိုး ၄၇၉
မေတ္တာကိုစွက်၊ တောင်းပန်လျက်၊ ဖော်မြွက်ပွါးပုံမှာ ၅၄၁
မေတ္တာကျိုးပြ လင်္ဂာက ၄၈၀
မေတ္တာဈာန်မှ၊ ခြေခံပြ၊ တက်ရ မဂ်ဖိုလ်ထိ ၅၂၁
မေတ္တာတစ်မျိုး၊ ပွါးပုံတိုး၊ ပယ်ချိုး ဒုက္ခရည် ၅၀၉
မေတ္တာပို့သ ဤလေးဝ–ဆောင်ပုဒ် ၅၂၈
မေတ္တာပွါးပုံ၊ နည်းကျယ်စုံ၊ မှတ်တုံ စိတ်ဝယ်ရှု ၅၀၂
မေတ္တာပွါးပုံ ၄–မျိုးမှာ ၅၂၄

မေတ္တာပွါးရာ သိမှတ်ဖွယ်ပါ ၄၉၉
မေတ္တာဖြစ်ကြောင်း အကျင့်ကောင်းများ ၄၈၆
မေတ္တာရေ့တွင် ကျင့်လမ်းစဉ် ၄၈၇
မေ့လျော့သမှု၊ ပြုမိလေငြား၊ အပြစ်များကို၊ ဖုံးထားမရှိ၊ ဖော်ထုတ်သိ၊ ထူးဘိ သောတာပန် ၄၄၈
မောနေယျ ၃-မျိုး ၃၉၁
မောရပရိတ်ဇာတ် အတ္ထုပ္ပတ် ၅၅၆
မောရသုတ် ၃၅
မောရသုတ်အစွမ်း ချီးမွမ်းခန်း ၅၅၃
မောရသုတ်ကို အဘယ်နေရာ၌ဘာန, အဘယ်အခါမှာ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍
အဘယ်အကျိုးငှါ ဟောတော်မူခဲ့ပါသလဲ? ၅၅၆
မောရသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောတော်မူခဲ့ပါသလဲ? ၅၅၆
မောရသုတ်ဆိုင်ရာ ဆောင်ပုဒ်များ ၅၅၉
မောရသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၅၅၁
မောရသုတ်ပရိတ်နိဂုံးချုပ် အာသီသလက်္ခာ ၅၆၈
မောရသုတ်ပရိတ်သည် အဘယ်ပဋိက, အဘယ်နိကာယ်, အဘယ်ပါဠိတော်မှာ ပါရှိပါသလဲ? ၅၅၆
မောရသုတ္တ နိဒါန်းစ ၅၅၁
မျက်ကန်း, မျက်မြင် ခွဲခြားလျင် ၁၈၈
မျက်မြင်တွေ့မှ မှန်းဆသိနိုင်သည် ၆၂၃
မျက်မှောက်လောကကြီးပွါးရေး သမ္မဒါတရား ၄-ပါး ၂၂၄
မျောက်ကလေး ပင်မင်းပေးသည့်ပုံ ၇၀၇
မျိုးသားအားလုံး၊ သိမ်းယူကျုံး၊ စွဲသုံး ဉာတိဟူ ၂၄၃
မြတ်စွာဘုရားခုနစ်ဆူ ဘုရားရှိခိုး ၇၄၇
မြန်မာနိုင်ငံဟာ ပတိဂ္ဂပဒေသ ဖြစ်သော်လည်း ၁၈၂
မြန်မာနှစ်, ခရစ်နှစ် တွက်ရာ မှတ်ဖို့ပါ ၇၇
မြဲရာသံပတ်၊ ပိုခိုင်လတ်၊ ထပ်ထပ်ဆိုထုံးပါ ၅၄၈
မွေးဖွားလျှင် မွေးဖွားခြင်း စကားပြောတဲ့ ၃-ဘဝ ၃၆၁
မှတ်ဖွယ်ရှေးခါ ဂျွတ်ထုံးမှာ ၇၂

မိုဋ်မြမ်းခဲ့ရာ ကျမ်းများစွာ ၈၄၇
မိုဋ်မြမ်းစရာ ကျမ်းထွေလာ ၁၃
မြွေအမျိုးမျိုး အဆိုးအထွေထွေ ၅၃၈
မြွေကိုက်သေလတ် ဥရဂဇာတ် ၃၄၃
မြွေမျိုးလေးပါး မေတ္တာပွါးပုံ ၅၃၈
ယစ်မျိုးဆယ်ပါး ၂၆၅
ယတ္ထကာမဝသာယိတာကာမဘုန်းတော် ၆၇၉
ယ'ဒဏ္ဍဂါ-နိဗ္ဗာန်ရပြီ ၃၉၀
ယဒတ္ထိ ကိဉ္စိ၊ အချို့ကို၊ ပယ်ဘိ သောတာပန်
ယမို့, ယဉို့ ပြဿနာရှိ (အောက်ခြေမှတ်ချက်)
ပယတ္တဘုန်းတော်
ယသဘုန်းတော်
"ယာနိ'ဓ" သုံးဂါထာ သိကြားမင်းဂျတ်ဆိုပါ
ယာပိထ်လေးဖြာ၊ ပွါးနိုင်ပါ၊ ဖြဟ္ဘာနေသလို
ယေ ကေစိနှင့် အနဝသေသာ တူတူပါ
ရက်လည်ဆွမ်း
ရဇ ၂-မျိုး (ပကတိမြူ။ ကိလေမြူ။ နှစ်မြူ ညစ်အကြေး)
ရတနအနက် ၅-မျိုးထွက်
ရတနတ္တယ ပဏာမ
ရတနသုတ်
ရတနသုတ်အချိုး နိဒါန်းစကား
ရတနသုတ်အစ "ယာနိဓ ဘူတာနိ"က
ရတနသုတ်ကို အဘယ်အခါမှာ ဟောခဲ့ပါသလဲ?
ရတနသုတ်ကို အဘယ်အတွက် ဟောခဲ့ပါသလဲ?
ရတနသုတ်ကို အဘယ်နေရာဌာနမှာ ဟောခဲ့ပါသလဲ?
ရတနသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောခဲ့ပါသလဲ?
ရတနသုတ် နိဂုံးချုပ် အာသိသလက်ာ

## ရှာဖွေလွယ်စွာ၊ ထောက်ကူပါ၊ စဉ်လာ အကွရာကြည့်


ရတနသုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၃၅၃
ရတနသုတ်သည် အဘယ်ပိဋက, အဘယ်နိကာယ်, အဘယ်ပါဠိတော်၌ ပါရှိပါသလဲ? ၃၆၇
ရတနာဆိုတာ ၃၇၇
ရတနာသုံးပါး၊ အမြတ်ထား၊ ဆိုငြား သစ္စာရည် ၈၂၂
ရတနာသုံးပါးနှင့်စပ်လျက် တိုက်တွန်းချက် ၄၇၄
ရတနာသုံးဝ၊ ဂုဏ်တော်က၊ တိုင်းဆမရှိပါ ၅၄၅
ရတာနှင့်ပင် ကျေနပ်လျှင် ၄၃၇
ရတ္တောဌတာ–(လကွဏာတော်ငယ်) ၇၆၉
ရသဂ္ဂသဂ္ဂိလကွဏာတော်–(လကွဏာတော်ကြီး) ၇၆၅
ရသိပေမတ္တ၊ ခြားနားကြ၊ ဗုဒ္ဓရှင်တော်တွေ ၇၇၂
ရဟန်းဝိနည်း, လူ့ဝိနည်း ၁၉၂
ရဟန္တာ ၂–မျိုး ၄၀၇
ရဟန္တာမှန်းမသိ၊ ကဲ့ရဲ့ဘိ၊ ငယ်သည့် ရဟန်းတစ်ပါး ၄၀၅
ရဟန္တာရဲ့ စိတ် ၃၃၇
ရဟန္တာ ဝါသနာ မပယ်နိုင်ပါ ၆၁၂
ရောင့်ရဲတတ်မှ ချမ်းသာရ ၂၈၃
ရိုသေခြင်းကား ဗြဟ္ပစိုရ်တိုးပွါး ၂၇၄
ရှားပါးလို့လဲ၊ မြင်ရခဲ၊ မှတ်စွဲ ရတနာ ၃၈၁
ရှိခိုးထိုက်သူ၊ ရှိခိုးမူ၊ ရယူ ကျိုးလေးထွေ ၇၈၅
ရှေးဦးစွာ မေတ္တာမပွါးအပ်သူ ၄–ဦး ၅၁၄
ရှေးဆရာတို့ အဆိုအမိန့်များ/အလားတူ (မဇ္ဇပါန) ၁၈၉၊ ၂၆၅
ရှေးဆရာများ မိန့်ကြားအဆို ၂၅၇
ရှေးထုံးစဉ်လာ ရွတ်ထုံးမှာ ၈၂
ရှေးဟောင်း အဌကထာကြီး ၅–ကျမ်း ၉၈
ရွှေဝါရောင် နတ်သမီး ၁၇၆
လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘ ၂၀၂
လကွဏာတော်ငယ် ရှစ်ဆယ် ၇၆၆

| | |
|---|---|
| လဃိမာဘုန်းတော် | ၆၇၇ |
| လင်နှင့်မယား တွဲလေးပါး သင်ကား ဘယ်တွဲပါသနည်း? | ၂၁၅ |
| လင်နှင့်မယား လျာနှင့်သွား | ၂၂၀ |
| လင်နှင့်မယား လျာနှင့်သွားဘွဲ့လေးချိုး | ၂၂၀ |
| လင့်ဝတ် ၅-ပါး | ၂၁၃ |
| လမ်းမှန်လမ်းပြကောင်းသော်လည်း | ၄၆၁ |
| လာဇာနတ်သမီး (ပေါက်ပေါက်နတ်သမီးလေး) | ၇၃၅ |
| လုံးဝ မေတ္တာမပွါးသင့်သူ ၂-ဦး | ၅၁၅ |
| လူတို့ပြည်လာ၊ နတ်ဒေဝါ၊ ကြောင်းရာ ဘယ့်ကြောင့်မထိုင်ပါသနည်း? | ၁၆၁ |
| လူတွေအတွက် ပူဇော်ထိုက်သူများ | ၁၇၇ |
| လူမိုက်လက္ခဏာ သုံးရပ်မှာ | ၁၆၄ |
| လူ့ပြည်လူ့ရွာ၊ နတ်ထိုင်တာ၊ ပြလာ အာဠာနာဠိယသုတ် | ၁၆၂ |
| လူ့ဘဝဆိုတာ ရခဲပါ | ၇၂၆ |
| လူ့ဘဝဆိုတာ ဘဝပဒေသာပင်ကြီးပါ | ၇၂၆ |
| လေဓာတ်ပျက်ကြောင်း ဆယ်ပါး | ၈၃၉ |
| လေးနက်သော ဆရာအဖြစ် | ၆၆၀ |
| လောကကြီးပွါးကြောင်း သမ္မဒါတရား ၄-ပါး | ၂၂၄ |
| လောကခံကြို၊ နည်းမျိုးစုံ၊ ဖြေပုံ အစားစား | ၃၃၉ |
| လောကခံတရား ၈-ပါး | ၃၃၆ |
| လောကဓမ္မ၏ သစ္စာဂုဏ်များ | ၅၈၆ |
| လောကဝိဒူဂုဏ်တော်က အကြောင်း အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်က အကျိုး | ၆၅၁ |
| လောကဝိဒူဂုဏ်နှင့်စပ်လာ သိမှတ်စရာ | ၆၂၄ |
| လောက, သာသနာ စောင့်ရှောက်ကြပါ | ၁၂၃ |
| လောက ၃-ပါး | ၆၄၂ |
| လောကုတ္တရာတရား ၉-ပါး (နဝ လောကုတ္တရဓမ္မ) | ၃၆၅ |
| လောင်းတော်လျာ ဥဒေါင်းမျိုးမှာ ဖြစ်ရရှာ | ၅၅၄ |
| လောင်းလျာတစ်ဆူ၊ ငုံးငယ်မူ၊ မတူ သူတကာ | ၅၈၆ |

လောဘကြီးက ဆင်းရဲရ ၂၁၂

လောဘမသတ်နိုင်သော မန္တာတုစကြာမင်း ဝတ္ထု ၆၆၃

လောဘမီးလောင်ပုံဝတ္ထု ၆၈၈

ဝစီသစ္စာ၊ စွမ်းအင်မှာ၊ လျင်စွာ မြားဆိပ်ပြယ် ၃၈၃

၁၌ (အပြစ်)၂-မျိုး ၄၄၉

၁၌ဂုံလိတာ-(လက္ခဏာတော်ငယ်) ၇၆၆

၁၌ဆတ္တနိဘ စာရ သိသတာ-(လက္ခဏာတော်ငယ်) ၇၇၀

၁၌ဒါဠတာ-(လက္ခဏာတော်ငယ်) ၇၆၈

၀၌ပရိတ်မြတ် အတ္ထုပ္ပတ် ၅၇၂

၁၌ပေါတကစရိယခေါ် မူရင်း ဝ၌သုတ် ၃၇၊ ၅၈၀

၁၌လောမတာ-(လက္ခဏာတော်ငယ်) ၇၇၁

၁၌သုတ် ၃၇

၀၌သုတ်အပြည့်အစုံ စရိယာပိဋကမှလာပုံ ၅၇၉

၁၌သုတ်အမွှမ်း ဂုဏ်တင်လွှမ်း ၅၇၂

၁၌သုတ် နိဂုံးချုပ် အာသိသလင်္ကာ ၅၈၇

၁၌သုတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၅၇၁

၀၌သုတ်ပရိတ်တော်သည် အဘယ်ပိဋက, အဘယ်နိကာယ်,
အဘယ်ပါဠိတော်မှာပါရှိပါသလဲ? ၅၇၂

၁၌သုတ်ပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ်သည် အဘယ်ကိုအကြောင်းပြု၍
ဟောတော်မူခဲ့ပါသလဲ? ၅၇၂

၀၌သုတ္တ နိဒါန်းက ၅၇၁

'၀ဒါမိ'၀ယ် သိမှတ်ဖွယ် ၆၂၈

'၀ရ'လေးမျိုး၊ နက်ဆိုရိုး၊ ကျမ်းကိုး ဖွင့်ပြပါ ၆၅၆

၀သိတာဘုန်းတော် ၆၇၉

၀ိစိကိစ္ဆာနှင့် ပတ်သက်၍ ယုံမှားခြင်း ၈-မျိုး ၆၆၃

၀ိစိကိစ္ဆာ သိမှတ်စရာ ၆၆၃

၀ိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၂၉

| | |
|---|---|
| ဝိဇ္ဇာဆိုတာ၊ ဉာဏ်ပညာ၊ ပမာ အလင်းရောင် | ၆၂၉ |
| ဝိဇ္ဇာ ၈-ပါး | ၆၃၀ |
| ဝိညူ-အရ ယူရမည့် ပညာရှိပုဂ္ဂိုလ် ၃-မျိုး | ၇၀၄ |
| 'ဝိညူ-ပညာရှိ' ၂-မျိုး | ၇၀၄ |
| ဝိတက် ၃-မျိုး | ၂၉၂ |
| ဝိနည်းဆိုင်ရာ ဋီကာများ ၆-အုပ် | ၁၀၃ |
| ဝိနည်းပိဋကတ် (ဝိနည်း ငါးကျမ်း) ၅-အုပ် | ၉၃ |
| ဝိနယ-ဆိုတာ | ၁၉၂ |
| ဝိနယော သုသိက္ခိတော | ၁၉၁ |
| ဝိပဿီတညူပုဂ္ဂိုလ် | ၇၀၄ |
| ဝိပဿနာပြု၊ ခြေခံက၊ စျာနဆိုင်ရာ နာမ်ရုပ်ပါ | ၅၂၁ |
| ဝိမလကိတ္တိတာ-(လက္ခဏာတော်ငယ်) | ၇၇၀ |
| ဝိမုတ္တိငါးပါး သိဖွယ်ကား | ၅၆၅ |
| ဝိရဇံ | ၃၄၄ |
| ဝိရတိကား၊ သုံးမျိုးပြား၊ ခွဲခြား မှတ်စေချင် | ၂၅၁ |
| ဝိသုဒ္ဓိနှြယတာ-(လက္ခဏာတော်ငယ်) | ၇၆၈ |
| ဝိသုဒ္ဓိမဂ်လာ၊ ပွါးမေတ္တာ၊ ချုံးကာ ပြမည်ဆို | ၅၁၄ |
| ဝိဟာရလေးမျိုး၊ ကျမ်းဂန်ကိုး၊ နေရိုး ခွဲကာပြ | ၅၁၉ |
| ဝိရန့် ဝိရိယ | ၃၂၅ |
| ဝိရိယခြေတော် ၂-ဘက် (အောက်ခြေ) | ၆၁၉ |
| ဝုဗု(အကြိုး)သုံးမျိုး | ၇၈၉ |
| ဝုဗုာပစာယနနှင့်စပ်သွယ် သိမှတ်ဖွယ် | ၇၈၈ |
| ဝေဒေဟိကာ အိမ်ရှင်မ (တကယ် သည်းခံမှု ရှိ မရှိ စမ်းသပ်နည်း) | ၃၀၆ |
| ဝေသာရဇ္ဇဉာဏ် လေးပါး | ၇၅၇ |
| ဝေသာရဇ္ဇဉာဏ်၊ သိဖို့ရန်၊ ကျမ်းဂန်ပြဆိုပါ | ၇၅၈ |
| ဝေါကာရ ၃-မျိုး | ၅၀၃ |
| သကဒါဂါမ် ၃-မျိုး | ၄၀၇ |

သက်ရှိမှာပင်၊ ရိုးစုထင်၊ ဉာဏ်ဝင် မဟာတိသဃေရ် ၃၂၃
သက္ကာယဒိဋ္ဌရှိနေသမျှ ခံရမည့်သံသရာဒုက္ခ ၇၀၁
သက္ကာယဒိဋ္ဌ စွဲဘိ ငါးခန္ဓာ ၄၄၁
သက္ကာယဒိဋ္ဌနှစ်ဆယ် သိမှတ်ဖွယ် ၄၄၂
သင်္ကောခေါ်ယူ စွမ်းနိုင်သူ ၄၈၈
သကျမုနီ သမာဟိတော ၃၉၀
သခ်ိုရလောက သိတော်မူပုံ ၆၄၆
သဂ်ဟတရား ဤ၄-ပါး ၂၁၈
သင့်တော်တဲ့အခါ တရားနာရခြင်း၏အကျိုး ၅-ပါး ၂၉၄
သင့်တော်တဲ့အရပ်မှာ နေရင် တံငါသော်မှ မဂ်ဖိုလ်ရ ၁၈၀
သင့်တော်တဲ့နေရာ (အောက်ခြေ) ၁၄၈
သင့်တော်လျောက်ပတ်တဲ့အရပ်ဆိုတာ (ပတိရူပဒေသဝါသ) ၁၇၉
သင့်တော်သူကိုသာ သြဝါဒပေးသင့် ၃၁၃
သစ္စာစကား၊ စွမ်းအင်များ၊ ထင်ရှားရှိလေပါ ၃၈၂
သစ္စာစကား ဆိုပုံကား ၇၉၉
သစ္စာစွမ်းအင်၊ တောမီးပင်၊ ငြိမ်းလျှင် မှန်သည်သာ ၅၈၅
သစ္စာဆိုမှ၊ မြွေဆိပ်ကျ၊ မှတ်ပ ဝစီသစ္စာ ၃၈၃
သစ္စာပြုခြင်းသည် ဆေးကုခြင်းပင် မဟုတ်လော? ၈၀၀
သစ္စာပြုနေရာ ကမ္ဘာတည်မှာ (အင်္ဂုလိမာလသုတ်) ၇၉၈
သစ္စာပြုဖို့ရာ အကြံပေါ်လာ ၅၈၃
သစ္စာ ၄-ဖြာ (ရတနာဂုဏ်ရည် ဗုဒ္ဓဂုဏ်တော်ဖွင့်မှာ မဟာတိသဃေရ်) ၆၆၂
သစ္စာသိသူ ပညာရှိ (ဝိညူဟိ) ၇၀၄
သစ္စိကိရိယာ ၂-မျိုး ၃၃၅
သစ်မြစ်ပျဉ်း ရဟန္တာ ၇၁၉
သည်းခြေပျက်ကြောင်း သုံးပါး ၈၃၉
သည်းမခံခြင်းအပြစ် ၅-ပါးနှင့် သည်းခံခြင်းအကျိုး ၅-ပါး ၃၀၅
သဏ္ဌာဘမုကတာ-(လက္ခဏာတော်ငယ်) ၇၇၀

သတိတရား၊ လက်ကိုင်ထား၊ မြင့်မား အကျိုးတွေ ၂၆၈

သတိမရှိ ချို့မသိ ၄၀၅

သတိမသေးတဲ့ ရက်ကန်းသည်မလေး ၂၆၉

သတိဟူသည် ပိုလွန်သည် မရှိ ၂၆၈

သတ္တကွတ္တ၊ ဂုဏ်ပြုအမှန် သစ္စာဆိုဟန် ၄၃၀

သတ္တကွတ္တ၊ ဖြစ်မှု ခုနစ်ဘဝသာ ၄၃၁

သတ္တန္ဒံ သမ္မာသမ္ဗုဒ္ဓါနံ-ဝယ်၊ အထူးကွယ်၊ မှတ်ဖွယ် စဉ်းစားစရာ ၅၄၈

သတ္တဝါလုံးစုံ၊ မေတ္တာပုံ၊ အကုန်ပွါးရန်သာ ၅၄၀

သတ္တိဂုမ္ဗဇာတ် ၁၆၈

သတ္တုဿဒလကွဏာတော်-(လကွဏာတော်ကြီး) ၇၆၄

သထ္ထဝါဟော်, ယာဉ်မှူးကျော်လျင် ၆၅၇

သထ္ထာ၏ အနက်တစ်မျိုး ၆၆၁

သထ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၅၆

သဒ္ဒါကျမ်းလာ၊ ဆိုမိန့်မှာ၊ ဓိပ္ပါဖွင့်လျက် ရှင်းလင်းချက် ၇၉၄

သဒ္ဒါတတ်ကျွမ်း တစ်ဖက်ကမ်း (ခင်ကြီးပျော်) ၁၀

သန္တုဋ္ဌိ ၂၈၂

သန္တုဿကော၊ ကျမ်းဂန်ပြော၊ သဘော ရောင့်ရဲသူ ၄၉၁

သန္နိဋ္ဌိကဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၉၀

သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိတော်မူခြင်း (သဗ္ဗညုတညာဏပဝိဋ္ဌိဝေဓံ) ၃၆၄

သဗ္ဗညုဂုဒ္ဓ- (ဂုဒ္ဓလောင်းလျာ ၃-မျိုးပါ) ၃၉၄

သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ် ၇၅၅

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ၈၄၄

သဗ္ဗသင်္ဂါဟကမေတ္တာဘာဝနာပွါးနည်း ၅၀၇

သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂံမံ ဉာဏာနုပရိဝတ္တံ (အာဝေဏိကဂုဏ်တော်) ၇၆၂

သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂံမံ ဉာဏာနုပရိဝတ္တံ (အာဝေဏိကဂုဏ်တော်) ၇၆၂

သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂံမံ ဉာဏာနုပရိဝတ္တံ (အာဝေဏိကဂုဏ်တော်) ၇၆၂

သဗ္ဗေ ဓုဒ္ဓါ--နက်ပေးရာ၊ ခြားကာ ပြုကြသည် ၈၂၁

## ရှာဖွေလွယ်စွာ၊ ထောက်ကူပါ၊ စဉ်လာ အကျရာကြည့်


| | |
|---|---|
| သမကေသတာ–(လကျဏာတော်ငယ်) | ၇၇၁ |
| သမဏ–ဆိုတာ | ၃၁၆ |
| သမဏာနံ ဒဿနံ | ၃၁၆ |
| သမဒန္တလကျဏာတော်–(လကျဏာတော်ကြီး) | ၇၆၅ |
| သမန္တတော စာရ ဇဏ္ဏုမဏ္ဍလတာ–(လကျဏာတော်ငယ်) | ၇၆၇ |
| "သမန္တပါသာဒိကာ"ခေါ် သော ဝိနည်းအဋ္ဌကထာ ၄–အုပ် | ၁၀၀ |
| သမပါဒတာ–(လကျဏာတော်ငယ်) | ၇၆၇ |
| သမလောမတာ–(လကျဏာတော်ငယ်) | ၇၇၁ |
| သမဝဋ္ဌကျန္ဓလကျဏာတော်–(လကျဏာတော်ကြီး) | ၇၆၅ |
| သမာဒါနဝိရတိ | ၂၅၂ |
| သမုစ္ဆေဒဝိရတိ | ၂၅၂ |
| သမ္ပဒါတရား ဤ ၈–ပါး | ၃၂၆ |
| သမ္ပပ္ပဒါန် လုံ့လဝိရိယ | ၃၂၆ |
| သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ | ၆၂၁ |
| သလိပ်ပျက်ကြောင်း သုံးပါး | ၈၃၉ |
| သလ္လဟုကဝုတ္တိ၊ ပေါ့ပါးဘိ၊ မှတ်သိ သက်မွေးသူ | ၄၉၄ |
| သံဃာနှင့်စပ်သွယ် အထူးသိမှတ်ဖွယ် | ၇၁၂ |
| သံဃာ့ဂုဏ်တော် ၉–ပါး | ၇၁၂ |
| သံဃာ့ဂုဏ်တော် သစ္စာဖော် | ၄၀၀ |
| သံဃိကဒါန စိစစ်နည်းပြ | ၄၁၀ |
| သံယုတ္တနိကာယ် ၃–အုပ် | ၉၅ |
| သာမိစိပ္ပဋိပန္ဒဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ | ၇၂၂ |
| သာယာငြိမ့်ညောင်း နားထောင်ကောင်း | ၁၀၈ |
| "သာရတ္ထပ္ပကာသိနီ"ခေါ်တဲ့ သံယုတ္တနိကာယ်အဋ္ဌကထာ ၃–အုပ် | ၁၀၀ |
| သာလိကေဒါရဇာတ် | ၂၀၉ |
| သာဝကနှင့်စပ် ပုဂ္ဂိုလ် ၄–ရပ် | ၄၀၉ |
| သာဝကဟူ နာခံတတ်သူ | ၇၁၄ |

သာသနာနှစ်, ခရစ်နှစ်တွက် မှတ်ဖို့အချက် ၇၇
သာသနာနှစ်တွက် မှတ်ဖွယ်နှစ်မျိုးထွက် ၇၄
သာသနာပိုင်ဖြစ်ခြင်း (ခင်ကြီးပျော်) ၁၀
သားသမီး ဝတ် ၅–ပါး ၂၀၄
သားသမီးသုံးမျိုး၊ ကျမ်းဂန်ကိုး၊ ဆိုရိုး ဣတိဝုတ် ၂၁၁
သား ၃–သား ၂၁၁
သိက္ခာလိုလား၊ သူ့စွမ်းအား၊ ထင်ရှား အမြတ်ဆုံး ၂၈၀
သိကြားမင်း၏ ခန္ဓိတရား ၃၀၄
သိန္ဒဂတ္တတာ–(လက္ခဏာတော်ငယ်) ၇၇၁
သိန္ဒဒန္တတာ–(လက္ခဏာတော်ငယ်) ၇၆၈
သိန္ဒနခတာ–(လက္ခဏာတော်ငယ်) ၇၆၆
သိန္ဒလောမတာ–(လက္ခဏာတော်ငယ်) ၇၇၁
သိန္ဒ သဏှ ကေသတာ–(လက္ခဏာတော်ငယ်) ၇၇၁
သိပ်သည်းလှစွာ ဇာတ်ကြောင်းမှာ ၁၄၄
သိပ္ပံ ၁၉၀
သိရိ (ကျက်သရေ) ၁၈၂
သိရိဘုန်းတော် ၆၈၁
သိ–ဘော–သုဉ်း–ဆယ် (ခင်ကြီးပျော်) ၁၂
သိမာသမ္မေဒ၊ ပိုင်းခြားက၊ ဟုက်ရနည်းလမ်းကို ၅၁၄
သိမာသမ္မေဒ၊ မေတ္တာက၊ လောကဥပမာ သည်လိုပါ ၅၁၆
သိလ, စတုပါရိသုဒ္ဓိသိလ (အောက်ခြေ) ၁၉၂
သိလ ၂–မျိုး=စာရိတ္တ, ဝါရိတ္တ (အောက်ခြေ) ၄၂၃
သိလဗွတ နွားခွေးတို့အကျင့်ပြု ၄၄၄
သိလမရှိပြန်၊ ရှိခိုးခံ၊ လုံတံစူးသည်နယ် ၇၃၃
သိဟနာဒနှင့်စပ်ရာ သိမှတ်ဖွယ်မှာ ၇၅၉
သိဟပုဗ္ဗဓုကာယလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၄
သိဟသမာနက္တမတာ–(လက္ခဏာတော်ငယ်) ၇၆၇

သီဟဟန္ဒလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၅
သုခုမစ္ဆဝိလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၄
သုခုမာလဂတ္တာ–(လက္ခဏာတော်ငယ်) ၇၇၀
သုဂတအနက် ဖော်ညွှန်းချက် ၆၃၇
သုဂတဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၆၃၆
သုဂတသဿ သာဝကာ (ဆရာကောင်းတပည့်တွေပါ) ၄၀၈
သုဂန္ဓတန္ဒာ–(လက္ခဏာတော်ငယ်) ၇၇၁
သုဂန္ဓမုခတာ–(လက္ခဏာတော်ငယ်) ၇၇၁
သုဂန္ဓမုဒ္ဓတာ–(လက္ခဏာတော်ငယ်) ၇၇၁
သုစရိုက်တရား ၁၀–ပါး ၂၃၇
သုစရိုက်သုံးဝ၊ ကျင့်ကြံက၊ ကောင်းလှ နက္ခတ်တွေ ၈၃၁
သုဇာတဇာတ်ဝယ် မှတ်သားဖွယ် ၁၉၅
သုဇာ သိကြား ဉာဏ်နိဉာဏ်နက်များ ၇၂၅
သုတ်ဓဇဂ္ဂ နိဒါန်းပြ ၅၈၉
သုတဗုဒ္ဓ ၃၉၅
သုတ္တန်ဆိုင်ရာ ဦးကာများ ၁၄–အုပ် ၁၀၃
သုတ္တန်ပိဋကာ ၂၃–အုပ် ၉၃
သုတ္တန်ဟောပုံ၊ ပမာခြိုး၊ နည်းစုံဟောလေသည် ၆၂၅
သုဒ္ဒဒန္တာ–(လက္ခဏာတော်ငယ်) ၇၆၈
သုနီလ ကေသတာ–(လက္ခဏာတော်ငယ်) ၇၇၁
သုပဋိပန္နဂုဏ်တော်နှင့်စပ်လာ သိမှတ်စရာ ၇၁၂
သုပဋိပန္နမုန်က ကိလေသာပယ်ရန် ကျင့်နိုင်မှ (အောက်ခြေ) ၇၁၃
သုပဿီဒ္ဓတပါဒလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၃
သုဘရောမှ မွေးမြူလွယ်သူ ၄၉၂
သုဘာသိတာ ၀ါစာ ၁၉၄
"သုမင်္လသီလာသိနီ" ခေါ်သော ဒီဃနိကာယ်အဋ္ဌကထာ ၃–အုပ် ၁၀၀
သုမနပန်းသည် ၁၇၅

သုရတ္တဒ္ဒိဇမုခတာ–(လက္ခဏာတော်ငယ်) ၇၆၈

သုဂ္ဂစိရသဏ္ဌာနလေခတာ–(လက္ခဏာတော်ငယ်) ၇၆၉

သုဝစ စစ်မစစ် ဆန်းစစ်ပါ (ဆိုလွယ်, မလွယ် စိစစ်ဖွယ်) ၃၀၉

သုဝစနှင့် သောဝစသတာ ၃၁၀

သုဝဏ္ဏတုဂ်နာသတာ–(လက္ခဏာတော်ငယ်) ၇၆၈

သုဝဏ္ဏဝဏ္ဏလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၄

သုဝဏ္ဏဟံသဇာတ် ၂၈၅

သုဝိဘတ္တဂတ္တတာ–(လက္ခဏာတော်ငယ်) ၇၆၇

သုဝိသုဒ္ဓဂတ္တတာ–(လက္ခဏာတော်ငယ်) ၇၆၈

သုသဏ္ဌာန ကေသတာ–(လက္ခဏာတော်ငယ်) ၇၇၁

သုသဏ္ဌာန ဘမုကတာ–(လက္ခဏာတော်ငယ်) ၇၇၀

သုသုက္ကဒါဠလက္ခဏာတော်–(လက္ခဏာတော်ကြီး) ၇၆၅

၃၂–ပါးသော ကံကြမ္မာ ၁၃၈

သူတော်ဥစ္စာ ခုနစ်ဖြာ ၄၂၃

သူတော်ကောင်းချီးမွမ်းခံရ ကြောင်းရင်းက ၄၀၈

သူတော်ကောင်းများ၊ ချီးမွမ်းငြား၊ ရှစ်ပါးအရိယာ ပုဂ္ဂလာ ၄၀၃

သူမတူသောအသိ ၆၄၃

သူမြတ်တို့သာ၊ သုံးစွဲရာ၊ မှတ်ပါ ရတနာ ၃၈၂

သေလသုတ်မှ ကောက်နုတ်ချက် ၆၈၂

သောကထိန်းနိုင်တဲ့ မလ္လိကာ ၃၄၂

သောကပျောက်ကင်း၊ မုဏ္ဍာမင်း၊ ကြောင်းရင်းရှာက တရားနာမှ ၂၉၅

သောကဖျောက်တတ် သူတို့စိတ်ဓာတ် ၃၄၃

သောစေယျ–စင်ကြယ်ခြင်း ၃–မျိုး (အောက်ခြေ) ၅၇၅

သောတာပတ္တိယင်္ဂ် လေးပါးပြ ၄၂၇

သောတာပန်ဂုဏ်၊ တစ်မျိုးယုံ၊ ဆိုပုံ သစ္စာမှန် ၄၄၀

သောတာပန်ဂုဏ်ရည် ၄၂၀

သောတာပန်ဆင်ခြင် ပစ္စဝေက္ခဏာတင် ၄၅၀

# ရာဇဝေလွယ်စွာ၊ ထောက်ကူပါ၊ စဉ်လာ အကွရာကြည့်


သောတာပန်မှာ၊ ရတနာ၊ ဖြစ်ရာထိုက်ပေသည် ၄၃၈

သောတာပန် ၃-မျိုး ၄၀၆

သောတာပန်သုံးမျိုး၊ ဣန္ဒြေကိုး၊ ထက်ရိုး မရိုးမှာ ကွဲပြားပါ ၄၃၂

သောတာပန်ဟာ မဖုံးကွယ်ပါ ၄၅၀

သောတာပန်ဟူ တံခါးတိုင်နှင့်တူ ၄၂၁

သောတာပန္န၊ မျိုးသုံးဝမှာ၊ ဝါဒတွေကွဲ၊ ဘယ်လိုလဲ၊ ခိုင်မြဲဝါဒ ယူသင့်စွ ၄၃၆

သောဝစဿတာ ၃၁၁

သွာက္ခာတဂုဏ်တော်နှင့်စပ်လာ သိမှတ်ဖွယ်ရာ ၆၈၆

ဟောထ, ဟောန္တု ဆုံးဖြတ်မှု ၈၃၆

ဟံသသမာနက္ကမတာ–(လက္ခဏာတော်ငယ်) ၇၆၇

ဟိန္နူတရား၊ ဗျာန်ဘိညာဉ်များ၊ ရငြားနိုင်သော်လည်း ၆၉၂

ဟေမဆင် ၇၅၆

# ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

## ကောင်းမှုရှင်များ

| | ကောင်းမှုရှင်များ | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|---|
| ၁ | **Soon Nyan Hoe (a) U Myint Thein & Cynthia L. Hoe (a) Daw Khin Khin Sein (Daughter) Serena Hoe** | 3301 Aegean Way, San Bruno, CA 94066-4570 | Ks 1,020,000 |
| ၂ | **Mr. Chor Chai + Mrs. Marie Tan & (Son) Gregory Tan** | 535 Colorado St., 3rd Fl Glendale, CA 91204 | Ks 1,020,000 |
| ၃ | ဦးကျော်မြင့် + ဒေါ်ကျင်ရိမိသားစု | Daly City, CA, USA | Ks 1,000,000 |
| ၄ | **In Loving Memory of late Parents and U Hla Ngwe by Nellie Lin Family and Grandchildren** | Daly City, CA | Ks 500,000 |
| ၅ | **In memorial of Dr U Ba Yee by Daw Myint Myint Soe (Wife) & Family** | 35248 Cabral Dr., Fremont, CA 94536 | Ks 325,000 |
| ၆ | **Sayadaw U Osadha** | Dhammananda Vihara Half Moon Bay, CA | Ks 300,000 |
| ၇ | **Lit Taik Tan & Rosemary Tan** | 2748 Vineyard Park Place San Jose, CA 95148 | Ks 300,000 |
| ၈ | **Ko Zaw Lwin & Ma Khin Mar Yee Family** | Daly City | Ks 300,000 |
| ၉ | **Dr Toeni Lum & Family** | 3309 Emerson St. Palo Alto, CA 94306 | Ks 300,000 |
| ၁၀ | **Ma Kyin Hmwe & Husband** | Daly City | Ks 200,000 |
| ၁၁ | ဦးခမာဝုဓနှင့် ရဟန်းမယ်တော် ဒေါ်နိန်နွယ် | Dhammananda Vihara, So. Cabrillo Hwy, Half Moon Bay, CA | Ks 200,000 |
| ၁၂ | **Nelson W.S. Chen (Ko Mya Thaung) & Jasmine Chen (Ma Mi Mi) Family** | 1735 45th Ave San Francisco, CA 94122 | Ks 200,000 |

| | | | |
|---|---|---|---|
| ၁၃ | **U Aung Kyaw Mya** | 3605 Oakhurst Ct<br>Dublin ,CA 94568 | Ks 200,000 |
| ၁၄ | **Sein Aung Lynn, DDS & Yin Yin Aung, DDS Family** | Belmont, CA | Ks 200,000 |
| ၁၅ | **David Zabloudil & Kyu Zabloudil** | Fall City, WA | Ks 200,000 |
| ၁၆ | **U Aung Swe & Gabrial Swe** | Mountlake Terrace, WA | Ks 200,000 |
| ၁၇ | **Robert & Su Maw Chang** | 468 Higate Dr.<br>DAly City, CA 94015 | Ks 200,000 |
| ၁၈ | **Theravada Dhamma Society** | Daly City, CA | Ks 200,000 |
| ၁၉ | ဦးသိန်ဆွေ+ဒေါ်ညွှမာမောင် မိသားစု | San Carlos, CA | Ks200,000 |
| ၂၀ | **Daw Nyunt Tin** | Fall City, WA | Ks 100,000 |
| ၂၁ | **U Thung Win & Daw Soe Soe Win and Daughter Cynthia Soe Soe Win** | Kirkland, WA | Ks 100,000 |
| ၂၂ | ဒေါ်ဝေဝေနွယ် | 1320 South Gate Ave<br>Daly City, CA 94015 | Ks 100,000 |
| ၂၃ | **U Aung Lwin & Daw Than Than Aye Family** | Daly City | Ks 100,000 |
| ၂၄ | **Selwyn Tan & Nuela Tan** | 212 N Mayfair Ave<br>Daly City, CA 94015<br>Tel: (650)994-4451 | Ks 100,000 |
| ၂၅ | **Aung Htoon & Teresa Leaong (Aye Aye Myo)** | Hayward, CA | Ks 100,000 |
| ၂၆ | ဘခင်ကြီး ဦးစိန်ထွေးကို ရည်စူး၍<br>မိခင်ကြီးဒေါ်ကြင်နှင့် သားသမီးမြေးတစု<br>(ဒေါက်တာတင်အောင်+ဒေါ်မြင့်မြင့်စိန်) | San Francisco, CA | Ks 100,000 |
| ၂၇ | **Aye Aye Swe Family** | 9512, 105th Ave., NE<br>Lake Stevens, WA 98258-8970 | Ks 100,000 |
| ၂၈ | **U Aung Than & Daw Thein Hla Family** | Daly City | Ks 100,000 |
| ၂၉ | **Ko Kyaw Myint + Ma Mya May & Son, Edward and Daughter, Monica Lee** | San Francisco, CA | Ks 100,000 |
| ၃၀ | **U Myat Swe+Daw Than Than Htay & Son, Maung Thura** | San Francisco, CA | Ks 100,000 |
| ၃၁ | **Richard Shwe & Karen Ouyang Shwe Family** | 22551, McClellan Rd<br>Cupertino, CA 95014 | Ks 100,000 |
| ၃၂ | **Ko Khin Min & Ma San San Family** | Daly City, CA | Ks 100,000 |

| | | | |
|---|---|---|---|
| ၄၄ | **U Than Shwe & Daw Hla Kyi Family** | San Francisco, CA | Ks100,000 |
| ၄၄ | **Daw Myint Myint Thein** | San Francisco, CA | Ks 100,000 |
| ၄၅ | **Maung Ne Win & Ma Yu Yu Maw Family** | Daly City, CA | Ks 100,000 |
| ၄၆ | ဦးမျိုးမင်း+ဒေါ်ခင်ခင် မိသားစု | San Jose, CA | Ks 100,000 |
| ၄၇ | **Kyaw Moe Myint & Aye M San** | 42819 Hamilton Way Fremont, CA 94538 | Ks 100,000 |
| ၄၈ | **U Tun Shwe & Daw Myint Myint Yee Family** | San Francisco, CA | Ks 50,000 |
| ၄၉ | **Aung Kyaw Moe+ Mya Than-dar Oo & Son, Nandar Moe** | Daly City, CA | Ks 50,000 |
| ၅၀ | ကိုမျိုးလေး+မအေးစံပယ်ဖြူ | San Francisco, CA | Ks 40,000 |
| ၅၁ | မသန္တာယဉ် | San Fran Cisco, CA | Ks 30,000 |
| ၅၂ | **Maung Nyan Lin** | Daly City, CA | Ks 30,000 |
| ၅၃ | မိခင်ကြီးဒေါ်ကြည်ကြည်မွေးအား ရည်စူး၍ သား မောင်စောနိုင်ထွေး | 1634 Geneva Ave. San Francisco, CA 94134 | Ks 30,000 |
| ၅၄ | **U Mya Thein & Daw Mya Nge Family and Ko Win Naing & Ma Thandar-Lwin Family** | San Francisco, CA | Ks 20,000 |
| ၅၅ | **Hilda Chee** | 297 Boyd Rd, Pleasant Hill, CA | Ks 20,000 |
| ၅၆ | **Maung Kyi Shein** | Daly City, CA | Ks 20,000 |
| ၅၇ | မနှယ်နှယ် | San Francisco, CA | Ks 20,000 |
| ၅၈ | ထွေးထွေး | Daly City, CA | Ks 20,000 |
| ၅၉ | **Mee Eng Lin** | 1615 Sutter St., Apt# 905, San Rfancisco, CA | Ks 20,000 |
| ၆၀ | **David Tay Family** | 1717 Hamlet St San Francisco, CA | Ks 10,000 |
| | | | |
| [redacted] | | | |
| ၁ | ဘဒ္ဒန္တမေဓာနန္ဒ (ဒကွိဏာရုံကျောင်း ဆရာတော်) | အောင်မင်္ဂလာ (၂) | ၁၀၀၀၀၀ |
| ၂ | ဘဒ္ဒန္တသုဇာတ (မေတ္တာအေးဆရာတော်) | သဃ်ိန်းကျွန်း | ၁၀၀၀၀၀ |
| ၃ | ဘဒ္ဒန္တဥတ္တရ (ဒကွိဏာရုံတိုက်အုပ် ဆရာတော်) | အောင်မင်္ဂလာ(၂) | ၅၀၀၀၀ |
| ၄ | ဘဒ္ဒန္တနန္ဒာစရိယ (စွယ်တော်သျှောင်ကျောင်းတိုက်) | ပဲခူး | ၂၀၀၀၀ |
| | | | |

# ပရိတ်သင်တန်း မှတ်ပွယ်ကျမ်း

| | | | |
|---|---|---|---|
| ၁ | ဇင်ထက်မိသားစု၊ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး | စော်ဘွားကြီးကုန်း | ၃၀၀၀၀၀ |
| ၂ | ဒကွိဏာရုံကျောင်းတိုက် မေတ္တာဝိဟာရီယောဂီများ | အောင်မင်္ဂလာ (၂) | ၃၀၀၀၀၀ |
| ၃ | ဦးမျိုးအောင် + ဒေါ်မိုးမိုးမိသားစု | မြောက်ဒဂုံ | ၂၀၀၀၀၀ |
| ၄ | ဒေါ်လှစိန်မိသားစု | ရေပျဉ်ကြီး | ၁၀၀၀၀၀ |
| ၅ | ဦးစောသိန်းအား ရည်စူး၍ ဒေါ်အုံးရင်မိသားစု | ရန်ကုန် | ၁၀၀၀၀၀ |
| ၆ | (ဝိုလ်ချုပ်အေးကျော်) + ဒေါ်ခင်လှမူမိသားစု | ရန်ကုန် | ၁၀၀၀၀၀ |
| ၇ | "ဆွေ" မိသားစု | ရန်ကုန် | ၁၀၀၀၀၀ |
| ၈ | ဦးကောက်ဟုန် + ဒေါ်ရင်မြင့်မိသားစု | တ/ဥက္ကလာ | ၁၀၀၀၀၀ |
| ၉ | ကျိုက်ဝိုင်းဘုရား (ပုညကြိယ ဝေယျာဝစ္စအဖွဲ့) | ကျိုက်ဝိုင်းလမ်းမ | ၆၀၀၀၀ |
| ၁၀ | မိဘများဖြစ်သော ဦးဝင်းဖေ+ဒေါ်ရွှေချောတို့အား အမှူးထား၍-<br>- မနီလာ၊ မနန်းဝါ<br>(ကြယ်စင်ထက် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) | စော်ဘွားကြီးကုန်း | ၅၀၀၀၀ |
| ၁၁ | - ကိုမျိုးမြင့် + မမြသီတာမိသားစု<br>(ကောင်းကင်သစ်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) | စော်ဘွားကြီးကုန်း | ၅၀၀၀၀ |
| ၁၂ | - ကိုမင်းသိန်း + မသူဇာမိသားစု<br>(ဇော်ဝင်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) | စော်ဘွားကြီးကုန်း | ၅၀၀၀၀ |
| ၁၃ | ဦးလှမြိုင် + (ဒေါ်မြင့်)မိသားစု | လမ်းမတော် (၈) | ၅၀၀၀၀ |
| ၁၄ | မြကေသီ မိသားစု | ကျိုက်ဝိုင်းလမ်းမ | ၅၀၀၀၀ |
| ၁၅ | ဒေါ်စိမ်းခင် မိသားစု | ဇီးဖြူဆိပ် | ၅၀၀၀၀ |
| ၁၆ | ဦးထွန်းဟန်မိသားစု | ဇီးဖြူဆိပ် | ၅၀၀၀၀ |
| ၁၇ | ဦးကျော်မြင့် + ဒေါ်လှလှမြင့်မိသားစု | လမ်းမတော်(၉) | ၅၀၀၀၀ |
| ၁၈ | ဦးလှမြင့် + ဒေါ်စန်းညွန့်မိသားစု | အောင်မင်္ဂလာ(၂) | ၅၀၀၀၀ |
| ၁၉ | ဦးမြင့်စိုး + ဒေါ်လှကြည်မိသားစု | ဇီးဖြူဆိပ် | ၅၀၀၀၀ |
| ၂၀ | ဦးချစ် + ဒေါ်တင်လှိုင်မိသားစု | ကျွန်းကလေး | ၅၀၀၀၀ |
| ၂၁ | ဦးသောင်းဌေး + မခင်အေးဝင်း မိသားစု | ရန်ကုန် | ၅၀၀၀၀ |
| ၂၂ | ဦးကျော်မိုး + ဒေါ်ရီရီသန့် မိသားစု | စမ်းချောင်း | ၃၀၀၀၀ |
| ၂၃ | မဆုဝင်း | ကျောက်မြောင်း | ၂၀၀၀၀ |
| ၂၄ | မသင်းနန္ဒာစိုး | ကျောက်မြောင်း | ၂၀၀၀၀ |
| ၂၅ | ဦးမောင်ညိမ်း + ဒေါ်မြတ်မျိုးမြင့် မိသားစု | တိုက်ကြီး | ၂၀၀၀၀ |
| ၂၆ | ဦးမျိုးကျော်မြင့် + ဒေါ်ထားထားခိုင်မိသားစု | ဘိတ် | ၂၀၀၀၀ |

| | | | |
|---|---|---|---|
| ၂၇ | ဦးမင်းသိုက်လှမြင့် + ဒေါ်ဌေဝင်မိသားစု | အောင်မင်္ဂလာ (၂) | ၂၀၀၀၀ |
| ၂၈ | ဒေါ်သိန်းကွန့်မိသားစု | အုတ်ကျင်း | ၂၀၀၀၀ |
| ၂၉ | ဦးစိုးနိုင် + ဒေါ်ချိုချိုဝင်းမိသားစု | သဃ်ိန်းကျွန်း | ၂၀၀၀၀ |
| ၃၀ | နှစ်ဖက်မိဘများအား အမှူးထား၍<br>ကိုထိန်းလင်း + မလှလှငြိမ်း (သမီး)မဟန်သီဦး မိသားစု | ဇီးဖြူဆိပ် | ၂၀၀၀၀ |
| ၃၁ | ကိုလမင်း + မမော်မော်အေး မိသားစု | ဇီးဖြူဆိပ် | ၁၀၈၀၀ |
| ၃၂ | ဦးအောင်သန်းကျော် + ဒေါ်တင်နွယ် မိသားစု | ရန်ကုန် | ၁၀၀၀၀ |
| ၃၃ | ဦးမောင်မောင်တင် + ဒေါ်ခင်စိုးကြည်မိသားစု | ဇီးဖြူဆိပ် | ၁၀၀၀၀ |
| ၃၄ | ဦးပြေငြိမ်း + ဒေါ်ခင်နုဆွေမိသားစု | ဇီးဖြူဆိပ် | ၁၀၀၀၀ |
| ၃၅ | ဦးမြဆန်း + ဒေါ်အေးဝင်းမိသားစု | ရန်ကင်း | ၁၀၀၀၀ |
| ၃၆ | ဦးကောက်ရိုန် + ဒေါ်ကျင်ဆန်းမိသားစု | ရန်ကင်း | ၁၀၀၀၀ |
| | | | |
| ၁ | မိဘများအားရည်စူး၍ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ညွန့်ဝင်း၊<br>ဒေါ်ညိုညိုဝင်း၊ ကိုစိန်မြင့်၊ ဒေါ်မာမာစိုး၊ မောင်ရန်ငြိမ်းချမ်း၊<br>မမေပပသူ | လပွတ္တာ | ၁၀၀၀၀၀ |
| ၂ | မိဘများအားရည်စူး၍<br>ဒေါ်မွေးကြည်၊ ဆရာမ မသိန်းဟန်၊ မမြင့်စိုး ညီမတစ်စု၊<br>ဦးတင်အောင် + ဒေါ်စမ်းမြ၊ သမီး မခင်မျိုးခိုင်၊<br>သား မောင်ကျော်စိုးပိုင် | ပုသိမ် | ၁၀၀၀၀၀ |
| ၃ | ဦးမြင့်ဦး + ဒေါ်ခင်မြင့်နွယ်၊ သား မောင်ကျော်လင်းဦး၊<br>သမီး မသဇင်မြင့်ဦး | လပွတ္တာ | ၁၀၀၀၀၀ |
| ၄ | ပဓာနဆရာတော် ဦးဝဏ္ဏသာမိ၊ ဓမ္မိကာရာမစာသင်တိုက် | လပွတ္တလုပ် | ၅၀၀၀၀ |
| ၅ | တိုက်အုပ်ဆရာတော် ဦးစန္ဒိမာ၊ ဓမ္မိကာရာမစာသင်တိုက် | လပွတ္တလုပ် | ၅၀၀၀၀ |
| ၆ | (ဦးကျော်သိန်း) + ဒေါ်ခင်စန်းရီ၊<br>သား ဝင်းသူလင်း + မသူဇာဝင်း၊ သမီး ထွန်းအိမ်လင်း၊<br>ထက်အိမ်လင်း မိသားစု | ရန်ကုန် | ၅၀၀၀၀ |
| ၇ | ဦးမြင့်ဦး + ဒေါ်ခင်စန်းမေ၊သမီး မမေစပါယ်ခိုင်မိသားစု | လပွတ္တာ | ၅၀၀၀၀ |
| ၈ | (ကိုကြည်ရွှင်)အားရည်စူး၍<br>မန္တယ်နီစိုး၊ သား မောင်အောင်ကောင်းမြတ်ဦး မိသားစု | လပွတ္တလုပ် | ၅၀၀၀၀ |
| ၉ | ဦးသောဘန၊ ဓမ္မိကာရာမစာသင်တိုက် | လပွတ္တလုပ် | ၂၀၀၀၀ |
| ၁၀ | ဦဝိလာသအမှူးထား၍<br>ဒေါ်စန်းဝင်း မိသားစု | လပွတ္တလုပ် | ၂၀၀၀၀ |

# ဟရိတ်သင်တန်း မှတ်ပုံတင်ကျမ်း

| | | | |
|---|---|---|---|
| ၁၁ | ဦးဝိလာသအမှူးထား၍<br>ဝိုလ်မှူးစောထွန်း + ဒေါ်နီနီဝင်း မိသားစု | လပွတ္တာလုပ် | ၂၀၀၀၀ |
| ၁၂ | ဦးအုန်းသန်း + ဒေါ်ကြည်ဝင်းမိသားစု | လပွတ္တာ | ၂၀၀၀၀ |
| ၁၃ | ဒေါ်အေးမြင့်မိသားစု | လပွတ္တာ | ၂၀၀၀၀ |
| ၁၄ | နှစ်ဖက်သော မိဘများအား အမှူးထား၍<br>ကိုသန်းထိုက်တင့် + မသူဇာ မိသားစု | လပွတ္တာလုပ် | ၂၀၀၀၀ |
| ၁၅ | ဦးအေးဝင်း + ဒေါ်ခင်စန်းရီ မိသားစု | လပွတ္တာ | ၁၅၀၀၀ |
| ၁၆ | (ဦးလှသောင်း + ဒေါ်ညွှန့်ရင်)တို့အား၎ည်စူး၍<br>သား ဦးတင်ဝင်း၊ ကိုနိုင်နိုင်၊ သမီးမအေးအေး | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၁၇ | မသန်းသန်းမြင့်ညီမများတစ်စုနှင့်၊<br>ဦးဝင်းသန်း + ဒေါ်စန်းနု မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၁၈ | ဦးချစ်သန်း + ဒေါ်ခက်ကြည်၊ သား မောင်ဇော်မျိုးလွင်၊<br>မောင်ဝင်းထိုက်၊ မောင်မျိုးထက်အောင်မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၁၉ | ဦးမောင်မောင်ကြည် + ဒေါ်သောင်းလှ၊<br>ကိုသီဟ + မသက်သက်အေး၊<br>သမီး မမြတ်သဇ္ဇာနိုင် မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၀ | ကိုကျော်ကျော်အေး + မစိုးစိုးဌေး၊<br>သားမောင်မောင်ကျော်၊ မောင်ကောင်းထက်နိုင် မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၁ | နှစ်ဖက်သော မိဘများအား အမှူးထား၍<br>ကိုချစ်အောင် + မအေးမြင့် မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၂ | ဦးလှရိန်အား၎ည်စူး၍ ဒေါ်မြချစ် မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၃ | ဒေါ်လှစိန်အား၎ည်စူး၍ ဦးအောင်ရင်မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၄ | ဦးလှရိန်၊ သမီး မမြင့်ဝင်းသန်းတို့အား ရည်စူး၍<br>ဒေါ်စန်းခင်မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၅ | ကိုသက်ဦး + မခင်မာချို၊ သား မောင်သက်ဇင်ဦး မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၆ | ဦးလှမောင် + ဒေါ်တင်ရိန်တို့အား အမှူးထား၍<br>ကိုမြင့်ဌေး + မကျင်ဝိုင်းမိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၇ | (ဦးတလုပ် + ဒေါ်ကြည်) တို့အား၎ည်စူး၍<br>ကိုမြင့်ဌေး + မကျင်ဝိုင်းမိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၈ | ဦးကျင်ငွေ + ဒေါ်သောင်းညွှန့်၊<br>သား မောင်နိုင်လင်း မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၂၉ | ဦးကျင်ဌေး + ဒေါ်ဌေးဌေး မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |
| ၃၀ | ဦးတင်အေး + ဒေါ်ခင်မာအေး၊ သမီးမအိအိချို မိသားစု | လပွတ္တာလုပ် | ၁၀၀၀၀ |

| | | | |
|---|---|---|---|
| ၃၁ | ကိုရဲဝင်း + မအေးလွင်၊ သမီး မနီနီဝင်း၊ မသူသူဟန်၊ မကြူကြူဟန် မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၃၂ | ဦးကြည်လင်း + ဒေါ်စန်းရီ တို့အားရည်စူး၍ သမီး မဥမ္မာလင်း | လပွတ္တာ | ၁၀၀၀၀ |
| ၃၃ | ဦးစိုးတင့် + ဒေါ်လှမြင့်မိသားစု | လပွတ္တာ | ၁၀၀၀၀ |
| ၃၄ | ဒေါ်ကျင်ခ မိသားစု | လပွတ္တာ | ၁၀၀၀၀ |
| ၃၅ | ဦးတင်သန်း + ဒေါ်ပြုံးမိသားစု | လပွတ္တာ | ၁၀၀၀၀ |
| ၃၆ | ဦးသန်းထွန်း + ဒေါ်ဌေးဌေးမိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၃၇ | ဦးကောက်ကြည် + ဒေါ်တင်ဝင်း၊ သမီး မစန္ဒာလင်း၊ မဇာခြည်ဝင်း မိသားစု | လ/တောင် | ၁၀၀၀၀ |
| ၃၈ | ဒေါ်မေတင်မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၃၉ | ဦးစံရင် + ဒေါ်ခင်သန်း မိသားစုနှင့် ကိုစိုးနိုင် + မမြင့်မြင့်ဝင်း မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၀ | (ဦးသောင်းကြွယ်)အားရည်စူး၍ ဒေါ်မကြည် မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၁ | ဦးနို့ဆီ + ဒေါ်မြင့်ဌေးစန်း၊ သမီး မပိုးစန္ဒီဇော် | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၂ | ကိုမောင်ဌေး + မသန်းသန်းအေး မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၃ | (ဦးလှစိန်၊ သား သက်နိုင်ဦး)တို့အားရည်စူး၍ ဒေါ်သန်းလှမိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၄ | ဦးဟန်ရိန်အား အမှူးထား၍ ဦးသိန်းအောင်+ဒေါ်စိုးတင့် မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၅ | ကိုဌေးလွင် + မမြင့်မြင့်စန်း၊ သမီး မဆုသဏ္ဌာဖြိုး၊ မသိမ့်ဆုရည်ဖြိုး မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၆ | နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုဌေးလွင် + မစန်းမွေး၊ သမီး မအိသန္ဓာလွင်၊ မနှင်းအိလွင် မိသားစု | လေးဆိပ် | ၁၀၀၀၀ |
| ၄၇ | ဦးအရှင်+ဒေါ်တင်လှိုင်၊ သား မောင်ညွန့်ဝေ မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၈ | (ဦးကိုသောင်း) အား ရည်စူး၍ ဒေါ်သောင်းလှ မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၄၉ | ဦးစိုးသိန်း + ဒေါ်ပုမိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၅၀ | (ကိုမျိုးမျိုး)အားရည်စူး၍ မမိမိ၊ သားမောင်အေးချမ်းမောင်၊ သမီး မအိသက်ထားမောင် မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၅၁ | ဦးဟိန်းသောင်း + ဒေါ်ဌေးဌေးမိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၅၂ | ဦးချစ်သိန်း + ဒေါ်မြစန်း မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |

| | | | |
|---|---|---|---|
| ၅၃ | ဦးကျင်ဟုန် + ဒေါ်စန်းမိသားစု၊ သားကိုဇော်လတ်၊ သမီး မသဲသဲဟုန် တို့အား ရည်စူး၍ | လ/တောင် | ၁၀၀၀၀ |
| ၅၄ | ဦးအောင်ကြည် + ဒေါ်ညိုမိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၅၅ | ဦးအဝင်း + ဒေါ်သေးသေးမ မိသားစုနှင့် ကိုမျိုးလွင် + မစောစောမွန်မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၅၆ | ဦးတင်စိုး + ဒေါ်ချိုမာလွင်၊ သား မောင်ကိုကိုဇော်၊ မောင်ညီညီဇော်မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၅၇ | နှစ်ဖက်မိဘများအား အမှူးထား၍ ကိုနေမျိုးထက် + မယုယုဌေး၊ သား ဟိန်းထွဋ်နေမျိုး မိသားစု | ငပုတော | ၁၀၀၀၀ |
| ၅၈ | ဦးစိုးရင် + ဒေါ်သိန်းအေး မိသားစု | ဂန့်အိပ် | ၁၀၀၀၀ |
| ၅၉ | ဦးလှဝင်း + ဒေါ်ကြည်စမ်းမိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၆၀ | ဦးကျော်ဝင်း + ဒေါ်ဌေးဌေး၊ သား မောင်နေလင်းဦး၊ သမီး မချယ်ရီဖူး မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၆၁ | ဦးတင်ငြိမ် + ဒေါ်စိန်မျှင်မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၆၂ | ဦးတင်ထွန်း + ဒေါ်မစန်းမိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၆၃ | ဦးကိုကြူ + (ဒေါ်ဖြူ)မိသားစု | လပွတ္တလုပ် | ၁၀၀၀၀ |
| ၆၄ | ဦးမောင်မောင်ကြည် + ဒေါ်မတင်စန်း မိသားစု | လ/တောင် | ၁၀၀၀၀ |
| ၆၅ | ဦးကိုစန်း + ဒေါ်သန်းရီ မိသားစု | လပွတ္တာ | ၅၀၀၀ |
| | | | |

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

# ဆရာတော် ဦးဇောတာလင်္ကာရ ၏

## ရေးသားပြုစုပြီးသော စာအုပ်စာရင်းနှင့် ရေးသားဆဲစာအုပ်စာရင်း

(၁) ဓမ္မာနန္ဒ ဝတ်ရွတ်စဉ်

(၂) ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ (ပဌမတွဲ)

(၃) ဘာသာရေးပြဿနာ မေးဖြေရာ (ပဌမတွဲ)

(၄) ဘာသာရေးပြဿနာ မေးဖြေရာ (ဒုတိယတွဲ)

(၅) ကိုယ်ယဉ်ဇော၏ ဗုဒ္ဓနေ့အကြောင်း သိကောင်းစရာနှင့် အခြားဆောင်းပါးများ

(၆) ပရိတ်သင်တန်း မှတ်ဖွယ်ကျမ်း

(၇) THE BASIC TEACHINGS OF THERAVŒDA BUDDHISM

(၈) THERAVŒDA BUDDHIST NOVICE ORDINATION AND MONK ORDINATION

(၉) 南方上座部仏教のおしえ

(Nanpou Jouzabu Bukkyou no oshie = တောင်ပိုင်း ထေရဝါဒ ဗုဒ္ဓဘာသာသင်ခန်းစာ)

(၁၀) 瞑想指導書 (Meisou Shidousho = အလုပ်ပေးတရားတော်)

(၁၁) ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ (ဒုတိယတွဲ ရေးဆဲ)

(၁၂) ဘာသာရေးပြဿနာ မေးဖြေရာ (တတိယတွဲ စဖြေဆိုဆဲ)

